
www.burmeseclassic.com

မောင်ထွန်းသူ

# ရဲတိုက်

ပထမတွဲ+ဒုတိယတွဲ



BURMESE CLASSIC .com

The Citadel

A. J. Cronin

www.burmeseclassic.com

www.burmeseclassic.com

စာမူ ခွင့်ပြုချက် အမှတ် [၃၈၁/၉၉ (၄)]
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် [၁၂၁၁/၂၀၀၄ (၁၁)]

ဒုတိယ အကြိမ်၊ ၂၀၀၅၊ ဖေဖော်ဝါရီ
[ပထမ အကြိမ်၊ ၁၉၈၃၊ မေ၊ ဘဝတက္ကသိုလ် စာပေ]

မျက်နှာဖုံး | ပန်းချီ မုတ်သုံ
အုပ်ရေ | ၅၀၀
တန်ဖိုး | ၂၀၀၀ ကျပ်

မျက်နှာဖုံးရိုက် | ဒေါ်ရွှေ (၀၂၀၇၉)၊ သုခ ပုံနှိပ်တိုက်
၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်။
ပုံနှိပ်သူ | ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်
၁၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံ မြို့နယ်၊ ရန်ကုန်။
ထုတ်ဝေသူ | ဦးကျော်ဟင်း (၀၉၁၀)၊ ယုံကြည်ချက် စာပေ၊
၁၁၁၊ ၃၃ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။

BURMESE CLASSIC .com

၁၉၈၃ ခုနှစ် အမျိုးသား စာပေဆု ဘာသာပြန် (ရသ) ဆုရ

မောင်ထွန်းသူ

# ရဲတိုက်

[ပထမတွဲ]

**A. J. Cronin**

**The Citadel**

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး — ဒို့အရေး

တပ်မတော် ဖြိုခွဲသူ ဒို့ရန်သူ။
တပ်မတော် ဖြိုခွဲမည့် အကြံ ဒို့လက်မခံ။
ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲ စည်းလုံးမည်။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

### ပြည်သူ့ သဘောထား

ပြည်ပ အားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို
နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော
ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း
ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍
စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊
အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## ကျွန်တော့် ရဲတိုက်
## သို့မဟုတ်
## ဒုတိယ အကြိမ် အမှာစာ

ကျွန်တော့် ရဲတိုက်ကို ဘဝ တက္ကသိုလ် စာပေမှ ဒုတိယ အကြိမ် ထုတ်ဝေလိုက်ပြီ ဖြစ်သည်။ ဤအတွက် ကျွန်တော်သည် ဝမ်းသာခြင်း၊ ကြည်နူးခြင်းနှင့် စိတ်ချမ်းမြေ့ခြင်း စသည့် ကောင်းသော ဝေဒနာများကို ခံစားရပါသည်။ စကားကို လှအောင် ပြောခြင်း မဟုတ်ပါ။ အမှန်တကယ် ခံစားရ၍ ခံစားရသည့် အတိုင်း ပြောလိုက်ခြင်း ဖြစ်ပါ၏။

*

အမှန်အတိုင်း ပြောရလျှင် ကျွန်တော့် ရဲတိုက်ကို ဒုတိယ အကြိမ် ပုံနှိပ် ထုတ်ဝေသင့်သည်မှာ ကြာခဲ့ပြီ။ ရဲတိုက်ကို သိသူများက 'ဒုတိယ အကြိမ် မရိုက်ဘူးလား' ဟု မေးကြသည်။ ရဲတိုက်ကို ဒုတိယ အကြိမ် ထုတ်ဝေရန် အတွက် ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့ ကတည်းက ဘဝတက္ကသိုလ် လက်သို့ ပေးခဲ့ပြီး ဖြစ်၏။ ယင်းကဲ့သို့ ပေးခဲ့ခြင်းမှာလည်း အကြောင်း ရှိသည်။ ကျွန်တော့် ဘာသာပြန် စာအုပ်များထဲတွင် ရဲတိုက်သည် ဘဝတက္ကသိုလ်မှ ထုတ်ဝေခဲ့သည့် ပထမဆုံး စာအုပ် ဖြစ်သည်။ ၁၉၈၃ ခုနှစ် အတွင်းက ထုတ်ဝေခဲ့ခြင်း ဖြစ်၍ ချက်ချင်း အောင်မြင်မှု ရခဲ့သော စာအုပ် ဖြစ်ပါသည်။ စာပေဆု ရရှိခဲ့၍ အောင်မြင်သည်ဟု ကျွန်တော် ပြောခြင်း မဟုတ်ပါ။ စာဖတ် ပရိသတ် အတော်များများက နှစ်သက် လက်ခံခဲ့ကြခြင်းကြောင့်သာ အောင်မြင်မှု ရခဲ့သည်ဟု ပြောခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဤစာအုပ် ရဲတိုက်၏ ကျေးဇူးသည် ကျွန်တော့် အတွက် ကြီးမားလှပါသည်။ ရဲတိုက်ကြောင့် ကျွန်တော်သည် လူသိများသော စာရေးသူ တစ်ဦး ဘဝသို့ ရောက်ခဲ့ရခြင်း ဖြစ်သည်ဟု ကျွန်တော် ခံယူပါသည်။ ဤစာအုပ်သည် ဘဝတက္ကသိုလ်မှ ထုတ်ဝေပေးခဲ့သည့် ပထမဆုံး စာအုပ် ဖြစ်သည့်အားလျော်စွာ ဘဝတက္ကသိုလ်၏ ကျေးဇူးသည်လည်း ကျွန်တော့်အပေါ်၌ တင်ရှိနေသည်ဟု ယူဆပါသည်။ ထို့ကြောင့်လည်း ရဲတိုက်ကို ဘဝတက္ကသိုလ်မှ ဒုတိယ အကြိမ် ရိုက်ခွင့် တောင်းလာသည့်အခါ ကျွန်တော် ချက်ချင်း သဘောတူခဲ့ပါသည်။

၁၉၈၃ ခုနှစ်မှ ၁၉၈၅ ခုနှစ် ကာလ အတွင်း ထုတ်ဝေခဲ့သည့် *တက်စ်၊ ကင်မီလီ၊ တို့ဘဝ တို့ကမ္ဘာ၊ တို့ပိုင်တဲ့မြေ၊ ဒေါသ*မာန် အစရှိသော ဘာသာပြန် စာအုပ်များသည် ဒုတိယ အကြိမ် ထွက်သွားခဲ့ပြီးပြီ။ အချို့ စာအုပ်များ ဆိုလျှင် တတိယ အကြိမ်ပင် ရိုက်နှိပ် ထုတ်ဝေခဲ့ကြပြီးပြီ။ ကျွန်တော့်အား လူသိ အများဆုံး ဖြစ်သွားအောင် တွန်းအားပေးခဲ့သည့် ရဲတိုက်ကျတော့ ဘာဖြစ်လို့ မထုတ်သနည်း။

ယင်းမေးခွန်းသည် စာဖတ် ပရိသတ် အတော်များများထံမှ ထွက်လာသည့် မေးခွန်း ဖြစ်ပါသည်။ အထူးသဖြင့် ရဲတိုက်ကို များစွာ နှစ်သက်ခဲ့ကြသော ၁၉၈၂–၈၅ ပတ်ဝန်းကျင်မှ ဆရာဝန်များသည် ထိုမေးခွန်းကို အများဆုံး မေးသူများ ဖြစ်ပါသည်။ အမှန်တော့လည်း သူတို့ မေးကြသည်မှာ သဘာဝကျသည်ဟု ထင်ပါသည်။ ကျွန်တော် ကိုယ်တိုင်လည်း ထိုမေးခွန်း အတွက် ဘဝင်မကျဖြစ်ခဲ့ရပါသည်။ မေးသူများ ကျေနပ်နိုင်လောက်သည့် အဖြေကိုလည်း ကျွန်တော် ပေးနိုင်စွမ်း မရှိခဲ့ပါ။

ဤကြားထဲမှာပင် ထုတ်ဝေသူ အတော်များများကလည်း ရဲတိုက်ကို ဒုတိယ အကြိမ် ရိုက်နှိပ်လိုသည်ဟု အိမ်တိုင်ရာရောက်လာရောက်၍ စကား ကမ်းလှမ်းကြသည်။ သို့သော်လည်း ကျွန်တော် မပေးနိုင်ခဲ့ပါ။ တချို့က ဆိုလျှင် စာရေးသည့် အလုပ်တစ်ခုတည်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေရသော ကျွန်တော့်အား မက်လောက်သည့် စာမူခကို ပေး၍ ရဲတိုက်ကို ဝယ်ကြပါသည်။ သို့သော်လည်း ရဲတိုက်ကို ကျွန်တော် ပေးနိုင်စွမ်း မရှိခဲ့ပါ။





ကျွန်တော်နှင့် ဘဝတက္ကသိုလ် ကြားတွင် တည်ဆောက်ထားခဲ့သည့် လူမှု ဆက်ဆံရေး အခြေအနေကို မပျက်ပြားစေလို၍ ဖြစ်ပါသည်။

နောက်ဆုံးတွင် ကျွန်တော်သည် ဘဝတက္ကသိုလ်အား အကြောင်းစုံ ပြောပြပြီး ဆွေးနွေး တိုင်ပင်ရသည်။ ကျွန်တော် အသက်နှင့် ကိုယ် မြဲနေစဉ် အတွင်း ရဲတိုက်ကို ဒုတိယ အကြိမ် မြင်တွေ့လိုပါသည်ဟု ပွင့်ပွင့်လင်းလင်း ပြောပြရသည် အထိ ဖြစ်ခဲ့ရ၏။ ဤသို့ဖြင့် ၁၉၈၃ ခုနှစ်က ပထမ အကြိမ် ထွက်ခဲ့ရသည့် ရဲတိုက်သည် အနှစ် နှစ်ဆယ်ကျော်မျှ ကုန်လွန်သွားသည့် အခါ ဒုတိယ အကြိမ် ထွက်ရှိ လာခဲ့လေသည်။

•

ရဲတိုက်ကို ပထမ အကြိမ် ထုတ်ဝေခဲ့သည်မှာ ၁၉၈၃ ခုနှစ်က ဖြစ်၍ ထုတ်ဝေသူမှာ ဘဝတက္ကသိုလ် စာပေတိုက်ပင် ဖြစ်သည်ဟု ကျွန်တော် ဆိုခဲ့ပြီးပြီ။ ထိုစဉ်ကလည်း ကျွန်တော်သည် ထွက်လာသည့် စာအုပ်ကို ကြည့်၍ အတိုင်းအဆ မသိနိုင်လောက်အောင် ဝမ်းသာခြင်း၊ ကြည်နူးခြင်းနှင့် စိတ်ချမ်းမြေ့ခြင်း စသော ဝေဒနာကောင်းများကို ခံစားခဲ့ရပါသည်။ ထိုစဉ်က ကျွန်တော့် အသက်သည် ငါးဆယ်ကျော်မျှသာ ရှိပါသေးသည်။ ထိုစဉ်က ကျွန်တော့် ခံစားမှုများသည် ယခု အချိန်ထက် ပို၍ နက်ရှိုင်းပြီး ပို၍ ပြင်းထန်ခဲ့သည်။ ဘာကြောင့် ထိုကဲ့သို့ ဖြစ်ရပါသနည်း။

ထိုစဉ်က ကျွန်တော်သည် အသက်အားဖြင့် ငယ်ပါသေးသည်။ ယခု ရောက်နေသည့် အချိန်ကာလလို အသက် ခုနစ်ဆယ်ကျော် အရွယ် မဟုတ်သဖြင့် တရားနှင့် ယှဉ်၍ ဆင်ခြင်နိုင်စွမ်း မရှိပါ။

မည်သို့ပင် ဖြစ်စေ ရဲတိုက်နှင့် ပတ်သက်၍ ကျွန်တော့်တွင် ပြောစရာတွေ အများကြီး ရှိနေသေးသည် ဖြစ်ရာ ထိုပြောစရာများကို ယခုလို ဒုတိယ အကြိမ် အခါအခွင့် သင့်လာသည့် အခါ ထပ်မံ၍ ပြောခွင့် ပြုစေချင်ပါသည်။

•

ကျွန်တော် ရဲတိုက်ကို စတင် ဘာသာပြန်ခဲ့သည်မှာ ၁၉၇၇ ခုနှစ်တွင် ဖြစ်သည်။ ရဲတိုက်၏ မူရင်း ဖြစ်သော *The Citadel* ကို ထိုနှစ်အတွင်းမှာပင် ပြန်လည် ဖတ်ရှုဖြစ်ခဲ့ပြီး ဝတ္ထုဇာတ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း ကျွန်တော့် ဇနီး မြင့်နှင့် သားသမီးများအား ပြောပြဖြစ်ခဲ့သည်။

ကျွန်တော် စာ စရေးသည်။ အကယ်၍သာ အောင်မြင်ခဲ့ပါက ကျွန်တော်သည် အရာရှိ ဘဝကို စွန့်၍ စာရေးဆရာ အလုပ်ဖြင့် အသက် မွေးတော့မည် ဟူသော ရည်မှန်းချက်နှင့် ဖြစ်၏။ ပထမဦးဆုံး *တောင်ပံမဲ့သည့် ငှက်ငယ်များ* စာမူကို ရေးသားခဲ့သည်။ ယင်းစာမူတွင် ပင်ကိုရေး ဝတ္ထုတို ခုနစ်ပုဒ် ပါသည်။ ထို့နောက် ကမ္ဘာကျော် စာရေးဆရာ ဆရာဝန် အေ၊ ဂျေ၊ ကရိုနင် *(A. J. Cronin)* ၏ *The Citadel* ဝတ္ထုကို ရဲတိုက် အမည်ဖြင့် ဘာသာ ပြန်ခဲ့သည်။ ထို့နောက် *A Small Woman* စာအုပ်ကို ဆဋ္ဌမ သုခဘုံ အမည်ဖြင့် ဘာသာပြန်ခဲ့သည်။

ထို့နောက်တွင်မူ ကျွန်တော်သည် ယင်းစာမူ သုံးပုဒ် စာအုပ် ဖြစ်လာရေး အတွက် အားထုတ်သည်။ ပထမ ထုတ်ဝေသူ တစ်ဦးက ကျွန်တော့် စာမူ အားလုံးကို သိပ်ကောင်းသည်ဟု ဆိုသော်လည်း နာမည် မရသေးသော ကလောင် တစ်ချောင်း၏ စာအုပ်ကို သူ မထုတ်ရဲဟု ဆိုသည်။ သဘာဝကျသော အဆို ဖြစ်ပါသည်။ ကျွန်တော် နောက်တစ်ဦးထံ ရောက်သွားသည်။ စာပေ ဝါသနာရှင်များ၏ စာအုပ်တိုက်ဟု ကြွေးကြော်ထားသည့်တိုက် ဖြစ်သည်။

ကျွန်တော် ကိုယ်တိုင် ထုတ်ဝေသူနှင့် သွားတွေ့သည်။ သူသည် ကျွန်တော့်ထက် အသက်ငယ်သူ ဖြစ်၏။ ကျွန်တော့်အား 'ထိုင်ပါ' ဟူသော လောကဝတ် စကားကိုပင် မပြော။ ကျွန်တော့်လို နာမည် မရသေးသူ တစ်ဦးက ဆရာ ဇော်ဂျီ၊ ဆရာ မင်းသုဝဏ်၊ ဆရာ တက်တိုးလို စာရေးဆရာကြီးများသာ လုပ်သင့် လုပ်ထိုက်သော စာအုပ်ကြီးကို လုပ်ရကောင်းလားဟု အပြစ်တင်သည်။ သူ ပြောနေပုံမှာ ကျွန်တော့်အား မတန်မရာ အလုပ် တစ်ခုကို လုပ်လာသည့် ကလေး တစ်ယောက်အား အပြစ် တင်နေသည်နှင့် တူလှပါသည်။

ကျွန်တော်သည် သူ ပြောသမျှကို ငြိမ်၍ နားထောင်ကာ ပြန်လာခဲ့သည်။ ထိုနေ့မှာပင် ကျွန်တော်သည် လက်ထဲတွင် အသင့်ပါလာသည့် ခေတ်တစ်ခေတ်၏ *ခြေရာ* မှုပြင် (ခရီးသွား ဆောင်းပါးများ စုစည်းမှု) နှင့် *တောင်ပံမဲ့သည့် ငှက်ငယ်များ* စာမူ နှစ်ခုကို စာပေဗိမာန်သို့ ပို့ခဲ့သည်။ ကံစမ်းသည့် သဘောဖြင့် ပို့ခဲ့ခြင်း





ဖြစ်၍ မျှော်လင့်ချက်တော့ မထားခဲ့ပါ။ ဘာသာပြန် စာမူ နှစ်ပုဒ်ကိုမူ အိမ်သို့ ပြန်ယူလာခဲ့သည်။

ဤအတောအတွင်း စာရေးဆရာ ဆိုသူ တစ်ဦး ရောက်လာပြီး ဘာသာပြန် အလုပ်များ အပ်သည်။ ဆေးဆောင်းပါးများ ဖြစ်၏။ ကျွန်တော့် အဖို့ ငွေကြေး အထိုက်အလျောက် ရသဖြင့် လက်ခံ၍ လုပ်ကိုင်ပေးခဲ့သည်။ သူ့ကိုလည်း များစွာ ကျေးဇူးတင်ခဲ့သည်။ ထို့နောက်တွင်မူ ကျွန်တော်၏ ရဲတိုက် နှင့် ဆဋ္ဌမ သုခဘုံ စာမူများ အကြောင်း စကား စပ်မိကြရာမှ ထိုစာမူများကို သူ ဖတ်ပြီး အဆင်ပြေအောင် ကြိုးစားပေးမည်ဟု ပြောသည်။ ကျွန်တော့် စာမူများကို သူ့လက်သို့ အပ်လိုက်ပါသည်။

စာမူများ သူ့လက်ထဲ ရောက်သွားသည်မှာ လပေါင်း အတော်ကြာခဲ့ပြီ ဖြစ်သော်လည်း အဖြေ ထွက်မလာပါ။ သူ့အိမ်သို့ သွား၍ မေးသည့် အခါတိုင်း သူ့ဇနီးက ရဲတိုက် ဝတ္ထု အလွန်ကောင်းသည်ဟု ပြောလေ့ ရှိသော်လည်း သူကတော့ နှုတ်ဆိတ်ကာ ကုပ်ကုပ်ရုပ်ရုပ် လုပ်နေသည်။

တစ်ရက်တွင်မူ သူက 'ရဲတိုက်ကို ယူချင်တဲ့ လူတော့ ရှိတယ် ဆရာ၊ ဒါပေမဲ့ သူက ရဲတိုက်ကို မြန်မာမှု ပြုချင်နေတယ်၊ ဇာတ်ကောင် ဆရာဝန် နေရာမှာ သတင်းစာ အယ်ဒီတာ အစားထိုးပြီး မြန်မာဝတ္ထု လုပ်လိုက်ရင် သိပ်ကို ကောင်းမှာပဲလို့ ပြောတယ်၊ စာအုပ်ကို ထုတ်ရင်တော့ သူ့နာမည်နှင့်ပဲ ထုတ်မယ်တဲ့၊ အဲဒါ ဆရာ သဘောတူရင် စာမူခကို ငါးရာလောက် ပေးမယ်လို့ ပြောနေတယ်'

ကျွန်တော် သဘော မတူနိုင်ခဲ့ပါ။ ကျွန်တော် ရဲတိုက်ကို ဘာသာပြန်ခဲ့ခြင်းမှာ ထိုဝတ္ထုထဲမှ ဇာတ်ကောင် အင်ဒရူး၏ စရိုက်ကို နှစ်သက်လွန်း၍ ဖြစ်သည်။ မဟုတ်တာ ပြောနေ လုပ်နေလျှင် မခံချင်သော စိတ်၊ မတော်မတရား ပြုနေသည်ဟု ထင်လျှင် မနှစ်သက်သည့် စိတ် စသည်များကို သဘောကျလွန်း၍ ဖြစ်၏။ 'ရဲတိုက်ကိုတော့ ဘယ်သူ့ နာမည်နှင့်မှ ပေးမထုတ်နိုင်ဘူး၊ ဒီစာအုပ်က ကျွန်တော့် အသက်လို ဖြစ်နေလို့ပါ' ဟု ကျွန်တော်က ပြန်ပြောသည့် အခါ သူက 'တစ်ထောင်လောက် ပေးမယ် ဆိုရင်ကော ဆရာ လက်ခံနိုင်မလား' ဟု ပြန်မေးသည်။ 'သုံးထောင် ပေးရင်တောင်မှ သူများ နာမည်နှင့်တော့ အထုတ် မခံနိုင်ပါဘူး'


www.burmeseclassic.com

www.burmeseclassic.com

ဟု ကျွန်တော်က အဖြေပေးလိုက်သည့် အခါ ရဲတိုက် ကိစ္စသည် ပြီးပြတ်သွားခဲ့လေသည်။

*

တစ်ရက်တွင် ကျွန်တော်သည် ရဲတိုက် စာမူကို ပိုက်၍ စာပေဗိမာန်မှ စာတည်းချုပ် ဒေါ်အုန်းကြည်ထံ ရောက်သွားသည်။ စာမူကိစ္စကို ပြောပြသည်။ ဒေါ်အုန်းကြည်က 'ဆရာ့ရဲ့ တောင်ပံမဲ့သည့် ငှက်ငယ်များ စာမူကို ဝယ်ဖို့ ကျွန်မတို့ ဆုံးဖြတ်ထားပြီးပြီ၊ ခေတ်တစ်ခေတ်၏ ကြေးမုံပြင်ကိုတော့ ဖတ်နေတုန်းပဲ၊ ဒီ စာမူ ရဲတိုက်ကတော့ ထူတယ် ဆရာ၊ အထက်က စာအုပ်တွေကို စီးပွားရေး ဆန်ဆန် ထုတ်ရမယ်လို့ ညွှန်ကြားထားတော့ လုပ်ဖို့ သိပ်မလွယ်ဘူး' ဟု ရှင်းပြသည်။

ကျွန်တော်သည် တောင်ပံမဲ့သည့် ငှက်ငယ်များ စာမူ အတွက် ဝမ်းသာသည့် စိတ်ဖြင့် ပြန်လာခဲ့သည်။ ကျွန်တော် အမြဲတစေ သွားနေကျဖြစ်သော ပန်းဆိုးတန်း စာအုပ် အဟောင်းဆိုင်များဆီသို့ ခြေဦးလှည့်ခဲ့သည်။ ဤတွင် ကျွန်တော်နှင့် တရင်းတနှီး ရှိခဲ့သော စာအုပ်သမား ကိုဝင်းတင် (ကွယ်လွန်) နှင့် ဆုံမိသည်။ သူက ကျွန်တော့် လက်ထဲမှ ရဲတိုက် စာမူကို ယူကြည့်သည်။ သူနှင့် ခင်မင်သော ထုတ်ဝေသူ တစ်ဦးထံ ပြကြည့်ချင်သည်ဟု ပြောသည်။ တစ်လလောက်ပဲ ကြာမှာပါဟုလည်း အချိန်အမာ ကတိပေးသည်။ ရဲတိုက် စာမူသည် ကိုဝင်းတင်လက်သို့ ရောက်သွားခဲ့ပါလေတော့သည်။

ထို့နောက် နှစ်လကျော် သုံးလနီးပါးခန့်တွင် ဘဝတက္ကသိုလ် စာပေတိုက် ပိုင်ရှင်နှင့် တွေ့ရ၏။ သူသည် စကားနည်းသူ ဖြစ်၏။ တိုတိုနှင့် လိုရင်းကိုသာ ပြောတတ်သူ ဖြစ်သည်။ 'ရဲတိုက် စာမူကို သူ ထုတ်မည်၊ ရဲတိုက်နှင့် အတူ ပေးလိုက်သည့် ဆဋ္ဌမ သုခဘုံ ကိုလည်း သူ ကြိုက်သဖြင့် ထုတ်မည်၊ ရှေ့ဆက်၍လည်း ကျွန်တော်နှင့် တွဲပြီး အလုပ် လုပ်လိုသည်' စသည်ဖြင့် ပြောသည်။

ဘဝတက္ကသိုလ် စာပေသည် ရဲတိုက် စာအုပ်ကို ၁၉၈၃ ခုနှစ်တွင် ပထမတွဲ ဒုတိယတွဲ နှစ်တွဲခွဲ၍ ထုတ်ဝေခဲ့သည်။ 'ဘဝတက္ကသိုလ်၏ ရဲရင့် ဖွံ့စားသော ခြေလှမ်း' ဟု ပြောလျှင် မမှားနိုင်ပါ။ ထိုစဉ်က ကျွန်တော့် ကလောင်သည် စာပေနယ် အတွင်း၌ ခြေတစ်ဖက် ချဖို့ စမ်းတဝါးဝါး လုပ်နေသည်ဟု ဆိုနိုင်ရုံမျှသာ





ရှိသေးသည်။ 'မောင်ထွန်းသူ' ဟူသော အမည်ဖြင့် ရှေ့သို့ စာစောင်တွင် ခရီးသွား ဆောင်းပါးများ၊ မြဝတီ၊ ငွေတာရီ စသည်တို့တွင် စာပေ ဆောင်းပါး အတိုအထွာများမှ တစ်ပါး အခြား ဘာစာအုပ်မှ မည်မည်ရရ မထွက်သေးပါ။ ကံကောင်း ထောက်မ၍ ၁၉၈၀ ခုနှစ်တွင် မောင်ထွန်းသူ အမည်ဖြင့် တောင်ပံမဲ့သည့် ငှက်ငယ်များ စာအုပ် ထွက်ခဲ့သော်လည်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ခဲ့သည်ဟု မဆိုနိုင်ပါ။ ယင်းအခြေအနေတွင် ရဲတိုက်ကို တင်ဝံ့သော ဘဝတက္ကသိုလ်၏ သတ္တိသည် ကျွန်တော့် ဘဝတွင် သမိုင်း တင်ရမည်ဟု ကျွန်တော် ထင်သည်။

ထို့နောက် ဆဋ္ဌမ သုခဘုံ (ဆဋ္ဌမ သုခရိပ်မြိုင်)၊ ကင်မီလီ၊ တက်စ်၊ ရာပုံတော်၊ အကျဉ်းစံ၊ ဒေါသမာန် စသည့် ဘာသာပြန် ဝတ္ထုများ ထွက်လာသည်။ စာဖတ် ပရိသတ်ကလည်း လက်ခံသည်။ ယင်းစာအုပ်များသည် ရဲတိုက် စာအုပ်ကို အကြောင်းပြု၍ ပေါ်ထွက်လာခဲ့သော စာအုပ်များ ဖြစ်လေသည်။

တကယ်တော့ ကျွန်တော်သည် စာရေးဆရာ ဘဝကို လိုချင်နေသူ ဖြစ်၏။ အကယ်၍ ရဲတိုက်သာ မအောင်မြင်ပါက ကျွန်တော်သည် ပြင်ပ ပုဂ္ဂလိက လုပ်ငန်းရှင် တစ်ဦးထံ၌ ကျွန်တော် အော့နှလုံးနာသည့် လခစား လုပ်ရဦးတော့မည် ဖြစ်သည်။ သို့သော်လည်း ရဲထိုက်သည် ကျွန်တော် လိုချင်နေသော ဘဝကို ရရှိရေး အတွက် များစွာ အထောက်အကူ ပြုခဲ့၏။ ယင်းကဲ့သို့ အထောက်အကူ ပြုရေး အတွက် အဓိက ပံ့ပိုးပေးခဲ့သူမှာ ဘဝတက္ကသိုလ် ဖြစ်ရာ ဘဝတက္ကသိုလ်၏ ကျေးဇူးတရားကို အမြဲတစေ ဆင်ခြင် နှလုံးသွင်းခြင်းသည် ကျွန်တော့် အတွက် 'မမှား' ဟု ယူဆပါသည်။

*

ရဲတိုက် ထွက်လာသည့်အခါ စာဖတ် ပရိသတ်များ ကြားတွင် အတော်ကလေး ဂယက် ရိုက်ခဲ့သည်။ ယေဘုယျအားဖြင့် စာရေးဆရာကြီး အေ၊ ဂျေ၊ ကရိုနင်၏ ဇာတ်လမ်းကို ကြိုက်ကြသည်။ သူ့ဇာတ်ကောင်များကို စွဲကြသည်။ ဝတ္ထု၏ ဦးတည်ချက်ကို အလွန် သဘောကျကြသည်။ အထူးသဖြင့် ဝတ္ထု၏ အဓိက ဇာတ်ကောင်များ ဖြစ်သော 'အင်ဒရူး မေဆန်' နှင့် 'ခရစ္စတီ' တို့သည် စာဖတ် ပရိသတ် အတွက် မမေ့နိုင်စရာ လူများ ဖြစ်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဂယက်သည် ဆေးလောက အတွင်းရှိ ဆရာဝန်များ ကြားသို့လည်း ရိုက်ခတ် လာခဲ့သည်။ လူငယ် လူရွယ် ဆရာဝန်များသည် လည်းကောင်း၊ အလုပ်သင် ဆရာဝန်များ ကြားတွင် လည်းကောင်း၊ ဆေးကျောင်းသားများ ကြားတွင် လည်းကောင်း ရဲတိုက် အကြောင်းကို ပြောလာကြသည်ဟု ဆိုသည်။ ရဲတိုက်ကို ဖတ်သင့် ဖတ်ထိုက်သည့် စာအုပ်ဟုလည်း အချင်းချင်း ပြောကြ တိုက်တွန်းကြသည်ဟု ဆိုသည်။

အနယ်နယ် အရပ်ရပ်မှ ဆရာဝန် တချို့ကလည်း ကျွန်တော့်ထံ စာလှမ်းရေးကြသည်။ တချို့က ကျွန်တော့်အား ဆရာဝန် တစ်ယောက်ဟု ထင်ကြသည်။ တချို့က အေ၊ ဂျေ၊ ကရိုနင်၏ မူရင်းဝတ္ထု *The Citadel* ကို လိုချင်၍ ဝယ်ယူ ရရှိနိုင်သည့် နေရာဌာနများကို ပြောပြပါဟု မေတ္တာ ရပ်ခံကြသည်။

မအူပင်မြို့မှ မြို့နယ် ဆရာဝန် တစ်ဦး၏ စာသည် အလွန် မှတ်သားစဖွယ် ကောင်းသည်ဟု ကျွန်တော် ထင်သည်။ သူက 'ဆရာဟာ ဆရာဝန် တစ်ယောက်များလား၊ ဆရာ ဘာကြောင့် ဒီစာအုပ်ကို ဘာသာ ပြန်ပါသလဲ' ဟု သူ့စာတွင် မေးထားသည်။ ပြီးတော့

'ရဲတိုက် ဝတ္ထုထဲက အခြေအနေတွေဟာ အင်္ဂလန် နိုင်ငံမှာ ၁၉၃၀–၃၁ ခုနှစ် အတွင်းက ဖြစ်ခဲ့တဲ့ အခြေအနေတွေပါ၊ အဲဒီ အခြေအနေတွေဟာ ကျွန်တော်တို့ နိုင်ငံမှာ အခုမှ လာဖြစ်နေပါတယ်၊ ဒီအခြေအနေတွေကို အချိန်မီ ထိန်းသိမ်းသွားနိုင်မယ်ဆိုရင် သိပ်ကောင်းမှာပဲ' စသည်ဖြင့် ရေးထားသည်။ ထိုစဉ်ကတော့ သူသည် ဤအတိုင်း ရေးခဲ့၏။ ယခုအခါတွင်မူ သူ့အတွေး သူ့အယူအဆနှင့် သူ့အမြင်များသည် မည်သို့ ရှိလေမည်နည်း။ အကယ်၍များ ယခုအချိန်တွင် သူသည် အထူးကု ဆရာဝန်ကြီး တစ်ယောက် ဖြစ်နေခဲ့သည် ရှိသော်…။ သို့မဟုတ်…။

ကျွန်တော် သူ့နာမည်ကို ထုတ်ဖော် မပြောလိုသေးပါ။ ယခုအခါ ဘယ်မြို့ ဘယ်ရွာ ဘယ်ဒေသသို့ ရောက်နေမှန်းလည်း ကျွန်တော် မသိပါ။ အကယ်၍များ ဤအမှာစာကို ဖတ်မိ၍ ကျွန်တော့်ထံ ဟိုတုန်းကလို စာရေးခဲ့သည် ရှိသော် ယနေ့ ခေတ်၏ လက်ရှိ ဆေးလောက အခြေအနေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေး ကြည့်လိုက်ချင်ပါသေးသည်။





မည်သို့ပင် ဖြစ်စေ ထိုစဉ်အခါက ရဲတိုက်သည် စာပေလောကတွင်လည်း ဂယက် ရိုက်သင့်သလောက် ရိုက်ခဲ့သည်။ အချို့သော စာပေ ပညာရှင်များသည် ရဲတိုက်ကို ကြိုက်ကြသည်။ မုဒိတာလည်း ပွားကြသည်။ ဤအတွက် ကျွန်တော် ဝမ်းသာ ကြည်နူးခဲ့ရသည်။ ထိုပုဂ္ဂိုလ်များကိုလည်း အထူး ကျေးဇူး တင်ခဲ့ရလေသည်။

*

ရဲတိုက်ကို 'အမျိုးသား စာပေဆု' ရလိမ့်မည်ဟု ကျွန်တော် မမှန်းခဲ့ပါ။ ထိုဆုကို ရရန် ရည်မှန်းချက် ထား၍ ဘာသာပြန်ခဲ့သော စာအုပ်လည်း မဟုတ်ပါ။ ယနေ့ အချိန်ထိ အမျိုးသား စာပေဆု ရရန် ရည်ရွယ်ပြီး ရေးသော စာအုပ်ဟူ၍ တစ်အုပ်မှ မရှိသေးပါ။ နောင်တွင်လည်း ရှိလိမ့်မည် မဟုတ်ပါ။ စာအုပ်များ ရေးရာ၌သို့မဟုတ် ဘာသာပြန်ရာ၌ ကျွန်တော့်တွင် ရည်ရွယ်ချက် တစ်ခုတည်းသာ ရှိသည်။ ပြည်သူ အများ နှစ်သက်ဖို့နှင့် ပြည်သူတို့အား တစ်စုံတစ်ခုသော အတိုင်းအတာ အထိ အကျိုး ဖြစ်ထွန်းစေဖို့သာ ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော့် ရဲတိုက်သည် '၁၉၈၃ ခုနှစ် အမျိုးသား စာပေဆု ဘာသာပြန် (ရသ) ဆု' ကို ရရှိခဲ့သည်။ ဤစကားကို ဆိုခြင်းမှာ အကြောင်းမဲ့ မဟုတ်ပါ။ ရဲတိုက်နှင့် အမျိုးသား စာပေဆုတို့ ကြားတွင် ပြောစရာ အကြောင်းလေးတွေ ရှိခဲ့၍ ဖြစ်သည်။

ထိုနှစ်က အမျိုးသား စာပေဆု ရွေးချယ်ရေး ကော်မတီ ဥက္ကဋ္ဌမှာ စာရေးဆရာကြီး မန်းတင် ဖြစ်သည်။ မန်းတင်သည် ကျွန်တော့် အသည်းစွဲ စာရေးဆရာ တစ်ဦး ဖြစ်၏။ သူ၏ ထိုသုံးနှစ်၊ *ပြုံးတမဲ့မဲ့၊ မြို့ပိုင် မောင်ပြုံးချို၊ ကိုဖိုးလုံး၊ ဇင်ဒါး အကျဉ်းသား၊ ဖရုဆို၊ ဂျူးလီယက်* ဆီဇာ စသော စာအုပ်များသည် ကျွန်တော် အလွန် နှစ်သက်ခဲ့သော စာအုပ်များ ဖြစ်လေသည်။

၁၉၈၃ ခုနှစ် အမျိုးသား စာပေဆုကို ၁၉၈၄ ခုနှစ် နိုဝင်ဘာလ ၂၃ ရက် (နတ်တော် လဆန်း ၁ ရက်၊ စာဆိုတော်နေ့) တွင် ကျင်းပခဲ့သည် ဖြစ်ရာ ထိုနေ့တွင် ကျွန်တော်သည် ဆရာမန်းတင်နှင့် တွေ့ဆုံခွင့်ကို သာမက စကားစမြီ ပြောဆိုခွင့်ကိုပါ ရခဲ့သည်။ ထိုစဉ်က ဆရာသည် ကျွန်တော် သိသင့် သိထိုက်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ထင်မြင် ယူဆသော အကြောင်းအရာများနှင့် အချက် အချို့ကို ကျွန်တော့်အား ပြောပြခဲ့သည်။

'ခင်ဗျားရဲ့ ရဲတိုက်ကို ကျွန်တော် သိပ်ပြီး သတိ မပြုမိခဲ့ဘူး ကိုထွန်းသူရဲ့' ဟု ဆရာက ပြောသည်။ 'ကျွန်တော့်သားက ပြောလို့ သတိထားမိတာ၊ ဖတ်ကြည့်လိုက်တော့လည်း အတော်ကို ကောင်းတာ တွေ့ရတယ်၊ ဗဟိုမှာ ဝိုင်းပြီး စဉ်းစားကြတော့ တချို့က ထောက်ကြတယ်၊ ဒါဟာ ပထမဆုံး ဘာသာပြန် စာအုပ် ဖြစ်နေတယ်တဲ့၊ အစဉ်အလာ မရှိခဲ့ပေမဲ့ မူရင်း စာအုပ်နှင့် တိုက်ဖတ်ပြီးမှ စဉ်းစားပါတဲ့၊ ကျွန်တော်တို့ မူရင်းကို ရှာခိုင်းခဲ့တယ်၊ နောက်ဆုံး အမျိုးသား စာကြည့်တိုက်က ရလာတယ်၊ တိုက်ဖတ်ကြည့်လိုက်တော့ အမှားအယွင်းကလေးတွေ နည်းနည်းပါးပါးနှင့် အပိုလေးတွေ ပါတာ တွေ့ရတယ်၊ ယေဘုယျ သဘောနှင့် ခြုံကြည့်လိုက်တော့ ဘယ်ဘာသာပြန် စာအုပ်မှာ မဆို အနည်းအကျဉ်း အကျအပေါက်ဟာ ရှိမှာပဲလို့ ကျွန်တော်က မြင်တယ်၊ ဟိုအရင် ဆုပေးခဲ့တဲ့ ဘာသာပြန် စာအုပ်တွေနှင့်လည်း နှိုင်းယှဉ် သုံးသပ်ခဲ့တယ်၊ ပြီးတော့မှ ပေးသင့် ပေးထိုက်တယ်လို့ ဆုံးဖြတ်ခဲ့ကြတာပဲ'

'ကျေးဇူးတင်ပါတယ် ဆရာ' ဟု ကျွန်တော်က ပြန်ပြောသည်။ 'ဆရာ တစ်ယောက်တည်းကိုသာ ကျေးဇူးတင်တာ မဟုတ်ပါဘူး၊ တစ်ဖွဲ့လုံးကို ကျေးဇူးတင်တာပါ၊ ရဲတိုက်မှာ အမှားအယွင်းနှင့် အကျအပေါက်တွေ ရှိလိမ့်မယ် ဆိုတာ ကျွန်တော် သိပါတယ်၊ ကျွန်တော် ဆရာ့ကို ဝန်ခံချင်တာ တစ်ခုတော့ ပြောခွင့်ပြုစေချင်ပါတယ်၊ တခြားတော့ မဟုတ်ပါဘူး၊ အပိုကလေးတွေ ပါတယ် ဆိုတဲ့ ကိစ္စပါ။

'ဒီခေတ်ရဲ့ အခြေအနေ (၁၉၈၀–၈၃ ခုနှစ်) ကို ကျွန်တော် အားမရဘူး ဆရာ၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ဘဝင် မကျချင်စရာတွေချည်းပဲ၊ ကျွန်တော် အဲဒါတွေကို သိပ် ပြောချင်တယ် ဆရာ၊ အဲဒီတော့ ရဲတိုက်ထဲက အင်ဒရူး မေဆန် ပြောနေတဲ့ စကားတွေထဲမှာ အပိုကလေးတွေ ပါပါသွားတယ်၊ ဆက်စပ်မှု ရှိတဲ့ စကားမျိုးတွေပါ ဆရာ၊ အသားလွတ် ဇွတ်ထည့်တာမျိုးတော့ မဟုတ်ပါဘူး'

ဆရာက ကျွန်တော့်ကို ကြည့်ပြီး ပြုံးသည်။ 'ကျွန်တော်





ကလည်း အဲသလို ဖြစ်တာလို့ တွက်ထားပြီးသားပါ' ဟု ပြန်ပြောသည်။ 'မောင်ပြုံးချိုနှင့် ကိုဖိုးလုံး' တို့ကို ဖွားမြင် သန့်စင်ပေးခဲ့သော ဆရာ့ အပေါ်၌ ယခင်ကထက် တိုး၍ လေးစား ကြည်ညိုစိတ် ဝင်ခဲ့ရပါသည်။

*

ရဲတိုက် ထွက်ပြီးနောက် တစ်နှစ်ကျော်ကျော်ခန့် အကြာတွင် ထိုခေတ် ထိုအခါက ရှိနေခဲ့ကြသော ဆရာဝန်များ အပေါ် ၌ ရဲတိုက်၏ ဩဇာ လွှမ်းမိုးမှုသည် အထိုက်အလျောက် ရှိလာခဲ့သည်။ ရဲတိုက်ထဲမှ ဇာတ်ကောင်များ (အထူးသဖြင့် အင်ဒရူး မေဆန်နှင့် ခရစ္စတီ) သည် ဆရာဝန်များ အတွက် နှစ်သက်စရာများ ဖြစ်လာခဲ့၏။ 'ဆရာဝန် ဆိုသည်မှာ ဘယ်လို ရပ်တည်သင့်သည်' ဟူသော 'စဉ်းစားစရာ တစ်ချက်' ကို မြင်ခဲ့ကြဟန် တူပါသည်။

ထိုခေတ်က ဆရာဝန်များနှင့် ဆေးတက္ကသိုလ် ကျောင်းသားများသည် ရဲတိုက်ကို ဖတ်ကြည့်ဖို့ တစ်ယောက်ကို တစ်ယောက် အကြံပြုကြသည်။ ညွှန်းကြသည်။ တချို့က သူငယ်ချင်း ဆရာဝန်တွေ လက်ထပ်လျှင် ရဲတိုက်ကိုပါ ထည့်၍ လက်ဖွဲ့ကြသည်ဟု ကြားခဲ့ သိခဲ့ရပါသည်။

မည်သို့ပင်ဖြစ်စေ ရဲတိုက် ထွက်ခဲ့သည်မှာ ၁၉၈၃ ခုနှစ်က ဖြစ်သဖြင့် နှစ်ပေါင်း နှစ်ဆယ် ကျော်ခဲ့လေပြီ။ ထိုကာလအတွင်း အပြောင်းအလဲတွေ အများကြီး ရှိခဲ့သည်။ မည်သည့် လူ့အဖွဲ့အစည်း၌ မဆို *Social Change* ခေါ် 'လူမှုဝန်းကျင် ပြောင်းလဲမှုများ' သည် စဉ်ဆက်မပြတ် ဖြစ်ပေါ်တတ်သည် မဟုတ်ပါလား။

နှစ်တွေ ကုန်လွန်လာသည်နှင့် အမျှ စရိတ်စက ကြီးလွန်း၍ ဆေးခန်း ဆေးရုံသို့ မသွားနိုင်တော့သည့် လူနာတွေ တစ်နေ့တခြား တိုးတက် များပြားလာနေသည်။ ထို့နောက်တော့ သတင်းဆိုးတွေ ထွက်လာသည်။ ဆရာဝန် ဆရာမများ၏ ဆက်ဆံရေး မပြေပြစ်မှု၊ တာဝန်ရှိ ဆရာဝန်တို့၏ လျစ်လျူရှုမှုကို ခံရ၍ ကတိမ်းကပါး ဖြစ်ကုန်ကြရသည့် လူနာများ၊ ရောဂါ အမည်တပ် မှား၍၊ ဆေးပေးမှား၍ အသက် ဆုံးရှုံးသွားရသူများ။ ထိုသတင်းများသည် အများကြီး ဖြစ်လာသည်။

ထိုသတင်းများ မည်မျှအထိ မှန်ကန်သည်ကို ကျွန်တော် မသိပါ။ သို့သော်လည်း ထိုသတင်းများကို မကြာခဏ ကြားနေ



www.burmeseclassic.com

www.burmeseclassic.com
ရဲတိုက်

ကြရခြင်းသည် တစ်စုံတစ်ခုသော အတိုင်းအတာ အထိတော့ ထိုဖြစ်ရပ်များ ရှိနေပြီဟု ပြောနေခြင်း သို့မဟုတ် သတိ ပေးနေခြင်းဟု ထင်မှတ်ဖွယ်ရာ ရှိလာပါသည်။

ယင်းအခြေအနေတွင် ကျွန်တော့် သမီး အငယ်ဆုံး မီးဖွားသည့် ကိစ္စတွင် တာဝန်ရှိ ဆရာဝန်ကြီးက တာဝန်ကျ ဆရာဝန်အား တိတိကျကျ တာဝန်ပေးပါလျက်နှင့် မွေးခါနီး မိနစ်ပိုင်းအလို ရောက်ခါမှ သူ့ကို ငွေကြိုပေးပြီး အပ်မထား၍ သူ့ လူနာမဟုတ်ဟု ဆိုကာ ပစ်ထားခဲ့ပါသည်။ သူ့အား လိုက်ခေါ်ပြန်၍လည်း မဖြစ်။ အချိန်က မရှိတော့။

ဤသို့ဖြင့် ကြုံရာ ကျရာ အလုပ်သင် တစ်ဦးက သူတတ်သိ နားလည်ထားသမျှ အတွေ့အကြုံကလေးနှင့် မီးဖွားပေးခဲ့သည်။ ကလေး မွေးဖွားပြီး နောက်တစ်ရက် ကျခါမှ ချုပ်ပုံချုပ်နည်းများ လွဲမှားနေသဖြင့် ထပ်၍ ခွဲလား စိတ်လား လုပ်ကာ ပြန်ခွဲခဲ့ရ၏။ ကံကြီးလွန်း၍သာ မသေခြင်း ဖြစ်သည်ဟု ကျွန်တော့် မိတ်ဆွေ ဆရာဝန်ကြီးများက မှတ်ချက် ပေးခဲ့ကြလေသည်။

ဆရာဝန် ဆိုသည်မှာ လူထဲက လူပင် ဖြစ်ရာ သူ့တွင် အတ္တကတော့ ရှိပါလိမ့်မည်။ လောဘ ဒေါသ မောဟတည်း ဟူသော အညံ့တရားများ သို့မဟုတ် အယုတ်တရားများလည်း ရှိပါလိမ့်မည်။ အများတကာထက် ချမ်းသာ ကြီးမြင့် လိုစိတ်လည်း ရှိပါလိမ့်မည်။ ဤသည်မှာ သဘာဝကျသော ကိစ္စ ဖြစ်သဖြင့် အပြစ်မဆိုတာပါ။ သို့သော်လည်း...။

ဆရာဝန် ဆိုသည်မှာ လူထဲက လူပင် ဖြစ်သည် ဟူသော အကြောင်းပြချက် တစ်ခုတည်းဖြင့် အထိန်းအသိမ်း အကွပ်အကဲ မရှိဘဲ ထင်ရာမြင်ရာ လုပ်၍ကား သင့်တော်မည် မဟုတ်ပါ။ ဆရာဝန် ဆိုသည်မှာ အများတကာထက် ဉာဏ်ရည် ဉာဏ်သွေးသာမှ ဆရာဝန် ဖြစ်လာခြင်းဟု ယေဘုယျအားဖြင့် ခံယူထားကြသည် ဖြစ်ရာ သူ့အသိ သူ့စိတ်ဓာတ်သည် အခြား သာမန်လူများထက် ပို၍ မြင့်မြတ်သော၊ ပို၍ စေတနာ မေတ္တာနှင့် ကရုဏာကြီးမားသော၊ လူလူချင်း ပို၍ ကိုယ်ချင်းစာ တရား ထားတတ်သော လူသား တစ်ယောက် ဖြစ်လာအောင် မိမိကိုယ် မိမိ တည်ဆောက်ထားနိုင်အောင် ကြိုးစားဖို့တော့ လိုပါသည်။ မိမိ၏ စိတ်၊ မိမိ၏ ဆန္ဒ၊ မိမိ၏ ရည်မှန်းချက်နှင့် မိမိ ပတ်ဝန်းကျင်၏ လိုအင်ဆန္ဒများကို အစွန်း မရောက်အောင် ထိန်းချုပ်ထားဖို့တော့ အားထုတ်ရပါလိမ့်မည်။ တကယ်တော့ ဆရာဝန် ဆိုသည်မှာ 'အတ္တနှင့်ပရ' ကို မျှတအောင် လုပ်ဖို့တော့ 'အသိနှင့် သတိ' ရှိရမည် မဟုတ်ပါလား။



မည်သို့ပင် ဆိုနေကြရစေကာမူ တစ်ချိန်က စာဖတ် ပရိသတ် ပြည်သူများနှင့် စာဖတ်သူ ဆရာဝန်များနှင့် ဆေးကျောင်းသားများကြား၌ ရေပန်းစားခဲ့သော စာရေးဆရာ ဆရာဝန် အေ၊ ဂျေ၊ ကရိုနင်၏ ရဲတိုက် ဘာသာပြန်သည် ဒုတိယ အကြိမ် ထွက်လာခဲ့ပြီ ဖြစ်ပါသည်။ ပထမ အကြိမ်တုန်းကလိုပင် ပြည်သူများနှင့် ဆရာဝန်များ ကြား၌ 'မေတ္တာပေါင်းကူး တံတားသစ် တစ်ခု' ထပ်မံ တည်ဆောက်နိုင်ကြပါစေဟု ကျွန်တော် ဆန္ဒ ပြုချင်မိပါသည်။

မောင်ထွန်းသူ

၂၃၊ မတ်၊ ၂၀၀၄။

www.burmeseclassic.com

## ဆရာဝန် စာရေးဆရာနှင့် စာရေးဆရာ ဆရာဝန်

ကမ္ဘာတွင်ရော မြန်မာတွင်ပါ စာပေများကို ရေးသား ပြုစုနေကြသည့် ဆရာဝန်တွေ အများအပြား ရှိပါသည်။ ယင်းတို့ကို အမျိုးအစား ခွဲလျှင် ဆရာဝန် စာရေးဆရာနှင့် စာရေးဆရာ ဆရာဝန်ဟူ၍ ခွဲခြားရလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။

ဆရာဝန် စာရေးဆရာ ဆိုသည်မှာ ဆေးကုသခြင်း အလုပ်ကို အဓိက ထားပြီး စာရေးခြင်း အလုပ်ကို အပျော်တမ်း လုပ်သူများ ဖြစ်သည်။ စာရေးဆရာ ဆရာဝန် ဆိုသည်မှာ စာရေးခြင်းကို အဓိက ထားပြီး ဆေးကုသခြင်း အလုပ်ကို အခါအားလျော်စွာ လုပ်သူများ ဖြစ်သည်။

ရုရှ စာရေးဆရာကြီး ချက်ကော့သည် ဆရာဝန် တစ်ဦး ဖြစ်သည်။ ချက်ကော့သည် ဆေးကုသရင်းမှ လူတွေ အကြောင်းကို ပို၍ သိလာခဲ့သည်။ လောက အကြောင်းကို ပို၍ နားလည်လာခဲ့သည်။ ဤတွင် ချက်ကော့သည် နားကြပ်နှင့် ဆေးထိုးအပ်ကို စွန့်ကာ ကလောင်တံကို ကိုင်ခဲ့လေသည်။ 'ဆေးပညာသည် ကျွန်တော်၏ မယားကြီး ဖြစ်ပြီး စာပေမှာ ကျွန်တော်၏ မယားငယ် ဖြစ်သည်' ဟု ချက်ကော့က ပြောခဲ့သည်။ ချက်ကော့သည် ဆေးထိုးအပ်နှင့် နားကြပ်ကို စွန့်ကာ မယားငယ် နောက်သို့ ကောက်ကောက်ပါအောင် လိုက်ခဲ့လေသည်။ ချက်ကော့၏ ဝတ္ထုများသည် ဆေးပညာ၏ အကြောင်းကိုမျှမက ဆေးပညာနှင့် လူတို့ ဆက်သွယ်ပုံ၊ ဆေးပညာကြောင့် လူ့လောကကြီးတွင် မည်သို့သော အကျိုး အပြစ်တွေ ရနိုင်ပုံတို့ကိုလည်း ရေးသား တင်ပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ချက်ကော့သည် သေသည့် အထိ ကလောင်တံကို ကိုင်စွဲကာ စာပေများကို ရေးသား ပြုစုခဲ့လေသည်။

ထို့ကြောင့် ချက်ကော့သည် စာရေးဆရာ ဆရာဝန်ဟု ကျွန်တော် ဆိုချင်ပါသည်။

အင်္ဂလိပ် စာရေးဆရာကြီး ဆမ္မားဆက် မွန်သည်လည်း ဆရာဝန် တစ်ဦး ဖြစ်လေသည်။ ဆမ္မားဆက် မွန်သည် လန်ဒန် စိန့်သောမတ် ဆေးရုံကြီးမှ စင်္ကြံများပေါ်တွင် နားကြပ်ကို ကိုင်၍ ခေါက်တုံ့ ခေါက်ပြန် လျှောက်ရင်း လူ့အကြောင်း ပိုမို လေ့လာခွင့် ရခဲ့သည်။ လူ့အကြောင်းကို သိလာခဲ့သည်။ ဤတွင် ဆမ္မားဆက် မွန်သည် လူတွေ အကြောင်းကို ပိုမို သိချင်လာသည်။ ထို့ကြောင့် သံတမန် ဌာနတွင် ဝင်လုပ်သည်။ သိသင့်သလောက် သိခဲ့ပါ၏။ သို့ရာတွင် မကျေနပ်သေး။ ကမ္ဘာအနှံ့ ခရီးသွားခဲ့သည်။ ဆမ္မားဆက် မွန်၏ မိုးကုပ်စက်ဝိုင်းသည် တဖြည်းဖြည်း ကျယ်ပြန့်လာသည်။ မိုးကုပ်စက်ဝိုင်း ကျယ်ပြန့်လာသည်နှင့် အတူ သူ့တွင် ဘဝ အတွေ့အကြုံတွေလည်း ကျယ်ပြန့်လာသည်။ ထို့နောက်တွင်မူ ဆမ္မားဆက် မွန်သည် ခွဲစိတ်ဓားကို စွန့်ကာ ကလောင်ကို ကောက်ကိုင်ခဲ့သည်။ သူ၏ 'လူ့ အဖွဲ့အနှောင်' ဆိုသော ဝတ္ထုမှာ ဆေးကျောင်းသား တစ်ယောက်၏ ရုန်းကန်မှုများ၊ လွမ်းမောဖွယ်ရာများ၊ ဆွတ်ပျံ့ ကြည်မောစရာများကို ဖွဲ့နွဲ့ထားသည့် လှပသည့် ဝတ္ထု တစ်ပုဒ်ပင်။

ဆွီဒင် အမျိုးသား အက်ဇယ် မွန်သီသည် ဆရာဝန် တစ်ယောက် ဖြစ်သည်။ ပါရီတွင် ဆေးကုရင်း သူသည် လူအမျိုးမျိုးကို တွေ့ခဲ့ရသည်။ ဆရာဝန် အမည်ခံကာ ကလေး ဖျက်ပေးနေသူများ၊ ဆေးလိမ်ကုနေသူများ၊ ဖောက်ပြန်ကြသော အထက်တန်းစားများကို တွေ့ခဲ့ရသည်။ ဤတွင် မွန်သီသည် 'စန်မစ်ရှယ်၏ ပုံပြင်' ခေါ် ကမ္ဘာကျော် စာအုပ်ကို ရေးခဲ့သည်။

သူတို့သည် နောက်ပိုင်းတွင် ဆေးကုသည့် အလုပ်ကို စွန့်ပစ်ကာ စာရေးဆရာ ဘဝကို ခံယူသွားကြသည့် စာရေးဆရာ ဆရာဝန်များ ဖြစ်လေသည်။

နောက်တစ်ယောက်မှာ အေ၊ ဂျေ၊ ကရိုနင်။

အေ၊ ဂျေ၊ ကရိုနင်သည်လည်း မူလက ဆရာဝန် တစ်ဦး





ဖြစ်သည်။ နောက်ပိုင်းတွင်မူ ကရိုနင်သည် ဆေးပညာကို လုံးဝ စွန့်လွှတ်လိုက်ကာ စာရေးဆရာ ဘဝကို ခံယူခဲ့သည်။

ကရိုနင်၏ ဝတ္ထုများ တော်တော်များများကို မြန်မာ ဘာသာသို့ ပြန်ခဲ့ကြဖူးပြီ။

ပထမဆုံးမှာ 'နှစ်လောက' အမည်ဖြင့် တင့်တယ် မြန်မာပြန်ခဲ့သော *The Adventures In Two Worlds* ဖြစ်သည်။ လန်ဒန်မြို့ ဟာလေလမ်းတွင် ဆေးကုနေသည့် ဆရာဝန် တစ်ယောက်၏ ဘဝကို ပြည့်စုံစွာ ရေးထားသည့် ဝတ္ထု တစ်ပုဒ် ဖြစ်သည်။

နောက်တစ်ပုဒ်မှာ *Beyond This Place* ဖြစ်သည်။ ထိုဝတ္ထုကို ထင်လင်းက 'တစ်ကျွန်းစံ၏ အပြန်လမ်း' ဟူသော အမည်ဖြင့် ဘာသာပြန်ခဲ့ဖူးသည်။ အပြစ် မရှိဘဲ လူသတ်မှုဖြင့် ပြစ်ဒဏ် စီရင်ခြင်း ခံခဲ့ရသည့် လူငယ်ကလေး တစ်ယောက်၏ အဖြစ်အပျက် ဖြစ်သည်။

နောက်တစ်ပုဒ်မှာ *The Northern Light* ဖြစ်၏။ 'ဥတ္တရ အလင်း' ဟူသော အမည်ဖြင့် မြန်မာ ပြန်ခဲ့ဖူးသည်။ သတင်းစာ ဆရာ တစ်ယောက်၏ မျှော်မှန်းချက်များ၊ အောင်မြင်မှုများ၊ ဆုံးရှုံးမှုများကို ရေးထားသည့် ဝတ္ထု ဖြစ်သည်။

ယခု 'ရဲတိုက်' အမည်ဖြင့် မောင်ထွန်းသူ မြန်မာပြန်လိုက်သည့် ဝတ္ထုမှာ *The Citadel* ဖြစ်ပြီး ဆရာဝန် တစ်ယောက်၏ ဘဝကို ရေးထားသည့် ဝတ္ထု ဖြစ်သည်။

'ရဲတိုက်' ဝတ္ထုထဲမှ ဒေါက်တာ အင်ဒရူး မေဆန်သည် ဆေးကျောင်းမှ ဆင်းပြီးနောက် ဝေလပြည်နယ် သတ္တုတွင်းများတွင် သွား၍ အလုပ် လုပ်သည်။ ဆေးကုရင်း မိတ်ဆွေများနှင့် ရန်သူများကို တွေ့ခဲ့ရသည်။ အလုပ်သမားများနှင့် ဆုံခဲ့ရသည်။

နောက်ဆုံးတွင် ဒေါက်တာ အင်ဒရူး မေဆန်သည် လူနာတစ်ယောက်ကို ဆေးကုရာနှင့် ပတ်သက်၍ ကုသပုံ ကုသနည်းသည် ဆေးကောင်စီ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီခြင်း မရှိဟု ဆိုကာ ဆေးကောင်စီတွင် အစစ်ခံရသည်။ ဆေးကောင်စီက သူ့အပေါ်တွင် စွဲထားသည့် စွဲချက်ကို ကြားနာကာ ဒေါက်တာ အင်ဒရူး၏ ဆရာဝန် မှတ်ပုံတင် လက်မှတ်ကို မသိမ်းဘဲ အပြစ်မှ လွှတ်လိုက်သည်။

ဆေးကောင်စီရှေ့တွင် အစစ်ခံရာ၌ ဒေါက်တာ အင်ဒရူး



www.burmeseclassic.com

www.burmeseclassic.com

ကဲ... 'ကျွန်တော်တို့ ဆေးပညာရှင်တွေ ပြောတာမှ မှန်တယ်၊ အပြင်က လူတွေ ပြောတာ မမှန်ဘူးလို့ ထင်နေကြရင် သိပ္ပံပညာဟာ ဘယ်တော့မှ တိုးတက်တော့မှာ မဟုတ်ဘူး၊ သေသွားတော့မှာပဲ၊ ဒီလိုဆိုရင် ကျွန်တော်တို့ ဆေးပညာ လောကဟာ ကျဉ်းမြောင်းတဲ့ အဖွဲ့အစည်းကလေး တစ်ခုပဲ ဖြစ်နေတော့မှာပဲ၊ ဒီတော့ ကျွန်တော်တို့ ဆေးပညာ လောကကို ပြုပြင် ပြောင်းလဲဖို့ အချိန်ရောက်ပြီ၊ ကျွန်တော်တို့ ဆရာဝန်တွေရဲ့ မပြည့်စုံတဲ့ လေ့ကျင့်သင်ကြားမှုတွေကို ပြန်စဉ်းစားဖို့ ကောင်းပြီ၊ ကျွန်တော် ဆရာဝန်ဖြစ်စတုန်းက ကျွန်တော်ဟာ လူ့လောကကြီးရဲ့ ကောင်းကျိုးထက်ဆိုးကျိုးကို ဆောင်နိုင်တဲ့ လူတစ်ယောက်လို့တောင် ကျွန်တော့်ကိုယ် ကျွန်တော် ထင်ခဲ့တယ်၊ ကျွန်တော်ဟာ ရောဂါ တချို့ရဲ့ နာမည်ကို သိတယ်၊ ဆေးတချို့ကို သိတယ်၊ ဒါပေမဲ့ ဝမ်းဆွဲ ဆရာမရဲ့ ညှပ်ကိုတောင် ကောင်းကောင်း မကိုင်တတ်ခဲ့ဘူး၊ ကျွန်တော်တို့ ဆရာဝန်တွေဟာ လက်တွေ့ ကုရာမှာ တွေ့ခဲ့ရတဲ့ အခြေခံအချက်ကလေးတွေလောက်က လွဲလို့ ဒီပြင် ဘာမှ ပိုမသိခဲ့ကြဘူး၊ သူတို့မှာ အချိန်မရကြဘူး၊ ပြေးလွှားနေကြရတယ်၊ ဒီတော့ ကျွန်တော်တို့ဟာ ဆရာဝန်တွေ အတွက် ဘွဲ့လွန် သင်တန်းတွေ ဖွင့်သင့်တယ်၊ သိပ္ပံပညာကို ရှေ့တန်း ရောက်လာအောင် ကြိုးစားသင့်တယ်၊ ဆေးပုလင်းထဲက ဆေးကို တိုက်လိုက်ရင် ပြီးတာပဲဆိုတဲ့ အယူအဆကို စွန့်သင့်တယ်၊ ဆရာဝန်တိုင်းကို လေ့လာဖို့ အခွင့်အရေး ပေးသင့်တယ်၊ သုတေသန လုပ်ငန်းတွေကို လုပ်နိုင်ဖို့ အခွင့်အရေး ပေးသင့်တယ်၊ အသပြာ နောက်ကို လိုက်တဲ့ ကုထုံးတွေ၊ မလိုအပ်တဲ့ ခွဲစိတ်ကုသမှုတွေကို ရပ်ဖို့ အချိန်တော်ပြီ၊ ဆေးပညာကို ကျွန်တော်တို့ တစ်တွေမှ လိုက်စားခွင့် ရှိတာ မဟုတ်ပါဘူး၊ သိပ္ပံနည်းကျ ဆေးပညာမှာ အင်မတန် ကျော်ကြားခဲ့တဲ့ လူဝီပတ်စချာဟာ ဆရာဝန် မဟုတ်ပါဘူး၊ ဂျာမန် ပိုးမွှားဗေဒ ပါရဂူအားလစ်ဟာ ဆရာဝန် မဟုတ်ပါဘူး၊ အိန္ဒိယမှာ ပလိပ်ရောဂါကို တိုက်ဖျက်ခဲ့တဲ့ ဟတ်ဖကိုင်းဟာ ဆရာဝန် တစ်ယောက် မဟုတ်ပါဘူး၊ ဒီတော့ ဆရာဝန် မှတ်ပုံတင် စာရင်းထဲမှာ မပါဘဲ ရောဂါတွေကို တိုက်ဖျက်တဲ့ လူတွေဟာ လောကကြီးမှာ အများကြီးပါ၊ သူတို့ဟာ လူအတွေ လူညံ့တွေ မဟုတ်ပါဘူး'

ထိုစကားများမှာ 'ရဲတိုက်' ဝတ္ထုထဲမှ ဒေါက်တာ အင်ဒရူး မေဆန်၏ စကားများ ဖြစ်သည်။ ဒေါက်တာ အင်ဒရူး မေဆန်သည် ဆေးပညာကို လူထုလက် အရောက် ပို့ချင်သည်။ သို့ဖြင့် သူသည် သူ့ရှေ့က ဆရာဝန်တို့နှင့် မတူ၊ ဆေးပညာ အတွက် လမ်းသစ် ခင်းပေးသည်။

'ရဲတိုက်' ဝတ္ထုသည် ဆေးပညာတွင် လမ်းဟောင်းကို လျှောက်ချင်သူနှင့် လမ်းသစ်ကို ဖောက်ချင်သူတို့၏ ပဋိပက္ခကို ဖော်ပြသော ဝတ္ထု ဖြစ်လေသည်။

အေ၊ ဂျေ၊ ကရိုနင်သည် ဆေးပညာ အကြောင်းကိုသာ မက လူတွေ အကြောင်းကိုပါ ရေးသော စာရေးဆရာ ဆရာဝန် ဖြစ်လေသည်။

မြသန်းတင့်


www.burmeseclassic.com

www.burmeseclassic.com

## မြန်မာပြန်သူ၏ အမှာ

[၁]

၁၉၇၈ ခုနှစ်. . .။

ကျွန်တော့် ဘဝတွင် ၁၉၇၈ ခုနှစ်သည် မှန်တိုင်း အထန်ဆုံးသောနှစ် ဖြစ်ပါသည်။ ထိုနှစ်တွင် ကျွန်တော် ဘယ်သောအခါကမှ ဖြစ်လာလိမ့်မည်ဟု မျှော်လင့်မထားခဲ့ဖူးသော အဖြစ်တစ်ခုနှင့် ကြုံခဲ့ရသည်။ ယင်း အဖြစ်ကို အကြောင်းပြု၍ တည်တည်ငြိမ်ငြိမ် ရှိနေသော ကျွန်တော့် ဘဝသည် ပျက်ခဲ့ရသည်။ ထိုအခါ စာဖတ်ရင်း စာရေးရင်းနှင့် လူ့အလွှာ အသီးသီးမှ လူတန်းစား ပေါင်းစုံ၏ အကျင့်စရိုက် လက္ခဏာများကို လက်တွေ့ကျကျ သိမြင်နားလည်ခွင့် ရလာခဲ့ပါသည်။

လူတို့၏ ကိုယ်ချင်းစာတရား ခေါင်းပါးမှုများ၊ ရက်စက်ယုတ်မာမှုများ၊ မလိုတမျိုး လိုတစ်မျိုး လုပ်တတ်သည့် အကျင့်များ၊ ငွေကိုသာ အလေးထား၍ လူကို လုံးဝ တန်ဖိုးမထားသော အဆက်အဆံ အပြုအမူများ၊ မိမိ၏ တိုးတက်ရာ တိုးတက်ကြောင်းအတွက် တစ်ဖက်သား နစ်နာ ပျက်စီးအောင် ကြံစည် အားထုတ်တတ်သည့် သစ္စာမဲ့မှုများ၊ ကိုယ့်ထက် သာလျှင် မကြည့်ချင် မမြင်ချင် ဖြစ်တတ်သည့် မနာလို ဝန်တိုမှုများ၊ အပေါ်က မေးလာလျှင် အောက်လူပေါ် ပုံချပြီး အောက်က မေးလာလျှင် အပေါ်သို့ လက်ညှိုး ထိုးပြကာ အပြစ် မဖြစ်ရုံမျှကလေး အလုပ် လုပ်ပြီး မိမိကိုယ်ကျိုး အတွက်သာ အဓိက ထား၍ လုပ်ဆောင် နေတတ်သည့် အချောင်သမား စရိုက်များ၊ အပေါ်စီး ရလာလျှင် တစ်ဖက်သား



www.burmeseclassic.com

www.burmeseclassic.com

အပေါ် အညာအတာ ကင်းမဲ့စွာဖြင့် အပြစ်မရှိ အပြစ်ရှာ၍ ဖိဖိနှိပ်နှိပ် လုပ်တတ်သော်လည်း မိမိ ခံရမည့် အလှည့်ကျလျှင် ဆောက်တည်ရာ မရနိုင်လောက်အောင် တုန်လှုပ် ချောက်ချားကာ မိမိ၏ အသက်အရှယ်၊ မိမိ၏ ဂုဏ်၊ မိမိ၏ သိက္ခာကိုမှ မထောက်ထားတော့ဘဲ ဒူးထောက်၍၊ ခြေဖက်၍၊ ရှိုက်ကြီးတငင် ငိုကြွေး၍ ကယ်ပါ ယူပါ တစာစာ လုပ်တတ်သော ယုတ်ညံ့သည့် စိတ်နေစိတ်ထားများ ...။

ယင်း အကျင့်စရိုက် လက္ခဏာများ ကြားမှနေ၍ မေတ္တာနှင့် ကရုဏာကို အလေးအနက် ပြုတတ်သော၊ ကိုယ်ချင်းစာနာတတ်သော၊ သည်းခံ ခွင့်လွှတ်သော၊ အမှန်တရားကို မြတ်နိုးသည်နှင့် အမှု အမှန်ဘက်မှ ရပ်တည်တတ်သော လူ့သဘော သဘာဝအကျင့် စရိုက်ကလေးများသည် မိုးမှောင်ကြီး ဖုံးအုပ်နေသော ကောင်းကင်ထက်မှ တစ်ချက် တစ်ချက် လျှပ်စီး လက်လိုက်သည့်နှယ် ပြိုးခနဲ ပြက်ခနဲ၊ ဝင်းခနဲ လက်ခနဲ ပေါ်လာတတ်ပါသည်။ ထိုအခါမျိုးတွင် လူ့လောက လူ့အဖွဲ့အစည်း တစ်ရပ် ဘာ့ကြောင့် တည်တံ့ ခိုင်မြဲနေသည် ဟူသော အချက်ကို ကျွန်တော် သဘောပေါက် နားလည်ကာ အားမာန် တက်ခဲ့ရပါသည်။

သို့ဖြစ်ရာ ၁၉၇၈ ခုနှစ်သည် ကျွန်တော့်အား လူ့လောက၊ လူ့အဖွဲ့အစည်း အတွင်းရှိ လူတို့၏ သဘော သဘာဝ အဆိုးအကောင်းများကို မီးမောင်း ထိုးပြနေသော နှစ်တစ်နှစ်ဟု ဆိုလျှင်လည်း ရမည် ထင်ပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော့် အနေဖြင့် လူတို့၏ ဆိုးသော စရိုက် လက္ခဏာများနှင့် လူတို့၏ ကောင်းသော စရိုက်လက္ခဏာများကို ထူးထူးခြားခြား မြင်ရ တွေ့ရသည့် အခါတိုင်း 'ဒေါက်တာ အင်ဒရူး မေဆန်' ကိုတော့ သတိရစမြဲ ဖြစ်သည်။

ဒေါက်တာ အင်ဒရူး မေဆန်သည် ကျွန်တော်၏ မိတ်ဆွေကောင်း တစ်ဦး ဖြစ်ခဲ့ဖူးသော်လည်း သက်ရှိ လူသား တစ်ဦး မဟုတ်ပါ။ လွန်ခဲ့သော အနှစ် နှစ်ဆယ်ခန့်က ဖတ်ခဲ့ရဖူးသော ကမ္ဘာကျော် ဆရာဝန် စာရေးဆရာကြီး အေ၊ ဂျေ၊ ကရိုနင် *(A. J. Cronin)* ၏ သည် စီတိုက်ဒယ်လ် *(The Citadel)* အမည်ရှိ ခေတ်သစ် ဂန္ထဝင် ဝတ္ထုကြီးထဲမှ ဇာတ်ကောင် တစ်ဦးမျှသာ ဖြစ်ပါ၏။





[၂]

ဒေါက်တာ အင်ဒရူး မေဆန်ကို ဖန်တီးခဲ့သူမှာ ကမ္ဘာကျော် စာရေးဆရာကြီး အေ၊ ဂျေ၊ ကရိုနင် ဖြစ်၏။ ကရိုနင်သည် အင်ဒရူး မေဆန်ကို ဖန်တီးရာ၌ ပီပြင်သည်၊ အသက်ဝင်သည်။ ပီပြင်လွန်း အသက်ဝင်လွန်းသဖြင့် အင်ဒရူး မေဆန်သည် စာရေးဆရာကြီး ကရိုနင် ကိုယ်တိုင်ပင် ဖြစ်လေရော့သလားဟုပင် တွေးထင်ရသည်။

ကရိုနင်သည် သူ့ ဇာတ်ကောင် အင်ဒရူး မေဆန်နှင့် ထိတွေ့ ဆက်စပ်နေသော ပတ်ဝန်းကျင် လောကကို ဖန်တီးရာ၌လည်း အလွန် ပီပြင်၍ အသက်ဝင်သည်။ အင်ဒရူး မေဆန်နှင့် ဆက်စပ် ယှက်နွယ်နေသော ဇာတ်ကောင် အားလုံးသည် လူဆန်လှသည်။ ထို့ကြောင့်လည်း ဤဝတ္ထုကြီးကို ခေတ်သစ် ဂန္ထဝင်စာပေ စာရင်းတွင် ထည့်သွင်းထားခြင်း ဖြစ်သည်။ စတင် ထုတ်ဝေခဲ့သော ၁၉၃၇ ခုနှစ်မှ စ၍ ယနေ့ခေတ် အထိ အကြိမ်ကြိမ် အထပ်ထပ် ရိုက်နှိပ် ထုတ်ဝေနေသော်လည်း အရောင်းရ တွင်ကျယ်ဆဲပင် ဖြစ်သည်။ တစ်ချိန်က ဆိုလျှင် ဤဝတ္ထုကြီးကို အကျဉ်းချုပ် ပြန်လည် ရေးသားပြီး အိန္ဒိယနိုင်ငံရှိ အထက်တန်းကျောင်းသားများ အတွက် ကျောင်းသုံးစာအုပ် အဖြစ် ပြဋ္ဌာန်းခဲ့ဖူးလေသည်။

[၃]

ဤဝတ္ထုကြီးကို ရေးသားခဲ့သော အေ၊ ဂျေ၊ ကရိုနင်သည် စကော့လူမျိုး ဖြစ်၏။ စကော့တလန်နိုင်ငံ ကာဒရော့စ်မြို့ *(Cardross)* သည် သူ၏ မွေးရပ် ဇာတိ ဖြစ်သည်။ ငယ်ငယ် ကတည်းက ဆင်းရဲ ချို့တဲ့စွာ နေခဲ့ရသဖြင့် ဘဝနာခဲ့သူ ဖြစ်သည်။ ဂလက်စဂိုတက္ကသိုလ်၏ ဆေးကျောင်းသား ဘဝတွင်လည်း ငွေကြေး မပြည့်စုံမှုကြောင့် သူ့ဘဝမှာ သက်သောင့် သက်သာ မရှိ။ အမြဲတစေ ရုန်းကန် လှုပ်ရှား နေခဲ့ရသည်။ ဆရာဝန် ဖြစ်လာပြန်တော့လည်း သူ့ဘဝ အစမှာ ရုန်းကန် လှုပ်ရှား နေရဆဲ ဖြစ်သည်။ သင်္ဘော ဆရာဝန် အလုပ်ဖြင့် အိန္ဒိယနိုင်ငံဘက်သို့ ထွက်ခဲ့ရ၏။ အထွေထွေ ရောဂါကု ဆရာဝန် အလုပ်ဖြင့် မြို့ကြီး ပြကြီးများနှင့် ဝေး



www.burmeseclassic.com

www.burmeseclassic.com



ကျွာလွန်းလှသော ကျောက်မီးသွေးတွင်းများ ရှိရာ အရပ် ဒေသတွင် နှစ်ပေါင်းများစွာ နေခဲ့ရ၏။

ဒေါက်တာ ကရိုနင်သည် ဆေးကုရင်း လူတန်းစား အမျိုးမျိုးနှင့် ဆက်ဆံခဲ့ရသည်။ သူသည် လူတို့၏ ကောင်းကွက်များ၊ ဆိုးကွက်များနှင့် အားနည်းချက်များကို လေ့လာတတ်သော၊ သိမြင်နားလည်တတ်သော၊ ဆင်ခြင် သုံးသပ်တတ်သော၊ ကိုယ်ချင်းစာနာတတ်သော၊ သည်းခံ ခွင့်လွှတ်တတ်သော သဘော ရှိခဲ့သည်။ ယင်းစိတ်စေတနာများသည် စာရေးတတ်ခြင်းတည်း ဟူသော အနုပညာရပ်နှင့် ထိတွေ့ ပေါင်းစပ်မိသည့် အခါ အောင်မြင်သော စာရေးဆရာ တစ်ဦး ဖြစ်လာခဲ့လေသည်။

၁၉၃၀ ခုနှစ်တွင် ဒေါက်တာ ကရိုနင်သည် လန်ဒန်မြို့ အနောက်ပိုင်း ရပ်ကွက်၌ ဆေးခန်း ဖွင့်၍ ဆေးကုနေရာမှ ကျန်းမာရေး ချို့တဲ့မှုကြောင့် အနားယူခဲ့ရသည်။ အချိန်ပြည့် အနားယူနေရသဖြင့် ကရိုနင်မှာ လုပ်စရာ အလုပ် ဆို၍ မည်မည်ရရ မရှိဘဲ ဖြစ်နေသည်။ ထိုအခါ 'စာရေးရလျှင် ကောင်းလေမလား' ဟူသော အတွေးသည် သူ့ခေါင်းထဲသို့ ဝင်လာသည်။ ဤသို့ဖြင့် *Hatter's Castle* ဝတ္ထုကြီးကို ရေးဖြစ်ခဲ့၏။

ရေးပြီးသောအခါ စာမူကို ဘယ်ဆီ ပို့ရမည်မသိ။ လန်ဒန်မြို့ပေါ်တွင် ထုတ်ဝေသူတွေက အများကြီး။ ယင်း ထုတ်ဝေသူများက သူ့လို စာရေးစ လူတစ်ယောက်၏ စာမူကို ဂရုတစိုက်မှ ဖတ်ပါ့မလား။ ထုတ်ဝေသူများက အသိအမှတ် ပြုနိုင်လောက်အောင် သူ့ဝတ္ထု စာမူက အဆင့်အတန်း မြင့်ပါ့မလား။ ဆွဲဆောင်မှု ရှိပါ့မလား။

ယင်း သံသယများကြောင့် သူ့ဝတ္ထု စာမူကို ဘယ်သူ့ဆီမှ မပို့ရဲ။ နောက်ဆုံးတွင် တော်ရာ ချောင်သို့ ထိုးထားလိုက်၏။

တစ်နေ့တွင် လမ်းလျှောက် ထွက်သွားရာမှ စကော့လူမျိုး လယ်သမားကြီး တစ်ဦးနှင့် ဆုံမိကြသည်။ သူ့အကြောင်း ကိုယ့်အကြောင်း စပ်မိစပ်ရာ ပြောမိကြသည်။ ကရိုနင်က သူ ရေးထားသော စာမူကို မပို့ဖြစ်သည့် အကြောင်း ဖွင့်ဟ၍ ပြောပြသည်။ သူ့စကား ကြားသော လယ်သမားကြီးက နှာခေါင်းရှုံ့လေသည်။

'ကျုပ် ထွန်ယက်နေတဲ့ မြေကို ခင်ဗျား မြင်တယ် မဟုတ်လား၊ စိုက်လို့ ပျိုးလို့မှ ဖြစ်ပါ့မလား ဆိုတဲ့ သံသယ ဝင်ဖို့ ဘယ်





လောက် ကောင်းသလဲ၊ ဒါပေမဲ့ ဖြစ်မှ ဖြစ်ပါ့မလား ဆိုတဲ့ သံသယနှင့် ကျုပ် ထိုင်မနေဘူး၊ လုပ်စရာ ရှိတာ လုပ်နေတာပဲ၊ ဒါမှလည်း ကျုပ် ရသင့်တဲ့ အသီးအနှံကို ရမှာပေါ့'

လယ်သမားကြီး စကားကြောင့် ကရိုနင် စိတ်ဓာတ် ပြောင်းသွားသည်။ အိမ်ရောက်လျှင် ရောက်ချင်း တော်ရာ ချောင်တွင် ရောက်နေသော စာမူကို ယူကာ လက်နှိပ်စက် ကူးရိုက်သည်။ ပြီးတော့ လန်ဒန်မြို့ရှိ ထုတ်ဝေသူ တစ်ဦးထံ ပို့လိုက်သည်။ ပို့ပြီးတော့လည်း မေ့မေ့ပျောက်ပျောက် နေလိုက်သည်။

ထုတ်ဝေသူက ကရိုနင်၏ *Hatter's Castle* ကို ကြိုက်သည်။ ချက်ချင်း ပုံနှိပ် ထုတ်ဝေသည်။ ကရိုနင်၏ *Hatter's Castle* သည် ရောင်းမလောက်အောင် တွင်ကျယ်သည့် စာအုပ် ဖြစ်လာခဲ့၏။ ကရိုနင်မှာ ချက်ချင်းပင် လူသိများ၍ ထင်ရှားသော စာရေးဆရာ ဖြစ်လာခဲ့သည်။ ပထမဆုံး ဝတ္ထု၏ အောင်မြင်မှုကြောင့် အားတက်လျက် ရှိသော ကရိုနင်သည် နောက်ထပ် စာအုပ်များ တစ်အုပ်ပြီး တစ်အုပ် ရေးခဲ့သည်။ ရေးသမျှ ဝတ္ထုများမှာလည်း လူကြိုက် များသည်ချည်း ဖြစ်သည်။ ဤသို့ဖြင့် ကရိုနင်သည် ကမ္ဘာကျော် စာရေးဆရာကြီး တစ်ဦး ဖြစ်လာခဲ့ရလေ၏။

ကရိုနင် စာရေးဆရာ ဖြစ်လာသော အခါ သူ ဆရာဝန်ဘဝက ကြုံခဲ့ရသည့် အတွေ့အကြုံများ၊ ဖြစ်ရပ်များနှင့် နောက်ခံဒေသများသည် သူ့ ဝတ္ထုများ၏ အသက်သွေးကြော ဖြစ်လာခဲ့သည်။ သူ၏ *The Stars Look Down* ဝတ္ထုကြီးတွင် ကျောက်မီးသွေးတွင်း အလုပ်သမားများ၏ သနားစရာ ဘဝကို ဖော်ပြသည်။ သူ လန်ဒန်မြို့ အနောက်ပိုင်း ရပ်ကွက်တွင် ကိုယ်ပိုင် ဆေးခန်း ဖွင့်၍ ဆေးကုသခဲ့စဉ်က ရခဲ့သည့် ဘဝ တစ်ကွေ့မှ အတွေ့အကြုံများကို အခြေခံ၍ လန်ဒန်မြို့ ဟာလေလမ်း *(Harley Street)* မှ ကိုယ်ပိုင် ဆေးခန်းများ၏ မနှစ်မြို့ဖွယ် ကောင်းသော လုပ်နည်းလုပ်ဟန်များ၊ နာမည်ကြီး ဆရာဝန်နှင့်မှ ကုသ ခံလိုကြသည့် အထက်တန်းစား လူ့အလွှာများ၏ ဂုဏ်တု ဂုဏ်ပြိုင် ရောဂါများ၊ ဘယ်သူသေသေ ငတေမာ ပြီးရော သဘောမျိုး မွေးကာ စေတနာမေတ္တာ ခေါင်းပါးလွန်းနေသည့် ဆရာဝန် အချို့၏ ကလိမ်ကျမှုများကို ဤဝတ္ထု *The Citadel* တွင် တစ်စိတ်တစ်ဒေသ ဖော်ထုတ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com
ရဲတိုက်

[၄]

*The Citadel* ကို ကျွန်တော် ဖတ်ရှုခဲ့ရသော နှစ်မှာ ၁၉၆၃ ခုနှစ် ဖြစ်သည်။ ထိုစဉ်က ဤဝတ္ထုကို ဘာသာပြန်လိုစိတ် ပြင်းပြခဲ့ဖူးသော်လည်း အကြောင်း အမျိုးမျိုးကြောင့် မဖြစ်မြောက်ခဲ့။

၁၉၇၈ ခုနှစ် ရောက်တော့မှ ဤဝတ္ထုကို ဒုတိယအကြိမ် ဖတ်မိခဲ့ပြန်သည်။ ဤတစ်ကြိမ်တွင်မူ ဤဝတ္ထုကြီး၏ အနှစ်သာရကို ကျွန်တော် တစ်ဦးတည်း မခံစားဘဲ ဇနီးနှင့် သားသမီးများကိုပါ ပြောပြခဲ့မိရာ သူတို့ အားလုံးက မြန်မာပြန်ဖို့ ဝိုင်း၍ တိုက်တွန်းခဲ့ကြသည်။ ဤသို့ဖြင့် ဤဝတ္ထုကြီးကို ကျွန်တော် မြန်မာ ပြန်ဖြစ်ခဲ့၏။

မြန်မာပြန် ဝတ္ထု စာမူကို စာအုပ်အဖြစ် ရောက်ဖို့ ကြိုးစားသည့် အခါတွင်မူကား စိတ်ပျက်စရာ စိတ်ညစ်စရာများနှင့် ရင်ဆိုင်ရလေတော့သည်။ အထူးသဖြင့် ကျွန်တော့်လို မထင်မရှား သာမည စာရေးသူ တစ်ဦး၏ လက်ရာကို ထုတ်ဝေသူ အားလုံးလိုလိုက အသိအမှတ် မပြုချင်ကြ။ ထုတ်ဝေသူ တစ်ဦးက ဆိုလျှင် ဝတ္ထု စာမူ တစ်ထပ်ကြီးကို ကြည့်၍ မတန်မရာ တစ်ခုကို လုပ်လာသည့်နှယ် ဆက်ဆံ ပြောဆိုခဲ့သည်။ နောက်တစ်ဦးကတော့ 'ကျွန်တော် ကရိုနင် စာအုပ်တွေ အားလုံး ဖတ်ခဲ့ဖူးပါတယ်၊ ဒီစာအုပ်တော့ နာမည်တောင် မကြားဖူးဘူး' ဟု ဆိုခဲ့သည်။ နောက်တစ်ဦးကတော့ ဝတ္ထု စာမူကို စိတ်လိုလက်ရ ဖတ်သည်။ ပြီးတော့ သူကြိုက်ကြောင်း ဖွင့်ဟပြောသည်။ သို့သော်လည်း စာအုပ် အဖြစ် ထုတ်ဝေဖို့ ကျတော့ မစဉ်းစားဝံ့။ စာအုပ် တစ်အုပ် ဖြစ်ဖို့ အရင်းအနှီးငွေ သောင်းကျော်သော ခေတ်တွင် ဤမျှ ထူထဲသော ဝတ္ထုကို သူ မထုတ်ရဲ။

ကျွန်တော် ကြံရာမရ ဖြစ်ကာ ဆရာ တင့်တယ်နှင့် ဆရာ မြသန်းတင့်ထံ ချဉ်းကပ်မိပြန်သည်။ သူတို့ခမျာ ဝတ္ထုကောင်းကြီး တစ်ပုဒ် မြန်မာပြန် စာမူဘဝ ရောက်သွားသဖြင့် ဝမ်းသာကြသော်လည်း အခြေအနေက မပေးသဖြင့် စာအုပ် အဖြစ် ရောက်သည် အထိ မကူညီနိုင်ကြ။ ဤသို့ဖြင့် ဤဝတ္ထု စာမူသည် ကျွန်တော့် လက်ထဲတွင် သုံးနှစ်နီးပါးမျှ ရင်ခွင်ပိုက် ဖြစ်ခဲ့ရပါသည်။ ယခုသော် သုံးနှစ်နီးပါးမျှ တလည်လည် ဖြစ်နေခဲ့ရသော စာမူသည်



အကြောင်း အားလျော်စွာ စာအုပ် တစ်အုပ် ဖြစ်လာခဲ့ပေပြီ။

အမှန်သော် စာရေးဆရာကြီး အေ၊ ဂျေ၊ ကရိုနင်သည် မြန်မာ စာဖတ် ပရိသတ်နှင့် စိမ်းသူ မဟုတ်ပါ။ ကရိုနင်၏ *Adventures In Two Worlds* ကို ဆရာ တင့်တယ်က 'နှစ်လောက' အမည်ဖြင့် လည်းကောင်း၊ *Beyond This Place* ဝတ္ထုကို ဆရာ ထင်လင်းက 'တစ်ကျွန်းစံ၏ အပြန်လမ်း' အမည်ဖြင့် လည်းကောင်း၊ *The Northern Light* ဝတ္ထုကို 'ဥတ္တရ အလင်း' အမည်ဖြင့် လည်းကောင်း မြန်မာပြန်၍ စာဖတ်သူထံ ပို့ပေးခဲ့ပြီးပြီ ဖြစ်ပါသည်။

ယခု စာဖတ်သူ၏ လက်တွင်း၌ ရောက်နေသော စာအုပ်သည် ကမ္ဘာကျော် စာရေးဆရာ ဆရာဝန်ကြီး အေ၊ ဂျေ၊ ကရိုနင်၏ အကောင်းဆုံး လက်ရာ တစ်ပုဒ်ဟု သတ်မှတ်ထားသော ဝတ္ထု ဖြစ်ပါသည်။ စာဖတ်သူများ နှစ်သက်ကြလိမ့်မည်ဟု ယုံကြည် မျှော်လင့်ပါ၏။

**မြန်မာပြန်သူ**


www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၁

www.burmeseclassic.com

www.burmeseclassic.com

[၁]

၁၉၂၄ ခုနှစ်၊ အောက်တိုဘာလ ကုန်ခါနီး နေ့တစ်နေ့၏ မွန်းလွဲပိုင်းတွင် အတန်ငယ် နွမ်းပါးပုံရသော အင်ဒရူး မေဆန် အမည်ရှိ လူရွယ် တစ်ဦးသည် ဆွမ်ဆီးနယ်မှ ပီနီးဝဲလ် တောင်ကြားသို့ သွားသည့် မီးရထား တစ်စီး၏ တတိယတန်းတွဲ တစ်တွဲပေါ်တွင် လိုက်ပါလာလေသည်။ ခရီးသည် များများ စားစား မပါသဖြင့် ရထားတွဲတိုင်းလိုလိုပင် တိတ်ဆိတ် ခြောက်ကပ်လျက် ရှိ၏။ လူရွယ်သည် ရထားတွဲ ပြတင်းမှ နေ၍ အပြင်ဘက်ရှိ တောတောင် ရေမြေ ပတ်ဝန်းကျင် အနေအထားများကို ငေးမော ကြည့်ရှုရင်း အတွေး ရေလျဉ်ကြောဝယ် နစ်မျောလျက် ရှိလေ၏။

အင်ဒရူး မေဆန်သည် တစ်နေ့လုံးလိုလို ခရီးသွားခဲ့ရသဖြင့် စိတ်ရော ကိုယ်ပါ ပင်ပန်း နွမ်းနယ်လျက် ရှိသည်။ မြောက်ပိုင်း ဒေသမှ စတင် ထွက် ခွာလာကတည်းက ရထား ပြောင်း၍ စီးခဲ့ရသည့် ကာလစ္စလီနှင့် ရှရူးစ်ဘူရီ ရှိသော ခေတ္တ ခဏမျှ အညောင်းအညာ ဖြေခွင့် ရခဲ့သည်။ သူ၏ ခရီးလမ်းဆုံး ဒေသ ဖြစ်သော တောင်ပိုင်း ဝေလ ပြည်နယ်ထဲ ရောက်လာသည့် အချိန်ထိ မီးရထားပေါ်၌သာ အချိန်ကုန်ခဲ့ရလေ၏။

အလွန် ပျင်းရိ ငြီးငွေ့ဖွယ် ကောင်းလှသော ခရီးလမ်း တစ်လျှောက် လုံးတွင် ဆရာဝန် တစ်ယောက် ဘဝဖြင့် သူ ပထမဦးဆုံး လက်ခံ လုပ်ကိုင် ရတော့မည့် အလုပ် အကြောင်းကိုသာ ထပ်ခါတလဲလဲ စဉ်းစားလာမိလေ၏။

ဤနယ်မြေ ဤဒေသသည် သူ့အဖို့ ထူးဆန်းသော နယ်မြေ ဒေသ ဖြစ်၏။ တောတောင် ထူထပ်လွန်းသဖြင့် မြေမျက်နှာပြင် အနေအထားက ညီမညွတ် ရှိလှချေသည်။ ဤကဲ့သို့ လူသူ အရောက်အပေါက် နည်းပြီး ခေါင်



www.burmeseclassic.com

www.burmeseclassic.com


လွန်းလှသည့် အရပ်ဒေသမျိုးတွင် လုပ်ရမည့် သူ့အလုပ်သည် ချောချောမွေ့မွေ့မှ ရှိပါမည်လောဟု တွေးတော ပူပန်နေမိလေ၏။

မီးရထားလမ်း၏ ဝဲယာ တစ်ဖက်တစ်ချက်တွင် အစီအရီ တည်ရှိနေကြသော တောင်တန်းများသည် ပြင်းထန်စွာ ရွာသွန်းလျက် ရှိသော မိုးအရှိန်ကြောင့် မှုန်ရီ မှိုင်းပျလျက် ရှိသည်။ တောင်ထိပ် တောင်ထွတ်များသည် ညိုမှိုင်း ရီဝေလျက် ရှိသော မိုးသား တိမ်လိပ်၏ နောက်ဝယ် ပုန်းကွယ်လျက် ရှိကြလေသည်။

လှသူ ကျင်းမဲ့နေသော တောင်စောင်းများမှာ တိတ်ဆိတ် ခြောက်သွေ့လျက် ရှိ၏။ သတ္တုများ တူးဖော်ထားသည့် ဒဏ်ရာ ဒဏ်ချက်များကြောင့် တောင်စောင်းများမှာ အကျည်းတန်လှပေသည်။ ဟိုတစ်ပုံ သည်တစ်ပုံ အစုလိုက် အပုံလိုက် တည်ရှိနေသော ချော်တုံး ချော်ခဲများကြောင့် သာယာ လှပမှု ကင်းမဲ့ကာ ပို၍ အရုပ်ဆိုးလျက် ရှိလေသည်။

ညစ်ပတ် ပေရေလျက် ရှိသော သိုးတစ်အုပ်သည် ချော်တုံး ချော်ခဲများပေါ်ဝယ် လှည့်လည် သွားလာနေသည်ကို တွေ့ရသော်လည်း စားကျက်မြေ ဟူ၍ မည်မည်ရရ မမြင်ရချေ။ ချုံနွယ် ပိတ်ပေါင်းလည်း မရှိ၊ စိမ်းစို လန်းဆန်းသော သစ်ပင် အစအနကိုလည်း မတွေ့ရှိ။ မှုန်ရီ အုံ့ဆိုင်းနေသော မိုးတဝါးအလင်းရောင် အောက်တွင် မြင်တွေ့နေရသည့် သစ်ပင်များမှာလည်း ခြောက်သယောင်းလျက် ရှိသဖြင့် ကြုံလှီ သေးကွေးသော မကောင်းဆိုးရွား မှင်စာကလေးများ ရပ်နေသည်နှင့် တူလှပေသည်။

မီးရထား အကွေ့တွင် စက်ရုံ တစ်ခုဆီမှ ထွက်ပေါ်နေသော နီရဲတောက်ပသည့် အလင်းရောင် အောက်ဝယ် အင်္ကျီ တုံးလုံးနှင့် အလုပ် လုပ်နေကြသော အလုပ်သမားများ တစ်စုကို ရိပ်ခနဲ လှမ်းမြင် လိုက်ရလေသည်။

အလုပ်သမားများ၏ တစ်ကိုယ်လုံးမှာ ညစ်ပတ် ပေရေလျက် ရှိပြီး တစ်စုံတစ်ခုကို ထုရိုက်ရန် လက်များ မြှောက်နေကြ၏။ အင်ဒရူး မေဆန်၏ မျက်စိအောက်မှ မြင်ကွင်းသည် ချက်ချင်း ပျောက်ကွယ်သွားသော်လည်း အလုပ်သမားများ အားမာန် အပြည့်နှင့် လှုပ်ရှားနေသည့် သဏ္ဌာန်မှာမူ သူ၏ စိတ်အာရုံဝယ် စွဲထင် ကျန်ရစ်ခဲ့လေ၏။

အင်ဒရူး မေဆန်သည် သက်ပြင်း တစ်ချက် ရှုလိုက်သည်။ သူ့စိတ်သည် စောစောကနှင့် မတူတော့ပေ။ ပေါ့ပါး တက်ကြွသလို ဖြစ်လာသည်။ သူ့အလုပ်သည် အလားအလာ ရှိတန်ကောင်းပါရဲ့ ဟူသော အတွေးသည် ဝင်လာပြန်သည်။ ထိုအတွေးသည် မျှော်လင့်ချက် ရောင်ခြည်ကလေး သန်းလာစေသည်ဖြစ်ရာ သူ၏ အနာဂတ် ကာလသည် သာတောင့်သာယာ ရှိလိမ့်မည်ဟူသော ယုံကြည် စိတ်ချမှုကလေးသည် သူ့ ရင်တွင်း၌ မသိမသာ ကိန်းအောင်း လာပြန်လေ၏။

အမှောင်ရိပ်များသည် ကျဆင်းစ ပြုလာချေပြီ။

နာရီဝက်ခန့် အကြာတွင် မီးရထားသည် ဒရင်းဖိး ဘူတာ ရှေ့ဝယ် ပင်ပန်း မောဟိုက်စွာဖြင့် ထိုးဆိုက်လိုက်လေ၏။ သူ၏ ခရီးသည် လမ်းဆုံးသို့ ရောက်ခဲ့ပေပြီ။

အင်ဒရူး မေဆန်သည် သူ့ လက်ဆွဲသေတ္တာကို ဆွဲယူကာ ရထားပေါ်မှ ခုန်ဆင်းလိုက်ပြီး စင်္ကြံတစ်လျှောက် ခပ်သုတ်သုတ် လျှောက်သွားရင်း သူ့အား ကြိုလာမည့်သူနှင့် တွေ့လို တွေ့ငြား ဝဲယာတစ်လျှောက် ကြည့်သွားလေ၏။

ဘူတာရုံ ထွက်ပေါက် အနီးရှိ မီးတိုင်အောက်တွင် လေးထောင့် စပ်စပ် ဦးထုပ်ကို ဆောင်း၍ မိုးကာ အင်္ကျီရှည်ကြီး ဝတ်ထားသော အသားဝါဝါ မျက်နှာ ပိုင်ရှင် အဘိုးအို တစ်ဦး ရပ်နေလေသည်။ အဘိုးအိုသည် နန္ဒင်းရောင် သန်းနေသော မျက်လုံး အစုံဖြင့် မေဆန်အား လှမ်းမျှော် ကြည့်ရှုနေရာမှ တွန့်ဆုတ်ဆုတ် အသံဖြင့် လှမ်းမေးလေသည်။

'ခင်ဗျား ဒေါက်တာ ပိတ်ချ်ရဲ့ လက်ထောက် ဆရာဝန် လုပ်မယ့်လူ မဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် မေဆန်ပါပဲ၊ အင်ဒရူး မေဆန်လို့ ခေါ်ပါတယ်'

'ဟူး... ကျုပ်နာမည်က သောမတ်၊ အဘိုးကြီး သောမတ်လို့ ခေါ်တာများတယ်၊ ကျုပ်မှာ မြင်းရထား ပါလာတယ်၊ လာပါ လာပါ၊ အင်း... မြင်းရထားသာ မပါလာလို့ ဒီအတိုင်း လမ်းလျှောက်သွားရမယ် ဆိုရင်တော့ ခင်ဗျား ရေကူးနေရမှာ သေချာသဗျ'

မေဆန်သည် သူ့သေတ္တာကို မြင်းရထားပေါ်သို့ လှမ်းတင်လိုက်ပြီး အသာတက်၍ ထိုင်လိုက်သည်။ မြင်းနက်ကြီးမှာ အားကောင်းမောင်းသန်နှင့် သန်မာ ထွားကျိုင်းလှသော်လည်း ရထားလုံးကမူ ပုံမကျ ပန်းမကျနှင့် ဟောင်းနွမ်း အိုမင်းလှပေသည်။ သောမတ်သည် မြင်းဇက်ကြိုးကို တစ်ချက် ဆောင့်၍ ဆွဲလိုက်ပြလေသည်။

'ဟဲ့ မြင်း'



www.burmeseclassic.com

www.burmeseclassic.com

မြင်းရထားသည် မြို့တွင်းသို့ ဝင်လာခဲ့လေပြီ။

အင်ဒရူး မေဆန်သည် မြို့အနေအထားကို ဂရုပြု၍ ကြည့်ပါသော်လည်း ပြက်ပြက်ထင်ထင် မမြင်ရချေ။ သဲသဲမဲမဲ ရွာနေသော မိုးကြောင့် မြင့်မားသော တောင်တန်း တောင်စွယ်များ၏ အောက်ခြေဝယ် အစီအရီ ကုပ်ကုပ်ရုပ်ရုပ် တည်ရှိနေသော အိမ်များကို ခပ်ဝါးဝါးသာလျှင် မြင်တွေ့ရလေသည်။

အဘိုးကြီး သောမတ်သည် အင်ဒရူး မေဆန်၏ မျက်နှာကို စူးစမ်းသည့် အနေဖြင့် မကြာခဏ လှမ်း၍ ကြည့်သော်လည်း စကား တစ်ခွန်းမှ မပြောချေ။

အင်ဒရူး၏ မျက်စိထဲဝယ် အဘိုးအို သောမတ်၏ ပုံပန်းမှာ ဝင်ငွေအလွန်ကောင်းသည့် ဆရာဝန် တစ်ယောက်၏ ကျွမ်းကျင်သော မြင်းရထားသမား ပုံမျိုး မပေါက်ပေ။ အဘိုးအို၏ ခန္ဓာကိုယ်မှာ ကြုံလှီ သေးကွေးလွန်းလှချေသည်။ နေပုံ ထိုင်ပုံနှင့် ဝတ်စားဆင်ယင်ပုံကလည်း သေသေသပ်သပ် မရှိလှ။ သူ့ကိုယ်မှလည်း မြင်းချေးနံ့ ထွက်လျက် ရှိသည်။ နောက်ဆုံးတွင် သူကပင် စကားစ၍ ပြောလာလေသည်။

'ခင်ဗျား ဒီက ရေးလိုက်တဲ့ စာ ရသလား'

အင်ဒရူးက နှုတ်ဖြင့် ပြန်မဖြေ။ ခေါင်းညိတ်ပြသည်။

'အင်း… ကျုပ်လည်း ထင်သားပဲ၊ ရလိမ့်မယ်လို့'

အဘိုးအို သောမတ်သည် တံတွေး တစ်ချက် ပက်ခနဲ ထွေးထုတ်သည်။ သူ၏ တွေးထင်ချက် မှန်ကန်သွားသဖြင့် ကျေနပ် အားရသွားဟန်လည်း တူ၏။ စောစောကထက် နှုတ်အာ သွက်လာလေသည်။

'နောက်ဆုံး လုပ်သွားတဲ့ လက်ထောက် ဆရာဝန်က လွန်ခဲ့တဲ့ ၁၀ ရက်လောက် ကတည်းက လစ်သွားတယ်၊ အများအားဖြင့် ဒီလိုချည်းပါပဲဗျာ၊ နောက်လူ လာတဲ့ အထိ မစောင့်ချင်ကြဘူး'

အင်ဒရူးက တစ်ချက် ပြုံးလိုက်ပြီး စုံစမ်းသည့် သဘောဖြင့်…

'ဘာပြုလို့ မစောင့်ချင်ကြတာလဲ' ဟု မေးလိုက်လေ၏။

'အကြောင်း တစ်ခုကတော့ အလုပ်များလို့ ထင်ပါရဲ့' ဟု သောမတ်က ပြောပြီး စကားကို လက်စမသတ်ဘဲ ရပ်ထားသဖြင့် 'ဆိုပါဦး၊ နောက် တစ်ကြောင်းက' ဟု အင်ဒရူးက ထောက်ပေးလိုက်သည်။

'အင်းလေ၊ နောက်တစ်ကြောင်းကတော့ ခင်ဗျား ဘာသာ ခင်ဗျား လုပ်ရင်း ကိုင်ရင်း တွေ့လာမှာပါဗျာ' ဟု သောမတ်က ဖြေလေသည်။





ခဏမျှ အကြာတွင် မြင်းရထားသည် ဘုရားရှိခိုးကျောင်း တစ်ကျောင်း ရှေ့သို့ ရောက်လာသည်။ သောမတ်က လက်ထဲမှ ကြာပွတ်ဖြင့် ခပ်လှမ်းလှမ်းရှိ အိမ်တန်း တစ်ခု၏ အစွန်ဆုံးမှ မီးခိုး တလူလူ ထွက်လာနေသော အိမ်တစ်လုံးဆီသို့ ညွှန်ပြသည်။

'အဲဒါ ကျုပ်နှင့် ကျုပ်ဆရာ ဒေါက်တာ ပိတ်ချ်တို့ နေတဲ့ အိမ်ပဲ'

သောမတ်၏ နှုတ်ခမ်းပေါ်ဝယ် လျှို့ဝှက် နက်နဲသည်ဟု ယူဆရသော အပြုံးရိပ်ကို မြင်နေရလေသည်။

'ခင်ဗျား အနေနှင့် နောက်တစ်ကြောင်း ဘာလဲ ဆိုတာ သိချင်နေတော့မှာပဲ၊ ဒါပေမဲ့ မကြာပါဘူးလေ၊ ခင်ဗျား သိလာမှာပါ'

လမ်းမကြီးသည် ဤအိမ်တန်းမှာပင် ဆုံးသည်။ မြင်းရထားသည် လမ်းမကြီး၏ တစ်ဖက်ရှိ ညီညာသော လမ်းသွယ် တစ်ခု အတွင်းသို့ ချိုးဝင်လိုက်ပြီး အိမ်ဝင်ပေါက် လမ်းကျဉ်းကလေး အတိုင်း ဝင်ကာ အိမ်တစ်အိမ် ရှေ့တွင် ရပ်လေသည်။ အိမ်ရှေ့ ဝင်းတံခါးတွင် 'ဘရိုင်း ဂိုးဝါး' ဟူသော ဆိုင်းဘုတ်ကလေး တပ်ထားသည်ကို မြင်ရလေ၏။

သောမတ်သည် မြင်းဇက်ကို သတ်ရင်းက 'ရောက်ပါပြီ ဒေါက်တာ အင်ဒရူး မေဆန်၊ ဒါ ကျုပ်တို့ အိမ်ပါပဲ' ဟု ထပ်၍ ပြောလေ၏။

အင်ဒရူးသည် မြင်းရထားပေါ်မှ ခုန်၍ ဆင်းလိုက်သည်။ သူ အောက်ရောက်သည်နှင့် တစ်ပြိုင်နက် အိမ်ရှေ့ တံခါးမကြီးသည် ပွင့်လာလေသည်။ သူ အိမ်ထဲ ဝင်သွားသည့်အခါ ခန်းမထဲ၌ အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး မျက်လုံးပြာပြာနှင့် အသက် ၅၀ အရွယ်ခန့်ရှိ အမျိုးသမီးကြီး တစ်ဦးကို တွေ့ရသည်။ အမျိုးသမီးကြီးက သူ့အား ရင်းနှီး ဖော်ရွေသော အပြုံးဖြင့် ဆီးကြိုလျက် ရှိလေ၏။

'ကြွပါ ဒေါက်တာ မေဆန်၊ ကြွပါ၊ ကျွန်မက ဒေါက်တာ ပိတ်ချ်ရဲ့ နှမ မစ္စ ဘလောဝင်း ပိတ်ချ်ပါ၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်မဖြင့် နောက်ဆုံး လုပ်သွားတဲ့ လက်ထောက် ဆရာဝန် အလုပ် ထွက်သွားကတည်းက အတော် စိတ်ရှုပ်ခဲ့ရတယ်၊ ရှင့်ကို သူနှင့် တွေ့စေချင်တာ၊ ကျွန်မ တွေ့ခဲ့ဖူးသမျှ လူတွေထဲမှာတော့ လူတော်ကလေး တစ်ယောက်ပါပဲ ရှင်၊ ကဲလေ ဒါတွေ ထားလိုက်ပါတော့၊ အခု ရှင် ရောက်လာပြီပဲဟာ၊ အားလုံး အဆင်ပြေဖို့ပဲ ရှိတော့မှာပေါ့၊ မဟုတ်ဘူးလား၊ ကဲ လာ ဒေါက်တာ မေဆန်၊ ကျွန်မကိုယ်တိုင်ပဲ ရှင့်အတွက် စီစဉ်ထားတဲ့ အခန်းကို လိုက်ပြပါရစေ'


www.burmeseclassic.com

www.burmeseclassic.com

အင်ဒရူး၏ အခန်းမှာ အပေါ်ထပ်တွင် ဖြစ်၍ အခန်းငယ်ကလေးမျှသာ ဖြစ်၏။ အခန်းတွင်း၌ ကြေးခုတင် တစ်လုံး ချထားသည်။ အဝါရောင် သံမဏိ ဗီရို တစ်လုံးလည်း ရှိသည်။ လက်ဆေးခွက် ကြွေအင်တုံ တစ်လုံးနှင့် ရေအိုး တစ်လုံး တင်ထားသော ဝါးစားပွဲငယ် တစ်လုံးကိုလည်း တွေ့ရသည်။

တစ်ခန်းလုံးကို လှည့်ပတ်ကြည့်ရှုနေသော မိမိအား ဂရုတစိုက် အကဲခတ်နေသည့် မစ္စ ပိတ်ချ်ဘက်သို့ လှည့်၍ ပြုံးပြလိုက်ပြီး ယဉ်ကျေး သိမ်မွေ့စွာဖြင့် 'အခန်းကလေးက အင်မတန်မှ ကောင်းပါတယ် ခင်ဗျာ' ဟု ပြောလိုက်လေ၏။

မစ္စ ပိတ်ချ်ကလည်း ရင်းနှီးသော အမူအရာဖြင့် သူ့ပခုံးကို လှမ်းပုတ်လိုက်သည်။

'ရှင် ဒီမှာ အလုပ် လုပ်ရင်းနှင့် ထင်ရှားတဲ့ ဆရာဝန် တစ်ယောက် ဖြစ်လာမှာ သေချာပါတယ်၊ အားမငယ်ပါနှင့်၊ ရှင်ကသာ ကောင်းကောင်းမွန်မွန် မှန်မှန်ကန်ကန် လုပ်သွားရင် ကျွန်မကလည်း ကောင်းကောင်းမွန်မွန် မှန်မှန်ကန်ကန် ဆက်ဆံသွားမှာပါ၊ ကိုင်း... ကျွန်မတို့ ဒေါက်တာ ပိတ်ချ်နှင့် သွားတွေ့လိုက်ကြဦးစို့'

စကားကို ဖြတ်လိုက်ပြီး အင်ဒရူး၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်ပြန်သည်။ အင်ဒရူး၏ အရိပ်အခြည်ကို အကဲခတ်နေသည့် အသွင်အပြင်မှာ သူမ၏ မျက်နှာပေါ်မှ ကွယ်ပျောက် မသွားသေးချေ။

'ကျွန်မ ရှင့်ဆီကို ရေးလိုက်တဲ့ စာထဲမှာ ထည့်ရေးလိုက်မိသလား မပြောတတ်ဘူး၊ အေးလေ ဒါက ကိစ္စမရှိပါဘူး၊ အမှန်ပြောရရင်တော့ ဒေါက်တာ ပိတ်ချ် တစ်ယောက် သိပ်ပြီး နေမကောင်းဘူး ဆိုပါတော့'

တမင်ကြိုးစားကာ အရေးမကြီးသည့် ဟန်မျိုးဖြင့် ပြောလိုက်သော မစ္စ ပိတ်ချ်၏ စကားကို ကြားရသော အင်ဒရူးမှာ အံ့အားသင့်သွားပြီး သူမ၏ မျက်နှာကို တအံ့တဩဖြင့် ငေးမော ကြည့်ရှုနေမိလေ၏။ မစ္စ ပိတ်ချ်ကမူ အင်ဒရူး ဘာမှ မပြောနိုင်မီ ကပျာကသီ သူ့စကားကို ဆက်လေသည်။

'ဒီလိုပါ ဒေါက်တာ မေဆန်၊ ဒေါက်တာ ပိတ်ချ် နေမကောင်းဘူး ဆိုပေမဲ့ အကြီးအကျယ် မမာမချာ ဖြစ်တာမျိုး မဟုတ်ပါဘူး၊ အိပ်ရာထဲမှာ ရက် အတော်ကြာကြာ နားနေရမယ် သဘောပါ၊ မကြာခင် သူ နေပြန်ကောင်းလာမှာပါ၊ ဒီကိစ္စနှင့် ပတ်သက်ပြီး အယူအဆ မလွဲစေချင်ဘူး'

အင်ဒရူးသည် စိတ်ရှုပ်ထွေးစွာဖြင့်ပင် မစ္စ ပိတ်ချ်၏ နောက်မှ လိုက်





သွားသည်။ အခန်းငယ် တစ်ခုရှေ့ အရောက်တွင် မစ္စ ပိတ်ချ်သည် တံခါးကို အသာအယာ တွန်းဖွင့်လိုက်ရင်းက တမင် လုပ်ယူထားသည့် ရွှင်မြူး တက်ကြွသော အသံဖြင့် ပြောလိုက်၏။

'အက်ဒွပ်ရေ၊ ဟောဒီမှာ ဒေါက်တာ အင်ဒရူး မေဆန်၊ ကျွန်မတို့ရဲ့ လက်ထောက် ဆရာဝန် အသစ် အခုပဲ ရောက်လာတယ်၊ ရှင့်ကို နှုတ်ဆက်ဖို့ လာတာလေ'

အင်ဒရူးသည် အခန်း၏ သန့်ရှင်း သပ်ရပ်မှုကို သတိပြုမိသည်။ ပြတင်းပေါက်များတွင် ကတ္တီပါ ခန်းဆီးများ တပ်ထားသည်။ တစ်ဖက်ရှိ ကျောက်မီးသွေး မီးဖိုသည် နွေးနွေးထွေးထွေး ရှိရုံမျှကလေး တောက်လောင်လျက် ရှိပေသည်။

အက်ဒွပ် ပိတ်ချ်သည် အိပ်နေရာမှ ထရန် ဟန်ပြင်လျက် ရှိသော်လည်း ရုတ်တရက် ချက်ချင်း မထနိုင်ရှာပေ။ ဤမျှလောက်ကလေး ထ၍ ထိုင်ရန် အတွက်ပင် အတော်ကြီး ခက်ခဲ ပင်ပန်းစွာ အားယူနေရသည့် အဖြစ်ကို မြင်နေရလေသည်။

ဒေါက်တာ ပိတ်ချ်သည် တုတ်ခိုင် သန်မာ၍ အရိုးအဆစ် ကြီးမားသူ တစ်ဦး ဖြစ်သည်။ အသက်မှာ ၆၀ ခန့် ရှိပြီး ပါးရေ နားရေများပင် တွန့်နေပြီ။ စူးရှ တောက်ပဆဲ ဖြစ်သော သူ၏ မျက်လုံးအစုံသည် ပင်ပန်း နွမ်းနယ်မှုကို ဖော်ပြလျက် ရှိပေသည်။ သူ့ကို ကြည့်ရသည်မှာ အလုပ်၏ ဒဏ်ကို နှစ်ပေါင်း များစွာ ခံလာခဲ့ရသဖြင့် စိတ်ပန်း လူပန်း ဖြစ်ပြီး မောဟိုက် နွမ်းနယ်သည့် ပုံမျိုးဖြစ်၏။

ခေါင်းအုံးပေါ်သို့ ဖြတ်သန်း ကျဆင်းလျက် ရှိနေသော ရေနံဆီ မီးအိမ်၏ အလင်းရောင် အောက်တွင် မြင်နေရသော ဒေါက်တာ ပိတ်ချ်၏ မျက်နှာ တစ်ခြမ်းမှာ သွေးရောင် လုံးဝ မရှိချေ။ ဖယောင်းသား ပမာ ဖြူဖွေးလျက် ရှိပြီး အာရုံ ခံစားမှု မပြုနိုင်တော့ကြောင်း အထင်အရှား ဖော်ပြလျက် ရှိပေသည်။

အမှန်သော် ဒေါက်တာ ပိတ်ချ်၏ ခန္ဓာကိုယ် ဘယ်ဘက် တစ်ခြမ်းလုံးသည် လေဖြတ်ထားပြီ ဖြစ်၏။ ရောဂါ၏ အသွင်အပြင်မှာ ပြင်းထန်စွာ ခံစားခဲ့ရသည့် လက္ခဏာ ရှိရုံမျှမက မကြာမတင်ကမှ ဖြစ်ခဲ့ခြင်း ဖြစ်ကြောင်း ထင်ရှားနေပေသည်။

ဤမြင်ကွင်းကြောင့် အင်ဒရူးမှာ စိတ်မချမ်းမြေ့ခြင်း ဖြစ်ရုံမျှမက



www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့် အံ့သြခြင်းလည်း ဖြစ်ရ၏။ ရုတ်တရက် ချက်ချင်းပင် အခန်းတွင်း၌ ထူးထူးခြားခြား တိတ်ဆိတ်သွားလေ၏။

'မင်း ဒီမှာ နေရတာ ပျော်လိမ့်မယ်လို့ မျှော်လင့်ပါတယ်ကွယ်'

ဒေါက်တာ ပိတ်ချ်၏ နှုတ်ဖျားမှ ထွက်လာသည့် စကားလုံးများသည် နှေးကွေး လေးလံလွန်းလှရုံမျှမက ပီပီသသလည်း မရှိချေ။

'ဒီအရပ်မှာ အလုပ်ကတော့ သိပ်များတယ်၊ မင့်အတွက် မနိုင်မနင်း မဖြစ်ပါစေနှင့်လို့ ငါ ဆုတောင်းပါတယ်ကွာ၊ အင်း မင်းက အလွန် ငယ်သေးတာပဲ'

'ကျွန်တော် အသက် ၂၄ နှစ်ပဲ ရှိပါသေးတယ် ခင်ဗျာ၊ အခု လုပ်ရမယ့် အလုပ်ဟာ ကျွန်တော်ရဲ့ ပထမဆုံး အလုပ်ပါ၊ ကျွန်တော် အလုပ် များမှာကို မကြောက်တတ်ပါဘူး' ဟု အင်ဒရူးက သာယာ ချောင်စွာ ပြောလေသည်။

'ကဲ ကြားပြီ မဟုတ်လား အက်ဒွပ်၊ ကျွန်မ ရှင့်ကို ပြောခဲ့သားပဲ၊ နောက်လာမယ့် လူသစ်နှင့် ဆိုရင် ကျွန်မတို့ ကံကောင်းမှာပါလို့ ကျွန်မ ပြောခဲ့တာ မမှန်ဘူးလား'

မစ္စ ပိတ်ချ်က ဝမ်းပန်းတသာ ဝင်၍ ပြောလိုက်သော်လည်း ဒေါက်တာ ပိတ်ချ်၏ မျက်နှာမှာ ထူးထူးခြားခြား အားတက်လာသည့် အရိပ်အသွင် ထင်ဟပ်မလာပေ။ တည်ငြိမ်စွာဖြင့် တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေဟန် ပေါ်လျက် ရှိသည်။ သူသည် အင်ဒရူးကိုသာ စူးစိုက်၍ ကြည့်နေရာမှ 'အေးလေ၊ တို့ဆီမှာ မင်း နေနိုင်လိမ့်မယ်လို့ ငါ မျှော်လင့်ပါတယ်' ဟု ပြောလိုက်လေသည်။

မစ္စ ပိတ်ချ်ကမူ 'ဘုရားရေ၊ ရှင် ဘယ်လို ပြောလိုက်တာလဲ' ဟု ရေရွတ်လိုက်ပြီး အားတုံ့ အားနာ အမူအရာမျိုးဖြင့် အင်ဒရူးဘက် လှည့်၍ ကြည့်သည်။

'ကနေ့ သူ စိတ်ဓာတ်ကျပြန်ပြီ၊ သူ စိတ်ဓာတ် ကျရင် ဒီလို စကားမျိုး ပြောတတ်တယ် ဒေါက်တာ မေဆန်၊ သူလည်း မကြာခင် အလုပ် ပြန်လုပ်နိုင်တော့မှာပဲဟာ၊ စိတ်ဓာတ်ကျစရာ ဘာရှိလဲ၊ ကျွန်မ ပြောတာ မဟုတ်ဘူးလားဟင်၊ ရှင် မကြာခင် နေကောင်းပြီး အလုပ် ပြန်လုပ်နိုင်တော့မှာပါ'

ပြောပြောဆိုဆိုပင် မစ္စ ပိတ်ချ်က သူ့အစ်ကို ပါးကို ခပ်ဖွဖွ နမ်းလိုက်ရင်းက 'ရှင့်အတွက် ညစာကို ကျွန်မတို့ စားချိန်ကျမှ အင်နီနှင့် ပို့ခိုင်းလိုက်





မယ်' ဟု ပြောလိုက်လေ၏။

ဒေါက်တာ ပိတ်ချ်ကမူ ဘာမှ ပြန်မပြောချေ။ နှမ ဖြစ်သူ၏ အပြောအဆို အမူအရာများကို နှစ်မြို့သည့် လက္ခဏာလည်း မရှိပေ။ အကောင်း ပကတိ ရှိနေသော သူ့မျက်နှာ တစ်ခြမ်းပေါ်ဝယ် ခက်ထန် မာကျောသည့် အရိပ်အသွင်ကို အထင်းသား မြင်နေရ၏။ သူ၏ လက်အကောင်းဖြင့် သူ့အိပ်ရာဘေးရှိ စားပွဲပေါ်မှ စာအုပ် တစ်အုပ်ကို လှမ်းယူလိုက်လေ၏။ စာအုပ်မှာ 'ဥရောပတိုက်မှ ငှက်ရိုင်းများ' စာအုပ် ဖြစ်လေသည်။

အောက်ထပ်သို့ ပြန်ဆင်းလာချိန်တွင် အင်ဒရူး၏ စိတ်မှာ နောက်ကို ရှုပ်ထွေးလျက် ရှိနေခဲ့လေပြီ။

သူသည် ယခု လက်ထောက် ဆရာဝန် အလုပ်ကို 'လန်ဆက် သတင်းစာ' တွင် ပါလာသည့် ကြော်ငြာအရ လျှောက်ထားခဲ့မိခြင်း ဖြစ်၏။ အလုပ်ရှင် အနေဖြင့် မစ္စ ပိတ်ချ်က မိမိထံ ရေးလိုက်သည့် စာတွင်လည်း ဒေါက်တာ ပိတ်ချ် နေထိုင်မကောင်း ဖြစ်နေသည်ကို လုံးဝ မရေးခဲ့ပေ။ ယခုသော် ဒေါက်တာ ပိတ်ချ်မှာ အတော်ကြီး မကျန်းမမာ ဖြစ်လျက် ရှိသည်ကို တွေ့နေရပေသည်။

ဒေါက်တာ ပိတ်ချ်၏ ရောဂါမှာ ဦးနှောက် သွေးကြောပြတ် ရောဂါ ဖြစ်ကြောင်း သံသယ ဖြစ်ဖွယ် မရှိပေ။ သူသည် လပေါင်းများစွာ အလုပ် မလုပ်နိုင်ဘဲ ရှိနေလိမ့်ဦးမည်မှာ သေချာနေ၏။ အလုပ်ခွင် ပြန်ဝင်နိုင်ဖို့ ဆိုသည်မှာလည်း အလွန် ခဲယဉ်းသော ကိစ္စ ဖြစ်လေသည်။

အင်ဒရူးသည် ဒေါက်တာ ပိတ်ချ်၏ ကိစ္စကို အတော်ကလေး ကြိုးစား၍ မေ့ပျောက်နေရသည်။ သူသည် လူငယ် တစ်ဦး ဖြစ်သည့် အလျောက် ဖျတ်လတ် တက်ကြွသော အရွယ် ဖြစ်၏။ ကျန်းမာ သန်စွမ်းသော အရွယ် ဖြစ်၏။ သူ့အနေဖြင့် ဒေါက်တာ ပိတ်ချ် နေထိုင်မကောင်း ဖြစ်နေစဉ် အတွင်း ဒေါက်တာ ပိတ်ချ်၏ အလုပ်ကိုပါ တာဝန်ယူ၍ လုပ်ကိုင်ပေးရန် ဝန်မလေးပေ။

ထို့ပြင်လည်း အင်ဒရူးသည် အလုပ်ကို စိတ်ဝင်စားတတ်သူ ဖြစ်သည်။ အလုပ်အပေါ်တွင် စေတနာ ထားတတ်သူလည်း ဖြစ်သည်။ လုပ်ပြီ ဆိုလျှင်လည်း ကိုယ်ဖိ ရင်ဖိ ကြိုးစား၍ လုပ်ကိုင်တတ်သူ တစ်ဦး ဖြစ်ရာ မည်မျှပင် အလုပ်တာဝန် များစေကာမူ ငြင်းဆန်လိုသည့် စိတ် မရှိချေ။

အင်ဒရူး ထမင်းစားခန်း အတွင်းသို့ ဝင်ရောက်သွားချိန်တွင် မစ္စ ပိတ်ချ်က 'ရှင် သိပ် ကံကောင်းတယ် ဒေါက်တာ' ဟု ဆီး၍ ဆိုနေသည်။



www.burmeseclassic.com

www.burmeseclassic.com



‘ကနေ့ညပဲ အလုပ်ရဲ့ သဘောကို ရှင် သိရတော့မယ်၊ အနာအဆာ ခွဲတာ စိတ်တာတွေကတော့ ရှင်ကိုယ်တိုင် လုပ်ဖို့ မလိုပါဘူး၊ ဒေး ဂျင်ကင်း လုပ်တယ်’

‘ဒေး ဂျင်ကင်း ဆိုတာက...’

အင်ဒရူး၏ စကားမဆုံးမီ မစ္စ ပိတ်ချ်က ‘ဒေး ဂျင်ကင်း ဆိုတာ ကျွန်မ တို့ရဲ့ ဆေးစပ်သမားပေါ့၊ အင်မတန် သဘောကောင်းတဲ့ ကောင်ကလေးပါ၊ လုပ်ချင် ကိုင်ချင်စိတ်လည်း ရှိရှာပါတယ်၊ တချို့ အလုပ်သမားတွေ ဆိုရင် သူ့ကို ဒေါက်တာ ဂျင်ကင်းလို့တောင်မှ ခေါ်ကြတယ်၊ ဒေါက်တာ ပိတ်ချ်နှင့် အဆင့်အတန်း အတူတူ ထားပြီး ခေါ်ကြတာတော့ မဟုတ်ပါဘူး၊ ခင်လို့ မင်လို့ ခေါ်ကြတဲ့ သဘောပါ၊ အခု ၁၀ ရက်လောက် အတွင်းမှာတော့ အသေး အဖွဲ့ ခွဲရတဲ့ အလုပ်နှင့် အိမ်တိုင်ရာရောက် သွားပြီး လူနာ ကြည့်ရတဲ့ အလုပ် တွေကို သူပဲ လုပ်နေတာပဲ’ ဟု ပြောပြလေသည်။

အင်ဒရူးသည် မစ္စ ပိတ်ချ်အား စိတ်ဝင်စားစွာဖြင့် ကြည့်နေမိသည်။ မစ္စ ပိတ်ချ်ထံမှ ကြားရသမျှသည် သူ့အတွက် အထူးအဆန်းတွေချည်း ဖြစ် နေ၏။ သူ ရောက်လျှင် ရောက်ချင်း ‘ရှင်က ကောင်းကောင်းမွန်မွန် မှန်မှန် ကန်ကန် လုပ်သွားမယ် ဆိုရင် ကျွန်မကလည်း ကောင်းကောင်းမွန်မွန် မှန်မှန် ကန်ကန် ဆက်ဆံသွားမှာပါ’ ဟူသော စကားကို သူ့အား ကြိုတင် သတိပေး သလိုလို ပြောကြားခဲ့၏။ ထိုစကားမှာလည်း စိတ်ဝင်စားဖွယ်ရာပင် ဖြစ်သည် ဟု သူ ထင်မိလေ၏။

အလွန် ခေါင်လှသည့် ဝေလနယ် တောင်ကြား ဒေသ၌ လုပ်ရမည့် လက်ထောက် ဆရာဝန် အလုပ်သည် ချောချောမွေ့မွေ့ ပြေပြေပြစ်ပြစ်မှ ရှိပါ့ မလား ဟူသော သံသယသည် ပထမဆုံး အကြိမ် သူ့ခေါင်းထဲ ပြန်ဝင်လာ လေသည်။ သို့သော်လည်း မစ္စ ပိတ်ချ်အား ဘာတစ်ခွန်းမှ ပြန်ပြော မနေတော့ ဘဲ သူ့စိတ် သူ ထိန်းချုပ်ကာ မစ္စ ပိတ်ချ် ပြောသမျှကို ငြိမ်သက် တိတ်ဆိတ် စွာဖြင့် နားထောင်နေခဲ့လေ၏။

မစ္စ ပိတ်ချ်သည် မီးဖိုကို ကျောပေးပြီး ထမင်းစားပွဲ၏ ထိပ်မှ နေရာ ယူကာ သက်သောင့် သက်သာ ဖြစ်အောင် ထိုင်ပြီးမှ သူ့ရှေ့ရှိ ခေါင်းလောင်း ကလေးကို တီးလိုက်လေသည်။ အသက်အရွယ်အားဖြင့် အလယ်အလတ်ခန့် ရှိမည်ဟု ခန့်မှန်းရသော ရုပ်ရည် သနားကမားနှင့် ကြည့်ပျော် ရှုပျော် ရှိသည့် အမျိုးသမီး အိမ်ဖော်သည် ညစာ ယူလာသည်။ အခန်းတွင်းသို့ ဝင်လာခိုက်





တွင် အင်ဒရူးအား တစ်ချက်ခိုး၍ ကြည့်သည်။

‘ဒီကို လာစမ်း အင်နီ’

မစ္စ ပိတ်ချ်သည် ပေါင်မုန့်တစ်ချပ်ကို ထောပတ်သုတ်၍ ပါးစပ်ထဲသို့ ထည့်လိုက်ရင်းက အင်နီဘက်သို့ လှည့်ကာ ‘ဒီဟာ ဒေါက်တာ အင်ဒရူး မေဆန်ပဲ’ ဟု မိတ်ဆက်ပေးသည်။

အင်နီကမူ မလှုပ်မယှက် စကားတစ်ခွန်းမှ ပြန်မပြောဘဲ ငြိမ်သက်စွာ ဖြင့် အင်ဒရူး၏ ပန်းကန်ထဲသို့ အသားတုံး တစ်တုံး ထည့်ပေးနေသည်။ မစ္စ ပိတ်ချ်၏ ပန်းကန်ထဲတွင် အသား တစ်တုံး ရောက်နေပြီ။ သူမ၏ ရှေ့ရှိ ဖန် ခွက်ထဲတွင်လည်း နွားနို့ တစ်ပိုင့်ခန့် ထည့်ထားသည်ကို တွေ့ရ၏။

မစ္စ ပိတ်ချ်သည် သူမ၏ ရှေ့ရှိ ဖန်ခွက် တစ်လုံးထဲသို့ သစ်သီးရည် လောင်းထည့်ရင်းက အင်ဒရူး စားပုံ သောက်ပုံကို အကဲခတ်နေပြန်သည်။

‘နေ့လယ်စာကို ကျွန်မ သိပ်များများ မစားရဘူး ဒေါက်တာ၊ ကျွန်မ အနေနှင့် အစားအသောက်ကို သတိထားပြီး စားနေရတယ်၊ တခြားကြောင့် တော့ မဟုတ်ပါဘူး၊ သွေးကြောင့်ပါ၊ ဒီသွေး အတွက်ပဲ ကျွန်မမှာ နွားနို့ကို လည်း မှန်မှန် သောက်ပေးနေရတယ်’

အင်ဒရူးမှာမူ အရသာ သိပ်ပြီး မရှိလှသော အမဲသားဖတ်ကို ဝါး လိုက်၊ ရေနှင့် မျှောချလိုက် လုပ်ရင်းက စိတ် မသက်မသာ ဖြစ်နေမိလေ၏။ သူ့အနေဖြင့် လူသူ အရောက်အပေါက် နည်းလှသော ဤအရပ်ဒေသလို တောင်ကြား ဒေသမျိုးတွင် အစားအသောက် ကောင်းကောင်း စားသောက် သွားနိုင်ဖို့ မျှော်လင့်၍ မဖြစ်ကြောင်း ကောင်းကောင်းကြီး သဘောပေါက် နားလည်နေမိလေ၏။

မစ္စ ပိတ်ချ်သည် နောက်ထပ် စကား တစ်ခွန်းမှ ထပ်မပြောတော့ဘဲ သူမ၏ ညစာကို အရသာ ခံ၍ စားသောက်နေလေသည်။ ပေါင်မုန့် တစ်ချပ် ကို ထောပတ် ထပ်၍ သုတ်ကာ တမြုံ့မြုံ့ ဝါးရင်းက ပန်းကန်ထဲမှ အသား ကို လက်စသိမ်း၍ နို့ ဖန်ခွက်ကို ကုန်အောင် သောက်ပြီးသော် ကုလားထိုင် ကို ကျောဖြင့် အသာအယာ မှီထိုင်လိုက်၏။

ကြိုလို သေးကွေးလှသော သူမ၏ ကိုယ်ခန္ဓာသည် အစာ ဝင်သွား သဖြင့် နေသာထိုင်သာ ရှိသွားပုံရ၏။ ဝမ်းပိုက် အတော် တင်းသွားပြီ ဖြစ်၍ သူမ၏ မျက်လုံး အစုံမှာလည်း ကျေနပ် နှစ်သိမ့်သည့် အသွင်ကို ဖော်ပြချက် ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com


မစ္စ ပိတ်ချ်သည် အင်ဒရူးအား ထမင်းစားပွဲ၌ ကြာကြာ ထိုင်၍ စားသောက် နေစေချင်သော ဆန္ဒ ရှိနေပုံရ၏။ အင်ဒရူးသာ ကြာကြာ ထိုင်၍ နေမည် ဆိုပါက သူမ အနေဖြင့် အင်ဒရူး၏ အပြုအမူ စိတ်နေသဘောထား စသည် စသည်များကို သူမ၏ နည်းဖြင့် သူမ လေ့လာ သိရှိနိုင်အောင် ကြိုးစားချင်သည့် ဆန္ဒ ရှိနေပုံလည်း ရ၏။ သူမသည် အင်ဒရူး၏ လူနေပုံဟန်ထားကို မျက်ခြည်မပြတ် အကဲခတ်လျက် ရှိလေသည်။

အင်ဒရူး၏ ကိုယ်လုံး ကိုယ်ထည်မှာ ပိန်ပိန်ပါးပါး သွယ်လျလျ ဖြစ်သည်။ အသားအရေက ခပ်ညိုညို ဖြစ်၍ မျက်နှာသွယ်သည်။ ပါးရိုးနှင့် မေးရိုးကျပုံမှာ ပြေပြစ်သဖြင့် ကြည့်၍ ကောင်းသည်။ သူ၏ မျက်လုံးများသည် ထူးထူးခြားခြား တည်ငြိမ် လေးနက်ပြီး အမြဲတစေ စူးစမ်း ရှာဖွေနေသော အကြည့်ကို ဖော်ပြလျက် ရှိ၏။

အားလုံးခြုံ၍ ကြည့်လိုက်ပါမူ အင်ဒရူး၏ မျက်နှာသည် ဉာဏ်ပညာ ထက်မြက်၍ သွက်လက် ချက်ချာသော အသွင်အပြင်နှင့် မဟုတ်လျှင် မခံချင်တတ်သော အမူအကျင့် ရှိကြောင်းကို သိသိသာသာကြီး ဖော်ပြလျက် ရှိပေသည်။

မစ္စ ပိတ်ချ်သည် အင်ဒရူး၏ ဇာစ်မြစ်ကို ဂဃနဏ မသိရသေးသော်လည်း လူပုံပန်းနှင့် အသားအရောင်ကို မြင်ရုံမျှနှင့် အင်ဒရူးသည် စကော့သွေးပါသည့် လူငယ် တစ်ဦး ဖြစ်ကြောင်း သိနေလေ၏။

မည်သို့ပင် ဖြစ်စေကာမူ မစ္စ ပိတ်ချ် အနှစ်သက်ဆုံးသော အင်ဒရူး၏ အရည်အချင်း တစ်ခုမှာ သုံးရက်ကြာမျှ သိုလှောင်ထားခဲ့သော အသားကို ချက်ပြုတ်ကျွေးရာ၌ မနှစ်သက်သည့် လက္ခဏာ တစ်စုံတစ်ရာ မပြဘဲ အလွယ်တကူနှင့် စားသောက်နေနိုင်သည့် အရည်အချင်းပင် ဖြစ်သည်။ အင်ဒရူး ဆိုသည့် လက်ထောက် ဆရာဝန်သည် အစားအသောက်ကို ခုံမင်မည့် လက္ခဏာ ရှိသော်လည်း အစား ကြေးများမည့်သူ တစ်ဦး မဖြစ်နိုင်ဟု အကဲဖြတ်ကာ ကျေနပ် ဝမ်းသာလျက် ရှိလေ၏။

'ဒီလုပ်ငန်းမှာ ရှင်နှင့် ကျွန်မ မကြာခင် နာမည်ရလာမှာ သေချာပါတယ်' ဟု စိတ်ချ ယုံကြည်သော လေသံဖြင့် ပြောသည်။ 'ကုသိုလ်ကံ လိုက်ဖို့တော့ နည်းနည်း လိုလိမ့်မယ်' ဟုလည်း ဆိုပြန်သည်။ သူမ ရင်ဆိုင်နေရသည့် အခက်အခဲများ၊ ဒုက္ခများကို လည်းကောင်း၊ အင်ဒရူး လုပ်ကိုင်ရမည့် အလုပ်၏ သဘော သဘာဝနှင့် အခြေအနေ အရပ်ရပ်ကို လည်းကောင်း သာယာ ညင်းပျောင်း၍ နူးညံ့ သိမ်မွေ့သော လေသံဖြင့် ပြောပြနေလေ၏။

'အလွန် စိတ်ရှုပ်စရာတော့ ကောင်းပါတယ် ဒေါက်တာရယ်၊ ရှင်ကတော့ အခုမှ ရောက်လာတာမို့ ဘယ်သိပါ့မလဲ၊ ဒေါက်တာ ပိတ်ချ်က မမာမချာ ဖြစ်လာရတဲ့ အထဲမှာ သူ့ လက်ထောက်တွေက စိတ်စေတနာ မကောင်းတော့ ငွေက အဝင် မရှိတော့ဘူး၊ အထွက်ချည်းပဲ ဖြစ်လာခဲ့ရတယ်၊ ရှင် ယုံမှာ ကောင်း မဟုတ်ဘူး သိလား၊ ကျွန်မလေ သတ္တုတွင်း မန်နေဂျာနှင့် အရာရှိတွေ အားလုံးက ကျေနပ်အောင် မနည်း ကြိုးစားခဲ့ရတယ်၊ တကယ်တော့လည်း ကျွန်မတို့ ရတဲ့ ဝင်ငွေက သူတို့ကို မှီပြီး ရနေတာ မဟုတ်လား' ဟု စိတ်ပျက်လက်ပျက် ဖြစ်နေသည့် ပုံပန်းမျိုးဖြင့် ပခုံးကို တစ်ချက် တွန့်ကာ ရှင်းပြနေလေသည်။

'ဒရင်းဖီးမြို့မှာ လုပ်ကိုင်နေကြတဲ့ စနစ်ပုံစံကိုတော့ ရှင် မကြာခင် တွေ့လာမှာပါ၊ လုပ်နည်း လုပ်ဟန်က ဒီလို ရှိတယ်၊ ကုမ္ပဏီမှာ စာရင်းဝင် ဆရာဝန် သုံးဦး ရှိတယ်၊ အဲဒီ သုံးဦးထဲမှာ ဒေါက်တာ ပိတ်ချ်က ဒီမြို့မှာ လာပြီး အလုပ် လုပ်နေတာ နှစ်ပေါင်း သုံးဆယ်လောက် ရှိနေပြီ ဆိုတော့ ဝါအရင့်ဆုံး လုပ်သက် အရင့်ဆုံး ဆရာဝန် တစ်ယောက် ဆိုတာ မေ့ထားလို့ မရဘူး၊ ကျွန်မ ပြောချင်တာက ကုမ္ပဏီ စာရင်းဝင် ဆရာဝန်ကြီးတွေ အနေနှင့် လက်ထောက် ဆရာဝန်တွေ ဘယ်နှယောက်ပဲ ထားထား သူတို့ ကြိုက်သလောက် ထားနိုင်တယ်၊ ဥပမာ ဒေါက်တာ ပိတ်ချ်က ရှင့်ကို ထားတယ်၊ ဒေါက်တာ နီကိုက သူ့ကိုယ်သူ ဆရာဝန်လို့ အမည်ခံထားတဲ့ ဒင်နီ ဆိုတဲ့ လူကို ထားတယ်၊ အဲသလို ထားကြပေမဲ့ လက်ထောက် ဆရာဝန်တွေဟာ ဘယ်တော့မှ ကုမ္ပဏီ စာရင်းဝင် ဆရာဝန်ကြီးတွေ ဖြစ်မလာနိုင်ဘူး၊ ဖြစ်လာနိုင်ဖို့ အလားအလာလည်း မရှိဘူး၊ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ အလုပ်ရဲ့ သဘောက ဒီလို၊ ကုမ္ပဏီက သူတို့ရဲ့ သတ္တုတွင်းနှင့် ကျောက်မီးသွေးတွင်းတွေမှာ လုပ်ကိုင်နေကြတဲ့ အလုပ်သမားတွေရဲ့ လုပ်ခတွေထဲက အချိုးကျ သတ်မှတ်ထားတဲ့ နှုန်းအတိုင်း ငွေဖြတ်ထားတယ်၊ အဲဒီငွေနှင့် ကုမ္ပဏီ စာရင်းဝင် ဆရာဝန်ကြီးတွေကို သူတို့ ကုသပေးရတဲ့ လူနာ အရေအတွက် အလိုက် အခကြေးငွေ ပြန်ပေးတယ်'

သူမက စကားကို ဖြတ်ထားလိုက်ပြီး အင်ဒရူးအား စူးစမ်းသည့် အနေဖြင့် ကြည့်ကာ အကဲခတ်ပြန်သည်။ အင်ဒရူးကတော့ အေးအေးဆေးဆေးပင်။



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော် ဘယ်လို လုပ်ကိုင်ရမယ် ဆိုတာ သဘောပေါက်ပါပြီ'

အင်ဒရူး၏ စကားကို သဘောကျဟန်ဖြင့် မစ္စ ပိတ်ချ်က တစ်ချက် ရယ်လိုက်သည်။

'အခြေခံ သဘောကို နားလည်ရင် ပြီးတာပါပဲ၊ ရှင့် အနေနှင့် အလုပ် အတွက် သိပ်ပြီး စိတ်ပူစရာ သောက ရောက်စရာ မလိုပါဘူး၊ ရှင် အမြဲ သတိရနေဖို့က ငါဟာ ဒေါက်တာ ပိတ်ချ်ရဲ့ လက်ထောက်၊ ငါဟာ ဒေါက် တာ ပိတ်ချ် အတွက် အလုပ် လုပ်နေတာ ဆိုတဲ့ အချက်ပဲ၊ ဒါဟာ အရေး အကြီးဆုံးနှင့် အဓိက အကျဆုံး အချက် တစ်ချက်ပဲ၊ ရှင့်ဘက်က ငါဟာ ဒေါက်တာ ပိတ်ချ် အတွက် အလုပ် လုပ်နေရတာပဲ ဆိုတဲ့ အချက်ကို မမေ့ ဘဲ ကျွန်မနှင့် တွဲပြီး လုပ်သွားဖို့ သိပ်အရေးကြီးတယ်၊ အဲသလိုဆိုရင် အား လုံး အဆင်ပြေလိမ့်မယ် ဆိုတာ ရှင် ယုံကြည်ထားပါ'

အင်ဒရူး မေဆန်ကတော့ မစ္စ ပိတ်ချ် ပြောသမျှကို ရေငုံ နှုတ်ပိတ် လုပ်ကာ နားထောင်သည်။

အင်ဒရူး ဆိတ်ဆိတ်ငြိမ်ငြိမ်နှင့် သူ ပြောသမျှ နားထောင်နေသည်ကို တွေ့ရသော မစ္စ ပိတ်ချ်သည် ကျေနပ်အားရလျက် ရှိသည်။ သူမ အနေဖြင့် ပြောချင်သမျှကို အိတ်သွန်ဖာမှောက် စိတ်ရှိ လက်ရှိ ပြောလိုက်ရသဖြင့် များ စွာမှ စိတ်လက် ပေါ့ပါးသွားဟန် တူလေသည်။

မစ္စ ပိတ်ချ်သည် နာရီကို လှမ်းကြည့်လိုက်ပြီး သူမ၏ လက်ထဲမှ လက်သုတ်ပဝါကို စားပွဲပေါ်ရှိ ခွက်ပေါ်သို့ လှမ်းတင်လိုက်၏။ ထို့နောက် ထိုင်ရာမှ ထလိုက်လေသည်။

'ဂလိုင်ဒါး ရပ်ကွက်ထဲက အိမ်အမှတ် ခုနစ်မှာ လူနာ တစ်ယောက် ရှိတယ်၊ ငါးနာရီ ထိုးပြီးစလောက် ကတည်းက လာပင့်ထားတယ်၊ အခု ချက်ချင်းပဲ အဲဒီ လူနာကို သွားပြီးကြည့်လိုက်ပါ'

ယခုတစ်ကြိမ် မစ္စ ပိတ်ချ်၏ နှုတ်ဖျားမှ ထွက်လာသော လေသံမှာ စောစောက အသံမျိုး မဟုတ်တော့ပေ။ အလုပ်ရှင်က အလုပ်သမားအား အမိန့် ပေးသည့် အသံမျိုးပေတည်း။



[၂]

အင်ဒရူး မေဆန်သည် မဆိုင်းမတွပင် လူနာအိမ်သို့ ထွက်လာခဲ့လေ၏။ သူ့ စိတ်သည် ထူးထူးခြားခြား ပေါ့ပါး လန်းဆန်းလျက် ရှိရုံမက တစ်စုံတစ်ခု သော အနှောင်အဖွဲ့မှ လွတ်မြောက် လာရသည့်နှယ် စိတ်သက်သာရာ ရလျက် ရှိပေသည်။

ဒေါက်တာ ပိတ်ချ်၏ ဘရိုင်းကိုးဝါး အိမ်သို့ သူ ရောက်သွားပြီးသည့် နောက် နာရီပိုင်းအတွင်းမှာပင် သူနှင့် မစ္စ ပိတ်ချ်တို့ ကြားတွင် ပေါ်ပေါက် လာရန် အလားအလာ ရှိနေသည့် ပဋိပက္ခ ဖြစ်ဖွယ်ရာ အခြေအနေမှ အနိုက် အတန့်မျှ လွတ်မြောက်ခွင့် ရလာသည့် အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ် လျက် ရှိလေ၏။

အင်ဒရူးသည် သူ လုပ်ရမည့် အလုပ်၏ အလားအလာ မကောင်းပုံကို နားလည်စ ပြုလာခဲ့ပြီ ဖြစ်၏။ မစွမ်းမသန် ဘဝ ရောက်နေရှာပြီ ဖြစ်သော သူ့အထက်မှ ဆရာဝန်ကြီး အတွက် ဆရာဝန်ကြီး၏ နှမဖြစ်သူ ဘလောဝင်း ပိတ်ချ် စီမံခန့်ခွဲသမျှကို သူ လိုက်နာ ဆောင်ရွက်ပေးရတော့မည့် အဖြစ်ကို လည်း ခန့်မှန်း သိရှိလာရပြီ ဖြစ်၏။

သူ ရင်ဆိုင်နေရသည့် အခြေအနေကား ထူးဆန်းသော အခြေအနေ ပင်တည်း။ သူ စိတ်ကူးဖြင့် မျှော်မှန်း ထားခဲ့သည့် အခြေအနေမျိုးနှင့်ကား များစွာ ကွာခြားလျက် ရှိလေပြီ။

မည်သို့ပင် ဖြစ်စေ ယခု လောလောဆယ်တွင်တော့ သူ လုပ်ရမည့် အလုပ်ကိုသာ အဓိကထား၍ စဉ်းစားရမည်ဟု သူ ယူဆသည်။ သူ့အလုပ်တွင် ဘဝန်ကျေဖို့ အရေးကြီးသည်ဟု သူ ခံယူသည်။ အခြား ကိုယ်ရေးကိုယ်တာ


www.burmeseclassic.com

www.burmeseclassic.com

ကိစ္စ ဟူသမျှကို သာမန် အသေးအဖွဲများ အဖြစ်သာ သဘောထားသင့်သည် ဟုလည်း သူ ထင်လေသည်။

အင်ဒရူးသည် စောစောက ကြုံခဲ့ရသည့် ကိစ္စကို ချက်ချင်းပင် မေ့ပစ်လိုက်ကာ ယခု လက်ငင်း လုပ်ရတော့မည့် အလုပ်အတွက်သာ စိတ်စောလျက် ရှိ၏။ သူသည် ရှင်လန်း တက်ကြွသော စိတ်ဖြင့် လူနာရှိရာ ရပ်ကွက်ဆီသို့ သုတ်ခြေတင်ခဲ့လေ၏။

အမှန်တော့လည်း ယခု သူ တွေ့ရမည့် လူနာသည် သူ၏ ဆရာဝန် ဘဝ အစတွင် ပထမဆုံးသော လူနာ တစ်ဦး ဖြစ်နေသဖြင့် စိတ်အား တက်ကြွစရာ ကောင်းနေသည် မဟုတ်ပါလား။

မစ္စ ပိတ်ချ် လမ်းညွှန်လိုက်ပုံမှာ ရှုပ်ထွေးလှသဖြင့် သွားရ လာရသည်မှာ စမ်းတဝါးဝါး နိုင်လွန်းလှသည်။ သူမ ညွှန်လိုက်သည့် အတိုင်း မြေကွက်လပ် တစ်ခုကို ဖြတ်သန်း၍ ချက်ပဲလ်လမ်းအတိုင်း လျှောက်လာသည့် အချိန်ထိ မိုးက တဖွဲဖွဲ ရွာဆဲပင်။

ချက်ပဲလ်လမ်းကို ကန့်လန့်ဖြတ် ကူးလိုက်သည့် အခါ မြို့ အနေအထားသည် ပီပီပြင်ပြင် ပေါ်လာသည်။ ဇီယွန်၊ ကေပယ်လ်၊ ဟီဘရွန်၊ ဘီသယ်၊ ဘီဘီစဒါ စသော ဘုရားရှိခိုးကျောင်းများ။ ထို ဘုရားရှိခိုးကျောင်းများကို ကျော်ဖြတ်လိုက်သည့် အခါ သမဝါယမ အသင်းဆိုင်ကြီး တစ်ဆိုင်နှင့် အနောက်ပိုင်း ဒေသ နယ်မြေ ဘဏ်ခွဲများ။

အဆောက်အအုံ အားလုံးသည် တောင်ကြား၏ နက်ရှိုင်းသော အောက်ခြေ၌ တည်ရှိနေသည့် မြို့လယ် လမ်းမကြီး၏ ဝဲယာ တစ်ဖက် တစ်ချက်တွင် အစီအရီ တည်ရှိကြလေသည်။

အင်ဒရူးသည် လမ်းမကြီးပေါ်၌ လျှောက်သွားရင်းက အေး တစ်ဖက် တစ်ချက်မှ တံတိုင်းကြီးများ သဖွယ် ကာရံနေသည့် မြင့်မားသော တောင်တန်းကြီးများ၏ အောက်ခြေတွင် အရှင်လတ်လတ် မြေအမြှုပ်ခံနေရ သကဲ့သို့ ခံစားနေရလေ၏။

လမ်းကြီးပေါ်ဝယ် လမ်းသွား လမ်းလာ များများစားစား မရှိချေ။ ချက်ပဲလ်လမ်း၏ ဝဲယာတွင် အမိုးပြာပြာနှင့် အလုပ်သမား အိမ်တန်းများ ရှိကြသည်။ အိမ်များ၏ တစ်ဖက်တွင် တောင်စောင်းများ ရှိကြ၍ ယင်း တောင်စောင်းများနှင့် ချောက်ကမ်းပါးကြီးများသည်ပင်လျှင် ဒရင်းဖီးမြို့၏ အသက်သွေးကြော ဖြစ်သော သတ္တုတွင်း လုပ်ငန်းများ တည်ရှိရာ နေရာများ





ဖြစ်လေသည်။

နောက်ဆုံးတွင် အင်ဒရူးသည် ဂလိုင်ဒါးရပ်ရှိ အိမ်အမှတ် ခုနစ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်သွားသည်။ တံခါးကို ခပ်သွက်သွက် ခေါက်လိုက်သည်နှင့် တစ်ပြိုင်နက် သူ့အား အသင့် ဆီးကြိုနေသော လူနာရှင်နှင့် တွေ့ရလေသည်။ လူနာရှင်က ချက်ချင်းပင် လူနာ လဲလျောင်းနေသည့် မီးဖိုထဲမှ ခုတင် တစ်လုံးဆီသို့ ခေါ်ဆောင်သွားလေ၏။

လူနာမှာ သံမဏိ စက်ရုံ အလုပ်သမား ဝီလျံ ဆိုသူ၏ မိန်းမ ဖြစ်၍ အသက်များစွာ မကြီးသေးပေ။

လူနာ ခုတင်ဆီသို့ သွားနေခိုက်တွင် သူ၏ နှလုံးခုန်သံမှာ သိသိသာသာကြီး ပြင်းထန်လျက် ရှိသည်ကို သတိထားမိသည်။ သူသည် အတိုင်းအဆ မသိနိုင်လောက်အောင်ပင် စိတ်လှုပ်ရှားလျက် ရှိ၏။ သူ၏ ဆရာဝန် ဘဝသည် ယခုပင် အစပြုချေတော့မည်။

အင်ဒရူးသည် ကျောင်းသားပေါင်း မြောက်မြားစွာ၏ အလယ်တွင် ဤပုံစံမျိုး ဤအဖြစ်မျိုးနှင့် မကြာခဏ ရင်ဆိုင်ခဲ့ရဖူးပါ၏။ သူ့ဆရာ ပါမောက္ခ သင်းပလော၏ လူနာဆောင်များတွင် တကယ့် လူနာကို စမ်းသပ် စစ်ဆေးကြည့်ရသည့် သရုပ်ပြ သင်ကြား ပို့ချမှုများနှင့်လည်း ကြုံခဲ့ရဖူးပါ၏။ သို့သော်လည်း ယခုလို ပြင်းထန်သော စိတ်လှုပ်ရှားမှုမျိုး မဖြစ်ခဲ့ဖူးပေ။

ယခုတစ်ကြိမ်တွင်မူ သူ လုပ်ကိုင်နေသမျှကို စောင့်ကြည့်နေမည့် ဘတ်ကျွမ်း နားလည်သော ပွဲကြည့် ပရိသတ်လည်း မရှိ။ သူ မှားလျှင် အမှားကို ထောက်ပြပေးမည့် ဆရာလည်း မရှိ။ တကယ်ဆိုတော့ လွယ်လွယ်ကူကူနှင့် ပြီးစီးသွားနိုင်သည့် စာသင်ခန်းထဲမှ လက်တွေ့ သရုပ်ပြ သင်ကြား ပို့ချပေးရသည့် ပွဲမျိုးလည်း မဟုတ်ပေ။

သူသည် တစ်ယောက်တည်း ဖြစ်၏။

သူ တစ်ယောက်တည်းက လူနာကို စမ်းသပ် စစ်ဆေးရမည်။ လူနာ၌ ဖြစ်ပွားနေသည့် ရောဂါ အမျိုးအမည်ကို ခွဲခြားရမည်။ ဖြစ်နေသည့် ရောဂါ အမည်ကို ဝေဖန် ပိုင်းခြား ဆုံးဖြတ်ပေးရမည်။ လူနာ၏ ရောဂါ အခြေအနေကို လေ့လာ သုံးသပ်၍ ကုသပေးရမည်။

ဤလုပ်ငန်း အားလုံးကို သူ တစ်ဦးတည်းက တာဝန်ယူ၍ လုပ်ဆောင်သွားရမည့် အခြေအနေနှင့် ရင်ဆိုင်နေရသည် ဖြစ်ရာ စိတ်လှုပ်ရှားမှုကို အပြင်းအထန် ခံစားနေရသည်မှာ ဆန်းသည်ဟု မဆိုသာတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အနေဖြင့် တကယ် နဖူးတွေ့ ဒူးတွေ့ လူနာနှင့် တွေ့ခါမှ သူ၏ စိတ်လှုပ်ရှားမှု၊ သူ၏ အတွေ့အကြုံ နည်းပါးမှု၊ လက်တွေ့ လုပ်ငန်းခွင်တွင် အဆင်သင့် မဖြစ်သေးသော သူ၏ အဖြစ် စသော သူ၏ အားနည်းချက်များကို စိတ်ထဲက သိကာ သူ့ကိုယ်သူ အားမလို အားမရ ဖြစ်လျက် ရှိရလေ၏။

လူနာ အမျိုးသမီး၏ ယောက်ျား ဝီလျံသည် ဘေးနားမှ ရပ်ကာ သူ့အား ကြည့်လျက် ရှိသည်။ သူသည် လူနာကို အသေအချာ စမ်းသပ်ကြည့်သည်။ ဤလူနာ ဖျားနေခြင်းမှာ သံသယ ဖြစ်ဖွယ် မရှိပေ။

လူနာက သူသည် မခံမရပ်နိုင်လောက်အောင် ခေါင်းကိုက်နေပါသည်ဟု ဆိုသည်။ လူနာ၏ အပူချိန်၊ လူနာ၏ သွေးခုန်နှုန်းနှင့် လူနာ၏ လျှာတို့ကလည်း မသေးငယ်သော ရောဂါ တစ်မျိုးမျိုး စွဲကပ်နေကြောင်း ဖော်ပြနေပေသည်။

သို့ဆိုလျှင် လူနာ၌ မည်သည့် ရောဂါမျိုး စွဲကပ်နေလေသနည်း။

အင်ဒရူးသည် လူနာအား နောက်တစ်ကြိမ် ထပ်၍ စမ်းသပ်ပြန်သည်။ စနစ်တကျနှင့် စေ့စေ့စပ်စပ် စမ်းသပ်နေရင်းကလည်း သူ့စိတ်ကို အအားမထားဘဲ ဆင်ခြင် စဉ်းစားလျက် ရှိသည်။ 'ဘာရောဂါပါလိမ့်၊ ဘာရောဂါပါလိမ့်' ဟုလည်း သူ့ကိုယ်သူ ပြန်၍ မေးနေမိလေသည်။

ဤလူနာသည် သူ၏ ပထမဆုံး လူနာ ဖြစ်သဖြင့် သူကိုယ်တိုင်က စိုးရိမ်မှု လွှမ်းကဲလျက် ရှိနေမိခဲ့သည်မှာ အမှန်ပင် ဖြစ်လေသည်။

ဆိုကြပါစို့။

သူ့အနေဖြင့် အမှားမှား အယွင်းယွင်း ပြုခဲ့မိသည် ရှိသော် ကြောက်မက်ဖွယ် ကောင်းလှသော အခြေအနေသို့ ဆိုက်ရောက်သွားနိုင်၏။ အကယ်၍များ လူနာ၏ ရောဂါ အမျိုးအမည်ကို မဖော်ထုတ်နိုင်ခဲ့သည် ရှိသော် အဆိုးဆုံး ဖြစ်ပေတော့မည်။

သူသည် စေ့စေ့စပ်စပ် ထပ်မံ၍ စမ်းသပ်ပြန်သည်။ ဟာကွက် မရှိရလေအောင် ထပ်တလဲလဲ စမ်းသပ် စစ်ဆေးခြင်းကို ပြုသည်။ သို့ပါသော်လည်း ယခုအချိန်ထိ လိုချင်သော အဖြေကို မရသေးချေ။ အဖြေမှန် ရနိုင်ရေးအတွက် အပြင်းအထန် ကြိုးစား ကြံဆနေရဆဲပင် ရှိသေး၏။

သူ ကျောင်းသားဘဝက ကျက်မှတ်ခဲ့ရသည့် ရောဂါ အမည်များနှင့် ယင်းရောဂါများ၏ သွင်ပြင် လက္ခဏာများကို ပြန်လှန် နှိုင်းယှဉ် စဉ်းစားကာ အဖြေရရန် အားထုတ်ပြန်သည်။ အဖြေ ထွက်မလာချေ။





တိကျသော အဖြေ မရမချင်း အကြိမ်ကြိမ် အထပ်ထပ် စမ်းသပ်နေ၍လည်း မဖြစ်ပေ။ အဖြေ မရမချင်း အချိန်ကြာကြာ ဆွဲ၍ စဉ်းစားနေရန်သည်း မသင့်ပေ။ သူသည် လက်ထဲမှ နားကြပ်ကို အသာအယာ ခေါက်လိုက်ပြီး ဝီလျံဘက်သို့ လှည့်လိုက်လေ၏။

'သူ ဖျားတော့ ချမ်းစိမ့်စိမ့် ဖြစ်ပြီးမှ ဖျားသလား'

ဝီလျံအား မေးနေခြင်း ဖြစ်သော်လည်း သူ့ မျက်လုံးများကမူ ဝီလျံအား ရင်မဆိုင်ရဲသဖြင့် ကြမ်းပြင်ပေါ်သို့ စူးစိုက်ထားလေသည်။

ဝီလျံက 'ဟုတ်တယ် ဒေါက်တာ၊ သူ အဖျားတက်တော့မယ် ဆိုရင် ချမ်းစိမ့်စိမ့် ဖြစ်လာတတ်တယ်' ဟု စိတ်ပါလက်ပါ ဖြေလေသည်။

ဝီလျံခမျာ အချိန်ကြာမြင့်စွာ စမ်းသပ်နေသည်ကို တွေ့ရသဖြင့် သူ့ဇနီး အတွက် စိုးရိမ် ပူပန်လာဟန် ရှိသည်။ 'လွန်ခဲ့တဲ့ သုံးလေးရက်လောက်က စဖျားတာပဲ ဒေါက်တာ၊ ချမ်းစိမ့်စိမ့် ဖြစ်ပြီးမှ ဖျားတာကတော့ သေချာပါတယ်' ဟု ထပ်၍ ပြောပြန်လေ၏။

သူ့ကိုယ်သူ ယုံကြည်မှု မရှိသေးသော်လည်း ယုံကြည်ချက် အပြည့်အဝ ရှိနေသည့် ဟန်မျိုးဖြင့် အင်ဒရူးက ခေါင်းတစ်ချက် ဆတ်ပြလိုက်ပြီး 'ကိစ္စ မရှိပါဘူး၊ စိတ်သိပ်မပူပါနှင့်၊ မကြာခင် နေကောင်းသွားမှာပါ၊ နာရီဝက်လောက် ကြာရင် ခင်ဗျား ဆေးခန်းကို လာခဲ့၊ ကျွန်တော် ဆေးပေးလိုက်မယ်' ဟု ပြောချလိုက်သည်။

အင်ဒရူးသည် လူနာအိမ်မှ စိတ်ပျက်လက်ပျက် ဖြစ်ကာ ခေါင်းငိုက်စိုက်ဖြင့် ပြန်လာခဲ့သည်။ အသွားတုန်းကလို သွက်သွက်လက်လက် တက်တက်ကြွကြွ မဟုတ်တော့ပေ။ နှေးကွေး လေးလံသော ခြေလှမ်းများဖြင့် ဆေးခန်း ရှိရာသို့ လျှောက်လာခဲ့လေ၏။

ဆေးခန်းမှာ ဒေါက်တာ ပိတ်ချ်၏ အိမ်အဝင်ဝတွင် ဖြစ်၍ သစ်သားနှင့် ဆောက်ထားသည့် အခန်းမျှသာ ဖြစ်ရာ ခနော်နီ ခနော်နဲ့ နိုင်လှပေသည်။ ဆေးခန်းထဲ ရောက်လျှင်ပင် မီးဖွင့်လိုက်ပြီး ပုလင်းပြာ ပုလင်းစိမ်းများ တန်းစီ၍ တင်ထားသည့် ဖုန်အထပ်ထပ် တက်နေသော စင်ဘေး၌ ရပ်ကာ စမ်းတဝါးဝါးဖြင့် အလုပ်ရှုပ်စ ပြုလာသည်။ ဦးနှောက်ခြောက်မတတ် စဉ်းစားကြံဆရင်း ဇဝေဇဝါ ဖြစ်ရင်းနှင့်ပင် ဆေးစပ်လေတော့သည်။

လူနာ၏ ရောဂါ လက္ခဏာနှင့် ပတ်သက်၍မူ ယခုထက်တိုင် ရေရေရာရာ ဘာမှ မသိရသေးပေ။ ချမ်း၍ ဖျားသော အဖျားမျိုး ဖြစ်ရမည် ဟူသော



www.burmeseclassic.com

www.burmeseclassic.com

သာမန် ယူဆချက် တစ်ခုသာ ရှိသေးသည်။ ယင်း ယူဆချက် မမှန်သေးဟု သူ၏ အတွင်းစိတ်က သိနေပြန်သဖြင့် သူသည် မခံချိမခံသာ ဖြစ်ကာ သူ့ကိုယ်သူ ဒေါပွမဆုံးနိုင်အောင် ဖြစ်လျက် ရှိလေ၏။

အင်ဒရူးသည် သူ၏ အားနည်းချက်နှင့် ချွတ်ယွင်းချက်များ အပေါ်တွင် မကျေမနပ် ဖြစ်ကာ စိတ်တိုလျက် ရှိသဖြင့် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိအောင် ဖြစ်ကာ အယောင်ယောင် အမှားမှား အလွဲလွဲ အချော်ချော် ဖြစ်လျက် ရှိလေ၏။

အခိုက်အတန့်အားဖြင့် လူနာ သက်သာအောင် ဘာလုပ်ပေးရပါမည်နည်းဟု သူ စဉ်းစားပြန်၏။ ဆေးတစ်မျိုးမျိုးတော့ ပေးရမည်။ ဘာဆေးပေးလျှင် သင့်ပါမည်နည်း။

သူ၏ စိတ်စေတနာ အမှန်အရ ဆိုလျှင် ပြီးစလွယ် လုပ်ကိုင်လိုသော ဆန္ဒ မရှိပေ။ တစ်စုံတစ်ခုကို ပြတ်ပြတ်သားသား သိပြီးမှသာ လုပ်စရာ ရှိသည်ကို ဆက်လုပ်လိုသည်။

သူ့ဆရာ ပါမောက္ခ လင်းပလောသည် သူ၏ လူနာဆောင်သို့ ရောက်လာသော လူနာများအား စမ်းသပ်ရာ၌ ယခုလို ရောဂါ အမျိုးအမည် အတိအကျ ခွဲခြား၍ မရသော လူနာမျိုး တွေ့ပါက လိမ္မာ ပါးနပ်စွာဖြင့် 'ရောဂါ အခြေအမြစ် မသိရသေးသော အဖျားရောဂါ' ဟု ရေးထားတတ်သည်။ ယင်းကဲ့သို့ ရေးထားခြင်းသည် တာဝန်တော့ ကင်း၍ တစ်နည်းအားဖြင့် သိပ္ပံနည်းကျသော စကား အသုံးအနှုန်း ဖြစ်သဖြင့် တိတိကျကျ ရှိသည်ဟုလည်း ပြောနိုင်သည်။

အင်ဒရူးသည် ဟောင်စဉ်ရေမရ လျှောက်တွေးရင်း မကြည်မလင်သော စိတ်ဖြင့် ဆေးပေး ကောင်တာအောက်မှ ခြောက်အောင်စဝင် ပုလင်းတစ်လုံးကို ထုတ်ယူပြီး အပူချဆေး စပ်စပြုလေ၏။

ဤဆေးတွင် ရောစပ်ထားသည့် နိုက်ထရီ၊ ဆိုဒီယမ် ဆယ်လီစီလိတ် စသော ဆေးများသည် အလွန်ကောင်း၍ အလွန် တန်ခိုး အာနိသင် ထက်သော ဆေးများ ဖြစ်သည်။ ဖျားနေလျှင် အပူချိန်ကို အလျင်အမြန် ကျစေနိုင်သည့် ဆေးများ ဖြစ်သည် စသည် စသည်ဖြင့် စဉ်းစားကာ သူ့ကိုယ်သူ စိတ်သက်သာရာ ရအောင် အားပေးလျက် ရှိလေသည်။

ပါမောက္ခ လင်းပလောက ဆိုလျှင် ဆိုဒီယမ် ဆယ်လီစီလိတ် ဆေးရည်လောက် ထိရောက် ထက်မြက်သောဆေး မရှိသေးဟုပင် မကြာခဏ





ဆုတ်ဖော် ပြောဆိုခဲ့ဖူးသည် မဟုတ်ပါလား။

ဆေးစပ်ပြီးသည်နှင့် တစ်ပြိုင်နက် သူ့စိတ်သည် ပေါ့ပါး ကြည်လင်သွားသည်။ တစ်နေ့ ဘယ်နှကြိမ်သောက် ဟူသော ဆေးအညွှန်းကို ရေး၍ ဆေးပုလင်းတွင် ကပ်လိုက်သည်။ ထိုစဉ် အခိုက်မှာပင် ဆေးခန်း တံခါးဝတွင် ချိတ်ဆွဲထားသည့် ခေါင်းလောင်းငယ်၏ မြည်သံကလေးကို ကြားလိုက်ရလေ၏။

ဆေးခန်းတံခါးသည် ရုတ်တရက် ပွင့်သွားပြီး အရပ် ခပ်ပုပု အလုံးအဖန် ခပ်ကောင်းကောင်း မျက်နှာနီနီနှင့် အသက် ၃၀ ခန့် လူတစ်ယောက်သည် ခွေးတစ်ကောင်နှင့် အတူ ဝင်လာသည်ကို တွေ့ရလေသည်။

ခွေးမှာ ကပြားမျိုး ဖြစ်ဟန်တူ၍ အနက်နှင့် အညို ရောစပ်နေသည့် အရောင်မျိုး ဖြစ်၏။ ခွေးသည် အခန်းထဲ ရောက်လျှင် ရောက်ချင်း ရွံ့ အလူးလူး ဖြစ်နေသော သူ့ဖင်ကို အားပြု၍ ဆောင့်ကြောင့် ထိုင်ချလိုက်ကာ အမောဖြေလျက် ရှိလေ၏။

သူ့သခင်ကမူ ဟောင်းနွမ်းလှပြီ ဖြစ်သော ချည် ကတ္တီပါ ဝတ်စုံကို ဝတ်ထားပြီး သံစွာ ခပ်မြင့်မြင့် ရှူးဖိနပ်ကို စီးထားသည်။ တစ်ထည်လုံး ရွှဲရွဲစိုနေသော အပေါ် အင်္ကျီကို ပခုံးထက်တွင် တင်ထားသည်။ သူသည် အင်ဒရူးအား ခြေဆုံး ခေါင်းဆုံး ကြည့်သည်။ သူ စကားပြောသည့် အခါ ယဉ်ကျေးမှုယ်ရာ ရှိသော်လည်း သရော်သံ၊ လှောင်သံ၊ ထေ့သံ၊ ငေါ့သံများဖြင့် ပြည့်လျှမ်း နေပေသည်။ အမူအရာက ယဉ်ကျေး သိမ်မွေ့ဟန် ပေါက်နေသော်လည်း တမင်တကာ လုပ်ယူထားသည့် ပုံစံမျိုးက များနေပေသည်။

'ဒီအနားက ဖြတ်အသွားမှာ ခင်ဗျား ဆေးခန်း ပြတင်းပေါက်က မီးရောင် ထွက်နေတာ မြင်လိုက်လို့ နှုတ်ဆက်ချင်တာနဲ့ ဝင်လာခဲ့တာပါ၊ ကျွန်တော်ကတော့ ဒေါက်တာ နီကို အယ်လ်အက်စ်အေရဲ့ လက်ထောက် ဆရာဝန် ဖီးလစ် ဒင်နီပါပဲ ခင်ဗျာ၊ အယ်လ်အက်စ်အေ ဆိုတာကိုတော့ ခင်ဗျား သိလိမ့်မယ် ထင်ပါတယ်၊ လူတွေရော ဘုရားသခင်ပါ သိနေတဲ့ အမြင့်ဆုံး ဘွဲ့ကြီးတစ်ခုပါ'

အင်ဒရူးသည် သံသယစိတ်ဖြင့် ဒင်နီအား စူးစူးစိုက်စိုက် ကြည့်နေမိသည်။ ဖီးလစ် ဒင်နီကမူ ကြေမွ ပြားချပ်နေပြီ ဖြစ်သော စီးကရက်ဘူးထဲမှ စီးကရက် တစ်လိပ်ကို ထုတ်၍ မီးညှိကာ မီးခြစ်ဆံကို ကြမ်းပေါ်သို့ ပစ်ချလိုက်ပြီး အင်ဒရူး အပါးသို့ တိုးလာသည်။ အင်ဒရူးကို တစ်လှည့်၊ စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ ဆေးပုလင်းကို တစ်လှည့် ကြည့်လိုက်သေးသည်။ ပြီးမှ ဆေးပုလင်းကို ဆတ်ခနဲ ကောက်ယူလိုက်ပြီး ပုလင်းပေါ်၌ ရေးထားသည့် လိပ်စာကို ပထမ ဖတ်သည်။ ပြီးတော့မှ ဆေးညွှန်းကို ဖတ်သည်။ ပြီးတော့မှ ပုလင်းဘူးဆို့ကို ဖွင့်၍ နမ်းကြည့်သည်။ ပြီးခါမှပင် ပုလင်းကို ပြန်ပိတ်လိုက်ပြီး စားပွဲပေါ်သို့ ပြန်ချထားလိုက်လေ၏။

စိတ်ကြမ်း ကိုယ်ကြမ်း ရှိမည့် အသွင်မျိုး ပေါက်နေသော သူ၏ နီရဲရဲ မျက်နှာသည် သိမ်မွေ့ နူးညံ့လာသယောင်ယောင် ရှိလာသည်။

'ကောင်းပါ့ဗျာ သိပ်ကောင်း၊ ရောက်ရောက်ချင်း အလုပ်တွေ လုပ် နေတာ ပိုပြီး ကောင်းတာပေါ့လေ၊ မဟုတ်ဘူးလား၊ ခင်ဗျားဟာကလည်း တစ်ခါသောက် စားပွဲတင် ဇွန်းနှင့် တစ်ဇွန်း၊ သုံးနာရီ တစ်ကြိမ်သောက်တဲ့၊ မများလွန်းဘူးလားဗျ၊ ဘယ်လိုလဲ၊ တစ်နေ့ သုံးကြိမ်လောက် သောက်ခိုင်း ရင်ကော မလုံလောက်ဘူးလား၊ ရှေးနည်းအရ ဆိုရင်တော့ စားပွဲတင်ဇွန်းနှင့် သောက်ရရင် တစ်နေ့ သုံးကြိမ်က အကောင်းဆုံးပဲလို့ ဆိုထားတယ် မဟုတ် လား ဒေါက်တာရဲ့'

ဒင်နီက သူ့စကားကို မဆက်သေးဘဲ အင်ဒရူးအား အကဲခတ်သည်။ သူ့ အကြည့်တွင် တစ်စုံတစ်ခုကို မကျေနပ်သည့် သဘော၊ ရန်လိုသည့် သဘောကို ဖော်ပြနေပေသည်။

'ကဲလေ ဆိုစမ်းပါဦး ဒေါက်တာရယ်၊ ပုလင်းထဲမှာ ဘာတွေများ စပ် ထားပါသလဲ၊ အနံ့ကတော့ နိုက်ထရီအနံ့ပဲ၊ အင်း အလွန် အံ့သြဖို့ ကောင်းတဲ့ ဆေးစပ်မျိုးပါပဲ၊ နိုက်ထရီရဲ့ အရသာက ချိုမြမြလေးပေါ့၊ အစာကြေတယ်၊ ရင်ချောင်တယ်၊ လေလည်တယ်၊ ဟဲ ဟဲ ဟဲ၊ ကျွန်တော် ပြောတာ မဟုတ် ဘူးလား ဒေါက်တာ၊ ပြီးတော့ ဆီးရွှင်တယ်၊ စည်ပိုင်းနှင့် ထည့်ပေးထား ရင်တောင်မှ ကုန်အောင် သောက်နိုင်မယ်၊ စာအုပ်နီကလေးထဲမှာ ဘာတွေ ရေးထားတယ် ဆိုတာကော ခင်ဗျား မှတ်မိသေးရဲ့လား၊ မှတ်မိမှာပေါ့လေ၊ ရေးထားတာက ဘာတဲ့၊ လူနာမှာ ဘာရောဂါ ဖြစ်နေတယ် ဆိုတာ အတိအကျ အဆုံးအဖြတ် မပေးနိုင်ရင် သို့မဟုတ် ဒွိဟ ဖြစ်နေရင် နိုက်ထရီကိုသာ ပေး လိုက်ပါတဲ့'

ဆေးခန်းထဲတွင် လွှမ်းမိုးနေသည်ကတော့ တိတ်ဆိတ် ငြိမ်သက်ခြင်း။ ခေါင်မိုးပေါ်သို့ တဖြောက်ဖြောက် ကျနေသည့် မိုးပေါက်သံမှ တစ်ပါး အခြား ဘာသံမှ မကြားရပေ။ သူ့အား ခပ်ကြောင်ကြောင် ကြည့်နေသော အင်ဒရူး၏





မျက်နှာကို စေ့စေ့ကြည့်ကာ ဒင်နီက သရော်သံ၊ လှောင်ပြောင်သံ အပြည့်ဖြင့် ပါးလုံးကွဲ ရယ်ချလိုက်လေသည်။

'ဒါနှင့် စကားမစပ် မေးစမ်းပါရစေဦး၊ စပ်စုတယ်လို့ မထင်ပါနှင့်၊ ခင်ဗျား ဘာပြုလို့ ဒီအရပ်ကို လာရတာလဲ'

အင်ဒရူး၏ ဒေါသအရှိန်သည် တဖြည်းဖြည်းချင်း မြင့်တက်လာနေ သည်။ ဒေါသကြောင့် မျက်နှာမှာ နီရဲနေပြီး တစ်ကိုယ်လုံး တုန်ယင်လျက် ရှိသည်။ နှုတ်ခမ်းကို ခပ်တင်းတင်း စေ့ကာ ဒင်နီအား အဖြေပေးလေသည်။

'ကျုပ် လာတာ ကျုပ်ရဲ့ ရည်ရွယ်ချက်နှင့် ကျုပ် လာတာပေါ့ဗျ၊ ခင်ဗျားတို့ ဒရင်းဖီးမြို့ကို စံပြ ကျန်းမာရေး ဌာန အဖြစ် ပြုပြင် ပြောင်းလဲပစ် ချင်လို့ ကျုပ် လာခဲ့တာပဲ သိလား၊ ရေကောင်း ရေသန့် ရနိုင်တဲ့ အရပ်ဒေသ မျိုး ဖြစ်အောင် လုပ်ပေးဖို့ လာခဲ့တာပဲ သိလား'

ဒင်နီက ပြက်လုံးကောင်း တစ်ခုကို ကြားလိုက်ရသည့် အလား တစ် ကြိမ် ထပ်၍ အားပါးတရ ရယ်ပြန်သည်။ သူ၏ ရယ်သံသည် အင်ဒရူးအား သော်ကားသလို ဖြစ်လျက်ရှိ၏။ အင်ဒရူးသည် ဒင်နီအား ဆွဲ၍ ထိုးချင် ကြိတ်ချင် စိတ်ပင် ဖြစ်ပေါ်လာလေ၏။

'ရယ်စရာ ကောင်းလိုက်လေ ဒေါက်တာရယ်၊ ဟား ဟား ဟား၊ ကောင်းပါ့ဗျား၊ ကောင်းပါ့၊ သိပ်ကောင်း သိပ်ကောင်း၊ ခင်ဗျား ရည်ရွယ်ချက် ကဖြင့် အလွန် ကောင်းပါတယ်၊ ဒါပေမဲ့ ပြောရမှာတော့ စိတ်မကောင်းပါဘူး၊ ဒီအရပ်ကို စမ်းရေတွင်းလေး ဖြစ်အောင် လုပ်ဖို့ကတော့ မလွယ်ဘူး ခင်ဗျ၊ ဒီအရပ်မှာ ရေကောင်း ရေသန့်ကို မရှိဘူး၊ အခု လူတွေ သုံးနေတဲ့ ရေတွေက ရေပုပ် ရေသိုးတွေပဲ၊ ခင်ဗျား စက်ရေတွင်း အဖြစ် ပြောင်းလဲဖို့ လုပ်တဲ့ အခါ မှာ ဒီရေပုပ် ရေသိုးတွေကို သုံးဖို့တော့ ကျွန်တော် မထောက်ခံနိုင်ဘူး၊ ဒီအရပ် က ဆေးဘက်ဆိုင်ရာ လူကြီးများနှင့် ပတ်သက်လို့ ပြောရရင်တော့ ဒေါက်တာ ရေ့၊ ဒီတောင်ကြားမှာ ရှိနေတဲ့ ဆရာဝန်တွေဟာ အားလုံးလိုလို အစုတ်အပြတ် တွေ ဖွတ်ကျားတွေချည်းပဲ'

'အဲဒီ အစုတ်အပြတ် ဖွတ်ကျားတွေထဲမှာ ခင်ဗျားလည်း အပါအဝင် ဆိုပါတော့ ဟုတ်လား'

'အား သိပ်ပါတာပေါ့၊ အသေအချာ ပါတာပေါ့'

ဒင်နီက ခေါင်းတဆတ်ဆတ် ညိတ်သည်။ ထိုနောက် အင်ဒရူး၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်ကာ ငြိမ်နေပြန်သည်။ သူ့မျက်နှာပေါ်ဝယ်



www.burmeseclassic.com

www.burmeseclassic.com


သရော် ပြောင်လှောင်လိုသည့် အရိပ် လက္ခဏာများ မရှိတော့ပေ။

သူ့မျက်နှာတွင် တစ်စုံတစ်ခုပေါ် မကျေနပ်သော၊ စိတ်နာကြည်းသော၊ ရွံရှာ စက်ဆုပ်သော အသွင်များသာလျှင် ထင်ထင်ရှားရှား ပေါ်လာနေသည်။ ယခုတစ်ကြိမ် စကား ပြောသည့် အခါ သူ့အသံသည် တည်ငြိမ်လာသည်။ စိတ်ချဉ်ပေါက်သံ ပါနေသေးသော်လည်း ပြောပုံ ဆိုပုံက အလေးအနက် ဖြစ်လာလေသည်။

'ဒီမှာ မေဆန်၊ ကျုပ် နားလည်တာက ခင်ဗျားဟာ လန်ဒန်မြို့ပေါ်က လူသိများတဲ့ ဆရာဝန်တွေနှင့် ခွဲစိတ်ကု ဆရာဝန်တွေ နေတဲ့ ဟာလေလမ်းကို ရောက်ဖို့ အတွက် အခုမှ ခရီးအစ ရှိပါသေးတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ လောလောဆယ် ဒီအရပ် ဒီဒေသနှင့် ပတ်သက်ပြီး ခင်ဗျား သိထားသင့်တဲ့ အချက် နှစ်ချက် ရှိနေတယ်၊ ကျုပ်ကတော့ ပြောသင့်တယ် ထင်လို့ ပြောတာပါ၊ ဆရာဝန် တစ်ယောက် အနေနှင့် ကရုဏာတရား အပြည့်အဝ ထားပြီး စိတ်စေတနာ ဖြူဖြူစင်စင် ကောင်းကောင်းမွန်မွန်နှင့် ကုမယ် ဆိုတဲ့ စိတ်ကူးယဉ် အိပ်မက်မျိုးနှင့်တော့ ဒီအရပ်မှာ အလုပ် လုပ်လို့ မရဘူး ဆိုတာ ခင်ဗျား တွေ့လာပါလိမ့်မယ်၊ ဒီမြို့မှာ ဆေးရုံလည်း မရှိဘူး၊ လူနာတင်ကားလည်း မရှိဘူး၊ ဓာတ်မှန်ရိုက် ကိရိယာလည်း မရှိဘူး၊ အိုဗျာ... ဘာဆို ဘာမှ မရှိဘူး၊ ခင်ဗျား အနေနှင့် ခွဲဖို့ စိတ်ဖို့ ရှိလာရင် လူနာကို သူ့အိမ်ထဲက မီးဖိုခန်းထဲမှာ ရှိတဲ့ စားပွဲပေါ် တင်ပြီး ခွဲရမယ်၊ ခွဲစိတ်ပြီးရင် 'ခင်ဗျား လက်ကို အိုးခွက် ပန်းကန် ဆေးကြောတဲ့ ခွက်ထဲမှာ ဆေးရမယ်၊ ရေကလည်း မသန့်ဘူး၊ ဒီအရပ်မှာ ပတ်ဝန်းကျင် သန့်ရှင်းရေး ဆိုတာက အင်မတန်မှ စိတ်ပျက်စရာ ကောင်းတဲ့ အခြေအနေ၊ နွေရာသီ ရောက်ပြီ ဆိုရင် ဝမ်းရောဂါနှင့် သေကြတဲ့ ကလေးတွေဟာ ယင်ကောင်တွေ ကျနေတာပဲ၊ ခင်ဗျားရဲ့ ဆရာဝန်ကြီး ဒေါက်တာ ပိတ်ချ်ဟာ အလွန်တော်တဲ့ လက်ဟောင်း ဆရာဝန်ကြီး တစ်ယောက်ပေါ့ ဗျာ၊ ဒါပေမဲ့ ခင်ဗျား သိတဲ့ အတိုင်းပဲ၊ အခု ဆိုရင် သူ့ခမျာမှာ အလုပ် ပင်ပန်းတဲ့ ဒဏ်ကြောင့် ဗုန်းဗုန်းလဲနေပြီး ဘယ်တော့မှ အလုပ် ပြန်လုပ်နိုင်မှာ မဟုတ်တော့ဘူး၊ ကျုပ်ရဲ့ ဆရာ ဒေါက်တာ နီကိုကတော့ ငွေနောက် တကောက်ကောက် လိုက်နေတဲ့ ဝမ်းဆွဲသည်ကြီး ဖြစ်နေပြီ။

'အဆုတ်ရောဂါကု ဆရာဝန် ဆိုတဲ့ ဒေါက်တာ ဘရမ်းဝဲလ်ကတော့ စာအုပ်ထဲကဟာတွေကို အလွတ်ကျက်ထားပြီး ပြန်ရွတ်ပြတတ်တာက လွဲလို့ လက်တွေ့ ဘာမှ မလုပ်တတ်ဘူး၊ ဒေါက်တာ ဗီးလစ် ဒင်နီ ဆိုတဲ့ ကျုပ်က



တော့ အတင်းအဖျင်း ပြောတဲ့ နေရာလောက်မှာပဲ အသုံးကျတယ်၊ အဲ... အရက်ကိုတော့ဖြင့် ငါးတစ်ကောင် ရေသောက်သလို သောက်နိုင်တယ်၊ ခင်ဗျားရဲ့ ဆေးစပ်သမား ဒေး ဂျင်ကင်းကတော့ သူ ချမ်းသာဖို့ ကုန်ကူးနေတဲ့ အကောင်ပဲ၊ အဲ... တစ်ခါတလေတော့လည်း ဖျားနာလာတဲ့ အမျိုးသမီးတွေကို ဆေးလုံးကလေးတွေတော့ နည်းနည်းပါးပါး ပေးတတ်ပါရဲ့၊ အေးလေ၊ ကျုပ်တတော့ ကျုပ်တို့ဆီက လူတွေ အကြောင်း ကျုပ် သိထားသလောက် ပြောပြတာပါ၊ ကဲ လာဟေ့၊ ဟော့ကင်း၊ တို့များ ပြန်ကြစို့'

ဒင်နီသည် သူ့ခွေး ဟော့ကင်းကို ခေါ်ကာ တံခါးပေါက်ဆီသို့ လျှောက်သွားသည်။ တံခါးပေါက် ရောက်ခါမှပင် ခေါင်းတစ်ချက် ငဲ့စောင်းကာ အင်ဒရူးအား ပြန်ကြည့်လိုက်သည်။ ထို့နောက် စားပွဲပေါ်မှ ဆေးပုလင်းကို တစ်ချက်မျှ ငဲ့၍ ကြည့်လိုက်ပြန်လေသည်။

'ကျွန်တော်သာ ခင်ဗျား နေရာမှာ လုပ်ရရင်တော့ ဂလိုင်ဒါးရပ်မှာ မကြာ မကြာ ဖြစ်တတ်တဲ့ တိုက်ဖွိုက် ရောဂါ (အူရောင်ငန်းဖျား) ကို သတိထားမှာပဲ၊ ဖျားတဲ့ လူတိုင်းကိုတော့ တိုက်ဖွိုက်ဖျားလို့ မပြောနိုင်ဘူးပေါ့လေ၊ ဒါပေမဲ့ ဖြစ်ဖို့ကတော့ များနေတယ်'

တံခါးပေါက်မှ ခေါင်းလောင်းသည် တင်ခနဲ မြည်လာသည်။ အင်ဒရူး ဘာမှ မပြောနိုင်မီ ဒေါက်တာ ဗီးလစ် ဒင်နီနှင့် သူ့ခွေး ဟော့ကင်းတို့သည် မိုးရေ စိုစွတ်လျက် ရှိသော အမှောင်ထု အတွင်းသို့ တိုးဝင် ပျောက်ကွယ်သွားကြလေ၏။


www.burmeseclassic.com

www.burmeseclassic.com

[၃]

အင်ဒရူးသည် ထိုညက တစ်ညလုံးလိုလိုပင် အိပ်မပျော်ခဲ့ပေ။ မညီမညွတ် ရှိလှသော သားမွေး အိပ်ရာခင်းပေါ်ဝယ် တလူးလူး တလိမ့်လိမ့်ဖြင့် အချိန်ကုန်ခဲ့ရ၏။ သူ သွားရောက် ကြည့်ရှုခဲ့ရသည့် ဂလိုင်ဒါးရပ်မှ လူနာနှင့် ပတ်သက်၍ စိတ်မအေး ဖြစ်နေမိ၏။ လူနာ၏ ရောဂါသည် တိုက်ဖွိုက် ရောဂါများ ဖြစ်နေမလား။

ညက ဒင်နီ ပြန်ခါနီး ပြောသွားသော စကားကြောင့် သူ့ရင်ထဲဝယ် သံသယဝင်လျက် ရှိသည်။ စိတ်ထဲတွင် မရေမရာ ဖြစ်ကာ ဝေခွဲမရနိုင်အောင် ဖြစ်လျက် ရှိနေလေ၏။

လူနာကို အကြိမ်ကြိမ် အထပ်ထပ် စစ်ဆေးပါလျက်နှင့် တစ်နေရာရာတွင် ချွတ်ချော်ကာ အရေးကြီးသည့် ရောဂါ လက္ခဏာများကို မမြင် မတွေ့ခဲ့လေသလားဟု တွေးလိုက်မိသော အခါ ပို၍ ထိတ်လန့်တကြား ဖြစ်မိလေ၏။ ထို့ကြောင့်လည်း ဂလိုင်ဒါးရပ်မှ လူနာကို ထပ်မံ စစ်ဆေးလိုသည့် ဆောဖြင့် အိပ်ရာမှ အစောကြီး ထခဲ့လေသည်။

တကယ်တော့ အင်ဒရူး မေဆန်သည် အလွန် စိတ်ဓာတ် ပြင်းပြ ထက်သန်သူ တစ်ဦး ဖြစ်၏။ ယင်းစိတ်ဓာတ်သည် သူ့မိခင်ထံမှ အမွေ ဆက်ခံခဲ့ခြင်း ဖြစ်လိမ့်မည်ဟု သူ ယုံကြည်မိ၏။ သူ့မိခင်သည် စကော့တလန် တောင်ပေါ်သူ တစ်ဦး ဖြစ်ရာ ငယ်စဉ်တောင်ကျေး ကလေးဘဝတည်းက အမြဲတစေ နှင်းမြူများ ပိတ်ဆိုင်းနေတတ်သော ကောင်းကင်ယံကြားမှ ထွက်ပြူလာမည့် နေရောင်ခြည်ကို စိတ်ရှည်လက်ရှည် စောင့်မျှော်ခဲ့ရသူ ဖြစ်ပေသည်။

ဖိုက်ဖ်ရှိုင်းယားနယ်မှ လယ်သမား တစ်ဦးမျှသာ ဖြစ်သော သူ့ဖခင်



www.burmeseclassic.com

www.burmeseclassic.com

ဂျွန် မေဆန်သည်လည်း အလွန် စိတ်ဓာတ် ကြံ့ခိုင်သူ တစ်ဦးပင် ဖြစ်လေသည်။ လုံ့လ ဝီရိယကလည်း ကောင်း၍ အလုပ်ကို ဖြည်းဖြည်း မှန်မှန်နှင့် စနစ်တကျ လုပ်ကိုင်တတ်သူ တစ်ဦး ဖြစ်၏။ သို့သော်လည်း ကံမကောင်း အကြောင်း မသင့်သဖြင့် သူပိုင်မြေကို ဖြစ်ထွန်း အောင်မြင်သည် အထိ မလုပ်နိုင်ခဲ့ရှာချေ။ ပထမ ကမ္ဘာစစ်ကြီး ပြီးခါနီးအလို နောက်ဆုံးနှစ်တွင် ရီယို မင်နရီဘက်၌ ဖြစ်ပွားသည့် တိုက်ပွဲ တစ်ခု၌ ကျဆုံးသွားသည့် အခါ သူ၏ လယ်ယာ လုပ်ငန်း တစ်ခုလုံးသည် ဖရိုဖရဲ ဖြစ်လျက် ကျန်ရစ်ခဲ့လေ၏။

ဇနီးဖြစ်သူ ဂျက်ဆီ မေဆန်သည် ခင်ပွန်းသည် ထားခဲ့သော လယ်ယာ လုပ်ငန်းကို ပြန်လည် ထူထောင်နိုင်ရန် တစ်နှစ်နီးပါးမျှ ရုန်းကန် လှုပ်ရှားခဲ့ရရှာ၏။ နို့စားနွားမ မွေးမြူရေး ခြံတစ်ခြံ အဖြစ် ပြုပြင် ပြောင်းလဲရန် အတွက် အလွန်မှပင် အဆင်းရဲ အပင်ပန်းခံ၍ လုပ်ကိုင်ခဲ့ရရှာလေသည်။

ထိုအချိန်က ကျောင်းသား ပေါက်စမျှသာ ရှိသေးသော သား ဖြစ်သူ အင်ဒရူး မေဆန်အား စာကျက်ချိန် အပြည့်အဝ ရစေလိုသဖြင့် ခြံလုပ်ငန်းတွင် ဘာတစ်ခုမှ မလုပ်ခိုင်းခဲ့ပေ။ နွားနို့ ပို့ရာမှာပင်လျှင် သူမ ကိုယ်တိုင် တစ်အိမ်ဝင် တစ်အိမ်ထွက် လိုက်ပို့ခဲ့၏။ နောက်ဆုံးတွင် နှစ်ကာလ အတန်ကြာမျှ ခံစားခဲ့ရသော ချောင်းဆိုး ဝေဒနာသည် ပို၍ ဆိုးရွားလာပြီး ရုတ်တရက် ဝင်ရောက် စွဲကပ်လာသော အဆုတ်ရောဂါ ဝေဒနာ၏ ဖိစီးမှုကို အပြင်းအထန် ခံရကာ ကွယ်လွန်ခဲ့ရရှာလေ၏။

အင်ဒရူး မေဆန်၏ အထီးကျန် ဘဝသည် သူ အသက် ဆယ့်ရှစ်နှစ် အရွယ်တွင် အစပြုခဲ့လေ၏။ ထိုအချိန်တွင် သူသည် စိန့် အင်ဒရူး တက္ကသိုလ်၏ ပထမနှစ် ကျောင်းသား တစ်ဦး ဖြစ်နေခဲ့လေပြီ။ တစ်နှစ်လျှင် ပေါင် လေးဆယ်မျှသာ ရသော စကော့လားရှစ် ပညာသင်ဆု ဝင်ငွေမှ တစ်ပါး အခြား ဝင်ငွေ ဆို၍ တစ်ပဲနီမျှပင် မရှိခဲ့ပေ။ သူ အားကိုးအားထား ပြုခဲ့ရသည့် တစ်ခုတည်းသော ကယ်တင်ရှင်မှာ ကွယ်လွန်လေပြီ ဖြစ်သော စကော့ အမျိုးသား ဆာ အင်ဒရူး ဂလင်း တည်ထောင် ဖွဲ့စည်းထားသည့် 'စကော့ ပညာသင် စရိတ်ငွေ ထောက်ပံ့ရေး အဖွဲ့' သာလျှင် ဖြစ်ပေသည်။

ပညာသင် အဖွဲ့၏ ထောက်ပံ့ကြေး ပေးပုံကလည်း တစ်မျိုး ဖြစ်၏။ ဆင်းရဲ နွမ်းပါး၍ ပညာသင် စရိတ် အတွက် အခက်အခဲ ဖြစ်နေသော ကျောင်းသားများထဲမှ ခရစ်ယာန် အမည် 'အင်ဒရူး' ပါသူများသည် တစ်နှစ်လျှင် ပေါင် ငါးဆယ်ထက် မပိုသော ငွေကို ငါးနှစ်တိတိ ချေးယူခွင့် ရသည်။ ယင်း





ချေးငွေကို ကျောင်းမှ ထွက်၍ အလုပ်အကိုင်နှင့် ဖြစ်လာသည့် အခါကျမှ အရစ်ကျ စနစ်ဖြင့် ပြန်လည် ပေးဆပ်ရလေသည်။

ဂလင်း ပညာသင်စရိတ် ထောက်ပံ့ရေး အဖွဲ့မှ ရသည့် ချေးငွေဖြင့်ပင် အင်ဒရူး မေဆန်သည် စိန့် အင်ဒရူး တက္ကသိုလ်၌ ဆင်းရဲ ချို့တဲ့စွာဖြင့် ပညာသင်ကြားခဲ့ရပြီးနောက် ဒန်ဒီမြို့ရှိ ဆေးကျောင်းသို့ ဆက်လက် တက်ရောက်ခဲ့ရ၏။

ကျောင်းမှ ထွက်သည့် အခါ ပညာသင် ချေးငွေကို ပြန်လည် ပေးဆပ်ရမည့် တာဝန်က ရှိနေပြန်သဖြင့် သူသည် အခကြေးငွေ အမြင့်ဆုံး ရနိုင်သည့် လက်ထောက် ဆရာဝန် အလုပ်ကို လက်ခံပြီး တောင်ပိုင်း ဝေလ ပြည်နယ် အတွင်းရှိ ဤဒေသသို့ ယခုလို ရောက်လာခဲ့ရခြင်း ဖြစ်လေသည်။

သူ ရရှိမည့် လစာမှာ တစ်နှစ်လျှင် ပေါင် ၂၅၀ ဖြစ်ရာ ဆေးကျောင်းမှ ထွက်စ ဆရာဝန် တစ်ဦးအဖို့ အများဆုံး ရသည့် လစာငွေ ဖြစ်ပေသည်။ သူ့အနေဖြင့် လစာငွေကို မက်မော၍သာ ဤဒေသသို့ လာခဲ့ရခြင်း ဖြစ်၏။ အမှန်တကယ် သူ လုပ်ချင်သည့် အလုပ်မှာ အီဒင်ဘာရာမြို့ ဆေးရုံကြီးမှ ဆေးခန်း တာဝန်ခံ ဆရာဝန် အလုပ်သာ ဖြစ်သည်။ သို့သော်လည်း ဆေးခန်း တာဝန်ခံ၏ လစာမှာ သူ ယခု လုပ်နေသည့် လက်ထောက် ဆရာဝန် အလုပ်မှ ရမည့် လစာငွေ၏ ဆယ်ပုံ တစ်ပုံသာလျှင် ချီးမြှင့် ထောက်ပံ့ငွေ အဖြစ် ရမည် ဖြစ်သဖြင့် မိမိ လုပ်ချင်နေသော ထိုအလုပ်ကို မျက်စိမှိတ်၍ စွန့်လွှတ်ခဲ့ရခြင်း ဖြစ်လေသည်။

ယခု ဆိုလျှင် သူသည် ဒရင်းဖီးမြို့၌ အလုပ် ဝင်နေရပေပြီ။ ယနေ့ နက် အိပ်ရာမှ စောစောစီးစီး ထကာ ယမန်နေ့ညက စစ်ဆေးခဲ့ရသည့် လူနာ အတွက် သောက များနေသဖြင့် မုတ်ဆိတ်ကို ကပျာကသီ ရိတ်ကာ အဝတ်အစား အလျင်အမြန် လဲနေရလေသည်။

သူသည် အင်နီ ပြင်ပေးသော နံနက်စာကို ကတိုက်ကရိုက် စားကာ သူ့ အခန်းဆီသို့ ပြေးပြန်သည်။ သူ့ လက်ဆွဲအိတ်ထဲမှ သားရေအိတ်ပြားကလေးကို ထုတ်ယူသည်။ ဤအိတ်ပြားလေးထဲတွင် ဟန်းတား ရွှေတံဆိပ်ကလေး ရှိလေသည်။

စိန့် အင်ဒရူး တက္ကသိုလ်ဝယ် ဆေးခန်း ဆေးဝါး ကုသမှု ပညာမှ အထူးချွန်ဆုံးသော ကျောင်းသားများအား ဟန်းတား ရွှေတံဆိပ်ကို နှစ်စဉ် ချီးမြှင့်သည်။ အင်ဒရူး မေဆန်သည် အထူးချွန်ဆုံးသော ကျောင်းသား တစ်ဦး


www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ဖြင့် ယင်း ရွှေတံဆိပ်ကို ရခဲ့၏။ သူ အမြတ်နိုးဆုံးနှင့် အတွယ်တာဆုံးသော ပစ္စည်း တစ်ခုကို ပြပါဟု ဆိုလာပါမူ ဤ ရွှေတံဆိပ်ကိုပင် ပြရပေလိမ့်မည်။ သူပိုင် ပစ္စည်းများထဲတွင် မည်သည့် ပစ္စည်းနှင့်မှ နှိုင်းယှဉ်၍ မရလောက်အောင် မြတ်နိုးသော ပစ္စည်းပေတည်း။

အင်ဒရူးသည် ဟန်းတား ရွှေတံဆိပ်ကို သူ၏ အဆောင် ပစ္စည်း တစ်ခုသဖွယ် မှတ်ယူထားခဲ့သည်။ သူ၏ အနာဂတ် ကာလ အတွက် လမ်းပြသဖွယ် ယူဆထားခဲ့သည်။ စိတ်အားငယ်လာပြီ ဆိုလျှင် ဤ ရွှေတံဆိပ်ကို ကြည့်၍ အားတက်ခဲ့ရ၏။

သို့သော်...

ယနေ့မနက် ရွှေတံဆိပ်ကလေးကို ထုတ်ယူ၍ ကြည့်သည့် အခါ ယခင်ကလို ဂုဏ်ယူ ဝင့်ကြွားလိုစိတ် ပေါ်မလာချေ။ စိတ်ထဲမှ ခံစားချက် တစ်မျိုးဖြင့် တွေတွေငေးငေး ကြည့်နေမိလေ၏။

ယခုတစ်ကြိမ် ရွှေတံဆိပ်ကို ကြည့်ရသည်မှာ သူ့ကိုယ်သူ ယုံကြည်မှု ပြန်လည် ရရှိအောင် မနည်းအားတင်းကာ ကြိုးစားနေရသကဲ့သို့ ဖြစ်နေပေသည်။

ထို့နောက် သူသည် နံနက်ပိုင်း လုပ်ဆောင်ရမည့် တာဝန် အတွက် ဆေးခန်းဆီသို့ ခပ်သုတ်သုတ် ဆင်းလာခဲ့လေ၏။

အင်ဒရူး ရောက်ချိန်တွင် ဆေးစပ်သမား ဒေး ဂျင်ကင်းသည် ဆေးခန်းထဲ၌ အလုပ် လုပ်နေပေပြီ။ ဒေး ဂျင်ကင်းသည် ရေဘုံပိုင်မှ ရေကို မြေအိုးကြီး တစ်လုံးနှင့် ခံလျက် ရှိလေသည်။

ဒေး ဂျင်ကင်း၏ ပုံပန်းမှာ ပိန်ပိန်ပါးပါးနှင့် သွက်လက် ချက်ချာပုံရသည်။ ပါးချောင် နားချောင် ခပ်ကျုကျုနှင့် မျက်လုံးအစုံမှာ ဂနာမငြိမ်လှသော်လည်း စူးရှသည်။ ခပ်ကျယ်ကျယ် ဘောင်းဘီသည် သူ၏ ပိန်လှီသော ခြေတံများနှင့် လိုက်ဖက်ညီလှပေသည်။

အင်ဒရူး ဆေးခန်းထဲသို့ ဝင်လာသည်ကို မြင်သောအခါ လိုက်လိုက်လျောလျောပင် ဆီးကြို နှုတ်ဆက်လေသည်။

'ဒီလောက် စောစောစီးစီး လာဖို့ မလိုပါဘူး ဒေါက်တာ မေဆန်။ လူနာဟောင်းတွေ ဆေးပေးတာနှင့် ခွင့်ထောက်ခံစာ ပေးတာတွေကို ကျွန်တော် ကြိုပြီး လုပ်ထားလို့ ရပါတယ်၊ မစ္စ ပိတ်ချ်က ဒေါက်တာ ပိတ်ချ်ရဲ့ လက်မှတ် တံဆိပ်တုံး တစ်ခု လုပ်ပေးထားပါတယ်၊ ဒေါက်တာ ပိတ်ချ်





ဆေးခန်း မလာနိုင်တဲ့ အခါ သုံးဖို့ပေါ့လေ'

'ကျေးဇူးတင်ပါတယ် ဂျင်ကင်း၊ လူနာတွေကို ကျွန်တော် ကိုယ်တိုင် ကြည့်ချင်လို့ စောစော လာတာပါ' ဟု အင်ဒရူးက ဖြေသည်။ သူသည် ဂျင်ကင်း၏ လုပ်ပုံ ကိုင်ပုံကို ကြည့်ကာ စိတ်မအေး ဖြစ်လာမိပြန်လေ၏။ 'ဘယ်လို စိတ်ကူးနှင့် ဒီရေတွေကို ယူနေရတာလဲ' ဟုလည်း မေးလိုက်မိလေ၏။

ဂျင်ကင်းကမူ မျက်စိတစ်ဖက် မှိတ်ပြလိုက်ပြီး 'ဒီဘုံပိုင်က ရေက ပိုပြီး အရသာ ရှိတယ် ဒေါက်တာ၊ ကျွန်တော်တို့ကတော့ ဘယ်နေရာက ရေဟာ ပိုကောင်းတယ် ဆိုတာ သိနေတယ်၊ လူနာတွေကတော့ မသိကြပါဘူး၊ သူတို့က ဟိုဘက်မှာ တန်းစီပြီး ရပ်စောင့်ကြ၊ ကျွန်တော်က သူတို့ ဆေးပုလင်းတွေထဲကို အခုလို ခံထားတဲ့ ဘုံပိုင်ရေ ဖြည့်ပေး၊ ဘယ့်နှယ်လဲ ဒေါက်တာ၊ ကျွန်တော့် အလုပ်က မကြောင်လွန်းဘူးလား' ဟု ပြောလေ၏။

ဂျင်ကင်းက စကားကို ဆက်ပြောရန် ဟန်ပြင်နေခိုက်မှာပင် ကိုက်လေး ငါးဆယ်ခန့် ဝေးသော အိမ်နောက်ဖေးဘက်ဆီမှ သြဇာသံ အာဏာသံ အပြည့်ပါသော ခပ်မာမာ ခပ်တင်းတင်း အသံ တစ်သံကြောင့် တန့်ခနဲ ဖြစ်သွားလေသည်။

'ဂျင်ကင်း ဂျင်ကင်း၊ အခု ချက်ချင်း လာခဲ့စမ်း၊ အခု ချက်ချင်း'

ဂျင်ကင်းသည် ထိုင်ရာမှ ခုန်၍ ထလိုက်သည်။

'ကျွန်တော့်ကို ခွင့်ပြုပါ ဒေါက်တာ၊ မစ္စ ပိတ်ချ် ခေါ်နေလို့ပါ၊ သူ ခေါ်ရင် ပြေးမှ ပြေးမှ'

ကံအားလျော်စွာပင် ထိုနေ့ မနက်က လူနာ မများလှပေ။ နံနက် ၁၀ နာရီခွဲခန့်တွင် လူနာ ကုန်သွားသဖြင့် ချက်ချင်းပင် ဂျင်ကင်း သွားရောက်ကြည့်ရှု ကုသပေးနေရသော လူနာ စာရင်းကို ယူပြီး သောမတ်၏ မြင်းလှည်းဖြင့် လူနာကြည့် ထွက်ခဲ့သည်။ မြင်းလှည်းကို အိမ်အမှတ် ခုနစ်၊ ဂလိုင်ဒါးရပ်သို့ အလျင်ဆုံး မောင်းစေလေသည်။

မိနစ် နှစ်ဆယ်ခန့် အကြာတွင် အင်ဒရူးသည် အမှတ် ခုနစ် အိမ်မှ ပြန်ထွက်လာသည်။ သူ့မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်လျက် ရှိလေသည်။ နှုတ်ခမ်းကို တင်းကျပ်စွာ စေ့ထားသည်။ သူ့မျက်နှာသည် စိတ်မချမ်းမြေ့ခြင်းကို ဖော်ပြလျက် ရှိပေသည်။

လူနာ စာရင်းတွင် ပါသည့်အတိုင်း အမှတ် ခုနစ် နေအိမ်နှင့် နှစ်အိမ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရှိ အမှတ် ၁၁ အိမ်သို့ သွားသည်။ အမှတ် ၁၁ အိမ်မှ နေ၍ လမ်းမကြီးကို ဖြတ်ကူးကာ အမှတ် ၁၈ အိမ်သို့ သွားပြန်သည်။ အမှတ် ၁၈ အိမ်မှ တစ်ဖန် လမ်းထောင့်ကို ချိုးကွေ့ကာ ရက်ဒနော ရပ်ကွက် အတွင်းသို့ ဝင်၍ မနေ့ကမှ ဂျင်ကင်း ကြည့်ထားသော လူနာ နှစ်ဦးကို ဝင်ကြည့်သည်။ တစ်နာရီခန့် အတွင်းမှာပင် လူနာ ခုနစ်ဦးမျှ ကြည့်ရှုပြီးခဲ့လေပြီ။

သူ ကြည့်ရှုခဲ့သည့် လူနာ ခုနစ်ဦး အနက် ဂလိုင်ဒါးရပ် အိမ်အမှတ် ခုနစ်မှ လူနာ အပါအဝင် ငါးဦးသည် တိုက်ဖွိုက် ရောဂါ ဖြစ်နေကြသည်မှာ သံသယ ဖြစ်ဖွယ်ရာ မလိုတော့ပေ။ လွန်ခဲ့သော ၁၀ ရက် အတွင်းက ဤလူနာများကို ဂျင်ကင်းက တာဝန်ယူ ကြည့်ရှု ကုသပေးခဲ့သည်။ လူနာများအား ဂျင်ကင်း ပေးခဲ့သည့် ဆေးများမှာ အနာတခြား ဆေးတခြား ဖြစ်နေပေသည်။

လွန်ခဲ့သော ညက အဖြစ်မှာ လူနာအား စမ်းသပ် စစ်ဆေးရာ၌ အလွဲလွဲ အမှားမှား ဖြစ်ခဲ့ရ၍ စိတ်သောက မအေးရုံမျှသာ ဖြစ်သည်။ ယနေ့ နံနက်တွင် တွေ့ရသည့် ကိစ္စမှာမူ ကြောက်မက်ဖွယ် ကောင်းသည့် အခြေအနေမျိုး ဖြစ်၏။ တိုက်ဖွိုက် ခေါ် အူရောင်ငန်းဖျား ရောဂါသည် လူတစ်ယောက်မှ တစ်ယောက်သို့ ကူးစက်စ ပြုလျက် ရှိနေပေပြီ။ ဆရာဝန် တစ်ယောက် အနေဖြင့် မသေးငယ်လှသည့် တာဝန်ကြီး တစ်ခုဖြင့် ရင်ဆိုင်နေရပေပြီ။

သူသည် အထိတ်တလန့် ဖြစ်သော စိတ်ဖြင့် ဤလူနာများကို လှည့်လည် ကြည့်ရှုပြီးသော် အိမ်သို့ ပြန်လာခဲ့လေ၏။

နေ့လယ်စာ စားချိန်တွင် မစ္စ ပိတ်ချ်နှင့် ဆုံမိကြပြန်ရာ မစ္စ ပိတ်ချ်က ငါးကြော် တစ်ပန်းကန်ကို အင်ဒရူးရှေ့၌ ချပေးပြီး 'ဒေါက်တာ ပိတ်ချ်အတွက် ကြော်ထားတာ လက်ဖျားနှင့်တောင် မတို့လို့ ရှင့်အတွက် ထားလိုက်တယ်' ဟု ပြောသည်။ အင်ဒရူးကမူ မစ္စ ပိတ်ချ်၏ စကားတွင် စိတ်မဝင်စားနိုင်ပေ။ လောလောဆယ် သူ ရင်ဆိုင်နေရသည့် တိုက်ဖွိုက် ရောဂါ ပြဿနာအတွက် ပူပန်လျက် ရှိသဖြင့် တိတ်တိတ်ဆိတ်ဆိတ်ပင် ချပေးသမျှကို စားနေလေ့သည်။

ထိုပြဿနာနှင့် ပတ်သက်၍ မစ္စ ပိတ်ချ်ကို အားကိုး၍လည်း ရနိုင်မည် မထင်ပေ။ အကယ်၍ ဖွင့်တိုင်ပင်ပါကလည်း မစ္စ ပိတ်ချ်ထံမှ အကူအညီ အကြံဉာဏ် ရချင်မှ ရပေလိမ့်မည်။ ရသည့်တိုင်အောင်လည်း သူ့ အတွက် အထောက်အကူ ဖြစ်ချင်မှ ဖြစ်ပေမည်။ မစ္စ ပိတ်ချ်ထံမှ ကိုယ်ထိလက်ရောက်





အကူအညီမျိုး ရဖို့ ဆိုသည်ကတော့ မျှော်လင့်၍ မဖြစ်နိုင်သည့် ကိစ္စ တစ်ခုသာ ဖြစ်လေသည်။

နောက်ဆုံးတွင် ဤပြဿနာကို ဒေါက်တာ ပိတ်ချ်အား ဖွင့်ဟ ပြောပြီး အကြံဉာဏ် တောင်းခံခြင်းသာလျှင် အကောင်းဆုံး ဖြစ်လိမ့်မည်ဟု ဆုံးဖြတ်လိုက်လေ၏။

သူ ဒေါက်တာ ပိတ်ချ် အခန်းသို့ တက်သွားသော အခါ တစ်ခန်းလုံး ခန်းဆီးများ ချထားသည်ကို တွေ့ရ၏။ ဒေါက်တာ ပိတ်ချ်မှာမူ ခေါင်းကိုက်သဖြင့် အိပ်ရာထက်တွင် မှိန်းနေရှာသည်။ အဆမတန် ကိုက်နေသော ခေါင်းကိုက် ဝေဒနာကြောင့် မျက်နှာမှာ ရှုံ့မဲ့လျက် ရှိလေသည်။

အင်ဒရူး ဝင်လာသည်ကို မြင်သောအခါ သူ့အနီးတွင် ဝင်၍ ထိုင်ရန် မျက်နှာရိပ် မျက်နှာကဲ ပြသည်။ အင်ဒရူးသည် ဒေါက်တာ ပိတ်ချ်၏ အနီးတွင် ကပ်၍ ထိုင်ချလိုက်ရင်းက ယခုလို အချိန်အခါမျိုးတွင် ပြဿနာကို ပြောပြပါက စိတ်ဒုက္ခ ရောက်အောင် လုပ်သလို ဖြစ်နေမလားဟု တွေးကာ ပြောမထွက်ဘဲ ဖြစ်နေပြန်လေ၏။

သူသည် မိနစ် အနည်းငယ်ကြာမျှ ထိုင်နေသော်လည်း သူ ပြောချင်သည့် ကိစ္စကို မပြောနိုင်ဘဲ ချီတုံချတုံ ဖြစ်လျက် ရှိ၏။ နောက်ဆုံး ပြန်တော့မည်ဟု အထတွင် ပြောဖြစ်လေတော့သည်။

'ကျွန်တော်တို့ဆီမှာ ကူးစက်ရောဂါ တစ်ခု ဖြစ်လာပြီ ဆိုရင် ဘယ်လို လုပ်ရမလဲ ဒေါက်တာ၊ ဘယ်လို လုပ်ရင် အကောင်းဆုံး ဖြစ်မလဲ'

ဒေါက်တာ ပိတ်ချ်က ချက်ချင်း အဖြေ မပေးချေ။ အတန်ကြာမျှ မျက်လုံးများကို မှိတ်ကာ စဉ်းစားနေသည်။

'အေးကွယ်၊ အဲဒီလိုဟာမျိုး ဖြစ်လာရင်တော့ လုပ်ရ ကိုင်ရတာ မလွယ်လှဘူး၊ ဖြစ်လာတိုင်း အခက်အခဲတွေနှင့် ကြုံရတာချည်းပဲ၊ တို့ဆီမှာ ဆေးရုံက မရှိတော့ ရောဂါ ဖြစ်နေတဲ့ လူနာတွေကို သီးခြား ခွဲထားဖို့ကလည်း မဖြစ်နိုင်ဘူး၊ တစ်ခုတော့ ရှိတယ်၊ ကူးစက်ရောဂါ ဖြစ်လာလို့ မင်းအနေနှင့် မနိုင်မနင်း ဖြစ်လာမယ့် အခြေအနေမျိုး ရင်ဆိုင်လာရရင်တော့ တိုနီဂလန်က ဒေါက်တာ ဂရမ်ဖ်ဆီ ဖုန်းဆက်ပြီး ပြောပြပေါ့၊ တိုနီဂလန်မြို့က ဒီကနေ ၁၅ မိုင်လောက် ဝေးတယ်၊ ဒေါက်တာ ဂရမ်ဖ်ကတော့ ခရိုင် ကျန်းမာရေး အရာ ရှိပဲ၊ ဒါပေမဲ့…'

ဒေါက်တာ ပိတ်ချ်သည် ပြောလက်စ စကားကို မဆက်သေးဘဲ အတန်



www.burmeseclassic.com

www.burmeseclassic.com

ကြာမျှ ရပ်နေသေးသည်။ ပြီးမှ 'ကျုပ် စိုးရိမ်နေတာက ဒေါက်တာ ဂရမ်ဖ်က လည်း မင့် အတွက် သိပ်ပြီး အကူအညီရမယ့် လူတော့ မဟုတ်ဘူး' ဟု ပြောလေသည်။

အင်ဒရူးသည် အောက်ထပ် ဧည့်ခန်းဆီသို့ ကပျာကယာ ဆင်းလာခဲ့ပြီး ချက်ချင်းပင် တိုနီဂလန်သို့ ဖုန်းဆက်သည်။ တယ်လီဖုန်းကို ကိုင်၍ တစ်ဖက်မှ ထူးသံကို နားစွင့်နေခိုက်တွင် သူ့အား မီးဖို တံခါးဝမှ ရပ်ကြည့်နေသော အင်နီအား လှမ်းမြင်နေရသည်။

'ဟဲလို ဟဲလို၊ အခု စကားပြောနေတာ ဘယ်သူလဲ၊ ဒေါက်တာ ဂရမ်ဖ် ပါလား ခင်ဗျာ'

'ဟဲလို ဒေါက်တာ ဂရမ်ဖ်နှင့် စကားပြောချင်တာ ဘယ်သူလဲ'

တစ်ဖက်မှ အသံမှာ ယောကျ်ား တစ်ဦး၏ အသံဖြစ်သည်။ တစ်စုံ တစ်ခုသော အကြောင်းကြောင့် စကားကို သတိထား၍ ပြောနေပုံ ပေါ်လေသည်။

'ဟုတ်ကဲ့၊ အခု စကားပြောနေတာ ဒရင်းဖီးမြို့ကပါ၊ ဒေါက်တာ မေဆန်ပါ၊ ကျွန်တော် ဒေါက်တာ ပိတ်ချ်ရဲ့ လက်ထောက် ဆရာဝန်ပါ၊ ကျွန်တော့်ဆီမှာ တိုက်ဖွိုက် ရောဂါ ဖြစ်နေပါတယ်၊ အခု လောလောဆယ် ရောဂါသည် လူနာ ငါးဦး ရှိနေပါတယ်၊ ဒေါက်တာ ဂရမ်ဖ် ကိုယ်တိုင် အမြန်ဆုံး လာပြီး ကြည့်ပေးစေချင်ပါတယ်'

တယ်လီဖုန်းလိုင်းက မကောင်းသဖြင့် အော်၍ ပြောရသည် ဖြစ်ရာ အင်ဒရူး မေဆန်၏ အသံမှာ ဧည့်ခန်းထဲဝယ် ကျယ်လောင် စူးရှစွာ ထွက်ပေါ်လျက် ရှိ၏။

တစ်ဖက်မှ အသံရှင်သည် အတန်ကြာမျှ ငြိမ်ဆိတ်နေသည်။ ပြီးမှ 'ကျွန်တော် ဝမ်းနည်းပါတယ် ဒေါက်တာ မေဆန်၊ ဒေါက်တာ ဂရမ်ဖ် မရှိပါဘူး၊ အရေးကြီးတဲ့ အလုပ်တာဝန်နှင့် ဆွမ်ဆီးကို သွားနေပါတယ်' ဟု ဖြေလေသည်။

အသံသည် စောစောကလို မာဆတ်ဆတ် မဟုတ်တော့ပေ။ နူးညံ့ သိမ်မွေ့ပြီး ပျော့ပျောင်းလာသည်။ စကားပြောပုံကလည်း ခပ်ဝဲဝဲနှင့် ဝေလ နယ်သား စကားပြောသံမျိုး ဖြစ်သည်။

'ဒေါက်တာ ဂရမ်ဖ် ဘယ်နေ့ ပြန်ရောက်ပါမလဲ'

အင်ဒရူးက အော်၍ မေးလေသည်။





'ဘယ်နေ့ ပြန်ရောက်မယ် ဆိုတာလည်း အတိအကျ မပြောတတ်ပါဘူး ခင်ဗျာ'

'ဒီလိုဆိုရင် ကျွန်တော် တစ်ခုလောက် ပြောပါရစေ၊ တစ်ဆိတ် ကျေးဇူးပြုပြီး နားထောင်'

အင်ဒရူး စကားမဆုံးသေးမီ တစ်ဖက်မှ တယ်လီဖုန်း ချသံ ကြားလိုက်ရ၏။ မခံချိ မခံသာ ဖြစ်နေမိသော အင်ဒရူးသည် သူ့ စိတ်ထဲ ရှိသမျှကို ပြောချလိုက်မိလေ၏။

'ဘယ်နည်းနှင့်မဆို အခု စကားပြောနေတဲ့ လူဟာ ဂရမ်ဖ် ကိုယ်တိုင်ပဲ ဖြစ်ရမယ်'

သူသည် မကျေမချမ်း စိတ်ဖြင့် စောစောက နံပါတ်ကို ပြန်လှည့်သည်။ တစ်ဖက်မှ လုံးဝ မထူးတော့ပေ။ ဒေါပွပွနှင့် နောက်တစ်ကြိမ် ထပ်လှည့်ရန် ဟန်ပြင်နေခိုက်တွင် မိမိထံသို့ လျှောက်လာနေသော အင်နီကို မြင်လိုက်သဖြင့် စောင့်နေလေ၏။

အင်နီမှာ အသက် ၄၀ ခန့် ရှိပြီး အလွန် သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် နေတတ်သူ ဖြစ်သည်။ ယဉ်ကျေး သိမ်မွေ့စွာ ပြောဆို ဆက်ဆံတတ်သော အမူအကျင့်လည်း ရှိလေသည်။

'ကျွန်မ မပြောဘဲ မနေနိုင်လို့ ပြောပြတာပါနော်၊ ဒီလို အချိန်မှာ ဒေါက်တာ ဂရမ်ဖ်ဟာ တိုနီဂလန်မှာ ဘယ်တော့မှ မရှိဘူး၊ အခုလို မွန်းလွဲပိုင်း ဆိုရင် ဆွမ်ဆီး သွားပြီး ဂေါက်သီး ရိုက်နေတာ များတယ်'

အင်ဒရူး၏ ဒေါသသည် ပေါက်ကွဲလေတော့သည်။

'ကျွန်တော်လည်း ထင်ပါတယ်၊ စောစောက ကျွန်တော်နှင့် စကားပြောသွားတဲ့ လူဟာ သူကိုယ်တိုင် ဖြစ်မှာပါ'

အင်နီက ပြုံးလေသည်။

'ဟုတ်ချင်လည်း ဟုတ်မှာပေါ့ ဒေါက်တာ၊ သူ ဆွမ်ဆီး မသွားလည်း ဆွမ်ဆီး သွားတယ်လို့ လိမ်ပြီး အပြောခိုင်းတာကို ကျွန်မ ကြားခဲ့ဖူးတယ်'

အင်နီသည် မေဆန်အား ရင်းနှီး ခင်မင်သော အပြုံးဖြင့် ကြည့်နေရင်းမှ 'ကျွန်မသာ ဆိုရင်တော့ ဒေါက်တာ ဂရမ်ဖ်နှင့် အဆက်အသွယ် ရဖို့ အတွက် တန်ဖိုးရှိတဲ့ အချိန်တွေကို အကုန် မခံနိုင်ပါဘူး ရှင်' ဟု ပြောကာ ထွက်သွားလေ၏။

အင်ဒရူးသည် လက်ထဲမှ တယ်လီဖုန်းကို ပြန်ချိတ်ထားလိုက်ပြီး စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှလည်း ဒေါက်တာ ဂရမ်ဖ်အား ကျိတ်၍ ကျိန်ဆဲရင်း သူ၏ လူနာများထဲ ဒုတိယ အကြိမ် ထပ်သွားပြန်သည်။ လူနာများထံမှ ပြန်လာသည့် အခါ ညနေပိုင်း ဆေးခန်းဖွင့်ချိန် ရောက်နေပေပြီ။ တစ်နာရီခွဲခန့်မျှ ဆေးခန်းထဲ ထိုင်ကာ အလုပ်နှင့် နပန်းလုံးရပြန်လေသည်။

အခန်းက ခပ်ကျဉ်းကျဉ်း၊ လူနာက အပြည့်မို့ တစ်ခန်းလုံး အနံ့ မျိုးစုံလျက် ရှိသည်။ ချွေးနံ့များသည် မခံမရပ်နိုင်အောင် ရှိလှချေသည်။

အလုပ်သမား လူနာများထဲတွင် ဒူးနာသူ၊ ထိခိုက်မိ၍ ဒဏ်ရာ ရလာသူ၊ နှာစေး ချောင်းဆိုး ဖြစ်သူ စသည်ဖြင့် ရောဂါ မျိုးစုံ ဖြစ်သည်။ သူတို့၏ ဇနီး သားသမီးများမှာလည်း ချောင်းဆိုး၍၊ အအေးမိ၍၊ အကြောအဆစ် မျက်၍၊ ခေါင်းကိုက်၍ စသည်ဖြင့် နေ့စဉ်နှင့် အမျှ ဖြစ်တတ်သည့် အသေးအဖွဲ ရောဂါ ဝေဒနာများကို လာ၍ ပြောပြခြင်း ဖြစ်ပေသည်။

အင်ဒရူးသည် လူနာမျိုးစုံ ရောဂါမျိုးစုံကို စမ်းသပ် ကုသပေးနေရ လျှင် အလွန် ပျော်သည်။ ပင်ပန်းသည် ဟူ၍ မထင်မှတ်ပေ။ နေဒဏ်၊ လေ ဒဏ်၊ မိုးဒဏ်ကို ခံထားရသဖြင့် ညိုမောင်းမောင်း အသားအရေနှင့် အလွန် ရိုးသား၍ ဗဟုသုတ နည်းပါးကြရှာသော ဤ အလုပ်သမားများအား ဆေး ကုသ ပေးနေရခြင်းသည် သူ့ အရည်အချင်း၊ သူ့ အရည်အသွေးကို တိုးတက် လာအောင် လုပ်နေခြင်းပင် ဖြစ်သည်ဟု သူ ခံယူထားသည်။ တကယ်တော့ သူတို့ တစ်တွေအား စမ်းသပ်နေခြင်း၊ ကုသပေးနေခြင်းသည် သူ အလုပ်သင် နေခြင်းပင် ဖြစ်သည် မဟုတ်ပါလား။

သို့သော်လည်း ယနေ့ ညနေပိုင်းတွင် သူ့ အလုပ်တွင် သူ စိတ်မဝင် စားနိုင်လောက်အောင် ဖြစ်လျက် ရှိ၏။ မနက်ပိုင်းက ကြုံတွေ့ခဲ့သည့် ပြဿနာကိုသာလျှင် စိတ်က စွဲလျက် ရှိသဖြင့် ရောဂါ အသေးအဖွဲများနှင့် အချိန်ကုန်နေရသည့် မိမိ၏ အဖြစ်ကို သည်းမခံနိုင်အောင် ဖြစ်လျက် ရှိပေ သည်။

လူနာ အတွက် ဆေးစာ ရေးရင်း၊ လူနာ၏ ရင်ဘတ်ကို စမ်းသပ်ရင်း၊ ဘယ်လိုနေ ဘယ်လိုထိုင် ဆေးကို ဘယ်လိုသောက်ဟု အကြံပေးရင်းကပင် တိုက်ဖွိုက် ရောဂါသည်များကိုသာ သတိရနေမိသည်။ တစ်ချိန်လုံး ထိုကိစ္စ ကိုသာ စဉ်းစား တွေးတောနေမိသည်။ တစ်စုံတစ်ခုတော့ မလုပ်၍ မဖြစ်။ လုပ်မှ ဖြစ်ပေတော့မည်။

ဘာလုပ်ရမည်နည်း။





‘ဒီကိစ္စကို အစ ဖော်ပေးတာ ဘယ်သူလဲ၊ သူပဲ၊ ပုံပန်းကတော့ အတော် ချဉ်စရာ ကောင်းတဲ့ ငနဲပဲ၊ တကယ်ကို စက်ဆုပ်စရာ အော့နှလုံးနာစရာ ကောင်းတဲ့ အကောင်မျိုးပဲ၊ ဒါပေမဲ့ ငါ ဘာလုပ်ရမလဲ၊ သူ့ဆီကိုပဲ သွားရမှာပဲ၊ သူနှင့်ပဲ တိုင်ပင်ပြီး လုပ်မှ ဖြစ်မှာပဲ’

လူနာ ကုန်ချိန်တွင် ကိုးနာရီခွဲလေပြီ။

နောက်ဆုံး လူနာ အခန်းထဲမှ ထွက်သွားလျှင် သွားချင်း သူသည် ကျဉ်းမြောင်း လှောင်ပိတ်နေသော အခန်းတွင်းမှ ထွက်လာခဲ့သည်။ သူ့ မျက်လုံးများသည် တစ်စုံတစ်ခုကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ထားပြီး ဖြစ်ကြောင်း ဖော်ပြလျက် ရှိလေသည်။

‘ဒီမှာ ဂျင်ကင်း၊ ဒေါက်တာ ဒင်နီ ဘယ်မှာ နေသလဲ’

နောက်ထပ် လူနာ ဝင်လာမည်ကို ကြောက်နေသည့်အလား ဆေးခန်း တံခါးကို ကသောကမျော ပိတ်၍ သော့ခတ်နေသော ဂျင်ကင်းသည် အင်ဒရူး အား အလန့်တကြား မော့ကြည့်သည်။ သူ့မျက်နှာပေါ်ဝယ် စိုးရိမ်ခြင်း မကင်းသော အမူအရာကို မြင်နေရလေသည်။

‘ဒေါက်တာ့ အနေနှင့် အဲဒီလူကို ဆက်သွယ်ဖို့ မသင့်ဘူး ထင်တယ်၊ အဲဒီလူကို မစ္စ ပိတ်ချ်က လုံးလုံး သဘောမကျဘူး’

အင်ဒရူးက တိုတိုပြတ်ပြတ်ပင် ပြန်မေးသည်။

‘မစ္စ ပိတ်ချ်က ဘာကြောင့် သဘောမကျတာလဲ၊ ဆိုစမ်းပါဦး’

‘ဟာ... အဲဒီလူက ဆက်ဆံရေး မကောင်းဘူး၊ အတော်ရိုင်းတဲ့ လူ တစ်ယောက်ပဲ၊ ဒီတစ်ချက်နှင့်ပဲ လူတိုင်းက သူ့ကို သဘောမကျကြတာ၊ မစ္စ ပိတ်ချ်ကလည်း ဒါကြောင့် မကြိုက်တာပဲ’

ဂျင်ကင်းသည် သူ သိသမျှကို ပြောပြနေရင်းက မေဆန်၏ အရိပ်အကဲ ကို တစ်ချက်မျှ ကြည့်လိုက်ပြီး ဆက်ပြောသည်။

‘ဒေါက်တာ့ အနေနှင့် သိမှ ဖြစ်မယ် ဆိုရင်လည်း ကျွန်တော် ပြောပါ့ မယ်၊ သူက အမှတ် ၄၉ ချက်ပဲလ်လမ်းက မစ္စက် ဆီးဂါးဆီမှာ အခန်း ငှား နေပါတယ်’

အင်ဒရူးသည် အိမ်မှ ထွက်လာခဲ့ပြန်လေ၏။

သူ့အနေဖြင့် ယနေ့ တစ်နေ့လုံး နားရသေးသည် မရှိ။ ပင်ပန်းလှပြီ ဖြစ်သော်လည်း တာဝန်သိမှု စိတ်ကြောင့် ပင်ပန်းရမှန်း မသိချေ။ တိုက်ဖွိုက် လူနာများ၏ ပြဿနာသည် သူ့ ပခုံးထက်တွင် ဝန်ထုပ် ဝန်ပိုးကြီး တစ်ခု



www.burmeseclassic.com

www.burmeseclassic.com

သဖွယ် ပိလျက်ရှိသည်။ ချက်ပဲလ်လမ်းသို့ ရောက်၍ ဒင်နီ တစ်ယောက် အိမ်တွင် ရှိနေကြောင်း သိလိုက်ရသည့် အခါ စိတ် အတော် ပေါ့ပါးသွားသည်။ အိမ်ရှင် မစ္စက် ဆီးဂါးကပင် သူ့အား ဒင်နီထံ ပို့ပေးလေသည်။

ဒင်နီသည် သူ့ကို မြင်လိုက်သည့်အခါ အံ့အားသင့်သွားပုံ ရ၏။ သို့သော်လည်း အံ့အားသင့်သည့် အရိပ် လက္ခဏာကို မပြချေ။ သူ့အား စူးစူးရဲရဲ ကြည့်၍ 'ဘယ်လိုလဲ၊ အခုချိန်ထိတော့ ခင်ဗျား လူမသတ်ခဲ့သေးဘူး မဟုတ်လား' ဟု မေးလိုက်လေ၏။

ဖရိုဖရဲ နိုင်လွန်းလှသော ဧည့်ခန်း၏ တံခါးဝတွင် ခပ်ငူငူ ရပ်နေမိသော အင်ဒရူး၏ မျက်နှာသည် ဒင်နီ၏ မေးခွန်းကြောင့် ရဲခနဲ ဖြစ်သွားသည်။ သို့သော်လည်း ထွက်လာသည့် ဒေါသကို အပြင် မထွက်အောင် ကြိုးစား၍ ချုပ်တည်းထားလေသည်။

'ခင်ဗျား မနေ့က ပြောသွားတာ မှန်တယ်၊ ဖြစ်နေတဲ့ ရောဂါက တိုက်ဖွိုက် ရောဂါပဲ၊ အဲဒီ ရောဂါမှန်း ချက်ချင်း မသိတဲ့ အတွက် ကျွန်တော့်ကိုယ် ကျွန်တော် သေနတ်နှင့် ပစ်သတ်ပြီး သေဖို့တောင် ကောင်းနေတယ်၊ အခု ဆိုရင် ကျွန်တော့်ဆီမှာ တိုက်ဖွိုက် ဖြစ်နေတဲ့ လူနာ ငါးဦးတောင် ရှိနေတယ်၊ ဘယ်လို လုပ်ရမယ် ဆိုတာ အခုအချိန်ထိ စဉ်းစားတုန်းပဲ၊ စဉ်းစားလို့လည်း မရသေးဘူး၊ ကျွန်တော် ခရိုင် ဆရာဝန်ကြီးဆီ ဖုန်းဆက်သေးတယ်၊ စကားတောင်မှ မပြောရဘူး၊ ကျွန်တော် အခု လာတာဟာ ခင်ဗျားဆီက အကြံဉာဏ် လိုချင်လို့ပဲ'

ဒင်နီသည် မီးဖို အနီး၌ ရှိသော သူ ထိုင်နေသည့် ကုလားထိုင်ကို အနည်းငယ် ရွှေ့လိုက်ပြီး ပါးစပ်မှ ဆေးတံကို မချွတ်ဘဲ အင်ဒရူး ပြောသမျှကို နားစိုက်ထောင်နေရာမှ စိတ်ပျက်သည့် အမူအရာဖြင့် လက်တစ်ဖက်ကို မြှောက်၍ ယမ်းလိုက်ရင်း 'ခင်ဗျားကလည်းဗျာ၊ အထဲ ဝင်ထိုင်ဖို့ ကောင်းပါတယ်' ဟု ပြောလိုက်သည်။

ချက်ချင်းပင် တိုး၍ စိတ်မရှည်သလို ဖြစ်သွားကာ 'အိုဗျာ... ခင်ဗျားကလည်း အထဲဝင် ထိုင်စမ်းပါဦး၊ ပရက်စဘီတေးရီးယန်း အလှူခံ ဘုန်းကြီးလို အပေါက်မှာ မတ်တတ်ကြီး ရပ်မနေစမ်းပါနှင့်၊ ကြည့်လို့ မကောင်းပါဘူး၊ လာစမ်းပါ၊ အထဲကို ဝင်စမ်းပါ၊ ဘာသောက်မလဲ၊ အရက် သောက်မလား၊ အင်း ခင်ဗျားပုံက အရက် သောက်မယ့်လူ မဟုတ်ပါဘူး' ဟု ရေရွတ်နေလေ၏။





အင်ဒရူးသည် ဒင်နီ၏ ဖိတ်ခေါ်ချက်အရ လိုက်လျောသည့် သဘောနှင့် ဝင်၍ ထိုင်သော်လည်း မျက်နှာထားကိုမူ မပြင်ချေ။ ခပ်တင်းတင်း ခပ်တည်တည်ပင် လုပ်ထားသည်။ ရင်းနှီး ခင်မင်လိုသည့် အမူအရာကိုလည်း ပြဘဲ သူ့ဘာသာသူ စီးကရက် တစ်လိပ်ကို ထုတ်၍ မီးညှိလေသည်။

ဒင်နီကလည်း ခပ်မှန်မှန် ခပ်အေးအေးပင်။ သူ့ခြေထောက်နားတွင် ဝပ်နေသော သူ့ခွေး ဟော့ကင်းအား ခြေမနှင့် ထိုးဆွနေရင်းက တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေသည်။ မဆန် စီးကရက် တစ်လိပ် ကုန်ခါနီးမှပင် ခေါင်းကို မော့၍ စားပွဲ တစ်လုံးဆီသို့ မေးငေါ့ပြလိုက်ပြီး 'ခင်ဗျား ကြည့်ချင်စိတ် ရှိရင် ဟိုဟာကို သွားကြည့်ပါလား' ဟု ပြောလိုက်လေသည်။

စားပွဲပေါ်တွင်ကား မိုက်ကရိုစကုတ် တစ်လုံး ရှိသည်။ အကောင်းစား ဇစ်စ် အမျိုးအစား ဖြစ်၏။ မှန်ချပ်ကလေးများလည်း အသင့် ရှိနေသည်။ အင်ဒရူးသည် မှန်တစ်ချပ်ကို ကောက်ယူ၍ မိုက်ကရိုစကုတ်ထဲသို့ ထိုးသွင်းလိုက်ပြီး စိတ်ပါ လက်ပါ ကြည့်မိလေသည်။ ကူးစက် ရောဂါများကို ဖြန့်ဖြူးနိုင်သည့် ဗက်တီးရီးယား ပိုးမွှားများသည် မှန်ချပ်ပေါ်ဝယ် တလှုပ်လှုပ် တရှုရှုနှင့် အစုလိုက် အပြုံလိုက်ပါတကား။

'ကိုယ့်မှာ ရှိတာကလေးနှင့် ကြံဖန်ပြီး လုပ်ထားတာပဲဗျာ၊ လုပ်ထားတာကတော့ တယ်ပြီး စနစ်မကျပါဘူး' ဟု ဒင်နီက လှမ်းပြောလေသည်။ အင်ဒရူးက ဝေဖန်လိုက်မည်ကို စိုးရွံ့၍ ပြောခြင်း ဖြစ်ဟန်တူ၏။

'ကျွန်တော့်ဟာက စေ့စေ့စပ်စပ် လုပ်ထားတာလည်း မဟုတ်ပါဘူးဗျာ၊ ဖြစ်ကတတ်ဆန်း သဘောပါ၊ ကျွန်တော့်မှာ ဓာတ်ခွဲခန်းလည်း ရှိတာမဟုတ်ဘူး၊ တစ်ခုတော့ ရှိသပေါ့ဗျာ၊ ကျုပ်က ဆရာဝန် တစ်ယောက် ဖြစ်နေတယ် မဟုတ်လား၊ ကျုပ်တို့ရဲ့ လက်ရှိ စနစ်ကြီး အောက်မှာတော့ ခင်ဗျားတို့ ကျွန်တော်တို့ဟာ ဆရာဝန် ဆိုရင် ဘာမဆို အကုန် လုပ်တတ်နေရမယ်လို့ ခံယူရမယ် မဟုတ်လား၊ အဲသလို ဆိုရင်တော့လည်း တစ်မျိုးပေါ့၊ အခု ခင်ဗျား မြင်ခဲ့တဲ့ အတိုင်းပဲ၊ ပိုးတွေကတော့ ဗက်တီးရီးယား ပိုးတွေပဲ၊ သာမန် မျက်စိ နှစ်လုံးနှင့် ကြည့်ရင်တောင်မှ မြင်နိုင်လိမ့်မယ် ထင်တာပဲ၊ ကျုပ်ကတော့ ကိုယ်လုပ်ချင်တာ မဖြစ်တိုင်း ဒီပိုးတွေကို ပေါင်းအိုးထဲ ထည့်ပြီး ပြုတ်ပစ်နေတာပဲ'

ဒင်နီ လုပ်ကိုင်ထားသမျှတွင် စိတ်ဝင်စားနေပြီ ဖြစ်သော အင်ဒရူးက 'ခင်ဗျားမှာရော တိုက်ဖွိုက် လူနာ မရှိဘူးလား' ဟု မေးလေ၏။


www.burmeseclassic.com

www.burmeseclassic.com

'လေးယောက် ရှိတယ်၊ ခင်ဗျာ့ လူတွေနှင့် တစ်ရပ်ကွက်တည်းပဲ၊ ဒီပိုးတွေက ဂလိုင်ဒါး ရပ်ကွက်ရဲ့ ရေတွင်းတွေထဲက လာနေတာပဲဗျာ'

အင်ဒရူးသည် အံ့သြလွန်း၍ ပါးစပ် အဟောင်းသားဖြင့် ဒင်နီအား ငေးကြည့်နေမိ၏။ သူ့တွင် မေးစရာ မေးခွန်းတွေ တစ်ပုံတစ်ခေါင်း ရှိလာသည်။ ဒင်နီ၏ လုပ်ဆောင်ချက်သည် တစ်စုံတစ်ခုသော အတိုင်းအတာ အထိတော့ အဖြေရနေပြီဟု ခန့်မှန်းမိသဖြင့် ဝမ်းသာအားရ ဖြစ်နေမိလေ၏။ အမှန်တော့လည်း ဒင်နီ၏ တွေ့ရှိထားချက်များသည် မကြာမီ ကူးစက် ပြန့်ပွားတတ်သော ကပ်ရောဂါ တစ်ခု ကျရောက်တော့မည်ဟု အတိအကျ ပြောနိုင်လောက်အောင် သေချာနေပြီ ဖြစ်ရာ အဘယ်မှာလျှင် ဝမ်းမသာဘဲ နေနိုင်ပါမည်နည်း။

'ခင်ဗျား သိတဲ့ အတိုင်းပဲ ဒေါက်တာ မေဆန်'

ဒင်နီ၏ အသံမှာ မလိုတမာသံ ပေါက်လာသည်။

'ပါရာတိုက်ဖွိုက်ကတော့ ဒီအရပ်မှာ အနည်းနှင့် အများ ဆိုသလို ကူးစက် ပြန့်ပွားနေတာ ကြာပါပြီ၊ အဲ တစ်နေ့ကျရင်တော့... အဲဒီ တစ်နေ့ဆိုတာကလည်း အမြန်ဆုံး ရောက်လာမှာပါ၊ တစ်နေ့ကျရင်တော့ ကျွန်တော်တို့ ခင်ဗျားတို့ မနိုင်မနင်း ဖြစ်လောက်အောင် ပြန့်ပွားလာမှာ သေချာနေတယ် အဓိက ချွတ်ယွင်းချက်က တခြား မဟုတ်ဘူးဗျ၊ မြေအောက် မိလ္လာပြွန်တွေပဲ သိလား၊ ဒီမြို့ရဲ့ အနိမ့်ပိုင်းကျနေတဲ့ ရေတွင်းတွေထဲကို မိလ္လာပြွန်က အညစ်အကြေး အပုပ်အစပ်တွေ စိမ့်ယိုပြီး ဝင်နေတာ ကြာလှပြီ၊ ကျွန်တော် ဒေါက်တာ ဂရမ်ဖ်ကို ပြောခဲ့တဲ့ အကြိမ်ဟာလည်း မနည်းတော့ဘူး၊ ဒီလူက ပျင်းလည်း ပျင်းတယ်၊ ဖျင်းလည်း ဖျင်းတယ်၊ စေတနာလည်း မရှိဘူး၊ တာဝန်ကို သိပ်ရှောင်တဲ့ လူ၊ ဘာမှ အားကိုးလောက်တဲ့ လူမျိုး မဟုတ်ဘူး၊ အိုဗျာ ရှင်ရှင်း ပြောရရင် အလကား အကောင်၊ နောက်ဆုံးတစ်ကြိမ် ဖုန်းဆက်တုန်းက ကျွန်တော် သူ့ကို ဘာပြောခဲ့တယ် ထင်သလဲ၊ ခင်ဗျားကို လူချင်း တွေ့ရင် လက်သီးနှင့် ဆွဲထိုးမယ်လို့ ပြောခဲ့တယ်၊ ကနေ့ ခင်ဗျား ဖုန်းဆက်တော့ အတွေ့မခံဘဲ ရှောင်နေတာဟာ အဲဒါကြောင့် ဖြစ်ချင်လည်း ဖြစ်မယ်'

'ဒီအတိုင်းသာ ဆိုရင်တော့ ဒီကိစ္စဟာ သိပ်ပြီး အရုပ်ဆိုးတဲ့ ကိစ္စပဲဗျ' ဟု အင်ဒရူးက ညည်းသည်။ ဒင်နီကမူ ပခုံးနှစ်ဖက်ကို တွန့်လိုက်လေသည်။

'ဂရမ်ဖ် ဆိုတဲ့ လူက ကောင်စီကို ဘာပြဿနာမှ မတင်ရဲဘူး၊ တင်ပြလိုက်လို့ ကောင်စီ လူကြီးတွေနှင့် အဆင်မပြေ ဖြစ်ရင် သူ့ရဲ့ လစာကို





အလျှော့ ခံရမှာ အဖြတ် ခံရမှာ သိပ်ကြောက်တယ်လေဗျာ'

နှစ်ယောက်သား ငြိမ်ဆိတ်နေမိကြပြန်လေ၏။

အင်ဒရူးကတော့ ဆက်၍ စကားပြောလိုသေး၏။ ဒင်နီ၏ အပြုအမူများနှင့် အပြောအဆိုများ အပေါ် စောစောက အော့နှလုံးနာခဲ့သော်လည်း ယခုကျတော့ ခင်မင်စဖွယ် ကောင်းသည့် လုပ်ရပ်ကလေးများကို တွေ့လာရသဖြင့် ဆာမိသလို ဖြစ်သွားလေသည်။

ဒင်နီတွင် အေးတိ အေးစက် နေတတ်ခြင်း၊ အဆိုးကိုသာ မြင်တတ်ခြင်း၊ သူတစ်ပါး အပေါ် မယုံကြည်တတ်ခြင်း၊ အပြစ်မြင်လွယ်ခြင်း စသည့် အနိဋ္ဌာရုံ အကျင့်များ ရှိသကဲ့သို့ အားကျဖွယ် ကောင်းသည့် ထူးဆန်းသော အမူအကျင့် စိတ်သဘောထားကောင်းလေးများလည်း ရှိနေသည်ကို သတိပြုလာမိလေ၏။

အင်ဒရူးက ဆက်လက်၍ ထိုင်နေရန် မသင့်တော့ဟု ယူဆမိသဖြင့် ထိုင်ရာမှ ထသည်။ သူ့ရင်တွင်း၌ အမှန် ဖြစ်ပေါ်နေသည့် ခံစားချက်များကို ဖုံးကွယ် မျိုသိပ်ထားလိုက်ကာ သာမန် နှုတ်ဆက်သည့် သဘောဖြင့် ကျေးဇူးတင်ကြောင်း ပြော၍ ပြန်ရန် ပြင်လေသည်။

'အခုလို သိရတာ ကျေးဇူး သိပ်တင်တယ်ဗျာ၊ ကျွန်တော် ဘယ်လောက် အထိ တောင့်ခံနိုင်မလဲ ဆိုတာ စောင့်ကြည့်ဦးပေါ့၊ ကျွန်တော်ကတော့ တတ်နိုင်သရွေ့ လုပ်သွားမှာပဲ၊ ကျွန်တော် သိပ်ပြီး စိုးရိမ်နေတာက ရောဂါရဲ့ အစကို ရှာမတွေ့ဘဲ စမ်းတဝါးဝါး ဖြစ်မှာ တစ်ခုပဲ၊ အခုတော့ ခင်ဗျားက ရောဂါဟာ ရေတွင်းတွေထဲက လာနေတာလို့ အသေအချာ ပြလိုက်တော့ လုပ်စရာ နည်းလမ်း တစ်ခုတော့ ရှာလို့ ရလာတာပေါ့၊ ကျွန်တော်တော့ အခုအချိန်က စပြီး ဂလိုင်ဒါးရပ်က လူတွေ အားလုံး ရေကို ကျိုချက်သောက်ဖို့ ပြောရတော့မှာပဲ'

ဒင်နီကလည်း ထိုင်နေရာမှ ထရပ်ကာ 'ကျိုချက် ပစ်သင့်တာက ရေ မဟုတ်ဘူးဗျ၊ ဒေါက်တာ ဂရမ်ဖ် ဆိုတဲ့ အကောင်' ဟု ဒေါသတကြီးနှင့် ပြောလေသည်။ ထို့နောက် သူ့အကျင့် သူ့ဝသီ အတိုင်း ရယ်စရာလိုလို အတည်လိုလိုနှင့် အင်ဒရူးအား ငေါ့နေပြန်လေ၏။

'အပေါ်ယံ ဝတ်ကျေတမ်းကျေ သဘောနှင့်တော့ ကျွန်တော့်ကို ကျေးဇူးတင်စကား မပြောစေချင်ဘူး ဒေါက်တာ မေဆန်၊ ကျွန်တော် ပြောချင်တာက ဒီပြဿနာ မပြီးမချင်း ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက်


www.burmeseclassic.com

www.burmeseclassic.com

နည်းနည်း သည်းခံပြီး လက်တွဲ လုပ်ကိုင်သွားဖို့ လိုကောင်း လိုပါလိမ့်မယ်၊ ခင်ဗျား ကျွန်တော်နှင့် တွေ့ချင်စိတ် ရှိလာရင် အချိန်မရွေး လာခဲ့ပါ၊ ကျွန်တော် ဖိတ်ခေါ်ပါတယ်၊ အမြဲတမ်း ကြိုဆိုလျက် ဆိုတာ ယုံပါ၊ ဒီအနီးအနား မှာတော့ ကျွန်တော့် အတွက် အပေါင်းအသင်းရယ်လို့ များများစားစား မရှိ ဘူး'

ဒင်နီသည် သူ့ခွေးကို တစ်ချက် ငုံ့ကြည့်လိုက်ပြီး 'စကော့ လူမျိုး ဆရာဝန် တစ်ယောက် ဖြစ်နေပေမဲ့လို့ တို့များကတော့ ကြိုဆိုရမှာပေါ့ကွာ၊ မဟုတ်ဘူးလား ဆာဂျွန်ရယ်' ဟု ပြောပြန်လေသည်။

ဒင်နီ၏ခွေး ဆာဂျွန်ဟော့ကင်းကလည်း သူ့အမြီးကို ယမ်း၍ ပန်းနု ရောင် ပြေးနေသော သူ့လျှာကြီးကို ထုတ်ကာ အင်ဒရူး မေဆန်အား သဘော ကျနေသည့်နှယ် မော့ကြည့်နေလေ၏။

'ရေကို ကျိုချက်၍ သောက်ရမည်' ဟူသော ညွှန်ကြားချက်ကို တင်း တင်းကျပ်ကျပ် ပေးခဲ့ပြီးနောက် ဂလိုင်ဒါးရပ်မှ အိမ်ဘက်သို့ ပြန်လာခဲ့သော အင်ဒရူးသည် သူ့စိတ်က ထင်ထားသလောက် သူ ဒင်နီကို မမုန်းကြောင်း ကောင်းစွာ သိမြင် နားလည်လျက် ရှိလေ၏။



[၄]

အင်ဒရူး မေဆန်သည် ထက်သန်သော စေတနာ၊ ပြင်းထန်သော စိတ်ဓာတ် ဖြင့် ကိုယ်ရော စိတ်ပါ မြှုပ်နှံပြီး တိုက်ဖွိုက် ရောဂါကို တိုက်ခိုက်လေ၏။

သူသည် သူ့အလုပ်ကို မြတ်နိုး တွယ်တာ၍ အလွန် ချစ်ခင်သည် ဖြစ် ရာ သူ့ဘဝ အစတွင် ယခုလို အခြေအနေမျိုးနှင့် ရင်ဆိုင်ရခြင်းသည် သူ အလွန် ကံကောင်းသောကြောင့် ရရှိလာသည့် အခွင့်ကောင်း တစ်ရပ်ဟု ယူဆ လေသည်။ ဤရက်များ အတွင်းတွင် သူသည် အလုပ်ကို မနားမနေ ပြင်းပြင်း ထန်ထန် လုပ်လေသည်။

သူသည် နေ့စဉ် လုပ်ရမည့် လုပ်ရိုး လုပ်စဉ် အလုပ်များကိုလည်း ပစ် မထားချေ။ ထုံးစံအတိုင်း မနက်တစ်ချိန် ညတစ်ချိန် ဆေးခန်းတွင် မှန်မှန် ထိုင်၍ လာသမျှ လူနာများကို စိတ်ပါလက်ပါ ကြည့်ရှု ကုသပေး၏။ အိမ် တိုင်ရာရောက် သွား၍ ကြည့်ရမည့် လူနာများထံသို့လည်း မှန်မှန်ပင် ရောက် အောင် သွားသည်။ ယင်းအလုပ် နှစ်ခု ကြားမှ ရလာသမျှ အားလပ်ချိန် ကာလေးများတွင်လည်း အအား မနေပေ။ တိုက်ဖွိုက် ရောဂါသည် လူနာများ ထံ သွား၍ ကိုယ်ဖိရင်ဖိ ပြုစု ကုသပေးလေသည်။

သူ့အတွက် ပထမဆုံး တိုက်ပွဲဟု ဆိုအပ်သော ဤ တိုက်ပွဲတွင် သူ ကံကောင်းသည်ဟု ဆိုရချေမည်။ လကုန်ရက် နီးလာချိန်တွင် သူ၏ တိုက် ဖွိုက် လူနာ အားလုံးသည် သက်သာ ပျောက်ကင်းလာကြသည်။ ဆက်လက် ၍ ရောဂါ ကူးစက် ပြန့်ပွားခြင်းလည်း မရှိတော့ပေ။ တိုက်ဖွိုက် ရောဂါသည် သူ၏ ထိန်းချုပ်မှု အောက်တွင် ပြားပြားဝပ် ရောက်ရှိလာပြီ ဖြစ်၏။

ကြိုတင် ကာကွယ်သည့် လုပ်ငန်းများ အဖြစ် ရေကို ကျိုချက်၍


www.burmeseclassic.com

www.burmeseclassic.com



သောက်စေခြင်း၊ သန့်သန့်ရှင်းရှင်း နေထိုင်စေခြင်း၊ ရောဂါ ရှိသူများအား ဖြစ်နိုင်သည့် နည်းဖြင့် ခွဲထားခြင်း၊ ကာဘော်လစ်ဆီ ဖျန်းထားသော ခြေသုတ်ဖုံများကို အိမ်အဝင် တံခါးဝတိုင်း၌ ထားစေခြင်း၊ ဒေါက်တာ ပိတ်ချ် အမည်ဖြင့် ကုမ္ပဏီမှ ထုံးဖြူများ မှာယူပြီး အိမ်များ၏ ပတ်ဝန်းကျင်တွင် ဖြူးထားစေခြင်းနှင့် ဂလိုင်ဒါး ရပ်ကွက် အတွင်းရှိ ရေမြောင်းများကို သန့်ရှင်းရေး ပြုလုပ်စေခြင်း စသော လုပ်ငန်းများကို မနားမနေ တင်းတင်းကျပ်ကျပ် လုပ်ဆောင် လိုက်နာစေခဲ့လေသည်။

အင်ဒရူးသည် သူ၏ လုပ်ဆောင်ချက်များ အတွက် စိတ်ထဲက ကျိတ်၍ ဂုဏ်ယူမိလေသည်။ သူ၏ တိုက်ဖွိုက် လူနာများသည် ဒင်နီ၏ လူနာများကဲ့သို့ မဟုတ်ဘဲ မြန်မြန်ဆန်ဆန် သက်သာလာသဖြင့် ဝမ်းသာ အားတက်ခြင်းလည်း ဖြစ်လျက် ရှိလေသည်။

ဒင်နီ တစ်ယောက်မှာမူ ယခု အချိန်ထိ တွေဝေဆဲ ဖြစ်ရာ အင်ဒရူးမေဆန်မှာ အားမလို အားမရ ဖြစ်မိလေ၏။ ရောဂါသည် လူနာများကို ကြည့်ရှု ကုသပေးနေရသူများ ဖြစ်ကြသည့် အားလျော်စွာ နှစ်ယောက်သား မကြာခဏ ဆိုသလို ဆုံမိကြသည်။ ဆုံမိကြတိုင်းလည်း ရောဂါ၏ အခြေအနေကို ဆွေးနွေး ပြောဆိုမိကြလေသည်။

ဒင်နီသည် သူ တတ်အားသရွေ့ လုပ်ကိုင်နေသော်လည်း သူ လုပ်နေရသည့် လုပ်ငန်းအပေါ်တွင် စိတ်ရှိတိုင်း သရော်လိုက် လှောင်လိုက် လုပ်တတ်သည်။ ဤကဲ့သို့ လှောင်ပြောင် သရော်နေရသည်ကိုပင် အကျေနပ်ကြီး ကျေနပ်လျက် ရှိလေသည်။

သူနှင့် မေဆန်သည် အလွန် ကြောက်မက်ဖွယ် ကောင်းသော ကူးစက်ရောဂါကြီး တစ်ခု မပြန့်ပွားရေး စစ်ပွဲကြီးတွင် ဦးဆောင် တိုက်ခိုက်နေကြသော သူရဲကောင်းကြီးများဟု မကြာခဏ ပြောလေ့ရှိ၏။ တစ်ခါတစ်ရံတွင်မူ 'မေ့မသွားနှင့် ဒေါက်တာ မေဆန်၊ ကျုပ်တို့ နှစ်ယောက်ဟာ အလွန် ကြီးကျယ်ပြီး အလွန် မွန်မြတ်တဲ့ လုပ်ငန်းကြီး တစ်ခုကို လုပ်နေကြတာနော်၊ မေ့မသွားနှင့်၊ မေ့မသွားနှင့်' ဟု ပြက်ရယ်ပြုတတ်လေ၏။

မည်သို့ပင် ဖြစ်စေကာမူ ဒင်နီသည် သူ၏ တိုက်ဖွိုက် လူနာများထံ မပြတ် သွားသည်။ လူနာများ၏ ခုတင်ပေါ်တွင် တရင်းတနှီး ဝင်၍ ထိုင်သည်။ လူနာများအား ဂရုတစိုက် ကြည့်ရှု စမ်းသပ်ခြင်း၊ အားပေးခြင်း ပြုသည်။ သူ့ လူနာများကို လက်လွှတ်စပယ် ပစ်ထားခြင်းတော့ မပြုချေ။





အချိန်တွေ ကြာလာသည်နှင့် အမျှ အင်ဒရူးသည် ဒင်နီအပေါ်၌ ယခင်ကထက် တိုး၍ တိုး၍ ခင်မင်လာ၏။ ဒင်နီ၏ ရှက်တတ်ခြင်းနှင့် ရိုးသားဖြောင့်မတ်ခြင်းတို့ကို နှစ်သက်လာမိသလို ဒင်နီ၏ ဘွင်းဘွင်း ပြောတတ်ခြင်းနှင့် သရော်တတ်ခြင်းတို့ကိုပါ သဘောကျ စွဲလမ်းလာမိလေသည်။

တစ်နေ့တွင် အင်ဒရူးသည် ဆေးဘက်ဆိုင်ရာ လမ်းညွှန် စာအုပ်ကြီးတစ်အုပ်ကို အပျင်းပြေ သဘောဖြင့် လှန်လှော ကြည့်ရှုမိသည်။ စာအုပ်ကြီးမှာ လွန်ခဲ့သော ငါးနှစ်ခန့်က ထုတ်ဝေခဲ့သော စာအုပ်ဟောင်းကြီး ဖြစ်၍ ဒေါက်တာ ပိတ်ချ်၏ စာအုပ်စင်ပေါ်မှ တွေ့လာခြင်း ဖြစ်ပေသည်။

စာအုပ်ကြီးကို လှန်၍ အမှတ်မထင် လျှောက်ဖတ်နေရာမှ သူ့အား အံ့အားသင့်စေမည့် အချက် အချို့ကို စာအုပ်ထဲ၌ တွေ့ရလေ၏။ စာအုပ်ထဲ၌ ဖော်ပြထားသည့် အချက်များ အရ ဆိုလျှင် ဒေါက်တာ ဖီးလစ် ဒင်နီသည် ကင်းဘရိတ်နှင့် ရိုင်း တက္ကသိုလ်၏ ဂုဏ်ထူးဆောင် ကျောင်းသား တစ်ဦးဖြစ်ခဲ့ရုံမျှမက ဆေးပညာ မဟာဝိဇ္ဇာဘွဲ့ ဖြစ်သော အင်မ်အက်စ် ဘွဲ့ကိုပင် အင်္ဂလန်မှ ရယူထားသူ ဖြစ်ပေသည်။ ဒင်နီသည် လီးဘိုးရီးမြို့တွင် ဂုဏ်ထူးဆောင် ခွဲစိတ်ကု ဆရာဝန်ကြီး အဖြစ် လုပ်ကိုင်ခဲ့ဖူးကြောင်းကိုလည်း ဖော်ပြထားလေသည်။

နိုဝင်ဘာလ ၁၀ ရက်နေ့ နေ့ခင်းပိုင်းတွင် မမျှော်လင့်ဘဲနှင့် ဒင်နီထံမှ ဖုန်းလာသည်။

'မေဆန်၊ ကျွန်တော် ခင်ဗျားနှင့် တွေ့ချင်တယ်၊ အိမ်ဘက်ကို လျှောက်လာနိုင်ရင် လာခဲ့ပါလား၊ သုံးနာရီထိုးလောက် လာရင် အဆင်ပြေပါတယ်၊ အင်း ကိစ္စကတော့ အရေးကြီးတယ်'

'ကောင်းပြီလေ၊ ကျွန်တော် လာခဲ့မယ်'

အင်ဒရူးသည် နေ့လယ်စာ စားရန် ထမင်းစားခန်းဆီသို့ လျှောက်လာရင်း ဘာကိစ္စများပါလိမ့်ဟု တွေးလာမိသည်။ သူ့အတွက် ချပေးထားသည့် နေ့လယ်စာကို တိတ်ဆိတ် ငြိမ်သက်စွာ စားသောက်နေခိုက်တွင် မစ္စ ပိတ်ချ်၏ မျက်လုံးများသည် သူ့အား သက်ညှာယုယ မကင်းသည့် အမူအရာမျိုးဖြင့် စိုက်၍ ကြည့်လျက် ရှိသည်ကို သတိပြုမိလေ၏။

'စောစောက ရှင့်ဆီ ဖုန်းဆက်တာ ဘယ်သူလဲ၊ ဒင်နီ မဟုတ်လား၊ ရှင် ဒင်နီနှင့် သိပ် မရောပါနှင့် သိလား၊ ဒင်နီ ဆိုတဲ့ လူက သိပ် အသုံးကျတဲ့သူ မဟုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com

အင်ဒရူးကလည်း ဤပြဿနာကို ခပ်တင်းတင်းပင် ရင်ဆိုင်လေသည်။

'ကျွန်တော့် အဖို့တော့ ဒင်နီဟာ အလွန် အသုံးဝင်တဲ့ လူတစ်ယောက် ဖြစ်နေပါတယ်'

'ဒါတော့ ရှင့်သဘောပဲ၊ တွဲချင်လည်း ဆက်တွဲပေါ့၊ ကျွန်မကတော့ လုံးဝ မကြိုက်ဘူး'

မစ္စ ပိတ်ချ်သည် အင်ဒရူး၏ တုံ့ပြန်မှုကို မကျေမနပ် ဖြစ်သွားသည်။ ထို့ကြောင့်လည်း ဒင်နီနှင့် ပတ်သက်၍ သူမ၏ ထင်မြင်ချက်များကို ဆက်ပြောလေတော့သည်။

'ဒင်နီ ဆိုတဲ့ လူက ခပ်ဆန်းဆန်းပဲ၊ သောက်ဆေး ဘယ်တော့မှ မပေးဘူး၊ ဆရာဝန် ဖြစ်နေပြီး ဘာသဘောလဲ မသိဘူး၊ ကျွန်မ အသိ မိဂန်ရိုင်းမော်ဂန် ဆိုတဲ့ အမျိုးသမီး တစ်ယောက် ရှိတယ်၊ သူက သူ့ဘဝ တစ်လျှောက်လုံးမှာ သောက်ဆေးနှင့် နေလာတဲ့ဟာပဲ၊ အဲဒါ ဒင်နီဆီ သွားပြတော့ ရှင့်လူ ဒင်နီက ဘာပြောလိုက်တယ် မှတ်လဲ၊ ခင်ဗျား နေ့စဉ် တောင်ပေါ် အတက်လမ်းကို နှစ်မိုင်လောက် လမ်းလျှောက်ပါ၊ အလကားနေရင်း ဘာမှ အသုံးမကျတဲ့ ဝက်စားခွက် ဆေးထားတဲ့ ရေနှင့် တူတဲ့ ဆေးရည်တွေ သောက်ပြီး ကိုယ့်ကိုယ်ကိုယ် စိတ်ချောက်ချားအောင် လုပ်မနေနှင့်လို့ ပြောလွှတ်လိုက်တယ်၊ ဒီလို ပြောတာ ဘယ်လောက် ရိုင်းစိုင်းသလဲ၊ ရှင် စဉ်းစားကြည့်ပါ။ အခုနက ကျွန်မ ပြောတဲ့ အမျိုးသမီး လူနာ ဒီကို ရောက်လာတော့ ကျွန်မတို့ တပည့် ဂျင်ကင်းက သောက်ဆေးတွေ တစ်ပုလင်းပြီး တစ်ပုလင်း ပေးတာပဲ၊ ကျွန်မ သူများ အကြောင်း မကောင်း မပြောချင်ပါဘူး၊ ဒါပေမဲ့ သူ့ အကြောင်းတော့ ပြောရလိမ့်မယ်၊ ဒီလူဟာ သူများကို လိုက်ပြီး စော်ကားမော်ကား ပြောနေတတ်တဲ့ မကောင်းဆိုးဝါး တစ်ကောင်ပဲ၊ သူ့မှာ မိန်းမ ရှိတယ်လို့လည်း အများက ပြောကြတယ်၊ အတူတူ နေတာလည်း မတွေ့ဘူး၊ ရှင် မတွေ့ဘူးလား၊ အချိန် ရှိသမျှ အရက်ပဲ သောက်နေတဲ့ အရက်သမား သက်သက်ပဲ အမြဲ မူးရူးနေတာပဲ၊ ကျွန်မကတော့ ရှင့်ကို သူနှင့် မတွဲစေချင်ဘူး၊ ရှင်ဟာ ဒေါက်တာ ပိတ်ချ်ရဲ့ ကိုယ်စား အလုပ် လုပ်နေတယ် ဆိုတာ မမေ့စေချင်ဘူး ဒေါက်တာ မေဆန်၊ အဲဒါပဲ'

မစ္စ ပိတ်ချ်၏ စကားများမှာ သူ၏ ကိုယ်ပိုင် အခွင့်အရေးကို ထိပါးသည့် စကားများ ဖြစ်ပေရာ အင်ဒရူးသည် သည်းမခံနိုင်လောက်အောင် ဖြစ်





လာလေ၏။

သူသည် ဒရင်းဖီးကို ရောက်လာသည့် အချိန်မှ စ၍ မစ္စ ပိတ်ချ် ကျေနပ်အောင် တတ်အားသရွေ့ ကြိုးစား လုပ်ကိုင်ပေးခဲ့သည်။ သို့ပါလျက်နှင့်လည်း မစ္စ ပိတ်ချ်မှာ ကျေနပ်သည် မရှိပေ။ သူမ၏ အလိုဆန္ဒများမှာ အကန့်အသတ် ဟူ၍ မရှိတော့သဖြင့် တစ်ဆိတ် လွန်လွန်းလာသည်ဟု ထင်မိလေသည်။

မစ္စ ပိတ်ချ်သည် စိတ်နေသဘောထားလည်း အလွန် အပြောင်းအလဲ မြန်၏။ မှန်လိုက် မမှန်လိုက်၊ ကောင်းလိုက် မကောင်းလိုက်နှင့် ဆက်ဆံရသည်မှာ အလွန် ခက်၏။ မစ္စ ပိတ်ချ် အနေဖြင့် သူမ လိုချင်သမျှကို မရရသည့် နည်းဖြင့် သူ့ထံမှ ညှစ်ထုတ်ယူမည့် သဘောမျိုး ရှိပုံရသည်ဟုပင် တွေးလာမိသည်။ သူမ၏ သဘောထားမှာ ကျွေးသမျှကို စား၍ ပေးသမျှကိုသာ ယူပြီး သူမ၏ အကြိုက်လိုက်၍ နေရမည် ဟူသော သဘောမျိုး ဖြစ်ပေရာ တွေးရင်း တွေးရင်းနှင့် သူ့ဒေါသ သူ မထိန်းနိုင်လောက်အောင် ဖြစ်လာလေ၏။

အမှန် ဆိုလျှင် သူ၏ ပထမလ အတွက် လစာမှာ ယနေ့ထိ မရသေးပေ။ လကုန်၍ သုံးရက်ပင် စွန်းလာခဲ့ပြီ။ သူမ အနေဖြင့် ပေးဖို့တော့ သတိရကောင်း ရပေလိမ့်မည်။ အကြောင်း တစ်ခုခုကြောင့်သာ ယနေ့အထိ မပေးသေးခြင်း ဖြစ်ပေလိမ့်မည်။ သို့သော်လည်း သူ့ဘက်ကတော့ သူ ရစရာရှိသော လစာကို ယနေ့ထိ မရသေးသဖြင့် စိတ်အနှောင့်အယှက် ဖြစ်လျက် ရှိရ၏။

ဒင်နီအား ပယ်ပယ်နယ်နယ် အပုပ်ချလျက် ရှိသော မစ္စ ပိတ်ချ်အား ကြည့်ပြီး အင်ဒရူးမှာ စိတ်ပျက်လာသည်။ မစ္စ ပိတ်ချ်က ဒင်နီအား မကောင်းပြောလေလေ သူက ဒင်နီအပေါ် တိုး၍ တိုး၍သာ အကောင်း ထင်လာလေ ဖြစ်လျက် ရှိ၏။ မစ္စ ပိတ်ချ် ပြောနေသမျှကို နားထောင်ရင်းက စိတ်တိုလာပြီ ဖြစ်သော အင်ဒရူးသည် သူ့ ရင်ထဲ ရှိသမျှကို ဖွင့်ဟလိုက်မိလေတော့၏။

'ကျွန်တော် ရစရာရှိတဲ့ လစာကိုသာ ရရင်တော့ ကျွန်တော်ဟာ ဒေါက်တာ ပိတ်ချ် ကိုယ်စား အလုပ် လုပ်နေပါကလားလို့ သတိရမှာပေါ့ မစ္စ ပိတ်ချ်'

မစ္စ ပိတ်ချ်၏ မျက်နှာမှာ နီမြန်းသွားသည်။ ချက်ချင်းပင် သူမ၏ ခေါင်းကို ခပ်ထောင်ထောင် ခပ်မော့မော့ လုပ်လိုက်ပြီး 'ရှင့် လစာကို ကျွန်မ အခုချက်ချင်း ပေးမယ်' ဟု ဆိုလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်စားပွဲတည်း ထိုင်၍ ဆက်လက် စားသောက်နေကြသော်လည်း နှစ်ယောက်သား စကားမပြောနိုင်ကြတော့ပေ။ မစ္စ ပိတ်ချ်သည် နာလိုခံခက် ဖြစ်နေသည့် မျက်နှာပေးမျိုးဖြင့် ထိုင်လျက်ရှိ၏။ အင်ဒရူးကိုလည်း မကြည့်တော့ချေ။ အင်ဒရူး၏ စကားသည် သူမအား စော်ကားခြင်း တစ်မျိုးပင် ဖြစ်သည်ဟု ယူဆဟန် ရှိလေသည်။

အင်ဒရူးမှာလည်း စိတ် မသက်မသာ ဖြစ်လျက် ရှိသည်။ ဒေါသ အလျောက် စကားကို မဆင်မခြင် ပြောမိခဲ့ပြန်လေပြီ။ ပြောခဲ့သည့် စကားမှာလည်း မစ္စ ပိတ်ချ်အား ထိခိုက်စေလိုသော စိတ်စေတနာမျိုးဖြင့် ပြောခဲ့ခြင်းတော့ မဟုတ်ပေ။ ကိုယ်နှင့် မဆိုင်သော ကိစ္စမျိုးတွင် ဝင်စွက်လာလျှင် မခံချင်တတ်သော သူ့ အကျင့် ဝသီကြောင့်သာ လွတ်ခနဲ ပြောခဲ့မိခြင်း ဖြစ်၏။ ထို အကျင့်စရိုက်သည် သူ့အား အရှုံးဘက်သို့ ပို့လိုက်ပြန်ပြီဟု စိတ်ထဲက သိနေလေ၏။

အင်ဒရူးသည် အစားကို ဆက်၍ စားသောက်နေရင်းကပင် သူနှင့် မစ္စ ပိတ်ချ်တို့၏ ဆက်ဆံရေး အခြေအနေကို မတွေးတောဘဲ မနေနိုင်သဖြင့် တွေးနေမိပြန်လေသည်။

သူ ဘရိုင်း ဂိုးဝါး အိမ်သို့ ရောက်လာခဲ့သည့် ပထမညမှ စ၍ ယနေ့ အချိန်ထိ သူတို့၏ ဆက်ဆံရေးကို ပြန်လှန် စဉ်းစားလိုက်သည့်အခါ တစ်ဦးနှင့် တစ်ဦး လုံးဝ နားလည်မှု မရှိသော အကြောင်းမှာ ထင်ရှားနေပေသည်။ ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ သူ့အပြစ် ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သူသည် အပေါင်းအသင်းဆံ့သူ တစ်ဦး မဟုတ်ပေ။ ပြီးတော့ စိတ်နေ စိတ်ဓာတ်ကလည်း ပြင်းထန်၍ ခေါင်းမာသူ တစ်ဦး ဖြစ်၏။

တကယ်တော့ ဘလောဝင်း ပိတ်ချ်သည် ခင်မင် လေးစားဖွယ် ကောင်းသည့် အမျိုးသမီးကြီး တစ်ဦး ဖြစ်သည်မှာ ယုံမှားဖွယ်ရာ မရှိပေ။ စိတ်နေ သဘောထားမှာလည်း ဆိုးလှသည်ဟု မဆိုသာချေ။ အသုံးအစွဲ အနေအထိုင် ကျစ်လျစ်ပြီး အလွန် စေ့စပ် သေချာသူ တစ်ဦးလည်း ဖြစ်၏။ အချိန်ကိုလည်း အလဟဿ ဖြုန်းတီးတတ်သော ဥဇ္ဈ မရှိပေ။

ဒရင်းဖီး မြို့ပေါ်တွင် မစ္စ ပိတ်ချ်၏ မိတ်ဆွေ အများအပြား ရှိသည် ဖြစ်ရာ လူတိုင်းလိုလိုကပင် မစ္စ ပိတ်ချ် တော်ကြောင်း၊ ကောင်းကြောင်းသာ ပြောကြလေသည်။ သူမ၏ အစ်ကို ဒေါက်တာ ပိတ်ချ် အပေါ်တွင် ချစ်ခင်တွယ်တာသော စိတ်နှင့် ဒေါက်တာ ပိတ်ချ်၏ အလိုကို အကန့်အသတ် မရှိ





လိုက်လျောတတ်သော စိတ်ထားများကြောင့် သူမအား စံပြ အမျိုးသမီးကြီး တစ်ဦးဟုပင် အများက အသိအမှတ် ပြုကြ၏။

မည်သို့ပင် ဖြစ်စေ မစ္စ ပိတ်ချ်သည် အင်ဒရူး အဖို့တော့ ခင်မင် နှစ်လိုဖွယ် ကောင်းသည့် စံပြ အမျိုးသမီးကြီး တစ်ဦး မဟုတ်ပေ။ အလွန် ကပ်စေးနဲ၍ ခြောက်သွေ့သွေ့ နိုင်လွန်းလှသော အပျိုကြီး တစ်ယောက် အဖြစ်သာ မြင်လေသည်။ ပိန်ပိန်လှီလှီနှင့် အသားအရေ ခြောက်ခန်းနေပြီ ဖြစ်သော ဤ အပျိုကြီး၏ အပြုံးသည် အင်ဒရူး အတွက် အသက်ကင်းမဲ့သော အပြုံး ဖြစ်နေလေသည်။

အကယ်၍သာ မစ္စ ပိတ်ချ်သည် အိမ်ထောင်သည် တစ်ဦး ဖြစ်ပါက ခုန်ပေါက် ပြေးလွှား ဆော့ကစား နေကြသော ကလေးငယ်များနှင့် ပျော်ပျော်ပါးပါး နေတတ်သည့် အကျင့် ရှိပေလိမ့်မည်။ ယင်းသို့ ဆိုပါကလည်း မစ္စ ပိတ်ချ်နှင့် ပြောဆို ဆက်ဆံရသည်မှာ ကျေနပ်ဖွယ် ကောင်းပေလိမ့်မည်ဟု သူ တွေးမိလေ၏။

စားသောက် အပြီးတွင် မစ္စ ပိတ်ချ်သည် အင်ဒရူး အလျင် ထမင်းစားခန်းထဲမှ ထွက်သွားသည်။ ခဏမျှ အကြာတွင် အင်ဒရူးအား ဧည့်ခန်းထဲသို့ လာပါဟု ခေါ်သည်။ သူမ၏ စိတ်တွင်းမှ အဘယ်မျှပင် မကျေမနပ် ဖြစ်နေစေကာမူ မျက်နှာကတော့ အပြုံးပန်း ပွင့်ထားလေ၏။

'လာပါ ဒေါက်တာ မေဆန်၊ ရှင့် လစာ လာယူပါ၊ လက်ထောက် ဆရာဝန်တိုင်းလိုလိုပဲ လစာကို ချက်လက်မှတ်နှင့် ပေးတာ မကြိုက်ကြဘူး၊ ငွေသား ပေးတာ ပိုပြီး ကြိုက်ကြတယ်၊ ဒါကြောင့်မို့ ငွေသားပဲ ကျွန်မ ပေးပါမယ်၊ ထိုင်ပါဦး၊ ကျွန်မ ငွေရေလိုက်ပါဦးမယ်'

မစ္စ ပိတ်ချ်သည် သူမ ရင်ခွင်ထဲ၌ တစ်ပေါင်တန် ငွေစက္ကူများ အထပ်လိုက် တင်ထားသည်။ သားရေ လက်ကိုင်အိတ် တစ်လုံးလည်း ချထားသည်။ ငွေစက္ကူများကို တစ်ပေါင်၊ နှစ်ပေါင်၊ သုံးပေါင်၊ လေးပေါင် စသည်ဖြင့် တစ်ရွက်ချင်း ရေတွက်ကာ မေဆန်၏ လက်တွင်းသို့ တစ်ရွက်ချင်း ထည့်ပေးသည်။ ပေါင် နှစ်ဆယ် ပြည့်သွားသည့်အခါ သူမ၏ သားရေအိတ်ကို ဖွင့်၍ ဆယ့်ခြောက် ရှီလင်နှင့် ရှစ် ပဲနိကို အတိအကျ ထုတ်ယူ ရေတွက်ပြီး ပေးလေသည်။

'အခုပေးတာ တစ်လတွက်ပဲ ဒေါက်တာ၊ မှန်ပါသလား၊ ကျွန်မတို့ တစ်နှစ်ကို ပေါင်နှစ်ရာ ငါးဆယ် ပေးဖို့ သဘောတူထားခဲ့တယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'မှန်ပါတယ် ခင်ဗျာ' ဟု အင်ဒရူးက ဖြေသည်။

မစ္စ ပိတ်ချ်သည် အင်ဒရူး မေဆန်အား ခပ်သုန်သုန်မှုန်မှုန် မျက်နှာထားဖြင့် ကြည့်သည်။ ပြီးတော့ 'ကျွန်မ ရှင့်ကို လိမ်ဖို့ ညာဖို့ လှည့်စားဖို့ ဆိုတဲ့ ရည်ရွယ်ချက် မရှိဘူး ဆိုတာ ရှင် သိပြီ မဟုတ်လား ဒေါက်တာ မေဆန်' ဟုလည်း မေးလေသည်။

အင်ဒရူးသည် မခံချိ မခံသာ ဖြစ်ခဲ့သော စိတ်ဖြင့် အိမ်မှ ထွက်လာခဲ့၏။ မစ္စ ပိတ်ချ် လုပ်ပုံ ကိုင်ပုံ၊ ပြောပုံ ဆိုပုံကို မကျေမနပ် ဖြစ်ဆဲပင် ရှိသေး၏။ တကယ်ဆိုတော့လည်း သူမ၏ လုပ်ပုံ ကိုင်ပုံများမှာ သူမဘက်ကနေ ကြည့်လျှင် တရားမျှတမှု ရှိသည်ဟုပင် ဆိုရမလို ဖြစ်နေပေသည်။

အင်ဒရူးသည် စာတိုက်သို့ ရောက်သောအခါ မှတ်ပုံတင် စာအိတ်တစ်လုံး ဝယ်ပြီး ပေါင် နှစ်ဆယ်ကို ထည့်၍ ဂလင်း ပညာသင်စရိတ် ထောက်ပံ့ရေး အဖွဲ့သို့ ပို့လိုက်သည်။ အကြွေများကိုမူ သူ့ အသုံးစရိတ် အဖြစ် ချန်ထားလိုက်လေ၏။

သူ စာတိုက်မှ အထွက်တွင် ဘရမ်းဝဲလ် တစ်ယောက် စာတိုက်ဘက်သို့ လျှောက်လာနေသည်ကို မြင်ရသည်။ ဒေါက်တာ ဘရမ်းဝဲလ် လမ်းလျှောက်ပုံမှာ ဖြည်းဖြည်း မှန်မှန်ဖြစ်၍ မခံ့ညား ခံ့ညားအောင် တမင် ဟန်လုပ်၍ လျှောက်ခြင်း ဖြစ်၏။ ခြေလှမ်းပုံများမှာ ခံ့ညား၍ မဟာဆန်လှပေသည်။ ကိုယ်နေဟန်ထားမှာလည်း တကယ့် လူကြီးလူကောင်းဟန် ပါလှပေသည်။ ဖြူဖွေးနေသော ဆံပင်များသည် မညှပ်ဘဲ ထားသည်မှာ ကြာပြီ ဖြစ်၍ ကုပ်ပေါ်တွင် ဝဲပုံ၍ ကျနေလေသည်။

ဘရမ်းဝဲလ်သည် သူ့ မျက်လုံးများကို သူ့ လက်ထဲမှ စာအုပ်ပေါ်တွင် စူးစိုက်ထားသည်။ သူသည် အင်ဒရူးကို ခပ်လှမ်းလှမ်း ကတည်းက မြင်ခဲ့သည် ဖြစ်ရာ အနီးသို့ ရောက်လျှင် ရောက်ချင်း ဖက်လှဲတကင်း နှုတ်ဆက်လေ၏။

'ဟလို မေဆန် တွေ့ရတာ ဝမ်းသာတယ်၊ လူချင်း မတွေ့ရတာ အတော် ကြာပြီနော်'

အင်ဒရူးကလည်း အပြုံးဖြင့် တုံ့ပြန် နှုတ်ဆက်သည်။ သူနှင့် ဘရမ်းဝဲလ်တို့ ခင်မင်လာခဲ့ကြသည်မှာ ရောက်စကတည်းက ဖြစ်၏။ တကယ်တော့လည်း ဘရမ်းဝဲလ်သည် ဒေါက်တာ နီကိုနှင့် မတူပေ။ သူ ရောက်လာခြင်းကို နှစ်ခြိုက်လိုလားသည့် အမူအရာ ပြခဲ့သည်။ ဘရမ်းဝဲလ်တွင် လူနာ များများ





စားစား မရှိသဖြင့် အခြား ဆရာဝန်တွေလို အလုပ် မများလှပေ။ သူ့တွင် လက်ထောက် ဆရာဝန်လည်း မရှိချေ။ သို့သော်လည်း သူ၏ နေပုံ ထိုင်ပုံ၊ ဝတ်ပုံ စားပုံ၊ ပြုမူ ပြောဆိုပုံများမှာ အထက်တန်းစား ဆိုသည့် လူတွေလို ခမ်းနား ထည်ဝါလွန်းလှသဖြင့် လူ အထင်အမြင်ကြီး ခံရသူ တစ်ဦး ဖြစ်ပေသည်။

ဘရမ်းဝဲလ်သည် လက်ထဲမှ စာအုပ်ကို လက်ညှိုးနှင့် ထိုးသွင်း၍ ပိတ်လိုက်ကာ အားနေသော လက်တစ်ဖက်ကို အရောင်မွဲခြောက်ခြောက် အပေါ်အင်္ကျီ အိတ်ကပ် အတွင်းသို့ ဟန်ပါပါ ထည့်လိုက်သည်။ သူ့ အမူအရာမှာ လမ်းပေါ်က တကယ့်လူနှင့် မတူ၊ ဇာတ်စင်ပေါ်မှ ပြဇာတ် မင်းသားဟန် ဆောက်နေလေသည်။ ထည်ထည်ဝါဝါ နေတတ်ပြီး စကားပြောလျှင် ကြီးကြီးကျယ်ကျယ် ပြောတတ်သော သူ့ အမူအကျင့်ကို မကြိုက်သော ဒင်နီက သူ့ကို အမြဲတစေ ပြောင်လှောင် သရော်တတ်ခြင်းမှာ အံ့ဩဖွယ်ရာ မဟုတ်တော့ပေ။

'ဘယ့်နှယ်လဲ မေဆန်၊ ကျွန်တော်တို့ဆီက လူတွေကို ဘယ်လိုများ ထင်မြင် ယူဆပါသလဲ၊ သဘောကျရဲ့လား၊ ကျွန်တော်ရယ် ကျွန်တော့် ဇနီးရယ် ခင်ဗျားနှင့် ဆုံမိကြတုန်းက ပြောခဲ့ကြဖူးတာကို မှတ်မိသေးလား၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ ခင်ဗျားရဲ့ အမြင်ဟာ ရောက်စတုန်းကလောက်တော့ ဆိုးမယ် မထင်ပါဘူး၊ ကျွန်တော်တို့ဆီမှာလည်း ကျွန်တော်တို့ ယဉ်ကျေးမှုနှင့် ကျွန်တော်တို့ အဆင့်အတန်းနှင့် ရှိနေကြတာပါပဲ၊ ကျွန်တော်တို့ လင်မယားကတော့ အချိန်ရှိသရွေ့ ယဉ်ကျေးမှု ဖွံ့ဖြိုး တိုးတက်လာအောင် အမြဲ ကြိုးစားပြီး လုပ်နေတာပါပဲ၊ တစ်ညနေခင်းလောက် ကျွန်တော်တို့ဘက် လာလည်ခဲ့ပါဦး၊ ဒါနှင့် မေးရဦးမယ်၊ ခင်ဗျား သီချင်းတွေ ဘာတွေ မဆိုတတ်ဘူးလား'

အင်ဒရူးသည် မရယ်မိစေရန် သူ့ကိုယ်သူ မနည်း သတိထားနေရသည်။ ဘရမ်းဝဲလ်ကမူ သူ့ဝသီ အတိုင်း စကားနှ စကားလှများကို သုံးကာ မြှောက်လိုက် ပင့်လိုက် လုပ်နေပြန်လေသည်။

'တိုက်ဖွိုက် ဖြစ်နေတဲ့ လူနာတွေ အတွက် ခင်ဗျားရဲ့ အားကြိုးမာန်တက် ဆောင်ရွက်ချက်တွေကို ကျွန်တော်တို့ ကြားရပါတယ်၊ ဒရင်းဖီးမြို့ကဖြင့် ခင်ဗျားရဲ့ ကြိုးပမ်း လုပ်ဆောင်ချက်တွေ အတွက် ဂုဏ်ယူလို့ကို မဆုံးတော့ပါဘူး၊ အခါအခွင့်များ သင့်မယ် ဆိုရင် ခင်ဗျားရဲ့ လုပ်ငန်းမှာ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော်လည်း ပါဝင် ကူညီချင်ပါတယ်၊ အရေးပေါ် ကိစ္စ ရှိလာလို့ ကျွန်တော် ကူညီနိုင်တာများ ရှိလာရင် မပြောဘဲ မနေပါနှင့် ပြောပါ၊ ကျွန်တော့်ကို ခေါ်သာ ခေါ်ပါ၊ အားမနာပါနှင့်'

အင်ဒရူးသည် စဉ်းစား ချိန်ဆနေလေသည်။

ဒေါက်တာ ဘရမ်းဝဲလ်သည် သူ့ထက် အသက်ကြီး၍ အတွေ့အကြုံ များမည့်သူ ဖြစ်ရာ လူနာ တစ်ယောက်ကို လိုက်ကြည့်ပေးဖို့ ခေါ်ချင်သည်။ တစ်ဖက်ကလည်း အားနာသောစိတ် ဝင်နေသဖြင့် ချီတုံ ချတုံ ဖြစ်လျက် ရှိလေ၏။

'ကျွန်တော် ဒေါက်တာဆီက အကူအညီ တစ်ခုတော့ တောင်းချင်ပါတယ်၊ အားတော့ နာပါရဲ့၊ ဒါပေမဲ့ ကျွန်တော့်ဆီမှာ စိတ်ဝင်စားစရာ ကောင်းတဲ့ လူနာ တစ်ဦး ရှိနေပါတယ်၊ အဆုတ် နှစ်ခုကြားက အကြောတွေ ထိခိုက် ပျက်စီးနေတဲ့ လူနာပါ၊ သူ့အဖြစ်က ဖြစ်ရိုးဖြစ်စဉ်တော့ မဟုတ်ဘူး ခင်ဗျ၊ အတော့်ကို ထူးထူးခြားခြား ဖြစ်တာမျိုးပါ၊ ဒေါက်တာ အားရင် အခုပဲ လိုက်ပြီး ကြည့်ပေးစေချင်ပါတယ်'

'ကောင်းပြီလေ'

ဘရမ်းဝဲလ် အနေဖြင့် လိုက်လိုက်လျောလျော ပြောလိုက်သော်လည်း သိပ်ပြီး စိတ်ပါလက်ပါ ရှိပုံ မရချေ။ တွန့်ဆုတ်ဆုတ် လုပ်နေသည်။ 'ကျွန်တော် လိုက်ကြည့်ရင် ခင်ဗျားကို ဒုက္ခပေးသလိုများ ဖြစ်နေမလားပဲ' ဟုလည်း ပြောနေပြန်လေသည်။

'ဒုက္ခပေးသလို မဖြစ်ပါဘူး ဒေါက်တာ၊ လူနာကလည်း ဒီအနားတင် နေတာပါ၊ ဒေါက်တာ ဒင်နီဆီ မသွားခင် နာရီဝက်လောက် အချိန်ရပါတယ်၊ သွားမယ် ဆိုရင် တစ်မိနစ်လောက် အတွင်း ရောက်နိုင်ပါတယ်'

အင်ဒရူးကလည်း ယဉ်ယဉ်ကျေးကျေးပင် ဖိတ်ခေါ်မိပြန်သည်။

ဘရမ်းဝဲလ်သည် စဉ်းစားသလို လုပ်ကာ ခပ်ဆိုင်းဆိုင်း ဖြစ်နေရာမှ အကြောင်း တစ်ခုခုပြ၍ ငြင်းတော့မည့် ဟန်မျိုး ပေါ်လာပြန်သည်။ နောက်ဆုံးတွင်မူ စိတ်မပါတပါဖြင့် လိုက်ကြည့်ရန် သဘောတူသဖြင့် နှစ်ယောက်သား ဂလိုင်ဒါး ရပ်ကွက်တွင်းရှိ လူနာအိမ်သို့ လျှောက်လာခဲ့ကြလေ၏။

အင်ဒရူး ပြောပြခဲ့သလိုပင် လူနာ၏ ရောဂါမှာ ထူးထူးခြားခြား စိတ်ဝင်စားစရာ ကောင်းသည့် အဖြစ်မျိုး ဖြစ်သည်။ သိုင်းမတ်ဂလင်း မှန်မှန် အလုပ် မလုပ်ခြင်းကြောင့် ဖြစ်ပေါ်လာရသည့် ရောဂါမျိုး ဖြစ်ရာ ဖြစ်ရိုးဖြစ်





စဉ် သာမန် ဖြစ်ရပ်ဟု မဆိုသာချေ။ ယင်း အခြေအနေကို စမ်းသပ် ရှာဖွေ တွေ့ရှိခဲ့ခြင်း အတွက် အင်ဒရူးမှာ များစွာ အားရ ကျေနပ်လျက် ရှိ၏။ သူ၏ တွေ့ရှိချက် အထူးအဆန်းကို အဆုတ်ရောဂါ ကုသရေးတွင် ကျွမ်းကျင်သည်ဟု ဆိုသော ဘရမ်းဝဲလ်အား ပြသကာ သူနှင့် ထပ်တူ ထပ်မျှ ဝမ်းသာစေချင်၏။ ရောဂါ အခြေအနေကို စမ်းသပ် စစ်ဆေးပြီး နှစ်ဦး တိုင်ပင် ညှိနှိုင်း၍ ကုသပေးလို၏။ ဤကား အင်ဒရူး၏ ဆန္ဒပေတည်း။

သို့သော်လည်း ဒေါက်တာ ဘရမ်းဝဲလ် ဘက်က အင်ဒရူး မျှော်လင့် အားထားသလို ဖြစ်မလာပေ။ သူက စိတ်ပါလက်ပါ ရှင်းလင်း ပြောပြနေပါသော်လည်း ဘရမ်းဝဲလ်က နည်းနည်းကလေးမှ စိတ်ဝင်စားသည့် လက္ခဏာ မပြချေ။ အင်ဒရူး နောက်မှ ကပ်၍ တွန့်ဆုတ် တွန့်ဆုတ်ဖြင့် လူနာ၏ အခန်းတွင်းသို့ လိုက်လာခဲ့၏။ နာခေါင်းကို ရှုံ့ချည် ပွချည်လုပ်ကာ မိန်းမ တစ်ယောက် မဝံ့မရဲ လမ်းလျှောက် လာသည့်နှယ် မရဲတရဲ ခြေလှမ်းမျိုးဖြင့် လူနာ ခုတင်ဆီသို့ ခပ်တွန့်တွန့် ချဉ်းကပ်လေသည်။

ဘရမ်းဝဲလ်သည် လူနာနှင့် လက်တကမ်းကွာခန့်မှ ရပ်ကာ လူနာကို ကြည့်လေသည်။ စိတ်ရော ကိုယ်ပါနှင့် ကိုယ်ဖိ ရင်ဖိ စမ်းသပ် စစ်ဆေးဖို့ စိတ်ကူးပင် ထည့်ဟန် မတူပေ။

လူနာအိမ်မှ ပြန်ထွက်လာသည့် အခါမှပင် ဘရမ်းဝဲလ်သည် စိတ်လက် ပေါ့ပါးသွားဟန် တူသည်။ အပြင်ဘက်မှ လေကောင်း လေသန့်ကို အားပါးတရ တစ်ဝကြီး ရှူလိုက်သည်။

'ခင်ဗျားရဲ့ လူနာကို ကြည့်ခွင့်ရတာ သိပ်ဝမ်းသာတယ် မေဆန်၊ ဘာ့ကြောင့်လဲ ဆိုတော့ ပထမ အချက် အနေနှင့် ဆရာဝန် တစ်ယောက်ဟာ လူနာကို ကုသပြီ ဆိုရင် လူနာဆီက ရောဂါ ကူးစက်မယ့် အန္တရာယ်ကို ကြောက်နေလို့ မဖြစ်ဘူး ဆိုတဲ့ အသိ ကျွန်တော် ရလိုက်တယ်၊ ဒုတိယ အချက်ကတော့ သိပ္ပံနည်းကျကျ တိုးတက်မှု တစ်ခုကို လေ့လာခွင့် ရလို့ပါပဲ၊ ယုံချင်ယုံ မယုံချင်နေပါ၊ ကျွန်တော် တွေ့ဖူး မြင်ဖူးခဲ့သမျှ ပန်ကရိရောင် ရောဂါတွေထဲမှာတော့ဖြင့် လေ့လာစရာ အကောင်းဆုံး လူနာ တစ်ဦးပါပဲ'

ပြောပြောဆိုဆိုနှင့်ပင် အင်ဒရူး၏ လက်ကို ဆွဲခါ၍ နှုတ်ဆက်ကာ ကသုတ်ကရက် ထွက်သွားလေတော့၏။ အင်ဒရူးမှာမူ အံ့အားကြီးသင့်ကာ ငေးငေး ဖြစ်၍ ကျန်ရစ်ခဲ့လေ၏။

'ဘယ်လိုများ ဖြစ်တာပါလိမ့်' ဘရမ်းဝဲလ်ကမူ အူမကြီးတွေ ချောင်



www.burmeseclassic.com

www.burmeseclassic.com

သည်ဟု ပြောသွားသည်။ သူ ဘာ့ကြောင့် အခုလို ပြောပါလိမ့်။

အင်ဒရူး ဦးနောက်သည် နောက်ကျို ရှုပ်ထွေးလျက် ရှိလေ၏။

ဤမျှလောက် ဆိုးရွားသော အမှားမျိုးကို ဘရမ်းဝဲလ်လို ဆရာဝန်ကြီး တစ်ဦးက ပြောသွားသဖြင့် အံ့သြမဆုံးနိုင်အောင် ဖြစ်နေမိလေသည်။ ဤအမှားမျိုးကို ပြောသွားခြင်းသည် အပေါ်ယံ ရှုပ်တိုက်၍ ကြည့်ပြီး ဖြီးတတ်ဖြန်းတတ်သော ဘရမ်းဝဲလ်၏ အကျင့် တစ်ခုတည်းကြောင့်တော့ မဖြစ်နိုင်ပေ။ လူနာအား ဂရုတစိုက် စိတ်ပါလက်ပါ စမ်းသပ် စစ်ဆေးခြင်း မပြု၍သာလျှင် ယခုလို အကြီးအကျယ် လွဲမှား ပြောဆိုခြင်း ဖြစ်လိမ့်မည်ဟု ထင်နေမိ၏။

ဒေါက်တာ ဘရမ်းဝဲလ်သည် လူနာတွင် ဖြစ်နေသည့် ရောဂါ၏ အခြေအနေ ဇာစ်မြစ်ကို လုံးဝ ခွဲခြား၍ မသိပါတကား။

အင်ဒရူးသည် စိတ်ပျက်လက်ပျက်နှင့် သူ့နဖူးကို လက်ဖြင့် ပွတ်နေမိသည်။ ဆရာဝန် တစ်ဦး၏ လက်ထဲဝယ် ရာပေါင်းများစွာသော လူသားတို့၏ အသက်များသည် တည်နေ၏။ အကယ်၍ ထိုဆရာဝန်သည် အရည်အချင်း မပြည့်ဝခဲ့ပါမူ...။

ဆေးကုသမှု လုပ်ငန်းဖြင့် အသက်မွေး ဝမ်းကျောင်း ပြုနေသော ဆရာဝန် တစ်ဦးသည် ဗိုက်ထဲတွင် ရှိနေသည့် အူမကြီးများနှင့် ရင်ဘတ်ထဲတွင် ရှိနေသည့် သိုင်းမတ်ဂလင်းတို့ကို ခွဲခြား၍ မသိခြင်းမှာ အံ့သြဖွယ်ကောင်းသည်ထက် ဝမ်းနည်း စိတ်ပျက်ဖို့က ပို၍ ကောင်းသည်ဟုပင် တွေးနေမိလေ၏။

ဘာ့ကြောင့်များ ယခုကဲ့သို့ ဖြစ်ရလေသနည်း။

သေသေချာချာ ဆင်ခြင် စဉ်းစားလိုက်သည့်အခါ ဆရာဝန် လုပ်သူ၏ အလွန် ကြီးမားသော အားနည်းချက်ကြီး တစ်ချက်ကို မြင်လာသည်။ ယင်း အားနည်းချက်သည်ကား အခြား မဟုတ်ပေ၊ လေ့လာမှု နည်းသော အားနည်းချက်ကြီးပင်တည်း။

အင်ဒရူးသည် ဒင်နီ၏ အိမ်ဘက်သို့ လျှောက်လာရင်း ဆေးပညာနှင့် ပတ်သက်၍ သူ၏ ယုံကြည်ချက်၊ သူ၏ အယူအဆတို့သည် ကပြောင်းကပြန် ကျွမ်းထိုးမှောက်ခုံ ဖြစ်ကာ ဖရိုဖရဲနှင့် ပျက်စီးသွားပြီဟု နားလည် နေမိလေ၏။

အင်ဒရူးအနေဖြင့် သူ့ကိုယ်သူ နားလည်ထားသည်မှာ သူသည် ဆေး





ပညာနှင့် ပတ်သက်၍ အရိုးခံသက်သက် ဖြစ်သည်။ လေ့ကျင့် သင်ကြားမှုကို သည်း ပြည့်စုံ လုံလောက်စွာ ရခဲ့သည် မဟုတ်။ သူ့တွင် အတွေ့အကြုံလည်း နည်းသေး။ အတွေ့အကြုံ နည်းပါးမှုကြောင့် သူ့ အနေဖြင့် အမှားပေါင်း များစွာကို လုပ်မိနိုင်သော အခြေအနေ၌ ရှိနေသည်။

ဒေါက်တာ ဘရမ်းဝဲလ်ကား သူနှင့် တူသည် မဟုတ်ပေ။ သူ့လို ဆေးကျောင်းမှ ထွက်စ ဆရာဝန် ပေါက်စ တစ်ယောက် မဟုတ်ပေ။ အတွေ့ အကြုံ များလှပြီ ဖြစ်သော ဆရာဝန်ကြီး တစ်ဦး ဖြစ်သည်။ သို့ပါလျက်နှင့် မမှား သင့်သော ဤအမှားကို ပြုခဲ့၏။ အတွေ့အကြုံ များသူ တစ်ဦး အနေဖြင့် မမှား သင့် မမှားထိုက်သော အမှားမျိုးကို ပြုခြင်းမှာ ခွင့်လွှတ်နိုင်စရာ မရှိဟု သူ ထင်မိလေ၏။

အင်ဒရူးသည် အမှတ်မထင် ဒင်နီ၏ အကျင့် တစ်ခုကို ပြေး၍ သတိရမိသည်။ ဒင်နီသည် ဆရာဝန် တစ်ဦး ဖြစ်ပါလျက်နှင့် မိမိတို့ ဆရာဝန်များကို အခါအခွင့်သင့်တိုင်း သရော်လေ့၊ လှောင်ပြောင်လေ့၊ ရှုတ်ချလေ့ ရှိ၏။ ပထမတော့ ဒင်နီ၏ သရော် လှောင်ပြောင်မှုများကို လွန်လွန်းသည်ဟု ယူဆကာ စိတ်ပျက်ခြင်း ကြီးစွာ ဖြစ်ခဲ့မိ၏။ ကြာရဖန် များလာတော့ ရိုးသလို ဖြစ်လာခဲ့ရ၏။ ယခုတော့လည်း စဉ်းစားစရာ ကောင်းသလို ဖြစ်လာပေပြီ။

ဒင်နီက ဗြိတိန်နိုင်ငံတွင် အရည်အချင်း မပြည့်ဝသော ဆရာဝန်များ ထောင်နှင့်ချီ၍ ရှိနေကြောင်း၊ ဘာမှ မတတ်ပါဘဲနှင့် ထင်ရှား ကျော်ကြားပြီး နာမည်ကြီးနေသည့် ဆရာဝန်တွေ အများကြီး ရှိကြောင်း၊ ယင်း ဆရာဝန်များသည် ကျွမ်းကျင်မှု မရှိပါဘဲလျက်နှင့် သူတို့ကို အထင်ကြီးပြီး လာနေကြသည့် လူနာများကို လိမ်ညာ ဝါဖြန်းနေရုံမျှဖြင့် ကြီးကျယ် ထင်ရှားနေကြခြင်း ဖြစ်ကြောင်း စသည်ဖြင့် ပြောလေ့ရှိရာ ယင်းစကားများကို ကြားတိုင်း အင်ဒရူးသည် မခံချင်စိတ် ဖြစ်ပေါ်ခဲ့မိ၏။

ယခုတော့လည်း ဒင်နီ၏ စကားများသည် အကြောင်းအချက် မခိုင်မာဘဲနှင့် ပြောနေခြင်းမဟုတ်၊ မှန်ကန် ခိုင်လုံသော အချက်အလက်များ ရှိ၍သာ ပြောခြင်း ဖြစ်လိမ့်မည်ဟု တွေးတောမိလေ၏။

ယနေ့ ဒင်နီနှင့် တွေ့ပါက ဤပြဿနာကို ထပ်မံ၍ ဆွေးနွေး ကြည့်ဦးမည်ဟု စိတ်ထဲက ကျိတ်၍ ဆုံးဖြတ်လိုက်လေသည်။

သူ ဒင်နီ၏ အခန်းသို့ ရောက်သွားသည့်အခါ ဒင်နီ ဖြစ်နေပုံမှာ ပညာပိုင်း ဆိုင်ရာ ပြဿနာရပ်များကို ဆွေးနွေးနိုင်မည့် အခြေအနေမျိုး



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ကြောင်း ချက်ချင်း နားလည်လိုက်မိသည်။

ဖီးလစ် ဒင်နီသည် ရွှင်ရွှင်ပျပျ မရှိလှပေ။ သူ့အား သွက်သွက်လက်လက် နှုတ်ဆက်ခြင်းလည်း မပြုချေ။ ထူးထူးခြားခြား နှုတ်ဆိတ်လျက် ရှိ၏။ သူ ဝင်သွားသည့် အခါ မသာမယာသော မျက်နှာဖြင့် တစ်ချက်မျှသာ မော့ကြည့်လိုက်ပြီး တွေဝေ ငေးမောလျက် ရှိ၏။ အတန်ကြာမှပင် စကားပြောဖော် ရလေသည်။

'ဂျိုးတစ်ယောက်တော့ ကနေ့ မနက် ခုနစ်နာရီက ဆုံးသွားပြီ'

ဒင်နီ့ အသံမှာ တိုးတိုးညင်းညင်း ရှိလှသော်လည်း တည်တည်ငြိမ်ငြိမ်ပင် ဖြစ်သည်။ ဆုံးသွားပြီ ဖြစ်သော သူ့လူနာ အတွက် စိတ်ထိခိုက်နေသည်မှာတော့ ထင်ရှား၏။ တစ်စုံတစ်ခု အပေါ် မကျေနပ်သော အမူအရာကတော့ ထုံးစံအတိုင်း ရှိဆဲပင်။

'ရက်စထရက်ဘက်မှာလည်း တိုက်ဖွိုက် ရောဂါ ဖြစ်တဲ့ လူနာသစ် နှစ်ဦး တိုးလာတယ်'

အင်ဒရူးသည် ဒင်နီအား ကိုယ်ချင်း စာမိသော်လည်း ရုတ်တရက် ဘာပြန်ပြောရမှန်း မသိသဖြင့် ငြိမ်သက်စွာ ထိုင်ကာ ကြမ်းပြင်ကိုသာ စူးစိုက်ကြည့်နေမိလေ၏။

'ခင်ဗျားဘက်မှာလည်း သိပ် ဟန်ကျနေပြီလို့ ထင်မနေနဲ့ဦး ကိုယ့်လူ' ဟု ဒင်နီက ဆိုသည်။ 'ကျွန်တော့် လူနာတွေက မသက်သာဘဲ ခင်ဗျား လူနာတွေက သက်သာနေတော့ တော်တော် ဟုတ်နေပြီလို့ ထင်နေမှာပဲ၊ မထင်နဲ့ဦး၊ မထင်လိုက်နဲ့ဦး၊ မိလ္လာပြွန်သာ ပေါက်နေရင် ခင်ဗျားဘက်မှာလည်း အခုလောက် အခြေအနေ မကောင်းနိုင်ဘူး သိလား'

'မဟုတ်ဘူး ဒင်နီ၊ မဟုတ်သေးဘူး၊ ကျွန်တော် တော်တော် ဟုတ်နေပြီလို့ မထင်ပါဘူး၊ ရိုးရိုးသားသား ပြောရရင် တကယ့်ကို စိတ်မကောင်းပါဘူးဗျာ' ဟု အင်ဒရူးက ပြောလေသည်။

'ကျွန်တော်တို့ မိလ္လာပြွန် ကိစ္စကို တစ်ခုခုတော့ လုပ်မှ ဖြစ်မယ်လို့ ထင်တာပဲ၊ ကျန်းမာရေး ဝန်ကြီးဌာနကို စာရေးရင် မကောင်းဘူးလား ဒင်နီ'

'စာရေးမယ် ဆိုရင်လား၊ အင်း စာအစောင် တစ်ဒါဇင်လောက် ရေးမလား၊ ရေးလို့ ရတာပေါ့ဗျ'

ဒင်နီ၏ အပြောတွင် သဘောမကျသံ ပါလာသည်။

'စာရေးရင်တော့ ရတာပေါ့ဗျာ၊ ကျုပ်တို့က စာရေးလိုက်ရော၊ ခြောက်





လလောက် နေတော့မှ မင်းကြီး ဆိုတဲ့ နောတစ်ကောင် ဆင်းလာပြီး ကြည့်မယ်၊ ပြီးတော့မှ... ဟာဗျာ မဖြစ်သေးပါဘူး၊ ခင်ဗျားဟာက ရှည်ဝေးလွန်းလှပါတယ်၊ ကျုပ် အားလုံး စဉ်းစားကြည့်ပြီးပါပြီ၊ ကဲ ရှင်းရှင်း ပြောမယ်၊ မိလ္လာပြွန် အသစ် ရဖို့ အတွက် လုပ်စရာ နည်းလမ်း တစ်ခုပဲ ရှိတော့တယ်'

'ကိုင်း ဒီလိုဆို ပြောစမ်းပါဦး ခင်ဗျားနည်း၊ ဘယ်လို လုပ်ရမယ့်နည်းလဲ'

'ရှင်းရှင်းလေးပါ၊ မိလ္လာပြွန်ဟောင်းတွေကို ဒိုင်းနမိုက်နှင့် ဖောက်ခွဲဖျက်ဆီးပစ်ဖို့ပေါ့'

အင်ဒရူးသည် ပါးစပ် အဟောင်းသားဖြင့် တစ်စက္ကန့်လောက်မျှ အံ့အားသင့်ကာ ဒင်နီအား ကြည့်နေမိသည်။ ဒင်နီ တစ်ယောက် စိတ်မှ ကောင်းပါလေစ ဟုလည်း တွေးလိုက်မိသည်။ ခဏကြာမှ ဒင်နီ မရူးသေးဟု တွေးမိပြန်ကာ ဒင်နီ၏ ရည်ရွယ်ချက်ကို သဘောပေါက်လာသည်။ သို့သော်လည်း ပြည့်သည့် ထင်မြင်ချက်မှ မပေးဘဲ ဒင်နီ့ မျက်နှာကိုသာ အံ့သြခြင်း ကြီးစွာဖြင့် ငေးကြည့်နေလေ၏။

ဒင်နီကမူ သူ၏ စိတ်ကူးကို အပြန်ပြန် အလှန်လှန် အလေးအနက် စဉ်းစားနေပုံရသည်။ လုပ်သင့် မလုပ်သင့်လည်း ချိန်ဆနေပုံ ပေါ်သည်။

'အင်းပေါ့လေ၊ တကယ်လို့ သိသွားမယ် ဆိုရင်တော့လည်း ဒုက္ခတွေ အစုလိုက် အပြုံလိုက် ဝင်လာမှာကတော့ သေချာတယ်ဗျ' ဟု ရေရွတ်လိုက်ပြီးမှ အင်ဒရူးအား ခပ်တည်တည်နှင့် လှမ်းကြည့်ကာ 'ခင်ဗျား မလုပ်ရဲရင် ကျုပ်နှင့် လိုက်ဖို့ မလိုပါဘူး' ဟု ဆိုလေသည်။

'အိုဗျာ... ကျွန်တော်လည်း လိုက်မှာပေါ့၊ မထူးတော့ပါဘူး' ဟု ပြောလိုက်ပြီးမှ 'ဘာ့ကြောင့် ခင်ဗျား ဒီလို လုပ်ချင်တယ် ဆိုတာကတော့ ဘုရားမှပဲ သိမှာပေါ့လေ' ဟု ရေရွတ်မိလေ၏။

ထိုနေ့ မွန်းလွဲပိုင်းတွင် အင်ဒရူးသည် အလုပ်သာ လုပ်နေရသော်လည်း ဒင်နီအား သူ ပေးထားခဲ့မိသည့် ကတိအတွက် စိတ် မသက်မသာ ဖြစ်လျက် ရှိ၏။ ရူးကြောင်ကြောင် ဖြစ်နေသော ဒင်နီသည် သူ့အား အနေ့နှင့် အမြန် ဆိုသလို ဒုက္ခရောက်အောင် လုပ်နေပြီဟု တွေးကာ စိတ်မအေး ဖြစ်နေမိလေ၏။

အမှန်တော့လည်း ဒင်နီ လုပ်မည်ဟု စီစဉ် စိတ်ကူးနေသော အလုပ်မှာ ကြောက်မက်ဖွယ် ကောင်းသော အလုပ် တစ်ခု ဖြစ်ချေသည်။



www.burmeseclassic.com

www.burmeseclassic.com

ချိုးဖောက်ရမည့် အလုပ် ဖြစ်၏။ အကယ်၍ လုပ်ကိုင်နေစဉ် အတွင်း ဖမ်းမိသွားပါက တရားစွဲ ခံရမည် ဖြစ်ပြီး နောက်ဆုံးတွင် ဆရာဝန် မှတ်ပုံတင်ပါ အသိမ်းခံရမည့် ကိစ္စ ဖြစ်ပေသည်။

သူ မြတ်နိုး တွယ်တာလွန်းလှသော ဆရာဝန် အလုပ်နှင့် ဆက်နွှယ်စဉ်းစားလိုက်သော အခါ စိုးရိမ် ထိတ်လန့်လာမိပြန်သည်။ သူ့အလုပ် ထိခိုက်သွားမည်ကို ကြောင့်ကြသော စိတ်၊ ပူပန်သော စိတ်သည် အပြင်းအထန် ဖြစ်ပေါ်လာပြန်သည်။ သူသည် ဒင်နီအား စိတ်ထဲမှ ကျိတ်၍ ဆဲဆို ကျိန်ဆဲနေမိလေ၏။

ဒင်နီနှင့် အတူ မလိုက်တော့ဟု ဆုံးဖြတ်မိသည့် အကြိမ်မှာလည်း မနည်းတော့ပြီ။ သို့သော်ငြားလည်း ဒင်နီ၏ အလုပ်တွင် ထူးဆန်းသော ဆွဲဆောင်မှု တစ်ခုခု ရှိနေဟန် တူ၏။ မသွားတော့ဘူးဟု အထပ်ထပ် အခါခါ ဆုံးဖြတ်ထားသည့် ကြားကပင် သွားဖြစ်အောင် သွားခဲ့မိလေသည်။

ထိုနေ့ည ဆယ့်တစ်နာရီခန့်တွင် အင်ဒရူးနှင့် ဒင်နီတို့သည် ချက်ပဲလ်လမ်းဘက်သို့ ထွက်ခဲ့ကြသည်။ ဒင်နီ၏ ခွေး ဟော့ကင်းသည် နောက်မှ တကောက်ကောက် လိုက်လာလျက် ရှိပေသည်။

အလွန် မှောင်မိုက်ရသည့်အထဲ လေကလည်း ထန်၍ မိုးကလည်း သည်းနေသဖြင့် သွားရ လာရသည်မှာ မလွယ်ကူလှပေ။ အကွယ် အကာ ကင်းမဲ့နေသည့် လမ်းထောင့်များသို့ ရောက်တိုင်း ခပ်သည်းသည်း ကျနေသော မိုးပေါက်များသည် သူတို့ မျက်နှာများကို ပြေးဝင် ပက်ဖျန်းလျက် ရှိလေသည်။

ဒင်နီသည် သူ လုပ်ရမည့် အလုပ် အတွက် အစီအစဉ်နှင့် အချိန် နာရီကို စေ့စပ် သေချာစွာ ရေးဆွဲ သတ်မှတ်ထားပြီး ဖြစ်၏။ သတ္တုတွင်းမှ နောက်ဆုံး တာဝန်ကျ အလုပ်သမား အဆိုင်းသည်ပင်လျှင် လွန်ခဲ့သော တစ်နာရီခန့်က အလုပ်ခွင်သို့ ဝင်သွားကြပြီ။ အဘိုးအို သောမတ်၏ အိမ်အနီး၌ တရစ်သီသီ လုပ်နေကြသော လူငယ် တစ်စုမှ လွဲ၍ လမ်းပေါ်တွင် လူသွား လူလာ မရှိတော့ပြီ။ တစ်လမ်းလုံး ပကတိ တိတ်ဆိတ် ခြောက်သွေ့လျက် ရှိလေ၏။

လူ နှစ်ယောက်နှင့် ခွေး တစ်ကောင်သည် တိတ်တဆိတ် ကျိတ်ကာ လှုပ်ရှားလျက် ရှိ၏။ ဒင်နီ၏ အပေါ်အင်္ကျီ အိတ်ထဲဝယ် ဒိုင်းနမိုက် ခြောက်ခု ပါလာသည်။ အိမ်ရှင် အဘွားကြီး မစ္စက် ဆီးဂါး၏ သား တွမ် ဆီးဂါးက





၏ အလုပ်ဌာန ကျောက်တွင်းရှိ ယမ်းမှုန့်များ သိုလှောင်ရာ တဲထဲမှ ထိုနေ့ လွဲပိုင်းက ခိုးယူလာပြီး ပေးခဲ့သော ဒိုင်းနမိုက်များ ဖြစ်ပေသည်။

အင်ဒရူး လက်ထဲတွင် သံဘူး အခွံ ခြောက်ခု ပါလာ၍ သံဘူးတိုင်း ၏ ထိပ်ဘက်မှ အပေါက်ငယ်များ ဖောက်ထားသည်။ ထိုအပေါက်ငယ်များမှ ၍ အပြင်သို့ ထုတ်ထားသော ဝါယာကြိုးစများနှင့် တွဲထားသည့် စနက်တံများသည် ထိုးထိုးထောင်ထောင် ထွက်ပေါ်လျက် ရှိလေသည်။

အင်ဒရူးသည် လမ်းပေါ်၌ ဟိုတစ်ကွက် သည်တစ်ကွက် ဖြစ်နေသော အိုင်ကလေးများကို ကျော်လွှား သွားနေရင်းက သူ့ အပေါ်အင်္ကျီ ကော်လာကို အထက်သို့ ဆွဲတင်၍ မျက်နှာကို ဖုံးကွယ်လိုက်သည်။ ပြီးမှ ပခုံးဖက်မှ ကျော်၍ တစ်ဖက်သော မျက်စိဖြင့် ပတ်ဝန်းကျင်ကို အကဲခတ်သည်။ စိတ်ထဲကမူ ယခု အချိန်ထိ လုပ်သင့် မလုပ်သင့် ချီတုံ ချတုံ ဖြစ်ဆဲပင်။

ဒင်နီက တစ်စုံတစ်ရာ မေးလာသည့် အခါများတွင် အသံကို တိုးနိုင်သမျှ တိုးတိုး ဖြေသည်။ အရေးထဲ အလွန် စိတ်နှလုံး သိမ်မွေ့ နူးညံ့လှသော ဆရာ ပါမောက္ခ လင်းပလောကို ပြေး၍ သတိရမိသည်။ အကာလ ညအခါ မှောင်ကြီး မည်းမည်းထဲတွင် ကြောက်မက်ဖွယ် ကောင်းလှသည့် အလုပ် ခွင်တွင် ပါဝင် လှုပ်ရှားနေသော သူ့အား သူ့ဆရာ လင်းပလော မြင်ရ ရလျှင် ဘယ်လိုများ ထင်လေမည်နည်း။ ဘယ်လိုများ မှတ်ချက်ချလေမည်နည်း။

ဂလိုင်ဒါး ရပ်ကွက်၏ အပေါ်ဘက်ရှိ မိလ္လာမြောင်း အတွင်းသို့ မကြာခင် ရောက်သွားကြသည်။ ကွန်ကရစ် လောင်းထားသော ဘိလပ်မြေခုံကြီးသည် ပေါက်ကွဲ ပျက်စီးလျက် ရှိ၏။ ယင်းခုံပေါ်တွင် သံချေး အထပ်ထပ် တက်နေဖြစ်သော သံမဏိ အဖုံးကြီး ရှိလေသည်။ သူတို့ အလုပ် စရမည့် နေရာ ဤနေရာပင်တည်း။

ဟောင်းနွမ်းလှပြီ ဖြစ်သော သံမဏိ အဖုံးကြီးမှာ နှစ်ပေါင်း များစွာ မည်သူမှ မထိခဲ့ မကိုင်ခဲ့သဖြင့် အတော်ကလေး ခက်ခဲ ပင်ပန်းစွာ ၍ မ၍ ဖွင့်ရသည်။ အဖုံး ပွင့်သွားသည့် အခါ အင်ဒရူးက ပုပ်ဟောင် ဟောင် အောက်သိုးသိုး အနံ့များ ထွက်နေသော မြေအောက်သို့ လက်နှိပ် ဓာတ်မီးဖြင့် ထိုးပြသည်။ အလွန် အိုမင်း ဟောင်းနွမ်းလှပြီ ဖြစ်သော ပိုက်လုံးကြီးများ ဘေးတွင် အလွန် ညစ်ပတ် နံစော်နေသော ရေများသည် စီးဆင်း



www.burmeseclassic.com

www.burmeseclassic.com


လျက် ရှိပေသည်။

'မြင်တယ် မဟုတ်လား၊ ကျက်သရေကတော့ဖြင့် အပြည့်ပါပဲ၊ ဘယ့်နှယ်လဲ'

ဒင်နီက မလိုတမာသံဖြင့် ပြောလေသည်။

'ဟိုဘက်ထိပ်က အပေါက်ကြီးကို ကြည့်လိုက်စမ်းပါဦး၊ နောက်ဆုံး ကြည့်ခြင်း အနေနှင့် ဖြစ်ဖြစ် ကြည့်လိုက်စမ်းပါ မေဆန်'

ဒင်နီ၏ အသံတွင် ဝေါ်သံပါလာလေသည်။

ကွဲပေါက် ပျက်စီးနေသော မြေအောက် ပိုက်လုံးကြီးများကို ကြည့်ပြီး အင်ဒရူး၏ စိတ်သဘောထားသည် ပြောင်းလဲလာသည်။ လုပ်သင့် မလုပ်သင့် ဟု စိတ်နှစ်ခွ မဖြစ်တော့ပေ။ ဒေါသလှိုင်းသည် သူ့ရင်ကို ရိုက်ခတ်လာသည်။ တစ်ကိုယ်လုံး ပူထူလာသည်။

မကျေနပ်မှု အဆောက်အအုံသည် ကြီးထွားလာသည်။ ဒင်နီ့ အစီ အစဉ် အတိုင်း လုပ်လျှင် အကောင်းဆုံး ဖြစ်လိမ့်မည်ဟု မြင်လာသည်။

သုံး၍ မဖြစ်တော့လောက်အောင် အကြီးအကျယ် ပျက်စီးကာ အလွန် စက်ဆုပ် ရွံရှာဖွယ် ကောင်းသည့် ဟောင်စပ်စပ် ပုပ်သိုးသိုး အနံ့များ ထွက်လျက် ရှိသော ဤမြောင်းများကြောင့် လူအများမှာ ဖျားကြ နာကြ သေကြ ကြေကြ ဖြစ်လျက်ရှိ၏။ သို့ပါလျက်နှင့် တာဝန်ရှိသော အစိုးရ ဌာနဆိုင်ရာ ဝန်ထမ်းများသည် ဘာတစ်ခုမှ လုပ်ပေးဖော် မရပေ။ မည်မျှ တာဝန် ကင်းမဲ့ ကြပါသနည်း။

သူတို့သည် သံဘူးများနှင့် အလုပ်ရှုပ်စ ပြုသည်။ သံဘူး၏ ထိပ်ဘက် ရှိ အပေါက်ငယ်မှ နေ၍ ဒိုင်းနမိုက်တံများကို ထိုးသွင်းကြသည်။ အသင့် တ ထားသော စနက်တံ ထိပ်ဖျားများကို အနည်းငယ်စီ ဖြတ်၍ ဒိုင်းနမိုက်နှင့် ၍ ချည်လိုက်ကြသည်။

ဤအဆင့်များ ပြီးသော် သူတို့ အတွက် လုပ်စရာ အဆင့် ဆို၍ တစ်ဆင့်သာ ကျန်တော့သည်။ ယင်းအဆင့်သည် သူတို့ လုပ်ရမည့် နောက် ဆုံး အဆင့်။

အမှောင်ထဲဝယ် မီးခြစ်ဆံ မီးတောက်ကလေး ဝင်းခနဲ လက်လာသည်။ မီးရောင်ကြောင့် ဖြူဖပ်ဖြူရော် ဖြစ်နေသော ဒင်နီ၏ မျက်နှာကို ဖျတ်ခနဲ မြင်လိုက်ရသည်။ ထို့နောက် ပထမ စနက်တံမှ မီးပွင့် မီးလျှံများသည် တဝင်း ဝင်း တလက်လက်နှင့် ဖြာ၍ ဖြာ၍ ထွက်လာသည်။ တစ်လုံးပြီး တစ်လုံး



လိုက်သော သံဘူးများသည် ဖြည်းဖြည်းမှန်မှန် စီးဆင်းနေသော ရေစီး ကြောင်းအတိုင်း တလှုပ်လှုပ် မျောပါသွားကြလေ၏။ အရှည်ဆုံး စနက်တံ ထားသည့် သံဘူးသည် ရှေ့ဆုံးမှ။

အင်ဒရူး၏ မျက်စိများသည် ဘာကိုမှ သဲသဲကွဲကွဲ ပြက်ပြက်ထင်ထင် မမြင်ရချေ။ စိုးရိမ်ကြောင့်ကြမှု ပြင်းထန်လွန်းသဖြင့် သူ့ နှလုံးသားသည် ဆတ်ဆတ် ခုန်လျက် ရှိသည်။ ယခု သူ လုပ်နေသည့် အလုပ်သည် ဆေးဝါး ကုသနေသည့် ဆရာဝန် တစ်ဦးနှင့် လုံးဝ အပ်စပ်သည့် အလုပ်မျိုး မဟုတ်ပေ။

မည်သို့ပင်ဖြစ်စေ အင်ဒရူးကတော့ သူ လုပ်နေသည့် အလုပ်သည် လုပ်စရာ အလွန် ကောင်းသော အလုပ် တစ်ခုဟုပင် ထင်နေမိ၏။ ဤအချိန် အတန့်ကလေးသည် သူ့အတွက် အသာယာဆုံးသော အချိန်ကလေးဟု ထင်နေမိ၏။

စနက်တံ အတိုဆုံး တပ်ထားသည့် နောက်ဆုံး သံဘူးကလေးသည် မီးပွင့် မီးပန်းများ တရှူးရှူး ဖြာထွက်ကာ ရေစီးကြောင်းအတိုင်း တလှုပ်လှုပ် မျောပါသွားလေ၏။ ထိုအချိန် ရောက်ခါမှပင် ဒင်နီ၏ ခွေး ဟော့ကင်းသည် ကြွက်ကြီး တစ်ကောင်နောက်သို့ အပြေးအလွှား လိုက်သွားသဖြင့် အခက် တွေ့လေတော့၏။

ဤအချိန်ကလေးသည် တိုတောင်းလှသော်လည်း အသက်ကိုမှ ပြင်း ရဲ့ ရှုဝံ့သည့် အချိန် မဟုတ်ပေ။ မိမိတို့ ခြေထောက်များ အောက်ဝယ် ရောက်နေပြီ ဖြစ်သော ဒိုင်းနမိုက်များသည် အချိန်မရွေး ထပေါက်နိုင်၏။ ထို ကြောင့် နှစ်ယောက်သား အကြီးအကျယ် ထိတ်လန့် တုန်လှုပ်လျက် ရှိ ကြလေ၏။

မည်မျှပင် ကြောက်လန့်နေကြစေကာမူ ဟော့ကင်းကိုတော့ ထားခဲ့၍ မဖြစ်ချေ။ နှစ်ယောက်သား စိုးရိမ် ထိတ်လန့်နေသည့် ကြားကပင် သူတို့ရှေ့မှ ပေါက် ပြေးလွှားနေသော ဟော့ကင်းနောက်သို့ အပြေးအလွှား လိုက်ကာ တင်း ဝင်ဖမ်းရလေတော့၏။

ဟော့ကင်းကို မိသည်နှင့် တစ်ပြိုင်နက် နှစ်ဦးသား သံမဏိ အမိုး ကို ကတိုက်ကရိုက် မ ယူကာ အပေါက်ကို ပြန်ပိတ်လိုက်ပြီး လမ်း တင် ဆီသို့ ကဆုန်ပေါက်၍ ဒရောသောပါး ပြေးထွက်ခဲ့ကြလေ၏။

သူတို့ နှစ်ဦး ရက်နော ရပ်ကွက်၏ လမ်းထောင့်သို့ အရောက်တွင်


www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်သော ပေါက်ကွဲသံကြီး တစ်ခုသည် သူတို့၏ နောက်ဘက်ဆီမှ ထွက်ပေါ်လာသည်။

ရှေ့ဆုံးမှ ဒိုင်းနမိုက် သံဘူးသည် ပေါက်ကွဲလေပြီ။

'ဘုရားရေ...'

အင်ဒရူး နှုတ်မှ ခပ်တိုးတိုး ရေရွတ်သံ ထွက်လာသည်။

'ကိစ္စတော့ ချောပြီ ထင်တယ် ဒင်နီ' ဟုလည်း ပြောမိလေ၏။

သေအတူ ရှင်မကွဲ တွဲ၍ လုပ်ရသော အချိန်အခါမျိုးတွင် ဖြစ်ပေါ်လာတတ်သည့် ရဲဘော် ရဲဘက် စိတ်သည် အင်ဒရူး ခေါင်းထဲသို့ ဝင်လာသည်။ သူသည် ဒင်နီ၏ လက်နှစ်ဖက်ကို ဆွဲကိုင် ဆုပ်ညှစ်ကာ အသံကုန်ဟစ်၍ အော်လိုက် ဟစ်လိုက်ချင်သည့် စိတ် ပြင်းထန်စွာ ပေါ်လာလျက် ရှိလေ၏။

ထို့နောက်တွင်မူကား ပေါက်ကွဲသံကြီးများသည် တစ်ချက်ပြီး တစ်ချက် ရှေ့ဆင့် နောက်ဆင့် ထွက်ပေါ်လာသည်။

နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်။

နောက်ဆုံး အလုံးသည် အပြင်းထန်ဆုံးနှင့် အကြီးမားဆုံးသော အသံကြီးကို ပြုကာ တောင်ကြား တစ်လျှောက် တုန်ခါ မြည်ဟည်း သွားလေ၏။

'သွားပြီ မေဆန်၊ သွားရှာပြီ၊ မကောင်းဆိုးဝါး အန္တရာယ်ကောင် တစ်ကောင်တော့ လမ်းဆုံး ရောက်သွားပြီ' ဟု ဒင်နီက နှစ်ကိုယ်ကြား လေသံဖြင့် အင်ဒရူးအား လှမ်းပြောလေသည်။

လပေါင်းများစွာ လျှို့ဝှက်၍ စိတ်ကူးထားခဲ့ရသော၊ ရင်ထဲတွင် မျိုသိပ်ထားခဲ့ရသော ကိစ္စကြီး တစ်ခု ပြီးမြောက်သွားသည့် အတွက် ဒင်နီ၏ ရင်မှာ အတော်ကြီးပင် ပေါ့ပါးသွားလေ၏။

အိမ်ရှေ့ တံခါးများ၊ ပြတင်းပေါက်များသည် အလျှို အလျှို ပွင့်လာကြသည်။ အိမ်များဆီမှ မီးရောင်များသည် မှောင်မည်းနေသော လမ်းပေါ်သို့ ပြောက်တိ ပြောက်ကျား ကျဆင်းလာသည်။ ပြီးတော့ ကြောက်လန့်တကြားနှင့် အပြေးအလွှား ပြေးထွက်လာကြသည့် လူများ။

တစ်မိနစ်ခန့်အတွင်း လမ်းမပေါ်တွင် အလွန် များပြားလှသည့် လူ လူဝေးကြီး။

ပထမတော့ သတ္တုတွင်းဘက်မှ ပေါက်ကွဲသံ ဖြစ်သည်ဟု တစ်ယောက် တစ်ပေါက် ထင်ကြေးပေးကြသည်။ နောက်တော့ ပေါက်ကွဲသံများသည် သတ္တုတွင်းဘက်မှ လာခြင်း မဟုတ်၊ မိမိတို့ တောင်ကြား တစ်လျှောက်မှ





လာခြင်း ဖြစ်သည်ဟု ပြောကြ ဆိုကြပြန်လေသည်။

လူများသည် အော်၍ ဟစ်၍ ငြင်းကြ ခုံကြသည်။ ထင်မြင်ချက် အမျိုးမျိုး ပေးကြသည်။ လူတစ်စုက ဖယောင်းတိုင်များ ထွန်းညှိကာ အခြေ ထွက်ကြသည်။ စီစီညံညံ အုတ်အုတ်ကျက်ကျက် အသံများကြောင့် စောစောက တိတ်ဆိတ် ငြိမ်သက်ကာ အသက် ကင်းမဲ့နေသော ညသည် အသက်ဝင် လှုပ်ရှားလျက် ရှိလေ၏။

ဒင်နီနှင့် မေဆန်တို့သည် အမှောင်ရိပ်ကို ခို၍ အိမ်သို့ ခပ်သုတ်သုတ် ခပ်ကုပ်ကုပ် ပြန်ကြသည်။ အိမ်တွင်းသို့ နောက်ဖေးပေါက်မှ ဝင်ကြသည်။

'အောင်ပြီ... အောင်ပြီ' ဟူသော အသံသည် အင်ဒရူး၏ အသွေးအသားထဲတွင် ဆင့်ထပ် မြည်ဟည်းလျက် ရှိလေသည်။

နောက်တစ်နေ့ နံနက်တွင် စောစောစီးစီး ဒေါက်တာ ဂရမ်ဖ် တစ်ယောက် ကားတစ်စီးဖြင့် ပေါက်ချလာလေ၏။ သူ ရောက်လာတော့ ရှစ်နာရီ မထိုးသေးပေ။

ဒေါက်တာ ဂရမ်ဖ်သည် လူပုံက ခပ်ဝဝ၊ အသားအရေက စိုစိုပြည်ပြည် နနုဖပ်ဖပ်၊ နှာပေါက်ကလေး မျက်နှာမျိုးနှင့် ဖြစ်ပေသည်။

သူ့ မျက်နှာပေါ်ဝယ် ထိတ်လန့် တုန်လှုပ်မှုက အထင်းသား ပေါ်နေသည်၊ ဖုံးကွယ်၍ မရချေ။

ယမန်နေ့ညက အိပ်ရာထဲတွင် နွေးနွေးထွေးထွေး ဗိမ်ရှိရှိနှင့် အိပ်ပျော်နေသော ကောင်စီလူကြီး ဂလင်း မော်ဂန်ကြောင့် နိုးလာခဲ့ရ၏။ ဂလင်း မော်ဂန်က သူ့အား ဆူပူ ကြိမ်းမောင်းသည်။ အပြစ်တင်သည်။ ပြီးတော့မှ အဖြစ်အပျက်ကို ပြောသည်။ ပြီးတော့မှ သူ့အား အခုချက်ချင်း အမြန် လာခဲ့ရမည်ဟု ခေါ်သည်။ ထို့ကြောင့် စောစောစီးစီး ရောက်လာရခြင်း ဖြစ်၏။

ဆရာဝန်တွေက ကောင်းကောင်းမွန်မွန် ဆက်ဆံ ပြောဆိုပြီး ခေါ်သည်။ သူ မလာ။ အကျိုးနှင့် အကြောင်းနှင့် ပြောပြပြီး အနူးအညွတ် ခေါ်သည်။ သူ ပေါ်မလာ။ ဆရာဝန်တွေက တယ်လီဖုန်း ဆက်သည်ကိုပင် လက်ခံဘဲ နည်းအမျိုးမျိုး သုံး၍ ရှောင်ခဲ့သည်။

ယခု အကြီးအကျယ် ဒေါသူပုန်ထနေသည့် ကောင်စီလူကြီး ဂလင်း မော်ဂန်နှင့် ကျတော့ သူ မငြင်းရဲပေ။ ငြင်းဝံ့သော သတ္တိလည်း သူ့မှာ မရှိပေ။

ဂလင်း မော်ဂန်တွင်လည်း ဒေါပွစရာ အကြောင်းက ရှိနေလေသည်။ ဒိုင်းနမိုက်ဒဏ်ကြောင့် ပေါက်ကွဲသွားသော မိလ္လာပြွန်များထဲမှ ရေပုပ်



www.burmeseclassic.com

www.burmeseclassic.com

ကို့သည် တောင်ကြားဘက်ဆီမှ နေ၍ စီးဆင်းကာ တစ်မိုင်ခွဲခန့် အကွာ အနိမ့်ပိုင်းတွင် တည်ရှိနေသော မော်ဂန်၏ အိမ်ပတ်ပတ်လည်တွင် ကျုံး သဖွယ် ဝိုင်းရံလျက် ရှိသည် မဟုတ်ပါလား။

ဂလင်း မော်ဂန်သည် သူ၏ အန္တေဝါသိက နှစ်ဦး ဖြစ်သော ဟား ဒေးဗီးနှင့် ဒီဝမ် ရောဘတ်တို့ကိုပါ ခေါ်၍ သူတို့နှင့် အတူ ကျန်းမာရေး အရာရှိ ဂရမ်ဖ်အား ဆုပ္ပ ကြိမ်းမောင်းခဲ့ကြလေသည်။ ဂရမ်ဖ်မှာ ကတုန်ကယင် ဖြစ်လျက် ရှိ၏။ နဖူးမှ ထွက်လာနေသည့် ချွေးသီး ချွေးပေါက်များကို လက် နှင့် သုတ်ရင်းက မေဆန်နှင့် တွဲ၍ လူအုပ်ကြား၌ ရပ်နေသော ဒင်နီထံသို့ ဒယီးဒယိုင်ဖြင့် လျှောက်လာသည်။

အင်ဒရူးသည် မိမိတို့ဘက်သို့ လာနေသော ဂရမ်ဖ်ကို ကြည့်၍ အော နှလုံးနာလျက် ရှိလေသည်။

အင်ဒရူးသည် ယမန်နေ့ည ကိစ္စ ပြီးစီးသွားသည့် အချိန်မှ စ၍ အာ ခံစားမှုမှ မပေါ်လာတော့ပေ။ ယနေ့ မနက်ခင်း ချမ်းချမ်းစီးစီးနှင့် ထပြီး ကြည့် ခါမှ အကြီးအကျယ် ပျက်စီးနေသော မြင်ကွင်းကို ကြည့်ကာ စိတ်မချမ်းမြေ့ သလို ဖြစ်ရပြန်လေ၏။

ဂရမ်ဖ်အား တစ်ချက် လှမ်းကြည့်ကာ အကဲခတ်မိသည်။ ဂရမ်ဖ်ကတော့ ဤဖြစ်ရပ်နှင့် ပတ်သက်၍ တစ်စုံတစ်ယောက် အပေါ်၌ သံသယ ဝင်နေသည့် အရိပ်လက္ခဏာ မပြပေ။ တုန်ယင် လှုပ်ရှားသော အသံဖြင့် ဒင်နီအား စကား လှမ်းပြောလေသည်။

'ခင်ဗျားတို့ အတွက် မိလ္လာပြွန် အသစ်တွေ အခု ချက်ချင်း ရအောင် လုပ်ပေးရလိမ့်မယ်'

ဒင်နီ၏ မျက်နှာကတော့ တည်တည်ငြိမ်ငြိမ်ပင်။ နည်းနည်းမှ ပြောင်း လဲခြင်း၊ လှုပ်ရှားခြင်း မရှိချေ။

'ကျုပ် ခင်ဗျားကို သတိပေးနေတာ ကြာလှပြီပဲ'

ဒင်နီ့ အသံမှာ အေးဆေးလှပေသည်။ 'ခင်ဗျား မမှတ်မိဘူးလား၊ ကျုပ် ပြောခဲ့တာ' ဟုလည်း မေးခွန်း ထုတ်လိုက်သေး၏။

'မှတ်မိပါတယ်၊ ဒါပေမဲ့ ဒီ ပိုက်လုံးတွေ အခုလို ပေါက်ကွဲ ပျက်စီး လိမ့်မယ်လို့ ကျွန်တော် ဘယ်လို လုပ်ပြီး ကြိုတင် သိနိုင်မှာလဲ၊ ဘယ်လိုများ ဖြစ်ပြီး အခုလို ပေါက်ကွဲရတာလဲ ဆိုတာ မပြောတတ်အောင် ဖြစ်နေတာပဲ'

ဒင်နီကမူ ဂရမ်ဖ်အား ခပ်တည်တည် စိုက်ကြည့်လိုက်သည်။ ပြီးတော့





စက်စက် ပမာမခန့် အမူအရာဖြင့် ပြောချလိုက်လေသည်။

'ပြည်သူ့ ကျန်းမာရေး လုပ်ငန်းနှင့် ပတ်သက်တဲ့ ခင်ဗျားရဲ့ ပညာ သုတတွေ၊ အသိတွေ ဘယ်ရောက်ကုန်ပြီလဲ ဒေါက်တာ ဂရမ်ဖ်ရဲ့၊ ဒီ က်လုံးတွေထဲမှာ ရှိနေတဲ့ အငွေ့တွေဟာ အချိန်အခါမရွေး မီးထလောင်ပြီး က်ကွဲ ပျက်စီးတတ်တယ် ဆိုတာ ခင်ဗျား မသိတော့ဘူးလား'

မြေအောက် မိလ္လာပြွန် ပိုက်လုံးများ တပ်ဆင်ရေး လုပ်ငန်းသည် လာနေ့တွင် အစပြုလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

၅

မြှောပြွန်များ ပေါက်ကွဲသည့် ကိစ္စ ဖြစ်ပွားခဲ့ပြီးသည့် နောက် သုံးလခန့် ကြာ သာယာသော မတ်လ၏ တစ်ရက်သော မွန်းလွဲပိုင်းတွင် ဖြစ်သည်။

နွေဦးပေါက်တော့မည့် အရိပ်အယောင်များသည် ပီပီပြင်ပြင် ပေါ်လွင်နေပေသည်။ လေပြည် လေညင်းသည် တောင်တန်းများပေါ်မှ ဖြတ်သန်း တိုက်ခတ်လျက် ရှိလေ၏။ ကျောက်တွင်းများထဲမှ သယ်ထုတ်ပြီး အစုလိုက် အပုံလိုက် ဖြစ်ကတတ်ဆန်း ချထားသော ကျောက်တုံး ကျောက်ခဲ၊ ချော်တုံး ချော်ခဲပုံကြီးများကြောင့် ဖြစ်ပေါ်နေသည့် အကျည်းတန် အရုပ်ဆိုးမှုများကို တောင်တန်းကြီးများက သူတို့ အလှဖြင့် ဖုံးကွယ်ထားပေသည်။

ပြာသော မိုးကောင်းကင်အောက်ဝယ် နွေဦးပေါက်၏ ဒရင်းဖီးမြို့ သည် သာတောင့်သာယာ ရှိလှပါပေသည်။

အိမ်အမှတ် ၃ ရစ်စကင်းလမ်းမှ လာပင့်သဖြင့် လူနာကြည့် ထွက် လာခဲ့သော အင်ဒရူးသည် ထိုနေ့၏ သာယာ လှပမှုကို သတိမပြုဘဲ မနေနိုင် ချေ။ ပတ်ဝန်းကျင်၏ အလှနှင့် သာယာမှုကြောင့် သူ့စိတ်သည် ထူးထူးခြား ခြား ပေါ့ပါးကာ ရွှင်လန်း တက်ကြွလျက် ရှိပေသည်။

ယခုဆိုလျှင် အင်ဒရူး မေဆန်သည် ဒရင်းဖီးမြို့၌ နေထိုင်ရသည်မှာ အတော်ကြီး နေသားတကျ ရှိလာခဲ့ပေပြီ။ ထူးဆန်းသော ဤမြို့ကလေးသည် ရှုးဆန်လှပေ၏။ မြို့ကြီး ပြကြီးများ အလှမ်းဝေးကာ တသီးတခြား ရပ် တည်နေသော မြို့ကလေး ဖြစ်၏။ အလွန် မြင့်မားသော တောင်တန်းကြီးများ အောက်ခြေဝယ် ကုပ်ကုပ် ရုပ်ရုပ်ကလေး နှစ်မြှုပ်နေသော ဤမြို့ကလေးတွင် အပျင်းပြေ ကြည့်စရာ ရှုစရာ ဆို၍ ရုပ်ရှင်ရုံကလေး တစ်ရုံမျှပင် မရှိချေ။



www.burmeseclassic.com

www.burmeseclassic.com

ဤမြို့ကလေးတွင် သတ္တုတွင်းများ၊ ကျောက်တွင်းများနှင့် သတ္တုကို သံရည်ကျို လုပ်ငန်းများသာလျှင် ကြီးကျယ် ထင်ရှားသော လုပ်ငန်းများ အဖြစ် ရပ်တည်လျက် ရှိ၏။ ယင်းလုပ်ငန်းများမှ တစ်ပါး တခြား ကြည့်စရာ လေ့လာစရာ ဟူ၍ ထူးထူးခြားခြား ဘာတစ်ခုမျှ မရှိပေ။ ဘုရားရှိခိုးကျောင်း များနှင့် အလုပ်သမား နေအိမ်များသည်သာလျှင် အထူးအဆန်း ပြုလုပ်၍ ပြောစရာ ရှိသည် ဖြစ်ရာ အလွန် ဆိတ်ဆိတ်ငြိမ်ငြိမ် ရှိလှသော လူ့ အဖွဲ့ အစည်းကလေး တစ်ခုပေတည်း။

မြို့သူ မြို့သားများမှာလည်း ခပ်ဆန်းဆန်းပင် ဖြစ်၏။ အင်ဒရူး မေဆန် အနေဖြင့် ယခု အချိန်ထိ သူတို့တစ်တွေနှင့် ဆက်ဆံရာ၌ ရေခြား မြေခြား၊ သွေးပါခြားနေသည့် သူစိမ်းတစ်ရံဆံများနှင့် ဆက်ဆံ နေရသလို စိတ်တွင်းက ထင်မြင် ယူဆမိဆဲပင် ရှိသော်လည်း သူတို့တစ်တွေ အပေါ်၌ မခင်မင်ဘဲ သံယောဇဉ် မဖြစ်ဘဲကား မနေနိုင်ချေ။

ဤမြို့တွင် ကုန်သည် ပွဲစား ဈေးသည်များ၊ ဓမ္မ ဆရာများနှင့် တချို့ သော လုပ်ငန်းရှင်များမှာ လူနည်းစုမျှသာ ဖြစ်၍ လူများစုမှာ သတ္တုတွင်း ကုမ္ပဏီမှ ခန့်ထားသည့် အလုပ်သမားများသာ ဖြစ်လေသည်။

အလုပ်သမားများ အလုပ်ဝင်ချိန်၊ အလုပ်ဆိုင်းများ လဲချိန်နှင့် အလုပ် ဆင်းချိန်များတွင် ငြိမ်ဆိတ်ဆိတ် ရှိလွန်းလှသော လမ်းများသည် အသက် ဝင်ကာ လှုပ်ရှား နိုးကြားလာတတ်၏။ ထိုအချိန်များတွင် ငြိမ်သက် တိတ် ဆိတ်သော လမ်းမများပေါ်တွင် သံမဏိ ပေါက်ချွန်းများ၏ ထိမိ ခိုက်မိသံ များသည် ပဲ့တင်ထပ်နေတတ်ပေသည်။ တန်းစီကာ တလှုပ်လှုပ် တရွရွ သွား လာနေကြသော အလုပ်သမားများ၏ စကားပြောသံများသည် လမ်းမများပေါ် ဝယ် သောသော ညံနေတတ်ပေသည်။ သူတို့၏ အဝတ်အစားများ၊ ဖိနပ်များ၊ လက်များနှင့် မျက်နှာများတွင် ကပ်ငြိ ပေကျံလျက် ရှိသော မြေမှုန့် နီနီရဲရဲ များသည် သူတို့ အလုပ်၏ သဘာဝကို ဖော်ပြနေပေသည်။

သူတို့သည် စကားများများ ပြောတတ်သော အလေ့ မရှိကြချေ။ အလွန် စကားနည်းကြသည်။ စကား ပြောလျှင်လည်း ဝေလ နယ်သားများ၏ လေယူ လေသိမ်း အတိုင်း ပြောတတ်ကြသဖြင့် အသံဝဲလေသည်။ သူတို့၏ သဘာဝ အလျောက် ဘာသာလဝါ နေတတ်ကြသဖြင့် မည်သည့် လူမျိုးစုနှင့် ရောနှော ဆက်ဆံခြင်း မရှိသော သီးခြား လူမျိုးစုကလေး တစ်စုသဖွယ် ဖြစ် လျက် ရှိလေ၏။





သူတို့သည် သဘာဝ အလျောက် ဘာသိဘာသာ နေထိုင်တတ်သည့် အကျင့်စရိုက် ရှိသော်လည်း လူတစ်ဖက်သား အပေါ် အလွန် သနား ကြင်နာ တတ်ကြသည်။ သူတို့၏ ပျော်ရွှင်မှုများမှာလည်း ရိုးရိုးစင်းစင်း ရှိလှပေရာ အပြင်လောကသို့ ထွက်၍ ရှာစရာ မလိုပေ။ သူတို့၏ နေအိမ်များနှင့် ဘုရား ရှိခိုးကျောင်းများ အတွင်း၌ ရှိကြ၏။

တစ်ခါတစ်ရံ သူတို့တစ်တွေသည် မြို့ထိပ် တောင်စောင်းပေါ်မှ သော ...ကွင်းတွင် အချိန်ဖြုန်းတတ်သည်။ သူတို့သည် ဂီတကို ချစ်မြတ်နိုးတတ် ကြ၏။ ဂီတ ဆိုရာ၌လည်း ခေတ်ပေါ် တေးဂီတများကို နှစ်သက် မြတ်နိုးခြင်း မဟုတ်ပေ။ ရှေးကျသော ဂန္ထဝင် မြောက်သည့် သီချင်းကြီး သီချင်းခန့်များ၊ ...ားဂီတများကိုသာ နှစ်သက် မြတ်နိုးကြခြင်း ဖြစ်လေသည်။

ညဦးပိုင်းတွင် အိမ်ကြို အိမ်ကြား၊ လမ်းကြို လမ်းကြားများ အတွင်း ... ဖြတ်သန်း သွားလာလေ့ ရှိသော အင်ဒရူး မေဆန်သည် ဆင်းရဲသော အလုပ်သမား ရပ်ကွက် အတွင်းရှိ အိမ်တစ်အိမ်မှ ဗင်သိုဗင်၏ တေးသီချင်း များကိုသော် လည်းကောင်း၊ ချိုပင်၏ တေးဂီတကိုသော် လည်းကောင်း လှလှ ... တီးနေသည့် စန္ဒရားသံကို ကြားရသည့် အခါ တအံ့တသြ ဖြစ်ရလေ၏။ ...နှင့် အလိုက်သင့် ပါလာပြီး မြင့်မားသော တောင်တန်းကြီးများ အပေါ် ...လွှား ဖြတ်သန်းကာ တွေးဆ ဆင်ခြင်ရုံမျှဖြင့် မသိနိုင် မမြင်နိုင်သော ...ကာ ဌာနဆီသို့ ပျံ့လွင့် သွားနေသည့် ဂီတသံကို သူကိုယ်တိုင် အရသာ ...ဘဲ မနေနိုင်ချေ။

ဒေါက်တာ ပိတ်ချ်၏ အလုပ်နှင့် ပတ်သက်၍လည်း မည်သို့သော အခြေအနေ ရှိသည်ကို အင်ဒရူး အနေဖြင့် ကောင်းစွာ သိမြင် နားလည်နေပြီ ဖြစ်၏။ ဒေါက်တာ အက်ဒွပ် ပိတ်ချ် ခမျာ အလုပ်ကို လုပ်နိုင်တော့မည့် အခြေအနေမျိုး မဟုတ်တော့ပြီ။

သို့သော်လည်း နှစ်ပေါင်း သုံးဆယ်ကျော်မျှ သူ၏ ကုသမှုကို ခံယူ ...ခဲ့ကြသော အလုပ်သမားများသည် အစွဲအလမ်း ထားတတ်ကြသူများ ဖြစ် ...သည့် အားလျော်စွာ ဒေါက်တာ ပိတ်ချ်မှ လွဲလျှင် တခြား ဆရာဝန်ထံ မသွား ...ကြပေ။ တခြား ဆရာဝန်နှင့် အကုသခံလိုသော စိတ် မရှိကြပေ။ ကံ ...ကောင်း အကြောင်းမသင့်၍ မကျန်းမမာ ဖြစ်နေရှာသော ဒေါက်တာ ပိတ်ချ် ... စွန့်ပြီး တခြား ဆရာဝန်ထံ သွားလျှင် သစ္စာမဲ့ရာ ကျလိမ့်မည် ဟူသော ...ယူအဆလည်း ရှိကြ၏။ သို့ဖြစ်ရာ ဒေါက်တာ ပိတ်ချ် အိပ်ရာပေါ် လဲနေ



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း ဒေါက်တာ ပိတ်ချ်၏ လုပ်ငန်းများကား အဆက်မပြတ် လည်ပတ်
လျက်ပင် ရှိရလေ၏။

ဒေါက်တာ ပိတ်ချ်၏ နှမ ဘလောဝင်း ပိတ်ချ်ကလည်း လိမ္မာ ပါးနပ်
လှပေသည်။ အလုပ်သမားများ၏ ဆေးဝါး ကုသမှု ထည့်ဝင်ကြေးငွေ ဆေး
သည့် ကိစ္စတွင် အဓိက တာဝန် ရှိသော သတ္တုတွင်း မန်နေဂျာ မစ္စတာ ဝေ
ကင်းအား ရင်းနှီး ခင်မင်အောင် ပေါင်းသင်းကာ သူ့အစ်ကို ဒေါက်တာ ပိတ်ချ်
အား ကုမ္ပဏီ ဆရာဝန် စာရင်းမှ မပယ်ဖျက်အောင် လုပ်ထားလေသည်။

ဤသို့ဖြင့် ဒေါက်တာ ပိတ်ချ်၏ လုပ်ငန်းသည် အရှိန်မပျက် ဝင်ငွေ
ကောင်းကောင်း ရမြဲရလျက် ရှိသည်။ သို့သော်လည်း ဆရာဝန် နှစ်ဦး လုပ်ရ
မည့် အလုပ်တာဝန်ကို တစ်ဦးတည်း ဒိုင်ခံ၍ လုပ်ပေးနေသော အင်ဒရူး
မေဆန်မှာမူ မစ္စ ပိတ်ချ် ရရှိနေသည့် ဝင်ငွေ၏ ခြောက်ပုံပုံ တစ်ပုံသာလျှင်
ရရှိလေသည်။

မည်သို့ပင် ရှိစေကာမူ အင်ဒရူး မေဆန်သည် ဒေါက်တာ အက်ဒွပ်
ပိတ်ချ် အတွက် တွေးမိတိုင်း စိတ်မကောင်း ဖြစ်မိလေ၏။ တကယ်တော့
အက်ဒွပ် ပိတ်ချ်သည် လူရိုး လူအေး လူကောင်းကြီး တစ်ယောက် ဖြစ်ပေ
သည်။ သူ့ခများ အထီးကျန် နိုင်လွန်းလှသော လူပျိုကြီး ဘဝမှာပင် လွတ်
လွတ်လပ်လပ်နှင့် ပျော်ပျော်ပါးပါး နေခဲ့ရသူ မဟုတ်ပေ။ လူသူ အရောက်
အပေါက် နည်းပြီး အလွန်ခေါင်၊ အလွန် ကြမ်းတမ်းလှသော ဤတောင်ကြား
မြို့တွင် လာရောက် ဇာတ်မြှုပ်ကာ သူ့အလုပ် တာဝန် အားလုံးကို ကျေပွန်
အောင် လုပ်ကိုင်ခဲ့ရှာ၏။ ယခု အခြေအနေတွင်မူကား သူသည် ဘာကိုမှ စိတ်
ဝင်စားမှု မရှိနိုင်တော့သည့် နာတာရှည် လူမမာ ဘဝသို့ ရောက်နေရှာပြီ
ဖြစ်လေသည်။

အက်ဒွပ် ပိတ်ချ်သည် သူ့နှမ ဘလောဝင်း ပိတ်ချ်အား အလွန် ချစ်
ခင်ရှာသည်။ ဘလောဝင်း ပိတ်ချ်ကလည်း သူ့အစ်ကို အက်ဒွပ် ပိတ်ချ်အား
အလွန် သံယောဇဉ် ကြီးရှာသည်။ လောကကြီး အလယ်တွင် တွယ်တာစရာ
ဆို၍ ဤအစ်ကို ဤနှမ နှစ်ဦးတည်းသာ ရှိရာ တစ်ဦးနှင့် တစ်ဦး ဘယ်မှာ
လျှင် သံယောဇဉ် မကြီးဘဲ နေနိုင်ကြပါမည်နည်း။

တစ်ခါတစ်ရံ အင်ဒရူး မေဆန်သည် အက်ဒွပ် ပိတ်ချ်၏ ဘေးတွင်
ဝင်ထိုင်ကာ စကားစမြည် ပြောတတ်ရာ ထိုအခါမျိုးတွင် ဘလောဝင်း ပိတ်ချ်
ဝင်အလာနှင့် ကြုံကြိုက်ပါက ရယ်ရယ်မောမောနှင့် သူ့အား နှုတ်ဆက်ခြင်း





ပြုသော်လည်း မနာလိုသည့် အရိပ်အယောင်ကိုတော့ သူမ၏ မျက်လုံးများက
ဖော်ပြတတ်လေသည်။ နှုတ်မှလည်း ပြောင်သလို နောက်သလိုနှင့် 'အံမယ်...
လူငယ်လေးများ စကား ကောင်းနေလိုက်ကြတာ ဘယ်လောက် ကြာပြီလဲ၊
ဘာတွေများ ပြောနေကြပါလိမ့်' စသည်ဖြင့် ဈေးစမ်းတတ်လေသည်။

အက်ဒွပ် ပိတ်ချ်မှာလည်း နှမ သံယောဇဉ်ကြောင့် သူ့ဘဝ အတွက်
အငိုကိုယ်ကောင်း မဆန်တော့ဘဲ လူပျိုကြီး ဘဝဖြင့် အရိုးထုတ်ကာ အနစ်နာ
ခံခဲ့သည်။ ယခုအချိန်တွင်မူ အသက်အရွယ်က ကြီးပြီး အိပ်ရာပေါ်မှ မထနိုင်
တော့သည့် လူမမာ ဘဝသို့လည်း ရောက်နေရပြီ။ တကယ်တော့ သူ့ဘဝသည်
သူ့နှမကို အမှီသဟဲ ပြုရတော့မည့် ဘဝ ဖြစ်သည်။ သူ၏ လက်ရှိ ဘဝသည်
သူ့နှမ ပြုသမျှ နရမည့် ဘဝ ဖြစ်သည်။ သူ့နှမ၏ အရိပ်အကဲကို ကြည့်၍
သူ့နှမအား မျက်ရိပ် မျက်ခြည်ဖြင့် ကျေးဇူးတင်သည့် လက္ခဏာကို ပြနေရ
သည့် ဘဝ ဖြစ်ပေသည်။

အက်ဒွပ် ပိတ်ချ်သည် ဒရင်းဖီးမြို့တွင် ဆက်လက် နေထိုင်စရာ
အကြောင်း မရှိတော့သဖြင့် ဤမြို့မှ ဝေးရာသို့ သွားချင်နေရှာ၏။ အထူး
သဖြင့် ဤဒေသ၏ ရာသီဥတုထက် ပိုမို ကောင်းမွန်ပြီး ပို၍ နွေးနွေးထွေး
ထွေးနှင့် သာတောင့်သာယာ ရှိမည့် ဒေသ တစ်ခုခုသို့ ပြောင်းရွှေ့ နေချင်၏။

တစ်ကြိမ်က ဆိုလျှင် အင်ဒရူးက 'ဒေါက်တာ့ အနေနှင့် ဘာများ
လုပ်ချင်တာ ရှိပါသလဲ၊ ဒေါက်တာရဲ့ စိတ်ဆန္ဒကို ဆိုလိုတာပါ' ဟု မေးခဲ့
ရာ အက်ဒွပ်က သက်ပြင်း တစ်ချက် လေးလေးတွဲ့တွဲ့ ချလိုက်ပြီး 'ငါ
မြို့နှင့် ဝေးရာကို သွားချင်တာပါပဲ လူကလေးရယ်၊ ငါ ကျွန်းတစ်ကျွန်း
အကြောင်း ဖတ်ဖူးတယ်ကွယ့် သိလား၊ ကက်ပရီကျွန်း အကြောင်းလေ၊ အဲဒီ
ကျွန်းကို ငှက်တွေ ဘေးမဲ့ပေးရာ ဒေသ လုပ်မလို့တဲ့' ဟု ပြောဖူးလေသည်။

ထိုစဉ်က အင်ဒရူး၏ အမေးကို ဖြေပြီးလျှင် ပြီးချင်း သူ့မျက်နှာကို
ဘေးသို့ စောင်း၍ မှိန်းနေရှာ၏။ သူ၏ ပြောသံ ဆိုသံမှာ တကယ် လှိုက်
လှိုက်လှဲလှဲ ဝမ်းနည်းတသသံ ပါလျက် ရှိသဖြင့် နားထောင်နေရသော အင်
ဒရူးမှာ များစွာမှပင် စိတ်ထိခိုက်ခြင်း ဖြစ်ခဲ့ရလေ၏။

အက်ဒွပ် ပိတ်ချ်သည် အင်ဒရူးနှင့် ဆုံမိသည့် အခါတိုင်း အလုပ်
အကြောင်းကို ဘယ်တော့မှ မမေးချေ။ အလုပ်နှင့် ပတ်သက်၍ တစ်ခွန်း
တလေမျှပင် မဟာချေ။ ရံဖန်ရံခါ ပြောပြန်တော့လည်း အလုပ် အပေါ်တွင် စိတ်
ကုန်ခန်းသည့် လေသံမျိုးဖြင့်သာ ပြောလေ့ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

'အလုပ်နှင့် ပတ်သက်လို့ ငါ့အနေနှင့် သိပ်လည်း မသိ သိပ်လည်း မတတ်ပါဘူး၊ ဒါပေမဲ့လို့ ငါ တတ်သလောက် ငါ နားလည်သလောက်တော့ အကောင်းဆုံး ဖြစ်အောင် ကြိုးစားပြီး လုပ်ခဲ့ပြီးပါပြီကွယ်'

အက်ဒွပ် ပိတ်ချ်သည် အချိန်ရှိသမျှ အိပ်ရာပေါ်၌ ငြိမ်သက် တိတ်ဆိတ်စွာ လဲလျောင်းပြီး ပြတင်းပေါက် ပေါင်ပေါ်ကိုသာ လှမ်းကြည့်နေတတ်၏။ မနက်တိုင်း အင်နီ တက်လာပြီး ချပေးသွားသော ပြတင်းပေါက် ပေါင်ပေါ်မှ ပေါင်မုန့်အစအနများ၊ ဝက်ပေါင်ခြောက် အသားစများနှင့် အုန်းသီးဆံကလေးများကို လာရောက် စားသောက်ကြသည့် ငှက်ကလေးများသည် သူ့အတွက် အလွန် စိတ်ဝင်စားစရာ ကောင်းသည့် အဖော်မွန်များ ဖြစ်ပေသည်။

တနင်္ဂနွေနေ့ ဆိုလျှင် သတ္တုတွင်း အလုပ်သမားကြီး အီးနော့ ဒေးဗီး ရောက်လာပြီး အက်ဒွပ် ပိတ်ချ်နှင့် အချိန်ဖြုန်းလေ့ ရှိရာ နှစ်ယောက်သား ပြတင်းပေါက် ပေါင်ပေါ်သို့ လာရောက် နားကြသော ငှက်ကလေးများကို ငြိမ်ဆိတ်စွာ ကြည့်နေတတ်ကြ၏။

တစ်ကြိမ်သော အခါက အပေါ်ထပ်မှ ပြန်ဆင်းလာသော အီးနော့ ဒေးဗီးနှင့် အင်ဒရူးတို့ ဆုံမိကြရာ 'အလွန် ကြုံရခဲ တွေ့ရခဲတဲ့ မနက်ခင်းမျိုးနှင့် ကျုပ်တို့ ဆုံခဲ့ရတယ် ဒေါက်တာ မေဆန်ရေ၊ ကနေ့ မနက်ခင်းဟာ တကယ့်ကို ရှားရှားပါးပါး သာယာ လှပတဲ့ မနက်ခင်းပဲဗျို့ သိလား၊ တစ်နာရီ နီးပါးလောက် ငှက်ကလေး နှစ်ကောင် ကစားနေလိုက်ကြတာ၊ တကယ့်ကို ချစ်စရာ ကြည်နူးစရာ ကောင်းလှပါတယ်ဗျာ' ဟု အားရပါးရ ပြောသွားဖူးလေသည်။

အီးနော့ ဒေးဗီးကား အက်ဒွပ် ပိတ်ချ်၏ တစ်ဦးတည်းသော မိတ်ဆွေ စစ်ကြီး ဖြစ်ပေသည်။ ဒေးဗီးသည် အလုပ်သမားများ အပေါ်တွင်လည်း အလွန် သြဇာညောင်းသူ ဖြစ်ပေရာ ဒေါက်တာ ပိတ်ချ် အသက်ရှု မရပ်သေးသမျှ ကာလပတ်လုံး ဒေါက်တာ ပိတ်ချ်၏ အမည်ကို ကုမ္ပဏီ ဆရာဝန်စာရင်းမှ မပယ်ဖျက်စေရဟု မကြာခဏ ကျိန်တွယ် ကြုံးဝါးလေ့ ရှိသူ ဖြစ်ပေသည်။

အိမ်သို့ မကြာခဏ လာလည်တတ်သူ နောက်တစ်ဦးမှာ အနောက်ပိုင်း နယ်မြေဆိုင်ရာ ဘဏ်ခွဲမှ မန်နေဂျာ အင်နူးရင်း ရီးစ် ဖြစ်သည်။ ရီးစ်သည် အရုပ်အမောင်း ပိန်ရှည်ရှည်၊ ထိပ်ပြောင်ပြောင် ဖြစ်သည်။ အင်ဒရူးကတော့ ရီးစ်ကို စတင် မြင်တွေ့ခဲ့ရသည့် နေ့မှ စ၍ ခင်မင်သောစိတ် မဖြစ်





ခဲ့ချေ။ ရီးစ်၏ အပြုအမူ အနေအထိုင် အပြောအဆို စသည်များကို မြင်ရပြင့် ယုံကြည် စိတ်ချထိုက်သူ တစ်ဦး မဟုတ်ဟု စိတ်ထဲက ကျိတ်၍ ဆုံးဖြတ်ချက်ချထား မိလေသည်။

လူအများက ရီးစ်အား ခင်မင် လေးစားထိုက်သူ တစ်ဦး အဖြစ် လက်ခံထားကြသော်လည်း အင်ဒရူးကမူ လေးစား၍ မရချေ။ ရီးစ် အိမ်လာပြီ ဆိုလျှင် လူမမာ ဖြစ်သော ဒေါက်တာ ပိတ်ချ်နှင့် ငါးမိနစ်ခန့်မျှသာ နေလေ့ရှိ၍ မစ္စ ပိတ်ချ်နှင့်မူ တစ်နာရီ နီးပါးမျှ ကြာအောင် အချိန်ဖြုန်းလေ့ ရှိ၏။ နှစ်ယောက်သား ပြောဆိုကြသည့် စကားများမှာ ရိုးရိုးသားသား အကြောင်းကိစ္စများသာ ဖြစ်၍ အများအားဖြင့် တိုင်ပင် ဆွေးနွေးကြသည်မှာ ငွေကြေး ကိစ္စပင် ဖြစ်လေသည်။

အင်ဒရူး ခန့်မှန်း၍ ရသလောက် ဆိုလျှင် ဘလောဝင်း ပိတ်ချ်သည် ငွေကြေး အတော်များများ စုဆောင်းမိဟန် ရှိပေသည်။ ရီးစ်၏ ညွှန်ကြားချက်နှင့် အကြံပေးချက်များအရ အချိန်ရှိသမျှ သူမ၏ စုငွေများကို တိုးပွားသည်ထက် တိုးပွားအောင် ကျိတ်၍ ကြိုးစည်နေပုံ ရလေသည်။

အင်ဒရူး အဖို့တော့ ယခုအချိန်အထိ ငွေသည် အရေးမကြီးသေးပေ။ ငွေသည် သူ့ဘဝ အတွက် ထူးထူးခြားခြား အရေးပါသည့် အရာဝတ္ထု တစ်ခု ဖြစ်မလာသေးပေ။ သူ့အနေဖြင့် ဂလင်း ပညာသင်စရိတ် ထောက်ပံ့ရေး အဖွဲ့သို့ ပေးအပ်ရန် ရှိသည့် အကြွေးငွေကို မှန်မှန် ပေးဆပ်နိုင်လျှင် လုံလောက်ပြီ။ စီးကရက် ဝယ်သောက်ဖို့ အတွက် သျှိလင် အနည်းငယ်မျှ သူ့ အိတ်ထဲ ထည့်ထားနိုင်လျှင် ပြည့်စုံပေပြီ။ ဤနှစ်ခုအပြင် သူ့အတွက် လုပ်စရာ အလုပ် ရှိနေပြီး ဖြစ်ရာ သူ့ဘဝသည် ပြည့်စုံသလောက် ဖြစ်နေပေပြီ။

အင်ဒရူးသည် မကြာခဏပင် သူ့အလုပ်က သူ့အား မည်မျှ အထိ အကျိုးပြုသည်ကို ဆန်းစစ် ချင့်တွက်လေ့ ရှိ၏။ နေ့စဉ် နေ့တိုင်း အလုပ်မှ ရရှိနေသော အတွေ့အကြုံများသည် သူ့ မောပန်း နွမ်းနယ်နေချိန်နှင့် စိတ်အား ငယ်နေချိန်များတွင် သူ့အား ပြေပျောက်သွားအောင် လုပ်ပေးနေသည့် ဆေးများသဖွယ် ဖြစ်လျက် ရှိသည်မှာ ယုံမှားဖွယ်ရာ မရှိချေ။

ဆေးပညာရှင် ဖြစ်သော ဆရာဝန် တစ်ဦး အနေဖြင့်လည်း သူ့ပညာ၏ အခြေအနေကို ဆင်ခြင် စဉ်းစားစ ပြုလာသည်။ ယင်းကဲ့သို့ အလေးအနက် ထား၍ စဉ်းစားလာမိခြင်းမှာလည်း ဆေးပညာ လောကကို ပြုပြင်ပြောင်းလဲပစ်လိုစိတ် ပြင်းပြနေသော ဖီးလစ် ဒင်နီ၏ မကောင်းမြင် ဝါဒကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကောင်း ဖြစ်လိမ့်မည်ဟု တွေးမိလေ၏။

ဒင်နီ၏ အယူအဆမှာ မေဆန် စာတွေ့ သင်ကြားလာခဲ့ရသော အရာ မှန်သမျှနှင့် ဆန့်ကျင်ဘက်ချည်း ဖြစ်နေ၏။ ဒင်နီ၏ ဝါဒမှာ 'ဘာကိုပဲ ဖြစ်ဖြစ် လက်တွေ့ မဟုတ်ရင် ငါ မယုံ ဝါဒ' ဖြစ်လေသည်။

သူ ဆေးကျောင်းသား ဘဝက ကြုံခဲ့ရသည့် အဖြစ်များကို ပြန်၍ စဉ်းစားမိ၏။

ကျောင်းသား တစ်ယောက် အနေဖြင့် အင်ဒရူး မေဆန်သည် ပြဋ္ဌာန်း ထားသော စာအုပ်ကြီးများ အပေါ်၌ ယုံကြည်မှု အပြည့်အဝ ထားခဲ့၏။ ယင်း စာအုပ်ကြီးများ အားကိုးဖြင့် သူ၏ အနာဂတ် ဘဝ သာယာရေး အတွက် အရာရာကို ရင်ဆိုင်သွားနိုင်လိမ့်မည်ဟု တွက်ခဲ့မိ၏။ သူသည် ရူပဗေဒ၊ ဓာတု ဗေဒနှင့် သတ္တဗေဒ ဘာသာရပ်များတွင် အလွန် ထူးချွန်သော ကျောင်းသား တစ်ဦး ဖြစ်ခဲ့၏။ ကုန်ကုန် ပြောရလျှင် သူသည် တီကောင်ကို အလျားလိုက် ခွဲ၍ အသေးစိတ် လေ့လာကြည့်ကာ ထူးချွန်အောင် ကြိုးစားခဲ့သူ ဖြစ်လေ သည်။

ဆေးပညာနှင့် ပတ်သက်၍ အများစုက အစဉ်အဆက် လက်ခံထား ခဲ့သည့် သဘောတရားများ၊ အယူအဆများ၊ နည်းနာနိဿယများကိုချည်း သင် ကြားခဲ့ရ၏။ ထို့နောက် ရောဂါ အမျိုးမျိုး အကြောင်း။ ရောဂါ အမျိုးအစား အလိုက် ဖြစ်ပေါ်တတ်သည့် အသွင်အပြင် လက္ခဏာရပ်များ အကြောင်း။ ထို့ နောက် ရောဂါ အမျိုးအစား အလိုက် ပေးရသည့် ဆေးဝါးများ အကြောင်း။

ကျောင်းမှ သင်ကြား ပို့ချပေးသမျှကို တစ်ခုမကျန် ကျက်ရ မှတ်ရ ပြန်လေသည်။

ဥပမာအားဖြင့် ဒူလာရောဂါ အကြောင်း သင်ကြား ပို့ချပေးသည် ဆို ပါစို့။ ဒူလာရောဂါ ဆိုသည်မှာ ဘယ်လို အသွင်အပြင်၊ ဘယ်လို လက္ခဏာ ရပ်တွေ ဖြစ်ပေါ်လာတတ်သည်၊ ထို ဒူလာရောဂါ အတွက် ကိုချီကင်ဆေး ပေး၍ ကုသလျှင် ပျောက်နိုင်သည် စသည် စသည်ဖြင့် သင်ကြား ပို့ချပေး၏။

အတန်းထဲတွင် သင်ကြား ပို့ချပေးခဲ့သော သူ့ဆရာ ပါမောက္ခ လင်း ပလော၏ အသံ တိုးညင်းညင်းကို ယခုပင်လျှင် ပြန်လည် ကြားယောင် နေမိ သေးသည်။

ပါမောက္ခ လင်းပလောက 'ဒူလာရောဂါ ဆိုရင် ဗွီနမ်ကိုချီစီ ဆေး ကိုသာ ပေး၊ အခွက် နှစ်ဆယ်က သုံးဆယ်လောက် ဝင်သွားရင် လုံးဝ ပျောက်





သွားတာပဲ' ဟု ဆိုလေသည်။

သို့သော်...

ပါမောက္ခ လင်းပလော၏ အဆိုသည် တကယ့် လက်တွေ့ကျတော့ မှန်ပါ၏လော။

ယခုအခါတွင် သူသည် ဤမေးခွန်းကို သူ့ကိုယ်သူ ပြန်၍ မေးနေရ လေပြီ။

မေးနေရခြင်းမှာလည်း အကြောင်းမဲ့ မဟုတ်ပေ။ အကြောင်း ရှိ၍သာ မေးနေရခြင်း ဖြစ်၏။

လွန်ခဲ့သော တစ်လခန့်က ဒူလာ ရောဂါသည် တစ်ဦးအား ကိုချီကင် ဆေးကို ပေးခဲ့သည်။ လူနာမှာ နာကျင် ကိုက်ခဲသော ဝေဒနာကို ပြင်းပြင်း ထန်ထန် ခံစားနေရသည့် အခြေအနေတွင် ရှိသဖြင့် ပေးခဲ့ရခြင်း ဖြစ်၏။ သို့သော်လည်း သူ ပေးခဲ့သော ဆေးသည် လူနာ၏ ရောဂါကို ပျောက်ကင်း ဖို့ မဆိုထားနှင့်၊ သက်သာအောင်ပင် မစွမ်းဆောင်နိုင်ခဲ့ချေ။

စံပြု ဆေးကျမ်းတွင် ဖော်ပြထားသည့် ဆေးများ၏ တစ်ဝက် သို့ မဟုတ် အပုံ လေးပုံ သုံးပုံသည် တကယ် ထိထိရောက်ရောက် အစွမ်း ထက် မြက်ပါ၏လော။

ယင်းကဲ့သို့ စဉ်းစားမိသောအခါ ဆေးကျမ်းများ ဆိုင်ရာ ဘာသာရပ် ဘထိက ဒေါက်တာ အီးလီးယော့၏ အသံကို ပြန်လည် ကြားယောင်မိပြန် လေသည်။ ဒေါက်တာ အီးလီးယော့က... 'တို့များ ဖယောင်းချက် အကြောင်း ပြောရတော့မယ်၊ ဖယောင်းချက် အကြောင်း ပြောရမယ် ဆိုရင် အဲဒီ အထဲ မှာ ပါဝင်နေတဲ့ ပစ္စည်း အကြောင်းက စရလိမ့်မယ်၊ ဖယောင်းချက်ထဲမှာ ပါ တဲ့ ပစ္စည်းဟာ ဘယ်အပင်က ရတယ် ဆိုတာ အတိအကျ အဆုံးအဖြတ် မပေး နိုင်သေးဘူး၊ ဒါပေမဲ့ မနီလာက အများဆုံး သွင်းတယ်၊ ဆေးကတော့ လိမ်း ဆေးပဲ၊ အနာအဆာတွေကို လိမ်းပေးလိုက်ရင် အံ့ဩလောက်အောင် သက်သာ ပျောက်ကင်းတာ တွေ့ရလိမ့်မယ်၊ ပိုးကိုလည်း နိုင်တယ်' စသည် စသည်ဖြင့် အကျယ်တဝင့် ရှင်းပြခဲ့ဖူးသည်။

ဒေါက်တာ အီးလီးယော့၏ သင်ကြား ပို့ချမှုသည် လက်တွေ့ကျတော့ အံဝင်ခွင်ကျ ဖြစ်ပါမလား ဟူသော သံသယသည် ဝင်လာခဲ့ရပြန်လေသည်။

အီးလီးယော့သည် ဖယောင်းချက်ကို တကယ် လက်တွေ့ သူကိုယ်တိုင် စမ်းသပ် အသုံးပြုခဲ့ဖူးပါသလား။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုတော့ အီးလီးယော့သည် ထိုလိမ်းဆေးများကို လက်တွေ့ သုံးစွဲခဲ့ဖူးခြင်း ရှိဟန်မတူချေ။ သူ သိရသလောက် ဆိုလျှင် ဒေါက်တာ အီးလီးယော့ ပို့ချပေးနေသည့် အကြောင်းအရာ အချက်အလက်များမှာ သူ ကိုယ်တိုင် လက်တွေ့ စမ်းသပ် လုပ်ကိုင်ကြည့်ရာမှ ရရှိထားသည့် အချက်အလက်များ မဟုတ်ပေ။ ဆေးကျမ်းများထဲမှ ရလာသည့် အချက်အလက်များကို စာအုပ်ကြီး အတိုင်း တစ်ဆင့် ပြန်၍ ဖောက်သည်ချထားခြင်းမျှသာ ဖြစ်ဆေသည်။ သူ ပို့ချပေးနေသည့် အချက်အလက်များမှာ ဤဆေးကျမ်းထဲမှ မဟုတ်လျှင် ဟိုဆေးကျမ်းထဲက၊ ဟိုဆေးကျမ်း မဟုတ်လျှင် ဤဆေးကျမ်းထဲက။ ဤမျှသာ ခြားနားမှု ရှိ၏။ ပို့ချချက် အားလုံးသည် စာအုပ်ထဲတွင် ပါရှိသည့် အတိုင်းသာ အကိုးအကား ပြု၍ တရားသေယူ၍ ပြန်လည် ပြောပြနေသည့် သဘောသာ ဖြစ်လေသည်။

သူ ဒရင်ဖီးမြို့သို့ ရောက်လာခဲ့သည့် ပထမညက သူ စပ်ထားသော ဆေးပုလင်းကို ကြည့်၍ ဒင်နီက နှာခေါင်းရှုံ့ခဲ့ဖူးလေသည်။ ဒင်နီသည် ဆေးစပ်သမားများကိုရော ဆေးအလွန်အကျွံ စွဲ၍ သောက်သူများကိုပါ စက်ဆုပ်ရွံရှာသူ ဖြစ်၏။ ဒင်နီကတော့ ဆေးတစ်ဒါဇင်တွင် တစ်ဝက်ခန့်မျှသာ ထိရောက် အသုံးဝင်သည်ဟု အခိုင်အမာ ပြောလေ့ ရှိသည်။ ကျန် တစ်ဝက်ခန့်သည် 'ချေး' နှင့် အတူတူပင် ဖြစ်သည်ဟု ပစ်ပစ်ခါခါ ဆိုလေ့ ရှိသည်။

ဒင်နီ၏ အဆို၊ ဒင်နီ၏ အယူအဆ၊ ဒင်နီ၏ ခံယူချက်၊ ဒင်နီ၏ သဘောထားများကို သူကိုယ်တိုင် အလေးအနက်ထား၍ စဉ်းစားခဲ့ဖူး၏။ သတိရတိုင်းလည်း အကြိမ်ကြိမ် အထပ်ထပ် ဝေဖန် သုံးသပ်ခဲ့ဖူးပါ၏။ ဒင်နီ မှန်သည် မှားသည် ဟူသော အဖြေကို မပေးနိုင်ခဲ့ပေ။

ရောက်တတ်ရာရာ တွေးရင်းနှင့်ပင် ရစ်စကင်းလမ်းရှိ အိမ်အမှတ် သုံးသို့ ရောက်လာခဲ့သည်။ သူ၏ လူနာမှာ ဂျိုးဝီ ဟောင်းဝဲ အမည်ရှိ အသက်ကိုးနှစ်သား အရွယ် ကလေး တစ်ယောက်သာ ဖြစ်သည်။ ကလေးမှာ ဝက်သက် ပေါက်နေခြင်း ဖြစ်၏။ သိပ်ပြီး ဆိုးရွားသည့် အခြေအနေ မဟုတ်သော်လည်း ဆင်းရဲသော အိမ်ထောင်တစ်ခု ဖြစ်သဖြင့် အိမ်တွင်း အခြေအနေသည် လူနာနှင့် မသင့်တော်လှပေ။ အထူးသဖြင့် ဂျိုးဝီ၏ မိခင် အတွက် သက်သောင့်သက်သာ ဖြစ်မည့် အခြေအနေမျိုး မဟုတ်ပေ။

ကလေး၏ ဖခင် မစ္စတာ ဟောင်းဝဲမှာ ကျောက်တွင်း နေ့စား အလုပ်သမား တစ်ဦး ဖြစ်၍ အဆုတ် ရောင် ရောဂါ ဖြစ်နေသဖြင့် အိပ်ရာထဲ လဲနေ





သည်မှာ သုံးလမျှ ရှိခဲ့ပြီ ဖြစ်သော်လည်း ကရုဏာကြေးနှင့် လျော်ကြေး ဆို၍ တစ်ပြား တစ်ချပ်မှ မရခဲ့ပေ။

စိတ်သဘောထား ရိုးသား၍ သိမ်မွေ့ အေးဆေးလှသော မစ္စက် ဟောင်းဝဲသည် မစွမ်းမသန် ဖြစ်နေရှာသည့် လင်သည်အား ပြုစုရင်းက သူ့အား သူကိုးကာ ကိုယ်ထူ ကိုယ်ထ ရှာဖွေ စားသောက်နေရသူ ဖြစ်ပေသည်။ တစ်ဖက်တွင် ဘီသီစဒါး ဘုရားရှိခိုးကျောင်း၌ သန့်ရှင်းရေး အလုပ်သမား အဖြစ် ဝင်လုပ်ကာ လင်သည်နှင့် ကလေး နှစ်ယောက်အား ရှာဖွေ ကျွေးမွေးနေသူ ဖြစ်သည်။ အလုပ်က တစ်ဖက်၊ လင်သည် လူမမာက တစ်ဖက်၊ အိမ်ကိစ္စ ဟင်းရက တစ်ဖက်နှင့် မအားမလပ် ရှိနေသည့် ကြားထဲမှပင် ယခု တစ်ဖန် ဝက်သက် လူနာ တစ်ဦး တိုးလာပြန်ခြင်း ဖြစ်လေသည်။

လူနာကို ကြည့်ရှုအပြီးတွင် အင်ဒရူးသည် အိမ်တံခါးဝမှ ရပ်ကာ မစ္စက် ဟောင်းဝဲနှင့် စကားစမြည် ပြောမိသည်။ သူသည် တကယ်ပင် မစ္စက် ဟောင်းဝဲ အတွက် ကိုယ်ချင်းစာကာ စိတ်မကောင်း ဖြစ်နေမိ၏။

'မစ္စက် ဟောင်းဝဲလည်း ဒုက္ခပဲနော်၊ အလုပ်က တစ်ဖက်၊ လူမမာတွေက တစ်ဖက်နှင့် နားရတယ်လို့ ရှိမှာ မဟုတ်ဘူး၊ ခင်ဗျား အတွက် စိတ်မကောင်းပါဘူး၊ ဟို အငယ်ကောင် အင်းဒရစ်ကိုလည်း ကျောင်းမလွှတ်ဘဲ ထားမှ ဖြစ်လိမ့်မယ်၊ အင်းဒရစ်ကို ကျောင်းမလွှတ်ရတော့ သူ့ကိုပါ ထိန်းရမယ့် အလုပ်က တိုးလာဦးတော့မှာ သေချာနေပြီ'

အင်းဒရစ်မှာ ဝက်သက်ပေါက်နေသည့် ဂျိုးဝီ၏ ညီငယ် ဖြစ်လေသည်။

မစ္စက် ဟောင်းဝဲက အင်ဒရူးအား မော့ကြည့်သည်။ အလုပ်နှင့် လက်မပြတ်အောင် လုပ်ရလွန်းသဖြင့် သူမ၏ လက်ဖဝါးများမှာ နီရဲနေပြီး လက်ဆစ်များမှာ ရောင်လျက် ရှိပေသည်။

'မစ္စ ဘာလိုကတော့ အင်းဒရစ်ကို ကျောင်းလွှတ်ပါလို့ ပြောသွားတယ် ဒေါက်တာ'

မစ္စက် ဟောင်းဝဲအား သနားစိတ် ဖြစ်နေမိရာမှ ထိုစကားကို ကြားလိုက်ရသည့် အခါ စိတ်ထဲတွင် ကသိကအောက် ဖြစ်သွားလေ၏။

'မစ္စ ဘာလို ဆိုတာက ဘယ်သူလဲ'

'မစ္စ ဘာလိုက ဘဏ်လမ်းကျောင်းက ဆရာမလေးပါ'

မစ္စက် ဟောင်းဝဲသည် အင်ဒရူး မကျေမနပ် ဖြစ်သွားသည်ကို သတိပြုမိချေ။ ရိုးရိုးတန်းတန်း မေးသည်ဟုပင် ထင်သဖြင့် အေးအေးဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com

နှင့်ပင် သူ ပြောလိုသမျှကို ဆက်၍ ပြောနေလေ၏။

'ကနေ့ မနက် မစ္စ ဘာလို အိမ်ကို လာလည်တယ် ဒေါက်တာ၊ ကျွန်မ မနိုင်မနင်း ဖြစ်နေတာကို မြင်တော့ သူလည်း စိတ်မကောင်း ဖြစ်သွားတယ်၊ ဒါနှင့်ပဲ အင်းဒရစ်ကို ကျောင်းလွှတ်ပါလို့ ပြောသွားတာပါပဲ၊ အင်းဒရစ်ကို ကျောင်းမလွှတ်ဘဲ ထားမယ် ဆိုရင်လည်း ကျွန်မအဖို့ မလွယ်တာ အမှန်ပဲ၊ အလုပ်က တစ်ဖက် အိမ်မှုကိစ္စက တစ်ဖက်နှင့် ဘယ်လို စီစဉ်ရမယ် ဆိုတာ ဘုရားသခင်မှပဲ သိတော့မှာပဲ'

အင်ဒရူးမှာ စိတ်မြန်သူ ဖြစ်ရာ ကျောင်းဆရာမ၏ ဝင်ရောက် စွက်ဖက်မှု အပေါ်တွင် မကျေမနပ် ဖြစ်မိသည်။ မစ္စက် ဟောင်းဝဲ အနေဖြင့် မိမိ ညွှန်ကြားခဲ့သည့် အတိုင်းသာ လိုက်နာရမည်။ ကျောင်းဆရာမ၏ စကားကို နားထောင်စရာ မလိုပဟု ဟောဟောဒိုင်းဒိုင်း ပြောချလိုက်ရန် စိတ်ကူးလိုက်မိသေးသော်လည်း ဤကိစ္စမှာ မစ္စက် ဟောင်းဝဲအား အပြစ်တင်ရမည့် အခြေအနေမျိုး မဟုတ်သဖြင့် ဘာမှ မပြောတော့ဘဲ နှုတ်ဆက်၍ ထွက်လာခဲ့လေ၏။

ခရစ္စတီး လမ်းမပေါ် လျှောက်သွားနေချိန်တွင် သူ့ ဒေါသအရှိန်မှာ တက်လျက် ရှိပြီ ဖြစ်ရာ မျက်နှာ တစ်ခုလုံး နီမြန်းလျက် ရှိ၏။ အင်ဒရူးသည် အလုပ် တစ်ခုခုတွင် မစွက်ဖက်သင့်ဘဲ ဝင်ရောက် စွက်ဖက်ခြင်းကို အလွန် စက်ဆုပ် မုန်းတီးသူ ဖြစ်၏။ အထူးသဖြင့် သူ့အလုပ်ထဲတွင် မဆီမဆိုင် ဝင်ရောက် စွက်ဖက်ခြင်းကို နည်းနည်းကလေးမှ သည်းခံနိုင်သူ မဟုတ်ပေ။ အကယ်၍များ ဝင်ရောက် စွက်ဖက်သူသည် အမျိုးသမီး ဖြစ်နေပါက အလွန် မခံမရပ်နိုင်လောက်အောင် ဖြစ်တတ်သည်မှာ သူ့အကျင့် ဖြစ်လေသည်။

ယခု ကိစ္စတွင် မဆီမဆိုင် ဝင်ရောက် စွက်ဖက်သွားသူမှာ ကျောင်းဆရာမ မစ္စ ဘာလို ဆိုသော အမျိုးသမီး ဖြစ်သည်။ သူသည် မစ္စ ဘာလိုအား တွေးမိတိုင်း ဒေါသဖြစ်လျက် ရှိလေ၏။

အင်းဒရစ်၏ အစ်ကို ဂျိုးဇီသည် ဝက်သက် ပေါက်နေသည် ဖြစ်ရာ ဝက်သက် ပေါက်နေသော ကလေး တစ်ဦးနှင့် တစ်အိမ်တည်း တစ်ခန်းတည်း ဆိုသလို တပူးတွဲတွဲ နေထိုင်လျက်ရှိသည့် ညီငယ် ဖြစ်သူအား ကျောင်းတက်ခွင့် ပြုပါက အခြား ကလေးများပါ ဝက်သက် ပေါက်ကုန်နိုင်စရာ ရှိ၏။ ထို့ကြောင့်လည်း အင်းဒရစ်ကို ကျောင်းမလွှတ်ဘဲ ခွင့်ယူ၍ အိမ်မှာ ခေတ္တ ထားရန် သူ ညွှန်ကြားခဲ့ခြင်း ဖြစ်ပေသည်။





ယခုမူ ကျောင်းဆရာမက နားမလည် ပါးမလည်နှင့် ကျောင်းတက်ခွင့် ပြုခဲ့လေရာ သက်သက်မဲ့ ဝင်၍ ရှုပ်ခြင်း ဖြစ်သည်ဟု သူ ယူဆသည်။ ဤကိစ္စ အတွက် အခုချက်ချင်းပင် မစ္စ ဘာလို ဆိုသည့် ကျောင်းဆရာမနှင့် တွေ့၍ ပြေရှင်းမှ ဖြစ်မည်ဟု ဆုံးဖြတ်လိုက်လေ၏။

ငါးမိနစ်ခန့် အကြာတွင် အင်ဒရူး မေဆန်သည် ဘဏ်လမ်း ကုန်းဆင်း အတိုင်း လျှောက်သွားလျက် ရှိလေတော့၏။

ကျောင်းထဲ ရောက်သည့်အခါ ကျောင်းစောင့် ညွှန်ပြသည့် အခန်းဆီသို့ ဦးတည်၍ လျှောက်သွားသည်။ သူသည် ပထမတန်း အခန်းရှေ့ ရောက်သော် ရောက်ချင်း တံခါးကို သုံးလေးချက်မျှ ခေါက်၍ အသံပေးလိုက်ပြီး အထဲမှ အဖြေ မရသေးမီပင် အတန်းထဲသို့ ဝင်လာခဲ့လေ၏။

အခန်းမှာ ကျယ်ကျယ်ဝန်းဝန်း ရှိ၍ သီးခြား ဖွဲ့ထားသော အခန်း ဖြစ်သည်။ လေကောင်းလေသန့် ရ၍ သန့်ရှင်း သပ်ရပ်လှပေသည်။ အခန်း၏ တစ်ဖက်စွန်းတွင် ဆောင်းမီးဖိုကြီး တစ်လုံး ရှိသည်။ ကလေး အားလုံးမှာ အသက် ခုနစ်နှစ်အောက် အရွယ်များ ဖြစ်ပေသည်။

သူ ရောက်သွားချိန်မှာ မွန်းလွဲပိုင်း ကျောင်း ခေတ္တ နားချိန် ဖြစ်၍ ကလေးတိုင်း ဖန်ခွက် ကိုယ်စီနှင့် နို့သောက်နေကြသည်။ မြို့နယ် သတ္တုတွင်း အလုပ်သမားများ အစည်းအရုံးခွဲ၏ အလုပ်သမား သက်သာချောင်ချိရေး အစီအစဉ်အရ ကလေးများအား အခမဲ့ နေ့လယ်စာ ကျွေးမွေးနေခြင်း ဖြစ်လေသည်။

အင်ဒရူး၏ မျက်လုံးအစုံသည် ဆရာမ အပေါ်တွင်သာ စူးစိုက်လျက် ရှိသည်။ ဆရာမကမူ သူ့အား ကျောပေးလျက် ကျောက်သင်ပုန်းကြီးပေါ်တွင် စာများ ရေးခြင်းဖြင့် အလုပ် ရှုပ်နေသည် ဖြစ်ရာ သူ ဝင်လာသည်ကိုလည်း မမြင်၊ သူ့အသံကိုလည်း ကြားဟန် မတူပေ။ ရုတ်တရက် နောက်သို့ အလှည့် လိုက်တွင်မှ သူ့အား မြင်တွေ့သွားခြင်း ဖြစ်လေသည်။

သူသည် တစ်ဖက်သတ် တစ်ယောက်တည်း စိတ်ဆိုးလာသူ ဖြစ်၏။ ဒေါသ အရှိန်ဖြင့် မည်သူ့ထံကမှ ခွင့်တောင်းခြင်း မပြုဘဲ ဒေါသတကြီးဖြင့် အတန်းခန်းထဲသို့ ဝင်လာသူ ဖြစ်ရာ သူ့ဘာသာသူ စိတ်ထဲက မလုံမလဲ ဖြစ်နေလေသည်။ ဆရာမက နောက်သို့ လှည့်လိုက်၍ လူချင်း မျက်နှာချင်းဆိုင် တိုက်မိသည့် အခါတွင်မှ အင်ဒရူးမှာ ခပ်အမ်းအမ်း ဖြစ်လျက် ရှိလေ၏။

သူ့အား ကြည့်နေသည့် မစ္စ ဘာလို၏ မျက်လုံးညိုကြီးများထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ပြနေသည့် အံ့သြမှုကြောင့် တုံ့ဆိုင်းသွားရခြင်း ဖြစ်ကောင်း ဖြစ်ပေမည်။ စိ ဆိုးပြီ ဆိုလျှင် ဟန်ဆောင်၍ မနေတတ်သော သူ့မျက်နှာမှာလည်း ဒေါသစိ နှင့် ရှက်စိတ်တို့ ပေါင်းစပ်ကာ နီမြန်းသည်ထက် နီမြန်းလာလေသည်။

'မစ္စ ဘာလို ဆိုတာ ခင်ဗျားလား'

'ဟုတ်ပါတယ်ရှင်၊ ကျွန်မ မစ္စ ဘာလိုပါ'

မစ္စ ဘာလိုသည် သွယ်လျလျ ဖြစ်သည်။ အညိုရောင် စကတ်နှင့် မွေး ခြေအိတ်ရှည်နှင့်၊ ခုံထူထူ ဖိနပ်ကို စီးထားသည်။ သူနှင့် သက်တူ ရွ တူလောက် ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။ သူ့ထက် ငယ်လျှင်လည်း သိပ်ပြ ငယ်လိမ့်မည် မထင်ပေ။ အနည်းဆုံး နှစ်ဆယ့် နှစ်နှစ်ခန့်တော့ ရှိလိမ့်မ ထင်၏။

မစ္စ ဘာလို၏ မျက်လုံးသည် စူးစမ်းသော အကြည့်ကို ဖော်ပြ သည်။ မျက်နှာပေါ်ရှိ အပြုံးက မဝံ့မရဲနှင့် ပျော့ညံ့ညံ့ နိုင်လှပေသည်။ က များအား သင်ကြားပို့ချနေရသဖြင့် စိတ်ပန်း ကိုယ်ပန်း ဖြစ်နေဟန် တူ၏

မည်သို့ပင် ဖြစ်စေ အင်ဒရူးကိုတော့ လိုလိုချင်ချင် ကြိုဆိုမည့် ဟ အမူအရာ အထင်းသား ပြလျက် ရှိပေသည်။

'ရှင်... ရှင်ဟာ ဒေါက်တာ ပိတ်ချ်ရဲ့ လက်ထောက် ဆရာဝန် အသ မဟုတ်လား'

'အဲဒါက အရေးမကြီးပါဘူး'

အင်ဒရူး အသံက မာဆတ်ဆတ် နိုင်လွန်းလှလေသည်။

'ကျုပ်နာမည်က ဒေါက်တာ မေဆန်၊ အင်ဒရူး မေဆန်၊ ခင်ဗျားဆီ ရောဂါ ကူးစက်နိုင်တဲ့ ကလေး တစ်ယောက် ရှိနေတယ်၊ အင်းဒရစ် ဟောင် ဆိုတဲ့ ကလေးပဲ၊ သူ့အစ်ကိုက ဝက်သက် ပေါက်နေတယ်၊ အဲဒါ ခင်ဗျား သိ တယ် မဟုတ်လား'

တိတ်ဆိတ်သွားသည်။

သို့သော်လည်း မစ္စ ဘာလို၏ မျက်လုံးများတွင် ရင်းနှီး ခင်မင်လိုသည် အရိပ်အယောင်များ ယှက်သန်းဆဲပင်။ နဖူးစတွင် ဝဲပျံ ကျနေသော သူမ ဆံပင်စများကို လက်ဖဝါးနှင့် သိမ်း၍ တင်လိုက်ရင်းက 'ဟုတ်ကဲ့ပါ၊ ကျွန် သိပါတယ်' ဟု ပြောသည်။

အင်ဒရူးကမူ သူ ရောက်လာသည်ကို ဂရုတစိုက် ပျာပျာသလဲ မရှိ အထင်ရောက်ကာ စောစောကထက် ပို၍ စိတ်တိုလာသည်။



'ဒီကလေးကို ခင်ဗျားက ဘာ့ကြောင့် ကျောင်းတက်ခွင့် ပေးရတာလဲ၊ လေးကို ကျောင်းမှာ ထားတာဟာ ဥပဒေ စည်းကမ်းကို ဆန့်ကျင်တာနှင့် ပဲ ဆိုတာ ခင်ဗျား မသိဘူးလား'

အင်ဒရူး၏ အသံမှာ မာလွန်း တင်းလွန်းလှသည် ဖြစ်ရာ မစ္စ ဘာလို ျက်နှာထားသည် ရုတ်တရက် ချက်ချင်းပင် ပြောင်းသွားသည်။ ခင်မင် ီးလိုသည့် အရိပ်အယောင်များသည်လည်း ဖျတ်ခနဲ ကွယ်ပျောက်သွား

စိတ်တို စိတ်ဆိုးနေသည့် ကြားမှပင် အင်ဒရူးသည် မစ္စ ဘာလို၏ တ် နူးညံ့၍ ပြေပြစ်လှသော အသားအရေနှင့် ညာဘက်ပါး အံထက်နား ညိုရောင် မှဲ့ငယ်ကလေး တစ်လုံးတို့ကို သတိမပြုမိဘဲ မနေနိုင်ချေ။ မှဲ့ လေးသည် သူမ၏ မျက်လုံး အရောင်နှင့် တစ်ထေရာတည်း။

သူမ ဝတ်ထားသည့် အဖြူရောင် ဘလောက်စ် အင်္ကျီသည် သူမ၏ ကို ပို၍ ပိပြင်စေသည်ဟု ထင်ရသည်။ ဒေါသအရှိန်ကြောင့် သူမ၏ က်ရှသံမှာ လျှင်မြန်လာသော်လည်း စကားပြောသည့် အခါတွင်မူ ထိန်း ်းသိမ်းသိမ်း ရှိသည်။ ခပ်ဖြည်းဖြည်း ခပ်မှန်မှန် ခပ်အေးအေးပင် ပြော သည်။

'ဒီမှာ ကျောင်းလာတက်နေတဲ့ ကလေး အားလုံးလိုလို ဝက်သက် ါက်ပြီးကြပြီ၊ မပေါက်သေးတဲ့ ကလေးတွေလည်း မကြာခင် ပေါက်ကြမှာ အနေးနှင့် အမြန်ပဲ၊ တကယ်လို့ အင်းဒရစ် ကျောင်း မတက်ရရင် သူ့ တွက် အကောင်းဆုံး အာဟာရ အဖြစ်ဆုံး အစာ ဖြစ်တဲ့ နို့ကို မှန်မှန် သောက်ရဘဲ နေမယ်၊ နွားနို့ဟာ သူ့အတွက် အင်မတန် လိုအပ်နေတဲ့ အစာ ခုပဲ'

'အခု ကျုပ် ပြောနေတာက သူ နွားနို့ သောက်ဖို့ ကိစ္စနှင့် ဘာမှမဆိုင် သူ့ကို တခြား ကလေးတွေနှင့် မရောဘဲ ခွဲထားဖို့၊ အဲဒီ ကိစ္စကို ပြော တာ'

မစ္စ ဘာလိုကလည်း အလျှော့မပေးချေ။

'ကျွန်မ သူ့ကို ခွဲထားတယ်လေ၊ ကျွန်မ အကောင်းဆုံးလို့ ထင်တဲ့ ည်းနှင့် ခွဲထားတာပဲ၊ ကျွန်မ ပြောတာ မယုံရင် ရှင် ကိုယ်တိုင် ကြည့်သွား ါ'

မစ္စ ဘာလိုက မျက်လုံး တစ်ချက် ဝေ့ကာ အင်းဒရစ်အား ပြသည်။



www.burmeseclassic.com

www.burmeseclassic.com

အင်ဒရူးက သူမ၏ မျက်လုံးဝဲရာသို့ လိုက်ကြည့်သည်။

အသက် ငါးနှစ်မျှသာ ရှိသေးသော အင်ဒရူစ်သည် မီးဖို အနီးရှိ [...] ပေါ်ဝယ် တစ်ဦးတည်း ထိုင်လျက် ရှိပေသည်။ သူကား သူ့ဘဝနှင့် သူ အလွန် ကျေနပ် နှစ်သိမ့်နေပုံရ၏။ သူ့ရှေ့မှောက်ရှိ နို့ဖန်ခွက်မှ တစ်ပါး အခြား [...] ကိုမှ စိတ်ဝင်စားသည့်ပုံ မပေါ်ပေ။ နို့ဖန်ခွက်ကိုသာ စုံစုံမက်မက် ကြည့်လျက် ရှိပေသည်။

ဤမြင်ကွင်းသည် အင်ဒရူး၏ ဒေါသကို တစ်ဆ တိုးစေသည်။ မရယ်ချင့် ရယ်ချင် မလိုတမာသံဖြင့် သရော်သလို လှောင်သလို ရယ်ချလိုက်လေ သည်။

'ဒီဟာ ခင်ဗျား စိတ်ကူးနှင့် ခင်ဗျား ခွဲထားတာပေါ့၊ ဟုတ်စ၊ ဟင်း ဟင်း၊ ဒါ ကျုပ် အစီအစဉ် ကျုပ် စိတ်ကူး မဟုတ်ဘူး၊ ခင်ဗျား အခု ချက်ချင်း ဒီကလေးကို အိမ်ပြန်ပို့ပါ'

'အခု ရှင် ရပ်နေတဲ့ အခန်းပိုင်ရှင်ဟာ ဘယ်သူလဲ ဆိုတာ ရှင် မသိဘူး ထင်တယ်၊ ရှင့်ကို အထင်ကြီးပြီး မြှောက်ပင့် ပေးနေတဲ့ လူတွေကိုသာ အမိန့် ပေးလို့ ရချင်ရမယ်၊ ဒီမှာတော့ ရလိမ့်မယ်လို့ မထင်နှင့်၊ ဒီကျောင်းမှာ ဘယ် သူမဆို ကျွန်မ စကားကိုသာ နားထောင်ရမယ်၊ လိုက်နာရမယ်၊ ကျွန်မက ဘယ်သူ့စကားကိုမှ နားမထောင်နိုင်ဘူး၊ ဘယ်သူ့ သြဇာမှ မခံနိုင်ဘူး'

မစ္စ ဘာလို၏ စကားကြောင့် အင်ဒရူးမှာ တစ်ကိုယ်လုံး ပူထူသွား သည်။ ဒေါသတကြီးဖြင့် မစ္စ ဘာလိုအား စူးစူးရဲရဲ ကြည့်နေသည်။

'ခင်ဗျားဟာ ဥပဒေကို ချိုးဖောက်နေတယ် ဆိုတာ သိရဲ့လား၊ [...] ကလေးကို ဒီမှာ ထားပိုင်ခွင့် မရှိဘူး ဆိုတာကော သိရဲ့လား၊ ဒီအတိုင်း [...] ကလေးကို ဆက်ထားနေမယ် ဆိုရင် ကျုပ် သက်ဆိုင်ရာကို တိုင်ရလိမ့်မယ်'

မစ္စ ဘာလို၏ လက်တွင်း၌ ဆုပ်ကိုင်ထားသော မြေဖြူတောင့် [...] ကြေလျက် ရှိသည်ကို မြင်ရခြင်းအားဖြင့် သူမ၏ ဒေါသရိပ်မှာ တရိပ်ရိပ် တက်နေပြီ ဖြစ်ကြောင်း သိသာနေပေသည်။ သူမသည် အင်ဒရူးအား မ[...] တရီ ကြည့်လိုက်တာ ပမာမခန့်သံဖြင့် ပြန်ပြောလေသည်။

'ဩော် ဒီလိုလား၊ ဒီလိုဆိုရင်လည်း သွားပါ၊ ရှင် တိုင်ချင်တဲ့ဆီ သွားတိုင်ပေါ့၊ ကျွန်မ အဖမ်းခံရမှ ရှင် ကျေနပ်မယ် မဟုတ်လား၊ သွားပေါ့ သွားတိုင်ပေါ့'

အင်ဒရူးသည် ဘာပြန်ပြောရမှန်း မသိလောက်အောင် ဖြစ်သွားသည်။





[...] အခြေအနေသည် အရှုံးဘက်သို့ ရောက်နေပြီဟု နားလည်လာမိလေ၏။ [...]သူသည် မစ္စ ဘာလို၏ မျက်လုံးများကိုသာ စူးစူးရဲရဲ စိုက်၍ ကြည့်သည်။

မစ္စ ဘာလိုကလည်း အနိုင်မခံ အရှုံးမပေးဘဲ သူ့အား ပြန်၍ စူးစူးရဲရဲ ကြည့်လျက်ရှိသည်။ စက္ကန့်ပိုင်းမျှ ကြာအောင် တစ်ယောက်ကို မျက်နှာ တစ် ယောက် ကြည့်လျက် ရှိကြလေ၏။

မစ္စ ဘာလို၏ နူးညံ့ ပျော့ပျောင်းသော လည်ပင်းကြော စိမ်းစိမ်းတို့ သည် ထောင်လျက် ရှိ၏။ သူမသည် နှုတ်ခမ်းကို ခပ်တင်းတင်း ကိုက်ထား သည်။

'ကဲ... ရှင့်ကိစ္စ ပြီးပြီ မဟုတ်လား၊ ရှင့်ကိစ္စက ဒါပဲ မဟုတ်လား'

ပြောပြောဆိုဆိုနှင့်ပင် ကလေးများဘက်သို့ လှည့်လိုက်သည်။

'သားသားတို့ ထကြစမ်း၊ ဆရာမ ပြောသလို လိုက်ပြောကြစမ်း'

'ကောင်းသော နံနက်ခင်းပါ ဒေါက်တာ မေဆန်၊ အခုလို လာလည် [...] ကျေးဇူးတင်ပါတယ်'

ကလေးများက လက်ကလေးတွေ ပိုက်၍ တညီတညာတည်း မတ်[...] ရပ်လိုက်ကြပြီး သူတို့ ဆရာမ မစ္စ ဘာလို ခိုင်းသည့် အတိုင်း လိုက်၍ [...] ဆိုလိုက်ကြလေ၏။

မစ္စ ဘာလိုက အင်ဒရူးအား စာသင်ခန်း၏ အဝင်တံခါးဆီ အထိ [...]ပို့သည်။ အတူ တွဲ၍ လျှောက်လာချိန်တွင် ရှက်စိတ်နှင့် မခံချင်စိတ်တို့ [...] အင်ဒရူးမှာ ပူထူလျက် ရှိလေ၏။ မစ္စ ဘာလိုသည် သူမ၏ ဒေါသ [...] အံ့သြဖွယ် ကောင်းလောက်အောင် ထိန်းသိမ်းကာ ပြောဆို ဆက်ဆံသွား [...]၊ သူကမူ အထိန်းအသိမ်း မရှိဘဲ စိတ်လွတ် ကိုယ်လွတ် ပြုမူ ပြောဆိုခဲ့ [...]

နှစ်ဦး နှစ်ဖက် ပြန်၍ ပြေလည်သွားစေရန် စကား ပြန်ပြောမည်ဟု [...]ကူးသည်။

သို့သော် သူ စဉ်းစား စိတ်ကူးနေဆဲမှာပင် သူ့နောက်မှ တံခါးသည် [...]သင်သာသာကလေး ပိတ်သွားလေတော့၏။



www.burmeseclassic.com

[၆]

အင်ဒရူး မေဆန်သည် ထိုညနေ တစ်ညနေလုံး ဒေါပွ မဆုံး ဖြစ်ဆဲပင်။ ကျန်းမာရေး အရာရှိထံ လိပ်မူ၍ တိုင်စာကို ရေးလိုက်၊ ဆုတ်ပစ်လိုက်နှင့် ုံးချာလည်ကာ အချိန်များစွာ ကုန်ခဲ့၏။ စာသုံးစောင် တိတိ ဆုတ်ဖြဲပြီး ည့် နောက်တွင်မူကား ဖြစ်ခဲ့ပြီးသမျှကို မေ့ပစ်ရန် ကြိုးစားလေ၏။

သို့သော်လည်း ဘဏ်လမ်း ကျောင်း အတွင်း၌ ဖြစ်ခဲ့ရသည့် ကိစ္စကို ယ်လွယ်နှင့် မေ့မရချေ။ အခိုက်အတန့်အားဖြင့် ယင်း ကိစ္စအတွက် များ မှပင် အနှောင့်အယှက် ဖြစ်လျက် ရှိရ၏။ ဘာမဟုတ်သည့် အသေးအဖွဲ ကိစ္စလေး တစ်ခုကို အကြောင်းပြု၍ စိတ်တို စိတ်ဆိုးခဲ့မိသော သူ့အဖြစ်ကို ပြန်လည် စဉ်းစားမိတိုင်း သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်အောင် ဖြစ်မိလေ၏။

အင်ဒရူး မေဆန်သည် စကော့လူမျိုးသွေး ပါသူ ဖြစ်ရာ စကော့သွေး က်နွယ်နေသူတို့၏ သဘာဝအတိုင်း မှန်သည် ထင်လျှင် အလျှော့ မပေးချင် သော ဉာဉ် ရှိ၏။ မာန်မာနလည်း ကြီးသူ ဖြစ်သဖြင့် သူ့အမှားသူ ဝန်ခံရန် န့်တလဲလဲ ကြိုးစားပါသော်လည်း မရချေ။ မှားပါသည်ဟု ဝန်ခံရလောက် ာင် သူ မမှားခဲ့ဟု ထင်ဆဲပင် ဖြစ်သည်။ အကြိမ်ကြိမ် အထပ်ထပ် တပင် ပင်ပန်း စဉ်းစား ဆင်ခြင်ပြီးခါမှပင် ယနေ့ ဖြစ်ခဲ့ရသည့် ကိစ္စ၌ သူ မှားသည် ု ဆုံးဖြတ်နိုင်ခဲ့လေတော့သည်။

ဤကိစ္စကို သက်ဆိုင်ရာသို့ တိုင်ကြားရန်လည်း စိတ်မကူးတော့ပေ။ အထူးသဖြင့် တာဝန် မသိတတ်သော ပေါ့ပေါ့တန်တန်သမား တစ်ဦး ဖြစ်သူ က်တာ ဂရမ်ဖ်လို လူစားမျိုးထံ တိုင်ကြားရန်မှာ အိပ်မက် မက်၍ပင် မရ ာက်အောင် ဖြစ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com


တစ်ခု ထူးဆန်းသည်ကား သူ့အနေဖြင့် ဆရာမလေး ခရစ္စတီ ဘာလိုအား မေ့ပျောက်၍ မရနိုင်ခြင်းပင် ဖြစ်၏။ မစ္စ ဘာလိုအား သူ့ ဦးနှောက်ထဲမှ ထွက်သွားရန် အကြိမ်ကြိမ် ကြိုးစားပါသော်လည်း မရနိုင်ဘဲ တရစ်ဝဲဝဲ သတိရဆဲပင် ဖြစ်လျက် ရှိလေသည်။

ကလေးငယ်များအား စာသင်ပေးနေသည့် သာမန် ကျောင်းဆရာမကလေး တစ်ဦးသည် သူ့စိတ်ကို စိုးမိုး ခြယ်လှယ်လျက် ရှိချေပြီ။

အမှန်တော့ ဖြစ်ခဲ့သော ကိစ္စသည် သာမန်မျှသာ ဖြစ်သော်လည်း မိမိ ပြောဆို ဆက်ဆံခဲ့ပုံမှာကား တစ်ဖက်သား၏ ဂုဏ်သိက္ခာနှင့် မာန်မာနကို အလေးမထားရာ ရောက်နေ၏။ ထို့ကြောင့်လည်း သူ့ကိုယ်သူ အပြစ်တင်၍ မဆုံးနိုင်အောင် ဖြစ်နေရခြင်းပေတည်း။

ခရစ္စတီ ဘာလိုသည် မိမိအပေါ်၌ မည်ကဲ့သို့များ ထင်မြင် ယူဆလေမည်နည်း။

အင်ဒရူးသည် အမျိုးသမီးများနှင့် ဆက်ဆံတတ်သူ မဟုတ်ပေ။ အမျိုးသမီးများနှင့် ဆုံမိလျှင် ရှက်တတ် ကြောက်တတ်သူ ဖြစ်သည့် အားလျော်စွာ ယဉ်ယဉ်ကျေးကျေး ပျူပျူငှာငှာနှင့် ဖွယ်ဖွယ်ရာရာ ဖြစ်အောင် ပြောဆို ဆက်ဆံတတ်သူ မဟုတ်ပေ။ အမျိုးသမီးများ အပေါ်တွင်လည်း စိတ်ဝင်စားတတ်သူ မဟုတ်ပေ။

သို့ပါလျက်နှင့် ယနေ့ ခရစ္စတီ ဘာလိုနှင့် ဆုံမိခဲ့ပြီးသည့်နောက် ယခုအချိန်ထိ သူ့စိတ်သည် လှုပ်ရှားဆဲ ဖြစ်နေသဖြင့် သူ့ကိုယ်သူ အံ့ဩလျက် ရှိရလေသည်။

အိပ်ရာထက်တွင် အိပ်ပျော်တစ်ဝက် နိုးတစ်ဝက်နှင့် မှေးမှေး မှေးနေ ဖြစ်နေခိုက်မှာပင် သူ့ မျက်စိထဲ၌ စာသင်ခန်း အတွင်းမှ မြင်ကွင်းသည် ပြက်ပြက်ထင်ထင် ပေါ်လာတတ်သည်။ အိပ်မက်ထဲမှာပင်လျှင် မိမိသည် ဒေါသဖြင့် မျက်မှောင်ကုတ်လျက် ရှိရာ သူ့ကိုယ်သူ စိတ်ပျက်မိလေ၏။

လက်တွင်း၌ မြေဖြူကို ဆုပ်ကိုင် ခြေမွရင်း သူ့အား စူးစူးရဲရဲ ကြည့်နေသော ခရစ္စတီ ဘာလို၏ ပုံသဏ္ဌာန်သည် ယခုထိ မျက်စိထဲက မထွက်ချေ။ သူမ၏ လုပသော မျက်လုံးညိုကြီးများထဲတွင် နာကြည်းသည့် အရိပ်အငွေ့များ ယှက်သန်းလျက် ရှိ၏။ သူမ၏ ဘလောက်စ် အင်္ကျီတွင် တပ်ထားသည့် ပုလဲရောင် ကြယ်သီး သုံးလုံးသည် ဝင်းလက် နေကြပေသည်။ သူမ၏ ကိုယ်ခန္ဓာ သွယ်သွယ်လျလျသည် ပေါ့ပါး သွက်လက်မည့် ဟန်ပေါက်၏။ ကလေး



ဘဝက အခုန်အပေါက် အပြေးအလွှား များများ လုပ်ခဲ့ဖူးလိမ့်မည်ဟု ထင်မိသည်။

'ခရစ္စတီ ဘာလို လှသလား'

သူ့ကိုယ်သူ ဤမေးခွန်းကို မမေးမိသေး။ သို့သော်လည်း သူ့ရှေ့တွင် ရပ်နေသည့် ကြော့ရှင်း ပြေပြစ်သော သူမ၏ ရုပ်သွင်ကို အမြဲတစေ ပြန်၍ မြင်ယောင် မြင်ယောင် ဖြစ်နေခြင်းကား အဖြေကိုတော့ ပေးထားပြီ ဖြစ်၏။ သူ၏ နှလုံးသားတွင် ယခင်က တစ်ကြိမ် တစ်ခါဖူးမျှ မဖြစ်ပေါ် မခံစားခဲ့ရသည့် ထူးခြား ဆန်းကြယ်သော နှလုံးသား လှုပ်ရှားမှုကို ခံစားနေရသည်ကား အမှန်ပင် ဖြစ်ပါသည်ဟု သူ ဝန်ခံရတော့မည် ဖြစ်ပေသည်။

တနင်္ဂနွေ နှစ်ပတ်ခန့် အကြာတွင် အင်ဒရူးသည် ချက်ပဲလ်လမ်းအတိုင်း လျှောက်လာသည်။ အတွေး ရေလှိုင်ကြောတွင် နစ်မျောလျက် ရှိသဖြင့် တစ်ဖက် မျက်နှာချင်းဆိုင်မှ လာနေသူကို မမြင်ရမိချေ။ ဘူတာရုံလမ်းထောင့် ရောက်၍ လူချင်း ဝင်တိုက်လု နီးနီး ဖြစ်ခါမှပင် မော့ကြည့်မိသည်။ ဒေါက်တာ ဘရမ်းဝဲလ်၏ ဇနီး မစ္စက် ဘရမ်းဝဲလ်ပေတည်း။

အင်ဒရူးက ရုတ်တရက် မမှတ်မိသဖြင့် ရှောင်သွားတော့မည် အလုပ်တွင် သူမက အူယားဖားယား နှုတ်ဆက်လေသည်။

'ဟော ဒေါက်တာ မေဆန်ပါလား၊ ကျွန်မ တွေ့ချင်နေတဲ့ လူနှင့်မှ အပြီး တွေ့ရတယ်၊ ကျွန်မတို့ အိမ်မှာ ကနေ့ ညစာ ထမင်းစားပွဲလေး တစ်ခု လုပ်မလို့၊ လူများများ မဖိတ်ပါဘူး၊ ရှင် လာနိုင်မယ် မဟုတ်လား ဒေါက်တာ'

ဂလက်ဒီ ဘရမ်းဝဲလ်မှာ အသက် ၃၅ နှစ်ခန့်၊ ပြောင်းဖူးမွေးလို ပွရောင်းရောင်း ဆံပင်မျိုးနှင့် ဖြစ်သည်။ တောက်တောက်ပြောင်ပြောင် ခပ်ကြောင်ကြောင် အရောင်မျိုးကို ဖက်ရှင်ကျကျ ဝတ်ထားသည်။ ကြာမှုပါပါနှင့် အသက် ငယ်ငယ် မိန်းကလေး တစ်ယောက် အမူအရာမျိုး ပြုမူတတ်သည်။

ဒေါက်တာ ဘရမ်းဝဲလ်နှင့် ရလာခြင်းမှာ ဒေါက်တာ ဘရမ်းဝဲလ်ဘက်မှ တမ်းတမ်းစွဲကာ တကောက်ကောက် လိုက်နေ၍ ဖြစ်သည်ဟု တချို့က ဆိုကြသည်။ လူအများကမူ ဒေါက်တာ ဘရမ်းဝဲလ်၏ အချစ်သည် 'မျက်စိမပါသော အချစ်' ဟု ဝေဖန်ကြလေသည်။

အမှန်သော် မစ္စက် ဘရမ်းဝဲလ်သည် ဒေါက်တာ ဘရမ်းဝဲလ်နှင့် လက်မထပ်မီက တိုနီဂလန် မြို့မှ အသားမည်း ဆရာဝန် ဒေါက်တာ ဂေါဘဲလ်ဆို



www.burmeseclassic.com

www.burmeseclassic.com

သူနှင့် ဣန္ဒြေမဲ့ သိက္ခာမဲ့လောက်အောင် မတော်တရော်တွေ ဖြစ်ခဲ့ဖူးသည်။ ယင်းကဲ့သို့ လူသိရှင်ကြား ဖြစ်ပျက်နေသည်များကို သိမြင်နေပါလျက်နှင့် သူမ အပေါ် အပြစ် မမြင်နိုင်ဘဲ ဖွတ် လက်ထပ်ခဲ့ခြင်းမှာ ဒေါက်တာ ဘရမ်းဝဲလ်၏ အချစ်ဦး မျက်စိ မပါ၍သာ ဖြစ်မည်ဟု ပြောစမှတ် ပြုနေကြခြင်းဖြစ်တည်း။

အင်ဒရူးသည် ဂလက်ဒီ ဘရမ်းဝဲလ်မှန်း သိသည်နှင့် တစ်ပြိုင်နက် အမြန်ဆုံး ရှောင်တိမ်းနိုင်ရန် နည်းလမ်း ရှာလေတော့သည်။

'ကျွန်တော် ကနေ့ည ဘယ်ကိုမှ သွားနိုင်မယ် မထင်ဘူး မစ္စက် ဘရမ်းဝဲလ်၊ ဘာ့ကြောင့်လဲ ဆိုတော့'

'အို... ဘာရမလဲ ဒေါက်တာရယ်၊ ရှင် ကနေ့ည လာကို လာရမယ် မလာလို့ ဘယ်ရမလဲ၊ သတ္တုတွင်း မန်နေဂျာ ဝပ်ကင်းတို့ လင်မယားရယ် ပြီးတော့...'

သူမ၏ မျက်နှာပေါ်တွင် ထင်ဟပ် နေသော အပြုံးသည် ခဏချင်း ပျောက်သွားသည်။

'ပြီးတော့ တိုနီဂလန်က ဒေါက်တာ ဂေဘဲလ်ရယ် လာကြလိမ့်မယ် သြော် ကျွန်မ မေ့နေလို့ ကျောင်းဆရာမလေး ခရစ္စတီ ဘာလိုကိုလည်း ဖိတ်ထားတယ်၊ သူလည်း လာမယ်'

အင်ဒရူး မေဆန်၏ တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။ ပြီးမှ ခပ်ကြောင်ကြောင် ဖြစ်ကာ တစ်ချက် ရယ်လိုက်ပြီး 'ကျွန်တော် လာခဲ့ပါ့မယ် မစ္စက် ဘရမ်းဝဲလ်၊ ဘာ့ကြောင့် မလာနိုင်ရမှာလဲ၊ ဖြစ်အောင် လာမှာပေါ့ အခုလို ဖိတ်တာ သိပ် ကျေးဇူးတင်ပါတယ်' ဟု ပြောနေမိလေသည်။

မစ္စက် ဘရမ်းဝဲလ်သည် ထုံးစံအတိုင်း စကားကြော ရှည်နေသေးသဖြင့် မနည်းကြီး သည်းခံ၍ နားထောင်နေရသေး၏။ သူမ ထွက်သွားတော့မှပင် သူ့လမ်း သူ ဆက်နိုင်လေတော့၏။

ထိုနေ့ တစ်နေ့လုံး အင်ဒရူးသည် မိုးမမြင် လေမမြင် ဖြစ်လျက် ရှိသည်။ သူသည် ဆရာမလေး ခရစ္စတီ ဘာလိုနှင့် နောက်တစ်ကြိမ် ထပ်တွေ့ဆုံမိကြဦးတော့မည် ဟူသော အတွေးမှ တစ်ပါး တခြား ဘာကိုမှ မတွေးနိုင်တော့ပေ။

မစ္စက် ဘရမ်းဝဲလ်၏ ညနေစာ မိတ်ဆုံ ထမင်းစားပွဲသည် ည ကိုးနာရီ ထိုးမှ စသည်။ အများအားဖြင့် ဆရာဝန်များသည် အလုပ် သိမ်းချိန်





နောက်ကျတတ်ပေရာ ထမင်းစားပွဲ အချိန်ကို တမင် နောက်ကျ၍ ပြုလုပ်ခြင်း ဖြစ်ပေသည်။

အင်ဒရူးခမျာ ကိုးနာရီ ထိုးရန် ဆယ့်ငါးမိနစ် အလိုတွင်မှ အလုပ်က ပြီးသည်။ ဆေးခန်းထဲမှ နောက်ဆုံး လူနာ ထွက်သွားသည်နှင့် တစ်ပြိုင်နက် ဆေးခန်းသုံး ကြွေဇလုံထဲမှ ရေနှင့် ကပျာကသီ မျက်နှာသစ်ပြီး အသင့် တွေ့ရသည့် ဘီးကျိုး တစ်ခုနှင့် ဆံပင်ကို ကတိုက်ကရိုက် ဖြီးကာ မစ္စက် ဘရမ်းဝဲလ်တို့ အိမ်သို့ ထွက်ခဲ့လေ၏။

မစ္စက် ဘရမ်းဝဲလ်တို့ အိမ်မှာ မြို့လယ်တွင် ရှိ၍ တိုက်ငယ်ကလေးသာ ဖြစ်သည်။ သူသည် နောက်အကျဆုံး ရောက်သည့် ဧည့်သည် ဖြစ်နေ၏။ မစ္စက် ဘရမ်းဝဲလ်က သူ့အား ဖက်လှဲတကင်း ကြိုဆိုပြီး အလျင် ရောက်နှင့်နေသူများနှင့် မိတ်ဆက်ပေးသည်။ သူမ ကိုယ်တိုင်ပင် သူ့ယောကျ်ားနှင့် ဧည့်သည် ငါးဦးကို ရှေ့ဆောင်၍ ထမင်းစားခန်းသို့ ခေါ်ဆောင်သွားလေသည်။

ညစာကို ဝက်သစ်ချ စားပွဲပေါ်တွင် တခမ်းတနား ပြင်ထားသည်။ မစ္စက် ဘရမ်းဝဲလ်သည် အိမ်ရှင် အနေဖြင့် အစစ အရာရာ ဦးစီး ဦးဆောင်၍ လုပ်ကိုင်ပေးနေရသဖြင့် ဂုဏ်ယူ ဝင့်ကြွားလျက် ရှိသည်။ ဧည့်သည်များ အပျော်တပါး စကားစမြည် ပြောရင်း စားသောက်နိုင်ရန် လိမ္မာ ပါးနပ်စွာဖြင့် ကြားမှနေ၍ ရေလာမြောင်းပေး လုပ်ပေးလျက် ရှိလေသည်။ သူမသည် ဒေါက်တာ ဘရမ်းဝဲလ်နှင့် မရမီ ကတည်းက အထက်တန်းကျကျ နေထိုင် စားသောက်ခဲ့ဖူးသည် ဟူသော အချက်ကို သိသိသာသာ တစ်မျိုး၊ မသိမသာ တစ်မျိုး ပေါ်လွင်အောင် ထုတ်ဖော် ပြသလျက် ရှိပေ၏။

အင်ဒရူးခမျာ အမောတကော လာခဲ့ရသဖြင့် အသက်ကိုမှ ကောင်းစွာ ရှူနိုင် ဖြစ်လျက် ရှိသည်။ စိတ်ကလည်း ကျဉ်းကျပ်လျက် ရှိသည် ဖြစ်ရာ ဆယ်မိနစ်ခန့်မျှ ခရစ္စတီဘက်သို့ မကြည့်ရဲပေ။ သူသည် မျက်လွှာကို ချထားသော်လည်း ဒေါက်တာ ဂေဘဲလ်နှင့် မစ္စတာ ဝပ်ကင်းတို့ ကြား၌ ခရစ္စတီ ထိုင်နေသည်ကို ကောင်းစွာ သိနေလေသည်။

အလွန် အသားမည်းလှသော ဒေါက်တာ ဂေဘဲလ်နှင့် အသက် ကြီးလှပြီ ဖြစ်သော်လည်း ခပ်ကြောင်ကြောင် ခပ်မွဲမွဲ အဆင်အသွေးများကိုသာ ဝတ်ဆင်ထားသော သတ္တုတွင်း မန်နေဂျာ မစ္စတာ ဝပ်ကင်းတို့ အလယ်တွင် ခရစ္စတီ၏ အလှမှာ ပေါ်လွင် ထင်ရှားနေပေသည်။


www.burmeseclassic.com

www.burmeseclassic.com



ဝပ်ကင်းက ခရစ္စတီအား လှမ်း၍ စလေသည်။

'ဘယ့်နှယ်လဲ မစ္စ ခရစ္စတီ၊ မင်း တစ်ယောက်တည်း အခုချိန် အထိ ယော့ရှိုင်းယား တောသူမလေးလို နေတုန်းပဲလား'

ထိုအသံ ကြားမှပင် အင်ဒရူးသည် ငုံ့နေသော ခေါင်းကို မော့က ခရစ္စတီအား လှမ်းကြည့်သည်။ ခရစ္စတီနှင့် အကြည့်ချင်း ဆုံမိလျှင် ဆုံမိချင်း ကပျာကသီ မျက်လွှာကို ပြန်၍ ချလိုက်မိလေ၏။ သူ၏ အတွင်းစိတ် သဘော ထားများကို ဖော်ပြနေသော သူ့ မျက်လုံးများကို ခရစ္စတီ မြင်သွားမှာ စိုးရိ မိလေသည်။

စိတ်သက်သာမှု ရရှိစေရန် အတွက် သူ့ အနီး၌ ရှိနေသော မစ္စက် ဝပ်ကင်းနှင့် စကားလက်ဆုံ ကျရန် ကြိုးစားသည်။ မစ္စက် ဝပ်ကင်းကလည် ဓာတ်ဆိုးရင်းက အင်ဒရူး ပြောသမျှကို စိတ်ဝင်တစား နားထောင်ရှာသည်။ သူ အဖို့တော့ ရမယ်ရှာ၍ စကား ပြောနေရသော်လည်း သူ ပြောနေသည့် စကား တွင် စိတ်မဝင်စားလှပေ။ သူ့အာရုံသည် ခရစ္စတီထံ၌သာ ရောက်နေသဖြင့် သူ့နှုတ်မှ ဘာတွေ ပြောမိသည်ကို သိပ်ပြီး သတိမထားမိပေ။

အင်ဒရူးခမျာ ထမင်းစားပွဲ မပြီးမချင်း သူ စကား သိပ်ပြောနေချင် သော သူနှင့် စကားမပြောရဘဲ အခြားသူ တစ်ဦးနှင့်သာ စိတ်ကို ရှည်ရှည်ထား ၍ ခန္တီပါရမီ ဖြည့်သည့် အနေဖြင့် စကားပြောနေရရှာလေ၏။

စားပွဲထိပ်မှ ထိုင်နေသော ဒေါက်တာ ဘရမ်းဝဲလ်က ပြောင်နေပြီ ဖြစ် သော ပန်းကန်များကို ကြည့်၍ 'အချစ်ရေ၊ အားလုံး စားသောက် ပြီးကြပြီ ဧည့်ခန်းထဲ ရွှေ့ကြစို့လား' ဟု ပြောသံ ကြားမှပင် အင်ဒရူးမှာ သက်ပြင်း ချနိုင်လေတော့၏။ ဧည့်ခန်းထဲ ရောက်သော် ဧည့်သည် အားလုံး ကိုယ်ကြိုက် သလို နေကြသည်။ ထိုင်သူက ထိုင်၍ မတ်တတ်ရပ်သူက ရပ်ကာ စပ်မိ စ ရာ ပြောကြ ဆိုကြပြန်သည်။ အဆို အတီးနှင့် ဖျော်ဖြေမည့် အစီအစဉ်ကလည် ရှိသေးသည်။ ဒေါက်တာ ဘရမ်းဝဲလ်က သူ့ဇနီး၏ လက်ကို ဆွဲကာ စန္ဒရား ဆီသို့ ပို့၍ ပွဲထုတ်လေသည်။

'အချစ်ရေ၊ ကနေ့ည ဘာသီချင်း ရွေးမှာလဲ'

စန္ဒရားခုံပေါ်မှ ဂီတ သင်္ကေတ စာအုပ်ပေါ် လက်ညှိုးဖြင့် ထောက် လိုက်ရင်းက ဒေါက်တာ ဘရမ်းဝဲလ်က မေးလေသည်။

'တင်ပဲလ် ဘဲလ်ကိုပဲ တီးကြ၊ ကျွန်တော်တော့ အဲဒီ သီချင်းကို သိပ်ကြိုက်တာပဲ၊ ဘယ်တော့မှ နားထောင်လို့ မငြီးဘူး၊ ရိုးသွားတယ်လို့ ခရိုဘူး' ဟု ဒေါက်တာ ဂေဘဲလ်က အကြံပြုသည်။



မစ္စက် ဘရမ်းဝဲလ်ကလည်း ဂေဘဲလ် တောင်းဆိုသည့် သီချင်းကိုပင် အဆိုအတီးဖြင့် ဖျော်ခဲ့သည်။ သူ့ယောက်ျားက ဇနီး၏ ဘေးမှ ရပ်၍ လက် တစ်ဖက်ကို နောက်သို့ ပစ်ထားပြီး ကျန်တစ်ဖက်ဖြင့် ဂီတ သင်္ကေတ စာ အုပ်မှ စာမျက်နှာများကို တစ်ရွက်ချင်း လှန်ပေးနေလေသည်။

မစ္စက် ဘရမ်းဝဲလ်သည် လူကြိုက်များ၍ ထင်ရှားသော သီချင်းများကို တစ်ပုဒ်ပြီး တစ်ပုဒ် ဆို၍ တီးသွားရာ ဧည့်သည်များက လက်ခုပ်တီး၍ ဩဘာ ပေးကြသည်။ ဒေါက်တာ ဘရမ်းဝဲလ်ကလည်း ကျေနပ် အားရသော အသံဖြင့် 'ကနေ့ည သူ့အသံ ပိုပြီး ကောင်းလာတယ်' ဟု ဆိုလေသည်။

ထို့နောက် ပရိသတ်က ဒေါက်တာ ဂေဘဲလ်အား ပွဲတောင်းကြသည်။ ဒေါက်တာ ဂေဘဲလ်သည် ထိုင်ရာမှ ထလာပြီး သူ၏ တွန့်လိမ် ကောက်ကွေး နေလိပ်နေသော ဆံပင်များကို လက်နှစ်ဖက်နှင့် သပ်၍ သပ်၍ ပြုပြင်လိုက် ကာ အိမ်ရှင် ဘရမ်းဝဲလ်တို့ လင်မယားဘက်သို့ ဟန်ပါပါဖြင့် ဦးညွတ်လိုက် သည်။

ဒေါက်တာ ဂေဘဲလ်က သီချင်း နှစ်ပုဒ် ဆိုသွားသည်။ မစ္စက် ဝပ် ကင်းက 'စပိန် အကြောင်း စပ်ထားတဲ့ အဲဒီ သီချင်းတွေကို ရှင် ဆိုသွားတာ သိပ်ကောင်းတာပဲ၊ ရှင် ခံစားချက် အပြည့်နှင့် ဆိုသွားလို့ ထင်ပါရဲ့၊ နား ထောင်လို့ ကောင်းလိုက်တာ' ဟု ချီးမွမ်းခန်း ဖွင့်လေသည်။

ဂေဘဲလ်ကလည်း 'ကျွန်တော်ရဲ့ စပိန်သွေးကြောင့် ဖြစ်လိမ့်မယ် ထင် ပါရဲ့' ဟု ရယ်ရယ်မောမောနှင့် အလိုက်သင့် ပြောဆိုပြီး သူ့နေရာတွင် ပြန် ထိုင်သည်။

အင်ဒရူးသည် မစ္စတာ ဝပ်ကင်း၏ မျက်လုံးအစုံတွင် ဖျတ်ခနဲ လက် လာသော မနှစ်မြို့သည့် အရိပ်လက္ခဏာကလေးကို သတိပြုလိုက်မိသည်။ ဤ မန်နေဂျာ အဘိုးကြီးကား ဝေလနယ်သား စစ်စစ်ကြီး ဖြစ်၏။ ဂီတကို နား ထောင်သူ ဖြစ်သည့် အားလျော်စွာ ဂီတ၏ အရသာကို ကောင်းစွာ ခံစား တတ်သူ ဖြစ်ပေသည်။

လွန်ခဲ့သော ဆောင်းရာသီက ဂန္ထဝင် ပြဇာတ်ဆရာ ဗာဒီ၏ ထင် ရှားသော အော်ပရာ ပြဇာတ်များထဲမှ တစ်ခုကို ကပြနိုင်ရန် သူ့ တပည့်များ အား ကူညီခဲ့ဖူး၏။ ယခုလည်း သူသည် ဆေးတံကို အကျအန ခဲ၍ မိန်မိန်နှင့် မှိန်းကာ ဆိုသမျှ တီးသမျှကို နားထောင်လျက် ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့မြို့ကလေးတွင် လူစိမ်းများ ဖြစ်ကြသော ဤပုဂ္ဂိုလ်များက 'စိတ်ကူးယဉ် အပေါစား တေးသီချင်းများကို ဆိုပြခြင်းအားဖြင့် ယဉ်ကျေးမှု အမွေဝေ ဖြန့်ဖြူးနေသည်ကို ဤအဘိုးကြီး ဝပ်ကင်းသည် နှစ်သက် လက်ခံနိုင်ပါမည်လော' ဟု အင်ဒရူး မတွေးဘဲ မနေနိုင်ချေ။

ပရိသတ်က ခရစ္စတီအား 'သီချင်း တစ်ပုဒ်လောက် ဆိုပါ' ဟု အဆိုပြုကြသော်လည်း ခရစ္စတီက ပြုံးပြုံးရွှင်ရွှင် ယဉ်ယဉ်ကျေးကျေးနှင့် ငြင်းသည်။ အင်ဒရူးကမူ ခရစ္စတီအား ကြည့်ကာ စိတ်ထဲက ကျိတ်၍ ပြောလိုက်သည်။

'အချစ်ရယ်၊ မင်းလည်း ကိုယ့်လိုပဲ နေမှာပါ၊ စန္ဒရား တွေ့ရင် သိပ်ပြီး တီးချင်နေမှာပါ'

နောက်ဆုံးတွင် ထမင်းစားပွဲ၏ အဓိက ဓာတ်လိုက် အလှည့် ရောက်လာသည်။ ဒေါက်တာ ဘရမ်းဝဲလ်သည် ညှော်သည်များ၏ အလယ်တွင် ရပ်လိုက်၏။ ချောင်းတစ်ချက် ဟန့်၍ လည်ချောင်းကို ရှင်းလိုက်ပြီး ဟန်ပါပါဖြင့် ခြေတစ်ဖက်ကို ရှေ့သို့ ဆန့်လိုက်ကာ ခေါင်းကို မော့၍ နောက်ဘက်သို့ ပစ်လိုက်သည်။ လက်နှစ်ဖက်ကို အင်္ကျီ အိတ်များ အတွင်းသို့ နှိုက်ထားလိုက်သေးသည်။

'ကြွရောက်လာကြတဲ့ ညှော်ပရိသတ်များ ခင်ဗျား၊ အခုအချိန်က စပြီး မြေခလေးသော ကြယ်တစ်ပွင့် ပါ ခင်ဗျာ'

သူ့ဇနီး ဂလက်ဒီ ဘရမ်းဝဲလ်က စန္ဒရားကို တစ်ချက် နှစ်ချက် တို့၍ ဘရမ်းဝဲလ်အား ခေါ်လေသည်။ ဘရမ်းဝဲလ်က သီချင်းကို စလိုက်လေ၏။

တစ်ချိန်က အလွန် လူကြိုက်များခဲ့သော၊ ထင်ရှားခဲ့သော၊ ကျော်ကြားခဲ့သော ရုပ်ရှင် မင်းသမီး တစ်ဦး။ တဖြည်းဖြည်းနှင့် ဆင်းရဲသွားသည်။ အငတ်ငတ် အပြတ်ပြတ် စားရမဲ့ သောက်ရမဲ့ ဘဝတွင် ဒုက္ခတွေ ပင်လယ်ဝေခဲ့ရှာသည်။ သူ့မ၏ အဖြစ်သည် ကြေကွဲစရာ၊ ဝမ်းနည်းစရာ၊ သနားစရာ ရင်နင့်စရာ ကောင်းလှသည်။

ဤအဖြစ်ကို ရေးစပ်ထားသည့် သီချင်း။

ဘရမ်းဝဲလ်က အထူး ကြိုးစား၍ ဆိုသွားသည်။ နောက်ဆုံး အပိုဒ်တွင် ဆို့နစ် ကြေကွဲသံ အပြည့်၊ ခံစားမှု အပြည့်ဖြင့် လှိုက်လှိုက်လှဲလှဲ အဆုံးသတ်လိုက်သည်။

'သူမကတော့ ဟို… ဟို… ဟိုမှာ… တော်ပြတ်

ဆင်းရဲခြင်းဖြင့် ရေမြောင်းထဲမှာ





အို… ကြွေအကျ၊ မြေခလေးသည့် ကြယ်တစ်ပွင့်ပါ'

မစ္စက် ဝပ်ကင်း၏ လက်ထဲမှ ဓာတ်ဆီးတံများသည် ကြမ်းပြင်ပေါ်သို့ ဒေါက်ခနဲ ကျသွားသည်။ သူမက ဒေါက်တာ ဘရမ်းဝဲလ်အား လှမ်းကြည့်သည်။ သူမ၏ မျက်လုံးများမှာ စိုစွတ်လျက် ရှိပေသည်။

'သနားစရာပဲနော်၊ သိပ်ကို သနားစရာ ကောင်းတာပဲ၊ အို ဒေါက်တာ ဘရမ်းဝဲလ်ရယ်၊ ရှင်ကလည်း တကယ့်ကို အဆိုပိုင်လှပါတယ် ရှင်'

ပြင်သစ် အဖျော် ယမကာများ ရောက်လာသဖြင့် ညှော်သည်များ အာရုံပြောင်းသွားသည်။ အချိန်ကလည်း မနည်းတော့။ ၁၁ နာရီပင် ထိုးနေပြီ။ ဒေါက်တာ ဘရမ်းဝဲလ် ဖြေဖျော်အပြီးတွင် ပြန်ကြရမည်ဟုလည်း အားလုံးက နားလည်ထားကြသည်။

ထို့နောက် ရယ်မောသံများ၊ ယဉ်ကျေး သိမ်မွေ့စွာဖြင့် ပြောဆိုနေကြသည့် ကျေးဇူးတင်စကားများနှင့် နှုတ်ဆက်သံများ။

ထို့နောက် အိမ်ရှေ့ ခန်းမဆီသို့ လျှောက်သွားနေကြသည့် ခြေသံများ။

အင်ဒရူးသည် သူ၏ အပေါ် အင်္ကျီကို ချိတ်မှ လှမ်းယူလိုက်ရင်းက ယနေ့ည တစ်ညလုံး ခရစ္စတီနှင့် စကားလေး တစ်ခွန်းမှ ပြောခွင့် မရလိုက်သည့် အတွက် ဝမ်းနည်းတသ ယူကျုံးမရ ဖြစ်လျက် ရှိလေသည်။ အပြင်သို့ ရောက်သည့်အခါ ရုတ်တရက် ထွက်ခွာမသွားသေးဘဲ အိမ်ဝင်း တံခါးဝနားတွင် ရပ်နေမိသည်။

မည်သည့်နည်းနှင့်မဆို ခရစ္စတီကိုတော့ စကားပြောမှ ဖြစ်မည်။

ယနေ့ည ဆုံမိကြသည်မှာ အချိန်အားဖြင့် မနည်းလှ။ နာရီများစွာ ကြာသည်။ သူတို့ နှစ်ဦးကြားတွင် ဖြစ်ခဲ့ရသည့် မပြေလည်မှုကို ပြေလည်ချင်သည်။ ပြေလည်ရန်မှာလည်း သူ့ဘက်က စတင် ကြိုးစားမှ ဖြစ်မည်။ သူက ၎င်း သိမ်သိမ်မွေ့မွေ့ ဆက်ဆံလိုက်လျှင် မပြေလည်စရာ မရှိဟု သူ တွေးလေသည်။

အမှန်တော့ လူချင်း မဆုံမိသေးခင် ကတည်းက ဤသို့ပင် တွေးထားခဲ့ပါ၏။ သို့သော်လည်း သူ ရည်ရွယ်ထားသည့် အတိုင်း မဖြစ်ခဲ့ပေ။ မဖြစ်ရခြင်းမှာလည်း သူ ညံ့လွန်း၍သာ ဖြစ်၏။ အခန်းထဲ၌ အတူတကွ စားသောက်နေထိုင်ခွင့် ရခဲ့ပါလျက်နှင့် စကားလေး တစ်ခွန်း ပြောခွင့်ရအောင် ကြိုးစားခြင်း မပြုခဲ့ပေ။

တစ်ခန်းတည်း အတူတူ နေထိုင်ရသည့် အချိန်များတွင် သူသည် သူ့


www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်များကိုသာ တစ်ချိန်လုံး ငုံ့ကြည့်နေခဲ့လေသည်။

'အင်း... ငါ့ အဖြစ်က ကြွေအကျ၊ မြေခလေသည့် ကြယ်တစ်ပွင့် ထက်တောင်မှ ဆိုးနေပါကလား' ဟု တွေးသည်။ 'အို... ခုမှတော့ဖြင့် မထူး ပါဘူး၊ အိမ်ပြန်ပြီး အိပ်တာပဲ ကောင်းပါတယ်' ဟုလည်း စိတ်ကူးမိပြ သည်။

တကယ်တမ်းကျတော့လည်း မပြန်ဖြစ်ပေ။ ခြံဝတွင် ရပ်မြဲတိုင်း ရပ် နေမိသည်။

လေ့ကားမှ တစ်ယောက်တည်း ဆင်းလာနေသည့် ခြေသံ။ ခရစ္စတီ၏ ခြေသံ။ သူ့ထံသို့ လျှောက်လာနေသည့် ခြေသံ။ ခရစ္စတီ၏ ခြေသံ။

သူ၏ နှလုံးသွေး ခုန်နှုန်းသည် မြန်လာသည်။ သူသည် တစ်ချက် အားတင်းလိုက်ပြီး အထစ်ထစ် အငေါ့ငေါ့ဖြင့် စ၍ ပြောလေသည်။

'မစ္စ ဘာလို၊ ကျွန်တော် လိုက်ပို့နိုင်မလား'

'ကျွန်မ...' ကျွန်မ...'

ခရစ္စတီ ကိုယ်တိုင်ကလည်း အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသဖြင့် ခဏမျှ စကားမဆက်နိုင်သေးဘဲ ရပ်ထားရသည်။

'ကျွန်မလေ၊ မစ္စတာ ဝပ်ကင်းတို့ လင်မယားနှင့် လိုက်မယ်လို့ ပြော ထားပြီး ဖြစ်နေတယ်'

အင်ဒရူးမှာ အကြီးအကျယ် စိတ်ပျက်သွားလေသည်။

ပြင်းထန်စွာ အရိုက်ခံလိုက်ရသည့် ခွေးတစ်ကောင် သဖွယ် နောက် ဘက်သို့ လှည့်၍ ထွက်ပြေးချင်သော စိတ်ပင် ဖြစ်လာမိသည်။ သို့သော်လည်း တစ်စုံတစ်ခုသော အရာတစ်ခုက ဆွဲဆောင် ဟန့်တားထားခြင်း ခံနေရသလို ဖြစ်နေသည်။ မျက်နှာကတော့ဖြူရော်ရော်။ သူ့ နှုတ်ဖျားမှ စကားလုံးများ သည် ဒရောသောပါး ထွက်လာလေသည်။

'ကျွန်တော် ပြောချင်တာက ဟောင်းဝဲလ်တို့ ကိစ္စနှင့် ပတ်သက်ပြီး ဖြစ်ပျက်ခဲ့ရတာ အများကြီး စိတ်မကောင်း ဖြစ်မိပါတယ်၊ ကျွန်တော် ခင်ဗျားဆီ လာပြီး အကြောင်းမဲ့ သက်သက် စော်ကားသလို ဖြစ်ခဲ့ရပါတယ် တကယ်ပါ၊ အမှန်တော့ ကလေး အတွက် ခင်ဗျားရဲ့ အစီအမံဟာ အကောင်း ဆုံးပါ၊ အဲဒီ အတွက်လည်း ခင်ဗျားကို ကျွန်တော် ချီးကျူးပါရစေ၊ အမှန် ပြောရရင် ကျွန်တော်တို့ အနေနှင့် ဥပဒေထဲမှာ ပါတဲ့ အချက်အလက်တွေ ထက် စိတ်စေတနာရဲ့ အနှစ်သာရကို သိမြင် နားလည်ဖို့ ကောင်းပါတယ်





ကျွန်တော် ပြောချင်နေတာက ဖြစ်ခဲ့ရတဲ့ ကိစ္စ အတွက် ကျွန်တော့်ကို ခွင့် လွှတ်ဖို့ပါပဲ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော် ဝမ်းနည်းပါတယ်၊ မင်္ဂလာ ညနေခင်းပါ မစ္စ ခရစ္စတီ'

သူသည် ကရားရေလွှတ် တတွတ်တွတ် ပြောနေမိသော်လည်း ခရစ္စတီ မျက်နှာကို စေ့စေ့ မကြည့်ဝံ့ချေ။ သူမထံမှ အဖြေ စကားကိုလည်း စောင့်၍ နားမထောင်ရဲပေ။ သူ ပြောချင်သမျှကို ပြောပြီးသည်နှင့် တစ်ပြိုင်နက် ချာခနဲ လှည့်ကာ လမ်းမကြီး အတိုင်း စိုက်စိုက် စိုက်စိုက်နှင့် ထွက်သွားလေတော့၏။

အင်ဒရူး မေဆန်သည် သူ ဤမြို့တွင် နေခဲ့ရသည့် ရက်များ အတွင်း တစ်ခါမဆုံး အကြိမ် မကြုံစဖူး ထူးကဲသည့် ပျော်ရွှင် ချမ်းမြေ့မှုနှင့် သာယာ ကြည်နူးမှုများကို ရရှိ ခံစားနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

၅

…ကုလုပ်ငန်း အတွက် ကုမ္ပဏီမှ နှစ်တစ်ဝက်စာ ငွေပေးချေသည့်အခါ မစ္စ …ချ် အတွက် အလေးအနက် ထား၍ စဉ်းစားစရာများ ရှိလာသည်။ ဘဏ်ခွဲ …နေဂျာ အင်နူးရင်း ရီးစ်နှင့်လည်း ငွေကြေး ကိစ္စအတွက် ဆွေးနွေး တိုင်ပင် …ပြန်လေသည်။

ဒေါက်တာ ပိတ်ချ်၏ လုပ်ငန်းမှာ ၁၈ လအတွင်း သိသိသာသာကြီး …ငွေ တိုးလာခဲ့ရုံမျှမက အင်ဒရူး မေဆန် ရောက်လာပြီးမှ လူနာ အရေအတွက် …င်လည်း ၇၀ ကျော်မျှ တိုးလာခဲ့၏။

ဝင်ငွေ တိုးလာခြင်းနှင့် လူနာ ဦးရေ တိုးလာခြင်းများသည် လုပ်ငန်း …ဘက်မှ ရှိလာခြင်းကို ပြခြင်းပင် ဖြစ်ရာ မစ္စ ပိတ်ချ် အနေဖြင့် ဝမ်းမသာ … မနေနိုင်ချေ။ ဝမ်းသာ ပျော်ရွှင်ခဲ့သည်မှာ အမှန်ဖြစ်၏။ သို့သော်လည်း …စ်ဖက်တွင် ဝမ်းသာအားရ ဖြစ်ရသည်နှင့် အမျှ တစ်ဖက်တွင် စိတ်ပူစရာ …စ်ခုက ရှိလာပြန်၏။ ထို့ကြောင့်လည်း စိတ်ရှိ လက်ရှိ ပျော်ရွှင်ခြင်း မဖြစ် …င်ခဲ့ပေ။

အင်ဒရူး အနေဖြင့်လည်း ထမင်းစားခန်းတွင် ဆုံမိကြတိုင်း သူ့ အရိပ် …ကဲအား စူးစမ်းသလို ကြည့်နေတတ်သော မစ္စ ပိတ်ချ်၏ မူပျက်ပုံကို သတိ …းမိခဲ့၏။ သို့သော်လည်း မသိဟန်ပြုကာ အမှုမဲ့ အမှတ်မဲ့ပင် နေခဲ့လေ …သည်။

မစ္စက် ဘရမ်းဝဲလ်တို့ အိမ်၌ ညစာ ထမင်းစားပွဲ ပြီးသည့်နောက် …ဟူးနေ့ တစ်နေ့တွင် မစ္စ ပိတ်ချ်သည် အင်ဒရူးနှင့် အတူ နေ့လယ်စာ …း …ကျ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်မ တစ်ခု တွေးနေမိတယ် ဒေါက်တာ မေဆန်၊ ရှင် ရောက်တာ အခုဆိုရင် လေးလနီးပါး ရှိလာပြီ နော်၊ ရှင် လုပ်တာ ကိုင်တာတွေကတော့ မကျေနပ်စရာ မတွေ့သေးပါဘူး၊ ဒါပေမဲ့ သိပ်ပြီး ကျေနပ် အားရလောက်တဲ့ အခြေအနေမျိုးလည်း မဟုတ်သေးဘူး၊ ကျွန်မ အနေနှင့် ရှင့်ကို တမင်တကာ အပြစ်ရှာနေတယ်လို့တော့ မထင်နှင့်၊ ရှင် သတိထားဖို့က ရှင် အခု လုပ်ကိုင်နေပုံဟာ ဒေါက်တာ ပိတ်ချ်နှင့်တော့ မတူသေးဘူး၊ မနေ့ တစ်နေ့ကပဲ မစ္စတာ ဝပ်ကင်းက သူတို့ အားလုံးဟာ ဒေါက်တာ ပိတ်ချ် အလုပ် ပြန်ဝင်မယ့် ရက်ကို မျှော်လင့် စောင့်စားနေကြတဲ့ အကြောင်း ကျွန်မကို ပြောလိုက်သေးတယ်၊ ဒေါက်တာ ပိတ်ချ်လို လူမျိုးကလည်း တကယ်တော့ ခပ်ရှားရှားပဲ မဟုတ်လား သူက အင်မတန် တော်တာပဲဟာ၊ မစ္စတာ ဝပ်ကင်းက ဆိုရင် သူ့နေရာမှာ လူစားထိုးဖို့ အိပ်မက်တောင် မမက်ဘူးတဲ့၊ ကျွန်မကို အတိအလင်း ပြောလိုက်တာ'

မစ္စ ဘလောဝင်း ပိတ်ချ်သည် သူမ၏ အစ်ကို တော်ကြောင်း၊ တတ်ကြောင်း၊ တခြား ဆရာဝန်များနှင့် မတူကြောင်း၊ ထူးခြားသည့် အရည်အချင်းများ ရှိကြောင်း စီကာပတ်ကုံး ပြောပြနေပြန်လေပြီ။

'ရှင်ကတော့ ကျွန်မ အခု ပြောပြနေတာတွေကို ယုံချင်မှ ယုံမယ် ဒေါက်တာ ပိတ်ချ် မလုပ်နိုင်တာ မရှိသလောက်ပဲ၊ သူ မလုပ်ရဲတာလည်း ဘာဆို ဘာမှ မရှိဘူး၊ ခွဲစိတ်တဲ့ နေရာမှာလည်း ရှင် မြင်စေချင်တယ်၊ သူဟာ ဒီတောင်ကြား ဒေသမှာ အတော်ဆုံး ဆရာဝန် တစ်ယောက်ပဲ၊ သိလား'

အင်ဒရူးကမူ နှုတ်ဆိတ်နေသည်။ မစ္စ ပိတ်ချ် ယခုကဲ့သို့ ပြောနေခြင်းမှာ အဓိပ္ပာယ် ရှိကြောင်း သူ ရိပ်မိသည်။ သူမ၏ ရည်ရွယ်ချက်မှာ ထင်ရှား သိသာလွန်း၏။ သူ့အား 'ရှင် ဒေါက်တာ ပိတ်ချ်ရဲ့ နေရာကို မချိန်နှင့်၊ မ… နိုင်ဘူး၊ သစ္စာ ရှိပါ' ဟု သွယ်ဝိုက်၍ ပြောနေခြင်းပေတည်း။

ဘလောဝင်း ပိတ်ချ်သည် ကုလားထိုင်ကို ကျောဖြင့် အကျအန မှီ… သူမ စောစောက ပြောခဲ့သည့် စကားများ အင်ဒရူး အပေါ်၌ မည်မျှအထိ… တာသွားသည်၊ မည်မျှအထိ ထိရောက်မှု ရှိသည်ကို အကဲခတ်လျက် ရှိပြီ… သည်။ အတန်ကြာမှ အင်ဒရူးအပေါ် ယုံကြည် စိတ်ချသည့် ဟန်ဖြင့် ပြုံးလိုက်လေသည်။

'ဒေါက်တာ ပိတ်ချ်သာ အလုပ် ပြန်ဝင်ရင် ဒရင်းဖီးမြို့က လူတွေ သိ… ဝမ်းသာကြမှာပဲ၊ ကြာလည်း မကြာတော့ပါဘူး၊ ဒီနွေရာသီ ဆိုရင် ဒေါက်တာ…





…ချ် အလုပ် ပြန်ဆင်းနိုင်မှာပါ၊ ကျွန်မ တစ်နေ့ကပဲ မစ္စတာ ဝပ်ကင်းကို …ကြောင်း ပြောပြခဲ့ပြီးပြီ'

ထိုသီတင်းပတ် ကုန်ခါနီး တစ်ရက် မွန်းလွဲပိုင်းတွင် အင်ဒရူးသည် …အတိုင်း လူနာ အိမ်များမှ ပြန်လာစဉ် အိမ်ရှေ့ ဆင်ဝင်အောက်၌ ကုလား …ဘစ်လုံးနှင့် အကျအန ထိုင်နေသော ဒေါက်တာ အက်ဒွပ် ပိတ်ချ်ကို …လိုက်ရသဖြင့် အထိတ်တလန့် ဖြစ်သွားရလေ၏။

အက်ဒွပ် ပိတ်ချ်သည် ကျကျနန ဝတ်စားထားပြီး ဒူးပေါ်၌ သက္ကလတ် …တစ်ထည် ခေါက်၍ တင်ကာ ခေါင်းတွင်လည်း ခေါင်းစွပ် ဆောင်းထား …၊ ခပ်ပြင်းပြင်း တိုက်ခတ်နေသော လေအေးနှင့် ပူပြင်းစ ပြုလာပြီ ဖြစ် …ဧပြီလ၏ နေရောင်ခြည် အောက်ဝယ် ဒေါက်တာ အက်ဒွပ် ပိတ်ချ်၏ …ကိုယ်လုံးသည် ပြာနှမ်း အေးစက်လျက် ရှိလေသည်။

'ဘယ့်နှယ်လဲ ဒေါက်တာ မေဆန်'

ဆင်ဝင်အောက်၌ ရပ်နေသော မစ္စ ပိတ်ချ်က အောင်မြင်မှု အပြည့် …ရထားသူ တစ်ဦး၏ လေသံဖြင့် မေဆန်အား အော်၍ နှုတ်ဆက်သည်။

'ရှင် မြင်ပြီ မဟုတ်လား ဟင်၊ ဒေါက်တာ ပိတ်ချ် ထူထူထောင်ထောင် …ဘာတာ တွေ့ပြီ မဟုတ်လား၊ ကျွန်မ အခုပဲ မစ္စတာ ဝပ်ကင်းဆီ ဖုန်း …ပြီး ဒေါက်တာ ပိတ်ချ် တစ်ယောက်တော့ အတော်ကြီး နေကောင်းလာ …ပြောလိုက်သေးတယ်၊ အခုအတိုင်း ဆိုရင် သူ မကြာခင် အလုပ် ပြန် …တော့မယ်၊ မဟုတ်ဘူးလား အက်ဒွပ်ရယ်'

ဒေါသ အရှိန်ဖြင့် အင်ဒရူး၏ သွေးခုန်နှုန်းမှာ မြန်လာသည်။ သူ့ …မှာလည်း ဟိန်း၍ ထွက်လာသည်။

'သူ့ကို ဘယ်သူ အောက်ချတာလဲ'

'ကျွန်မ ချတာ'

ဘလောဝင်း၏ အသံကလည်း ခပ်ထန်ထန် ခပ်မာမာပင် ဖြစ်လေသည်။

'ကျွန်မ ချတယ်၊ ဘာပြုလို့လဲ၊ သူဟာ ကျွန်မ အစ်ကိုပဲ၊ သူလည်း နေ …ကောင်းနေတာပဲဟာ၊ ချတော့ ဘာဖြစ်လဲ'

'သူ အိပ်ရာထဲက ထွက်ဖို့ သင့်ကို မသင့်သေးဘူး၊ သူ နေကောင်းလာ …အများကြီး လိုသေးတယ်'

အင်ဒရူးက ဒေါသကို ချုပ်တည်းကာ အသံကို တိုးနိုင်သမျှ တိုး၍ …ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ပြောတဲ့ အတိုင်း လုပ်ပါ၊ သူ့ကို အခုချက်ချင်း အိပ်ရာထဲ ပြန်ပို့ရမယ်၊ ကျွန်တော့်ကို ကူပါ'

'ဟုတ်တယ်၊ ဘလောဝင်း ဟုတ်တယ်'

ထိုအခါကျမှပင် အက်ဒွပ် ပိတ်ချ်ကလည်း ဝင်ပြောသည်။ သူ့အသံမှာ တိုးတိုးညင်းညင်းနှင့် ယဲ့ယဲ့ကလေး ဖြစ်လေသည်။

'ငါ့ကို အခုချက်ချင်း အိပ်ရာထဲ ပြန်ပို့ပေးကြပါ၊ ငါ အတော့်ကို အေး နေပြီ၊ ငါ သိပ်ပြီး နေကောင်းသေးတာ မဟုတ်ဘူးကွယ့်၊ တကယ် ပြောတာ ပါ၊ ငါ သိပ်ပြီး နေမကောင်းသေးဘူး၊ အမှန် ပြောတာပါ'

ဝမ်းနည်း လှိုက်လှဲစွာ ပြောနေသော ဒေါက်တာ ပိတ်ချ်၏ အသံ ကြောင့် အင်ဒရူးမှာ များစွာမှပင် စိတ်ထိခိုက်ရလေ၏။ အစ်ကို ဖြစ်သူ ဘေးတွင် ရပ်နေသော ဘလောဝင်းမှာ ယခုတော့လည်း မျက်ရည် မဆည် နိုင်အောင် ဖြစ်လျက် ရှိသည်။ သူမ၏ အစ်ကို ဘေး၌ ဒူးထောက်၍ ထိုင် လိုက်ကာ လည်ပင်းကို သိမ်း၍ ဖက်ထားပြီး ယူကျုံးမရ ဖြစ်လျက် ရှိနေ သည်။

'အစ်ကိုရယ်၊ ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မ အစ်ကို့ကို အခု အိပ်ရာထဲ ပြန်ပို့ပေးပါ့မယ်၊ ကျွန်မ မှားမိပါတယ် အစ်ကိုရယ်၊ ကျွန်မ မှားထား စေတနာနှင့် မှားမိတာပါ၊ ကျွန်မ အစ်ကို့ကို ဂရုစိုက်ခဲ့ပါတယ် နော်၊ ပြုလည် ပြုစုခဲ့ပါတယ် နော်၊ အစ်ကို့ကို ကျွန်မ ချစ်လည်း ချစ်ပါတယ် အစ်ကိုရယ် ယုံပါ၊ အခုဟာက'

မစ္စ ပိတ်ချ်သည် မျက်ရည်စက်လက်ဖြင့် သူမ၏ အစ်ကိုအား ပါးချင်း အပ်ကာ တတွတ်တွတ် ပြောလျက် ရှိလေ၏။

နာရီဝက်ခန့် အကြာတွင် အက်ဒွပ် ပိတ်ချ်သည် အိပ်ရာပေါ် ပြန် ရောက်သွားပြီး သက်သောင့်သက်သာလည်း ရှိလာသည်။ အင်ဒရူးသည် စိတ် ပျက်လက်ပျက်ဖြင့် မီးဖိုထဲသို့ ဆင်းလာခဲ့လေ၏။

အနေကြာလာပြီ ဖြစ်၍ အိမ်ဖော် အင်နီမှာ အင်ဒရူး၏ မိတ်ဆွေရင်း တစ်ဦး ဖြစ်နေခဲ့ပေပြီ။ ဆိုးတိုင်ပင် ကောင်းတိုင်ပင် သဘောလည်း ရှိလာ ပေပြီ။ မီးဖိုထဲ၌ ဆုံမိကြပြီဆိုလျှင် နှစ်ဦးသား ပြောစရာ ရှိသမျှကို ရင်းရင်း နှီးနှီး ပြောလေ့ ရှိကြ၏။ တစ်ခါတစ်ရံ ကိုယ်ရေး ကိုယ်တာ ကိစ္စများကိုပါ နှီးနှော တိုင်ပင်လေ့ ရှိကြလေသည်။ အင်ဒရူး အချိန်မတော် ထ၍ စားရန် အင်နီက ပန်းသီးနှင့် စပျစ်သီးခြောက်များကို ရောကြိတ်ကာ ဖုတ်ထားသော





ကိတ်မုန့်ကို တိတ်တဆိတ် ယူ၍ ကျွေးမွေးခဲ့ရသည့် အကြိမ်ပေါင်းမှာ မရေ တွက်နိုင်တော့ပြီ။ တစ်ခါတစ်ရံ အိမ်တွင် ဘာမှ မရှိသည့် အခါမျိုးနှင့် ကြုံ ကြိုက်ပါက မြို့ထဲသို့ အပြေးအလွှား သွားကာ ငါးဟင်း တစ်ခွက် ဝယ်ပြီး ကျန်ဆေးသည့် စားပွဲပေါ်မှာပင် ဖယောင်းတိုင်မီး ထွန်း၍ ဖြစ်ကတတ် ဆန်း ကျွေးမွေးခဲ့သည့် အကြိမ်ပေါင်းမှာလည်း မနည်းတော့ပြီ။

အင်နီ၏ ဆွေမျိုး အများစုသည် ဒရင်းဖီးမြို့တွင် နေထိုင်ကြ၍ အား လုံးလိုလိုပင် လူရည်သန့်များ ဖြစ်ကြ၏။ အင်နီသည် ဆွေမျိုးများနှင့် အတူတူ နေသည် ဆိုက နေနိုင်သော်လည်း မနေဘဲ ဤအိမ်မှာပင် အိမ်ဖော် အဖြစ်နှင့် ကာလ ကြာမြင့်စွာ နေလာခဲ့၏။ ယင်းကဲ့သို့ နေလာခဲ့ခြင်းမှာ ဒေါက်တာ ပိတ်ချ်အား ခင်မင် တွယ်တာလွန်း၍သာ ဖြစ်လေသည်။

'ကျွန်တော့်အတွက် လက်ဖက်ရည်ကို ဒီမှာပဲ ပြင်ပေးပါတော့ အင်နီ ရယ်၊ အခု လောလောဆယ် ဘလောဝင်း ပိတ်ချ်နှင့် ကျွန်တော် မျက်နှာချင်း ဆိုင်လို့ မဖြစ်သေးဘူး' ဟု အင်ဒရူးက စိတ်ပျက်သံဖြင့် ပြောလိုက်မိလေ၏။

မီးဖိုထဲတွင် အင်နီ၏ ဧည့်သည်များ ရှိနေသည်ကို သူ သတိ မပြုမိ ချေ။ အမှုမဲ့ အမှတ်မဲ့ ပြောပြီးခါမှပင် အင်နီ၏ ညီမ အော်လဝင်နှင့် သူမ ၏ ယောက်ျား အင်မလီ ဟူးတို့ ရှိနေကြသည်ကို မြင်မိလေသည်။

သူသည် အော်လဝင်တို့ လင်မယားနှင့် မကြာခဏ ဆုံခဲ့ဖူးသဖြင့် ခင်မင်နေခဲ့သည်မှာ ကြာလေပြီ။ အင်မလီ ဟူးသည် ဒရင်းဖီးမြို့၏ အထက် တန်းလွှာတွင် ဝင်ဆံ့သူ ဖြစ်ရုံမျှမက ခင်မင် အားကိုးစရာ ကောင်းလောက် အောင် စိတ်သဘောထား ကောင်းသူ တစ်ဦး ဖြစ်ပေသည်။

သူတို့ လင်မယားကို မြင်လိုက်သောအခါ အင်ဒရူးမှာ အမ်းတမ်းတမ်း ဖြစ်သွားသည်။ အော်လဝင်ကမူ စိတ်မကောင်း ဖြစ်နေသည့်အလား သက်ပြင်း ချလိုက်လေသည်။

အင်မလီ ဟူးက...

'ကျွန်တော်တို့ကို အားမနာပါနှင့် ဒေါက်တာ၊ ဒေါက်တာ လက်ဖက် ရည် သောက်မှာသာ သောက်ပါ၊ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ဒေါက်တာ ဝင်လာတဲ့ အချိန်မှာ ကျွန်တော်တို့လည်း ဒေါက်တာ့ အကြောင်း ပြောနေကြ တာ'

'ကျွန်တော့် အကြောင်း... ဟုတ်လား'

'ဟုတ်ပါတယ် ဒေါက်တာ' ဟု အော်လဝင်က ဝင်၍ အဖြေပေးပြီး



www.burmeseclassic.com

www.burmeseclassic.com

သူ့အစ်မ အင်နီ၏ မျက်နှာကိုလည်း တစ်ချက် လှမ်းကြည့်သည်။

'ဒီမှာ အင်နီ၊ ရှင် ကျွန်မကို ဒီလို ဟန့်တဲ့ အကြည့်မျိုးနှင့် မကြည့်ပါနှင့်၊ ကျွန်မကတော့ မနေနိုင်တော့ဘူး၊ ကျွန်မ စိတ်ထဲမှာ ရှိတဲ့အတိုင်း ဘွင်းဘွင်းပဲ ပြောမှာပဲ၊ လူတွေ အားလုံးက ဒေါက်တာ့ အကြောင်းပဲ ပြောနေကြတယ်၊ ဒီလောက် သဘောကောင်းပြီး စေတနာရှိတဲ့ ဆရာဝန်မျိုး ရတာ အရ နောက်ကျတယ်တဲ့၊ စမ်းသပ်တဲ့ အခါမှာလည်း သိပ်ပြီး စနစ်ကျတယ်တဲ့၊ ကိုယ်ဖိ ရင်ဖိုလည်း ရှိတယ်တဲ့၊ အို… စုံနေတာပဲ၊ ပြောကြတာတွေ၊ ကျွန်မ ပြောပြတာကို မယုံရင် အင်မလီကိုသာ မေးကြည့်ပေတော့၊ ဒါပေမဲ့ သူတို့ အားလုံး စိတ်မကောင်း ဖြစ်နေတာက မစ္စ ပိတ်ချ် ခြယ်လှယ်နေတဲ့ ကိစ္စပဲ သူတို့က ပြောကြတယ်၊ ဆေးကုလုပ်ငန်းကို ဒေါက်တာ့ ဘာသာ ဒေါက်တာ ကိုယ်ပိုင် အဖြစ် လုပ်ပိုင်ခွင့် ရှိတာပဲတဲ့၊ လုပ်လည်း လုပ်သင့်ပြီတဲ့၊ ဒေါက်တာ စဉ်းစားပေါ့၊ မစ္စ ပိတ်ချ်ကတော့ ထုံးစံအတိုင်း သူ့အစ်ကို တော်ကြောင်း တတ်ကြောင်း ပြောပြီး ဂုဏ်တင်နေမှာပဲ၊ မစ္စ ပိတ်ချ် အနေနှင့်ကတော့ သူ့အစ်ကိုဟာ မကြာခင် နေကောင်းလာပြီး အလုပ် ပြန်လုပ်နိုင်လိမ့်မယ်လို့ တကယ် ယုံကြည်နေတာ၊ ဒေါက်တာ ပိတ်ချ်ဟာ အလုပ် ပြန်လုပ်နိုင်တော့မှာ မဟုတ်ဘူး ဆိုတာ တစ်ယောက်ယောက်က ပွင့်ပွင့်လင်းလင်း ပြောပြသင့်ပြီလို့ ကျွန်မတော့ ထင်တာပဲ'

အင်ဒရူးသည် အော်လဝင်တို့ ပြောသမျှကို အသာ နားထောင်ပြီး တိတ်တိတ်ဆိတ်ဆိတ်ပင် အခန်းထဲမှ ထွက်လာခဲ့သည်။ ကြားခဲ့ရသည့် စကားများ အတွက်တော့ စိတ်မကောင်းချေ။ ဒရင်းဖီးမြို့မှ လူအများက သူ့အား ခင်မင် ကြည်ညိုကြသည် ဟူသော စကားကိုမူ သူ့အကြိုက် လိုက်၍ သူ့အား မြှောက်ပင့် ပြောဆိုကြခြင်း ဖြစ်ကောင်း ဖြစ်လိမ့်မည်ဟု တွက်ထားလိုက်လေ၏။

အော်လဝင်တို့နှင့် ဆုံခဲ့ပြီးသည့် နောက် ရက်အနည်းငယ် အတွင်းမှာပင် ကျောက်မီးသွေးတွင်းမှ တွင်းတူး စက်ဆရာ ဂျိုး မော်ဂန်နှင့် ဓနီးတို့ ရောက်လာကြပြန်၍ ဤစကားကို ကြားရပြန်သည့် အခါတွင်မူ အော်လဝင်က မိမိအား ပြောခဲ့သည့် စကားများသည် အခြေအမြစ် မရှိဘဲ ပြောခဲ့ခြင်း မဟုတ်ကြောင်း သိလာရလေသည်။

ဂျိုး မော်ဂန်တို့ လင်မယားမှာ အသက် ၄၀ ကျော် ၅၀ အတွင်းများ ဖြစ်ကြ၍ လူချမ်းသာများ မဟုတ်ကြသော်လည်း ဤခရိုင် အတွင်း၌ အများ





က အထင်ကြီးခြင်း၊ လေးစားခြင်း ခံရသူများ ဖြစ်သည်။ သူတို့၏ အိမ်ထောင်သက်မှာ အနှစ် ၂၀ နီးပါးမျှ ရှိခဲ့ပြီ ဖြစ်သော်လည်း သားသမီး မရခဲ့ပေ။ ဂျိုး မော်ဂန်သည် ဂျိုနာဘတ် သတ္တုတွင်းများ၌ အလုပ်ရတော့မည် ဖြစ်၍ များမကြာမီ အတွင်း တောင်အာဖရိကတိုက်သို့ ထွက်ခွာသွားတော့မည်ဟု အင်ဒရူး သိထားလေသည်။

ရိုးရိုး သတ္တုတွင်းများ၌ လုပ်ရသည်နှင့် ရွှေတွင်းများ၌ လုပ်ရသည်မှာ အလုပ် သဘာဝချင်း အတူတူပင် ဖြစ်သော်လည်း ဂျိုး မော်ဂန်လို အရည်အချင်း ပြည့်ဝသော တွင်းတူး စက်ဆရာ ဖိုမင်များသည် လစာ ပို၍ ရသော ရွှေတွင်းများ၌ လုပ်ချင်ကြသည်မှာ သဘာဝပင် ဖြစ်ပေလသည်။

မော်ဂန်က ဆေးခန်းထဲ ရောက်လျှင် ရောက်ချင်းပင် သူ လာရသည့် ကိစ္စကို ပြောသည်။ အင်ဒရူးကတော့ မော်ဂန် ပြောသမျှကို နားထောင်ရင်း အံ့အားသင့်လျက် ရှိလေ၏။

'ဒီလိုပါ ဒေါက်တာ၊ ကျွန်တော့် မိန်းမမှာ ကိုယ်ဝန် ရှိနေပါတယ်၊ အိမ်ထောင်သက် ၁၉ နှစ် ရှိခါမှ ကလေး ရှိလာတယ် ဆိုတော့ ကျွန်တော်တို့ တစ်အိမ်သားလုံး ဘယ်လောက် ဝမ်းသာကြမယ် ဆိုတာ ဒေါက်တာပဲ စဉ်းစားကြည့်ပါတော့၊ ကျွန်တော် အာဖရိကတိုက်ကို သွားရမယ့် ခရီးစဉ်ကိုတောင်မှ ကျွန်တော့် မိန်းမ မွေးဖွားပြီးမှ သွားတော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ မွေးဖို့ ဖွားဖို့ ကိစ္စမှာ မွေးဖွားပေးမယ့် ဆရာဝန်ဟာ အရေးကြီးဆုံးပဲလို့ ထင်ပါတယ်၊ ကျွန်တော်တို့ စဉ်းစားမိသလောက် ဆိုရင်တော့ ဒေါက်တာဟာ ကျွန်တော့် ဓနီး မီးဖွားဖို့ ကိစ္စမှာ အသင့်တော်ဆုံး ဆရာဝန်ပဲလို့ တွက်မိကြပါတယ်၊ ဒါကြောင့်မို့ ဒေါက်တာနှင့်ပဲ မွေးချင်ပါတယ်၊ တခြား ဆရာဝန်တွေနှင့် မမွေးချင်ဘူး၊ အားလုံး ကိစ္စဝိစ္စတွေ ပြီးစီးမှပဲ အာဖရိကကို သွားမယ်လို့ ဆုံးဖြတ်ထားပါတယ် ဒေါက်တာ၊ ကျွန်တော့် ဓနီး မွေးရမယ့် ကိစ္စဟာ ကျွန်တော်တို့ အဖို့တော့ သေရေး ရှင်ရေး ကိစ္စကြီး ဖြစ်ခဲ့ပါ၊ အသက်ကြီးမှ မွေးရ ဖွားရမှာ ဆိုတော့ ခက်ခဲမှာကလည်း သေချာနေပါတယ်၊ ကျွန်တော့် မိန်းမရဲ့ အသက်က ၄၃ နှစ် ဆိုတော့ စိတ်ပူရမယ့် အခြေအနေပါ၊ ဒါပေမဲ့ ဒေါက်တာနှင့် ဆိုရင်တော့ ကျွန်တော်တို့ စိတ်မပူပါဘူး၊ ဒေါက်တာ့ အနေနှင့် ကျွန်တော်တို့ စိတ်တိုင်းကျ ဖြစ်အောင် ကူညီနိုင်လိမ့်မယ်လို့ ကျွန်တော်တို့ ယုံကြည်ထားပါတယ်'

အင်ဒရူးသည် မော်ဂန့် ဓနီးအား သူ့အတွက် ဂုဏ်ယူထိုက်သည့်လူနာ



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦး အပြစ် စိတ်ထဲမှ ကျိတ်၍ သတ်မှတ်ကာ လက်ခံလိုက်လေ၏။

အင်ဒရူးသည် စိတ်၏ ဆန်းကြယ်မှုကို တအံ့တသြ ဖြစ်နေမိလေသည်... စိတ်၏ ခံစားမှု ဆိုသည်မှာ ရုပ်ဒြပ် ဝတ္ထု ပစ္စည်းလို အကောင်အထည်ဖြ... မပြနိုင်သော်လည်း စိတ်ထဲကမူ အတိအကျ ရှင်းလင်း ပြတ်သားစွာ သိမြ... နေတတ်ပေသည်။

လက်ရှိ အခြေအနေအရ အင်ဒရူး၏ စိတ်မှာ နှစ်ခွ ဖြစ်လျက် ရှိရ... သူ့အနေဖြင့် တစ်စုံတစ်ခုကို ဆုံးရှုံး လက်လွှတ်လိုက်ရသလို ခံစားနေရသဖြ... စိတ်ညှိုးငယ်နေမိသည် ဖြစ်ရာ စိတ်မချမ်းမြေ့ခြင်းနှင့် နာကျင်ခြင်းတို့သ... သူ့ရင်တွင်း၌ တစ်ပြိုင်တည်း ဖြစ်ပေါ်လျက် ရှိလေသည်။

ရင့်ကျက်စ ပြုလာပြီ ဖြစ်သော ဆရာဝန် တစ်ဦး အနေဖြင့် သူ ယ... က မဖြစ်နိုင်ဟု ယုံကြည်ထားသော၊ ဖြစ်နိုင်ဖို့ အလွန် ခဲယဉ်းသည်ဟု ယူ... ထားသော နှလုံးသား၏ နာကျင်မှု ဝေဒနာကို သူ ယခု ခံစားနေရ၏။ အ... အနေဖြင့် သူ ခံစားနေရသည့် ထို ဝေဒနာကို အကောင်အထည် အဖြစ် လ... ဆုပ် လက်ကိုင် မပြနိုင်ပေ။ ပြ၍လည်း ရမည် မဟုတ်ချေ။ သို့သော်လည... နာကျင်ခြင်း ဆိုသော ဝေဒနာ ရှိနေသည်ကိုတော့ သူ့စိတ်က ကောင်းစွာ ... နေလေသည်။

သူသည် အချစ်ကိစ္စကို ဘယ်တုန်းကမှ အလေးအနက် ထား၍ ... စား ဆင်ခြင်ခြင်း အမှု မပြုခဲ့ပေ။ တက္ကသိုလ် ကျောင်းသား ဘဝက သူသ... ဆင်းရဲသော ကျောင်းသား တစ်ဦး ဖြစ်ခဲ့ရာ အဝတ်အစားမှ အစ ချို့တဲ့... သဖြင့် သူ့ဘာသာသူ တစ်ကိုယ်တည်းလိုလို နေတတ်သော အကျင့်ရခဲ့... စာမေးပွဲ အောင်၍ ကျောင်းမှ ထွက်သည်အထိ ဘယ်ကျောင်းသူနှင့်မှ အ... တဝင် ခင်မင်အောင် မနေခဲ့ဖူးပေ။

စိန့် အင်ဒရူး တက္ကသိုလ်သို့ သူနှင့် အတူ တစ်နှစ်တည်း ရောက်... သော အတန်းတူ သူငယ်ချင်း ဖရက်ဒီ ဟင်မဆန်၏ နည်းတူ ကပွဲ၊ ပ... ပွဲများသို့ သွားလာရန် အခွင့်အလမ်း ပွင့်ခဲ့သော်လည်း မသွားခဲ့ပေ။ ဖရက်... ဟင်မဆန်နှင့် တပူးတွဲတွဲ နေခဲ့သည့် အချိန်များမှာ စာသင်ခန်းနှင့် ကျော... ဆောင်များ အတွင်း၌သာ ဖြစ်၏။ အားလပ်ချိန်တွင် စိတ် ပျော်ရွှင် သာယာ... အတွက် အခြား ကျောင်းသားများနှင့် ရောနှောခြင်း ပြုခဲ့သော်လည်း တွေ... ရောနှောသည့် နေရာမှာ ကျောင်းသား သမဂ္ဂ အဆောက်အအုံ အတွင်... မဟုတ်ပေ။ မြို့တွင်းရှိ ဘီလီယက်ခုံ၌သာ ဖြစ်လေသည်။





သူ ရှောင်တိမ်း၍ မရနိုင်သော ဝမ်းနည်းဖွယ် ကောင်းသည့် ဖြစ်ရပ်များမှာ ...ဘဝ ကံကြမ္မာအရ အလိုအလျောက် ပေါ်ပေါက်လာရခြင်းသာ ဖြစ်၏။ ...၏ ဆင်းရဲ နွမ်းပါးမှုကြောင့် ချမ်းသာ ကြွယ်ဝသော ကျောင်းသားများ ...ည်းတူ သုံးနိုင် ဖြုန်းနိုင်ခြင်း မရှိခဲ့သဖြင့် စိတ်မချမ်းမြေ့မှုများနှင့် ရင်ဆိုင်ခဲ့ရ ...၏။

သို့သော်လည်း ယခု ခံစားနေရသည့် စိတ်မချမ်းမြေ့မှုမှာ ထိုစဉ်က ...ပေါ်ခဲ့သည့် စိတ်မချမ်းမြေ့မှုနှင့် မတူပေ။ ယိမ်းယိုင် ချည့်နဲ့ကာ ခနော်ခနဲ့ ...လှသော ဆေးခန်း ပြတင်းမှ နေ၍ မှုန်ရီ မှုန်ဝါး မြင်နေရသော သတ္တုတွင်း ...ဆီ မျှော်ငေးရင်း မြို့ကောင်စီမှ ဖွင့်ထားသည့် ကျောင်းငယ်မှ ဆရာမကလေး ...ဦး အတွက် နှလုံးသား ထိခိုက် နာကျင်ကာ ခံစားနေရသည့် စိတ်မချမ်း ...မှုပင် ဖြစ်ပေသည်။

သူသည် လက်တွေ့ကျကျ တွေးတတ် လုပ်တတ်သူ ဖြစ်၏။ ထို ...ကြောင့် အတွက် များစွာ ဂုဏ်ယူခဲ့သူ ဖြစ်သည်။ ယခုလည်း သူ၏ ခံစားမှု ...ကို လက်တွေ့ကျကျပင် သုံးသပ်ကြည့်ဖို့ လိုသည်ဟု သူ ထင်၏။ သူ ...သည် တတ်နိုင်သမျှ စိတ်ကို အေးအေးထားကာ ခရစ္စတီ၏ အားနည်းချက်များ ...ရှာဖွေကြည့်လေသည်။

တကယ်တော့ ခရစ္စတီသည် ချောသူ လှသူ မဟုတ်ပေ။ သူမ၏ ကိုယ် ...ကိုယ်ပေါက်မှာ ပိန်ပိန်ပါးပါး သေးသေးသွယ်သွယ်ကလေး ဖြစ်၏။ ...ပေါ်ရှိ မှဲ့ကြောင့် ပြုံးရယ်လိုက်သည့် အခါတိုင်း အထက် နှုတ်ခမ်းနားဆီမှ ...လာတတ်သည့် အရေးအကြောင်းကလေးသည် အလှကို ဖျက်နေသယောင် ...သည်။ ထို့ပြင် ခရစ္စတီသည် သူ့အား စိတ်ထဲမှ ကျိတ်၍ မုန်းတီး ရွံ့ရှာ ...ောင်း ရွံ့ရှာနေလိမ့်မည် ဖြစ်၏။ ယင်းကဲ့သို့ တွေးလိုက်မိသောအခါ ခရစ္စတီ ...ပေါ်၌ တစ်ဖက်သတ် ထားရှိနေသော သူ၏ နှလုံးသား ခံစားမှု အတွက် ...ကိုယ်သူ ခွင့်မလွှတ်နိုင်အောင် ဖြစ်မိ၏။ ယခုကဲ့သို့ ဖြစ်နေရခြင်းသည် ...၏ အားနည်းချက် တစ်ရပ်ပင် ဖြစ်သည်ဟု ယူဆကာ သူ့ကိုယ်သူ အပြစ် ...င်မိလေ၏။

အင်ဒရူးသည် ခရစ္စတီအား မေ့ပျောက်သွားစေရန် အလုပ်ကို ယခင် ...ထက် ပို၍ အာရုံစိုက်ပြီး လုပ်နိုင်အောင် ကြိုးစားသည်။ တကယ်ဆိုတော့ ...သည် လက်ထောက် ဆရာဝန် ပေါက်စမျှသာ ဖြစ်ပေရာ နောင်အခါတွင် ...သို့သော ဆရာဝန်မျိုး ဖြစ်လာလိမ့်မည်ဟု သူ့ကိုယ်သူ မခန့်မှန်းနိုင်သေး



www.burmeseclassic.com

www.burmeseclassic.com



ပေ။ ယခုမှ ဆရာဝန် အဖြစ်နှင့် ဘဝ အစမှာပင် ရှိနေသေးသည် ဖြစ်ရာ အလွန် မရေမရာနိုင်လှသော ဘဝ ဖြစ်၏။ ခရစ္စတီ အပေါ်၌ ထားမိသော သမုဒယ သံယောဇဉ်သည် သူ့ အနာဂတ် ဘဝကို အနှောင့်အယှက် ဖြစ်လာ နိုင်စရာ အကြောင်း ရှိချင်လည်း ရှိပေလိမ့်မည်။ သူ့အလုပ်၏ တိုးတက်ရေး တိုးတက်ကြောင်းကို အဟန့်အတား ဖြစ်ချင်လည်း ဖြစ်လာနိုင်ပေလိမ့်မည်။

ဤသို့ဖြင့် အင်ဒရူး မေဆန်သည် သူ့ကိုယ်သူ ထိန်းနိုင်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် ခရစ္စတီ အပေါ်၌ သံယောဇဉ် ငြိတွယ်မိလျှင် ဖြစ်ပေါ်လာနိုင် မည့် အနှောင့်အယှက် အဟန့်အတားများကို တကူးတကန့် စဉ်းစား ရှာဖွေ ကာ ထွက်ပေါက် ရှာလေသည်။

အင်ဒရူးသည် သူ့စိတ်သူ အာရုံ ပြောင်းစေရန် အတွက် စိန့် အင်ဒရူး တက္ကသိုလ်တွင် နေခဲ့စဉ်က ရင်းနှီး ခင်မင်ခဲ့သည့် သူငယ်ချင်း ဖရက်ဒီ ဟင်မဆန်ထံ စာရှည်ကြီး တစ်စောင် ရေးသည်။ ယခုအခါတွင် ဖရက်ဒီ ဟင်မဆန်သည် လန်ဒန်မြို့ရှိ ဆေးရုံကြီး တစ်ခုတွင် အလုပ် ရနေပြီ။ တစ် ဖက်တွင်လည်း သူသည် ဒင်နီကို အဖော် လုပ်၍ စိတ်ပျော်ရွှင်မှု ရသွားနိုင်ရန် ကြိုးစားသည်။ ဖီးလစ် ဒင်နီမှာ ဘဝ တစ်လျှောက်လုံး နာကြည်းစရာ ကောင်း သည့် ဒဏ်ရာ ဒဏ်ချက်များနှင့် ကြုံတွေ့လာခဲ့ရသူတို့၌ ဖြစ်ပေါ်တတ်သည့် သဘာဝ အတိုင်း တစ်ခါတစ်ရံ သူ့အား အလွန့် ခင်မင်သည့် အမူအရာမျိုး ပြတတ်သော်လည်း မကြာခဏ ဆိုသလို သံသယစိတ်ဖြင့် အေးတိ အေးစက် ဆက်ဆံတတ်လေသည်။

မည်သို့ပင် ဖြစ်စေ ခရစ္စတီအား သူ့နှလုံးသားထဲမှ ပျောက်ကွယ်သွား စေရန် တတ်နိုင်သမျှ ကြိုးစားပါ၏။ သို့သော်လည်း မေ့ပျောက်၍ မရချေ။ ဒေါက်တာ ဘရမ်းဝဲလ်တို့ အိမ်၌ ညစာ စားကြသည့် ညက အိမ်ဝင်းတံခါးထိ ခဏမျှ ဆုံမိကြပြီးသည့်နောက် ခရစ္စတီကို မမြင်ရ မတွေ့ရသည်မှာလည်း ကြာခဲ့ပေပြီ။

ခရစ္စတီသည် သူ့အပေါ်၌ မည်ကဲ့သို့ ထင်၍ မည်ကဲ့သို့ မြင်လေမည် နည်း။ သူကတော့ သူမ အကြောင်းကို အမြဲတစေ စဉ်းစားနေမိ၏။ သူမက ကော သူ့ အကြောင်းကို အမြဲတစေ စဉ်းစားသည် အထိ စိတ်ဝင်စားပါမည် လော။

သူမကို မတွေ့ရသည်မှာလည်း ကြာပြီ။

တစ်ခါတစ်ရံ ဘဏ်လမ်းဘက်မှ ဖြတ်သွားသည့်အခါ သူမနှင့် ဝင်တွေ့လိုစိတ် ပြင်းပြင်းပြပြ ဖြစ်ပေါ်သော်လည်း ရှက်စိတ် ကြောက်စိတ်များ ကြောင့် မဝင်ဖြစ်ခဲ့ပေ။ သူမနှင့် တမင်တကာ သွားရောက် တွေ့ဆုံခြင်းမျိုး မဟုတ်ဘဲ မမျှော်လင့်ဘဲ လူချင်း ဆုံမိရန် ဆုတောင်းခဲ့ပါသော်လည်း ယင်း အခွင့်အရေးမျိုး ပေါ်မလာခဲ့ပေ။

ခရစ္စတီနှင့် ထပ်၍ တွေ့နိုင်မည့် အခွင့်အရေးသည် ပေါ်လာတော့မည် မဟုတ်ဟု စိတ်ပျက်လက်ပျက်ဖြင့် မျှော်လင့်ချက်ကို စွန့်လွှတ်တော့မည်ဟု ကြံခါမှပင် မေလ ၂၅ ရက် စနေနေ့ မွန်းလွဲပိုင်းတွင် စာတိုလေး တစ်စောင် ...သ ရောက်လာလေ၏။ စာတွင် အောက်ပါ အတိုင်း ရေးထားလေသည်။

ခင်မင်သော ဒေါက်တာ မေဆန်

မနက်ဖြန် တနင်္ဂနွေနေ့ ညနေပိုင်းတွင် မစ္စတာ ဝပ်ကင်းတို့ လင်မယား ကျွန်မ အိမ်သို့ ညစာစား လာကြပါလိမ့်မည်။ အကယ်၍ ဒေါက်တာ့တွင် အလုပ်မများပါက ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။ အချိန်မှာ ည ခုနစ်နာရီခွဲ ဖြစ်ပါသည်။

ဖြူစင်သော နှလုံးသားဖြင့်

ခရစ္စတီ ဘာလို

အင်ဒရူးသည် စာကို ဖတ်၍ စိတ်လွတ်ကိုယ်လွတ် ဖြစ်ကာ နှုတ်မှ ...ချက် အော်လိုက်မိသည်။ သူ့ အော်သံကြောင့် မီးဖိုထဲ၌ ချက်မှု ပြုတ်မှုဖြင့် ...လုပ် ရှုပ်နေသော အင်နီသည် အလန့်တကြား ပြေးထွက်လာလေသည်။

'ဘာဖြစ်တာလဲ ဒေါက်တာ၊ တစ်ခါတလေ ဒေါက်တာ လုပ်ပုံက ...ကယ့် ကလေး ပေါက်စ သူငယ်နပ်စားကလေး ကျနေတာပဲ၊ ကြောင်တောင် ...ဘင်နှင့်၊ အခုဟာက ဘာဖြစ်ရပြန်တာလဲ'

'ဟုတ်တယ် အင်နီ ဟုတ်တယ်၊ ကျွန်တော်... ကျွန်တော်ဟာ... နေ ...ပါဦး၊ ကျွန်တော့် ဘောင်းဘီကို မီးပူတိုက်ပေးစမ်းပါဦး အင်နီရာ၊ မနက် ... သွားစရာ ရှိလို့ပါ၊ ကောင်းကောင်းလေး ခေါက်ရိုးကျအောင် တိုက်ပေး ... ဟုတ်လား၊ ကျွန်တော် ကနေ့ည အိပ်ရာဝင်ရင် ဘောင်းဘီကို လျှော်ပြီး ...နံ့ အပြင်ဘက်မှာ လှန်းထားလိုက်မယ်'

နောက်တစ်ရက် တနင်္ဂနွေနေ့ ညနေတွင် ညပိုင်း ဆေးခန်း မဖွင့်သဖြင့် အင်ဒရူး အတွက် ရက်အား ဖြစ်လေသည်။ သူသည် စောစောစီးစီးပင် ဘဏ် လမ်း ကျောင်း အနီးရှိ ခရစ္စတီ နေထိုင်ရာ မစ္စက် ဟားဘတ်၏ အိမ်တံခါးဝ ...င် ရောက်နေလေ၏။







www.burmeseclassic.com

www.burmeseclassic.com

သူ့ အမူအရာမှာ မဝံ့မရဲနှင့် တွန့်ဆုတ်ဆုတ် ဖြစ်နေသည်။ သူ ရော နေသော အချိန်မှာ အလွန် စောနေမှန်းတော့ သူ သိပါ၏။ သို့သော်လည်း ဖိတ်ထားသည့် အချိန်နာရီ ကျအောင် အောင့်အည်း သည်းခံ၍ မစောင့်နိုင် သဖြင့် အစောကြီး ရောက်နေရခြင်း ဖြစ်၏။ တံခါး လာဖွင့်ပေးသူမှာ ခရစ္စ ကိုယ်တိုင် ဖြစ်၍ သူ့အား ချိုမြသော အပြုံးဖြင့် ဆီးကြိုလျက် ရှိလေသည်။

ခရစ္စတီက အပြုံးဖြင့် ဆီးကြိုသော်လည်း အင်ဒရူး စိတ်ထဲကမူ ဟ ဆောင် အပြုံးမှာပင် ထင်နေသည်။ မည်မျှပင် ပြုံး၍ နှုတ်ဆက်စေကာ ခရစ္စတီသည် သူ့အား နှစ်နှစ်ကာကာ ခင်မင်ခြင်း မရှိသေးဟုပင် ထင်နေ သည်။ သူ့ စိတ်ထဲက ထိုကဲ့သို့ ထင်နေမိသော်လည်း သူ့ အဖြစ်ကတော့ ဝမ်းသာလုံး ဆို့နေသဖြင့် စကားကိုမှ ဖြောင့်ဖြောင့်တန်းတန်း မပြောနိုင် ဘာက စ၍ ပြောရမည်ကိုလည်း မစဉ်းစားတတ်ပေ။ ဧည့်ခန်းဆီသို့ လျှောက် သွားနေသော ခရစ္စတီ၏ နောက်မှ အသာ ကပ်၍ လိုက်သွားရင်းက စိတ်ထဲ ပေါ်လာသည့် အရာကို စပြောလေ၏။

'ဒီကနေ့ သိပ်သာယာတယ်နော်'

'ဟုတ်တယ်၊ သိပ် သာယာတယ်၊ ကျွန်မ နေ့ခင်းပိုင်းက လမ်းလျှောက် ထွက်ခဲ့သေးတယ်၊ လမ်းမှာ ပန်းပင်ကလေးတွေ အများကြီး တွေ့ခဲ့သေးတယ် ပွင့်နေလိုက်ကြတာ သိပ်ချစ်စရာ ကောင်းတာပဲ'

နှစ်ဦးသား ဧည့်ခန်းထဲ ထိုင်ကြသည်။ လမ်းလျှောက် ဝါသနာ ပါ မ မေးလိုသော်လည်း ပါးစပ်မှ ပြောမထွက်သဖြင့် ဆွံ့အသူ တစ်ဦးပမာ ဖြစ်လျ ရှိရလေ၏။

'မစ္စက် ဝပ်ကင်းက အခုနကပဲ ဖုန်းဆက်တယ်၊ သူတို့ နည်းနည်း နောက်ကျမယ်တဲ့၊ သူ့ ယောက်ျားက ရုံးကို ခဏ ဝင်စရာ ရှိနေလို့ပါတဲ့၊ ခ တစ်ဖြုတ် စောင့်ရတာ ဝန်မလေးဘူး မဟုတ်လား ဒေါက်တာ'

'ခဏတစ်ဖြုတ် စောင့်ရတာ ဝန်မလေးဘူး မဟုတ်လား' တဲ့။ မေ မေးရက်ပလေခြင်း။ သူ့အဖို့တော့ ခဏတစ်ဖြုတ် မပြောနှင့်၊ တစ်သက်လုံး စောင့်ရ စောင့်ရ အရေးကြီးသော ကိစ္စ မဟုတ်။ အင်ဒရူးမှာ ဝမ်းသာလွ သဖြင့် ရင်ထဲ၌ ဖြစ်ပေါ်လာသော ရယ်ချင်စိတ်ကို မနည်း မျိုသိပ်ထားရသည် သူမနှင့် တွေ့ဖို့ စောင့်ခဲ့ရသည့် ရက်ပေါင်း မည်မျှ ရှိနေပြီကိုသာ သိသွားလျှ ခရစ္စတီ ဘယ်လိုများ ပြောလေမည်နည်း။

ခရစ္စတီနှင့် ယခုလို နှစ်ယောက်တည်း ထိုင်နေရခြင်းမှာ မည်မျှ အံ့





ရာ ကောင်းလှပါသနည်း။

ဒရင်းဖီးမြို့တွင် သူ ရောက်ခဲ့ဖူးသည့် အိမ်တွေ အတော်များများ ရှိ ခဲ့ရာ ထိုအိမ်များရှိ ဧည့်ခန်းများ ပြင်ဆင်ပုံသည် ခရစ္စတီ၏ ဧည့်ခန်း အပြင် အဆင်နှင့် လုံးဝ မတူပေ။ တစ်မူ ထူးခြားလျက် ရှိပေသည်။ အခြား အိမ်များ မှာလို ခရစ္စတီ၏ ဧည့်ခန်းထဲတွင် ကတ္တီပါ ကော်ဇော အခင်း မရှိပေ။ မြင်း မွေး ကော်ဇောမျိုးလည်း မထားပေ။ မစ္စက် ဘရမ်းဝဲလ်တို့ အမြတ်တနိုး ပြု ၍ သုံးသည့် ဖဲထည် အခင်းမျိုးလည်း မသုံးချေ။

ဧည့်ခန်း၏ ကြမ်းပြင်ကိုတော့ ပြောင်လက် တောက်ပနေအောင် ပေါ လစ် သုတ်ထားသည်။ ဆောင်းမီးဖိုရှေ့၌ အညိုရောင် ကော်ဇော တစ်ချပ်သာ ခင်းထား၏။ ဧည့်ခန်းထဲတွင် ပရိဘောဂ များများစားစား မထားသဖြင့် မျက်စိ ရှုပ်။ ကြည့်လိုက်လျှင် ရှင်းရှင်းလင်းလင်းနှင့် တစ်မျိုး ကြည့်လို့ ကောင်းလေ သည်။

ညစာ ကျွေးမည့် စားပွဲကိုလည်း တခမ်းတနား လုပ်မထားပေ။ စားပွဲ အလယ်တွင် ပန်းကန်စောက် တစ်လုံး ချထားပြီး ထို ပန်းကန်ထဲတွင် ပန်း ကလေးများကို လှနေအောင် ထည့်ထားသည်။ ပန်းပွင့်ကလေးများသည် ရေထဲ တွင် တလှုပ်လှုပ်နှင့် ဟိုယိမ်း သည်နွဲ့ လှုပ်ယမ်းကာ ရွေ့လျားလျက် ရှိကြ ၏၊ ဘယ်လိုပဲ ကြည့်ကြည့် အပြင်အဆင်မှာ ရိုးရိုးစင်းစင်း ရှင်းရှင်းကလေး ဖြစ်သည်။ ပြတင်းပေါက် ပေါင်ပေါ်၌ ရှိနေသော ပန်းအိုးထဲဝယ် အညှောင့် ပေါက်စ အပင်ငယ်ကလေးများသည်လည်း စိုစိုစိမ်းစိမ်းနှင့် တစ်မျိုး ကြည့်၍ ကောင်းပေသည်။

ဧည့်ခန်း အပြင်အဆင်ကို စေ့စေ့စပ်စပ် ကြည့်ကာ တအံ့တသြ ဖြစ် နေပုံရသော မေဆန်၏ စိတ်ဝင်စားမှုကို သတိပြုမိနေသော ခရစ္စတီ၏ မျက် နှာသည် အပြုံးပန်း ပွင့်လျက် ရှိလေသည်။ သူမ၏ မျက်နှာပေါ်တွင် အထင်း သား ပေါ်နေသည့် ကျေနပ် နှစ်သိမ့်မှုကို ဖုံးကွယ် မထားချေ။

'ဧည့်ခန်း အပြင်အဆင်ဟာ နဂိုကလည်း ဒီအတိုင်းပဲ၊ အခုလည်း ဒီ အတိုင်းပဲ၊ ကနေ့ညမှ ထူးပြီး ပြင်ဆင်ထားတာ မဟုတ်ပါဘူးလို့ ပြောရင် ရှင် ယုံချင်မှ ယုံမယ်နော်' ဟု ခရစ္စတီက ဆိုလေသည်။

အင်ဒရူးကတော့ ယခုအချိန်ထိ ဘာပြောရမှန်း မသိ ဖြစ်ကာ ခ ကြောင်ကြောင် ဖြစ်ဆဲပင်။

ခရစ္စတီ၏ ရုပ်ရည်နှင့် ခရစ္စတီ၏ အပြောအဆို စသည်များကို နှီးနှီး



www.burmeseclassic.com

www.burmeseclassic.com



ကပ်ကပ် မြင်နေရသဖြင့် အကြီးအကျယ် စိတ်လှုပ်ရှားလျက် ရှိ၏။ သူမ၏ အကြောင်း သိလိုစိတ် ပြင်းပြလွန်းသဖြင့် သူ့ကိုယ်သူ ထိန်းသိမ်းရန်ပင် မေ့နေသည်။ ရိုးရိုးအအသမား ဖြစ်သည့် အားလျော့စွာ ခရစ္စတီ၏ စကား သွား စကားလာကို ကြည့်၍ အလိုက်သင့် မပြောနိုင်ဘဲ ရာသီဥတု အကြောင်း ကိုသာ ထပ်၍ ပြောနေပါလေသည်။ ထို့နောက် သူမ၏ အကြောင်းကို တိုက်ရိုက်ပင် မေးမိပြန်သည်။ ခရစ္စတီကလည်း သူမ၏ အကြောင်းကို ခပ် ရိုးရိုးကလေးပင် ပြောပြလေသည်။

ခရစ္စတီသည် ယော့ရှိုင်းယား နယ်မြေမှ ဖြစ်သည်။ သူမ အသက် ၁၅ နှစ် အရွယ်တွင် မိခင် ဆုံးခဲ့၏။ သူမ ဖခင်သည် ဘရမ်းဝဲလ် ကျောက်မီးသွေး ကုမ္ပဏီပိုင် ကျောက်မီးသွေးတွင်း တစ်တွင်းတွင် လက်ထောက် မန်နေဂျာ တစ်ဦး ဖြစ်၍ သူမ၏ အစ်ကို ဂျွန်သည် ဖခင် အလုပ် လုပ်နေသည့် ကျောက်မီးသွေးတွင်းမှာပင် သတ္တုတွင်း အလုပ်သင် အင်ဂျင်နီယာ အဖြစ် လုပ်ကိုင်နေခဲ့သည်။ ငါးနှစ် ကြာသော အခါ ခရစ္စတီ၏ ဖခင်သည် ပိုသ ကျောက်တွင်းသို့ မန်နေဂျာ ရာထူး တိုးကာ ပြောင်းရွှေ့ခဲ့ရလေသည်။ ထို အချိန်တွင် ခရစ္စတီ၏ အသက်မှာ ၁၉ နှစ်သာ ရှိသေးသော်လည်း မူလတန်း ဆရာဖြစ် စာမေးပွဲကို အောင်မြင်ခဲ့ပြီ ဖြစ်၏။

ခရစ္စတီတို့ မောင်နှမ နှစ်ယောက်သည် ဖခင်နှင့် အတူ ပိုသ ကျောက်တွင်း ရှိရာ တောင်ပိုင်း ဝေလနယ်သို့ လိုက်ခဲ့ကြသည်။ ခရစ္စတီက အိမ်မှုကိစ္စ အဝဝကို တာဝန်ယူ၍ အစ်ကိုဂျွန်က ဖခင်၏ အလုပ်တွင် ကူညီ သည်။ သူတို့ ပြောင်းရွှေ့ လာခဲ့ပြီးနောက် ခြောက်လခန့် အကြာတွင် ပိုသ ကျောက်တွင်း၌ မတော်တဆ ပေါက်ကွဲမှု တစ်ခု ဖြစ်ပွားခဲ့သည်။ ပေါက်ကွဲ မှု ဖြစ်ချိန်တွင် မြေအောက် ရောက်နေသည့် ခရစ္စတီ၏ အစ်ကို ဂျွန်မှာ မြေ ပိသဖြင့် နေရာ၌ပင် ပွဲချင်းပြီး သေဆုံးခဲ့ရရှာလေသည်။

ဤသတင်းကို ကြားလျှင် ကြားချင်း ဖြစ်ပွားရာသို့ အပြေးအလွှား ရောက်ရှိသွားသော ခရစ္စတီ၏ ဖခင်သည် မြေပြိုသည့် နေရာအထိ ဆင်းကာ သူ့သားအား ရှာဖွေ ကယ်တင်ရန် ကြိုးပမ်းခဲ့သည်။ သို့သော်လည်း နောက် ထပ် ပြိုကျသည့် မြေကြီးများက သူမ၏ ဖခင်အား မပြန်လမ်းသို့ ပို့ခဲ့ပြန်လေ ၏။ တစ်ပတ်ခန့် ကြာမှပင် ဖခင်နှင့် အစ်ကို၏ အလောင်းများကို မြေ အောက်မှ ဖော်ထုတ်နိုင်ခဲ့လေသည်။

သူမ၏ အကြောင်းကို အဆုံးသတ်လိုက်သည့် အခါ နှစ်ယောက်သား





အတန်ကြာမျှ စကား မပြောနိုင်ကြဘဲ ငြိမ်ဆိတ် နေမိကြလေ၏။

'ကြားရတာ စိတ်မကောင်းစရာပဲ'

အင်ဒရူးက စတင်၍ ခပ်တိုးတိုး ရေရွတ်လိုက်လေသည်။ ခရစ္စတီ၏ အပေါ်တွင် လှိုက်လှိုက်လှဲလှဲ သနား ကရုဏာ သက်ကာ ကိုယ်ချင်းစာမိသည့် အားလျော့စွာ သူ့ အသံမှာ သိသိသာသာကြီး တုန်ယင်လျက် ရှိလေသည်။

'လူတွေက ကျွန်မကို သနားကြ ကြင်နာကြပါတယ်'

ခရစ္စတီကလည်း ဝမ်းနည်းသံဖြင့် ပြောလေသည်။

'အထူးသဖြင့် မစ္စတာ ဝပ်ကင်းတို့ လင်မယားဟာ ကျွန်မ အပေါ် ကောင်းကြပါတယ်၊ သိပ် ဂရုစိုက်ကြတယ်၊ နောက်တော့ ကျွန်မ ဒီကျောင်းမှာ အလုပ် ရခဲ့တယ်၊ ဒါဟာ ကျွန်မ ဘဝပါပဲ'

ခရစ္စတီ၏ မျက်နှာသည် စောစောကလို ကြေကွဲမှုဖြင့် မှုန်မှိုင်း မနေ တော့ဘဲ ပြန်လည် လန်းဆန်းကာ ဝင်းပလာလေသည်။

'တကယ်တော့ ကျွန်မလည်း ဒေါက်တာလိုပါပဲ၊ ဒေါက်တာနှင့် ဘဝ တူတယ်လို့ ဆိုရမှာပေါ့၊ ကျွန်မဟာ အခုချိန်ထိ ဒီအရပ်မှာ လူစိမ်း တစ် ယောက်လို ဖြစ်နေတုန်းပဲ၊ ဒီလို ခေါင်တဲ့ တောင်ကြား ဒေသမျိုးမှာ အနေ အထိုင် အသားကျဖို့ ဆိုတာ မလွယ်လှဘူး၊ အချိန် အများကြီး ကြာတယ်၊ စိတ်ရှည်ဖို့ သိပ်လိုတယ်'

အင်ဒရူးသည် စိတ်မကောင်းခြင်း ကြီးစွာဖြင့် ခရစ္စတီအား ငေး၍ ကြည့်နေမိသည်။ မိမိတို့ အနေဖြင့် အတိတ် ဘဝကို တတ်နိုင်သမျှ မေ့၍ အနာဂတ် ကာလ အတွက် ပျော်ရွှင် သာယာမှု တံခါး ဖွင့်နိုင်ဖို့သာ စဉ်းစား ရန် ရှိတော့သည်ဟု တွေးမိသဖြင့် သူကပင် စတင်၍ စကားလမ်းကြောင်း ပြောင်းရန် ကြိုးစားလေ၏။

'ဒီမှာ နေရတာ အပြင် လောကနှင့် အဆက်အသွယ် အဖြတ်ခံထား ရသလိုပဲ၊ သိပ်ပြီး အထီးကျန် နိုင်လွန်းတယ် ဆိုတာ ကျွန်တော် သိပါတယ်၊ ကျွန်တော် ကိုယ်တိုင်လည်း ထီးတည်းကြီး နေရသလို ခံစား နေရတာပဲ၊ ကျွန် တော့် ရင်ထဲမှာ မျိုသိပ် ထားရသမျှလေးတွေကို ပြောပြချင်လွန်းလို့ နား ထောင်မယ့် လူများ ရှိရင် ဘယ်လောက်များ ကောင်းလိုက်မလဲလို့ မကြာ မကြာ တမ်းတမိတယ်'

ခရစ္စတီကတော့ ပြုံး၍သာ နေသည်။

'ရှင့် ရင်ထဲမှာ ဘာတွေများ မျိုသိပ်ထားရလို့လဲ၊ ရှင် ဘာတွေများ



www.burmeseclassic.com

www.burmeseclassic.com

ပြောချင်နေတာလဲ'

ခရစ္စတီ၏ မေးခွန်းကြောင့် အင်ဒရူးမှာ မလုံမလဲ ဖြစ်သွားရသည်။ သူ့အား ချောင်ပိတ်ပြီး အကျဉ်းအကျပ်ထဲ ကျသွားအောင် အလုပ်ခံလိုက်ရသလို ဖြစ်သွား၏။ သူသည် ရုတ်တရက် ချက်ချင်း အဖြေ မပေးနိုင်၊ ငိုင်၍ နေလေသည်။

'ကျွန်တော့်မှာ ပြဿနာ တစ်ခုပြီး တစ်ခု တွေ့နေရတယ်'

'ဒေါက်တာ ဆိုလိုတာက ကုရခက်ခဲတဲ့ ရောဂါမျိုးတွေနှင့် တွေ့ကြုံနေရတာမျိုးကို ပြောတာလား'

'အဲသလိုလည်း မဟုတ်ပါဘူး'

သူသည် စကားကို မဆက်သေးဘဲ ခရစ္စတီ၏ မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီးမှ သူ့စကားကို ဆက်လေ၏။

'ကျွန်တော့် အနေနှင့် လူတိုင်းက ယုံကြည် လက်ခံထားကြတဲ့ ပုံသေနည်းတွေ၊ တစ်နည်း ပြောရရင်တော့ လူတိုင်းက ယုံကြည်လေဟန်နှင့် လက်ခံထားကြတဲ့ ပုံသေနည်းတွေ အားလုံးကို ရင်မှာ ပိုက်ပြီး ဒီအရပ် ရောက်လာခဲ့တာပါ၊ အဆစ်အမြစ်တွေ ရောင်လာရင် ကျွန်တော်တို့က လေးဖက်နာလို့ အသိအမှတ် ပြုထားကြတယ်၊ လေးဖက်နာ ဆိုရင် အကိုက်အခဲ ပျောက်ဆေးပေး ပျောက်ရမယ်လို့ နားလည်ထားကြတယ်၊ ဒါတွေဟာ ကျွန်တော် ကျောင်းသား ဘဝ ကတည်းက သိထား နားလည်ထားတဲ့ ပုံသေနည်းတွေပါ၊ ကျောင်းက သင်ပေးလိုက်တဲ့ အတိုင်း သိထား တတ်ထားတဲ့ အသိ ဆိုပါတော့၊ ဒါပေမဲ့ ခက်နေတာက လက်တွေ့ လုပ်လာတဲ့ အခါကျတော့ တချို့တွေဟာ လုံးဝ မှားနေတာ တွေ့ရတယ်၊ မှားတာမှ အကြီးအကျယ် မှားနေတာမျိုးတွေ ဖြစ်နေတယ် ခရစ္စတီ၊ ဥပမာ ဆေးဝါး ဆိုပါတော့၊ ဆေးဝါးမှာလည်း ဒီလိုပဲ ဖြစ်နေတယ်၊ တချို့ သောက်ဆေး သုံးဆေးတွေဟာ လူတွေကို ကောင်းကျိုးပေးတာက နည်းပြီး ဆိုးကျိုးကိုသာ များများ ပေးနေတာ တွေ့ရတယ်၊ ဒါကလည်း အစဉ်အလာ အရ ဖြစ်ပေါ် တည်ရှိနေတဲ့ စနစ်ကိုက ပုံစံ မပြောင်းတော့ ဒီပုံစံ အတိုင်းပဲ ဖြစ်နေမှာပဲ၊ လူနာ တစ်ယောက်ဟာ ဆေးခန်းကို ရောက်လာတယ်၊ သူ့အနေနှင့် ဆေးခန်းကို လာကတည်းက သူ့မှာ မျှော်လင့်ချက်က ပါလာပြီးသား၊ သူ့ မျှော်လင့်ချက်က ဘာလဲ၊ သူ ဆေးခန်းကို လာရင် ဆရာဝန်က အနည်းဆုံး သောက်ဆေး တစ်ပုလင်းတော့ ပေးမှာပဲ ဆိုတဲ့ မျှော်လင့်ချက်ပေါ့၊ အဲ သူ မျှော်လင့်ထားတဲ့ အတိုင်းလည်း သောက်ဆေး





တစ်ပုလင်းကတော့ ရသွားတာချည်းပဲ၊ အနည်းဆုံး ဆေးသကြား ဒါမှမဟုတ် အားဆေးပေါ့၊ ဒါမှမဟုတ်ရင် ရေဖျော်ရည်၊ တစ်ခုခုတော့ ရသွားတာပဲ၊ ဆရာဝန် ရေးပေးလိုက်တဲ့ ဆေးစာနှင့် ဆေးအညွှန်းကလည်း လက်တင်ဘာသာနှင့် ရေးထားတာ ဆိုတော့ လူနာက စာရွက်ထဲမှာ ဘာရေးလို့ ရေးထားမှန်း ဘယ်လိုလုပ် သိမှာလဲ၊ မသိနိုင်ဘူးပေါ့၊ တကယ် စဉ်းစား ကြည့်ရင် ဒီလိုနည်းဟာ မမှန်ဘူးလို့ ကျွန်တော် ထင်တာပဲ၊ ဒီနည်းဟာ သိပ္ပံနည်း မကျဘူးလို့ ပြောရမှာပဲ၊ နောက်တစ်ခု ရှိသေးတယ်၊ ဆရာဝန် အများစုဟာ ရောဂါကို ကုသတဲ့ နေရာမှာ လောလောဆယ် ဖြစ်နေတဲ့ လူနာရဲ့ ရောဂါကို ကိုယ်တိုင် စမ်းသပ် သိရှိရတဲ့ အခြေအနေ တစ်ခုတည်း အပေါ်မှာပဲ အမှီပြုပြီး ကုသနေကြတဲ့ ကိစ္စပဲ၊ ကျွန်တော် ဆိုလိုတာက လူနာမှာ လောလောဆယ် ဖြစ်နေတဲ့ ရောဂါ တစ်ခုတည်းကိုပဲ အာရုံပြုပြီး စမ်းသပ် စစ်ဆေးတယ်၊ ရောဂါအမည် ရှာတယ်၊ ကုသတယ်၊ သူတို့ အနေနှင့် လူနာမှာ ဖြစ်ပေါ်နေတဲ့ ရောဂါလက္ခဏာရပ် အားလုံးကို ရှာဖွေ စုပေါင်း စဉ်းစားပြီးမှ ရောဂါ အမျိုးအမည်ကို ရှာ၊ ဘာရောဂါ ဆိုတာ အတိအကျ ဆုံးဖြတ်၊ ဘယ်လို ကုရမယ် ဆိုတဲ့ အဖြေကို ရှာ၊ ပြီးတော့မှ ကုတဲ့နည်းကို သုံးသင့်တယ်လို့ ထင်တယ်၊ အခုတော့ အဲဒီလို မဟုတ်ဘူး၊ သူတို့ လုပ်နည်းက မြန်ဆန်လွန်းတယ်၊ သူတို့ အနေနှင့် မြန်မြန် ကိစ္စပြီးဖို့လောက်သာ အဓိက ထားပြီး လုပ်နေကြတာပဲ၊ ဒီလို လုပ်နေလို့လည်း အပြစ်တော့ မဆိုနိုင်ဘူးပေါ့၊ သူတို့မှာ အချိန်မှ မရှိတာကိုး၊ ဒါဟာ ခေါင်းကိုက်တာပဲ၊ ဒီ ဆေးမှုန့်သောက် ပျောက်သွားလိမ့်မယ်၊ ဒါမှမဟုတ်ရင်လည်း ဟာ ဒါဟာ သွေးအား နည်းတာ၊ သံဓာတ် ပါတဲ့ ဆေးသောက်၊ သက်သာသွားလိမ့်မယ်၊ ဒီလိုပဲ ပြောပြီး ဒီလိုပဲ ပြီးလွယ် စီးလွယ် လုပ်နေကြတယ်၊ ခေါင်းကိုက်တာဟာ ဘာကြောင့် ခေါင်းကိုက်ရတာလဲ၊ ခေါင်းကိုက်စေတဲ့ အကြောင်းရင်းတွေဟာ ဘာတွေလဲ၊ သွေးအားနည်းတာဟာ ဘယ်လို ချွတ်ယွင်းချက်တွေကြောင့် ဖြစ်လာရတာလဲ စတဲ့ ရောဂါ တစ်ခုရဲ့ အခြေအမြစ် ဖြစ်တဲ့ အချက်အလက်တွေကို မရှာဘဲ မစဉ်းစားဘဲ လုပ်နေကြတယ်'

အင်ဒရူးသည် စိတ်ပါ လက်ပါနှင့် အားရပါးရ ပြောနေရာမှ စကားကို ရုတ်တရက် ဖြတ်လိုက်သည်။

'ကျွန်တော် ခင်ဗျားကို ပျင်းသွားအောင် လုပ်သလို ဖြစ်နေပြီ၊ ကျွန်တော် အားနာလိုက်တာ၊ ဝမ်းနည်းပါတယ် ခရစ္စတီ'



www.burmeseclassic.com

www.burmeseclassic.com



ခရစ္စတီကလည်း 'မဟုတ်ဘူး မဟုတ်ဘူး၊ ကျွန်မ မပျင်းဘူး၊ တကယ့်ကို မပျင်းဘူး၊ ရှင် ပြောနေတာတွေဟာ သိပ်ပြီး စိတ်ဝင်စားစရာ ကောင်းပါတယ်' ဟု ကမန်းကတန်း ပြန်ဖြေလေသည်။

ခရစ္စတီက စိတ်ဝင်စားသည် ဆိုတော့လည်း သူ အားတက်လာပြန်သည်။

'ကျွန်တော် အခုမှ အလုပ်ကို စလုပ်ခါစပဲ ရှိပါသေးတယ်၊ ဒါပေမဲ့ ကိုယ်ပိုင် အတွေးအခေါ် အယူအဆတွေက ဝင်လာတယ်' ဟု အင်ဒရူးက သူ့ စကားကို ဆက်ပြန်သည်။

'ကျွန်တော် ရိုးရိုးသားသား ဝန်ခံရမယ် ဆိုရင်တော့ ကျောင်းသား ဘဝတုန်းက ပြဋ္ဌာန်းထားတဲ့ စာအုပ်တွေကို ဖတ်ရင်း ဒီစာအုပ်တွေထဲမှာ အင်မတန် ရှေးကျပြီး ခေတ် မမီတော့တဲ့ အတွေးအခေါ် အယူအဆတွေ ပါနေပါကလားလို့ တွေးခဲ့မိတယ်၊ စာအုပ်ထဲမှာ ဖော်ပြထားတဲ့ ကုထုံးနည်း တွေဟာ အသုံးမှ ဝင်သေးရဲ့လား၊ ခေတ်မှ မီသေးရဲ့လား ဆိုတဲ့ သံသယမျိုး၊ စာအုပ်ထဲမှာ ရေးထားတဲ့ ရောဂါ လက္ခဏာတွေဟာ အလယ်ခေတ်လောက်က ပုဂ္ဂိုလ် တစ်ဦးဦးက အတင်း ရိုက်သွင်းထားတဲ့ တရားသေ ပုံစံမျိုးတွေများ ဖြစ်လေရော့သလား ဆိုတဲ့ သံသယမျိုးတွေ ဝင်လာခဲ့မိတာ အမှန်ပဲ၊ ခင်ဗျား အနေနှင့် အထွေထွေ ရောဂါကု ဆရာဝန် တစ်ယောက်ရဲ့ အခန်းကဏ္ဍဟာ သိပ် အရေးမကြီးပါဘူးလို့ ထင်ချင် ထင်လိမ့်မယ်၊ ဒါပေမဲ့ ဘာကြောင့် အထွေထွေ ရောဂါကု ဆရာဝန်တွေဟာ ဖယောင်းချက်စပ်တဲ့ ဆေးစပ်သမား တစ်ယောက်ဆီက ဆေးဝယ်ပြီး တစ်ဆင့် လက်လွှဲရောင်းနေတဲ့ တစ်ဆင့်ခံ ဈေးသည် တစ်ယောက်ရဲ့ အဆင့်လောက်မှာ ရှိနေရတာလဲ ဆိုတာ စဉ်းစားဖို့ လိုလိမ့်မယ်လို့ ကျွန်တော် ထင်တယ်၊ ဘာကြောင့် အခုလို ဖြစ်ရတာလဲ ဆိုတော့ အခုအချိန်ဟာ သိပ္ပံပညာကို ရှေ့တန်းတင်နေတဲ့ ခေတ် မဟုတ်လား လူများစုက သိပ္ပံပညာရပ်ဟာ ဓာတ်ခွဲခန်းထဲက စမ်းသပ် ဖန်ပြွန်ထဲမှာသာ ရှိတယ်လို့ ယုံကြည် လက်ခံနေကြတယ် မဟုတ်လား၊ ကျွန်တော်ကတော့ အဲသလို မထင်ဘူး၊ မယုံကြည်ဘူး၊ ကျွန်တော့် ယုံကြည်ချက်က အထွေထွေ ရောဂါကု ဆရာဝန်တွေဟာ လူအများ မသိ မမြင် မတွေ့ကြသေးတဲ့ ရောဂါ သစ် တစ်ခုကို ပထမဦးဆုံး တွေ့နိုင် မြင်နိုင် သိနိုင်တဲ့ လူတွေပဲလို့ ထင်တယ် ဆေးရုံ ဆရာဝန်တွေထက် အထွေထွေ ရောဂါကု ဆရာဝန်တွေက ရောဂါရဲ့ အခြေအမြစ် အကြောင်းခြင်းရာတွေကို စောစော သိနိုင်ခွင့် ရှိကြတယ်လို့ ကျွန်တော် ယုံကြည်ထားတယ်၊ ရောဂါသည် တစ်ယောက် ဆေးရုံ ရောက်လာပြီ





ဆိုရင် သူ့ရဲ့ ရောဂါ အခြေအနေဟာ ပထမဆုံး စတင် ဖြစ်ပွားစ အဆင့်နှင့် ဖြစ်ပွားစ အခြေအနေတွေကို ကျော်လွန်နေပြီ ဆိုမှ ရောက်တာ များတယ်၊ အဲသလို အခြေအနေ လွန်မှ ရောက်လာတယ် ဆိုတော့ ဆေးရုံ ဆရာဝန်တွေ အနေနှင့် ဘယ်လိုလုပ်ပြီး ရောဂါရဲ့ မူလ အစကို သိနိုင်တော့မှာလဲ၊ သိဖို့ မလွယ်တော့ဘူး'

ထိုအခိုက်မှာပင် တံခါးဝဆီမှ လူခေါ် ခေါင်းလောင်းသံ မြည်လာသည်။ ခရစ္စတီသည် အင်ဒရူးအား နှစ်သိမ့်သည့် သဘောဖြင့် ပြုံးပြလိုက်ပြီး 'နောင် တစ်ချိန်ချိန်မှာ ဒီအကြောင်းတွေကို ပြောပြဖို့ မမေ့နှင့်နော်' ဟု ပြောကာ ထိုင်ရာမှ ထသွားလေ၏။

မစ္စတာ ဝပ်ကင်းတို့ လင်မယားသည် သူတို့ နောက်ကျရသည့် အတွက် ခွင့်လွှတ်ပါရန် ထပ်တလဲလဲ တောင်းပန်စကား ပြောရင်း အခန်း ထဲသို့ ဝင်လာကြသည်။ ခရစ္စတီသည် ချက်ချင်းပင် ညစာကို ပြင်ဆင်၍ ကျွေးမွေးလေ၏။

အင်ဒရူး အဖို့တော့ မစ္စက် ဘရမ်းဝဲလ်တို့ အိမ်၌ စားခဲ့ရသည့် အစား အစာများနှင့် မတူ၊ ထူးထူးကဲကဲပင် အရသာ တွေ့နေသည်။ နွားကလေးသား ကြော်သည့် အသားလိပ်ကြော်၊ ထောပတ်ဆီနှင့် ကြော်ထားသည့် အာလူး ဘတ်တလိတ်၊ သစ်သီးယိုမုန့်၊ ဒိန်ခဲနှင့် ကော်ဖီ။

ချက်ပြုတ်ထားသမျှ အစားအစာများမှာ ဆန်းဆန်းပြားပြား ဖွယ်ဖွယ် ရာရာများ မဟုတ်သော်လည်း အရသာ တွေ့လှပေသည်။ မစ္စ ဘလောဝင်း အိမ်၌ ကျွေးမွေးသော နေ့စဉ် အစားအသောက်များမှာ ညံ့ဖျင်းလှသည်ဟု ဆိုသာသော်လည်း ချွေတာ ခြစ်ကုတ်၍ စီမံ ချက်ပြုတ်ထားသော အစား အစာများ ဖြစ်သဖြင့် လျှာမတွေ့လှပေ။ ယခုလို ပူပူနွေးနွေး စားသောက်ရ သည် ဟူ၍လည်း မရှိခဲ့ပေ။

'မစ္စ ဘာလိုရဲ့ အိမ်ရှင် အဘွားကြီးက အချက် အပြုတ် သိပ်တော်တာပဲ၊ ရာမ ကုသိုလ် ကောင်းတာပေါ့'

အင်ဒရူး စားသောက်နေပုံကို အစမှ အဆုံးတိုင် စေ့စပ် သေချာစွာ ကြည့်ရှု အကဲခတ်ကာ ရယ်ချင်စိတ်ကို မျိုသိပ်ထားဟန် တူသော မစ္စတာ ဝပ်ကင်းသည် အင်ဒရူး၏ စကားကို ကြားသည့်အခါ ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။ ရယ်ရင်းက သူ့ဇနီးအား တစ်ချက် လှမ်းကြည့်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com

‘ကြားရဲ့လားဗျ အမေကြီး၊ ဒေါက်တာ အင်ဒရူးက ပြောတယ်၊ ဗွ ဘာလိုရဲ့ အိမ်ရှင် မစ္စက် ဟားဘတ်ဟာ အချက်အပြုတ် အလွန် တော်တယ်တဲ့ ဟား ဟား ဟား သိပ်ကောင်း၊ သိပ်ကောင်း၊ လုပ်တော့ တစ်ယောက် ကျော် တော့ တစ်ဦး’

ခရစ္စတီ၏ မျက်နှာသည် မသိမသာကလေး နီသွားလေသည်။

‘မစ္စတာ ဝပ်ကင်း ပြောတာကို ဘယ်လိုမှ မထင်ပါနှင့်၊ ဒေါက်တာက မသိလို့ ပြောတာပဲဟာ၊ ဒေါက်တာ ချီးကျူးတာ ကျွန်မ ဂုဏ်ယူပါတယ် အစားအသောက်တွေက ကျွန်မ ကိုယ်တိုင် ချက်တာပါ၊ မစ္စက် ဟားဘတ်ရဲ့ မီးဖိုကို ကျွန်မ အမြဲသုံးတယ်လေ၊ ကျွန်မဘာသာ ကျွန်မ ချက်ရမှ ကျေနပ်လို့ ကိုယ့်ဘာသာကိုယ် ချက်စားတယ်၊ ချက်နေကျတော့လည်း အလေ့အကျင့် ဖြစ် နေပြီ’

ခရစ္စတီ စကားဆုံးသောအခါ မစ္စတာ ဝပ်ကင်းက အားပါးတရ ထပ်၍ ရယ်ပြန်လေသည်။

မစ္စတာ ဝပ်ကင်းသည် မစ္စက် ဘရမ်းဝဲလ်တို့ အိမ်တွင် ညစာ စား ခဲ့စဉ်ကနှင့် မတူပေ။ မစ္စက် ဘရမ်းဝဲလ်တို့ အိမ်မှာတုန်းကတော့ စကား သိပ်မပြောဘဲ တိတ်တိတ်ဆိတ်ဆိတ် နိုင်လှ၏။ စကား ပြောပြန်သော်လည်း ထိန်းထိန်းသိမ်းသိမ်းနှင့် သတိထား၍ ပြောကာ တည်ငြိမ် ရင့်ကျက်သော ဣန္ဒြေနှင့် ပြုမူ နေထိုင်ခဲ့သည်။ ယနေ့ည ထမင်းစားပွဲမှာတော့ စကားလည်း များများ ပြောသည်။ အစားအသောက်များကိုလည်း ဟန်လုပ် မနေဘဲ စားချင်သလို စားသည်။ လက်နှစ်ဖက်ကို စားပွဲပေါ် တင်ကာ ရယ်စရာ ဟာသ ပတ်စများကိုလည်း ကရားရေလွှတ် တတွတ်တွတ် ပြောနေသဖြင့် ထမင်းပွဲမှ စိုပြည်လှပေသည်။

အချိန်ကုန်ပုံမှာ မြန်ဆန်လွန်းလှပါဘိသည်။

အင်ဒရူး နာရီကို ကြည့်လိုက်သောအခါ အံ့သြ သွားမိလေသည်။

၁၁ နာရီပင် ထိုးတော့မည်။

ဘလေနာလမ်းမှ လူနာ တစ်ဦးကို ဆယ်နာရီ မခွဲမီ ဝင်ကြည့်မည် သူ ချိန်းထားခဲ့သဖြင့် မထချင် ထချင်နှင့် စားပွဲမှ ထရလေတော့၏။

ခရစ္စတီက သူ့အား တံခါးဝ အထိ လိုက်ပို့သည်။ လူသွား စင်္ကြံ ကျဉ်းသဖြင့် သူ့ ပခုံးသည် ခရစ္စတီ၏ ပခုံးနှင့် ထိနေသည်။ သူတို့နှစ်ဦး ဦးခေါင်းများ အထက်ဆီမှ သာယာ ချိုအေးသော လူခေါ် ခေါင်းလောင်း





ကလေးသည် မြည်လာလေ၏။

ခရစ္စတီသည် သူ သိကျွမ်း ခင်မင်ခဲ့သမျှ လူတွေနှင့် မတူပါဟုပင် သူ ထင်သည်။ သူမ၏ ညိုမောင်း၍ အသိဉာဏ် ပြည့်ဝမှုကို ဖော်ပြနေသည့် မျက်လုံးများမှာ ခင်မင် နှစ်လိုဖွယ်ရာ ကောင်းလှ၏။

သူ့အနေဖြင့် ခရစ္စတီအား စနစ်စဖယား အလွန်ကြီးသူ တစ်ဦးဟု ထင် မှတ် မှားခဲ့မိသည့် အတွက် သူ့အား ဘုရားသခင်က ခွင့်လွှတ်ပါစေဟုလည်း ကျိတ်၍ ဆုတောင်း နေမိလေသည်။

‘ကနေ့ည ထမင်းစားဖိတ်တာ ကျေးဇူးတင်လို့ မဆုံးပါဘူး၊ နောက် တစ်ကြိမ် ထပ်တွေ့နိုင်ဦးမလား ခရစ္စတီ၊ တစ်ခါတလေ တိုနီဂလန်ဘက် သွားပြီး ရုပ်ရှင်လေး ဘာလေး ကြည့်တဲ့အခါ ကျွန်တော်နှင့် လိုက်ခဲ့ပါလား ဟင်၊ လိုက်နိုင်ရင် ကောင်းမှာပဲ၊ အပျင်းပြေပေါ့’

ခရစ္စတီက သူ့အား ပြုံးပြုံးကလေး ကြည့်နေသည်။ ခရစ္စတီအဖို့ ပထမဆုံး အကြိမ် စိတ်၏ လှုံ့ဆော် စေစားမှု ဒဏ်ကို အည့်ခံလိုက်ရဟန် တူပေသည်။

‘ရှင် သွားတဲ့အခါ ခေါ်ကြည့်ပါ’

နှစ်ယောက်သား တံခါးဝတွင် အတော်ကြာကြာ ရပ်နေမိကြ၏။

နက်မှောင်သော ကောင်းကင်ပြင်ဝယ် တွဲလဲ ခိုနေကြသော ကြယ်ပွင့် ကလေးများသည် မှိတ်တုတ် မှိတ်တုတ် ပြုကာ တဝင်းဝင်း တလက်လက် တောက်ပနေကြသည်။ နှင်းမှုန်ကလေးများ ရောစွက်လျက် ရှိသော လေနုအေး သည် အင်ဒရူး၏ ပါးပြင်ကို တို့ဖော့ ရိုက်ခတ်လျက် ရှိပေသည်။

ခရစ္စတီ၏ နှာဖျားမှ ထွက်လေသည် သူ့ထံသို့ ခပ်ဖြည်းဖြည်းကလေး ပြေးလာကာ တို့ထိ ကစားလျက် ရှိ၏။ ခရစ္စတီအား တယုတယ ပွေ့ဖက်၍ နမ်းရှုပ်လိုက်ချင်သော ဆန္ဒသည် သူ့ ရင်တွင်း၌ ပြင်းပြင်းပြပြ ပေါ်လာလျက် ရှိ၏။ သူသည် ခရစ္စတီ၏ လက်အား ဆုပ်ဆွဲထားရာမှ မလွှတ်ချင် လွှတ်ချင် ညင်သာစွာ လွှတ်ပေးလိုက်ပြီး ထွက်သွားလေ၏။

အိမ်အပြန်လမ်းဝယ် အင်ဒရူး၏ စိတ်သည် အတိုင်းအဆ မရှိ ရှင် လန်း ပေါ့ပါးနေလေသည်။ သူ့ ခြေထောက်များသည် မြေကြီးနှင့် ထိမိသည် ဟု မထင်။ သူ့ တစ်ကိုယ်လုံးသည် လေထဲတွင် လျှောက်သွားနေရသည့် ပမာ မြူးကြွ ပေါ့ပါးလျက် ရှိလေသည်။

အံ့သြစရာကောင်းသည့် အမျိုးသမီး တစ်ဦးပါပေတည်း။



www.burmeseclassic.com

www.burmeseclassic.com

သူ့ အလုပ်တွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ပြောပြလျှင် ပြောပြချင်း ချက်ချင်း သဘောပေါက် နားလည်ကာ ကိုယ်ချင်းစာသည်။ သူမသည် လိမ္မာ ပါးနပ်သည်။ အသိဉာဏ် ပြည့်ဝသည်။ ပြီးတော့ အချက် အပြုတ်ကောင်းသည့် အိမ်ရှင်မကောင်း တစ်ယောက် ပီသသည်။

နောက်ပြီးတော့ သူ့အနေဖြင့် သူမအား ယနေ့မှ စ၍ ‘ခရစ္စတီ’ ဟု ရင်းရင်းနှီးနှီး ပိုင်စိုးပိုင်နင်း ခေါ်နိုင်ခဲ့ပြီ ဖြစ်၏။



[၈]

ရစ္စတီသည် အင်ဒရူး၏ စိတ်ကို ယခင်ကထက် တိုး၍ လွှမ်းမိုးလာသည်နှင့် ျ အင်ဒရူး၏ အတွေးအခေါ်များသည်လည်း သိသိသာသာကြီး ပြောင်းလဲ ာသည်။ ယခင်ကလို စိတ်ပျက်ခြင်း၊ စိတ်ညစ်ခြင်း၊ အားငယ်ခြင်း၊ ညှိုး ယ်ခြင်း ဟူ၍ လုံးဝ မရှိတော့ဘဲ အမြဲတစေ ရွှင်လန်းနေရုံမျှမက မျှော်လင့် ချက် အပြည့်ဖြင့် စိတ်အားစိတ်မာန် ထက်သန် တက်ကြွလျက် ရှိလေသည်။

သိသိသာသာ ပြောင်းလာသော သူ၏ စိတ်ဓာတ် အခြေအနေကို သူ၏ လုပ်တွင် ထင်ရှားစွာ မြင်တွေ့ လာရသည်။ သူသည် စိတ်ကူးထဲ၌ ဖြစ်ပေါ် ာသော အခြေအနေ တစ်ရပ်ကို လက်တွေ့ အကောင်အထည် ပေါ်လာ အောင် ကြိုးပမ်းနိုင်စွမ်း ရှိသည့် လူငယ် လူရွယ် တစ်ဦး ဖြစ်သည့် အားလျော် ွာ သူ့ စိတ်ကူးများကို လက်တွေ့ ဖြစ်လာအောင် ကြိုးပမ်းလျက် ရှိလေသည်။

ခရစ္စတီကလည်း အင်ဒရူး၏ ဆေးကုသမှု လုပ်ငန်းကို စိတ်ပါဝင်စား ာဖြင့် စူးစမ်း လေ့လာသည်။ သူ၏ စနစ်ကျသော လုပ်နည်း လုပ်ဟန်များ ကို အကဲဖြတ်သည်။ လူနာ တစ်ဦးကို စေ့စပ် သေချာစွာ စစ်ဆေးလေ့ ရှိသော သူ၏ နည်းကို သုံးသပ် ဝေဖန်သည်။ ရောဂါ တစ်ခုကို ရှာဖွေရာ၌ အခြေ မြစ်ထိ လိုက်ကာ တိကျ မှန်ကန်သော အဖြေ ရအောင် အပင်ပန်းခံ၍ စူး မ်း စစ်ဆေးတတ်သော သူ၏ ဇွဲ၊ သူ၏ လုံ့လ ဝီရိယနှင့် သူ၏ အားထုတ်မှု များကို ထောက်ခံ အားပေးသည်။ ချီးကျူးစကား ဆိုသည်။

လူနာ တစ်ယောက်ကို ဂရုတစိုက် စမ်းသပ် စစ်ဆေးခြင်း မပြုဘဲနှင့် ရောဂါ အမည် တပ်လိုသော စိတ်၊ စိတ်ဝင်စားမှု မရှိဘဲနှင့် ရေးကြီးသုတ်ပျာ ြင်ကာ တတ်ဆန်း စမ်းသပ် စစ်ဆေးပြီး လွယ်လွယ်နှင့် ရောဂါ အမည်တပ်



www.burmeseclassic.com

www.burmeseclassic.com

လိုသော စိတ်၊ လူနာ၏ ရင်ဘတ်မှ တစ်ဆင့် ကြားရသည့် အသံကို နား ထောင်ခြင်း မပြုဘဲ အမုန်းအဆဖြင့် ရောဂါ အမည် တပ်လိုသော စိတ်များ ပေါ်လာသည့် အခါတိုင်း သူ၏ စိတ်အာရုံဝယ် ခရစ္စတီ၏ မျက်နှာ ပေါ်လာ တတ်ပေသည်။ ထိုအခါတွင် သူ၏ ဦးနှောက်တွင်းသို့ အတွေး တစ်ခု ဖျတ်ခနဲ ဝင်လာတတ်လေသည်။

'ငါ ဒီလို လုပ်လိုက်ရင် ခရစ္စတီ ငါ့ကို ဘယ်လို ထင်သွားမလဲ'

ခင်နီတမျှ သူ့ကို တွေ့တိုင်း သရော် လှောင်ပြောင်သော မျက်လုံးများဖြင့် ကြည့်တတ်သည်။ 'မင်း ဘယ်လို စိတ်ကူးမျိုးနှင့် ဘာတွေ လုပ်ကိုင်နေတယ် ဆိုတာ ကကြီးက အ အထိ ငါ သိပါတယ်ကွာ' ဟူသော မျက်နှာပေးမျိုးဖြင့် ကြည့်တတ်လေသည်။

သို့သော်လည်း အင်ဒရူးကတော့ ဂရုမစိုက်ချေ။ သူ၏ ထက်သန်သော စိတ်စေတနာအရ သူ၏ စိတ်ကူးဖြင့် ဖန်တီးထားသော နည်းများ ထိရောက် အောင်မြင်ရေး အတွက် ခရစ္စတီကိုသာ တစ်ဦးတည်းသော တိုင်ပင်ဖော် တိုင် ပင်ဖက် အဖြစ် အသိအမှတ် ပြုထားသည်။ အောင်မြင်မည်၊ မအောင်မြင်မည် ကို ကွဲကွဲပြားပြား မသိနိုင်သေးသော ဤတိုက်ပွဲတွင် ခရစ္စတီ တစ်ဦးတည်း သာလျှင် သူနှင့် လက်တွဲ၍ တိုက်ပွဲဝင်မည့် ရဲဘော် ရဲဘက် တစ်ဦး အဖြစ် သူ့စိတ်ထဲမှ ကျိတ်၍ အနိုင်အမာ သတ်မှတ်ထားလေသည်။

သူသည် သူ့ကိုယ်သူ လက်တွေ့အားဖြင့် ဘာမှ မသိသေး မတတ် သေးသည့် ဆရာဝန် ပေါက်စ တစ်ဦးမျှသာ ဖြစ်သည်ဟု နားလည်ထားသည်။ သူ တတ်သိ ကျွမ်းကျင်လာရေးနှင့် သူ၏ ဆရာဝန် ဘဝ တိုးတက်ရာ တိုး တက်ကြောင်း အတွက် သူကိုယ်တိုင် ကြိုးစား လုပ်ကိုင်ရင်းနှင့် သူ့ကိုယ်သူ သင်ကြားသွားမှ ဖြစ်မည် ဟူသော အချက်ကိုလည်း ကောင်းစွာ သဘော ပေါက်ထားသည်။ သူသည် သိပ္ပံနည်းကျသော အယူအဆများ အပေါ်တွင် လည်း ယုံကြည် ကိုးစားစိတ် ပြင်းထန်လျက် ရှိ၏။

သူသည် အလုပ်ကို ပေါ့ပေါ့တန်တန် သဘောထား၍ လုပ်ကိုင်တတ် သည့် ဆရာဝန်မျိုး မဖြစ်ပါစေနှင့်ဟု လည်းကောင်း၊ ငွေကြေးကိုသာ အဓိက ထားသည့် အသပြာ ဆရာဝန် ဘဝသို့ မရောက်ပါစေနှင့်ဟု လည်းကောင်း ဆု တောင်းမိ၏။

လူနာအား စနစ်တကျ စမ်းသပ် စစ်ဆေးခြင်း မပြုဘဲ ရောဂါကို ဘယ် လို ကုရမည်ဟု စိတ်အမှန်းအဆဖြင့် ဆုံးဖြတ်တတ်သော ဆရာဝန်မျိုး၊ 'မနေ့





က ဆေးရည်ကို မနေ့က ပြောထားတဲ့ အတိုင်း သောက်' ဟု ပေါ့ပေါ့တန် တန် ပြောတတ် လုပ်တတ်သော အကျင့်ရှိသည့် ဆရာဝန်မျိုး ဖြစ်သွားမည် ကိုလည်း သူ အလွန် စိုးရိမ်လေသည်။

သူသည် ရောဂါ တစ်ခု၏ အခြေအမြစ်ကို မရမနေ ရှာဖွေတတ်သော၊ သိပ္ပံနည်းကျကျနှင့် စနစ်တကျ စူးစမ်း လေ့လာ၍ လုပ်ကိုင်တတ်သော ဆရာ ဝန် တစ်ဦး အဖြစ်နှင့် ခရစ္စတီ ဂုဏ်ယူနိုင်သည် လူစားမျိုးသာ ဖြစ်ချင်နေ၏။

သူသည် ရိုးသား ဖြူစင်၍ မှန်ကန်သော အလိုဆန္ဒကို နှလုံးသားထဲတွင် မြှပ်နှံကာ သူ့အလုပ်ကို ကြိုးစား လုပ်ကိုင်လျက် ရှိ၏။ သို့သော်လည်း သူ၏ နေ့စဉ် အလုပ်မှာ ငြီးငွေ့ဖွယ်ရာ ဖြစ်လျက် ရှိလေသည်။

သူ့အနေဖြင့် တောင်တန်းကြီးများ၏ အမြင့်ကို တိုင်းထွာလိုသော ဆန္ဒဖြင့် ကြိုးစား အားထုတ်နေပါသော်လည်း ရက်သတ္တပတ် အနည်းငယ်မျှ အတွင်း သူ တကယ် လုပ်နေရသည့် အလုပ်များမှာ မထင်ရှားသော တောင်ပို့ ငယ်ကလေးများကို လိုက်လံ ရှာဖွေ၍ မည်မျှ မြင့်သည်ကို တိုင်းထွာ နေရ သလို ဖြစ်နေလေ၏။

ဆေးခန်းသို့ ရောဂါမျိုးစုံနှင့် လူနာပေါင်း မြောက်မြားစွာ လာနေကြ သော်လည်း သူ့အတွက် စိတ်ဝင်စားစရာ ကောင်း၍ ပညာ ရနိုင်သည့် ရောဂါ မျိုး မပါချေ။ သာမည အကြောအဆစ် နာသည့် ရောဂါ ဝေဒနာမျိုး၊ ခြေလက် တွင် မတော်တဆ ထိခိုက် ဒဏ်ရာရသည့် အသေးအဖွဲ ရောဂါ ဝေဒနာမျိုးနှင့် ဖြင့်စလောက် နှာစေး ချောင်းဆိုး အအေးမိ ရောဂါမျိုးများသာလျှင် ဖြစ် သည်။

တစ်နေ့တွင် တောင်ကြား အောက်ဘက် နှစ်မိုင်ခန့် အကွာမှ အဘွား ကြီး တစ်ဦးက ပင့်သဖြင့် လိုက်သွားသည်။ အဘွားကြီး၏ အနာမှာ ငါး စိနာဟု ခေါ်သော အသားမာ အနာမျိုး ဖြစ်ရာ လှီးဖြတ်ပေးရန်သာ ရှိ ၏၊ သူ မျှော်လင့်ထားသည့် ထူးထူးခြားခြား ရောဂါမျိုး မဟုတ်သဖြင့် စိတ် ပျက်မိလေ၏။

သူ ရလိုသော အတွေ့အကြုံမျိုး များများ ရရှိနိုင်မည့် အခွင့်အလမ်း သည် ပေါ်မှ ပေါ်လာပါဦးမည်လောဟု တွေးတောကာ သံသယ ဖြစ်နေမိ၏။ ကယ်၍ ကြီးကျယ်သော ကူးစက်ရောဂါ တစ်မျိုးမျိုးသာ ကျရောက် ဖြစ် ပွားလိုက်မည် ဆိုပါက မည်မျှ ကောင်းလေမည်နည်း ဟူ၍ မသင့်တော်သည့် အတွေးပင် ပေါ်လာမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com


အခြား အရပ်ဒေသများနှင့် မတူ တစ်မူထူးခြားသော ဤအရပ် ဤ ဒေသမျိုး၌ တာဝန်ကျသည့် ဆရာဝန် တစ်ဦးသည် သာမန် ဖြစ်ရိုး ဖြစ်စ အအေးမိခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း စသော ရောဂါများမှ တစ်ပါး အခြား ကြီးမား ခက်ခဲသည့် ရောဂါများ ကုသနိုင်ဖို့ အခွင့်အလမ်းမှ ရပါ မည်လော ဟူသော သံသယစိတ်ပင် ဝင်နေမိလေသည်။

အင်ဒရူးသည် ယင်းကဲ့သို့သော အတွေးဖြင့် စိတ်ပျက် လက်ပျက် ဖြ နေခိုက် တစ်နေ့တွင် သူ၏ မျှော်လင့်ချက် ပြန်လည် ရှင်သန်လာစေမည့် အဖြစ် တစ်ခုနှင့် မမျှော်လင့်ဘဲ ကြုံလာခဲ့ရလေ၏။

ဇွန်လ ကုန်ခါနီး နောက်ဆုံးပတ်၏ ရက်တစ်ရက်တွင် သူသည် ဒ တာရဲ ခုံးတံတားပေါ်မှ ဖြတ်ကျော်၍ လျှောက်လာနေခိုက် နှုတ်ခမ်းများ လက်ခုံနှင့် သုတ်ကာ မီးရထား ဟိုတယ်ထဲမှ ခပ်သုတ်သုတ် ထွက်လာသော ဒေါက်တာ ဘရမ်းဝဲလ်နှင့် ဆုံမိကြလေ၏။

ဘရမ်းဝဲလ်သည် သူ့မိန်းမ ဂလက်ဒီ တစ်ယောက် ကောင်းပေ့ ညွ ပေ့ ဆိုသည့် အဝတ်အစားများကို ဝတ်ကာ အစွမ်းကုန် အလှပြင်၍ သူ၏ ဝါသနာအရ တိုနီဂလန်သို့ ဈေးဝယ်သွားပြီ ဆိုလျှင် သူကလည်း အပြင်ထွက် ကာ ဘီယာကလေး သောက်၍ ရသေ့စိတ်ဖြေ လုပ်တတ်လေသည်။

အင်ဒရူးကို မြင်လိုက်သောအခါ မလုံမလဲ ဖြစ်သွားသေးသော်လည်း ချက်ချင်းပင် ဣန္ဒြေဆည်ကာ သူ ဘီယာ ဝင်သောက်ခြင်းကို မရိပ်မိအောင် ကြံဖန်၍ ပြောလေသည်။

'သြော် မေဆန်ပါလား၊ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော် လည်း ပရစ်ချက် ပင့်လို့ လာရပြန်တာ၊ အခုပဲ ကြည့်ရှုပြီးခဲ့တယ်'

ပရစ်ချက် ဆိုသူမှာ မီးရထား ဟိုတယ် ပိုင်ရှင် ဖြစ်ပေသည်။ သူ တယ်ရီယာ ခွေးဘီလူးကလေးကို ဆွဲ၍ လမ်းလျှောက် ထွက်သွားသော ပ ချက်နှင့် လွန်ခဲ့သော ငါးမိနစ်ခန့်ကပင် အင်ဒရူး တွေ့ခဲ့ပြီးပြီ ဖြစ်ရာ ဘရမ်း ဝဲလ် ဖြီးနေခြင်း ဖြစ်ကြောင်း သိနေ၏။

အမှန်အတိုင်း ပြောရလျှင် အင်ဒရူးသည် ဒေါက်တာ ဘရမ်းဝဲလ်အား ခင်မင်သည်။ ဘရမ်းဝဲလ်၏ ကြောက်တတ် လန့်တတ်သော ပင်ကို စိတ်ဓာတ် ကိုလည်း နားလည်သည်။ ဘရမ်းဝဲလ်မှာ မိန်းမလုပ်သူ၏ ပစ်စလက်ခတ် ထားခြင်းကို ခံနေရသူပီပီ ရှက်ကြောက် အားငယ်စိတ် ဝင်နေသူ ဖြစ်၍ သူ အားနည်းချက်များကို ဖုံးကွယ်စေရန် အလို့ငှာ လေသံ ခပ်မြင့်မြင့်၊ ခပ်ပြ



ြား စကား ပြောတတ်သော အကျင့် ရှိ၏။ ထိုအကျင့်ကိုလည်း အင်ဒရူးက ခွင့်လွှတ်လေသည်။

သူတို့ နှစ်ယောက် တွဲ၍ လျှောက်လာရင်း အလုပ်နှင့် ပတ်သက်၍ ရာလေးပါး ပြောလာမိကြသည်။ ဘရမ်းဝဲလ်သည် အင်ဒရူးနှင့် ဆုံမိတိုင်း သူ၏ လူနာများ အကြောင်းကို ပြောတတ်သည် ဖြစ်ရာ ယခုလည်း အင်ဒရူး အား ဒေါက်တာ ပိတ်ချ်၏ အိမ်ဖော် အင်နီ၏ မတ်တော်သူ အင်မလီ ဟူး အစ်ယောက် သူ့လူနာ ဖြစ်နေကြောင်း ပြောပြနေလေသည်။

အင်မလီသည် အလုပ်ခွင်၌ သတိလက်လွတ် ဖြစ်ကာ ပြောချင်တာ ပြော၊ လုပ်ချင်တာ လုပ် ဖြစ်နေသဖြင့် သူ့ထံ လူနာ အဖြစ် ရောက်လာသည်ဟု ဆိုသည်။ ယခုအခါ အင်မလီသည် တစ်ချီ တစ်ချီ အကြီးအကျယ် သတိလက် လွတ် ဖြစ်ကာ စိတ်ကြမ်း ကိုယ်ကြမ်း ပြုမူ ပြောဆိုတတ်သည်ဟု ဘရမ်းဝဲလ် က ပြောပြလေသည်။

'ကျွန်တော်ကတော့ သိပ်ပြီး ဘဝင်မကျဘူး ဒေါက်တာ မေဆန်၊ ကျွန် တော်လည်း စိတ်ဖောက်ပြန်တဲ့ လူနာတွေကို အလျှင်က မြင်ဖူးပါတယ်၊ အခု အင်မလီ ဟူး ဖြစ်နေတာက အဲဒါမျိုးတွေနှင့်လည်း သိပ်ပြီး မတူဘူးဗျ'

ဘရမ်းဝဲလ်က ခေါင်းတခါခါ လည်တခါခါဖြင့် ပြောပြနေလေသည်။

အင်ဒရူးသည် အင်မလီ ဟူး အတွက် စိုးရိမ်မိသည်။ အင်မလီ ဟူး သည် လုပ်ပုံက ခပ်ထုံထုံ ပုံမျိုး ဖြစ်သော်လည်း သွက်လက် ချက်ချာသူ ဖြစ်၏။ လူတိုင်းနှင့် သင့်မြတ်အောင် ပြောဆို ဆက်ဆံ ပေါင်းသင်းတတ်သူ ဖြစ်ပေ သည်။

လွန်ခဲ့သော ရက်အနည်းငယ် အတွင်းက အိမ်မှ အိမ်ဖော် အင်နီသည် တစ်စုံတစ်ခုသော အကြောင်းကြောင့် စိုးရိမ် ကြောင့်ကြခြင်း ဖြစ်နေသည့် သဏ္ဌာန် ရှိနေသည်ကို အင်ဒရူး သတိပြုခဲ့မိ၏။ သူကလည်း မေးခဲ့ဖူး၏။ အင်နီကတော့ ဘာမှ ထွေထွေထူးထူး မပြောခဲ့ပေ။ အင်နီသည် အတင်းအဖျင်း ပြောခြင်းကို ဝါသနာ ပါသူ မဟုတ်သဖြင့် သူတို့၏ အိမ်တွင်းရေး ကိစ္စများ ကို ပြောလေ့ ပြောထ မရှိပေ။ ပြဿနာ ရှိလာလျှင်လည်း မည်သူ့ကိုမျှ ဖွင့်ဟ မပြောဘဲနှင့် မျိုသိပ်ထားတတ်သူ ဖြစ်ပေသည်။

ယခု ကြားရသည့် သတင်းအရ ဆိုလျှင် အင်နီသည် သူမ၏ မတ် တော်မောင် အင်မလီ ဟူး အတွက် သောက ရောက်နေဟန် တူပေသည်။

ဒေါက်တာ ဘရမ်းဝဲလ်အား နှုတ်ဆက်ပြီး ထွက်လာသည့်အခါ ဤ


www.burmeseclassic.com

www.burmeseclassic.com


အကြောင်းကို ပြန်ပြောင်း စဉ်းစားနေမိသော်လည်း မကြာခင် အင်မလီ ဟူး ပြန်လည် နေကောင်းသွားလိမ့်မည်ဟုပင် တွေးထင်မိခဲ့လေ၏။

ထိုအပတ် သောကြာနေ့ မနက် ခြောက်နာရီခန့်တွင် အိပ်ခန်း တံခါး ခေါက်သံကြောင့် သူ နိုးလာရ၏။ တံခါးခေါက်သူမှာ အင်နီ ဖြစ်ပေသည်။

အင်နီသည် အပြင်သို့ သွားမည့် ပုံမျိုး အဝတ်အစားများ လဲထား၏။ မျက်လုံးများမှာလည်း နီရဲပြီး မျက်ခွံများ မို့နေသည် ဖြစ်ရာ အတော်ကလေး ငိုထားကြောင်း မြင်ရုံဖြင့် သိသာနေ၏။ သူမက အင်ဒရူးအား စာအိတ် တစ်လုံး လှမ်းပေးသဖြင့် ကပျာကသီ ယူ၍ ဖတ်မိ၏။ စာမှာ ဒေါက်တာ ဘရမ်းဝဲလ်ထံမှ စာပေတည်း။

အမြန် လိုက်ခဲ့ပါ၊ အန္တရာယ်များသော အရူး တစ်ယောက်ကို ကူညီ စစ်ဆေးပေးစေလိုပါသည်။

အင်နီကလည်း သူ့ရှေ့ ရပ်ကာ ငိုလျက် ရှိလေ၏။

'အင်မလီ ကိစ္စပါ ဒေါက်တာ၊ အဖြစ်ကတော့ မလန့်သာ မထိတ်သာပဲ၊ ဒေါက်တာ အခုချက်ချင်း လိုက်လာနိုင်ရင် အကောင်းဆုံးပဲ'

အင်ဒရူးသည် သုံးမိနစ်ခန့်မျှနှင့် ပြီးစီးအောင် အဝတ်အစား လဲသည်။ လမ်းပေါ်ရောက်မှပင် အင်နီ ပြောပြသဖြင့် အင်မလီ ဟူး အကြောင်းကို သိရလေတော့သည်။

အင်မလီ ဟူး ဖျားနေသည်မှာ တနင်္ဂနွေ သုံးပတ်ခန့် ရှိနေပြီ ဖြစ်၍ လွန်ခဲ့သော ညကမူ အိပ်ပျော်နေရာမှ ကယောင်ကတမ်း ထကာ သူ့မိန်းမ အော်လဝင်အား ပေါင်မုန့် လှီးသော ဓားဖြင့် ထိုးရန် ကြံသည်။ သူ ပုံပန်း အမူအရာမှာ စိတ်ဖောက်ပြန်နေသူ တစ်ဦးနှင့် တူနေသည်။ သူ့မိန်းမ အော်လဝင်မှာ ညဝတ်အင်္ကျီနှင့် လမ်းမပေါ် အရောက် ဆင်းပြေး၍သာ အသက်ဘေးမှ လွတ်ခဲ့ရသည်ဟု သိရလေသည်။

အင်မလီ ဟူး၏ အဖြစ်မှာ ဝမ်းနည်းဖွယ် ကောင်းသည့် အဖြစ်ပေတည်း။ အဖြစ်အပျက်ကို ပြန်လည် ပြောပြနေသော အင်နီသည် ပြောရင်းကပင် မျက်ရည်စက်လက်နှင့် ဖြစ်နေရှာလေ၏။

အင်မလီ ဟူး၏ အိမ်သို့ ရောက်သောအခါ အိမ်ရှေ့ခန်းထဲ၌ ထိုင်နေသော ဒေါက်တာ ဘရမ်းဝဲလ်ကို တွေ့ရ၏။ ဘရမ်းဝဲလ် ခမျာ မုတ်ဆိတ်မွေး ရိတ်ဖို့ပင် အချိန်ရခဲ့ဟန် မတူပေ။ လည်ပင်းတွင် နက်တိုင်လည်း မပါ။ အဝတ်အစားများကလည်း ဖရိုဖရဲ။ စိတ်မော လူမော ဖြစ်လှသည့် ပုံမျိုးဖြင့် လက်ပစ် ထိုင်လျက် ရှိလေသည်။ သူ့ လက်ထဲတွင် ဖောင်တိန် တစ်ချောင်း ကိုင်ထား၍ သူ့ရှေ့မှောက်တွင် ပုံစံ စာရွက် တစ်ရွက် ရှိရာ တစ်ဝက် ခန့် ရေးသွင်းပြီးနေပေပြီ။

'ဟဲလို မေဆန်၊ ခင်ဗျား မြန်မြန် လိုက်လာတာ သိပ်ကောင်းတယ်၊ အဖြစ်ကတော့ ဆိုးတယ်ဗျို့၊ သိလား၊ ဒါပေမဲ့ လုပ်စရာကတော့ သိပ်ပြီး ရှိမယ် မထင်ဘူး၊ အခုပဲ ပြီးသွားမှာပါ'

'ဘယ်လို ဖြစ်ကြတာလဲ'

'အင်း စိတ်နောက်သွားတာပေါ့လေဗျာ၊ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ခင်ဗျားကိုတောင် ကျွန်တော် ပြောခဲ့မိသေးတာပဲ၊ အခုတော့ ကျွန်တော် ထင်တဲ့ အတိုင်း မှန်နေတာပါပဲ၊ ရက်တရက် ကောက်ကာ ငင်ကာ စိတ်ဖောက်ပြန်သွားတဲ့ ရောဂါမျိုးပေါ့' ဟု ဘရမ်းဝဲလ်က သူ့ဘက်က အလွန် ပိုင်သည့် လေသံဖြင့် ပြောလေသည်။

'တစ်နည်းအားဖြင့်တော့ လူသတ်မှုတောင်မှ ကျူးလွန်တတ်တဲ့ စိတ္တဇ ရောဂါ တစ်မျိုးပေါ့ဗျာ၊ ကျွန်တော်တို့ သူ့ကို ပွန်တီနူး စိတ္တဇ ဆေးရုံကို ပို့မှ ဖြစ်မယ်၊ အရေးကြီးတာက သူ့ကို ပို့ဖို့ ဆေးထောက်ခံချက်မှာ ဆရာဝန် နှစ်ယောက် လက်မှတ်ထိုးဖို့ လိုနေတယ်၊ အဲဒါ ခင်ဗျားနှင့် ကျွန်တော် ထိုးပေးလိုက်ရင် ပြီးပါတယ်၊ သူ့ ဆွေမျိုးတွေက ခင်ဗျားကို ခေါ်ပြချင်သေးတယ် ဆိုလို့ ခေါ်လိုက်ရတာ'

အင်ဒရူးက ခေါင်းညိတ်သည်။

'စိတ်ဖောက်ပြန်ကြောင်း အထောက်အထားတွေကတော့ ခိုင်လုံပါ ရဲ့နော်'

အင်ဒရူး၏ အမေးကို ဘရမ်းဝဲလ်က ချက်ချင်း အဖြေမပေးသေးချေ။ ချောင်းတစ်ချက် ဟန့်လိုက်ပြီး သူ့ လက်တွင်းမှ ရေးလက်စ ပုံစံကို ပြန်ဖတ်သည်။ လွန်ခဲ့သော အပတ် ကတည်းက စမ်းသပ် စစ်ဆေး၍ တွေ့ရှိခဲ့ရသော အချက်အလက်များ အရ ဆိုလျှင် အင်မလီ ဟူးအား စိတ်ဖောက်ပြန်ပြီဟုပင် ကောက်ချက် ချရပေလိမ့်မည်။

ဘရမ်းဝဲလ်က အင်ဒရူးအား မော့ကြည့်သည်။

'အထောက်အထားကတော့ မခိုင်လုံစရာ မရှိပါဘူး၊ ခိုင်ခိုင်လုံလုံ ပြည့်စုံပါ'

'အေးဗျာ၊ အဖြစ်ကတော့ ဆိုးသားပဲ' ဟု အင်ဒရူး က ညည်းလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com


'ကောင်းပြီလေ၊ ကျွန်တော် သူ့ကို နည်းနည်းတော့ စမ်းသပ်ကြည့်လိုက်ဦးမယ်' ဟု ပြောလိုက်လေ၏။

'ကျေးဇူးပဲ မေဆန်၊ ကျေးဇူးပဲ၊ ကျွန်တော်တော့ ဒီကပဲ ထိုင်စော တော့မယ်'

ဒေါက်တာ ဘရမ်းဝဲလ်သည် ပုံစံကို ဆက်၍ ဖြည့်နေခဲ့လေ၏။

အင်မလီ ဟူးသည် အိပ်ရာထက်တွင် လဲလျောင်းလျက် ရှိ၏။ အိပ်ရာ ဘေးတွင်မူ သူ၏ လုပ်ဖော် ကိုင်ဖက် အလုပ်သမား နှစ်ဦး ရပ်နေကြသည်။ လိုအပ်လျှင် ဟူးအား ထိန်းကြမည့် လူများပေတည်း။

ဟူး၏ ဇနီး အော်လဝင်မှာ ယခင်က ဆိုလျှင် အလွန် သွက်လက် ဖျတ် လတ်၍ ခပ်ဖွာဖွာ တစ်ဦး ဖြစ်သော်လည်း ယခုမူ မျက်နှာ ဖြူဖပ်ဖြူရော်ဖြ ခုတင်ခြေရင်း၌ ရပ်နေသည်။ အကြီးအကျယ် ငိုထားသဖြင့် မျက်နှာအလှ ပျက်လျက် ရှိပေသည်။ သူမ အနေဖြင့် အလွန် စိတ်လှုပ်ရှားလျက် ရှိကြောင်း မြင်ရုံနှင့် သိနိုင်၏။

အလင်းရောင် ကောင်းစွာ မရသော အခန်း ဖြစ်သဖြင့် အခန်းထဲတွင် ခပ်မှောင်မှောင် ဖြစ်နေပေရာ လူကောင်း တစ်ယောက်ပင်လျှင် စိတ်နောက်၍ ရှုပ်ထွေးဖွယ်ရာ ကောင်းလှပေသည်။ အခြေအနေကလည်း လူ တစ်ယောက် ကို ဓားနှင့် ထိုးရန် ကြံစည် အားထုတ်သည် အထိ ဖြစ်ထားသဖြင့် အင်ဒရူး ကိုယ်တိုင်ပင်လျှင် စိတ်ချောက်ချားသလို ဖြစ်မိ၏။

အင်ဒရူးသည် အင်မလီ ဟူးအား သေချာစွာ ကြည့်သည်။ ဟူး၏ မျက်နှာ ရည်မှာ သိသိသာသာကြီး ပျက်လျက် ရှိသဖြင့် ရုတ်တရက်သော် ဟူးမှ ဟုတ် ပါလေစဟု သံသယ ဝင်မိ၏။ ဟူး၏ ရုပ်ရည်မှာ အလွန်အမင်း ပြောင်းလဲ သွားသည်ဟု မဆိုနိုင်သော်လည်း အင်မလီ ဟူးပါဟု ရုတ်တရက် ပြောနိုင် နိုင်လောက်အောင် ပြောင်းလဲခြင်းကတော့ ရှိနေပေသည်။ ဟူး၏ အမူအရာ မှာလည်း ခပ်ကြောင်ကြောင် ခပ်ကုပ်ကုပ်နှင့် ကြမ်းတမ်း ရက်စက်မည့် ပုံ မျိုး ပေါက်နေလေသည်။

ဟူး၏ မျက်နှာ တစ်ခုလုံးမှာ ရောင်ကိုင်းလျက် ရှိ၍ နှာခေါင်းပေါက် များမှာ ထူထူပွပွကြီး ဖြစ်နေသည်။ နှာခေါင်းပေါ် ကန့်လန့်ဖြတ်၍ မထင်မရှား ပေါ်နေသည့် အနီစင်း တစ်ခုမှ တစ်ပါး မျက်နှာပြင် တစ်ခုလုံးမှာ ဖယောင်း သားပမာ ဖွေးဖွေးဖြူလျက် ရှိသည်။ သူ့ တစ်ကိုယ်လုံးကို ခြုံ၍ ကြည့်လိုက် လျှင် ထူးထူးခြားခြား လေးလံ ထိုင်းမှိုင်းလျက် ရှိနေရုံမျှမက ဘာကိုမှ အထေ



နဲ့ မပြုတော့သည့် အမူအရာမျိုး၊ ဘာကိုမှ သတိ မရတော့သည့် ဟန်မျိုး ပေါက်နေလေသည်။

အင်ဒရူးက စကားပြောကြည့်သည့်အခါ အင်မလီ ဟူးကလည်း တစ် ခွန်း တစ်ရာ ပြန်ပြောသည်။ သို့သော်လည်း သူ့စကား ပြောသံမှာ ပီပီသသ မရှိ ချေ။

အင်ဒရူးသည် သူ၏ လက်ဖဝါး နှစ်ဖက်ကို ပွတ်ရင်း မဝေခွဲနိုင်သော အကြည့်ဖြင့် အင်မလီ ဟူးအား ကြည့်နေမိလေ၏။

ဟူးတွင် ဘာများ ဖြစ်နေသနည်း။

ဘရမ်းဝဲလ် ပြောသလို ဖြစ်နေခြင်းပေပဲလား။

သူသည် ဇဝေဇဝါ ဖြစ်လျက် ရှိ၏။ အဖြေ ရှာမရသဖြင့် သူ့ကိုယ်သူ ရှုံးနိမ့်သလိုလည်း ဖြစ်လျက် ရှိလေ၏။

အင်ဒရူးသည် ငြိမ်ဆိတ်စွာ ထိုင်၍ စဉ်းစား တွေးတောလျက် ရှိလေ သည်။

အမှန်ဆိုလျှင် ဟူး၌ ဘာဖြစ်နေသည်ကို သူ သိသင့်၏။ သို့သော် သူ မသိချေ။ ဘာ့ကြောင့် မသိရသနည်း။

ဘာ့ကြောင့် အင်မလီ ဟူး တစ်ယောက် ယခုလို အပြုအမူမျိုးကို ပြု ရသနည်း။ ဘာ့ကြောင့် ယခုလို ပြောပုံ ဆိုပုံမျိုးကို ပြောဆိုလေသနည်း။ ဘယ်ကလည်း မမှန်၊ မပီမသ၊ မသဲမကွဲ။

ဆိုကြပါစို့။

လူတစ်ယောက် စိတ်ဖောက်ပြန်သွားသည်၊ ဘာ့ကြောင့် ရုတ်တရက် စိတ်ဖောက်ပြန်ရသနည်း၊ အကြောင်း ရှိရမည်။ အကြောင်း မရှိဘဲနှင့် ဘာ့ ကြောင့် စိတ်ဖောက် ပြန်ရမည်နည်း။

အင်ဒရူး သိထားရသလောက် ဆိုလျှင် အင်မလီ ဟူးသည် သူ့ဘဝသူ ကျေနပ်နေသူ ဖြစ်၏။ အပူအပင် အကြောင့်အကြ သိပ်ရှိသူ မဟုတ်ပေ။ သဘာက ကင်း၍ ပျော်ပျော်ရွှင်ရွှင် နေတတ်သူ တစ်ဦး ဖြစ်သည်။ လူအများ နှင့် အလိုက်သင့် နေတတ်၍ အလိုက်သင့် ပေါင်းသင်းတတ်သူ တစ်ဦး ဖြစ် သည်။ သို့ပါလျက်နှင့် ဘာ့ကြောင့် ယခုလို စိတ်အပြောင်းအလဲ ဖြစ်ရသနည်း။

ဘယ်နည်းနှင့်မဆို အကြောင်း တစ်ခုတော့ ရှိရမည်။ ထိုအကြောင်း သည် ဘာလဲ။

အင်ဒရူးသည် မလျှော့သော ဇွဲဖြင့် အပြင်းအထန် စဉ်းစား ကြံဆ



www.burmeseclassic.com

www.burmeseclassic.com



လျက် ရှိလေ၏။

ရောဂါ တစ်ခု၏ လက္ခဏာများမှာ ဖြုန်းခနဲ သူ့ဘာသာသူ အ
အလျောက် ဖြစ်ပေါ်လာသည် မဟုတ်ပေ။ ကိုယ်ခန္ဓာ အစိတ်အပိုင်း တစ်နေ
ရာတွင် ချွတ်ယွင်းမှု ဖြစ်ကာ တစ်စ တစ်စ ကြီးထွားလာပြီးမှ ပေါ်လာခြ
ဖြစ်သည်။

အင်မလီ ဟူး၏ ဖောအစ်နေသော မျက်နှာကို စူးစူးစိုက်စိုက် ကြ
ရင်း လျှို့ဝှက် နက်နဲစွာ နစ်မြုပ်နေသော အဖြေကို မရမနေ ကြိုးစား ကြ
ကြည့်နေမိသည်။ အင်ဒရူးသည် ဟူး၏ မျက်နှာပြင်ကို ဖြည်းဖြည်းသာ
သတိထား၍ ပွတ်သပ်ကြည့်သည်။ သူ စမ်းသပ်နေစဉ် အတွင်း ဖောအစ်
သော ပါးပြင်သည် ခွက်ဝင်သွားခြင်း၊ ချိုင့်ဝင်သွားခြင်း မရှိပေ။

ရုတ်တရက် ချက်ချင်းပင် သူ့ဦးနှောက်ထဲသို့ အလင်းရောင် တစ်
ဖျတ်ခနဲ ဖြာခနဲ ဝင်လာသည်။ ရောင်နေသော မျက်နှာပေါ်တွင် လက်ချော
များနှင့် ဖိနှိပ်ကြည့်နေပါလျက်နှင့် ဘာ့ကြောင့် ချိုင့်ဝင်မသွားရသနည်း။

အကြောင်းမှာ...။

သူ့ နှလုံးသားသည် ခုန်၍ ထွက်သွားတော့မလို ခံစားလိုက်ရသ
ရင်တဒိတ်ဒိတ် ခုန်လာသည်။ တခြားကြောင့် မဟုတ်ပေ။ အင်မလီ ဟူ
ရောဂါသည် ရိုးရိုး အဖောတော့ မဖြစ်နိုင်။ မစ်ခ်စီဒီးမား ရောဂါကြော
ဖြစ်ရမည်။ အင်မလီ ဟူး၏ ရောဂါသည် ဒါပဲ ဖြစ်နိုင်သည် ဟူသော အ
ဝင်လာခြင်းကြောင့်ပေတည်း။

သို့သော် အလျင်စလို ဆုံးဖြတ်၍ မဖြစ်သေးပေ။ ဖြည်းဖြည်း မှ
နှင့် သတိကြီးစွာ ထား၍ သေချာသည်ထက် သေချာအောင် တစ်ခုပြီး တ
တစ်ဆင့်ပြီး တစ်ဆင့် စဉ်းစား ဆင်ခြင်သွားမှ ဖြစ်မည်။

အင်ဒရူးသည် သူ့စိတ်ကို ပြန်၍ ထိန်းကာ အင်မလီ ဟူး၏ လက်
ကိုင်တွယ် စမ်းသပ်ကြည့်သည်။

ဟုတ်ပြီ။

ဟူး၏ အသားအရေမှာ ခြောက်သွေ့ ကြမ်းတမ်းနေသည်။

လက်ချောင်းထိပ်ဖျားများ အခြေအနေကကော မည်သို့ ရှိသနည်း။

ဟုတ်ပြီ။

သူ တွေးထင်ထားသည့် အတိုင်း တူနေသည်။

ဟူး၏ အပူချိန်ကရော မည်သည့် အခြေအနေမှာ ရှိသနည်း။





ဟုတ်ပြီ။

သာမန် အပူချိန်မျိုး မဟုတ်။

စနစ်တကျ တစ်ဆင့်ပြီး တစ်ဆင့် စမ်းသပ် စစ်ဆေးသည်။ ပထမ
ဆင့်ကို စမ်းသပ် စစ်ဆေးကြည့်လိုက်ရာ သူ တွေးထင်ထားသည့် အတိုင်း
နေသည်။ ထိုအခါ ဝမ်းသာ အားတက်ခြင်း ဖြစ်လာရလေ၏။

သို့သော် သူ့ အတွေးအထင် မှန်းဆချက် တစ်ခုလောက် မှန်ရုံမျှနှင့်
ိုင်းအဆ မရှိအောင် ဝမ်းသာမိလိုက်လျှင် နောက်တစ်ခုကို စစ်ဆေးရာ၌
ပေါ့တန်တန် လုပ်မိသွားမည်ကို စိုးရိမ်သဖြင့် သူ၏ ဝမ်းသာအားတက်မှု
ထိန်းချုပ်ထားသည်။ စိတ်ကို အေးနိုင်သမျှ အေးအေး တည်ငြိမ်အောင်
လေသည်။

ရောဂါ၏ လက္ခဏာ တစ်ခုစီ တစ်ခုစီကို အဆစ်အပိုင်း ကျအောင်
ပေါင်းစပ် စဉ်းစားလိုက်သည့် အခါ တမင်တကာ ရှုပ်ထွေးအောင် လုပ်
သော ဉာဏ်စမ်း ပဟေဠိ ရုပ်ပုံလွှာ တစ်ခုကို အကွက် မပေါ် ပေါ်အောင်
ွက်ဖော်၍ အဖြေရှာသလို ဖြစ်လာလေ၏။

အထစ်ထစ် အငေါ့ငေါ့ မပီမသနှင့် ထွက်လာသည့် စကားပြောသံ။
က်သွေ့နေသော အသားအရေ။ ထူနေသော လက်ချောင်း ထိပ်ဖျားများ။
အစ်နေသော မျက်နှာ။ ချွတ်ယွင်းနေသော သတိ။ ဖျတ်လတ်မှု ဟူ၍ မရှိ
ဘဲ နှေးကွေး လေးလံနေသည့် စိတ်အခြေအနေ။ လူတစ်ယောက်ကို စား
သိုးသတ်ရန် ကြိုးစားသည် အထိ ဖြစ်လာရသော စိတ်၏ ပြောင်းလဲမှု
ဟုတ် ဒေါသ။

ရောဂါ ရုပ်လုံး ပီပီပြင်ပြင် ပေါ်လာခြင်းသည် အလွန် အားရဖွယ်
င်းသည့် ထူးခြားသော အောင်မြင်မှုပါတကား။

အင်ဒရူးသည် ထိုင်ရာမှ ဖျတ်ခနဲ ထကာ အိမ်ရှေ့ခန်းသို့ ထွက်လာ
၊ ဘရမ်းဝဲလ်သည် ဆောင်းမီးဖိုကို ကျောပေး၍ ရပ်နေရာမှ ဆီးကြို နှုတ်
လေသည်။

'ဘယ့်နှယ်လဲ မေဆန်၊ ကျေနပ်ပြီလား၊ ဖောင်တိန် စားပွဲပေါ်မှာ
င်သင့်ပဲ၊ လက်မှတ် ထိုးပေတော့'

အင်ဒရူးကတော့ ဘရမ်းဝဲလ်ကို မကြည့်ရဲပေ။ သူ၏ ဝမ်းသာမှုကို
မ်းဝဲလ် မြင်သွားမှာ စိုးရိမ်နေသည်။

'ကျွန်တော်တို့ ဟူး အတွက် ထောက်ခံစာ လုပ်ဖို့ မလိုတော့ဘူး ထင်



www.burmeseclassic.com

www.burmeseclassic.com



တယ် ဒေါက်တာ ဘရမ်းဝဲလ်'

'ဘာ ဘယ်လို'

ဘရမ်းဝဲလ်သည် အုံအားကြီးသင့်ကာ တအံ့တသြ ရေရွတ်လိုက်လေသည်။

'ဟူးက စိတ်ဖောက်ပြန်နေပြီပဲဟာ'

'အဲဒါက ကျွန်တော့် အယူအဆ မဟုတ်သေးဘူးလေ'

အင်ဒရူးက အေးဆေး တည်ငြိမ်စွာပင် ပြောသည်။ သူ၏ ဝမ်းသာမှုကို ယခုအချိန်ထိ ကြိုးစား၍ ထိန်းထားဆဲပင်။

သူ့အနေဖြင့် လူနာကို စမ်းသပ်ပြီး အဖြေ ရှာပေးရုံမျှနှင့် မလုံလောက်မှန်း သိသည်။ ဘရမ်းဝဲလ်အား နားဝင်အောင် ပြောပြရဦးမည်။ သို့မှသာ သူ၏ တွေ့ရှိချက်ကို လက်ခံလိမ့်မည်။ သို့မဟုတ်ပါက သူနှင့် ဆန့်ကျင်ဘက် ဖြစ်လာလိမ့်မည်။

'ကျွန်တော့် အမြင်ကို ပြောပါရစေ၊ အင်မလီ ဟူးဟာ ခန္ဓာကိုယ်မှာ အဖျားဝင်နေသလို စိတ်ပိုင်းဆိုင်ရာဘက်မှာလည်း ဖျားနေတယ်၊ သဘောကတော့ သူ့စိတ်မှာလည်း ဖျားနေတယ်လို့ ဆိုရမယ်၊ ကျွန်တော် တွေ့တာက သူ့မှာ သိုင်းရွိုက် လည်ပင်းကျိတ် ချွတ်ယွင်းနေတယ်၊ ဒါဟာ ရောဂါ ဖြစ်နေတယ် ဆိုတာ အတိအကျ ပြောနိုင်တဲ့ အချက်ပဲ၊ ဘာမှ သံသယ ဖြစ်စရာ မရှိပါဘူး'

ဘရမ်းဝဲလ်သည် အင်ဒရူးအား တွေတွေ ငေးငေးကြီး ကြည့်နေသည်။ အံ့အားသင့်ကာ စကားပင် ရုတ်တရက် မပြောနိုင် ဖြစ်နေ၏။ တစ်စုံတစ်ရာ ပြောရန် ကြိုးစားသော်လည်း မပီမသ အသံသာ ထွက်နေသည်။

'အဲဒီတော့ ကျွန်တော်တို့ ဘာလုပ်ကြမလဲ'

အင်ဒရူးက ဘရမ်းဝဲလ် မျက်နှာကို မကြည့်ဘဲ ဖျောင်းဖျသံဖြင့် စကားကို ဆက်လေသည်။

'ဒေါက်တာ သိတဲ့ အတိုင်းပဲ၊ ပွန်တီနူး စိတ္တဇ ဆေးရုံဟာ အလွန်အဆင်မပြေတဲ့ နေရာပါ၊ အခု ကျွန်တော်တို့ ဟူးကို ပို့လိုက်ရင် မပြန်လာကို ပို့တာနှင့် အတူတူပဲ၊ သူ ပြန်လာနိုင်မှာ မဟုတ်တော့ဘူး၊ ဒါက သေလောက်ပဲ၊ သူ ပြန်ထွက် မလာနိုင်တော့ဘူး ဆိုရင် သူ့ဘဝ သူ့မိသားစုဘဝဟာ ပျက်သွားတော့မှာ၊ တကယ်လို့ ကျွန်တော်တို့ကသာ သိုင်းရွိုက် ပြန်ကောင်းသွားအောင် ပြုပြင် ကုသပေးနိုင်မယ် ဆိုရင် အဆင်ပြေသွားမှာ မဟုတ်လား'

'ဟာ မဟုတ်တာဘဲ၊ ဘာကြောင့်လဲ၊ ကျွန်တော်တို့မှာ ဒီလို လုပ်ဆေးဖို့ အကြောင်း မရှိတော့ဘူးလို့'

ဘရမ်းဝဲ၏ စကားကို အင်ဒရူးက ဆုံးအောင် နားမထောင်ချေ။

'ကျွန်တော် ပြောပါရစေဦး၊ ခင်ဗျား ဂုဏ်သိက္ခာ တက်သွားမယ့် အချက်ကို ထည့်ပြီး တွက်စေချင်ပါတယ်၊ ခင်ဗျား သူ့ရောဂါကို ပျောက်အောင် ကုသပေးလိုက်နိုင်မယ် ဆိုရင် ဘယ်လို ဖြစ်လာမလဲ တွေးကြည့်ပါ၊ တန်ဖိုး မဖြတ်နိုင်တဲ့ အခွင့်အရေး တစ်ခုပါ ဒေါက်တာ၊ ကဲလေ လာပါ၊ မစ္စက် ဟူးနှင့် တွေ့လိုက်ပါဦး၊ သူ့ခမျာ သနားစရာပါ၊ ငိုရလွန်းလို့ မျက်လုံးတွေ ပေါက်ထွက်ခမန်းပါပဲ၊ သူ့ယောကျ်ားကို ပွန်တီနူးကို ပို့ရတော့မယ်လို့ ထင်နေရှာတယ်၊ ခင်ဗျား အနေနှင့် ကုနည်း အသစ် တစ်ခု ပြောင်းပြီး ကုပေးမယ် ဆိုတာ ရှင်းပြလိုက်ပါဦး'

ဘရမ်းဝဲလ် စကား ပြန်မပြောနိုင်မီ အင်ဒရူးသည် အခန်းတွင်းမှ ထွက်သွားသည်။ မိနစ် အနည်းငယ်ခန့် အကြာတွင် အင်ဒရူးသည် ဟူး၏ ဇနီး အော်လဝင်နှင့် အတူ ပြန်ဝင်လာသည်။ ထိုအချိန်တွင် ဒေါက်တာ ဘရမ်းဝဲလ်မှာ တည်တည်ငြိမ်ငြိမ် ဖြစ်လျက်ရှိပေပြီ။

ဒေါက်တာ ဘရမ်းဝဲလ်သည် ဟန်ပါပါဖြင့် အော်လဝင်အား ဆီးကြိုနှုတ်ဆက်သည်။ သူမ ယောကျ်ား အခြေအနေကို ရှင်းလင်း ပြောပြသည်။ ပြီးမှ 'ခင်ဗျား ယောကျ်ား အတွက် မျှော်လင့်ချက် ရှိပါသေးတယ်၊ မပူပါနှင့်' ဟူသော မင်္ဂလာ သတင်းကို ပေးလိုက်၏။

ဘရမ်းဝဲလ်၏ နောက်ဘက်မှ ရပ်နေသော အင်ဒရူးသည် စားပွဲပေါ်မှ ဆေးထောက်ခံချက် ပုံစံကို ကောက်ယူ လုံးခြေ၍ မီးဖိုထဲသို့ ပစ်ထည့်လိုက်လေသည်။ ထို့နောက်တွင်မူ သိုင်းရွိုက် အတွက် ကာဒစ်ဖ်သို့ ဖုန်းဆက်ရန် ထွက်သွားလေ၏။

အင်ဒရူးသည် ဘရမ်းဝဲလ်နှင့် တွဲ၍ အင်မလီ ဟူး၏ ရောဂါကို ကုသလေသည်။ သူ၏ ကုသမှု အပေါ်တွင် လူနာ ဖြစ်သူ ဟူး၏ တုံ့ပြန်မှုကို စောင့်ကြည့်ရင်း ရက်ပေါင်း များစွာပင် စိုးရိမ် သောကကြီးစွာဖြင့် စိတ်မောလူမော ဖြစ်နေခဲ့ရလေ၏။

ဟူး၏ တုံ့ပြန်မှုမှာ မျက်လှည့် ပြလိုက်သလားဟုပင် ထင်စရာ ဖြစ်ပေ၏၊ အိပ်ရာထဲ လဲနေခဲ့သော အင်မလီ ဟူးသည် ဆယ့်ငါးရက် အကြာတွင်





www.burmeseclassic.com

www.burmeseclassic.com


ထနိုင် သွားနိုင်၍ နှစ်လ အကြာတွင် သူ့ အလုပ်ခွင်သို့ ပြန်ဝင်နိုင်ခဲ့လေသည်။

တစ်နေ့သော ညနေခင်းတွင် အင်မလီ ဟူးသည် သူ့မိန်းမ အော်လဝင်နှင့် အတူ အင်ဒရူး၏ ဆေးခန်းသို့ ရောက်လာသည်။ အင်မလီ ဟူးမှာ ကောင်းပြီးစမို့ ပိန်နေသေးသော်လည်း သွက်သွက်လက်လက် ရွှင်ရွှင်လန်းလန်း ဖြစ်နေပြီ။ အော်လဝင်မှာလည်း ဟိုတုန်းကလိုပင် ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမောနှင့် ပျော်မဆုံး ဖြစ်လျက် ရှိ၏။ အင်မလီ ဟူးက အင်ဒရူးနှင့်တွေ့လျှင် တွေ့ချင်း သူ့တစ်သက်တွင် ယခုလောက် နေထိုင်ကောင်းသည့် အဖြစ်မျိုးနှင့် ဘယ်တုန်းကမှ မကြုံသေးပါဟု ပြောနေလေသည်။

အော်လဝင်ကမူ 'ကျွန်မတို့ အသက်သခင်ဟာ ဒေါက်တာပါ၊ ကျွန်မတို့ ဘရမ်းဝဲလ်ရဲ့ လူနာစာရင်းက ပယ်ဖျက်ပြီး ဒေါက်တာ့ စာရင်းထဲကို ပြောင်းချင်တယ်၊ ကျွန်မနှင့် မရခင် ကတည်းက အင်မလီဟာ ဘရမ်းဝဲလ်ရဲ့ စာရင်းထဲ ရောက်နေတာ၊ အခုဆို ကြာလှပြီပဲ ဒေါက်တာရယ်၊ ပြောင်းလို့ ရမှာပါ၊ ကျွန်မတို့ အဖို့တော့ ဒေါက်တာ့ ကျေးဇူးကို ဆပ်လို့ ကုန်နိုင်မှာ မဟုတ်တော့ဘူး ရှင်' ဟု ဆိုလေသည်။

အင်ဒရူးကတော့ ခေါင်းကို အသာအယာ ယမ်းလိုက်ကာ 'လူနာ စာရင်း ပြောင်းဖို့ကတော့ မဖြစ်နိုင်ဘူး အော်လဝင်၊ အခုအချိန်မှာ ပြောင်းလည်း မပြောင်းသင့်ဘူး၊ ပြောင်းလိုက်ရင် အရုပ်ဆိုးကုန်မှာပေါ့' ဟု ပြောလိုက်ပြီး 'တကယ်လို့ ကျွန်တော့်ဆီကို ပြောင်းဖို့များ ခင်ဗျား ဆက်ကြိုးစားနေဦးမယ် ဆိုရင် ပေါင်မုန့်လှီးတဲ့ ဓားနှင့် ခင်ဗျားကို လိုက်ရလိမ့်မယ်' ဟု ရယ်စရာလိုလို အတည်လိုလိုနှင့် ပြောလိုက်လေသည်။

အင်ဒရူးနှင့် လမ်းတွင် ဆုံမိလေ့ ရှိသော ဘရမ်းဝဲလ်ကမူ 'ဟဲလို မေဆန်၊ ခင်ဗျား ဟူးတို့ လင်မယားနှင့် တွေ့ရဲ့လား၊ ဟား ဟား ဟား၊ လင်မယား နှစ်ယောက်စလုံး ပျော်မဆုံး မော်မဆုံးပါပဲဗျာ၊ ကျေးဇူးလည်း သိတင်နေကြတယ်၊ ဒီလို ပညာသားပါပါနှင့် ကုရတဲ့ ရောဂါမျိုး ဘယ်တုန်းကမှ မကြုံခဲ့ဖူးသေးဘူး' ဟု ခပ်ကြွားကြွား လေသံဖြင့် ပြောတတ်လေ၏။

အင်နီကမူ 'ဘရမ်းဝဲလ်က မြို့ထဲမှာ လည်ပြီး လျှောက်ကြွားနေလေရဲ့ ဒေါက်တာ မေဆန်၊ သူ့ကိုယ်သူ တကယ်တော် တကယ်တတ်တဲ့ ဆရာဝန်ကြီးလို့များ ထင်နေသလား မသိပါဘူး၊ တကယ်တမ်းကျတော့ ဘာမှ သိတာ တတ်တာလည်း မဟုတ်ဘဲနှင့်၊ သူ့မိန်းမကတော့ ဟင်း... ဘယ်တော့မှ အိမ်ဖော်တွေကို ပျော်အောင် မြဲအောင် မထားနိုင်တဲ့ မိန်းမစားမျိုး' ဟု မဲ့ကာဖြင့် ပြောတတ်၏။ မစ္စ ပိတ်ချ်ကမူ 'ရှင်ဟာ ဒေါက်တာ ပိတ်ချ် ကိုယ်အစား လုပ်ကိုင်နေရတယ် ဆိုတာ မမေ့ပါနှင့် ဒေါက်တာ မေဆန်' ဟု သတိပေးတတ်သည်။

ခရစ်နီကမူ တစ်ဘာသာ ဖြစ်သည်။ 'ဟော့ မေဆန်၊ ခင်ဗျားရဲ့ လက်ရှိ အခြေအနေကတော့ ဘဝင်မြင့်ဖို့ ကောင်းတဲ့ အခြေအနေပဲဗျ၊ သိလား၊ ခင်ဗျား ဟာ မကြာခင်မှာ အလွန် နာမည်ကြီးလာတော့မယ်၊ မကြာတော့ဘူး၊ မကြာတော့ဘူး' ဟု ခပ်ငေါ်ငေါ် လေသံဖြင့် ထေ့တတ်လေသည်။

အင်ဒရူးကတော့ သူတို့တစ်တွေအား ခွန်းတုံ့ မပြန်ချေ။ သူ့တွင် ရှိသည့် ပြောစရာ ဟူသမျှကို ခရစ္စတီ အတွက် သူ၏ ရင်ထဲမှာပင် သိမ်းဆည်းထားသည်။ ပြောစရာ ရှိလာသည့် အခါကျမှ ခရစ္စတီထံ အပြေးကလေး ရောက်သွားကာ သူ၏ သိပ္ပံနည်းကျကျ စမ်းသပ် စစ်ဆေးသော လုပ်ငန်း၏ အောင်မြင်မှုကို ခရစ္စတီအား ပြောပြလေ့ ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

## ၉

[illegible]နှစ် ဇူလိုင်လတွင် ဗြိတိသျှ ဆေးပညာရှင်များ အသင်း နှစ်ပတ်လည် ညီလာခံကို ကာဒစ်ဖ် မြို့၌ ပြုလုပ်လေသည်။ ပါမောက္ခ လင်းပလောသည် ကျောင်းမှ ဘွဲ့ရပြီး ထွက်ခွာသွားရတော့မည့် ကျောင်းသားများအား နှုတ်ဆက် ဩဝါဒ စကား ပြောကြားသည့် အခါတိုင်း ဤအသင်း အကြောင်းကို ထည့်သွင်း ပြောဆိုလေ့ ရှိ၏။ နာမည်ရှိ၍ ထင်ရှားသော ဆေးပညာရှင်တိုင်းသည် ဤအသင်း၏ အသင်းဝင် ဖြစ်သင့်သည်ဟု ပါမောက္ခ လင်းပလောက ပြောဆိုလေ့ ရှိသည်။ ဤအသင်းသည် နှစ်စဉ် မှန်မှန် ကျင်းပလေ့ ရှိသော နှစ်ပတ်လည် ညီလာခံများကြောင့် တစ်ရှိန်ထိုး နာမည်တက်ကာ လူသိများလာခြင်း ဖြစ်ပေသည်။

ဗြိတိသျှ ဆေးပညာရှင်များ အသင်းသည် စည်းရုံးရေး အင်အားကလည်း ကောင်း၏။ အသင်း ညီလာခံ လုပ်ပြီ ဆိုလျှင် အသင်းဝင် ဆရာဝန်များကို သာမက ယင်းတို့၏ မိသားစုများကိုပါ ဖိတ်သည်။ ညီလာခံတွင် အားကစားပွဲများနှင့် အခြား သင့်တော်ရာ ပျော်ပွဲ ရှင်ပွဲ၊ ပြပွဲ ပြိုင်ပွဲများကိုပါ ကျင်းပပေးပြီး သက်သက်သာသာနှင့် ပါဝင် ဆင်နွှဲနိုင်ရန် စီစဉ်ပေးသည်။ ညီလာခံ တက်လာသူများအား အကောင်းဆုံး ဟိုတယ်များ၌ တည်းခိုရန် စီမံပေးသည်။ ညီလာခံ ကျင်းပရာ ဒေသရှိ စိတ်ဝင်စားဖွယ်ရာ ကောင်းသည့် ရှေးဟောင်း အဆောက်အအုံများကို ကြည့်ရှု လေ့လာနိုင်ရန် အခမဲ့ ပို့ပေးခြင်း စသည်များကိုလည်း ဆောင်ရွက်ပေးလေသည်။

ထင်ရှားသော ပန်းချီ ပန်းပု ပုံများဖြင့် ဝေဝေဆာဆာ ရိုက်နှိပ်ထားသည့် မှတ်တမ်း စာအုပ်များ၊ ပြက္ခဒိန်များ၊ ခွဲစိတ်မှု ဆိုင်ရာ အပို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်း တန်ဆာပလာများ ပြုလုပ် ရောင်းချသည့် ကုမ္ပဏီများနှင့် ဆေးဝါး ထုတ်လုပ်သည့် ကုမ္ပဏီများမှ ရိုက်နှိပ် ဖြန့်ချိသည့် အထိမ်းအမှတ် လက်ဆောင် နေ့စဉ် မှတ်တမ်း စာအုပ်များကို ဝေငှပေးခြင်း စသော လုပ်ငန်းများလည်း မြိုင်မြိုင်ဆိုင်ဆိုင် ပါဝင်နိုင်အောင် စီမံပေးသည်။ လွန်ခဲ့သော နှစ်က ရက်သတ္တ တစ်ပတ်ကြာမျှ ညီလာခံ ကျင်းပခဲ့ရာ ညီလာခံ အပြီးတွင် နာမည်ကြီး ဘီစကွတ်မုန့် ကုမ္ပဏီမှ နမူနာ ဘီစကွတ် မုန့်ထုပ်များကို ညီလာခံတက်သူများအား တစ်ထုပ်စီ လက်ဆောင် ပေးခဲ့လေသည်။ ယင်းကဲ့သို့ အသိုင်းအဝိုင်း ကောင်းခြင်းကြောင့်လည်း ဤအသင်း၏ နာမည်သည် ကြီးသည်ထက် ကြီးလာရခြင်း ဖြစ်ပေသည်။

အင်ဒရူးသည် ဗြိတိသျှ ဆေးပညာ အသင်း၏ အသင်းဝင် တစ်ဦးမဟုတ်ပေ။ နှစ်စဉ်ကြေး ငါးဂီနီ ပေးသွင်းရန် မတတ်နိုင်သဖြင့် အသင်း မဝင်နိုင်ခဲ့ပေ။ အသင်း၏ အခြေအနေကို အဝေးမှ နေ၍ လေ့လာခြင်းဖြင့်သာ ကျေနပ် နှစ်သိမ့်နေခဲ့ရ၏။ ဒရင်းဖီးသို့ ရောက်လာသည့်အခါ သူ့မှာ အသင်းနှင့် ပို၍ ဝေးကွာသလို ဖြစ်ခဲ့ရပြန်၏။ နေ့စဉ် သတင်းစာများတွင် ပါလာသည့် ညီလာခံ ဖွင့်ပွဲ၌ နှုတ်ခွန်းဆက် မိန့်ခွန်း ပြောကြားနေပုံ၊ တက်ရောက်လာကြသည့် ဆရာဝန်များ၏ ပုံ၊ နာမည်ကြီး ပီးနတ်သ် ဂေါက်သီးကွင်း၌ ကျင်းပသည့် ဆရာဝန်များ၏ ဂေါက်သီးရိုက် ပြိုင်ပွဲများပုံ စသည်... စသည် ဓာတ်ပုံများကို ကြည့်၍သာလျှင် သူ့စိတ်သူ ဖြေသိမ့်ခဲ့ရ၏။ သို့သော်လည်း ဤ သတင်းဓာတ်ပုံများကို မြင်ရတိုင်း သူ့ကိုယ်သူ အပယ်ခံ တစ်ဦး ဖြစ်နေသကဲ့သို့ စိတ်ထဲက ခံစားခဲ့ရလေ၏။

ယခုနှစ် ညီလာခံ ကျင်းပနေသည့် ရက်များအတွင်း ကာဒစ်ဖ် ဟိုတယ် လိပ်စာ ခေါင်းစီးနှင့် စာတစ်စောင် အင်ဒရူးထံ ရောက်လာသည်။ စာမှာ သူနှင့် ကျောင်းနေဖက် သူငယ်ချင်း ဖရက်ဒီ ဟင်မဆန်ထံမှ စာ ဖြစ်ပေသည်။

သူ တွေးထင်ထားသည့် အတိုင်းပင် ဖရက်ဒီသည် ညီလာခံ တက်လျက် ရှိ၏။ သူနှင့် လာတွေ့ပါဦးဟု ဖိတ်ခေါ်လိုက်သည့် စာဖြစ်၍ လာမည် ဆိုပါက စနေနေ့ ညတွင် ညစာပါ သူက ကျွေးပါရစေဟု ရေးထားလေသည်။

အင်ဒရူးက ဖရက်ဒီထံမှ စာကို ခရစ္စတီအား ပြသည်။ ယခုအခါတွင် ခရစ္စတီမှာ အသေးအဖွဲ့ ကိစ္စမှ အစ သူ၏ တိုင်ပင်ဖော် တိုင်ပင်ဖက် ဖြစ်နေပေပြီ။ သူနှင့် ခရစ္စတီ အကြားတွင် လျှို့ဝှက်ထားစရာ ဟူ၍ မရှိသလောက် ဖြစ်နေပေပြီ။





ခရစ္စတီ့အိမ်တွင် ညစာ စားပြီးသည့်နောက် နှစ်လခန့် အတွင်း သူတို့ နှစ်ဦး၏ ခင်မင် ရင်းနှီးမှုမှာ တိုးတက်လာခဲ့ရုံမျှမက တစ်နေ့ထက် တစ်နေ့ ခိုင်မြဲလာခဲ့သည်။ ခရစ္စတီ့ အပေါ်၌ ထားနေသည့် မေတ္တာ စိတ်မှာလည်း တစ်နေ့ထက် တစ်နေ့ လျော့နည်းသွားသည်ဟု မရှိဘဲ လူချင်း တွေ့ရပါများလေ၊ အချစ်စိတ်က ခိုင်မြဲလာလေ ဖြစ်လျက် ရှိ၏။

သူသည် ခရစ္စတီထံသို့ မကြာခဏ သွားရောက်လေ့ ရှိပြီး ခရစ္စတီကလည်း သူ မကြာ မကြာ လာ၍ လည်သည့် အတွက် မနှစ်သက်သည့် အမူအရာ စိုးစဉ်းမျှ မပြချေ။ သူ ရောက်လာလျှင် ကျေနပ် ဝမ်းသာသည့် အရိပ်အယောင်ကိုသာ ပြတတ်၏။ အင်ဒရူး အဖို့တော့ သူ့ဘဝတွင် မကြုံခဲ့ရဖူးသည့် သာယာ ပျော်ရွှင်မှုကို ရရှိနေလေ၏။

ခရစ္စတီသည် မိန်းမသား တစ်ဦး ဖြစ်သော်လည်း တွေးပုံ ခေါ်ပုံ၊ ယူဆပုံနှင့် လုပ်ပုံ ကိုင်ပုံများမှာ လက်တွေ့ဆန်သည်။ စကား ပြောလျှင်လည်း ရိုးရိုးရှင်းရှင်းနှင့် ပွင့်လင်းစွာ ပြောတတ်၍ ခရာသော ညုသော မြူဆွယ်သော အမူအကျင့်မျိုး လုံးဝ မရှိပေ။

အင်ဒရူး တစ်ယောက် စိတ်ညစ်၍၊ စိတ်ပျက်၍၊ စိတ်အားငယ်၍ ရောက်လာပြီ ဆိုလျှင် ခရစ္စတီက လိမ္မာ ပါးနပ်စွာဖြင့် အားပေး နှစ်သိမ့်စကား ဆိုတတ်သည်။ အကျိုးနှင့် အကြောင်းနှင့် ယှဉ်၍ ဖြေသိမ့်စကား ဆိုတတ်သည်။ သူမ၏ အားပေး နှစ်သိမ့်မှုကြောင့် စိတ်လက် ကြည်လင် ပေါ့ပါးစွာဖြင့် ပြန်လာနိုင်သည်က များ၏။

ခရစ္စတီ၏ ချစ်စရာ မြတ်နိုးစရာ အကောင်းဆုံးသော အကျင့်ကလေး တစ်ခုမှာ သူ ပြောပြသမျှကို တိတ်ဆိတ် ငြိမ်သက်စွာ နားထောင်နေပြီးမှ ချင့်ချိန် ဝေဖန်မှု ပြုတတ်သော အကျင့် ဖြစ်ပေသည်။ သူမ၏ ဝေဖန် သုံးသပ်မှုများမှာလည်း အများအားဖြင့် ကျိုးကြောင်း ဆီလျော်၍ မှန်ကန်သည်က များသည်။ သူမတွင် ချစ်စရာ ကောင်းသော ဟာသဉာဏ်လည်း ရှိ၏။ သူ အနှစ်သက်ဆုံး အကျင့် တစ်ခုမှာ သူ့အား ဘယ်တော့မှ လိမ်၍ ညာ၍ လှည့်ဖြား၍ မပြောတတ်ခြင်း ဖြစ်လေသည်။

ခရစ္စတီသည် စိတ်နေ စိတ်ဓာတ် တည်ငြိမ်၍ ရင့်ကျက်သော သဘောရှိသော်လည်း တစ်ခါတစ်ရံ အငြင်းသန်သည့် သဘောရှိသည်။ ငြင်းမိပြီဆိုလျှင် လွယ်လွယ်နှင့် အလျှော့မပေးချင်တတ်ပေ။ သူနှင့် ပြိုင်၍ အပြင်းအကျယ် ငြင်းခုံနေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ခရစ္စတီသည် သူမ၏ ကိုယ်ပိုင် အယူအဆကို လွတ်လပ်စွာ ဖော်ပြ တတ်ရုံမျှမက တန်ဖိုးလည်း ထားသည်။ အငြင်းအခုံ ဝါသနာ ပါသော အကျင့် စရိုက်မှာ စကော့လူမျိုး ဖြစ်သော သူမ၏ ဘွားအေထံမှ ဆင်းသက် ဆက်နွယ် လာခြင်း ဖြစ်ပါသည်ဟု ရယ်ကာမောကာဖြင့် သူ့အား ပြောပြဖူး၏။ လွတ်လပ် စွာ တွေးခေါ် မြော်မြင်တတ်သော အကျင့်စရိုက်မှာလည်း သူမ၏ ဘွားအေ ထံမှ ရလာသည့် အမွေပင် ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

ခရစ္စတီသည် ရဲရင့်၍ ခံနိုင်ရည် ရှိသော ဖွဲ့သတ္တိလည်း ရှိသည်ဟု သူ့ စိတ်ထဲက သိနေ၏။ ယင်း အရည်အသွေးမှာ သူ သဘောအကျဆုံး၊ အနှစ် သက်ဆုံး၊ အမြတ်နိုးဆုံးသော အရည်အသွေး ဖြစ်၍ ယင်း အရည်အသွေး ကြောင့်ပင်လျှင် ခရစ္စတီအား ထာဝရ ပိုင်ဆိုင်လိုစိတ်နှင့် ထာဝရ လက်တွဲလို စိတ် ဖြစ်ပေါ်နေခြင်း ဖြစ်ပေသည်။

တကယ်တော့လည်း ခရစ္စတီသည် ဤကမ္ဘာ လောကကြီး အလယ်တွင် အတွယ်အတာ ကင်းမဲ့စွာဖြင့် တစ်ဦးတည်း ရပ်တည် နေရရှာသူ ဖြစ်၏။ ဘာရစ်လင်တန်မြို့တွင် နေထိုင်သည့် မသန်မစွမ်း ဖြစ်နေရှာသော အဒေါ် တစ် ယောက်မှ လွဲ၍ ဆွေမျိုးဉာတိ တစ်ယောက်မှ မရှိပေ။

ခြေခင်းလက်ခင်း သာသည့် စနေ၊ တနင်္ဂနွေ ညနေစောင်းများတွင် နှစ်ယောက်သား ပင်ဒီ လမ်းမကြီးအတိုင်း လမ်းလျှောက်လေ့ ရှိကြသည်။ တစ်ကြိမ် ဆိုလျှင် ချာလီ ချက်ပလင် ပါဝင်သော 'ရွှေခေတ်' အမည်ရှိ ရုပ်ရှင် ကားကို အတူတူ သွား၍ ကြည့်ခဲ့ကြ၏။ ခရစ္စတီ၏ ဆန္ဒ အရ တိုနီဂလန်သို့ သွားကာ ဂီတ ဆည်းဆာပွဲကိုလည်း ကြည့်ခဲ့ကြ၏။

အများအားဖြင့်တော့ သူတို့ နှစ်ယောက်သည် ခရစ္စတီ၏ နေအိမ် ဧည့် ခန်းထဲ၌သာ သာယာသော ညနေခင်းများကို ကုန်လွန်စေခဲ့ကြ၏။ ညနေ တိုင်းလိုလို အလည် ရောက်လာတတ်သော ဧည့်သည် တစ်ဦး ဖြစ်သည့် မစ္စက် ဝပ်ကင်းနှင့် အတူ ထိုင်၍ ခရစ္စတီနှင့် စကားပြောရင်း အချိန် ကုန်ခဲ့ရသည် က များလေသည်။

မစ္စက် ဝပ်ကင်းသည် စကားများများ ပြောတတ်သူ မဟုတ်ပေ။ ငြိမ် ငြိမ်ဆိတ်ဆိတ် ထိုင်ကာ သူတို့နှစ်ဦး ပြောဆိုသမျှကို နားထောင်ရင်း ထိုးနေသည်က များ၏။ အမှန်တော့ မစ္စက် ဝပ်ကင်းသည် သူတို့ နှစ်ဦးကြား မှာ ခြားထားသည့် နယ်ခြား မြို့ကလေး တစ်မြို့နှင့် တူပေသည်။

ယခုအခါတွင် ကာဒစ်ဖ်သို့ အလည် သွားရန် ပေါ်လာသည် ဖြစ်ရာ



အတူ ခရစ္စတီကိုပါ လိုက်စေချင်သည်။ ဤရက်သတ္တပတ် အကုန်လောက် လမ်း ကျောင်းကလည်း နွေရာသီ ကျောင်းပိတ်တော့မည် ဖြစ်၍ ခရစ္စတီ နေဖြင့် သူမ၏ အဒေါ် ရှိရာ ဘာရစ်လင်တန် မြို့သို့ သွား၍ နေရန် စီစဉ် ၏။ ခရစ္စတီ မသွားမီ သူတို့နှစ်ယောက်အတွက် ထူးခြားသည့် အထိမ်း တ်ကလေး တစ်ခုတော့ ရှိစေချင်လှ၏။ အကယ်၍သာ သူတို့ နှစ်ယောက် တူ တွဲ၍ ကာဒစ်ဖ်သို့ သွားနိုင်ကြမည် ဆိုပါမူ...။

ဖရက်ဒီ ဟင်မဆန်၏ ပေးစာကို ခရစ္စတီ ဖတ်ပြီးသည်နှင့် တစ်ပြိုင် အင်ဒရူးက သူ့စိတ်ကူး၊ သူ့ အစီအစဉ်များကို ကရားရေလွှတ် တတွတ် တ် ပြောလေတော့၏။

'ကျွန်တော်နှင့် လိုက်လည်မယ် မဟုတ်လား ခရစ္စတီ၊ လိုက်လည် မီးရထားနှင့် သွားရင် တစ်နာရီခွဲလောက်ပဲ ကြာတယ်၊ ကျွန်တော် နေ့ ညနေပိုင်း ဆေးခန်း မထိုင်တော့ဘူး၊ မစ္စ ဘလောဝင်း ပိတ်ချ်ဆီမှာ လိုက်မယ်လို့ စိတ်ကူးတယ်၊ ညီလာခံမှာ တစ်ခုခု ကြည့်ရအောင်လည်း ကြမယ်လေ၊ ဘာပဲဖြစ်ဖြစ်လေ ကျွန်တော့် သူငယ်ချင်း ဖရက်ဒီနှင့် ဘီကို တွေ့စေချင်တယ်'

ခရစ္စတီက မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့ဖြင့် ခေါင်းညိတ်လိုက်လေ၏။

အင်ဒရူးမှာ ခရစ္စတီက ငြင်းပယ်ခြင်း မပြုဘဲ အလွယ်တကူ လက်ခံ သဖြင့် များစွာ ဝမ်းသာလျက် ရှိလေ၏။ မစ္စ ပိတ်ချ်က ခွင့်မပေးဘဲ သီးကတ်သတ် လုပ်နေမည်ကို စိုးရိမ်မိသဖြင့် အစစအရာရာ သူ့ဘက်မှ အောင် ကြိုတင် စီစဉ်ထားလေသည်။

မစ္စ ပိတ်ချ်ထံ သွား၍ ခွင့်ကိစ္စ မပြောခင် ကတည်းက 'စနေနေ့ ခန်း ပိတ်သည်' ဟူသော ဆိုင်းဘုတ်ကို ဆေးခန်း ပြတင်းပေါက်တွင် လူ မြင်သာအောင် ချိတ်ဆွဲထားခဲ့ပြီးမှ မစ္စ ပိတ်ချ်ထံ သွားလေသည်။

'ဒီမှာ မစ္စ ပိတ်ချ်၊ လက်ထောက် ဆရာဝန်များ အက်ဥပဒေထဲမှာ တော် ဖတ်ဖူးခဲ့တဲ့ အတိုင်း ဆိုရင် ကျွန်တော်ဟာ တစ်နှစ်မှာ နေ့တစ်ဝက် ခံစားခွင့် ရှိပါတယ်၊ ကျွန်တော် အခုလာမယ့် စနေနေ့မှာ ခွင့်သွားချင်ပါ ယ်၊ ကျွန်တော် ကာဒစ်ဖ်ကို ကိစ္စ တစ်ခုနှင့် သွားစရာ ရှိနေလို့ပါ'

'ဒါကတော့ ဒီလို ရှိတယ် ဒေါက်တာ မေဆန်'

မစ္စ ပိတ်ချ်က မလိုတမာသံဖြင့် စကားစသည်။ သူမက ငှားထားသည့် အင်ဒရူးလို လက်ထောက် ဆရာဝန် တစ်ဦးက သူ့ကိုယ်သူ အထင်ကြီး



www.burmeseclassic.com

 www.burmeseclassic.com 

အောက်ခြေ လွတ်ကာ ဟန်ပန် တစ်ခွဲသားနှင့် ဥပဒေ စာအုပ်တွေ ဘာ နှင့် ကိုင်၍ ခွင့်တောင်းရ ကောင်းလားဟု ဒေါပွ သွားလေသည်။ အင်ဒရူး လည်း မသက်သာသော မျက်စိများဖြင့် အတန်ကြာမျှ ကြည့်နေသေးသည်။

'ကောင်းပြီလေ၊ ကျွန်မ နားလည်ပါတယ်၊ ရှင် သွားချင် သွားနိုင်ပါတယ်' အဖြေ ပေးလေ၏။

ပြောရင်းဆိုရင်းကပင် သူမ၏ ခေါင်းထဲသို့ စိတ်ကူး တစ်ခု ဝင် ဟန် ရှိသည်။ သူမ၏ မျက်လုံးများသည် တောက်ပလာပြီး ပါးစပ်မှ ဆဲဆဲ သွားရည်ကို တစ်ချက် သိမ်းလိုက်သည်။

'ရှင် ကာဒစ်ဖ်က ပြန်ရင် ပါရေး ကုမ္ပဏီက မုန့် ဝယ်ခဲ့ပေးပါ၊ မုန့်က သိပ်အရသာ ရှိတာပဲ၊ ကျွန်မ သိပ်ကြိုက်တယ်'

စနေနေ့ ညနေ လေးနာရီခွဲတွင် ခရစ္စတီနှင့် အင်ဒရူးတို့ ကာဒစ်ဖ်သို့ မီးရထားဖြင့် ထွက်ခဲ့ကြလေ၏။ အင်ဒရူးမှာ မိုးမမြင် လေ ဖြစ်အောင်ပင် ပျော်ရွှင်လျက် ရှိရာ ဘူတာထဲ အရောက်တွင် မီးရထား အ သမား တစ်ဦးနှင့် လက်မှတ်ရောင်း စာရေးကြီးတို့ကို အော်ကြီးဟစ်ကျယ် ဖက်လှဲတကင်း နှုတ်ဆက်သေးသည်။

မျက်နှာချင်းဆိုင် ခုံတွင် ထိုင်နေသော ခရစ္စတီအား တစ်ချက် ကြည့်လိုက်သည်။ ခရစ္စတီသည် ရေတပ်ရောင် အင်္ကျီပြာနှင့် စကပ်ကို ထားသဖြင့် ကိုယ်ကာယမှာ အချိုးအစား ကျ၍ ပြေပြစ်လှပေသည်။ သူ စီးနေကျ ဖိနပ် အနက် ခွာမြင့်သည်လည်း ပြောင်လက်နေသည်။ သူမ၏ ကိုယ်လုံးတွင် နှစ်သက် မက်မောစဖွယ် အကောင်းဆုံးသော မျက်လုံး သည် ခရီးထွက်ရခြင်း အတွက် ဝမ်းသာ ကြည်နူးလျက် ရှိကြောင်း ဖော်ပြ ၏။

ခရစ္စတီအား တစိမ့်စိမ့် ကြည့်ရင်း အင်ဒရူး၏ စိတ်မှာ ထူးထူးခြားခြား နူးညံ့ ပျော့ပျောင်းနေပေသည်။ ချစ်ခြင်းမေတ္တာမှ ဖွားမြင် သန့်စင်လာသော ကရုဏာ ရေအလျဉ်သည် တသွင်သွင် စီးလျက် ရှိလေ၏။

ခရစ္စတီနှင့် ယခုလို တရင်းတနှီး တွဲ၍ လာရသည့် အတွက် အတိုင်းမသိ ဝမ်းသာမိသော်လည်း သူ ဖြစ်ချင်သည့် အခြေအနေမှာ ယခုထက် ပို၍ ရင်းနှီးသော ချစ်သူတို့ ဘဝ အခြေအနေမျိုး ဖြစ်၏။ ချစ်သူတို့ ဘဝ ဆိုလျှင် သူသည် ခရစ္စတီအား တယုတယ ပိုက်ထွေး၍ သူ၏ ချစ်ခြင်းမေတ္တာ ကို အပြည့်အဝ ဖော်ပြနိုင်ပေလိမ့်မည်။



'ဒီ နွေရာသီ ကျောင်းပိတ်ရက်မှာ ခရစ္စတီက တစ်နေရာမှာ ရောက် နေဦးတော့မယ်၊ ခရစ္စတီ မရှိရင် ကိုယ် တစ်ယောက်တည်း ပျင်းနေဦးတော့ မယ်'

အင်ဒရူးက အမှတ်တမဲ့ ပြောလိုက်ခြင်း ဖြစ်သော်လည်း ခရစ္စတီ၏ မျက်နှာ နှစ်ဖက်မှာ ရှက်စိတ်ဖြင့် ကြက်သွေးရောင် လွှမ်းလျက် ရှိပေသည်။ အင်ဒရူးကို မကြည့်ဘဲ ရထား ပြတင်းမှ နေ၍ အပြင်သို့ လှမ်းမျှော် ကြည့် နေသည်။ သူသည် နောက်တစ်ကြိမ် ထပ်၍ အမှတ်မထင် ပြောမိပြန်လေ၏။

'ကိုယ့်အနေနှင့် ဒီစကားမျိုး မပြောသင့်ဘူး ထင်ပါရဲ့နော်'

'ကိစ္စ မရှိပါဘူး၊ ဘယ်လိုပဲ ဖြစ်ဖြစ် ရှင် အခုလို ပြောတဲ့ အတွက် ကျွန်မ ဝမ်းသာပါတယ်'

ခရစ္စတီက တိုးတိုးညင်းညင်း ပြန်ပြောလေသည်။

'ခရစ္စတီရယ် ကိုယ်တော့ဖြင့် မင်းကို ချစ်နေပြီ'

ဤစကားလုံးများသည် အင်ဒရူး၏ နှုတ်ဖျားဝယ် တွဲလွဲခိုနေကြသဖြင့် ပြောပြလိုက်ချင်သော စိတ်သည် တားမနိုင် ဆီးမရ ဖြစ်လျက် ရှိ၏။ ကင်းမဲ့သော သူ့ဘဝတွင် သာယာ စိုပြည်မှု ဟူသည်မှာ မရှိခဲ့။ ဘဝ ဆိုသည်မှာလည်း ဝေလာဝေး။ ခရစ္စတီသာ သူ၏ ရာသက်ပန် ဘဝ ဖော် ဖြစ်လာမည် ဆိုပါမူ...။

ချစ်စကား ကြိုက်စကားတွေ ဆိုနေမည့် အစား သူ့အား လက်ထပ်ပါ ဟုပင် ပြောလိုက်ချင်၏။ သူတို့ နှစ်ဦးစလုံးသည် ယယ်ယယ် ကတည်းက မဲ့လာသူများ ဖြစ်ရာ ဘဝတူများဟု ဆိုနိုင်သည်။ ဘဝ တူသော သူတို့ အဖို့ ရာသက်ပန် သေတစ်ပန် သက်တစ်ဆုံး လက်တွဲလိုက်ခြင်းသည် လျှင် အကောင်းဆုံး နည်းလမ်း ဖြစ်လိမ့်မည်ဟု ယုံကြည်မိလေ၏။

သူ့စိတ်က မည်မျှပင် လှုံ့ဆော်နေစေကာမူ သူ့ ပါးစပ်မှာ အားဆေး ထားသလို ဖြစ်နေပေရာ သူ ပြောလိုသည့် စကားများ တစ်လုံးမှ ထွက် လာပေ။ ဤသို့ဖြင့် နောက်ဆုံးတွင် ကာဒစ်ဖ်က အပြန်ကျမှပင် ဖွင့်ဟ တော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။

'ကနေ့ည ပျော်စရာ သိပ်ကောင်းမယ်လို့ ထင်တယ် ခရစ္စတီ သိလား၊ ကိုယ့် သူငယ်ချင်း ဖရက်ဒီ ဟင်မဆန်ဟာ သိပ် သဘောကောင်းတယ်၊ သူဟာ ရင်းရယ် ကောလိပ်မှာ လူချွန် တစ်ယောက်ပေါ့၊ တစ်ခါတုန်းက ကြုံခဲ့ရတဲ့ ဖြစ် တစ်ခုကို မှတ်မိနေသေးတယ်၊ တစ်နေ့မှာ ဆေးရုံ ရန်ပုံငွေ အတွက်



www.burmeseclassic.com

www.burmeseclassic.com

ဂီတ ဆည်းဆာပွဲ တစ်ခု ဒန်ဒီမှာ လုပ်တယ်၊ ထုံးစံအတိုင်း နာမည်ကြီး အဆိုတော်တွေ မင်းသမီး မင်းသားတွေ လာပြီး ကျောင်းခန်းမကြီးထဲမှာ ဖြေဖျော်ကြတာပေါ့၊ အဲဒီတုန်းက ကျောင်းမှာ ဘာပွဲလုပ်လုပ် ဖရက်ဒီ မပါရင် ပွဲမစည်ဘူး ဆိုတာမျိုး ဖြစ်နေတော့ ဖရက်ဒီ ရောက်တယ် ဆိုရင်ပဲ ကလည်း က ဆိုလည်း ဆိုပေါ့၊ ပရိသတ်က သဘောကျလွန်းလို့ လက်ခုပ်သံ တညံညံ ခဏ ခဏ ပွဲတောင်းကြတယ်'

ခရစ္စတီကို ပြုံးလေသည်။

'ဒီလိုဆိုရင် ရှင့် သူငယ်ချင်းက ဆရာဝန် တစ်ယောက်နှင့် မတူ လူကြိုက်များတဲ့ ရုပ်ရှင်မင်းသားနှင့် တူမှာပေါ့နော်'

အင်ဒရူးက အလိုက်သင့် ရယ်သည်။

'အခု အထင်မသေးနှင့်ဦး ခရစ္စတီ၊ မင်း ဖရက်ဒီနှင့် တွေ့ရင် သွားမှာပါ'

မီးရထားသည် ကာဒစ်ဖ်သို့ ခြောက်နာရီ ဆယ့်ငါးမိနစ်တွင် ဆိုက် သည်။ နှစ်ဦးသား နန်းတော် ဟိုတယ်သို့ တိုက်ရိုက် သွားကြသည်။ ကိုယ်တိုင် လာ၍ ကြိုပါမည်ဟု စာထဲတွင် ရေးထားသော်လည်း အင်ဒရူး ဟိုတယ် ဧည့်ခန်းထဲ ဝင်သွားချိန် အထိ ဖရက်ဒီ၏ အရိပ်အယောင်ကို မမြင်ရချေ။

နှစ်ယောက်သား ဧည့်ခန်းထဲတွင် ရပ်၍ ပတ်ဝန်းကျင်ကို ဝေ နေမိကြ၏။ ဧည့်ပရိသတ်မှာ ဧည့်ခန်းနှင့် ပြည့်လုခမန်းပင်။ ဆရာဝန်များ သူတို့ ဇနီးများ၏ စကားပြောသံ၊ ရယ်သံ၊ အပြန်အလှန် နှုတ်ဆက်သံများ သောသောညံကာ အခန်းထဲတွင် ပျံ့လွင့် ပြေးလွှားနေပေသည်။

'ဒေါက်တာ၊ ရှင်နှင့် မစ္စက် စမစ်တို့ ကနေ့ည ကျွန်မတို့ အနား ထိုင်ရမယ်နော်'

'ဟေး ဒေါက်တာ၊ ဒီပွဲ လက်မှတ်တွေ ဘယ်လို လုပ်ကြမလဲ'

ဝင်လိုက်ကြ၊ ထွက်လိုက်ကြ၊ သွားလိုက်ကြ၊ လာလိုက်ကြနှင့် ရှု ရုတ်သဲသဲ ဖြစ်ကာ ပျားပန်းခတ်မျှ လှုပ်ရှားလျက် ရှိ၏။ ရင်ဘတ်တွင် ဖဲကြိုး အနီစကလေးများ တပ်ဆင်ထားသည့် ပုဂ္ဂိုလ်များသည် လက်ထဲတွင် စာရွက် စာတမ်းများ ကိုင်၍ ရောင်စုံ ကျောက်ပြားများ ခင်းထားသော ဧည့်ခန်း သ တလင်းကို ဖြတ်ကာ လူးလာ ခေါက်ပြန် သွားလာ လှုပ်ရှားနေကြသည်။ သူတို့၏ ဟန်ပန် အမူအရာမှာ တကယ့် အရေးပါ အရာရောက်သည့် ပုဂ္ဂိုလ်





များဟန် ဖြစ်လေသည်။

ဧည့်ခန်းမကြီးနှင့် တွဲလျက် ရှိနေသော မျက်နှာချင်းဆိုင် အခန်းတွင်းမှ ဒုံးပြု၍ ဒီဘက်ကို ကြွပါ' ဟူသော အသံသည် ထပ်တလဲလဲ ထွက် လျက် ရှိ၏။ ထိုအခန်းဘက်သို့ ကူးဖြတ်သွားရာ လမ်းကူး၏ အထက် 'ဆေးပညာ ပြခန်း' ဟူသော ဆိုင်းဘုတ် တစ်ခု ချိတ်ဆွဲထားလေသည်။

'ဒီအတိုင်း ဆိုရင် သူတို့ပွဲက ဆိုရှယ်သက်သက်ပဲ' ဟု အင်ဒရူးက ချက်ချသည်။ သူတို့နှစ်ဦးမှာ များလှစွာသော လူစုလူဝေး အလယ်တွင် ယ် ခံနေရသည့် စုံတွဲလို ခံစားလာရသဖြင့် 'ဖရက်ဒီ အကျင့်က ဒီ ိုင်းပဲ၊ မပျောက်သေးဘူး၊ ထုံးစံအတိုင်း နောက်ကျပြန်တာပဲ၊ ကိုယ်တို့ ဘက် လျှောက်ကြည့်ရင် မကောင်းဘူးလား' ဟု ခရစ္စတီဘက်သို့ လှည့် ပြောလေ၏။

နှစ်ဦးသား ပြခန်းတွင်း ဝင်၍ ကြည့်ကြသည်။ မကြာမီ အတွင်းမှာပင် ရူးလက်ထဲ၌ ကြော်ငြာ စာရွက်စာတမ်းများ တစ်ပွေ့တစ်ပိုက်ကြီး ဖြစ် လေ၏။

အင်ဒရူးက ခရစ္စတီကို ကြည့်၍ ပြုံးပြလိုက်ပြီး လက်ထဲမှ စာအုပ်ငယ် အုပ်ကို ပြသည်။ စာအုပ်ပေါ်တွင်

'ဒေါက်တာ၏ ဆေးခန်းတွင် ဆေးများ ကုန်နေပါသလား၊ မည်သို့ ဆေးဝါးကောင်းများဖြင့် ပြန်လည် ဖြည့်တင်းပေးရမည်ကို ကျွန်တော် တို့ ပြပေးနိုင်ပါသည်' ဟု ရေးထားလေသည်။

အင်ဒရူး လက်ထဲတွင် အခြား ဆေးကြော်ငြာ စာအုပ်ငယ်ပေါင်း ဆယ့်ကိုးအုပ်မျှ ရှိနေသေး၏။ ဆေးဝါး ထုတ်လုပ် ရောင်းချသည့် ကုမ္ပဏီများ သူတို့ ဆေးများ အရောင်းရ တွင်ကျယ်အောင် သူ့ထက်ငါ အလုအယက် လုမ်း ဝေငှသည့် စာအုပ်များပေတည်း။

'ဆေးပညာ လောကရဲ့ နောက်ဆုံး ဖြစ်ပေါ် တိုးတက်မှုကတော့ဖြင့် ပွဲ တစ်ပေးသလို ဖြစ်နေပြီ' ဟု အင်ဒရူးက ရေရွတ်မိလေသည်။

ပြခန်း အထွက်ဝနား အရောက်တွင် လူငယ် တစ်ဦးက သူတို့အား ဆီး ၍ တားပြီး အိတ်ဆောင် နာရီနှင့် တူသော ထူးဆန်း လှပသည့် ကိရိယာ တစ်ခုကို ပြသည်။ ပါးစပ်မှလည်း အပြောကောင်းကောင်းနှင့် ကြော်ငြာ ားများ ထွက်လာလေသည်။

'ဒေါက်တာ ခင်ဗျား၊ ဒေါက်တာ့ အနေနှင့် ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့ အင်ဒက်ဆို မိတာကလေးကို စိတ်ဝင်စားလိမ့်မယ် ထင်ပါတ ခင်ဗျာ၊ ဒီကိရိယာကလေးဟာ အမျိုးမျိုး သုံးလို့ ရပါတယ်၊ အချိန်ကျ လည်း တစ်မိနစ် မလွဲပါဘူး၊ အိပ်ရာဘေးမှာ ထားပြီး သုံးရင်လည်း ရ တယ်၊ အဘက်ဘက်က အသုံးဝင်တဲ့ ပစ္စည်းမို့ တန်ဖိုးကြီးကြီး ပေးရ မယ်လို့ မထင်ပါနှင့် ခင်ဗျာ၊ ဒီပစ္စည်းကလေးရဲ့ တန်ဖိုးက မများလှပါ နှစ်ပဲနီသာ ကျပါတယ်၊ ကျွန်တော့်ကို တစ်ဆိတ်လောက် ပြခွင့်ပြုပါ ခင် ဒေါက်တာ မြင်နေရတဲ့ အတိုင်းပါပဲ၊ ရှေ့ဘက်က အပူချိန်ကို ညွှန်ပြပါတ ခိုင်ခွက်ကလေးကို ဟောဒီလို တစ်ချက် လှည့်လိုက်ရင် ကူးစက် စွမ်းအ မြင်ရပါလိမ့်မယ်၊ အထဲမှာ ဆိုရင်တော့...'

လူငယ်သည် သူ့ လက်ထဲမှ ကိရိယာ၏ ကျောဖုံးကို ဖွင့်လိုက် အင်ဒရူး ရှေ့မှောက်သို့ ထိုးပြကာ 'မြင်တဲ့အတိုင်းပါပဲ ခင်ဗျာ၊ အကောင်း အနီရောင်ပေး ဓာတ်ပုံ ဟီမိုကလိုဘင် ရောင်စုံ အညွှန်းလေးတွေပါ၊ ဘက်မှာတော့ အသင့် တွက်ချက်ပြီးသား ဇယားပုံစံ ကလေးနှင့်...'

လူငယ် စကားမဆုံးမီ အင်ဒရူးက ကြားဖြတ်၍ 'ကျွန်တော့် အဘို ဒီကိရိယာလေး တစ်ခု ရှိခဲ့ဖူးတယ်၊ ဒါပေမဲ့ ဘာမှ အသုံးမကျလို့ သူ ဘူး၊ လွှင့်ပစ်လိုက်တယ်' ဟု ခပ်ဆတ်ဆတ် ပြောလိုက်လေသည်။

ပြခန်းထဲမှ ထွက်လာသည့် အချိန်တွင် ခရစ္စတီ၏ မျက်နှာမှာ စေ့စေ့ ဖြစ်နေပေသည်။ 'သူ့ခမျာ သနားစရာ' ဟု ဆိုလိုက်ပြီးမှ 'ဘယ် သူ ပြနေတဲ့ မိတာကလေးကို ကြည့်ပြီး မလှောင်ဝံ့ကြဘူး' ဟု ပြောလေသ

အင်ဒရူးတို့ ဟိုတယ် ဧည့်ခန်းထဲ ပြန်ရောက်မှပင် ဖရက်ဒီ ရော လာသည်။ သူသည် တက္ကစီပေါ်မှ ခုန်ဆင်းကာ ဟိုတယ်ထဲသို့ အပြေးအလွ ဝင်လာသည်။ သူ့နောက်မှ ဂေါက်သီးလွယ်အိတ် လွယ်ထားသော သူ ကလေး တစ်ယောက် ပါလာသေးသည်။ ဝင်လာလျှင် လာချင်းပင် အင် တို့အား မြင်လေရာ ဝမ်းသာ လှိုက်လှဲသော အပြုံးဖြင့် သူတို့ထံ ရောက် လေသည်။

'ဟဲလို ဟဲလို မေဆန်၊ နေကောင်းရဲ့နော် သူငယ်ချင်း၊ ငါ နောက် သွားတယ်ကွာ၊ ဆောရီးပဲ၊ ငါ့ကို ခွင့်လွှတ်ပါ၊ လစ္စတာ ဖလားပွဲ အတွ ဂေါက်သီး ဝင်ရိုက်နေရလို့ နောက်ကျသွားတာပါ၊ အခုလို ပြန်တွေ့ရ သိပ်ဝမ်းသာတယ် သူငယ်ချင်း၊ သိပ်ကို ဝမ်းသာတယ်၊ မင်းကတော့ အရ ပုံစံ အတိုင်းပဲ၊ လုံးဝကို မပြောင်းလဲပါကလား၊ ဟား ဟား'





ဖရက်ဒီက အင်ဒရူး၏ ကျောကို ပုတ်၍ အားပါးတရ နှုတ်ဆက်ရင်း ခရစ္စတီအား တစ်ချက် ဝေ့၍ ကြည့်လိုက်ပြီး 'ဟေ့ ဘယ်လိုလဲ၊ သူငယ် လုပ်ပါဦး၊ ငါ့ကို မိတ်ဆက်ပေးပါဦးဟ၊ မင်း ဘာများ ကြောင်နေရတာ' ဟု ပြောလေ၏။

သုံးဦးသား စားပွဲတစ်လုံးတွင် နေရာယူကြသည်။ ဖရက်ဒီက ယမကာ မျိုး သောက်ရန် အကြံပြုကာ စားပွဲထိုး တစ်ဦးအား လက်ဖျောက်တီး သည်။ သူတို့ သုံးယောက်သည် စပိန် စပျစ်ရည်ကို သောက်ရင်း ထွေရာ ပါး ပြောကြလေ၏။

ဟင်မဆန်က သူ ကစားခဲ့ရသည့် ဂေါက်သီးပွဲ အကြောင်းကို ပြောပြ သူ့ ပြိုင်ဘက်ကို အနိုင်ရရန် ဘယ်လို ခက်ခက်ခဲခဲ ကြိုးစား ရိုက်ခဲ့ ကို အာပေါင်အာရင်း သန်သန်ဖြင့် ပြောပြနေလေ၏။

ဖရက်ဒီ ဟင်မဆန်မှာ အသားအရေ စိုပြည်သည်။ ဆံပင်ကို ကြော့နေ ဖြီးထားသည်။ အဝတ်အစားကို ခေတ်မီမီ ပုံကျကျ ဝတ်ထားသဖြင့် လို့ ကောင်းသလို ရှိသော်လည်း ပင်ကို ဥပမိရုပ်က ပေါ်ပေါ်လွင်လွင် ပေ။ ထည်ဝါသော ဟန်အမူအရာနှင့် ဝတ်စား ဆင်ယင်မှုများကြောင့် ၍ ကျက်သရေ ရှိဟန် ပေါက်နေခြင်း ဖြစ်၏။ သူ၏ ပုံပန်း အသွင် မှာ အခြားသူများထက် ထူးခြားခြင်း မရှိပေ။

မျက်နှာထားကတော့ ခပ်ကြွားကြွားဟန် ပေါက်သည်။ ဘဝင်မြင့်သည့် သည်း ပေါက်သည်။ သို့သော်လည်း သူ၏ ပြောပုံ ဆိုပုံ ဟန်အမူအရာ များမှာ တစ်ဖက်သားကို ဆွဲဆောင်နိုင်စွမ်း ရှိသည်။ တကယ်တော့ ဟင်မဆန်သည် အချိန်အခါနှင့် အခြေအနေကို ကြည့်၍ အလိုက်သင့် သင့် ပေါင်းတတ်သူ ဖြစ်၏။ မည်သူ့ကိုမဆို အလွယ်တကူနှင့် မိတ် ဖြစ်လာအောင် စည်းရုံး ပေါင်းသင်းတတ်သူ ဖြစ်လေသည်။

ဤအရည်အချင်းကြောင့်ပင်လျှင် တက္ကသိုလ်တွင် နေခဲ့ကြစဉ်က အပြစ် ဘာလျှင် တွေ့လာသလို မညှာမထောက် ပြောတတ်သော ရောဂါဗေဒ ဒေါက်တာ မြူရာက ကျောင်းသား အားလုံး ရှေ့တွင် အလွန် စိတ် သာသော မျက်နှာထားဖြင့် ဖရက်ဒီ ဟင်မဆန်အား စေ့စေ့ကြည့်ကာ...

'မင့်ကို မေးလိုက်ရင် မင်းသိတာ မင်းတတ်တာ ဘာတစ်ခုမှ မရှိဘူး ဒီ၊ ပွဖောင်းနှင့် တူတဲ့ မင်းရဲ့ စိတ်ထဲမှာ တစ်ကိုယ်ကောင်းဆန်တဲ့ သွေးနှင့်ပဲ ပြည့်နေတယ်၊ တခြား အရာဝတ္ထု ဆိုလို့ ဘာမှ မရှိဘူး ဒါ



www.burmeseclassic.com

www.burmeseclassic.com



ပေမဲ့ မင်းဟာ ဘယ်တော့မှ အရှုံးနှင့် ရင်ဆိုင်ရမယ့် လူ မဟုတ်ဘူး ဆိုတ
ငါ ပြောရဲတယ်၊ တို့များရဲ့ တက္ကသိုလ်တွေမှာ စာမေးပွဲလို့ သိထားကြ
ကစားပွဲကြီးမှာ မင်း ခိုးချလို့ အောင်သွားရင် ငါ အခုကတည်းက ဗေဒင် ဟော
ထားလိုက်မယ်ကွာ၊ မင်းရဲ့ အနာဂတ် ဘဝဟာ ကြီးပွားပြီး သာယာ နေ
မှာပဲ' ဟု ခပ်ပြောင်ပြောင်တင်းတင်း ပြောခဲ့ဖူးလေသည်။

သုံးဦးသား အသားကင် အမျိုးမျိုး မှာယူ စားသောက်နိုင်သည့် အခ
တွင်းသို့ ညစာ စားရန် သွားကြသည်။ ဖရက်ဒီကမူ သူ ယနေ့ည ဧည့်ခံပွဲ
တက်စရာ ရှိနေသည်။ ကပွဲ ပါသော ဧည့်ခံပွဲများမှာ မျက်စိနောက်
ကောင်းလှသဖြင့် မတက်လိုသော်လည်း သူ မပါလျှင် မဖြစ်၍ အနည်း
မျက်နှာတော့ ပြမှ ဖြစ်မည်ဟု ဆိုလေသည်။

အစားအသောက်များ ရောက်အလာကို စောင့်ရင်း ဖရက်ဒီက ရှေးဟော
နှောင်းဖြစ်များကို စားမြုံ့ပြန်လေသည်။

'ငါတော့ ဒီလို ဖြစ်လာလိမ့်မယ်လို့များ လုံးလုံး မထင်ခဲ့ပါဘူး၊ တို
သူငယ်ချင်း မေဆန် တစ်ယောက် တောင်ပိုင်း ဝေလနယ်ထဲက တောင်
ဒေသမှာ သွားပြီး မထင်မရှား သာမည လူတစ်ယောက် အဖြစ်နှင့် ကိုယ့်
ကိုယ် ဇာတ်မြှုပ် သွားလိမ့်မယ်လို့ မထင်ခဲ့မိတာ အမှန်ပါကွာ'

'သူ့ဘဝ အမြှုပ်ခံသွားရပြီလို့ ရှင်က တကယ်ပဲ ထင်နေသလား'

ခရစ္စတီက ပြုံး၍ ဖရက်ဒီအား မေးသည်။ ခရစ္စတီ၏ အဖြ
အသက်တော့ မပါလှချေ။ တမင်တကာ ကြိုးစား၍ လုပ်ထားရသည့် အ
အားလုံးပင် ခေတ္တမျှ ငြိမ်ဆိတ်သွားသည်။

ဖရက်ဒီကမူ ခရစ္စတီ၏ အမေးကို မကြားဟန် ပြုကာ အခန်းတွ
ပြည့်နေသည့် ပရိသတ်ကို လှည့်ကြည့်လိုက်ပြီး အင်ဒရူး မျက်နှာကို လှမ်း
ကာ သွားဖြီးပြလေ၏။

'တို့များရဲ့ ညီလာခံကို မင်း ဘယ်လို မြင်သလဲ၊ ဆိုစမ်းပါဦး'

ညီလာခံ၏ အကျိုးသက်ရောက်မှု အပေါ်တွင် သံသယ ကြီးစွာ
နေသော အင်ဒရူးသည် ဘယ်လို အဖြေမျိုး ပေးရမှန်း မသိချေ။ 'သိပ်
လှပါဘူး၊ ငါ့ အထင်တော့ အမြဲတမ်း ခေတ်နှင့်အမီ လိုက်နိုင်အောင်
နိုင်ဖို့ အခွင့်အလမ်း အမြဲ ရှိနေတာပေါ့' ဟု ဖြေသည်။

'ဟား ဟား ဟား၊ ခေတ်နှင့်အမီ လိုက်နိုင်အောင် ဟုတ်လား၊
လိုက်ရဦးမယ်၊ အခု ညီလာခံ လုပ်နေတာ တစ်ပတ်လောက် ရှိပြီ ငါ့





ဖွဲ့လိုက် ခွဲပြီး လုပ်နေတဲ့ ဆွေးနွေးပွဲတွေ ရှိတယ် မဟုတ်လား၊ အဲဒီ ဆွေး
နွေးပွဲတွေထဲက ဘယ်ဆွေးနွေးပွဲကိုမှ ငါ မတက်သေးဘူး သိလား၊ အရေးကြီး
တာက ဆွေးနွေးပွဲ မဟုတ်ဘူး သူငယ်ချင်းရဲ့၊ ဆွေးနွေးပွဲ မဟုတ်ဘူး၊ အရေး
ကြီးဆုံး အချက်က ဒီ ညီလာခံ တက်လာတဲ့ လူတွေထဲက ကိုယ့်အတွက်
အကျိုးပြုနိုင်မယ့် လူတွေနှင့် အဆက်အသွယ် ရအောင် ပေါင်းတတ် သင်း
တတ်ဖို့ အဖွဲ့ကျဖို့ပဲ၊ အထူးသဖြင့် နာမည်တစ်လုံး ရပြီး ထင်ရှား ကျော်ကြား
တဲ့ ဆရာဝန်ကြီးတွေ၊ ကိုယ်ဖြစ်ချင်တာ လုပ်ပေးနိုင်မယ့် ဩဇာ ရှိတဲ့ ဆရာ
ဝန်ကြီးတွေနှင့် ရင်းနှီးအောင် လုပ်ဖို့ပဲ၊ ဒါ့ကြောင့် ဒီညီလာခံမှာ သူငယ်ချင်း
အနေနှင့် တွေ့သမျှ လူတွေနှင့် ရောဖို့သာ အဓိက ထားရမယ်၊ ဆွေးနွေးပွဲ
တာတွေက အရေးမကြီးဘူး၊ ဒီတစ်ပတ် အတွင်းမှာ ကိုယ့်အနေနှင့် ဩဇာ
အာ ရှိပြီး ကိုယ့်ကို အခွင့်အရေး ပေးနိုင်တဲ့ လူ ဘယ်နှဦးလောက်နှင့်
င်းနှီးသွားပြီ ထင်သလဲ၊ ဟူး... ဟူး၊ ငါ ညီလာခံ လာတာ ဒါပဲ၊ ဒီ ရည်
ယ်ချက်ပဲ ရှိတယ်၊ ခေတ်နှင့်အမီ ဖြစ်ဖို့ ဆိုတာတွေ ဘာတွေ ငါ့ခေါင်းထဲ
လုံးဝ မရှိဘူး၊ လိုလည်း မလိုပါဘူး၊ ဒီ ညီလာခံက ပြန်ရင် သူတို့ဆီ ဖုန်း
က်လိုက်၊ သူတို့နှင့် အတူတူ သွားလိုက် လာလိုက် ဂေါက်သီး ရိုက်လိုက်၊
ဲ လုပ်ရမယ်၊ ဒါပဲ လုပ်ဖို့ လိုတယ်၊ ဒါပဲ ဒါပဲ၊ တခြား ဘာမှ လုပ်စရာ
ိုဘူး၊ အလုပ်က အရေးကြီးတာ မဟုတ်ပါဘူး၊ အဲဒါကသာ အရေးကြီးတာ၊
း ငါ ပြောတာတွေကို အခုတော့ မင်း လက်ခံနိုင်ဦးမှာ မဟုတ်ဘူး၊ နောင်
စ်ချိန်ကျတော့မှ ဖရက်ဒီ ပြောခဲ့တဲ့ စကားတွေဟာ သိပ် မှန်ပါကလားလို့
ိလာလိမ့်မယ် သူငယ်ချင်း၊ ဒီမှာ သူငယ်ချင်းရဲ့၊ အလုပ် လုပ်ဖို့ မလိုဘူး၊
လုပ် တတ်ဖို့ မလိုဘူး၊ အထာ သိဖို့ပဲ လိုတယ်'

'ငါတော့ဖြင့် မင့် အယူအဆတွေကို နားမလည်သေးတာ အမှန်ပဲ
က်ဒီ'

'လွယ်လွယ်ကလေးပါ မောင်ရာ၊ နားလည်ဖို့ ခဲယဉ်းတဲ့ ကိစ္စ မဟုတ်
ဘူး၊ အခု လောလောဆယ် ငါ ညီလာခံ တက်နေတယ်၊ ဒါပေမဲ့ ညီလာခံ
ဘာတွေ ပြောကြ ဆိုကြ ဆွေးနွေးကြတယ် ဆိုတာ ငါ့အလုပ် မဟုတ်ဘူး၊
်လည်း မဝင်စားဘူး၊ နားလည်း မထောင်ချင်ဘူး၊ နားထောင်နေဖို့လည်း
ိုပါဘူးကွာ၊ အလကားဟာတွေပါ၊ လူက ဒီမှာ ရှိနေပေမဲ့ ငါ့စိတ်ကတော့
ဒန် မြို့ကြီးရဲ့ အနောက်ပိုင်းမှာ အခန်း တစ်ခန်း ရအောင် ဘယ်လိုလု
င်းပြီး ဘယ်လို ကြံရ ဖန်ရပါ့မလဲ ဆိုတာ တစ်ခုပဲ စဉ်းစားနေတယ် အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

အခန်းကလေး အပြင်ဘက်မှာ ဖရက်ဒီ ဟင်မဆန် အမည်နှင့် ဆိုင်းဘုတ် လှလှကလေး ချိတ်မယ်၊ ဆရာဝန် အပေါင်းအသင်း များလာအောင် လုပ်မယ်၊ များလာရင် သူတို့ တစ်တွေက တစ်ဆင့် လူနာတွေ ငါ့ဆီ လွှတ်ပေးမယ်၊ လူ နာ များများ ရရင် ဝင်ငွေ ကောင်းကောင်း ရမယ်၊ ငါ နာမည်ကြီးလာမယ် မရှင်းဘူးလား၊ မင်းက ငါ့နောက်ကျော ကုတ်ပေးရင် ငါကလည်း မင်းနောက် ကျော ပြန်ကုတ် ပေးရမှာပေါ့ကွာ၊ ဒါဟာ သဘာဝကျတဲ့ သဘောတရားပဲ၊ ဟဲ ဟဲ၊ နားလည်မှုပေါ့ သူငယ်ချင်းရာ၊ နားလည်မှုပေါ့'

ဖရက်ဒီသည် စပျစ်ရည်ကို အရသာခံ၍ တမြုံ့မြုံ့ သောက်ရင်းက စကားကို ဆက်ပြန်လေသည်။

'မြို့ ဆင်ခြေဖုံး ရပ်ကွက်တွေမှာလည်း လူနာ များများ ကုနိုင်တာပဲ သိလား၊ ကုန်ကုန် ပြောလိုက်မယ်ကွာ၊ နောက် တစ်နှစ် နှစ်နှစ် ဆိုရင် မင်း ဒရင်းဖီးမြို့က လူနာတွေတောင်မှ လမ်းညွှန်ပေးရင် ကိုယ့်ဆီ ရောက်လာ နိုင်သေးတယ်၊ ဘယ့်နှယ် သဘောရသလဲ သူငယ်ချင်း၊ မင်း ကိုယ့်ဆီကို လူနာ တွေ လွှတ်ပေးမယ် မဟုတ်လား'

ခရစ္စတီသည် ဖရက်ဒီ ဟင်မဆန်၏ မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့် လိုက်ပြီး ဆိုးဆိုးဆတ်ဆတ်နှင့် တစ်စုံတစ်ခု ပြောရန် ဟန်ပြင်သည်။ သို့ သော်လည်း မပြောဖြစ်ပေ။ သူမ၏ စိတ်ကို ပြန်လည် ထိန်းချုပ်ကာ မျက် လွှာကို ချ၍ ငြိမ်ဆိတ်နေသည်။ သူမ၏ မျက်လုံးများကို သူမ၏ ရှေ့မှောက် ပန်းကန်ပြားပေါ်၌သာ စူးစိုက်ထားလေ၏။

'ကဲ ကဲ လုပ်စမ်းပါဦး၊ ကိုယ့်ကို မင်းအကြောင်း ပြောပြစမ်းပါဦး၊ မင်း ဘာတွေ လုပ်နေတယ် ဘာတွေ ဖြစ်နေတယ် ဆိုတာကို သိစမ်းပါရစေဦး'

'အိုကွာ မထူးလှပါဘူး၊ ငါ့အကြောင်းက ထူးထူးခြားခြား ပြောစရာ ဘာမှ မရှိပါဘူး၊ သစ်သားနှင့် ဆောက်ထားတဲ့ ဆေးခန်း ကုပ်ကုပ်ကလေးထဲမှာ တစ်နေ့ တစ်နေ့ လူနာ သုံးဆယ်လောက် ကြည့်ရတယ်၊ လူနာတွေက သတ္တု တွင်း အလုပ်သမားတွေနှင့် သူတို့ သားသမီး သားမယားတွေ'

'မင်း အဖြစ်ကလည်းကွာ ကြားရတာ စိတ်မကောင်းစရာကြီးပါလား'

ဖရက်ဒီက ခေါင်းတယမ်းယမ်း လုပ်ကာ တကယ် စိတ်မကောင်းဟန်ဖြင့် ပြောနေသော်လည်း အင်ဒရူးကတော့ ဂရုမစိုက်ပေ။ အေးအေးဆေးဆေးပင်

'ငါကတော့ ပျော်နေတာပဲ သူငယ်ချင်း၊ ငါ့ အလုပ်နှင့် ငါ ပျော်သလို သိပ်ပျော်ပဲ'





ခရစ္စတီက ဝင်၍ ပြောလာသည်။

'ပျော်မှာပေါ့၊ ရှင်က အလုပ်ကို တကယ် လုပ်နေတာပဲ၊ အမှန်တော့ သည်၊ ရှင့်အလုပ်ကမှ တကယ့် အလုပ်'

'ဒါပေါ့ ခရစ္စတီ၊ ဒါကြောင့်လည်း ကိုယ်တော့ဖြင့် ကိုယ့်အလုပ်နှင့် ကိုယ် ပျော်နေတာပဲ၊ ဒီမယ် ဖရက်ဒီ၊ မင်းနှင့် တွေ့တုန်း တစ်ခု ပြောရဦးမယ်၊ ကြာသေးခင်က အလွန် စိတ်ဝင်စားစရာ လူနာ တစ်ယောက် တွေ့ရတယ်၊ ဒီ လူနာ အကြောင်းကို ရေးပြီး ဆေးပညာ ဂျာနယ်ကိုတောင် ငါ ပို့ထား သေးတယ်'

အင်ဒရူးက အင်မလီ ဟူး၏ ရောဂါ အကြောင်းကို အတိုချုပ်၍ ပြော သည်။ ဖရက်ဒီကမူ အင်ဒရူး ပြောပြနေသမျှကို အလွန်အမင်း စိတ်ပါ စားလေဟန် ပြု၍ နားထောင်နေသော်လည်း သူ့မျက်လုံးများမှာ ဂနာမငြိမ် ။ ဟိုကြည့် သည်ကြည့်နှင့် ယောက်ယက်ခတ်လျက် ရှိလေသည်။

အင်ဒရူး၏ စကားအဆုံးတွင် 'သိပ်ကောင်းတဲ့ လူနာမျိုးပဲ၊ ဒီလူနာရဲ့ ရောဂါမျိုးဟာ သိပ်ပြီး စိတ်ဝင်စားစရာ ကောင်းတယ်ကွ' ဟု မှတ်ချက် ချလေသည်။

'မင်း တွေ့ရတဲ့ ဟာမျိုး၊ အဲ... ဘာတဲ့၊ အဲ... အဲ... လည်ပင်းကြီး ဆို၊ ဆွစ်ဇာလန် နိုင်ငံနှင့် တချို့ ဒေသတွေမှာပဲ တွေ့နိုင်မယ် ထင်တယ် လား၊ အေးပါလေ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့၊ မင်းအနေနှင့် ဆေးကုခ ထိုက် ထိုက်တန်တန် ရဖို့တော့ လိုတယ်ကွ၊ ရလိမ့်မယ်လို့လည်း ငါ မျှော်လင့်ပါ တယ်ကွာ၊ ကနေ့ပဲ စကားစပ်မိလို့ ငါ့ သူငယ်ချင်း တစ်ယောက်က ဆေးဝါး ကုသခ ကိစ္စကို ပြောသွားသေးတယ်'

ဖရက်ဒီသည် ပြန်လည် သွက်လက် တက်ကြွလာပြန်သည်။ သူ့ အစီ အစဉ်များကို အားရပါးရ စီကာပတ်ကုံး ပြောပြနေပြန်သည်။ သူ့ မိတ်ဆွေ တစ်ဦး အကြံပေးသည့် အတိုင်း ဆေးကုခကို ချက်လက်မှတ် လက်မခံဘဲ ငွေ သား လက်ခံခြင်းသည် အကောင်းဆုံး ဖြစ်မည်ဟု သူ ထင်ကြောင်း ပြော သည်။ သူ့စကား မဆုံးခင်မှာပင် ညစာ စား၍ ပြီးသွားသဖြင့် သူသည် လက် ဆွတ်ရင်းနှင့် ထိုင်ရာမှ ထလေ၏။

'တို့များ ဧည့်ခန်းထဲ ရောက်မှပဲ ကော်ဖီ သောက်ကြတာပေါ့၊ တို့ရဲ့ ဘူးနွေးပွဲလည်း အပြင် ဧည့်ခန်း ရောက်မှပဲ နိဂုံးချုပ်ကြတာပေါ့၊ မကောင်း ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



ဆယ်နာရီထိုးဖို့ ၁၅ မိနစ် အလိုတွင် သူမှာ ဆေးလိပ် တစ်လိပ်လည်း ကုန်ပြီ။ ပြောစရာ ရှိသည်များကို ပြောရလွန်း၍ မောလည်း မော ဖရက်ဒီသည် တစ်ချက် သမ်းဝေလိုက်ပြီး သူ့လက်မှ အဖိုးတန် ပလက် ရွှေလက်ပတ်နာရီကို ကြည့်လိုက်လေ၏။

အရိပ်အခြည်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေသော ခရစ္စတီ သူ့ထက် လျှင်မြန်သည်။ အင်ဒရူးဘက် လှည့်၍ ပြုံးပြလိုက်ပြီး ကုလားထိုင် မှ ထရပ်လိုက်ကာ 'မီးရထားအချိန် နီးနေပြီ မဟုတ်လား အင်ဒရူး' ဟု ပြော လိုက်လေ၏။

အင်ဒရူးက 'နောက်ထပ် နာရီဝက်လောက်တော့ နေပါဦး' ဟု ခရစ္စ တီအား တားရန် ကြံဆဲမှာပင် ဖရက်ဒီထံမှ 'ငါမှာလည်း ဒီည ကပွဲ သွားဖို့ ရှိနေသေးတယ် သူငယ်ချင်း၊ ဒီည ကပွဲကို ငါ အလွတ်မခံနိုင်ဘူး' ဟူသော အသံ ထွက်လာသဖြင့် အသာ ငြိမ်နေလိုက်ရလေ၏။

ဖရက်ဒီက သူတို့အား ဟိုတယ် တံခါးဝ အထိ လိုက်ပို့သည်။

'ကဲ သူငယ်ချင်း'

ဖရက်ဒီက အင်ဒရူး၏ လက်ကို ဆွဲကာ ကျန် လက်တစ်ဖက်ဖြင့် ပခုံး ကို တရင်းတနှီး ပုတ်၍ 'လန်ဒန် အနောက်ပိုင်းမှာ ကြေးဝါ ဆိုင်းဘုတ်ကလေး တင်တဲ့ အခါကျတော့ ငါ မင်းဆီကို ဖိတ်စာ တစ်စောင် ပို့လိုက်မယ်' ဟု ပြောလေသည်။

အပြင်ဘက်တွင်ကား ပူနွေးသော ညနေခင်း လေသည် အေးအေး မှန်ကလေး တိုက်ခတ်လျက် ရှိလေ၏။

အင်ဒရူးနှင့် ခရစ္စတီသည် ပန်းခြံလမ်း တစ်လျှောက် ငြိမ်သက် တိတ် ဆိတ်စွာ လျှောက်လာကြသည်။ အင်ဒရူး၏ ခေါင်းမှာ နောက်ကျို ရှုပ်ထွေး လျက် ရှိရလေ၏။ ယနေ့ ညနေခင်း သူ့ အစီအစဉ်အရ သူကိုယ်တိုင် ပါဝင် ခဲ့သော ညစာ စားပွဲမှာ သူ မျှော်လင့်ထားသလောက် မအောင်မြင်ခဲ့ပေ။ ခရစ္စ တီ ခမျာလည်း မျှော်လင့်ထားသလောက် မပျော်ခဲ့ရသည်မှာ ထင်ရှားနေ၏။

ခရစ္စတီ တစ်စုံတစ်ရာ ပြောလာလိမ့်မည်ဟု သူ မျှော်လင့် စောင့်စား နေသော်လည်း ခရစ္စတီထံမှ အသံပင် ထွက်မလာပေ။ နောက်ဆုံးတွင် မအောင့်နိုင်တော့သဖြင့် သူကပင် စ၍ စကား ပြောရလေတော့၏။

'ကိုယ်နှင့် ဖရက်ဒီတို့ ပြောနေကြတဲ့ ဆေးပညာ အကြောင်းတွေ နား ထောင်ရတာ ပျင်းမသွားဘူးလား ဟင်'





'ဟင့်အင်း၊ ကျွန်မ မပျင်းပါဘူး၊ နည်းနည်းကလေးမှ မပျင်းပါဘူး'

ခရစ္စတီက ဤမျှသာ ပြောပြီး စကားမဆက်သဖြင့် အတန်ကြာအောင် သက် တိတ်ဆိတ် သွားပြန်လေရာ အင်ဒရူးကပင် စရပြန်လေ၏။

'ဖရက်ဒီ ဟင်မဆန်ကို ခရစ္စတီ သဘောကျတယ် မဟုတ်လားဟင်'

'ဟင့်အင်း၊ ကျွန်မတော့ သိပ်ပြီး သဘောမကျပါဘူး'

ခရစ္စတီက သူ့အား လှမ်းကြည့်သည်။ သူမ၏ လှပသော မျက်လုံးများ သည် ရိုးသား ဖြောင့်မတ် ဖြူစင်မှုများကို ဖော်ပြလျက် ရှိပေသည်။

'ဟင်း တစ်ညနေလုံး ထိုင်ပြီး ပြောသွားလိုက်တဲ့ သူ့ စိတ်ကူးတွေ၊ ကြံအစည်တွေ၊ အယူအဆတွေ၊ သူ့ရဲ့ ဖယောင်းသားလို ဖွေးဖွေးလှုပ်နေတဲ့ ပင်တွေ၊ အပေါ်စားဆန်ဆန် ဟန်ဆောင်ပြီး တမင် လုပ်ယူထားရတဲ့ ပြုံးတွေ၊ ပြီးတော့ ရှင့်အပေါ်မှာ တကယ် ခင်သလိုလို၊ အရေးတယူ လုပ် သလိုလို၊ ကောင်းစေချင်သလိုလိုနှင့် နှိမ့်ချသွားတာတွေ၊ အို... အလကား တွေ'

'ကိုယ့်ကို နှိမ့်ချသွားတယ် ဟုတ်လား ခရစ္စတီ၊ တောက်တီး တောက်'

အင်ဒရူးက ခရစ္စတီ၏ စကားကို သံယောင်လိုက်ကာ ရေရွတ်သည်။ စ္စတီကလည်း ခေါင်းကို ခပ်ဆတ်ဆတ် ညိတ်ပြလိုက်သည်။

'စဉ်းစားလိုက်ရင် နည်းနည်းကလေးမှ သည်းခံနိုင်စရာ မရှိဘူး၊ သူ့ ငယ်ချင်း တစ်ယောက်က ဆေးကုခကို ဘယ်လို ယူရင် 'အကောင်းဆုံး မယ် ဆိုတာ သူ့ကို ပြောသတဲ့၊ ဆရာဝန် တစ်ယောက် အနေနှင့် ပြော တဲ့ စကားတဲ့လား၊ ရှင်က အင်မလီ ဟူးရဲ့ ရောဂါ အကြောင်း ပြောပြ တော့ သူ ဘာပြန်ပြောသလဲ၊ ရှင် ပြန်စဉ်းစားစမ်းပါ၊ လည်ပင်းကြီး ရောဂါတဲ့၊ ပြောတာ သူ ဘယ်လောက် စိတ်ဝင်စားသလဲ ဆိုတာ ထင်ရှားနေတာပဲ၊ ဆရာဝန် မဟုတ်တဲ့ ကျွန်မတောင်မှ သူ အလွဲလွဲ အမှားမှား ခေါ်နေတယ် ဆိုတာကို သိတယ်၊ ပြီးတော့ ဘာတဲ့၊ ရှင်က သူ့ဆီကို လူနာတွေ လွှတ်ပေးဖို့ ပြောနေတာများ အရှက်နည်းလိုက်တဲ့လူ'

ခရစ္စတီက နှုတ်ခမ်းကို တစ်ချက် မဲ့လိုက်ပြီး 'ဝတ်ပုံ စားပုံ ပြောပုံ သားနားတာ၊ ခမ်းနားတာ၊ ကြီးကျယ်တာ၊ ထည်ဝါတာ၊ ဟန်အမူအရာ ကောင်းတာက လွဲလို့ ဘာမှ အနှစ်သာရ မရှိတဲ့လူ' ဟု ဒေါသတကြီး ပြော လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

'အိုလေ၊ ကျွန်မ အတော့်ကို ကြိုးစားပြီး သည်းခံခဲ့ရတယ် သိလား၊ ရှင့်ကို အရေးတယူ လုပ်သလိုလိုနှင့် သူက အပေါ်စီးကနေပြီး ပြောဆိုသွားလိုက်တာ'

'ကိုယ့်ကို နှိမ့်ချပြီး သူက အပေါ်စီး လုပ်သွားတယ် ဆိုတာတော့ ဟုတ်မယ် မထင်ပါဘူး ခရစ္စတီ၊ ဒီလို မထင်ပါဘူး'

အင်ဒရူးက သူ့ ထင်မြင်ချက်ကို ပြောသည်။ သူသည် ရုတ်တရက် စကားကို မဆက်သေးဘဲ ခဏမျှ ရပ်ကာ စဉ်းစားနေသေးသည်။

'ကနေ့ည ဖရက်ဒီကို ကြည့်ရတာ သူ့ကိုယ်သူ နည်းနည်း အထင်ကြီးနေတဲ့ ပုံမျိုး ပေါက်နေတယ် ဆိုတာတော့ ကိုယ် ဝန်ခံပါတယ် ခရစ္စတီ၊ ဒါပေမဲ့ သဘော အလွန်ကောင်းတဲ့ ကောင်ပါ၊ ကောလိပ်မှာတုန်းက ဆိုရင် ကိုယ်နှင့် သူဟာ အခင်မင်ဆုံး သူငယ်ချင်းတွေပဲ၊ သူ ကိုယ့်ကို သိပ်ခင်တယ်ကွယ်'

'ဒါကတော့ သူ့အတွက် ရှင်က တစ်နေရာရာမှာ အသုံးဝင်နေလို့ ဖြစ်မှာပေါ့၊ သူ အကျိုးရှိရာ ရှိကြောင်း အတွက် ရှင့်ကို အသုံးချလို့ ရနေလို့ သခင်တာ ဖြစ်မှာပေါ့'

ခရစ္စတီကတော့ အင်ဒရူး၏ ထင်မြင်ချက်ကို လုံးဝ လက်မခံပေ။ သူမ၏ စိတ်ထဲတွင် ရှိသည့် အတိုင်းပင် ခါးခါးသီးသီး ပြောသည်။ ခရစ္စတီ တစ်ယောက် ဤမျှလောက်အထိ တောက်တောက်ခါးခါး နာနာကြည်းကြည်း ပြောသည်ကို အင်ဒရူး မကြုံခဲ့ဖူးပေ။ သူသည် စိတ်လက် မချမ်းမြေ့စွာနှင့် ခရစ္စတီအား တောင်းပန်စကား ဆိုလေသည်။

'ဒီလောက် အထိတော့လည်း မပြောပါနှင့် ခရစ္စတီရယ်'

'ဒါကတော့ ရှင့်မှာ'

စိတ်တိုနေပြီ ဖြစ်သော ခရစ္စတီက ဒေါသတကြီးနှင့် အော်လိုက်သည်။ သူမ၏ မျက်လုံးထောင့်ဝယ် မျက်ရည်စများသည် ပုလဲလုံးများ သဖွယ် တွဲခိုလျက် ရှိကြလေ၏။

'ဒါကတော့ သူဟာ ဘယ်လို လူစားမျိုး ဆိုတာကို မမြင်နိုင်လောက်အောင် ရှင့် မျက်စိတွေမှာ တိမ်သလာ ဖုံးနေလို့ ဖြစ်မှာပေါ့၊ သူဟာ ကျွန်မတို့ရဲ့ ပျော်စရာ ကောင်းတဲ့ ခရီးကို ဖျက်ဆီးပစ်တဲ့ လူပဲ၊ သူနှင့် တွေ့တဲ့ အချိန်ထိ ကျွန်မ ပျော်ခဲ့ပါသေးတယ်၊ သူ့အကြောင်းလည်း ပြောရော ကျွန်မ စိတ်ညစ်တာပဲ၊ ကနေ့ည ဗွီတိုးရီးယား ခန်းမှာ ကပွဲ တစ်ခု ရှိတယ်၊ သိပ်ကောင်းမယ့် ကပွဲပဲ၊ ကျွန်မတို့ သွားသင့်တယ် သိလား၊ ဒါပေမဲ့ အခုတော့ ပျက်သွားပြီ၊ ကျွန်မတို့မှာ အချိန် နောက်ကျသွားလို့ မပျော်ရပေမဲ့ ရှင့် သူငယ်ချင်းမှာတော့ ကပွဲ သွားဖို့ နောက်မကျဘူး'





နှစ်ဦးသား နေ့ကွေး လေးလံသော ခြေလှမ်းများဖြင့် ဘူတာဆီသို့ လျှောက်ခဲ့ကြသည်။ ခရစ္စတီ စိတ်ဆိုးသည်ကို မြင်ဖူးသည်မှာ ယခုအကြိမ်သည် ပထမဆုံး အကြိမ် ဖြစ်သည်။ အမှန်တော့ သူ ကိုယ်တိုင်မှာလည်း ဒေါသဖြစ်လျက် ရှိသည်။ သူ့ကိုယ်သူလည်း ဒေါပွသည်။ ဟင်မဆန်ကိုလည်း ဒေါပွသည်၊ ပြီးတော့ ခရစ္စတီ။

ဟုတ်သည်။ ခရစ္စတီ အပေါ်တွင်လည်း သူ ဒေါပွမိလေသည်။

ခရစ္စတီ ပြောခဲ့သည့် အတိုင်းပင် ယနေ့ ညနေခင်းသည် ပျော်စရာ ဖြစ်မလာတော့။ မကျေနပ်မှု အရိပ်အငွေ့များ ယှက်သန်းနေသည့် ခရစ္စတီ၏ မျက်နှာကို ကြည့်၍ စိတ်မချမ်းမြေ့ ဖြစ်လျက် ရှိလေ၏။

နှစ်ဦးသား ငြိမ်ဆိတ်စွာဖြင့် ဘူတာရုံထဲသို့ ဝင်ခဲ့ကြ၏။ အထက် စင်္ကြံပေါ်သို့ အတက်တွင် တစ်ဖက် စင်္ကြံပေါ်၌ ရပ်နေသော လူနှစ်ယောက်ကို မြင်လိုက်ရ၏။ မြင်လျှင် မြင်ချင်းပင် သူတို့ နှစ်ယောက်အား မှတ်မိသည်။ မစ္စက် ဘရမ်းဝဲလ်နှင့် ဒေါက်တာ ဂေဘဲလ်တို့ စုံတွဲပေတည်း။

ထိုအခိုက်မှာပင် ပို့သ်ကောလ်ဆိပ်သို့ သွားမည့် လော်ကယ် ရထား ဝင်လာရာ ဂေဘဲလ်နှင့် မစ္စက် ဘရမ်းဝဲလ်တို့သည် ရထားပေါ်သို့ တက်သွားကြလေ၏။

သူတို့ နှစ်ဦးသည် ရွှင်လို့ မြူးလို့ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ကာ ပြုံးလို့ ရယ်လို့။

ဂါတ်ဗိုလ်၏ ခရာမှုတ်သံကို ကြားလိုက်ရ၏။ ပြီးတော့ သူ့ မျက်စိအောက်မှ မီးရထား ထွက်သွားလေသည်။

အင်ဒရူး၏ စိတ်သည် တိုး၍ပင် နောက်ကျိ ရှုပ်ထွေးသွားလေ၏။ အလိုလို နေရင်းက ဝမ်းနည်းစိတ် ယိုဖိတ်လာသည်။ ခရစ္စတီ၏ မျက်နှာကို တပျာကယာ လှမ်းကြည့်ပြီး အကဲခတ်သည်။ ဂေဘဲလ်နှင့် မစ္စက် ဘရမ်းဝဲလ်တို့ စုံတွဲကို ခရစ္စတီ မမြင်တွေ့ပါစေနှင့်ဟုလည်း ကျိတ်၍ ဆုတောင်းမိလေ၏။

ယနေ့ နံနက်ပိုင်းက ဒေါက်တာ ဘရမ်းဝဲလ်နှင့် သူနှင့် ဆုံမိကြသေးသည်။ ဒေါက်တာ ဘရမ်းဝဲလ်က ရာသီဥတု သာယာကြောင်းကို တခင်တမင်



www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့နွဲ့၍ ပြောသွားခဲ့သေးသည်။ ထိုစဉ်က ဘရမ်းဝဲလ်ကို မြင်ခဲ့ရသည် လောကကြီးကို မကျေနပ်စရာ ဘာတစ်ခုမှ မရှိသည့် လူတစ်ယောက်လို ယခုတစ်ပတ် စနေ၊ တနင်္ဂနွေနေ့များတွင် သူ့မိန်းမ မစ္စက် ဘရမ်းဝဲလ်သည် ရှရူးစ်ဘူရီမြို့ရှိ သူမ၏ အမေထံ သွားလည်လိမ့်မည်ဟု အင်ဒရူးအား ပြော လိုက်သေး၏။

အင်ဒရူးသည် ခေါင်းငိုက်စိုက်ကျလျက် ရှိလေ၏။

သူသည် ခရစ္စတီအား နှစ်နှစ်ကာကာ ချစ်နေမိသည်မှာ အမှန်ပင်။

သို့သော်လည်း ယခု လောလောဆယ် မြင်တွေ့လိုက်ရသည့် ကိစ္စသည် သူ့နှလုံးသားကို ပြင်းထန်စွာ ရိုက်ခတ်လျက် ရှိလေသည်။ သူ့နှလုံးသားသည် ထိခိုက် နာကျင်လျက် ရှိရလေသည်။ ယနေ့ တစ်နေ့လုံး စိတ်ညစ်စရာ စိတ် ပျက်စရာ စိတ်ရှုပ်စရာတွေနှင့်ချည်း ဆုံနေရပါကလား။

အင်ဒရူး၏ သာယာ ပျော်ရွှင်မှု အပေါ်တွင် အရိပ်မည်းကြီး တစ်ခု ဖြတ်သန်း ကျရောက်လျက် ရှိနေပေပြီ။ သူ့ ရင်တွင်း၌ ခရစ္စတီနှင့် အေးအေး သာသာ စကားပြောချင်သည့် ဆန္ဒသည် ပြင်းပြစွာ ဖြစ်ပေါ်လျက် ရှိ၏။ သူ့ နှလုံးသားကို ခရစ္စတီအား ဖွင့်ဟ၍ ပြလိုက်ချင်စမ်းပါ၏။

စောစောက ဖြစ်ခဲ့ရသည့် မပြေလည်မှုလေးကို မေ့ပျောက်သွားစေချင် ၏။ သူတို့ နှစ်ဦးတည်း လွတ်လွတ်လပ်လပ် နေချင်စိတ် ပေါ်လာပြန်၏။

သို့သော်လည်း တောင်တက် အဆန်ရထား ဝင်လာသော အခါ လူ အဆမတန် ပြည့်ကျပ်နေသည်ကို တွေ့ရလေ၏။ သတ္တုတွင်း အလုပ်သမား များနှင့် ပြည့်သိပ်နေသော ရထားတွဲများထဲဝယ် သူတို့ လူစု၏ ကျယ်လောင် ဆူညံစွာ ပြောဆိုနေကြသော မြို့ပေါ်မှ ဘောလုံးပွဲ အကြောင်းကို နားထောင် ၍ လိုက်ပါသွားရလေ၏။

ဒရင်းဖီးသို့ အချိန်အတော်ကြာ နောက်ကျပြီးမှ ရောက်ကြ၏။ ခရစ္စတီ မှာ ပင်ပန်း နွမ်းနယ်နေပုံရ၏။ သူမ၏ မျက်နှာတွင် စိတ်မချမ်းမြေ့မှု အရိပ် အငွေ့များလည်း ယှက်သန်းနေဆဲပင်။ သူမလည်း မစ္စက် ဘရမ်းဝဲလ်နှင့် ဒေါက်တာ ဂေဘဲလ်တို့ စုံတွဲအား မြင်ခဲ့ရပြီဟု အင်ဒရူး စိတ်ထဲက သိလာ သည်။

ယခုမှတော့ဖြင့် ဘာမှ ပြော၍လည်း မဖြစ်။ မေးရန်လည်း မသင့်။ မသိလိုက် မသိဘာသာဖြင့် နေလိုက်ပြီး ခရစ္စတီကို အိမ်အရောက် ပို့ပေးရန် သာ ရှိတော့၏။ ခရစ္စတီကို သူမ၏ အခန်းရှင် မစ္စက် ဟားဘတ်၏ လက်





ပြန်၍ အပ်ရန်သာ ရှိတော့၏။ ပြီးတော့ သူ့အနေဖြင့် ခရစ္စတီကို ကာ စိတ်မချမ်းမြေ့မှုကို ရင်ဝယ်ပိုက်၍ သူ့အိမ်ဘက်သို့ ပြန်ရန်သာ တော့၏။



www.burmeseclassic.com

www.burmeseclassic.com

…ရှ အိမ်ပြန်ရောက်ချိန်မှာ သန်းခေါင် နီးနေပြီ ဖြစ်သော်လည်း အိမ်ဝင်း …နှင့် ဆေးခန်း ကြားတွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်ကာ စိုးရိမ် …ကြီးစွာဖြင့် သူ့အား စောင့်နေရှာသော ဂျိုး မော်ဂန်ကို တွေ့ရလေ၏။ … မြင်လိုက်သောအခါ ဂျိုး၏ မျက်နှာမှာ ဝင်းထိန်သွားသည်။

'အား ဒေါက်တာ၊ တော်ပါသေးရဲ့ဗျာ၊ ဝမ်းသာလိုက်တာ၊ ကျွန်တော် …က်နေတာ တစ်နာရီ ကျော်ပြီ၊ အိမ်က မိန်းမ ဗိုက်နာနေလို့'

အင်ဒရူးသည် ချက်ချင်းပင် သူ့ ကိုယ်ရေးကိုယ်တာ ကိစ္စများကို မေ့ …လေ၏။ 'ခဏ စောင့်ဦး' ဟု ဆိုကာ အိမ်ထဲသို့ ဝင်၍ ဆေးအိတ်ကို …ကသီ ဆွဲပြီး ဂျိုး မော်ဂန်နှင့် အတူ အမှတ် ၁၂၊ ဘလေနာလမ်းသို့ ထွက် …၏။

ညဉ့်နက်ပိုင်း လေသည် အေးမြမြ ရှိလှပေသည်။ တိုက်ခတ်နေပုံမှာ …ည်း တစ်စုံတစ်ခုသော လျှို့ဝှက် နက်နဲသည့် အရာ တစ်ခုခုကို သယ်ယူလာ …ိုလို ထင်မှတ် ရပေ၏။ အင်ဒရူး၏ စိတ်မှာ ကြည်လင် လန်းဆန်းခြင်း …ပေ။ လေးလံ ထိုင်းမှိုင်းလျက် ရှိလေ၏။

သူ ယနေ့ည ကြည့်ပေးရမည့် လူနာသည် သူ့ဘဝ အတွက် ထူးခြား …ာ ဖြစ်ရပ် တစ်ခုကို ဖြစ်ပေါ်လာစေလိမ့်မည်ဟု လုံးဝ မမျှော်လင့်မိပေ။ …နေ့ည ကြုံရမည့် အဖြစ်သည် သူ၏ အနာဂတ် လမ်းကြောင်းကိုပါ ပြောင်း … သွားစေလိမ့်မည်ဟုလည်း မထင်မိပေ။

သူ့အတွေးနှင့် သူ လာနေသော အင်ဒရူးသည် ဂျိုး မော်ဂန်ကိုပင် …ား တစ်ခွန်းမှ မပြောမိချေ။ နှစ်ဦးသား ငြိမ်ဆိတ်စွာဖြင့် ခပ်သုတ်သုတ်



www.burmeseclassic.com

www.burmeseclassic.com


လျှောက်လာခဲ့ရာ တံခါးဝ ရောက်မှပင် ဂျိုးထံမှ အသံကြားရလေတော့၏

'ကျွန်တော်တော့ အထဲ မဝင်ချင်ဘူး ဒေါက်တာ'

ဂျိုး အသံသည် စိုးရိမ် ကြောင့်ကြမှု ကြီးမားလျက် ရှိကြောင်း ဖော်ပြနေပေသည်။

'ဒါပေမဲ့ ဒေါက်တာ အနေနှင့် ကျွန်တော်တို့ အတွက် အား အဆင်ပြေအောင် လုပ်ပေးလိမ့်မယ် ဆိုတာတော့ ကျွန်တော် ယုံကြည်ထား တယ်ဗျာ'

အိမ်ခန်း အတွင်း၌ လှေကားငယ် တစ်ခု ရှိ၍ ထိုလှေကား အတိုင်း တက်သွားသော် အိပ်ခန်းငယ် တစ်ခုဆီသို့ ရောက်သည်။ အိပ်ခန်းသည် သ ရှင်း သပ်ရပ်သော်လည်း ခမ်းခမ်းနားနား ပြင်ဆင်ထားခြင်း မရှိပေ။ ရေခဲ မှန်အိမ်ကလေး တစ်လုံးဆီမှ အလင်းရောင်သည် အခန်းအတွင်း၌ ဖြာ နေပေသည်။

မစ္စက် မော်ဂန်၏ အမေသည် သူ့သမီး ဘေးမှ ထိုင်ကာ အင် ရောက်အလာကို စောင့်မျှော်နေဟန် တူပေသည်။ အင်ဒရူး ဝင်လာသည် မြင်လျှင်ပင် ဝမ်းသာ အားတက်သွားပုံရ၏။

အဘွားကြီးမှာ အသက် ၇၀ ခန့် ရှိပြီ။ ကိုယ်လုံး ကိုယ်ထည် တု တုတ်ခိုင်ခိုင်နှင့် အရုပ်အမောင်း ကောင်းကောင်း ဖြစ်သည်။ ဆံပင် အရော ကတော့ မွဲခြောက်ခြောက်။

အင်ဒရူး လုပ်ကိုင်နေသမျှကို မျက်တောင် မခတ်ဘဲ စောင့်ကြည့် သည်။ မိနစ် အနည်းငယ် ကြာမှ 'ဒေါက်တာ့ အတွက် ကျွန်မ လက်ဖက်ရ တစ်ခွက် သွားဖျော်လိုက်ဦးမယ်နော်' ဟု ပြောလေသည်။

အင်ဒရူးက အပြုံးဖြင့် တုံ့ပြန်သည်။

အဘွားကြီး၏ ပုံပန်းကို ကြည့်ရသည်မှာ အတွေ့အကြုံ များ၍ ထက် ထက်မြက်မြက် ရှိပုံရ၏။ လူနာကို တစ်ယောက်တည်း ထားခဲ့ပြီး အင်ဒ အခန်းထဲမှ ထွက်သွားမည်ကို စိုးရိမ်ဟန် ပြနေသည်။ အင်ဒရူးက အား နှစ်သိမ့်သည့် အပြုံးကို ထပ်၍ ပြုရင်း 'မစိုးရိမ်ပါနှင့် အမေရယ်၊ ကျွန်တော် ထွက်မပြေးပါဘူး' ဟု ဆိုလေ၏။

အင်ဒရူးသည် မီးဖိုထဲ အထိ လိုက်သွားပြီး အဘွားကြီး ဖျော်ပေးသည့် လက်ဖက်ရည်ကို အေးအေးဆေးဆေး သောက်သည်။ အမှန်တော့ အင်ဒရူး အတော်ကြီး ပင်ပန်း နွမ်းနယ်လျက် ရှိ၏။ ယနေ့ တစ်နေ့လုံး မနားရသေး အကယ်၍ သူ ယခု အိမ်ပြန်သွားပါကလည်း တစ်နာရီမျှပင် ပြည့်အောင် အိပ်ရမည် မဟုတ်ပေ။ လူနာ၏ အခြေအနေကလည်း မိမိ ကိုယ်တိုင် ဂရု စိုက် စောင့်ကြည့်နေမှ ဖြစ်မည့် လက္ခဏာ ရှိနေသည်။ ထူးဆန်းသော အာရုံ ခံစားမှုကလည်း သူ့စိတ်ကို လှုပ်ရှားစေလျက် ရှိ၏။ ထို့ကြောင့်လည်း သူသည် အားလုံး ကိစ္စပြီးစီးအောင် စောင့်နေပါတော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။

တစ်နာရီခန့် အကြာတွင် အပေါ်ထပ်သို့ တက်၍ မွေးလူနာ၏ အခြေ အနေကို ကြည့်သည်။ မထူးခြားသေး။ အောက်ထပ် မီးဖိုခန်းထဲသို့ ပြန်ဆင်း လာခဲ့ပြီး မီးဖိုဘေးရှိ ကုလားထိုင်၌ ဝင်ထိုင်ပြန်လေသည်။

ပတ်ဝန်းကျင် လောက တစ်ခုလုံးကား တိတ်ဆိတ် ငြိမ်သက်လျက် ရှိ၏။ မီးဖိုထဲမှ ကျောက်မီးသွေးခဲများ ပေါက်သံနှင့် နံရံပေါ်မှ နာရီစက်သံ ချက်ချက်မှ တစ်ပါး အခြား အသံဗလံ မကြားရပေ။ ပကတိ တိတ်ဆိတ် ခြင်းကသာလျှင် မင်းမူလျက် ရှိလေ၏။

တကယ်ဆိုလျှင်တော့ သည်အသံများသာ မဟုတ်သေးပေ။ သတိထား နားထောင်လျှင် အခြား အသံ တစ်သံကိုပါ ကြားနိုင်သေးသည်။ ထိုအသံ ကား အိမ်အပြင်ဘက် လမ်းပေါ်တွင် တဒေါက်ဒေါက်နှင့် ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသည့် ဂျိုး မော်ဂန်၏ ခြေသံ။

သူနှင့် မျက်နှာချင်းဆိုင်၍ ထိုင်နေသော အဘွားကြီးသည် မလှုပ်မယှက် ဘဲ သူ့အား ကြည့်နေပေသည်။ လူက မလှုပ်သော်လည်း သူမ၏ မျက်လုံးများ ကတော့ အသက်ဝင် လှုပ်ရှားလျက် ရှိသည်။ သူ၏ မျက်နှာရိပ် မျက်နှာကဲကို အသေအချာ မျက်ခြည်မပြတ် ကြည့်၍ အကဲခတ်လျက် ရှိပေသည်။

သူ့စိတ်ကတော့ ခဲမျှင် ဆွဲထားသည့်နှယ် အလွန် လေးလံ ထိုင်းမှိုင်း နေ၏။ စိတ်မှာ ကြည်လင်ခြင်း မရှိ၊ သွက်လက်ခြင်း မရှိ၊ တက်ကြွခြင်း မရှိ၊ ငိုက်ကျိုလျက် ရှိလေသည်။ မှုန်မှိုင်း ထုံထိုင်းလျက် ရှိလေသည်။

ကာဒစ်ဖ် ဘူတာရုံထဲ၌ သူ မြင်တွေ့ခဲ့ရသည့် မြင်ကွင်းသည် ပျောက် ကွယ် မသွားချေ။ ယခု အချိန်ထိ သူ့စိတ်ကို ခြောက်လှန့်ဆဲ ဖြစ်၏။ သူ့နှလုံး သားကို ထိခိုက် နာကျင်အောင် ထိုးဆွဆဲ ဖြစ်၏။

မိန်းမနှင့် ကွဲကာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ပြီး အရက်ကိုသာ အဖော်လုပ်နေရသော ဖီးလစ် ဒင်နီ၏ အဖြစ်။

ဤအဖြစ်များကို ဆင်ခြင် စဉ်းစားမိတိုင်း အင်ဒရူးမှာ ဘဝင်မကျ ဖြစ် လေ၏။



www.burmeseclassic.com

www.burmeseclassic.com

တကယ်ဆိုတော့ ဘရမ်းဝဲလ်နှင့် ဒင်နီတို့ အိမ်ထောင်များမှာ အရှုံး ရင်ဆိုင်နေရသော အိမ်ထောင်များ ဖြစ်ပေသည်။ သူတို့၏ အိမ်ထောင်ရေး အခြေအနေများကို ကြည့်ရသည်မှာ ကြောက်စရာ လန့်စရာ ကောင်းလှပေ၏ သူ အိမ်ထောင်ပြုဖို့ အရေး မတွေးဝံ့အောင် ဖြစ်ရလေ၏။

သူ့အနေဖြင့် အိမ်ထောင်ပြုခြင်းကို စုံမက် မြတ်နိုးစဖွယ် ကောင်းသည့် အရာ တစ်ခု အဖြစ်သာ စဉ်းစားလို၏။ ခရစ္စတီ၏ ရုပ်ပုံလွှာကို မြ ယောင် ထင်ယောင် ဖြစ်မိပြန်သည်။ ခရစ္စတီ၏ တောက်ပ ဝင်းလဲ့နေသည့် မျက်လုံးများကတော့ သူ့အား သူမနှင့် လက်ထပ်ရန်မှ တစ်ပါး အခြားသော အဖြေကို မပေးချေ။ သူ၏ သံသယစိတ်နှင့် သူ၏ နှလုံးသားတို့ ကြားတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခကြောင့်သာလျှင် သူ့စိတ်မှာ နောက်ကျိ ရှုပ်ထွေးပြီး သူ့ နှလုံးသားမှာ ထိခိုက် နာကျင်နေရခြင်း ဖြစ်ပေသည်။

သူသည် ခြေထောက်များကို ဆန့်လိုက်ပြီး ခေါင်းကို ရှေ့သို့ ငိုက်စိုက် ချကာ သက်သောင့်သက်သာ ဖြစ်အောင် ပြင်၍ ထိုင်လိုက်ပြီး မီးဖိုဆီသို့ တွေတွေဝေဝေ ငေးစိုက်နေမိပြန်လေ၏။

ဤပုံအတိုင်း အချိန် နာရီ များစွာ ထိုင်နေမိ၏။ သူ တွေးသမျှမှာ ခရစ္စတီသာလျှင် ဖြစ်သည်။ မည်မျှ ကြာအောင် အတွေးရေလျဉ်ကြောတွင် မျောနေမိသည် မသိ၊ သူ့အား လှမ်း၍ စကားပြောနေသော အဘွားကြီး အသံ ကို ကြားခါမှပင် သတိ ပြန်ဝင်လာလေတော့သည်။

'ဆူဆန်က သူ့ကို မေ့ဆေး မပေးပါနှင့်လို့ ပြောတယ် ဒေါက်တာ မေ့ဆေး ပေးရင် ကလေး ဒုက္ခဖြစ်မှာ စိုးရတယ်တဲ့၊ သူ့ခမျာ ကလေး သိပ် လိုချင်နေတာ ဆိုတော့ ကလေး တစ်ခုခု ဖြစ်မှာ သိပ်ကြောက်နေရှာတာ၊ ပြီး တော့ ကျွန်မတို့ အားလုံး ကလေး ရချင်နေတာ ကြာပါပြီ ဒေါက်တာ'

'မစိုးရိမ်ပါနှင့် အမေရယ်၊ ဘာမှ မဖြစ်နိုင်ပါဘူး၊ အားလုံး ချောချော မောမော ဖြစ်မှာပါ၊ မေ့ဆေးဟာ လူကို အန္တရာယ် မပြုပါဘူး၊ ကျွန်တော် လည်း လိုအပ်မှသာ မေ့ဆေးကို သုံးမှာပါ၊ မလိုရင် မသုံးပါဘူး၊ စိတ်အေး အေး ထားပါ အမေ၊ မပူပါနှင့်'

အင်ဒရူးက အဘွားကြီးအား ကြင်နာစွာဖြင့် နှစ်သိမ့်နေခိုက်မှာ ဆေး ကားထိပ်မှ သူနာပြု ဆရာမ၏ အော်ခေါ်သံကို ကြားရသည်။ အင်ဒရူးက နာရီကို ကြည့်လိုက်သည်။ သုံးနာရီ ခွဲလေပြီ။

အင်ဒရူးသည် အိပ်ခန်းဆီသို့ တက်လာခဲ့ပြီး မွေးလူနာ၏ အခြေအနေ ကို အကဲခတ်လိုက်၏။ အလုပ် စရပေတော့မည်။

နောက်ထပ် တစ်နာရီ ကုန်သွားပြန်လေပြီ။

လူသား တစ်ယောက် ပေါက်ဖွားလာရေး အတွက် အချိန်ကြာမြင့်စွာ ပြင်းပြင်းထန်ထန် ရုန်းကန် လှုပ်ရှား၍ တိုက်ပွဲ တစ်ခု ဆင်နေရခြင်းပေ သည်။

အရုဏ်ဦး၏ လင်းရောင်ခြည်သည် ကြီးမားလှသော အမှောင်ထုကို ဖြိုခွင်းသော ထိုးဖောက် ဝင်ရောက်စ ပြုလာပေပြီ။

အင်ဒရူးသည် ထိုင်၍ နားနေရာမှ ထ၍ ခုတင်ဆီသို့ သွားရပြန်သည်။ လူသား တစ်ဦးသည် လူ့လောက အတွင်းသို့ ချင်းနင်း ဝင်ရောက်လာလေပြီ ကောား။

သို့သော်လည်း ထို လူသားသည် လူးလွန့်ခြင်း၊ ရုန်းကန်ခြင်း မရှိပါ ကောား။

လှုပ်ရှားမှု ကင်းမဲ့နေသော ကလေးငယ်အား ကြည့်၍ အင်ဒရူးမှာ တုန် လှုပ် ချောက်ချားလျက် ရှိသည်။ စိုးရိမ် ထိတ်လန့်ခြင်းတို့သည် သူ့စိတ်ကို လွှမ်းမိုး ချုပ်ကိုင်ထားသည်။ စောစောက ပြင်းထန်စွာ လုပ်ကိုင်ခဲ့ရသော အရှိန် ကြောင့် ချွေးတို့ဖြင့် စိုရွှဲ ပူနွေးလျက် ရှိသော သူ့မျက်နှာသည် ရုတ်တရက် ချက်ချင်းပင် အေးစက်သွားလေ၏။

သူသည် ဘာဆက်၍ လုပ်ရမှန်း မသိလောက်အောင် ကြောင်အမ်း အမ်း ဖြစ်လျက် ရှိသည်။ ကလေးငယ်အား အသက်ဝင် လှုပ်ရှားလာစေရန် ကြိုးပမ်း အားထုတ်လိုသော ဆန္ဒနှင့် ဆိုးရွားသော အခြေအနေတွင် ဆိုက် ရောက်နေသည့် မိခင်အား အချိန်မီ အသက်လုရမည့် တာဝန်တို့ ကြားတွင် ညှပ်ခွဲ၍ မရသဖြင့် ချီတုံ ချတုံ ဖြစ်လျက် ရှိ၏။ အလွန် ကြီးမားသော အကျဉ်း အကျပ်ထဲ ရောက်နေရသည့် အင်ဒရူးအဖို့ ဘယ်ဟာကို အလျင်ဆုံး ကိုင်တွယ် ရမည်ကို အသိဉာဏ်ဖြင့် မဆုံးဖြတ်နိုင်တော့ပေ။

သူသည် ယောင်တီး ယောင်နဖြင့် လက်ထဲမှ ကလေးကို သူနာပြု ဆရာမထံ ကမ်း၍ ပေးလိုက်ပြီး သတိလစ်နေပြီ ဖြစ်သော ဆူဆန် မော်ဂန် အား ကသောကမျော ကြည့်သည်။ သွေးတိုးနှုန်း သွေးခုန်နှုန်းပင် ရပ်လုနီးပါး ဖြစ်နေပေပြီ။ လုပ်စရာ ရှိတာ မြန်မြန်ဆန်ဆန် လုပ်ပါမှ ဖြစ်ပေတော့မည်။ ဆူဆန်မှာ သွေးဆုတ်စပင် ပြုနေပြီ။ သူ ဘာလုပ်ရပါမည်နည်း။ သူ၏ နှလုံး မှာ ပြင်းထန်စွာ ခုန်လျက် ရှိသဖြင့် သူ့ကိုယ်သူ မဆယ်နိုင်အောင်ပင် မောင်း



www.burmeseclassic.com

www.burmeseclassic.com

ဖိုလိုက်လျက် ရှိလေ၏။

သူသည် ထိုးဆေးပုလင်း တစ်လုံးကို ယူလိုက်သည်။ ပုလင်း ထိပ်ဖျား ကို စနစ်တကျ ဓားနှင့် လှီးဖြတ်နေဖို့ အချိန်မရ၊ နီးရာ ပစ္စည်း တစ်ခုနှင့် ရိုက်၍ ဖြတ်လိုက်သည်။ ထို့နောက် ဆေးထိုးအပ်နှင့် ပြွန်ကို ဆွဲယူကာ ထွေ ခွေလျက် ရှိနေသော ဆူဆန်၏ အသားထဲသို့ ထိုးသွင်းလိုက်သည်။ ပြီးတော့ တစ်ကိုယ်လုံး နွေးနွေးထွေးထွေး ဖြစ်သွားအောင် လုပ်ပေးရပြန်သည်။ မိနစ် အနည်းငယ်ကြာမှပင် ဆူဆန်၏ နလုံးသည် ခုန်လာသည်။ တဖြည်းဖြည်းနှင့် စိုးရိမ်စရာ အခြေအနေမှ ကျော်လာသည်။

အင်ဒရူး တစ်ကိုယ်လုံးသည် ချွေးများဖြင့် ရွှဲနစ်လျက် ရှိပေသည်။ သူ့ ဆံပင်များမှာ ချွေးရွှဲနေသော နဖူးထက်တွင် ဝဲပျံ တွယ်ကပ်ကာ ငြိတွယ်လျက် ရှိကြလေ၏။

'ကလေး ဘယ်မှာလဲဟင်၊ ကလေး'

သူ့ အသံကြောင့် သူနာပြု ဆရာမသည် ထိတ်လန့်တကြား ဖြစ်ကာ တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။ ပြီးမှ ကြောက်လန့်တကြား ဖြစ်ကာ တစ် နေရာသို့ ညွှန်ပြသည်။ သူမသည် အယောင်ယောင် အမှားမှား ဖြစ်ကာ ကလေးကို လူနာ၏ ခုတင်အောက်တွင် ချထားခြင်းပေတည်း။

အင်ဒရူးသည် အမောတကောဖြင့် ဒူးထောက်၍ ထိုင်ချလိုက်သည်။ ခုတင်အောက်ရှိ စွတ်စိုနေသော သတင်းစာ အဟောင်းများ ကြားတွင် ထွေး လုံး ရစ်ပတ် ဖြစ်နေရှာသော ကလေးကို မနည်း ဆွဲထုတ်ယူရလေ၏။

ကြည့်လိုက်တော့ ယောက်ျားလေး။

ခြေလက်အင်္ဂါ ပြည့်ပြည့်စုံစုံနှင့်။

တစ်ကိုယ်လုံး ပျော့စိပျော့နဲ့ ဖြစ်နေသော်လည်း နွေးနွေးထွေးထွေး တော့ ရှိသေးသည်။ အသားအရောင်ကတော့ အမဲဆီသဖွယ် ဖြူဖျော့နေ၏။ ကတိုက်ကရိုက် ဖြတ်ထားရဟန် တူသော ချက်ကြိုးမှာ စည်းမဲ့ ကမ်းမဲ့ ခုတ် ဖြတ်ထားသည့် သစ်ပင် တစ်ပင်၏ ပင်စည် အငုတ်သဖွယ် မသေမသပ် မညီ မညာ ဖြစ်လျက် ရှိလေ၏။

ကလေး၏ အရေပြားမှာ ချောမွတ်လွန်းသဖြင့် ဝါဂွမ်းဖတ်ကို ထိ ကိုင်ရသကဲ့သို့ နူးညံ့ ပျော့ပျောင်းနေသည်။ ကလေး၏ ဦးခေါင်းမှာမူ လည် တိုင်ဆီသို့ အိတွဲကျကာ မောက်ခုံ ဖြစ်လျက် ရှိ၏။ တစ်ကိုယ်လုံး အရိုးမပါ သည့် ပုံမျိုးပေတည်း။





အင်ဒရူးသည် ဒူးထောက်လျက်သား ထိုင်နေရာမှ မထသေးဘဲ ကလေး တစ်ကိုယ်လုံးကိုသာ စေ့စပ် သေချာစွာ ကြည့်ရှု စစ်ဆေးနေသည်။ သူ့ မျက်နှာကြောများမှာ ထောင်နေသည်။ ကလေး တစ်ကိုယ်လုံး ဖြူဖွေးနေခြင်း သည် အကြောင်း တစ်ခုခုကြောင့်သာ ဖြစ်ရပေမည်။

ဘာကြောင့် ဤသို့ ဖြစ်ရသနည်း။

အခြားဟာတော့ မဖြစ်နိုင်။ ကလေးငယ်သည် မွေးသွားခြင်း ဖြစ် သည်။ ယခုလို မွေးသွားလျှင် အသားအရောင်သည် ဖွေးဖွေးဖြူလာသည် အထိ ပြောင်းလဲသွားတတ်သည်။

သူ့ စိတ်အစဉ်သည် လျင်မြန်လွန်းလှချေသည်။

ရုတ်တရက် ချက်ချင်း မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်းမှာပင် အချိန်က သူ လေ့လာဖူးသည့် ဆာမာရီတန် လူနာ တစ်ဦး၏ အဖြစ်ကို ပြေး သတိရလိုက်လေ၏။ ဆာမာရီတန်တို့ အသုံးပြုခဲ့သည့် ကုထုံး ကုနည်း များသည်း မျက်စိထဲတွင် မြင်ယောင်လာသည်။ သူသည် ထိုင်နေရာမှ ဖြုန်းခနဲ ထလိုက်လေ၏။

'ရေပူနှင့် ရေအေး နှစ်မျိုးစလုံး သွားယူစမ်း၊ ဇလုံတွေလည်း ယူခဲ့၊ မြန်မြန်လုပ်၊ မြန်မြန် မြန်မြန်'

သူသည် သူနာပြု ဆရာမဘက်သို့ လှည့်၍ အော်လိုက်လေ၏။

'ဒေါက်တာ ကျွန်မ ထင်...'

ဆရာမသည် ဆွံ့အနေသူ တစ်ဦးပမာ အထစ်ထစ် အငေါ်ငေါ် ဖြစ် နေသည်။ သူမ၏ မျက်လုံးများကမူ ပျော့အိနေပြီ ဖြစ်သော ကလေး အပေါ် တွင် ငေးစိုက်နေသည်။

အင်ဒရူးက နောက်တစ်ကြိမ် တအား ကျုံး၍ အော်ပြန်လေသည်။

'ဘာလုပ်နေတာလဲ၊ မြန်မြန် သွားလို့ ပြောနေတာ မကြားဘူးလား၊ မြန်မြန်သွား၊ မြန်မြန်ယူချေ'

သူသည် စောင်တစ်ထည်ကို ဒရေဘောပါး ဆွဲယူလိုက်ကာ ချ၍ ခင်း လိုက်ပြီး ကလေးငယ်ကို စောင်ပေါ်သို့ တင်သည်။ ပြီးတော့မှ အသက်ရှုလာ စေရန် အကောင်းဆုံးသော နည်းကို အသုံးပြု၍ စတင် ကြိုးပမ်းလေတော့ သည်။

သူ့အနီးသို့ ဇလုံများ ရောက်လာသည်။ ရေချိုင့်ကြီးများ ရောက်လာ သည်။ ရေနွေးဘူးကြီးများ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဇလုံ တစ်လုံးထဲသို့ ရေအေး ထည့်၍ နောက်တစ်လုံးထဲသို့ သူ့လက် စိမ်ထားနိုင်လောက်သည့် အပူချိန်ရအောင် ရေနွေးနှင့် ရေအေး ရောစပ်သည်။ ထို့နောက် ကလေးအား ရေအေး ဇလုံထဲသို့ ထည့်၍ နှစ်လိုက် ရေနွေးနှင့် ရေအေး ရောစပ်ထားသည့် ဇလုံထဲ နှစ်လိုက် လုပ်သည်။ သူ လု ကိုင်နေပုံမှာ ခပ်ကြောင်ကြောင် မျက်လှည့်ဆရာ တစ်ဦး မျက်လှည့် ပြနေ နှင့် တူနေလေသည်။

ဆယ့်ငါးမိနစ် ကုန်သွားလေပြီ။ အင်ဒရူး၏ နဖူးထက်ဆီမှ ချွေး ချွေးပေါက်များသည် လိမ့်၍ လိမ့်၍ ဆင်းကာ သူ့မျက်လုံးများ အတွင်း စီးဝင်ကြသည်။ သူသည် ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရတော့ပေ။ သူ၏ အ လက်တစ်ဖက်သည် ပင့်တင်ထားရာမှ ပြန်၍ ပြုတ်ကာ အောက်သို့ တွဲလော ကျပြီး ရေဇလုံထဲ နစ်နေသည်။ သူ၏ အသက်ရှူသံမှာ မမှန်၊ မောဟိုက်လွန်း ပင်ပန်းကြီးစွာ ရှူနေရ၏။ သူ့လက်ထဲရှိ ပျော့အိ တွဲကျနေသော ကလေးငယ် ၏ ကိုယ်ခန္ဓာ အတွင်းသို့ အသက် ဝင်လာခြင်းကား မရှိသေးချေ။

'ငါ ရှုံးပြီ'

ထို အသိစိတ်ကလေး ဖျတ်ခနဲ ဝင်လာသည်။ တဒင်္ဂအတွင်းမှာ မျှော်လင့်ချက် ကုန်ဆုံးသွားသည့်စိတ်။

သူနာပြု ဆရာမသည် အင်ဒရူး လုပ်ကိုင်နေသမျှကို ပြူးတိ ပြူးကြော ဖြင့် ကြည့်လျက် ရှိသည်။ ဆရာမ၏ နှုတ်ဖျားမှ နည်းနည်းကလေးမှ အသံ မထွက်လာချေ။ သူမသည် လက်တစ်ဖက်နှင့် သူ့ လည်ချောင်းကို ဆုပ်ကိုင် ၍ နံရံကို ကျောဖြင့် ကပ်မှီကာ တောင့်တောင့်ကြီး ရပ်နေသည်။ ပြူးကြော လျက် ရှိသော မျက်လုံးများသည် အင်ဒရူး လုပ်သမျှတွင် ငေးစိုက်လျက် ရှိနေလေသည်။

ဆရာမနှင့် မနီးမဝေးမှာတော့ ဆူဆန် မော်ဂန်၏ အမေ။

ဤ အဘွားကြီးကား မြေး လိုချင်လွန်း၍ မြေးရူး ရူးနေရှာသူ ဖြစ်၏ သူမ၏ သမီးနှင့် သမက် သားသမီး လိုချင်သည့် ဆန္ဒ အရှိန်အဟုန် ကြီးမား သလို သူမ ကိုယ်တိုင်ကလည်း မြေး လိုချင်သည့် ဆန္ဒ ကြီးမားသူ ဖြစ်၏

ဒါတွေ အားလုံးကို သူ သိထား၏။ သိထား၍လည်း သူ အစွမ်းကုန် ကြိုးစားနေခြင်း ဖြစ်၏။ သို့သော် ယခု အခြေအနေ အတိုင်း ဆိုလျှင် သဲထဲ ရေသွန်သလို ဖြစ်ရပေတော့မည်။ သူ့အစွမ်းမှာ ကုန်သလောက် ဖြစ်နေပြီ

ကြမ်းပြင် တစ်ခုလုံးမှာ ရေတွေ စိုရွှဲကာ ညစ်ပတ် ပေကျံလျက်





ည်။ အင်ဒရူးသည် အမှတ်တမဲ့နှင့် သတိလက်လွတ် ဖြစ်ကာ သူ့လက်ထဲမှ ရွဲ စိုကာ ချော်ချွတ်ချွတ် ဖြစ်နေသော ထူးဆန်းသော ငါးအဖြူ တစ်ကောင် တူနေသည့် ကလေးကို ရေစိမ်ထားသည့် မျက်နှာသုတ်ပဝါပေါ်သို့ လွတ် တော့မလို ဖြစ်သွားလေ၏။

သူနာပြု ဆရာမကမူ 'ဒေါက်တာရယ် ကလေးက မွေးလာ ကတည်းက သေကလေးပဲဟာ' ဟု လှမ်းပြောလေသည်။

အင်ဒရူးသည် ဆရာမ၏ စကားကို မကြားချေ။ နာရီဝက် နီးပါးခန့် ၍ လုပ်မြဲ လုပ်နေသည်။ နောက်ဆုံး ကြိုးစားကြည့်သည့် အနေဖြင့် လေး၏ တစ်ကိုယ်လုံးကို မျက်နှာသုတ်ပဝါ အခြောက်ဖြင့် ပွတ်တိုက်ပေး ည်။ ကလေးငယ်၏ ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် ဖိပေးလိုက်၊ လွှတ်ပေး လုပ်သည်။ ဤသို့ ပြုလုပ်ပေးလျှင် ကလေး အသက် ဝင်လာနိုင်ဖွယ်ရာ စ ရှိသည်ဟု သူ ယုံကြည်ထားသည် မဟုတ်ပါလော။

ထို့နောက် သူ၏ လက်နှစ်ဖက်ကို ဆုပ်ကာ ကလေးငယ်၏ ရင်ဘတ် တွင် ဖိနှိပ်ပြီး အပေါ်သို့ ပင့်၍ တွန်းတင်ပြန်သည်။ တစ်ချက်ပြီး တစ် ၊ တစ်ချက်ပြီး တစ်ချက်။

အင်ဒရူး၏ ခေါင်းသည် မူးနောက် ရီဝေလာသည်။ သို့သော် သူ၏ ချောင်းများ အောက်ရှိ ကလေးသည် အသက်ဝင် လှုပ်ရှားလာတော့မည့် အခြည် ရှိနေသည့် အဖြစ်ကို သိလိုက်ရသဖြင့် မူးမေ့ လဲကျမတတ် သွားလေ၏။

သူသည် သတိကြီးစွာ ထား၍ ယခင်ကထက် နှစ်ဆလောက် အားစိုက် လုပ်သည်။ ကလေးသည် အသက်ရှူစ ပြုလာလေပြီ။ နောက် တစ်ခဏ ကလေး၏ အသက်ရှူသံမှာ မြန်၍ မြန်၍ လာသည်။ သေးငယ်သော ခေါင်းပေါက်များဆီမှ နှာရည်သံကိုပင် ကြားလာရသည်။ နှာရည်များ ပလုံ ထွက်လာသည်။ ခြေလက် အင်္ဂါများမှာလည်း စောစောကလို မဟုတ်တော့ အရိုးမဲ့ ကိုယ်ခန္ဓာသဖွယ် ပျော့အိ မနေတော့ပေ။ စောစောပိုင်းက ကျော သတ္တဝါ တစ်ကောင်လို တွဲလွဲ ဖြစ်နေသော ဦးခေါင်းသည် ထောင်လာပေ ပန်းရောင်အသွေး ဝင်လာလေပြီ။ ထို့နောက်တွင် ဟစ်၍ ငိုလိုက်သည့် သံ။

'ဘုရား... ဘုရား'

သူနာပြု ဆရာမသည် ထိတ်လန့်ခြင်း၊ အံ့သြခြင်း၊ ဝမ်းသာခြင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းစပ်ကာ ရှိုက်ကြီးတငင် ငိုချလိုက်လေ၏။ နှုတ်မှလည်း 'ကလေး အသက် ရှင်တယ်၊ ကလေး အသက် ရှင်တယ်' ဟု တီးတိုး မြည်တမ်းလျက် ရှိလေ၏။

အင်ဒရူးသည် ကလေးကို ဆရာမ လက်သို့ ပေးလိုက်သည်။ သူမှာ ရှိနေသမျှ အားအင် ကုန်ခန်းသွားလေပြီ။ သူ့ ပတ်ဝန်းကျင်မှာတော့ အရာ ဝတ္ထု ပစ္စည်း အားလုံး ဖရိုဖရဲ။ စောင်များ၊ မျက်နှာသုတ်ပဝါများ၊ ဇလုံများ ခွက်ဘူးများ၊ အစွန်းအကွက်နှင့် ညစ်ပတ် ပေရေနေသည့် ဆေးပစ္စည်း ကိရိ ယာများ။

ဆေးထိုးအပ်သည် ကြမ်းပေါ်တွင် စိုက်ဝင်နေသည်။ ရေချိုင့် တစ်လုံး မှာ လဲကျလျက် ရှိ၏။ ရေနွေးဘူးမှာ ကြမ်းပေါ်ဝယ် ကျွမ်းထိုး မှောက်လျက် ဖြစ်ကာ ရေနွေးများ ထွက်ကျ စီးဆင်းနေသည်။ အိပ်ရာပေါ်တွင်မှာတော့ ကလေး အမေသည် မေ့ဆေးအရှိန်ဖြင့် သတိမေ့နေဆဲ။

အဘွားကြီးမှာ နံရံကို မှီ၍ မလှုပ်မယှက် ရပ်နေဆဲပင်။ သူမသည် လက်နှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ထားသည်။ သူမ၏ နှုတ်ခမ်းများမှာ တလှုပ်လှုပ် တရွရွနှင့်။ သူမသည် ဘုရားသခင်ထံ ဆုတောင်းနေခြင်းပေတည်း။

အင်ဒရူးသည် သူ့ အင်္ကျီ လက်များကို ပင့်လိပ်၍ တင်လိုက်ရင်းက အပေါ်အင်္ကျီကို ဆွဲယူလိုက်လေသည်။

'ဆေးအိတ်ကို နောက်မှပဲ လာယူတော့မယ် ဆရာမရေ'

သူသည် အောက်ထပ်သို့ ဆင်းခဲ့ပြီး မီးဖိုခန်းကို ဖြတ်ကာ ပန်းကန် ခွက်ယောက်များ ဆေးကြောသည့် ရေဘုံပိုင်ဆီသို့ သွားသည်။ သူ့ နှုတ်ခမ်းများမှာ အဆမတန် ခြောက်သွေ့လျက် ရှိနေ၏။ သူသည် ရေငတ်မပြေမချင်း တစ် ခွက်ပြီး တစ်ခွက် တစ်ဝကြီး သောက်ချလိုက်သည်။ ထို့နောက် သူ့ ဦးထုပ် နှင့် အနွေးထည် အင်္ကျီကို သွားယူလေ၏။

အပြင်ဘက် လမ်းဆေား စင်္ကြံပေါ်တွင်ကား စိုးရိမ် ကြောင့်ကြခြင်း တစ်ဝက်၊ မျှော်လင့်ချက် တစ်ဝက်ဖြင့် စောင့်မျှော်နေရှာသည့် ဂျိုး မော်ဂန်

'အားလုံး အဆင်ပြေတယ် ဂျိုးရေ့၊ ကလေးရော မအေပါ ဘာမှ မဖြစ် ပါဘူး၊ နှစ်ယောက်စလုံး အိုကေပဲ'

ပတ်ဝန်းကျင် တစ်ခွင်လုံး လင်းနေပေပြီ။

နံနက် ငါးနာရီပင် ထိုးတော့မည်။ အလုပ်သမား တချို့သည် လမ်း ကြီးပေါ်၌ သွားလာ နေကြပေပြီ။ ညဆိုင်း ပထမ အလုပ်သမားများပင် အလုပ်





နှင့် သိမ်း၍ အိမ်ပြန်လာနေကြပြီ။

နံနက်ခင်းသည် သာယာ လှပနေပေသည်။ မိုးကောင်းကင်သည်လည်း ကြည်လင် သန့်စင်နေပေသည်။ အင်ဒရူးသည် လမ်းမပေါ်ရှိ လူအများနှင့် ဆုံနေ၍ လျှောက်လာရင်းက ဒရင်းဖီးမြို့၌ သူ လုပ်ကိုင်ခဲ့သမျှကို ပြန်လည် ဆန်းစစ် စဉ်းစားနေမိလေ၏။

သူ ယနေ့မနက် လုပ်ခဲ့ရသော အလုပ်သည် ယခင်က လုပ်ခဲ့သည့် အလုပ်များနှင့် မတူ။ အလွန် ထူးခြားသော အလုပ်ဖြစ်၏။ ခက်ခဲ ပင်ပန်းကြီး မှာ ကုတ်ကုတ်ကတ်ကတ်နှင့် ကြိုးပမ်း အားထုတ်ခဲ့ရသော အလုပ် ဖြစ်၏။ အကယ်ဆိုတော့ အလွန် မွန်မြတ်သော အလုပ်။

သို့ဖြစ်ရာ သူ့စိတ်တွင်း သူ့ရင်တွင်း၌ အတွေး တစ်ခုသည် အကြိမ် ကြိမ် အထပ်ထပ် ပေါ်လာလျက် ရှိလေ၏။

'ငါဟာ အလွန် ထူးခြားတဲ့ အလုပ် တစ်ခုကို လုပ်ခဲ့ရပါပကောလား၊ အို ဘုရားသခင်၊ နောက်ဆုံးမှာတော့ တပည့်တော် တောင့်တနေတဲ့ ထူးခြား မွန်မြတ်လှတဲ့ အလုပ်ကို တပည့်တော် လုပ်ခဲ့ရပါပြီ ဘုရား'



www.burmeseclassic.com

www.burmeseclassic.com

ဆိတ်ရိတ်အပြီး၊ ရေချိုးအပြီးတွင် ပင်ပန်း နွမ်းနယ်မှုများ ပျောက်သလောက် သွားသည်။ အမြဲတစေ ရေချိုးကန် ကြွေခွက်ထဲသို့ ရေနွေး အပြည့် ထည့် တတ်သော အင်နီအား ကျေးဇူးတင်၍ မဆုံးအောင် ဖြစ်မိလေ၏။

မစ္စ ပိတ်ချ်သည် ညက ခြေရာ လက်ရာ မပျက်သော အင်ဒရူး၏ အိပ် ကို မြင်ခဲ့ရပြီး ဖြစ်ရာ နံနက်စာ စားချိန် ထမင်းစားပွဲ၌ ဆုံမိသည်နှင့် ပြိုင်နက် သရော်သလို လှောင်သလိုနှင့် ထေ့ခြင်း၊ ငေါ်ခြင်း၊ ပြစ်တင်ခြင်း ပြုလေတော့သည်။ မစ္စ ပိတ်ချ်၏ စိတ်နေ သဘောထားကို နားလည်နေ ဖြစ်သော အင်ဒရူးကမူ နှုတ်လှန် ထိုးမနေတော့ဘဲ သူမ ပြောသမျှကို ရေထူထူဖြင့် ငြိမ်ခံနေလေသည်။

'ဟင်း ဟင်း၊ ကနေ့ မနက် မြင်ရတာဖြင့် ပုံပျက် ပန်းပျက်ပါကလား က်တာ မေဆန်၊ မျက်ကွင်းတွေကလည်း ညိုမည်းနေတာပဲ၊ ညက ရှင် အစ်ဖ်က ပြန်မလာနိုင်ဘူးပေါ့ ဟုတ်စ၊ အခု မနက်မှ ပြန်ရောက်လာတယ် ပါတော့၊ အင်း ကျွန်မ မှာလိုက်တဲ့ မုန့်များကော သတိမှ ရရဲ့လား၊ မဝယ် ခဲ့ဘူး ထင်ပါရဲ့၊ ကောင်းပါတယ် သိပ်ကောင်း သိပ်ကောင်း၊ ရှင် ကျွန်မ ဖြီးလို့ ဖြန်းလို့များ ရမယ် မထင်လေနှင့်၊ ဘယ်ရမလဲ၊ ကျွန်မကတော့ ဟာ မှန်မှန်ကန်ကန် ပြောတတ် လုပ်တတ်တဲ့ လူတစ်ယောက်ပဲလို့ အထင် းမလို့ ကြံကာ ရှိသေးတယ်၊ ကျွန်မ မှားတော့မလို့၊ ရှင်တို့ လက်ထောက် ရာဝန်တွေဟာ ဒီပုတ်ထဲက ဒီပဲချည်းပါပဲ၊ ဘာမှ မထူးပါဘူး၊ အတူတူနှင့် နူချည်းပဲ၊ အရက် မသောက်တဲ့ လက်ထောက် ဆရာဝန်၊ မဟုတ်တရုတ် လုပ်ဘဲနှင့် နေတဲ့ လက်ထောက် ဆရာဝန်ရယ်လို့ ကျွန်မဖြင့် တစ်ယောက်မှ



www.burmeseclassic.com

www.burmeseclassic.com

မတွေ့ဖူးသေးပေါင်'

အင်ဒရူးကတော့ အေးအေးဆေးဆေးနှင့်ပင် အိမ်မှ ထွက်လာသည်။ နေ့စဉ် လုပ်နေကျ အတိုင်း မနက်ခင်း ဆေးခန်း၌ ထိုင်၍ မွန်းလွဲပိုင်းတွင် သူ့ လူနာများကို လျှောက်ကြည့်သည်။ သူ ဘလေနာလမ်းသို့ ရောက်သည့်အခါ ဆယ်နာရီပင် ခွဲနေပြီ။

အိမ်တံခါးဝများတွင် ရပ်၍ စကားပြောနေကြသော အမျိုးသမီး တစ်ချို့ သည် သူ့ကို မြင်သည့်အခါ စကားပြော ရပ်သွားသည်။ သူ့အား လေးစား ကြည်ညိုသော အကြည့်၊ ခင်မင် ဖော်ရွေသော အပြုံးများဖြင့် ဆီးကြို နှုတ်ဆက် ကြသည်။

အမှတ် ၁၂ အိမ်နား အရောက်တွင် ပြတင်းပေါက်မှ ထွက်၍ မျှော် ကြည့်နေသော မျက်နှာ တစ်ခုကို မြင်ရ၏။ သူ ထင်ထားသည့် အတိုင်းပင် အိမ်သားများက သူ့ကို တမျှော်မျှော် ဖြစ်နေကြလေသည်။ သူ အိမ်တံခါးဝတွင် ခြေချမိသည်နှင့် တစ်ပြိုင်နက် တံခါးပွင့်လာပြီး ဆူဆန် မော်ဂန်၏ အမေ သည် ကိုယ်တိုင် လာ၍ ကြိုလျက် ရှိသည်ကို တွေ့ရလေသည်။

အဘွားကြီးသည် သူ့အား အလွန် လေးစား ကြည်ညိုခြင်း၊ ခင်မင် ခြင်း၊ အထင်အမြင်ကြီးခြင်း ဖြစ်လျက် ရှိလေပြီ။ သူ့အပေါ် ကျေးဇူးတင် မဆုံး သည့် အမူအရာကိုလည်း ဖော်ပြလျက် ရှိပေသည်။ သူ့ကို တွေ့လျှင် တွေ့ချင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လျက် ရှိလေ၏။

'အိမ်ရှေ့ခန်းမှာ ခဏ ထိုင်ပြီး အမောဖြေပါဦး' ဟု ဆီးကြို၍ ပြော သည်။ သူက ငြင်းလိုက်သည့်အခါ အဘွားကြီးခမျာ ဘာဆက်လုပ်ရမှန်း မသိလောက်အောင်ပင် ပျာယာခတ်လျက် ရှိလေသည်။

'ဟုတ်ပါပြီ ဒေါက်တာ၊ ဒေါက်တာ ကြိုက်သလို လုပ်ပါ၊ ဒါပေမဲ့ တစ်ခုတော့ တောင်းပန်ပါရစေ ဒေါက်တာ၊ ဒေါက်တာ ပြန်ဆင်းလာရင် အောက်ထပ်မှာ သစ်သီးကိတ်ကလေးနှင့် ဝိုင်တစ်ခွက်လောက် စားသောက် သွားစေချင်ပါတယ်'

အဘွားကြီးသည် သူမ၏ လက်ဖြင့် အင်ဒရူး၏ ကျောကို အသာ အယာ ပုတ်၍ ပြောနေရှာသည်။

အင်ဒရူးသည် ဆူဆန်၏ အိပ်ခန်းတွင်းသို့ ဝင်လာခဲ့၏။ မနေ့ညက ဤ အိပ်ခန်းသည် သားသတ်ရုံပမာ သွေးသံရဲရဲနှင့် မြင်မကောင်း ရှုမကောင်း ရှိခဲ့သော်လည်း ယခုတော့ ဆေးကြော သုတ်သင်ထားပြီး ဖြစ်၍ သန့်ရှင်း





တောက်ပြောင်နေပေသည်။ ပေါလစ် အရောင်ကြောင့် ကြမ်းခင်းများသည် ဝင်းလက် နေပေသည်။

အင်ဒရူး၏ ကိရိယာ တန်ဆာပလာ ပစ္စည်း အားလုံးကိုလည်း စားပွဲ တစ်လုံးပေါ်၌ စနစ်တကျ တင်ထားသည်။ ပွတ်တိုက်ထားသဖြင့် ပစ္စည်း အားလုံး တောက်ပြောင်လျက် ရှိသည်။ ဆေးအိတ်ကိုလည်း စက်ဆီဖြင့် ပွတ်တိုက်ထားသည်။ ဆေးလွယ်အိတ်၏ လက်ကိုင်သည် ငွေရောင် ဝင်းနေပေ သည်။

အိပ်ရာမှာလည်း အပြောင်းလဲကြီး ပြောင်းလဲနေသည်။ ဖြူစင် သန့် ရှင်းသော အိပ်ရာခင်း အသစ် တစ်ခု လဲခင်းထားသည်။ အိပ်ရာခင်းသစ်ပေါ် တွင်မူ မိခင်ဖြစ်သူက လဲလျောင်းနေသည်။ အင်ဒရူးကို မြင်သည့်အခါ ဝမ်း သာလုံး ဆို့နေသဖြင့် ရုတ်တရက် စကားမပြောနိုင်ချေ။ ကလေးကတော့ ငြိမ်သက်စွာနှင့် နို့စို့လျက် ရှိသည်။ ခုတင်ဘေး၌ ထိုင်နေသည့် ဆရာမသည် အင်ဒရူးအား ပျာပျာသလဲ ဆီးကြိုလေသည်။

'ဘယ့်နှယ်လဲ ဒေါက်တာ၊ အခုတော့လည်း သူတို့ သားအမိက အေး အေးဆေးဆေးပဲ၊ ကျွန်မတို့ကို ဘယ်လောက် ဒုက္ခပေးခဲ့တယ် ဆိုတာ သူတို့ သိကြတော့ဘူး၊ ဂရုလည်း မစိုက်တော့ဘူး'

ဆူဆန် မော်ဂန်က နူးညံ့ သိမ်မွေ့သော အပြုံးဖြင့် ကျေးဇူးတင်ကြောင်း ဖော်ပြနေသည်။ နှုတ်မှလည်း တိုးတိုးသာသာဖြင့် ကျေးဇူးတင်စကား ဆိုလေ သည်။

'ရှင် မေ့မသွားနှင့်ဦး ဆူဆန်၊ ရှင့် အသက် အရွယ်မျိုးမှာ နောက် တစ်ကြိမ် ဒီလို အဖြစ်မျိုးနှင့် ကြုံမှာတော့ မဟုတ်တော့ပါဘူး၊ ကြုံလာရင် လည်း အခုလို အဆင်ပြေဖို့ သိပ်မလွယ်ဘူး၊ ဒေါက်တာ့ ကျေးဇူး သိပ်ကြီး တယ်နော်'

အဘွားကြီးက ဆရာမအား လှမ်းကြည့်သည်။

'ကျွန်မ သိပါတယ် မစ္စက် ဂျိုးရယ်၊ ကျွန်မတို့ရဲ့ အသက်သခင် ကျေးဇူးရှင်ဟာ ဟောဒီက ဒေါက်တာပါပဲ၊ ဒေါက်တာ့ ကျေးဇူးဟာ ဆပ်လို့ မကုန်နိုင်လောက်အောင် ကြီးမားလှပါပေတယ်'

ဆူဆန်ကမူ 'ကျွန်မတို့ အိမ်ကလူ ဂျိုးဇော ဒေါက်တာနှင့် လာမတွေ့ သေးဘူးလား၊ အခုအချိန်ထိ မရောက်သေးဘူး ထင်ပါရဲ့၊ သူ လာပါလိမ့်မယ် ဒေါက်တာ၊ သူ သိပ်ပျော်နေတယ်၊ သိပ်ပြီးတော့လည်း ဝမ်းသာနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မတို့ အာဖရိကာ ရောက်သွားရင် ဒေါက်တာနှင့် ဝေးသွားတော့မှာမို့ စိတ်မကောင်း ဖြစ်နေတယ်၊ ဒီလို ဆရာဝန်မျိုးနှင့် တွေ့ဖို့ မလွယ်ဘူးလို့ ခဏ ခဏ ပြောနေတာပဲ၊ ငါတို့တော့ နေထိုင်မကောင်းရင် ဒေါက်တာ မေဆန်နှင့်သာ ကုချင်တာ၊ ဟိုရောက်ရင် အဆင်မှ ပြေပါ့မလား မသိဘူးကွာလို့ တဖျစ်တောက်တောက်နှင့် ညည်းနေတယ်' ဟု ပြောနေလေသည်။

အင်ဒရူးသည် မပြန်ခင် ဆူဆန့်အမေ ကျွေးသည့် ကိတ်မုန့်ကို စား၍ ဝိုင်ကို သောက်ခဲ့ရသေးသည်။ အကယ်၍ မစားမသောက်ဘဲ နေလိုက်ပါမူ အဘွားကြီး စိတ်မကောင်း ဖြစ်ရှာတော့မည်။

ယနေ့အဖို့ လူနာအိမ်များသို့ တစ်အိမ်ဝင် တစ်အိမ်ထွက် သွားနေရသော်လည်း မောရ ပန်းရမှန်း မသိ။ အင်ဒရူး၏ စိတ်မှာ တက်ကြွ လန်းဆန်းလျက် ရှိလေသည်။

ဂျီး မော်ဂန်တို့ မိသားစုကို မြင်ရပြန်သောအခါ အိမ်ထောင်ရေးနှင့် ပတ်သက်၍ ဘဝင်မကျ ဖြစ်နေသော အင်ဒရူး စိတ်သည် တစ်မျိုး ဖြစ်လာခဲ့ရပြန်၏။ ကာဒစ်ဖ် ဘူတာရုံ စင်္ကြံပေါ်၌ အမှတ်မထင် တွေ့ခဲ့ရသော မြင်ကွင်းသည် သူ့စိတ်အား အဆိပ်သင့်သလို ဖြစ်စေခဲ့၏။ အိမ်ထောင် တစ်ခုနှင့် ပတ်သက်၍ စိတ်မချမ်းမြေ့ဖွယ်ရာ ကောင်းသည့် အနိဋ္ဌာရုံများသာလျှင် သူ့စိတ်အာရုံ၌ ထင်ယောင် မြင်ယောင် ဖြစ်ခဲ့ရလေ၏။

ယခုလို သာယာ ချမ်းမြေ့သည့် ဂျီး မော်ဂန်တို့လို မိသားစုကို တွေ့မြင်ရပြန်သော အခါတွင်မှ အိမ်ထောင် တစ်ခုတွင် အနိဋ္ဌာရုံများသာ ရှိသည်မဟုတ်၊ ဣဋ္ဌာရုံများလည်း ရှိနိုင်သည်ဟု ယုံကြည်လာမိသည်။ အိမ်ထောင်ရေးနှင့် ပတ်သက်၍ အကောင်းမမြင် ဖြစ်ကာ သံသယစိတ် ဝင်နေရာမှ အတန်ငယ် စိတ်ပြေသလို ရှိလာခဲ့၏။ အထူးသဖြင့် လိုချင် တောင့်တနေသော ကလေး တစ်ယောက် ရလာခြင်းကြောင့် အတိုင်းအဆ မသိလောက်အောင် ပျော်ရွှင်မှု သုခကို ခံစားနေကြသည့် မော်ဂန်တို့ မိသားစုကို ကြည့်ပြီး အိမ်ထောင် တစ်ခု၏ သုခကို ကိုယ်တိုင်ကိုယ်ကျ ရရှိ ခံစားနေရသလို ဖြစ်ရသော သူ့စိတ် အခြေအနေကို သတိပြုမိခဲ့လေ၏။

၁၅ ရက်ခန့် အကြာတွင် မော်ဂန်တို့ အိမ်သို့ နောက်ဆုံး အခေါက် လူနာကြည့်ရန် ရောက်သွားခဲ့ရာ ထိုအခေါက်တွင်မှ ဂျီး မော်ဂန်နှင့် တွေ့ရလေ၏။ ဂျီး၏ မျက်နှာထားသည် တည်ငြိမ် လေးနက်လျက် ရှိ၏။

'ဒေါက်တာ့ ကျေးဇူးကတော့ ဆပ်လို့ မကုန်နိုင်အောင် ကြီးမား





တယ်၊ ဒေါက်တာ ပြုခဲ့တဲ့ ကျေးဇူးဟာ ငွေကြေးနှင့် တန်ဖိုးဖြတ်လို့ မရပါဘူး ဒေါက်တာ၊ ဒါပေမဲ့ ကျွန်တော်ရော ကျွန်တော့် ဇနီးကပါ ဒေါက်တာ့ကို အမှတ်တရ လက်ဆောင်လေး တစ်ခုတော့ ပေးပါရစေ'

ပြောပြောဆိုဆိုနှင့် အင်ဒရူး၏ လက်ထဲသို့ စာရွက်ကလေး တစ်ရွက် ထည့်လေသည်။ ငါးဂီနီတန် ချက်လက်မှတ် တစ်စောင်ပေတည်း။

အင်ဒရူးသည် သူ့လက်ထဲမှ ချက်လက်မှတ်ကို စူးစူးစိုက်စိုက် ကြည့်နေမိသည်။ မော်ဂန်တို့ မိသားစုသည် ဒရင်းဖီး မြို့ပေါ်၌ အထင်အမြင် ကြီးခံရသည့် မိသားစု ဖြစ်သော်လည်း ချမ်းသာ ကြွယ်ဝသူများ မဟုတ်ကြပေ။ တောင်အာဖရိကတိုက်သို့ ခရီးထွက်ခါနီးဆဲဆဲ အလွန် ငွေကြေး အကုန်အကျများနေသည့် အချိန်မျိုးတွင် ငါးဂီနီ ပေးလာခြင်းမှာ အလွန် အနစ်နာခံ၍ စွန့်လွှတ်ရသည့် အလုပ် ဖြစ်ပေလိမ့်မည်ဟု သူ တွေးမိပြီး စိတ်ထိခိုက်ခြင်း ဖြစ်မိလေ၏။

'ကျွန်တော် မယူပါရစေနှင့် ဂျီး၊ ကျွန်တော် မယူပါရစေနှင့်'

ဂျီးကလည်း 'ယူပါ ဒေါက်တာ၊ မယူလို့ မဖြစ်ပါဘူး၊ မယူရင်လည်း ဇွတ်ပေးရမှာပဲ' ဟု ဆိုကာ ချက်လက်မှတ်ကို အင်ဒရူး လက်တွင်းသို့ အတင်း ပြန်ထည့်ပေးရင်းက 'ဒေါက်တာ လက်မခံရင် ကျွန်တော်တို့ လင်မယား တစ်သက်လုံး စိတ်မကောင်း ဖြစ်နေရပါလိမ့်မယ်၊ ဒီငွေဟာ ဒေါက်တာ့ အတွက် လက်ဆောင် သဘောနှင့် သီးသန့် ပေးတာပါ၊ ဒေါက်တာ ပိတ်ချ် အတွက် မဟုတ်ပါဘူး၊ သူ ကျွန်တော့်ဆီက ငွေယူလာတာ ကြာလှပါပြီ၊ ကျွန်တော်တို့ကို ဘာဒုက္ခမှ ကြီးကြီးကျယ်ကျယ် မပေးခဲ့ဖူးပါဘူး၊ အခု တစ်ကြိမ်ဟာ ပထမဆုံး ဖြစ်တာပါပဲ၊ ဒေါက်တာ ပိတ်ချ်ဟာ ဝင်ငွေ သိပ်ကောင်းတဲ့ လူပါ ဒေါက်တာ၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ အခုပေးတာဟာ လက်ဆောင် အဖြစ်နှင့် ပေးတာပါဗျာ၊ အခကြေးငွေ အနေနှင့် ပေးတာ မဟုတ်ပါဘူး၊ ဒေါက်တာ့ အတွက် ပေးတာပါ၊ ကျွန်တော် ပြောတာ ဒေါက်တာ သဘောပေါက်ပါတယ်နော်' ဟု ပြောလေသည်။

အင်ဒရူးက ပြုံး၍ ခေါင်းညိတ်ပြီး 'နားလည်ပါတယ် ဂျီး' ဟု ပြန်ပြောသည်။

သူသည် ချက်လက်မှတ်ကို အသာအယာ ခေါက်၍ အပြင် အင်္ကျီအိတ်ထဲသို့ ထိုးထည့်ထားလိုက်သည်။ ထို့နောက် ဂျီး ပေးလိုက်သည့် ချက်လက်မှတ်ကို သတိမရတော့ဘဲ ရက်အတန်ကြာမျှပင် မေ့ပျောက်နေခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါနေ့ တစ်ရက်တွင်မူ သူသည် အမှတ်တမဲ့ 'အနောက်ပိုင်း ဒေသ[...] ကောင်စီများ ဘဏ်ခွဲ' ရှေ့မှ ဖြတ်သွားမိရာ ဂျိုးထံမှ ရခဲ့သည့် ချက်လက်မှတ်ကို သတိရလာမိလေသည်။ မစ္စ ပိတ်ချ်က လစာပေးရာ၌ ငွေစက္ကူများသာ ပေး[...] လေ့ရှိရာ ထိုငွေများကို မှတ်ပုံတင် စာအိတ်တစ်လုံးနှင့် ထည့်၍ ပညာသင်ဆု အဖွဲ့သို့ ပို့ခဲ့ရသည်ချည်း ဖြစ်၏။

လစဉ် လတိုင်း ပညာသင်ဆု အဖွဲ့သို့ အကြွေး ဆပ်နေရသဖြင့် သူ ရသည့် လစာငွေမှာ ပိုသည်ဟု မရှိခဲ့ပေ။ အကြွေး ဆပ်နေရသဖြင့် ငွေပို ငွေ လျှံ မရှိခြင်းကြောင့်လည်း ဘဏ်တွင် ကိုယ်ပိုင် ငွေစာရင်း မဖွင့်နိုင်ခဲ့ပေ။

ယခုတော့လည်း ဂျိုးထံမှ ရခဲ့သည့် ဤ ချက်လက်မှတ် ငွေ ငါးဂိ[နီ] မှာ သူပိုင်ငွေ ဖြစ်ရာ သူပိုင်ငွေများ စုဆောင်း ထားရန် အတွက် ဂျိုး၏ လ[က်] ဆောင် ဖြစ်သော ဤငွေနှင့်ပင် စတင်၍ သူ့နာမည်နှင့် ငွေစာရင်း ဖွင့်တော့ မည်ဟု ဆုံးဖြတ်လိုက်လေ၏။

သူသည် ငွေစုဘဏ် ပုံစံများတွင် လိုအပ်သလို ဖြည့်သွင်းပြီး အသ[က်] ခပ်ငယ်ငယ်သာ ရှိသေးသော ငွေကိုင် စာရေး၏ လက်ထဲသို့ ချက်လက်မှတ် နှင့် အတူ လှမ်းပေးလိုက်ရင်း နှုတ်မှလည်း အမှတ်မထင် ပြောလိုက်မိ၏။

'ငွေကတော့ မများဘူး၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဒါဟာ အစပေါ့'

ထိုအချိန်တွင် ဘဏ် မန်နေဂျာ အင်န္နရင်း ရီးစ်သည် ငွေကိုင် စာရေး ၏ နောက်တွင် ရပ်နေသည်။ သူသည် တရစ်ဝဲဝဲ လုပ်ကာ အင်ဒရူး ဘာလု[ပ်] နေသည်၊ ဘာပြောနေသည်ကို မသိမသာ ကြည့်ကာ နားစွင့် အကဲခတ်နေ[...] ရသော်လည်း အင်ဒရူးက သတိမပြုမိချေ။ ပြန်တော့မည်ဟု လှည့်လိုက်မှ[...] ကောင်တာဆီသို့ ခပ်သုတ်သုတ် ကပ်လာသော မန်နေဂျာကို မြင်မိ၏။ သူ့ လက်ထဲတွင်လည်း အင်ဒရူး၏ ချက်လက်မှတ်ကို ကိုင်ထားလေသည်။ သူ သည် ချက်လက်မှတ်ကို တဖျပ်ဖျပ် ခါရင်းမှပင် အင်ဒရူးအား မျက်မှ[န်] အတွင်းမှ ကျော်၍ ကြည့်ပြီး နှုတ်ဆက်လေသည်။

'နေကောင်းရဲ့နော် ဒေါက်တာ မေဆန်'

သူသည် အင်ဒရူးအား အကဲခတ်သည့်နယ် တစ်ချက် ကြည့်ပြီး နှု[တ်] ခမ်းကို ကိုက်လိုက်ကာ 'ခင်ဗျား ရလာတဲ့ ဒီချက်လက်မှတ်ငွေနှင့် ခင်ဗျား[...] ကိုယ်ပိုင် ငွေစာရင်း ဖွင့်ချင်တယ် ဆိုပါတော့၊ ဟုတ်လား' ဟု မေးလေ၏။

သူ့ မေးခွန်းကြောင့် အင်ဒရူးမှာ စိတ် အနှောင့်အယှက် ဖြစ်သွားရုံ[...] မက အံ့ဩခြင်းလည်း ဖြစ်မိ၏။





'ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ၊ ငွေ နည်းရင် ကိုယ်ပိုင် ငွေစာရင်း ဖွင့်[ခွင့်] မရဘူးလား'

'မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ ငွေ နည်းတာ များတာက အရေးမကြီး[ပါ]ဘူး၊ ဖွင့်လို့ ရပါတယ်၊ ကျွန်တော်တို့ ဘဏ်မှာ စာရင်းလာဖွင့်တာ ကျေးဇူး[လ]ည်း တင် ဝမ်းလည်း သာပါတယ်'

ရီးစ်သည် စကား ဆက်ပြောတော့ဦးမလိုလိုနှင့် ဆက်မပြောဘဲ ရပ်နေ[ပြီး] သူ့ လက်တွင်းမှ ချက်လက်မှတ်ကို ပြန်၍ ကြည့်ပြန်သည်။ ထို့နောက် [ကြ]က်ယန မကင်းသော မျက်လုံးများဖြင့် အင်ဒရူးအား ကြည့်ပြန်လေ၏။

'ဒီငွေကို ခင်ဗျား နာမည်နှင့် ထားမယ်ပေါ့နော် ဟုတ်လား'

'ကျွန်တော့် နာမည်နှင့် မထားရင် ဘယ်သူ့ နာမည်နှင့် ထားရမှာလဲ၊ [ကျွ]န်တော့် နာမည်နှင့်ပဲ ထားမှာပေါ့၊ ဘာဖြစ်လို့လဲ'

'ဘာမှ မဖြစ်ပါဘူး ခင်ဗျာ၊ ကောင်းပါပြီ ဒေါက်တာ၊ ကောင်းပါပြီ၊ [ကျွ]န်တော် အံ့ဩသွားလို့ သေချာအောင် ထပ်မေးမိတာပါ၊ စိတ်မရှိပါနှင့်၊ [ဒီ]နေ့ ရာသီဥတု သိပ် သာယာတယ်နော်၊ ကောင်းသောနေ့ပါ ဒေါက်တာ'

အင်ဒရူးသည် ဘဏ်ထဲမှ ထွက်လာရင်း ဘဏ် မန်နေဂျာ ထိပ်ပြောင်[ကြ]ီးသည် မည်သို့သော ရည်ရွယ်ချက်နှင့် ဒီစကားမျိုးတွေ ပြောပါလိမ့်ဟု သူ့[ကို]ယ်သူ ပြန်မေးမိသည်။ ထိုမေးခွန်း၏ အဖြေကို ရက်အနည်းငယ် ကြာမှပင် [သိ]ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

၂]

…စ္စတီသည် နွေရာသီ ကျောင်းပိတ်ရက် အနားယူခရီး ထွက်သွားခဲ့လေပြီ။ …ဒရှုးမှာ ဂျိုး မော်ဂန်၏ မိန်းမ မီးဖွားသည့် ကိစ္စနှင့် အလုပ်ရှုပ်နေသဖြင့် …စ္စတီ မသွားမီ ကြားရက်များ၌ ခရစ္စတီနှင့် မတွေ့နိုင်ခဲ့ပေ။ ခရစ္စတီ ဘူတာ …င်းသည့်နေ့ကျမှပင် ဘူတာသို့ လိုက်ပို့ရင်း နှုတ်ဆက်ခဲ့ရ၏။ ရထား မထွက် … အချိန် အနည်းငယ် ရသော်လည်း ဟုတ်ဟုတ်ငြားငြား စကား မပြောခဲ့ရ …။ ယခု ခရစ္စတီ မရှိပြန်တော့လည်း ခရစ္စတီကိုသာ တသသ ဖြစ်ကာ …ာက်မေ့ သတိရလျက် ရှိရပြန်လေ၏။

ဒရင်းဖီးမြို့၏ နွေရာသီမှာ ခြောက်သွေ့ ပူပြင်းလွန်းလှသဖြင့် ပျင်းရိ …ငွေ့စဖွယ် ကောင်းလှချေသည်။ နွေဦးပေါက်ကာလ၏ အမှတ်အသားများ …သော စိမ်းလန်း စိုပြည်သည့် သစ်ရွက်များမှာ ယခုအခါ အဝါရောင်သို့ …ပြောင်းကာ ညှိုးနွမ်း ခြောက်သွေ့ ကုန်ကြလေပြီ။ တောင်တန်းများပေါ်မှ …တ်သန်း၍ တိုက်ခိုက်လာသော လေမှာ ယခင်ကလို သန့်ရှင်း လတ်ဆတ် …းမြခြင်း မရှိတော့ပေ။ လေပူ လေနွေးများသာလျှင် ဖြစ်နေလေပြီ။

သတ္တုတွင်းများဆီမှ ပြန်လာကြသော အလုပ်သမားများကို မြင်ရ …သည်မှာ စိတ်ပျက်စရာ ကောင်းလှချေသည်။ သူတို့ မျက်နှာများမှာ ဖုန် …လိမ်းလိမ်း၊ ချွေး အထပ်ထပ်နှင့် တစ်ကိုယ်လုံး ညစ်ပတ် ပေကျံလျက် ရှိ၏။ …တ် မပါ တပါဖြင့် ကစားနေကြသော ကလေးငယ်များကို မြင်ရသည်မှာလည်း …င်းစရာ ကောင်းလှပေသည်။ ပတ်ဝန်းကျင်ရှိ အရာရာတိုင်းသည် ခြောက် …သွေ့လျက် ရှိပေရာ သည်းမခံနိုင်လောက်အောင်ပင် ငြီးငွေ့ဖွယ်ရာ ကောင်း …နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မြင်းရထားသမားကြီး အဘိုးအို သောမတ်မှာ အသည်းရောင် ရော ကြောင့် အိပ်ရာမှ မထနိုင် ဖြစ်နေသဖြင့် အင်ဒရူး လူနာကြည့် သွားရာ၌ ခြေ ကျင်ချည်း သွားနေရလေ၏။

အလွန် ပူပြင်း ခြောက်သွေ့သော လမ်းမများပေါ်တွင် လျှောက်သွာ နေစဉ် အတွင်းမှာပင် အင်ဒရူးသည် ခရစ္စတီအား သတိမရဘဲ မနေနိုင်ချေ

ယခုအချိန်တွင် ခရစ္စတီ တစ်ယောက် ဘာများ လုပ်နေပါလိမ့်။

သူ့ကိုမှ သတိရပါလေစ။

နည်းနည်းတော့ သတိရတန် ကောင်းပါရဲ့။

သူတို့နှစ်ဦး၏ အနာဂတ် ခရီးလမ်းကကော သာယာ ဖြောင့်ဖြူးပါ မည်လော၊ ဘယ်လိုများ ကြုံရ ဆုံရဦးမည်လဲ၊ နှစ်ဦးသား ရွှေလည်မှ တွဲနိုင် ကြပါမည်လော စသည် စသည်ဖြင့် တွေးကာ ခရစ္စတီအား တမ်းတနေမိလေ ၏။

တစ်နေ့တွင် အင်ဒရူး မျှော်လင့်မထားဘဲနှင့် ကုမ္ပဏီ မန်နေဂျာ မစ္စတာ ဝပ်ကင်းထံမှ စာတစ်စောင် ရလေသည်။ သူ့အား ကုမ္ပဏီ ရုံးခန်းသို့ လာရောက်ရန် အကြောင်းကြားသည့်စာ ဖြစ်ပေသည်။

မန်နေဂျာ လုပ်သူက သူ့အား လိုက်လံ့စွာ ဆီးကြို နှုတ်ဆက်ပြီး ကုလားထိုင် တစ်လုံးတွင် ထိုင်ခိုင်းသည်။ စီးကရက်ဘူးကို ချပေးပြီး 'ဆေး လိပ် သောက်ပါ' ဟု ဆိုသည်။ မစ္စတာ ဝပ်ကင်း အမူအရာမှာ တကယ့် ရင်း နှီး ခင်မင်သည့် အသွင် ရှိ၏။ သူ့အား တလေးတစား ကြည့်ကာ 'ဒီလို ဒေါက်တာ' ဟု စကားစလေသည်။

'ကျွန်တော် ဒေါက်တာနှင့် စကား ပြောချင်နေတာ ကြာပြီ၊ အခုမှ ပြောဖြစ်တော့တယ်၊ ကိစ္စကလည်း ကျွန်တော့်ရဲ့ နှစ်ချုပ်စာရင်းတွေ မပြီးခင် ပြတ်သွားမှ အကောင်းဆုံး ဖြစ်မယ့် ကိစ္စလို့ ထင်တယ်လေ၊ ဒါကြောင့်မို့ပါ'

မစ္စတာ ဝပ်ကင်းသည် စကားကို မဆက်သေးဘဲ ပါးစပ်တွင် ခဲထား သည့် ဆေးလိပ်ကို ချွတ်လိုက်သည်။

'လူအတော်များများက ကျွန်တော့်ဆီ လာပြီး ပြောကြတယ်၊ အထူး သဖြင့်တော့ အင်မလီ ဟူးနှင့် အက်ဒီ ဝီလျံတို့က ဦးဆောင်ပြီး ပြောကြတယ် ဆိုပါတော့၊ တခြားတော့ မဟုတ်ပါဘူး၊ ဒေါက်တာ့ကို ကုမ္ပဏီ စာရင်းထဲမှာ ထည့်ပေးဖို့ ကိစ္စပါ'

မစ္စတာ ဝပ်ကင်း၏ စကားကြောင့် အင်ဒရူးမှာ အံ့အားသင့်မိသည်နှင့်





အမျှ ဝမ်းသာ အားတက်ခြင်းလည်း ဖြစ်မိသည်။ ကုလားထိုင်တွင် နေရာ ပြင် ဆိုင်လိုက်ပြီး 'မစ္စတာ ဝပ်ကင်း ဆိုလိုတာက ကျွန်တော့်ကို ဒေါက်တာ ပိတ်ချ် ရဲ့ နေရာမှာ ထားဖို့ စီစဉ်ပေးတော့မယ်လို့ ဆိုလိုတာလား' ဟု မေးမိလေ၏။ မစ္စတာ ဝပ်ကင်းကမူ 'အဲသလိုလည်း အတိအကျ မဟုတ်ပါဘူး' ဟု စဉ်းစဉ်း စားစား အမူအရာမျိုးဖြင့် ဖြေသည်။

'ဒီလိုရှိတယ် ဒေါက်တာ၊ အခြေအနေကတော့ ခပ်ခက်ခက်ပဲ၊ ဒီမှာက အလုပ်သမား ပြဿနာရှိတယ်၊ ကျွန်တော်တို့ ကိုင်ရ တွယ်ရတာ သိပ် မလွယ် လှပါဘူး၊ ဒီအခြေအနေကိုတော့ ဒေါက်တာလည်း သိပြီးသား ဖြစ်မှာပါ၊ ကျွန်တော့် အနေနှင့် ဒေါက်တာ ပိတ်ချ်ကို ကုမ္ပဏီ ဆရာဝန် စာရင်းထဲက ပယ်ဖျက်ဖို့ ဆိုတာကလည်း လောလောဆယ် မလုပ်နိုင်သေးတဲ့ ကိစ္စ တစ်ခု ဖြစ်နေတယ်၊ လုပ်ဖို့ကလည်း မလွယ်သေးဘူး၊ သူ့ကို လိုလားနေတဲ့ အုပ်စုက လည်း ရှိနေသေးတယ် မဟုတ်လား၊ အခု ကျွန်တော် ဆိုလိုနေတာက ဒေါက် တာရဲ့ အကျိုး အတွက် ဒေါက်တာ့ကို တင်ပေးဖို့ပါ၊ ဒေါက်တာ့ကို ကုမ္ပဏီ ဆရာဝန် တစ်ဦးအဖြစ် စာရင်းထဲမှာ ထည့်ပေးမယ်၊ ဒေါက်တာက ဒေါက်တာ ပိတ်ချ်ရဲ့ လက်ထောက် ဆရာဝန် အလုပ်က နုတ်ထွက်လိုက်ပေါ့၊ မဟုတ်ဘူး လား၊ ဒါဆိုရင် စီစဉ်ရတာ သိပ်လွယ်သွားမယ်'

စောစောက အင်ဒရူး၏ မျက်နှာပေါ်၌ ရှိသော စိတ်အား ထက်သန်မှု သည် တစ်ခဏချင်း ပျောက်ကွယ်သွားပြီး မျက်မှောင် တစ်ချက် ကုတ်လိုက် သည်။

'ဒီလိုဆိုရင်တော့ တစ်ခက်ပဲ၊ ကျွန်တော့် အနေနှင့် အခု ခင်ဗျား ပြော သလို လုပ်ဖို့က သိပ် မလွယ်ဘူး၊ လုပ်လည်း မလုပ်နိုင်ဘူး၊ ကျွန်တော် ဒီကို ရောက်လာရတာဟာ ဒေါက်တာ ပိတ်ချ်ရဲ့ လက်ထောက် အနေနှင့် ရောက် လာတာပဲ၊ အကယ်၍ သူ့ဆီက ထွက်ပြီး ခင်ဗျား ပြောသလို ကုမ္ပဏီ ဆရာ ဝန် စာရင်းထဲ အသွင်းခံလိုက်မယ် ဆိုရင် ကျွန်တော် သူ့ကို စင်ပြိုင်လုပ်ရာ ကျမယ်၊ သူ့ လူနာတွေ အားလုံးလိုလို ကျွန်တော့်ဆီကို ရောက်လာကြတော့ မယ်၊ အဲဒီကျရင် သူ့ လူနာတွေကို ကျွန်တော် လုယူလိုက်သလို ဖြစ်သွားတော့ မှာပေါ့၊ သိက္ခာရှိတဲ့ လူတစ်ယောက် သိက္ခာရှိတဲ့ ဆရာဝန် တစ်ယောက် အနေနှင့် ဒီလို အချိုးမျိုးတော့ မလုပ်သင့်ဘူးလို့ ထင်တယ်'

'တခြား နည်းလမ်းကလည်း မရှိဘူး ဒေါက်တာ၊ ကျွန်တော်တို့ စဉ်း စားသို့ ရသလောက် ဒီတစ်လမ်းပဲ ရှိနေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကဲ ဒီလိုဆိုရင် ဒေါက်တာ ပိတ်ချ်ရဲ့ နေရာကို ကျွန်တော် ယူလို့ လို့ မဖြစ်ဘူးလား၊ ကျွန်တော့် အထင်တော့ ဖြစ်နိုင်မယ် ထင်တာပဲ၊ အဲသ လုပ်လိုက်ရင် ပိုပြီး ရှင်း ပိုပြီး ပြတ်သွားနိုင်တယ်၊ ဘာ့ကြောင့် အဲဒီနည်း မလုပ်ချင်ရတာလဲ၊ အဲသလို လုပ်မယ် ဆိုရင် ကျွန်တော့်ဘက်ကလည်း တတ်ရမှာပေါ့၊ ဆိုပါတော့ ကျွန်တော် ရနေတဲ့ ဝင်ငွေထဲက ခွဲဝေပေး သဘော ကျွန်တော် လုပ်ပေးနိုင်တယ်၊ ဒါ့ပြင် ခင်ဗျားတို့ လုပ်နိုင်တဲ့ နည်း လမ်း တစ်ခုပဲ မဟုတ်လား'

ဝပ်ကင်းကမူ ခေါင်းကို သွက်သွက်ခါ ယမ်းနေလေသည်။

'မစ္စ ဘလောဝင်း ပိတ်ချ်က လုံးဝ သဘောတူမှာ မဟုတ်ဘူး ဒေါက် တာ မေဆန်၊ အလျင်တစ်ကြိမ် ကျွန်တော် သူ့ကို ပြောခဲ့ဖူးပြီ၊ မရဘူး၊ သူ လည်း နောက်မှာ နောက်ခံ အင်အားကလေး ရှိမှန်း သိထားတယ်၊ ဒီမှာ ရှိ ကြတဲ့ လူကြီးပိုင်းက လူတွေ အားလုံးလိုလိုဟာ ပိတ်ချ်ရဲ့ ဘက်တော်သား တွေ ဖြစ်နေတုန်းပဲ၊ ဥပမာ ဆိုပါတော့၊ အီးနော့ ဒေးဗီးတို့ လူစု၊ သူတို့ လူစု ကနေ့ အထိ ဒေါက်တာ ပိတ်ချ် အလုပ် ပြန်လုပ်နိုင်လိမ့်မယ်လို့ ယုံကြည် နေတုန်းပဲဗျ၊ သူ့နာမည်ကို ကျွန်တော် ပယ်ဖျက်လိုက်ရင် သပိတ်မှောက်တာ တွေ ဘာတွေ ဖြစ်လာနိုင်တယ်ဗျာ'

မစ္စတာ ဝပ်ကင်းသည် တစ်စုံတစ်ရာကို စဉ်းစားနေပြန်လေသည်။

'ဒါဖြင့် ဒီလို လုပ်ပါလား ဒေါက်တာ၊ အခု မဆုံးဖြတ်နိုင်သေး မနက်ဖြန် အထိ အချိန်ယူပြီး စဉ်းစားပါဦးလား၊ ကျွန်တော် စောင့်နေပါ့မယ် ဒေါက်တာ စဉ်းစားပြီးမှ စာရင်းအသစ် လုပ်ပြီး ဆွမ်ဆီး ရုံးချုပ်ကို ပို့မယ် လေ၊ ဒေါက်တာ သိတဲ့ အတိုင်းပဲ နှစ်ချုပ်စာရင်း ရုံးချုပ် ရောက်သွားပြီ ဆိုရ တော့ နောက် ဆယ့်နှစ်လ အတွင်းမှာ ပြင်လို့ ပြောင်းလို့ အသစ် ထပ်ထည့်လို့ မရတော့ဘူး'

အင်ဒရူးသည် ကြမ်းပြင်ကိုသာ ငေးငိုင်၍ ကြည့်နေမိလေ၏။ သူ့အ ဖြင့် ဝပ်ကင်း ပြောသလို လုပ်ရန်ကား ဘယ်နည်းနှင့်မှ မဖြစ်နိုင်ချေ။ လွန် သော တစ်မိနစ်ခန့် အတွင်းက သူ၏ မျှော်လင့်ချက်များသည် တစ်ရှိန်ထို မြင့်တက်သွားခဲ့သော်လည်း ယခုမူကား မြေကြီးအောက် ရောက်သည် အထိ ပင် တစ်ဟုန်ထိုး ပြန်ကျသွားခဲ့လေပြီ။

'ဘာလုပ်ဖို့ အချိန်ကုန်ခံပြီး စဉ်းစားနေရဦးမှာလဲဗျာ၊ ကျွန်တော် မလုပ်နိုင်ပါဘူး၊ အချိန်တွေ ရက်တွေ အများကြီးယူပြီး စဉ်းစားလည်း ကျွ





အဖို့တော့ ဒီအဖြေပဲ ထွက်မှာပဲ'

အင်ဒရူးအဖို့ ယင်းကဲ့သို့ ဆုံးဖြတ်ခဲ့ရခြင်း အတွက် စိတ်ထဲဝယ် မခံ ခဲ့သော ဖြစ်လျက် ရှိရပေသည်။ နာကြည်းသော စိတ်လည်း ဖြစ်ပေါ်လျက် ၊ မစ္စတာ ဝပ်ကင်းက သူ၏ အကျိုးကို ငဲ့ကွက် ထောက်ထား၍ တိုက် ခြင်း ဖြစ်စေကာမူ သူ့ ဆုံးဖြတ်ချက်ကိုတော့ ပြင်၍ မဖြစ်ပေ။

အမှန်အားဖြင့် သူ ဒရင်းဖီးမြို့တွင် ဆေးဝါး ကုသခွင့် ရရှိလာခဲ့ခြင်း ဒေါက်တာ ပိတ်ချ်၏ ကျေးဇူးကြောင့်သာ ဖြစ်ပေသည်။ ပိတ်ချ်၏ လက် ာက် ဆရာဝန် အဖြစ်နှင့် ထင်ရှားလာခဲ့ခြင်း ဖြစ်သည်ကို သူ ငြင်းကွယ် ရနိုင်ပေ။ သို့ဖြစ်ရာ သူ့ကို ခွင့်လွှတ်နိုင်လောက်သော အကြောင်းအချက် အခြေအနေများ ခိုင်ခိုင်လုံလုံ ရှိနေသည့် တိုင်အောင် ဒေါက်တာ ပိတ်ချ် ခင်ပြိုင် လုပ်ရမည် ဟူသော ကိစ္စမှာမူ လုံးဝ မဖြစ်နိုင်ပေ။ ဤကိစ္စမှာ သိက္ခာနှင့် မှုကို ထိခိုက်မည့် ကိစ္စ ဖြစ်သဖြင့် လုပ်ဖို့ရန် မဆိုထားနှင့်၊ ား၍ပင် မဖြစ်ဟု အခိုင်အမာ ယုံကြည်ထားလေသည်။

ဆိုကြပါစို့။

ဒေါက်တာ ပိတ်ချ် တစ်ယောက် မတော်တဆ ကျန်းမာလာပြီး သူ့ သည်ကို ပြန်လုပ်လာပါက သူသည် အဘိုးကြီးနှင့် ပြိုင်၍ လူနာများများ အောင် လုပ်ရပေတော့မည်။ အဘိုးကြီးနှင့် ပြိုင်၍ လူနာ လုနေရမည့် ကိစ္စ ဘယ်နည်းနှင့်မှ မဖြစ်နိုင်သော ကိစ္စ ဖြစ်ချေသည်။

အကျင့်သိက္ခာ ရှိသော ဆရာဝန် တစ်ဦး အနေဖြင့် အခြား ဆရာဝန် ဦးနှင့် အပြိုင်အဆိုင် လူနာ လုနေရမည့် ကိစ္စမှာ ရက်စရာ ကောင်းသည့် လုပ် ဖြစ်ချေသည်။

သို့ပင် ဖြစ်လင့်ကစား သူသည် ဒေါက်တာ ပိတ်ချ်၏ နှမ ဘလော င်း၏ ပညာသားပါပါနှင့် နှိပ်စက်မှု၊ အနိုင်အထက် ပြုမူမှုများကိုမူ နည်းနည်း သည်းမခံနိုင်ချေ။ ထို့ကြောင့်လည်း ဘလောဝင်းနှင့် တွဲ၍ မလုပ်ချင်သော ာမှာ အမြဲတစေ ပြင်းပြစွာ ရှိနေ၏။ သူ့ အခြေအနေမှာ 'ရှေ့တိုး ထမ်းပိုး၊ ာက်ဆုတ် လှည်းတုတ်' ဖြစ်ရာ မစ္စတာ ဝပ်ကင်းနှင့် တွေ့ပြီးသည့် အချိန် စ၍ ထိုနေ့ တစ်နေ့လုံး စိတ်ဆင်းရဲမှုဒဏ်ကို ခံရလေတော့၏။

ည ရှစ်နာရီခန့်တွင် အင်ဒရူးသည် ဒင်နီ့ထံသို့ ထွက်လာခဲ့သည်။ သူ ဒင်နီနှင့် မတွေ့ရသည်မှာ ကြာပြီ။ သူသည် ယခုလို အချိန်တွင် ဒင်နီနှင့် ကားစမြည် ပြောချင်နေ၏။ သူ၏ ဆုံးဖြတ်ချက် မှန်ကန်သည်ဟု ဒင်နီ



www.burmeseclassic.com

www.burmeseclassic.com


မှ ကြားလိုက်ရမည် ဆိုလျှင် သူ့စိတ်မှာ တစ်နည်းတစ်ဖုံ သက်သာရာ ရလိမ့်မည်ဟု ထင်မိသည်။

သူ ဒင်နီ၏ အခန်းသို့ ရောက်တော့ ရှစ်နာရီခွဲပေပြီ။ ဝင်နေကျ ထွက်နေကျ ဖြစ်သည့် အားလျှော့စွာ တံခါးကို မခေါက်တော့ဘဲ အိမ်ထဲကို ဝင်ခဲ့၏။ ဒင်နီကတော့ ဧည့်ခန်းတွင်းရှိ နှစ်ယောက်ထိုင် ဆိုဖာကြီးပေါ်တွင် စန့်စန့်ကြီး လဲလျက် ရှိလေသည်။

မီးရောင်က မှုန်ဝါးဝါးမို့ ဒင်နီ ဘာဖြစ်နေသည်ကို သဲသဲကွဲကွဲ မမြင်ရပေ။ တစ်နေ့တာ အလုပ်ပြီး၍ နားနားနေနေ သဘောဖြင့် လဲလျောင်းနေသည်ဟုပင် ထင်လိုက်မိ၏။ အသေအချာ ကြည့်လိုက်တော့မှ သူ ထင်သလို မဟုတ်ကြောင်း သိလာရသည်။ ဒင်နီသည် ဆိုဖာပေါ်တွင် အသေကောင် တစ်ကောင်ပမာ လဲနေခြင်းသာ ဖြစ်၍ အသက်ရှူကလည်း မမှန်ချေ။ လက်နှစ်ဖက်ကိုလည်း နမူးပေါ်တွင် ကိုးရိုးကားရား တင်ထားလေသည်။ တကယ်တော့ ဒင်နီသည် လူမှန်း သူမှန်း မသိအောင် အလွန်အကျွံ အရက် မူးနေခြင်း ပေတည်း။

ခြေသံကြား၍ လှည့်ကြည့်လိုက်ရာ မနီးမဝေးမှ ရပ်၍ မိမိအား တစေ့တစောင်း ကြည့်နေသော ဒင်နီ၏ အိမ်ရှင် အမျိုးသမီးကြီးကို တွေ့ရသည်။ သူမ၏ မျက်နှာသည် စိုးရိမ် ပူပန်ခြင်းကို ဖော်ပြနေပေသည်။

'ဒေါက်တာ ဝင်လာတာ ကျွန်မ မြင်လိုက်လို့ လာတာပါ၊ ဒေါက်တာ ဒင်နီကတော့ဖြင့် တစ်နေ့လုံး ဒီပုံစံအတိုင်း ဖြစ်နေတာပဲ၊ ဘာမှလည်း မစားဘူး၊ ကျွန်မလည်း ဘာလုပ်ရမှန်း မသိတော့ဘူး'

အင်ဒရူးမှာ ဘာပြန်ပြောရမှန်း မသိတော့သဖြင့် အသက် ကင်းမဲ့သလို ဖြစ်နေသော ဒင်နီ၏ မျက်နှာကိုသာ ကြည့်နေမိ၏။ သူ ဒရင်းဖီးမြို့သို့ ရောက်သည့် ညက ဒင်နီ ပြောခဲ့သည့် စကားများကိုလည်း သတိရနေမိလေ၏။

'လွန်ခဲ့တဲ့ ဆယ်လလောက်က နောက်ဆုံး အကြိမ် ဆိုပြီး တစ်ကြိမ် သောက်ခဲ့တယ်၊ အဲဒီနောက် အရက် မသောက်ဘဲ နေလာတာ ကြာပြီ၊ လက်ဖျားနဲ့တောင်မှ မတို့တော့ဘူး၊ ဒါပေမဲ့ ပြန်သောက်မိပြီ ဆိုရင်လည်း မရပ်တော့ဘူး၊ သိပ်သောက်တယ်၊ သူဟာ ဒေါက်တာ နီကို ခရီးသွားချိန်မှာ ပိုဆိုးတယ် သဘောပဲ၊ အခုလည်း ဒေါက်တာ နီကိုက နားရက်မို့ ခရီးထွက်သွားတယ်၊ ကျွန်မ သူ့ဆီကို ကြေးနန်းရိုက်ရရင် ကောင်းမယ်လို့တောင်မှ စဉ်းစားမိတယ်'



အင်ဒရူးက စိတ်ရှုပ်ရှုပ်နှင့် 'တွမ်ကို ခေါ်လိုက်စမ်းပါ၊ ကျွန်တော်တို့ သူ့ကို အိပ်ရာထဲ ပို့မှ ကောင်းမယ်' ဟု ပြောလိုက်၏။

အိမ်ရှင်မကြီး၏ သား တွမ်အဖို့တော့ ဒင်နီ၏ အဖြစ်မှာ ရယ်စရာကြီး ဖြစ်နေပေသည်။ အင်ဒရူးသည် တွမ်၏ အကူအညီဖြင့် ရှေးဦးစွာ ဒင်နီ၏ အဝတ်အစားများကို ချွတ်ပေးကာ ညဝတ်အင်္ကျီနှင့် ဘောင်းဘီများ လဲလှယ်ပေးသည်။ ပြီးမှ ဒင်နီ၏ ခန္ဓာကိုယ်ကြီးအား မနိုင့်တနိုင်နှင့် မ၍ အိပ်ရာဆီသို့ ပို့ပေးရလေသည်။

'အရေးကြီးတာက သူ နောက်ထပ် မသောက်အောင် လုပ်ဖို့ပဲ၊ ငါ ပြောတာ မင်း နားလည်တယ်နော် တွမ်၊ တကယ်လို့ လိုအပ်လာရင် သူ့ အိပ်ခန်း တံခါးကို အပြင်ကနေ သော့ခတ်ထားကွာ'

အင်ဒရူးက တွမ်ကိုရော သူ့အမေကိုပါ မှာစရာ ရှိတာ မှာသည်။

'ပြီးတော့ အရေးကြီးတာ တစ်ခု ရှိသေးတယ်၊ အခု လောလောဆယ် မနက် သူ သွားကြည့်ရမယ့် လူနာ စာရင်း ရဖို့ လိုတယ်၊ ဘယ်မှာ ထားမယ် ထင်သလဲ'

လူနာစာရင်း ရေးထားသည့် ကျောက်သင်ပုန်းလေး တစ်ချပ်ကို အိမ်ရှေ့ခန်းမ အတွင်းရှိ နံရံ၌ ချိတ်ဆွဲထားသည်ကို တွေ့ရ၏။ ဒင်နီ ယနေ့ သွားကြည့်ရမည့် လူနာစာရင်းကို အင်ဒရူးက သူ့ဘာသာသူ ကူးယူပြီး အမြန်ပြန်ထွက်လာခဲ့သည်။ အချိန် သိပ်မဖြုန်းတော့ဘဲ လူနာ တစ်ယောက်ပြီး တစ်ယောက် ကြည့်သွားရာ ဆယ့်တစ်နာရီ မထိုးမီ လူနာ အားလုံး ကြည့်ပြီး သွားလေသည်။

နောက်တစ်နေ့ မနက်တွင် ဆေးခန်းမှ အလုပ်ပြီးလျှင် ပြီးချင်း ဒင်နီ့အခန်းသို့ သွားရာ လက်နှစ်ဖက်ကို မြှောက်ပြကာ စိတ်ပျက်လက်ပျက် ဆီးကြိုနေသော အိမ်ရှင် အမျိုးသမီးကြီးကို တွေ့ရသည်။

'သူ အရက် ဘယ်က ရသွားမှန်း ကျွန်မတော့ မသိတော့ပါဘူး၊ ကျွန်မကတော့ လုံးလုံး မပေးဘူး၊ ဒေါက်တာ မှာထားခဲ့တဲ့ အတိုင်း ကျွန်မ တတ်နိုင်သလောက် ထိန်းထားပါတယ်'

ဖီးလစ် ဒင်နီမှာ မနေ့ကထက် ယနေ့ တစ်ဆလောက် ပို၍ မူးနေလေသည်။ အလွန်အမင်း သောက်ထားခြင်း ဖြစ်၍ မနေ့ကလိုပင် လူမှန်း မသိချေ၊ သို့သော်လည်း အင်ဒရူး၏ လက်ကိုတော့ အကြာကြီး ဆွဲကာ လှုပ်ခါလျက် ရှိသည်။


www.burmeseclassic.com

www.burmeseclassic.com


အမူးပြေစေရန် ကော်ဖီခါးခါး တစ်ခွက် ဖျော်၍ တိုက်သော်လည်း မသောက်နိုင်ချေ။ တာစူ၍ မရနိုင်လောက်အောင် မူးနေသည် ဖြစ်ရာ ကော်ဖီ ပန်းကန် လက်ထဲမှ လွတ်ကျကာ အိပ်ရာ တစ်ခုလုံး ရွှဲရွှဲစို သွားခြင်းဖြင့် အဆုံးသတ်သွားသဖြင့် လက်လျှော့ လိုက်ရလေတော့၏။

အင်ဒရူးမှာ မနေ့ကလိုပင် ဒင်နီ သွား၍ မကြည့်လျှင် မဖြစ်သည့် လူနာ စာရင်းကို ကူးယူပြီး ဒင်နီ့ကိုယ်စား ထွက်ခဲ့ပြန်လေ၏။ တစ်အိမ်တက် ဆင်း သွားလာနေရင်းမှပင် ပူပြင်းသော ရာသီဥတုကို လည်းကောင်း၊ စိတ် ပျက်စရာ ကောင်းလောက်အောင် ပေါများလှသည့် ယင်ကောင်များကို လည်း ကောင်း၊ မြင်းရထားသမားကြီး သောမတ်၏ အသည်းရောင် ရောဂါကို လည်း ကောင်း၊ အရက်တွေ အဆမတန် သောက်ပြီး ဖင်မှန်း ခေါင်းမှန်း မသိ လောက်အောင် မူးလဲနေသော ဒင်နီကို လည်းကောင်း ကျိန်ဆဲနေမိလေ၏။ ထိုနေ့ အဖို့လည်း အင်ဒရူးမှာ အလုပ်ကို နှစ်ဆတိုး၍ လုပ်ခဲ့ရပြန်လေ၏။

သူ အလုပ်ပြီးချိန်တွင် နေအတော် စောင်းနေပေပြီ။ ပင်ပန်းလှ သဖြင့် စိတ်တိုလျက် ရှိပြီ ဖြစ်ရာ ယနေ့တော့ဖြင့် ဒင်နီအား အရက်မသောက် ရန် အတင်းအကျပ် တားတော့မည်ဟု ဆုံးဖြတ်လာခဲ့သည်။

ဒင်နီသည် ညဝတ်အင်္ကျီ အဝတ်အစားများနှင့်ပင် ကုလားထိုင် တစ် လုံးပေါ်၌ ခွ၍ ထိုင်နေသည်ကို တွေ့ရ၏။ ယခု အချိန်ထိ သူ့မှာ အမူးမပြေ သေးပေ။ အိမ်ရှင်မကြီး မစ္စက် ဆီရားဂါးနှင့် တွမ်တို့ သားအမိအား ရှည် လျားသော သံဝါဒ စကားများ ပြောကြားလျက် ရှိ၏။

အင်ဒရူးကို မြင်သည်နှင့် တစ်ပြိုင်နက် စကားပြော ရပ်လိုက်ပြီး လှောင်ပြောင် သရော်လိုသည့် မျက်နှာပေးဖြင့် ကြည့်ကာ ပြတ်တင်စကား ဆို လေတော့၏။

'သြော် မြင့်မြတ်လှစွာသော မဟာ ကရုဏာရှင် ဆရာဝန်ကြီး ပြန် လာပြီကိုး၊ နေစမ်းပါဦး ခင်ဗျားက ကျုပ်ကိုယ်စား ကျုပ်ရဲ့ လူနာတွေကို လိုက် ကြည့်ပေးနေတယ်ပေါ့လေ ဟုတ်စ၊ ကျုပ် မေးစမ်းပါရစေ၊ ခင်ဗျားက ကျုပ် လုပ်ရမယ့် အလုပ်ကို ဘာကြောင့် ဝင်လုပ်ပေးနေရတာလဲ၊ ဟိုအကောင် နီကို နှင့် ကျုပ်နှင့် လုပ်ရမယ့် အလုပ်တွေပဲဟာ၊ ခင်ဗျားက မဆီမဆိုင် ဝင်ပြီး ရှုပ် နေတယ်'

အင်ဒရူးမှာ သည်းမခံနိုင်သည့် အခြေသို့ ရောက်လာသည်။

'ဒါတော့ ကျုပ် မပြောတတ်ဘူး၊ ကျုပ် နားလည်တာက ခင်ဗျား



...န်ကျေဖို့ အတွက် ကျုပ်က ကူညီတဲ့ အနေနှင့် ဝင်လုပ်ပေးနေတာပဲ'

'ဒီမှာ ကျုပ်ဟာ ခွဲစိတ်ကု ဆရာဝန် သက်သက်ပဲ၊ ကျုပ်ဟာ သမား တော် မဟုတ်ဘူး ကိုယ့်လူ၊ ဘာလဲ သမားတော် ဆိုတာ၊ ဘာအဓိပ္ပာယ်လဲ၊ ဘာကို ဆိုလိုတာလဲ၊ ခင်ဗျားကော သိရဲ့လား၊ အဓိပ္ပာယ်ကို ခင်ဗျားလည်း နား လည်ဘူးပေါ့ ဟုတ်စ၊ ကောင်းပြီ ကျုပ် ပြောပြမယ်၊ ဒီဟာကြီးက ...ဆုံးပေါ့ ဖြစ်ပေမဲ့ ခေတ်နှင့် အံဝင်ခွင်ကျ မဖြစ်ဆုံး၊ သမားရိုးကျ ...ဆုံး စနစ်အရ ပေါ်လာတဲ့ ဟာကြီးပါ၊ ဒီစနစ်ဟာ ဘုရားသခင်က ဖန် ဆင်းလိုက်တဲ့ လူတွေလို သူတို့ကိုယ် သူတို့ ထင်နေတဲ့ လူတစ်စုက တီထွင် ...တဲ့ အဆိုးရွားဆုံး စနစ် အသုံးမကျဆုံး စနစ် တစ်ခုပဲလို့ ကျုပ် မြင်ထား ...ယ် သိလား၊ ဟင်... အို... ချစ်လှစွာသော သမားတော်ကြီးရယ်၊ အို... ချစ် ...သော ဗြိတိသျှ လုပ်သားပြည်သူများရယ် ဟဲ ဟဲ ဟဲ'

ပြောနေရင်းက လှောင်ရယ် ရယ်လိုက်သေးသည်။

'သူတို့က ဒီစနစ်ကို ထွင်တယ်၊ သူတို့ကပဲ ဒီစနစ်ကို ချစ်နေကြတယ်၊ ...န်းနေကြတယ်၊ ပြီးတော့ သူတို့ပဲ ဒီစနစ်ကို ကြည့်ပြီး ငိုနေကြတယ်'

ဒင်နီသည် ကုလားထိုင်ပေါ်တွင် ငြိမ်ငြိမ် ထိုင်မနေချေ။ သူ့ကိုယ်သူ ...နိုင် ဖြစ်ကာ ယိမ်းထိုးလျက် ရှိသည်။ သူ၏ နီရဲနေသော မျက်လုံးအစုံ ...သည် စက်ဆုပ် ရွံရှာခြင်း၊ နာကြည်းခြင်းတို့ကို ဖော်ပြနေပေသည်။ မူးမူးရူးရူး ...င် သူ ပြောချင်သမျှကို ဆက်ပြောနေပြန်သည်။

'ဒီ သမားတော် ဆိုတဲ့ မိစ္ဆာကောင်က ဘာများ လုပ်နိုင်မှာတဲ့လဲ၊ ကဲ ...စမ်းပါဦး၊ ခင်ဗျား သမားတော်... ခင်ဗျား သမားတော်ဟာ ယောင်သုံးဆယ် ...ား ဘဝက တက်မလာနိုင်ပါဘူးဗျ၊ သူ တကယ် နားလည် ကျွမ်းကျင်တဲ့ ဆရာဝန် တစ်ယောက် ဖြစ်လာဖို့ အနှစ် နှစ်ဆယ် လက်တွေ့ လုပ်ကိုင်ရတယ်၊ ...ဦးတော့၊ သူ့အသက်က ကြီးလာပြီ၊ အသက်ကြီး လာလို့ အဘိုးကြီး ဖြစ် ...တော့ သူ့ အနေနှင့် ဘယ်လို လုပ်ပြီး ခေတ်မီ ဆေးဝါး အကြောင်း ကျွမ်းကျင်မတဲ့လဲ၊ သားဖွား ပညာကျတော့ သူ သိမတဲ့လား၊ သူ ကျွမ်းကျင် ...တဲ့လား၊ ရောဂါတွေနှင့် ဆိုင်တဲ့ အတတ်ပညာ ကျတော့ကော သူ ကျွမ်းကျင် ...တဲ့လား၊ ခေတ်နှင့် အညီ သိပ္ပံနည်းကျကျ ဖြစ်ပေါ်လာနေတဲ့ ဆေးပညာရဲ့ ...တက်မှုတွေနှင့် ခွဲစိတ် ကုသမှုတွေကိုရော သူ ကျွမ်းကျင်စွာနှင့် သိမတဲ့ ...ား၊ တတ်မတဲ့လား၊ အဲ အဲ ခွဲစိတ် ကုသမှု ဆိုလို့ ပြောရဦးမယ်၊ တဲကု... ...သာလောက် ရှိတဲ့ ဆေးရုံမှာ မဖြစ်စလောက်ဟာလေးတွေကို မကြ...


www.burmeseclassic.com

www.burmeseclassic.com

ခွဲစိတ်ချင် ခွဲစိတ်ရမှာပေါ့ဗျာ၊ ဟဲ ဟဲ'

ဒင်နီသည် ပြောရင်းက သူ့စကားကို သူ သဘောတွေ့ကာ ရယ်လိုက် ပြန်လေသည်။

'ဆိုပါတော့၊ နို့နာကို စစ်ဆေး စမ်းသပ်လိုက်တာ နှစ်နာရီခွဲလော ကြာတယ်၊ အဲ သူ့အနေနှင့် ပြည့်တည်နေတာ တွေ့ပြီ ဆိုရင်ပဲ လူသား ရဲ့ ကယ်တင်ရှင်ကြီး ဖြစ်သွားရော၊ အဲ မတွေ့ဘူး ဆိုကြပါစို့ရဲ့၊ သူ ဘာ ဖြစ်သွားမလဲ၊ သူကတော့ ဘာမှ မဖြစ်ပေါင်၊ လူနာကို မြေမြှုပ်လိုက်ရုံ လွယ်လွယ်ကလေးရယ်'

ဒင်နို့ အသံသည် စောစောကထက် ကျယ်လောင် စူးရှလာပြီး ပြော ရင်း ပြောရင်းနှင့် ဒေါသ ကြီးလာသည်။ သူ့ ဒေါသမှာ မူးမူးနှင့် ပေါက် လာသည့် ဒေါသ။

'အားလုံး အသုံးမကျဘူး မေဆန်၊ တစ်ခုမှ အသုံးမကျဘူး သိလား ဒီပုံစံ အတိုင်း ကျုပ်တို့ သွားနေခဲ့ကြတာ နှစ်ပေါင်း ရာနှင့် ချီနေပြီ၊ ဒီစနစ် ဒီပုံစံကြီးကို ပြုပြင် ပြောင်းလဲဖို့များ ဒီကောင်တွေ မစဉ်းစားကြတော့ဘူး လား၊ ဘာများ အသုံးကျလို့လဲ ဟင်၊ ဘာများ အသုံးကျတော့လို့တဲ့လဲ၊ ငါ့ ဝီစကီ ပေးစမ်း၊ ငါ ထပ်သောက်ဦးမယ်၊ ငါတို့ အားလုံးဟာ သောက် သောက်ပေါတွေပါကွာ၊ ငါကျတော့ ရှူးလည်း ရှူး မူးလည်း မူး'

အားလုံး ငြိမ်ဆိတ်နေကြသည်။ အတန်ကြာမှ အင်ဒရူးက သူ့ဒေါသ ကို ချုပ်တည်းထားရသည့် လေသံဖြင့် စကား စပြောလေသည်။

'ခင်ဗျား အိပ်ရာထဲမှာပဲ လှဲနေရင် ကောင်းမယ်၊ ကဲ လာ၊ ကျွန်တော် တွဲပြီး လိုက်ပို့ပေးမယ်'

'မလိုပါဘူးကွာ၊ ငါ့ဘာသာ ငါ အေးအေး နေစမ်းပါရစေ'

ဒင်နီ၏ လေသံမှာ မာကျောလှပေသည်။

'ပိုက်ဆံ လိုချင်တာနှင့် လူနာကို မျက်နှာချို သွေးနေရတဲ့ အပေါစား ဆရာဝန် ချော့လုံးမျိုးတွေနှင့် ငါ့ကို လာပြီး နှော့မနေစမ်းပါနှင့်၊ ဒါမျိုးတွေ ငါ့အဖို့ ရိုးနေပါပြီ၊ ငါကိုယ်တိုင် လုပ်ခဲ့ဖူးတဲ့ အချိုးတွေပါကွ'

ဒင်နီသည် ပြောပြောဆိုဆိုနှင့် မစ္စက် ဆီးရားဂါး၏ လက်မောင်းကို လှမ်းဆွဲကာ အားယူ၍ ထသည်။ သူ့ကိုယ်သူ မဟန်နိုင်သဖြင့် မစ္စက် ဆီးရား ဂါးအား ဆောင့်၍ တွန်းလိုက်သလို ဖြစ်သွားလေရာ မစ္စက် ဆီးရားဂါးမှာ ကုလားထိုင်ပေါ်သို့ လဲကျသွားလေတော့၏။





ဒင်နီသည် မတ်တတ် ရပ်မိပြီ ဖြစ်သော်လည်း တည့်တည့်မတ်မတ် ရပ်နိုင်သည် မဟုတ်ချေ။ ဒယီးဒယိုင်နှင့် ယိမ်းထိုးလျက် ရှိသည်။ သူသည် ရယ်ချင်စဖွယ်ရာ ပျူငှာသော ဟန်အမူအရာဖြင့် အလန့်တကြား ဖြစ်နေရှာသော မစ္စက် ဆီးရားဂါးအား မေးနေပြန်၏။

'ဘယ်လို နေသေးလဲ၊ နေကောင်းသွားပြီလား ခင်ဗျာ၊ သွေးအား ကောင်းလာပြီ မဟုတ်လား၊ ကောင်းကောင်းလည်း အိပ်လို့ ပျော်ပြီ မဟုတ်လား၊ ဟင်း ဟင်း၊ ဗိုပြီး သက်သာသွားအောင် ကျွန်တော် ဆေးတစ်ခွက် ဆပ်ပေးလိုက်ဦးမယ်၊ ခင်ဗျားတို့က ဆေးသောက်ရမှ ရောဂါ ပျောက်တယ် အထင်ရှိတဲ့ လူစားတွေပဲဟာ၊ သောက်ဆေး မပေးလို့ ဘယ်ဖြစ်မလဲ ပေးရဦးမှာပေါ့'

ဒင်နီ၏ ပုံပန်းနှင့် အမူအရာမှာ ကြောက်စရာလည်း ကောင်း၍ ရယ်စရာလည်း ကောင်းနေပေသည်။ သူ၏ ကိုယ်ခန္ဓာမှာ သေးသေးကွေးကွေး ဖြစ်တ်ပေ။ ခပ်တုတ်တုတ် ခပ်ဖိုင့်ဖိုင့် ဖြစ်ရာ မရိတ်ဘဲ ထားသော မုတ်ဆိတ် မွေးများနှင့် ဖိုးရိုးဖားရား ဖြစ်နေသော ညဝတ် အင်္ကျီ ဘောင်းဘီများ ကြောင့် မျောက်လွှဲကျော်ကြီး တစ်ကောင်နှင့် တူနေလေသည်။

လူတိုင်းကို ရိုသေတတ်သော၊ အထူးသဖြင့် ဗီးလစ် ဒင်နီလို လူအများ လေးစားရသည့် ဆရာဝန် တစ်ဦး အပေါ်တွင် ကျိုးနွံစွာ ဆက်ဆံတတ်သော သတ္တုတွင်း အလုပ်သမား တစ်ဦး၏ ဇနီးသည် ရှေ့မှောက်တွင် မူးမူး နှင့် မထိန်းနိုင် မသိမ်းနိုင် ဖြစ်နေခြင်းမှာ အလွန် မဖွယ်ရာသည့် ကိစ္စ တစ်ခု ဖြစ်ပေသည်။

တွမ်သည် ဒင်နီ၏ အဖြစ်ကို ကြည့်ကာ မအောင့်နိုင်တော့သဖြင့် ရယ်လိုက်မိလေ၏။ ဒင်နီသည် စိတ်ဆိုးမာန်ဆိုးဖြင့် တွမ်အား ဖမ်းဆွဲလိုက်ကာ လက်မောင်း နှစ်ဖက်ကို ဆုပ်ဆွဲထားသည်။ နှုတ်မှလည်း ကြမ်းတမ်းစွာ ဆဲဆို ကြိမ်းမောင်းခြင်း ပြုလေ၏။

'မင်းက ငါ့ကို ရယ်စရာကောင် အောက်မေ့တယ်ပေါ့လေ ဟုတ်လား၊ ရယ် ရယ်ဦးကွာ၊ ရယ်ဦး၊ သေအောင် ရယ်လိုက်စမ်း'

ဒင်နီသည် တွမ်အား လွှတ်လိုက်ပြီး အင်ဒရူးတို့အား ဒေါသတကြီး ကြည့်နေပြန်သည်။ ပြီးသော် မီးခဲ ကျောက်ပြားပေါ်၌ တင်ထားသည့် ပန်းအိုးကို ဆွဲယူကာ ကြမ်းပေါ်သို့ ပစ်ပေါက်လိုက်၏။ နောက်တစ်ဖန် ပန်းအိုးကွဲ အစအနများကို သိမ်းကျုံး ကောက်ယူပြီး နံရံဆီသို့ ပစ်ပေါက်ပြန်လေ၏။


www.burmeseclassic.com

www.burmeseclassic.com



'လုပ်ကြပါဦး၊ သူ့ကို ဆွဲထားကြပါဦး'

မစွက် ဆီးရားဂါးက တစ်ချက် အော်လိုက်သည်။

အင်ဒရူးနှင့် တွမ်တို့သည် ဒင်နီ၏ အပေါ်သို့ ခုန်အုပ်ကာ ဖမ်းချုပ်ကြသည်။ ဒင်နီကတော့ အမူးလွန်နေသူ ပီပီ အော်ဟစ် ရုန်းကန် ဆဲဆိုလျက် ရှိ၏။ အတန်ကြာမှ အမောလွန်ကာ ငြိမ်သက် သွားလေသည်။ သူသည် အလွန်အမင်း ပင်ပန်း မောဟိုက်နေသဖြင့် အင်ဒရူး၏ လက်မောင်းကို မှီ၍ ငြိမ်သက်နေလေ၏။

'မေဆန်'

ဒင်နီ၏ အသံမှာ ခပ်ယဲ့ယဲ့သာ ထွက်နိုင်သည်။

'ခင်ဗျားဟာ အင်မတန် သဘောကောင်းတဲ့ လူပါ၊ သဘောထားလည်း ပြည့်ပါတယ်၊ ကျွန်တော် ခင်ဗျားကို ညီအစ်ကို အရင်းအချာမက ချစ်ပါတယ်၊ ခင်ဗျားနှင့် ကျွန်တော် စိတ်တူ သဘောတူ ပူးပေါင်းပြီး အလုပ် လုပ်သွားကြမယ် ဆိုရင် ဆေးပညာ လောကရဲ့ ဆိုးရွားနေတဲ့ အခြေအနေတွေ၊ ဖြစ်ရပ်တွေကို ပြုပြင် ပေးနိုင်လိမ့်မယ်လို့ ထင်တယ်ဗျာ'

ဒင်နီသည် စကားပြောရင်းမှ အနည်းငယ် အားပြုကာ မတ်တတ် ရပ်သည်။ သူ့ မျက်လုံးများမှာ ချာချာလည်လျက် ရှိသည်။ နောက် တစ်ခဏတွင် သူ့ ဦးခေါင်းသည် ငိုက်စိုက် ကျသွားပြီး တစ်ကိုယ်လုံး ကွေးညွတ်ကာ ထိုင်ကျသွားလေ၏။

အင်ဒရူးသည် ဒင်နီအား တွဲ၍ အိပ်ရာဆီသို့ ပို့သည်။ ဒင်နီသည် သူ့ခေါင်းကို ခေါင်းအုံးပေါ်၌ ဘယ်ညာ လူးလိမ့်ရင်းက အာလေးလျှာလေးဖြင့် စကားတစ်ခွန်း ပြောလေသည်။

'ကျွန်တော့်ကို ကတိ တစ်ခုပေးပါ မေဆန်၊ ခင်ဗျား မိန်းမ မယူပါနှင့်ဗျာ'

နောက်တစ်နေ့ မနက်တွင် ဒင်နီသည် ယခင် နေ့များကထက် တစ်ဆ ဘို၍ သောက်ကာ ပို၍ မူးနေပြန်ရာ အင်ဒရူးမှာ လက်လျှော့ လိုက်ရလေတော့၏။ အရက်ကို မစွက် ဆီးရားဂါး၏သား တွမ်က တိတ်တိတ် ယူပေးနေသည်ဟု သံသယ ဖြစ်မိသဖြင့် ခေါ်၍ မေးသော်လည်း သူက ယူမပေးကြောင်း အမျိုးမျိုး ကျိန်တွယ်၍ ပြောလေသည်။

ထို ရက်သတ္တ တစ်ပတ်လုံးလုံး အင်ဒရူးမှာ နားရသည်ဟု မရှိတော့ဘဲ သူ့အလုပ်များကို သာမက ဒင်နီ၏ လူနာများကိုပါ ကြည့်ပေးနေရသဖြင့်





စိတ်ပန်း ကိုယ်ပန်း ဖြစ်နေရလေ၏။

တနင်္ဂနွေနေ့ နေ့လယ်စာ စားအပြီးတွင် ချက်ပဲလ်လမ်း အိမ်သို့ သွား၍ ကြည့်ပြန်သောအခါ ယခင်နေ့များကနှင့် မတူ တစ်မူထူးခြားနေသည့် ဒင်နီကို တွေ့ရလေ၏။

ဒင်နီသည် တုတ်ထုတောင်ထောင် ဖြစ်နေပေပြီ။ သူ့ကိုယ်သူ သန့်သန့်ပြန့်ပြန့် ဖြစ်အောင် ပြင်ဆင်ထားသည်။ မုတ်ဆိတ်မွေးကို ပြောင်စင်နေအောင် ရိတ်ထားပြီး အဝတ်အစားများကိုလည်း သပ်ရပ် ကျနစွာ ဝတ်ထားသဖြင့် တစ်ကိုယ်လုံး ပြောင်လက်နေသော်လည်း လွန်ခဲ့သော ရက်များ အတွင်းက ရက်ဆက်လိုလို သောက်စား မူးယစ် ပေတေနေခဲ့မှုကြောင့် ခွန်အား ဆုတ်ယုတ်လျက် ရှိကာ ခပ်ယိုင်ယိုင် ခပ်ချည့်ချည့် ဖြစ်လျက် ရှိလေသည်။

'ခင်ဗျားက ကျုပ် လူနာတွေကို လိုက်ကြည့်ပေးနေတယ်ပေါ့လေ ဟုတ်လား'

ဒင်နီ၏ အသံမှာ မာကျောလွန်းလှ၏။ ယခု ရက်အနည်းငယ် အတွင်း သူတို့ နှစ်ဦးကြား တည်ရှိလာခဲ့သော ခင်မင် ရင်းနှီးမှုသည် ပျောက်လုခမန်း ဖြစ်သွားပြန်သည်။ ဒင်နီ၏ အမူအရာမှာ ခပ်စိမ်းစိမ်း ဖြစ်နေရုံမျှမက ပြောဆို ဆက်ဆံပုံမှာလည်း မချေမငံ နိုင်လှချေသည်။

အင်ဒရူးကမူ ဣန္ဒြေ မပျက်ပင် 'ဟုတ်တယ်၊ ကျွန်တော် ကြည့်ပေးနေတယ်၊ ကိစ္စ မရှိပါဘူး၊ ဖြစ်လောက်တာမှ မဟုတ်ဘဲ၊ ဒီလိုပဲ ကူညီရမှာပေါ့' ဟု စကားပြေ ပြောလေသည်။

'ဘယ့်နှယ် ကိစ္စ မရှိရမှာလဲဗျ၊ ခင်ဗျားမှာ မနိုင်မနင်း ဖြစ်နေမှာပေါ့၊ ခင်ဗျား အလုပ် ပိုလုပ်ရတော့ ဒုက္ခများတာပေါ့၊ ကျုပ်က သက်သက်မဲ့ ဒုက္ခပေးသလို ဖြစ်နေတာပေါ့'

ဒင်နီ၏ လေသံမှာ မကျေနပ်ဟန်၊ မနှစ်မြို့ဟန် ပေါက်နေသဖြင့် အင်ဒရူးမှာ ကသိကအောက် ဖြစ်သွားသည်။ တကယ်ဆိုလျှင် ဒင်နီ့ အနေဖြင့် ကျေးဇူးတင်စကားလေး တစ်ခွန်းလောက်တော့ဖြင့် ပြောဖို့ ကောင်းသည်။ ယခုတော့ ကျေးဇူးတင် စကား ဆိုဖို့ နေနေသာသာ ပြောပုံ ဆိုပုံ ဟန်ပန် လေသံက မချေမငံ မပြေမပြစ်။

ကောင်းသည်... သိပ်ကောင်း။

အင်ဒရူးသည် တွေးရင်း တွေးရင်းနှင့် ဒေါပွလာသည်။

'ကောင်းပြီလေ၊ ဒီလိုဆိုတော့ ကျုပ်ကလည်း အမှန် ပြောရတော့မှာ



www.burmeseclassic.com

www.burmeseclassic.com

ပေါ့၊ ခင်ဗျား ပေးတဲ့ ဒုက္ခကတော့ မသေးဘူး၊ မသေးတာတော့ အမှန်ပဲ၊ နည်းနည်းနောနော ဒုက္ခ မဟုတ်ဘူး'

'ဒီလိုဆိုရင်လည်း ကျုပ်ဆီက လုပ်ခ ယူပေါ့ဗျာ၊ ဒါမှမဟုတ် တစ်ခုခုတော့ ယူပေါ့၊ ဒါဆိုရင် ခင်ဗျား ကျေနပ်ရောပေါ့'

'ခင်ဗျားက ကျုပ်ကို ဘယ်လို အကောင်စား ထင်နေသလဲ ခင်နီ'

အင်ဒရူး၏ အသံမှာ တင်းမာလှပေသည်။ သူ့မျက်နှာမှာ ဒေါသအရှိန်ဖြင့် နီရဲနေလေသည်။

'ခင်ဗျားဆီက အပိုကြေးလေး ဘောက်ဆူးလေး ရဖို့ ရလိုရငြား မျှော်လင့်နေတဲ့ မြင်းလှည်းသမား ထင်နေသလား၊ ခင်ဗျား အချိုးက ဘယ်လိုအချိုးလဲ၊ ကျုပ်သာ မရှိရင် မစ္စက် ဆီရားဂါးက ဒေါက်တာ နီကိုဆီ ကြောနန်း ရိုက်လို့ အခုလောက်ဆို ခင်ဗျား ကန်အထုတ်ခံနေရလောက်ပြီ သိလား ခင်ဗျားဟာ တကယ့်လူပါပဲ၊ တော်တော် ဘဝင်မြင့်တဲ့လူ၊ ကျုပ်တော့ဖြင့် အံ့ရောဗျာ၊ တကယ်ပါ၊ ခင်ဗျားလို လူမျိုး မတွေ့ဖူးခဲ့ဘူး၊ အမှန်တော့ ခင်ဗျားဟာ ဖွတ်ကျားပါ၊ ခင်ဗျားကို ကျုပ် ပေးသင့်တာက ခင်ဗျားရဲ့ မေးစေ့ကို လက်သီး ပြင်းပြင်းနှင့် တစ်ချက်လောက် ထိုးပေးလိုက်ဖို့ပဲ'

ခင်နီကတော့ မတုန်မလှုပ်။ ခပ်အေးအေးဆေးဆေးနှင့် စီးကရက်တစ်လိပ်ကို မီးညှိနေသည်။ လက်များ တုန်ယင် လှုပ်ရှားနေသဖြင့် မီးခြစ်ဆံကိုမှ မြဲမြဲ မကိုင်နိုင်ပေ။ ပြီးတော့ အင်ဒရူးကိုပင် မကြည့်ဘဲ နှာခေါင်းထဲ တစ်ချက် ရှုံ့လိုက်လေသည်။

'ခင်ဗျားက လက်သီးချင်း ပြိုင်ဖို့ သဘောကျတယ်ပေါ့၊ ကျုပ်ကလည်း ကြိုက်ပါတယ်၊ စကော့သွေးပေါ့၊ အေးလေ၊ တစ်ချိန်မှာတော့ ခင်ဗျား စိန်ခေါ်တာကို ကျုပ်ကလည်း ဝမ်းပန်းတသာနှင့် လက်ခံမှာပါ၊ စိတ်ချနေပါ'

'ဒီမှာ ကိုယ့်လူ၊ အသုံးမကျတဲ့ ခင်ဗျား ပါးစပ်ပုပ်ကြီးကို ပိတ်ထားစမ်းဗျာ၊ ရော့ ဟောဒီမှာ လူနာစာရင်း၊ တနင်္လာနေ့မှာ သွားကြည့်ရမယ့် လူနာတွေကို ကြက်ခြေခတ် ထားတယ်'

အင်ဒရူးသည် ဒေါသတကြီးနှင့် အိမ်ထဲမှ ထွက်လာခဲ့လေ၏။ တစ်လမ်းလုံး ဒေါပွ၍ မဆုံး။ ဘယ်လို အကောင်စားမျိုးပါလိမ့်။ အလွန် အသုံးမကျသည့် အကောင်။ ဆက်ဆံပုံ ရိုင်းစိုင်းလွန်းလှသည်။ သူ့ အလုပ်ကို မိမိက လူ့ချင်း ခင်မင်၍ အသိစိတ်နှင့် ဝင်ကူညီခဲ့ခြင်း ဖြစ်သည်။ သို့ပါလျက် ယခုတော့ အသိအမှတ် မပြုရုံမျှမက အားအားယားယား မိမိက မနေနိုင်၍





လုပ်နေသည့် ပုံမျိုး ပြောဆိုလွှတ်လိုက်သည်။

သို့သော်လည်း အင်ဒရူး၏ ဒေါသအရှိန်မှာ အိမ်မရောက်မီပင် ပြေသွားသည်။ စိတ်လည်း တည်ငြိမ်စ ပြုလာသည်။ သူသည် ခင်နီ့ကို နှစ်နှစ်ကာကာ ခင်မင် နေမိသည်မှာ အမှန်ပင် ဖြစ်သည်။ ခင်နီ၏ မူမမှန်သော စိတ်နေသဘောထားကိုလည်း သူ နားလည်နေသည်မှာ ကြာပြီ။

တကယ်တော့ ဖီးလစ် ခင်နီသည် ရက်တတ်သူ ဖြစ်ပြီး သူများနှင့် မတူထူးထူးခြားခြား အကဲဆတ်သူ တစ်ဦး ဖြစ်ပေသည်။ နည်းနည်းကလေးမှ အရေထူသည့် လူစားမျိုး မဟုတ်ချေ။ ခံနိုင်ရည် ရှိပုံလည်း မရပေ။ ဤ အားနည်းချက်များက ခင်နီအား အခြားလူများနှင့် မတူသည့် အကျင့်စရိုက်ကို ပေးသည်။

ခင်နီနှင့် ပေါင်းသင်း ဆက်ဆံရာ၌ သူ့အတွင်း သဘောကိုသာ မသိနားမလည်ပါက အလွန် ပေါင်းရသင်းရ ခက်၍ ခွကျသည့် လူစားမျိုးပေသည်။

မကြာသေးမီက လုပ်ခဲ့ ကိုင်ခဲ့ ပြောခဲ့ ဆိုခဲ့သည်များကို ကြည့်လျှင် သူ့ဘက်မှ ခင်နီအား စိတ်ဆိုးစရာတွေ အများကြီး ရှိသလို ခင်နီ့အပေါ်၌ တိုး၍ ခင်မင်ချင်စရာ၊ သနားစရာတွေလည်း အများကြီး ရှိသည်။

မည်သို့ပင် ဖြစ်စေ အင်ဒရူးသည် ခင်နီအား တူးတူးခါးခါး မုန်း၍ မနေချေ။ ခင်နီအား သူ သဘောကျနေခြင်းမှာ ခင်နီ၏ ရဲရင့် ပြတ်သားသော အတွေးအခေါ် အယူအဆများကြောင့် ဖြစ်ပေသည်။ ဆရာဝန် တစ်ဦး အနေဖြင့်လည်း ခင်နီသည် အခွဲအစိတ်ဘက်တွင် အလွန် ထူးချွန်သဖြင့် ပါရမီ ရှိသူဟုပင် ယူဆမိသည်။

တစ်ချိန်တွင် အင်ဒရူးက မေ့ဆေးပေး တာဝန် ယူရင်း ခင်နီ ခွဲစိတ်နေသည်ကို အသေအချာ ကြည့်ခဲ့ရဖူးသည်။ ထိုစဉ်က ခင်နီသည် လူနာ၏ သည်းခြေအိတ်ကို အလုပ်သမား တစ်ဦး၏ နေအိမ် မီးဖိုခန်းထဲမှ စားပွဲပေါ်တွင် တင်၍ ညီနေအောင် လှီးဖြတ်နေသည်ကို တွေ့ခဲ့ရဖူး၏။ ထိုစဉ်က မြင်ခဲ့ရသည့် ခင်နီ၏ လုပ်ပုံ ကိုင်ပုံမှာ လျင်မြန် သွက်လက်လှပြီး တိကျလှပေသည်။ မြင်ရုံမျှဖြင့် ခင်နီ၏ လက်များသည် အလွန်အမင်း ကျွမ်းကျင်သော လက်များ ဖြစ်ကြောင်း သိသာလှ၏။ ဤအလုပ်မျိုးတွင် တကယ်တမ်း ကျွမ်းကျင်သည့် လူမျိုးမှာ တကယ် ရှာတော့ တကယ် ရှားသည်။ အလုပ်တွင် တကယ် တော်၍ တကယ် ကျွမ်းကျင်သော၊ အလုပ်ပေါ်တွင် စိတ်ဝင်စားသော



www.burmeseclassic.com

www.burmeseclassic.com



စေတနာ ရှိသော ဒင်နီလို လူစားမျိုးကို အင်ဒရူး မခင်မင်ဘဲ မနေနိုင်ပေ။ ဤလို လူမျိုး၌ အပြစ် ရှိနေပါကလည်း ခွင့်လွှတ်နိုင်ရမည်ဟု သူ ခံယူထားလေသည်။

အင်ဒရူးသည် အိမ်ပြန်ရောက်သည် အထိ ဒင်နီနှင့် ဖြစ်ရသည့် ကိစ္စကို အပြန်ပြန် အလှန်လှန် တွေးကာ စိတ် ဂနာမငြိမ် ဖြစ်ဆဲပင်။

မည်သို့ပင် ဖြစ်စေ ဖီးလစ် ဒင်နီ၏ ဆက်ဆံပုံကိုတော့ သူ မကျေနပ်ချေ။ စိတ်ထဲက နာကြည်းဆဲပင် ဖြစ်သည်။ သူသည် အိမ်ရှေ့ တံခါးမကြီးမှ ဝင်ခဲ့ပြီး ဦးထုပ်ကို ချိတ်နေခိုက် မစ္စ ပိတ်ချ်၏ မာကျောကျော အသံကို ကြားလိုက်ရလေ၏။

'ဒေါက်တာ မေဆန်၊ ရှင့်ကို စကားပြောစရာ ရှိတယ်'

အင်ဒရူးက သည်အသံ သည်လေမျိုးကို လုံးဝ မကြိုက်ချေ။ ထို့ကြောင့်လည်း မစ္စ ပိတ်ချ် ခေါ်သည်ကို ဂရုမစိုက်ချေ။ သူ့အခန်းသို့ သွားရန် လှေကား လက်ရန်းကို ကိုင်၍ တစ်ထစ် နှစ်ထစ် တက်စတွင် မစ္စ ပိတ်ချ်၏ ခေါ်သံကို ဒုတိယမ္ပိ ကြားရပြန်လေ၏။

မစ္စ ပိတ်ချ်၏ အသံမှာ စောစောကထက် ပို၍ ကျယ်လောင်လာသည်။ ပို၍ မာလာသည်။ ပို၍ စူးရှလာသည်။

'ဒေါက်တာ မေဆန်၊ ဒေါက်တာ မေဆန်၊ ရှင့်ကို ကျွန်မ ခေါ်နေတယ်၊ ပြောစရာရှိလို့ ခေါ်နေတာ မကြားဘူးလား'

အင်ဒရူး လှေကားမှ ပြန်ဆင်းရန် အလှည့်လိုက်တွင် မစ္စ ပိတ်ချ်သည် ညေ့ခန်းတွင်းမှ ထွက်လာသည်။ သူမ၏ မျက်နှာထားမှာ တင်းမာလှပေ၏။ မျက်လုံးများကလည်း ဒေါသ အခိုးအငွေ့များကို လွှတ်ထားသည်။ သူမသည် အင်ဒရူး အနီးသို့ ရောက်အောင် တိုးကပ်လာလေသည်။

'ရှင် နားပင်းနေသလား၊ ကျွန်မ ခေါ်နေတာ ရှင် မကြားဘူးလား'

ဒင်နီနှင့် ဖြစ်ခဲ့ရသော ကိစ္စ အတွက် ဒေါသအရှိန် မသေသေးသော အင်ဒရူးသည် မစ္စ ပိတ်ချ်၏ အမူအရာကို ကြည့်ကာ စိတ်မရှည်နိုင်အောင် ဖြစ်သွားလေသည်။ 'ဘာလဲ၊ ဘာပြောမလို့လဲ ပြော' ဟု ခပ်တိုတို တောင်းတောင်းနှင့် မာဆတ်ဆတ် မေးမိလေသည်။

'အံမယ်... ဘာလဲ ပြောတဲ့၊ ဟင်း ရှင်က မေးတယ်ပေါ့လေ၊ ကောင်းပြီ၊ ရှင့်ကို ကျွန်မ ပြန်မေးရလိမ့်မယ် သိလား'

'မေးစရာရှိလည်း မေး'





တိုတောင်းလွန်းလှသော အင်ဒရူး၏ အပြောသည် မစ္စ ပိတ်ချ်၏ ဒေါသကို ထိုးဆွပေးလိုက်သလို ဖြစ်သွားလေသည်။

'မေးရမယ် မေးရမယ်၊ ကျေးဇူးပြုပြီး ဟောဒီ ကိစ္စကို ရှင် ကိုယ်တိုင် ရှင်းပြတာ ကျွန်မ ကြားစမ်းပါရစေ'

ပြောပြောဆိုဆို လက်ထဲမှ စာရွက်ငယ် တစ်ရွက်ကို အင်ဒရူး၏ ရှေ့သို့ ထိုးပြသည်။ ဂျိုး မော်ဂန်က သူ့အား ပေးခဲ့သည့် ချက်လက်မှတ်ပေတည်း။

ချက်လက်မှတ်ကို ကြည့်နေရာမှ ခေါင်းကို မော့လိုက်သည့်အခါ မစ္စ ပိတ်ချ်နှင့် ကွယ်ကာ နောက်နားမှ ညေ့ခန်း တံခါးဝကို ပိတ်၍ ရပ်နေသော ဘဏ် မန်နေဂျာ ရီးစ်ကို မြင်ရလေ၏။

'ကြည့်ပါ သေသေချာချာ ကြည့်၊ ရှင် ဒီ ချက်လက်မှတ်ကို ကောင်းကောင်း မှတ်မိတယ် မဟုတ်လား၊ ဒီငွေဟာ မစ္စတာ ပိတ်ချ်ရဲ့ ငွေမှန်း သိလျက်သားနှင့် ရှင့်ရဲ့ ကိုယ်ပိုင်ငွေ အဖြစ် ဘဏ်မှာ ငွေစာရင်း ဖွင့်ခဲ့တယ်၊ ရှင် ဘာကြောင့် ဒီလို လုပ်တယ် ဆိုတာ ကျွန်မ မြန်မြန် သိချင်တယ်၊ ရှင် အခု ရှင်းပါ'

မစ္စ ပိတ်ချ်၏ မဟုတ်မတရား စွပ်စွဲမှုကြောင့် အင်ဒရူး တစ်ကိုယ်လုံး ရှုပွသွားသည်။

'ဒါ ကျွန်တော့် ငွေပဲဗျ၊ ဂျိုး မော်ဂန်က လက်ဆောင် အနေနှင့် ပေးခဲ့တာပဲ၊ ဘာရှင်းစရာ ရှိလို့လဲ'

'လက်ဆောင် အနေနှင့် ဟုတ်လား၊ တယ်လည်း ပိရိတာပဲ၊ ဂျိုး မော်ဂန်က ဒီမှာ မရှိတော့ဘူး၊ အာဖရိကတိုက် ရောက်နေပြီ ဆိုပြီးတော့ ဘယ်သူမှ မငြင်းနိုင်ဘူး၊ ငါ ပြောချင်သလို ပြောရင် ဖြစ်တာပဲ ဆိုတဲ့ သဘောပေါ့'

အင်ဒရူးသည် သူ့ နှုတ်ခမ်းများကို တင်းကျပ်စွာ ကိုက်ကာ ဒေါသကို အနိုင်နိုင် ထိန်းထားနေရသည့် လေသံဖြင့် ဖြေသည်။

'ခင်ဗျား ကျွန်တော် ပြောတာကို မယုံရင် ဂျိုး မော်ဂန်ဆီ စာရေး မေးနိုင်တာပဲ၊ မေးပေါ့'

'နေရာအနှံ့ လျှောက်ပြီး စာရေးနေဖို့ ကျွန်မမှာ အချိန် မရှိဘူး'

မစ္စ ပိတ်ချ်၏ အသံသည် တိုး၍ ကျယ်လောင် စူးရှလာသည်။

'ရှင် ဘာတွေ ပြောနေနေ ကျွန်မ လုံးဝ မယုံကြည်ဘူး၊ ရှင်က ရှင့်ကိုယ် ရှင် လည်လှပြီ ထင်နေသလား၊ ဟင်း ဒရင်းဖီးကို ဒေါက်တာ ပိတ်ချ်ရဲ့ လက်ထောက် အဖြစ်နှင့် ရောက်လာပြီး ဒေါက်တာ ပိတ်ချ် အပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com

မစောင့်စည်းဘူး၊ တစ်နေ့မှာ လုပ်ငန်း တစ်ခုလုံး ငါ့လက်ထဲ ရောက်လာမှာပဲ ဆိုတဲ့ အတွေးနှင့် ထင်ရာ လျှောက်လုပ်နေတဲ့ လူစား၊ ဒီ ချက်လက်မှတ်က ရှင် ဘယ်လို လူစားလဲ ဆိုတာကို ဖော်ပြနေတာပဲ၊ ရှင်ဟာ ကိုယ် တစ်ယောက်တည်း အတွက်သာ စဉ်းစားတဲ့ တစ်ကိုယ်ကောင်းသမား၊ တခြားလူတွေ အတွက် စဉ်းစားတတ်တဲ့ လူ မဟုတ်ဘူး'

မစ္စ ပိတ်ချ်၏ နှုတ်ဖျားမှ ရင့်သီးသော စကားလုံးများသည် စက်သေနတ် ပစ်နေသည့်နှယ် အဆက်မပြတ် ထွက်လာသည်။ ထို့နောက် သူမ၏ နောက်မှ မျက်နှာ ဖြူဖပ်ဖြူရော် ရပ်နေသော ရီးစ်ကို လှည့်ကြည့်လိုက်သည်။ သူမတွင် သက်သေ ခိုင်ခိုင်လုံလုံ ရှိနေပြီ ဟူသည့် သဘော။

ရီးစ်ကမူ ဘာတစ်ခွန်းမှ ဝင်မပြောဘဲ ချောင်းတစ်ချက် ဟန့်ရုံမျှ ဟန့်ပြီး ငြိမ်ကုပ်နေသည်။ အင်ဒရူးကလည်း ဤပြဿနာ၏ သော့ချက်သည် ရီးစ် ဖြစ်ကြောင်း ကောင်းကောင်း သိထားသည်။ 'အင်ဒရူး ဘဏ်ကိုလာသည်၊ ဂျီး မော်ဂန်ထံမှ ရသည့် ငွေ ငါးဂိနီနှင့် ကိုယ်ပိုင်ငွေ စာရင်းဖွင့်သွားသည်' စသည် စသည်များကို ဓာတ်လမ်းပမာ နားဆင်စရာ တစ်ခု လုပ်ကာ ချဲ့ကား၍ မစ္စ ပိတ်ချ်အား စိတ်ကပတ်ကုံး ပြောပြလိမ့်မည်မှာ ယုံမှား သံသယ ဖြစ်ဖွယ်ရာ မရှိပေ။

အင်ဒရူးသည် လက်သီးများကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ လေ့ကားမှ ပြန်ဆင်းလာပြီး မစ္စ ပိတ်ချ်နှင့် ရီးစ်တို့ ရှေ့တွင် သွားရပ်သည်။ သူ့ မျက်လုံးများကို ရီးစ်အပေါ်၌ စူးစိုက်ထားပြီး အံကို ကြိတ်ထားသည်။

'ဒီမယ် မစ္စ ပိတ်ချ်၊ ခင်ဗျား ကျုပ်ကို မဟုတ်မမှန်ဘဲနှင့် မတရား စွပ်စွဲတယ်၊ ဒီ စွပ်စွဲချက်ကို ပြန်ရုပ်သိမ်းပြီး နှစ်မိနစ် အတွင်း ကျုပ်ကို တောင်းပန်ပါ၊ မတောင်းပန်ရင် ခင်ဗျားကို ကျုပ် အသရေဖျက်မှုနှင့် တရားစွဲရလိမ့်မယ်၊ တရားစွဲရင် ကျုပ် ဘဏ်မှာ ကျုပ်ကိုယ်ပိုင် ငွေစာရင်းဖွင့်တဲ့ သတင်းကို ခင်ဗျား ဘယ်က ရသလဲ ဆိုတဲ့ ပြဿနာဟာ ပေါ်လာမှာ သေချာတယ်၊ ပေါ်လာရင် မစ္စတာ ရီးစ်ရဲ့ ဘဏ် အုပ်ချုပ်ရေး အဖွဲ့ဝင် လူကြီးတွေက မပေါက်ကြားသင့်တဲ့ ရုံးကိစ္စ တစ်ခုကို ဘယ်လို ပေါက်ကြားခဲ့သလဲ ဆိုတာ စိတ်ဝင်စားလာကြလိမ့်မယ်၊ အဲဒီတော့...'

ရီးစ်က မျက်စိ မျက်နှာပျက်ကာ 'ကျွန်တော်... ကျွန်တော်ကတော့ တာဝန် အရ လုပ်တာပဲ' ဟု အထစ်ထစ် အငေါ့ငေါ့ ဝင်ပြောသည်။ သူ့ မျက်နှာ တစ်ခုလုံးမှာ ညိုပုပ်လျက် ရှိလေသည်။





'ကျုပ် စောင့်နေတယ် မစ္စ ပိတ်ချ်'

အင်ဒရူး၏ အသံသည် အေးစက် မာကျောလှပေသည်။

'ခင်ဗျား အခုချက်ချင်း မတောင်းပန်ရင် ခင်ဗျားရဲ့ ဘဏ် မန်နေဂျာ သူ့ဘဝ တစ်သက်တာ အတွက် အကောင်းဆုံး သင်ခန်းစာ ရသွားအောင် အဆိုးဆုံး နည်းနှင့် ကျုပ် ဆုံးမရလိမ့်မယ်'

မစ္စ ပိတ်ချ်သည် သူမ၏ ဘက်မှ လွန်သွားပြီ ဖြစ်ကြောင်း နားလည်လာသည်။ ပြောသင့် ဆိုသင့်တာထက် လွန်အောင် ပြောခဲ့မိပြီဟုလည်း သိလာသည်။ နှုတ်ကျုံ့သွားပေပြီ။

အင်ဒရူး ကြိမ်းဝါးသံနှင့် တကယ် ထိထိရောက်ရောက် လုပ်တော့မည့် အရာများကို ကြည့်ကာ စောစောက ရှိနေသည့် ဒေါသများ တစ်မဟုတ်ချင်း ပျောက်ကွယ်သွားပြီး ကြောက်ရွံ့စိတ် ဝင်လာသည်။ ဖြစ်ပေါ်လာမည့် အခြေအနေများကို တသီကြီး လျှောက်တွေးကာ ရင်ပူလာသည်။ ဤပြဿနာကို ရင်ဆိုင်ရမည် ဆိုပါက ဆုံးရှုံး နစ်နာမှုများနှင့် ကြုံရပေတော့မည်။ ငွေကုန် လူပန်း ဖြစ်ရမည့် အခြေအနေများသာ ရှိတော့၏။

မစ္စ ပိတ်ချ်သည် တံတွေးကို မျိုချလိုက်ပြီး တောင်းပန်စကား ဆိုလေသည်။

'ကျွန်မ... ကျွန်မ... ကျွန်မရဲ့ စွပ်စွဲချက်ကို ပြန်ပြီး ရုပ်သိမ်းပါတယ်၊ ကျွန်မ... ကျွန်မ မှား... မှားပါတယ်၊ ကျွန်မ တောင်းပန်ပါတယ်'

အခြေအနေမှာ ရုတ်ခြည်းပင် ပြောင်းသွားပေပြီ။

ပိန်ကပ်ကပ်နိုင်သလောက် ဒေါသကြီး၍ တစ်ဖက်သားအပေါ် အမြဲ အနိုင်ကျင့်နေရမှ ကျေနပ်တတ်သော အမျိုးသမီးကြီးမှာ မမျှော်လင့်ဘဲနှင့် ချက်ချင်းပင် မာန်မာန အစွယ် ကျိုးသွားလေပြီ။

အင်ဒရူးကမူ မစ္စ ပိတ်ချ် အစွယ်ကျိုးသလို ဖြစ်သွားရခြင်း အတွက် ဝမ်းမသာနိုင်ချေ။ တကယ်တမ်း စေ့စေ့စပ်စပ် ဆန်းစစ်ကြည့်လိုက်မည် ဆိုပါက သူ့ အခြေအနေမှာ ခါးသီး ရွံရှာဖွယ် ကောင်းလှသည်ဟု ထင်၏။ ရှေ့ဆက်ပြီး ဤအခြေအနေ အတိုင်း သည်းခံ၍ လုပ်ကိုင်သွားရန်မှာ ဖြစ်နိုင်စရာ အကြောင်း မရှိတော့ပြီ။ သူသည် သက်ပြင်း တစ်ချက် ရှူလိုက်လေ၏။

'ဒီမယ် မစ္စ ပိတ်ချ်၊ ကျွန်တော် ခင်ဗျားကို ပြောစရာ တစ်ခု ရှိတယ်၊ ခင်ဗျားလည်း စိတ်ဝင်စားလိမ့်မယ်လို့ ထင်ပါတယ်၊ လွန်ခဲ့တဲ့ အပတ်တွေက ... တချို့က သတ္တုတွင်း မန်နေဂျာဆီ တင်ပြကြတဲ့ အတွက် ကျွန်တော့်ကို


www.burmeseclassic.com

www.burmeseclassic.com

ကုမ္ပဏီ ဆရာဝန် တစ်ဦး အဖြစ် စာရင်းသွင်းချင်တယ်လို့ မန်နေဂျာက ခေါ် ပြောခဲ့တယ်၊ ခင်ဗျား သိပ်ပြီး စိတ်ဝင်စားလိမ့်မယ်လို့ ထင်ရတဲ့ အချက် အလက်ကိုလည်း ထပ်ပြောပါရစေ၊ လူ့ဝတ္တရားအရ ဆိုပါတော့ဗျာ၊ တစ်နည်း အားဖြင့် ပြောရရင် လူတွေ လိုက်နာ စောင့်ထိန်းအပ်တဲ့ ကိုယ်ကျင့်တရား အရပေါ့၊ အင်းလေ ပြောသာ ပြောရတယ်၊ ဒီ လူ့ဝတ္တရား ဘာညာ ဆိုတဲ့ စကားတွေကိုလည်း ခင်ဗျား နားလည်ချင်မှ နားလည်မှာပါလေ၊ အဲဒီ လူ့ ဝတ္တရား အရ ကျွန်တော်က မန်နေဂျာ ပြောတဲ့ ကိစ္စကို လက်မခံခဲ့ဘူး၊ လုံး ငြင်းခဲ့တယ်၊ အခုတော့ဖြင့် ပြောင်ပြောင်ပဲ ပြောရတော့မှာပဲ မစ္စ ပိတ်ချ်၊ ကျွန် တော် ခင်ဗျားကို အတော် စိတ်ပျက်သွားပြီ၊ ကျွန်တော် ခင်ဗျားကို သည်းခံပြီး ဆက်လုပ်နေဖို့ ဆိုတာ မဖြစ်နိုင်တော့ဘူး၊ ခင်ဗျားဟာ ကောင်းတော့ ကောင်း ပါတယ်၊ ကျွန်တော် သံသယ မဖြစ်ပါဘူး၊ ဒါပေမဲ့ ခင်ဗျား ကောင်းပုံက တစ်မျိုးပဲ၊ တလွဲ ဆံပင် ကောင်းနေတယ်လို့ ထင်တယ်၊ ခင်ဗျားနှင့် ကျွန် အတူ တွဲပြီး နှစ်ပေါင်း ထောင်ချီ လုပ်နေလည်း ဘယ်တော့မှ အဆင်ပြေမှာ မဟုတ်တော့ဘူး၊ ကျွန်တော် ပြောပါရစေ၊ အခုပဲ တစ်လ ကြိုပြီး နို့တစ် ပေး ပါတယ်၊ ဒီမှာ အလုပ် ဆက်မလုပ်နိုင်တော့ဘူး'

မစ္စ ပိတ်ချ်သည် ပါးစပ် အဟောင်းသား ဖြစ်ကာ အင်ဒရူးအား ငေး ကြည့်နေသည်။ ပြူးကြောင်ကြောင် ဖြစ်နေသော မျက်လုံး နှစ်လုံးသည် မျက် လုံး အိမ်ထဲမှ ကျွတ်ထွက်လာလေမလား ထင်ရ၏။

'မဖြစ်နိုင်ဘူး၊ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး၊ ရှင်က နို့တစ် ပေးတာ မျိုး မလုပ်နိုင်ဘူး၊ ကျွန်မ လက်မခံဘူး၊ ရှင် ရှင် ပြောနေတာတွေဟာ အား လုံး လိမ်ညာ ပြောနေတာ၊ ရှင့်လို လူစားမျိုးကို ဆရာဝန် စာရင်းထဲ ထည့် မပြောနှင့်၊ အနားတောင် အကပ်ခံမှာ မဟုတ်ဘူး သိရဲ့လား၊ ကျွန်မ ရှင့်ကို အလုပ် ဖြုတ်လိုက်တယ်၊ ဘယ် လက်ထောက် ဆရာဝန်ကမှ ကျွန်မကို နို့တစ် မပေးခဲ့ဘူး၊ သိရဲ့လား၊ ရှင်က ကြီးကြီးကျယ်ကျယ် နို့တစ်တွေ ဘာတွေများ ပေးလို့၊ လူပါးဝလိုက်တာ၊ ဒီမှာ ကျွန်မ ရှင့်ကို အလုပ် ဖြုတ်လိုက်ပြီ၊ ဒီကနေ ဒီအချိန်က စပြီး ရှင့်ကို ကျွန်မက အလုပ် ဖြုတ်လိုက်တယ်၊ အလုပ် ဖြုတ်လိုက် တယ်၊ သိလား၊ ကျွန်မက ရှင့်ကို အလုပ် ဖြုတ်လိုက်ပြီ'

ပေါက်ကွဲမှုမှာ ပြင်းထန်လှပေ၏။

မစ္စ ပိတ်ချ်၏ အသံမှာ တစ်အိမ်လုံးတွင် ပဲ့တင်ထပ်သွားသည်။ တစ် အိမ်လုံးကို လှုပ်ရှားသွားစေသည်။ အပေါ်ထပ်ရှိ ဒေါက်တာ ပိတ်ချ်၏ အခန်း





တံခါး ဖြည်းညင်းစွာ ပွင့်လာသံကို ကြားလိုက်ရလေ၏။

ခဏမျှ အကြာတွင် ချည့်နဲ့စွာဖြင့် ဒေါက်တာ ပိတ်ချ် ကိုယ်တိုင် ထွက် လာသည်ကို တွေ့ကြရလေ၏။ သူ၏ ကိုယ်ခန္ဓာမှာ အရောင်အသွေး ဟူ၍ မရှိ သလိုပင်။ ညဝတ်အင်္ကျီအောက်ရှိ အသုံးမပြုနိုင်တော့သည့် ခြေထောက်များကို အထင်အရှား မြင်နေရလေသည်။

ယခုကဲ့သို့ အိပ်ရာမှ သူကိုယ်တိုင် ထ၍ ထွက်လာလိမ့်မည်ဟု လုံးဝ မျှော်လင့်မထားသဖြင့် မစ္စ ပိတ်ချ်မှာ အံ့အားကြီး သင့်ကာ လှေကားထိပ်၌ ရပ် နေသော သူမ၏ အစ်ကိုအား ငေးမော ကြည့်ရှု နေလေ၏။

ရီးစ်နှင့် အင်ဒရူးတို့မှာလည်း လေဖြတ်ထားသော ခြေထောက်ကို အရွတ်ဆွဲ၍ ချည့်နဲ့ နှေးကွေးစွာဖြင့် ဆင်းလာနေသော ဒေါက်တာ ပိတ်ချ်ကို ကြည့်ကာ ကြက်သေ သေနေကြလေ၏။

'ငါ စိတ်အေးအေး နားအေးအေး နေစမ်းပါရစေလား၊ မင်းတို့ ဘာ ဖြစ်နေကြတာလဲ'

ဒေါက်တာ ပိတ်ချ်၏ လေသံမှာ တောင်းပန် တိုးလျှိုးသံ ပါနေသော် လည်း သြဇာ အပြည့် ရှိလေသည်။

ဘလောဝင်း ပိတ်ချ်သည် တံတွေး တစ်ချက် မျိုလိုက်ပြီး အင်ဒရူး အား မျက်စောင်း တစ်ချက် ခဲလိုက်ကာ 'ကျွန်မ သူ့ကို အလုပ်က ထွက်သွား ဖို့ နို့တစ် ပေးလိုက်ပြီ' ဟု ပြောလေသည်။

အင်ဒရူးကတော့ လူမမာရှေ့မို့ ဖက်ပြိုင်၍ ငြင်းမနေတော့ပေ။

'မင်း ပြောပုံက ဒေါက်တာ မေဆန်ဟာ ဒီအလုပ်က ထွက်သွားရမယ် လို့ ဆိုလိုတာလား' ဟု ဒေါက်တာ ပိတ်ချ်က ပြန်မေးသည်။ သူ့ တစ်ကိုယ် လုံးမှာ တုန်ယင် လှုပ်ရှားနေရာ မတ်မတ် ရပ်နေနိုင်ရန် အတော်ကြီး အားစိုက် ကြိုးစားနေရရှာ၏။

'ဟုတ်တယ် အစ်ကိုရဲ့၊ ရှင့် အကျိုး အတွက် ကျွန်မ လုပ်လိုက်တာပါ၊ ရှင်လည်း မကြာခင် အလုပ် ပြန်ဝင်နိုင်တော့မှာပဲ'

တစ်ခန်းလုံး ငြိမ်ဆိတ်သွားလေ၏။

ဒေါက်တာ ပိတ်ချ်တွင် ပြောလိုသည့် စကားတွေ အများအပြား ရှိ ဟန် တူပေသည်။ သို့သော်လည်း ပြောနေ၍ အကြောင်း ထူးတော့မည် မဟုတ်၍ ဘာမှ မပြောတော့ဟု ဆုံးဖြတ်လိုက်ဟန် ရှိ၏။ အကျယ်ကျယ် ပြောဆိုခြင်း မပြုတော့ဘဲ အင်ဒရူး၏ မျက်နှာကိုသာ ညှိုးငယ်စွာဖြင့် စိုက်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေလေသည်။ ထိုမှ တစ်ဖန် ရီးစ်။ ထို့နောက် သူ့နှမ ဘလောဝင် ပိတ်ချ်။

သူ၏ အကြည့်တွင် မျှော်လင့်ချက် ကင်းမဲ့နေသည့် အရိပ် လက္ခဏာ များ အထင်းသား ပေါ်လျက် ရှိသော်လည်း တစ်ဖက်က သူ့ ဂုဏ်သိက္ခာကို ကြိုးစား၍ ထိန်းသိမ်းနေကြောင်း ပေါ်လွင်လျက် ရှိပေသည်။

'မဟုတ်ဘူး ဘလောဝင်၊ ငါ ဘယ်တော့မှ အလုပ်ပြန် မလုပ်နိုင် တော့ဘူးကွယ့်၊ အဲဒါကို မင်း သိပါတယ်၊ အိုကွာ မင်းတို့ အားလုံး သိကြပါ တယ်'

ဒေါက်တာ ပိတ်ချ်သည် ထိုမျှသာ ပြောပြီး ဖြည်းညင်းစွာ လှည့်ကာ လေဖြတ်ထားသည့် ခြေတစ်ဖက်ကို တရွတ်ဆွဲ၍ တုန်ယင် ချည့်နဲ့စွာဖြင့် သူ့ အခန်းသို့ ပြန်သည်။ ဒေါက်တာ ပိတ်ချ်၏ အခန်းတံခါးသည် ညင်သာစွာ ပိတ်သွားလေ၏။



[၁၃]

ဂျိုး မော်ဂန်၏ ဇနီး သားဖွားသည့် ကိစ္စတွင် သူ တတ်နိုင်သမျှ ကြိုးစား လုပ်ကိုင် ပေးနိုင်ခဲ့သည့် အတွက် ပျော်ရွှင် ကျေနပ်ခဲ့ရ၏။ အောင်မြင်မှု အတွက် ဂုဏ်လည်း ယူခဲ့ရ၏။ သို့သော်လည်း ယင်းကိစ္စကိုပင် အကြောင်းပြု၍ မစ္စ ပိတ်ချ်နှင့် စကားများခဲ့ရလေသည်။ သူ၏ အကျိုးပေးပုံကား ဆန်းကြယ်လှ ပါပေ၏။

မစ္စ ပိတ်ချ်နှင့် ဖြစ်ခဲ့ရသော အဆင်မပြေမှုကို အကြောင်းပြု၍ သူ သည် နိမ့်ကျသော စိတ်ထားကိုပင် မွေးမြူမိခဲ့၏။ ဂျိုး မော်ဂန်ထံ သူကိုယ်တိုင် အရေးကာ သက်သေခံ ရအောင် လုပ်ပြီးလျှင် မစ္စ ပိတ်ချ်ကို တရားစွဲ၍ ထိုက် သင့်သော လျော်ကြေးငွေ တောင်းရန်ပင် စိတ်ကူးမိခဲ့သေး၏။

အမှန်တော့ ယင်းကဲ့သို့ ပြုလုပ်ခြင်းအားဖြင့် နှစ်ဦးနှစ်ဖက် အကျိုး ထူး ခြားမှာ မရှိပေ။ သူနှင့် မစ္စ ပိတ်ချ်တို့ ကြားတွင် အမုန်းသာလျှင် တိုး၍ ပွား လာကြမည်မှာ သေချာနေသဖြင့် ယင်း စိတ်ကူးကို စွန့်လွှတ်လိုက်လေသည်။

ဂျိုး မော်ဂန်ထံမှ ရခဲ့သည့် ငွေ ငါးဂီနီကို ခရိုင် အတွင်း သင့်တော် သည့် လုပ်ငန်း တစ်ခုခုတွင် သုံးရန် လှူလိုက်၏။ ငွေ ငါးဂီနီကို စာတိုက်မှ တစ်ဆင့်လွှာဖြင့် အတွင်းရေးမှူးထံသို့ ပို့လိုက်ပြီး ငွေ လက်ခံ ရရှိကြောင်း ပြေစာ ကို ဘဏ်ခွဲ မန်နေဂျာ အင်နူးရင်း ရီးစ်ထံ ပြန်လည်၍ ပို့ပေးလိုက်ရန် စာရေး လိုက်သည်။ ယင်းကဲ့သို့ လုပ်လိုက်ရခြင်း အတွက် သူ့စိတ်မှာ အတော်ကြီး ပေါ့သွားသော်လည်း အတွင်းရေးမှူးထံမှ ငွေရ ပြေစာကို ဖတ်နေသော ရီးစ်၏ မျက်နှာကို သူကိုယ်တိုင် ထိုင်၍ ကြည့်လိုသော စိတ် ဖြစ်ပေါ်နေသည်ကိုမူ ချောင်းတရက် ဖျောက်၍ မရချေ။


www.burmeseclassic.com

www.burmeseclassic.com

အင်ဒရူး၏ လုပ်ငန်း တာဝန်သည် လကုန်လျှင် ပြီးဆုံးတော့မည် ဖြစ်ရာ အရေးကြီးသည်ကား နောက်ထပ် အလုပ် တစ်ခု ရရန်ပင် ဖြစ်ပေသည်။ သူသည် နေ့စဉ်နှင့် အမျှ 'လန်ဆတ် သတင်းစာ' နောက်ဘက်ပါ ကြော်ငြာများကို ဂရုတစိုက် ရှာဖွေ ဖတ်ရှု၍ သူ့ အတွက် သင့်တော်မည့် အလုပ် ဆိုလျှင် မည်သည့် အလုပ်မျိုးမဆို လျှောက်မည်ဟု စိတ်ကူးထားလေ၏။

'လက်ထောက်များ အလိုရှိသည်' ဟူသော ခေါင်းစီး ကော်လံ အောက်မှ ကြော်ငြာများကို ဖတ်ပြီး သင့်တော်မည့် အလုပ်ဟူသမျှကို လျှောက်သည်။ လျှောက်လွှာ အကြိမ်ကြိမ် ရေး၍ ထောက်ခံစာများကို အထပ်ထပ် ကူးကာ ပို့ရသည့် အကြိမ်မှာ မနည်းတော့ပြီ။ တစ်ခါတစ်ရံ လျှောက်လွှာနှင့် အတူ ဓာတ်ပုံကိုပင် တွဲပို့၏။ သို့သော်လည်း ပထမပတ်နှင့် ဒုတိယပတ် ကုန်ဆုံးသွားချိန် အထိ မည်သည့် အလုပ်ရှင်ထံကမှ အကြောင်းပြန်ကြားချက် မရခဲ့ချေ။

ကြာလာတော့လည်း အင်ဒရူးမှာ ဝမ်းနည်းစိတ်ဖြင့် ညှိုးငယ်လာသည်။ အားငယ်လာသည်။ တစ်ချိန်သော အခါက ဒင်နီ၏ ပြောင်မြောက်လှသော စကား တစ်ခုကို သတိရနေမိ၏။ 'ခင်ဗျား အခု ဒရင်းဖီးကို ရောက်လာပြီ ဒီတော့ကာ ခင်ဗျား ဘဝလည်း ဆုံးပြီလို့သာ မှတ်ထားလိုက်ပေတော့' ဟူသော စကားပေတည်း။

အင်ဒရူးသည် စိတ်ပျက် စိတ်ညစ်စရာများနှင့် ကြုံရတိုင်း ထိုစကားကို သတိရမိသည်။ မြို့ကြီး ပြကြီးများနှင့် ဝေးကွာ၍ ခေါင်လွန်းလှသော ဝေလ ပြည်နယ် သတ္တုတွင်း မြို့ကလေး၌ ချောင်ပိတ်မိနေသလို ဖြစ်နေရသော သူ့ ဘဝ အတွက် အားမလို အားမရ ဖြစ်နေမိလေ၏။

တကယ်ဆိုတော့လည်း ဒင်နီ၏ စကားမှာ အကြောင်းအချက် မရှိဘဲ လုံဘဲနှင့် အဖျင်းအပြက် သဘော ပြောသည့် စကား မဟုတ်ပေ။ လက်တွေ့ ဖြစ်ရပ်များကို အခြေခံ၍ အမှန် ပြောသည့် စကား ဖြစ်ပေသည်။ တောင်ကြား ဒေသ၌ အလုပ် လုပ်နေကြသော လက်ထောက် ဆရာဝန်များသည် အများ အားဖြင့် နာမည်ပျက် ရှိကြ၏။ တောင်ကြား ဒေသ၌ အလုပ် လုပ်ခဲ့ဖူးသည် လူ ဆိုလျှင် သိပ်ပြီး လိုလိုလားလား မရှိကြသဖြင့် ရုတ်တရက် အလုပ်အကိုင် မရဘဲ တဝဲလည်လည် ဖြစ်တတ်၏။

မစ္စ ပိတ်ချ်အား သူ့ နို့တစ် ပေးခဲ့ပြီးသည့်နောက် ဆယ့်ငါးရက် ကျော်လာသည့်အခါ စိတ်ပူစ ပြုလာသည်။ ဂလင်း ပညာသင်ဆု အဖွဲ့သို့ ပေးစရာ အကြွေးကလည်း ပေါင် ငါးဆယ် ကျန်နေသေး၏။ သူ၏ လက်ရှိ အခြေအနေ အရပ်ရပ်ကို ဖော်ပြ၍ လျှောက်ထားလိုက်မည် ဆိုပါက အကြွေးကို ဆိုင်းငံ့ထားရန် အဖွဲ့မှ ခွင့်ပြုနိုင်စရာ ရှိ၏။ သို့ဖြစ်ရာ ပညာသင်ဆု အဖွဲ့မှ ကြွေးကျန် အတွက် သိပ်ပြီး ပူပင်ခြင်း မရှိလှပေ။

သို့သော် အရေးကြီးသည်ကား သူ့ နောက်ထပ် အလုပ် တစ်ခု မရသေးမီ ကာလ အတွင်း သူ ဘယ်မှာ နေ၍ ဘယ်လို စားရ သောက်ရပါမည်နည်း။ သူ့လက်ထဲတွင် ငွေသား နှစ်ပေါင် သုံးပေါင်မျှသာ ကျန်တော့သည်။ စုငွေ ဆောင်ငွေ ဆို၍လည်း တစ်ပြားမှ မရှိပေ။ ပေါင်နှံ ရောင်းချ၍ ...စရာ ဆို၍လည်း ဘာပစ္စည်းမှ မရှိပေ။ အဝတ်အစားပင် လုံလောက်စွာ ...သည် မဟုတ်။

သူ ဒရင်းဖီးမြို့သို့ လာစဉ်က ဝတ်စုံသစ် တစ်ထည်ပင် မဝယ်ခဲ့ပေ။ ...သား အဟောင်းကို ဝတ်လာခဲ့ခြင်း ဖြစ်သည်။ ယခုအခါတွင် ထိုဝတ်စုံ ...ရှိနေပေပြီ။ အလုပ်လက်မဲ့ ဘဝဖြင့် အခြေအနေမဲ့ ဖြစ်ရတော့မည် သူ့ ...ဖြစ်ကို တွေး၍ ထင်ယောင် မြင်ယောင် ဖြစ်ကာ ထိတ်လန့် ချောက်ချားစပင် ...လာလေသည်။

ယခုလို မရေမရာ ဘဝဖြင့် အခက်အခဲများကို ရင်ဆိုင်နေရချိန်တွင် ...ရစ္စတီကို တမ်းတမိလာ၏။ ယခုအချိန်ထိ ခရစ္စတီထံ စာမရေးဖြစ်သေးပေ။ ...ရေးချင်စိတ်လည်း မရှိပေ။ စာ ဆိုသည်မှာ သူ့အတွက် အသုံးမဝင်။ သူ၏ ...အချက်ကို စာရွက်ပေါ်၌ ပေါ်လွင်အောင် ရေးသားတတ်သော ပါရမီလည်း ...မှာ မရှိ။ သူ စာရေးလိုက်ပြီ ဆိုလျှင်လည်း အထင်အမြင် လွဲစရာတွေ၊ ...သယ ဖြစ်စရာတွေချည်းသာ ပါနေတတ်သဖြင့် ခရစ္စတီထံ သူ စာမရေး...ခြင်း ဖြစ်ပေသည်။

စက်တင်ဘာလ ပထမပတ်သို့ တိုင်ခဲ့ပြီ ဖြစ်သော်လည်း ခရစ္စတီကား ...မရောက်လာသေးပေ။ သူသည် ကလေး တစ်ယောက်ပမာ နေ့စဉ် နေ့တိုင်း ...ဒိန်ကို ကြည့်၍ ခရစ္စတီ ပြန်လာမည့် ရက်ကို လက်ချိုး ရေတွက် နေမိ...သည်။ ခရစ္စတီ ပြောသွားသည့် အတိုင်း ဆိုလျှင် ပြန်ရောက်ဖို့ ဆယ့်နှစ်ရက် ...တိ လိုသေး၏။

မစ္စ ပိတ်ချ်အား နို့တစ် ပေးခဲ့ပြီးနောက် ရက်သတ္တပတ် သုံးပတ် ...ခါနီး ရက်တစ်ရက်တွင် အင်ဒရူးသည် ချက်ပဲလ်လမ်း အတိုင်း စိတ်... ...က်ပျက်ဖြင့် လျှောက်သွားရင်းက ဘာအလုပ်မှ မရတော့သည့် ...



www.burmeseclassic.com

www.burmeseclassic.com

ဆေးစပ်သမား အလုပ်ကို ရအောင် ကြိုးစားကြည့်လျှင် ကောင်းလေမလားဟု တွေးလာမိ၏။ ထိုအခိုက်မှာပင် ဖီးလစ် ဒင်နီနှင့် မမျှော်လင့်ဘဲ ဆုံမိကြ၏။

သူတို့နှစ်ယောက် ခပ်တန်းတန်း ဖြစ်နေကြသည်မှာ ကြာပြီ ဖြစ်ရာ လူချင်း မတွေ့ကြသည်မှာလည်း ကြာခဲ့ပေပြီ။ ယခုလို မမျှော်လင့်ဘဲ ဆုံမိပြန်တော့လည်း ဒင်နီသည် သူ့အား လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်နေပြန်ရာ အင်ဒရူးမှာ အံ့အားသင့်နေမိလေ၏။

ဒင်နီသည် သူ့ ဆေးတံကို ဖိနပ်သံခွာဖြင့် တခေါက်ခေါက် ခေါက်၍ ဆေးချေး ခါထုတ်နေသည်။ သူ၏ စိတ်အာရုံသည် သူ့ ဆေးတံပေါ်မှ လွဲ၍ တခြား မည်သည့် အရာဝတ္ထု၊ မည်သည့် ကိစ္စ အပေါ်တွင်မှ စိတ်ဝင်စားမှု မ… သည့် ပုံစံမျိုး ဖြစ်သည်။

'ခင်ဗျား သွားတော့မယ်လို့ ကြားရတာ ကျွန်တော် စိတ်မကောင်းဘူး မဆန်၊ ခင်ဗျား ဒီမှာပဲ ဆက်ရှိနေရင်တော့ သိပ်ကောင်းမှာပဲ၊ ခင်ဗျား ရောက်လာပြီးတဲ့ နောက်ပိုင်းမှာ ဒရင်းဖီး မြို့ဟာ အလျင်ကနှင့် မတူတော့တာ အမှန်ပဲ'

ဒင်နီသည် စကားကို မဆက်သေးဘဲ တစ်စုံတစ်ခုကို ပြောသင့် မပြောသင့် ချိန်ဆနေပုံရသည်။

'ကျွန်တော် နေ့ခင်းက သတင်း တစ်ခု ရတယ်၊ အေဘာရာလောမြို့ ဆေးဝါး ပစ္စည်းများ ကူညီ ထောက်ပံ့ရေး အဖွဲ့မှာ လက်ထောက် ဆရာဝန် တစ်ယောက် လစ်လပ်သွားလို့ လူစား ရှာနေသတဲ့၊ အေဘာရာလောမြို့ဟာ ဒီကနေ မိုင် သုံးဆယ်လောက်ပဲ ဝေးတယ်၊ မြို့သူ မြို့သားတွေကလည်း အဆင့်အတန်း ခပ်မြင့်မြင့်ပါ၊ ရည်ရည်မွန်မွန်လည်း ရှိကြတယ်၊ ဒေါက်တာ လီဝီလင်းကလည်း သဘော မဆိုးလှပါဘူး၊ မြို့ကလည်း တောင်ကြားမြို့ တောင်ကြားမြို့ ဆိုတော့ တောင်ကြား ဒေသမှာ အမှုထမ်းခဲ့ဖူးတဲ့ ခင်ဗျားလို လူတစ်ယောက်ကို လက်မခံနိုင်စရာ မရှိဘူးလို့ ကျွန်တော် ထင်တယ်၊ ခင်ဗျား ကြိုးစားကြည့်ပါလား၊ ဘာပဲဖြစ်ဖြစ်လေ လျှောက်ကြည့်လိုက်ရင် မမှားဘူးလို့ ထင်တာပဲ'

အင်ဒရူးသည် သံသယစိတ်ဖြင့် ကြည့်နေမိသည်။ သူ၏ မျှော်လင့်ချက်များမှာ မကြာသေးခင်က အလွန် မြင့်တက် နေခဲ့သော်လည်း ရုတ်တရက် ပြောင်းလဲ ဖြစ်ပေါ်လာသော အခြေအနေများ အရ ပြိုကွဲ ပျက်စီးသွားခဲ့ရ





သဖြင့် သူ့ကိုယ်သူပင် ယုံကြည်မှု ကင်းမဲ့နေပြီ ဖြစ်သည်။ ထို့ကြောင့်လည်း ဒင်နီ ပြောသည့် အလုပ်ကို လျှောက်ရန် သင့် မသင့် ချီတုံ ချတုံ ဖြစ်နေမိ၏။ 'ကောင်းသားပဲလေ၊ ကျွန်တော် လျှောက်ကြည့်မယ်' ဟု စိတ် မပါတပါဖြင့် အဖြေ ပေးခဲ့လေ၏။

အင်ဒရူးသည် ဒင်နီနှင့် ခွဲပြီး သဲသဲမဲမဲ ရွာနေသည့် မိုးရေကို ဖြတ်ကာ ခေါင်း ငိုက်စိုက်ဖြင့် လျှောက်လာခဲ့ရင်းက အေဘာရာလော မြို့မှ လက်ထောက် ဆရာဝန် အလုပ်ကို လျှောက်ပါတော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

စက်တင်ဘာလ ၆ ရက်နေ့တွင် အေဘာရာလောမြို့ ဆေးဝါး ပစ္စည်းများ ကူညီ ထောက်ပံ့ရေး အဖွဲ့၏ ကော်မတီ အစည်းအဝေး ပြုလုပ်သည်။ မလာယူ နိုင်ငံ ရာဘာ စိုက်ခင်း တစ်ခု၌ အလုပ် ရ၍ နုတ်ထွက်သွားသော ဒေါက်တာ လက်စလီ၏ နေရာတွင် လူစား ခန့်ထားရန် လူရွေးသည့် အစည်းအဝေး ဖြစ်သည်။ အင်ဒရူး အပါအဝင် လျှောက်ထားသူ ခုနစ်ဦး ရှိလေသည်။

ရလို ရငြား ဟူသော သဘောဖြင့် ကံကို ပုံ၍ လျှောက်လွှာ တင်ခဲ့ခြင်း ဖြစ်ရာ သူ့ လျှောက်လွှာကို လက်ခံ စဉ်းစားခြင်း ပြုလိမ့်မည် မဟုတ်ဟုပင် ထင်သားခဲ့၏။ သို့သော်လည်း သူ့ ထင်မြင်ချက်မှာ မှားနေလေသည်။ သူ့ လျှောက်လွှာကို အရေးတယူ လက်ခံ စဉ်းစား၍သာလျှင် ယခုလို ခေါ်ယူ တွေ့ဆုံခြင်း ဖြစ်ပေလိမ့်မည်။ ယခုလို ခေါ်၍ တွေ့သည် ဆိုပြန်တော့လည်း သူ့ အနေဖြင့် ဤအလုပ်ပေါ်တွင် စိတ်ဝင်စားလျက် ရှိရုံမျှမက ရချင်စိတ်က လည်း ပြင်းထန်စွာ ဖြစ်ပေါ်လျက် ရှိလေ၏။

သူ တွေ့မြင်ရသလောက် ဆိုလျှင် အေဘာရာလော မြို့သည် နေချင့်စဖွယ် ကောင်းသည့် မြို့တစ်မြို့ ဖြစ်ပေသည်။ မြို့မှာ ဂက်သလေး တောင်ကြား အစွန်းတွင် တည်ရှိသည်။ မြို့၏ တည်နေရာမှာ တောင်ကြား၏ ထိပ်ဘက်တွင် ဖြစ်နေသဖြင့် တောင်ကြားမြို့ဟု မဆိုသာချေ။ ဒရင်းဖီး မြို့ထက် ကြီး၍ လူဦးရေမှာ နှစ်သောင်းခန့် ရှိ၏။ လမ်းများကလည်း ဒရင်းဖီးမြို့ထက် ပိုများပြီး ပို၍ စည်ကားသည်။ ရုပ်ရှင်ရုံကလည်း နှစ်ရုံ ရှိသည်။ မြို့အစွန်တွင် မြင်မြင်ကျယ်ဝန်း၍ စိမ်းလန်း စိုပြည်သော မြက်ခင်း ကွင်းပြင်ကြီး ရှိသည်။ အင်ဒရူး အဖို့တော့ အေဘာရာလော မြို့သည် နတ်ဘုံ နတ်နန်းတမျှတည်း။

'အလုပ် ရလိုက်ရင်တော့ သိပ်ကောင်းမှာပဲ၊ ဒါပေမဲ့ အလုပ်က လွယ်လွယ် မပေါ်ပါဘူး၊ ငါ ရမယ်လည်း မထင်ပါဘူး'


www.burmeseclassic.com

 www.burmeseclassic.com

ထို အတွေးဖြင့် အင်ဒရူးမှာ စိတ်အားငယ်လျက် ရှိသည်။ အလုပ် ရ သည် အထိတော့ သူ ကံကောင်းလိမ့်မည်ဟု မထင်ပေ။ အခြား လျှောက်လွှာ ရှင်များနှင့် ယှဉ်ကြည့်လိုက်လျှင် သူပင် အရေးနိမ့်ဖွယ်ရာ ရှိ၏။ သူတို့ကို ကြည့်ရသည်မှာ သူ့ထက် အရည်အချင်း သာမည့်ပုံများ ဖြစ်သည်။ အထူး သဖြင့် ဒေါက်တာ အက်ဒဝပ် ဆိုသည့် ဆရာဝန်မှာ အလားအလာ အကောင်း ဆုံးဟု သူ ထင်မိလေ၏။

အင်ဒရူးသည် ဒေါက်တာ အက်ဒဝပ်၏ ပုံပန်းကို ကြည့်၍ စိတ်ထဲ မနှစ်မြို့နိုင်အောင် ဖြစ်မိသည်။ လူပုံက ခပ်တုတ်တုတ် ခပ်ခွဲခွဲ၊ လူရတတ်ပုံ ဖြစ်၍ အသက်ကလည်း သုံးဆယ်ကျော်မျှ ရှိသေး၏။ လူနေဟန်ထား လည်း ခပ်ကြွားကြွား ခပ်မြင့်မြင့်။ စောစောက ရုံးတံခါးဝတွင် ရပ်၍ စကား စမြည် ပြောနေကြစဉ်က သူ၏ ကိုယ်ပိုင် လုပ်ငန်း တစ်ခုလုံးကို ရောင်းချပြီး ဤအလုပ်ကို လျှောက်ထားခဲ့ခြင်း ဖြစ်ကြောင်း ပြောနေသံ ကြားခဲ့ရသည်။ ဤအလုပ်ရဖို့ မသေချာဘဲနှင့်တော့ ဝင်ငွေကောင်းသည့် သူ့ လုပ်ငန်းကို ရောင်းပစ်လိမ့်မည် မဟုတ်ဟုလည်း တွေးမိသည်။

အင်ဒရူးသည် လက်နှစ်ဖက်ကို အင်္ကျီအိတ်များထဲ ထိုးထည့်ပြီး နှုတ်ခမ်းကို တင်းတင်းစေ့ကာ ခေါင်းငိုက်စိုက်နှင့် ခေါက်တုံ့ ခေါက်ပြန် လျှောက် လျက် ရှိလေ၏။

အကယ်၍များ ဤအလုပ်ကို မရခဲ့သော် ခရစ္စတီက သူ့အပေါ် မည် သို့ ထင်လေမည်နည်း။ ခရစ္စတီသည် ယနေ့ သို့မဟုတ် မနက်ဖြန်တွင် ဒရင် ဖီးမြို့သို့ ပြန်လည် ရောက်ပေတော့မည်။ သူမ၏ စာတွင် ဘယ်နေ့ ဘယ်ရက် ပြန်ရောက်မည်ဟု အတိအကျ ဖော်ပြမထားသော်လည်း ဘဏ်လမ်းကျောင်း မှာ လာမည့် တနင်္လာနေ့တွင် ဖွင့်တော့မည် ဖြစ်ရာ ဤတစ်ရက် နှစ်ရက် အတွင်း ရောက်နိုင်ဖွယ် ရှိပေသည်။

ခရစ္စတီသည် သူ့ အလုပ် ကိစ္စများ အကြောင်းကို မသိသေးပေ။ အကယ်၍သာ သူသည် ဤအလုပ်ကို မရခဲ့ပါက ခရစ္စတီအား ဝမ်းသာ မျက် နှာဖြင့် ကြိုဆိုနိုင်လိမ့်မည် မဟုတ်ပေ။ စိတ်ပျက်ခြင်း၊ အားငယ်ခြင်း၊ ဝမ်း နည်းခြင်းတို့ဖြင့်သာ ကြိုဆိုရပေလိမ့်မည်။ သူ့ အနေဖြင့်တော့ ခရစ္စတီအား အပြုံးဖြင့်သာ ဆီးကြိုလို၏။

လေးနာရီ ထိုးပေပြီ။

ရုံးခန်းဆီသို့ သွားရန် အလှည့်လိုက်တွင် ခံ့ညားသော ဆလွန်းကား





တစ်စီးသည် ရုံးရှေ့တွင် ရပ်လာပြီး ကားနောက်ထဲမှ အရပ်ပုပုနှင့် သပ်ရပ် ခန့်ညားလှသော လူတစ်ယောက် ဆင်းလာသည်။ သူသည် လျှောက်လွှာရှင် များဘက် လှည့်၍ ပြုံးပြလိုက်သည်။ သူသည် ဒေါက်တာ အက်ဒဝပ်အား သိမိသည့်ဟန်ဖြင့် ခေါင်းတစ်ချက် ညိတ်၍ နှုတ်ဆက်လေသည်။

'နေကောင်းတယ်နော် အက်ဒဝပ်၊ အားလုံး အဆင်ပြေမှာပါ' ဟု လှမ်း ပြောလိုက်ပြီး ရုံးပေါ်သို့ တက်သွားသည်။ အက်ဒဝပ်ကလည်း 'ကျေးဇူး တင် ပါတယ် ဒေါက်တာ လီဝီလင်' ဟု ပြန်နှုတ်ဆက်လေသည်။

'ဒီပုံအတိုင်း ဆိုရင်တော့ မျှော်လင့်ချက် မရှိတော့ပါဘူး၊ သွားပါပြီ'

အင်ဒရူးသည် စိတ်ပျက်လက်ပျက် ဖြစ်ကာ သူ့ကိုယ်သူ တီးတိုး ပြော လေ၏။

လျှောက်လွှာရှင် ခြောက်ဦးအား အပေါ်ထပ်ရှိ အခန်း တစ်ခန်းတွင် နေရာ ချထားပေးသည်။ အခန်းမှာ ခပ်သေးသေး ဖြစ်၍ စားပွဲ ကုလားထိုင် များများစားစား ခင်းကျင်း မထားပေ။ အနံ့အသက်ကလည်း မကောင်းလှပေ။

လူတွေ့ စစ်ဆေးရာ၌ အင်ဒရူးသည် နံပါတ်သုံး ဖြစ်ရာ သူ့ အလှည့် ရောက်၍ စိတ်ပျက် စိတ်လှုပ်ရှားစွာဖြင့် ကြီးကျယ် ထည်ဝါလှသော ကော်မတီ အခန်း အတွင်းသို့ ဝင်ခဲ့သည်။ အကယ်၍သာ ဤအလုပ်ကို တစ်စုံတစ်ယောက် အား ပေးရန် စီစဉ်ပြီး ဖြစ်ပါက သူ့အား ခေါ်တွေ့နေဖို့ မလိုပေ။ ယခုလို ခေါ်၍ တွေ့ခြင်းသည် သူ့အတွက် မျှော်လင့်ချက် မကုန်သေးကြောင်း ပြခြင်း ဖြစ်သည် ဟူသော အတွေးဖြင့် သူ့ကိုယ်သူ အားပေးလေ၏။

ကော်မတီ လူကြီး တစ်ဦးက ကုလားထိုင် တစ်လုံးကို ညွှန်ပြ၍ 'ထိုင် ပါ' ဟု ဆိုသည်။ ကုလားထိုင်ပေါ် ထိုင်မိသည့် အချိန်အထိတော့ သူ့စိတ်က လှုပ်ရှားဆဲပင်။

အခန်းထဲတွင် သတ္တုတွင်း အလုပ်သမား သုံးဆယ်ခန့် ထိုင်နေကြသည်။ အားလုံးလိုလိုပင် ဆေးလိပ်ကိုယ်စီ ဖွာနေကြရာမှ အင်ဒရူးအား ပုံစံ အမျိုးမျိုး ဖြင့် ဝိုင်းကြည့်နေကြသည်။ စားပွဲကြီး တစ်ဖက်တွင်ရှိ တသီးတခြား ချထား သော စားပွဲငယ် တစ်လုံးတွင် ဖျတ်လတ် သွက်လက်ပုံရသည့် လူတစ်ယောက် ထိုင်နေသည်။ ထိုလူ၏ အသွင်အပြင်မှာ တစ်ချိန်က သတ္တုတွင်း အလုပ် သမား တစ်ဦး ဖြစ်ခဲ့ဖူးကြောင်း ထင်ရှားနေပေသည်။ ထိုသူကား အဖွဲ့၏ အတွင်းရေးမှူး အိုဝင်ပေတည်း။ စားပွဲကြီး၏ တစ်ဖက်သော ထိပ်တွင် ပျင်းရိ ငြီးငွေ့ ပုံမျိုးဖြင့် ထိုင်နေရာမှ သူ့အား ပြုံး၍ ကြည့်နေသူကား ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com

လီဝီလင်းပေတည်း။

အိုဝင်က အေးဆေး တည်ငြိမ်သော အသံဖြင့် လက်ထောက် ဆရာဝ ရာထူး၏ အခြေအနေ အရပ်ရပ်ကို ရှင်းပြလေသည်။

'ကျွန်တော်တို့ရဲ့ အလုပ်သဘောက ဒီလို ရှိတယ် ဒေါက်တာ မေဆန် ကျွန်တော်တို့ အေဘာရာလောမြို့မှာ ကျောက်မီးသွေးတွင်းနှင့် ဆက်စပ်နေတဲ့ သတ္တုတွင်း နှစ်တွင်း ရှိတယ်၊ တစ်ခုက သံမဏိထည် လုပ်ငန်း၊ တစ်ခု တော့ ကျောက်မီးသွေးတွင်း သက်သက်ပဲ၊ အဲဒီမှာ လုပ်နေကြတဲ့ အလု သမားတွေဟာ သတ်မှတ်ထားတဲ့ လစဉ်ကြေးကို ကျွန်တော်တို့ အဖွဲ့မှာ ထ သွင်းကြရတယ်၊ သူတို့ဆီက ရလာတဲ့ လစဉ်ကြေးငွေနှင့် ကျွန်တော်တို့ အဖွဲ့က သူတို့ အတွက် လိုအပ်တဲ့ ဆေးဝါး ကုသရေး လုပ်ငန်းတွေ ချမှတ်ပြီး ဆောင်ရွက် ပေးရပါတယ်၊ အခု ဆိုရင် အဖွဲ့ပိုင် ဆေးရုံ တစ်ခု ရှိတယ်၊ ဆေး ပေးခန်းတွေ ရှိတယ်၊ ဆေးဝါးပစ္စည်း ကိရိယာတွေ ရှိတယ်၊ ပြီးတော့ ထိ ခိုက်မိလို့ ဒဏ်ရာ အနာတရ ဖြစ်တဲ့ အလုပ်သမားတွေ အတွက် အနာ ဆေး ထည့်ခန်းတွေ ရှိတယ်၊ အဖွဲ့က ခွဲစိတ်ကု ဆရာဝန်နှင့် သမားတော်ကြီး အဖြစ် ဒေါက်တာ လီဝီလင်ကို ခန့်ထားပြီး သူ့ လက်အောက်မှာ လက်ထော ဆရာဝန် လေးယောက် ခန့်ထားသေးတယ်၊ နောက်ပြီးတော့ သွားဘက်ဆိုင် ဆရာဝန် တစ်ဦးလည်း ခန့်ထားသေးတယ်၊ သူတို့ကို အခကြေးငွေ ပေး ကတော့ သူတို့ဆီမှာ သွားပြီး အကုသခံတဲ့ လူနာဦးရေ အလိုက် အချိုး ပေးသွားတာပဲ၊ ဒီတော့ကာ လူနာ အရေအတွက် များတဲ့ လူက အခကြေး ပိုရတဲ့ သဘော ရှိပါတယ်၊ အခု အလုပ်က ထွက်သွားတဲ့ ဒေါက်တာ လ စလီ ဆိုရင် တစ်နှစ်ကို ပေါင် ငါးရာလောက် ရပါတယ်'

အိုဝင်သည် စကားကို ဖြတ်ထားလိုက်ပြီး ကော်မတီ လူကြီးများဘက် သို့ တစ်ချက် ဝေ့ကြည့်လိုက်ကာ 'ယခု အချိန်ထိ ကျွန်တော်တို့ တွေ့ရ ကတော့ ကျွန်တော်တို့ စနစ်ဟာ အတော်ကလေး ကောင်းမွန် ထိရောက်တဲ့ စနစ် ဖြစ်နေပါတယ်' ဟု ပြောလိုက်လေသည်။ ကော်မတီ လူကြီးများ အိုဝင့် စကားကို ထောက်ခံသည့် အနေဖြင့် ခေါင်းညိတ်ကြလေ၏။

အိုဝင်ကပင် ကော်မတီ လူကြီးများဘက်သို့ လှည့်၍ 'လူကြီးမင်းများ ခင်ဗျား၊ မေးစရာ ရှိရင် မေးနိုင်ပါပြီ၊ မေးကြပါ' ဟု ဆိုလိုက်လေ၏။

ကော်မတီ လူကြီးများကလည်း အင်ဒရူးအား တစ်ယောက် တစ်ပေါက် ဝိုင်း၍ မေးကြသည်။ သူကလည်း သိသမျှ နားလည်သမျှကို အပို ချဲ့ထွင်ခြင်း





ဖြန်းခြင်း မပြုဘဲ ဖြေသည်။

'ဒေါက်တာ၊ ဝဲလ်ချ် စကား တတ်ပါလား'

ဤမေးခွန်းကို အလုပ်သမား တစ်ဦး ဖြစ်သော အသက် ခပ်ငယ်ငယ် ချင်ကင်း ဆိုသူက မေးသည်။

'ကျွန်တော် မတတ်ပါဘူး၊ ကျွန်တော် ကြီးလာခဲ့ရတဲ့ ဒေသက ဂေလစ် သာမှာပါ၊ ဝဲလ်ချ် စကားတတ်ဖို့ အခွင့်အလမ်း မသင့်ခဲ့ပါဘူး'

'ဒီအရပ်မှာတော့ ဝဲလ်ချ် စကားတတ်ဖို့ လိုမယ် ထင်တယ်၊ ဒီအရပ် တော့ သိပ်သုံးကြတယ်'

'ကျွန်တော် တွေ့တာကတော့ ဆရာဝန်တွေက လူနာတွေကို ဆဲဆို ကြိမ်းမောင်းတဲ့ နေရာနှင့် ကျိန်ဆဲတဲ့ နေရာတွေမှာပဲ ဝဲလ်ချ် စကားကို အသုံး များတာ တွေ့ရပါတယ်'

အင်ဒရူးက တည်တည်ငြိမ်ငြိမ်နှင့် သူ့ အတွေ့အကြုံမှ ရထားသည့် အသိအမြင် အတိုင်း ဖြေသည်။ ကျန် ကော်မတီ လူကြီးများက ချင်ကင်းအား ကြည့်ကာ ဝိုင်း၍ ရယ်ကြလေသည်။ နောက်ဆုံးတွင် 'ကျေးဇူး တင်ပါတယ် ဒေါက်တာ မေဆန်' ဟူသော နှုတ်ဆက်စကားဖြင့် အင်ဒရူး၏ လူတွေ့ စစ် ဆေးခံရခြင်း ကိစ္စသည် ပြီးဆုံးသွားလေ၏။

အင်ဒရူးသည် စောစောက သူ ထိုင်စောင့်ခဲ့ရသော အခန်းတွင်းသို့ ပြန်ရောက် လာခဲ့သည်။ သူသည် လက်ဝှေ့ပွဲ တစ်ပွဲ ထိုးသတ်ခဲ့ရသူ တစ် ယောက်သဖွယ် စိတ်မော လူမော ဖြစ်လျက် ရှိ၏။ အမောဖြေနေရင်းမှ ကျန် လျှောက်လွှာရှင်များ တစ်ယောက်ပြီး တစ်ယောက် ကော်မတီ ရှိရာ ရုံးခန်းတွင်း ဝင်သွားနေကြသည်ကို ကြည့်နေမိလေ၏။

နောက်ဆုံး အခေါ်ခံရသူမှာ အက်ဒဝပ် ဖြစ်၍ ကော်မတီ ရုံးခန်းထဲမှာ အကြာဆုံး ထိုင်နေရသူ ဖြစ်ပေသည်။ အက်ဒဝပ် ရုံးခန်းထဲမှ ပြန်ထွက်လာ သည့် အခါ သူ့မျက်နှာမှာ ကျေနပ် အားရဟန် ပေါ်နေပေသည်။ အင်ဒရူးတို့ ဘက်သို့ ဝေ့၍ ကြည့်လိုက်သော အကြည့်မှာ 'ဝမ်းနည်းပါတယ် သူငယ်ချင်း တို့၊ ဒီပွဲက ငါ့ပွဲပါကွာ' ဟု ပြောနေသည့် အလား။

လျှောက်လွှာရှင်များသည် ကော်မတီ အပြီးသတ် ဆုံးဖြတ်ချက်ကို ကြားရန် စောင့်နေကြရပြန်သည်။ ကော်မတီ ရုံးခန်းဆီသို့ တမျှော်မျှော် ကြည့် ရင်တမမ ဖြစ်နေကြရလေသည်။

မကြာခင်မှာပင် ရုံးခန်းတံခါး ပွင့်လာပြီး ဆေးလိပ် မီးခိုးများ ကြားမှ



www.burmeseclassic.com

www.burmeseclassic.com

တိုး၍ ထွက်လာသော အတွင်းရေးမှူး အိုဝင်ကို မြင်ရသည်။ အိုဝင်သည် စာရွက်လေး တစ်ရွက်ကို ကိုင်၍ တစ်စုံတစ်ဦးကို ရှာဖွေနေသည့်နယ် မျ ကစားနေရာမှ အင်ဒရူးအပေါ် စူးစိုက်သွားပြီး ဖော်ရွေသော အပြုံးဖြင့် ခန်းထဲ ခဏလောက် ကြွပါဦး ဒေါက်တာ မေဆန်၊ ကော်မတီက ဒေါက် ကို နောက်တစ်ကြိမ် ထပ်တွေ့ချင်နေပါတယ်' ဟု ပြောလေ၏။

တုန်ယင် လှုပ်ရှားနေသော နှုတ်ခမ်းများကို ကိုက်၍ တထိတ်ထိ ခုန်နေသော ရင်ကို မကာ အတွင်းရေးမှူးနောက်မှ လိုက်သွားသည်။ မဖြ သည့် ကိစ္စ။ ဘယ်နည်းနှင့်မှ မဖြစ်နိုင်။ သူတို့က သူ့အပေါ်၌ ဒုတိယ အ တွေ့ချင်လောက်အောင် စိတ်ဝင်စားကြသည် ဆိုခြင်းမှာ ဖြစ်နိုင်ပါ့မလာ

ကုလားထိုင်ပေါ် ထိုင်မိသည့် အခါမှပင် သူ့အား ပြုံးရယ်၍ ကြည့် သော မျက်နှာများဖြင့် သူ့အား နှစ်သက် သဘောကျသည့် အရိပ်လက္ခ ဖြင့် တဆတ်ဆတ် ညိတ်နေကြသော ဦးခေါင်းများကို သတိပြုမိသည်။ ဒေါ တာ ဗီလီလင်း တစ်ယောက်ကတော့ သူ့အား လှည့်၍ပင် ကြည့်ဖော် မရ ကော်မတီ၏ ပြောရေးဆိုခွင့် ရှိသူ အိုဝင်ကပင် အခြေအနေကို ရှင်းပြ သည်။

'ကျွန်တော်တို့ကတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောရမှာပဲ ဒေါက် မေဆန်၊ ကော်မတီ အနေနှင့် အငြင်းပွားစရာလေး နည်းနည်းတော့ ရှိ တယ်၊ ဒေါက်တာ လီဗီလင်းရဲ့ အကြံပြုချက်အရ ဆိုရင် ဂက်သလေး ကြားဘက်မှာ အတွေ့အကြုံ ရှိခဲ့တဲ့ လျှောက်လွှာရှင် ဆရာဝန် တစ်ဦး စဉ်းစားရမလို ဖြစ်နေပါတယ်၊ ဒါပေမဲ့'

အိုဝင့် စကား မဆုံးသေးမီ နောက်ဘက်နားတွင် ထိုင်နေသည့် အ မွဲခြောက်ခြောက်နှင့် ကော်မတီ လူကြီး တစ်ဦးက 'ဟား မဖြစ်နိုင်တာ အဲဒီ အက်ဒဝပ် ဆိုတဲ့ ဝပြဲပြဲ လူနှင့် ဒီအလုပ်နှင့် မဖြစ်ပါဘူးဗျ၊ မာဒီ ကုန်းပေါ်က အိမ်တွေဆီကို သူ ဘယ်လို တက်သွားမယ် ဆိုတာ ကျွန် မျက်စိထဲမှာ မြင်ယောင်မိသေးတယ်' ဟု ဝင်ပြောလေရာ အင်ဒရူးမှာ မ မိအောင် မနည်းပင် ချုပ်တည်းထားရလေ၏။ သူသည် အိုဝင် ဆက်ပြော စကားကိုသာ နားစွင့် ထားလေသည်။

'ဒါပေမဲ့ ကော်မတီကတော့ ဒေါက်တာ့ကိုပဲ သဘောကျနေပါတ စောစောက တွမ် ကတ်တဲလ် ပြောသလိုပဲ ကျွန်တော်တို့ အလုပ်က ဒေါက် လို လူငယ်ငယ် သွက်လက် ပေါ့ပါးပြီး ဖျတ်လတ်မယ့် လူမျိုးနှင့်မှ ဖြစ်





ော်မတီကတော့ ဒေါက်တာ့ကိုပဲ လိုချင်ကြပါတယ်'

ကော်မတီ လူကြီး အချို့က တွမ် ကတ်တဲလ်အား ကြည့်၍ ရယ်နေ ကြလေသည်။

'နောက်ပြီးတော့ ကော်မတီ အနေနှင့် ဒေါက်တာ့ အတွက် ရထား ထောက်ခံစာ နှစ်စောင်ကို အလေးအနက် ထားကြပါတယ်၊ ဒေါက်တာ လျှောက်လွှာ တင်တုန်းက ပူးတွဲ တင်ပြထားတဲ့ ထောက်ခံစာတွေထက် အခု က်ပိုင်းကမှ စာတိုက်က ရောက်လာတဲ့ ထောက်ခံစာ နှစ်စောင်ကို ပိုပြီး န်ဖိုးထားကြပါတယ်၊ ထောက်ခံစာ နှစ်စောင်စလုံးဟာ ဒေါက်တာ အလုပ် ပ်ခဲ့တဲ့ ဒရင်းဖီးမြို့က လုပ်ဖော်ကိုင်ဖက် နှစ်ဦးက ပို့လိုက်တာပါ၊ တစ် ောင်က ဒေါက်တာ ဖီးလစ် ဒင်နီရဲ့ ထောက်ခံစာပါ၊ သူဟာ ကျွန်တော်တို့ က ဆရာဝန် ဒေါက်တာ လီဗီလင်းလို အမြင့်ဆုံး ဆေးပညာ မဟာ ဝိဇ္ဇာဘွဲ့ ထားသူ ဖြစ်တဲ့ အတွက် ခင်ဗျားရဲ့ အရည်အချင်းကို အများကြီး သိနိုင် ထောက်ခံနိုင်မယ့် ပုဂ္ဂိုလ် တစ်ဦး ဖြစ်ပါတယ်၊ နောက် တစ်စောင်ကတော့ ဒေါက်တာ ဖီးလစ် ဒင်နီရဲ့ ထောက်ခံစာနှင့် အတူ စာအိတ် တစ်လုံးတည်းမှာ တွဲပြီး ထည့်လိုက်ပါတယ်၊ အဲဒီ ထောက်ခံစာနှင့် အတူ ထည့်လိုက်တဲ့ ထောက်ခံစာကတော့ ဒေါက်တာ လက်ထောက် ဆရာဝန် လုပ်ခဲ့တဲ့ ဆရာဝန် ကြီး ဒေါက်တာ ပိတ်ချ်ဆီက ဖြစ်ပါတယ်၊ ကျွန်တော်တို့ ကော်မတီကလည်း ထောက်ခံစာတွေနှင့် ပတ်သက်လို့ အတွေ့အကြုံ တော်တော်များများ ရှိခဲ့ဖူး တော့ မမျှော်လင့်ဘဲ ရောက်လာတဲ့ အဲဒီ ထောက်ခံစာ နှစ်စောင်ကို အလေးအနက် ထားပြီး အသိအမှတ် ပြုခဲ့ကြပါတယ်၊ ဒါ့ကြောင့်လည်း ကော် မတီက ဒေါက်တာ့ကို အများကြီး သဘောကျခဲ့ကြတာပါပဲ'

အင်ဒရူးသည် နှုတ်ခမ်းကို တင်းကျပ်စွာ ကိုက်ကာ သူ့ မျက်လုံးများ ကို စားပွဲပေါ်သို့ စူးစိုက်ထားသည်။ ဒင်နီသည် ပထမဆုံးအကြိမ် သူ့အား ကူညီခဲ့ စောင့်ရှောက်ခြင်း ပြုခဲ့ပေပြီ။

'ကျွန်တော်တို့မှာ အခက်အခဲ တစ်ခုတော့ ရှိနေပါတယ် ဒေါက်တာ မေဆန်'

အိုဝင်က အင်ဒရူး မေဆန်အား စူးစိုက်ကြည့်ရင်း စားပွဲပေါ်မှ ပေတံ ကို ဟိုရွှေ့ သည်ရွှေ့ လုပ်နေသည်။

'ကော်မတီက ဒေါက်တာ့ကို သဘောကျပေမဲ့ ကော်မတီ အနေ ဆိုက်နာရင် မဖြစ်တဲ့ အချက် တစ်ချက် ရှိနေပါတယ်၊ တခြားသော



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ကော်မတီ အနေနှင့် အိမ်ထောင်ရှိတဲ့ လူကိုသာ ဦးစားပေးပြီး ရွေးချယ် ခန့်ထားရမယ် ဆိုတဲ့ အချက်ပါ၊ အလုပ်သမားတွေရဲ့ မိသားစုကိုပါ ကုသပေး ရတဲ့ အလုပ် ဖြစ်လေတော့ အိမ်ထောင်ရှိသူ ဆိုရင် ပိုပြီး ကောင်းတယ်လို့ အားလုံးက ယူဆကြပါတယ်၊ ဒါကြောင့်မို့လည်း ဒီအလုပ် နေရာမှာ ခန့်ထား ခံရတဲ့ ဆရာဝန် နေဖို့ အိမ်တစ်လုံးတောင်မှ အဆင်သင့် ရှိထားပါတယ်၊ အိမ် ကလေးက သပ်သပ်ရပ်ရပ်၊ ကျယ်ကျယ်ပြန့်ပြန့်နှင့် အင်မတန် အထက်တန်း ကျတဲ့ အိမ်ကလေးပါ၊ လူပျို လူလွတ် တစ်ယောက်နှင့်တော့ မသင့်ပါဘူး'

တစ်ခန်းလုံး အပ်ကျသံပင် ကြားရတော့မလောက် ငြိမ်ဆိတ်သွား သည်။

အင်ဒရူးသည် သက်ပြင်းရှည်ကြီး တစ်ချက် ချလိုက်မိ၏။ သူ့စိတ် သည် ခရစ္စတီထံ ရောက်သွားသည်။ ခရစ္စတီ၏ ရုပ်ပုံလွှာသည် သူ့ မျက်စိ ထဲဝယ် တရစ်ဝဲဝဲ ပေါ်လာလျက် ရှိလေ၏။

ကော်မတီ လူကြီး အားလုံးသည် အင်ဒရူး၏ နှုတ်မှ ထွက်လာမည့် အဖြေကို စိတ်အား ထက်သန်စွာဖြင့် ငံ့လင့်နေကြသည်။ ဒေါက်တာ လီဝီ လင်းပင်လျှင် သူ့အား စိတ်ဝင်တစား ကြည့်နေပေသည်။ သူသည် ဘာကိုမျှ အလေးအနက် ထား၍ စဉ်းစား ဆင်ခြင်ခြင်း မပြုတော့ဘဲ တည်ငြိမ် အေး ဆေးစွာဖြင့် အဖြေ ပေးလိုက်မိလေ၏။

'ဒီကိစ္စနှင့် ပတ်သက်လို့တော့ ဒရင်းဖီးမြို့မှာ ကျွန်တော်နှင့် စေ့စပ်ထား သူ တစ်ဦး ရှိပါတယ် ဆိုတာ ဖွင့်ပြောပါရစေ၊ သူနှင့် လက်ထပ်ဖို့ အတွက် သင့်တော်မယ့် အချိန်အခါကို ကျွန်တော် စောင့်နေပါတယ်'

အိုဝင်သည် အလွန် ကျေနပ် အားရစွာဖြင့် သူ့ လက်တွင်းမှ ပေတံကို စားပွဲပေါ်သို့ လွှတ်ချလိုက်သည်။ ကျန် ကော်မတီ လူကြီးများကမူ သူတို့၏ ဖိနပ်ခွာများဖြင့် ကြမ်းပြင်ကို ဆောင့်ကာ ဝမ်းသာ ကျေနပ်မှုကို ဖော်ပြကြ သည်။ တွမ် ကတ်တဲလ်ကမူ 'သိပ်ကောင်းတယ် ကိုယ့်ဆရာရေ၊ ကျုပ်တို့ အဗာရာလောမြို့ဟာ လက်ထပ်ပြီးစ စုံတွဲတွေ ပျားရည်ဆမ်းခရီး ထွက်လို့ အင်မတန် ကောင်းတဲ့ နေရာဗျ' ဟု ဆိုလိုက်လေ၏။

'ဒီလိုဆိုရင် အားလုံး သဘောတူကြပြီလို့ ထင်ပါတယ် လူကြီးမင်းများ ခင်ဗျား' ဟု အိုဝင်က မေးလိုက်ပြီး... 'ကော်မတီက ဒေါက်တာ အင်ဒရူး မေဆန်ကို ကန့်ကွက်သူ မရှိ ရွေးချယ်လိုက်ပါပြီ' ဟု ကြေညာလိုက်လေ၏။

သဘောတူကြောင်း ထောက်ခံ ပြောဆိုနေသံများကို ကြားနေရ၏။





အင်ဒရူး၏ ရင်သည် အောင်မြင်မှုကြောင့် တသိမ့်သိမ့်ခါလျက် ရှိပေသည်။

'ဘယ်တော့လောက် အလုပ် ဝင်နိုင်မလဲ ဒေါက်တာ မေဆန်၊ ကျွန် တော်တို့ ကော်မတီကတော့ မြန်မြန် အလုပ် ဝင်စေ ကြိုက်လေပဲ'

'လာမယ့် အပတ်လောက်က စပြီး အလုပ် ဝင်နိုင်ပါလိမ့်မယ် ခင်ဗျာ'

အလိုက်သင့်သဘော ဖြေလိုက်ရသော်လည်း အင်ဒရူး၏ စိတ်မှာ သောက ပင်လယ်ဝေလျက် ရှိ၏။ 'တကယ်လို့များ ခရစ္စတီက ငါ့ကို လက် မခံရင် ငါ ဘယ်လို လုပ်ရပါ့မလဲ၊ ငါ သူ့ကို လက်လွှတ်လိုက်ရမယ် ဆိုရင် သူ့ကိုလည်း ဆုံးမယ်၊ ဒီအလုပ်ကိုလည်း ဆုံးမယ်'

'ဒီလိုဆိုရင် ကိစ္စက ပြတ်သွားပါပြီ ဒေါက်တာ မေဆန်၊ ကျွန်တော်တို့ ကော်မတီက ဒေါက်တာ့ အတွက်... ဪ... ဒေါက်တာ့ ဇနီး အတွက်ပါ အခု လုပ်ရမယ့် အလုပ်နှင့် အဆင်ပြေပါစေလို့ ဆုတောင်းလိုက်ပါတယ်'

လက်ခုပ်တီးသံများ ထွက်လာသည်။ အားလုံးကပင် သူ့အတွက် ဝမ်း သာ စကား ဆိုကြသည်။ အားလုံး... အားလုံး...။

အားလုံးသော ကော်မတီ လူကြီးများ။ ပြီးတော့ ဒေါက်တာ လီဝီလင်း၊ ပြီးတော့ စတွေ့ကတည်းက သူ့အား ခင်မင်ပုံရသော အိုဝင်။

အင်ဒရူးသည် မူလ အခန်းဆီသို့ ပြန်လာခဲ့ပြီး သူ၏ ဝမ်းသာမှုကို မပေါ်လွင်အောင် ထိန်းထားသည်။ အထူးသဖြင့် ဖြစ်လာသည့် အခြေအနေကို မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်ဟန်ပေါ်နေသော အက်ဒဝပ်၏ မျက်နှာကို မကြည့်မိအောင် သတိထားသည်။ အက်ဒဝပ် ခမျာ စိတ်ထိခိုက်လွန်း၍ ခေါင်း ငိုက်စိုက်ကျလျက် ရှိရှာလေ၏။

အင်ဒရူးသည် ဘူတာဆီသို့ လျှောက်အလာတွင် ဝမ်းသာမှု အရှိန်ဖြင့် သက်လက် မြူးကြွနေသည်။ တောင်ကုန်းကလေး တစ်ခုပေါ်မှ အဆင်းတွင် သူ့ ညာဘက်ဆီမှ စိမ်းလန်း စိုပြည်သော ပန်းခြံကို သတိပြုမိသည်။ ပန်းခြံထဲ ဝယ် လှပသော ရေပန်း တစ်ခုနှင့် သံစုံတီးဝိုင်း စာတ်စင် တစ်ခု ရှိလေသည်။

ဒရင်းဖီးတွင် ယခုလို သာယာလှပသည့် ရှုမျှော်ခင်းမျိုး မရှိပေ။ ကြည့် စရာ ဆို၍ ချော်တုံး ချော်ခဲတွေ အစုလိုက် အပုံလိုက်သာ ရှိလေသည်။ ပန်း ခြံ၏ တစ်ဖက်တွင် မြင်နေရသည်က ရုပ်ရှင်ရုံ။ ပြီးတော့ ကြီးကျယ် ခမ်းနား သည့် ဆိုင်ကြီးများ။ နောက်ပြီး သူ့ ခြေထောက်များ အောက်မှ ကျယ်ဝန်း သန့်ရှင်းသည့် လမ်းမကြီး။ နောက်ပြီးတော့ အိုဝင် ပြောပြလိုက်သည့် အေး နှံ



www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံ... ဆေးရုံ...။

ဟုတ်သည်။

ဆေးရုံသည် သူ့အလုပ်ကို များစွာ အထောက်အကူ ပြုပေလိမ့်မည်။

အင်ဒရူးသည် ပေါ့ပါး လန်းဆတ်သော စိတ်၊ မြူးထူး ရွှင်လန်းသော စိတ်ဖြင့် သန့်ရှင်း လတ်ဆတ်သော လေကို အားပါးတရ ရှူသွင်းလိုက်သည်။ ထို့နောက် သူသည် ရထားတွဲလွှတ် တစ်ခုပေါ်သို့ ခုန်တက်လိုက်၏။

ဒရင်းဖီး အပြန် ခရီးတွင် အင်ဒရူးသည် အတိုင်းအဆ မသိလောက် အောင် ရွှင်မြူး တက်ကြွလျက် ရှိလေ၏။



[၁၄]

တောင်တန်းများပေါ်မှသာ တည့်တည့်မတ်မတ် ကျော်ဖြတ် သွားရမည် ဆိုလျှင် အေဘာရာလောနှင့် ဒရင်းဖီး ခရီးမှာ များစွာ ဝေးကွာလှမည် မဟုတ်ပေ။ သို့သော်လည်း တောင်များကို ပတ်၍ ဖောက်လုပ်ထားရသော မီးရထားလမ်းမှာ အကွေ့အကောက် များလှသဖြင့် ခရီးက ရှည်လျားလှလေသည်။

အင်ဒရူး စီးလာသော အစုန် ရထားမှာ ဘူတာစဉ် လျှောက်ရပ်နေသဖြင့် ခရီးဖင့်ရသည့် အထဲ ကာဒစ်ဖ် ဘူတာ၌ ပြောင်း၍ စီးခဲ့ရသော ပင်နဲလီးဆောင်ကြားသွား မီးရထားက နှေးကွေးလွန်းလှသဖြင့် အချိန်ပို၍ ကြာရလေ၏။

မီးရထားပေါ် ရောက်ကတည်းက အင်ဒရူး၏ စိတ်မှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲလျက် ရှိပြန်၏။ တွဲထောင့်ရှိ ထိုင်ခုံ တစ်ခုပေါ်တွင် ငြိမ်သက်စွာ ထိုင်ပြီးလျှင် သူ့ ပြဿနာကို သူ ပြန်တွေးလျက် ရှိ၏။ သူ့ အတွေးများသည် သူ့ စိတ်အား ပြန်၍ ဖိစီး နှိပ်စက်လျက် ရှိပြန်လေပြီ။

ပထမဦးစွာ သူ၏ တစ်ကိုယ်ကောင်း ဆန်လွန်းသော စိတ်နေ စိတ်ထားကို ပြန်၍ သိမြင် နားလည်ကာ စိတ်လက် မကြည်မလင် ဖြစ်ရ၏။ လွန်ခဲ့သော လအနည်းငယ် အတွင်းက အဖြစ်များကို ပြန်လည် စဉ်းစားလိုက်သည့် အခါ သူသည် အရာရာတိုင်းတွင် သူ့ဘက်ကသာ တစ်ဖက်သတ် စဉ်းစားခဲ့ကြောင်း သတိပြုမိလေသည်။

အိမ်ထောင်ရေးနှင့် ပတ်သက်၍ ဖြစ်ပေါ်ခဲ့သည့် သူ၏ သံသယ စိတ်များနှင့် ယင်း သံသယများကြောင့် ခရစ္စတီအား ချစ်ရေးဆိုပါလျက်နှင့် နှောင့်နှေးခဲ့ရသည့် အဖြစ်။


www.burmeseclassic.com

www.burmeseclassic.com

ယင်း အဖြစ်များကို တွေးလိုက်မိတိုင်း သူ့ကိုယ်သူ ခွင့်မလွှတ်နိုင် အောင် ဖြစ်မိလေ၏။ တကယ်ဆိုလျှင် သူ့အဖြစ်ကို ခရစ္စတီ မရိပ်မိဘဲ နေ မည် မဟုတ်ပေ။ အကယ်၍ ရိပ်မိခဲ့သည် ရှိသော် သူ့ အပြုအမူ၊ သူ့ စိတ် သဘောထား စသည်များကို ခရစ္စတီက မည်ကဲ့သို့ မြင်၍ မည်ကဲ့သို့ ဆုံးဖြတ် လေမည်နည်း။

သူ့အနေဖြင့် ခရစ္စတီ မနှစ်သက်မည့် အမှား တစ်ခုခုကိုများ ပြုလုပ် ခဲ့မိလေပြီလား။ တကယ်လို့သာ ခရစ္စတီက သူ့အချစ်ကို လက်မခံနိုင်ပါဟု ဆိုခဲ့ပါမူ၊ အကယ်၍သာ ခရစ္စတီက ငြင်းဆန်လိုက်မည် ဆိုပါမူ...။ သူ စီမံ၍ မရသော အခြေအနေများကြောင့် လူကြီးမင်းတို့ ခန့်ထားသော အလုပ်ကို လက်မခံတော့ပါဟု ကော်မတီထံသို့ ပြန်ကြားစာ ရေးသား နေရသည့် သူ့ ပုံပန်း သဏ္ဌာန်ကို သူ့စိတ်ကူး မျက်စိထဲတွင် ထင်ယောင် မြင်ယောင် ဖြစ် လျက် ရှိလေသည်။

ခရစ္စတီသည် အသိဉာဏ် ထက်မြက်၍ ပါးနပ် လိမ္မာသူ တစ်ဦး ဖြစ် သည့် အားလျော်စွာ သူ့အကြောင်းကို မသိဘဲတော့ နေမည် မဟုတ်ပေ။ သူ့ ကို ကြည့်၍ ပြုံးခဲ့ရသော အပြုံးများသည် သူ့အကြောင်း ကောင်းကောင်းကြီး နားလည် ရိပ်စားမိသော အပြုံးများ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

ခရစ္စတီ၏ လှပသော၊ ညိုမောင်းသော မျက်လုံးများသည် စိတ်သဘော ထား ဖြူစင်မှုနှင့် ရိုးသား ပွင့်လင်းမှုများကို အမြဲတစေ ဖော်ပြလျက် ရှိသည် ဖြစ်ရာ သူ့အနေဖြင့် ခရစ္စတီအား လက်လွှတ်လိုက်ရမည့် အခြေအနေမျိုး မတွေးရဲအောင် ဖြစ်လျက် ရှိရ၏။ တွေးလိုက်မိသည့် အခါတိုင်း သူ့ အသည်း နှလုံးမှာ နာကျင်ရ၏။

အကယ်၍ ခရစ္စတီကို သူ လက်လွှတ် ရတော့မည် ဆိုပါက သူ့ဘဝ တွင် ဘာတွေပဲ ဖြစ်လာ ဖြစ်လာ သူ ဂရုစိုက်စရာ အကြောင်း ရှိတော့မည် မဟုတ်ပေ။

အင်ဒရူး စီးလာသော မီးရထားသည် ည ကိုးနာရီထိုးမှ ဒရင်းဖိမြို့သို့ ဆိုက်၏။ သူသည် မီးရထားပေါ်မှ ခပ်သုတ်သုတ် ဆင်းကာ ဘူတာလမ်း အတိုင်း လျှောက်လာခဲ့၏။

'ခရစ္စတီ တစ်ယောက် ပြန်ရောက်နေလေမလား၊ အကယ်၍ ပြန် ရောက်နေသည့်တိုင် ခရစ္စတီနှင့် ယနေ့ည တွေ့ဖို့မှာ မျှော်လင့်ချက် မရှိတော့ သဖြင့် မနက်ဖြန်မှ သွားတွေ့တော့မည်' ဟု ပိုင်းဖြတ်လိုက်၏။ သို့သော်





လည်း ခရစ္စတီ ပြန်ရောက် မရောက်ကိုတော့ ယခုချက်ချင်းပင် သိချင်နေ၏။

သို့ဖြင့် သူသည် ချက်ပဲလ် လမ်းထဲသို့ ဝင်လာခဲ့သည်။ ဘက်လမ်း ထောင့်သို့ ရောက်သော် ခရစ္စတီ၏ ဧည့်ခန်းထဲမှ မီးရောင် လက်လက်ကို မြင် လိုက်ရသဖြင့် တွေ့ချင် မြင်ချင်စိတ် ဖြစ်ပေါ်လာပြန်သည်။

ယနေ့ညတော့ဖြင့် ဘယ်နည်းနှင့်မှ တွေ့ဖို့ မသင့်တော့ဟု သူ့ကိုယ်သူ ပြန်၍ သတိပေးရင်းကပင် ခရစ္စတီ ပြန်ရောက်နေခြင်း မဟုတ်ဘဲ ခရစ္စတီ၏ အခန်း ပိုင်ရှင် အမျိုးသမီးကြီးများ အခန်း ရှင်းနေခြင်း ဖြစ်လေမလားဟု တွေး ပြန်ကာ အိမ်ခန်းဆီသို့ လျှောက်လာခဲ့မိလေသည်။ အိမ်နား ရောက်သော် ဟသင့် ပွင့်နေသော တံခါးမှ ဧည့်ခန်း အတွင်းသို့ ဝင်ခဲ့မိလေ၏။

ခရစ္စတီ ကိုယ်တိုင်ပေတည်း။

ခရစ္စတီသည် ထောင့်တစ်ထောင့်ရှိ စာအုပ်စင် ဘေးဝယ် ဒူးထောက် ထိုင်ကာ စာအုပ်များကို နေထားတကျ ဖြစ်အောင် စီလျက်ရှိသည်။ ပြီးသော အခါ ကြမ်းပေါ်၌ စုပုံထားသော စာရွက်စာတမ်း အတိုအစများကို ရှင်းလင်း နေပြန်သည်။ သူမ၏ ခရီးဆောင် လက်ဆွဲ သေတ္တာ၊ အပေါ် အင်္ကျီနှင့် ဦးထုပ် တို့မှာ ကုလားထိုင် တစ်လုံးပေါ်တွင် စုပြုံ တင်ထားသည်။ ခရစ္စတီ ပြန် ရောက်သည်မှာ ကြာသေးဟန် မတူပေ။

'ခရစ္စတီ'

သူမသည် ဒူးထောက် ထိုင်နေရာမှ မထဘဲ အသံ လာရာဘက်သို့ လှည့်ကြည့်လိုက်သည်။ ဆံစများသည် အခွေလိုက် အလိပ်လိုက် နဖူးထက် တွင် ဝဲပျံ့လျက်ရှိ၏။ အင်ဒရူးကို မြင်လိုက်ရသောအခါ ဝမ်းသာခြင်းနှင့် အံ့အားသင့်ခြင်းတို့ ပေါင်းစပ်ကာ ထိုင်ရာမှ ထလာလေသည်။

'ကြည့်စမ်း ကြည့်စမ်း၊ အင်ဒရူး ရှင် လာတယ်နော်'

ခရစ္စတီက ပြောပြောဆိုဆိုနှင့် လက်ကို ဆန့်တန်းပေးသည်။ အင်ဒရူး က သူမ၏ လက်နှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် သိမ်းကျုံး ဆွဲယူလိုက်ကာ တင်းကျပ်စွာ ဆုပ်ကိုင်ထားလေ၏။

အင်ဒရူးသည် ခရစ္စတီ မျက်နှာကို ကြည့်မဝ ရှုမဝ ဖြစ်လျက် ရှိ၏။ ဝတ်အင်္ကျီ ဤစကတ်မျိုးကို ဝတ်ထားလျှင် ခရစ္စတီ၏ အလှသည် ပေါ်လွင် ထင်ရှားလှပေ၏။ သူ့အနေဖြင့်လည်း ပို၍ ချစ်မိ၏။

'ခရစ္စတီ၊ ကိုယ် မင်းကို ပြောစရာ တစ်ခု ရှိတယ်'

ခရစ္စတီက အင်ဒရူး၏ ရွှမ်းလျလျ ဖြစ်နေသော မျက်နှာကို ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်သည်။ စူးစမ်းသည်။

'ဘာလဲ အင်ဒရူး၊ ဘာဖြစ်လာပြန်ပြီလဲ၊ မစ္စ ပိတ်ချ်နှင့် အဆင်မပြေ ဖြစ်ကုန်ပြီလား၊ ရှင် ဒရင်းဖီးက ထွက်သွားတော့မလို့လား '

အင်ဒရူးက ခေါင်းခါသည်။ ခရစ္စတီ၏ သေးသွယ် ပျော့ပျောင်းသော လက်မောင်းကို တစ်ဆတိုး၍ တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

'ကိုယ့် အလုပ် ရခဲ့ပြီ ခရစ္စတီ၊ အလုပ်ကတော့ အင်မတန် ကောင်းတဲ့ အလုပ်ပဲ၊ အေဘာရာလော မြို့မှာ လုပ်ရမှာ၊ ကနေ့ပဲ ကော်မတီက ခေါ်ပြီး လူတွေ့ စစ်ဆေးတယ်၊ ကိုယ် အခုဒီက အခုပဲ ပြန်လာတာ၊ တစ်နှစ်ကို ပေါင် ငါးရာလောက် ရမယ်၊ အိမ်တစ်လုံးလည်း ရမယ် ခရစ္စတီ၊ အို... အချစ်ရယ် ခရစ္စတီရယ် ကိုယ့်ကို လက်ထပ်ပါလား'

ခရစ္စတီ၏ မျက်နှာသည် ရုတ်တရက် ချက်ချင်း ဖြူဖပ်ဖြူရော် ဖြစ် သွားသော်လည်း မျက်လုံးများကမူ ဝင်းလက် တောက်ပနေသည်။ သူမသည် သက်ပြင်း တစ်ချက် ရှုလိုက်ရင်းက တိုးညင်း သာယာသော အသံဖြင့် ပြော သည်။

'ကျွန်မ... ကျွန်မ ထင်တာက ရှင် မကောင်းသတင်းများ ပြောမလား လို့'

'မဟုတ်ဘူး ခရစ္စတီ၊ မဟုတ်ဘူး၊ ကိုယ် ပြောမှာက အလွန် ထူးခြားတဲ့ သတင်း၊ ဝမ်းသာစရာ ကောင်းတဲ့ သတင်းပါ အချစ်ရယ်၊ အေဘာရာလော မြို့ကို အချစ် မြင်စေချင်တယ်၊ သိပ်သာယာတာပဲ၊ သိပ်သန့်ရှင်းတာပဲ၊ အဲ အနားမှာ စိမ်းလန်း စိုပြည်တဲ့ ကွင်းပြင်တွေလည်း ရှိတယ်၊ ပြီးတော့ ဆိုင် ကြီးတွေနှင့် လမ်းမကြီးတွေကလည်း သိပ်လှ သိပ်ကျယ်တာပဲ၊ ပြီးတော့ ပန်းခြံလေး တစ်ခုလည်း ရှိတယ်၊ ဆေးရုံလည်း ရှိတယ်၊ အချစ်သာ ကိုယ်နှင့် လက်ထပ်မယ် ဆိုရင်လေ၊ ကိုယ်တို့ ဘဝဟာ အေဘာရာလော မြို့မှာ အမြဲ ရမှာပဲ'

ခရစ္စတီ၏ နှုတ်ခမ်းများမှာ တုန်ယင် လှုပ်ရှားပြီး မျက်လုံးများက ထူးထူးခြားခြား ရွှန်းလဲ့ နေကြပေသည်။

'အေဘာရာလော မြို့က အလုပ်ကို လက်မလွှတ်ချင်လို့လား၊ ကျွန်မ ထင် တကယ်. .'

'ခရစ္စတီကို ချစ်လွန်းလို့ပါ ခရစ္စတီရယ်... ယုံပါ၊ ကိုယ် မင်းကို တကယ် ချစ်တာပါ၊ မင်းကို ချစ်နေခဲ့မိတာ ကြာပါပြီ၊ ကိုယ် ချစ်နေတယ် ဆိုတာ





ကိုလည်း မင်း သိမှာပါ၊ ဒါပေမဲ့ မင်းက ကိုယ့်ကို ချစ်ချင်မှ ချစ်မှာနော်'

ခရစ္စတီသည် အင်ဒရူး၏ ခါးကို သိမ်း၍ အားရပါးရ ဖက်လိုက်ပြီး သူမ၏ မျက်နှာကို အင်ဒရူး၏ ရင်ခွင်တွင် အပ်ထားလိုက်သည်။ အင်ဒရူး ကလည်း ခရစ္စတီ၏ တစ်ကိုယ်လုံးကို ပြန်လည် ထွေးပိုက်ကာ ခရစ္စတီ၏ ဆံပင်ကို တယုတယ ပွတ်သပ်ပေးနေလေ၏။

ခရစ္စတီ၏ နှုတ်ဖျားမှ လှိုက်လှိုက်လှဲလှဲ ချစ်တေးသီသံသည် ထွက် ပေါ်လာလေသည်။

ဝမ်းသာလွန်း၍ စီးကျလာနေသော မျက်ရည်များ ကြားမှပင် အပြုံးပန်း သည် ဖူးပွင့်လျက် ရှိလေ၏။

'ခရစ္စတီလေ အချစ်ကို ဟို... ဟို... ပထမဆုံး တွေ့စ ကတည်းက အသင်ခန်းထဲ ဝင်လာချိန် ကတည်းကိုက ချစ်နေမိခဲ့တာပါ'



www.burmeseclassic.com

www.burmeseclassic.com

အပိုင်း ၂

www.burmeseclassic.com

www.burmeseclassic.com

...ကလည်း ကြာ၍ အသုံးကလည်း များလွန်းသဖြင့် ဟောင်းနွမ်း အိုမင်း...ပြီ ဖြစ်သော ဂျီဝီလျံ ဂျွန်လော့စင်၏ ကုန်တင် မော်တော်ကားသည် ဒယီး...ယိုင်ဖြင့် တောင်ပေါ်လမ်းကို တက်လျက် ရှိသည်။ အစိတ်စိတ် အမြွာမြွာ...ပြတ်နေပြီ ဖြစ်သော တာပေါ်လင် ရွက်ထည် အမိုးသည် ယိုင်တိ ယိုင်နဲ့...ကာ ယိမ်းထိုးလျက် ရှိသော မော်တော်ကား ဘော်ဒီကို တဖြောင်းဖြောင်း...ခတ်လျက် ရှိလေ၏။

အရောင်အဆင်း ကင်းမဲ့နေပြီ ဖြစ်သော ကားနောက်ဘက်မှ နံပါတ်ပြား...သည် တွဲလောင်းကျကာ လမ်းပေါ်တွင် တရွတ်တိုက် ဆွဲလျက် ဆူညံညံ...သံပြုကာ လိုက်ပါလာလေသည်။ ကားလှုပ်တိုင်း ဟိုယိမ်း သည်နွဲ့ ဖြစ်ကာ...ကျည်ကျည် မြည်နေသော ကားဘော်ဒီ၏ အသံသည် ဖွတ်ချက် ဖွတ်ချက်...သည်နေသော မော်တော်ကား စက်သံနှင့် နင်လား ငါလား ပြိုင်လျက် ရှိလေ...။ ကားရှေ့ခန်း ဒရိုင်ဘာ ထိုင်ခုံရှိ ဂျီဝီလျံ ဂျွန်လော့စင်၏ ဘေးတွင် ထိုင်...သူ နှစ်ဦးကား ဒေါက်တာ မေဆန်နှင့် သူ့ဇနီး ခရစ္စတီ မေဆန်တို့ပေ...သည်း။

ဒေါက်တာ မေဆန်နှင့် ခရစ္စတီတို့သည် ယနေ့ မနက် လက်ထပ်ခဲ့ကြ...း ဤခရီးကို ထွက်လာခဲ့ကြခြင်း ဖြစ်ရာ ဤခရီးသည် သူတို့၏ မင်္ဂလာဦး...ပေတည်း။

တာပေါ်လင် ရွက်ထည် အမိုးအောက်ဝယ် ခရစ္စတီ၏ အိမ်ထောင်...စည်းများ ရှိသည်။ အိမ်ထောင် ပစ္စည်းများဟု ဆိုရသော်လည်း များများ...စား ပါသည် မဟုတ်ပေ။ ဒရင်းဖီးမြို့မှ သျှီလင် နှစ်ဆယ်ပေး၍ ဝယ်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com

သော မီးဖိုဟောင်း တစ်လုံး၊ အိုးသစ် ခွက်သစ် ပန်းကန်အသစ် အနည်းငယ်နှင့် သူတို့၏ အဝတ်အစား သေတ္တာများသာ ဖြစ်သည်။ ကြွားဝါတတ်သူများ မဟုတ်ကြသည့် အားလျော်စွာ သူတို့၏ ရှိစုမဲ့စု ပစ္စည်းများကို ဖြစ်သလို လွယ်သလို ထုပ်ပိုးကာ ဈေးအပေါဆုံး ဖြစ်သော ဂျီဝီလျံ ဂျွန်လော့စင်၏ ကားအို ကားဟောင်းကို ငှား၍ အေဘာရာလောမြို့သို့ ထွက်လာခဲ့ကြခြင်းပင် ဖြစ်ပေသည်။

နေ့ကလည်း သာယာသော နေ့ တစ်နေ့ ဖြစ်၏။ လေပြည် လေညင်းကလည်း ခပ်အေးအေး ခပ်သာသာ တိုက်ခတ်လျက် ရှိသည်။ ပြာသော ကောင်းကင်ပြင်ကလည်း မိုးသား တိမ်ရိပ်များ ကင်းစင်နေသဖြင့် ကြည်လင်ဝင်းပလျက် ရှိလေသည်။

နမော်နမဲ့ နိုင်လှသော ကားဆရာ ဂျွန်လော့စင်သည် သူ့နည်း သူ့ဟန်ဖြင့် အထူးတလည် စီမံ ပြုလုပ်ထားသော မော်တော်ကား ဟွန်းကို မကြာခဏ တီးတတ်သည်။ ဒေါက်တာ မေဆန်တို့ ဇနီးမောင်နှံသည် ဂျီဝီလျံ၏ လုပ်ကိုင်ပုံကို ကြည့်ပြီး ပြောင်လိုက် နောက်လိုက် လုပ်ကာ တသောသော ရယ်မော၍ လိုက်ပါလာကြလေ၏။

သူတို့သည် တောင်တန်း၏ အမြင့်ဆုံးပိုင်း ဖြစ်သော ရသင် တောင်ကြား အရောက်တွင် ခဏတစ်ဖြုတ် နားကြပြီး တစ်ဆိုင်တည်းသော ထမင်းဆိုင်ကလေး တစ်ဆိုင်တွင် ဝင်၍ စားသောက်ကြသည်။ ဂျီဝီလျံသည် ဘီယာ သောက်ကာ မေဆန်တို့ လင်မယား ရာသက်ပန် ပေါင်းကြစေကြောင်း ဆုတောင်းသည်။ သတိ အလွန် မေ့တတ်သော ဂျီဝီလျံသည် မကြာခဏ ဘီယာခွက်ကို မြှောက်၍ မြှောက်၍ ဆုတောင်းတတ်သဖြင့် မေဆန်တို့က သဘောကျ၍ မဆုံးအောင် ဖြစ်လျက် ရှိလေ၏။

ရသင် တောင်ကြားမှ ထွက်သော် တောင်ဆင်းလမ်း ဖြစ်၍ ကွေ့ နှစ်ကွေ့ကို ကျော်ဖြတ်အပြီးတွင် ပေ ငါးရာခန့် ခပ်စောက်စောက် ဆင်းရသည်။ ထိုမှ လွန်သော် တောင်တက်လမ်းနှင့် တွေ့ရပြန်လေ၏။ ယင်း အတက်ကား နောက်ဆုံး တက်ရသည့် အတက်လမ်း ဖြစ်ရာ ယင်းအတက်ကို ကျော်မိသည်နှင့် တစ်ပြိုင်နက် တစ်ဖက် အနိမ့်ပိုင်းတွင် တည်ရှိနေသော အေဘာရာလောမြို့ကို ဘွားခနဲ တွေ့လိုက်ရသဖြင့် နှစ်ဦးသား ရင်ထဲမှ သိမ့်ခနဲ လှုပ်ခါသွားသည် အထိ ဝမ်းမြောက် ဝမ်းသာ ဖြစ်မိကြလေ၏။

မြို့မှာ တောင်ကြား တစ်လျှောက် အလျားလိုက် တည်ဆောက်ထား





သော မြို့ဖြစ်သည်။ အိမ်များမှာ အနိမ့်ပိုင်းတွင် တချို့၊ အမြင့်ပိုင်းတွင် တချို့ တစ်စု သည်တစ်စု တည်ရှိနေကြသည်။ အိမ်အမိုးများသည် နိမ့်ချည် တစ်ခါ မြင့်ချည် တစ်လှည့်ဖြင့် လှိုင်းလုံးများသဖွယ် ဖြစ်နေပေသည်။ မြို့အစွန် တစ်ဖက်ရှိ မသိမသာကလေး မြင့်တက်နေသော အပိုင်းတွင် ဈေးဆိုင်များ၊ ဘုရားရှိခိုးကျောင်းများနှင့် ရုံးများ တည်ရှိသည်။ ယင်းတို့ အောက်ဘက်ရှိ အနိမ့်ပိုင်းတွင်မူ သတ္တုတွင်းများနှင့် သံမဏိ စက်ရုံများ ရှိ၍ စက်ရုံ ခေါင်းတိုင်များမှ မီးခိုးလုံးကြီးများသည် ကောင်းကင်သို့ တလိပ်လိပ် ထိုးတက်လျက် ရှိလေသည်။

'ကြည့်စမ်း ခရစ္စတီ၊ ကြည့်လိုက်စမ်း'

အင်ဒရူးက ခရစ္စတီ၏ လက်မောင်းကို ဆုပ်ကိုင်၍ ခပ်တိုးတိုး ပြောသည်။

'ဘယ်လောက် လှသလဲ ခရစ္စတီ၊ သိပ်လှတာပဲနော်၊ ဟိုမှာ ကြည့်စမ်းပါဦး၊ ပန်းခြံ၊ ကိုတို့ အခု မြို့ရဲ့ နောက်ဘက်က ဝင်လာတာ၊ ဒီမြို့မှာ ရေနံဆီမီးအိမ် မသုံးဘူး ခရစ္စတီ သိလား၊ ဓာတ်ငွေ့ သုံးကြတယ်၊ ကိုတို့ နေရမယ့် အိမ်က ဘယ်နားဆီမှာပါလိမ့်'

အင်ဒရူး တတွတ်တွတ် ပြောရင်း ညွှန်ပြသမျှကို ခရစ္စတီက လိုက်၍ ကြည့်သည်။ သူတို့သည် လမ်းပေါ်မှ အလုပ်သမား တစ်ဦးကို တား၍ 'ဒေါက်တာ လက်စလီ နေသွားတဲ့ အိမ် ဘယ်နားမှာလဲ' ဟု မေးကြသည်။ သူတို့ ယခု ရောက်နေသည့် လမ်းမကြီးအတိုင်း တည့်တည့် လိုက်သွားပြီး ညာဘက်ကို ချိုးလိုက်လျှင် တွေ့လိမ့်မည်ဟု အလုပ်သမားက ညွှန်လေသည်။ သူတို့သည် မြို့အစွန် ကုန်းမြင့်ကလေးပေါ်တွင် တည်ရှိသည့် သာယာ လှပသည့် အိမ်ကလေးဆီသို့ တစ်မိနစ် နှစ်မိနစ်ခန့် အတွင်းမှာပင် ဆိုက်ရောက်သွားကြလေ၏။

'ဘယ့်နှယ်လဲ ဆရာကြီး၊ အိမ်ကို သဘောကျရဲ့လား'

ခရစ္စတီက လှိုက်လှိုက်လှဲလှဲ ပြုံးရင်း မေးသည်။

'သိပ်လှတယ် ခရစ္စတီ၊ သိပ်ပြီး ချစ်စရာ ကောင်းတဲ့ အိမ်ကလေးပဲ'

ဂျီဝီလျံကလည်း 'အိမ်ကတော့ တကယ့်ကို ကောင်းတဲ့ အိမ်ကလေးပဲ၊ ...မ် အရက် ရောင်းတဲ့ ဆိုင်ကလေးနှင့် တူတယ်နော်' ဟု ဝင်ပြောလေသည်။

အမှန်တကယ်လည်း ထူးခြား လှပသော အိမ်ကလေးဖြစ်၏။ တစ်ကြိမ် မြင်လိုက်ရုံမျှနှင့် ခမ်းနား ထည်ဝါသော အိမ်ကလေးမှန်း သိသာပေသည်။ ...ကေက်ခန့် ကျယ်သော မြေပေါ်တွင် မနိမ့်လွန်း မမြင့်လွန်း ကြည့်ကောင်း


www.burmeseclassic.com

www.burmeseclassic.com



ရှုံ့မှု အလောတော်ကလေး ဆောက်ထားသည့် အိမ်ဖြစ်ရာ ဆွစ်ဇာလန် တောင်ပေါ်သားတို့၏ အိမ်ပုံစံလိုလို စကော့တလန် တောင်ပေါ်သားတို့၏ အိမ်ပုံစံလိုလိုနှင့် ပုံသွက် ပုံဆန်းကလေး ဖြစ်၏။ အိမ်ဘေး ပတ်ပတ်လည်ကို ဥယျာဉ်လုပ်ထားသည်။ အိမ်၏ တစ်ဖက်တွင် စမ်းချောင်းကလေး တစ်ခု ရှိ၍ စမ်းချောင်းကို ဖြတ်ကာ တံတားငယ်ကလေး တစ်ခု ဆောက်ထားလေသည်။

ဤအိမ်ကလေးကို ကမ္ဘာ တစ်ဝန်းလုံး၌ စီးပွားရေး ကောင်းသော ၁၉၁၉ ခုနှစ်က အသင်း ကော်မတီက တာဝန်ယူ၍ ဆောက်ခဲ့ခြင်း ဖြစ်၏။ ထိုစဉ်က စီးပွားရေး ဖွံ့ဖြိုး တိုးတက်နေချိန်ဖြစ်ရာ အသင်း၏ ရန်ပုံငွေမှာ ဝင်လာမစဲ တသဲသဲ ဖြစ်နေသော ကာလ ဖြစ်သည်။ ထိုအချိန်တွင် ကော်မတီက အမှတ်တရ အသင်းပိုင် အိမ်လှလှ တစ်လုံး ဆောက်မည်ဟု ဆုံးဖြတ်ခဲ့သည်။ အကောင်းဆုံး၊ အလှဆုံး အိမ်ကလေး ဖြစ်လာရန် အတွက် ကော်မတီလူကြီး အားလုံး ဝိုင်း၍ အကြံပြုကြပါဟု ဖိတ်ခေါ်ခဲ့သည့် အတိုင်း ကော်မတီဝင် သုံးဆယ်က သူတို့ ကောင်းသည်ဟု ထင်မြင်သည့် အကြံဉာဏ်များကို ပေးခဲ့ကြသည်။ ဆောက်လုပ်သည့် အင်ဂျင်နီယာများကလည်း ကော်မတီဝင် လူကြီးများ ပေးသည့် အကြံဉာဏ်အတိုင်း မဖြစ်မနေ ဆောက်လုပ်ခဲ့ကြသဖြင့် ဤအိမ်ကလေး၏ ပုံစံ၊ ဤအိမ်ကလေး၏ အနေအထား၊ ဤအိမ်ကလေး၏ အပြင်အဆင် အမွှမ်းအမံ စသည်များမှာ ကော်မတီဝင် လူကြီး သုံးဆယ်၏ စိတ်ကူး တစ်ခုစီကို အကောင်အထည် ဖော်၍ ပြထားသကဲ့သို့ ဖြစ်နေခြင်း ပေတည်း။

အင်ဒရူးနှင့် ခရစ္စတီတို့သည် အိမ်အတွင်းဘက်ကို လှည့်လည် ကြည့်ရှုရင်း တအံ့တသြ ဖြစ်နေကြသည်။ အထူးသဖြင့် အခန်း အရေအတွက်ကြောင့် ပို၍ အံ့သြနေမိကြခြင်း ဖြစ်၏။ ခရစ္စတီတွင် ပါလာသည့် အိမ်ထောင် ပရိဘောဂ ပစ္စည်းများမှာ အခန်း နှစ်ခန်းစာပင် မရှိပေ။

'ကျွန်မတို့ ဒီလို လုပ်ရင် မကောင်းဘူးလား'

တစ်ခန်းဝင် တစ်ခန်းထွက် လှည့်လည် ကြည့်ရှုရင်း မောလာသဖြင့် နှံ့ယောက်သား အိမ်ရှေ့ခန်းထဲတွင် ရပ်ကာ အမောဖြေကြသည်။ ခရစ္စတီက အခန်းများကို လက်ညှိုးဖြင့် ထိုး၍ ရေတွက်နေရာမှ အင်ဒရူးအား မော့ကြည့်လိုက်ပြီး 'ဘယ်လို သုံးရင် ကောင်းမယ် ဆိုတာ စဉ်းစားကြသေးတာပေါ့ အချစ်ရယ်' ဟုလည်း ဆိုသည်။

'ကျွန်မတော့ ဟိုအခန်းကို ထမင်းစားခန်း လုပ်ချင်တယ်၊ ဟိုဘက်က





အခန်းကိုတော့ ဧည့်ခန်း လုပ်ချင်တယ်၊ မကောင်းဘူးလားဟင်၊ ဒီဘက် အခန်းကိုတော့ စာကြည့်ခန်းလုပ်၊ ဒါမှမဟုတ်ရင် မနက်ခင်း အပန်းဖြေခန်း လုပ်ရင် ကောင်းမလား၊ အခုအတိုင်း ဆိုရင် အောက်ထပ်က အခန်း သုံးခန်းက သူ့ဟာနှင့်သူ ပြည့်သွားပြီ၊ အပေါ်ထပ် အိမ်ခန်း ငါးခန်းကိုတော့ အိပ်ခန်း အဖြစ်ပဲ သုံးမယ်လေ၊ မကောင်းဘူးလား'

'ကောင်းသားပဲ'

အင်ဒရူး မေဆန်က ခရစ္စတီ၏ မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်နေရင်းမှ အဖြေပေးသည်။ 'ဒါ့ကြောင့်မို့လည်း ကော်မတီက သူတို့ ခန့်မယ့်လူဟာ အိမ်ထောင်သည် ဖြစ်စေချင်တယ်လို့ ဆိုတာ ထင်ပါရဲ့' ဟု ဆက်ပြောသည်။ သူသည် တစ်စုံတစ်ခုကို စဉ်းစားမိကာ စိတ်မကောင်း ဖြစ်သွားဟန် တူ၏။ ချက်ချင်းပင် မျက်နှာ ညှိုးသွားလေသည်။

'ရိုးရိုးသားသား ဝန်ခံရမယ် ဆိုရင်တော့ အခု ကိစ္စမှာ ကိုဟာ တော်တော့်ကို အသုံးမကျတဲ့ အကောင်ပဲ ခရစ္စတီ၊ ကို့လက်ထဲမှာ ငွေပို ငွေလျှံလည်း တစ်ပြားတစ်ချပ်မှ ရှိသေးတာ မဟုတ်ဘူး၊ လက်ထပ်ဖို့ ကျတော့လည်း ကို့အနေနှင့် စောစော ကတည်းက ပြောထားသင့်ပါလျက်နှင့် မပြောခဲ့ဘူး၊ လက်မထပ်ရင် မဖြစ်တော့ဘူး ဆိုတဲ့ အခြေအနေ ရောက်မှပဲ ဖွင့်ပြောခဲ့တယ်၊ အချစ်ရဲ့ နေရာမှာ လူစား ရောက်လာတဲ့ အထိ စောင့်ဖို့လည်း အချိန် မပေးနိုင်ခဲ့ဘူး၊ အခုလည်း ကြည့်၊ ကို့အနေနှင့် အိမ်ထောင် ပရိဘောဂ အသစ် တစ်ခုမှ ဝယ်မပေးနိုင်ဘူး၊ အချစ်ရဲ့ ပစ္စည်းတွေကိုပဲ သုံးရမယ်၊ စဉ်းစားကြည့်လိုက်ရင် ကိုဟာ အလွန် တစ်ကိုယ်ကောင်းဆန်တဲ့ လူ တစ်ယောက် ဖြစ်မနေဘူးလား ဟင်၊ ဖြစ်သင့်တာက ပထမဆုံး ကို တစ်ယောက်တည်း လာပြီး အိမ်ကို အစစ အရာရာ အဆင်သင့် ဖြစ်အောင် ပြင်ဆင် လုပ်ကိုင်ပြီးမှ မင်းကို ခေါ်သင့်တယ် မဟုတ်လား၊ အခုတော့ အိုကွယ်... ကိုဟာ ခွင့်မလွှတ်နိုင်အောင် လုပ်မိတာပဲ'

ခရစ္စတီကတော့ အပြုံးမပျက်ချေ။

'ခရစ္စတီကတော့ ကို့ကို တစ်ကိုယ်ကောင်း ဆန်တယ်လို့ မထင်ပါဘူး' ဟု ဆိုလေသည်။

'ဘယ်လိုပဲ ဖြစ်ဖြစ်လေ ကို့အနေနှင့် တစ်ခုခုတော့ မလုပ်လို့ မဖြစ်ဘူး၊ လုပ်ပေးမှ ဖြစ်မှာပဲ' ဟု ပြောကာ ခေတ္တမျှ စဉ်းစားနေသည်။ ပြီးမှ 'ကို့ အခုခုံ ပြောမယ် ခရစ္စတီ၊ နားထောင်'



www.burmeseclassic.com

www.burmeseclassic.com



အင်ဒရူး စကားမဆုံးမီ ခရစ္စတီက ပြုံးကာ ရယ်ကာ ကြားဖြတ် ပြော သည်။

'ခရစ္စတီ ပြောဦးမယ်လေ၊ ခရစ္စတီ ပြောတာကို အလျင် နားထောင် အခု လောလောဆယ် ကိုအတွက် ကြက်ဥ ကြော်ပေးမယ်၊ မေဒမ် ပေါလက် ရဲ့ နည်းအတိုင်း ကြော်ပေးမယ်၊ အနည်းဆုံး သူချက်နည်း ပြုတ်နည်း စာအုပ် ထဲမှာ ညွှန်းထားတဲ့ အတိုင်း ကြော်ထားတဲ့ ကြက်ဥကြော်ကိုတော့ စားရမယ် ဟုတ်လား'

အင်ဒရူးမှာ သူ့စကားကို မဆက်နိုင်တော့ဘဲ ပါးစပ် အဟောင်းသား ဖြင့် ခရစ္စတီအား ကြည့်နေသည်။ စောစောက ညှိုးငယ်နေသော မျက်နှာသည် တဖြည်းဖြည်းချင်း ပျောက်သွားကာ ပြုံးဖော် ရယ်ဖော် ရလာလေသည်။

သူသည် ခရစ္စတီအား မျက်စိအောက်က အပျောက်မခံနိုင်ချေ။ ခရစ္စတီ သွားရာ နောက်သို့ တကောက်ကောက် လိုက်လျက် ရှိသည်။ သူတို့ နှစ်ဦး၏ ခြေသံများသည် တိတ်ဆိတ် ငြိမ်သက်လျက် ရှိသော အိမ်တွင်းဝယ် ပဲ့တင်ထပ် လျက် ရှိလေသည်။

နှစ်ယောက်သား မီးဖိုခန်းထဲမှ စားပွဲတွင် ထိုင်၍ ကြက်ဥကြော် စား ကြသည်။ အင်ဒရူးကတော့ စကားကို အလျင်မပြတ်အောင် ပြောလျက် ရှိ လေသည်။ 'ကို မေ့သွားတယ် အချစ်ရယ် သိလား၊ ကို တောင်းပန်ပါတယ် ကို ဘဝ ပြောင်းနေပြီ ဆိုတာ သတိမရဘဲ ဖြစ်သွားမိတယ်၊ တကယ်တော့ ကိုဟာ လူလွတ် တစ်ယောက် မဟုတ်တော့ဘူး၊ ကနေ့က စပြီး အိမ်ထောင် သည် တစ်ယောက် ဖြစ်နေပြီ၊ အချစ်ကလည်း အချက်အပြုတ် ကောင်းကောင်း တတ်တယ်၊ ပြီးတော့ ဟောဟို နံရံပေါ်က ပြက္ခဒိန်ဟာ မဆိုးဘူး၊ လသားပဲ အလျင် နေသွားတဲ့ လူတွေ ချိတ်ခဲ့တဲ့ ပြက္ခဒိန်နှင့် တူပါရဲ့၊ ကြည့်လို့ ကောင်း အောင် ပြန်ချိတ်နော်၊ အဲဒီပေါ်က ဓာတ်ပုံကို သိပ်ကြိုက်တယ်၊ နှင်းဆီပွင့် တွေကို ရိုက်ထားတာ၊ ဘယ်လောက် လှသလဲ၊ ကြက်ဥကြော် ရှိသေးလား ဟင်၊ နည်းနည်း ထပ်လိုချင်တယ်၊ ရဦးမလား၊ ဩော် ဒါနှင့် မေးရဦးမယ် စောစောက အချစ် ပြောတဲ့ မေဒမ် ပေါလက် ဆိုတာ ဘယ်သူလဲ၊ နာမည် အသံ ထွက်ပုံက ကြက်တစ်ကောင် အသံ ထွက်ပုံနှင့် တူတယ်နော်၊ ကျေးဇူး ပဲ၊ ကျေးဇူးပဲ၊ စားလို့ ကောင်းလွန်းလို့ ထပ်တောင်းတာ၊ အင်း ဒီမြို့မှာ အလုပ် လုပ်ရတာ ကို သိပ် စိတ်ဝင်စားတယ်၊ ကို တိုးတက်ရာ တိုးတက်ကြောင်း အတွက် အခွင့်အလမ်းတော့ ပွင့်ကောင်းပါရဲ့'





သူသည် စကား ပြောနေရင်း ထောင့် တစ်ထောင့်တွင် စုပုံထားသော သူတို့၏ ပစ္စည်းများထဲမှ သေတ္တာ တစ်လုံးကို သတိပြုလိုက်မိသဖြင့် 'ခရစ္စတီ့ ကို သေတ္တာကြီးထဲမှာ ဘာတွေများ ထည့်လာသလဲ' ဟု မေးသည်။

'ဩော် ကျွန်မ မေ့နေတယ်၊ အဲဒါ ဒင်နီ ပေးလိုက်တဲ့ မင်္ဂလာဆောင် လက်ဖွဲ့ပစ္စည်းလေ'

'ဒင်နီ့ဆီက ဟုတ်လား'

သူသည် တအံ့တဩ ဖြစ်နေမိသည်။

ဖီးလစ် ဒင်နီသည် အလွန် ခေါင်းမာသော လူစားမျိုး ဖြစ်၏။ သူ့ စိတ် နေ သဘောထားကို လွယ်လွယ်နှင့် မှန်းဆ၍ ရနိုင်သည့် လူစားမျိုး မဟုတ် ပေ။ သူ့အား အလုပ်ရအောင် ကူညီ ထောက်ခံပေးသည့် အတွက် အင်ဒရူးက သတိတရပင် ကျေးဇူးတင် စကား ပြောခဲ့၍ ခရစ္စတီနှင့် လက်ထပ်မည့် ကိစ္စ ကိုပါ အသိပေးခဲ့သည်။ ဒင်နီကတော့ မတုန်မလှုပ်။ ယနေ့မနက် လက်ထပ်ချိန် ကျတော့လည်း ပေါ်မလာပေ။

ဒရင်းဖီးမြို့မှ ထွက်ခွာတော့မည်ကို သိပါလျက်နှင့် လာ၍ နှုတ်ဆက် ဟန်ပင် မရသဖြင့် စိတ်မကောင်း ဖြစ်ခဲ့ရ၏။ ဒင်နီကား အလွန် အသိရခက် သော လူစားမျိုး ဖြစ်သဖြင့် မိတ်ဆွေကောင်း တစ်ယောက် အနေနှင့် ယုံကြည် စိတ်ချစွာ ပေါင်းသင်းရန်မှာ မဖြစ်နိုင်သည့် လူစားဟုပင် စိတ်ထဲတွင် ကျိတ် ၍ ဖြစ်ပေါ် ခံစားခဲ့ရသည်။ ယခုလို ဆိုပြန်တော့လည်း တစ်မျိုး ဖြစ်နေပြန် လေသည်။

သူသည် စားပွဲတွင် ထိုင်နေရာမှ ထကာ သေတ္တာဆီသို့ သွားသည်။ ဒင်နီသည် ပြောင်တတ် နောက်တတ်သူ ဖြစ်သည့် အားလျော်စွာ ဤသေတ္တာ ထဲ၌ ဖိနပ်ဟောင်း အစုတ်အပြတ် တစ်ဖက် ထည့်ထားကောင်း ထည့်ထား လေလိမ့်မည် ဟူသော အတွေးဖြင့် သေတ္တာကို ဖွင့်လိုက်သည်။ သေတ္တာထဲရှိ ပစ္စည်းကား သူ တွေးထင်ထားသည့် ပစ္စည်းမျိုး မဟုတ်ဘဲ သူ လုံးဝ မမျှော် လင့်မိသော ပစ္စည်း ဖြစ်နေသဖြင့် ဝမ်းသာအားရ အော်လိုက်မိ၏။ သေတ္တာ ထဲရှိ ပစ္စည်းကား ဒင်နီ၏ ဖစ် အမျိုးအစား မိုက်ကရိုစကုပ်နှင့် စာရွက် တစ် ရွက်ပေတည်း။ စာရွက်ပေါ်တွင်မူ…

'ဒီပစ္စည်းမျိုးဟာ ကျွန်တော့် အတွက် အသုံးမဝင်ပါဘူး၊ ကျွန်တော် ခင်ဗျားကို ပြောခဲ့ဖူးသလိုပဲ၊ ကျွန်တော်ဟာ ဓားသမား လှံသမား တစ်ယောက် ပါ၊ ခင်ဗျား ကံကောင်းပါစေ' ဟု ရေးထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်ဒရူးသည် စကားပင် မပြောနိုင်တော့လောက်အောင်ပင် စိတ်ထိခိုက် သွားလေသည်။ စားပွဲတွင် ပြန်ထိုင်ကာ ငြိမ်သက်စွာဖြင့် ကြက်ဥကြော်ကို ဝါးရင်းက မိုက်ကရိုစကုပ်ကို စူးစူးစိုက်စိုက် ကြည့်ကာ တစ်စုံတစ်ခုကို အလေးအနက် ထား၍ စဉ်းစားနေမိလေ၏။

ထို့နောက် သူသည် မိုက်ကရိုစကုပ်ကို တယုတယ မ ယူလိုက်ပြီး ခရစ္စတီနှင့် အတူ ထမင်းစားခန်း နောက်ဘက်ရှိ အခန်းသို့ သွားသည်။ သူသည် လက်ထဲမှ မိုက်ကရိုစကုပ်ကို အခန်း၏ အလယ် တည့်တည့် ကြမ်းပြင်ပေါ်၌ ချထားလိုက်လေ၏။

'ဒီအခန်းဟာ စာကြည့်ခန်းလည်း မဟုတ်ဘူး၊ မနက်ခင်း အပန်းဖြေခန်းလည်း မဟုတ်ဘူး၊ ကိုယ့် မိတ်ဆွေကြီး ဖီးလစ် ဒင်နီကို ကျေးဇူးတင်တဲ့ အထိမ်းအမှတ် အဖြစ်နှင့် ဒီအခန်းကို ဓာတ်ခွဲခန်း လုပ်မယ် ခရစ္စတီ'

သူသည် ပြောပြောဆိုဆို ခရစ္စတီအား အသာအယာ ဖက်ကာ သူ့ဘက်သို့ ဆွဲယူလိုက်ပြီး နှုတ်ခမ်းကို ငုံ၍ နမ်းလိုက်သည်။ ခရစ္စတီကလည်း သူ့ကျောပြင်ကို တအား သိမ်း၍ ဖက်ထားလေသည်။ ထိုစဉ်မှာပင် အိမ်ရှေ့ခန်းကြီးထဲမှ တယ်လီဖုန်း မြည်သံ စူးရှစွာ ထွက်လာသဖြင့် တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်မဝ ရှုမဝ ဖြစ်နေရာမှ လူချင်း ခွာလိုက်ကြရ၏။

'လူနာ ဖြစ်ချင် ဖြစ်မယ် ခရစ္စတီ၊ အေဘာရာလော မြို့မှာ ကိုယ့်ရဲ့ ပထမဆုံး လူနာ ဖြစ်မယ် ထင်တယ်'

သူသည် ခန်းမ အတွင်းသို့ အပြေးအလွှား ဝင်သွားကာ တယ်လီဖုန်းကို ကောက်ယူလိုက်သည်။ သူ ထင်ထားသလို လူနာ မဟုတ်ပေ။ မြို့၏ တစ်ဖက် အစွန်းရှိ နေအိမ်မှ နေ၍ သူ့အား နှုတ်ဆက် စကားပြောနေသည်မှာ ဒေါက်တာ လီဝီလင်း ဖြစ်လေသည်။ အင်ဒရူး၏ ပခုံးထက်တွင် ခေါင်းတင်၍ မှီနေသော ခရစ္စတီသည် တစ်ဖက်မှ ပြောနေသည့် စကားများကို ကောင်းစွာ ကြားနေရလေသည်။

'ဟဲလို မေဆန် နေကောင်းရဲ့နော်၊ တယ်လီဖုန်းသံ ကြားလို့ စိတ်ပူမနေနဲ့ဦး၊ ဒီအချိန်ဟာ အလုပ်ချိန် မဟုတ်ပါဘူး၊ ကျွန်တော် ခင်ဗျားနှင့် ခင်ဗျား ဇနီးကို နှုတ်ဆက်ချင်လို့ ဆက်တာပါ'

'ကျေးဇူး တင်ပါတယ် ဒေါက်တာ လီဝီလင်း၊ ကျေးဇူး အများကြီး တင်ပါတယ်၊ အလုပ် ကိစ္စ ရှိလည်း ပြောနိုင်ပါတယ်၊ ကျွန်တော့်ကို အားမနာပါနှင့်'





'ဟုတ်ကဲ့ ဟုတ်ကဲ့၊ ဒီမှာ ဒေါက်တာ မေဆန်၊ ကနေ့ည ခင်ဗျားတို့ နှစ်ဦး မောင်နှံ ကျုပ်အိမ်မှာ ညစာစား ကြွပါ၊ ထူးထူးခြားခြား လုပ်မယ့် ညစာစားပွဲမျိုး မဟုတ်ပါဘူး၊ ည ခုနစ်နာရီခွဲပါ၊ နှစ်ယောက်စလုံး ဆက်ဆက်လာပါ၊ ခင်ဗျားနှင့် ကျွန်တော်လည်း စကား ပြောစရာ ရှိတာ ပြောရတာပေါ့၊ ဟုတ်ဘူးလား၊ ကျွန်တော် ပြောတာ သဘောပေါက်ပြီနော်၊ ဟုတ်ကဲ့ ဂွတ်နိုင်'

အင်ဒရူးက လက်ထဲမှ တယ်လီဖုန်းကို ချလိုက်ပြီး ကျေနပ် အားရသော မျက်နှာဖြင့် ခရစ္စတီအား စိုက်ကြည့်သည်။

'ကိုယ့်ရဲ့ ဆရာကြီး ဒေါက်တာ လီဝီလင်း ဆက်တာ ခရစ္စတီ၊ အရည်အချင်း ပြည့်တဲ့ ဆရာဝန် တစ်ယောက်ပဲ၊ ကိုယ့်အနေနှင့် သူ့ကို အားကျရမယ်၊ အတုခိုးရမယ်၊ သူက လန်ဒန် ဆေးရုံမှာ လုပ်ခဲ့ဖူးတယ်၊ ဆေးပညာ ဟာဝိဇ္ဇာရယ်၊ ပြီးတော့ အက်ဖ်အာစီအက်စ် ဘွဲ့နှင့် ဒီပီအိတ်ချ်ရယ် ရထားတယ်၊ ရထားတဲ့ ဘွဲ့တွေကတော့ တကယ့် ထိတ်ထိတ်ကြဲ ဘွဲ့တွေပေါ့ ခရစ္စတီ၊ သူ့ ကြည့်ရတာ သဘောလည်း ကောင်းပုံရပါတယ်၊ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး နေတတ်ပုံလည်း ရတယ် သိလား၊ ကို ပြောတာကို ယုံပါ မစ္စက်မေဆန်ရယ်၊ ကိုယ့် ဒီမြို့မှာ လုပ်ရကိုင်ရတာ မုချ အဆင်ပြေမှာပါ'

အင်ဒရူးသည် သူ့စကား ဆုံးသည်နှင့် တစ်ပြိုင်နက် ခရစ္စတီ၏ ခါးကို သိမ်းဖက်ကာ ခန်းမထဲတွင် လှည့်ပတ်၍ ကနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ည ခုနစ်နာရီတွင် အင်ဒရူးနှင့် ခရစ္စတီတို့သည် ဒေါက်တာ လီဝီလင်း
မ်သို့ ထွက်လာခဲ့ကြလေ၏။ လမ်းများမှာ ဒရင်းဖီးမြို့က လမ်းများလို
တ်ဆိတ် ခြောက်သွေ့ခြင်း မရှိပေ။ အသွားအလာ များ၍ စည်ကားပေသည်။
င်ဒရူးသည် မြို့သစ်မှ သူ့မိတ်ဆွေသစ်များကို ကျေနပ် နှစ်သိမ့်စွာဖြင့်
ည့်ရှု အကဲခတ်လာလေသည်။ ဒေါက်တာ လီဝီလင်း၏ အိမ်မှာ အတော်
လေး လှမ်းလေသည်။

'ဟိုက လာနေတဲ့ လူကို ကြည့်စမ်း ခရစ္စတီ၊ ဟိုဘက်က လူလေ၊
ချင်းတဟွတ်ဟွတ် ဆိုးနေတဲ့ လူဟာ'

ခရစ္စတီက အလန့်တကြား မော့ကြည့်သည်။

'အဲဒီလူလား၊ အဲဒီလူ ဘာဖြစ်လို့လဲ ဟင်'

'အို ဘာမှ မဖြစ်ပါဘူးကွာ၊ အဲဒီလူဟာ ကို့ရဲ့ လူနာ တစ်ယောက် ဖြစ်
င် ဖြစ်လာလိမ့်မယ်လို့ ပြောမလို့ပါ'

ဒေါက်တာ လီဝီလင်း၏ အိမ်ကို ခက်ခက်ခဲခဲ ရှာစရာ မလိုပေ။ ခြံ
င် ဝင်းနှင့် တစ်ထပ်တိုက်ကလေး တစ်လုံး ရှေ့တွင် ရပ်ထားသော ဒေါက်
တာ လီဝီလင်း၏ ဆလွန်းကားလေးကို မြင်ရုံမျှနှင့် ဒေါက်တာ လီဝီလင်း၏
မ်မှန်း သိနိုင်ပေသည်။

ခြံဝတွင် ချိတ်ဆွဲထားသည့် ဒေါက်တာ လီဝီလင်း၏ ဘွဲ့ထူး ဂုဏ်ထူး
းကို ဖော်ပြထားသော ပြောင်လက် တောက်ပနေသည့် ဆိုင်းဘုတ်ကြောင့်
တို့မှာ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်သွားမိကြသေး၏။

တံခါးဝရှိ လူခေါ် ခေါင်းလောင်းကို ဆွဲလိုက်သည်နှင့် တစ်ပြိုင်နက်



www.burmeseclassic.com

www.burmeseclassic.com


ဒေါက်တာ လီဝီလင်း ကိုယ်တိုင် ထွက်လာလေသည်။ သူ့ ပုံပန်းမှာ အလွန် သွက်လက် ပေါ့ပါး၍ အမူအရာမှာ နှစ်လိုဖွယ် ကောင်းလှပေသည်။

'ကြွပါ ခင်ဗျာ ကြွပါ၊ တွေ့ရတာ ဝမ်းသာပါတယ် မစ္စက် မေဆန် အဘောရာလော မြို့ကို သဘောကျလိမ့်မယ်လို့ မျှော်လင့်ပါတယ်၊ မြို့က သေး ပေမဲ့ သိပ်ပြီး ခြောက်ခြောက်သွေ့သွေ့ မဟုတ်ပါဘူး၊ စည်စည်ကားကား ရှိပါတယ်၊ ဒီဘက်ကို လာပါ၊ မစ္စက် လီဝီလင်းလည်း အခုပဲ ရောက်လာပါ လိမ့်မယ်'

ဒေါက်တာ လီဝီလင်း၏ စကား မဆုံးသေးမီ သူ့ဇနီး မစ္စက် လီဝီ လင်း ရောက်လာသည်။ သူ့ယောကျ်ားလိုပင် ခပ်သွက်သွက် ဖြစ်၏။ ဆံပင် နီကြောင်ကြောင်နှင့် အသက် လေးဆယ့်ငါးနှစ်ခန့်တော့ ရှိပြီ။ ဖြူရော်ရော် မျက်နှာတွင် မှည့်ခြောက်ကလေးများ အပြည့်နှင့် ဖြစ်သည်။ သူမသည် မေ ဆန်အား ဖက်လဲတကင်း နှုတ်ဆက်နေရာမှ ခရစ္စတီအား ဖော်ရွေ ခင်မင်သော အပြုံးဖြင့် လှည့်ကြည့်လေသည်။

'အို၊ မစ္စက် မေဆန်၊ ကြည့်စမ်း ငယ်ငယ်လေးပဲ ရှိပါသေးကလား ချစ်စရာကလေးပဲ၊ ကျွန်မတော့ မစ္စက် မေဆန်ကို ချစ်သွားပြီ၊ လာပါဦး လာပါဦး၊ ပါးကလေးကို မွှေးမွှေး ပေးပါရစေဦး၊ ကဲ မွှေးရင် ကြိုက်ပါ့မလား မပြောတတ်ဘူး'

မစ္စက် လီဝီလင်းသည် ခရစ္စတီ၏ ပခုံး နှစ်ဖက်ကို အားရပါးရ ဆုပ် ကိုင်ထားကာ ခရစ္စတီ၏ မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်နေပြန်သည်။ တစ်ဖက်ခန်းမှ မောင်းသံကလေး တစ်ချက် ကြားလိုက်ရ၏။ သူတို့ အားလုံး ထမင်းစားခန်းထဲသို့ ဝင်ကြလေ၏။

ညစာကို အကောင်းဆုံး ဟင်းလျာများဖြင့် ပြင်ဆင်ထားသည်။ ခရမ်း ချဉ်သီး ဟင်းချို၊ ကြက်သားပြုတ်ကြော်၊ ဝက်အူချောင်း စသည်ဖြင့် ဟင်း အမည် စုံလှပေသည်။ ဒေါက်တာ လီဝီလင်းတို့ လင်မယားသည် စားရင်း သောက်ရင်း စကားကို အမျှင်မပြတ်အောင် ပြောလျက် ရှိကြသည်။

ဒေါက်တာ လီဝီလင်းက...

'အားလုံး အဆင်ပြေသွားပြီ မဟုတ်လား မေဆန်၊ ကျွန်တော် တတ် နိုင်သမျှ ကူညီဖို့လည်း အဆင်သင့်ပါပဲ၊ လိုတာ ရှိရင် ပြောသာ ပြောပါ၊ အား မနာပါနဲ့၊ အခုမှ စကားစပ်မိလို့ ပြောရဦးမယ်၊ ဟိုနေ့က ခင်ဗျား တွေ့လိုက် မှာပေါ့၊ အက်ဒဝပ် ဆိုတဲ့ လူ၊ သူ မရတာ ကျွန်တော်လည်း ဝမ်းသာမိတယ် သူ ရအောင် ပြောပေးပါမယ်လို့တော့ ကျွန်တော် ကတိပေးထားမိခဲ့တယ်၊ ဒါ ပေမဲ့ သူ့ကို သိပ်ပြီး မရစေချင်ဘူး၊ သူနှင့် ဒီအလုပ်နှင့် သိပ်ပြီး အဆင်ပြေမယ် လို့ ကျွန်တော် မထင်ဘူးဗျ သိလား၊ ခင်ဗျား အနောက်ပိုင်း ဆေးခန်းမှာ တာဝန်ကျလိမ့်မယ်၊ ခင်ဗျားနှင့် တွဲရမယ့် လူက ဒေါက်တာ အာကွတ်၊ သူ လည်း လူတော် တစ်ယောက်ပါ၊ ဆေးစပ်သမားကတော့ ဂေ့ချ်၊ ကျွန်တော်တို့ အရှေ့ပိုင်း ဆေးခန်းမှာတော့ ဒေါက်တာ မက်ဒလေးနှင့် ဒေါက်တာ အော့ ဘောရိုးတို့ ရှိတယ်၊ အားလုံး လူတော် သဘောကောင်းတွေချည်းပါပဲ၊ ခင်ဗျားနှင့် တွဲမိတော့ သိလာမှာပါ၊ ဪ ဒါနှင့် မေးရဦးမယ်၊ ခင်ဗျား ဂေါက်သီး ရိုက်တတ်သလား၊ ကျွန်တော်တို့ တစ်ခါတလေ ဖန်းနလေး ဂေါက် ကွင်းကို သွားပြီး ကစားကြတယ်၊ ကွင်းက သိပ်မဝေးပါဘူး၊ ဒီကနေ သွား ရင် ကိုးမိုင်လောက်ပဲ ရှိမယ်၊ ကျွန်တော့်မှာတော့ လုပ်စရာတွေက သိပ် များတယ် ဒေါက်တာ မေဆန်၊ ကျွန်တော့် အဖို့ ဆေးဝါး ကုသမှုနှင့် ခွဲရ စိတ် ရတဲ့ ကိစ္စတွေ အတွက်က သိပ် အပန်းမကြီးလှပါဘူး၊ ကျွန်တော့် လက်ထဲ မှာ ဆေးရုံ ရှိနေတာပဲ၊ ခက်တာက ဗာဟီရ တာဝန်တွေဗျ၊ ကုမ္ပဏီ အတွက် လျော်ကြေး ကိစ္စတွေ ဖြစ်လာရင်လည်း ဝင်လုပ်ပေးရတယ်၊ တစ်ဖက်ကလည်း မြို့ အတွက် မြို့နယ် ဆရာဝန် တာဝန်ကို ယူပေးရသေးတယ်၊ ဓာတ်ငွေ့နှင့် ပတ်သက်တဲ့ လုပ်ငန်းတွေမှာလည်း ကျွန်တော်က တာဝန်ခံ ကျန်းမာရေး အရာရှိ လုပ်ရသေးတယ်၊ အလုပ်ရုံတွေရဲ့ တာဝန်ခံ ဆရာဝန် အဖြစ်နှင့် မြို့ နယ် စည်ပင်သာယာရေး အဖွဲ့ရဲ့ ကျန်းမာရေး အရာရှိ အဖြစ်လည်း လုပ်ပေး ရသေးတယ်၊ ကောင်တီ တရားရုံးက လိုအပ်လို့ ပို့လိုက်တဲ့ အမှုကိစ္စတွေ ကိုလည်း ဆေးစစ်ပေးရသေးတယ်၊ အဲ ပြီးတော့ သေတမ်း စစ်ချက်ယူတဲ့ အရာရှိလည်း လုပ်ရသေးတယ်၊ ဒီလောက် များတဲ့ အလုပ်တွေ ကြားမှာပဲ တစ်ခါတစ်ရံ ကိုယ်ပိုင် ဆေးကု အလုပ်ကလေး ထွက်လုပ်ရသေးတယ်'

'ဒေါက်တာ့မှာ တာဝန်က သိပ်များတာပဲ' ဟု မေဆန်က ဆိုသည်။

'ဘယ့်နှယ် လုပ်မလဲလေ၊ တာဝန် ရှိလာပြန်တော့လည်း လုပ်ရတော့ တာပေါ့၊ အပြင်ဘက်မှာ ရပ်ထားတဲ့ ကျွန်တော့် ဆလွန်းကားလေး မြင်တယ် မဟုတ်လား၊ အဲဒါလေးက ပေါင် ၁၂၀၀၀ ဝီလောက် ပေးရတာ ဒေါက်တာ မေဆန်၊ ပေါ့သေးသေး မဟုတ်ဘူး၊ ဒါက သိပ်အရေးမကြီးပါဘူးလေ၊ ကျွန် တော် ပြောချင်တာက ဒီမြို့မှာ လုပ်တတ် ကိုင်တတ်ရင် ဝင်ငွေ ကောင်းကောင်း ရနိုင်တဲ့ အခြေအနေမျိုး ရှိပါတယ်၊ ဝင်ငွေကောင်းရင် အထက်တန်းကျကျ



www.burmeseclassic.com

www.burmeseclassic.com

နေနိုင် သွားနိုင်တာပါပဲ၊ အလုပ်ကို နည်းနည်း အပင်ပန်းခံပြီး လုပ်လိုက်ရင် ဝင်ငွေကလည်း ရှိလာတာပါပဲ၊ ခင်ဗျား ကိုယ်ပိုင် ဆေးကု လုပ်ငန်းကို တစ်ဖက်က လုပ်ပြီး ပေါင် သုံးလေးရာလောက် ဝင်အောင် လုပ်လိုက်ရင် ဖြစ်တာပဲ၊ ဘာမှ ပူစရာ မရှိပါဘူး'

ဒေါက်တာ လီဗီလင်းက စကားကို မဆက်သေးဘဲ ခဏမျှ ဖြတ်ထားသည်။ ပြီးမှ တကယ့် ရင်းနှီးသော လေသံဖြင့် အသံကို နိမ့်လိုက်ကာ လျှို့ဝှက်ကိစ္စ တစ်ခုကို ပြောပြသကဲ့သို့ နှစ်ကိုယ်ကြား တီးတိုး လေသံဖြင့် 'ခင်ဗျားကို အခု ကတည်းက ပြောထားသင့်တဲ့ ကိစ္စ တစ်ခုကိုတော့ ကြိုတင်ပြီး ပြောထားရဦးမယ်၊ လက်ထောက် ဆရာဝန်တွေ အားလုံး သဘောတူထားတဲ့ အချက် တစ်ချက် ရှိတယ်၊ တခြားတော့ မဟုတ်ပါဘူး၊ သူတို့ ရတဲ့ ဝင်ငွေရဲ့ ငါးပုံ တစ်ပုံကိုတော့ ကျွန်တော့်ကို ပေးကြတယ်' ဟု ပြောလေ၏။

သူသည် အင်ဒရူး၏ မျက်နှာကို အကဲခတ်သလို တစ်ချက် ကြည့်လိုက်ပြီး ဘာမှ အရေးမကြီးသည့် အသေးအဖွဲ ကိစ္စတစ်ခုကို ပြောနေသည့် အသွင်မျိုးဖြင့် စကားကို ဆက်ပြန်လေသည်။

'ဒီလိုတော့ ရှိတယ်ဗျ၊ သူတို့ ပေးနေတာက တခြားကြောင့်တော့ မဟုတ်ဘူး၊ သူတို့ လူနာတွေကို လိုအပ်လာတဲ့အခါမှာ လိုအပ်သလို ကျွန်တော် ကိုယ်တိုင် ကြည့်ပေးရတယ်၊ သူတို့ လူနာ အခြေအနေ မကောင်းရင် ကျွန်တော့်ကို ခေါ်ကြတယ်၊ ဒီလို နားလည်မှုမျိုးနှင့် အလုပ် လုပ်တော့ သူတို့ အတွက် အများကြီး အကျိုးရှိတာပေါ့ဗျာ'

အင်ဒရူး အဖို့တော့ ကြားရသည့် စကားအတွက် အံ့အားသင့်၍ မဆီအောင် ဖြစ်ကာ ဒေါက်တာ လီဗီလင်းကို တအံ့တသြ ကြည့်နေမိလေသည်။

'ဒေါက်တာ့ကို သူတို့ပေးတဲ့ ငွေ ငါးပုံ တစ်ပုံဟာ ဆေးဝါး ကူညီထောက်ပံ့ရေး အစီအစဉ်အောက်က ရတဲ့ ငွေမဟုတ်ဘူးပေါ့'

'ဒါပေါ့၊ သူတို့ဘာသာ သူတို့ ရှာလို့ ရတဲ့ ဝင်ငွေထဲက ပေးတာပေါ့၊ ဒါက အစဉ်အလာလို ဖြစ်နေပြီပဲ၊ ဟိုအလျင့် အလျင်က ဆရာဝန်တွေ အားလုံး စိတ်တူ သဘောတူ ညှိနှိုင်းပြီး လုပ်ခဲ့တဲ့ အစီအစဉ် တစ်ခုပေါ့'

'အဲဒီလို ဆိုတော့...'

အင်ဒရူးက သူ့ ထင်မြင်ချက်ကို ပြောမည့်ဟန် ပြင်လိုက်သေးသော်လည်း မစ္စက် လီဗီလင်းက အလွန် ချိုသာသော အသံဖြင့် 'ဒေါက်တာ မေဆန်' ဟု လှမ်းခေါ်လိုက်သဖြင့် မပြောဖြစ်တော့ဘဲ မစ္စက် လီဗီလင်း၏





စကားကို နားထောင်နေရရှာလေတော့၏။

'ကျွန်မ အခုပဲ ရှင့်ဇနီးကို ပြောနေရတယ်၊ ကျွန်မတို့ မိန်းမချင်း စကား ခဏ လက်ဆုံ ကျရအောင်လို့ တစ်ခါတလေ အိမ်ဘက် လာပြီး လက်ဖက်ရည်လေး ဘာလေး သောက်တဲ့အခါ သောက်ပေါ့၊ မဟုတ်ဘူးလား၊ ဒေါက်တာကတော့ လွှတ်နိုင်ပါ့မလား၊ တစ်ခါတလေ ကာဒစ်ဖ်ဘက်ကို ကျွန်မနှင့် အတူ ကားနှင့် သွားလည်ကြမယ်လေ၊ ဒါဆိုရင် သူလည်း မပျင်းတော့ဘူးပေါ့၊ ကျွန်မ ပြောတာ မကောင်းဘူးလား ဒေါက်တာ'

အင်ဒရူးက အဖြေ မပေးနိုင်မီ ဒေါက်တာ လီဗီလင်းက 'သိပ်ကောင်းတာပေါ့' ဟု ဝင်၍ ထောက်ပေးလိုက်ပြီးလျှင် သူ ပြောချင်သည့် စကားများကို ဆက်ပြန်လေ၏။

'ဒေါက်တာ လက်စလီကို သိတယ် မဟုတ်လား၊ ခင်ဗျား နေရာမှာ အလျင်က လုပ်သွားတဲ့ လူလေ၊ သူကတော့ တကယ့်လူ ပါပဲဗျာ၊ အလွန် ပေါ့ပေါ့တန်တန် နေတဲ့ လူတစ်ယောက်ပါ၊ ဆရာဝန် တစ်ဦး အနေနှင့် ဆိုရင်တော့ အတော့်ကို သုံးမရတဲ့ ဆရာဝန်မျိုးပဲ၊ မေ့ဆေးတောင်မှ ကောင်းကောင်း ပေးတတ်ဘူး သိလား၊ မေ့ဆေးဆိုမှ သတိရတယ်၊ ဒေါက်တာကော မေ့ဆေးတော့ ကောင်းကောင်း ပေးတတ်တယ် မဟုတ်လား၊ ကျွန်တော့်မှာ သေရေးရှင်ရေးလောက် အရေးကြီးတဲ့ လူနာမျိုးနှင့် တွေ့ရင် မေ့ဆေး ကောင်းကောင်း ပေးတတ်တဲ့ ဆရာဝန် တစ်ယောက်ရဲ့ အကူအညီ လိုနေတယ်၊ ထားပါဦးလေ၊ အခု လောလောဆယ် ဒါတွေကို မပြောသေးတာပဲ ကောင်းပါတယ်၊ အခုကတည်းက အလုပ်အကြောင်းတွေ လျှောက်ပြောနေရင် ခင်ဗျား စိတ်ရှုပ်သွားလိမ့်မယ်'

'ဒီမှာ အိုင်ဒရစ်'

မစ္စက် လီဗီလင်းက သူ့ယောကျ်ားအား ခပ်ပြုံးပြုံး လေသံဖြင့် ခေါ်လိုက်ပြန်သည်။

'သူတို့ခမျာ ကနေ့ မနက်မှ လက်ထပ်လာတာတဲ့၊ အခုပဲ မစ္စက် မေဆန်က ကျွန်မကို ပြောပြတယ်၊ ကြည့်စမ်းပါဦး၊ မနက်က ဆိုရင် သူဟာ သူတို့သမီးလေးပေါ့၊ ယုံနိုင်စရာတောင် မရှိဘူးနော်၊ သူတို့ခမျာ လောကကြီး အကြောင်း ဘာမှ မသိသေးတဲ့ အရိုင်းသက်သက်ကလေးတွေပါလား'

'ဟုတ်တာပေါ့၊ ဟုတ်တာပေါ့' ဟု ဒေါက်တာ လီဗီလင်းက ထောက်ခံလိုက်သည်။ မစ္စက် လီဗီလင်းကမူ ခရစ္စတီ၏ လက်ကို အသာအယာ ဖက်ရင်း



www.burmeseclassic.com

www.burmeseclassic.com

'သနားစရာပဲ၊ အိမ်ထောင်ရှင်မ အနေနှင့် အခု ရောက်နေတဲ့ အိမ်သစ်မှာ လုပ်ရမယ့် အလုပ်တွေ တစ်ပုံတစ်ပင်ကြီးဖြစ်နေတော့မှာပဲ၊ တစ်ခါတစ်ရံ ကျွန်မ သွားပြီး မထောက်မအား ကူညီမှ ဖြစ်တော့မှာပါ' ဟု ဆိုလေသည်။

အင်ဒရူး၏ မျက်နှာမှာ မသိမသာ နီမြန်းလာသည်။ ဒေါက်တာ လီဗီလင်းတို့ လင်မယား နှစ်ယောက်ကြားတွင် သူ ဘာပြော၍ ဘာဆိုရမှန်း မသိလောက်အောင် ခေါင်းရှုပ်လာသည်။ သူနှင့် ခရစ္စတီသည် ဒေါက်တာ လီဗီလင်းတို့ လင်မယားက အလွန် လိမ္မာ ပါးနပ်စွာဖြင့် ရှေ့သို့ ကန်ပို့လိုက် နောက်သို့ ပြန်၍ ကန်ထုတ်လိုက် အလုပ်ခံနေရသော အလွန် နူးညံ့သည့် ဘောလုံးကလေး တစ်လုံးနှင့် တူနေပြီဟု ထင်မိလေသည်။

သူသည် ဘာပြန်ပြောရမှန်း မသိတော့သဖြင့် ပြောစရာ စကားကို မနည်းကြီးပင် စဉ်းစားနေရ၏။ ကံအားလျော်စွာပင် မစ္စက် လီဗီလင်း၏ နောက်ဆုံး ပြောလိုက်သည့် စကားထဲမှ သူ့အတွက် ပြောစရာ အခွင့်အလမ်း တစ်ခုကို မြင်လိုက်မိသည်။

'ဒေါက်တာ လီဗီလင်းကို ပြောရမှာတော့ အားနာပါတယ်၊ စောစော က မစ္စက် လီဗီလင်း ပြောတာ သိပ်မှန်ပါတယ်၊ အိမ်မှာလည်း ဘာမှ ပြည့် ပြည့်စုံစုံ မရှိဘူး ခင်ဗျ၊ ဖြစ်နိုင်ရင်တော့ နှစ်ရက် သုံးရက်လောက် ခွင့်ယူ ချင်တာပဲ၊ ကျွန်တော့် မိန်းမကို လန်ဒန် ခေါ်သွားပြီး အိမ်ထောင် ပရိ ဘောဂလေး ဘာလေးရယ်၊ တခြား လိုမယ့် ပစ္စည်းလေး နည်းနည်းပါးပါးရယ် ဝယ်ချင်ပါတယ်'

ခရစ္စတီ၏ မျက်နှာတွင် အံ့သြသည့် အရိပ်အယောင် ထင်ဟပ်နေ သည်ကို အင်ဒရူး သတိပြုမိသည်။ ဒေါက်တာ လီဗီလင်းကမူ ခေါင်းကို တဆတ်ဆတ် ညိတ်နေလေသည်။

'ဘာကြောင့် မဖြစ်နိုင်ရမှာလဲ ဒေါက်တာ မေဆန်၊ ခင်ဗျား အလုပ် ဝင်လိုက်ရင် ခွင့်ရဖို့ သိပ်မလွယ်လှဘူး၊ အခုနေတုန်း ယူတော့ လွယ်တာပေါ့၊ မနက်ဖြန် တစ်ရက် သန်ဘက်ခါ တစ်ရက် နှစ်ရက် ယူလိုက်ပေါ့၊ ကိုင်း ဘယ့်နှယ်လဲ၊ ကျွန်တော်ဟာ ခင်ဗျား အတွက် အသုံးဝင်တဲ့ လူတစ်ယောက် ဟုတ် မဟုတ် ချက်ချင်း သိရပြီ မဟုတ်လား၊ ကျွန်တော့် အနေနှင့် လက် ထောက် ဆရာဝန်တွေကို အကူအညီ အများကြီး ပေးနိုင်ပါတယ်၊ အခု ခင်ဗျား ခွင့်ကိစ္စကို ခင်ဗျား ကိုယ်စား ကျွန်တော်ပဲ ကော်မတီကို ပြောလိုက်မယ်၊ သွား စရာ ရှိတာ စိတ်ချလက်ချသာ သွား'





အမှန်တော့ အင်ဒရူး အနေဖြင့် သူ့ ခွင့်ကိစ္စ အတွက် သူကိုယ်တိုင် ကော်မတီကို ပြောရန် ဝန်မလေးပေ။ သူ့အား ခင်မင်ပုံရသော အတွင်းရေးမှူး အိုဝင်အား ပြောလိုက်လျှင် ပြေလည်နိုင်ကြောင်း သိ၏။ သို့သော်လည်း ယခု ခွင့်ကိစ္စကိုတော့ ရှိပစေတော့ဟုပင် သဘောထားလိုက်ရလေ၏။

သူတို့သည် ကော်ဖီကို ဧည့်ခန်းထဲမှာပင် သောက်ကြသည်။ မစ္စက် လီဗီလင်းက ကော်ဖီ ပန်းကန်များပေါ်မှ လက်ရေး ပန်းချီများကို ခရစ္စတီအား ပြနေစဉ် ဒေါက်တာ လီဗီလင်းက အင်ဒရူးအား ရွှေ စီးကရက်ဘူးထဲမှ စီး ကရက် တစ်လိပ် ထုတ်ယူ၍ တည်သည်။

'ဒါ လူနာ တစ်ယောက်က ပေးတဲ့ လက်ဆောင်ပေါ့၊ ဘယ်လောက် လှသလဲ၊ ရွှေ စီးကရက်ဘူး အစစ်၊ ကျေးဇူး သိတတ်တဲ့ လူနာရဲ့ လက်ဆောင် ပဲ၊ ကိုင်ကြည့်စမ်းပါဦး၊ မလှဘူးလား၊ အနည်းဆုံး ပေါင်နှစ်ဆယ်လောက် တန်တယ်'

ဆယ်နာရီ ထိုးပေတော့မည်။

ဒေါက်တာ လီဗီလင်းသည် သူ့ လက်ပတ်နာရီကို တစ်ချက် မြှောက် ကြည့်လိုက်သည်။ နာရီက အကောင်းစား။ တန်ဖိုးသေးမည့် နာရီမျိုး မဟုတ် ပေ။

ဒေါက်တာ လီဗီလင်းသည် ပစ္စည်း အကောင်းစားမှ ကြိုက်ဟန်တူ သည်။ ပြီးတော့ သူပိုင် ပစ္စည်းများကို အမြတ်တနိုး ထားပုံလည်း ရသည်။ သူပိုင် ပစ္စည်းများ အကြောင်းကို အကျယ်တဝင့် ပြောချင်သော ဝါသနာလည်း ရှိပုံရသည်။ ဘယ်နည်းနှင့် မဆို သူ့လက်ပတ်နာရီ အကြောင်း နားထောင်ရဦး တော့မည်ဟု အင်ဒရူးက ထင်သည်။ သို့သော်လည်း ဒီတစ်ကြိမ်တွင်တော့ နာရီ အကြောင်း မပြောပေ။

'ကျွန်တော် ဆေးရုံဘက် သွားစရာ ရှိနေတယ်၊ ကနေ့ မနက် လူနာ တစ်ယောက် ခွဲထားတာ ပြန်ကြည့်ရဦးမယ်၊ အစာအိမ်နှင့် အူသိမ် အုပိုင်း ဆောင်တဲ့ လူနာလေ၊ ကျွန်တော်နှင့် တစ်ခါတည်း လိုက်ခဲ့ကြပေတော့၊ ဆေး ရုံကိုလည်း မြင်ရတာပေါ့'

အင်ဒရူးက ဝမ်းသာအားရပင် ထိုင်မှ ထသည်။

'ဟန်ကျတာပဲ ဒေါက်တာ၊ ကျွန်တော်လည်း ဆေးရုံကို ကြည့်ချင်နေ တာနှင့် အတော်ပဲ'

မစ္စက် လီဗီလင်းက သူတို့အား တံခါးဝ အထိ လိုက်ပို့သည်။ သူ့ည



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက် ကားပေါ် ရောက်သည်အထိ မစ္စက် လီဝီလင်းက တံခါးဝမှ နေ၍ ကာ လက်ပြ၍ နှုတ်ဆက်နေလေသည်။ ကားသည် လမ်းမကြီးအတိုင်း ညီ သာစွာ ပြေးသွားပြီး လက်ဝဲဘက် လမ်းကြား အတွင်းသို့ ချိုးဝင်ခဲ့လေ

'ကျွန်တော့် ကား ရှေ့မီးတွေ အားမကောင်းဘူးလား ဟင်'

ဒေါက်တာ လီဝီလင်းသည် ကားမီးခလုတ်များကို ဖွင့်ချည် ပိတ်ချည် လုပ်နေရာမှ လှမ်းမေးသည်။ အင်ဒရူးတို့ထံမှ စကားပြန်မရမီပင် 'လက် ကဆိုက် အမျိုးအစား မီးလုံးတွေ တပ်ထားတာလေ၊ အပို မီးလုံးတွေ အ နှင့် ကျွန်တော့်ဘာသာ ကျွန်တော် စပါယ်ရှယ် တပ်ထားတာပေါ့' ဟု ဆ ပြန်သည်။

'လက်ကဆိုက် မီးလုံးတွေ ဟုတ်လား၊ ဒါဆိုရင် ဈေးသိပ်ကြီးမှာ ဒေါက်တာ'

ခရစ္စတီက အံ့ဩဟန် ပြု၍ လိုက်လိုက်လျောလျော သဘောဖြင့် ပြောရာ ဒေါက်တာ လီဝီလင်းမှာ အတော်ကြီး ကျေနပ်သွားလေသည်။

'ဈေးကတော့ မပြောနှင့် မပြောနှင့်၊ သိပ်ကြီးတာပဲ၊ ပေါင် သုံးဆ က တစ်ပြားမှ မလျှော့ဘူး' ဟု ဆိုလေသည်။

အင်ဒရူး အနေဖြင့် ဘယ်လို ထင်မြင်ချက်မှ ဝင်မပေးသော်လည် ရယ်ချင်စိတ်ကို ကြိုးစား၍ ထိန်းထားနေရသဖြင့် ခရစ္စတီ၏ မျက်နှာကို မကြည့်ရဲပေ။

နှစ်မိနစ်ခန့် အကြာတွင် ဆေးရုံသို့ ရောက်သွားကြသည်။ 'ကျွန်တော် ရဲ့ ဘုံဗိမာန်ကလေးကို ရောက်ပြီ ခင်ဗျာ' ဟု ဒေါက်တာ လီဝီလင်းက ပြော လိုက်လေသည်။

ဆေးရုံမှာ အုတ်တိုက်နီနီကလေး ဖြစ်၍ ဆောက်လုပ်ထားပုံမှာ စနစ် ကျသည်။ သေသပ်သည်။ အဝင်လမ်းကို ကျောက်စရစ် ခင်းထားပြီး လမ်း ဝဲယာ တစ်ဖက်တစ်ချက်တွင် မည်ညိုးပန်းကလေးများ အစီအရီ တန်း၍ စိုက် ထားသဖြင့် လှပနေပေသည်။

ဆေးရုံ အတွင်းဘက် ရောက်လျှင်ပင် အင်ဒရူး၏ မျက်လုံးအစုံသည် သိသိသာသာကြီး ဝင်းလက် တောက်ပလာသည်။ ဆေးရုံကလေးမှာ ငယ် သော်လည်း ခေတ်မီ လှပေသည်။ အပြင်အဆင် အထားအသိုမှာလည်း စနစ် တကျ ရှိလှပေသည်။

ဒေါက်တာ လီဝီလင်းသည် သူကိုယ်တိုင်ပင် ဆေးရုံ အတွင်းခန်းများ





ဓာတ်ခန်းဝင် တစ်ခန်းထွက် လိုက်လံ ပြသသည်။ ခန်းမဆောင်၊ ဓာတ်မှန် ဆေးထည့်ခန်း၊ ပြီးတော့ လေကောင်း လေသန့် ရသည့် လူနာဆောင် ဆောင်။

အင်ဒရူးသည် ဆေးရုံ အတွင်းခန်းများကို ကြည့်ကာ ဝမ်းသာ အား လျက် ရှိသည်။ ဒရင်းဖီးမြို့နှင့် မည်မျှ ကွာခြားပါသနည်းဟု သူ မတွေး မနေနိုင်ပေ။ 'ငါ့ လူနာတွေ ဒီမှာ လာတင်ထားလို့ ရပြီ' ဟုလည်း တွေး သေးသည်။

အရပ်ရှည်ရှည် ထောင်ထောင် မောင်းမောင်းနှင့် ကိုယ်လုံး ကိုယ် က် ခပ်တောင့်တောင့် သူနာပြု ဆရာမကြီးက သူတို့ သွားရာ နောက်မှ ကောက်ကောက် ပါလာလေသည်။ သူမသည် ခရစ္စတီအား လုံးဝ ဂရုမစိုက် ။ အင်ဒရူးကို နှုတ်ဆက်ပုံမှာလည်း လိုက်လိုက်လဲလဲ မရှိပေ။ ဒေါက်တာ လီဝီလင်း တစ်ဦးတည်းကိုသာ တရိုတသေ တလေးတစား ထား၍ အလွန် နှစ်ခြိုက်စွာ ဆက်ဆံလေသည်။ သူမ၏ အပြုအမူမှာ ဒေါက်တာ လီဝီလင်းမှ ပါး အခြား မည်သူ့ကိုမှ ဂရုစိုက်မည် မဟုတ် ဟူသော လက္ခဏာကို ဖော် နေပေသည်။

'ဒီမှာတော့ဖြင့် ကျွန်တော် လိုသမျှ အကုန် ရနေတာပဲ၊ ကျွန်တော် ပြောတာ မဟုတ်ဘူးလား ဆရာမ၊ လိုတာ ရှိရင် ကော်မတီကို ပြောလိုက်ရုံပဲ၊ ကော်မတီကလည်း မဆိုးပါဘူး၊ သူတို့ တတ်အားသမျှ လုပ်ပေးပါတယ်၊ အခု ခွဲထားတဲ့ လူနာ အခြေအနေကော ဘယ်လိုနေသလဲ ဆရာမ'

'အခြေအနေ ကောင်းပါတယ် ဒေါက်တာ' ဟု ဆရာမကြီးက ဖြေ သည်။

'ဟုတ်လား၊ ကောင်းတယ် ကောင်းတယ်၊ ကျွန်တော် သူ့ကို အခုပဲ ကြည့်မယ်'

ဒေါက်တာ လီဝီလင်းက ဆရာမကြီးအား လှည့်၍ မှာပြီး အင်ဒရူးနှင့် ခရစ္စတီအား ဆေးရုံ ဆင်ဝင်အောက် အထိ လိုက်ပို့သည်။

'ကျွန်တော် တစ်ခုတော့ ဝန်ခံရလိမ့်မယ် မေဆန်၊ ကျွန်တော့် ဒီဆေးရုံ လေး အတွက် ဂုဏ်ယူတယ်၊ ကျွန်တော့် ကိုယ်ပိုင် ဆေးရုံလိုပဲ သဘော ားတယ်၊ ဒီလို စိတ်ထားတဲ့ အတွက် ကျွန်တော့်ကိုတော့ အပြစ်တင်ကြမယ် ဆောင်ပါဘူးနော်၊ ကဲ သွားကြပေဦးတော့၊ သွားတတ်ကြတယ် မဟုတ်လား၊ ပ် မေ့နေလို့၊ တစ်ခု ပြောရဦးမယ်၊ ဗုဒ္ဓဟူးနေ့ လန်ဒန်က ပြန်ရောက်

www.burmeseclassic.com

ကျွန်တော့်ဆီ ဖုန်းဆက်ဖို့ မမေ့ပါနှင့်၊ မေ့ဆေးပေးဖို့ ခင်ဗျား အကူအညီ ကောင်း လိုလိမ့်မယ် ထင်တယ်'

နှစ်ယောက်သား လမ်းမကြီး အတိုင်း လျှောက်လာရင်း အတန်ကြာ စကားပြောစရာ ရှာမရသလို ဖြစ်လျက်ရှိ၏။ ခရစ္စတီသည် အင်ဒရူး၏ လက်မောင်းကို ဆုပ်ကိုင်ကာ လိုက်ပါလာသည်။

'ကဲ ဘယ်လို ထင်သလဲ'

ခရစ္စတီက ပင် စ၍ မေးသည်။ အမှောင်ရိပ်အောက် ရောက်နေသဖြင့် မျက်နှာကို သဲသဲကွဲကွဲ မမြင်ရသော်လည်း ခရစ္စတီ ပြုံးနေမှန်း သူ သိလေသည်။

'ကိုတော့ သူ့ကို သဘောကျပါတယ်၊ အင်း အတော့်ကို သဘောကျပါတယ်၊ သူနာပြု ဆရာမကြီးကို သတိထားမိရဲ့လား ခရစ္စတီ၊ ဒူးထောက်ပြီး ဒေါက်တာ လီဝီလင်းရဲ့ အင်္ကျီစကို နမ်းလိုက်မလားလို့ ထင်ရတယ်၊ ဒါမျိုးတော့ အိုကွာ ဒါပေမဲ့ အေးလေ၊ ဒါကိုတော့ ထားလိုက်ပါတော့လေ၊ ဆေးရုံကလေးကတော့ တကယ့်ကို ကျက်သရေရှိတဲ့ ဆေးရုံကလေးပဲ၊ ညစာကိုရော ခရစ္စတီ ဘယ်လို သဘောရသလဲ၊ ကိုတော့ စားရတာ တော်တော် ခံတွင်းတွေ့ခဲ့သားပဲ၊ သူတို့ စိတ်နေ သဘောထားကော ခရစ္စတီ ဘယ်လို ထင်သလဲ ဟင်၊ သဘောထားတော့ သိပ်ညံ့မယ် မထင်ပါဘူးနော်၊ ကိုတို့ ကိုယ်ပိုင်ဝင်ငွေရဲ့ ငါးပုံ တစ်ပုံကို ဘာကြောင့် သူ့ကို ပေးရမှာတဲ့လဲ၊ အဲဒီ တစ်ခုကတော့ သိပ် မဟုတ်ဘူး၊ တရားမျှတတဲ့ သဘောလည်း မရှိဘူး၊ ကျင့်ဝတ် သိက္ခာကို ထိခိုက်တဲ့ သဘောမျိုးလည်း ရှိတယ်၊ ဘာပဲ ဖြစ်ဖြစ်ပေါ့လေ၊ အရိပ်အခြေကြည့်ပြီး လိမ်လိမ်မာမာ ပါးပါးနပ်နပ်နှင့် လုပ်ကိုင်သွားဖို့တော့ လိုမယ်လို့ ထင်ရတာပဲ၊ ကို့ စိတ်ထဲမှာ ဒေါက်တာ လီဝီလင်းက ကို့ကို ချော့မော့ပြီး လူကောင်းကလေး ဖြစ်အောင် ကြိုးစားပါလို့ ပြောလွှတ်တာ ခံရသလို ဖြစ်နေတယ် ခရစ္စတီ'

'ခွင့် နှစ်ရက် တောင်းလိုက် ကတည်းက ကိုဟာ လူတော် လူကောင်း တစ်ယောက် ဖြစ်သွားပြီလို့ ခရစ္စတီကတော့ ထင်တာပဲ၊ ဒါပေမဲ့ ခရစ္စတီ ဘယ်လို စီစဉ်ကြမှာလဲ အချစ်ရယ်၊ အိမ်ထောင် ပရိဘောဂ ဝယ်ဖို့ ငွေမှ မရှိတာ၊ ဘယ်လို လုပ်ပြီး ဘာနှင့် သွားဝယ်မှာလဲ'

'မပူပါနှင့်လေ၊ စောင့်ကြည့်ပါဦး၊ ကို ကြံမှာပေါ့'

မြို့တွင်းမှ အလင်းရောင်များသည် တဖြည်းဖြည်းနှင့် သူတို့ နောက်တွင် ဝေး၍ ဝေး၍ ကျန်ခဲ့လေ၏။ အိမ်ဘက်သို့ လျှောက်လာချိန်တွင် သူသည်





ဘော်ဝန်းကျင်၌ တိတ်ဆိတ်ခြင်းကသာ လွှမ်းမိုးလျက် ရှိလေသည်။ သူ့ လက်မောင်းကို ဆုပ်ကိုင်ထားသော ခရစ္စတီ လက်မှ အထိအတွေ့ကြောင့် သူ့ စိတ်သည် သာယာ ကြည်နူးလျက် ရှိရုံမျှမက ထူးဆန်းသော အားမာန်သစ် တစ်ခုသည် ကိန်းအောင်းလျက် ရှိပေသည်။

သူ့အနေဖြင့် ခရစ္စတီ အကြောင်းကို တွေးမိတိုင်း အတိုင်းအဆ မရှိနိုင်လောက်အောင် ကြီးမားလှသော မေတ္တာစိတ်၊ ကရုဏာစိတ်တို့သည် ယိုဖိတ်လျက် ရှိရ၏။ မြို့ကြီး ပြကြီးနှင့်လည်း မနီး၊ စည်စည်ကားကားလည်း မရှိ၊ သတ္တုတွင်း လုပ်ငန်း တစ်ခုတည်းသာလျှင် မည်မည်ရရ ပြစရာရှိသော ချိုင့်ဝှမ်းငယ် မြို့သိမ်ကလေးတွင် ယနေ့ မနက် လက်ထပ်ခဲ့ပြီး ဟောင်းနွမ်းလှပြီ ဖြစ်သော ကုန်တင်ကား အစုတ် တစ်စီးဖြင့် တောင်အထပ်ထပ်ကို ကျော်ဖြတ်ကာ သူ ခေါ်ရာ ပါလာခဲ့ရ၏။ ရောက်ပြန်တော့လည်း အိမ်ထောင် ပရိဘောဂ ဟူ၍ ဆို၍ ဘာမှ မရှိ။ အိမ်က ကောင်းပေမဲ့ ဟောင်းလောင်း ဖြစ်နေသော အိမ်ထဲဝယ် မင်္ဂလာဆောင် နှစ်ဦး ယှဉ်တွဲ၍ အိပ်စရာ ဆို၍ ခရစ္စတီပိုင် တစ်ယောက်အိပ် ခုတင် အဟောင်း တစ်လုံးသာ ရှိ၏။ ဤကဲ့သို့သော အခက်အခဲများနှင့် ဆင်းရဲမှုများကို ရင်ဆိုင်နေရသော်လည်း ခရစ္စတီသည် အပြုံးမပျက် သတ္တိရှိရှိနှင့် ရင်ဆိုင်လျက် ရှိ၏။

ခရစ္စတီသည် သူ့အား ချစ်သည်။ မြတ်နိုးသည်။ တွယ်တာသည်။ အားကိုး ယုံကြည်သည်။ သူမနှင့်အတူ သူသာ ရှိနေလျှင် ဘာကိုမျှ မကြောက်၊ နောက်ကြောင်းစရာ မလို၊ လောကကြီးကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်သွားမည် ဟူသော စိတ်ထားမျိုးနှင့် သူ့အား လက်တွဲလျက် ရှိပေသည်။ ဤကဲ့သို့သော ဇနီးမျိုးအတွက် သူသည် ကြီးမားသော ဆုံးဖြတ်ချက် တစ်ခုကို ချမှတ်လိုက်သည်။ ယနေ့မှ စ၍ ခရစ္စတီ အတွက် အလုပ်ကို ကြိုးစား၍ လုပ်မည်။ ခရစ္စတီကို ပျော်အောင် ထားမည်။ ခရစ္စတီကို ကြင်ကြင်နာနာနှင့် တယုတယ ပြုစုမည်။ သူ့အပေါ် ချစ်မြတ်နိုးခြင်း၊ ယုံကြည် အားကိုးခြင်းသည် မှန်ကန်ပေသည် ဟူသော အသိတရားကို ခရစ္စတီ ရရှိသွားအောင် သူ ကြိုးစားမည် ဟူသော ဆုံးဖြတ်ချက်ပေတည်း။

နှစ်ဦးသား သစ်သား တံတားလေးပေါ်မှ ကျော်ဖြတ်လာကြသည်။ တံတားအောက်ရှိ စမ်းချောင်းကလေးဆီမှ ရေစီးသံ သာသာကို သဲ့သဲ့ကလေး ကြားနေရပေသည်။

သူသည် အိတ်ထဲမှ သော့ကို ထုတ်ယူပြီး တံခါးကို ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ခန်းမထဲဝယ် အမှောင်ရိပ်က စိုးမိုးနေသည်။ သူသည် တံခါးကို ညင်သာစွာ ပြန်ပိတ်လိုက်ပြီး ခရစ္စတီထံသို့ လျှောက်လာခဲ့လေသည်။ သူ့အား အသင့် ဆီးကြိုလျက် ရှိသော ခရစ္စတီ၏ တစ်ကိုယ်လုံးကို အသာအယာ ပွေ့ဖက်ကာ သူ့ ရင်ခွင်ဆီသို့ ဆွဲယူလိုက်သည်။ ညင်သာ သိမ်မွေ့သော လေသံဖြင့် တိုးတိုးကလေး ကပ်၍ မေးသည်။

'အချစ်… နာမည် ဘယ်လို ခေါ်သလဲ'

ခရစ္စတီက အံ့သြဟန် ပြသည်။

'ခရစ္စတီလေ'

'အဲဒီ ခရစ္စတီ ဆိုတဲ့ နာမည်နောက်က'

'ခရစ္စတီ မေဆန်'

ခရစ္စတီ၏ အသက်ရှူသံသည် မြန်လာသည်။ သူမ၏ ပူနွေးသော နှုတ်ခမ်းများသည် အင်ဒရူး မေဆန် နှုတ်ခမ်းများနှင့် ညင်ညင်သာသာကလေး လာ၍ ထိတွေ့ကြလေ၏။



၃

နောက်တစ်နေ့ မွန်းလွဲပိုင်းတွင် အင်ဒရူးနှင့် ခရစ္စတီတို့ လိုက်ပါလာသော မီးရထားသည် လန်ဒန်မြို့၏ ပက်ဒင်တန် ဘူတာ အတွင်းသို့ ဝင်လာလေသည်။ စစ်ဦးစလုံးမှာ မြို့ကြီး ပြကြီးနှင့် အထိအတွေ့ နည်းကြသဖြင့် အတွေ့အကြုံ သေးလှသည် ဖြစ်ရာ စွန့်စားမှုကြီး တစ်ခုကို ပြုလုပ်နေရကဲ့သို့ ဖြစ်နေသည်။ စစ်ယောက်သား ဘူတာရုံ စကြံပေါ် ခြေချမိကြချိန် အထိ ကျိုးကြည့် ကြောင်ကြည့် ဖြစ်ဆဲပင်။

'ကိုတို့ လူကို မြင်မိသလား ခရစ္စတီ'

အင်ဒရူး ခပ်တိုးတိုး မေးသည်။ အင်ဒရူးသည် သူ တွေ့ရမည့် လူနှင့် တွေ့ဘဲ လွဲသွားမည်ကို စိုးရိမ်လျက် ရှိ၏။ 'စကြံ အထွက်နားက စောင့်မယ် ဆင်တယ်' ဟု ခရစ္စတီက ထင်မြင်ချက်ပေးသည်။ သူတို့သည် ကြိုတင် စီစဉ်ထားသည့် အတိုင်း ကြော်ငြာ စာရွက် ကိုင်ထားသည့် လူကို ရှာဖွေနေကြခြင်း ဖြစ်ပေသည်။

အင်ဒရူးသည် သူ့ အစီအစဉ်နှင့် သူ့ စိတ်ကူးများကို ခရစ္စတီ သဘောပေါက် နားလည်လာအောင် ရှင်းပြနေလေသည်။

အင်ဒရူး အနေနှင့် သူတို့ အိမ်ထောင်တွင် ပရိဘောဂများ မပြည့်စုံခြင်း၊ ပြီး ဆောင်းပြီးသားငွေ မရှိခြင်းတို့ကြောင့် အခက်အခဲ ကြုံရလိမ့်မည်ကို နားလည်ထားပေသည်။ ထို့ကြောင့်လည်း ဒရင်ဖီးမြို့တွင် နေစဉ် ကတည်းက လန်ဒန် အရှေ့ပိုင်းရှိ ကုမ္ပဏီကြီး တစ်ခုမှ ဖွင့်ထားသော ဆိုင်ကြီး တစ်ဆိုင်နှင့် ဆက်သွယ်ထားခဲ့၏။ ယင်းဆိုင်သည် ပစ္စည်းမျိုးစုံ ရောင်းချသော ဆိုင် ဖြစ်သော်လည်း သာမန် ရိုးရိုး ကုန်စုံဆိုင်ကြီးမျိုး မဟုတ်ပေ။ ပစ္စည်းများ၌


www.burmeseclassic.com

www.burmeseclassic.com

ကို တစ်ဆင့် ဝယ်ယူပြီး ပြန်လည် ရောင်းချသော စနစ်ကို အဓိကထား ပြုလုပ်သော ဆိုင်ဖြစ်သည်။ လက်ငင်း ငွေချေ စနစ်နှင့် သာမက အကြွေး စနစ် ဖြင့် ရောင်းချခြင်းလည်း ပြုလုပ်သည်။ ဆိုင်၏ ကြော်ငြာ အရ ဆိုလျှင် ယင်း ဆိုင်သည် အရောင်း လုပ်ငန်းကို အလွန် ကျယ်ကျယ်ပြန့်ပြန့် လုပ်သည့် သဘော ရှိသည်။ သူ စုံစမ်း မေးမြန်းခဲ့ရာ မကြာသေးမီကမှ ဆိုင်ပိုင်ရှင် ပြန် ကြားလိုက်သော စာသည် သူ့ထံ ရောက်လာခဲ့၏။ ထိုစာ အရ ဆိုပါမူ သူ စီစဉ် ထားသည့် အတိုင်း အားလုံး အဆင်ချောသွားလိမ့်မည်ဟု သူ ယုံကြည်မိသဖြင့် ဆိုင်ရှင်၏ ပြန်စာကိုပင် သူ့ အိတ်ထဲ ထည့်၍ ယူလာခဲ့ပေသည်။

သူတို့အား စောင့်ကြိုနေသည့် လူကို အင်ဒရူးကပင် စ၍ မြင်သည်။ 'ဟော ဟိုမှာ ရပ်စောင့်နေတာ ကိုတို့ လူပဲ ခရစ္စတီ' ဟု ဝမ်းမြောက်ဝမ်းသာ ရေရွတ်လိုက်လေသည်။

အပြာရောင် ဝတ်စုံကို အကျအန ဝတ်ကာ သက္ကလတ် ဦးထုပ် ဆောင်း ထားသော မအီမလည် ဖြစ်နေပုံရသည့် လူ ခပ်ငယ်ငယ် တစ်ဦးသည် သူ၏ ဖိနပ်မောင်နံ့အား လှမ်းမျှော် ကြည့်နေသည်။ သူ့ လက်ထဲတွင် အစိမ်းရောင် ကြော်ငြာ စာရွက်ကြီး တစ်ရွက် ကိုင်ထားလေသည်။

ဘူတာ စင်္ကြံ တစ်လျှောက်တွင် လူစု လူဝေး များလှသော်လည်း ထို သူ၏ ထူးခြားသော ဝတ်စား ဆင်ယင်မှုနှင့် လုပ်ပုံ ကိုင်ပုံ ဟန်အမူအရာကြောင့် ဆိုင်က လွှတ်ထားသူမှန်း တစ်ချက် မြင်လိုက်ရုံမျှနှင့်ပင် ခွဲခြား၍ သိနိုင်ပေ ၏။ သူကလည်း အင်ဒရူးတို့အား မြင်လျှင် မြင်ချင်း သူ ကြိုရမည့် လူများ သိပုံရသည်။ လူအုပ်ကြားမှ နေ၍ ဟိုရှောင် သည်ကွေ့ လုပ်ကာ ကသုတ် ကရက် လျှောက်လာသည်။

အင်ဒရူးတို့ ရှေ့ရောက်သည့် အခါ သူ့ဦးထုပ်ကို ချွတ်လိုက်ပြီး ဦး ညွှတ်၍ အရိုအသေပြုကာ အလွန် ချိုသာ ကျိုးနွံစွာဖြင့် နှုတ်ဆက် စကား ဆိုလေသည်။

'ဒေါက်တာ မေဆန်နှင့် မစ္စက် မေဆန်တို့ ထင်ပါတယ် ခင်ဗျာ၊ ကျွန် တော်ကတော့ ဆိုင်က လွှတ်ပြီး အကြိုခိုင်းလိုက်တဲ့ ကိုယ်စားလှယ်ပါ ခင်ဗျာ၊ ကျွန်တော်တို့ ကနေ့ မနက်ပဲ ဒေါက်တာ့ဆီက ကြေးနန်းကို ရပါတယ် ခင် ဗျာ၊ ကျွန်တော်နှင့် အတူ မော်တော်ကား ပါလာပါတယ်၊ ဒီဘက်ကို ကြွပါ ခင်ဗျာ၊ ဒေါက်တာ ဆေးလိပ် သောက်ပါဦး ခင်ဗျာ'

မော်တော်ကားများ ဥဒဟို သွားနေသဖြင့် ရှုပ်ယှက်ခတ် ဖြစ်နေသော





ခမ်းမကြီး တစ်လျှောက် ပြေးသွားနေသည့် ကားပေါ် လိုက်ပါလာရင်း အင် ရူးက ခရစ္စတီ၏ မျက်နှာကို တစ်ချက် ခိုး၍ ကြည့်သည်။ ဟန်ပါပါဖြင့် ကိုင် ထားသော သူ့ လက်ထဲမှ ဆေးပြင်းလိပ်မှာ ယခု အချိန်ထိ မညှိရသေးပေ။ ရူးက ခရစ္စတီအား နှစ်ကိုယ်ကြား လေသံဖြင့် နှစ်သိမ့်စကား ပြောလေသည်။

'ဒီခေတ်မှာတော့ ကားတွေကို ဒီလိုပဲ မောင်းနေကြတာပဲ၊ စီးလည်း စီး ကြတာပဲ၊ ဘာမှ စိုးရိမ်စရာ မရှိပါဘူး၊ ဆိုင်ကတော့ ကိုတို့ အတွက် အစစ ရာ တာဝန်ယူထားတာပဲ၊ ဘူတာနှင့် ဆိုင် အသွားအပြန် ခရီးကိုလည်း မဲ့ စီစဉ်ပေးမယ်တဲ့၊ ပြီးတော့ ကိုတို့ရဲ့ မီးရထားခ အသွားအပြန် စရိတ် လည်း သူတို့ပဲ ပေးမယ်လို့ ဆိုတယ်၊ စိတ်ပူစရာ ဘာတစ်ခုမှ မလိုဘူး'

အင်ဒရူးက မည်မျှပင် နှစ်သိမ့်စကား ဆိုစေကာမူ ခရစ္စတီကတော့ နှလုံး တုံးတုံးချ၍ အေးအေး မနေနိုင်ချေ။ စိတ်တပူပူနှင့်ပင် နောက်ဆုံး ၌ ဆိုင်သို့ ရောက်လာကြလေ၏။

ဆိုင်မှာ သူတို့ မျှော်လင့်ထားသည်ထက် ခမ်းနား ထည်ဝါလှသော ဆိုင် ဖြစ်နေသည်ကို တွေ့ရ၏။ ဆိုင်ရှေ့ ကားရပ်လိုက်သည့် အခါ သူတို့အား ကြိုထောက်လာသူ ကိုယ်တိုင် သူတို့ အလျင်ဦးအောင် ဆင်း၍ ကားတံခါး ကို ဖွင့်ပေးပြီး ဦးခေါင်းကို အသာအယာကလေး ညွှတ်ကာ ဆိုင်ဆီသို့ လမ်း ညွှန်နေသည်ကို တွေ့ရလေ၏။

ဆိုင်တွင်းမှ ဆီးကြိုနေသော အသက်ခပ်ကြီးကြီး အရောင်းသမားသည် အပေါ်အင်္ကျီရှည် ဖားဖားကြီးကို အကျအန ဝတ်ထားလေသည်။ ထို အရောင်း သမား၏ ပြောပုံ ဆိုပုံ လုပ်ပုံ ကိုင်ပုံများမှာ နတ်ရွာစံ အဲလဘတ် မင်းသား ကြီးနှင့် တူလှပေသည်ဟု အင်ဒရူးက စိတ်ထဲမှ ကျိတ်၍ မှတ်ချက်ချနေမိလေ ၏။

'ဒီဘက်ကို ကြွပါ ခင်ဗျား၊ နှစ်ယောက်စလုံး ဒီဘက်ကို ကြွပါ၊ ဆေး ဘက်က ပုဂ္ဂိုလ်တွေ အခုလို လာရောက် ချီးမြှင့်တဲ့ အတွက် ကျွန်တော်တို့ အများကြီး ဂုဏ်ယူပါတယ် ဒေါက်တာ မေဆန် ခင်ဗျာ၊ ဟာလေလမ်းက ရာဝန် ပါရဂူကြီးတွေဟာ ကျွန်တော်တို့ဆိုင်မှာ အမြဲ လာဝယ်ကြပါတယ်၊ ချို့ဆိုရင် ကျွန်တော်တို့ရဲ့ ဖောက်သည်တွေ ဖြစ်နေပါပြီ ခင်ဗျာ၊ သူတို့ဆီ က ရထားတဲ့ ထောက်ခံစာတွေ အများကြီး ရှိပါတယ် ခင်ဗျာ၊ အခု ဒေါက် တာ ဘယ်ပစ္စည်း အလိုရှိတယ် ဆိုတာ အမိန့်ရှိပါ ခင်ဗျာ၊ သိပါရစေ ခင်ဗျာ'

အရောင်းသမားသည် ဆိုင်ထဲတွင် ခင်းကျင်း ပြသထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင် စသည့် အိမ်ထောင် ပရိဘောဂများကို တစ်ခုပြီး တစ်ခု ပြသလျက် ရှိပြီး အဖိုးသားနှုန်းကိုလည်း ပြောသည်။ ဈေးကတော့ အဆမတန် ကြီးလှပေ၏။ သူ့ ပါးစပ်မှ ဈေးဆိုသံ ထွက်လာတိုင်း ခရစ္စတီခမျာ ဖျားချင်သလိုလို ရင်တုန် ပန်းတုန် ဖြစ်လျက် ရှိလေ၏။

ခရစ္စတီသည် အလွန်အမင်း စိတ်ပူလျက် ရှိသည် ဖြစ်ရာ သူ့ နှုတ်ခမ်းကို တင်းစွာ ကိုက်၍ အားတင်းနေရသည်။ အရောင်းသမား ပြသနေသော ပစ္စည်းများကိုလည်း အင်ဒရူး မကြိုက်ပါစေနှင့်ဟု စိတ်တွင်းမှ ကျိတ်၍ ဆုတောင်းနေမိသည်။ အင်ဒရူး အလိမ်မိကာ ဝယ်လိုက်မည် ဆိုပါက ဤမျှလောက် ဈေးကြီးသော ပစ္စည်းများကြောင့် သူတို့ အိမ်ထောင်မှာ ငွေကြေးကျပ်တည်းမှုဒဏ်ကို ခံရပေတော့မည်။ ထို့ကြောင့်လည်း အရောင်းသမားမင်းသား အဲလဘတ် တစ်ဖက်သို့ လှည့်နေခိုက်တွင် အင်ဒရူးအား တိုးတိုးကလေး ကပ်၍ ပြောလေသည်။

'အချစ်ရယ်၊ ဒီပစ္စည်းတွေက မကောင်းပါဘူး၊ ခရစ္စတီတော့ဖြင့် မကြိုက်ဘူး'

အရောင်းသမား ပြသည့် ပစ္စည်း အချို့ကို ထပ်မံ ကြည့်ရှုနေရာမှ အင်ဒရူးက အရောင်းသမားအား လှည့်၍ ဟောက်လေတော့သည်။

'ဒီမှာ ကိုယ့်လူ၊ ကျုပ်တို့ လာတာ အိမ်ထောင် ပရိဘောဂ ပစ္စည်း ဝယ်ဖို့ လာတာဗျနော် သိရဲ့လား၊ အိမ်ထောင် ပရိဘောဂ ပစ္စည်း ပြောတာနော် အခုလို အသုံးမဝင်တဲ့ ပစ္စည်းမျိုးတွေ လျှောက်ပြနေလို့ အလကားပဲ အချိန်ကုန်တယ်'

အင်ဒရူး စကားကြောင့် အရောင်းသမားမှာ ပက်လက်လန် လဲမတတ် ဖြစ်သွားလေ၏။ သူသည် သူ့နားအား မယုံကြည်သည့် ဟန်မျိုးဖြင့် အင်ဒရူးအား ငေးကြည့်နေလေသည်။

'ကျွန်တော်တို့ အနေနှင့် ဒေါက်တာတို့ ဇနီးမောင်နှံကို ကျွန်တော်တို့ဆိုင်မှာ ရှိတဲ့ အကောင်းဆုံး ပစ္စည်းတွေကို ပြနေတာပါ ခင်ဗျာ'

'ကဲ ဒီလိုဆိုရင် ကျုပ်တို့ကို မကောင်းဆုံး ပစ္စည်းတွေပဲ ပြပေတော့၊ ကျုပ်တို့ ပစ္စည်း အဟောင်းတွေ ကြည့်ချင်တယ်၊ အညံ့စားထဲကတော့ မဟုတ်ဘူးနော်၊ တစ်ကြိမ် တစ်ခါလောက် သုံးပြီး ပြန်ပြုပြင်ထားတဲ့ ပစ္စည်းမျိုးတွေကို ပြောတာ'

ခဏမျှ ငြိမ်ဆိတ်သွားလေ၏။





အရောင်းသမား၏ မျက်နှာသည် စူအောက်အောက် ဖြစ်လာသည်။ 'ခင်ဗျားတို့ကို ကျုပ် ဘာပစ္စည်းမှ မရောင်းတော့ဘူးလို့ ပြောလိုက်ရင် ကျုပ်ဆရာ ဆိုင်ရှင်က ဘယ်လို သဘောထားမလဲ မသိဘူး၊ သွားမေးလိုက်ဦးမယ်' ဟု ဆိုကာ ဆိုင်အတွင်းဘက်သို့ ဝင်ရောက် ပျောက်ကွယ်သွားလေ၏။

မိနစ် အနည်းငယ်မျှ ကြာသောအခါ အရပ်ခပ်ပုပု မျက်နှာနီနီနှင့် လူတစ်ယောက် ထွက်လာပြီး အင်ဒရူးတို့ ရှေ့တွင် လာရပ်လေသည်။

'ခင်ဗျားတို့ ဘာလိုချင်သလဲ'

'အကောင်းစား ပစ္စည်း အဟောင်း လိုချင်တယ်၊ ဈေးပေါပေါနှင့် ရမယ့် ပစ္စည်းမျိုး'

လူပုသည် အင်ဒရူး၏ မျက်နှာကို ခပ်တင်းတင်း ကြည့်နေပြီးမှ စကားတစ်ခွန်းမှ မပြောဘဲ ဆိုင်နောက်ဘက်ရှိ ဓာတ်လှေကားဆီသို့ ခေါ်သွားသည်။ ခပ်သုန်သုန် ခပ်မှုန်မှုန်နှင့်ပင် မြေအောက်ထပ် အထိ ခေါ်သွားပြီး အခန်းတစ်ခန်းထဲ၌ စုပုံထားသော ပရိဘောဂ ပစ္စည်း အဟောင်းများကို ပြလေသည်။

ခရစ္စတီသည် ဖုန်တွေ အလိမ်းလိမ်း၊ ပင့်ကူအိမ်တွေ ဗရပွနှင့် ညစ်ပတ် ပေရေလျက် ရှိသော ပစ္စည်းများထဲမှ သူမ စိတ်တိုင်းကျ ပစ္စည်းကို တစ်နာရီ နီးပါးကြာမျှ ရွေးချယ်သည်။ သေတ္တာကြီး တစ်လုံး၊ စားပွဲ တစ်လုံးနှင့် တော်လက် ကုလားထိုင် တစ်လုံး ရလေသည်။ အင်ဒရူးကတော့ လူပုနှင့် မနီးမဝေးတွင် ရပ်ကာ ခရစ္စတီ ရွေးထားပြီးသမျှ ပစ္စည်းများ၏ တန်ဖိုးကို မေးမြန်း မှတ်သားလျက် ရှိလေ၏။

ခရစ္စတီသည် လိုချင်သော ပစ္စည်းများ ရသဖြင့် ဝမ်းသာလျက် ရှိ၏။ ဓာတ်လှေကားထဲမှ ထွက်လာသည့်အခါ ပျော်ရွှင် မြူးထူးစွာဖြင့် အင်ဒရူး၏ လက်မောင်းကို ဆုပ်ကိုင်၍ 'ကျွန်မတို့ လိုချင်တာ အကုန် ရတယ်' ဟု ပြောလေသည်။

မျက်နှာနီ လူပုသည် သူတို့အား ရုံးခန်းသို့ ခေါ်သွားသည်။

သူ့လက်ထဲမှ ပစ္စည်း အမှာစာ စာအုပ်ကို ဆိုင်ရှင်၏ စားပွဲပေါ်သို့ ချပေးလိုက်ပြီး 'ဝယ်လိုက်တဲ့ ပစ္စည်းတွေက အများကြီးပါပဲ မစ္စတာ အစ်ဇတ် ခင်ဗျား' ဟု သရော်သံ အပြည့်ဖြင့် ပြောလိုက်လေ၏။

မစ္စတာ အစ်ဇတ်သည် သူ့နှာခေါင်းကို လက်နှင့် ပွတ်နေသည်။ ငြိမ်ကြိမ်ကြန့်နိုင်လှသော သူ့ အသားအရေနှင့် လုံးဝ မလိုက်သော တောက်ပြောင်



www.burmeseclassic.com

www.burmeseclassic.com



သည့် မျက်လုံး အစုံသည် ပစ္စည်း အမှာ စာအုပ်ကို ကြည့်ကာ အလွန်အမင်း စိတ်ပျက်သည့် အမူအရာကို ဖော်ပြနေပေသည်။

'ကျွန်တော်တို့ အနေနှင့် အခု ဝယ်မယ့် ပစ္စည်းတွေကို အရစ်ကျ စနစ်နှင့် မရောင်းနိုင်ဘူး ထင်တယ် ဒေါက်တာ မေဆန်၊ ခင်ဗျား သိတဲ့ အတိုင်းပဲ ခင်ဗျား ဝယ်မယ့် ပစ္စည်းတွေက အဟောင်းတွေ ဖြစ်နေတယ်'

အင်ဒရူးဘက်သို့ လှည့်၍ ရှင်းပြနေရာမှ သူ့ ပခုံးနှစ်ဖက်ကို ဟန်ပါပါ တွန့်လိုက်ပြီး 'အမှန်တော့ ဒီလို အဟောင်း အမြင်း ရောင်းတာမျိုးကို ကျွန်တော်တို့ မလုပ်ဘူး' ဟု ဆိုလေသည်။

ခရစ္စတီ၏ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသော်လည်း အင်ဒရူးကတော့ အလွယ်တကူနှင့် အလျှော့ပေးမည့် လက္ခဏာမျိုး မပြချေ။ မစ္စတာ အစ်ဇတ် ရှေ့ရှိ ကုလားထိုင်တွင် ခပ်တင်းတင်းပင် ဝင်ထိုင်လိုက်သည်။

'ကောင်းပြီလေ မစ္စတာ အစ်ဇတ်၊ ဒါပေမဲ့ ခင်ဗျားတို့ ကျွန်တော့်ဆီကို ရေးလိုက်တဲ့ စာရေးစက္ကူရဲ့ ထိပ်ဘက်မှာ သဲသဲကွဲကွဲကြီး ရေးထားတာ ခင်ဗျား မှတ်မိရဲ့လား၊ အိမ်ထောင် ပရိဘောဂ ပစ္စည်း အဟောင်းနှင့် အသစ်များကို အဖိုးနှုန်း ချိုသာစွာနှင့် အရစ်ကျ စနစ်ဖြင့် ရောင်းချသည် ဆိုတဲ့ စာတန်းလေ'

မစ္စတာ အစ်ဇတ်သည် မတုန်မလှုပ် လုပ်နေသည်။ မျက်နှာနီနှင့် လူက မစ္စတာ အစ်ဇတ်အား နားတစ်ဖက်တွင် ကပ်၍ စကား တစ်ခွန်း ပြောလိုက်လေ၏။ သူ ပြောလိုက်သည့် စကားမှာ စကော့သွေး ပါသော အင်ဒရူးအား လူမျိုးနှင့် ချိ၍ ရိုင်းရိုင်းစိုင်းစိုင်း စော်ကား ပြောဆိုလိုက်သော စကားဖြစ်မှန်း ခရစ္စတီ သိလိုက်၏။

မစ္စတာ အစ်ဇတ်သည် မျက်နှာထား မပျက်စေဘဲ ကြိုးစား၍ ပြုံးကာ 'ကောင်းပြီ ဒေါက်တာ မေဆန်၊ ခင်ဗျား စိတ်တိုင်းကျ ဖြစ်စေရမယ်၊ ကျွန်တော်တို့က ကောင်းကောင်းမွန်မွန် မဆက်ဆံဘူးလို့တော့ မပြောစေချင်ဘူး ကျွန်တော်တို့ဘက်က ဘယ်လောက် အထိ စိတ်ရှည်ရှည်နှင့် ဆက်ဆံတယ် ဆိုတာ ခင်ဗျားရဲ့ လူနာ မိတ်ဆွေတွေကို ပြောပြဖို့ မမေ့ပါနှင့်၊ ဟော့ စမစ် အရစ်ကျ စနစ်နှင့် အရောင်းပြေစာ တစ်ခု လုပ်လိုက်၊ မိတ္တူ တစ်စောင်ကို မနက်ဖြန် မနက် ဒေါက်တာ မေဆန်ဆီကို ပို့လိုက်၊ ကြားလား'

'ကျေးဇူးတင်ပါတယ် မစ္စတာ အစ်ဇတ်'

ကိစ္စ ပြီးပြီဟူသော သဘောဖြင့် မစ္စတာ အစ်ဇတ်က 'ကဲ ခင်ဗျား





လိုချင်တာ ရှိပြီ မဟုတ်လား ဒေါက်တာ၊ ကျေနပ်ရောပေါ့၊ ပစ္စည်းတွေလည်း ခင်ဗျားဆီကို သောကြာနေ့မှာ ရောက်လာလိမ့်မယ်' ဟု ပြောလေ၏။

ခရစ္စတီလည်း ရုံးခန်း အတွင်းမှ ခပ်သွက်သွက်ပင် ထွက်သွားရန် ပြင်သည်။ အင်ဒရူးကမူ ထိုင်ရာမှ မထသေးဘဲ ဆက်၍ ထိုင်နေရာမှ 'ကျွန်တော်တို့ရဲ့ မီးရထားခကကော ဘယ်လိုလဲ မစ္စတာ အစ်ဇတ်' ဟု မေးလိုက်သည်။

အင်ဒရူး၏ မေးခွန်းသည် ရုံးခန်းထဲ၌ ဗုံးတစ်လုံး ပေါက်ကွဲသွားသလို ဖြစ်သွားပုံရ၏။ မစ္စတာ အစ်ဇတ်သာမက မျက်နှာနီနှင့် လူပုပါ အလန့်တကြား ဖြစ်သွားကြလေသည်။

'ဘုရား ဘုရား၊ ခင်ဗျား ဘာပြောလိုက်တာလဲ ဒေါက်တာ မေဆန်၊ ဒီလောက် လိုက်လျောတာကို မကျေနပ်သေးဘူးလား၊ မီးရထားခတော့ ကျွန်တော် မပေးနိုင်ဘူးဗျ၊ နှစ်ဦး နှစ်ဖက် မျှတအောင် လုပ်ထားပါတယ်၊ ပစ္စည်းဟောင်း ဝယ်တဲ့ လူကိုပါ မီးရထားခ စရိတ် ခံရမယ် ဆိုတာ လုံးဝ မဖြစ်နိုင်ပါဘူး'

အင်ဒရူးသည် အစ်ဇတ်၏ စကားကို လုံးဝ ဂရုမစိုက်ဘဲ သူ့ အိတ်ထဲမှ မှတ်စုစာအုပ်ကို ထုတ်ယူ၍ အစ်ဇတ်ရှေ့သို့ ထိုးပြပြီး တည်ငြိမ် အေးဆေးသော လေသံဖြင့် 'ကျွန်တော့်မှာ စာတစ်စောင် ရှိနေပါတယ် မစ္စတာ အစ်ဇတ်၊ စာထဲမှာ ခင်ဗျားတို့ အတိအလင်း ရေးထားတာက တန်ဖိုးငွေ ပေါင် ၅၀ ဖိုး အထက် ပို၍ ဝယ်သော အင်္ဂလန်နှင့် ဝေလနယ်မှ ဖောက်သည်များအား အသွားအပြန် မီးရထား စရိတ် ပေးပါ့မယ်တဲ့' ဟု ပြောလေသည်။

'ဒါက ဒီလို ရှိတယ်လေ'

ဒေါသ အရှိန်ကြောင့် မစ္စတာ အစ်ဇတ်၏ အသံသည် ဖြောင့်တန်းစွာ ထွက်မလာနိုင်ဘဲ အထစ်ထစ် အငေါ့ငေါ့ ဖြစ်လျက် ရှိ၏။

'ဒါက ဒီလိုလေဗျာ၊ ခင်ဗျား အခု ဝယ်တာက ငါးဆယ့် ငါးပေါင်ပဲ ရှိတာပဲ၊ ပြီးတော့ ခင်ဗျား ဝယ်တာက ပစ္စည်း အသစ်လည်း မဟုတ်ဘူး၊ အဟောင်းတွေ ဝယ်တာပဲ'

'မဟုတ်သေးဘူး မစ္စတာ အစ်ဇတ်၊ ခင်ဗျားရဲ့ စာထဲမှာက…'

မစ္စတာ အစ်ဇတ်သည် အင်ဒရူး၏ စကားကို ဆုံးအောင် နားမထောင်ဘဲ အလွန် စိတ်ပျက်သည့် ဟန်ဖြင့် သူ့ လက်နှစ်ဖက်ကို မြှောက်လိုက်သည်။

'ကျုပ် စာက အရေးမကြီးပါဘူး၊ ကိစ္စက ပြတ်နေပြီဗျာ၊ ကျုပ်တစ်သက်မှာ ခင်ဗျားလို ကကျီကကျောင်ကျတဲ့ ဈေးဝယ်မျိုး မတွေ့ဖူးတာ



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပဲ၊ ကြံပဲ ကြံဖူးပေါင်ဗျာ၊ ကျုပ်အနေနှင့် အင်မတန် ယဉ်ကျေး သိမ်မွေ့တဲ့ ဇနီး မောင်နှံတွေနှင့်သာ စကားပြောလို့ ရတယ်၊ ခင်ဗျားဟာက ပထမဆုံး ကျွန်တော့် တပည့် မစ္စတာ ကလက်ကို စော်ကား မော်ကား ပြောခဲ့တယ်၊ နောက်တစ်ခါ မစ္စတာ စမစ်နှင့် ကျုပ်နှင့်တော့လည်း ပြေပြေပြစ်ပြစ် မဖြစ်ဘူး၊ အခုတစ်ခါ ကျုပ်ဆီ လာပြီး မီးရထားခ တောင်းနေပြန်တယ်၊ ကျုပ် ခင်ဗျားနှင့် ဆက်ပြီး အလုပ် လုပ်ဖို့ မဖြစ်နိုင်တော့ဘူး ဒေါက်တာ မေဆန်၊ ခင်ဗျားဟာသာ ခင်ဗျား ကြိုက်တဲ့ နေရာက ကြိုက်ရာ ဆိုင်မှာ သွားဝယ်ချေတော့ဗျာ'

ခရစ္စတီသည် ထိတ်လန့်တကြား ဖြစ်ကာ အင်ဒရူးကို မော့ကြည့်သည်။ သူမ၏ မျက်လုံးများသည် တစ်ထစ် လျှော့ပေးဖို့ တောင်းပန် တိုးလျှိုးသည့်သဘော ပါလေသည်။ အရစ်ကျ စနစ်နှင့် ဝယ်နိုင်အောင် မနည်းကြီး ပြောထားခဲ့ရမှန်း သိပါလျက်နှင့် ခေါင်းမာလွန်းလှသော အင်ဒရူးကြောင့် ဆုံးရှုံးချေတော့မည်ဟု တွေးကာ စိတ်ပူလာသည်။

အင်ဒရူးကမူ ခရစ္စတီအား ဂရုမစိုက်ဘဲ သူ့ မှတ်စု စာအုပ်ကို အသာအယာ ပြန်ပိတ်လိုက်ပြီး အိတ်ထဲသို့ ထည့်လိုက်လေ၏။

'ဒီလိုဆိုရင်လည်း ကောင်းပါပြီ မစ္စတာ အစ်ဇတ်၊ ခင်ဗျားကို နှုတ်ဆက်ပြီး ပြန်ရုံပဲ ရှိတော့တာပေါ့၊ မဟုတ်ဘူးလား၊ ဒါပေမဲ့ ကျွန်တော် တစ်ခု ပြောခဲ့ချင်တယ်၊ ကျွန်တော့် လူနာတွေ ကျွန်တော့် မိတ်ဆွေတွေ အားလုံး ခင်ဗျားရဲ့ ဆိုင်နှင့် ပတ်သက်လို့ ကျွန်တော့် ပါးစပ်က အကောင်း တစ်လုံးမှ ကြားရမှာ မဟုတ်တော့ဘူး ဆိုတာ စိတ်ချသာနေပေတော့၊ ကျွန်တော့် အလုပ်က လုပ်ငန်းက သေးတဲ့ လုပ်ငန်းမဟုတ်ဘူး၊ လူနာ အများကြီး လက်ခံ ကုသပေးနေရတဲ့ လုပ်ငန်းကြီး တစ်ခုပဲ၊ ကျွန်တော်ကိုကို လန်ဒန် ရောက်အောင် ဘယ်လို ကြော်ငြာပြီး လိမ်ညာခေါ်တယ်၊ မီးရထားခပါ ပေးပါ့မယ် ဘာညာနှင့် ခေါ်ပြီး ဒီရောက်တော့မှ...'

'တော်ပါတော့၊ တော်ပါတော့'

အစ်ဇတ်သည် စိတ်ပျက် လက်ပျက်ဖြင့် ထ၍ အော်လေသည်။

'ခင်ဗျား မီးရထားခ ဘယ်လောက်လဲ၊ ဘယ်လောက်ပဲ ဖြစ်ဖြစ် ပေးလိုက်စမ်းကွာ၊ မစ္စတာ စမစ် ပေးလိုက်စမ်း၊ ပေးလိုက်စမ်း၊ ဟော့ ပေးလိုက်စမ်း၊ ကျုပ်တို့ ဆိုင်ဟာ ပေးထားတဲ့ ကတိအတိုင်း တည်တယ် ဆိုတာကိုတော့ ပြန်ပြောဖို့ မမေ့ပါနှင့်၊ ဘယ့်နှယ်လဲ၊ ကဲ ခင်ဗျား ကျေနပ်ပြီလား'

'ကျေနပ်ပါပဲ မစ္စတာ အစ်ဇတ်၊ ကျွန်တော်တို့ အများကြီး ကျေနပ်ပါတယ်၊ ပစ္စည်းတွေကို ခင်ဗျား ပြောထားတဲ့ အတိုင်း သောကြာနေ့ အရောက် ပို့ပေးပါ၊ သွားလိုက်ပါဦးမယ် မစ္စတာ အစ်ဇတ်'

အင်ဒရူးက အစ်ဇတ် လက်ကို ဆွဲ၍ နှုတ်ဆက်ပြီး ခရစ္စတီ၏ လက်မောင်းကို ဆွဲကာ ဆိုင်ထဲမှ ခပ်သုတ်သုတ် ထွက်သည်။ အပြင်ဘက်တွင်မူ သူတို့ သွားလိုရာသို့ ပို့ပေးမည့် မော်တော်ကားသည် အဆင်သင့် စောင့်နေ၏။ အင်ဒရူးသည် ခပ်တည်တည်နှင့် ကားပေါ်သို့ တက်ထိုင်လိုက်ပြီး မစ္စတာ အစ်ဇတ်တို့ ဆိုင်၏ သက်တမ်း တစ်လျှောက်တွင် ပစ္စည်း အများဆုံး ဝယ်ယူခဲ့သည့် ဖောက်သည်ကြီး တစ်ဦးသဖွယ် လေသံ ခပ်မြင့်မြင့် ခပ်မာမာ အမိန့်ပေးလိုက်လေသည်။

'ဒရိုင်ဘာ၊ တို့ ပြတိုက် ဟိုတယ်ကို သွားမယ်၊ အဲဒီကို ပို့ပေး'

မော်တော်ကားသည် ဘလွန်းစ် ဘာရီဘက်သို့ သွားရာ လမ်းအတိုင်း ထွက်လာသည်။ ခရစ္စတီသည် အင်ဒရူး မေဆန်၏ လက်မောင်းကို အားရဝမ်းသာ ဆုပ်ကိုင်ကာ သူမ၏ ဦးခေါင်းဖြင့် အသာအယာ မှီတွယ်လိုက်ပြီး

'အချစ်ရယ်၊ ရှင် လုပ်ပုံကဖြင့် တကယ့်ကို အံ့သြစရာ ချီးကျူးစရာပါပဲ' ဟု တိုးတိုးလေး ကပ်၍ ပြောလေ၏။

အင်ဒရူး၏ နှုတ်ခမ်းများမှာမူ ယခုအချိန်ထိ တင်းကျပ်စွာ စေ့ထားဆဲပင်။

'သူတို့အနေနှင့် မပြေမလည် ဖြစ်မှာကို သိပ်ကြောက်တယ်၊ လူအများရှေ့မှာသာ ဖြစ်ရင် သူတို့ပဲ နစ်နာမှာပေါ့၊ တို့လက်ထဲမှာက သူတို့ ကိုယ်တိုင် စာနှင့် ရေးပေးထားတဲ့ ကတိတွေ ရှိနေတာပဲ'

ပြောနေရင်းက သူ့ လက်မောင်းပေါ် မှေးမှီထားသော ခရစ္စတီ၏ မျက်နှာကို ငုံ့ကြည့်သည်။ အင်ဒရူး၏ မျက်လုံးများမှာ ဒေါသ အရိုးအငွေ့များ ပုံးလွှမ်း တောက်လောင်ဆဲ ဖြစ်၏။

'ကို ပြောနေတာက ဘာမှ မဖြစ်လောက်တဲ့ မီးရထားခကို လိုချင်လွန်းလို့ ပြောနေတာ မဟုတ်ပါဘူး၊ ဒါကို ခရစ္စတီ နားလည်မယ်လို့ ကို ထင်ပါတယ်၊ ကို ပြောနေတာက မူကို ပြောနေတာပါ၊ လူဆိုတာ ကိုယ် ပြောထားတဲ့ စကား တစ်ခွန်းကို တတ်နိုင်သမျှ တည်အောင် အစွမ်းကုန် ထိန်းရမှာပေါ့၊ ကတိဟာ ကတိပဲ၊ သူတို့ ဆက်ဆံပုံတွေကို ခရစ္စတီ မြင်ရဲ့ မဟုတ်လား၊ တို့ကို စောင့်ကြိုနေတာတွေ၊ ပြောဆို ဆက်ဆံပုံတွေ၊ ဒါတွေကို ကြည့်လိုက်ရင် မနူးမနပ် ခပ်အအ စုံတွဲ တစ်တွဲတော့ တို့များရဲ့ အကွက်ထဲ ပိုင်သာ





www.burmeseclassic.com

www.burmeseclassic.com

ပြီ၊ လွယ်လွယ်နှင့် ငွေထွက်လာအောင် ဘယ်လိုလုပ်ပြီး အမဲဖျက်လိုက်ထ ဆိုတဲ့ သဘောက အထင်ရှားကြီးပဲ၊ ဟင် ကိုကို ဆေးလိပ် တစ်လိပ် တ တာကော မြင်ရဲ့ မဟုတ်လား၊ ဒီလောက် ဒွေ့ဝတ်ကျေနေတာတွေဟာ မလို့ ညာမလို့ လုပ်နေကြတာတွေချည်းပဲ သိလား၊ တစ်ခုမှ စေတနာမှန် ဘူး'

'ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့ အချစ်ရယ်၊ ကျွန်မတို့ လိုချင်တာတော့ ရအောင် လုပ်ယူနိုင်ခဲ့တာပဲ မဟုတ်လား'

အင်ဒရူးက ခေါင်းညိတ်သည်။

ဖြစ်ပြီးခဲ့သမျှကို ပြန်ပြီး စဉ်းစားလိုက်သည့်အခါ ရယ်စရာ ကောင်းသည့် အကွက်များကို မြင်လာသည်။ ဟိုတယ်ရှိ သူတို့ အခန်းထဲ ပြန်ရောက်သည့် အခါ သူတို့ အဖြစ်ကို ရယ်စရာ အဖြစ် ပို၍ မြင်လာသည်။ အင်ဒရူးသည် အိပ်ရာပေါ် လှဲကာ စီးကရက် တစ်လိပ်ကို ဖွာနေရင်းမှ ဆံပင်ဖြီးနေသော ခရစ္စတီကို ကြည့်ကာ တစိမ့်စိမ့် တွေး ရယ်ချင်လာလေ၏။

ရယ်ချင်စိတ်ကို မျိုသိပ်ပါသော်လည်း မရသဖြင့် အားရပါးရ အူလှိုက် သည်းလှိုက် ရယ်မိလေ၏။ အင်ဒရူး ရယ်နေသည်ကို ကြည့်ကာ ခရစ္စတီ မအောင့်နိုင် ဖြစ်လာသဖြင့် ရောနှော၍ ရယ်မိလေ၏။

'အစ်ဇတ် မျက်နှာကြီး ဖြစ်နေပုံက ဟား ဟား ဟား၊ ဘယ်လိုပုံမှ ကို မသိဘူး'

'ဟုတ်ပါရဲ့၊ အချစ်က မီးရထားခ တောင်းလိုက်တော့ ဖြစ်သွားတဲ့ ကမှ ပိုပြီး ရယ်စရာ ကောင်းသေးတယ်'

'သူ ပြောတာ ဘာတဲ့၊ ကျုပ်တို့ ဆက်ပြီး အလုပ် လုပ်လို့ မဖြစ်တော့ ဘူးတဲ့၊ ဟား ဟား ဟား၊ ကျုပ်ကို ကုလားအုတ် တစ်ကောင် ထင် သလားတဲ့၊ ဟား ဟား ဟား'

ခရစ္စတီသည် ဆံပင်ကို ဆက်ပြီး မဖြီးနိုင်တော့ပေ။ ဘီးကို ကိုင်ထား ရယ်ရလွန်းသဖြင့် ထွက်လာသော မျက်ရည်များသည် သူမ၏ ပါးပြင်ထက်ဝယ် လိမ့်ဆင်းလျက် ရှိလေသည်။

'ကျွန်မ အရယ်ချင်ဆုံးကလေ၊ တခြား မဟုတ်ဘူး သိလား၊ အချစ် ခင်ဗျားတို့ ကိုယ်တိုင် အဖြူ အမည်း သဲသဲကွဲကွဲ ရေးထားတဲ့စာ ကျွန်တော့် မှာ ရှိနေတယ် ဆိုပြီး မှတ်စုစာအုပ်ကို လှန်မယ် လုပ်နေတာကို အရယ်ချင် ဆုံးပဲ၊ မနည်းကို အောင့်ထားရတယ်၊ တကယ်တော့ စာက ရှင့် မှတ်စုစာအုပ် ပါမလာဘဲ အိမ်က စားပွဲပေါ်မှာ ရှင် မေ့ကျန်ရစ်ခဲ့တာ ကျွန်မ သိနေတာ တာ'





အင်ဒရူးသည် ခုတင်ပေါ်တွင် လှဲနေရာမှ ထထိုင်သည်။ ခရစ္စတီအား ကြည့်၍ အားရ ပါးရ ရယ်နေရာမှ ခုတင်ပေါ်သို့ ပြန်၍ လဲကျသွားလေသည်။ ခုတင်ပေါ်တွင် လူးလိမ့်ကာ အားရပါးရ အတော မသတ်အောင် ရယ်ဆဲပင်။

ခရစ္စတီသည် မှန်တင်ခုံကို မှီ၍ ရပ်နေရာမှ သူ့ဗိုက်သူ နှိပ်ရင်း အင် ဒရူးအား အရယ် ရပ်ရန် တောင်းပန်လျက် ရှိ၏။ နှစ်ယောက်စလုံးပင် ရယ်ရ လွန်း၍ မောဟိုက်လျက် ရှိကြလေ၏။

စောစော ကတည်းက စီစဉ်ထားသည့် အတိုင်း ညနေပိုင်းတွင် ပြ ဇာတ် သွားကြည့်ကြသည်။ ခရစ္စတီသည် သူ အကြည့်ချင်ဆုံး ဖြစ်သည့် ဘားနတ်ရှော၏ စိန့်ဂျုံး ပြဇာတ်ကို ကြည့်မည်ဟု ရွေးခဲ့၏။ သူမ၏ ဘဝ တစ်သက်တွင် ရှော၏ ပြဇာတ် တစ်ခုကို ကြည့်လိုသော ဆန္ဒသည် အကြီး မားဆုံးနှင့် အတောင့်တဆုံးသော ဆန္ဒ ဖြစ်ပါသည်ဟု ဆိုလေသည်။ အင်ဒရူး ကလည်း ခရစ္စတီ ရွေးချယ်သည့် အတိုင်း လက်ခံခဲ့လေသည်။

ရှိုးရှိုးတန်းတွင် ပွဲကြည့် ပရိသတ်သည် ကျပ်တောက်လျက် ရှိလေသည်။ ခရစ္စတီ၏ ဘေးတွင် ကပ်၍ ထိုင်နေသော အင်ဒရူးသည် ပြဇာတ်ထဲတွင် စိတ်ဝင်စားမှု မရှိလှပေ။ ပြဇာတ်မှာ သမိုင်းကြောင်း နွှယ်လွန်းသဖြင့် သူ နားမလည်ချေ။ 'ရှော ဆိုသည့် လူသည် ဘာတွေများ တွေးပြီး လျှောက်ရေး ထားပါလိမ့်' ဟုပင် သူ တွေးနေမိကြောင်း ပွဲပြီးခါမှ ခရစ္စတီအား ပြောပြ လေသည်။

ပြဇာတ် ကြည့်နေစဉ် အတွင်း သူ စိတ်ဝင်စားနေသည်မှာ ဇာတ်ခုံ ပေါ်မှ ကပြနေသည့် ဇာတ်ကောင်များ မဟုတ်ပေ။ ပြဇာတ်ကို အလွန် စိတ်ပါ ဝင်စားစွာဖြင့် ကြည့်နေရှာသော ခရစ္စတီ၏ မျက်နှာကလေးပင် ဖြစ်သည်။ နှစ်ယောက်တွဲ၍ ပြဇာတ် ကြည့်ခြင်းမှာ ယခုအကြိမ်သည် ပထမဆုံး အကြိမ် ဖြစ်ပေသည်။ အင်ဒရူးသည် သူ၏ ရှေ့နောက် ဝဲယာတွင် အဆမတန် ပြည့် ကျပ်နေသော ပရိသတ်ကို ကြည့်နေရင်းကပင် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူနှင့် ခရစ္စတီတို့ ဤရုံသို့ လာ၍ ပြဇာတ် ကြည့်ဦးမည်၊ ထိုအချိန် လာ ကြည့်လျှင် ယခုလို ရှိုးရှိုးတန်းက မကြည့်တော့၊ အထက်တန်းက ကြည့်မည် ဟု တွေးနေလေ၏။ ထိုအခါတွင် ခရစ္စတီကို အကောင်းဆုံးနှင့် အလှဆုံး ဖြစ်သည့် ဝတ်စုံကို ဝတ်လာစေမည်။ လူတွေကလည်း သူ့ကို ကြည့်၍ မနာလိုခြင်း



www.burmeseclassic.com

www.burmeseclassic.com



ချင်း လက်ကုတ်ကာ 'ဟော့ ဟိုမှာ အင်ဒရူး မေဆန် ဆိုတဲ့ လူပေါ့ကွ၊ ကြားဖူးတယ် မဟုတ်လား၊ ဆရာဝန်လေကွာ၊ အဆုတ်ရောဂါနှင့် ပတ်သက်လာရင် အလွန်တော်တဲ့ ဆရာဝန်ပေါ့' စသည်ဖြင့် တီးတိုး ပြောဆိုနေကြစေရမည် စသည်ဖြင့်လည်း တွေးနေမိလေ၏။

အင်ဒရူးသည် စိတ်ကူးယဉ် အိပ်မက်ထဲတွင် တစ်ဦးတည်း လျှောက်သွားမိသဖြင့် အိပ်ချင်လာသည်။ သို့သော် တော်ပါသေး၏။ အားလပ်ချိန် ပေးခိုက်နှင့် ကြုံသဖြင့် ချက်ချင်းပင် အိပ်ချင်ပြေသွား၏။ ခရစ္စတီအား ရေခဲချောင်း တစ်ချောင်း ဝယ်၍ ကျွေးလေသည်။

ပြဇာတ် ပြီး၍ ရုံပြင်သို့ ထွက်လာသည့်အခါ ထိန်ထိန်လင်းနေသော မီးရောင်များ အောက်ဝယ် အပြေးအလွှား လျှောက်သွားနေကြသော လူအုပ်ကြီးနှင့် ဘတ်စ်ကားကြီးများကို ဘွားခနဲ တွေ့လိုက်ရသည်။ ရုံထဲမှ လျှံ၍ ထွက်လာနေသော လူအုပ်ကြားဝယ် နှစ်ဦးသား လူချင်း ကွဲမသွားစေရန် တစ်ယောက်လက် တစ်ယောက် ဆွဲထားရသည်။ ကံကောင်းထောက်မသဖြင့် တက္ကစီ တစ်စီးကို အလွယ်တကူနှင့် ငှား၍ ရလေသည်။

ဟိုတယ်ဆီသို့ သွားနေသော တက္ကစီပေါ်ဝယ် အင်ဒရူးနှင့် ခရစ္စတီတို့မှာ လန်ဒန်မြို့ကြီးပေါ်မှ အငှားကား တစ်စီးသည် ပုဂ္ဂလိက လွတ်လပ်ခွင့်ကို အပြည့်အဝ ပေးနိုင်ပါကလား ဟူသော အသိကို ပထမဆုံး သိမြင် နားလည်သူများ ဖြစ်သည်ဟု သူတို့ကိုယ် သူတို့ ထင်မှတ်နေမိကြလေ၏။



[၄]

လန်ဒန်မှ ပြန်ရောက်ပြီး နောက်တစ်နေ့ မနက်တွင် အင်ဒရူးသည် အလုပ်လက်ခံရန် စောစောစီးစီးပင် အိမ်မှ ထွက်လာသည်။ လတ်ဆတ် သန့်ရှင်း၍ အေးမြသော လေပြည် လေညင်းသည် အင်ဒရူး၏ စိတ်ကို ရွှင်လန်း တက်ကြွအောင် အားပေးလျက် ရှိလေ၏။

အလုပ်သည် သူ့အား စောင့်ကြိုလျက် ရှိလေပြီ။ မိမိ တစ်ဦးတည်း လွတ်လပ်စွာ လုပ်ကိုင်ရမည့် အလုပ် ဖြစ်သဖြင့် ထက်သန်သော စေတနာဖြင့် ကြိုးစား၍ လုပ်ရတော့မည် ဖြစ်၏။ ဒရင်းဖီးမြို့တွင် လုပ်ကိုင်ခဲ့စဉ်က ထားရှိခဲ့သည့် မူအတိုင်း သိပ္ပံနည်းကျကျ စစ်ဆေး ကုသမှုကို လက်ကိုင်ပြု၍ လုပ်သွားတော့မည်ဟု ခံယူထားလေသည်။

အနောက်ပိုင်း ဆေးခန်းမှာ သူ့အိမ်နှင့် ကိုက် လေးရာထက် ပို၍ ဝေးလိမ့်မည် မဟုတ်ပေ။ အဆောက်အအုံမှာ ခပ်မြင့်မြင့် ဖြစ်၍ အုတ်ကြွပ်မိုးထားပြီး လေကောင်းလေသန့် ရအောင် စနစ်တကျ ဆောက်ထားသည့် နှစ်ထပ် အဆောက်အအုံ ဖြစ်ပေသည်။

အခန်းတွင်းသို့ ဝင်လျှင် ဝင်ချင်း တွေ့ရသည့် ခန်းမကြီးမှာ လူနာများ စောင့်ဆိုင်းသည့် အခန်း ဖြစ်၏။ လူနာများ စောင့်ဆိုင်းရာ ခန်းမကြီးနှင့် တစ်ဆက်တည်း ရှိနေသော တစ်ဖက် အစွန်ခန်းမှာ ဆေးပေးခန်း ဖြစ်သည်။ အပေါ်ထပ်တွင် အခန်း နှစ်ခန်း ရှိ၍ အခန်း တစ်ခန်း၏ အဝင်ဝတွင် ဒေါက်တာ အာကွတ်၏ ဆိုင်းဘုတ်ကလေး ချိတ်ဆွဲထားသည်။ မကြာသေးခင်ကမှ ဆေး ပြန်သုတ်ထားသဖြင့် သစ်လွင် တောက်ပြောင်နေသော တစ်ဖက်ခန်း၏ အဝင်ဝတွင်မူ 'ဒေါက်တာ မေဆန်' ဟူသော ဆိုင်းဘုတ် အသစ်ကလေးသည်



www.burmeseclassic.com

www.burmeseclassic.com



ဝင့်ကြွားနေသယောင် ရှိပေသည်။

မိမိ၏ ဆိုင်းဘုတ်ကလေးကို မြင်လိုက်ရသည့် အခါ အင်ဒရူးမှာ ပီတိဖြစ်လာမိလေ၏။ နာမည် တစ်လုံးဖြင့် လူရာဝင်လာသည့် သဘောမို့ ကျေနပ်ဝမ်းသာမိလေ၏။ အခန်းမှာ သိပ် မကျယ်လှသော်လည်း စားပွဲ တစ်လုံးနှင့် လူနာ အိပ်စင် ခုတင် တစ်လုံး ချထားသဖြင့် သပ်သပ်ရပ်ရပ် သားသားနားနား ရှိလှပေသည်။

အပြင်မှ သူနှင့် တွေ့ရန် စောင့်နေသော လူနာ အစုအဝေးမှာလည်း မနည်းလှပေ။ သူသည် ဒေါက်တာ အာကွတ်နှင့် ဆေးစပ်သမား ဂေ့ချ်တို့အား အလျင်ဆုံး သွားရောက် နှုတ်ဆက်မည်ဟု စိတ်ကူးလိုက်မိသေးသော်လည်း လောလောဆယ် စောင့်နေကြသည့် လူနာများကို အားနာသဖြင့် အလုပ်ကို စ၍ လုပ်ခြင်းသာ အကောင်းဆုံးဟု ဆုံးဖြတ်လိုက်လေ၏။

သူသည် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး လူနာ စလက်ခံသည်။ ပထမဆုံး ရောက်လာသည့် လူနာသည် ဆေးခွင့်ယူရန် အတွက် ဆေးလက်မှတ် ထောက်ခံစာ တောင်းသော လူနာ ဖြစ်နေ၏။ လူနာက သူ့မှာ ဒူးနာနေ၍ အလုပ် ကောင်းစွာ မလုပ်နိုင်ပါဟု အကြောင်း ပြသည်။ စမ်းသပ် စစ်ဆေးကြည့်သောအခါ လူနာ ပြောသည့် အတိုင်း မှန်ကန်နေသဖြင့် လူနာအား ရှောရှောရှူရှူပင် ဆေးခွင့် ထောက်ခံစာကို ရေးပေးလိုက်လေ၏။

ဒုတိယ လူနာ ဝင်လာသည်။ ဒီလူနာ ကျတော့လည်း ဆေးခွင့်ယူရန် ထောက်ခံစာ တောင်းခြင်းပင် ဖြစ်၏။ သူ့ ရောဂါမှာ မျက်ကြောဆွဲ ရောဂါ ဖြစ်သည်။ တတိယ လူနာ သူ့ရှေ့မှောက် ရောက်လာပြန်ရာ ထိုလူနာမှာလည်း ဆေးထောက်ခံစာ ရလိုသူပင် ဖြစ်နေပြန်၏။ သူ့ရောဂါက 'အဆုတ် လေပြွန် ရောင်နာ' ဖြစ်လေသည်။ လေးယောက်မြောက် လူနာကျပြန်တော့လည်း လက်မောင်း ကိုက်၍ ဆေးထောက်ခံစာ ရလိုပါသည်ဟု ဆိုပြန်သည်။

အင်ဒရူးသည် သံသယစိတ်ဖြင့် ထိုင်ရာမှ ထရပ်လိုက်သည်။ ဆေးထောက်ခံစာ ယူသူမှာ များလွန်းလှချေသည်။ သူ့မှာ ဆေးထောက်ခံစာ ကိစ္စ အတွက် အချိန်များစွာ အကုန်ခံနေရသည်။ သူသည် အခန်းဝမှ ရပ်ကာ 'ဆေးထောက်ခံစာ ယူဖို့ စောင့်နေတဲ့လူ ဘယ်လောက်များများ ကျန်သေးသလဲ။ ကျေးဇူးပြုပြီး မတ်တတ်ရပ်ကြပါ' ဟု ပြောလိုက်လေ၏။

ခန်းမထဲရှိ ထိုင်ခုံများပေါ်၌ ထိုင်နေကြသည့် လူဦးရေမှာ လေးဆယ်ခန့် ရှိပေလိမ့်မည်။ အားလုံး မတ်တတ် ရပ်လိုက်ကြသဖြင့် အင်ဒရူးမှာ မျက်





လုံး ပြူးသွားလေ၏။ ဤလူစုကိုသာ ကျကျနန စစ်ဆေးနေမည် ဆိုပါက တန်ဖိုး ရှိလှသော အချိန်များ အလဟဿ ဖြစ်ရပေတော့မည်။ မည်သည့်နည်းနှင့်မှ တစ်ဦးစီ အသေအချာ စစ်ဆေးနေ၍ မဖြစ်ပေ။ ထို့ကြောင့်လည်း အသေအချာ စစ်ဆေးရန် လိုအပ်သည့် လူများကို ရက်ချိန်း ပေးမည်ဟု ဆုံးဖြတ်လိုက်လေ၏။

ယင်း ဆုံးဖြတ်ချက် အတိုင်း လုပ်သော်လည်း နောက်ဆုံး လူနာကို သူ စစ်ဆေးပြီးချိန်တွင် ဆယ်နာရီခွဲနေပေပြီ။ ကိုစဉ်ခိုက်မှာပင် အလုံးအရပ် ခပ်သင့်သင့်၊ အသက် ခပ်ကြီးကြီး၊ မျက်နှာ နီစပ်စပ်၊ ခါးကိုင်းကိုင်းနှင့် လူ တစ်ယောက် ဝင်လာသဖြင့် မော်ကြည့်လိုက်မိ၏။ ပုံပန်းကတော့ အချိုးအစား ကျလှပေ။ ဘောင်းဘီတို ဝတ်ထားသည်။ အင်္ကျီ ဘေးအိတ်များထဲမှ ဆေးတံ တစ်ချောင်း၊ လက်ကိုင်ပဝါ တစ်ထည်၊ ပန်းသီး တစ်လုံးနှင့် ဆီးချိုတံ တစ်ချောင်းသည် ထိုးထိုးထောင်ထောင် ထွက်လျက် ရှိ၏။ သူ့ကိုယ်မှ ဆေးနံ့များ၊ ကာဘော်လစ် အဆိမ့်များနှင့် အလွန်ပြင်းသော ဆေးတံ သောက်ဆေး အနံ့များသည် လေနှင့်အတူ ပါလာပြီး အင်ဒရူး၏ နှာခေါင်းဝကို ကလိလျက် ရှိလေသည်။ ချက်ချင်းပင် ဒေါက်တာ အာကွတ်မှန်း သိလိုက်လေ၏။

'ဘယ်လိုလဲဟ ငါ့လူရ၊ လွန်ခဲ့တဲ့ နှစ်ရက်က ဘယ်ပျောက်နေတာ တုံး'

ဒေါက်တာ အာကွတ်သည် မိတ်ဆက် စကားလည်း မဆို၊ အင်ဒရူး၏ လက်ကိုပင် ဆွဲ၍ နှုတ်မဆက်တော့ဘဲ သူ မေးချင်တာ မေးသည်။ ပြီးတော့ အင်ဒရူးထံမှ အဖြေကို မစောင့်။

'ငါ မင်းအလုပ်တွေကိုပါ ကျုံးလုပ်လိုက်ရသေးတယ်ကွ၊ သိလား၊ ဒါပေမဲ့ ကိစ္စ မရှိပါဘူး၊ ဒါက အကြောင်းမဟုတ်ပါဘူး၊ မင်း ရောက်လာတာ ဘုရားသခင်ကို ကျေးဇူး တင်ရမှာပဲ၊ မင်း ဆေးတံ သောက်တတ်သလား ဟင်'

'သောက်တတ်ပါတယ်'

'ကောင်းတယ် ကောင်းတယ်၊ အဲဒါလည်း ဘုရားသခင်ကို ကျေးဇူး တင်ရမှာပဲ၊ မင်း တယောကော ထိုးတတ်သလား'

'ဟင့်အင့် မထိုးတတ်ဘူး'

'အေး၊ ငါလည်း မထိုးတတ်ဘူး၊ ဒါပေမဲ့ တယော လုလှ... ...တော့ လုပ်တတ်တယ်၊ နောက်ပြီးတော့ ငါက ကြွေထည် ပန်းကန်... ...သနာ ပါတယ်၊ သူတို့ လူစုက စာအုပ် တစ်အုပ်ထဲမှာ ငါ့နာမည် ...



www.burmeseclassic.com

www.burmeseclassic.com

ကြသေးတယ်၊ မင်း ငါ့အိမ်ဘက်ကို အလည်လာတဲ့ အခါကျမှ ငါ စုထားတာတွေ ပြရဦးမယ်၊ ကဲ လာကွာ၊ ဂေ့ချ်နှင့် တွေ့ရအောင်၊ သူကတော့ အလွန် အလုပ်များတဲ့ 'မကောင်းဆိုးဝါး တစ်ကောင်ပါကွာ၊ ဒါပေမဲ့ ဒီအကောင်က ဘယ်အရည်နှင့် ဘယ်အမှုန့်ကို ရောရင် အဆိပ် ဖြစ်တယ် ဆိုတာတော့ သိတယ်ကွ'

အင်ဒရူးသည် ဒေါက်တာ အာကွတ်နှင့် အတူ လူနာစောင့် အခန်းကို ဖြတ်၍ ဆေးပေးခန်းထဲသို့ ရောက်သွားသည်။ ဂေ့ချ်က သူတို့အား ခေါင်း တစ်ချက် ဆတ်ကာ နှုတ်ဆက်သည်။ သူ့မျက်နှာသည် မှုန်ကုပ်ကုပ်နှင့် စိတ်ရှုပ်နေသည့်ဟန် ပေါက်နေလေသည်။

ဂေ့ချ်မှာ ကိုယ်လုံး ကိုယ်ထည် ခပ်ပါးပါးနှင့် ကိုယ်ထည် ခပ်လိုလို ဖြစ်သည်။ ထိပ်ပြောင်ပြောင်တွင် သပိတ်ရောင် ထနေသော ဆံပင်များက ကျိုးတိုးကျဲတဲနှင့်။ ပါးမုန်းမွေး ခပ်ထူထူ။ သူ့ ပုံပန်းသည် ကမ္မဋ္ဌာန်းရုပ် ပေါက်လျက် ရှိသည်။ သူ ဝတ်ထားသည့် အလံပတ်ကား အပေါ် အင်္ကျီမှာ ဆေးရည် ဆေးစက်များ စွန်းထင်းနေသည်။ သူ့ဟန်ပန် အမူအရာမှာ စိတ်ပျက် လက်ပျက် ဖြစ်နေသည့် ပုံစံမျိုး ဖြစ်သည်။

အင်ဒရူးတို့ ဝင်သွားခိုက်တွင် လူနာ တစ်ဦးအား ဆေးပေးနေခိုက် ဖြစ်သည်။ ဂေ့ချ်သည် ဆေးပြားကလေးများ ထည့်ထားသော ပုလင်း တစ်လုံးကို ကြွက်သတ်ဆေး ပေးနေသည့် ပုံစံမျိုးဖြင့် အပေါက်မှ ထိုးပေးနေသည်။ သူ ဆေးပေးနေပုံမှာ 'ယူချင်လည်း ယူသွား၊ မယူချင်လည်း ထားခဲ့၊ ဘယ်လိုပဲ ဖြစ်ဖြစ် ခင်ဗျား သေမှာက သေမှာပဲ' ဟု မပြောသော်လည်း ပြောနေသကဲ့သို့ပင်။

ဒေါက်တာ အာကွတ်က ဂေ့ချ်နှင့် မိတ်ဆက်ပေး အပြီးတွင် 'ကဲ မင်း ဂေ့ချ်နှင့် တွေ့ပြီးပြီ၊ အဲဒီတော့ကာ လောကကြီးမှာ မကောင်းဆုံး ဆိုတဲ့ အရာ တစ်ခုကို သိသွားပြီလို့ ဆိုရတော့မယ်၊ သူက ကြွက်ဆူဆီက လွဲလို့ ဘာကိုမှ ယုံကြည်တဲ့ လူ မဟုတ်ဘူး၊ ဒါဆိုရင် မင်း သဘောပေါက်ကရောပေါ့၊ ကဲ မင်း ဘာများ သိချင်သေးသလဲ၊ ငါ ပြောနိုင်တာထဲက ဆိုရင် မေးသာမေးကွာ၊ အားမနာနှင့်' ဟု ဆိုလေသည်။

'ကျွန်တော်တော့ဖြင့် ဆေးထောက်ခံစာတွေ အတွက် စိတ်လေးနေမိတယ်၊ နည်းမှ မနည်းပဲ၊ ကနေ့မနက် လာတဲ့ လူတွေထဲမှာ တချို့ဟာ အလုပ် လုပ်နိုင်ကြသားနှင့် လိမ်ညာပြီး ခွင့်ယူဖို့ ဆေးလက်မှတ် လာယူကြတာပဲ၊ သိပ်





တာလွန်းလှတယ်ဗျာ'

'အဲ ဟုတ်ပြီ၊ ဒေါက်တာ လက်စလီက စုပြုံထားခဲ့လေတော့ မင်းအပေါ် ထင်ပါရဲ့၊ မင်း စိတ်ကူးကလည်း လူနာ တစ်ယောက်ကို စစ်ပြီ ဆိုရင် အကျ စစ်ချင်ပုံပေါ်တယ်၊ သွေးခုန်နှုန်း ဘယ်လောက် ရှိသလဲ ဆိုတာ င်တောင်မှ နာရီရှေ့မှာ ချပြီး ငါးမိနစ် အတိအကျ ကြည့်ပြီးမှ သွေးခုန် ဘယ်ရွေ့ ဘယ်မျှ ရှိတယ်လို့ အတိအကျ ပြောချင်တဲ့ လူစားနှင့် တူပါ ဟုတ်လား'

အင်ဒရူးက မဆိုင်းမတွပင် ပြန်ပြောသည်။

'ဆရာဝန် တစ်ယောက် အနေနှင့် ဆေးထောက်ခံစာတွေကို စီးကရက် ဝေသလို ပေးနေလို့ တော်ပါ့မလား ဒေါက်တာ၊ ကျွန်တော်တော့ ဘူး ထင်တာပဲ'

အာကွတ်က အင်ဒရူး မျက်နှာကို ဖျတ်ခနဲ မော့ကြည့်လိုက်ပြီး အခြေ နေမှုန်ကို ခပ်ပြောင်ပြောင် ဖွင့်ဟလေသည်။

'လုပ်တာ ကိုင်တာတော့ သတိထား လုပ်ပေါ့ကွာ၊ သူတို့ တောင်းတဲ့ လက်မှတ်ကို လွယ်လွယ်ကူကူ မရရင် မင်းကို ကြိုက်ကြမှာ မဟုတ်ဘူး ယ့်လူရေ့'

ဂေ့ချ်ကလည်း သူ့ ထင်မြင်ချက်ကို ဝင်ပြောသည်။

'သူတို့ထဲက ထက်ဝက်လောက်က မဆိုးပါဘူးဗျာ၊ ဒါပေမဲ့ ဟိုအကောင် က်ပျင်းတွေကြောင့် ခက်တယ်'

အင်ဒရူးအဖို့ ထိုနေ့ တစ်နေ့လုံး ဆေးလက်မှတ် ကိစ္စ ပြဿနာကို သူ့ ခေါင်းထဲမှ ထုတ်၍ မရတော့ပေ။ လူနာအိမ်များသို့ လှည့်လည် သွားလာရင်း ပင် ဤပြဿနာကို စဉ်းစား ဆင်ခြင် တွေးတောနေမိလေသည်။

လူနာအိမ်များသို့ သွားလာရသည်မှာလည်း မလွယ်ကူလှပေ။ နေရာ ကျွမ်းသေးသဖြင့် တစ်ကြောင်း၊ လမ်းများကို မမှတ်မိသေးသဖြင့် တစ်ကြောင်း၊ မကြာခဏ အမှားမှား အယွင်းယွင်း ဖြစ်နေရ၏။ တစ်နေရာတည်းကို နှစ် မ် ပြန်ရောက်သည့် အခါ ရောက်ဖြစ်နေသဖြင့် အချိန်များစွာ ကုန်ရလေ၏။ ကော်မတီနှင့် လူတွေ့ စစ်ဆေးစဉ်က တွမ် ကတ်တဲလ် ဆိုသူ ပြောခဲ့သည့် မာဒီ တောင်ကုန်းပိုင်းမှ အိမ်အတော်များများသည် သူ့ နယ်မြေထဲတွင် ပါလျက်ရှိ၍ သွားလာရသည်မှာ အဆင်းလမ်း ဟူ၍ သိပ်မရှိလှဘဲ အတက်လမ်းချည်း များလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ မွန်းလွဲပိုင်း ဆေးခန်း ပြန်မဖွင့်မီမှာပင် ဆေးထောက်ခံစာများ နှင့် ပတ်သက်၍ သူ၏ ဆင်ခြင်တုံ တရားက သူ့အား စိတ်မချမ်းမြေ့စ ကောင်းသော ဆုံးဖြတ်ချက် တစ်ခုကို ချမှတ်ဖြစ်အောင် အားပေးခဲ့သည် သူ့အနေဖြင့် ဘယ်နည်းနှင့်မဆို ဆေးခွင့် ထောက်ခံစာ လက်မှတ်များ အလွယ်တကူ မပေးနိုင်ဟု အခိုင်အမာ ဆုံးဖြတ်လိုက်လေ၏။

ညနေပိုင်း ဆေးခန်းသို့ သွားချိန်တွင် သူ့စိတ်ထဲ၌ စိုးရိမ် ကြောင့်ကြ မှု အနည်းငယ် ရှိသော်လည်း သူ့ ဆုံးဖြတ်ချက်ကို မပြင် ဟူသော ပြတ်သား သည့် သန္နိဋ္ဌာန်ကတော့ ရင်ဝယ် ပိုက်ထားပြီး ဖြစ်၏။

လူနာများမှာ မနက်ပိုင်းကထက်ပင် များ၏။ ပထမဆုံး ဝင်လာသည့် လူနာမှာ တုတ်တုတ်ခိုင်ခိုင်နှင့် ဝဝဖိုင့်ဖိုင့် လူကြီး ဖြစ်သည်။ အဆမတန် ထွက်နေသော သူ့ ဗိုက်ကြီးကို မနည်း သယ်၍ လာနေရသည့် ပုံမျိုး ဖြစ်၏ သူ့ထံမှ ဘီယာနံ့သည် တထောင်းထောင်း ထလျက် ရှိလေသည်။ သူ့ကို ကြ ရသည်မှာ အလုပ် တစ်ခုကို တစ်နေကုန်အောင် လုပ်ခဲ့ဖူးသည့် လူစား ဟုတ်ပုံ မရချေ။ အသက်မှာ ငါးဆယ်ခန့် ရှိပြီ ဖြစ်၍ အင်ဒရူးအား စို ကြည့်နေသည့် မျက်လုံးများသည် ဝက်တစ်ကောင်၏ မျက်လုံးများနှင့် တူ ပေသည်။

သူသည် ပမာမခန့် အမူအရာဖြင့် အင်ဒရူး စားပွဲရှေ့တွင် ရပ်လိုက် 'ဆေးခွင့် လက်မှတ်' ဟု ပြောလေ၏။

အင်ဒရူးကလည်း သူ့ ဆုံးဖြတ်ချက်နှင့် သူ ဖြစ်ရာ ဂရုမစိုက်ချေ။

'ဘာအတွက်လဲ'

'မျက်စိ မကောင်းလို့၊ ကျုပ် နာမည်က ချင်ကင်း၊ ဘင် ချင်ကင်း'

ဘင် ချင်ကင်း၏ ပြောပေါက် ဆိုပေါက်မှာ မာကျယ်ကျယ် နိုင်လွန်း သဖြင့် သူ့ ဟန်အမူအရာကို ကြည့်၍ အော့နလုံး နာလျက် ရှိသော အင်ဒ သည် ချင်ကင်း၏ အထက်စီး နိုင်လှသော အသံကြောင့် တိုး၍ အော့န နာမိလေ၏။

ချင်ကင်းအား သာမန်မျက်စိဖြင့် မြင်ရုံမျှနှင့် မျက်စိရောဂါ မရှိ ကြောင်း အင်ဒရူး သိ၏။ မနက်က ဂေ့ဂျ် ပြောသည့် စကားအရ ဆိုလျှ ချင်ကင်းလို လူပျင်းကြီးများသည် ဘာကိုမှ မည်မည်ရရ မလုပ်ဘဲ နည်း အမျိုး မျိုးဖြင့် ခွင့်ယူကာ နောက်ဆုံးတွင် ကုမ္ပဏီမှ လျော်ကြေး တောင်းမည် ဖြ သည်။ ဤနည်းလမ်းမျိုးကိုတော့ သူ လက်မခံနိုင်ပေ။ သို့ဖြစ်ရာ ချင်ကင်း



စားအား ပညာပြတော့မှ ဖြစ်မည်ဟု သူ တွေးမိလေ၏။

ယခု ညနေပိုင်း ဆေးခန်းလာခါမှ သူသည် မျက်စိ အတွင်းပိုင်းကို စစ်ဆေး ကြည့်ရှုသည့် ကိရိယာကို ယူလာခဲ့မိသဖြင့် အဆင်သင့် သွားလေ သည်။ ချင်ကင်းအား စစ်ဆေးကြည့်လိုက်လျှင် အကောင်းဆုံး ဖြစ်ပေလိမ့် မည်။

အင်ဒရူးသည် ထိုင်ရာမှ ထလေ၏။

'ကဲ ခင်ဗျား အဝတ်အစားတွေ ချွတ်'

ရုတ်တရက်သော် ချင်ကင်းသည် အံ့အားကြီး သင့်ကာ ခပ်ကြောင် ကြောင် ဖြစ်သွားသည်။ ပြီးမှ အင်ဒရူးအား တစ်ချက် ကြည့်လိုက်လေသည်။

'ဘာလုပ်မလို့လဲ'

'ကျွန်တော် ခင်ဗျားကို စစ်ဆေးကြည့်ရဦးမယ်လေ'

ဘင် ချင်ကင်းသည် အတော်ကြီး မကျေမနပ် ဖြစ်သွားသည်။ ခုနစ် နှစ်ကြာမျှ ဤနယ်ရာတွင် လုပ်သွားခဲ့သော ဒေါက်တာ လက်စလီသည် ဆေး ခွင့် လက်မှတ် အတွက် ထောက်ခံစာ လာတောင်းတိုင်း ရှောရှောရှူရှူ ပေး လိုက်သည်သာ ဖြစ်၏။ ဘယ်တုန်းကမှ သူ့အား စစ်ဆေးခြင်း လုပ်ခဲ့ဖူးသည် မရှိပေ။

သူသည် အောင့်သက်သက် မျက်နှာထားဖြင့် လည်ပင်းမှ မာဖလာကို ဖြုတ်၍ အပေါ်အင်္ကျီကို ချွတ်သည်။ ပြီးမှ အနီနှင့် အပြာ ကွက်ကျား ရှပ် အင်္ကျီကို ချွတ်သည်။ ရင်ဘတ် တစ်ခုလုံးမှာ အမွေးအမှင် ဗရပွနှင့် ဖြစ်၍ အဆီပြင် အဆီခဲ ဖုံးအုပ်နေသော ဗိုက်သားကြီးသည် ရှေ့သို့ စူထွက်လျက် ရှိလေသည်။

အင်ဒရူးသည် ချင်ကင်းအား အသေအချာ ဂရုစိုက်၍ စစ်ဆေးလေ သည်။ မျက်စိစစ် ကိရိယာဖြင့် ချင်ကင်း၏ မျက်လုံး အတွင်းပိုင်းကို စေ့စေ့ စပ်စပ် ထိုး၍ ကြည့်သည်။ အကြာကြီး စစ်ဆေးပြီး၍ ကျေနပ်ခါမှပင် 'အဝတ် အစားဝတ်တော့' ဟု ပြောလေ၏။

အင်ဒရူးသည် စားပွဲတွင် ပြန်ထိုင်ကာ ဆေးစာ တစ်စောင် ရေးနေ သည်။ ဘင် ချင်ကင်း၏ ပါးစပ်သည် အငြိမ်မနေဘဲ 'ဟား ဟား ရမယ်လို့ က်ထားပြီးသားပါ' ဟု ရေရွတ်လိုက်သေး၏။

'နောက်တစ်ယောက်'

အင်ဒရူးသည် အပြင်သို့ လှမ်း၍ အသံပြုရင်း လက်မှတ်ကို ချင်ကင်း



www.burmeseclassic.com

www.burmeseclassic.com

အား ပေးသည်။ ချင်ကင်းသည် ဆေးလက်မှတ်ကို အင်ဒရူး လက်ထဲမှ အငေ မရ လှမ်းယူလိုက်ပြီး အောင်မြင်သော ခြေလှမ်းမျိုးဖြင့် ထွက်ခွာသွားလေ တော့၏။

ငါးမိနစ်ခန့်သာ ကြာပေလိမ့်မည်။

ချင်ကင်း တစ်ယောက် ဆေးခန်းထဲသို့ ပြန်ရောက်လာသည်။ ဒေါသ ကြီးနေသော နွားရိုင်းကြီး တစ်ကောင်သဖွယ် တရှူးရှူး တရှဲရှဲ ဖြစ်လျက် ရှိ၏။ မျက်နှာကြီးမှာ သွေးလို ပုပ်လျက် ရှိ၏။ ခုံရှည်များပေါ်တွင် ထိုင်နေကြသော အများကို အစောင်း တိုးဝှေ့ ကျော်ဖြတ်ကာ ဝင်လာသည်။ သူ့နှုတ်မှလည်း 'လုပ်ပုံကို ကြည့်စမ်း၊ ဘယ်လောက် ဆိုးသလဲ' စသည်ဖြင့် အော်ကြီး ဟစ် ကျယ် ပြောလာသည်။

'ဒါက ဘာအဓိပ္ပာယ်လဲ'

ချင်ကင်းသည် သူ့ လက်ထဲမှ ဆေးစာကို အင်ဒရူး၏ မျက်နှာဆီ ထိုး၍ ပြသည်။ အင်ဒရူးက ယူ၍ ဖတ်သည်။ သူကိုယ်တိုင် ရေးပေးလိုက် သည့် ဆေးစာ။ သူ ရေးထားသည်မှာ...

ဘင် ချင်ကင်းသည် အရက် သောက်ခြင်းတွင် အာရုံ ခံစား များလွန်းသော ရောဂါ ဖြစ်လျက် ရှိသည်။ သို့သော်လည်း သူသည် အလုပ်ကို ကောင်းစွာ လုပ်ကိုင်နိုင်သည့် အခြေအနေ ရှိပါသည်။

လက်မှ

အင်ဒရူး မေဆ

ဆရာဝ

အင်ဒရူးသည် စာကို ဖတ်ပြီး ချင်ကင်းအား မော့ကြည့်ကာ ခပ်အေး အေးပင် မေးလေသည်။

'ကဲ ဆိုပါဦး၊ ဘာလုပ်ရမှာလဲ'

'ကျုပ် တောင်းတာ ဆေးခွင့်ယူဖို့ ဆေးလက်မှတ် တောင်းတာ၊ ကျု မှာ မျက်စိရောဂါ ဖြစ်နေတာ ကြာပြီ၊ ကျုပ်ကို အရူးလုပ်လို့ ရမယ် ထင် သလား၊ မရဘူး ကိုယ့်လူ သိလား၊ မျက်စိရောဂါ ဖြစ်နေတာ ဆယ့်ငါးနှ သောက် ရှိနေပြီ၊ ကျုပ်ကို ဒီအပေါက်မျိုး မချိုးနှင့်'

ချင်ကင်းက ဒေါသတကြီးဖြင့် အော်ကြီးဟစ်ကျယ် ပြောဆိုလျက် ရှိ သော်လည်း အင်ဒရူးက ဂရုမစိုက်ချေ။

'အခု ကျွန်တော် စစ်ကြည့်တော့ ခင်ဗျားဆီမှာ ဒီရောဂါမှ မရှိပဲ'





အပြင်မှ လူနာများသည် ဆေးခန်း တံခါးဝတွင် စုပြုံ၍ ရပ်ကာ အခြေ အနေကို အကဲခတ် နေကြလေပြီ။ ဒေါက်တာ အာကွတ် တစ်ယောက်တော့ ဖြင့် သူ့ အခန်းထဲမှ ထွက်၍ မိမိ၏ အခန်းဆီသို့ လှမ်းကြည့် နေလိမ့်မည် ု အင်ဒရူး တွေးနေမိသည်။ ဂေ့ချ် တစ်ယောက်သည်လည်း သူ့ ဆေးပေးခန်း ပေါက်ဝမှ ထွက်ကာ လှမ်း၍ ကြည့်နေမည်မှာ သေချာသည်ဟု သူ တွက် သည်။

'နောက်ဆုံး အကြိမ် အနေနှင့် ကျုပ်ပြောမယ်၊ ကျုပ် မျက်စိရောဂါ တွက် ဆေးခွင့်ယူဖို့ ထောက်ခံစာ ပေးမလား မပေးဘူးလား'

ဘင် ချင်ကင်းသည် တအားကျုံး၍ အော်လေသည်။ အင်ဒရူးသည် တ်လွတ် ကိုယ်လွတ် ဖြစ်သွားလေ၏။

'မပေးဘူး၊ ကျုပ် မပေးဘူး၊ ခင်ဗျားကို ကျုပ် ဆွဲထုတ်မိလိမ့်မယ်၊ ား... ကျုပ် အခန်းထဲက အခုချက်ချင်း ထွက်သွား'

ဘင် ချင်ကင်း၏ ဝမ်းဗိုက်ကြီးမှာ ဒေါသအရှိန်ဖြင့် ပိန်ချည် တစ်လှည့် င်းချည် တစ်ခါ ဖြစ်လျက် ရှိ၏။ သူ့ မျက်နှာကို ကြည့်ရသည်မှာ အင် ရူးအား မှုန်မှုန်ညက်ညက် ကြေအောင် ခြေမွပစ်ချင်ဟန် တူသည်။ ထို့ ကက် အင်ဒရူးအား ယုတ်ယုတ်မာမာ ညစ်ညစ်ပတ်ပတ် ဆဲရေး တိုင်းထွာ မ်းမောင်းကာ အခန်းထဲမှ ထွက်သွားလေ၏။

ဘင် ချင်ကင်း ထွက်သွားလျှင် သွားချင်း ဂေ့ချ်သည် သူ့ ဆေးခန်းထဲမှ က်သီးသုတ်ပုဝါနှင့် ထွက်လာပြီး အင်ဒရူးထံ ရောက်လာသည်။ သူသည် လွန် ကျေနပ် အားရသော အသွင်ဖြင့် လက်နှစ်ဖက်ကို ပွတ်ခြေလျက် ရှိ သည်။ သူသည် အလွန် ဝမ်းမြောက် ဝမ်းသာ ဖြစ်လျက်လည်း ရှိ၏။

'ဒီမှာ ဒေါက်တာ၊ ခင်ဗျား အခု ကန်ထုတ်လိုက်တဲ့ လူကြီးဟာ ဘယ် လဲ သိလားဟင်၊ အဲဒါ ဘင် ချင်ကင်း ဆိုတဲ့ ငနဲကြီးပေါ့ဗျ၊ သူ့သားက ကော်မတီမှာ အလွန် သြဇာရှိတဲ့ အဖွဲ့ဝင် တစ်ယောက်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com

အင်ဒရူးနှင့် ချင်ကင်းတို့ အဆင်မပြေ ဖြစ်ကြသည့် သတင်းသည် တစ်မုဟုတ်ချင်း အင်ဒရူး၏ နယ်မြေ အတွင်း၌ တောမီးလောင်သည့်ပမာ ပျံ့နှံ့ သွားလေသည်။ အချို့က 'ဒီလို လုပ်လိုက်တာ ကောင်းတယ်' ဟု ခပ်ပေါ့ပေါ့ပင် မှတ်ချက် ချကြသည်။ 'ဒီလို လုပ်လိုက်တာ သိပ်ကောင်းတယ်' ဟု အားရပါးရ ပြောသူများမှာ လူနည်းစုမျှသာ ဖြစ်သည်။

တကယ်တော့ ဘင် ချင်ကင်း၏ လိမ်လည် လှည့်ဖြားမှုကို ထုတ်ဖော်ပြီး အလုပ်ဆင်းနိုင်သည့် အခြေအနေ ရှိကြောင်း အတိအကျ ရေးလိုက်ခြင်းသည် အလွန် ကောင်းသည်ဟု ယူဆပြီး သဘောကျ ထောက်ခံသူများမှာ လူများစု မဟုတ်ဘဲ လူနည်းစုသာ ဖြစ်ပေသည်။

လူများစုသည် ဘင် ချင်ကင်းဘက်မှ ရပ်ကြလေသည်။ မကျန်းမာမှုကို အကြောင်းပြု၍ ကရုဏာကြေး ထုတ်ယူနိုင်ရန် အတွက် ဆရာဝန်နှင့် လူနာနှစ်ဦး နှစ်ဖက် ပေါင်း၍ သဘောတူ ပြုလုပ်နေကြသော 'နားလည်မှု ကိစ္စ' များသည် အခြား ဆရာဝန်များအဖို့ အထူးအဆန်း မဟုတ်သော်လည်း မနေ့တင်နေ့ကမှ ရောက်လာသော မှန်မှန်ကန်ကန် လုပ်လိုသည့် ဆရာဝန် အသစ်အတွက်တော့ ရှုံရှာ စက်ဆုပ်ဖွယ် ကောင်းသည့် လုပ်ရပ် တစ်ခု ဖြစ်နေလေ၏။

အင်ဒရူးသည် ဤကိစ္စ အတွက် သူ့အား အလုပ်သမား အများစုက နှစ်သက်ကြကြောင်း ကောင်းစွာ သိနေ၏။ သူ လူနာအိမ်များသို့ လူနာကြည့် သွားသည့် အခါများတွင် လူအများက သူ့အား ဆက်ဆံပုံနှင့် ကြည့်ပုံများမှာ နှစ်မြို့သည့် လက္ခဏာ အပြည့်အဝ ပါရှိကြောင်း ကောင်းစွာပင် သတိထား

www.burmeseclassic.com



မိ၏။ အဆိုးဆုံးကား ညပိုင်း ဆေးခန်းဖွင့်ချိန်တွင် လူနာ အလုပ်သမား အရှု
စုက သူ့အား သဘောမကျကြောင်းကို သိသာ ထင်ရှားစွာ ပြနေကြခြင်းပင်
တည်း။

လုပ်ရိုးလုပ်စဉ်အရ လက်ထောက် ဆရာဝန် တစ်ဦးအား နယ်မြေ
အတိအကျ ပိုင်းခြား ပေးပြီးလျှင် ယင်းနယ်မြေ၏ တာဝန်ခံ ဆရာဝန် အဖြ
တာဝန်ချထားပေးသော်လည်း နယ်မြေ အတွင်းရှိ အလုပ်သမားများကိုမူ သူ
ကြိုက်နှစ်သက်ရာ ဆရာဝန်ကို ရွေးချယ်ပိုင်ခွင့် ပေးထားသည်။ အလုပ်သမား
တစ်ဦးစီ အတွက် လူနာ မှတ်ပုံတင် ကတ်ပြား တစ်ခုစီ ပေးထားသည် ဖြစ်ရာ
အကယ်၍ အလုပ်သမား တစ်ယောက်သည် ဆရာဝန်ကို မနှစ်သက်ပါ
ယင်း ကတ်ပြားကို ဆရာဝန်ထံမှ ပြန်လည် တောင်းယူပြီး သူ နှစ်သက်
ဆရာဝန်အား ပေးနိုင်၏။ ဤနည်းဖြင့် ဆရာဝန် ပြောင်းပြီးသား ဖြစ်သွား
လေသည်။

အင်ဒရူးမှာ ချက်ချင်းဆိုသလိုပင် ဤပြဿနာနှင့် ရင်ဆိုင်ရလေ၏
ဘင် ချင်ကင်းနှင့် မပြေမလည် ဖြစ်ခဲ့ပြီးသည့်နောက် တစ်ပတ် အတွင်းမှာ
အလုပ်သမား အတော်များများက သူတို့ လူနာ မှတ်ပုံတင် ကတ်ပြားများ
ပြန်လည် တောင်းယူကြလေသည်။ အချို့ အလုပ်သမားများသည် သူတို့ ကိုယ်
တိုင် လာမတောင်းကြဘဲ သူတို့၏ ဇနီးများကို စေလွှတ်၍ တောင်းယူ
သည်။ သူတို့ ဇနီးများကလည်း မှတ်ပုံတင် ကတ်ပြား ပြန်တောင်းရသ
အတွက် အားနာဟန်တူ၏။ အင်ဒရူး၏ မျက်နှာကိုပင် စေ့စေ့ မကြည့်
'ဒေါက်တာ အနေနှင့် ဘယ်လိုမှ မအောက်မေ့ဘူး ဆိုရင် ကျွန်မတို့ မှတ်
တင် ကတ်ပြားကလေး ပြန်ယူပါရစေ' ဟု ပြောတတ်ကြလေသည်။

လူနာ မှတ်ပုံတင် ကတ်ပြားများ ထည့်သည့် သေတ္တာကလေးမှာ
စဉ်နှင့် အမျှ လျော့၍ လျော့၍ လာခဲ့ရာ စိတ်မချမ်းမြေ့စရာ ကောင်းသ
အခြေသို့ပင် ဆိုက်လာခဲ့လေ၏။ မှတ်ပုံတင် ကတ်ပြား တစ်ပြား လျော့ခြ
သည် သူ့လစာငွေထဲမှ ဆယ်သျှီလင် နုတ်လိုက်ခြင်းပင် ဖြစ်ရာ သူ့ဝင်ငွေ
များစွာ ထိခိုက်လျက် ရှိလေသည်။

စနေနေ့ညတွင်မူ အင်ဒရူးသည် ဒေါက်တာ အာကွတ်၏ ဖိတ်ခေါ်
ချက်အရ သူ့အိမ်သို့ ရောက်သွားလေ၏။ အဘိုးကြီးက သူ့ လုပ်သက်
လေးဆယ် အတွင်း သူ စုဆောင်းထားသမျှကို ပြသည်။ သူကိုယ်တိုင် ပြု
ထားသည့် တယောများမှာ နံရံ၌ အစီအရီ ချိတ်ဆွဲထား၏။ စိတ်ဝင်စားစ





ကောင်းဆုံးနှင့် အံ့သြဖွယ် အကောင်းဆုံး စုဆောင်းမှုကား အင်္ဂလန် နိုင်ငံမှ
တ်လုပ်သော ရှေးဟောင်း ပန်းကန်ခွက်ယောက်များ စုဆောင်းထားခြင်းပင်
ဖြစ်ပေသည်။

စုဆောင်းထားသည့် ပစ္စည်းများမှာ အံ့မခန်း ဖြစ်လောက်ပေ၏။
တ်၊ ဝက်ဒဝုဒ်၊ ကရောင်း၊ ဒါဘီ စသော ကုမ္ပဏီများမှ ထုတ်လုပ်ခဲ့သည့်
စ္စည်းဟောင်းများသာမက ဆွမ်ဆီးနယ်မှ ထုတ်လုပ်ခဲ့သည့် ပစ္စည်းဟောင်း
များပါ စုဆောင်း ရရှိထားလေသည်။ သူ စုဆောင်းထားသည့် ပန်းကန်ပြား
များ၊ ပန်းကန်လုံးများ၊ ဟင်းပန်းကန် အပက်များ၊ အချို့ ပန်းကန်လုံး အစုံ
များနှင့် ရေချိုင့်များမှာ အခန်းတိုင်း၌ ရှိလေသည်။ ပစ္စည်းက များပြားသဖြင့်
အခန်းတိုင်း ပြည့်နေရုံမျှမက ရေချိုးခန်းထဲမှာပင် ခင်းကျင်းထားရသေး၏။
ရေချိုးနေခိုက် အိမ်သာတက်နေခိုက်မှာပင် သူ စုဆောင်းထားသည့် ပစ္စည်း
များကို တစိမ့်စိမ့် ကြည့်၍ ပီတိ ဖြစ်နိုင် ဂုဏ်ယူနိုင်ပေသည်။ အမှန်တော့
သည်း ရှေးဟောင်း ပန်းကန် ခွက်ယောက်များသည် အဘိုးကြီး အာကွတ်၏
အသက်ပင် ဖြစ်ပေသည်။ ပစ္စည်းများကို ရှာဖွေ စုဆောင်းရာ၌လည်း အလွန်
မှာ ပါးနပ် ကျွမ်းကျင်၏။ သူ ကြိုက်သည့် ပန်းကန်ကို သူ့ လူနာ အိမ်၌
တွေ့ပါက ထိုအိမ်သို့ ရောက်တိုင်း ကောက်၍ ကြည့်တတ်သည်။ ကြည့်ရာ၌
လည်း ရိုးရိုးတန်းတန်း ကြည့်ခြင်းမျိုး မဟုတ်ပေ။ စုံစုံမက်မက် မြတ်မြတ်
နိုး ကြည့်ကြောင်း အိမ်ရှင်များ ရိပ်မိ သိသာအောင် ကြည့်ခြင်း ဖြစ်၏။
ထိုကဲ့သို့ လုပ်ဖန် များလာသော အခါ အိမ်ရှင်မများ ကိုယ်တိုင်က အားနာ
လာတော့သည်။ ထိုအခါ အိမ်ရှင်မများ ကိုယ်တိုင်ကပင် 'ဒေါက်တာ ဒီပန်းကန်
ကို သိပ်ကြိုက်နေပြီ ထင်တယ်၊ ဒီလောက် ကြိုက်နေရင်လည်း ယူသွားပါတော့
' ဟု ဆိုကာ အပိုင် ပေးလိုက်လေတော့၏။

ထိုအခါမျိုးတွင် ဒေါက်တာ အာကွတ်၏ နှုတ်မှ ကျေးဇူးတင်စကား
ကြိမ်ကြိမ် အထပ်ထပ် ထွက်လာတတ်သည်။ ပေးသည့် ပစ္စည်းကို ကပျာ
ကယာ ကောက်၍ သတင်းစာ စက္ကူနှင့် ထုပ်ကာ ဝမ်းသာအားရဖြင့် အိမ်သို့
ပြန်လာပြီး စင်တစ်စင်ပေါ်တွင် တမြတ်တနိုး တယုတယဖြင့် အသာအယာ
တင်ထားလိုက်ကာ ပီတိ ဖြစ်နေတတ်လေ၏။

ဤအဘိုးကြီးကား အေဘာရာလောမြို့၏ ဂုဏ်သရေရှိ လူကြီး လူ
ကောင်း တစ်ယောက် အဖြစ် ထင်ရှားသူ ဖြစ်၏။ သူ့အသက်မှာ ခြောက်ဆယ်
ဟု ပြောသော်လည်း ခုနစ်ဆယ်ကျော် ရှစ်ဆယ်နီးပါးတော့ ရှိပြီ



www.burmeseclassic.com

www.burmeseclassic.com


မှန်းရပေသည်။ ကျန်းမာရေးတော့ အလွန် ကောင်း၏။ မျက်စိပင် မမှုန်သေး ပေ။ သူ့လူနာများကို ခပ်ကြမ်းကြမ်း ဆဲဆို ကြိမ်းမောင်းတတ်သော်လည်း စိတ်သဘောထားကတော့ အလွန် နူးညံ့ သိမ်မွေ့လေသည်။ လွန်ခဲ့သော ဆယ် တစ်နှစ်လောက်က သူ့ဇနီး ကွယ်လွန်သွားခဲ့ရာ ထိုအချိန်မှ စ၍ တစ်ယောက် တည်း နေလာခဲ့၏။ သူ့အတွက် ထမင်းချက်ပင် မထားတော့ဘဲ စည်သွတ်ဗူး အစားအစာများနှင့်သာ နေလာခဲ့သူ ဖြစ်လေသည်။

ထိုနေ့ ညနေပိုင်းတွင် ဒေါက်တာ အာကွတ်သည် သူ စုဆောင်းထားသော ပစ္စည်းများကို ပြသနေရင်းမှ အင်ဒရူးအား 'ကိုယ့်လူရေ၊ ကျုပ်ကတော့ မင်း ဆီက လူနာတွေ မလိုချင်ပါဘူး၊ ကျုပ်လူနာနှင့် ကျုပ် လုံလောက်နေပါပြီ၊ ဒါပေမဲ့ ခက်တာက သူတို့က ကျုပ်ဆီ အမြီးနန့်ပြီး လာရင်တော့လည်း ကျုပ် မတတ်နိုင်ပေဘူး၊ လက်ခံရမှာပဲ၊ သူတို့အနေနှင့် အရှေ့ပိုင်း ဆေးခန်းကိုလည်း ဘယ်သွားနိုင်မှာလဲ၊ အရှေ့ပိုင်း ဆေးခန်းက သိပ်ဝေးတယ် မဟုတ်လား' ဟု ပြောလေ၏။

သူ့စကားကြောင့် အင်ဒရူး၏ မျက်နှာသည် ရဲခနဲ ဖြစ်သွားသော် လည်း ဘာပြန်ပြောရမှန်း မသိချေ။

'မင်းအနေနှင့် သတိကလေးထားပြီး လုပ်ဖို့တော့ လိုလိမ့်မယ် ထင် တယ်ကွ၊ သတိ ဆိုတာ ပိုတယ်လို့ မရှိဘူး၊ ငါ သိပါတယ်လေ၊ မင်း ဘောက် မြို့ရဲ့ တံတိုင်းကြီးကို ဖြိုချချင်နေတယ် မဟုတ်လား၊ အေးပေါ့ကွာ၊ ငါ ကိုယ် တိုင်လည်း ငယ်ငယ်တုန်းက တစ်ကြိမ် ကြုံခဲ့ဖူးပါတယ်၊ ဒါပေမဲ့ အခြေအနေ က အတူတူပါပဲကွာ၊ သိပ် မထူးပါဘူး၊ ကိုယ် ဖြစ်ချင်တာကို ဝုန်းဝုန်းဒိုင်းဒိုင်း နှင့် ထလုပ်လို့တော့ မရဘူး ကိုယ့်လူရေ၊ ဖြည်းဖြည်းမှန်မှန်ပဲ လုပ်သွား ဖြစ်မယ်၊ မလုပ်ခင် သတိထားဖို့လည်း လိုလိမ့်မယ်၊ ကဲ ကောင်းသော ည ဒေါက်တာ မေဆန်၊ မင်းဇနီးကိုလည်း ငါ နှုတ်ဆက်တယ်လို့ ပြောလိုက်ပါဦး'

ဒေါက်တာ အာကွတ်၏ စကားများသည် သူ့နားထဲမှ မထွက်တော့ ချေ။ သူ့အနေဖြင့် မည်သည့် ကိစ္စတွင်မဆို ရှေ့လောတကြီး မလုပ်မိရန် သတိ ထားခဲ့၏။ လိုက်လျောနိုင်သည့် ကိစ္စများတွင် သူ တတ်နိုင်သမျှ လိုက်လျော လျော လုပ်မည်ဟုလည်း စိတ်ကူးထားခဲ့၏။ သို့သော်လည်း အခြေအနေ မှာ ထိန်းသိမ်း၍ မရနိုင်သည့် အခြေအနေမျိုးသို့ ဆိုက်ရောက်လျက် ရှိပြီ ဖြစ် ၏။ သူ့အား အထင်မှား အမြင်မှား ဖြစ်ကာ သဘောမကျသည့် အလုပ်သမား ဦးရေမှာ တစ်နေ့တခြား တိုးတက် များပြား လာနေလေပြီ။



ယင်း အခြေအနေမျိုး ဖြစ်ပေါ်နေခိုက် ထိုအပတ် တနင်္လာနေ့တွင် အင်ဒရူးသည် စီဖန် ရပ်ကွက်မှ သောမတ် အီဗန်၏ အိမ်သို့ လူနာကြည့် ရောက်သွားလေ၏။ သောမတ် အီဗန်မှာ အေဘာရား ကျောက်မီးသွေးတွင်းမှ ကျောက်မီးသွေးတုံးကြီးများကို ခွဲစိတ် ဖြတ်တောက်ပေးရသည့် အလုပ်သမား တစ်ဦး ဖြစ်လေသည်။ ရေနွေးပူများ ထည့်ထားသော သတ္တုပုံးကြီး မှောက်၍ ဘယ်ဘက်လက် တစ်ခုလုံး ရေနွေးပူလောင်သော ဒဏ်ရာ ရထားသဖြင့် လာ၍ ကြည့်ရခြင်း ဖြစ်ပေသည်။

အီဗန်၏ ဒဏ်ရာသည် အတော်ကြီး ပြင်းထန်သော ဒဏ်ရာ ဖြစ်၏။ လက်မောင်း တစ်ခုလုံးမှာ ရစရာ မရှိအောင် အပူလောင်ထားသဖြင့် အဆီနှင့် အရေ ဖြစ်လျက် ရှိပေသည်။ အဆိုးဆုံး နေရာမှာ တံတောင်ဆစ် တစ်ဝိုက်တွင် ဖြစ်သည်။ အင်ဒရူး ရောက်သွားသည့်အခါ အီဗန်အား ရေနွေးပူလောင်စဉ်က အိမ်နီးချင်းတို့ ရပ်ကွက်ထဲသို့ ရောက်နေနှင့်သော နယ်မြေ တာဝန်ခံ သူနာပြု ဆရာမက လာရောက် ကြည့်ရှုပြီး ကေရွန်ဆီ ထည့်ပေးကာ ပတ်တီး စည်း ပေးထားခဲ့သည်ကို တွေ့ရလေ၏။

အင်ဒရူးသည် လက်တစ်ခုလုံးကို အသေအချာ ဂရုစိုက်၍ စစ်ဆေး ကြည့်ရှုသည်။ ပတ်တီး စည်းထားပုံမှာ သန့်သန့်ရှင်းရှင်း မဟုတ်သဖြင့် စိတ် ထဲတွင် ထင့်ခနဲ ဖြစ်သွားမိ၏။ ကေရွန်ဆီ ထည့်ထားသည့် ပုလင်းမှာလည်း စနစ်တကျ ထားသည်မဟုတ်ပေ။ အဖုံးပိတ်ပင် မရှိ။ စက္ကူဟောင်းကို လုံးလိပ် ၍ ပိတ်ထားခြင်းသာ ဖြစ်သည်။ ဆေးရည်မှာလည်း သန့်စင်မည့် လက္ခဏာ မရှိချေ။ ပုလင်းထဲရှိ လက်ကျန် ဆေးရည်များထဲတွင် ဘက်တီးရီးယား ပိုးများ ပွားခတ် သွားလာနေမည်မှာ သေချာသည်ဟုပင် သူ ထင်နေမိလေ၏။

'ဆရာမ လှိုက်က ဂရုတစိုက် လုပ်ပေးသွားပါတယ် ဒေါက်တာ'

အီဗန်က အင်ဒရူး စစ်ဆေးနေပုံကို ကြည့်ပြီး စိုးရိမ် မကင်းသော အသံ ဖြင့် ပြောသည်။ အီဗန်သည် လူငယ် တစ်ဦးမျှသာ ဖြစ်သည်။ သူ့မိန်းမသည် မီးဖိုခန်းတွင် ရပ်နေရာမှ အင်ဒရူး လုပ်ကိုင်နေသမျှကို စူးစူးစိုက်စိုက် ကြည့်နေ သည်။ သူမ၏ မျက်နှာကမူ အင်ဒရူးအား မနှစ်သက်သည့် အမူအရာကို သိသိ သာသာ ဖော်ပြလျက် ရှိလေသည်။

'ကောင်းပါတယ်၊ ပတ်တီး စည်းထားတာလည်း မဆိုးပါဘူး'

အင်ဒရူးက အဆင်ပြေအောင် လိုက်လိုက်လျောလျော ပြောသည်။

'ဒဏ်ရာ ရပြီးပြီးချင်း စည်းထားတဲ့ ပတ်တီးပဲ၊ ဒီလောက် ...


www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်၊ ကျွန်တော့် အနေနဲ့ အဆိပ်မဖြစ်အောင် ပတ်တီး တစ်မျိုး ထ စည်းပေးခဲ့ဦးမယ်၊ ပိုပြီး စိတ်ချရတာပေါ့'

လူချင်း ဆက်ဆံမှု အဆင်ပြေရန် အလိုက်သင့် ပြောနေသော်လည်း သူ့စိတ်ထဲကမူ အီဗန်၏ လက်အတွက် သောက ဖြစ်လျက် ရှိ၏။ အဆိပ်မ သော ဆေးသာ ထည့်မပေးနိုင်လျှင် အီဗန်၏ လက်တစ်ခုလုံး ဒုက္ခ ဖြစ် တော့မည်။ အထူးသဖြင့် တံတောင်ဆစ် အတွက် စိုးရိမ်နေမိ၏။ ကံကောင်း ထောက်မ၍ 'ဘာမှ မဖြစ်ပါစေနှင့်' ဟုပင် ဆုတောင်းရပေတော့မည်။

အီဗန်တို့ လင်မယားသည် အင်ဒရူး လုပ်ကိုင်နေသမျှကို မကျေမ နှင့်ပင် ကြည့်နေကြသည်။ အင်ဒရူးကတော့ အီဗန်၏ လက်မောင်းကို ဆေး တကျ ဆေးကြော သုတ်သင်ပေးပြီး အဆိပ် မဖြစ်အောင် တားဆီး ကာကွ ပေးနိုင်သည့်ဆေး ထည့်ပေးကာ ပတ်တီး အသစ် စည်းပေးလေသည်။

'ဘယ်လိုနေသလဲ အီဗန်၊ အခု ပတ်တီး အသစ် စည်းပြီးမှ ပိုပြီး သက် သောင့်သက်သာ ဖြစ်မလာဘူးလား'

'ကျွန်တော်တော့ မသိပါဘူး၊ ဘာမှ သိပ် မထူးသလိုပါပဲ၊ ပတ်တီး အသစ် စည်းပေးလိုက်ရင် ပိုကောင်းမယ် ဆိုတာကော သေချာရဲ့လား ဒေါ တာ'

'သေချာပါတယ် အီဗန်၊ ပတ်တီး အသစ် ပြင်စည်းပေးတာကို စိ မပူပါနဲ့၊ ပိုပြီး ကောင်းအောင်လို့ပါ၊ တကယ်လို့ ဆရာမက ပြောရင်လည် ကျွန်တော် ရှင်းပြပေးပါ့မယ်'

အင်ဒရူးသည် သူနာပြုဆရာမကို ပေးရန် စာတိုလေး တစ်စောင် ရေး ပေးခဲ့သည်။ သူနာပြု ဆရာမ လွိုက် အနေဖြင့် သူ့အပေါ် အထင်အမြင် မ စေရန် ဟူသော စေတနာဖြင့် ရေးခဲ့ခြင်း ဖြစ်၏။ စာတွင် အီဗန်၏ ဒဏ်ရာ ပြုစုပေးသည့် အတွက် ကျေးဇူးတင်ကြောင်း၊ အနာတွင် အဆိပ် မဝင်စေ အတွက် သူ အသစ်ပြင်၍ စည်းထားခဲ့သည့် ပတ်တီးစည်းနည်း အတိုင်း ဆ ၍ စည်းစေလိုကြောင်း စသည်ဖြင့် တစ်ဖက်သား နားခံသာအောင် အစွမ်းက ကြိုးစား၍ သာယာ ညင်းပျောင်းစွာ ရေးထားသည်။ စာကိုလည်း အိတ်တစ် နှင့် ထည့်၍ အသေအချာ ပိတ်ပြီးမှ ပေးခဲ့လေ၏။

နောက်တစ်နေ့ မနက် အီဗန်၏ အိမ်သို့ ရောက်သွားသည့်အခါ အင် အကျယ် အံ့သြခြင်း၊ စိတ်ပျက်ခြင်း ဖြစ်ရလေ၏။ သူ မနေ့က စည်းပေး ခဲ့သည့် ပတ်တီးမှာ အနီးရှိ မီးဖိုထဲ၌ စွန့်ပစ်ထားသည်ကို တွေ့ရ၏။ အီဗန်



က်မောင်းတွင် ပတ်တီး အသစ်တစ်ခု စည်းထားရာ မနေ့က သူ မြင်တွေ့ ရသည့် ပုံစံအတိုင်းပင် ဖြစ်လေ၏။ သူနာပြု ဆရာမ လွိုက်ကလည်း သူ့ အား ရန်ထောင်ရန် အသင့် စောင့်ကြိုလျက် ရှိပေသည်။

'ဒါက ဘာသဘောလဲ ဒေါက်တာ မေဆန်၊ ကျွန်မ သိပါရစေ'

ဆရာမ လွိုက်၏ အသံမှာ မာကျောလှပေသည်။

ဆရာမက အသက် လေးဆယ်ကျော်လောက် ရှိပြီ ဖြစ်၍ ဆံပင်ဖြူ က်တိကွက်ကျား ပွယောင်းယောင်းနှင့် ဖရိုဖရဲ နိုင်လှသည်။ အရွယ်နှင့် လိုက်အောင် ပြုပြင် ခြယ်သထားသော မျက်နှာမှာ အကျည်းတန်လှပေ သည်။

အင်ဒရူးမှာ မဖြစ်ချင်ဘဲနှင့် ဖြစ်လာရတော့မည့် ပဋိပက္ခ အတွက် စိတ်မကောင်း ဖြစ်မိသော်လည်း ယခု ကိစ္စမှာ မူကို ဦးစားပေးရမည့် ကိစ္စ ဖြစ်ရာ သူ့ဘက်ကတော့ အလျှော့ပေးနိုင်မည် မဟုတ်ပေ။ သူသည် ကြိုးစား ၍ ပြောလိုက်လေ၏။

'မဟုတ်သေးဘူး ဆရာမ၊ ဒီလောက် စိတ်ဆိုးဖို့ အကြောင်း မရှိပါဘူး၊ ကျွန်တော့် အပေါ် အထင်မလွဲပါနဲ့၊ ကိုင်း လာပါ၊ ကျွန်တော်တို့ အိမ်ရှေ့ ခန်းမှာ ထိုင်ပြီး စကားပြောရအောင်၊ ကျွန်တော် ဆရာမ သဘောပေါက်အောင် ရှင်းပြပါ့မယ်'

အင်ဒရူးက ချိုသာ ပျော့ပျောင်းစွာ အောက်ကျခံ၍ ပြောခါမှပင် ဆရာမ လွိုက်၏ ခေါင်းသည် ပို၍ မော်လာသည်။ မနီးမဝေးတွင် ရှိနေကြ သော အီဗန်တို့ လင်မယားဆီသို့ တစ်ချက် ဝေ့၍ ကြည့်လိုက်သေး၏။ အီဗန် တို့၏ သုံးနှစ်အရွယ် သမီးငယ်လေးသည် မိခင်၏ အင်္ကျီစကို ဆွဲကာ လည် ပတ်၍ ကပ်နေသည်။ အီဗန်တို့ လင်မယားသည် အင်ဒရူးကို တစ်လှည့် ဆရာမကို တစ်လှည့် ကြည့်ကာ ထိတ်လန့်နေကြလေသည်။

'အိမ်ရှေ့ခန်းထဲ သွားဖို့ မလိုပါဘူး၊ ပြောစရာ ရှိရင် ဒီမှာပဲ ပြောပါ၊ ကျွန်မမှာ လူမသိ သူမသိအောင် ပြောစရာ ဆိုလို့ ဘာမှ မရှိဘူး၊ ကျွန်မ စိတ် က သန့်သန့်ရှင်းရှင်းပဲ၊ အေဘာရာလောမြို့မှာ မွေးတယ်၊ အေဘာရာလော မြို့မှာ ကြီးတယ်၊ ဒီမှာပဲ ကျောင်းနေတယ်၊ ဒီမှာပဲ အိမ်ထောင်ကျတယ်၊ ဒီ မှာပဲ ကလေးတွေ မွေးလာတယ်၊ ဒီမှာပဲ ယောကျာ်း ဆုံးခဲ့တယ်၊ ဒီမှာပဲ သူနာပြု ဆရာမ လုပ်နေတယ်၊ အခုဆိုရင် အနှစ် နှစ်ဆယ်ကျော်ပြီ ဆရာဝန်ကမှ ရေနွေးပူလောင်တဲ့ ဒဏ်ရာ၊ မီးလောင်တဲ့ ဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com

မလိမ်းရဘူးလို့ မပြောခဲ့ဖူးပါဘူး၊ အခုမှပဲ တကတည်း တော်၊ ကြုံဖူးပါဘူး'

'နားထောင်ပါဦး ဆရာမ လှိုက်'

အင်ဒရူးက တောင်းပန်သည်။

'ကရေွှန်ဆီကို မသုံးရဘူးလို့ ကျွန်တော် မပြောခဲ့ပါဘူး၊ ဒီဆီဟာ အင်မတန် ကောင်းတဲ့ ဆေးပါ၊ ကျွန်တော် ပြောမိတာက ဆေးပုလင်းထဲမှာ ရောက်နေတဲ့ အန္တရာယ်ကို ပြောနေတာပါ၊ ဆေးပုလင်းထဲမှာ အနာကို အများကြီး ဒုက္ခပေးနိုင်တဲ့ ပိုးတွေ ရှိနေမှာကို တွေးမိပြီး ပြောခဲ့တာပါ၊ ဒီ အန္တရာယ်ကြောင့်လည်း ပတ်တီးစည်းတာကို ကျွန်တော် စည်းသလို စည်းဖို့ ပြောတာပါ'

'ဒီလို ပတ်တီးစည်းပုံမျိုး ဘယ်တုန်းကမှ မတွေ့ဖူး မမြင်ခဲ့ဖူးပါဘူး ဒေါက်တာ အာကွတ်တို့လည်း မသုံးပါဘူး၊ ဒီအကြောင်းကို အခုလေးတင်ပဲ မစ္စက် အီဗန်ကို ပြောပြနေရသေးတယ်၊ ဟင်း ဟင်း၊ ဒီအရပ်ကို ရောက်တာ တစ်ပတ်တောင်မှ မပြည့်သေးတဲ့ လူတစ်ယောက်ဆီက စိတ်ကူးသစ်တွေ နည်းသစ်တွေကို ကျွန်မ မသုံးနိုင်ဘူးရှင့်'

အင်ဒရူး၏ နှုတ်ခမ်းများသည် ခြောက်သွေ့လာသည်။ အခြေအနေသည် ဆိုးသည်ထက်သာ ဆိုးလာလျက် ရှိချေပြီ။

အကယ်၍ သူ ဒေါပွလိုက်ပါမူ ပြဿနာသည် ပို၍ ကြီးထွားလာပေတော့မည်။ ပြဿနာ ပိုကြီးလာလျှင် ဤဆရာမသည် ဖြစ်ပျက်သမျှကို တစ်ဆိတ်တစ်အိတ် လုပ်၍ တစ်အိမ်ဝင် တစ်အိမ်ထွက်ကာ အတင်းအဖျင်း ပြောပေတော့မည်။ အတင်းအဖျင်း ပြောမှာကို ကြောက်နေရုံမျှဖြင့် ဤဆရာမ လုပ်ချင်သလို လုပ်ပေစေတော့ဟု မျက်စိမှိတ် နေရန်မှာလည်း မဖြစ်နိုင်သည့် ကိစ္စ ဖြစ်၏။ အလွန် ခေတ်မမီတော့သည့် ကုသနည်းကြောင့် သူ့ လူနာ ဒုက္ခ အဖြစ်မခံနိုင်ပေ။ သူသည် စိတ်ကို ပိုင်းဖြတ်လိုက်လေ၏။

'ဆရာမ အနေနှင့် ကျွန်တော် ပြောတဲ့အတိုင်း မလုပ်နိုင်ဘူး ဆိုရင်တော့ ကျွန်တော့် လူနာကို ကျွန်တော် ကိုယ်တိုင်ပဲ နေ့စဉ် မနက် တစ်ကြိမ် ညနေ တစ်ကြိမ် လာပြီး ကြည့်ရလိမ့်မယ်၊ ကျွန်တော် ကိုယ်တိုင်ပဲ ဆေးထည့် ပေးရလိမ့်မယ်'

'ဒါကတော့ ရှင့်သဘောပေါ့၊ ရှင် ကြိုက်သလို လုပ်ပေါ့'

ဆရာမ လှိုက်၏ တုံ့ပြန်ပုံမှာ ခပ်တင်းတင်း ခပ်မာမာပင်။ သူမ၏ မျက်လုံးများတွင်မူ မျက်ရည်စတွေနှင့် အပြည့်။





'တွမ် အီဗန်တို့ကလည်း ရှင် လုပ်သမျှ ခံနိုင်ကြလိမ့်မယ်လို့ ကျွန်မ မျှော်လင့်ပါတယ်'

ဆရာမ လှိုက်သည် ခေါင်းကို ခပ်ဆောင့်ဆောင့် ခပ်ပြင်းပြင်း နှင်းကာ အိမ်ထဲမှ ထွက်သွားလေ၏။

အင်ဒရူးသည် စိတ်လက် မချမ်းမသာနှင့် အီဗန်၏ လက်မှ ပတ်တီးကို ဖြေကာ နာရီဝက်ခန့် ကြာမျှ အနာကို ဆေးကြော သုတ်သင်ပေးသည်။ ပြီးမှ ဆေးထည့်၍ ပတ်တီးအသစ် ပြန်စည်းပေး၏။ သူ အီဗန်တို့ အိမ်မှ ပြန်ခါနီးတွင် ညကိုးနာရီတိတိတွင် တစ်ခေါက် လာကြည့်ဦးမည်ဟု မှာခဲ့လေ၏။

ထိုနေ့ ညနေပိုင်း ဆေးခန်း ရောက်သည့်အခါ သူ့ အခန်းထဲသို့ ပထမ ဦး ဝင်လာသူမှာ မစ္စက် အီဗန် ဖြစ်နေသည်။ သူမ၏ မျက်နှာမှာ ဖြူဖပ် ဖြူရော် ဖြစ်နေသည်။ သူမ၏ မျက်လုံးများကလည်း အင်ဒရူးနှင့် ရင်မဆိုင်ရဲ ဘူး၊ ကြောက်ရွံ့ခြင်းနှင့် အားတုံ့ အားနာ ဖြစ်ခြင်းများကို ဖော်ပြနေပေသည်။

'ကျွန်မ အားနာပါတယ် ဒေါက်တာ၊ ကျွန်မ ဒေါက်တာ့ကို ဒုက္ခမပေး ချင်ပါဘူး၊ ဒါပေမဲ့ ကျွန်မ ယောကျ်ား တွမ် အီဗန်ရဲ့ မှတ်ပုံတင် ကတ်ပြား လေး ပြန်လိုချင်လို့ပါ'

သူ မည်မျှပင် စေတနာ ထားခဲ့ပါသော်လည်း အချည်းအနှီးပင်။ မျှော်လင့်ချက် ကုန်ဆုံးပြီ ဟူသော အသိသည် အင်ဒရူး၏ နှလုံးသားကို ပြင်းစွာ ရိုက်ခတ်လေသည်။ သူသည် ဘာမှ ပြောမနေတော့ဘဲ ထိုင်ရာမှ အသာအယာ ထကာ တွမ် အီဗန်၏ ကတ်ပြားကို ရှာ၍ ပေးလိုက်လေ၏။

'ဒေါက်တာ ကျွန်မတို့ အိမ်ကို လာဖို့ မလိုတော့ပါဘူး၊ ကတ်ပြား ပြန်ပေးရင် ဒေါက်တာ သိမယ် ထင်ပါတယ်နော်'

'ကျွန်တော် နားလည်ပါတယ် မစ္စက် အီဗန်၊ ကိစ္စ မရှိပါဘူး'

မစ္စက် အီဗန် တံခါးနား အရောက်တွင် မမေးဘဲ မနေနိုင်သဖြင့် စိုးရိမ် ပူပန်စိတ်ဖြင့် မေးမိပြန်သည်။

'အနာကို ကရေွှန်ဆီပဲ ထည့်ပေးတာပဲလား'

မစ္စက် အီဗန်က ခေါင်းညိတ်ပြပြီး အခန်းထဲမှ ထွက်သွားလေ၏။

ဆေးခန်း ပိတ်ချိန်တွင် အင်ဒရူးသည် စိတ်လက် လေးလံ ထိုင်းမှိုင်းစွာဖြင့် အိမ်သို့ ပြန်လာခဲ့လေ၏။ သူသည် စိတ်ရောကိုယ်ပါ နွမ်းနယ်လျက် ရှိလေသည်။ သိပ္ပံနည်း ကျကျ စစ်ဆေး ကုသမှု လုပ်ငန်း အတွက် ဆောင်ရွက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်မည့် အလားလာသည် အဘယ်မှာနည်း။ ဤအရပ် ဤဒေသတွင် ရှိကော ရှိနိုင်ပါမည်လား။

'ငါ တတ်နိုင်သမျှ မှန်မှန်ကန်ကန် ရိုးရိုးသားသား လုပ်ပါတယ် ဒါပေမဲ့ မရပါကလား၊ ငါပဲ ညံ့လို့ ဖျင်းလို့လား၊ ငါဟာ လူဖျင်း လူည တစ်ယောက်များ ဖြစ်နေလေသလား'

သူသည် တွေးမိတွေးရာ တွေးနေမိလေ၏။

ညစာ စားချိန်တွင် တစ်ချိန်လုံး စကား တစ်ခွန်းမှ မပြောချေ။ သူ အတွေးနှင့် သူ ငြိမ်သက်စွာ စားနေသည်။ စားသောက်ပြီး၍ ဧည့်ခန်းထဲတွင် ထိုင်မိကြသည့် အခါတွင်မူ သူသည် သူ၏ ဦးခေါင်းကို ခရစ္စတီ၏ သေးငယ် လှပ၍ နူးညံ့လှသော ရင်သားများ အပေါ် မှေးမှိကာ တစ်စုံတစ်ခုကို တွေး လျက် ရှိလေ၏။

'အချစ်ရယ်'

အင်ဒရူး၏ အသံမှာ ဝမ်းနည်း ကြေကွဲမှု အပြည့်အဝ ပါလျက်ရှိ၏

'အချစ်ရယ်၊ ကိုလေ... ကို... အစ မှားပြန်ပြီ၊ ကို စေတနာ ထားပြီ လုပ်ပါတယ်၊ ဒါပေမဲ့ မှားပြန်ပြီ'

ခရစ္စတီက အင်ဒရူး၏ နက်မှောင် သွယ်တန်း၍ ထူထဲ လှပသော မျက်ခုံးများကို အသာအယာကလေး ပွတ်သပ်ကာ နှစ်သိမ့်လျက် ရှိနေ၏ အတွင်းမှာပင် သူ၏ မျက်လုံးများ၌ မျက်ရည်များ စို့လာနေသည်ကို သူ သတိ ပြုမိလေ၏။



[၆]

ဆောင်းရာသီသည် စောစောစီးစီး ဝင်လာလေသည်။ မမျှော်လင့်ဘဲနှင့် ဆီးနှင်း များ ထူထပ်စွာ ကျလာခြင်းဖြင့် ဆောင်းရာသီ၏ သရုပ်ကို ပီပြင်အောင် ဖော် ဆောင်ပေးလျက် ရှိပေ၏။ အောက်တိုဘာ လလယ်မျှသာ ရှိသေးသော်လည်း မြင့်ပိုင်းကျလွန်းနေသော အေဘာရာလောမြို့သည် သစ်ရွက်များ မကြွေ သေးမီမှာပင် အဆက်မပြတ် ကျဆင်းလာနေသော ဆီးနှင်းခဲများ အောက်တွင် မြုပ်လျက် ရှိလေပြီ။

ညပိုင်းရောက်ပြီ ဆိုလျှင် ဆီးနှင်းများသည် တစ်ညလုံးလိုလို အဆက် မပြတ် ကျဆင်းပြီး အလွှာလိုက် အထပ်လိုက် စုပုံနေတတ်သည် ဖြစ်ရာ မနက် လင်းသည်နှင့် တစ်ပြိုင်နက် ပတ်ဝန်းကျင် တစ်ခွင်လုံး ဆီးနှင်းပြင်ကြီးဖြင့် ဖွေးဖွေး လှုပ်နေလေတော့၏။ ခရစ္စတီနှင့် အင်ဒရူးတို့သည် တဝင်းဝင်း တလက်လက် တောက်ပကာ ကြည့်မျှော်၍ မဆုံးနိုင်အောင် ဖြစ်နေသော ရေခဲ ပြင် ဖြူဖြူလွလွကို ကြည့်၍ စိတ်ကြည်နူးခြင်းတည်း ဟူသော အရသာကို ခံစားကြရလေ၏။

ယခုလို ဆောင်းဝင်စ အချိန်တွင် တောင်ပေါ် မြင်းပုကလေးများသည် အုပ်လိုက် သင်းလိုက် ဆင်းလာကြပြီး အင်ဒရူးတို့၏ အိမ်ဝင်းခြံ ဘေးရှိ ကျိုးပဲ့ ပျက်စီးနေသော ဝင်းတိုင်များ ကြားမှ တိုးဝှေ့ ဝင်ရောက်ကာ အိမ်နောက်ဖေး တံခါး အနီးတွင် စုပြုံ၍ ရပ်နေတတ်ကြလေသည်။

အေဘာရာလောမြို့ ပတ်ပတ်လည်ရှိ တောင်ကုန်းများပေါ်တွင် ပေါက် ရောက်လျက် ရှိသော အလွန် ကြမ်းတမ်းသည့် မြက်ရိုင်းများသည် ဤ မြင်းပု ငယ်ကလေးများ၏ အစာ ဖြစ်၏။ ဤ မြင်းနက်ကလေးများသည် မြက်ရိုင်း



www.burmeseclassic.com

www.burmeseclassic.com

ပင်များ အကြားတွင် အုပ်လိုက်သင်းလိုက် လှည့်လည် ကျက်စားတတ်ကြပြီး လူလာလျှင် လန့်ဖျပ်ကာ ထွက်ပြေးတတ်ကြသော်လည်း ဆီးနှင်းများ ထူထပ်စွာ ကျရောက်လာသည့် ယခုလို ဆောင်းဥတုတွင်မူ သူတို့ အတွက် အစာရေစာ မရှိတော့သဖြင့် မြို့ ဆင်ခြေဖုံးရှိ အိမ်များဆီသို့ ခိုမှီ ကပ်ရပ် နေတတ်ကြလေသည်။

အင်ဒရူးတို့ အိမ်သို့ ခိုနားလာကြသော မြင်းပုကလေးများသည် ခရစ္စတီ၏ မိတ်ဆွေများ ဖြစ်လာကြလေ၏။ ခရစ္စတီသည် တစ်ဆောင်းတွင်းလုံး မြင်းကလေးများကို အစာရေစာ ပေးကျွေးထား၏။ ပထမတွင် ခရစ္စတီအား သူတို့နား အကပ်မခံသော်လည်း အနေကြာလာတော့ ခရစ္စတီ၏ လက်ထဲမှ အစာကိုပင် ယူ၍ စားလာကြလေသည်။ သူတို့အုပ်စုထဲမှ အငယ်ဆုံး မြင်းကလေး တစ်ကောင်သည် ခရစ္စတီ၏ အချစ်ဆုံး မိတ်ဆွေ ဖြစ်လာ၏။ ထိုမြင်းကလေးအား အင်ဒရူးတို့ လင်မယားက ချစ်စနိုးဖြင့် 'မဲလုံး' ဟု ခေါ်ကြလေသည်။

မြင်းကလေးများသည် အစာ မရွေးပေ။ ကျွေးသမျှ အကုန် စားကြလေသည်။ ပေါင်မုန့် အစအနများ၊ အာလူးခွံများ၊ ပန်းသီးခွံများ၊ လိမ္မော်ခွံများ၊ အားလုံး ကျွေးသမျှ အငမ်းမရ စားကြသည်။ တစ်ကြိမ်တွင် အင်ဒရူးက 'မဲလုံး' အား မီးခြစ်ခွံ တစ်လုံးကို ပေးကြည့်ရာ တချွတ်ချွတ် မြည်အောင် ဝါးစားပစ်လိုက်လေ၏။

အင်ဒရူးတို့မှာလည်း အလွန် ဆင်းရဲကြလေသည်။ သူတို့ အိမ်ထောင်တွင် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်နှင့် နေရသည်ဟု မရှိပေ။ များလှစွာသော အခက်အခဲ အမျိုးမျိုးနှင့် အမြဲတစေ ရင်ဆိုင် နေကြရလေ၏။

သို့သော်လည်း ခရစ္စတီနှင့် အင်ဒရူးတို့သည် သာယာ ပျော်ရွှင်မှု၏ သဘော သဘာဝကို နားလည်ကြသဖြင့် အခက်အခဲ ဟူသမျှကို ရင်ဆိုင်ကာ တတ်နိုင်သမျှ ပျော်အောင် နေကြလေသည်။

အင်ဒရူးမှာ ဘယ်ကို သွားသွား ငွေ များများစားစား ထည့်နိုင်သည်ဟု မရှိပေ။ လူရှိသေ ရှင်ရှိသေ သဘောမျိုးဖြင့် သူ့ အိတ်ထဲ ပိုက်ဆံပါသည်ဟု ပြောနိုင်ရုံလောက်မျှသာ ထည့်နိုင်၏။ အမှန်တော့ သူ့အင်္ကျီ အိတ်ထဲတွင် ပဲနီပြား နှစ်ပြား သုံးပြားထက် ပိုသည် မရှိပေ။

မည်သို့ဖြစ်စေ အင်ဒရူးကတော့ စိတ်မညစ်ပေ။ ကျောင်းသား ဘဝက သူ ချေးယူခဲ့ရသည့် ပညာသင် ချေးငွေမှာလည်း ကျေလုပြီ။ လန်ဒန်မှ ထ





လာသည့် အိမ်ထောင်ပရိဘောဂ ပစ္စည်းဖိုး အကြွေးငွေကိုလည်း အရစ်ကျ မှန်မှန် ပေးဆပ်နေနိုင်သည်။ ဤမျှဆိုလျှင် သူတို့ အခြေအနေသည် မဆိုးသေးဟု အင်ဒရူးက တွက်လေသည်။

အပေါ်ယံ ကြည့်မည် ဆိုပါက ခရစ္စတီသည် သေးသေး သွယ်သွယ်နှင့် အလွန် နုနယ်၍ ပျော့ပျောင်းလှသော အမျိုးသမီး တစ်ယောက် ဖြစ်၏။ အတွေ့အကြုံအားဖြင့်လည်း များသေးသူ မဟုတ်ဟု ထင်ရ၏။ သို့သော်လည်း ရှေးရိုးယားနယ်မှ အမျိုးသမီးများ၌ ရှိတတ်သည့် ဂုဏ်အင်္ဂါ အရည်အချင်းများနှင့် ပြည့်စုံသော အိမ်ရှင်မကောင်း တစ်ယောက် ဖြစ်ပေသည်။

အိမ်တွင် ကူဖော်လောင်ဖက် ဆို၍ သူတို့ အိမ်နောက်၌ နေထိုင်လျက်ရှိသော အလုပ်သမား တစ်ဦး၏ သမီး ဂျင်နီ ဆိုသော ကလေးမလေး တစ်ဦးသာ ရှိသည်။ အမှန်တော့ ဂျင်နီကို လစားအဖြစ်နှင့် အမြဲ ငှားထားနိုင်သည် မဟုတ်ပေ။ တစ်ပတ် တစ်ကြိမ် သျှိလင် အနည်းငယ်မျှ ရလျှင် ကျေနပ်သည်ဟူသော သဘောဖြင့် နေ့စဉ် မှန်မှန် လာနေခြင်းကြောင့် တစ်ကြောင်း၊ ဂျင်နီတို့ မိသားစု အပေါ်တွင် သနား ခင်မင်မိခြင်းကြောင့် တစ်ကြောင်း၊ ထိုအကြောင်းများကြောင့်သာလျှင် လက်တို လက်တောင်း ရစေတော့ ဟူသော သဘောဖြင့် အဖော် အဖြစ် ထားခြင်းဖြစ်၏။ တကယ်တော့လည်း ဂျင်နီကို အိမ်မှုကိစ္စ များများစားစား မခိုင်းပေ။ အိမ် အမှိုက်လှဲ၊ ဖုန်သုတ်၊ ကြမ်းတိုက် လောက်သာ ခိုင်းခြင်း ဖြစ်ပေသည်။

ခရစ္စတီတို့ အနေဖြင့် အခန်း လေးခန်းကို အသုံး မပြုနိုင်သေးသဖြင့် သော့ပိတ်ထားရသော်လည်း အသုံးပြုနေသည့် အခန်းများကိုမူကား ရှိသမျှ ပစ္စည်းများနှင့်ပင် လှပအောင်၊ ကျက်သရေ ရှိအောင် ပြင်ဆင် ခင်းကျင်းထားလေသည်။ ခရစ္စတီသည် အိမ်ကို အိမ်နှင့် တူအောင် တတ်နိုင်သမျှ ပြင်ဆင် မွမ်းမံ ထားလေသည်။ အင်ဒရူး တစ်ယောက် အလုပ်ခွင်မှ မောမောပန်းပန်းနှင့် ပြန်ရောက်လာပြီ ဆိုလျှင် တတ်နိုင်သမျှ စဉ်းစား ကြံဆ၍ ဖွယ်ဖွယ်ရာရာ ဖြစ်အောင် ချက်ပြုတ်ထားသည့် အစားအစာများကို ပူပူနွေးနွေး ပြင်ဆင် ကျွေးမွေးခြင်းဖြင့် အင်ဒရူးကို အမောပြေစေ၏။

အင်ဒရူး၏ အလုပ်မှာကား စိတ်ပျက်စရာ ကောင်းလောက်အောင်ပင် ခက်ခဲ ပင်ပန်းလှချေသည်။ တကယ်တော့ သူ့တွင် လူနာ များစွာ ရှိနေ၍ အလုပ် များပြီး ပင်ပန်းနေခြင်း မဟုတ်ပေ။ အဆမတန် ကျနေသော ဆီးနှင်းများကြောင့်သာ ခက်ခဲ ပင်ပန်းနေရခြင်း ဖြစ်၏။ သူ့ နယ်မြေထဲရှိ အမြင့်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



သော တောင်ကုန်းပိုင်းမှ အိမ်များဆီသို့ သွားရသည်မှာ မသက်သာလှပေ။ ခရီးက ကွာလှမ်းရသည့် အထဲ အလွှာလိုက် အထပ်လိုက် ဖြစ်နေသော ဆီးနှင်းပြင်ပေါ် လျှောက်ရသည်မှာ ခက်ခဲ၍ ကြမ်းတမ်း ပင်ပန်းလှ၏။ နေ့ခင်းပိုင်း ဆီးနှင်းခဲများ အရည်ပျော်သွားသည့် အချိန်တွင်လည်း လမ်းများမှာ ရွှံ့စေး ရွှံ့ပျော့များဖြင့် ပြည့်နေသဖြင့် လမ်းလျှောက်၍ မလွယ်တော့ပေ။ ညပိုင်းရောက်၍ ဆီးနှင်းများ တစ်ဖန် ပြန်၍ ခဲလာပြန်သောအခါ ချော၍ ပြောင်နေသော လမ်းမပေါ် လျှောက်ရသည်မှာ ခက်ခဲလာပြန်လေတော့သည်။

အင်ဒရူး လူနာအိမ်များမှ ပြန်လာလျှင် ဘောင်းဘီ အောက်ပိုင်းများမှာ ရစရာ မရှိအောင် ပေကျံလျက် ရှိပြီး ခြေပတ်များမှာလည်း ရွှံ့ရွှဲစိုလျက် ရှိရ၏။ ညပိုင်း လူနာကြည့် ထွက်ရသော အခါများတွင် အိမ်ပြန်ရောက်လျှင် ရောက်ချင်း နီးရာ ကုလားထိုင်တွင် ဝင်ထိုင်ကာ ခြေပစ်လက်ပစ် ဖြစ်နေတတ်ပေသည်။ ထိုအခါမျိုးတွင် ခရစ္စတီသည် အင်ဒရူး၏ အနီး ကြမ်းပေါ်၌ ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်ကာ ခြေပတ်များ၊ ဖိနပ်များကို ချွတ်ပေးပြီး ခြေညှပ် ဖိနပ်ကို အသင့် ချပေးသည်။ ဤကဲ့သို့ ကြင်ကြင်နာနာဖြင့် တယုတယ ပြုခြင်းကား တာဝန်အရ လုပ်နေခြင်း မဟုတ်ပေ။ ချစ်ခြင်းမေတ္တာမှ ပေါက်ဖွားလာသည့် ကရုဏာနှင့် စေတနာများအရ လုပ်ပေးခြင်း ဖြစ်လေသည်။

လူအများနှင့် ပေါင်းသင်း ဆက်ဆံရေး အခြေအနေမှာလည်း တိုးတက်ကောင်းမွန်လာခြင်း မရှိသေးပေ။ အလုပ်သမား အများစုက အင်ဒရူးအပေါ် သံသယနှင့် ဆက်ဆံဆဲပင် ဖြစ်၏။ ဘင် ချင်ကင်းတို့ ဆွေမျိုး တစ်သိုက်ကား အဆိုးရွားဆုံး ဖြစ်၏။ သူတို့ ဆွေမျိုးစု အင်အားကလည်း သေးလှသည် မဟုတ်ပေ။ ဆွေမျိုး နီးသူချင်း အိမ်ထောင်ပြုကြသည့် အလေ့အထ ခေတ်စားသော ဒေသ ဖြစ်သဖြင့် ချင်ကင်းတို့မှာ အသိုင်းအဝိုင်း ကောင်းလှပေသည်။ သူတို့ အသိုင်းအဝိုင်းသည် အင်ဒရူးအား ရန်အလိုဆုံးသော အုပ်စု အဖြစ် ရပ်တည်လျက် ရှိလေ၏။

သူနာပြု ဆရာမ လွိုက်ကလည်း အင်ဒရူးအား သူမ၏ အကြီးဆုံးသော ရန်သူ အဖြစ် သတ်မှတ်ထားပုံရ၏။ သိသိသာသာ ပြောင်ပြောင်တင်းတင်း ရန်လုပ်လျက် ရှိသည်။ သူမသည် ရောက်သမျှ အိမ်တိုင်းတွင် ထိုင်၍ အင်ဒရူး သိက္ခာ မကျ ကျအောင် ကြံဖန် ပြောဆိုလေ့ ရှိ၍ ဝိုင်းဖွဲ့ နားထောင်သော အမျိုးသား အမျိုးသမီးများကလည်း အသိဉာဏ် နည်းသူများ ဖြစ်ကြသည်အားလျော်စွာ ဆရာမ လွိုက် ပြောသမျှကို လက်ခံ ယုံကြည်ကြ၏။ ဤသို့ဖြင့်





အင်ဒရူး၏ နာမည်သည် ကျပြီးရင်း ကျရင်း ဖြစ်နေရလေသည်။

ဤကဲ့သို့ တစ်ဖက်တွင် အဆင်မပြေ ဖြစ်နေရသဖြင့် စိတ်ပျက် စိတ်ညစ် ဖြစ်နေရသည့် အထဲတွင် သည်းမခံနိုင်လောက်စရာ ကောင်းသည့် ကိစ္စတစ်ရပ်နှင့် တစ်ဖက်တွင် ရင်ဆိုင် နေရပြန်လေသည်။ ယင်းကိစ္စမှာ အခြားမဟုတ်ပေ။ ဒေါက်တာ လီဝီလင်းက သူ့အား အမြဲ ခေါ်၍ မေ့ဆေး ဆရာဝန်အဖြစ် အသုံးချနေခြင်းပေတည်း။

ဒေါက်တာ လီဝီလင်း ခေါ်သည်မှာ တစ်ကြိမ် နှစ်ကြိမ်လည်း မဟုတ်ပေ။ အကြိမ်ပေါင်း များစွာ ခေါ်၍ ခိုင်းနေခြင်း ဖြစ်သဖြင့် ကြာတော့ စိတ်ပျက်လာပြီး သည်းမခံနိုင်လောက်အောင် ဖြစ်လာသည်။

အင်ဒရူးသည် မေ့ဆေး ပေးရသော အလုပ်ကို အလွန်မုန်း၏။ မေ့ဆေးပေးရသည့် အလုပ်မှာ စိတ် အလွန် ရှည်ရပြီး အလွန် သည်းခံရသည်။ အလွန်လည်း စနစ်ကျရသည်။ အလွန် သတိထားရသည်။ အတိုင်းအဆ မများအောင် ရှာသော သတိဖြင့် ထိန်းသိမ်းရ၏။ အမှန်ဆိုလျှင် သူ့တွင် ဤ အရည်အချင်းမျိုး မရှိပေ။ သို့ဖြစ်၍လည်း သူ့လူနာကိုပင် သူ ကိုယ်တိုင် မေ့ဆေးပေးရန် ဝန်လေးခဲ့သည်။ ယခုအခါတွင်မူကား သူ ဘယ်တုန်းကမှ မမြင်ခဲ့ဖူး၊ မစစ်ဆေးခဲ့ဖူးသော လူနာများကို တစ်ပတ်လျှင် သုံးရက်မျှ သွား၍ မေ့ဆေး ပေးရလေရာ အခြား လူတစ်ဦး၏ တာဝန်ကို မိမိက ဝင်၍ တာဝန်ခံပေး နေရသလို ဖြစ်လျက် ရှိရလေသည်။

သို့သော်လည်း သူ မလုပ်ချင်သည့် အလုပ်ကို မလုပ်ချင်ပါဟု မငြင်းရဲ။ ရထားသည့် အလုပ်ကလေးမှ ပြုတ်သွားမည်ကို စိုးရိမ်နေရသဖြင့် သူ မလုပ်လိုကြောင်း အရိပ်အငွေ့မျှပင် မဖော်ပြရဲချေ။

နိုဝင်ဘာလ ရက်တစ်ရက် အတွင်း အလုပ်မှ ပြန်လာသော အင်ဒရူး၏ မျက်နှာ တစ်မျိုး ဖြစ်လျက် ရှိသည်ကို ခရစ္စတီ သတိပြုမိသည်။ တစ်စုံတစ်ခုသော စိတ်ပျက်စရာနှင့် ကြုံလာကြောင်းကို သူ့ မျက်နှာ ကြည့်ရုံမျှဖြင့် သိသာ၏။ ထိုနေ့ ညနေက ပြန်လာပုံမှာ ခါတိုင်းလို မဟုတ်ပေ။ ခါတိုင်းဆိုလျှင် စိတ်ပျက် စိတ်ညစ်စရာ တစ်ခုခုနှင့် ကြုံတွေ့ရသည့် တိုင်အောင် ဟန်လုပ်၍ ဖော် ရယ်ဖော် ရသေး၏။ ဟန်လုပ်၍မှ ပြုံးရယ်ခြင်း မပြုသည်ကို ထောက်ခြင်းအားဖြင့် အလွန် စိတ်ပျက်စရာကောင်းသည့် အဖြစ်မျိုးနှင့် ကြုံခဲ့ရဟန်တူပေသည်။ ခရစ္စတီကတော့ ဘာတစ်ခွန်းမှ မမေးဘဲ အင်ဒရူး၏ အရိပ်အခြေကိုသာ အကဲခတ်လျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညစာ စားချိန်တွင်လည်း တစ်စုံတစ်ရာ မေးမြန်းခြင်း မပြုပေ။ စားသောက်ပြီးကြသည့် အခါတွင်လည်း ခရစ္စတီ မီးဖိုအောက်၌ တိတ်တိတ်ဆိတ်ဆိတ် ထိုင်၍ အဝတ် တစ်ထည် ချုပ်နေသည်။ အင်ဒရူးကမူ သူမ ဘေးတွင်ထိုင်ကာ ဆေးတံကို ခဲ၍ တစ်စုံတစ်ရာကို တွေးတော နေပုံရ၏။ အတန်ကြာမှ မအောင့်အည်းနိုင်တော့၍ ဖွင့်ဟ ပြောပြရသည့် အသံမျိုးဖြင့် စကား စပြောလေသည်။

'ညည်းတာ ညူတာများ ဆိုရင် ကို သိပ်မုန်းတယ်၊ ဘယ်လို ပြဿနာမျိုးနှင့် ကြုံရ ကြုံရ မညည်းချင်ဘူး၊ မင်းကိုလည်း ဒုက္ခ မပေးချင်ဘူး သိလား ဘာကိစ္စပဲ ဖြစ်ဖြစ် မင့်ကို မပြောချင်ဘူး၊ စိတ်ပျက်စရာ စိတ်ညစ်စရာ မှန်သမျှကို ဝမ်းထဲမှာပဲ မျိုသိပ် ထားချင်တယ်၊ မျိုသိပ်ထားတတ်တယ် ဆိုတာလည်း ဘုရား သိပါတယ်လေ'

ခရစ္စတီက သူ ပြောနေသမျှကို မရယ်မပြုံးဘဲ ငြိမ်၍ နားထောင်သည်။

'ဆေးရုံကို ခရစ္စတီ သိတယ်နော်၊ ကိုတို့ ဒီကို စရောက်တဲ့နေ့က ညဘက်မှာ ရောက်ခဲ့ကြတယ်လေ၊ မှတ်မိတယ် မဟုတ်လား၊ ကို့အနေနှင့် ဆေးရုံကလေးကို သိပ် သဘောကျခဲ့မိတယ်၊ ကို့လူနာတွေထဲက ဆေးရုံ တင်သင့်တဲ့ လူနာကို ဆေးရုံတင်ပြီး ကုမယ်လို့လည်း စိတ်ကူးယဉ်ခဲ့မိသေးတယ်၊ မင်းကိုတောင်မှ ကို ဖွင့်ပြောမိခဲ့ပါသေးတယ်၊ မှတ်မိမှာပေါ့၊ ဆေးရုံကလေးကို အားကိုးပြုပြီး ဆေးသုတေသန လုပ်ငန်းကို ဘယ်လို လုပ်မယ် ကိုင်မယ် ဆိုတာ တောင်မှ စိတ်ကူးယဉ်မိခဲ့သေးတယ်'

'ဟုတ်ပါတယ်၊ ခရစ္စတီ အားလုံး မှတ်မိပါတယ်'

'ကို စိတ်ကူးယဉ်ခဲ့သမျှတွေဟာ အလကားပဲ ခရစ္စတီ၊ ခဲလေသမျှ သဲရေကျ ဆိုတာမျိုးပါပဲ၊ တကယ်တော့ ဆေးရုံက အဘောရာလောမြို့ရဲ့ ဆေးရုံမှ မဟုတ်ဘဲ၊ လီဝီလင်းရဲ့ ဆေးရုံပဲ ခရစ္စတီ'

ခရစ္စတီကတော့ ယခုအချိန်ထိ တစ်စုံတစ်ရာ ထင်မြင်ချက် မပေးသေးဘဲ အင်ဒရူးထံမှ ဆက်ပြောလာမည့် စကားများကိုသာ စိုးရိမ်သောက မကင်းသော မျက်နှာဖြင့် စောင့်စားနေလေသည်။

'ကနေ့ မနက် လူနာ တစ်ယောက်ကို ဆေးရုံ တင်ရမယ့် အခြေအနေ ဖြစ်လာတယ် ခရစ္စတီ၊ တော်ရုံ တန်ရုံ ဖြစ်တာမျိုး ဆိုရင် ကို ဆေးရုံတင်ဖို့ အထိ စိတ်မကူးပါဘူး၊ အခုဟာက အလွန် တွေ့ရခဲတဲ့ ရောဂါမျိုး ဖြစ်နေတဲ့ လူနာမို့ပဲ၊ ရောဂါက အဆုတ် ထိပ်ဖျားပိုင်းမှာ အအေးမိသလို ဖြစ်တဲ့ ရောဂါ





မျိုး၊ လူနာကလည်း ကျောက်မီးသွေး တွင်းတူး လုပ်သား တစ်ယောက်၊ ကို အလျင်က ခရစ္စတီကို ပြောခဲ့ဖူးတယ် မဟုတ်လား၊ ကျောက်မီးသွေးတူး လုပ်သားတွေရဲ့ အဆုတ် အခြေအနေကို ကို အင်မတန် လေ့လာချင်တယ်လို့၊ သူတို့ရဲ့ အဆုတ် အခြေအနေကို သုတေသန လုပ်မယ် ဆိုရင် အသစ်အဆန်း တွေ အများကြီး တွေ့နိုင်တယ် ဆိုတာကို သိနေတော့ အခုလို ရှားရှားပါးပါး ရောဂါမျိုး ဖြစ်လာတဲ့ လူနာကို တွေ့ဖို့ အမြဲ မျှော်လင့်နေခဲ့တာပဲ၊ အခုလို တွေ့လာတော့လည်း သိပ် ဝမ်းသာမိတယ်၊ ဆေးရုံ တင်ထားပြီး ကျကျနန ကုပေးရင်းနှင့် သုတေသန လုပ်နိုင်မယ့် လူနာမျိုးမို့ သိပ်ဝမ်းသာတာပဲ၊ လူနာရဲ့ အခြေအနေကို နေ့စဉ် လေ့လာပြီး သိပ္ပံနည်းကျကျ မှတ်တမ်းတင်သွားနိုင်ရင် အင်မတန် အဖိုးတန်တဲ့ အချက်အလက်တွေ ရလာမှာ သေချာတယ်၊ ဒါကြောင့်မို့ ကို ဒေါက်တာ လီဝီလင်းဆီ ဖုန်းဆက်ခဲ့တယ်၊ လူနာကို ကိုနှင့် အတူတူ စစ်ဆေး ကြည့်ရှုပြီး ဆေးရုံ တင်ခွင့် ပေးပါလို့ ပြောမိတယ်'

အင်ဒရူးသည် စကားကို ဖြတ်ထားလိုက်ပြီး သက်ပြင်း တစ်ချက် ချလိုက်လေသည်။

'ကိုလည်း ဖုန်းဆက်ပြီးရော လီဝီလင်း ချက်ချင်း ရောက်လာပါတယ်၊ အင်မတန်မှ သဘောမနောကောင်းတဲ့ ပုံမျိုးပါပဲ၊ လူနာကိုလည်း အသေအချာ စမ်းတယ်၊ စမ်းသပ် စစ်ဆေးကြည့်တယ်၊ ကို တွေ့ထားတဲ့ အတိုင်းပဲ၊ မလွဲဘူး၊ အဆုတ်ရောဂါ သေချာတယ်လို့ အတည်ပြုတယ်၊ ကို စစ်ဆေးတုန်းက တွေ့မိခဲ့တဲ့ အချက် တစ်ချက် နှစ်ချက်ကိုတောင်မှ သူတွေ့လို့ ပြောပြသေးတယ်၊ နောက်ဆုံးတော့ လူနာကို ဆေးရုံမှာ ထားပြီး ကုသပေးဖို့ သဘောတူညီပြုလိုက်တယ်၊ ကိုကလည်း ကျေးဇူး သိပ်တင်သွားမိတာပေါ့၊ ဒါကြောင့်မို့ သူ့ကို ကျေးဇူးတင် စကားပြောပြီး လူနာဆီကို မကြာခဏ လာရောက် ကုသပေးဖို့နှင့် ကိုယ်ဖိ ရင်ဖိ ကြည့်ရှု မှတ်သားခွင့် ပြုပါလို့ ပြောပြတယ်၊ လီဝီလင်းက ဘာပြန်ပြောတယ် မှတ်သလဲ ခရစ္စတီ'

သူသည် စကားကို ဖြတ်ထားလိုက်ပြန်သည်။ အံကိုလည်း တစ်ချက် ကြိတ်လိုက်သည်။

'လီဝီလင်းက အင်မတန်မှ သဘောထား ပြည့်တဲ့ အမူအရာမျိုးနှင့် သိမ်သိမ်မွေ့မွေ့ကလေး ပြန်ပြောတယ်၊ လူနာ အတွက် ဆေးရုံကို ခင်ဗျား လာဖို့ မလိုပါဘူးတဲ့၊ လူနာက ကျွန်တော့် လက်ထဲ ရောက်နေပြီမို့ ကျွန်တော် ကိုယ်တိုင်ပဲ ကြည့်သွားမှာပါတဲ့၊ ဒီဆေးရုံက လူနာဆောင်တွေထဲမှာ လက်



www.burmeseclassic.com

www.burmeseclassic.com



ထောက် ဆရာဝန်တွေ ဝင်ပြီး ဟိုသွား ဒီသွား ဟိုပြော သည်ပြော လုပ်နေ တာမျိုးကို ကျွန်တော် ခွင့်မပြုနိုင်ဘူးတဲ့၊ ပြီးတော့ သူက ကို့ရဲ့ ခြေထောက် က ခြေပတ်တွေကို ငုံ့ကြည့်ပြီး ခင်ဗျား ဖိနပ်လို ညစ်ပတ် ပေရေနေတဲ့ ဖိနပ် မျိုးတွေနှင့် လူနာဆောင်တွေထဲ သွားလာနေလို့ ဘယ်ဖြစ်ပါ့မလဲတဲ့'

ပြောရင်းကပင် အင်ဒရူး၏ အသံသည် တိမ်ဝင် သွားလေသည်။

'အိုကွယ်... သူ ပြောပုံ ဆိုပုံက မကောင်းပါဘူး၊ အားလုံး အသုံးမကျ ဖြစ်ကုန်တာပဲ၊ ကို့အနေနှင့် မိုးကာ အင်္ကျီကြီး ဝတ်၊ ညစ်ပတ် ပေရေနေတဲ့ ဖိနပ်ကြီးတွေ စီးပြီး မိုးရေ တရွှဲရွှဲ ရွှံ့တပေပေနှင့် အလုပ်သမား အိမ်တွေကို သွား၊ မီးဖိုခန်းထဲက မီးရောင် မှုန်မွားမွား အောက်မှာ လူနာကို စမ်းသပ် စစ်ဆေးပြီး ကုပေး၊ အဲ... ဆေးရုံလည်း တင်ရော ကို့ လူနာ မဟုတ်တော့ဘူး သူ့လူနာ ဖြစ်သွားရော၊ သူ့အနေနှင့် ကို့ကို အသုံးချချင်တာက မေ့ဆေး ပေးဖို့လောက်သာ သုံးချင်တာကိုး၊ ဘယ်လောက်များ ရင်နာဖို့ ကောင်းသလဲ'

စကားလက်စ မပြတ်သေးမီမှာပင် တယ်လီဖုန်း မြည်လာသဖြင့် ရပ်လိုက်ရသည်။ ခရစ္စတီသည် အင်ဒရူးအား ကိုယ်ချင်းစာနာသော အကြည့် ကြင်နာသော အကြည့်ဖြင့် စူးစူးစိုက်စိုက် ကြည့်နေရာမှ ကပျာကယာ ထ၍ တယ်လီဖုန်းဆီ သွားသည်။ ခရစ္စတီ ပြောနေသမျှကို အင်ဒရူး ကြားနေရ၏။ ခရစ္စတီသည် အင်ဒရူးထံသို့ နေးကွေး လေးလံသော ခြေလှမ်းများဖြင့် ပြန် လာလေ၏။

'ဖုန်းဆက်တာ ဒေါက်တာ လီဝီလင်းပဲ၊ သူ ဖုန်းမချသေးဘူး၊ စောင့် နေတယ်၊ ခရစ္စတီ စိတ်မကောင်းပါဘူး အချစ်ရယ်၊ သူက မနက်ဖြန် ဆယ် တစ်နာရီမှာ မေ့ဆေးပေးဖို့ လာပါဦးတဲ့'

အင်ဒရူးကတော့ အဖြေ မပေးဘဲ သူ့ခေါင်းကို လက်နှစ်ဖက်ဖြင့် ဆုပ် ကိုင်ကာ ငုံ့ထားလေသည်။

'ကျွန်မ ဘာပြောလိုက်ရမလဲဟင်'

'ငရဲပြည်ကို သွားတော့လို့ ပြောလိုက်ကွာ'

အင်ဒရူးက ဒေါသတကြီးဖြင့် အော်လိုက်သည်။ ပြီးမှ တစ်ဖန် 'မပြော နှင့် မပြောနှင့်၊ ကို မနက်ဖြန် ဆယ့်တစ်နာရီ အရောက် လာမယ်လို့သာ ပြော လိုက်တော့' ဟု မချိပြုံး ပြုံး၍ ပြောလိုက်လေ၏။

ခရစ္စတီ ပြန်လာသောအခါ လက်ထဲတွင် ကော်ဖီ တစ်ခွက် ပါလာ သည်။ ငိုက်ရှုပ် စိတ်တိုနေချိန်တွင် ကော်ဖီ ပူပူလေး တစ်ခွက် သောက်လိုက်





ရပါက စိတ်ပြေသွားတတ်သည် မဟုတ်ပါလား။

အင်ဒရူးသည် ကော်ဖီ သောက်ရင်းက ခရစ္စတီအား ပြုံးပြလိုက်သည်။

'ကို အမှန်အတိုင်း ပြောရရင် ဒီမြို့ကလေးမှာ ခရစ္စတီနှင့် အတူတူ နေရတာ သိပ်ပျော်တယ်၊ အလုပ် လုပ်ရတာသာ အဆင်ပြေရင် ပိုပြီး ပျော်မှာ တစ်ခုတော့ ရှိပါတယ်လေ၊ လီဝီလင်း အနေနှင့် ကို့ကို လူနာဆောင်ထဲ ဝင်ခွင့် မပြုတာဟာ ပုဂ္ဂိုလ်ရေး အရတော့ ဟုတ်ဟန် မတူပါဘူး၊ လန်ဒန် မြို့ ပေါ်က ဆေးရုံတွေမှာလည်း ဒီအတိုင်းပါပဲ၊ နေရာတိုင်းမှာပဲ ဆိုပါတော့လေ၊ ဆေးရုံ ခပ်ကြီးကြီး ဆိုရင် ဒီ ပုံစံမျိုးချည်းပါပဲ၊ ဒါက စနစ်ပေါ့၊ ဒါပေမဲ့ ခရစ္စတီရယ် ဘာ့ကြောင့်များ ဒီစနစ်ကို လက်ခံပြီး လုပ်နေကြသလဲ ဆိုတာကို စဉ်းစားလို့ မရဘူး၊ ဆရာဝန် တစ်ယောက်ဟာ သူ့လူနာ ဆေးရုံပေါ် ရောက် သွားတာနှင့် တစ်ပြိုင်နက် ဆက်ပြီး ကြည့်ရှု ကုသခွင့် မရတော့ဘူး ဆိုတာ ဘာသဘောလဲ၊ ဘာ့ကြောင့်လဲ၊ ဒီလို လုပ်လိုက်လို့ ဘာအကျိုးထူးများ ရလာ သလဲ၊ လူနာကို အစကတည်းက ကြည့်ရှု ကုသပြီး မှတ်တမ်း တင်ထားခဲ့သမျှ အားလုံး ဆုံးရှုံးတာပဲ မဟုတ်လား၊ အကျိုးကတော့ မထူးပါဘူး၊ ဒါဟာ ကို့ရဲ့ အသုံးမကျတဲ့ အထူးကု စနစ်ကြောင့် ဖြစ်ရတာပဲ ထင်ပါရဲ့၊ တကယ် တော့ အားလုံး မှားနေတာပဲ၊ မှားသမှ သိပ်မှားတဲ့ စနစ်လို့ ကိုတော့ ထင် တာပဲ၊ အိုကွာ ဘာ့ကြောင့်များ ခရစ္စတီကို တရားဟောနေမိပါလိမ့်၊ ကိုတို့မှာ တခြား ပူစရာတွေ ဘာမှ မရှိတော့သလို ဖြစ်နေပါပကောလား၊ ကို ဘာ ဆက်လုပ်ရင် ကောင်းမလဲ၊ အင်း ကို ဒီမှာ အလုပ် စဝင်ချိန်က စပြီး လုပ်ခဲ့ သမျှတွေ ပြန်တွေးလိုက်ပြန်တော့လည်း အားရစရာ တစ်ကွက်မှ မရှိသေးဘူး၊ အားလုံး အလွဲချည်းပဲ၊ အိုကွယ် ကို လုပ်သမျှတွေဟာ အလွဲချည်း ဖြစ်နေတာ ပဲ'

သို့သော်လည်း ထိုရက်သတ္တပတ် ကုန်ခါနီး တစ်ရက်တွင် အင်ဒရူးထံ သို့ မမျှော်လင့်သော ဧည့်သည် တစ်ဦး ရောက်လာသည်။ ဧည့်သည်မှာ ည ဉ်း အချိန် အတော်နောက်ကျမှ ရောက်လာခြင်း ဖြစ်၏။ ထိုညက အိပ်ချိန် နီးပြီ ဖြစ်၍ အင်ဒရူးနှင့် ခရစ္စတီတို့ အပေါ်ထပ် အိပ်ခန်းသို့ တက်တော့မည် ဆဲဆဲ တံခါးဝမှ လူခေါ် ခေါင်းလောင်းသံ ကြားလိုက်ရသဖြင့် တံခါး ဖွင့်ပေး လိုက်ရာ ကော်မတီ အတွင်းရေးမှူး အိုဝင် ဖြစ်နေသည်ကို တွေ့ရလေ၏။

အိုဝင် မျက်နှာကို မြင်လိုက်ရသည့်အခါ အင်ဒရူးမှာ ထိတ်လန့်တကြား ဖြစ်သွားမိသည်။ အတွင်းရေးမှူး လာခြင်းသည် ကောင်းသော လာခြင်း မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ချင်မှ ဟုတ်ပေမည်။ အလုပ်ခွင်တွင် အဆင်မပြေမှုများ ထပ်တလဲလဲ ကြုံတွေ့နေရခြင်း၏ အဆိုးဆုံးသော အခြေအနေကို ပေးဖို့များ လာလေသလား။ ကော်မတီက သူ့အား အလုပ်မှ နုတ်ထွက်စာတင်ရန် ပြောနိုင်းလိုက်လေသလား၊ သူတို့နှင့် ခရစ္စတီတို့အား လမ်းပေါ်ရောက်အောင် လုပ်ဖို့များ ထလေသလား။

အင်ဒရူးသည် အတွင်းရေးမှူး၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်၍ ရင်ခုန်လျက် ရှိ၏။ သို့သော်လည်း အိုဝင်က သူ၏ မှတ်ပုံတင် ကတ်ပြားအဝါကလေး ထုတ်လိုက်သော အခါ ချက်ချင်း စိတ်သက်သာရာ ရသွား၍ ဝမ်းသာသွားလေသည်။

'ကျွန်တော် လာတာ အချိန် သိပ်နောက်ကျသွားတယ် ဒေါက်တာ မဆန်း၊ ခွင့်လွှတ်ပါ၊ ရုံးမှာ အလုပ် များလွန်းလို့ နောက်ကျသွားတယ်၊ ကျွန်တော့်မှာ ဆေးခန်းလာတွေ့ဖို့ အချိန်ကလည်း မရဘူး၊ ဒေါက်တာ အနေနှင့် ကျွန်တော့် ကတ်ပြားကို လက်ခံလိမ့်မယ်လို့ ထင်ပါတယ်၊ အသင်း အတွင်းရေးမှူး တစ်ယောက် ဆိုတော့ ထူးဆန်းသလို ဖြစ်နေမလား မပြောတတ်ဘူး၊ နောက်ဆုံးအကြိမ် ကျွန်တော် ဆရာဝန်နှင့် တွေ့ခဲ့တာ ကာဒစ်ဖ် ရောက်တုန်းကပဲ၊ ဒေါက်တာ လက်ခံနိုင်မယ် ဆိုရင် ကျွန်တော့်ကို ဒေါက်တာရဲ့ လူနာ စာရင်းထဲမှာ သွင်းပေးစေချင်ပါတယ်'

အင်ဒရူးမှာ စကားပြောစရာ ရှာမရနိုင်လောက်အောင် ဖြစ်သွားသည်။ သူသည် ဤကတ်ပြားမျိုး အများအပြားကို လူနာများအား ပြန်ပေးခဲ့ရ၏။ ပေးရသည့် အခါတိုင်း တွန့်ဆုတ် တွန့်ဆုတ်နှင့် မပေးချင် ပေးချင် ဖြစ်ခဲ့ရ၏။ ယခု သူ ကတ်ပြား တစ်ခု ရလာသည်။ ကတ်ပြားရှင်မှာ တော်ရုံတန်ရုံ လူလည်း မဟုတ်ပေ။ အသင်း၏ အတွင်းရေးမှူးထံမှ ဖြစ်သဖြင့် များစွာမှပင် ဝမ်းသာ အားတက်မိလေသည်။

'ကျေးဇူးတင်ပါတယ် မစ္စတာ အိုဝင်၊ ကျွန်… ကျွန်တော် ဝမ်းသာစွာနှင့် လက်ခံပါတယ်'

မန်းမထဲမှ ရပ်ကြည့်နေသော ခရစ္စတီသည် သူတို့အနီးသို့ ရောက်လာသည်။

'အိမ်ထဲ ဝင်ထိုင်ပါဦး မစ္စတာ အိုဝင်၊ ကျေးဇူးပြုပြီး အထဲ ဝင်ပါဦး'

ခရစ္စတီတို့အား ညအချိန်မတော်မှ လာပြီး နှောင့်ယှက်သလို ဖြစ်နေသည်ဟု ပြောရင်းနှင့်ပင် အိမ်ထဲသို့ ဝင်လာသည်။ အမှန်တော့ အိုဝင်သည်





အိမ်ထဲဝင်၍ ထိုင်လိုသော ဆန္ဒ စောစောကတည်းက ရှိနေပုံရ၏။ ခရစ္စတီက ကော်ခေါ်လျှင် ဖိတ်ခေါ်ချင်းပင် မငြင်းဆန်တော့ဘဲ စိတ်ပါလက်ပါ ဝင်လာလေသည်။

ပက်လက် ကုလားထိုင်ပေါ် ထိုင်မိသည့် အခါ ရုတ်တရက် စကား မပြောသေးဘဲ ဆောင်းမီးဖိုကိုသာ စူးစိုက်၍ ကြည့်နေသည်။ သူ့ အမူအရာမှာ တစ်စုံတစ်ခုကို ပြောရန် သင့် မသင့် ချိန်ဆနေပုံရ၏။ သူ၏ ဝတ်ပုံ စားပုံနှင့် ပြောပုံ ဆိုပုံများမှာ အဆင့်အတန်း မြင့်သော်လည်း သူ၏ ပုံပန်းမှာမူ သာမန် အလုပ်သမား တစ်ယောက်နှင့် ခြားနားခြင်း မရှိလှချေ။ ခပ်ရိုးရိုး နေတတ် ပြောတတ်သည့် အသွင်အပြင်သည် အထင်းသား ပေါ်လျက် ရှိသည်။ သူသည် တစ်စုံတစ်ခုကို ပြောရန် အတွက် စဉ်းစား စိတ်ကူး စီစဉ်နေဟန် တူပေသည်။

'ကျွန်တော်တော့ ဒေါက်တာနှင့် အခုလို စကားပြောဖို့ အခါအခွင့် သင့်လာတာကို သိပ် ဝမ်းသာတယ်၊ ဒေါက်တာ လောလောဆယ် ရင်ဆိုင်နေရတဲ့ အနှောင့်အယှက်တွေ အတွက် စိတ်မပျက်စေချင်ဘူး၊ ဝမ်းလည်း မနည်းစေချင်ဘူး၊ ဒီမြို့က လူတွေကတော့ သည်လိုပဲ၊ ပေါင်းသင်း ဆက်ဆံရတာ နည်းနည်း ခက်တယ်၊ ဒါပေမဲ့ သူတို့ရဲ့ စိတ်သဘောထားကတော့ ရိုးသားကြပါတယ်၊ မကြာခင် ဒေါက်တာ့ဆီ ပြန်ရောက်လာကြမှာပါ၊ စိတ်ချနေပါ'

အင်ဒရူးက ကြားဖြတ်၍ မပြောခင် အိုဝင်က သူ့ စကားကို ဆက်သည်။

'တွမ် အီဗန်ရဲ့ အကြောင်း ဒေါက်တာ မကြားမိသေးဘူး ထင်တယ်၊ အီဗန်ရဲ့ လက်က အနာဟာ အခြေအနေ အတော် ဆိုးသွားတယ်၊ ဒေါက်တာက အဆိပ်ဖြစ်မှာ စိုးလို့ မထည့်စေချင်တဲ့ ဆေးကိုပဲ သူတို့ ဆက်ထည့်ကြတယ်၊ အခုတော့ သူ့ တံတောင်ဆစ်ဟာ ကွေးကောက်ပြီး အကြောတွေ သေသွားတဲ့ သဘောမျိုး ဖြစ်သွားတယ်၊ လက်က သုံးလို့ကို မရတော့ဘူး၊ အလုပ်လည်း ပြုတ်သွားရှာတယ်၊ အိမ်မှာ ကုရင်းနှင့် ဖြစ်တာ ဆိုတော့လည်း အလုပ်ခွင်နှင့် မဆိုင်သလို ဖြစ်သွားတာပေါ့၊ ဒါကြောင့်မို့ သူ့ခမျာ လျော်ကြေးငွေ တစ်ပြားမှ မရရှာဘူး'

အင်ဒရူးမှာ ကြားရသည့် သတင်း အတွက် စိတ်မကောင်း ဖြစ်မိသဖြင့် စုတ်သပ်လိုက်မိလေ၏။ သူ့အနေဖြင့် အီဗန်တို့ အပေါ်တွင် နည်းနည်းကလေးမှ စေတနာ မပျက်ခဲ့ပေ။ အနာကို သူ စိတ်တိုင်းကျ ကုသခွင့် မရသည့် အတွက်သာ ဝမ်းနည်းခြင်း ဖြစ်ခဲ့မိသည်။ မမှားသင့်သော အမှားကြောင့် မပြင်



www.burmeseclassic.com

www.burmeseclassic.com



သင့်တာတွေ ဖြစ်ကုန်မည်ကိုသာ တွေး၍ စိတ်မကောင်း ဖြစ်ခဲ့ရ၏။

အိုဝင်သည် အတန်ကြာမျှ စကားမပြောဘဲ ငြိမ်ဆိတ်နေပြန်သည်။ ပြီးမှ အေးဆေး တည်ငြိမ်သော အသံဖြင့် သူ့ဘဝ အကြောင်းကို ပြောပြသည်။ အထူးသဖြင့် သူ့ဘဝ၏ အစပိုင်းတွင် သူ ရှန်းကန် လှုပ်ရှားခဲ့ရပုံများ။

အိုဝင်သည် အသက် ဆယ့်လေးနှစ်သား အရွယ်ကတည်းက မြေအောက် ကျောက်မီးသွေးတွင်းထဲ၌ ပင်ပန်းကြီးစွာ အလုပ် လုပ်ခဲ့ရ၏။ အလုပ် တစ်ဖက်နှင့်ပင် ကျောင်းတက်၍ သူ့ဘဝ၏ တိုးတက်ရာ တိုးတက်ကြောင်းကို ရှာခဲ့ရသည်။ တစ်ဖက်ကလည်း လက်နှိပ်စက် လက်ရေးတို ပညာကို သင်ကြားခဲ့ရ၏။ နောက်ဆုံး ရှန်းရင်း ကန်ရင်း လှုပ်ရှားရင်းနှင့်ပင် အသင်း၏ အတွင်းရေးမှူး အဖြစ် ရောက်လာခဲ့ရလေသည်။

အိုဝင်၏ ဘဝ တစ်ခုလုံးသည် လူအများ၏ ကောင်းကျိုး ချမ်းသာ ဖြစ်ရေးကို ရှေးရှုလျက် ရှိသည်ဟု အင်ဒရူးက ထင်သည်။ အိုဝင်သည် သူ၏ စိတ်ကူး၊ သူ၏ အကြံဉာဏ်များကို အကောင်အထည် ဖော်ပေးနေသည့် သူ၏ အလုပ်ကို အလွန် ချစ်မြတ်နိုးပြီး တန်ဖိုးထားသူ ဖြစ်လေသည်။

အိုဝင်၏ ဆန္ဒသည် ဆေးဝါး ကုသမှု လုပ်ငန်း တစ်ခုတည်းကိုသာ လုပ်ချင်သည် မဟုတ်ပေ။ အလုပ်သမားများ အတွက် ယခုထက် ပိုမို ကောင်းမွန်သည့် အိမ်ရာများ ဆောက်ပေးလိုသည်။ ပတ်ဝန်းကျင် သန့်ရှင်းရေးကို စနစ်တကျ လုပ်ပေးချင်သည်။ ကောင်းမွန် သာယာ၍ လူမှုရေးအရ လုံခြုံသော အလုပ်ခွင် အခြေအနေများကို ဖန်တီးပေးလိုသည်။ အလုပ်သမားများ အတွက်သာမဟုတ်၊ သူတို့အား မှီခိုနေသည့် ဇနီး သားသမီးများ အတွက်ပါ အေးအေး အရာရာ အဆင်ပြေအောင်၊ တိုးတက်အောင် ဆောင်ရွက်ပေးလိုသော ဆန္ဒနှင့် စေတနာ ပြင်းပြသည်။

အိုဝင်သည် အင်ဒရူးအား အလုပ်သမားများ၏ ဇနီး ကိုယ်ဝန်သည် မိခင်လောင်းများ၏ သေနှုန်းကို လည်းကောင်း၊ မွေးစ ကလေးငယ်များ၏ သေနှုန်းကို လည်းကောင်း အတိအကျ ပြောပြသည်။ အလုပ်သမားများနှင့် ခပ်ဆိုင်သည့် အချက်အလက် စာရင်းဇယားများကို သူ့နှုတ်မှ အလွတ် လေသည်။

အိုဝင်သည် သူကသာ ပြောသည် မဟုတ်ပေ၊ အင်ဒရူး ပြောသမျှကို လည်း စိတ်ပါဝင်စားစွာဖြင့် နားထောင်သည်။ ဒရင်းဖီးမြို့တွင် ကြုံခဲ့ရသည့် တိုက်ဖွိုက် ရောဂါ ပြဿနာ၊ ယင်းပြဿနာနှင့် ဆက်စပ်ပြီး မိလ္လာပြွန်များ





ထိတ်တဆိတ် ဗိုင်းနမိုက်နှင့် ဖျက်ဆီးရခြင်း စသည့် အကြောင်းများကို ပြောပြသည့် အခါ ပြုံးလေသည်။ အခြားသော မြေအောက် အလုပ်သမားများထက် မြေအောက် ကျောက်မီးသွေးတွင်းတူး အလုပ်သမားများတွင် အဆုတ် ဝေဒနာ ၍ အဖြစ်များနိုင်သည် ဟူသော အင်ဒရူး၏ အထင်အမြင် အယူအဆများကို ပြောပြသည့်အခါ အလွန် စိတ်ဝင်စားသည့် အရိပ်လက္ခဏာ ပြလေသည်။

အင်ဒရူးအဖို့ အိုဝင်က စိတ်ဝင်စားစွာ နားထောင်နေသဖြင့် သူ့ အယူအဆများကို ပြောပြနေရသည်မှာ အားရှိလှပေသည်။ အင်ဒရူး၏ အယူအဆသည် သာမန် အယူအဆမျိုး မဟုတ်ပေ။ ဒရင်းဖီးမြို့မှ ရခဲ့သည့် အတွေ့အကြုံများအပေါ် အခြေခံ၍ ပြောခြင်းဖြစ်၏။ သူ စစ်ဆေး တွေ့ရှိခဲ့ရသမျှ ဆိုလျှင် ကျောက်မီးသွေးတွင်းတူး အလုပ်သမားများသည် ဖြစ်နေသည့် အဆုတ်ရောဂါ အဖြစ် များသည်။ သူ ဒရင်းဖီးမြို့တွင် နေစဉ်က သူ့ထံ ရောက်လာကြသည့် အလုပ်သမား တော်တော်များများသည် ချောင်းဆိုးသည်ဟု လည်းကောင်း၊ ကျပ်လွန်း၍ အသက်ရှူမဝ ဖြစ်နေပါသည်ဟု လည်းကောင်း ပြောကြသည်။ သူ စစ်ဆေးကြည့်လိုက်သည့် အခါ 'အဆုတ် တီဘီရောဂါ' ဖြစ်နေသည်ကို တွေ့ရှိခဲ့ရသည်။ ယခု အေဘာရာလောမြို့တွင်လည်း ဤပုံစံအတိုင်းပင် တွေ့လျက် ရှိသည်။ သို့ဖြစ်ရာ အလုပ်နှင့် ရောဂါသည် တိုက်ရိုက် ဆက်သွယ်မှု ရှိ မရှိ သူ စဉ်းစားနေမိပါသည်ဟု အင်ဒရူးက ပြောပြသည့် အခါ အိုဝင်သည် တိုး၍ တိုး၍ စိတ်ဝင်စားလာလေ၏။

'ကျွန်တော် ဘာဆိုလိုတယ် ဆိုတာ မစ္စတာ အိုဝင် သဘောပေါက်မယ် ထင်ပါတယ်၊ အလုပ်သမားတွေ အနေနှင့် တစ်နေ့လုံး ကျောက်မှုန့် မှုန့်တွေနှင့် ထွေးလား လုံးလား အလုပ် လုပ်နေရတာပဲ၊ သဲစ သဲန ဖုန်မှုန့် မှုန့်တွေဟာ သူတို့ရဲ့ အဆုတ်ထဲ မရောက်ဘဲ မနေပါဘူး၊ ရောက်မှာ သေချာပါတယ်၊ ကျွန်တော် သံသယ ဖြစ်နေတာက အဲဒီ အစအနတွေဟာ သူတို့ရဲ့ အဆုတ်တွေကို ဒဏ်ရာ အနာတရ ဖြစ်အောင် လုပ် မလုပ် ဆိုတဲ့ အချက်ပဲ၊ မှာ ကျောက်မီးသွေးတွင်းတူး အလုပ်သမားတွေဟာ ကျောက်မီးသွေးသယ် သားတွေထက် အဆုတ်ရောဂါ အဖြစ် များတယ်၊ ကျွန်တော့် အယူအဆ လည်း လွဲချင် လွဲမယ်ပေါ့၊ ဒါပေမဲ့ ကျွန်တော် လက်တွေ့ လေ့လာထား လောက်တော့ လွဲဖို့ရာ အကြောင်း သိပ်မရှိဘူးလို့ ပြောရဲတယ်၊ ခက်နေ တစ်ခုက အခုအချိန် အထိ စနစ်တကျ ဆန်းစစ် လေ့လာမှု မရှိသေး ချက်ပဲ၊ ပြည်ထဲရေးဌာန အနေနှင့်လည်း စက်မှု လုပ်ငန်းခွင်မှာ



www.burmeseclassic.com

 www.burmeseclassic.com

တဲ့ ရောဂါ စာရင်းထဲမှာ ကနေ့ အထိ ထည့်မပြသေးဘူး၊ ဝမ်းနည်းစ ကောင်းတာက ဒီရောဂါ ဖြစ်တဲ့ အလုပ်သမားတွေ ဗုန်းဗုန်းလဲပြီ ဆို လျော်ကြေးတို့ ကရုဏာကြေးတို့ တစ်ပြားမှ မရတဲ့ ကိစ္စပဲ'

အိုဝင်သည် အင်ဒရူး ရှင်းလင်း ပြောပြသမျှကို စိတ်အား ထက်သန် နားထောင်နေရာမှ 'တကယ်ပဲ ဒေါက်တာ၊ ကျွန်တော် ဒီလို အရေးကြီး အကြောင်းအရာမျိုးကို ဘယ်တုန်းကမှ မကြားခဲ့ရဘူး၊ ဒေါက်တာရဲ့ တွေ့ ချက်ဟာ လွဲနိုင်စရာ ရှိမယ် မထင်ပါဘူး' ဟု ပြောလေသည်။

နှစ်ဦးသား ထိုကိစ္စကို စိတ်ပါလက်ပါ ဆွေးနွေး ပြောဆိုကြသည် အိုဝင် ပြန်တော့မည်ဟု ထလိုက်သည့်အခါ အတော် ညဉ့်နက်နေပေပြီ။ ည နက်အောင် စကားကောင်းနေမိသည့် အတွက် သူ့အား ခွင့်လွှတ်ပါဟု ခရစ္စ အား တောင်းပန်စကား ဆိုလေသည်။ အင်ဒရူးကိုလည်း စောစောက ပြောပြ သည့် အဆုတ်ရောဂါ ကိစ္စကို တတ်အားသရွေ့ ဆက်လက် လုပ်ဆော ကြောင်း၊ သူ ကူညီနိုင်သမျှ ကူညီမည် ဖြစ်ကြောင်း ပြောကြားလေသည်။

အိုဝင် ထွက်သွားသော အခါ ရိုးသား ဖြူစင်သော အိုဝင်၏ စိတ် စေတနာသည် အင်ဒရူး၏ နှလုံးသားတွင် စွဲထင် ကျန်ရစ်ခဲ့လေ၏။ ကော် အစည်းအဝေးတွင် လူတွေ့ စစ်ဆေးစဉ် ကတည်းက အိုဝင်ကို သူ ခင်မ ၏။ အိုဝင်သည် တစ်နေ့သော အခါတွင် သူ၏ မိတ်ဆွေကောင်း တစ်ယော ဖြစ်လာလိမ့်မည်ဟု သူ တွေးထင်ခဲ့၏။ သူ၏ အတွေးအထင်သည် မှာ ကြောင်း ယနေ့ည ကြုံရသည့် အဖြစ်က သက်သေခံလျက် ရှိပေ၏။



[၇]

အသင်း၏ အတွင်းရေးမှူး မစ္စတာ အိုဝင် တစ်ယောက် ဒေါက်တာ အင်ဒရူး အဆန်၏ လူနာ အဖြစ် စာရင်း သွင်းလိုက်သည် ဟူသော သတင်းသည် တစ်မုဟုတ်ချင်း ပျံ့နှံ့သွားလေသည်။ ထိုသတင်းကြောင့် ဆရာဝန် အသစ် အပေါ် မတော်မတရား ပြောဆိုနေမှုသည် အရှိန်တန့်သွားလေသည်။ ဆရာဝန် အသစ်ကို လူကြိုက် မများသလို ဖြစ်နေခြင်းကိုလည်း တန့်သွားအောင် ထိန်း ချုပ်ပေးလိုက်သလို ဖြစ်သွားလေ၏။

အိုဝင် အိမ်လည် ရောက်လာခြင်းကြောင့် ရရှိသည့် အကျိုးအမြတ်မှာ ဤမျှသာ မဟုတ်သေးပေ။ ခရစ္စတီနှင့် အင်ဒရူးတို့ နှစ်ဦးစလုံး အတော်ကလေး စိတ်ချမ်းသာမှု ရှိလာကြသည်။ ယခင်ကထက် စိတ်အားလည်း တက်လာကြ သည်။

သို့သော်လည်း မြို့၏ ပေါင်းသင်း ဆက်ဆံရေး နယ်ပယ်တွင်မူ သူတို့ မပါဝင်နိုင်ကြသေးပေ။ ခရစ္စတီ အနေဖြင့် အပေါင်းအသင်း နည်းနေသေး သည့် ကိစ္စ အတွက် ဘာမျှ မပြောသော်လည်း အင်ဒရူး အလုပ် သွားနေချိန် များနှင့် လူနာအိမ် သွားချိန်များတွင်မူ အိမ်တွင် အဖော် ကင်းမဲ့စွာဖြင့် တစ် ယောက်တည်း နေခဲ့ရသဖြင့် သူမခမျာ အထီးကျန်နိုင်လှပေသည်။

ကုမ္ပဏီမှ အထက်တန်း အရာရှိများ၏ ဇနီးများမှာ သူတို့ အဆင့်ကို သူတို့ အထင်အမြင် ကြီးလွန်းလှသူများ ဖြစ်ပေရာ လက်ထောက် ဆရာဝန် များ၏ ဇနီးများနှင့် တူသည် တန်သည်ဟု မထင်ကြသဖြင့် ရောနှော ဆက်ဆံ ခြင်း မပြုကြချေ။

အောဘာရာလော မြို့သို့ ရောက်သည့် ညက ညစာ စားသွားပြီး



www.burmeseclassic.com

www.burmeseclassic.com

ခရစ္စတီကို အလွမ်းသယ်ခဲ့သော ဒေါက်တာ လီဗီလင်း၏ ဇနီးမှာလည်း ခရစ္စတီထံ လာလည်ဖို့ နေနေသာသာ အသံကလေးမျှပင် ပေးဖော် မရတော့ချေ။ အိမ်ကို လာ၍ ကူညီရဦးမည်၊ စောင့်ရှောက်ရဦးမည် စသည်ဖြင့် လည်းကောင်း၊ အပျင်းပြေ ကာဒစ်ဖ်မြို့ဘက်သို့ ကားနှင့် သွားတိုင်း အလည် ခေါ်ဦးမည်ဟု လည်းကောင်း တွတ်တီးတွတ်တာ ပြောခဲ့သော မစ္စက် လီဗီလင်းသည် သူ့စကားကို မေ့သွားဟန် တူပေသည်။

အရှေ့ပိုင်း ဆေးခန်းမှ ဒေါက်တာ မက်ဒလေးနှင့် အော့စဘောရီးတို့၏ ဇနီးများမှာလည်း ပေါင်းသင်း ဆက်ဆံ၍ ကောင်းမည့် အခြေအနေ မရှိချေ။ ဒေါက်တာ မက်ဒလေး၏ ဇနီးမှာ အမြဲတစေ သုန်သုန်မှုန်မှုန် နေတတ်သူ ဖြစ်၍ ခင်မင် နှစ်လိုဖွယ်ရာ ကောင်းသော အမူအကျင့် မရှိပေ။ အော့စဘောရီး၏ ဇနီးမှာမူ အလွန် စကားများသူ ဖြစ်ရာ စကား တစ်ခွန်း စလိုက်မိလျှင် သူ့ စကားသူ အဆုံးသတ်နိုင်သူ မဟုတ်ပေ။ သူမသည် အနောက်အာဖရိက သာသနာပြု အသင်းများ အကြောင်းကို အမြဲ ပြောလေ့ ရှိရာ ပြောမိပြီ ဆိုပါကလည်း နားထောင်နေရသူ ငြီးငွေ့မည်ကို သတိမထားတော့ဘဲ တစ်နာရီ နီးပါးခန့်မျှ မရပ်မနား ပြောတတ်လေသည်။

မည်သို့ပင် ဖြစ်စေ လက်ထောက် ဆရာဝန်များနှင့် သူတို့ ဇနီးများသည် စည်းစည်းလုံးလုံး မရှိကြချေ။ တစ်ဦးနှင့် တစ်ဦး ကူးလူး ဆက်ဆံမှုလည်း မရှိသလောက် နည်းကြသည်။ သူတို့သည် ဘာသာလဝါ နေထိုင်ကြသည်။ မည်သူ့ကိုမျှ ဘက်ပြိုင်ဝံ့သော စိတ်ဓာတ်လည်း မရှိကြပေ။ အမှန်တော့ သူတို့ အစုသည် ဤမြို့၏ ပေါင်းသင်း ဆက်ဆံရေး နယ်ပယ်တွင် မဝင်ဆံ့နိုင် ဖြစ်ကာ အနှိမ်ခံ ဘဝတွင် ရောက်နေရသူများ ဖြစ်ပေသည်။

ဒီဇင်ဘာလ၏ တစ်ရက်သော မွန်းလွဲပိုင်းတွင် အင်ဒရူးသည် အလုပ်မှ ပြန်လာသည်။ ပြန်ရိုး ပြန်စဉ်အတိုင်း အိမ်ရှေ့ဘက်မှ မပြန်ဘဲ အိမ်နောက်ဘက်သို့ ဦးတည်နေသည့် လမ်းအတိုင်း လျှောက်လာခဲ့စဉ် တောင်ထိပ်ဘက်မှ ဆင်းလာနေသော လူတစ်ယောက်ကို မြင်လိုက်ရ၏။ လူရွယ်သည် သူ့နှင့် သက်တူ ရွယ်တူလောက်သာ ရှိသေး၍ ကိုယ်နေ ဟန်ထားမှာ ပိန်ပိန်ပါးပါးဖြင့်သော်လည်း သန်မာ တောင့်တင်း ကျစ်လျစ်၍ ဖျတ်လတ်သော ဟန်ပန်ရှိ၏။ လူချင်း ခပ်လှမ်းလှမ်း ဖြစ်နေသော်လည်း အင်ဒရူး အနေနှင့် ထိုသူအား ရစ်ချတ် ဗောက်ဟန်မှန်း ချက်ချင်း သိလိုက်လေသည်။

အင်ဒရူးသည် ရစ်ချတ် ဗောက်ဟန်နှင့် မျက်နှာချင်းဆိုင် မတွေ့လို





သဖြင့် တစ်ဖက်လမ်းဆီသို့ ဖြတ်ကူး၍ ရှောင်မည်ဟု စိတ်ကူးလိုက်သည်။ သို့သော်လည်း ချက်ချင်း ဆိုသလိုပင် အတွေး တစ်ခု ခေါင်းထဲ ဝင်လာသည်။ ဘာကြောင့် သူ့ကို ရှောင်ရမည်နည်း၊ သူ ဘာကောင်ပဲ ဖြစ်နေ ဖြစ်နေ ဂရုစိုက်စရာ မလို ဟူသော အတွေး ဖြစ်သည်။

အင်ဒရူးသည် သူ လာရင်း လမ်းအတိုင်း တည့်တည့်ပင် ဆက်၍ လျှောက်လာခဲ့၏။ လူချင်း နီးကပ်လာသည့်အခါ ရစ်ချတ် ဗောက်ဟန်ဘက်သို့ လုံးဝ လှည့်မကြည့်ဘဲ ဖြတ်လာခဲ့သည်။ ရုတ်တရက်သော် သူ့နားကိုပင် သူ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားမိ၏။ အဘယ်ကြောင့် ဆိုသော် ရစ်ချတ် ဗောက်ဟန်က သူ့အား လိုက်လိုက်လှဲလှဲ လှမ်း၍ နှုတ်ဆက်နေခြင်းကြောင့်ပေတည်း။

'ဟလို၊ ဘင် ချင်ကင်းကို အလုပ်ပြန်ဆင်းအောင် လုပ်လိုက်တာ ခင်ဗျားလား'

အင်ဒရူးသည် ရပ်လိုက်ပြီး ရစ်ချတ် ဗောက်ဟန်အား ကြည့်သည်။ သူ့အမှုအရာမှာ ရစ်ချတ် ဗောက်ဟန်၏ စကားကို ဂရုမစိုက် ပမာမခန့်သည့်ဟန်မျိုး ဖြစ်၏။ လူကြီး လူကောင်း တစ်ယောက် အနေဖြင့် ရစ်ချတ် ဗောက်ဟန်၏ အမေးကို ယဉ်ကျေးစွာ ပြန်ဖြေနေသော်လည်း စိတ်ထဲကမူ သတ္တုတွင်းများ ပိုင်ရှင် အက်ဒဝပ် ဗောက်ဟန်၏ သား မကလို့ ဘာကောင်ကြီးပဲ ဖြစ်ဖြစ် ဂရုစိုက်စရာ မလိုဟု တွေးထားလေသည်။

ဗောက်ဟန်တို့ မိသားစုသည် အေဘာရာလော ကျောက်မီးသွေး ကုမ္ပဏီ ပိုင်ရှင်များ ဖြစ်ပေသည်။ မြို့အနီး ပတ်ဝန်းကျင်ရှိ ကျောက်မီးသွေးတွင်းများမှ ရသမျှ အမြတ်ငွေနှင့် အလွန် ချမ်းသာ ကြွယ်ဝလာသူများ ဖြစ်ရာ သီးသန့် လူတန်းစား တစ်ရပ် အဖြစ် ရပ်တည်နေကြသူများ ဖြစ်လေသည်။ သူတို့နှင့် ခင်မင် ရင်းနှီးခွင့် ရဖို့ ဆိုသည်မှာ အလွန် မလွယ်ကူသော ကိစ္စ ဖြစ်၏။ ယခုအခါတွင် အသက်အရွယ် အိုမင်းလှပြီ ဖြစ်သော အက်ဒဝပ် ဗောက်ဟန်သည် ဘရီကွန်း အနီးရှိ မြေပေါ်တွင် အိမ်တစ်လုံး ဆောက်၍ အေးချမ်းစွာ အနားယူလျက် ရှိပြီ ဖြစ်ရာ သူ၏ တစ်ဦးတည်းသော သား ရစ်ချတ် ဗောက်ဟန်က ကုမ္ပဏီ၏ အထွေထွေ အုပ်ချုပ်မှု ဆိုင်ရာ ညွှန်ကြားရေးမှူး အလုပ်ကို ဆက်ခံထားလေသည်။

ရစ်ချတ်သည် မကြာသေးခင်ကမှ လက်ထပ်ပြီး မြို့ကို အပေါ်မှ စီးမြင်နိုင်သည့် အမြင့်ဆုံးသော တောင်ကုန်းပေါ်၌ အလွန် လှပ၍ ခေတ်ဆန်သော



www.burmeseclassic.com

www.burmeseclassic.com

အိမ်ကြီး တစ်လုံးကို စိတ်တိုင်းကျ ဆောက်ကာ နေထိုင်လျက် ရှိ၏။

'ခင်ဗျား အဲသလို လုပ်လိုက်တော့ ဘင် ချင်ကင်းရဲ့ မျက်နှာ ဘယ်လို ဖြစ်သွားတယ် ဆိုတာ ကြည့်ချင်လိုက်တာဗျာ'

ရစ်ချတ်သည် အင်ဒရူးအား ပြုံး၍ ကြည့်ကာ ပြောနေလေသည်။

'ကျွန်တော်ကတော့ ဘင် ချင်ကင်းရဲ့ အဖြစ်မှာ ထူးထူးခြားခြား ရယ်စရာ ကောင်းတာ မတွေ့ပါဘူး'

အင်ဒရူး၏ အမူအရာ ပြောပုံ ဆိုပုံ လေသံကို ရစ်ချတ်က ကောင်းစွာ နားလည်သည်။ အင်ဒရူးသည် စကော့ လူမျိုးတို့၏ ပြင်းထန်သော မာန်မာနကို ပြနေခြင်း ဖြစ်ကြောင်း ရစ်ချတ်က ကောင်းစွာပင် သိသည်။

'ခင်ဗျားတို့ဟာ ကျွန်တော်တို့နှင့် အနီးဆုံး အိမ်နီးနားချင်းတွေပဲ၊ ကျွန်တော့် မိန်းမကလည်း လွန်ခဲ့တဲ့ အပတ်ထဲက ဆွစ်ဇာလန် နိုင်ငံ သွားနေလို့၊ အခုတော့ ပြန်ရောက်ပါပြီ၊ သူ ခင်ဗျားတို့ဆီ လာလည်ပါလိမ့်မယ်၊ ခင်ဗျားတို့ကော နေရထိုင်ရတာ အသားကျသွားပြီလား'

'ကျေးဇူး အများကြီး တင်ပါတယ်'

အင်ဒရူးက ခပ်တိုတိုပင် ပြောကာ သူ့လမ်း သူ ဆက်၍ လျှောက်လာခဲ့လေ၏။

ထိုည အိပ်ရာ မဝင်မီ လက်ဖက်ရည် သောက်ကြသောအခါ အင်ဒရူးက ဗောက်ဟန်နှင့် ဆုံမိခဲ့သည့် အဖြစ်အပျက်ကို ခရစ္စတီအား ပြောပြလေသည်။ ပြောရာ၌လည်း ကောင်းကောင်းမွန်မွန် ပြောပြခြင်းမျိုး မဟုတ်ပေ။ ကဲ့ရဲ့ ရှုတ်ချလိုသည့် သဘော၊ အထင်အမြင် လွဲနေသည့် သဘောမျိုးဖြင့် ပြောပြနေခြင်း ဖြစ်လေသည်။

'ဒီလူက ဘာသဘောလဲ မသိဘူး၊ ကိုကို လာပြီး တရင်းတနှီး နှုတ်ဆက်နေတယ်၊ တစ်ခါတုန်းက ကိုနှင့် လီဝီလင်းတို့ အတူတူ လျှောက်လာတော့ သူနှင့် ဆုံဖူးတယ်၊ သူက လီဝီလင်းကို ခေါင်းတစ်ချက် ဆတ်ပြီး နှုတ်ဆက်တယ်၊ သူ့ မျက်လုံးကတော့ လူကို ကြည့်ဖော်တောင် မရဘူး၊ ဘာသဘောလဲ၊ အခု နှုတ်ဆက်တာကလည်း သူ့ သတ္တုတွင်းက အလုပ်သမားတွေကို ခွင့်မပေးဘဲ အလုပ်များများ ဆင်းခိုင်းဖို့ အတွက် ကိုကို လူမိုက်မွေးချင်လို့ ထင်ပါရဲ့'

ခရစ္စတီမှာ အင်ဒရူး စကားကြောင့် စိတ်ညစ်သွားလေ၏။

'မဟုတ်သေးဘူး အင်ဒရူး၊ မဟုတ်သေးဘူး၊ ဒီအချက်ဟာ ရှင်ရဲ့ အား





နည်းချက်ကြီး တစ်ခုပဲ၊ ရှင်ဟာ လူတွေကို နည်းနည်းလေးမှ မယုံဘူး၊ သိပ်ပြီး သံသယ ရှိတယ်၊ ရှင့် သံသယက ကြီးလည်း အင်မတန် ကြီးတယ်နော်'

'ဩော် ကိုက ရစ်ချတ် ဗောက်ဟန်အပေါ်မှာ သံသယ ရှိနေတယ်လို့ ခင်က ဆိုတာပေါ့၊ ဟုတ်လားဟင်၊ ပိုက်ဆံ ချမ်းသာတာနှင့် စိတ်ကြီးဝင်ပြီး ဘဝင်မြင့်နေတဲ့ ကောင်၊ ကျွန်တော့် မိန်းမ ဆွစ်ဇာလန် သွားနေလို့ လာလည်နိုင်တာပါ တဲ့၊ သက်သက် စကားမရှိ စကားရှာပြီး ကြွားတာ၊ မင့် မိန်းမ မာဒီး တောင်ကုန်းပေါ် လေးဖက်ထောက် တက်နေတုန်းမှာ ငါ့ မိန်းမက ဆွစ်ဇာလန် နိုင်ငံက အက်လ်ပ် တောင်တန်းတွေရဲ့ အလှကို အရသာခံနေတယ်ကွလို့ ပြောတာနှင့် အတူတူပဲ၊ သူ့မိန်းမက မင်းဆီ အလည်လာပါလိမ့်ဦးမယ်တဲ့၊ ဟူး သူ့မိန်းမလည်း ကို တွေ့ဖူးပါတယ်၊ မဟန်ပါဘူး၊ အကယ်လို့များ လာလည်ရင် မင်း သတိထားဖို့ လိုလိမ့်မယ်၊ ခင်သလိုလို ဘာသလိုလိုနှင့် ခြေထောက်အောက် ချနင်းတာမျိုးတော့ အဖြစ်မခံလေနှင့် သိလား'

'ကျွန်မ ဘယ်လို နေရမယ် ဆိုတာ ရှင် သင်နေစရာ မလိုပါဘူး၊ ကျွန်မ သိပါတယ်'

ခရစ္စတီ ပြောပုံမှာ မာကျော တိုတောင်းလွန်းလှသည်။ အင်ဒရူးနှင့် တွေ့ကတည်းက ယခုလို အပြောမျိုး၊ ယခုလို လေသံမျိုး သူမထံမှ မကြားခဲ့ဖူးပေ။ ယခု ကြားရခြင်းသည် ပထမဆုံး အကြိမ် ဖြစ်လေသည်။

အင်ဒရူး ကြိုတင် ခန့်မှန်းထားသည့် အတိုင်းပင် ရစ်ချတ် ဗောက်ဟန်၏ ဇနီးသည် ခရစ္စတီထံ လာလည်သည်။ လာရာ၌လည်း ခဏတစ်ဖြုတ် ကတ်ကျေ တန်းကျေ သဘောမျိုး မဟုတ်ပေ။ ခရစ္စတီနှင့် အကြာကြီး ထိုင်၍ စကားပြောသွားသည်။

ညနေပိုင်း အင်ဒရူး ပြန်လာချိန်တွင် တခြား နေ့များထက် ပို၍ စိတ်ချမ်းသာ ရွှင်မြူးနေပုံရသော ခရစ္စတီကို တွေ့ရသဖြင့် အနည်းငယ် ထူးခြားသလို ဖြစ်မိသည်။ ခရစ္စတီသည် တစ်စုံတစ်ခုသော အကြောင်းကြောင့် မလုံမလဲ ဖြစ်နေပုံလည်း ရသည်။ နောက်ဆုံးတွင် ရစ်ချတ် ဗောက်ဟန်၏ မိန်းမ လာလည်သွားကြောင်း ပြောပြလေ၏။

အင်ဒရူးကတော့ သရော်သည်။

'ကောင်းတာပေါ့၊ အိမ်သုံးစရိတ် ထားတဲ့ ပိုက်ဆံထုပ်ကလေး အတော် လျော့သွားမှာပေါ့နော်၊ သူဌေးတွေ ကြိုက်တတ်တဲ့ အကောင်းဆုံး အစားတွေ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ညှော်ခံလိုက်ရပြီ ဆိုပါတော့ ဟုတ်လား'

'ဟင့်အင်း မဟုတ်ပါဘူး၊ အိမ်မှာ ရှိတာနှင့်ပဲ ညှော်ခံတာပါ၊ သူး ကျွန်မ ပေါင်မုန့်နှင့် ထောပတ်ပဲ စားကြတယ်၊ လက်ဖက်ရည် တစ်အိုးလည်း ကုန်ရော'

အင်ဒရူးက အံ့သြဟန်ဖြင့် မျက်လုံး နှစ်ဖက်ကို ပင့်လိုက်သည်။

'သူကကော ကြိုက်ပုံရရဲ့လား'

'ကျွန်မတော့ ကြိုက်တယ် ထင်တာပဲ'

အင်ဒရူးသည် ဇောက်ဟန်တို့ လင်မယားနှင့် ပတ်သက်၍ မစဉ်း တတ်အောင် ဖြစ်သွားသည်။ သူ့စိတ်ကတော့ ဇောက်ဟန်တို့ အပေါ် မကျေ သလိုလို၊ စိတ်နာသလိုနှင့် ဝေခွဲ၍ မရပေ။ သူ့စိတ်သူ နားမလည်နိုင်အောင် ဖြစ်လျက် ရှိလေ၏။

ဆယ်ရက်ခန့် အကြာတွင် မစ္စက် ဇောက်ဟန်က ဖုန်းဆက်၍ အင်ဒရူးနှင့် ခရစ္စတီတို့အား ညစာစား ဖိတ်သည်။ ထိုအချိန်တွင် ခရစ္စတီ အိမ်ရှေ့ခန်းထဲ၌ မရှိပေ။ နောက်ဖေး မီးဖိုချောင်ထဲတွင် ကိတ်မုန့် ဖုတ် သဖြင့် အင်ဒရူးနှင့် စကားပြောရလေသည်။

'ကျွန်တော် ဝမ်းနည်းပါတယ် မစ္စက် ဇောက်ဟန်၊ မဖြစ်နိုင်ဘူး ထင်ပါတယ်၊ ကျွန်တော် အလုပ် သိပ်များလို့ပါ၊ ညတိုင်း ဆေးခန်းက ကိုး ထိုးမှ ပြန်ရပါတယ်'

'အို တနင်္ဂနွေနေ့ ဆိုရင် ဆေးခန်း ပိတ်တာပဲ ဒေါက်တာ၊ လာမယ့် တနင်္ဂနွေနေ့ ညမှာ ညစာ လာစားပါ၊ ကျွန်မ ဖိတ်ပါတယ်၊ ကျွန်မတို့ စော နေမယ်နော်'

မစ္စက် ဇောက်ဟန်၏ အသံသည် ချိုသာ အေးမြ၍ နှစ်လိုဖွယ် ကောင်းသည် ဖြစ်ရာ ငြင်းပယ်ခြင်းငှာ မတတ်သာချေ။ သို့သော် အင်ဒရူး ကတော့ ခရစ္စတီကို ဒေါသဖြစ်သည်။

'ဒီမှာ ခရစ္စတီ၊ မင်းရဲ့ မိတ်ဆွေ အကောင်းစားကြီးတွေက ညစာစား ကြွပါတဲ့၊ ဖိတ်နေပြီ သိလား၊ အဲဒါ ငါတော့ မသွားနိုင်ဘူး၊ ဘယ်နည်းနှင့်မှ မသွားဘူး၊ လာမယ့် တနင်္ဂနွေနေ့ ညမှာ လူနာ ကြည့်စရာတွေ ရှိနေတယ်'

ခရစ္စတီကမူ ခပ်အေးအေးပင်။

သူမ၏ မျက်လုံး အစုံသည် ထူးထူးခြားခြား ဝင်းလဲ့နေသည်။ သူမသည် သူမ၏ အထင်အမြင် အယူအဆကို ရဲရဲတင်းတင်းပင် ရင်ဖွင့်ဆော





ာသည်။

'ကျွန်မ ပြောတာကို ရှင် နားထောင်ပါဦး အင်ဒရူး မေဆန်၊ ဒီလို လေးကလားဆန်တဲ့ အလုပ်မျိုးတွေကို ရှင် ရပ်တန်းက ရပ်သင့်ပြီလို့ ထင် ယ်၊ ကျွန်မတို့ဟာ ဆင်းရဲတယ်၊ ကျွန်မတို့ ဆင်းရဲတာ မပြည့်စုံတာကို ကိုင်း သိတယ်၊ ရှင် အလုပ်သွားရင် ပြောင်ပြောင်ရောင်ရောင် သစ်သစ်လွင် မဝတ်နိုင်ဘူး၊ ကျွန်မမှာလည်း အိမ်မှာ ကိုယ်တိုင် ချက်ပြုတ် လုပ်ကိုင်နေရ အားတယ်လို့ မရှိဘူး၊ ဒါပေမဲ့ ဘာဖြစ်လဲ၊ ဘာမှ မဖြစ်ဘူး၊ ဘယ်သူ့ ည်း ဂရုစိုက်စရာ မလိုဘူး၊ ကိုယ့် အခြေအနေနှင့် ကိုယ် နေကြတာပဲ၊ ရှင် လည်ထားဖို့ သိထားဖို့က ရှင်ဟာ ဆရာဝန် တစ်ယောက်၊ ဆရာဝန်မှ ရာဝန်ကောင်း တစ်ယောက်၊ ကျွန်မက ရှင့်ရဲ့ မိန်းမ ဆရာဝန်ကတော်'

ပြောစက တင်းမာလျက် ရှိသော ခရစ္စတီ၏ မျက်နှာသည် အနည်း ယ် ပျော့ပျောင်းလာသည်။

'ရှင် ကျွန်မ ပြောတာကို သေသေချာချာ နားထောင်စေချင်တယ် ဒရူး၊ ကျွန်မလေ အိမ်ထောင်ကျပြီး ကတည်းက ကိုယ့်ဘဝကို အိမ်မှု ကိစ္စ ဘဲမှာပဲ မြှုပ်ထားခဲ့တယ်၊ ဇောက်ဟန်တို့ လင်မယားဟာ သိပ် ချမ်းသာ ယ်၊ ပိုက်ဆံ ချမ်းသာလို့များ ကျွန်မက အရေးတယူ လုပ်နေတယ်လို့ ရှင် ထင်နေသလား၊ မထင်လိုက်ပါနှင့်၊ ရှင် အဲသလို ထင်ရင် ရှင် မှားမှာပဲ၊ ကျွန်မ အဲဒီလို စိတ်မျိုး အဲဒီလို သဘောထားမျိုး လုံးဝ မရှိဘူး ဆိုတာ ရှင် သိဖို့ ကောင်းပါတယ်၊ ကျွန်မ သူတို့ကို ခင်မင်တာဟာ တခြားကြောင့် မဟုတ်ဘူး၊ သူတို့ လင်မယားဟာ စိတ်ရင်း စေတနာ ကောင်းတယ်၊ ခင်မင်စရာ ကောင်း ယ်၊ အသိဉာဏ် အဆင့်အတန်း မနိမ့်ဘူး၊ စဉ်းစားပါ အချစ်ရယ်၊ ကျွန်မ နှစ်ယောက် အတူတူ နေကြရတာ ဘယ်လောက် ပျော်စရာ ကောင်းသလဲ၊ ပေမဲ့ လောကကြီးမှာ အမြဲတမ်း ကျွန်မတို့ နှစ်ယောက်တည်းချည်း နေလို့ ဖြစ်ဘဲလား၊ မဖြစ်နိုင်ဘူး၊ ကျွန်မတို့မှာ မိတ်ဆွေ အပေါင်းအသင်း ရှိရမယ်၊ ဖက်က ခင်ခင်မင်မင်နှင့် မိတ်ဆွေ ဖွဲ့လာရင် ကျွန်မတို့က ငြင်းပြီး လက် မခံသင့်ဘူးလားဟင်၊ ရှင့် အနေနှင့် မပြည့်စုံတာ ဆင်းရဲတာကို ရှက်စရာ ထင်နေတယ် ဟုတ်စ၊ တကယ်တော့ ဒါဟာ ရှက်စရာ မဟုတ်ပါဘူး ဒရူးရယ်၊ ငွေအကြောင်းကို မေ့ထားလိုက်စမ်းပါ၊ အဆင့်အတန်း ဆိုတာ လည်း ခေါင်းထဲ မထည့်ပါနှင့်၊ လူတွေရဲ့ စိတ်နေသဘောထားကိုသာ ပါ၊ လူတွေ ဘယ်လို နေကြသလဲ၊ သူတို့ နေကြသင့် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

အလိုက်သင့် နေသွားဖို့သာ စဉ်းစားပါ'

အင်ဒရူးကတော့ မတုန်မလှုပ် ကျောက်ရုပ်သဖွယ် ငူငူကြီး ရပ်နေသည်။ 'အိုကွာ ဒါတော့' ဟု စကား စလိုက်ပြီးမှ ဘာမှ ဆက်မပြောတော့ဘဲ ဆိတ်ငြိမ်နေလေ၏။

တနင်္ဂနွေနေ့တွင် အင်ဒရူးသည် ခရစ္စတီနှင့် အတူ ဗောက်ဟန်တို့ အိမ်သို့ မငြင်းဆန်ဘဲ လိုက်လာသော်လည်း တစ်လမ်းလုံး နှုတ်ဆိတ်လျက် ရှိ၏။ တင်းနစ် ရိုက်ကွင်းဘေးမှ ကပ်၍ တက်သွားသည့် လမ်းပေါ် ရောက်မှပင် စကားတစ်ခွန်း ပြောလေသည်။

'ကို ဝတ်စားထားပုံမျိုးနှင့် ဆိုရင် အိမ်ထဲမှ အဝင်ခံပါ့မလား မပြောတတ်ပါဘူး'

တကယ်တော့ အင်ဒရူး တွေးထင်နေသလို မဟုတ်ပေ။ သူတို့ လင်မယားအား ဟန်ဆောင်မှု လုံးဝ မပါသော ခင်မင်မှုမျိုးဖြင့် ဆီးကြိုလျက် ရှိကြသည့် ဗောက်ဟန်တို့အား တွေ့ရလေသည်။ အရုပ်ဆိုး အကျည်းတန်လှသော ဗောက်ဟန်၏ မျက်နှာပေါ်တွင် ဟန်ဆောင်မှု အရိပ်အသွင် ဟူ၍ မမြင်ရချေ။ အကြောင်း တစ်ခုခုကြောင့် အင်ဒရူး အပေါ် အတော်ကြီး ခင်မင်လျက် ရှိနေကြောင်းကို အင်ဒရူး၏ လက်အား ဆွဲဆုပ်၍ နှုတ်ဆက်နေသော ဗောက်ဟန်၏ လက်နှစ်ဖက်က သက်သေ ပြနေပေသည်။ မစ္စက် ဗောက်ဟန်၏ အပြုံးမှာလည်း တမင် ကြိုးစား အားထုတ်၍ လုပ်ယူထားရသည့် အပြုံးမျိုး မဟုတ်ပေ။ ရိုးသား ဖြူစင်သည့် အပြုံး ဖြစ်ချေသည်။ ညစာစားပွဲတွင် သူတို့ အပြင် ဧည့်သည် နှစ်ဦး ရှိနေသေးရာ ယင်းတို့မှာ စနေ တနင်္ဂနွေ အလုပ် နားရက်များတွင် ဗောက်ဟန်တို့ထံ လာ၍ အပန်းဖြေနေကြသည့် ပါမောက္ခ ချယ်လစ်နှင့် ချယ်လစ်၏ ဇနီးတို့ ဖြစ်လေသည်။

အင်ဒရူး အဖို့ ကော့တေး အရက်ကို သောက်ဖို့ ကြုံလာသည်မှာ ယခု အကြိမ်သည် ပထမဆုံး အကြိမ် ဖြစ်သည်။ သူသည် အရက် ဖန်ခွက်ကို ကိုင်၍ ဘခမ်းတနား ပြင်ဆင်ထားသော ဧည့်ခန်းကို ကြည့်နေမိ၏။ ခရစ္စတီကတော့ ရောက်ကတည်းက ဗောက်ဟန်တို့ လင်မယားနှင့် လည်းကောင်း၊ ပါမောက္ခ ချယ်လစ်၏ ဇနီးနှင့် လည်းကောင်း စကားလက်ဆုံ ကျလျက် ရှိလေပြီ။

ပါမောက္ခ၏ ဇနီး မစ္စက် ချယ်လစ်သည် အသက်ကြီးလှပြီ ဖြစ်၍ မျက်လုံးများ တစ်ဝိုက်ရှိ တွန့်လိပ်နေသော အရေးအကြောင်းများကြောင့် သူမ ၏ မျက်နှာကို ကြည့်ရသည်မှာ ရယ်စရာ ကောင်းနေပေသည်။ ခရစ္စတီ အဖို့ ညနေ့မပျက် စကားလက်ဆုံ ကျနေနိုင်သော်လည်း အင်ဒရူး အဖို့တော့ ယခု အချိန်ထိ တစ်ယောက်တည်းလို အထီးကျန် ဖြစ်ဆဲပင်။

သူသည် မုတ်ဆိတ်မွေးဖြူကြီးနှင့် ခင်မင်စရာ ကောင်းလှသည့် ပါမောက္ခ ချယ်လစ်နှင့် ရောမိရန် ကြိုးစားလေသည်။ ပါမောက္ခ ချယ်လစ်မှာ အရက် နှစ်ခွက် ကုန်ပြီ ဖြစ်၍ တတိယခွက် ထည့်နေပေပြီ။

ပါမောက္ခ ချယ်လစ်က အင်ဒရူးအား ပြုံး၍ ကြည့်သည်။

'ကျွန်တော်တို့ ဒေါက်တာကလေးက အရက်ကို သုတေသန လုပ်ပေးရင် ကောင်းမယ် ထင်တယ်ဗျ၊ တစ်မျိုးနှင့် တစ်မျိုး ရောစပ်ထားတဲ့ အရက်ထဲမှာ ထည့်ထားတဲ့ သံလွင်သီးရဲ့ တန်ဖိုး အာနိသင်ဟာ ဘယ်လောက် ရှိသလဲ ဆိုတာ စမ်းသပ်ကြည့်ဖို့ လိုမယ်၊ ဘယ့်နှယ် သဘောရသလဲ ဒေါက်တာ'

'ဘာ့ကြောင့်လဲ၊ ကျွန်တော် ကျွန်တော်တော့ သိပ်ပြီး... မသိ... မသိပါဘူး၊ ဟို......'

အလိုက်သင့် စကား မပြောတတ်သော အင်ဒရူးသည် ကြောင်တက်တက်နှင့် အထစ်ထစ် အငေါ့ငေါ့ ဖြစ်လျက် ရှိ၏။ ချယ်လစ်က အင်ဒရူး၏ အရိပ်အခြည်ကို နားလည်သဖြင့် ကိုယ်ချင်းစာသည်။ အလိုက်သင့် ဖြစ်သွားအောင် သူ့စကားကို ဆက်ပေးသည်။

'ကျွန်တော့်ရဲ့ သဘောတရားကို ပြောရဦးမယ်၊ အရက်စပ်တဲ့လူ သစ္စာဖောက်ရင် အရက်ဟာ ပျက်တာပဲဗျ၊ ကျွန်တော့် အထင်တော့ ကျွန်တော်တို့ရဲ့ ဧည့်ဝတ်မကျေတဲ့ အိမ်ရှင် မိတ်ဆွေကြီး ဗောက်ဟန် သစ္စာဖောက်ပြီ ထင်တယ်၊ သိလား၊ အာဓေးမီးဒီးရဲ့ ဥပဒေသကို သူ ဖောက်ဖျက်ပြီးနှင့်ပြီတယ်၊ သူက ဂျင်ကို နှမြောတာနှင့် လျှော့ထည့်ပုံ ရတယ်'

ပြောနေရင်းမှ ချယ်လစ်က သူ့အား မျက်စိတစ်ဖက် မှိတ်ပြလေသည်။

အင်ဒရူးသည် အလိုက်သင့် နေတတ် ထိုင်တတ် ပြောဆိုတတ်သော ဆက်ဆံမှု ပညာဒွ မကျွမ်းကျင်သော သူ၏ အားနည်းချက်ကို တွေးနေမိသဖြင့် ချယ်လစ်အား ပြန်၍ ပြုံးပြရန်ပင် မေ့နေလေ၏။

အမှန်တော့လည်း အင်ဒရူးသည် လူမှုဆက်ဆံရေးတွင် ကျွမ်းကျင်သူ မဟုတ်ပေ။ သူ့ဘဝ တစ်သက်တာတွင် ဤမျှလောက် ထည်ဝါ ခမ်းနား [illegible] သော အိမ်မျိုးကိုလည်း မရောက်ခဲ့ဖူးသဖြင့် ပို၍ အနေရ အထိုင်ရ ခက်နေ သည်။ ကုန်နေပြီ ဖြစ်သော အရက်ခွက်ကို ကိုင်ကာ ဘာလုပ်ရမှန်း [illegible]







www.burmeseclassic.com

www.burmeseclassic.com



အရက် ထပ်ဖြည့်ရန်လည်း သတိမရ။ ကံအားလျော်စွာပင် ထမင်းစားပွဲတွင် ထိုင်လိုက်ကြသဖြင့် စိတ်သက်သာရာ ရသွားသည်။ သို့သော်လည်း ဤနေရာ ရောက်ပြန်တော့လည်း တစ်မျိုး အနေရ ခက်လျက် ရှိပြန်လေ၏။

ချက်ပြုတ်ထားသည့် အစားအစာမှာ ရိုးရိုးကလေး ဖြစ်သော်လည်း လှပအောင် ခင်းကျင်း ပြင်ဆင်ထားသဖြင့် စားချင့်စဖွယ် ဖြစ်သည်။ ဟင်းချို ပုပ္ပ တစ်ခွက်၊ ကြက်သား ရင်အုပ်ကြော်၊ ဆလတ် မုန်လာ စသော အရသာ ရှိလှသည့် အစားအစာများ ဖြစ်သည်။

အင်ဒရူးသည် မစ္စက် ဟောက်ဟန်၏ ဘေးတွင် ထိုင်ရလေသည်။

'ရှင့်ဇနီးဟာ အင်မတန်မှ ခင်စရာ ကောင်းပါတယ် မစ္စတာ မေဆန်'

မစ္စက် ဟောက်ဟန်က လှိုက်လှိုက်လှဲလှဲ ပြောလေသည်။ မစ္စက် ဟောက်ဟန်သည် အရပ်ရှည်၍ သွယ်လျလျ ဖြစ်သော်လည်း ခံ့ညားသည်။ အမူအရာမှာ အလွန် နူးညံ့ သိမ်မွေ့သည်။ သိပ်အလှကြီးဟု မဆိုသာသော်လည်း မျက်နှာက ကျက်သရေ ရှိလှပေသည်။ မျက်လုံးများသည် ဉာဏ်ရည် ဉာဏ်သွေး ထက်မြက်သည့် အသွင်ကို ဖော်ပြနေပေသည်။

မစ္စက် ဟောက်ဟန်က အင်ဒရူး၏ အလုပ်အကြောင်းကို စပြောသည်။ အင်ဒရူး လူနာ စမ်းသပ် စစ်ဆေးရာ၌ တခြား ဆရာဝန်များလို မဟုတ်ဘဲ အလွန် ဝေစပ် သေချာသည် ဟူသော သတင်းကို ကြားရသည်ဟု သူမ၏ ယောကျ်ားက သူမအား မကြာခဏ ပြောပြလေ့ ရှိသည်ဟု ဆိုသည်။

မစ္စက် ဟောက်ဟန်သည် လိမ္မာ ပါးနပ်စွာဖြင့် အင်ဒရူး စကားပြော လာအောင် ကြိုးစားသည်။ ဤမြို့၌ ဆေးဝါးကုသမှု အခြေအနေ တိုးတက် အောင် ဘယ်လို လုပ်လျှင် ကောင်းမည် ထင်ပါသနည်းဟု မေးသည်။

'အဲဒီကိစ္စ ဒီလို ရှိပါတယ်၊ လောလောဆယ်တော့ ကျွန်တော် သိပ် မသိသေးဘူး ဆိုပါတော့၊ ကျွန်တော့် စိတ်အထင် ပြောရရင် စမ်းသပ် စစ်ဆေး မှုနှင့် ကုသမှုကို သိပ္ပံနည်းကျကျ လုပ်သွားရင် ပိုပြီး ကောင်းမယ်လို့ ထင်တာ ပါပဲ'

အင်ဒရူးမှာ သူ စိတ်အဝင်စားဆုံး အကြောင်းအရာကို ပြောရ၍မှပင် သူ့လျှာက ချောချော ကပ်နေလိုက်သေးသည်။ ခရစ္စတီအား ပြောပြခဲ့ဘူးသော စကား များတော့ သွက်လိုက်သည့် ဖြစ်ခြင်း။ အခုတော့ဖြင့် ဘယ်လိုလုပ်မှ သွက် သွက်လက်လက် ပြော၍ မရချေ။ သူသည် သူ့ရှေ့မှ ပန်းကန်ကိုသာ စိုက် ကြည့်ရင်း စိတ်သက်သာရာ ရအောင် လုပ်နေရလေသည်။





တော်ပါသေး၏။ အလိုက်သိသော မစ္စက် ဟောက်ဟန်က သူမ၏ ဘေး ဘယ်ဖက်တွင် ရှိနေသော မစ္စက် ချယ်လစ်နှင့် စကားလက်ဆုံ ကျသွားလေ သည်။

ချယ်လစ်သည် ကာဒစ်ဖ်မှ သတ္တုဗေဒ ပါမောက္ခ ဖြစ်၍ လန်ဒန် တက္ကသိုလ်တွင်လည်း ယင်း ဘာသာရပ် ဆိုင်ရာ ကထိက ဖြစ်သည်။

ချယ်လစ်ကား စကားပြော ကောင်းသူ တစ်ဦး ဖြစ်၏။ ပြောလျှင် စိတ် ပါ လက်ပါနှင့် အားရ ပါးရ ပြောတတ်သည်။ စကားလုံး အသုံးအနှုန်း များလည်း ကြွယ်ဝသည်။ ကိုယ်ရော လက်ရော ဟန်အမူအရာ အပြည့် ပါ သည်။ အသံကို တိုးလိုက် ကျယ်လိုက် နိမ့်လိုက် မြင့်လိုက် လုပ်၍လည်း ပြောသည်။ ပြုံးလိုက် ရယ်လိုက် ဒေါသဖြစ်ပြလိုက် လုပ်၍လည်း ပြောသည်။ စကားပြောရင်းက ပါးစပ်နှင့် လက်ကို အအားမထားပေ။ စားစရာ ရှိသည် များကို မပြတ်ယူ၍ စားကာ အရက်ကို တစ်ခွက်ပြီး တစ်ခွက် ယူ၍ သောက် သည်။ ထမင်းစားပွဲရှိ လူအားလုံးသည် သူ ပြောသမျှတွင် စိတ်ဝင်စားနေကြ သည် ဖြစ်ရာ တစ်စားပွဲလုံး သူ့ ပရိသတ် ဖြစ်နေသည်ဟု ဆိုရပေတော့မည်။

အင်ဒရူးကတော့ စကားပြောခြင်း၏ တန်ဖိုးကို နားမလည်ချေ။ စကားပြောခြင်း၏ အရသာကိုလည်း မခံစားတတ်ချေ။ ပါမောက္ခ ချယ်လစ် သည် ဂီတ အကြောင်း ပြောနေရာမှ ရုရှစာပေ အကြောင်း ပြောင်း၍ ပြော သွားပြန်ရာ တော်လ်စတွိုင်း၊ ချက်ကော့၊ တာဂီနော့၊ ပွတ်ရှကင့် စသော အမည်များကို ကြားနေရလေ၏။

ဒီအဘိုးကြီး ဘာတွေ လျှောက်ပြောနေပါလိမ့်။ အကျယ်ဖွဲ့စရာ မဟုတ် သည်များကို တခမ်းတနား တန်ဆာဆင်၍ ပြောနေသည်။ နားထောင်သူများ ကလည်း မပျင်းမရိ နားထောင်နိုင်ကြပါပေ့။

အင်ဒရူး တစ်ယောက်တည်း မည်သို့ပင် ဖြစ်နေစေကာမူ ခရစ္စတီ ကတော့ ပြုံးကာ ရယ်ကာဖြင့် ပါမောက္ခ ချယ်လစ်နှင့် စကား ကောင်းလျက် ရှိလေသည်။ စကားဝိုင်းတွင် စိတ်ပါလက်ပါ အကျအနပင် ပါဝင်လျက် ရှိ နေသည်။

ခရစ္စတီသည် ဟန်ဆောင်မှု အလျှင်း မရှိဘဲ သူမ၏ ပင်ကို သဘာဝ အတိုင်း နေထိုင် ပြောဆိုလျက် ရှိ၏။ မည်မျှ သဘာဝကျပါသနည်း။ ဒရင်း နီမြို့မှ သူမ၏ ဘဏ်လမ်း ကျောင်းကလေး၏ အကြောင်း တစ်ကြိမ်နှစ် ကြိမ် ထည့်သွင်း ပြောဆိုသွားသည်ကိုလည်း ကြားလိုက်ရ၏။ ပါမောက္ခကြီး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ယှဉ်၍ ချက်ကျကျ ပြောဆိုနေပုံကို ကြည့်ကာ အင်ဒရူးမှာ အံ့ဩလျက် ရှိရ၏။ ပထမဆုံး အကြိမ် သူ့ဇနီးကို ကျေနပ် အားရသော စိတ်၊ ဂုဏ်ယူသော စိတ်ဖြင့် ကြည့်နေမိလေ၏။

'ခရစ္စတီသည် ဘယ်အချိန်ကများ ရုရှ စာရေးဆရာကြီးတွေ အကြောင်းကို သိနေပါလိမ့်၊ ငါ့ကိုတော့ဖြင့် ဒီ ငနဲကြီးတွေ အကြောင်း ပြောမပြခဲ့ဖူးပါလား'

ခရစ္စတီ ပြောသမျှကို စိတ်ဝင်တစား နားထောင်နေသော ချယ်လစ်သည် ဘာတွေများ သဘောကျမိသည် မသိ၊ ခရစ္စတီ၏ လက်ကို အသာအယာ လှမ်းပုတ်သည်ကို တွေ့လိုက်ရ၏။

'အံမာ အဘိုးကြီးက ဘာသဘောလဲဟ၊ သူ့မှာ မိန်းမ ရှိနေတာ မေ့များ သွားပြီလား'

အင်ဒရူး စိတ်ထဲမှ ထင်ရာ မြင်ရာ လျှောက်တွေးရင်း သူ့နည်းနှင့်သူ အချိန်ဖြုန်းနေလေ၏။

ခရစ္စတီက တစ်ကြိမ် နှစ်ကြိမ်မျှ သူ့အား လှမ်းကြည့်ပြီး စကား ဆက် ပြောပါလားဟု မျက်ရိပ် မျက်ခြည် ပြသည်။ အင်ဒရူး စကား ပြောလာစေရန် စကားဦး သန်းပေးသည်မှာလည်း အကြိမ်ကြိမ်။

'ကျွန်မ ယောကျ်ားက မြေအောက် ကျောက်မီးသွေးတွင်း တူးတဲ့ အလုပ်သမားတွေကို သိပ် စိတ်ဝင်စားတယ် မစ္စတာ ချယ်လစ်၊ အခုဆိုရင် သုတေသန စလုပ်နေပြီ၊ ဖုန်မှုန့် သံမှုန့်တွေ ရှူမိတာဟာ အဆုတ်ကို ဘယ်လောက် အထိ ထိခိုက်မှု ရှိတယ် ဆိုတာ အတိအကျ သိရအောင်လို့'

'ကောင်းတာပေါ့၊ ကောင်းတယ်၊ သိပ်ကောင်းတယ်'

ပါမောက္ခ ချယ်လစ်က စိတ်ဝင်စားစွာဖြင့် အင်ဒရူးအား လှမ်းကြည့်သည်။

'ဟုတ်တယ် မဟုတ်လား အင်ဒရူး၊ ရှင် သုတေသန စလုပ်နေပြီဆို၊ ဟိုညက ရှင် ကျွန်မကို ပြောပြနေသေးတယ်လေ'

ခရစ္စတီက ရေလာမြောင်းပေးလုပ်သည်။

'အို ကို မပြောတတ်သေးပါဘူး၊ ကိုယ်မှာ စာရင်းဇယား အတိအကျ ရထားသေးတာမှ မဟုတ်ဘဲ၊ ကို ထင်နေတာမျိုးဟာ ရှိချင်လည်း ရှိမှာပေါ့၊ အဆုတ်ရောဂါဟာ ဖုန်မှုန့် သံမှုန့်တွေကြောင့် ဖြစ်တာလည်း ဟုတ်ချင်မှ ဟုတ်မှာပါ'





အင်ဒရူးသည် သူ့ကိုယ်သူ ဒေါသထွက်လျက် ရှိသည်။ ခရစ္စတီက စကား ပြောလာအောင် လုပ်ပေးခြင်းသည် သူ့အတွက် အခွင့်ကောင်း တစ်ရပ် ရရှိခြင်းသည်။ ပါမောက္ခ ချယ်လစ်သည် 'သတ္တုတွင်း အလုပ်သမားများ ကျန်းမာရေး ဆိုင်ရာ ဘုတ်အဖွဲ့' တွင် အဖွဲ့ဝင် လူကြီး တစ်ဦး ဖြစ်ပေရာ သူ လုပ်သော ဆေးသုတေသန လုပ်ငန်း အတွက် အကူအညီ ပေးနိုင်ဖွယ်ရာ ရှိ၏။ သည် အခြေအနေ အရပ်ရပ်ကို တွေးရင်းက အကြောင်းမရှိ အကြောင်းရှာကာ စိတ်ထဲမှ ကျိတ်၍ ခရစ္စတီအပေါ် ဒေါသထွက်နေမိလေ၏။

ဟောက်ဟန်တို့ အိမ်မှ အပြန်တွင် သူ့ရင်ထဲ၌ တိတ်တဆိတ် ကျိတ်၍ ပေါ်လာသော မနာလို ဝန်တိုစိတ်ကြောင့် တစ်လမ်းလုံး စကား မပြောဘဲ တိတ်လာသည်။ အိမ်ရောက်ချိန် အထိ ဝန်တိုစိတ်က ပျောက်မသွားသဖြင့် ခရစ္စတီအား စကား တစ်ခွန်းမှ မပြောဘဲ ရှေ့မှနေ၍ အခန်းထဲ ဝင်နှင့်လေ၏။

အဝတ်အစား လဲနေချိန်တွင်လည်း ခါတိုင်းလို စကားပြောဖော် မရ ခရစ္စတီအား ရှောင်ဖယ်ဖယ် လုပ်နေသည်။ မျက်နှာချင်း မဆိုင်မိအောင် ရှောင်တိမ်းနေသည်။ အင်ဒရူး၏ အဖြစ်ကို ရိပ်မိသော ခရစ္စတီကမူ တောင်းပန်စကား ဆိုလေသည်။ ထိုအခါ ကျပြန်တော့လည်း 'ကနေ့ည ထမင်းစားပွဲက [illegible] ကောင်းပါတယ်' ဟု ယဉ်ယဉ်ကျေးကျေးပင် ပြန်ဖြေသည်။ အိပ်ရာ [illegible] ရောက်သည့်အခါတွင်မူကား ခရစ္စတီနှင့် ခွာ၍ အိပ်ပြန်သည်။ ခရစ္စတီ [illegible]သို့ မလှည့်ချေ။ ခရစ္စတီကတော့ မောမောနှင့် အိပ်ပျော်သွားလေ၏။

နောက်တစ်နေ့မနက်တွင်လည်း နှင်ဦး.သား စကားပြောခွင့် မရပေ။ အင်ဒရူးက ရှောင်နေသဖြင့် မျက်နှာချင်းပင် ဆိုင်ခွင့် မရပေ။ အင်ဒရူးသည် [illegible] သုန်သုန်မှုန်မှုန်နှင့် အလုပ်ခွင်သို့ ထွက်သွား၏။ ညနေ [illegible] အင်ဒရူး ပြန်ရောက်လာချိန်ကျမှသာ လက်ဖက်ရည် စားပွဲ၌ ဆုံမိကြ [illegible]၏။

တစ်ယောက်နှင့် တစ်ယောက် စကားမပြောကြဘဲ [illegible] [illegible] လက်ဖက်ရည်ဖဲ့ သောက်နေစဉ် အိမ်ရှေ့ တခါးမှ လူခေါ် [illegible] [illegible] ရလေ၏။ ညည့်သည်မှာ ဟောက် ဟန်တို့ အိမ်မှ အမျိုးသား [illegible] [illegible] သူ့လက်ထဲတွင် စာအုပ်တွေ တစ်ထပ်ကြီးနှင့် [illegible]

'[illegible] ဟောက်ဟန်က [illegible]'

[illegible]



www.burmeseclassic.com

www.burmeseclassic.com

တသေ နှုတ်ဆက်ကာ ပြန်သွားသည်။ ခရစ္စတီမှာ ဝမ်းသာ ရွှင်မြူးလျက် ရှိ သည့် အားလျော်စွာ စောစောက ဖြစ်ရပ်များကို မေ့သွားလေ၏။

'ကြည့်ပါဦး အချစ်ရယ်၊ သဘော ဘယ်လောက် ကောင်းသလဲ၊ မစ္စ ဟောက်ဟန်က ငှားလိုက်တဲ့ စာအုပ်တွေလေ၊ ထရိုပိုလီရဲ့ စာအုပ်တွေ၊ အ လိုက်ပဲ၊ ကျွန်မလေ ထရိုပိုလီရဲ့ စာအုပ်တွေ ဖတ်ဖူးချင်နေတာ ကြာလှ ဟန်ကျတာပဲ၊ လက်ဆောင်ပေးလိုက်တဲ့ ဂမုန်းပင်တွေကို ကြည့်စမ်းပါဦး သိပ်လှတာပဲနော်'

အင်ဒရူးက ထိုင်နေရာမှ ထရပ်လိုက်ပြီး ခရစ္စတီအား မျက်နှာထား ဖြင့် ကြည့်နေသည်။

'သိပ်လှတယ်၊ ဟုတ်တယ်၊ သိပ်လှတယ်၊ သိပ်လှ... သိပ်ကောင်း ဂုဏ်သရေရှိ အမျိုးသမီးကြီးဆီက ပို့လိုက်တဲ့ စာအုပ်တွေ ပန်းတွေ၊ အေး လေ၊ မင်းအတွက် ဒါတွေ မရှိရင် မဖြစ်တော့ဘူးပေါ့၊ ဒါတွေ ရှိမှ ဖြစ် ငါနှင့် နေရတာ အင်မတန်မှ ငြီးငွေ့စရာ ကောင်းနေတော့ ဒါတွေ မရှိ မဖြစ်တော့ဘူးပေါ့၊ ငါဟာ မင်းအတွက် ငြီးငွေ့စရာ လူတစ်ယောက် ဖြစ် ပြီပဲ၊ ငါကတော့ မနေ့ညက မင်း သဘောကျခဲ့တဲ့ လူလို စကားပြော မကောင်းဘူး၊ ငါ့ အနေနှင့် ရှုရှု စာရေးဆရာတွေ အကြောင်းလည်း မသိဘူး ငါက ရိုးရိုး အောက်တန်းစား လက်ထောက် ဆရာဝန် ပေါက်စ တစ်ကောင် မဟုတ်လား'

ခရစ္စတီ၏ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ အံ့သြ ထိတ် လန့်စွာဖြင့် အင်ဒရူးအား ကြည့်နေရာမှ 'အင်ဒရူး၊ ရှင် ဘယ်လို ပြောလိုက် တာလဲ' ဟု အော်လေသည်။

'ငါပြောတာ မဟုတ်ဘူးလား၊ မှန်နေတယ် မဟုတ်လား၊ ထမင်း စား ကြတုန်းက အားလုံး ငါ တွေ့မြင်ခဲ့ပါတယ်ကွ၊ မင်းက ငါ့အပေါ် တော်တော် စိတ်ပျက်နေပုံရတယ်၊ ဒါပေါ့လေ၊ ငါက ရွှံ့ထဲ ရေထဲ သွား၊ စောင်စုတ်ထ လှန်လှောပြီး သန်းရှာဖို့ အလုပ်မှာသာ တော်တဲ့ အကောင်ပဲ၊ မင်း မျက်စိထဲ မှာ ငါဟာ တောသား အရိုင်းအစိုင်း လူနဲ့ လူအ တစ်ယောက် ဖြစ်နေပြီပေါ့ ဟုတ်လား'

ခရစ္စတီသည် မျက်စိမျက်နှာ ပျက်နေရာမှ ချုံးပွဲချ၍ ငိုတော့မည့်ဟန် ပေါက်လာသော်လည်း မငိုမိစေရန် ထိန်းချုပ်ထားလေသည်။

'ရှင် ဘယ်လိုစကားတွေ ပြောနေတာလဲ အင်ဒရူး၊ ကျွန်မ ရှင့်ကို ဘယ်လောက် ချစ်တယ် ဆိုတာ ရှင် မသိသေးဘူးလား၊ ရှင်ကလွဲလို့ တခြား ဘယ်သူ့ကိုမှ ချစ်တဲ့ ခင်တဲ့စိတ် မပေါ်ခဲ့ဖူးသေးပါဘူး'

'အပြောလေးကဖြင့် လွမ်းလောက်ပါ့ဗျာ'

အင်ဒရူးသည် ပြောပြောဆိုဆို တံခါးကို တအား ဆောင့်၍ ပိတ်ကာ အခန်းထဲမှ ထွက်သွားလေ၏။

သူသည် ငါးမိနစ်ခန့်မျှ မီးဖိုခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသည်။ ဒေါသအရှိန်ဖြင့် နှုတ်ခမ်းများကို ဖိကိုက်ထားသည်။ ထို့ နောက် ဧည့်ခန်းသို့ ပြန်သွားလေသည်။

ခရစ္စတီသည် ယခုအချိန်ထိ မထိုင်သေးချေ။ မတ်တတ်ရပ်ကာ မီးဖို ဆီသို့ ငေးမော တွေဝေလျက် ရှိ၏။ သူမ၏ မျက်နှာတွင် အလွန် စိတ်ထိခိုက် နေသည့် အရိပ်အသွင် ထင်ဟပ်လျက် ရှိလေ၏။

အင်ဒရူးသည် ယူကျုံးမရ နောင်တရသော စိတ်ဖြင့် ခရစ္စတီ၏ တစ် ကိုယ်လုံးအား သိမ်းကျုံး ပွေ့ဖက်လိုက်လေသည်။

'ခရစ္စတီရယ်၊ ကို မှားပါတယ်ကွယ်၊ ကို့ကို ခွင့်လွှတ်ပါ၊ ကို တောင်း ပန်ပါတယ်၊ စောစောက ပြောတာတွေဟာ ကို့စိတ်ထဲက ပါလို့ မဟုတ်ပါဘူး အချစ်ရယ်၊ ခရစ္စတီကို ချစ်လွန်းလို့ မနာလို ဖြစ်ပြီး အရူးထ မိတာပါ'

နှစ်ဦးသား တင်းကျပ်စွာ ဖက်ထားမိကြသည်။ ဂမုန်းပန်း ရနံ့သည် သင်းသင်း ပျံ့လျက် ရှိပေသည်။

ခရစ္စတီသည် သူမ၏ မျက်နှာကို အင်ဒရူး၏ ရင်ခွင်တွင် မြှုပ်နှံကာ သိမ့်သိမ့် ငိုကြွေးလျက် ရှိလေ၏။

'ရှင် မသိသေးဘူးနော်၊ ကျွန်မဟာ ရှင့်ကြောင့် အသက်ရှင်နေရတဲ့ သူပါ၊ ကျွန်မဟာ ရှင် မရှိရင် သေမှာပါ'

အင်ဒရူးသည် ခရစ္စတီအား တယုတယ ထွေးပိုက်ရင်း ထိုင်လိုက်သည်။ သူသည် စားပွဲပေါ်မှ စာအုပ် တစ်အုပ်ကို ဆွဲယူလိုက်ပြီး အိပ်ချင်မူးတူး အသံ ဖြင့် ပြောလိုက်၏။

'ထရိုပိုလီ ဆိုတာ ဘယ်သူလဲဟင်၊ ကို့ကို ပြောစမ်းပါဦး၊ ကိုဟာ ဘာမှ ဟုတ်တိပတ်တိ မသိသေးတဲ့လူ၊ နားမလည်သေးတဲ့ လူ တစ်ယောက် ပါကွယ်'



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းရာသီ ကုန်ဆုံးခဲ့လေပြီ။

အင်ဒရူးမှာ လုပ်စရာ အလုပ်သစ် တစ်ခု တိုးလာသဖြင့် လူသစ် တော်သစ် ဖြစ်ကာ အားတက်လျက် ရှိလေ၏။ သူသည် အစီအစဉ်သစ် တစ်ခု ချမှတ်ကာ ဖုန်မှုန့် သဲမှုန့်များ ရှုမိ၍ ဖြစ်ပေါ်တတ်သည့် ရောဂါ အမျိုးအစားကို သုတေသန လုပ်လျက် ရှိပြီ ဖြစ်၏။ သူ၏ လူနာစာရင်းထဲတွင် ပါသည့် မြေအောက် ကျောက်မီးသွေးတွင်း လုပ်သားများကို ရွေးထုတ်ပြီး တစ်ဦးချင်းစီအား စနစ်တကျ စမ်းသပ် စစ်ဆေးခြင်း၊ မှတ်တမ်းတင်ခြင်း အလုပ်ကို စိတ်ရှော ကိုယ်ပါ အချိန်ယူ၍ လုပ်လျက် ရှိလေသည်၊

အင်ဒရူးနှင့် ခရစ္စတီတို့ နှစ်ဦးအတွက် ညနေခင်းများသည် ယခင်ကလို ဝင် သာယာ ပျော်ရွှင်စရာ ကောင်းသည့် အချိန်များ ဖြစ်လာသည်။ ခရစ္စတီကလည်း အင်ဒရူး၏ ဆေးသုတေသန လုပ်ငန်းတွင် တတ်နိုင်သည့်ဘက်မှ တတ်နိုင်သရွေ့ ပါဝင် ကူညီလျက် ရှိသည်။ ညပိုင်းဆိုလျှင် ခရစ္စတီသည် ကျောက်မီးသွေး မီးဖိုဘေးတွင် ထိုင်လျက် အင်ဒရူး၏ ဆေးသုတေသန လုပ်ငန်း အတွက် လိုအပ်နေသော အချက်အလက်များကို ရှာဖွေ ထုတ်နုတ်ပေးလေ့ ရှိပေသည်။ သူတို့အဖို့ အေဘာရာလောမြို့ ရောက်ခါမှ ကျောက်မီးသွေးကို ပေါပေါများများ သုံးနိုင်သဖြင့် စိတ်ချမ်းသာမှု ရနေကြလေသည်။

နှစ်ဦးသား မကြာခဏ စကားလက်ဆုံ ကျကြသဖြင့် ခရစ္စတီ၏ ငယ်ဘဝ အခြေအနေကိုလည်း အင်ဒရူး သိလာရသည်။ ခရစ္စတီသည် စာဖတ် ဝါသနာပါသူ ဖြစ်၍ စာပေနှင့် အကျွမ်းတဝင် ရှိလှပေသည်။ အခြား အခြား သော အကြောင်းအရာများတွင်လည်း အတော်ကလေး နှံ့စပ်၍ တီးမိ ခေါက်မိ



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်ကို တွေ့ရပြန်သောအခါ အင်ဒရူးမှာ ပို၍ အံ့ဩခြင်း ဖြစ်ရပြန်၏။ ခရစ္စတီ၏ စာပေနှင့် ဂီတအပေါ် ဝေဖန် သုံးသပ်မှုများသည် အဆင့်အတန်းမြင့်လှသကဲ့သို့ အတွေးအခေါ် အယူအဆများကလည်း ထက်မြက်လှ သည်။ အထူးသဖြင့် လူကဲခတ်ရာ၌ ခရစ္စတီသည် သူ့ထက် တော်နေသည်ကို တွေ့ရ၏။ လူတစ်ဦး အပေါ်တွင် ခရစ္စတီ၏ အကဲဖြတ်မှုသည် သူ့ထက် မှန်ကန်သည်က များလေသည်။

စကားပြောကြပြီ ဆိုလျှင် ‘အခုမှပဲ ကိုမိန်းမ အကြောင်း ကောင်းကောင်း သိရတော့တယ်၊ ကိုမိန်းမဟာ တကယ် တော်တဲ့ မိန်းမပါကလား’ ဟု အင်ဒရူးက ပြောင်တတ်သည်။ စကားများများ ပြောရ၍ ခရစ္စတီ ‌အ လောက်ပြီဟု ထင်လျှင်လည်း ‘တော်တော့၊ တော်တော့၊ နာရီဝက်လော နားလိုက်ဦး၊ ခေါင်းသုံးရလွန်းလို့ တော်တော်ကြာ ခေါင်းကြီး ရောင်လာမယ် ဒီပွဲမှာတော့ဖြင့် မင်းကို ကို မနိုင်ပါဘူးကွာ၊ ဖဲကစားမှပဲ ကိုက အနိုင် ယူတော့မယ်’ စသည်ဖြင့် စတတ်လေသည်။ သူတို့သည် မစ္စတာ ဗောက်ဟန် တို့ လင်မယားထံမှ ဖဲကစားနည်း တစ်မျိုး တတ်ထားသဖြင့် အပျင်းပြေ မကြာ ခဏ ကစားလေ့ ရှိကြ၏။

ခရစ္စတီသည် အင်ဒရူးအား အသိမပေးဘဲ သူမဘာသာ သူမ တိတ် တိတ်ကလေး ကျိတ်၍ ပန်းဥယျာဉ်ကို ပြန်လည် ပြုပြင် မွမ်းမံလျက် ရှိ၏။ သူမ၏ အိမ်ဖော် ဂျင်နီ၏ ဦးလေး တစ်ယောက်မှာ အသက်အရွယ် ကြီး၍ မသန်မစွမ်း ဖြစ်ပြီး အနား ယူလာရသော သတ္တုတွင်း အလုပ်သမား တစ်ဦး ဖြစ်သည်။ ဂျင်နီမှ တစ်ဆင့် သိကျွမ်း ခင်မင်လာရသော ထို အဘိုးကြီးအား တစ်နာရီလျှင် ဆယ်ပဲနီနှုန်း လုပ်ခ ပေးပြီး သူမ၏ ပန်းဥယျာဉ် ပြန်လည် ပြုပြင်ရေး အလုပ်တွင် ဝင်ရောက် ကူညီ လုပ်ကိုင်စေခဲ့၏။ ခရစ္စတီသည် မမျှော်လင့်ဘဲနှင့် သိကျွမ်း ခင်မင်လာခဲ့ရသော ထို အဘိုးကြီးအား သနားနေရုံမှ မက သံယောဇဉ်လည်း ဖြစ်လျက် ရှိလေသည်။

မတ်လ၏ တစ်ရက်သော မွန်းလွဲပိုင်းတွင် အင်ဒရူးသည် တံတား ကလေး အပေါ်မှ ဖြတ်လျှောက်လာစဉ် ထိုတံတား အောက်ရှိ စမ်းချောင်းထဲ၌ အမှိုက်သရိုက် ဆယ်နေကြသော ခရစ္စတီတို့ လူစုအား တွေ့လိုက်ရသဖြင့် အံ့အားသင့်နေမိလေ၏။

‘ဟေး အောက်ဆင်းပြီး ဘာလုပ်နေကြတာလဲ၊ ကျုပ် ငါးမျှားနေကျ ငါးစားကျက်ကို ဖျက်ဆီးနေကြတာလား’ ဟု အင်ဒရူးက အော်သည်။ ခရစ္စတီ





ကလည်း ‘ဘာလုပ်နေတယ် ဆိုတာ အခု ပြောမပြနိုင်သေးဘူး၊ ရှင် စောင့် ကြည့်ပေါ့၊ နောက်တော့ သိလာမှာပေါ့’ ဟု ပြန်အော်လေသည်။

ရက်သတ္တပတ် အနည်းငယ် အတွင်းမှာပင် ခရစ္စတီသည် အဘိုးကြီး ၏ အကူအညီဖြင့် စမ်းချောင်းကလေး ပတ်ဝန်းကျင်ရှိ ပေါင်းမြက်များကို ခုတ်ထွင် ရှင်းလင်းပစ်သည်။ မသုံးဘဲ ပစ်ထားသည်မှာ ကြာပြီ ဖြစ်၍ မြက်ပင် ချုံနွယ်များ အောက်၌ ပျောက်လုမတတ် ဖြစ်နေသော လမ်းများကို ပြန်ဖော်သည်။ စမ်းချောင်းရေမှာလည်း ယခင်ကလို နောက်ကျိ မနေတော့ ပေ။ ခရစ္စတီတို့ အမှိုက်သရိုက် ဆယ်ပြီး ကတည်းက ကြည်လင် သန့်စင် လာသည်။ ဟိုတစ်လုံး သည်တစ်လုံး ပြန့်ကျဲနေသော ကျောက်ခဲများကို ပြန်စု ကာ စမ်းချောင်း အနီးရှိ လှိုဏ်ကလေး၏ ခြေရင်းတွင် လှပနေအောင် ပုံထား သည်။ ခရစ္စတီသည် သူမ စိတ်ကူးရသလို ဥယျာဉ်ကို ပြန်လည် ပြုစု ပျိုး ထောင်လျက် ရှိလေ၏။

ဗောက်ဟန်တို့အိမ်မှ ဥယျာဉ်မှူး ဇွန် ရောဘတ်သည် ခရစ္စတီထံသို့ မကြာခဏ လာလည်သည်။ သူ လာလျှင် လက်ချည်း သက်သက် မဟုတ်ပေ။ ပန်းမျိုးဥကလေးများ၊ ကိုင်းဆက်၍ ကူးထားသော ပန်းပင်များ၊ အပင်ပေါက် ပန်းပင်ကလေးများ ယူလာတတ်လေသည်။ ဘယ်နေရာမှာ ဘယ်အပင်ကို စိုက်ပါ၊ ဘယ်လို စိုက်ရင် ကောင်းမယ် စသည်ဖြင့်လည်း အကြံပေးတတ်သည်။ ဤသို့ဖြင့် ခရစ္စတီ ပြုပြင်နေသော ပန်းဥယျာဉ်သည် သန့်သန့်ရှင်းရှင်း စိုစို ပြည်ပြည်နှင့် ဝေဝေဆာဆာ ဖြစ်လာလေ၏။

ဒယ်ဖိုဒယ် ခေါ် နှင်းပန်းကလေးများ စတင် ပွင့်သည့် နေ့တွင် ခရစ္စတီ သည် ဝမ်းသာအားရဖြင့် အင်ဒရူး၏ လက်ကို ဆွဲခေါ်လာပြီး ပြလေသည်။ ခရစ္စတီသည် သူမ၏ လုပ်အားမှ ပေါ်ထွက်လာသော အောင်မြင်မှု အတွက် ဂုဏ်ယူ မဆုံးနိုင်အောင် ဖြစ်လျက် ရှိလေ၏။

မတ်လ ကုန်ခါနီး တနင်္ဂနွေ တစ်နေ့တွင် ကြို့တင် အကြောင်းကြားခြင်း မပြုဘဲနှင့် ဖီးလစ် ဒင်နီ တစ်ယောက် ဘွားခနဲ အလည် ရောက်လာသဖြင့် အင်ဒရူးတို့ နှစ်ဦးစလုံးမှာ ဝမ်းသာ၍ မဆုံးအောင် ဖြစ်ကြရပြန်လေ၏။ ခရစ္စတီရော အင်ဒရူးပါ ဒင်နီအား အလုအယက် ဝိုင်း၍ ဆွဲကြ ဖက်ကြသည်။ ကိုယ်လုံး ကိုယ်ထည်က တုတ်ခိုင်ခိုင်၊ မျက်နှာက နီရဲရဲနှင့် ဒင်နီ၏ ပုံပန်းမှာ များစွာ မပြောင်းလဲပေ။ ဒင်နီ၏ မျက်နှာမှာ အင်ဒရူးအား အတိုင်းအဆ မသိ နိုင်လောက်အောင်ပင် ဝမ်းသာ ကြည်နူးမှုကို ဖြစ်စေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဒင်နီအား အိမ်ဝင်း ခြံထဲ လှည့်လည် ပြကြသည်။ အကောင်းဆုံး အစားအစာများ ချက်ပြုတ် ကျွေးမွေးကြသည်။ စားသောက်ပြီးသည့် အခါမှပင် ဧည့်ခန်းထဲရှိ အကောင်းဆုံး ကုလားထိုင်၌ ထိုင်စေပြီး ဒရင်းဖီးမြို့မှ သတင်းများကို အငမ်းမရ မေးကြလေတော့၏။

'ဒေါက်တာ ပိတ်ချ် တစ်ယောက်တော့ ဆုံးရှာပြီ'

ဖီးလစ် ဒင်နီက ဝမ်းနည်းစရာ သတင်းကို စပြောလေသည်။

'သူ ဆုံးတာ တစ်လ ရှိသွားပြီ၊ သွေးကြောပြတ်ရောဂါ ဒုတိယအကြိမ် ထတာပဲ၊ အခုလို ဖြစ်သွားတာလည်း တစ်နည်းအားဖြင့် သူ့အတွက် ကောင်းတာပါပဲလေ'

ဒင်နီသည် ပါးစပ်မှ ဆေးတံကို ချွတ်၍ ခါနေရင်းက မျက်မှောင် တစ်ချက် ကြုတ်လိုက်သည်။

'သူ့နှမ ဘလောဝင်း ပိတ်ချ်နှင့် ခင်ဗျားရဲ့ အချစ်တော်ကြီး ဘဏ် မော် နေဂျာ ရီးစ်တို့တော့ လက်ထပ်ဖို့ စီစဉ်နေကြပုံ ပေါ်တယ်'

'အင်းပေါ့၊ ဒီလိုပဲ ဖြစ်ရမှာပေါ့'

အင်ဒရူးက ကြားလိုက်ရသည့် သတင်း အတွက် မထူးဆန်းသလို ပြောလိုက်ပြီးမှ 'ဒေါက်တာ ပိတ်ချ် ခများကတော့ သနားစရာပါဗျာ' ဟု ရွတ်လိုက်လေ၏။

'ဒေါက်တာ ပိတ်ချ်ဟာ လူတော်ကြီး တစ်ယောက်ပါ၊ အတွေ့အကြုံ များတဲ့ ဆရာဝန်ကောင်းကြီး တစ်ယောက်ပါ၊ ဂျီပီ ဆိုတဲ့ စကားလုံးကို ကျွန် တော် ဘယ်လောက် မုန်းတယ် ဆိုတာ ခင်ဗျား အသိဆုံးပါ၊ ဒီ စာလုံး တပ် ထားတဲ့လူ ဆိုရင် ကျွန်တော် အထင်ကြီးလို့ကို မရဘူး၊ ဒါပေမဲ့ ပိတ်ချ်ရဲ့ လုပ်ရည်ကိုင်ရည်ကိုတော့ ကျွန်တော် အသိအမှတ်ပြုလို့ နည်းနည်း ရပါသေး တယ်'

သူတို့သည် အက်ဒွပ် ပိတ်ချ်၏ အဖြစ်ကို တွေးပြီး စိတ်မကောင်း ဖြစ်မိကြသဖြင့် ခေတ္တမျှ စကား ဆက်မပြောနိုင်ဘဲ ငြိမ်သက်နေကြသည်။ ဒေါက်တာ ပိတ်ချ် ခများ အသက်ကလေး ရလာသည့်အခါ နားနားနေနေ နေ ချင်ရှာသည်။ ငှက်ကလေးတွေ အေးမဲ့ပေးရာ၊ တစ်နှစ်ပတ်လုံး နေရောင်ခြည် ရရာ ဒေသ ဖြစ်သော ကက်ပရီကျွန်းသို့ သွားရောက် နေထိုင်လိုသော ဆန္ဒ အလွန် ပြင်းပြခဲ့ရှာ၏။

'ဒါနှင့် မေးရဦးမယ်၊ ခင်ဗျားကော ဘယ်လိုလဲ၊ လုပ်ရ ကိုင်ရတာ





အဆင်ပြေရဲ့လား' ဟု အင်ဒရူးက မေးသည်။

'အိုဗျာ မပြောတတ်အောင်ပါပဲ၊ အားရ နားရတယ်လို့ကို မရှိပါဘူး ဒရင်းဖီးမှာ နေရတဲ့ လူတွေက ခင်ဗျားတို့လို ငြိမ်းငြိမ်းအေးအေး နေရတယ်လို့ မရှိပါဘူးဗျာ၊ ကျွန်တော်တော့ဖြင့် တစ်နေရာကို ပြောင်းပြီး အလုပ် လုပ်ရရင် ကောင်းမလားလို့ စိတ်ကူးနေတယ်၊ သင်္ဘော ဆရာဝန် လုပ်ရရင် ကောင်းမယ် ထင်ပါရဲ့၊ တကယ်လို့များ ကုန်တင် သင်္ဘော တစ်စီးစီးမှာ လုပ်ရမယ် ဆိုရင် ပေါ့လေ'

အင်ဒရူးသည် ဒင်နီ၏ မျက်နှာကို ငေးစိုက်ကြည့်ရင်း ငြိမ်ဆိတ် နေမိ ပြန်လေ၏။ သူ့အနေဖြင့် ဤစကားကို ကြားရသည့်အခါ စိတ်ထိခိုက်မိလေ သည်။

ဒင်နီသည် စိတ်စေတနာကောင်း ရှိသော ဆရာဝန် တစ်ဦး ဖြစ်၏။ အလုပ် အလွန် တော်၍ ပါရမီခံ ရှိသော ဆရာဝန် တစ်ဦးလည်း ဖြစ်၏။ သို့ပါလျက်နှင့် မိမိကိုယ်ကို ဒဏ်ခတ်သည့် သဘောမျိုးဖြင့် မြို့ကြီး ပြကြီးနှင့် အလွန် ဝေးလံသော ဤအရပ် ဤဒေသတို့ လာရောက် ဇာတ်မြှုပ်ကာ သူ့ဘဝ ကို ဖျက်ဆီးလျက် ရှိလေသည်။

မိမိကတော့ ဒင်နီသည် သူ့ဘဝ သူ ပျက်စီးအောင် လုပ်နေသည်ဟုပင် ထင်၏။ သူ ထင်သလို တကယ်ပင် သူ့ဘဝသူ ဖျက်ဆီးနေခြင်း ဟုတ် မဟုတ် ကိုမူကား ဒင်နီမှ တစ်ပါး ဘုရားသခင်သာ သိပေလိမ့်မည်။

အင်ဒရူးနှင့် ခရစ္စတီသည် ဒင်နီ့ အကြောင်းကို စကားစပ်မိတိုင်း ဆွေးနွေး ပြောဆိုမိခဲ့ကြသည်။ သူတို့ အနေဖြင့် ဒင်နီ့ အကြောင်းကို အတွင်း ကျကျ သိသူများ မဟုတ်ပေ။ ဒင်နီ့ ဘဝကို အပေါ်ယံ ရုပ်တိုက်၍သာ သိထား ခြင်း ဖြစ်ပေသည်။

သူတို့ သိရသလောက် ဆိုလျှင် ဒင်နီသည် တစ်ချိန်သော အခါက အိမ်ထောင်ကျခဲ့ဖူး၍ သူ လက်ထပ်ခဲ့သည့် အမျိုးသမီးမှာ လူမှုရေးအရ သူ့ ထက် အဆင့်အတန်း မြင့်သူ ဖြစ်သည်။ သူ့မိန်းမသည် သူ့အား လိုချင်သော ပုံမျိုး ဖြစ်လာအောင် ပုံသွင်း၍ သူကလည်း သူ့မိန်းမ ဩဇာကို ခံပြီး သူ့ မိန်းမ အကြိုက် လိုက်လုပ်သည်။ ဤသို့ဖြင့် သူ့မိန်းမ၏ ဆန္ဒအရ ကောင်တီ နယ်မြေ တစ်ခု အတွင်း၌ အလုပ် လုပ်ခဲ့ရသည်။ အလုပ်ကလည်း အလွန် များ ၏။ ဒင်နီသည် အလုပ် မည်မျှပင် များစေကာမူ ညည်းညူခြင်း မပြုဘဲ သူ့ မိန်းမ စိတ်တိုင်းကျ ငွေများများ ရဖို့သာ အဓိက ထားခဲ့သည်။ အလွန် များ



www.burmeseclassic.com

www.burmeseclassic.com


လေ ကြိုက်လေ ဟူသော သဘောထားမျိုးနှင့် အလုပ်ကိုသာ ဖိ၍ လုပ်ကိုင်ခဲ့လေ၏။ သို့သော်လည်း သူ ကြိုးစားပမ်းစား လုပ်ကိုင်လာခဲ့ပြီး ငါးနှစ်အကြာတွင် သူ့မိန်းမသည် သူ့အား စွန့်ပစ်၍ တခြား ယောကျာ်း တစ်ယောက်နောက်သို့ ကောက်ကောက်ပါအောင် လိုက်ပြေးသွားလေတော့၏။

ဤအဖြစ်ကြောင့် ဒင်နီမှာ အရှက်လည်း ရခဲ့၏။ စိတ်လည်း ထိခိုက်ခဲ့ရ၏။ လောကကြီးကို မုန်းတီး ရွံရှာသော စိတ်လည်း ကိန်းအောင်း လာရလေ၏။ ထိုအချိန်မှ စ၍ ဒင်နီသည် လူနှင့် သူနှင့် နေချင်သည့် စိတ်လည်း မရှိ။ မည်သူနှင့်မှ ခင်မင် ရင်းနှီးစွာ ပေါင်းသင်း ဆက်ဆံလိုစိတ်လည်း မရှိ။ တတ်နိုင်သမျှ လူအများနှင့် ခပ်ကင်းကင်း ခပ်ခွာခွာ နေခဲ့၏။ ဤသို့ဖြင့် ဒင်နီသည် လူများစုက လက်ခံထားသော မိရိုးဖလာ ဓလေ့ထုံးစံများ၊ ယုံကြည်ချက်များနှင့် ဆန့်ကျင်သူ တစ်ဦး ဘဝသို့ ရောက်မှန်း မသိ ရောက်လာခဲ့ရလေ၏။ မည်သို့ပင် ဖြစ်စေ တစ်နေ့နေ့ တစ်ချိန်ချိန်တွင်တော့ ဒင်နီ တစ်ယောက် အမြင်မှန်ရကာ လူအများနှင့် သဟဇာတ ဖြစ်အောင် နေထိုင်လာလိမ့်မည်ဟု အင်ဒရူး ယုံကြည်မိလေသည်။

သူတို့ သုံးဦးသည် မဆုံမိကြသည်မှာ ကြာပြီဖြစ်၍ တစ်နေ့လုံး စကားပြော၍ မဝနိုင်အောင် ဖြစ်ရသည်။ ဒင်နီအား ဘူတာသို့ လိုက်ပို့ရာတွင်လည်း တစ်လမ်းလုံး စကားပြောသွားကြသည်။ ရထား စောင့်နေခိုက်တွင်လည်း ပြောစရာ စကားများက မကုန်သေးပေ။

အေဘာရာလောမြို့ ရောက်ခါမှ ရလာသည့် အင်ဒရူး၏ ဝင်ငွေ အခြေအနေကို ဒင်နီက စိတ်ဝင်စားလျက် ရှိသည်။ လက်ထောက် ဆရာဝန်များ၏ ဝင်ငွေထဲမှ ဒေါက်တာ လီဝီလင်းအား ရာနှုန်းနှင့် ပေးနေရသည့် ငွေကိစ္စကို ကြားရသည့်အခါ တစ်ချက်မျှ ပြုံးလိုက်ပြီး 'ဒီကိစ္စမျိုးကတော့ အလွန် မကောင်း ချင်စရာ ကောင်းတာပဲဗျ၊ ဒီပြဿနာကို ခင်ဗျား ကြာကြာ ထိုင်နေ ကြည့်နေလို့တော့ မတော်ဘူး ထင်တယ်' ဟု ပြောလေ၏။

ဖီးလစ် ဒင်နီ ရထားနှင့် ပါသွားချိန်တွင် အင်ဒရူး၏ ရင်ထဲမှာ ဟာချို ကျန်ရစ်ခဲ့လေ၏။ သူ့ အလုပ်ခွင်တွင် တရင်းတနှီး တိုင်ပင်ဖော် တိုင်ပင်ဖက် မရှိသည့် သူ၏ လက်ရှိ အခြေအနေကိုလည်း မြင်လာသည်။ ဒရင်းဖီးတွင် နေခဲ့စဉ်ကတော့ သူ့အနီးတွင် ဒင်နီ တစ်ယောက်လုံး ရှိခဲ့၏။ တစ်ဦး သဘောကို တစ်ဦးက နားလည်နေသဖြင့် ဘာပဲလုပ်လုပ် စိတ်သဘောချင်း တိုက်ဆိုင်သည်က များလေရာ လုပ်စရာ ကိစ္စ တစ်ခု ပေါ်လာလျှင် ရှည်ရှည်ဝေးဝေး

ပြောဆို ဆွေးနွေး ပြောဆို နေစရာ မလိုဘဲ နှစ်ဦးသဘောတူ ထ၍ လုပ်ကိုင်ကြသည်က များ၏။ အေဘာရာလော မြို့မှာတော့ ဒင်နီလို ရင်းနှီးသူ မရှိပေ။ ဤမြို့ရှိ အလုပ်ဖော်ကိုင်ဖက် လက်ထောက် ဆရာဝန်များထဲတွင်လည်း ဒင်နီလို စိတ်တူ သဘောတူ ဖြစ်လာမည့် လူမျိုး ယနေ့အထိ ရှာမတွေ့သေးပေ။

သူနှင့်အတူ အနောက်ပိုင်း ဆေးခန်း၌ တွဲ၍ တာဝန် ကျနေသော ဒေါက်တာ အာကွတ်သည် ခင်မင်စရာ ကောင်းသူ တစ်ဦး ဖြစ်ပါ၏။ စာနာ ထောက်ထားတတ်သော သဘောလည်း ရှိပါ၏။ သို့သော်လည်း အသက် အရွယ်က ကြီးပြီမို့ လှေကြီးထိုး ရိုးရိုးသမား ဖြစ်နေပေရာ အစဉ်အလာ လုပ်ရိုး လုပ်စဉ် အတိုင်း လုပ်ကိုင် နေထိုင်သွားဖို့လောက်က လွဲ၍ တခြား ဘာကိုမှ စိတ်ဝင်စားသူ မဟုတ်ပေ။

ဒေါက်တာ အာကွတ်သည် အတွေ့အကြုံ များသူ ဖြစ်သည့် အားလျော်စွာ များနေသူ တစ်ဦးကို အနည်းငယ် စမ်းသပ်ကြည့်လိုက်ရုံမျှဖြင့် အဆုတ် ရောင်နေလျှင် အဆုတ် ရောင်နေပြီဟု ဒက်ခနဲ မှန်ကန်အောင် ပြောနိုင်ပါ၏။ ဒေါက်တာ အာကွတ်သည် အနာ တစ်ခုကို ဆေးထည့်ရာ၌ လည်းကောင်း၊ ပတ်တီးစည်းရာ၌ လည်းကောင်း ကျွမ်းကျင်ရုံမျှမက အပူလောင်နာများကို ကုသရာ၌ လည်းကောင်း၊ အသေးအဖွဲ့ အနာများကို ခွဲစိတ်ရာ၌ လည်းကောင်း ကျွမ်းကျင်ပါ၏။ သို့သော်လည်း အင်ဒရူး၏ အမြင်တွင် မိသားစု ဆရာဝန် ဖြစ်လောက်သာ အသုံးပြုသင့်သည့် ဆရာဝန်အိုကြီး တစ်ယောက် ဖြစ်နေသည်။

'သမားဆို အိုမှ' ဟူသော ရှေးစကားအရ အထင်အမြင် ကြီးစရာ ကောင်းသော်လည်း လက်တွေ့တွင်မူကား ဆေးစာအုပ်များကို လုံးဝ မဖတ် တော့ဘဲ စွန့်ပစ်ထားသည်မှာ အနှစ် နှစ်ဆယ်ခန့် ရှိပြီ ဖြစ်၍ ခေတ်မမီတော့သည့် အခြေအနေတွင် ရောက်နေပြီဟုပင် ထင်မိလေ၏။

အင်ဒရူးက လုပ်ငန်းနှင့် ပတ်သက်၍ ဆွေးနွေး တိုင်ပင်လိုသော စိတ် ရှိသော်လည်း ဒေါက်တာ အာကွတ်က အချိန် မပေးနိုင်ပေ။ ဆေးခန်းမှ အလုပ်ပြီးလျှင် ပြီးချင်း ကပျာကသီ အိမ်သို့ ပြန်ပြေးကာ ဟင်းချို တစ်ဘူး လောက်သောက်၍ သူ့ တယောအသစ်ကို ကော်ပတ်စားသည်။ သူ စုဆောင်း ထားသည့် ပန်းကန် ခွက်ယောက်များကို တစိမ့်စိမ့် ပြန်၍ ကြည့်ပြီး ဝိတ် ဖြစ်သည်။ ယင်းပစ္စည်းများကိုပင် ဟိုပြောင်း သည်ရွှေ့ လုပ်ကာ အချိန်ကုန် သည်။ တစ်ခါတစ်ရံ မက်ဘိုးနစ် ကလပ်သို့ သွား၍ ကျားကစားသည်။



www.burmeseclassic.com

www.burmeseclassic.com

အလုပ်များသည်သာလျှင် သူ့ ဘဝအတွက် စိတ်ဝင်စားစရာ ရှိတော့သည့်
တစ်ယောက်သဖွယ် နေထိုင်လျက် ရှိသူ ဖြစ်လေသည်။

အရှေ့ပိုင်း ဆေးခန်းမှ လက်ထောက် ဆရာဝန် နှစ်ဦးမှာလည်း
ဒေါက်တာ အာကွတ်နှင့် ထူးမခြားနားပင် ဖြစ်ပေသည်။ ထိုနှစ်ဦး အနက်
မက်ဒလေးသည် အသက် ငါးဆယ်နီးပါး ရှိနေပြီ ဖြစ်၏။ မျက်နှာကို
လိုက်လျှင် လီမွာ ပါးနပ်သည့် အသွင် ရှိကြောင်း သိသာနိုင်သော်လည်း
ခမျာ အလွန် နုံအလေးရှာ၏။ ဤ ချွတ်ယွင်းချက်ကြောင့် သူ့ခမျာမှာ အ
လူများ၏ အပြောင်အလှောင်ကို မကြာခဏ ခံရရှာလေသည်။

ဒေါက်တာ ချားလ်စ် မက်ဒလေးသည် အင်ဒရူးလိုပင် သမား
တစ်ဦး ဖြစ်သည်။ သူသည် လူနာ စမ်းသပ် စစ်ဆေးရာ၌ အလွန် စနစ်တ
ရှိ၏။ သို့သော်လည်း သူ့ လူနာက သူ့အား စကားပြောသည့် အခါတွင်
တစ်လုံးမှ သူ မကြားတော့ပေ။ အမှန်တော့ သူသည် တစ်ဖက်လူ၏ နှုတ်
လှုပ်ပုံကို ကြည့်၍သာ တစ်ဖက်လူ ဘာပြောသည်ကို နားလည်နိုင်သူ ဖြစ်
ဤချွတ်ယွင်းချက်ကြောင့် သူ့ခမျာ အလွန် ရှက်တတ် ကြောက်တတ်ရှာသည်
မကြာခဏ နားကြားလွဲပြီး ရယ်စရာ ကောင်းသည့် အမှားများကိုလည်း
တတ်၏။ တစ်စုံတစ်ယောက်က သူ့အား စကားပြောနေပြီ ဆိုလျှင် ထိုသူ
နှုတ်ခမ်းလှုပ်ပုံကို မမှိတ်မသုန် ကြည့်နေတတ်သည့် သူ့မျက်လုံးများမှာ သ
စရာ ကောင်းလှပေသည်။

မက်ဒလေးသည် ဆေးစာ ရေးရမည်ကိုလည်း ကြောက်ရှာ၏။ အက
၍ နားကြားလွဲပြီး အမှား ရေးပေးလိုက်မိပါက လူနာရော သူပါ ဒုက္ခဖြစ်
မည်ကို အလွန် စိုးရိမ်ရှာ၏။ ထို့ကြောင့်လည်း ဘယ်သောအခါမှ ဆေး
ရေးမပေးချေ။ အလွန့် အလွန် မရှောင်နိုင် မလွဲနိုင် ဖြစ်မှသာလျှင် ဆေး
ရေးပေးတတ်၍ ရေးပေးပြန်လျှင်လည်း အန္တရာယ် မဖြစ်မည့် ဆေးမျိုး
အနည်းငယ်မျှ သောက်ရန်သာ ရေးပေးလေ့ ရှိပေသည်။

မက်ဒလေးသည် ချမ်းသာ ကြွယ်ဝသူ မဟုတ်ပေ။ ရသည့် လစာနှင့်
မလုံလောက်ဖြစ်ကာ ကျပ်တည်း ဆင်းရဲရှာသူ ဖြစ်၏။ မိသားစု များ
သူ့အိမ်ထောင်မှာ ငွေကြေး အကုန်အကျလည်း များရှာ၏။ စိတ်ဆင်းရဲ ကို
ဆင်းရဲ ဒဏ်ကို ခံရလွန်းသဖြင့် အိုစာကျလှသော သူ့ဇနီးကဲ့သို့ပင် သူ့ခ
မှာလည်း အိုမင်း ရင့်ရော်လှပေသည်။

အသေအချာ စဉ်းစားလိုက်ပါက ဒေါက်တာ မက်ဒလေးသည် အလွ





နားစရာ ကောင်းသည့် လူတစ်ယောက် ဖြစ်ပေသည်။ သူသည် ဒေါက်တာ
လင်းကိုရော ကော်မတီကိုပါ အလွန် ကြောက်ရှာ၏။ သူ့အလုပ်ကလေး
တ်သွားမည်ကို အမြဲတစေ စိုးရိမ်ကြောင့်ကြနေရသူ ဖြစ်သည့် အားလျော်စွာ
အား အလုပ်မှ ဖြုတ်ပစ်နိုင်သည့် အာဏာ ရှိနေသူများအား ကြောက်ရှာသည်
သဘာဝကျလေသည်။

ဒေါက်တာ မက်ဒလေးနှင့် တွဲ၍ တာဝန်ကျသော ဒေါက်တာ အော့
ဘာရီးသည် မက်ဒလေးထက် အသက်ငယ်၍ အမူအကျင့်မှာ မက်ဒလေးနှင့်
မတူပေ။ အင်ဒရူးအဖို့တော့ အော့စဘောရီးအား တွေ့မြင်စ ကတည်းက
ရင်းနှီးလိုစိတ် မပေါ်ခဲ့ချေ။

အော့စဘောရီး၏ မျက်နှာသည် လူသေ မျက်နှာလို ဖြူဖပ်ဖြူရော်နိုင်
ပြီး လက်ချောင်းများက ပုတိုတိုနှင့် အလွန် ရုပ်ဆိုးသည်။ စိတ်သဘော
ကလည်း မမှန်ချေ။ စနေနေ့ မွန်းလွဲပိုင်းများတွင် အော့စဘောရီးသည်
မိန်းမကို ခေါ်၍ သူ ကိုယ်တိုင် တီးတတ်သည့် လက်ဆွဲ ဘာဂျာကလေးကို
ယ်ပိုက်ပြီး အေဘာရာလော မြို့အနီးရှိ ဖန်နလေးမြို့သို့ သွားကာ ဈေး
ကော်ဇော တစ်ချပ် ခင်းပြီး ဘာသာရေး တရားပွဲ ပြုလုပ်လေ့ ရှိ၏။ အော့
ဘာရီးကား ဘာသာရေး အယူဝါဒ ပြင်းထန်သည့် အီဗန်ဂျီလစ် ခရစ်ယာန်
ဝင် တစ်ဦး ဖြစ်ချေသည်။ သူ့ အလုပ်အကိုင်နှင့် အဆင့်အတန်းအရ ဤ
ရားပွဲမျိုးကို အေဘာရာလောမြို့၌ မလုပ်ဝံ့ချေ။

မည်သို့ပင် ဖြစ်စေ သူ ယုံကြည်သော ဘာသာ အယူဝါဒ တိုးတက်ရာ
က်ကြောင်း အတွက် လူစည်ကားရာ ဈေးလယ်ကောင်၌ မျက်နှာပြောင်
၍ ဟောရဲ ပြောရဲသည့် သတ္တိကိုကား အင်ဒရူး မချီးမွမ်းဘဲ မနေနိုင်ချေ။

သို့သော်လည်း အော့စဘောရီးသည် စိတ်ဓာတ် တည်ကြည် ခိုင်ခံ့မှု
မရှိပေ။ စိတ်ထိခိုက်စရာနှင့် ကြုံလာလျှင် ချက်ချင်း စိတ်ထိခိုက်ပြီး
ကြားကာ စိတ်မနံ့သူ တစ်ဦးသဖွယ် ဘုရားရှိခိုးနေတတ်လေသည်။

တစ်ကြိမ်သော အခါက အော့စဘောရီးသည် မွေးလူနာ တစ်ဦးနှင့်
ရာ လွယ်လင့်တကူ မမွေးဖွားနိုင်ဘဲ ဖြစ်နေလေ၏။ သူ တတ်သမျှ မှတ်
ကြိုးစား လုပ်ကိုင်ပါသော်လည်း မမွေးနိုင် ဖြစ်နေသဖြင့် လက်လျှော
မည့် အခြေသို့ ဆိုက်ရောက်လာလေ၏။ ထိုအခါ သူသည် လူနာ အ
၏ ခုတင်ဘေးတွင် ဒူးထောက်၍ ထိုင်ချလိုက်ပြီး ဘုရားရှိခိုးလေ
လူနာ အမျိုးသမီးအား သနားသောအားဖြင့် ဘုရားသခင်က



www.burmeseclassic.com

www.burmeseclassic.com



ကယ်မပါမည့် အကြောင်း ဆုတောင်းပတ္ထနာ ပြုလေတော့၏။

ထိုအချိန်က ဒေါက်တာ အာကွတ်သာ အချိန်မီ ရောက်မသွားခဲ့ပါက မွေးလူနာမှာ သေဖို့သာ ရှိတော့၏။ ဒေါက်တာ အာကွတ်သည် ရောက်လျှင် ရောက်ချင်း ဖိနပ် မချွတ်နိုင်တော့ဘဲ မွေးလူနာ၏ ခုတင်ပေါ် တက်ကာ ညှပ်ဆွဲ၍ မွေးပေးရလေ၏။ ခက်ခက်ခဲခဲ မွေးပေးရသော်လည်း ချောချောမောမော ဖြစ်၍ မိခင်ရော ကလေးပါ အသက် ချမ်းသာရာ ရခဲ့လေသည်။

ဒေါက်တာ အာကွတ်သည် အော့စဘောရီးအား အလွန် စက်ဆုပ် အော်နလုံးနာသူ ဖြစ်ရာ ယင်းဖြစ်ရပ်ကို အင်ဒရူးအား ခရေစေ့တွင်းကျ ပြောပြသဖြင့် တစ်လုံးမကျန် သိရှိခဲ့ရခြင်း ဖြစ်ပေသည်။

အင်ဒရူးသည် သူ၏ လုပ်ဖော် ကိုင်ဖက် လက်ထောက် ဆရာဝန်များ အကြောင်းကို တွေးမိတိုင်း ဘဝတူချင်း စည်းလုံး ညီညွတ်စေချင်သော ဆန္ဒ ပြင်းပြမိလေ၏။

လက်ရှိ အခြေအနေရ ဆိုလျှင် သူတို့၌ စည်းလုံး ညီညွတ်မှု လုံးဝ မရှိပေ။ ပူးပေါင်း ဆောင်ရွက်မှု ဆိုသည်မှာလည်း ဝေလာဝေး ဖြစ်၏။ ဆေးသင်း ဆက်ဆံရာ၌လည်း တစ်ဦးနှင့် တစ်ဦး လူခင်း [illegible]ဟု ဆိုနိုင်လော အဆင့်၌သာ ရှိ၏။ အမှန်အားဖြင့် သူတို့ အားလုံးသည် တစ်ယောက် တစ်ကြိမ် ပုံစံမျိုးဖြင့် အပြိုင် လုပ်နေကြသည့် သဘောရှိ၏။ မိမိ အတွက် လူနာ ပို ရရှိရေးကိုသာလျှင် အဓိကထား၍ လုပ်နေရသော စနစ် ဖြစ်သဖြင့် အခြေခံကျ အပြိုင်သဘော ရှိနေပြီ ဖြစ်ရာ အချင်းချင်း မနာလိုမှု၊ ပြိုင်ဆိုင်မှု၊ တစ်ဦး တစ်ဦး သိက္ခာချမှု စသော မလိုလားအပ်သည့် ကိစ္စများသည် လက်ထောက် ဆရာဝန်များ ကြားတွင် အမြဲတစေ ပေါ်ပေါက်လျက် ရှိရလေ၏။

တစ်ကြိမ်က အင်ဒရူး ရှေ့တွင် အော့စဘောရီး၏ လူနာ တစ်ယောက်သည် ဒေါက်တာ အာကွတ်ထံ ရောက်လာပြီး ဆေးမှတ်ပုံတင် ကတ်ပြောင်းလေသည်။ ဒေါက်တာ အာကွတ်သည် လူနာ၏ လက်ထဲမှ ဆေးရည် အကျန်နှင့် ပါလာသော ဆေးပုလင်းကို ဆွဲယူ၍ အဖုံးဖွင့်ကာ နမ်းကြည့်ပြီး မျက်နှာ တစ်ချက် ရှုံ့လိုက်သည်။ နှုတ်မှလည်း 'အော့စဘောရီးက မင့်ကို ပေးနေတာ ဒီဆေးလား၊ ဟား မင့်ကို အဆိပ်ကျွေးပြီး သတ်နေတာကွ၊ မင်းတော့ ဘယ်သိမှာလဲ' ဟု ပြောချလိုက်သည်ကို ကြားခဲ့ဖူးလေသည်။

လက်ထောက် ဆရာဝန်ချင်း မသင့်မတင့်မှုကြောင့် ကြားမှ အကျိုး ခံနေသူကား ဒေါက်တာ လီဝီလင်း ဖြစ်၏။ ဒေါက်တာ လီဝီလင်းသည် လက်





ထောက် ဆရာဝန်များ၏ ဝင်ငွေထဲမှ သူ လိုချင်သလောက် သတ်မှတ်၍ ဖြတ်တောက် ယူနေခြင်း ဖြစ်ရာ မတရားမှန်း သိပါလျက်နှင့် မည်သူမှ မပြောရဲကြချေ။

အင်ဒရူးအနေဖြင့် ထိုကိစ္စပေါ်တွင် လုံးဝ မကျေနပ်ချေ။ သူကိုယ်တိုင် လက်ထောက် ဆရာဝန် တစ်ဦးစီနှင့် ဆွေးနွေး ညှိနှိုင်း၍ နားလည်မှုရအောင် လုပ်ချင်၏။ အားလုံး ညှိနှိုင်းပြီး ညီညီညွတ်ညွတ် ပူးပေါင်း တိုက်ခိုက်လို၏။ ဒေါက်တာ လီဝီလင်းအား ဆက်ကြေး သဘောမျိုး ပေးနေရသည့် လုပ်ရပ်ကို ချက်တန်းက ရပ်သွားအောင် ကြိုးစားချင်၏။

သို့သော်လည်း သူသည် ဤဒေသ ဤအသိုင်းအဝိုင်းတွင် လူသစ် လူစိမ်း ဖြစ်နေပေသည်။ ယခုမှ ရောက်စဖြစ်၍ မည်သူနှင့်မှလည်း ရင်းရင်းနှီးနှီး မရှိသေးပေ။ မည်သူ့ အကြောင်းကိုမှလည်း ဂဃနဏ မသိသေးပေ။ ယင်း အခြေအနေမျိုးတွင် ရောက်လျှင် ရောက်ချင်း ဆောက်နှင့်ထွင်း ဆိုသလို မဖြစ်သင့်ပေ။ မမှန်မကန် ပြုနေကြသည့် ဆေးခွင့် ပြဿနာတွင် သူ့ဘက်က မှန်ကန်ပါလျက်နှင့် သူ ရှေ့လောတကြီး ပြောမိ လုပ်မိခဲ့သဖြင့် ခြေလှမ်းမှားခဲ့သလို ဖြစ်ခဲ့ရပြီးပြီ ဖြစ်၏။ ဤအမှားကြောင့် လက်ထောက် ဆရာဝန်ချင်း စည်းလုံး ညီညွတ်ရေးနှင့် လီဝီလင်းအား ပေးနေရသည့် ငွေကိစ္စများကို ရုတ်တရက် မလုပ်ဝံ့သေးဘဲ သတိကြီးစွာထား၍ ချိန်ဆနေရခြင်း ဖြစ်ပေသည်။

အင်ဒရူး အနေဖြင့် အချိန်အခါနှင့် အခြေအနေကို စောင့်စားနေခိုက်မှာပင် ကွန် ဘိုလန်နှင့် တွေ့လိုက်ရလေသည်။ ကွန် ဘိုလန်နှင့် တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် မိမိ လုပ်ရန် ရည်ရွယ်ထားသည့် ကိစ္စကို မဖြစ်မနေ လုပ်တော့မည်ဟု ဆုံးဖြတ်လိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

၉

ဧပြီလ လဆန်းပိုင်း ရက်တစ်ရက်တွင် အင်ဒရူးသည် ပိုးစားထားသဖြင့် အခေါင်းပေါက် ဖြစ်နေသော သွားတစ်ချောင်းကို ပြရန် အသင်းမှ ခန့်ထားသည့် သွားဘက်ဆိုင်ရာ ဆရာဝန်ထံသို့ ထွက်လာခဲ့သည်။ အေဘာရာလောမြို့သို့ ရောက်ခဲ့သည်မှာ လအတန် ကြာခဲ့ပြီ ဖြစ်သော်လည်း သွားဆရာဝန် ဘိုလန်နှင့် မတွေ့ဖူးသေးပေ။ ဘိုလန်၏ လူနာကြည့်ချိန်ကိုလည်း အတိအကျ မသိသဖြင့် တွေ့နိုင်မည့် အချိန်လောက်ကို မှန်း၍ မွန်းလွဲပိုင်း ဆေးခန်းဖွင့်ချိန်တွင် ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

မြို့လယ် ပန်းခြံ အနီးရှိ ဘိုလန်၏ ဆေးခန်းသို့ ရောက်သောအခါ တံခါးပိတ်ထားသည်ကို တွေ့ရလေ၏။ တံခါးပေါ်၀ယ် မင်နီဖြင့် ရေးထားသော စာရွက်ကလေး တစ်ရွက် ကပ်ထား၍ စာရွက်ပေါ်တွင် အောက်ပါအတိုင်း ရေးထားလေသည်။

သွားနုတ်ပေးစရာ ရှိ၍ အပြင် သွားသည်။

အရေးကြီးလျှင် အိမ်လိုက်ခဲ့ပါ။

အင်ဒရူးသည် ဘိုလန်၏ အိမ်အထိ လိုက်သွားရန် သင့် မသင့် စဉ်းစားသည်။ ဤနေရာအထိ ရောက်မှတော့ မထူးတော့ဟု သဘောရသဖြင့် လိုက်သွားရန် ဆုံးဖြတ်လိုက်၏။ အကယ်၍ လိုက်သွားလျှင် ဘိုလန် အနေဖြင့် ချက်ချင်း စစ်ဆေး ကြည့်ရှုပြီး လိုအပ်သည်များကို လုပ်ပေးနိုင်စရာ ရှိ၏။ ချက်ချင်း လုပ်မပေးနိုင်ပါကလည်း ရက်ချိန်းတော့ ပေးလိုက်နိုင်မည်မှာ သေချာသည်ဟု တွေးမိလေသည်။

သွားမည်ဟု ဆုံးဖြတ်လိုက်သော်လည်း ဘိုလန့်အိမ် ဘယ်နားမှာ ရှိ



www.burmeseclassic.com

www.burmeseclassic.com

သည်ကို သူ မသိချေ။ ကံအားလျော်စွာပင် ရေခဲမုန့်ဆိုင် ရှေ့၌ စုဝေး ရောက်ရှိနေကြသော လူငယ် တစ်စုအား မေးလိုက်ရာ ကောင်းစွာ ပြောနိုင်ကြသည်ကို တွေ့ရလေသည်။

လူငယ်များ ညွှန်လိုက်သည့် အတိုင်း လာခဲ့ရာ မြို့ အရှေ့ဖျား ဆင်ခြေဖုံးတွင် တည်ရှိသော ဘိုလန်၏ အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်သွားသည်။ ဘိုလန်၏ အိမ်မှာ ခပ်သေးသေး ဖြစ်၍ အိမ်၏ ဘေးတစ်ဖက်တွင် သစ်သား အဖီတဲ တစ်ခု ချထားသည်။ အဖီတဲသည် ဖရိုဖရဲနှင့် ခနော်နီ ခနော်နဲ့ ဖြစ်လျက် ရှိပေသည်။

အင်ဒရူး အိမ်ရှေ့ အရောက်တွင် အိမ်ထဲမှ ထုသံ နှက်သံ တဂျုန်းဂျုန်း တဂျိုင်းဂျိုင်းကို ကြားရသည်။ မလုံမခြုံ ဖြစ်နေသော ပြတင်းပေါက်မှ လှမ်းကြည့်လိုက်ရာ ဆံပင်နီနီနှင့် အင်္ကျီလက်တို ဝတ်ထားသော လူတစ်ယောက်သည် ပိန်သည့် နေရာက ပိန်၍ ခွက်သည့် နေရာက ခွက်ကာ ချိုင့်သည့် နေရာက ချိုင့်နေသည့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော မော်တော်ကား ဘော်ဒီကို တူတစ်ချောင်းနှင့် တအားကုန် ထုနှက်နေသည်ကို မြင်ရလေသည်။

တိုက်ဆိုင်သည်ဟု ဆိုရမည်လား မသိပေ။ အင်ဒရူးက လှမ်း၍ အကြည့်တွင် ထိုသူကလည်း သူ့ဘက်သို့ လှည့်ကြည့်လိုက်သဖြင့် နှစ်ဦးသား မျက်နှာချင်း ဆိုင်မိကြလေ၏။ မြင်လျှင် မြင်ချင်းပင် ထိုလူက 'ဟယ်လို' ဟု အသံပြုသဖြင့် အင်ဒရူးကလည်း 'ဟယ်လို' ဟု ပြန်၍ အသံပေးလိုက်လေ၏။

'ဘာကိစ္စ ရှိလို့လဲ'

'ကျွန်တော် သွားဆရာဝန်နှင့် တွေ့ပြီး ရက်ချိန်း တောင်းချင်လို့ပါ၊ ကျွန်တော် ဒေါက်တာ မေဆန်ပါ'

'အထဲဝင်ပါ'

ထိုသူက လက်ထဲမှ တူကြီးကို မြှောက်၍ ဝှေ့ယမ်းပြကာ ဖိတ်ခေါ်သည်။ ထိုသူကား သွားဆရာဝန် ဒေါက်တာ ကွန် ဘိုလန်ပေတည်း။

အလွန် ဟောင်းနွမ်း အိုမင်းလှပြီ ဖြစ်သော မော်တော်ကား အစိတ်အပိုင်းများ ချထားသဖြင့် အဖီတဲ၏ တစ်ဝက်ခန့်မှာ ခြေချစရာ မရှိလောက်အောင်ပင် ရှုပ်ပွနေလေသည်။ အဖီတဲ၏ အလယ်တွင် မော်တော်ကား အောက်ခံ ဘောင်ကို သစ်သား ဒေါက်များဖြင့် ကျားကန်၍ ချထားသည်။ ထိုဘောင် နှစ်ပိုင်း ဖြစ်နေသည်ကို ကြည့်ရခြင်းအားဖြင့် လွှနှင့် ပိုင်းဖြတ်ထားကြောင်း





သိသာ၏။ ထူးထူးဆန်းဆန်း ဖြစ်နေသော ကားပစ္စည်းများကို စိတ်ဝင်တစား ကြည့်နေမိရာမှ အင်ဒရူးသည် ဘိုလန်ကို မော့ကြည့်ကာ ပြုံးလိုက်မိလေ၏။

'ဒါလည်း သွားနုတ်တာ တစ်မျိုးပဲ ထင်ပါရဲ့'

'ဟုတ်တယ် ဟုတ်တယ်၊ ကျွန်တော် ဆေးခန်းထဲမှာ အလုပ်များလို့ ငြင်းလာရင် ဒီ မော်တော်ကားရုံထဲ ဝင်ပြီး ကျွန်တော့်ကား ကျွန်တော် စစ်လိုက် ဆေးလိုက် ထုလိုက် ရိုက်လိုက် လုပ်တာပဲ'

ဘိုလန်၏ အသံမှာ ဝဲတဲတဲ။

ဘိုလန်က ပြိုလဲလုမတတ် ဖြစ်နေသော သူ၏ အဖီဆွဲကို 'မော်တော်ကားရုံ' ဟု ခေါ်၍ တစ်စစီ ပြန့်ကျဲနေသော ပစ္စည်းများကို 'ကျွန်တော့် ကား' ဟု ပြောနေလေသည်။ သူ ပြောနေပုံမှာ နောက်ပြောင်ပြီး ပြောနေခြင်း မဟုတ်ပေ။ တကယ် စိတ်ပါလက်ပါနှင့် ဂုဏ်တင်၍ ပြောနေခြင်း ဖြစ်ပေသည်။

'ကျွန်တော် အခု ဘာလုပ်နေတယ် ဆိုတာ ခင်ဗျား သိရင် ယုံမှာတောင် မဟုတ်ဘူး၊ ကျွန်တော့်လို စက်ပြင် ဝါသနာပါတဲ့ လူမျိုးဆိုရင်တော့ ခင်ဗျားလည်း နားလည်လာမှာပါ၊ ဒီကား ကျွန်တော့် လက်ထဲ ရောက်တာ ငါးနှစ်ရှိသွားပြီ သိလား၊ ကျွန်တော် ဝယ်တော့ သူက သုံးနှစ်လောက် အသုံးတော်ခံထားရပြီးပြီ၊ အခု ဖြစ်နေတဲ့ ပုံကို ကြည့်ရင်တော့ ကျွန်တော် ပြောတဲ့ စကား ခင်ဗျား ဘယ်နည်းနှင့်မှ ယုံမှာ မဟုတ်ဘူး၊ တကယ့်ကို ပြေးတဲ့ ကားဗျ၊ မောင်းလိုက်ပြီ ဆိုရင် ယုန်ကလေး တစ်ကောင် ပြေးသလိုပဲ၊ ဒါပေမဲ့ ကားက သိပ်ငယ်နေတယ် မေဆန်၊ ကျွန်တော့် မိသားစုနှင့် မဖြစ်ဘူး၊ ဒါ့ကြောင့် သူ့ကို ကြီးလာအောင် လုပ်ရမယ်၊ ခင်ဗျား မြင်တဲ့ အတိုင်းပဲ၊ ကျွန်တော် အခု သူ့ကို နှစ်ပိုင်း ဖြတ်ထားလိုက်ပြီ၊ အလယ်တည့်တည့်ကနေပြီး ဖြတ်ချလိုက်တယ်လေ၊ ပြီးတော့မှ အလယ်တည့်တည့်က နေပြီး အကျယ် နှစ်ပေလောက် ဆက်မယ်၊ အားလုံး လုပ်ပြီးသွားရင် ဘယ်လို ပုံစံ ထွက်လာမလဲ ဆိုတာ ကြည့်ဦးပေါ့'

ပြောပြောဆိုဆို တိုင်တွင် ချိတ်ထားသော အပေါ် အင်္ကျီကို ယူ၍ ဝတ်ကာ 'ကဲ လာ၊ ဆေးခန်းထဲ သွားကြစို့၊ ခင်ဗျား သွား ဘာဖြစ်တာလဲ ကြည့်ရအောင်' ဟု ဆိုလိုက်လေ၏။

ဘိုလန်၏ ဆေးခန်းမှာလည်း သူ၏ ကားရုံလိုပင် ရှုပ်ပွနေလေသည်။ သန့်သန့်ပြန့်ပြန့်လည်း မရှိပေ။ ကွန် ဘိုလန်ကတော့ အင်ဒရူး၏ သွား



www.burmeseclassic.com

www.burmeseclassic.com

ဖာပေးနေရင်းက စကားကို အမျှင်မပြတ် ပြောလျက် ရှိ၏။ စကားကလည်း များ၍ စကားများသလောက်လည်း အားပါးတရ ပြောတတ်ပေရာ သူ့ ပါးစပ်မှ မကြာခဏ စဉ်၍ ထွက်လာသော တံတွေးများသည် သူ၏ မသေမသပ် လွန်းလှသော မုတ်ဆိတ်မွေးများပေါ်တွင် ကပ်လျက် ရှိသည်။ ဘိုလန် ခေါင်းလိုက်တိုင်း သူ၏ မုတ်ဆိတ်မွေးများသည် အင်ဒရူး၏ မျက်စိကို ယားကျိ ဖြစ်အောင် ထိုးဆွလျက် ရှိလေ၏။ သူသည် ဆီချေးများ ပေကျံနေသော လက်များဖြင့် အင်ဒရူး၏ ပါးစပ်ကို ဖြဲနှိုက်ကာ ပယ်ပယ်နယ်နယ် ကိုင်တွယ် သွားအပေါက်ကို ဖာလျက် ရှိလေသည်။

ဘိုလန်သည် သူ့ကိုယ်သူ သိပ်ပြီး ဂရုစိုက်သူ မဟုတ်ပေ။ အနေ အမှတ်မဲ့နှင့် နမော်နမဲ့ ပစ်စလက်ခတ် နေတတ်သူ ဖြစ်၏။ လုပ်စရာ ရှိလျှင် တုံးတိုက်တိုက် ကမ်းတိုက်တိုက် လုပ်တတ်သူ ဖြစ်သော်လည်း စိတ်ထား သဘောထား အလွန် ကောင်း၍ တစ်ဖက်သား အပေါ် စေတနာ သန့်သန့်ဖြင့် လိုက်လျော ကူညီတတ်သူ ဖြစ်ပေသည်။

အင်ဒရူးသည် ကွန် ဘိုလန်၏ စိတ်နေသဘောထားကို နားလည်လာ လေလေ တိုး၍ တိုး၍ သဘောကျလေ ဖြစ်လျက် ရှိရ၏။ ကွန် ဘိုလန်၏ အဖျင်းအပြက် ပြောတတ်သော ဝါသနာ၊ ရိုးသား ဖြောင့်မတ်သော စိတ်နေ စိတ်ထား၊ ခပ်ကြမ်းကြမ်း ခပ်တေတေ နေတတ်သော စရိုက်နှင့် ရှေ့နောက် တွေးပြီး ပူပန် သောက မထားတတ်သော အကျင့်များသည် အင်ဒရူးအား ဆွဲဆောင်လျက် ရှိလေသည်။

ကွန် ဘိုလန်သည် အေဘာရာလောမြို့တွင် အလုပ် လုပ်လာခဲ့သည်မှာ ခြောက်နှစ် ရှိခဲ့ပြီ ဖြစ်၍ ငွေကြေး စုမိ ဆောင်းမိ မရှိသေးသော်လည်း သွား ရောဂါ ကုသမှုနှင့် ပတ်သက်၍ကား အတွေ့အကြုံများစွာ ရခဲ့လေပြီ။

ကွန် ဘိုလန်သည် စက်ပြင် အလုပ်တွင် ဝါသနာကြီးသူ တစ်ဦး ဖြစ်၏ စက်ကိရိယာ ပစ္စည်းများနှင့် ပတ်သက်လာလျှင် ဟိုစပ်စပ် သည်စပ်စပ် လုပ်ချင်သည်။ ကျွမ်းကျွမ်းကျင်ကျင် ပြင်ဆင်တတ်သူကား မဟုတ်ပေ။ သူ့ဝါသနာကို အပြည့်အဝ ပါရမီ ဖြည့်နေရသည့် ပစ္စည်းမှာ သူ၏ မော်တော်ကား အစုတ်ပင် ဖြစ်ပေသည်။

အမှန်တော့လည်း ကွန် ဘိုလန်လို ငွေကြေး မချောင်လည်သူ တစ်ဦး မော်တော်ကား ပိုင်ရှင် ဖြစ်နေခြင်းသည် သွားလူများ အတွက် အလွန် ရယ်စရာ ကောင်းသည့် ပြက်လုံး တစ်ခု ဖြစ်နေ၏။ မည်သို့ပင် ဖြစ်စေ ကွန် ဘို





လန်ကတော့ ဂရုမစိုက်ချေ။ သူကိုယ်တိုင်ကပင်လျှင် ပျော်ပျော်နေ သေခဲ ဝါဒီသမား ဖြစ်၍ ရယ်စရာ မောစရာ ပြက်လုံးများကို နှစ်သက်သူ ဖြစ်ရာ သူ့ မော်တော်ကားကို ကြည့်၍ လူတွေက သရော်ကြ၊ ပြောင်ကြ၊ ရယ်မောကြသည့် အတိုင်းအောင် သူ စိတ်မဆိုးပေ။ သရော် ပြောင်လှောင်နေကြသူများနှင့် အတူ ရောနှော၍ ရယ်မောနေတတ်သူ ဖြစ်လေသည်။

ကွန် ဘိုလန်က ရယ်စရာ ကောင်းလှသည့် သူ၏ အဖြစ်တစ်ခုကို အင်ဒရူးအား ဖောက်သည်ချသည်။ တစ်ကြိမ်က ကော်မတီလူကြီး တစ်ယောက် သွားကိုက်၍ စစ်ဆေးကြည့်ရာ သွားမှာ နုတ်ပေးရမည့် အခြေအနေ ဖြစ်နေသည်ကို တွေ့ရသဖြင့် ရက်ချိန်းပေးလိုက်သည်။ ချိန်းထားသည့် နေ့တွင် သူ့ အပေါ်အင်္ကျီ ဘေးအိတ်ထဲ၌ သွားနုတ် ကိရိယာများ ထည့်၍ လူနာအိမ်သို့ သွားသည်။ လူနာအား ကျကျနန ပါးစပ် ဟခိုင်းထားပြီး သွားကို နုတ်တော့မည်ဟု အိတ်ထဲမှ ညှပ်ကို ယူလိုက်သည့်အခါ ခြောက်လက်မ ခွကြီး ဖြစ်နေသဖြင့် ငိုအားထက် ရယ်အား သန်ခဲ့ရလေသည်။

စကားတပြောပြောနှင့်ပင် အင်ဒရူး၏ သွားကို ဖာပြီးသွားသည်။ ပြီးလျှင် ပြီးချင်းပင် ကွန် ဘိုလန်သည် သူ့ လက်ထဲမှ သွားဖာ ကိရိယာများကို ပိုင်စော ထည့်ထားသော ဂျယ်လီခွက်ထဲ ပစ်ထည့်လိုက်ကာ အင်ဒရူးအား သူ့အိမ်ကို အလည်လိုက်ရန် ဇွတ် အဓမ္မ မရမက ခေါ်လေတော့၏။

'လိုက်ခဲ့ဗျာ၊ မထူးပါဘူး၊ ကျွန်တော့် မိန်းမနှင့် ကလေးတွေပါ တွေ့အောင်၊ အချိန်လည်း စောပါသေးတယ်၊ အခုမှ ငါးနာရီပဲ ရှိသေးတယ်'

သူတို့ ရောက်သွားချိန်တွင် ကွန် ဘိုလန်၏ မိန်းမနှင့် ကလေးများ လက်ဖက်ရည် သောက်နေကြသည်။ အိမ်မှ လူများအား ကြိုတင် အသိမပေးဘဲ ဧည့်သည် ခေါ်လာတတ်သည့် ကွန် ဘိုလန်၏ အကျင့်သည် သူတို့ မိသားစု အတွက် ရိုးနေပြီ ဖြစ်ဟန်တူ၏။ အင်ဒရူး ပါလာခြင်းကြောင့် သူတို့မှာ အနှောင့်အယှက် ဖြစ်ပုံ မရပေ။

ရုပ်ပွနေသော အခန်းထဲဝယ် မစ္စက် ဘိုလန်သည် ကလေးငယ်ကို ပေါင်ခွင်ထက်တွင် ပွေ့ပိုက်၍ နို့တိုက်ရင်း စားပွဲထိပ်၌ နေရာ ယူထားလေသည်။ သူမ၏ ဘေးတွင် သမီးအကြီး မေရီက ထိုင်နေသည်။ မေရီမှာ အသက် ဆယ့်ငါးနှစ်အရွယ် အပျိုဘော်ဝင်စမို့ ရှက်တတ် ကြောက်တတ်ပုံရသည်။ နက်မှောင်သော ဆံပင်နှင့် ချစ်စရာကောင်းသည်။ ဖခင် ကွန် ဘိုလန်၏ အချစ်ဆုံး သမီးလည်း ဖြစ်လေသည်။ မြို့ထဲမှာ စာအုပ်ချုပ် လုပ်ငန်း ပိုင်ရှင် ကျူးလင်



www.burmeseclassic.com

www.burmeseclassic.com

တွင် စာရေးမ လုပ်နေသဖြင့် သင့်တင့်သော လစာ ရနေပြီဟု ကွန် ဘိုလန်က မိတ်ဆက်ပေးရင်း ပြောပြလေသည်။

မေရီ၏ဘေးမှ ထိုင်နေသူမှာ အသက် ဆယ့်နှစ်နှစ်မျှသာ ရှိသေးသော တဲရင့်စ်၊ တဲရင့်စ်၏ ဘေး၌ ကြီးစဉ် ငယ်လိုက် ထိုင်နေကြသည့် ကလေး သုံး ယောက်သည် ဖခင် ဘိုလန်အား ဆူညံစွာ အော်ဟစ် နှုတ်ဆက်နေကြလေ၏။

ရှက်တတ်သော မေရီမှ တစ်ပါး ကျန်မိသားစုသည် ဘိုလန်လိုပင် ခပ်ပျော်ပျော် နေတတ်သူများ ဖြစ်ပုံရသည်။ အင်ဒရူးအား ဖော်ရွေသော အပြုံး ဖြင့် ဆီးကြိုကြသည်။ အော်၍ ဟစ်၍ ဖက်လဲတကင်း ဝိုင်း၍ နှုတ်ဆက်ကြ သဖြင့် အခန်း တစ်ခန်းလုံး ကျွက်ကျွက် ညံသွားလေသည်။

မီးဖိုအထက်နားတွင် ဒသမမြောက် ပုပ်ရဟန်းမင်းကြီး ဝီးဟပ်စ်၏ ဆေးရောင်စုံပုံကြီး ချိတ်ဆွဲထား၍ ထိုပုံကြီး၏ အောက်ရှိ ကြိုးတန်းတွင် ကလေးအနှီးများ လှမ်းထားသည်။ တစ်ဖက်နံရံတွင် ကပ်ထားသော ပန်းကန် စင်ပေါ်၌ မစ္စက် ဘိုလန်၏ အတွင်းခံ အင်္ကျီများ စုပုံတင်ထားသည်။ အင်္ကျီများ၏ ဘေးတွင် ညစ်ပတ်နေသော လှောင်ချိုင့် တစ်ခု တင်ထား၍ လှောင်ချိုင့်ထဲရှိ စာဝါကလေးများသည် သာယာစွာ တွန်ကျူးလျက် ရှိကြလေ သည်။

မစ္စက် ဘိုလန်၏ အတွင်းခံ အင်္ကျီများ ဘေးတွင် တီရဏ္ဍာန် ကျွေးသည့် ဘီစကွတ် မုန့်ထုပ် တစ်ထုပ် ချထားရာ ပေါက်ပြဲနေပြီ ဖြစ်သော အိတ်အတွင်း မှ မုန့် အစအနများသည် ထွက်ကျလျက် ရှိ၏။ မကြာသေးခင်ကမှ ဝယ် လာခဲ့ဟန် တူသော ဘီယာပုလင်း ခြောက်လုံးသည် မနီးမဝေးရှိ ဗီရို တစ်လုံး ပေါ်တွင် တဲရင့်စ်၏ ပလွေနှင့် အတူ ပြန့်ကျဲလျက် ရှိ၏။ တစ်ဖက်သော ထောင့်တွင်မူ ကလေး ကစားစရာ အရုပ် အကျိုးအပဲ့များ၊ ဘက်မညီသော ဖိနပ် တစ်ရန်၊ မိန်းမဆောင်း ဂျာမန် ဖဲထီး တစ်ချောင်း၊ အနည်းငယ် စုတ်ပြဲ နေပြီ ဖြစ်သော ဘုရားရှိခိုး စာအုပ် နှစ်အုပ်နှင့် ဆုတ်ဖြဲထားသော ဓာတ်ပုံ တစ်ပုံ၏ အစအနများသည် ဟိုတစ်စ သည်တစ်စ ပြန့်ကျဲလျက် ရှိကြလေ၏။

မည်သို့ပင် ဖြစ်စေကာမူ မစ္စက် ဘိုလန်သည် အင်ဒရူး အတွက်တော့ ဆွဲဆောင်မှု အပြည့် ရှိသူ ဖြစ်နေပေသည်။ သူသည် မစ္စက် ဘိုလန်အား စိတ် ဝင်တစား ကြည့်နေမိသည်။ သူ့ မျက်လုံးများကို မစ္စက် ဘိုလန်ထံမှ အတော် ကြာအောင်ပင် ခွာမရအောင် ဖြစ်နေမိလေသည်။

မစ္စက် ဘိုလန်၏ မျက်နှာသည် ဘာကိုမျှ ဂရုမထားသည့် မျက်နှာမျိုး





ဖြစ်၏။ အလွန် တည်ငြိမ် အေးဆေးလှသော မျက်နှာပေတည်း။ သူမသည် သူမ၏ ရှေ့မှောက်၌ စကားများကြ၊ ငြင်းခုံကြ၊ ရန်ဖြစ်ကြနှင့် ဆူပွက်နေ သော သားသမီးများ အနီးတွင် အေးအေးဆေးဆေး ထိုင်ကာ နွားနို့ မပါသော လက်ဖက်ရည်ကြမ်းကို တစ်ခွက်ပြီး တစ်ခွက် ထည့်၍ သောက်ရင်း ရင်ခွင် ထက်မှ ကလေးငယ်ကို ရင်ဘတ် ဟောင်းလောင်း ဖွင့်၍ နို့တိုက်လျက် ရှိပေ သည်။

အင်ဒရူး ဝင်လာခိုက်တွင် ဆီးကြို၍ ပြုံးလိုက်သော အပြုံးသည် ခင်မင် နှစ်လိုဖွယ်ရာ ကောင်းလှပေ၏။ ကလေးများ အတွက် ပေါင်မုန့် လှီးပေးနေရာမှ အင်ဒရူးအား ခေါင်း တစ်ချက် ဆတ်၍ နှုတ်ဆက်သည်။ ပြီးတော့ သူမ၏ ပန်းကန်ထဲသို့ လက်ဖက်ရည်ကြမ်း ထပ်ဖြည့်ကာ သောက်ရင်းကပင် ကလေး ငယ်ကို နို့တိုက်သည်။ မျက်နှာကသာ တည်ငြိမ် အေးဆေးသည် မဟုတ်ပေ။ ထိုင်ပုံ ကိုင်ပုံ နေပုံ ထိုင်ပုံများကလည်း အေးဆေး တည်ငြိမ်လှပေသည်။ သူမ ၏ အမူအရာမှာ ဆူဆူညံညံ အသံများကို ကြားရဖန် များ၍ ရိုးနေဟန် တူ၏။ ကွန် ဘိုလန်လို လူနှင့် နေလာခဲ့ရသည်မှာ ကြာပြီ ဖြစ်၍ သူမ ကိုယ်တိုင်မှာ လည်း လောကကြီးတွင် ဘာကိုမှ တွေး၍ ပူပန် သောက ရောက်ခြင်း မရှိ တော့ဘဲ ခပ်အေးအေး နေထိုင်တတ်လာဟန် တူပေသည်။

မစ္စက် ဘိုလန်၏ မျက်နှာကို ငေးမော ကြည့်ရှုရင်း ရောက်တတ်ရာရာ တွေးနေမိသော အင်ဒရူးသည် မစ္စက် ဘိုလန်က သူ့အား လှမ်း၍ စကားပြော လိုက်သည့်အခါ အလန့်တကြား ဖြစ်သွားကာ လက်ထဲမှ လက်ဖက်ရည် ပန်းကန်ပင် လွတ်ကျတော့မလို ဖြစ်သွားရ၏။ သူမ၏ အသံမှာလည်း အေး ဆေး တည်ငြိမ်ရုံမျှမက နူးညံ့ သိမ်မွေ့လှပေသည်။

'ကျွန်မ မစ္စက် မေဆန်ဆီ လာလည်မလို့ စိတ်ကူးနေတာ ကြာပြီ၊ အလုပ် မအားလို့'

သူမ၏ စကားမဆုံးမီ ကွန် ဘိုလန်က ကြားဖြတ်၍ 'ဘုရားရေ' ဟု ရေရွတ်လိုက်ပြီး ဟက်ဟက်ပက်ပက် ရယ်ချလိုက်လေသည်။

'ဟား ဟား ဟား၊ အလုပ် မအားလို့တဲ့၊ အမှန်က အလုပ် များလို့ မဟုတ်ဘူးဗျ၊ သူ့မှာ အဝတ်အစားသစ် မရှိလို့ ဘယ်မှ မသွားနိုင် တော့ဘဲ ဖြစ်နေတာ ကြာပြီ၊ ကျွန်တော်လည်း ပိုက်ဆံကတော့ ရပါရဲ့၊ ရသလောက် ကုန်တာပဲ၊ လောက်တယ်လို့ကို မရှိဘူး၊ တဲရင့်စ်ကလည်း ဖိနပ်သစ် ဝယ်ပေးဖို့ ပူဆာနေတာ ကြာပါပြီ၊ အခုအထိ ဝယ်မပေးနိုင်သေးဘူး၊ ကိစ္စ မရှိပါဘူး



www.burmeseclassic.com

www.burmeseclassic.com

ကြီးရေ၊ ဘာမှ ပူမနေနှင့်၊ ငါ့ မော်တော်ကားကို နှစ်ခြမ်း ခွဲပြီး ပြန်ဆက် နေတာ၊ ပြီးတော့မှ စတိုင်လ်နှင့် သွားလည်ကြတာပေါ့'

သူ့ မိန်းမအား ပြောင်ပြက် ပြောနေရင်းမှ အင်ဒရူးဘက်သို့ လှည့်ကြည့်သည်။

'ကျွန်တော်တို့ မိသားစုလည်း နေရ ထိုင်ရတာ ခပ်ကျပ်ကျပ်ပဲ မေဆန်၊ အိမ်မှာကွာ စားမယ့် ဝါးမယ့် ပါးစပ်ပေါက်တွေ များတော့ အစားနှင့်ပဲ ကုန်နေတာပဲ၊ အဝတ်အစားသစ် မဝယ်နိုင်တာများ ကြာလှပြီ၊ ရှိတဲ့ အဝတ်အစား အဟောင်းအမြင်းနှင့်ချည်း လမ်းထွက်ရလွန်းလို့ ကြာလာတော့လည်း မြင်လို့ မကောင်းတော့ဘူးပေါ့၊ ကော်မတီဝင်တွေကလည်း လူ့ကပ်စေးနှေး များတယ်ဗျာ၊ ဒီကြားထဲ ကျွန်တော်တို့ ဆရာကြီးကလည်း သူ့ ဝေစု ဆိုပြီး ကျွန်တော်တို့ ရနေတာလေးထဲက လိုက်ပြီး ခေါင်းပုံဖြတ်နေသေးတယ်'

'ဆရာကြီး ဆိုတာ ဘယ်သူလဲ' ဟု အင်ဒရူးက မေးသည်။

'ဘယ်သူ ရှိမှာလဲ လီဝီလင်းပေါ့ဗျာ၊ သူက ခင်ဗျားဆီကရော ကျွန်တော့်ဆီကပါ လစဉ် တွယ်နေတာပဲဟာ'

'ဘာ့ကြောင့် သူက ယူတာလဲဗျာ၊ ကျွန်တော်ဖြင့် နားမလည်ပါဘူး'

'ဒီလိုလေဗျာ၊ သူက ကျွန်တော်တို့ လူနာ တစ်ဦးစ နှစ်ဦးစကို ကြည့်ပေးတယ်၊ ကျွန်တော့် လူနာ ဆိုရင် လွန်ခဲ့တဲ့ ခြောက်နှစ်အတွင်းမှာ သူကြည့်ပေးတာ နှစ်ဦး ရှိတယ်၊ နှစ်ဦးစလုံးရဲ့ အရည်အိတ်တွေကို ကြည့်ပေးတာ နောက်ပြီး သူက ခွတ်မှန် ပါရဂူဗျ၊ လိုအပ်လာရင် သူ့ပဲ ကပ်ရတာပဲ၊ ဒါပေမဲ့... အိုဗျာ ပြောရရင် မကောင်းပါဘူး၊ အမှန်ကတော့ ယောကျ်ားချင်း ခေါင်းတင်နေတဲ့ သဘောမျိုးပေါ့ဗျာ'

သူ့မိန်းမနှင့် ကလေးများ အပြင်သို့ ရောက်သွားကြပြီ ဖြစ်၍ ကွန် ဘိုလန်က ခပ်ကြမ်းကြမ်းပင် ပြောချလိုက်လေသည်။

'သူ့ ဆေးခန်းများ ပြင်ဆင်ထားလိုက်တာ အံ့မခန်းပါပဲဗျာ၊ ဆေးတွေ သုတ်ထားလိုက်တာဗျာ ဝင်းလက်နေတာပဲ၊ စပ်မိလို့ ပြောရဦးမယ်၊ တစ်ခါတုန်းက ကျွန်တော်က ကျွန်တော့်ကားနှင့် မာဖီး တောင်ကုန်းပေါ် အတက် သူနှင့် ဆုံမိကြတယ်၊ သူ့ကားက ရှေ့က ကျွန်တော့် ကားက နောက်က ကျွန်တော်က သူ့ကားကို ကျော်တက်တာ ရွှံ့လေး နည်းနည်း စဉ်သွားတယ် သူ့ကားကို ရွှံ့စဉ်ရပါ့မလား ဆိုပြီး ကျွန်တော့်ကို လှမ်းကြည့်လိုက်တဲ့ မျက်နှာထားဟာ တကယ်ပါဗျာ၊ မတူသလို မတန်သလို အောက်တန်းစား လူ တစ်





ယောက်ကို ကြည့်သလိုပါပဲ၊ ခင်ဗျားကို ပြောချင်စမ်းတယ်'

'ဒီမှာ ဘိုလန်၊ ကျွန်တော် တစ်ခု ပြောချင်တယ်၊ လီဝီလင်း လုပ်နေတာဟာ သက်သက်မဲ့ မတရား လုပ်နေတာပဲဗျ၊ ကျွန်တော်တို့ ငြိမ်ခံနေလို့ ဘယ်ဖြစ်မလဲ၊ ကျွန်တော်တို့ ဝိုင်းတိုက်ကြရင် မကောင်းဘူးလား'

'အင်း'

အင်ဒရူးက စိတ်အား ထက်သန်စွာဖြင့် ဆက်ပြောသည်။

'ကျွန်တော်တို့ ဘာ့ကြောင့် ငြိမ်ခံနေရမှာလဲ၊ တိုက်ရမှာပေါ့၊ ဒီကိစ္စဟာ တရားမျှတမှု ရှိတဲ့ ကိစ္စမှ မဟုတ်ဘဲ၊ ကျွန်တော်တို့ ခင်ဗျားတို့မှာတော့ သေမျှလေးနှင့် အဆင်းရဲခံပြီး ကျပ်ကျပ်တည်းတည်း နေရတယ်၊ သူ့မှာတော့ မိန့်နှင့် တခမ်းတနား၊ ဒီအထဲမှာ ကျွန်တော်တို့ ရတာလေးထဲက ထပ်နှိုက်ချင်သေးတယ်၊ ဒီမှာ ဘိုလန်၊ ကျွန်တော် ခင်ဗျားလို လူမျိုးနှင့် တွေ့ချင်နေတာ ကြာလှပြီ၊ ဒီကိစ္စမှာ ကျွန်တော်နှင့် လက်တွဲဗျာ၊ ကျွန်တော်တို့ နှစ်ယောက် ပေါင်းပြီး ကျန်တဲ့ လက်ထောက် ဆရာဝန်တွေပါ ပါလာအောင် စည်းရုံးယူမယ်၊ အားလုံး ညီညီညွတ်ညွတ်နှင့် ပေါင်းပြီး လုပ်လိုက်ရင် အဆင်ပြေသွားမှာပေါ့'

ဘိုလန်၏ မျက်လုံးများတွင် မှော်လင့်ချက် ရောင်ခြည်များ သန်းလာလေသည်။

'ခင်ဗျား ဆိုလိုတာက လီဝီလင်းကို ခင်ဗျား ချမယ် ဆိုပါတော့'

'ဟုတ်တယ်၊ ချမယ်'

ဘိုလန်က ဝမ်းသာအားရဖြင့် သူ့လက်ကို အင်ဒရူးထံ ဆန့်တန်းပေးသည်။ 'ရဲဘော် မေဆန်၊ ကျွန်တော်တို့ နှစ်ယောက် လက်တွဲပြီး ချကြတာပေါ့' ဟု ပြောလိုက်လေ၏။

အင်ဒရူးသည် သူ ဦးဆောင်ရမည့် တိုက်ပွဲ အတွက် စိတ်အား တက်ကြွမှု အပြည့်ဖြင့် အိမ်သို့ ပြန်လာခဲ့လေသည်။ 'ကိုတော့ စိတ်တူ သဘောတူ ဖြစ်မယ့် ဒင်နီလို လူမျိုး တစ်ယောက် တွေ့လာခဲ့ပြီ ခရစ္စတီ၊ ကိုဒေါ်ဖဲ ဟုတ်တာ လုပ်ရင် မခံတတ်တဲ့ လူစားမျိုးပဲ၊ သွားဆရာဝန် ကွန် ဘိုလန် ဆိုတာ ကြားဖူးတယ် မဟုတ်လား၊ အဲ သူပဲ၊ ဘာပဲဖြစ်ဖြစ် ကိုတို့ အားနှင့် တော်လှန်မှု တစ်ခုတော့ လုပ်ရတော့မယ်၊ လီဝီလင်းသာ သိရင် ဘယ်လိုများ နေမလဲ မပြောတတ်ဘူး' ဟု ခရစ္စတီအား ပြောပြလေသည်။ သူသည် [illegible] သာခြင်း၊ အားတက်ခြင်းတို့ကြောင့် စိတ်လှုပ်ရှားလျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ခရစ္စတီက သတိထား၍ လုပ်ဖို့ ပြောသော်လည်း သူ ဂရုမစိုက်ချေ။ သူ့ ဆုံးဖြတ်ချက်အတိုင်း အမြန်ဆုံး အကောင်အထည် ဖော်နိုင်ရန်သာ စိတ်စောလျက် ရှိလေသည်။

နောက်တစ်နေ့တွင် အင်ဒရူးသည် အသင်း ကော်မတီ၏ အတွင်းရေးမှူး အိုဝင်နှင့် သွားရောက် တွေ့ဆုံပြီး သူ့ အစီအစဉ်ကို ဖွင့်ဟပြောကြားလေရာ အိုဝင်ကလည်း သူ့ အစီအစဉ်တွင် စိတ်ဝင်စားရုံမျှမက အလေးအနက် ထား၍ စဉ်းစား ပေးဖိန်သည်။ ဆရာဝန်ချုပ် လီဝီလင်းနှင့် သူ့ လက်အောက်ရှိ လက်ထောက် ဆရာဝန်များ ကြားတွင် နှစ်ဦး နှစ်ဖက် သဘောတူ လုပ်ထားသော နားလည်မှု ကိစ္စ တစ်ခုမျှသာ ဖြစ်သဖြင့် အသင်းနှင့် ဆိုင်သည့် ပြဿနာ မဟုတ်ကြောင်း၊ ဤကိစ္စ တစ်ခုလုံးမှာ ကော်မတီ လုပ်ပိုင်ခွင့် အပြင်ဘက်တွင် ရောက်နေကြောင်း အိုဝင်က ရှင်းပြလေသည်။

'ခင်ဗျား သိတဲ့ အတိုင်းပဲ ဒေါက်တာ မေဆန်၊ ဒေါက်တာ လီဝီလင်းဟာ အင်မတန် ပါးနပ် လိမ္မာတယ်၊ အရည်အချင်းကလည်း ပြည့်ဝတယ်။ ကျွန်တော်တို့ သူ့လို ဆရာဝန်ကောင်း တစ်ယောက်ကို ရထားတာ ကံကောင်းတယ်လို့ တွက်ထားကြတယ်၊ ဒါပေမဲ့ ဒီကိစ္စမှာတော့ ကျွန်တော်တို့ ကော်မတီက သူ့ကို အသင်းဝင် ဆရာဝန် အဖြစ်နှင့် လစာ ကောင်းကောင်းကြီး ပေးထားသားပဲ၊ အသင်းက ပေးတဲ့ လစာအပြင် သူ ပိုပြီး ရသင့်တယ်လို့ ထင်ပြီး ပေးနေကြတာက ခင်ဗျားတို့ လက်ထောက် ဆရာဝန်တွေပဲ မဟုတ်လား။ ဒီတော့ကာ ဒီကိစ္စဟာ ခင်ဗျားတို့ အချင်းချင်း ရှင်းမှ ဖြစ်မယ့် ကိစ္စ ဆိုတာ ထင်ရှားနေတာပဲ ဒေါက်တာ'

အိုဝင်တို့ဘက်က သဘောထားမှာ ရှင်း၏။ ပြတ်သား၏။

အင်ဒရူးသည် ကျေနပ် အားရစွာဖြင့် ပြန်လာခဲ့ပြီး အိမ်ရောက်လျှင် ရောက်ချင်းပင် အော့စဘောရီးနှင့် မက်ဒလေးတို့ထံ ဖုန်းဆက်၍ ယနေ့ညနေ သူ့အိမ်သို့ ခေတ္တ ခဏမျှ အလည်လာကြရန် ဖိတ်ခေါ်သည်။ သူတို့ကလည်း လာမည်ဟု ကတိပေးကြသည်။ ဒေါက်တာ အာကွတ်နှင့် ဘိုလန်တို့ကိုမူ စောစော ကတည်းက အကြောင်းကြားထားပြီး ဖြစ်လေသည်။

လွန်ခဲ့သော အချိန်များက သူတို့လူစုနှင့် သွားရင်း လာရင်း တစ်ဦးချင်း ဆုံမိကြ၍ စကားစပ်မိကြသည့် အခါတိုင်း ဝင်ငွေ၏ ငါးပုံ တစ်ပုံကို လီဝီလင်းအား ပေးရခြင်း အတွက် သိပ်ပြီး မကျေနပ်ကြဟု အင်ဒရူး နားလည်ထားသည်။ ယခုလို အားလုံး ဆုံမိကြလျှင် ယင်း မကျေနပ်မှုသည် တစ်





သံတည်း ထွက်လာပြီးလျှင် ကိစ္စ ပြတ်သွားနိုင်လိမ့်မည်ဟု အင်ဒရူးက တွက်ဆ ထားလေသည်။

သူ၏ ဒုတိယ ခြေလှမ်းကား ဤကိစ္စကို လီဝီလင်းအား ကြိုတင် ဖွင့်ပြောထားရန် ဖြစ်သည်။ သူ၏ စိတ်ကူး သူ၏ အစီအစဉ်ကို ကြိုတင်၍ ထုတ်ဖော် ပြောထားခြင်းအားဖြင့် အကျိုးမဲ့စရာ မရှိဟု သူ ထင်သည်။ လျှို့ဝှက်ပြီး လုပ်လျှင်သာ တစ်မျိုးတစ်ဖုံ ဖြစ်လာစရာ ရှိသည်ဟု သူ ယူဆလေသည်။

ထိုမွန်းလွဲပိုင်းတွင် အင်ဒရူးသည် ဆေးရုံ ခွဲစိတ်ခန်းထဲ၌ လီဝီလင်းအား ကူညီရပြန်သည်။ လူနာအား မေ့ဆေး ပေးရသည့် တာဝန်ကို လုပ်နေရင်းက ဒေါက်တာ လီဝီလင်း ခွဲစိတ်နေသည်ကို ကြည့်နေမိလေ၏။

လူနာမှာ ဝမ်းဗိုက်နှင့် ဆိုင်သော ရောဂါသည် တစ်ဦး ဖြစ်၏။ ဝမ်းဗိုက်ကို ခွဲရခြင်း ဖြစ်သဖြင့် အတော်ကလေး အချိန်ယူ ခွဲရသည်။ အင်ဒရူးသည် လီဝီလင်း၏ ကျွမ်းကျင်မှုကို စိတ်ထဲမှ ကျိတ်၍ မချီးကျူးဘဲ မနေနိုင်ချေ။ အိုဝင် ပြောလိုက်သည့် စကားများမှာ မှန်ပေသည်။ လီဝီလင်းသည် အံ့သြဖွယ်ကောင်းလောက်အောင်ပင် ကျွမ်းကျင်သော ဆရာဝန် တစ်ဦး ဖြစ်ပေသည်။ အမှန်တော့ လီဝီလင်းသည် ကျွမ်းကျင်ရုံမျှမက အလွန် ဉာဏ်များသူ၊ ပရိယာယ် များသူ တစ်ဦးလည်း ဖြစ်ပေသည်။

လီဝီလင်းသည် ထူးခြားသူ တစ်ဦး ဖြစ်သည်ဟုလည်း ဆိုရမည် ထင်၏။ သူ့အတွက် အဆင်မပြေသော ကိစ္စ ဟူ၍ မရှိသလောက် ဖြစ်အောင် ဆက်ဆံ နေထိုင်တတ်သူ ဖြစ်သည်။ သူ မသိတာ ဟူ၍လည်း မရှိသလောက် ပင်။

ဆိုပါတော့၊ ပြည်သူ့ ကျန်းမာရေး ဆိုင်ရာ အုပ်ချုပ်မှုနှင့် ပတ်သက်၍ ပြဋ္ဌာန်းထားသော ဥပဒေ အချက်အလက် ဟူသမျှကို သူ အလွတ် ရသည်။ ခေတ်မှန် ပညာနှင့် ပတ်သက်လာလျှင်လည်း အသစ် အသစ်ပေါ်လာသည့် နည်းများကို သူ အကုန် နှံ့စပ်အောင် တတ်သိ နားလည်သည်။ သူ တာဝန်ယူထားရသည့် အလုပ်အားလုံးကို ကျွမ်းကျင်စွာ လုပ်နိုင်သည် သာမက နောက်ထပ် ဘယ် အလုပ်မျိုး လာလာ ကျွမ်းကျင် နိုင်နင်းစွာ လုပ်ပေးဖို့ အဆင်သင့် ဖြစ်နေတတ်ပေရာ ထူးခြားသည့် ပုဂ္ဂိုလ် တစ်ဦးဟုပင် ခေါ်လောက်ပေသည်။

လူနာကို ခွဲစိတ်ပြီး၍ လီဝီလင်း လက်ဆေးနေခိုက်တွင် အင်ဒရူးက 'ကျွန်တော့်ကို ခွင့်လွှတ်ပါ ဒေါက်တာ၊ တစ်ခုလောက် ပြောပါရစေ၊ ဆေးရုံ ဆောင်က ခွဲစိတ်ပြီး အထဲက အနာကို ကိုင်တွယ်သွားတာ သိပ်ကျွမ်းကျင်တာ



www.burmeseclassic.com

www.burmeseclassic.com

ပဲ၊ ကျွန်တော် အံ့သြလို့မဆုံးဘူး' ဟု ပြောလေ၏။

လီဝီလင်း၏ မျက်နှာမှာ ချက်ချင်းပင် လန်းဆန်းသွားသည်။ ဂုဏ် ကြွားဝင့်သော အသံဖြင့် 'ကျေးဇူး တင်တယ် မေဆန်၊ ခင်ဗျားလည်း မေ့ ပေးတာ အတော့်ကို ကျွမ်းကျင်ပါတယ်' ဟု ဆိုလေသည်။

'မဟုတ်သေးဘူး ဒေါက်တာ လီဝီလင်း၊ ဒါကတော့ မဖြစ်နိုင်ဘူး ကျွန်တော်ဟာ ဘုယ်နည်းနှင့်မှ မေဆေး ဆရာဝန်ကောင်း တစ်ယောက် မလာနိုင်ဘူး၊ ကျွန်တော့်ကိုယ် ကျွန်တော် သိတယ်'

လီဝီလင်းက စကား ပြန်မပြောချေ။ သူ့ လက်များကိုသာ ဆပ် တိုက်နေသည်။ အင်ဒရူးမှာလည်း ဘာဆက်ပြောရမှန်း မသိ။ သူ ပြောချင်သော စကားများမှာ လည်ချောင်းတွင် တစ်ဆို့နေသည်။ မပြော၍လည်း မ သဖြင့် ချောင်းတစ်ချက် ဟန့်ကာ လည်ချောင်း ရှင်းလိုက်လေသည်။

'ဒီမှာ ဒေါက်တာ လီဝီလင်း၊ ကျွန်တော် အခုပဲ ဖွင့်ပြောလိုက် ကောင်းမယ် ထင်တယ်၊ ကျွန်တော်တို့ လက်ထောက် ဆရာဝန်တွေ အနေနဲ့ ခင်ဗျားကို ပေးနေရတဲ့ ငါးပုံ တစ်ပုံ ကိစ္စဟာ မတရားဘူးလို့ ထင်ကြတယ် ပြောရတာလည်း ခက်တယ်၊ မတရားတာတော့ အမှန်ပဲ၊ ကျွန်တော့် အိမ် ကနေ့ည အစည်းအဝေး လုပ်မယ်၊ ဒီကိစ္စကို ကျွန်တော်တို့ အားလုံး ဆွေးနွေး ပြီး ခင်ဗျားကို အရေးဆိုဖို့ စီစဉ်ထားတယ်၊ လုပ်ကိုင်ပြီးမှ အသိပေးရင် မ သားရာ ကျမယ်၊ ကျွန်တော် အဲသလို မဖြစ်စေချင်ဘူး၊ ရိုးရိုးသားသား ပွင့်ပွင့် လင်းလင်း ကြိုပြီး အသိပေးတာ ကောင်းမယ် ထင်လို့ ဖွင့်ပြောထားတာပဲ'

အင်ဒရူးသည် သူ ပြောရန် ရှိသမျှကို ပြောဆိုပြီးသည်နှင့် တစ်ပြိုင်နက် လီဝီလင်း၏ စကား ပြန်အပြောကိုလည်း မစောင့်၊ လီဝီလင်း၏ မျက်နှာ လည်း မကြည့်တော့ဘဲ တစ်ကြိုးတည်း လစ်လာခဲ့သည်။

သူ ပြောခဲ့ပုံမှာ ခြောင်ကျလွန်းသည်ဟု ထင်သည်။ ဘယ်လိုပဲ ဖြစ်ဖြစ် ပြောစရာ ရှိတာကိုတော့ ပြောခဲ့ပြီးပြီ ဖြစ်ရာ သူတို့က ရာဇသံပေးသည့်အခါ လီဝီလင်း အနေဖြင့် သူ့အား နောက်ကျော ဓားနှင့် ထိုးပါသည်ဟု စွပ်စွဲစရာ မလိုတော့ပေ။

ထိုနေ့ည အစည်းအဝေးကို ကိုးနာရီတွင် လုပ်မည်ဟု ချိန်းထားသဖြင့် ခပ်စောစော ကတည်းက ကြို၍ အင်ဒရူး ကိုယ်တိုင် ဘီယာပုလင်းများ ထုတ် ကာ ပြင်ဆင်ထားသည်။ သူတို့ စားဖို့ အသားညှပ် ပေါင်မုန့်များ လုပ်ပေး ရန်လည်း ခရစ္စတီအား ခိုင်းသည်။ လုပ်စရာ ရှိတာ လုပ်ပေးပြီးသည်နှင့် တစ်





ပြိုင်နက် ခရစ္စတီက အနွေးထည်လေး ယူဝတ်ကာ ဖောက်ဟန်တို့ အိမ်ဘက် သို့ ထွက်သွားသည်။ အင်ဒရူးကတော့ ဧည့်သည်များ အလာကို စောင့်မျှော်ရင်း ဧည့်ခန်းထဲ၌ ခေါက်တုံ့ ခေါက်ပြန် လျှောက်ကာ ပြောသင့် ပြောထိုက်သည့် အချက်အလက်များကို စဉ်းစားလျက် ရှိလေသည်။

မကြာခင် သူ့လူများ ရောက်လာကြလေ၏။

ပထမဆုံး ရောက်လာသူမှာ ကွန် ဘိုလန်။ သူ ပြီးတော့ အာကွတ်။ နောက်ဆုံး ရောက်လာသူများမှာ အော့စဘောရီးနှင့် မက်ဒလေးတို့ ဖြစ်သည်။ သူတို့ နှစ်ဦးက အတူတူ တွဲ၍ လာကြသည်။ ဧည့်ခန်းထဲ ထိုင်မိကြသည့် အခါ အင်ဒရူးက ဘီယာနှင့် မုန့်များကို ချပေးပြီး ဧည့်ဝတ်ကျေရန် ကြိုးစားသည်။ သို့သော်လည်း သူ ပထမဆုံး ဘီယာ ပုလင်း ပေးမိသည့်သူမှာ တကယ့် ဘာသာရေးသမား အော့စဘောရီး ဖြစ်နေသဖြင့် အဆင်မပြေ ဖြစ်သွားလေရာ သူ့ကိုယ်သူ ကျိတ်၍ ကျိန်ဆဲနေမိလေ၏။

'သောက်ဗျာ အော့စဘောရီး၊ ဘီယာတွေ အများကြီး ရှိတယ်'

'ကျေးဇူးပါပဲ မေဆန်၊ ဒါပေမဲ့ ကျွန်တော် မသောက်တတ်ဘူး၊ အရက် ဆိုရင် သောက်ဖို့ မဆိုထားနှင့် တို့တောင်မှ မတို့ပါဘူး၊ အရက်ဟာ ကျွန်တော့် ရဲ့ မူနှင့် ဆန့်ကျင်ဘက်ပါ'

အော့စဘောရီး၏ စကားကြောင့် အင်ဒရူးမှာ ကြောင်အမ်းအမ်း ဖြစ် သွားသည်။ ဘိုလန်ကမူ 'ဘုရားရေ' ဟု တစ်ချက် ရေရွတ်လိုက်လေသည်။

အစည်းအဝေးမှာ စကတည်းက ဟန်ကျမည့်ပုံ မပေါ်ချေ။ အသားညှပ် ပေါင်မုန့်များကို တစ်ခုပြီး တစ်ခု ကောက်၍ စားနေသော မက်ဒလေးသည် သံသယ မျက်လုံး အစုံဖြင့် ဟိုလူ ကြည့်လိုက် သည်လူ ကြည့်လိုက် လုပ်လျက် ရှိ၏။ သူ့ခမျာမှာ နားလေးသူ ဖြစ်ပေရာ ကျန်လူများ ဘာပြောနေကြသည်ကို ထယ်နက မသိရလေလေ သံသယက ကြီးလေ ဖြစ်နေပုံရ၏။ ရောက်ကတည်းက ဘီယာ တစ်ခွက်ပြီး တစ်ခွက် ချနေသော အာကွတ်သည် ရေချိန်ကိုက်စ ပြု လာပြီ ဖြစ်ရာ ပူညံပူညံ လုပ်စ ပြုလာသည်။ သူသည် အော့စဘောရီးအား စက်ဆုပ်သည့် အမူအရာဖြင့် ကြည့်နေရာမှ ထ၍ 'ကော' လေတော့သည်။

'ကျုပ်တို့ လာပြီး ဆုံမိကြပြန်ပြီ၊ ဆုံမိမှတော့ မထူးပါဘူး၊ တစ်ခုတော့ မေးရဦးမယ်၊ ဒီမှာ ဒေါက်တာ အော့စဘောရီး၊ ကျုပ်ရဲ့ လူနာ တွမ် အီဗန်နဲ့ ခတီဗင် ဂရိုင်းရေ့စ်တို့ နှစ်ယောက် ကျုပ်ဆီကနေပြီး ခင်ဗျားတို့ဆီ ပြောင်း သွားတယ်၊ အဲဒါ ဘယ်လို ဖြစ်တာလဲ ရှင်းပြစမ်းပါဦး'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် မမှတ်မိဘူး'

အော့စဘောရီး၏ အပြောက ချောချောငံငံ မရှိသဖြင့် အာကွတ်သည် ဒေါသ ပို၍ကြီးလာသည်။

'ခင်ဗျား မမှတ်မိပေမဲ့ ကျုပ် မှတ်မိနေတယ် သိလား၊ အဲဒီ လူနာတွေကို ကျုပ်ဆီက ခင်ဗျား ခိုးသွားတာပဲဟာ၊ ဘယ်မှာ မမှတ်မိဘဲ နေပါ့မလဲ၊ ဒီလိုလုပ်တာဟာ ဆရာဝန် တစ်ယောက် အနေနှင့် အင်မတန် သိက္ခာမဲ့တဲ့ အလုပ်ကို လုပ်တာပဲဗျ'

အင်ဒရူးမှာ အလန့်တကြား ဖြစ်သွားသည်။

'နေကြပါဦးဗျာ၊ ခင်ဗျားတို့ကလည်း မဟုတ်တဲ့ ကိစ္စလေးနှင့် စကားများနေလို့ ဘယ်ဖြစ်မလဲ၊ ကျွန်တော်တို့ အချင်းချင်း အခုလို ရန်ဖြစ်နေရင် ဘယ်ဖြစ်မလဲ၊ ကျွန်တော်တို့ ကနေ့ည ဘာ့ကြောင့် ဆုံရတယ် ဆိုတဲ့ အချက်ကိုတော့ မေ့ပစ်ဖို့ မကောင်းပါဘူး'

အော့စဘောရီးက အင်ဒရူးအား လှမ်းကြည့်ပြီး 'ဘာ့ကြောင့် ဆုံကြတာလဲ ပြောပါဦး' ဟု မိန်းမလို မိန်းမရသံဖြင့် မေးလေသည်။

အင်ဒရူးက ထိုင်ရာမှ ထရပ်လိုက်ပြီး အခြေအနေကို ထိန်းနိုင်ရန် မှုသော ရည်ရွယ်ချက်ဖြင့် သူ့မျက်နှာထားကို တမင်တကာ တင်းထားသည်။

'ကျွန်တော်တို့ ကနေ့ည ဆုံကြရတဲ့ ကိစ္စကို ပြောပြပါ့မယ်၊ ကျွန်တော်ဟာ ခင်ဗျားတို့ထဲမှာ အသက် အငယ်ဆုံး ဖြစ်ပါတယ်၊ ဒီမြို့ကို ရောက်လာတာလည်း မကြာသေးတော့ လုပ်သက်လည်း အနုဆုံး ဖြစ်ပါတယ်၊ ကျွန်တော်က လူသစ် ဆိုတော့ ဒီမှာရှိနေတဲ့ အခြေအနေတွေကို ကြည့်တဲ့အခါမှာလည်း အမြင်သစ်နှင့် ကြည့်မိတာ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်၊ ခင်ဗျားတို့ကတော့ အနေကြာလာပြီမို့ ခင်ဗျားတို့ ပတ်ဝန်းကျင်မှာ ရှိနေတဲ့ အခြေအနေတွေဟာ အဆန်း ဖြစ်ချင်မှ ဖြစ်မယ်၊ ကျွန်တော့် အမြင်ကတော့ အခု ဒီမှာ ကျင့်သုံးနေတဲ့ စနစ်ဟာ အားလုံး လွဲနေတယ်လို့ ထင်ပါတယ်၊ စနစ်က ရုပ်လည်း ရုပ် အသုပ်လည်း မဖြစ်တဲ့ စနစ်လို့ ထင်ပါတယ်၊ စနစ် လုပ်ထားပုံကိုက ကျွန်တော်တို့ အချင်းချင်း အဆင်မပြေအောင် ရန်တိုက်ပေးထားသလို ဖြစ်နေတယ်လို့ ကျွန်တော် ထင်ပါတယ်၊ ဆရာဝန် အချင်းချင်း ရိုင်းပင်း ကူညီပြီး တိုင်တင်ပင်ပင်နှင့် ညှိနှိုင်း လုပ်ရမယ့်အစား ရန်ဖြစ်ဖို့သာ ဦးတည်ပေးထားတယ်လို့ ထင်ပါတယ်၊ အခုဆိုရင် ကျွန်တော်နှင့် တွေ့ခဲ့ဖူးတဲ့ ဆရာဝန်တိုင်း လိုလိုက ဆရာဝန်ဘဝဟာ ခွေးဘဝနှင့် အတူတူပဲလို့ ပြောကြပါတယ်၊ ဒီလို ဘာ့ကြောင့် ပြောရသလဲ စဉ်းစားကြည့်ပါ၊ ဆရာဝန် တစ်ယောက်ရဲ့ အလုပ်ဟာ အလွန် ပင်ပန်းပါတယ်၊ ခဏတစ်ဖြုတ်ကလေးမှ နားချိန် မရပါဘူး၊ အမြဲတမ်း သူ့ ခြေထောက် နှစ်ချောင်းကို သုံးပြီး သွားလာ လှုပ်ရှားနေရပါတယ်၊ စားချိန်တောင်မှ အနိုင်နိုင်ပါ၊ အမြဲတမ်း လူနာတွေနှင့် နပန်းလုံးပြီး နေရတဲ့ ဘဝမျိုးပါ၊ ဒီလို ဘာကြောင့် ဖြစ်ရတာလဲ၊ အဖြေက ရှင်းရှင်းကလေးပါ၊ ကျွန်တော်တို့မှာ စည်းလုံး ညီညွတ်စွာနှင့် လုပ်ကိုင် သွားနိုင်အောင် စုစည်းပေးတဲ့ အသင်းအဖွဲ့ မရှိလို့ပါပဲ၊ ကျွန်တော် ကြုံခဲ့ရဖူးတဲ့ ဖြစ်ရပ်တွေ အများကြီးထဲက လက်တွေ့ ဥပမာ တစ်ခု ပြောပါရစေ၊ ဥပမာ ညပိုင်း အရေးပေါ် လူနာ ကြည့်ရတဲ့ ကိစ္စ ဆိုပါတော့၊ ကျွန်တော်တို့မှာ ည အိပ်ရာဝင်ရင် ဘယ်လို အိပ်ကြရတယ် ဆိုတာ ခင်ဗျားတို့ အားလုံး အသိပါ၊ ဘယ်အချိန်မှာများ အရေးပေါ် လူနာများ အတွက် အိပ်ရာက ထရမလဲ၊ ကနေ့ညလည်း အရေးပေါ် ခေါ်ဦးမှာပဲ ထင်ပါရဲ့ စသည်ဖြင့် တွေးပြီး သောကတွေ အပြည့်နှင့် အိပ်ရတာပါ၊ အိပ်ရတာတောင် မဖြောင့်မတန်းနှင့် ကြက်အိပ်ကြက်နိုး ဘဝမျိုးပါ၊ တကယ် ကနေ့ညတော့ဖြင့် အရေးပေါ် လူနာ အတွက် ခေါ်ဖို့ရာ အကြောင်း မရှိဘူးလို့ သေချာပေါက် သိထားရင် ဘယ်လောက် ကောင်းမလဲ၊ ဆိုကြပါစို့ရဲ့၊ ကျွန်တော်တို့ အားလုံး စုပေါင်းပြီး အရေးပေါ် ညလူနာ အတွက် အလှည့်ကျ စနစ်နှင့် တာဝန်ယူထားမယ် ဆိုရင် အဆင်မပြေနိုင်ဘူးလား၊ ဆရာဝန် တစ်ဦးက ဒီတစ်ပတ် အတွက် တာဝန်ယူ နောက်တစ်ပတ်မှာ နောက်တစ်ဦးက တာဝန်ယူသွားရတဲ့ စနစ်မျိုးနှင့်သာ လုပ်သွားကြမယ် ဆိုရင် အားလုံးဟာ အလှည့်ကျ နားနားနေနေ နေသွားလို့ ရနိုင်တာပဲ၊ အဲသလို လုပ်သွားနိုင်ရင် ဘယ်လောက် ကောင်းမလဲ၊ ဒီလိုသာ ဆိုရင် နေ့ခင်းပိုင်း အားခန်းမှာ အလုပ် လုပ်ရတာ ဘယ်လောက် စိတ်အား ကိုယ်အား တက်ကြွလိုက်မလဲ'

အင်ဒရူးက ခဏမျှ စကားကို ဖြတ်ထားလိုက်ပြီး သူ့လူများ၏ မျက်နှာများကို အကဲခတ်သည်။ အာကွတ်က 'ဖြစ်မှာ မဟုတ်ပါဘူး၊ အလကားပါ' ဟု ဝင်ပြောလာသဖြင့် ကပျာကယာ သူ့စကားကို ဆက်ရလေ၏။

'ဒီလိုဆိုလည်း အဲဒီကိစ္စကို အသာထားလိုက်ပါဦး၊ နောက်တစ်ကြိမ် အစည်းအဝေးကျမှ စဉ်းစားကြတာပေါ့၊ အခု လောလောဆယ် ဒီကိစ္စကို သဘောမတူကြဘူး ဆိုရင်လည်း ကိစ္စ မရှိပါဘူး၊ အခု အစည်းအဝေးမှာ ကျွန်တော်တို့ အားလုံး သဘောတူနိုင်မယ့် အချက် တစ်ချက်တော့ ရှိနေပါတယ်




www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အခုည အစည်းအဝေး လုပ်တာဟာ အခု ကျွန်တော် ပြောမည့် အချက်ကို အဓိကထားပြီး လုပ်တာပါ၊ အဲဒါ တခြားတော့ မဟုတ်ပါဘူး ကျွန်တော်တို့က ဒေါက်တာ လီဝီလင်းကို လစဉ် မှန်မှန် ပေးနေရတဲ့ ငါး တစ်ပုံ ငွေကိစ္စပါ'

အားလုံးကပင် စိတ်ဝင်စားစွာဖြင့် သူ့အား ဝိုင်း၍ ကြည့်နေကြသည်။

'ဒီကိစ္စဟာ မတရားဘူးလို့ ကျွန်တော်တို့ အားလုံး သဘောတူကြမယ် ထင်ပါတယ်၊ ကျွန်တော် ကိုယ်တိုင်လည်း အိုဝင်ကို ပြောပြခဲ့ပြီးပြီ၊ အိုဝင်က လည်း ဒီကိစ္စဟာ ကော်မတီနှင့် ဘာမှ မပတ်သက်ပါဘူးတဲ့၊ ဆရာဝန် အချင်း ချင်း နားလည်မှုယူပြီး လုပ်နေတဲ့ ကိစ္စပါလို့ အတိအလင်းပဲ ပြောလိုက်ပါ တယ်'

အာကွတ်က ကြားဖြတ်၍...

'ဟုတ်တယ်လေ၊ အိုပင် ပြောတာ အမှန်ပဲ၊ ကျုပ် အခုထက်ထိ ဘယ်လို စခဲ့တယ် ဆိုတာ မှတ်မိနေသားပဲ၊ လွန်ခဲ့တဲ့ ကိုးနှစ်လောက်က စခဲ့တဲ့ ကိစ္စပဲ၊ အဲဒီတုန်းက ခပ်ချာချာ လက်ထောက် ဆရာဝန် နှစ်ယောက် ရှိခဲ့တယ်၊ တစ်ယောက်က အရှေ့ပိုင်း ဆေးခန်းမှာ၊ တစ်ယောက်က အနောက်ပိုင်းမှာ ကျွန်တော်နှင့် အတူတူ တွဲကျတယ်၊ သူတို့ နှစ်ယောက်စလုံးက ဘာမှ သိပ်ပြီး သိတာ တတ်တာ မရှိဘူး၊ လီဝီလင်းကို တော်တော် ဒုက္ခပေးခဲ့ကြတယ်၊ သူတို့ လူနာတွေကို လီဝီလင်းပဲ ကြည့်ပေးနေရတာပဲ၊ ဒါနှင့်ပဲ တစ်နေ့မှာ လီဝီလင်းက ကျုပ်တို့ အားလုံးကို ခေါ်ပြီး ဆွေးနွေးတယ်၊ အဲဒီအချိန်က စပြီး ငါးပုံ တစ်ပုံ ပေးဖို့ ကိစ္စဟာ ဖြစ်လာတာပဲ၊ အခုအချိန်ထိ ဆက်ပေးနေကြတာပဲ'

'ဒါပေမဲ့ ကော်မတီက သူ့ကို လစာ အများကြီး ပေးထားတာပဲ၊ တခြား အလုပ်တွေကလည်း သူ့မှာ ဝင်ငွေ ရနေတာပဲ၊ သူ့ ဝင်ငွေဟာ နည်းတာမှ မဟုတ်တာ၊ ဒီ ငါးပုံ တစ်ပုံကို မယူသင့်ပါဘူး'

'ကျုပ် သိပါတယ်၊ ကျုပ် သိပါတယ်၊ ဒါပေမဲ့ ဒီကိစ္စက သတိထားဖို့ လိုမယ် မေဆန်၊ သူဟာ ကျုပ်တို့ အတွက် အသုံးဝင်နေတာကိုလည်း ထည့် တွက်ရမယ်၊ တကယ်လို့ ကျုပ်တို့ အခက်အခဲကို သူ ဝင်မကူရင် ဘယ်လို ဖြစ်မလဲ၊ ဒါကို ထည့်စဉ်းစားရမယ်နော'

'ဘာပဲဖြစ်ဖြစ်လေဗျာ၊ ကျွန်တော်တို့က သူ့ကို ဘာကြောင့် ပေးနေရမှာ လဲ'

အင်ဒရူးက သူ့ အယူအဆကို လျှော့မပေးချေ။ ဘိုလန်က သူ့ ဖန်ခွက်





ထဲ ဘီယာ ထပ်ဖြည့်နေရာမှ 'နားထောင်ကြစမ်းပါဦး' ဟု ထအော်သည်။ အော့စဘောရီးက သွားဆရာဝန်၏ မျက်နှာကို တစ်ချက်လှမ်း၍ ကြည့်လေ သည်။

'ကျွန်တော့်ကို စကား ပြောခွင့်ပြုမယ် ဆိုရင် စကား နည်းနည်းလောက် ပြောပါရစေ၊ ကျွန်တော်တို့ လစာထဲက ဒေါက်တာ လီဝီလင်း ဖြတ်ယူနေတဲ့ ကိစ္စမှာ ကျွန်တော်ကတော့ ဒေါက်တာ မေဆန်နှင့် တစ်သဘောတည်းပဲ၊ ကျွန်တော်ကလည်း မတရားဘူးလို့ ထင်တယ်၊ ဒါပေမဲ့လို့ ဒေါက်တာ လီဝီ လင်းဟာ ကျွန်တော်တို့ထက် အဆင့်မြင့်တဲ့ အထက်လူကြီး တစ်ယောက် ဖြစ် နေတာရယ်၊ အင်မတန် အရည်အချင်း ပြည့်ဝနေတဲ့ အတွက် အသင်းက အလေးတစား ဖြစ်နေတာရယ်၊ နောက်ပြီးတော့လည်း ကျွန်တော်တို့မှာ ခက် ခက်ခဲခဲ ဖြစ်နေတဲ့ လူနာတွေ ရှိလာရင် ဘယ်လို လုပ်မလဲ၊ သူက တာဝန် ယူပြီး ကြည့်မပေးဘူး ဆိုရင် ဘယ့်နှယ် လုပ်ကြမလဲ'

အင်ဒရူးက အားလုံးကို ဝေ့၍ ကြည့်လိုက်ပြီး 'အခြေအနေ ဆိုးတဲ့ လူနာ ဆိုရင် ခင်ဗျားတို့က ဆက်မကုတော့ဘဲ လက်လွှတ်ခံမယ် ဆိုပါတော့' ဟု မေးလိုက်သည်။

'ဒါပေါ့ဗျာ၊ ဒီလိုပဲ လုပ်ရမှာပေါ့၊ ဘယ်သူက ဆက်ကုနေမှာလဲ' ဟု အော့စဘောရီးက မလိုတမာသံဖြင့် ဝင်ပြောသည်။

'ကျုပ်ကတော့ ကိုယ့် လူနာကို ကိုယ်ဘာသာပဲ ဆက်ကုမှာပဲ၊ ဘယ် သူ့ကိုမှ ဆက်ကုပေးဖို့ မအပ်ဘူး' ဟု အင်ဒရူးက ဒေါသတကြီး ပြောသည်။

မက်ဒလေးက အော့စဘောရီးဘက်မှ ထောက်ခံ စကား ဆိုသည်။

'အော့စဘောရီး ပြောတာ မှန်တယ်၊ ဆေးကုတဲ့ လုပ်ငန်းမှာ ဒါဟာ အမဆုံး လိုက်နာရမယ့် စည်းကမ်းချက် တစ်ခုပဲ မေဆန်၊ ခင်ဗျား အသက် ကြီးလာတဲ့ အခါကျမှ ဒီအချက်ဟာ လိုက်နာဖို့ လိုတယ် ဆိုတာ သဘော ပေါက်လာမှာ၊ ရောဂါ အခြေအနေ ဆိုးတဲ့ လူနာ ဆိုရင်တော့ အတွေ့အကြုံ နည်းသေးရင် ဆက်မကုတာ အကောင်းဆုံးပဲ'

'ဒီ အယူအဆတွေဟာ သောက်သုံးမကျတဲ့ အယူအဆတွေပါဗျာ' ဟု အင်ဒရူးက ဒေါပွပွနှင့် ပြောသည်။

သူတို့သည် တစ်ယောက်တစ်ပေါက် ဆက်၍ ဆွေးနွေးကြပြန်သည်။ လေးဆယ့်ငါးမိနစ်ခန့်မျှ အချိန်ကုန် သွားသော်လည်း အဖြေ မထွက်ချေ။ နောက်ဆုံးတွင် စိတ်တို စိတ်ကုန်စ ပြုလာသော အင်ဒရူးက အခြေအနေကို



www.burmeseclassic.com

www.burmeseclassic.com



ပြောင်ဖွင့်ချသည်။

'ဒီမယ် ကိုယ်လုပ်တို့၊ ဒီကိစ္စကိုတော့ ကျွန်တော်တို့ ဘယ်နည်းနှင့်မှ မလုပ်ရင် မဖြစ်တော့ဘူး၊ လုပ်ရတော့မှာပဲ၊ ဒီကိစ္စ အတွက် ကျွန်တော်တို့က သူ့ကို ချုပ်မိမ့်မယ် ဆိုတာ ဒေါက်တာ လီဝီလင်း ကိုယ်တိုင် သိနေပြီ၊ ကနေ့ နေ့ခင်းကပဲ ကျွန်တော် ကိုယ်တိုင် လီဝီလင်းကို ဖွင့်ပြောခဲ့ပြီးပြီ'

'ဘာဗျ' ဟူသော ရေရွတ်သံသည် အော့စဘောရီးထံမှသာ ထွက်ပေါ်လာသည် မဟုတ်ပေ။ အာကွတ်နှင့် မက်ဒလေးတို့ထံမှလည်း ထွက်ပေါ်လာလေသည်။

'ဒီမှာ ဒေါက်တာ မေဆန်၊ ခင်ဗျား ဆိုလိုတာက ဒီကိစ္စကို ခင်ဗျားက ဒေါက်တာ လီဝီလင်းဆီမှာ သွားပြောခဲ့ပြီးပြီ ဆိုပါတော့၊ ဟုတ်လား' ဟု အော့စဘောရီးက မေးလေသည်။

'ဟုတ်တယ်၊ ပြောခဲ့ပြီးပြီ၊ နောက်ကျရင်လည်း သူ သိမယ့် အတူတူ မထူးဘူး ဆိုပြီး ပြောခဲ့တာပဲ၊ ကျွန်တော်တို့ချင်း ညီညီညွတ်ညွတ် စုစည်းပြီး စည်းလုံးကြောင်း ပြဖို့သာ လိုတယ်၊ ကျွန်တော်တို့ဘက်က နိုင်မှာ သေချာတဲ့ ကိစ္စပဲ'

'ဟာ ခင်ဗျား လုပ်ပုံ မဟုတ်သေးပါဘူး'

ဒေါက်တာ အာကွတ်က စိတ်မရှည်သံဖြင့် ရေရွတ်လိုက်သည်။

'ခင်ဗျားက သိပ် ရှေ့လောကြီးတာပဲကိုးဗျ၊ လီဝီလင်းရဲ့ ဩဇာဟာ ဘယ်လောက်အထိ ကြီးတယ် ဆိုတာ ခင်ဗျား မသိသေးဘူးနော်၊ နေရာတိုင်း သူ သိတယ်၊ ကျုပ်တို့ အားလုံး အဆော်မခံရရင် ကံကောင်းတယ်လို့ မှတ်ရ တော့မှာပဲ၊ ကျုပ်အနေနှင့် ဒီအသက်အရွယ်ကျခါမှ တခြား အလုပ်သစ် တစ်ခု ရှာလို့ ဖြစ်နိုင်မလားဗျ၊ စဉ်းစားကြည့်ပါ'

အာကွတ်သည် ပြောပြောဆိုဆိုနှင့် ထိုင်ရာမှ ထ၍ တံခါးဆီသို့ လျှောက်သွားသည်။ တံခါးဝ ရောက်မှ နောက်သို့ တစ်ချက် ငဲ့၍ ကြည့်လေသည်။

'ခင်ဗျားဟာ လူတော် လူကောင်း တစ်ယောက် ဆိုတာ ကျုပ် သိပါတယ် မေဆန်၊ ဒါပေမဲ့ ခင်ဗျားဟာ အများကြီး နုပါသေးတယ်၊ ကောင်းသော ညပါ မေဆန်'

မက်ဒလေးကလည်း ထိုင်နေရာမှ ကပျာကသီ ထသည်။ သူသည် ဒေါက်တာ လီဝီလင်းထံ ဖုန်းဆက်၍ သူ ကြုံခဲ့သမျှ၊ ကြားခဲ့သမျှကို ပြော





ကာ သူ့ကိုတော့ဖြင့် အထင်မလွဲပါနှင့်ဟု တောင်းပန်စကား ဆိုတော့မည်မှာ သေချာ၏။

အော့စဘောရီးကလည်း ပြန်ရန် ဟန်ပြင်နေလေပြီ။

နှစ်မိနစ်ခန့် အတွင်းမှာပင် တစ်ခန်းလုံး ရှင်းသွားသည်။ အခန်းထဲတွင် ကွန် ဘိုလန်၊ အင်ဒရူးနှင့် ဘီယာပုလင်း အခွံများသာ ကျန်ခဲ့လေ၏။

ကွန် ဘိုလန်နှင့် အင်ဒရူးတို့သည် စိတ်ပျက်လက်ပျက် ဖြစ်ကာ စကားပင် မပြောနိုင်ကြပေ။ တိတ်ဆိတ်စွာဖြင့် ဖန်ခွက်ထဲမှ ဘီယာ လက်ကျန်ကို သောက်နေကြသည်။ အင်ဒရူးသည် ဘီယာ ခြောက်ပုလင်းတိတိ ကျန်နေသေးသည်ကို သတိရလာ၏။ နှစ်ဦးသား ထိုပုလင်း ခြောက်လုံးစလုံး ကုန်အောင် သောက်ကြလေသည်။

သောက်ရင်းမှာပင် နှစ်ယောက်သား စကားပြောကြပြန်သည်။ သူတို့သည် အော့စဘောရီး၊ မက်ဒလေးနှင့် အာကွတ်တို့၏ ဇီဇ၊ မိဘ မျိုးရိုးနှင့် အကျင့် စာရိတ္တ စိတ်နေ သဘောထားများ အကြောင်းကို ဆွေးနွေး ဝေဖန်နေကြသည်။ သူတို့ အနေဖြင့် အော့စဘောရီး၏ အကြောင်းကို ပို၍ ပြောမိကြရာ အထူးသဖြင့် အော့စဘောရီး၏ လက်ဆွဲ ဘာဂျာ အကြောင်းကို အလေးအနက် ထား၍ ပြောမိကြလေသည်။

နှစ်ယောက်သား စကား ကောင်းနေကြသဖြင့် ခရစ္စတီ ပြန်ရောက်လာသည်ကိုလည်း မသိလိုက်။ ခရစ္စတီ တိတ်တိတ်ကလေး အပေါ်ထပ် တက်သွားသည်ကိုပင် သတိမပြုမိ လိုက်ကြပေ။ ငယ်ပေါင်းကြီးဖက် ညီရင်းအစ်ကိုများသဖွယ် ရင်ထဲ ရှိသမျှကို ပွင့်လင်း ရင်းနှီးစွာပင် ပြောဆိုနေမိကြလေ၏။

နောက်တစ်နေ့ မနက် အိပ်ရာမှ ထသည့်အခါ အင်ဒရူး၏ ခေါင်း တစ်ခေါင်းလုံးမှာ မထူချင်လောက်အောင်ပင် ကိုက်ခဲလျက် ရှိပေသည်။ သို့သော်လည်း လူနာအိမ်များသို့ မသွားလျှင် မဖြစ်သဖြင့် အိမ်မှ ထွက်လာခဲ့ရလေ၏။

လွန်ခဲ့သော ညက အဆင်မပြေမှုကြောင့် သူ့စိတ်သည် လေးလံ ထိုင်းမှိုင်းကာ နောက်ကျိ ရှုပ်ထွေးလျက် ရှိသည်။ ပန်းခြံဘက်မှ အဖြတ်တွင် ကားမောင်း လာနေသော လီဝီလင်းနှင့် ဆုံမိကြ၏။ အင်ဒရူးက ရှက်ရှက်နှင့် လှမ်းကြည့်လိုက်ရာ လီဝီလင်းက သူ့အား ယခင်ကလိုပင် ရင်းရင်းနှီးနှီး ပြုံးရယ်၍ နှုတ်ဆက်သွားသည်ကို တွေ့လိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

[၁၀]

တစ်ပတ်လုံးလုံး အင်ဒရူးမှာ စိတ်လက် မကြည်မလင် ဖြစ်လျက် ရှိရလေ၏။ သူ မျှော်လင့်ထားသလို ဖြစ်မလာဘဲ အရှုံးနှင့် ရင်ဆိုင်ခဲ့ရသဖြင့် စိတ်ပျက်ခြင်း၊ ဝမ်းနည်းခြင်းနှင့် အားငယ်ခြင်းတို့က သူ့အား စိုးမိုးလျက် ရှိလေသည်။ ရှက်သော စိတ်ကြောင့်လည်း ခေါင်းမဖော်ရဲအောင် ဖြစ်လျက် ရှိရ၏။

တနင်္ဂနွေနေ့ မနက်တွင် စိတ်ပြေစ ပြုလာပြီ ဖြစ်သည့် အားလျော်စွာ သူ့ရင်ထဲ၌ ခံစားနေရသမျှကို ခရစ္စတီအား ဖွင့်ဟ၍ ပြောပြလေတော့၏။

'ကို လုပ်တာဟာ ပိုက်ဆံ ပေးရတာ မြော်မြင်လို့ မဟုတ်ပါဘူး ခရစ္စတီရယ်၊ မှုအရ မတရားဘူး ထင်လို့ ထပြီး လုပ်မိတာပါ၊ ဒီကိစ္စကို တွေးမိလိုက်တိုင်း စိတ်ထဲမှာ သိပ်ပြီး မခံချင် ဖြစ်မိတယ်၊ ဒါကြောင့် လုပ်မိတာပါ၊ ဘာပဲဖြစ်ဖြစ် သူများတွေလည်း မညည်းမညူ ပေးနေကြတာပဲ၊ ကိုက ဘာကြောင့် သူများလို ငြိမ်မနေနိုင်ရတာလဲ၊ ကို့အနေနှင့် ဘာ့ကြောင့်များ လီဝီလင်းကို မုန်းနေရတာလဲ၊ အမှန်အတိုင်း ပြောရရင် ကို့အနေနှင့် လီဝီလင်းကို အခု သဘောကျမိပေမဲ့ နောက် တစ်မိနစ်လောက် ကြာတော့ မုန်းလာပြန်ရော၊ ကို့ကို ပြောပြစမ်းပါဦး အချစ်ရယ်၊ ကိုလေ သူ့ အောက်မှာ ခေါင်းညွှတ်ပြီး မဝင်ချင်ဘူး၊ ဘာ့ကြောင့် အဲသလို ဖြစ်ရတာလဲ၊ ကို့စိတ်က သူ့ကိုများ မနာလို ဖြစ်နေလေသလား၊ ကို့ကို အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောပြစမ်းပါ'

'ဟုတ်တယ်၊ ကျွန်မထင်တာတော့ ရှင်ဟာ လီဝီလင်း အပေါ်မှာ မနာလို ဖြစ်နေတယ်'

ခရစ္စတီ၏ အဖြေကြောင့် အင်ဒရူးမှာ အကြီးအကျယ် တုန်လှုပ်သွား



www.burmeseclassic.com

www.burmeseclassic.com

သည်။ အနာပေါ် တုတ်ကျသလို ဖြစ်သွားသဖြင့် ချက်ချင်းပင် ရှုံ့ရှုံ့ရှားရှား ဖြစ်လာသည်။

'ဘာကွ၊ ဘာပြောတယ်'

'မအော်ပါနှင့် အချစ်ရယ်၊ ဒေါသကြီးစရာ မဟုတ်ပါဘူး၊ ရှင်က အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ ဆိုလို့ ကျွန်မက ပြောရတာပါ၊ ရှင် သူ့ကို မနာလို ဖြစ်နေတာကတော့ အမှန်ပါ၊ အကြီးအကျယ် မနာလို ဖြစ်နေတယ်လို့ပဲ ကျွန်မကတော့ မြင်တယ်၊ ကဲ ထားပါတော့၊ ရှင် မနာလို ဖြစ်တော့ကော ဘာဖြစ်သလဲ၊ ရှင့်အနေနှင့် ရှင့်ထက်သာတဲ့ လူကို မနာလို မဖြစ်သင့်ဘူးတဲ့လား၊ ကျွန်မ ရဟန္တာကို လက်ထပ်ထားတာမှ မဟုတ်ဘဲ၊ ရှင် ဟာ သာမန် ပုထုဇဉ် လူတစ်ယောက်ပဲဟာ၊ သာမန် လူတွေမှာ ရှိတတ်တဲ့ အကောင်းနှင့် အဆိုးဟာ ရှိနေရမှာပေါ့၊ ဒါမှလည်း သဘာဝ ကျတော့မှာပေါ့'

'ကဲ ကဲ ဆက်စမ်းပါဦး၊ မင်း မြင်သမျှ ကို့အပြစ်တွေကို ပြောသာ ပြောပါ၊ ချန်မထားပါနှင့်၊ ကိုဟာ တစ်ဖက်သား အပေါ်မှာ သံသယစိတ် အားကြီးတယ်၊ ဘယ်သူ့ကိုမှ မယုံဘူး၊ စိတ်မချဘူး၊ ပြီးတော့ မနာလို ဝန်တိုစိတ် များတယ်၊ ဒါတွေဟာ မင်း မြင်သမျှ အကုန်ပဲလား၊ ကိုဟာ အသက် ငယ်သေးတော့ အတွေ့အကြုံ သိပ်နုသေးတဲ့ လူတစ်ယောက်ပါ ကိုလည်း နားလည်ပါတယ်၊ အသက် ရှစ်ဆယ်ကျော် အဘိုးကြီး ဒေါက်တာ အာကွတ်ကတော့ ကိုယ်ဟာ နုပါသေးတယ်လို့ ပြောသွားတာပဲ'

အင်ဒရူးက ခရစ္စတီ၏ နှုတ်မှ ထွက်လာမည့် စကားကို စောင့်သည်။ ခရစ္စတီက ရုတ်တရက် အဖြေ မပေးသဖြင့် စိတ်မရှည်နိုင်တော့ဘဲ 'ကဲ ဘယ် လိုလဲ၊ ဆိုစမ်းပါဦး၊ ကိုက ဘာ့ကြောင့် လီဝီလင်း အပေါ်မှာ မနာလို ဖြစ် နေရတာလဲ' ဟု မေးလေသည်။

'ဘာ့ကြောင့်လဲ ဆိုတော့ သူက သူ့ အလုပ်မှာ သိပ်လည်း ကျွမ်းကျင် တယ်၊ သိပ်လည်း တော်တယ်၊ ဘာမဆို အကုန်သိ အကုန်တတ် ဖြစ်နေတယ်၊ ဗဟုသုတကလည်း ကြွယ်ဝတယ်၊ အတိုချုပ် ပြောရရင် သူ့မှာ ပထမတန်းစား အရည်အချင်းတွေ အားလုံး ရှိနေတယ်၊ ဒါကြောင့် ရှင် မနာလို ဖြစ်ရတာပါဝဲ'

'ကို စကော့ တက္ကသိုလ်က ရခဲ့တဲ့ အမ်ဘီ ဆိုတဲ့ ဆေးပညာ ဘွဲ့ ကလေးဟာ အင်မတန် သေးနုပ်တဲ့ ဘွဲ့ကလေးပါ၊ ဘာမှ ကြီးကျယ်စရာ ဂုဏ်ယူစရာ ကောင်းတဲ့ ဘွဲ့မျိုး မဟုတ်ပါဘူး၊ အင်းပေါ့လေ၊ အခုတော့ ကို နားလည်ပါပြီ၊ မင်း ကို့အပေါ်မှာ ဘယ်လို မြင်တယ် ဆိုတာ ကို သိပါပြီ'





သူသည် ပြောရင်း ပြောရင်းနှင့် ဒေါသတကြီး ဖြစ်လာပြီး အိပ်ရာ ပေါ်မှ ခုန်၍ ထလာသည်။ ညဝတ်အင်္ကျီ ဖိုးရိုးဖားရားဖြင့် အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်ရင်း သူ့စိတ်ထဲ ရှိသမျှကို မခြွင်းမချန် ရင်ဖွင့် ပြန်လေသည်။

'အရည်အချင်းတဲ့၊ ဘာ အရည်အချင်းလဲ၊ အရည်အချင်းက ဘယ် လောက် အထိ အရေးပါသလဲ၊ အရည်အချင်း ဆိုတာကကော ဘာလဲ၊ တကယ် လိုအပ်တာက လက်တွေ့ကျကျ လုပ်နိုင်တဲ့ နည်းသိဖို့၊ ဆေးခန်း ပညာမှာ ကျွမ်းကျင်ဖို့၊ ဒါပဲ လိုတယ်၊ ငါကတော့ အဲသလိုပဲ ယုံကြည်ထားတယ်၊ ပြဋ္ဌာန်းထားတဲ့ စာအုပ်တွေထဲက အချက်အလက်တွေကို အလွတ် ရအောင် ကျက်မှတ်ပြီး အာဂုံပြန်ပြနိုင်တာက လွဲလို့ လက်တွေ့ ဘာမှ မလုပ်နိုင်တာမျိုး ဆိုရင် အရည်အချင်း ပြည့်ဝတယ်လို့ ခေါ်ရမလား၊ အဲဒါမျိုးကို အရည်အချင်း ပြည့်ဝတယ်လို့ ငါကတော့ ဘယ်တော့မှ အသိအမှတ်မပြုဘူး၊ ဒီမှာ ခရစ္စတီ၊ ငါကတော့ နားကြပ်ထဲက ကြားလာရတဲ့ အသံကိုပဲ ယုံကြည်တယ်ကွ၊ အခု ငါ ဘာလုပ်နေလဲ၊ အဆုတ်ရောဂါနှင့် ပတ်သက်ပြီး သုတေသန လုပ်နေတယ်၊ တစ်နေ့ကျရင် မင်း အံ့သြသွားစေရမယ် အမျိုးသမီးရေ၊ သိလား၊ တကယ့်ကို အံ့သြစေရမယ်၊ သိပ်ကောင်းတယ်ကွာ၊ ဟင်း သိပ်ကောင်း၊ တနင်္ဂနွေနေ့ နံနက် စောစောစီးစီး အိပ်ရာက နိုးလာတဲ့ ယောကျ်ား တစ်ယောက်ကို သူ့ မိန်းမက ဘာမှ သိတဲ့ တတ်တဲ့လူ မဟုတ်ဘူး၊ နားလည်တဲ့လူ မဟုတ်ဘူးလို့ အဝေဖန်ခံရတာဟာ သိပ်ပြီး အသည်းနာဖို့ ကောင်းတယ်ကွာ... ဟင်း'

ခရစ္စတီသည် ခုတင်ပေါ်တွင် ထိုင်နေရာမှ မှန်တင်ခုံပေါ်ရှိ လက်သည်း ပြင် ကိရိယာဘူးကို လှမ်းယူလိုက်သည်။ ပြီးတော့ သူမ၏ လက်သည်းများ ကို စိမ်ပြေနပြေ ညှိနေရင်းမှ အင်ဒရူး၏ စကားကို ဆုံးအောင် နားထောင် သည်။ ပြီးမှ အေးဆေး တည်ငြိမ်စွာဖြင့် ပြန်ပြောလေသည်။

'အခု ရှင် ပြောနေတဲ့ စကားမျိုးတွေကို ကျွန်မ မပြောခဲ့ပါဘူး၊ ရှင် သေသေချာချာ ပြန်စဉ်းစားကြည့်ပါဦး'

ထိုအခါကျမှ အင်ဒရူး၏ ဒေါသသည် ပို၍ ကြီးလာသည်။ သို့သော် လည်း ခရစ္စတီ၏ စကား မဆုံးသေးသဖြင့် ဘာမှ ဝင်မပြောဘဲ နားထောင်နေ လေ၏။

'ကျွန်မ ပြောတာက အို ဒါတွေ ထားလိုက်ပါတော့လေ၊ ရှင့်အပေါ်မှာ ကျွန်မ နားလည်ထားသလောက် ပြောပြချင်ပါတယ်၊ ရှင်ဟာ တစ်ယောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com

လက်ထောက် ဆရာဝန် ဘဝနှင့် နေလို့ ဘယ်နည်းနှင့်မှ မဖြစ်ပါဘူး၊ ရှင်က ရှင် ပြောသမျှကို လူအများ နားထောင်စေချင်တယ်၊ လိုက်နာစေချင်တယ်၊ ရှင် လုပ်နေတဲ့ အလုပ်ကို လူတွေက အလေးအနက်ပြုမှ ကြိုက်တယ်၊ ရှင့် အတွေး အခေါ် အယူအဆတွေကိုလည်း...၊ အို ကျွန်မ ဘာပြောချင်တယ် ဆိုတာ ရှင် နားလည်မှာပါ၊ တကယ်လို့သာ ရှင့်မှာ အင်မတန် အထက်တန်းကျပါတယ် ဆိုတဲ့ ဆေးပညာ မဟာ သိပ္ပံဘွဲ့လို့ ခေါ်တဲ့ မင်၊ ဒီ ဘွဲ့မျိုး၊ ဒါမှမဟုတ် မင် အာ၊ စီ၊ ပီ ဆိုတဲ့ ဘွဲ့မျိုးသာ ရှိနေရင် ရှင့် စိတ်တိုင်းကျလည်း ဖြစ်မယ်၊ ရှင် လုပ်ချင်တာတွေလည်း လုပ်လို့ ရမယ်'

'မင်၊ အာ၊ စီ၊ ပီ... ဟုတ်လား'

အင်ဒရူးက တအံ့တသြ တအံ့တသြ ရေရွတ်သည်။

'ဒီမိန်းမ အရူးထပြီး ဘာတွေများ လျှောက်တွေးနေပါလိမ့်' သူ့ကို မင် အာ စီ ပီ ဘွဲ့ ရဖို့ အထိ တွေးနေပုံပေါ်သည်။ အခုလို တောခေါင်ခေါင် သတ္တုတွင်းသာ လက်ညှိုးထိုးပြစရာ ရှိသည့် ဒေသမျိုးမှ လက်ထောက် ဆရာဝန် တစ်ယောက်က မင် အာ စီ ပီ ဘွဲ့ ရဖို့ ဆိုသည်မှာ အလွန် ရယ်စရာ ကောင်းသည့် စိတ်ကူးမျိုး ဖြစ်ချေသည်။ ဖြစ်မှ ဖြစ်ရပလေ၊ ခရစ္စတီမို့ ကြံကြံ ဖန်ဖန် စိတ်ကူးရလေခြင်း။

အင်ဒရူးက သူ့အတွေးနှင့်သူ ခရစ္စတီအား ပြုံး၍ ကြည့်သည်။ သူ့ အပြုံးက သရော်ပြုံး၊ လှောင်ပြောင်သည့် အပြုံး၊ မလိုတမာ အပြုံး၊ မဖြစ်နိုင် တာကို ပြောသည် ဟူသော သဘောဖြင့် ပြစ်တင် ရှုတ်ချလိုသည့် အပြုံး ဖြစ် လေသည်။

'မင် အာ စီ ပီ ဆိုတဲ့ ဘွဲ့ကို ဥရောပတိုက်က တကယ့် ထိပ်ထိပ် ကြဲ ဆိုတဲ့ လူတော်တွေကိုမှ ပေးတယ် ဆိုတာ မင်း နားလည်ရဲ့လား'

သူသည် ခပ်ငေါ့ငေါ့ ခပ်ငေါက်ငေါက် ပြောကာ တံခါးကို ဆောင့်၍ ပိတ်လိုက်ပြီး မုတ်ဆိတ်ရိတ်ရန် ရေချိုးခန်းဆီသို့ ထွက်သွားလေသည်။ ငါး မိနစ်ခန့် အကြာတွင် မုတ်ဆိတ်ရိတ်ပြီးစ တစ်ပိုင်း တန်းလန်းနှင့် ခရစ္စတီထံ ပြန်ရောက်လာပြန်လေ၏။ မုတ်ဆိတ်မှာ တစ်ခြမ်းသာ ရိတ်ထားရသဖြင့် ကျန် ပါးတစ်ခြမ်းမှာ ဆပ်ပြာမြုပ်တွေ ဗရပွနှင့် မြင်မကောင်းအောင် ဖြစ်လျက် ရှိ လေသည်။

'ခရစ္စတီ၊ ကို ကြိုးစားရင် မင် အာ စီ ပီ ဘွဲ့ကို ရနိုင်မယ်လို့ မင်း ထင်သလား၊ မင်း ပြောတာ မှန်တယ်၊ ကိုယ့်နာမည် နောက်မှာ စာလုံးကလေး





တွေ အသင့်အတင့်တော့ အမြီးတပ်နိုင်မှ ဖြစ်မယ်၊ ဒါပေမဲ့ကွာ မင် အာ စီ ပီ ဘွဲ့ စာမေးပွဲ ဆိုတာက အခက်ဆုံး စာမေးပွဲ တစ်ခုကွ၊ သေလုအောင် ကြိုး စားတာတောင်မှ အောင်ဖို့ မလွယ်ဘူး၊ တစ်ခုတော့ ရှိတယ်၊ ကို ယုံကြည် တာ တစ်ခုလေ၊ ဘာလဲ ဆိုတော့ကာ နေပါဦးလေ၊ နေဦး၊ အဲဒီ စာမေး ပွဲနှင့် ဆိုင်တဲ့ သတ်မှတ် ပြဋ္ဌာန်းချက်တွေ စည်းကမ်းချက်တွေ ရှာကြည့်ဦး မယ်'

အင်ဒရူးသည် အိမ်အောက်ထပ်သို့ အပြေးအလွှား ဆင်းသွားကာ ဆေးပညာ ဆိုင်ရာ လမ်းညွှန် စာအုပ်ကြီးကို လှန်လှော ရှာဖွေသည်။ ပြီးတော့ အပေါ်ထပ်သို့ ပြန်ရောက်လာပြန်၏။ သူ့မျက်နှာသည် စောစောကလို ရွှင် ပြန်း တက်ကြွမှု မရှိတော့ပေ။ စိတ်ပျက် အားလျော့သွားသည့် ပုံစံမျိုးနှင့် ဖြစ် နေသည်။

'အလကားပါပဲ'

သူသည် စိတ်ပျက် အားလျော့သဖြင့် ရေရွတ်သည်။

'ငါ ပြောသားပဲ၊ အလွန် ခက်တဲ့ စာမေးပွဲပါလို့၊ ဘယ်လို နည်းနှင့်မှ ဖြစ်နိုင်မှာ မဟုတ်ပါဘူး၊ စာမေးပွဲ ဝင်ခွင့်ရဖို့ ဖြေရမယ့် ဝင်ခွင့် စာမေးပွဲ မေးခွန်းလွှာကိုက ဘာသာရပ် လေးခု ရှိတယ်၊ ဘာသာစကား လေးဘာသာ ကို ဖြေရမှာ၊ အဲဒီ လေးဘာသာကို ငါ တတ်မှ ဖြစ်မှာ၊ လက်တင် ဘာသာ၊ ပြင်သစ် ဘာသာ၊ ဂရိ ဘာသာနှင့် ဂျာမန် ဘာသာတဲ့၊ ကဲ ကောင်းရော ပဲ့တဲ့ ဘာသာတွေလား၊ စဉ်းစားကြည့်ပါဦး၊ အဲဒီ လေးခုထဲမှာ ဘာသာရပ် ခုက အဓိက ဘာသာရပ်တွေ၊ မဖြေရင် မရ မအောင်ရင် မဖြစ် ဆိုတဲ့ ဘာသာတွေ၊ ငါ ဒီဘာသာတွေကို တတ်မှ မတတ်တာ၊ လက်တင်ဘာသာနှင့် ပတ်သက်လို့ ငါ တတ်တာက တစ်လုံး နှစ်လုံးရယ်၊ ပြင်သစ် စကား ကျ တော့ကော ဘာထူးသလဲ'

ခရစ္စတီက နှုတ်ဆိတ်နေသည်။

အင်ဒရူးသည် ပြတင်းပေါက်နားတွင် ရပ်ကာ စိတ်ပျက် လက်ပျက် ဖြင့် အပြင်သို့ ငေးမျှော် ကြည့်နေရာမှ အနည်းငယ် အားတက်လာသည့် သဖြင့် 'ကို့အနေနှင့် ကြိုးစားကြည့်သင့်တာတော့ အမှန်ပဲ၊ ဘာ့ကြောင့် မကြိုးစားရမှာလဲ၊ ကြိုးစားရင် ဖြစ်နိုင်တာပဲ မဟုတ်လား၊ ဒီ ဘာသာတွေကို သင်လိုက်ရင် ဖြစ်မှာပေါ့၊ မဟုတ်ဘူးလား' ဟု ပြောလေ၏။

ခရစ္စတီက ထိုင်နေရာမှ ဝမ်းသာအားရ ခုန်၍ ထလိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com

ကို လှမ်း၍ ဖက်လိုက်သည်။ သူမ၏ ရင်ခွင်ထဲမှ လက်သည်းပြင် ကိရိယာများသည် ကြမ်းပေါ်သို့ ကစဉ့်ကလျား ကျသွားကြလေ၏။

'ကျွန်မ ရှင့်ကို ပြောမလို့ပဲ သိလား၊ အဲဒီ ဘာသာတွေကို ရှင် သင်မယ်ဆိုရင် ကျွန်မ ကူညီနိုင်မှာပေါ့၊ ရှင့် မေ့မသွားနှင့်လေ၊ ရှင့် မိန်းမဟာ တစ်ချိန်က ကျောင်းဆရာမ တစ်ယောက် မဟုတ်လား'

သူတို့ လင်မယားသည် တစ်နေ့လုံး မအားကြတော့ပေ။ စာသင်ခန်း ကိစ္စ အတွက် အားတက်သရော စီစဉ် လုပ်ကိုင်နေကြရသဖြင့် အလုပ်များလျက် ရှိကြလေသည်။ ထရိုပိုလီ၊ ချက်ကောနှင့် ဒေါ်စတိုယက်စကီးတို့၏ စာအုပ်များကို စု၍ အခန်းလွတ် တစ်ခုထဲသို့ ပို့လိုက်ပြီး ဧည့်ခန်းထဲတွင် စာသင်နိုင်ရန် ပြင်ဆင်ကြသည်။ အင်ဒရူးသည် တစ်ညနေလုံး အပြင်မထွက်ဖြစ်တော့ပေ။ ခရစ္စတီနှင့် စာသင်လျက် ရှိ၏။ နောက်တစ်နေ့ ညနေတွင်လည်း ထိုနည်းအတိုင်းပင်။ နောက်တစ်ရက်တွင်လည်း ထိုနည်းအတိုင်းပင်။

ဤကဲ့သို့ ကြိုးစားပမ်းစား လုပ်ကိုင်နေသည့် ကြားမှပင် အင်ဒရူးသည် မကြာခဏ အားပျက်ချင်သည့် စိတ်က ပေါ်လာတတ်ပေသေးသည်။ သူ လုပ်နေတာ ဟုတ်မှ ဟုတ်ပါလေစ ဟူသော သံသယစိတ် ဝင်လာတတ်ပေသေးသည်။ တစ်ခါတစ်ရံတွင် လူသာမန်တို့ မမြင်နိုင်စွမ်းသော ဝိညာဉ်ပိုင်း ဆိုင်ရာ အထက် ပုဂ္ဂိုလ်များက သူ လုပ်ကိုင်နေသမျှကို ကြည့်၍ ပြက်ရယ် ပြုနေပေလိမ့်မည်ဟု ထင်မိ၏။ အမှန်တော့ စားပွဲ တစ်လုံးတွင် ဇနီးနှင့် အတူ တွဲထိုင်ကာ လက်တင် စာလုံးများ၊ ပြင်သစ် စာလုံးများကို အသံထွက်၍ ကျက်မှတ်နေရသည့် သူ့အဖြစ်မှာ ရယ်စရာ ကောင်းလှသည်ဟုပင် ထင်မိလေ၏။

'တကယ်လို့များ ကိုတို့ လုပ်နေပုံကို လီဝီလင်းသာ မြင်ရရင် ရယ်မှာပဲနော်၊ အမှန်ကတော့ အခု လုပ်နေတာဟာ ကိုဘဝ အတွက် အစပဲ ထင်ပါရဲ့'

နောက်တစ်လ ကုန်ခါနီးတွင် လန်ဒန်မြို့ရှိ အပြည်ပြည် ဆိုင်ရာ ဆေးပညာ စာစောင်များ ထုတ်ဝေရေး ဌာနခွဲမှ စာအုပ်များ အတွဲလိုက် ပါဆယ်ထုပ်စီ ခွဲ၍ ရောက်စ ပြုလာသည်။ အင်ဒရူးသည် တက္ကသိုလ် ကျောင်းသားဘဝတုန်းကလိုပင် စာအုပ်တွေ ဖတ်ရပြန်ပေပြီ။

စာအုပ်များကို ဖတ်သည့်အခါမှပင် သူ့အမှား သူ မြင်လာရလေ၏။ တကယ်တော့ သူသည် အလုပ်ထဲ ရောက်လျှင် ရောက်ချင်း ဆေးပညာ ဆိုင်ရာ စာအုပ်စာတမ်းများကို ဖတ်ရှု လေ့လာခြင်း မပြုတော့ဘဲ စွန့်ပစ်ခဲ့မိသည်





ဖြစ်ရာ ယင်းကဲ့သို့ စွန့်ပစ်ခဲ့ခြင်းသည် အလွန်ကြီးသော အမှား တစ်ရပ်ကို ပြုမိခဲ့ခြင်းပင် ဖြစ်သည်ဟု နားလည်လာရလေသည်။

လန်ဒန်မှ ရောက်လာသည့် စာအုပ်များကို ဖတ်ရင်း 'ဇီဝ ဓာတုဗေဒပညာ၏ ကုသမှုဆိုင်ရာ ကုထုံးများ တိုးတက်မှု' ကို သိလာရ၏။ ကျောက်ကပ်၏ ထိန်းနိုင်စွမ်းရည်များ အကြောင်း၊ သွေးယူရီးယား အကြောင်း၊ အခြေခံ ဇီဝတွင် ဖြစ်ပျက်မှုများ အကြောင်းနှင့် အယ်လ်ဘူမင် စမ်းသပ်နည်း၏ မမှန်ကန် ဖြစ်တတ်သော အားနည်းချက်များ အကြောင်းများကိုလည်း ကောင်းစွာ သိမြင် နားလည်လာရ၏။ ကျောင်းသား ဘဝက မသင်ခဲ့ရ၊ မသိခဲ့ရသည့် အသစ်အဆန်းများကို ဖတ်မိသည့် အခါတိုင်း 'ခရစ္စတီရယ်၊ တကယ်တော့ ကိုဟာ ဘာမှ မသိသေး မတတ်သေးပါလားကွယ်' ဟု ညည်းတတ်လေသည်။

အင်ဒရူးသည် သူ့အလုပ်ကိုလည်း အပျက်မခံပေ။ အလုပ်ကို လျှော့၍လည်း မလုပ်ပေ။ ထို့ကြောင့်လည်း နေ့ခင်း နေ့လယ်ဘက်တွင် စာကျက်ချိန် လုံးဝ မရဘဲ ညပိုင်းရောက်မှသာ စာကို ဖိ၍ ကျက်ရ၏။ စာကျက်ရင်း အိပ်ချင်လာပြီ ဆိုလျှင် ခရစ္စတီ ဖျော်ပေးထားသော ဘလက် ကော်ဖီ ကျကျ ခါးခါးကို သောက်ရသည်။ မျက်နှာသုတ်ပဝါ တစ်ထည်ကိုလည်း ရေဆွတ်၍ အသင့်ထားရ၏။ ဘလက် ကော်ဖီ သောက်၍မှ အိပ်ချင်မပြေသေးလျှင် ရေစို မျက်နှာသုတ်ပဝါဖြင့် တစ်မျက်နှာလုံးကို ပွတ်တိုက်ပစ်လေသည်။ မနက်ကျတော့လည်း အစောကြီး ထ၍ စာကျက်ရပြန်သေး၏။ ဤသို့ဖြင့် အင်ဒရူးသည် စိတ်ရော ကိုယ်ပါ အနားမယူဘဲ အားစိုက် ခွန်စိုက် ကြိုးပမ်း အားထုတ်လျက် ရှိလေ၏။

သူ အိပ်ရာဝင်ချိန်တွင် အဆမတန် ပင်ပန်းထားသည့် စိတ်ကြောင့် အရုပ်ကြိုးပြတ် ဖြစ်လျက် ရှိသည်က များပေသည်။ အများအားဖြင့် အိပ်မရတော့ဘဲ မျက်စိ ကြောင်နေတတ်ပေသည်။ တစ်ခါတစ်ရံ အိပ်ပျော်သွားပြန်တော့လည်း အိပ်မက်တွေ ကယောင်ချောက်ချား မက်ကာ ချွေးတွေ အဆမတန် ထွက်ပြီး အိပ်ရာမှ နိုးလာတတ်၏။ အချိန်ရှိသမျှ သူ့ခေါင်းထဲဝယ် သူ ကျက်မှတ်ထားခဲ့ရသည့် စာတွေသာ ပေါ်နေလေ၏။

ဆေးလိပ်ကိုလည်း ယခင်ကထက် ပို၍ အသောက် များလာသည်၊ အအိပ်ပျက် အစားပျက် ဖြစ်လွန်းသဖြင့် ပေါင်ချိန်ကလည်း သိသိသာသာကြီး ကျလာ၏။ မျက်နှာမှာလည်း ယခင်ကလို ပြည့်ပြည့်ဖြိုးဖြိုး လန်းလန်းဆန်းဆန်း မရှိတော့ပေ။ တစ်နေ့တခြား ပိန်ချုံး လာလေသည်။


www.burmeseclassic.com

www.burmeseclassic.com

ခရစ္စတီကတော့ သူ့အနားမှ တစ်ဖဝါး မခွာပေ။ သူ့အနားတွင် ထိုင်၍ *သူ့ လှုပ်သမျှ၊ ကိုင်သမျှကို စောင့်ကြည့်နေတတ်လေသည်။* သူ စာကျက်လျှင်လည်း အနီးမှာ။ သူ ပုံတွေဆွဲ မှတ်စုတွေ ထုတ်လုပ်နေလျှင်လည်း အနီးမှာ။ တစ်ခါတစ်ရံ ကျက်မှတ်ထားသည့် အချက်အလက်တွေကို ပြန်၍ ရှင်းပြနေလျှင်လည်း အနီးမှာ ထိုင်၍ စိတ်ဝင်တစား နားထောင်နေတတ်လေ၏။

ပင်ပန်းလွန်းသည့် ဒဏ်ကြောင့် အင်ဒရူး၏ စိတ်သည် တစ်မျိုးတစ်ဖုံ ပြောင်းလျက် ရှိသည်။ ယခင်ကထက် စိတ်မြန်ပြီး ယခင်ကထက် စိတ်တို ကာ ယခင်ကထက် ဒေါသကြီးသည်။ ဘာမဟုတ်သည့် အကြောင်းကလေး နှင့် ထ၍ ဆူဆူပူပူ လုပ်တတ်ရုံမျှမက ဒေါသတကြီး အော်တတ် ဟစ်တတ် သည်။ တစ်ခါတစ်ရံ စိတ်လွတ် ကိုယ်လွတ် ဖြစ်ကာ ဆဲဆိုတတ်လေသည်။

အင်ဒရူး အနေဖြင့် ဆူချင် ဆူပါစေ၊ ဆဲချင် ဆဲပါစေ၊ ပြောချင်တာ ပြောပါစေ။ ခရစ္စတီကတော့ အပြုံးမပျက်ပေ။ ယခု အချိန်သည် သည်းခံ ခွင့်လွှတ်ရမည့် အချိန်ဟု ခရစ္စတီ နားလည်ထားလေသည်။

ည ဆယ့်တစ်နာရီ ထိုးလျှင် ဘလက် ကော်ဖီ တစ်အိုး ဖျော်ကာ ခရစ္စတီ ရောက်လာတတ်သည်။ စိတ်အခန့် မသင့်ချိန်နှင့် ကြုံကြိုက်လျှင် အင် ဒရူးသည် အကြောင်းမဲ့ ဆီး၍ ဆူတတ်လေ၏။

'မင်း ငါ့ကို ဘာဖြစ်လို့ လာလာပြီး နှောင့်ယှက်နေရတာလဲ၊ ငါ့ ဘာသာ ငါ အေးအေးဆေးဆေး တစ်ယောက်တည်း နေစမ်းပါရစေ၊ အမြဲတမ်း ကော်ဖီတွေပဲ ဖျော်ပြီး လာပေးနေတာပဲ၊ ကာဖင်းဟာ ဘာမှ အသုံးကျတာ မဟုတ်ဘူးကွ၊ မင်း နားလည်ရဲ့လား၊ အင်း ငါဟာ ကိုယ့်ကိုယ်ကိုယ် ဥာဉ်း ဆဲပြီး သတ်နေတာပါပဲ၊ ဘာမှ အဓိပ္ပာယ် မရှိပါဘူး၊ ငါ အခုလို ပင်ပန်းနေ တာ ဘယ်သူ့ အတွက်လဲ၊ မင့်အတွက်ပါ၊ မင့်ကြောင့် ငါ ဒုက္ခခံနေရတာ၊ မင်းဟာ မင်းဖို့သာ နားလည်တဲ့ မိန်းမ တစ်ယောက်ပဲ၊ မင်းလည်း သိပါ တယ်၊ တကယ်တော့ မင်းဟာ ကြက်ဆင်မနှင့် သိပ်တူတဲ့ မိန်းမပါကလား၊ ဒီ အရည်မည်းမည်းတွေ ယူပြီး အခန်းထဲ ဝင်လာလိုက် ပြန်ထွက် သွားလိုက်နှင့် မှက်စိနောက်အောင် လုပ်နေတာပဲ၊ ဟော့ ဒီမှာ ငါ ပြောလိုက်မယ်၊ လန်ဒန် အနောက်ပိုင်း ရပ်ကွက်ထဲက ဆရာဝန်တွေ၊ မြို့ကြီးပြကြီးပေါ်က ဆေးရုံကြီး တွေမှာ လုပ်ကိုင်နေတဲ့ ဆရာဝန်တွေ အားလုံး ဒီဘွဲ့ကို လိုချင်ကြလွန်းလို့ ကြိုးစားနေကြတာ ရာနှင့် ချီပြီး ရှိတယ် သိလား၊ ငါကတော့ အေဘာရာလော မြို့က၊ ဟား ဟား ဟား မြို့သိမ် မြို့ငှားမှာ ရှိနေတဲ့ ဆေးဝါး ကူညီ ထောက်ပံ့ ရေး အသင်းက လက်ထောက် ဆရာဝန် အစုတ်အပြတ် ဖွတ်ကျားကလေး ငါလို အကောင်က မင်း၊ အာ၊ စီ၊ ပီ ဘွဲ့ကို ယူမလို့တဲ့၊ ဖြစ်ပါလိမ့်မယ် အားကြီး ဖြစ်မှာပေါ့၊ အို ဘုရား ဘုရား ပင်ပန်းလိုက်တာ အလွန်ပါပဲ၊ အင်း ကနေ့ည စီဖန် ရပ်ကွက်မှာ မွေးလူနာ တစ်ယောက် ရှိသေးတယ်၊ ကနေ့ည မွေးမှာ သေချာပါတယ်၊ ဪ ငါ သွားရဦးမှာပါကလား'

လောကဓံ တရား၏ ရိုက်ပုတ်မှု ဒဏ်ကို ရင်ဆိုင်ရာ၌ ခရစ္စတီက အင်ဒရူးထက် ပို၍ ကြံ့ကြံ့ ခံနိုင်သည်။ ခရစ္စတီသည် အင်ဒရူးထက် အဘက် ဘက်က သာလွန်သည့် စစ်သားကောင်း တစ်ယောက်နှင့် တူနေပေသည်။ သူမသည် မည်သည့် ကိစ္စမျိုးကိုမဆို မျှမျှတတ ဖြစ်အောင် စဉ်းစား ချင့်ချိန် သည်။ မည်မျှလောက် ကြီးမားသည့် အခက်အခဲများနှင့် တွေ့ကြုံရစေကာမူ ဇာန်လှုပ်ခြင်း မဖြစ်ပေ။ အမြဲတစေ ဆင်ခြင်နှလုံးသွင်း၍ စိတ်ကို ထိန်းသည်။

ယခုကဲ့သို့ အင်ဒရူး တစ်ယောက် အဆမတန် ပင်ပန်းနေချိန်တွင် သူမက သာယာမှု ရှာနေ၍ မဖြစ်ဟု သဘောပေါက် လက်ခံထားသည် ဖြစ် ရာ ဗောက်ဟန်တို့ အိမ်မှ အကြိမ်ကြိမ်အခါခါ ဖိတ်သည့်ကိုပင် မသွားချေ။ ယခင်က သွားနေကျ ဖြစ်သော ဂီတဆည်းဆာပွဲကိုလည်း မသွားတော့ပေ။ သူမအနေဖြင့် အဘက်ဘက်တွင် အစွမ်းကုန် သည်းခံ၍ အစွမ်းကုန် လိုက်လျော ကာ အစွမ်းကုန်ပင် အနစ်နာခံရှာ၏။ အင်ဒရူး မအိပ်မချင်း သူမကလည်း အိပ်ပေ။ မနက်ခင်းကျပြန်တော့လည်း အင်ဒရူး မနိုးခင် အိပ်ရာမှ ထ၍ ရေမိုးချိုး အဝတ်အစားလဲကာ အင်ဒရူး အတွက် အရာရာ အသင့်ဖြစ်အောင် စီစဉ် လုပ်ကိုင်ထားသည်။ အင်ဒရူးကတော့ မျက်နှာ မသစ်သေးမီ၊ ကိုယ်လက် သုတ်သင်သေးမီ စီးကရက် တစ်လိပ်ကို အားရပါးရ ဖွာကာ ခြေတရွတ်တိုက် ဆွဲ၍ အိမ်ပေါ်မှ ဆင်းလာတတ်၏။ ထိုအခါမျိုးတွင် ခရစ္စတီက အင်ဒရူးအား ကြင်နာသော အပြုံးဖြင့် ဆီးကြို နှုတ်ဆက်တတ်လေသည်။

အင်ဒရူး တစ်ယောက် ယင်းကဲ့သို့ ကြိုးစားလာခဲ့၍ ခြောက်လခန့် အချိန်ရလာသည့်အခါ ဘရစ်လင်တန်မြို့ရှိ ခရစ္စတီ၏ အဒေါ်ထံမှ စာ တစ် စောင် ရောက်လာသည်။ ခရစ္စတီ၏ အဒေါ်မှာ သွေးကြောရောင် ရောဂါ ဖြစ် နေသဖြင့် အမြန် လိုက်လာရန် အကြောင်းကြားသည့်စာ ဖြစ်လေသည်။

ခရစ္စတီသည် စာကို အင်ဒရူးအား ပေး၍ ဖတ်သည်။ သူမ အနေဖြင့် အင်ဒရူးအား တစ်ယောက်တည်း ထား၍ မသွားနိုင်ကြောင်း ပြောသည်။ အင် ဒရူးကလည်း သွားသင့်သော ကိစ္စဟု ယူဆသဖြင့် သွားဖို့ အတင်းအကျပ်



www.burmeseclassic.com

www.burmeseclassic.com



တိုက်တွန်းလေသည်။

'ကိုကတော့ သွားစေချင်တယ် ခရစ္စတီ၊ ကို့အနေနဲ့ အခုလို လုပ်ကိုင် နေရပုံမျိုး ဆိုရင် မင်း ရှိနေလို့လည်း သိပ် အကြောင်း မထူးဘူး ထင်တယ်၊ မင်း မရှိရင်တောင်မှ ကို ပိုပြီး စာကျက်နိုင်မယ်လို့ ထင်တယ်၊ ဒီလို ပြော ရတာ စိတ်တော့ မကောင်းပါဘူး၊ ဒါပေမဲ့ ဒီနည်းက ကို့အတွက် ပိုကောင်း မယ် ထင်လို့ပါ'

ခရစ္စတီသည် သွားချင်စိတ် မရှိသော်လည်း အင်ဒရူး၏ စကားကို နားထောင်ကာ ဘာရစ်လင်တန်မြို့သို့ ထွက်ခွာသွားခဲ့လေ၏။ ခရစ္စတီ ထွက် သွား၍ နှစ်ဆယ့် လေးနာရီမျှ မပြည့်မီ အင်ဒရူးမှာ မနေတတ် မထိုင်တတ် 'အိမ်မြှောင် အမြီးပြတ်' ဖြစ်လာလေသည်။ 'လွှတ်မိတာ မှားလေခြင်း' ဟု တွေးကာ နောင်တရလျက် ရှိလေသည်။ သူ့ အနားမှ တစ်ဖဝါးမှ မခွာဘဲ တယုတယ ပြုစုနေတတ်သော ခရစ္စတီ၏ မျက်နှာကို ထင်ယောင် မြင်ယောင် ဖြစ်ကာ လွမ်းတသသ ဖြစ်လျက် ရှိလေသည်။

ခရစ္စတီသည် အိမ်ဖော်ကလေး ဂျင်နီအား အချိန်ဇယား တစ်ခု ချ ပေးခဲ့၏။ ယင်းဇယားတွင် ဘယ်အချိန် မနက်စာ ပြင်၊ ဘယ်အချိန် ဘလက် ကော်ဖီ ဖျော်ပေး စသည် စသည်ဖြင့် စနစ်တကျ ညွှန်ကြားချက်များ ပါရှိ လေရာ အင်ဒရူး အတွက် စားမှု သောက်မှု နေမှု ထိုင်မှုမှ အစ အားလုံး အဆင်ပြေပါ၏။ သို့သော်လည်း စိတ်တိုင်းမကျသလို ဖြစ်နေရလေသည်။

ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ ဂျင်နီ ချက်ပြုတ် ကျွေးမွေးနေသော အဆီ အဟပ် မတည့်သည့် အစားအသောက်များကို စားနေရ၍လည်း မဟုတ်၊ ခါး သည့်အခါ အလွန် ခါး၍ ချိုသည့်အခါ အလွန်အမင်း ချိုနေတတ်သည့် ဘလက် ကော်ဖီကို သောက်နေရ၍လည်း မဟုတ်၊ ဖြစ်ကတတ်ဆန်း ပြင်ဆင် ခင်းကျင်းထားသော အိပ်ရာပေါ်တွင် သက်သောင့်သက်သာ မအိပ်ရ၍လည်း မဟုတ်၊ သူ စိတ်တိုင်းမကျသလို ဖြစ်နေရခြင်းမှာ ခရစ္စတီ အနီးတွင် မရှိ၍ သာလျှင် ဖြစ်ပေသည်။

ခရစ္စတီ အိမ်တွင် မရှိ ဟူသော အသိသည် သူ့စိတ်အား ဖိစီး နှိပ်စက် လျက် ရှိရာ ဘာကိုမှ အာရုံ စူးစိုက်၍ မရနိုင်အောင် ဖြစ်လျက် ရှိနေရလေ၏။ သူ ရှေ့မှောက်ရှိ စာအုပ်ပုံကြီးကို ငေးမော ကြည့်ရှုရင်း သနားစရာ ကောင်း လှသည့် ခရစ္စတီ၏ ဘဝ အကြောင်းကိုသာ ထပ်တလဲလဲ တွေးနေမိလေ၏။ နူးညံ့ သိမ်မွေ့လှသည့် ခရစ္စတီ၏ ပြောသံ ဆိုသံများကိုသာ ကြားယောင်မိ





မိလေ၏။ ချစ်စရာ ကောင်းသည့် ခရစ္စတီ၏ လှုပ်ရှားဟန်များကိုသာ ထင် ယောင် မြင်ယောင် ဖြစ်နေမိလေ၏။ ဤသို့ဖြင့် အချိန်ရှိသမျှ ခရစ္စတီကိုသာ သတိတရ ဖြစ်နေသဖြင့် စာကျက်ဖြစ်သည်ဟု မရှိတော့ဘဲ အချိန်တွေ အလဟဿ ဖြစ်လျက် ရှိရလေတော့၏။

ဆယ့်ငါးရက် အကြာတွင် ခရစ္စတီထံမှ သူ ပြန်လာတော့မည် ဟူသော ကြေးနန်း ရောက်လာသဖြင့် အင်ဒရူးမှာ ဝမ်းသာလုံး ဆို့ကာ ဘာမှ မလုပ်နိုင် ကိုင်နိုင် ဖြစ်ရပြန်လေ၏။ သူ့စိတ်တွင် ခရစ္စတီ ပြန်မရောက်မီ သူ ကိုယ်တိုင် အိမ်ကို လှပအောင် ပြင်ဆင်ဖို့ တစ်ခုတည်းသာ စွဲလျက် ရှိလေသည်။

ပြင်ဆင်ဖို့ အချိန်ကလည်း များများ မရသဖြင့် ကသုတ်ကရက် စဉ်း စား စီစဉ်ရသည်။ မြို့ထဲသို့ သွား၍ ခရစ္စတီ ကြိုက်တတ်သည့် နှင်းဆီပန်း လှလှ တစ်စည်း ဝယ်သည်။ ငါးသည် ကင်းဒရစ်ထံ ဝင်ရာ ကံအားလျော်စွာပင် ထိုနေ့ မနက်ကမှ ရောက်လာသည့် ပုစွန်တုပ် လတ်လတ်ဆတ်ဆတ် များ ရောင်းနေသည်ကို တွေ့ရသဖြင့် မစ္စက် ဖောက်ဟန်တို့ထံ မပို့မီ ဦးဦး ဖျားဖျား ဝယ်လိုက်သည်။ ထိုနောက် ရေခဲ အနည်းငယ် ဝယ်ပြီး ဟင်းသီး ဟင်းရွက် ရောင်းသည့် ဆိုင်ဘက် လှည့်ဝင်ကာ ဆလတ်ရွက် ဝယ်သည်။ ထို့ နောက် လန်ပတ်၏ ကုန်စုံဆိုင်သို့ ဝင်၍ စပျစ်ရည် တစ်ပုလင်း ဝယ်သည်။ ဆိုင်ရှင် လန်ပတ်ကတော့ သူ့ စပျစ်ရည်သည် ဂျာမနီပြည်လုပ် အကောင်းစား စပျစ်ရည် ဖြစ်ပါသည်ဟု ဆိုလေသည်။

နေ့ခင်း လက်ဖက်ရည် သောက်အပြီးတွင် ဂျင်နီအား အိမ်ပြန်ခိုင်း လိုက်သည်။ ဂျင်နီ ပြန်သွားသည်နှင့် တစ်ပြိုင်နက် သူ စိတ်ကူး စီစဉ်ထား သည့် အတိုင်း လုပ်ရန် ရှိသမျှကို သူ ကိုယ်တိုင် လျှောက်လုပ်လေ၏။

ပုစွန်တုပ်နှင့် ဆလတ်ရွက်ကို ရော၍ ဟင်းအမည် တစ်မျိုး ဖြစ်အောင် ချက်လိုက်သည်။ စပျစ်ရည်နှင့် ရေခဲကို ရော၍ အကောင်းဆုံး ဝိုင် ဖြစ်အောင် ဖျော်လိုက်သည်။ နှင်းဆီပန်းများကို ပန်းအိုး တစ်လုံးနှင့် ထည့်၍ လှပအောင် ပြင်တော့မည်ဟု ကြံခါမှပင် ပန်းအိုးများ ထည့်သည့် ဗီရို သော့ပိတ်သွား သဖြင့် အခက် ကြုံနေရလေ၏။

ဂျင်နီကတော့ သော့ကို ယူသွားလိမ့်မည် မထင်။ တစ်နေရာရာတွင် ထားခဲ့လိမ့်မည်ဟု တွေးကာ အပင်ပန်းခံ၍ ရှာပါသော်လည်း မတွေ့ရချေ။ နောက်ဆုံးတွင် ကြံရာမရတော့သဖြင့် နှင်းဆီပန်း အချို့ကို ရေဖန်ခွက်တွင် ထည့်၍ အချို့ကို သွားတိုက် သွားပွတ်တံများ ထည့်သည့် ဘူးတွင်ထည့်



www.burmeseclassic.com

www.burmeseclassic.com

ထည့်ကာ အလှဆုံး ဖြစ်အောင် ပြင်ဆင်လေ၏။

အားလုံး ပြီးစီးသောအခါ ရှေးဦးစွာ သူ စိတ်တိုင်းကျ ပြင်၍ ထား ထားသည့် နှင်းဆီပန်းများကို ကြည့်သည်။ နောက်ပြီးတော့ သူ ချက်ပြုတ် ထားသည့် အစားအစာများ။ နောက်ပြီးတော့မှ သူ စပ်ထားသည့် ဝိုင်အရက်

သူ လုပ်ထားသမျှတွင် အပြစ် အနာအဆာ ဟူ၍ ဘာမှ မရှိ။ သူ စိတ် တိုင်းကျ ဖြစ်ပြီ။ ထိုအခါမှပင် ဆေးခန်းသို့ သွားသည်။ ည ကိုးနာရီခွဲ တိုင် တွင် ဆေးခန်း၏ အလုပ်ကို သိမ်းပြီး ဘူတာသို့ အပြေးအလွှား ထွက်လာခဲ့သေ ၏။

အင်ဒရူး၏ ရင်ဝယ် ချစ်စ ခင်စ ကြင်နာစတုန်း သာယာ ကြည်နူး မှုမျိုး ပြန်လည် မွေးဖွားလာသည်။ သူသည် ခရစ္စတီအား တယုတယ ကြိုဆို အိမ်သို့ ခေါ်လာခဲ့လေ၏။

ညသည် ငြိမ်ငြိမ်ဆိတ်ဆိတ် ရှိလှပေ၏။

ပတ်ဝန်းကျင်မှာ မသိမသာကလေး အပူဓာတ် လွှမ်းခြုံထားလျက် ရှိ သော်လည်း အေးမြသော လရောင်က သက်သောင့်သက်သာ ဖြစ်အောင် ဖေး တီးပေးထားပေသည်။

အင်ဒရူးသည် ကျက်ရ မှတ်ရ ခက်သော ဆဲလ်ဗေဒ ဘာသာရပ် အကြောင်းကို မေ့လေပြီ။ ခရစ္စတီမှတစ်ပါး အခြား ဘာကိုမှ မသိနိုင်၊ မမြင် နိုင်၊ သတိမရနိုင်တော့ပြီ။

ဆယ့်ငါးရက်တာမျှ ခွဲခွာနေရသည့် အတွက် သူကချည်း အတိုးချ၍ စကားပြောသည်။ အလွန် သာယာ လှပသည့် ရေကန်ကလေး တစ်ကန် ဆော ၌ တည်ဆောက်ထားသော ခံ့ညား လှပသည့် ရဲတိုက်ကြီး ရှိရာ ဒေသ တစ်ခု သို့ သူတို့ နှစ်ယောက် သွားလည်ကြမယ်ဟု ပြောသည်။ ခရစ္စတီသည် ထူးထူး ခြားခြား ချစ်စရာ ကောင်းသည်ဟုလည်း ဆိုသည်။ သူသည် ခရစ္စတီ အပေါ်၌ ကြင်နာမှု ကင်းမဲ့ခဲ့မိပါသည်ဟုလည်း ဝန်ခံသည်။ နောင်သောအခါတွင် ဘယ် တော့မှ အကြင်နာ ကင်းမဲ့သော စိတ်နေ စိတ်ဓာတ်မျိုး မမွေးတော့ပါဟုလည်း ကတိပြုသည်။ ဘယ်သောအခါမှ ရိုင်းရိုင်းပျပျ ပြောဆို ဆက်ဆံခြင်းမျိုးကို လည်း မပြုတော့ပါဟု တာဝန်ယူသည်။

သို့သော်လည်း ခရစ္စတီ အိမ်ပြန်ရောက်ပြီး၍ ရက်သတ္တ တစ်ပတ် ကုန် လွန်သွားသည့် အခါ ခရစ္စတီအား သူ၏ ညှပ်ဖိနပ် ယူပေးရန် ခိုင်းလေသည်။

ဇူလိုင်လ ကုန်၍ ဩဂုတ်လ အတွင်းသို့ ဝင်လာခဲ့လေပြီ။ ရာသီဥတု





သည် တစ်နေ့ထက် တစ်နေ့ ပူပြင်း ခြောက်သွေ့လာသည်နှင့် အမျှ ဖုန်အ သည်း ထူသည်ထက် ထူလာလေသည်။

အင်ဒရူးအဖို့ ကျက်စရာ မှတ်စရာများ ကုန်သလောက် ရှိသွားပြီ ဖြစ် သော်လည်း လက်တွေ့ လုပ်ငန်းပိုင်းတွင် ပိုမို၍ ကျွမ်းကျင်အောင် လေ့လာ သင်ကြားဖို့ လိုနေပြန်၏။ အထူးသဖြင့် ရောဂါဗေဒ ဘာသာရပ်တွင် လက် တွေ့ လေ့လာမှု များများ ပြုလုပ်ရန် လိုအပ်နေ၏။ သို့သော်လည်း အေဘာရာ လော်မြို့တွင် ထို ဘာသာရပ်ကို သင်ကြား ပြသပေးနိုင်မည့်သူ မရှိသဖြင့် ခက်အခဲ ဖြစ်နေရလေ၏။

ကံအားလျော်စွာပင် ခရစ္စတီသည် ပါမောက္ခ ချယ်လစ်ကို သတိရ သည်။ ချယ်လစ်သည် ကာဒစ်ဖ် တက္ကသိုလ်တွင် ဩဇာ ရှိသူ နှံ့စပ်သူ ဖြစ် သော သူ့ထံ လှမ်း၍ အကူအညီ တောင်းလိုက်လျှင် အဆင်ပြေဖွယ်ရာ ရှိ သည်ဟု ခရစ္စတီက ယုံကြည်သဖြင့် အင်ဒရူးအား စာရေး၍ စုံစမ်းရန် တိုက် တွန်းလေ၏။

အင်ဒရူးက စာရေးလိုက်သော အခါ ပါမောက္ခ ချယ်လစ်ထံမှ ပြန်စာ ကို ချက်ချင်း ရသည်။ စကားပြောလျှင် ခပ်ရွှင်ရွှင် ခပ်သောသော ပြောတတ် သော ချယ်လစ်သည် စာရေးသည့် အခါတွင်လည်း သောလုံး ရွှင်လုံးကလေး များ ထည့်ရေးသည်။ ကာဒစ်ဖ် တက္ကသိုလ်ရှိ ရောဂါဗေဒ ဌာနမှ ပုဂ္ဂိုလ်များ သည် သူနှင့် ရင်းနှီးကြသဖြင့် သူ ပြောလျှင် ရနိုင်ကြောင်း၊ မေဆန် အနေ ဖြင့် ယင်းဌာနမှ ဒေါက်တာ ဂလင်း ဂျုံးထံ သွားတွေ့စေလိုကြောင်း၊ ဂလင်း ဂျုံးသည် ရောဂါဗေဒ ပညာရပ်တွင် အလွန်တော်ကြောင်း သူ့စာတွင် ရေးထားပြီး စာ ဆုံးခါနီးတွင်မှ 'ငါကတော့ ခရစ္စတီကို အမြဲ သတိရနေတယ်၊ ဟိုတစ်ည က ဗောက်ဟန်တို့ အိမ်မှာ တွေ့ခဲ့ရတဲ့ ချယ်လစ် ဆိုတဲ့ အဘိုးကြီးဟာ အလွန် မုန်းစရာ ကောင်းတဲ့ အဘိုးကြီးပဲလို့များတော့ မပြောစေချင်ဘူး၊ အမှန်က တော့ အဲဒီ အဘိုးကြီးဟာ အလွန် ယဉ်ကျေး သိမ်မွေ့တဲ့ လူကြွားကြီး တစ် ယောက်ပါ၊ ခရစ္စတီ ကျန်းမာပါစေလို့ ငါ အမြဲ ဆုတောင်း မေတ္တာ ပို့သပါ တယ်ကွာ' ဟု ရေးထားလေသည်။

လလယ်ခန့်တွင် အင်ဒရူး အတွက် မော်တော်ဆိုင်ကယ် အဟောင်း တစ်စီးကို မဖြစ်ဖြစ်အောင် ကြံဖန်၍ ဝယ်လိုက်သည်။ မူလ ပိုင်ရှင်က မော် တော်ဆိုင်ကယ် စက်သည် အလွန် ကောင်းပါသေးသည်ဟု ဆိုသော် လည်း သူ ပြောသလောက် မဟုတ်ပေ။ မည်သို့ပင် ဖြစ်စေ အင်ဒရူး အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ အသုံးတည့်သည်ဟု ဆိုရမည် ဖြစ်၏။

အင်ဒရူးမှာ မနက်ပိုင်း ဆေးခန်းမှ အလုပ်ပြီးလျှင် သုံးနာရီခန့် အားလပ်ချိန် ရသည် ဖြစ်ရာ ထို သုံးနာရီကိုပင် လက်တွေ့ လေ့လာ သင်ကြားမှု အတွက် အသုံးချရမည် ဖြစ်၏။ သို့ဖြစ်ရာ နေ့စဉ် နေ့တိုင်း နေ့လယ်စာ စား ပြီးလျှင် ပြီးချင်း အေဘာရာလောမြို့မှ မိုင်သုံးဆယ်ခန့် ဝေးသော ကာဒစ်ဖ်သို့ မော်တော်ဆိုင်ကယ်ဖြင့် သွားရပြီး ညနေ ငါးနာရီ ထိုးခါနီးလောက်တွင် ကာဒစ်ဖ်မှ အေဘာရာလောသို့ အပြေးအလွှား ပြန်လာရသည်။

ပူပြင်း ခြောက်သွေ့လှသော ဇူလိုင်လသည့် အတွင်း အသွားအပြန် တစ်နေ့လျှင် မိုင်ခြောက်ဆယ်ခန့်မျှ နေ့တိုင်း မော်တော်ဆိုင်ကယ် စီးရသည်မှာ မသက်သာလှပေ။ ပင်ပန်းလွန်းလှသည်။ သို့တစေ ဂလင်း ဂျုံးထံ၌ တစ်နာရီခန့်မျှ လေ့လာ သင်ကြားလိုက်ရသည့် အခါ ပင်ပန်းသမျှကို မေ့ပျောက်သွားရပြ၏။

ခရစ္စတီ အဖို့တော့ အင်ဒရူး အတွက် နေ့စဉ်နှင့်အမျှ စိတ်မောရှာ လေသည်။ အကွေ့အကောက် အဆင်းအတက် များလှသော ဤခရီးလမ်းတွင် မော်တော်ဆိုင်ကယ် အဟောင်းနှင့် သွားလာနေရသည်မှာ ဘေးအန္တရာယ် များ လှချေသည်။ လမ်းတွင် တစ်စုံတစ်ခုများ ဖြစ်မှဖြင့် ဟူသော ပူပန် ကြောင့်ကြ မှုဖြင့် အိမ်မှ နေ၍ ရင်တမမ ဖြစ်ရရှာသည်။ ညနေခင်း အင်ဒရူး မျက်နှာကို မြင်ရမှပင် သက်ပြင်း ချနိုင်ရှာလေသည်။

အင်ဒရူးခမျာမှာလည်း စိတ်မော လူမောပင် ဖြစ်သည်။ တစ်နေ့မျှ နားနားနေနေ နေရသည်ဟု မရှိဘဲ နေ့စဉ်နှင့်အမျှ သုတ်သုတ်စား၊ သုတ်သုတ် သွား၊ သုတ်သုတ် လုပ်ကိုင်နေရသဖြင့် အိမ်ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် ခြေကုန် လက်ပန်းကျကာ ခြေပစ် လက်ပစ် ဖြစ်ရလေတော့၏။

မည်သို့ပင်ဖြစ်စေ အစ ရှိလျှင် အဆုံးသည် ရှိစမြဲ ဖြစ်ရာ အင်ဒရူး၏ အလုပ်များသည် နောက်ဆုံးတွင် ပြီးဆုံးခြင်းသို့ ရောက်ခဲ့လေ၏။ သူ့အဖို့ ကျက်စရာ မှတ်စရာများလည်း ကုန်ပြီ။ လက်တွေ့ လေ့လာစရာများလည်း ကုန်ပြီ။ ဂလင်း ဂျုံးကလည်း အင်ဒရူးအား ထပ်မံ သင်ပြစရာ မရှိတော့ပြီ။ ဘယ်ပုံစံ ဘယ်နမူနာကို ပြပြ၊ အင်ဒရူးက ဒိုးခနဲ ဒက်ခနဲ ပြောပြနိုင်လောက် အောင် အလွတ်ရပြီ။

အင်ဒရူးအဖို့ လုပ်စရာ ဆို၍ စာမေးပွဲဝင်ခွင့် လျှောက်လွှာ တင်သွင်း ရန်နှင့် အဆမတန် များပြားလှသော စာမေးပွဲ ဝင်ကြေး ပေးသွင်းရန်သာ ကျန်တော့၏။ ထိုကိစ္စ နှစ်ခု ပြီးဆုံးသည့် အခါတွင်မူကား သူ့အဖို့ စာမေးပွဲ ဖြေဆိုရမည့် ကိစ္စ တစ်ခုသာလျှင် လုပ်စရာ ကျန်တော့သည်။

အောက်တိုဘာလ ၁၅ ရက်နေ့တွင် အင်ဒရူးသည် တစ်ယောက်တည်း လန်ဒန်သို့ ထွက်ခဲ့လေ၏။ ခရစ္စတီက ဘူတာ အထိ လိုက်ပို့လေသည်။ စာမေးပွဲနှင့် နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရတော့မည့် အချိန် နီးကပ်လာသည့် အခါတွင်မူကား အင်ဒရူး၏ စိတ်သည် ထူးထူးခြားခြား တည်ငြိမ်သွားလေ၏။ စာမေးပွဲ အတွက် ပြင်ဆင် နေရစဉ်က အပူအပင် ကြီးခဲ့ရသလောက် ယခု အခါတွင် ထို ပူပန်ကြောင့်ကြမှုများသည် ဘယ်ဆီ ရောက်သွားလေသည် မသိ။ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်လေ၏။

မနားမနေ ဖတ်ရ မှတ်ရ ကျက်ခဲ့ရခြင်းများကြောင့် လည်းကောင်း၊ စာမေးပွဲနတ်၏ ဖမ်းစားခြင်းကြောင့် လည်းကောင်း မအိပ်နိုင် မစားနိုင် ဖြစ် ခဲ့ရသည်များကိုလည်း သတိမရတော့ပေ။ သူ့ ဦးနှောက်မှာလည်း သွက်သွက် လက်လက် မရှိတော့ဘဲ ထုံထုံထိုင်းထိုင်းနှင့် တစ်မျိုးတစ်ဖုံ ဖြစ်လျက် ရှိ၏။ သူ ကျက်မှတ် လေ့လာခဲ့ရသည့် အချက်အလက် အကြောင်းအရာများသည် လည်း သူ့ခေါင်းထဲတွင် လုံးဝ မရှိတော့သလို ခံစားနေရလေ၏။

လန်ဒန်သို့ ရောက်ပြီး နောက်တစ်နေ့ မနက်တွင် သမားတော်များ ကောလိပ်၌ ကျင်းပသော ရေးဖြေ စာမေးပွဲ ဖြေရလေသည်။ စာမေးပွဲခန်းထဲ ထိုင်မိ၍ မေးခွန်းလွှာများကို ဖတ်လိုက်လျှင်ပင် သူ လိုချင်သည့် အချက် အလက်များသည် သူ့ ဦးနှောက်ထဲဝယ် အလိုအလျောက် အစီအရီ ပေါ်လာ နေလေ၏။ သူသည် နာရီကိုမှ ပြန်၍ မကြည့်နိုင်လောက်အောင်ပင် ဖြေ၍ ကောင်းနေသည်။ စာရွက်တွေ တစ်ရွက်ပြီး တစ်ရွက် ရေးသည်။ တစ်ရွက်ပြီး တစ်ရွက် ထပ်တောင်းသည်။ သူ့ခေါင်း တစ်ခုလုံး မူးဝေ နောက်ကျိလာသည် အထိ အားရပါးရ ရေးချလိုက်လေ၏။

အခု တစ်ခေါက်တွင်လည်း သူ ပထမဆုံးအကြိမ် ခရစ္စတီနှင့် အတူ လန်ဒန်သို့ ရောက်စဉ်က တည်းခိုခဲ့ဖူးသော ပြတိုက် ဟိုတယ်၌ပင် တည်း သည်။ ဤဟိုတယ်မှာ အခန်းခ ဈေးချိုသော်လည်း အစားအသောက်ကျတော့ ညံ့လှ၏။ အအိပ်အစားပျက် ဖြစ်ခဲ့ရသော ရက်တွေက များသဖြင့် သူ့ အစာ အိမ်မှာ သိပ်မကောင်းလှပေ။ မကြာခဏ နာချင်သည်။ မတည့်သော အစား အသောက်များ စားမိလျှင် အစာအိမ်ရောဂါ ဖြစ်လာမည်ကိုလည်း စိုးရိမ်၏။ ထို့ကြောင့်လည်း နေ့လယ်စာကို အစားအသောက် ကောင်းကောင်း ရှိသော





www.burmeseclassic.com

www.burmeseclassic.com

စထရင်း ဟိုတယ်၌ စားလေသည်။

ရေးဖြေ စာမေးပွဲကို ဖြေဆိုနေရသည့် ရက်များ အတွင်းတွင် သူသည် မှင်တက်မိသူပမာ ဖြစ်လျက် ရှိသည်။ တွေတွေ ငေးငေး ဖြစ်ကာ ဘာကိုမှ စိတ် မဝင်စားသည့် ပုံမျိုး ဖြစ်နေလေ၏။ ရုပ်ရှင် ပြဇာတ် ဂီတ စသည့် ပွဲများသို့ သွား၍ စိတ်အပန်းဖြေရန်လည်း စိတ်ကူးမတည့်ချေ။ လမ်းပင် ထွက်မလျှောက် သဖြင့် လူသူ လေးပါးနှင့် ကင်းကွာလျက် ရှိ၏။ တစ်ခါတစ်ရံ ဦးနှောက် အလွန် ခြောက်လာသည့် အခါများတွင် အပြင်ထွက်၍ နှစ်ထပ် ဘတ်စကား လျှောက်စီးလေ့ ရှိသော်လည်း ကျန်အချိန်များတွင်မူ အခန်းအောင်း၍သာ နေ လေ၏။

ရေးဖြေ စာမေးပွဲ ဖြေဆိုပြီးသည့်အခါ လက်တွေ့နှင့် နှုတ်ဖြေ စာမေး ပွဲများ စလေသည်။ အင်ဒရူးသည် ရေးဖြေ စာမေးပွဲ ဖြေစဉ်က အကြောက် အလန့် ကင်းမဲ့သော်လည်း နှုတ်ဖြေ စာမေးပွဲ ဖြေရမည့် အချိန်တွင်မူ ကြောက်စိတ်ဝင်လျက် ရှိသည်။ သူနှင့် အတူ ဖြေရမည့် လူများမှာ နှစ်ဆယ် ခန့် ရှိ၍ အားလုံးလိုလိုပင် သူ့ထက် အသက်ကြီးကြသူများ ဖြစ်ရာ သူ့ထက် အတွေ့အကြုံ ရင့်ကျက်မည့် လက္ခဏာ ရှိမည်ဟု သူ ထင်လေသည်။ ထို လူစု၏ ပုံပန်းမှာ အဘက်ဘက်တွင် သူ့ထက် သာမည့် ပုံပေါ်နေသဖြင့် သူ့ ထက် အလားအလာ ကောင်းသူများ ဖြစ်ဖွယ်ရာ ရှိသည်ဟုပင် သူ ထင်မိ လေ၏။

သူ့ဘေးတွင် ထိုင်နေသော ဟယ်ရစ်ဆန် ဆိုသူနှင့် စကား တစ်ကြိမ် နှစ်ကြိမ် ပြောခဲ့ဖူးရာ ဟယ်ရစ်ဆန်မှာ အောက်စဖို့ တက္ကသိုလ်မှ ဘီ၊ စီ၊ အိပ်ချ် ဘွဲ့ ရထားသူ ဖြစ်ကြောင်း သိရ၏။ ဟယ်ရစ်ဆန်သည် လန်ဒန် မြို့ပေါ်ရှိ စိန့်ဂျွန်း ဆေးရုံကြီး၏ အပြင် လူနာ ဌာန၌ လုပ်ကိုင်နေပြီး ဘရွတ်လမ်းတွင် ကိုယ်ပိုင် ဆေးခန်း ဖွင့်ထားသူ ဖြစ်သည်။ လူနေဟန်ထားနှင့် ပြောပုံ ဆိုပုံ နေထိုင်ပုံများကလည်း အလွန် နှစ်လိုဖွယ်ရာ ကောင်း၏။ သူနှင့် ဟယ်ရစ် ဆန် နှစ်ယောက် ယှဉ်၍ ကြည့်လိုက်လျှင် နှုတ်ဖြေ စာမေးပွဲ စစ်သူများအဖို့ ဟယ်ရစ်ဆန်၏ ဥပမိရုပ်ကိုသာ ပို၍ သဘောကျ နှစ်သက်ကြမည်မှာ မလွဲ ပေ။ ဤအတွေး ဤအထင်သည် သူ့စိတ်အား ခြောက်လန့်လျက် ရှိလေ၏။

အင်ဒရူးသည် လက်တွေ့ စာမေးပွဲကို တောင်ပိုင်း လန်ဒန် ဆေးရုံ၌ ဖြေဆိုရ၏။ သူ၏ လက်တွေ့ စာမေးပွဲ ဖြေပုံကို စာစစ်သူများ ကျေနပ်ကြ လိမ့်မည်ဟု သူ ထင်သည်။ သူ့အား လက်တွေ့ စမ်းသပ် စစ်ဆေးရန်





ပေးထားသည့် လူနာမှာလည်း လည်ချောင်းနာ ဖြစ်နေသော အသက် ၁၄ နှစ် အရွယ် သူငယ် တစ်ဦး ဖြစ်ပေသည်။ အဆုတ်နှင့် ပတ်သက်သော ရောဂါများ အပေါ် စိတ်ဝင်တစား လေ့လာခဲ့ဖူးသော အင်ဒရူးအဖို့ လည်ချောင်း အနာ ရောဂါသည်ကို လက်တွေ့ စမ်းသပ် စစ်ဆေးရန် ပေးအပ်ခြင်း ခံရသည်မှာ ကံလိုက်ခြင်း တစ်မျိုးဟုပင် ထင်မြင်မိသည်။ သူသည် လူနာနှင့် ပတ်သက်၍ တွေ့ရှိချက် ဆေး အစီရင်ခံစာကို ကောင်းစွာ ရေးသားနိုင်ခဲ့သဖြင့် သူ့ အစီရင် ခံစာကို စာစစ်သူများ ကြိုက်ကြလိမ့်မည်ဟု ယုံကြည်မိလေ၏။

နှုတ်ဖြေ စာမေးပွဲနှင့် ပတ်သက်၍မူ သူ့ကံကြမ္မာက ကပြောင်းကပြန် ဖြစ်ပြီဟု တွေးကာ စိတ်မအေးနိုင်အောင် ဖြစ်ရပြန်သည်။ သမားတော် ကော လိပ်၌ ပြုလုပ်သည့် နှုတ်ဖြေ စာမေးပွဲများ၏ လုပ်နည်း လုပ်ဟန်တွင် ထူးခြား ချက်ကလေးများ ရှိနေ၏။

နှုတ်ဖြေ စာမေးပွဲတွင် ဖြေဆိုသူ တစ်ဦးသည် စာစစ်ပုဂ္ဂိုလ် နှစ်ဦးထံ တွင် နှစ်ရက် ဆက်တိုက် အစစ်ဆေးခံရသည်။ စာစစ်ရာ၌ ပထမအကြိမ်တွင် စာစစ် ပုဂ္ဂိုလ် တစ်ဦးက စစ်ဆေး၍ နောက်တစ်ချိန်တွင် အခြား ပုဂ္ဂိုလ် တစ် ဦးက စစ်ဆေးသည်။ နှစ်ဦးစလုံးနှင့် အဆင်ပြေဖို့ လိုအပ်သော်လည်း ပထမ ဆုံး စစ်ဆေးသော ပုဂ္ဂိုလ်နှင့် အဆင်ပြေဖို့က ပို၍ လိုအပ်သည်။ အကယ်၍ ပထမဆုံး စစ်ဆေးသော ပုဂ္ဂိုလ်က ဖြေသူ၌ အရည်အချင်း မမီဟု ယူဆ၍ ကျေနပ်မှု မရှိပါက 'မနက်ဖြန် ချိန်းဆိုထားသော နှုတ်ဖြေ စာမေးပွဲ အတွက် သူကြီးမင်း လာရန် မလိုတော့ပါ' ဟု ယဉ်ကျေး သိမ်မွေ့စွာ ရေးထားသည့် စာတိုကလေး တစ်စောင်ကို ဖြေသူ၏ လက်သို့ ပေးတတ်လေသည်။

ကြောက်စိတ်နှင့် အားငယ်စပြုနေသော အင်ဒရူးသည် သူ ပထမနေ့ ပထမ အချိန်၌ တွေ့ရမည့် နှုတ်ဖြေ စာမေးပွဲ စစ်ဆေးမည့် ပုဂ္ဂိုလ်မှာ ဒေါက် တာ ပေါရစ် ဂက်စဘီ ဖြစ်ကြောင်း သိလိုက်ရသည့်အခါ အကြီးအကျယ် တုန်လှုပ်ကာ စိတ်ပျက်သွားမိလေ၏။ ဟယ်ရစ်ဆန်၏ ပြောပြချက် အရ ဆို လျှင် ဒေါက်တာ ပေါရစ် ဂက်စဘီ ဆိုသူသည် အလွန် တင်းကျပ် တိကျ၍ အညာအတာ ကင်းမဲ့သည့် စာစစ် တစ်ဦး ဖြစ်ပေသည်။

ဂက်စဘီသည် မုတ်ဆိတ်မွေး မည်းနက်နက် တိုနံ့နံ့နှင့် အရုပ်အမောင်း က ပုပျပ်ပုပျပ်၊ မျက်စိပေါက်က ခပ်ကျဉ်းကျဉ်း။ မကြာသေးမီကမှ စာစစ် အဖွဲ့ ဝင် ဖြစ်လာသူ တစ်ဦးပေတည်း။ ယခင် စာစစ်သမားဟောင်းကြီးများ၌ ရှိ တတ်သည့် သည်းခံမှုမျိုးနှင့် စိတ်ရှည်မှုမျိုး မရှိသော်လည်း သူ့ရှေ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသမျှ စာဖြေသူများအား အစဉ်းစား အဆင်ခြင် ကင်းမဲ့စွာဖြင့် ချ[illegible] တတ်သည့် သဘောထားမျိုးကား မရှိပေ။

အင်ဒရူး ဝင်သွားသည့် အခါ ဂက်စဘီသည် မထိတထိဖြင့် မျက်ခုံး နှစ်ဖက်ကို တစ်ချက် ပင့်လိုက်ပြီး အင်ဒရူး၏ ရှေ့မှောက်သို့ မုန့်ချပ်ကလေး ခြောက်ချပ် ချပေးသည်။ အင်ဒရူးသည် မုန့်ချပ်ကလေး ငါးချပ် အတွက် အဖြေမှန် ပေးနိုင်ခဲ့သော်လည်း ဆဋ္ဌမမြောက် မုန့်ချပ် အတွက်မူ အဖြေရှာ မရ တော့ချေ။ ကံဆိုးချင်၍လား မသိ၊ အင်ဒရူး အဖြေရှာမရသည့် မုန့်ချပ်သည် ဂက်စဘီ အာရုံ အထားဆုံးသော မုန့်ချပ် ဖြစ်နေသည်။ အင်ဒရူးမှာ ငါးမိနစ် တိတိမျှ ဤမုန့်ချပ် အတွက် ချွေးဒီးဒီး ကျရလေ၏။

အင်ဒရူး အနေဖြင့် ဤမုန့်ချပ်ပေါ်မှ အရာသည် အနောက် အာဖရိက တိုက်မှ တိရစ္ဆာန် အမ တစ်ကောင်ကောင်၏ သားမျိုးစေ့ ဖြစ်မည်ဟု ထင် သည်။ မြင်နေရသည့် ပုံသဏ္ဌာန်ကလည်း မထင်မရှား ဝိုးတဝါး ဖြစ်လွန်း သဖြင့် အတိအကျကား မပြောနိုင်တော့ပေ။ အထင်အမြင် စိတ်ကူးနှင့်သာ မှန်း၍ ပြောလိုက်ရလေတော့၏။ ဂက်စဘီကတော့ စိတ်မပါ့တပါ အမူအရာ မျိုးဖြင့် သူ့အား ဒုတိယ စာစစ် ပုဂ္ဂိုလ် ဆာ ရောဘတ် အက်ဘီးထံ သွားရန် ညွှန်လိုက်လေ၏။

အင်ဒရူးသည် စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ရာမှ ထ၍ တစ်ဖက်ခန်း သို့ ကူးခဲ့သည်။ မျက်နှာကလည်း ညှိုးငယ်ကာ ဖြူရော်ရော် ဖြစ်နေရုံမျှမက ခြေလက်များ မသယ်ချင်လောက်အောင်ပင် နှလုံးခုန်လျက် ရှိလေသည်။

ရေးဖြေ အားလုံးတွင် သူကိုယ်တိုင် အံ့သြယူရလောက်အောင်ပင် ဖြေ နိုင်၍ လက်တွေ့ ဖြေဆိုရာ၌လည်း အောင်မည်ဟု သေချာပေါက် ပြောနိုင် လောက်အောင်ပင် အဆင်ပြေခဲ့သဖြင့် မျှော်လင့်ချက် များစွာ ထားခဲ့မိ၏။ ယခုသော် သူ့ မျှော်လင့်ချက်များသည် ခဲလေသမျှ သဲရေကျ ဖြစ်ရပေတော့ မည်။

သူ မည်မျှလောက် အပင်ပန်း ခံထားရသည်ကို လည်းကောင်း၊ သူ မည်မျှလောက်အောင် ကြိုးစားထားရသည်ကို လည်းကောင်း သူ တစ်ဦးသာ လျှင် သိ၏။ ဤစာမေးပွဲကိုတော့ အောင်ချင်လှ၏။ အောင်လိုက်ပါက မည်မျှ ကောင်းလေမည်နည်း။

သို့သော် သူ အောင်ဖို့ အတွက် မျှော်လင့်ချက် နည်းသွားပြီ ထင်၏။ ဂက်စ်ဘီက မည်သည့်နည်းနှင့်မှ အအောင်ပေးလိမ့်မည် မထင်ပေ။ သူသည်





ရောက်တတ်ရာရာ တွေးရင်း စိတ်ပူလွန်းအားကြီးသဖြင့် မျက်စိ မျက်နှာ ပျက် လျက် ရှိလေသည်။

အင်ဒရူး၏ အဖြစ်ကို ရုတ်တရက် မရိပ်မိသေးသော ရောဘတ် အက်ဘီး သည် အင်ဒရူးအား ခင်မင် နှစ်လိုဖွယ်ရာ ကောင်းသော အပြုံးဖြင့် ဆီးကြိုလိုက် လေသည်။ အင်ဒရူး သူ့ရှေ့မှောက် ရောက်ခါမှပင် အင်ဒရူး၏ အခြေပျက်နေ ပုံကို မြင်ရသဖြင့် အံ့အားသင့်သွားပြီး 'ဘာဖြစ်လို့လဲ' ဟုလည်း ဆီး၍ မေး လေသည်။

အင်ဒရူးသည် ရောဘတ် အက်ဘီး၏ အမေးကို ရုတ်တရက် မဖြေနိုင် ဘဲ အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသေးသည်။ အတန်ကြာမှ 'ဘာမှ မဖြစ် ပါဘူး ခင်ဗျာ၊ ကျွန်တော် ဒေါက်တာ ဂက်စဘီဆီမှာ အားရလောက်အောင် မဖြေနိုင်ခဲ့ဘူး ထင်လို့ပါ' ဟု ပြောလိုက်လေ၏။

'ကိစ္စ မရှိပါဘူး၊ ပြီးခဲ့တာအတွက် ပူမနေနှင့်၊ ဟောဒီမှာ ငါ ပြတဲ့ [illegible]ခံတွေကို ကြည့်စမ်း၊ ပြီးတော့ မင်း ထင်တာပြော'

အက်ဘီးက သူ့အား ပြုံး၍ ကြည့်နေသည်။ သူ့အပြုံးတွင် အားပေးမှု အပြည့်ပါလေသည်။

အက်ဘီးသည် မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးများကို စင်ကြယ်အောင် ရိတ်ထားသည်။ အသားရောင်က နီရဲရဲနှင့် အသက် ခြောက်ဆယ့်ငါးနှစ်ခန့် ရှိပြီ။ ယခုအခါတွင် ရောဘတ် အက်ဘီးသည် ဥရောပ တစ်ခွင်၌ အထင်ရှား ဆုံးသော သမားတော်ကြီးများ အနက် တတိယအဆင့် နေရာလောက်၌ ရှိနေ သော သမားတော်ကြီး တစ်ဦး ဖြစ်၏။ ဤမျှလောက် အထိ ကြီးကျယ် ထင် ရှား နေသော်လည်း အက်ဘီးသည် သူ၏ အတိတ် ဘဝကို မေ့သွားသူ မဟုတ် ပေ။ သူ ဆရာဝန် ပေါက်စ ဘဝက ရုန်းကန် လှုပ်ရှားခဲ့ရသည့် အခြေအနေ များ၊ ရင်ဆိုင်ခဲ့ရသည့် အခက်အခဲများနှင့် တွေ့ကြုံ ခံစားခဲ့ရသည့် ဆင်းရဲ ပင်ပန်းမှုများကို အမြဲတစေ သတိရနေသူ ဖြစ်လေသည်။

အမှန်တော့လည်း အက်ဘီးသည် ကိုယ်ထူးကိုယ်ချွန်သမား ဖြစ်ရာ သူ့ မွေးရပ် ဇာတိ ဖြစ်သော လီစ်နယ်မှ လန်ဒန်မြို့သို့ တစ်ဦးတည်း တက်လာ ခဲ့သူ ဖြစ်သည်။ သူ့တွင် အားကိုးစရာ ကျောထောက် နောက်ခံ မရှိသဖြင့် လန်ဒန် ရောက်သည့်အခါ အဆင့်အတန်း ခွဲခြားမှု၊ အတိုက်အခံ ပြုမှု စသည် များနှင့် ရင်ဆိုင်ခဲ့ရသည်။ သို့သော်လည်း သူသည် အရှုံးမပေးဘဲ [illegible] အရာရာကို ရင်ဆိုင်ပြီးမှ အောင်မြင် ကျော်ကြားမှု လမ်းကြောင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရသူ ဖြစ်ပေသည်။

အက်ဘီးသည် အင်ဒရူးအား စူးစူးစိုက်စိုက် ကြည့်နေသဖြင့် ပုံမကျ ပန်းမကျ ချုပ်ထားသော အင်ဒရူး၏ အပေါ် ဝတ်စုံ၊ သိပ်ကြီး သစ်သစ်လွင် လွင် မရှိတော့သည့် အင်ဒရူး၏ ရှပ်အင်္ကျီ၊ မသေမသပ် တပ်ထားသည့် အင် ဒရူး၏ နက္ကတိုင်နှင့် အလုပ် တစ်ခုခု လုပ်တော့မည် ဆိုလျှင် ထိုအလုပ် အပေါ် ၌ စွဲစွဲလမ်းလမ်းနှင့် အလေးအနက် ထားတတ်သည့် အင်ဒရူး၏ မျက်နှာ သွင်ပြင်များကို သတိမပြုမိဘဲ မနေနိုင်ချေ။ အထူးသဖြင့် ဆင်းရဲ အပင်ပန်း ခံထားရသည့် ဒဏ်ရာ ဒဏ်ချက်တို့သည် အင်ဒရူး၏ မျက်နှာပေါ်တွင် အရိပ် ထင်လျက် ရှိပေရာ အက်ဘီးသည် သူ ငယ်စဉ်က သူ့ဒေသမှ လန်ဒန်မြို့ပေါ် သို့ တက်လာခဲ့ရသည့် ဘဝကို ပြေး၍ သတိရနေမိလေ၏။

ဘာကြောင့်ရယ်တော့ မသိ၊ ရောဘတ် အက်ဘီးသည် အင်ဒရူးအား သနား ကြင်နာသော စိတ် ယိုဖိတ်လျက် ရှိသည်။ ဤစာမေးပွဲကို လာရောက် ဖြေဆိုနေကြသော အခြား လူများထက် နွမ်းပါးပုံ ရသော်လည်း ထိုလူစုထက် ပို၍ ကြိုးစားပုံ ရသော ဤသူငယ်သည် ထူးခြား ထက်မြက်ပုံ ပေါ်သည်ဟု သူ ထင်မိလေ၏။

အက်ဘီးသည် သူ့ရှေ့၌ ချထားသည့် အမှတ်စာရင်းကို ကြည့်လိုက် မိသည်။ အင်ဒရူး ရရှိထားသည့် အမှတ်များမှာ အောင်မှတ်များကို လျော့လွန် နေပေသည်။ အထူးသဖြင့် မကြာသေးမီက ဖြေဆို ပြီးစီးခဲ့သော လက်တွေ့ စာမေးပွဲတွင် ရရှိထားသည့် အမှတ်မှာ အလွန် ကောင်းနေပေသည်။ သူသည် အင်ဒရူး အတွက် အလွန် ကျေနပ် အားရခြင်း ဖြစ်မိလေ၏။

အင်ဒရူးကတော့ သူ့ရှေ့၌ ရောက်နေသည့် နမူနာ ပုံစံ မှန်ဘူးများကို အသေအချာ ကြည့်ကာ ဖြေဆိုလျက် ရှိ၏။ ဖြေသာ ဖြေနေရသော်လည်း သူ့ စိတ်ကတော့ အလျင် ရက်များကလို ရွှင်လန်း တက်ကြွခြင်း မရှိလှချေ။

'ဟုတ်ပြီ'

အက်ဘီးက နှုတ်မှ တစ်ချက် ရေရွတ်လိုက်ပြီး နမူနာပုံစံ ဖန်ဘူး တစ် ဘူးကို ကောက်ယူ၍ အင်ဒရူးအား ပြရင်း မေးခွန်းများ စမေးလေသည်။ ပြထားသည့် နမူနာ ပုံစံကား နှလုံး သွေးလွှတ်ကြောမကြီး ပိုလွန် ကြီးမားနေ ခြင်းကို ပြထားသည့် ပုံစံ ဖြစ်ပေသည်။

ပထမတော့ အခြေခံ အကြောင်းအရာများလောက်ကိုသာ မေးသည့် မေးခွန်းများ ဖြစ်သဖြင့် ဖြေဆိုရသည်မှာ လွယ်ကူလှသော်လည်း နောက်ပိုင်း





ကျတော့ တဖြည်းဖြည်းနှင့် ခက်ခဲ နက်နဲသော မေးခွန်းများ ဖြစ်လာသည်။ မေးပုံများက နက်နဲသည်နှင့်အမျှ ကျယ်ပြန့်လာသည်။ ဖြေရသည်မှာ အတော် ကြီး ချိန်ဆ၍ ဖြေရသည်။ နောက်ဆုံးတွင် မကြာသေးမီကမှ ရှာဖွေ တွေ့ရှိ ထားသော ငှက်ဖျားရောဂါ ကုထုံး တစ်ခု အကြောင်း ရောက်လာလေသည်။

ယခုအချိန်ထိတော့ ရောဘတ် အက်ဘီး မေးသမျှကို အင်ဒရူး ဖြေ နိုင်သည်။ မေးပုံကလည်း အစီအစဉ်နှင့် စနစ်တကျ ရှိသဖြင့် ဖြေရသည်မှာ အဆင်ပြေလှပေသည်။

အက်ဘီးသည် သူ့ လက်ထဲမှ နမူနာ ပုံစံ ဖန်ဘူးကို စားပွဲပေါ်သို့ ပြန်ချထားလိုက်ပြီး မေးခွန်း တစ်ခု ကောက်မေးသည်။

'မင်း နှလုံးသွေးလွှတ်ကြောမကြီးရဲ့ သမိုင်းကြောင်းနှင့် ပတ်သက်ပြီး သိသလောက် ပြောပြစမ်းပါ'

အင်ဒရူးက 'အမ်ဘရိုစီ ပိုရီ ဟာ' ဟု စလိုက်သည်။ အက်ဘီးက မှန် ကန်ကြောင်း သဘောတူသည့် အနေဖြင့် ခေါင်းတစ်ချက် ညိတ်လိုက်သည်။ အင်ဒရူးက အားတက်သရောဖြင့် သူ့ အဖြေကို ဆက်သည်။

'အမ်ဘရိုစီ ပိုရီဟာ နှလုံးသွေးလွှတ်ကြောမကြီးရဲ့ အခြေအနေကို စတင် တွေ့ရှိခဲ့တဲ့ ပုဂ္ဂိုလ် တစ်ဦးလို့ ကျွန်တော်တို့ ယူဆရပါတယ်'

အက်ဘီး၏ မျက်နှာပေါ်ဝယ် အလွန် အံ့အားသင့်သွားသည့် အရိပ် အငွေ့ ထင်ဟပ်လာသည်။ 'ဘာကြောင့် ယူဆတယ် ဆိုတဲ့ စကားကို သုံးသလဲ ဒေါက်တာ မေဆန်၊ ပိုရီဟာ နှလုံးသွေးလွှတ်ကြောမကြီး အကြောင်းကို စပြီး တွေ့ခဲ့တဲ့လူပဲ မဟုတ်လားကွယ့်'

အင်ဒရူး၏ မျက်နှာမှာ ချက်ချင်းပင် ရဲခနဲ ဖြစ်သွားသည်။ 'တစ်ခု တော့ဖြင့် လွဲပြန်ပြီ' ဟု တွေးကာ စိတ်မသက်မသာ ဖြစ်ရပြန်သည်။ အား မရှိတော့သည့် လေသံဖြင့် သူ့ အယူအဆကို ရှင်းပြလေသည်။

'ဒီလိုပါ ခင်ဗျာ၊ ကျွန်တော် ပြောလိုက်တာက ပြဋ္ဌာန်းထားတဲ့ စာအုပ် တွေထဲမှာ ပါတဲ့ အတိုင်း ပြောလိုက်မိတာပါ၊ ဒေါက်တာ ရှာကြည့်ရင် စာအုပ် တိုင်းလိုလိုမှာ ဒီအချက်တွေကို တွေ့နိုင်ပါတယ်၊ ကျွန်တော် ကိုယ်တိုင်လည်း ဒီအချက်နှင့် ပတ်သက်ပြီး အတော် ဒုက္ခ ရောက်ခဲ့ရပါတယ်၊ ပထမ သိထား တာက အမ်ဘရိုစီ ပိုရီဟာ ပထမဆုံး တွေ့ရှိသူလို့ သိထားရပါတယ်၊ အဲသလို သိထားပြီးခါမှ စာအုပ် တစ်အုပ်ထဲမှာ အမ်ဘရိုစီ ပိုရီထက် စောပြီး တွေ့ရှိသူ ရှိတယ်လို့ ဆိုထားတာ တွေ့ရပါတယ်၊ ကျွန်တော့် အနေနှင့် ဒီအချက်ထဲသာမှာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အောင် ဆိုပြီး စာအုပ် ခြောက်အုပ်တိတိ ရှာပြီး ဖတ်ခဲ့ရပါတယ်၊ ဖတ်ရင်း ဖတ်ရင်းနှင့် ဖတ်တာကလည်း ကျွန်တော် သင်ယူနေရတဲ့ လက်တင် ဘာသာ ဘက်မှာ တိုးတက်အောင် ဆိုပြီး ဖတ်တာပါ၊ လက်တင် ဘာသာ တတ်မြောက် ဖို့ကလည်း လက်တင် စာအုပ်တွေ ဖတ်မှ ဖြစ်တာမို့ ကြိုးစားပြီး ဖတ်ခဲ့မိတာ ပါ၊ အဲသလို ဖတ်ရင်းနှင့်ပဲ ဆဲလ်ဆပ်စ် ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ အကြောင်းကို တွေ့ လာရပါတယ်၊ အဲဒီမှာတင်ပဲ နှလုံးသွေးလွှတ်ကြောမကြီး ဆိုတဲ့ စကားလုံး တစ်လုံးကိုပါ တွေ့လာရပါတယ်၊ ဆဲလ်ဆပ်စ်ဟာ နှလုံးသွေးလွှတ်ကြောမ ကြီးကို ဦးစွာ တွေ့ရှိခဲ့ပြီး သူက အသေးစိတ် ရေးထားခဲ့ပါတယ်၊ ပိုရီ မပေါ် ခင် ဆယ့်သုံး ရာစုလောက် ကတည်းက ဖြစ်ခဲ့တဲ့ ကိစ္စပါ၊ ဒါကြောင့်မို့ ကျွန် တော့် အနေနှင့် ပိုရီဟာ နှလုံးသွေးလွှတ်ကြောမကြီး အကြောင်းကို ပထမဆုံး တွေ့ရှိသူလို့ ပြောဖို့ စိတ်မရဲတာနှင့် ယူဆတယ် ဆိုတဲ့ စကားကို သုံးလိုက် မိတာပါ'

အခန်းထဲဝယ် တိတ်ဆိတ် ငြိမ်သက်သွားလေ၏။

အင်ဒရူးသည် ရောဘတ် အက်ဘီး၏ မျက်နှာကို မဝံ့မရဲဖြင့် တစ်ချက် နိုးကြည့်သည်။ သူကတော့ သူ့အသိကို အမှန်အတိုင်း ပြောပြခြင်း ဖြစ်သော် လည်း အောင်မြင်မှု လမ်းမပေါ် ရောက်နေသော အက်ဘီးလို စာစစ် တစ်ဦး က သဘောထား သေးသိမ်ပါမူ အင်ဒရူးအား လူလည်လုပ်သည်ဟု ယူဆကာ အထင်အမြင် လွဲမှားသွားနိုင်၏။ သို့သော်လည်း ရောဘတ် အက်ဘီးသည် အင်ဒရူးအား ထူးဆန်းသော မျက်နှာထားဖြင့် ကြည့်လျက် ရှိလေသည်။

'ဒေါက်တာ မေဆန်'

ရောဘတ် အက်ဘီးသည် အလွန် ကျေနပ် အားရသည့် အသံဖြင့် ခေါ် လိုက်သည်။

'မင်း အင်မတန် တော်ပါတယ်၊ တို့များက နှလုံးသွေးလွှတ်ကြောမကြီး အကြောင်းကို ပထမဦးဆုံး တွေ့ရှိသူဟာ အမ်ဘရိုစီ ပိုရီလို့ အမှတ် မှားနေကြ တယ်၊ ဒီအမှားကို မြင်အောင် ပြောပြနိုင်တဲ့ သူဟာ စာမေးပွဲ ဝင်ဖြေကြသူ တွေထဲမှာ မင်းဟာ ပထမဆုံး လူပဲ၊ ဒီအချက်နှင့် ပတ်သက်လို့ ကိုယ် တွေ့ ထားတဲ့ အတိုင်း မှန်မှန်ကန်ကန် ရဲရဲဝံ့ဝံ့ ပြောပြတဲ့ အတွက် မင်းကို ကျေးဇူး တင်ပါတယ်၊ ဒီအချက်ကို ငါတောင် မသိသေးဘူး၊ ငါ မင့်ကို ချီးကျူးပါတယ်'

အင်ဒရူးသည် ရောဘတ် အက်ဘီးလို ပုဂ္ဂိုလ်ကြီး၏ ချီးကျူးမှုကြောင့် မနေတတ် မထိုင်တတ် ဖြစ်ကာ မျက်နှာ တစ်ခုလုံး နီရဲလျက် ရှိလေသည်။





'ငါ မင့်ကို မေးစရာ တစ်ခုပဲ ကျန်ပါတော့တယ်၊ ဒီမေးခွန်းကလည်း ...ိုလ်ရေး ဆိုင်ရာ စိတ်ဝင်စားမှုကြောင့် မေးတာပဲ ဆိုပါတော့၊ မင်းအနေနှင့် ...ယ်လို အခြေခံ မူပေါ်မှာ ရပ်ပါသလဲ၊ ငါ ဆိုလိုတာက မင်းရဲ့ အတတ်ပညာ ... အသုံးပြုပြီး ဆေးဝါး ကုသမှု လုပ်ငန်းကို လုပ်တဲ့ အခါမှာ မင်း အနေ ...င် လိုက်နာဖို့ အတွက် မင်းဘာသာ မင်း ချမှတ်ထားတဲ့ အခြေခံမူ အခြေခံ ...တွေးအခေါ်ဟာ ဘာလဲ'

အင်ဒရူးသည် ထိုမေးခွန်း အတွက် အဖြေပေးရန် ဝန်လေးလျက် ရှိ ...ဖြင့် ဖြေသင့် မဖြေသင့် ချီတုံချတုံ ဖြစ်လျက် ရှိသည်။ နောက်ဆုံးတွင်မှ ...စောက သူ့အပေါ် အထင်အမြင် ကြီးထားသမျှ ပျက်ချင်လည်း ပျက်စေ ...တော့ဟု သဘောထားကာ သူ့ ယုံကြည်ချက် အတိုင်း မျက်စိမှိတ်၍ ပွင့်ပွင့် ...င်းလင်း ဖွင့်ဟလိုက်လေ၏။

'ကျွန်တော် ခံယူတာကတော့... ကျွန်တော့် ခံယူချက် ဆိုပါတော့၊ ...ျွန်တော့် ခံယူချက်က အလုပ်ကို လုပ်တဲ့ အခါမှာ အလုပ်အပေါ်က နေပြီး ...ယ်တော့မှ အခွင့်အရေး တစ်ရပ် အနေနှင့် မယူဖို့ ကိုယ့်ကိုယ်ကိုယ် အမြဲ ...တိပေးနေမယ်လို့ ဆုံးဖြတ်ထားပါတယ်'

'ကျေးဇူးပဲ ဒေါက်တာ မေဆန်'

အင်ဒရူး အခန်းထဲမှ ထွက်သွားလျှင် ထွက်သွားချင်းပင် အက်ဘီး ...သည် ကလောင်တံကို လှမ်းယူလိုက်သည်။ ငယ်ရွယ်စဉ်က ရှိခဲ့သည့် နုပျို ...န်းဆတ်သော စိတ်နှင့် တက်ကြွသော စိတ်တို့သည် ပြန်လည် ဝင်ရောက် ...သည့်နှယ် ခံစားနေရလေသည်။ 'တကယ်လို့များ အင်ဒရူးက လူတွေရဲ့ ...သက်ကို ကယ်တင်မယ်၊ ဆင်းရဲ ဒုက္ခ ရောက်နေတဲ့ လူသားတွေကို ကူညီ ...ောင့်ရှောက် ကယ်တင်မယ် ဆိုတဲ့ မူတွေ ချမှတ်ထားပါတယ် ဆိုတဲ့ မဟုတ် ... ဟုတ်က အဖြေမျိုးသာ ပေးခဲ့ရင် သူ့နာမည်ကို ဒီ စာရင်းထဲက ငါ ဖျက်ပစ် ...မှာ သေချာတယ်' ဟုလည်း တွေးနေလေ၏။

ရောဘတ် အက်ဘီးသည် အင်ဒရူး မေဆန် ဟူသော အမည်၏ ဘေး ... ရရှိမှတ် ကွက်လပ်ထဲတွင် '၁၀၀' ဟူသော ဂဏန်းကို ရေးချလိုက်လေ ...သည်။ အကယ်၍သာ အမှတ် တစ်ရာထက် ပို၍ ပေးနိုင်သော အခြေအနေနှင့် ...ခွင့်အရေးသာ သူ့တွင် ရှိပါမူ သူ ယခုပေးထားသည့် အမှတ်၏ နှစ်ဆ ...သိ တိုးပေးမိမည် ဖြစ်၏။

မိနစ် အနည်းငယ် အတွင်းမှာပင် အင်ဒရူးသည် အခြား စာ...

www.burmeseclassic.com

www.burmeseclassic.com


သူများနှင့် အတူ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ လှေကား ခြေရင်းတွင် စာအိတ် တစ်ထပ် ကိုင်ထားသော အမှုထမ်း တစ်ဦးသည် သူတို့ လူစု ဆင်း အလာကို စောင့်မျှော်လျက် ရှိပေသည်။ သူ့ရှေ့မှ ဖြတ်သွားသော စာမေး ဖြေသူတိုင်းအား စာအိတ် တစ်လုံးစီ ဆီး၍ ပေးနေလေသည်။

အင်ဒရူး၏ နောက်မှ ကပ်၍ လိုက်လာသော ဟယ်ရစ်ဆန်သည် လက်ထဲ ရောက်လာသည့် စာအိတ်ကို အလျှင်အမြန် ဖောက်ဖတ်သည်။ မျက်နှာသည် ချက်ချင်းပင် မှုန်မှိုင်းသွားလေသည်။ သူသည် အင်ဒရူးအား မော့ကြည့်လိုက်ပြီး 'ကျွန်တော့်ကိုတော့ မနက်ဖြန် လာဖို့ မလိုတော့ဘူး ရေးထားတယ်' ဟု ခပ်တိုးတိုး ပြောသည်။ ပြီးမှ တစ်ချက် အားတင်း၍ လိုက်ကာ 'ခင်ဗျားကော ဘယ်လိုလဲ' ဟု မေးလေ၏။

စာအိတ်ကို ဖွင့်နေသော အင်ဒရူး၏ လက်များသည် တုန်ယင်လျက် ရှိသည်။ စာကို မနည်းကြီး အားတင်း၍ ဖတ်နေရသည်။ သူ့ မျက်စိများ ပင် သူ မယုံကြည်နိုင်အောင် ဖြစ်လျက်ရှိ၏။ ဟယ်ရစ်ဆန်က သူ့အား ချီးကျူး စကား ပြောနေသည်ကိုမှ သူ ကြားနေရသည်။

သူ့အတွက် မျှော်လင့်ချက်များသည် ပြန်လည် ရှင်သန်၍ လာ ချေပြီ။ သူသည် စထရင်း ဟိုတယ်သို့ ပြန်၍ နွားနို့ တစ်ခွက် သောက်ရင်း 'တကယ်လို့သာ ငါ စာမေးပွဲ အောင်ရင် ဘတ်စကား ရှေ့ တည့်တည့် နေပြီး လမ်းလျှောက်မယ်' ဟု စိတ်ကူးနေလေ၏။

နောက်တစ်နေ့ မနက် နှုတ်ဖြေ စာမေးပွဲ ဖြေရန် ရောက်သွားသည့် အခါ စာမေးပွဲဝင်သူ အားလုံး အနက် တစ်ဝက်ခန့် ပြုတ်သွားသည်ကို ရသည်။ ကျန်တစ်ဝက်ထဲမှ တစ်ဝက်လောက် ထပ်၍ ပြုတ်လိမ့်ဦးမည် သော ကောလာဟလ သတင်းကို တစ်ယောက် တစ်ပေါက် ပြောလျက် ရှိ လေသည်။

ယနေ့ အဖို့တော့ အင်ဒရူးသည် သူ ဖြေနိုင် မဖြေနိုင်ကို အတိအကျ ခွဲခြား၍ မသိတော့ပေ။ သူ သိနေသည်မှာ သူ့ဦးခေါင်း တစ်ခုလုံး အဆမတန် အုံ၍ ကိုက်ခဲလျက် ရှိနေခြင်းပင် ဖြစ်သည်။ သူ့ ခြေထောက်များမှာလည်း တုံးပမာ အေးစက်လျက် ရှိကာ သူ့ရင် တစ်ခုလုံးမှာလည်း ဟာလျက် ရှိ သည်။

နောက်ဆုံးတွင် စာမေးပွဲ ဖြေဆိုခြင်းကိစ္စသည် ပြီးဆုံးခြင်းသို့ ရောက် သွားလေ၏။ မွန်းလွဲပိုင်း လေးနာရီခန့်တွင် အင်ဒရူးသည် အပေါ်ဝတ် အင်္ကျီ



ကြီးများ ထားရာ အခန်းထဲမှ မရွှင်မလန်းသော မျက်နှာဖြင့် လေးတွဲ့ ညှိနဲ့စွာ ထွက်လာသည်။ သူ၏ အပေါ်ဝတ် အင်္ကျီကို လက်တစ်ဖက်နှင့် ယူလာသည်။ သူသည် ခန်းမကြီးထဲမှ ဖြတ်၍ လျှောက်လာစဉ် ဆောင်းမီးဖို ကြီး တစ်ခု၏ ရှေ့၌ ရပ်နေသော ရောဘတ် အက်ဘီးကို မြင်လိုက်ရလေ၏။ သည် အက်ဘီးအား နှုတ်မဆက်တော့ဘဲ ထွက်သွားတော့မည်ဟု စိတ်ကူးခိုက် ပင် အက်ဘီးက သူ့ဆီသို့ လျှောက်လာပြီး လက်တစ်ဖက်ကို ကမ်းပေး သည်။ မျက်နှာကလည်း ဝမ်းသာ လှိုက်လှဲသော အမူအရာဖြင့် ရွှင်ပြုံးလျက် ရှိသည်။ ပြီးမှ အင်ဒရူး စာမေးပွဲ အောင်သွားပြီ ဟူသော မင်္ဂလာ သတင်းကို ပြောကြားလိုက်လေ၏။

BURMESE CLASSIC .com

အင်ဒရူးမှာ ဝမ်းသာလုံး ဆို့ကာ ကြက်သေသေလျက် ရှိလေ၏။

သူ၏ အပင်ပန်း ခံရကျိုး၊ ကြိုးစားရကျိုး၊ အဆင်းရဲ ခံရကျိုး နပ်ခဲ့ ပေပြီ။ သူ့ဘဝသည် ပြန်လည် ရှင်သန် လာခဲ့ရလေပြီ။ စောစောက ကွဲလု တတ် ကိုက်ခဲ နာကျင်နေသည့် ခေါင်းကိုက် ဝေဒနာသည် ချက်ချင်းပင် ယ်ဆီ လွင့်၍ ဘယ်ဆီ ရောက်သွားမှန်း မသိတော့ပေ။ ဝမ်းနည်း အားငယ် သို့ ဖြစ်နေသော စိတ်၏ ခံစားမှုနှင့် မလှုပ်ရှားချင်လောက်အောင် ဖြစ်နေ သော ပင်ပန်း နွမ်းနယ်မှုတို့ကိုလည်း သူ မေ့သွားလေသည်။ သူသည် ခရစ္စတိ ကြေးနန်း ရိုက်ရန် အတွက် အနီးဆုံးသော စာတိုက်ဆီသို့ အပြေးအလွှား ားနေစဉ် သူ၏ နှလုံးသားသည် ကွဲထွက် သွားတော့မလားဟု ထင်ရ ောက်အောင်ပင် ပြင်းပြင်းထန်ထန် ခုန်လျက် ရှိလေ၏။

သူသည် အခက်ခဲဆုံးသော စာမေးပွဲကို အောင်မြင်ခဲ့လေပြီ။ အောင် ရာ၌လည်း လန်ဒန် မြို့ပေါ်ရှိ နာမည်ကြီး ဆရာဝန်များ ကျက်စားရာ နောက်ပိုင်း နယ်မြေတွင် နေထိုင်ပြီး အောင်မြင်ခဲ့ခြင်း မဟုတ်ပေ။ လန်ဒန် ကြီးနှင့် အလွန် ဝေးကွာသည့် သာမည တောမြို့ကလေး တစ်မြို့တွင် သာ လက်ထောက် ဆရာဝန် လုပ်ရင်းနှင့် အောင်မြင်ခဲ့ခြင်း ဖြစ်သည်။ ဤ အောင်မြင်မှု အတွက် သူသည် ဝမ်းသာ၍ မဆုံး။ ဂုဏ်ယူ၍ မဆုံး။

အင်ဒရူး၏ တစ်ကိုယ်လုံးမှာ ပေါ့ပါးလျက် ရှိပြီး သူ့ ခြေထောက်များ သည် မြေကြီးနှင့် ထိသည်ဟုပင် မထင်မိတော့ပေ။ အခုလို စာမေးပွဲ အောင် ပြီ ဆိုတော့လည်း ဘာမှ မဟုတ်သလို ဘာမှ မထူးခြားသလို ဖြစ်နေပြန် ၏။ စာမေးပွဲ မဖြေခင်တုန်းက မအိပ်ခဲ့ရသည့် ညများ၊ ကာဒစ် တော်ဆိုင်ကယ် အစုတ်ကလေးနှင့် တပင်တပန်း သွားခဲ့ရသည့် နေ့



www.burmeseclassic.com

 www.burmeseclassic.com

မစားနိုင် မအိပ်နိုင်နှင့် ကျက်လိုက် မှတ်လိုက် လုပ်ခဲ့ရသည့် အချိန်နာရီများ… ဤအရာများသည် မပြောလောက်သည့် သာမည အသေးအဖွဲ ကိစ္စများလို ဖြ… သွားလေသည်။

အင်ဒရူးသည် အရှူး တစ်ယောက်ပမာ ရွှင်လန်း မြူးထူးသော စိတ်… လူအများကြားတွင် ဖြတ်လျှောက် သွားနေသည်။ တက္ကစီများကိုလည်း မမြင်… နှစ်ထပ် ဘတ်စကားကြီးများ၏ အသံဗလံများကိုလည်း မကြား။ သူ … လိုက်သည့် ကြေးနန်းကိုသာ ရလျှင် ခရစ္စတီ မည်မျှ ဝမ်းသာလေမည်နည်း ဟူသော အတွေး ရေလျဉ်ကြောတွင် နှစ်မျောကာ မိုးမမြင် လေမမြင် လျှော… သွားလျက် ရှိလေ၏။



BURMESE CLASSIC .com

[၁၁]

…ရထားသည် အေဘာရာလော မြို့သို့ ဆိုက်နေကျ အချိန်ထက် နာရီဝက်ခန့် …ောက်ကျ၍ ဆိုက်လေသည်။ မီးရထား ဆိုက်ချိန်တွင် သန်းခေါင် နီးနေပေ…။ လေမုန်တိုင်း ကျနေသဖြင့် မီးရထားမှာ မြန်မြန်ဆန်ဆန် မခုတ်နိုင်ခဲ့ပေ။ …ခရီးလမ်းလုံး ခပ်ဖြည်းဖြည်းသာ ခုတ်မောင်းခဲ့ရ၏။

မီးရထားပေါ်မှ ဆင်း၍ ပလက်ဖောင်းပေါ် ခြေချမိသည်နှင့် တစ်ပြိုင်…က် အင်ဒရူးသည် ပြင်းထန်စွာ တိုက်ခတ်လျက် ရှိသော ဟာရီကိန်း လေမုန်…တိုင်းနှင့် ရင်ဆိုင်ရလေတော့၏။ အေဘာရာလော မြို့မှာလည်း လေမုန်တိုင်း …အောက်တွင် ပြားပြားဝပ်လျက် ရှိသည်ကို တွေ့မြင်ရလေ၏။

အင်ဒရူးသည် တိုက်ခတ်နေသော လေအရှိန် ပြင်းထန်လွန်းသဖြင့် …ကိုယ်လုံး လေထဲ ပါမသွားစေရန် အလွန် သတိကြီးစွာ ထား၍ လျှောက် …ရလေသည်။ ဘူတာရုံ တစ်ခုလုံးမှာ တိတ်ဆိတ် ခြောက်သွေ့လျက် ရှိ၏။ ဘူတာရုံ အဝင်ဝ၌ တန်းစီ၍ စိုက်ထားသော ထင်းရှူးပင်ပေါက်များသည် လေ…က်ကြောင့် တစ်ဖက်သို့ ကွေးညွတ်ကာ တရှိုးရှိုး တရဲရဲ အော်မြည်ပြီး ယိမ်း…း လှုပ်ရှားလျက် ရှိကြပေသည်။ မည်းမှောင်နေသော ကောင်းကင်ပြင်ဝယ် …ကြယ်ကလေးများသည် ကိုယ့် အစုလေးနှင့် ကိုယ် ဟိုတစ်စု သည်တစ်စု ရပ် …သည်ကာ တလက်လက် တောက်ပနေကြလေ၏။

အင်ဒရူးသည် လေဒဏ်ကို ကြံ့ကြံ့ခံ၍ ဘူတာလမ်း အတိုင်း လျှောက် …လာသည်။ တစ်ချက် တစ်ချက် ဆောင့်၍ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း … …မ်း တိုက်ခတ်လာသော လေသံကို နားထောင်ရင်းကပင် အင်ဒရူး၏ စိတ်… …မှာ ရွှင်မြူးလျက် ရှိလေသည်။ သူသည် ကြီးမားသော အောင်မြင်မှုကြီး…



www.burmeseclassic.com

www.burmeseclassic.com



ပိုက်၍ ပြန်လာခဲ့နိုင်ပေပြီ။ သူသည် ယခုအချိန်မှ စ၍ အလွန် ကျယ်ဝန်း နက်နဲ ခက်ခဲလှသော ဆေးပညာ လောက အတွင်းသို့ ခံ့ညား ထည်ဝါစွာ ချင်းနင်း ဝင်ရောက်နိုင်ပေတော့မည်။ ဆာ ရောဘတ် အက်ဘီး၏ စကား ကို ပြန်၍ စဉ်းစားမိတိုင်း စိတ်နှလုံး အေးမြခြင်းကို ခံစားရလေသည်။

ခရစ္စတီအား အမြန်ဆုံး တွေ့လို မြင်လိုသော စိတ်ကလည်း ပြင်း လျက် ရှိသည်။ ခရစ္စတီနှင့် တွေ့ပြီး သူ့ အတွေ့အကြုံများကို အားရပါး ပြောပြချင်၏။ ဖြစ်ခဲ့သမျှ ကြုံခဲ့သမျှ အရာရာတိုင်းကို အသေးစိတ် ခြယ်မှုန်း ၍ စီကာပတ်ကုံး ပြောပြချင်၏။ သူ လန်ဒန်မှ ရိုက်လိုက်သည့် ကြေးနန်း တော့ ခရစ္စတီအား သတင်းကောင်း ပါးပြီးလောက်ပေပြီ။ သို့သော်လည်း ကြေးနန်းစာသည် သူ လန်ဒန်မြို့၌ စာမေးပွဲ ဖြေဆိုနေရသည့် အချိန် ကာလ အတွင်းက ကြုံခဲ့ရသည့် အံ့စရာ၊ ထိတ်စရာ၊ စိတ်ညစ်စရာ၊ ဝမ်းသာစရာ ရွှင်စရာ၊ မြူးစရာများကို အသေးစိတ် ဖော်ပြနိုင်စွမ်း ရှိလိမ့်မည် မဟုတ် သူ ကြုံတွေ့ခဲ့ရသမျှကို အသေးစိတ် မဖော်ပြနိုင်သေးသမျှ ကာလပတ် ခရစ္စတီ အတွက် ပြီးပြည့်စုံခြင်းသို့ မရောက်သေးဟုပင် သူ ယူဆလေ၏။

သူသည် ဘူတာလမ်းမှ နေ၍ တဲလဂတ်လမ်းထဲသို့ ချိုးဝင်လိုက် သည်။ သူ့နောက်မှ လူတစ်ယောက် ပြေးလာနေသည်ကို စိတ်ထဲက အလိုလို သိလိုက်သဖြင့် လှည့်ကြည့်လိုက်မိလေ၏။ လူတစ်ယောက် အမောတကော ပြေးလာနေခြင်းပေတည်း။

ကဆုန်ချ၍ ပြေးလာနေခြင်း ဖြစ်သော်လည်း ပြင်းထန်စွာ တိုက်ခတ် နေသော လေသံက အရာရာကို စိုးမိုးထားသဖြင့် ထိုလူ၏ ဖိနပ်သံကို အင်ဒရူး မကြားခဲ့ရခြင်း ဖြစ်လေသည်။ ထိုလူ သူ့အနား ရောက်မှပင် ကျောက်မီးသွေး တွင်း အမှတ် သုံးမှ အရေးပေါ် လူနာတင်ယာဉ် အလုပ်သမား ဖရန့် ဒေးဗီး မှန်း သိရလေ၏။

ဖရန့် ဒေးဗီးသည် နွေဦးပေါက်က သူ ဖွင့်လှစ် ပို့ချပေးခဲ့သော ကြက် ခြေနီ ရှေးဦး သူနာပြု သင်တန်း တစ်ခုတွင် တက်ရောက် သင်ကြားခဲ့ဖူးသော သင်တန်းသား တစ်ဦး ဖြစ်ပေသည်။ အင်ဒရူးက သူ့ကို မြင်လိုက်သည့် ခဏ မှာပင် ဖရန့် ဒေးဗီးကလည်း သူ့အား အင်ဒရူးမှန်း သိသွားလေသည်။

'ကျွန်တော် ဒေါက်တာ့အိမ်ကို လာတာပါ၊ လေက သိပ်ပြင်းတော့ တယ်လီဖုန်းကြိုးတွေလည်း အားလုံး ပြတ်နေတယ်'

ဖရန့် ဒေးဗီး၏ အသံသည် လေသံဖြင့် ထွေးလုံး ရစ်ပတ် ဖြစ်ကာ





ရောက်သွားလေသည်။

'ဘာဖြစ်လို့ ငါ့ဆီ လာတာလဲ'

အင်ဒရူးက အော်၍ မေးလေသည်။

ဒေးဗီးက အင်ဒရူး၏ နားအနီးသို့ ကပ်၍ ပြန်အော်လေသည်။

'ကောင်လေး တစ်ယောက် မြေပိနေတယ် ဒေါက်တာ၊ တစ်ကိုယ်လုံး တာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ဆွဲထုတ်လို့ မရဘူး၊ သူ့နာမည်က ဆင်ဘီဇန် တဲ့၊ ဆရာ့ လူနာ စာရင်းထဲက လူပဲ၊ ဒေါက်တာ အမြန်လိုက်ပြီး ကြည့်ပေးမှ ဆင်တယ်'

'ငါ့မှာ ဆေးအိတ် မပါလာဘူးကွာ၊ မင်း ငါ့အိမ်ကို သွားပြီး ဆေး အိတ် ယူခဲ့၊ ငါ တွင်း အမှတ် သုံးကို သွားနှင့်မယ်'

ပြောပြောဆိုဆိုပင် အင်ဒရူးသည် တွင်း အမှတ် သုံးဘက်သို့ ခြေဦး လှည့်သည်။ ပြီးမှ သတိရသဖြင့် 'ဟေး ဒေးဗီး၊ ငါ တွင်း အမှတ် သုံးဘက် သွားတယ် ဆိုတာ ငါ့မိန်းမကို ပြောခဲ့ဦးနော်' ဟု အော်၍ မှာလိုက်လေ၏။

အင်ဒရူးသည် လေးမိနစ်ခန့်မျှ အတွင်းမှာပင် မြေပြိုရာ တွင်း အမှတ် သုံးသို့ ရောက်သွားသည်။ အဆမတန် ပြင်းထန်သော လေဒဏ်ကြောင့် တွင်း အမှတ် သုံးသည် ရုတ်သိ လမ်းမကြီးနှင့် မီးရထား လမ်းခွဲပေါ် ဖြတ်၍ ပြိုကျ သွားခြင်း ဖြစ်ပေသည်။ အသက်ကယ် အခန်းတွင် အလုပ်သင် မန်နေဂျာနှင့် အလုပ်သမား သုံးဦးသည် စိုးရိမ် ပူပန်စွာဖြင့် သူ့အား စောင့်မျှော်နေကြသည် ကို တွေ့ရပေ၏။ သူ့ကို မြင်လိုက်သောအခါ သောက အတော်ကလေး လျော့ သွားပုံ ရလေသည်။

'ဆရာ လိုက်လာလို့ တော်ပါသေးရဲ့ဗျာ၊ တွင်းပြိုတာကတော့ မုန်တိုင်း ကျကျချင်း ပြိုတာပဲ ဒေါက်တာ၊ အသေအပျောက်တော့ မရှိပါဘူး၊ ဒါပေမဲ့ ကျွန်တော့် တပည့် တစ်ယောက်တော့ မြေပိနေတယ်၊ ကျွန်တော်တို့ ဆွဲထုတ် နေကြတာ ကြာပြီ၊ မရဘူး၊ တစ်လက်မတောင် မရွေ့ဘူး'

အင်ဒရူးနှင့် အလုပ်သင် မန်နေဂျာတို့သည် မြေအောက် ဥမင် အတွင်း သို့ ရှေ့ဆုံးမှ ဝင်သည်။ အလုပ်သမား နှစ်ဦးက လူနာတင် ထမ်းစင်ကို မ၍ နောက်မှ လိုက်သည်။ ထမ်းစင်သမားများ နောက်မှ အလုပ်သမား တစ်ဦး သည် ဆေးသေတ္တာကို ပိုက်၍ လိုက်လေသည်။ သူတို့ လူစု တွင်းထဲသို့ ဆင်း ချိန်တွင် နောက်မှ လူတစ်ဦး လိုက်လာလေသည်။ ထိုသူကား ဖရန့် ဒေးဗီး ပေတည်း။



www.burmeseclassic.com

www.burmeseclassic.com

'မင်း အမြန်သွားပဲ ဒေးဗီး'

အင်ဒရူးက ဆီးကြို၍ ချီးကျူးစကား ဆိုသည်။ ဒေးဗီးသည် အင်ဒရူး ဘေးနား ရောက်အောင် တိုးလာပြီးမှ ခေါင်းညိတ်ပြသည်။ သူ့ခမျာ အမြန် အလွှား လာခဲ့ရသဖြင့် အမောတကော ဖြစ်ကာ စကား မပြောနိုင်ဘဲ ဖြ... လျက် ရှိလေသည်။

ထိုအခိုက်မှာပင် ဝုန်းခနဲ မြည်ဟည်းသံ တစ်ချက် ကျယ်လောင်စွာ ထွက်ပေါ်လာပြီး ချိုင့်၏ တစ်ဖက်စွန်းမှ မြေများသည် ပြိုကျလာပြန်လေ၏။ သူတို့ အားလုံး ကသောကမျော ပြန်၍ ထွက်ကြရပြန်သည်။ အရေးတကြီး ထွက်ရခြင်း ဖြစ်သော်လည်း အစုလိုက် အပြုံလိုက် ထွက်နိုင်ကြသည် မဟုတ် ပေ။ မြေအောက် ဥမင် လိုဏ်ခေါင်းသည် လူတစ်ယောက် သွားသာ ရပ်သာ ရုံမျှသာ ကျယ်ဝန်းသည် ဖြစ်ရာ အလုပ်သင် မန်နေဂျာက ရှေ့ဆုံး၊ သူ့ နောက် မှ အင်ဒရူး၊ အင်ဒရူး နောက်မှ ဒေးဗီးနှင့် ထိုနောက်မှ အလုပ်သမား သုံးဦး အစဉ်လိုက် တန်းစီ၍ ထွက်ခဲ့ကြရခြင်း ဖြစ်လေသည်။

အင်ဒရူးသည် မြေအောက် ကျောက်မီးသွေး တွင်းထဲသို့ မကြာခဏ ဆင်းခဲ့ဖူး၏။ ဒရင်းဖီး မြို့တွင် နေစဉ်က သူ ဆင်းခဲ့ဖူးသည့် တွင်းများမှာ နက် လည်း နက်၍ ကျယ်လည်း ကျယ်သည်။ ခိုင်မာ တောင့်တင်း၍ ကျစ်လျစ် သိပ်သည်းမှုလည်း ရှိသည်။ ယခု တွင်း အမှတ် သုံးမှာမူ တွင်းဟောင်းကြီး ဖြစ်သဖြင့် မြေအောက် ဥမင်လမ်းများ၏ အခြေအနေမှာလည်း နည်းနည်း ကလေးမှ စိတ်မချရပေ။ အချိန်မရွေး၊ နေရာမရွေး ပြိုကျနိုင်သည်က များသဖြင့် အသက်ကိုမှ ရဲရဲ မရှုရဲဘဲ သတိကြီးစွာ ထား၍ လျှောက်သွားရလေသည်။

ဥမင်လမ်းများသည် အကွေ့အကောက်က များရသည့် အထဲ ကျဉ်း လည်း ကျဉ်း၍ နိမ့်လည်း နိမ့်၏။ မတ်တတ်ရပ် သွားနိုင်သော နေရာ အလွန် နည်းသည်။ အများအားဖြင့် လေးဖက်ထောက်၍ တဖြည်းဖြည်းချင်း တွားသွား ရသည်။ အချို့ နေရာများတွင် မိုင်ဝက်ခန့်မျှ လေးဖက်ထောက် တွားသွား ရလေသည်။

ရှေ့ဆုံးမှ သွားနေသော အလုပ်သင် မန်နေဂျာသည် ရုတ်တရက် ရှေ့ ဆက် မသွားသေးဘဲ ခဏမျှ ရပ်လိုက်သည်။ အင်ဒရူးကလည်း မန်နေဂျာ၏ အရိပ်အခြည်ကို ကြည့်ကာ သူ သွားသည့် ပုံစံ အတိုင်း သွားသည်။ နောက် ဆုံးတွင် သူတို့သည် မြေပိထားသည့် လူအနီးသို့ ရောက်သွားကြလေသည်။

မြေပြိုသော နေရာတွင် အလုပ်သမား သုံးဦး ထိုင်နေကြသည်။ သူတို့





သုံးဦးသည် ဆင်ဘီဗန်အား မြေအောက်မှ ဆွဲထုတ်နိုင်ရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားနေကြသူများပေတည်း။

မြေကြီးနှင့် ကျောက်တုံး ကျောက်ခဲများ အောက်တွင် ရောက်နေသော ဆင်ဘီဗန်၏ အနေအထားသည် ခပ်ကွေးကွေး ဖြစ်၏။ စန့်စန့်ရန့်ရန့် အပိခံ ရခြင်း မဟုတ်ပေ။ သူ့ကိုယ်မှာ ဘေးစောင်း ဖြစ်နေပြီး တစ်ဖက်သော လက်မှာ နောက်ဘက်သို့ ရောက်နေသည်။ နောက်ဘက်သို့ ရောက်နေသော ထိုလက်သည် ကျောက်တုံး ကျောက်ခဲများ အောက်တွင် ပျောက်ကွယ်လျက် ရှိလေသည်။

ဆင်ဘီဗန်အား ဆွဲထုတ်ရန် ကြိုးပမ်းနေကြသည့် အလုပ်သမား သုံးဦး သည် ခြေကုန်လက်ပန်းကျကာ ခြေပစ်လက်ပစ် ထိုင်နေကြလေသည်။ သူတို့ ၏ နောက်ဘက်တွင် သူတို့ သုံးထားသည့် ကိရိယာ တန်ဆာပလာတို့သည် ဟိုတစ်ခု သည်တစ်ခု ပြန့်ကျဲနေလေသည်။

'အခြေအနေ ဘယ်လိုလဲ၊ မရသေးဘူးလား' ဟု မန်နေဂျာက တီးတိုး လေသံဖြင့် မေးသည်။ 'ကျွန်တော်တို့တော့ လုပ်လို့ကို မရသေးဘူး ဆရာ၊ နည်းမျိုးစုံနေပြီ၊ နေရာက နည်းနည်းကလေးမှ မရွေ့ဘူး၊ စိတ်ပျက်စရာပဲ' ဟု တစ်ဦးက ဖြေလေသည်။

မန်နေဂျာက သူ့ခေါင်းအထက်မှ အမိုးကို တစ်ချက် မော့ကြည့်လိုက် ပြီး 'ခင်ဗျားတို့ မလုပ်ကြနဲ့တော့၊ ဒီမှာ ဆရာဝန် ပါလာတယ်၊ ခင်ဗျားတို့က ဖယ်ပေးကြဦး၊ နောက်ကို နည်းနည်း ရွှေ့ပေး၊ အဲ အဲ ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဖြည်းဖြည်းလုပ်၊ ဖြည်းဖြည်း... ဖြည်းဖြည်း ဟုတ်ပြီ'

အလုပ်သမား သုံးဦးက နောက်ဘက်သို့ တဖြည်းဖြည်းချင်း ဖင်ရွှေ့ ဖင်ရွှေ့၍ ဆုတ်ပေးကြသည်။ အင်ဒရူးသည် ဖြည်းဖြည်းသာသာကလေး တွား ၍ ရှေ့သို့ တိုးလာနေရင်းမှ မကြာသေးမီက သူ ဖြေဆို ပြီးစီးခဲ့သည့် စာမေး ပွဲကို သတိရနေမိလေသည်။

စာမေးပွဲတွင် 'ဇီဝဓာတုဗေဒ' ဘာသာရပ်ကို သူ ဖြေခဲ့ရသည်။ ယင်း ဘာသာရပ်သည် ခက်လည်းခက်၏။ သုံးစွဲထားသည့် ဝေါဟာရ စကားလုံး များကလည်း အလွန် အဆင့်အတန်း မြင့်သဖြင့် ကျက်ရ မှတ်ရသည်မှာ မလွယ်ကူလှပေ။ သိပ္ပံ ဝေါဟာရ အသုံးအနှုန်းများကြောင့် အတော်ကြီး အပင် ပန်းခံ၍ ဖတ်ပါမှ နားလည်နိုင်သည်။ သို့သော်လည်း ယင်း ဘာသာရပ် ဆိုင် ရာ စာအုပ်များထဲတွင် ယခုလို အမှုမဲ့ အမှတ်မဲ့ မတော်တဆ ဖြစ်လာသော သည့် အရေးပေါ် ဖြစ်ရပ်မျိုးနှင့် ပတ်သက်၍ ဘာတစ်လုံးမှ ရေးမထားချေ။



www.burmeseclassic.com

www.burmeseclassic.com

မည်မျှလောက်ပင် ကြီးကျယ် ခံ့ညား၍ ထည်ဝါသော စကားလုံး အသုံးအနှုန်းများဖြင့် ရေးထားစေကာမူ တကယ့် လက်တွေ့ ဘဝတွင် ကြုံလာရတတ်သည့် ဖြစ်ရပ်များ အတွက် အသုံးတည့်ချင်မှ တည့်တတ်သည့် သဘောကို သူ သဘော မထားမိဘဲ မနေနိုင်ပေ။

ဆင်ဘီဗန်ကား သတ္တိ ကောင်းသူ တစ်ဦး ဖြစ်ချေသည်။ ခံနိုင်ရည်နှင့် သတ္တိ ရှိသူ တစ်ဦး ဖြစ်သဖြင့် ယခု အချိန် အထိ သတိလစ်မသွားသေးပေ။ သူ၏ တစ်ကိုယ်လုံးသည် ကျောက်မှုန့် ဖုန်မှုန့်များ အောက်တွင် ရုပ်ပျက် ဆင်းပျက် ဖြစ်လျက် ရှိပေသည်။

ဆင်ဘီဗန်သည် အင်ဒရူးကို မြင်သည့်အခါ ကြိုးစား အားတင်း၍ ပြုံးသည်။ 'ဒဏ်ရာ ရထားတဲ့ လူနာ တစ်ယောက်ကို တွေ့ရင် ဘယ်လို ပြုစု ကုသ ပေးရမယ် ဆိုတာ ဒေါက်တာနှင့် ကျွန်တော်တို့ ကိုယ်တိုင် လက်တွေ့ သရုပ် ပြဖို့ ဖြစ်လာတာပဲ' ဟုလည်း ပြောလေသည်။ ဆင်ဘီဗန်သည်လည်း အင်ဒရူး ကြိုးကြပ်၍ လုပ်ခဲ့သည့် ကြက်ခြေနီ ရှေးဦး သူနာပြု သင်တန်းတွင် ဒေးဗီးနှင့် အတူ သင်တန်း တက်ခဲ့ဖူးသူ ဖြစ်၏။ ထိုစဉ်က ဘီဗန်သည် ပတ်တီးစည်းနည်း လက်တွေ့ သင်တိုင်း မကြာခဏ လွဲမှားတတ်သဖြင့် အကြိမ်ကြိမ် အခါခါ ပြန်၍ သင်ကြား ပြသပေးခဲ့ရဖူးလေသည်။

အင်ဒရူးသည် အလုပ်သင် မန်နေဂျာ၏ လက်ထဲမှ မှန်အိမ်မီးရောင် ဖြင့် ဘီဗန်၏ တစ်ကိုယ်လုံးကို စမ်းသပ်ကြည့်သည်။ သူ၏ ဘယ်ဘက် လက်မောင်း တစ်ခုမှ လွဲ၍ တစ်ကိုယ်လုံးမှာ လွတ်လွတ်လပ်လပ်ပင် ဖြစ်ပေသည်။ ဘယ်ဘက် လက်မောင်းမှာမူ မြေဆိုင် မြေခဲ ကျောက်တုံး ကျောက်ခဲများ အောက်၌ ရောက်နေလေသည်။ ပိနေသော ထုထည်က ကြီးမားလွန်းသဖြင့် နည်းနည်းကလေးမှ လှုပ်မရ ရွှေ့မရနိုင်တော့သည့် အခြေအနေ ဖြစ်၏။

ဤမျှ များပြား လေးလံလှသော ကျောက်တုံး ကျောက်ခဲများ အောက်မှ ဘီဗန် လွတ်မြောက်ရေး အတွက် လုပ်နိုင်တော့မည့် နည်းလမ်းမှာ တစ်လမ်း သာလျှင် ရှိပေတော့သည်။ ထိုနည်းလမ်းက အခြား မဟုတ်ပေ။ ဘီဗန်၏ လက်ကို ဖြတ်ပစ်ရန်သာ ဖြစ်၏။ အင်ဒရူးသည် ဘီဗန်၏ ကံမကောင်း အကြောင်းမလှသည့် အခြေအနေကို ကြည့်ကာ စိတ်မချမ်းမြေ့ခြင်း ဖြစ်နေမိလေ၏။

လက်မောင်းဆီမှ အဆမတန် နာကျင် ကိုက်ခဲမှု ဝေဒနာကို ပြင်းထန်စွာ ခံစားနေရသော ဆင်ဘီဗန်သည် အင်ဒရူး၏ မျက်နှာရိပ် မျက်နှာကဲကို





ကြည့်၍ သူ့ အခြေအနေကို ရိပ်မိဟန် တူ၏။ 'ကောင်းသလိုသာ လုပ်ပါ ဒေါက်တာ၊ ကျွန်တော့် ကံပေါ့၊ အရေးကြီးတာက ဒီနေရာက ကျွန်တော် မြန်မြန် ထွက်နိုင်ဖို့ပါပဲ' ဟု ညင်ညင်သာသာ ခပ်တိုးတိုး ပြောလေသည်။

'စိတ်မပူပါနှင့် ဘီဗန်၊ မင်း ဘာမှ မဖြစ်စေရပါဘူး၊ ငါ အခုပဲ မင်းကို အိပ်ပျော်သွားအောင် လုပ်ပေးပါ့မယ်၊ မင်း နိုးလာရင် အိပ်ရာထဲ ရောက်နေတာ တွေ့ရမှာပေါ့ကွာ'

အင်ဒရူး ရောက်နေသည့် နေရာ၏ အထက်ရှိ အမိုးသည် နှစ်ပေခန့်သာ မြင့်သည် ဖြစ်ရာ ဤမျှလောက် နိမ့်၍ ဤမျှလောက် ကျဉ်းကျပ်သော နေရာတွင် လုပ်ရ ကိုင်ရမည့် ကိစ္စမှာ မလွယ်ကူလှပေ။ အင်ဒရူးသည် ခက်ခဲ ပင်ပန်းစွာဖြင့် အပေါ်အင်္ကျီကို ချွတ်၍ ခေါက်လိုက်ပြီး ဘီဗန်၏ ခေါင်းအောက်တွင် ခုပေးလိုက်သည်။ အင်္ကျီလက်များကို ခေါက်၍ ပင့်တင်လိုက်ပြီးလျှင် ဆေးအိတ်ကို လှမ်းတောင်းသည်။ အလုပ်သင် မန်နေဂျာက ဖရန့် ဒေးဗီး လက်ထဲမှ ဆေးအိတ်ကို ယူ၍ အင်ဒရူး လက်ထဲ ထည့်ပေးရင်းက အင်ဒရူး၏ နားဝသို့ ကပ်ကာ လေသံဖြင့် တိုးတိုးပြောသည်။

'မြန်မြန်ဆန်ဆန် လုပ်မှ ဖြစ်မယ် ဒေါက်တာ၊ ကျွန်တော်တို့ ခေါင်းပေါ်က အမိုးက မခိုင်ဘူး၊ အချိန်မရွေး ပြိုကျနိုင်တယ်၊ ပြိုလိုက်ရင်လည်း ဒေါက်တာ သိတဲ့ အတိုင်းပဲ၊ အားလုံး ကြွမှာပဲ'

အင်ဒရူးသည် ဆေးအိတ်ကို ကပျာကယာ ဖွင့်သည်။ ဆေးအိတ်ထဲမှ ပြင်းထန် စူးရှသော ကလိုရိုဖောင်း အနံ့သည် ထွက်ပေါ်လာသည်။ စိုးရိမ်စိတ်ဖြင့် အိတ်ထဲသို့ လက်နှိုက်၍ လျှောက်စမ်းလိုက်သည့် အခါ သူ တွေးထင်ထားသည့်အတိုင်း ပုလင်းကွဲ အစအနများကို တွေ့ရလေ၏။ အရေးတကြီး အပြေးအလွှား လာခဲ့ရသော ဒေးဗီးသည် လမ်းတွင် ဆေးအိတ် လွတ်ကျခဲ့သဖြင့် ကလိုရိုဖောင်း ပုလင်းများ ကွဲကုန်လေပြီ။

အင်ဒရူးသည် ဘာဆက်၍ လုပ်ရမှန်း မသိနိုင်အောင် ဖြစ်သွားလေ၏။ စိုးရိမ် ထိတ်လန့်စိတ်ကလည်း သူ့အား လွှမ်းမိုး ဖိစီးလာသည်။ သူတို့အထဲမှ တစ်ယောက်ကို မြေပေါ်သို့ ပြန်လွှတ်ကာ မေ့ဆေး အယူခိုင်းရလျှင် ကောင်းလေမည်လား။

တကယ်ဆိုတော့ ယင်းကဲ့သို့ လုပ်ရန်မှာ လုံးဝ ဖြစ်နိုင်သည့် အခြေအနေမျိုး မဟုတ်ပေ။ လက်ရှိ အခြေအနေမှာ အချိန်ကို လု၍ လုပ်ရမည့် အခြေအနေမျိုး ဖြစ်ရာ မေ့ဆေး ရောက်လာချိန် အထိ စောင့်ဆိုင်းနေ၍ မဖြစ်ချေ။



www.burmeseclassic.com

www.burmeseclassic.com

နောက်ပြီး သူ့တွင် မေ့ဆေးပေး ကိရိယာ တန်ဆာပလာများလည်း ပါမလာ။

အင်ဒရူးသည် စက္ကန့် သုံးဆယ်ခန့် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိ ဖြစ်ကာ ကြောင်နေသည်။ ထို့နောက် ယောင်တိယောင်ကန်းနှင့်ပင် ဘီဗန်၏ အသားထဲသို့ မော်ဖင်း တစ်လုံး ထိုးပေးလိုက်လေ၏။ သူသည် အချိန်ဖြုန်း မနေတော့ဘဲ ဆေးအိတ်ကို သူ လိုချင်သည့် အချိန်တွင် ရနိုင်ရန် ဘေးနားတွင် ကပ်၍ ချထားလိုက်ပြီး ဘီဗန်အား ငုံ့ကြည့်လိုက်သည်။ ဘီဗန်၏ လက်မောင်းရင်းဆီမှ သွေး အဆမတန် ထွက်လျက်ရှိ၏။ သူသည် သွေးတိတ်အောင် လုပ်ရင်းက 'မင်း မျက်စိတွေ မှိတ်ထားကွာ' ဟု ပြောလိုက်လေ၏။

မှန်အိမ် မီးရောင် မှုန်ဝါးဝါး အောက်ဝယ် အင်ဒရူး၏ အရိပ်သည် ရှုပ်ယှက်ခတ် လှုပ်ရှားလျက် ရှိပေသည်။ ပထမဆုံး ကျသွားသော ဓားချက်၏ အရှိန်ကြောင့် ဘီဗန် တစ်ကိုယ်လုံး တွန့်ခနဲ ဖြစ်သွားပြီး ညည်းသံ တစ်ချက် ထွက်လာလေသည်။ ဘီဗန်သည် နောက်ထပ် ကျလာသမျှ ဓားချက်တို့ကို အံကြိတ်၍ တင်းခံလေ၏။ သူ့နှုတ်မှ ညည်းသံ တစ်ချက် ထွက်ပေါ်လာပြန်သည်။ ခံရချက် ပြင်းထန် နာကျင်လွန်း၍ ထွက်ပေါ်လာသည့် ညည်းသံမျိုး အင်ဒရူး၏ လက်ထဲမှ ဓားက အရိုးကို ဖြတ်တောက်လိုက်သည့် အခါတွင်မူကား ဘီဗန် သတိလစ်သွားလေတော့၏။

သွေးကြောပိတ် ဓာဂနာဖြင့် သွေးလွှတ်ကြောကို ညှပ်နေချိန်တွင် အင်ဒရူး၏ နဖူးပြင်ဝယ် ချွေးသီး ချွေးပေါက်များ သီးနေသည်။ မီးရောင်က အား မကောင်းသဖြင့် သူ လုပ်ကိုင်နေသမျှ ပြန်၍ မမြင်နိုင် မကြည့်နိုင်သည့် အခြေ အနေ ဖြစ်လေသည်။

ကြွက်တွင်းနှင့် တူသော မြေအောက် ရွှံ့ဗွက်များထဲ၌ ထိုင်၍ လုပ်ကိုင် နေရသည်မှာ အသက်ပင် ဝဝ မရှုရချေ။ မေ့ဆေး ကိရိယာလည်း မရှိ၊ ခွဲစိတ် ခန်းထဲတွင်လည်း မဟုတ်။ သူ လိုသမျှ ခွဲစိတ် ကိရိယာများကို ပေးရန် အသင့် စောင့်နေသည့် သူနာပြု ဆရာမများလည်း အနီးတွင် မရှိ။ သူ ကိုယ်တိုင်က သည်း ခွဲစိတ်ပါရဂူ တစ်ဦး မဟုတ်။ ရင်ဆိုင်နေရသည့် အခြေအနေကား ရှုပ် ထွေး ခက်ခဲလှချေသည်။

ဤမျှ ရှုပ်ထွေးလှသော ကြားထဲတွင် လုပ်ကိုင်ရသည်မှာ အေးအေး ဆေးဆေး မဟုတ်ပေ။ အန္တရာယ်များမှာ သူ့အနီး၌ ကပ်နေသည်။ သူ့ခေါင်းပေါ် မှ အမိုးသည် ရုတ်တရက် ချက်ချင်း ပြိုကျလာနိုင်၏။ သူ့နောက်ဘက်မှ ထိုင် နေသော သက်ထောက် မန်နေဂျာ၏ အသက်ရှူသံမှာ ပြင်းထန်လွန်းလှ၏။





သူ့လည်ပင်းပေါ်သို့ တစ်စက်ချင်း ကျနေသော ရေပေါက်များကြောင့် သူ့ တစ်ကိုယ်လုံးမှာ အေးခနဲ စိမ့်ခနဲ ဖြစ်ရသေးသည်။ မမြင်မကန်းနှင့် လျှင်မြန် သွက်လက်စွာ လှုပ်ရှားနေသော သူ့လက်ချောင်းများသည် သွေးတို့ဖြင့် စိုရွှဲ ပွန်းလျက် ရှိလေ၏။

ထို့နောက် အရိုးကို လွှနှင့် တိုက်၍ ဖြတ်ရပြန်၏။ ဆာ ရောဘတ်၏ အသံသည် သူ့နားထဲတွင် ပဲ့တင်ထပ်မျှ မြည်ဟည်းလျက် ရှိသည်။

'သိပ္ပံနည်းကျကျ ဆေးဝါး ကုသမှု လုပ်ငန်းကို ထိထိရောက်ရောက် လုပ်နိုင်အောင် အခွင့်အရေး ရဖို့ လိုတယ်ကွ'

'ဘုရား ဘုရား၊ ဘုရားတပည့်တော် ဒီလူရဲ့ အသက်ကို ချောချောမော မော ကယ်တင်နိုင်ပါ့မလား'

နောက်ဆုံး အချိန် နောက်ဆုံး အဆင့်သို့ နီးကပ်လာသည်။

ဘီဗန်၏ လက်မောင်းရိုးသည် ပြတ်သွားသည်။ လွှနှင့် တိုက်ဖြတ် ထားသဖြင့် သွေးများ တစိမ့်စိမ့် ယိုထွက်နေသော လက်မောင်း ဒဏ်ရာ ငုတ် တို အတွင်းသို့ ဆေးပတ်တီးစများကို ထိုးသွင်းလိုက်ပြီး ကပျာကယာ ဒူး ထောက်၍ ထိုင်လိုက်ကာ 'သူ့ကို သယ်ထုတ်ကြတော့' ဟု လှမ်းပြောလိုက် ၏။

ဘီဗန်အား ဝိုင်း၍ မကာ ကိုက်ငါးဆယ်ခန့် အကွာ အထိ သယ်ယူခဲ့ ကြသည်။ ထိုနေရာမှာ စိတ်ချရသော နေရာ ဖြစ်သည့် အပြင် ကျယ်ကျယ်ဝန်းဝန်း ရှိသဖြင့် လူတစ်ယောက်တော့ ကောင်းစွာ မတ်တတ် ရပ်နိုင်လေသည်။ အင် ဒရူးသည် ဘီဗန်၏ ဒဏ်ရာကို ပြန်ကြည့်ပြီး သန့်စင်သွားအောင် ဆေးကြော သုတ်သင်ပေးပြီး ပတ်တီးကို စနစ်တကျ စည်းပေးလိုက်သည်။ အနာ အဆိပ် မဖြစ်စေရန်လည်း ဆေးထည့်ပေးလေသည်။

ဆင်ဘီဗန်ကတော့ သတိလစ်နေဆဲပင်။ သူ၏ သွေးခုန်နှုန်းမှာ နှေး ကွေး နေသေးသော်လည်း ပုံမှန် အနေအထားမှာ ရှိသည်။ အခြေအနေက စိတ်ချရပြီ။

အင်ဒရူးသည် သူ့ နဖူးတွင် တွဲလွဲခိုနေသော ချွေးသီး ချွေးပေါက်ကြီး များကို လက်ခုံနှင့် သုတ်လိုက်သည်။

အလုပ်ကတော့ ပြီးဆုံးသွားလေပြီ။

'သူ့ကို လူနာစင်ပေါ် တင်ပြီး အပြင် ထုတ်လိုက်တော့၊ သူ့ တစ်ကိုယ် လုံး လုံသွားအောင် ဒီစောင်တွေနှင့် ပတ်ပေး၊ အပြင် ရောက်ရင် သူ့အတွက်



www.burmeseclassic.com

www.burmeseclassic.com

ရေနွေးပုလင်း များများရဖို့ လိုလိမ့်မယ်'

သူတို့ အားလုံး ရှေ့နောက် တန်းစီ၍ ခပ်ဖြည်းဖြည်းချင်းပင် ဖြတ်ထွက်ခဲ့ကြသည်။ တချို့ နိမ့်သော နေရာများတွင် ငုံ့လျှိုး၍ လျှောက်ရသည်။ သူတို့ ထွက်လာပြီး ခြေလှမ်း ခြောက်ဆယ်ခန့် အရောက်တွင် သူတို့၏နောက်ဘက် မြေအောက် အနိမ့်ပိုင်းဆီမှ တော်လည်းသံလိုလို အသံမျိုးထိခပ်သဲ့သဲ့ ကြားလိုက်ရ၏။ အသံမှာ ဥမင်လိုဏ်ခေါင်း အတွင်းသို့ မီးရထားတစ်စီး ခုတ်မောင်း၍ ဝင်လာသည့်အခါ ထွက်လာတတ်သည့် အသံမျိုးဖြစ်တည်း။

အလုပ်သင် မန်နေဂျာသည် နောက်ဘက်သို့ လုံးဝ လှည့်မကြည့်ဘဲ ဟင်းခနဲ သက်ပြင်း တစ်ချက် ချလိုက်ကာ အလွန် စိတ်လက် ပေါ့ပါးသွားသည့် အသံမျိုးဖြင့် အင်ဒရူးအား လှမ်းပြောလေသည်။

'သွားပြီ၊ ကျွန်တော်တို့ ရောက်ခဲ့တဲ့ နေရာက အမိုး ပြိုကျသွားပြီ'

မြေအောက်တွင်းဆီမှ အပြင်သို့ ထွက်ရသည့် ခရီးမှာ တစ်နာရီနီးပါးမျှ ကြာလိမ့်မည်ဟု ထင်ရသည်။ အချို့သော ထောင့်ချိုးများနှင့် အကွေ့များတွင် လူနာတင်စင်ကို ခက်ခက်ခဲခဲ ထုတ်နေရသဖြင့် အချိန်များစွာ ကုန်ရလေ၏။ အင်ဒရူး အနေဖြင့် သူတို့ လူစု မြေအောက်၌ အချိန်မည်မျှ ကြာသည်ကို အတိအကျ မပြောနိုင်ချေ။ နောက်ဆုံးတွင် သူတို့သည် မြေပေါ်နှင့်မြေအောက် ဆက်သွယ်ရာ လှေကားဆီသို့ ရောက်လာကြလေ၏။

မြေပြင်ပေါ်သို့ ရောက်လာကြသည်နှင့် တစ်ပြိုင်နက် အေးမြသောလေက ဆီးကြို နှုတ်ဆက်သည်။ အင်ဒရူးသည် သန့်ရှင်း လတ်ဆတ်သောလေကို အားရပါးရ တဝကြီး ရှုပစ်လိုက်သည်။ ချက်ချင်းပင် သူ့စိတ်သည်ကြည်လင် ပေါ့ပါးသွားသည်။ သူသည် လှေကား လက်ရန်းကို ကိုင်၍ ရပ်နေမိသည်။ ယခုအချိန်ထိ အမှောင်ထုက စိုးမိုးဆဲ ဖြစ်သော်လည်း ကျောက်မီးသွေးတွင်း၏ နယ်နိမိတ် အတွင်း၌မူ ကတ္တရာစေး မီးဖိုကြီး တစ်ခုမှ ထွက်ပေါ်နေသော မီးတောက် မီးလျှံများကြောင့် လင်းထိန်နေပေသည်။ မီးဖို၏ သားပတ်ပတ်လည်တွင်မူ သူတို့ ထွက်အလာကို ရင်တမမဖြင့် စောင့်မျှော်နေကြသော လူတစ်စု ရပ်နေကြသည်။ ထိုလူစုထဲတွင် တဘက်ကလေးများခေါင်းပေါ် တင်ထားသည့် အမျိုးသမီးများလည်း ပါလေသည်။

အင်ဒရူး၏ ရှေ့မှ လူနာတင်စင် ဖြတ်သွားခိုက်တွင် သူ့နာမည်ကိုအမောတကောနှင့် ခေါ်သံ ကြားလိုက်ရပြီး တစ်ခဏ အတွင်းမှပင် ခရစ္စတီ၏





လက်များသည် သူ၏ လည်ပင်းအား သိမ်းကျုံး ဖက်ထားသည်ကို တွေ့လိုက်ရလေ၏။

ခရစ္စတီသည် သူ့အား တင်းကျပ်စွာ ဖက်ထားရင်းက ကလေးငယ်တစ်ယောက်ပမာ ရှိုက်ကြီးတငင ဝမ်းနည်းပမ်းနည်း ငိုကြွေးလျက် ရှိရှာသည်။ ခရစ္စတီတွင် ခေါင်းဆောင်းလည်း မပါ။ ခြေအိတ်လည်း မပါ။ ညဝတ်အင်္ကျီပေါ်တွင် အနွေးထည် အင်္ကျီရှည်ကြီး ထပ်ဝတ်ထားသည်။ သူမ၏ ပုံပန်းသည် မှန်တိုင်းထန်လှသော ညအမှောင် အောက်ဝယ် အိမ်ခြေယာမဲ့ ဖြစ်နေသည့် မိဘမဲ့ ကလေး တစ်ယောက်နှင့် တူလှပေသည်။

အင်ဒရူးမှာ အံ့အားသင့်လျက် ရှိ၏။ ခရစ္စတီ၏ လက်များကို အသာအယာ ဆွဲဖယ်ပြီး မျက်နှာကို စေ့စေ့စပ်စပ် ကြည့်ကာ 'ဘာဖြစ်လို့ ဒီလောက်ငိုနေရတာလဲ အချစ်ရယ်' ဟု မေးလေသည်။ ခရစ္စတီက သူမ၏ လက်များကို အဖယ်မခံဘဲ ဇွတ်ထိုး၍ တင်းကျပ်စွာ ဖက်တွယ်ထားလေသည်။

'သူတို့က ပြောကြတယ်၊ မြေပြိုကျလို့ ရှင် အပြင်ကို မထွက်နိုင်တော့ဘူးတဲ့'

ခရစ္စတီ၏ တစ်ကိုယ်လုံးမှာ အအေးဒဏ်ကြောင့် ပြာနှမ်းနေရုံမျှမက ခိုက်ခိုက်တုန်လျက်ရှိ၏။ အင်ဒရူးသည် ခရစ္စတီအား အသက်ကယ် အခန်းအတွင်းရှိ မီးဖိုဘေးသို့ ခေါ်သွားသည်။ နှစ်ဦးသား ကိုကိုး ပူပူကို ထွေးထွေးနွေးနွေး ဖြစ်သွားအောင် သောက်ကြသည်။ ဖန်ခွက် အပို မရှိသဖြင့် ဖန်ခွက်တစ်ခွက်တွင် ထည့်ကာ တစ်လှည့်စီ သောက်ကြရခြင်း ဖြစ်၏။ အချိန်အတော်ကြီး ကြာမှပင် ရတောင့် ရခဲ ရရှိလာခဲ့သည့် အထက်တန်းကျလှသော အင်ဒရူး၏ ဘွဲ့သစ် အကြောင်းကို မေးဖို့ မြန်းဖို့ ပြောဖို့ ဆိုဖို့ သတိရလာကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

[၁၂]

ဆင်ဘီဇန်အား ခက်ခက်ခဲခဲနှင့် သက်စွန့်ကြိုးပမ်း ကယ်ဆယ်ခဲ့သော သတင်းသည် မြို့သူ မြို့သားများ၏ နှုတ်ဖျားဝယ် ရေပန်းစားလျက် ရှိလေ၏။ ယခုတွင်းအမှတ် သုံး ပြိုခြင်းသည် ယခင်က ဖြစ်ခဲ့သည့် အဆိုးဆုံးသော တွင်းပြိုမှုများတွင် တစ်ခု အပါအဝင် ဖြစ်သည်ဟု ပြောစမှတ် ပြုကြသည်။ ဆင်ဘီဇန်အား ကယ်ဆယ်ခဲ့ခြင်းကြောင့် အင်ဒရူးမှာလည်း နာမည်ကြီးလာလေသည်။

လန်ဒန်မြို့ကြီးမှ ဘွဲ့သစ် တစ်ခု ရလာခြင်း အတွက်တော့ အင်ဒရူးမှာ နာမည်ကြီးစရာ အကြောင်း မရှိပေ။ ရိုးသား၍ ဗဟုသုတ နည်းပါးကြရှာသော မြို့သူ မြို့သား အလုပ်သမားများအဖို့ ဘွဲ့ ဆိုသည်မှာ အထင်အမြင် ကြီးလောက်အောင် ကြီးကျယ်သည့် အရာတစ်ခု မဟုတ်ပေ။ လူတစ်ယောက်၏ အမည်နောက်မှ တန်းစီ၍ ထည့်ထားသော ဘွဲ့စာလုံးများ အပေါ်တွင် စိတ်လည်း မဝင်စားကြချေ။ အထင်အမြင်လည်း မကြီးကြချေ။ ဘွဲ့သစ် တစ်ခု ရလာသော ဆရာဝန်ဟု ဆိုရုံမျှဖြင့် အင်ဒရူး အပေါ်၌ ထားရှိသော သူတို့၏ သဘောထားများသည် ပြောင်းလဲလာစရာ အကြောင်း မရှိပေ။ အဆင်မသင့်လျှင် ဘွဲ့သစ် တစ်ခု တိုးလာသော အင်ဒရူးအား ဝိုင်း၍ သရော်ကြ၊ လှောင်ကြ၊ နှာခေါင်းပင် ရှုံ့ကြပေလိမ့်ဦးမည်။

ယခု အင်ဒရူးနှင့် ပတ်သက်၍ ကောင်းသတင်း ပျံ့နှံ့လာခြင်းမှာ အလွန် ဘေးအန္တရာယ် များလှသော မြေအောက် ကျောက်မီးသွေး တွင်းထဲသို့ ဆင်း၍ သာမန် အလုပ်သမား တစ်ဦးမျှသာ ဖြစ်သော ဆင်ဘီဇန်အား ကယ်ဆင်ခဲ့ခြင်းကြောင့်သာ ဖြစ်ပေသည်။ အမှန်တော့လည်း ဤဖြစ်ရပ်သည် အင်ဒရူး၏ စေတနာမှန်ကို ထုတ်ဖော် ပြသရာ ရောက်၏။ လူအများကလည်း



www.burmeseclassic.com

www.burmeseclassic.com



ထိုစေတနာကို ကောင်းစွာ အသိအမှတ်ပြုကြသည် ဖြစ်ရာ ယခင်က အင်ဒရူး အပေါ်၌ ထားခဲ့သည့် သူတို့၏ အမြင်နှင့် သဘောထားများပါ ပြောင်းလဲလာလေ၏။

ယခင်က အင်ဒရူးအား တွေ့လျှင် ယောင်၍မျှ လှည့်မကြည့်ခဲ့သော လူများကပင်လျှင် ယခု သူ့အား ခေါင်းညိတ်၍ ပြုံး၍ နှုတ်ဆက်ဖော် ရလာသည်။ ယခင်က သူ လာနေသည်ကို မြင်လျှင် တံခါးပိတ်ထားကြသူများသည် ယခုအခါ သူ့အား တံခါးဖွင့်၍ ဆီးကြိုကြသည်။ အလုပ်ခွင်မှ ပြန်လာကြသော အလုပ်သမားများသည် သူ့အား တွေ့လျှင် ယခင်ကလို ရှောင်မသွားတော့ဘဲ စကားစမြည် ပြောလာကြသည်။ အိမ်ရှင်မများကလည်း သူတို့ အိမ်ရှေ့မှ ဖြတ်သွားသော အင်ဒရူးကို မြင်လျှင် ယခင်ကလို ပုန်းမနေတော့ဘဲ အိမ်ထဲမှ ထွက်လာကာ 'အိမ်ထဲ ဝင်ပါဦး ဒေါက်တာ' ဟု ဖိတ်မန္တက ပြုလာကြသည်။ လမ်းမများပေါ်၌ ကစားနေကြသော ကလေးများကပင်လျှင် သူ့နာမည်ကို ခေါ်ကာ ပြုံး၍ ရယ်၍ နှုတ်ဆက်လာကြလေသည်။

အနောက်ပိုင်း နယ်မြေ အတွင်းရှိ အလုပ်သမား ရပ်ကွက်များတွင် ဩဇာညောင်း၍ ခေါင်းဆောင်သဖွယ် ဖြစ်နေသော ကျောက်မီးသွေးတွင်း အမှတ် နှစ်မှ တွင်းတူး ခေါင်းဆောင် ဂတ်စ်ပါရေးက ဆိုလျှင် အင်ဒရူးအား သူ့လုံများ၏ ရှေ့မှောက်မှာပင် ချီးမွမ်းစကား ဆိုလေ့ ရှိသည်။

အင်ဒရူး တစ်ယောက် မလှမ်းမကမ်းမှ လျှောက်သွားသည်ကို မြင်လိုက်ပါက 'ဟော့ ဟော့ မြင်လား၊ ဟိုမှာ ဒီဆရာဝန်က စာအုပ်ကြီးသမားကွ သိလား၊ ဒါပေမဲ့ အလုပ်ကျတော့ တကယ် လုပ်တဲ့ ငနဲပဲ၊ လုပ်လည်း လုပ်နိုင်တယ်၊ စေတနာလည်း တကယ် ကောင်းတယ်ကွ' ဟု သူ့ လုပ်ဖော်ကိုင်ဖက်များအား ပြောတတ်လေသည်။

ယခင်က အင်ဒရူးထံမှ ပြန်ယူသွားခဲ့ကြသော လူနာ မှတ်ပုံတင် ကတ်ပြားများသည် သူ့ထံသို့ တဖွဲဖွဲချင်း ပြန်၍ ရောက်စ ပြုလာသည်။ ပထမတော့ ဖြည်းဖြည်းချင်း တစ်ဦးစ နှစ်ဦးစ ပြန်လာခြင်း ဖြစ်၏။ ပြန်ဝင်လာသည့် အလုပ်သမားများအား အင်ဒရူးက ကြိမ်းမောင်းခြင်း၊ ဆူပူခြင်း၊ ဆဲဆိုခြင်း မပြုဘဲ ကောင်းမွန်စွာ ဆက်ဆံကြောင်း သိလာသည့်အခါ လူနာ မှတ်ပုံတင် ကတ်ပြားများသည် အစုလိုက် အပြုံလိုက် ပြန်ရောက်လာကြလေ၏။

အင်ဒရူးထံတွင် လူနာဦးရေ တိုးလာသဖြင့် အကျေနပ်ကြီး ကျေနပ်ကာ ဝမ်းအသာကြီး သာနေသူကား ကော်မတီ အတွင်းရေးမှူး အိုဝင်ပေတည်း။





တစ်နေ့တွင် အင်ဒရူးနှင့် ဆုံမိကြရာ အိုဝင်က ပြုံးပြုံးကြီး လုပ်၍ 'ကျွန်တော် ခင်ဗျားကို ပြောခဲ့တယ် မဟုတ်လား၊ အခု ဘယ့်နှယ်လဲ၊ ကျွန်တော် ပြောတာ မမှန်ဘူးလား' ဟု မေးလေသည်။

ဒေါက်တာ လီဝီလင်းကမူ အင်ဒရူး စာမေးပွဲ အောင်သည့် အတွက် များစွာ ဝမ်းသာသည်။ သူ့အိမ်မှ နေ၍ တယ်လီဖုန်းဖြင့် အင်ဒရူး အတွက် ဝမ်းသာ ဂုဏ်ယူကြောင်း ပြောသည်။ ချီးကျူး စကားကိုလည်း ထပ်မနှား ပြောသည်။ ထိုနောက်တွင်မူ ခွဲစိတ်ခန်း၌ အလုပ် သိပ်များကြောင်း ပြောကာ သူ့အား ယခင်ကထက် နှစ်ဆခန့် တိုး၍ ကူညီစေလိုကြောင်း ချိုသာ ယော ပျောင်းစွာ မေတ္တာ ရပ်ခံသည်။ အင်ဒရူးမှာ လီဝီလင်း၏ လိမ္မာ ပါးနပ်မှုကို မရှောင်မတိမ်းနိုင်တော့ဘဲ ကူညီပါမည်ဟု အဖြေပေးလိုက်ရလေ၏။

'ဒါနှင့် မေးရဦးမယ်၊ စာစစ်တဲ့ လူတွေကို ခင်ဗျားဟာ ဆေးဝါး ကူညီထောက်ပံ့ရေး အသင်းက လက်ထောက် ဆရာဝန် တစ်ယောက် ဖြစ်ပါတယ်လို့ ပြောပြခဲ့သေးသလား'

လီဝီလင်း၏ မေးခွန်းကို အင်ဒရူးက လိမ္မာ ပါးနပ်စွာ ဖြေသည်။

'ကျွန်တော် စာစစ်တဲ့ လူတွေကို ခင်ဗျား နာမည် ပြောပြသေးတယ်၊ ဒါကြောင့်မို့လည်း ပိုပြီး အဆင်ပြေသွားတယ်လို့ ထင်ပါတယ်'

အင်ဒရူး၏ အောင်မြင်မှု အတွက် အရှေ့ပိုင်း ဆေးခန်းမှ ဆရာဝန်များ ဖြစ်ကြသော အော့စဘောရီးနှင့် မက်ဒလေးတို့ကတော့ အသိအမှတ် မပြုချေ။ ဒေါက်တာ အာကွတ် တစ်ယောက်ကတော့ လှိုက်လှိုက်လှဲလှဲ ဝမ်းသာ ဂုဏ်ယူကြောင်း ဖော်ပြသည်။ သူ့ အပြောအဆိုကတော့ သူ့ဝသီ အတိုင်း ခပ်ကြမ်းကြမ်းပင်။

'မေဆန်ရေ၊ လုပ်လိုက်ဟ၊ မင်း ဘာတွေများ လုပ်နေတာလဲ၊ မင်း ဘာတွေ လုပ်နေတယ် ဆိုတာကော မင်း သိရဲ့လား၊ မင်း ငါ့ကိုများ သတ်ဖို့ ကြိုးစားနေရော့သလားကွာ'

အာကွတ်သည် အင်ဒရူးအား လေးစား ဂုဏ်ပြုသည့် အနေဖြင့် သူ ကုသပေးရဆဲ ဖြစ်သော အမျိုးသမီး လူနာ တစ်ယောက် ကိစ္စကို ညှိနှိုင်း တိုင်ပင်သည်။ လူနာ ရောဂါမှာ အဆုတ်ရောင်ရောဂါ ဖြစ်ရာ လူနာနှင့် ပတ်သက်၍ သူ စစ်ဆေး တွေ့ရှိရသည့် အချက်အလက်များကို ပြောပြပြီး အင်ဒရူး၏ ထင်မြင် ယူဆချက်ကို တောင်းခဲ့လေသည်။

အင်ဒရူးကလည်း သိပ္ပံနည်းကျကျ ဆန်းစစ်ကြည့်သည်။ 'မီ အမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီးဟာ မကြာခင် သက်သာလာမှာပါ' ဟုလည်း ထင်မြင်ချက် ပေးသည်။ သူ ပေးသည့် ထင်မြင် ယူဆချက် အတွက် သိပ္ပံနည်းကျသော အကြောင်းပြချက်များကို ပေးလေသည်။

အာကွတ်ကတော့ အင်ဒရူး၏ အဆိုကို လက်မခံချေ။ သူ့ခေါင်းကို တွင်တွင်ခါသည်။

'ငါကတော့ မင်း ပြောပြသွားတဲ့ စကားလုံးတွေကို ဘယ်တုန်းကမှ မကြားခဲ့ဖူးပါဘူး၊ ဒါပေမဲ့ ငါ့လူနာ အမျိုးသမီးဟာ သူ အိမ်ထောင် မကျခင်က ပါဝဲလ် အမျိုးအဆွေ အဆက်အနွယ်ကွ၊ သူတို့ ပါဝဲလ် အမျိုးတွေ အကြောင်း ငါ ကောင်းကောင်း သိတယ်၊ အဆုတ်ရောင်ရောဂါ ဖြစ်နေတုန်း ဗိုက်ရောင်လာပြီ ဆိုရင် ရှစ်ရက် မတိုင်မီ ကြွတာပဲ၊ ငါက သူတို့ရဲ့ ကျန်းမာရေး အခြေအနေကို ကောင်းကောင်း သိထားတယ်၊ အခုဆို ဒီအမျိုးသမီးဟာ ဗိုက်ရောင်နေပြီကွ၊ မင်း သတိထားမိရဲ့လား၊ ငါတော့ဖြင့် မင်း ပြောသလို သက်သာလာဖို့ တယ်ပြီး မလွယ်ဘူး ထင်တာပါပဲကွာ'

အဘိုးကြီး ဒေါက်တာ အာကွတ်၏ လူနာသည် ခုနစ်ရက်မြောက်သော နေ့တွင် သေလေရာ သူ၏ ယူဆချက်သည် အင်ဒရူး၏ သိပ္ပံနည်းကျကျ ခန့်မှန်းဆ အဖြေရှာသည့် နည်းနိဿယ အပေါ် အနိုင်ရသည်ဟု အာကွတ်က ကျေနပ် အားရခြင်း ဖြစ်လေသည်။

နိုင်ငံရပ်ခြားသို့ ရောက်နေပြီ ဖြစ်သော ဖီးလစ် ဒင်နီကတော့ အင်ဒရူး ဘွဲ့သစ် တစ်ခု ရခြင်းကို သိရှာဦးမည် မဟုတ်ပေ။ အင်ဒရူး၏ ကျောင်းနေဖက် ဖရက်ဒီ ဟင်မဆန်ထံကတော့ မမျှော်လင့်ဘဲနှင့် စာတစ်စောင် ရောက်လာသည်။ အင်ဒရူး၏ စာမေးပွဲ အောင်စာရင်းကို လန်ဆက် သတင်းစာထဲတွင် တွေ့လိုက်ရ၍ ဝမ်းသာကြောင်း၊ လန်ဒန်သို့ တက်လာပြီး ဆေးခန်း ဖွင့်သင့်ပြီဟု ထင်ကြောင်း၊ သူကတော့ ကားဒစ်ဖ်၌ ဆုံမိခဲ့ကြစဉ်က ပြောပြခဲ့သည့် အတိုင်း ကြိုးစားခဲ့သဖြင့် ယခုအခါ လန်ဒန်မြို့၏ ဘုရင်မ အင်နာလမ်း၌ ကိုယ်ပိုင် ဆေးခန်း ဖွင့်ထားနိုင်ပြီ ဖြစ်ကြောင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးထားလေသည်။

'ကိုတို့ ဖရက်ဒီနှင့် အဆက်ပြတ်နေတာ မကောင်းဘူး' ဟု အင်ဒရူးက ဆိုသည်။ 'သူ့ဆီတော့ မကြာ မကြာ စာရေးမှ ဖြစ်မယ်၊ ကိုတော့ဖြင့် ဖြစ်နိုင်ရင် သူ့ဆီကို တစ်ခေါက်လောက်တော့ သွားလည်ချင်တယ်၊ သူ့စာ ဖတ်ရတော့ ပတ်လို့ ကောင်းတယ်နော်' ဟုလည်း ပြောသည်။

'ဖတ်လို့တော့ ကောင်းပါရဲ့၊ ဒါပေမဲ့ စာ တစ်စောင်လုံးမှာ သူ့အကြောင်းချည်းပါပဲ' ဟု ခရစ္စတီက အေးတိအေးစက် ဖြေသည်။ ခရစ္စတီ၏ ပြောပုံမှာ ခြောက်သွေ့သွေ့ နိုင်လှပေသည်။

ခရစ္စမတ် ပွဲတော် နီးလာလေလေ အအေးဓာတ်က လွန်ကဲလေလေ ဖြစ်လာသည်။ ဆီးနှင်း မခဲသော နေ့ဟူ၍လည်း မရှိသလောက်ပင် ဖြစ်လာသည်။ အင်ဒရူးမှာလည်း ယခင်ကလိုပင် ဆီးနှင်းခဲနေသော လမ်းများပေါ်၌ အပင်တပန်း သွားလာ လှုပ်ရှား ရုန်းကန်နေရဆဲပင်။

အင်ဒရူးသည် သူ လုပ်လက်စ ရှိခဲ့ဖူးသော ဖုန်မှုန့် သဲမှုန့်များကို ရှူရှိုက်မိ၍ ဖြစ်ပေါ်လာတတ်သည့် ရောဂါ လက္ခဏာများ ဆိုင်ရာ သုတေသန လုပ်ငန်းကို ဆက်၍ လုပ်ရန် ကြံစည် စိတ်ကူးလျက် ရှိသည်။ သူပိုင် လူနာများအား သုတေသန လုပ်ကြည့်၍ ရလာသည့် အဖြေများကတော့ သူ၏ သုတေသနလုပ်ငန်း အတွက် အားတက်ဖွယ်ရာ ကောင်းနေသည်။ ထိုကြောင့်လည်း သူ၏ သုတေသန အလုပ်ကို ဆက်၍ လုပ်သွားရန် စိတ်အား ထက်သန်လျက် ရှိလေ၏။

မစ္စတာ ဗောက်ဟန်ကလည်း အင်ဒရူး၏ သုတေသန လုပ်ငန်းပေါ်တွင် စိတ်ပါဝင်စားနေသည် ဖြစ်ရာ သူပိုင် ကျောက်မီးသွေးတွင်း သုံးတွင်းမှ မြေအောက် အလုပ်သမား အားလုံးကို လိုအပ်လျှင် လိုအပ်သလို လက်တွေ့တွင်းဆင်း၍ သုတေသန လုပ်ရန် ခွင့်ပြုထားပေသည်။

မစ္စတာ ဗောက်ဟန်က ပေးထားသည့် အခွင့်အရေးမှာ အင်ဒရူး အတွက် အလွန် ကောင်းသော အခွင့်အရေး ဖြစ်သဖြင့် ယင်း အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင်နှင့် စနစ်တကျ သုံးသွားမည်ဟု ဆုံးဖြတ်ထားလေ၏။ သူသည် တွင်းတူး လုပ်သားများနှင့် မြေပေါ်လုပ်သားများကိုပါ အရန် အဖြစ် စမ်းသပ်စစ်ဆေးပြီးမှ မြေအောက် လုပ်သားများ၏ အခြေအနေနှင့် နှိုင်းယှဉ် သုံးသပ်၍ စာတမ်း ထုတ်ရန်လည်း စိတ်ကူးထားပေသည်။ သူ၏ သုတေသန လုပ်ငန်းကို ယခုနှစ် နှစ်သစ် ကူးလျှင် ကူးချင်း စ၍ လုပ်တော့မည်ဟု အခိုင်အမာ ဆုံးဖြတ်ထားလေ၏။

ခရစ္စမတ် အကြိုရက် ညနေပိုင်းတွင် အင်ဒရူးသည် ထုံးစံ အတိုင်း ဆေးခန်းမှ ပြန်လာသည်။ ယခုတလော လုပ်ရ ကိုင်ရသည်မှာ အဘက်ဘက်တွင် အဆင်ပြေသလို ဖြစ်နေသဖြင့် သူ့စိတ်သည် ထူးထူးခြားခြားပင် ရွှင်လန်း ချမ်းမြေ့လျက် ရှိ၏။ သူ လျှောက်လာနေစဉ် အတွင်း အိမ်တိုင်းလိုလို ခရစ္စမတ် ပွဲတော် အတွက် တပျော်တပါး ပြင်ဆင်နေကြသည်ကို သတိပြုမိသော





www.burmeseclassic.com

www.burmeseclassic.com



မိလေသည်။

ဤမြို့ကလေးမှ အလုပ်သမားများသည် ခရစ္စမတ် ပျော်ပွဲရွှင်ပွဲ အတွက် အလွန် အားခဲထားကြဟန် တူ၏။ လွန်ခဲ့သော အပတ်မှ စ၍ အိမ်တိုင်းလိုလို ပြင်ဆင်လာကြခြင်း ဖြစ်သည်။ အိမ်တိုင်းသည် အိမ်ရှေ့ ဧည့်ခန်းကို စိတ် တိုင်းကျ ပြင်ဆင် မွမ်းမံပြီး ကလေးများ မဝင်နိုင်အောင် သော့ခတ်ထားကြ သည်။ ထိုအခန်းကို ရောင်စုံ စက္ကူ ကတ်ပြားဖြင့် လှပ ဝေဆာနေအောင် ပြင် ဆင် မွမ်းမံပြီး အလုပ်သမား အသင်းမှ ထုတ်ပေးသည့် ငွေဖြင့် ကလေးများ အတွက် ဝယ်ယူထားသော အရုပ်၊ ကိတ်မုန့်၊ လိမ္မော်သီး၊ သကြားလုံး၊ ဘီ စကွတ် စသော စားစရာများကို စားပွဲ တစ်လုံးနှင့် တသီးတခြား ကျကျနန ပြင်ဆင် ထားတတ်ကြလေသည်။

ခရစ္စတီမှာလည်း ခရစ္စမတ်ပွဲတော် အတွက် စိတ်တိုင်းကျ ပြင်ဆင် လျက် ရှိရာ ယနေ့ ညနေ အင်ဒရူး ပြန်ရောက်သွားချိန်တွင် ခရစ္စတီမှာ ခါတိုင်းနေ့များထက် တစ်မူ ထူးခြား၍ ပျော်ရွှင်နေပုံ ပေါ်သည်။ သူမ၏ မျက်နှာတွင် တစ်စုံတစ်ခုသော ဝမ်းသာမှုကို မျိုသိပ်ထားနေရသည့် အသွင် ရှိနေ၏။ အင်ဒရူး ဝင်လာသည့်အခါ လက်ကို ဆီး၍ ဆွဲလိုက်ပြီး 'ရှင် ဘာမှ မမေးနှင့်နော်၊ စကား တစ်ခွန်းမှလည်း မပြောနှင့်၊ ရှင့် မျက်စိတွေကိုလည်း ပိတ်ထား၊ လာ ကျွန်မနှင့် လိုက်ခဲ့' ဟု ဆိုသည်။ အင်ဒရူးသည် မျက်လုံး များကို စုံမှိတ်ကာ ခရစ္စတီ ခေါ်ရာသို့ လိုက်သွားလေ၏။

မီးဖိုခန်းထဲ ရောက်၍ မျက်လုံးကို ဖွင့်လိုက်သည့် အခါ စားပွဲပေါ်၌ အထုပ် တော်တော်များများ တင်ထားသည်ကို တွေ့ရလေ၏။ အချို့ အထုပ်များ မှာ ဖြစ်ကတတ်ဆန်း ထုပ်ထားခြင်း ဖြစ်၍ အချို့မှာ သတင်းစာ စက္ကူဟောင်း များနှင့် ပတ်ရုံမျှသာ ပတ်ထားလေသည်။ သို့သော်လည်း အထုပ်တိုင်းတွင် စာရွက်ကလေးတွေတော့ ကပ်ထားသည်။ ဤ အထုပ်များကား သူ၏ လူနာ များက ပေးပို့သည့် ခရစ္စမတ် လက်ဆောင်များပေတည်း။ အချို့သော လက် ဆောင်များမှာ ဘာနှင့်မှ ထုပ်၍ မရသည့် ပစ္စည်းများ ဖြစ်သဖြင့် ထုပ်မထား ပေ။

'ကြည့်စမ်းပါဦး အင်ဒရူးရယ်၊ ငန်းက တစ်ကောင်၊ ဘဲက နှစ်ကောင်၊ ကိတ်မုန့်က တစ်လုံး၊ ဝိုင်အရက်က တစ်ပုလင်းတဲ့၊ သူတို့ ပေးတဲ့ လက်ဆောင် တွေက ချစ်စရာ မကောင်းဘူးလားဟင်၊ သူတို့တစ်တွေ ရှင့်ကို ဘယ်လောက် ချစ်ကြ ခင်ကြတယ် ဆိုတာ သူတို့ လက်ဆောင်တွေက ပြနေတာပဲ'





အင်ဒရူးမှာ စကားပင် မပြောနိုင်တော့ဘဲ လက်ဆောင်များကို တစ်ခု ချင်း ကောက်၍ ကြည့်ကာ စိတ်ထိခိုက်လျက် ရှိလေ၏။

လက်ဆောင်များထဲတွင် အဖိုးထိုက် အဖိုးတန် ပါသည် မဟုတ်သော် သို့သော်လည်း သူ့နယ်မြေ အတွင်းမှ သူ့ လူနာများက သူ့အား လေးစား ကြည်ညိုကြကြောင်း အပြည့်အဝ ဖော်ပြလျက် ရှိပေသည်။ လက်ဆောင် အထုပ်များတွင် ကပ်ထားသည့် စာရွက်ကလေးများကို ခရစ္စတီနှင့် အတူ ဂရုတစိုက် ကြည့်နေမိ၏။ သုံးထားသည့် စာရွက်များက အဟောင်း၊ ရေး ထားသည့် လက်ရေးများက မညီမညာ၊ မသေမသပ်၊ သတ်ပုံများက အမှား များ အယွင်းယွင်း။ သူတို့ နားလည်သလောက် တတ်ကျွမ်းသလောက်နှင့် အကောင်းဆုံး ဖြစ်အောင် လုပ်ထားကြခြင်း ဖြစ်သော်လည်း သူတို့၏ ရိုးသား ဖြူစင်မှုကို အပြည့်အဝပင် ဖော်ပြနေကြပေသည်။

'အမှတ် သုံး စီဖန်ရုပ်မှ လူနာ၏ ခရစ္စမတ် လက်ဆောင်'

'မစ္စတ် ဝီလျံမှ ကျေးဇူးတင်စွာဖြင့်'

'မြေအောက်မှ အသက်ကယ်ခဲ့သော ဒေါက်တာ အတွက် ခရစ္စမတ် လက်ဆောင်'

လက်ဆောင်ထုပ်များပေါ်မှ စာတန်းကလေးများကို ဖတ်၍ ကြည်နူး ခြင်းနှင့် ဝမ်းနည်းခြင်းတို့ တစ်ပြိုင်တည်း ခံစားနေရသဖြင့် အချိန် အတန်ကြာ အောင် စကားကို မပြောနိုင် ဖြစ်ရလေ၏။

ခရစ္စတီသည် ငန်းသားကို ချက်ရန် ပြင်ဆင်လျက် ရှိသည်။ အင်ဒရူး ကတော့ ခရစ္စတီ လုပ်ထားသော ဝိုင် တစ်ခွက်ကို သောက်၍ မီးဖိုထဲတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းသလားနေရင်းက သူ့ဘဝသူ ကျေနပ် အားရသော စိတ်အဟုန်ဖြင့် စိတ်ကူးပေါက်ရာများကို ပြောနေလေ၏။

'ဆေးကုခ အလွယ်တကူ ပေးနိုင်တဲ့ စနစ်ကောင်း တစ်ခုတော့ ကို တွေ့ပြီ ခရစ္စတီ၊ အခုလို ပစ္စည်း ပေးတာဟာ အကောင်းဆုံးပဲ၊ ဒီမယ် ခရစ္စတီ၊ ဆေးကုခကို ဒီလို ပုံမျိုးပဲ ပေးသင့်တယ်လို့ ကိုတော့ ထင်တယ်၊ ငွေလည်း မလိုဘူး၊ ပြေစာတွေ ဘာတွေလည်း မလိုဘူး၊ အခွန်အခ စည်းကြပ်တာတွေ ဘာတွေလည်း လုံးဝ မလိုတော့ဘူး၊ ပစ္စည်းပဲ ပေးရမယ်၊ ကို ပြောတာ သဘော ပေါက်ရဲ့လားဟင်၊ သဘောပေါက်တယ် မဟုတ်လားဟင်၊ မင်းက နေမကောင်း ဘူး ဆိုပါတော့၊ ဆရာဝန်ဆီ လာတယ်၊ ပြတယ်၊ ဆေးကု ခံတယ်၊ ဒီအ[illegible] မင်းက မင်း ထုတ်လုပ်တဲ့ ပစ္စည်းကို အခ ကြေးငွေ အဖြစ် ပေး[illegible]



www.burmeseclassic.com

www.burmeseclassic.com

ပြီးတာပဲ၊ ဆိုပါတော့ မင်း ထုတ်လုပ်တဲ့ ပစ္စည်းက ကျောက်မီး သွေး ဖြစ်ချင် ဖြစ်မယ်၊ မင်း စိုက်ပျိုးထားတဲ့ မင်းရဲ့ ခြံထွက်ပစ္စည်းက အာလူး တစ်ခြင်း ဖြစ်ချင် ဖြစ်မယ်၊ မင်းမှာ ကြက်တွေ မွေးထားရင် ကြက်ဥတွေ ဖြစ်ချင် ဖြစ်မယ်၊ ကို ပြောတာ နားလည်တယ် မဟုတ်လား ခရစ္စတီ၊ ဒီလိုဆိုတော့ တစ်ဦးနှင့် တစ်ဦး ထောက်ထား စာနာမှု ဆိုတဲ့ အသိတရားလည်း ရှိလာမှာပဲ၊ အထူး ပြောဟောနေဖို့ မလိုတော့ဘူး၊ အခုပဲ ကြည့်စမ်း၊ မစ္စက် ဝီလျံက ငန်း နှစ်ကောင် လက်ဆောင် ပေးတယ် မဟုတ်လား၊ တကယ်လို့ ဆရာဝန်တိုင်း က အကျိုးအမြတ် ဆိုတာကို မကြည့်တော့ဘဲ စွန့်လွှတ်နိုင်ကြမယ် ဆိုရင် စနစ် တစ်ခုလုံးဟာ သန့်ရှင်း စင်ကြယ်သွားမှာ သေချာတယ်'

'ဟုတ်တာပေါ့ ဟုတ်တာပေါ့၊ ကျွန်မကို စပျစ်ခြောက် နည်းနည်း လောက် ယူပေးစမ်းပါ အင်ဒရူးရယ်၊ ဟိုဘက် ကြောင်အိမ်ပေါ်မှာ တင်ထားတယ်'

'ဟာ ဒီမိန်းမကလည်း ပြောနေတာကို ဘာပြုလို့ နားမထောင်ရတာလဲကွ၊ စပျစ်သီးခြောက်နှင့် ဆိုရင် ငန်းသားက ပိုပြီး အရသာ ရှိမယ် ထင်တယ်နော်'

နောက်တစ်ရက် ခရစ္စမတ်နေ့တွင် ရာသီဥတုမှာ ကြည်လင်သာယာ နေသည်။ ဆီးနှင်း မြူတိမ်များလည်း ကင်းစင်နေသည်။ မနက်ပိုင်း ဆေးခန်း ဖွင့်ချိန်တွင် လူနာ နည်းနည်းသာ ရှိ၍ ညနေပိုင်းတွင်လည်း လူနာ များများ စားစား လာမည့် လက္ခဏာ မရှိချေ။ အင်ဒရူးတွင် အိမ်တိုင်ရာရောက် သွား၍ ကြည့်ပေးရမည့် လူနာကလည်း အနည်းငယ်မျှသာ ရှိရာ ရှိနေသမျှကို မြန်မြန် ပြီးစီးသွားလိုသော စိတ်ဖြင့် ခပ်သုတ်သုတ်ပင် လှည့်သွားလေ၏။

အိမ်တိုင်းပင် ညစာ ချက်ပြုတ်နေကြလေပြီ။ သူ့အိမ်တွင်လည်း ခရစ္စတီ တစ်ယောက် မမောနိုင် မပန်းနိုင် ချက်ပြုတ် နေပေရော့မည်။ လမ်း တစ်လျှောက်လုံးတွင် ဟိုက သည်က နှုတ်ဆက်နေကြသဖြင့် ပါးစပ် မအားအောင် ပြန်၍ ဖြေနေရလေ၏။ နှစ်သစ်ကူး၏ မင်္ဂလာ ရှိသော နှုတ်ဆက်ခြင်းများကို ဘုံပြန် နှုတ်ဆက်နေရင်းမှပင် လွန်ခဲ့သော တစ်နှစ်ခန့်က ဤလမ်းများပေါ်၌ နှုတ်ဆက်မည့်သူ မရှိဘဲ လျှောက်သွားနေခဲ့ရသော မိမိ၏ ဘဝနှင့် ယခု လက်ရှိ ဘဝ အခြေအနေကို နှိုင်းယှဉ် ကြည့်နေမိလေ၏။

ယင်းကဲ့သို့ နှိုင်းယှဉ် စဉ်းစားမိသောကြောင့် ထင်၏။ အိမ်အမှတ် ၁၈ စီဖန်လမ်း အိမ်ရှေ့သို့ ရောက်သည့် အခါတွင် အီဗန်ကို သတိရကာ စိတ်





မကောင်း ဖြစ်လာမိသည်။ သူနှင့် အကြီးအကျယ် အဆင်မပြေ ဖြစ်ခဲ့သော ဘင် ချင်ကင်းမှ တစ်ပါး သူ့ထံမှ ပြောင်းသွားခဲ့ကြသော လူနာ အားလုံးလိုလို သည် သူ့ထံ ပြန်လာခဲ့ကြပြီ ဖြစ်၏။ ဘင် ချင်ကင်း တစ်ယောက်ကသော့ သူ့ထံသို့ ခြေဦးပင် မလှည့်တော့ပေ။ သူကလည်း ချင်ကင်းလို လူမျိုး ပြန်လာသည်ကို ကြောက်ခဲ့၏။ ချင်ကင်း တစ်ယောက် သူ့ထံ ပြန်ရောက်မလာသည် အတွက်တော့ဖြင့် သူ ဝမ်းမနည်းချေ။

သို့သော်လည်း ယနေ့အထိ သူ့ထံ ပြန်ရောက် မလာသေးသည့် လူနာဟောင်း တစ်ယောက် အတွက်မူ စိတ်မကောင်း ဖြစ်မိ၏။ ထိုလူနာဟောင်းကား အခြားသူ မဟုတ်။ တွမ် အီဗန်ပေတည်း။

ယခုလို နှစ်သစ်ကူး အချိန်တွင် သူ၏ စိတ်သည် အခြား အချိန်တွေထက် ပို၍ နူးညံ့ သိမ်မွေ့ နေလေသလား မသိ။ တွမ် အီဗန်အား သတိတရ ဖြစ်မိသည်နှင့်အမျှ တွမ် အီဗန်၏ အဖြစ်ကို ပြန်၍ တွေးမိကာ သနား ကရုဏာစိတ် ယိုဖိတ်လာလေရာ ယခုလို အီဗန်တို့ အိမ်ရှေ့ ရောက်ခိုက်တွင် အိမ်ထဲ ဝင်၍ တွမ် အီဗန်အား နှုတ်ဆက်တော့မည်ဟု ဆုံးဖြတ်မိလေ၏။

အင်ဒရူးသည် တွမ် အီဗန်တို့၏ အိမ်တံခါးကို တစ်ချက် ခေါက်လိုက်ပြီး အသာအယာ တွန်းဖွင့်ကာ ဝင်သွားသည်။ အိမ်ရှေ့တွင် အိမ်သူ အိမ်သား တစ်ယောက်မျှ မရှိချေ။ ခရစ္စမတ် ပွဲတော် အတွက် ပြင်ဆင်ထားခြင်းလည်း မရှိချေ။ အင်ဒရူးသည် မီးဖိုခန်းဘက်ဆီသို့ လျှောက်သွားမိလေ၏။

တစ်အိမ်လုံးသည် ငြိမ်ဆိတ်လျက် ရှိလေသည်။

မီးဖိုခန်းထဲ ရောက်သည့် အခါ အင်ဒရူးမှာ ပို၍ အံ့ဩ ဝမ်းနည်းခြင်း ဖြစ်ရသည်။ မီးဖိုခန်းထဲတွင် ဘာတစ်ခုမှ ပြင်ဆင်ထားခြင်း မရှိပေ။ မီးဖိုပေါ်တွင်လည်း ဘာအိုးမှ တည်ထားသည်ကို မတွေ့ရပေ။ တစ်အိမ်လုံး မီးခိုး ကင်းလျက် ရှိ၏။ မီးဖို ရှေ့ရှိ လက်တန်းကျိုးနေသော ကုလားထိုင် တစ်လုံး ပေါ်တွင်မူ သိမ်လီနေပြီ ဖြစ်သော လက်တစ်ဖက်ကို တွဲလောင်းချကာ ခြေပစ် လက်ပစ် ထိုင်နေရှာသော တွမ် အီဗန်ကို မြင်ရလေ၏။

တွမ် အီဗန် ထိုင်နေပုံမှာ စိတ်ပျက်လက်ပျက်နှင့် မျှော်လင့်ချက် မရှိတော့သည့် ပုံစံမျိုး ဖြစ်သည်။ သူ၏ လေးနှစ်ရွယ် သမီးငယ်သည် သူ့ပေါင်ပေါ်တွင် ထိုင်နေရှာသည်။ သူတို့ သားအဖသည် ငြိမ်သက်စွာဖြင့် သူတို့ ရှေ့မှောက်ရှိ ကြမ်းပြင်ကို ငေးမော ကြည့်ရှုနေကြလေသည်။ သူတို့ သားအဖ နှစ်ယောက် ရှေ့တွင် မသေမသပ်နှင့် ဖြစ်ကတတ်ဆန်း ပြုလုပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ခရစ္စမတ် သစ်ပင် ရှိ၍ ထို သစ်ပင်ပေါ်တွင် ဖယောင်းတိုင် စိုက်ထားသေ သည်။ ခရစ္စမတ် သစ်ပင်၏ အောက်တွင်မူကား သူတို့ မိသားစု ခရစ္စမတ် ပွဲတော် အထိမ်းအမှတ် စားသောက်ပွဲ ပြုလုပ်ရန် အလို့ငှာ ရည်ရွယ်၍ ပြင်ဆင် ထားဟန် တူသည့် လိမ္မော်သီး သုံးလုံး ရှိလေသည်။

တွမ် အီဗန်သည် အင်ဒရူးကို မမျှော်လင့်ဘဲနှင့် တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားပုံရသည်။ သူ့မျက်နှာတွင် ရှက်ကြောက်စိတ်များ ပေါ်လာ သေးသော်လည်း ချက်ချင်းပင် အင်ဒရူးအား မလိုလားသည့် လက္ခဏာနှင့် စက်ဆုပ် မုန်းတီးသည့် အရိပ်အသွင်များ ထင်းခနဲ ပေါ်လာသည်။ အင်ဒရူး ပြောခဲ့သည့် စကားများကို မယုံကြည်ခဲ့၍၊ မလိုက်နာခဲ့၍ လက်တစ်ဖက် မသန်မစွမ်း ဖြစ်ခဲ့ရ၏။ ယင်း မသန်စွမ်းမှုကြောင့် အလုပ်ပြုတ်ခဲ့ရပြီး စား မဲ့ သောက်ရမဲ့ ဖြစ်ခဲ့ရ၏။ အိမ်တွင်းရှိ ပရိဘောဂ ပစ္စည်းများမှ အစ ရှိ သမျှကို ရောင်းချ စားသောက် နေခဲ့ရ၏။ ယင်းကဲ့သို့ အရှုံးနှင့် ရင်ဆိုင် နေခဲ့ ရသော သူ့ဘဝ အတွက် ရှက်ခြင်း၊ စိတ်နာခြင်းတို့ဖြင့် သူ့အပေါ် မလို လားခြင်း ဖြစ်ဟန်တူသည်ဟု အင်ဒရူးက ယူဆလေသည်။

အင်ဒရူးသည် တွမ် အီဗန်၏ ကံမကောင်း အကြောင်းမလှသည့် အဖြစ်ကို တစ်ဆင့်စကား ကြားခဲ့ရပြီး ဖြစ်သော်လည်း ဤမျှလောက် သနား စဖွယ် ကောင်းလောက်အောင် အခြေအနေ ဆိုးရွားလိမ့်မည်ဟု မမျှော်လင့်ခဲ့ မိပေ။ ယခုလို အခြေအနေမျိုးကို မြင်တွေ့လိုက်ရသည့် အခါ စိတ်ထိခိုက် လွန်းသဖြင့် စကားစမြည်ပင် မပြောတော့ဘဲ လှည့်ပြန်တော့မည်ဟု စိတ်ကူး လိုက်မိလေ၏။

ထိုအခိုက်တွင် မစ္စက် အီဗန်သည် စက္ကူထုပ်ကလေး တစ်ထုပ်ကို ချိုင်း တွင် ညှပ်ကာ နောက်ဖေး တံခါးမှ ဝင်လာသည်။ အင်ဒရူးကို တွေ့လိုက်သည့် အခါ တစ္ဆေ သရဲကို မြင်လိုက်ရသည့်နှယ် အံ့အားကြီး သင့်လျက် ရှိရာမှ ထိတ် လန့်တကြား အယောင်ယောင် အမှားမှား ဖြစ်ကာ ချိုင်းကြားမှ စက္ကူထုပ် သည် ထွက်ကျသွားသည်။ သမံတလင်းပေါ် ရောက်သွားသည့် စက္ကူထုပ်ထဲမှ အေဘာရာလောမြို့၌ ဈေး အပေါဆုံး ဖြစ်သော အမဲရိုး နှစ်ချောင်းသည် ထွက် အန် ကျလာလေ၏။ တွမ် အီဗန်၏ ပေါင်ပေါ်မှ ကလေးငယ်သည် မိခင်၏ မျက်နှာကို တစ်ချက် မော့ကြည့်ကာ အလန့်တကြား ထ၍ ငိုလေတော့၏။

'ဘာကိစ္စ ရှိပါသလဲ ဒေါက်တာ၊ ကျွန်မ ယောကျ်ားဟာ ဘယ်သူ့ကိုမှ ဒီနိုက် နစ်နာအောင် မလုပ်ပါဘူး၊ သူ ဘာများ လုပ်တယ်လို့ ကြားပါသလဲ'





မစ္စက် အီဗန်၏ အသံသည် တုန်ယင် လှုပ်ရှားလျက် ရှိသည်။ အင် ဒရူးမှာ မြင်ရ ကြားရသမျှ အားလုံး အတွက် စိတ်ထိခိုက်လွန်းသဖြင့် ရင် ထဲတွင် တလှိုက်လှိုက် ဖြစ်လာသည်။ အံကို ကြိတ်၍ စိတ်ကို တင်းနိုင်သမျှ တင်းကာ သူ့ခေါင်းထဲတွင် ရုတ်တရက် ပေါ်လာသည့် အတိုင်း ပြောမိလေ ၏။

'မစ္စက် အီဗန်၊ ကျွန်တော်နှင့် ခင်ဗျားရဲ့ ယောကျ်ား တွမ်တို့ ကြား မှာ တစ်ဦးနှင့် တစ်ဦး အထင်အမြင် မှားစရာတွေ ဖြစ်ခဲ့တာ ကျွန်တော် သိပါ တယ်၊ ဒါပေမဲ့ အခုလို နှစ်သစ်ကူးချိန် ခရစ္စမတ်မှာတော့... အိုဗျာ၊ ကျွန်တော် ပြောချင်တာက...'

သူသည် ဘာဆက် ပြောရမှန်း မသိ ဖြစ်သွားသဖြင့် စကားကို ဖြတ် ၍ ရပ်ထားလိုက်ပြီးမှ 'ကျွန်တော် ပြောချင်တာက တကယ်လို့သာ ခင်ဗျားတို့ မိသားစု သုံးယောက် ကနေ့ည ခရစ္စမတ် နှစ်သစ်ကူး ညစာ စားပွဲမှာ ကျွန် တော်တို့နှင့် အတူတူ ညစာ စားကြမယ် ဆိုရင် ကျွန်တော် သိပ် ဝမ်းသာ မှာပဲ' ဟု ဆက်ပြောလေ၏။

'ဒါပေမဲ့ ဒေါက်တာရယ်... ကျုပ်'

မစ္စက် အီဗန်စကား မဆုံးသေးမီ သူ့ယောကျ်ား တွမ် အီဗန်က 'မင်း ပါးစပ်မရှည်နှင့်၊ တိတ်တိတ် နေစမ်း' ဟု ဒေါသတကြီးနှင့် ဝင်၍ ဟန့်လေသည်။

'ကျုပ်တို့ ဘယ်အိမ်ကိုမှ သွားပြီး ညစာ မစားဘူး၊ ကျုပ်တို့မှာ စား စရာ အရိုး ရှိရင် အရိုးပဲ ကိုက်နေမယ်၊ ဘယ်သူ့ဆီမှ သွားပြီး စားဖို့ မလိုပါ ဘူး၊ ကျုပ်တို့က သူတစ်ပါး ပေးစာ ကမ်းစာတွေ စားနေတဲ့ သူတောင်းစား တွေ မဟုတ်ပါဘူး၊ ဘယ်သူ ကျွေးတာမှလည်း မစားဘူး၊ ဘယ်သူ ပေးတာ မှလည်း မယူဘူး'

'ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ အီဗန်၊ ကျွန်တော် ခင်ဗျား ကို မိတ်ဆွေရင်းချာ တစ်ယောက် အနေနှင့် ဖိတ်တာပါဗျာ'

အင်ဒရူးက တောင်းပန်စကား ဆိုသော်လည်း တွမ် အီဗန်ကမူ အင် ဒရူးအား စက်ဆုပ် ရွံရှာသော အကြည့်မျိုးဖြင့် ကြည့်နေလေသည်။

'ဟား အလကား၊ ခင်ဗျားတို့ လူစု အားလုံး အတူတူနှင့် အနှုန်းချည်း ပဲ၊ လူတစ်ယောက် နိမ့်ကျသွားပြီ ဆိုရင် ဝိုင်းပြီး နင်းကြတယ်၊ သိက္ခာ မကျ ကျအောင် ချကြတယ်၊ ဒုက္ခ ပိုရောက်အောင် ချောက်တွန်းကြတယ်၊ ခင်ဗျားတို့ရဲ့ သောက်ဖိုးမတန်တဲ့ ညစာ အကြောင်းကို ထပ်မပြောနှင့်၊ ကျုပ်တို့ မစားဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ အီဗန်'

မစ္စက် အီဗန်က အသံသဲ့သဲ့ဖြင့် သူမ ယောက်ျားအား ဟန့်သည်။ အင်ဒရူးကမူ မစ္စက် အီဗန်၏ မျက်နှာကို ဝမ်းနည်းစွာဖြင့် ကြည့်နေမိလေ၏။

'မစ္စက် အီဗန်ကို ကျွန်တော် တောင်းပန်ပါရစေ၊ ခင်ဗျား ယောက်ျားကို နားလည်လာအောင် ခင်ဗျားကပဲ ပြောပြစေချင်ပါတယ်၊ ခင်ဗျားတို့ မိသားစု ကနေ့ညစာ မလာရင် ကျွန်တော် စိတ်မကောင်း ဖြစ်ရပါလိမ့်မယ်၊ တစ်နာရီခွဲလောက်မှာ ဆက်ဆက် လာခဲ့ပါ၊ ကျွန်တော်တို့ စောင့်နေပါမယ်'

အင်ဒရူးသည် အီဗန်တို့ လင်မယား တစ်စုံတစ်ရာ ပြန်မပြောနိုင်မီ သူ ပြောချင်သည့် လိုရင်း အချက်ကို ပြောပြီး ကပျာကယာပင် ထွက်လာခဲ့လေ၏။

အိမ်ပြန်ရောက်လျှင် ရောက်ချင်းပင် သူ ကြုံရသည့် အဖြစ်ကို ခရစ္စတီအား ပြောပြသည်။ အီဗန်တို့ မိသားစုအား ညစာ စားရန် ဖိတ်ခဲ့ကြောင်းကိုလည်း အသိပေးသည်။ ခရစ္စတီကတော့ တစ်စုံတစ်ရာ ဝေဖန်ခြင်း မပြုချေ။ ယနေ့ည ဗောက်ဟန်တို့ လင်မယားလည်း ရောက်လာကောင်း ရောက်လာနိုင်စရာ ရှိနေ၏။ သေချာပေါက် လာလိမ့်မည် ဟူ၍ကား မပြောနိုင်ချေ။ သူတို့ လင်မယားမှာ ဆွစ်ဇာလန်မှ အချိန်မီ ပြန်ရောက်မှသာ လာကြမည် ဖြစ်၏။

မည်သို့ပင် ဖြစ်စေ သူကတော့ အလုပ် လက်မဲ့ ဘဝဖြင့် ဆင်းရဲ ဒုက္ခ ရောက်နေရှာသော အလုပ်သမား မိသားစုအား ဖိတ်လာခဲ့လေပြီ။ သူသည် သူ လုပ်ခဲ့သည့် ကိစ္စကို ပြန်တွေးပြီး တိုးလာသည့် ဧည့်သည်များ အတွက် နေရာထိုင်ခင်းများ ထပ်မံ ပြင်ဆင်နေရသော ခရစ္စတီအား ကြည့်ကာ စိတ်မကောင်း ဖြစ်နေမိပြန်လေသည်။

'ကိုကြောင့် မင်း စိတ်ရှုပ်ရပြန်ပြီ' ဟု ညည်းလိုက်သဖြင့် ခရစ္စတီက ခပ်ငေါ်ငေါ် လေသံဖြင့် 'ကျွန်မ လက်ထပ်ခဲ့တာက ဒေါက်တာ မေဆန်ပဲ ရှင့်ရယ်၊ ဒေါက်တာ ဘနားဒိုးမှ မဟုတ်တာ၊ ဒီလိုပဲ ဖြစ်ရမှာပေါ့' ဟု ဆိုလိုက်ပြီးမှ 'အင်ဒရူးရယ်၊ ရှင်ဟာလေ တကယ့်ကို နားလည်ရ ခက်တဲ့ စိတ်ကူးယဉ်သမား တစ်ယောက်ပါလား' ဟု ညည်းလိုက်လေ၏။

ထိုညတွင် တွမ် အီဗန်တို့ မိသားစုသည် ဖိတ်ထားသည့် အချိန်တွင် ရောက်လာကြလေသည်။ သူတို့တွင် ရှိသမျှ အဝတ်အစားများနှင့် သပ်သပ်ရပ်ရပ် ဖြစ်အောင် ဝတ်စား လာကြသော်လည်း အမူအရာကတော့ ရှိုးတိုး





ရှန့်တန့် ဖြစ်ကာ အနေရ အထိုင်ရ ခက်နေကြ၏။ အင်ဒရူးက အစွမ်းကုန် ဖျော့ဖျော့ဖြင့်ဖြင့် လုပ်လေလေ သူတို့မှာ အနေရ ခက်လေ ဖြစ်နေကြ၏။ ခရစ္စတီကိုတင် တွက်ဆထားသည့် အတိုင်းပင် တခမ်းတနား ပြင်ဆင်ထားသော အစားအသောက်များကို မစားတတ် မသောက်တတ်သဖြင့် အဆင်မပြေ ဖြစ်ကြရလေသည်။

စားပွဲဦး ငြိမ်သက်စွာ ထိုင်နေရှာသော တွမ် အီဗန်သည် သူ၏ မသန်သော လက်ကို တွဲလောင်းချကာ အင်ဒရူးအား ခပ်ကြောင်ကြောင် ခပ်ငေးငေး ကြည့်နေသည်။ သူ့ဇနီးသည်က သူ့အတွက် ပေါင်မုန့် တစ်ချပ် ထောပတ် သုတ်ပေးသည်။ အင်ဒရူးသည် အီဗန်တို့ လင်မယား အယောင်ယောင် အမှားမှား ဖြစ်နေသမျှကို ကြည့်ရင်း ငရုတ်ကောင်း ပုလင်းကို ယူ၍ သူ့ ပန်းကန်ထဲသို့ ထည့်သည်။ ဘယ်အချိန်က ဖွင့်ထားမှန်း မသိသော ငရုတ်ကောင်းမှုန့်ဘူး အဖုံး ပွင့်ကာ ငရုတ်ကောင်းမှုန့် တစ်ဝက်ခန့်သည် သူ့ ဟင်းချိုပန်းကန်ထဲသို့ ရောက်သွားလေ၏။

ညစာ စားပွဲမှာ အသက် မရှိကဲ့သို့ တိတ်တိတ်ဆိတ်ဆိတ် နိုင်လွန်းလှသည်။ ထိုစဉ် အခိုက်အတွင်း အီဗန်တို့၏ သမီးငယ် အက်ဂနစ်က ကလေးတို့ဘာဝ ပျော်ရွှင် မြူးထူးစွာဖြင့် တစ်ချက် ထ၍ အော်လိုက်သဖြင့် စားပွဲဝိုင်းတွင် အသက်ဝင်သလို ဖြစ်သွားသည်။ ကလေးအား ဟန့်တားရန် ပြင်နေသော မစ္စက် အီဗန်သည် အင်ဒရူးက လှမ်းကြည့်နေသဖြင့် မဝံ့မရဲ ဖြစ်သွားသည်။ နောက်ပိုင်းကျတော့လည်း သူတို့ အားလုံး ရယ်ရယ်မောမော ဖြစ်လာသဖြင့် ထမင်းစားပွဲမှာ စိုစိုပြည်ပြည် ဖြစ်လာလေတော့၏။

အင်ဒရူးနှင့် ခရစ္စတီတို့က တန်းတူ ရည်တူ ထား၍ တလေးတစား ဆက်ဆံလာသောအခါ တွမ် အီဗန်သည် ရဲရဲဝံ့ဝံ့ ဖြစ်လာကာ သွက်သွက်လက်လက် စကားပြောဖော် ရလာသည်။ သူသည် သူလို ငါလို လူထဲက လူ တစ်ယောက်ပင် ဖြစ်သည် ဟူသော အချက်ကို ပေါ်လွင် ထင်ရှားအောင် ပြလာလေသည်။

တွမ် အီဗန်သည် ဘောလုံး ဝါသနာအိုး ဖြစ်၍ ဂီတ အနုပညာတွင်လည်း အလွန် ဝါသနာကြီးသူ တစ်ဦး ဖြစ်သည်။ ကာဇီဂင်သို့ သုံးနှစ်တိတိ သွားရောက် နေထိုင်ပြီး သီချင်း ဆိုခဲ့ဖူး၏။ သူသည် ခရစ္စတီနှင့် အယ်လဂါ၏ ခမ္မတေး သီချင်းများ အကြောင်းကို အကျယ်တဝင့် ဝေဖန် ဆွေးနွေးလျက် ရှိသည်။ အင်ဒရူးကတော့ အီဗန်၏ သမီးငယ် အက်ဂနစ်နှင့် ကစားနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ညစာ စားအပြီးတွင် ခရစ္စတီက မစ္စက် အီဗန်တို့ သားအမိအား တစ်ဖက်ခန်းသို့ ခေါ်သွားသဖြင့် ထမင်းစား စားပွဲတွင် အီဗန်နှင့် အင်ဒရူးတို့ နှစ်ဦးတည်း ကျန်ခဲ့လေ၏။ ရှက်တရက်သော် နှစ်ယောက်သား စကား မပြောမိကြပေ။ အမှန်တော့ နှစ်ဦးစလုံး၏ ရင်ထဲဝယ် ပြောစရာတွေ ပြောချင်တာတွေ အများကြီး ရှိပါလျက်နှင့် ဘာက စ၍ ဘယ်လို ပြောရမှန်း မသိ ဖြစ်ကာ ငြိမ်ဆိတ်နေကြခြင်း ဖြစ်၏။ နောက်ဆုံးတွင် တွမ် အီဗန် အတွက် တကယ် စိတ်ထိခိုက်နေရှာသော အင်ဒရူးကပင် စ၍ ပြောလေသည်။

'ခင်ဗျား လက်အတွက် ကျွန်တော် စိတ်မကောင်း ဖြစ်မိတာ အမှန်ပါ။ ခင်ဗျား အလုပ် ပြုတ်သွားတယ်လို့ ကြားရတော့လည်း စိတ်မကောင်း ဖြစ်ခဲ့မိပါတယ်၊ ကျွန်တော် ခင်ဗျား နားထောင်ကောင်းအောင် ဝတ်ကျေတမ်းကျေ ပြောနေတာ မဟုတ်ပါဘူး အီဗန်၊ ယုံပါ၊ ကျွန်တော် အတော့်ကို ဝမ်းနည်းမိပါတယ်'

'ကျွန်တော် ဝမ်းနည်းရသလောက်တော့ ဘယ်သူမှ ဝမ်းနည်းနိုင်မယ် မထင်ပါဘူးဗျာ'

အီဗန်၏ အသံမှာ ဆွေးဆွေးမြည့်မြည့် ရှိလှပေသည်။

ပြန်၍ ငြိမ်ဆိတ်သွားကြပြန်လေ၏။

ခဏကြာမှ အင်ဒရူးက စ၍ စကား ပြောရပြန်လေသည်။

'ကျွန်တော် ခင်ဗျားကို တစ်ခုလောက် ကူညီချင်ပါတယ်၊ ခင်ဗျား ခွင့်ပြုနိုင်မယ် ဆိုရင် ကျွန်တော် မစ္စတာ ဖောက်ဟန်ကို ခင်ဗျား အကြောင်း ပြောပြပါရစေလား၊ ခင်ဗျားရဲ့ ကိုယ်ရေး ကိုယ်တာ ကိစ္စမှာ ဝင်ရှုပ်တယ်လို့တော့ မထင်စေချင်ပါဘူး၊ တကယ်လို့ ခင်ဗျား သဘော မတူဘူး ဆိုရင်လည်း ကျွန်တော် မပြောပါဘူး၊ မစ္စတာ ဖောက်ဟန်ဟာ ကျွန်တော့်ကို အတော် ခင်ပါတယ်၊ ကျွန်တော်ကသာ ပြောရင် သူ လက်ခံမှာ သေချာသလောက်ပါပဲ၊ ခင်ဗျားရဲ့ ပြဿနာကို သူ နားလည်သွားအောင် ပြောပြရင် မြေပေါ်မှာ လုပ်ရတဲ့ အလုပ် တစ်ခုခုတော့ ရနိုင်စရာ ရှိပါတယ်၊ ဥပမာ ဆိုပါတော့၊ တစ်နေရာမှာ ထိုင်ပြီး အချိန်မှတ်ရတဲ့ အလုပ်တို့ ဘာတို့ပေါ့၊ ခင်ဗျားနှင့် သင့်တော်မယ့် အလုပ်မျိုး ဆိုပါတော့ဗျာ'

အင်ဒရူးသည် တွမ် အီဗန်က သူ့အပေါ် တစ်မျိုးတစ်မည် ထင်ကာ အယူအဆ လွဲသွားမည်ကို စိုးရိမ်နေမိသဖြင့် အီဗန်၏ မျက်နှာကို မကြည့်ရဲပေ။ အီဗန်ကမူ အင်ဒရူး ပြောသမျှကို နားထောင်နေသော်လည်း လုံးဝ စကား





ပြန် မပေးချေ။

အင်ဒရူးက မျက်လွှာကို အသာပင့်၍ အီဗန်၏ အရိပ်အခြည်ကို အကဲခတ်သည်။ အီဗန်၏ ပါးပြင်ပေါ်ဝယ် မျက်ရည်များ စီးကျလျက် ရှိ၏။ ကျိတ်၍ ငိုကြွေးခြင်း ဖြစ်ရာ အီဗန်၏ တစ်ကိုယ်လုံး တသိမ့်သိမ့် လှုပ်ခါလျက် ရှိလေသည်။ သူသည် ငိုကြွေးနေရင်းမှပင် သူ့ကိုယ်သူ တတ်အားသရွေ့ ကြိုးစား ထိန်းချုပ်လျက် ရှိ၏။ သို့သော်လည်း အချည်းနှီးပင်။ သူ၏ ကောင်းနေသေးသော လက်ကို စားပွဲပေါ် တင်လိုက်ပြီး မျက်နှာကို မှောက်ချလိုက်ကာ ရှိုက်ကြီးတငင် ဝမ်းနည်းပက်လက် ငိုကြွေးရှာနေတော့၏။

အင်ဒရူးသည် ထိုင်နေရာမှ ဖြည်းညင်းစွာ ထ၍ ပြတင်းပေါက်ဆီသို့ သွားကာ ရပ်နေသည်။ အီဗန် တစ်ယောက် သူ့ကိုယ်သူ ထိန်းချုပ်သွားနိုင်သည့် အချိန်အထိတော့ စောင့်ဦးမှ ဖြစ်ပေမည်။ အတန်ကြာသော် အီဗန်သည် သူ့ကိုယ်သူ ထိန်းနိုင်သွားသည်။ သူ့ ရင်ထဲတွင် အချိန်ကာလ ကြာမြင့်စွာ အောင့်အည်း မျိုသိပ်ထားခဲ့ရသမျှသည် မျက်ရည်များနှင့် အတူ ပါသွားဟန် တူပေ၏။

အီဗန်သည် နောက်ထပ် စကားတစ်ခွန်းမှ မပြောသော်လည်း သူ့မျက်လုံးများကို အင်ဒရူး၏ မျက်လုံးများနှင့် မဆိုင်မိစေရန် သတိထား နေလေသည်။

သုံးနာရီ ခွဲသော် အီဗန်တို့ မိသားစု ပြန်ကြသည်။ အလာတုန်းကလို စိတ်လက် မကြည်မလင် မဟုတ်တော့ဘဲ ရွှင်ရွှင်လန်းလန်းနှင့် ပြန်သွားကြခြင်း ဖြစ်၏။ သူတို့ ပြန်မှပင် ခရစ္စတီနှင့် အင်ဒရူးတို့မှာ စိတ်အေးလက်အေး နေ့လည်ခင်းထဲ ထိုင်နိုင်ကြတော့၏။

အင်ဒရူးကတော့ အီဗန်၏ အဖြစ်ကို သနား၍ မဆုံးအောင် ဖြစ်လျက်ပင် ရှိနေသေးသည်။ သူ့ ဝါသနာအတိုင်း အဘိဓမ္မာ တစ်ရပ်ကိုလည်း ထုတ်ပြနေလေသည်။

'ခရစ္စတီ သိတဲ့ မြင်တဲ့ အတိုင်းပဲ၊ အီဗန်ရဲ့ ဒုက္ခတွေဟာ နည်းနည်းနောနောမှ မဟုတ်ဘဲ၊ တကယ်တော့ သူ့လက် မစွမ်းမသန် ဖြစ်သွားရတာဟာ သူ့အပြစ် မဟုတ်ပါဘူး၊ ကိုက လူသစ် မျက်နှာစိမ်း ဆိုတော့ ကို ပြောတာ သူ မယုံဘူးပေါ့၊ ဗဟုသုတကလည်း နည်းတာကိုး၊ သူ့ကို လိမ်းပေးနေရ ကောရွန်ဆီဟာ ဘယ်လောက်အထိ ဒုက္ခပေးနိုင်တယ် ဆိုတာလည်း သူ မသိဘူး၊ ဒုက္ခ ပေးလိမ့်မယ်လို့လည်း မမျှော်လင့်ဘူးပေါ့လေ၊ ဒါပေမဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆွေကြီး ဒေါက်တာ အော့စဘောရီးမှာ ဒီကိစ္စနှင့် ပတ်သက်ပြီး အပြော အများကြီး ရှိတယ်လို့ ဆိုရမှာပဲ၊ ကိုဆီက ကတ်ပြား ပြန်ယူပြီး အီဗန်ဟာ အော့စဘောရီးဆီ သွားတာပဲ၊ လက်ရဲ့ အခြေအနေကို အော့စဘောရီး သိမှာပေါ့၊ ဒါပေမဲ့ သူ မသိခဲ့ပါဘူး၊ ဒါလည်းပဲ ဘာမှ မဟုတ်ဘူး၊ ဆရာဝန် တစ်ဦးရဲ့ ပေါ့ဆမှုနှင့် မသိ နားမလည်မှုဟာ အဓိက အားနည်းချက်ပဲ၊ အီဗန် တစ်ယောက်သာ မသိ နားမလည်တာ မဟုတ်ဘူး၊ သူ့ကို လက်ခံပြီး ကုသ ပေးတဲ့ ဆရာဝန်ကလည်း မသိဘူး၊ နားမလည်ဘူး၊ အဲဒီတော့ အခြေအနေ ဒီ ဆိုးတာပေါ့၊ ဆရာဝန်တိုင်းကို ခေတ်မီနေအောင် အမြဲတမ်း တိုးတက် ဖြစ် ပေါ်နေတဲ့ ဆေးပညာနှင့် အမီ လိုက်နေနိုင်အောင် လုပ်ပေးဖို့ အတွက် ဥပဒေ တစ်ရပ်တော့ ရှိသင့်ပြီလို့ ကို ထင်တယ်၊ အားလုံး အဆင်မပြေ ဖြစ်နေတာ က တခြားကြောင့် မဟုတ်ဘူး ခရစ္စတီ၊ ကိုတို့ရဲ့ လက်ရှိ ကျင့်သုံးနေတဲ့ စနစ်ရဲ့ အပြစ်ပဲ၊ ဆရာဝန်တွေအတွက် မသင်မနေရ မတက်မနေရ စနစ် မျိုးနှင့် ဘွဲ့လွန် သင်တန်းတွေ ဖွင့်ပေးသင့်ပြီလို့ ထင်တာပဲ၊ ဆိုပါတော့၊ လုပ် သက် ငါးနှစ် ပြည့်ရင် တစ်ခါ သင်တန်း တက်ရမယ့် စနစ်မျိုး ဆိုရင်...'

ဆိုဖာပေါ်တွင် အေးအေးသာသာ ထိုင်၍ အင်ဒရူးအား စိတ်ဝင်တစား ကြည့်နေမိသော ခရစ္စတီက ပြုံးလေသည်။

'တော်ပါတော့လား အချစ်ရယ်၊ တစ်နေ့လုံး လူသားချင်း ချစ်ခင် ကြင်နာရေး တရား ဟောရတာ မမောသေးဘူးလား၊ ခရစ္စတီကတော့ တရား နာရတာ ငြီးငွေ့လှပါပြီ၊ ကျွန်မမှာ ရှင့်ရဲ့ အတောင်ပံအောက် ဝင်ပြီး ခိုလှုံ ချင်လွန်းလို့ ရှင့် အတောင်အပံ အဖြန့်ကို မျှော်လင့် စောင့်စားနေရတာ ကြာ ပါပြီရှင်၊ လာစမ်းပါဦး၊ ကျွန်မ အနားများ ထိုင်လှည့်စမ်းပါဦး၊ ကျွန်မမှာ ရှင်နှင့် နှစ်ယောက်တည်း နေချင်လို့ စောင့်နေပါတယ်၊ နှစ်ယောက်တည်း နေ ချင်တာလည်း အရေးကြီးတဲ့ ကိစ္စ တစ်ခု ပြောစရာ ရှိနေလို့ပါတဲ့ရှင်'

'အခုဟာ မင်း ကို့ကို အပြစ်မြင်ပြီး ပြောနေတာတော့ မဟုတ်ဘူး ထင်ပါရဲ့ နော်' ဟု ရေရွတ်လိုက်ပြီးမှ 'ကို ဒီနေ့ မင်းကို ကောင်းကောင်း ဒူးဒွန် ဆက်ဆံခဲ့တာပဲ၊ ဘာပဲဖြစ်ဖြစ်လေ၊ ဒီကနေ့ဟာ ခရစ္စမတ်နေ့ မဟုတ် လား၊ ကို ကောင်းကောင်း ဆက်ဆံရမှာပေါ့' ဟု ပြောလေ၏။

ခရစ္စတီသည် အင်ဒရူး၏ အပြောကို သဘောကျလွန်း၍ အသံ မထွက် ဘဲ ကျိတ်၍ ရယ်မောနေလေသည်။

'ရှင်ဟာလေ သိပ်ချစ်ဖို့ ကောင်းတာပဲ၊ အင်း နောက် တစ်မိနစ်လောက်





ကြာလို့ နှင်းမုန်တိုင်း ကျလာရင် မာဖလာလေး လည်ပင်းမှာ ပတ်ပြီး လူသား တစ်ဦးကို ကယ်တင်ဖို့ ရှင် အပြင်ထွက်ရဦးတော့မယ်'

ခရစ္စတီက အင်ဒရူးအား စသဖြင့် အင်ဒရူးကလည်း အားကျမခံ ခရစ္စတီအား ခပ်တည်တည်နှင့် ပြန်၍ လှောင်သည်။

'ညကြီး မင်းကြီး အချိန်မတော်မှ တွင်း အမှတ် သုံးဘက်ကို ဆင်းလာ တဲ့ အမျိုးသမီး တစ်ယောက်ကို ကို ကောင်းကောင်း မှတ်မိနေတယ်၊ သူ့ခမျာ အပူကြီးရှာလွန်းလို့ လည်ပင်းမှာ မာဖလာလေး တစ်ထည်တောင်မှ စည်း လာနိုင်ရှာဘူးနော်'

ခရစ္စတီက သူမ၏ လက်နှစ်ဖက်ကို အင်ဒရူးဆီသို့ ဆန့်တန်းပေး လိုက်ပြီး 'ဒီမှာ လာထိုင်ပါဦး အချစ်ရာ၊ ကျွန်မ ရှင့်ကို ပြောစရာ တစ်ခု ရှိနေလို့ပါ' ဟု ထပ်၍ ပြောပြန်သဖြင့် အင်ဒရူးက သူမ၏ ဘေးတွင် ဝင် ထိုင်ရန် ပြင်သည်။ ထိုအခိုက်မှာပင် မြည်းတစ်ကောင်၏ အော်သံနှင့် တူသော ခပ်ဆန်းဆန်း အသံ တစ်သံ ကျယ်လောင် စူးရှစွာ ထွက်ပေါ်လာလေ၏။

'ဒုက္ခပါပဲနော်'

ခရစ္စတီက စိတ်ပျက်သံဖြင့် ညည်းသည်။

အဆက်မပြတ် ထွက်ပေါ်လာနေသည့် အသံမှာ မော်တော်ကား ဟွန်း သံ ဖြစ်၍ ဤအသံမျိုး ထွက်နိုင်သည့် မော်တော်ကားမှာ အေဘာရာလော မြို့တွင် တစ်စီးသာ ရှိ၏။ တခြားလူ၏ မော်တော်ကားတော့ မဟုတ်ပေ။ အင် ဒရူး၏ မိတ်ဆွေကြီး ကွန် ဘိုလန်၏ မော်တော်ကား ဖြစ်ပေသည်။

အင်ဒရူးက ခရစ္စတီအား အံ့ဩဟန်ဖြင့် ကြည့်သည်။

'သူတို့ လာတာ မကြိုက်ဘူးလားဟင်၊ ကွန် ဘိုလန်က လက်ဖက်ရည် သောက် လာခဲ့မယ်လို့ ကြိုပြီး ပြောထားတာ မင်း အသိသားနှင့်'

'အိုကွယ်၊ မကြိုက်လို့ မဟုတ်ပါဘူး'

နှစ်ယောက်သား အိမ်ရှေ့ ဝင်းဝ အထိ ထွက်၍ ဘိုလန်တို့ မိသားစု အား ကြိုကြသည်။ ဘိုလန်တို့ မိသားစုသည် ပုံမကျ ပန်းမကျ ဖြစ်နေသော မော်တော်ကားထဲတွင် ထိုင်နေကြသည်။ ကွန် ဘိုလန်က ကားရှေ့ခန်းထဲတွင် အကျအန။ သူ့ဘေးတွင် မေရီနှင့် တဲရင့်စ်။

ဘိုလန်သည် သက္ကလတ် ဦးထုပ်ကို အကျအန ဆောင်းထားပြီး လက် နှစ်ဖက်တွင် လက်အိတ် အသစ်များ စွပ်ထားသည်။ ကျန်ကလေး သုံးဦးမှာ ကား နောက်ခန်းထဲရှိ မိခင် ဖြစ်သူ မစ္စက် ဘိုလန်၏ ဘေးတွင် နေရာယူ



www.burmeseclassic.com

www.burmeseclassic.com

ထိုင်နေကြသည်။ မစ္စက် ဘိုလန်ကတော့ သူမ၏ သဘာဝအတိုင်း ကလေးငယ်ကို ရင်ခွင်ပိုက်ကာ အေးတိအေးစက် ပုံမျိုးပင်။ သူတို့ မိသားစု မော်တော်ကားထဲ၌ ထိုင်နေကြပုံမှာ ငါးသေတ္တာဘူးထဲ သွတ်ထားသည့် ငါးတွေနှင့် တူလှပေသည်။

ရုတ်တရက် ကားဟွန်းသံ ထွက်ပေါ်လာပြန်သည်။ အသံက ခပ်ကပ် ကပ်။ ခပ် အ အဲ။

ကွန် ဘိုလန်သည် သူ့ဝသီအတိုင်း နမော်နမဲ့ဖြင့် ဟွန်းကို ထပ်နှိပ်သည်။ ဟွန်းက ကပ်သွားသဖြင့် ဟွန်းသံမှာ မရပ်တော့ဘဲ အသံဆိုး အသံကြောင်ဖြင့် မရပ်မနား တရစပ် မြည်လျက် ရှိလေရာ တစ်ရပ်လုံး ဆူညံလျက် ရှိလေတော့သည်။

ဘိုလန်သည် ပါးစပ်မှ ဆဲဆို ရေရွတ်ရင်း အယောင်ယောင် အမှားမှားဖြင့် နှိပ် သည်နှိပ် လုပ်ပါသော်လည်း ဟွန်းသံက မရပ်ချေ။ မျက်နှာချင်းဆိုင်ဘက်ရှိ အိမ်များရှိ ပြတင်းပေါက် တံခါးများသည် ပွင့်လာကြပြီး ဦးခေါင်းများ အလျှိုလျှို ထွက်လာကြ၏။ ဘိုလန် တစ်ယောက် ပျာယာခတ်ကာ အလုပ်ရှုပ်နေသော်လည်း သူမ၏ ပတ်ဝန်းကျင်တွင် တစ်စုံတစ်ရာ ဘာမှ မဖြစ်သလို ဣန္ဒြေမပျက် ထိုင်နေနိုင်သူကား သူ့ဇနီး မစ္စက် ဘိုလန်ပေတည်း။

'ဒီ သောက်ဟွန်းကလည်းဗျာ၊ ဘာများ ဖြစ်ပြန်ပါလိမ့်' ဟု ဘိုလန်က ရေရွတ်သည်။ သူ့သမီး မေရီက 'ခလုတ် ကပ်နေတာ အဖေရဲ့' ဟု လှမ်းပြောပြီး ကပ်နေသော ခလုတ်ကို သူမ၏ ချွန်ထက်သော လက်သည်းဖြင့် ကော်၍ ထုတ်လိုက်ရာ ဟွန်းသံသည် ချက်ချင်း ရပ်သွားလေ၏။

'အဲ... ဟာ၊ ဒီလိုတော့လည်း အဟုတ်သားပဲ၊ ဟယ်လို မေဆန်၊ ရဲဘော်ကြီး နေကောင်းတယ်နော်၊ ဘယ့်နှယ့်လဲ၊ ကျွန်တော့်ကားကို သဘောမကျဘူးလား၊ ကျွန်တော် ပြင်လိုက်တာ အလယ်က နှစ်ပေ ရှည်ထွက်လာပြီ၊ ဒါပေမဲ့ ဂီယာဘောက်ကတော့ မဟန်သေးဘူး၊ နေကောင်းရဲ့လား မစ္စက်မေဆန်၊ ကျွန်တော်တို့ တစ်အိမ်သားလုံး ခင်ဗျားတို့ နှစ်သစ်ကူးနေ့မှာ အထူးနှုတ်ဆက်ဖို့ လာကြတာလေ၊ ပြီးတော့ လက်ဖက်ရည် တဝတပြ သောက်ကြမယ်'

'လာပါ ကွန် ဘိုလန်၊ အိမ်ထဲ ဝင်ပါ၊ ကျွန်မတော့ ရှင့်လက်က လက်အိတ်တွေကို သိပ် သဘောကျနေပြီ'

'ကျွန်တော့် မိန်းမက ပေးတဲ့ ခရစ္စမတ် လက်ဆောင်ပေါ့ဗျာ၊ စစ်တပ်က





မိုလို့ ထုတ်ရောင်းတဲ့ ပစ္စည်းပေါ့၊ အာ ဒီတံခါးက ဘာဖြစ်ရ ပြန်တာလဲဟာ'

နည်းအမျိုးမျိုးဖြင့် ကြိုးစား၍ ဖွင့်ပါသော်လည်း ကားတံခါးက ပွင့်မလာဘဲ တင်းခံနေသည်။ စိတ်မရှည်တော့သည့် ကွန် ဘိုလန်သည် ကားတံခါးကို ခွကျော်၍ ထွက်လာပြီး ကားထဲမှ သူ့ဇနီးနှင့် ကလေးများကို အပြင်သို့ ဆွဲထုတ်ရလေသည်။ ကိစ္စပြီးသော အခါ သူ့ကားကို တစ်ပတ် ပတ်၍ လှည့်ကြည့်လိုက်လေသည်။

သူတို့၏ လက်ဖက်ရည်ဝိုင်းသည် စိုစိုပြည်ပြည် ရှိရုံမျှမက ပျော်စရာလည်း ကောင်းသည်။ ကွန် ဘိုလန်ကတော့ ကားရှုးပိပိ သူ့ကား အတွက် စိတ်ကူးယဉ်၍ မဆုံးနိုင်ပေ။ 'ဆေးသာ သုတ်လိုက်ရင် ဒီကားကို ဘယ်သူမှ မှတ်မိမှာ မဟုတ်တော့ဘူး' ဟု ဆိုသည်။ မစ္စက် ဘိုလန်ကတော့ ဘယ်သူတွေ ဘာပြောပြောနေ ဂရုမစိုက်ဘဲ နို့မပါသည့် လက်ဖက်ရည် ကျကျကို တစ်ခွက်ပြီး တစ်ခွက် ထည့်ကာ ခြောက်ခွက်တိတိ သောက်သည်။ ကလေးတွေကတော့ ချော့ကလက်နှင့် ဘီစကွတ်များကို ဝိုင်း၍ လုကြ ယက်ကြသည်။ နောက်ဆုံးတွင် ပေါင်မုန့် အကြွင်းအကျန်များ အတွက် ဆူညံ ငြင်းခုံ ရန်ဖြစ်ကြပြီးမှ လက်စသတ်ကြ၏။ စားပွဲပေါ်တွင် ချထားသမျှ ပန်းကန် အားလုံးတွင် အစအနမျှ မကျန်အောင် တက်တက်ပြောင်ခါမှပင် အားလုံး ငြိမ်သက် သွားကြလေ၏။

လက်ဖက်ရည်ပွဲ အပြီးတွင် ခရစ္စတီ ပင်ပန်းနေပြီဟု ဆိုကာ မေရီက ပန်းကန် ခွက်ယောက်များ ကူညီ၍ သိမ်းပေးသည်။ အင်ဒရူးက ဘိုလန်၏ ကလေးငယ်ကို ဆောင်းမီးဖို အရှေ့ ကော်ဇောပေါ်၌ ချကာ အတူတူ ထိုင်၍ ကစားသည်။ သူ တွေ့ဖူးသမျှ ကလေးများထဲတွင် အဝဆုံး ကလေး တစ်ယောက် ဖြစ်၏။ ကလေးငယ်သည် အင်ဒရူး၏ မျက်လုံးများကို နှိုက်ရန် ကြိုးစားလျက် ရှိ၍ အင်ဒရူးက သူ့မျက်နှာကို ကလေး လက်လှမ်းမမီအောင် ရှေ့တိုးပေးလိုက် နောက်ပြန်ဆုတ်လိုက် လုပ်နေသည်။ ခရစ္စတီသည် အင်ဒရူး ကလေးငယ်နှင့် ကစားနေသည်ကို စိတ်အေးနားအေးဖြင့် ထိုင်၍ ကြည့်နေလေ၏။

ကွန် ဘိုလန်၏ မိသားစုသည် ကြာကြာ မနေနိုင်ကြပေ။ ကွန်ဘိုလန်က သူ့ကားသူ သိပ်ပြီး စိတ်မချ။ လမ်းတွင် တစ်စုံတစ်ခု ဖြစ်လျှင် ကလေး တစ်အုပ်နှင့် ဒုက္ခရောက်မည်ကို စိုးရိမ်သည်။ အထူးသဖြင့် သူ့ကား၏ မီး[illegible]မှာ စိတ်ချရသည် မဟုတ်။ အဆင်မသင့်လျှင် လင်းချင်မှ လင်းသည်။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြတော့မည်ဟု အထတွင် ကွန် ဘိုလန်က 'ကျွန်တော်တို့ဆီ တစ်လှည့် လာလည်ပါဦး' ဟု ဖိတ်မန္တက ပြုပေသည်။

ကွန် ဘိုလန်တို့ အပြန်တွင်လည်း ခရစ္စတီနှင့် အင်ဒရူးတို့က အိမ်ဝင်းဝမှ ရပ်၍ စောင့်ကြည့်နေကြသည်။ ကွန် ဘိုလန်၏ မော်တော်ကားသည် စက်နှိုး၍ မရချေ။ ဂေါက်တံနှင့် အတော်ကြာကြာ လှည့်မှပင် မနိုးချင် နိုးချင်နှင့် နိုးလာသည်။ စက်နိုးသွားသောအခါ ကွန် ဘိုလန်သည် အတော် စိတ်ချမ်းမြေ့သွားဟန် တူ၏။ အင်ဒရူးတို့ဘက် လှည့်၍ အောင်မြင် ဝင့်ကြွားသော အပြုံးဖြင့် ခေါင်းတစ်ချက် ဆတ်ပြလိုက်ပြီး ဒရိုင်ဘာ ထိုင်ခုံတွင် ဟန်ပါပါနှင့် ဝင်ထိုင်လိုက်လေ၏။

ထိုခဏမှာပင် ကွန် ဘိုလန့် ထိုင်ခုံ အောက်ဘက်မှ အသံ တစ်ချက် ထွက်လာပြီး ဘိုလန် မိသားစု တစ်စုလုံး တက်၍ ထိုင်လာခဲ့သည့် အလေးဒဏ်ကို ခံလာခဲ့ရသည်မှာ ကြာပြီ ဖြစ်၍ အားအင် ကုန်ခန်းသည့် လက္ခဏာဖြင့် မြေပေါ်သို့ တုံးလုံး ပက်လက် ပစ်လှဲချလိုက်သည့် တိရစ္ဆာန် တစ်ကောင် သဖွယ် မော်တော်ကား တစ်စီးလုံးသည် မြေပေါ်တွင် ဖရိုဖရဲ လဲပြိုလျက် ရှိလေတော့၏။

အင်ဒရူးနှင့် ခရစ္စတီတို့၏ မျက်စိအောက်မှာပင် ကားဘီးများသည် ပြုတ်ထွက်ကာ ဦးတည့်ရာသို့ လိမ့်ထွက် သွားကြလေ၏။ ကား၏ ကိုယ်ထည်မှ သံတိုသံစ ပစ္စည်း ကိရိယာများလည်း ဆူဆူညံညံ အသံများပြုကာ ပြုတ်ထွက်လာကြပြီး ဟိုတစ်စ သည်တစ်စ လွင့်စဉ် ကျလာကြသည်။ ကား၏ ကိုယ်ထည်ကတော့ 'ပပထုမ ထမယ်' ဟူသော ပုံစံမျိုးဖြင့် မြေကြီးနှင့် တစ်သားတည်း ဖြစ်ကာ ပြားပြားဝပ်လျက် ရှိလေ၏။ စောစောက ထုနှင့် ထည်နှင့် မြင်တွေ့နေရသော မော်တော်ကားသည် တစ်မိနစ်ခန့်မျှ အတွင်း ရုပ်ဆင်း အင်္ဂါ ပျက်သွားပြီး ကလေးများ ကစားရန် ပြုလုပ်ထားသည့် နမူနာ လှေ တစ်စီးနှင့်သာ တူနေတော့သည်။

ကား ရှေ့ခန်းထဲ၌ အကျအန ထိုင်နေသော ကွန် ဘိုလန်သည် ခြေထောက် ကလပ်ချ်ကို နင်းရင်း လက်က စတီယာရင်ကို ကိုင်ရင်းနှင့်ပင် မြေပြင်ပေါ်၌ ဖင်ထိုင်လျက် ပစ်ကျလေသည်။ နောက်ခန်းထဲမှ မစ္စက် ဘိုလန်သည် မျက်လုံး အပြူးသားနှင့် ပါးစပ် ဟောင်းလောင်း ပွင့်ကာ ကလေးငယ်ကို ပွေ့ထားရင်းက မြေကြီးပေါ်၌ ဖင်ထိုင်လျက် ဖြစ်နေလေ၏။

အင်ဒရူးနှင့် ခရစ္စတီတို့သည် ကွန် ဘိုလန်တို့၏ အဖြစ်ကို ကြည့်ကာ





အတော မသတ်နိုင်အောင် ရယ်မိကြလေသည်။ ရယ်ရလွန်း၍ နှစ်ဦးစလုံးပင် မောဟိုက်နေကြလေ၏။

ကွန် ဘိုလန်သည် သူ့ကားကို စေ့စေ့စပ်စပ် ကြည့်ပြီး သူ မော်တော်ကား လုပ်ကြံခံရသည်ဟု ဆို၏။ ထို့နောက် အင်ဒရူး၏ လက်မောင်းကို ဆွဲခေါ်သွားပြီး ယခု အချိန်ထိ လည်နေဆဲ ဖြစ်သော ကားအင်ဂျင်ကို ပြလျှာ 'ကြည့်စမ်း မေဆန်၊ အခုထိ စက်က လည်နေတုန်းပဲ၊ ဘယ်လောက်ထိ ကောင်းတဲ့ ကားလဲ' ဟု ပြောလေ၏။

ဘိုလန်တို့ မိသားစုသည် မော်တော်ကားပျက် အစအန အတိုအထွာများကို သယ်ယူ၍ အင်ဒရူးတို့ အိမ်နောက်ဖေး၌ စုပုံ ထားခဲ့ကြပြီးသော် ဘာပျော်တပါးပင် အိမ်သို့ ခြေကျင် ပြန်သွားကြပေတော့သည်။

'မပျော်ဘူးလား ခရစ္စတီ၊ ဘယ်လောက် ပျော်စရာ ကောင်းတဲ့ နေ့လဲဟင်၊ ကိုတော့ ကားပေါ်မှာ ထိုင်လျက်ကြီးနှင့် ပစ်ကျသွားတဲ့ ဘိုလန်ရဲ့ မျက်နှာကို တစ်သက်လုံး ဘယ်တော့မှ မေ့မယ် မထင်တော့ဘူး'

နှစ်ဦးသား တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ကာ အတန် ကြာအောင် ငြိမ်ဆိတ်နေရာမှ အင်ဒရူးက စ၍ 'ပျော်ရဲ့လား ခရစ္စတီ၊ ဒီနေ့ ခရစ္စမတ် နေ့မှာ ထူးထူးခြားခြား ပျော်စရာနှင့် ကြုံရပြီ မဟုတ်လား' ဟု မေးသည်။

ခရစ္စတီ ပေးသော အဖြေမှာ အင်ဒရူး အတွက် ထူးဆန်းနေပေသည်။

'ကျွန်မလေ ရှင် ဘိုလန်ရဲ့ ကလေးလေးနှင့် ကစားနေတာ ကြည့်ပြီး သိပ်ပျော်တာပဲ'

အင်ဒရူး အံ့ဩသော မျက်နှာဖြင့် ခရစ္စတီအား စူးစူးစိုက်စိုက် ကြည့်နေမိလေသည်။

'ဘာပြုလို့…'

ခရစ္စတီလည်း အင်ဒရူးအား မကြည့်တော့ဘဲ ခေါင်းငုံ့ထားသည်။

'ကျွန်မလေ ရှင့်ကို ပြောပြချင်လွန်းလို့ တစ်နေ့လုံး ကြိုးစားနေတာပဲ၊ အခါအခွင့်ကို မရခဲ့ဘူး သိလား၊ ဒီလောက် ပြောနေတာတောင်မှ ကျွန်မ ဘာ ပြောမယ် ဆိုတာ ရှင် မရိပ်မိသေးဘူးလားဟင်၊ ရှင်ဟာလေ တကယ်တော့ ကျွမ်းကျင် ပါးနပ်တဲ့ ဆရာဝန်ကောင်း တစ်ယောက် မဟုတ်သေးပါကလား အချစ်ရယ်'



www.burmeseclassic.com

www.burmeseclassic.com

[၁၃]

နေ့မှ ရက်၊ ရက်မှ လ၊ လမှသည် နှစ်သို့ တရွေ့ရွေ့ ကူးပြောင်းကာ နှစ်ဘစ်ပတ်လည်လာပြန်သည်။ နွေဦး၏ အကြိုကာလသို့ တစ်ကျော့ တစ်ကြိမ် ရောက်ခဲ့ရပြန်လေပြီ။

တဖြည်းဖြည်းနှင့် နွေရာသီ၏ သရုပ်သကန်သည် ပီပြင်စ ပြုလာသည်။

ခရစ္စတီ ပြုပြင်ခဲ့သော ပန်းဥယျာဉ်သည် အသက်ဝင် နိုးထလာသည်။ သူ စိုက်ပျိုးထားခဲ့သော ပန်းများသည် အဖူးအပွင့်တို့ဖြင့် ခေါင်းထူကာ ဝေဝေဆာဆာ ဖြစ်လာကြသည်။ လေယူရာ တိမ်း၍ ယိမ်းနွဲ့ လှုပ်ရှား ကစား မြူးထူးလာကြသည်။

ခရစ္စတီတို့ အိမ်အနီးမှ လျှောက်သွားကြသော အလုပ်သမားတိုင်းသည် ခရစ္စတီ၏ ပန်းဥယျာဉ်ကို တစ်ခဏမျှ ရပ်တန့်၍ မကြည့်ဘဲ မနေနိုင်ကြချေ။ စိုစိုပြည်ပြည် ဝေဝေဆာဆာနှင့် တခမ်းတနား ဖြစ်၍လာသော ပန်းဥယျာဉ်ကို မချီးမွမ်းဘဲ မနေနိုင်ကြချေ။

တကယ်တော့လည်း ဥယျာဉ် အတွင်းရှိ ဤပန်းမျိုးစုံကို ခရစ္စတီ ကိုယ်တိုင် လွန်ခဲ့သောနှစ် နွေအကုန် ဆောင်းအကူး ကြားကာလ ရာသီ ကတည်းက တပင်တပန်းနှင့် တယုတယ စိုက်ပျိုး လာခဲ့ခြင်း ဖြစ်ရာ ယခုလို စိုစိုပြည်ပြည် ဝေဝေဆာဆာ ဖြစ်လာပြန်တော့လည်း ပင်ပန်းရကျိုး နပ်သည်ဟု ဆိုရမည် ဖြစ်၏။ ခရစ္စတီ၏ ပန်းဥယျာဉ်သည် မြင်သူတို့၏ စိတ်နှလုံးကို သာယာ ချမ်းမြေ့အောင် ဖန်တီးပေးလျက် ရှိနေပေပြီ။

ခရစ္စတီသည် သူမ၏ ပန်းဥယျာဉ်ကို ဆက်လက်၍ ပြုပြင် မွမ်းမံလို့ သေးသော်လည်း အင်ဒရူးက ခွင့်မပြုတော့ပေ။ ယခုလို အချိန်မျိုးတွင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဟယ် ဆွဲဟယ်၊ ခုတ်ဟယ် ထစ်ဟယ် လုပ်ရသော အလုပ်မျိုးကို မလုပ်သင့်တော့ဟု အင်ဒရူး ယူဆသည်။

'အင်မတန် လှပတဲ့ ကမ္ဘာကလေး ဖြစ်အောင် အချစ် ဖန်တီးထားပြီးပြီပဲ၊ ဆက်လုပ်စရာ ဘာလိုတော့လဲ၊ ပန်းတွေရဲ့ အလှတွေကို ကြည့်ပြီး နားနားနေနေ အပန်းဖြေပေါ့'

ယခုလို အချိန်တွင် ခရစ္စတီသည် အင်ဒရူး၏ စကားကို နားထောင်ရပေမည်။

ဥယျာဉ်ထဲဝယ် ခရစ္စတီ အနှစ်သက်ဆုံး နေရာကလေး တစ်ခု ရှိသည်။ ထိုနေရာကလေးမှာ လျှိုမြောင်လေး တစ်ခု၏ အစွန်းရှိ မိုးမခပင် အောက်တွင် တည်ရှိလေသည်။ ထိုနေရာကလေး၌ ထိုင်နေပါက လျှိုမြောင်၏ အောက်ဘက်ဆီတွင် ရှိနေသည့် စမ်းချောင်းကလေး၏ သာယာသော ရေစီးသံကို သဲ့သဲ့ကလေး ကြားနေနိုင်သည်။ တောင်စောင်းပေါ်ရှိ အိမ်များမှ မမြင်နိုင်အောင်လည်း ဤ မိုးမခပင်ကြီး၏ အကိုင်းအခက် အရွက်အလက်များက ဖုံးကွယ်ပေးထားသည် ဖြစ်ရာ အေးချမ်း လုံခြုံ၍ စိတ်ချလက်ချ နားနေနိုင်သော နေရာကလေး ဖြစ်ပေသည်။

ဥယျာဉ်ထဲသို့ ဆင်း၍ ထိုင်ကြသည့် အခါတိုင်း ခရစ္စတီတို့ ကြုံနေရသည့် အခက်အခဲ တစ်ခုမှာ မလုံခြုံမှုပင် ဖြစ်သည်။ တောင်စောင်းဘက်ရှိ အိမ်များဆီမှ လူများသည် သူတို့ အိမ်ပြတင်းများမှ နေ၍ ပန်းဥယျာဉ်ကို လှမ်းမျှော် ကြည့်တတ်ကြသည် ဖြစ်ရာ ယခုလို ပန်းမျိုးစုံဖြင့် ဝေဝေဆာဆာ လှပနေသော အခါတွင် ပို၍ပင် ကြည့်တတ်ကြလေသည်။

'ဟော့ ဟော့ ဟိုမှာ ကြည့်စမ်း၊ ဘယ်လောက် ဟန်ကျသလဲ၊ ဆရာဝန်နှင့် သူ့မိန်းမ နေဆာလှုံနေကြတယ်' ဟူသော စကားသံသည် တောင်စောင်းပေါ်ရှိ အိမ်တစ်အိမ်ဆီမှ ဆင်းလာပြီး အင်ဒရူးနှင့် ခရစ္စတီတို့ နှစ်ဦးသား၏ နားထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်လာဖူးသဖြင့် လွတ်လပ်စွာ နေ၍ မရသော အခြေအနေကို ရိပ်မိခဲ့ကြ၏။ တစ်ကြိမ်က ဆိုလျှင် အင်ဒရူးက ခရစ္စတီ၏ ခါးကို ဖက်၍ စမ်းချောင်းလေး အတိုင်း လျှောက်နေခိုက် နေရောင်နှင့် ဝင်းခနဲ လက်သွားသည့် အလင်းရောင် တစ်ခုကို မြင်လိုက်မိကြသည်။ တောင်စောင်းပေါ်သို့ လှမ်းကြည့်လိုက်သည့်အခါ ဂလင်း ဂိုးဇက်၏ အိမ်ရှေ့ခန်းမှ ထွက်လာသည့် မှန်ပြောင်း တစ်ခု၏ အရောင် ဖြစ်နေသည်ကို တွေ့ရလေ၏။

'တဲ့ဗျာရူးကြီး'





အင်ဒရူးက ဒေါသတကြီး ရေရွတ်လိုက်ပြီး 'အဘိုးကြီးက တို့တွေ နှစ်ယောက်ကို အဝေးကြည့် မှန်ပြောင်းနှင့် ချောင်းနေတယ် ခရစ္စတီ' ဟု ပြောလေသည်။

မိုးမခပင်ကြီး အောက်မှာတော့ သူတို့ နှစ်ယောက် ဘယ်လောက်ပင် ကြာကြာ ထိုင်နေစေကာမူ တောင်စောင်းပေါ်မှ မမြင်နိုင်ပေ။ ဘယ်လို ကြည့်၍မှလည်း မတွေ့နိုင်ပေ။ ဤ မိုးမခပင်ကြီး အောက်တွင် ထိုင်ရင်း နားရင်းမှာပင် အင်ဒရူးက သူ၏ မူဝါဒတွေ၊ သဘောတရားတွေကို အကျယ်တဝင့် ရှင်းပြတတ်လေသည်။

'ဒီမှာ မြင်လား ခရစ္စတီ'

အင်ဒရူးက သူ့ လက်ထဲမှ ပြဒါးတိုင်ကို လှုပ်ခါပြသည်။ ယင်း ပြဒါးတိုင်ကလေးမှာ အရေးပေါ် လိုအပ်လျှင် လိုအပ်သလို ခရစ္စတီ၏ အပူချိန်ကို တိုင်းထွာရန် သွားလေရာ အမြဲဆောင်သည့် ပြဒါးတိုင် ဖြစ်လေသည်။

'ကိုယ်တို့ အနေနှင့် စိတ်အေး နားအေး နေသွားဖို့တော့ လိုတယ် ခရစ္စတီ၊ ဒါပေမဲ့ သာမန် လက်လုပ် လက်စားတွေ နေသလို ဖြစ်ကတတ်ဆန်း ပေါ့ပေါ့တန်တန် နေလို့တော့ မဖြစ်ဘူး၊ မင်းဟာ ဆရာဝန် တစ်ယောက်ရဲ့ မိန်းမ၊ ဆရာဝန်ကတော်၊ ကိုက ဆရာဝန် တစ်ယောက်၊ အခုလို အချိန်မှာ ဘာမှ မဖြစ်အောင်တော့ နေရမှာပေါ့၊ ဒီကိစ္စမျိုးတွေက ဖြစ်ရိုး ဖြစ်စဉ်တွေပါ၊ ကိုလည်း မြင်ခဲ့ တွေ့ခဲ့ဖူးသားပဲ၊ သာမန် ကိစ္စတွေပါ၊ သဘာဝ အတိုင်း ဖြစ်လာတဲ့ ကိစ္စမျိုး၊ လူသားတွေ အတွက် မျိုးဆက် ပြန့်ပွားရေး အတွက် ဖြစ်လာတဲ့ ကိစ္စမျိုးပဲ၊ အခုလို ပြောတဲ့ အတွက် ဒီကိစ္စ အပေါ်မှာ ကိုက အလေးအနက် မထားဘူးလို့ အထင်တော့ မလွဲစေချင်ဘူး၊ ဒီလို ဖြစ်လာတာဟာ ကိုတို့ အတွက် အင်မတန်မှ ဝမ်းသာစရာ ကောင်းတယ်၊ ကိုတော့ ဝမ်းသာတာ အမှန်ပဲ၊ တကယ်ကို ဝမ်းသာတာ သိလား၊ ဒါပေမဲ့ ဒီကိစ္စကို အကြောင်းပြုပြီး စိတ်ကူးနှင့် ရူးနေလို့တော့ မဖြစ်ဘူး၊ ဘာကိုမှလည်း ဆင်ခြင်သွားတော့ပြီး မပူပင်နှင့်၊ ဘာကလေးပဲ မွေးလာလာ ကိုသားသမီးပဲ'

အင်ဒရူးသည် သူ့စကားကို ရုတ်တရက် ဖြတ်ထားလိုက်ပြီး တစ်စုံတစ်ခုကို စဉ်းစားသလို လုပ်နေသည်။ သူ့မျက်နှာသည် တည်နေရာမှ ပြုံးလာသည်။

'တစ်ခုတော့ ရှိတယ် ခရစ္စတီ သိလား၊ တကယ်လို့များပေါ်လာမဲ့ ကလေးဟာ မိန်းကလေး ဖြစ်မယ် ဆိုရင်တော့ ကို သိပ်ဝမ်းသာမယ်



www.burmeseclassic.com

www.burmeseclassic.com

ခရစ္စတီက ခွက်ထိုးခွက်လန် ရယ်သည်။ မျက်ရည်များ ပါးပြင်ပေါ်သို့ စီးကျလာသည် အထိ အားရ ပါးရ ရယ်လေသည်။ တော်တော်နှင့် အရယ်မရပ်သဖြင့် စိုးရိမ် ပူပန်သော စိတ်ဖြင့် အင်ဒရူးက ထိုင်ရာမှ ထရပ်လိုက်သည်။

'တော်တော့ ခရစ္စတီ၊ ရပ်တော့၊ သိပ် မရယ်နှင့်၊ တော်တော်ကြာ တစ်ခုခု ဖြစ်သွားရင် မခက်ပေဘူးလား'

'အမယ်လေးဟဲ့'

ခရစ္စတီသည် မျက်ရည်စများကို သုတ်ရင်းက တစ်ချက် ရေရွတ်သည်။ 'စိတ်ကူးယဉ်သမား တစ်ယောက် အနေနှင့်တော့ ရှင့်ကို အမြတ်တနိုး ကိုးကွယ်ပါတယ်၊ အကြင်နာ တရားနှင့် ကိုယ်ချင်းစာ တရား ခေါင်းပါးပြီး တစ်ဖက်သားအပေါ် အပြစ်မြင်လွယ်သူ တစ်ဦး အဖြစ်နှင့်တော့ ကျွန်မ ရှင့်ကို အိမ်မှာ လက်မခံချင်ဘူး' ဟု ပြောလေ၏။

ခရစ္စတီ ဘာကို ရည်ရွယ်၍ ပြောမှန်း အင်ဒရူး နားမလည်ချေ။ သို့သော်လည်း ခရစ္စတီအား စနစ်တကျ ပြုစု စောင့်ရှောက်ပေးမှ ဖြစ်မည်ဟူသော အချက်ကိုမူ သူ နားလည်သည်။ ခရစ္စတီအား ပြောဆို ဆက်ဆံရာ၌လည်း ယခင်ကလို စိတ်လိုက်မာန်ပါ မပြောမိ မဆိုမိ မပြုမိစေရန် အထူးသတိထားလေသည်။

ခရစ္စတီ လမ်းလျှောက်ဖို့ လိုသည်ဟု သူ ထင်သည့်အခါ ညနေပိုင်းများတွင် သူ ကိုယ်တိုင် ဂရုတစိုက် ခရစ္စတီကို ခေါ်၍ ပန်းခြံဘက်သို့ လမ်းလျှောက် ထွက်သည်။ အညောင်းပြေ အညာပြေ သဘောဖြင့် ပန်းခြံထဲ လှည့်ပတ် လျှောက်ရင်းက သံစုံတီးဝိုင်းမှ တီးမှုတ်နေသမျှကို ခဏတစ်ဖြုတ် ရပ်၍ နားထောင်စေသည်။ ပျော်ပွဲစား ထွက်လာကြသော ကလေး သူငယ်များ စားကြ သောက်ကြ၊ ပြေးလွှား ကစား နေကြသည်ကိုလည်း ရပ်နား၍ ကြည့်ရှုစေသည်။

မေလ၏ တစ်ရက်သော မနက်တွင် အင်ဒရူးသည် အိပ်ရာထဲ လှဲနေခိုက် အမှုမဲ့ အမှတ်မဲ့ဖြင့် ခရစ္စတီ၏ ဗိုက်ကို ထိမိရာမှ ဗိုက်ထဲမှ အလွန် နုညံ့ သိမ်မွေ့လှသည့် လှုပ်ရှားမှု တစ်ခုကို သတိပြုမိသည်။ လှုပ်ရှားပုံမှာ ညင်ညင်သာသာကလေး ဖြစ်၏။ ခရစ္စတီ၏ ဗိုက်ထဲမှ ကလေး၏ ပထမဆုံး အကြိမ်လှုပ်ရှားမှုပေတည်း။

အင်ဒရူးမှာ ဝမ်းသာခြင်း၊ စိုးရိမ်ခြင်း၊ စိတ်နှလုံး ချမ်းမြေ့ခြင်း စသော





ခံစားမှုများဖြင့် အသက်ရှူပင် မှားသွားသည်။ ကလေး အသက်ဝင်နေပြီ ဟူသော အသိကြောင့် သူ့ ရင်ထဲ၌ ဖြစ်ပေါ်လာသော ပီတိ အဟုန်မှာ ပြင်းထန်လှချေ၏။ ဗိုက်ထဲမှ ကလေးငယ်၏ လှုပ်ရှားမှုကို တွေ့ထိရမှုဖြင့် သူ့မှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရလေသည်။ ယင်းကဲ့သို့ ဖြစ်တတ်သည့် သဘာဝကြောင့်ပင်လျှင် ဆရာဝန် တစ်ဦးသည် သူ့မိန်းမအား ဆေးဝါး ကုသခြင်း မပြုရ ဟူသော စည်းကမ်းချက်ကို ချမှတ်ထားခြင်း ဖြစ်ပေလိမ့်မည်ဟု သည်း တွေးမိလေ၏။

ခရစ္စတီ၏ ကိုယ်ဝန်ကို ဒေါက်တာ လီဝီလင်းထံ အပ်မည်ဟု နှစ်ဦး သဘောတူ ထားခဲ့ကြသည် ဖြစ်ရာ အပ်ရန် အချိန်တော်ပြီဟု ယူဆသည်နှင့် တစ်ပြိုင်နက် အင်ဒရူး ကိုယ်တိုင် လီဝီလင်းထံ ဖုန်းဆက်၍ အကျိုးအကြောင်း ပြောပြသည်။ လီဝီလင်းကလည်း ဝမ်းမြောက် ဝမ်းသာဖြင့် လက်ခံလေသည်။

အင်ဒရူး ဖုန်းဆက်ပြီးနောက် ချက်ချင်း ဆိုသလိုပင် လီဝီလင်း ရောက်လာပြီး ခရစ္စတီအား ပဏာမ စမ်းသပ် စစ်ဆေးခြင်း ပြုသည်။ ထိုနောက် ဧည့်ခန်းထဲ၌ ခဏ ဝင်ထိုင်ကာ အင်ဒရူးနှင့် စကားပြောလေသည်။ သူသည် အင်ဒရူး လှမ်းပေးသော စီးကရက်ကို ယူ၍ မီးညှိရင်းက 'ခင်ဗျားကို ကူညီဖို့ ဖြစ်လာရတဲ့ အတွက် ကျွန်တော် သိပ်ဝမ်းသာတယ် မေဆန်၊ အမှန် ပြောရရင် ခင်ဗျားဟာ ကျွန်တော့်ကို သိပ်ပြီး သဘောကျပုံ မပေါ်ဘူး၊ ဒါကြောင့်မို့ ခင်ဗျား ဇနီးရဲ့ ကိုယ်ဝန်ကို ကျွန်တော့်ဆီ အပ်မှာ မဟုတ်ဘူးလို့ ထင်ခဲ့မိတယ်၊ ကျွန်တော့်ကို ယုံကြည်ပါ မေဆန်၊ ကျွန်တော် အကောင်းဆုံး ဖြစ်အောင် ဆောင်ရွက်ပေးပါ့မယ်၊ လောလောဆယ် ကျွန်တော် အကြံ ပေးချင်တာက အခုလို အချိန် ရာသီမှာ အေဘာရာလောမြို့ဟာ နေလို့ ထိုင်လို့ သိပ်မကောင်းဘူး၊ လေကောင်းလေသန့် သိပ်မရဘူး၊ အလွန် အသက်ရှူ ကျပ်တဲ့ အချိန်ပဲ၊ ခင်ဗျား ဇနီး သွားချင်စိတ် ရှိရင် တစ်နေရာရာ သွားနေဖို့ ကောင်းမယ်လို့ ကျွန်တော် ထင်တယ်'

လီဝီလင်း ပြန်သွားသည့်အခါ အင်ဒရူးသည် 'ငါ ဘယ်လို ဖြစ်နေတာပါလိမ့်' ဟု သူ့ကိုယ်သူ ပြန်၍ မေးနေမိလေ၏။

'ငါ ဒီငနဲကို စိတ်ထဲက ကျိတ်ပြီး သဘောကျနေမိတာတော့ အမှန်ပဲ၊ ဒီငနဲဟာ ယဉ်ကျေးတယ်၊ သိမ်မွေ့တယ်၊ ကိုယ်ချင်းစာ တရားလည်း ရှိတယ်၊ ဆက်ဆံရေးကျတော့လည်း လိမ္မာ ပါးနပ်တယ်၊ သူ့အလုပ် ကျတော့လည်း သိပ်တော်တယ်၊ လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က ငါ သူ့လည်ပင်းကို ...



www.burmeseclassic.com

www.burmeseclassic.com


ကြိုးစားခဲ့တယ်၊ တကယ်တော့ ငါဟာ လူ့ခွစာ တစ်ယောက်ပါလား၊ ဆက်ဆံရေး ကျတော့လည်း မပြေပြစ်၊ မနာလို စိတ်ကလည်း များ၊ စိတ်နေ သဘောထား ကျတော့လည်း သေးသိမ်' စသည်ဖြင့်လည်း တွေးနေမိလေ၏။

တစ်နေရာရာ သွားရောက် နေထိုင်ဖို့ ကိစ္စနှင့် ပတ်သက်၍မူ ခရစ္စတီက မသွားလိုသဖြင့် အင်ဒရူးက ချော့မော့ တိုက်တွန်းနေရလေသည်။

'ကိုနှင့် ခွဲပြီး မသွားချင်ဘူး ဆိုတာ ကို သိပါတယ်၊ ဒါပေမဲ့ အပျော်ခရီးမှ မဟုတ်ဘဲ၊ ကျန်းမာရေး အတွက် သွားရတဲ့ ကိစ္စပဲ၊ ပင်လယ် ကမ်းခြေဘက် သွားမလား၊ မင့်အဒေါ်ဆီ သွားမလား၊ မင်း ကြိုက်တဲ့ နေရာ ရွေးပြီး သွားပါ၊ ငွေရေး ကြေးရေးလည်း ပူစရာ ရှိတာမှ မဟုတ်ဘဲ၊ အခုဆို ကိုတို့မှာ အလျင်ကလို ကျပ်ကျပ်တည်းတည်း မဟုတ်တော့ဘူး ဆိုတာ မင်းလည်း အသိသားနဲ့'

ယခင်ကနှင့် စာလျှင် သူတို့၏ ငွေကြေး အခြေအနေ သိသိသာသာ တိုးတက်လာသည်မှာ အမှန်ပင် ဖြစ်သည်။ အင်ဒရူး ကျောင်းသား ဘဝက တင်ရှိလာခဲ့သည့် ပညာသင် စရိတ် ချေးငွေ ကျေသွားသည်မှာလည်း ကြာပေပြီ။ လန်ဒန်မှ ဝယ်လာသည့် အိမ်ထောင် ပရိဘောဂ ကြွေးမှာလည်း ကျေခဲ့ပြီ။ ယခုဆိုလျှင် ဘဏ်၌ စုငွေ ပေါင်တစ်ရာ နီးပါးခန့်ပင် ရှိနေပြီ။

တကယ်တော့ ခရစ္စတီ ခရီး မသွားချင်သည်မှာ ငွေကြေးကြောင့် မဟုတ်ပေ။ ယခုလို အချိန်မျိုးတွင် အင်ဒရူးနှင့် ခွဲခွာ မနေလို၍သာ ဖြစ်၏။ ထို့ကြောင့်လည်း အင်ဒရူးက ငွေကြေး အတွက်ပင် မပူပင်ဖို့ ပြောလာသည့်အခါ 'ကျွန်မတို့မှာ ငွေကြေးနှင့် ပတ်သက်လို့ စုမိ ဆောင်းမိ ဖြစ်နေတယ် ဆိုတာ ကျွန်မ သိသားပဲ' ဟု ခရစ္စတီက ပြန်ပြောလေသည်။

မည်သို့ပင် ဖြစ်စေ သွားသင့် သွားထိုက်သည့် ခရီးမို့ သွားရမည် ဖြစ်ရာ ဘရစ်လင်တန်မြို့ရှိ သူမ၏ အဒေါ်ထံသို့ပင် သွားမည်ဟု ခရစ္စတီက ဆုံးဖြတ်လေသည်။ တစ်ပတ်ခန့် အကြာတွင် ခရစ္စတီသည် ခရီး ထွက်သွားလေ၏။ ဘူတာသို့ လိုက်ပို့သော အင်ဒရူးသည် မီးရထား ထွက်သွားသည့်အခါ ရင်ထဲတွင် ဟာ၍ ကျန်ရစ်ခဲ့ရလေ၏။

အင်ဒရူးမှာ ခရစ္စတီ မရှိသဖြင့် အိမ်မြှောင် အမြီးပြတ်သည့်နှယ် မနေတတ် မထိုင်တတ် ဖြစ်လျက် ရှိရပြန်၏။ ဤမျှလောက် အထိ လွမ်းတသသ ဖြစ်ရလိမ့်မည်ဟု သူ မထင်မိခဲ့ချေ။ ယခုလို တစ်ယောက်တည်း ကျန်ခဲ့မှပင် အချိန်ရှိသမျှ စက္ကန့်ပိုင်း မိနစ်ပိုင်းနှင့် အမျှ ခရစ္စတီကိုသာ အောက်မေ့တသ



သတိရနေမိလေ၏။

အမှန် ဆိုတော့လည်း သူနှင့် ခရစ္စတီတို့သည် သာမန် အကြင် လင်မယားမျိုး မဟုတ်ပေ။ ဘဝ တိုက်ပွဲ တစ်ခုတွင် အတူ လက်တွဲ၍ တိုက်ခဲ့ရင်နေကြသည့် ရဲဘော် ရဲဘက်များ အဖြစ် ရပ်တည်လာခဲ့ကြရသူများ ဖြစ်၏၊ လောက မုန်တိုင်း၏ အရိုက်အပုတ် အထုအထောင်း ဒဏ်များကို ကြံ့ကြံ့ခံခဲ့ကြရသူများ ဖြစ်၏။ သို့ဖြစ်ရာ ခရစ္စတီသည် သူ့ဘဝတွင် မရှိမဖြစ်တော့သည့် ကြင်ဖော် တစ်ဦး ဖြစ်နေပေပြီ။

အင်ဒရူးသည် သူနှင့် ခရစ္စတီတို့ ပြောခဲ့ ဆိုခဲ့ကြသည်များကို လည်းကောင်း၊ တိုင်ပင် ဆွေးနွေး ငြင်းခုံခဲ့ကြသည်များကို လည်းကောင်း သတိတရ ဖြစ်နေမိသည်။ နှစ်ဦးသား စကားမပြောဘဲ ငြိမ်ဆိတ်စွာ ထိုင်နေမိခဲ့ကြသည့် အဖြစ်များကိုလည်း ပြန်လည် မြင်ယောင်နေမိသည်။ သူ အလုပ်မှ ပြန်လာချိန် ဆီးကြိုတတ်သည့် ခရစ္စတီ၏ ဟန်အမူအရာ၊ ဆီးကြို နှုတ်ဆက်လေ့ ရှိသည့် ခရစ္စတီ၏ ခေါ်သံ ပြောသံများသည် သူ၏ မျက်စိ အာရုံ၊ နား အာရုံတို့တွင် ပြန်လည် မြင်ယောင် ကြားယောင်လျက် ရှိ၏။ ဪ တကယ်ဆိုတော့ ခရစ္စတီသာ မရှိလျှင် သူ့ဘဝသည် ပြည့်စုံတော့မည့် အခြေအနေ မဟုတ်ပါတကား။

ခရစ္စတီ မရှိသဖြင့် သူတို့ အိပ်ခန်းမှာ ဟိုတယ် တစ်ခု၏ အိပ်ခန်းနှင့် တူလာပြီး ဂျင်နီ ချက်ပြုတ် ကျွေးမွေးနေသည့် အစားအစာများမှာလည်း တစ်နေ့ထက် တစ်နေ့ ပေါ့ပျက်ပျက် ခြောက်တောက်တောက်နှင့် အရသာ မဲ့တွေ့ ဖြစ်လာသည်။

ဥယျာဉ်ထဲ ဆင်း၍ လမ်းလျှောက် ပြန်တော့လည်း ခရစ္စတီ၏ လက်မှာ ခြေရာများက ခရစ္စတီအား ပို၍ သတိရအောင် ဖန်တီးပေးနေပြန်သည်။ သူတို့ လျှောက်နေကျ တံတားကလေးမှာ အတော်ကလေး ပျက်စီးနေသည်ကို ယခုမှပင် သတိပြုမိတော့သည်။ အခင်းများကလည်း ပေါက်သည့် နေရာက ပေါက်၍ ကျိုးသည့် နေရာက ကျိုးနေပေပြီ။ တံတား၏ လက်ရန်း အချို့မှာလည်း ပြုတ်နေပေပြီ။

ဤတံတားကို ပြင်ဆင်ပေးပါရန် အသင်း ကော်မတီသို့ သူ ကိုယ်တိုင် ပြောခဲ့သည့် အကြိမ်ပေါင်း မရေမတွက်နိုင်တော့ပြီ။ အချိန်မီ မပြင်ပေးပါက ဘဝမှ မကျန်အောင် ပြိုကျ သွားလိမ့်မည်ဟုပင် ပြောခဲ့ဖူး၏။ သို့သော်လည်း ယခုအချိန် အထိ လာ၍ ပြင်မပေးသေးပေ။ လက်ထောက် ဆ...များ


www.burmeseclassic.com

www.burmeseclassic.com

အတွက် လုပ်ကိုင်ပေးစရာ ရှိလာလျှင် အမြဲလိုလို နှောင့်နှေး ကြန့်ကြာတတ်သည်မှာ အစဉ်အလာ တစ်ခုလို ဖြစ်နေပေသည်။

တံတား၏ အခြေအနေကို ကြည့်ကာ အင်ဒရူးမှာ ဒေါပွလာသည်။ ချက်ချင်းပင် အသင်း ကော်မတီ ရုံးသို့ ဖုန်းဆက်ကာ တံတားကို အမြန်ဆုံး လာရောက် ပြင်ပေးမှ ဖြစ်တော့မည်ဟု ခွတ်ပြောလေတော့၏။ သို့သော်လည်း သူ ဖုန်းဆက်ချိန်တွင် အတွင်းရေးမှူး အိုဝင်မှာ ရုံးတွင် မရှိချေ။ ခွင့်ဖြင့် ခရီးထွက်နေခိုက် ဖြစ်၍ ရုံးမှ စာရေးက တံတားကို အမြန်ဆုံး ပြင်ပေးရန် ကော်မတီမှ သဘောတူ ဆုံးဖြတ်ပြီး ဖြစ်သဖြင့် လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးရန် ဆောက်လုပ်ရေး တာဝန်ခံ ရစ်ချက်ထံ အကြောင်းကြားထားပြီး ဖြစ်ကြောင်း အတိအကျ ပြောလေသည်။ ဆက်လက် စုံစမ်းကြည့်သည့်အခါ ရစ်ချက်တို့ အဖွဲ့သည် အခြား တည်ဆောက်ရေး လုပ်ငန်း တစ်ခုနှင့် အလုပ်များနေသဖြင့် တံတားကို လာရောက် ပြင်ဆင် မပေးနိုင်သေးခြင်း ဖြစ်ကြောင်း သိရလေ၏။

ခရစ္စတီ မရှိခိုက်တွင် အင်ဒရူး အရောက်အများဆုံး အိမ်မှာ ဘိုလန်တို့ အိမ်ဖြစ်သည်။ ညနေတိုင်းလိုလိုပင် ဘိုလန်တို့ အိမ်သို့ ရောက်၏။ ဗောက်ဟန်တို့ အိမ်ဘက်ကိုမူ နှစ်ခေါက်သာ ရောက်သည်။ ရောက်တိုင်း ဗောက်ဟန်နှင့် စစ်တုရင် ကစားမိသဖြင့် နှစ်ခေါက်စလုံး အချိန် တော်တော် ကြာခဲ့လေသည်။ ဒေါက်တာ လီဗီလင်းနှင့်လည်း ဂေါက်သီး ရိုက်မိခဲ့သဖြင့် သူ့ကိုယ်သူ အံ့သြခြင်းပင် ဖြစ်နေမိသေး၏။

ဖရက်ဒီ ဟင်မဆန်နှင့် ဒင်နီတို့ထံကိုလည်း စာများ ရေးဖြစ်ခဲ့၏။ ဒင်နီသည် ဒရင်းဖီးမြို့မှ အပြီးအပိုင် ထွက်ခွာသွားပြီးသည့် နောက်တွင် ဓာတ်ဆီ သင်္ဘော တစ်စီး၌ သင်္ဘော ဆရာဝန် လုပ်လျက် ရှိရာ ယခုအခါ ဓာတ်ဆီတင် သင်္ဘောနှင့် တင်ပီကိုးဘက်သို့ ခရီး ထွက်လျက် ရှိလေသည်။

အင်ဒရူးသည် ခရစ္စတီထံကိုတော့ မကြာခဏ စာမရေးပေ။ သူ့အား သတိရပြီး ပြန်လာမည် စိုးသဖြင့် အဆက်အသွယ် ဖြတ်သလို လုပ်ထားလိုက်၏။ ခရစ္စတီကို အောက်မေ့တသသည့် စိတ်ကတော့ ပျောက်မသွားဘဲ အမြဲတစေ ပေါ်လာလျက်ပင် ရှိ၏။ ထို့ကြောင့်လည်း သူ၏ အလွမ်းစိတ်ကို အလုပ်နှင့် ဖြေဖျောက်ရန် ကြိုးပမ်းလာလေတော့၏။ သူသည် အားလပ်ချိန် ဟူ၍ သိပ်မထားတော့ဘဲ အချိန် ရှိသမျှ အလုပ်ကို ဖိ၍ လုပ်လေတော့၏။

ခရစ္စတီ မရှိခိုက်မှာပင် မြေအောက် ကျောက်မီးသွေးတွင်းတူး လုပ်





သားများအား သုတေသန ပြုသည့် ဆေးစစ် လုပ်ငန်းကို စလုပ်လေသည်။ အလုပ်သမားများ အလုပ်မှ အားလပ်ချိန်တွင် ဝင်၍ စစ်ဆေးရခြင်း ဖြစ်သဖြင့် အချိန်ကို များစွာ လု၍ လုပ်ကိုင်ရ၏။ အလုပ်သမားများသည် အလုပ်ဆိုင်း ပြောင်းသည့်အခါ ရေမိုးချိုးကြသည် ဖြစ်ရာ ထိုအချိန်တွင် ဝင်၍ စမ်းသပ် စစ်ဆေးခြင်း ပြုရသည်။ အလုပ်သမားများသည် ရေမိုးချိုးပြီးလျှင် ပြီးချင်း ညစာ အမီ အိမ်သို့ ပြန်တတ်ကြသဖြင့် သူတို့အား အချိန်ကြာကြာ စောင့်ခိုင်းထား၍လည်း မဖြစ်ပေ။ ရသမျှ အချိန်ကလေးနှင့် အမြန် ပြီးစီးအောင် စီမံရ၏။ ထို့ကြောင့်လည်း အင်ဒရူးသည် တစ်နေ့လျှင် အလုပ်သမား နှစ်ဦးသာ စစ်ဆေးနိုင်လေ၏။

မည်သို့ပင် ဖြစ်စေ စစ်ဆေးပြီးသမျှထဲမှ ထွက်ပေါ်လာသည့် အဖြေကတော့ သူ မျှော်လင့်ထားသည်များနှင့် ကိုက်ညီလျက် ရှိသဖြင့် များစွာ စိတ်အား တက်ကြွလျက် ရှိသည်။ ယခုအတိုင်း ဆိုပါက မြေအောက် ကျောက်မီးသွေး တွင်းတူး လုပ်သားများသည် ကျောက်မီးသွေးတွင်း၌ လုပ်ကိုင်နေကြသည့် အခြား သာမန် မြေအောက် လုပ်သားများထက် ပို၍ အဆုတ်ကို ထိခိုက်သော ရောဂါ အဖြစ် များနိုင်ကြောင်း ခိုင်လုံသော အထောက်အထား သဲလွန်စများ တွေ့စ ပြုပေပြီ။

အင်ဒရူးသည် တက္ကသိုလ်မှ ပြဋ္ဌာန်းထားသည့် စာအုပ်များ အပေါ်တွင် သိပ်ပြီး အယုံအကြည် မရှိသော်လည်း အကိုးအကား အထောက်အထား အဖြစ်တော့ အချက်အလက် အချို့ကို အသုံးပြုသည်။ သုံးရာ၌လည်း အောက်ခြေမှတ်စု အဖြစ်သာ သုံး၏။ အခြားသူ တစ်ဦး ရေးထားသည့် အချက်များကို တိုက်ရိုက် ကူးယူ၍ သူ့စာတမ်းထဲ၌ ကိုးကားခြင်း ဖော်ပြခြင်း လုံးဝ မပြုချေ။ သူ လုပ်နေသည့် သုတေသန ဘာသာရပ် လုပ်ငန်း အတွက် အမှန်တကယ် ဖတ်ရှုရမည့် စာအုပ်များကိုမူ ကြေညက်အောင် ဖတ်ထားလေသည်။

သူ သုတေသန ပြုနေသည့် ဘာသာရပ်နှင့် စပ်လျဉ်း၍ ရေးသားထားသော စာအုပ် စာတမ်းများ ရှားပါးလွန်းသည်ကို တွေ့ရသဖြင့် အံ့သြနေမိလေ၏။ သူ ယခု ဖတ်ရှု လေ့လာမိသလောက် ဆိုပါက သုတေသီ အနည်းငယ်ကသာလျှင် အလုပ်ခွင်မှ ရလာတတ်သည့် အဆုတ်ရောဂါများ အကြောင်း လေ့လာခဲ့ကြပေသည်။ ဤရောဂါမျိုးနှင့် စပ်လျဉ်း၍ ပထမဦးစွာ ရောဂါ အမျိုးအမည် တပ်ပေးခဲ့သူမှာ ဇင်ကာ ဆိုသူ ဖြစ်၍ ဇင်ကာကပင် ဤရောဂါ အမျိုးအစားများကို 'နယူမိုနိုကိုနီယိုဆစ်' ဟု အမည် ပေးခဲ့ပြီး ဖုန်မှုန့် သမှုန့်များကို အမြဲ



www.burmeseclassic.com

www.burmeseclassic.com



တစေ ရှူရှိုက်နေခြင်းကြောင့် အဆုတ်၌ ဆန်ခါပေါက်တွေလို ဖြစ်လာရသည့် ရောဂါ သုံးမျိုး သုံးစား ရှိကြောင်း ခွဲခြား ပြခဲ့လေသည်။

အန်သရာကော်ဆစ် ခေါ် အဆုတ်၌ ကျောက်မီးသွေး အမှုန့်များ စွဲ ဝင် ခံရ၍ ဖြစ်လာသော အဆုတ်နာမျိုးသည် ကျောက်မီးသွေးတွင်း လုပ်သား များ၌ အများဆုံး ဖြစ်ပွားတတ်သည်ကို သိခဲ့ကြသည်မှာ ကြာပေပြီ။ ယင်း အဆုတ်နာ ရောဂါမျိုးသည် ဘေးအန္တရာယ် မဖြစ်စေတတ် ဟူ၍လည်း သုတေ သီ ပညာရှင် နှစ်ဦးက အခိုင်အမာ ပြောထားလေသည်။ ယင်း ပညာရှင် နှစ်ဦး မှာ ဂျာမနီ နိုင်ငံမှ ဂိုလ်မင် ဆိုသူနှင့် အင်္ဂလန် နိုင်ငံမှ ထရော့တား ဆိုသူတို့ ဖြစ်ပေသည်။

ကျောက်ဆုံများ ပြုလုပ်သည့် အလုပ်သမားများ၊ အထူးသဖြင့် ပြင်သစ် နိုင်ငံမှ ကျောက်ဆုံ လုပ်သားများ၊ ဓား၊ ပုဆိန် စသော လက်နက်များကို သွေး၍ ကျောက်ခွဲရသည့် အလုပ်သမားများနှင့် ကျောက်ခွဲ ကျောက်ထု အလုပ်သမား များ ကြားတွင် ဖြစ်ပွားတတ်သည့် အဆုတ်ရောဂါ ဖြစ်ပွားမှု အခြေအနေနှင့် စပ်လျဉ်း၍ ရေးသား ထုတ်ဝေခဲ့သည့် စာအုပ် စာတမ်းများမှာလည်း အနည်း ငယ်မျှသာ ရှိ၏။ တောင်အာဖရိကတိုက်ဘက်ရှိ ရွှေတွင်းတူး လုပ်သားများ၌ ဖြစ်တတ်သည့် သွေးသား ခန်းခြောက်သည့် ရောဂါ (သို့မဟုတ်) မြစ်ခြောက် နာ ရောဂါမှာလည်း ဖုန်မှုန့် သဲမှုန့်များကို အမြဲတစေ ရှူရှိုက်နေရခြင်းကြောင့် ရရှိလာသည်မှာ ယုံမှားဖွယ် မရှိပေ။ ဂုန်လျှော် ကြိုးကျစ် လုပ်သားများ၊ ဝါဂွမ်း လုပ်သားများနှင့် ဆန်စပါး ကြိတ်ခွဲ လုပ်သားများ၏ အဆုတ် အခြေအနေမှာ လည်း အပြောင်းအလဲ ရှိတတ်ကြောင်း မှတ်တမ်း တင်ထားသည်ကိုလည်း တွေ့ရသည်။ သို့သော်လည်း ထိုအချက်များထက် ပို၍ ရှာဖွေ တွေ့ရှိခြင်းမျိုး နှင့် ဖော်ပြခြင်းမျိုးကား ယနေ့အထိ မရှိသေးကြောင်း တွေ့ရလေ၏။

အင်ဒရူးသည် လက်ထဲမှ ဖတ်လက်စ စာအုပ်ကို ချထားလိုက်သည်။ သူ့ မျက်လုံးများသည် ဝမ်းသာ အားတက်မှု အရှိန်ကြောင့် ဝင်းလက် တောက် ပြောင် နေကြပေသည်။

ဤအတိုင်းသာ ဆိုပါက မည်သူမှ မတွေ့ရှိသေးသည့် အချက် တစ် ချက်ကို သူ ခြေရာခံမိနေပြီဟု သူ ထင်၏။ သူသည် ကျောက်မီးသွေး တွင်း ပေါင်း အမြောက်အမြား၌ အလုပ် လုပ်နေကြသည့် မရေမတွက်နိုင်သော အောင် များပြားလှသော မြေအောက် ကျောက်မီးသွေးတွင်းတူး လုပ်သားများ ၏ ပြဿနာကို အလေးအနက် ပြု၍ တွေးနေမိလေသည်။





အမှန်တော့ ယင်း အလုပ်သမားများ၏ ပြဿနာမှာ သေးငယ်လှသည် ဟုတ်ပေ။ သူတို့တစ်တွေ အလုပ် လုပ်ရင်း ကိုင်ရင်းက အဆုတ် ရောဂါ တစ်မျိုးမျိုး စွဲကပ်ပြီး မသန်မစွမ်း ဖြစ်သွားသည့် အခါတွင် ကရုဏာ ကြေး လည်း မရ၊ လျော်ကြေးလည်း မရ၊ အလုပ်ကြောင့် ရရှိလာသည့် ရောဂါ ဟုတ် ဟူသော အယူအဆဖြင့် သူတို့အား လျစ်လျူ ရှုလိုက်ကြသည်က များ ၏။ အလုပ်သမားများ အတွက် ပြုလုပ်ထားသည့် ဥပဒေများမှာလည်း လျော့ ရဲရဲ နိုင်လွန်းလှချေသည်။

သူသည် ဆက်စပ် ယှက်နွယ်နေသည့် အချက်အလက်များကို တွေး သောရင်းက ယခု သူ ပြုလုပ်နေသည့် သုတေသန လုပ်ငန်းသည် လူမှုရေး ရှုထောင့်မှ နေ၍ ကြည့်လျှင် အလွန် အရေးပါ၍ အလွန် အဖိုးတန်သည့် လုပ် ငန်း တစ်ရပ် ဖြစ်နေသည်ကို မြင်လာလေ၏။

သူ့အတွက်တော့ဖြင့် အလွန် ကောင်းသည့် အခွင့်အရေး တစ်ရပ် ဖြစ် ၏။ အလွန် အံ့သြစရာ ကောင်းသည့် အခွင့်အရေး တစ်ရပ်လည်း ဖြစ်၏။ အလွန် အဖိုးတန်သည့် အခွင့်အရေး တစ်ရပ်လည်း ဖြစ်နေပေသည်။

သူသည် အလွန် ဝမ်းသာအားရ ဖြစ်နေရာမှ ရုတ်တရက် ပေါ်လာ သော အတွေး တစ်ခုကြောင့် စိုးရိမ် စိတ်ဝင်လာပြန်သည်။ သူ ယခု လုပ်နေ သည့် သုတေသန လုပ်ငန်းမျိုးကို သူ စိတ်ကူး မရမီ တစ်စုံတစ်ဦးကများ စိတ်ကူးရကာ လုပ်သွားနှင့်ပြီလော။

ယင်း အတွေးသည် သူ့စိတ်ကို ခြောက်လှန့်လိုက်သဖြင့် ချွေးများပင် ပြန်လာလေ၏။

သို့သော်လည်း ဤ အခြေအနေမျိုး အထိတော့ မရောက်နိုင်သေးဟု ခန့်မှန်းမိပြန်သည်။ သူသည် ညေ့ခန်းထဲရှိ မီးသေနေပြီ ဖြစ်သော ဆောင်းမီးဖို ရှေ့တွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်ရင်း သူ၏ သုတေသန လုပ်ငန်း အတွက် အဘက်ဘက်မှ ထောင့်စေ့အောင် စဉ်းစားနေမိလေရာ သန်းခေါင် ကျော်ချိန် အထိ အိပ်ရာ မဝင်နိုင်သေးပေ။ သူသည် စာအုပ် ဗီရိုပေါ်မှ ခရစ္စတီ ၏ ဓာတ်ပုံကို အမှတ်မထင် မြင်လိုက်မိသဖြင့် အတန်ကြာမျှ ရပ်ပြီး ကြည့်နေ မိသည်။ သူ့ နှုတ်မှလည်း အမှတ်မထင် ရေရွတ်လိုက်မိလေ၏။

'ခရစ္စတီရေ၊ ကိုတော့ဖြင့် လူအများ စိတ်ဝင်စားမယ့် ထူးထူးခြားခြား အလုပ် တစ်ခုကို လုပ်ရတော့မယ်'

အင်ဒရူးသည် သူ၏ စမ်းသပ် စစ်ဆေးမှုများကို ယခင်ကထက် ပို၍



www.burmeseclassic.com

www.burmeseclassic.com

စနစ်ကျအောင် အထူး သတိထား၍ လုပ်လေသည်။ စစ်ဆေး တွေ့ရှိချက် ထူးသမျှကို အညွှန်း မှတ်တမ်း ကတ်ပြားများတွင် အတိအကျ ခွဲခြား၍ အသေးစိတ် မှတ်တမ်းတင်သည်။ သူ မထင်မှတ်ပါဘဲနှင့် သူ၏ ကျွမ်းကျင်မှုမှာ ထူးခြား ပြောင်မြောက်နေသည်ကို တွေ့ရသောအခါ သူ့ကိုယ်သူပင် အံ့သြနေမိလေ၏။

အဝတ်လဲခန်း အတွင်း၌ အပေါ်ပိုင်း ဗလာကျင်း၍ သူ့ရှေ့၌ ရပ်နေသော အလုပ်သမား၏ ရင်ဘတ်ကို သူ၏ လက်များဖြင့် လည်းကောင်း၊ သူ၏ နားကြပ်ဖြင့် လည်းကောင်း စမ်းသပ်၍ ကိုယ်ခန္ဓာ အတွင်းပိုင်းရှိ အဆုတ်အတွင်း၌ ပုန်းအောင်း လှုပ်ရှား ရှင်သန်လျက် ရှိနေသော ရောဂါ အခြေအနေကို တွေ့အောင် ချင့်ချိန်ခြင်းအမှု ပြုရသည်မှာ စိတ်ဝင်စားစရာ တစ်မျိုးကောင်းပေသည်။

သူ့အနေဖြင့် ဤနေရာ၌ အဆုတ် ဆန်ခါပေါက် ဖြစ်နေသည်၊ ဤနေရာမှာတော့ဖြင့် အဆုတ် လေခိုနေသည်၊ ဤနေရာမှာတော့ အဆုတ် ရောင်နေပြီ စသည် စသည်ဖြင့် တစ်ခုစီ ကွဲကွဲပြားပြား သိအောင် ကြိုးစားသည်။ ကွဲကွဲပြားပြား သိပြီးခါမှပင် မှတ်တမ်း ကတ်ပြားပေါ်၌ 'ချောင်း အနည်းငယ်ဆိုးသည်' ဟု မှတ်သားလိုက်သည်။ ထို့နောက်တွင်မူ မှတ်တမ်း ကတ်ပြား၏ ကျောဘက်ရှိ အဆုတ်ပုံပေါ်၌ နာကျင်နေသည့် နေရာများကို မလွဲမမှားအောင် သတိကြီးစွာ ထား၍ သင်္ကေတနည်းဖြင့် မှတ်သားရပြန်လေသည်။

တစ်ချိန်တည်းမှာပင် အလုပ်သမား တစ်ဦးစီ၏ တံတွေး သလိပ်ကို ယူ၍ ဒင်နီ လက်ဆောင်ပေးခဲ့သည့် မိုက်ကရိုစကုပ်ဖြင့် ညပိုင်း နာရီပြန်နှစ်ချက် သုံးနာရီ အထိ ရောဂါပိုး ရှာဖွေခြင်း အလုပ်ကို လုပ်ကာ တွေ့ရှိချက်များကို မှတ်တမ်း ကတ်ပြားပေါ်တွင် ဇယားနှင့် တကွ မှတ်တမ်း တင်ရပြန်၏။

သူ ယူထားသည့် သလိပ်များကို 'တံတွေးဖြူ' ဟု အများက အသိအမှတ် ပြုထားကြ၏။ ယင်း တံတွေးဖြူ အများစုထဲတွင် ထောင့်ချွန်း ပုံသဏ္ဌာန် ရှိသော ပိုးများကို တွေ့ရပေသည်။

ခရစ္စတီ ပြန်ရောက်လာပြီး အင်ဒရူး၏ လည်ပင်းကို သိမ်း၍ ဖက်ကာ နှုတ်ဆက်နေသည်။

'ကိုယ့်အိမ် ကိုယ့်ရာကို ပြန်လာရတာလောက် ပျော်စရာ ကောင်းတာ မရှိတော့ဘူး၊ ခရီး သွားခဲ့ရတာ ပျော်တော့ ပျော်ပါရဲ့၊ ဒါပေမဲ့ ဘယ်လို





ပြောရမှန်း မသိတော့ပါဘူး အချစ်ရယ်၊ ကို့ ကြည့်ရတာ ဖြူဖပ်ဖြူရော်နှင့်နေမှ ကောင်းရဲ့လားဟင်၊ ဂျင်နီက ကောင်းကောင်း ချက်ပြုတ် မကျွေးဘူးထင်ပါရဲ့'

ခရစ္စတီ အဖို့တော့ ခရီးထွက်ပြီး နားနားနေနေ နေခဲ့ရသဖြင့် ကျန်းမာ ဝဖြိုးလာသည်။ မျက်နှာ ပြည့်ပြည့်ဖြိုးဖြိုးနှင့် ပါးနှစ်ဖက်တွင် နှင်းဆီရောင်သန်းကာ အလှ ကျက်သရေပင် တိုးလာသည်။

အိမ်ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် ခရစ္စတီသည် အင်ဒရူး အတွက် စိတ်သောက ရောက်ရလေသည်။ အင်ဒရူးသည် အစားအသောက်နှင့် အအိပ်အနေ မှန်ပုံ မရချေ။ စီးကရက်ကိုလည်း အဆမတန် သောက်လျက် ရှိသည်ဟု ထင်၏။

'ကို့ သုတေသန လုပ်ငန်းက ဘယ်လောက် ကြာကြာ လုပ်ရမှာလဲဟင်'

အိမ်ပြန်ရောက်ပြီး နောက်တစ်ရက်တွင် ခရစ္စတီက မေးမိရာ စိတ်လက်ကြည်မလင် ဖြစ်နေသော အင်ဒရူးသည် ခရစ္စတီ၏ အမေးကို သာသာယာယာ မဖြေချေ။

'အဲဒါတော့ မသိဘူး၊ တစ်နှစ်ကြာချင်လည်း ကြာမယ်၊ ငါးနှစ် ကြာချင်လည်း ကြာမယ်'

'အဲသလို ဆိုရင်တော့ ကျွန်မ ပြောတာကို ရှင် နားထောင်ပြီး လိုက်နာမှ ဖြစ်မယ်၊ ကျွန်မ ရှင့်ကို ပုံစံ သွင်းနေတယ်လို့တော့ မထင်နှင့်၊ ရှင့်အလုပ်က အချိန်ယူပြီး လုပ်ရမယ့် အလုပ်မျိုး၊ အချိန် အကန့်အသတ် မရှိ ကြာမယ့် အလုပ် ဆိုတော့ စနစ်တကျ လုပ်ဖို့လိုတယ်၊ အလုပ်ချိန်ကို သတ်သတ်မှတ်မှတ် ထားပြီး လုပ်ပါ၊ အချိန် အကန့်အသတ် မထားဘဲ စည်းမဲ့ ကမ်းမဲ့ လုပ်နေလို့တော့ မဖြစ်ဘူး၊ အမြဲတမ်း ညဉ့်နက် သန်းခေါင်အထိ လုပ်ကိုင်နေမယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် သတ်နေတာနှင့် အတူတူပဲ'

'ငါ့အလုပ် ငါ သိပါတယ်၊ မင်းနှင့် ဘာမှ မဆိုင်ပါဘူး'

အင်ဒရူးက မည်သို့ပင် ပြောစေကာမူ ခရစ္စတီကတော့ အလျှော့ မပေးချေ။ အင်ဒရူး၏ ဓာတ်ခွဲခန်း ကြမ်းပြင်ကို ဂျင်နီအား တိုက်ခိုင်းပြီး ကော်ဇော တစ်ချပ် ခင်းခိုင်းကာ ပက်လက် ကုလားထိုင် တစ်လုံး ချစေသည်။ အင်ဒရူး တစ်ယောက် စားပွဲ၌ မိုက်ကရိုစကုပ်နှင့် အလုပ် ရှုပ်နေချိန်တွင် သူမ ပက်လက် ကုလားထိုင်နှင့် ထိုင်ကာ ကလေး အနွေးထည်ကို ထိုးရင်းနေသည်။ အင်ဒရူးကတော့ မိုက်ကရိုစကုပ်ပေါ် မျက်နှာ အပ်မိသည်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com

ခရစ္စတီကို သတိမရတော့ပေ။ သို့သော်လည်း ခရစ္စတီကတော့ အင်ဒရူး မေ့မပစ်ဘဲ အနီးမှ နေ၍ မျက်ခြည်မပြတ် ကြည့်ကာ ဆယ့်တစ်နာရီ ထိုးသည်နှင့် တစ်ပြိုင်နက် ပက်လက် ကုလားထိုင်မှ ထ၍ အင်ဒရူး အနီးသို့ သွားရပ်သည်။

'ကို အိပ်ဖို့ အချိန်တော်ပြီ'

'အိုကွာ ငါ...'အင်ဒရူးက ဒေါသတကြီးဖြင့် တစ်စုံတစ်ရာ ပြန်ပြောတော့မလို လုပ်ပြီးခါမှ သူ့အား စူးစိုက် ကြည့်နေသော ခရစ္စတီ၏ စူးရှသော မျက်လုံးများကို တစ်ချက် ဝေ့ကြည့်လိုက်ကာ 'သွားနှင့် ခရစ္စတီ၊ ကိုယ် အခုပဲ လိုက်လာခဲ့မယ်' ဟု ပြောလေသည်။

'ဒီမှာ အင်ဒရူး မေဆန်၊ ကျွန်မရဲ့ အခြေအနေဟာ အပေါ်ထပ် အိပ်ခန်းကို တစ်ယောက်တည်း တက်သွားလို့ သင့်တော်မယ် ထင်သလား၊ ရှင်က အဲသလို ထင်တယ် ဆိုရင်လည်း ကျွန်မ အနေနှင့်...'

ခရစ္စတီ၏ နှုတ်ဖျားမှ ဤစကား ထွက်လာချိန်တွင် မျက်နှာထားက ခပ်တည်တည်၊ ပြောပုံ ဆိုပုံ လေယူလေသိမ်းက ခပ်မာမာ၊ စကား အသုံးအနှုန်းက ခပ်ရင့်ရင့်၊ ကြာလာတော့ ခရစ္စတီ၏ ဤအပြော ဤဟန် အမူအရာသည် သူတို့ နှစ်ယောက်ကြားတွင် ပြက်လုံးကောင်း တစ်ခု ဖြစ်လာသည်။ တစ်ခါတစ်ရံ အင်ဒရူးသည် ဤပုံစံ ဤလေမျိုးနှင့် ဤစကားမျိုးကို ပြောကာ ခရစ္စတီအား စတတ် ပြောင်တတ် သကဲ့သို့ ခရစ္စတီကလည်း ဤပုံစံ ဤလေမျိုးနှင့် ဤစကားမျိုး ပြောကာ ပြောင်တတ် နောက်တတ်လေသည်။

မည်သို့ပင် ဖြစ်စေ ခရစ္စတီက ဤစကားကို ဆိုလာလျှင် အင်ဒရူး ဆင်ခြေ ဆင်လက် မတက်တော့ချေ။ ရယ်ကာ မောကာဖြင့် သူ့လက်ထဲမှ မှန်ချပ်များကို ချထားလိုက်ပြီး ခရစ္စတီအား အသာအယာ ဖက်ကာ လိုက်သွားလေတော့သည်။

ဇူလိုင်လ အကုန်တွင် မြို့ထဲ၌ ရောဂါများ ပေါက်လာသဖြင့် အင်ဒရူးမှာ အလုပ် များလျက် ရှိသည်။ ဩဂုတ်လ သုံးရက်နေ့တွင် ခါတိုင်း နေ့များထက် အလုပ် များသဖြင့် မနက်ပိုင်း ဆေးခန်း မဖွင့်တော့ဘဲ ကိုးနာရီ ထိုးလောက်မှ စ၍ လူနာကြည့် ထွက်ခဲ့ရာ မွန်းလွဲ သုံးနာရီ ထိုးမှပင် အိမ်သို့ ပြန်နိုင်လေ၏။

အလုပ် များသော နေ့မို့ နေ့လယ်စာ လွတ်ခဲ့ရလေပြီ။ နေ့လယ်စာနှင့် ညနေခင်း လက်ဖက်ရည်ကို ပေါင်း၍ စားသောက် ရပေတော့မည်။





အင်ဒရူးသည် ပင်ပန်းလွန်းသဖြင့် ခပ်ဖြည်းဖြည်း ခပ်နွဲ့နွဲ့ငင် လျှောက်၍ ပြန်လာခဲ့သည်။ အိမ်နား ရောက်သော် ဒေါက်တာ လီဝီလင်း၏ မော်တော်ကား အိမ်ရှေ့၌ ရပ်ထားသည်ကို မြင်ရလေ၏။

ဘာကြောင့်ရယ် မသိ ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားသည်။ အမျိုးအမည် ဖော်ပြနိုင်သော စိတ်၏ ခံစားမှု တစ်မျိုးကြောင့် ပူပန်စိတ်သည် ဖျတ်ခနဲ ပေါ်လာရ၏။ စောစောက ဖြစ်ပေါ်နေသော ဆာလောင်စိတ်သည် ကြက်ပျောက် ငှက်ပျောက် ပျောက်သွားသည်။ အိမ်ဘက်သို့ ခပ်သုတ်သုတ် လျှောက်သွားကာ တံခါးကို ကသုတ်ကရက် ဖွင့်၍ အိမ်ထဲသို့ ဝင်ခဲ့လေ၏။ ဒေါက်တာ လီဝီလင်းသည် ခေါင်းငိုက်စိုက်ဖြင့် ခန်းမထဲ၌ လမ်းလျှောက်လျက် ရှိလေသည်။

'ဟဲလို ဒေါက်တာ လီဝီလင်း၊ ခင်ဗျား ဒီလောက် စောစောစီးစီး ရောက်လာဖို့ လိုမယ် မထင်သေးပါဘူးနော်'

'မလိုသေးပါဘူး'

အင်ဒရူး၏ အမေးကို လီဝီလင်းက ဖြေသည်။

အင်ဒရူးက ပြုံး၍ 'ဒီလို ဆိုရင် အခု လာတဲ့ ကိစ္စက' ဟု ထပ်မေးသည်။ လီဝီလင်းကတော့ ရယ်လည်း မရယ်၊ ပြုံးလည်း မပြုံး၊ ခပ်တွေတွေ ခပ်ငေးငေးနှင့် အင်ဒရူးအား ကြည့်နေလေသည်။

'လာဗျာ ထိုင်ပါဦး'

ပြောပြောဆိုဆိုပင် လီဝီလင်းက အင်ဒရူး၏ လက်မောင်းကို ဆွဲ၍ ဧည့်ခန်းထဲသို့ ခေါ်သွားသည်။ ထိုင်မိကြသည့် အခါကျမှ 'ကျွန်တော်တို့ ခင်ဗျားကို လိုက်ရှာနေကြတာ တစ်မနက်လုံးပဲ၊ ဘယ်မှာမှ မတွေ့ဘူး၊ ခင်ဗျား ဘယ်များ ရောက်နေတာလဲဗျာ' ဟု မေးလေသည်။

လီဝီလင်း၏ အမူအရာမှာ ထူးခြားလွန်းလှပေသည်။ ခါတိုင်းလို သွက်သွက်လက်လက် မရှိလှဘဲ မျက်နှာထားကလည်း တည်ငြိမ်လွန်းလှသည်။ သူ၏ ပြောသံ ဆိုသံများကလည်း စိတ်မကောင်းစရာ တစ်ခုခုနှင့် ကြုံခဲ့ရသည့်နှယ်။

'ဘာများ ဖြစ်လို့လဲ၊ ပြောပါ'

လီဝီလင်းသည် ရုတ်တရက် အဖြေ မပေးသေးဘဲ ပြတင်းပေါက်ဆီသို့ ငေးနေသည်။ သူ့ အကြည့်သည် ပန်းခြံထဲမှ တံတားကလေးပေါ်၌ စူးစိုက်ထား၏။ အင်ဒရူးသည် လီဝီလင်း၏ အမူအရာကို ကြည့်ကာ စိတ်မအေးခြင်း ဖြစ်လာသည်။ စိုးရိမ် သောကဖြင့် သူ့ရင်မှာ လှုပ်ရှားလျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

'မေဆန်'

လီဝီလင်း၏ အသံမှာ နူးညံ့ ပျော့ပျောင်းလှချေသည်။

'ကနေ့မနက် ခင်ဗျား ဇနီး လမ်းလျှောက်ရင်းနှင့် ပျဉ်ဆွေး တစ်ချပ်ကို နင်းမိလို့ တံတားပေါ်က လိမ့်ကျသွားတယ်၊ သူ့မှာတော့ ဘာမှ မဖြစ်ပါဘူး၊ ဒါပေမဲ့ ကျွန်တော် စိတ်ပူတာက'

လီဝီလင်း၏ စကားမဆုံးမီမှာပင် သူ ဘာကို ဆိုလိုသည်ကို အင်ဒရူး သဘောပေါက်သည်။

'ခင်ဗျား အခြေအနေမှန် သိချင်မှာပဲလို့ ထင်တယ် မေဆန်၊ ကျွန်တော် အစွမ်းကုန် ကြိုးစားခဲ့ပါတယ်၊ ဖြစ်ဖြစ်ချင်း ကျွန်တော် ရောက်လာတာပဲ။ ဆေးရုံဝင်ပြီး ဆရာမကြီးကိုတောင် ခေါ်လာခဲ့သေးတယ်၊ ကျွန်တော်တို့ တစ်နေ့လုံး ခင်ဗျား ဇနီးရဲ့ အနားမှာ ရှိကြပါတယ်'

အခန်းထဲဝယ် ငြိမ်ဆိတ် သွားလေ၏။

အင်ဒရူးထံမှ ရှိုက်သံသဲ့သဲ့ ပေါ်ထွက်လာသည်။ မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ထားလိုက်လေ၏။

'သိပ်ပြီး စိတ်မထိခိုက်စေချင်ဘူး မေဆန်၊ ဒီလို အဖြစ်မျိုးနှင့် ကြုံရလိမ့်မယ်လို့ ဘယ်သူမှ ကြိုပြီး သိတာလည်း မဟုတ်ဘူး၊ ကံ အကြောင်းတရားလို့သာ သဘောထားပြီး စိတ်ကို ဖြေစေချင်တယ်၊ ခင်ဗျား ဇနီးလည်း အတော်ကြီး စိတ်ထိခိုက်နေရှာတယ်၊ သွားပြီး အားပေးလိုက်ပါဦး'

အင်ဒရူးသည် ခေါင်းငိုက်စိုက်ဖြင့် အပေါ်ထပ် အိပ်ခန်းဆီသို့ တက်ခဲ့သည်။ အခန်းဝ ရောက်သည့်အခါ ရုတ်တရက် မဝင်သေးဘဲ ခဏမျှ ရပ်နေမိ၏။ သူ့ရင်မှာ အသက်မှုပင် ကောင်းစွာ မရှူနိုင်လောက်အောင် တင်းကျပ်လျက် ရှိပေသည်။ တစ်ကိုယ်လုံး တုန်ယင် ချည့်နဲ့ကာ ခွန်အား ဆုတ်ယုတ်သွားသလို ခံစားနေရ၏။ သူသည် ဖြည်းဖြည်း သာသာကလေး အိပ်ခန်းတွင်းသို့ ဝင်ခဲ့လေ၏။



## [၁၄]

၁၉၂၇ ခုနှစ်တွင် ဒေါက်တာ မေဆန်၏ နာမည်သည် အေဘာရာလော မြို့ပေါ်၌ သိသိသာသာကြီး ထင်ရှား ကျော်ကြားစ ပြုလာလေသည်။ ယင်းကဲ့သို့ ထင်ရှား ကျော်ကြား လာရခြင်းမှာ သူ၏ ဆေးကု လုပ်ငန်း တိုးတက် ကြီးကျယ်လာခြင်းကြောင့်တော့ မဟုတ်ပေ။ သူ အေဘာရာလောမြို့ ရောက်စ အချိန်ကနှင့် စာလျှင် သူ၏ လူနာ ဦးရေသည် သိသိသာသာ တိုးတက်လာသည်မှာ မှန်သော်လည်း အလွန်အမင်း အံ့သြဖွယ် ကောင်းလောက်အောင် တိုးတက်လာခြင်းမျိုးကား မဟုတ်သေးပေ။ သို့သော်လည်း သူ့ စာရင်းတွင် ဝင်နေကြသော လူနာတိုင်းသည် အင်ဒရူးအပေါ်၌ အလွန် ယုံကြည် အားကိုးကြသည်။ 'ဒေါက်တာ မေဆန်မှ လွဲလျှင် ဘယ် ဆရာဝန်ကိုမှ မပြချင်' ဟူသော အစွဲမျိုး ထားကြသည်။ သူ၏ စေတနာနှင့် သူ၏ ဆေးကုပုံ ကုနည်းကို ကြိုက်ကြသည်။

အခြား ဆရာဝန်များ၏ လုပ်ပုံကိုင်ပုံများနှင့် နှိုင်းယှဉ်ကြည့်လိုက်ပါက အင်ဒရူး၏ ဆေးကုပုံ ကုနည်း၊ ဆေးပေးပုံ ပေးနည်းများမှာ ထူးခြားသလို ဖြစ်နေသည်မှာ အမှန်ပင်။

အင်ဒရူး မေဆန်သည် လူနာများအား သောက်ဆေး အပေး အလွန်နည်းသည်။ သူ့ လူနာများအား သောက်ဆေးကို စွဲ၍ သောက်ခြင်း သုံးခြင်း မပြုရန်နှင့် သောက်ဆေးများ အပေါ်တွင် အလွန်အမင်း ယုံကြည် ကိုးစားခြင်း မပြုကြရန် အမြဲတစေ နားချတတ်သည်။ သို့သော်လည်း အမှန်တကယ် လို အပ်၍ သောက်ဆေး ပေးရသည့် အခါမျိုးတွင်မူ အများကြီး ပေးတတ်လေသည်။ တစ်ကြိမ်သော အခါက ဂက်ကျီ အမည်ရှိ လူနာရှင် [illegible]


www.burmeseclassic.com

www.burmeseclassic.com



ဆေးအညွှန်း စာရွက်ကို ကိုင်၍ အူကြောင်ကြောင် ဖြစ်ခဲ့ဖူးသည်။ ဂက်ကျီ အဆ ဖြင့် ဒေါက်တာ မေဆန်ပင် အယူအဆ မှားလေသလား ဟူသော သံသယ လည်း ဝင်ဟန်ရှိသည်။

'ဘယ်လိုလဲ ဒေါက်တာ မေဆန်၊ အီဗန် ဂျူး အတွက် ဒီဆေး သောက်ဖို့ ညွှန်ကြားထားတာက အလုံး ခြောက်ဆယ်တဲ့၊ သူ့ဆေး အညွှန်း မှာတော့ ငါးလုံး ရေးထားတယ်၊ အဲဒါ ဘယ်လို လုပ်ရမှာလဲ'

'ကိစ္စ မရှိဘူး ဂက်ကျီ၊ ကျွန်တော် ရေးပေးထားတဲ့ အတိုင်းသာ တိုက် ပါ၊ ဆေးများများ သောက်ရလို့ အီဗန် ဂျူး မူးမေ့နေတော့လည်း ခင်ဗျား အတွက် ပိုမကောင်းဘူးလား'

အင်ဒရူးက ခပ်သောသော ပြောလွှတ်လိုက်သည်။ သို့သော်လည်း ဝက်ရူးပြန် ရောဂါသည် အီဗန် ဂျူးမှာ အင်ဒရူး ပြောလိုက်သလို ဆေးများများ သောက်ခြင်းကြောင့် မူးမေ့၍ လဲမသွားသည့်အပြင် ဆေးသောက်ပြီး၍ တစ် ပတ်ခန့် ကြာသည့်အခါ သူ့ အကြောအခြင်များ ယခင်ကထက် လျော့လာ သဖြင့် ပန်းခြံဘက် ထွက်၍ ဖြောင့်ဖြောင့်တန်းတန်း လမ်းလျှောက်နေသည် ကို တွေ့ရလေသည်။

ဒေါက်တာ မေဆန်၏ သောက်ဆေး အသုံးနည်းပါးမှုကြောင့် ကော် မတီ အနေဖြင့် သောက်ဆေးဖိုး ကုန်ကျစရိတ် များစွာ သက်သာလာသည် ဖြစ်ရာ ဒေါက်တာ မေဆန်ကို များစွာ ကျေးဇူးတင်သင့်သည်ဟု ပြောရမလိုပင် ဖြစ်နေပေသည်။ အမှန်တော့လည်း အင်ဒရူးမှာ သောက်ဆေး သုံးစွဲမှု စရိတ် ငွေမှာ အခြား လက်ထောက် ဆရာဝန်များ သုံးစွဲနေသည့် စရိတ်ငွေ၏ တစ် ဝက်ပင် မရှိချေ။

သို့သော်လည်း အချို့ နေရာများတွင်မူကား သူ၏ သုံးစွဲမှုသည် အခြား ဆရာဝန်များထက် သုံးဆနီးပါးမျှ ရှိနေသဖြင့် ကော်မတီ အစည်းအဝေးတွင် မကြာခဏ ဆူဆူပူပူ ဖြစ်လျက် ရှိလေ၏။ ဥပမာအားဖြင့် အင်ဒရူး မေဆန် သည် ကျောက်ဆေးကို အများအပြား သုံးစွဲခဲ့သည်။ သူ သုံးစွဲခဲ့သည့် ကျောက် ဆေးရည် တန်ဖိုးမှာ အဆမတန် ဖြစ်နေသဖြင့် စရိတ် အကုန်အကျ များလွန်း သည်ဟု အက်ဒဝပ် ချင်ကင်းက အစည်းအဝေးတွင် တင်ပြခဲ့ဖူးသည်။

သူတို့ မြို့တွင် ကျောက်ဆေး ဤမျှလောက် ကုန်ကျခဲ့သည်ကို ဘယ် တုန်းကမှ သူ မကြားခဲ့ဖူးပါဟု ချင်ကင်းက ဝေဖန်ရာ အတွင်းရေးမှူး အိုဝင် က ဒေါက်တာ မေဆန် ထို ဆေးသုံးစွဲမှုနှင့် ပတ်သက်၍ အပေါ်ယံ ရုပ်တိုက်





ကြည့်ပြီး မဝေဖန်သင့်ကြောင်း၊ ဥပမာအားဖြင့် ဒေါက်တာ မေဆန်သည် ကြက်ညှာချောင်းဆိုး ကာကွယ်ဆေးကို အခြား ဆရာဝန်များထက် ပို၍ သုံးစွဲ ခဲ့သဖြင့် ထိုနှစ် ဆောင်းတွင်း တစ်တွင်းလုံး သူ့နယ်မြေ အတွင်းရှိ ကြက်ညှာ ချောင်းဆိုး ရောဂါ၏ ဒဏ်ကို ခံရသည့် ကလေး အရေအတွက်မှာ အခြား နယ်မြေများထက် နည်းပါးခဲ့သည့် လက်တွေ့ ဖြစ်ရပ်များ ရှိကြောင်း တင်ပြ ကာ အင်ဒရူးဘက်မှ ကာကွယ် ပြောဆိုခဲ့လေသည်။

အက်ဒဝပ် ချင်ကင်းကမူ အိုဝင်၏ ချေပချက်ကို ကောင်းစွာ လက်ခံ ချင်ပုံ မရချေ။ 'သူ သုံးတဲ့ ကြက်ညှာ ကာကွယ်ထိုးဆေးက အခုမှ ပေါ်လာ တဲ့ ဆေးသစ်ဗျ၊ ဒီဆေး ဘယ်လောက် အစွမ်းထက်တယ် ဆိုတာ ကျုပ်တို့ ဘယ်လို လုပ်ပြီး သိနိုင်မှာလဲ၊ သူက ကောင်းတယ် ပြောလို့သာ ငွေတွေ အကုန်ခံပြီး ဝယ်ပေးခဲ့ရတာ၊ ကျုပ် ကိုယ်တိုင် ဒီဆေးရဲ့ အစွမ်းအာနိသင် ဘယ်လောက် ရှိသလဲ ဆိုတာ သူ့ကို မေးခဲ့ဖူးပါတယ်၊ ဒါကိုတော့ ဘယ်သူမှ အတိအကျ မပြောနိုင်ဘူးလို့ သူ ဖြေခဲ့တာပဲ' ဟု မကျေမချမ်းနှင့် ပြန်ပြော ခဲ့လေသည်။

အင်ဒရူး မေဆန်အဖို့ သူ့အပေါ် တကယ် ခင်မင် လေးစားပြီး သစ္စာ ရှိသော မိတ်ဆွေများ ရှိသကဲ့သို့ သူ့အား မုန်းတီးသည့် ရန်သူများလည်း ရှိ သည်။ အထူးသဖြင့် ခရစ္စတီ တံတားပေါ်မှ လိမ့်ကျပြီး ကလေး ပျက်ခဲ့ရ သည့် ကိစ္စနှင့် ဆက်စပ်၍ ဖြစ်လာခဲ့သည့် နောက်ဆက်တွဲ ဖြစ်ရပ် တစ်ခု အတွက် ကော်မတီဝင် လူကြီးများထဲတွင် အင်ဒရူးအား မုန်းတီးသူ အရေ အတွက် တိုးလာခဲ့ပေသည်။

ထိုစဉ်က ခရစ္စတီ လိမ့်ကျခဲ့ရခြင်းကြောင့် သွေးပူနေသော အင်ဒရူး သည် ကော်မတီ အပေါ်တွင် အတော်ကြီး မကျေမနပ် ဖြစ်ခဲ့မိလေသည်။ ဤ တံတားကို ပြင်ဆင်ပေးပါရန် လူကိုယ်တိုင် တစ်မျိုး၊ တယ်လီဖုန်းနှင့် တစ်ဖုံ အကြိမ်ကြိမ် အထပ်ထပ် အကြောင်းကြားခဲ့ပါလျက်နှင့် ပြင်မပေးခဲ့၍သာ ခရစ္စတီ အခုလို ဖြစ်ရသည်ဟု ဆိုကာ ဒေါပွ၍ မဆုံးနိုင်အောင် ဖြစ်ခဲ့လေ သည်။

သူ မှန်သည်ဟု ထင်လျှင် ဇွတ်ပြော ဇွတ်လုပ်တတ်သော အင်ဒရူး သည် ကော်မတီ အစည်းအဝေး တစ်ခုတွင် ယင်းကိစ္စ အတွက် အားမနာ ပါး မနာ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ပြောခဲ့မိလေသည်။ 'ကော်မတီဝင် လူကြီး များ ရှေ့တွင် ရင့်သီးသော အသုံးအနှုန်းများကိုပင် သုံးခဲ့မိ၏။ ထိုစဉ်က



www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေးသို့ ကော်မတီဝင် အားလုံး တက်ရောက်ကြသည် ဖြစ်ရာ အချို့ ကော်မတီဝင် လူကြီးများက မခံမရပ်နိုင် ဖြစ်ခဲ့ကြလေသည်။

မခံမရပ်နိုင် ဖြစ်ကြသော ကော်မတီဝင် လူကြီးများက အင်ဒရူး အနေ ဖြင့် ဤမျှလောက် မပြောသင့်ဟု ယူဆကြသည်။ သူတို့သည် မစွက် မဆော် တံတားပေါ်မှ လိမ့်ကျပြီး ကလေး ပျက်ရသည့် အတွက် စိတ်မကောင်း ဖြစ် ကြသော်လည်း ယင်းကဲ့သို့ ဖြစ်ပွားရခြင်း အတွက် သူတို့၌ တိုက်ရိုက် တာ ဝန် ရှိသည် ဟူ၍ကား မယူဆကြပေ။ အစဉ်အလာအရ ဆိုပါက ကော်မတီ သည် မည်သည့် လုပ်ငန်းကိုမှ မြန်မြန်ဆန်ဆန် ပြီးစီးအောင် လုပ်မပေးခဲ့ပေ။

ဤ တံတားကို ပြင်ဆင်ပေးရန် နောက်ဆုံးအကြိမ် အင်ဒရူး ပြောခဲ့ စဉ်က ကော်မတီ၏ အတွင်းရေးမှူး အိုဝင် ခွင့်သွားနေခိုက် ဖြစ်၍ တံတားကို ပြင်ရန် တာဝန် ပေးထားခြင်း ခံရသူ လင်း ရစ်ချက်မှာလည်း ထိုအချိန်က ပိုးဝစ်လမ်း၌ အိမ်သစ်များ ဆောက်လုပ်နေသဖြင့် အလွန် အလုပ် များလျက် ရှိ၏။ သို့ဖြစ်ရာ တံတားကို အချိန်မီ ပြင်ဆင် မပေးနိုင်ခဲ့ခြင်း အတွက် ကော် မတီ၌ အပြစ် မရှိဟု ယူဆကြလေသည်။

မည်သို့ပင် ဖြစ်စေ ကော်မတီ အစည်းအဝေးသို့ တက်ရောက်ပြီး ကော်မတီဝင်များအား ထိခိုက်လောက်အောင် ပြောဆိုခဲ့သော စကားများ အတွက် အင်ဒရူးအား မုန်းတီးသော အုပ်စု တစ်စုသည် ကော်မတီဝင် လူကြီး များထဲတွင် အခိုင်အမာ ရှိလာခဲ့လေ၏။

အခြေအနေက ဤသို့ ရှိနေစဉ် အတွင်း အင်ဒရူးသည် သူ ကောင်း သည်ဟု ထင်သမျှကို ကော်မတီ လူကြီးများ ကြိုက်သည် ဖြစ်စေ၊ မကြိုက် သည် ဖြစ်စေ ဂရုမထားဘဲ လုပ်တတ်သော အကျင့် ရှိလေရာ ကော်မတီ လူကြီးများ နှစ်သက် လက်ခံနိုင်သော ကိစ္စမျိုး လုပ်မိသည့် အခါတွင် ပြဿနာ မရှိသော်လည်း ကော်မတီ လူကြီးများ မကြိုက်သည့် ကိစ္စများကို လုပ်မိသည့် အခါမျိုးတွင်မူ အင်ဒရူး အပေါ် မကျေနပ်မှုများသည် တိုးလာလေ၏။ အင် ဒရူးကလည်း အလွန် ခေါင်းမာသူ ဖြစ်သည့် အားလျော်စွာ အလျှော့ မပေး ဘဲ လုပ်တတ်၏။ ဤသို့ဖြင့် သူ့အပေါ်၌ မလိုမုန်းထားခြင်း ဖြစ်နေကြသော ကော်မတီဝင် လူကြီးများ၏ ရန်ငြိုးဖွဲ့ခြင်းကို ခံရလေတော့၏။

ယင်းကဲ့သို့ နှစ်ဦး နှစ်ဖက် မပြေလည်မှု ဖြစ်နေသည့် အချိန်တွင် အင်ဒရူး အပေါ်၌ အထင် လွဲမှားစရာ စွပ်စွဲချက် တစ်ခု ပေါ်လာပြန်သည်။ ယင်း စွပ်စွဲချက်ကား အင်ဒရူး မေဆန်သည် ဘုရား တရား ရှိသေ ကိုင်းရှိုင်း





သူ မဟုတ် ဟူသော စွပ်စွဲချက်ပေတည်း။

အင်ဒရူး၏ ဇနီးသည် မကြာ မကြာ ဘုရားရှိခိုးကျောင်းသို့ သွားလေ့ ရှိသော်လည်း အင်ဒရူး လာသည်ကိုမူ လုံးဝ မတွေ့ရဟု လည်းကောင်း ဘာသာရေးအရ နှစ်ခြင်းမင်္ဂလာ ပြုသည်ကို အင်ဒရူးက သရော် ပြောင်လှောင် ၍ ရယ်မောပါသည်ဟု လည်းကောင်း တီးတိုးစကား ပြောလာကြလေသည်။ ဤစကားများကို ရှေးဦးစွာ ထောက်ပြ၍ အတင်းအဖျင်း ပြောလာသူမှာ ဒေါက်တာ အော့စဘောရီးပင် ဖြစ်ပေသည်။

ယင်းကဲ့သို့ ဖြစ်နေစဉ် အတွင်းမှာပင် ဘာသာရေး အသိုင်းအဝိုင်းထဲ၌ အင်ဒရူး အတွက် ရန်သူ တစ်ဦး တိုးလာပြန်သည်။ ထိုရန်သူကား ဆီးနေမြို့ မှ သင်းအုပ် ဆရာ တစ်ဦး ဖြစ်သော ဘုန်းတော်ကြီး အက်ဒဝဲ ပါရေး ဆိုသူ ပေတည်း။ ဘုန်းတော်ကြီး အက်ဒဝဲ ပါရေးသည် အင်ဒရူး အပေါ်၌ ရန်ငြိုး ဖွဲ့စရာ အကြောင်းကလည်း အလုံအလောက် ရှိနေသည်ဟု ဆိုရမည် ဖြစ်လေ သည်။

၁၉၂၆ ခုနှစ် နွေဦးပေါက် အချိန် တစ်နေ့တွင် လက်ထပ်ပြီးစ ဖြစ် သော အက်ဒဝဲ ပါရေးသည် ဆေးခန်း ပိတ်ခါနီးကာမှ အင်ဒရူး ဆေးခန်းသို့ ရောက်လာသည်။ သူ၏ အမူအရာမှာ ဘာသာ တရားကို အလွန် ကိုင်းရှိုင်း သည့် သူတော်စင် ပုဂ္ဂိုလ် တစ်ဦး၏ ဟန်မျိုး ဖြစ်သော်လည်း ပြောပုံ ဆိုပုံနှင့် စိတ်နေ သဘောထားကမူ သာမန် သူလို ငါလို လူစားထဲက ပုံစံမျိုး ဖြစ်လေ သည်။

'နေကောင်းရဲ့နော် ဒေါက်တာ မေဆန်၊ လမ်းကြုံလို့ ဝင်လာခဲ့တာ ပါ၊ ကျွန်တော့် ဆရာဝန်ကတော့ ဒေါက်တာ အော့စဘောရီးလေ၊ ခင်ဗျား သိမှာပေါ့၊ သူက ကျွန်တော်ရဲ့ အသင်း အုပ်စုဝင် တစ်ဦးပေါ့၊ သူလည်း အရှေ့ ပိုင်း နယ်မြေမှာတော့ နာမည်ကြီး တစ်ယောက်ပါပဲ၊ ဒါပေမဲ့ ခင်ဗျားက အလွန် ခေတ်မီတဲ့ ဆရာဝန် တစ်ယောက်လို့ နာမည် ထွက်နေတယ် မဟုတ် လား၊ အခု ခေတ်ပေါ် အသစ်အဆန်း မှန်သမျှ ခင်ဗျား မသိတာ မတတ်တာ မရှိဘူးလို့လည်း ပြောသံ ဆိုသံတွေ ကြားနေရတယ်၊ ဒါကြောင့် လာခဲ့တာ ဆိုပါတော့ဗျာ၊ အခု ကျွန်တော် လာတာက ခင်ဗျားဆီက အကြံကလေး ဘာကလေး လိုချင်လို့ပါ၊ ဆေးဖိုးဝါးခလည်း ကောင်းကောင်း ပေးပါ့မယ်၊ ကိစ္စကတော့ ဒီလိုပါ'

အက်ဒဝဲသည် သူ့စကားကို မဆက်သေးဘဲ ရှက်ကိုး ရှက်ကန်း ပြုံး



www.burmeseclassic.com

www.burmeseclassic.com

နေသည်။ ပြီးမှ အင်ဒရူးအား ပြုံးဖြဲဖြဲနှင့် ကြည့်၍ သူ့စကားကို ဆက်သည်။

'ကျွန်တော့် မိန်းမနှင့် ကျွန်တော်တို့ အခု လောလောဆယ် ကလေး မရချင်သေးဘူး၊ ကျွန်တော် ရတဲ့ လစာကလည်း သိပ်များတာ မဟုတ်တော့ ကလေး မလိုချင်သေးဘူးဗျာ၊ အဲဒါ ကလေး မရအောင် လုပ်ထားချင်လို့ ဘယ်လို လုပ်ရမလဲ ဆိုတာ'

အင်ဒရူး မေဆန်သည် အက်ဒဝဲ ပါရေး၏ မျက်နှာကို စက်ဆုပ်စွာဖြင့် ကြည့်နေမိသော်လည်း သူ့စိတ်ကိုမူ တတ်နိုင်သမျှ ထိန်းချုပ်ထားလေသည်။

'ခင်ဗျားလောက်မှ လစာ မရတဲ့ လူတွေ ကလေး မွေးနေကြတာ အပုံပဲ၊ ဘယ်သူမှ ကလေး မလိုချင်ဘူးလို့ မပြောကြပါဘူး၊ မွေးကြ ကျွေးကြတာချည်းပဲ၊ ခင်ဗျားလို လူက ကလေး မလိုချင်ဘူး ဆိုတော့ ခွကျတာပေါ့၊ ဒါဖြင့် ခင်ဗျား ဘာပြုလို့များ မိန်းမ ယူသေးသလဲ'

ပြောရင်း ပြောရင်းနှင့် အင်ဒရူးမှာ သူ့စိတ်သူ မထိန်းနိုင် ဖြစ်လာသည်။

'သွားဗျာ၊ သွား အခု ထွက်သွား၊ လာရှုပ်မနေစမ်းနှင့်၊ ခင်ဗျားဟာ သင်းအုပ် ဘုန်းကြီး လုပ်နေပြီး မတော်တရော်တွေ လာပြောနေတယ်'

အက်ဒဝဲ ပါရေးသည် ရှက်ကြောက် ထိတ်လန့်စွာဖြင့် ခပ်ကုပ်ကုပ် ခပ်သုတ်သုတ် ထွက်သွားလေသည်။ အင်ဒရူး ပြောလိုက်ပုံသည် အလွန်ကြမ်းတမ်း၍ ရိုင်းစိုင်းကောင်း ရိုင်းစိုင်းပေလိမ့်မည်။ သို့သော်လည်း ထိုအချိန်က တံတားပေါ်မှ ခရစ္စတီ လိမ့်ကျပြီးစ ဖြစ်၏။ ခရစ္စတီတွင် ဘယ်တော့မှ ကလေး ရနိုင်တော့မည် မဟုတ် ဟူသော အဖြေကို သိထားရသဖြင့် နှစ်ဦးစလုံး ကလေး ရချင်စိတ်ဖြင့် ယူကျုံးမရ တသသ ဖြစ်ကာ သူတို့၏ အဖြစ်အတွက် ဝမ်းနည်း မဆုံးအောင် ဖြစ်နေသည့် ကာလ ဖြစ်ပေရာ အင်ဒရူး စိတ်မထိန်းနိုင် ဖြစ်ရသည်မှာ အဆန်း မဟုတ်တော့ပေ။

မည်သို့ပင် ဖြစ်စေ ထိုအချိန်မှ စ၍ ဘုန်းတော်ကြီး အက်ဒဝဲ ပါရေးသည် အင်ဒရူး၏ အကြီးဆုံးသော ရန်သူ တစ်ဦး ဖြစ်လာခဲ့ရလေ၏။

၁၉၂၇ ခုနှစ်၊ မေလ ၁၅ ရက်နေ့ညတွင် အင်ဒရူးသည် လူနာ တစ်ဦးကြည့်ပြီး ပြန်လာသည်။ တစ်လမ်းလုံး သူတို့ ကလေး ဆုံးပါးပြီးသည့်နောက် သူနှင့် ခရစ္စတီတို့ ဘာကြောင့် အေဘာရာလော မြို့၌ ဆက်လက်၍ နေထိုင်ခဲ့မိပါလိမ့်ဟု တွေးလာမိလေ၏။ အဖြေကတော့ ရှင်းနေပေသည်။ သူ၏ လုပ်လက်စ တစ်ပိုင်း တန်းလန်း ဖြစ်နေသော သုတေသန လုပ်ငန်း အပေါ်





သံယောဇဉ် အမျှင်မပြတ် ဖြစ်ကာ ဆက်၍ နေထိုင်ခဲ့မိခြင်း ဖြစ်၏။

အမှန်အတိုင်း ဝန်ခံရမည် ဆိုပါက အင်ဒရူးသည် သူ စလုပ်ခဲ့သော သုတေသန လုပ်ငန်းကို မစွန့်နိုင်ပေ။ ယင်း လုပ်ငန်း၏ ဆွဲဆောင်မှုအားသည် အလွန် ကြီးမားလျက် ရှိ၏။ ယင်းလုပ်ငန်းကို သူ ဆက်၍ လုပ်ကိုင်မည် ဆိုပါမှ ကျောက်မီးသွေးတွင်းများ ရှိရာ ဤအရပ် ဤဒေသမျိုးကို စွန့်ခွာ သွား၍ မဖြစ်ချေ။

သုတေသန လုပ်ငန်းနှင့် ပတ်သက်၍ သူ လုပ်ကိုင်ပြီးသမျှကို ပြန်လည် ဆန်းစစ်ကြည့်သည်။ သူ ရင်ဆိုင်ခဲ့ရသည့် အခက်အခဲများကိုလည်း ပြန်လည် သုံးသပ်ကြည့်သည်။ ယခု သူ ရှာဖွေ တွေ့ရှိထားသည့် အချက်အလက်များကို ပြီးပြည့်စုံအောင် ရှာဖွေခဲ့ရာ၌ အချိန်များစွာ မကြာခဲ့သည်ကို အံ့သြစွာ တွေ့ရှိရလေသည်။ သူ ပြုလုပ်ခဲ့သည့် ပထမဆုံးသော စမ်းသပ် စစ်ဆေးချက်များ ဆိုလျှင် ရက်အနည်းငယ်မျှဖြင့် ပြန်၍ လုပ်ကိုင်ဖို့ မလိုတော့လောက်အောင်ပင် စနစ်တကျ လုပ်ကိုင်နိုင်ခဲ့သည်ကို သတိပြုမိလေ၏။

သူ၏ နယ်မြေ အတွင်းမှ အလုပ်သမားများ၏ အဆုတ် အခြေအနေ၊ ဆေးခန်း စစ်ဆေးချက် မှတ်တမ်းနှင့် စစ်ဆေး တွေ့ရှိချက် ဇယားများကို ပြုလုပ် ပြီးစီးသည့်နောက် ပြန်လည် သုံးသပ် လေ့လာကြည့်လိုက်သည့် အခါတွင် မြေအောက် ကျောက်မီးသွေး တွင်းတူး လုပ်သားများ အတွင်း၌ အဆုတ်ရောဂါ အမျိုးမျိုး အဖြစ် များသည်ကို ခိုင်လုံစွာ တွေ့နေရလေသည်။

ဥပမာ ဆိုလျှင် မြေအောက် ကျောက်မီးသွေး တွင်းတူး လုပ်သားများ၏ ကိုးဆယ် ရာခိုင်နှုန်းသည် အဆုတ် ဆန်ခါ ဖြစ်သော ရောဂါ ဖြစ်နေကြ၏။ သက်ကြီးပိုင်း မြေအောက် ကျောက်မီးသွေး တွင်းတူး လုပ်သားများ အဆုတ်ရောဂါကြောင့် သေဆုံးမှု ရာနှုန်းသည် အခြား လုပ်သားများထက် သုံးဆ ပိုနေ၏။ ထို့ကြောင့်လည်း အင်ဒရူးသည် ယင်း အချက်များကို ပေါ်လွင် ထင်ရှားစေရန် ကျောက်မီးသွေး တွင်းတူး အလုပ်သမားများကို အမျိုးအစား ခွဲ၍ အဆုတ်ရောဂါ ဖြစ်ပွားမှု နှုန်းထား နှိုင်းယှဉ်ချက် ဇယားများကို စနစ်တကျ ပြုစု ရေးဆွဲထားခဲ့လေသည်။

နောက်တစ်ချက်မှာ မြေအောက် ကျောက်မီးသွေး တွင်းတူး လုပ်သားများ၏ တံတွေး သလိပ်များထဲ၌ အများဆုံး တွေ့နေရသည့် 'ဆီလီကာ အမှုန့် ပြဿနာ' ဖြစ်ပေသည်။ ယင်း ပြဿနာနှင့် ပတ်သက်၍လည်း စာရင်းဇယားနှင့် ဘက္ကွ နှိုင်းယှဉ် ပြထားသည်။ ပြသရာ၌လည်း သာမန် ပြသထားခြင်းမျိုး



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ပေ။ ကျောက်မီးသွေးတွင်းရှိ နေရာ အနှံ့အပြား၌ လုပ်ကိုင်နေကြသည့် အလုပ်သမားများ၏ တံတွေး သလိပ်များထဲ၌ တွေ့နေရသည့် တစ်မျိုးနှင့် တစ်မျိုး မတူညီသော အမှုန်များ၏ အခြေအနေနှင့် အသက်ရှုလိုက်သည့် အခါ တိုင်း အဆုတ် အတွင်းသို့ ဝင်ရောက် သွားနိုင်သည့် အမှုန်၏ ပမာဏများကို ပါ စာရင်းဇယားများနှင့် တွက်ချက် နှိုင်းယှဉ်၍ ပြထားခြင်း ဖြစ်၏။ ရိုးရိုး သာမန် တွင်းတူးသည့် အခါမျိုးတွင် အဆုတ်တွင်းသို့ ဝင်ရောက် သွားနိုင် သည့် အမှုန် ပမာဏနှင့် ဒိုင်းနမိုက်ခွဲ၍ တူးဖော်ရသည့် အခါမျိုးတွင် ဝင် ရောက်သွားနိုင်သည့် အမှုန်၏ ပမာဏများကိုပါ အသေးစိတ် တွက်ချက် နှိုင်း ယှဉ်၍ ဖော်ပြထားခြင်း ဖြစ်လေသည်။

ဆီလီကာ အမှုန်များကို အလွန်အကျွံ ရှုရှိုက်မိလျှင် အဆုတ်နှင့် ဆိုင် သော ရောဂါ အမျိုးမျိုး အဖြစ်များသည် ဟူသော ဆက်စပ် ဖြစ်ပေါ်မှု အခြေ အနေ တစ်ရပ်ကို ဖော်ပြနိုင်သည့် စာရင်းဇယားများလည်း သူ့ လက်ဝယ် ရှိ ထားပြီ ဖြစ်၏။ သို့သော်လည်း ဤမျှလောက်နှင့် မလုံလောက်သေးဟု သူ ယူဆလေသည်။

သူ့အနေဖြင့် အမှုန်သည် အန္တရာယ် များသည် ဟူသော အချက်ကို အတိအကျ သက်သေပြနိုင်ဖို့ လိုမည် ထင်သည်။ အမှုန်သည် အဆုတ်၏ နူးညံ့သော အသားမျှင်များကို ဖျက်ဆီးနိုင်သည် ဟူသော အချက်ကိုလည်း သာမန် ဖော်ပြခြင်းမျိုး မဖြစ်စေဘဲ တိရစ္ဆာန် အမျိုးမျိုးနှင့် လက်တွေ့ စမ်း သပ်၍ ဖော်ပြနိုင်လျှင် ပိုထိရောက်၍ အကျိုး ရှိနိုင်သည်ဟု သူ တွက်လေ သည်။ အကယ်၍သာ ပူးများကို စနစ်တကျ စမ်းသပ်ကြည့်ပြီး ဆီလီကာ အမှုန်များကို ရှုရှိုက်မိခြင်းကြောင့် ပြောင်းလဲလာသည့် ယင်းတို့ အဆုတ်များ ၏ အခြေအနေကို ခိုင်မာစွာ သက်သေပြနိုင်လျှင် အကောင်းဆုံး ဖြစ်ဖို့ရာ ရှိ သည်ဟုလည်း သူ ယုံကြည်နေမိလေ၏။

ယင်း ယုံကြည်ချက် အရ လက်တွေ့ လုပ်ကိုင်လာသည့် အခါ အခက် အခဲ အမျိုးမျိုးနှင့် ကြုံလာခဲ့ရ၏။ သူ့တွင် အခန်း တစ်ခန်းကို ဓာတ်ခွဲခန်း လုပ် ထားပြီ ဖြစ်ရာ ပူးများကို ယင်း ဓာတ်ခွဲခန်းထဲ၌ လှောင်ထားနိုင်ပေသည်။ ပူးများကို စမ်းသပ်ရာ၌ လိုအပ်သည့် ပစ္စည်း ကိရိယာ တန်ဆာပလာများကို လည်း ကြံစည် တီထွင်၍ လုပ်ကိုင် ထားနိုင်ခဲ့သဖြင့် ပြဿနာ မပေါ်ခဲ့ပေ။ သို့သော်လည်း သူသည် ရောဂါဗေဒ ပညာရှင် တစ်ဦး မဟုတ်သဖြင့် အခက် အခဲ ဖြစ်နေလေ၏။ သူသည် ပင်ကိုဉာဏ် ထက်မြက်၍ ဖွဲ့လုံ့လ ကောင်းသူ





ဖြစ်သဖြင့် လုပ်နိုင်သည် ဆိုဦးတော့၊ စနစ်တကျနှင့် စေ့စပ်စွာ လုပ်ကိုင်သွား နိုင်ဖို့မှာ မလွယ်ကူလှပေ။ အနည်းဆုံး လက်ထောက် ဓာတ်ခွဲခန်းမှူး တာဝန် ကို ယူမည့်သူ တစ်ဦး ရှိမှသာ အဆင်ပြေနိုင်မည် ဖြစ်လေသည်။

ပထမတော့ ယင်းပြဿနာ အတွက် အဖြေ ရှာမရသဖြင့် အကြံရ ခက်ကာ ဒေါပွလျက် ရှိသော်လည်း နောက်ဆုံးတွင် ခရစ္စတီအား ဓာတ်အခွဲ အားပူနားဆာ လုပ်ကာ သူ့အား ကူညီဖို့ တိုက်တွန်းရလေတော့၏။ ခရစ္စတီ သဘောတူညီသည့် အခါ သူ ကိုယ်တိုင်ပင် ခရစ္စတီအား လုပ်နည်းကိုင်နည်း များကို သင်ကြား ပြသပေးပြီး လုပ်ကိုင်ခဲ့ရာ အလွန် စေ့စပ် သေချာ၍ စိတ် ရှည်သော ခရစ္စတီက သူ့ထက် ပို၍ စနစ်တကျနှင့် ကောင်းမွန်အောင် လုပ်နိုင် သည်ကို တွေ့ရလေ၏။

သူသည် လှောင်ချိုင့် တစ်ခု ပြုလုပ်၍ ဖုန်မှုန့် အများအပြား ထည့် ထားလိုက်ပြီး ယင်း လှောင်ချိုင့်ထဲသို့ ပူးတချို့ကို သွင်းထားလိုက်၏။ သတ် မှတ်ထားသည့် အချိန်နာရီ အတွင်း ထို ဖုန်မှုန့်များကို ပူးများ ရှုရှိုက်မိစေ ရန်လည်း စီစဉ်ပေးထားသည်။ ကျန်သော ပူးတစ်အုပ်ကိုမူ သူတို့ သဘာဝ အတိုင်း နေနိုင်အောင် လွှတ်ထားလိုက်လေ၏။

တကယ်တမ်း လုပ်လာရသည့် အခါ ဤအလုပ်၏ ခက်ခဲမှုများကို တွေ့လာရလေသည်။ အလွန် စိတ်ရှည်ရသည့် အလုပ် တစ်ခု ဖြစ်ချေသည်။ အင်ဒရူးမှာ စိတ်မရှည်သူ ဖြစ်လေရာ မကြာခဏ စိတ်တိုရ စိတ်ညစ်ရသည်။ လှောင်ချိုင့်တွင် တပ်ဆင်ထားသည့် ဝါယာကြိုးများ ပြတ်ကုန်သဖြင့် ပြန်၍ တပ်ဆင်ရသည့် အခါမျိုးနှင့်လည်း ကြုံတတ်သည်။ တစ်ခါတစ်ရံ ကျတော့ လည်း စမ်းသပ်မှု တစ်ခုလုံး ပြီးဆုံးခါနီး ရောက်ခါမှ တစ်နေရာရာက မဆို သလောက် ချွတ်ယွင်းမှု ဖြစ်ခဲ့သဖြင့် အစက ပြန်၍ လုပ်ရသည်များလည်း ရှိသည်။ သို့သော်လည်း မှားလိုက် မှန်လိုက်၊ ပျက်လိုက် ပြန်လုပ်လိုက်နှင့်ပင် သူ လိုချင်သော အဖြေနှင့် အချက်အလက်များကို တဖြည်းဖြည်းချင်း ရလာ ခဲ့လေ၏။

အင်ဒရူးသည် သူ့လုပ်ငန်းကို ပြန်ကြည့်ကာ စိတ်ချမ်းသာမှု ရှိနေလျှင် ခရစ္စတီအား ဆူခြင်း၊ ပူခြင်း၊ အော်ငေါက်ခြင်း၊ ကြိမ်းမောင်းခြင်း မပြုတော့ ဘဲ စိတ်အေး နားအေး ဖြစ်လာတတ်သည်။ ထို့နောက် တစ်ဖန် အကြံသစ် ဉာဏ်သစ်၊ စိတ်ကူးသစ်များ ရကာ ထ၍ လုပ်ပြန်သည်။ အဆင်မပြေမှု အခက် အခိုင် မကျေမှု စသည်များနှင့် ကြုံလာရသည့် အခါ ယခင်ကလိုပင်



www.burmeseclassic.com

www.burmeseclassic.com

ဟာစ်လိုက်၊ ဆူလိုက် ပူလိုက်၊ ဝေါက်လိုက် ငမ်းလိုက် ဖြစ်လာပြန်လေ၏။

သူသည် 'ကိုလိုဒယ်ဗ် ဆီလီကာ' ကို ရအောင် ထုတ်ယူပြီး ပူး တင်ကောင်၏ ကိုယ်ထဲသို့ ဆေးထိုးအပ်ဖြင့် ထိုးပေးခဲ့သည်။ အနာ ဖြစ်လာသည်ကို တွေ့ရ၏။ ယင်း အနာမျိုးသည် 'အင်မိုဟောင်း ဆီလီကာ' အရည် ထိုးပေးလျှင်လည်း ဖြစ်လာနိုင်သည်ကို တွေ့ရ၏။ သို့သော်လည်း ကာဗွန် ကဲ့သို့သော အရည်များ ထိုးပေးပါက အနာ လုံး၀ မဖြစ်ချေ။ သို့ဖြစ်ရာ 'ဆီလီကာအမှုန့်' သည် ဓာတုဗေဒ သဘောအားဖြင့် အစွမ်း ထက်မြက်သော သဘောရှိနေသည်ကို သိမြင်လာရလေ၏။

အင်ဒရူးသည် သူ၏ တွေ့ရှိချက်များကြောင့် အတိုင်းအဆ မသိနိုင်လောက်အောင်ပင် အံ့သြ ဝမ်းသာလျက် ရှိသည်။ သူ မျှော်လင့်ထားသည်ထက် ပို၍ သိလာ တွေ့လာရသဖြင့် သူ့ကိုယ်သူ အံ့သြလျက် ရှိရ၏။ သူသည် သူ ရရှိထားသည့် အချက်အလက် အားလုံးကို ပြန်လည်၍ စနစ်တကျ စုစည်းသည်။ သုံးနှစ်တိတိ အားကြိုးမာန်တက်နှင့် မနားမနေ တပင်တပန်း လုပ်ယူခဲ့ရသော သူ၏ ရှာဖွေ တွေ့ရှိချက်များကို စာတမ်း တစ်စောင် ဖြစ်လာအောင် ပြုစု ရေးသားခဲ့လေ၏။

အင်ဒရူးသည် သူ့ စာတမ်းကို ပုံနှိပ် ထုတ်ဝေခြင်းလည်း ပြုမည်၊ သူ၏ အမ်ဒီ ဘွဲ့အတွက် သုတေသန စာတမ်း အဖြစ်လည်း တင်ပြမည်ဟု ရည်ရွယ်ခဲ့၏။ ထို့ကြောင့်လည်း သူ ဤစာတမ်းကို ကာဒစ်ဖ်သို့ ပို့၍ လက်နှိပ်စက် ရိုက်ခဲ့သည်။ ကာဒစ်ဖ်မှ လက်နှိပ်စက် ရိုက်ပြီး အပြာရောင် အဖုံးကလေးနှင့် ခံ့ညား သပ်ရပ်စွာ ချုပ်ထားသည့် စာအုပ်ကလေး အဖြစ်နှင့် ပြန်ရောက်လာသည့်အခါ ကျကျနန ပြန်ဖတ်လေသည်။ ဖတ်ပြီးသော် စာတိုက်မှ နေ၍ ပို့လိုက်လေ၏။ ထိုနောက်တွင်မူကား သူ့ ရှိရင်းစွဲ ဉာဉ်အတိုင်း သူ့စာတမ်းသည် အဆင်မှ ပြေပါ့မလား ဟူသော သံသယ အတွေးဖြင့် စိတ်ဓာတ် အကြီးအကျယ် ကျနေပြန်လေ၏။

သူသည် စိတ်ပန်း ကိုယ်ပန်း ဖြစ်ကာ ဘာကိုမှ မလုပ်ချင် မကိုင်ချင် ဖြစ်နေပြန်၏။ ပြီးစီးခဲ့သမျှ အလုပ်များကို ပြန်၍ ဆင်ခြင် စဉ်းစား ကြည့်လိုက်သည့် အခါ သူသည် ဓာတ်ခွဲခန်း ပါရဂူ တစ်ဦး မဟုတ်သော်လည်း သူ လုပ်ခဲ့သမျှမှာ အလွန် စေ့စပ် သေချာပြီး စနစ်ကျလှသည်ကို ပြန်၍ မြင်လာသည်။ သူ စေ့စပ် သေချာသလိုပင် ခရစ္စတီကလည်း စေ့စပ် သေချာလှပါ၏။ သို့ပါလျက်နှင့် စိတ်တိုင်းမကျ ဖြစ်ကာ ခရစ္စတီအား အကြိမ်ပေါင်း မရေ





မတွက်နိုင်အောင် ပြစ်တင် ကြိမ်းမောင်းမိခဲ့၏။ ခရစ္စတီကသော့ သူ့အား ဒွန်းတုံ့ ခွန်းလှယ် အပြိုင်အဆိုင် ပြောမနေဘဲ သူ့ စိတ်တိုင်းကျ ဖြစ်အောင် လုပ်ကိုင် ပေးခဲ့ရှာ၏။ ခရစ္စတီသည် မည်မျှ သနားစရာ ကောင်းပါသနည်း။

အင်ဒရူးသည် စိတ်အား လျှော့ကာ ဘာကိုမှ စိတ်မဝင်စားတော့ဘဲ ရက်ပေါင်းများစွာပင် စိတ်လေသလိုလို ဖြစ်လျက် ရှိရပြန်လေသည်။ ယင်းကဲ့သို့ ဖြစ်နေသည့် ကြားမှာပင် သူသည် တစ်စုံတစ်ခုသော အတိုင်းအတာအထိ ထူးခြား ပြောင်မြောက်သော အလုပ် တစ်ခုကို ပြီးမြောက်အောင် လုပ်ကိုင်ခဲ့ပေပြီ ဟူသော အသိတရားကလေး ဝင်လာသည့်အခါ စိတ်အား တက်ခြင်း ဖြစ်လာရသည်နှင့်အမျှ စိတ်ချမ်းမြေ့ခြင်းလည်း ဖြစ်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

[၁၅]

မေလ၏ တစ်ရက်သော မွန်းလွဲပိုင်းတွင် အင်ဒရူးသည် အလုပ်ခွင်မှ အိမ်သို့ မောမောပန်းပန်းနှင့် ပြန်ရောက်လာလေသည်။ သူ ပေးပို့ထားခဲ့သော စာတမ်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ အဖြေ မရသေးသဖြင့် သူ့စိတ်မှာ လေးလံလျက် ရှိသည်။ သူ့ စိတ်အာရုံသည် သူ၏ စာတမ်းကိစ္စတွင်သာ စူးစိုက်လျက် ရှိသဖြင့် စိတ်ညစ် စိတ်ရှုပ်နေပုံရသော ခရစ္စတီ၏ မျက်နှာရိပ် မျက်နှာကဲကို သတိ မပြုမိချေ။ ခရစ္စတီအား အမှုမဲ့ အမှတ်မဲ့ နှုတ်ဆက်၍ အပေါ်ထပ်သို့ တက်သွားကာ ကိုယ်လက်များ သုတ်သင် ဆေးကြောပြီးမှ လက်ဖက်ရည် သောက်ရန် အောက်ထပ်သို့ ပြန်ဆင်းလာခဲ့လေ၏။

လက်ဖက်ရည် သောက်ပြီး၍ စီးကရက် တစ်လိပ်ကို မီးညှိနေခိုက် ကျမှပင် မသာမယာ ဖြစ်နေသော ခရစ္စတီ၏ မျက်နှာကို သတိထားမိသည်။ သူသည် ညနေထုတ် သတင်းစာကို လှမ်းယူလိုက်ရင်းက 'ဘာဖြစ်လို့လဲ ခရစ္စတီ' ဟု မေးလေ၏။

ခရစ္စတီကမူ အင်ဒရူး မျက်နှာကို မကြည့်ဘဲ သူမ၏ လက်ထဲမှ လက်ဖက်ရည်ဇွန်းကို ထောင်၍ ကြည့်နေသည်။

'ကနေ့ ကျွန်မတို့ အိမ်ကို ဧည့်သည်တွေ လာကြတယ်၊ ရှင်လည်း အပြင် ထွက်သွားရော သူတို့ လူစု ရောက်လာကြတာပဲ'

'ဩော် ဟုတ်လား၊ ဘယ်သူတွေပါလိမ့်'

'ကော်မတီက လွှတ်လိုက်တဲ့ အဖွဲ့လို့ ပြောတာပဲ၊ အားလုံး အဖွဲ့ဝင် ငါးယောက်၊ အက် ချင်ကင်းလည်း ပါတယ်၊ ပါရေးလည်း ပါလာတယ်၊ ဘုန်းကြီး ပါရေးလေ၊ ဒေးဗီး ဆိုတဲ့ လူလည်း ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် ငြိမ်ဆိတ်သွားလေသည်။

အင်ဒရူးသည် စီးကရက်ကို အားရပါးရ တစ်ချက် ဖွာရှိုက်လိုက်ပြီး လက်ထဲမှ သတင်းစာကို မျက်နှာနှင့် ခွာ၍ အောက်ဘက်သို့ နှိမ့်ချလိုက်ကာ ခရစ္စတီအား ကြည့်သည်။

'ပြောစမ်းပါဦး၊ သူတို့က ဘာကိစ္စ လာကြတာတဲ့လဲ'

မေးရင်းကပင် ခရစ္စတီ၏ မျက်နှာကို စေ့စေ့စပ်စပ် စူးစမ်းသလို ကြည့်သည်။ ခရစ္စတီ၏ မျက်လုံးများတွင် ဒေါသ အရိပ်အငွေ့များ ယှက်သန်းလျက် ရှိလေသည်။

'သူတို့ လူစု လေးနာရီလောက် ရောက်လာကြတယ်၊ ရှင့်ကို မေးတယ်၊ ရှင် အပြင် သွားတယ်လို့ ကျွန်မက ပြောတယ်၊ ပါရေးက ရှင် မရှိလည်း ကိစ္စ မရှိပါဘူးတဲ့၊ သူတို့ အိမ်ထဲ ဝင်ချင်တယ်တဲ့၊ ကျွန်မကလည်း ရုတ်တရက်တော့ အံ့အားသင့်သွားတာပေါ့၊ သူတို့ အနေနှင့် ရှင့်ကို စောင့်ချင်လို့လား၊ ဘာ့ကြောင့် အိမ်ထဲ ဝင်ချင်ရတာလဲ၊ ကျွန်မ တွေးနေတုန်းမှာပဲ အထဲ ချင်ကင်းက ဝင်ပြောတယ်၊ ဒီအိမ်ဟာ ကော်မတီပိုင်တဲ့ အိမ်ပါတဲ့၊ ကော်မတီရဲ့ ကိုယ်စား လာကြတာမို့ သူတို့ ဝင်ပိုင်ခွင့် ရှိတယ်တဲ့'

ခရစ္စတီသည် စကားကို ဖြတ်ထားလိုက်ပြီး အသက်ကို ခပ်ပြင်းပြင်း တစ်ချက် ရှူလိုက်လေသည်။

'ကျွန်မက အိမ်ထဲ အဝင်မခံဘူး၊ ဒီတစ်ခါ ကျွန်မ စိတ် သိပ်ဆိုးတယ်။ ဒေါသလည်း ဖြစ်မိတယ်၊ အမှန်အတိုင်း ပြောရရင် မခံချင်ဘူးလေ၊ ဒါပေမဲ့ ကျွန်မက ကောင်းကောင်းမွန်မွန်ပဲ ဆက်ဆံပါတယ်၊ ရှင်တို့ အိမ်ထဲ ဝင်ချင်တာ ဘာ့ကြောင့်လဲလို့ မေးတော့ ပါရေးက ပြောတယ်၊ သူတို့ သတင်း တစ်ခု ရလို့တဲ့၊ သတင်း ရတာလည်း ကော်မတီအနေနှင့် ရတဲ့ သတင်းတဲ့၊ တစ်မြို့လုံး သိနေ ကြားနေတဲ့ သတင်းပဲတဲ့၊ သူတို့ ရတဲ့ သတင်းက ဒေါက်တာ မေဆန် အနေနှင့် တိရစ္ဆာန်တွေကို လက်တွေ့ စမ်းသပ်နေတာဟာ တိရစ္ဆာန်တွေကို ညှဉ်းပန်း နှိပ်စက်နေတာနှင့် အတူတူပဲတဲ့၊ ဒါကြောင့်မို့ ဒီသတင်း မှန် မမှန် စစ်ဆေးရအောင် လာတာတဲ့၊ သူတို့နှင့် အတူ တိရစ္ဆာန်များ ညှဉ်းပန်း နှိပ်စက်မှုမှ ကြိုတင် ကာကွယ်ရေး အသင်းကြီးက လူကြီး မစ္စတာ ဒေးဗီးကိုပါ ခေါ်လာခဲ့ပါတယ်တဲ့၊ သူတို့ အနေနှင့် ရှင့်ရဲ့ ဓာတ်ခွဲခန်းကို ကြည့်ချင်တယ် တဲ့'

အင်ဒရူးသည် မတုန်မလှုပ် ကျောက်ရုပ်သဖွယ် ငြိမ်သက် နေသော်





လည်း သူ၏ အေးစက် မာကျောသော မျက်လုံးများကတော့ ခရစ္စတီ့ မျက်နှာ ပေါ်မှ မခွာချေ။

'အင်း… ပြောပါဦး၊ ပြီးတော့ ဘာလုပ်ကြသလဲ'

'ကျွန်မကတော့ မဝင်ဖို့ တားတာပဲ၊ ဒါပေမဲ့ မရဘူး၊ ကျွန်မကို ဖယ်ပြီး အတင်း ဝင်ကြတယ်၊ အားလုံး ခုနစ်ယောက်၊ ခန်းမကြီးထဲက ဖြတ်ပြီး ရှင့် ဓာတ်ခွဲခန်း အထိ ဝင်တယ်၊ ပူးတွေကိုလည်း တွေ့ရော ဘုန်းကြီး ပါရေးက ကြည့်ကြပါဦး၊ ဘယ်လောက် သနားစရာ ကောင်းတဲ့ သတ္တဝါလေးတွေလဲလို့ ပြောတယ်၊ နောက်တစ်ခါ အက် ချင်ကင်းက ကျွန်မ ဆေးပုလင်း လွတ်ကျလို့ ဖိတ်ထားတဲ့ အစွန်းတွေကိုလည်း တွေ့ရော ဒီမှာလည်း ကြည့်စမ်းပါဦး၊ တွေ့တယ် မဟုတ်လား၊ သွေးကွက်တွေလို့ ထအော်တယ်၊ သူတို့ တစ်ခန်းလုံး မွှေနှောက်ပြီး ရှာကြတယ်၊ နောက်ပြီးတော့ ပါရေးက ကျွန်တော်တော့ ဒီ သတ္တဝါလေးတွေကို ထားမပစ်ခဲ့နိုင်ဘူး၊ ထားပစ်ခဲ့ရင် အနှိပ်စက်ခံရဦးမှာ သေချာတယ်၊ တစ်ခါတည်း ယူခဲ့ပါရစေတော့လို့ ပြောပြီး ဒေးဗီး လက်ထဲမှာ ပါလာတဲ့ အိတ်ထဲကို ပူးတွေ အားလုံး ဖမ်းထည့်တယ်၊ ကျွန်မက ရှင်တို့ ကြားသလို ထင်သလို မဟုတ်ဘူး၊ နှိပ်စက်တယ် ဆိုတာလည်း မဟုတ်ဘူး၊ စမ်းသပ်တာပဲ၊ ဘာဖြစ်ဖြစ်ပေါ့၊ အခု ဒီပူးတွေဟာ စမ်းသပ်ဖို့ ထားတဲ့ ပူးတွေ မဟုတ်ဘူး၊ မစ္စတာ ဘိုလန်ရဲ့ ကလေးတွေကို လက်ဆောင်ပေးဖို့ ထားတာလို့ ပြောတယ်၊ ကျွန်မ ပြောတာကို ဘယ်သူကမှ ဂရုစိုက်ပြီး နားမထောင်ကြပါဘူး၊ နောက်တော့ သူတို့… သူတို့ အားလုံး ပြန်သွားကြတာပဲ'

အင်ဒရူး၏ မျက်နှာမှာ ဒေါသအရှိန်ဖြင့် နီရဲလာသည်။ သူသည် ထိုင်နေရာမှ ဖြုန်းခနဲ ထရပ်လိုက်လေ၏။

'ကို့တစ်သက်မှာ ဒီလောက် ရိုင်းစိုင်း ယုတ်မာတဲ့ အလုပ်မျိုး အလုပ်ခံရတာ တစ်ခါမှ မကြုံခဲ့ဖူးသေးဘူး ခရစ္စတီ၊ အခု လုပ်ပုံက သက်သက်မဲ့ စော်ကား ခံရတာပဲ၊ ဘယ်နည်းနှင့်မှ ခံနေလို့ မဖြစ်ဘူး'

ပြောပြောဆိုဆိုနှင့်ပင် သူသည် ခန်းမထဲရှိ တယ်လီဖုန်းဆီသို့ သွားသည်။ တယ်လီဖုန်းကို ကောက်၍ ကိုင်တော့မည် လုပ်ခါမှ တယ်လီဖုန်းက မြည်လာသဖြင့် ဒေါသတကြီးပင် ဆွဲယူလိုက်ကာ ဒေါသတကြီးနှင့်ပင် 'ဟယ်လို' ဟု အော်လိုက်လေ၏။ တစ်ဖက်မှ ဆက်သူမှာ အိုဝင် ဖြစ်နေသဖြင့် သူ ဒေါသကို ပြန်ထိန်းလိုက်လေသည်။

'ဒီမှာ အိုဝင်၊ မေဆန် စကားပြောနေတယ်၊ ခင်ဗျားတို့ လုပ်ပုံ'



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော် သိတယ်၊ ကျွန်တော် သိတယ်၊ ကျွန်တော် ပြောတာကို အလျင် နားထောင်ပါဦး၊ ကနေ့ တစ်နေ့ခင်းလုံး ခင်ဗျားနှင့် ဆက်သွယ်ဖို့ ကျွန်တော် ကြိုးစားခဲ့ပါတယ်၊ မရဘူး၊ ကျွန်တော် ပြောတာကို စိတ်အေး နားအေးနှင့် ခေါင်းအေးအေး ထားပြီး နားထောင်ပါဦး၊ အို မဟုတ်ဘူး မဟုတ်ဘူး၊ ကျွန်တော် ပြောတာကို ဖြတ်မပြောပါနှင့်ဦး၊ ဒီကိစ္စ အတွက် ကျွန်တော်တို့ နည်းနည်း သတိထားဖို့တော့ လိုလိမ့်မယ် ထင်တယ်၊ အလျင်စလို မလုပ်စေချင်ဘူးဗျာ့၊ ကျွန်တော်လည်း သူတို့ လုပ်ပုံကို မကြိုက်ပါဘူး၊ ဟာ ဗျာ၊ ဒီမှာ တယ်လီဖုန်းနှင့် ဘာမှ မပြောနှင့်တော့၊ ကျွန်တော် အခုပဲ ခင်ဗျား ဆီ လာခဲ့မယ်'

အင်ဒရူးသည် ခရစ္စတီထံ ပြန်လျှောက်လာပြီး အိုဝင် ပြောခဲ့သမျှကို ပြန်လည် ပြောပြကာ 'ဒီလူ ဘာဆိုလိုတာလဲ၊ ကိုတို့မှာပဲ အပြစ် ရှိနေသလိုလို ဘာလိုလိုနှင့်' ဟု ရေရွတ်လေသည်။

သူတို့သည် အိုဝင် ရောက်အလာကို စောင့်မျှော်ကြသည်။ အင်ဒရူး ကတော့ စိတ်မရှည်တိုင်း ခေါက်တုံ့ ခေါက်ပြန် လမ်းသလားလျက် ရှိ၏။ ခရစ္စတီကတော့ အဝတ်အထည် ချုပ်ရင်း မငြိမ်သက်သော မျက်လုံးအစုံဖြင့် တံခါးပေါက်ဆီသို့ မကြာခဏ လှမ်းကြည့်သည်။ နောက်ဆုံးတွင် အိုဝင် ရောက်လာသည်။ သူ့မျက်နှာမှာ စိတ်ပျက်လက်ပျက် ဖြစ်နေပုံရ၏။ အင်ဒရူးက စကား တစ်ခွန်းမှ မပြောနိုင်သေးဘဲ သူက စ၍ မေးလေသည်။

'ကျွန်တော် မေးပါရစေဦး၊ ဒေါက်တာ့မှာ လိုင်စင် ရှိရဲ့လား'

'ဘာ... ဗျ'

အင်ဒရူးက အိုဝင့် မျက်နှာကို တအံ့တဩ ကြည့်နေသည်။

'နေစမ်းပါဦး၊ ဘယ်လို လိုင်စင်မျိုးကို မေးတာလဲ'

အိုဝင်၏ မျက်နှာမှာ ပို၍ စိတ်ပျက်သွားပုံရ၏။

'ဒေါက်တာ့ အနေနှင့် တိရစ္ဆာန်တွေကို လက်တွေ့ စမ်းသပ်မယ် ဆိုရင် ပြည်ထဲရေး ဌာနက ခွင့်ပြုမိန့် လိုင်စင် ယူထားရမယ်၊ အဲဒါကို ခင်ဗျား မသိဘူး ထင်တယ်'

'ဟာဗျာ၊ ဒါနှင့် ဘာဆိုင်လို့လဲ၊ မဟုတ်တာကြီးပဲ၊ ကျွန်တော်က ရောဂါဗေဒသမားမှ မဟုတ်တာ၊ တစ်သက်လုံး ရောဂါဗေဒသမား လုပ်ဖို့ လည်း ရည်ရွယ်တာမှ မဟုတ်တာ၊ နောက်ပြီးတော့လည်း ကျွန်တော့်မှာ စနစ် တကျ လုပ်ထားတဲ့ ဓာတ်ခွဲခန်းမှ မရှိဘဲ၊ ကျွန်တော့် အနေနှင့် လောလောဆယ်





လုပ်နေတဲ့ ဆေးခန်း လုပ်ငန်း အတွက် အထောက်အကူ လိုနေလို့သာ အမြင် လောက် စမ်းသပ်ရုံကလေး လုပ်တာပဲ၊ ကျွန်တော် စမ်းသပ်နေတာတွေဟာ ကိုယ့်ကို မဖြစ်စလောက်ပါဗျာ၊ အဓိပ္ပာယ် မရှိလိုက်တာဗျာ၊ လိုင်စင် ယူရ မယ်လို့ပဲ'

အိုဝင်သည် အင်ဒရူးအား မကြည့်တော့ဘဲ သူ့ မျက်လုံးများကို တခြား ဘက်သို့ လွှဲထားလေသည်။

'ဘယ်လိုပဲ ဖြစ်ဖြစ် လိုင်စင်တော့ ယူထားသင့်တယ် ဒေါက်တာ၊ ဒီ ကိစ္စနှင့် ပတ်သက်ပြီး ခင်ဗျားကို မလိုတဲ့ ကော်မတီဝင် လူကြီးတွေ အတွက် အကွက်ဝင် သွားတယ်လို့ ဆိုရတော့မှာပဲ၊ ဒါပေမဲ့ ပူစရာတော့ မရှိပါဘူး၊ ဒေါက်တာ့လို အလုပ်မှာ တော်တဲ့လူ၊ ရိုးသား ပွင့်လင်းတဲ့လူ၊ စေတနာ ရှိတဲ့ လူတစ်ယောက် အနေနှင့် ကြောက်စရာတော့ မရှိပါဘူး၊ ခင်ဗျား သိထား သင့်တဲ့ အချက် တစ်ချက်က မလစ်နှင့်၊ လစ်တာနှင့် တစ်ပြိုင်နက် ခင်ဗျားရဲ့ နောက်ကျောကို ဓားနှင့် ထိုးဖို့ အသင့်စောင့်နေတဲ့ လူတစ်စုဟာ ကော်မတီ ထဲမှာ ရှိနေတဲ့ အချက်ပဲ၊ ဒါပေမဲ့ အဲဒီ ကိစ္စကလည်း မကြာခင် ရှင်းသွား မှာပါ၊ ကျွန်တော်တို့ ကော်မတီထဲမှာလည်း ရတ်ရတ် ရတ်ရတ် ထပြီး လုပ် ချင်တဲ့ လူစုက အမြဲ ရှိနေတာ၊ ဒီလို လူစုနှင့် ခင်ဗျားနှင့်ကလည်း အလျင် ကတည်းက ပြဿနာ ရှိခဲ့ကြတယ် မဟုတ်လား၊ အခုလည်းပဲ ခင်ဗျား သူတို့ နှင့် ရင်ဆိုင်ရဦးမှာပဲ၊ စိတ်တော့ မပူပါနှင့်၊ ခင်ဗျားကပဲ နိုင်မှာပါ'

အင်ဒရူး၏ ဒေါသမုန်တိုင်းသည် ယခုမှပင် တိုး၍ ပေါက်ကွဲ လာလေ တော့သည်။

'ကျွန်တော်ကလည်း သူတို့ကို တစ်နည်းနည်းနှင့် ပြန်ချရမှာပဲ၊ ကျွန် တော့် အိမ်ထဲကို ခွင့်ပြုချက် မရဘဲ ဖွတ်အတင်း ဝင်ခဲ့တဲ့ အတွက် ပိုင်နက် ကျူးလွန်မှုနှင့် တရားပြန်စွဲမယ်၊ မထူးတော့ပါဘူးဗျာ၊ ကျွန်တော့် ပုးတွေ ခိုး မှုနှင့်လည်း တရားစွဲမယ်၊ ဘာပဲ ဖြစ်နေ ဖြစ်နေ သူတို့ ယူသွားတဲ့ ပုးတွေကို တော့ ပြန်ရမှ ကျေနပ်နိုင်မယ်ဗျာ'

ရယ်ချင်သည့် စိတ်သည် အိုဝင် မျက်နှာပေါ်တွင် ဖျတ်ခနဲ ထင်ဟပ် လာသည်။

'ခင်ဗျား ပုးတွေကိုတော့ ဘယ်လို လုပ်လို့မှ ပြန်ရမှာ မဟုတ်တော့ဘူး ဒေါက်တာ၊ သူတို့ အဖွဲ့က ပုးတွေကို သူတို့ ခံစားနေရတဲ့ ဒုက္ခက အမြန် မြောက်ရာ လွတ်မြောက်ကြောင်း အတွက် သင့်တော်သလို စီမံပြီး ဘုန်း



www.burmeseclassic.com

www.burmeseclassic.com



ကြီး ပါရေးနှင့် အက် ချင်ကင်းတို့လက် ဝကွက်အပ်လိုက်တယ်၊ ပါရေးနှင့် ချင်ကင်းတို့ကလည်း သတ္တဝါ အချင်းချင်း မေတ္တာထားရေး ဝါဒ အရ သူတို့ ကိုယ်တိုင်ပဲ ပုံးတွေကို ရေနှစ်သတ်လိုက်ကြပြီ၊ အားလုံး သေကုန်ကြပြီ'

အိဝင်သည် စိတ်လက် မကောင်းစွာနှင့်ပင် ပြန်သွားသည်။ နောက် တစ်နေ့ ညနေပိုင်းတွင် 'တစ်ပတ်အတွင်း ကော်မတီနှင့် လာရောက် တွေ့ဆုံပါ' ဟူသော အကြောင်းကြားစာသည် အင်ဒရူး လက်ထဲသို့ ရောက်လာလေ၏။

ဤသတင်းသည် ဓာတ်ဆီ မီးတောက်သဖွယ် လူတိုင်း၏ ပါးစပ်ဖျားသို့ ပြန့်နှံ့သွားသည်။ လောလောဆယ်တွင် ဤသတင်းလောက် ပြော၍ ကောင်းသည့် သတင်း၊ ဤသတင်းလောက် စိတ်လှုပ်ရှားစေသည့် သတင်း မရှိတော့ပေ။ တစ်ချိန်က ဇနီးဖြစ်သူအား စိန်ကျွေး၍ သတ်သည်ဟု စွပ်စွဲခြင်း ခံခဲ့ရသော ရှေ့နေ ထရီးဗားဒေး၏ အမှုကဲ့သို့ပင် အေဘာရာလော မြို့ တစ်မြို့လုံးကို လှုပ်ရှား သွားစေသည့် သတင်း ဖြစ်လေသည်။

ဤကိစ္စကို အကြောင်းပြု၍ အယူအဆ ကွဲပြားမှုများ ပေါ်ပေါက်လာရာမှ ဟိုဘက် သည်ဘက် နှစ်ဖက် အုပ်စု ကွဲလာသည်။ သူ၏ နယ်ဖြစ်သော ဆီးနေ နယ်မြေကို ခြေကုပ်ယူ၍ အက်ဒဝဲ ပါရေးက 'တိရစ္ဆာန်များနှင့် ကလေးငယ်များ အပေါ် အသနား အညာတာ ကင်းမဲ့စွာ ပြုကျင့်သူများအား ကြီးလေးသော အပြစ်ဒဏ် ခတ်ရမည်' ဟူသော စကားကို ကျယ်ကျယ်လောင်လောင် ပြောလာလေသည်။ ထိုအခါ မြို့၏ တစ်ဖက် အစွန်ရှိ ပါရေနှင့် ဘာသာ မတူသော ဓမ္မ ဆရာ ဘုန်းတော်ကြီး ဒေးဗစ် ဝါးလမိုးက ပါရေနှင့် အမြင်မတူသဖြင့် ပါရေးအား ဆန့်ကျင်သော အုပ်စု တစ်စု အဖြစ် ရပ်တည်လာလေ၏။

ဤကိစ္စနှင့် ပတ်သက်၍ အမျိုးသမီးများကပါ တစ်စခန်း ထလာကြပြန်သည်။ မြို့နယ် ဝေလနယ် အမျိုးသမီးများ တိုးတက် ဖွံ့ဖြိုးရေး အသင်း ဥက္ကဋ္ဌ မစ္စ မေ ဖင်းနဝေး ဘင်ဆူဆန် ကိုယ်တိုင် တင်ပါရင့် ခန်းမ၌ အစည်းအဝေး တစ်ရပ် ကျင်းပပြီး ဤကိစ္စကို အကျယ်တဝင့် ရှင်းလင်း ဟောပြောခြင်း ပြုလေသည်။

အမှန်တော့ မစ္စ ဖင်းနဝေးသည် အင်ဒရူး အပေါ်၌ မကျေနပ်စရာ တစ်ခု ဖြစ်ခဲ့ဖူးသည်။ တစ်ချိန်က အသင်း နှစ်ပတ်လည် အစည်းအဝေး ပြုလုပ်ရာ အင်ဒရူးအား သဘာပတိ လုပ်ရန် မေတ္တာ ရပ်ခံခဲ့ရာ အင်ဒရူးက





လက်မခံဘဲ ငြင်းပယ်ခဲ့သဖြင့် မစ္စ ဖင်းနဝေးသည် အောင့်သက်သက် ဖြစ်ခဲ့ရ၏။ ယခုကဲ့သို့ အင်ဒရူးနှင့် ဆက်စပ်၍ ပြဿနာ ပေါ်လာသည့်အခါ တစ်ချိန်က ဖြစ်ခဲ့ဖူးသည့် မပြေလည်မှုကလေးကို အခြေခံ၍ အင်ဒရူးအား ဆန့်ကျင် တိုက်ခိုက်ခြင်း ပြုသည်ဟု တွေးထင်စရာ ဖြစ်နေလေသည်။

မည်သို့ပင် ဖြစ်စေ မစ္စ ဖင်းနဝေးတို့ အသင်းသည် ဤကိစ္စတွင် တက်တက်ကြွကြွ ပါဝင် လှုပ်ရှားလာကြသည်။ အစည်းအဝေး ပြီးလျှင် ပြီးချင်းပင် အသင်းဝင် အမျိုးသမီးများသည် လမ်းမပေါ်၌ ပိုစတာများကို ကိုင်၍ ဆန္ဒပြကြသည်။ တိရစ္ဆာန်များအား ညှဉ်းပန်း နှိပ်စက်ခြင်းမှ ကြိုတင် ကာကွယ်ရေး အသင်းသို့ ပေးလှူရန် အတွက် အလံကလေးများ ရောင်းချကြသည်။ ရင်ကို ခွဲ၍ အူ အသည်း အနုတ်ခံနေရသော ခွေးတစ်ကောင်ပုံ ပါသည့် လက်ကမ်း ခေါက်စာရွက်ကလေးများပင် ဝေငှလိုက်သေးသည်။

ဗုဒ္ဓဟူးနေ့ညတွင် ကွန် ဘိုလန်က အင်ဒရူးထံ ဖုန်းဆက်၍ ရယ်စရာ ကြုံခဲ့ရသည့် အဖြစ် တစ်ခုကို ပြောပြလေ၏။

'ဟယ်လို နေကောင်းရဲ့လား၊ ခင်ဗျား စိတ်ဝင်စားမယ့် အဖြစ် တစ်ခု ပြောပြချင်လို့ ဆက်တာပါ၊ တခြား မဟုတ်ဘူး၊ ကျွန်တော့် မိန်းမ မေရီလေ မေရီ၊ ကနေ့ သူ အပြန်လမ်းမှာ အလံ ရောင်းနေတဲ့ အမျိုးသမီးတွေနှင့် ဆုံမိခဲ့သတဲ့၊ အင်းပေါ့ ခင်ဗျားကို ဆန့်ကျင် ဆန္ဒပြနေတဲ့ မိန်းမတွေပေါ့၊ အဲဒါ မေရီ ဘာလုပ်ခဲ့တယ် ထင်သလဲ၊ မေရီက အမျိုးသမီး လက်ထဲက ကြော်ငြာကို လုယူပြီး ဆွဲဆုတ်ပစ်ခဲ့တယ်၊ ပြီးတော့ အဲဒီ အမျိုးသမီးကို နားရင်း တစ်ချက် အုပ်ခဲ့သေးသတဲ့၊ ဟား ဟား ဟား၊ ပြီးတော့ နင်တို့က ရက်စက်မှုကို မကြိုက်ဘူး ဆိုရင် ငါက ဒါပဲ ပေးမယ်ဟဲ့လို့ ပြောခဲ့သေးသတဲ့'

အင်ဒရူးဘက်မှ မခံမရပ် ဖြစ်ကာ မေရီကဲ့သို့ ကိုယ်ထိ လက်ရောက် တုံ့ပြန်သူများ အများအပြား ရှိလာလေသည်။

အင်ဒရူး၏ နယ်မြေမှာ ဆိုလျှင် တစ်နယ်မြေလုံးက အင်ဒရူးဘက်မှ ထောက်ခံကြ၍ အရှေ့ပိုင်း ဆေးခန်း နယ်မြေဘက်တွင်မူ အယူအဆ ကွဲလွဲမှုများ ရှိသည်။ မြို့ထဲ လူစည်ကားရာ စားသောက်ဆိုင် အရက်ဆိုင် စသည့် နေရာများတွင် အင်ဒရူးအား ထောက်ခံသူများနှင့် ဆန့်ကျင်သူများ ထိုးပွဲ၊ ကြိတ်ပွဲ၊ ရိုက်ပွဲ ကလေးများ ဖြစ်လာလေသည်။

ကြာသပတေးနေ့ ညပိုင်းတွင် ဖရန့် ဒေးဗီး တစ်ယောက် ဆေးခန်းသို့ ပေါက်ချလာသည်။ သူ့ကိုယ်တွင်လည်း ဒဏ်ရာ အနည်းငယ် ရထားသည်။



www.burmeseclassic.com

www.burmeseclassic.com

အင်ဒရူးကို နွားသတ်သမားဟု ခေါ်ကြသည့် ဒေါက်တာ အော့စဘောရီး၏ လူနာ နှစ်ဦးအား ဒေါပွပွနှင့် အလဲထိုး လှဲပစ်ခဲ့ကြောင်း ပြောပြသွားလေသည်။

ဖရန့် ဒေးဗီးတို့ ရန်ပွဲ ဖြစ်ပြီးသည့် နောက်ပိုင်းတွင် ဒေါက်တာ အော့စဘောရီးက အင်ဒရူးအား လုံးဝ နှုတ်မဆက်တော့ပေ။ အင်ဒရူးကို မြင်လျှင် ခပ်ဝေးဝေးက ရှောင်သွားတတ်ပြီး ဘုန်းကြီး ပါရေးနှင့် အတိအလင်း မှုးပေါင်းကာ အင်ဒရူးအား ဆန့်ကျင် တိုက်ခိုက်လာသည်။

ဒေါက်တာ အာကွတ်ကတော့ မက်ဆိုးနစ် ကလပ်တွင် ဝေဖန် ပြောဆိုကြသည့် ဘာသာရေး ဆိုင်ရာ စကားစုများထဲမှ အနှစ်သာရ ရှိသော စကားတစ်ခွန်းကို အင်ဒရူးအား ပြန်လည် ပြောပြသည်။ ယင်းစကားမှာ 'အဘယ်ကြောင့် ဆရာဝန်များအား ဘုရားသခင် ဖန်ဆင်းထားသော သက်ရှိ သတ္တဝါများကို သတ်ခွင့် ပေးသင့်သနည်း' ဟူသော စကားပင် ဖြစ်ပေသည်။

အာကွတ်သည် အင်ဒရူးအား မျက်စောင်း တစ်ချက် ထိုး၍ ကြည့်ပြီး 'အလကားပါကွာ၊ ဘာမှ အသုံးကျတာတွေ မဟုတ်ပါဘူး၊ ငါ မင်း အရွယ်လောက်တုန်းကလည်း အခုလို နိုင်ငံရေး ဆန်ဆန် တိုက်ပွဲမျိုးတွေ ဖြစ်လာရင် ကြိုက်ခဲ့တာပဲ၊ နာမည်ကြီးတာကိုးကွ၊ မဟုတ်ဘူးလား၊ အခုတော့ဖြင့် ငါ အသက်ကြီးလာပါပြီ၊ ဘာလုပ်တော့မှာလဲ၊ သောက်သုံးမကျတဲ့ ဟာတွေ' ဟုလည်း ပြောလေသည်။

အင်ဒရူးကတော့ ဒေါက်တာ အာကွတ်သည် သူ့အပေါ် အထင်အမြင်လွဲနေပြီဟု တွေးမိသည်။ အမှန်တော့ သူသည် ဤကဲ့သို့သော ပွဲမျိုးကို လုံးဝ မကြိုက်ပေ။ ဤပြဿနာ အတွက် ယခု သူ့မှာ အလွန် စိတ်မောလူမော ဖြစ်ရသည်။ အလွန် စိတ်ညစ်ရသည်။ သူ့အတွက် ဘာမှ အကျိုး မရှိချေ။

ဖြစ်ပြီးခဲ့သမျှများကို သူ ပြန်တွေးရင်း သူ့ကိုယ်သူ မေးခွန်း တစ်ခု မေးနေမိသည်။

'သူ့ဘဝ တစ်လျှောက်လုံး ကျောက်နံရံကြီးများကို ခေါင်းနှင့် ပြေးဆောင့်သည့် အလုပ်မျိုးနှင့်သာ အချိန်ကုန် ခံတော့မည်လော'

မည်သို့ပင် ဖြစ်စေ ဤလှုပ်ရှားမှုတွင် သူ စိတ်မဝင်စားလှသော်လည်း သူ့ဘက်က မှန်သည်ဟူသော အချက်ကိုမူ ပဋိပက္ခ ဖြစ်နေသော မြို့လူထု သိသွားအောင်တော့ ပြလိုက်ချင်သေး၏။

နောက်ဆုံးတွင် ရက်သတ္တပတ် ကုန်ဆုံးသွားသည်။ ဒေါက်တာ မေဆန်





အား စည်းကမ်း ဥပဒေ ချိုးဖောက်မှုဖြင့် စွဲချက်တင် စစ်ဆေးသော ကော်မတီ အစည်းအဝေး ပြုလုပ်သော တနင်္ဂနွေနေ့ မွန်းလွဲပိုင်းသို့ ဆိုက်ရောက်လာခဲ့လေ၏။

ထိုနေ့တွင် ကော်မတီ ရုံးခန်း အတွင်း၌ ထိုင်စရာ နေရာလွတ်ဝင် မရှိလောက်အောင် လူတွေ ပြည့်ကျပ်နေသည်။ အပြင်ဘက်တွင်လည်း လူအများသည် ဟိုတစ်စု သည်တစ်စု ရပ်သူက ရပ်၍ ထိုင်သူက ထိုင်ကာ အစည်းအဝေး စမည့် အချိန်ကို စောင့်စားလျက် ရှိကြ၏။ အင်ဒရူးသည် လူ့လူဝေး အတွင်းမှ ဖြတ်ကာ ရုံးအပေါ်ထပ်သို့ တက်ခဲ့လေ၏။

အင်ဒရူး၏ ရင်မှာ တထိတ်ထိတ် ခုန်လျက် ရှိ၏။ စိတ်ကို တည်တည်ငြိမ်ငြိမ် ထားရမည်ဟု သူ့ကိုယ်သူ စိတ်တွင်းမှ ကျိတ်၍ သတိပေးနေရ၏။ အစည်းအဝေးခန်းထဲ ရောက်သည့်အခါ လွန်ခဲ့သော ငါးနှစ်ခန့် အချိန်က အလုပ် လျှောက်ထားသူ တစ်ဦး အဖြစ်ဖြင့် ထိုင်ခဲ့ရဖူးသော ကုလားထိုင်တွင် ထိုင်၍ ကော်မတီ လူကြီးများနှင့် မျက်နှာချင်းဆိုင်ရလေ၏။ သူ့ နှုတ်ခမ်းများမှာ ခြောက်သွေ့နေပြီး စိတ်လှုပ်ရှားမှု များလွန်းသဖြင့် သူ့ တစ်ကိုယ်လုံးသည် တောင့်တင်းလျက် ရှိနေသည်။

အက် ချင်ကင်းက ပြင်းထန် ရင့်သီးသော စကားလုံးများကို ဖောဖောသီသီ သုံး၍ အင်ဒရူးအား စွဲချက်တင်ရင်းဖြင့် အစည်းအဝေးကို စလေသည်။

'ဒီအမှုနှင့် ပတ်သက်ပြီး ခိုင်လုံတဲ့ အထောက်အထားတွေကို ကော်မတီဝင် ရဲဘော်များ ရှေ့မှာ ကျွန်တော် ကိုယ်တိုင် တစ်ခုစီ တစ်ခုစီ ရှင်းလင်းတင်ပြသွားပါ့မယ်' ဟု အက် ချင်ကင်းက နိဒါန်းပျိုးပြီး စကား မပြောတတ် ပြောတတ်နှင့် အင်ဒရူး အပေါ် စွပ်စွဲချက် များစွာကို အကျယ်ချဲ့၍ တင်ပြသည်။

ဒေါက်တာ မေဆန်သည် ယခုကဲ့သို့ တိရစ္ဆာန်များကို လက်တွေ့ ခွဲစိတ် စမ်းသပ်သော အလုပ်ကို လုပ်ကိုင်ဖို့ အခွင့်အရေး မရှိကြောင်း၊ ယင်းအလုပ်ကို လုပ်ရာ၌လည်း ကော်မတီမှ ပေးအပ်ထားသည့် အလုပ် တာဝန်ချိန်များ အတွင်းတွင် လုပ်ခြင်း ဖြစ်ကြောင်း၊ ကော်မတီမှ ပေးထားသည့် လစာငွေကို ယူပြီး ကော်မတီ၏ အလုပ်ကို အချိန်ပြည့် မလုပ်ဘဲ အချိန်ကိုခိုးယူ၍ သူ့ ကိုယ်ပိုင် အလုပ်ကို လုပ်ခြင်းသာ ဖြစ်ကြောင်း၊ ထို့ပြင် အင်ဒရူး၏ အလုပ်မှာ တိရစ္ဆာန်များကို အသနား အညှာတာ မရှိဘဲ အရှင်လတ်လတ် ခွဲစိတ် သတ်ဖြတ်ခြင်း ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ပြုလုပ်ရာ၌လည်း လိုအပ်



www.burmeseclassic.com

www.burmeseclassic.com



သော တရားဝင် ခွင့်ပြုချက်ကို သက်ဆိုင်ရာမှ မယူဘဲနှင့် လုပ်ခြင်း ဖြစ်၍ တရား ဥပဒေ ရှုထောင့်မှ ကြည့်လျှင် အလွန် ကြီးလေးသော ပြစ်မှု တစ်ခုကို ကျူးလွန်ခြင်းပင် ဖြစ်ကြောင်း စသည်... စသည်ဖြင့် သူ တတ်သမျှ မှတ်သမျှနှင့် အကျယ်တဝင့် ရှင်းလင်း တင်ပြသွားလေ၏။

ဤနေရာတွင် အတွင်းရေးမှူး အိုဝင်က ထိုင်နေရာမှ ကပျာကယာ ထ၍ စကားတစ်ခွန်း ဝင်ပြောသည်။

'အက် ချင်ကင်း တင်ပြတဲ့ နောက်ဆုံး အချက်နှင့် ပတ်သက်လို့ ကျွန်တော့် အနေနှင့် ကော်မတီကို အကြံ တစ်ခု ပြုရပါလိမ့်မယ်၊ တကယ်လို့ ဒေါက်တာ မေဆန် ခွင့်ပြုချက် လိုင်စင် မယူတဲ့ ကိစ္စကို သက်ဆိုင်ရာ တိုင်မယ် ဆိုရင် နောက်ဆက်တွဲ ဖြစ်လာမယ့် အရေးယူမှုဟာ ကျွန်တော်တို့ ဆေးဝါး ကူညီ ထောက်ပံ့ရေး အသင်း တစ်သင်းလုံးနှင့် ပတ်သက်လာဖို့ ရှိနေပါတယ်'

'ခင်ဗျား ဆိုချင်တာက ဘာလဲ' ဟု အက် ချင်ကင်းက မေးသည်။

'ဒေါက်တာ မေဆန်ဟာ ကျွန်တော်တို့ အသင်းက ခန့်ထားတဲ့ လက်ထောက် ဆရာဝန် တစ်ယောက်ပါ၊ ဒါကြောင့်မို့ တရား ဥပဒေ သဘောအရ သူ့အတွက် ကျွန်တော်တို့မှာ တာဝန် ရှိနေပါတယ်၊ ဒီအချက်ကို သတိပြုကြဖို့ အကြံပြုချင်တာပါ'

ဤအချက်ကို အများက လက်ခံကြသည်။ 'အိုဝင် ပြောတာ မှန်တယ်၊ ဒီကိစ္စနှင့် ပတ်သက်ပြီး အသင်း အပေါ်မှာ အငြိအစွန်း မရှိစေချင်ဘူး၊ ဒီ ကော်မတီမှာတင် ကိစ္စပြတ်အောင် လုပ်ပါ' ဟု အများက ပြောလာကြလေ၏။

ထိုအခါ ယခု အချိန်ထိ မထိုင်သေးသော အက် ချင်ကင်းက 'ဒီလို ဆိုရင် အဲဒီ သောက်သုံးမကျတော့တဲ့ ခွင့်ပြုမိန့် ကိစ္စကို ထားလိုက်ပေါ့ဗျာ၊ ဒီလူကို အရေးယူနိုင်ဖို့ အတွက် လုံလောက်တဲ့ အချက်တွေ ရှိနေတာပဲဟာ' ဟု ဒေါသတကြီးနှင့် ပြောလေသည်။

'ဒီမှာ ဒီမှာ'

နောက်နားဆီမှ တစ်ဦးက ထ၍ အော်သည်။

'သူ့ မော်တော်ဆိုင်ကယ်နှင့် ကာဒစ်ဖ်ကို သွားတာတွေကော မေ့နေကြပြီလား၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကလေ၊ တစ်နေ့လုံး သွားနေတာလေ၊ မမှတ်မိကြတော့ဘူးလား'

'ဘယ်တော့မှ သောက်ဆေး စားဆေး မပေးတဲ့ ဆရာဝန်ဗျ၊ သူ





ဆေးခန်း အပြင်ဘက်မှာ တစ်နာရီလောက် စောင့်နေရပြီး ပုလင်းဆေး ဆေး ဘစ်စက် မပါဘဲ ပြန်လွှတ်တဲ့ ဆရာဝန်ပေါ့'

'နေကြပါဦး၊ နေကြပါဦး' ဟု ချင်ကင်းက တားသည်။ ထိုနောက် သူ၏ စွပ်စွဲချက်များကို ပြန်ဆက်လေ၏။

'အခု ကျွန်တော် တင်ပြခဲ့တဲ့ စွပ်စွဲချက်တွေဟာ အမှန်တွေပါ၊ သူ မလုပ်သင့်ဘဲ လုပ်ခဲ့တဲ့ဟာတွေပါ၊ ဒေါက်တာ မေဆန်ဟာ အသင်း အတွက် တာဝန် ကျေပွန်တဲ့ ဝန်ထမ်းကောင်း တစ်ဦး မဟုတ်ဘူး ဆိုတာ အခု တင်ပြခဲ့တဲ့ အချက်တွေက အထင်အရှား ပြနေပါတယ်၊ နောက် တစ်ချက်ကတော့ သူဟာ အလုပ်သမားတွေကို သင့်တော် လိုအပ်တဲ့ ဆေးစာ မပေးတဲ့ ဆရာဝန်ပါ၊ သို့သော်လည်း ဒီအချက်တွေကို ကျွန်တော်တို့ မပြောတော့ဘဲ အဓိက စွပ်စွဲချက်တွေကို ပြန်စဉ်းစားရအောင်ပါ၊ အခု ဆိုရင် ကျွန်တော်တို့ အသင်းဟာ တစ်မြို့လုံးက အုံကြွ ဆန့်ကျင်ခြင်း ခံနေရတဲ့ လက်ထောက် ဆရာဝန် တစ်ယောက်ကို လက်ခံထားရပါတယ်၊ ဒီလူဟာ ရဲက အရေးယူပိုင်ခွင့် ရှိတဲ့ အမှုမျိုးကို ကျူးလွန်ထားတဲ့ လူတစ်ယောက် ဖြစ်ပါတယ်၊ ကျွန်တော်တို့ရဲ့ ကော်မတီပိုင် အိမ်ကို နွားသတ်ရုံ လုပ်ပစ်တဲ့ လူပါ၊ ရဲဘော်တို့ မယုံမရှိကြပါနှင့်၊ ကျွန်တော် ဘုရားသခင်ကို တိုင်တည်ပြီး ကျိန်ပြောပါမယ်၊ ကြမ်းပေါ်မှာ သွေးတွေ စွန်းနေတာ ကျွန်တော့် မျက်စိနှင့် အသေအချာ မြင်ခဲ့ရတာပါ၊ ဒီလူဟာ ထင်မိ ထင်ရာ လျှောက်လုပ်နေတဲ့ လူတစ်ယောက်ပါ၊ တခြား ဘာမှ သိတဲ့ တတ်တဲ့ လူ မဟုတ်ပါဘူး၊ ကျွန်တော် အခု တင်ပြခဲ့တဲ့ အချက်တွေကို လက်ခံမယ် လက်မခံဘူး ဆိုတာ မေးပါရစေ၊ ခင်ဗျားတို့ ဆန္ဒကို ပြောပြဖို့ ဖိတ်ခေါ်ပါတယ်၊ ခင်ဗျားတို့ အားလုံး ကျွန်တော်နှင့် တစ်စိတ်တည်း တစ်ဝမ်းတည်း တစ်သဘောတည်း ဆိုတာ ကျွန်တော် သိပါတယ်၊ ကျွန်တော်တို့ တောင်းဆိုချင်တာက ဒေါက်တာ မေဆန်ကို အလုပ်က အမြန်ဆုံး ထုတ်ပစ်ဖို့ ပါပဲ ခင်ဗျာ'

အက် ချင်ကင်းသည် အောင်နိုင်သူ တစ်ဦးသဖွယ် ကော်မတီဝင် သူ့ရဲဘော်များ ဘက်သို့ လှည့်ကြည့်လိုက်ပြီးမှ သူ့နေရာတွင် ပြန်ထိုင်သည်။ အခန်းထဲဝယ် လက်ခုပ်သံများ ညံသွားလေ၏။

'ဒေါက်တာ မေဆန်ကို ရှင်းလင်း ချေပဖို့ ခင်ဗျားတို့ ခွင့်ပြုရလိမ့်မယ်'

အိုဝင်၏ အသံမှာ ပျော့လွန်းလှပေသည်။ မျက်နှာမှာလည်း ပြုံးပျော် ပျော် ဖြစ်နေ၏။ သူသည် အားမရှိတော့သည့် ပုံဖြင့် အင်ဒရူးဘက်သို့ လှည့်၍



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာမူလိုက်လေ၏။

တစ်ခန်းလုံးမှာ အပ်ကျသံပင် ကြားရတော့မလောက် ငြိမ်ဆိတ်သွားလေသည်။

အင်ဒရူးသည် ဘာမှ ထ၍ မပြောတော့ဘဲ တိတ်ဆိတ်စွာ ထိုင်နေသည်။ အခြေအနေသည် သူ ထင်ထားသည်ထက်ပင် ဆိုးနေပေပြီ။ လူအများနှင့် ဖွဲ့စည်းထားပါသည့် ဆိုသော ကော်မတီ တစ်ခုပင် ဖြစ်စေကာမူ အမှန်အတိုင်း မြင်ကြလိမ့်မည်ဟု လည်းကောင်း၊ အမှန်အတိုင်း ဆုံးဖြတ်နိုင်ကြလိမ့်မည်ဟု လည်းကောင်း ယုံကြည် ကိုးစား၍ မရပါတကား။ သူ့အား အလုပ်ခန့်ခဲ့စဉ်က ဖော်ရွေ ရွှင်ပြုံးသော မျက်နှာများဖြင့် ကြိုဆိုခဲ့ကြသော လူများသည် ဤလူများမှ ဟုတ်ပါလေစ။

သူသည် မလိုလျှင် မလိုသလို လုပ်တတ်သည့် လူတို့၏ သဘော၊ နိမ့်ကျသွားပြီဟု ထင်လျှင် နိမ့်သည်ထက် နိမ့်အောင် ဖိုင်း၍ ဖိချင်တတ်ကြသော လူတို့၏ သဘာဝများကို တွေးကာ စိတ်မကောင်း ဖြစ်နေမိရုံမျှမက သူ့ နှလုံးသားသည် နာကျင်လျက် ရှိရလေ၏။

မည်သို့ပင် ဖြစ်စေ လွယ်လွယ်ကူကူနှင့်တော့ အရှုံးပေးဖို့ သူ စိတ်မကူးပေ။ လွယ်လွယ်ကူကူနှင့် အလုပ်မှ နုတ်ထွက်သွားမည်ဟုလည်း သူ စိတ်မကူးပေ။ သူ ပြောသင့်သမျှကိုတော့ ပြောရပေဦးမည်။

သူ ထိုင်နေရာမှ ထလိုက်သည်။

တကယ်တမ်း ဆိုတော့ သူသည် အပြောသမား မဟုတ်ပေ။ သူသည် စကားပြော ကောင်းသူ တစ်ဦး မဟုတ်မှန်း သူ့ကိုယ်သူ သိ၏။ သို့သော်လည်း ယခုအချိန်တွင် သူသည် ဒေါသဖြစ်လျက် ရှိသည်။ လူအများ၏ မသိ နားမလည်မှု၊ ဗဟုသုတ နည်းပါးမှုနှင့် ယုတ်မာမှုများကို ဒေါပွလျက် ရှိသည်။ သည်းမခံနိုင်လောက်အောင် မိုက်မဲလှသည့် အက် ချင်ကင်း၏ စွပ်စွဲချက်များအပေါ်တွင်လည်း ကြိတ်မနိုင် ခဲမရ ဖြစ်သည် အထိ ဒေါပွ မဆုံး ဖြစ်လျက်ရှိသည်။ ချင်ကင်း၏ စွပ်စွဲချက်များကို လက်ခုပ်သံ တညံညံဖြင့် ချီးမွမ်းထောက်ခံနေကြသူများကိုလည်း မကျေနိုင် မချမ်းနိုင်လောက်အောင်ပင် ဒေါပွလျက် ရှိသည်။

သူသည် စကား စပြောလေ၏။

'အက် ချင်ကင်း ရေနစ်သတ်လို့ သေသွားရတဲ့ တိရစ္ဆာန်တွေ အကြောင်းကိုတော့ ခင်ဗျားတို့ လူစုထဲက ဘယ်သူမှ ပြောချင်ကြပုံ မပေါ်ဘူး၊





ခင်ဗျားတို့ လက်ခံမယ် ဆိုရင် ကျွန်တော် ပြောချင်ပါတယ်၊ အဲဒီလို လုပ်တာကိုမှ ရက်စက်ခြင်းလို့ ခေါ်တာ၊ ကျွန်တော် လုပ်ခဲ့တာဟာ ရက်စက်တာ မဟုတ်ဘူး၊ နှိပ်စက် ညှဉ်းပန်းတာ မဟုတ်ဘူး၊ ကျွန်တော် ခင်ဗျားတို့ကို တစ်ခု မေးစမ်းပါရစေ၊ ခင်ဗျားတို့ အလုပ်သမားတွေဟာ ကြွက်ဖြူကလေးတွေနှင့် စာဝါကလေးတွေကို ဘာ့ကြောင့် မြေအောက် ကျောက်မီးသွေးတွင်းထဲကို ယူသွားကြတာလဲ၊ မြေအစို ရှိ မရှိ သိချင်လို့ မဟုတ်လား၊ ဒါကို ခင်ဗျားတို့ အားလုံး သိကြပါတယ်၊ ဒီကြွက်ကလေး ငှက်ကလေးတွေဟာ နောက်ဆုံးမှာ အသက်ရှူ ကျပ်ပြီး မွန်းပြီး သေကုန်ကြရတယ်၊ အဲဒါကို ခင်ဗျားတို့က ရက်စက်ခြင်း၊ ညှဉ်းပန်း နှိပ်စက်ခြင်းလို့ ခေါ်ကြပါသလား၊ မခေါ်ကြပါဘူး၊ ဒီ တိရစ္ဆာန်လေးတွေကို ခင်ဗျားတို့ ယူသွားကြတာဟာ လူသားတွေရဲ့ အသက်ကို ကယ်တင်ဖို့ အတွက် ယူသွားကြတာပဲ ဆိုတာ ခင်ဗျားတို့ ကောင်းကောင်း သိနေကြတာပဲ၊ ဒီထက် ရှင်းအောင် ပြောရမယ် ဆိုရင် ခင်ဗျားတို့ရဲ့ အသက်တွေကို ကယ်တင်နိုင်ဖို့ အတွက် ဒီ သတ္တဝါလေးတွေကို သုံးကြတာ မဟုတ်လား။

'အခု ကျွန်တော် လုပ်နေတာတွေဟာ ဘယ်သူ့ အတွက်လဲ၊ ခင်ဗျားတို့ အတွက်ပါပဲ၊ ခင်ဗျားတို့ တစ်တွေ မြေအောက် ကျောက်မီးသွေးတွင်းထဲမှာ အလုပ် လုပ်ရင်းနှင့် နေ့စဉ် အမှုန်တွေ ဖုန်တွေ ရှူရလွန်းလို့ ခင်ဗျားတို့ အဆုတ်တွေမှာ ရောဂါ ဖြစ်လာရတယ်၊ ခင်ဗျားတို့ သိကြတဲ့ အတိုင်းပဲ၊ အဆုတ်ရောဂါ ဖြစ်လာရင် လျော်ကြေး မရဘူး၊ အလုပ်ခွင်က ရတဲ့ ရောဂါ မဟုတ်လို့ ဆိုပြီး လျော်ကြေး မပေးတာ၊ ဒါကို ခင်ဗျားတို့ သိကြတယ် မဟုတ်လား၊ လွန်ခဲ့တဲ့ သုံးနှစ်လောက် အတွင်းမှာ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ ကိုယ်ပိုင် အချိန်လေးထဲက ရသလောက် ဖဲ့ညှစ်ယူပြီး စက္ကန့်ပိုင်း မိနစ်ပိုင်းနှင့်အမျှ ဒီပြဿနာကို သုတေသန လုပ်ခဲ့တယ်၊ ကျွန်တော့် အနေနှင့် သုတေသန လုပ်ရင်းက ခင်ဗျားတို့ အတွက် တိုးတက် ကောင်းမွန်တဲ့ လုပ်ပိုင်ခွင့် အခြေအနေ ဖန်တီးပေးနိုင်ဖို့၊ ခင်ဗျားတို့မှာ အဆုတ်ရောဂါ ဖြစ်လာရင် ထိုက်သင့်တဲ့ လျော်ကြေး ကရုဏာကြေး ဆိုတာတွေ ရနိုင်ဖို့၊ ခင်ဗျားတို့ ကျန်းမာရေး အတွက် ကြိုတင် ကာကွယ်သွားနိုင်ဖို့ အတွက် အချက်အလက်တွေကို တွေ့လာရတယ်၊ အဲ စောစောက လင်း ရစ်ချတ်က တန်ဖိုးထား ပြီး ချပြနေတဲ့ ဆေးရည်တွေ ဆေးလုံးတွေထက် အဆများစွာ သာတဲ့ အချက်တွေကို ရှာဖွေခဲ့တာပဲ၊ ဒီလို အဖိုးတန်တဲ့ အချက်အလက်တွေကို ရှင်း အတွက်


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့် အနေနဲ့ ပူး တစ်ဒါဇင်လောက်ကို မသုံးရဘူးတဲ့လား၊ သုံးတော့ ဘာဖြစ်လဲ၊ အဲဒီ အချက်အလက်တွေဟာ ပူး တစ်ဒါဇင်လောက်မှ တန်ဖိုး မရှိ တော့ဘူးတဲ့လား။

'အခု ကျွန်တော် ပြောပြနေတာကို ခင်ဗျားတို့ ယုံချင်မှ ယုံမှာပါ။ ကျွန်တော့် အပေါ်မှာ မလိုလားတဲ့ စိတ်က သိပ်များနေတော့ ကျွန်တော် ပြော နေသမျှတွေဟာ လိမ်ညာနေတာလို့ပဲ ထင်ကြမှာပဲ၊ ခင်ဗျားတို့ အနေနဲ့ ကျွန်တော်ဟာ အကျိုး ကျေးဇူး မရှိပါဘဲနဲ့ ကျွန်တော့်ရဲ့ ကိုယ်ပိုင် အချိန် တွေ၊ တစ်နည်း ပြောရရင် ခင်ဗျားတို့ ပိုင်တဲ့ အချိန်တွေကို သက်သက်မဲ့ ဖြုန်း တီးပစ်နေတယ်လို့ ထင်ချင်လည်း ထင်ကြပေမပေါ့'

သူသည် ပြောရင်း ပြောရင်းနှင့် စိတ်အား ထက်သန်လွန်းသဖြင့် ဖွဲ့ ဖွဲ့နွဲ့နွဲ့ မပြောမိရန် သတိထားမည် ဟူသော သူ၏ မူလ ဆုံးဖြတ်ချက်ကို မေ့ သွားလေသည်။ သူသည် သူ့ အင်္ကျီအိတ်ထဲမှ စာ တစ်စောင်ကို ထုတ်ယူ လိုက်သည်။

'ကျွန်တော် လုပ်နေတဲ့ အလုပ် အပေါ်မှာ တခြားလူတွေက ဘယ်လို မြင်ကြတယ် ဆိုတာ ဒီစာက ပြပါလိမ့်မယ်၊ ကျွန်တော့် အလုပ် အပေါ်မှာ တန်ဖိုး ဖြတ်နိုင်တဲ့ အရည်အချင်းမျိုးနဲ့ ပြည့်စုံတဲ့ လူတွေ မြင်ပုံကို ပြော တာနော်'

သူသည် အိုဝင့်ထံသို့ လျှောက်သွားပြီး စာကို ပေးလိုက်သည်။ ထို စာကား စိန့် အင်ဒရူး တက္ကသိုလ် ဆီးနိတ် အဖွဲ့မှ အင်ဒရူး၏ စာတမ်း အတွက် မင်ဒီဘွဲ့ အပ်နှင်းလိုက်ကြောင်း အကြောင်းကြားသည့် စာ ဖြစ်လေ သည်။

အိုဝင်သည် စာကို ဖတ်ကြည့်ပြီး သူ့မျက်နှာသည် ချက်ချင်းပင် ကြည် ကြည်လင်လင် ဖြစ်လာသည်။ သူ့ လက်တွင်းမှ စာသည် ကော်မတီဝင် တစ်ဦး၏ လက်မှ တစ်ဦးလက်သို့ ကူးပြောင်းသွားလေ၏။

အင်ဒရူးကတော့ ဆီးနိတ်မှ ရရှိသည့် စာကြောင့် ချက်ချင်း ရလာ သည့် အကျိုးတရားကို ကြည့်ကာ စိတ်မချမ်းမမြေ့လှပေ။ သူ့ဘက်က မှန်ကန် ကြောင်း ခိုင်လုံသော အထောက်အထား ပြလို၍သာ ဤစာကို ပြမိခြင်း ဖြစ် ၏။ ဤစာကို ထုတ်၍ ပြမိသည့် အတွက် သူ့ကိုယ်သူပင် ခွင့်မလွှတ်ချင် အောင်ပင် ဖြစ်နေမိလေသည်။

ခဏမျှ အကြာတွင် အိုဝင်က လှမ်းပြောသည်။





'ကျေးဇူးပြုပြီး ဒေါက်တာ အပြင် ခဏ ထွက်ပေးပါလား'

သူ၏ ပြဿနာ အတွက် ကော်မတီ မဲခွဲနေခိုက်တွင် သူသည် အပြင် ဘက်၌ ရပ်ကာ ရောက်တတ်ရာရာ တွေးနေမိသည်။ အလုပ်သမားများ၏ အကျိုး အတွက် အလုပ်သမား တစ်စုက ဆေးကုသမှု လုပ်ငန်း တစ်ခုလုံးကို ကြီးကြပ် စီမံနေသည်မှာ အလွန် အံ့သြဖွယ် ကောင်းလှသည့် စိတ်ကူးယဉ်မှု တစ်ပင် ဖြစ်ချေသည်။ သို့သော်လည်း စိတ်ကူးသည် စိတ်ကူးမျှသာ ဖြစ်၏။ လက်တွေ့တွင်မူကား ဤလူစုသည် အလွန် မျက်နှာလိုက်၍ အသိဉာဏ် ပညာ ဗဟုသုတလည်း ခေါင်းပါးလွန်းလှပေသည်။ ဤလုပ်ငန်းကို စနစ်တကျ တိုး တက်လာအောင် လုပ်နိုင်မည့် အရည်အချင်းမျိုး သူတို့ လူစုတွင် မရှိဟုပင် ထင်၏။ အိုဝင်ကဲ့သို့ အသိဉာဏ် ဗဟုသုတနှင့် ပြည့်စုံသည့် အလုပ်သမားမျိုး ကသာလျှင် ဤ လူစုအား အသိအမြင် တိုးတက်လာအောင်၊ အတွေးအခေါ် မှန်ကန်လာအောင် အပင်ပန်းခံ၍ မနားမနေ ကြိုးပမ်း အားထုတ်နေရလေ သည်။

သို့သော်လည်း ဤကိစ္စတွင်တော့ အိုဝင်သည် သူ့အား အကာအကွယ် ပေးနိုင်လိမ့်မည်ဟု မထင်ပေ။

အင်ဒရူး အခန်းထဲသို့ ပြန်ဝင်သွားသည့် အခါ အိုဝင်သည် အပြုံးဖြင့် ဆီးကြို နှုတ်ဆက်လျက် ရှိ၍ ကော်မတီဝင် လူကြီး အတော်များများက သူ့ အား ကြည့်နေပုံမှာလည်း စောစောကလို မဟုတ်တော့ပေ။

အိုဝင်သည် ချက်ချင်းပင် ထိုင်ရာမှ ထရပ်လိုက်ကာ ပြောသည်။

'ကော်မတီမှာ မဲခွဲပြီးသွားပါပြီ၊ အများစုက ဒေါက်တာ့ကို ဆက်လက် ထားဖို့ မဲပေးကြပါတယ်၊ ဒေါက်တာ့ကို သတင်းကောင်း ပြောပြရတဲ့ အတွက် ကျွန်တော် သိပ် ဝမ်းသာပါတယ်'

မထင်ပါဘဲနှင့် သူ့ဘက်က အနိုင်ရခဲ့ပေပြီ။

သို့သော်...

လောလောဆယ် ရခဲ့သည့် သူ့ အတွေ့အကြုံများ အရ ဤလူစု အပေါ် တွင် သူ စိတ်ကုန်ခဲ့ပြီ ဖြစ်၏။ ကော်မတီဝင်များကို ကြည့်ရသည်မှာ သူ့ နှုတ်ဖျားမှ ကျေးဇူးတင် စကား ထွက်အလာကို မျှော်လင့်နေကြပုံ ပေါ်၏။ သူကတော့ ကျေးဇူးတင် စကား မဆိုနိုင်ပေ။ ဆိုချင်သည့် စိတ်လည်း မရှိပြီ။

သူသည် လုပ်ငန်း တစ်ခုလုံး အပေါ် စိတ်ကုန်ခဲ့ပြီး ကော်မတီ အပေါ် တွင်လည်း စိတ်ကုန်ခဲ့ပြီ။ အေဘာရာလော မြို့အပေါ်တွင်လည်း စိတ်ကုန်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ သူ၏ သုတေသန လုပ်ငန်းနှင့် ပူးများ၊ ဤအရာများပေါ်တွင်လည်း စိတ်ကုန်ခဲ့ပြီ။ အဆုံးစကား ပြောရလျှင် သူ့ကိုယ်သူပင် စိတ်ကုန်ခဲ့ပြီ။

'ခင်ဗျားကို ကျေးဇူးတင်ပါတယ် မစ္စတာ အိုဝင်၊ ကော်မတီက ကျွန်တော့်ကို ဆက်ထားဖို့ ဆုံးဖြတ်တဲ့ အတွက် ကျွန်တော် ဝမ်းသာပါတယ်။ ဒါပေမဲ့လို့ ကျွန်တော် အေဘာရာလော မြို့မှာ ဆက်နေချင်တဲ့စိတ် မရှိတော့ပါဘူး၊ ကျွန်တော် အလုပ်က ထွက်ဖို့ ဆုံးဖြတ်ပြီးပါပြီ၊ ဒီကနေ့က စပြီး တစ်လ ပြည့်ရင်ဗျ အလုပ်က နုတ်ထွက်တော့မယ် ဆိုတာ ကော်မတီကို အကြောင်းကြားပါတယ်'

အင်ဒရူးသည် ဤစကားများကို ပြောရသည့် အတွက် မည်သို့သော စိတ်ခံစားမှုမှ မရှိပေ။ ဝမ်းသာခြင်းလည်း မဖြစ်၊ ဝမ်းနည်းခြင်းလည်း မဖြစ်ပေ။ သူသည် ကော်မတီဝင်များအား တစ်ချက်မျှ ဝေ့၍ ကြည့်လိုက်ပြီး အခန်းထဲမှ ထွက်သွားလေ၏။

တစ်ခန်းလုံး ငြိမ်သက် တိတ်ဆိတ်သွားလေသည်။

ပထမဆုံး အသံထွက်လာသူမှာ အက် ချင်ကင်း ဖြစ်သည်။ သူသည် အင်ဒရူး ထွက်သွားရာသို့ ကြည့်၍ 'အင်မတန် ကောင်းတဲ့ စီရင်ချက်ပါပဲ' ဟု ရေရွတ်လိုက်၏။

အိုဝင်ကမူ ကော်မတီဝင်များအား ဒေါသတကြီးဖြင့် လှည့်ကြည့်သည်။

'မင့် ပါးစပ်ပုပ်ကြီးကို ပိတ်ထားစမ်း အက် ချင်ကင်း'

အိုဝင်သည် အက် ချင်ကင်းအား တစ်ချက် လှည့်၍ ဟောက်လိုက်ပြီး လက်ထဲမှ ပေတံကို စားပွဲပေါ်သို့ ပစ်ပေါက်၍ ချလိုက်ကာ စကား တစ်ခွန်း ပြောလိုက်လေသည်။

'ရတောင့်ရခဲ ရထားတဲ့ လူတော် လူကောင်း တစ်ယောက်ကို ငါတို့ လက်လွှတ်လိုက်ရပြီ'

အင်ဒရူးသည် ထိုနေ့ ည သန်းခေါင်ယံတွင် အိပ်ပျော်နေရာမှ တစ်ရေး နိုးလာသည်။ အလုပ်မှ ထွက်မည်ဟူသော သူ၏ အဆုံးအဖြတ်နှင့် ပတ်သက်၍ သူ၏ ထင်မြင်ချက်များကို ခရစ္စတီအား ပြောနေပြန်လေသည်။

'ကိုဟာ အရူးတစ်ယောက်နှင့် တူမနေဘူးလား ခရစ္စတီ၊ အလုပ်နှင့် အကိုင်နှင့် အခြေတကျ ဖြစ်နေပါလျက်နှင့် အလုပ်က ထွက်မယ်လို့ ဆုံးဖြတ်လိုက်တာဟာ ကိုတို့ ဘဝကို အခြေပျက်သွားအောင် လုပ်သလို ဖြစ်မနေဘူးလား၊ အမှန်က ကို့ရဲ့ လက်ရှိ အလုပ်ဟာ သိပ်မဆိုးပါဘူး၊ အလားအလာကောင်းတဲ့ အလုပ် တစ်ခုပါ၊ အခု ဆိုရင် ကို့ဆီမှာ မှန်မှန်လာပြီး ဆေးကု ခံနေတဲ့ ကိုယ်ပိုင် လူနာတောင် တော်တော်များများ ရှိနေပြီ၊ ကို့ အထက် လူကြီး လီဝီလင်းကလည်း သဘော မဆိုးပါဘူး၊ အင်မတန်မှ သဘောထား ပြည့်တဲ့ လူတစ်ယောက်ပါ၊ ကို မင့်ကို ပြောခဲ့ပြီးပြီလား မသိဘူး၊ ဒေါက်တာ လီဝီလင်းက ကို့ကို ဆေးရုံ သုံးခွင့် ပေးမယ်လို့တောင် ကတိ ပေးထားပြီ၊ ကော်မတီ ဆိုတာကလည်း ချင်ကင်းရဲ့ အုပ်စုကို ဖယ်ထုတ်လိုက်ရင် ကျန်တဲ့ လူစုက သဘော မဆိုးကြပါဘူး၊ သူတို့အနေနှင့် ဒေါက်တာ လီဝီလင်း ပင်စင် ယူသွားရင် သူ့နေရာမှာ ကို့ကို ထားချင် ထားကြမှာ၊ အဲသလို အလားအလာကောင်းတွေ ရှိပါလျက်နှင့် အလုပ်က ထွက်မယ်လို့ ကို ဆုံးဖြတ်ခဲ့တယ်၊ ကို့ ဆုံးဖြတ်ချက်ဟာ ကို့ဘဝ အခြေပျက်အောင် ဖျက်တာနှင့်များ တူနေမလားကွယ်'

ခရစ္စတီသည် အင်ဒရူးဘက်သို့ မျက်နှာမူ၍ လဲလျောင်းနေရာမှ သူ့အား နှစ်သိမ့်စကား ဆိုလေသည်။

'အစကတည်းက ကို့အနေနှင့် ကို့ဘဝကို တစ်သက်လုံး ဝေလနယ် ကျောက်မီးသွေးတွင်းမှာ ဆရာဝန် လုပ်ရင်း ဇာတ်မြှုပ် နေသွားဖို့ကို စိတ်ကူးထားတာမှ မဟုတ်တာ၊ ကို့ဘဝ တိုးတက်ရာ တိုးတက်ကြောင်း အတွက် ပြောင်းသင့်လည်း ပြောင်းရမှာပေါ့၊ ကျွန်မတို့ ဒီမှာ နေရ ထိုင်ရတာ စိတ်တော့ ချမ်းသာသားပဲ၊ ဒါပေမဲ့ ဒီအရပ်ကို စွန့်ခွာသွားဖို့ အချိန်ကျလာရင်တော့ သွားရမှာပေါ့၊ တကယ်တော့ ကို့ ဆုံးဖြတ်ချက်ဟာ မှားတယ်လို့ မဆိုနိုင်ပါဘူး'

အင်ဒရူးကတော့ သောက ဖြစ်ဆဲပင်။

'ကို ပြောတာ နားထောင်ပါဦး ခရစ္စတီရယ်၊ ကိုယ်ပိုင် ဆေးခန်း ဖွင့်ဖို့လည်း ကိုတို့မှာ ငွေကြေး မပြည့်စုံသေးဘူး၊ ကို့အနေနှင့် အလုပ်က မထွက်ခင် ငွေ နည်းနည်းပါးပါး ထပ်ပြီး စုမိ ဆောင်းမိအောင် လုပ်ဖို့ လိုဦးမယ် ထင်တယ်'

ခရစ္စတီက အိပ်ချင်မူးတူးသံဖြင့် ပြန်ဖြေသည်။

'ငွေဟာ ဘာလုပ်ဖို့လဲ ကိုရယ်၊ စိတ်ပူမနေစမ်းပါနှင့်၊ ကျွန်မတို့မှာ အခု စုထားတဲ့ ငွေကို အပျော် ခရီးလေး ဘာလေး ထွက်တဲ့အခါ သုံးရဦးမယ်၊ ကို သတိထားမိရဲ့လားဟင်၊ ဒီကျောက်မီးသွေးတွင်းထဲမှာ ကို အလုပ်တွေ နပန်းလုံးနေခဲ့တာ လေးနှစ် နီးပါး ရှိနေခဲ့ပြီ၊ ကို နားနားနေနေ မနေရဘာ ကြာပြီ'






www.burmeseclassic.com

www.burmeseclassic.com

အပူအပင် အကြောင့်အကြ မထားတတ်သော ခရစ္စတီ၏ စိတ်ဓာတ်နှင့် ခရစ္စတီ၏ ဖြေသိမ့်မှုများကြောင့် အင်ဒရူးမှာ စိတ်အေး နားအေး ဖြစ်သွားပြန်သည်။ နောက်တစ်ရက် မနက် လင်းချိန်တွင် သူသည် စိတ်သစ် လူသစ် ဖြစ်လျက် ရှိပြန်၏။ လူ့လောကကြီးသည် သူ့အတွက် အလွန် နေချင့်စဖွယ် ကောင်းသည့် နေရာ ဌာနကြီး တစ်ခု ဖြစ်နေပြန်လေ၏။

နံနက်စာကို မြိန်ရေရှက်ရေ စားသောက်နေရင်းက 'မင်းဟာ အင်မတန် လိမ္မာတဲ့ ဇနီး တစ်ယောက် ပါလား ခရစ္စတီရယ်၊ တကယ် ပြောတာပါ၊ အလုပ်က ထွက်ရမလား ဆိုပြီး ယောကျ်ားကို တပူပူ တဆူဆူ လုပ်နေရမယ့် အချိန်မျိုးမှာ ပူပူဆူဆူ မလုပ်ဘဲ အပန်းဖြေ ခရီး ထွက်ဖို့ အားပေးနေတယ်၊ ပြီးတော့လည်း...'

ခရစ္စတီကမူ သူ့စကားကို နားမထောင်ပေ။ သတင်းစာတွင် စိတ်ဝင်စားနေသဖြင့် အင်ဒရူး ဘာပြောနေမှန်းပင် မသိချေ။ မသိခြင်းကြောင့်လည်း အဆက်အစပ် မရှိသော စကားကို ဆိုလေသည်။

'ကျွန်မ အိမ်တွင်း ပန်းမန် စိုက်ပျိုးရေး အခန်းကို အမြဲ ဖတ်တယ်၊ ရှင် ဘယ်လို သဘောရသလဲ ဟင်'

'မဖတ်နှင့်'

အင်ဒရူးက ပြောပြောဆိုဆို ခရစ္စတီ၏ ပါးကို တစ်ချက် မွှေးလိုက်သည်။ ပြီးမှ ရယ်ကာ မောကာဖြင့် 'မဖတ်နှင့်၊ ကို အကြောင်းသာ တွေး၊ ဟုတ်လား' ဟု ထပ်ပြောကာ တံခါးဆီသို့ ထသွားလေ၏။ အင်ဒရူးသည် ရှေ့ရေးအတွက် တွေးပြီး မပူပင်တော့ချေ။ ဘဝကို ရဲရဲဝံ့ဝံ့နှင့် ဖြစ်သလို ရင်ဆိုင် သွားရန်သာ စိတ်ကူးလေတော့သည်။ သူ့တွင် မင်၊ အာ၊ စီ၊ ပီ ဘွဲ့နှင့် မင်၊ ဒီ ဘွဲ့ နှစ်ခု ရှိနေပြီ။ ဘဏ်တွင်လည်း စုငွေ ပေါင် သုံးရာကျော်ခန့် ရှိထားသည် ဖြစ်ရာ သူတို့ လင်မယား နှစ်ယောက် ထမင်းတော့ ငတ်မည် မဟုတ်ဟု ယုံကြည်၏။

သူတို့သည် ဆုံးဖြတ်ထားသည့်အတိုင်း အခိုင်အမာ ရပ်တည်ကြသည်။ အင်ဒရူး အလုပ်မှ ထွက်တော့မည် ဟူသော သတင်းကြောင့် မြို့လူထု၏ သဘောထားမှာလည်း တစ်မျိုး ပြောင်းလာသည်။ မြို့သူ မြို့သားတိုင်းကပင် အင်ဒရူးအား အလုပ်မှ မထွက်စေချင်ကြပေ။

ကော်မတီ အစည်းအဝေး ကျင်းပပြီးသည့်နောက် ရက်သတ္တပတ် အကျော်တွင် အိုဝင်နှင့် အပေါင်းပါ တစ်စုသည် အင်ဒရူးထံသို့ ရောက်လာပြီး





အင်ဒရူး၏ ဆုံးဖြတ်ချက်ကို ပြန်၍ စဉ်းစားရန် မေတ္တာ ရပ်ခံကြသည်။ သို့သော်လည်း အိုဝင်၏ ကြိုးပမ်းချက်မှာ မအောင်မြင်ချေ။

ထိုအချိန်တွင် အက် ချင်ကင်းအား ဆန့်ကျင်နေကြသည့် အုပ်စုသည် အက် ချင်ကင်း အပေါ်၌ တိုး၍ မကျေမနပ် ဖြစ်လာကြသည်။ အက် ချင်ကင်း ကြောင့်သာ အင်ဒရူး အလုပ်မှ နုတ်ထွက်သွားခြင်း ဖြစ်သည် ဟူသော အယူအဆမျိုး ဝင်လာသည်။ ဤသို့ဖြင့် အက် ချင်ကင်း အပေါ်၌ မုန်းတီး ရွံရှာမှုများ တိုးတက် ပြင်းထန်လာသည် ဖြစ်ရာ အက် ချင်ကင်းအား တွေ့လျှင် မြင်လျှင် သရော်ခြင်း၊ ပြောင်လှောင်ခြင်း၊ ရန်စခြင်း၊ ကိုယ်ထိ လက်ရောက် ပြုရန် အားထုတ်ခြင်းများ ဖြစ်လာလေ၏။

အင်ဒရူးကို အကြောင်းပြု၍ အဘောရာလော မြို့ပေါ်၌ ယင်းကဲ့သို့ ဖြစ်နေစဉ် အတွင်း အင်ဒရူး၏ သုတေသန စာတမ်းကြောင့် ပြင်ပကမ္ဘာတွင်လည်း လှုပ်လှုပ်ရှားရှား ဖြစ်လျက် ရှိလေသည်။

အင်ဒရူး၏ သုတေသန စာတမ်းသည် အင်ဒရူးအား မင်ဒီဘွဲ့ကို ရစေခဲ့သည်။ ယင်းစာတမ်းကို အင်္ဂလန်မှ ထုတ်ဝေနေသည့် 'စက်မှု လက်မှု ကျန်းမာရေး ဂျာနယ်' တွင် ဖော်ပြခြင်း ခံခဲ့ရရုံမျှမက အမေရိကန် ပြည်ထောင်စုရှိ 'အမေရိကန် ကျန်းမာရေး ပညာပေး အသင်း' မှ အပြည့်အစုံ ရိုက်နှိပ်၍ လက်ကမ်း ပညာပေး စာစောင် အဖြစ် ထုတ်ဝေ ဖြန့်ချိခဲ့လေသည်။ ယင်းစာတမ်းကို အကြောင်းပြု၍ အင်ဒရူးထံသို့ စာသုံးစောင်လည်း ရောက်လာလေသည်။

ပထမစာမှာ ဘလစ်လိန်းရှိ ဆေးကုမ္ပဏီ တစ်ခုမှ စာ ဖြစ်၍ စာနှင့် အတူ သူတို့ ကုမ္ပဏီမှ ထုတ်လုပ်သည့် ပူလပိုဆိုင်ရပ် ခေါ် အဆုတ်ရောဂါ အတွက် သောက်ဆေးရည် ပုလင်းများကိုပါ နမူနာ အဖြစ် ပေးပို့လိုက်သည်။ ယင်း ဆေးရည် အစွမ်း အာနိသင် ထက်မြက်ကြောင်း ထင်ရှားသော သမားတော်ကြီးများနှင့် ဆရာဝန်ကြီးများက ထောက်ခံကြကြောင်း ဖော်ပြလိုက်ပြီး သူတို့၏ ပူလပိုဆိုင်ရပ် ဆေးရည်ကို သတ္တုတွင်း အလုပ်သမားများ ကုသရာ၌ အသုံးပြုပေးလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ယင်း ဆေးရည်သည် ရှုမက် တစ်ဇင် ခေါ် အဆစ်အမြစ်များ ကိုက်ခဲသည့် ရောဂါကိုပင် ပျောက်ကင်းစေနိုင်ကြောင်း ရေးသားထားလေသည်။

ဒုတိယစာမှာ ပါမောက္ခ ချယ်လစ်ထံမှ ဖြစ်၍ အင်ဒရူး၏ သုတေသန စာတမ်း အတွက် ဝမ်းမြောက်ကြောင်းနှင့် ချီးကျူး ဂုဏ်ပြုပါကြောင်း


www.burmeseclassic.com

www.burmeseclassic.com

ထားသည်။ အချိန်ရမည် ဆိုပါက ကာဒစ်ဖ်သို့ လာ၍ သူနှင့် တွေ့ဆုံစေချင် ကြောင်း၊ ကြာသပတေးနေ့တွင် လာနိုင်အောင် ကြိုးစားစေလိုကြောင်း ရေး သား ထားပေသည်။ သို့သော်လည်း ဤရက်များ အတွင်း အင်ဒရူးမှာ ကိုယ် စိတ် မအားအောင် အလုပ်များလျက် ရှိသဖြင့် ချယ်လစ်၏ ချိန်းဆိုချက်ကို မေ့သွားလေ၏။ အမှုမဲ့ အမှတ်မဲ့နှင့် ချယ်လစ်ထံ စာပြန်ရန်ကိုပင် သတိ မရတော့ချေ။

တတိယ စာကိုမူ ချက်ချင်းပင် ပြန်ကြား ဖြစ်ခဲ့လေသည်။ ထိုစာကို ရသည့် အတွက် အင်ဒရူးသည် များစွာ စိတ်ချမ်းသာခဲ့ရ၏။ ဝမ်းသာ ကြည် နူးခြင်းလည်း ဖြစ်ခဲ့ရ၏။ တကယ်တော့ ထိုစာသည် မိုင်ပေါင်းများစွာ ကွာ လှမ်းသော အမေရိကန် နိုင်ငံ အိုရီဂွန်း ပြည်နယ်မှ အတ္တလန္တိတ် သမုဒ္ဒရာကို ဖြတ်ကျော် ရောက်ရှိလာသော စာ ဖြစ်ပေသည်။ ထိုစာကို အမြတ်တနိုးနှင့် တန်ဖိုးထားလျက် ရှိသော အင်ဒရူးသည် စာကို တစ်ကြိမ် နှစ်ကြိမ် ဖတ်ရုံ မျှနှင့် အားမရချေ။ အကြိမ်ကြိမ် အထပ်ထပ် ဖတ်သည်။ သူ ဖတ်၍ အား ရတော့ ခရစ္စတီအား ပြလေသည်။

'ဒီမှာ ခရစ္စတီ၊ ဒီစာကို ကြည့်စမ်း၊ ဒီစာဟာ အမေရိကန် တစ် ယောက်က ရေးလိုက်တဲ့ စာ၊ စတီးမင်း ဆိုတဲ့ အမေရိကန် ဆီက စာ၊ အိုရီ ဂွန်း ပြည်နယ်က ရစ်ချတ် စတီးမင်း ဆိုတာ ခရစ္စတီ ကြားဖူးချင်မှ ကြား ဖူးမယ်၊ ကိုကတော့ သူ့အကြောင်း သိချင်နေတာ ကြာပြီ၊ ကို သုတေသန လုပ်ထားတဲ့ အမှုန်နှင့် ဖုန်ကြောင့် အဆုတ်မှာ ထိခိုက်ခြင်း စာတမ်းကို ကောင်းကောင်း သဘောပေါက် နားလည်တဲ့ လူတစ်ယောက်ပေါ့၊ အမှန် အတိုင်း ပြောရရင် သူဟာ ကို့ရဲ့ တွေ့ရှိချက်တွေပေါ်မှာ နားအလည်ဆုံး လူ တစ်ယောက်ပဲ ခရစ္စတီ သိလား၊ ပါမောက္ခ ချယ်လစ်ထက် ပိုပြီး နားလည် တယ်၊ သိတယ်၊ ကို ချက်ချင်း စာမပြန်လို့ မဖြစ်ဘူး၊ ချက်ချင်း စာပြန်ရေးမှ ဖြစ်မယ်၊ ဒီလူက ကို ဘာကို ဦးတည်ပြီး သုတေသန လုပ်တယ် ဆိုတာ ကောင်းကောင်း နားလည်တယ်၊ ကို့ရဲ့ စာတမ်းမှာ မှားနေတဲ့ အချက် တစ် ချက်ကိုတောင်မှ မသိမသာလေး ထောက်ပြထားသေးတယ်၊ ကိုကလည်း အဲဒီ အချက်ကို ရလောက်အောင် ဓာတုဗေဒ အခြေခံက မရှိဘူး မဟုတ်လား၊ ဘာပဲ ဖြစ်ဖြစ်လေ သူ့စာဟာ ကို့အတွက် ဂုဏ်ယူရမယ့် စာပဲ၊ စတီးမင်းလို ပုဂ္ဂိုလ် ဆီက စာ ရတဲ့ အတွက် ကိုတော့ သိပ် ဝမ်းသာတယ်'

ခရစ္စတီက မေးသည်။





'သူက ဘာလဲ၊ ဆရာဝန်လား'

'မဟုတ်ဘူး ခရစ္စတီ၊ ဆရာဝန် မဟုတ်ဘူး၊ သူက ဇီဝဓာတုဆရာ တစ်ယောက်ပဲ၊ ဒါပေမဲ့ သူက ဆေးကုဌာန တစ်ခု ဖွင့်ပြီး အဆုတ်ရောဂါ သည်များကို ကုပေးနေတာ ကြာပြီ၊ သူ့ ဆေးကုဌာနက အိုရီဂွန်း ပြည်နယ် ပိုတလန်မြို့နားမှာ ရှိတယ်၊ သူ့ကို တချို့ လူတွေက အခုထက်ထိ အသိအမှတ် မပြုကြသေးဘူး၊ ဒါပေမဲ့ ကို နားလည်သလောက် ပြောရရင် သူဟာ ဆဖာလင်ဂါးတို့လို ထူးခြားတဲ့ ပုဂ္ဂိုလ် တစ်ဦးပဲ၊ သူ့နည်းနှင့် သူ လုပ်ကိုင် နေတဲ့ လူပေါ့၊ အချိန်ရမှ သူ့အကြောင်း ပြောပြဦးမယ်'

အင်ဒရူးသည် ချက်ချင်းပင် စားပွဲတွင် ထိုင်၍ စတီးမင်းထံ ပြန်စာ ရေးလေသည်။

သူတို့သည် အပန်းဖြေ ခရီး ထွက်ရန် အတွက် အလုပ်များလျက် ရှိ ကြသည်။ သူတို့၏ အိမ်ထောင် ပစ္စည်းများကို ကာဒစ်ဖ်သို့ ပို့၍ သိမ်း ဆည်းထားခဲ့ရန် စီစဉ်နေကြသဖြင့် အားလပ်သည်ဟု မရှိတော့ပေ။ တကယ် တော့လည်း သူတို့၏ ခွဲခွာမှုမှာ မြန်ဆန်လွန်းလှသည် ဖြစ်ရာ ရသည့် အချိန် မှာ တိုတောင်းလွန်းလှပေသည်။ ရသမျှ အချိန် အတွင်းမှာပင် ဗောက်ဟန်တို့ ခနီးမောင်နှံ၊ ဘိုလန်တို့ မိသားစုနှင့် လီဝီလင်းတို့ စုံတွဲက အင်ဒရူးအား ဖိတ်ကြား၍ ထမင်းကျွေးကြသေးသည်။ သူတို့ အေဘာရာလော်မြို့မှ ထွက်ခွာ သွားတော့မည့် နေ့တွင် ဂျင်နီသည် မျက်ရည်စက်လက် ဖြစ်လျက် ရှိလေ၏။ သူတို့အား မြို့လူထုက ဘူတာသို့ ဆင်း၍ တခမ်းတနား နှုတ်ဆက်ကြလိမ့်ဦး မည် ဟူသော သတင်းကိုလည်း ဂျင်နီထံမှ ရလေ၏။

ဘူတာသို့ ဆင်းတော့မည့် အချိန်တွင်မှ မစ္စတာ ဗောက်ဟန်သည် ရေးကြီးသုတ်ပျာနှင့် ပေါ်လာပြန်သည်။

'ဒုက္ခပေးတယ်လို့တော့ မအောက်မေ့ကြပါနှင့်၊ ဒီမှာ မေဆန်၊ ခင်ဗျား ချယ်လစ်ဆီကို ဘာလို့ စာမပြန်တာလဲ၊ အခုပဲ သူ့ဆီက စာတစ်စောင် ရောက် လာတယ်၊ ခင်ဗျားရဲ့ သုတေသန စာတမ်း အပေါ်မှာ သူက သိပ်ပြီး အလေး အနက် ထားနေတာ ခင်ဗျားလည်း အသိသားနှင့်၊ သူကတင် မဟုတ်ဘူး၊ သူ တို့ရဲ့ ကျောက်မီးသွေးတွင်းနှင့် သတ္တုတွင်း လုပ်သားများ ကျန်းမာမှု ဆိုင်ရာ ဘုတ်အဖွဲ့ကလည်း သိပ်ပြီး စိတ်ဝင်စားနေတာ၊ သူက ခင်ဗျားနှင့် အဆက် အသွယ် ရအောင် လုပ်ပြီး ပြောပြပေးပါတဲ့၊ လန်ဒန်ကို မပျက်မကွက် လာပြီး သူနှင့် တွေ့ပါတဲ့၊ သိပ်ပြီး အရေးကြီးတဲ့ ကိစ္စမို့ ဆက်ဆက် လာတွေ့ပါလို့



www.burmeseclassic.com

www.burmeseclassic.com


ရေးထားတယ်'

'ခက်တော့ ခက်သားပဲ၊ ကျွန်တော်တို့က အပန်းဖြေခရီး ထွက်တာပဲ နားနားနေနေ နေမယ်လို့ စိတ်ကူးထားတယ်၊ ကျွန်တော်တို့ အနားမယူတာ ကြာပြီ၊ အဲဒီတော့ သူ့ကို သွားတွေ့ဖို့ဟာ သိပ်မလွယ်ဘူး၊ ဘယ်လို လုပ်မလဲ'

'ဒီလိုဆိုရင်လည်း ခင်ဗျားနှင့် ဆက်သွယ်လို့ရမယ့် လိပ်စာ ကျွန်တော့်ကို ပေးခဲ့ပါလား၊ သူ ခင်ဗျားဆီကို စာရေးနိုင်တာပေါ့'

အင်ဒရူးသည် ခရစ္စတီ၏ မျက်နှာကို လှမ်းကြည့်သည်။ သူတို့ နှစ်ဦး၏ အစီအစဉ်မှာ သူတို့ ယာယီ ခိုနားမည့် နေရာ ဌာန၏ လိပ်စာကို ဘယ်သူ့မှ မပေးရန် ဖြစ်၏။ လိပ်စာ မပေးမှသာလျှင် သူတို့ လွတ်လွတ်လပ်လပ် နားနိုင်ကြမည် ဖြစ်၏။ လိပ်စာကို ပေးခဲ့မိလျှင် အကြောင်း ကိစ္စ တစ်ခုခုနှင့် သူတို့အား ဆက်သွယ်လာဖွယ်ရာ ရှိရာ ဆက်သွယ်လာပြီ ဆိုလျှင်ပင် သောက ဖြစ်စရာတွေ ဝင်လာဖို့ ရှိ၏။ သို့ဆိုလျှင် သူတို့၏ အပန်းဖြေ ခရီးသည် အဘယ်မှာလျှင် အဓိပ္ပာယ် ရှိပါမည်နည်း။

သို့သော်လည်း အင်ဒရူးသည် သူတို့ နေထိုင်မည့် လိပ်စာကို ဖော်ဟန်အား ပေးခဲ့လေသည်။

ထိုနောက် ကသုတ်ကယက်ပင် ဘူတာသို့ ဆင်းကြရသည်။ ဘူတာတွင် သူ့နယ်မြေ လူထုသည် သူတို့အား ဆီးကြို၍ နှုတ်ဆက်ကြသည်။ သူတို့ ရထား ထွက်သည့် အခါ 'ဟာလေးမှ အမျိုးသားများ' ဟူသော သီချင်းသံသည် ထွက်ပေါ်လာလေ၏။

အင်ဒရူး၏ မျက်လုံးများသည် ဝင်းလဲ့ တောက်ပလာသည်။

'အခုလို ဆိုတော့လည်း လူတွေဟာ ယဉ်ကျေးကြသားပဲ၊ လွန်ခဲ့တဲ့ တစ်လလောက်တုန်းကတော့ အေဘာရာလော မြို့ရဲ့ လူတစ်ဝက်လောက်ဟာ ကို့သွေးကို သောက်ချင်နေကြတယ်၊ ဘယ်လို ဖြစ်တာလဲ၊ တကယ်တော့ လူ့ဘဝဟာ ရယ်စရာကြီးပါလား'

အင်ဒရူးသည် တစ်ကိုယ်တည်း ပြောနေရင်းမှ ခရစ္စတီ၏ ဘေးတွင် ဝင်ထိုင်သည်။ ခရစ္စတီ၏ မျက်နှာကိုလည်း ပြုံးဖြဖြနှင့် ကြည့်သည်။

'မစ္စက် မေဆန်၊ ခင်ဗျား အဘွားကြီး ဖြစ်ခါမှ ဒုတိယ အကြိမ် ပျားရည်ဆမ်း ခရီး ထွက်ရပြန်ပြီနော်' ဟု ပြောလိုက်လေ၏။

ထိုနေ့ ညနေပိုင်းတွင် သူတို့သည် ဆောက်သင်ပတန်သို့ ရောက်ကြသည်။ ထိုမှတစ်ဆင့် ရေလက်ကြားကို ဖြတ်၍ စိန့်မာလို အဆောက်အအုံ



နောက်မှ ထွက်လာသည့် နေရောင်ကို မြင်ကြရလေသည်။ တစ်နာရီခန့် ကြာသည့်အခါ ဘရစ်တန်နီ နယ်မြေသည် သူတို့နှစ်ဦးအား ဆီးကြို နှုတ်ဆက်လျက် ရှိလေ၏။

ဂျုံခင်းများသည် မှည့်ဝင်းနေကြပေပြီ။ ချယ်ရီပင်များသည် အသီးများဖြင့် ပြည့်လျက် ရှိ၏။ ဆိတ်များသည် စားကျက်မြေများ အတွင်း၌ လှည့်လည် သွားလာလျက် ရှိကြလေ၏။

ဤနေရာ ဤဒေသသို့ လာ၍ အနားယူရန် စိတ်ကူးရသူမှာ ခရစ္စတီ ဖြစ်ပေသည်။ ဤဒေသတွင် ခရီးသည်များ လမ်းညွှန် စာအုပ်၌ ဖော်ပြထားသည့် နန်းတော်ကြီးများ၊ သမိုင်း၏ အဆောက်အအုံကြီးများနှင့် ပြတိုက်များကိုတော့ မြင်ရမည် မဟုတ်ပေ။ တကယ် အစစ်အမှန် ဖြစ်သော ပြင်သစ်နိုင်ငံ၏ သဘာဝကိုတော့ မြင်ရ တွေ့ရလိမ့်မည်ဟု ခရစ္စတီက ဆိုလေသည်။

သူတို့ တည်းခိုသည့် ဗေးလ်အန်ဒရီး ဟိုတယ်မှာ ဟိုတယ် အသေးစားလေး ဖြစ်၍ ပင်လယ် ကမ်းခြေနှင့် မဝေးလှပေ။ ပင်လယ်ဘက်ဆီမှ ရေလှိုင်းသံ ရေသံများကို သဲ့သဲ့သာသာ ကြားနေရ၏။ တော၏ သဘာဝ ဖြစ်သော မြေသင်းနံ့နှင့် မြက်ရိုင်းပင်များ၏ အနံ့သည် တသင်းသင်း ပျံ့နေသည်။ သူတို့ အိပ်ခန်းမှာလည်း ခမ်းနားခြင်း၊ ထည်ဝါခြင်း မရှိပေ။ အိပ်ရာကျတော့လည်း သစ်သားအခင်း အိပ်ရာ။ မနက်လင်း၍ ကော်ဖီ သောက်တော့လည်း မြေအိုး မြေခွက်နှင့် တောဆန်ဆန်။

သူတို့သည် ပူစရာ ပင်စရာ ဆို၍ ဘာကိုမှ မစဉ်းစား မတွေးတောဘဲ အချိန်ရှိသမျှ အနားယူကြသည်။ စားလိုက်၊ သောက်လိုက်၊ အိပ်လိုက်နှင့် အချိန်ကုန်ကြသည်။ ညနေခင်းများတွင် အင်ဒရူးသည် ဟိုတယ် ပိုင်ရှင်နှင့် ဘိလိယက် ထိုးရာ နိုင်သည့်အခါ နိုင်၍ ရှုံးသည့်အခါ ရှုံးလေသည်။

ဤသို့ဖြင့် တစ်လတည်း ဟူသော အချိန်သည် ကုန်ဆုံးခဲ့လေ၏။

ထိုနောက် အင်ဒရူးသည် လွန်ခဲ့သော ဆယ့်ငါးရက်ခန့်က ရခဲ့သော စာတစ်စောင်ကို သတိရလာသည်။ ထိုစာကို မဖောက်ဘဲ ပစ်ထားခဲ့၏။ စာအိတ်ပေါ်တွင် အစွန်းအကွက်များပင် ပေကျံလျက် ရှိလေပြီ။ ထိုစာကို သူ အပေါ် အင်္ကျီ အိတ်ကပ်ထဲတွင် ထည့်ထားခဲ့သည်မှာ ကြာပြီ။ အင်္ကျီအိတ်ကို နှိုက်တိုင်း ထိုစာကို စမ်းမိသည်။ သို့သော်လည်း အနားယူချိန်တွင် မဖောက် ဟူသော ဆုံးဖြတ်ချက်အရ မဖောက်ဖြစ်ခဲ့ပေ။

တစ်နေ့သော နံနက်ခင်းတွင် ခရစ္စတီက စာကို ဖောက်ခိုင်းသည်။


www.burmeseclassic.com

www.burmeseclassic.com



'ဖောက်လိုက်ပါ ကိုရယ်'

အင်ဒရူးသည် ပင်လယ် သဲသောင်ပြင်ထက်ဝယ် အလျားမှောက်ကာ နေဆာလှုံရင်းမှ စာကို ဖောက်ဖတ်သည်။ ပြီးတော့ ထ၍ ထိုင်သည်။ စာကို ဒုတိယအကြိမ် ဖတ်ပြန်၏။ ထိုနောက် ခရစ္စတီ လက်သို့ လှမ်းပေးလေသည်။

စာမှာ ပါမောက္ခ ချယ်လစ်ထံမှ ဖြစ်၏။ စာတွင် အင်ဒရူး၏ သုတေသန စာတမ်းကို ကျောက်မီးသွေးတွင်းနှင့် သတ္တုတွင်း လုပ်သားများ ကျန်းမာမှု ဆိုင်ရာ ဘုတ်အဖွဲ့မှ များစွာ စိတ်ဝင်စားခဲ့ကြောင်း၊ အမှုန်နှင့် ဖုန်များ ကို ရှူရှိုက်မိ၍ ဖြစ်လာရသော ရောဂါသည် အလုပ်သမားများ၏ ပြဿနာကို လွှတ်တော်သို့ တင်ပြနိုင်ရန် အစီအစဉ် ရှိနေကြောင်း၊ ယင်း အစီအစဉ် အတွက် အချိန်ပြည့် ဆရာဝန် တစ်ဦးကို ဘုတ်အဖွဲ့မှ ခန့်ထားရန် ရှိနေကြောင်း၊ အင်ဒရူးမှာ ဤပြဿနာနှင့် ဆက်စပ်နေသော သုတေသန လုပ်ငန်း ကို မကြာသေးခင်ကမှ လုပ်ခဲ့ဖူးသော ဆရာဝန် တစ်ဦး ဖြစ်နေသဖြင့် ဘုတ်အဖွဲ့မှ အင်ဒရူးအား ခန့်ထားရန် သဘောတူထားကြောင်း ရေးထားလေ၏။

ခရစ္စတီသည် စာကို ဖတ်ပြီးသောအခါ ဝမ်းသာ ရွှင်မြူးသော မျက်နှာ ဖြင့် အင်ဒရူးအား ကြည့်သည်။

'ကျွန်မ ရှင့်ကို မပြောခဲ့ဘူးလား၊ အချိန်တန်ရင် သူ့ဟာသူ ဖြစ်လာ ပါလိမ့်မယ်လို့'

အင်ဒရူးသည် ကျောက်ခဲများကို တစ်လုံးချင်းစီ ကောက်၍ ပင်လယ် ကမ်းခြေဘက်သို့ အမှတ်မထင် ပစ်ပေါက်နေရာမှ ရေရွတ်လိုက်သည်။

'အလုပ်ကတော့ ကုသခန်းဆိုင်ရာ အလုပ် တစ်ခုပဲ၊ အခြား အလုပ်မျိုး ဖြစ်ရင် ကောင်းမှာ၊ အင်းပေါ့လေ၊ သူတို့ကလည်း ကိုဟာ ကုသမှု ပညာရှင် တစ်ဦးမှန်း သိကြမှာပေါ့လေ'

ခရစ္စတီက အင်ဒရူးအား ကြည့်၍ ပြုံးသည်။

'ကျွန်မတို့ နှစ်ယောက် သဘောတူထားခဲ့တဲ့ အချက်ကို မေ့တော့မလို့ လား၊ အလုပ် မလုပ်ဘဲ အလုပ်နှင့် ပတ်သက်တာတွေ မတွေးဘဲ တနင်္ဂနွေ ခြောက်ပတ်တိတိ နားမယ် ဆိုတဲ့ အချက်လေ၊ ဒီစာကြောင့် ကျွန်မတို့ ပျော်ပျော်ရွှင်ရွှင် အနားယူနေတာလေး မပျက်စေချင်ဘူးကွယ်'

'မမေ့ပါဘူး၊ မမေ့ပါဘူး'

ပြောရင်းကပင် အင်ဒရူးသည် သူ့ လက်ပတ်နာရီကို ကြည့်သည်။





'စိတ်ချပါ၊ ကိုတို့ သတ်မှတ်ထားတဲ့ အတိုင်း ရောက်ပြည့်အောင် နေး မှာပါ၊ ဒါပေမဲ့'

သူသည် ထိုင်ရာမှ ခုန်၍ ထလိုက်ပြီး ခရစ္စတီ၏ လက်ကို ဆွဲ၍ ထိုင်ရာမှ ထစေသည်။

'ကိုတို့ ကြေးနန်းရုံးကို ပြေးလိုက်ကြဦးစို့လားကွာ၊ ကြေးနန်းအော ရိုက်တာလောက်ကတော့ ကိုတို့မှာ ဘာပြဿနာမှ မရှိနိုင်ပါဘူး'

[ဒုတိယတွဲကို ဆက်လက် ဖတ်ရှုပါရန်။]



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၃



www.burmeseclassic.com

www.burmeseclassic.com

[၁]

ကျောက်မီးသွေးတွင်းနှင့် သတ္တုတွင်း အလုပ်သမားများ၏ ကျန်းမာရေး ဆိုင်ရာ ဘုတ်အဖွဲ့ကို အတိုကောက်အားဖြင့် မင်၊ အက်ဖ်၊ ဘီ ဟု လူသိများကြ၏။ မင်အက်ဖ်ဘီရုံးကို လန်ဒန်မြို့ တင်းမြစ်၏ ဘယ်ဘက်ကမ်း တာရီ ပေါ်ရှိ အလွန် ခံ့ညား ထည်ဝါသည့် အဆောက်အအုံကြီး တစ်ခုတွင် ဖွင့်လှစ်ထားသည်။ ဝက်စမင်စတာ ဥယျာဉ်နှင့်လည်း များစွာ မဝေးပေ။ ကုန်သွယ်ရေး ဘုတ်အဖွဲ့၊ သတ္တုတွင်း ဌာနများနှင့်လည်း နီးသဖြင့် သွားမှု လာမှု ဆက်သွယ်မှု လွယ်ကူလေသည်။ ယင်းဌာန နှစ်ခုသည် မင်အက်ဖ်ဘီ အဖွဲ့၏ ရည်ရွယ်ချက်ကို လုံးဝ ဂရုမပြုဘဲ သူတို့ ဌာန တစ်ဌာနချင်းစီ၏ အကျိုးကိုသာ ရှေ့တန်း တင်နေကြသည့် အားလျော်စွာ မင်အက်ဖ်ဘီ အဖွဲ့ အပေါ် စိမ် ခန့်ခွဲမှု ကိစ္စကို အကြောင်းပြု၍ ဌာနချင်း အမြဲတစေ ရန်ဖြစ်နေကြသည့် ဌာနများ ဖြစ်လေသည်။

ဩဂုတ်လ ၁၄ ရက်နေ့သည် ရာသီဥတု ကောင်းမွန်၍ အလွန် သာယာ ကြည်လင်သော နေ့တစ်နေ့ ဖြစ်၏။ ထိုနေ့တွင် စိတ်သစ် လူသစ် ဖြစ်ကာ အားမာန်သစ် ဝင်လျက်ရှိသော အင်ဒရူ သည် မင်အက်ဖ်ဘီရုံ့ အဆောက်အအုံပေါ်သို့ အလွန် တက်ကြွသော စိတ်ဓာတ်ဖြင့် လှမ်းတက်လျက် ရှိ၏။ သူ့မျက်လုံးများသည် လန်ဒန် မြို့တော်ကြီးကို အနိုင်ယူတော့မည့် အရိပ်အယောင်များကိုပင် ဖော်ပြနေသယောင် ရှိ၏။

'ကျွန်တော်ဟာ ကျန်းမာရေး အရာရှိသစ်ပါ'

ရုံးထဲသို့ အရောက်တွင် ပထမဦးဆုံး တွေ့ရသည့် ယူနီဖောင်း ဝတ်စုံနှင့် ဝန်ထမ်းအား အင်ဒရူးက ပြောသည်။ ဝန်ထမ်းကလည်း တရိတသေ



www.burmeseclassic.com

www.burmeseclassic.com

တလေးတစားနှင့် ဆီးကြိုသည်။ သူ၏ အပြုအမူမှာ အင်ဒရူး ရောက်အလာကို မျှော်လင့်နေပုံ ရလေသည်။

'ဟုတ်ကဲ့ ခင်ဗျာ၊ ကောင်းပါပြီ ခင်ဗျာ၊ ဒေါက်တာ့ အနေနှင့် ကျွန်တော်တို့ ဆရာ မစ္စတာ ဂစ်လ်ဂျုံးကို တွေ့ချင်လိမ့်မယ်လို့ ထင်ပါတယ်' ဟု အင်ဒရူးအား ပြောနေရာမှ တစ်ဆက်တည်းပင် ဓာတ်လှေကားစောင့် ဘက်သို့ လှည့်၍ 'ငါတို့ ဆရာဝန် အသစ်ကို မစ္စတာ ဂစ်လ်ဂျုံး အခန်းထိ ပို့ပေးလိုက်ပါကွာ' ဟု ပြောလိုက်လေ၏။

ဓာတ်လှေကားသည် ညင်သာစွာ တက်သွားသည်။ အစိမ်းရောင် သုတ်ထားသော အခန်းများနှင့် နံရံများစွာကို ရိပ်ခနဲ ရိပ်ခနဲ မြင်တွေ့လိုက်ရပြီးနောက် တစ်ခုသော အထပ်တွင် ရပ်သွားလေသည်။ စောစောက သူ တွေ့ခဲ့ရသော ဝန်ထမ်း၏ ဝတ်စုံမျိုးနှင့် ဝန်ထမ်း တစ်ဦးအား ထပ်မံ တွေ့ရပြန်သည်။ ထိုဝန်ထမ်းကပင် သူ့အား ကြီးမား ကျယ်ဝန်း၍ အလင်းရောင် ကောင်းစွာရသော အခန်းကြီး တစ်ခုဆီသို့ ခေါ်သွားသည်။ ခဏမျှ အကြာတွင် သူသည် ထိုအခန်းကြီး အတွင်း၌ လက်ထဲမှ တိုင်းမ်် သတင်းစာကို လွှတ်ချလိုက်ပြီး ထိုင်နေရာမှ ကကိုက်ကရိုက် ထကာ သူ့အား ဆီးကြိုလိုက်သော မစ္စတာ ဂစ်လ်၏ လက်များကို ဆွဲကိုင် နှုတ်ဆက်လျက် ရှိနေလေ၏။

'ကျွန်တော် အလုပ်ဝင်တာ နည်းနည်း နောက်ကျသွားတယ်၊ ကျွန်တော်တို့ မနေ့ကမှ ပြင်သစ်က ပြန်ရောက်ပါတယ်၊ ဒါပေမဲ့ အလုပ် လုပ်ဖို့ကတော့ အဆင်သင့် ဖြစ်နေပါပြီ'

အင်ဒရူးက အားတက်သရော ပြောလေသည်။

'ကောင်းပါတယ်'

ဂစ်လ်ကလည်း အလိုက်သင့်ပင် ပြန်ပြောသည်။ ဂစ်လ်သည် ခပ်ပျော်ပျော် နေတတ်ပုံ ရ၏။ ရွှေကိုင်း မျက်မှန် တပ်ထားပြီး နက်ပြာရောင် ဝတ်စုံနှင့် နက်ပြာရောင် နက္ကတိုင်များကို သေသပ်စွာ ဝတ်ထားသည်။ သူသည် အင်ဒရူးအား ဖော်ရွေသော အပြုံးဖြင့် ဆီးကြိုလျက် ရှိလေသည်။

'ထိုင်ပါ ခင်ဗျာ၊ လက်ဖက်ရည် သောက်မလား၊ နွားနို့ ပူပူကလေး သောက်မလား၊ ကြိုက်တာ ပြောပါ၊ ကျွန်တော်ကတော့ ဆယ့်တစ်နာရီ ထိုးမှ တစ်ခုခု သောက်လေ့ ရှိပါတယ်၊ ဒါပေမဲ့ ဩော် အခုပဲ ဆယ့်တစ်နာရီ ထိုးတော့မှာပဲ'

'ဟုတ်ကဲ့၊ ကျွန်တော်...'





အင်ဒရူးသည် စကားကို မဆက်နိုင်သေးဘဲ တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ ပြီးမှ 'အလုပ် အကြောင်းကို လက်ဖက်ရည် သောက်ရင်း ပြောပြနိုင်ပါတယ်' ဟု ဆက်ပြောလေသည်။

ငါးမိနစ်ခန့် အကြာတွင် လက်ဖက်ရည် တစ်ခွက်နှင့် နွားနို့ ပူပူ တစ်ဖန်ခွက်ကို ယူ၍ ဝန်ထမ်း တစ်ဦး ဝင်လာသည်။ 'ကျွန်တော် ယူလာတာ မှန်လိမ့်မယ်လို့ ထင်ပါတယ် မစ္စတာ ဂစ်လ်၊ နွားနို့ကို ကျအောင် ကျိုလာပါတယ်' ဟု ပြောသည်။

'ကျေးဇူးတင်တယ် စတီဗင်'

စတီဗင် ပြန်ထွက်သွားသည့် အခါ ဂစ်လ်က အင်ဒရူးကို ကြည့်၍ ပြုံးသည်။

'စတီဗင်ဟာ အင်မတန် အသုံးဝင်တဲ့ လူတစ်ယောက် ဆိုတာ နောက်တော့ ဒေါက်တာ သိလာပါလိမ့်မယ်၊ အလွန် အရသာ ထူးတဲ့ ပေါင်မုန့် ထောပတ်သုတ် ကောင်းကောင်း လုပ်ပေးနိုင်တယ်၊ တကယ်တမ်းကျတော့လည်း ရုံးမှာ လက်တို လက်တောင်း ခိုင်းဖို့ အတွက် လူကောင်း ရဖို့က မလွယ်ဘူး၊ ကျွန်တော်တို့ဆီမှာ ရောက်နေတဲ့ ဝန်ထမ်းတွေကလည်း ဌာနပေါင်းစုံက လူတွေ၊ ပြည်ထဲရေး ဌာန၊ သတ္တုတွင်း ဌာန၊ ကုန်သွယ်ရေး ဘုတ်အဖွဲ့ စတဲ့ ဌာနတွေက လူတွေ၊ အဲဒီတော့ လူပေါင်းစုံတယ်လို့ ဆိုရမှာပေါ့၊ ကျွန်တော် ကိုယ်တိုင်ကလည်း ရေကြောင်း ထိန်းသိမ်းရေး အဖွဲ့ရုံးက လာတဲ့ လူပါ'

အင်ဒရူးသည် နွားနို့ သောက်ရင်းမှ သူ လုပ်ရမည့် တာဝန်ပိုင်းကို မေးသည်။ ဂစ်လ်က အင်ဒရူး၏ အမေးကို မဖြေဘဲ ရာသီဥတု အကြောင်း၊ အင်ဒရူးတို့ ရောက်ခဲ့သည့် ပြင်သစ်နိုင်ငံမှ ဘရစ်တန်နီနယ် အကြောင်း၊ ပြည်သူ့ဝန်ထမ်းများ၏ ပင်စင် စီမံကိန်း အကြောင်း စသည့် အလုပ်နှင့် မဆိုင်သော အကြောင်းအရာများကိုသာ ပြောနေလေသည်။ ထိုနောက် သူ ကိုယ်တိုင်ပင် အင်ဒရူး၏ အခန်းသို့ လိုက်ပို့လေ၏။

အင်ဒရူး အတွက် ပြင်ဆင်ထားသည့် အခန်းမှာ ကျယ်ကျယ်ဝန်းဝန်း ရှိလှပေသည်။ အပြင်အဆင်ကလည်း ခမ်းနား၏။ ကော်ဇောကို ခန်းလုံးပြည့် ခင်းထားလေ၏။ အလင်းရောင်လည်း ကောင်းစွာ ရသည်။ တင်းမြစ်ကို အပေါ်မှ စီး၍ မြင်နိုင်သည့် နေရာ ဖြစ်သည်။ အခန်းမှာ လုံလုံခြုံခြုံလည်း ရှိလှသည်။ အပြင်မှ အသံဗလံများ မဝင်နိုင်အောင် စီမံထားသည့် အသံလုံခန်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါက်တာ့ အတွက် ဒီအခန်းကို ကျွန်တော် ကိုယ်တိုင် ရွေးခဲ့တာပဲ၊ ပြန်ပြီး ပြုပြင် မွမ်းမံခဲ့ရသေးတယ်၊ ဆောင်းရာသီမှာ သုံးဖို့ ကျောက်မီးသွေး မီးဖိုလည်း ရှိတယ်၊ အဆင်တော့ ပြေပါလိမ့်မယ်၊ ဒေါက်တာ သဘောကျရဲ့ လား'

'သဘောကျပါတယ်၊ သိပ်ကိုကောင်းတဲ့ အခန်းပဲ၊ ဒါပေမဲ့...'

'ကဲ လာ၊ ဒေါက်တာရဲ့ အတွင်းရေးမှူး မစ္စ မာဆန်နှင့် မိတ်ဆက်ပေးမယ်'

ဂစ်လ်သည် အင်ဒရူး၏ အခန်းနှင့် ဆက်နေသော တစ်ဖက်ခန်း၏ တံခါးကို အသာအယာ ခေါက်လိုက်ပြီး အသာအယာပင် တွန်း၍ ဖွင့်လိုက်သည်။ စားပွဲငယ် တစ်လုံးတွင် ထိုင်၍ သတင်းစာ ဖတ်နေသည့် မစ္စ မာဆန်သည် သူမ၏ လက်ထဲမှ ဖတ်လက်စ တိုင်းမ် သတင်းစာကို ချထားလိုက်ပြီး ထိုင်နေရာမှ ထရပ်လိုက်သည်။

'ကောင်းသော နံနက်ခင်းပါ မစ္စ မာဆန်'

'ကောင်းသော နံနက်ပါ မစ္စတာ ဂစ်လ်'

'မစ္စ မာဆန်၊ ဒီဟာ ဒေါက်တာ မေဆန်'

'ကောင်းသော နံနက်ခင်းပါ မစ္စတာ မေဆန်'

အပြန်အလှန် နှုတ်ဆက်နေကြသည်များကို ကြည့်ကာ အင်ဒရူးမှာ ခပ်ကြောင်ကြောင် ဖြစ်သွားမိသေးသော်လည်း ချက်ချင်းပင် သူ့ကိုယ်သူ ပြန်ထိန်းပြီး သူတို့နှင့် ရော၍ စကားပြောနိုင်အောင် ကြိုးစားသည်။

ငါးမိနစ်ခန့်မျှ ထွေရာလေးပါး စကားများ ပြောဆိုပြီးသော် ဂစ်လ် သည် အင်ဒရူးအား တလေးတစား နှုတ်ဆက်၍ ပြန်သွားသည်။ သူ မပြန်မီ အင်ဒရူးအား 'ကျွန်တော် ခင်ဗျား အတွက် ဖိုင်တချို့ ပို့လိုက်မယ်' ဟု ပြော သွားလေသည်။

ဂစ်လ် ပို့လိုက်မည်ဟု ပြောသွားသော ဖိုင်များကို စတီဗင် လာ၍ ပို့ သည်။ စတီဗင်သည် ပေါင်မုန့် ထောပတ်သုတ်ခြင်းနှင့် နွားနို့ ဖျော်ခြင်း၌သာ ကျွမ်းကျင်သည် မဟုတ်ပေ။ ဖိုင်တွဲများကို အသယ်အယူ ပြုလုပ်ရာ၌လည်း တစ်နာရီလျှင် တစ်ကြိမ်ကျ အင်ဒရူး အခန်းအတွင်းသို့ ဝင်၍ 'ဝင်စာ' ခွက် ထဲသို့ ထည့်စရာ ရှိသည်များကို သပ်သပ်ရပ်ရပ် ဖြစ်အောင် ထည့်ပေးသည်။ ဝင်စာများကို တင်နေရင်းမှ 'ထွက်စာ' ခွက်ကို ကြည့်သည်။ ထွက်စာ ခွက် တွင် စာရွက် တစ်ရွက်တလေမျှပင် မရှိချေ။





အင်ဒရူးသည် ဂစ်လ် ပို့လိုက်သော ဖိုင်များကို တစ်ခုပြီး တစ်ခု ဖတ် သည်။ ဖိုင်များမှာ မင်၊ အက်ဖ်၊ ဘီ အဖွဲ့၏ အစည်းအဝေး မှတ်တမ်း အဟောင်းများ ဖြစ်၍ အရေးကြီးသော အချက်အလက်များ လုံးဝ မပါချေ။ ဖတ်ရသည်မှာ အလွန် ပျင်းစရာ ကောင်းသည်။ သူသည် အချိန် အနည်းငယ်မျှနှင့် မှတ်တမ်း အားလုံးကို ဖတ်၍ ပြီးသွားလေ၏။

အလွန် အလုပ် လုပ်ချင်နေသော အင်ဒရူးတွင် ဘာတစ်ခုမှ လုပ်စရာ မရှိတော့ပေ။ သူသည် စိတ်ပျက်လက်ပျက်နှင့် မစ္စ မာဆန်ကို ခေါ်၍ စကား စမြည် ပြောကြည့်သည်။ မစ္စ မာဆန်၏ ပြောပြချက်အရ သူမသည် ပြည်ထဲ ရေး ဌာန လက်အောက်ရှိ ရေခဲစိမ် အသားများ စစ်ဆေးရေး ဌာနစိတ်မှ လာ သူ ဖြစ်ကြောင်း သိရ၏။ သူမကလည်း အလုပ်နှင့် ပတ်သက်၍ မည်မည်ရရ ပြောပြတတ်ခြင်း မရှိပေ။ သူမက ရုံးချိန်မှာ နံနက် ဆယ်နာရီမှ ညနေ လေး နာရီ အထိ ဖြစ်ပါသည်ဟု ပြောပြသည်။ နောက်ထပ် သူမထံမှ သိရသည့် အကြောင်းအရာမှာ သူမ ဒုတိယ ခေါင်းဆောင် အဖြစ် ပါဝင်နေသော သူမ၏ ရုံးခန်းမှ အမျိုးသမီး ဟော်ကီ အသင်း အကြောင်းသာ ဖြစ်သည်။ သူမ၏ တိုင်းမ် သတင်းစာကို ဖတ်မလားဟုလည်း မေးသည်။ သူမ၏ အကြည့်မှာ အေးအေးသာသာ နေစေလိုသော ဆန္ဒကို ဖော်ပြနေပုံရပေ၏။

သို့သော်လည်း အင်ဒရူးကတော့ စိတ်အေး နားအေး မနေနိုင်ချေ။ အနားယူပြီးစမို့ စိတ်သစ် လူသစ် ဖြစ်လျက် ရှိပေရာ အလုပ်ကိုသာ များများ လုပ်လိုသည်။ ယခု တွေ့နေရသည့် အခြေအနေ အရ ဆိုလျှင် သူသည် လုပ် စရာ ကိုင်စရာ များများစားစား ရှိမည့်ပုံ မပေါ်ပေ။ သူသည် စိတ်ပျက်စွာဖြင့် အသက်ဝင် လှုပ်ရှားလျက် ရှိသော မြစ်ပြင်ကို ငေးမောနေမိသည်။ မြစ်ပြင် ထက်ဝယ် ဆွဲသင်္ဘောများနှင့် ကျောက်မီးသွေးတင် သင်္ဘောကြီးများသည် ပျားပန်းခပ်မျှ သွားလာ လှုပ်ရှားလျက် ရှိကြလေ၏။

ခဏမျှ အကြာတွင် အင်ဒရူးသည် ဂစ်လ်ထံ ပြန်ရောက်လာသည်။

'ကျွန်တော့် အလုပ်ကို ဘယ်တော့လောက်မှ စပြီး လုပ်နိုင်မယ် ထင် သလဲ'

အင်ဒရူး၏ မေးခွန်းကြောင့် ဂစ်လ် အံ့အားသင့်သွားသည်။

'ဘယ်လိုလဲ ဒေါက်တာ၊ ကျွန်တော်ဖြင့် အံ့လို့ မဆုံးတော့ဘူး၊ ကျွန် တော် ပေးခဲ့တဲ့ ဖိုင်တွေဟာ ဒေါက်တာ့ အတွက် တစ်လစာ အလုပ် ပေးထား တာပဲ'



www.burmeseclassic.com

www.burmeseclassic.com

ဂစ်လ်သည် သူ့လက်မှ နာရီကို ကြည့်သည်။

'လာဗျာ၊ နေ့လယ်စာ စားဖို့ အချိန် ကျနေပြီ၊ အပြင် သွားရအောင်'

နေ့လယ်စာ စားရင်းနှင့် ဂစ်လ်ဂျူးက မင်၊ အက်ဖ်၊ ဘီ ဘုတ်အဖွဲ့နှင့် အလုပ်ခွင် အခြေအနေ အရပ်ရပ်ကို ရှင်းပြလေသည်။ နောက်တစ်ကြိမ် ဘုတ်အဖွဲ့ အစည်းအဝေးကို စက်တင်ဘာလ ၁၈ ရက် မတိုင်မီ ကျင်းပနိုင်လိမ့်ဦးမည်ဟု မထင်ကြောင်း၊ ဘုတ်အဖွဲ့ဝင် လူကြီး အားလုံးလိုလိုပင် ခရီးဝေးသို့ ရောက်နေကြကြောင်း၊ ပါမောက္ခ ချယ်လစ်မှာ နော်ဝေးတွင် ရောက်နေပြီး ဒေါက်တာ မောရစ် ဂက်စဘီးမှာ စကော့တလန်တွင် ရောက်နေကြောင်း၊ ဘုတ်အဖွဲ့ ဥက္ကဋ္ဌ ဆာ ဝီလျံ ဒီဝါးမှာ ဂျာမနီသို့ သွားနေ၍ ဂစ်လ် ဂျူး၏ အကြီးအကဲ ဖြစ်သော မစ္စတာ ဘလိတ်မှာ မိသားစုနှင့် အတူ ဖရင်တန်တွင် ရှိနေကြောင်း ဂစ်လ်က ပြောပြလေသည်။

ထိုနေ့ ညနေ ရုံးဆင်းချိန်တွင် အင်ဒရူးသည် သူ့အလုပ်နှင့် ပတ်သက်၍ ရောက်တတ်ရာရာများကို တွေးကာ ပြန်လာခဲ့ရလေ၏။ လောလောဆယ်တွင် သူတို့၏ အိမ်ထောင် ပရိဘောဂ ပစ္စည်းများမှာ ရောက်မလာသေးသဖြင့် အားလ်ကုတ်ဘက်တွင် အခန်းကလေး တစ်ခန်းကို တစ်လမျှ ယာယီ ငှားကာ နေထိုင်လျက် ရှိကြသည်။ သူတို့နှင့် သင့်တော်မည့် အိမ်တစ်အိမ် ရှာ၍ ငှားရမည့် တာဝန်က ရှိသေးသည်။ ယခုလို အလုပ် တာဝန် မများသေးသည့် အချိန်တွင် အိမ်ကောင်းကောင်း ရအောင် ရှာဖို့ အချိန်တော့ ရလိမ့်မည်ဟု ထင်၏။

'လောလောဆယ်တော့ဖြင့် ကိုယ့်မှာ ဘာမှ လုပ်စရာ မရှိသေးဘူး ခရစ္စတီ၊ ကို့ အတွက် အလုပ် တာဝန် ချပေးဖို့ သူတို့မှာ အဆင်သင့် မဖြစ်ကြသေးဘူး၊ ဒီတစ်လလုံးကိုတော့ နွားနို့ သောက်လိုက်၊ တိုင်းမ် သတင်းစာ ဖတ်လိုက်၊ လက်မှတ်တို ထိုးလိုက်နဲ့ပဲ အချိန်ကုန်ရမယ့် အပေါက်ပဲ၊ တစ်ခါ တလေတော့လည်း ကို့ အတွင်းရေးမှူး မစ္စ မာဆန်နှင့် သူတို့ အမျိုးသမီး ဟော်ကီ အသင်း အကြောင်းတော့ ပြောနိုင်မှာပေါ့လေ'

သူ့ အလုပ်နှင့် ပတ်သက်၍ အင်ဒရူးက ခရစ္စတီအား ဤသို့ပင် ပြောပြသည်။ ခရစ္စတီမှာကတော့ ပြောစရာတွေ အများကြီး ရှိနေလေသည်။

'နေစမ်းပါဦး အင်ဒရူးရယ်၊ ရှင့်အလုပ် အကြောင်းချည်းသာ ပြောမနေပါနှင့်ဦး၊ ရှင့် မိန်းမနှင့် စကားပြောဖို့ အချိန်ပေးစမ်းပါဦး၊ ကျွန်မတို့ အခု ရောက်နေတဲ့ နေရာကလေး မဆိုးဘူး သိလား၊ နေရာကောင်းလေးပဲ၊ ကနေ့





နေ့ခင်းပိုင်း ကျွန်မ လျှောက်ကြည့်ခဲ့တယ်၊ ချယ်လဆီးဘက် အထိ ရောက်အောင် သွားခဲ့တာ၊ ကြည့်စရာတွေ အများကြီး ရှိတာပဲ၊ ကာလိုင်လ်ရဲ့ အိမ် ဘယ်နားမှာ ရှိတယ် ဆိုတာရော၊ တိတ် ပြတိုက် ဘယ်နားမှာ ရှိတယ် ဆို တာရော ကျွန်မ သိခဲ့တယ်၊ ကျွန်မတို့ သွားကြမယ် ဆိုရင် သွားစရာတွေ အများကြီး ရှိတယ် သိလား၊ ပန်းခြံတွေ အများကြီး ရှိတယ်၊ တစ်ပဲနီ ပေးပြီး ကူး အထိ အပျော်စီး သင်္ဘော စီးနိုင်တယ်၊ ရေ့လ ဆိုရင် အဲလဘတ် ခန်းမ မှာ ကရစ်စလား အဖွဲ့ ရောက်မယ်၊ နောက်ပြီး နယူးယောက် ဓာတ်ရုံများ အသင်းကြီးက ပြဇာတ် တစ်ခုလည်း ကနေတယ်၊ အို ကြည့်စရာတွေ လည်း စရာတွေကဖြင့် အများကြီးပဲ၊ ဒီအနား တစ်ဝိုက်က ဆိုင်တွေမှာ တစ်နေ့ခင်း လောက် ရှင်နှင့် အတူတူ ထွက်ပြီး နေ့လယ်စာ စားရရင်လည်း သိပ် ပျော် စရာ ကောင်းမှာပဲ သိလား၊ ကျွန်မတို့ တစ်နေ့လောက် ထွက်ပြီး စားကြရ အောင်နော်၊ ဟောဒီ လမ်းမကြီး အတိုင်း လျှောက်သွားရင် ရုရှ စားသောက် ဆိုင် တစ်ဆိုင် ရှိတယ်၊ ဆိုင်ကြည့်ရတာ ကောင်းပုံပဲ၊ ရှင် မပင်ပန်းဘူး ဆို ရင် သွားပြီး စားကြရအောင်လား'

ခရစ္စတီ ဤမျှလောက် ဝမ်းသာ ရွှင်မြူးနေသည်ကို အင်ဒရူး မမြင်ခဲ့ ဖူးပေ။ ယခု အကြိမ်သည် ပထမဆုံး အကြိမ် တွေ့မြင်ဖူးခြင်း ဖြစ်၏။

'မင်းဟာ ဒီအိမ်မှာ အရေးပါ အရာအရောက်ဆုံး ပုဂ္ဂိုလ်ကြီးပဲ ခရစ္စတီ၊ မင်း လိုချင်တာ မှန်သမျှ ဖြစ်ရမှာပေါ့၊ ကိုလည်း ကနေ့ အလုပ်တွေ တပင် တပန်း လုပ်ခဲ့ရတာမို့ ဒီညနေခင်း အချိန်ကို ပျော်ပျော်ပါးပါး အသုံးချရလိမ့် မယ်'

အင်ဒရူးက ရွှင်လန်း မြူးထူးနေသော ခရစ္စတီကို ကြည့်၍ ခပ်သော သော ပြောလိုက်လေ၏။

နောက်တစ်နေ့ မနက်တွင်လည်း အင်ဒရူးသည် သူ့ စားပွဲပေါ်သို့ ရောက်လာသမျှ ဖိုင်များကို ဖတ်၍ ဖတ်ရှုပြီးကြောင်း လက်မှတ်တို ထိုးသည်။ ဆယ့်တစ်နာရီ ထိုးတော့ သူ့တွင် လုပ်စရာ တစ်ခုမျှ မရှိတော့ပေ။

သူသည် အလုပ်မရှိဘဲ အခန်းထဲ ထိုင်နေရခြင်းကို စိတ်ပျက် ငြီးငွေ့ လာသည်။ အပျင်းပြေ အဆောက်အအုံ တစ်ခုလုံးကို လှည့်လည် ကြည့်ရှု ရလျှင် ကောင်းလိမ့်မည်ဟု တွေးမိသဖြင့် အခန်းထဲမှ ထွက်ခဲ့လေ၏။

အဆောက်အအုံထဲတွင် စိတ်ဝင်စားစရာ ဟူ၍ တစ်ခုမျှ မတွေ့ရချေ။ အပေါ်ဆုံးထပ်သို့ အရောက်တွင် အခန်းရှည်ကြီး တစ်ခုကို တွေ့ရ၏။ ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



ခွဲခန်း အဖြစ် သုံးလျှင် သင့်တော်မည့် အခန်းမျိုး ဖြစ်၏။ ထိုအခန်းထဲဝယ် ဆာလဖာများ ထည့်သည့် သေတ္တာဟောင်း တစ်လုံးပေါ်၌ လူငယ် တစ်ဦးသည် အကျအန ထိုင်၍ လက်သည်း ညှပ်နေသည်ကို တွေ့ရလေသည်။ လူငယ် ဝတ်ထားသည့် အင်္ကျီအရှည် အဖြူမှာ ညစ်ပတ် ပေရေလျက် ရှိသဖြင့် အဖြူရောင်ပင် မပေါ်တော့ပေ။

'ဟယ်လို'

အင်ဒရူးက လှမ်း၍ နှုတ်ဆက် လိုက်သော်လည်း လူငယ်ထံမှ ဘာသံမှ မကြားရပေ။ ခဏကြာမှ မပြောချင် ပြောချင် အသံမျိုးဖြင့် စကားပြောသံ ပေါ်ထွက်လာသည်။

'တကယ်လို့ ကိုယ့်လူ လမ်းမှားပြီး ရောက်လာတာ ဆိုရင်တော့ ဟိုဘက်မှာ ဓာတ်လှေကား ရှိတယ်၊ ပြန်ဆင်းသွားပေတော့'

အင်ဒရူးသည် ဓာတ်ခွဲခန်းသုံး နံရှည်ကြီးကို မှီ၍ ရပ်လိုက်ပြီး သူ့အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်သည်။ ပြီးတော့မှ 'လက်ဖက်ရည် မရဘူးလား' ဟု ထပ်မေးပြန်လေ၏။

လူငယ်၏ ဦးခေါင်းသည် မော့လာပြီး အင်ဒရူးကို တစ်ချက် စောင်း၍ ကြည့်သည်။ ယခုမှပင် ပြန်၍ ကြည့်ဖော်ရလေသည်။

'လက်ဖက်ရည်က ကြွက်ဖြူတွေ အတွက်ပဲ ရတယ်၊ ဒီနေရာမှာ လူတွေ အတွက် လက်ဖက်ရည် မရဘူး၊ လက်ဖက်ခြောက်က ကြွက်တွေ အတွက် အလွန် အာဟာရ ပြည့်ဝတဲ့ အစာပဲ'

အင်ဒရူးက လှိုက်လှိုက်လှဲလှဲ ရယ်မိလေသည်။

လူငယ်သည် သူ့ထက် အသက် ငါးနှစ်ခန့် ငယ်လိမ့်မည်ဟု ခန့်မှန်းရပေသည်။

'ကျွန်တော့် နာမည် မေဆန်ပါ'

အင်ဒရူးက သူ့ကိုယ်သူ မိတ်ဆက်သည်။

'ခင်ဗျားက အပယ်ခံ လူတွေနှင့် လာပြီး ဆက်သွယ်တဲ့ လူကိုးဗျ၊ ကျွန်တော့် နာမည်က ဒေါက်တာ ဟုတ်ပ်၊ ဟုတ်ပ် ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်က မျှော်လင့်ခြင်း တဲ့၊ ကျွန်တော့်မှာတော့ ဘာမျှော်လင့်ချက်မှ မရှိဘူး'

'ခင်ဗျားက ဒီမှာ ဘာလာလုပ်ရတာလဲ'

'ကျွန်တော် ဘာလုပ်ရသလဲ ဆိုတာကတော့ ဘုရားသခင် တစ်ဦးပဲ





သိမယ်၊ အဲ ဘီလီ ဘတ်တန် ဆိုတဲ့ လူလည်း သိလိမ့်မယ် ထင်တာပဲ၊ ဘီလီ ဘတ်တန် ဆိုတာက ဒီဝါးကို ပြောတာ၊ ဒီဝါး ဆိုတာလည်း ဘီလီ ဘတ်တန်ပဲ၊ ဘီလီ ဘတ်တန် ဆိုတာလည်း ဒီဝါးပဲ၊ နှစ်ယောက် မဟုတ်ဘူး၊ တစ်ယောက်တည်း အတူတူပဲ၊ ကျွန်တော့်ရဲ့ အလုပ် တာဝန်ကတော့ တစ်ခါတလေ ကျွန်တော် ဒီနေရာမှာ ထိုင်တယ်၊ တွေးတယ်၊ ဒါပေမဲ့ အချိန်ရှိသမျှတော့ ထိုင်နေတာ များပါတယ်၊ တွေးတောင်မှ မတွေးဘူး၊ တစ်ခါတစ်ရံမှာတော့ သူတို့ဆီက လူအသား အစအန အတုံးအတစ်တွေကို ကျွန်တော့်ဆီ ပို့ပေးတယ်၊ ပုံပျက်ပန်းပျက် ဖြစ်နေတဲ့ အသားတုံးတွေ ဆိုတော့ လူရဲ့ ဘယ်အစိတ်အပိုင်းက အသားမှန်းတောင် မသိတော့ဘူး၊ သတ္တုတွင်း အလုပ်သမားတွေရဲ့ အသားတစ်တွေပေါ့ဗျာ၊ အဲဒါကြီးတွေ ကျွန်တော့်ဆီ ပို့ပြီး ဘာကြောင့် သတ္တုတွင်းမှာ ပေါက်ကွဲမှု ဖြစ်ရသလဲ ဆိုတဲ့ မေးခွန်းမျိုး မေးတယ်'

'အဲသလို မေးတော့ ခင်ဗျားက ပြောပြလိုက်တာပဲလား'

အင်ဒရူးက ယဉ်ယဉ်ကျေးကျေးပင် မေးသည်။

'မပြောဘူး'

ဟုတ်ပ် ပြောပုံမှာ ချေချောင်ငံ မရှိ။ ခပ်ရိုင်းရိုင်း၊ ခပ်ကြမ်းကြမ်း ရှိလှသည်။

သူတို့နှစ်ဦး တွေ့လျှင် တွေ့ချင်း ဆက်ဆံပုံမှာ ခွတီးခွကျ နိုင်လှသော်လည်း ချက်ချင်းလိုလိုပင် အဆင်ပြေသွားသည်။ နှစ်ဦးသား နေ့လယ်စာ အတူတူ စားရန် အပြင်ထွက်ကြသည်။ လမ်းတွင် ဒေါက်တာ ဟုတ်ပ်က သူ့အလုပ်တာဝန် အကြောင်းကို ပြောပြသွားသည်။ အခြား အကြောင်းများကိုလည်း ပြောပြသည်။ သူ့ဘဝ အကြောင်းကိုလည်း ပြောပြလေသည်။

ဒေါက်တာ ဟုတ်ပ်သည် ကင်းဘရစ် တက္ကသိုလ်၏ ဘက်ဟောက် သုတေသန အဖွဲ့မှ ပညာရှင် တစ်ဦး ဖြစ်၏။ ပါမောက္ခ ဒီဝါးက မင်၊ အက်ဝ်၊ ဘီ အဖွဲ့ အတွက် ဓာတ်ခွဲခန်း သုတေသနသမား တစ်ဦး ခေတ္တ ငှားရန် လျှောက်လွှာ တင်ပြီး နားပူနားဆာ လုပ်ခြင်းကြောင့် အဖွဲ့မှ သူ့အား လွှတ်လိုက်ခြင်း ဖြစ်သည်။ အဖွဲ့ ရောက်လာပြန်တော့လည်း ဒေါက်တာ ဟုတ်ပ်တွင် မည်မည်ရရ လုပ်စရာ ဘာမျှ မရှိချေ။ တစ်ခါတစ်ရံ ပေါ်လာတတ်သည့် အလုပ်များမှာလည်း လက်ထောက် ဓာတ်ခွဲခန်းမှူး တစ်ဦး လုပ်နိုင်သည့် အလုပ်မျိုးသာ များလေသည်။

ဒေါက်တာ ဟုတ်ပ်က ဘုတ်အဖွဲ့ဝင် လူကြီးများ၏ တင်းတက်ကြွကြွ



www.burmeseclassic.com

www.burmeseclassic.com



မရှိမှုနှင့် ပျင်းရိ ထုံထိုင်းမှုများကြောင့် သူ့မှာ ရှုံးတော့မည့် အခြေအနေသို့ ဆိုက်နေပါသည်ဟု ဆိုသည်။ ဘုတ်အဖွဲ့ဝင် လူကြီးများ၏ စိတ်အား ထက်သန်မှု ကင်းမဲ့ခြင်းနှင့် ပျင်းရိခြင်းများကို ဒေါက်တာ ဟုတ်ပ်က 'ဥမ္မတ္တကကြီးများ၏ လောကဇိမာန်' ဟု အမည် ပေးထားလေသည်။

နိုင်ငံ အတွင်းရှိ သုတေသန လုပ်ငန်းများ၏ လက်ရှိ အခြေအနေမှာ အားရစရာ မရှိ။ ဖြစ်ရိုး ဖြစ်စဉ် ဖြစ်နေကျ အတိုင်း နာမည်ကြီးနေသည့် လက်တစ်ဆုပ်စာခန့် လူတစ်စုက လက်ဝါးကြီးအုပ်ကာ သူတို့၏ ကိုယ်ပိုင် သဘောတရားများကို ရှေ့တန်း တင်ခြင်းဖြင့် အချိန် ကုန်နေသည်။ ကိုယ်ပိုင် သဘောတရားများကို ရှေ့တန်း တင်လွန်းသဖြင့် တစ်ဦးနှင့် တစ်ဦး ပဋိပက္ခ ဖြစ်ကာ အချိန်ရှိသမျှ အချင်းချင်း ငြင်းခုံနေကြခြင်းဖြင့်သာ အချိန် ကုန်နေကြသည်ဟု ဒေါက်တာ ဟုတ်ပ်က ပြောလေသည်။

သူ့အဖြစ်မှာလည်း ဆိုးလွန်းလှပါသည်ဟု ဒေါက်တာ ဟုတ်ပ်က ဆိုသည်။ သူ့ဘဝမှာ သူ လုပ်ချင်တာကို လွတ်လွတ်လပ်လပ် မလုပ်နိုင်သော ဘဝ ဖြစ်နေသည်။ သူ တကယ်တမ်း လုပ်ချင်နေသော သုတေသန လုပ်ငန်းများကို လုပ်ခွင့် မရဘဲ ဘုတ်အဖွဲ့ဝင် လူကြီးများ စိတ်ကူးပေါက်ရာ ခိုင်းစေသမျှ ပေါက်တတ်ကရ အလုပ်များကိုသာ လုပ်နေရသဖြင့် နှစ်ဦး နှစ်ဖက်စလုံး အကျိုးယုတ်လျက် ရှိသည်ဟု ဟုတ်ပ်က ရင်ဖွင့်လေသည်။

ဒေါက်တာ ဟုတ်ပ်သည် အင်ဒရူးအား မင်အက်ဖ်ဘီ အဖွဲ့ သို့မဟုတ် သူ့ အခေါ်အားဖြင့် 'ဥမ္မတ္တကကြီးများ၏ လောကဇိမာန်' ၏ ရုပ်လုံးကို တိတိနှင့် ထိထိရောက်ရောက် ဖြစ်အောင် ရှင်းပြသည်။ အဖွဲ့ ဥက္ကဋ္ဌ ဆာ ဝီလျံ ဒီဝါးသည် အသက်က ကြီးလှပြီ ဖြစ်၍ စိတ်ရော ကိုယ်ပါ သစ်လွင်ခြင်း ကင်းမဲ့နေပြီး ဉာဏ်ပညာ အရာ၌လည်း အိုလှပြီ။ ခေတ်မီခြင်း မရှိတော့။ လုပ်သင့် လုပ်ထိုက်သည့် ကိစ္စများကျတော့ သူ လုပ်ချင်မှ လုပ်သည်။ မလုပ်သင့်တာကျတော့ ရေးကြီးခွင်ကျယ် လုပ်ကာ မဖြစ်မနေ ဗွကောင်းကောင်းနှင့် ပုရွက်ဆိတ်ကို ခါးတောင်းကျိုက်၍ ဖမ်းမည့်နယ် လုပ်ဖို့ အားထုတ်နေတတ်၏။ ထို့ကြောင့် ဒေါက်တာ ဟုတ်ပ်က သူ့အား ဘီလီ ဘတ်တန်ဟု ပြောင်လှောင်၍ ခေါ်နေခြင်း ဖြစ်၏။

အဘိုးအို ဘီလီ ဘတ်တန်သည် အင်္ဂလန် နိုင်ငံရှိ သိပ္ပံပညာရပ် ဆိုင်ရာ ကော်မတီတိုင်း လိုလိုတွင် ဥက္ကဋ္ဌ ဖြစ်လျက် ရှိသည်ဟု ဟုတ်ပ်က အင်ဒရူးအား ပြောပြသည်။ လောလောဆယ် အလွန် ထင်ရှားနေသည့် 'ကလေး





သူငယ်များ အတွက် သိပ္ပံပညာ' ဟူသော ဒီဝါး၏ အသံလွှင့် ဟောပြောချက်များ အကြောင်းကိုလည်း ပြောပြလေသည်။

ဥက္ကဋ္ဌ ဒီဝါး ပြီးလျှင် ပါမောက္ခ ရှင်နေးကို ကျောင်းသားများက 'မြင်းအကြီး' ဟု ခေါ်ကြသည်။ ပြီးတော့ ပါမောက္ခ ချယ်လစ်။ ချယ်လစ်ကတော့ သိပ် မဆိုးလှသော်လည်း ထင်ပေါ်ချင်လွန်းသည်။ နောက်ပြီးတော့ ဒေါက်တာ မောရစ် ဂက်စဘီး။

'ခင်ဗျား ဂက်စဘီးကို သိတယ် မဟုတ်လား' ဟု ဟုတ်ပ်က မေးလေသည်။

'ကျွန်တော် သူ့ကို တွေ့ဖူးပါတယ်'

အင်ဒရူးက သူ မင်၊ အာ၊ စီ၊ ပီ ဘွဲ့ အတွက် စာမေးပွဲ ဖြေစဉ်က အတွေ့အကြုံကို ပြောပြသည်။

'အဲ... အဲ... ဟုတ်ပြီ၊ အဲဒါ ကျွန်တော်တို့လူ မောရစ် ဂက်စဘီး ပါပဲဗျာ'

ဟုတ်ပ်က မလိုတမာ အသွင်ဖြင့် ပြောသည်။

'ဂက်စဘီးက အဲသလို လူစားမျိုးဗျ၊ တစ်ဖက်သား အပေါ် အတော်ကျော့ချင်တဲ့လူ၊ နေရာတကာမှာ သူ ပါတယ်၊ လူကတော့ လူတော် တစ်ယောက်ပဲ၊ ဒါပေမဲ့ သူက သုတေသန လုပ်ငန်းမှာ လုံးလုံး စိတ်မဝင်စားဘူး၊ သူ စိတ်ဝင်စားတာက သူ့ကိုယ်သူပဲ'

ဟုတ်ပ်သည် စကားကို ခေတ္တမျှ ဖြတ်ထားပြီး ဆက်ပြောသည်။

'ရောဘတ် အက်ဘီးကလည်း ကျွန်တော်တို့ ဘုတ်အဖွဲ့မှာ အဖွဲ့ဝင် တစ်ယောက်ပဲ၊ ဒါပေမဲ့ သူကတော့ လူပါးကြီးဗျ'

ထိုနေ့က အင်ဒရူးနှင့် ဟုတ်ပ်တို့ အတူတွဲ၍ နေ့လယ်စာ စားကြခြင်းသည် ပထမဆုံး အကြိမ် ဖြစ်၍ နောက်ပိုင်းတွင် နေ့စဉ် နေ့တိုင်း အတူတူတွဲ၍ စားဖြစ်လာကြသည်။ ဟုတ်ပ်သည် ကျောင်းသားကျင့် ကျောင်းသားကြံ ကျောင်းသားဟန် မပျောက်သေးပေ။ ရယ်စရာ မောစရာ ပြောတတ်၍ ပြောင်တတ် နောက်တတ်သည်။ ပင်ကို သဘာဝကိုက အမှုမဲ့ အမှတ်မဲ့ ပြောတတ် လုပ်တတ်သော အကျင့်လည်း ရှိသည်။ သို့သော်လည်း သူသည် အရည်အချင်း ပြည့်ဝသော လူတော် တစ်ဦး ဖြစ်၍ ဦးနှောက်ရှိသော လူတစ်ဦး ဖြစ်လေသည်။

အင်ဒရူးကတော့ ဟုတ်ပ်သည် တစ်နေ့သော အခါတွင် ထူးခြား၍ ထင်ရှားသော အလုပ် တစ်ခုခုကို လုပ်နိုင်မည့် လူတစ်ဦးဟုပင် မြင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပ် ကိုယ်တိုင်ကလည်း သူ ထိထိရောက်ရောက် လုပ်ရန် ကြံစည် စိတ်ကူးထားသည့် အလုပ် တစ်ခုကို မကြာခဏ ထုတ်ဖော် ပြောလေ့ ရှိသည်။ ယင်းအလုပ်ကား အခြား မဟုတ်ပေ။ အစာအိမ်ရောဂါ ဆေးများကို သုတေသနလုပ်ရန်ပင် ဖြစ်လေသည်။

တစ်ခါတစ်ရံတွင် သူတို့နှစ်ယောက် နေ့လယ်စာ စားရာသို့ ဂစ်လ်လိုက်လာတတ်သည်။ ဟုတ်ပ်ကတော့ ဂစ်လ်ကို 'လိမ္မာ ပါးနပ်သော အသေးစား ကြက်ဥကလေး' ဟု အမည်ပေးထားသည်။ ဂစ်လ်သည် ဝန်ထမ်းဘဝဖြင့် လုပ်သက် အနှစ် သုံးဆယ် ရှိပြီ ဖြစ်ရာ အပေါ်ယံ ရှေ့မှုန်ကြဲ၍ အထဲ နောက်ချေးခံတတ်သည့် အပြုအမူ အကျင့်အကြံမျိုး ရှိသော်လည်း သူ၏ သဘောမနောကမူ လူဆန်သည်ဟု ဆိုရမည် ဖြစ်သည်။

ဂစ်လ်သည် ရုံး၌ ဆီကောင်းကောင်း ထည့်ထားသော အသေးစား စက်ကလေးနှင့် တူသည်။ အလုပ်ကို ချောချောမောမော ပြေပြေပြစ်ပြစ် ဖြစ်အောင် လုပ်ကိုင်သွားတတ်သည်။ သူ နေထိုင်ရာ ဆန်းဘာရီမှ နေ၍ မနက်တိုင်း မီးရထားနှင့် လာပြီး ညနေတိုင်း ထို မီးရထားနှင့် ပြန်သည်။ သူ့ဇနီး၊ သူ့သမီး သုံးယောက်နှင့် အတူ ဆန်းဘာရီ၌ အခြေတကျ နေထိုင်လျက် ရှိ၏။ သူပိုင် ဥယျာဉ်ကလေး တစ်ခု ရှိ၍ သူ ကိုယ်တိုင်ပင် နှင်းဆီပန်းများ စိုက်ပျိုးထားလေသည်။

တကယ်တော့လည်း ဂစ်လ်သည် သပ်သပ်ရပ်ရပ်နှင့် ကျစ်ကျစ်လျစ်လျစ် နေထိုင်တတ်သူ ဖြစ်သည်။ သူသည် ဆောင်းရာသီ ဝင်လာလျှင် ခွင့်ယူပြီး ရားမောက်သို့ ပြန်၍ အနားယူလေ့ ရှိ၏။ သူ့တွင် နှုတ်မှ အလွတ်လောက်နီးနီး ရထားသော ထူးခြားသည့် တရားကျမ်းစာ တစ်အုပ်ကို အမြဲ ဆောင်ထားတတ်သည်။

တစ်ကြိမ်တွင် သူတို့ နေ့လယ်စာ စားရာသို့ ခရစ္စတီ ပါလာသည်။ ဂစ်လ်သည် အလွန် ယဉ်ကျေး သိမ်မွေ့စွာဖြင့် ခရစ္စတီအား ဆက်ဆံသည်။ ခပ်ကြမ်းကြမ်း ပြောတတ် ဆိုတတ်သော အကျင့်စရိုက် ရှိနေသည့် ဟုတ်ပ်ပင်လျှင် သူ့ကိုယ်သူ ထိန်းကာ သိမ်မွေ့ နူးညံ့စွာ ပြောဆို ဆက်ဆံခဲ့လေသည်။

ဤသို့ဖြင့် ရက်များသည် ကုန်လွန်ခဲ့ရလေ၏။ ဘုတ်အဖွဲ့ အစည်းအဝေး ကျင်းပမည့် ရက်ကို တမျှော်မျှော် စောင့်ရင်းကပင် အင်ဒရူးနှင့် ခရစ္စတီတို့သည် လန်ဒန်မြို့တော်၏ အရသာကို ရှာဖွေ တွေ့ရှိလာကြသည်။ သူတို့





သည် အပျော်စီး မီးရထားဖြင့် ရစ်ချမွန်းသို့ ရောက်ခဲ့ပြီ။ သွားရင်းလာရင်းနှင့် အိုးဗစ် အမည်ရှိ ဇာတ်ရုံ တစ်ခုသို့ ဝင်၍ ပြဇာတ် တစ်ခုကို ကြည့်ခဲ့ပြီး ဟင်စတီးဟိသ် ဘက်သို့ သွား၍ လေညင်းခံရမှန်း သိခဲ့ကြပြီ။ ညသန်းခေါင်တွင် အပြင်ထွက်၍ လမ်းဘေး ကော်ဖီဆိုင်မှ ကော်ဖီ အရသာကို ခံစားတတ်ကြပြီ။ လန်ဒန် မြို့တော်၏ မြေပေါ် မြေအောက် အနှံ့ ရောက်ခဲ့ကြပြီး မြေအောက် ခရီး သွားကြတော့မည် ဆိုလျှင် ရောက်စတုန်းကလို မြေအောက် ခရီး လမ်းညွှန် မြေပုံများကိုပင် ကြည့်စရာ မလိုတော့ပြီ။

ဤအခြေအနေကို ရောက်သည့်အခါကျမှပင် အင်ဒရူးနှင့် ခရစ္စတီတို့သည် သူတို့ကိုယ် သူတို့ လန်ဒန် မြို့သူ မြို့သား စစ်စစ် ဖြစ်လာမှန်း ကောင်းစွာ သိလာကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

[၂]

စက်တင်ဘာလ ဆယ့်ရှစ်ရက်နေ့ မွန်းလွဲပိုင်းတွင် မင်း၊ အက်ဖ်၊ ဘီ ဘုတ် အဖွဲ့ အစည်းအဝေး လုပ်ဖြစ်လေ၏။ အင်ဒရူးသည် ဂစ်လ်နှင့် ဟုတ်ပ်တို့၏ ဘေး၌ ထိုင်နေရာမှ ပြောင်စပ်စပ် မျက်နှာပေးနှင့် သူ့အား မကြာခဏ လှမ်း၍ လှမ်း၍ ကြည့်နေသော ဟုတ်ပ်ကို သတိထားနေမိလေ၏။

အင်ဒရူးသည် အစည်းအဝေးခန်းထဲသို့ တစ်ယောက်ပြီး တစ်ယောက် ဝင်လာနေသော အဖွဲ့ဝင် လူကြီးများအား ဂရုတစိုက် စောင့်၍ ကြည့်နေမိ၏။ ရှင်းနေး၊ ဒေါက်တာ လန့်စလော့၊ ဒေါ် ကင်တာဘာရီ၊ ချယ်လစ်၊ ဆာ ရော ဘတ် အက်ဘီး၊ ဂက်စဘီးနှင့် နောက်ဆုံးမှ ဝင်လာသူမှာ ဘုတ်အဖွဲ့ ဥက္ကဋ္ဌ ဘီလီ ဘတ်တန် ဒီဝါး ကိုယ်တိုင် ဖြစ်လေသည်။

ဒီဝါး ရောက်မလာမီ ကလေးတွင် အက်ဘီးနှင့် ချယ်လစ်တို့က အင်ဒရူးအား လှမ်း၍ နှုတ်ဆက်စကား ပြောကြသည်။ အက်ဘီးက အင်ဒရူး ဘုတ်အဖွဲ့တွင် ကျန်းမာရေး အရာရှိ အဖြစ် ခန့်ထားခြင်း ခံရ၍ သူ ဝမ်းသာကြောင်း ပြောလေသည်။ ဒီဝါးသည် ဝင်လာလျှင် ဝင်လာချင်း ဂစ်လ်ကို တစ်ချက် ဝေ့၍ ကြည့်လိုက်ပြီး သေးငယ် စူးရှသလောက် ထူးခြား ကျယ်လောင်သော အသံဖြင့် မေးသည်။

'ဟေ့ ဂစ်လ်၊ ငါတို့ ကျန်းမာရေး အရာရှိ အသစ် ရောက်နေပြီ မဟုတ်လား၊ ဒေါက်တာ မေဆန်လေ၊ ဘယ်မှာလဲ'

အင်ဒရူးက ဒီဝါး မြင်သာ သိသာစေရန် မတ်တတ်ရပ်ပြရင်းက ဒီဝါး ပုံပန်းသဏ္ဌာန်ကိုလည်း ဂရုတစိုက် ကြည့်သည်။ ဟုတ်ပ် ပြောပြခဲ့သည်မှာ လွန်ကဲသည်ဟု မဆိုသာပေ။ ဒီဝါး၏ ကိုယ်နေဟန်ထားနှင့် အပြုအမူများမှာ



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပ် ပြောထားသည်ထက်ပင် ပိုမို၍ အကြည့်ရ ဆိုးပြီး ရယ်စရာ ကောင်းနေသေသည်။

ဒီဝါးသည် အရပ် ပုကွကွ၊ ခါးကုန်းကုန်း၊ အမွေးအမင် ခပ်ထူထူဖြစ်၍ ဝတ်ထားသည့် အဝတ်အစားများမှာ သပ်သပ်ရပ်ရပ် မရှိပေ။ ရှပ်အင်္ကျီဘောင်းဘီမှာ အပေါ် အင်္ကျီများပါ နွမ်းရိ ကြေမွနေသည်။ ဝတ်ထားပုံကလည်း ကမျက်နှာ ညစ်နိုင်လွန်း၏။ အသင်းပေါင်း များစွာမှ ပေးပို့ထားဟန်တူသော စာများ၊ စိတ်ဘာများ၊ ကြော်ငြာ စာရွက်များသည် သူ၏ အင်္ကျီ ဘေးအိတ်ထဲမှ သူ့ထက်ငါ အလုအယက် ထွက်အန်၍ ကျလာတော့မည့်နှယ် ထိုးထိုးထောင်ထောင် ထွက်ပေါ်လျက် ရှိကြလေသည်။

တကယ်တော့လည်း ဒီဝါး၏ ဝတ်စား ဆင်ယင်ပုံမှာ အလွန့်အမင်း ပစ်စလက်ခတ် နိုင်လွန်းလှချေသည်။ ယင်းကဲ့သို့ ဖြစ်ကတတ်ဆန်း နေခြင်းမှာ သူ့တွင် ငွေကြေး မပြည့်စုံ၍လည်း မဟုတ်။ သူ့အား ဂရုတစိုက် လုပ်ကိုင်ပေးသူ မရှိ၍လည်း မဟုတ်ပေ။ သူသည် ငွေကြေး ချမ်းသာ ကြွယ်ဝသူ တစ်ဦးဖြစ်ရုံမျှမက သားသမီး များစွာ မွေးထားသူ ဖြစ်၏။ သူ၏ သမီး တစ်ယောက်သည် ရုပ်မှတ် မျိုးနွယ် သန်းကြွယ် သူဌေး တစ်ဦးနှင့်ပင် လက်ထပ်ထားသူဖြစ်၏။ သို့သော်လည်း ဒီဝါး၏ ပုံမှာကတော့ ပုံပျက်ပန်းပျက်နှင့် ပြောင်ပြောင်ရောင်ရောင် မရှိ။ အများက စွန့်ပစ်ထားခြင်း ခံရသည့် မျောက်အိုကြီးတစ်ကောင်နှင့် တူနေလေတော့သည်။

'ကျုပ် ကျောင်းသားဘဝ ၁၈၈၀ ပြည့်နှစ်တုန်းက ဘုရင်မ တက္ကသိုလ်မှာ မေဆန် ဆိုတဲ့ သူငယ်ချင်း တစ်ယောက် ရှိဖူးတယ်'

ဒီဝါးက အင်ဒရူး မေဆန်အား နှုတ်ဆက်သည့် သဘောဖြင့် လှမ်း၍ ပြောသည်။ သူ့အသံမှာ မနဲ့လေး အသံ ပေါက်လျက် ရှိ၏။

'အဲဒီ မေဆန်ဟာ သူပဲ ခင်ဗျ'

ဒီဝါး၏ ပြောပုံ ဆိုပုံ လေယူလေသိမ်းနှင့် အသံသည် ဟုတ်ပ်အား ကလိ လိုက်သလို ဖြစ်သွားဟန် တူသည်။ ဟုတ်ပ်သည် မအောင့်အည်းနိုင်တော့ဘဲ ဝင်ပြောလေသည်။

ဒီဝါးကလည်း ဟုတ်ပ်၏ စကားကို ကြားသည်။

'မင်းက ဘယ်လိုလုပ်ပြီး သိသလဲ ဒေါက်တာ ဟုတ်ပ်' ဟု ပြောကာ ဒီဝါးသည် သူ့နှာခေါင်းပေါ်သို့ လျှောကျနေသော မျက်မှန်ကို လက်ညှိုးနှင့် ပင့်တင်လိုက်သည်။





'အဲဒီတုန်းက မင်းကိုယ်မှာ ဘောင်းဘီတောင်မှ မကပ်သေးတာ ဘယ်လိုလုပ် သိသလဲ၊ ဟီး ဟီး ဟီး'

အသံသေး အသံကြောင်ဖြင့် ရယ်ရင်းကပင် စားပွဲထိပ်ရှိ သူ့ ကုလားထိုင်တွင် နေရာယူသည်။ နေရာ အသင့် ယူနှင့်ကြပြီ ဖြစ်သော သူ့ ရဲဘော်ရဲဘက်များကမူ ဒီဝါးအား ဖုတ်လေသည့် ငါးပိ ရှိသည်ဟုပင် ထင်မှတ်ကြဟန် မတူပေ။ သူ လုပ်သမျှကို မမြင်သလို၊ သူ ပြောဆိုသမျှကို မကြားသလို လုပ်နေကြသည်။

အမှန်တော့ ဤလုပ်နည်းလုပ်ဟန်သည် ဤဘုတ်အဖွဲ့ဝင် လူကြီးများ၏ ထူးခြားသော လုပ်နည်းလုပ်ဟန် တစ်ရပ် ဖြစ်၏။ အဖွဲ့ဝင် တစ်ဦး လုပ်ကိုင် နေသမျှ ပြောဆို နေသမျှကို မမြင်သယောင် မကြားသယောင် ဟန်ဆောင်၍ အသိအမှတ် မပြုဘဲ နေခြင်းအားဖြင့် 'ငါ မင်းထက် တော်သည်၊ ငါ မင်းထက် တတ်သည်' ဟူသော မာန်မာနကို ဖော်ပြနေခြင်း ဖြစ်လေသည်။

မည်သို့ပင် ဖြစ်စေကာမူ ဒီဝါးကတော့ ဘုတ်အဖွဲ့ဝင် သူ့လူများအား ဂရုမစိုက်ပေ။ အင်္ကျီအိတ်ထဲမှ စာရွက် တစ်ထပ်ကို ဆွဲထုတ်လိုက်ပြီး ရေတစ်ခွက်ကို ယူ၍ သောက်လိုက်သေးသည်။ ပြီးသော် သူ့ရှေ့၌ အသင့် ရှိနေသည့် သစ်သားတူယော်ကို ကောက်ယူ၍ စားပွဲကို သုံးလေးချက် ထုလိုက်လေသည်။

'လူကြီးမင်းများ ခင်ဗျာ၊ မစ္စတာ ဂစ်လ်က အစည်းအဝေး မှတ်တမ်းတွေ ဖတ်ပြပါလိမ့်မယ်'

ဘုတ်အဖွဲ့၏ အတွင်းရေးမှူး အဖြစ် ဆောင်ရွက်နေသော ဂစ်လ်သည် ပြီးခဲ့သော အပတ်က အစည်းအဝေး မှတ်တမ်းကို ဖတ်သည်။ ဒီဝါးသည် ဂစ်လ် ဖတ်နေသမျှ အပေါ်တွင် စိတ်ဝင်စားမှု ရှိဟန် မတူပေ။ သူ့ စာရွက်များကို ကြည့်လိုက်၊ အင်ဒရူးကို ကြည့်လိုက် လုပ်နေသည်။ ၁၈၈၀ ပြည့်နှစ်က သူ တွေ့ဖူးခဲ့သည့် မေဆန်နှင့် ယခု မေဆန်ကိုများ နှိုင်းယှဉ် ကြည့်နေလေသလား မသိပေ။

နောက်ဆုံးတွင် အစည်းအဝေး မှတ်တမ်း ဖတ်ခြင်း ကိစ္စ ပြီးဆုံးသွားသဖြင့် ဒီဝါးက စားပွဲကို သစ်သားတူဖြင့် ထုလိုက်ပြန်လေသည်။

'လူကြီးမင်းများ ခင်ဗျာ၊ ကျွန်တော်တို့ အဖွဲ့အနေနှင့် ကနေ့ပဲ ကျန်းမာရေး အရာရှိ အသစ် ရလာပြီ ဖြစ်တဲ့ အတွက် ဝမ်းသာကြောင်း ပြောပါရစေ၊ ကျွန်တော် အခုထက်ထိ မှတ်မိနေပါသေးတယ်၊ ၁၉၀၄ ခုနှစ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ကျွန်တော်တို့ အဖွဲ့မှာ ရောဂါဗေဒ ပညာရှင်ကို ကူညီနိုင်မယ့် အမြဲတမ်း ကုသမှု ပညာရှင် တစ်ဦး လိုအပ်နေကြောင်း ပြောခဲ့ဖူးပါတယ်၊ ရောဂါဗေဒ ပညာရှင် ဆိုတာကလည်း ကျွန်တော်တို့ အဖွဲ့ပိုင် မဟုတ်ဘူး၊ သူများဆီက ခိုးထားတာ၊ ကျွန်တော် ပြောတာ မဟုတ်ဘူးလား၊ ဟီး ဟီး ကျွန်တော်တို့ လိုအပ်တိုင်း ဘလက်ဟောက် သုတေသန အဖွဲ့က မရမက ခိုးယူရတာချည်းပဲ မဟုတ်လား၊ အခု ကျွန်တော် ပြောချင်တာက ကျွန်တော် တို့ အပေါ်မှာ စေတနာကောင်း ထားနေရှာတဲ့ ကျွန်တော်တို့ရဲ့ မိတ်ဆွေလေး ဟုတ်ပ် အပေါ်မှာ ဟီး... ဟီး ဟုတ်ပ် အပေါ်မှာ အများကြီး မှီခိုလာရတဲ့ အတွက် ကျေးဇူးတင်ရမှာပဲ၊ အခု ကျွန်တော် မှတ်မိတာ တစ်ခုက ၁၈၈၉ ခုနှစ် လောက်တုန်းက...'

ဆာ ရောဘတ် အက်ဘီးက ဒီဝါး စကား မဆုံးမီ ကြားဖြတ်၍ ပြောလာသည်။

'ကျွန်တော် သိထားရသလောက် ဆိုရင် ကျန် ဘုတ်အဖွဲ့ဝင် လူကြီးများ ကလည်း ဒေါက်တာ မေဆန် လုပ်တဲ့ သုတေသန စာတမ်း အတွက် ဥက္ကဋ္ဌကြီး နှင့် အတူ ဒေါက်တာ မေဆန်ကို ချီးကျူး ဂုဏ်ပြုလိုတဲ့ ဆန္ဒ ရှိနေကြပါတယ်၊ ကျွန်တော် တစ်ဦးတည်း အနေနှင့် ပြောရမယ် ဆိုရင်တော့ ဒီလုပ်ငန်းဟာ အလွန် စိတ်ရှည်ပြီး ဇွဲရှိမှ ပြီးမြောက်နိုင်တဲ့ အလုပ်မျိုး ဖြစ်တဲ့ အကြောင်း၊ ဒီလုပ်ငန်းဟာ ကုသမှု သုတေသန လုပ်ငန်းမျိုး ဖြစ်တဲ့ အကြောင်းနှင့် ဒီ သုတေသန လုပ်ငန်းဟာ စက်မှုလက်မှု လုပ်ငန်း ဆိုင်ရာ ဥပဒေများ ပြုလုပ် ရာမှာ များစွာမှ အထောက်အကူ ပြုနိုင်လိမ့်မယ်လို့ ယုံကြည်ကြောင်း ပြောလို ပါတယ်'

'မှန်တယ် မှန်တယ်' ဟု ချယ်လစ်က ဝင်၍ ထောက်ခံသည်။

'ဟုတ်ပါတယ်၊ ကျုပ်ကလည်း အခုပဲ ဒီအကြောင်း ပြောတော့မလို့ပါ ရောဘတ်ရယ်' ဟု ဒီဝါးက ဆိုသည်။ သူ့အသံမှာ မကျေနပ်သံ ပေါက်နေ သည်။ သူကတော့ အက်ဘီးကို သူငယ်နှပ်စား အရွယ်ဟု ထင်ဆဲပင်။ သူ့ မျက်စိထဲတွင် အက်ဘီးသည် ကျောင်းသား အရွယ်မျှ ရှိသေးသည် ဖြစ်ရာ သူ့ စကား မဆုံးမီ ကြားဖြတ်၍ ပြောခြင်း အတွက် ခံပြင်းနေဟန် တူပေသည်။

'ကျုပ်တို့ နောက်ဆုံးအကြိမ် လုပ်ခဲ့တဲ့ အစည်းအဝေးမှာ ဒီပြဿနာကို စဉ်းစားပြီး စုံစမ်း စစ်ဆေးမှု တစ်ခု လုပ်ဖို့ ဆုံးဖြတ်ခဲ့ကြတယ် မဟုတ်လား၊ အဲဒီတုန်း ကတည်းက ကျုပ် ခေါင်းထဲမှာ ဒေါက်တာ မေဆန်ရဲ့ နာမည် ချက်





ချင်း ပေါ်ခဲ့တာပဲ၊ ဒီပြဿနာကို စပြီး ထုတ်ဖော် တင်ပြခဲ့သူဟာ သူပဲ မဟုတ်ဘူး လား၊ အဲဒီတော့ ဒီပြဿနာကို ရေဆုံး မြေဆုံး လိုက်နိုင်အောင် သူ့ကို အခွင့် အရေး ပေးမှ ဖြစ်မယ်လို့ ကျုပ် တွေးထားခဲ့တယ်၊ ဒီတော့ကာ ကျုပ်တို့ အနေနှင့် ဒေါက်တာ မေဆန်ကို တစ်နိုင်ငံလုံးမှာ ရှိနေတဲ့ သတ္တုတွင်းတွေ ဆီကို ပထမ လွှတ်ချင်ပါတယ်၊ နောက်ပြီးတော့မှ ကျောက်မီးသွေးတွင်းတွေ ရှိရာကို ထပ်လွှတ်ရမယ်၊ နောက်ပြီးတော့မှ သတ္တုတွင်း လုပ်သားတွေကို စနစ် တကျ စမ်းသပ် စစ်ဆေးပြီး သုတေသန လုပ်ဖို့ တာဝန် ပေးရမယ်၊ ကျုပ်တို့ ဘက်က သူ လုပ်ငန်း ဆောင်ရွက်တဲ့ အခါမှာ အဆင်ပြေပြေ ဆောင်ရွက်နိုင် အောင် လိုအပ်တဲ့ အရာ မှန်သမျှ ဖြည့်တင်းပေးရမယ်၊ ဒေါက်တာ ဟုတ်ပ်ရဲ့ ရောဂါ ပိုးမွှား ရှာဖွေရေး ဆိုင်ရာ လုပ်ငန်းတွေပါ အပါအဝင် ဒေါက်တာ မေဆန်မှာ လိုအပ်မယ်လို့ ယူဆရတဲ့ အရာ ဟူသမျှကို ပေးဖို့ ပြောတာပါ၊ အတိုချုပ် ပြောရမယ် ဆိုရင် ကျုပ်တို့ရဲ့ ကျန်းမာရေး အရာရှိသစ် ဒေါက်တာ မေဆန် အနေနှင့် သူ ရှာဖွေ တွေ့ရှိထားတဲ့ အမှုန် ရှူသွင်းမှု ပြဿနာကို သိပ္ပံ နည်းကျကျနှင့် အတိအကျ ခိုင်ခိုင်လုံလုံ ရှာဖွေ တွေ့ရှိနိုင်သည့် အထိ ကျုပ် တို့ အဖွဲ့က ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသရွေ့ ကူညီ အားပေး ဖြည့်တင်းသွား ဖို့ လိုအပ်တယ် ဆိုတာ ပြောချင်ပါတယ်'

အင်ဒရူးသည် တိတ်တိတ်ကလေး ကျိတ်၍ သက်ပြင်းရှူလိုက်သည်။ အားရစရာ ကောင်းလှပါဘိသည်။ သူ မျှော်လင့်ထားသည်ထက်ပင် ပို၍ အဆင်ပြေနေပြီ။ ဤ ပုဂ္ဂိုလ်ကြီးများသည် သူ လုပ်ချင်သည့် အလုပ်ကို လွတ်လွတ်လပ်လပ် လုပ်ခွင့် ပေးကြတော့မည်။ သူ့အား အခါအားလျော်စွာ လွှဲအပ် ၍ လုပ်ခွင့် ကိုင်ခွင့် ပေးကြပေတော့မည်။ မည်မျှ ဝမ်းသာစရာ၊ အားတက် စရာ ကောင်းပါသနည်း။ ဤပုဂ္ဂိုလ်ကြီးများသည် သိကြားနတ်များနှင့် အတူ တူပင် ဖြစ်ချေသည်။

'ဒါပေမဲ့လို့ လူကြီးမင်းများ ခင်ဗျား၊ ဒေါက်တာ မေဆန်ကို ကျွန် တော် အခုနက တင်ပြခဲ့တဲ့ အလုပ် တာဝန် မပေးမီ အခု လောလောဆယ် သိပ်ပြီး အရေးကြီးနေတဲ့ ကိစ္စ တစ်ခုကို တာဝန် ပေးဖို့ ရှိနေပါတယ်'

အားလုံး ငြိမ်ဆိတ်သွားသည်။ အင်ဒရူးမှာတော့ အသက်ပင် ဖြောင့် ဖြောင့် မရှူနိုင်တော့ပေ။ ဒီဝါးထံမှ ထွက်လာမည့် အသံကို စိတ်ပင်ပန်းကြီးစွာ ဖြင့် စောင့်မျှော်နေမိလေသည်။

'ကုန်သွယ်ရေး ဘုတ်အဖွဲ့က ဒေါက်တာ ဘစ်စဘီက ဆက်ရဲ့ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရုံတွေမှာ ထားပေးနေရတဲ့ ရှေးဦး သူနာပြု ဆေးပေး သေတ္တာတွေထဲမှာ ထည့်ပေးထားတဲ့ ဆေးပစ္စည်း အမျိုးအစားတွေဟာ ကမောက်ကမ ဖြစ်နေပါတယ်တဲ့၊ တစ်နေရာနှင့် တစ်နေရာ လိုအပ်ချက်တွေ မတူတဲ့ အတွက် အခက်အခဲလည်း ဖြစ်နေရပါတယ်တဲ့၊ လက်ရှိ အက်ဥပဒေထဲမှာ ဖော်ပြထားတဲ့ အဓိပ္ပာယ် ရှင်းလင်းချက် အရ ပစ္စည်း အမျိုးအစားကို ပေးထားတာ ဖြစ်ပေမယ်လို့ အက်ဥပဒေရဲ့ ရှင်းလင်း ဖော်ပြချက်ကိုက လိုရာ ဆွဲယူလို့ ရနေပါတယ်တဲ့၊ အတိအကျလည်း မရှိပါဘူးတဲ့၊ ဒါ့ကြောင့်မို့ ဆေးပစ္စည်း အမျိုးအစား ခွဲခြား သတ်မှတ်ပုံဟာ စုံမမီ ဖြစ်နေရပါတယ်တဲ့၊ ဥပမာ ပြရရင် ပတ်တီး အရွယ်အစားနှင့် အမျိုးအစား၊ အရှည်၊ ကျပ်စည်းတဲ့ အခါ သုံးတဲ့ ပတ်တီး အရွယ်အစားတွေဟာ တစ်ခုနှင့် တစ်ခု မတူဘဲ ကွဲပြားမှုတွေ သိပ်များနေတယ်၊ အဲဒီတော့ ဒီကိစ္စဟာ အင်မတန် အရေးကြီးတဲ့ ကိစ္စ တစ်ခု ဖြစ်နေတယ် ဆိုတာ လူကြီးမင်းတို့ သိနိုင်လောက်ပါတယ်၊ ပြီးတော့လည်း ဒီပြဿနာဟာ ကျုပ်တို့ ဘုတ်အဖွဲ့နှင့် တိုက်ရိုက် သက်ဆိုင်နေတဲ့ ကိစ္စပါ၊ ဒါ့ကြောင့်မို့ ဒီပြဿနာကို ကျုပ်တို့ရဲ့ ကျန်းမာရေး အရာရှိက တာဝန်ယူပြီး စုံစမ်း စစ်ဆေးပေးဖို့နှင့် စုံစမ်းပြီးတဲ့ အခါမှာ အစီရင်ခံစာ တင်သွင်းပေးဖို့ လိုအပ်တယ်လို့ ကျုပ် ယူဆပါတယ်၊ အဲဒီ ကိစ္စ ပြီးမှပဲ ဖုန် အမှုန် ရှူရှိုက်မိရာမှ ဖြစ်ပေါ်လာတဲ့ ရောဂါများ ပြဿနာကို လုပ်ကိုင်ဖို့ပါပဲ'

အားလုံး ငြိမ်ဆိတ်သွားပြန်လေ၏။

အင်ဒရူးမှာ ချက်ချင်းပင် ကိုးကွယ်ရာမဲ့ ဖြစ်သွားသည်။ မျက်စိသူငယ်ဖြင့် အဖွဲ့ဝင် လူကြီးများဆီသို့ လှည့်၍ ကြည့်မိ၏။ ဒေါ် ကင်တာဘာရီသည် သူ့ ခြေထောက် နှစ်ချောင်းကို ရှေ့သို့ ဆန့်တန်းကာ ကုလားထိုင်ကို မှီ၍ ပျင်းရိ ပျင်းတွဲ ထိုင်နေရာမှ မျက်နှာကြက်ဆီသို့ ငေးစိုက် ကြည့်နေသည်။ ဂက်စဘီးကမူ သူ့ရှေ့မှောက်ရှိ မင်နှိပ် စက္ကူပေါ်ဝယ် ပုံများ ဆွဲနေပြီး ရှင်းနေကတော့ မျက်နှာ ရှုံ့မဲ့ထားသည်။ ချယ်လစ်ကမူ စကားပြောရန် လည်ချောင်း ရှင်းလျက် ရှိလေသည်။

သို့သော်လည်း တကယ် စကားပြောသူမှာကား ချယ်လစ် မဟုတ်ဘဲ အက်ဘီး ဖြစ်နေလေသည်။

'ခင်ဗျား ပြောတာ မှန်ပါတယ် ဆာ ဝီလျံ၊ ဒီကိစ္စဟာ ကုန်သွယ်ရေး ဘုတ်အဖွဲ့နှင့်ရော၊ သတ္တုတွင်း ဌာနနှင့်ပါ သက်ဆိုင်တဲ့ ကိစ္စပါ'

'ဒါပေါ့ ဒါပေါ့၊ ကျုပ်တို့ဟာလည်း ဒီ နှစ်ဌာနစလုံးရဲ့ စီမံ ခန့်ခွဲမှု





အောက်မှာ ရှိနေတဲ့ အဖွဲ့ မဟုတ်လား၊ တကယ်ဆိုတော့ ကျုပ်တို့ဟာ ဟီး... ဟီး၊ အဲဒီ နှစ်ဖွဲ့ရဲ့ မိဘမဲ့ ကလေး တစ်ယောက်ပဲဗျ'

ဒီဝါးက အသံစာစာဖြင့် ပြန်ပြောလေသည်။

'ဒါကို ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ ပတ်တီးလိပ် ပြဿနာဟာ သာမည ကိစ္စလေးပါ၊ သိပ်ပြီး ရေးကြီးခွင်ကျယ် လုပ်စရာ ကိစ္စ မဟုတ်ပါဘူး၊ ဒါ့ကြောင့် ဒေါက်တာ မေဆန် အနေနှင့်...'

'ကျုပ် ပြောတာ အမှန်ပါ ရောဘတ်၊ အဲဒီကိစ္စဟာ သာမည ကိစ္စ မဟုတ်ပါဘူး၊ မကြာခင်မှာ ပါလီမန်မှာ မေးခွန်း ထုတ်တော့မယ့် ကိစ္စ ဖြစ်နေတယ်၊ ဒီသတင်းကို မနေ့ကပဲ လော့ဒ် အန်ဂါဆီက ကျုပ် ရခဲ့တယ်'

ဂက်စဘီး၏ နားနှစ်ဖက်သည် စွင့်ခနဲ ထောင်လာသည်။

'အား အား၊ တကယ်လို့ အန်ဂါကသာ ဒီကိစ္စကို စိတ်ဝင်စားနေတယ် ဆိုရင်တော့ ကျုပ်တို့မှာ ရွေးစရာလမ်း မရှိတော့ဘူး၊ မပျက်မကွက် လုပ်ပေးမှကို ဖြစ်မှာ'

ဂက်စဘီးသည် ယခု လောလောဆယ်တွင် အန်ဂါထံမှ မျက်နှာသာ ရအောင် လုပ်ရမည့် အခြေအနေ ရှိသဖြင့် အန်ဂါ သဘောကျမည့် ကိစ္စ ဆိုလျှင် ဘာမဆို လုပ်ပေးလိုသော ဆန္ဒ ရှိနေပေသည်။

အခြေအနေကို ကြည့်ပြီး သူ ဝင်မပြောလျှင် မဖြစ်တော့ဟု အင်ဒရူးက ထင်သဖြင့် ကပျာကယာ ဝင်၍ ပြောလေ၏။

'ကျွန်တော့်ကို ပြောခွင့်ပြုပါ ဆာ ဝီလျံ၊ ကျွန်တော် နားလည်ထားတာက ကျွန်တော် ဒီမှာ ကုသခန်း ဆိုင်ရာ သုတေသန လုပ်ရမယ်လို့ပဲ နားလည်ထားပါတယ်၊ အခုဆို တစ်လတိတိ ဘာမှ အလုပ်မရှိဘဲ အချိန်ကုန်ခဲ့ရပါပြီ၊ ဒါ့ကြောင့် ကျွန်တော့်ရဲ့ မူလ အလုပ်ကိုပဲ အခုအချိန်က စပြီး လုပ်ခွင့်ရမယ် ဆိုရင် ကျွန်တော်...'

အင်ဒရူးသည် စကားကို ဆုံးအောင် မပြောတော့ဘဲ သူ့ ပတ်ဝန်းကျင်ကို လှည့်၍ ကြည့်သည်။ သူ့အား ထောက်ခံသူ တစ်ဦးတော့ ပေါ်လာသည်။ ထိုသူကား အက်ဘီး။

'ဒေါက်တာ မေဆန် တင်ပြတဲ့ အချက်ဟာ အလွန် တရားမျှတတဲ့ အချက်ပါ၊ သူဟာ လေးနှစ်တိတိ စိတ်ရှည်လက်ရှည်နှင့် သူ့ ဘာသာ[illegible] မှာ အာရုံစိုက်ပြီး လုပ်လာခဲ့ရတာပါ၊ ကျွန်တော်တို့က သူ နိုင်နင်းတဲ့ [illegible]ကို ဆက်ပြီး ချဲ့ထွင် လုပ်ကိုင်သွားနိုင်ဖို့ အခွင့်အရေး ပေးပြီးခါမှ ချက်ချင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ပတ်တီး အမျိုးအစား ခွဲခြားမှုကိစ္စ လုပ်ဖို့ တာဝန်ပေးဖို့ အကြံပြုနေပြန် တော့ နည်းနည်း ခွကျမနေဘူးလား'

ဒီဝါး၏ မနဲ့လေးသံ တစာစာသည် ပေါ်လာပြန်သည်။

'ဒေါက်တာ မေဆန်ဟာ သူ့အလုပ်ကို ချဲ့ထွင် လုပ်ကိုင်သွားနိုင်ဖို့ လေးနှစ်ကြီးများတောင်မှ စိတ်ရှည်ရှည်နှင့် စောင့်ခဲ့သေးတာပဲ ရောဘတ်ရယ်၊ အခု လုပ်ရမယ့်ဟာ သိပ်ကြာမှာမှ မဟုတ်ဘဲ၊ ဒီလောက်လေးတော့ စိတ်ရှည် ရမှာပေါ့၊ ဟီး ဟီး'

'မှန်တယ် မှန်တယ်၊ နောက်ဆုံးကျတော့လည်း သူ့အနေနှင့် သူ လုပ်ချင်တာ လုပ်ခွင့်ရမှာပဲဟာ' ဟု ချယ်လစ်က ဝင်၍ ထောင်ပေးသည်။

ရှင်းနေးက လည်ချောင်း တစ်ချက် ရှင်းလိုက်သည်။ ရှင်းနေး၏ ချောင်းဟန့်သံကို ကြားလိုက်ရသော ဟုတ်ပ်သည် အောင့်အည်း မျိုသိပ်ခြင်း ငှာ မတတ်နိုင်တော့ချေ။ 'လာပါပြီ ခင်ဗျား၊ မြင်းအကြီး ဟီပါတော့မယ်' ဟု တီးတိုး ရေရွတ်လိုက်လေသည်။

'လူကြီးမင်းများ ခင်ဗျား၊ အားလုံး မှတ်မိကြဦးမယ် ထင်ပါတယ်၊ ကျွန်တော် ပြောခဲ့တာ ကြာပါပြီ၊ ကျွန်တော်တို့ အဖွဲ့ အနေနှင့် ရေရွေးပူ အငွေ့ဟပ်လို့ ကိုယ်ကာယ ပင်ပန်း နွမ်းနယ်မှု ဖြစ်ရခြင်း ပြဿနာကို စုံစမ်း စစ်ဆေးပြီး သုတေသန လုပ်ကြည့်ဖို့ သင့်တော်နေပြီလို့ ပြောခဲ့ဖူးပါတယ်၊ ဒီကိစ္စ အပေါ်မှာ ကျွန်တော် အများကြီး စိတ်ဝင်စားနေပါတယ်၊ ကျန်တဲ့ ပုဂ္ဂိုလ်များကတော့ စိတ်ဝင်စားကြဟန် မတူပါဘူး၊ အခု လောလောလတ် လတ် စဉ်းစားမိတာက ဒေါက်တာ မေဆန်ကို ကျွန်တော် တင်ပြတဲ့ ကိစ္စမှာ သုတေသန လုပ်ဖို့ တာဝန် ပေးလိုက်ရင် သိပ်ကောင်းသွားမယ်လို့ ကျွန်တော် ယုံကြည်မိပါတယ်'

ဂက်စဘီးက သူ့လက်မှ နာရီကို ကြည့်လိုက်သည်။

'ကျွန်တော် ဟာလေးလမ်းကို သွားစရာ ရှိနေတယ်၊ ၃၅ မိနစ် အတွင်း ရောက်မှ ဖြစ်မယ်'

ရှင်းနေးသည် ဂက်စဘီးအား ဒေါသတကြီးနှင့် လှည့်ကြည့်သည်။ ချယ်လစ်က ရှင်းနေးအား ထောက်ခံသလိုလိုနှင့် ဝင်၍ ပင့်ပြန်သည်။

'နည်းနည်းကလေးမှ သည်းမခံနိုင်လောက်တဲ့ စော်ကားမှု တစ်ခုပါပဲဗျာ'

အစည်းအဝေးမှာ ချက်ချင်းပင် ရုတ်ရုတ်သဲသဲ ဆူဆူညံညံ ဖြစ်လာ သည်။





အစည်းအဝေးပင် ပျက်လုလု ဖြစ်လာသည်။

သို့သော်လည်း ထူထပ်လှသော မုတ်ဆိတ်မွေး၊ ပါးမုန်းမွေးများ နောက် ကွယ်ရှိ ဒီဝါး၏ မျက်ခွက်သည် နည်းနည်းကလေးမှ ပြောင်းလဲမသွားချေ။ ယဉ်ကျေးဖွယ်ရာသော အပြုံးကို ဆင်ထားမြဲ ဆင်ထားသည်။ ဆူဆူညံညံ ဖြစ် လာခြင်းသည် သူ့စိတ်အား ဘယ်လိုမှ အနှောင့်အယှက် ဖြစ်ဟန် မတူပေ။ ဤကဲ့သို့သော အစည်းအဝေးပေါင်း မြောက်မြားစွာကို နှစ်ပေါင်း ၄၀ တိတိ ကိုင်တွယ် ထိန်းသိမ်းခဲ့ရဖူးပြီ ဖြစ်ရာ ဤမျှလောက် ဆူရုံတော့ဖြင့် အပျော့ ပေါ့ဟု သဘောထားပုံ ရလေသည်။

တကယ်တော့ ဤလူစုသည် သူ့အား အလို မရှိကြကြောင်း ဒီဝါး ကောင်းစွာ သိလေသည်။ သူ့အား ဤအဖွဲ့မှ စိတ်ပျက်ပြီး ထွက်သွားစေချင် ကြ၏။ စိတ်ပျက်ပြီး ထွက်သွားအောင် ဝိုင်း၍ အားထုတ်နေကြ၏။ သို့သော် လည်း သူကတော့ ထွက်လိမ့်မည် မဟုတ်ပေ။ ဘယ်တော့မှ ထွက်သွားရန် စိတ်မကူးပေ။

ဒီဝါး၏ အဆမတန် ကြီးမားလှသော ခေါင်းခွံကြီးထဲဝယ် အချက် အလက် ကိန်းဂဏန်းများ၊ စာရင်း ဇယားများ၊ အလွန် တွက်ရ ချက်ရ ခက် ခဲသော ဖြေရှင်းရ ခက်ခဲသော ပုစ္ဆာများ၊ ညီမျှခြင်း ကိန်းဂဏန်းများနှင့် ပြဿနာ ပေါင်းစုံသည် ပြည့်နက်လျက် ရှိသည်။ သူ့ ခေါင်းခွံကြီးထဲသို့ ဝင် လာသမျှ ပြဿနာများကို နည်းပရိယာယ် အမျိုးမျိုးနှင့် ရင်ဆိုင် ဖြေရှင်းခဲ့ဖူး သည့် အကြိမ်ပေါင်းမှာလည်း မရေမတွက်နိုင်တော့ပြီ။ သို့ဖြစ်ရာ…။

ဒီဝါးသည် ယခု ကိစ္စတွင် ပရိယာယ် မသုံးတော့ပေ။ ခပ်ပြောင်ပြောင် ပင် ပြောလေသည်။

'ကျုပ် လူကြီးမင်းများကို အမှန်အတိုင်း ဖွင့်ပြောရတော့မှာပဲ၊ ကျုပ် အနေနှင့်တော့ လော့ဒ် အန်ဂါနှင့် ဒေါက်တာ ဘစ်စဘီတို့ကို ကတိ ပေးခဲ့ပြီး ဖြစ်နေတယ်၊ သူတို့ရဲ့ အခက်အခဲကို ကျုပ်တို့ အဖွဲ့က ကူညီပါ့မယ်လို့ ပြော ခဲ့ပြီးပြီ၊ ဒီကိစ္စက လုပ်ရင်လည်း ကြာလိမ့်မယ် မဟုတ်ပါဘူး၊ အလွန်ဆုံး ခြောက်လပေါ့ ဒေါက်တာ မေဆန်ရယ်၊ မဟုတ်ဘူးလား၊ ခြောက်လထက် ပို ရင်လည်း နည်းနည်းလောက်ပဲ ပိုမှာပါ၊ လုံးဝ စိတ်ဝင်စားစရာ မရှိတဲ့ အလုပ် မျိုးတော့လည်း မဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် လုပ်လိုက်မယ် ဆိုရင် မောင်ရင့် အနေနှင့် လူတွေနှင့် အဆက်အသွယ် ရှိနေမှာပဲဟာ၊ ပျင်းစရာ မရှိပါဘူး၊ ခမောင်ရင် မှတ်မိလိမ့်မယ် ထင်ပါတယ်၊ ပြင်သစ် သိပ္ပံ ပညာရှင် လဗိုးင်း



www.burmeseclassic.com

www.burmeseclassic.com

ဆီးယားက ရေတစ်စက်ချင်း ကျနေတာကို ကြည့်ပြီး ပြောခဲ့တဲ့ စကားလေ၊ ဟီး ဟီး၊ ကဲ အခု လွန်ခဲ့တဲ့ ဇူလိုင်လ အတွင်းက ဝင်ဒီးဗား ကျောက်မီးသွေးတွင်းက ပို့လိုက်တဲ့ဟာကို ဒေါက်တာ ဟုတ်ပ်က ရောဂါပိုး ရှိ မရှိ စစ်ဆေး ရှာဖွေထားတဲ့ ကိစ္စနှင့် ပတ်သက်လို့...'

ဤသို့ဖြင့် လေးနာရီ ထိုးသည့်အခါ အစည်းအဝေး ပြီးဆုံးခြင်းသို့ ရောက်လေ၏။ အင်ဒရူးသည် ဂစ်လ်၏ အခန်းထဲတွင် ထိုင်ကာ သူ၏ ကိစ္စကို အကျေအလည် ပြန်၍ စဉ်းစားခြင်း၊ ဆွေးနွေးခြင်း ပြုသည်။ ယနေ့ ကြုံခဲ့ရသည့် ဖြစ်ရပ်ကို ကြည့်၍ သူ့အလုပ်၏ ရှေ့အလားအလာကို တွက်ချက်ကြည့်သည်။ ဤအလုပ်သည် သူ့အတွက် စိတ်ချမ်းသာမှုမှ ရပါမည်လော ဟူသော သံသယစိတ် ဝင်လာမိပြန်သည်။ သို့သော်လည်း ဤကိစ္စ အပေါ်တွင် သိပ်ပြီး အလေးအနက်ထား၍ တွေးတောခြင်းအားဖြင့် သူ့စိတ်ကို ပင်ပန်းအောင် မလုပ်တော့ဘဲ တတ်နိုင်သမျှ ကြိုးစား၍ သူ့စိတ်သူ ဖြေလိုက်လေ၏။

'တကယ်တော့လည်း ခင်ဗျား အခု လုပ်ရမယ့် အလုပ်က သိပ်တော့ မဆိုးပါဘူး'

ဂစ်လ်ကတော့ အားပေးစကား ပြောလေသည်။

'တစ်နိုင်ငံလုံး အနှံ့ ခရီး သွားနေရမှာပဲ၊ ခရီး သွားရတာလည်း တစ်မျိုးတော့ ပျော်စရာပါ၊ အခုအတိုင်းသာ ဆိုရင် ခင်ဗျား ဇနီး မစ္စက် မေဆန်ကိုပါ ခေါ်သွားလို့ ရတာပဲ၊ ခေါ်သွားပါလား၊ ခြောက်လ ပြည့်တော့ ခင်ဗျားရဲ့ အလုပ်ကို ဆက်လုပ်နိုင်မှာပါ'

ဂစ်လ်၏ စကားကို ကြားတော့ ဟုတ်ပ်က ပြုံးသည်။ သူ့အပြုံးမှာ မလိုတမာ အပြုံး။

'မထင်နှင့် ကိုယ့်ဆရာရေ့၊ သူ လုပ်ချင်ရာ လုပ်ဖို့ အခွင့်အလမ်းကတော့ ဘယ်တော့မှ ရမှာ မဟုတ်တော့ဘူး၊ စိတ်သာချ၊ တစ်သက်လုံး ပတ်တီးတွေ ရေတွက်နေရမှာပဲ'

အင်ဒရူးသည် စားပွဲပေါ်မှ သူ့ဦးထုပ်ကို ကောက်ယူလိုက်ပြီး ဟုတ်ပ်၏ မျက်နှာကို တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။

'ခင်ဗျားမှာလည်း ပြဿနာနှင့်ပဲ ဟုတ်ပ်၊ ခင်ဗျား ပြဿနာက တခြားတော့ မဟုတ်ပါဘူး၊ အသက် သိပ်ငယ်နေသေးတဲ့ ပြဿနာပဲ' ဟုလည်း ပြောလိုက်လေ၏။

ထိုအပတ် တနင်္လာနေ့တွင် အင်ဒရူးနှင့် ခရစ္စတီတို့သည် ခရီးထွက်ရန်





အတွက် မော့ရစ် ကားအဟောင်း တစ်စီးကို ပေါင် ၆၀ နှင့် ဝယ်လိုက်ကြသည်။ ထို့နောက် မင်၊ အက်ဖ်၊ ဘီ ဘုတ် အဖွဲ့၏ မဟာလုပ်ငန်းကြီး တစ်ရပ် ဖြစ်သော ရှေးဦး သူနာပြု ဆေးပစ္စည်းများ စစ်ဆေးရေး လုပ်ငန်းကြီးကို ဆောင်ရွက်ရန် ခရီး စထွက်လေ၏။

သူတို့၏ကား အဝေးပြေး ကားလမ်းမကြီး အတိုင်း မြောက်ဘက်သို့ ဦးတည်၍ သွားနေချိန်တွင် နှစ်ယောက်စလုံး စိတ်ပျော်ရွှင်မှု ရမိကြသည်မှာ အမှန်ပင် ဖြစ်၏။ ကားကို ခပ်ထိန်းထိန်း မောင်းရင်း အင်ဒရူး၏ မျက်စိထဲဝယ် လူဝံနှင့် တူလှသော ဒီဝါး၏ မျက်နှာကို မြင်ယောင်လာမိသဖြင့် ခရစ္စတီအား စကား တစ်ခွန်း လှမ်းပြောလိုက်သည်။

'ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ တစ်ထောင့် ရှစ်ရာ သုံးဆယ့် နှစ်ခုတုန်းက ရေတစ်စက်ချင်း ကျနေတာကို ကြည့်ပြီး ပြင်သစ် သိပ္ပံပညာရှင် လဗွိုင်းဆီးယား ဘာတွေ ပြောခဲ့တယ် ဆိုတာ ဂရုစိုက်စရာ မလိုတော့ပါဘူး၊ ကိုတို့ နှစ်ယောက် တွဲမိပြီဟာ၊ ဘာမဆို ရင်ဆိုင်နိုင်ပြီပေါ့၊ မဟုတ်ဘူးလား ခရစ္စတီ'

လုပ်ရသည့် အလုပ်ကတော့ အသုံးမကျသည့် အလုပ်ဟုပင် အင်ဒရူးက ယူဆသည်။ ကျောက်မီးသွေး တွင်းများတွင် ထားသည့် သူနာပြု ဆေးပစ္စည်းများကို စစ်ဆေးရသော အလုပ်ဖြစ်ရာ ပညာပါသည့် အလုပ် တစ်ခု မဟုတ်ပေ။ စစ်ဆေးရသည့် ပစ္စည်းများတွင် ဒဏ်ရာ ကျပ်စည်းသည့် ပစ္စည်း ကိရိယာများ၊ ပတ်တီးများ၊ ဂွမ်းများ၊ အဆိပ်ဖြေဆေးများမှ စ၍ သွေးတိတ်အောင် ပြုလုပ်သည့် ပစ္စည်း ကိရိယာများ အထိ ပါဝင်လေသည်။

ကျောက်မီးသွေး အကောင်းစား ထွက်သည့် တွင်းများတွင် ထားသော ဆေးပစ္စည်းများမှာ ပြည့်စုံရုံမျှမက အလွန် ကောင်းမွန်၍ စနစ်ကျသည်ကို စစ်ဆေး တွေ့ရှိရသော်လည်း ကျောက်မီးသွေး အကောင်းစား မထွက်သည့် တွင်းညံ့များရှိ ဆေးပစ္စည်းများမှာမူ စုံစုံလင်လင် မရှိရုံမျှမက ထားပုံ သို့ကလည်း ဖြစ်ကတတ်ဆန်း နိုင်လွန်းလှသည်ကို စစ်ဆေး တွေ့ရှိနေရလေ၏။

အင်ဒရူးသည် ဤအလုပ်ကို လုပ်ရန် သူ့အား တာဝန်ပေးတော့မည်ဟု ဆွေးနွေး စီစဉ်နေစဉ် အခါက လုပ်လိုသော ဆန္ဒ မရှိခဲ့သော်လည်း ယခု [illegible] မဖြစ်၍ လုပ်လာရသည့်အခါ ပေါ့ပေါ့တန်တန် သဘောမထားဘဲ သူ့ဉာဏ် သူ့အကျင့်အတိုင်း စေတနာ အပြည့်အဝ ထား၍ လုပ်လေသည်။

ဆေးပစ္စည်းများကို စစ်ဆေးရာ၌ မြေပေါ်၌ ထားသည့် ပစ္စည်း[illegible] သာမက မြေအောက် တွင်းများထဲ၌ ထားသည့် ပစ္စည်းများကိုပါ [illegible]



www.burmeseclassic.com

www.burmeseclassic.com

အထိ ဆင်း၍ စစ်ဆေးခြင်းပြုသည်။ မြေအောက် တွင်းများထဲသို့ ဆင်းသည့် အလုပ်မှာ အင်ဒရူး အဖို့ အသစ်အဆန်း အလုပ် တစ်ခု မဟုတ်တော့ပေ။ အေဘာရာလောမြို့တွင် နေစဉ် ကတည်းက လုပ်လာခဲ့ရသော အလုပ် ဖြစ်၍ ရိုးနေပေပြီ။

အများအားဖြင့် တာဝန် ရှိသူများသည် မြေအောက် တွင်းများထဲ၌ ဆေးပစ္စည်းများကို မထားကြသည်က များ၏။ သူ သွားရောက် စစ်ဆေးချိန် ကာ့ခါမှ သူ တွင်းထဲသို့ မဆင်းမီ နာရီဝက်ခန့် ကြို၍ ကပျာကယာ အပြေးအလွှား ဆင်းသွားပြီး ထားကြသည်ကိုလည်း တွေ့ရလေ၏။

ရောရှိုင်းယား နယ်ဘက်ရှိ ကျောက်မီးသွေးတွင်း အငယ်စားများသို့ ရောက်စဉ်က တစ်နေရာတွင် လက်ထောက် မန်နေဂျာများ ကျိတ်၍ လုပ်ပုံ ကလေး တစ်ခုမှာ ရယ်စရာ ကောင်းလှသည်။ ထိုစဉ်က လက်ထောက် မန်နေဂျာ တစ်ဦးသည် သူ့ဘက်သို့ လှည့်၍ 'ထိုင်ပါဦး ဒေါက်တာ၊ နောက် တစ်မိနစ်လောက် ဆိုရင် အားလုံး အဆင်သင့် ဖြစ်မှာပါ' ဟူသော စကားကို မပြောမီ စက္ကန့်ပိုင်းကလေး အတွင်းမှာပင် အချင်းချင်း တီးတိုး လေသံဖြင့် 'ဟေ့ ဂျော်ဒီ၊ တွင်းထဲကို မြန်မြန် ဆင်းစမ်း၊ အလက်စ်ကို ပြော၊ ဆေး ပစ္စည်းတွေ မြန်မြန် စုပြီး အဆင်သင့်ထားနှင့်လို့၊ စစ်တဲ့လူ လာနေတယ် ပြော' ဟု တိတ်တဆိတ် ကျိတ်၍ ခိုင်းနေသံကို အမှတ်မထင် ကြားခဲ့ရဖူးလေသည်။

မည်သို့ပင် ဖြစ်စေ အင်ဒရူးသည် သူ့တာဝန်ကို ကျေပွန်အောင် အသိစိတ်ဓာတ် အပြည့်အဝဖြင့် ကြိုးစား အားထုတ်၍ လုပ်ကိုင်သည်။ သူသည် ကျောက်မီးသွေးတွင်း ရှိသော နေရာများသို့ မရောက် မရှိစေရအောင် သူ့ကားနှင့် ပိုက်စိပ်တိုက်၍ သွားလေသည်။ ကျောက်မီးသွေးတွင်းများဆီ ရောက်၍ သူ စစ်ဆေးနေပြီ ဆိုလျှင် ခရစ္စတီသည် တစ်နေရာရာတွင် ထိုင်၍ အကျီဖာထိုးရင်း မပျင်းမရိ စောင့်နေတတ်ပေသည်။

သူတို့သည် ခရီး သွားရင်း စွန့်စားခန်းများစွာနှင့် ရင်ဆိုင်ကြရသည်။ အထူးသဖြင့် အခန့်၊ ငှားစားသော အမျိုးသမီးကြီးများနှင့် မကြာခဏ ပြဿနာ ဖြစ်ကြရ၏။ ခရီး သွားရင်းနှင့်ပင် မိတ်ဆွေ အပေါင်းအသင်းများလည်း တိုးလာသည်။ အထူးသဖြင့် ကျောက်မီးသွေးတွင်း စစ်ဆေးရေးမှူးများနှင့် သိကျွမ်း ခင်မင်လာခဲ့ရ၏။ သူ ဘာလုပ်ဖို့ လာသည်ကို သိရ ကြားရသော အလုပ်သမားများသည် မရယ်ဘဲ မနေနိုင်ကြပေ။ ဘဝကို လက်တွေ့ကျကျ ရင်ဆိုင်၍ အပြင်းအထန် ရုန်းကန်နေရသော ကျောက်မီးသွေး တွင်းတူး





အလုပ်ကြမ်းသမားကြီးများ အဖို့တော့ အင်ဒရူး၏ အလုပ်သည် ရယ်စရာ ကောင်းသည့် ပြက်လုံးသဖွယ် ဖြစ်လျက် ရှိ၏။ သူ့အလုပ် အကြောင်းကို ကြားလိုက်ရလျှင် ဟက်ဟက်ပက်ပက် အူလှိုက်သည်းလှိုက် ဝိုင်း၍ ရယ်မောကြသည်က များသည်။ ဝမ်းနည်းစရာ ကောင်းသည်ကား အင်ဒရူး ကိုယ်တိုင်ပင်လျှင် သူတို့နှင့် ရော၍ အားရပါးရ ရယ်မောခဲ့မိခြင်းပင်တည်း။

မတ်လတွင် သူတို့ လန်ဒန်သို့ ပြန်ရောက်ကြသည်။ ရောက်လျှင် ရောက်ချင်း မော်တော်ကားကို ပြန်ရောင်းရာ မူလ ဝယ်ရင်းဈေးထက် ဆယ်ပေါင်မျှသာ လျော့လေသည်။ ထို့နောက်တွင်မူ အင်ဒရူးသည် သူ ဆောင်ရွက်ပြီးခဲ့သည့် အလုပ် အတွက် အစီရင်ခံစာ ရေးရန် စီစဉ်လေတော့၏။

ဤလုပ်ငန်း အတွက် ဘုတ်အဖွဲ့သည် ငွေကြေး အထိုက်အလျောက် အကုန်အကျ ခံခဲ့ရသည် ဖြစ်ရာ ကုန်ကျစရိတ်နှင့် တန်အောင် သူ့ဘက်က လုပ်ပေးသင့်သည်ဟု အင်ဒရူးက ယူဆသည်။ ထို့ကြောင့်လည်း သူ့ အစီရင်ခံစာကို စုံအောင်၊ တိကျအောင် ကြိုးစား၍ ရေးသည်။ စာရင်းဇယားများနှင့် ပတ်သက်၍ ဇယားများ၊ ဂရပ်ပုံများနှင့် ပုံစံများကို အသေးစိတ်၍ ဖော်ပြနိုင်ရန် အားထုတ်သည်။ သူ့အနေဖြင့် သူ့အလုပ်ကို ကျေပွန်အောင် မည်မျှအထိ ကြိုးစား အားထုတ်ထားသည်ကို ဘုတ်အဖွဲ့ဝင်များ သိအောင် လုပ်မည်ဟုလည်း ခရစ္စတီအား ပြောပြလေသည်။

မတ်လ အကုန်တွင် သူ၏ အစီရင်ခံစာ ပထမ မူကြမ်းကို ဂစ်လ်မှ ဘစ်ဆင့် ဘုတ်အဖွဲ့သို့ တင်လိုက်လေ၏။ အစီရင်ခံစာ တင်ပြီး မကြာခင်မှာပင် ကုန်သွယ်ရေး ဘုတ်အဖွဲ့မှ ဒေါက်တာ ဘစ်စဘီက သူ့အား တွေ့လိုကြောင်း သိရသောအခါ အင်ဒရူးမှာ အံ့အားသင့် နေမိလေ၏။

'ခင်ဗျားရဲ့ အစီရင်ခံစာကို သူ သိပ်သဘောကျနေတယ်'

ဒေါက်တာ ဘစ်စဘီနှင့် တွေ့ရန် နှစ်ယောက် အတူတွဲ၍ ဝှိုက်ဟောလမ်း အတိုင်း လျှောက်လာစဉ် ဂစ်လ်က ဝမ်းသာအားရ ပြောပြလေသည်။

'ခင်ဗျား ကံအလိုက်သားပဲ၊ စစချင်း အဆင်ပြေဖို့ ဆိုတာ မလွယ်လှဘူး၊ ဘစ်စဘီဟာ ဘယ်လောက် အရေးပါ အရာရောက်တယ် ဆိုတာ ခင်ဗျားကတော့ သိမှာ မဟုတ်ဘူး၊ ဘစ်စဘီဟာ ဘုတ်အဖွဲ့ တစ်ဖွဲ့လုံးကို သူ့အိတ်ထဲ ထည့်ထားတဲ့ လူတစ်ယောက်ဗျ၊ ခင်ဗျား အတွက် အင်မတန် ကောင်းတဲ့ အခွင့်အရေး တစ်ရပ်ပဲ'

သူတို့ ရောက်သွားသည့် အခါ ဒေါက်တာ ဘစ်စဘီ၏ အခန်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ဝင်ခွင့် မရဘဲ ဧည့်စောင့်ခန်းထဲတွင် ခဏမျှ ထိုင်၍ စောင့်ရသေးသည်။ အခန်းထဲ ရောက်သွားသည့် အခါကျတော့လည်း ပျူပျူငှာငှာ ရှိလှသော ဘာစ်စဘီကို တွေ့ရ၏။ လူပုံကတော့ ဝဝဖိုင့်ဖိုင့်နှင့် အသားအရေ စိုစိုပြည်ပြည် ရှိလှသည်။ မီးခိုးရောင် ခပ်ရင့်ရင့် ဝတ်စုံနှင့် ထည်ဝါ သားနားလှသည်။ အလွန် အလုပ်များလေသည့် ဟန်ပန် အမူအရာကိုတော့ အပြည့် ဆောင်ထားလေသည်။

'လာ ထိုင်ကြ၊ ခင်ဗျားရဲ့ အစီရင်ခံစာ အကြောင်း ပြောမလို့ မေဆန်၊ ခင်ဗျား တင်လိုက်တဲ့ စာကြမ်းကို ကျွန်တော် အနည်းအကျဉ်း ဖတ်ပြီးပြီ၊ အားလုံး ခြုံပြီး ဝေဖန်ဖို့ကတော့ စောသေးတယ်၊ ဒါပေမဲ့ အခု မြင်ရသလောက်တော့ ကျွန်တော် သဘောကျတယ်၊ ရေးထားတာ သိပ်ပြီး စနစ်ကျတယ်၊ စာရင်းဇယားနှင့် ဂရပ်တွေ ပြပုံကလည်း သိပ်ကောင်းတယ်၊ ဒီနေရာမှာ ကျွန်တော် ပြောပြချင်တာ တစ်ခု ရှိတယ်၊ ကျွန်တော်တို့ စက်ရုံ အလုပ်ရုံတွေနှင့် သတ္တုတွင်းတွေမှာ ထားမယ့် ပစ္စည်းတွေကို တညီတညွတ်တည်း ဖြစ်နိုင်သမျှ ဖြစ်အောင် စံအဖြစ် သတ်မှတ်တော့မယ် ဆိုရင် ကျွန်တော်ရဲ့ အယူအဆကို ခင်ဗျား သိထားဖို့ လိုမယ်လို့ ထင်တယ်၊ ပထမ အချက်အနေနှင့် ခင်ဗျားက လက်ရှိ သုံးနေတဲ့ ပတ်တီးကို အသုံးပြုသွားဖို့ ထောက်ခံထားတယ်၊ ကျွန်တော်ကတော့ နှစ်လက်မခွဲ ပတ်တီးကို ပိုကြိုက်တယ်၊ ကျွန်တော် ပြောတာ ခင်ဗျား ဘယ်လို သဘောရသလဲ၊ ကြိုက်ရဲ့ မဟုတ်လား'

ရေးကြီးခွင်ကျယ် မလုပ်သင့်သည့် အချက်ကို အဓိကထား ပြောလာသောအခါ အင်ဒရူးသည် သူ့အကျင့်အတိုင်း စိတ်တိုစ ပြုလာသည်။

'ကျွန်တော်ရဲ့ ကိုယ်ပိုင် အယူအဆကို ပြောရရင်တော့ သတ္တုတွင်းတွေမှာ သုံးဖို့ အတွက် ဆိုရင် ပတ်တီးဟာ ကြီးလေ ကောင်းလေပဲ၊ ဒါပေမဲ့ အခု ခင်ဗျား ပြောတဲ့ အတိုင်းအထွာနှင့်လည်း သိပ်ကွာတာမှ မဟုတ်တာ၊ နှစ်လက်မခွဲလောက်နှင့်တော့ ထူးခြားလာမယ်လို့ ကျွန်တော် မထင်ဘူး'

'ဘာ ဘယ်လို'

ဘာစ်စဘီ၏ နားရွက်များသည် နီရဲလာသည်။

'မထူးခြားဘူး ဟုတ်လား'

'နည်းနည်းကလေးမှ မထူးခြားဘူး'

'ဒါပေမဲ့ ခင်ဗျား မသိဘူးလား၊ ခင်ဗျား နားမလည်ဘူးလား၊ စံနှုန်းအဖြစ် သတ်မှတ်တဲ့ အခြေခံမူ တစ်ရပ်လုံးနှင့် ဆက်စပ်နေတယ် ဆိုတဲ့





အချက်ကို ထည့်စဉ်းစားရမယ် မဟုတ်လား၊ တကယ်လို့ ကျွန်တော်တို့က နှစ်လက်မခွဲ ပတ်တီးကို အဆိုပြုထားပြီး ခင်ဗျားက သုံးလက်မ ပတ်တီးကို ထောက်ခံထားတယ် ဆိုရင် ပြဿနာ ဖြစ်စရာ အကြောင်းက ရှိနေတယ်'

'ဒီလိုဆိုရင်လည်း ကျွန်တော်ကတော့ သုံးလက်မပဲ ထောက်ခံမှာပဲ'

အင်ဒရူး၏ အသံမှာ အေးစက် မာကျောလှပေသည်။

ဒေါက်တာ ဘာစ်စဘီ၏ လည်ဆံမွေးများသည် ထောင်လာလေသည်။

'ဒီလိုဆိုရင်တော့ ခင်ဗျား သဘောထားကို နားလည်ဖို့ အလွန် ခက်သွားပြီ၊ ကျုပ်တို့ နှစ်လက်မခွဲ ပတ်တီးကို သုံးလာတာ နှစ်ပေါင်းများစွာ ကြာသွားပြီပဲ၊ ဘာ့ကြောင့် ခင်ဗျားက...၊ အင်းလေ အခု ကိစ္စဟာ ဘယ်လောက် အထိ ပြဿနာ ကြီးလာနိုင်တယ်ဆိုတာ ခင်ဗျား မသိဘူး ထင်တယ်'

ဘာစ်စဘီ စိတ်တိုလာသော အခါ အင်ဒရူးကလည်း ဒေါသကြီးလာသည်။ သူ့ကိုယ်သူ ထိန်းချုပ်ခြင်း မပြုတော့ချေ။

'ကျုပ် ကောင်းကောင်း သိပါတယ်၊ ဒါနှင့် ကျုပ် ခင်ဗျားကို တစ်ခု မေးစမ်းပါရစေ၊ ခင်ဗျား မြေအောက် ကျောက်မီးသွေး တွင်းထဲကို ဘယ်နှခေါက်များ ဆင်းခဲ့ဖူးသလဲ၊ ကျုပ်က အခေါက်ပေါင်း မရေတွက်နိုင်လောက်အောင် ဆင်းခဲ့ဖူးတဲ့ အကောင်၊ ဆင်းခဲ့ရုံတင် မကဘူး၊ ရွှံ့တွေ ရေတွေထဲမှာ အလျားမှောက်ပြီး လက်ဆွဲ မီးအိမ်ကလေး တစ်လုံးနှင့် ဒဏ်ရာ ရတဲ့ လူကို ခွဲစိတ်လာခဲ့ဖူးတဲ့ အကောင်ဗျ၊ ကျုပ် ပြောင်ပြောင်ပဲ ပြောတော့မယ်၊ ရေးကြီးခွင်ကျယ် လုပ်စရာ မလိုတဲ့ ပတ်တီး လက်မဝက် ကွာနေတဲ့ ကိစ္စကို ကျုပ်ကတော့ စကားထဲ ထည့်ပြောနေရလောက်အောင်ကို တန်ဖိုး ရှိတယ်လို့ မတွက်ဘူး'

အင်ဒရူးသည် ဒေါသတကြီးနှင့် သူ ပြောချင်သမျှကို ပြောပြီးလျှင် ပြီးချင်း အခန်းထဲမှ ထွက်လာခဲ့လေ၏။ ဂစ်လ်မှာလည်း ယောင်တိယောင်ကန်းဖြင့် အင်ဒရူးနောက်မှ ပါလာသည်။ ဂစ်လ်သည် စိတ်မကောင်း ကြီးစွာဖြင့် လက်နှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကာ ဖြစ်ခဲ့ရသည့် ကိစ္စ အတွက် တစ်လမ်းလုံး တဖျစ်တောက်တောက် ညည်းညူလာလေသည်။

ရုံးသို့ ပြန်ရောက်သည့်အခါ အင်ဒရူးသည် သူ့အခန်းထဲတွင် ရပ်၍ မြစ်ပြင်ဆီသို့ လည်းကောင်း၊ အသက်ဝင် လှုပ်ရှားလျက် ရှိသော လမ်းများကို လည်းကောင်း၊ လမ်းမကြီးများပေါ်၌ ပြေးလွှားနေကြသော ဘတ်စကားများကို လည်းကောင်း၊ တံတားများ အပေါ် ကျော်ဖြတ် သွားလာနေကြသော မော်တ



www.burmeseclassic.com

www.burmeseclassic.com



ရထားများကို လည်းကောင်း၊ ပျားပန်းခပ်မျှ လှုပ်ရှား သွားလာနေကြသော လူများကို လည်းကောင်း၊ ပီပြင်လွန်းလှသော ဘဝ ခရီး ရေစီးကြောင်း မြင်ကွင်းများဆီသို့ တွေဝေ ငေးမောနေမိလေသည်။

'ငါ ဒီအဖွဲ့မှာ ဆက်လုပ်နေလို့ ဖြစ်မယ် မထင်တော့ပါဘူး'

သူသည် စိတ်ပျက်လက်ပျက်နှင့် တွေးမိလေသည်။

'ငါ အလုပ်က ထွက်မှ ဖြစ်မှာပါ'

အင်ဒရူး အနေဖြင့် ယင်းကဲ့သို့ ဘုတ်အဖွဲ့ အပေါ်၌ စိတ်ကုန်ခန်းသလို ဖြစ်နေစဉ် အတွင်းမှာပင် အက်ဘီးကလည်း ဘုတ်အဖွဲ့ အစည်းအဝေးများသို့ လုံးဝ တက်ရောက်ခြင်း မပြုတော့ပေ။ ဤအချိန်မျိုးတွင် အဖွဲ့ဝင် တစ်ဦးဖြစ်သော ပါမောက္ခ ချယ်လစ်က အင်ဒရူး အားပျက်စေမည့် သတင်း တစ်ခုကို ပေးပြန်လေ၏။

တစ်ရက်တွင် ချယ်လစ်သည် အင်ဒရူးအား နေ့လယ်စာ ခေါ်ကျွေးပြီး ရှင်းနေသည် အပူဒွေ့ကြောင့် ကိုယ်ခန္ဓာ ထိခိုက် ပင်ပန်းမှု ပြဿနာကို သုတေသန လုပ်ရန် စိတ်အား ထက်သန်နေကြောင်း၊ ထိုလုပ်ငန်းကိုလည်း အင်ဒရူးအား တာဝန်ပေးရန် ကျိတ်၍ ကြံစည် ကြိုးစားနေကြောင်း ပြောပြလေသည်။

ချယ်လစ်၏ ပြောစကားကို ကြားရသော အင်ဒရူးသည် ဂရုမစိုက်သည့် ဟန်ဖြင့် ရယ်စရာစကား ဆိုခဲ့သော်ငြားလည်း စိတ်ထဲတွင်ကား အလွန် မကျေမနပ် ဖြစ်ခဲ့လေသည်။

တစ်ရက်တွင် အင်ဒရူးသည် အလုပ်ခွင်မှ အိမ်သို့ ခြေကျင် လျှောက်၍ ပြန်လာသည်။ တချို့သော အိမ်များ ရှေ့တွင် ဆရာဝန် ဆိုင်းဘုတ်ကလေးများ ချိတ်ထားသည်ကို မြင်ရလေ၏။ သူသည် ထိုဆိုင်းဘုတ်ကလေးများကို တစေ့တစောင်း ကြည့်ကာ စိတ်ထဲမှ ကျိတ်၍ မနာလိုသလိုလို ဖြစ်မိလေ၏။ သူသည် အခိုက်အတန့်မျှ ရပ်၍ အကဲခတ်မိသည်။ အိမ်ရှေ့သို့ လူနာ ရောက်လာ၏။ လူနာသည် တံခါးဝ အထိ လျှောက်သွားသည်။ ပြီးတော့ တံခါးဝမှ ဘဲလ်ကို နှိပ်သည်။ ထိုအခါ ဆရာဝန်၏ အိမ်တံခါးသည် ပွင့်လာပြီး ချက်ချင်းပင် လူနာသည် အိမ်ထဲသို့ ဝင်သွားလေ၏။

ထိုမြင်ကွင်းသည် အင်ဒရူး၏ မျက်စိထဲမှ မထွက်တော့ချေ။

သူသည်လည်း ဆရာဝန် တစ်ဦး ဖြစ်သည် မဟုတ်ပါလော။

ထိုအတွေးသည် သူ့နှလုံးသားအား ရိုက်ခတ်လျက် ရှိလေသည်။





မေလ ကုန်ခါနီး တစ်ရက် ညနေ ငါးနာရီခန့်တွင် အင်ဒရူးသည် အုတ်ကလေလမ်း အတိုင်း လျှောက်လာရာ လမ်းဘေး ပလက်ဖောင်းပေါ်၌ လဲနေသော လူတစ်ယောက်အား ဝိုင်းအုံ ကြည့်နေကြသည့် လူတစ်စုကို မြင်ရလေ၏။ ပလက်ဖောင်းဘေးရှိ ရေမြောင်းထဲတွင် ကျိုးပဲ့ ကြေမွကာ ပုံပျက်ပန်းပျက် ဖြစ်နေသော စက်ဘီး တစ်စီး ရှိနေသည်။ ယင်း စက်ဘီးပေါ်တွင် မေးတင်လုနီးနီး ဖြစ်နေသော လော်ရီကား တစ်စီးကိုပါ မြင်ရလေသည်။

ငါးမိနစ်ခန့် အကြာ အင်ဒရူးသည် လူအုပ် အလယ်ကို ရောက်သွားပြီး ဒဏ်ရာဖြင့် လဲနေသော လူအား ကြည့်မိသည်။ ထိုလူ အနီးတွင် ရဲသား တစ်ယောက်သည် ဒူးထောက် ထိုင်လျက် ရှိသည်။ လဲနေသူ၏ ပေါင်တွင် ရထားသည့် ဒဏ်ရာမှ သွေးများသည် မရပ်မနား ထွက်လျက် ရှိသည်ကို တွေ့ရလေ၏။

'ကျွန်တော် ကြည့်ပါရစေ၊ ကျွန်တော် ဆရာဝန်ပါ'

သွေးတိတ်အောင် တတ်နိုင်သမျှ နည်းများဖြင့် ကြိုးပမ်း အားထုတ်နေသော ရဲသားသည် အင်ဒရူးအား လှမ်းကြည့်သည်။

'ကျွန်တော် သွေးတိတ်အောင် လုပ်နေတာပဲ ဒေါက်တာ၊ သွေးက သိပ်ထွက်လွန်းနေတယ်'

ပတ်တီး စည်းပေးရုံနှင့် သွေးတိတ်မည့် လက္ခဏာ မရှိကြောင်းကို အင်ဒရူး သိသည်။ ရထားသည့် ဒဏ်ရာမှာ နက်လှသည် ဖြစ်ရာ သွေးကြောကို ထိခိုက်မိပုံ ရ၏။ ဤအတိုင်း ဆိုလျှင် ထိုလူသည် သွေးလွန်ပြီး သေဖွယ်ရာသာ ရှိပေတော့သည်။

'ကဲ ခင်ဗျား ထ'

အင်ဒရူးက ရဲသားအား ထခိုင်းသည်။

'သူ့ကို ပက်လက်လှန်လိုက်'

အင်ဒရူးသည် သူ၏ ညာလက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး တစ်ကိုယ်လုံးရှိ ခွန်အားကို သုံးကာ ထိုလူ၏ ဝမ်းဗိုက်ကို ဖိနှိပ်ပေးသည်။ ဤနည်းဖြင့် ပင်မ သွေးကြောကြီးဆီမှ သွေးလာတန့်သွားအောင် လုပ်လေသည်။ ရဲသားသည် သူ့ခေါင်းမှ ဦးထုပ်ကို ချွတ်ကာ နဖူးမှ ချွေးသီး ချွေးပေါက်ကြီးများကို လက်ခုံနှင့် သုတ်လိုက်လေ၏။

ငါးမိနစ်ခန့် အကြာတွင် လူနာတင်ယာဉ် ရောက်လာသည်။ အင်ဒရူးသည် လူနာတင်ယာဉ်နှင့် လူနာကို စောင့်ကြပ် ကြည့်ရှုရင်း ပါသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ နံနက်တွင် အင်ဒရူးသည် ဆေးရုံသို့ ဖုန်းဆက်၍ ထိုလူနာ၏ အခြေအနေကို စုံစမ်းသည်။ တာဝန်ကျ လက်ထောက် ဆရာဝန်က 'သက်သာပါတယ်၊ အခု မေးတာ ဘယ်သူပါလဲ' ဟု ပြန်မေးသည်။

အင်ဒရူးကတော့ အမှုမဲ့ အမှတ်မဲ့နှင့် 'ဘယ်သူမှ မဟုတ်ပါဘူး' ဟု အဖြေ ပေးလိုက်မိ၏။ အဖြေ ပေးပြီးခါမှပင် သူ ပေးခဲ့သော အဖြေသည် သူ၏ လက်ရှိ အခြေအနေနှင့် အလွန် ညီညွတ်နေကြောင်း သတိပြုမိလေ၏။ လက်ရှိ အခြေအနေအရ ဆိုလျှင် သူ့ကိုယ်သူ ဘာကောင်မှန်း မသိပေ။ သူ့တွင် လုပ်စရာ ကိုင်စရာ ဟူ၍လည်း မည်မည်ရရ မရှိပေ။ အမှန်အတိုင်းသာ ဝန်ခံရမည် ဆိုလျှင် သူ့မှာ နေစရာလည်း အတည်တကျ မရှိသေးပေ။ နေရင်းထိုင်ရင်းနှင့် ယောင်သုံးဆယ်သမား ဘဝသို့ ရောက်မှန်း မသိ ရောက်နေပြီဟုပင် သူ့ကိုယ်သူ ထင်လာမိလေ၏။

သူသည် ရက်သတ္တပတ် ကုန်ဆုံးသည် အထိတော့ သည်းခံ၍ နေသေး၏။ ထိုနောက်တွင်မူကား ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ရာထူးမှ နုတ်ထွက်စာကို ဂစ်လ်မှ တစ်ဆင့် ဘုတ်အဖွဲ့သို့ တင်လိုက်လေ၏။

အင်ဒရူး ရာထူးမှ နုတ်ထွက်သွားသည့် အတွက် စိတ်မကောင်း ဖြစ်နေသူမှာ ဂစ်လ် ဖြစ်၏။ သူ့ရှေ့၌ အမှတ်မထင် ဖြစ်ခဲ့ရသော ကိစ္စကို အကြောင်းပြု၍ ရာထူးမှ နုတ်ထွက်သွားသည် အထိ ပြဿနာ ကြီးလာရခြင်း အတွက် သူ့စိတ်မှာ များစွာ ထိခိုက်ခဲ့ရပါသည်ဟု အင်ဒရူးအား ပြောလေသည်။

'ခင်ဗျားရဲ့ နေရာကနေ ကြည့်မယ် ဆိုရင် ဘယ်လို ခံစားရမယ် ဆိုတာ ကျွန်တော် နားလည်ပါတယ်၊ ကိုယ်ချင်းလည်း စာမိပါတယ်ဗျာ၊ စစ်ကြီးအတွင်းက အဖြစ်မျိုးနှင့် နှိုင်းယှဉ် ကြည့်လိုက်ရင် ခင်ဗျား လုပ်ခဲ့ရတဲ့ နေရာဟာ နောက်တန်းက မဟုတ်ဘဲ ရှေ့တန်းမှာ တပ်သားတွေနှင့် အတူ တာဝန်ကျနေတဲ့ သဘောမျိုး ဆိုတော့ လက်တွေ့ ပိုပြီး သိတာပေါ့' ဟု ဆိုလေသည်။

ဟုတ်ပ်ကတော့ သူ့ဇံသီ အတိုင်း 'ဒီဘဲကြီး ပြောတာ ဂရုစိုက်မနေစမ်းပါနှင့်ဗျာ၊ ခင်ဗျား ဒီအလုပ်က စောစောစီးစီး ထွက်သွားတာဟာ ခင်ဗျား အဖို့ ကံကောင်းတာပဲ မှတ်၊ ကျွန်တော်လည်း ကိုယ့်အကြောင်းနှင့် ကိုယ်မို့ နေရတာ၊ သုံးနှစ် ပြည့်ရင်တော့ ထွက်မှာပဲ' ဟု ဆိုလေ၏။

အင်ဒရူး အလုပ်မှ ထွက်လာပြီးသည့် နောက်ပိုင်းတွင် အမှုန်နှင့် ဖုန်များကြောင့် ဖြစ်လာရသည့် ရောဂါ ပြဿနာနှင့် ပတ်သက်၍ မင်၊ အက်ဖ်၊ ဘီ ဘုတ်အဖွဲ့၏ ဆောင်ရွက်ချက်များကို မကြားရတော့ချေ။ လပေါင်း များစွာ





ကြာမှ လော့ဒ် အန်ဂါက ယင်းပြဿနာကို လွှတ်တော်သို့ တင်ပြသည်။ တင်ပြသည့် အခါတွင် ဆေးဘက် ဆိုင်ရာ အထောက်အထားနှင့် စာရင်းဇယားများကိုပါ အတိအကျ ထည့်သွင်း တင်ပြသွား၏။ ထို အထောက်အထားများနှင့် စာရင်းဇယားများကို မင်၊ အက်ဖ်၊ ဘီ ဘုတ်အဖွဲ့ဝင် ဒေါက်တာ မောရစ် ဂက်စဘီးထံမှ ရပါသည်ဟုလည်း ပြောဆိုသွားလေသည်။

ထိုအခါ သတင်းစာများက ဒေါက်တာ မောရစ် ဂက်စဘီးအား 'လုသားတို့၏ အကျိုးတော်ဆောင်ကြီး' အဖြစ် လည်းကောင်း၊ 'ထူးခြား ထင်ရှားသည့် သမားတော်ကြီး' အဖြစ် လည်းကောင်း ဝိုင်း၍ ရေးသားကြလေ၏။ ထိုနှစ်အတွင်းမှာပင် အမှုန်များ ရှူရှိုက်မိ၍ စွဲကပ်လာရသော အဆုတ်ရောဂါကို စက်မှုလက်မှု လုပ်ငန်းခွင်မှ ရသည့် ရောဂါ အမျိုးအစား စာရင်းဝင် ရောဂါ တစ်ခု အဖြစ် တရားဝင် ထည့်သွင်း သတ်မှတ်၍ အသိအမှတ် ပြုလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ၄

www.burmeseclassic.com

www.burmeseclassic.com

[၁]

အင်ဒရူးနှင့် ခရစ္စတီတို့သည် ကိုယ်ပိုင်ဆေးခန်း ဖွင့်နိုင်ရန် ကြိုးပမ်းကြလေ၏။ ကိုယ်ပိုင် ဆေးခန်း လုပ်ငန်းမှာလည်း တကယ်တမ်းကျတော့ သိပ်ကြီး စိတ်ချရသည့် လုပ်ငန်း တစ်ခု မဟုတ်ပေ။ လုပ်တိုင်း ဟန်ကျလိမ့်မည်ဟု ပုံသေ တွက်၍ မရပေ။ အဆင်ပြေသည့် အခါ ပြေ၍ အရှုံးနှင့် ရင်ဆိုင်ရသည့် အခါ ရင်ဆိုင်ရတတ်သည် ဖြစ်ရာ ဤလုပ်ငန်း အပေါ်တွင်လည်း မျှော်လင့်ချက် အကြီးအကျယ် ထား၍ မဖြစ်ပေ။ လက်တွေ့ လုပ်လာသည့် အခါကျမှ မျှော်လင့်ချက် ကုန်ခန်းသွားသည့်အထိ စိတ်အား ပျက်လာတတ်သော သဘော ရှိလေသည်။

အင်ဒရူးသည် ဘလေးနဲလီတွင် တစ်ကြိမ်၊ အေဘာရာလော မြို့တွင် တစ်ကြိမ်၊ ယခု မင်၊ အက်ဖ်၊ ဘီ ဘုတ်အဖွဲ့တွင် တစ်ကြိမ် သုံးကြိမ်တိတိ အလုပ် ရခဲ့သော်လည်း သုံးကြိမ်စလုံးပင် အရှုံးနှင့် ရင်ဆိုင်ခဲ့ရ၏။ သူသည် သုံးကြိမ် သုံးခါတိတိ မအောင်မြင် ဖြစ်ခဲ့သော သူ့အဖြစ်ကို ပြန်၍ တွေးကာ စိတ်မကောင်း ဖြစ်မိလေသည်။

လွန်ခဲ့သော လများ အတွင်းက လစဉ် မှန်မှန် လခ ရနေခဲ့သည် ဖြစ်ရာ ထိုစဉ်က တတ်အားသရွေ့ ချွေတာ သုံးစွဲပြီး စုဆောင်းခဲ့သဖြင့် ငွေကြေး အနည်းငယ် စုမိခဲ့သည်။ စုမိသည့် ငွေမှာလည်း ပေါင် ခြောက်ရာထက်တော့ မပိုပေ။ လက်ထဲတွင် ရှိနေသည့် ထိုငွေနှင့်ပင် ကိုယ်ပိုင် ဆေးခန်း ဖွင့်မည်ဟု စိတ်ကူးခဲ့ခြင်းဖြစ်ရာ ထိုအချိန်မှ စ၍ နှစ်ယောက်သား သူ့အိုးနှင့် သူ့ဆန် တန်သည့် နေရာ တစ်ခုကို ရနိုင်ဖို့ အတွက် မနားမနေ ရှာဖွေခြင်း ပြုခဲ့ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ‘ဆေးခန်း ရောင်းငှား ကိုယ်စားလှယ်များ’ ထံသို့လည်း ရောက်ကြသည်။ လန်ဆက် သတင်းစာတွင် ပါသည့် ငှားရန် ရောင်းရန် ကြော်ငြာများကိုလည်း နေ့စဉ် ရှာဖွေ လေ့လာကြ၏။ သို့သော်လည်း သူတို့ လက်ထဲ၌ ရှိသည့် ငွေနှင့် လက်လှမ်းမမီဘဲ ဖြစ်လျက် ရှိသည်။ ဤမျှလောက် ငွေအင်အားနှင့် လန်ဒန်မြို့ပေါ်၌ ဆေးခန်း ဖွင့်ဖို့ ကိစ္စမှာ လုံးဝ မဖြစ်နိုင်ဟုပင် ယူဆရမလို ဖြစ်နေလေ၏။

ဆေးခန်း အရောင်းအဝယ် ကိစ္စနှင့် ပတ်သက်၍ ပထမဦးဆုံး တွေ့ဆုံ စကားပြောရသူမှာ ဒေါက်တာ ဘရန့် ဆိုသူ ဖြစ်သည်။ ဘရန့်မှာ အသက်အရွယ်ကြီး၍ အနားယူတော့မည် ဖြစ်သဖြင့် ထိုဆေးခန်း လုပ်ငန်းကို တစ်ဆင့် ငှားလိုခြင်း ဖြစ်ပေသည်။ သူ့နေရာကတော့ နေရာကောင်း ဖြစ်သည်။ သိလျှင်သိချင်းပင် အင်ဒရူးနှင့် ခရစ္စတီတို့သည် တက္ကစီ တစ်စီး ငှား၍ အပြေးအလွှား သွားကြသည်။

ဒေါက်တာ ဘရန့်သည် ခင်မင် နှစ်လိုဖွယ် ကောင်းသော ဟန် အမူအရာ ရှိသည်။ သိက္ခာလည်း ရှိပုံရသည်။ တစ်ခေါင်းလုံးရှိ ဆံပင်များမှာမူ ဖွေးဖွေးလှုပ်လျက် ရှိလေပြီ။

‘နေရာကတော့ သိပ်ကောင်းတဲ့ နေရာပဲ၊ အိမ်ကလည်း ကောင်းတယ်၊ ကျွန်တော် လိုချင်တာကတော့ ငှားမယ် ဆိုရင် တစ်နှစ်ကို ပေါင် ခုနစ်ထောင် လိုချင်တယ်၊ အနှစ် လေးဆယ် လုပ်ခွင့်ရမယ်၊ မြေအောက်ထပ် ငှားခတော့ တစ်နှစ်ကို ပေါင်သုံးထောင် ပေးရမယ်၊ ဆေးကု လုပ်ငန်းကို ယူတော့မယ် ဆိုရင် ထုံးစံ အတိုင်း နှစ်နှစ် အတွက် စပေါ်ငွေကို ငွေသား ပေးရမယ် ဒေါက်တာ မေဆန်’

အင်ဒရူးကတော့ ခေါင်းတဆတ်ဆတ် ညိတ်သည်။

‘ကျေးဇူးတင်ပါတယ် ဒေါက်တာ ဘရန့်၊ ကျွန်တော်တို့ စဉ်းစားပါရစေဦး’

အင်ဒရူးနှင့် ခရစ္စတီတို့သည် ဈေးပေါပေါ စားသောက်ဆိုင် တစ်ဆိုင်သို့ ဝင်ကာ သုံးပဲနီတန် လက်ဖက်ရည် တစ်ယောက် တစ်ခွက် သောက်ရင်း ပေါင် ခုနစ်ထောင်တန် ဆေးခန်း ကိစ္စကို ဆွေးနွေးကြလေသည်။

‘ငှားခက ပေါင် ခုနစ်ထောင်’

အင်ဒရူးက ဟက်ခနဲ တစ်ချက် ရယ်သည်။ သူ့ခေါင်းမှ ဦးထုပ်ကို လက်ညှိုးနှင့် ထိုး၍ ပင့်တင်လိုက်ပြီး စားပွဲပေါ်သို့ လက်နှစ်ဖက် တင်၍





ထောက်လိုက်သည်။

‘စက်ဆုပ်ဖို့ မကောင်းဘူးလား ခရစ္စတီ၊ ဒီလူကြီးတွေ လောဘ ဘယ်လောက် ကြီးတယ် ဆိုတာ တွေ့တယ် မဟုတ်လား၊ မင်း လက်ထဲမှာ ငွေ မရှိဘဲနဲ့တော့ ဒီလူမျိုးတွေရဲ့ လက်ထဲက ဘာမှ ထွက်လာမှာ မဟုတ်ဘူး၊ ကိုယ်တို့ ကျင့်သုံးနေတဲ့ စနစ်ကို အပြစ် ဆိုရမလား မသိပါဘူး၊ ဒီပုံအတိုင်းသာ ဆိုရင်တော့ မလွယ်ဘူး၊ ဒီအချိန်က စပြီး ငွေကြေးကိစ္စ အဆင်ပြေအောင် ကိုကြိုးစားမှ ဖြစ်တော့မယ်’

ခရစ္စတီက ပြုံးလေသည်။

‘ကျွန်မကတော့ မမျှော်လင့်ပါဘူး၊ ကျွန်မတို့မှာ ငွေကြေးများများ မရှိပေမဲ့ ရှိသလောက်လေးနှင့် ရောင့်ရဲ တင်းတိမ်ပြီး အထိုက်အလျောက် ပျော်အောင် နေတတ်ကြသားပဲဟာ’

အင်ဒရူးကတော့ ခရစ္စတီ၏ အယူအဆကို လက်မခံနိုင်ချေ။ ‘ဒီလိုလွယ်လွယ် ပြောလို့ ဘယ်ဖြစ်မလဲ ခရစ္စတီရယ်’ ဟု ပြောလေသည်။

အင်ဒရူးသည် သူ ရရှိထားသည့် မင်၊ ဒီ ဘွဲ့နှင့် မင်၊ အာ၊ စီ၊ ပီဘွဲ့များကြောင့် တခြား ဆရာဝန် တစ်ဦးနှင့် တွဲ၍ ဆေးခန်း ဖွင့်လိုသော ဆန္ဒလည်း မရှိပေ။ သောက်ဆေး စားဆေးများကိုသာ အဓိက ထား၍ ရောင်းချသည့် ဆေးခန်းမျိုးလည်း မဖွင့်လိုပေ။ သူသည် ဘာဆက်လုပ်ရမှန်း မသိအောင်ပင် စိတ်ရှုပ်လျက် ရှိရ၏။ ဤသို့ဖြင့် သီတင်းပတ်များစွာ ကုန်လွန်ခဲ့လေ၏။

ဤရက်များအတွင်း အင်ဒရူးသည် လန်ဒန်မြို့ပေါ် အချို့သော ရပ်ကွက်များရှိ ဆေးကုခန်းများကို လှည့်လည်၍ တစေ့တစောင်း အကဲခတ်သည်။ သူသည် တူလစီ၊ အစ်စလင်တန်နှင့် ဘရစ်စတန်ဘက်ရှိ ဆေးခန်းများကိုလည်း သွား၍ လေ့လာသည်။ ကင်ဘင်ဘက်ရှိ တစ်ခုတည်းသော ဆေးကုခန်းသို့လည်း ရောက်ခဲ့သည်။ ဆေးခန်း ဖွင့်ရေး အတွက် ဟုတ်ပ်နှင့်လည်း တိုင်ပင်ခဲ့သည်။ ဟုတ်ပ်ကမူ အင်ဒရူး၌ ရှိနေသော မဖြစ်စလောက် ငွေအရင်းအနှီးကလေးနှင့် အိမ်တစ်လုံး ငှားပြီး ဆေးခန်း ဖွင့်ရန် စီစဉ်ခြင်းသည် မိမိကိုယ်ကို သေကြောင်း ကြံစည်ခြင်းနှင့် အတူတူပင် ဖြစ်သည်ဟု ပြောလေသည်။

မည်သို့ပင် ဖြစ်စေ အင်ဒရူးကတော့ သူ့အတွက် သင့်တော်သည့် အခွင့်အလမ်းကလေး ပေါ်လာတန် ကောင်းရဲ့ဟု တွေးကာ မျှော်လင့်ချက်



www.burmeseclassic.com

www.burmeseclassic.com



ထားလေသည်။ ဤသို့ဖြင့် နှစ်လ ကျော်လာသည်။ အင်ဒရူးရော ခရစ္စတီပါ စိတ်ဓာတ်ကျကာ အားပျက်လာကြသည်။ ယင်းကဲ့သို့ ရှိနေစဉ် အတွင်းမှာပင် ကောင်းကင်ဘုံမှ သမ္မာဒေဝ နတ်ကောင်းများက စောင်မလေသလား မသိ၊ ပက်ဒင်တန်ရပ်ဘက်၌ ဆေးခန်း ဖွင့်ထားသော ဒေါက်တာ ဗွိုင်း ဆိုသူ ကွယ်လွန်သွားလေ၏။ အင်ဒရူး၏ မျက်စိသည် စာကြောင်းရေ လေးကြောင်းမျှသာ ရှိသော ဒေါက်တာ ဗွိုင်း၏ နာရေး ကြော်ငြာကို ဆေးပညာ ဂျာနယ်ထဲ၌ အမှတ်မထင် သွား၍ မြင်ကာ ဖတ်မိလေ၏။

အင်ဒရူးနှင့် ခရစ္စတီတို့လည်း ချက်ချင်းပင် အမှတ် ၉၊ ချက်စဘောရီး ကုန်းမြင့်သာယာရပ်သို့ အပြေးအလွှား သွားကြသည်။ အိမ်က ခပ်မြင့်မြင့်၊ ပုံစံကတော့ သိပ်ပြီး ခံ့ညား သစ်လွင်ခြင်း မရှိပေ။ ဆေးခန်းမှာ အိမ်၏ ဘေးဘက်တွင် ဖြစ်၍ အိမ်အနောက်ဘက်တွင်မူ မော်တော်ကားရုံ ရှိလေသည်။

သူတို့သည် ဒေါက်တာ ဗွိုင်း၏ စာရင်းစာအုပ်များကို ကြည့်ရှု လေ့လာကြသည်။ စာရင်းစာအုပ်များ အရ ဆိုလျှင် ဒေါက်တာ ဗွိုင်း၏ တစ်နှစ် ဝင်ငွေမှာ စမ်းသပ် စစ်ဆေးခနှင့် ဆေးပေးခများမှ ရသည့် ဝင်ငွေ ဖြစ်သည်။ ဒေါက်တာ ဗွိုင်း ယူခဲ့သည့် စမ်းသပ် စစ်ဆေးခနှုန်းမှာ လူနာ တစ်ဦးလျှင် သုံးသျှိလင် ခြောက် ပဲနီနှုန်း ဖြစ်ပေသည်။

သူတို့သည် ဒေါက်တာ ဗွိုင်း ဇနီး မုဆိုးမကြီးနှင့်လည်း တွေ့ဆုံ၍ စကားစမြည် ပြောခဲ့ကြသေးသည်။ ဒေါက်တာ ဗွိုင်း၏ ဆေးကု လုပ်ငန်းသည် ဝင်ငွေ အထိုက်အလျောက် ကောင်းကြောင်းကို အဘွားကြီးက အခိုင်အမာ ပြောလေသည်။ တစ်ချိန်က ဆိုလျှင် ဆေးခန်း၏ ဘေးဘက်ရှိ အိမ်ရှေ့ မျက်နှာစာ တံခါးမှသာ ဝင်ခွင့်ပြုသော 'အထက်တန်းစား လူနာ' အလာ များသဖြင့် များစွာ ဝင်ငွေ ကောင်းခဲ့သည်ဟု အဘွားကြီးက ဆိုသည်။ သူတို့သည် အဘွားကြီးအား နှုတ်ဆက်ပြီး ပြန်လာခဲ့ကြလေ၏။ အသွားတုန်းက စိတ်အား ထက်သန်သလောက် အပြန်တွင်မူ စိတ်ဓာတ် တက်ကြွမှု များစွာ မရှိကြတော့ပေ။

အင်ဒရူး၏ စိတ်မှာ သောကဖြင့် တွေဝေလျက် ရှိရပြန်လေ၏။

'ကိုတော့ဖြင့် မဆုံးဖြတ်တတ်အောင် ဖြစ်နေပြီ၊ နေရာက သိပ်ကောင်းမယ့်ပုံ မပေါ်ဘူး၊ ကို ဆေးခန်း ဖွင့်ရင် သောက်ဆေး စားဆေး များများ ပေးတဲ့ အလုပ်ကို သိပ် အသားမပေးချင်ဘူး၊ သောက်ဆေး စားဆေး များများ ရောင်းရမှ ဝင်ငွေ ကောင်းတဲ့ အဖြစ်မျိုးကို ကို မလိုချင်ဘူး၊ ပတ်





ဝန်းကျင်ကလည်း သိပ်ပြီး လူသန့်ပုံ မပေါ်ဘူး၊ ခရစ္စတီ မြင်ခဲ့တယ် မဟုတ်လား၊ ဒေါက်တာ ဗွိုင်းရဲ့ အိမ်ဘေး ပတ်ဝန်းကျင်မှာ ရှိတဲ့ အငှားချထားတဲ့ အိမ်တွေလေ၊ အားလုံး ဆွေးမြည့်နေတဲ့ အိမ်အို အိမ်ဟောင်းကြီးတွေချည်းပဲ၊ ရပ်ကွက်ရဲ့ အစွန် အဖျား ဘက်မှာတော့ လူရည်သန့်တွေ ရှိပါရဲ့၊ အိမ်ရဲ့ ထောင့်ဘက်မှာ ရှိတဲ့ လမ်းမကြီး အနေအထားကတော့ မဆိုးပါဘူး၊ ကိုတို့ လက်ထဲမှာ ရှိတဲ့ ငွေနှင့်တော့ လက်လှမ်းမီပါရဲ့၊ အဘွားကြီးကလည်း သဘော ကောင်းရှာပါတယ်၊ အဘိုးကြီးရဲ့ စမ်းသပ်ခန်းနှင့် ခွဲစိတ်ခန်းထဲမှာ ရှိတဲ့ ပစ္စည်း ကိရိယာတွေကိုပါ လွှဲပေးပါ့မယ်လို့ ပြောတာပဲ၊ လူက သေသွားပြီ ဆိုတော့လည်း သူ သုံးခဲ့တဲ့ ပစ္စည်းတွေက ဘာမှ အသုံးမဝင်တော့ဘူးပေါ့လေ၊ ဒါ့ကြောင့်လည်း လွှဲပေးတာပေါ့၊ ဒီလိုဆိုတော့လည်း ဟန်အကျသား၊ အားလုံး အဆင်သင့်ပဲ၊ အသာ ဝင်ထိုင်လိုက်ရုံပဲ၊ မင်းကော ဘယ်လို သဘော ရသလဲ ခရစ္စတီ၊ အခု ရလာတဲ့ အခွင့်အရေးကတော့ သိပ်မဆိုးဘူး ထင်တာပဲ၊ အခု ချက်ချင်း အရယူရင် ယူ၊ မယူရင် နောက်ကို ဘယ်တော့မှ ဒီလို အခွင့်အရေးမျိုး ပေါ်လာမယ် မထင်တော့ဘူး၊ ကိုတို့ စမ်းကြည့်ကြရင် ကောင်းမလား'

ခရစ္စတီကတော့ အင်ဒရူး၏ မျက်နှာကို ဝေခွဲ၍ မရသော မျက်လုံးများဖြင့် ငေးစိုက်ကြည့်နေသည်။ သူမ အဖို့တော့ လန်ဒန် မြို့ကြီး အပေါ် ငြီးငွေ့လျက် ရှိပြီ ဖြစ်၏။ လန်ဒန် မြို့တော်ကြီး၏ အသစ်အဆန်း ဟူသမျှသည် သူမ အတွက် ရိုးသွားပေပြီ။ သူမသည် တော၏ အလှကိုသာ မြတ်နိုးသူ ဖြစ်ရာ တောပိုင်းကို ပြန်ချင်သည်မှာ ကြာပြီ။ ငြီးငွေ့ဖွယ် ကောင်းလှသော ဤ ပတ်ဝန်းကျင်မှ စွန့်ခွာ ထွက်ပြေးချင်စိတ် ပြင်းပြနေသည်မှာ ကြာခဲ့ပြီ။ သို့သော်လည်း အင်ဒရူးမှာ လန်ဒန်မြို့ပေါ်၌ ဆေးခန်း ဖွင့်ချင်စိတ်ဖြင့် အရူးအမူး ဖြစ်လျက် ရှိသဖြင့် သူမ၏ ဆန္ဒမှန်ကို ဖွင့်ဟရန် ခက်ခဲလျက် ရှိလေ၏။

သူမသည် ခေါင်းကို ဖြည်းလေးစွာ ညိတ်လိုက်ပြီး 'ရှင် လုပ်ချင်တယ် ဆိုရင်တော့ သဘောပဲ အင်ဒရူး' ဟု အဖြေပေးလိုက်လေ၏။

နောက်တစ်နေ့တွင် အင်ဒရူးသည် မစ္စက် ဗွိုင်း၏ ရှေ့နေနှင့် တွေ့ဆုံသည်။ မစ္စက် ဗွိုင်း တောင်းသည့် ဈေးမှာ ပေါင် ခုနစ်ရာ့ ငါးဆယ် ဖြစ်၍ အင်ဒရူးက ပေါင် ခြောက်ရာ ဆစ်လေသည်။ နောက်ဆုံးတွင် ဈေးတည့်ကြ သဖြင့် ပေါင် ခြောက်ရာ့ ကိုးဆယ်ကို ချက်လက်မှတ်ဖြင့် ပေးချေသည်။ အောက်တိုဘာလ ဆယ်ရက် စနေနေ့တွင် အင်ဒရူးနှင့် ခရစ္စတီတို့သည် သူတို့



www.burmeseclassic.com

www.burmeseclassic.com

၍ အိမ်သစ် ဖြစ်သော အမှတ် ၉၊ ချက်စဘောရိုး ကုန်းမြင့် ရိပ်သာသို့ ရွှေ့ပြောင်းခဲ့ကြလေ၏။

အိမ်သစ်သို့ ပြောင်းလာခဲ့ပြီး နောက်တစ်ရက်တွင် တနင်္ဂနွေနေ့ ဖြစ်သဖြင့် ဆေးခန်း ပိတ်သည်။ အင်ဒရူးသည် သူတို့၏ လက်ရှိ အခြေအနေကို တွေးကာ သောက ပင်လယ်ဝေလျက် ရှိလေ၏။ သူတို့ လက်ထဲ၌ လက်ကျန်ငွေ မရှိတော့ပေ။ စုဆောင်းထားသမျှ ငွေအားလုံးမှာ မစ္စက် ဗွိုင်း၏ လက်ထဲသို့ ကူးပြောင်း ရောက်ရှိသွားပြီ ဖြစ်ရာ ငွေကြေး ကျပ်တည်းမှု ဒဏ်ကို ခံကြရတော့မည် ဖြစ်၏။ အင်ဒရူးသည် ချွေတာရေး တရားကို ဟောစပြုလေသည်။

'ကိုတို့ လက်ထဲမှာ ရှိသမျှတော့ တက်တက်ပြောင်ပြီ ခရစ္စတီ၊ ကိုတို့ အနေနှင့် တစ်နေ့ရ တစ်နေ့စား နေသွားရမယ့် အခြေအနေမှာ ရှိတယ်၊ နေ့စဉ် မှန်မှန်မှ လုံလောက်အောင် ဝင်ပါ့မလား မသိဘူး၊ အေးလေ ဒါကတော့ နတ်သိကြားတွေမှ သိမှာပဲ၊ လောလောဆယ် အခြေအနေ အရ ကိုတို့ သိရမှာက အစွမ်းကုန် ချွေတာဖို့ပဲ၊ မချွေတာလို့ကတော့ လုံးဝ မဖြစ်နိုင်တော့ဘူး'

ကျယ်ကျယ်ဝန်းဝန်း ရှိသော်လည်း အလင်းရောင် ကောင်းစွာ မရသဖြင့် ခပ်မှောင်မှောင် ဖြစ်နေသော အိမ်ရှေ့ခန်းထဲဝယ် ခရစ္စတီသည် စိတ်ပျက်လက်ပျက် ရပ်နေသည်။ အခန်းထဲဝယ် ယခု အချိန်အထိ ကော်ဇော မခင်းရသေးပေ။ မျက်နှာကြက် တစ်ခုလုံးမှာလည်း ညစ်ပတ် ပေရေလျက် ရှိ၏။ အင်ဒရူးထံမှ အစွမ်းကုန် ချွေတာဖို့ စကား ထွက်လာသည့်အခါ ခရစ္စတီသည် ပါးပြင်ပေါ်ဝယ် မျက်ရည် အရွှဲသား ဖြစ်လာသည်။ ဤမျှလောက် အထိ ဝမ်းနည်းပက်လက် ငိုကြွေးလိမ့်မည်ဟု မျှော်လင့်မထားခဲ့သော အင်ဒရူးမှာ အံ့အားသင့်လျက် ရှိလေ၏။

'ကျွန်မကို ရှင် ဘာမှ မပြောနှင့်၊ ကျွန်မ ဘာသာ ကျွန်မ အေးအေး နေပါရစေ၊ အစွမ်းကုန် ချွေတာရမယ်တဲ့ ဟုတ်လား၊ ကျွန်မ ရှင်နှင့် ရလာကတည်းက မချွေတာခဲ့လို့လား၊ ကျွန်မကြောင့် ရှင့်မှာ ငွေတွေ သိပ်များ ကုန်ကျခဲ့သလား'

'ခရစ္စတီ၊ မင်း ဘယ်လို ဖြစ်တာလဲ'

အင်ဒရူးက တအံ့တဩနှင့် မေးသည်။

ထိုအခါကျမှပင် ခရစ္စတီ သတိဝင်လာဟန်တူ၏။ ဝမ်းနည်းပက်လက် နှင့် အင်ဒရူးကို လှမ်းဖက်လိုက်လေသည်။





'ဒီအိမ် ဒီအိမ်၊ သိပ်ညစ်ပတ်တာပဲ ကိုရယ်၊ မြေအောက်ခန်းမှာရော လှေကားတွေမှာရော၊ အို အားလုံး ဖုန်တွေ အလိမ်းလိမ်း ချေး အထပ်ထပ်နှင့်။ ဘယ်လို လုပ်ရမှန်း မသိပါဘူး'

'အိုကွာ၊ ခရစ္စတီကလည်း ဒီ ညစ်ပတ်တဲ့ ကိစ္စကို ခေါက်ထားလိုက်စမ်းပါ၊ အရေးကြီးတာက ကိုတို့ရဲ့ လုပ်ငန်း အဆင်ပြေဖို့ပဲ၊ မပူသင့်တာတွေ ခေါင်းထဲ ထည့်မနေစမ်းပါနှင့်'

'ကျွန်မတော့လေ၊ တောပိုင်းမှာ သွားပြီး ဆေးခန်း ဖွင့်ရတာ ပိုကောင်းမယ် ထင်တာပဲ'

ခရစ္စတီ စကား ကြားတော့ အင်ဒရူး ဒေါ်ပွလာသည်။

'ကောင်းပေါ့ကွာ၊ ဆေးခန်း ပတ်ပတ်လည်မှာ နှင်းဆီပန်းကလေးတွေ စိုက်လို့ပေါ့ ဟုတ်လား၊ ယဉ်လိုက်တဲ့ စိတ်ကူး၊ သောက်သုံးမကျတဲ့ ဟာတွေ လျှောက်စိတ်ကူးနေတယ်'

မည်သို့ပင် ဖြစ်စေ နောက်ဆုံးကျတော့ သူ ဟောပြောမိခဲ့သော ချွေတာရေး တရား အတွက် အင်ဒရူးကပင် ခရစ္စတီအား တောင်းပန်စကား ဆို၍ ချော့နေရလေသည်။ ခရစ္စတီ၏ ခါးကို ဖက်၍ ကြက်ဥ ကြော်ရန် မြေအောက်ထပ်သို့ ဆင်းသည်။ မြေအောက်ထပ်သို့ ရောက်သည့် အခါကျတော့ ခရစ္စတီ အားတက်လာစေရန် အားပေး စကားများ ပြောပြန်သည်။ မြေအောက်ထပ် တစ်ခုလုံး ဤမျှအထိ ညစ်ပတ်နေခြင်းမှာ အခန်း၏ အပြစ် မဟုတ်၊ မိနစ်ပိုင်းနှင့် အမျှ မီးရထားများ ဖြတ်သွားနေသော ပက်ဒင်တန် မြေအောက် မီးရထားလမ်းကြောင့် ဖြစ်သည်ဟု အင်ဒရူးက ဆိုလေသည်။

ခရစ္စတီ အားတက်ပါစေတော့ ဟူသော သဘောဖြင့် အင်ဒရူးက ပြောင်လိုက် နောက်လိုက် လုပ်သည်။ သောက ကင်းဝေးနေသည့် ဟန်ဖြင့် ရယ်စရာ မောစရာများကို ပြောသည်။ ခရစ္စတီကလည်း အင်ဒရူး ဟန်ဆောင်၍ ပြောနေသမျှကို နားထောင်ကာ ပြုံးသည်။ ရယ်သည်။ သို့သော် သူမ၏ အပြုံးနှင့် အရယ်မှာ မချိပြုံး၊ မချိရယ်။ ပြုံးရယ်နေသည့် ကြားမှပင် အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်နေသော အိုးခွက် ပန်းကန်များ ဆေးကြောသည့် ကြွေခွက်ကြီးပေါ်သို့ သူမ၏ မျက်ရည်များက ကျရောက်လျက် ရှိလေသည်။

အင်ဒရူးသည် နောက်တစ်နေ့ နံနက် ကိုးနာရီ တိတိတွင် ဆေးခန်း ဖွင့်သည်။ သူ့အနေဖြင့် ဆေးခန်းကို ကိုးနာရီထက် စော၍ မဖွင့်ဟု ဆုံးဖြတ်ထားသည်။ ထိုအချိန်ထက် စော၍ ဖွင့်ပါက သူ့အား လောဘကြီးသည်ဟု



www.burmeseclassic.com

www.burmeseclassic.com

ထင်ကြပေလိမ့်မည်။

သူ့ရင်မှာ တဒိတ်ဒိတ် ခုန်လျက် ရှိပေသည်။ ဒရင်းဖီးမြို့သို့ သူ ရောက်သွားပြီး နောက်တစ်နေ့ နံနက်တွင် လူနာ တစ်ဦးကို ပထမဦးဆုံး အကြိမ် စမ်းသပ် စစ်ဆေးခဲ့စဉ်ကလည်း ယခုလိုပင် သူ၏ နှလုံးသားသည် တဆတ် ဆတ် ခုန်ခဲ့ရဖူးပါ၏။ သို့သော်လည်း ယခု ရင်ခုန်ရခြင်းသည် ထိုစဉ်က ရင် ခုန်ရခြင်းထက် အဆများစွာ သာလိမ့်မည်ဟု သူ တွေးနေမိလေ၏။

ကိုးနာရီ ခွဲပေပြီ။

သူသည် လူနာ ရောက်အလာကို တမျှော်မျှော် ဖြစ်နေမိလေသည်။

သူ၏ ဆေးခန်း အဝင်တံခါးသည် အိမ်၏ ဘေးဘက်သို့ မျက်နှာမူ ထားသည်။ ထိုတံခါးဝမှ ဝင်လာလျှင် အိမ်ကြီးနှင့် ဆက်နေသော စကြံလမ်း ကူးသို့ ရောက်သည်။ ထိုလမ်းကူးမှ တစ်ဆင့် သူ ထိုင်ရာ အခန်းသို့ ရောက် သည်။ သူ့အခန်းသည် မြေညီထပ်တွင် အလယ်ဗဟိုကျသော ပင်မအခန်း ဖြစ် ၏။ ဒေါက်တာ ဖွိုင်း ထိုင်ခဲ့သည့် စားပွဲမှာ သပ်သပ်ရပ်ရပ်တော့ ရှိပေသည်။ လူနာ စမ်းသပ်ရာ ခုတင် တစ်လုံးနှင့် သံမဏိ ဗီရို တစ်လုံးလည်း ရှိသဖြင့် အထိုက်အလျောက်တော့ ခံ့ညားသည်ဟု ဆိုနိုင်ပေသည်။

မစ္စက် ဖွိုင်း၏ ပြောစကားအရ ဆိုလျှင် အထက်တန်းစား လူနာများ သည် အိမ်ရှေ့ဘက် မျက်နှာစာရှိ တံခါးမကြီးမှ ဝင်သည်ဟု သိရ၏။ သူသည် အိမ်ဘေးဘက်ရှိ ဆေးခန်း၏ ရှေ့ဘက် တံခါးမှ ရောက်လာမည့် လူနာကို လည်းကောင်း၊ ဆေးခန်း၏ ဘေးဘက်ရှိ အိမ်ရှေ့ မျက်နှာစာဘက်မှ ဝင်လာ မည့် လူနာကို လည်းကောင်း မျှော်နိုင်လေသည်။ အမှန်တော့ သူသည် ပိုက် ကွန် နှစ်ခုကို တစ်ချိန်တည်း တစ်ပြိုင်တည်း ပစ်ထားသော တံငါသည် တစ်ဦး နှင့် တူပေသည်။ မည်သည့် ပိုက်ကွန်တွင် ငါး အလျင် ဝင်လေမည်နည်း။

သို့သော်လည်း...

မျှော်သာ မျှော်နေရသည်၊ တစ်ဦးတလေမျှ ပေါ်မလာသေး။ ဆယ် တစ်နာရီ ထိုးတော့မည်။

လူနာနှင့် တူသည့် အရိပ်အယောင်လေးမှပင် မမြင်ရ။

လမ်းတစ်ဖက်တွင် အငှားကား ယာဉ်မောင်းများသည် စု၍ ရပ်ကာ စကားပြောလျက် ရှိကြ၏။ အင်ဒရူး၏ ဆိုင်းဘုတ်သည် အရောင်အဆင်း ကင်းမဲ့နေပြီ ဖြစ်သော ဒေါက်တာ ဖွိုင်း၏ ဆိုင်းဘုတ်အောက်ဝယ် သစ်လွင် တောက်ပလျက် ရှိပေသည်။





မနက်ပိုင်း အဖို့တော့ လူနာ လာတော့မည် မဟုတ်ဟု တွက်လိုက်မိ သည့် အခိုက်မှာပင် ဆေးခန်း တံခါးဝဆီမှ အချက်ပေး ခေါင်းလောင်းသံလေး တစ်ချက် ထွက်ပေါ်လာပြီး တဘက်ကလေး တစ်ထည် ခြုံထားသော အဘွား အို တစ်ယောက် ဝင်လာလေ၏။

အဘွားအိုအား မြင်ရုံမျှနှင့် အဆုတ်လေပြွန်ရောင် ရောဂါ ဖြစ်နေသူ မှန်း သူ သိ၏။ သူမ၏ နှုတ်မှ ဘာမှ မပြောသေးသော်လည်း အသက်ရှူ လိုက်တိုင်း ထွက်ပေါ်လာနေသည့် ချွဲသံများက သူမ၏ ရောဂါကို ဖော်ပြ လျက် ရှိပေသည်။

အဘွားအိုသည် ဒေါက်တာ ဖွိုင်း၏ လူနာဟောင်း ဖြစ်၏။ အင်ဒရူး သည် အဘွားအိုအား စိတ်ရှည်လက်ရှည်နှင့် စမ်းသပ် စစ်ဆေးပြီး လိုအပ် သည်များကို ညွှန်ကြားသည်။ သောက်သုံးရမည့် ဆေးများကို ပေးသည်။ ထို နောက် သူသည် ကျသင့်သည့် ဆေးဖိုးဝါးခကို နှုတ်မှ ဖွင့်၍ တောင်းတော့မည် ဟု ဟန်အပြင်လိုက်တွင် အဘွားအိုသည် ဆေးဖိုးဝါးခကို သူ့အား လှမ်း၍ ပေးလေသည်။

စုစုပေါင်း သုံး သျှီလင်နှင့် ခြောက် ပဲနီ။

အင်ဒရူးသည် သူ့ လက်ဖဝါးပေါ်သို့ ရောက်လာသည့် ငွေပြားကလေး များကို မယုံနိုင်သော မျက်လုံးများဖြင့် ဝမ်းသာအားရ ကြည့်နေမိ၏။ သူ၏ စိတ်သည် သူ့ဘဝ တစ်လျှောက်လုံးတွင် ငွေကြေး ဆို၍ တစ်ပြား တစ်ချပ်မှ မရှိခဲ့ဖူးသည့်နှယ် ခံစားနေရလေ၏။

သူသည် လူနာ အဘွားအို ပြန်ထွက်သွားလျှင် သွားချင်း ဆေးခန်းကို ပိတ်၍ ခရစ္စတီထံသို့ အပြေးအလွှား သွားကာ သူ့ လက်ထဲမှ ပိုက်ဆံကို ခရစ္စတီ၏ လက်ထဲသို့ ထည့်ပေးလေသည်။

'ပထမဆုံး လူနာပဲ ခရစ္စတီ၊ ဈေးဦးပေါက် လူနာပေါ့၊ ဒေါက်တာ ဖွိုင်းရဲ့ လက်ငုတ် လက်ရင်း အကြွင်းအကျန်ပေါ့၊ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့၊ ကိုတို့ နှစ်ယောက် အတွက် နေ့လယ်စာဖိုးတော့ ရပြီ'

လောလောဆယ်တွင် အင်ဒရူးမှာ အိမ်တိုင်ရာရောက် သွား၍ ကြည့်ရှု ကုသပေးရမည့် လူနာ မရှိချေ။ ဆရာဝန်ဟောင်း ဒေါက်တာ ဖွိုင်း ကွယ်လွန် သွားသည်မှာ ရက်သတ္တပတ် သုံးပတ် နီးပါးမျှ ရှိပြီ ဖြစ်သော်လည်း ယင်း တရက် ဆရာဝန်စား ရောက်မလာသဖြင့် ပတ်ဝန်းကျင်ရှိ လူနာများနှင့် ဆေး ခန်းမှာ အဆက်ပြတ်သလို ဖြစ်သွားခဲ့ရ၏။ ယခု အင်ဒရူး ရောက်ပါသည်


www.burmeseclassic.com

www.burmeseclassic.com

ကို လုတိုင်း သိချင်မှ သိကြပေဦးမည်။ သို့ဖြစ်ရာ အိမ်တိုင်ရာရောက် ပင့်မည့်သူကို စိတ်ရှည်လက်ရှည်နှင့် စောင့်ရဦးတော့မည် ဖြစ်၏။

ခရစ္စတီမှာလည်း အားလပ်ချိန်ဟု မရှိတော့ပေ။ ညစ်ပတ် ပေရေကာ ပစ်စလက်ခတ် ဖြစ်နေသော အိမ်အတွက် လုပ်စရာ အိမ်မှုကိစ္စက များနေသဖြင့် သူ့အလုပ်နှင့် သူ ရှုပ်လျက် ရှိရာ အင်ဒရူးမှာ အဖော်မဲ့သလို ဖြစ်နေသည်။ ထို့ကြောင့်လည်း သူသည် တစ်ရက်တွင် သူ့ဆေးခန်း တည်ရှိရာ နယ်မြေ၏ အခြေအနေ အရပ်ရပ်ကို လေ့လာရန် အိမ်မှ ထွက်လာခဲ့လေ၏။

သူသည် ဟောင်းနွမ်း အိုမင်းလုပြီ ဖြစ်သော တိုက်အို တိုက်ဟောင်းများကိုလည်း မြင်ရသည်။ အရောင်အဆင်း ကင်းမဲ့ကာ ညစ်ပတ် ပေရေနေသော ဟိုတယ် များစွာကိုလည်း ကျော်ဖြတ်သွားရသည်။ တစ်ချိန်က မြင်းဖောင်းများ အဖြစ် အသုံးပြုခဲ့သဖြင့် မှုန်မှုန်ကုပ်ကုပ် ကျဉ်းကျဉ်းမြောင်းမြောင်း နိုင်လှသော ကားရုံများကိုလည်း တွေ့ရသည်။ နောက်ဆုံး မြောက်ပိုင်းလမ်းဘက်သို့ ကွေ့ချိုး ဝင်လိုက်သည့် အခါ အလွန် ညစ်ပတ် ပေရေ စုတ်ပြတ်နေသော ဆင်းရဲသား ရပ်ကွက် အတွင်းသို့ ရောက်သွားလေ၏။ ဤရပ်ကွက်အတွင်း၌ကား အပေါင်ဆိုင်များ၊ လမ်းဘေး ဈေးသည်များ၏ တွန်းလှည်းဆိုင်များ၊ အပေါစား အရက်ဆိုင်များနှင့် ရှုပ်ထွေးလျက် ရှိလေသည်။

ဤရပ်ကွက်သည် မော်တော်ကား မပေါ်သေးသည့် မြင်းလှည်းခေတ်ကတည်းက ဤပုံစံ အတိုင်း တည်လာခဲ့ဟန် တူသည်ဟု အင်ဒရူး တွေးမိသည်။ သို့သော်လည်း ခေတ်သစ်၏ သစ်လွင် တောက်ပသော ပြောင်းလဲ တိုးတက်မှု အရိပ်အယောင်များသည် ကြိုးကြား ကြိုးကြား ပေါ်လျက် ရှိသည်။ အချို့ နေရာများတွင် ခေတ်မီ၍ သစ်လွင် သန့်ပြန့်သော ဆောက်လုပ်ပြီးစ တိုက်ခန်း အသစ်များကို တွေ့ရ၏။ ဆိုင်ကြီး ဆိုင်ကောင်းများနှင့် ရုံး အဆောက်အအုံသစ်များကိုလည်း တွေ့ရ၏။ ဂလက်စတုံးလမ်း အဆုံးတွင်မူ အလွန် နာမည်ကြီးသော အမျိုးသမီး အဝတ်အစားများ ရောင်းချရာ လော်ရီးယားဆိုင် ရှိလေသည်။

လော်ရီးယားဆိုင်သည် အတော်ကြီး နာမည် ထွက်နေသော ဆိုင်ကြီး တစ်ဆိုင် ဖြစ်၏။ အမျိုးသမီး ဝတ်စုံများပေါ်တွင် လုံးဝ စိတ်ဝင်စားမှု မရှိသော အင်ဒရူးပင်လျှင် လော်ရီးယားဆိုင် အကြောင်း ကြားဖူးနေသည်။ ဆိုင်ရှေ့တွင် အစီအရီ ထိုးဆိုက်ထားသော မော်တော်ကား အမြောက်အမြားကို မြင်ရုံမျှဖြင့် ဤဆိုင် နာမည်ကြီးသည်မှာ မှန်ကန်ကြောင်း သိသာပေ၏။





အင်ဒရူးသည် ထိုနေ့ မွန်းလွဲပိုင်းတွင် သူ့ ဆေးခန်းရှိရာ နယ်မြေ၏ ဆင်ခြေဖုံး တစ်ဝိုက်တွင် ဖွင့်လှစ်ထားကြသော ဆေးခန်းများသို့လည်း ရောက်ခဲ့၏။ သူ တွေ့ဆုံခဲ့ရသည့် ဆရာဝန် ရှစ်ဦးတွင် ဂလက်စတုံးလမ်းမှ အသက် ခပ်ငယ်ငယ်မျှသာ ရှိသေးသော ဒေါက်တာ အင့်စ်၊ အလက်ဇင်းဒီးရီးယားလမ်းမှ ဒေါက်တာ ရီးဒါးနှင့် ရှိုက်ရယ်ကရီးဆင့် လမ်းထောင့်မှ အသက် ခပ်ကြီးကြီး စကော့လူမျိုး ဆရာဝန် ဒေါက်တာ မက္ကလီယန်းတို့ သုံးဦးသာလျှင် အထင်အမြင် ရှိခဲ့လေသည်။

သူ တွေ့ခဲ့သည့် ဆရာဝန်တိုင်းက သူ့အကြောင်းကို သိကြသည့် အခါ 'သြော် တို့ အဘိုးကြီး ဒေါက်တာ ဖွိုင်းရဲ့ ဆေးခန်းကို ဆက်လုပ်နေတာကိုး' ဟု ရေရွတ်ကြလေသည်။ အင်ဒရူး အနေဖြင့် သူတို့၏ စကားသွား စကားလာနှင့် လေသံကို မကြိုက်ပေ။ အဘိုးကြီး ဖွိုင်း၏ ဆေးခန်းကို ဆက်ခံ၍ လုပ်ခြင်းကြောင့် သူ့အပေါ်တွင် အထင်အမြင်သေးသည့် အရိပ် လက္ခဏာ ပါသည်ဟုပင် ထင်မိ၏။ ဤအထင်အမြင် သူ့ခေါင်းထဲ ဝင်လာသော အခါ ဒေါသ ဖြစ်မိလေသည်။ 'နေနှင့်ကြဦးပေါ့ကွာ၊ နောက် ခြောက်လ အတွင်းမှာ သူတို့ ငါ့အပေါ် အထင်အမြင် ကြီးလာစေရမှာပေါ့' ဟု စိတ်ထဲမှ ကြုံးဝါးမိလေ၏။

ယခု ဆိုလျှင် မေဆန်သည် အသက် ၃၀ ပြည့်ခဲ့ပြီ ဖြစ်၏။ ဤအသက်အရွယ်တွင် မိမိ၏ စိတ်ကို တတ်နိုင်သမျှ ထိန်းချုပ်ခြင်းသည် အလွန် တန်ဖိုးရှိမှန်း သိနေခဲ့ပြီ ဖြစ်၏။ သို့သော်လည်း သူသည် ယနေ့ထက်တိုင်ပင် ဘဝင်မြင့်ခြင်းကို ကြောင်တစ်ကောင် ရေမုန်းသလို စက်ဆုပ် ရွံရှာဆဲ၊ မုန်းတီးဆဲပင် ရှိလေသည်။

ထိုညတွင် ဆေးခန်းသို့ လူနာ သုံးဦး လာသည်။ နှစ်ဦးက ထုံးစံအတိုင်း ဆေးဖိုးဝါးခ သုံး သျှီလင်နှင့် ခြောက် ပဲနီစီ ပေးသွားကြသော်လည်း တတိယ လူနာကမူ စနေနေ့ တစ်ခေါက် ထပ်လာမှ ပေးပါရစေဟု ဆိုကာ အကြွေး ထားသွားလေသည်။ သို့ဖြစ်၍ သူ ပထမနေ့ ဆေးခန်း ဖွင့်ချိန်တွင် ငွေ စုစုပေါင်း ဆယ် သျှီလင်နှင့် ခြောက် ပဲနီ ရခဲ့သည်ဟု ဆိုရပေမည်။

သို့သော်လည်း နောက်တစ်နေ့ကျတော့ ဝင်ငွေ တစ်ပြား တစ်ချပ်မှ မရချေ။ နောက်တစ်ရက်ကျတော့ ဝင်ငွေ စုစုပေါင်း ခုနစ် သျှီလင်မျှသာ ရခဲ့၏။ ကြာသပတေးနေ့မှာတော့ လုံးလုံး မရပါဘူးဟု မပြောနိုင်ရုံမျှသာ ဝင်ငွေ ရခဲ့လေသည်။ စနေနေ့ကျပြန်တော့ တစ်မနက်ခင်းလုံး လူနာ တင်

www.burmeseclassic.com

www.burmeseclassic.com



ယောက်မျှ ပေါ်မလာပေ။ ညနေပိုင်းကျခါမှ ဆယ့်ခုနစ် သျှီလင်နှင့် ခြောက်ပဲနီ ရခဲ့လေ၏။ နောက်တစ်နေ့ ထပ်၍ လာသည့် အခါကျမှ ပေးပါရစေဟု ကတိပြု သွားသော လူနာကတော့ လုံးဝ ပေါ်မလာတော့ချေ။

တနင်္ဂနွေနေ့တွင်မူ ခရစ္စတီအား တစ်စုံတစ်ရာ ဖွင့်ဟ၍ မပြောသော်လည်း အင်ဒရူးသည် တစ်ယောက်တည်း ကျိတ်၍ သူ့အလုပ် သူ ဝေဖန် ဆန်းစစ်ခြင်း ပြုလျက် ရှိလေ၏။

ဤဆေးခန်းကို ဝယ်ယူခဲ့မိသည်မှာ မှားလေပြီလော။ သူတို့ လင်မယား ချွေချွေတာတာနှင့် စားသောက် နေထိုင်ပြီး စုဆောင်း ထားခဲ့သော ငွေထုပ်ကလေးကို သချိုင်းဂူနှင့် တူလှသော ဤအိမ် အတွင်း၌ အရင်းအနှီး အဖြစ် မြှုပ်နှံ လိုက်မိခြင်းသည် မိမိတို့ ဘဝကို ပျက်စီးသွားအောင် လုပ်ခြင်းနှင့် အတူတူပင် ဖြစ်နေပြီလော။

ယခု သူ လုပ်ကိုင်နေရာ၌ မည်သည့် နေရာတွင် မှားနေသနည်း။ မည်သည့် နေရာတွင် ချွတ်ယွင်းချက်များ ရှိနေသနည်း။

သူသည် အသက်အားဖြင့် သုံးဆယ် ပြည့်ခဲ့ပြီ။ ယခု ဆိုလျှင် သုံးဆယ်ပင် ကျော်စပြုပြီ။ သူ့တွင် မင်၊ ဒီ ဘွဲ့နှင့် မင်၊ အာ၊ စီ၊ ပီ ဘွဲ့များ ရှိထားရုံမျှမက ဆေးခန်း အတွေ့အကြုံလည်း ရှိသည်။ သူ ပြုလုပ်ခဲ့သော သုတေသနစာတမ်းကလည်း သူ့အား ထင်ရှား ကျော်ကြားခြင်းကို ဖြစ်စေခဲ့၏။ သို့သော်လည်း သူ့မှာ နေ့စဉ် နေ့တိုင်း သူတို့ လင်မယား မနက်စာ၊ နေ့လယ်စာနှင့် ညစာ ထမင်း သုံးနပ် စားဖို့ လုံလောက်ရုံမျှသာ ရှိသော ဝင်ငွေ သုံး သျှီလင် ခြောက် ပဲနီ ရရုံကလေးမျှနှင့် ကျေနပ်နေရ၏။

ဘာ့ကြောင့် ယခုလို ဖြစ်ရသနည်း။

စနစ်သည်ပင်လျှင် အကြောင်းရင်း တရားခံ ဖြစ်မည်ဟု သူ ထင်၏။ လက်ရှိ စနစ်သည် စနစ်ဆွေး စနစ်ဟောင်းကြီး တစ်ခု ဖြစ်သည်။ အလွန်ခေတ်မမီတော့သည့် စနစ်ကြီး တစ်ခု ဖြစ်၏။

ထိုစနစ်အစား ထိုစနစ်ထက် သာလွန် ကောင်းမွန်သော အကောင်းဆုံး စနစ် တစ်ခုတော့ ရှိသင့်ပြီဟု သူ ထင်သည်။ လူတိုင်း တန်းတူ ရည်တူ၊ ညီတူညီမျှ အခွင့်အရေး ရနိုင်မည့် စနစ်သစ် တစ်ခုတော့ ရှိသင့်ပြီဟု သူ ထင်လေသည်။ ဆိုပါတော့၊ နိုင်ငံတော်က ချုပ်ကိုင်ထားသည့် စနစ်မျိုး။

အင်ဒရူးသည် ရောက်တတ်ရာ တွေးရင်းက ဒေါက်တာ ဘစ်စဘီကို လည်းကောင်း၊ မင်၊ အက်ဖ်၊ ဘီ ဘုတ်အဖွဲ့ကို လည်းကောင်း ပြေး၍ သတိ





ရမိလေ၏။

'လုံးလုံး အသုံးမကျတဲ့ဟာတွေ'

သူသည် ဒေါသတကြီး ရေရွတ်မိပြန်သည်။

ဗျူရိုကရေစီ စနစ်။

ထိုစနစ်သည် နေရာတိုင်းတွင် စိုးမိုး ခြယ်လှယ်လျက် ရှိ၏။ လူ တစ်ဦးချင်းစီ၏ ကြိုးပမ်း အားထုတ်မှု ဟူသမျှကို ထိုစနစ်က ဟန့်တားကာ လည်မျိုကို ဖျစ်လျက် ရှိသည်။

'အင်း ငါ့လည်ပင်းကိုလည်း ဒီစနစ်ကပဲ 'ညှစ်မှာပါပဲ၊ ညှစ်တော့ကော ဘာဖြစ်လဲ၊ ငါ့မှာ အစွမ်းသတ္တိလည်း ရှိတယ်၊ ကိုယ်ပိုင် အရည်အချင်းတွေလည်း ရှိတယ်၊ ငါကပဲ အောင်မြင်ရမှာပေါ့၊ အို ဘာတွေပဲ ဖြစ်နေ ဖြစ်နေ နောက်ဆုံးတော့ ငါ အောင်မြင်မှာပါပဲ'

သူသည် ရောက်တတ်ရာရာများကို အမျှင်မပြတ် တွေးရင်းက သူ့ကိုယ်သူ အားပေးလျက် ရှိလေ၏။

အင်ဒရူးသည် ဆေးကုသမှု လုပ်ငန်းနှင့် ပတ်သက်၍ ငွေကြေးကိစ္စကို ဘယ်တုန်းကမှ အဓိက ထားပြီး ရှေ့တန်းတင်၍ စဉ်းစားခဲ့သူ မဟုတ်ပေ။ ဆေးကုသမှု လုပ်ငန်းမှ ငွေကြေးများများ ဝင်ရမည် ဟူသော တွက်ကိန်းမျိုးလည်း ထားခဲ့သူ မဟုတ်ပေ။ ယခုတော့လည်း သူ ကြုံခဲ့ရသည့် အခြေအနေများအရ သူ့အလုပ်မှ ငွေကြေးများများ ရဖို့ သူ တွက်စ ပြုလာလေ၏။

ယခင်က ဆိုလျှင် အင်ဒရူးသည် နှုတ်ချိုဖို့ထက် အတွင်းစိတ် ဆေတနာ ဖြူစင်ဖို့ကိုသာ အလေးထားခဲ့သည်။ ထို့ကြောင့်လည်း လူနာများနှင့် ဆက်ဆံသည့်အခါ စကားကို လိုသည်ထက် ပို၍ မပြောတတ်ပေ။ တိုတို ပြတ်ပြတ်ပင် ပြောတတ်၏။ ယခုတော့လည်း သိသိသာသာကြီး မူပြောင်းလာဆပြီ။ လူနာ များများ လာမှ ငွေ များများ ရမည် ဟူသော အယူအဆ ဝင်လာပြီ ဖြစ်ရာ လူနာများနှင့် ဆက်ဆံရာ၌ တမင်တကာ လုပ်ယူထားရသော ယဉ်ကျေး ပျူငှာသည့် အမူအရာမျိုး၊ သာယာ နူးညံ့သည့် စကားလုံးမျိုးတွေကို ဖောဖောသီသီ သုံးတတ်လာလေ၏။ သူသည် နောက်ပိုင်းရက်များတွင် လူနာ၏ အကြိုက်ကို လိုက်၍ ပြောသောနည်းကို သူ၏ ကိုယ်ပိုင်မူ အဖြစ် သုံးစွဲလာလေတော့၏။

ဘတ်စကား လမ်းမကြီးနှင့် ကိုက်တစ်ရာခန့် အကွာတွင် စားသောက်ဆိုင် တစ်ဆိုင် ရှိ၍ ဆိုင်ရှင်မှာ အင်္ဂလန် နိုင်ငံသား အဖြစ် ခံယူထားသော



www.burmeseclassic.com

www.burmeseclassic.com

ဂျာမန် အမျိုးသမီး တစ်ဦး ဖြစ်၏။ သူ့ကိုယ်သူ 'စမစ်သ်' ဟု ခေါ်နေသော်လည်း အင်္ဂလိပ်စကား ပြောရာ၌ မပီခြင်းနှင့် မြန်လွန်းခြင်းတို့ကြောင့် သူမ၏ နာမည်ကို ပြောတိုင်း ထွက်လာသည့် အသံမှာ 'ချမစ်ဒ်' ဖြစ်နေပေသည်။

ဖရော ချမစ်ဒ်၏ ဆိုင် အပြင်အဆင်သည် ဥရောပနိုင်ငံ အများအပြား၌ တွေ့ရတတ်သည့် ပုံစံမျိုး ဖြစ်သည်။ ကျောက်ပြား အခင်း ကောင်တာပေါ်ဝယ် ပင်လယ် ငါးသလောက် ငါးဆားနယ်များ၊ သံလွင်သီးအိုးများ၊ မုန်လာချဉ်ဖတ်အိုးများ၊ အီတလီ ငံပြာရည် ပုလင်းများနှင့် အလွန် အရသာ ထူးသည့် လစ်ဗတောရား ဒိန်ခဲဘူးများကို အစီအရီ ခင်းထားလေသည်။

ချမစ်ဒ်၏ ဆိုင်သည် ဈေးချိုသဖြင့် နာမည်ကြီးသည်။ မကြာခဏ ငွေကြေး ရှားပါးတတ်ပြီး မကြာခဏ မီးဖို ပျက်တတ်သော ချက်စဘောရီးရပ် အမှတ် ၉ အိမ်သည် ဖရော ချမစ်ဒ်၏ ဆိုင်နှင့် အမြဲတစေ အဆက်အသွယ် ရှိလာရလေ၏။

လူနာ အလာများ၍ ငွေစကလေး ရွှင်သည့် နေ့များတွင် အင်ဒရူးနှင့် ခရစ္စတီတို့သည် ဝက်သား အမဲသား စသည်တို့နှင့် ပြုလုပ်ထားသော အစားအသောက်များကို ဖွယ်ဖွယ်ရာရာ မှာယူ စားသောက်လေ့ ရှိကြသော်လည်း မဟန်သည့် နေ့များတွင်မူ ဈေးပေါပေါနှင့် ရသော ပင်လယ် ငါးသလောက် ငါးဆားနယ်နှင့် အာလူးပြုတ်ကိုပင် အစားကောင်း အဖြစ် လွေးကြရလေသည်။ ညဘက်ကျတော့လည်း ညတိုင်းလိုလိုပင် နှစ်ယောက်သား ဖရော ချမစ်ဒ်၏ ဆိုင်သို့ တစ်ခေါက် မှန်မှန် ထွက်ကာ ညလယ်စာ အတွက် စားသောက် ကောင်းမည့် အစားအစာ တစ်မျိုးမျိုးကို ဝယ်လေ့ရှိ၏။ ချမစ်ဒ်၏ ဆိုင်မှ နေ၍ အစားအသောက် အထုပ်ကလေး ဆွဲပြီး နှစ်ယောက် အတူ တွဲ၍ စကား တပြောပြောနှင့် လမ်းလျှောက် ပြန်သော အလေ့အထသည် အင်ဒရူးနှင့် ခရစ္စတီတို့၏ လုပ်ရိုးလုပ်စဉ် အပျင်းပြေ အလုပ် တစ်ခုပင် ဖြစ်နေပေပြီ။

ဖရော ချမစ်ဒ်ကလည်း အင်ဒရူးတို့ လင်မယားကို စတွေ့ပြီ ဆိုကတည်းက ခင်မင်လေသည်။ အထူးသဖြင့် ခရစ္စတီကို ပို၍ ခင်သည်။ ချမစ်ဒ်မှာ အသက် များစွာ မကြီးသေးသော်လည်း အလုပ်ကြမ်း လုပ်ရလွန်း၍ အသက်ကြီးပုံ ပေါက်နေပေသည်။ သူမ၏ မျက်နှာ ဝိုင်းဝိုင်းကြီးမှာ ဝက်ဆီ သုတ်ထားသည့် အလား အဆီတဝင်းဝင်းနှင့် ပြောင်လက်နေသည်။ ဆွတ်ဆွတ် ဖြူနေသော ဆံပင်များနှင့် မျက်နှာပေါ်မှ အရေးအကြောင်းများကြောင့် ချမစ်ဒ်၏ မျက်နှာသည် ပို၍ အိုစာသလို ဖြစ်နေလေသည်။





အင်ဒရူး ဆိုင်ထဲ ဝင်သွားလျှင် ချမစ်ဒ်သည် ခင်မင် ဖော်ရွေသော အပြုံးဖြင့် ဆီးကြိုကာ ခေါင်းတစ်ချက် ဆတ်၍ နှုတ်ဆက်တတ်သည်။ တစ်ခါတစ်ရံတွင်မူ အားပေး စကား ဆိုတတ်လေသည်။

'ရှင့် လုပ်ငန်း အတွက်တော့ မပူပါနှင့် မစ္စတာ မေဆန်၊ အားလုံး အဆင်ပြေသွားမှာပါ၊ မကြာခင် ရှင့်နာမည် ထွက်လာမှာ သေချာပါတယ်၊ ရှင့်မှာ မယား အလိမ္မာလည်း ရှိနေတာပဲ၊ ရှင့် ဇနီးက ကျွန်မလို အသက် ခပ်ငယ်ငယ်ပဲ ရှိသေးတယ်နော်၊ သူက အင်မတန် သဘောကောင်းတာပဲ၊ အခု လောလောဆယ် လူနာ သိပ်မလာလို့တော့ နည်းနည်းကလေးမှ မပူနှင့်နော်၊ ကျွန်မ မိတ်ဆွေ လူနာတွေကိုလည်း ရှင့်ဆီ လွှတ်ပေးပါ့မယ်၊ စိတ်ချပါ'

အင်ဒရူးတို့ ချက်စဘောရီးရပ်သို့ ပြောင်းရွှေ့ ရောက်ရှိပြီး မကြာမတင် မှာပင် ဆောင်းရာသီ ဝင်လာလေ၏။ လမ်းများပေါ်ဝယ် ဖားတွေ တစ်အုပ်တစ်မကြီး ထွက်လာလေသည်။ အနီးရှိ ဘူတာရုံမှ အမြဲမပြတ် ထွက်နေသော မီးခိုးများကြောင့် မြေတွင် မအောင်းနိုင်ကြတော့ဘဲ အပြင်သို့ အစုလိုက် အပြုံလိုက် ထွက်လာကြခြင်း ဖြစ်ဟန်တူပေ၏။

အင်ဒရူးနှင့် ခရစ္စတီတို့၏ စီးပွားရေး အခြေအနေမှာလည်း တစ်နေ့ထက် တစ်နေ့ တိုး၍သာ ဆိုးလာနေပေသည်။ သို့သော်လည်း သူတို့ စိတ်ကို သူတို့ တတ်အားသရွေ့ ဖြေဖျောက်ကာ နေကြလေ၏။ အခက်အခဲများ ကြားတွင် ရုန်းကန်နေရခြင်းကိုပင် ပျော်စရာ တစ်ခုသဖွယ် သဘောထား၍ နေကြလေ၏။

မည်သို့ပင် ဖြစ်စေ ဤမျှလောက် ဆိုးရွားသည့် ခက်ခဲမှုမျိုးနှင့် ပင်ပန်းမှုမျိုးကို ယခင်က သူတို့ တစ်ကြိမ် တစ်ခါမှ မကြုံခဲ့ရဖူးချေ။ အဘာရာလော မြို့တွင် နေခဲ့ကြစဉ်က ကြုံခဲ့ရသည့် အခက်အခဲများမှာ ယခု လန်ဒန်ရောက်ခါမှ ရင်ဆိုင်နေရသည့် အခက်အခဲများနှင့် နှိုင်းယှဉ် ကြည့်လိုက်လျှင် အသေးအဖွဲ့မျှသာ ဖြစ်ပေသည်။

ခရစ္စတီကတော့ အချိန်ရှိတိုင်း အိမ်ကို အစွမ်းကုန် ပြုပြင် မွမ်းမံလျက် ရှိ၏။ မျက်နှာကြက်များကို ဆေးဖြူသုတ်၍ လူနာစောင့် အခန်းကို ခန်းဆီး အသစ်များ ဝယ်တပ်သည်။ သူတို့၏ အိပ်ခန်းကို စက္ကူ အထူ အသေးစားများဖြင့် ပြန်၍ ခင်းခြင်း ကပ်ခြင်း ပြုလုပ်သည်။ ဟောင်းနွမ်းလှပြီ ဖြစ်သော ခေါက်တံခါးကြီးမှ မှန်ကူကွက်များကို ရေနှင့် ပြောင်လက် သန့်ရှင်းသောအောင် ပွတ်တိုက် ဆေးကြောပြီး ဆေးထပ်သုတ်လေသည်။


www.burmeseclassic.com

www.burmeseclassic.com

အင်ဒရူးဟွင် အိမ်တိုင်ရာရောက် သွား၍ ကြည့်ရှု ကုသပေးရသည့် လူနာ အရေအတွက် မများလှသေးပေ။ လောလောဆယ် အိမ်ပင့် လူနာများမှာ အများအားဖြင့် သူ့အိမ် အနီးအနား ပတ်ဝန်းကျင်ရှိ အငှားခန်းများမှ များလေသည်။ တစ်ခု ခက်သည်ကား ထိုအခန်းများ၌ နေကြသည့် လူနာများထံမှ ဆေးဖိုးဝါးခ တောင်းခံရာ၌ မလွယ်ကူခြင်းပင် ဖြစ်၏။ သူတို့ လူသိုက်မှာ အများအားဖြင့် အိမ်ငှားနေကြသည့် ပျံကျသမား ဖြစ်ရာ တစ်နေရာတည်းတွင် အခြေစိုက်၍ အတည်တကျ နေထိုင်သူများ မဟုတ်ကြပေ။ ဤလူစုမှာ အကျင့်စာရိတ္တဘက်တွင်လည်း များစွာ စိတ်ချရသူများ မဟုတ်ကြပေ။ အလိမ်အညာတွင်လည်း အလွန် ကျွမ်းကျင်သူများ ဖြစ်ကြ၏။ သို့ဖြစ်ရာ အင်ဒရူးသည် ပါးချောင် နားချောင်ကျကျ၊ အသားအရေ ခြောက်ခန်းခန်းနှင့် ကြည့်ပျော်ရှုပျော်မှုပင် မရှိတော့သည့် အခန်းရှင် အမျိုးသမီးများနှင့် ခင်အောင် တည့်အောင် ပေါင်းသင်းထားရလေ၏။

အင်ဒရူးသည် ထိုအမျိုးသမီးများနှင့် တွေ့ဆုံမိသည့် အခါများတွင် 'အပြင်မှာ ဒီလောက် အေးလိမ့်မယ်လို့ ကျွန်တော် မထင်ခဲ့မိဘူးဗျာ၊ အနွေးထည် ယူလာဖို့ ကောင်းတာ၊ အခုတော့ ခွကျတာပဲ' စသည်ဖြင့် လည်းကောင်း၊ 'အခုလို ရာသီမျိုး အပြင် ထွက်ရတာ မနိပ်ဘူးဗျာ၊ အရေးထဲကျမှ ကျွန်တော့်ကားကလည်း ထိုးထားရတယ်' စသည်ဖြင့် လည်းကောင်း၊ စကား မရှိ စကားရှာ၍ ပြောခြင်းအားဖြင့် ရင်းနှီးလာအောင် ကြိုးစားသည်။ သူတို့နှင့် ခင်မင်ရင်းနှီးလာသော အခါ သူတို့ အခန်းများတွင် ငှားနေကြသည့် လူနာများထံမှ ဆေးဖိုးဝါးခ တောင်းခံရာ၌ ဤအမျိုးသမီးများ၏ အကူအညီကို များစွာ ရလာလေ၏။

ထိုအနီးအနား တစ်ဝိုက်တွင် သွားလာနေရင်းကပင် အင်ဒရူးမှာ မိတ်ဆွေ တစ်ဦး တိုးလာခဲ့သည်။ ယင်းမိတ်ဆွေမှာ ဖရော ချမစ်ဒ်၏ ဆိုင်ရှေ့ လူသွား လူလာ ကားသွား ကားလာ များပြား ရှုပ်ထွေးသည့် လမ်းမကြီးဘေး၌ အမြဲ တာဝန်ကျသည့် ရဲသား တစ်ဦး ဖြစ်ပေသည်။ ရဲသား၏ အမည်မှာ ဒေါ်နယ် စထရူးသား ဖြစ်၍ စတွေ့ကတည်းက တစ်ဦးနှင့် တစ်ဦး သံယောဇဉ် ဖြစ်လာခဲ့ကြ၏။ စထရူးသားမှာလည်း အင်ဒရူးလိုပင် ဖိုင်ဖီနယ်မှ လန်ဒန်သို့ တက်လာခဲ့သူ ဖြစ်၍ တစ်နယ်တည်းသားချင်း ဖြစ်သော အင်ဒရူးအား သူ တတ်နိုင်သည့် ဘက်မှ ကူညီလိုသော ဆန္ဒ ရှိကြောင်း အမြဲ ထုတ်ဖော် ပြောလေ့ ရှိပေသည်။





'ဒီလမ်းပေါ်မှာ ကားတိုက်မှု ဖြစ်လို့ တစ်ယောက်ယောက်များ ဒဏ်ရာရရင် ဒါမှမဟုတ် သေသွားရင် လူနာကို ထမ်းပြီး ကျွန်တော် ဒေါက်တာ့ဆီ ပြေးလာမှာပဲနော်'

ဤကား အင်ဒရူးနှင့် ဆုံမိတိုင်း ဒေါ်နယ် စထရူးသား ပြောလေ့ရှိသည့် စကားပေတည်း။

ဆေးခန်း ဖွင့်ပြီး၍ တစ်လခန့် အကြာ တစ်နေ့သော မွန်းလွဲပိုင်းတွင် အင်ဒရူးသည် အပြင်မှ ပြန်လာသည်။ သူသည် ၁၀ စီစီ ဆေးထိုးပြွန် ဝယ်ရန် ဆေးဆိုင်များသို့ သွားခြင်းဖြစ်၏။ သူ လိုချင်သော ဆေးထိုးပြွန်ကို မရသဖြင့် သူ့အတွက် တသီးတသန့် မှာပေးရန် ပြောဆိုပြီး ပြန်လာခဲ့ခြင်း ဖြစ်လေသည်။

ပြန်ရောက်စမို့ မောမောနှင့် အခန်းထဲ ထိုင်နေခိုက်တွင် ခရစ္စတီ ဝင်လာသည်။ ခရစ္စတီ၏ မျက်နှာထားနှင့် ပြောပုံ ဆိုပုံမှာ တစ်မျိုး ဖြစ်နေသဖြင့် အင်ဒရူးမှာ အံ့အားသင့်နေလေ၏။

'အမျိုးသမီး လူနာ တစ်ယောက် ရောက်နေတယ် အခန်းထဲမှာ၊ အမျိုးသမီးက အိမ်ရှေ့ဘက် တံခါးက ဝင်လာတယ်၊ ဆေးခန်း တံခါးက မဟုတ်ဘူး'

အင်ဒရူး၏ မျက်နှာသည် ဝင်းလက်သွားသည်။ ဆေးဖိုးဝါးခ များများပေးမည့် အထက်တန်းစား လူနာမို့ အိမ်ရှေ့ဘက် တံခါးမှ ဝင်လာခြင်း ဖြစ်တန်ရာ၏။ ဤလူနာသည် အိမ်ရှေ့ တံခါး မျက်နှာစာမှ ဝင်လာသည့် ပထမဆုံးသော လူနာပေတည်း။

'ဒီကနေ့က စပြီး ရှေ့လျှောက် အကောင်းတွေချည်း လာတော့မည်' ဟု သူ အတိတ် ကောက်လိုက်သည်။ ဖရိုဖရဲ ဖြစ်နေသော အဝတ်အစားများ သပ်သပ်ရပ်ရပ် ဖြစ်အောင် ပြုပြင်လိုက်ပြီးလျှင် လူနာကြည့် အခန်းဆီသို့ ထသွားလေ၏။

'မင်္ဂလာ နေ့ခင်းပါ ခင်ဗျာ၊ ကျွန်တော် ဘာလုပ်ပေးရပါမလဲ'

'မင်္ဂလာ နေ့ခင်းပါ ဒေါက်တာ မေဆန်၊ ကျွန်မကို မစ္စက် စမင်သ်က လွှတ်လိုက်လို့ လာတာပါ'

အမျိုးသမီးသည် ထိုင်ရာက ထလာပြီး အင်ဒရူး၏ လက်ကို ဆွဲ၍ နှုတ်ဆက်သည်။ အမျိုးသမီးမှာ ကိုယ်လုံး ကိုယ်ပေါက် တောင့်တောင့်တင်းတင်းနှင့် ဖြောင့်ဖြောင့်စင်းစင်း ရှိလှပေသည်။ အမူအရာကလည်း သဘောမနော



www.burmeseclassic.com

www.burmeseclassic.com

ကောင်းပုံရ၏။ အဖြီးအလိမ်း အပြင်အဆင် အခြယ်အလှယ်ကတော့ ရိုးရိုး အမျိုးသမီးများနှင့် မတူပေ။ သားမွေး အနွေးထည် လက်တို ဝတ်ကာ လက်ထဲတွင် ကိုင်ထားသည့် လက်ကိုင်အိတ်ကတော့ ခပ်ကြီးကြီး။ ဤနယ်မြေအတွင်း၌ ကျက်စား နေတတ်သည့် လမ်းပေါ်မှ အမျိုးသမီးပေါင်း များစွာအနက်က တစ်ဦးသော အမျိုးသမီး ဖြစ်တန်ရာ၏ဟု အင်ဒရူးက ခန့်မှန်းလေသည်။

'ဟုတ်ကဲ့ ပြောပါ'

ရုတ်တရက် ဘာပြောရမှန်း မသိ၍သာ သံယောင်လိုက်၍ ပြောလိုက်ရခြင်း ဖြစ်သော်လည်း အမျိုးသမီး၏ ပုံပန်းကို ကြည့်ပြီး စောစောကလောက် စိတ်အား ထက်သန်ခြင်း မရှိတော့ပေ။

'ဒေါက်တာရယ် ကျွန်မ'

အမျိုးသမီးက သူ့စကားကို မဆက်သေးဘဲ ရုက်စနိုးဟန်ဖြင့် ပြုံးနေပေသည်။

'ကျွန်မ မိတ်ဆွေ တစ်ယောက်က ရွှေနားကပ်လေး တစ်ရန် လက်ဆောင် ပေးလိုက်လို့ပါ၊ ကျွန်မက မစွက် စမ်းစမ်းသိရဲ့ ဖောက်သည် ဆိုတော့ သူ့ကို ဒီအကြောင်း ပြောပြမိတယ်၊ အဲဒါ သူက ဒေါက်တာ့ဆီ သွားပါလို့ ပြောပါတယ်၊ ကျွန်မ နား ဖောက်ချင်လို့ပါ၊ ကျွန်မ မိတ်ဆွေကလည်း နားကို ဖြစ်ကတတ်ဆန်း မဖောက်စေချင်ဘူးတဲ့၊ မသင့်တဲ့ အပ်တွေ သုံးမိရင်လည်း တစ်ခုခု ဖြစ်သွားမှာ စိုးတယ်လေ'

အင်ဒရူးသည် သက်ပြင်းတစ်ချက် ချလိုက်မိလေသည်။

'ကောင်းပါပြီ၊ ကျွန်တော် ဖောက်ပေးပါ့မယ်'

သူသည် အမျိုးသမီး၏ နားကို အလွန် ဂရုစိုက်၍ ဖောက်ပေးသည်။ အပ်ကို ပိုးသတ်ဆေးရည်နှင့် စနစ်တကျ စိမ်၍ အမျိုးသမီး၏ နားနှစ်ဖက်ကို ဖောက်သည်။ ညင်သာနိုင်သမျှ ညင်သာစွာ လုပ်ကိုင်ပေးလေသည်။ နားကပ်မဝတ်ပေးမီ တစ်ကြိမ် ထပ်၍ ထုံဆေး ဖျန်းပေးလိုက်သေး၏။

အမျိုးသမီးသည် သူမ၏ နားနှစ်ဖက်ကို လက်ကိုင်အိတ်တွင်းမှ မှန်တွင် အသေအချာ အပြန်ပြန် အလှန်လှန် ကြည့်သည်။ ပြီးတော့ နှုတ်မှ 'ဒေါက်တာရယ် သိပ်လှတာပဲ' ဟု ရေရွတ်လေသည်။

'ဒေါက်တာ ကိုင်တာ တွယ်တာကဖြင့် သိပ်ကို ညင်သာတာပဲ၊ နည်းနည်းကလေးမှ မနာလိုက်ဘူး ၊ ကျွန်မ မိတ်ဆွေကတော့ သိပ် သဘောကျမှာ





ပဲ၊ ဒေါက်တာ့ကို ကျွန်မ ဘယ်လောက် ပေးရမလဲဟင်'

ဒေါက်တာ ဗိုင်း လက်ထက် ကတည်းက အထက်တန်းစား လူနာများအတွက် ဆေးဖိုးဝါးခ မည်ရွေ့မည်မျှ ပေးရမည်ဟု ဆုံးဖြတ်ထားခဲ့ပြီး ဖြစ်၏။ ဗိုင်း သတ်မှတ်သည့် နှုန်းမှာ ခုနစ် သျှီလင်နှင့် ခြောက် ပဲနီ။

အင်ဒရူးက ထိုနှုန်းကိုပင် တောင်းလေသည်။

အမျိုးသမီးသည် လက်ကိုင်အိတ်ထဲမှ ဆယ်သျှီလင်တန် ငွေစက္ကူ တစ်ရွက်ကို ထုတ်ပေးရင်းက အင်ဒရူးအား သဘော မနောကောင်းသည့် ဆရာဝန် လူချော တစ်ယောက်ဟု တွေးသည်။ သူမသည် အင်ဒရူးလို အသား ခပ်ညိုညို လူမျိုးကို အင်မတန်မှ သဘောကျသည်။ အင်ဒရူး ပြန်အမ်းသည့် ငွေအကြွေများကို လက်ဝါးဖြင့် ခံယူရင်းက ဆရာဝန်၏ ပုံပန်းမှာ အစားအသောက် ဝလင်လင် မစားရသည့် ပုံမျိုးပါကလားဟုလည်း တွေးလေသည်။

အမျိုးသမီး ထွက်သွားသည့်အခါ အင်ဒရူး၏ စိတ်ထဲမှာ မလုံမလဲ ဖြစ်လျက် ရှိလေသည်။ သူ ယခု လုပ်ပေးခဲ့သည့် အလုပ်သည် သေးနုပ်သိမ်ဖျင်း၍ အောက်တန်းကျသော အလုပ် တစ်ခုများ ဖြစ်လေမလား၊ ပြည့်တန်ဆာ အလုပ်ကို တစ်ဖက်တစ်လမ်းမှ အားပေး ကူညီနေသူ တစ်ဦး အဖြစ်သို့ ရောက်သွားလေမလား စသည်ဖြင့် ကယောင်ချောက်ချား တွေးနေမိလေ၏။ စိတ်ထဲဝယ် ထူးဆန်းသော ခံစားမှု တစ်ခုလည်း ပေါ်ပေါက်လျက် ရှိ၏။ သူ၏ ဆေးကု လုပ်ငန်းသည် အခြားသော ဆရာဝန်များနှင့် အဆင့်အတန်း မတူလောက်အောင် နိမ့်ကျသွားလေပြီလား ဟူသော အတွေးဖြင့် လိပ်ပြာမသန့်သလို ဖြစ်ပေါ်လာရသည့် ခံစားမှု ဖြစ်ပေသည်။

အင်ဒရူးသည် ကြေမွနေသော ဆယ်သျှီလင်တန် ငွေစက္ကူကို ကိုင်၍ ပြတင်းပေါက်နားတွင် ရပ်ကာ အမျိုးသမီး ထွက်သွားရာဆီသို့ လှမ်းမျှော်ကြည့်နေမိသည်။ အမျိုးသမီးကတော့ သူမ၏ တင်ပါး နှစ်ဖက်ကို လွှဲ၍ ခါ၍ ခုန်၍ လက်ထဲမှ လက်ကိုင်အိတ်ကို ယမ်း၍ လောကကြီးကို ထီမထင်သည့် မျက်နှာပေးဖြင့် ခပ်မော်မော် လုပ်ကာ ဝင့်ဝင့်ကြွားကြွား လျှောက်သွားလျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

၂

အင်ဒရူးနှင့် ခရစ္စတီတို့ ရင်ဆိုင်နေရသည့် ဘဝတိုက်ပွဲကား ပြင်းထန်လွန်းလှချေသည်။ နှစ်ဦးစလုံးပင် တပင်တပန်း ရုန်းကန် လှုပ်ရှားနေရ၏။ ယင်းကဲ့သို့သော အခြေအနေ ကြားမှပင် အင်ဒရူးသည် ဆရာဝန် အသိမိတ်ဆွေ ရှာလိုစိတ် ဖြစ်မိသဖြင့် စိတ်မပါတပါနှင့်ပင် နယ်မြေ အတွင်းရှိ ဆရာဝန်များ အသင်၊ အစည်းအဝေး တစ်ခုသို့ တက်ရောက်ခဲ့သေးသည်။

ဖီးလစ် ဒင်နီ တစ်ယောက်တော့ ယခုအချိန်ထိ ရပ်ဝေး မြေခြားမှာပင် ရှိနေသေး၏။ ဒင်နီသည် တန်ပီကိုး၌ နေထိုင်ရသည်ကို သဘောကျနေသဖြင့် 'ခေတ်သစ် ရေနံ ကုမ္ပဏီ' တွင် ဆရာဝန် အဖြစ် ဆက်၍ လုပ်ကိုင်နေပေသည်။ လောလောဆယ်တွင် ဖီးလစ် ဒင်နီသည် အင်ဒရူး၏ ပျောက်ဆုံးနေသော မိတ်ဆွေ တစ်ဦး ဖြစ်နေပေသည်။

ဟုတ်ပ် တစ်ယောက်မှာမူကား အဖွဲ့ တစ်ဖွဲ့နှင့် ကပ် ဘာလင်သို့ ပါသွားသည်။ မကြာသေးမီက သူ ပို့လိုက်သည့် ပို့စကတ်ပေါ်၌ ရေးထားသည့် စာတွင် သူသည် မင်အက်ဖ်ဘီ အဖွဲ့မှ ဥမ္မတ္တကကြီးများ ပေးအပ်သည့် တာဝန်အရ သွေးဥများကို ရေတွက်နေရပါသည်ဟု ဆိုလေသည်။

အင်ဒရူးသည် သူ၏ ကျောင်းနေဘက် ဖရက်ဒီ ဟင်မဆန်နှင့် ဆက်သွယ်လိုစိတ် မကြာခဏ ဖြစ်ပေါ်မိသော်လည်း ယခုအချိန်ထိ မအောင်မြင်သေးသော သူ့ဘဝကြောင့် မဝံ့မရဲ ဖြစ်လျက် ရှိ၏။ တယ်လီဖုန်း လမ်းညွှန်စာအုပ်ထဲမှ ဖရက်ဒီ၏ ဖုန်းနံပါတ်ကို ကူးယူပြီး အခြေတကျ မရှိသေးသော သူ၏ အဖြစ်ကို အသိမခံလိုသဖြင့် မဆက်ဖြစ်တော့ပေ။

ဖရက်ဒီသည် အိမ်ပြောင်းသွားပြီဟု ဆိုသည်။ သူ နောက်ပြောင်းသည့်



www.burmeseclassic.com

www.burmeseclassic.com

အိမ်မှာလည်း ယခင် သူ နေခဲ့သည့် အင်နာ ဘုရင်မ လမ်းထဲမှာပင် ရှိသည်ဟု သိရသည်။

ဖရက်ဒီ၏ အခြေအနေသည် မည်သို့ပင် ရှိလေသနည်း။ အတော်ကြီး ဟန်ကျ ပန်ကျ ဖြစ်နေပြီလား။ ကျောင်းသားဘဝက သူတို့ နေခဲ့ ထိုင်ခဲ့ ကြုံခဲ့ ဆုံခဲ့ရသည့် ရေးဖြစ်ဟောင်းများကို အောက်မေ့ တမ်းတရင်းက ဖရက်ဒီနှင့် စကား ပြောလိုစိတ်တို့ ပြင်းပြလာသဖြင့် မအောင့်အည်းနိုင်တော့ဘဲ ဖုန်းဆက် ဖြစ်လေတော့၏။

'မင်း ငါ့ကို မေ့နေပြီ ထင်တယ်၊ အခု စကားပြောနေတာ မေဆန်လေ၊ အင်ဒရူး မေဆန်ပေါ့ကွ၊ ဘယ်သူ ရှိဦးမှာလဲ၊ အခု ငါ ပက်ဒင်တန်ဘက်မှာ ဆေးခန်း ဖွင့်ထားတယ်'

'မေဆန် ဟုတ်လား၊ မင်းကို မေ့ရမယ်၊ ဘာကြောင့် မေ့ရမှာလဲ သူငယ်ချင်းရာ'

တယ်လီဖုန်းခွက်ထဲမှ ကြားနေရသော ဖရက်ဒီ၏ အသံကတော့ ထုံးစံအတိုင်း ခပ်ရွှင်ရွှင်၊ ခပ်မြူးမြူး၊ ခပ်သွက်သွက်ပင်။

'ဖြစ်ရလေ သူငယ်ချင်းရာ၊ မင်း အတော် နေနိုင်တာပဲ၊ ငါ့ဆီ ဘာ့ကြောင့်များ ဖုန်းမဆက်တာလဲ'

အင်ဒရူးသည် တယ်လီဖုန်းခွက်ကို ကိုင်ထားရင်းမှပင် ပြုံးမိသေးသည်။ ဖရက်ဒီ အသံ ကြားရပြန်တော့လည်း အားရှိသလိုပင်။

'အခြေမကျသေးလို့ မဆက်တာ သူငယ်ချင်း၊ ဘုတ်အဖွဲ့မှာ လုပ်နေတုန်းကလည်း အင်္ဂလန် တစ်နိုင်ငံလုံး လျှောက်သွားနေရလို့ မအားဘူး၊ အခု ငါ မိန်းမ ရနေပြီ၊ မင်း သိပြီလား'

'အေး ငါလည်း မိန်းမ ရနေပြီ၊ ဒီမယ် သူငယ်ချင်း၊ တို့များ ဆုံကြစို့ဦးလား၊ မြန်မြန် ဆုံကြရအောင်လေ၊ မင်း သဘောတူတယ် မဟုတ်လား၊ အခု မင်း လန်ဒန် ရောက်နေပြီဟာပဲ၊ ဆုံဖို့ လွယ်နေပြီ၊ အခု ကြာသပတေးနေ့ မင်း အားတယ် မဟုတ်လား၊ ညစာ လာစားလှည့်ကွာ၊ ဟုတ်ပြီ သိပ်ကောင်းတယ်၊ အခုတော့ စကား ကြာကြာ ပြောလို့ မဖြစ်သေးဘူးကွ၊ အိမ်ရှင်မ အတွက် လုပ်ပေးစရာ ကိစ္စလေး တစ်ခု ရှိနေလို့ ခွင့်လွှတ်ကွာ၊ ကဲ ဖုန်းချလိုက်မယ်နော်'

ဖရက်ဒီ ဟင်မဆန်က ညစာစား ဖိတ်သည်ဟု ပြောပြသော အခါ ခရစ္စတီသည် အေးတိအေးစက် မတုန်မလှုပ်နှင့် စိတ်မဝင်စားသလို လုပ်နေသည်။ အတန်ကြာမှ 'ရှင် တစ်ယောက်တည်း သွားပေါ့' ဟု ဆိုလေသည်။





'အိုကွာ၊ ခရစ္စတီကလည်း ကလေးဆန်လိုက်တာ၊ ကို တစ်ယောက်တည်း သွားလို့ ဘယ်ဖြစ်မှာလဲ၊ ဖရက်ဒီက မင်းကို သူ့မိန်းမနှင့် ဆုံစေချင်နေတယ်၊ မင့်အနေနှင့် ဖရက်ဒီကို သိပ် သဘောမကျဘူး ဆိုတာ ကို သိပါတယ်၊ ဒါပေမဲ့ သူ ဖိတ်တာ မသွားလို့တော့ ဘယ်ကောင်းပါ့မလဲ၊ ညစာ စားပွဲမှာ တခြား ဧည့်သည်တွေလည်း ရှိမှာပါ၊ ဧည့်သည်တွေကလည်း ဆရာဝန်တွေပဲ ဖြစ်ဖို့များပါတယ်၊ ကိုတို့မှာ မိတ်ဆွေသစ် တိုးတာပေါ့၊ ပြီးတော့လည်း ကိုတို့ နှစ်ယောက် အခုလို ညစာ စားပွဲတွေ ဘာတွေ မသွားရတာ ကြာပြီ မဟုတ်လား၊ ကို့မှာ နက်ကတိုင် အနက်မှ ရှိသေးရဲ့လားဟင်၊ သြော် သတိရပြီ၊ ကိုတို့ နယူးကာဆယ် သတ္တုတွင်း ညစာ စားပွဲ တက်ဖို့ ညဝတ် ဝတ်စုံ ဝယ်ခဲ့ဖူးတယ်လေ၊ ခရစ္စတီမှာရော ဝတ်စရာ ရှိသေးရဲ့လားဟင်၊ မင်းမှာလည်း ဝတ်စရာ အသစ်အဆန်းလေး တစ်စုံလောက် ရှိရင် ကောင်းမယ်'

'ကျွန်မ အတွက် ဘာမှ မလိုဘူး၊ လိုလည်း မလိုချင်ဘူး၊ ချက်ဖို့ ပြုတ်ဖို့ ဓာတ်ငွေ့ မီးဖို အသစ် တစ်လုံး ရှိဖို့ပဲ လိုတယ်'

ခရစ္စတီသည် အင်ဒရူး ပြောနေစဉ် ဂရုမစိုက် အလေးမထားသလို လုပ်နေရင်းမှ မထီလေးစား ဟန်မျိုးဖြင့် ခပ်တည်တည် ပြန်ပြောသည်။

လွန်ခဲ့သော ရက်များအတွင်းက ကြုံခဲ့ရသည့် ငွေကြေး ကျပ်တည်းမှုဒဏ်သည် ခရစ္စတီအား အတော်ကြီး ပြင်းပြင်းထန်ထန် ဖိစီးခဲ့၏။ ပျော်ပျော်ရွှင်ရွှင် နေတတ်သော အကျင့်သည်ပင်လျှင် ခရစ္စတီတွင် ဆိတ်သုဉ်းသွားခဲ့၏။ အလွန် စိတ်ရှည်၍ တစ်ဖက်သားကို အလွန် သာယာ နာပျော်ဖွယ် ဖြစ်အောင် ပြောတတ် ဆိုတတ် မြူးတတ်သော ခရစ္စတီသည် ယခုတလော တိုတို တောင်းတောင်း ပြတ်ပြတ်တောက်တောက် ပြောတတ်သော အလေ့အထ စွဲကပ်လျက် ရှိနေလေပြီ။

ကြာသပတေးနေ့ညတွင် အင်ဒရူးနှင့် ခရစ္စတီသည် အန်နာ ဘုရင်မ လမ်းသို့ ထွက်ခဲ့ကြသည်။ ခရစ္စတီသည် နယူးကာဆယ် ညစာ စားပွဲသို့ သွားစဉ်က ဝယ်ခဲ့သည့် အဖြူရောင် ညဝတ်စုံကိုပင် ဝတ်သည်။ ဝတ်စုံကို မသိမသာ ပြုပြင် ချုပ်လုပ်ထားသဖြင့် ပို၍ သစ်လွင်လာသလို ထင်ရသည်။ ဤဝတ်စုံနှင့် ခရစ္စတီမှာ ကြည့်လို့ ရှုလို့ မဝအောင်ပင် လှပနေသည်ဟု အင်ဒရူး ထင်မိလေသည်။

ခရစ္စတီသည် ဆံပင်ကို ပုံစံ တစ်မျိုး ပြင်ထားသည်။ နဖူးဘက်သို့ အခွေလိုက် ဝဲပျံ၍ ကျနေသော ဆံစကလေးများသည် ခရစ္စတီ၏ မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com

ပို၍ ကျက်သရေ ရှိအောင်၊ ပို၍ ချစ်စရာ ကောင်းအောင် ဖန်တီးပေးထားသည်။

အင်ဒရူးသည် အိမ်မှ မထွက်မီ သူ့လည်ပင်း၌ ဘိုးတိုင် တပ်ပေးနေစဉ်ကတည်းက ချစ်စရာ ကောင်းလောက်အောင် လုပနေသော ခရစ္စတီ၏ မျက်နှာကို သတိမပြုမိဘဲ မနေနိုင်သဖြင့် ပြောလိုက်ဦးမည်ဟု စိတ်ကူးပေါက်ခဲ့သေး၏။ သို့သော်လည်း အချိန် နောက်ကျမည်ကို စိုးရိမ်သော စိတ်က များနေသဖြင့် မပြောဖြစ်ခဲ့တော့ပေ။

ဖရက်ဒီ၏ အိမ်သို့ ရောက်သွားသည့် အခါ သူ စိတ်ပူသလို နောက်မကျပေ။ သုံးမိနစ်ခန့်ပင် စောနေသေးသည်။ အပြင် သွားနေသော ဖရက်ဒီပင် ပြန်မရောက်သေး၍ စောင့်နေရသေးသည်။ ဖရက်ဒီ ပြန်ရောက်လာတော့ သူ ဝသီအတိုင်း လက်နှစ်ဖက်ကို ဆန့်တန်းကာ အားရပါးရ ဖက်လှဲတကင်း နှုတ်ဆက်သည်။ သူ အခုမှ ဆေးရုံက ပြန်လာကြောင်း၊ သူ့ဇနီး မကြာမီ အပေါ်ထပ်မှ ဆင်းလာလိမ့်မည် ဖြစ်ကြောင်း ပြောပြီး အဖျော်ယမကာများကို ချ၍ သူ ကိုယ်တိုင် ဧည့်ဝတ်ပြုလေသည်။

ဖရက်ဒီသည် ကာဒစ်ဖ်မှာ တွေ့ခဲ့စဉ်တုန်းကထက် ဝနေသည်။ သူ၏ လည်ပင်း ကုပ်ပိုးကြီးမှာ ဖုထစ်ကာ ပန်းရောင် ပြေးနေသည်။ စည်းစိမ် တိုးကာ အသွေးအသား တက်နေဟန်တူပေသည်။ ယခုအချိန်ထိ မပြောင်းလဲသေးသည်မှာ သူ၏ သေးငယ် စူးရှသော မျက်လုံးပင် ဖြစ်၏။ သူ့ မျက်လုံးများသည် ဟိုတုန်းကလိုပင် တောက်ပဆဲ ဖြစ်၏။ အလွန် သပ်ရပ် ကျနစွာ ဝတ်စား ဆင်ယင်ထားသဖြင့် တစ်ကိုယ်လုံးမှာ ပြောင်လက် တောက်ပနေပေသည်။

'ကိုယ်ပြောတာ ယုံပါ သူငယ်ချင်းရာ'

ဖရက်ဒီသည် လက်ထဲမှ အရက်ဖန်ခွက်ကို မြှောက်လိုက်သည်။

'အခုလို ပြန်တွေ့ရတာ သိပ် ဝမ်းသာတာပဲ၊ အခုအချိန်က စပြီး ရှေ့လျှောက် အဆက်အသွယ် အမြဲ ရှိနေအောင် လုပ်ထားမှ ဖြစ်မယ်၊ ကိုယ့်အိမ်ကော သဘောကျရဲ့လားကွ၊ မင်း ဘယ်လို ထင်သလဲ၊ အိမ်က တစ်အိမ်လုံးကွ၊ အခန်း မဟုတ်ဘူး၊ မနှစ်က အပိုင် ဝယ်လိုက်တာလေ၊ တန်ဖိုးကတော့ သိပ် မသေးဘူး သူငယ်ချင်းရေ့'

ဖရက်ဒီသည် ပြောနေရင်းမှ ကျေနပ် အားရသည့် အမူအရာဖြင့် သူ့လည်ပင်းမှ နက်ကတိုင်ကို လက်ညှိုးနှင့် တောက်၍ ခါလိုက်လေသည်။

'ကြွားနေတာ မဟုတ်ပါဘူး သူငယ်ချင်း၊ အခုလို ကိုယ် အောင်မြင်နေတဲ့ အချိန်မှာ ကြွားတယ် အထင်ခံရမှာ စိုးတယ်ကွာ သိလား၊ ဒါပေမဲ့ ကိုယ့်ကျောင်းနေဘက် သူငယ်ချင်း အချင်းချင်း တွေ့ကြတော့ အရှိကို အရှိ အတိုင်း ပြောမှ ဖြစ်မှာပဲ မဟုတ်ဘူးလား'

ဖရက်ဒီ၏ အခြေအနေသည် အတော်ကြီး ဟန်ကျနေပုံ ပေါ်၏။ သူ၏ နှုတ်မှပင် ထုတ်ဖော်၍ ပြောပြနေစရာ မလိုပေ။ အိမ်ထဲတွင် ခင်းကျင်း ပြင်ဆင်ထားသည့် ပစ္စည်းများကိုက တန်ဖိုးနည်းလှမည် မဟုတ်ပေ။ အလွန် လှပသည့် ဧည့်ခန်း စားပွဲ ကုလားထိုင်များ။ ပြီးတော့ တခမ်းတနား ပြုလုပ်ထားသည့် ဆောင်းမီးဖို။ ထည်ဝါ ခံ့ညားလှသည့် စန္ဒရား တစ်လုံး။ ထို စန္ဒရားပေါ်တွင် တင်ထားသည့် ပန်းအိုးဖြူထဲမှ ပုလဲတုများဖြင့် ပြုလုပ်ထားသော တကိုင်းမွေး ပန်းခိုင်။ ဒါတွေကို မြင်ရုံမျှဖြင့် ဖရက်ဒီ၏ အခြေအနေကို ခန့်မှန်း သိသာလောက်ပေသည်။

အင်ဒရူးက တစ်စုံတစ်ရာ ပြောရန် ဟန်ပြင်နေခိုက်မှာပင် ဖရက်ဒီ ဟင်မဆန်၏ မိန်းမ ရောက်လာသည်။ မစ္စက် ဟင်မဆန်သည် အရပ်မြင့်မြင့်နှင့် ခံ့ခံ့ညားညား ရှိသည်။ မျက်နှာကတော့ အေးစက်စက် မာကျောကျော ပုံမျိုး။ ဝတ်ဆင်ထားသည့် အဝတ်အစားများကတော့ ခရစ္စတီ၏ အဝတ်အစားများနှင့် ကွာခြားလှပါဘိခြင်း။

'လာစမ်းပါဦး အချစ်ရယ်'

ဖရက်ဒီက တယုတယ ဆီးကြိုပြီး ရှယ်ရီ တစ်ခွက် ထည့်ပေးသည်။ သူမ ရှယ်ရီ သောက်ပြီးလောက်တွင် အခြား ဧည့်သည်များ ရောက်လာကြ၏။ မစ္စတာ ချား အိုင်ဗိုရီနှင့် ဇနီး။ ဒေါက်တာ ပေါလ် ဒီမန်းနှင့် ဇနီး။

အိုင်ဗိုရီ၊ ဒီမန်းနှင့် ဖရက်ဒီတို့ သုံးဦးကြားတွင် နှုတ်ဆက်သံများ၊ စကား ပြောသံများ၊ ရယ်သံများ သောသောညံသွားလေသည်။ ထိုနောက် သူတို့ အားလုံး ညစာစားခန်းသို့ ဝင်ကြလေ၏။

ထမင်းစားပွဲ ပြင်ဆင်ပုံနှင့် နေရာချထားပုံ အစီအစဉ်ကလည်း အလွန် သားနားလှပေသည်။ စားပွဲပေါ်မှ ဖန်သားဖြင့် ပြုလုပ်ထားသော ဖယောင်းတိုင်တင် စင်သည် လှပ ထည်ဝါလွန်းလှသည်။ ဤစင်မျိုးကို အလွန် နာမည်ကြီးသော ရီဂျင့်လမ်းရှိ စိန်ရွှေ ရတနာ စတိုးများထဲမှ 'လေဘင်နှင့် ဘင်းကုမ္ပဏီဆိုင်' တွင် ခင်းကျင်း ပြသထားသည်ကို အင်ဒရူး မြင်ခဲ့ဖူးသည်။

အစားအသောက်များကလည်း စုံလင် ဖွယ်ရာလှပါပေ၏။ အသားချက်ထားပုံမှာ အမဲသားလား ငါးလားဟု ခွဲခြား၍ မရနိုင်လောက်အောင်ပင်



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့၍ အရသာ ထူးကဲလှသည်။ ရှမ်ပိန် အရက်ကလည်း အလျှံပယ်၊ ဗုံးပေါလအော၊ သောက်ချင်သလောက် သောက်။

အင်ဒရူးသည် ရှမ်ပိန် နှစ်ခွက်လောက် ဝင်သွားသည်နှင့် တစ်ပြိုင်နက် အာသွက် လျှာသွက် ဖြစ်လာသည်။ သူ့ ဘယ်ဘက်ဘေး၌ ထိုင်နေသော မစ္စက် အိုင်ဗိုရီနှင့် စကားလက်ဆုံ ကျနေလေ၏။

မစ္စက် အိုင်ဗိုရီမှာ ကိုယ်လုံးကိုယ်ထည် သွယ်လျလျနှင့် ခပ်ချောချော။ သူမ လည်ပင်းမှ စိန်လည်တုံသည် ဝင်းခနဲ၊ ဖြာခနဲ။ သူမ၏ ပြာလဲ့သော မျက်လုံးအစုံသည် အင်ဒရူးအပေါ်၌ စိတ်ဝင်တစား ကျက်စားလျက် ရှိသည်။ ကြည့်ပုံကလည်း ရှက်စနိုး အကြည့်မျိုး။

သူမ၏ ခင်ပွန်း ချားအိုင်ဗိုရီသည် ခွဲစိတ်ကု ဆရာဝန် တစ်ဦး ဖြစ်ပါသည်ဟု အင်ဒရူး၏ အမေးကို ဖြေရင်းက ဟက်ဟက်ပက်ပက် ရယ်ချလိုက်သည်။ သူမ၏ ယောကျ်ား ချား အိုင်ဗိုရီမှာ ထင်ရှားသူ ဖြစ်၏။ သူမ၏ ယောကျ်ားကို မသိသူ မရှိပေ။ လူတိုင်းလိုလို သိကြလိမ့်မည်ဟု ထင်ထားခဲ့မိရာ ယခု အင်ဒရူးနှင့် တွေ့ခါမှ အထင်နှင့် အမြင် လွဲသွားသဖြင့် သဘောကျပြီး ရယ်ခြင်း ဖြစ်လေသည်။

မစ္စက် အိုင်ဗိုရီက သူမတို့ အိမ်သည် နယူး ကေဗင်းဒစ် လမ်းတွင် ဖြစ်သည်။ သူမတို့ အိမ်မှာလည်း အခန်း မဟုတ်။ တစ်အိမ်လုံး ဖြစ်သည်။ ဖရက်ဒီတို့ အိမ်နှင့်လည်း သိပ်မဝေး။ ဖရက်ဒီတို့ လင်မယားနှင့် နီးနီးကပ်ကပ် နေရ၍ စိတ်ချမ်းသာရသည်ဟု ဆိုသည်။ သူမ၏ ခင်ပွန်း ချားအိုင်ဗိုရီ၊ ဖရက်ဒီ၊ ဟင်နရီ မေဆန်နှင့် ပေါလ် ဒီမန်းတို့မှာ အလွန် ရင်းနှီးသော အပေါင်းအသင်းများ ဖြစ်ကြ၍ 'ဆက်ဗီး ကလပ်' အသင်းဝင်များ ဖြစ်သည်ဟုလည်း ပြောပြသည်။ အင်ဒရူးက သူသည် ထိုကလပ်၏ အသင်းဝင် မဟုတ်သေးကြောင်း ပြောပြသည့်အခါ မစ္စက် အိုင်ဗိုရီမှာ တအံ့တသြ ဖြစ်လျက် ရှိပြန်လေ၏။ ဆရာဝန်တိုင်းသည် ဆက်ဗီး ကလပ်၏ အသင်းဝင် ဖြစ်ကြသည်ဟု သူမက ထင်မှတ်ထားခဲ့လေရာ ယခု အင်ဒရူးမှာ ဆရာဝန် တစ်ဦး ဖြစ်ပါလျက်နှင့် ထိုအသင်းတွင် အသင်းဝင် မဟုတ်သေးကြောင်း သိလိုက်ရသဖြင့် အံ့အားသင့်နေခြင်း ဖြစ်လေသည်။

မစ္စက် အိုင်ဗိုရီနှင့် ဤမျှလောက် စကားပြောရလျှင် တော်လောက်ပြီ။ သူ့ ညာဘက်ဘေးတွင် ထိုင်နေသည့် မစ္စက် ဒီမန်းနှင့် စကားပြောကြည့်ဦးမှ။

မစ္စက် ဒီမန်းသည် မစ္စက် အိုင်ဗိုရီထက် ပို၍ နူးညံ့သည်။ သိမ်မွေ့သည်။ ပို၍ တရင်းတနှီး ဆက်ဆံတတ်သည်။ ပြီးတော့ ပို၍ ချောသည်။ သူမ၏ အလှသည် အရှေ့တိုင်းဆန်သော အလှ ဖြစ်သည်။ သူမ၏ ယောကျ်ား အကြောင်းကို ပြောပြရန် ရေလာမြောင်းပေး လုပ်ရင်းက အင်ဒရူးသည် စိတ်ထဲတွင် ကျိတ်၍ သူ့ကိုယ်သူ ပြောနေမိ၏။

'ငါ ဒီငနဲတွေ အကြောင်း သိမှဖြစ်မယ်၊ သူတို့ကို ကြည့်ရတာ အတော်ကြီး ချမ်းသာနေပုံ ပေါ်တယ်၊ နေထာ ထိုင်တာ ဝတ်တာ စားတာတွေက တယ်ပြီး ခမ်းနားတာပဲ'

မစ္စက် ဒီမန်းထံမှ သိရသလောက်ဆိုလျှင် ပေါလ် ဒီမန်းသည် သမားတော် တစ်ဦး ဖြစ်သည်။ ပို့တလန်ရပ်တွင် ကိုယ်ပိုင် တိုက်ခန်းနှင့် နေပြီး ဟာလေးလမ်းတွင် ဆေးခန်း ဖွင့်ထားသည်။ ပေါလ် ဒီမန်းသည်လည်း အောင်မြင်မှု ရနေသော ဆရာဝန် တစ်ဦးပင် ဖြစ်သည်။ အထူးသဖြင့် ပလာဇာ ဟိုတယ်တွင် ဟိုတယ် ဆရာဝန် အဖြစ် လုပ်ရသည်မှာ နာမည်လည်း ရ၊ ဝင်ငွေလည်း ကောင်းသည်။ မိတ်ကောင်း ဆွေကောင်းများလည်း တိုးသည်။ ပလာဇာ ဟိုတယ်သည် အလွန် ကြီးကျယ် ထင်ရှားသည့် ဟိုတယ်ကြီး တစ်ခုမို့ ဆို ဟိုတယ်၏ တရားဝင် ခန့်ထားခြင်းခံရသည့် ဆရာဝန် ဖြစ်ရခြင်းသည် ပေါလ် ဒီမန်း အဖို့ ဂုဏ်သိက္ခာ များစွာ တက်ရသည်။ အမေရိကန် သန်းကြွယ်သူဌေးကြီးများနှင့် ကမ္ဘာကျော် အမေရိကန် ရုပ်ရှင် မင်းသား မင်းသမီးများ သာ၍ တည်းခိုသော ဟိုတယ် ဖြစ်ခြင်းကြောင့် ဝင်ငွေကောင်း၍ ဂုဏ်တက်ရသည်။ ကမ္ဘာ အရပ်ရပ်မှ လူကြီးလူကောင်း လူချမ်းသာ ဟူသမျှ ဤဟိုတယ်သို့ လာတည်းကြသဖြင့် မိတ်ကောင်း ဆွေကောင်းများ တိုးရခြင်းသည်လည်း ဂုဏ်တစ်မျိုး မြင့်မားခြင်းပင် ဖြစ်သည်။

ဤသည်တို့ကား မစ္စက် ဒီမန်း၏ နှုတ်မှ ဝင့်ဝင့်ကြွားကြွား ထွက်လာသော စကားများအရ သိရသော အချက်များ ဖြစ်၏။ မစ္စက် ဒီမန်းသည် သူမ၏ ယောကျ်ား အကြောင်း ပြောပြရသည်ကို မြိန်ရေရှက်ရေ ရှိပုံ ရသည်။ ဂုဏ်ယူပုံလည်း ရသည်။

အင်ဒရူးသည် မစ္စက် ဒီမန်းကို သဘောကျနေမိ၏။ သူ ပြောချင်သလောက် ပြောပါစေတော့ဟု လွှတ်ပေးထားလိုက်သည်။ မစ္စက် ဟင်မဆန်ဆိုင်ရာက ထမှပင် စကားစ ပြတ်လေတော့သည်။ အင်ဒရူးသည် ကပျာကယာ ထလိုက်ပြီး မစ္စက် ဒီမန်း၏ ကုလားထိုင်ကို အလွန် ယဉ်ကျေး သိမ်မွေ့သော အမူအရာဖြင့် နောက်ဘက် ဆွဲပေးလိုက်လေ၏။





www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးများ ဧည့်ခန်းထဲ ရောက်သွားသည့်အခါ အမျိုးသားများမှာ ပို၍ လွတ်လပ်သွားကြသည်။

'ဆေးလိပ်သောက်ဦး မေဆန်'

ဖရက်ဒီက ဆေးလိပ် လှမ်းပေးသည်။

'သောက်ကြည့်စမ်း၊ သိပ်အရသာ ရှိတယ်၊ ဘရန်ဒီလည်း ကြိုက်သလောက် ချစမ်းကွာ၊ သိပ်ကောင်းတဲ့ ဘရန်ဒီ၊ ပြောမယုံ ကြုံဖူးမှ သိရမယ် ဆိုတဲ့ ဘရန်ဒီမျိုးကွ'

အင်ဒရူးသည် ဟင်မဆန် ပေးသော ဆေးလိပ်ကို အားရပါးရ ဖွာ၍ ဘရန်ဒီကို တစ်ခွက်ပြီး တစ်ခွက် သောက်ရင်း ဖရက်ဒီတို့အနီး ရောက်အောင် သူ့ ကုလားထိုင်ကို ရွှေ့ထိုင်သည်။ ဤဝိုင်းမျိုးကို သူ ရှာနေသည်မှာ ကြာပြီ။ ဆရာဝန် တစ်ယောက်၏ အတင်းအဖျင်းများကို ကြားချင်နေသည်မှာ ကြာပြီ။ ဘယ်နည်းနှင့်မဆို ဟင်မဆန်နှင့် သူ့မိတ်ဆွေများသည် သူ ကြားလိုသည့် စကားများကို ပြောလိမ့်မည်ဟု မျှော်လင့်ထားလေ၏။

'ပြောရဦးမယ်၊ ဟောဒီ မီးအိမ်တွေဟာ အိုင်ရေဒီယန်း ကျောက်နှင့် လုပ်ထားတဲ့ မီးအိမ်တွေပေါ့၊ ဂလစ်ကပ် ကုမ္ပဏီက ထုတ်လုပ်တဲ့ နာမည်ကြီး ပစ္စည်းပဲ၊ အတော်ကောင်းတဲ့ မီးအိမ်တွေ၊ လှလည်း လှတယ်၊ ခိုင်လည်း ခိုင်တယ်၊ ဈေးကလည်း မသေးလှဘူး ကိုယ့်လူရေ့၊ တစ်လုံးကို ရှစ်ဂီနီတောင်မှ ပေးရတယ်၊ တန်တော့ တန်ပါတယ်၊ ပစ္စည်းက အကောင်းစားပဲ'

'ဟုတ်တယ် ဟုတ်တယ်၊ ကျွန်တော်လည်း တွေ့ဖူးတယ်'

ဒီမန်းက ဟင်မဆန်အား ထောက်ခံစကား ဆိုသည်။

ဒီမန်းသည် ကိုယ်လုံး ကိုယ်ထည် ပိန်ပါးပါး၊ အနက်ရောင် မျက်လုံးနှင့် ဂျူးလူမျိုးများတွင် တွေ့ရစမြဲ ဖြစ်သော လိမ္မာ ပါးနပ်၍ ဉာဏ်များသည့် မျက်လုံးမျိုးနှင့် ဖြစ်ပေသည်။

'ဒီလို ကောင်းပေ့ ဆိုတဲ့ ပစ္စည်းမျိုးတွေကျတော့ ဈေး ဘယ်လောက် ပေးရ ပေးရ တန်တာပဲဗျ'

အင်ဒရူးကတော့ သူတို့ စကားကို မထောက်ခံနိုင်ချေ။ ပါးစပ်မှ ဆေးလိပ်ကို ခပ်ဆောင့်ဆောင့် ဆွဲချွတ်လိုက်၏။

'ကျွန်တော်တော့ ဒီမီးအိမ်တွေဟာ ခင်ဗျားတို့ ပြောနေသလောက် ကောင်းမယ် မထင်ပါဘူး၊ ပစ္စည်း အတုတွေနှင့် ပတ်သက်ပြီး ဂျာနယ် တစ်ခု ထဲမှာ ဆရာ အက်ဘီး ရေးထားတဲ့ ဆောင်းပါး တစ်ပုဒ် မင်း မဖတ်လိုက်ရ





ဘူးလား ဖရက်ဒီ၊ တကယ်တော့ ဒီပစ္စည်းတွေကို လုပ်တဲ့ အခါမှာ တန်ဖိုး ကြီးကြီး ပေးပြီး ထည့်ထားတဲ့ ပစ္စည်းမျိုး သိပ်မပါပါဘူး'

အင်ဒရူး၏ ဖြောင့်ကျလွန်းသော အပြောကြောင့် ဖရက်ဒီ ဟင်မဆန်မှာ ကြောင်အမ်းအမ်း ဖြစ်သွားရလေ၏။ ပြီးမှ အရှက်ပြေ ရယ်မောလိုက်သည်။ အင်ဒရူးကတော့ သူ့ပင်ကို အကျင့်အတိုင်း သူ့စိတ်ထဲ ရှိသမျှကို ပြောပြန်လေသည်။

'ဒီမီးအိမ် တစ်လုံးက အလွန်ဆုံး တန်လှရင် သုံးဂီနီပေါ့၊ သုံးဂီနီထက်တော့ မပိုပါဘူး၊ လုပ်ထားပုံကတော့ လှပါတယ်'

ထိုအခါကျမှ ဒီမန်းက ဝင်၍ 'ပစ္စည်း ဝယ်ရင် သတိတော့ ထားပေါ့ဗျာ၊ ကျွန်တော်ကတော့ ဈေးကြီးကြီး ပေးရတဲ့ ပစ္စည်းမျိုး ဝယ်တာ သိပ်မထောက်ခံချင်ဘူး၊ ကိုယ် မသုံးရသေးခင် ငွေက အလျင် ကုန်ရတာ၊ လက်ထဲ ရောက်ပြီး အချိန် ကြာလာတော့ ခေတ်က ကုန်သွားပြန်ရော၊ အသစ်အဆန်း တစ်မျိုးက ထပ်ပေါ်လာပြန်ရော' ဟု ပြောသည်။

'ဘာပဲဖြစ်ဖြစ်လေ၊ သုံးတော့ သုံးရတာပဲ မဟုတ်လား' ဟု ဖရက်ဒီက ဆိုသည်။

အိုင်ဗိုရီက စကားဝိုင်းထဲသို့ ဝင်လာသည်။ သူသည် ကိုယ်လုံး ကိုယ်ထည် ခပ်တုတ်တုတ်၊ အားလုံးတွင် အသက်ကြီးဆုံး။

'ခင်ဗျားတို့က ပစ္စည်း အကြောင်း ပြောတော့ ပြောပြရဦးမယ်၊ ကျွန်တော် ကနေ့ ထိုးဆေး ဆယ့်နှစ်လုံး အရောင်းအဝယ် လုပ်ခဲ့တယ်၊ ဘယ်လို လုပ်ခဲ့သလဲ သိလား၊ ကျွန်တော်က လူနာကို ပြောပြတယ်၊ ခင်ဗျားလည်း ကုန်သည် တစ်ယောက်ပဲ၊ တွက်ခြေကိုက်တာကို လုပ်ချင်ရင် ရတယ်၊ အခု ခင်ဗျား ထိုးနေတဲ့ ဆေးဟာ တစ်နေ့ တစ်လုံးကျနှင့် ဆယ့်နှစ်လုံး ထိုးသွားရင် အားလုံးပေါင်း ဂီနီ ငါးဆယ် ကျမယ်၊ ဆေး တစ်ကြိမ်ထိုး ငွေ တစ်ခါပေး မလုပ်ဘဲ အခု ကတည်းက ဆေး တစ်ဒါဇင်ဖိုး ငွေ ကြိုတင် ပေးထားမယ် ဆိုရင် လေးဆယ့်ငါး ဂီနီပဲ ကျမယ်၊ ခင်ဗျားမှာ ငါးဂီနီ သက်သာမယ်လို့လည်း ပြောရော လူနာက ချက်ချင်းပဲ ချက်လက်မှတ်နှင့် ငွေချေသွားတာပဲ'

ဖရက်ဒီက 'ခင်ဗျား လုပ်ပုံက မနိုပ်ပါဘူးဗျာ၊ ကြက်သူခိုး ငှက်သူခိုးနှင့် တူမနေဘူးလား' ဟု ပြောလိုက်ပြီးမှ 'ကျွန်တော် အစက ခင်ဗျားကို ခေတ်ကျ ဆရာဝန် တစ်ယောက်လို့ ထင်ထားတာ၊ အခုမှ မှားမှန်း သိတော့တယ်' ဟု ငေါ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမန်းက. .

'ခက်တော့ ခက်သားပဲ ဖရက်ဒီ၊ အခုခေတ်မှာ စားဆေး ပေးတဲ့ ခေတ်က ကုန်သလို ဖြစ်နေပြီ၊ ခေတ်ကို မမီတော့ဘူး၊ အထက်တန်းစား လောကမှာ ပို ဆိုးသေးတယ်၊ ဘာလေး ဖြစ်လာ ဖြစ်လာ ဆေးထိုးပေးမှ ကြိုက်ကြတာ၊ ပလာဇာ ဟိုတယ်မှာ လုပ်နေတော့ လူတွေ အကြောင်း ပိုပြီး သိရတယ်၊ ဥပမာ ဆိုပါတော့ဗျာ၊ ကျွန်တော်တို့က မဂ္ဂနိစ် ဆေးအမှုန့်ကို ပေးတယ်၊ ဒီဆေးမှုန့်က ခင်ဗျားတို့ သိတဲ့ အတိုင်းပဲ၊ အလွန်ဆုံး ကျလှမှ တစ်ဂိနီ ပေါ့၊ အဲဒါ ဆေးမှုန့် ပေးတော့ သူတို့က လုံးလုံး အထင်မကြီးဘူး၊ အဲဒီဆေးကိုပဲ ထိုးဆေး ထိုးပေးလိုက်တော့ ဟာ သိပ် ကျေနပ်သွားတာပဲ၊ သူတို့ ရှေ့မှာ အပ်တွေ ထုတ် အပ်တွေ ပြုတ် လုပ်နေတာကို ကြည့်ပြီး အထင်ကြီးနေကြတယ်၊ အဲဒီတော့ ဘယ့်နှယ် လုပ်မလဲ၊ အခြေအနေအရ လုပ်ရတော့မှာပေါ့'

ဟင်မဆန်က...

'စားဆေး ပေးတဲ့ ခေတ် ကုန်သွားတာဟာ ဆရာဝန်တွေ ငွေများများရဖို့ ဖြစ်လာတာပဲ၊ မကောင်းဘူးလား၊ အိုင်ဗိုရီရဲ့ အဖြစ်ကို ကြည့်လေ၊ သူ့အနေနှင့် လူနာကို သံဓာတ်ပါတဲ့ ဆေးရည် တစ်မျိုး ပေးလိုက်ရင် လူနာမှာ ငွေ ဘယ်လောက် ကုန်မလဲ၊ လွန်ရော ကျွံရော သုံးဂိနီပေါ့၊ စားဆေး မပေးဘဲ ထိုးဆေး ဆယ့်နှစ်လုံး ပေးလိုက်တော့ ဂိနီ ငါးဆယ်၊ အယ် ဟုတ်ပါဘူး ဆောရီး အိုင်ဗိုရီ၊ ခင်ဗျား ရတာ လေးဆယ့်ငါး ဂိနီပဲ၊ ဟား ဟား ဟား'

ဒီမန်းက...

'ဒါပေါ့ဗျာ၊ ထိုးဆေး တစ်ပုလင်းမှ ဘယ်လောက် ကျမှာလဲ၊ တစ်ပုလင်းမှ ဆယ့်နှစ် သျှီလင်တောင် မပေးရပါဘူး'

အင်ဒရူး၏ ဦးနှောက်သည် အပြင်းအထန် လှုပ်ရှားလျက် ရှိသည်။ 'သောက်ဆေး စားဆေးခေတ် ကုန်ခြင်း' ကို ထောက်ခံသည့် ဆွေးနွေးပွဲနှင့်မှ သူ လာတိုးနေရ၏။ သူသည် ဘရန်ဒီကို တစ်ကျိုက် မော့လိုက်ပြန်လေသည်။

'နောက်တစ်ခု ရှိသေးတယ်'

ဒီမန်းက စပြန်လေသည်။

'လူနာတွေကတော့ ထိုးဆေး တစ်ပုလင်း ဘယ်လောက် ပေးရမယ်ဆိုတာ သိတာမှ မဟုတ်ဘဲ၊ တန်းပေါ်မှာ ထိုးဆေး ပုလင်းကလေးတွေ စီတင်





ထားတာ မြင်လိုက်ရင်ပဲ လူနာ အမျိုးသမီးက ဒီပုလင်းလေးတွေဟာ ငွေတွေပါလား၊ တန်ဖိုး မသေးဘူး၊ ဒီလောက်ပဲ သိကြတာဗျာ'

ဟင်မဆန်က အင်ဒရူးဘက်သို့ လှည့်၍ မျက်စိတစ်ဖက် မှိတ်ပြ၏။

'ကြားတယ် မဟုတ်လား အင်ဒရူး၊ ဒီမန်းက ဥပမာ ပေးတာတောင်မှ အမျိုးသမီး လူနာကိုမှ ရွေးပြီး ဥပမာ ပေးတယ်၊ ဒါနှင့် စကားမစပ် ဒီမန်း၊ မနေ့က လုပ်တဲ့ သေနတ်ပစ်ပွဲ အကြောင်း ကျွန်တော် သတင်း ရတယ်၊ ဒုံးကကြီး ကျွန်တော်ရယ် အိုင်ဗိုရီရယ်၊ ခင်ဗျားရယ်၊ ကျွန်တော်ရယ် သူနှင့် တွဲမယ် ဆိုရင် အဖွဲ့လေး တစ်ဖွဲ့ ဖွဲ့ချင်တယ်တဲ့'

နောက်ထပ် ဆယ်မိနစ်ခန့်မျှ သေနတ်ပစ်ပွဲ အကြောင်း၊ လန်ဒန်မြို့၏ ငွေကြေး အကုန်အကျ အလွန် များသော ဂေါက်သီးကွင်းများသို့ လှည့်လည် သွားလာ၍ ဂေါက်သီး ရိုက်ကြသည့် အကြောင်းနှင့် မော်တော်ကားများ အကြောင်း ပြောကြပြန်လေသည်။

အိုင်ဗိုရီက သူ စိတ်တိုင်းကျ အော်ဒါလုပ်ပြီး ဝယ်ထားသည့် ကားအကြောင်း ပြောသည်။ အင်ဒရူးကတော့ သူတို့ပွဲတွင် ဝင်၍ မပြောနိုင် မဆိုနိုင်၊ ဆေးလိပ် ဖွာလိုက်၊ ဘရန်ဒီ သောက်လိုက်၊ နားထောင်လိုက်နှင့် အချိန်ကုန်သည်။ သူတို့ လူစုသည် စကား တပြောပြောနှင့် ဘရန်ဒီ အတော်များများ သောက်မိကြလေ၏။

ဟင်မဆန်တို့ လူသိုက် အပေါ်၌ အထင်အမြင်ကြီးသော စိတ်သည် အင်ဒရူးတွင် ကိန်းအောင်းစ ပြုလာသည်။ အလွန်တော် အလွန် ထင်ရှားသည့် လူချွန်လူလည်များဟု ထင်လာသည်။ သူတို့ စကားဝိုင်းတွင် ဝင်မပြောနိုင်သော်လည်း ပြောသူကမျှ သူ့အား ပ မထုတ်ကြပေ။ သူကလည်း စကား တစ်ခွန်းတလေ ထောက်ခြင်း၊ ခေါင်း တစ်ချက်လောက် ညိတ်ပြခြင်းအားဖြင့် သူတို့ စကားဝိုင်းတွင် စိတ်ဝင်စားကြောင်း ဖော်ပြသည်။ သူတို့တစ်တွေကို ကြည့်၍၊ သူတို့ ဟင်းတွေ ပြောဆိုနေသမျှကို နားထောင်၍ သူ အမြဲတမ်းလိုလို စားနေခဲ့ရသည့် ဟင်းလယ် ငါးသလောက် ငါးဆားနယ်ကိုပင် သတိမရတော့ချေ။

စကားကို ဖြတ်၍ ထိုင်ရာမှ ထကြသည့်အခါ အိုင်ဗိုရီက အင်ဒရူး၏ လက်မောင်းကို တရင်းတနှီး ပုတ်၍ 'ကျွန်တော် ခင်ဗျားဆီ ဖိတ်စာ ပို့လိုက်ဦးမယ် မန်ဆန်၊ အခါအခွင့် သင့်တဲ့ အချိန်မှာ ခင်ဗျားနှင့် အတူ တွဲပြီး လူနာ ကြည့်ရရင် သိပ်ကောင်းမှာပဲ' ဟု ပြောလေ၏။

ညှော်ခန်းထဲတွင်လည်း သူတို့လိုပင် အမျိုးသမီးများ စကားပြောင်း



www.burmeseclassic.com

www.burmeseclassic.com

နေကြ၏။ မြင်နေရသည့် ပတ်ဝန်းကျင်ကတော့ ကျေနပ် အားရစရာပင်။

ဖရက်ဒီသည် ထုံးစံအတိုင်း ရှင်မြူး သွက်လက်စွာ တက်ကြွနေသည်။ လက်နှစ်ဖက်ကို အိတ်ထဲ နှိုက်ကာ အချိန် စောသေးသဖြင့် သံတမန် ဟိုတယ်သို့ သွား၍ စားသောက်ပြီးမှ ပါတီပွဲကို သိမ်းကြရန် အကြံပြုနေပြန်လေ၏

ခရစ္စတီ ခမျာမှာတော့ မျက်စိ မျက်နှာ ပျက်ကာ မျက်နှာကလေး ငယ်နေရှာသည်။ အင်ဒရူးအား တစ်ချက် ကြည့်သည်။

'ကျွန်မတို့တော့ ပြန်မှဖြစ်မယ် ထင်တယ် အင်ဒရူး'

'အိုကွာ မဟုတ်တာ၊ ပါတီက ပြီးမှ မပြီးသေးတာ၊ ပြန်လို့ ဘယ်ဖြစ်ဦးမှာလဲ'

သံတမန် ဟိုတယ်တွင်လည်း ဖရက်ဒီသည် အတော် လူသိ များ၍ ထင်ရှားသော လူတစ်ယောက် ဖြစ်သည်။ သူနှင့် အဖွဲ့အား ခေါင်းညိတ်၍ ပြုံး၍ နှုတ်ဆက်ကြသူတွေ များလှပေသည်။ ရှမ်ပိန် အရက်ကတော့ ဖောခြင်း သောခြင်း၊ သောက်ချင်တိုင်း သောက်။

အတွဲလိုက် အတွဲလိုက် ကနေသူတွေကလည်း အများအပြား။ ဖရက်ဒီတို့ လူစု၏ ပြောဟန် ဆိုဟန်၊ လုပ်ဟန် ကိုင်ဟန်၊ နေဟန် ထိုင်ဟန်များသည် အင်ဒရူးအဖို့ အားကျစရာ၊ အားရစရာ၊ အံ့မခန်း ဖြစ်စရာ၊ အတုယူစရာတွေချည်း ဖြစ်နေလေသည်။

ကပွဲအတွက် တီးနေသည့် အတီးကလည်း ကောင်းလှပါဘိခြင်း။ ငြိမ့်ညောင်း ညက်ညော၍ နားဝင်ချိုလှပါဘိခြင်း။ ခရစ္စတီများ ကချင်လေမလား၊ ခရစ္စတီနှင့်သာ တွဲ၍ ကလိုက်ရလျှင်...။

ချက်စဘောရိုး အရပ်သို့ အပြန် တက္ကဆီပေါ် ရောက်တော့လည်း အင်ဒရူးမှာ ပျော်မဆုံး မော်မဆုံး ဖြစ်ဆဲပင်။ သူ့အတွေးနှင့်သူ ပီတိ ဖြစ်ကာ အောက်ခြေလွတ်ဆဲပင်။

'တကယ့် ထိတ်ထိတ်ကြဲ ပထမတန်းစား လူတွေချည်းပဲ ခရစ္စတီ ဒီနေ့ညဟာ သိပ်ကို ပျော်စရာ ကောင်းတဲ့ ညပါပဲကွာ၊ ကိုတော့ သိပ်ပျော်တာပဲ'

'ကျွန်မအဖို့တော့ သိပ်ပြီး စိတ်ညစ်စရာ စိတ်ရှုပ်စရာ ကောင်းတဲ့ ညပဲ ကျွန်မ သိပ်မုန်းတဲ့ ညပဲ'

ခရစ္စတီ၏ အသံကား မာကျောလှပေ၏။





'ဘယ်လို ပြောလိုက်တာလဲ ခရစ္စတီ'

'ကျွန်မတော့ ရှင်းရှင်းပဲ၊ ရှင့်မိတ်ဆွေ ဆရာဝန်ထဲက ဆိုရင် ဒင်နီနဲ့ ဟုတ်ပ်တို့ နှစ်ယောက်ကိုပဲ ခင်တယ်၊ ကနေ့ တွေ့ခဲ့တဲ့ လူတွေကိုတော့ မခင်ဘူး၊ ကြွားဖို့ ဝါဖို့ ကျောဖို့လောက်သာ သိပြီး အနှစ်သာရ ဘာမှ မရှိတဲ့ ဒီလူစုကို ကျွန်မ သိပ်မုန်းတယ် သိလား'

'မဟုတ်သေးပါဘူး ခရစ္စတီရယ်၊ မင်း ဘယ်လို ဖြစ်တာလဲ၊ ဘာပြုလို့ ဒီလို ပြောရတာလဲ၊ သူတို့မှာ ဘာများ အပြစ် ရှိလို့...'

ခရစ္စတီ၏ ဒေါသအိုးသည် ပေါက်ကွဲလာလေတော့သည်။

'ရှင့်မှာ မျက်စိပါသားနှင့်၊ ရှင် မမြင်ခဲ့ဘူးလားဟင်၊ ရှင့် အပေါင်းအသင်းတွေ အားလုံးပဲ ဘာကောင်းတာများ ရှိသလဲ၊ ပြင်ဆင်ထားလိုက်တဲ့ အစားအသောက်တွေ တခမ်းတနား၊ ချထားလိုက်တဲ့ ပရိဘောဂတွေ ခံ့ညားထည်ဝါလိုက်တာ အလွန်ပဲ၊ သူတို့ ပါးစပ်က ထွက်လာတဲ့ စကားတွေကျတော့ ရှင် သတိထားမိရဲ့လား၊ တစ်ချိန်လုံး ငွေ ငွေ ငွေ၊ ငွေစကားပဲ ပြောနေကြတာပဲ၊ ရှင်ကတော့ မြင်ချင်မှ မြင်မှာပေါ့လေ၊ ရှင့် သူငယ်ချင်းရဲ့ မိန်းမ မစ္စက်ဟင်မဆန်က ကျွန်မရဲ့ အဝတ်အစားကို ကြည့်လိုက်တဲ့ မျက်နှာထားမျိုးများလေ၊ ဟင်း အင်မတန် နှိမ့်ချပြီး ကြည့်လိုက်တဲ့ အကြည့်မျိုး၊ ကျွန်မ သိတာပေါ့၊ မစ္စက် ဟင်မဆန် တစ်ခါလောက် အလှပြင်တဲ့ ငွေဟာ ကျွန်မရဲ့ တစ်နှစ်စာ အဝတ်အစားဖိုးလောက် ရှိပါတယ်၊ ကျွန်မဟာ အရေးမထားလောက်တဲ့ လူ၊ လူရာ သွင်းစရာ မလိုတဲ့ လူ ဆိုတာလည်း ရိပ်မိရော၊ ဆက်ဆံပုံလည်း ပြောင်းသွားရော၊ ညှော်ခန်းထဲမှာ သူ့ ဆက်ဆံပုံကို ရှင် မြင်စေချင်တယ်၊ သူက ဗုစ်တန်ရဲ့ သမီးပဲ၊ ဝီစကီ ကုမ္ပဏီ ပိုင်ရှင် သူဌေး ဗုစ်တန် ဆိုတာ ရှင် ကြားဖူးမှာပေါ့၊ ရှင်တို့ ညှော်ခန်းထဲ ရောက်မလာခင်က ဘာတွေများ ပြောနေကြတယ် ထင်လဲ၊ စကားလုံး အလှအပတွေနှင့် တန်ဆာ ဆင်ထားတဲ့ အတင်း အဖျင်းတွေချည်းပဲ၊ ဒီတစ်ပတ် အတွင်းမှာ ဘယ်ယောကျ်ားနှင့် ဘယ်မိန်းမ တွဲနေတယ်၊ ဆံပင် အလှပြင်တဲ့ လူက သတင်းထူးတွေ ဘယ်လို ပြောလိုက်တယ်၊ ဘယ်မိန်းမတော့ဖြင့် ကလေး ဖျက်ချတယ် ဆိုတဲ့ စကားမျိုးချည်းပဲ၊ ဘယ်လောက် သေးသိမ်တဲ့ စကားတွေလဲ၊ တစ်လုံးမှ ယဉ်ကျေးသိမ်မွေ့တဲ့ စကား အဆင့်အတန်းမြင့်တဲ့ စကားတွေ မပါဘူး၊ ဘယ်လောက် ညံ့ဖျင်းလဲ၊ ပလာဇာ ဟိုတယ် တီးဝိုင်း ခေါင်းဆောင်ဟာ သူ့ အချစ်ဆုံးတဲ့ စကားရိပ် ပေးလိုက်သေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



ခရစ္စတီ၏ အသံတွင် ရှုံ့ရှာ စက်ဆုပ်သံ ပေါက်နေပေသည်။

အင်ဒရူးကတော့ မိန်းမချင်း ဖြစ်တတ်သည့် သာမန် ဖြစ်ရိုးဖြစ်စဉ် မနာလိုမှုကြောင့်သာ ခရစ္စတီ ဤစကားမျိုးတွေကို ပြောသည်ဟု ယူဆသဖြင့် ခပ်ပေါ့ပေါ့ပင် သဘောထားလေသည်။

'ကို မင့်အတွက် ငွေ အများကြီး ရအောင် ရှာမယ် ခရစ္စတီ၊ မင်း ဘာမှ မပူနဲ့၊ မင့်အတွက် အဖိုးတန် အဝတ်အစားတွေ အများကြီး ဝယ်ပေးမယ်၊ စိတ်သာချ'

'ကျွန်မ ငွေ မလိုချင်ဘူး၊ အဖိုးတန် အဝတ်အစားတွေကိုလည်း ကျွန်မ မုန်းတယ်'

'အချစ်ကလည်းကွယ်'

အင်ဒရူးက ပြောပြောဆိုဆို ခရစ္စတီအား လှမ်းဖက်သည်။

'ရှင် ကျွန်မကို မထိနဲ့၊ ကျွန်မ ရှင့်ကို သိပ်ချစ်တယ် အင်ဒရူး၊ ဒါပေမဲ့ ရှင် မူးနေတဲ့ အချိန်မျိုးမှာတော့ ကျွန်မ ရှင့်ကို မချစ်ဘူး'

အင်ဒရူးသည် နောက်တွန့်သွားသည်။ ကားထောင့်တွင် ပြန်ကပ်ကာ အသာကလေး ကုပ်နေလိုက်၏။ ရင်ထဲမှာတော့ ကြိတ်မနိုင် ခဲမရ ဖြစ်လျက် ရှိသည်။ ဒေါပွ၍ မဆုံး။ ခရစ္စတီ အနေဖြင့် သူ့အား ပထမဆုံး အကြိမ် စိတ်ထိခိုက် နာကြည်းအောင် လုပ်ခြင်း ဖြစ်ပေသည်။

'ကောင်းပြီ အမျိုးသမီး၊ မင်းက ဒီလို ပုံမျိုး ကြိုက်တယ် ဆိုရင် မင်း ကြိုက်သလိုပဲ ဖြစ်စေရမပေါ့'

အိမ်ရောက်သော် အင်ဒရူးသည် တက္ကဆီကားခကို ရှင်းပေးပြီး ခရစ္စတီ၏ ရှေ့မှနေ၍ အိမ်ထဲသို့ ဝင်သည်။ စကား တစ်လုံးမျှ မပြောတော့ဘဲ အိပ်ရာဆီသို့ သွားနှင့်လေသည်။

ယနေ့ည ကြုံခဲ့ရသည့် သာယာ ပျော်ရွှင်စရာ၊ ကြည်နူး နှစ်သိမ့်စရာများသည် အိပ်မက် တစ်ခုသဖွယ် ပျောက်ကွယ်သွားချေပြီ။

အိမ်တွင်း လျှပ်စစ်မီးကြိုးများ သွယ်ပုံက စနစ်မကျသဖြင့် မီးခလုတ်အားလုံးလိုလို ပျက်လျက်ရှိရာ အိမ်တွင်း၌ မှောင်မည်းလျက် ရှိ၏။

'အသုံးမကျတဲ့ မိန်းမ'

အင်ဒရူးသည် အိပ်ရာပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်ရင်းမှ တွေးသည်။

'ငါ့အကြောင်း သိအောင် ပြရဦးမှာပေါ့ကွာ၊ သိရစေမယ်ပေါ့၊ ငွေ





အတွ အများကြီး ရလာအောင် လုပ်ပြလိုက်ဦးမယ်၊ ငွေ မရှိရင် လောကကြီးမှာ ဘာမျှ လုပ်နိုင်လို့လဲ ခရစ္စတီရယ်'

အင်ဒရူးနှင့် ခရစ္စတီတို့သည် ညားသည့် အချိန်မှစ၍ ယခုအချိန် အထိ ဘယ်တုန်းကမှ တစ်ဦးနှင့် တစ်ဦး ခွဲခွာ၍ မအိပ်ခဲ့ဖူးပေ။ ယခု ညတော့ဖြင့် အကွဲတပြားစီ ဖြစ်သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

[၃]

နောက်နေ့မနက် နံနက်စာ စားချိန်တွင် ခရစ္စတီ၏ အမူအရာသည် မနေ့ညက ဘာမှ မဖြစ်ခဲ့သလိုပင်။ သူ့အပေါ်တွင် အထူး သတိထား၍ ချိုသာ ပျော့ပျောင်းစွာ ဆက်ဆံနေသည်ကို အင်ဒရူး သတိထားမိသည်။ ခရစ္စတီဘက်မှ ယခုလို ချော့ချင် မော့ချင်သည့် စိတ်ထား ပြလာသည့် အတွက် စိတ်ထဲမှ များစွာ ကျေနပ် အားရလျက် ရှိသော်လည်း သူ့ဘက်က လျှော့ပေးချင်သည့်စိတ် ဖြစ်ပေါ်မလာပေ။ ထို့ကြောင့်လည်း ယခင်ကထက် တိုး၍ သုန်သုန်မှုန်မှုန် လုပ်ထားလေ၏။

ယခုလို နံနက်စောစော မနက်စာ စားချိန်တွင် သတင်းစာထဲ၌ စိတ်ဝင်စားဟန် ပြုနေတတ်သော မိန်းမသည် မကြာခဏ အခါအခွင့် သင့်တိုင်း အမောက် ထောင်ပြတတ်သော အကျင့်ဆိုး ရှိတတ်သည်ဟု အင်ဒရူးက တွေးလေသည်။

အင်ဒရူးသည် စကား အဖက်လုပ်၍ မပြောချင်ဟန်ဖြင့် သိပ်ပြီး ဟက်ဟက်ပက်ပက် မလုပ်သောအခါ ခရစ္စတီကလည်း အချိုးပြောင်းသွားသည်။ ခါတေကလိုပင် ချိုချိုသာသာ မဟုတ်တော့။ ခပ်တည်တည် ခပ်မှန်မှန် ပြန်၍ ဖြစ်သွားသည်။ နှုတ်ခမ်းကို တင်းတင်းစေ့ကာ ငြိမ်ဆိတ်စွာ ထိုင်နေသည်။ အင်ဒရူး၏ မျက်နှာကိုပင် မကြည့်တော့ပေ။ သို့သော်လည်း အင်ဒရူး စားသောက်ပြီးသည့် အထိတော့ ထိုင်စောင့်နေလေသည်။

'အလွန် ခေါင်းမာတဲ့ မကောင်းဆိုးဝါး တစ်ယောက်ပါကလား' ဟု အင်ဒရူးက တွေးသည်။ သူသည် စားပွဲတွင် ထိုင်ရာမှ ထကာ အခန်းတွင်းမှ ခပ်တည်တည်ပင် ထွက်သွားသည်။ 'ငါ့အကြောင်းကို မင်း သိရသေးမပေါ့ကွာ'



www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း တွေးသွားလေ၏။

ဆေးခန်းထဲ အရောက်တွင် ဆေးဘက်ဆိုင်ရာ လမ်းညွှန် စာအုပ်ကြီးကို ဆွဲယူလိုက်သည်။ သူသည် မနေ့ညက ဆုံခဲ့ရသည့် သူ့မိတ်ဆွေ ဆရာဝန်များ အကြောင်း တိတိကျကျ သိလိုစိတ် အလွန် ပြင်းပြလျက် ရှိသဖြင့် စာရွက်များကို တစ်ရွက်ပြီး တစ်ရွက် လှန်ကာ ပထမဆုံး ဖရက်ဒီ၏ အမည်ကို ရှာသည်။ တွေ့ရှိလသည်။

'ဖရက်ဒရစ် ဟင်မဆန်

ဘုရင်မ အင်နာလမ်း

အင်မ် ဘီ၊ စီ၊ အိပ်ချ်၊ ဘီ

အပြင်လူနာ ဌာန လက်ထောက်

ဝါလသမ်ဝု ဆေးရုံ'

အင်ဒရူးသည် မျက်မှောင် တစ်ချက် ကုတ်လိုက်သည်။ သူ့နဖူးကြောများသည် ရှုံ့လျက် ရှိ၏။ သူ့မျက်နှာထားကတော့ စဉ်းစားရ ခက်သည့်နှယ်၊ စိတ်ရှုပ်သွားသည့် လက္ခဏာကို ဖော်ပြနေပေသည်။

လွန်ခဲ့သော ညက ဆိုလျှင် ဖရက်ဒီသည် ဆေးရုံကြီးများမှ ရာထူးများ အကြောင်း သိပ်ပြောခဲ့သည်။ ဆေးရုံ တစ်ခုခု၌ အလုပ် ရထားလျှင် အနောက်ပိုင်း အစွန် အဖျား ရပ်ကွက်မျိုးမှ လူနာကိုပင် အကူအညီ ပေးဖို့ လွယ်သည်ဟု ဆိုသည်။ ဆေးရုံ တစ်ခုတွင် အလုပ် ရထားသည့် သမားတော် တစ်ဦးကို လူနာများက အားကိုး ယုံကြည်တတ်သဖြင့် လူနာ များများ ရဖို့ စိတ်ချရသည် ဟူသော သဘောကို ဖရက်ဒီက ပြောခဲ့၏။

သို့သော်လည်း ထင်ရှား၍ နာမည်ကြီးသော ဆေးရုံကြီး တစ်ခုခုမှ ဆရာဝန် တစ်ဦး ဆိုလျှင်တော့ ဖရက်ဒီ ပြောတာ မှန်နိုင်သည်။ ဝါလသမ်ဝုလို ချို့တဲ့သည့် ဆေးရုံမျိုးနှင့် မြို့ပြင်ဘက် အစွန် အဖျား၌ တည်ရှိသည့် ဆေးရုံမျိုးမှ ဆရာဝန်မျိုးကျတော့ ဖရက်ဒီ ပြောသလို မဖြစ်နိုင်ပေ။

ဖရက်ဒီ၏ အလုပ်အကိုင်နှင့် ပတ်သက်၍ သူ အကြည့်များ မှားနေလေသလား။ ဒါလည်း မဖြစ်နိုင်။ သူ့လက်ထဲမှ လမ်းညွှန် စာအုပ်သည် မကြာသေးခင်ကမှ ထုတ်ဝေသည့် စာအုပ် ဖြစ်သည်။ လွန်ခဲ့သော တစ်လခန့်ကမှ သူ ဝယ်လာခဲ့သည့် စာအုပ်။

အင်ဒရူးသည် စာရွက်များကို နေးကွေး လေးလံစွာ လှန်လှောပြီး အိုင်ဗိုရီနှင့် ဒီမန်းတို့၏ အမည်များကို ရှာပြန်သည်။ တွေ့လေသည်။ အသေအချာ





ဖတ်ကြည့်လိုက်ပြီး သူ့မျက်နှာထားသည် မဝေခွဲနိုင်သည့် အမူအရာ ဖြစ်လာပြန်လေ၏။

ပေါလ် ဒီမန်းသည် ဖရက်ဒီ ဟင်မဆန်နှင့် ဘာမှ မထူးပေ။ အတူတူပင် ဖြစ်သည်။ သူ့ဘွဲ့က အင်မ်၊ ဘီ ဘွဲ့ တစ်ခုတည်း။ ဖရက်ဒီလောက်မှ ထူးထူးခြားခြား မရှိ။ ပြီးတော့ သူ့ရာထူးက လူနာကြည့် ရာထူးမျိုး မဟုတ်သေး။

အိုင်ဗိုရီ ကျတော့ကော။

မစ္စတာ ချားအိုင်ဗိုရီ။ နယူး ကေဗင်းဒစ်လမ်း။ သူ့တွင် ခွဲစိတ် ကုသမှု အတတ်ပညာနှင့် စပ်လျဉ်း၍ ဘာဘွဲ့မှ မရှိ။ အနိမ့်ဆုံး ဖြစ်သော အင်မ်၊ အာ၊ စီ၊ အက်ဖ် ဘွဲ့သာ ရှိသည်။ ဆေးရုံ ရာထူး မရှိ။ သူ့ ကိုယ်ရေး မှတ်တမ်း အရ ဆိုလျှင် သူသည် စစ်ကြီး အတွင်းက ကုသမှု အတွေ့အကြုံများနှင့် ပင်စင်စား ဆေးရုံများမှ ကုသမှု အတွေ့အကြုံများတော့ ရှိသည်။ ထိုထက်ပိုပြီး ဘာမှ မရှိ။

အင်ဒရူး အဖို့ နက်နက်နဲနဲ စဉ်းစားစရာတွေ တစ်ပုံကြီး ရှိလာသည်။ သူသည် စာအုပ်ကို စင်ပေါ် ပြန်တင်လိုက်ပြီး ဆုံးဖြတ်ချက် တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်သည်။

တကယ်တော့ မနေ့ညက သူနှင့် အတူ ညစာ စားခဲ့ကြသည့် လူချမ်းသာ ဆရာဝန်များ၏ အရည်အချင်းနှင့် သူ့ အရည်အချင်းသည် နှိုင်းယှဉ်၍ မရနိုင်လောက်အောင် ကွာခြားလှပေ၏။ သူတို့သည် သူ့လောက်မှ အရည်အချင်း ရှိသူများ မဟုတ်ပေ။ သို့ဖြစ်ရာ သူတို့ အောင်မြင်လျှင် မိမိလည်း အောင်မြင်ရမည် ဖြစ်၏။ တကယ် ကြိုးစားလျှင် သူတို့ထက်ပင် အောင်မြင်ရပေလိမ့်မည်။

လောလောဆယ်တွင် ခရစ္စတီ၏ အပြုအမူသည် သူ့အား အောင်မြင်ကျော်ကြားသည့် ဆရာဝန် တစ်ဦး ဖြစ်လာအောင် ကြိုးစား တိုက်တွန်းသလို ဖြစ်နေပေသည်။ သို့ဆိုလျှင် သူ မဖြစ်မနေ ကြိုးစားရပေတော့မည်။

သို့သော်လည်း သူသည် ရှေးဦးစွာ လန်ဒန်မြို့ပေါ်ရှိ ဆေးရုံကြီး တစ်ခုခု၌ အလုပ် ရဖို့ လိုသည်။ ဝါလသမ်ဝုလို ဆေးရုံမျိုးတွင် အလုပ် ရလို့တော့ မဖြစ်ပေ။ ဆေးရုံ ဆိုလျှင် တကယ် ဆေးရုံနှင့် တူသော ဆေးရုံမျိုးတွင် ရပါမှသာ ဖြစ်ပေလိမ့်မည်။ ထိုအချက်သည် အရေးအကြီးဆုံးသော အချက် ဖြစ်ရာ သူ့အတွက် မဖြစ်မနေ ကြိုးစားရမည့် ရည်မှန်းချက် တစ်ခု အဖြစ် သတ်မှတ်ထားရပေမည်။ သို့ဆိုလျှင် ထို ရည်မှန်းချက် ပြည့်ဝအောင် မည်သို့လုပ်ရပ



www.burmeseclassic.com

www.burmeseclassic.com

မည်နည်း။

သူသည် ဤရှုပ်မှန်းချက် အတွက် သုံးရက်လုံးလုံး စဉ်းစား၍ နည်းလမ်း ရှာခဲ့သည်။ ထိုနောက် ရှက်ကြောက်သော စိတ်၊ မဝံ့မရဲသော စိတ်ဖြင့်ဆာ ရောဘတ် အက်ဘီးထံသို့ သွားလေ၏။ အမှန်တော့ မတတ်သာလွန်း၍သာ သွားရခြင်းဖြစ်၏။ သူ မလုပ်ချင်ဆုံးသော အလုပ် တစ်ခုကို မျက်စိမှိတ်၍ လုပ်ရခြင်း ဖြစ်လေ၏။

ကမ္ဘာပေါ်တွင် သူ့အတွက် အခက်ခဲဆုံးနှင့် သူ မလုပ်ချင်ဆုံးသော အလုပ်မှာ မိမိတွင် ကိုယ်ပိုင် အရည်အချင်း အပြည့်အဝ ရှိနေပါလျက်နှင့် သူတစ်ပါးထံ မျက်နှာအောက်ချ၍ အကူအညီ တောင်းခံရသည့် အလုပ် ဖြစ်၏။ သို့သော်လည်း လူ့အဖွဲ့အစည်းသည် အရည်အချင်းကို ကြည့်သည် မဟုတ်ပေ။ ခင်မင်ရင်းနှီးမှုနှင့် မျက်နှာနာမှုကိုသာ အရေးထားသည် ဖြစ်ရာ သူ မလုပ်လိုသော အလုပ်ကိုပင် မလုပ်ချင်ဘဲနှင့် လုပ်ရတော့မည် ဖြစ်၏။

အက်ဘီးက သူ့အား အလွန် ကြင်နာသော အမူအရာဖြင့် ဆီးကြိုလိုက်သည့် အခါတွင်မူကား သူ ပြောလိုသည့် ကိစ္စကို နှုတ်မှ ထွက်ရန် များစွာ ဝန်လေးသွားလေတော့၏။

'ဘယ်လိုလဲ မေဆန်၊ ငါတို့ရဲ့ ပတ်တီး ရေတွက်ရတဲ့ အလုပ်ကြီးကော ဘယ်အခြေအနေ ရောက်သွားပြီလဲ၊ မင်း ငါနှင့် တွေ့ရမှာများ ရှက်နေသလားကွာ၊ ငါ ကြားတာတော့ဖြင့် ဒေါက်တာ ဂက်စဘီ တစ်ယောက် သွေးတိုးနေသတဲ့၊ မင်းကော မကြားမိဘူးလား၊ ကဲ ဆိုစမ်း၊ ဘာလိုချင်သလဲ၊ ငါဘာလုပ်ပေးရမလဲ၊ ငါနှင့်များ ငြင်းချင် ခုံချင်သေးသလား၊ ဒါမှမဟုတ် ဘုတ်အဖွဲ့မှာ အဖွဲ့ဝင် တစ်နေရာ လိုချင်လို့လား'

'မဟုတ်ပါဘူး၊ ကျွန်တော် အကူအညီ တစ်ခု တောင်းချင်လို့ လာတာပါ၊ ကူညီနိုင်ရင် ကူညီဖို့တော့ မေတ္တာ ရပ်ခံချင်ပါတယ်၊ ကျွန်တော်... ကျွန်တော် ဆေးရုံ တစ်ခုမှာ အပြင်လူနာ ဌာနမှာ ဆရာဝန် အလုပ် လုပ်ချင်လို့ပါ'

'ဟာ အဲဒါက ဘုတ်အဖွဲ့ဝင် နေရာရဖို့ထက် ခက်သေးတယ်ကွ၊ အဲဒီအလုပ်မျိုး ရဖို့ အတွက် ကမ်းနား တစ်လျှောက်မှာ မနားမနေ လျှောက်နေတဲ့ ဆရာဝန် ပေါက်စတွေ အများကြီး ရှိနေတယ် ဆိုတာ မင်း မသိဘူး ထင်တယ်၊ ဒီလို ဂုဏ်ထူးဆောင် ရာထူးကလေး ရဖို့ စောင့်နေတဲ့ လူတွေက တစ်ပုံတစ်ပင်ကြီးကွ၊ အခု တစ်ခုတော့ ရှိပါရဲ့၊ မင်းက အဆုတ်နှင့် ပတ်သက်တဲ့ဘက်





မှာ ဆက်ပြီး ရှိနေသင့်တဲ့ လူပဲ၊ ဒါပေမဲ့ မင်းရဲ့ နယ်ကလည်း ကျဉ်းလှပါဘယ်ကွာ'

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့'

'ဗိတိုရီးယား အဆုတ်ရောဂါကု ဆေးရုံကြီးမှာ ရရင် ဘယ့်နှယ်လဲ၊ မင်း သဘောကျပါ့မလား၊ ငါတို့ လန်ဒန် ဆေးရုံတွေထဲမှာတော့ဖြင့် အသက်အကြီးဆုံး ဆေးရုံကြီး တစ်ခုပဲ၊ နေဦးလေ၊ ငါ စုံစမ်းပေးမယ်၊ တစ်ခုတော့ ရှိတယ်ကွ၊ အတိအကျတော့ ငါ ကတိ မပေးနိုင်ဘူး၊ ဒါပေမဲ့ ငါ့ မျက်စိတစ်ဖက်ကို သိပ္ပံနည်းကျကျ ဖွင့်ထားပြီး ရှာပေးပါ့မယ်'

အက်ဘီးက သူ့အား ဖွတ်တားထားပြီး လက်ဖက်ရည်တိုက်သည်။ အက်ဘီး၏ လှုနာကြည့် အခန်းထဲတွင် တရုတ် လက်ဖက်ရည်နှင့် ဧည့်ခံခြင်း ဖြစ်၏။ သကြား မပါ၊ နွားနို့ မပါ၊ စားစရာ မုန့် မပါ၊ လက်ဖက်ရည်ကတော့ ငါးမွှော်ရည် အရသာမျိုး ရှိသည်။ လက်ဖက်ရည် သောက်ရင်း အက်ဘီးသည် စကားကို အမျှင်မပြတ် ပြောသည်။ ပြောသည့် အကြောင်းအရာများကလည်း စုံသည်။ ကန်စီ၏ စားတော်ပွဲ အကြောင်းမှ စ၍ ဗွန်ပါကွက်၏ အရေပြားကို ကုပြန်မှု အကြောင်းထိ ရောက်သည်။ ထိုနောက် အင်ဒရူးအား တံခါးဝ အထိ လိုက်ပို့သည်။

'မင်းတော့ ဆေးပညာကျမ်းကြီးတွေနှင့် ရန်ဖြစ်တုန်းပဲလား အင်ဒရူး၊ အဲဒါ တစ်ခုတော့ဖြင့် လက်မလွှတ်လိုက်နှင့် ငါ့လူရေ့၊ မင်း ဗိတိုးရီးယား ဆေးရုံကြီးမှာ အလုပ် ရတဲ့ အထိ စာဖတ်တာတော့ မလွှတ်လိုက်နှင့်ဟေ့၊ ကလင်းကို ချစ်သောအားဖြင့် စာဖတ်တာတော့ မဖွန့်လေနှင့်၊ နောက်တစ်ခုက လူ့ဘာကို သိပ်ပြီး ဖော်လံမဖားနှင့်နော်၊ အဲဒါ'

အက်ဘီးသည် စကားကို မဆက်သေးဘဲ သူ့မျက်လုံး အစုံကို ပုတ်ခတ် ပုတ်ခတ် လုပ်နေပြီးမှ 'အဲဒီ အကျင့်ကပဲ ငါ့ကို ဖျက်ဆီးလိုက်လို့ ငါ ပျက်စီးသွားတာပေါ့ကွာ' ဟု အဆုံးသတ်လိုက်လေ၏။

အင်ဒရူးသည် မိုးမမြင် လေမမြင် ဖြစ်လောက်အောင် ဝမ်းသာလုံး ဆို့ကာ အိမ်သို့ ပြန်ခဲ့လေသည်။ သူ့ခြေထောက်များသည် မြေကြီးနှင့် ထိသည်ဟူ၍ပင် မထင်ပေ။ ဝမ်းသာလွန်း၍ ခရစ္စတီကို နှောင်ကြဉ်သွားအောင် လုပ်လိုက်မည် ဟူသော သူ၏ ဆုံးဖြတ်ချက်ကို မေ့သွားလေ၏။

'ကို အက်ဘီးဆီ ရောက်ခဲ့တယ်၊ ဗိတိုးရီးယား အဆုတ်ရောဂါကု ဆေးရုံမှာ အလုပ် ရအောင် သူ ကြိုးစားပေးမယ်လို့ ပြောတယ်၊ ဆေးရုံ အတိုင်



www.burmeseclassic.com

www.burmeseclassic.com

ပင်ခံ ဆရာဝန် အလုပ်မျိုး ဖြစ်ချင် ဖြစ်မယ်'

ဝမ်းသာခြင်းကို ဖော်ပြနေသော ခရစ္စတီ၏ ရွှန်းလဲ့ တောက်ပသော မျက်လုံးများ၏ အရှိန်ကြောင့် အင်ဒရူးမှာ မလုံမလဲ ဖြစ်သွားသည်။ မနေ့ညက ဖြစ်ခဲ့သော မပြေလည်မှုသည် ယနေ့ မနက်အထိ ဆက်မပြေမလည် ဖြစ်လာခဲ့ရသည့် အတွက် သူသည် စိတ်မကောင်း ဖြစ်မိလေသည်။

'ကို ဝမ်းနည်းပါတယ် ခရစ္စတီ၊ တစ်ခါတစ်ရံ ကိုဟာ အတော်ကို ဆေါင်းရ သင်းရ ခက်တဲ့လူလို့ မထင်ဘူးလားဟင်၊ ကိုတို့ အဆင်မပြေ ဖြစ်ခဲ့တာတွေ မှန်သမျှ ဒီအချိန်က စပြီး မေ့ပစ်တာ အကောင်းဆုံးပါကွယ်'

ခရစ္စတီသည် ယခုမှပင် တကယ် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းသွားသည်။ အင်ဒရူးအား သိမ်းကျုံးဖက်လိုက်ကာ မနေ့ညက အဆင်မပြေမှု ဖြစ်ခဲ့ရခြင်းသည် သူမ မလိမ္မာ၍သာ ဖြစ်ပါသည်ဟု ဝန်ခံစကား ပြောသည်။ အင်ဒရူးကလည်း ခရစ္စတီနှင့် မပြေမလည် ဖြစ်ရခြင်းသည် သူ့အပြစ်သာ ဖြစ်ပါသည်ဟု ဆိုသည်။ သူ မအောင်မမြင် ဖြစ်နေ၍သာလျှင် ခရစ္စတီက သူ့အား ကောင်းကောင်း မဆက်ဆံခြင်း ဖြစ်သည် ဟူသော တစ်ဖက်သတ် အထင်အမြင် လွဲမှားမှုမှာလည်း သူ့စိတ်ထဲတွင် ပျောက်သလောက် ဖြစ်သွားလေ၏။

ထိုနေ့မှစ၍ အင်ဒရူးသည် အားသစ် မာန်သစ်ဝင်ကာ အလုပ် ကြိုးစား၍ လုပ်သည်။ မကြာခင် ကံဇာတာ တက်လာလိမ့်မည် ဟူသော ယုံကြည်ချက်ကလည်း ရှိလာသည် ဖြစ်ရာ အလုပ်ကို ယခင်ကထက် ပို၍ ဂရုစိုက်ပြီး လုပ်သည်။ ဤအတောအတွင်းတွင် သူ၏ ဆေးခန်း လုပ်ငန်းသည် သိသိသာသာ တိုးတက်လာလေ၏။ လူနာ အလာမှာလည်း တစ်နေ့တခြား များသည်ထက် များလာလေ၏။

အမှန်တော့ သူ၏ ဆေးခန်း လုပ်ငန်း တစ်ဟုန်ထိုး တိုးတက်မလာခြင်းမှာ သူ တွေးထင်နေသလို သူ့ဆေးခန်း၏ ဆေးကုသပုံ ကုသနည်း အဆင့်အတန်း နိမ့်ကျ၍ မဟုတ်ပေ။ လူနာ စမ်းသပ်ခ သုံးသျှီလင် ခြောက်ပဲနီနှင့် အိမ်ပင့် ခြေကြွခ ငါးသျှီလင် ဟူသော နှုန်းများမှာလည်း ဆေးခန်း၏ ဆေးကုသပုံ ကုသနည်း အဆင့်အတန်း နိမ့်ခြင်း မြင့်ခြင်းနှင့် လုံးဝ မဆိုင်ပေ။ သူ၏ ဆေးကုသပုံ ကုသနည်းများသည် အလွန် ကောင်းပါ၏။ သို့သော်...

သူ့ ဆေးခန်း တည်နေရာ နယ်မြေ အတွင်းမှ လူနာများသည် အလွန် ဆင်းရဲကြရှာ၏။ အနည်းငယ် နေထိုင်မကောင်း ဖြစ်ရုံမျှဖြင့် ဆရာဝန်ဆီ လာဖို့ ဆိုသည်မှာ အိပ်မက်ပင် မမက်နိုင်ရှာကြသည့် လူတန်းစားများ ဖြစ်သသည်။ သို့ဖြစ်ရာ အလွန်အမင်း ဖျားပြီ နာပြီ ဆိုမှသာ ဆရာဝန်ထံ လာဖို့ စိတ်ကူးနိုင်သူများ ဖြစ်ကြ၏။ ဤအားနည်းချက်ကို လုပ်ရင်း ကိုင်ရင်းနှင့် သူ မြင်တွေ့လာရလေ၏။





အင်ဒရူးသည် ဆုံဆို့နာရောဂါကို ယခင်က မြင်းဇောင်းများ အဖြစ် အသုံးပြုခဲ့ပြီး ယခုမှ လူနေခန်းများ အဖြစ်သို့ ပြောင်းလာသော လေဝင် လေထွက် လုံးဝ မရှိသည့် အခန်းများထဲ၌ တွေ့ရသည်။ အဆစ်အမြစ်များ ရောင်ကိုက်ပြီး နှလုံးကို ထိခိုက်နိုင်သည့် လေးဖက်နာ ရောဂါကို အလွန် စွတ်စိုထိုင်းမှိုင်းသော အစေခံများ နေထိုင်ရာ မြေအောက်ခန်းများထဲ၌ တွေ့ရသည်။ အဆုတ်ရောင် ရောဂါကို တည်းခိုခန်းများ အပေါ်ရှိ အထပ်ခိုးများထဲ၌ အများဆုံး တွေ့ရ၏။ တကယ်တော့ သူ ရောဂါမျိုးစုံနှင့် တိုက်ပွဲဝင်ရသည့် နေရာများမှာ စိတ်ပျက်စရာ အကောင်းဆုံးသော အခြေအနေမျိုး ရှိသည့် အခန်းများထဲ၌သာ ဖြစ်လေသည်။ လူအများ၏ စွန့်ပစ်ထားခြင်းကို ခံနေရပြီး ဆွေမျိုးညာတိ မိတ်ဆွေများ၏ မေ့လျော့ခြင်းကို ခံထားရရှာသော သက်ကြီးရွယ်အို အဘိုးကြီး အဘွားကြီးများ၊ အထီးကျန် ဘဝဖြင့် ဆင်းဆင်းရဲရဲ ဖြစ်ကတတ်ဆန်း နေထိုင် ချက်ပြုတ် စားသောက်ရာ အခန်းများ အတွင်း၌သာ အများဆုံး တိုက်ပွဲဝင် နေရလေသည်။

ဆင်းဆင်းရဲရဲနှင့် ဒုက္ခ သုက္ခ ရောက်နေကြရရှာသော လူနာ အရေအတွက်မှာ သူ့ ဆေးခန်း တည်ရာ နယ်မြေ အတွင်း၌ များပြားလွန်းလှချေသည်။

အင်ဒရူးသည် အလွန် ထင်ရှား ကျော်ကြားနေသော နာမည်ကြီး ရုပ်ရှင် မင်းသမီး တစ်ဦး၏ ဖခင် အဘိုးအို တစ်ဦးထံ ရောက်ခဲ့ဖူးသည်။ မင်းသမီး၏ အမည် ရေးထားသည့် ဆိုင်းဘုတ်ကတော့ လူချမ်းသာ သူဌေးသူကြွယ်များ နေထိုင်ရာ ရှက်စတူရီ လမ်းကြားရှိ ထည်ဝါ ခံ့ညားလှသော အိမ်ကြီး တစ်လုံးရှေ့ မီးရောင်အောက်၌ လင်းလက် တောက်ပနေသော်လည်း သူမ၏ ဖခင် အသက် ခုနစ်ဆယ် အရွယ် အဘိုးအို ခမျာမှာတော့ အလွန် ညစ်ညမ်း၍ လေကောင်း လေသန့် မရသည့် မှောင်ကုပ်ကုပ် အခန်းကျဉ်းကလေး တစ်ခု အတွင်း၌ လေဖြတ်ထားသဖြင့် တုံးလုံးလဲကာ ဆင်းရဲ ချို့တဲ့စွာဖြင့် စားရမဲ့ သောက်ရမဲ့ ဖြစ်ကာ နေရှာလေသည်။

စားရမဲ့ သောက်ရမဲ့နှင့် အငတ်ငတ် အပြတ်ပြတ် ဖြစ်နေရှာသော အဘွားအို တစ်ဦးထံသို့လည်း သူ ရောက်ခဲ့ဖူး၏။ အဘွားအိုခမျာ အသက်က


www.burmeseclassic.com

 www.burmeseclassic.com

လည်း ကြီးလှပြီ။ အသားအရေ ခြောက်ခန်းခန်းနှင့် အရိုးပေါ် အရေတင် ဖြစ်နေရှာ၏။ သူမ၏ အခြေအနေမှာ သနားစရာလည်း ကောင်း၏။ သူငယ်ပြန်သလို ဖြစ်နေသဖြင့် သူမ၏ အပြုအမူများမှာ ရယ်စရာ ကောင်းလှသော်လည်း ပြောဆို ဆက်ဆံပုံမှာ နူးညံ့ သိမ်မွေ့လှ၏။ သူမ ငယ်ရွယ် နုပျိုစဉ် အခါက ရိုက်ထားသည့် ဓာတ်ပုံကို ထုတ်ပြကာ သူမ ငယ်ငယ်က သူမ၏ ကိုယ်ပိုင်မြင်းလှည်းကို ကိုယ်တိုင် မောင်းနှင်ကာ ဤနယ်မြေ အတွင်းရှိ လမ်းများပေါ်၌ သွားလာခဲ့သည်များကို ပြန်ပြောင်း ပြောပြရှာလေသည်။

အင်ဒရူး အနေဖြင့် ထိုအခန်းများသို့ သွား၍ လူနာကြည့်ရပြီ ဆိုလျှင် ည အချိန်မတော် သန်းခေါင်ကျော်မှ ပြန်ရသည်က များသည်။ ပြန်လာသည့် အခါတွင်လည်း စိတ်နှလုံး ရွှင်လန်း ချမ်းမြေ့စွာနှင့် ပြန်လာရသည် မဟုတ်ပေ။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ကာ ပြန်လာရခြင်း ဖြစ်လေသည်။

အင်ဒရူးထံသို့ လာကြသည့် လူနာများမှာလည်း အရေးတကြီး လူနာမျိုးချည်း ဖြစ်သည်။ အမယ်လေး... ဘလေး တကာ သေကောင်ပေါင်းလဲ ခံစားနေရသဖြင့် အမြန်ဆုံး ဆေးရုံတင်၍ အလျှင်အမြန် ခွဲစိတ် ကုသပေးမှ ဖြစ်မည့် လူနာမျိုးတွေက များသည်။ ဤလူနာမျိုးနှင့် တွေ့ရသည့်အခါ အင်ဒရူး အဖို့ အလွန် ကြီးမားသော အခက်အခဲနှင့် ရင်ဆိုင်ရလေတော့သည်။

လူနာ တစ်ယောက်ကို ဆေးရုံတင်ခွင့် ရဖို့ထက် ခက်ခဲသော အရာသည် လန်ဒန်မြို့ပေါ်၌ ရှိမည် မထင်ပေ။ အခြေအနေ အဆိုးဆုံး ဖြစ်နေသည့် လူနာကိုပင် ဆေးရုံတင်ဖို့ မလွယ်ချေ။ အခြေအနေ ဆိုးသည့် လူနာမျိုး ဆိုသည်မှာလည်း ညကြီး မင်းကြီး အချိန်မတော်မှ ရောက်လာသည်က များ၏။ ထို လူနာမျိုး ရောက်လာပြီ ဆိုလျှင် အင်ဒရူးမှာ အလွန် ဗျာများရလေတော့၏။

လက်လှမ်းမီရာ နီးရာ အဝတ်အစားများကို ဆွဲဝတ်၊ နက္ကတိုင်ကို ဖြစ်ကတတ်ဆန်း လည်ပင်းတွင် တပ်၊ ဦးထုပ်ကို ခေါင်းတွင် ဖြစ်သလို စွပ်၍ တယ်လီဖုန်းကို ကိုင်ကာ ဆေးရုံ တစ်ခုပြီး တစ်ခု လျှောက်ဆက်ရလေတော့၏။ သက်ဆိုင်ရာ ဆေးရုံများမှ ဝန်ထမ်းများအား ချော့လိုက်၊ မော့လိုက်၊ ဟောက်လိုက်၊ ဟိန်းလိုက်၊ ကြိမ်းလိုက်၊ မောင်းလိုက်၊ အော်လိုက်၊ ဟစ်လိုက်၊ အသနားခံသင့်လျှင် အသနားခံလိုက် လုပ်ရ၏။ သို့သော်လည်း သူ့ လူနာများမှာ ဆေးရုံတင်ခွင့် မရသည်က များလေသည်။

'ဒေါက်တာ ဘ..ယ်သူ ဘာဗျ၊ ဘယ်သူ၊ ဟာ မရဘူး၊ မရဘူး၊ ဆောရီး





ဆောရီးပဲ၊ ကျုပ်တို့ ဆေးရုံမှာ လူနာ အပြည့် ဖြစ်နေတယ်၊ ဘယ်လိုလုပ်ပြီးမှ လက်မခံနိုင်ဘူး'

ဤစကားများသည် ဆေးရုံတိုင်းလိုလိုက ပြောတတ်သည့် လက်သုံးစကားများပေတည်း။

ထိုအခါမျိုးတွင် အင်ဒရူးသည် စိတ်ပျက်ခြင်း၊ ဒေါသဖြစ်ခြင်း၊ ဝမ်းနည်း အားငယ်ခြင်းတို့ဖြင့် ခရစ္စတီ အနီးသို့ ရောက်လာတတ်လေသည်။ နှုတ်မှလည်း စနစ်ကိုရော ဘာသာ အယူဝါဒကိုပါ သိမ်းကျုံး အပြစ်ဆိုသည့် စကားများ ပြောလာတတ်လေသည်။

'အလကား လိမ်တာပါ၊ သူတို့ ဆေးရုံမှာ လူနာ မပြည့်သေးပါဘူး၊ ... ဆေးရုံမှာ ဆိုရင် သူတို့ ဆေးရုံက ဆရာဝန်တွေ အတွက် သီးသန့်...ယ်ထားတဲ့ နေရာတွေ အများကြီး ရှိတာပဲ၊ လူချင်း မသိရင် မခင်ရင် ဘယ်...ဘာမှ မရဘူး၊ ဒီလိုသာ ဆိုရင် မရှုနိုင် မကယ်နိုင် ဖြစ်နေတဲ့ လူနာ အတွက် ...က်ပေဘူးလား၊ အချို့ ဆေးရုံတွေမှာ လူနာ အပြည့် ဖြစ်နေတာကိုလည်း ...သိတာ မဟုတ်ပါဘူး၊ သိပါတယ်၊ ဒီနေရာဟာ လန်ဒန်မြို့တော်ကြီး မဟုတ်...၊ သောက်သုံးမကျတဲ့ ဗြိတိသျှ အင်ပါယာကြီးရဲ့ အသည်းနှလုံး ဖြစ်တဲ့ ...တော်ကြီး ဆိုတော့ လူဦးရေ အဆမတန် များလွန်းလို့ အခက်အခဲ ဖြစ်ရ...ယ် ဆိုတဲ့ သဘောကို ကို နားလည်ပါတယ်၊ လက်လည်း လက်ခံပါတယ်၊ ...ပေမဲ့ ဒီအချက်ဟာ အဓိက မဟုတ်ပါဘူး၊ ကိုတို့ရဲ့ အခမဲ့ ဆေးဝါးကုသ...း စနစ်ဟာ တရားခံပါ၊ လူလူချင်း မေတ္တာထားရေး ဝါဒသမား ဘာသာရေး ...ကြီးတွေကတော့ အခမဲ့ ဆေးဝါးကုသရေး စနစ်သည် အကောင်းဆုံး၊ ...နှုန်းမြတ်ဆုံး စနစ်ကြီးပါလို့ ထ ထပြီး အော်နေကြတာပဲ၊ တကယ့် လက်...တွေ့ကျတော့ အလကား သဲထဲ ရေသွန်သလို ဖြစ်နေတာပါပဲ၊ ဆင်းရဲသား...တွေ အတွက်ကတော့ ဘာမှ အကျိုးမပြုပါဘူး၊ ဆင်းရဲသားတွေ အဖို့တော့ ...ဆေးရုံ ဆိုတာဟာ သူဆင်းရဲ ဂေဟာ တစ်မျိုးပါပဲကွာ၊ ဘာမှ မထူးပါဘူး၊ ...ဆေးရုံက ပေးတဲ့ ပုံစံတွေ တစ်ထပ်ကြီးကို ဖြည့်၊ အလုပ်အကိုင်က ဘာအလုပ်...၊ ဘယ်ဘာသာကို ကိုးကွယ်သလဲ၊ မင်းအဖေနှင့် အမေက တရားဝင် အိမ်...ထောင် ပြုပြီးမှ မွေးခဲ့တာလား၊ ဖအေ မပေါ်ဘဲ မွေးတာလား၊ ဘာလား ညာ...လားနှင့် မဟုတ်တရုတ် မေးခွန်းတွေ အဖြည့်ခိုင်း၊ လူနာမှာတော့ သူတို့ မေး...ခွန်းတွေကိုသာ ဖြေနေရတယ်၊ မျက်ဖြူဆိုက်ပြီး သေလုမျောပါး ဖြစ်နေပြီ၊ အို...ကွာ ဘာမှ အသုံးမကျပါဘူး၊ ကဲကွာ ကိုကို နည်းနည်းလေးကော...



www.burmeseclassic.com

www.burmeseclassic.com



ကူညီစမ်းပါဦး ခရစ္စတီရာ၊ ဒီကို လာစမ်းပါဦး၊ ဟိုဆေးရုံက ကယ်တင်ရေး အရာရှိဆီ ဖုန်းဆက်ပေးစမ်းပါဦး ခရစ္စတီရယ်'

အင်ဒရူးတွင် အလုပ်နှင့် ပတ်သက်၍ ဘယ်လို အခက်အခဲတွေ ရှိရှိ ယင်း အခက်အခဲများ အတွက် အင်ဒရူး တစ်ယောက် ဘယ်လောက် အထိ ဒေါပွနေနေ ခရစ္စတီကတော့ အပြုံးမပျက်ချေ။ ထိုအခက်အခဲများနှင့် ရင်ဆိုင် ဖြေရှင်းနေရသော အင်ဒရူးကို ကြည့်၍ သဘောပင် ကျနေသေးသည်။ အင် ဒရူး စိတ်မပျက်စေရန် အားပေးစကားပင် ဆိုနေတတ်သေးသည်။

'အခုမှ ရှင် တကယ် မှန်မြတ်တဲ့ အလုပ်ကို လုပ်နေတာ၊ ကျွန်မတော့ သိပ် သဘောကျတယ်'

'အေး မင်း သဘောကျတာတော့ ဟုတ်ပါရဲ့၊ ငါ့မှာဖြင့် အသက် ထွက် တော့မယ်ကွ၊ သိလား'

အင်ဒရူးကတော့ သူ့အကျင့် သူ့ဝသီအတိုင်း ခရစ္စတီအား ဒေါသ တကြီးနှင့် ဟောက်ကာ ရေချိုးခန်းဆီသို့ သွား၍ အိပ်ချင်ပြေသွားအောင် မျက်နှာသစ်တတ်လေသည်။

ထိုအခါမျိုးတွင် ခရစ္စတီက နှစ်နှစ်ခြိုက်ခြိုက် ရယ်တတ်သည်။ သူ သည် ဟိုတစ်ချိန် အေဘာရာလောမြို့တွင် နေခဲ့စဉ်တုန်းက ပျော်ရွှင်မှုမျိုး ပြန်၍ ရနေခဲ့သည်မှာ ကြာပေပြီ။

အိမ်ရှင်မ တစ်ယောက် အနေဖြင့် ခရစ္စတီ ရင်ဆိုင်နေရသည့် ဘ တိုက်ပွဲများမှာ ပြင်းထန်လှသော်လည်း အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ် ဖြင့် ကြံ့ကြံ့ခံလျက် ရှိလေသည်။ အထူးသဖြင့် ခရစ္စတီသည် မသပ်မရပ်နှင့် မသန့်မရှင်း ဖြစ်လွန်းလှသော အိမ်ကို သည်အတိုင်း ပစ်မထားဘဲ စိတ်တိုင်း ကျ ဖြစ်လာအောင် မနားမနေ ပြုပြင်သည်။ တိုက်ပွဲ တစ်ခု ဝင်နေသည့်အလား မိမိဘက်က အနိုင်ရရှိအောင် အပင်ပန်းခံ၍ လုပ်သည်။ အမြင်မတော်လောက် အောင် မသပ်မရပ် ဖြစ်နေသည့် နေရာများကို သပ်သပ်ရပ်ရပ် ဖြစ်လာအောင် လုပ်သည်။ ညစ်ပတ် ပေရေ နေသည့် နေရာများကို သန့်ရှင်း စင်ကြယ်လာ အောင် လုပ်သည်။ တစ်ခါတစ်ရံတွင် သူမဘက်မှ အရှုံးပေးရတော့မည့် အခြေ အနေမျိုး ဖြစ်လာတတ်သော်လည်း အမြဲတစေ အချိန်ရှိသမျှ တိုက်လိုက် ချွတ်လိုက်၊ လှည်းလိုက် ကျင်းလိုက်၊ ဆေးလိုက် ကြောလိုက် လုပ်နေသဖြင့် အိမ်ခန်းများသည် တစ်နေ့ထက် တစ်နေ့ ထူးထူးခြားခြားပင် ပြောင်လက် တောက်ပ လာလေတော့၏။





သူမတွင် ဓာတ်မီးဖို အသစ်လည်း ရထားပြီ ဖြစ်၏။ မီးစလောင်း အသစ်များလည်း ရှိနေပြီ ဖြစ်၏။ ကုလားထိုင်ဖုံး အသစ်များလည်း တပ်ထား ပြီး ဖြစ်၏။ လှေကားမှာလည်း အပင်ပန်းခံ၍ တိုက်ပွတ် ဆေးကြောလွန်း သဖြင့် အရောင် တပြောင်ပြောင် တောက်ပလာပြီ ဖြစ်သည်။

အိမ်အလုပ် များလွန်းသဖြင့် ခရစ္စတီ အတွက် အိမ်ဖော်ကောင်း တစ် ယောက် လိုအပ်နေသော်လည်း အလွယ်တကူ ရှာမရသဖြင့် အခက်ကြုံနေ ရလေ၏။ သူတို့ နယ်မြေတွင် အိမ်ဖော် လုပ်လိုသူထက် တည်းခိုခန်းများတွင် အလုပ် လုပ်လိုသူက များ၏။ အိမ်ဖော် လုပ်လျှင် အိမ်ဖော်လစာမှ တစ်ပါး အခြား ဝင်ငွေပို မရနိုင်ပေ။ တည်းခိုခန်းများတွင်မူ လစာအပြင် တည်းခိုသူ များက ပေးသည့် သဒ္ဒါကြေး အပိုဝင်ငွေ ရတတ်ပေရာ ယင်း အပိုဝင်ငွေကို မက်မောသူက များလေသည်။

ကံအားလျော်စွာပင် ခရစ္စတီသည် အသက် လေးဆယ် အရွယ် မုဆိုး မကြီး မစ္စက် ဘင်းနက် ဆိုသူနှင့် ဆုံမိခဲ့သည်။ မစ္စက် ဘင်းနက်ခမျာ ခုနစ် နှစ် အရွယ် သမီးကလေးနှင့် နေစရာ ထိုင်စရာ အတည်တကျ မရှိသဖြင့် တဝဲ လည်လည် ဖြစ်နေရာမှ ခရစ္စတီနှင့် တွေ့ခဲ့ကြခြင်း ဖြစ်သည်။

မစ္စက် ဘင်းနက်သည် သန့်သန့်ပြန့်ပြန့် နေတတ်ရုံမျှမက အလုပ် လည်း အလွန် လုပ်သူ ဖြစ်၏။

မစ္စက် ဘင်းနက်နှင့် ခရစ္စတီတို့သည် ရှေးဦးစွာ မြေအောက်ခန်းကို စိတ်တိုင်းကျ ဖြစ်အောင် ပြုပြင် မွမ်းမံကြရာ မကြာခင်မှာပင် တစ်ချိန်က မြေအောက် မီးရထား ဥမင် တစ်ခု ဖြစ်ခဲ့သော အခန်းသည် သက်သောင့် သက်သာ နေနိုင်သည့် အိပ်ခန်း တစ်ခု ဖြစ်လာခဲ့လေသည်။ ယခင်က ညစ် ပတ် ပေရေနေသော နံရံများမှာလည်း ပန်းပွင့်ဖော် စက္ကူများ အပြည့် ကပ် လိုက်သဖြင့် ကြည့်ချင်စဖွယ် ဖြစ်လာလေသည်။ အငှားဆိုင်မှ ငှားလာသည့် ပရိဘောဂ ပစ္စည်းများကို ဆေးပြန်သုတ်ပြီး ခင်းကျင်း ထားလိုက်သော အခါ အလွန် နေချင့်စဖွယ် ကောင်းသော အခန်း တစ်ခန်း ဖြစ်လာလေသည်။ ဤ သို့ဖြင့် မြေအောက်ခန်းသည် မစ္စက် ဘင်းနက်နှင့် သူမ၏ သမီးငယ် ဖလော်ရင့် တို့ သားအမိ အတွက် ဘဝ လုံခြုံမှုကို ပေးရာ အခန်း တစ်ခန်း ဖြစ်လာခဲ့လေ ၏။

လပေါင်း အတန်ကြာမျှ နေစရာ ထိုင်စရာ မရှိဖြစ်ကာ ဟိုကပ်သည် ကပ်နှင့် ရပ်တည်စရာ မရှိ ဖြစ်ခဲ့ရရှာသော မစ္စက် ဘင်းနက်သည် ခရစ္စတီနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကူညီ စောင့်ရှောက်မှုကြောင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာခဲ့ရသည်ကို အကြောင်းပြု၍ ခရစ္စတီအား ကျေးဇူးတုံ့ပြန်ခဲ့၏။ ဤသို့ဖြင့် မစ္စက် ဘင်းနက်သည် ခရစ္စတီအတွက် တန်ဖိုး မဖြတ်နိုင်သည့် အိမ်ဖော် တစ်ဦး ဖြစ်လာခဲ့လေတော့သည်။

နွေဦးကာလ၏ အလှတစ်ပါး ဖြစ်သော ရာသီပန်းများသည် ဖူးကြပွင့်ကြပေပြီ။

ခရစ္စတီသည် မနက်ပိုင်း ဈေးမှ အပြန်တွင် လမ်းဘေး ဈေးသည်များထံမှ ရာသီပန်းများကို တစ်ပဲနီ နှစ်ပဲနီဖိုးခန့် ဝယ်လာပြီး ပန်းအိုးနှင့် ထည့်ကာ ညေ့ခန်း စားပွဲပေါ်၌ တင်ထားလေ့ ရှိသည်။ ငွားငွားစွင့်စွင့်နှင့် ဝင့်ဝင့်ဝါဝါ ရှိလှသော ပန်းများသည် ခရစ္စတီ၏ အိမ်ထောင်၌ ပျော်ရွှင် ချမ်းမြေ့မှု ရှိနေကြောင်းကို ဖော်ပြလျက် ရှိပေ၏။

ယခုအခါတွင် မက်ဆလီဘားလမ်းမှ လမ်းဘေး ဈေးသည်များသည် ခရစ္စတီအား ကောင်းစွာ သိနေကြပေပြီ။ အသီးအနှံ၊ သား ငါးနှင့် ဟင်းသီးဟင်းရွက်များကို ထိုလမ်းဘေး ဈေးသည်များထံမှ ဝယ်လျှင် ဈေးချိုရုံမျှမက ပိုပိုမိုမိုနှင့် ပေါပေါလောလော ရနိုင်သည်ကို သိနေသော ခရစ္စတီသည် ထိုလမ်းဘေး ဈေးသည်များထံ အမြဲလိုလို ရောက်လာသည်။ ခရစ္စတီသည် ဆရာဝန်ကတော် တစ်ယောက် အဖြစ်ဖြင့် ဟန်တစ်လုံး ပန်တစ်လုံး လုပ်၍ နေနိုင်သော်လည်း ယင်းကဲ့သို့ နေထိုင်ရန် ဝါသနာ ရှိသူ မဟုတ်ပေ။ လမ်းဘေး ဈေးသည်များ အပေါ်တွင် ရင်းနှီး ဖော်ရွေစွာ ဆက်ဆံသဖြင့် ဈေးသည်များကလည်း ခရစ္စတီအား လေးစား ခင်မင်ကြသည်။

ခရစ္စတီသည် မက်ဆလီဘားလမ်းသို့ မကြာခဏ လာ၍ လိုသောပစ္စည်းများ ဝယ်ကာ အပြန်တွင် လမ်းသင့်နေသော ဖရော ချမစ်ဒ်၏ ဆိုင်သို့ ဝင်၍ ခဏတစ်ဖြုတ် အမောပြေ ထိုင်ရင်း စကားစမြည် ပြောတတ်သည်။ ဆိုင်မှ အပြန်ကျတော့လည်း အင်ဒရူး အလွန်ကြိုက်တတ်သည့် လစ်ပတေးရားဒိန်ခဲ အနည်းငယ် ဝယ်သွားတတ်လေ၏။

ခရစ္စတီသည် မကြာ မကြာ နေ့ခင်း နေ့လယ်ဘက်များတွင် ဆာပင်တိုင်ရပ် ဘက်သို့ အပျင်းပြေ လမ်းလျှောက် ထွက်တတ်သည်။ ဆာပင်တိုင်ရပ်ရှိ သစ်ကြားပင်များသည် ရွက်သစ်များဖြင့် စိမ်းလန်း စိုပြည်နေစ ပြုပေပြီ။ ရေကြက်များသည် လှိုင်းဂယက် ထနေသော ရေပြင်ပေါ်ဝယ် ပြေးကာ လွှားကာ ဆော့ကစားနေကြသည်။ ဤရှုခင်းများသည် တောအရပ် တောဒေသ၏





တော်ဝန်းကျင် အလှကို ချစ်ခင် မြတ်နိုးသော ခရစ္စတီ အတွက် အလွမ်းပြေရှုခင်းများပေတည်း။

တစ်ခါတစ်ရံ ညနေပိုင်း ဆေးခန်း အလုပ်နားချိန် နှစ်ဦးချင်း ဆုံမိကြသည့် အခါတွင် အင်ဒရူးသည် ခရစ္စတီအား မကျေနပ်သည့် မျက်နှာထားမျိုးဖြင့် ကြည့်နေတတ်လေသည်။ တစ်နေ့ခင်းလုံး ခရစ္စတီကို သူ မမြင်ရ။ ဘယ်သွား၍ ဘယ်လာနေမှန်းလည်း သူ မသိ။ သူ အလုပ်များနေချိန်တွင် တစ်ယောက်တည်း လျှောက်လည်နေခြင်းကို မနှစ်သက်သည့် သဘောမျိုးဖြင့် 'ငါ သိပ်အလုပ်များနေတဲ့ အချိန်မှာ မင်းက ဘယ်လျှောက်သွားနေတာလဲ၊ တစ်နေ့လုံး မင်းကို မမြင်ဘူး၊ အင်း ငါသာ ကားဝယ်နိုင်ရင်တော့ မင်း ကား တစ်စီးနှင့် ထင်ရာ လျှောက်သွားနေတော့မှာ သေချာနေပါပြီ' စသည်ဖြင့် ထေ့လုံးဆော်လုံးများ သုံး၍ ပြောတတ်လေ၏။

အင်ဒရူးသည် ဆေးဖိုးဝါးခ များများ ပေးနိုင်သော အထက်တန်းစား လူနာများ ရောက်အလာကိုတော့ နေ့စဉ် နေ့တိုင်း မျှော်မိ၏။ သို့သော်လည်း သူ မျှော်လင့်နေသည့် လူနာမျိုးကား ပေါ်မလာချေ။ အက်ဘီးထံမှ ဆေးရုံတစ်ခုတွင် အလုပ် ရပြီ ဟူသော သတင်းကောင်းကိုလည်း သူ ကြားလို၏။ သို့သော်လည်း ဘာသတင်းမှ မကြားရသေးပေ။ အန်နာဘုရင်မလမ်း ညစာစားပွဲ ပြီးသည့် နောက်ပိုင်းတွင် သူ့အတွက် ထူးခြားသည့် အခွင့်အရေး ဆို၍ ဘာတစ်ခုမှ မပေါ်လာသဖြင့် စိတ်ပျက် စိတ်ညစ်ကာ စိတ်ရှုပ်လျက် ရှိရပြန်လေ၏။

ပြေလကုန်ခါနီး တစ်ညခင်းတွင် အင်ဒရူးသည် ဆေးခန်းထဲ၌ ထိုင်နေသည်။ အချိန်ကလည်း ကိုးနာရီ ထိုးလုပြီ ဖြစ်၍ ဆေးခန်း ပိတ်တော့မည် လုပ်ခါမှ အမျိုးသမီးငယ် တစ်ဦး ဝင်လာလေသည်။ အမျိုးသမီးသည် မဆေခွဲနိုင်သည့် အမူအရာဖြင့် သူ့အား ကြည့်လျက် ရှိနေရာမှ 'ကျွန်မ ဒီတံခါးက ဝင်ရမှာလား၊ ဟိုဘက် ရှေ့တံခါးက ဝင်ရမှာလား မသိလို့' ဟု လှမ်းပြောလေသည်။

အင်ဒရူးက ပြုံး၍ 'ဘယ်တံခါးက ဝင်ဝင် အတူတူပါပဲ၊ ဒီဘက်က ဝင်ရင် ဈေးတစ်ဝက် သက်သာတယ်၊ ဟိုဘက်က ဝင်ရင် ဈေးနည်းနည်း ပိုပေးရတယ်၊ အဲဒါ တစ်ခုပဲ ကွာပါတယ်၊ ကဲ လာ၊ ထိုင် ဘာဖြစ်လို့လဲ' ဟု မေးလေ၏။

'ဆေးဖိုးဝါးခကတော့ ပိုပေးရလည်း အကြောင်း မဟုတ်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးသည် ပြောပြောဆိုဆိုနှင့်ပင် ကုလားထိုင်တွင် ဝင်ထိုင်သည်။ အမျိုးသမီးသည် အသက် နှစ်ဆယ့် ရှစ်နှစ်ခန့်တော့ ရှိပေလိမ့်မည်။ ကိုယ်လုံး ကိုယ်ပေါက်က တုတ်တုတ်ဖိုင့်ဖိုင့်။ မျက်နှာက ဝိုင်းဝိုင်း။ အဝတ်အစားက အစိမ်းပုပ်ရောင်။ မျက်နှာထားက တည်ကြည်၍ ဣန္ဒြေရသည်။ သူမ မျက်နှာကို မြင်ရုံမျှဖြင့် ကိစ္စ တစ်ခုခုပေါ်တွင် အလွန် အလေးအနက် ထားတတ်သူ ဖြစ်ကြောင်း သိသာသည်။

'ကျွန်တော်တို့ ဆေးဖိုးဝါးခ အကြောင်း နောက်မှ ပြောကြတာပေါ့ ဟုတ်လား၊ အခု အရေးကြီးတာက ခင်ဗျားမှာ ဘာဖြစ်သလဲ ဆိုပါဦး'

'ဒီလိုပါ ဒေါက်တာ'

သူမသည် ပြောရခက်သည့် ဟန်ဖြင့် တုံ့ဆိုင်းဆိုင်း ဖြစ်လျက်ရှိသည်။

'မစ္စက် စမစ်သ်ကိုတော့ ဒေါက်တာ သိမှာပါ၊ အစားအသောက်ရောင်းတဲ့ ဆိုင်က မစ္စက် စမစ်သ်ကို ကျွန်မ ပြောတာပါ၊ သူ ညွှန်လိုက်လို့ ကျွန်မ လာတာပါ၊ သူနှင့် ကျွန်မ ခင်တာ ကြာပါပြီ၊ ကျွန်မက လော်ရီးယားဆိုင်မှာ အလုပ် လုပ်ပါတယ်၊ မစ္စက် စမစ်သ်ရဲ့ ဆိုင်နှင့် သိပ်မဝေးပါဘူး၊ ကျွန်မ နာမည် ကရင် လို့ ခေါ်ပါတယ်၊ ကျွန်မ ဒီအနီးအနား တစ်ဝိုက်မှာ ရှိတဲ့ ဆရာဝန်တွေဆီတော့ ရောက်ခဲ့ပြီးပါပြီ၊ အဲဒါ...'

သူမသည် စကားကို ဖြတ်ထားလိုက်ပြီး လက်တွင် စွပ်ထားသည့် လက်အိတ်များကို ချွတ်လိုက်သည်။

'တခြားတော့ မဟုတ်ပါဘူး ဒေါက်တာ၊ ကျွန်မ လက်တွေမှာ ဘာဖြစ်မှန်း မသိလို့ပါ'

အင်ဒရူးသည် မစ္စ ကရင့်၏ လက်များကို ဂရုတစိုက် ကြည့်သည်။ သူမ၏ လက်ဖဝါးပြင်များပေါ်ဝယ် အနီရောင် အကွက်များ ပေါ်နေလေသည်။ အရေပြားပေါ်၌ ဖြစ်တတ်သည့် သိုးတွယ် အရေပြားရောဂါ တစ်မျိုးနှင့် တူသလိုလို ရှိလေသည်။ ဝဲနာ ယားနာတော့လည်း မဟုတ်ပေ။ အင်ဒရူး၏ စိတ်ဝင်စားမှုသည် ရုတ်တရက် ချက်ချင်းပင် နိုးကြွလာသည်။ မှန်ဘီလူး ထယူပြီး လက်ဖဝါးပြင်ပေါ်မှ အနီကွက်နှင့် အစက်အပြောက်များကို အသေအချာ ကပ်၍ ကြည့်လေ၏။ သူ စိတ်ဝင်တစား ကြည့်နေခိုက်မှာပင် မစ္စ ကရင့်က သူမ၏ အဖြစ်ကို ပြောပြလေသည်။

'အခုလို ဖြစ်နေတော့ ကျွန်မအနေနှင့် အလုပ်ခွင်မှာ သိပ်ပြီး စိတ်ညစ်ရပါတယ် ဒေါက်တာ၊ ဒီဟာတွေသာ ပျောက်သွားမယ် ဆိုရင် ဘာပေးရ ပေးရ ကျွန်မ ပေးမှာပဲ၊ ကျွန်မတော့ လိမ်းဆေးမျိုးစုံလည်း လိမ်းခဲ့ဖူးပါတယ်၊ အခုအချိန်ထိတော့ နည်းနည်းလေးမှ မထူးခြားပါဘူး'

'လိမ်းဆေး လိမ်းလို့ ဘယ်ပျောက်မလဲ' ဟု အင်ဒရူးက ပြောလိုက်ပြီး သူ့လက်ထဲမှ မှန်ဘီလူးကို ချထားလိုက်၏။ သူသည် ရောဂါ၏ ဇာစ်မြစ်အရင်းကို အတိအကျ သိလိုက်ရသဖြင့် လှိုက်လှိုက်လှဲလှဲ ကျေနပ်အားရလျက် ရှိနေသည်။

'အခု ဖြစ်နေတာက အလွန် ထူးခြားတဲ့ အရေပြား ပြောင်းလဲမှုတစ်ရပ်လို့ ပြောရလိမ့်မယ် မစ္စ ကရင့်၊ အရေပြားကို အပေါ်ယံကနေပြီး လိမ်းဆေး လိမ်းပေးရုံနှင့်တော့ ပျောက်မှာ မဟုတ်ဘူး၊ ဖြစ်လာတာက သွေးသားကြောင့် ဖြစ်လာတာ၊ ပျောက်အောင် ကုသနိုင်တဲ့ နည်း တစ်နည်းပဲ ရှိတယ်၊ အစားအသောက်ကို ခင်ဗျားရဲ့ ခန္ဓာကိုယ်က လိုအပ်နေတဲ့ အာဟာရဓာတ်အမှန်နှင့် ပြည့်ပြည့်ဝဝ ရအောင် စားပေးဖို့ လိုတယ်၊ အဲဒါဆို ပျောက်သွားမှာပဲ'

'ဒေါက်တာ ဆိုလိုတာက သောက်ဆေး လိမ်းဆေး ဘာမှ မလိုဘူးပေါ့'

မစ္စ ကရင့်သည် စောစောကလောက် စိတ်အား ထက်သန်မှု မရှိတော့ချေ။ သံသယစိတ် ဝင်လာဟန် တူ၏။ အင်ဒရူး၏ ပြောစကားကို လက်ခံယုံကြည်ခြင်းလည်း ရှိဟန်မတူပေ။

'အခုနက ဒေါက်တာ ပြောသလိုတော့ ဘယ်ဆရာဝန်ကမှ မပြောခဲ့ဖူးပါဘူး'

'သူတို့ မပြောပေမဲ့ အခု ကျွန်တော်က ပြောပြနေပြီ မဟုတ်လား မစ္စ ကရင့်'

အင်ဒရူးက ရယ်ကာ မောကာ စာရေးစက္ကူ တစ်ရွက်ပေါ်တွင် ကရင့် စားသောက်ရမည့် အစားအစာ အမျိုးအမည်များ စာရင်း တစ်ခု ရေးချလိုက်သည်။ အတိအကျ လိုက်နာပြီး ရှောင်ရမည့် အစားအစာ စာရင်း တစ်ခုကိုလည်း ရေးချလိုက်သည်။ ပြီးတော့ မစ္စ ကရင့်၏ လက်သို့ လှမ်းပေးသည်။

မစ္စ ကရင့်သည် အင်ဒရူး ပေးသည့် စာရွက်ကို မယုံမရဲဖြင့် လက်ခံပြီး 'ကောင်းပါပြီ ဒေါက်တာ၊ ကျွန်မ ဒေါက်တာ ခိုင်းတဲ့အတိုင်း လုပ်ကြည့်ပါ့မယ်၊ ဘာပဲဖြစ်ဖြစ် စမ်းကြည့်တာတော့ မမှားနိုင်ပါဘူး' ဟု ပြောလေသည်။

မစ္စ ကရင့်သည် အင်ဒရူး၏ ညွှန်ကြားချက်အပေါ်တွင် သိပ်ပြီးယုံကြည်မှု ရှိဟန် မတူသော်လည်း ကျသင့်သည့် ဆေးဖိုးဝါးခကို ရှင်းပေးကာ







www.burmeseclassic.com

www.burmeseclassic.com

ပြန်သွားလေ၏။ အင်ဒရူးကလည်း မစ္စ ကရင့်အား သတိမရတော့ပေ။

ဆယ်ရက်ခန့် အကြာတွင် မစ္စ ကရင့် ပေါ်လာလေသည်။ ယခု တစ်ခေါက်တွင် သူမသည် ဆေးခန်းထဲသို့ ရှေ့ဘက် တံခါးမှ ဝင်လာသည်။ ဝမ်းသာမှုကို ထိန်းသိမ်း ချုပ်တည်းထားဟန် တူသော မစ္စ ကရင့်၏ မျက်နှာကို ကြည့်ကာ အင်ဒရူးမှာ မပြုံးဘဲ မနေနိုင်ချေ။

'ကျွန်မ လက်တွေကို ကြည့်ပါဦး ဒေါက်တာရယ်'

အင်ဒရူးက ပြုံး၍ 'ပြစမ်းပါဦး' ဟု ဆိုလိုက်သည်။

'ကျွန်တော် ရေးပေးလိုက်တဲ့ အစားအစာတွေ စာရင်းဟာ ငွေအကုန်အကျ များလွန်းလို့ မနေ့မြော့ဘူးလား'

'နမြော့ရမယ် ဟုတ်လား'

မစ္စ ကရင့်သည် သူမ၏ လက်များကို ဖြန့်၍ ဖြန့်၍ ပြကာ ဝမ်းသာလုံး ဆို့လျက် ရှိလေသည်။

'ကြည့်ပါဦး ဒေါက်တာ၊ အားလုံး ပျောက်သွားပြီ၊ အကွက်ကလေး တစ်ကွက်တောင်မှ မရှိတော့ဘူး၊ ကျွန်မ ဘယ်လောက် ဝမ်းသာတယ် ဆိုတာ ပြောမပြတတ်တော့ဘူး ရှင်၊ ကျွန်မဖြင့် အံ့လို့လည်း မဆုံးဘူး၊ ဒေါက်တာ သိပ်တော်တာပဲ'

'ကိစ္စ မရှိပါဘူး မစ္စ ကရင့်၊ ဒါမျိုးတွေ သိရမှာက ကျွန်တော့် အလုပ်ပဲ၊ အခု ပြန်သွားရင်လည်း ဘာမှ စိတ်ပူမနေနှင့်ဦး၊ ကျွန်တော် ရေးပေးထားတဲ့ အတိုင်း စားရမယ့် အစားအစာကို စား၊ ရှောင်ရမယ့် အစားအစာကို ရှောင်၊ အဲဒါ ဆိုရင် နောက်ထပ် ဘယ်တော့မှ ပြန်မဖြစ်တော့ဘူး'

မစ္စ ကရင့်သည် ထိုင်ရာမှ ထသည်။

'ကျွန်မ ဆေးဖိုး ပေးပါရစေဦး ဒေါက်တာ'

အင်ဒရူးက ခေါင်းယမ်းသည်။

'ခင်ဗျား ပေးပြီးခဲ့ပါပကောလား'

အင်ဒရူး ကိုယ်တိုင်မှာလည်း သူ၏ အောင်မြင်မှု အတွက် အားရလျက် ရှိလေသည်။ ယခုလို ပါးရှားနေချိန်တွင် မစ္စ ကရင့်ထံမှ နောက်ထပ် ပေးမည့် သုံးသျှီလင်နှင့် ခြောက်ပဲနီ၊ သို့မဟုတ် ခုနစ်သျှီလင်နှင့် ခြောက်ပဲနီကို ဝမ်းမြောက် ဝမ်းသာနှင့် လက်ခံလိုက်ချင်၏။ သို့သော်လည်း သူ၏ ကျွမ်းကျင်မှုကို ထုတ်ဖော် ပြသလိုက်ရသဖြင့် ဖြစ်ပေါ်လျက် ရှိနေသော ဝမ်းသာ ကျေနပ်မှုက သူမထံမှ နောက်ထပ် ပေးမည့် ငွေကို လက်မခံရန် လှုံ့ဆော်လျက် ရှိပေသည်။

'ဒါပေမဲ့ ဒေါက်တာရယ်'

မစ္စ ကရင့်သည် အင်ဒရူးက ငွေ ထပ်၍ လက်မခံသဖြင့် မကျေမနပ်ဖြစ်ဟန်တူ၏။ သို့သော်လည်း တံခါးနားသို့ ရောက်သည့်အခါ အင်ဒရူးဘက်သို့ ပြန်လှည့်၍ စကားတစ်ခွန်း ပြောလေသည်။

'ဒီလိုဆိုတော့လည်း ကျွန်မက ဒေါက်တာရဲ့ ကျေးဇူးကို တစ်နည်းတစ်ဖုံ ပြန်ဆပ်ရမှာပေါ့'

အင်ဒရူးကတော့ မစ္စ ကရင့်၏ စကားကို ကြားရသည့် အခါ သူမ၏ မျက်နှာဝိုင်းကြီးကို ကြည့်၍ သရော်ချင်သော စိတ်ပင် ဝင်လာမိသည်။ သို့သော်လည်း ဘာတစ်ခွန်းမှ မပြောတော့ဘဲ ခေါင်းကို အသာအယာ ညိတ်ပြလိုက်၏။

ယခုတစ်ကြိမ်တွင်လည်း မစ္စ ကရင့်ကို မေ့သွားပြန်လေသည်။

သူသည် တစ်နေ့လုံး အလုပ်များထားသဖြင့် ပင်ပန်း နွမ်းနယ်လျက် ရှိရသည့် အထဲတွင် မစ္စ ကရင့် ထပ်၍ ပေးလာသော ငွေကို ယူချင်စိတ် ရှိပါလျက်နှင့် ငြင်းခဲ့ရသည့် အတွက် ဝမ်းနည်းသလို ဖြစ်နေမိလေ၏။

မည်သို့ပင် ဖြစ်စေ အင်ဒရူးသည် အဝတ်အထည် ရောင်းချသော ဆိုင်တစ်ဆိုင်မှ သာမန် အရောင်းစာရေးမလေး တစ်ဦး အပေါ်တွင် အထင်အမြင်မကြီးလှပေ။ သူ့အပေါ်တွင် တစ်နည်းနည်းဖြင့် ကျေးဇူး တုံ့ပြန်ပါမည်ဟု ပြောသွားခဲ့သည့် စကားအပေါ်တွင်လည်း အလေးအနက် မထားခဲ့မိပေ။ အမှုမဲ့ အမှတ်မဲ့နှင့်ပင် မေ့မေ့ပျောက်ပျောက် နေလိုက်မိလေသည်။

အမှန်တော့ အင်ဒရူးသည် မစ္စ ကရင့် အကြောင်းကို ကောင်းစွာ မသိသေး၍သာလျှင် ယင်းကဲ့သို့ ပေါ့ပေါ့တန်တန် သဘောထားလိုက်မိခြင်း ဖြစ်၏။ မစ္စ ကရင့် ပြောသွားသည့် အတိုင်း ဖြစ်လာနိုင်စရာ ရှိသည့် အလားအလာ တစ်ခုလောက်ကိုတော့ အင်ဒရူး သတိပြုမိဖို့ ကောင်းပါ၏။ သို့သော်လည်း အင်ဒရူး လုံးဝ သတိမပြုမိခဲ့ချေ။


www.burmeseclassic.com

[၄]

အမှန်တော့ မာသာ ကရင့်သည် လော်ရီးယား ဆိုင်တွင် လူသိများ၍ ထင်ရှားသော မိန်းကလေး တစ်ဦး ဖြစ်ပေသည်။ ဘောလုံးသမား စကားနှင့် ပြောရသည် ဆိုပါမူ ကရင့်သည် လော်ရီးယား ဆိုင်၏ အရောင်းသမ အမျိုးသမီးများထဲတွင် လက်ရွေးစင် အလယ်တန်းသမား တစ်ဦးသဖွယ် ရပ်တည်နေသူ တစ်ဦး ဖြစ်ပေသည်။

ကရင့်၏ ကိုယ်လုံး ကိုယ်ပေါက်မှာ ယောကျ်ား တစ်ယောက်၏ ကိုယ်လုံး ကိုယ်ပေါက်နှင့် တူလှသည်။ တောင့်တင်း ထွားကျိုင်းလွန်းသဖြင့် မိန်းမနှင့် မတူပေ။ အမျိုးသမီး တစ်ဦး အနေဖြင့် ဆွဲဆောင်မှု လုံးဝ မရှိသည့် မိန်းကလေး တစ်ဦး ဖြစ်ချေသည်။ သို့ဖြစ်ရာ တန်ဖိုးအားဖြင့် တစ်ထည်လျှင် ပေါင် တစ်ရာထက် အောက်မလျော့သော အလွန် လှပ ခေတ်မီသည့် ဂါဝန်များ၊ ဖက်ရှင် အမျိုးမျိုး တီထွင်၍ ချုပ်လုပ်ထားသည့် အတွင်းခံ ဝတ်စုံများနှင့် သားမွေး အနွေးထည်များ ရောင်းချသည့် လော်ရီးယား ဆိုင်၏ အရောင်းစျေးသည်များထဲတွင် ကရင့်သည် ယောကျ်ားလျာလိုလို မိန်းမလိုလိုနှင့် ပုံစံတစ်မျိုး ထွက်နေသော လူထူး လူဆန်း တစ်ယောက် ဖြစ်နေပေသည်။

မည်သို့ပင် ဖြစ်စေ မစ္စ ကရင့်သည် ဝယ်သူများနှင့် ဆက်ဆံရာ၌ အလွန် ပြေပြစ်သော အရောင်းသမ တစ်ဦး အဖြစ်နှင့်ကား ထင်ရှား ကျော်ကြားသူ ဖြစ်လေသည်။ ဖောက်သည် မိတ်ဆွေ အလွန် များသော မိန်းကလေး တစ်ဦး အဖြစ်လည်း ထင်ရှားသူ ဖြစ်လေသည်။ ဖောက်သည် အများစုကလည်း ကရင့် အပေါ်တွင် အလွန် ယုံကြည် စိတ်ချကြ၏။ ခင်မင်ကြ၏။

လော်ရီးယား ဆိုင်သည် အရောင်းလုပ်ငန်း လုပ်ရာ၌ အခြားဆိုင်များနှင့်

www.burmeseclassic.com



မတ္တသည့် စနစ် တစ်ခုကို ကျင့်သုံးသည်။ သူတို့ဆိုင်မှ အထက်တန်း အရောင်းသမ တစ်ဦးသည် ကိုယ်ပိုင် ဖောက်သည်များ ရရှိအောင် စုနိုင်ခွင့် ရှိသည်။ ကိုယ့် ဖောက်သည်နှင့် ကိုယ် ဆိုတော့လည်း ဝယ်သူမှာလည်း ယုံကြည် စိတ်ချစွာနှင့် ဝယ်နိုင်၍ ရောင်းသူကလည်း ဖောက်သည် မပျက်အောင် ကြိုးစား၍ ရောင်းချနိုင်သည် ဖြစ်ရာ ဆိုင်မှ အရောင်းသမ တစ်ဦးနှင့် သူ၏ ကိုယ်ပိုင် ဖောက်သည်များ ဆက်ဆံရေးသည် လူချင်း ရင်းနှီး ခင်မင်မှု အပေါ်တွင် များစွာ အခြေခံလေသည်။ အရောင်းသမ တစ်ဦးသည် ဖက်ရှင်ပုံ အသစ်အဆန်းနှင့် ပစ္စည်း တစ်ခု ဆိုင်ပေါ် ရောက်ပြီ တင်ပြီ ဆိုလျှင် ကိုယ့် ဖောက်သည်များထံ အကြောင်းကြား၍ ရောင်းချနိုင်သည့် အထိ အခွင့်အလမ်း ရှိ၏။

လော်ရီးယား ဆိုင်တွင် မစ္စ ကရင့်သည် ဖောက်သည် အများဆုံး ရှာနိုင်သည့် မိန်းကလေး တစ်ဦး ဖြစ်ရုံမျှမက သူ့ ဖောက်သည်များ၏ ယုံကြည် ကိုးစားမှုကို အများဆုံး ရရှိနေသော မိန်းကလေး တစ်ဦး အဖြစ် ထင်ရှားဖြစ်ပေရာ လုပ်ဖော်ကိုင်ဖက် မိန်းကလေးများ အဖို့ သူတို့ စံပြုထိုက်သည့် မိန်းကလေး တစ်ယောက် အဖြစ် ကရင့်အား အသိအမှတ် ပြုထားကြလေသည်။

မစ္စ ကရင့်၏ ဖခင်သည် ကက်တားရင်းမှ ထင်ရှားသော ရှေ့နေ တစ်ဦး ဖြစ်သည်။ လော်ရီးယား ဆိုင်ရှိ မိန်းကလေး အလုပ်သမား အများစုမှာ သာမန် လက်လုပ်လက်စားသမားများ၏ သမီးများ ဖြစ်ကြ၍ ပတ်ဝန်းကျင် ရပ်ကွက်များနှင့် အစွန်အဖျား ရပ်ကွက်များမှ လာရောက် လုပ်ကိုင်သူများ ဖြစ်ကြပေရာ မျိုးရိုးဇာတိ အလုပ်အကိုင် အဆင့်အတန်းဖြင့် တွက်မည် ဆိုလျှင်လည်း မစ္စ ကရင့်က သူတို့ထက် အဆင့်အတန်းမြင့် သာလွန်သူ ဖြစ်နေပြန်၏။ မည်သို့ပင် ဖြစ်စေ ဤအချက်သည်လည်း အခြား မိန်းကလေးများက မစ္စ ကရင့်အား အထင်အမြင် ကြီးစေသည့် အချက် တစ်ချက် ဖြစ်နေပြန်လေ၏။

လော်ရီးယားဆိုင်သည် အခြားဆိုင်များကဲ့သို့ ဆိုင် အလုပ်သမားများကို ပစ်စလက်ခတ် မထားချေ။ ဆိုင် အလုပ်သမားများအား ကောင်းကောင်း ကျွေး၍ ကောင်းကောင်း ထားသည်။ စနစ်တကျ စောင့်ရှောက်ခြင်းကိုလည်း ပြုသည်။ အကျင့်စာရိတ္တဘက်တွင် ပြောစရာ မရှိအောင် စနစ်တကျ ထိန်းသိမ်း ကြီးကြပ်ပေးခြင်းလည်း ပြုလေသည်။

ထို့ကြောင့်လည်း လော်ရီးယားဆိုင်မှ အစိမ်းပုပ်ရောင် တူညီဝတ်စုံကို ဝတ်၍ ထိုဆိုင်၏ အရောင်းစျေးသည် ဖြစ်ရခြင်းသည် ဂုဏ်ရှိသော အလုပ်





အစိုးရဟု အများက သတ်မှတ် လက်ခံထားကြခြင်း ဖြစ်ပေသည်။

လော်ရီးယားဆိုင်၏ တစ်ဦးတည်းသော အမျိုးသား ဝန်ထမ်း မစ္စတာ ဝင့်ချ်သည် ဆိုင်မှ အလုပ်သမားများ အကျင့်စာရိတ္တ ကောင်းမွန်ရေးကို များစွာ အလေးထားသူ ဖြစ်၏။ မိန်းကလေးများနှင့်လည်း ရင်းနှီး ခင်မင်စွာ နေထိုင်သည်။ အားလုံးထဲတွင် မစ္စ ကရင့်သည် သူ၏ အခင်မင် အရင်းနှီးဆုံးသော တိုင်ပင်ဖော် တိုင်ပင်ဖက် မိတ်ဆွေ ဖြစ်သည်။ ဆိုင်၏ ရောင်းဝယ်မှု လုပ်ငန်းနှင့် ပတ်သက်၍လည်း မစ္စ ကရင့်ထံမှ အကြံဉာဏ် ရယူတတ်ရုံမျှမက မစ္စ ကရင့်က ပေးသော အကြံဉာဏ်များကိုလည်း တလေးတစား လက်ခံတတ်လေသည်။

မစ္စတာ ဝင့်ချ်သည် အသက်ကြီးလှပြီ ဖြစ်၏။ ယောကျ်ား တစ်ယောက် ဖြစ်သော်လည်း မိခင် စိတ်ဓာတ် ရှိသူ ဖြစ်၏။ အမျိုးသမီး အဝတ်အစား၊ အသုံးအဆောင် ပစ္စည်းများ ရောင်းချသည့် လုပ်ငန်းကို လုပ်လာခဲ့သည်မှာ နှစ်ပေါင်း လေးဆယ်ခန့် ရှိခဲ့ပြီ ဖြစ်၍ အတွေ့အကြုံများသူ တစ်ဦး ဖြစ်ပေသည်။ သူ၏ လက်တစ်ချောင်းမှာ 'တန်ဖိုးဖြတ်စက်ကလေး' အဝါးခံရသဖြင့် ပြတ်နေသည်။ သူ၏ ခါးမှာ ကိုင်းညွတ်နေသဖြင့် တွေ့မြင်သမျှ လူများအား ဦးညွှတ်၍ အရိုအသေ ပေးနေသည့် ပုံစံမျိုး ပေါက်နေလေသည်။

မည်သို့ပင် ဖြစ်စေ မစ္စတာ ဝင့်ချ်သည် အမျိုးသမီး အဝတ်အထည်များ ရောင်းချသည့် လုပ်ငန်းတွင် အတွေ့အကြုံ များလှသော ပုဂ္ဂိုလ် တစ်ဦး ဖြစ်သည့် အားလျော်စွာ လော်ရီးယားဆိုင်နှင့် အတူ တွဲ၍ ထင်ရှားနေသည့် လူတစ်ဦးပင် ဖြစ်လေသည်။

မည်သည့် ဆရာဝန်မျှ ကု၍ မရခဲ့သော မစ္စ ကရင့်၏ လက်မှ အကွက်များကို ပျောက်ကင်းအောင် ကုသပေးလိုက်သည် ဟူသော သတင်းသည် လော်ရီးယားဆိုင်၏ အမျိုးသမီး ဝန်ထမ်း လောကတွင် ပျံ့နှံ့သွားလေသည်။ ထိုသတင်းကြောင့် ချက်ချင်း ရုပ်ပေါ်လာသည့် အကျိုးကား ဆိုင်ဝန်ထမ်း အမျိုးသမီး အတော်များများသည် မပြောပလောက်သည့် အနာရောဂါကလေးများကိုပင် အင်ဒရူး၏ ဆေးခန်းသို့ လာ၍ ပြနေကြခြင်းပင်တည်း။

မစ္စ ကရင့်၏ ဆရာဝန်သည် ဖြူသလား၊ ညိုသလား၊ ချောသလား၊ လှသလား ကြည့်ချင်သည် စသည်ဖြင့်လည်း သူတို့ အချင်းချင်း ပြောင်ကြခဲ့ကြသည်။ တဖြည်းဖြည်းနှင့် ချက်စဘောရိုးရပ်ရှိ အင်ဒရူး၏ ဆေးခန်းသို့ လာကြသည့် လော်ရီးယား ဆိုင်မှ အမျိုးသမီး အရေအတွက်သည် တစ်နေ့ထက်



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ တိုးတက်လာသည်။

အမှန်တော့ လော်ရီးယားဆိုင်မှ အမျိုးသမီး ဝန်ထမ်း အားလုံးသည် အသက်အာမခံ လူနာများ ဖြစ်ကြသည့် အားလျော်စွာ ဥပဒေအရ သတ်မှတ်ထားသည့် ဆရာဝန်ထံ၌သာ သွားရောက် အကုသ ခံကြရမည် ဖြစ်ပေသည်။ သို့သော်လည်း လော်ရီးယားဆိုင်သည် ယင်း အချက်ကို သတိမပြုမိပေ။ ဤအချက်ကို အခွင့်ကောင်းယူကာ ဝန်ထမ်း အားလုံးသည် အသက်အာမခံ ဌာန၏ အစီအစဉ်နှင့် ညွှန်ကြားချက်များ အတိုင်း မလိုက်နာတော့ဘဲ လက်ဘစ်လုံးခြား လုပ်ကာ သူတို့ ကြိုက်ရာ ဆရာဝန်များထံ သွား၍ အကုသ ခံကြတော့၏။

မေလကုန်ခါနီးတွင် အင်ဒရူး မေဆန်၏ ဆေးခန်း၌ တစ်နေ့ တစ်နေ့ တန်းစီ၍ စောင့်နေကြသော လော်ရီးယားဆိုင်မှ မိန်းကလေးများမှာ အနည်းဆုံး ဒါဇင်ဝက်တော့ ရှိနေတတ်၏။ ကျကျနန ပြင်ဆင် ဝတ်စားပြီး နှုတ်ခမ်းနီ ပါးနီ ဆိုးကာ အလှပြသလို စောင့်နေကြသော မိန်းကလေးများကို မြင်ရသည်မှာ အထူးအဆန်း မဟုတ်တော့သလိုပင် ဖြစ်လာသည်။ လက်ငင်း ရရှိလာသည့် အကျိုးအမြတ်ကား အင်ဒရူး၏ ဆေးခန်း၌ သိသိသာသာကြီး ဝင်ငွေ တိုးလာခြင်းပေတည်း။

ခရစ္စတီသည် မိန်းကလေးများကို ကြည့်၍ ပြုံးနေတတ်ပေသည်။ တစ်ခါတစ်ရံတွင်မူ 'မိန်းမချောလေးတွေနှင့် ရှင် ဘာများ လုပ်နေတာလဲ အချစ်ရယ်၊ သူတို့ကကော ဆေးခန်းတံခါးကို ဖာတ်ရုံ တစ်ရုံများ ထင်ပြီး လာနေကြတာများလားရှင်' ဟု ကျီစယ်တတ်လေ၏။

မစ္စ ကာရင့်၏ လက်မှ အကွက်များကို ပျောက်ကင်းအောင် ကုသပေးလိုက်ခြင်းကြောင့် အင်ဒရူး ရရှိလာသည့် အကျိုးကျေးဇူးကား ဤမျှနှင့် ရပ်တန့်မသွားသေးပေ။

ရှိုင်ရယ် ကရိဆင့်ဘက်မှ ဒေါက်တာ မက်လီးယင်းသည် လော်ရီးယားဆိုင်၏ လက်စွဲ ဆရာဝန် တစ်ဦး ဖြစ်၏။ အသက်အရွယ် ကြီးပြီ ဖြစ်၍ အတွေ့အကြုံ များခဲ့သော ဆရာဝန် တစ်ဦး ဖြစ်သဖြင့် အဘက်ဘက်က စိတ်ချရသည်ဟု အများက ယူဆထားခြင်း ခံရသူ ဖြစ်သည်။ လော်ရီးယားဆိုင်၌ တစ်စုံတစ်ဦး ထိခိုက်မိ၍ ဒဏ်ရာ အနာတရ ဖြစ်ပါက ဒေါက်တာ မက်လီးယင်းကိုသာ ပင့်လေ့ ရှိသည်။ တစ်ကြိမ်တွင် မစ္စ တီစစ် တစ်ယောက် ဓာတ်မီးပူလောင်၍ ဒဏ်ရာ အပြင်းအထန် ရသွားရာ ဒေါက်တာ မက်လီးယင်းကိုပင့်ခဲ့သည်။ ယခုသော် ဒေါက်တာ မက်လီးယင်းမှာ အနားယူတော့မည် ဖြစ်၏။

သူ့နေရာကို ဆက်ခံမည့် ဆရာဝန်မှာ သူ၏ တွဲဖက် ဆရာဝန် ဒေါက်တာ ဘင်တန် ဆိုသူ ဖြစ်၏။ ဒေါက်တာ ဘင်တန်မှာ အသက်က မကြီးလှသေးပေ။ အတွေ့အကြုံကလည်း နည်းသေးသဖြင့် စိတ်ချရသည့် အခြေအနေမျိုး မရှိဟု ယူဆခြင်း ခံရသူ ဖြစ်၏။ ထို အယူအဆကြောင့် ဒေါက်တာ ဘင်တန်၏ အပေါ်၌ ယုံကြည် စိတ်ချမှု နည်းနေရသည့် အထဲတွင် ဒေါက်တာ ဘင်တန်၏ ဂနာမငြိမ်လှသော မျက်လုံးများနှင့် ဆိုင်ဝန်ထမ်း မိန်းကလေးများထဲမှ အချောအလှလေး တစ်ဦးဦးကို စမ်းသပ် ကုသရပြီ ဆိုလျှင် အလွန်အမင်း နူးညံ့ သိမ်မွေ့ ချိုသာနေတတ်သည့် ဒေါက်တာ ဘင်တန်၏ အပြုအမူ အပြောအဆိုများကို မစ္စတာ ဝင့်ချ်က လုံးဝ မနှစ်သက်ပေ။

မစ္စတာ ဝင့်ချ်သည် ယင်းကိစ္စကို မစ္စ ကာရင့်နှင့် နှစ်ဦးတည်း ကျိတ်၍ ဆွေးနွေးခဲ့ပေါင်း များလှပေပြီ။ မစ္စ ကာရင့်ကလည်း ဒေါက်တာ ဘင်တန်၏ အားနည်းချက်များကို ထောက်ပြပြီး ချက်စဘောရီးရပ်မှ ဆရာဝန်၏ ရိုးသား တည်ကြည်မှု၊ စည်းကမ်းကြီးမှုနှင့် ကျွမ်းကျင်မှုများကို ထုတ်ဖော် ပြောပြတတ်၏။ ယခုလည်း မစ္စတာ ဝင့်ချ်သည် မစ္စ ကာရင့်နှင့် ဒေါက်တာ ဘင်တန်၏ ကိစ္စကို ဆွေးနွေးမိလေ၏။

မစ္စတာ ဝင့်ချ်သည် လက်နှစ်ဖက်ကို နောက်ပစ်ကာ မစ္စ ကာရင့် ပြောသမျှကို ခေါင်းတညိတ်ညိတ်နှင့် နားထောင် နေသော်လည်း ချက်ချင်း ဆုံးဖြတ်ခြင်းကား မပြုပေ။ သူသည် ကိစ္စ တစ်ခုကို အလျင်စလို အဆုံးအဖြတ်မပေးဘဲ အချိန်ယူ၍ စဉ်းစားလေ့ ရှိသည် ဖြစ်ရာ ဆိုင်အတွင်းသို့ ဝင်လာသည့် ဈေးဝယ် တစ်ဦးအား ခရီးဦးကြို ပြုရန် လှည့်သွားခိုက်တွင် မစ္စ ကာရင့် ပြောသမျှကို သူ သဘောကျ လက်ခံကြောင်း သူ့ မျက်လုံးများက ဖော်ပြသွားလေသည်။

အင်ဒရူး အနေဖြင့်လည်း မစ္စ ကာရင့် အပေါ်၌ အထင်အမြင် သေးခဲ့မိသည်မှာ အမှန်ပင် ဖြစ်၏။ ယခုလို မစ္စ ကာရင့်ကို အကြောင်းပြု၍ သူ့ ဆေးခန်း၌ လူနာ ဦးရေ တိုးတက်လာသည့် အခါတွင်မူ သူ အထင်အမြင် သေးခဲ့မိခြင်းကြောင့် အားတုံ့ အားနာ ဖြစ်နေမိလေ၏။ အင်ဒရူးဘက်မှ ယင်းကဲ့သို့ သူ့အမှား သူ မြင်နေခိုက်မှာပင် ဇွန်လ ပထမပတ် အတွင်း၌ သူ့အတွက် မစ္စ ကာရင့်၏ ထူးခြားသော ကူညီမှု တစ်ခုနှင့် ထပ်မံ၍ ကြုံရပြန်လေ၏။




www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် အင်ဒရူး၏ လက်ထဲသို့ လူနာ တစ်ယောက်ထံမှ စာတစ်စောင် ရောက်လာသည်။ ယခင့် ယခင်ကလို တယ်လီဖုန်းနှင့် ပင့်ခေါ်ခြင်းမျိုး မဟုတ်ဘဲ စာနှင့် ပင့်ခေါ်ခြင်း ဖြစ်၏။ စာရေးပုံကလည်း သေသပ်ခံ့ညား၍ တိကျသည်။ စာထဲ၌ အင်္ဂါနေ့ နေ့ခင်းပိုင်း ဆယ့်တစ်နာရီထိုးတွင် အမှတ် ၉၊ ပတ်ဂါးဒင်းရပ်ရှိ မစ္စ ဝင်နီဖရက် အဲဗားရက်အား လာရောက်ကြည့်ရှု ကုသပေးပါဟု ရေးထားလေသည်။

အင်္ဂါနေ့တွင် အင်ဒရူးသည် ဆေးခန်းကို စောစောပိတ်၍ လူနာ ရှိရာသို့ ထွက်ခဲ့လေ၏။ သူ့စိတ်မှာ အထူးတလည် အားတက် ရွှင်လန်းခြင်းလည်း ဖြစ်၏။ လက်ရှိ ဆေးခန်း စဖွင့်ခဲ့သည့် အချိန်မှ စ၍ ယနေ့အထိ သူ့အား ပင့်ခေါ်သည့် လူနာများမှာ သူ့ ဆေးခန်း ပတ်ဝန်းကျင်ရှိ ရပ်ကွက်များမှ လက်လုပ်လက်စား ဆင်းရဲသားများသာ ဖြစ်သည်။ ထိုရပ်ကွက်များကို ကျော်၍ အခြား ရပ်ကွက်များသို့ လိုက်ခဲ့ရဖူးသည် မရှိပေ။ ယခုတော့လည်း ထူးထူးဆန်းဆန်း အပြင်ရပ်ကွက် တစ်ခုမှ ပင့်လူနာ ပေါ်လာလေသည်။

ပက်ဂါးဒင်း ရပ်ကွက်သည် သပ်ရပ် သန့်ရှင်း လှပေသည်။ ခေတ်မီ၍ လှပစွာ ဆောက်ထားသော တိုက်ခန်းများချည်း ဖြစ်သဖြင့် ခံ့ညား ထည်ဝါလှပေ၏။ ဟိုက်ဒ်ပတ် ဥယျာဉ်ကို မျက်နှာပြုထားသဖြင့် သာယာသော ရှုခင်းကို အမြဲတစေ မြင်နေရသည့် နေရာ ဖြစ်ပေသည်။

အင်ဒရူးသည် အခန်းအမှတ် ၉ ရှေ့မှ ဉှေကြို ခလုတ်လေးကို နှိပ်လိုက်ရင်းက ယခု ရရှိသည့် အခွင့်အရေးသည် မိမိ နာမည် ပို၍ ကြီးဖို့ ဖြစ်လာခြင်းပင် ဖြစ်သည် ဟူသော အတွေးဖြင့် ကျေနပ် အားရလျက် ရှိလေ၏။

ခဏမျှ အတွင်းမှာပင် အသက် ခပ်ကြီးကြီး အိမ်စေ အမျိုးသမီးတစ်ဦး ထွက်လာပြီး သူ့အား လူနာ ရှိရာ အခန်းသို့ ခေါ်သွားသည်။ အခန်းမှာ ကျယ်ကျယ်ဝန်းဝန်း ရှိ၏။ အခန်းထဲ၌ ပြင်ဆင်ထားသည့် ရှေးဆန်ဆန် အိမ်ထောင် ပရိဘောဂများ၊ စာအုပ်များနှင့် ပန်းများ နေရာချထားပုံကို ကြည့်ကာ အောဘာရာလော မြို့မှ မစ္စက် ဗောက်ဟန်၏ ဧည့်ခန်းကို ပြေး၍ သတိရမိသည်။ ထိုအခိုက်မှာပင် မစ္စ အဲဗားရက် အခန်းတွင်းသို့ ဝင်လာသည်ကို မြင်ရလေ၏။

မစ္စ အဲဗားရက်သည် အသက် ငါးဆယ်ခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။ ကိုယ်လုံး ကိုယ်ထည် အဆက်အပေါက်မှာ ကြံ့ခိုင် သန်စွမ်းပုံ ရ၍ ဆံပင်များတွင် အဖြူရောင်ပင် မရောမစွက်သေးပေ။ နုက်မှောင်လျက် ရှိမ...သည်။ အသားအရေကတော့ ခပ်ဝါဝါ ခပ်ဖျော့ဖျော့ ဖြစ်၏။ အဝတ်...အား ဝတ်ပုံမှာ အလွန် သပ်ရပ် ခံ့ညားသည်။ အားလုံး ခြုံ၍ ကြည့်လိုက်လျှင် ... ကိုယ်သူ အလွန် စိတ်ချ ယုံကြည်သည့် လက္ခဏာ ရှိပုံရသည်။ အင်ဒရူးကို ...ကြည့်နေသော အကြည့်မှာ စူးစမ်းသည့် အကြည့်မျိုး ဖြစ်၍ စကား ပြောပြန်...တော့လည်း သတိထား၍ ချိန်ချိန်ဆဆ ပြောသည့် ပုံမျိုး ရှိလေသည်။

'ကျွန်မ အမြဲသုံးတဲ့ ဆရာဝန်ကို လက်လွှတ်လိုက်ရလို့ ကျွန်မ စိတ်...ကောင်းဘူး၊ ကျွန်မ အနေနှင့် သူ့ကို အားလည်း ကိုးတယ်၊ ယုံလည်း ယုံ...ကြည်တယ်၊ ကျွန်မရဲ့ မိတ်ဆွေ မစ္စ ဂရင့်က ရှင်ဟာ အင်မတန် တော်တဲ့ ...ဆရာဝန် တစ်ယောက်ပါလို့ ပြောတာနှင့် ကျွန်မ ရှင့်ကို ပင့်တာပါ၊ ရှင်ဟာ ...ညီအချင်း ပြည့်ဝတဲ့ ဆရာဝန် တစ်ယောက်လို့ ကျွန်မ သိထားပါတယ်'

စကားကို မဆက်သေးဘဲ အင်ဒရူးကို စူးစူးရဲရဲ ကြည့်နေပြန်သည်။ ...င်ဒရူး၏ နေပုံ ထိုင်ပုံ၊ ဝတ်ပုံ စားပုံ၊ အပြုအမူ အသွင်အပြင် အားလုံးကို ...သေချာစွာ အကဲခတ်နေသည့် အကြည့်မျိုး ဖြစ်ပေသည်။

မစ္စ အဲဗားရက်သည် မိန်းမ ပီသသော အသွင်အပြင် ရှိသည့် သူ့ကိုယ်...ကို အစားအသောက် အနေအထိုင်မှ စ၍ အသေးအဖွဲ အထိ ဂရုစိုက်နေသူ ဖြစ်...ကြောင်း မြင်ရုံနှင့် သိသာသည်။ တစ်ဖက်လူ၏ အခြေအနေ တစ်ရပ်ရပ်ကို ...ကို ကျေနပ်လောက်အောင် ကြိုတင်၍ စုံစမ်း စစ်ဆေးခြင်း မပြုဘဲနှင့် သူ့...အသားကို လက်ဖျားနှင့်ပင် အထိ အတို့ ခံမည့် မိန်းမစားမျိုး မဟုတ်မှန်း...ည်း သိသာ၏။

'ရှင်ဟာ ကျွန်မနှင့် အဆင်ပြေမယ့် ဆရာဝန် ဖြစ်လိမ့်မယ်လို့ ထင်မိ...တယ်၊ ကျွန်မက နှစ်စဉ် ဒီလိုအချိန်မှာ ဆေးထိုးနေကျပါ၊ ဒီလို ရာသီ ရောက်...ကျွန်မမှာ နှာစေး ချောင်းဆိုး အမြဲ ဖြစ်တတ်ပါတယ်၊ နှာစေး ချောင်း...ရောဂါမျိုးတွေနှင့် ပတ်သက်နေတဲ့ ရောဂါ အားလုံးကို ရှင် နားလည်...မယ်လို့ ကျွန်မ ထင်ပါတယ်'

'ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါတယ်၊ မစ္စ အဲဗားရက် ထိုးနေကျ...ဆေးက ဘာဆေးပါလဲ'

မစ္စ အဲဗားရက်က အလွန် နာမည်ကြီးနေသော ထိုးဆေး တစ်မျိုး...ည်ကို ပြောပြီး 'ကျွန်မရဲ့ ဆရာဝန်ကတော့ အဲဒီဆေးပဲ အမြဲ ထိုးပေးတာ ... ကျွန်မကလည်း အဲဒီဆေးကိုပဲ သဘောကျတယ်၊ သိပ်ကောင်းတဲ့ ဆေးလို့ ...ကျွန်မ ယုံကြည်တယ်' ဟု ဆိုလေသည်။





www.burmeseclassic.com

www.burmeseclassic.com

'ဒါက ဒီလို ရှိတယ် မစ္စ အဲဗားရက်'

သူမ၏ အပြော၊ သူမ၏ လေသံနှင့် သူမ၏ ဟန်ပန်များ၊ အမူအရာများကြောင့် အင်ဒရူး စိတ်မှာ ကသိကအောက် ဖြစ်သွားသည်။ တကယ်တော့ သူမ အကြီးအကျယ် သဘောကျပြီး ယုံကြည် ကိုးစားနေသော ထိုးဆေးမှာ ဘာမှ တန်ဖိုး ရှိသည့် ဆေးမဟုတ်ပေ။ သူမ အနေဖြင့် ဆရာဝန် တစ်ဦးတည်းကိုသာ စွဲစွဲမြဲမြဲ အားထား ကိုးကွယ်နေခြင်းမှာလည်း အဓိပ္ပာယ် ကင်းမဲ့လွန်းလှပေသည်။ စားဆေး သောက်ဆေးများ နာမည် ကြီးလာရခြင်းမှာလည်း ထုတ်လုပ်သည့် ကုမ္ပဏီ၏ ကြော်ငြာ ကောင်း၍သာ ဖြစ်လေသည် ဟူသော အချက်ကို နားမလည်ခြင်း အတွက် သနားစရာပင် ကောင်းသေးတော့သည်။

အင်ဒရူးသည် သူ၏ စိတ်ထဲရှိသည့်အတိုင်း မထောက်မညှာ အားမနာ လျှာမကျိုး ပြောချလိုက်ချင်သည့် ဆန္ဒ ပြင်းပြစွာ ပေါ်လာသည်။ သို့သော်လည်း မပြောမိရန် အချိန်မီပင် သူ့စိတ်ကို ထိန်းချုပ်လိုက်နိုင်လေ၏။ သူ့ရင်ထဲဝယ် 'ယုံကြည်ချက်နှင့် ဆန္ဒ' သည် ပြင်းထန်စွာ တိုက်ခတ်လျက် ရှိကြလေသည်။ အခြေအနေအရ ဆန္ဒအတိုင်း လိုက်၍ လုပ်ရမည်လော။ သို့တည်းမဟုတ် ဘာတွေပဲ ဖြစ်နေနေ ဆန္ဒကို ဘေးဖယ်၍ ယုံကြည်ချက်ကို ရှေ့တန်းတင်ရမည်လော။

အင်ဒရူးသည် သို့လော သို့လော ဖြစ်လျက် ရှိလေသည်။

လက်ရှိ သူ့ဘဝ အခြေအနေအရ ယခု ရလာသော အခွင့်အရေးသည် အလွန် အလားအလာ ကောင်းသည့် အခွင့်အရေး တစ်ရပ် ဖြစ်၏။ ဤ အခွင့်အရေးကို လက်လွှတ်လိုက်မည် ဆိုပါက လောလောဆယ် လများ အတွင်းမှာပင် အိမ်၌ ငွေကြေး အခက်အခဲ ရှိလာတော့မည်မှာ သေချာနေသည်။ သို့ဖြစ်ရာ ယခု လက်ထဲ ရောက်လာသည့် အခွင့်အရေးကို လက်လွှတ်ခံ၍ မဖြစ်ပေ။ အရအမိ ဆုပ်ကိုင်ထားမှ ဖြစ်မည်ဟုပင် သူ ထင်သည်။ အကယ်၍သာ ဤ အခွင့်အရေးကို သူ လက်လွှတ်ခံလိုက်ပါမူ သူသာလျှင် အရူးအမိုက် ဖြစ်ချေတော့မည်။

နောက်ဆုံးတွင် အင်ဒရူးသည် စိတ်ဆန္ဒ၏ အလိုသို့ လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။

'ခင်ဗျား ထိုးနေကျဆေးကို ခင်ဗျား ဆရာဝန် ထိုးပေးသလို ကျွန်တော်လည်း ထိုးပေးနိုင်ပါတယ်'

မစ္စ အဲဗားရက်၏ အလိုကျ ခပ်အေးအေးပင် အဖြေပေးလိုက်လေ၏။





'ဒီလိုဆိုရင် ကောင်းပါတယ်၊ ရှင့်ကို ပေးရမယ့် အခကြေးငွေ ကိစ္စ ပြောကြရအောင်၊ ကျွန်မက ဒေါက်တာ ဆင်ကလဲယားကို တစ်ခေါက် လာရင် တစ်ဂီနီထက် ဘယ်တော့မှ ပိုပြီး မပေးရဘူး၊ ရှင့်ကိုလည်း အဲဒီ နှုန်းအတိုင်း ပေးမယ်၊ ရှင် လက်ခံနိုင်မလား'

တစ်ခေါက် လာလျှင် တစ်ဂီနီ...။

ဘာကြောင့် သူ လက်မခံနိုင်ရမည်နည်း။

တစ်ဂီနီ ဆိုသော ငွေမှာ ယခု လောလောဆယ် သူ နေ့စဉ် ရနေသည့် ဝင်ငွေထက် သုံးဆခန့် ပိုနေသည် မဟုတ်ပါလား။

ပြီးတော့လည်း သူ့တွင် ငွေထက် ပို၍ အရေးထားနေရသော ဆန္ဒ တစ်ခု ရှိနေသည်။ ထိုဆန္ဒမှာ အခြားမဟုတ်ပေ။ လန်ဒန်မြို့ပေါ်ရှိ အထက်တန်းစား လောက အတွင်းမှ လူနာများနှင့် ဝင်ဆံ့လိုသော ဆန္ဒ ဖြစ်၏။ ထိုဆန္ဒ ပြည့်ဝရေး အတွက် အခွင့်အခါ ပေါ်လာနိုး ပေါ်လာနိုးနှင့် မျှော်ကိုးဆောင့်စားနေခဲ့သည်မှာ ကြာပြီ။ ယခု ကြုံနေရသော အဖြစ်သည် သူ့ ဆန္ဒကို ပြည့်ဝစေမည့် အခွင့်အရေး တစ်ရပ် ဖြစ်၏။ တကယ်ဆိုတော့ လူနာ မစ္စ အဲဗားရက်သည် အထက်တန်းစား လူနာ တစ်ဦး ဖြစ်သည်။ ငွေကြေး ကောင်းကောင်း ပေးနိုင်သော အခြေအနေလည်း ရှိသည်။ ဤအမျိုးအစား လူနာမျိုးနှင့် တွေ့ဆုံ သိကျွမ်းရခြင်းသည် အလွန် ရခဲသော အခွင့်အရေး ဖြစ်သည်။ ဤအခွင့်အရေးကို အမိအရ ဆုပ်ကိုင်ထားနိုင်လျှင် သူ့ မျှော်လင့်ချက်သည် ပြည့်ဝတော့မည်။

ဤအချက်သည် ငွေထက် ပို၍ တန်ဖိုးထားရမည့် အချက် တစ်ချက် ပေတည်း။

မည်သို့ပင် ဖြစ်စေ သူ့အနေဖြင့် လာဘ်ဦးကို မပယ်လိုပေ။ သူ ပေးသည့် ဆေးက အစွမ်းမထက်တော့ကော သူ့မှာ ဘာများ ထိခိုက်စရာ ရှိသနည်း။ သူ့မှာ အကျိုးယုတ်စရာ ဘာမှ မရှိ။ သူနှင့် ဘာမှ မဆိုင်။

နောက်တစ်ချက်လည်း စဉ်းစားစရာ ရှိသေးသည်။

သူသည် သူ့ဘဝ တစ်လျှောက်လုံး အမြဲတစေ 'အရှုံး' နှင့်သာ ရင်ဆိုင်ခဲ့ရသူ ဖြစ်၏။ အရှုံးကို သူ စိတ်ပျက်လှပြီ။ လူနာ တစ်ယောက်လျှင် သုံးသျှိလင်နှင့် ခြောက်ပဲနီ ဆိုသော အခငွေကြေးအပေါ်တွင်လည်း စိတ်ကုန်လှပြီ။ သူ ငွေများများ ရချင်ပြီ။ အလွန် ဝင်ငွေ ကောင်းသည့် ဆရာဝန်၊ အလွန် အောင်မြင်၍ ကျော်ကြားသော ဆရာဝန် တစ်ဦး ဘဝသို့ ရောက်ချင်လှပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုနည်းနှင့် ဖြစ်ဖြစ် သူ လိုချင်သော အရာကို ရယူဖို့သာ အဓိက။

ဤ စိတ်နေ စိတ်ထားသည် အင်ဒရူးအား စိုးမိုး ခြယ်လှယ် ချုပ်ကိုင်ထားပြီ ဖြစ်၏။

အင်ဒရူးသည် နောက်နေ့ နံနက် ဆယ့်တစ်နာရီ တိတိတွင် မစ္စ အဲဗားရက်ထံသို့ တစ်ခေါက် ထပ်သွားရပြန်လေသည်။ အချိန်ကိုတော့ နောက်ကျ မခံဝံ့ပေ။ မစ္စ အဲဗားရက်က ချိန်းထားသည့် အချိန်ထက် နောက်ကျ၍ လာခြင်းကို မကြိုက်ပါဟု သူ့အား အလေးအနက်ပြု၍ သတိပေးထားသည်။ မှန်းမတည့်မိ အပြင်ထွက်၍ လမ်းလျှောက်တတ်သော အလေ့အထ တစ်ခု သူမတွင် ရှိနေသဖြင့် အကယ်၍ အင်ဒရူး အလာ နောက်ကျပါက သူမ၏ လမ်းလျှောက် ထွက်ချိန်ကို အနှောင့်အယှက် ဖြစ်နိုင်စရာ ရှိသည်။ အင်ဒရူး အချိန်နောက်ကျခြင်းကြောင့် သူမ၏ လုပ်နေကျ အလုပ်ကိုတော့ အပျက်မခံနိုင်ဟု ပွင့်ပွင့်လင်းလင်းပင် အင်ဒရူးအား ဖွင့်ပြောထားပေသည်။

အင်ဒရူးသည် မစ္စ အဲဗားရက်အား ထိုနေ့မှ စ၍ ဆေးထိုးပေးရသည်။ ထို့နောက် တစ်ပတ်လျှင် နှစ်ကြိမ်ကျ မှန်မှန် သွား၍ ဆေးထိုးပေးရလေသည်။

မစ္စ အဲဗားရက်သည် အတိအကျသမား ဖြစ်၏။ သူမဘက်က တိကျသလို အင်ဒရူးကလည်း တိတိကျကျပင် လုပ်သည်။ သူမသည် တဖြည်းဖြည်းနှင့် အင်ဒရူး၏ အပြုအမူ လုပ်ပုံ ကိုင်ပုံနှင့် အချိန် လေးစားမှု စသည်များကို သဘောကျလာသည်။ တစ်နေ့ထက် တစ်နေ့ အင်ဒရူးအပေါ် ခင်မင် ရင်းနှီးပြုလာသည်။ ရင်းနှီးလာသည်နှင့် အမျှ မစ္စ အဲဗားရက်၏ အကြောင်းကိုလည်း အင်ဒရူး သိလာရလေ၏။

ဝင်နီဖရက် အဲဗားရက်သည် ထူးဆန်းသော အမျိုးသမီးကြီး တစ်ဦး ဖြစ်၏။ အလွန် တိကျ၍ အလွန် ပြတ်သားသော အမူအကျင့် ရှိ၏။ သူမ၏ ဖခင်သည် ရက်ဇီး အရပ်တွင် ဖွန်း၊ ခက်ရင်း၊ ဓား စသော မီးဖိုဆောင်သုံး သံမဏိထည် ပစ္စည်းများ ထုတ်လုပ် ရောင်းချသည့် လုပ်ငန်းဖြင့် ချမ်းသာကြွယ်ဝလာသူ ဖြစ်သည်။ သူမသည် ဖခင်ပိုင် ငွေကြေး ပစ္စည်း အားလုံးကို အမွေ ဆက်ခံပြီး ချမ်းသာနေသူ ဖြစ်သည်။ ဖခင်ထံမှ ရလိုက်သည့် အမွေများကိုလည်း စနစ်တကျ စီမံခန့်ခွဲ မြှုပ်နှံထားသဖြင့် တစ်နေ့တခြား ငွေပင်ငွေရင်း တိုးပွားနေသူ ဖြစ်ရာ ငွေပုံပေါ် စံနေသူ တစ်ဦး ဖြစ်သည်ဟု ဆိုက မမှားနိုင်ပေ။

သူမ၏ ဘဝသည် အပူအပင် အကြောင့်အကြ ကင်းမဲ့စွာဖြင့် စိတ်





အေး နားအေး နေနိုင်သော ဘဝ ဖြစ်၏။ သို့သော်လည်း သူမသည် ငွေကြေးနှင့် ပတ်သက်လာလျှင် အလွန် စည်းစနစ် ကြီးလှသည်။ တစ်ပြားကို နှစ်ပြားတော်၍ ခွာသော သဘောမျိုးလည်း ရှိ၏။ ယင်း သဘောမျိုး ရှိနေခြင်းမှာလည်း အလွန်အမင်း ကပ်စေးနဲခြင်းကြောင့်တော့ မဟုတ်ပေ။ သူများနှင့် မတူအောင် အတ္တဆန်လွန်းသောကြောင့် ဖြစ်လေသည်။

တကယ်တော့ မစ္စ အဲဗားရက်သည် သူမ၏ ကိုယ်မှ တစ်ပါး အခြားအရာကိုမှ စိတ်ဝင်စားသူ မဟုတ်ပေ။ ယခု အသက်အရွယ်ထိ ဖြူဝင်း နုထွတ်၍ စိုပြည် လှပဆဲ ဖြစ်သော သူ၏ ခန္ဓာကိုယ်အား အလွန်အမင်း ဂရုစိုက်၏။ သူ၏ ခန္ဓာကိုယ် အလှမပျက်ရေးနှင့် ကျန်းမာရေး အတွက် သူမ၏ စိတ်ထဲမှ အသင့်တော်ဆုံး ဖြစ်မည်ဟု ထင်မြင်သည့် ကုသမှု မှန်သမျှကို အမြဲမပြတ် ခံယူနေရမှ ကျေနပ်သူ ဖြစ်၏။

သူမသည် အစားအသောက်ကို အလွန်အမင်း စားသောက်ခြင်း မပြုပေ။ အလွန် ခြိုးခြံ၍ စားသောက်ခြင်း ပြု၏။ ခြိုးခြံ၍ စားသောက်ခြင်းမှာလည်း နှမြောတွန့်တို၍ မဟုတ်ပေ။ ကျန်းမာရေးကို ရှေးရှု၍ တိုင်းထွာ ချိန်ဆ၍ စားသောက်ခြင်း ဖြစ်ပေသည်။

အင်ဒရူး ဆဋ္ဌမမြောက် ရောက်သွားသည့် အခါ သူမက ရှယ်ရီ တစ်ခွက် တိုက်သည်။ အင်ဒရူးသည် မစ္စ အဲဗားရက် တိုက်သည့် ရှယ်ရီကို အရသာခံ၍ သောက်ရင်း သူ သောက်နေသည့် ရှယ်ရီသည် အကောင်းဆုံး၊ အကျော်ကြားဆုံးနှင့် ဈေး အကြီးဆုံးသော ရှယ်ရီ အမျိုးအစား ဖြစ်နေသည်ကို သူ သတိပြုမိလေ၏။

မစ္စ အဲဗားရက်သည် ဝတ်စား ဆင်ယင်ရာ၌လည်း လော်ရီးယားဆိုင်မှ ကောင်းပေ့၊ ညွန့်ပေ့၊ ဆန်းပေ့ ဆိုသည့် အဝတ်အစားများကို ဈေးကြီးကြီး ပေး၍ ဝယ်ယူ ဝတ်ဆင်တတ်၏။ သူမ၏ အိပ်ရာခင်းသည်ပင်လျှင် အင်ဒရူး တွေ့မြင်ခဲ့ဖူးသမျှ အိပ်ရာခင်းများထဲတွင် အလှဆုံးနှင့် အကောင်းဆုံး ဖြစ်နေသည်ကို သတိပြုမိ၏။ ဤမျှလောက် အဖိုးတန် ပစ္စည်းများကို သုံးစွဲနေသော်လည်း သူမ၏ စိတ်ထဲမှ အကျိုးမရှိဟု ထင်လာလျှင် ငွေ တစ်ကျပ် တစ်ပြားကိုပင် သုံးစွဲရန် ဝန်လေးသူ ဖြစ်လေသည်။

အမှန်တော့ အင်ဒရူးသည် မစ္စ အဲဗားရက်၏ စိတ်နေသဘောထား အမူအကျင့်ကို မနှစ်သက်လှပေ။ သို့သော်လည်း ဘာ့ကြောင့်ရယ်မသိ သူမအပေါ်တွင် မခင်ဘဲလည်း မနေနိုင်ချေ။ သူမ၏ အတ္တဆန်မှုများမှာ အကောင်း



www.burmeseclassic.com

www.burmeseclassic.com

အသတ် အတိုင်းအထွာနှင့် ဖြစ်နေသဖြင့် သူမကို အပြစ်တင်၍လည်း မရပေ။ သူမ၏ ပြောဆို လုပ်ကိုင်မှုများသည် အကျိုးအကြောင်း ခိုင်လုံသည်က များ၏။

သူမကို မြင်တိုင်း အင်ဒရူးသည် တစ်ချိန်သော အခါက ခရစ္စတီနှင့် အတူ တွေ့မြင်ခဲ့ရဖူးသည့် ဒတ်ချ် ရှေးဟောင်း ပန်းချီကား တစ်ချပ်ထဲမှ အမျိုးသမီးကြီး တစ်ဦး၏ ပုံကို သတိရမိသည်။ မစ္စ အဲဗားရက်၏ ကိုယ်လုံး ကိုယ်ပေါက်သည် ပန်းချီကားထဲမှ အမျိုးသမီး၏ ကိုယ်လုံး ကိုယ်ပေါက်နှင့် တစ်ထေရာတည်း တူသည်။ အသားအရေ နုးညံ့ ပျော့ပျောင်းပုံမှာလည်း တူသည်ဟုပင် ထင်၏။ အပျော်အပါးကို ခုံမင် နှစ်သက် လိုက်စားလိုစိတ် ပြင်းပြသော်လည်း သူ့ကိုယ်သူ ချုပ်တည်းထားနိုင်စွမ်း ရှိကြောင်းကို နှုတ်ခမ်း အစုံက ဖော်ပြနေပေသည်။

အင်ဒရူးသည် သူမ အတွက် သင့်တော်သည့် ဆရာဝန် ဖြစ်သည် ဟူသော စွဲလမ်းမှု ဝင်လာသည့်အခါ မစ္စ အဲဗားရက်၏ ဆက်ဆံမှုသည် ယခင်ကလို မဟုတ်တော့ပေ။ အင်ဒရူးအပေါ် ပြောဆို ဆက်ဆံရာ၌ ယခင်ကထက် ပွင့်လင်းလာသည်။ သူမ၏ မူလ ချမှတ်ထားသည့် စည်းကမ်းချက် အရ ဆိုလျှင် အင်ဒရူးသည် သူမ၏ အခန်းတွင် မိနစ် နှစ်ဆယ်ထက် ပို၍ နေခွင့် မရှိပေ။ သို့သော်လည်း တစ်လမျှ ကြာသည့်အခါ အင်ဒရူးအား နာရီဝက် အထိ နေခွင့်ပြုလာရုံမျှမက နှစ်ဦးသား အာလာပ သလ္လာပ စကားစမြည် ပြောခြင်းကိုပင် ပြုလာလေသည်။

အင်ဒရူးကလည်း နာမည်ကြီး ဆရာဝန် တစ်ဦး အဖြစ် ထင်ရှား ကျော်ကြားလိုသော သူ၏ ဆန္ဒကို ထုတ်ဖော် ပြောပြမိသည်။ မစ္စ အဲဗားရက်က လည်း အင်ဒရူး၏ ဆန္ဒကို သဘောကျသည်။ လက်ခံသည်။ အားပေးသည်ပြုသည်။

သူမသည် ဒါဘီရှိုင်းယား၌ နေသော သူ့တူမ ကက်သရင်း ဆတ်တန် အကြောင်းကို မကြာခဏ ပြောပြလေ့ ရှိ၏။ ကက်သရင်း ဆတ်တန်သည် သူမထံသို့ မကြာ မကြာ အလည် လာတတ်ကြောင်း၊ ကက်သရင်း၏ ယောကျာ်း ကက်ပတိန် ဆတ်တန်သည် ဘန်းဝဲနယ်မှ လွှတ်တော် အမတ် တစ်ဦး ဖြစ်ကြောင်း စပ်မိစပ်ရာ ပြောပြရင်းက 'ကျွန်မရဲ့ လက်စွဲ ဆရာဝန် ဒေါက်တာ ဆင်ကလဲယားဟာ သူတို့ရဲ့ ဆရာဝန်ပဲ၊ ရှင်လည်း သူတို့ရဲ့ မိသားစု ဆရာဝန် ဖြစ်နိုင်တာပဲ' ဟု အမှတ်မထင် ပြောတတ်လေသည်။





အင်ဒရူး နောက်ဆုံးအခေါက် ဆေးသွားထိုးချိန်တွင် ယခင် တစ်ကြိမ်က တိုက်ခဲ့ဖူးသည့် ရှမ်ပိန် အရက်နှင့် ညှော်ခံ၍ ယခင် အခေါက်များထက် ပို၍ ရင်းနှီးသာစွာ ဆက်ဆံ ပြောဆိုလေသည်။

'ဒေါက်တာ့ကို ပြောရဦးမယ်၊ ကျွန်မလေ ငွေတောင်းခံလွှာတွေ လာတာ သိပ်မုန်းတယ် သိလား၊ ဒါ့ကြောင့်မို့ ကျွန်မ ပေးစရာ ရှိတဲ့ ငွေကို အခု တစ်ခါတည်း ရှင်းပေးလိုက်ချင်တယ်'

ပြောပြောဆိုဆို ဆယ့်နှစ် ဂိနီတန် ချက်လက်မှတ်ကို အင်ဒရူးအား ပေးလေသည်။

'ကျွန်မ ရှင့်ကို မကြာခင် ပင့်ရဦးမှာပါ၊ ဆောင်းတွင်း ဆိုရင် ကျွန်မ က အင်တီကော်ရီဇာ ဆေးထိုးမှ ဖြစ်တယ်'

မစ္စ အဲဗားရက်သည် အင်ဒရူး အပြန်တွင် တံခါးဝ အထိ လိုက်ပို့ရင်း ခဏမျှ ရပ်နေသေးသည်။ သူမ၏ မျက်နှာသည် ကြည်လင် ဝင်းပကာ ပြုံးယောင်သမ်းနေသော်လည်း အခိုက်အတန့်မျှသာ ဖြစ်၏။ ချက်ချင်း ဆိုသလိုပင် မျက်နှာထား ပြန်တည်သွားကာ အင်ဒရူးအား စူးစိုက်၍ ကြည့်နေပြန်သည်။ ပြီးမှ 'ရှင့်အမေရဲ့ အသက် အရွယ်လောက် ရှိတဲ့ အမျိုးသမီး တစ်ဦးက ပေးတဲ့ အကြံဉာဏ်ကို ရှင် လက်ခံနိုင်မလားတော့ မပြောတတ်ဘူး၊ ရှင် လက်ခံနိုင်မယ် ဆိုရင်တော့ ကျွန်မ တစ်ခု ပြောပါရစေ၊ ရှင် နာမည်ကြီး ခေတ်မီတဲ့ စက်ချုပ်ဆိုင်ကို သွားပါ၊ ကက်ပတိန် ဆတ်တန် အမြဲ ချုပ်တဲ့ ဒွန်ဒူလမ်းက ရီဂျာ စက်ချုပ်ဆိုင်ကို သွားရင် ပိုပြီး အဆင်ပြေပါလိမ့်မယ်၊ ရှင့် အနေနှင့် အောင်မြင်တဲ့ ဆရာဝန် တစ်ယောက် ဖြစ်ချင်တယ်လို့ ကျွန်မကို ပြောခဲ့တာ အကြိမ်ပေါင်း မရေတွက်နိုင်အောင်ပဲ၊ အခု ရှင် ဝတ်ထားတဲ့ အဝတ်အစားတွေဟာ ရှင်နှင့် မလိုက်ဘူး၊ မြင်ရတာ အဆင်ကို မပြေဘူး၊ အောင်မြင်တဲ့ ဆရာဝန် ဖြစ်ချင်ရင်တော့ အဝတ်အစား ဝတ်စား ဆင်ယင်မှုကိုလည်း ပြုပြင်ဖို့ လိုလိမ့်မယ်' ဟု ပြောလေ၏။

အင်ဒရူးသည် လမ်းတစ်လျှောက်လုံး မစ္စ အဲဗားရက်အား ဒေါပွ၍ ဆုံးနိုင်အောင် ဖြစ်ကာ စိတ်ထဲမှ ကျိတ်၍ ကျိန်ဆဲလာမိလေ၏။

မဆိုင်သည့် ကိစ္စတွင် ဝင်၍ ရှုပ်ချင်သော မိန်းမကြီး တစ်ယောက်ပါ ဘကား။ ကိုယ် ကြိုက်တာ ကိုယ် ဝတ်နေသည်ကို သူက ဘာကြောင့် ဝေဖန်ချင်ရသနည်း။ မိမိ ဘယ်လို ဝတ်စား ဆင်ယင်သင့်သည်ဟု ဆရာလုပ်ခြင်းသည် သက်သက်မဲ့ ကျော်ခြင်း ဖြစ်သည်။ သူ့မှာ ဘယ်လို အခွင့်အရေး ရှိ၍



www.burmeseclassic.com

www.burmeseclassic.com

ယခုလို ပြောရသနည်း။

ပက်ဒင်တန် ရပ်ကွက်ထဲမှ လူနာများသည် တစ်ခါက်လျှင် သုံးသျှိ လင်နှင့် ခြောက်ပဲနီသာ ပေးကြသော်လည်း ဘယ်စက်ချုပ်ဆိုင် သွား၍ ဘယ်လို အဝတ်အထည်မျိုး ချုပ်ဝတ်ပါဟု သူ့အား ဆရာ မလုပ်ဝံ့ကြပေ။ ယနေ့မှ စ၍ ရှေ့လျှောက်ပြီး သုံးသျှိလင် ခြောက်ပဲနီ လူနာများကိုသာ ကု၍ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်အောင် နေသွားတော့မည် စသည်ဖြင့် တွေးတောလာလေ၏။

ကြာလာတော့လည်း တဖြည်းဖြည်းနှင့် သူ့ဒေါသသည် ပြေစ ပြုလာသည်။ အမှန် အတိုင်း ဝန်ခံရမည် ဆိုပါက သူသည် အဝတ်အစားပေါ်တွင် အလေးအနက် ပြုခဲ့သူ တစ်ဦး မဟုတ်ပေ။ သူ့အဖို့ အဝတ်အစား ဆိုသည်မှာ လုံလုံခြုံခြုံနှင့် နွေးနွေးထွေးထွေး ရှိဖို့သာ လိုသည်။ ပုံကျစရာ ခေတ်မီစရာ မလိုဟု ယူဆသည်။ အကောင်းစား ဆင်ယင်တတ်သော အကျင့် ရှိသည် ခရစ္စတီပင်လျှင် သူ့ အယူအဆမျိုး ရှိ၏။ ခရစ္စတီသည် တွီစကို ချုပ်ထားသည့် စကပ်နှင့် သူမ ဘာသာ သူမ ထိုးထားသည့် သိုးမွေး အင်္ကျီကို ဝတ်ရလျှင်ပင် ကျေနပ်သူ ဖြစ်လေသည်။

အင်ဒရူးသည် သူ့အယူအဆများကို တစ်လမ်းလုံး ပြန်လည် ဝေဖန်သုံးသပ်လာသည်။ တကယ်တော့ မစ္စ အဲဗားရက်၏ ပြောစကားသည် အကြွင်းမရှိ မှန်ကန်သည်ဟု မြင်လာမိလေ၏။

ယခု သူ ဝတ်ထားသည့် ပုံမကျ ပန်းမကျ အဝတ်အစားမျိုးနှင့် ဆိုလျှင် ငွေများများ ပေးနိုင်သည့် အထက်တန်းစား လူနာများက သူ့အပေါ် အထင်အမြင် ကြီးကြပါမည်လော။ အခု သူ ဝတ်စား ဆင်ယင်နေသည့် ပုံစံမျိုးကတော့ဖြင့် တောကျလွန်းသည် ထင်၏။ ဒီပုံစံမျိုးနှင့်သာ ဆက်၍ သွားနေမည် ဆိုလျှင် လူ အထင်အမြင်ကြီးစရာ ရှိတော့မည် မဟုတ်ချေ။

ဤ ချွတ်ယွင်းချက်ကို ခရစ္စတီက ဘာ့ကြောင့် သူ့အား မပြောလေသနည်း။ အိမ်ရှင်မကောင်း တစ်ယောက်သည် ဤ ချွတ်ယွင်းချက်မျိုးကိုတော့ သိထိုက် မြင်ထိုက် နားလည်ထိုက်သည်ဟု ထင်၏။ ဤအလုပ် ဤတာဝန်မျိုးသည် ခရစ္စတီ၏ အလုပ်၊ ခရစ္စတီ၏ တာဝန်သာလျှင် ဖြစ်သင့်သည်။ ဟို မိန်းမကြီး မစ္စ အဲဗားရက်၏ အလုပ် မဟုတ်။ ဟို မိန်းမကြီး မစ္စ အဲဗားရက်နှင့် ဘာမှမဆိုင်။

မစ္စ အဲဗားရက် ပြောလိုက်သည့် ဆိုင်နာမည်က ဘာပါလိမ့်။





ကွန်ဒူလမ်း၊ ကွန်ဒူလမ်းမှ စက်ချုပ်ဆိုင်၊ ရိဂျာ စက်ချုပ်ဆိုင်၊ အဲဒီ ဆိုင်ကို သွားကြည့်ဦးမှ ထင်ပါရဲ့။

အိမ်ပြန်ရောက်သော အခါ သူ ရလာသော ချက်လက်မှတ်ကို ခရစ္စတီ၏ မျက်နှာရှေ့တွင် လှုပ်ယမ်း၍ ပြသည်။

'ဒီမှာ... မြင်လား၊ ငွေ... ငွေ... သုံးသျှိလင် ခြောက်ပဲနီ ခြေကြွခ မဟုတ်ဘူး၊ ဂီနီတန် ခြေကြွခ၊ အင်မ်၊ ဒီ၊ အင်မ်၊ အာ၊ စီ၊ ပီ ဘွဲ့ရတဲ့ ပထမတန်းစား ဆရာဝန်တွေသာ ရနိုင်တဲ့ ဂီနီ ခြေကြွခ သိလား၊ ဝင်နီ အဲဗားရက်ဆိုတဲ့ အမျိုးသမီးကြီးကို သူ ကြိုက်တဲ့ ဆေး ထိုးပေးပြီး သူ့အကြိုက် လိုက်ပြောရုံနှင့် ဆယ့်နှစ် ဂီနီ ရလာတယ်'

ခရစ္စတီက ပြုံးစနဲ့နဲ့ဖြင့် အင်ဒရူးအား ကြည့်၍ 'ဩော်... ဟုတ်လား' ဟု အလိုက်သင့် ရေရွတ်လိုက်လေသည်။ ပြီးမှ 'ရှင် အပင်ပန်းခံပြီး ကြီးစားရှာ်းစားနှင့် တကောက်ကောက် လိုက်နေတာဟာ ဒီလို လွယ်လွယ်နှင့် ငွေရဖို့ နည်း နောက်ကိုလား' ဟု မေးလေသည်။

အင်ဒရူး၏ မျက်နှာသည် ချက်ချင်းပင် တင်းမာသွားပြီး ခရစ္စတီအား တစ်ချက် မျက်မှောင်ကုတ်၍ ကြည့်သည်။ ခရစ္စတီသည် သူ လုံးဝ မကြားလိုသည့် စကားကို ပြောပြန်လေပြီ။ သူသည် လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ ခရစ္စတီ၏ မျက်နှာကို ဒေါသတကြီး စူးစူးရဲရဲ ကြည့်နေလေ၏။

'မင်းဟာ ငါ ဘာလုပ်လုပ် ငါ လုပ်သမျှကို ဘယ်တော့မှ အကောင်းမြင်မယ့် မိန်းမ မဟုတ်ပါလား'

ဤတစ်ခွန်းသာ ပြောပြီး အင်ဒရူးသည် လှည့်ထွက်သွားသည်။ သူ၏ နောက်ဘက်တွင် အခန်းတံခါးသည် ဒိုင်းခနဲ မြည်ဟည်းကာ ပိတ်သွားလေ၏။

ထိုနေ့ တစ်နေ့လုံး အင်ဒရူး၏ မျက်နှာသည် ရွှင်လန်း သာယာမှု ကင်းမဲ့ကာ သုန်သုန်မှုန်မှုန် ဖြစ်လျက်ရှိသည်။ နောက်တစ်နေ့ ကျပြန်တော့လည်း မနေ့က ဘာမှ မဖြစ်ခဲ့သလို ရွှင်လန်း မြူးထူးနေပြန်သည်။ ပြီးတော့ ထိုနေ့မှာပင် မစ္စ အဲဗားရက် ပြောလိုက်သည့် ကွန်ဒူလမ်းမှ ရိဂျာ စက်ချုပ်ဆိုင်သို့ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

## ၅

ဆယ့်ငါးရက်ခန့် အကြာတွင် အင်ဒရူးသည် သူ ချုပ်ထားသည့် ဝတ်စုံသစ်နှစ်စုံအနက်မှ တစ်စုံကို အကျအန ဝတ်ကြည့်လေသည်။ အဝတ်အစားသစ်ကို ခေတ်စဖူး ဝတ်ထားရသဖြင့် စိတ်လက် ကြည်လင် ပေါ့ပါးသလို ရှိသော်လည်း အဝတ်သစ်ကို ပထမဆုံး အကြိမ် ဝတ်သည့် ကျောင်းသားလေး တစ်ယောက်သဖွယ် သူ့စိတ်မှာ မလုံမလဲ ဖြစ်လျက် ရှိလေ၏။ ဝတ်စုံ အရောင်မှာ အနက်ရောင် ဖြစ်၍ ရိဂျာစက်ဆိုင်မှ အကြံပေးသည့် အတိုင်း အညိုရောင် နှစ်ထပ်ကော်လာနှင့် ချုပ်ထားသည့် ဝတ်စုံ ဖြစ်၏။ ကော်လာပုံမှာ ခေတ်မီ၍ ကြွကြွရွရွ ရှိလှပေသည်။

ကွန်ဒူလမ်း စက်ချုပ်ဆိုင်သည် နာမည်ကြီးသလောက် ချုပ်ပုံ ကောင်းလှပါပေသည်။ သူ ဝတ်စုံ သွား၍ အပ်သည့်နေ့က ဆိုလျှင် ကက်ပတိန် ဆက်ဘန်၏ အမည်ကို ပြောပြလိုက်ရုံမျှဖြင့် တစ်ဆိုင်လုံး ပျာပျာသလဲ ဖြစ်ကာ သူ့စိတ်တိုင်းကျ ဖြစ်အောင် လုပ်ပေးခဲ့ကြသည်မှာ များစွာမှပင် ကျေနပ်စရာကောင်းလှပေ၏။

ယနေ့ နံနက်တွင် ခရစ္စတီကတော့ မအီမသာ ဖြစ်လျက် ရှိပေသည်။ သည်ချောင်း ရောင်နေသဖြင့် လည်ပင်းကိုပင် မာဖလာပဟောင်း တစ်ထည်နှင့် ပတ်ထားရလေ၏။ သူ ကော်ဖီ ထည့်နေခိုက် ကိုယ်ရောင် ကိုယ်ဝါ တောက်ပစွာဖြင့် ဝင်လာသော အင်ဒရူးကို မြင်လိုက်ရသောအခါ ခရစ္စတီမှာ ရုတ်တရက် စကားမပြောနိုင်ဘဲ ကြောင်အမ်းအမ်း ဖြစ်လျက်ရှိလေ၏။

'ဘယ်လိုလဲ၊ ဝတ်စားလာလိုက်တာ ကြော့နေတာပဲ၊ အပြင် သွားစရာ ရှိလို့လားဟင်'



www.burmeseclassic.com

www.burmeseclassic.com

'သွားစရာရှိလို့ပေါ့ကွ၊ လူနာတွေ သွားကြည့်ရမယ်လေ'

အင်ဒရူး၏ အသံမှာ မြူးကြွနေပေသည်။

'ဘယ်လို သဘောရလဲ၊ တို့ ဝတ်စုံ မလှဘူးလား'

'လှပါတယ်'

ခရစ္စတီက မြန်မြန်ဆန်ဆန် အဖြေမပေးသဖြင့် သူ့စိတ်ထဲတွင် ကသိကအောက် ဖြစ်သွားလေသည်။

'ရှင် အခုလို ဝတ်ထားတော့ သိပ်ကို ကြည့်လို့ ကောင်းတာပဲ၊ ဒါပေမဲ့'

ခရစ္စတီက ပြုံး၍ သူမ၏ စကားကို ဆက်သည်။

'ဒါပေမဲ့ အရင်ကလို လူပုံ ရိုးရိုးအေးအေး အင်ဒရူးနှင့်တော့ မတူတော့ဘူးနော်'

'ဒါပေါ့ ဒါပေါ့၊ မင်းက ငါ့ကို တေလေကြမ်းပိုးလို မြင်ပြီး တေလေကြမ်းပိုးလို ထားခဲ့တာပဲကွ'

ခရစ္စတီသည် ငြိမ်ဆိတ်သွားလေ၏။ ကော်ဖီပန်းကန်ကို ကောက်ယူလိုက်သည့် သူမ၏ လက်များမှာ တုန်ယင် လှုပ်ရှားလျက် ရှိလေ၏။

'ကဲ မှတ်ကရော၊ ငါ ပြောလိုက်တာ ထိသွားပြီ၊ အနာပေါ် တုတ်ကျသလို ဖြစ်သွားပြီ မဟုတ်လား' ဟု အင်ဒရူးက ကျိတ်၍ တွေးသည်။ သူသည် ခရစ္စတီအား စကား တစ်ခွန်းတလေမှပင် အဖက်လုပ်၍ မပြောတော့ဘဲ နံနက်စာကို သူ့ဘာသာသူ တစ်ဦးတည်း ငြိမ်ဆိတ်စွာ စားပြီးလျှင် ဆေးခန်းထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားလေတော့၏။

ငါးမိနစ်ခန့် အကြာတွင် ခရစ္စတီသည် အင်ဒရူး၏ ရှေ့မှောက်သို့ ရောက်လာလေ၏။ လည်ပင်းမှ မာဖလာပင် မဖြုတ်ခဲ့သေးပေ။ သူမ၏ မျက်လုံး အစုံသည် ညိုးမှိန်လျက်၊ ဖျော့တော့လျက် ရှိပြီး ဝမ်းနည်းသည့် အသွင်၊ တောင်းပန် တိုးလျှိုးသည့် အရိပ်အယောင်များကို ဖော်ပြလျက် ရှိလေသည်။

'အင်ဒရူးရယ်၊ ခရစ္စတီ အပေါ်မှာတော့ အထင် မလွဲစေချင်ဘူး၊ ရှင် အခုလို ဝတ်စုံသစ် ဝတ်ထားတာ မြင်ရတော့ သိပ် ဝမ်းသာတာပဲ၊ ယုံပါ၊ ကျွန်မလေ ကမ္ဘာပေါ်မှာ အကောင်းဆုံး ဆိုတဲ့ ပစ္စည်းမှန်သမျှကို ရှင် သုံးနေရင် ရှင် ပိုင်ဆိုင်နေရင် ကျွန်မ ကျေနပ်တာ အမှန်ပါ၊ စောစောက ကျွန်မ ပြောခဲ့တာဟာ ရိုးရိုးသားသား ပြောတာပါ၊ တောက်တောက်ပြောင်ပြောင် ဝတ်စားထားတာ ကျွန်မ မြင်နေကျ တွေ့နေကျ မဟုတ်တော့ မျက်စိထဲမှာ တစ်မျိုးဖြစ်နေလို့ ပြောလိုက်မိတာပါ၊ အိုလေ၊ ရှင် နားလည်အောင် ကျွန်မ ဘယ်လိုပြောရမှန်း မသိတော့ပါဘူး၊ ကျွန်မ ရှင့်ကို မြင်ထားတာက၊ အို ကျွန်မ မပြောတတ်တော့ပါဘူး၊ အရေးကြီးတာက ကျွန်မ အပေါ်မှာ အထင် မလွဲဖို့ပါပဲ၊ ကျွန်မကိုတော့ အထင် မလွဲပါနှင့် အချစ်ရယ်၊ ကျွန်မ အနေနှင့် ရှင့်အပေါ်မှာ...'

ခရစ္စတီက ဤမျှလောက် ရှင်းပြနေသော်လည်း အင်ဒရူးကမူ စိတ်ပြေသည့် လက္ခဏာ မပြချေ။

သူမ၏ အပေါ်တွင် ရတ်တရက် ချက်ချင်း မပျောက်နိုင်လောက်အောင် အထင်အမြင် လွဲနေသည့် အင်ဒရူး၏ ပြောင်းလဲမှုကို ခရစ္စတီမှာ နားလည်နိုင်အောင် ဖြစ်လျက် ရှိရှာလေ၏။ အင်ဒရူး၏ သဘောထားကို စဉ်းစားရခက်သည်နှင့်အမျှ သူမ၏ အသည်းနှလုံးထဲမှ ထူးထူးခြားခြား နာကျင်ခြင်း ဝေဒနာကို ခံစားရရှာလေ၏။ ယခုလို အထင်အမြင် လွဲမှားမှုမျိုးကို ပြေပျောက်သွားအောင် ဘယ်လို ပြုရ ပြောရမှန်းလည်း မသိရှာပေ။ သူမသည် အင်ဒရူး၏ တုံ့ပြန်မှုကို စောင့်မျှော်ရင်း အတန်ကြာမျှ ရပ်နေသေးသော်လည်း အင်ဒရူး နှုတ်မှ ဘာသံမှ ထွက်ပေါ်မလာသည့်အခါ အသာအယာပင် လှည့်ထွက်သွားလေ၏။

ရက်သတ္တ သုံးပတ်ခန့် အကြာတွင် မစ္စ အဲဗားရက်၏ တူမ မစ္စက်ဆတ်တန်သည် လန်ဒန်၌ ရက်အတန်ကြာမျှ နေထိုင်ရန် ရောက်လာလေသည်။ ရောက်ပြီး နောက်တစ်ရက်မှာပင် မစ္စက် ဆတ်တန်သည် အင်ဒရူးအား ခေါ်လေ၏။ ကုသပေးရသည့် ရောဂါကတော့ သူမ၏ အဒေါ် မစ္စ အဲဗားရက်လို အအေးမိသော နှာစေး ချောင်းဆိုး ရောဂါမျိုးပင် ဖြစ်ပေသည်။ ယခု တစ်ကြိမ်တွင်မူ ကလစ်ကတ် ကုမ္ပဏီမှ ထုတ်လုပ် ရောင်းချသည့် အက်ပတုန့်ဆေး၏ အသုံးမကျမှုကို အင်ဒရူး သတိမပြုမိတော့ချေ။

အင်ဒရူးမှာ ဆက်တိုက် ကံလိုက်လာသည်ဟု ဆိုရမည် ထင်၏။ ထိုလ မကုန်မီမှာပင် မစ္စ အဲဗားရက်၏ မိတ်ဆွေ တစ်ဦးက ပင့်ပြန်လေသည်။ လူနာမှာ မစ္စ အဲဗားရက်လိုပင် ပတ်ဂါးဒင်းရပ် တိုက်ခန်း တစ်ခန်း၌ နေထိုင်သူ ဖြစ်ပေသည်။

အင်ဒရူး၏ စိတ်နေ စိတ်ထားသည် သိသိသာသာကြီး ပြောင်းလဲလျက် ရှိလေပြီ။ သူ့ကိုယ်သူ အောင်မြင်ပြီးရင်း အောင်မြင်ရင်း ဖြစ်လျက်ရှိပြီဟု ယုံကြည်နေပြီ ဖြစ်၏။ အောင်မြင်မှုနှင့် ကျော်ကြားမှုကို ရလိုသော



www.burmeseclassic.com

www.burmeseclassic.com

ဆန္ဒ ပြင်းပြမှုကြောင့် သူ ယခု လုပ်ကိုင်နေသမျှသည် ယခင်က သူ ထားရှိခဲ့သည့် သူ၏ ယုံကြည်ချက်များနှင့် များစွာ ဆန့်ကျင်လျက် ရှိနေကြောင်းကို လုံးဝ သတိမပြုမိတော့ချေ။ သူသည် ဘဝင်မြင့်စ ပြုလာပြီ ဖြစ်၍ အောက်ခြေလည်း လွတ်စ ပြုလေပြီ။

သူ၏ ပုံပန်းမှာ ယခင်ကနှင့် မတူတော့ဘဲ တစ်မူ ပြောင်းလာသည်။ ယုံကြည်မှု အပြည့်အဝနှင့် အမြဲတမ်း တက်ကြွ ရွှင်မြူးလျက် ရှိ၏။ ယခုလို အထက်တန်းလွှာ လူတန်းစားများ၏ လက်သုံးတော် ဆရာဝန် တစ်ဦး ဘဝသို့ ရောက်မှန်းမသိ ရောက်လာခြင်းသည် မတ်ဆဲဘား ဈေးအနီးရှိ သားငါးရောင်းသည့် ဆိုင်မှ သာမည ဈေးသည် ဂျာမန် အမျိုးသမီးကြီး တစ်ဦး၏ ကူညီ စောင့်ရှောက်မှုကြောင့် ဖြစ်သည် ဟူသော အချက်ကိုပင် မေ့သွားလေပြီ။

အင်ဒရူး တစ်ယောက် ယင်းကဲ့သို့ သူ့ဘဝ သူ မေ့နေခိုက်မှာပင် အလွန် ကောင်းသည့် အခွင့်အရေး တစ်ခုသည် သူ့လက်တွင်းသို့ မမျှော်လင့်ဘဲ ရောက်လာပြန်လေ၏။

ဖွန်လ၏ တစ်ရက်သော မွန်းလွဲပိုင်း နှစ်နာရီနှင့် လေးနာရီကြားတွင် အင်ဒရူးသည် သူ့ ဆေးခန်းထဲ၌ ထိုင်၍ လွန်ခဲ့သော လက ရခဲ့သည့် ဝင်ငွေများကို တွက်ချက်နေခိုက် တယ်လီဖုန်းသံ စူးစူးရှရှ ပေါ်လာသည်။ သူသည် တယ်လီဖုန်းကို ကောက်ကိုင်လိုက်လေ၏။

'ဟုတ်ကဲ့... ဟုတ်ကဲ့၊ အခု စကားပြောနေတာ ဒေါက်တာ မေဆန်ပါ'

တစ်ဖက်မှ ပြင်းပြင်းထန်ထန် တုန်ယင် လှုပ်ရှား ချောက်ချားနေသော အသံ တစ်သံ ပေါ်လာသည်။

'အို ဒေါက်တာ မေဆွန်၊ ခင်ဗျား အသံ ကြားလိုက်မှပဲ စိတ်အေးသွားတော့တယ်၊ အခု စကားပြောနေတာ မစ္စတာ ဝင့်ချ်ပါ၊ လော်ရီးယားဆိုင်က မစ္စတာ ဝင့်ချ်ပါ၊ ကျွန်တော်တို့ ဆိုင်မှာ ဖောက်သည် တစ်ယောက် ဈေးဝယ်လာရင်းနှင့် ဘာဖြစ်သွားမှန်း မသိလို့ ဒေါက်တာ လာကြည့်ပေးနိုင်မလား၊ အခု ချက်ချင်း လာစေချင်ပါတယ် ဒေါက်တာ၊ လာနိုင်မလား'

'ကျွန်တော် လေးမိနစ် အတွင်း အရောက်လာခဲ့ပါ့မယ်'

အင်ဒရူးသည် လက်ထဲမှ တယ်လီဖုန်းကို ကပျာကယာ ချထားလိုက်ပြီး ဦးထုပ်ကို အပြေးအလွှား ဆွဲ၍ ဆောင်းကာ ထွက်လာခဲ့သည်။ အပြင်ရောက်လျှင် ရောက်ချင်း တွေ့ရသည့် အမှတ် ၁၅ ဘတ်စကားပေါ်သို့ အပြေးအလွှားပင် ခုန်တက်၍ လိုက်လာခဲ့၏။ လေးမိနစ်ခန့်တွင် သူသည် လော်ရီးယားဆိုင် တံခါးကို တွန်းဖွင့်ကာ ကသောကမျော ဝင်လာခဲ့လေ၏။

ပူပင်သောက မကင်းသည့် မျက်နှာဖြင့် စောင့်မျှော်နေသော မစ္စ ကရင့်[illegible] က သူ့အား ဆီးကြို၍ ခေါ်သွားသည်။ နှစ်ယောက်သား အတူ သွားနေရင်းမှာ[illegible] အဖြစ်အပျက်ကို မစ္စ ကရင့်က ပြောပြသွားလေသည်။

'ဖြစ်တာက မစ္စ လီရှိုင်း ဆိုတဲ့ အမျိုးသမီးပါ ဒေါက်တာ မေဆန်၊ [illegible]ျွန်မတို့ ဆိုင်ရဲ့ ဖောက်သည် တစ်ဦးပေါ့၊ ကျွန်မရဲ့ ကိုယ်ပိုင် ဖောက်သည် [illegible]ဟုတ်လို့ တော်ပါသေးရဲ့ ဒေါက်တာရယ်၊ ဒီလိုပဲ မစ္စ ရှိုင်းဟာ အမြဲ ဒုက္ခ[illegible]ေးတတ်တယ်၊ ကျွန်မကလည်း ဒေါက်တာ့ အကြောင်း မစ္စတာ ဝင့်ချ်ကို [illegible]ပြောပြထားမိတော့ သူက'

'ကျေးဇူးတင်တယ်'

အင်ဒရူးက သူ့ပင်ကို အကျင့်အတိုင်း တိုတိုတောင်းတောင်း ပြန်ပြော[illegible]ပြီးမှ 'ဘယ်လို ဖြစ်တာလဲ' ဟု တစ်ဆက်တည်း မေးသည်။

'အကျီတိုင်းတဲ့ အခန်းထဲမှာ ရုတ်တရက် မူးမေ့ လဲကျသွားတယ်လို့ [illegible]င်တာပဲ'

ဆိုင်အတွင်းဘက် လှေကားထိပ်မှ ရပ်၍ အသင့် စောင့်ကြိုနေသော [illegible]စ္စတာ ဝင့်ချ်သည် အင်ဒရူးနှင့် ဆုံမိလျှင် ဆုံမိချင်း 'ဒီဘက်ကို ကြွပါ [illegible] ဒေါက်တာ၊ ကြည့်ပြီး လုပ်ပေးပါဦးဗျာ' ဟု ညည်းညည်းညူညူ ပြောလေသည်။

အကျီတိုင်းသည့် အခန်းထဲဝယ် မိန်းကလေး တစ်စုသည် တီးတိုး တီး[illegible]နှင့် စကားပြောလျက် ရှိကြလေ၏။ ကုလားထိုင် တစ်လုံးသည် ကျွမ်းထိုး[illegible]က်ခုံ လဲပြိုလျက် ရှိကာ မျက်နှာသုတ်ပဝါ တစ်ထည်မှာ ကော်ဇောပေါ[illegible]် ကျလျက် ရှိ၏။ ဖန်ခွက် တစ်လုံးမှ ဖိတ်စဉ်ထားဟန်တူသော ရေများ[illegible]ည် ကော်ဇောပေါ်တွင် စိုရွှဲလျက် ရှိလေ၏။

မစ္စ ရှိုင်း ဆိုသည့် အမျိုးသမီးကား အခန်း အလယ်တွင် လဲကျကာ [illegible]မေ့လျက် ရှိပေသည်။ သူမသည် ကြမ်းပြင်ပေါ်တွင် တောင့်တောင့်ကြီး [illegible]လျက် ရှိ၏။ သူမ၏ လက်များမှာ ကွေးကောက်နေသည်။ လက်သီးများကို [illegible]အားကုန် ဆုပ်ထားသည်။ ခြေချောင်းများမှာ တောင့်လျက် ရှိ၏။ အလွန် [illegible]င်းကျပ်နေဟန် တူသော သူမ၏ လည်ချောင်းထဲမှ ချွဲသံသည် တစ်ချက်[illegible]င်ချက် ပေါ်ထွက်လာလျက် ရှိလေသည်။

မစ္စတာ ဝင့်ချ်နှင့် အင်ဒရူးတို့ အခန်းတွင်းသို့ ဝင်သွားချိန်တွင် မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးများထဲမှ အသက် ခပ်ကြီးကြီး တစ်ဦးသည် မျက်ရည်လည်ရွဲနှင့် ငိုယို လျက် ရှိသည်ကို တွေ့ရသည်။

'ကျွန်မ သူ့ကို ဘာမှ မလုပ်ပါဘူး၊ အခု ဖြစ်တာ သူ့ဘာသာသူ ဖြစ် တာပါ၊ ကျွန်မက မစ္စ လီရှိုင်း ရွေးထားတဲ့ အင်္ကျီကို ပြနေတုန်းမှာ...'

မိန်းကလေးသည် စကားကို ဆုံးအောင် မပြောနိုင်ဘဲ ငိုကြွေးလျက် ရှိပြန်၏။

'ဒီလို ဖြစ်တာ မကောင်းဘူး၊ မကောင်းဘူး၊ ဖြစ်မှ ဖြစ်ရလေ ကျွန်တော် လူနာတင်ယာဉ် ခေါ်လိုက်ရမလား ဒေါက်တာ'

မစ္စတာ ဝင့်ချ်ကတော့ တညည်းညည်းတညူညူ လုပ်လျက် ရှိပြန် သည်။

'အခု မလိုသေးပါဘူး၊ မခေါ်ပါနှင့်ဦး'

အင်ဒရူးက လှမ်း၍ အဖြေပေးလိုက်ပြီး မစ္စ လီရှိုင်း၏ ဘေးတွင် ထောက်၍ ထိုင်ချလိုက်ကာ စမ်းသပ် ကြည့်လေ၏။

မစ္စ လီရှိုင်းသည် အသက် ငယ်ငယ်ပင် ရှိသေးသည်။ အလွန်ဆုံး ပါမှ နှစ်ဆယ့်လေးနှစ်ခန့်သာ ရှိမည်ဟု ခန့်မှန်းရ၏။ မျက်လုံးပြာပြာနှင့် သား ကဲ့သို့ နူးညံ့ ပျော့ပျောင်းလှသော ဆံပင်များသည် ဖရိုဖရဲ ဖြစ်ကာ မျက် နှာကို ဖုံးအုပ်လျက်ရှိ၏။ သူမ၏ တစ်ကိုယ်လုံးမှာ တောင့်တင်းကာ အကြော ဆွဲလျက် ရှိလေသည်။

မစ္စ လီရှိုင်း၏ တစ်ဖက်သော ဘေးတွင် ဒူးထောက်ထိုင်ကာ ငုံ့ကြည့် နေသော မျက်လုံး အနက်ရောင်နှင့် အမျိုးသမီးသည် လီရှိုင်း၏ အဖော်ဖြစ် ဟန် တူပေသည်။ သူမ၏ နှုတ်မှ 'ဟော့ တော့ပီ၊ တော့ပီ' ဟု မစ္စ လီရှိုင်း၏ အမည်ကို ခေါ်လျက်ရှိ၏။

'အခန်းကို ရှင်းပေးစမ်းပါ'

အင်ဒရူးက လှမ်းပြောသည်။

'အခန်းထဲမှာ လူတစ်ယောက်မှ မရှိရင် အကောင်းဆုံးပဲ၊ ဟော အမျိုးသမီး တစ်ယောက်က လွဲပြီး အားလုံး အပြင် ထွက်ပေးကြပါလား'

မိန်းကလေးများသည် မထွက်ချင် ထွက်ချင်နှင့် ထွက်သွားကြသည်။ မစ္စတာ ဝင့်ချ်နှင့် မစ္စ ကရင့်တို့ပင်လျှင် အခန်းထဲ၌ မနေရစ်ကြတော့ပေ။ သူတို့ လူစု ထွက်သွားချိန်တွင် မစ္စ လီရှိုင်း၏ အကြောဆွဲပုံမှာ ပို၍ ပြင်းထန် ဆိုးရွားလာလေသည်။





'အတော် ပြင်းထန်တဲ့ ဝေဒနာ တစ်ခုပဲ'

အင်ဒရူးက အမျိုးသမီးအား လှမ်းပြောသည်။ မစ္စ လီရှိုင်း၏ မျက် လုံးများသည် ချာချာလည်လျက် ရှိ၏။

'ကျေးဇူးပြုပြီး ကုလားထိုင် တစ်လုံး ယူပေးစမ်းပါ'

အမျိုးသမီးသည် လဲကျနေသော ကုလားထိုင်ကို မယူပြီး အခန်းအလယ် တွင် ချထားပေးသည်။ အင်ဒရူးသည် မစ္စ လီရှိုင်းအား ချိုင်းမှ ဖြည်းဖြည်း သာသာ မယူလိုက်ပြီး ကုလားထိုင်ပေါ်သို့ အသာအယာ တင်ပေးသည်။ သူမ ၏ ဦးခေါင်းကိုလည်း အသာ ထိန်း၍ တည့်မတ်ပေးသည်။

အင်ဒရူးသည် မစ္စ လီရှိုင်း၏ ပါးတစ်ဖက်ကို ပုတ်ပေးသည်။ အရေး ဆဲ လူနာ တစ်ယောက်ကို အလျင်အမြန် စမ်းသပ် စစ်ဆေးပြီး မြန်မြန်ဆန် ဆန်နှင့် ရဲရဲဝံ့ဝံ့ ဆုံးဖြတ်၍ လုပ်ကိုင်ရသည့် အလုပ်မျိုးကို မလုပ်ရသည်မှာ ကာပြီ ဖြစ်သော်လည်း ယခုလို ကြုံလာရသည့်အခါ သူ၏ လုပ်ပုံ ကိုင်ပုံမှာ ယခင်က အတိုင်းပင် ရဲဝံ့ သွက်လက်လှပေသည်။

မစ္စ လီရှိုင်း၏ ရှုံ့ကျုပ်သံသည် လည်းကောင်း၊ အကြောဆွဲခြင်းသည် သည်းကောင်း ချက်ချင်းပင် ရပ်သွားလေသည်။ စောစောက လည်နေသော မျက်လုံး အစုံသည်လည်း အကောင်းပကတိ ပြန်ဖြစ်သွားလေ၏။

သူမသည် အင်ဒရူးအား ပြူးတီး ပြူးကြောင်နှင့် ငေးမော ကြည့်ရှု နေသည်။ သူမ ဘာဖြစ်ခဲ့သည်ကို သိဟန်မတူပေ။ သူမ၏ အကြည့်မှာ ငေး ငေးကြောင် နိုင်လှ၏။ အင်ဒရူးသည် သူမ နောက်ထပ် ဘာမှ မဖြစ်သေး ကျန်သော ပါးတစ်ဖက်ကို ခပ်ပြင်းပြင်း ပုတ်ပေးပြန်လေသည်။

ဝေဒနာကို ပြင်းစွာ ခံစားနေရကြောင်း မစ္စ လီရှိုင်း၏ မျက်နှာက အထင်အရှား ဖော်ပြလျက် ရှိ၏။ သူမ၏ မျက်နှာမှာ ရှုံ့မဲ့ကာ ရွဲ့စောင်းနေ သည်။ တစ်ကိုယ်လုံးမှာလည်း ဆိုးဆိုးဆတ်ဆတ် တုန်ယင် လှုပ်ရှားလျက် ရှိ၏။ နောက်တစ်ဖန် ထပ်၍ ရှုံ့ကျုပ်သံ ထွက်လာဦးတော့မလို ဖြစ်နေပြီးခါမှ ဖြည်းဖြည်းချင်း ငိုရှိုက်သံ တိုးတိုး ညင်းညင်းကလေး ထွက်လာသည်။ သူမ သည် သူမ၏ မိတ်ဆွေ အမျိုးသမီးဘက်သို့ လှည့်၍ အားရပါးရ ငိုချလိုက် လေ၏။

'ကျွန်မ အိမ်ပြန်ချင်တယ်'

အင်ဒရူးသည် မစ္စ လီရှိုင်း၏ မိတ်ဆွေ အမျိုးသမီးကို အားတုံ့ အားနာ ဖြစ်သော အမူအရာဖြင့် ကြည့်နေမိ၏။ အမျိုးသမီးကမူ သူ့အား အလွန် ဝိတ်



www.burmeseclassic.com

www.burmeseclassic.com


ဝင်စား၍ လေးစားသော အကြည့်မျိုးဖြင့် ကြည့်လျက် ရှိပေသည်။

'ဆောရီးပဲ၊ ကျွန်တော် အခုလို လုပ်လိုက်ရတာ ဝမ်းနည်းပါတယ်။ ဒါပေမဲ့ ချက်ချင်း ကောင်းသွားအောင် လုပ်နိုင်တဲ့နည်းက ဒီတစ်နည်းပဲ ရှိတယ်၊ ဖြစ်တဲ့ဟာက အလွန်ဆိုးတဲ့ ဟစ္စတီးရီးယား တစ်မျိုးပဲ၊ ဒါမျိုးဟာ သူ့ကိုယ်သူ အန္တရာယ် ပြန်ပေးတတ်တယ်၊ ကျွန်တော့်မှာက ထုံဆေးလည်း မပါ။ တခြား သင့်တော်တဲ့ ဆေးလည်း ဘာမှ မပါလာလို့ ဒီနည်းကို သုံးလိုက်ရတာပါ၊ ဘာပဲဖြစ်ဖြစ်လေ လောလောဆယ်တော့ အဆင်ပြေသွားပါတယ်'

'ဟုတ်ပါတယ်၊ တော်ပါသေးရဲ့၊ ချက်ချင်းကို သက်သာသွားတာပဲ'

'ငိုတာတော့ ငိုပါစေ၊ အခုလို ငိုချလိုက်ရင် ပိုပြီး ကောင်းသွားနိုင်တယ်၊ မကြာခင် ကောင်းသွားမှာပါ'

'နေပါဦး ဒေါက်တာ'

အင်ဒရူး ထမည် အလုပ်တွင် အမျိုးသမီးက လျင်မြန်စွာ တားသည်။

'ဒေါက်တာ သူ့ကို အိမ်အထိ လိုက်ပြီး ကြည့်ပေးစေချင်ပါတယ်'

'ရပါတယ်၊ လိုက်တာပေါ့'

အင်ဒရူး၏ အသံမှာ တည်ငြိမ် အေးဆေးလှပေသည်။

ငါးမိနစ်ခန့် အတွင်းမှာပင် တော့ပီ လီရှိုင်း၏ မျက်နှာသည် ကြည်လင် လန်းဆန်းလာသည်။ ပင်ကို မျက်နှာမျိုး ဖြစ်လာပြန်သည်။ အမှန်တော့ မရပ်မနား ငိုချလိုက်သည့် အရှိန်ကြောင့် အကြောအခြင် ပြေကာ ချက်ချင်း ပြန်ကောင်းသွားခြင်းပေတည်း။

'မျက်နှာက သိပ်ပြီး ကြည့်လို့များ ဆိုးနေမလား'

မစ္စ တော့ပီ လီရှိုင်းက သူ့အဖော် အမျိုးအမီးအား တိုးတိုးညင်းညင်း လှမ်းမေးသည်။ အင်ဒရူးဘက်ကိုတော့ မလှည့်ပေ။ အင်ဒရူး တစ်ယောက် အနီးတွင် ရှိနေသည်ဟုပင် အသိအမှတ် ပြုပုံ မရချေ။

သူတို့ သုံးဦး အခန်းထဲမှ ထွက်လာကြသည့်အခါ အပြင်မှ တမျှော်မျှော် တစောင့်စောင့် ဖြစ်နေကြသော လူစုသည် အံ့အားသင့်လျက် ရှိကြလေ၏။ အံ့ဩခြင်းနှင့် စိတ်သက်သာရာ ရခြင်းတို့ကြောင့် မစ္စတာ ဝင့်ချ် ခမျာ စကားပင် ဖြောင့်တန်းစွာ မပြောနိုင်ပေ။

မစ္စတာ ဝင့်ချ်သည် မစ္စ လီရှိုင်း ဘာက စ၍ ဘယ်လို ဖြစ်သွားမှန်း ဂဃနဏ သိခဲ့သူ မဟုတ်ပေ။ အကြောဆွဲသလို လေဖြတ်သလို ဖြစ်ကာ ခြေပစ် လက်ပစ် လဲကျနေသော လူတစ်ယောက်က မိနစ် အနည်းငယ်မျှအတွင်း ယခုလို ထ၍ လမ်းလျှောက်လာသည်ကို မြင်တွေ့လိုက်ရသော အခါ အံ့အားကြီးသင့်လျက် ရှိလေ၏။ ဝမ်းသာအားရနှင့် အင်ဒရူးနောက်မှ ကပ်လိုက်ကာ ကျေးဇူးတင် စကားကိုသာ ထပ်မနား ပြောကြားလျက် ရှိ၏။ သို့သော်လည်း သူ့နှုတ်ဖျားမှ ထွက်လာနေသည့် စကားလုံးများမှာ ပီသ သဲကွဲခြင်း မရှိသဖြင့် သူ ဘာတွေ ပြောနေ ဆိုနေမှန်း မည်သူမှ နားမလည်ကြပေ။

ဆိုင်အဝင် အပြင် တံခါးမကြီးရှေ့ ရောက်သောအခါ မစ္စတာ ဝင့်ချ်သည် အမျိုးသမီး နှစ်ဦးနောက်မှ လျှောက်သွားနေသော အင်ဒရူး၏ လက်နှစ်ဖက်ကို ကသောကမျော ဆွဲကာ လှုပ်လှုပ်လှဲလှဲ တလေးတစားနှင့် လှုပ်ခါလျက် ရှိလေ၏။

အငှားယာဉ်သည် ဘေးဝါးတား လမ်းမကြီး အတိုင်း လိုက်၍ မာဘယ်အတ် ဘက်သို့ ဦးတည်ကာ အပြေးအလွှား သွားလျက် ရှိသည်။ သုံးဦးသား စကား တစ်ခွန်းတလေမှပင် မပြောမိကြဘဲ ငြိမ်ငြိမ်ဆိတ်ဆိတ် လိုက်ပါလာကြသည်။ မစ္စ တော့ပီ လီရှိုင်းမှာမူ အပြစ် တစ်ခုခုကို ကျူးလွန်မိ၍ အပြစ်ပေးခံရသည့် ကလေးငယ် တစ်ဦးပမာ ကုပ်ကုပ်ရုပ်ရုပ် ဖြစ်လျက် ရှိ၏။ သူမ၏ လက်များသည် ယခုအချိန်ထိ တစ်ချက်တလေ ဆိုးခနဲ ဆတ်ခနဲ လှုပ်ဆဲပင် ဖြစ်၏။ မျက်နှာပေါ်ရှိ အကြောများမှာလည်း တစ်ချက် တစ်ချက် ဆွဲလျက်ပင် ရှိသေး၏။

မည်သို့ပင်ဖြစ်စေ သူမ၏ အခြေအနေသည် စောစောကထက် ကောင်းမွန်လာပြီ ဖြစ်၏။ သူမသည် ပိန်ပိန်ပါးပါးနှင့် တစ်မျိုး လှသူပင် ဖြစ်ပေသည်။ သူမ၏ အဝတ်အစားများမှာ ကြွကြွရွရွနှင့် ကြည့်၍ ကောင်းလှပေသည်။

အင်ဒရူးသည် မစ္စ လီရှိုင်း၏ အခြေအနေကို တစေ့တစောင်း အကဲခတ်ရင်းက ယခု ကြုံလာရသည့် အဖြစ်သည် သူ့အတွက် အကွက်ကောင်း တစ်ခု ဖြစ်လိမ့်မည်ဟု တွေးနေမိ၏။ ယခု ရလာသည့် အကွက်ကိုတော့ သူ အကျိုး ရှိရာရှိကြောင်း အတွက် အပြည့်အဝ အသုံးချမည်ဟုလည်း ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်လေ၏။

မော်တော်ကားသည် မာဘယ် အဝိုင်းကြီးကို ကွေ့ပတ်၍ ဟိုက်ဒပတ် လမ်းမကြီး အတိုင်း လိုက်ကာ ဘယ်ဘက်သို့ ချိုးဝင်ပြီး ဂရင်းလမ်းထဲရှိ အိမ် တစ်လုံး ရှေ့တွင် ရပ်သည်။ ထို့နောက် သုံးဦးစလုံး အိမ်ထဲသို့ ရောက်သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်၏ အပြင်အဆင် အမွမ်းအမံများကို ကြည့်၍ အင်ဒရူးမှာ အသက်ရှူ မှားမတတ် ဖြစ်လျက် ရှိလေသည်။ ဤမျှလောက် ခမ်းနား ထည်ဝါ၍ ဤမျှလောက် အဖိုးတန်သော အလှအပ ပစ္စည်းများနှင့် တန်ဆာဆင်ထားသည့် အိမ်မျိုးကို ယခင်က တစ်ကြိမ်မှ သူ မတွေ့ခဲ့ဖူးသေးပေ။ နူးညံ့သော ထင်းရှူးသားများဖြင့် ပြီးသည့် ခန်းမကြီး၊ အရောင်အသွေး လှပလွန်းသည့် ကျောက်စိမ်းများဖြင့် တန်ဆာဆင်ထားသော ဧည့်ခန်း ဗီရို၊ လှပ ဆန်းကြယ်စွာ ခြယ်လှယ်ထားသည့် တံခါး မှန်ကူကွက်များ၊ ရွှေရောင် ကနုတ်ပန်းများဖြင့် အကွက် ဖော်ထားသည့် ကုလားထိုင်များ၊ အရောင်ဖျော့ဖျော့ သားရေကော်ဇောများ။ ဧည့်ခန်းထဲ၌ ခင်းကျင်းထားသည့် ပစ္စည်း အားလုံးမှာ အဖိုးထိုက် အဖိုးတန်ချည်း ဖြစ်၏။ အင်ဒရူး အဖို့တော့ ရင်သပ်ရှုမော အံ့သြဖွယ်ရာချည်းပင်တည်း။

တော့ပီ လီရှိုင်းသည် အခန်းထဲ ရောက်လျှင် ရောက်ချင်း ဆိုဖာ တစ်ခုပေါ်သို့ ခြေပစ် လက်ပစ် ထိုင်ချလိုက်သည်။ အင်ဒရူး ပါလာသည်ကို လုံးဝဂရုမစိုက်ဘဲ သူ့ခေါင်းမှ ဦးထုပ်ကို ခပ်ကြမ်းကြမ်း ဆွဲချွတ်ကာ ကြမ်းပေါ်သို့ ပစ်ပေါက် လွှင့်ပစ်လိုက်လေ၏။

'လူခေါ်ဘဲလ် နှိပ်လိုက်စမ်းပါ၊ တစ်ခုခုတော့ သောက်မှ ဖြစ်မှာဘုရားမလို့ ဖေဖေ အိမ်မှာ မရှိဘူး၊ တော်ပါသေးရဲ့'

ခဏအတွင်းမှာပင် ယောကျ်ား အစေခံ တစ်ယောက် အရက် လင်ဗန်းနှင့် ဝင်လာသည်။ အစေခံ ထွက်သွားသည့် အခါတွင် တော့ပီ လီရှိုင်း၏ အဖော် အမျိုးသမီးက အင်ဒရူးအား စိတ်ဝင်စားသည့် လက္ခဏာဖြင့် စူးစူးစိုက်စိုက် ကြည့်နေရာမှ ပြုံးလိုက်လေသည်။

'ကိုယ့်အကြောင်း ကိုယ်တိုင် ပြောပြီး ဒေါက်တာနှင့် မိတ်ဆက်ရတော့မှာပဲ၊ ဆိုင်မှာတုန်းက ရတ်ရတ်သဲသဲနှင့်မို့ စကား ပြောဖို့တောင် အချိန်မရဘူး၊ ကျွန်မက မစ္စက် လောရင့်၊ သူက တော့ပီ၊ မစ္စ တော့ပီ လီရှိုင်း၊ အနုပညာ အသင်း ရန်ပုံငွေ ကပွဲမှာ ဝတ်ဖို့ အတွက် သူ့ စိတ်တိုင်းကျ ဝတ်စုံသွားအပ်တာလေ၊ သူက ဒီလိုပဲ၊ သူ လုပ်ချင်မိရင် သိပ်ပြီး အလောသုံးဆယ်နိုင်တယ်၊ စိတ်ကလည်း အလွန်တိုတယ်၊ အခု ကြည့်ပါလား၊ သူကပဲ ဒေါက်တာ့ကို စိတ်ကောက်သလို လုပ်နေတယ်၊ ဒါပေမဲ့ ကျွန်မတို့ကို အိမ်အရောက် ပို့ပေးတဲ့ အတွက် ဒေါက်တာ့ ကျေးဇူးက ရှိနေတယ် မဟုတ်လား၊ အရက် တစ်ခွက်လောက်တော့ ထပ်ယူဦးမှ'





'တော့ပီကိုလည်း တစ်ခွက်လောက် လုပ်ပါဦး၊ ထပ်သောက်ချင်သေးတယ်' ဟု တော့ပီက ဝင်ပြောသည်။

'လော်ရီးယားဆိုင်က အသုံးမကျတဲ့ အရောင်းသမ ကောင်မကို ဖြုတ်ခိုင်းဖို့ ဖေဖေ့ကို ပြောခိုင်းရဦးမယ်၊ အို မထူးပါဘူး၊ လုပ်မနေပါဘူးလေ'

နောက်ထပ် ရောက်လာသည့် အရက်ခွက်ကို ဖြည်းဖြည်းချင်း အရသာခံ၍ သောက်ရင်းက တော့ပီ မျက်နှာတွင် အပြုံးရိပ် သန်းလာပြန်လေသည်။

'ဘာပဲဖြစ်ဖြစ်လေ သူတို့ဆိုင်က လူတွေ အဖို့တော့ ပြောစရာ သတင်းထူးခံ ရသွားတာပေါ့၊ တော့ပီ ဖြစ်လိုက်တာ တစ်မျိုး ဟန်ကျမသွားဘူးလား၊ အဲဒီ ဂန်ဒူးနှင့် တူတဲ့ မစ္စတာ ဝင့်ချ်ရဲ့ မျက်နှာ မြင်ခဲ့တယ် မဟုတ်လား၊ ဘယ်လောက် ရယ်စရာ ကောင်းသလဲ'

ပြောရင်း ဆိုရင်းနှင့်ပင် အူလှိုက် သည်းလှိုက် ရယ်သည်။ ရယ်နေရာမှ အင်ဒရူးအား တစ်ချက် လှမ်းကြည့်ပြီး 'ရယ်ပါလား ဒေါက်တာ၊ ဘာလို့ မရယ်တာလဲ၊ ဒါ ရယ်စရာပဲဟာ၊ ပိုက်ဆံ ပေးရတာမှ မဟုတ်ဘဲ၊ ရယ်ပေါ့' ဟု ပြောလိုက်လေသည်။

အင်ဒရူးသည် မျက်နှာကို တည်နိုင်သမျှ တည်ထားသည်။

'ကျွန်တော်တော့ အခု ဖြစ်ခဲ့တဲ့ ကိစ္စဟာ သိပ်ပျော်စရာ ကောင်းတဲ့ ကိစ္စလို့ မထင်ဘူး'

အင်ဒရူးက ဆရာဝန် တစ်ယောက် အနေဖြင့် ပြောသင့် ပြောထိုက်သည့် စကားကို တည်တည်မှန်မှန်ဖြင့် ပြောလေ၏။

'ကနေ့ ခင်ဗျား ဖြစ်ခဲ့တာဟာ ပေါ့သေးသေး မဟုတ်ဘူး၊ သိပ်ဆိုးတဲ့ ရောဂါမျိုးပါ၊ ကျွန်တော့်မှာ ဘာဆေး ဘာပစ္စည်းမှ ပါမလာလို့သာ ဖြစ်သလို လုပ်ပေးခဲ့ရတာ၊ တကယ်လို့သာ မေ့ဆေး ပါလာရင် မေ့ဆေး ပေးရမယ့် ကိစ္စပဲ၊ မေ့ဆေးသာ ပေးနိုင်ရင်တော့ ခင်ဗျား အတွက် ပိုကောင်းမှာ၊ ခင်ဗျား ဘာသာ စိတ်တိုင်းမကျလို့ မကျေနပ်လို့ အခုလို ဖြစ်ရတာလို့ မတွေးစေချင်ဘူး၊ ကနေ့ ခင်ဗျား ဖြစ်တာဟာ ဟစ္စတီးရီးယား တစ်မျိုးပဲ၊ အခု ဖြစ်တာဟာ ခဏတာနေ စိတ်ထား မမှန်ကန်မှုကို ဖော်ပြတဲ့ ရောဂါ တစ်မျိုးပါ၊ ဒီဟာမျိုးက အာရုံကြော အားနည်းမှုနှင့် အများဆုံး ဆိုင်တဲ့ ရောဂါပဲ၊ ခင်ဗျားရဲ့ ကျန်းမာရေး အခြေအနေ သိပ်မကောင်းဘူး ဆိုတာကို သတိပြုစေချင်ပါတယ် မစ္စ လီရှိုင်း'

'ဒေါက်တာ ပြောတာ မှန်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

မစ္စက် ဖရန့် လောရင့်က အင်ဒရူး ပြောနေသမျှကို ခေါင်း တဆတ်ဆတ် ညိတ်၍ နားထောင်နေရင်းမှ ဝင်ပြောပြီး တော့ပီဘက်သို့ လှည့်၍ ကြည့်သည်။

'ကျွန်မကို တကယ် မေ့ဆေးပေးမှာလား ဒေါက်တာ'

ဘာကိုမှ မသိနားမလည်သည့် ကလေးငယ် တစ်ယောက်ပမာ တော့ပီက အင်ဒရူးအား မေးနေပြန်သည်။ ပြီးမှ 'မေ့ဆေးသာ ပေးရင်တော့ တစ်မျိုး ပျော်စရာ ကောင်းမှာပဲနော်' ဟု ဆိုလိုက်လေသည်။

'ဒီမှာ တော့ပီ၊ အခု တို့များ ပြောနေကြတာဟာ အရေးကြီးတဲ့ ကိစ္စ တစ်ခုကို တကယ် အလေးအနက်ထားပြီး ပြောနေကြတာ၊ မင်းက ဒါကို ရယ်စရာ လုပ်နေလို့ မဖြစ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် သတိထားဦးမှပေါ့' ဟု မစ္စက် ဖရန့်က ဝင်၍ သတိပေးရပြန်လေ၏။

'အံမယ် ပြောပုံက ဖေဖေ့လေ အတိုင်းပါလား' ဟု ဆိုကာ တော့ပီ၏ မျက်နှာထားသည် ချက်ချင်းပင် တည်သွားသည်။

စကား မပြောကြတော့ဘဲ အားလုံး ငြိမ်ဆိတ်နေကြပြန်သည်။ အင်ဒရူးသည် သူ့လက်ထဲမှ အရက်ခွက်ကို ကုန်အောင် မော့လိုက်ပြီး ဖန်ခွက်ကို စားပွဲပေါ်သို့ ချထားလိုက်၏။ သူ့တွင် ထပ်၍ ပြောစရာ စကား မရှိတော့ပြီ။

'ကဲ ကျွန်တော့်ကို ပြန်ခွင့်ပြုကြပါဦး၊ ကျွန်တော် ပေးတဲ့ အကြံကို တော့ မစ္စ လီရှိုင်း လိုက်နာစေချင်ပါတယ်၊ အစာ ကြေလွယ်တဲ့ အစား အသောက်ကို စားပြီး စောစော အိပ်ရာဝင်ပါ၊ မနက်ဖြန်ကျတော့ ခင်ဗျားတို့ရဲ့ မိသားစု ဆရာဝန်ကို ခေါ်ပြပါ၊ ကဲ ဂွတ်ဘိုင်'

မစ္စက် ဖရန့် လောရင့်သည် အင်ဒရူးအား ခန်းမကြီးထဲ လိုက်ပို့သည်။ အေးဆေး တည်ငြိမ်လွန်းလှသော သူမ၏ အမူအရာကြောင့် အင်ဒရူးသည် ခပ်မြန်မြန် မလျှောက်တော့ဘဲ ခပ်ဖြည်းဖြည်း ခပ်မှန်မှန်ပင် သူမအား စောင့်ရင်း လျှောက်သည်။

မစ္စက် ဖရန့် လောရင့်သည် အရပ်ရှည်၍ ကိုယ်လုံး ကိုယ်ထည် သွယ်လျလျ ရှိသည်။ ရှည်လျား၍ ကျဆင်းပုံ လှပ ပြေပြစ်လှသော လက်မောင်းများနှင့် ခံ့ညားသော ဦးခေါင်းတို့သည် လိုက်လျော ညီထွေ ရှိလှပေသည်။ နက်မှောင် လှပသော ဆံပင်ကို ပြင်ဆင် ထုံးဖွဲ့ထားပုံမှာ ခပ်ဆန်းဆန်း ဖြစ်သဖြင့် မျက်စိထဲတွင် ထူးခြားသလို ဖြစ်နေပေသည်။ သူမ၏ အသက်မှာ နှစ်ဆယ့်ခုနစ်နှစ်ထက်တော့ ပိုလိမ့်မည် မဟုတ်ဟု အင်ဒရူးက တွက်နေမိလေသည်။





နှုတ်ဆက်ရန် သူမ၏ လက်ကို အင်ဒရူးဘက်သို့ ကမ်းပေးရင်းက ကြည့်နေသည့် သူမ၏ မျက်လုံးများသည် ရင်းနှီးလိုသည့် သဘော၊ ခင်မင်လိုသည့် ဆန္ဒကို အထင်အရှားပင် ဖော်ပြနေကြပေသည်။

'ကျွန်မတော့ ဒေါက်တာရဲ့ အရေးပေါ် ကုထုံးကုနည်း အသစ် အပေါ်မှာ အံ့ဩလို့ကို မဆုံးနိုင်အောင် ဖြစ်နေမိပါတယ်၊ ဒီအတိုင်းသာ ဆိုရင် ဒေါက်တာဟာ အောင်မြင် ထင်ရှားတဲ့ ဆရာဝန် တစ်ယောက် ဖြစ်လာဦးမှာပဲ'

အင်ဒရူးသည် ဂရင်းလမ်း အတိုင်း လျှောက်ကာ ဘတ်စကား မှတ်တိုင်ဆီသို့ သွားနေရင်း လက်မှ နာရီကို ကြည့်မိသည်။ ငါးနာရီပင် ထိုးလုနီးပြီကို တွေ့သဖြင့် အံ့ဩနေမိလေသည်။

သူသည် ဤအမျိုးသမီး နှစ်ဦးနှင့် သုံးနာရီကြာမျှ အချိန်ဖြုန်းခဲ့၏။ ဤသုံးနာရီ အတွက်သာ အခကြေးငွေ တောင်းရမည် ဆိုလျှင် ငွေအများကြီး ရနိုင်ပေလိမ့်မည်။

ကံတရားက ပေးလာသော အကွက်ကောင်းကို သူ ကောင်းစွာ အသုံးချနိုင်ခဲ့သည့် အတွက် စိတ်ထဲမှ သူ့ကိုယ်သူ မကျေမနပ် ဖြစ်လာမိပြန်သည်။ မစ္စက် လောရင့်ကတော့ သူ့ကို သဘောကျပုံ ပေါ်၏။ သို့သော် ဤ လူတန်းစားမျိုးမှာ ယုံကြည် စိတ်ချရသည် မဟုတ်ပေ။ အပေါ်ယံ ဟန်ဆောင်မှုများတတ်သဖြင့် ပုံသေတွက်ပြီး ယုံကြည်ရန်မှာ မဖြစ်နိုင်ချေ။

အိမ်ကတော့ တကယ့်ကို ခမ်းနား ထည်ဝါလှသည့် အိမ် တစ်အိမ် ဖြစ်ပေသည်။ မည်မျှ ချမ်းသာသည်ကိုပင် ခန့်မှန်းရ ခက်လှပေသည်။ ချက်ချင်းပင် သူသည် သူ့ကိုယ်သူ ဒေါပွ၍ မဆုံးအောင် ဖြစ်လာသည်။ သူသည် သူ့ အမည်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာ ပါသည့် လိပ်စာ ကတ်ပြား ပေးဖို့ ဆိုထားနှင့် သူ ဘယ်သူဘယ်ဝါ ဖြစ်ပါသည် ဟူသော စကားကိုမျှပင် အမျိုးသမီး နှစ်ယောက်အား မပြောခဲ့မိပါကလား။

ခရီးသည် အပြည့်အသိပ်နှင့် ကျပ်တောင့်နေသော ဘတ်စကားပေါ်တွင် အလုပ်ကြမ်းသမား အဘိုးကြီး တစ်ဦး၏ ဘေး၌ ထိုင်ကာ လိုက်ပါသွားသော အင်ဒရူးသည် သူ့အတွက် အလွန်ကောင်းသည့် အခွင့်အရေးကြီး တစ်ခု လက်ထဲ ရောက်လာပြီးခါမှ လက်လွတ်ခဲ့ရသည့် အတွက် သူ့ကိုယ် သူ အပြစ်တင်၍ မဆုံးနိုင်အောင် ဖြစ်လျက် ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

[၆]

နောက်တစ်နေ့ မနက် ဆယ်တစ်နာရီ ဆယ့်ငါးမိနစ်ခန့်တွင် အင်ဒရူးသည် ကော်ဆယ်ဘားဈေး တစ်ဝိုက်မှ ဆင်းရဲသား လူနာများထံ သွားရန် ပြင်နေခိုက် တယ်လီဖုန်းလာသည်။ တစ်ဖက်မှ စကားပြောနေသူ၏ အသံကို သူ ကောင်းစွာ ကျက်မိ၏။ မနေ့က မစ္စ လီရှိုင်းတို့ အိမ်တွင် တွေ့ခဲ့ရသည့် အစေခံ သောကျိုး၏ အသံ။

'ဒေါက်တာ မဆေနပ်ပါလား ခင်ဗျာ၊ ဩဘ်ဆ် ဟုတ်ကဲ့၊ မစ္စ လီရှိုင်းက ဒေါက်တာ ကနေ့ သူ့ကို ဘယ်အချိန် လာကြည့်မယ် ဆိုတာ သိချင်ပါတယ် တဲ့၊ ခဏ ဖုန်းကိုင်ထားပါဦး ဒေါက်တာ၊ မစ္စက် လောရင့် ကိုယ်တိုင် ဒေါက်တာနှင့် စကားပြောပါလိမ့်မယ်'

တယ်လီဖုန်းခွက် ကိုင်ထားရင်း အင်ဒရူး၏ ရင်မှာ တထိတ်ထိတ် ခုန်လျက် ရှိသည်။ မစ္စက် လောရင့်က ဒေါက်တာ လာမည် ထင်၍ သူတို့ မျှော်နေကြကြောင်း၊ အခု ချက်ချင်း ဆက်ဆက်လာခဲ့စေလိုကြောင်း ပြောလေသည်။ တရင်းတနှီး ပြောနေသော မစ္စက် လောရင့်၏ အသံကို နားထောင်ရင်း အင်ဒရူး၏ ရင်မှာ ခုန်ဆဲပင်။

တယ်လီဖုန်းနားမှ ခွာလာသည့်အခါ သူ မမျှော်လင့်ဘဲနှင့် ရလာသော အခွင့်အရေးကို မနေ့က လက်လွှတ်ခဲ့ရသော်လည်း ယင်း အခွင့်အရေးသည် ယနေ့ ပြန်ရောက်လာပြီ ဖြစ်ရာ ဒီတစ်ကြိမ်တော့ဖြင့် ဘယ်နည်းနှင့်မှ လက်လွှတ်ခံ၍ မဖြစ်တော့ဟု တွေးမိလေ၏။

သူသည် ချက်ချင်းပင် တခြား လူနာများထံ သွားရမည့် အစီအစဉ်ကို ဖျက်ပစ်လိုက်ရန် ဆုံးဖြတ်လိုက်သည်။ မည်မျှပင် အရေးကြီးသည့် လူနာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

စေကာမူ မသွားတော့ဟု ဆုံးဖြတ်ပြီးလျှင် ဂရင်းလမ်းသို့ ထွက်လာခဲ့လေတော့၏။

ယခုတစ်ကြိမ်တွင် မစ္စ လီရှိုင်း၏ ဖခင် ဂျိုးဇက် လီရှိုင်းကိုပါ တွေ့ရလေ၏။ ဂျိုးဇက် လီရှိုင်းသည် ဧည့်ခန်းထဲတွင် ထိုင်၍ သူ ရောက်အလာကို စောင့်မျှော်နေသည်။ ဂျိုးဇက် လီရှိုင်းသည် ထိပ်ပြောင်ပြောင်နှင့် လူလုံးလူဖန် တောင့်တင်း ကြံ့ခိုင်သည်။ စကားပြောလျှင် ပွင့်ပွင့်လင်းလင်းနှင့် ဟောဟော ဒိုင်းဒိုင်း ပြောဆို ဆက်ဆံတတ်သည့် ပုံပန်းမျိုး ဖြစ်သည်။ ဆေးပြင်းလိပ်ကို ခဲထားပုံမှာ အားရပါးရ ရှိလှ၏။ ကိုက်ထားပုံမှာ ပါးစပ်မှ ဘယ်တော့မှ မချွတ်တော့မည့် ပုံမျိုး ဖြစ်ပေသည်။ ဧည့်ခန်းထဲသို့ ဝင်လာသော အင်ဒရူးအား ဆီး၍ ကြည့်လိုက်သည့် မျက်နှာထားမှာ စောင့်ရတာ ကြာလွန်း၍ စိတ်မရှည်နိုင်တော့သည့်ပုံမျိုး ဖြစ်လေသည်။

'ဒီမယ် ဒေါက်တာ၊ ကျွန်တော့်မှာ အရေးတကြီး ကိစ္စ တစ်ခု ရှိလို့ အပြင် သွားစရာ ရှိနေတယ်၊ တစ်မနက်ခင်းလုံး ခင်ဗျားကို ရှာရတာနဲ့ပဲ မစ္စက် လောရင့် တစ်ယောက်လည်း နားရတယ်ကို မရှိတော့ဘူး၊ ခင်ဗျားဟာ အလွန်တော်တဲ့ ဆရာဝန် တစ်ယောက် ဆိုတာရယ်၊ ပြီးတော့ ခင်ဗျားဟာ အပို ဆာဒါးတွေ ဘာတွေ မပြောတတ် မလုပ်တတ်ဘူး ဆိုတာရယ် ကျွန်တော် သိထားရတယ်၊ ပြီးတော့ ခင်ဗျားဟာ အိမ်ထောင်သည် တစ်ယောက် ဆိုတာလည်း သိထားရတယ်၊ အိမ်ထောင်သည် ဆိုတော့ ပိုကောင်းတာပေါ့၊ အခု ကျွန်တော့် သမီးကို ကုပေးဖို့ ခင်ဗျားကို အပ်ပါတယ်၊ ကျန်းမာလာအောင် အစွမ်းကုန် ကုပေးပါ၊ သူ့မှာ ရှိနေတဲ့ ဟစ္စတီးရီးယား ရောဂါကို လုံးဝ ပျောက်တဲ့အထိ ကုပေးဖို့ပါပဲ၊ ငွေအတွက်ကတော့ ဘာမှ မပူနဲ့၊ ကုန်ချင်သလောက် ကုန်ပစေ၊ ကျွန်တော် ပေးနိုင်တယ်၊ ကဲ ကျွန်တော့်မှာ သွားစရာတွေ ရှိနေလို့၊ ဂွတ်ဘိုင်'

ဂျိုးဇက် လီရှိုင်းသည် သူ ပြောချင်တာ ပြောပြီးလျှင် ပြီးချင်း ထွက်သွားတော့၏။

ဂျိုးဇက် လီရှိုင်းသည် နယူးဇီလင် ကျွန်းသား တစ်ဦး ဖြစ်၏။ သူ့အဘိုး၏ ဖခင် မိုက်ကယ် ကလီးယားရီး ဆိုသူသည် စာမတတ် ပေမတတ်နှင့် အလွန် ဆင်းရဲသော အောက်တန်းစား တစ်ဦး ဖြစ်သည်။ ဂရေးမောက် သင်္ဘောဆိပ် တစ်ဝိုက်ရှိ လူသူလေးပါး မသုံးသည့် မြေလွတ် မြေညံ့များပေါ်တွင် ပင်ပန်းကြီးစွာ လုပ်ကိုင် စားသောက် နေထိုင်ခဲ့ရသူ ဖြစ်၏။ သူ့အပေါင်းများက သူ့အား ကလီးယားရီး ဟု မခေါ်ကြဘဲ အလွယ်တကူပင် လီးယားရီးဟု ခေါ်ကြရာမှအစ သူ့အမည်ရင်း ပျောက်သွားပြီး လီးယားရီး ဟူ၍သာ လူသိများလာခဲ့လေသည်။

ဂျိုးဇက် လီရှိုင်းမှာလည်း မိုက်ကယ် လီးယားရီးကဲ့သို့ပင် ငယ်စဉ်က အလွန် ဆင်းရဲ၍ ပင်ပန်းကြီးစွာ လုပ်ကိုင် ရှာဖွေ စားသောက်ခဲ့ရသူ ဖြစ်၏။ ပထမဆုံး လုပ်ခဲ့ရသည့် အလုပ်မှာ ဂရေးမောက် မွေးမြူရေးခြံတွင် နွားနို့ ညှစ်သမား အလုပ်ဖြစ်ရာ ဂျိုးက သူသည် နို့ညှစ်သမား ဖြစ်ဖို့ လူဖြစ်လာခြင်း ဖြစ်ပါသည်ဟုပင် သူ့ကိုယ်သူ ပြောလေ့ ရှိပေသည်။

နှစ်ပေါင်း သုံးဆယ်ခန့် အကြာတွင်မူကား ဂျိုးဇက် လီရှိုင်းသည် အော့ကလန် အဆောက်အအုံကြီး၏ အပေါ်ဆုံးထပ်ရှိ သူပိုင် ရုံးခန်း အတွင်း၌ နို့စား နွားမများ မွေးမြူရေးခြံ လုပ်ငန်းများနှင့် တွဲ၍ နို့မှုန့် ထုတ်လုပ်ရေး လုပ်ငန်းသစ် တစ်ခု တိုးချဲ့ လုပ်ကိုင်သည့် စာချုပ်ကို လက်မှတ် ရေးထိုးနိုင်သော အဆင့်သို့ ရောက်လာခဲ့လေ၏။

ဂျိုးဇက် လီရှိုင်း၏ နို့မှုန့် ထုတ်လုပ်ရေး လုပ်ငန်း စတင် လုပ်ကိုင်သော အချိန်က နို့မှုန့်နှင့် ပတ်သက်သော ကုန်ပစ္စည်းများမှာ လူသုံးမများသေးသဖြင့်၊ အလွန် လူသိနည်းသဖြင့် ကူးသန်း ရောင်းဝယ်ရေး လုပ်ငန်း၊ နယ်ပယ်တွင် နို့မှုန့် ထုတ်လုပ်ရေး လုပ်ငန်းကို စနစ်တကျ လုပ်ကိုင်သူ မရှိသလောက် ရှားလေသည်။

ဂျိုးဇက် လီရှိုင်းသည် စီးပွားရေးနှင့် ပတ်သက်ပြီး အကျိုး ဖြစ်ထွန်းလာနိုင်မည့် အလားအလာများကို ကြိုတင်၍ မြင်တတ်သူ ဖြစ်လေရာ သူ ထုတ်လုပ်နေသည့် နို့မှုန့်ကို ကမ္ဘာ့ ဈေးကွက်တွင် လူသိ များလာအောင် ကြော်ငြာခဲ့သည်။ 'လူမမာများနှင့် နို့စို့ ကလေးငယ်များ အတွက် ဘုရားသခင် ပေးလာသည့် အာဟာရ' ဟူသော ကြော်ငြာကို အသုံးပြုကာ သူ ထုတ်လုပ် ရောင်းချသည့် နို့မှုန့် ပစ္စည်းများကို လူသုံးများ၍ တွင်ကျယ်လာအောင် အားထုတ်ခဲ့လေ၏။

ယခင်က ရေမြောင်းထဲသို့ သွန်ပစ်ခဲ့ရတတ်သော၊ နယူးဇီလင် မွေးမြူရေး ခြံများ အတွင်းရှိ ထောင်ပေါင်း များစွာသော ဝက်များ အတွက် ဝက်စာအဖြစ် သုံးခဲ့ရသော နို့မှုန့်များကို လုပသော သံဘူးများတွင် သန့်ရှင်း သပ်ရပ်စွာ ထည့်၍ ကရီမိုဂျင်၊ ကရီးမက်၊ ကရီးမာဖက် စသော အမည်များ တပ်ကာ ကမ္ဘာပေါ်ရှိ မြို့ကြီးများသို့ တင်ပို့၍ သန့်ရှင်း လတ်ဆတ်သော သဘာဝ နွားနို့



www.burmeseclassic.com

www.burmeseclassic.com

အစစ် ဈေးထက် သုံးဆမျှ ဈေးတင်၍ ရောင်းချခဲ့လေသည်။

အင်္ဂလန် နိုင်ငံ အတွက် လီရှိုင်း ကုမ္ပဏီ၏ ကိုယ်စားလှယ်မှာ တ
ချိန်က လုံခြုံရေး အရာရှိ လုပ်ခဲ့ဖူးသော ဂျက် လောရင့် ဆိုသူ ဖြစ်သည်။ ဂျ
လောရင့်၏ ဇနီး မစ္စက် လောရင့်သည် အပေါင်းအသင်း ကောင်းသူ တစ်ဦ
ဖြစ်သည့် အားလျော်စွာ ဂျိုးဇက် လီရှိုင်း၏ သမီး တော့ပီ လီရှိုင်းနှင့် အလွ
ရင်းနှီး ခင်မင်လာခဲ့လေသည်။

အမှန်တော့ မစ္စက် လောရင့်သည် လန်ဒန်မြို့၏ အထက်တန်းလွှ
လောကတွင် အလွန် ဝင်ဆံ့သူ တစ်ဦး ဖြစ်၏။ ထို့ကြောင့်လည်း ဂျိုးဇ
လီရှိုင်းက သူ့သမီး တော့ပီ လီရှိုင်းအား လန်ဒန် အထက်တန်းလွှာတွင် ဝ
ဆံ့သွားအောင် သင်ကြားပေးဖို့ မစ္စက် လောရင့်ထံ အပ်နှံခဲ့သည်။ မစ္စ
လောရင့်ကလည်း တော့ပီ အပေါ်တွင် ရိုးသား ဖြူစင်စွာနှင့် ခင်မင်ခဲ့မိရာ
အစ လန်ဒန် အထက်တန်းလွှာ အသိုင်းအဝိုင်းတွင် ဝင်ဆံ့နိုင်လာအော
တာဝန်ယူ၍ သင်ကြား ပြသပေးလျက် ရှိလေသည်။

အင်ဒရူးသည် ဂျိုးဇက် လီရှိုင်း ထွက်သွားလျှင် ထွက်သွားချင်း အ
ထပ်သို့ တက်ခဲ့ရာ တော့ပီ၏ အခန်းရှေ့တွင် သူ့အား စောင့်ကြိုလျက် ရှိသေ
မစ္စက် လောရင့်နှင့် တွေ့ရလေ၏။

နောက်ရက်များတွင်လည်း သူ ရောက်သွားသည့် အချိန်တိုင်း မစ္စ
လောရင့်သည် တော့ပီ အနီးတွင် နေကာ လိုအပ်သမျှကို ကူညီ လုပ်ကိုင်
ရုံမျှမက တော့ပီနှင့် အင်ဒရူး ကြားတွင် ဆက်ဆံမှု ပြေလည်အောင် ဆော
ရွက်ပေးနေသဖြင့် ကျေးဇူးတင်မိလေ၏။

သို့သော်လည်း အင်ဒရူးသည် မစ္စက် လောရင့် အပေါ်တွင် ရာနှုန်းပြ
ခင်မင်၍ မရနိုင်အောင် ဖြစ်ဆဲပင် ရှိ၏။ မစ္စက် လောရင့်လို အထက်လွှ
လူတန်းစားများသည် သူတို့နှင့် ဂုဏ်ရည် မတူ အဆင့် မတူဟု ထင်လျှ
အရောတဝင် မနေတတ်ကြပေ။ အထူးသဖြင့် သူတို့ထက် အဆင့်အတန်းအာ
ဖြင့် လည်းကောင်း၊ အသိဉာဏ် ပညာအားဖြင့် လည်းကောင်း နိမ့်ကျသည်ဟ
ထင်လျှင် အပေါ်စီးဖြင့် နိုင်လိုမင်းထက် ဆက်ဆံတတ်ကြသည့် သဘောမျိ
ရှိတတ်ကြပေသည်။

မည်သို့ပင် ဖြစ်စေကာမူ မရင်းနှီးသေးသူများ အပေါ်၌ မနှစ်မြို့သည
လက္ခဏာ ပြတတ်သော အကျင့် ရှိသည့် မစ္စက် လောရင့်သည် မည်သည
အကြောင်းကြောင့်ရယ် မသိ အင်ဒရူးကိုတော့ ထိုကဲ့သို့ မပြုလုပ်ချေ။ စတ





သည့် နေ့မှ စ၍ ယခုအချိန်ထိ ခင်မင်လိုသော အမူအရာကို ပြဆဲပင်။

အင်ဒရူးသည် မစ္စက် လောရင့် အပေါ်တွင် များစွာ စိတ်ဝင်စားလျှက်
ရှိသည် ဖြစ်ရာ သူမ၏ စိတ်နေသဘောထားနှင့် အကျင့်စရိုက်များကို သိလို
တ် အလွန် ပြင်းပြလျက် ရှိသည်။ ထို့ကြောင့်လည်း လူချင်း ဆုံမိကြသည့်
ခါတိုင်း မစ္စက် လောရင့်၏ သဘော သဘာဝနှင့် စိတ်ထားအမှန်ကို သိနိုင်
န် ကြိုးစားခဲ့လေ၏။ သို့သော်လည်း သိဖို့ မဆိုထားနှင့် ခန့်မှန်း၍ပင် မရနိုင်
အောင် ဖြစ်လျက် ရှိလေသည်။

တော့ပီ၏ အခန်းထဲ၌ သွားလာ လုပ်ကိုင်နေသည့် မစ္စက် လောရင့်
၏ လှုပ်ရှားမှုများသည် အင်ဒရူးအား ဖမ်းစားလျက် ရှိသည်မှာကား အမှန်ပင်
ဖြစ်၏။ မစ္စက် လောရင့်၏ သွားဟန် လာဟန်၊ ပြောဟန် ဆိုဟန်များသည်
င်ဒရူး အဖို့ ကြည့်နူးစရာ တစ်မျိုး ဖြစ်နေပေသည်။ သူမ၏ လုပ်ပုံ ကိုင်ပုံ၊
ပြောပုံ ဆိုပုံ၊ နေပုံ ထိုင်ပုံများသည် ဘယ်သောအခါမှ ပျာယာခတ်သည် မရှိ
ဘဲ တည်တည်ငြိမ်ငြိမ်နှင့် ညင်ညင်သာသာ ရှိရုံမျှမကဘဲ အမြဲတစေ အေး
အေးဆေးဆေးနှင့် သာသာယာယာ ရှိလှပေသည်။

အင်ဒရူးသည် မစ္စက် လောရင့်တို့နှင့် တွေ့သည့် အချိန်မှ စ၍ သူ့
အဆင့်အတန်းကို ပို၍ သတိပြုလာမိသည်။ မစ္စက် လောရင့်တို့လို အထက်
တန်းလွှာ လူတန်းစားများ အသိုင်းအဝိုင်းတွင် ဝင်၍ ဆေးကုနေရပြီ ဖြစ်သော
လို ဆရာဝန် တစ်ဦးတွင် မော်တော်ကား ကောင်းကောင်း တစ်စီးတော့
ကိုယ်ပိုင် ရှိနေဖို့ လိုသည်ဟု တွေးစပြုလာလေ၏။ ထိုအတွေး၊ ထို အယူအဆ
ကို ခရစ္စတီအား ဖွင့်၍ မပြောချေ။

ခရစ္စတီကတော့ ယခု အချိန်တိုင်အောင် အိမ်သုံး စရိတ်ကို စနစ်ဇယား
ချ၍ ခြစ်ခြစ်ကုပ်ကုပ် သုံးဆဲပင် ဖြစ်သည်။ အဝင်အထွက် မျှအောင် တတ်
နိုင်သမျှ ချွေတာ၍ သုံးစွဲနေဆဲပင် ဖြစ်သည်။

အင်ဒရူးကမူ ဘတ်စကား စီးပြီး ကိုယ့်ဆေးအိတ်ကလေးကို လက်မှ
ဆွဲကာ ဂရင်းလမ်းထဲ ခြေကျင်လျှောက်၍ ဝင်သွားရသည့် အဖြစ်ကို စိတ်
သက်မသာ ဖြစ်လျက် ရှိသည်။ ဖုန်အလိမ်းလိမ်း လူးနေသော ဖိနပ်များနှင့်
တော့ပီတို့ အိမ်ထဲ ဝင်ရသည်ကိုပင် မလုံမလဲ ဖြစ်ကာ စိတ်ထဲမှ ကျိတ်၍ ရှက်
သလိုလို ကြောက်သလိုလို ဖြစ်နေမိလေ၏

သူ ယခု နေသည့် အိမ်၏ နောက်ဘက်တွင် ကားရုံ ရှိသော်လည်း
င် မော်တော်ကား မရှိ၍ မသုံးနိုင်ခဲ့ပေ။ လန်ဒန်တွင် ဆရာဝန်များအာ


www.burmeseclassic.com

www.burmeseclassic.com

မော်တော်ကား အကြွေးစနစ်ဖြင့် ရောင်းချသည့် ကုမ္ပဏီ အများအပြား ရှိရာ အချို့ ကုမ္ပဏီများ၏ အကြွေးစနစ် စည်းကမ်းများသည် နှစ်ဦးနှစ်ဖက် မျှ အောင် ရေးဆွဲထားသဖြင့် များစွာ မဆိုးလှဟု တွက်ကာ မော်တော်ကား တစ် စီး ဝယ်ရန် စဉ်းစားလျက် ရှိလေ၏။

ရက်သတ္တ သုံးပတ်မျှ အကြာတွင် အညိုရောင် အမိုး အရှင် တပ်ထား သော အနက်ရောင် တံခါး နှစ်ပေါက်နှင့် မော်တော်ကားငယ် အသစ် တစ်စီး သည် အမှတ် ၉ ချက်စဘောရီးရပ် နေအိမ်ရှေ့တွင် ရပ်လာသည်။ မော်တော် ကားပေါ်မှ ဆင်းလာသူကား အင်ဒရူး။

သူသည် အိမ်ပေါ်သို့ အပြေးအလွှား တက်သွားလေ၏။

'ခရစ္စတီ'

သူသည် ဝမ်းသာခြင်းကို တတ်နိုင်သမျှ ထိန်းချုပ်ပြီး ခရစ္စတီအား အော်ခေါ်သည်။

'ခရစ္စတီ ခရစ္စတီ၊ လာပါဦး၊ ဒီမှာ လာကြည့်လှည့်စမ်းပါဦး'

သူသည် ခရစ္စတီအား ဖြုန်းခနဲ ဝမ်းသာစေလိုသဖြင့် ယခုကဲ့သို့ အသိ မပေးဘဲ တိတ်တဆိတ် ကျိတ်၍ လုပ်လာခဲ့ခြင်း ဖြစ်ရာ သူ့ဆန္ဒမှာ ပြည့်ဝ သည်ဟု ဆိုရမည် ဖြစ်ပေသည်။ သူ့ အော်သံကြောင့် အပြေးကလေး ထွက် လာသော ခရစ္စတီသည် လက်နှစ်ဖက်နှင့် သူမ၏ ရင်ဘတ်ကို ဖိလိုက်ပြီး 'ဘုရားရေ ဒါ ကျွန်မတို့ ကားလား၊ လှလိုက်တာဟယ်' တအံ့တသြ ရေရွတ် လေသည်။

'အံ့သြမသွားဘူးလား ခရစ္စတီ၊ ကားဝယ်တာရော၊ ကားသွားယူတာ ရော၊ လိုင်စင်သွားလုပ်တာရော မင့်ကို လုံးဝ အသိမပေးဘဲ လုပ်ခဲ့တဲ့ အတွက် ကိုယ့်ကို စိတ်မဆိုးနှင့်နော်၊ အခုလို လုပ်လိုက်တော့ မင်း သိပ်ဝမ်းသာ မသွား ဘူးလားဟင်၊ ကိုယ်တို့ အင်မ်၊ အက်ဖ်၊ ဘီမှာ လုပ်တုန်းက စီးခဲ့တဲ့ မောရစ် နှင့် မကွာဘူးလား၊ လာ တစ်ပတ် လျှောက်စီးကြည့်စမ်း'

အင်ဒရူးသည် ခရစ္စတီအား ဆွဲခေါ်ကာ မော်တော်ကားကို တစ်ပတ် မောင်းပြသည်။ လေးမိနစ်ခန့် အကြာတွင် အိမ်ဘက် ပြန်ရောက်လာ၏။ နှစ်ယောက်သား ပလက်ဖောင်းပေါ်၌ ရပ်ကာ သူတို့၏ မော်တော်ကားကို ကြည့်၍ မဝနိုင်အောင် ဖြစ်နေကြလေ၏။

သူတို့နှစ်ဦး ယခုလို တွဲ၍ ပျော်မြူး ရွှင်လန်းဖို့ အခါအခွင့် မသင့် ခဲ့သည်မှာ ကြာပေပြီ။ တစ်ယောက်နှင့် တစ်ယောက်ကြားတွင် တည်ရှိလာခဲ့ သော အမြင်မှားမှု တံတိုင်းကြီးသည် ယခု အခိုက်အတန့်တွင်တော့ ပြိုကျသွား ပြီ ဖြစ်၏။ နှစ်ဦးသား ပြောကြ ဆိုကြ ရယ်မောကြနှင့် အလျင့် အလျင်က ဖြစ်ခဲ့သမျှ အားလုံးကို မေ့သွားကြလေ၏။

'အခုအတိုင်း ဆိုရင် ကိုယ် သွားချင်တဲ့ နေရာတွေကို လွယ်လွယ် ကူကူနှင့် သွားလို့ ရလာပြီနော်၊ တစ်ခါတလေ မြို့အစွန်အဖျား တောပိုင်းတွေ ဘက် သွားရရင် ကောင်းမှာပဲ၊ ဆိုပါတော့၊ တနင်္ဂနွေနေ့တွေမှာ သစ်တော တွေဘက် ကားလျှောက်စီးရရင် သိပ်ပျော်စရာ ကောင်းမှာပဲ'

'ဒါပေါ့၊ သိပ်ပျော်စရာ ကောင်းမှာပေါ့'

လိုက်လိုက်လျောလျော သဘောနှင့် ပြန်ပြောလိုက်သော်လည်း အင် ဒရူး၏ အသံမှာ စိတ်ပါ လက်ပါနှင့် အားတက်သရော မရှိလှချေ။

'အို ဒီကားကို ဝယ်တာက လူနာတွေ ဆေးလိုက်ကုတဲ့ အခါ သုံးဖို့ အဓိကထား ဝယ်တာ၊ အပျော်သက်သက် လျှောက်စီးနေလို့တော့ ဖြစ်မယ် မထင်ဘူး၊ ရွှံ့တွေ ချေးတွေ ပေကုန်ရင် ခက်မယ်'

အင်ဒရူးသည် ဤကားငယ်နှင့် ဆေးလိုက်ကုလျှင် သူ့ငွေး လူနာတွေ အထင်အမြင် ကြီးလာမည့် အရေးကို လည်းကောင်း၊ အထက်တန်းစားလွှာ များထဲမှ ပင့်လူနာ တိုးလာမည့် အရေးကို လည်းကောင်း တွေးတော၍ စိတ် ကူးယဉ် မဆုံးနိုင်အောင် ဖြစ်လျက် ရှိလေသည်။

သူ ဝယ်စီးသည့် မော်တော်ကားကြောင့် သူ့အပေါ် အထင်အမြင် ကြီး လာခြင်းကို သူ မမျှော်လင့်သူထံမှ ပထမဆုံး ရရှိခဲ့သည်မှာ အံ့သြစရာပင် ဖြစ်လေသည်။

မော်တော်ကား ဝယ်ပြီး နောက်တစ်ပတ် ကြာသပတေးနေ့တွင် အင် ဒရူးသည် အမှတ် ၁၇ (က) ဂရင်းလမ်း နေအိမ်မှ ပြန်အထွက် ဖရက်ဒီ ဟင်မဆန်နှင့် မမျှော်လင့်ဘဲ ဆုံမိကြလေ၏။

'ဟဲလို ဟင်မဆန်'

ဤအိမ်မျိုးမှ ထွက်လာခိုက်တွင်မှ ဟင်မဆန်နှင့် တွေ့လိုက်ရသဖြင့် အင်ဒရူးမှာ အတိုင်းအဆ မသိအောင် ကျေနပ် အားရသွားမိသည်။ ပထမတွင် ဟင်မဆန်သည် သူ့အား မမှတ်မိသလိုနှင့် ကြောင်အမ်းအမ်း ဖြစ်နေသေး၏။

'ဟဲလို ဟဲလို၊ ဘယ့်နှယ်၊ အိုး ဟော့၊ မင်းက ဒီဘက်ပိုင်းလာပြီး ဘာလုပ်နေတာလဲ'

ဖရက်ဒီက တအံ့တသြ မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com

'လူနာလေကွာ… လူနာ လာကြည့်တာ'

အင်ဒရူးက အမှတ် ၁၇ (က) အိမ်ဆီကို ခေါင်းတစ်ချက် ဆတ်ပြ၍ ဖြေသည်။

'ဂျိုးဇက် လီရှိုင်းရဲ့ သမီးက ငါ့လူနာလေကွာ၊ ဒါ့ကြောင့် လာတာ'

'ဂျိုးဇက် လီရှိုင်းရဲ့ သမီး၊ ဟုတ်လား'

ဟင်မဆန်က တအံ့တသြ ရေရွတ်သည်။ ဟင်မဆန်၏ အံ့သြခြင်း ကြီးစွာဖြင့် ရေရွတ်လိုက်သော အသံကို ကြားရသည်မှာ နားဝင်ချိုလှပါဘိ၏။ ဤ ရေရွတ်သံ တစ်ခုတည်းနှင့်ပင် ကျေနပ် အားရ၍ မဆုံးအောင် ဖြစ်သွား သည်။ သူသည် ကားတံခါးပေါ် လက်တင်ထားရင်းမှ 'မင်း ဘယ်သွားမှာလဲ လမ်းကြုံရင် လိုက်ခဲ့လေ' ဟု ဖိတ်မန္တက ပြုလိုက်လေ၏။

ဖရက်ဒီသည် သူ့ကိုယ်သူ မနည်းကြီးပင် ပြန်ထိန်းလိုက်၏။ သူသည် လူ တစ်ဦးတစ်ယောက် အပေါ် အံ့သြခဲ့လှပေသည်။ ယခု မေဆန်၏ ပြောင်း လဲမှုသည် သူ့ကို အလွန်အမင်း အံ့အားသင့်စေခဲ့သည်မှာ အမှန်ပင်။

အင်ဒရူး မေဆန်၏ အကြောင်းကို သူ ကောင်းကောင်း သိသည်။ မေဆန် တစ်ယောက် ဤမျှလောက်အထိ မြန်မြန်ဆန်ဆန်ကြီး တိုးတက် လာ စရာ အကြောင်း မရှိပေ။ သူ့အနေဖြင့် မေဆန်အား လက်သပ်မွေး၍ ခေါင်း ဖြတ်ရန် ကြံစည်ထားခဲ့လေသမျှ လေထဲ တိုက်အိမ်ဆောက်သလို ဖြစ်ရလေ ပြီလော။

ဟင်မဆန်သည် ချက်ချင်းပင် ဣန္ဒြေ ပြန်ဆယ်လိုက်ကာ ပြုံးလေ သည်။

'ကောင်းသားပဲ၊ ကိုယ် ဘင်တီနက် လမ်းဘက် သွားမလို့၊ အီဒါ ရှာ ရင်တန် သူနာပြုဂေဟာကို သွားမှာ၊ အညောင်းပြေ လမ်းလျှောက် သွားမလား လို့ စိတ်ကူးထားတာ၊ အခုတော့လည်း လမ်းကြုံနေပြီဟာ၊ ကိုယ် မင်းနှင့် လိုက်ခဲ့မယ်လေ'

ဘွန်းလမ်းကို ဖြတ်မိကြသည့် အချိန်ထိ နှစ်ဦးသား စကားမပြောမိ ကြပေ။ ဟင်မဆန်ကတော့ တစ်စုံတစ်ခုကို အလေးအနက်ထား၍ တွေးလာ နေသဖြင့် နှုတ်ဆိတ်နေခြင်း ဖြစ်ပေသည်။

ဟင်မဆန်သည် အင်ဒရူးအား လန်ဒန်သို့ တက်လာပြီး ဆေးခန်း ဖွင့်ရန် အားပေးသမှု ပြုခဲ့သည်။ ယင်းကဲ့သို့ အားပေးခဲ့ခြင်းမှာ တခြားကြောင့် မဟုတ်ပေ။ အင်ဒရူးလို လူတော် တစ်ဦးထံမှ လိုအပ်သည့် အကူအညီ အကြံ





…များကို ရယူ၍ ဘုရင်မ အင်နာလမ်း၌ ဖွင့်ထားသည့် မိမိ၏ ဆေးခန်း …နာမည် ကြီးသည်ထက် ကြီးအောင် လုပ်ရန် ဖြစ်ပေသည်။ သူ့ စိတ်ကူး …ရ ဆိုလျှင် အင်ဒရူးသည် သူ့ကို အမှီပြု၍သာ နာမည်ထွက်ရမည် ဖြစ်သည်။ …ကို ကျော်လွှားပြီး နာမည်ကြီးသွားရန် မဟုတ်ပေ။

သို့သော် ယခုတော့ဖြင့် သူ လက်သပ်မွေး၍ စားရန် ကြံထားသည့် သူ့ …တ်ခွေသည် ကိုယ်ပိုင်ကား အသစ်နှင့်။ ပြီးတော့ လူချမ်းသာ တစ်ဦး ဖြစ် …သည့် ဂျိုးဇက် လီရှိုင်း၏ အမည်ကိုပင် ပြောနေလေပြီ။

တကယ်ဆိုတော့ ဂျိုးဇက် လီရှိုင်းလို လူတစ်ဦးက အသုံးပြုသည့် …ရာဝန် တစ်ဦး ဖြစ်လာခြင်းသည် အံ့သြဖွယ် ကောင်းသည်နှင့်အမျှ အင်ဒရူး …တွက် ရှေ့အဖို့တွင် အလားအလာ ကောင်းနေသည် ဟူသော အချက်ကိုပါ …ပြနေခြင်း ဖြစ်၏။ အင်ဒရူးနှင့် ပတ်သက်၍ သူ၏ ထင်မြင် ယူဆချက် …သည် မှားလေပြီလော။

အမှန်အားဖြင့် အင်ဒရူးသည် အရည်အချင်း အလွန် ပြည့်ဝသော …ရာဝန် တစ်ဦး ဖြစ်သည်မှာ ယုံမှားသံသယ ဖြစ်ဖွယ်ရာ မရှိချေ။ သူ ဝန်ခံရ …သာ ဖြစ်၏။ အဘက်ဘက်တွင် သူ့ထက် သာလွန်သူ ဖြစ်ရာ သူ့အတွက် …လွန် အသုံးဝင်မည့်သူ တစ်ဦး ဖြစ်ပေသည်။ အင်ဒရူးနှင့်သာ တွဲ၍ လုပ် …ရလျှင် သူ့အတွက် အရှုံး မရှိနိုင်ပေ။ အကျိုးအမြတ်သာ များများ ရဖို့ …၏။ ယခု တွေ့ရ မြင်ရသည့် အတိုင်း ဆိုလျှင်တော့ အင်ဒရူးသည် သူ ထင် …သလို မဟုတ်တော့ဘဲ သူ့ဘာသာသူ သူ့နည်း သူ့ဟန်ဖြင့် အောင်မြင် …ကြားမှ လမ်းစကို နင်းမိဟန်တူသည်။ ဒီအတိုင်း ဆိုလျှင်တော့ အင်ဒရူး … စိတ်ချပြီး လွှတ်ထား၍ မဖြစ်တော့။

'ဒီမှာ သူငယ်ချင်း၊ မင်း ငါနှင့် လိုက်ခဲ့ပါလား၊ အီဒါးနှင့် တွေ့ရတာ …၊ အီဒါးနှင့် သိထားရင် မမှားဘူးကွ၊ သူ ဖွင့်ထားတဲ့ သူနာပြု ဂေဟာက …ဒန်မှာ သိပ်တော့ မစွံပါဘူး၊ ဒါပေမဲ့ သူ့နေရာနှင့် သူတော့ အသုံးချလို့ …တယ်၊ သူ့ လုပ်ပုံ ကိုင်ပုံကတော့ သိပ်မဆိုးပါဘူး၊ တစ်ခုပဲ ရှိတယ်၊ တခြား …ဟာတွေထက် အခတော့ ပိုယူတတ်တယ်'

'အင်း ဆိုစမ်းပါဦး'

အင်ဒရူး၏ အသံမှာ စိတ်မပါတပါ ဖြစ်သည်။

'မထူးပါဘူး အင်ဒရူးရာ၊ ကြုံတုန်း ကြုံခိုက် ငါနှင့် လိုက်ခဲ့ပါတော့ …လူနာကိုပါ တစ်ဆိတ် ကြည့်ပေးစမ်းပါ၊ လူနာက မစ္စက် ရေးဘန်း ဆိုတဲ့


www.burmeseclassic.com

www.burmeseclassic.com

အဘွားကြီး တစ်ယောက်ပါ၊ ကိုယ်နှင့် အိုင်ဗိုရီ နှစ်ယောက် တွဲပြီး အဘွားကြ ကို လက်ခံ ကုသပေးနေကြတာပဲ၊ မင်းက အဆုတ်ရောဂါဆို စိတ်ဝင် တတ်တဲ့လူ မဟုတ်လား၊ အဘွားကြီးရဲ့ အဆုတ် အခြေအနေကို စမ်းသပ် ပါလား၊ ဒါဆိုရင် အဘွားကြီး သိပ်အားရှိသွားမှာ၊ လိုက်ပြီး စမ်းသပ်ပေးရုံ ငါးဂိနီ ရမယ်ကွာ’

‘ဘယ်လိုကွ၊ အင်း မင်း ဆိုလိုတာက ဘာလဲ၊ ကဲလေ ထားပါတော့ မင်း အဘွားကြီး အဆုတ်က ဘာဖြစ်တာလဲ’

‘ကြီးကြီးကျယ်ကျယ် ဖြစ်တာတော့ ဟုတ်မယ် မထင်ပါဘူးကွ သိပ်လည်း တွေးမနေပါနှင့်၊ အသက်ကြီးလာရင် ဖြစ်တတ်တဲ့ သက်ကြီး ပြွန်ရောင် ရောဂါမျိုးနှင့် တူပါတယ်၊ မင်း ကြည့်ပေးရင်တော့ အဘွားကြ သဘောကျမှာ သေချာပါတယ်၊ အခု တို့များရဲ့ ဆေးကုပုံစနစ်က ဒါပဲ သိလား၊ ဒီနည်းမျိုးတွေ လုပ်ပေးတော့ ပိုကောင်းတာပေါ့၊ ငွေများများ ယူ ကောင်းတာပေါ့၊ အိုင်ဗိုရီရယ်၊ ဒီမန်းရယ်၊ ကိုယ်ရယ် တို့သုံးယောက်တေ ဒီနည်းနှင့် စားသာ နေကြတာပဲ၊ တို့က တာဝန်ယူ လက်ခံပြီး ကုသပေးနေ မဲ့ သင့်တော် ကျွမ်းကျင်တဲ့ အပြင် ဆရာဝန်ကို ခေါ်ပြီး ပြသင့်ရင် ပြလို တာပဲ၊ ဒါတွေကိုတော့ နောက်မှပဲ အေးအေးဆေးဆေး ထပ်ဆွေးနွေးကြတ ပေါ့၊ အေး... အေး ဟုတ်ပြီ၊ အဲ ဟို လမ်းထိပ်ကနေပြီး ကွေ့ဝင်လိုက်၊ အဲ အဲ ဟို အဆောက်အအုံ ရှေ့မှာ ရပ်’

အင်ဒရူးသည် ဟင်မဆန် ညွှန်ပြသည့် အိမ်ရှေ့တွင် ကားကို ရ သည်။ အိမ်ကတော့ ရိုးရိုး လူနေအိမ်မျိုးပင် ဖြစ်၍ ရှည်မျောမျောနှင့် ကျဉ်းကျဉ်းဖြစ်ရာ သူနာပြုဂေဟာ ဖွင့်ရန် လုံးဝ သင့်တော်သည့် အိမ် မဟုတ်ချေ။ အိမ်ရှေ့ လမ်းမမှာလည်း လူသွားလူလာ များပြား စည်ကား မော်တော်ကား အသွားအလာ များသော လမ်း ဖြစ်သဖြင့် နာတာရှည် လူ တစ်ဦး စိတ်အေးအေးချမ်းချမ်းနှင့် အနားယူနိုင်မည့် နေရာမျိုး မဟုတ် လူနာ တစ်ယောက်အဖို့ ရောဂါ သက်သာဖို့ထက် ရောဂါ တိုးလာဖို့သာ သည့် နေရာမျိုးဟုပင် အင်ဒရူးက တွက်လေသည်။

အိမ်ပေါ် အတက်တွင် အင်ဒရူးက သူ့ ထင်မြင်ချက်ကို ဟင်မဆ အား ပြောပြရာ ဟင်မဆန်က သဘောတူသည်။

‘ကိုယ်လည်း သိပါတယ် သူငယ်ချင်းရာ၊ ဒါပေမဲ့ တို့ လန်ဒန်မှာ ရှ ထားတဲ့ ဆေးခန်းတွေ အားလုံးဟာ ဒီပုံစံမျိုးချည်းပဲကွ၊ လန်ဒန် အနော





ရပ်ကွက်မှာ ရှိနေတဲ့ ဆေးခန်းတွေ၊ သူနာပြု ဂေဟာတွေဟာ ဒါမျိုးတွေ ပဲ၊ အရေးကြီးတာက ကိုယ်တို့ အတွက် သွားရလာရတာ လွယ်ကူဖို့ သိပ် ကြီးတယ်၊ မင်း ပြောသလို လူနာတွေ အတွက် အဓိကထား စဉ်းစား တိတ်ဆိတ် ငြိမ်သက်တဲ့ နေရာမျိုးတွေမှာ သွားဖွင့်ရင် တို့များ ဆရာဝန် အတွက်တော့ ခက်မှာပဲ၊ လူနာ တစ်ယောက်ကို အချိန်ကလေး ငါးမိနစ် ဘက် စမ်းသပ် ကြည့်ရှုပေးဖို့ အတွက် နေ့စဉ် ဆယ်မိုင် ခရီးလောက် သွား မယ် ဆိုရင် ဆရာဝန်တွေမှာ ဘယ်စားသာတော့မှာလဲကွာ၊ မင်း စဉ်းစား ည့်ပါဦး၊ မင်းအနေနှင့် တို့ လန်ဒန် အနောက်ပိုင်းက ဆေးခန်းတွေ ကြောင်း ကောင်းကောင်း သိဖို့ အများကြီး လေ့လာရဦးမယ်၊ ဆေးခန်းထဲ သွားရင် အနံ့ သုံးမျိုးကတော့ ရမယ်၊ မေ့ဆေးနံ့ရယ်၊ ထမင်း ဟင်း ချက် ကြော်လှော်နေတဲ့ အနံ့ရယ်၊ ပြီးတော့ အိမ်သာနံ့ရယ်၊ ဒီအနံ့ သုံးမျိုးက ဘာ့ ဆေးခန်းတိုင်းမှာ တွေ့ရမယ့် အနံ့တွေပဲ၊ ဘယ်လိုမှ မတတ်နိုင်ဘူး၊ ငယ်ချင်းရေ၊ ကဲ ရောက်ပြီ၊ အီဒါနှင့် တွေ့လိုက်ကြဦးစို့’

ရုံးခန်း လုပ်ထားသော အခန်း တစ်ခန်း အတွင်းဝယ် ခရမ်းရောင် နုနု ဝံနှင့် သူနာပြုဆရာမ ဦးထုပ်ဖြူကို ဆောင်းထားသော အမျိုးသမီး တစ် သည် စားပွဲငယ် တစ်လုံးနှင့် စမတ်ကျကျ ထိုင်လျက် ရှိ၏။

‘ကောင်းသော နံနက်ခင်းပါ အီဒါ၊ မင်း ဘာတွေများ အလုပ် ရှုပ် သလဲ၊ ဝင်ငွေတွေ ပေါင်းနေတယ် ထင်ပါရဲ့၊ ဟုတ်လား’

သူ့ဝသီအတိုင်း ဟင်မဆန်က ပြောင်စပ်စပ် မျက်နှာပေးဖြင့် မေး သည်။ အီဒါကလည်း ဟင်မဆန်အား မော့ကြည့်လိုက်ပြီး နှစ်နှစ်ခြိုက်ခြိုက် ပြုလေသည်။

အီဒါသည် အရပ်ပုပု၊ ကိုယ်လုံး ကိုယ်ထည် တုတ်တုတ်ခိုင်ခိုင်နှင့် ပွှန် သွေးအားကောင်းပုံ ရ၏။ နီရဲနေသော မျက်နှာပြင်ကို ပေါင်ဒါတွေ ပွှန်အကျံ ဖို့ထားသဖြင့် သူမ၏ အသားရောင်မှာ သူ ဝတ်ထားသည့် မ်းနုရောင် ဝတ်စုံ၏ အရောင်နှင့် ခွဲမရအောင် ဖြစ်နေပေသည်။

အမူအရာကတော့ ခပ်နုံ့နုံ့ ခပ်ပျာပျာ ဖြစ်၍ စုတ်စုတ်ပွဲပွဲ ညစ်ညင် ပတ် စကားမျိုး ပြောရာ၌ ဝါသနာကြီးဟန် ရှိသည်။ သူမ၏ သွားများ မညီမညာနှင့် ကြည့်ရဆိုးလှ၏။ ဆံပင်များမှာ မွဲခြောက်ခြောက်နှင့် ရောင်အဆင်း မရှိသလိုပင်။

ဖြို၍ ကြည့်လိုက်လျှင် အီဒါ၏ ပုံပန်းမှာ ဒုတိယတန်းစား အ[illegible]ဘား


www.burmeseclassic.com

www.burmeseclassic.com


ညကလပ်များတွင် တွေ့ရတတ်သည့် အောက်တန်းစား အစောင့် မိန်းမ တစ်ယောက်နှင့် တူလှပေသည်။ သူမ၏ ပြောဆို ဆက်ဆံပုံများမှာ အချို့ စာရိတ္တကို များစွာ သံသယ ဖြစ်စရာ ရှိနေပေသည်။

သို့သော်လည်း အီဒါ ရှာရင်တန်၏ သူနာပြု ဂေဟာသည် လန်ဒန် တွင် အလွန် လူကြိုက်များ၍ လူသုံးများလှသော ဂေဟာ တစ်ခု ဖြစ်နေသော သည်။ အထက်တန်းလွှာ လူတန်းစားများထဲမှ တစ်ဝက်ခန့်သည် အီဒါ၏ ဂေဟာသို့ လာကြသည်။ အထက်တန်းလွှာ အမျိုးသမီး၊ အမျိုးသားများနှင့် ထင်ရှား ကျော်ကြားသည့် ရှေ့နေကြီးများနှင့် နိုင်ငံရေးသမားများသည် အီဒါ၏ ဂေဟာကို လိုလိုလားလား အသုံးပြုလျက် ရှိကြ၏။

အီဒါ၏ ကြော်ငြာကလည်း တကယ် ကောင်းသည်။ နေ့စဉ် သတင်းစာများတွင် နာမည်ကြီး ပြဇာတ် မင်းသမီး သို့မဟုတ် ရုပ်ရှင် မင်းသမီး တစ်ဦးက မိခင် တစ်ဦးသဖွယ် တယုတယ ပြုစုတတ်သော အီဒါ၏ လက်ထဲသို့ လူနာ အပ်နှံနေသည့် ပုံကို တွေ့နိုင်သကဲ့သို့ ခရမ်းရောင် သူနာပြု ဝတ်စုံ ဝတ်ထားသော အီဒါက သူမ၏ စားပွဲထိုး လုပ်သား တစ်ဦးအား တစ်နှစ် အတွက် လစာ ပေါင်နှစ်ရာ ပေးနေသည့် ဓာတ်ပုံနှင့် သူမ၏ စားဖိုမှူးအား ပေါင်လေးရာ ပေးနေသည့် ဓာတ်ပုံများကိုလည်း တွေ့နိုင်ပေသည်။

အီဒါက လူနာများထံမှ ယူသည့် အခကြေးငွေကလည်း မယုံနိုင်စရာ ပင် ဖြစ်သည်။ ရက်သတ္တ တစ်ပတ်လျှင် အခန်းခချည်း ဂီနီ လေးဆယ် တိတိ ယူသည်။ အခန်းခနှင့် အတူ အခြား စရိတ်စကများ အတွက် တောင်းခံသည့် ပြေစာတွေကလည်း တစ်ပုံတစ်မကြီး ပါလာတတ်၏။ အားလုံး တွက်လိုက်လျှင် သိပ်တော့ မကျပါ။ ဓာတ်ခွဲခန်းခ၊ ညစောင့် သူနာပြု ဆရာမ အခ၊ ခွဲစိတ်ခန်း ခ စသည် စသည်များ အတွက် ပေါင်ဂဏန်းလောက် အထိတော့ ပေးရပါ လိမ့်မည်။

အကယ်၍ ပေးရသည့် အခကြေးငွေ များလွန်း၍ အငြင်းအခုံ ဖြစ် ညားအံ့။ အီဒါ၏ နှုတ်ဖျားမှ တစ်ခွန်းတည်းသော အဖြေကို ပေးပါလိမ့်မည်။ သူမ၏ အဖြေမှာလည်း တခြားတော့ မဟုတ်ပါ။ 'ကျွန်မမှာလည်း ပေးစရာ တွေက တစ်ပုံကြီးပါရှင်၊ ဟိုပေးရ၊ ဒီပေးရ၊ အမြီးနုတ် ခေါင်းနုတ်နှင့် ဘာ ကလေး အမွေးနုတ် ဆိုတာလိုပါပဲ၊ ကျွန်မ အတွက် မဖြစ်စလောက်သာ ကျန် ပါတယ်' ဟူသော အဖြေပင် ဖြစ်သည်။ ပြီးတော့မှ 'သွေးစုပ်ခံရတဲ့ လူက ကျွန်မပါရှင်' ဟု ပြောလိမ့်မည်။



အီဒါသည် ဘွဲ့ရပြီးစ ဆရာဝန် ပေါက်စများနှင့် လန်ဒန်မြို့တွင် မဝင် ဆံ့သေးသည့် မျက်နှာသစ် ဆရာဝန်များကို အလွန် သဘောကျ၏။ အဘယ် ကြောင့် သဘောမကျဘဲ နေပါမည်နည်း။ သူမသည် လူသစ် မျက်နှာစိမ်း ဆရာဝန်များကို ကောင်းကောင်း 'အချဉ်ဖမ်း' နိုင်သည် မဟုတ်ပါလား။

ယခုလည်း အင်ဒရူးကို မြင်တော့ ဝမ်းသာ အယ်လဲ နှုတ်ဆက်လေ သည်။

'သူ့ကို သေသေချာချာ မှတ်ထား အီဒါ၊ သူ့ဆီက လူနာ အများကြီး ရလိမ့်မယ်၊ မင်း ဂေဟာမှာ လူနာ လျှံထွက်သွားမှာတောင် စိုးရတယ် သိလား၊ မင့်ဂေဟာဟာ ပလာဇာ ဟိုတယ်ထက်တောင်မှ သာသွားမယ်'

ဖရက်ဒီက ပလာဇာ ဟိုတယ်၌ 'ဟိုတယ် ဆရာဝန်' လုပ်နေသော ဟယ်မန်းကို ရိပ်၍ ပြောခြင်း ဖြစ်သည်။

'အိုး... ဟိုး... ပလာဇာ ဟိုတယ်ကပဲ ကျွန်မကို နိုင်မှာပါ၊ ကျွန်မ ကတော့ ပလာဇာ ဟိုတယ်ကို နိုင်မှာ မဟုတ်ပါဘူး'

အီဒါက ပြောပြောဆိုဆို အဓိပ္ပာယ်ပါသော မျက်နှာထားဖြင့် ခေါင်း ညိတ်ပြလေသည်။

'ဟား ဟား ဟား ကောင်းလိုက်တဲ့ စကား၊ ဒီမန်းနှင့် တွေ့မှ ပြောပြ ရဦးမယ်၊ သူ ကြားရင် သိပ်သဘောကျမှာပဲ၊ လာဟေ့ မေဆန်၊ တို့များ အပေါ် ဆုံးထပ် အထိ တက်ရမှာ'

နှစ်ယောက်သား ဓာတ်လှေကား အတွင်းသို့ ဝင်ကြသည်။ လူနာတင် လှည်း တစ်ခု ဝင်သာရုံမျှသာ ကျယ်သော ဓာတ်လှေကားသည် သူတို့အား ခေတ္တထပ်သို့ ပို့ပေးလေသည်။ စင်္ကြံလမ်းသည် ကျဉ်းမြောင်းလှပေ၏။ ဆက်တွန်းလှည်း စားပွဲငယ်များသည် အခန်းတံခါး အသီးသီး၏ အဝတွင် အစီအရီ ရှိနေကြ၏။ နှစ်ယောက်သား မစ္စက် ရေးဘန်း၏ အခန်းထဲသို့ ဝင်ခဲ့ ကြလေ၏။

မစ္စက် ရေးဘန်းသည် အသက် ခြောက်ဆယ်ကျော်ပြီ ဖြစ်၏။ ခေါင်း အုံးကို မှီ၍ ထိုင်ကာ ဆရာဝန် အလာကိုပင် အမြဲတစေ စောင့်မျှော်နေဟန် တူသည်။ သူမ၏ လက်ထဲတွင် ကိုင်ထားသည့် စာရွက်ပေါ်၌ ယမန်နေ့ က သူ ခံစားခဲ့ရသည့် ဝေဒနာများနှင့် သူ မေးလိုသည့် မေးခွန်းများကို ရေး ထားလေသည်။ အင်ဒရူးကတော့ မစ္စက် ရေးဘန်းအား မြင်လျှင် မြင်ချင်းပင် အသက်ကြီး၍ စိတ်ကျရောဂါ စွဲကပ်နေသည့် စိတ်ရောဂါသည် တစ်ဦးဟု



www.burmeseclassic.com

www.burmeseclassic.com

သတ်မှတ်လေသည်။

ဖရက်ဒီသည် မစ္စက် ရေးဘန်း၏ ခုတင်တွင် တရင်းတနှီး အမူအရာဖြင့် ဝင်၍ ထိုင်ကာ မစ္စက် ရေးဘန်းနှင့် စကားစမြည် ပြောသည်။ သွေးချိန်နှုန်းကို စမ်းသည်။ ထို့ထက်ပို၍ ဘာမှ လုပ်မပေးပေ။ ပြီးတော့ မစ္စက် ရေးဘန်း ပြောသမျှကို စိတ်ရှည်လက်ရှည် နားထောင်ပြီး အားပေးစကား ပြောသည်။

ဖရက်ဒီက ဒေါက်တာ အိုင်ဗိုရီ ကိုယ်တိုင် မစ္စက် ရေးဘန်း၏ ဆီးဝမ်းနှင့် သွေးများကို အလွန် ခေတ်မီ၍ အလွန့် အလွန် သိပ္ပံနည်းကျသော နည်းစနစ်ဖြင့် စစ်ဆေးနေပြီ ဖြစ်ကြောင်း၊ အဖြေရလျှင် ယနေ့ မွန်းလွဲပိုင်းတွင် အိုင်ဗိုရီ ကိုယ်တိုင် လာတွေ့လိမ့်မည် ဖြစ်ကြောင်း မစ္စက် ရေးဘန်းအား ပြောပြနေသည်။

သူ၏ လုပ်ဖော် ကိုင်ဖက် တစ်ဦး ဖြစ်သော အဆုတ်ရောဂါ အထူးကု ဆရာဝန်ကြီး ဒေါက်တာ အင်ဒရူး မေဆန်နှင့် မိတ်ဆက်ပေးပါရစေဟု ပြော၍ ပြီးမှ မိတ်ဆက်ပေးသည်။ ပြီးမှ ဒေါက်တာ မေဆန်ကို ရင်ဘတ် စမ်းသပ်ခွင့်ပြုဖို့ ခွင့်ပန်စကား ဆိုသည်။ ဖရက်ဒီသည် သူ့ လူနာ မစ္စက် ရေးဘန်းအား ဆက်ဆံရာ၌ အလွန် နူးညံ့၍ အလွန် ယဉ်ကျေး သိမ်မွေ့ပြီး တရိုတသေ တလေးတစား ရှိလှပါပေ၏။

မည်သို့ပင် ဖြစ်စေ သူ့ကိုယ်သူ လူနာဟု ထင်နေသော မစ္စက် ရေးဘန်းသည် ဆရာဝန် ဖရက်ဒီ၏ အလိမ်အညာကို ခံနေရခြင်း ဖြစ်ပေသည်။ မစ္စက် ရေးဘန်းကလည်း ဖရက်ဒီက ယခုလို ယဉ်ကျေး သိမ်မွေ့စွာနှင့် တဖျားဖျားတယ တရိုတသေ ပြောဆို ဆက်ဆံနေခြင်းကို သိပ်ကြိုက်သည်။ သိပ်ပြီး အရသာ တွေ့သည်။ ထို့ကြောင့်လည်း သူမသည် ဖရက်ဒီ ဟင်မဆန်၏ လူနာဘဝနှင့် နှစ်နှစ်မျှ ကြာလာခဲ့ခြင်း ဖြစ်လေသည်။

မစ္စက် ရေးဘန်းသည် အလွန် ချမ်းသာသော အဘွားကြီး ဖြစ်သော်လည်း ဆွေမျိုးညာတိ တစ်ဦးမျှ မရှိပေ။ သူမ၏ အသက်ကြီးပိုင်း ဘဝ တစ်လျှောက်လုံး ဟိုတယ်များတွင် လည်းကောင်း၊ အနောက်ပိုင်း ရပ်ကွက်အတွင်းရှိ သူနာပြု ဂေဟာများတွင် လည်းကောင်း အချိန်ကုန်ခဲ့ရသူ ဖြစ်သည်။ အမှန်တော့ ဖရက်ဒီလို 'လူလည် ဆရာဝန်' တစ်ဦး အပေါ် အဘွားကြီး 'ကျ' နေခြင်းမှာ သက်သက်မဲ့ အချိန်နှင့် ငွေကို ဖြုန်းတီးနေခြင်းပေတည်း။

'ဒီအဘွားကြီးဟာ တို့များ အတွက် ငွေတွင်းကြီး ဆိုတာ မင်း ရိပ်မိရောပေါ့၊ ငါတို့ ဒီအဘွားကြီးဆီက ရသလောက် ချူနေကြတာကွ'

အခန်းပြင်ဘက်သို့ ရောက်လျှင် ရောက်ချင်းပင် ဖရက်ဒီက အရှက်ကင်းမဲ့စွာဖြင့် ရှင်းပြလေ၏။

အင်ဒရူးကတော့ ဘာပြောရမှန်း မသိ၍ ငြိမ်ဆိတ် နေလေသည်။

အမှန်အတိုင်းသာ ဝန်ခံရမည် ဆိုပါက ဤနေရာ ဤ ပတ်ဝန်းကျင်ကို အင်ဒရူး မနှစ်သက်ချေ။ သူ စမ်းသပ် ကြည့်ခဲ့ရသလောက် အဘွားကြီး၏ အဆုတ်များမှာလည်း ဘာမှ မဖြစ်ပေ။ အကောင်းပကတိပင် ဖြစ်နေသည်။

တကယ်တော့ အဘွားကြီးတွင် မည်မည်ရရ ပြစရာ ဘာရောဂါမှ မရှိပေ။ ဖရက်ဒီ၏ သာယာ ညင်းပျောင်းသော၊ သိမ်မွေ့ နူးညံ့သော၊ ချိုသာ ပျော့ပျောင်းသော အပြောအဆို အဆက်အဆံများတွင် သာယာပြီး ဇိမ်ခံနေခြင်းသာ ဖြစ်၏။ ဖရက်ဒီ၏ အပြောကို သဘောကျလေလေ ဖရက်ဒီ၏ လှည့်စားမှုကို ခံရလေ ဖြစ်နေခြင်းပေတည်း။

အင်ဒရူးက ဖရက်ဒီ လုပ်နေသည့် နည်းမှာ အောက်တန်းကျလှသည်ဟုပင် ထင်၏။ ဆရာဝန် တစ်ဦး ဖြစ်ပါလျက်နှင့် လူနာကို မွေးပြီး တစ်ပြားရရ နှစ်ပြားရရ ရှာယူတတ်သည့် လူစားမျိုးတော့ အဖြစ်မခံသင့်ဟု သူ ထင်၏။ အောင်မြင်လိုသော၊ ကျော်ကြားလိုသော၊ ချမ်းသာ ကြွယ်ဝလိုသော စိတ်ဆန္ဒ မည်မျှပင် ကြီးမားနေစေကာမူ သည်နည်းမျိုးကိုတော့ဖြင့် ဘယ်တော့မှ သူ မလုပ်ဟု စိတ်ထဲမှ ကျိတ်၍ ဆုံးဖြတ်မိလေသည်။

သို့သော်လည်း ဖရက်ဒီက သူ့အား ခေါ်သွားပြီး အဘွားကြီးအား ကြည့်ရှု စမ်းသပ်စေခြင်းမှာမူ စေတနာသန့်သန့်နှင့် ပြုခြင်းသာ ဖြစ်လိမ့်မည်ဟုပင် လျှော့ပေါ့၍ တွက်လေသည်။ ထို့ကြောင့်လည်း အင်ဒရူးသည် သူ့အားပေါ် မတက်မီ ဖရက်ဒီ၏ လက်နှစ်ဖက်ကို စိတ်ပါလက်ပါ ဆွဲလှုပ်၍ နှုတ်ဆက်ခဲ့လေသည်။

ထိုလ အကုန်တွင် မစ္စက် ရေးဘန်းထံမှ အင်ရူးထံသို့ ချက်လက်မှတ်တစ်စောင် ရောက်လာသည်။ အင်ဒရူးက စမ်းသပ် စစ်ဆေးပေးသည့် အတွက် အလွန် ကျေးဇူးတင်စွာဖြင့် ပေးပါသည်ဟု ဆိုသော ငွေ ငါးဂီနီတန် ချက်လက်မှတ်။

ထို ချက်လက်မှတ် လက်ထဲ ရောက်ခါမှပင် သူ မစ္စက် ရေးဘန်းအား စမ်းသပ် စစ်ဆေးခဲ့စဉ်က စိတ်မသိုးမသန့် ဖြစ်ခဲ့ရသည်များကို ပြန်၍ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com

မ်ကာ ရယ်မိလေ၏။ ယင်းကဲ့သို့ စိတ်မသိုးမသန့် ဖြစ်ခြင်းသည် တကယ်တော့ မိုက်မဲခြင်း တစ်မျိုးသာ ဖြစ်သည်ဟုပင် တွေးမိလေ၏။

ယခုတော့ဖြင့် အင်ဒရူးသည် ချက်လက်မှတ်များ လက်ခံရယူခြင်း အလုပ်တွင် အလွန့် အလွန် သာယာလျက် ရှိလေပြီ။ ချက်လက်မှတ်များကလည်း တစ်နေ့ထက် တစ်နေ့ ဝင်လာမစဲ တသဲသဲ ဖြစ်လျက် ရှိနေပေပြီ။

သို့ဖြစ်ရာ အင်ဒရူးသည် သူ့ဘဝ သူ အကျေနပ်ကြီး ကျေနပ်လျက် ရှိလေ၏။



[၇]

အင်ဒရူး၏ ဆေးကုလုပ်ငန်းသည် တစ်နေ့ထက် တစ်နေ့ သိသိသာသာကြီး တိုးတက်လာလေသည်။ တိုးတက်မှု အရှိန်က လျင်မြန်လွန်းသဖြင့် အင်ဒရူးသည် အမီ လိုက်နိုင်အောင် မနည်း ကြိုးစား နေရလေ၏။ သူ၏ ပြင်းပြသော ဆန္ဒအရ တိုးတက်လာခြင်း ဖြစ်ရာ ပင်ပန်းသလောက် ပင်ပန်းရကျိုး နပ်သည်ဟုပင် သူ ယူဆလေသည်။

အမှန်တော့ သူသည် ဘဝ တစ်လျှောက်လုံး အစဉ်အမြဲ ဆင်းရဲ ချို့တဲ့ခဲ့ရ၏။ လွန်ခဲ့သည့် အချိန်များက ဆိုလျှင် အလုပ် လုပ်ရာ၌ သူ၏ ကိုယ်ပိုင် ယုံကြည်ချက်ကို ရှေ့တန်းတင်၍ ခေါင်းမာစွာ လုပ်ကိုင်မိခဲ့သဖြင့် အကျိုးအမြတ် ခံစားရသည်ဟု မရှိခဲ့ပေ။ အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရ၏။ ယခုတော့လည်း ချမ်းသာ ကြွယ်ဝမှုကို ပိုင်ဆိုင်စ ပြုခဲ့ပေပြီ။ ယခု သူ့ လက်တွင်း၌ ဆုပ်ကိုင်မိထားပြီး ဖြစ်သော ချမ်းသာ ကြွယ်ဝမှုနှင့် အောင်မြင် ကျော်ကြားမှုများကို ကြည့်၍ သူ ယခင်က အလေးအနက် ထားခဲ့သော ကိုယ်ပိုင် ယုံကြည်ချက်ကို စွန့်လွှတ်ပစ်လိုက်ခြင်းသည် မမှားဟု သူ ထင်လေ၏။

လော်ရီးယားဆိုင်မှ အရေးပေါ် လူနာ တော့ပ်ီ လီရှိုင်းကို ကုသပေးခဲ့ပြီးသည့်နောက် မကြာမတင်မှာပင် အင်ဒရူးသည် မစ္စတာ ဝင့်ချ်နှင့် တွေ့ရသည်။ ထိုနောက်တွင်မူကား လော်ရီးယားဆိုင်မှ အငယ်တန်း အရောင်းစာရေးမ အားလုံးလိုလိုပင် အင်ဒရူးထံသို့ လာကြသည်။ အထက်တန်း အရောင်း စာရေးမများထဲမှ အချို့သည်လည်း အင်ဒရူး၏ ဆေးခန်းကို သုံးစွဲပြုလာကြလေပြီ။

သူတို့တစ်တွေ လာကြသည်မှာ နှာစေး ချောင်းဆိုးလို အသေးအဖွဲ


www.burmeseclassic.com

www.burmeseclassic.com

ရောဂါများကို အကြောင်းပြု၍ လာကြခြင်း ဖြစ်၏။ သူတို့သည် အင်ဒရူး၏ ဆေးခန်းသို့ တစ်ကြိမ် လာမိလျှင် နောက်ထပ် မလာဘဲ မနေနိုင်ကြချေ။ အင်ဒရူး၏ ဆက်ဆံပုံမှာ ယဉ်ကျေး သိမ်မွေ့လှ၏။ နူးညံ့ ပျော့ပျောင်းလှ၏။ အင်ဒရူး စကားပြောပုံမှာ ခင်မင်စရာ ကောင်းလှ၏။ စိတ်အား တက်ကြွစရာ ကောင်းလှ၏။ ရွှင်လန်းစရာ ကောင်းလှ၏။ သူတို့ အားလုံးသည် အင်ဒရူး၏ ပါးနပ် လိမ္မာသော ဆက်ဆံ ပြောဆိုမှုတွင် နစ်မျော သာယာလျက် ရှိကြကုန်၏။

အင်ဒရူး၏ ဝင်ငွေသည် တစ်ရှိန်ထိုး တက်လာသည်။ လုပ်ငန်း အရှိန်ကလည်း တက်၊ ဝင်ငွေကလည်း တက် ဖြစ်လာသောအခါ သူ့ဆေးခန်းကို အဆင့်အတန်း မြင့်သထက် မြင့်အောင်၊ ခမ်းနားအောင် ပြုပြင်လေတော့သည်။

အိမ်ရှေ့ မျက်နှာစာကို ဆေးအသစ် ပြန်သုတ်သည်။ ဆေးခန်းများ ပြုပြင် ဆောက်လုပ်ရေး ကုမ္ပဏီ တစ်ခုအား ကန်ထရိုက်ပေး၍ ငှားရမ်းကာ ခေတ်မီ ဆေးခန်း ဖြစ်လာအောင် မွမ်းမံသည်။ စမ်းသပ်ခန်းက သတ်သတ်၊ ဆွေးနွေးခန်းက သတ်သတ်။ တစ်ခန်းစီ ခွဲလိုက်သည်။ ဆေးခန်းသုံး ပစ္စည်း ကိရိယာ တန်ဆာပလာများကိုလည်း ခေတ်မီ ပစ္စည်းများချည်း ဝယ်၍ ဖြည့်သည်။ ဆေးခန်းထဲတွင် စားပွဲ ကုလားထိုင် အသစ်၊ လူနာအိပ်စင် အသစ်၊ ဆေးပစ္စည်း ဗီရို အသစ်။ အားလုံး အသစ်များနှင့် ဆေးခန်း တစ်ခန်းလုံး သစ်လွင် တောက်ပ ဝင်းလက်နေပေသည်။

အိမ်ကလည်း ဆေးအသစ် သုတ်ထားသဖြင့် သစ်လွင်လာသည်။ သူ အမြဲစီးနေသည့် မော်တော်ကားကလည်း အသစ်မို့ အမြဲတစေ ဝင်းလက်နေသည်။ သို့ဖြစ်ရာ အင်ဒရူး ကိုယ်တိုင်မှာလည်း ယခင်က အတွေးအခေါ် အယူအဆမျိုး မရှိတော့ဘဲ လူသစ် စိတ်သစ်နှင့် အင်ဒရူး မေဆန် အသစ် ဖြစ်နေလေ၏။

ဆေးခန်း နာမည်ကြီးလာသော အခါ ယခင် ဒေါက်တာ ဖို့င်း လက်ထက်က လာလေ့ရှိသော အထက်တန်းစား လူနာများသည် ဒေါက်တာ ဖို့င်း မရှိတော့၍ အခြား ဆေးခန်းများသို့ ရောက်ကုန်ရာမှ ယခု အင်ဒရူး ထံသို့ ပြန်ရောက်လာကြလေသည်။

အင်ဒရူး အဖို့ လူနာ မျှော်ရသည့်နေ့၊ လူနာများ လာအောင် ဆုတောင်း ရသည့်နေ့၊ လူနာ မရှိ၍ ဘာအလုပ်မှ မရှိဘဲ စိတ်ပျက် အားငယ်စွာဖြင့် ထိုင်နေရသည့် နေ့များသည် ကုန်ဆုံးခဲ့ပေပြီ။





ယခု ဆိုလျှင် သူ့မှာ အားလပ်ချိန်ဟူ၍ မရှိတော့ပေ။ ဆေးထည့်ခန်း ...တွင်လည်း လူနာနှင့်။ စမ်းသပ်ခန်းထဲတွင်လည်း လူနာနှင့်။ ဆွေးနွေးခန်း ...တွင်လည်း လူနာနှင့်။ ဆေးခန်း၏ ရှေ့တံခါးနှင့် ဘေးတံခါးများတွင် ...ည်း လူနာတွေနှင့် ဖြစ်နေလေရာ အင်ဒရူးမှာ ရှေ့ဘက် ပြေးလိုက်၊ နောက် ...က် ပြေးလိုက်နှင့် အမောတကော ဖြစ်အောင် လုပ်နေရလေပြီ။

လူနာ အလာ များလွန်းလာတော့လည်း သူ့မှာ အချိန်များများ ရဖို့ ...ပ်လာသည်။ အထူးသဖြင့် လူနာ စမ်းသပ် ကြည့်ရှုချိန်ကို အချိန်များများ ...သို့ လိုလာသည် ဖြစ်ရာ အစီအစဉ်သစ် တစ်ခု ဆွဲရလေတော့၏။

တစ်မနက်ခင်းတွင် သူသည် ခရစ္စတီအား ခေါ်၍ သူ့ အစီအစဉ်ကို ...ပြသည်။

'ကို အစီအစဉ် တစ်ခု လုပ်ထားတယ် ခရစ္စတီ၊ ကို ပြောတာ နား ...ောင်စမ်း၊ ဆေးခန်း လူနာ များချိန်မှာ မင်း ကို့ကို ကူညီစေချင်တယ်၊ ကို ...ခန်းထဲမှာ လူနာ ကြည့်နေရင်း တန်းလန်းက လူနာ အတွက် ဆေးပေးဖို့ ... ထ လုပ်နေရတာက မသက်သာဘူး၊ အချိန်လည်း သိပ်ကုန်တယ်၊ အနည်း ... ငါးမိနစ်လောက်က တစ်ခန်းနှင့် တစ်ခန်း ကူးရတာနှင့်ပဲ ကုန်တာပဲ၊ ...က်သက် ဘာမှမလုပ်ရဘဲ ကုန်ရတဲ့ အချိန်ဟာ နှမြောစရာ သိပ်ကောင်း ...ယ်၊ ဒီလိုသာ ဆိုရင် ကို့အနေနှင့် အခန်းထဲက ထိုင်ပြီး စောင့်နေတဲ့ ...နာတွေကို သိပ်ပြီး အားနာဖို့ ကောင်းတယ်၊ အထူးသဖြင့် ငွေများများ ...နိုင်တဲ့ အထက်တန်းစား လူ့ကုံထံ လူနာတွေကို စောင့်ခိုင်းရတာ ပိုပြီး ...နာဖို့ ကောင်းတယ်၊ အဲဒီတော့ ဒီနေ့က စပြီး မင်းက ကိုရဲ့ ဆေးစပ် ...မား၊ ဆေးပေးသမား လုပ်ပေတော့၊ မကောင်းဘူးလား'

ခရစ္စတီသည် အင်ဒရူးအား နားမလည်သလို ခပ်တွေတွေ ငေး၍ ကြည့် ...သည်။

'လုပ်တာတော့ ဟုတ်ပါပြီ၊ ကျွန်မက ဆေးစပ်တတ်တာမှ မဟုတ်ဘဲ၊ ...ယ်လို လုပ်မလဲ'

အင်ဒရူးက ပြုံးလေသည်။

'မပူပါနှင့် အချစ်ရယ်၊ ဆေးစပ်တာက လွယ်လွယ်ကလေးပါ၊ ကိုက ...ချို့ ဆေးရည်တွေကို ကြိုပြီး စပ်ပေးထားမယ်၊ မင်းက ပုလင်းထဲ ပြောင်း ...ည့်ပေးရုံနှင့် ဆေးညွှန်း စာရွက်ကလေး ကပ်ပေးရုံ လုပ်ရမှာပါ'

'ဒါပေမဲ့ ကိုရယ်'



www.burmeseclassic.com

www.burmeseclassic.com



ခရစ္စတီသည် စိတ်ရှုပ်သွားပုံရသည်။

'ကျွန်မ ကူညီချင်ပါတယ် ကိုရယ်၊ တစ်ခု ရှိနေတာက အလျင်တုန်းက
ကို ယုံကြည်ခဲ့တာက တစ်မျိုး၊ အခု လုပ်ရတာက တစ်မျိုး ဖြစ်မနေဘူးလား
အခုဟာက အသင့်စပ်ထားတဲ့ ဆေးရည်တွေကို ပေးရမှာ ဆိုတော့ ဒီအတိုင်
လုပ်တာ ကောင်းတယ်လို့ အခု ကို ယုံကြည်သလားဟင်'

အင်ဒရူးသည် ခရစ္စတီ၏ မျက်လုံးများနှင့် ရင်မဆိုင်ရဲတော့ပေ။ ခွက်
ထဲမှ ကော်ဖီ အကျန်ကို ဒေါသတကြီးနှင့် မော့ချလိုက်သည်။

'ဘယ်လို လုပ်မလဲကွ၊ ငါ့ အခြေအနေက ဒီလိုမှ မလုပ်ရင် ဖြစ်
မဖြစ်တော့တဲ့ဟာ၊ လုပ်ရတော့မှာပေါ့၊ အေဘာရာလော မြို့မှာ နေကြတုန်းက
ငါ ဘာတွေ ပြောခဲ့ဖူးတယ် ဆိုတာ ငါလည်း မမှတ်မိတာမှ မဟုတ်ဘဲ၊ သိ
မှတ်မိတာပေါ့၊ အဲဒီတုန်းက ပြောခဲ့တာတွေက သဘောတရားတွေချည်းပဲကွ
အခု ငါ့အခြေအနေက လက်တွေ့ ကုသနေရတဲ့ ဆရာဝန် တစ်ယောက် ဖြ
နေပြီ မဟုတ်လား၊ ပြီးတော့လည်း လော်ရီးယား ဆိုင်က လာတဲ့ စာရေးမ
အားလုံးဟာ သွေးအားနည်းတဲ့ ရောဂါကြောင့် လာကြတာချည်းပဲ၊ သံဓာ
ပါတဲ့ အားဆေးရည်ကို ကြိုတင် စပ်ပြီး ပေးလိုက်ရင် သူတို့မှာ ထိခိုက်စ
ဘာမှ မရှိပါဘူးကွာ'

ခရစ္စတီက တစ်စုံတစ်ရာ ပြန်ပြောရန် ဟန်ပြင်နေခိုက်မှာပင် ဆေးခ
ဆီမှ ခေါင်းလောင်းသံ ထွက်လာသဖြင့် အင်ဒရူးမှာ ထပြေးရလေ၏။

ဟိုအချိန်တုန်းက ဆိုလျှင်တော့ ခရစ္စတီသည် အင်ဒရူး၏ စကား
လွယ်လွယ်နှင့် လက်ခံလိမ့်မည် မဟုတ်ပေ။ အင်ဒရူး၏ အယူအဆသ
မှားနေပြီဟု ရဲရဲဝံ့ဝံ့ ထောက်ပြမည်သာ ဖြစ်၏။ ယုံကြည်မှု တစ်ခု အတွ
သူမ၏ ဘက်မှ ဘယ်တော့မှ လွယ်လွယ်နှင့် လျှော့ပေးရိုး ထုံးစံ မရှိခဲ့သေ

သို့သော်လည်း အင်ဒရူးနှင့် မိမိတို့၏ အခြေအနေသည် ဟိုတုန်းက
လုံးဝ မတူတော့ပေ။ အထူးသဖြင့် သူတို့ နှစ်ဦး၏ ဆက်ဆံရေးမှာ အမြဲတ
အထင်အမြင် လွဲမှားမှုများနှင့်ချည်း ရင်ဆိုင်နေရသည့် အချိန်ဖြစ်၏။ သ
သည် ဟိုအချိန်တုန်းကလို အင်ဒရူး အပေါ်၌ သြဇာလည်း မရှိတော့
လမ်းမှန် ရောက်လာအောင် ဖျောင်းဖျ ပြောဆိုနိုင်သည့် အခြေအနေမျိုးလ
မဟုတ်တော့ပေ။ ယခုအချိန်တွင် အရာရာကို ရှေ့ဆောင်နေသူမှာ အင်ဒ
သာလျှင် ဖြစ်နေပြီ။

ဤသို့ဖြင့် ထိုနေ့မှ စ၍ ခရစ္စတီသည် အင်ဒရူး လိုချင်သည့်





အတိုင်း လူနာများများ ကျချိန်တွင် ဆေးစပ်ခန်းထဲမှ နေ၍ ဆေးပေးရလေတော့
၏၊ ဆေးပေးနေရင်း အင်ဒရူးထံမှ ဒေါသတကြီးနှင့် အော်သံ ငေါက်သံ ပေါ
မည်ကိုလည်း ကြောက်ရသေး၏။

ခရစ္စတီ ပေးနေရသည့် ဆေးရည်များမှာ အားဆေးနှင့် လေဆေး
သည့် ဆေးရည်များသာ ဖြစ်သည်။ တစ်ခါတစ်ရံ အားဆေးရည် ပေးရမည့်
မှာ ရောက်အလာတွင် စပ်ထားသည့် အားဆေးရည် ကုန်နေချိန်နှင့် ကြုံ
ကြိုက်၍ အင်ဒရူးအား ဆေးကုန်နေကြောင်း ပြောမိပါက အင်ဒရူးထံမှ 'အခြား
ဆေးရည်မှ မရှိတော့ဘူးလားကွ၊ တခြား သင့်ရာ ဆေးတစ်မျိုး မရှိတော့
လား' စသည်ဖြင့် ဒေါသတကြီး ထအော်တတ်လေသည်။

ဆေးခန်းမှာ ညစဉ် ညတိုင်း ကိုးနာရီခွဲထက် စောပြီး ပိတ်ရသည့် ရက်
မရှိချေ။ ဆေးခန်း ပိတ်ပြီးသည်နှင့် တစ်ပြိုင်နက် နှစ်ယောက်သား
င်း စာအုပ်ကြီးကို ဖွင့်ကြသည်။ စာအုပ်ကြီးမှာ ဒေါက်တာ ဖွိုင်း လက်
က သုံးခဲ့သော စာအုပ်ကြီး ဖြစ်၍ တစ်ဝက်သာ သုံးရသေးသဖြင့်
ဒရူးက ဆက်သုံးနေခြင်း ဖြစ်၏။

'ဘုရားသခင် ကျေးဇူးပဲ ခရစ္စတီ၊ ဒီနေ့လည်း မဆိုးဘူး၊ ဟန်ကျသား
ခင်း မှတ်မိသေးလား၊ ကို ဆေးခန်း စဖွင့်တဲ့ နေ့ကလေ၊ ကို ပထမဆုံး
သျှိလင်နှင့် ခြောက်ပဲနိ ရတော့ လက်တွေများ တုန်လို့၊ အခုတော့ ကြည့်
ပါဦး၊ ကနေ့ တစ်နေ့တည်း ငွေသားချည်း ရှစ်ပေါင် ကျော်တယ်'

အင်ဒရူးက ပိုက်ဆံများကို စေ့စေ့စပ်စပ် ရေတွက်သည်။ အကြွေ သန့်
န့်၊ ငွေစက္ကူ သန့်သန့် ခွဲပြီး ဒေါက်တာ ဖွိုင်း ရှိစဉ်က ပိုက်ဆံထည့်ခွက်
ဖြစ် သုံးခဲ့သည့် ဆေးလိပ်ပြာခွက်ထဲ ထည့်ကာ စားပွဲ အံဆွဲထဲသို့ သွင်း၍
ာ့ခတ်လိုက်သည်။ ဒေါက်တာ ဖွိုင်း သုံးခဲ့သည့် စာရင်း စာအုပ်ကြီးနှင့် ငွေ
ည့်သည့် ဆေးလိပ်ပြာခွက်များကို အပြောင်းအလဲ မလုပ်ဘဲ ဆက်၍ သုံး
ခြင်းမှာ လာဘ်ကောင်းလိုသော အစွဲအလမ်း အယူအဆဖြင့် သုံးစွဲနေခြင်း
ာည်း။

မည်သို့ပင် ဖြစ်စေ အင်ဒရူးကတော့ အလျင်တုန်းကလို သူ့ကိုယ်သူ
ယုံကြည်သော စိတ်နှင့် သံသယ စိတ်များ မရှိတော့ပြီ။ တစ်ချိန်က ဘယ်
ဖြစ်ခဲ့သည်၊ ဘယ်လို နေခဲ့ရသည် ဟူသော အချက်များကိုလည်း မေ့လေ
ပြီ၊

'ကို့ လုပ်ငန်းကတော့ အဘက်ဘက်က စိတ်ချသွားရပြီ ခရစ္စတီ



www.burmeseclassic.com

www.burmeseclassic.com

သိလား၊ အခုအတိုင်း ဆိုရင် ဘာမှ ပူစရာ မလိုတော့ဘူး၊ ကို့ အနေနှင့် ပထမတန်းစား ကိုယ်ပိုင် ဆေးကုခန်း တစ်ခုကို အောင်အောင်မြင်မြင်နှင့် တည်ထောင်ပြီးသား ဖြစ်သွားပြီ၊ ကိုတို့ ရှေ့လျှောက်ပြီး ဘယ်လောက် အထိ ကြီးပွားဦးမယ် ဆိုတာ စောင့်သာ ကြည့်ပေတော့'

အင်ဒရူးသည် အမြဲတမ်းပင် ရွှင်လန်း တက်ကြွလျက် ရှိသည်။ သူ၏ အနေအထိုင်၊ အပြုအမူ၊ အပြောအဆိုများသည် ဟိုစဉ်က အင်ဒရူးနှင့် မတူ တော့ပေ။ အပြောင်းလဲကြီး ပြောင်းလဲလျက် ရှိလေပြီ။

အောက်တိုဘာလ ၁ ရက်နေ့ နံနက်ပိုင်း ဆေးခန်း ပိတ်အပြီးတွင် အင်ဒရူးသည် ခရစ္စတီအား အိမ်ကို ပြင်ဆင် မွမ်းမံဖို့ ပြောလေသည်။

'မင်း ကနေ့ လန်ဒန် အနောက်ပိုင်းကို သွားကွာ၊ ဟတ်ဆန်ဆိုင်ကို ဖြစ်ဖြစ်၊ အော့စလေးဆိုင်ကို ဖြစ်ဖြစ် မင်း ကြိုက်တဲ့ ဆိုင်ကို သွားပေါ့၊ အကောင်း ဆုံး ဆိုတဲ့ ဆိုင်ကိုသာ သွားပါကွာ၊ မင်း လိုချင်တဲ့ အိမ်ထောင် ပရိဘော ပစ္စည်း မှန်သမျှ ဝယ်ခဲ့၊ ဧည့်ခန်းနှင့် အိပ်ခန်း အားလုံး အတွက် လိုတာ မှန် သမျှ ဝယ်ခဲ့'

ခရစ္စတီကတော့ စီးကရက် တစ်လိပ် ပါးစပ်တွင် တပ်၍ မီးညှိရင်း ပြုံးနေသော အင်ဒရူး၏ မျက်နှာကို စူးစမ်းသလို ကြည့်နေသည်။

'တို့များ ငွေရှာတာဟာ ကို လိုချင်တာ ဝယ်ဖို့နှင့် ကို သုံးချင်တာ သုံးဖို့ပဲ မဟုတ်လားကွာ၊ ငွေရှာတာ စိတ်ချမ်းသာဖို့ ရှာတာ မဟုတ်လား၊ မင်း အနေနှင့် ကို့ကို လူညံ့ တစ်ယောက်လို့ မထင်စေချင်ဘူး၊ ကိုတို့ ဆင်းဆင်း ရဲရဲ နေခဲ့ရတဲ့ အချိန်တွေတုန်းက မင်းအနေနှင့် ချွေချွေတာတာ ခြစ်ခြစ် ကုပ်ကုပ် သုံးခဲ့ရတယ် မဟုတ်လား၊ အခုဆို ကိုတို့မှာ သုံးနိုင်နေပြီပဲ၊ ချွေ တာစရာ မလိုတော့ပါဘူး၊ အခုလို ငွေရှိလာချိန်မှာ ပျော်ပျော်နေဖို့ပဲ အရေးကြီး တယ်'

'အင်မတန် ဈေးကြီးတဲ့ အိမ်ထောင် ပရိဘောဂ ပစ္စည်းတွေ ဝယ်ပြီး ပျော်ကြမယ် ဆိုပါတော့၊ ဟုတ်လား'

ခရစ္စတီ၏ မကျေမနပ် ဖြစ်နေသည့် အသံကို အင်ဒရူး သတိမပြုမိဘဲ ခရစ္စတီကို ကြည့်၍ ရယ်သည်။

'ဟုတ်တယ်လေ ဒါပေါ့၊ အခုလို ငွေပေါလာချိန်မှာ အလျင်တုန်းက ဝယ်ထားတဲ့ အစုတ်ပလုတ် အဟောင်းအမြင်းတွေကို ဘာ့ကြောင့် ဆက်သုံး နေဦးမှာလဲ၊ လွှင့်ပစ်လိုက်ပေါ့'





ခရစ္စတီ၏ မျက်လုံးအစုံဝယ် မျက်ရည်များဖြင့် ပြည့်လာလေသည်။

'အေဘာရောလောမှာ နေခဲ့ရတုန်းက ဒီပစ္စည်းတွေကို အစုတ်ပလုတ်တွေ လို့ ရှင် မထင်ခဲ့ဘူးနော်၊ အခုတော့... အို ဟိုတုန်းက နေခဲ့ရတာမှ တကယ် စိတ်ချမ်းသာစရာ ပျော်စရာ ကောင်းတဲ့ နေ့တွေပါလား'

ခရစ္စတီသည် ပြောရင်း ဆိုရင်းနှင့်ပင် ငိုသံပါလာပြီး အင်ဒရူး အပါးမှ ချာခနဲ လှည့်ကာ အခန်းထဲမှ ထွက်သွားလေသည်။

အင်ဒရူးသည် အံ့အားသင့်ကာ ကြောင်အမ်းအမ်း ဖြစ်၍ ကျန်ခဲ့လေ ၏၊ ခရစ္စတီသည် ယခင်နှင့် မတူ။ ထူးထူးခြားခြား ပြောင်းလဲလျက် ရှိသည် ထင်၏။ သိပ်ပြီး ရွှင်ရွှင်လန်းလန်းလည်း မရှိလှ။ စိတ်ချမ်းသာပုံလည်း မပေါ်။ ဘာများ ဖြစ်နေပါလိမ့်။

ခရစ္စတီသည် ယခုတလော အလွန် စိတ်တိုလွယ်သည်။ စိတ်ဆိုးလွယ် သည်။ စိတ်လည်း ညစ်လွယ်သည်။ ကျလွယ်သည်။ ဘာမျှ မဖြစ်လောက် သည့် အသေးအဖွဲ ကိစ္စ တစ်ခုခုကို ယိုးမယ်ဖွဲ့ကာ စိတ်ညစ် စိတ်ရှုပ်ပြီး မျက်ရည်ကျချင်တတ်လေသည်။

သူတို့နှစ်ယောက်သည် ယခင်ကလောက် စည်းစည်းလုံးလုံး မရှိတော့ ဟု ထင်မိ၏။ ယခင်ကလို တစ်ဦးနှင့် တစ်ဦး ချစ်ခင် ကြင်နာမှုလည်း မရှိ တော့ဟု ထင်၏။ သူတို့ နှစ်ဦးကြားတွင် အစဉ်သဖြင့် ခိုင်မြဲစွာ တည်ရှိခဲ့သည့် 'ဆီးတူကောင်းဖက်စိတ်' မှာလည်း မရှိသလောက် ဖြစ်သွားပြီဟု သူ တွက်မိ လေသည်။

ဤကဲ့သို့ ဖြစ်ရခြင်းမှာ မည်သူ၏ အပြစ်ပေနည်း။

သူ့အပြစ်တော့ မဟုတ်။ ဘယ်နည်းနှင့်မှ သူ့အပြစ်တော့ မဖြစ်နိုင်။

သူသည် တတ်နိုင်သမျှ အကောင်းဆုံး ဖြစ်အောင် ကြိုးစား၍ လုပ် ကိုင်နေပါလျက်နှင့် ခရစ္စတီက အဆင်မပြေအောင် လုပ်နေခြင်းသာ ဖြစ်၏။

သူသည် တွေးရင်း တွေးရင်းနှင့် ဒေါသ ဖြစ်လာသည်။

ခရစ္စတီ လုပ်နေပုံသည် ခိုင်လုံသည့် အကြောင်းလည်း မရှိ၊ နှစ်ဦး နှစ်ဖက် မျှတစွာ စဉ်းစားခြင်းလည်း မရှိဘဲ အကြောင်းမဲ့ သက်သက် ထင်ရာ မြင်ရာ လုပ်နေသော သဘောမျိုး ဖြစ်သည်။ ထို့ကြောင့် သူ့ဘက်ကတော့ မှား။ ခရစ္စတီ၏ အမှားသာလျှင် ဖြစ်သည်။ ဤကား သူ့ အယူအဆ ဖြစ် လေသည်။

သူ့မှာ နေ့စဉ် အိမ်တိုင်ရာရောက် သွား၍ ကြည့်ပေးရမည့် လူနာတွေ



www.burmeseclassic.com

www.burmeseclassic.com

က အများကြီး။ ရက်ချိန်းစာရင်းထဲ ကြည့်လိုက်လျှင် ရင်မောစရာ ကောင်းလှသည်။ အင်္ဂါနေ့ ကျတော့လည်း ဘဏ်ကို သွားရသေး၏။

တစ်ပတ်လျှင် နှစ်ကြိမ် ဘဏ်သွား၍ ငွေသွင်းသည့် အလုပ်ကိုတော့ မှန်မှန် လုပ်မှ။ အိမ်မှာ ငွေများများ ထားခြင်းသည် လူလိမ္မာတို့ အလေ့အထ မဟုတ်ဟု သူ ယူဆသည်။

ဘဏ်နှင့် ဆက်သွယ်ရသည်မှာလည်း ဟိုတုန်းကနှင့် မတူတော့ပေ။ ဒရင်းဖီးမြို့တွင် လက်ထောက် ဆရာဝန် ဘဝနှင့် နေခဲ့ရစဉ်က ငွေကလေး မဖြစ်စလောက် ဘဏ်သွား၍ သွင်းရာ အင်နူးရင်း ရီးစ်က မစ္စ ပိတ်ချ်အား တိုင်သဖြင့် အလုပ်က ထွက်ခဲ့ရသည့် အထိ မပြေမလည် ဖြစ်ခဲ့ရ၏။ အမှန်တော့ ငွေကြေး မပြည့်စုံသည့် နိမ့်ကျသော ဘဝမို့ အစော်ကားခံခဲ့ရခြင်း ဖြစ်သည်ဟုပင် သူ ထင်မိလေသည်။

ယခုတော့လည်း ဘဏ် မန်နေဂျာ မစ္စတာ ဝိတ်က သူ့အား အလွန်လေးစားစွာ ဆက်ဆံသည်။ သူ့ဘဏ်ကို ရောက်တိုင်း မစ္စတာ ဝိတ်က သူ့ရုံးခန်းထဲသို့ ဖိတ်ခေါ်၍ ဆေးလိပ်တည်သည်။ ခင်မင် ဖော်ရွေစွာဖြင့် စကားစမြည် ပြောကာ ဧည့်ခံသည်။

'ဒေါက်တာ့ လုပ်ငန်းကဖြင့် တစ်ရှိန်ထိုး တက်နေတာပဲ၊ ဒေါက်တာလို ဝင်ငွေကောင်းတဲ့ ဆရာဝန်မျိုးနှင့် ဆက်သွယ်ရတာ ကျွန်တော်တို့မှာ အကျိုးလည်း ရှိ၊ ဂုဏ်လည်း တက်တာမို့ ကျေးဇူးတင်ပါတယ်' ဟူသော စကားမျိုးကို မစ္စတာ ဝိတ်က ပြောတတ်ပေသည်။

အင်ဒရူးသည် သူ့ ဆေးခန်း နယ်မြေ အတွင်းမှ ဆရာဝန်များနှင့်လည်း မကြာခဏ ဆုံမိတတ်သည်။ ကားချင်း ဆုံမိလျှင် သူ့အား အရေးတယူ လက်ပြ၍ နှုတ်ဆက်သွားတတ်ကြသည်။ နွေရာသီတွင် ပြုလုပ်သည့် ဆရာဝန်များ အသင်း အစည်းအဝေးသို့ တက်ရောက်ခဲ့စဉ်က ဆိုလျှင် ဆရာဝန် အားလုံးက သူ့အား တရင်းတနှီး ဆီးကြို နှုတ်ဆက်ကြ၏။ အသင်း၏ ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာ ဖားဂိုးက သူ့အား ဆေးလိပ်တည်၍ တလေးတစား စကား ပြောခဲ့လေသည်။

'ကျွန်တော်တို့ အစည်းအဝေးကို လာတဲ့ အတွက် ဒေါက်တာ မေဆန်ကို ကျေးဇူးတင်ပါတယ်၊ ကျွန်တော် ပြောခဲ့တဲ့ မိန့်ခွန်းကို ဘယ်လိုများ ထင်မြင်ပါသလဲ၊ ဒေါက်တာ သဘောကျရဲ့လား၊ ကျွန်တော်တို့ ဆရာဝန်တွေ အနေနှင့် ခြေကြွခ ကိစ္စဟာ မပြောမဖြစ်တဲ့ ကိစ္စ တစ်ခုလို့ ထင်တယ်၊ အထူ





သဖြင့် ညပိုင်း လူနာကြည့်ဖို့ လာခေါ်တဲ့ အခါမျိုးမှာ ဆိုရင် သတ်မှတ်ထားတဲ့ အခကြေးငွေ အတိုင်း ယူရမှာပဲ၊ ကျွန်တော်ကတော့ ညလူနာ ဆိုရင် ပြတ်ပြတ်သားသားပဲ ဆက်ဆံတယ်၊ ခြေကြွခ ပေးရင် လိုက်မယ်၊ မပေးနိုင်ရင် လိုက်ကို မလိုက်ဘူး၊ စပ်မိလို့ ကိုယ်တွေ့ အဖြစ် တစ်ခုကို ပြောပြရဦးမယ်၊ တစ်ညမှာ ကျွန်တော့်ကို လာနှိုးတယ်၊ လာပင့်တဲ့ လူက ဆယ်နှစ်သားလောက်ပဲ ရှိသေးတဲ့ ကလေး တစ်ယောက်ဗျ၊ ဘယ်လောက် ခွကျသလဲ၊ သူက ဒေါက်တာ မြန်မြန် လိုက်ပြီး ကြည့်ပေးပါဦး၊ ကျွန်တော့် အဖေက အလုပ်ရုံမှာ ရောက်နေလို့ပါ၊ ကျွန်တော့် အမေ သိပ်ပြီး နေမကောင်းဖြစ်နေတာ ကြည့်ပေးမေးပါ လို့ ပြောတယ်၊ သူ လာခေါ်တဲ့ အချိန်က ည နာရီပြန် နှစ်ချက် ထိုးနေပြီ၊ ဒီချာတိတ်ကိုလည်း တစ်ခါမှ ကျွန်တော် မမြင်ဖူးဘူး၊ ဒါနှင့် ကျွန်တော်က မင့်အမေဟာ ငါ့လူနာ မဟုတ်ဘူး၊ ခြေကြွခ ဂီနီဝက် မင်း ပေးနိုင်မလား၊ ဂီနီဝက် ပေးနိုင်ရင် ငါ လိုက်မယ်၊ တကယ်လို့ အခ ပါမလာရင် အိမ်ပြန်ပြီး ပိုက်ဆံသွားယူ၊ ငါ လိုက်မယ် လို့ ပြောလိုက်တယ်၊ ချာတိတ်လည်း ပြန်သွားလိုက်တာ တစ်ခါတည်း ပေါ်မလာတော့ဘူး၊ ဒီနယ်မြေကတော့ ဘကယ် စိတ်ပျက်စရာ ကောင်းတဲ့ နယ်မြေ တစ်ခုပါဗျာ'

ခရိုင် ဆရာဝန် အသင်း အစည်းအဝေး ပြီးစီးသည့် ရက်သတ္တပတ် အတွင်းမှာပင် မစ္စက် လောရင့်ထံမှ တယ်လီဖုန်း လာပြန်သည်။ မစ္စက် လောရင့်ထံမှ ဖုန်းလာပြီ ဆိုလျှင် အင်ဒရူး ပျော်လေသည်။ တယ်လီဖုန်း စကားပြောခွက်ထဲမှ တစ်ဆင့် သူမ၏ အသံကို ကြားနေရသည်မှာ သူ့အဖို့တော့ စိတ်ကြည်နူးစရာ စိတ်ချမ်းသာစရာ တစ်မျိုး ဖြစ်နေပေသည်။

မစ္စက် လောရင့်က သူမ၏ ယောကျ်ား အိုင်ယာလန်သို့ ငါးမျှားထွက်သွားကြောင်း၊ သူမ ကိုယ်တိုင်လည်း မကြာခင် လိုက်သွားရန် စီစဉ်ထားကြောင်းကို စီကာပတ်ကုံး ပြောပြပြီး သောကြာနေ့တွင် သူမ၏ အိမ်၌ နေ့လယ်စာ စားပွဲ တစ်ခု ပြုလုပ်မည် ဖြစ်၍ ဆက်ဆက် လာပါဟု ဖိတ်လေသည်။

'တော့ပီလည်း လာမယ် ဒေါက်တာ၊ ကျွန်မ ဖိတ်ထားတဲ့ လူကတော့ များတယ်၊ ပျင်းစရာတော့ ကောင်းမှာ မဟုတ်ပါဘူး၊ ကျွန်မ ဖိတ်ထားတဲ့ လူတွေနှင့် သိရရင် ဒေါက်တာ့ အတွက်လည်း အကျိုးရှိဖို့ များပါတယ်'

အင်ဒရူးသည် ကျေနပ် အားရစွာဖြင့် စကားပြောခွက်ကို ပြန်ထောင်ထားလိုက်ပြီးမှ ချက်ချင်းပင် စိတ်ထဲမှ မသိုးမသန့် ဖြစ်လာသည်။ ခရစ္စတီကို



www.burmeseclassic.com

www.burmeseclassic.com

တော့ မဖိတ်ဘဲ မိမိ တစ်ဦးတည်းကိုသာ ကွက်၍ ဖိတ်ခြင်းမှာ ဘယ်လိုကြောင့် ပါလိမ့်။

အသေအချာ စဉ်းစားလိုက်ပြန်တော့လည်း ယခု ပြုလုပ်သည့် နေ့လယ်စာ စားပွဲမှာ ပေါင်းသင်း ဆက်ဆံရေး ဆန်သည့် ပွဲမျိုး မဟုတ်ပေ။ လုပ်ငန်း သဘောမျိုး ဆန်သည့် ပွဲမျိုး ဖြစ်သဖြင့် ခရစ္စတီကို မဖိတ်ခြင်း ဖြစ်တန်ရာ သည်ဟု တွေးမိပြန်လေ၏။

မစ္စက် လော်ရင့် လုပ်သည့် ယခုလို နေ့လယ်စာ စားပွဲမျိုးကိုတော့ သူ မသွားဖူး၍ မဖြစ်ပေ။ မပျက်မကွက် သွားမှသာ ဖြစ်ပေမည်။ ဤပွဲမျိုးသို့ လာ တတ်သည့် အထက်တန်းလွှာမှ လူများနှင့်သာ ခင်မင် ရင်းနှီးခွင့် ရလိုက်လျှင် သူ့အတွက် များစွာ အကျိုး ရှိနိုင်စရာ ရှိသည်ကို သူ လက်တွေ့ သိထားပြီး ဖြစ်ပေသည်။

နောက်ပြီး ယခု နေ့လယ်စာ စားပွဲသို့ ခရစ္စတီအား မဖိတ်ခြင်း အတွက် သိပ်ပြီး စိတ်ပူစရာတော့ မရှိပေ။ လုပ်ငန်းနှင့် ပတ်သက်၍ ဖြစ်စေ သူ့ ကိုယ်ရေး ကိုယ်တာနှင့် ပတ်သက်၍ ဖြစ်စေ အရာရာတိုင်းကို ခရစ္စတီ အား အသိပေးစရာ မလိုဟုလည်း သူ ထင်မိလေ၏။

ဤသို့ဖြင့် သောကြာနေ့တွင် ဟင်မဆန်နှင့် နေ့လယ်စာ စားဖို့ ချိန်း ထားသည်ဟု ခရစ္စတီအား အသိပေးကာ ကားနှင့် ထွက်လာခဲ့၏။ သူသည် အလွန် အလိမ်အညာ ကောင်းသည့် လူလိမ် တစ်ဦး ဖြစ်နေပေပြီ ဟူသော အချက်ကိုမူ သူ လုံးဝ သတိမပြုမိတော့ပေ။

ဖရန့် လော်ရင့်၏ အိမ်သည် ဟန်းနှင့် ဝစ်လကန်လမ်း နှစ်လမ်း ကြား ရှိ နိုက်ဘာရစ်လမ်းတွင် ဖြစ်၏။ လူသွားလူလာ နည်း၍ တိတ်တိတ်ဆိတ်ဆိတ် ရှိလှသော ဆိတ်ငြိမ် ရပ်ကွက် အတွင်းမှ လမ်းတစ်လမ်း ဖြစ်ပေသည်။ ဂျိုးဇက် လီရှိုင်း၏ အိမ်လောက် ပြင်ဆင် မွမ်းမံမှု မခမ်းနား မထည်ဝါသော်လည်း အဆင့်အတန်းကတော့ မနိမ့်ချေ။

အင်ဒရူး ရောက်သွားချိန်တွင် ဧည့်သည်များ ရောက်နေကြပေပြီ။ တော့ပီ၊ စာရေးဆရာ ရိစာကိန်း၊ နာမည်ကြီး ဆရာဝန် တစ်ဦး ဖြစ်သော ကရို မိုး၊ နို့မှုန့် ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဝင် လူကြီး အင်မ်၊ ဒီ၊ အက်ဖ်၊ အာရ်၊ စီ ပီ ဘွဲ့ရ ဆာ ဒတ်ဒလေ ရမ်းဘိုး ဘာလိန်း၊ မနုဿဗေဒ ပညာရှင် နီကို ဝတ်ဆန် စသော ဧည့်သည်များနှင့် အခြား ထင်ရှားသည့် ပုဂ္ဂိုလ်များ ဖြစ်သည်။ အမှန်တော့ ဧည့်သည် အားလုံးသည် သူ့အကြောင်းနှင့် သူ တစ်မျိုး





တစ်ဘာသာစီ ထင်ရှားသော ပုဂ္ဂိုလ်များချည်း ဖြစ်ပေသည်။

အင်ဒရူးသည် လေစက်စတာရှိုင်းယား နယ်ဘက်တွင် နေသော မစ္စက် သွန်တန် ဆိုသူ အမျိုးသမီး၏ ဘေး၌ ထိုင်ရသည်။ မစ္စက် သွန်တန်သည် မြို့ ဆင်ခြေဖုံး တောင်ပိုင်းတွင် နေထိုင်သော်လည်း လန်ဒန်မြို့ပေါ်သို့ မကြာခဏ အလည်အပတ် လာတတ်၍ လာတိုင်းလည်း ဘရောင်း ဟိုတယ်၌ တည်းခို တတ်သည်။

အင်ဒရူးသည် မစ္စက် သွန်တန်နှင့် မိတ်ဖြစ် ဆွေဖြစ် သဘောထားကာ အာလာပ သလ္လာပ စကား ပြောရင်းကပင် ရိုဒီယန်း ကျောင်းသူ တစ်ဦး ဖြစ် သော သူ့သမီး ဆီဘီလ် တစ်ယောက် ဟော်ကီရိုက်ရင်း ခြေထောက်၌ ဒဏ် ရာ ရလာသည့် အကြောင်းကို သိခွင့်ရလိုက်လေ၏။

သူသည် မစ္စက် သွန်တန် ပြောသမျှကို ခေါင်းတဆတ်ဆတ် ညိတ် ရင်းက သူ့ ပတ်ဝန်းကျင် အနီးတစ်ဝိုက်မှ ရိစာကိန်း ပြောနေသမျှကို လည်း ကောင်း၊ ဝတ်ဆန် ပြောပြနေသည့် စိတ်ဝင်စားစရာ ကောင်းလှသော ပါရာ ဘူးနယ် တောကြီးထဲသို့ သွားရသည့် ခရီးစဉ် အကြောင်းကို လည်းကောင်း နားထောင်သည်။

ယင်းကဲ့သို့ နားထောင်ရင်းကလည်း မစ္စက် လောရင့်ကို တစ်ချက် တစ်ချက် လှမ်း၍ အကဲခတ်မိအောင် အကဲခတ်သေးသည်။ လူတိုင်း စကားစ ပြတ်မသွားအောင် လိမ္မာ ပါးနပ်စွာ ပြောတတ် ဆိုတတ်သည့် မစ္စက် လောရင့် ၏ လိမ္မာ ပါးနပ်မှုနှင့် ကျွမ်းကျင်မှုကို စိတ်ထဲက ကျိတ်၍ သဘောကျ ချီးမွမ်း နေမိလေ၏။

သူသည် မစ္စက် လောရင့်ကို အကဲခတ်ရင်းမှပင် ဆာ ရမ်းဘိုး၏ သူ သော်ကြောင်း တတ်ကြောင်း ပညာစွမ်း ပြနေသည့် စကားများကိုလည်း နား ထောင်မိအောင် နားထောင်လိုက်သေးသည်။ မစ္စက် လောရင့်သည် သူ့ မျက် နှာကို တစ်ကြိမ် နှစ်ကြိမ်မျှ လှမ်းကြည့်ပြီး ပြုံးပြသေးရာ သူမ၏ အပြုံးမှာ 'ဘယ်လို သဘောရသလဲ' ဟု မေးသည့် အပြုံးမျိုး ဖြစ်လေသည်။

ဝတ်ဆန်ကတော့ သူ့ ခရီးစဉ် အကြောင်းကို အဆုံးသတ် သွားပေပြီ၊

'အား ခင်ဗျားလည်းပဲ ဒီရောဂါဒဏ် ခံရတဲ့ ဒုက္ခသည် တစ်ယောက် ဖြစ်ခဲ့ဖူးမှာပါဗျ'

ဆာ ရမ်းဘိုးသည် ချောင်းတစ်ချက်ဟန့်၍ အာရှင်းလိုက်ပြီး နှာခေါင်း ပေါ်သို့ လျှောကျနေသည့် မျက်မှန်ကို အပေါ်သို့ ထိုးတင်လိုက်သည်။ အားမှုရှိ



www.burmeseclassic.com

www.burmeseclassic.com



လူအားလုံးသည် သူ ဆက်ပြောမည့် စကားကို အာရုံစိုက်နေကြလေ၏။

ဆာ ရမ်ဘိုးသည် လူထု၏ စိတ်ဝင်စားမှုကို ခံနေရသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပေသည်။ လူတစ်ဦး၌ ရှိသော အူများ၏ အစိတ်အပိုင်း အချို့သည် လူ့ ခန္ဓာကိုယ် အတွက် အသုံးမကျရုံမျှမက အန္တရာယ်ပါ ပေးနိုင်သဖြင့် ယင်း အစိတ်အပိုင်းကို လူ့ခန္ဓာကိုယ်ထဲမှ ထုတ်ပစ်သင့်သည် ဟူသော အယူအဆကို နိုင်လုံသော အထောက်အထားများ ပြ၍ တင်ပြခဲ့ရာမှ ထင်ရှား ကျော်ကြား လာသူ ဖြစ်ပေသည်။

သူ တင်ပြသည့် အယူအဆကို အကြောင်းပြု၍ လူ အတော်များများသည် သူတို့၏ ဝမ်းဗိုက်များကို အခွဲအစိတ် ခံကာ အန္တရာယ် ပေးနိုင်သည် ဆိုသော အူအတက်ကို လှီးထုတ်နေကြလေသည်။ ယင်းအယူအဆ သဘောတရားကို ထုတ်ပြခဲ့သော ဆာ ရမ်ဘိုး ကိုယ်တိုင်မှာမူကား 'ခေတ်မီသူတိုင်း ဗိုက်အခွဲ ခံကြသည်' ဟူသော အုပ်စုထဲတွင် မပါဝင်ချေ။ သူ ကိုယ်တိုင်ကတော့ သူ့ ဝမ်းဗိုက်ထဲမှ အန္တရာယ် ပေးနိုင်သည့် အူအတက်ကို စွန့်ပစ်လိုသော ဆန္ဒ ရှိပုံ မရပေ။

မည်သို့ပင် ဖြစ်စေ သူ့ အယူအဆကို လူအများက ယုံကြည် လက်ခံကြသည်။ ခွဲစိတ်ကု ဆရာဝန်များကလည်း သူ့ အယူအဆအရ ပြုလုပ်ပေးရသည့် ခွဲစိတ်မှုကို 'ရမ်ဘိုး၏ အူအတက် လှီးထုတ်ခြင်း' ဟု အမည် ပေးထားကြလေသည်။ သူသည် အာဟာရ ဗေဒ ပါရဂူ တစ်ဦး အဖြစ်လည်း ထင်ရှားကျော်ကြား၍ လူသိများသူ တစ်ဦး ဖြစ်၏။ တစ်မျိုးသားလုံး ဂျုံကို စားရန် တင်ပြခဲ့သည့် သူ၏ အကြံပြုချက်မှာလည်း လူအများက လက်ခံထားသဖြင့် ထိရောက် အောင်မြင်ခဲ့လေသည်။

ယခုအခါတွင်မူ ဆာ ရမ်ဘိုးသည် အစားအစာ ထုတ်လုပ်သော ကုမ္ပဏီများမှ ဖွဲ့စည်းထားသည့် ဘုတ်အဖွဲ့များတွင် အဖွဲ့ဝင် လုပ်စားနေသည်။ သူ့အဖို့ အစာ အာဟာရနှင့် ပတ်သက်သော လုပ်ငန်းများတွင် အကြံပေး တာဝန်ကို ဆောင်ရွက်ပေးခြင်းဖြင့် စားသာလျက် ရှိပေ၏။

'လူကြီးမင်းများ ခင်ဗျာ၊ လူကြီးမင်းများနှင့် သင့်တော်သည့် အစားအစာများကို ရွေးချယ် စားသောက်နိုင်ရန် ဆာ ရမ်ဘိုး ဘလိန်း၊ အင်မ်၊ ဒီ၊ အက်ဖ်၊ အာရ်၊ စီ၊ ပီမှ ကူညီပါရစေ' ဟူသော ကြော်ငြာသည် ဆာ ရမ်ဘိုး အား လူသိ များသည်ထက် များအောင် ပြုလုပ်ပေးလျက် ရှိပေ၏။

ဤမျှလောက် လူသိများ၍ ကျော်ကြားနေသော ဆာ ရမ်ဘိုးသည်





ယနေ့ နေ့လယ်စာ စားပွဲတွင်လည်း သူ၏ ဆန်းသစ်သော အယူအဆ တစ်ခုကို မစ္စက် လောရင့်အား ထုတ်ဖော် ပြောပြနေပြန်လေသည်။

'မကြာသေးခင်က အနုံ့အပြား ဖြစ်ခဲ့တဲ့ ရောဂါနှင့် ပတ်သက်လို့ အင်တာနမ် စိတ်ဝင်စားဖို့ ကောင်းတဲ့ တွေ့ရှိချက် တစ်ခုကို ပြောပြရဦးမယ်၊ တခြားတော့ မဟုတ်ဘူး၊ ကရီမိုဂျင် နို့မှုန့်ရဲ့ ထူးခြားတဲ့ အာဟာရ သတ္တိကြောင့် လူအများ ရောဂါ သက်သာခဲ့ရတဲ့ အချက်ပဲ၊ လွန်ခဲ့တဲ့ အပတ်က လုပ်တဲ့ ကုမ္ပဏီ အစည်းအဝေးမှာတောင် ဒီအချက်ကို ကျုပ် ပြောပြခဲ့မိသေးတယ်၊ ခင်ဗျား သိတဲ့ အတိုင်းပဲ၊ ကျုပ်တို့မှာ တုပ်ကွေးဖျား ရောဂါ အတွက် ကုသနိုင်တဲ့ ဆေး မရှိသေးဘူး၊ ဆေး မရှိတော့ကာ အရေးကြီးတာက ရောဂါရဲ့ ဒဏ်ကို လူ့ခန္ဓာကိုယ်က ကြံ့ကြံ့ခံနိုင်ဖို့ လိုတယ်၊ ကိုယ်ခန္ဓာ ကြံ့ခိုင်သမျှ ကာလပတ်လုံး ဘယ်လို ရောဂါမျိုးမှ လွယ်လွယ် မဝင်နိုင်ဘူး မဟုတ်လား၊ ခန္ဓာကိုယ် အမြဲတစေ ကျန်းမာ ကြံ့ခိုင်နေဖို့ကလည်း အာဟာရဓာတ် ပြည့်ဝတဲ့ အစားအစာကို အမြဲစားဖို့ လိုတယ်၊ ကရီမိုဂျင် နို့မှုန့်ဟာ လူရဲ့ ကိုယ်ခန္ဓာ ကျန်းမာရေး အတွက် သိပ်ပြီး အထောက်အကူ ပြုနိုင်တဲ့ အစားအစာ တစ်ခု၊ အာဟာရ ပြည့်ဝတဲ့ အစားအစာ တစ်ခုပဲ ဆိုတာ ကျုပ် တွေ့ထားတယ်'

ဝတ်ဆန်က အင်ဒရူးကို ကြည့်၍ ပြုံးသည်။ သူ့အပြုံးမှာ မလိုတမာ အပြုံး။

'ကရီမိုး နို့မှုန့် ကုမ္ပဏီက ထုတ်နေတဲ့ နို့မှုန့်တွေ အပေါ်မှာ ဒေါက်တာကော ဘယ်လို မြင်ထားပါသလဲ' ဟုလည်း အင်ဒရူးအား လှမ်းမေးလေသည်။

အင်ဒရူးသည် သူ့ ပတ်ဝန်းကျင် တစ်ခုလုံးကို မေ့သွားသည်။ သူ၏ ဝင်ကို စိတ်နှင့် ပင်ကို ဝသီသည် ဖျတ်ခနဲ ပြန်ပေါ်လာသည် ဖြစ်ရာ သူ့ ထင်မြင်ချက်ကို အားမနာ ပါးမနာ၊ အမှုမဲ့ အမှတ်မဲ့နှင့် ပြောချလိုက်လေ၏။

'အပြော ကောင်းရင် ဘယ်ပစ္စည်း မဆို လွှမ်းလောက်တာချည်းပေါ့ဗျာ၊ အပြောသာ ကောင်းမယ် ဆိုရင် တခြား အစားအစာတွေလည်း နို့မှုန့်လောက်တော့ ကောင်းမှာပါပဲ'

ရိစာကိန်းသည် အင်ဒရူး၏ ထင်မြင်ချက်ကို သဘောတူကြောင်း ဖော်ပြသည့် အကြည့်မျိုးဖြင့် ပြုံးစစ လုပ်နေရာမှ အားမနာ ပါးမနာ အားရပါးရ ရယ်ချလိုက်လေ၏။

မစ္စက် လောရင့်ကတော့ ပြုံးရုံမျှ ပြုံးလေသည်။ ဆာ ရမ်ဘိုးသည်



www.burmeseclassic.com

www.burmeseclassic.com
ရဲတိုက်

ချက်ချင်းပင် သူ၏ ပြောလက်စ စကားလမ်းကြောင်းကို ပြောင်းလိုက်ပြီး မကြာသေးခင်က သူ အလည် ရောက်ခဲ့သည့် မြောက်ပိုင်း ဆေးပညာရှင်များ အသင်း အကြောင်းကို ပြောပြနေလေတော့၏။

မည်သို့ပင် ဖြစ်စေ နေ့လယ်စာ စားပွဲမှာ ပျော်စရာတော့ ကောင်းပေသည်။ အဘက်ဘက်တွင် အဆင်ပြေသည်ဟု ဆိုရမည် ဖြစ်၏။ အင်ဒရူးမှာလည်. လူတိုင်းနှင့် လွတ်လပ်စွာ ရောနှော၍ ပြောဆိုခွင့် ရခဲ့သဖြင့် စိတ် ချမ်းသာသည်။ သူ ဧည့်ခန်းထဲမှ မထွက်ခွာမီ မစ္စက် လောရင့်က သူ့အား နှစ်ကိုယ်ကြား စကား တစ်ခွန်း ပြောလိုက်သေးသည်။

'ဆေးခန်း အပြင်ကျတော့လည်း ရှင်ဟာ အောင်မြင်တဲ့ လူတစ်ယောက်ပါပဲ၊ မစ္စက် သွန်တန် တစ်ယောက်တော့ ရှင့်ကို စွဲကျန်ခဲ့ပြီ သိလား၊ သူ့ခမျာ ရှင့်အကြောင်း ပြောရတာနှင့်ပဲ သူ့ကော်ဖီတောင်မှ ဖြောင့်ဖြောင့်တန်းတန်း မသောက်နိုင်ရှာဘူး၊ ရှင် သူ့ကို ရှင့်လူနာ ဖြစ်လာအောင်များ ပြောခဲ့မိသေးသလား'

မစ္စက် လောရင့်၏ စကားသည် သူ့ နားထဲဝယ် စွဲကျန်ခဲ့လေသည်။ သူမ၏ စကားကို ပြန်လည် ကြားယောင်ကာ တစ်လမ်းလုံး မြူးလျက် ရှိလေ၏။

မနေ့က ပျော်ရွှင်ခဲ့ရသလောက် နောက်နေ့မနက် ဆယ်နာရီခွဲခန့်တွင် ဖရက်ဒီ ဟင်မဆန်ထံမှ တယ်လီဖုန်း ဆက်၍ ပြောလိုက်သော စကားကြောင့် စိတ်မသက်မသာ ဖြစ်ရရုံမျှမက ထိတ်လန့် တုန်လှုပ်ခြင်းပါ ဖြစ်ရလေ၏။

'ဘယ်လိုလဲ သူငယ်ချင်းရဲ့၊ မနေ့က နေ့လယ်စာ စားပွဲမှာ တော်တော်ပျော်ခဲ့ရဲ့လား၊ ကိုယ် ဘယ်လိုလုပ်ပြီး သိသလဲ၊ ဟုတ်လား ဟား ဟား ဟားမင်း ကနေ့မနက်ထုတ် ထရီဗြူး သတင်းစာကို အခုအချိန်ထိ မဖတ်ရသေးဘူးထင်တယ်'

အင်ဒရူးသည် အလန့်တကြား ဖြစ်ကာ ဧည့်ခန်းထဲသို့ သွား၍ စောစောက သူနှင့် ခရစ္စတီတို့ ဖတ်ပြီး တင်ထားပစ်ခဲ့သော သတင်းစာကို ယူ၍ ဒုတိယအကြိမ် လှန်လှော ရှာဖွေသော အခါ ယနေ့ သိစရာ မှတ်စရာ သတင်း အတိုအထွာ ကဏ္ဍတွင် ဓာတ်ပုံ သတင်းကို တွေ့ရလေ၏။

မနက်ပိုင်းက ဤသတင်းစာကို တစ်ကြိမ် ဖတ်ခဲ့ပြီးပြီ ဖြစ်၏။ ထိုစဉ်က ဒီသတင်းကို သူ ဘာ့ကြောင့် မတွေ့ခဲ့လေသနည်း။ မစ္စက် ဖရန့် လောရင့်၏ ပုံနှင့် အတူ နေ့လယ်စာ စားပွဲ ပြုလုပ်ပုံကို သတင်းတို အဖြစ် ဖော်ပြ



ထားသည် ဖြစ်ရာ ဧည့်သည်များ စာရင်းတွင် သူ့နာမည်သည် ပါလျက် ရှိပေသည်။

သူသည် အကြောင်းမဲ့ ဒေါသဖြစ်ကာ သတင်း ဖော်ပြထားသည့် စာရွက်ကို ဆုတ်ဖြဲ လုံးခြေပြီး မီးဖိုထဲသို့ ပစ်ထည့်လိုက်၏။ ပြီးခါမှပင် ဤသတင်းစာကို ခရစ္စတီ ဖတ်ပြီးပြီ ဟူသော အသိ ဝင်လာပြန်သဖြင့် စိတ်ရှုပ်သွားပြန်လေ၏။

ခရစ္စတီသည် ဤသတင်းကို ဖတ်လိမ့်မည် မဟုတ်ဟု စိတ်သက်သာရာရအောင် ကြံဖန်၍ တွေးပြန်သည်။ မည်သို့ပင် တွေးစေကာမူ သူ့စိတ်ကတော့ ဝလုံမလဲ ဖြစ်လျက် ရှိလေပြီ။ ထို့ကြောင့်လည်း မျက်နှာထားကို တင်းနိုင်သမျှတင်းကာ ဆေးခန်းထဲသို့ ဝင်သွားလေ၏။

အမှန်တော့ ထိုသတင်းကို ခရစ္စတီ တွေ့ခဲ့ပြီးပြီ ဖြစ်၏။ သတင်းကို တွေ့စတွင် အံ့အား သင့်ခဲ့မိသော်လည်း နောက်ပိုင်းကျတော့ တဖြည်းဖြည်းနှင့် ဝမ်းနည်းစိတ် ဖြစ်လာသည်။ သူမ၏ အသည်းနှလုံးသည် မနာကျင်စဖူး နာကျင်ခဲ့ရပေပြီ။

ဤကိစ္စကို ဘာ့ကြောင့် သူမအား မပြောဘဲ ဖုံးထားပါလိမ့်။ ဘာ့ကြောင့် သူ ဒီလို လုပ်ပါလိမ့်။ သူ့မှာ ဘာလျှို့ဝှက်စရာတွေ ရှိနေပါလိမ့်။

ထိုအတွေးများသည် ခရစ္စတီ၏ စိတ်ကို များစွာ အနှောင့်အယှက် ပေးလျက် ရှိလေ၏။

အမှန်တော့ နေ့လယ်စာ စားပွဲတက်ခြင်းသည် ထူးဆန်းသည့် ကိစ္စတစ်ခု မဟုတ်ပေ။ ဖိတ်သူက ဖိတ်လျှင် သွားရမည်သာ ဖြစ်ပေသည်။ ဤ ကိစ္စမျိုးကို သူမ အနေဖြင့် ကန့်ကွက်စရာ အကြောင်း မရှိပေ။ သို့ပါလျက်နှင့် တိတ်တိတ်ကလေး ကျိတ်၍ သွားခဲ့ခြင်းမှာ...။

ခရစ္စတီသည် ဤကိစ္စကို တွေးမိလိုက်တိုင်း ဝမ်းနည်းမိသော်လည်း သူ့စိတ်သူ ကြိုးစား၍ ဖြေရှာ၏။ တကယ်ဆိုတော့ ဤကိစ္စမှာ သာမန် အသေးအဖွဲ့မျှသာ ဖြစ်ရာ သူမ အနေဖြင့် ပူပင် သောက ဖြစ်နေစရာ မလိုဟု တွေး၍ စိတ်ကို ဖြေလေသည်။

သို့သော် အသေးအဖွဲ့ဟု ဆိုရမည့် ကိစ္စကို · သူ့အား အသိမပေးဘဲ လုပ်စဖူး လုပ်သွားသည့် ထူးခြားမှုကလေးကြောင့် ဤကိစ္စကို သာမန် အသေးအဖွဲ့ ကိစ္စ တစ်ခုဟု မယူဆနိုင်အောင် ဖြစ်လျက် ရှိလေ၏။

အင်ဒရူး လူနာကြည့် ထွက်သွားသည့်အခါ ခရစ္စတီသည် အိမ်မှု



www.burmeseclassic.com

www.burmeseclassic.com

ကိစ္စများကို မနားမနေ လုပ်ခြင်းဖြင့် သူ့စိတ် သူဖြေရန် ကြိုးစားပါ၏။ သို့
သော်လည်း မရချေ။ သူမသည် ဆေးခန်းထဲ ဝင်သည်။ ထို့နောက် ဆေးထည့်
ခန်းဆီသို့ ကူးသည်။ သူမ၏ ရင်သည် လေးလံလျက် ရှိလေ၏။

သူမသည် ရည်ရွယ်ချက် မရှိဘဲနှင့် ဆေးထည့်ခန်းထဲတွင် ဖုန်များ
လှေျာက်သုတ်နေရင်းက စားပွဲဘေး၌ ကျနေသော အင်ဒရူး၏ ဆေးအိတ်
အဟောင်းကို စူးစူးစိုက်စိုက် ကြည့်နေမိလေ၏။ ဆေးအိတ်ဟောင်းသည် သူမ
အား ကြည့်၍ တစ်စုံတစ်ခု ပြောနေသယောင် ထင်မြင်လာသည်။

ဤအိတ်သည် အင်ဒရူး အမြဲတမ်း ကိုင်ခဲ့သော အိတ်ဖြစ်၏။ ဒရင်း
ဖီးမြို့တွင် လက်ထောက် ဆရာဝန် ဘဝဖြင့် ဤအိတ်ကလေးကို ဆွဲ၍ ဆင်းရဲ
ပင်ပန်းစွာဖြင့် သွားလာ လုပ်ရှားခဲ့သော အင်ဒရူး၏ ပုံပန်းသဏ္ဌာန်ကို ပြန်
လည်၍ ထင်ယောင် မြင်ယောင် ဖြစ်နေမိလေ၏။

ခရစ္စတီသည် ဘယ်တုန်းကမှ မဖြစ်ပေါ်ခဲ့ဖူးသော ဝမ်းနည်းစိတ်
နှမြောတသစိတ်၊ ယူကျုံးမရ ဖြစ်သော စိတ်တို့ဖြင့် ဆေးအိတ်ဟောင်းကို
အသာအယာ ကောက်ယူပြီး တယုတယပင် ရင်ခွင်၌ အပ်ထားလိုက်မိလေ
သည်။

အခုတော့ဖြင့် သူ့တွင် အိတ်သစ် တစ်လုံး ရှိနေပေပြီ။ ဤအိတ်ထက်
ပို၍ ကောင်း၏။ ပို၍ လှ၏။ ပို၍ ဈေးကြီး၏။ ဤဆေးအိတ် အဟောင်းကို
အဘယ်မှာလျှင် သူ သတိရပါတော့မည်နည်း။

အင်ဒရူးသည် သူ ရယူ ပိုင်ဆိုင်လိုသော ကျော်ကြားမှု၊ အောင်မြင်မှု
နှင့် ငွေကြေး ချမ်းသာ ကြွယ်ဝလိုမှုများ နောက်သို့ အပင်ပန်းခံ၍ လိုက်နေခဲ့
သည်မှာ ကြာပြီ။ သူ မျှော်မှန်းထားသည့် အတိုင်းလည်း ကျော်ကြားခဲ့ပါ၏။
အောင်မြင်ခဲ့ပါ၏။ ငွေကြေးလည်း ရခဲ့ပါ၏။ သို့သော် ဤ အောင်မြင် ကျော်
ကြားမှုများကြောင့်ပင် သူ၏ စိတ်နေစိတ်ထားသည် မမှန်မကန် ဖြစ်ကာ
ပြောင်းလဲခြင်း ဖြစ်ခဲ့ရလေပြီ။ ယင်း ပြောင်းလဲမှုများကြောင့်လည်း မိမိ အနေ
ဖြင့် သူ့အပေါ်တွင် အယုံအကြည် ကင်းမဲ့လာရခြင်း ဖြစ်သည် မဟုတ်ပါလား။

သူမ၏ ရင်ထဲ၌ ဖြစ်ပေါ် ခံစားနေရသည့် သံသယများကို အင်ဒရူးအား
ဖွင့်ဟ၍ မဖြစ်သည်ကိုလည်း သူမ နားလည်သည်။ ယခုလို အချိန်မျိုးတွင်
သူသည် ရန်လိုနေသူ ဖြစ်၏။ သူ ကိုယ်တိုင်ပင်လျှင် သူ၏ အတွင်းစိတ်နှင့်
အပြင်စိတ်တို့၏ ပဋိပက္ခ ဖြစ်မှုကြောင့် စိတ်တိုလွယ်၊ ဒေါသကြီးလွယ် ဖြစ်
နေ၏။ ဤလို အချိန်မျိုးတွင် သူမ၏ ရင်ထဲ၌ ရှိနေသမျှကို ဖွင့်ဟလိုက်ပါမူ





င်ဦးနှင့် တစ်ဦးကြားတွင် ပေါ်ပေါက်နေသည့် မပြေလည်မှုသည် ကြီးမား
သည်ထက် ကြီးမားလာကာ အဆုံးသတ်၍ ရတော့မည် မဟုတ်ပေ။

သို့ဖြစ်ရာ သူမ အနေဖြင့် သူမ၏ နည်း သူမ၏ ဟန်ဖြင့် အကောင်း
ဆုံး ဖြစ်အောင် နေသွားတော့မည်ဟုသာ ဆုံးဖြတ်လိုက်လေ၏။

စနေ တစ်ရက်၏ မွန်းလွဲပိုင်းတွင် ဖြစ်ပေသည်။

ထိုနေ့တွင် ခရစ္စတီသည် ဈေးဝယ် ထွက်မည့် အစီအစဉ် ရှိ၏။ သူ
ေးသွားလျှင် ခေါ်မည်ဟုလည်း ဖလော်ရီအား ကတိပေးထားသည်။ သား
သမီး မရှိရှာသော ခရစ္စတီသည် အလွန် ဉာဏ်ကောင်း၍ သွက်လက် ချက်ချာ
န်းလှသော ဖလော်ရီ့ အပေါ်တွင် သံယောဇဉ် ဖြစ်လျက်ရှိရာ မကြာခဏ
ိသလိုပင် ဖလော်ရီကို အဖော်လုပ်၍ အပြင်ထွက်လေ့ ရှိ၏။

ဖလော်ရီသည် သူ့မိခင်က အဝတ်အစား လဲပေးပြီးသည်နှင့် တစ်ပြိုင်
က် အပေါ်ထပ်သို့ တက်လာကာ လှေကားထိပ်မှ နေ၍ ခရစ္စတီ ထွက်အလာ
ို စောင့်ကြိုလျက် ရှိ၏။ စနေနေ့ ဆိုလျှင် နှစ်ယောက်တွဲ၍ အပြင် ထွက်
ကျ ဖြစ်သဖြင့် ဖလော်ရီသည် မြူးကြွလျက် ရှိလေသည်။

ဖလော်ရီ၏ လက်ကို ဆွဲ၍ အပြင်သို့ ထွက်လာသည့် အခါတွင်မူ
စ္စတီ၏ လေးလံ ထိုင်းမှိုင်းလျက် ရှိသော စိတ်သည် ပေါ့ပါးလာသည်။
ကြည်လင် လန်းဆန်းလာသည်။ ဈေးထဲတွင် လှေျာက်သွားရင်း ခင်မင် ရင်းနှီး
သည့် ဈေးသည်များနှင့် ဆုံမိသည့်အခါ ခဏတစ်ဖြုတ် ရပ်၍ စကား စမြည်
ပြောသည်။ ဟင်းသီး ဟင်းရွက်နှင့် ပန်းများ ဝယ်သည်။ အင်ဒရူး ကြိုက်
တတ်သည့် အစားအစာမျိုးကို ဝယ်သွားမည်ဟုလည်း စဉ်းစား စိတ်ကူးသည်။

သူမ၏ အသည်းနှလုံးတွင် ရရှိထားသည့် ဒဏ်ရာကတော့ဖြင့် ယခု
အချိန်ထိ မကျက်သေးပေ။ သူ ဘာ့ကြောင့် ဤကိစ္စကို အသိမပေးဘဲ တစ်
ယောက်တည်း ကျိတ်၍ သွားပါလိမ့် ဟူသော မေးခွန်း၏ အဖြေကို သူမ ရင်
ထဲ၌ ရှာဖွေနေဆဲ ဖြစ်၏။

သူတို့ အေဘာရာလော မြို့ကလေးတွင် နေခဲ့ကြစဉ်က ဗောက်ဟန်တို့
အိမ်မှ ထမင်းစား ဖိတ်ခဲ့ဖူးရာ ထိုစဉ်က သူ မလိုက်လိုဟု အကျောက်အကန်
ငြင်းဆန်နေခဲ့သဖြင့် သူမကပင် မရမက အတင်းအဓမ္မ ခေါ်သွားခဲ့ရဖူး၏။

ယခုတော့ဖြင့် အခြေအနေက ပြောင်းပြန် ဖြစ်နေလေပြီ။

ယခုလို ဖြစ်ရခြင်းသည် သူမ၏ အပြစ်ပေလား။ သူမ မလိမ္မာ၍ ယခု
လို ဖြစ်ရခြင်းပေလား။ သူမသည် လူ့အသိုင်းအဝိုင်းတွင် မဝင်ဆံ့တော့သည့်



www.burmeseclassic.com

 www.burmeseclassic.com 

လူစားမျိုး ဖြစ်နေပြီလား။

သူမသည် လူ့အဖွဲ့အစည်းတွင် မဝင်ဆံ့သည့် လူမျိုးတော့ ဘယ်နည်းနှ မှ မဖြစ်နိုင်ပေ။ သူမသည် ယနေ့ အချိန်ထိ လူအများနှင့် တွေ့ဆုံ ဆက် လိုသော စိတ်နှင့် ခင်မင် ရင်းနှီးလိုသော စိတ် ရှိနေပါသေးသည်။ ဘယ် ဘယ်ဝါ၊ ဘယ်လို အဆင့်အတန်းထဲက ဖြစ်ဖြစ် အဆင့်အတန်း မရွေး၊ ဆင် ရဲ ချမ်းသာ မရွေး၊ မျက်နှာ ကြီးငယ် မရွေး သိကျွမ်း ခင်မင်လိုစိတ်၊ ပေါင် သင်း ဆက်ဆံလိုစိတ် ရှိနေဆဲပင် ဖြစ်ပါ၏။ အေဘာရာလောမြို့တွင် နေ ရစဉ်က ခင်မင်ခဲ့သည့် မစ္စက် ဖောက်ဟန်နှင့် ဆိုလျှင် ယနေ့ အချိန်ထိ အခ အမင် မပျက်ကြသေးပေ။ အနေ ဝေးကြသဖြင့် လူချင်း မတွေ့ပေမဲ့ စာချ ကတော့ အမြဲ အဆက်အသွယ် ရှိနေသည် ဖြစ်ရာ ခင်မင်မှုမှာ ခိုင်မာဆဲပ ရှိနေပါသေး၏။

ခရစ္စတီသည် ကြုံခဲ့ရသည့် အဖြစ်အတွက် အလွန်အမင်း စိတ်ထိခိုက် ခြင်း၊ ဝမ်းနည်းခြင်း ဖြစ်နေရသော်လည်း သူမ အတွက် သိပ်ပြီး အရေးထာ ၍ စဉ်းစားခြင်း မပြုပေ။ သူ ချစ်သော၊ သူ မြတ်နိုးသော သူ့ချစ်လင် အင်ဒရူ အတွက်သာလျှင် အဓိကထား၍ စဉ်းစား ဆင်ခြင်မှု ပြုလေသည်။

ခရစ္စတီ နားလည်ထားသည်မှာ လူချမ်းသာ ဖြစ်စေ၊ လူဆင်းရဲ ဖြ စေ မည်သူမဆို သွေးနှင့်ကိုယ် သားနှင့်ကိုယ် ဖြစ်ရာ ဖျားကြ နာကြမည်သာ ဖြစ်သည်။ ဆရာဝန် ဆိုသည်မှာ ဖျားသူ နာသူ လူနာ ရှိလာလျှင် ကုသပေ ရမည်သာ ဖြစ်၏။ ဆရာဝန် တစ်ဦးသည် ဖျားသူ နာသူ မကျန်းမာသူ လူ မမာများအား ကုသပေးရင်းနှင့်ပင် ကျွမ်းကျင်သော ဆရာဝန် ဘဝသို့ ရောက် ပြီး ထင်ရှားလာကြရခြင်း ဖြစ်ပေသည်။

လန်ဒန်မြို့ပေါ်မှ လူချမ်းသာများ နေထိုင်ကြသည့် ဂရင်းလမ်းမှာပဲ ဖြစ်ဖြစ်၊ မေဖဲရား လမ်းမှာပဲ ဖြစ်ဖြစ်၊ မြို့သေး မြို့ငွား ဖြစ်သော အေဘာရာ လောမြို့မှ အလုပ်သမား ဆင်းရဲသားများ နေထိုင်သည့် စီဖန်ရီး ရပ်ကွက်မှာပဲ ဖြစ်ဖြစ် ကျွမ်းကျင်သည့် ဆရာဝန် တစ်ဦး ဖြစ်လာနိုင်ဖို့ အခွင့်အလမ်းနှင့် အခြေအနေကတော့ အတူတူ ရှိသည်ပင်။

ကျွမ်းကျင်သည့် ဆရာဝန် တစ်ဦး ဖြစ်ဖို့မှာ လူချမ်းသာ လူဆင်းရဲ ဟူသော လူတန်းစား ခွဲခြားမှု အပေါ်တွင်လည်း မတည်၊ လူချမ်းသာ ရပ် ကွက်၊ လူဆင်းရဲ ရပ်ကွက် ဟူသော နေရာ ဒေသ ခွဲခြားမှု အပေါ်တွင်လည်း မတည်၊ အဓိက တည်နေသည်မှာ ကာယကံရှင် ဆရာဝန်၏ အပေါ်တွင်သာ



သည်ဟု အခိုင်အမာ ယုံကြည်ထားလေသည်။

ခရစ္စတီ အနေဖြင့် အင်ဒရူးအား အေဘာရာလောမြို့တွင် နေစဉ်တုန်း အတိုင်း လုပ်ရ ကိုင်ရ နေထိုင်ရမည်ဟု မပြောချင်သော်လည်း ထိုအချိန် က သူ အလေးအနက် ခံယူထားခဲ့သည့် သူ့ ကိုယ်ပိုင် ယုံကြည်ချက်ကို ာ့ အမြဲတစေ သတိရစေချင်၏။

ထိုစဉ်တုန်းက အင်ဒရူး၏ စိတ်နေစိတ်ထားနှင့် ယုံကြည်ချက်များ ည် အလွန် ဖြူစင် ရိုးသား၍ အံ့မခန်း ရှိလှချေသည်။ သူတို့ နှစ်ယောက် ာက်ခဲ့ရသည့် ဘဝ လမ်းခရီးမှာလည်း ရိုးသား သန့်စင်၍ တည်ငြိမ် ြမလှပါသည်။

ယခုမူကား ထိုကဲ့သို့ မဟုတ်တော့ပြီ။

သူတို့ဘဝသည် တည်ငြိမ်မှု၊ အေးမြမှု ရှိတော့။ အပူအပင် အကြောင့် ကြ သောက ဗျာပွနှင့် လျှောက်နေရသည့် ဘဝမျိုး ဖြစ်လာခဲ့ရလေပြီ။

ခရစ္စတီသည် သွားရင်းလာရင်း ရောက်တတ်ရာရာများကို တွေးတော စိတ်မအေးနိုင်အောင် ဖြစ်လျက် ရှိရလေ၏။

ဈေးမှ အပြန်တွင် သူမသည် ထုံးစံအတိုင်း ဖရော ချမစ်ဒ်၏ ဆိုင်သို့ ၍ နားသည်။ သူမ၏ မျက်နှာပေါ်တွင် ထင်ဟပ်နေသည့် သောက၏ အရိပ် ငွေ့ ဟူသမျှ ကွယ်ပျောက်သွားစေရန် မျက်နှာကို ကြိုးစား၍ ရွှင်လန်းနေ ာင် ထားလေသည်။

ဖရော ချမစ်ဒ်ကတော့ ခရစ္စတီ၏ မျက်နှာကို စေ့စေ့စပ်စပ် ကြည့်၍ သေအချာ အကဲခတ်သည်။

'ပိန်လှချည်လား ခရစ္စတီ၊ အစားအသောက် ဝဝလင်လင် မစားဘူး င်တယ်၊ ကားအသစ် တစ်စီးလည်း ဝယ်ထားပြီးပြီ၊ ငွေလည်း ရှိနေပြီ၊ လို င်တာ မှန်သမျှ အကုန် ရနေပြီ၊ ဒီအချိန်မျိုးဟာ စိတ်ချမ်းသာရမယ့် အချိန် ျိုးပါ၊ ဝဝဖြိုးဖြိုး ဖြစ်နေသင့်တဲ့ အချိန်မျိုးပါ၊ ဘာ့ကြောင့် ဒီလောက် ပိန်နေ ာလဲ၊ ဒီမှာ ကြည့်ပါဦး၊ နည်းနည်းလောက် မြည်းကြည့်စမ်းပါ၊ အရသာ ှိဘူးလား'

ဖရော ချမစ်ဒ်သည် ဓားတစ်ချောင်း ယူ၍ သူမ၏ ဆိုင်မှ နာမည်ကြီး က်ပေါင်ခြောက်ကို ခပ်ပါးပါးကလေး လှအောင် လှီးယူကာ ပေါင်မုန့် ညှပ်၍ ခရစ္စတီအား ကျွေးသည်။ ဖလော်ရီကိုမှ ရေခဲချောင်း တစ်ချောင်း ဆေးလေသည်။ ါးစပ်မှလည်း စကား အမျှင် မပြတ်။


www.burmeseclassic.com

 www.burmeseclassic.com 

'လစ်ပတေးရီးယား ဒိန်ခဲ ယူဦးမလား၊ ဒေါက်တာကတော့ ကျွန်မဆိုင်က ဒိန်ခဲကို စွဲစားလာတာ ကြာပြီနော်၊ အခုထိ မငြီးငွေ့သေးဘူး၊ ကြိုက်တုန်းပဲ၊ စားတုန်းပဲ၊ တစ်နေ့ကျမှ ဒေါက်တာ့ဆီက ဒိန်ခဲ ကောင်းကြောင်း ထောက်ခံစာ ရေးခိုင်းပြီး ဆိုင် ပြတင်းပေါက်မှာ ကပ်ထားရဦးမယ်၊ အမှန်တော့ ကျွန်မဆိုင် နာမည်ကြီးလာတာဟာ ဒီ ဒိန်ခဲကြောင့်ပဲ'

ဖရော ချမစ်ဒ်သည် စကား အလွန် ပြောနိုင်သူ ဖြစ်ပေရာ သူတို့အား နှုတ်ဆက်ပြီး ဆိုင်ထဲမှ ထွက်လာသည့် အချိန်ထိ စကားပြောဆဲပင်။

ခရစ္စတီနှင့် ဖလော်ရီတို့သည် မီးပွိုင့်တွင် ခဏရပ်ကာ သူတို့ မိတ်ဆွေ တာဝန်ကျ ရဲသားကြီး စထရူးသားထံမှ လမ်းဖြတ်ကူးရန် အချက်ပြသည့် အချိန်ထိ စောင့်ကြသည်။ ခရစ္စတီသည် လက်ထဲမှ လွတ်ထွက်သွားမည်ကို စိုးရိမ်သဖြင့် ဖလော်ရီ၏ လက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ထားလေသည်။

'မီးပွိုင့်မှာ လမ်းဖြတ်ကူးရင် ရဲက ကူးတော့လို့ အချက် မပြမချင်း မကူးရဘူးနော်၊ မော်တော်ကား တိုက်ရင် ဘာဖြစ်တယ် ဆိုတာ သမီး မေမေက သမီးကို ပြောပြဖူးသလားဟင်'

ခရစ္စတီ၏ မေးခွန်းကို ဖလော်ရီ အဖြေမပေးနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် ဖလော်ရီ၏ ပါးစပ်ထဲတွင် ရေခဲချောင်းတွေနှင့် ပြည့်ကာ ပလုတ်ပလောင်း ဖြစ်နေခြင်းကြောင့်ပေတည်း။

နောက်ဆုံးတွင် သူတို့ အိမ်ပြန်ရောက်ကြသည်။ ခရစ္စတီသည် ဝယ်လာသည့် ပစ္စည်းများကို သိမ်းဆည်းရပြန်သည်။ ဈေးမှ ဝယ်လာသည့် ပန်းများကို အိမ်ရှေ့ခန်း စားပွဲပေါ်မှ ပန်းအိုးထဲ ထည့်နေရင်းက အင်ဒရူးအား သတိရကာ ဝမ်းနည်းလာပြန်လေ၏။

ထိုအခိုက်မှာပင် တယ်လီဖုန်း မြည်သံသည် စူးစူးရှရှ ပေါ်ထွက်လာလေသည်။

ခရစ္စတီသည် ခပ်သုတ်သုတ် သွားကာ တယ်လီဖုန်းကို ကောက်ယူလိုက်၏။ သူမ၏ မျက်နှာသည် ရွှင်လန်းမှု မရှိပေ။ အေးတိအေးစက်ဖြင့် တစ်ဖက်မှ ထွက်လာမည့် အသံကို နားစွင့်သည်။ စကား ပြောရင်း ပြောရင်းနှင့်ပင် သူမ၏ မျက်နှာသည် ပြောင်းလာသည်။ သူမ၏ မျက်လုံးများသည် တောက်ပြောင်လာသည်။

ခရစ္စတီသည် အင်ဒရူး ပြန်အလာကို မျှော်တလင့်လင့် ဖြစ်မိ၏။ ပြတင်းပေါက်မှနေ၍ လမ်းမဘက်သို့ မကြာခဏ လှမ်းမျှော်ကြည့်မိသည်။ အင်ဒရူးကတော့ ပေါ်မလာသေးပေ။



စောစောက တယ်လီဖုန်းမှ ရလိုက်သည့် သတင်းသည် ဝမ်းသာစရာကောင်း ဖြစ်၏။ အင်ဒရူး အတွက်သာ မဟုတ်၊ မိမိ အတွက်ပါ ဝမ်းသာစရာကောင်းသော သတင်း တစ်ခု ဖြစ်သဖြင့် ကြုံခဲ့ရသမျှ စိတ်ရှုပ်စရာများကိုပင် ပျောက်သွားခဲ့လေသည်။

ဤသတင်းကိုသာ ပြောပြလိုက်လျှင် အင်ဒရူး ဝမ်းသာပေလိမ့်မည်။ အင်ဒရူး အတွက်တော့ဖြင့် တိုးတက်စရာ အလားအလာနှင့် လမ်းစ တစ်စ ပေါ်လာပြန်လေပြီ။

အင်ဒရူး ပြန်လာသည့် အခါ ခရစ္စတီသည် သူ့ကိုယ်သူ မထိန်းနိုင်တော့ပေ။ အိမ်ရှေ့ ခန်းမထဲ အထိ အပြေးအလွှား သွားကာ ကြိုမိလေသည်။

'အင်ဒရူး အင်ဒရူး၊ ဆာ ရောဘတ် အက်ဘီးလေ၊ စောစောက ဖုန်းဆက်တယ်၊ သိလား၊ ရှင့်အတွက် သတင်းကောင်း ပေးသွားတယ်'

'ဟုတ်လား'

အင်ဒရူးမှာ ခရစ္စတီကို မြင်လိုက်သည့်အခါ ဆီး၍ ပြုံးရတော့မလို ငိုရတော့မလိုနှင့် မျက်နှာမထားတတ်အောင် ဖြစ်နေလေသည်။

'ဟုတ်တယ်၊ အခုနကပဲ သူ့ကိုယ်တိုင် ဆက်တာ၊ ကျွန်မက သူမှန်း မသိဘူး၊ အခု စကားပြောတာ ဘယ်သူလဲလို့ မေးမိတယ်၊ အို သူ သိပ်သဘောကောင်းတာပဲ၊ ရှင်လေ... ရှင် ဗိတိုရီးယား ဆေးရုံကြီး အပြင်လူနာဌာနမှာ အလုပ်ရပြီ'

အင်ဒရူး၏ မျက်လုံးများသည် ဝမ်းသာမှု အရှိန်ဖြင့် ဝင်းလက်တောက်ပ လာကြသည်။

'ဟုတ်လား ခရစ္စတီ၊ ကို့အတွက် အင်မတန် ကောင်းတဲ့ သတင်းပဲ'

'ဟုတ်တယ်လေ၊ ကို့အတွက် သတင်းကောင်းပေါ့၊ ကို အလျင်က လုပ်ခဲ့တဲ့ ကိုယ်ပိုင် အလုပ်ကို လုပ်ခွင့်ရလာတော့မှာပေါ့၊ ကို ဝါသနာ ပါတဲ့ သုတေသနလည်း လုပ်နိုင်တော့မယ်၊ ဘုတ်အဖွဲ့မှာတုန်းက ကို လုပ်ချင်လျက်နဲ့ မလုပ်ခဲ့ရတာတွေ အတိုးချပြီး လုပ်နိုင်တော့မှာပေါ့'

ပြောပြောဆိုဆိုပင် ခရစ္စတီသည် အင်ဒရူး၏ လည်ပင်းကို သိမ်းကျုံး၍ ဖက်လိုက်သည်။

အင်ဒရူးသည် ခရစ္စတီအား ငုံ့ကြည့်သည်။ ကြည်လင် သန့်စင်၍ တောက်တိ ရှိသား ဖြူစင်လှသော ခရစ္စတီ၏ မျက်နှာသည် အချစ်ရှိန်ဖြင့်



www.burmeseclassic.com

 www.burmeseclassic.com

ရှုန်းပင်နေလေသည်။

'သြော် ခရစ္စတီရယ်၊ မင်း စိတ်ထား ဖြူစင်သလောက် ကို ယုတ်
လှပါကလားကွယ်'

အသည်းနှလုံးထဲမှ စိမ့်၍ ထွက်လာသော အင်ဒရူး၏ အသံမှာ လို
လိုက်လှဲလှဲနှင့် တုန်ယင် လှုပ်ရှားလျက် ရှိလေ၏။



[illegible]

ဆန်းပိုင်းတွင် အင်ဒရူးသည် ဗိတိုရီးယား အဆုတ်ရောဂါကု ဆေးရုံကြီး
ပြင်လူနာ ဌာနခွဲ အချိန်ပိုင်း ဆရာဝန် အဖြစ် အလုပ်ဝင်ခဲ့လေ၏။ ဆေးရုံ
 သူ တာဝန်ကျသည့် နေ့များမှာ အင်္ဂါနေ့နှင့် ကြာသပတေးနေ့များ ဖြစ်၍
ချိန်မှာ မွန်းလွဲပိုင်း သုံးနာရီမှ ငါးနာရီ အထိ ဖြစ်လေသည်။

လုပ်ရသည့် အလုပ်တာဝန်များမှာမူ အေဘာရာလော မြို့တွင် နေစဉ်က
ပ်ကိုင်ခဲ့ရသည့် ပုံစံမျိုးပင် ဖြစ်၏။ တစ်ခု ထူးခြားသည်မှာ အေဘာရာလော
တွင် လုပ်ခဲ့ရစဉ် ရောဂါမျိုးစုံကို တာဝန်ယူ၍ ယခု ဆေးရုံတွင်မူ အဆုတ်
 လည်ချောင်း ရောဂါသည်များကိုသာ ကြည့်ရှုရခြင်း ဖြစ်လေသည်။

သူ ရသည့် ရာထူးအဆင့်မှာလည်း သူ မျှော်လင့် တောင့်တထားသည့်
တိုင်းပင် မြင့်မားသော ရာထူး ဖြစ်ပေသည်။ လန်ဒန်မြို့ပေါ်ရှိ ဆေးရုံများ
က် ဆေးရုံသက် အကြီးဆုံးနှင့် အကျော်ကြားဆုံးသော ဗိတိုရီးယား ဆေး
တွင် ဂုဏ်ထူးဆောင် အချိန်ပိုင်း ဆရာဝန်ကြီး တစ်ယောက် ဖြစ်ရသည်မှာ
လွန် ဂုဏ်ယူထိုက်သော ကိစ္စတစ်ရပ် ဖြစ်ချေသည်။

အမှန်တော့လည်း ဗိတိုရီးယား ဆေးရုံကြီးသည် အလွန် အသက်ကြီး
ပြီ ဖြစ်ရာ ဆေးရုံ အဆောက်အအုံများမှာလည်း ဟောင်းနွမ်း အိုမင်းလှလေ
၏ ဆေးရုံကြီးမှာ သိမ်းမြစ်ဘက်သို့ ထွက်သည့် လမ်းသေး လမ်းမြှောင်များနှင့်
ဆက်နေသော ဘက်တားဆီးလမ်းထဲတွင် တည်ရှိ၍ နွေရာသီ အချိန်မှာပင်
၏ အလင်းရောင်ကို ကောင်းစွာ မရသဖြင့် အမြဲတစေ မှောင်ကုပ်ကုပ် ဖြစ်
ပေသည်။ ဆောင်းရာသီ ဆိုလျှင် ဆေးရုံ ဆင်ဝင်ရှိ သမံတလင်းများမှာ
မြဲတစေ စိုစွတ်ကာ ညစ်ပတ်လှပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံကြီး၏ ရှေ့ဘက် မျက်နှာစာတွင် အဖြူပေါ် အနီတင်၍ ဆေး သား ချိတ်ဆွဲထားသော ဆိုင်းဘုတ်ကြီး တစ်ခု ရှိသည်။ ထို ဆိုင်းဘုတ်ကြီး ပေါ်တွင် 'ဝိတိုရီးယား ဆေးရုံကြီး ပြိုတော့မည်' ဟု ရေးထားလေသည်။

ဆိုင်းဘုတ်ကြီးပေါ်မှ စကားလုံးများသည် ဆေးရုံကြီး၏ လက် အခြေအနေမှန်ကို မခြွင်းမချန် အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း ဖော်ပြထားခြင်း ဖြစ်ပေသည်။

အင်ဒရူး တာဝန်ကျသည့် အပြင်လူနာ ဌာနသည် ဆယ့်ရှစ်ရာစုနှ များ ကတည်းက ထပ်မံ၍ မွမ်းမံ ပြင်ဆင်ခြင်း မပြုဘဲ သုံးလာခဲ့သော ဌာ ဖြစ်၏။ ၁၇၆၁ ခုနှစ်မှ ၁၇၉၃ ခုနှစ်အထိ အပြင်လူနာ ဌာန၏ တာဝန် ဆရာဝန်ကြီး အဖြစ် ဆောင်ရွက်ခဲ့သော ဒေါက်တာ လင်းတဲလ် ဟိုးဂျ အသုံးပြုခဲ့သည့် မော်တာ တစ်ခုကို အဝင်ဝတွင် မှန်ဗီရိုကြီး တစ်လုံးနှင့် ထည့် ၍ ဂုဏ်ယူ ဝင့်ကြွားစွာ ပြသထားလေသည်။

နံရံများကို သုတ်ထားသည့် ဆေးရောင်မှာ ချောကလက်ရောင် ရင့် ဖြစ်သဖြင့် မြင်ရသည်မှာ မှုန်မှိုင်းမှိုင်းနှင့် ခပ်ဆန်းဆန်း ဖြစ်နေပေသည်။ စ လူသွားလမ်းများမှာ သန့်ရှင်းသော်လည်း ဆောက်လုပ်ပုံ နေရာမကျသဖြ လေဝင်ပေါက်များကို ပိတ်ထားသလို ဖြစ်နေပေသည်။ အဆောက်အအုံ တ လုံး၏ ဟောင်းနွမ်း ဆွေးမြည့်လှသော အရှိန်ကြောင့် အခန်းတိုင်းလိုလို အောက်သိုးသိုး အနံ့များဖြင့် လှိုင်နေပေသည်။

အင်ဒရူးသည် သူ တာဝန်ကျသည့် ပထမနေ့တွင် ဒေါက်တာ ယ စတေ့ သားရေးဂွတ်နှင့် အတူ ဆေးရုံ တစ်ခုလုံးကို လှည့်၍ ကြည့်ရသည် ဒေါက်တာ ယူးစတေ့ သားရေးဂွတ်သည် အသက် ငါးဆယ်ခန့် ရှိပြီ ဖြစ် သဘောကောင်းသော်လည်း အလုပ်ကို စည်းစနစ်နှင့် လုပ်တတ်သူ တစ် ဖြစ်သည်။ အရပ်အမောင်းမှာ မနိမ့်မမြင့် အနေတော် ရှိ၍ လူတစ်ဖက်သာ အပေါ် ကြင်နာ သနားတတ်သည့် အမူအရာ ရှိသည်။ သူ၏ ပုံပန်းသ ဆရာဝန် တစ်ယောက်နှင့် မတူ။ မိဘမဲ့ကျောင်းမှ ကိုရင်ကြီး တစ်ပါးနှင့် နေပေသည်။

ဆေးရုံတွင် ဒေါက်တာ သားရေးဂွတ်၏ ကိုယ်ပိုင် လူနာဆောင်မျာ ရှိသည်။ ဆေးရုံ၏ စီမံခန့်ခွဲမှု စနစ်နှင့် လုပ်ထုံး လုပ်နည်းအရ သားရေးဂွ ၏ လက်အောက်တွင် အင်ဒရူးနှင့် လက်ထောက် ဆရာဝန် ဒေါက်တာ မိ ဂန်တို့ ရှိလေသည်။





ဆေးရုံ တစ်ခုလုံးကို လှည့်လည် ပြသပြီးနောက် ဒေါက်တာ သားရေး ဂွတ်က အင်ဒရူးအား ဆေးရုံ ဝန်ထမ်းများ ခေတ္တ အပန်းဖြေရာ အခန်း တစ်ခု ဖြစ်သော မြေအောက်ခန်း တစ်ခန်းသို့ ခေါ်သွားသည်။ အခန်းတွင်း၌ မှောင် နေသဖြင့် နေ့ခင်းကြောင်တောင်မှာပင် မီးများ ဖွင့်ထားရလေသည်။ ၍ ဆေးရုံကြီးတွင် အမှုထမ်းခဲ့ဖူးကြသည့် ထင်ရှားသော ဆရာဝန်ကြီးများ၏ ဓာတ်ပုံများကို အခန်း နံရံများပေါ်တွင် အစီအရီ ချိတ်ဆွဲထားလေ၏။

သူတို့သည် အခြားသော ဆေးရုံ ဝန်ထမ်းများ ကြားတွင် ဝင်၍ လက် ဖက်ရည် သောက်ကြသည်။ ပေါင်မုန့် ထောပတ်သုတ်မှာ ပူပူနွေးနွေးနှင့် ကောင်းသော ရှိလှပါပေ၏။ အင်ဒရူးသည် ပေါင်မုန့်ကို တမြုံ့မြုံ့ ဝါးရင်းက ငယ်ရွယ်သင် ဆရာဝန်လေးများကို ကြည့်ကာ စိတ်ကြည်နူးခြင်း ဖြစ်နေမိသည်။ ချစ်ခင်စဖွယ် ကောင်းသည့် လူငယ်ကလေးများပါတကား ဟု စိတ်ထဲက တွေး နေမိလေသည်။

ဆရာဝန်ကလေးများသည် သူနှင့် သားရေးဂွတ်တို့အား တရိုတသေ ကလေးတစား ဆက်ဆံကြသည်ကို တွေ့ရသောအခါ မဝေးကွာလှသေးသော အတိတ်က သူ၏ လူနာများ ဆေးရုံတက်ခွင့် ရရေး အတွက် သူတို့လို ဆရာဝန် ကလေးများနှင့် ရန်ဖြစ်ခဲ့ရသည့် အဖြစ်များကို ပြန်၍ တွေးမိကာ ပြုံးဘဲ မနေနိုင်အောင် ဖြစ်ရလေ၏။

သူ့ဘေးတွင် ထိုင်နေသူမှာ ဒေါက်တာ ဗလန့် အမည်ရှိ လူငယ် ဆရာ ဝန်လေး တစ်ဦးဖြစ်၏။ ဒေါက်တာ ဗလန့်သည် 'မေးရီး ညီနောင်များ ပညာ သင်ဆု' ကို ရရှိပြီး အမေရိကန် နိုင်ငံတွင် ဆယ့်နှစ်လကြာမျှ ပညာ သင်ကြား လာခဲ့ရသူ ဖြစ်ပေသည်။

အင်ဒရူးနှင့် ဒေါက်တာ ဗလန့်တို့သည် ဆေးခန်းနှင့် ဆေးခန်း ကုသ နည်းစနစ်များ အကြောင်းကို ဆွေးနွေးမိကြသည်။ အင်ဒရူးက ဒေါက်တာ ဗလန့် အမေရိကန်တွင် နေခဲ့စဉ်က စတီးမန်း ဆိုသူ၏ အကြောင်းကို ကြားခဲ့ဖူးပါ သလားဟု စိတ်ဝင်တစား မေးမိလေ၏။

'ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော် ကြားခဲ့ဖူးပါတယ်' ဟု ဗလန့်က ဖြေ သည်။

'အမေရိကမှာတော့ သူ့ကို သိပ်ပြီး လေးစားကြတာပဲ၊ ဆေးပညာနှင့် ပတ်သက်လို့ သူ့မှာ ဒီပလိုမာ ဘွဲ့ကလေးတောင်မှ မရှိဘူးဗျ၊ ဒါပေမဲ့ သူတို့ အားလုံးက အသိအမှတ် ပြုကြတယ်၊ သူ ရထားတဲ့ ရာဇဝင် တွေ့ရှိချက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း အံ့သြဖို့ ကောင်းတာတော့ အမှန်ပဲ'

'ခင်ဗျား သူ့ ဆေးခန်းကိုရော ရောက်ခဲ့သေးလား'

ဗလန့်က ခေါင်းယမ်းသည်။

'ကျွန်တော် မရောက်ခဲ့ဘူး ခင်ဗျ၊ ကျွန်တော်က အိုရီးဂွန်း ပြည်နယ် အထိပဲ ရောက်ခဲ့တာ၊ ဟိုဘက် အထိ မသွားနိုင်ခဲ့ဘူး'

အင်ဒရူးသည် အတန်ကြာမျှ စကား မပြောဘဲ ငြိမ်ဆိတ်နေသည်။ သူ ပြောချင်သည့် စကားများကို ပြောရန် သင့် မသင့် စဉ်းစား ချိန်ဆနေခြင်း ဖြစ်ပေသည်။ နောက်ဆုံးကျတော့ သူ့စိတ်ထဲ ရှိနေသမျှကို ပြောမိလေ၏။

'စတီးမန်းရဲ့ နေရာဟာ အတော် ထူးခြားတဲ့ နေရာလို့ ကျွန်တော် ထင်တယ်၊ ကျွန်တော် သူနှင့် အတော် ကြာကြာကလေး အဆက်အသွယ် ဖြစ်ခဲ့ဖူးတယ်၊ အမေရိကန် ပတ်ဝန်းကျင် သန့်ရှင်းရေး ဆိုင်ရာ မဂ္ဂဇင်းထဲမှာ ကျွန်တော် ရေးခဲ့တဲ့ ဆောင်းပါးနှင့် ပတ်သက်ပြီး သူက ကျွန်တော့်ဆီ စာ တစ်စောင် ရေးခဲ့ဖူးတယ်၊ အဲဒီ သူ ရေးတဲ့ စာကို အကြောင်းပြုပြီး အဆက် အသွယ် ဖြစ်ခဲ့ရတာ ဆိုပါတော့၊ ကျွန်တော် သူ့ ဆေးခန်းရဲ့ အပြင်အဆင် အနေအထား အားလုံးကို ဓာတ်ပုံတွေထဲမှာ မြင်ဖူးတယ်၊ အင်မတန် ကောင်း တာပဲဗျ၊ နေရာကလည်း ကောင်း၊ သူ လုပ်ထားပုံကလည်း စံပြုလောက်တယ် လို့ ထင်တယ်၊ တောအုပ်ရဲ့ အလယ် တောင်ကုန်း အမြင့်ကလေးပေါ်မှာ တည်ထားတာပဲ၊ လူသူလေးပါးနှင့်လည်း ဝေးတယ်၊ လူနာ အနားယူတဲ့ လသာဆောင် အခန်းတွေက မှန်လုံကာ အခန်းတွေ၊ ပြီးတော့ အမြဲတမ်း သန့်ရှင်း စင်ကြယ်နေဖို့နှင့် ဆောင်းတွင်းမှာ အပူ အအေး မျှတဖို့ အတွက် လေအေး လေပူပေး စနစ်ကို သုံးထားတယ်'

အင်ဒရူး ပြောနေပုံမှာ စိတ်ပါလက်ပါ ရှိလွန်းသဖြင့် စားပွဲရှိ လူ အားလုံးကပါ စိတ်ပါဝင်စားစွာဖြင့် နားထောင်လျက် ရှိကြလေသည်။

ဒေါက်တာ သားရားဂွတ်ကတော့ ပြုံးသည်။ သူ့အပြုံးမှာ မလိုတမာ ပြုံး။ အင်ဒရူး၏ အယူအဆကို မနှစ်မြို့သည့် လက္ခဏာ ဖော်ပြသော အပြုံး။

'ကျွန်တော်တို့ လန်ဒန်မြို့ရဲ့ အခြေအနေကို တွက်ရင်တော့ စတီးမန်း ရဲ့ စိတ်ကူးမျိုးကို အကောင်အထည် ဖော်ဖို့ လွယ်မယ် မထင်ပါဘူး၊ ကျွန် တော်တို့ လန်ဒန် ဆရာဝန်တွေကတော့ လန်ဒန်မြို့ပေါ်မှာ ရှိနေတဲ့ အခြေ အနေနှင့်ပဲ လိုက်လျောညီထွေ ဖြစ်အောင် လုပ်ကြရတာပဲ ဒေါက်တာ မေဆန်၊ အခု ခင်ဗျား ပြောနေတဲ့ နိုင်ငံခြား ပုံစံမျိုးတွေကတော့ ကျွန်တော်တို့ဆီမှာ





ချင်မှ လုပ်နိုင်မယ်ပေါ့ဗျာ၊ ဒါပေမဲ့ ကျွန်တော်တို့ စနစ်ကလည်း ကောင်း ခိုင်မာတဲ့ စနစ်တွေပါပဲ၊ အင်မတန်မှ ကောင်းတဲ့ စနစ်သစ်တွေ ထွက် နိုင်တယ် ဆိုတာ ကျွန်တော် ရဲရဲကြီး ပြောဝံ့ပါတယ်၊ တစ်ခုတော့ ရှိတာ ဗျာ၊ လူမြင်ကောင်းအောင်တော့ လုပ်ချင်မှ လုပ်နိုင်မယ်ပေါ့'

အင်ဒရူးသည် ဘာတစ်ခွန်းမှ တုံ့ပြန် မပြောချေ။ မျက်လွှာကို ချကာ သက်နေသည်။ ဆေးရုံတွင် အလုပ်ဝင်စ ဝန်ထမ်းသစ် တစ်ဦး အနေဖြင့် အယူအဆကို ပွင့်ပွင့်လင်းလင်း တင်ပြပြီး အငြင်းအခုံ လုပ်နေရန် မသင့် သု ထင်လေသည်။

ဒေါက်တာ သားရားဂွတ်ကတော့ အင်ဒရူးကို ဆန့်ကျင်၍ ပြောနေခြင်း ဘ်ကြောင်း သိသာ ထင်ရှားစေလိုသည့် သဘောဖြင့် အခြား အကြောင်း တစ်ခုကို ပြောင်း၍ မျက်နှာကို ရွှင်ရွှင်ပြုံးပြုံး ထားကာ စကားကို ဆက် သည်။ သူသည် ရှေးခေတ်က သွေးစုပ်ခွက်နှင့် သွေးထုတ်ယူသည့် တတ်ပညာ အကြောင်းကို ဆက်လက် ပြောပြနေလေသည်။

ဆေးပညာ သမိုင်း ဘာသာရပ်သည် ဒေါက်တာ သားရားဂွတ် အနှစ် က်ဆုံး ဘာသာရပ် ဖြစ်သဖြင့် ရှေးခေတ် လန်ဒန် မြို့ပေါ်မှ ဆရာဝန် ဆံပင် သမား အကြောင်းကို စိတ်ပါဝင်စားလာအောင်ပင် အချက်အလက် ပြည့် စုံနှင့် ပြောပြနေပေသည်။

ထိုင်ရာမှ ထကြသည့်အခါ သားရားဂွတ်သည် အင်ဒရူးအား တရင်းတနှီး 'ကျွန်တော့်ဆီမှာ ရှေးခေတ်သုံး သွေးစုပ်ခွက် နှစ်ခွက် ရထားတယ်၊ တစ် ကျမှ ခင်ဗျားကို ပြရဦးမယ်၊ အဲဒီ အတတ်ပညာ ကွယ်ပျောက်သွားတဲ့ ာ ကျွန်တော်တို့ ညံ့လို့ ပြောရမလား မသိဘူး၊ ဒီအတတ်ပညာဟာ လူမှာ ရောက် စွဲကပ်နေတဲ့ တစ်ဖက်က ရောဂါကို တုံ့ပြန်တဲ့ နေရာမှာ သိပ် ထိ က်တဲ့ နည်းတစ်နည်းလို့ ကျွန်တော်တော့ ထင်တာပဲ' ဟု ပြောလေသည်။

အင်ဒရူးနှင့် တွေ့စတွင် ယင်းကဲ့သို့ သဘောချင်း မတိုက်ဆိုင်သည့် သနာလေး မဆိုစလောက် ပေါ်ပေါက်ခဲ့သော်လည်း နောက်ပိုင်း အလုပ် တူ လုပ်လာကြသည့်အခါ ကိုယ်ချင်းစာသည့် သဘော၊ ကူညီတတ်သည့် သဘောများကိုတော့ ပြသည်။ သားရားဂွတ်သည် အမှန်တော့ ဆရာဝန်ကောင်း စ်ယောက်ပင် ဖြစ်၏။ ရောဂါ ဓာတ်မြစ်ကို စစ်ဆေး ဆုံးဖြတ်ရာ၌ လွဲမှားခဲ့ သည်။ သူပိုင် အခန်းများတွင် ထားသည့် လူနာများအား အင်ဒရူး ဝင်ရောက် ကြည့်ရှုခြင်းကိုလည်း သဘောထားကြီးကြီးနှင့် ခွင့်ပြုရုံမျှမက ဝမ်းမြောက်



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းသာ ကြိုဆိုသည့် အရိပ်လက္ခဏာကိုပင် ပြသည်။

သို့သော်လည်း လူနာ ကုသရာ၌မူကား အမြင်ကျဉ်းသည့် သဘောထားမျိုး ရှိ၏။ သူ့လူနာကို သူ ကြိုက်သည့် ဆေးပေးရမှ၊ နှစ်သက်သည့် နည်းဖြင့် ကုသရမှ ကျေနပ်သည်။ သင့်တော်လိမ့်မည် ကောင်းလိမ့်မည် ထင်၍ ပေးလာသော တစ်ဖက်လူ၏ အကြံဉာဏ်ကို လက်မခံချင်တတ်ပေ။ ဆွေးဆွေးနွေးနွေးနှင့် အကြံပေးသည်ကိုပင် ဆရာလုပ်သည်ဟု ထင်တတ်လေ၏။

ဆေးဝါးကုသမှုတွင် သူ၏ အယူအဆများမှာ တစ်မျိုး တစ်ဘာသာပင် ဖြစ်သည်။ အဆုတ်ရောဂါ ရှိ မရှိ စမ်းသပ် စစ်ဆေးမှုပေါ်ဝယ် သူ စိတ်မဝင်စားချေ။ သူ့အလုပ် မဟုတ်သလိုပင် သဘောထားသည်။ သူက အဆုတ်ရောဂါ ရှိ မရှိ ကြိုတင်၍ စမ်းသပ်ခြင်းသည် ဆေးဝါး ကုသရာ၌ မည်သို့သော အကျိုး ကျေးဇူးများ ရနိုင်သည်၊ မည်မျှအထိ အကျိုးသက်ရောက်မှု ရှိသည် စသည်များကို အထောက်အထား မပြနိုင်သေး၍ သူ လက်မခံနိုင်သော သဘောကို ပြောလေသည်။

သူသည် အဆုတ် လေဝင်ခြင်းကို စစ်ဆေးရာ၌ စေ့စပ် သေချာသော်လည်း သူ၏ ဆင်ခြင် သုံးသပ်မှု ရာနှုန်းမှာမူ ဆေးရုံတွင် သူ အနိမ့်ဆုံး ဖြစ်ပေသည်။ သို့သော်လည်း ငါးကြီးဆီနှင့် မော့ အားဆေးများကို ပေးရာ၌မူ ဒေါက်တာ သားရားဂွတ်သည် အလွန် ရက်ရောလှသဖြင့် နာမည်ကြီးပေသည်။ သူ၏ လူနာ မှန်သမျှသည် သူ့ထံမှ ထိုဆေးဝါးမျိုးကိုတော့ အမြဲတစေ ပေါပေါများများ ရတတ်ပေသည်။

အင်ဒရူးသည် တစ်ချိန်က သူ စိတ်ဝင်စားခဲ့သော သူ ကိုယ်ပိုင် အလုပ်တစ်ခု ဖြစ်သည့် အဆုတ်ရောဂါ ဆိုင်ရာ သုတေသန လုပ်ငန်းကို ပြန်၍ လုပ်ဖြစ်လာသည်။ လုပ်မိပြီ ဆိုတော့လည်း စ၍ လုပ်သည့် အချိန်မှ စ၍ သားရားဂွတ်ကိုပင် သတိမရတော့ချေ။ သူ့အလုပ်တွင် အာရုံ စူးစိုက်ကာ စိတ်ပါ လက်ပါ လုပ်လေတော့သည်။ ယခင်က ရှိခဲ့ဖူးသည့် စိတ်အား ထက်သန်မှုများသည် ပြန်လည်၍ ရှင်သန် နိုးကြားလာလေ၏။

တစ်ချိန်က တင်ပြခဲ့ဖူးသည့် အမှုန်များ ရှူရှိုက်မိခြင်းကြောင့် အဆုတ်တွင် ထိခိုက် ဒဏ်ရာရကာ အဆုတ်ရောဂါ ဖြစ်ရသည် ဟူသော အယူအဆကိုပင် ဆက်လက် အခြေခံ၍ သူ၏ သုတေသန လုပ်ငန်းကို စခဲ့ခြင်း ဖြစ်ရာ သူသည် ပွန်ပါကွက် စမ်းသပ်မှုနည်းနှင့် ဆက်နွယ်ပြီး အဆုတ်ရောဂါ ဖြစ်စတွင် ပြလာတတ်သည့် အရိပ်လက္ခဏာများကို ရှာဖွေ လေ့လာရန် စတင်





မ်းလေ၏။

သူ၏ လုပ်ငန်း အတွက် စမ်းသပ် စစ်ဆေးကြည့်ဖို့ လူ အရေအတွက်တော့ သူ လိုသလောက် ရသည်ဟု ဆိုရပေလိမ့်မည်။ ဒေါက်တာ သားရားဂွတ်ထံ လာပြလျှင် အားဆေးများများ ရလိမ့်မည် ဟူသော မျှော်လင့်ချက်ဖြင့် အာဟာရဓာတ် ချို့တဲ့နေသော ကလေးများကို မိခင်များက လာရောက် ပြသ ရှိရာ ယင်းကလေးသူငယ်များသည် အင်ဒရူး အတွက် သုတေသန ပြုစရာ နည်းများ ဖြစ်လာလေသည်။

သို့သော်လည်း အင်ဒရူးမှာ ယခင်က ရှိခဲ့ဖူးသည့် စိတ်အား ထက်သန်မှု ပျောက်ကွယ်နေသည်မှာ ကြာပြီဖြစ်ရာ သူ၏ သုတေသန လုပ်ငန်း၌ လုပ်စတွင် များစွာ စိတ်ပါလျက် ရှိခဲ့သော်လည်း နောက်ပိုင်းကျတော့ စိတ်ဝင်စားမှု နည်းပါးသွားပြန်သည်။ သူသည် လောလောဆယ်ဆယ် အခြေအနေများ အရ သူ့စိတ်၏ အလိုသို့ လိုက်ကာ သက်သောင့်သက်သာ နေဖို့လောက်သာ စိတ်ကူးလျက် ရှိလေသည်။

လူနာ တစ်ဦး၏ ရောဂါ ဇာစ်မြစ်ကို မရရအောင် စမ်းသပ် ရှာဖွေရသည့် အလုပ်မှာလည်း တကယ်တမ်းကျတော့ လွယ်ကူသည် မဟုတ်ပေ။ အချိန်များစွာ အကုန်ခံဖို့ လို၏။ အင်ဒရူးမှာ အချိန်အကုန်များများ သုံးနိုင်ဖို့ အခြေအနေက မပေးပေ။ တစ်ချိန်က လူနာ တစ်ယောက်၏ ရောဂါ ဇာစ်မြစ် အချိန်များများ ယူ၍ စမ်းသပ် လေ့လာပြီးမှ ကုသသင့်သည်ဟု ယုံကြည်သော အင်ဒရူးသည် ယခုအခါ ယင်း အယူအဆကို လက်မခံနိုင်တော့ချေ။

သူ့မှာ နေ့စဉ် ကြည့်ပေးရသည့် လူနာက များလွန်းလှ၏။ အမြဲတမ်း အရေးတကြီး သုတ်သီးသုတ်ပျာ လုပ်နေရသဖြင့် စနစ်တကျ စမ်းသပ်နေဖို့မှာ မဖြစ်နိုင်တော့ဟုပင် သူ ယူဆလေသည်။ သူ မတတ်နိုင်သော ကိစ္စကို သူ မလုပ်ဘဲ နေခြင်းသည်သာလျှင် အကောင်းဆုံး ဖြစ်လိမ့်မည်ဟု သူ တွက်လေ၏။

ဆေးရုံသို့ လာကြသည့် ဆင်းရဲသား လူနာများကတော့ သူ၏ ကုသနည်း ကုသမှု အပေါ်တွင် အလေးအနက်ထား၍ ဝေဖန်ကြလိမ့်မည် မဟုတ်ဟု သူ ယုံကြည်၏။ သို့ဖြစ်ရာ သူ့အလျင်က ဆရာဝန်များ လုပ်ကိုင် ကျင့်သုံးခဲ့သည့် နည်းများ အတိုင်း သောက်ဆေးကို လွယ်လွယ်ကူကူနှင့် ရက်ရက်ရောရော ပေး၍ လူနာများ ဆေးခန်းထဲ ရောက်လာချိန်တွင် တရင်းတနှီး စကားဆံ ပြောဆိုခြင်းအားဖြင့် ကျေနပ်အောင် တာဝန်ကျေအောင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤကဲ့သို့ လုပ်ပေးခြင်းအားဖြင့် လူနာများသည် သူ၏ လုပ်ရည် ကိုင် ရည် အပေါ်တွင် သံသယ မဖြစ်ကြတော့ဘဲ အလွန် သဘောကောင်း၍ အလွှ တော်သည့် ဆရာဝန် တစ်ဦးဟုပင် အသိအမှတ် ပြုကြလိမ့်မည်ဟုပင် သူ ယုံကြည်ထားလေသည်။

အင်ဒရူးအဖို့ ဗိတိုရီးယား ဆေးရုံ၌ လုပ်ကိုင်ရသည်မှာ များစွာ အဆင် ပြေလျက် ရှိပေသည်။ အတူတွဲ၍ လုပ်ကိုင် နေရသော ဒေါက်တာ မီလီဂန် နှင့်လည်း ပြဿနာ မရှိချေ။ ရက်ချိန်း မှန်မှန် လာနေရသော လူနာများနှ ပတ်သက်၍ မီလီဂန် လုပ်နေသည့် နည်းကိုပင် အင်ဒရူး သဘောကျက လိုက်၍ လုပ်လျက် ရှိ၏။

ရက်ချိန်းအရ လာသည့် လူနာများ အခန်းထဲ ဝင်လာလျှင် ထပ်မံ၍ စမ်းသပ် စစ်ဆေးခြင်း မပြုတော့ဘဲ လူနာကတ်ပြားကို ယူ၍ လက်မှတ်ကလေး ထိုးပေးလိုက်၏။ ထိုအခါ လူနာသည် အလျင်အလျင် နေ့များက သူ ပေးထာ ခဲ့သည့် သောက်ဆေးမျိုးကိုပင် ရမည် ဖြစ်ပေသည်။ လူနာ ရောဂါ သက်သာ သည် မသက်သာ ဟူသော အချက်ကိုတော့ သူ မသိပေ။ ထိုကိစ္စကတော့ သူနှင့် မဆိုင်သလိုပင် ဖြစ်သွားလေသည်။ သူ့အတွက်တော့ဖြင့် အချိန်ကု များစွာ သက်သာရုံမျှမက လုပ်ရကိုင်ရသည်မှာ မပင်ပန်းတော့ပေ။

ဤသို့ဖြင့်... အင်ဒရူးသည် ဗိတိုရီးယား ဆေးရုံကြီး၏ အချိန်ပိုင် ဂုဏ်ထူးဆောင် ဆရာဝန်ကြီး အဖြစ်နှင့်လည်း များစွာ လူသိများ၍ ထင်ရှာ ကျော်ကြားသော ဆရာဝန် တစ်ဦး ဖြစ်လာလေ၏။



[၃]

ဗိတိုရီးယား ဆေးရုံကြီး၌ အလုပ် ဝင်ခဲ့ပြီးနောက် ရက်သတ္တပတ် ခြောက်ပတ် ကြာ၊ တစ်နေ့သော နံနက်တွင် အင်ဒရူးသည် ခရစ္စတီနှင့် အတူ နံနက်စာ စားရင်း ပြင်သစ်နိုင်ငံ မာဆေးမြို့ စာတိုက် တံဆိပ် ရိုက်နှိပ်ထားသည့် စာ တစ်စောင်ကို ဖောက်လျက် ရှိလေ၏။ သူသည် စာကို အတန်ကြာမျှ ဖတ်နေ ပြီးနောက် ဝမ်းသာအားရနှင့် ခရစ္စတီအား လှမ်းကြည့်လိုက်လေသည်။

'ဒင်နီဆီက စာ ခရစ္စတီ၊ နောက်ဆုံးတော့လည်း မက္ကဆီကို နိုင်ငံကို ရောက်သွားပြန်ပြီ၊ မကြာခင် ပြန်လာပြီး ဒီမှာပဲ အခြေစိုက်တော့မယ်တဲ့၊ ကိုတော့ စိတ်ချလက်ချ မယုံရဲသေးဘူး၊ သူ ပြန်ရောက်လာပြီး လက်တွေ့ လုပ်တော့မှပဲ ယုံမယ်၊ ဒါနှင့်လေ ကိုတို့ သူနှင့် ကွဲကွာသွားတာ ဘယ်လောက် ကြာပြီလဲဟင်၊ ကိုဖြင့် မမှတ်မိတော့ဘူး၊ ကြာတော့ အတော့်ကို ကြာပြီ၊ ပြန်တွေ့ချင်လိုက်တာကွာ၊ တွေ့ရရင် သိပ်ကောင်းမှာပဲ၊ သူ့စာကတော့ တရုတ် ပြည်ဘက်က ဖြတ်ပြီး ပြန်လာမယ်လို့ ဆိုတာပဲ၊ သတင်းစာထဲမှာ ကြည့်စမ်း ပါဦး အချစ်ရယ်၊ အိုရီးတား သင်္ဘော ဘယ်နေ့ ဝင်မတဲ့လဲ'

ခရစ္စတီမှာ မမျှော်လင့်ဘဲ ကြားလိုက်ရသော သတင်းကြောင့် ဝမ်းသာ လျက် ရှိ၏။ ဒင်နီ ပြန်ရောက်မည် ဆိုတော့လည်း သူမ စိတ်ကူးနှင့် သူ့ အားရ ကျေနပ်လျက် ရှိလေသည်။ အမှန်တော့ ခရစ္စတီသည် မိခင်ကြီး အပြည့်အဝ ရှိသူဖြစ်ရာ လင်ယောကျ်ား အပေါ် ချစ်ခင် တွယ်တာရာ၌ အခြား မိန်းမများနှင့် မတူအောင်ပင် ထူးခြားသော စိတ်ထား ရှိသူ ဖြစ်ပေသည်။

ဒင်နီနှင့် ဟုတ်ပ်တို့သည် အင်ဒရူးနှင့် ငယ်ပေါင်းများ ဖြင်ကြ အင်ဒရူးအပေါ် သြဇာညောင်းသူများ ဖြစ်ကြသည်။ သူမသည် အင်ဒရူး



www.burmeseclassic.com

www.burmeseclassic.com


ပြောင်းသွားသည့် အဖြစ်ကို ကြည့်ကာ ပူပန်သောက ရောက်လျက် ရှိသူ ဖြ သည့် အားလျော်စွာ ဒင်နီသာ ပြန်ရောက်လာပါက ဒင်နီ၊ ဟုတ်ပ်နှင့် အင်ဒ တို့ သုံးဦးကို ဆုံမိအောင် လုပ်ပေးနိုင်ပါမူ အင်ဒရူး၏ အခြေအနေသည် တ မျိုး တစ်ဖုံ ပြောင်းလာလိမ့်မည်ဟု ထင်မိလေ၏။

အိုရီးတား သဘော်ာ တီလ်ဘူရီ ဆိပ်ကမ်းသို့ မဆိုက်မီ တစ်ရက်တွ ခရစ္စတီသည် သူမ၏ အစီအစဉ်ကို အင်ဒရူးအား ပြောလေသည်။

'လာမယ့် အပတ်ထဲမှာ ကျွန်မ ညစာ စားပွဲလေး တစ်ခု လုပ်မယ် စိတ်ကူးထားတယ် အင်ဒရူး၊ ရှင်ရယ် ဒင်နီရယ် ဟုတ်ပ်ရယ် သုံးယော အတွက်ပေါ့၊ ပြန်လည် တွေ့ဆုံကြခြင်း အထိမ်းအမှတ်ပေါ့၊ ဘယ်ရက်လော လုပ်ရင် ကောင်းမလဲဟင်'

အင်ဒရူးသည် အံ့အားသင့်နေမိသည်။ သူနှင့် ခရစ္စတီတို့ ကြားဝ အဆင်မပြေ ဖြစ်နေခဲ့သည်မှာ ကြာပြီ ဖြစ်၏။ ယင်း အဆင်မပြေမှုသည် မကြီးမားသော်လည်း လွယ်လွယ်နှင့် ပြေလည်သွားနိုင်သည့် အခြေအနေမျိုး မဟုတ်မှန်း နှစ်ဦးစလုံး၏ စိတ်ထဲမှ သိနေကြ၏။ သို့ပါလျက်နှင့် ညစာ စာ ပွဲလို ပျော်ပွဲကလေး တစ်ခု လုပ်မည်ဟု ခရစ္စတီက ပြောလာသည့်အခါ ထူ ဆန်းသလို ဖြစ်နေလေ၏။

'ဟုတ်ပ်က ကိန်းဘရစ် ပြန်ရောက်နေပြီ ထင်တယ်၊ ကိုကတော့ ဒင် ရောက်လာရင် နှစ်ယောက်တည်း အပြင်သွားပြီး တစ်နေရာရာမှာ စားကြ မလားလို့ စိတ်ကူး...'

သူသည် ပြောင်းလဲသွားသော ခရစ္စတီ၏ မျက်နှာရိပ် မျက်နှာကဲကို လှမ်းကြည့်လိုက်ပြီး သူ့စကားကို အဆုံးမသတ်တော့ဘဲ ပြင်၍ ပြောလေ၏။

'ကောင်းသားပဲ လုပ်ပေါ့၊ တနင်္ဂနွေနေ့ ည ဆိုရင် ကောင်းပါတယ် ကိုယ်တို့ အားလုံး အတွက် အဆင်ပြေဆုံး ဖြစ်မယ့် ညပဲ'

တနင်္ဂနွေနေ့တွင် ဒင်နီ ရောက်လာသည်။ ဒင်နီကတော့ ဟိုတုန်းက ပုံစံ အတိုင်းပင် ဖြစ်၏။ မျက်နှာနှင့် လည်ပင်းမှာ အလျင်ကထက် ပို၍ နီရဲ လာသဖြင့် အုတ်နီခဲရောင်ပင် ပေါက်နေသည်။ အရွယ်က ပို၍ အိုစာကျသွား သလိုပင် ထင်ရ၏။ အပြောအဆို အနေအထိုင်ကတော့ ယခင်ကနှင့် စာလျှင် ပို၍ နူးညံ့ ပျော့ပျောင်းလာသလို ရှိသော်လည်း သူတို့ လင်မယားနှင့် ဆုံမိ သည့် အခါတွင်မူ ဟိုတုန်းကလိုပင် အချိုးမပြောင်း မူမပြောင်းသေးသည့် ဒင် နီပင် ပြန်ဖြစ်လာလေသည်။



'အိမ်ကဖြင့် အလွန့် အလွန် ကြီးကျယ် ခမ်းနားတဲ့ အိမ်ပါပဲဗျာ၊ ကျွန် တော် အိမ်များ မှားနေပြီလား မသိဘူး' ဟု ကလိ ဆွသံဖြင့် ရေရွတ်လိုက်ပြီး ဘီဘက်သို့ လှည့်ကြည့်သည်။

'တခမ်းတနား ဝတ်စား ဆင်ယင်ထားတဲ့ ဟောဟို ပုဂ္ဂိုလ်ကြီးဟာ ကတာ အင်ဒရူး မေဆန်လား ခင်ဗျာ၊ ဟုတ်မှ ဟုတ်ပါရဲ့လား၊ ကျွန်တော် လူမှားနေသလား၊ ဒီလောက် ကြီးကျယ် ခမ်းနားနေမှန်း ကျွန်တော် လုံးဝ ဘူး ခင်ဗျ၊ ကျွန်တော် ကြိုပြီး သိထားရရင် ဒီပုဂ္ဂိုလ်ကြီးကို ဖြေဖျော်ဖို့ င်းဆို အင်မတန် ကောင်းတဲ့ စာဝါလေး တစ်ကောင် ဖမ်းလာပြီး လက် င် ပေးပါရဲ့'

စားပွဲတွင် ထိုင်မိပြီး ခဏမျှ အကြာတွင် အရက်ခွက် ချပေးရာ ဒင်နီက လေသည်။

'ကျွန်တော် အရက်သမား မဟုတ်တော့ဘူး၊ လိုင်းမကျူးသမား ဖြစ် ပြီ၊ အထူးအဆန်း ဖြစ်မနေဘူးလား၊ ဟဲ ဟဲ၊ ဒီနိုင်ငံလို အပြစ်မကင်းတဲ့ မျိုးမှာ နေချင်တဲ့ စိတ် ရှိလာစေချင်ရင် နိုင်ငံခြားကိုသာ ထွက်သွားလိုက်၊ ခါတည်း နေချင်တဲ့ စိတ် ပြန်ပေါ်လာတာပဲ'

အင်ဒရူးကမူ ဒင်နီ၏ မျက်နှာကို စူးစိုက်၍ ကြည့်ကာ စဉ်းစား တွေဝေ က် ရှိ၏။

'ဒီမယ် ဖီးလစ်၊ ခင်ဗျား အခြေတကျ ဖြစ်အောင် လုပ်ဖို့တော့ သင့်ပြီ တယ်၊ အသက်လည်း မငယ်တော့ဘူး၊ လေးဆယ် ကျော်လာပြီ၊ ခင်ဗျားလို ည်အချင်း ပြည့်ဝတဲ့လူဟာ...'

ဒင်နီက ပြောင်စပ်စပ် မျက်နှာပေးဖြင့် အင်ဒရူးအား ပြန်ကြည့်လိုက် 'သိပ်လည်း မြှောက်မနေနှင့်ဦး ပါမောက္ခကြီးရဲ့၊ တော်တော်ကြာ အောက် လွတ်သွားလို့ ခက်ကုန်ဦးမယ်' ဟု ဆိုလေသည်။

ဒင်နီက သူ့အား တောင်ပိုင်း ဟတ်ဖို့ရှိုင်းယား ကသိုလ်ဖြစ် ဆေးရုံ င် ခွဲစိတ်ကု ဆရာဝန် အဖြစ် လစာ တစ်နှစ်လျှင် ပေါင်သုံးရာဖြင့် ခန့်ထား ခံရကြောင်း၊ ထိုအလုပ်တွင် မြဲလိမ့်မည်ဟု သူ မထင်ကြောင်း၊ သို့သော် ည်း ခွဲစိတ် ကုသပေးရသည့် လူနာက များပြားသဖြင့် အတွေ့အကြုံ များ ရဖို့တော့ မျှော်လင့်နိုင်ကြောင်း၊ အကယ်၍ ထိုအလုပ်မှ ထွက်လျှင် သူ လုပ်ရဦးမည်ကို ကံသေကံမ မပြောနိုင်သေးကြောင်း ပြောပြလေသည်။

'သူတို့ အနေနှင့် ကျွန်တော့်လို အကောင်ကို ဘာကြောင့် ဒီအလုပ်



www.burmeseclassic.com

www.burmeseclassic.com

ပေးတာလဲ မသိဘူးဗျာ၊ မျက်စိတကျည်း လွဲပြီး ပေးတာ ထင်ပါရဲ့’

‘မဟုတ်ပါဘူး ဖိုးလစ်ရာ၊ အင်မ် အက်စ် ဘွဲ့ကြောင့် ပေးတာပါ ခင်ဗျား ရထားတဲ့ ဘွဲ့က ပထမတန်းစား ဘွဲ့မျိုးပဲဟာ၊ ဒီဘွဲ့မျိုးနှင့် လူ ရင် ဘယ်နေရာ သွားသွား အလုပ် တစ်ခုတော့ ရမှာပဲပေါ့’

‘လာပြန်ပြီ ခင်ဗျားက၊ လူကို သိပ် အထင်ကြီးနေတာပဲကိုး၊ ဟို တ ချိန်တုန်းက ရေပိုက်တွေ မိုင်းခွဲခဲ့တာကို မှတ်မိသေးရဲ့လား’

ထိုအခိုက်မှာပင် ဟုတ်ပ် တစ်ယောက် ပေါက်လာသည်။ သူသည် ယခင်က ဒင်နီနှင့် တစ်ကြိမ် တစ်ခါမျှ မဆုံခဲ့ကြဖူးသော်လည်း ယခု ဆုံမိ သည့် အခါ ငါးမိနစ်ခန့် အတွင်းမှာပင် တစ်ဦးကို တစ်ဦး နားလည်သ မိတ်ဆွေများ ဖြစ်သွားကြလေ၏။ ညစာ စားချိန်တွင်မူ သူတို့ နှစ်ယော ပေါင်း၍ အင်ဒရူးအား စကြ ပြောင်ကြ ကလိကြလေတော့၏။

‘ဒီမှာ ဟုတ်ပ်’

ဖိုးလစ် ဒင်နီသည် လက်သုတ်ပဝါကို ဖြန့်ရင်း စကားစသည်။

‘တဝတပြ စားဖို့တော့ သိပ် မျှော်လင့်မထားနှင့် ဆရာသမား ကျွန်တော် သူတို့နှင့် သိလာတာ ကြာပြီ၊ ဟောဒီက ပါမောက္ခကြီး ဆိုရင် အ လို လန်ဒန် မြို့တော်ကြီးရဲ့ အနောက်ပိုင်းသား လူယဉ်ကျေးလေး မဖြစ် ကတည်းက သိလာကြတာပဲ၊ သူတို့ခမျာ တစ်ချိန်က သူတို့ မွေးထားတဲ့ တွေကို အစာတော် ရေငတ်ထားတယ် ဆိုပြီး သူတို့ နေတဲ့ အိမ်ထဲကတော နှင်အထုတ် ခံရသေးတယ် သိလား’

‘ဝအောင် မစားရဘူး ဆိုရင်တော့ ခွကျတာပဲဗျာ၊ ကျွန်တော်က ဘ သွားသွား ဝက်ပေါင်ခြောက် နည်းနည်းတော့ အိတ်ထဲ ထည့်ပြီး ဝါးနေ ကျေနပ်တဲ့ အကောင်’

ဟုတ်ပ်ကလည်း ဒင်နီ ချိုးထားသည့် နှပ်ကြောင်းအတိုင်း အလို သင့် ဝင်ပြောလေသည်။

‘အဲဒီလို စားတတ် ဝါးတတ်တဲ့ အကျင့်ကလည်း ဘီလီဘက်တန် အကျင့်ပေါ့၊ ကျွန်တော် သူ့ဆီက ရလာတာပဲ၊ ဒါပေမဲ့ ကနေ့တော့ဖြင့် ဝ ပေါင်ခြောက် ဝေးလို့ ဘာမှ မပါလာဘူး၊ ကဲ မကောင်းချင်တော့ အိမ် ကြက်မကြီးကလည်း မဥသေးဘူး၊ သူ မဥတော့ ကြက်ဥလေး တစ်လုံးတော မှ ထည့်မလာနိုင်ဘူး’

စားသောက်နေစဉ် အတွင်းတွင်လည်း ဒင်နီနှင့် ဟုတ်ပ်တို့သည် ရ





ဘာ မောစရာ စကားတွေ မပြတ်အောင် ပြောကြသည်။ ဟုတ်ပ်၏ ဟာသ ဉာဏ်သည် ဒင်နီကြောင့် နိုးကြွကာ အရှိန်တက်လျက် ရှိလေ၏။

နောက်ပိုင်းတွင်မူကား စကား အတည် ပြောလာကြသည်။ ဒင်နီက တောင်ပိုင်း ပြည်နယ်များတွင် သူ ကြုံခဲ့ရသည့် အတွေ့အကြုံများကို ပြောပြ၏။ သူ ပြောပြသည့် နီဂရိုး ပုံပြင် တစ်ခု နှစ်ခုကြောင့် ခရစ္စတီမှာ အားရပါးရ ရယ်လိုက်ရသေးသည်။ ဟုတ်ပ်ကလည်း သူ လုပ်နေသည့် ဘုတ်အဖွဲ့၏ လုပ်ငန်းများကို ဖောက်သည်ချသည်။ ဝုင်းနေး တစ်ယောက်တော့ သူ စခဲ့သည့် ကိုယ်ခန္ဓာ ပင်ပန်း နွမ်းနယ်မှု သုတေသနကို လက်တွေ့ အကောင်အထည် ဖော်နိုင်ရန် ကြိုးပမ်းသည့် ကိစ္စ၌ အောင်မြင်သွားပြီဟု ပြောပြလေသည်။

‘အခု လောလောဆယ် ကျွန်တော် လုပ်နေရတာကတော့ ဝုင်းနေးရဲ့ အလုပ်ပါပဲ၊ ဘုရား သိကြားမလို့ ကျွန်တော် ရထားတဲ့ စကောလားရှစ် ပညာသင် ကာလ မြန်မြန် ကုန်ပါစေလို့ ဆုတောင်းနေရတယ်၊ သိပ်တော့ မကျန်တော့ပါဘူး၊ ကိုးလပဲ ကျန်ပါတော့တယ်၊ အဲဒါ ပြီးရင်တော့ ကျွန်တော် တစ်ခုခု လုပ်မှ ဖြစ်တော့မယ်ဗျ’

‘ကျွန်တော်တော့ဖြင့် သူတစ်ပါးရဲ့ စိတ်ကူးတွေကို အကောင်အထည် ဖော်ပေးရတဲ့ အလုပ်မျိုး ဆိုရင် စိတ်ကုန်ပြီဗျာ၊ အထူးသဖြင့် အဘိုးကြီးတွေရဲ့ ခြေထောက် အောက်မှာနေပြီး သူတို့ရဲ့ ခေတ်မမီတော့တဲ့ စိတ်ကူးတွေ၊ အကြံဉာဏ်တွေကို အကောင်အထည် ဖော်ပေးနေရတဲ့ အလုပ်လောက် စိတ်ပျက်စရာ၊ အော့နှလုံးနာစရာ ကောင်းတဲ့ အလုပ်မျိုးဟာ လောကမှာ ရှိမယ် မထင်တော့ဘူး’

တဖြည်းဖြည်းနှင့် သူတို့ သုံးယောက်သည် ခရစ္စတီ မျှော်လင့်သည့် အတိုင်း ဆေးပညာ လောကနှင့် စပ်ဆိုင်သည့် အကြောင်းအရာများကို ဆွေးနွေး ပြောဆိုလာကြသည်။ အပြင်းအထန် အကျောက်အကန် ငြင်းခုံစ ပြုလာကြသည်။

ခရစ္စတီက သူတို့ စကားဝိုင်းတွင် ဝင်၍ နားထောင်ပါရစေဟု ဆိုသည်။ ဟုတ်ပ်က သူတို့ ပြောနေသမျှ စကားများသည် အမျိုးသမီးများ ကြိုက်သည့် အကြောင်းအရာများ မဟုတ်၍ နားထောင်ချင်စရာ မရှိဟု ပြောသေးသည်။ ခရစ္စတီကမူ စားပွဲပေါ် တံတောင် နှစ်ဖက် ထောက်ကာ ငြိမ်သက်စွာ နားထောင်ရင်း အင်ဒရူး မျက်နှာကို မကြာ မကြာ လှမ်း၍ အကဲခတ်လျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ အင်ဒရူးသည် စကားဝိုင်းတွင် ဝင်၍ မပြောမိအောင် သူ့ကိုယ်သူ ထိန်းချုပ်ထားသည်။ စိတ်မဝင်စားသလိုပင် ခပ်ငြိမ်ငြိမ် ဆိတ်ဆိတ် လုပ်နေသည်။

အင်ဒရူးသည် ဖီးလစ် ဒင်နီနှင့် ပြန်လည် ဆုံတွေ့ရသဖြင့် ဝမ်းသာလျက် ရှိသော်လည်း သူ၏ လက်ရှိ အောင်မြင်မှုများနှင့် ပတ်သက်၍ သူ့ သူငယ်ချင်းက ဖော်ပြနေသည့် သဘောထားမှာ မမှန်ကန်ဟု တွေးနေမိသည်။ သူ၏ အောင်မြင်မှုများကို ဒင်နီ သဘောမကျဟု လည်းကောင်း၊ ဒင်နီသည် သူ၏ အောင်မြင်မှုများကို ကဲ့ရဲ့ ရှုတ်ချလိုသော စိတ် ရှိနေသည်ဟု လည်းကောင်း ထင်မြင် ယူဆနေလေသည်။

သူ လုပ်သမျှသည် ယခု လောလောဆယ်တွင် အောင်မြင်နေ၏။ သူ၏ တိုးတက်ရာ တိုးတက်ကြောင်း၊ ကြီးပွားရာ ကြီးပွားကြောင်း အတွက် သူ့ဘာသာသူ ကြိုးစား အားထုတ်နေခြင်း ဖြစ်ရာ မည်သူကမှ မလိုလားစရာ ကဲ့ရဲ့စရာ အကြောင်း မရှိဟုလည်း တွေးသည်။

ဒင်နီသည် သူ့ဘဝ တိုးတက်မှု အတွက် ဘာတွေများ လုပ်ခဲ့ပြီးပြီလဲ။ စောစောက သူ့အား ဝိုင်း၍ သရော်နေကြသည်မှာ ဘာကြောင့်နည်း။ သူသည် တွေးရင်း တွေးရင်းနှင့် မခံမရပ်နိုင်အောင် ဖြစ်လာသည်။ 'ကျုပ် ကျွေးတဲ့ ညစာ စားပြီး ကျုပ်ကို သရော်စရာ မလိုဘူး' ဟု ခါးခါးသီးသီး ပြောလိုက်မိတော့မလိုပင် ဖြစ်ခဲ့သေးသည်။ သို့သော်လည်း အချိန်မီ သူ့ကိုယ်သူ ထိန်းချုပ် ထားနိုင်ခဲ့လေသည်။

အခုလည်း ဆေးပညာရှင်များ၏ လောက အကြောင်းကို စပ်မိ စပ်ရာ ပြောလာကြသည်။ သူ ဝင်၍ မပြောချင်ပေမင့် ကြားရဖန် များလာတော့ သူ့ပါးစပ်ကို မထိန်းနိုင်တော့ချေ။ အမှုမဲ့ အမှတ်မဲ့နှင့် မသိမသာ ဝင်၍ ပြောမိလာသည်။ ထို့နောက် စိတ်ပါလက်ပါနှင့် ဝင်၍ ပြောမိလာသည်။ သူ စိတ်ပါသည် ဖြစ်စေ မပါသည် ဖြစ်စေ သူနှင့် ဆက်စပ်နေသော လောက တစ်ခု အတွင်းမှ အကြောင်းအရာများသည် သူ့အား ဆွဲဆောင်လျက် ရှိပေရာ သူ နှုတ်ဆိတ်နေ၍ မရတော့ပေ။

ဒင်နီနှင့် ဟုတ်ပ်တို့ ပြောနေကြသည်မှာ ဆေးရုံများ အကြောင်း ဖြစ်ရာ ဆေးရုံများ၏ အခြေအနေ အရပ်ရပ်ကို ကကြီးမှ အ အထိ သိနေသော အင်ဒရူးသည် ဆေးရုံ စနစ်နှင့် ပတ်သက်၍ သူ သိနေသမျှကို စိတ်ရောကိုယ်ပါ ပြောမိလေတော့၏။





'ဆေးရုံ စနစ်နှင့် ပတ်သက်လို့ ကျွန်တော် မြင်ထားတာကတော့...'

အင်ဒရူးသည် ဆေးလိပ်ကို အားပါးတရ တစ်ချက် ဖွာရှိုက်လိုက်သည်။ သူ ယခု သောက်နေသည့် ဆေးလိပ်မှာ ဟိုတစ်ချိန်က သောက်ခဲ့သည့် အပေါစား အညံ့စား ဗာဂျီနီးယား စီးကရက် မဟုတ်ပေ။ တကယ့် အဖိုးတန် ဈေးကြီးကြီး ပေးရသော ဆေးပြင်းလိပ် ဖြစ်သဖြင့် ဒင်နီ၏ မျက်စိထဲတွင် ကန့်လန့် ဖြစ်လျက် ရှိလေ၏။

'ဆေးရုံ စနစ်မှာ တည်နေရာ ရွေးချယ်ပုံဟာ လုံးဝကို ခေတ်မမီတော့ဘူး၊ ကိုယ်လုပ်နေတဲ့ ဆေးရုံရဲ့ သိက္ခာကို ချတယ်လို့တော့ မထင်ကြနှင့်နော်၊ ကျွန်တော့် အနေနှင့် ကျွန်တော် လုပ်နေတဲ့ ဝိတိုရီးယား ဆေးရုံကို သိပ်ချစ်သိပ်မြတ်နိုးပါတယ်၊ အလုပ်ကျတော့လည်း ကျွန်တော်တို့ ဆေးရုံ ဝန်ထမ်းတွေဟာ သိပ်လုပ်ကြတာပဲ၊ လုပ်စရာတွေကလည်း အများကြီးပဲ၊ ဒါပေမဲ့ စနစ်ကြောင့် ဘာမှ လုပ်လို့ ကိုင်လို့ အဆင်မပြေဘူး၊ မထိရောက်ဘူး၊ ဝိတိုရီးယား ဆေးရုံကြီး ဆိုရင် ပြိုတော့မယ်၊ အခုတောင်မှ အချို့နေရာက ပြိုစပြုနေပြီ၊ စိန့်ဂျွန်း ဆေးရုံလည်း သည်ပုံအတိုင်းပဲ၊ ပြိုတော့မယ်၊ လန်ဒန်မှာ ရှိနေတဲ့ ဆေးရုံ အားလုံးမှာ တစ်ဝက်လောက်ဟာ သည်ပုံအတိုင်း ဖြစ်နေတာပဲ၊ အဲဒီတော့ ကျွန်တော်တို့ ဘာလုပ်ကြမလဲ၊ ရန်ပုံငွေ လိုက်ရှာကြမလား၊ ပြည်သူလူထုဆီက အလှူခံမလား၊ ဘရောင်း ဘီယာသည် အကောင်းဆုံး ဆိုတဲ့ ဘီယာ ကြော်ငြာလို သတင်းစာထဲမှာ ကြော်ငြာထည့်ပြီး ပြည်သူတွေဆီက တစ်ပြား နှစ်ပြား ရအောင် ခွာယူကြမလား၊ အခု အခြေအနေအရ ဆိုရင် ဝိတိုရီးယား ဆေးရုံ ဆိုပါတော့၊ ကျွန်တော်တို့ အလွန် ကံကောင်းပါမှ ဆယ်နှစ်လောက် အတွင်းမှာ လူနာဆောင် အသစ် တစ်ဆောင်၊ ဒါမှမဟုတ် သူနာပြု ဆရာမတွေ အတွက် အဆောင် တစ်ဆောင် ဆောက်နိုင်မှာ၊ စကားစပ်မိလို့ ပြောရဦးမယ်၊ ကျွန်တော်တို့ ဆေးရုံက ဆရာမတွေ ဘယ်မှာ အိပ်နေကြရသလဲ သိလား၊ ပြချင်တယ်ဗျာ၊ ခင်ဗျားတို့ စဉ်းစားဖို့က အဆောင်ကြီးကို ဖာထေးပြီး သုံးတဲ့ သဘောမျိုး လုပ်နေလို့ကတော့ ဘယ်တော့မှ ကောင်းလာနိုင်မှာ မဟုတ်ပါဘူး၊ ပြီးတော့ အဆုတ်ရောဂါကု ဆေးရုံကို လန်ဒန်လို လူနေ အင်မတန် ထူထပ်ပြီး နေ့ရော ညပါ ဆူညံ လှုပ်ရှားနေတဲ့ မြို့ကြီးရဲ့ အလယ်မှာ ထားလို့ သင့်တော်မယ်တဲ့လား၊ ကျောက်မီးသွေးဓူမ်ငွေ့ထဲ ဝင်ပြီး အဆုတ်ရောဂါ ကုသလိုပဲ နေမှာပေါ့၊ ဘာထူးမှာလဲ၊ အခြား ဆေးရုံတွေလည်း သည်ပုံစံ အတိုင်း ဖြစ်နေတာပဲ၊ ပုဂ္ဂလိက သူနာပြုအဖွဲ့ဟာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကျတော့ကော ဘာများ ထူးသလဲ၊ အင်မတန် လူသွား လူလာ များပြီး နေ့ရော
ညပါ ကား အသွားအလာ များတဲ့ နေရာတွေမှာချည်း ဖွင့်ထားတယ်၊ မြေ
အောက် မီးရထား သွားနေရင် အဆောက်အအုံတွေက ပြိုကျတော့မလား
အောက်မေ့ရတယ်၊ လမ်းမပေါ်က ဘတ်စကား တစ်စီး ဖြတ်သွားရင် လူမဟာရဲ့
ကျောအောက်က ခုတင်ဟာ ယိမ်းထိုးနေတာပဲ၊ ကျွန်တော့်လို ကျန်းမာနေတဲ့
လူချို့ သွားနေရင်တောင်မှ ကောင်းကောင်း အိပ်ပျော်ဖို့ အတွက် ညတိုင်
ဘာမီတုံဆေး ဆယ်ဂရမ်လောက် သောက်ရမှာ သေချာတယ်၊ စဉ်းစားသာ
ကြည့်ပေတော့၊ အလွန် ဆိုးရွားတဲ့ ဦးနှောက်မြွေးရောင် ရောဂါကြောင့် အပူ
ချိန် တစ်ရာ့လေးလောက် အထိ တက်ပြီး အိပ်ရာပေါ် လဲနေတဲ့ လူနာမျိုးတွေ
ဆိုရင် ဘယ်လိုများ နေကြမလဲ'

'ခင်ဗျား အခု ပြောပြနေတာတွေဟာ အားလုံး မှန်ပါတယ်၊ ခင်ဗျား
ပြောနေတဲ့ ချွတ်ယွင်းချက်တွေကို ကျုပ်တို့က ဘယ်လို ပြုပြင်ကြမှာလဲ၊
ဆေးရုံတွေ အားလုံး စုပြီး ဘုတ်အဖွဲ့ တစ်ခု ဖွဲ့၊ ခင်ဗျားကို ညွှန်ကြားရေးဝန်
ခန့်၊ အဲသလို လုပ်ရမှာလား' ဖီးလစ် ဒင်နီက သူ့ဝသီ အတိုင်း ငေါ်တော့တော့
ပြောသည်။

'အရေးထဲ အရှုးမထစမ်းပါနှင့် ဒင်နီရာ'

အင်ဒရူးက ပြန်ပက်လိုက်ပြီး သူ့စကားကို ဆက်လေသည်။

'ကျွန်တော်တို့ စနစ်မှာ အပေါ်က ချုပ်ကိုင်မှုတွေ များလွန်းနေတယ်
အထက်က ချုပ်ကိုင်မှု ဟူသမျှကို ပယ်ဖျက်ပစ်လိုက်ရင် အားလုံး အဆင်
ပြေသွားမှာပဲ၊ ဒီစကား ပြောတော့ စာအုပ်ထဲကဟာတွေ ပြန်ရွတ်ပြနေတာလို့
ထင်ချင် ထင်ကြမယ်၊ မဟုတ်ပါဘူး၊ ကျွန်တော် လန်ဒန် ရောက်ကတည်းက
တွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေပေါ်မှာ အခြေခံပြီး ပြောနေတာပါ၊ ကျွန်တော်
တို့ ဆေးရုံကြီးတွေကို ဘာ့ကြောင့် လန်ဒန်မြို့ အပြင်မှာ မဆောက်နိုင်ရမှာလဲ
ဆိုကြပါစို့၊ လန်ဒန်နှင့် ဆယ့်ငါးမိုင် အကွာ နေရာမျိုးမှာ ဆောက်ရင် မဖြစ်
ဘူးလား၊ ဥပမာဗျာ ဘင်ဟန်လို နေရာမျိုးပေါ့၊ လန်ဒန်နှင့် ဘင်ဟန်ဟာ
ဆယ်မိုင် ဝေးတယ်၊ အခုထိ တောပိုင်းလိုပဲ သာယာတယ်၊ လေကောင်းလေ
သန့် ရတယ်၊ ဆိတ်ငြိမ်တယ်၊ အဲသလို နေရာမျိုးတွေမှာ လုပ်ရင် မဖြစ်နိုင်
ဘူးလား၊ သွားရေး လာရေး ခက်လိမ့်မယ် ဆိုတဲ့ စကားမျိုး တချို့က ပြော
တယ်၊ အလကားပါ၊ အကြောင်း မလုံလောက်တဲ့ ဆင်ခြေ တစ်ခုပါ၊ ဘာ
ကြောင့် ဘတ်စကားလိုင်း မဖွင့်နိုင်ရမှာလဲ၊ မြို့နှင့် ဆေးရုံ တိုက်ရိုက် ပြေး





...တဲ့ ဘတ်စကားလိုင်းမျိုး ဖွင့်ထားလိုက်ရင် လန်ဒန်က ဘင်ဟန်ကို ဆယ့်
...ငါး မိနစ်နှင့် ရောက်နိုင်တယ်၊ ဆေးရုံသုံး အရေးပေါ် လူနာတင်ယာဉ် ဆိုရင်
...သွား အပြန် မိနစ် လေးဆယ် ကြာမယ်၊ တကယ်လို့ ပြောင်းရွှေ့လိုက်ရင်
...ယ်မြေအလိုက် ဖွင့်ပြီး လုပ်ကိုင်နေတဲ့ လုပ်ငန်းတွေ့ ရပ်ကုန်လိမ့်မယ်လို့
...ပြောချင် ပြောကြလိမ့်မယ်၊ ဒါလည်း သက်သက်မဲ့ ကတ်ပြောတဲ့ စကားပါ၊
...ယ်မြေတွေမှာ နယ်မြေအလိုက် ဆေးခန်းတွေ ရှိနေမှာပေါ့၊ ဆေးရုံကြီးကသာ
...တာပဲ၊ ဆေးခန်းတွေက သူ့ အလုပ် သူလုပ်နေပေါ့၊ ဘာမှ ထိခိုက်စရာ
...ပါဘူး၊ ဆေးရုံကြီးတွေ ရွှေ့ဖို့ ကိစ္စ ပြောလာရင် ဘာမှ မကြီးကျယ်တဲ့
...ယ်မြေ အလိုက် လုပ်ငန်း ပြဿနာကို ရှေ့တန်းတင်ကြပါလေရော၊ ကျွန်
...တော် ဒီကို ရောက်စက လန်ဒန် အနောက်ပိုင်းက လူနာတွေကို ပို့နိုင်တဲ့
...ဆေးရုံဟာ လန်ဒန် အရှေ့ပိုင်း ဆေးရုံကြီး တစ်ခုပဲ ရှိတယ်၊ နောက်ပြီး ဝိတို
...ရီယား ဆေးရုံကြီးကို ပို့နိုင်တယ်၊ ကျွန်တော့်ဆီ လာတဲ့ လူနာတွေဟာ
...င်ဆင်တန်၊ အီးလင်းမတ်စဝဲ၊ ဟာစ်လ် စတဲ့ နေရာတွေက များတယ်၊ နယ်
...မြေ အကန့်အသတ် ဆိုတာ မရှိပါဘူး၊ အားလုံးဟာ ဒီမြို့လယ်ကို ရောက်
...လာတာချည်းပါပဲ၊ ကျွန်တော်က အခြေအနေ အမှန်ကို ခင်ဗျားတို့ သိအောင်
...ပြောပြနေတာပါ၊ ပြဿနာကတော့ ရှုပ်နေတာပဲ၊ ဒီပြဿနာကို ဖြေရှင်းဖို့
...အတွက် ဘာများ လုပ်နေကြပြီလဲ၊ ဘာမှ မလုပ်သေးပါဘူး၊ အလျင်က ရှိ
...ခဲ့တဲ့ စနစ်ဟောင်းကြီး လမ်းဟောင်းကြီး အတိုင်း သွားနေတာပဲ ရှိတယ်၊
...ကျွန်တော့် စိတ်တိုင်းကျသာ လုပ်ရရင် ဝိတိုရီးယား ဆေးရုံကို ဒီနေရာမှာ
...ထားပြီး မထားတော့ဘူး၊ ဘင်ဟန်ကို ရွှေ့ပစ်မှာပဲ၊ ပြီးတော့ ဘတ်စကား
...လိုင်း ဖွင့်ပေးမယ်၊ ရောဂါ ပျောက်သွားတဲ့ လူဦးရေ တိုးတက်နှုန်းကို စာရင်း
...ယားနှင့် ချပြမယ်၊ ဒါပဲ'

သူတို့၏ ဆွေးနွေးပွဲမှာ ယခုမှ နိဒါန်းပျိုးရုံမျှ ရှိသေးသည်။ နောက်
...ပ် ဆွေးနွေးစရာတွေ တစ်ပုံတစ်ပင်ကြီး ကျန်ရှိနေသေးသည်။

ဖီးလစ် ဒင်နီက သူ့ အမြဲတမ်း မကျေမနပ် ဖြစ်ခဲ့ရသည့် ပြဿနာ
...ကောင်းကို တင်ပြသည်။ ရိုးရိုး ဆရာဝန်များအား ရောဂါမျိုးစုံ ကုဖို့ တာဝန်
...ပေးထားသည့် ပြဿနာ၊ အထူးကု ဆရာဝန်များသာ ကုသပေးရမည့် လူနာ
...များအား ရိုးရိုး ဆရာဝန်များက ငွေ အဆမတန် ယူပြီး ကုသပေးနေသည့်
...ပြဿနာ၊ ငွေ မြက်မြက်ရလျှင် ပြီးရော ဟူသော သဘောဖြင့် ကုသပေးပြီးမှ
...နောက်ဆုံးတွင် မနိုင်မနင်း ဖြစ်ကာ အထူးကု ဆရာဝန်ထံ ရောက်လာသည်



www.burmeseclassic.com

www.burmeseclassic.com

ပြဿနာ စသည် စသည်ဖြင့် ပြောစရာ ပြဿနာပေါင်း သောင်းခြောက်ထော ဖြစ်လာသည်။

ဟုတ်ပ်ကလည်း စီးပွားရေး ဆန်မှုနှင့် ရှေးဟောင်း အယူဝါဒ အ ဖွဲ့လမ်းမှု နှစ်ခုကြားတွင် ပေါင်မုန့် နှစ်ချပ်ကြား၌ အညှပ်ခံထားရသည့် အသ ပမာ ဖြစ်နေရှာရသည့် ပိုးမွှားဗေဒ ပါရဂူ လူငယ် တစ်ဦး၏ အဖြစ် လည်းကောင်း၊ ဆေးဝါး ထုတ်လုပ်သည့် ကုမ္ပဏီမှ ထုတ်လုပ်နေသည့် ဆေးဝါးများ ကောင်းကြောင်း ဆောင်းပါး ရေးခိုင်းသည့် အဖြစ်ကို လည် ကောင်း၊ သူ လုပ်နေသည့် ဘုတ်အဖွဲ့မှ သူငယ်ပြန် ရောဂါထနေသည့် အဖွဲ့ အဘိုးအိုကြီးများ၏ အဖြစ်ကို လည်းကောင်း စုံတကာ စေ့အောင် ပြောပြ သည်။

'ခင်ဗျားတို့ စိတ်ကူးကြည့်နိုင်ရင် စိတ်ကူးကြည့်စမ်းပါလား'

ဟုတ်ပ်က သူ့စကားကို သရော်သံ အပြည့်အဝဖြင့် ချိုလိုက်သည်။

'ဝက်အူတွေ ချောင်ပြီး အင်မတန်မှ ချည့်နဲ့ ယိမ်းယိုင်နေတဲ့ တော်ကားအိုကြီး တစ်စီးကို မောင်းချင်ရာ မောင်းနိုင်ဖို့ အတွက် စတီယာ လေးခုနှင့် နှိပ်ချင်သလို နှိပ်နိုင်ဖို့ အတွက် အရေအတွက် အကန့်အသ မထားဘဲ ကားဟွန်းတွေကို တပ်ပေးထားရင် ဘယ်လို ဖြစ်ကုန်မလဲ၊ အဲ အဲဒါပဲ၊ အဲဒီကားမျိုးနှင့် တစ်ထေရာတည်း တူပြီး လုပ်ချင်သလို လုပ်၊ ဖြ ချင်သလို ဖြစ်နေတဲ့ အဖွဲ့ကတော့ ကျွန်တော်တို့ရဲ့ အင်မ်၊ အက်စ်၊ ဘီ အ ကြီးပါပဲဗျာ'

ည ဆယ်နာရီထိုးပြီ ဖြစ်သော်လည်း သုံးဦးသား စကားအမျှင် မပြ ကြသေးပေ။ ပြောလို့ ကောင်းတုန်းပင် ဖြစ်၏။ ခရစ္စတီက ကော်ဖီနှင့် အသ ညှပ် ပေါင်မုန့်များ သူတို့ ရှေ့မှောက် ချပေးလိုက်သည့်အခါ အားလုံး အံ့အ သင့်နေကြသည်။

'အိုဗျာ မစ္စက် မေဆန်ကို အားနာစရာ ကောင်းလှတယ်၊ ကျုပ် အာလူးဖုတ်နေတာ ဘယ်လောက် နားညည်းလိုက်လေမလဲ၊ ဒီမှာ ကိုယ့်ဆရ တို့၊ လူတစ်ယောက်ဟာ စကားများများ ပြောရင် ဆာတတ်တယ်ဗျ၊ အလု ကြမ်း လုပ်နေမှ ဆာတာ မဟုတ်ဘူး၊ ဒါလည်း စိတ်ဝင်စားစရာ တစ်ခုပဲ ကျွန်တော်တော့ ကျွန်တော်တို့ အဖွဲ့ ဥက္ကဋ္ဌကြီး ဝင်းနေးဆီ သွားပြီး မျက် လုပ်စရာ တစ်ခုတော့ ရှိပြီ၊ ပါးစပ်မှ လေပူ များများ ထုတ်ခြင်းသည် အစ ကြေညက်မှုကို ပြုပြင် ပြောင်းလဲစေ၏ ဆိုတဲ့ အချက် မှန် မမှန် သုတေသ





ကြည့်ရင် နာမည်ကြီးစရာ ရှိတယ်လို့ သူ့ကို ပြောပြရဦးမယ်၊ ဟား... ဟား'

ပြော၍ ဆို၍၊ စား၍ သောက်၍ အားရသည့် အခါ ဟုတ်ပ်က အလျှင် သ၍ ပြန်သည်။ ခင်နီကတော့ အင်ဒရူးတို့နှင့် ရှေးဟောင်း နှောင်းဖြစ် ကို စားမြုံ့ပြန်ရင်း ကျန်ခဲ့လေသည်။ ခင်နီ အတွက် တက္ကစီ တစ်စီး ခေါ် အင်ဒရူး တယ်လီဖုန်းဆီသို့ ထအသွားတွင် ခင်နီသည် အလွန် လှသော ခြုံစောင်လေး တစ်ထည်ကို ထုတ်၍ ခရစ္စတီအား ပေးလေသည်။

'ပါမောက္ခကြီးကတော့ ကျွန်တော့်ကို သတ်ချင်မှာပဲ၊ ဒီခြုံစောင်ကလေး ခင်ဗျား အတွက် ဝယ်လာခဲ့တာ၊ သူနှင့် လက်လှမ်းမမီတဲ့ နေရာလောက် တော် ရောက်မှ သူ့ကို ပြောပြပါ'

ခင်နီသည် သူ့အကျင့်အတိုင်း အရွှန်းအသောလေး ဖောက်လိုက်သေး သည်။ ခရစ္စတီက ကျေးဇူးတင်သည့် စကား လှိုက်လှဲစွာ ပြောသည်ကို ငြိမ်၍ ထောင်နေသည်။

'ဒီ ခြုံစောင်လေးဟာ တရုတ်ပြည်က လုပ်တာပဲ၊ စပိန်နိုင်ငံ ထွက် ရှေးသည်း စစ်စစ် မဟုတ်ဘူး၊ ဒီ ခြုံစောင်လေးကို ရှန်ဟဲ ရောက်မှ ဝယ်လာခဲ့တာ'

ခင်နီနှင့် ခရစ္စတီတို့သည် စကား ဆက်၍ မပြောနိုင်ကြတော့ဘဲ ငြိမ် သက်နေကြလေသည်။ တယ်လီဖုန်း ဆက်ပြီး၍ ပြန်လျှောက်လာနေသော အင် ဒရူး၏ ခြေသံသည် ဧည့်ခန်းဆီမှ ထွက်ပေါ်လာနေသည်။

ခင်နီသည် ထိုင်ရာမှ ဖြည်းညင်းစွာ ထရပ်လိုက်သည်။ ကြင်နာသော အရိပ်အငွေ့များဖြင့် ပြည့်လျှံနေသည့် သူ၏ မျက်လုံးများကို ခရစ္စတီ၏ မျက်လုံး အစုံနှင့် မဆိုင်မိအောင် လွှဲဖယ်ထားလေ၏။

'ကျွန်တော်တော့ သူ့အတွက် သိပ်ပြီး စိတ်မပူလှပါဘူး'

ခင်နီ၏ အသံမှာ တိုးတိုးညင်းညင်း ရှိလှသည်။ ပြောရင်းကပင် တခ ချက် ပြုံးလိုက်သေးသည်။

'စိတ်မပူရဘူး ဆိုပေမဲ့ ကျွန်တော်တို့ ကြိုးတော့ ကြိုးစားမှ ဖြစ်မယ်၊ မကြိုးစားလို့တော့ မရဘူး၊ ဒရင်းဗီးမြို့မှာ နေတုန်းက စိတ်နေ စိတ်ထား ချို တဲ့ အင်ဒရူး မေဆန် ဘဝကို ပြန်ရောက်လာအောင်တော့ ကျွန်တော်တို့ ကြိုးစားမှ'



www.burmeseclassic.com

www.burmeseclassic.com

[၁၀]

စေတာ ပွဲတော် အတွက် ကျောင်းပိတ်ချိန်တွင် အင်ဒရူးထံသို့ မစ္စက် သွန်တန် မှ စာတစ်စောင် ရောက်လာလေ၏။ သူမတို့ တည်းခိုနေသည့် ဘရောင်း ိုတယ်သို့ လာပြီး သူ့သမီး၏ ခြေထောက်နာကို စမ်းသပ် စစ်ဆေးပေးရန် း လိုက်သည့် စာ ဖြစ်လေသည်။

စာထဲတွင် သူ့သမီး စီဘစ်လ်၏ ခြေထောက် အနာမှာ မသက်သာ ကြောင်း၊ မစ္စက် လောရင့်တို့ အိမ် နေ့လယ်စာ စားပွဲတွင် စကား စပ်မိခဲ့ ြီးသည့် အချိန်မှ စ၍ အင်ဒရူးနှင့် ပြ၍ အကြံဉာဏ် ရယူလိုသော ဆန္ဒ ရှိခဲ့ ကြောင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးထားပေသည်။ အင်ဒရူးကလည်း စာထဲတွင် ပါသည့် မှာက်လုံး ပင့်လုံးကလေးများ အပေါ်တွင် သာယာ ကျေနပ်လှသည့် အား လျှာ်စွာ စာ ရလျှင် ရချင်းပင် ဘရောင်း ဟိုတယ်သို့ သွားလေ၏။

စီဘစ်လ်၏ ခြေထောက်ကို စစ်ဆေးရသည်မှာ ခက်ခဲ ပင်ပန်းလှသည့် အလုပ် မဟုတ်ပေ။ လွယ်လွယ်ကလေးနှင့်ပင် အခြေအနေကို သိနိုင်သည်။ ကလေးမ၏ ခြေထောက်မှာ ဖြစ်စ ကတည်းက ခွဲစိတ်ဖို့ လိုအပ်သည်မှာ အမှန် ပင် ဖြစ်ပေသည်။

အင်ဒရူးသည် စီဘစ်လ်အား တစ်ချက် ပြုံး၍ ကြည့်လိုက်ပြီး မစ္စက် သွန်တန်ဘက်သို့ လှည့်ကာ အခြေအနေ အရပ်ရပ်ကို ရှင်းပြသည်။

'အရိုးက တဖြည်းဖြည်းနှင့် မာလာနေတယ်၊ မြန်မြန်ဆန်ဆန် ခွဲမှ ဖြစ်မယ်လို့ ကျွန်တော် ထင်တယ်၊ မခွဲရင် ခြေချောင်းလေးတွေ ကပ်သွားမှာ ိုးရတယ်၊ မြန်မြန် ခွဲနိုင်ဖို့ အတွက် ခွဲစိတ်ကု ဆရာဝန်ကို မြန်မြန် ပြဖို့တော့ လိုလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com


အင်ဒရူး၏ စကား ကြားသောအခါ မစ္စက် သွန်တန်က အံ့ဩသည်။ လက္ခဏာ မပြချေ။

'သမီးရဲ့ ကျောင်းဆရာဝန်ကလည်း ဒီအတိုင်းပဲ ပြောပါတယ်၊ ကျွန် တို့ကလည်း အခွဲခံဖို့ အသင့်ပါပဲ၊ ကျွန်မကတော့ ဒေါက်တာ့ကိုပဲ ယုံကြည် အားကိုးမိပါတယ်၊ ဒီကိစ္စကို အစအဆုံး ဒေါက်တာပဲ စီစဉ်ပေးပါလား၊ ခွဲ စိတ်ဖို့ကျတော့ ဘယ်သူ့ကို အပ်ရင် ကောင်းမယ် ထင်ပါသလဲ ဒေါက်တာ'

'ဘယ်သူ့ကို အပ်ရမလဲ' ဟူသော မေးခွန်းကို တိုက်ရိုက် မေးလာ သည့် အခါ အင်ဒရူးမှာ အဖြေရ ခက်သွားသည်။ သူ့အလုပ်သည် ဆေးပ ကုသခြင်း သက်သက်မျှသာ ဖြစ်၏။ သူ့တွင် ခင်မင်သော ခွဲစိတ်ကု ဆရာဝ များစွာ ရှိသော်လည်း အားလုံးမှာ နယ်ရောက်နေကြ၏။ လန်ဒန် မြို့ပေါ် တော့ ရင်းနှီး ခင်မင်သူ တစ်ဦးမှ မရှိပေ။ ထိုစဉ် အခိုက်မှာပင် သူ့ ခေါင်းထဲ သို့ အိုင်ဗိုရီ ပေါ်လာလေ၏။

'ခွဲစိတ်တာကိုတော့ ဒေါက်တာ အိုင်ဗိုရီ လုပ်ပေးနိုင်စရာ ရှိပါတယ် သူ အားမယ် ဆိုရင်ပေါ့လေ'

မစ္စက် သွန်တန်ကလည်း အိုင်ဗိုရီ၏ အမည်ကို ကြားဖူးနေသည်။ လွန်ခဲ့သော လအတွင်းက အီဂျစ် နိုင်ငံ ကိုင်ရိုမြို့သို့ လေယာဉ်ပျံနှင့် သွား ရောက်ကာ အပူရှပ် ရောဂါသည် တစ်ဦးအား ကြည့်ရှု ကုသပေးခဲ့သည့် ဒေါက်တာ အိုင်ဗိုရီ အကြောင်း သတင်းစာ အားလုံးတွင် ပါလာယဖြင့် ဖတ် ခဲ့ရဖူးသည်။ ဒေါက်တာ အိုင်ဗိုရီသည် အလွန် နာမည်ကြီးသည့် ဆရာဝန်ကြီး တစ်ယောက်။ ထို ဆရာဝန်မျိုးနှင့်သာ ပြရမည် ဆိုလျှင် ငြင်းစရာ မလို။ အင်ဒရူး ပေးသည့် အကြံဉာဏ်သည် အလွန် ကောင်းသည့် အကြံဉာဏ် ဖြစ် သည်ဟု မစ္စက် သွန်တန်က ယုံကြည်သည်။ ဒေါက်တာ အိုင်ဗိုရီနှင့် ပြဖို့ ချက်ချင်းပင် သဘောတူလေသည်။

သို့သော် မစ္စက် သွန်တန်ဘက်က လိုလားချက် တစ်ခုတော့ တင်ပြ သည်။ ယင်း လိုလားချက်မှာလည်း တခြားတော့ မဟုတ်ပေ။ သူ့သမီးကို မစ္စက် ရာရင်တန် သူနာပြု ဂေဟာ၌သာ တင်၍ ခွဲစိတ်ပေးရမည်။ ထိုဂေဟာ မှ လွဲ၍ တခြားနေရာ ဘယ်နေရာမှာမှ သူ့သမီးကို မထားနိုင်။ သူ့ မိတ်ဆွေ အမျိုးသမီးများစု သုံးသော ထို သူနာပြု ဂေဟာသည် နာမည်ကြီး ဂေဟာ ဖြစ်သဖြင့် သူ မသုံးဘဲ မနေနိုင်ဟု ဆိုလေသည်။

အင်ဒရူးသည် အိမ်ပြန်ရောက်လျှင် ချက်ချင်း အိုင်ဗိုရီက မှ ဆက်



ဆိုကိစ္စကို ပြောပြလေသည်။ အလုပ် ကိစ္စနှင့် ပတ်သက်၍ တစ်ကြိမ် ခါ မျှ မဆက်သွယ်ဖူးခဲ့သဖြင့် ခပ်တွန့်တွန့် ဖြစ်မိသေးသော်လည်း ဗိုရီ၏ ဆက်ဆံပုံက ရင်းရင်းနှီးနှီး ရှိသဖြင့် စိတ်သက်သာရာ ရသွားခဲ့ ၏။

နောက်တစ်နေ့တွင် နှစ်ယောက် အတူ သွား၍ စီဘစ်လ်၏ ခြေထောက် သပ်မံ ကြည့်ရှုကြရန် စီစဉ်သည်။ အီဒါ ရာရင်တန်၏ ဆေးခန်းမှာ အမြဲ လူပြည့်နေတတ်သဖြင့် အခန်း ရဖို့ လွယ်မည် မထင်သော်လည်း မစ္စက် ဘန် အတွက် မရရအောင် သူ ကိုယ်တိုင် ပြောပါမည်ဟု အိုင်ဗိုရီက ကတိ သည်။

နောက်တစ်နေ့ နံနက်တွင် ချိန်းထားသည့် အတိုင်း ဘရောင်း ဟိုတယ် သွား၍ စီဘစ်လ်၏ ခြေထောက်ကို စမ်းသပ် စစ်ဆေး ကြည့်ကြသည်။ ဗိုရီက မစ္စက် သွန်တန့်အား အင်ဒရူး ပြောခဲ့သည်မှာ မှန်ကန်ကြောင်း၊ ချင်း ခွဲစိတ်ဖို့ လိုကြောင်း ထပ်မံ၍ အတည်ပြု ပြောကြားလေသည်။

ချက်ချင်း ဆိုသလိုပင် စီဘစ်လ်အား မစ္စက် ရာရင်တန်၏ သူနာပြု ဟာသို့ ပို့သည်။ ဂေဟာတွင် နှစ်ရက်မျှ အနားယူစေပြီးမှ ခွဲစိတ်သည်။ ဗိုရီ၏ ဆန္ဒအရ စီဘစ်လ်အား ခွဲစိတ်ချိန်တွင် အင်ဒရူးပါ ရှိနေလေ၏။

ခွဲစိတ်ခြင်းမှာ အခက်အခဲ မရှိပေ။ ဤ ခွဲစိတ်မှုမျိုးမှာ အသေးအဖွဲ စိတ်မှုမျိုးသာ ဖြစ်၍ ဒရင်းဖီး မြို့မှာသာ ဆိုလျှင် အင်ဒရူး ကိုယ်တိုင် ခွဲစိတ် သည်။

အိုင်ဗိုရီသည် ယခုလို ခွဲစိတ်မှုမျိုးကို လုပ်ရာ၌ စိတ်ပါလက်ပါ ရှိပုံ သော်လည်း ခွဲစိတ်သည့် အချိန်တွင်မူကား အံ့ဩလောက်အောင်ပင် စနစ် လေသည်။ ခွဲစိတ်ခန်း ဝတ်စုံ အပြာများကို ဝတ်စားပြီး ပြင်ဆင်နေပုံမှာ က ကြည့်နေသူများ အဖို့ အားကျလောက်ပါပေ၏။ မခွဲစိတ်မီ မြင်နေ သည့် သူ့ မျက်နှာထားသည် တည်ငြိမ် အေးဆေး၍ ခံ့ညားလွန်းသဖြင့် ည်သို ကိုးကွယ် ယုံစားလောက်ပါပေ၏။ ချား အိုင်ဗိုရီလောက် တည်ငြိမ် ၍ ယုံကြည် ကိုးစားချင်စရာ ကောင်းသည့် ခွဲစိတ်ကု ဆရာဝန်သည် သာက၌ ရှာတွေ့နိုင်မည် မဟုတ်ဟုပင် ထင်ရပေသည်။

နာမည်ကြီး ခွဲစိတ်ကု ဆရာဝန်ကြီးများ၌သာ မြင်တွေ့ရတတ်သည့် က်မျိုး အိုင်ဗိုရီတွင် ရှိသည်ဟု ဆိုရပေမည်။ အိုင်ဗိုရီ၏ လက်များသည် င် ပျော့ပျောင်းလှပေ၏။ ခံ့ညား၍ ယောက်ျား ပီသသော သူ၏



www.burmeseclassic.com

www.burmeseclassic.com

ဟန်ထားနှင့် အမူအရာများသည် ခွဲစိတ်ခန်း ဝတ်စုံနှင့် ကြည့်လို့ ကောင်းလှပေသည်။

ခွဲစိတ်ခန်း ဝတ်စုံ ဝတ်၍ ခွဲစိတ်ခုံ၏ တစ်ဖက်မှ ရပ်ကာ အိုင်ဗိုရီ လူနာသမ္ဘာ ကိုင်သမ္ဘာကို စောင့်ကြည့်နေသော အင်ဒရူးသည် အိုင်ဗိုရီ အပေါ် ကြည်ညိုခြင်း၊ လေးစားခြင်း၊ အထင်အမြင် ကြီးခြင်းများ ဖြစ်ပေါ်လျက် ရှိလေ၏။

ခွဲစိတ်ပြီး ဆယ့်ငါးရက်ခန့် အကြာတွင် စီဘစ်လ် သွန်တန်သည် သူနာပြု ဂေဟာမှ ဆင်းခွင့်ရသည်။ တစ်ရက်တွင် အိုင်ဗိုရီက အင်ဒရူးအား ဆက်ဗွီး ကလပ်သို့ ဖိတ်၍ နေ့လယ်စာ ကျွေးသည်။ အင်ဒရူး အဖို့တော့ စိတ်ကြည်နူးစရာ ကောင်းသည့် နေ့လယ်စာ စားပွဲလေး တစ်ခုပင် ဖြစ်ပေသည်။

အိုင်ဗိုရီသည် စကားပြော ကောင်းသလောက် သွက်လက် ချက်ချာသူ ဖြစ်၏။ အတင်းအဖျင်း သတင်း အတိုအထွာများကိုလည်း စိတ်ဝင်စားအောင် ချဲ့ထွင်၍ ပြောတတ်ပေသည်။

ဆက်ဗွီး ကလပ်၏ စားသောက်ခန်းမကြီးမှာ ခမ်းနား ထည်ဝါလှပေသည်။ အိုင်ဗိုရီက ခန်းမကြီး အတွင်း၌ နေ့လယ်စာ လာ၍ စားသောက်နေကြသူများမှာ တကယ့် ထိတ်ထိတ်ကြဲ နာမည်ကြီး ပုဂ္ဂိုလ်ကြီးများချည်း ဖြစ်သည်ဟု ဆိုသည်။ အိုင်ဗိုရီ သုံးသွားသည့် စကား အတိုင်း ပြောရလျှင် ဤလူစုသည် အလွန် ပေါင်းလို့သင်းလို့ ကောင်းသည့် လူစု ဖြစ်သည်။ အင်ဒရူး အဖို့တော့ အိုင်ဗိုရီနှင့် အတူ နေ့လယ်စာ စားရင်း မြင်ရ တွေ့ရသမျှ ကြားသမျှတို့သည် အားကျစရာတွေချည်း ဖြစ်နေလေ၏။

'နောက်တစ်ကြိမ် အစည်းအဝေးကျရင် ကျွန်တော် ခင်ဗျား နာမည်ကို စာရင်းသွင်းလိုက်မယ်'

အိုင်ဗိုရီက အင်ဒရူးအား ကလပ် အသင်းဝင် ဖြစ်အောင် သူ ကူညီမည်ဟု ပြောသည်။

'ဒီကလပ်ရဲ့ အသင်းဝင် ဖြစ်လာရင် ခင်ဗျားမှာ မိတ်ဆွေသစ်တွေ အများကြီး တိုးလာမှာပဲ၊ ဖရက်ဒီရယ်၊ ပေါလ် ဒီမန်းရယ်၊ ကျွန်တော်ရယ် နောက်ပြီး ဂျက်ကီ လောရင့်ရယ်၊ ဂျက်ကီ လောရင့်လည်း ဒီကလပ်ရဲ့ အသင်းဝင်ပဲ၊ ဂျက်ကီ လောရင့်တို့ အိမ်ထောင်ကတော့ တကယ့်ကို စိတ်ဝင်စားစရာ ကောင်းတယ်၊ သူတို့ လင်မယားက သူတို့ချင်း ဆက်ဆံတဲ့ နေရာမှာ အင်မတန် ရင်းနှီး ပွင့်လင်းတဲ့ သူငယ်ချင်းတွေလို ဆက်ဆံကြတာ၊ သူ ကြိုက်တာ သူလုပ်၊ ကိုယ် ကြိုက်တာ ကိုယ်လုပ် ဝါဒသမားတွေပဲ၊ သူ့လမ်း သူသွား၊ ကိုယ့်လမ်း ကိုယ်သွား၊ တစ်ဦးနှင့် တစ်ဦး မရှုပ်ကြစတမ်း ဆိုတဲ့ ဆက်ဆံရေးမျိုးပေါ့ဗျာ၊ ရိုးရိုးသားသား ဝန်ခံရရင်တော့ အဲဒီ ဆက်ဆံရေးမျိုးကို ကျွန်တော်ကတော့ ကြိုက်တယ်၊ ဘာပဲဖြစ်ဖြစ်လေဗျာ ကျွန်တော်ကတော့ ခင်ဗျားကို မှန် နေရာမှန် ဖြစ်အောင် နေရာ ချပေးလိုက်ချင်တယ်၊ ကျွန်တော့် အပေါ်မှာတော့ မယုံသင်္ကာစိတ် မထားစေချင်ဘူး နော့၊ စကော့ လူမျိုးများရဲ့ သွေးက တစ်ဖက်သား အပေါ် မယုံသင်္ကာ ဖြစ်တတ်တယ်၊ ဒါကြောင့်မို့ ကြိုပြီး ပြောထားရတာတော့ ခွင့်လွှတ်ဗျာ၊ ခင်ဗျား သိတဲ့ အတိုင်း ကျွန်တော် ဘယ်ဆေးရုံမှာမှ သွားမလုပ်ဘူး၊ ကျွန်တော်က လွတ်လွတ်လပ်လပ် နေချင်တဲ့လူ၊ ပြီးတော့လည်း ကျွန်တော့်မှာ အလုပ်က သိပ်များတယ်၊ ဆေးရုံမှာ လုပ်တဲ့ ငနဲတွေကတော့ တစ်လနေလို့ လူနာ တစ်ယောက် ကြည့်ရတာ မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်မှာ ဆိုရင် တနင်္ဂနွေ တစ်ပတ်ကို အနည်းဆုံး ပျမ်းမျှ လူနာ ဆယ်ယောက် ရှိတယ်၊ စကားမစပ် ပြောရဦးမယ်၊ သွန်တန်တို့ သားအမိဆီက ကျွန်တော်တို့ ရပေါက် ရလမ်း လာလိမ့်ဦးမယ် သိလား၊ လာရင်လည်း ကျွန်တော့် တာဝန်သာ ထားပါ၊ ဘာမှ မပူပါနှင့်၊ သူတို့ လူစုက ပထမတန်းစား လူတွေပဲ၊ ဩော် ဒါနှင့် စီဘစ်လ်မှာ အာသီးရောင် ရောဂါ ရှိနေတယ်၊ ပြဖို့ သင့်တယ်လို့ ခင်ဗျား မထင်ဘူးလား၊ ခင်ဗျား ကြည့်လိုက်မိသေးလား'

'ဟင့်အင်း၊ ကျွန်တော်ကတော့ အမှုမဲ့ အမှတ်မဲ့ပဲ၊ မကြည့်လိုက်မိဘူး'

'ဟာ ခင်ဗျား ကြည့်ထားသင့်တယ်ဗျ၊ အာသီးက တော်တော်လေး ကြီးနေပြီ၊ နွေရာသီ ရောက်ရင် သူ့ အာသီးကို ခွဲပေးလိုက်တာပေါ့၊ မဟုတ်ဘူးလား'

ဆက်ဗွီး ကလပ်မှ အပြန်တွင် အင်ဒရူးသည် အိုင်ဗိုရီ၏ အပေါ်၌ ယခင်ကထက် တိုး၍ အထင်အမြင် ကြီးသောစိတ် စွဲကပ်လာသည်။ အိုင်ဗိုရီလို ပုဂ္ဂိုလ်မျိုးနှင့် မိတ်ဆက်ပေးခဲ့သည့် ဖရက်ဒီကိုပင် များစွာ ကျေးဇူးတင်နေမိလေ၏။ စီဘစ်လ်ကို ခွဲစိတ်သွားပုံမှာ လွယ်ကူသည့် ကိစ္စပင် ဖြစ်စေကာမူ အတုခိုး နည်းယူလောက်သည်ဟုလည်း ထင်သည်။ အိုင်ဗိုရီ ခွဲစိတ်ပုံ ညင်သာ ကောင်းမွန်သဖြင့် မစ္စက် သွန်တန်တို့ကလည်း များစွာ ကျေနပ်သွားကြသည်။ တကယ်ဆိုတော့ အိုင်ဗိုရီနှင့် တွဲမိလိုက်ခြင်းသည် သူ့အတွက် အလွန် ကောင်းသည့် အခွင့်အရေး တစ်ရပ်ကို ရထားလိုက်ခြင်းပင် ဖြစ်သည်ဟု တွေးကာ ပီတိ ဖြစ်လျက် ရှိလေ၏။

စီဘစ်လ်အား ခွဲစိတ်ပြီးသည့်နောက် တနင်္ဂနွေ သုံးပတ်ခန့်မျှ အလွန်




www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သော နေ့ခင်းတွင် အင်ဒရူးသည် ခရစ္စတီနှင့် လက်ဖက်ရည် သောက်နေခိုက် အင်ဒရူး အမည်နှင့် စာတိုက်မှ စာတစ်စောင် ရောက်လာလေ၏။ စာမှာ အိုင်ဗိုရီထံမှ ဖြစ်လေသည်။

ခင်မင်လှစွာသော မစ္စတာ မေဆန်၊

မစ္စက် သွန်တန်ထံမှ ငွေရပါပြီ။ ခွဲစိတ်စဉ်က ကျွန်တော့်အား ကူညီခဲ့သည့် အတွက် ခင်ဗျား ရသင့်သည့် ငွေကို ပို့လိုက်ပါသည်။ ယခု တစ်ပတ် ကျောင်းပိတ်လျှင် စီဘစ်လ် ကိုယ်တိုင် ခင်ဗျားထံ လာပါလိမ့်မည်။ ကျွန်တော် ပြောခဲ့သော အာသီး ကိစ္စကို ခင်ဗျား သတိရလိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။ မစ္စက် သွန်တန်ကလည်း များစွာ ဝမ်းသာ ကျေးဇူးတင်လျက် ရှိပါသည်။

စေတနာဖြင့်
စီ၊ အိုင်။

စာနှင့် တွဲလျက် ပါလာသည့် အရာကတော့ ဂီနီ နှစ်ဆယ်တန် ချက်လက်မှတ် တစ်စောင်။

အင်ဒရူးသည် သူ့ လက်ထဲမှ ချက်လက်မှတ်ကို တအံ့တသြ ကြည့်နေမိသည်။ ခွဲစိတ်စဉ်က သူသည် အိုင်ဗိုရီအား ဘာမှ ဟုတ်တိပတ်တိ ကူညီခြင်း မရှိခဲ့ပေ။ သို့ပါလျက်နှင့် ဘာ့ကြောင့် ဤငွေကို ပေးရပါသနည်း။

ငွေရတိုင်း နွေးနွေးထွေးထွေး ရှိလာတတ်သည့် သူ့ အသည်းနှလုံးသားသည် ယခုလည်း နွေးနွေးထွေးထွေးပင် ဖြစ်လာသည်။ သူသည် စိတ်ချမ်းမြေ့လှသော အပြုံးဖြင့် စာနှင့် ချက်လက်မှတ်ကို ခရစ္စတီအား လှမ်းပေးလိုက်သည်။

'အိုင်ဗိုရီ တစ်ယောက်ကဖြင့် တကယ့်ကို ယဉ်ကျေးတာပဲကွာ၊ ကိုယ်တို့ရဲ့ ဒီလ ဝင်ငွေကတော့ စံချိန်သစ် တင်ပြီကွ၊ သိလား'

'ဒါပေမဲ့ ကျွန်မကတော့ ဒီဟာကို နားမလည်ဘူး'

ခရစ္စတီ၏ မျက်နှာသည် စဉ်းစား ဝေခွဲ၍ မရနိုင်သော သဘောကို ဖော်ပြနေသည်။

'ဒီငွေဟာ မစ္စက် သွန်တန်က ရှင့်ကို ပေးရမယ့် ငွေလား'

'မဟုတ်ဘူးလေကွာ၊ အဲ့သလိုလည်း မဟုတ်ဘူး၊ ဒါက အပိုကြေး ပေးတဲ့ သဘောပေါ့၊ ခွဲစိတ်တုန်းက ကိုယ်က အနားမှာ နေပေးခဲ့တဲ့ အတွက် ပေးခဲ့တဲ့ အပိုကြေးလို့ ဆိုရမှာပေါ့'





'ဒီလိုဆိုရင် ရှင် အခုပြောတဲ့ သဘောက မစ္စတာ အိုင်ဗိုရီက သူ ရတဲ့ ငွေထဲက ရှင့်ကို ခွဲဝေပေးတဲ့ သဘောပေါ့၊ ဟုတ်လား'

အင်ဒရူး၏ မျက်နှာသည် ရဲခနဲ ဖြစ်သွားသည်။

'ဘုရားရေ မင်း ဘယ်လို ပြောလိုက်တာလဲ၊ အဲ့သလို လုံးဝကို မဟုတ်ဘူးကွ၊ အဲဒါမျိုးကို မယူရဘူးလို့ တားမြစ်ထားတာ မင်း အသိပဲဟာ၊ ဒါမျိုး တို့က အိပ်မက်တောင်မှ မမက်ကောင်းဘူး၊ ငါ အခု ရတာက သူ့ကို ကူညီလို့ ရတာ၊ ခွဲစိတ်နေတုန်းက သူနှင့် အတူ နေပေးလို့ ရတာ၊ အိုင်ဗိုရီက မစ္စက် သွန်တန်ဆီကို ငွေတောင်းလွှာ ပို့တော့ ငါ့အတွက်ပါ ထည့်တွက်ပြီး တာ နေမှာပေါ့ကွ၊ ငါ လောင်းရဲပါတယ်၊ ဒီငွေဟာ သူ့အတွက် ရသင့်တဲ့ ငွေ အပြင် အပို ရလာတဲ့ငွေ ဖြစ်မှာပါ'

ခရစ္စတီသည် လက်ထဲမှ ချက်လက်မှတ်ကို စားပွဲပေါ်သို့ ပြန်ချလိုက်သည်။ သူမ၏ မျက်နှာသည် တည်ငြိမ်လှ၏။ အေးတိအေးစက် နိုင်လှ၏။ အာစောကလို ရွှင်ရွှင်ပျပျ၊ ရွှင်ရွှင်လန်းလန်း မဟုတ်တော့ပေ။

'ငွေကတော့ အတော့်ကို များတာပဲ'

ခရစ္စတီ၏ အသံသည် ခပ်တိုးတိုး။

'ဘာကြောင့် မများရမှာလဲ၊ များမှာပေါ့၊ များတော့ကော ဘာဖြစ်သလဲ'

အင်ဒရူး၏ အသံသည် ဒေါသ အရှိန်ကြောင့် ကျယ်လောင်လာလေသည်။

'မစ္စက် သွန်တန်တို့က အလွန် ချမ်းသာတဲ့ လူတွေကွ၊ ဒီလောက် ငွေကို ဂရုစိုက်မယ် ထင်သလား၊ တို့ဆေးခန်းကို လာနေတဲ့ သုံးသျှီလင် ခြောက်ပဲတန် လူနာမျိုးတွေနှင့် ယှဉ်ပြီး တွက်လို့ မရဘူး ဆိုတာ မင်း နားလည်ထားစမ်းပါ'

အင်ဒရူးသည် ဒေါသတကြီးပင် ထိုင်ရာမှ ထ၍ ထွက်သွားလေသည်။

ခရစ္စတီသည် စားပွဲပေါ်မှ ချက်လက်မှတ်ကို ရှုံ့ရှာ စက်ဆုပ်စွာဖြင့် စိုက်၍ ကြည့်နေသည်။ သူမသည် အင်ဒရူးနှင့် အိုင်ဗိုရီတို့ အလုပ်သဘောဖြင့် အဆက်အသွယ် လုပ်နေကြခြင်းကို မသိခဲ့ပေ။ ယခု သိရတော့လည်း စိတ်မချမ်းမြေ့ ဖြစ်ရသည်။ ဒင်နီနှင့် ဟုတ်ပ်တို့ လာ၍ ထမင်းစားကြသည့် ညကို အောက်မေ့တသ သတိရမိသည်။ ဒင်နီနှင့် ဟုတ်ပ်တို့ကို တွေ့ရလျှင် အင်ဒရူး၏ စိတ်ထားသည် ပြောင်းသင့်သလောက် ပြောင်းလာလိမ့်မည်ဟု ထင်ခဲ့မိ၏။ ယခု အဖြစ်ကို ကြည့်ပြန်တော့လည်း အင်ဒရူး၏ စိတ်သည် အပြောင်းအလဲ မရှိသေးပါတကား။



www.burmeseclassic.com

www.burmeseclassic.com

ယခုဆိုလျှင် အင်ဒရူးသည် ငွေကို မက်မောလွန်းလှချေသည်။

ဝိတိုရီးယား ဆေးရုံတွင် လုပ်နေသည့် အလုပ်တွင်လည်း သူ စိတ်ဝင်စား ခားပုံ မပေါ်ပေ။ အိမ်မှ ဆေးခန်းတွင်လည်း လူနာများအား နေ့စဉ် ပေးနေကျ ဆေးရည်မှ လွဲ၍ တခြား ဘာဆေးမှ ပြောင်းပေးခြင်းလည်း မရှိပေ။ ဆပ်မံ၍ စမ်းသပ် စစ်ဆေးခြင်းလည်း မပြုပေ။ ရောဂါ ပျောက်နေပြီ ဖြစ်သော လူနာများကိုလည်း ထပ်၍ လာဖို့သာ ရက်ချိန်းပေးပြီး ပေးနေကျ ဆေးများကိုသာ ပေးနေ၏။ သူသည် ငွေမှ လွဲ၍ တခြား ဘာကိုမှ စိတ်မဝင်စားတော့သည့် တကယ့် အသပြာ ဆရာဝန် တစ်ဦး ဖြစ်နေလေပြီ။

စားပွဲတွင် တမေ့တမော ထိုင်ကာ ချား အိုင်ဗိုရီ ထံမှ ရောက်လာသည့် ချက်လက်မှတ်ကို ငေးမောနေသော ခရစ္စတီ၏ မျက်နှာဝယ် စိုးရိမ်သော အရိပ် အငွေ့များ ယှက်သန်းလျက် ရှိပေသည်။ မျက်ရည်စများသည် တဖြည်းဖြည်းချင်း မျက်လုံးအိမ်နှင့် ပြည့်လာပြီး ပါးပြင်ထက်သို့ စီးဆင်း ကျလာလေ၏။

သူမ အနေဖြင့် ဤကိစ္စကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောမှ ဖြစ်မည် ထင်၏။ မပြောဘဲ နေ၍တော့ မဖြစ်။ ပွင့်ပွင့်လင်းလင်း ပြောမှ... ပြောမှ။

ထိုနေ့ ညနေခင်း ဆေးခန်းပိတ်ချိန်တွင် ခရစ္စတီသည် အင်ဒရူး အပါးသို့ ကပ်လာသည်။

'အင်ဒရူး၊ ကျွန်မ တစ်ခု ပူဆာပါရစေ၊ ဒီ တနင်္ဂနွေနေ့မှာ ကျွန်မ တောပိုင်းဘက် သွားချင်တယ်၊ လိုက်ပို့ပေးပါလားဟင်၊ မော်တော်ကား ဝယ်ပြီးစက ရှင် ကျွန်မကို လိုက်ပို့ပေးမယ်လို့ ပြောထားပြီး ရှင် မေ့နေတယ် ထင်ပါရဲ့၊ ဆောင်းတွင်းတုန်းကလည်း မရောက်ခဲ့ရဘူး'

အင်ဒရူးသည် ခရစ္စတီ၏ မျက်နှာကို အထူးအခန်း တစ်ခု ကြည့်သလို ငေးကြည့်နေသည်။

'အင်း၊ ဟာ... ဒါကတော့... ကောင်းပြီလေ၊ ပို့ပေးမယ်'

ခရစ္စတီ မျှော်တလင့်လင့်နှင့် စောင့်စားခဲ့ရသည့် တနင်္ဂနွေနေ့သို့ ရောက်လာသည်။ မနက်စောစော ကတည်းက အရေးကြီးသော လူနာများ ကြည့်ရန် ထွက်သွားသည့် အင်ဒရူးသည် ဆယ့်တစ်နာရီ ထိုးမှ အိမ်ပြန် ရောက်လာလေသည်။ ခရစ္စတီသည် ကော်ဇောလေး တစ်ချပ်နှင့် အစားအသောက် ခြင်းကလေး တစ်လုံးကို ကားနောက်တွင် ထည့်ကာ နှစ်ယောက်သား ထွက်လာခဲ့ကြလေ၏။

ဟင်းမားစမစ် တံတားကို ဖြတ်၍ ကင်းစတန် တောင်ကြားကို ကျော်





ဆာရေးဘက်သို့ ဦးတည်၍ ထွက်လာချိန်တွင် ခရစ္စတီ၏ စိတ်သည် တောကလို လေးလံ ထိုင်းမှိုင်းမနေတော့ဘဲ ကြည်လင် လန်းဆန်းကာ ပေါ့ သွက်လက်လာသည်။ မကြာခင်မှာပင် သူတို့သည် ဒေါ်ကင်းမြို့ကို ဖြတ် ဘက်သို့ ကွေ့ကာ ရှီးယား ရွာဘက်သို့ သွားသည့် လမ်းအတိုင်း လိုက် ခဲ့လေ၏။

နှစ်ယောက် အတူတွဲ၍ တောပိုင်းဘက်သို့ ခရီး မထွက်ရသည်မှာ ကြာပြီ၊ စိမ်းလန်း စိုပြည်နေသော လယ်ကွင်းများ၊ ရွက်သစ်တို့ဖြင့် ဝေဝေ ဖြစ်နေသော သစ်ပင်များ၊ တသင်းသင်း ပျံ့နေသည့် တောပန်း ပန်း ရနံ့များသည် ခရစ္စတီအား ပျော်ရွှင် ယစ်မူးလာအောင် လုပ်နိုင် ရှိလှပါပေ၏။ တောတောင် ရေမြေ သဘာဝ အလှကို ချစ်မြတ်နိုးသော အဖို့ ဤ ပတ်ဝန်းကျင်သည် ကြည့်မဝ ရှုမဝနိုင်အောင်ပင် သာယာ သည့် ရှုမြင်ခင်း တစ်ရပ် ဖြစ်နေပေသည်။

'ဖြည်းဖြည်း မောင်းပါလား အချစ်ရယ်'

ခရစ္စတီ၏ အသံသည် နူးညံ့ ပျော့ပျောင်း၍ သာယာလှပေသည်။ သို သာသာယာယာ မပြောခဲ့သည်မှာ ရက်ပေါင်း များစွာ ကြာခဲ့ပေပြီ။

'သိပ် ချစ်စရာ ကောင်းတဲ့ ရှုခင်းပဲနော်၊ ချစ်စရာ မကောင်းဘူးလား'

အင်ဒရူးက အဖြေ မပေးချေ။ လမ်းပေါ်တွင် မကြာ မကြာ ဆုံမိနေသည့် ဘော်ကားများကို ရှောင်ရန် စိတ်စောနေဟန် တူ၏။

ရှီးယားရွာသို့ ဆိုက်ရောက်ချိန်တွင် နေ့ခင်း တစ်နာရီပင် ထိုးလေပြီ။ နီနီရဲရဲနှင့် တိုက်ပုကလေးများ၏ ပတ်ဝန်းကျင်သည် သာတောင့် သာ ရှိလှပါပေ၏။ နွေရာသီ ပျော်ပွဲစား လွှက်သွားများ မရောက်လာသေးသဖြင့် ငြိမ်စွာ စီးဆင်းနေသော စမ်းချောင်းကလေး၏ သဘာဝ အလှသည် ပျက်သေးချေ။

အင်ဒရူးသည် မော်တော်ကားကို ရွာတစ်ဖက်ရှိ စိမ်းစို လန်းဆန်း သော တောအုပ်ကလေး ပိုင်းရံထားသည့် တောင်ကုန်းဆီသို့ မောင်းတက်ခဲ့ပြီး ကျဉ်းသော လမ်းကျဉ်းကလေး အနီးတွင် ထိုးဆိုက်သည်။ ခရစ္စတီသည် ပေါ်မှ ဆင်းကာ ကော်ဇောကို ခင်းလေသည်။ ငှက်ပေါင်စုံ၏ သာယာ အေးလှသော တွန့်ကျူးသံများသည် သူတို့ နှစ်ဦးစလုံး၏ ငြင်ကို ပန်ကြားပေးလျက် ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သာယာ တောက်ပသော နေရောင်ခြည်သည် ဖြာကျလျက် ရှိသည်။ နှစ်ဦးသား နေရောင်ခြည် အောက်တွင် ထိုင်၍ အသားညှပ် ပေါင်မုန့်များ စားကြသည်။ ဓာတ်ဘူးထဲမှ ကော်ဖီကို သောက်ကြသည်။ သူတို့နှစ်ဦး၏ ရှေ့နောက် ဝဲယာတွင် စလပ်ပန်းရိုင်းပင်များသည် ဟိုယိမ်း သည်နွဲ့ လှုပ်ရှား လျက် ရှိကြလေ၏။ ခရစ္စတီသည် သူမ၏ မျက်နှာကို အရိုင်းပန်းများ၏ ကြား တွင် မြှုပ်နှံထားချင်စိတ် ပြင်းပြလျက် ရှိလေ၏။

အင်ဒရူးသည် သူ့ခေါင်းကို ခရစ္စတီ၏ အနီးတွင် ချကာ မြက်ခင်း ပြင်ပေါ် လဲလျောင်းပြီး မျက်လုံးများကို မပွင့်တပွင့် မှိတ်ထားသည်။ ခရစ္စတီ ကတော့ အင်ဒရူးကို ကြည့်ကာ စိတ်၏ ချမ်းမြေ့မှု အရသာကို တစိမ့်စိမ့် ခံစား လျက် ရှိလေ၏။ သူတို့ နှစ်ဦးသား၏ ဘဝသည် အမြဲတစေ ယခုလို နေသွား နိုင်မည်ဟု ဆိုပါမူ မည်မျှ ကောင်းလေမည်နည်း။

အင်ဒရူး၏ မျက်လုံးအစုံသည် သူ့ မော်တော်ကားဆီသို့ ရောက်သွား ပြန်သည်။ မော်တော်ကားကိုပင် မဝသော ကြည့်ခြင်းမျိုးဖြင့် စူးစိုက်၍ ကြည့် နေရာမှ...

'ကိုတို့ ကားကလေးက မဆိုးဘူးနော်၊ ကိုတို့ အတွက် အများကြီး အသုံးဝင်တာပဲ၊ အကျိုးလည်း တော်တော် အပေးသား၊ ဒါပေမဲ့ ဒီတစ်ခါ မော်တော်ကား ပြပွဲ လုပ်ရင် ကားသစ် တစ်စီးတော့ ဝယ်မှ ဖြစ်တော့မယ်'

စောစောက သန့်စင် ကြည်လင်နေသော ခရစ္စတီ၏ စိတ်သည် ချက် ချင်းပင် နောက်ကျိသွားရ၏။ အင်ဒရူး၏ အလိုဆန္ဒများသည် အတောမသတ် နိုင်တော့ပါတကား။ အင်ဒရူး၏ လောဘသည် တစ်နေ့ထက် တစ်နေ့ အတိုင်း အဆ မသိနိုင်လောက်အောင် ကြီးမားလာလျက် ရှိလေပြီ။

'ကျွန်မတို့ အမြဲတမ်း သုံးနေဖို့ လိုတာမှ မဟုတ်ဘဲ ကိုရယ်၊ ပြီးတော့ ကားကလည်း ဟောင်းမှ မဟောင်းသေးတာ၊ ဒီကားလေးနှင့်ပဲ လုံလောက် နေပြီ ထင်ပါတယ်'

'မင်း ဘာသိလို့လဲကွ၊ ကားက သိပ်မဆွဲတော့ဘူး၊ စောစောက လမ်း မှာ မင်း တွေ့လိုက်တယ် မဟုတ်လား၊ ဖြူ အမျိုးအစား ဆလွန်းကား တစ်စီး လေ၊ ကိုတို့ ကားကို ဖြတ်တက်သွားတာ၊ ကိုတော့ ဗွိုက်ဆီ အမျိုးအစား ဆလွန်းကား တစ်စီး လိုချင်ပြီ'

'ဘာလုပ်မှာလဲ ကိုရယ်၊ မလိုသေးဘဲနှင့် ဘာကြောင့် ထပ်ဝယ်ချင် ရ...'





'ဘာကြောင့် မဝယ်ရမှာလဲကွာ၊ မင်းကလည်း တယ် ခွကျတာကိုး၊ ကိုတို့မှာ ငွေအများကြီး ရှိနေပြီဟာ၊ ဝယ်နိုင်တဲ့ အင်အား ရှိရင် ဝယ်ချင် တာပေါ့၊ ဝယ်မှာပေါ့'

အင်ဒရူးသည် စီးကရက် တစ်လိပ်ကို မီးညှိရင်း ဤစကားမျိုး ပြော လိုက်ရသည့် အတွက် သူ့ကိုယ်သူ အလွန် ကျေနပ် အားရသည့် မျက်နှာဖြင့် ခရစ္စတီအား ကြည့်လိုက်သည်။

'အခြေအနေမှန်ကို မသိသေးတဲ့ ကို့ရဲ့ အချစ် ဒရင်ဖီးမြို့က ဆရာမ လေးရယ်၊ ကိုတို့ အခု ချမ်းသာနေပြီဗျ၊ သိရဲ့လား'

အင်ဒရူးက ပြုံးသော်လည်း ခရစ္စတီကတော့ မပြုံးနိုင်ရှာပေ။ စောစောက နေရောင်အောက်တွင် ကိုယ်ရော စိတ်ပါ နွေးနွေးထွေးထွေး ရှိခဲ့ပါသော်လည်း ယခု ခဏအတွင်းမှာပင် တစ်ကိုယ်လုံး အေးစက်လာသည်။ သူမသည် အမှုမဲ့ အမှတ်မဲ့နှင့် မြက်ပင်များကို ဆွဲနုတ်၍ ကော်ဇောစတွင် ချည်ပြီး လိမ်၍ လိမ်၍ ဆွဲနေမိလေ၏။

'အချစ်ရယ် ကျွန်မတို့မှာ တကယ်ပဲ ချမ်းသာဖို့ လိုသလား ဟင်၊ ကျွန်မ နားလည်ထားတာကတော့ မလိုပါဘူး ထင်တယ်၊ ဘာကြောင့်များ ငွေစကားကို မရပ်မနား ပြောနေချင်ရတာလဲ၊ ကျွန်မတို့ ဟိုတုန်းက ပျော်ခဲ့ ကြသားပဲ မဟုတ်လား၊ ငွေကြေး မချမ်းသာပေမဲ့ စိတ်ချမ်းသာ ကိုယ်ချမ်း သာနှင့် ပျော်ခဲ့ကြသားပဲ၊ အဲဒီတုန်းက ကျွန်မတို့ ဒီလောက် ငွေစကား မပြော ကြပါဘူး၊ အခုတော့ဖြင့် ငွေထက် အရေးကြီးပြီး ပြောသင့် ပြောထိုက်တဲ့ စကားတွေ မပြောခဲ့ကြရတာ ကြာပါပြီကောရှင်၊ အချိန် ရှိသမျှ ငွေစကားပဲ ပြောနေရတာ မငြီးငွေ့သေးဘူးလား'

အင်ဒရူးက အနိုင်ယူလိုသည့် မျက်နှာထားဖြင့် ပြုံးသည်။

'နှစ်ပေါင်းများစွာ ရွှံ့တွေ ရေတွေထဲမှာ ကျွဲနွားလို သွား၊ ဝက်ပေါင် ခေါက်နှင့် ပင်လယ် ငါးသလောက် ဆားနယ်ကို စား၊ ကို့လောက်မှ အရည် အချင်း မရှိတဲ့ လူတွေ ပါဝင် ဖွဲ့စည်းထားတဲ့ ကော်မတီရဲ့ မတော်မတရား ဆုံးဖြတ်ချက်ကို ခံ၊ အင်မတန် ညစ်ပတ် ပေရေနေတဲ့ အခန်းတွေထဲ ဝင်ပြီး သတ္တု တွင်း အလုပ်သမားတွေရဲ့ မိန်းမတွေကို စမ်းသပ် ကုသပေး၊ အဲဒီလို ဘဝ မျိုးမှာ တောက်လျှောက် မနေနိုင်တော့လို့ ကိုယ့်ဘာသာကိုယ် ကြိုးစား ရုန်းကန် ပြီး အပြောင်းအလဲလေး ဖြစ်လာအောင် လုပ်တာပဲ၊ ကို့အနေနှင့် ခန့်ခန့် ညားညား ထည်ထည်ဝါဝါ နေရအောင် လုပ်တာပဲ၊ အဲဒါကို မင်း [illegible]



www.burmeseclassic.com

www.burmeseclassic.com



ချင်နေသလား ခရစ္စတီ'

'မသရော်ပါနှင့်လား အချစ်ရယ်၊ ရှင် ဘယ်တုန်းကမှ ဒီလို အပြော တွေ မပြောခဲ့ပါဘူး၊ အို... ရှင် ဘာကိုမှ မမြင်တော့ဘူးနော်၊ ရှင် ဘာကို မမြင်တော့ပါလား၊ ရှင်ဟာ ရှင် ကိုယ်တိုင် မုန်းတီး ရွံရှာ စက်ဆုပ်ခဲ့တဲ့ ရဲ့ သားကောင်ဖြစ်မှန်း မသိ ဖြစ်နေပြီ၊ ရှင် သတိထားမိရဲ့လား ဟင်၊ အလျင်က မုန်းတီး စက်ဆုပ်ခဲ့တဲ့ အလုပ်မျိုးတွေကို အခု ရှင် ကိုယ်တိုင် လုပ်နေပြီ ဆိုတာကို သတိပြုမိရဲ့လား'

ခရစ္စတီ၏ မျက်နှာမှာ သနားစဖွယ် ကောင်းလှချေသည်။

'ဘဝ အပေါ်မှာ ရှင် မြင်ခဲ့တဲ့ အမြင်တွေ၊ ရှင် ထားခဲ့တဲ့ သဘောထား တွေ အားလုံးကို ရှင် မမှတ်မိတော့ဘူး ထင်ပါရဲ့၊ ဘဝ ဆိုတာ တိုက်ပွဲ ဝင်နေသလိုပဲတဲ့၊ တစ်ချိန်က ရှင် ပြောခဲ့တဲ့ စကား'

အင်ဒရူး၏ စိတ်သည် တိုး၍ပင် မသာမယာ ဖြစ်သွားသည်။

'အိုကွာ၊ အဲဒီ စကားတွေ ပြောတုန်းက ငါ့အသက်က ငယ် ရူးတုန်း မိုက်တုန်း အရွယ်ပါ၊ အခုလို အချိန်မှာ ဒါတွေကို အတည်ယူပြီး ပြောနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဟိုတုန်းက စိတ်ကူးယဉ်ပြီး ပြောခဲ့တဲ့ စ တွေပဲဟာ၊ မင်း စဉ်းစား ကြည့်စမ်းပါ၊ မင်း ပတ်ဝန်းကျင်မှာ ရှိနေတဲ့ လူ အားလုံးဟာ ငွေတစ်ခု ရဖို့ပဲ အလုပ် လုပ်နေကြတာကွ၊ ငွေကို ရနိုင်သလော မရရအောင် ယူပြီး ကိုယ့် အိတ်ထဲ ထည့်နေကြတဲ့ အကောင်တွေချည်း လောကမှာ ငွေရအောင် လုပ်ဖို့က လွဲပြီး ဘာမှ လုပ်စရာ မရှိဘူး၊ အခု ဖြင့် ငါ အဲသလိုပဲ နားလည်ထားတယ်'

ခရစ္စတီ၏ စိတ်သည် ပြင်းထန်စွာ လှုပ်ရှားလျက် ရှိလေသည်။ သင့် ပြောထိုက်တာ မှန်သမျှကို ယခုအချိန်တွင် ပြောမှ ဖြစ်ပေတော့မည်။ ပေါ်လာသည့် အခါအခွင့်သည် အကောင်းဆုံးသော အခါအခွင့် ဖြစ်၏။ ပြောလျှင်ပြော အခု မပြောလျှင် နောင် ဘယ်တော့မှ ပြောဖို့ အခွင့် သင့် မည် မဟုတ်။

'အချစ်ရယ် လောကမှာ ငွေတစ်ခုတည်း အရေးကြီးတာ မဟုတ်ပါ ကျွန်မ ပြောတာကို သည်းခံပြီး နားထောင်ပါဦးကွယ်၊ ရှင်ဟာလေ အလျှ နှင့် လုံးဝ မတူတော့ဘူး၊ သိပ်ကို ပြောင်းသွားတာပဲ၊ ကျွန်မလေ ရှင် စိတ် ပြောင်းသွား ကတည်းက လောကကြီးမှာ နေရတာ မပျော်တော့ဘူး၊ ဒင် လည်း ရှင် စိတ်ထား ပြောင်းနေတာကို သိပါတယ်၊ ရှင် စိတ်ပြောင်းသွာ





က စပြီး ရှင်နှင့် ကျွန်မနှင့်ဟာ အလျှင်ကလို စိတ်ချင်း မနီးစပ်တော့ဘူး၊ ယောက် အတူတူ နေရပေမဲ့ နီးလျက်နှင့် ဝေးနေတဲ့ ဘဝမျိုးကို ရောက် ခဲ့ရပါတယ်၊ အခု ဆိုရင် ရှင်ဟာ ကျွန်မ လက်ထပ်ခဲ့တဲ့ အင်ဒရူး မေဆန် တ်တော့ဘူး၊ ရှင်ဟာ ဟိုတုန်းကလိုပဲ စိတ်နေ သဘောထား မပြောင်းသွား ဆိုရင် ဘယ်လောက်များ ကောင်းလိုက်မလဲနော်'

အင်ဒရူးသည် သည်းမခံနိုင် ဖြစ်လာသည်။

'နေစမ်းပါဦးကွာ၊ မင်း မပျော်အောင် ငါက ဘာလုပ်နေလို့လဲ၊ မင်း ငါက ရိုက်နှက် နှိပ်စက်နေသလား၊ အမြဲတမ်း အရက်သောက်ပြီး ဆူဆူ လုပ်နေသလား၊ ငါ လူလိုက်သတ်နေသလား၊ ပြောစမ်းပါဦး၊ ငါ ကျူးလွန် အပြစ်တွေ ရှိရင် ပြောစမ်းပါ'

ခရစ္စတီသည် အလွန် စိတ်ပျက် ဝမ်းနည်းစွာဖြင့် အဖြေပေးသည်။

'ရှင် လိုချင်သလို ထင်ထင်ရှားရှား အကောင်အထည်နှင့်တော့ မပြနိုင် ပေါ့ အင်ဒရူးရယ်၊ ဒါပေမဲ့ ကျွန်မ ပြောနေတာက ရှင့်ရဲ့ သဘောထား ခုလုံး ပြောင်းလဲသွားတဲ့ ကိစ္စကို အဓိက ထားပြီး ပြောနေတာပေါ့၊ ယ် ရုပ်တိုက်ပြီး ကြည့်မယ် ဆိုရင် ဒီကိစ္စဟာ အသေးအဖွဲ့ပေါ့၊ အလေး က် စဉ်းစားလိုက်ရင်တော့ ရှင့်ဘဝဟာ ပျက်နေပြီ၊ ရှင်ဟာ တစ်နေ့ထက် နေ့ အပေါ်စား နိုင်လာနေတယ်၊ လောဘကြီးနေတယ်၊ လုံးဝ ရိုးသားမှု တော့ဘူး၊ ကိုယ်ကျင့်တရားလည်း ပျက်စ ပြုနေပြီ'

အင်ဒရူး တစ်ကိုယ်လုံး အေးစက် တောင့်တင်းသွားလေ၏။ သူသည် နေရာမှ ဝုန်းခနဲ ထရပ်လိုက်ကာ လက်သီး နှစ်ဖက်ကို တင်းတင်းပါ အောင် ဆုပ်လိုက်ပြီး ခရစ္စတီအား ပြူးတူး ပြဲတဲနှင့် ကြည့်လေသည်။

'ဩ... မင်းက အိုင်ဗိုရီဆီက ငွေယူတဲ့ ကိစ္စကိုပဲ ပြန်ပြောနေပြန်ပြီ လေ ဟုတ်စ၊ ယူတော့ ဘာဖြစ်လဲကွ၊ ယူတော့ ဘာဖြစ်လဲ'

'ယူလိုက်တော့ ရှင် ဘာဖြစ်သွားတယ် ဆိုတာ ရှင့်ကိုယ် ရှင် မသိဘူး ဟင်'

လပေါင်းများစွာ အောင့်အည်း မျိုသိပ်လာခဲ့ရသမျှ အတိုးချ၍ ပေါက် လေပြီ ဖြစ်ရာ ခရစ္စတီကလည်း အလျှော့မပေးချေ။ ပြောရင်းက ရှိုက်ကြီး င် ငိုချလိုက်လေ၏။

'အင်ဒရူးရယ်၊ ရှင့်ကိုယ်ရှင် ရောင်းစားတဲ့ အပြစ်မျိုးတော့ အရောက် ပါနှင့်ကွယ်'



www.burmeseclassic.com

www.burmeseclassic.com

အင်ဒရူးသည် အံကို တင်းကျပ်စွာ ကြိတ်ထားသည်။ အကြီးအကျယ် ဒေါသဖြစ်လျက် ရှိနေပြီ ဖြစ်သော်လည်း မပေါက်ကွဲအောင် ထိန်းချုပ်ထား သည့် လေသံဖြင့် အံကို ကြိတ်၍ တစ်လုံးချင်း ပြောလေသည်။

'မင်းကို ငါ နောက်ဆုံးအကြိမ် အဖြစ် သတိပေးလိုက်မယ်၊ စိတ်ကူ ယဉ်ပြီး သောက်ရူးထတဲ့ အလုပ်တွေ နောက်ကို မလုပ်ပါနှင့်၊ ရပ်တန်းက ရပ် ပါ၊ ငါ့အလုပ်ကို ကူညီနိုင်ဖို့ပဲ ကြိုးစားပါ၊ ကြိုးစားချင်တဲ့စိတ် မရှိရင်လည်း မကြိုးစားပါနှင့်၊ ဒါပေမဲ့ ငါ့ကိုတော့ မနှောင့်ယှက်ပါနှင့်၊ အပြစ်မရှာနှင့်၊ ဒါ

'ကျွန်မ ရှင့်ကို အပြစ် ရှာတယ် ဟုတ်လား၊ ကျွန်မ အပြစ် မရှာပါဘူး အင်ဒရူးရယ်၊ ကျွန်မ ဒီကိစ္စကို ပြောချင်နေတာ ကြာပါပြီ၊ ပြောချင်ပေ လည်း မပြောခဲ့ပါဘူး၊ ကျွန်မ မပြောခဲ့ပါဘူး'

'နောက်ကို ဘယ်တော့မှ မပြောနှင့်'

အင်ဒရူးက ဒေါသတကြီး အော်သည်။

'မင်း ငါ ပြောတာ ကြားတယ် မဟုတ်လား၊ နောက်ကို ဘယ်တော့ မပြောနှင့်၊ ငါ့ကို ဒီစကားတွေ လာမပြောနှင့်၊ မင်းဟာ မင်း အရူးထပြီး ပေါ် တတ်ကရ လာပြောတာကို ငါ မကြားချင်ဘူး၊ မင်းက ငါ့ကို အောက်တ စား လူလိမ် လူညာ သဘောမျိုး ပြောနေတယ်၊ အံ့ပါရဲ့ကွာ၊ ငါ ချမ်းချ သာသာ နေချင်လို့ လုပ်တာ ဘာဖြစ်သလဲ၊ ငါ ငွေလိုချင်ရင် ဘယ်နည်းန ရရ ရအောင် လုပ်ယူမှာပဲ၊ ရဖို့ပဲ အရေးကြီးတယ်၊ လူတွေက မင်း ဘာ မင်းမှာ ဘာရှိလဲ ဆိုတာ ကြည့်ပြီး ဆုံးဖြတ်တာကွ၊ သိရဲ့လား၊ မင်းမှာ ဘာ မရှိရင် မင့်ကို ဘယ်သူကမှ ဂရုစိုက်မှာ မဟုတ်ဘူး ဆိုတာ နားလည်ထ စမ်းပါ၊ သူများ အောက်မှာ နေရတဲ့ ဘဝ၊ သူများ ခိုင်းသမျှ ကြိုက်ကြို မကြိုက်ကြိုက် လုပ်ပေးနေရတဲ့ ဘဝကို ငါ စက်ဆုပ်လှပြီကွ၊ နောက်ကို ငါက သူများကို ခိုင်းမယ်ဟေ့၊ ဒီမှာ ငါ့ကို နောက် ဘယ်တော့မှ အခုလို သောက်သ မကျတဲ့ စကားတွေ လာမပြောနှင့်၊ ငါ မကြားချင်ဘူး'

ခရစ္စတီကတော့ ဝမ်းနည်း ပက်လက်ဖြင့် ငိုကြွေးလျက် ရှိရာလေ၏

'ကောင်းပါပြီ၊ ကောင်းပါပြီ၊ ရှင် မကြိုက်တာ ကျွန်မ မပြောတော့ ပါဘူး၊ တစ်ခုတော့ ကျွန်မ ပြောလိုက်မယ်၊ တစ်နေ့နေ့မှာ ရှင် ဝမ်းနည်းစ အဖြစ်မျိုးနှင့် ကြုံရမယ် ဆိုတာ သေချာနေပါတယ်၊ အဲဒါ တစ်ခုတော့ဖြင့် ကြို တင်ပြီး သတိပေးထားပါရစေ'

သူတို့ခရီး၏ သာယာ ပျော်ရွှင်မှု ဟူသမျှသည် တဒင်္ဂအတွင်း ဆိ





သုဉ်းသွားလေ၏။ ခရစ္စတီ၏ စိတ်နှလုံးသည် စောစောက ရွှင်လန်း တက် ကြွမှု ရှိခဲ့သလောက် ယခုတော့ဖြင့် ညှိုးနွမ်း အားငယ်လျက် ရှိလေပြီ။

ခရစ္စတီသည် မျက်ရည်စများကို သိမ်း၍ စိတ်ကို ထိန်းချုပ်ထား လိုက်ရသော်လည်း၊ စလပ်ပန်းများကို တစ်ပွေ့တစ်ပိုက်ကြီး ရအောင် ခူးနေ ရသော်လည်း၊ ထိုတောင်ကုန်း၏ ဆင်ခြေလျှောပေါ်တွင် နှစ်ဦးသား နောက် ထပ် တစ်နာရီခန့်ကြာမျှ အချိန်ဖြုန်းခဲ့ရသေးသော်လည်း၊ အပြန်လမ်းတွင် ခလေဗင်းဒါးလေဒီဆိုင်သို့ ဝင်၍ အတူ တွဲကာ လက်ဖက်ရည် သောက်ခဲ့ကြ သေးသော်လည်း၊ အပြန် လမ်းခရီး တစ်လျှောက်လုံး နှစ်ဦးသား စကားပြော သင့်သလောက် ပြောလာကြသေးသော်လည်း ထိုနေ့ တစ်နေ့တာ အဖို့ သာယာ ချမ်းမြေ့မှု ဆိုသည်ကတော့ မရှိတော့ပြီ။

အမှောင်ရိပ်များသည် လျင်မြန်စွာပင် ကျဆင်းလာနေသည်။ ခရစ္စတီ ၏ မျက်နှာမှာလည်း ညှိုးငယ် မှုန်မှိုင်းလျက် ရှိရာလေ၏။

အင်ဒရူး၏ ဒေါသသည် ပြေစ ပြုလာသည်။ သို့သော်လည်း ပြေသွား သည့် ဒေါသနေရာတွင် နာကြည်းခြင်း ဝင်လာသည်။ ခရစ္စတီသည် ဘာ ကြောင့် သူ့အပေါ် အပြစ်ရှာနေပါလိမ့်။ တခြားသော မိန်းမများ၊ ခရစ္စတီထက် ချာသည်ဟု ဆိုနိုင်လောက်သော မိန်းမများကပင်လျှင် သူ တစ်ရှိန်ထိုး ာမည် ထွက်လာသည်ကို ဝမ်းသာအားရနှင့် သူ့အား မြှောက်စားလျက် ရှိ ကြ၏။ ဝိုင်း၍ ဖူးဖူးမှုတ်လျက် ရှိနေကြသည်။ ခရစ္စတီကတော့ သူ့အပေါ် အထင်အမြင် ကြီးလာဖို့ ဆိုသည်မှာ ဝေလာဝေး။ ပို၍ ပို၍ပင် အထင်အမြင် သေးလာသည်။ ဘာကြောင့် ထိုကဲ့သို့ ဖြစ်ရပါလေသနည်း။

အင်ဒရူးနှင့် ခရစ္စတီတို့ မပြေမလည် ဖြစ်ပြီးသည့်နောက် ရက် အနည်း ငယ်မျှ ကြာသော အခါတွင် မစ္စက် ဖရန့် လောရင့်ထံမှ တယ်လီဖုန်း ဆက် လသည်။ မစ္စက် ဖရန့် လောရင့်မှာ တစ်ဆောင်းတွင်းလုံး ဂျမေကာ ကျွန်းသို့ သွားရောက် နေထိုင်ခဲ့သဖြင့် အင်ဒရူးနှင့် လူချင်း မဆုံမိကြသည်မှာ ကြာခဲ့ ပေပြီ။ ယင်းကဲ့သို့ လူချင်း အနေဝေးလျက် ရှိကြသော်လည်း မစ္စက် လောရင့် ဂျမေကာကျွန်း၌ နေထိုင်ခဲ့သည့် နှစ်လ အတွင်း သူမ တည်းခိုရာ မာတဲဘတ် ဟိုတယ်မှ နေ၍ အဆက်မပြတ် ရေးခဲ့သည့် စာများကိုကား အင်ဒရူး ဖတ် နေခဲ့ရ၏။ သို့ဖြစ်ရာ လူချင်း မတွေ့ဆုံရသော်လည်း စာချင်းကတော့ အဆက်မပြတ်ဟု ဆိုရပေလိမ့်မည်။

အခုတော့ဖြင့် မစ္စက် ဖရန့် လောရင့် တစ်ယောက် ပြန်ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com

ပေပြီ။ တယ်လီဖုန်းခွက်ထဲမှ သူမ၏ သာယာသော အသံကိုပင် ကြားနေရပေပြီ။

ဖရန့် လောရင့်က မိတ်ဟောင်း ဆွေဟောင်းများနှင့် တွေ့ချင် လှချည်ရဲ့ဟု အလွမ်းသယ်သည်။ ဂျမေကာကျွန်းတွင် နှစ်လကြာမျှ နေဆာလှုံခဲ့ရသဖြင့် အသွင်ပြောင်းလာသည့် သူမ၏ အသားအရောင်ကို အင်ဒရူးအား မြင်စေချင်လှပါသည့်ဟုလည်း ဆိုသည်။ သူမ၏ အသားအရောင် ပြောင်းမသွားမီ အင်ဒရူးနှင့် တွေ့ချင်လွန်းလှပါသည်ဟုလည်း ကန္တဲ့ကလျ ပြောလေသည်။

ဖရန့် လောရင့်၏ ဆန္ဒအရ အင်ဒရူးသည် သူမ၏ နေအိမ်သို့ သွားခဲ့ရလေ၏။ လူချင်း ပြန်လည် ဆုံတွေ့သည့် အထိမ်းအမှတ် အနေဖြင့် လက်ဖက်ရည်ပွဲလေး တစ်ခု ပြုလုပ်၍ နှစ်ဦးသား တွေ့ဆုံကြခြင်း ဖြစ်ပေသည်။ အညိုရောင် သန်းနေသည့် ဖရန့် လောရင့်၏ အသားအရေသည် အင်ဒရူး၏ မျက်စိထဲဝယ် သစ်လွင်သော အလှ၊ ထူးခြားသော အလှ၊ ရှုမဝသော အလှ၊ မက်မောစဖွယ် ကောင်းသော အလှ ဖြစ်နေပေသည်။

သူမ၏ တင့်တယ် ပြေပြစ်လှသော လက်မောင်းများ၊ သေးသွယ်၍ လှပသော လက်ကောက်ဝတ်များနှင့် တစ်စုံတစ်ခုသော အရာကို အလိုဆန္ဒ ပြင်းပြစွာဖြင့် တောင့်တ မျှော်လင့်နေဟန် ရှိသည့် မျက်နှာတို့သည် အင်ဒရူး၏ စိတ်ကို နှိုးဆွလျက် ရှိပေသည်။ သူမ၏ မျက်လုံးများကလည်း အင်ဒရူးအား လိုလိုလားလား ကြိုဆို ဖိတ်ခေါ်နေသည့် အရိပ်အသွင်ကို အထင်အရှားပင် ပြနေကြပေသည်။

တကယ်တော့ သူမ၏ မျက်လုံးများသည် လူအများကို အပေါ်စီးဖြင့် ကြည့်သော မျက်လုံးများ ဖြစ်ကြပေသည်။ လူတိုင်းကို ဂရုမမူ အလေးမထားသည့် မျက်လုံးများ ဖြစ်ကြပေသည်။ သို့သော်လည်း အင်ဒရူးနှင့်ကျတော့ သူမ၏ မျက်လုံးများသည် ခင်မင် နှစ်လိုဖွယ် ကောင်းသော မျက်လုံးများ ဖြစ်နေကြပေ၏။

သူတို့နှစ်ယောက်သည် အနှစ်နှစ် အလလ ကွဲကွာနေကြရာမှ ပြန်လည် ဆုံတွေ့ကြရသည့် မိတ်ဆွေဟောင်းများ သဖွယ် တရင်းတနှီး စကားလက်ဆုံ ကျနေကြလေသည်။ ဖရန့် လောရင့်က သူမ၏ ဂျမေကာ ခရီး အကြောင်း ဖောက်သည်ချသည်။ ကျောက်ပန်း ကျောက်ခက် ဥယျာဉ်များ၊ မှန်လုံကာ မော်တော်ဘုတ်ထဲမှ နေ၍ မြင်ခဲ့ရသည့် ငါးများ၊ နတ်ဘုံ နတ်နန်းသို့ ရောက်





နေသလားဟု ထင်မှတ်မှားရလောက်အောင် သာယာ ကောင်းမွန်သည့် ရာသီ ဥတု။

အင်ဒရူးကလည်း သူမ ဂျမေကာကျွန်းသို့ သွားနေခိုက်တွင် တိုးတက်လာသည့် သူ့ အခြေအနေများ။ ရှေ့တွင် လုပ်ရန် ကြံစည်ထားသည့် သူ၏ စိတ်ကူးများ။

သူ၏ စိတ်ကူးများကို သိရသည့်အခါ မစ္စက် လောရင့်က သူမ၏ ထင်မြင်ချက်များကို ပွင့်ပွင့်လင်းလင်းပင် ရင်ဖွင့်လေသည်။

'တကယ်တော့ ရှင်ဟာ သိပ်ရိုး သိပ်အတာပဲ၊ ရှင် အခု ပြောနေတာတွေဟာ ကျွန်မ ခရီးသွားနေတုန်း ကြုံခဲ့ရတဲ့ ရှင့် အဖြစ်တွေပေါ့လေ၊ ဟုတ်သား၊ ရှင်ဟာလေ လက်ရှိ ဆေးခန်း အလုပ်ပဲ ဖိလုပ်နေတာကိုး၊ ရှင် တစ်သက်လုံး လက်ရှိ ဆေးခန်းနှင့်ပဲ အရိုးထုတ်သွားမယ်လို့ စိတ်ကူးနေသလား၊ ဒါဆိုရင်တော့ ရှင့် စိတ်ကူးဟာ အံ့သြစရာပဲ၊ ဒီမှာ အင်ဒရူး၊ ကျွန်မသာ ဆိုရင် လန်ဒန် အနောက်ပိုင်းရပ်မှာ အခန်း တစ်ခန်း ရအောင် လုပ်တာ ကြာလှပြီ၊ ဆိုပါစို့ရှင်၊ ဝင်းမိုးလမ်းထဲမှာ ဖြစ်ဖြစ် ဝဲလ်ဘတ်လမ်းမှာ ဖြစ်ဖြစ် အခန်း တစ်ခန်း ရအောင် ရှာပြီး ငှားသင့် ငှား၊ ဝယ်သင့် ဝယ်ပေါ့၊ ပြီးတော့ အဲဒီမှာ ဆေးခန်းဖွင့်၊ ဘယ်လောက် ကောင်းမလဲ'

ထိုအခိုက်မှာပင် သူမ၏ ယောကျ်ား ဖရန့် လောရင့် အခန်းထဲသို့ ဝင်လာသည်။ ဖရန့် လောရင့်သည် အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်း ယဉ်ကျေးဖွယ်ရာသော အမူအရာ ရှိသည်။ သူသည် အင်ဒရူးအား ခေါင်းတစ်ချက် ဆတ်၍ နှုတ်ဆက်လေသည်။

အမှန်တော့ ဖရန့် လောရင့်နှင့် အင်ဒရူးတို့ ခင်မင် သိကျွမ်းလာခဲ့သည်မှာ ကြာပေပြီ။ သူတို့နှစ်ဦး ဆက်ဗွီး ကလပ်တွင် စစ်တုရင်ပင် နှစ်ကြိမ် ကစားခဲ့ဖူးသည်။ ယခုလည်း သူသည် သူ့ဇနီးနှင့် အင်ဒရူးတို့၏ လက်ဖက်ရည်ပွဲသို့ အာမှ ဝင်၍ ထိုင်ကာ လက်ဖက်ရည် တစ်ခွက် သောက်လေသည်။

သူ ဝင်ထိုင်လိုက်ခြင်းကြောင့် အနှောင့်အယှက်များ ဖြစ်လေမလားဟု တောင်းပန်စကားပင် ဆိုလေသေးသည်။ မည်သို့ပင် ဖြစ်စေ သူ ရောက်လာသည့် အတွက်ကြောင့် စောစောက အလေးအနက်ထား၍ ပြောနေကြသော အလုပ်နှင့် ပတ်သက်သည့် စကားများကိုတော့ ဆက်၍ မပြောနိုင်ကြတော့ပေ။ ဆာ ရမ်းဘိုး ဘာလိန်း၏ အာဟာရဓာတ် ပြည့်ဝသည့် ဒိန်ခဲ သုတေသနမှ အကြောင်းသို့ စကားရောက်သွားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

နာရီဝက်ခန့် အကြာတွင် အင်ဒရူးသည် သူ့ကားကို သူ့အိမ်ဘက်သို့ ဦးတည် မောင်းရင်း မစ္စက် လောရင့် ပေးလိုက်သည့် အကြံကို အလေးအနက်ထား၍ စဉ်းစားလျက် ရှိလေပြီ။ သူ့အနေဖြင့် ဘာကြောင့် ဝဲလ်ဘတ်လမ်းတွင် အခန်း တစ်ခန်း ငှား၍ ဆေးခန်း မဖွင့်နိုင်ရမည်နည်း။ ဖွင့်နိုင်ရမည်။ ဖွင့်လည်း ဖွင့်သင့်၏။ ဖွင့်ဖို့လည်း အချိန်ကျလေပြီ။

အကယ်၍ ဝဲလ်ဘတ်လမ်းတွင် ဆေးခန်း ဖွင့်မည် ဆိုပါက လက်ရှိဆေးခန်းကိုတော့ ပိတ်ပစ်လို့ မဖြစ်ပေ။ လက်ရှိ ဆေးခန်းမှ တစ်လ တစ်လ ရနေသည့် ဝင်ငွေမှာ နည်းလှသည် မဟုတ်ပေ။ လွယ်လွယ်နှင့် စွန့်လိုက်ပါက သူ မိုက်မဲရာ ကျပေမည်။

အသစ်ဖွင့်မည့် အနောက်ပိုင်း ရပ်ကွက် အတွင်းမှ ဆေးခန်းကို သူ၏ ကျော်ကြားမှုအတွက် လည်းကောင်း၊ အထက်တန်းစား လူချမ်းသာများက သူ့အပေါ် အထင်အမြင် ကြီးလာရန် အတွက် လည်းကောင်း အသုံးပြုမည်။ သူ့လိပ်စာကို ဆေးခန်း အသစ်၏ အမည်နှင့် ဆက်သွယ်စေမည်။ သူ၏ မှတ်စုစာအုပ်ထိပ်တွင် နဖူးစည်း အဖြစ် ထိုဆေးခန်း လိပ်စာကိုပင် သုံးမည်။ ပြီးတော့ ငွေတောင်းခံလွှာများတွင် ထိုဆေးခန်း လိပ်စာကို ထည့်ထားမည်။

အင်ဒရူးသည် သူ့အတွေး သူ့စိတ်ကူးများနှင့် ယစ်မူးလျက် ရှိလေ၏။

တကယ်တော့ ဖရန့် လောရင့်သည် သူ့အတွက် အဖိုးမဖြတ်နိုင်သည့် မိတ်ဆွေကောင်း မိတ်ဆွေစစ် တစ်ဦး ဖြစ်ချေသည်။ သူ့အတွက် မည်မျှ အကူအညီ ရပါသနည်း။ မစ္စ အဲဗားရက်လိုပင် အရေးအကြောင်း ရှိလာလျှင် ကူညီနိုင်သူ တစ်ဦး ဖြစ်ပေသည်။

သူတို့ နှစ်ဦးကြားတွင် တစ်ခုပဲ ကွာ၏။ မစ္စက် ဖရန့် လောရင့်က ပို၍ လှသည်။ ပို၍ ချောသည်။ ပို၍ ချစ်စရာ ကောင်းသည်။ ပို၍ ရင်ဖို လှိုက်မောရလေသည်။

သူနှင့် တရင်းတနှီး ဆက်ဆံနေသည့်တိုင် သူမ၏ ယောကျ်ားနှင့် ဘာပြဿနာမှ မဖြစ်။ သူမ၏ ယောကျ်ားနှင့် မျက်နှာချင်းဆိုင်၍ ခပ်ပြောင်ပြောင်ပင် စကားပြောနိုင်သည်။ သူမ၏ ယောကျ်ား ရှိနေ၍ ရွံ့စရာ မလို။ ကြောက်စရာ မလို။ ခိုးကြောင် ခိုးဝှက် ဖြစ်စရာလည်း မလို။

တကယ်တော့ မစ္စက် လောရင့်နှင့် ခင်မင်ရခြင်း၊ မိတ်ဆွေ ဘဝရောက်လာရခြင်းသည် မွန်မြတ်လှပါပေ၏။

အင်ဒရူးသည် ခရစ္စတီအား လုံးဝ ဖွင့်ဟ တိုင်ပင်ခြင်း မပြုဘဲ လန်ဒန်





အနောက်ပိုင်း ရပ်ကွက်ထဲ၌ ဆေးခန်း တစ်ခန်း ရှာလေ၏။ တစ်လခန့်အကြာတွင် သူ့ စိတ်တိုင်းကျ အခန်း တစ်ခန်း ရသဖြင့် ငှားလိုက်လေသည်။ တစ်နေ့သော နံနက်ထုတ် သတင်းစာတွင် သူ၏ ဆေးခန်း ဖွင့်ကြောင်း ကြော်ငြာသည် ပါလာလေ၏။ ထိုအခါကျမှပင် သူ့ ဆေးခန်း အသစ် အကြောင်းကို ခရစ္စတီအား ပြောပြလေ၏။

'ခရစ္စတီကို ပြောရဦးမယ်၊ ကိုတော့ ဝဲလ်ဘတ်လမ်းထဲမှာ ဆေးခန်း တစ်ခန်း ဖွင့်လိုက်ပြီ၊ အဲဒီ ဆေးခန်းကို အဆင့်မြင့် ဆေးခန်း အဖြစ် သုံးမယ်'



www.burmeseclassic.com

www.burmeseclassic.com

ာ]

နတ် ၅၇ (က) ဝဲလ်ဘတ်လမ်း၌ ဆေးခန်းဖွင့် လိုက်နိုင်ခြင်းသည် အင်ဒရူး ၏ နောက်ထပ် အောင်မြင်မှု လှေကားပေါ်သို့ တစ်ထစ် တက်လှမ်းလိုက် င်းပင် ဖြစ်သည်ဟု ယူဆလေ၏။ ဤ အယူအဆဖြင့် အင်ဒရူးသည် ပီတိ င်းထကာ ရွှင်မြူးလျက် ရှိလေ၏။ 'ငါ မျှော်မှန်းထားခဲ့တဲ့ ပန်းတိုင်ကို က်လာပြီ၊ တစ်သက်လုံး မျှော်လင့် တောင့်တခဲ့တဲ့ နေရာမှာ ငါ လာပြီး းခန်း ဖွင့်နိုင်ခဲ့ပြီ' ဟူသော အတွေးက ပင့်ပေးလိုက်ပြန်သော အခါ အင် မှာ မိုးမမြင် လေမမြင် ဖြစ်လာလေတော့၏။

သူ ရထားသည့် အခန်းမှာ သိပ်မကျယ်လှသော်လည်း မြေညီထပ် န်း ဖြစ်သဖြင့် အလင်းရောင်တော့ ကောင်းကောင်း ရပေသည်။ အပေါ်ထပ် က်လိုသော လူနာများ အတွက်မူ များစွာ အဆင်ပြေသော အခန်း တစ်ခန်း င်ပေ၏။

လူနာများ နားရာ အခန်းမှာမူ သီးခြား မဟုတ်ပေ။ အခြား ဆေးခန်းမှ ရာဝန်များနှင့် ရော၍ သုံးရ၏။ သို့သော်လည်း သူ ထိုင်ရာ ရုံးခန်းမှာမူ သီးတခြား ဖြစ်သဖြင့် လုံလုံခြုံခြုံ ရှိလေသည်။

အခန်းငှား စာချုပ် လက်မှတ် ရေးထိုးသည့် ဧပြီလ ၁၉ ရက်နေ့တွင် က်ဒီ ကိုယ်တိုင် လိုက်လာပြီး လိုအပ်သမျှ ကူညီ လုပ်ကိုင်ပေးသည့် တွက် ဖရက်ဒီ ဟင်မဆန်သည်လည်း သူ့အတွက် အလွန် အားထားရသည့် ာ်ဆွေဟောင်းကြီး တစ်ဦးပင် ဖြစ်နေလေသည်။

သူ့ ဆေးခန်း အတွက် ဆရာမ တစ်ဦးကိုလည်း ဖရက်ဒီကပင် ရှာပေး ဖြင့် လွယ်ကူစွာ ရခဲ့သည်။ သူ ရသော ဆရာမမှာ အင်နာ ဘုရင်မလမ်း၌



www.burmeseclassic.com

www.burmeseclassic.com

ဖရက်ဒီ၏ ဆေးခန်းမှ ဆရာမနှင့် ရင်းနှီးသော မိတ်ဆွေ ဖြစ်လေသည်။

အင်ဒရူး၏ သူနာပြု ဆရာမ ရှပ်မှာ ရုပ်ရည် မလှပေ။ အသက်မှာ သုံးဆယ်တွင်းခန့် ဖြစ်၍ မျက်နှာထားက ခပ်မာမာ ခပ်တင်းတင်း ဖြစ်သည်။ နှစ်လိုဖွယ် ကောင်းသော မျက်နှာပေါက်မျိုး၊ မျက်နှာနေ မျက်နှာထားမျိုး လုံးဝ မရှိချေ။ ဖရက်ဒီကမူ ဆရာမ ရှပ်အား သတိပေးထားသင့်သည်ဟု ယူဆ ရသော စကားများကို အင်ဒရူး ရှေ့မှာပင် ပြောင်ပြောင်တင်းတင်း ဖွင့်ပြော ထားလေသည်။

'များသောအားဖြင့် တို့ ဆရာဝန်တွေ လိုချင်တာကတော့ လှတဲ့ ချော တဲ့ ဆရာမပဲ၊ ငါ ဘာဆိုလိုတယ် ဆိုတာ မင်း နားလည်မှာပါ၊ တို့က အများ နှင့် ဆက်ဆံရတဲ့ လူတွေ မဟုတ်လား၊ ဟိုဒင်း ဒီဒင်း ကိစ္စက တစ်မျိုး ဆိုတာလည်း သိထားရမယ်၊ အလုပ်ကျတော့ အလုပ်နှင့် တူအောင် လုပ် ဖြစ်မယ်၊ ဟိုဒင်း ဒီဒင်း ကိစ္စနှင့် အလုပ်ကို ရောလို့တော့ မဖြစ်ဘူး၊ တို့များ ဆေးခန်း ဖွင့်ထားတာက တို့များရဲ့ ကျန်းမာရေး အတွက် မဟုတ်ဘူး၊ ဒါကို လည်း မင်း သိထားရမယ်'

အင်ဒရူးနှင့် ဖရက်ဒီတို့ ရပ်၍ ဆေးခန်း ပြင်ဆင် မွမ်းမံရေးကို ဆွေး နွေး နေကြခိုက်တွင် မမျှော်လင့်ဘဲနှင့် မစ္စက် လောရင့် ရောက်လာသည်၊ လမ်းကြုံ၍ ဝင်လာသည့် သဘော ဖြစ်၏။ အင်ဒရူး လုပ်ထားသည့် ကိစ္စတွင် ဝင်ရောက် စွက်ဖက်၍ ဆရာလုပ်သည့် သဘောကို သိသာအောင် မပြချေ။

ယနေ့ မြင်ရသည့် သူမ၏ အလှမှာ ပြက်ပြက်ထင်ထင် ရှိလှပါပေ၏။ ဝတ်ထားသည့် အနက်ရောင် စကပ်နှင့် အနက်ရောင် ကုတ်အင်္ကျီတို့သည် သူမ ၏ အလှကို ပို၍ ပီပြင် ထင်ရှားစေပေသည်။

မစ္စက် လောရင့်သည် စကားကို ရှည်ရှည်ဝေးဝေး လှည့်ပတ်ကာ မပြောဘဲ တိုတိုနှင့် လိုရင်းကိုသာ ပြောလေသည်။ သူမသည် စိတ်ကူး ရှိသော အမျိုးသမီး ဖြစ်၏။ ဆေးခန်း ပြင်ဆင်ရေး မွမ်းမံရေးအတွက် ပြတင်းပေါက် ကို ဘယ်လိုပြင်၊ ဘယ်လိုလုပ် စသည် စသည်ဖြင့် ဆက်တိုက် ပြောသွား လေသည်၊ အင်ဒရူးနှင့် ဖရက်ဒီတို့ စောစောက တိုင်ပင် ဆွေးနွေးထားသည့် အစီအစဉ်ထက် များစွာ သာလွန်လျက် ရှိသဖြင့် နှစ်ဦးသား တအံ့တသြ ဖြစ် ကာ ပါးစပ် အဟောင်းသားနှင့် ဖြစ်နေကြလေ၏။

မစ္စက် လောရင့်၏ စကား ဆုံးသွားသည်နှင့် တစ်ပြိုင်နက် ဖရက်ဒီ ဟင်မဆန်၏ နှုတ်မှ အံ့သြ ချီးမွမ်းသော လေသံ ထွက်လာလေတော့၏။





'သူငယ်ချင်းရာ မင်းကဖြင့် တကယ့်ကို ကံကောင်းတာပဲကွာ၊ ငါတွေ့ သမျှထဲမှာ မင်းဟာ ကံအကောင်းဆုံး လူပဲဟေ့၊ တော်လိုက်တဲ့ အမျိုးသမီး ကွာ၊ ရှာမှ ရှားပဲ၊ အံ့ရော... အံ့ရော၊ ၁၈၉၀ ပြည့်နှစ်တုန်းက ဂလက်စတုန်း ပြောသွားတဲ့ စကား တစ်ခု ရှိတယ်၊ မှတ်မိသေးလား၊ ယောကျ်ား တစ်ယောက် ရဲ့ ဘဝ တိုးတက် မြင့်မားလာဖို့ အတွက် အသေချာဆုံးသောနည်း ဆိုတဲ့ စကားဟာလေ'

အင်ဒရူးကမူ 'ဟေ့ ဟေ့ ဖရက်ဒီ၊ မင်းဘာကို ရည်ရွယ်ပြီး ပြောနေ တာလဲ၊ မင်း စကားကို ငါ နားမလည်ဘူး' ဟု ဟန့်လေ၏။ အခန်း ပြင်ဆင် မွမ်းမံရေး ကိစ္စများ ပြီးစီးသွားသောအခါ ဖရက်ဒီနှင့် မစ္စက် လောရင့်တို့က ပြန်၍ စစ်ဆေး ကြည့်ရှုကြပြန်သည်။ ဤဆေးခန်း ပတ်ဝန်းကျင် အခြေအနေ များ အရ လူနာ စမ်းသပ် စစ်ဆေးခ သုံးဂီနီသည် အသင့်တော်ဆုံးသော အခ ကြေးငွေ ဖြစ်သည်ဟု သုံးဦးစလုံးက သဘောရကြလေ၏။

အင်ဒရူး၏ ဆေးခန်းမှာ ဖွင့်စတွင် လူနာ အလာနည်းလှလေသည်။ သို့သော်လည်း သူသည် သူ့ထံမှ အကူအညီ တောင်းခံ၍ ဝိတိုရီးယား ဆေးရုံ ကြီးသို့ လူနာ အပ်ခဲ့ကြဖူးသည့် ပြင်ပ ဆရာဝန်များထံ သူ့ဆေးခန်းသို့ လူနာ များ လွှတ်ပေးရန် မေတ္တာရပ်ခံစာများ အနူးအညွတ် ရေးသားခဲ့လေရာ ထို ဆရာဝန်များက ကျေးဇူးတုံ့ပြန်သည့် အနေဖြင့် လူနာများ လွှတ်ပေးကြလေ ၏။ ဤသို့ဖြင့် ဆေးခန်းသို့ လာသည့် လူနာ ဦးရေသည် တစ်နေ့ထက် တစ်နေ့ တိုးတက် များပြားလာလေ၏။

အင်ဒရူးသည် တစ်နေ့တခြား အလွန် အလုပ်များသော သူ ဖြစ်လာ သည်။ သူ၏ မော်တော်ကား အသစ် ဗွိုက်ဆီ ဆလွန်းကားသည် ချက်စဘောရိုး ရပ်နှင့် ဝိတိုရီးယား ဆေးရုံကြီးတွင် လည်းကောင်း၊ ဝိတိုရီးယား ဆေးရုံကြီးနှင့် ဝဲလ်ဘတ်လမ်း ဆေးခန်းကြားတွင် လည်းကောင်း မနားမနေ ပြေးလွှားနေရ ရုံမျှမက ဆေးခန်းမှ အပြန် အိမ်ပင့် လူနာများထံ ဝင်ရသေးသဖြင့် ညစဉ် ဆယ်နာရီ ထိုးပြီးမှပင် အိမ်ပြန်ရောက်လေ၏။

အလုပ်နှင့် ပတ်သက်၍ မည်မျှလောက် ပင်ပန်းစေကာမူ ပင်ပန်းသည် ဟု သူ မတွက်ပေ။ အမှန်တော့ သူ၏ အောင်မြင် ကျော်ကြားမှုသည် သူ့ အတွက် အားဆေး တစ်လက် ဖြစ်နေသည် မဟုတ်ပါလား။

အလုပ် အလွန်များနေသည့် ကြားမှပင် အင်ဒရူးသည် အချိန်ရအောင် လု၍ ရီဂျာ စက်ချုပ်ဆိုင်သို့ အပြေးအလွှား သွားကာ နောက်ထပ် ...


www.burmeseclassic.com

www.burmeseclassic.com

သုံးစုံ ချုပ်လိုက်သည်။ ဖရက်ဒီ အမြဲချုပ်သည့် ဂျာမင်လမ်းမှ စက်သမားထံ ပြေး၍ ရှပ်အင်္ကျီ အသစ်များလည်း ထပ်၍ ချုပ်လိုက်သေးသည်။

ဝိတိုရီးယား ဆေးရုံကြီးတွင်လည်း အင်ဒရူး၏ နာမည်သည် ယခင်က ထက်ပင် ပိုမို ထင်ရှားကာ လူသိများလာလေ၏။ လူသိများချင်လို့သာ များလာသည်၊ တကယ်တမ်းကျတော့ သူ တာဝန်ကျရာ ပြင်ပလူနာ ဌာနတွင် အလုပ်များများ လုပ်နိုင်သည် မဟုတ်ပေ။ လုပ်ဖို့လည်း အချိန်က မရပေ။ သူ ကိုယ်ပိုင် ဆေးခန်းများနှင့် သူ့ကိုယ်ပိုင် လူနာများ အတွက်ပင် အချိန်ကို မနည်းကြီး လု၍ လုပ်နေရ၏။

ယခင်ကလို မိတ်ဆွေ အပေါင်းအသင်းများနှင့်လည်း အချိန် မဖြုန်း နိုင်တော့ပေ။ စကားပင် ကြာကြာ ပြောဖို့ အချိန်မရ။ အလွန် ရင်းနှီးသူများ နှင့် ဆုံမိသည့် အခါများ၌ပင်လျှင် အနိုက်အတန့်မျှသာ ရပ်၍ နှုတ်ဆက်ပြီး 'သွားဦးမှ ဖြစ်မယ် သူငယ်ချင်းရေ၊ ပြေးလိုက်ဦးမှ၊ အလုပ်က အသင့် စောင့် နေတယ်' စကားရောဖောရော လုပ်ကာ ထွက်လာတတ်သော အလေ့အကျင့် ပင် ရနေပေပြီ။

ဝဲလ်ဘတ်လမ်း၌ ဆေးခန်း ဖွင့်ပြီးသည့်နောက် ရက်သတ္တပတ် ငါး ပတ်မျှ အကြာတွင် အသက် ခပ်ကြီးကြီး အမျိုးသမီးကြီး တစ်ဦး အင်ဒရူးထံ ရောက်လာပြီး သူမ၏ လည်ချောင်းကို ပြသလေသည်။

အင်ဒရူး စစ်ဆေးကြည့်သည့် အခါ သူမ၏ လည်ချောင်းနာမှာ သာမန် ဖြစ်ရိုးဖြစ်စဉ် ရိုးရိုး လည်ချောင်းနာ ဖြစ်သည်ကို တွေ့ရ၏။ အင်ဒရူးက အမှန်အတိုင်း ပြောပြပါသော်လည်း အမျိုးသမီးက မယုံချေ။ သူမ၏ လည် ချောင်းတွင် ကင်ဆာကဲ့သို့သော ခပ်ဆန်းဆန်း ရောဂါမျိုး ဖြစ်နေပြီဟု စိတ် က စွဲကပ်နေလေသည်။ ဘယ်လိုပင် နားဝင်အောင် ရှင်းလင်း ပြောပြပါသော် လည်း လက်မခံဘဲ ဖြစ်နေသဖြင့် အင်ဒရူးမှာ အခက်ကြုံနေရလေ၏။

ဆရာဝန် တစ်ယောက်က 'မဟုတ်ပါဘူး' ဟု အခိုင်အမာ ပြောနေ ပါလျက်နှင့် မယုံမကြည် ဖြစ်နေသည့်အခါ အင်ဒရူးမှာ အခံရ ခက်လာသည်။ ဤ အမျိုးသမီးအား မည်သည့် ဆရာဝန်ထံ လွှတ်ရပါမည်နည်းဟု စဉ်းစား လေ၏။ ဆာ ရောဘတ် အက်ဘီးထံ လွှတ်ရလျှင် ကောင်းလေမည်လားဟုပင် တွေးလိုက်မိသေး၏။ သို့သော်လည်း ဤမျှ ပြောရဆိုရ ခက်သော အမျိုးသမီး ကို ဆာ ရောဘတ် အက်ဘီးလို အလုပ် အလွန်များသော ဆရာဝန်ကြီးထံ လွှတ်လိုက်လျှင် သက်သက် ဒုက္ခပေးသလို ဖြစ်နေမည် စိုးသဖြင့် မလွှတ်ရဲပေ။





နောက်ဆုံးတွင် သူ့ဆေးခန်းနှင့် မဝေးလှသော ဖရက်ဒီ ဟင်မဆန်အား သတိရမိသည်။ ဟင်မဆန်သည် သူ့အပေါ်တွင် ကူညီ စောင့်ရှောက်ခဲ့၏။ သူ့ ဆေးခန်း ဖွင့်စဉ်က ဆိုလျှင် များစွာ အကူအညီ ပေးခဲ့သည်။ တကယ်တော့ ဟင်မဆန်သည် သူ့အပေါ် ကောင်းရှာသူ ဖြစ်၏။ ဤလူနာ အမျိုးသမီးကို ဟင်မဆန်ထံ လွှတ်ပေးလိုက်မည် ဆိုပါက သုံးဂီနီတော့ ဟင်မဆန် ရပေလိမ့် မည်။

သူသည် ချက်ချင်းပင် စာတိုလေး တစ်စောင် ကောက်ရေးပေးလိုက် ကာ အမျိုးသမီးအား ဟင်မဆန်ထံသို့ လွှတ်လိုက်လေ၏။

အတန်ကြာသော် အမျိုးသမီး ပြန်ရောက်လာသည်။ သူမ၏ အမူ အရာမှာ စောစောကနှင့် မတူတော့ဘဲ ရွှင်ရွှင်လန်းလန်း ဖြစ်လာသည်။ စိတ် ချက်သာရာ ရလာသည့် ဟန်လည်း ပေါက်လာသည်။ သူ့ကိုလည်း အလွန် အားနာနေပုံရလေသည်။

'ကျွန်မ တစ်ခေါက် ပြန်လာတာကို ခွင့်လွှတ်ပါ ဒေါက်တာ၊ ကျွန်မ အတွက် အချိန်ကုန်ခံပြီး စဉ်းစားပေးလို့ ကျေးဇူးတင် စကား ပြောချင်လို့ ပြန်လာတာပါ၊ ကျွန်မ ဒေါက်တာ ဟင်မဆန်နှင့် တွေ့ခဲ့ပါတယ်၊ သူကလည်း ဒေါက်တာ ပြောတဲ့ အတိုင်းပဲ ပြောပါတယ်၊ သူ့အနေနှင့်လည်း ဒေါက်တာ ပေးလိုက်တဲ့ ဆေးတွေက လွဲပြီး တခြား ဘာဆေးမှ ပေးလို့ မရဘူးတဲ့၊ ဒေါက်တာ မေဆန် ပေးလိုက်တဲ့ ဆေးတွေဟာ အသင့်တော်ဆုံး ဆေးတွေပါလို့ ပြောလိုက်တယ်'

ဇွန်လထဲတွင် စီဘစ်လ် သွန်တန်၏ အာသီးများအား စမ်းသပ် စစ် ဆေး ကြရသည်။ စီဘစ်လ်၏ အာသီးများမှာ အတော်ကလေး ကြီးလာလေပြီ။ ဆုံးစံအတိုင်း စီဘစ်လ်၏ အာသီးကို ဒေါက်တာ အိုင်ဗိုရီကပင် ခွဲစိတ် ဖြတ် တောက်ပေးရသည်။ ခွဲစိတ်ကု ဆရာဝန် တစ်ဦးအဖို့ အာသီးဖြတ်ခြင်းသည် အလွန် လွယ်ကူသော အလုပ်ဖြစ်၏။ သို့သော်လည်း အိုင်ဗိုရီကတော့ ဆေး သေ့တန့်တန့် သဘောမထားဘဲ အလွန် သတိကြီးစွာ ထား၍ ဂရုတစိုက် ခွဲ စိတ် ဖြတ်တောက် ပေးလေသည်။

'ကျွန်တော်တော့ အာသီး ဖြတ်တဲ့ အခါမှာလည်း နေ့နေ့မှန်မှန် လုပ် တာပဲ ကြိုက်တယ်'

ခွဲစိတ်အပြီး အင်ဒရူးနှင့် အတူ လက်ဆေးနေရင်း အိုင်ဗိုရီက ပြော လေသည်။



www.burmeseclassic.com

www.burmeseclassic.com


'အာသီး ဖြတ်တဲ့ အလုပ်က လွယ်တော့ ဆရာဝန်တိုင်း လိုလိုပဲ မြန်မြန်ဆန်ဆန် လုပ်တတ်ကြတာ ခင်ဗျား တွေ့ဖူးမှာပေါ့၊ ကျွန်တော်ကတော့ အဲသလို လုပ်နည်းမျိုးကို မကြိုက်ဘူး၊ ဖြည်းဖြည်း မှန်မှန်ပဲ'

ယခုတစ်ကြိမ်တွင်လည်း အိုင်ဗိုရီထံမှ ချက်လက်မှတ်သည် စာတိုက်မှပင် ရောက်လာ၏။ ချက်လက်မှတ် ရောက်ချိန်တွင် သူနှင့် အတူ ဖရက်ဒီပါ ရှိနေလေသည်။

သူနှင့် ဖရက်ဒီတို့သည် အမြဲတမ်း ဆိုသလို တစ်ဦး၏ ဆေးခန်းကို တစ်ဦးက အလည်အပတ် သွား၍ ခဏတစ်ဖြုတ် ထိုင်ကာ စကားစမြည် ပြောတတ်သည့် အလေ့အထ ရနေကြသည်မှာ ကြာပေပြီ။ မကြာသေးခင်က အင်ဒရူးထံမှ လည်ချောင်းနာ လူနာ တစ်ယောက် သူ့ထံ လွှတ်ပေးခဲ့ခြင်းကို အကြောင်းပြု၍ အပြန်အလှန် ကျေးဇူးပြန်၍ ပြုသည့် သဘောဖြင့် ဖရက်ဒီကလည်း အစာအိမ် ရောဂါသည် တစ်ဦးကို အင်ဒရူးထံ လွှတ်ပေးခဲ့ရာမှ စကာ လူနာ တော်တော်များများသည် စာတိုကလေးများ လက်မှ ကိုင်၍ ဝဲလ်ဘတ်လမ်းနှင့် ဘုရင်မ အင်နာလမ်းတွင် သွားချည် ပြန်လှည့် လုပ်နေကြရသည်မှာလည်း ကြာခဲ့လေပြီ။

'မင်း သိတဲ့ အတိုင်းပဲ မေဆန်'

ဖရက်ဒီက သူ့ အယူအဆကို ပြောပြရန် စကားစသည်။

'နှစ်ဦး နှစ်ဝ စားသာအောင် လုပ်လိုက်တဲ့ မင်းရဲ့ နည်းကို ငါတော့ ကြိုက်တယ်၊ ဝမ်းလည်းသာတယ်၊ မင်းရဲ့ သဘောထားကြီးမှုကိုလည်း ငါ ချီးကျူးပါတယ်'

စကားပြောနေရင်းမှ သူ့မျက်စိများသည် အိုင်ဗိုရီထံမှ ရောက်လာသည့် ချက်လက်မှတ်ကို တစ်ချက် ခိုး၍ ကြည့်လိုက်သေးသည်။

'အမြဲတမ်း လိမ္မော်သီးထဲက လိမ္မော်ရည်ချည်းတော့ မရနိုင်ဘူးပေါ့ သူငယ်ချင်းရာ၊ ဒါပေမဲ့ ကိုယ်နှင့်တော့ အမြဲတွဲပါ၊ မင်း စားရမယ့် သစ်သီးဟာ တခြား သစ်သီးတွေထက်တော့ အရည်ရွှမ်းရပါစေ့မယ်'

အင်ဒရူးသည် ဖရက်ဒီ ပြောစကားကို သဘောကျလွန်း၍ အားရပါးရပင် ရယ်မိလေ၏။

ထိုနေ့ ညနေပိုင်း အိမ် အပြန်တွင် ခါတိုင်းနေ့များထက် စိတ်လက်ပေါ့ပါးလျက် ရှိသော အင်ဒရူးသည် စီးကရက် ကုန်နေသဖြင့် အောက်စ်ဖို့လမ်းထဲမှ ဆိုင်တစ်ဆိုင်သို့ ဝင်၍ ဆေးလိပ် ဝယ်သည်။ ဆိုင်ထဲသို့ အဝင်တွင်



ချက်နှာချင်းဆိုင် တစ်ဖက်ရှိ ပြတင်းပေါက်နား၌ ရစ်သီ ရစ်သီ လုပ်နေသော အမျိုးသမီး တစ်ဦးကို သတိပြုလိုက်မိ၏။ အပြုအမူ ထူးခြားသည်ဟု ထင်မိသဖြင့် သတိထား၍ ကြည့်ရာ ထိုအမျိုးသမီးမှာ ဘလော့ဝင်း ပိတ်ချ် ဖြစ်နေသည်ကို တွေ့ရလေ၏။

အင်ဒရူးက ချက်ချင်း မှတ်မိသော်လည်း မစ္စက် ပိတ်ချ်၏ ရုပ်ရည်မှာ ဒရင်းဖီးမြို့၏ ဘရိုင်း ရိုးဝါး အိမ်ကြီးမှ အိမ်ရှင်မ အဖြစ် ဩဇာအာဏာ တက်ခဲ့စဉ်ကနှင့်တော့ မတူတော့ပေ။ ဟိုတုန်းကလို ခံ့ညား ထည်ဝါသည့် အသွင်အပြင်မျိုးလည်း မရှိတော့ပေ။ သူက နှုတ်ဆက်သည့် အခါတွင်လည်း သူမ၏ မျက်လုံးများက စိတ်ဝင်စားသည့် လက္ခဏာ မပြချေ။

'မစ္စက် ပိတ်ချ် မဟုတ်လား ခင်ဗျာ၊ အခု ဆိုရင်တော့ မစ္စက် ရီးစ်လို့ ခေါ်မှ မှန်မယ် ထင်ပါတယ်၊ ကျွန်တော့်ကို မမှတ်မိတော့ဘူးလား၊ ဒေါက်တာ အင်ဒရူး မေဆန်လေ'

မစ္စက် ပိတ်ချ်သည် ခံ့ညားစွာ ဝတ်ဆင်ထားသော အင်ဒရူးအား ခြေဆုံး ခေါင်းဆုံး ကြည့်လိုက်ပြီး သက်ပြင်း တစ်ချက် ချသည်။

'ကျွန်မ မှတ်မိပါတယ် ဒေါက်တာ၊ ရှင်တို့ အားလုံး နေကောင်းကြတယ်နော်'

အင်ဒရူးအား စကားသာ ပြန်ပြောနေရသော်လည်း သူမ၏ ဟန်ပန်မှာ ဈေးကြီးသုတ်ပျာ နိုင်လွန်းလှ၏။ တစ်စုံ တစ်ခုသော ကိစ္စ အတွက် နောက်ကျသွားမည်ကို စိုးရိမ်သောက ရှိနေဟန် တူသည်။ မလှမ်းမကမ်းရှိ ပလက်ဖောင်းပေါ်၌ စိတ်မရှည်ဟန်ဖြင့် ရပ်စောင့်နေသည့် ထိပ်ပြောင်ပြောင် အမျိုးသားဘက်သို့ လှည့်ကြည့်လိုက်ပြီး 'ကျွန်မ သွားတော့မယ် ဒေါက်တာ၊ ကျွန်မ ယောကျ်ား စောင့်နေလို့ပါ' ဟု နှုတ်ဆက်ကာ ကသုတ်ကရက် ထွက်သွားလေ၏။

အင်ဒရူးသည် ဈေးကြီးသုတ်ပျာနှင့် ထွက်သွားသော မစ္စက် ပိတ်ချ်ကို ငေးမော၍ ကြည့်နေမိလေသည်။ ရပ်စောင့်နေသော ရီးစ်က မစ္စက် ပိတ်ချ်အား ဆီးကြို၍ ပြစ်တင် ကြိမ်းမောင်းသံကိုပင် ကြားနေရလေသည်။

'မင်း ဘယ်လို လုပ်တာလဲကွ၊ ငါ့မှာ စောင့်နေလိုက်ရတာ ဟင်း'

မစ္စက် ပိတ်ချ်သည် ကုပ်ကုပ်ကလေး လုပ်၍ တောင်းပန် တိုးလျှိုးဟန် ပြသည်။ ဒရင်းဖီးမြို့မှ ဘဏ်မန်နေဂျာဟောင်း ရီးစ်သည် အင်ဒရူး ရှိရာဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်ပြီးနောက် ခဏချင်းမှာပင် လူအုပ်ကြားသို့ တိုး


www.burmeseclassic.com

www.burmeseclassic.com



ဝင် ပျောက်ကွယ်သွားလေ၏။

မစ္စက် ပိတ်ချ်နှင့် ရီးစ်တို့ လင်မယား၏ အသွင်အပြင် ဟန်ပန် အမူ အရာ ပုံပန်းတို့သည် အင်ဒရူး၏ ခေါင်းထဲမှ မထွက်တော့ဘဲ စွဲထင်၍ ကျန် ရစ်ခဲ့လေ၏။

သူ အိမ်ပြန်ရောက်သည့် အခါတွင် ခရစ္စတီသည် အိမ်ရှေ့ခန်းထဲ၌ သိုးမွှေး အင်္ကျီ ထိုးလျက် ရှိ၏။ သူ့အတွက် လက်ဖက်ရည်ကို လင်ဗန်း တစ်ခု ထဲတွင် အသင့်ပြင်ထားသည်။ သူသည် ခရစ္စတီအား လှမ်း၍ အကဲခတ်သည်။ စောစောက သူ ကြုံခဲ့ရသည့် အဖြစ်ကို ခရစ္စတီအား ပြောပြချင်စိတ်သည် ပြင်းပြလျက် ရှိသည်။ တစ်ဦးနှင့် တစ်ဦး မပြေမလည် ဖြစ်နေခြင်းကိုလည်း ပြေလည်လိုစိတ် ဖြစ်ပေါ်လျက် ရှိလေသည်။

သူသည် လက်ဖက်ရည် သောက်နေရင်းက တစ်စုံတစ်ခု ပြောရန် ကြံနေခိုက်မှာပင် ခရစ္စတီထံမှ အသံထွက်လာသည်။

'မစ္စက် လောရင့်က နေ့ခင်းက ဖုန်းတစ်ခါ ထပ်ဆက်တယ်၊ ဘာမှတော့ မပြောဘူး'

'အိုး...'

အင်ဒရူး၏ မျက်နှာသည် ရဲခနဲ ဖြစ်သွားသည်။

'ထပ်ဆက်တယ် ဟုတ်လား၊ မင်း ပြောပုံက ဘယ်လိုလဲ၊ ငါ နားမလည်ပါဘူး'

'ဒီအပတ်ထဲမှာ သူ ဆက်တာ သုံးကြိမ် ရှိပြီ၊ ကနေ့ ဆက်တာ လေးကြိမ်မြောက် ဆက်တာပဲ'

'သူ ဘာပြောလဲ'

'ဘာမှ မပြောဘူး၊ ဒီကလည်း ဘာမှ မမေးလိုက်ဘူး'

'မင်းမျက်နှာက တစ်မျိုးပါလား၊ သူ ဖုန်းဆက်တာ ငါ ဘာတတ်နိုင်မှာ လဲကွ၊ သူ ဆက်ချင် ဆက်မှာပေါ့၊ ခင်မင်နေတဲ့ မိတ်ဆွေတွေပဲဟာ'

ခရစ္စတီကတော့ ငြိမ်ဆိတ်နေသည်။ အင်ဒရူးကိုပင် မော့မကြည့်ဘဲ သူမ၏ လက်ထဲမှ သိုးမွှေးထည် အပေါ်၌သာ အာရုံ စူးစိုက်ထားလေ၏။ အမှန်တော့ သူမ၏ စိတ်မှာ ပြင်းထန်စွာ လှုပ်ရှားလျက် ရှိရချေ၏။ အင်ဒရူး သည် သူမ၏ စိတ်ထဲ၌ မည်မျှအထိ စိတ်ခံစားမှု ရှိနေသည်ကို သိမည် မဟုတ်။

'မင်း ပြောပုံ ဆိုပုံ အမူအရာက ငါကပဲ မစ္စက် လောရင့်နှင့် တိတ်





တဆိတ် ကျိတ်ပြီး ဖောက်ပြန်နေသလိုလို၊ ဒီမှာဟေ့ မစ္စက် လောရင့်ဟာ အင် တာန် အထက်တန်းကျပြီး အင်မတန် စိတ်နေ စိတ်ထား မြင့်တဲ့ အမျိုးသမီး တစ်ယောက်ကွ၊ အင်မတန်လည်း သဘောကောင်းတယ်၊ သူ့ ယောက်ျားနှင့် ဒီနှင့်ဟာလည်း အင်မတန် ခင်မင် ရင်းနှီးတဲ့ မိတ်ဆွေတွေကွ၊ သူတို့ အား ဟာ အထက်တန်းစား လူတော် လူကောင်းတွေကွ နားလည်လား၊ ဒီလို အကျင့် အကြံမျိုး ပြုလောက်အောင် အဆင့်အတန်း မနိမ့်ဘူး သိလား၊ တောက် ဆေးဟာလေ'

အင်ဒရူးသည် ပန်းကန်ထဲမှ လက်ဖက်ရည် အကျန်ကို ဒေါသတကြီး ချလိုက်ပြီး အခန်းထဲမှ ထွက်သွားသည်။ အပြင်ရောက်သည်နှင့် တစ်ပြိုင် က် စောစောက မဆင်မခြင် ဒေါသထွက်ခဲ့မိသည့် အတွက် နောင်တရလျက် ပြန်လေတော့၏။

သူသည် ဆေးခန်းထဲ၌ စိတ်ပျက် လက်ပျက် ထိုင်ကာ စီးကရက် သောက်ရင်းက သူနှင့် ခရစ္စတီတို့ ဆက်ဆံရေးမှာ အဆိုးဆုံး အခြေအနေသို့ ရောက်နေပြီ ဖြစ်ကြောင်းကို စဉ်းစားမိလေ၏။ အမှန်ပြောရလျှင် သူ့ အနေ ဖြင့် အဆိုးဆုံး အခြေအနေသို့ မရောက်ချင်ပေ။ ယခု ဖြစ်နေရသည့် ကိစ္စမှာ စိတ်ပျက်စရာ ကောင်းရုံမက ဝမ်းနည်းဖို့လည်း ကောင်း၏။ အလွန် သာယာ ကြည်လင်လျက် ရှိနေသော မိုးကောင်းကင်ပြင်ဝယ် တိမ်ပုပ် တစ်စုတို့ ငြိ တွယ် နေသည်နှင့် တူ၏။ ယခု ပြဿနာသည် သူ၏ အောင်မြင် ကျော်ကြား မှုတည်း ဟူသော ကြည်လင် သန့်ရှင်းလှသည့် ကောင်းကင်ထက်ဝယ် ကြည် ညို့ အရုပ်ဆိုးအောင် နှောင့်ယှက် ဖျက်ဆီးနေသည့် အဟန့်အတားကြီး တစ်ခု ပင် ဖြစ်ချေသည်။

သူနှင့် ခရစ္စတီသည် လက်ထပ်ပြီး ကတည်းက အလွန် ပျော်ရွှင်ခဲ့ကြ ၏။ မမျှော်လင့်ဘဲနှင့် ယနေ့ မစ္စက် ပိတ်ချ်ကို တွေ့ခဲ့ရခြင်းသည် အတိတ်မှ အရိပ်သဖွယ် ဖြစ်ခဲ့သော ရှေးဟောင်းနှောင်းဖြစ်များကို သတိတရ ဖြစ်စေ၏။ ဒရင်းဖီးမြို့တွင် နေစဉ်က ခရစ္စတီအား ချစ်ရေး ဆိုခဲ့မိသည့် အဖြစ်ကို ပြန် သည် မြင်ယောင်လာသည်။

တစ်ချိန်တုန်းကလို ခရစ္စတီအား အမြတ်တနိုး မပြုမိသည်မှာ ကြာ ခဲ့ပြီ ဖြစ်သော်လည်း ခရစ္စတီ အပေါ်၌ သူ ထားနေသည့် အချစ်မှာမူ လျော့ နည်းသွားပြီဟု သူ မထင်ပါချေ။ သူ့အနေဖြင့် တစ်ကြိမ်စ နှစ်ကြိမ်စ ဆိုသလို သူမ၏ စိတ်ကို နာကြည်း ထိခိုက်အောင် လုပ်ခဲ့မှုသည်ကိုတော့ ဝန်ခံ



www.burmeseclassic.com

www.burmeseclassic.com

ပါ၏။ သို့သော်...

သူသည် ဆေးခန်းထဲ၌ ရပ်ကာ ခရစ္စတီနှင့် ပြေပြေလည်လည် ဖြစ်လိုသော ဆန္ဒ ပြင်းပြစွာ ဖြစ်ပေါ်လျက် ရှိလေ၏။ ခရစ္စတီ ကျေနပ်သွားအောင် သူ ဘာလုပ်ရပါမည်နည်း။

သူသည် နည်းလမ်း ရှာဖွေလျက် ရှိလေ၏။

ရုတ်တရက် သူ့ခေါင်းထဲသို့ အကြံ တစ်ခု ဝင်လာသည်။ နာရီကို ကြည့်လိုက်၏။ ယခုအချိန် ဆိုလျှင် လော်ရီးယားဆိုင် မပိတ်သေးပေ။ ပိတ်ဖို့ နာရီဝက်ခန့် လိုသေးသည်။

နောက် တစ်မိနစ်ခန့် အတွင်းမှာပင် သူသည် မစ္စ ကရင့်နှင့် တွေ့ရန် လော်ရီးယားဆိုင်သို့ ကားနှင့် ထွက်လာခဲ့လေ၏။

သူ လိုချင်သည့် အရာကို ပြောလိုက်လျှင် ပြောလိုက်ချင်း မစ္စ ကရင့်သည် ကပျာကယာ ထ၍ သူ့အား သီးမွှေးထည်များ ခင်းကျင်း ပြသထားရာ အခန်းဆီသို့ ခေါ်သွားလေသည်။

မစ္စ ကရင့်သည် သိုးမွှေးထည် မျိုးစုံကို ပြသည်။ အကောင်း အဆိုး အညံ့ ခွဲခြားပြသည်။ နောက်ဆုံးတွင် မစ္စ ကရင့်ရော သူပါ အကြိုက်ချင်း တူသည့် အနွေးထည် တစ်ထည်ကို ရွေးလိုက်၏။ မစ္စ ကရင့်သည် ချက်ချင်းပင် မစ္စတာ ဝင့်ချ်အား လိုက်၍ ရှာကာ ကျသင့်ငွေ ကိစ္စကို ပြောဆိုပြီး သူ့ထံ ပြန်ရောက်လာသည်။

'ဒေါက်တာ ဇနီး အတွက် ဆိုရင် ဈေးရင်း အတိုင်းနှင့်ပဲ ဝယ်ယူသွားပါ လို့ မစ္စတာ ဝင့်ချ်က ပြောလိုက်ပါတယ်'

လော်ရီးယား အရောင်းဆိုင် ဈေးသည် တစ်ဦး၏ နှုတ်မှ ယခုလို ဈေးရင်း အတိုင်း ယူပါ ဆိုသော စကားမျိုးသည် ထွက်ခဲလှသော စကားမျိုး ဖြစ်ပေသည်။

'ကျွန်မတို့ ရောင်းဈေး အတိုင်း ဆိုရင် လေးဆယ့် ငါးပေါင်ထက် မလျော့ပါဘူး၊ အခုတော့ ဂီနီလောက်ပဲ ပေးရမှာပါ၊ အနွေးထည်ကတော့ အလွန်ကောင်း အလွန်လှပါတယ်၊ ဒေါက်တာ့ ဇနီး ဝတ်လိုက်ရင်တော့ သိပ်လှ သိပ်လိုက်မှာပဲ'

စနေနေ့ ဆယ့်တစ်နာရီခန့်တွင် အင်ဒရူးသည် စက္ကူဘူး တစ်ဘူးကို ရင်မှာ ပိုက်ပြီး ပြန်ရောက်လာကာ ဧည့်ခန်းထဲမှ နေ၍ ခရစ္စတီကို လှမ်း၍ ခေါ်လိုက်သည်။





'ခရစ္စတီရေ၊ ခဏ'

အိမ်ပေါ်ထပ်တွင် မစ္စက် ဘင်းနက်နှင့် အတူ အိပ်ရာများ ရှင်းနေရာမှ အမောတကော ဆင်းလာရရှာသော ခရစ္စတီမှာ အင်ဒရူး အနားရောက်သည့်အခါ အသက်မှပင် မှန်အောင် မရှူနိုင်ပေ။ မခေါ်စဖူး အခေါ် ထူးခြင်းကြောင့်လည်း အံ့သြပိုနေပုံ ရလေသည်။

'ဒီမှာ ကြည့်စမ်း ခရစ္စတီ၊ ကို မင်းအတွက် ဝယ်လာခဲ့တာ၊ ကိုတို့ အဆင်မပြေ ဖြစ်နေတာ ကြာပြီနော်၊ ကို မင်းအပေါ်မှာ မြတ်နိုးဆဲပါ ဆိုတာ ပြချင်လွန်းလို့ ဝယ်လာခဲ့တာ'

ပြောပြာဆိုဆိုနှင့် စက္ကူဘူးကို ခရစ္စတီအား ပေးသည်။ ဘူးပေါ်မှ ကြိုးများကို တစ်စချင်းစီ လိုက်၍ ဖြေနေသော ခရစ္စတီ၏ လက်များသည် တုန်ဆင် လှုပ်ရှားလျက် ရှိကြလေ၏။

'အို လှလိုက်တာ၊ ဟယ် သိုးမွှေးချည် အနွေးထည်ပါလား'

'ကြိုက်ရဲ့လား ခရစ္စတီ၊ ဝတ်ကြည့်စမ်း၊ မစ္စ ကရင့်နှင့် အတူ ကိုယ်တိုင်ရွေးလာခဲ့တာ၊ အမျိုးအစားကတော့ ပထမတန်းပဲ၊ ဈေးကလည်း ထိပ်ပဲ'

ခရစ္စတီ၏ ပါးပြင်ထက်ဝယ် မျက်ရည်စများ စီးဆင်းလာသည်။

'ခရစ္စတီ အပေါ်မှာ အချစ် မပြယ်သေးဘူးပေါ့နော်၊ ကို့ဆီက လိုချင်တာ ဒီတစ်ခုတည်းပါပဲ အချစ်ရယ်၊ ကိုကသာ အရင်ကလို ချစ်နေမယ် ဆိုရင် ခရစ္စတီ အဖို့ ဘာမှ မလိုပါဘူး'

ခရစ္စတီသည် သိုးမွှေးအင်္ကျီကို ဝတ်ကြည့်သည်။ ခရစ္စတီ၏ အလှသည် ထင်းခနဲ ပေါ်ထွက်လာသည်။

သူ ဝယ်လာသည့် အင်္ကျီမှာ ခရစ္စတီနှင့် လိုက်လွန်းလှသဖြင့် သူ့ကိုယ်သူ အံ့သြ၍ မဆုံးအောင် ဖြစ်လျက် ရှိသည်။ ခရစ္စတီနှင့် အဆင်ပြေအောင် ရွေးချယ် ပေးတတ်သည့် မစ္စ ကရင့်ကိုလည်း ချီးမွမ်း၍ မဆုံးနိုင်အောင် ဖြစ်ရ၏။ ယခုပုံအတိုင်း ဆိုလျှင် သူတို့ နှစ်ဦး၏ ပြဿနာသည် တစ်ခါတည်းနှင့် ပြီးပြတ် အေးဆေးသွားမည့် လက္ခဏာ ရှိသည်ဟုလည်း တွေးမိသည်။ သူသည် ခရစ္စတီကို လိုက်လိုက်လှဲလှဲ ရှိသော အပြုံးဖြင့် ကြည့်နေလေသည်။

'ခရစ္စတီ၊ ကိုတို့ချင်း ပြေလည်သွားတဲ့ အထိမ်းအမှတ်ကလေး တင်ချင်တယ်၊ ကနေ့ နေ့လယ်စာ အပြင်မှာ စားကြရအောင်နော်၊ နေ့ခင်း တစ်နာရီထိုးမှာ ပလာဇာ ဟိုတယ် စားသောက်ခန်းကို လာခဲ့၊ ကို အဲဒီမှာ စောင့်မယ်'



www.burmeseclassic.com

www.burmeseclassic.com

'လာခဲ့မယ်လေ၊ ဒါပေမဲ့ အိမ်မှာ နေ့လယ်စာ ကိုအတွက် သိုးသားမုန့်[...] လုပ်ထားတယ်၊ ကို သိပ်ကြိုက်တဲ့ မုန့်မျိုးလေ'

'အို ဒါတွေ ပြောမနေနှင့်၊ ကိုစွ မရှိဘူး၊ အိမ်မှာ လုပ်ထားတာကို [...] အတိုင်းပဲ ထားလိုက်တော့'

အင်ဒရူးက ပြောရင်းနှင့် ရယ်သည်။ စိတ်ပါလက်ပါ ရှိလှသည့် ရယ်သံမျိုး။ ဤရယ်သံမျိုး ဤအိမ်တွင် မကြားရသည်မှာ ကြာခဲ့ပြီ။

'လေ့ကြီးထိုး ရိုးရိုးကြီး လုပ်မလာနှင့်၊ နေ့ခင်း တစ်နာရီတိတိ ဆက်ဆက် လာခဲ့၊ ပလာဇာ ဟိုတယ်က စောင့်နေမယ်၊ လူညိုချောချောလေးကို လာတွေ့လှည့်၊ သူက သိုးမွေး အနွေးထည် ဝတ်လာတဲ့ အမျိုးသမီးလေးကို စောင့်ကြိုနေလိမ့်မယ်'

အင်ဒရူးသည် ထိုနေ့ တစ်မနက်လုံး ပျော်ရွှင်လျက် ရှိ၏။ သူသည် အဆင်အခြင် နည်းလှသည့် လူနုံ လူအ တစ်ယောက်ဟု သူ့ကိုယ်သူ အပြစ်တင်နေမိလေ၏။

သူသည် ခရစ္စတီအား ဂရုမစိုက်တော့ဘဲ ပစ်ထားခဲ့သည်မှာ ကြာလေပြီ။ မိန်းမ ဆိုသည်မှာ သူတို့ကို ဂရုတစိုက် ရှိစေချင်၏။ အရေးတယူ ပြုစုစေချင်၏။ အယုအယ ခံချင်၏။ ဒါသည် မိန်းမတို့၏ သဘာဝ။ ထို သဘာဝကို သူ လျစ်လျူရှုခဲ့မိ၏။ ဤသည်မှာ သူ၏ အမှား။ ထိုအမှားကို အချိန်မီ ပြင်ပါမှ။

ခရစ္စတီသည် အင်ဒရူး ချိန်းထားသည့် ပလာဇာ ဟိုတယ်သို့ ချိန်းထားသည့် အချိန်တွင် ရောက်မလာချေ။ အင်ဒရူးမှာ လည်တဆန့်ဆန့် ဖြစ်နေလေ၏။ ဒုတိယအကြိမ် မာတီနီ တစ်ခွက် မှာ၍ သောက်ရပြန်သည်။ ခရစ္စတီ ရောက်လာတော့ တစ်နာရီ ထိုးပြီး၍ မိနစ် နှစ်ဆယ်ပင် လွန်နေပြီ။

'ဆောရီးပဲ အချစ်ရယ်၊ ကျွန်မ နေရာ လွဲသွားတယ်၊ စောင့်ရင်း စောင့်ရင်းနှင့် ကို မရောက်လာတော့မှ မေးမိတယ်၊ မေးမိလို့ တော်သေးတာပေါ့'

သူတို့ရသည့် စားပွဲနေရာမှာ သိပ် မကောင်းလှပေ။ လူတွေက များလွန်းသဖြင့် စားသောက်ခန်း တစ်ခန်းလုံး ပြည့်ကျပ်နေသည်။ စားပွဲများ ခင်းထားပုံမှာလည်း နီးကပ်လွန်းသဖြင့် အဝေးမှ လှမ်းကြည့်လျှင် တစ်ယောက်ပေါ် တစ်ယောက် ထပ်၍ ထိုင်နေကြသလားဟု ထင်ရလောက်ပေသည်။

'ခရစ္စတီ ဘာစားမလဲ'





'ကို ကြိုက်တာသာ မှာပါ၊ ကို မှာတာ စားမှာပေါ့'

အင်ဒရူးသည် ကောင်းပေ့ ဆိုသည့် အစားအသောက်များကို မှာသည်။ ပြီးတော့ ကောင်းပေ့ ဆိုသည့် ဝိုင် တစ်ပုလင်း မှာသည်။

'ကိုတို့ ဒရင်းဖီးမြို့မှာ နေတုန်းက ဆိုရင် ဒီလို အစားအသောက်မျိုးတွေကို ခုလို မှာတတ်ဖို့ မပြောနှင့်၊ ကြားတောင် မကြားဖူးဘူးနော်'

အင်ဒရူးသည် အဖျင်း အပြက် သဘော ပြော၍ ရယ်သည်။ ခရစ္စတီကလည်း အလိုက်သင့် ရော၍ ရယ်သည်။ သူမက အင်ဒရူး မှာပေးသည့် အစားအသောက်များကို ချီးမွမ်းစကား ဆိုသည်။

အင်ဒရူးက နာမည်ကြီး ရုပ်ရှင်မင်းသမီး ဂလင်းရော့စကိုးအား လည်းကောင်း၊ လင် ခြောက်ယောက်မြောက် ယူသော အထိမ်းအမှတ်ပွဲ ပြုလုပ်ခဲ့သဖြင့် နာမည်ကြီးခဲ့သော အမေရိကန် အမျိုးသမီး မားဇစ်ရော့ကို လည်းကောင်း၊ အခြား ထင်ရှားသော ပုဂ္ဂိုလ်များကို လည်းကောင်း ညွှန်ပြသည်။ သူတို့ တစ်ဦးချင်းစီ၏ အကြောင်းများကို ပြောပြသည်။ ခရစ္စတီကလည်း စိတ်ပါဝင်စားဟန်ဖြင့် နားထောင်လေသည်။

အမှန်ကတော့ ခရစ္စတီသည် ဤနေရာမျိုးကို စက်ဆုပ် ရွံရှာသူ တစ်ဦး ဖြစ်၏။ အမျိုးသားတွေကို မြင်ရသည်မှာ ထည်ဝါလွန်း၊ ဟန်လုပ်လွန်းလှသည်ဟု ထင်၏။ အမျိုးသမီးတွေ ကျပြန်တော့လည်း ပလွှားလွန်းလှသည်ဟု ထင်၏။ အထူးသဖြင့် အမျိုးသမီးများ ဝတ်စား ဆင်ယင်ပုံမှာ လော်လီလွန်းလှသည်ဟု ထင်၏။

သူမသည် ဤ အသိုင်းအဝိုင်း၊ ဤ ပတ်ဝန်းကျင်မျိုး၌ ဝင်ဆံ့သူ မဟုတ်ပေ။ မယ်သီလရင်နှင့် ဘီးလို ဆန့်ကျင်ဘက် ဖြစ်၏။ ချက်ချင်း ဆိုသလိုပင် ခရစ္စတီ ခေါင်းတစ်ခုလုံး မူးဝေ နောက်ကျိုလာသည်။ အလွန် သတိထားပြီး သူမကိုယ် သူမ ထိန်းနေသည့် ကြားမှပင် အခြေပျက်စ ပြုလာလေ၏။

ခရစ္စတီသည် ဟန်ဆောင်တတ်သူ မဟုတ်။ ပရိယာယ် လုပ်တတ်သူ မဟုတ်။ ပင်ကို သဘာဝ အတိုင်း ရိုးရိုး ရှင်းရှင်းကလေး နေတတ်သူ ဖြစ်ရာ ယခုလို နေရာမျိုးတွင် ဝင်ဆံ့အောင် မနေတတ်လေလေ ကန္ဒြေ ပျက်လေလေ ဖြစ်လာသည်။

ကြာကြာ ထိန်းရ ဟန်လုပ်ရလွန်းတော့လည်း ခံနိုင်ရည် မရှိ ဖြစ်လာသည်။ သူမ၏ ခါး၌ ဝတ်ထားသော အဖိုး ထိုက်တန်လွန်းလှသည့် သိုးမွေး



www.burmeseclassic.com

www.burmeseclassic.com

ထည်နှင့် ထိုသီးမွှေးထည် အောက်မှ တန်ဖိုး မရှိသည့် အဝတ်အစားများ၏ မလိုက်ဖက်ခြင်းကို သတိရကာ မလုံမလဲ ဖြစ်လာသည်။ သူမကို ဝိုင်း၍ ကြည့်နေကြသည်ဟု ထင်လာသည်။ ဤနေရာ၌ ထိုင်နေရသော သူမသည် အဖိုးတန် သစ်ခွပန်းများ အလယ်၌ ရောက်နေသည့် ဒေစီပန်းနှင့် တူနေပြီ ဟူသော သံသယ ဝင်လာသည်။

'ဘာဖြစ်လို့လဲ ခရစ္စတီ၊ မပျော်ဘူးလားဟင်'

ခရစ္စတီ အခြေပျက်လာသည်ကို ရိပ်မိသော အင်ဒရူးက မေးလေသည်။

'ပျော်ပါတယ်'

ခရစ္စတီက ပြုံးပြသော်လည်း သူမ၏ အပြုံးမှာ နှစ်နှစ်ကာကာ မရှိလှပေ။ အစာ စားရာတွင်လည်း ဟက်ဟက်ပက်ပက် မရှိတော့ပေ။ သူမ၏ ပန်းကန်ထဲမှ ကြက်ပေါင်မှာ ယခုထိ မလျော့သေး။

'မင်း ဘယ်လိုများ ဖြစ်နေတာလဲ ခရစ္စတီရယ်၊ ကို စကားပြောနေတာလည်း မင်း နားမထောင်ဘူး၊ မင်းအတွက် ထည့်ပေးထားတဲ့ ဝိုင်ကိုလည်း တို့တောင် မတို့သေးဘူး၊ မင်းဟာ အတော်လေး ခွကျတာပဲ၊ ကိုယ့်ယောက်ျားနှင့် အတူ ပျော်ပျော်ပါးပါး လာကြတဲ့ဟာ မင်း သိပ်ခက်ပါလား'

အင်ဒရူး၏ အသံတွင် ဒေါသသံ ပါလာလေပြီ။

'ဧရ တစ်ခွက်လောက် သောက်ပါရစေ ကိုရယ်'

ခရစ္စတီ၏ အသံမှာ ကတုန်ကယင် ရှိလှချေသည်။ အားပြတ်သူ တစ်ဦးလိုပင် ဖြစ်လျက် ရှိရှာ၏။ တကယ်တော့ သူမသည် ဤနေရာမျိုးနှင့် အပ်စပ်သူ တစ်ယောက် မဟုတ်။ သူမ၏ ဆံပင်များသည် အခြားသော အမျိုးသမီးများလို ကောက်ထားသည် မဟုတ်။ သူမ၏ မျက်နှာတွင် မိတ်ကပ်နှင့် တူသော အရာဟူ၍ တစ်မှုန့်တလေမှ မရှိ။ သို့ဖြစ်ရာ သူမအား စားပွဲထိုးများကပင်လျှင် အထူးအဆန်းသဖွယ် ဝိုင်း၍ ကြည့်နေကြသည်မှာ အဆန်း မဟုတ်တော့။

သူမသည် အစားအစာကို ဟန်မပျက် စားနိုင်ရန် ကြိုးစားသည်။ ထိုကဲ့သို့ ကြိုးစား အားထုတ်ခါမှပင် လက်ထဲမှ ပန်းကန် လွတ်ကျရချေသည်။ အချဉ်ရည်များသည် သူမ၏ အသစ်စက်စက် သိုးမွှေး အင်္ကျီပေါ် ဖိတ်စဉ် ကျကုန်လေ၏။

တစ်ဖက်သော စားပွဲမှ အမျိုးသမီးသည် သူ့အဖော် အမျိုးသား၏ မျက်နှာကို စေ့စေ့ကြည့်ကာ သရော်ပြုံး ပြုံးသည်။ ထိုအပြုံးကို အင်ဒရူး မြင်လိုက်လေသည်။ ဘယ်လိုပင် ကြိုးစားစေကာမူ သူတို့၏ နေ့လယ်စာ စားပွဲကလေးမှာ ပျော်စရာ ကင်းမဲ့သွားလေ၏။ နှစ်ယောက်သား စကားပင် မပြောကြတော့ဘဲ တိတ်တိတ်ဆိတ်ဆိတ်နှင့်ပင် စားသောက်ပွဲကို လက်စသတ်ကြရလေတော့၏။





အိမ်အပြန်တွင်လည်း ရွှင်ရွှင်လန်းလန်း မရှိတော့ပေ။ သူမကို ပြန်၍ပို့ပြီးလျှင် ပို့ပြီးချင်း အင်ဒရူးသည် လှုနာကြည့် ထွက်သွားလေသည်။ သူတို့နှစ်ဦး၏ အခြေအနေမှာ ပြန်လည် နီးစပ်ဖို့ မဆိုထားနှင့်၊ တစ်ဦးနှင့် တစ်ဦး အနေ ဝေးသွားသလို၊ စိတ်ချင်း ဝေးသွားသလိုပင် ပြန်၍ ဖြစ်သွားရပြန်လေပြီ။

ခရစ္စတီ၏ အသည်းနှလုံးတွင် ခံစားနေရသည့် နာကျင်မှုသည် သည်းခံနိုင်စွမ်း မရှိလောက်အောင်ပင် ပြင်းထန်လှပေ၏။ သူမသည် သူမကိုယ် သူမ အယုံအကြည် မရှိလောက်အောင်ပင် ဖြစ်ရလေသည်။ သူမသည် အင်ဒရူးနှင့် သင့်တော်သည့် ဇနီး တစ်ယောက် အရည်အသွေးနှင့်မှ ပြည့်စုံပါလေစ။

ထိုညတွင် ခရစ္စတီသည် ဝမ်းနည်းပက်လက်ဖြင့် အင်ဒရူး၏ လည်ပင်းကို အားရပါးရ ပွေ့ဖက်ကာ နမ်းသည်။ ပြီးတော့မှ အင်ဒရူး ဝယ်ပေးသည့် သိုးမွှေးအင်္ကျီနှင့် သူမကို ကျွေးခဲ့သည့် နေ့လယ်စာများ အတွက် ကျေးဇူးတင်လှကြောင်း ထပ်၍ ပြောရှာလေ၏။

'ကိုကတော့ မင်း ပျော်တယ် ဆိုရင် စိတ်ချမ်းသာပါတယ်'

အင်ဒရူးက စိတ်မပါ့တပါနှင့် ပြန်ပြောသည်။ ပြီးတော့ သူ့အခန်းကို ပြန်သွားလေ၏။


www.burmeseclassic.com

www.burmeseclassic.com

၂

ထောင်ရေး အဆင်မပြေမှုကို အကြောင်းပြု၍ စိတ်ညစ် စိတ်ရှုပ် စိတ်ပျက်နေရချိန်တွင် အင်ဒရူး အတွက် အာရုံပြောင်းစရာ အကြောင်း တစ်ခုသည် လာလေ၏။

အမေရိကန် ပြည်ထောင်စု ပို့တလန်မြို့မှ ထင်ရှားသော ကျန်းမာရေး ရှု မဇ္ဈတာ ရစ်ချတ် စတီးမင်းသည် အင်ပီးရီးရဲ သင်္ဘောနှင့် လန်ဒန်မြို့သို့ ကိုက်ရောက်လာပြီး ဘရွတ် ဟိုတယ်၌ တည်းခိုလျက် ရှိသည် ဟူသော တင်းသည် ထရီဗျွန်း သတင်းစာ၌ ပါလာလေ၏။

ဟိုတုန်းက အခြေအနေ၊ ဟိုစဉ်က စိတ်မျိုးနှင့်သာ ဆိုလျှင်တော့ သူ ည် သတင်းစာကို ကိုင်၍ ဝမ်းသာအယ်လဲဖြင့် ခရစ္စတီထံ အပြေးအလွှား ၍ သတင်းစာကို ပြမိပေလိမ့်မည်။ 'ဒီမှာ ကြည့်စမ်း ခရစ္စတီ၊ ရစ်ချတ် တီးမင်း လန်ဒန်ကို ရောက်လာတယ်၊ မင်း မှတ်မိသေးလား၊ သူနှင့် ကိုနှင့် ပြန်အလှန် စာရေးဖူးတယ်လေ၊ သူကတော့ ကိုနှင့် တွေ့ချင်မယ် ထင်တာ ကိုကလည်း သူ့ကို သိပ်တွေ့ချင်တာပဲ' ဟုလည်း ပြောမိပေလိမ့်မည်။

ယခုတော့ အခြေအနေက အပြောင်းလဲကြီး ပြောင်းလဲလျက် ရှိပေပြီ။

ဝမ်းသာစရာများနှင့် ကြုံရ ဆုံရလျှင် ခရစ္စတီထံ အပြေးအလွှား သွား ၍ ပြောတတ်သော အလေ့အထမှာ သူ့တွင် မရှိတော့သလောက် ဖြစ်နေပေပြီ။ ခုလည်း စတီးမင်း၏ သတင်းကို ဖတ်ရသည့်အခါ သတင်းစာကို ကိုင်၍ ငိုင်လျက် ရှိလေ၏။ ဤသတင်းနှင့် ပတ်သက်၍ ကျေနပ်စရာ တစ်ခုတော့ ၏။ လက်ထောက် ဆရာဝန် တစ်ဦး အနေဖြင့် မဟုတ်ဘဲ ဝဲလ်ဘတ်လမ်း သုခန်းမှ နာမည်ကြီး ဆရာဝန် တစ်ဦး အနေဖြင့် သွားရောက် တွေ့ဆုံနိုင်



www.burmeseclassic.com

www.burmeseclassic.com


မည့် အခြေအနေ ရှိသဖြင့် ဝမ်းသာအားရ ဖြစ်မိခြင်းပင် ဖြစ်လေသည်။

နောက်တစ်နေ့ နံနက်တွင် စတီးမင်းက သူ့ထံ ဖုန်းဆက်သည်။ စတီးမင်း၏ အသံမှာ တည်ငြိမ် အေးဆေး၍ ရင်းနှီး ပွင့်လင်းလှပေသည်။

'ခင်ဗျားနှင့် အခုလို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ပြီး စကား ပြောခွင့်ရတာ သိပ် ဝမ်းသာပါတယ် ဒေါက်တာ မေဆန်၊ ကျွန်တော် ခင်ဗျားနှင့် နေ့လယ်စာ စားရင်း စကား ပြောပါရစေလား၊ နေ့လယ်စာကို ပလာဇာ ဟိုတယ်မှာတော့ မစားချင်ဘူး၊ နေရာကို ကျွန်တော် သိပ်မကြိုက်လို့ပါ၊ ကျွန်တော့်ဆီလာပြီး စားနိုင်မယ် ဆိုရင်တော့ သိပ်ကို အဆင်ပြေမှာပဲ'

အင်ဒရူး ဘရွတ် ဟိုတယ်သို့ သွားသည့် နေ့တွင် သူ့ အိပ်ခန်းနှင့် တစ်ဆက်တည်းသော ကိုယ်ပိုင် ဧည့်ခန်းထဲမှ ထိုင်စောင့်နေသည့် စတီးမင်းအား တွေ့ရလေသည်။

စတီးမင်း ရွေးချယ် တည်းခိုသည့် ဟိုတယ်သည် ပလာဇာ ဟိုတယ်နှင့် ကွာခြားလှပေသည်။ ပလာဇာ ဟိုတယ် ဆူဆူညံညံ ရှိသလောက် ဘရွတ် ဟိုတယ်က ငြိမ်ငြိမ်ဆိတ်ဆိတ် ရှိလှပေသည်။

စတီးမင်းသည် အသက် ငါးဆယ်ခန့် ရှိပြီး ကိုယ်လုံး ကိုယ်ထည်က ခပ်သေးသေး ဖြစ်သော်လည်း ဦးခေါင်းက ကြီးလွန်းသဖြင့် အချိုးအစား မကျသလို ဖြစ်နေပေသည်။ အသားအရေမှာ ပန်းရောင်တွင် ဖြူဖျော့ဖျော့ အရောင်က ရောစွက်လျက် ရှိ၏။ ဆံပင်ကတော့ ခပ်ပါးပါး။

အထူးခြားဆုံးက သူ့မျက်လုံးများပင် ဖြစ်သည်။ တည်ငြိမ် အေးဆေး၍ သိမ်မွေ့လှသော သူ၏ မျက်လုံးပြာကြီးများသည် သူ၏ သေးကွေးသော ခန္ဓာကိုယ် တစ်ခုလုံး၏ အသက် ဖြစ်သည်ဟု ဆိုနိုင်လောက်ပေသည်။ ထိုမျက်လုံးများသည် မည်သည့် အလုပ်မျိုးကို မဆို လုပ်ချင်သည့် စိတ်ဆန္ဒ ပြင်းပြလာလျှင် မဖြစ်မနေ ဇွဲကောင်းကောင်းနှင့် နောက်မဆုတ်တမ်း လုပ်မည့်သဘောကို ဖော်ပြနေကြပေသည်။

'ကျွန်တော့်ဆီကို လာရတဲ့ အတွက် စိတ်အနှောင့်အယှက် မဖြစ်ပါဘူးနော်'

ရစ်ချတ် စတီးမင်းက လေအေးကလေးနှင့် ဆီးကြို၍ ပြောလေသည်။

'ကျွန်တော်တို့ အမေရိကန်တွေဟာ ပလာဇာ ဟိုတယ်ကို သိပ်ကြိုက်ကြတယ်လို့ သိရပါတယ်'

သူက ပြောရင်းနှင့်ပင် အင်ဒရူးကို ကြည့်၍ နှစ်လိုဖွယ်ရာ ပြုံးပြသည်။

'ကျွန်တော်ကတော့ ပလာဇာ ဟိုတယ်မှာ လူများလွန်းလို့ စိတ်ပျက်တယ်'

သူသည် စကားကို ရုတ်တရက် မဆက်ဘဲ ရပ်ထားသေးသည်။

'အခုတော့ ခင်ဗျားနှင့် လူချင်း တွေ့ရပြီ၊ ခင်ဗျား လုပ်ခဲ့တဲ့ အမှုန်အညွှင်းမှု သုတေသန စာတမ်း အတွက် ခင်ဗျားကို ချီးကျူးပါရစေ၊ ခင်ဗျားရဲ့ စာတမ်းထဲမှာ လိုအပ်နေတဲ့ အချက် တစ်ချက်နှင့် ပတ်သက်ပြီး ကျွန်တော် ထောက်ပြခဲ့တာကိုလည်း ဘယ်လိုမှ မအောက်မေ့ပါနှင့်၊ အခုကော ခင်ဗျား အဲဒါတွေ ဆက်လုပ်နေပါသေးသလဲ'

နှစ်ယောက်သား ဟိုတယ် အောက်ထပ်ရှိ စားသောက်ခန်းဆီသို့ ဆင်းခဲ့ကြသည်။ စားပွဲထိုးများ၏ ဦးခေါင်းများသည် စတီးမင်းဘက်သို့ ဦးတည်လျက် ရှိကြ၏။

'ဒေါက်တာ ဘာစားမလဲ၊ ကြိုက်ရာသာ မှာပါ၊ ကျွန်တော်တော့ ပဲမွှော်ရည်ပဲ သောက်မယ်၊ ပြီးတော့...'

စတီးမင်းသည် အစားအသောက် စာရင်း ကတ်ပြားကို လှည့်၍မျှပင် မကြည့်ဘဲ သူ ကြိုက်ရာ မှာသည်။

'သိုးသား စင်းကောကြော်နှင့် စားတော်ပဲပြုတ်၊ ပြီးတော့ ကော်ဖီ'

အင်ဒရူးသည် သူ ကြိုက်ရာ အစားအသောက်များကို မှာရင်းက သူ အလေးတစား ရှိခဲ့သော သူ့မိတ်ဆွေ စတီးမင်းအား ကြည်ညို လေးစားစွာဖြင့် ကြည့်မိသည်။ မည်သူမဆို စတီးမင်းနှင့် တွေ့လျှင် သူ၏ ထူးခြားသော ရုပ်လက္ခဏာနှင့် အပြုအမူ အနေအထိုင်များကို သတိမပြုဘဲ နေနိုင်ကြမည် မဟုတ်ပေ။ စတီးမင်းသည် ရုပ်လက္ခဏာရော ပြောဆို ဆက်ဆံပုံများပါ ထူးခြားသူ တစ်ဦး ဖြစ်ပေသည်။ လူကသာ ထူးခြားသည်မဟုတ်၊ အင်ဒရူး သိထားသည့် သူ့အကြောင်းများကလည်း အလွန် ထူးခြားလေသည်။

ရစ်ချတ် စတီးမင်းသည် မက်ဆာချူးဆက် ပြည်နယ် မိသားစု တစ်စုမှ ပေါက်ဖွားလာသူ ဖြစ်သည်။ သူ၏ ဘိုးဘွား ဘီဘင်များသည် ဘောစတွန်မြို့တွင် နေထိုင်ကာ ဥပဒေ ပညာနှင့် အသက်မွေးခဲ့ကြသည်။ အားလုံး ရှေ့နေ ရှေ့ရပ်များချည်း ဖြစ်ခဲ့သော်လည်း စတီးမင်းကျတော့ ဝါသနာ တစ်မျိုး ဖြစ်လာလေသည်။

ငယ်စဉ် ကတည်းက ဆေးပညာတွင် ဝါသနာ ကြီးခဲ့သော ရစ်ချတ် စတီးမင်းသည် အသက် ဆယ့်ရှစ်နှစ် အရွယ်တွင် သူ့ဖခင်အား ပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



ဟားဗတ် တက္ကသိုလ်၌ နှစ်နှစ်တိတိ ဆေးပညာကို သင်ကြားနေခိုက်မှာ သူ့ဖခင် ရုတ်တရက် ကွယ်လွန်သွားသဖြင့် ရစ်ချတ် စတီးမင်း ခမျာ သူ့မိခင် သူ၏ တစ်ဦးတည်းသော နှမငယ်တို့နှင့် အတူ ဆင်းရဲ ငြိုငြင်စွာဖြင့် ကျန် ရလေသည်။

ထိုအချိန်တွင် မိသားစုအား ကူညီ ထောက်ပံ့မည့်သူ လိုလာသည်။ ရစ်ချတ် စတီးမင်း၏ အဘိုး၊ ဂျွန် စတီးမင်းသည် မြေးဖြစ်သူကသာ ဆေး ပညာ သင်ကြားမှုကို စွန့်လွှတ်ပြီး သူတို့ မျိုးရိုး အစဉ်အလာကို ထိန်းသိမ်းသည့် အနေဖြင့် ဥပဒေ ပညာကို ပြောင်း၍ သင်ကြားမည် ဆိုပါက မိသားစု အတွက် လိုအပ်သလို ကူညီ ထောက်ပံ့ခြင်း ပြုမည်ဟု ဆိုလာလေ၏။

ရစ်ချတ် စတီးမင်းသည် ဆေးပညာ ဆက်လက် သင်ကြားရေး အတွက် အကြောင်း အမျိုးမျိုး ပြ၍ တောင်းပန်ပါသော်လည်း ခေါင်းမာလှသော သူ့အဘိုးက လျှော့မပေးခဲ့ချေ။ ဤသို့ဖြင့် ရစ်ချတ် စတီးမင်း ခမျာ ဆေးပညာ ဒီပလိုမာဘွဲ့ ရရှိရေးကို စွန့်လွှတ်လိုက်ရပြီး ဥပဒေပညာကို ပြောင်း၍ သင်ယူ ခဲ့ရလေတော့၏။ သုံးနှစ်မျှ အကြာတွင် ဥပဒေဘွဲ့ကို ရရှိခဲ့ပြီး ၁၉၀၆ ခုနှစ် စ၍ ဘော့စတွန်မြို့၌ ရှေ့နေ လိုက်ခဲ့သည်။ သူသည် ရှေ့နေ အလုပ်ဖြင့် လေးနှစ်တိတိ အသက်မွေးခဲ့လေ၏။

မည်သို့ပင် ဖြစ်စေ ရစ်ချတ် စတီးမင်းသည် သူ ဝါသနာပါသော ဆေး ပညာကို သံယောဇဉ် မပြတ်နိုင်ချေ။ သူ ငယ်စဉ် ကတည်းက စိတ်ဝင်စားခဲ့ သော ပိုးမွှားဗေဒ ဘာသာရပ်ကို မလေ့လာဘဲ မနေနိုင်ချေ။ အထူးသဖြင့် ကျောင်းသား ဘဝတည်းက သူ အလွန်အမင်း စိတ်ဝင်စားခဲ့သော ပိုးမွှားဗေဒ ပညာရပ်ကို လက်မလွှတ်နိုင်ခဲ့သဖြင့် ဘီးယားကွန်း တောင်ကုန်းပေါ်ရှိ သူ၏ နေအိမ် အထပ်ခိုးကလေးပေါ်တွင် ကိုယ်ပိုင် ဓာတ်ခွဲခန်းလေး တစ်ခု တည် ဆောက်ကာ သူ့ စာရေးအား လက်ထောက် ဓာတ်ခွဲခန်းမှူး အဖြစ် ခန့်ထား ပြီး သူ ဝါသနာပါသည့် ရောဂါပိုးမွှား သုတေသန လုပ်ငန်းကို စတင် လုပ် ဆောင်ခဲ့လေ၏။

အမှန်တော့ ထိုအထပ်ခိုးကလေးသည် နောင်အခါတွင် ပေါ်ထွန်း လာမည့် 'စတီးမင်း အဆုတ်ရောဂါကု စခန်း' ၏ ရေသောက်မြစ်ပင် ဖြစ် ချေသည်။

ရစ်ချတ် စတီးမင်းသည် ရောဂါပိုးမွှား သုတေသန လုပ်ငန်းကို လု ကိုင်ခြင်းမှာ ဝါသနာအရ အပျော်တမ်း သဘောမျိုး ပြုလုပ်ခြင်း မဟုတ်ပေ



သူ့အနေဖြင့် လုပ်ငန်းအပေါ်တွင် တကယ် စိတ်ဝင်စားပြီး တကယ် ကျွမ်း ကျင်၍ လုပ်ခဲ့ခြင်း ဖြစ်၏။ ဤလုပ်ငန်းဘက်တွင် ပါရမီခံ ရှိသူ တစ်ဦး ဖြစ်ကြောင်းကိုလည်း သူ၏ လက်တွေ့ ရှာဖွေ တွေ့ရှိချက်များက သက်သေ ခံလျက် ရှိလေသည်။

၁၉၀၈ ခုနှစ် ဆောင်းရာသီတွင် သူ အလွန် ချစ်ရှာသော နှမငယ် မေရီ သည် ချောင်းဆိုးသွေးပါ ရောဂါဖြင့် ကွယ်လွန်ခဲ့ရှာလေ၏။ ထိုအချိန်မှ စ၍ ရစ်ချတ် စတီးမင်းသည် တီဘီရောဂါ ပိုးမွှားများ ရှာဖွေခြင်းကို အားသွန် ခွန်စိုက် လုပ်ခဲ့လေ၏။ သူသည် ပါရီ လူဝီနှင့် ပါရီ လူဝီ၏ တပည့် ဖြစ်သူ အမေရိကန် လူမျိုး ဂျိမ်း ဂျက္ကဆန်တို့၏ စူးစမ်း ရှာဖွေ တွေ့ရှိချက်များကို စနစ်တကျ လေ့လာပြီး ယင်းတို့အပေါ် အခြေခံ၍ တီဘီရောဂါ ပိုးများ၏ သဘော သဘာဝကို လေ့လာ စူးစမ်းခြင်း ပြုခဲ့လေသည်။

ထို့မျှသာမက သူသည် လေးနက်၏ သုတေသန လုပ်ငန်းကို စူးစမ်း လေ့လာရင်းမှ အဆုတ်များ၏ ဖွဲ့စည်း တည်ဆောက်ပုံကို စနစ်တကျ လေ့လာ ခဲ့ပြန်လေသည်။ ဤအလုပ်များကို လုပ်ကိုင်ရင်းမှာပင် နားကျပ် ကိရိယာ တစ်မျိုးကို တီထွင်ခဲ့သေး၏။ သူ့ဘာသာသူ တီထွင် ကြံဆ၍ ပြုလုပ်ထား သော ပစ္စည်း ကိရိယာ တန်ဆာပလာ အနည်းငယ်မျှကို သုံး၍ သွေး အကြည် ညည် ထုတ်လုပ်ခြင်းကိုလည်း အစ ပြုပေးခဲ့ပြန်လေသည်။

သူ၏ အဘိုး ဂျွန် စတီးမင်း ကွယ်လွန်သည့် ၁၉၁၀ ခုနှစ်တွင်မှ ပိုး များနှင့် စမ်းသပ်နေသော သူ၏ အဆုတ်ရောဂါ ကုသရေး လုပ်ငန်းသည် အောင်မြင်ခဲ့လေပြီ။ သူ့အဘိုး ကွယ်လွန်ခြင်းနှင့် သူ၏ အဆုတ်ရောဂါ ကုသ မှု လုပ်ငန်း အောင်မြင်ခြင်းတည်း ဟူသော ဖြစ်ရပ် နှစ်ရပ်သည် သူ၏ ဘဝ လမ်းကြောင်းကို တစ်မျိုးတစ်ဖုံ ပြောင်းလွဲသွားအောင် ဖန်တီးပေးခဲ့သည်ဟု ဆိုက မှားမည် မဟုတ်ပေ။

စတီးမင်း၏ မိခင်သည် သားဖြစ်သူ၏ သုတေသန လုပ်ငန်းတွင် လုပ်ငန်း အစပြုချိန် ကတည်းက စိတ်ဝင်စားရုံမျှမက သူမ၏ သားဖြစ်သူ လုပ် ချင်ပါလျက်နှင့် မလုပ်ရသည့် အဖြစ်ကို သနားနေသူ ဖြစ်ရာ သူ့သား စိတ် တိုင်းကျ လုပ်ဖို့ အတွက် ဘာမဆို သဘောတူ ခွင့်ပြုရန် အသင့် ပြင်ထားသူ ဖြစ်ပေသည်။

ဤသို့ဖြင့် မိခင်၏ သဘောတူညီချက်ဖြင့် သူ၏ ရှေ့နေ အလုပ်ကို စွန့်လွှတ်ခဲ့ပြီး အဘိုးထံမှ ဆက်ခံရရှိသော အမွေဖြင့် အိုရီဂွန်း ပြည်နယ်



www.burmeseclassic.com

www.burmeseclassic.com

ပို့တလန်မြို့ အနီး၌ မြေကွက် တစ်ကွက် ဝယ်ယူကာ သူ့ဘဝတွင် သူ အလုပ်ချင်ဆုံး ဖြစ်သော လုပ်ငန်းကို စတင် လုပ်ကိုင်ခဲ့ခြင်းဖြင့် သူ့ဘဝကို မြှုပ်လိုက်လေတော့၏။

ရစ်ချတ် စတီးမင်းသည် သူ ဝါသနာပါသော အလုပ်ဖြင့် နှစ်ပေါင်းများစွာ အချိန်ဖြုန်းခဲ့ရသဖြင့် ဆေးပညာ ဆိုင်ရာ ဘွဲ့ကို မရခဲ့တော့ပေ။ ဘွဲ့ရအောင် ထပ်မံ ကြိုးစားဖို့ ဆိုသည်မှာလည်း အသက်အရွယ်က ကြီးနေပြီ ဖြစ်၍ အခြေအနေကာ မပေးတော့ချေ။

မည်သို့ပင် ဖြစ်စေ သူကတော့ သူ့အလုပ်ကို တိုးတက်အောင် လုပ်ချင်သည်။ အကျိုးဖြစ်ထွန်းအောင် လုပ်ချင်သည်။ ထို့ကြောင့်လည်း သူသည် အချိန်ရှိသရွေ့ သူ့အလုပ်ပေါ်တွင်သာ အာရုံ စူးစိုက်ခဲ့လေသည်။

ရစ်ချတ် စတီးမင်းသည် မြင်းနီများမှ သွေးအကြည်ရည် ထုတ်ယူခဲ့သည်။

တစ်ချိန်တည်းမှာပင် သူသည် ယေး တက္ကသိုလ်မှ ဟမ်းဟို့နှင့် ဝီလတ်ဂစ်တို့၏ အခြေခံ ရှာဖွေ တွေ့ရှိချက်များနှင့် နောင်တစ်ချိန်တွင် ထင်ရှားသော သမားတော်ကြီးများ ဖြစ်လာကြသည့် ဘီဆေးလွန်နှင့် ဖင့်တို့၏ ရှာဖွေ တွေ့ရှိချက်များကို အသုံးပြု၍ ရောဂါကြောင့် ပျက်စီးသွားသော အဆုတ်နေရာတွင် အဆုတ်တု အစားထိုး ကုသခြင်းကို လုပ်ကိုင်ခဲ့၏။ ယင်း လုပ်ငန်းမှ တစ်ဆင့် သူသည် အဆုတ်ရောဂါသည်များအား ဆေးဝါး ကုသခြင်း လုပ်ငန်းကို ဖောက်ချ၍ လုပ်ကိုင်လာခဲ့လေသည်။

ဓာတ်ခွဲခန်းများထဲ၌ တကုပ်ကုပ် လုပ်နေစဉ်က ရရှိခဲ့သည့် အောင်မြင်မှုများကြောင့် သူ၏ နာမည်သည် ထင်ရှားခဲ့သော်လည်း လူသိမများလှပေ။ စတီးမင်း အဆုတ်ရောဂါကု စခန်း ဖွင့်ပြီး လူနာများကို လက်ခံ၍ ကုသပေးသည့် အခါတွင်မူကား စတီးမင်း၏ နာမည်သည် တစ်ဟုန်ထိုး ကျော်ကြားကာ လူသိ များလာလေသည်။

သူ လက်ခံ ကုသပေးရသည့် လူနာ အများအပြားမှာ ရောဂါ မပျောက်နိုင်၍ ဆေးရုံ တစ်ခုမှ တစ်ခုသို့ လှည့်လည် တက်ရောက်ကာ အကုသ ခံဖူးခဲ့ကြသည့် နာတာရှည် ရောဂါသည်များ ဖြစ်ကြသည်။ ယင်း လူနာများမှာ အများအားဖြင့် ကုသ၍ မရတော့ဟု ဆရာဝန်ကြီးများက သတ်မှတ်ထားခြင်း ခံရသော လူနာများ ဖြစ်ပေသည်။

စတီးမင်း၏ စခန်းမှ ယင်းလူနာများအား ထိရောက် အောင်မြင်စွာ





ကုသပေးနိုင်သဖြင့် ဆေးပညာရှင်များ လောကမှ ပုဂ္ဂိုလ် အများစုသည် စတီးမင်း အပေါ်တွင် မကျေမနပ် ဖြစ်လာခဲ့ကြ၏။ သူ့အား သိက္ခာကျအောင် ပြောဆိုကြသည်။ ကဲ့ရဲ့ ရှုတ်ချကြသည်။ ပြစ်တင် စွပ်စွဲကြသည်။ ဤသို့ဖြင့် သူသည် ဆေးပညာရှင်များ၏ ဆန့်ကျင်မှု၊ မလိုလားမှု၊ ရန်ပြုမှု စသည်များနှင့် အကြီးအကျယ် ရင်ဆိုင်ခဲ့ရလေ၏။

တစ်ဖက်တွင် ဆေးပညာရှင်များ၏ ရန်ပြုမှုများကို ရင်ဆိုင်ရင်း သူ၏ ဆေးကု လုပ်ငန်းကို လူအများက အသိအမှတ် ပြုလာစေရန် ကြိုးပမ်း အားထုတ်ခဲ့ရ၏။ သူ့တွင် ရှိသော သူပိုင်ငွေ အားလုံးမှာလည်း ဆေးရုံ တည်ဆောက်ရေးနှင့် ဆေးရုံ ထိန်းသိမ်းရေး ကိစ္စရပ်များတွင် သုံးစွဲ ကုန်ကျခဲ့ရသဖြင့် ရေရှည် ဆက်လက် တည်တံ့ ခိုင်မြဲလာအောင် လုပ်ဖို့ လိုလာလေ၏။

အမှန်ကတော့ စတီးမင်းသည် သူ့ကိုယ်သူ လူသိများအောင် ထင်ရှားကျော်ကြားအောင် လုပ်ခြင်းကို ရွံရှာ စက်ဆုပ်သူ ဖြစ်သည်။ သူ့လုပ်ငန်းကို ကြော်ငြာရေးဆန်ဆန် ကြော်ငြာရမည်ကိုလည်း အလွန် ကြောက်သူ ဖြစ်၏။ အခြေအနေကလည်း သူ့အား ဆန့်ကျင်နေကြသည့် အုပ်စု၏ ဝိုင်းဝန်း တိုက်ခိုက်မှုကြောင့် စုံးစုံး မြုပ်ရတော့မည့်ကဲ့သို့ ဖြစ်နေသည်။ သို့သော်လည်း စတီးမင်း၏ အနိုင်မခံ အရှုံးမပေးသော ဖွဲ့သတ္တိကြောင့် အခက်အခဲ အမျိုးမျိုးကို တဖြည်းဖြည်းချင်း ကျော်နင်း ဖြတ်သန်းနိုင်ခဲ့သည်။ ထိုစဉ်က သူ၏ အခြေအနေမှာ သတင်းစာများက အစ သူ့လုပ်ငန်းကို ဝိုင်း၍ ဝေဖန် ပြစ်တင်နေကြသည် အထိ ဆိုးရွားခဲ့လေသည်။

မည်သို့ပင် ဖြစ်စေ သူ့အပေါ် အထင်အမြင် လွဲမှားမှုများသည် တဖြည်းဖြည်းနှင့် ပျက်ပြယ်စ ပြုလာသည်။ ဝိုင်းဝန်း တိုက်ခိုက်မှုများမှာလည်း အစကလောက် မပြင်းထန်တော့ဘဲ ငြိမ်သက်သွားသည်။ ၁၉၂၅ ခုနှစ်တွင်မူ ဒါရှင်တန် ကော်မရှင်ဟု အမည်ပေးတွင်ခဲ့သော စုံစမ်းရေး အဖွဲ့ တစ်ဖွဲ့သည် စတီးမင်း၏ စခန်းသို့ သွား၍ လေ့လာ စုံစမ်းခြင်း ပြုခဲ့သည်။ ထို့နောက် စတီးမင်း၏ စခန်းနှင့် လုပ်ငန်းကို ထောက်ခံ အားပေးသော စုံစမ်းရေး အဖွဲ့ အစီရင်ခံစာသည် ပေါ်ထွက်လာခဲ့လေ၏။ တရားဝင် လူအများ၏ အသိအမှတ်ပြုခြင်းကို ရလာခဲ့သည့် အချိန်မှ စ၍ စတီးမင်း လုပ်ငန်း အတွက် အလှူငွေများသည် ဝင်လာမစဲ တသဲသဲ ဖြစ်လာသည်။ တစ်ဦးချင်း လှူဒါန်းသူများ အများအပြား ပေါ်ထွက်လာသကဲ့သို့ ရက်ရက်ရောရော လှူဒါန်းသောကြည်ညို အဖွဲ့အစည်းများလည်း အများအပြားပင် ရှိလာသည်။ စတီးမင်းသည်



www.burmeseclassic.com

www.burmeseclassic.com

ရသည့် အလှူငွေများကို စခန်း တိုးချဲ့ရေးနှင့် ခေတ်မီအောင် မွမ်းမံ ပြင်ဆင်ရေး ကိစ္စများတွင် စနစ်တကျ သုံးစွဲခဲ့၏။ ဆေးကုသရေး လုပ်ငန်းတွင် လိုသလို အသုံးချနိုင်မည့် နွားနှင့် မြင်းများကိုလည်း မျိုးကောင်း မျိုးသန့် ချည်း ရွေး၍ မွေးမြူခဲ့လေသည်။

ယခုအချိန်တွင် စတီးမင်း၌ ၁၉၂၉ ခုနှစ် အတွင်းက သူ့အား ပုဂ္ဂိုလ်ရေး အရ ပြင်းပြင်းထန်ထန် ဆန့်ကျင် တိုက်ခိုက်ခဲ့သော၊ သူ့ အလုပ်မှ ထုတ်ပယ်ပစ်ခဲ့သည့် သူ၏ ခွဲခန်းမှူးလို ရန်သူမျိုး လုံးဝ မရှိတော့ဟု မပြောနိုင်သော်လည်း ၎င်းကနှင့် စာလျှင် များစွာ နည်းသွားခဲ့ပြီ ဖြစ်ရာ သူ့ အလုပ်သူ နားအေး ပါးအေးဖြင့် လုပ်ကိုင်နိုင်သည့် အခြေအနေသို့ ရောက်နေပြီ ဖြစ်၏။

သူ ရရှိခဲ့သော အောင်မြင်မှုများကြောင့် စိတ်နေ စိတ်ထား ပြောင်းလဲခြင်း မရှိခဲ့သော စတီးမင်းသည် လွန်ခဲ့သော နှစ်ဆယ့် ငါးနှစ်ခန့်က ဘီးယားကွန်း တောင်ကုန်းပေါ်ရှိ နေအိမ် အထပ်ခိုးကလေးထဲ၌ ခွဲခန်း သုတေသန လုပ်ငန်း လုပ်ကိုင်နေစဉ် အခါကလိုပင် ရိုးရိုးအေးအေးနှင့် တည်တည်ငြိမ်ငြိမ်ပင် ဖြစ်လေ၏။

ယခု ဘရွတ် ဟိုတယ် စားသောက်ခန်း အတွင်း၌ ထိုင်ကာ ခင်မင်ဖော်ရွေသော အပြုံးဖြင့် ကြည့်နေသည့် စတီးမင်းသည် ရိုးရိုးအေးအေးနှင့် တည်တည်ငြိမ်ငြိမ်ပင် ဖြစ်လေသည်။

'အင်္ဂလန်ကို အလည်ရောက်ရတာ အလွန် စိတ်ချမ်းသာစရာ ကောင်းပါတယ်၊ ကျွန်တော်တော့ ခင်ဗျားတို့ နိုင်ငံရဲ့ ကျေးလက် တောရွာပိုင်းကို သိပ်သဘောကျတာပဲ၊ နွေရာသီ ဆိုရင် ကျွန်တော်တို့ဆီမှာ ဒီလောက် မအေးဘူး'

'အခု လာတာ ဟောဖို့ ပြောဖို့ လုပ်ငန်းများ ပါသေးသလား'

အင်ဒရူး၏ မေးခွန်းကြောင့် စတီးမင်းက ပြုံးလေသည်။

'မပါပါဘူး၊ ဟောလည်း ဟောစရာ မရှိပါဘူး၊ ကျွန်တော်ရဲ့ ရှာဖွေတွေ့ရှိချက်တွေ အားလုံးဟာ ကျွန်တော့်ရဲ့ ဟောပြောချက်တွေပါပဲလို့ ပြောလိုက်ရင် ဘဝင်မြင့်သလိုများ ဖြစ်နေမလား မသိဘူး၊ ကျွန်တော် အခု လာတာဟာ တိတ်တိတ်ကလေး ကိုတ်ပြီး လာတာပါ၊ ခင်ဗျားတို့ မိတ်ဆွေကြီး ကရင်စတာန်၊ ဟားဘတ် ကရင်စတန်ကို ပြောနေတာပါ၊ ထူးဆန်း အံ့သြဖွယ်ကောင်းတဲ့ မော်တော်ကားငယ်ကလေးတွေ ထုတ်လုပ်နေတဲ့ ဟားဘတ် ကရင်စတန်လေ၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်က သူ အမေရိကန်ကို ရောက်လာ





ပါတယ်၊ သူ့ခများလည်း ပန်းနာ ရောဂါဒဏ်ကို ရာသက်ပန် ခံလာရတဲ့ လူတစ်ယောက် ဖြစ်နေတော့ ကျွန်တော့် စခန်းမှာ ဆေး အကုသခံခဲ့ပါတယ်၊ အဲဒီအချိန်က စပြီး ကျွန်တော်တို့ ပို့တလန်း စခန်း ကုသနည်း အတိုင်း ကုသနိုင်မယ့် ဆေးခန်း တစ်ခု အင်္ဂလန်မှာ ဖွင့်ပေးဖို့ နားပူခဲ့ပါတယ်၊ လွန်ခဲ့တဲ့ ခြောက်လလောက်ကတော့ သူ ပူဆာတဲ့အတိုင်း ဖွင့်ပေးဖို့ ကျွန်တော်သဘောတူခဲ့ပါတယ်၊ အစီအစဉ်တွေလည်း လုပ်ပြီးနေပါပြီ၊ ကျွန်တော်တို့ အခု လုပ်မယ့် နေရာကို ဘဲလီးဗီးလို့ ခေါ်တယ်၊ အဆောက်အအုံလည်း ပြီးလုနီးနေပြီ၊ နေရာက ဟိုက်ဝိုင်းကွန်းဘီးနားက ချင်လတန် ဘက်မှာပါ၊ ကျွန်တော်က စပေးခဲ့ပြီးရင် ဆေးခန်း တာဝန်ကို ကျွန်တော့်ရဲ့ လက်ထောက်တစ်ဦး ဖြစ်တဲ့ မာလင်က ဆက်ပြီး တာဝန်ယူသွားပါလိမ့်မယ်၊ ကျွန်တော်တို့ အခု ဖွင့်မယ့် ဆေးခန်းဟာ စမ်းသပ် ဆေးခန်း အဖြစ် ဖွင့်မှာပါ၊ ကျွန်တော်တို့ရဲ့ ကုသနည်း အတွက် အလားအလာ ရှိမယ့် စမ်းသပ် ဆေးခန်း တစ်ခု ဖြစ်လာလိမ့်မယ်လို့တော့ ယုံကြည် မျှော်လင့်ထားပါတယ်၊ အထူးသဖြင့် ရာသီဥတုနှင့် လူမျိုးချင်း မတူတဲ့ ရှုထောင့်တွေက ကြည့်ပြီးမှ လုပ်ရတဲ့ အခြေအနေမျိုးမို့ စိတ်ဝင်စားစရာတော့ ကောင်းပါတယ်၊ ငွေရေး ကြေးရေး အခြေအနေကတော့ ပူစရာ မရှိပါဘူး၊ အတော်ကလေး တောင့်တင်းပါတယ်'

'ကြားရတာ ဝမ်းသာစရာလည်း ကောင်း၊ စိတ်ဝင်စားစရာလည်း ကောင်းပါတယ်၊ ဘယ်လို အမျိုးအစား ရောဂါသည်တွေကို လက်ခံပြီး ကုသွားဖို့ ရည်ရွယ်ထားပါသလဲ၊ ကျွန်တော်တောင် လိုက်ကြည့်ချင်ပါသေးတယ်'

'အားလုံး အဆင်သင့် ဖြစ်တဲ့ အခါမှာ ခင်ဗျားကို ခေါ်ပြပါ့မယ်၊ ပထမအစမှာတော့ ပန်းနာရောဂါသည်တွေကို လက်ခံပြီး ကုသဖို့ စီစဉ်ထားပါတယ်၊ ဒါကလည်း မစ္စတာ ကရင်စတန်ရဲ့ ဆန္ဒအရ လုပ်ပေးတာပါ၊ နောက်ပိုင်းကျတော့မှ အဆုတ်ရောဂါ ဖြစ်စ လူနာတွေ နည်းနည်းပါးပါး လက်ခံသွားဖို့ စိတ်ကူးထားပါတယ်၊ နည်းနည်းလို့ ကျွန်တော် ပြောတာကို ဒေါက်တာ မဆန် သတိထားမိပါလိမ့်မယ်၊ ကျွန်တော်ဟာ *Bio Physicist* တစ်ယောက် ဖြစ်နေတယ် ဆိုတဲ့ အချက်ကို ကျွန်တော် မမေ့ပါဘူး၊ တကယ်တမ်း ဆိုရင် ကျွန်တော်ဟာ အသက်ရှူ လမ်းကြောင်း သဘော သဘာဝကို သိပ်ပြီး များများ သိတာ မဟုတ်ဘူး၊ အနည်းအကျဉ်းလောက်ပဲ သိတာပါ၊ အဲ... ကျွန်တော် စောစောက ပြောနေတာ ဘာပါလိမ့်၊ ဪ သိပြီ၊ ... အဆုတ်ရောဂါ ဖြစ်စ လူတွေ၊ အဲဒီ အပိုင်းကိုတော့ ခင်ဗျား စိတ်ဝင်စားလိမ့်


www.burmeseclassic.com

www.burmeseclassic.com

မယ်လို့ ထင်ပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော့်မှာ အဆုတ်လေဝင်ရောဂါကို သက်သာအောင် လုပ်တဲ့ နည်းသစ် တစ်ခု တွေ့ထားပါတယ်။ သိပ်ပြီး ထိရောက်တဲ့ နည်း၊ တိုးတက်တဲ့ နည်း တစ်နည်းပေါ့'

'မစ္စတာ စတီးမင်း ဆိုလိုတဲ့ နည်းက အီမိုင်းဝေးနည်းကို ဆိုလိုတာလား'

'မဟုတ်ဘူး မဟုတ်ဘူး၊ အခုနည်းက အဲဒီနည်းထက် အများကြီး ပိုကောင်းတဲ့ နည်း၊ အဆုတ်လေဝင်နာ ဖြစ်အောင် ဖန်တီးပေးပြီး ကုတဲ့ နည်းတစ်မျိုးပဲ၊ အဆုတ်ထဲကို လေဝင်အောင် လုပ်ပြီးမှ ကုတဲ့ နည်းသစ် တစ်ခုဆိုပါတော့၊ ပုလင်းနှင့် တပ်ဆင်ပြီး သုံးရတဲ့ ကိရိယာရဲ့ အခက်အခဲကို ခင်ဗျား သိသားပဲ မဟုတ်လား'

သူ ကိုယ်တိုင်က အဆုတ်ရောဂါ ကုသရေးတွင် စိတ်ဝင်စားခဲ့ရုံမျှမက လက်ရှိလည်း ဝိတိုရီးယား အဆုတ်ရောဂါကု ဆေးရုံကြီး၏ ဆရာဝန် ဖြစ်နေသော အင်ဒရူးသည် စတီးမင်း၏ ကုသနည်း အပေါ်တွင် များစွာ စိတ်ဝင်စားလျက် ရှိနေမိလေပြီ။

'ဒီလိုဆိုရင် မစ္စတာ စတီးမင်းရဲ့ နည်းက အဆုတ်ရဲ့ အပြင် အကာကို ရှော့ခ် လုံးဝ မရှိအောင် လုပ်ထားတာပေါ့ ဟုတ်လား၊ ဒါဆိုရင် ခင်ဗျား သိတဲ့ အတိုင်းပဲ မစ္စတာ စတီးမင်း၊ အဲသလို လုပ်ထားတဲ့နည်း ဆိုရင်တော့ ကျွန်တော့်အဖို့ အံ့သြစရာ ဖြစ်နေပြီ၊ ဒါဟာ ထူးခြားမှု တစ်ခုလို့ ဆိုရမှာပဲ အိုး... စိတ်မရှိနှင့်နော်၊ ကျွန်တော် အခုလို ပြောမိတာကို ခွင့်လွှတ်ပါ၊ ဒါပေမဲ့ ကျွန်တော် ပြောတဲ့ စကားဟာ ဘာကို ဆိုလိုတယ် ဆိုတာ မစ္စတာ စတီးမင်း နားလည်လိမ့်မယ် ထင်ပါတယ်၊ နည်းဟောင်းကို သုံးပြီး လက်တွေ့ ကုသပေးနေတဲ့ ဆရာဝန် အများစုကတော့'

'ကျွန်တော်ရဲ့ မိတ်ဆွေ သမားတော်ကြီးရယ်'

မစ္စတာ စတီးမင်း၏ မျက်လုံးအစုံသည် အားရ ကျေနပ်ခြင်း၊ ကြည်နူး နှစ်သိမ့်ခြင်းကို ဖော်ပြနေပေသည်။

'ကျွန်တော်တို့ အနေနှင့် အဆုတ် လေဝင် ရောဂါကို ပထမဆုံး ရှာဖွေ တွေ့ရှိခဲ့တဲ့ ကာဆန် ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဆရာဝန် တစ်ယောက် မဟုတ်ပါဘူး၊ အဲဒီ ပုဂ္ဂိုလ်ဟာ ဇီဝကမ္မ ကျွမ်းပြူဆရာ တစ်ယောက်မျှသာ ဖြစ်တယ် ဆိုတဲ့ အချက်ကို မေ့မပစ်စေချင်ဘူး'

ထို့နောက် နှစ်ယောက်သား အတတ်ပညာပိုင်း ဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေး ဝေဖန်ကြပြန်သည်။

နှစ်ယောက်သား စကားကောင်းနေကြသဖြင့် အချိန် မည်မျှ ကုန်သွားသည်ကို သတိမထားမိကြချေ။ မစ္စတာ စတီးမင်းက သူ့ လက်ပတ်နာရီကို ကြည့်ပြီး မစ္စတာ ကရင်စတန်နှင့် ချိန်းဆိုထားသည့် ကိစ္စ အတွက် နာရီဝက်ခန့် နောက်ကျသွားပြီဟု ပြောခါမှပင် စကားကို ဖြတ်နိုင်ကြလေတော့၏။

အင်ဒရူးသည် တက်ကြွသော စိတ်၊ အားကျသော စိတ်ဖြင့် ဘရွတ်ကတယ်မှ ပြန်လာခဲ့လေ၏။ သို့သော်လည်း သူ၏ လက်ရှိ အခြေအနေများကို စဉ်းစားမိသည့် အခါ စိတ်ရှုပ်သွားလေ၏။ အသေအချာ စဉ်းစားလိုက်ပါက လက်ရှိ သူ လုပ်နေသမျှသည် ကျေနပ်စရာ တစ်ကွက်မှ မရှိပေ။ အမှန်တော့ သူသည် စတီးမင်းကို အမီလိုက်ဖို့ မလွယ်ကူတော့သည့် အခြေအနေသို့ ရောက်ရောက်နေပြီ ဖြစ်၏။ သူသည် စတီးမင်း၏ နောက်တွင် အပြတ်အသတ် နောက်ကျ၍ ကျန်ခဲ့ပြီကို စဉ်းစားမိလိုက်သော အခါ များစွာ အားပျက်သွားလေ၏။

ချက်စဘောရီး ရပ်ကွက်ထဲ ဝင်လာချိန် အထိ သူ့စိတ်မှာ မကြည်လင် ဖြစ်ဆဲပင်။ သူသည် စိတ်ရော ကိုယ်ပါ ညှိုးနွမ်းဆဲပင်။ အိမ်နှင့် မျက်နှာချင်းဆိုင် လမ်းသို့ ရောက်ခါမှပင် သူ့ကိုယ်သူ မူမပျက်အောင် သတိထား၍ ဝင်လာခဲ့ရလေ၏။

သူနှင့် ခရစ္စတီတို့ ဆက်ဆံရေးသာ ကောင်းမွန်နေခဲ့ပါမူ သူ့စိတ်သည် ယခုလောက် စိတ်ညစ် စိတ်ရှုပ်စရာ၊ အားငယ်စရာ ရှိမည် မဟုတ်ပေ။ ယခုတော့ ခရစ္စတီက သူ့အား လုံးဝ ဂရုမစိုက်တော့ဘဲ ဘာသာလဝါ နေလာခဲ့သည်မှာ ကြာပြီ ဖြစ်၏။ သူ့အပေါ်တွင် စိတ်ဝင်စားမှု မရှိတော့သည့် ပုံမျိုးဖြင့် အေးတိ အေးစက် ဖြစ်လာသည်ကို စဉ်းစားမိသောအခါ ခရစ္စတီ အပေါ်တွင် ခွင့်မလွှတ်နိုင်အောင်ပင် ဒေါသ ဖြစ်လာမိပြန်လေသည်။

ယခုတလော ခရစ္စတီ နေထိုင်ပုံမှာ သူ့ဘာသာသူ တစ်ကိုယ်တည်း စိတ်သက်သာမှုကို ရှာ၍ နေပါတော့မည်ဟု စိတ်နှလုံး တုံးတုံးချ၍ နေသည့်ပုံမျိုး ဖြစ်သည်ဟုပင် သူ ထင်၏။ သူမ၏ အတွင်းသဘော မည်သို့ ရှိသည်ကို အတိအကျ မပြောနိုင်သော်လည်း သူ ယခု ထင်ထားမိသည့် အတိုင်းပင် ဖြစ်လိမ့်မည်ဟု တွေးမိလေ၏။

ယခုတလော ခရစ္စတီသည် စာ သိပ်ဖတ်၏။ စာတွေလည်း များများ ရေး၏။ ဘာတွေ ဖတ်၍ ဘာတွေ ရေးမှန်းတော့ မသိပေ။ အိမ်ထဲတွင် အသော်


www.burmeseclassic.com

www.burmeseclassic.com

ရှိနှင့် ကစားနေသည်ကိုလည်း တစ်ကြိမ် နှစ်ကြိမ် တွေ့ရသည်။ ဘုရားရှိခိုး ကျောင်းသို့ မှန်မှန် သွားသည်ကိုလည်း တွေ့ရသည်။ ခရစ္စတီ လုပ်နေသ ထဲတွင် ဤကိစ္စကို သူ ဒေါသ အထွက်ဆုံးပင် ဖြစ်သည်။

ဒရင်းဖီးတွင် နေခဲ့ကြစဉ်က ခရစ္စတီသည် တနင်္ဂနွေနေ့တိုင်း မစ္စ ခတ်ကင်းနှင့် အတူ ဘုရားရှိခိုးကျောင်းသို့ သွားလေ့ရှိရာ သူ့ အနေဖြင့် အပြ ပြောစရာ မရှိပေ။ ယခုတော့ သူ့အပေါ် အားနာမှု မရှိဘဲ သူ့ တစ်ယော ဘည်း ထားခဲ့ပြီး တစ်ယောက်တည်း ဘုရားရှိခိုးကျောင်းသို့ သွားနေခြင်း ဖြ ၍ ဒေါပွခြင်း ဖြစ်ပေသည်။

ထိုနေ့ညနေ အင်ဒရူး အခန်းထဲသို့ ဝင်လာခိုက်တွင် ခရစ္စတီသည် စားပွဲ၌ ထိုင်လျက်ရှိ၏။ မကြာသေးခင်ကမှ ရထားသော မျက်မှန်ကို တပ်ကာ စားပွဲပေါ် လက်နှစ်ဖက် တင်၍ စာအုပ် တစ်အုပ်ကို သဲကြီးမဲကြီး ဖတ်လျ ရှိ၏။ ဟက္ကသိုလ် ကျောင်းသူ တစ်ဦး စာကျက်နေသည့် ဂိုက်ဆိုက်မျိုး ဖြစ်သည်ဟု ထင်မိလိုက်သော အင်ဒရူးသည် ဒေါသကို မထိန်းနိုင်အော ဖြစ်သွားလေ၏။

အင်ဒရူးသည် ခရစ္စတီ၏ နောက်မှ ရပ်ကာ သူမ၏ ပခုံးပေါ်မှ ကျော ၍ သူမ၏ လက်ထဲမှ စာအုပ်ကို ဆတ်ခနဲ ဆွဲယူလိုက်သည်။ ခရစ္စတီက စာအုပ်ကို ဝှက်လိုက်ရန် ကြိုးစားသေးသော်လည်း အလစ်တွင် ဆွဲယူလိုက်ခြ ဖြစ်၍ မရတော့ပေ။ စာမျက်နှာ ထိပ်မှ စာလုံးများကို ဖတ်လိုက်မိ၏။

စိန့်လုခ်၏ တရားကျမ်းစာ။

'ကောင်းပါ့ကွာ'

အင်ဒရူးက ဒေါပွပွနှင့် ရေရွတ်သည်။

'မင်းက အချိန်ရှိသမျှ ဒီအလုပ်ပဲ လုပ်နေတယ်ပေါ့ ဟုတ်လား၊ တရား ကျမ်းစာတွေ ဖတ်ပြီး သိပ် ကြီးကြီးကျယ်ကျယ်တွေ စိတ်ကူးနေတယ် ဆိုပ တော့'

'တရားကျမ်းစာ ဖတ်တာ ဘာဖြစ်လဲ၊ ကယ်သူ့ကိုမှ ထိခိုက် နစ်နာ အောင် လုပ်နေတာမှ မဟုတ်ဘဲ၊ ပြီးတော့ ရှင်နှင့် မရခင် ကတည်းက ကျွန်မ ဖတ်နေကျ၊ ကျွန်မ အခုမှ အဆန်းလုပ်ပြီး ဖတ်နေတာ မဟုတ်ဘူး'

'သြော်... သြော် ဟုတ်လား၊ ငါနှင့် မရခင် ကတည်းက မင်း ဖတ် တယ်၊ ဟုတ်လား'

'ဟုတ်တယ်'





ခရစ္စတီ၏ မျက်လုံးများသည် ထူးထူးခြားခြား နာကြည်းမှု ဝေဒနာကို ဖော်ပြနေပေသည်။

'ပလာဇာ ဟိုတယ်ကို လာနေကြတဲ့ ရှင့် မိတ်ဆွေတွေကတော့ ဒါမျိုး ကိုတာကို ဘယ်ကြိုက်ပါ့မလဲ၊ ဘာပဲဖြစ်ဖြစ်လေ၊ သမ္မာကျမ်းစာတို့၊ တရား ကျမ်းစာတို့ဟာ စာကောင်း ပေကောင်းတွေပဲ'

'သြော်... ဟုတ်လား၊ ဒီလိုဆိုရင် မင်း မသိသေးတဲ့ အချက် တစ်ချက် ပြောစမ်းပါရစေ၊ မင်းဟာ စိတ်ကူးနှင့် ရူးနေတဲ့ အရူးမ တစ်ယောက် ဖြစ် ပြီကွ သိရဲ့လား'

'ဒါကတော့ ရှင် ပြောသလို ဟုတ်ချင်လည်း ဟုတ်ပေမပေါ့၊ ဒီလို ဖြစ် တာဟာ ကျွန်မ အပြစ်ပဲလို့ ဆိုပါတော့၊ ကျွန်မကလည်း ရှင့်ကို တစ်ခု ပြော ရစေ၊ ကျွန်မကတော့ အောင်မြင်မှုတွေ ရပြီး စိတ်ပိုင်း တစ်ပိုင်းလုံး သေနေ လူတစ်ဦး ဖြစ်ရတာထက် စိတ်ပိုင်း ရှင်သန်ပြီး အရူး တစ်ယောက် ဖြစ် တာကို ပိုပြီး ကြိုက်တယ်'

ခရစ္စတီသည် နှုတ်ခမ်းများကို သွေးထွက်လုခမန်း တင်းတင်းရင်းရင်း ကိုက်ထားသည်။ ဒီတစ်ကြိမ်တွင်မူ မျက်ရည် တစ်စက် မကျ။ ဒေါသ အရှိန် ကြောင့် တစ်ကိုယ်လုံး တုန်ယင်နေသော်လည်း ထိန်းချုပ်ထားသည်။ အင်ဒရူး ၏ မျက်နှာကို စူးစူးရဲရဲ ရင်ဆိုင်သည်။ သူမ၏ မျက်လုံးများကမူ အလွန် နာကြည်းသည့် အရိပ်အငွေ့များကို ထင်ရှားစွာ ဖော်ပြလျက် ရှိလေသည်။

'ဒီမှာ အင်ဒရူး၊ အခု လောလောဆယ် ကျွန်မ ဒီမှာ နေလို့ ဘယ်နည်း နဲ့မှ မဖြစ်ဘူး၊ ကျွန်မ တစ်နေရာရာမှာ ခဏတစ်ဖြုတ် သွားနေလိုက်ရင် ကျွန်မတို့ နှစ်ယောက်စလုံး အတွက် ကောင်းလိမ့်မယ်လို့ ရှင် မထင်ဘူးလား၊ မျက် ဖောက်ဟန်ကလည်း သူတို့ဆီမှာ ၁၅ ရက်လောက် လာနေဖို့ စာ ရေးဘယ်၊ သူတို့ အခု နွေရာသီမှာ နေဖို့ နယူးကွေးမှာ အိမ် ရထားပြီတဲ့၊ ကျွန်မ သွားသင့်တယ်လို့ ရှင် မထင်ဘူးလား'

'သွား... သွား၊ မင်း သွားချင်ရာ သွား'

အင်ဒရူးသည် တစ်ချက်ကျုံး၍ အော်လိုက်ပြီး ချာခနဲ လှည့်၍ ထွက် သွားလေ၏။


www.burmeseclassic.com

www.burmeseclassic.com

[၃၇]

ခရစ္စတီ နယူးကြွေးသို့ ထွက်ခွာသွားသည့် အတွက် အင်ဒရူးမှာ အတော်ကလေး စိတ်သက်သာရာ ရခဲ့လေ၏။ ကိုယ်စိတ် နှစ်ပါးလည်း အတော်ကလေး လွတ်လပ်ခဲ့လေ၏။ ခရစ္စတီ ထွက်သွားသည့် ရက်မှ စ၍ သုံးရက်တိတိ စိတ်ချမ်းသာသလို ရှိခဲ့ရလေ၏။

ထိုနောက်တွင်မူကား ခရစ္စတီကို သတိရစ ပြုလာသည်။

ခရစ္စတီ တစ်ယောက် ဘာတွေများ လုပ်နေပါလိမ့်။ သူ့ကိုမှ သတိရပါလေစ။ တခြား တစ်ပါးသော အမျိုးသမီး တစ်ဦးနှင့် သူ တွဲနေမလား ဟူသော စိတ်ဖြင့် သံသယ ဝင်ကာ မနာလို ဝန်တိုစိတ် ဖြစ်ပြီး ပြန်လာလေလေား။

'မိန်းမ ထွက်သွားတော့ ဘာဖြစ်ရမှာလဲ၊ ပိုတောင် လွတ်လပ်သေးတယ်' ဟူသော စကားမျိုးဖြင့် သူ့ကိုယ်သူ အားပေးခဲ့သော်လည်း တကယ် လက်တွေ့ကျတော့ မျောက်မီးခဲ ကိုင်မိသလို ဖြစ်လျက် ရှိလေ၏။

သူတို့ အေဘာရာလောမြို့တွင် နေခဲ့ကြစဉ်က သူ ဖြေရမည့် စာမေးပွဲအတွက် သူ ကောင်းကောင်း စာကျက်နိုင်ပါစေတော့ ဟူသော သဘောဖြင့် ခရစ္စတီသည် ဘရစ်လင်တန်သို့ အလည်ထွက်သွားခဲ့ဖူး၏။ ထိုစဉ်ကလည်း သူ့မှာ တစ်စုံတစ်ခု လိုနေသလိုလို ခံစားခဲ့ရဖူး၏။ ယခု စိတ်ခံစားရပုံမှာလည်း ထိုစဉ်က အတိုင်းပင် ဖြစ်နေပေသည်။

ခရစ္စတီ၏ ရုပ်ပုံလွှာသည် သူ့မျက်စိထဲတွင် ပေါ်လာသည်။ ဟို ငယ်ဘဲ့တုန်းက ရုပ်ရည်မျိုးတော့ မဟုတ်ပေ။ ဟိုစဉ်ထက် တည်ငြိမ်၍၊ ဟိုစဉ်ကထက် ရင့်ကျက်သော မျက်နှာတွင် မျက်စိ အားနည်းလာပြီ ဖြစ်၍ တပ်ထား



www.burmeseclassic.com

www.burmeseclassic.com

သော မျက်မှန်အောက်မှ ချစ်ဖွယ်ကောင်းသော မျက်လုံး အစုံနှင့် တစ်မျိုး ချစ်စရာ ကောင်းနေသည့် ခရစ္စတီ ဖြစ်၏။ အလွန် လှပသော မျက်နှာ မဟုတ်သော်လည်း အရာရာကို သည်းခံနိုင်စွမ်း ရှိ၍ လောကဓံ၏ အရိုက်အပုတ် အထုအထောင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်သည့် မျက်နှာမျိုး ဖြစ်လေသည်။

အင်ဒရူးသည် အိမ်တွင် ကြာကြာ နေလို့ မရတိုင်း အပြင်သို့ မကြာခဏ ထွက်၍ ဆက်ဖွီး ကလပ်သို့ သွားကာ အိုင်ဗိုရီ၊ ဖရက်ဒီ၊ ဒီမန်းတို့နှင့် ခစ်တုရင် ကစားသည်။ လူချင်း တွေ့ဆုံပြီး ကတည်းက ပို၍ တရင်းတနှီး ဖြစ်လာရသော စတီးမင်းထံသို့လည်း မကြာခဏ သွားလည်သည်။ ယခုအခါ စတီးမင်းသည် ဘရွတ် ဟိုတယ်နှင့် ဆောက်လုပ် ပြီးစီးလု နီးနေပြီ ဖြစ်သော ဝိုင်တွန်ဘီမှ ဆေးခန်းကြားတွင် အမြဲတစေ သွားလာ လှုပ်ရှား နေရသဖြင့် အလုပ်များလျက် ရှိပေသည်။

အင်ဒရူးသည် ဖီးလစ် ဒင်နီထံသို့ စာလှမ်းရေးကာ လန်ဒန်သို့ အလည် လာရန် ဖိတ်ခေါ်သေး၏။ သို့သော်လည်း အလုပ်ဝင်စ ဒင်နီမှာ လာချင်ပါ လျက်နှင့် မလာနိုင် ဖြစ်နေရှာ၏။ ကင်းဘရိတ် တက္ကသိုလ်မှ ဟုတ်ပ်မှာလည်း ကျောင်းစာတွေ တစ်ဖက်နှင့်မို့ လာနိုင်သည့် အခြေအနေ မရှိပေ။

ဝိတိုရီးယား ဆေးရုံ၌ သူ စပြုထားခဲ့သော သုတေသန လုပ်ငန်း အပေါ် တွင် စိတ်ဝင်စားလာအောင် ကြိုးစား ကြည့်ပါသေး၏။ မရချေ။ သူ့ စိတ် သည် ဂနာမငြိမ်ဘဲ အမြဲတစေ လှုပ်ရှားလျက် ရှိ၏။ တစ်ခါတစ်ရံ အလုပ်မရှိ အလုပ်ရှာ၍ ဘဏ်မန်နေဂျာ ဝိတ်ထံ သွားကာ သူ၏ သွင်းငွေများနှင့် ပတ် သက်၍ စုံစမ်းခြင်း ပြုသည်။ အားလုံး ကျေနပ်စရာ အခြေအနေတွင် ရှိနေ၏။

သူသည် ဝဲလ်ဘတ်လမ်းတွင် အိမ်တစ်လုံး ဝယ်ရန် စိတ်ကူးရသဖြင့် စီစဉ်ကြည့်မိသေး၏။ အိမ်ကိုတော့ တွေ့ပါ၏။ ဈေးက အဆမတန် ကြီးနေ ပေသည်။ ဝယ်မည် ဆိုပါက ဝယ်နိုင်သော်လည်း ငွေ အရင်းအနှီးများစွာ မြှုပ် နှံထားရမည့် သဘောမျိုး ဖြစ်နေသဖြင့် စဉ်းစားရ ကျပ်နေသည်။ အိမ်သစ် ဝယ်မည် ဆိုလျှင် လက်ရှိအိမ်ကို ရောင်းပစ်လိုက်လျှင် ကောင်းလေမလား။

လက်ရှိ ချက်စဘောရီးရပ်မှ အိမ်ကို ရောင်းမည် ဆိုပါက ဆေးခန်း လုပ်ထားသည့် အပိုင်းကို ချန်ထားပြီး ရောင်းလျှင်ပင် အမြတ်များစွာ ရနိုင် မည် ဖြစ်ပေသည်။ အရောင်းအဝယ် လုပ်လျှင် အဆင်ပြေအောင် ကူညီပါမည် ဟုလည်း အဆောက်အအုံများ ရောင်းဝယ်ရေး ဆိုင်ရာ အသင်း တစ်သင်းက သူ့အား ပြောထားပေသည်။





မည်သို့ပင် ဖြစ်စေ အင်ဒရူး အဖို့တော့ အိပ်မပျော်သော ညများနှင့် ရင် ဆိုင်လျက် ရှိရချေပြီ။

လန်ဒန်၏ ရာသီဥတုကလည်း ခုတလော ပူလွန်းလှ၏။ ညလယ် ခေါင်းလောက် ရောက်လျှင် အိပ်မရတော့ပေ။ ထိုအခါမျိုးတွင် အင်ဒရူးသည် ဆောက်တတ်ရာရာများကို စိတ်ကူးလေ့ ရှိသည်။ လက်ရှိ အိမ်ကို ရောင်း၍ အိမ်သစ် ဝယ်ရေး။ ဆေးခန်း နှစ်ခန်းမှ သူ့ အလုပ်များ။ သူနှင့် ဝေးရာဆီသို့ သွားနေရရှာသော ခရစ္စတီ။ ဤပြဿနာများသည် သူ့ ဦးနှောက်ထဲဝယ် ထွေး သုံးရစ်ပတ် ပေါ်လာတတ်သည်။ သူ့အဖို့ အိပ်ရာဘေးရှိ စားပွဲပေါ်မှ စီးကရက် သာလျှင် အဖော် ဖြစ်ရာ စီးကရက် တစ်လိပ်ပြီး တစ်လိပ် သောက်ခြင်းဖြင့် သာ အချိန်ကုန်ရလေတော့၏။

တစ်ညနေတွင် ဖြစ်နေကျ အတိုင်း ညလယ်လောက်တွင် နိုးလာပြီး ပြန်၍ အိပ်မရတော့သဖြင့် မစ္စက် ဖရန့် လော်ရင့်ထံ ဖုန်းဆက်မိလေ၏။

'အခုတော့ အိမ်မှာ တစ်ယောက်တည်း အထီးကျန် နိုင်လှတယ်၊ တစ် ညနေခင်းလောက် လျှောက်လည်ရရင် ကောင်းမလားလို့၊ လန်ဒန်မြို့ထဲမှာ လည်း အခုတလော သိပ်ပူတယ်'

ဖရန့် လောရင့် အသံကတော့ အေးအေးသာသာပင်။ သူမ၏ အသံကို ကြားရပြန်တော့လည်း သူ့စိတ်မှာ သက်သာရာ ရသွားသလိုလို၊ ဟာကွက် တစ်ခု ပြည့်သွားသလိုလို ခံစားရလေ၏။

'ရှင့်အကြံက မဆိုးပါဘူး၊ ကောင်းပါတယ်၊ သွားကြတာပေါ့၊ ဘာ ကြောင့်မှန်းတော့ မသိဘူး၊ ရှင် ကျွန်မဆီကို ဖုန်းဆက်လိမ့်မယ်လို့ ထင်မိ တာနှင့် တမျှော်မျှော် ဖြစ်နေမိသေးတယ်၊ ရှင် သိမ်းမြစ်ပေါ်က ပေါင်းကူး တံတားကို သိသလားဟင်၊ အဲဒီမှာ အဲလီဇဘတ်သင် ဟိုတယ် ရှိတယ်လေ၊ ထွန်းထားတဲ့ မီးရောင်အောက်မှာ ရှိနေတဲ့ မြစ်ရဲ့ အလှကတော့ သိပ် ကျက် သရေ ရှိတယ်'

နောက်တစ်နေ့ ညနေခင်းတွင် အင်ဒရူးသည် ဆေးခန်း အလုပ်ကို သုံးနာရီ မထိုးမီ ဆယ့်ငါးမိနစ်ခန့် ကြို၍ ပြီးပြတ်အောင် လုပ်ပြီး အိမ်ပြန် သည်။

ရှစ်နာရီ မထိုးမီ စစ်သည်တော် တံတားသို့ အရောက်သွားကာ သူ့အား စောင့်မျှော်နေသည့် ဖရန့် လောရင့်ကို ခေါ်ပြီး ချက်ဆေးဘက်သို့ ကားမောင်းထွက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

အင်ဒရူးသည် သူ့အားမှ ထိုင်၍ စကားတပြောပြောနှင့် ပါလာသော ဖရန့် လောရင့်၏ အလှတွင် သာယာ နစ်မျောလျက် ရှိ၏။ မက်မောစဖွယ် ကောင်းလှသော သူမ၏ အလှကြောင့် သူ့ မော်တော်ကားသည်ပင်လျှင် အလျင်ကနှင့် မတူအောင် ကျက်သရေ ရှိလာသည်ဟု အထင်ရောက်လျက် ရှိလေသည်။

သူမ၏ အလှသည် ယဉ်လှပါပေ၏။ ခံ့ညားလှပါပေ၏။ ထည်ဝါလှပါပေ၏။ ဝတ်ဆင်ထားသည့် စကပ်နှင့် အနွေးထည်တို့ အရောင်သည် သူမ၏ အသားအရေနှင့် လိုက်ဖက်ညီလှပါပေ၏။ လက်အိတ် စွပ်မထားသော သူမ၏ လက်များကို ယခုမှပင် နီးနီးကပ်ကပ် မြင်ရဖူး၏။ ဖြူဖွေး နူးညံ့၍ သေးသွယ် ပျော့ပျောင်းကာ ပြေပြစ်လှပါပေ၏။

ဖရန့် လောရင့် ပြောပြခဲ့သည့် အတိုင်းပင် အဲလီဇဘတ်သင် ဟိုတယ်သည် သိမ်းမြစ် ပေါင်းကူးတံတားပေါ်တွင် အဆန်းတကြယ် တီထွင် ပြုလုပ်ထားသော ပန်းဥယျာဉ်များထဲမှ ထူးခြား လှပစွာ တည်ထားသည့် ဟိုတယ် ဖြစ်ပေသည်။

ပန်းပင်များကို ရုပ်ပုံ အမျိုးမျိုး ပေါ်အောင် အကွက်ဖော်၍ ဖြတ်ထားသဖြင့် ဟိုတယ်၏ ပတ်ဝန်းကျင် အပြင်အဆင်များသည် အမြင်တစ်မျိုး ဆန်းနေသည်။ သူတို့ ရောက်သွားချိန်တွင်ကား နေရာပင် မရှိတော့လောက်အောင် အဖိုးတန် ကားများစွာနှင့် ပြည့်ကျပ်လျက် ရှိလေပြီ။

နှစ်ဦးသား စားသောက်ခန်း အတွင်းသို့ ဝင်ခဲ့ကြသည်။ စားသောက်ခန်း၏ အပြင်အဆင်မှာလည်း ခံ့ညား ထည်ဝါလှပါပေ၏။ မနီးမဝေး၌ ရပ်နေသော စားပွဲထိုး ခေါင်းဆောင်၏ ဝတ်စား ဆင်ယင်ပုံနှင့် ဟန်ပန် အမူအရာများသည် ပလာဇာ ဟိုတယ်မှ စားပွဲထိုး ခေါင်းဆောင်နှင့် ညီအစ်ကိုများ တော်စပ်လေသလားဟု ထင်မှတ် မှားရလောက်သည်။

အမှန်တော့ အင်ဒရူးသည် စားပွဲထိုး ခေါင်းဆောင်များကို မုန်းလည်း မုန်း၍ ကြောက်လည်း ကြောက်သည်။ ဖရန့် လောရင့်လို အထက်တန်းကျကျ နေတတ် စားတတ်၊ ပြောတတ် ဆိုတတ်သည့် အမျိုးသမီးမျိုးနှင့် အတူ တွဲ၍ ရင်ဆိုင်ရမည် ဆိုလျှင်တော့ စားပွဲထိုး ခေါင်းဆောင် ဟူသမျှကို ကြောက်စရာ လိုမည် မဟုတ်ဟု တွေးလေသည်။

သူ့ အထင်သည် မမှားပေ။ တစ်ချက် လှမ်း၍ ကြည့်လိုက်ရုံမျှနှင့်ပင် စားပွဲထိုး ခေါင်းဆောင်သည် သူတို့ နှစ်ဦးအား အလွန် ရိုသေ လေးစားသည့် အမူအရာဖြင့် အခန်းထဲရှိ အကောင်းဆုံး နေရာမှ အကောင်းဆုံး စားပွဲဆီသို့ ခေါ်သွားပြီး နေရာချပေးသည်။ သူတို့ စားပွဲတွင် စားပွဲထိုး အများအပြားသည် ဝိုင်းအုံလျက် ရှိပြီး တစ်ဦးသော စားပွဲထိုးသည် စားပွဲပေါ်မှ လက်သုတ်ပဝါ တစ်ထည်ကို ဖြန့်လိုက်ပြီး အင်ဒရူး၏ ဒူးနှစ်ဖက်ပေါ်သို့ တရိုတသေ တလေးတစား တင်ပေးလေ၏။

ဖရန့် လောရင့် မှာသည့် အစားအသောက်များမှာ များများစားစား မဟုတ်ပေ။ အဖိုးတန်သည့် အစားအစာများလည်း မဟုတ်ပေ။ သောက်စရာ မှာပြန်တော့လည်း ဝိုင်ကိုပင် မသောက်ချင်ဟု ဆိုကာ ရေခဲရေ တစ်ခွက်သာ မှာ၏။

စားပွဲထိုး ခေါင်းဆောင်သည် သူတို့ မှာနေသည့် အစားအသောက် အမျိုးအစားများကြောင့် အထင်အမြင် သေးသွားသည့် လက္ခဏာကို အရိပ်အယောင်မျှပင် မပြချေ။ ယခင်ကထက်ပင် တိုး၍ တလေးတစား ဆက်ဆံလျက် ရှိပေသည်။

တကယ်တော့ လူကဲခတ်သည့် နေရာတွင် လိမ္မာ ကျွမ်းကျင်လှသော စားပွဲထိုး ခေါင်းဆောင်သည် ဖရန့် လောရင့် အဆင့်အတန်းကို မြင်ရုံမျှဖြင့် ကောင်းစွာ အကဲခတ်နိုင်သူ ဖြစ်ပေသည်။

အင်ဒရူးကတော့ မိမိတို့ အပေါ်တွင် ဆက်ဆံနေသည့် စားပွဲထိုး ခေါင်းဆောင်၏ အမူအရာကို ကြည့်ကာ အံ့သြလျက် ရှိလေသည်။ ဤလို နေရာမျိုးတွေကို ခရစ္စတီနှင့် အတူ သူ ရောက်ခဲ့ဖူး၏။ ယခု ဖရန့် မှာနေသည့် ဈေးပေါပေါ အစားအသောက်မျိုးတွေကိုသာ မှာလျှင် စားပွဲထိုးများက မသိသောရော သိသိသာသာပါ သရော်သည့် အမူအရာ ပြတတ်ကြပေသည်။

ဖရန့် လောရင့်က သူ့ကို ကြည့်၍ ပြုံးလေသည်။

'ရှင်တော့ သတိထားမိရဲ့လား မပြောတတ်ဘူး၊ ကျွန်မတို့ နှစ်ယောက် ရှင်းနှီး ခင်မင်လာကြတာ ကြာလှပြီ၊ နှစ်ယောက်တည်း အပြင်သွားရအောင်လို့ ခေါ်တာ အခု တစ်ကြိမ်ပဲ ရှိသေးတယ်နော်'

'ဒီလိုဆို ကျွန်တော့်ကို စိတ်မဆိုးဘူးလား'

'မဆိုးပါဘူး၊ ဘာကြောင့် စိတ်ဆိုးရမှာလဲ'

ဖရန့်၏ နှုတ်ခမ်းဝယ် အပြုံးပန်း ပွင့်ပြန်သည်။ သူမ၏ အပြုံးမှာ ထူးခြားသော အပြုံး။ နှစ်လိုဖွယ်ရာ ကောင်းလှသော အပြုံး။ တစ်ဖက်သားရင်ကို လှိုက်မောစေနိုင်သည့် ကလိဆွသော အပြုံး။



www.burmeseclassic.com

www.burmeseclassic.com

အခြားသော စားပွဲများမှ လူများသည် သူတို့ စုံတွဲကို စိတ်ဝင်စားကြဟန် ရှိသည်။ မကြာ မကြာ လှမ်း၍ ကြည့်တတ်ကြသည်။ မြင်ရသူတို့အား ဆွဲဆောင်နိုင်စွမ်း ရှိလှသည့် သူမ၏ အလှကြောင့်ပင် ဖြစ်လိမ့်မည်ဟု အင်ဒရူးက တွက်လေသည်။ သူသည် ဖရန့်နှင့် ခင်မင် ရင်းနှီးရခြင်း အတွက် ဂုဏ်ယူဘက်လျက် ရှိလေ၏။

'ကျွန်မ ရှင်နှင့် အတူ ဒီကို လာဖို့ အတွက် ပြဇာတ် သွားကြည့်ဖို့ ချိန်းထားတဲ့ ကိစ္စကို ဖျက်ပြီး လာခဲ့ရတယ်လို့ ပြောလိုက်ရင် သိပ်ပြီး အသားယူရာများ ကျနေမလား၊ သိပ်ပြီး ပိုရာ ကျသွားမှာ စိုးလို့ ပြောတော့ မပြောချင်ပါဘူး၊ နီကို ဝတ်ဆန်ကို ရှင် မှတ်မိသေးသလား၊ သူက ကျွန်မကို ဘဲလေးကပွဲ သွားဖို့ ခေါ်ထားတယ်၊ ကျွန်မကလည်း ဘဲလေးဆို သိပ်ပြီး ကြိုက်တယ်၊ ကျွန်မ အကြိုက်က ကလေး ဆန်မနေဘူးလားဟင်'

'ဝတ်ဆန်ကို မှတ်မိပါတယ်၊ ပါရာဂွေး တောထဲကို လေ့လာရေး ခရီးထွက်ခဲ့တဲ့လူပဲ၊ လူတော် တစ်ယောက်ပါ'

'သဘောလည်း သိပ်ကောင်းတယ်'

ဖရန့်က တစ်ချက် ဝင်ထောက်လေသည်။

'အခုလို ရာသီမှာ ဘဲလေး ကပွဲ ကြည့်ရတာ မပူဘူးလား'

အင်ဒရူးက စကားလမ်းကြောင်း ပြောင်းသည်။ ဖရန့်က အဖြေ မပေးချေ။ စီးကရက် တစ်လိပ်ယူ၍ မီးညှိရင်းက ပြုံးနေသည်။

'ကျွန်တော် ကြားပါတယ်၊ ခင်ဗျား နောက်ကို ဝတ်ဆန် တစ်ယောက် တကောက်ကောက် လိုက်နေတယ် ဆိုတဲ့ သတင်း'

အင်ဒရူး၏ ရင်တွင်း၌ မနာလို ဝန်တိုစိတ်သည် ပြင်းထန်စွာ ဖြစ်ပေါ်လာသည်။

'အဲဒီကိစ္စနှင့် ပတ်သက်လို့ ခင်ဗျား ယောကျ်ားက ဘာမှ မပြောဘူးလား'

ဤမေးခွန်းကျတော့လည်း ဖရန့်က မဖြေချေ။ မျက်ခုံးတစ်ဖက်ကို မသိမသာ ပင့်ချီလိုက်ပြီး အတန်ကြာမျှ ငြိမ်ဆိတ်နေသည်။

'ရှင် နားမလည်ဘူး ထင်တယ်၊ ဂျက်ကီနှင့် ကျွန်မဟာ လင်မယား ဆိုပေမဲ့ အင်မတန် ရင်းနှီး ပွင့်လင်းတဲ့ သူငယ်ချင်းတွေလို နေကြတာပဲ၊ ကျွန်မတို့ နှစ်ယောက်စလုံးမှာ ကိုယ့်နည်းနှင့်ကိုယ် ကိုယ်ပိုင် မိတ်ဆွေတွေ ထားကြတာပဲ၊ အခု ဆိုရင် ဂျက်ကီဟာ ဂျူအန်နှင့် တွဲနေတာ ကြာလှပြီ၊ ဘာ့ကြောင့်





ဂျူအန်နှင့် အမြဲ တွဲနေတာလဲလို့ ကျွန်မ သူ့ကို မမေးဘူး၊ မေးစရာလည်း လိုမယ် မထင်ဘူး'

သူမသည် ထိုင်နေရာမှ ထမည့်ဟန် ပြင်လိုက်ပြီး 'ကျွန်မတို့ ကကြရအောင်လား၊ တစ်ကြိမ်လောက်ပေါ့' ဟု ပြောလေသည်။

သူတို့နှစ်ဦး ကကြသည်။ ဖရန့် ကပုံမှာ ညင်သာ ညက်ညော လှပေသည်။ သူမ၏ လှုပ်ရှားဟန်သည် သိမ်မွေ့လှပပြီး ကြည့်မဝအောင်ပင် ခံ့ညားတင့်တယ်လှပေသည်။ သူ့ လက်ထဲဝယ် ခုပ်ပျော့ပျော့၊ ခပ်နွဲ့နွဲ့ကလေး မှီကာ လိုက်သင့် ပါလာနေပုံမှာ ချစ်စဖွယ် ကောင်းလှပါပေသည်။

စားပွဲတွင် ပြန်ထိုင်မိကြသည့် အခါ 'ကိုယ်က ကောင်းကောင်း မကတတ်ဘူး' ဟု အင်ဒရူးက ဆိုသည်။ ဖရန့်ထံမှ အဖြေမရချေ။

အင်ဒရူးသည် ဖရန့်၏ ထူးခြားသော အပြုအမူများကို ပြန်လှန်၍ စဉ်းစားတွေးတောနေမိသည်။ တခြား မိန်းမသာ ဆိုလျှင် သူ့အား မြှောက်ပင့်၍ ပေါင်းသင်း ဆက်ဆံခြင်း ပြုကောင်း ပြုပေလိမ့်မည်။ သို့တည်းမဟုတ် သူ့အား အပေါ်စီးဖြင့် ကျော၍ မောက်မောက်မာမာ ဆက်ဆံခြင်း ပြုကောင်း ပြုပေလိမ့်မည်။ အခုတော့ ဖရန့်၏ ဆက်ဆံပုံမှာ တန်းတူရည်တူ သဘောမျိုး ထား၍ ဆက်ဆံနေရုံမျှမက သူ့အပေါ်တွင်လည်း လိုက်လျောလွန်းလှသည်ဟု ထင်မိသည်။

'ကိုယ် သိချင်တာ တစ်ခု ရှိတယ်၊ ပွင့်ပွင့်လင်းလင်း ပြောပြစမ်းပါ၊ မင်း ဘာဖြစ်လို့ ကိုယ့်အပေါ်မှာ ဒီလောက်တောင် ကောင်းနေရတာလဲဟင်၊ တကယ်တော့ မင်းဟာ ကိုယ့်ကို သိပ်ပြီး ကူညီခဲ့တာပဲ၊ မင်း ကူညီခဲ့တာတွေ များလှပြီ'

ဖရန့်က အင်ဒရူးအား စူးစူးရဲရဲ ကြည့်သည်။ 'ရှင်ဟာ မိန်းမတွေကို ထူးထူးခြားခြား ဆွဲဆောင်မှု ရှိတယ်၊ ရှင့်မှာ ချစ်စရာ အကောင်းဆုံး အချက် တစ်ချက် ရှိတယ်၊ အဲဒါ ဘာလဲ သိလား၊ တခြား မဟုတ်ဘူး၊ မိန်းမတွေကို ဆွဲဆောင်မှု ရှိနေတယ် ဆိုတဲ့ ရှင့်ရဲ့ ကိုယ်ပိုင် အရည်အချင်းကို ရှင့်ဘာသာရှင် မသိတဲ့ အချက်ပဲ'

'ဟုတ်မယ် မထင်ပါဘူး၊ ဒါပေမဲ့ တကယ်ဆိုတော့...'

အင်ဒရူးသည် ဘာဆက်ပြောရမှန်း မသိသဖြင့် စကားကို ဖြတ်လိုက်သည်။ မျက်နှာကတော့ ရှက်စိတ်ဖြင့် နီရဲလျက် ရှိ၏။

'ကိုယ် ထင်တာကတော့ ကိုယ်ဟာ တခြားလူတွေထက် ဘာမှ ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com

မထူးခြားတဲ့ သာမန် ဆရာဝန် တစ်ယောက်လို့ပဲ ထင်တာပဲ'

ဖရန့်က ခွက်ထိုး ခွက်လန် ရယ်ရင်းက သူမ၏ မျက်နှာဆီသို့ ဖြေ လာနေသော စီးကရက်မီးခိုးများကို လက်နှင့် ယမ်း၍ ဖယ်ရှားနေသည်။

'ရှင်ရဲ့ ထူးခြားတဲ့ ကိုယ်ပိုင် အရည်အသွေးကို ရှင် ကိုယ်တိုင်က မသိ ဘူး ဆိုတာ ကျွန်မ ယုံပါတယ်၊ ကျွန်မကသာ မပြောရင် ရှင် သိမှာ မဟုတ် ပါဘူး၊ ကျွန်မ ပြောလိုက်တာ မှားသွားပြီ၊ အမှန်တော့ မပြောသင့်ဘူး တကယ်တော့ ရှင်ဟာ အတော်ဆုံး ဆရာဝန် တစ်ယောက်ပါ၊ ဂရင်းလမ်း အိမ်မှာ ဟိုတစ်ညက ဆုံမိကြတော့ ကျွန်မတို့ ရှင့်အကြောင်းကို ပြောမိခဲ့ကြ သေးတယ်၊ လီရှိုင်းကလည်း ဒေါက်တာ ရမ်းဘိုးကို စိတ်ပျက်နေတာ ကြာပြီ ဒီအဘိုးကြီးကလည်း သနားတော့ သနားစရာပဲ၊ လီရှိုင်းကတော့ သူ့ကို သိပ် မကြိုက်တော့ဘူး၊ ဂျက်ကီကလည်း လီရှိုင်းနှင့် တစ်သဘောတည်း ဖြစ်နေ တယ်၊ သူတို့က အသက်ငယ်ငယ်နှင့် ပိုပြီး တက်တက်ကြွကြွ လုပ်နိုင် ကိုင် နိုင်မယ့် လူငယ် ဆရာဝန် တစ်ယောက်ကို အဘိုးကြီး နေရာမှာ အစားထိုးပြီး ဘုတ်အဖွဲ့ဝင် အဖြစ် ထားချင်နေကြတယ်၊ အလားအလာ ရှိမယ့် လူမျိုး ဆိုပါတော့၊ လောလောဆယ်တော့ဖြင့် ဆေးပညာ ဂျာနယ်တွေထဲမှာ ဆောင်း ပါးတွေ ရေးပြီး သူတို့ရဲ့ စီးပွားရေး လုပ်ငန်းတွေ အပေါ်မှာ လူတွေ စိတ် ဝင်စားလာအောင် လုပ်ဖို့ အာရုံစိုက်နေကြတယ်၊ ရေးရမှာကတော့ သိပ် ရှုထောင့်ကနေပြီး ရေးရမှာပဲ၊ ဒါကလည်း လီရှိုင်းရဲ့ အကြံဉာဏ်လေ၊ ရမ်းဘိုး ကတော့ သူ့ အပေါင်းအသင်းတွေ ကြားမှာ လူပြက်ကြီး ဖြစ်နေပါပြီ၊ အို ကျွန်မ ဘာ့ကြောင့် ဒီ အကြောင်းတွေကို ဒီလို ပြောနေမိတာပါလိမ့်၊ အခုလို ပျော်ပျော်ပါးပါး နေရမယ့် ညမျိုးမှာ ဒီအလုပ် ကိစ္စတွေကို ပြောပြနေတာဟာ အချိန်တွေ နှမြောဖို့ မကောင်းဘူးလား၊ အို အင်ဒရူးရယ်၊ ကျွန်မကို ဒီလို မျက်နှာထားမျိုးနှင့် မကြည့်ပါနှင့်လား ရှင့်ရယ်၊ ရှင် ကြည့်နေပုံကြီးက ကျွန်မ ကိုများလား၊ စားပွဲထိုးကိုများလား၊ ဒါမှမဟုတ် တီးဝိုင်း ခေါင်းဆောင်ကို များလား၊ ဘယ်သူ ဘယ်ဝါရယ်လို့တော့ ကျွန်မ မသိဘူး၊ တစ်ယောက်ယောက် ကို သတ်တော့ ဖြတ်တော့မယ့် အတိုင်းပဲ၊ ရှင့် မျက်နှာကြီးက ကြောက်စရာ ကျွန်မနှင့် ပထမဆုံး တွေ့တဲ့နေ့က ပုံစံ အတိုင်းပါပဲ၊ ရှင် လော်ရီးယား ဆိုင် ထဲက တော့ပီ လဲနေတဲ့ အခန်းထဲ ဝင်လာတော့ မြင်လိုက်ရတဲ့ ရှင့် မျက်နှာ ထားလေ၊ ကျွန်မဖြင့် မမေ့နိုင်တော့ဘူး၊ မာနကြီးသလိုလို၊ ဘဝင်မြင့်သလိုလို ဘယ်လို ပုံစံကြီးမှန်းကို မသိဘူး၊ မျက်နှာထားက ရယ်စရာကြီး၊ ဒီလို မျက်နှာ ထားမျိုးနှင့် ဆိုရင်တော့ အခုချိန် ဒီနေရာမှာ ရှိသင့်တဲ့ သူဟာ ကျွန်မ မဟုတ် ဘူး၊ တော့ပီပဲ'

'အခုချိန် ဒီနေရာမှာ တော့ပီ မရှိတာ ကိုယ် ဝမ်းသာလှပါတယ်'

အင်ဒရူးက သူ့ မျက်လုံးများကို စားပွဲပေါ်သို့ စူးစိုက်ထားပြီး ပြော လေသည်။

'ကျွန်မကိုတော့ အထင်မလွဲနှင့်နော်၊ ညံ့တယ်လို့လည်း မထင်နှင့်၊ အဲ ဒီလို ထင်တာမျိုးတော့ ကျွန်မ မခံနိုင်ဘူး၊ ကျွန်မတို့ဟာ အသိဉာဏ် အဆင့် အတန်း နိမ့်ကျတဲ့ လူတန်းစားတွေမှ မဟုတ်တာ၊ လူတစ်ယောက်မှာ သူနှင့် စိတ်သဘောချင်း တိုက်ဆိုင်တဲ့ မိတ်ဆွေကောင်း တစ်ယောက် ရှိနေရင် သူ့ ဘဝဟာ ပျော်စရာ ကောင်းတာပဲ မဟုတ်လား'

ဖရန့်၏ မျက်လုံးများတွင် ပျော်ရွှင် ကျေနပ်မှုကို ပြန်၍ မြင်လာရသည်။ သူမသည် စားပွဲပေါ်မှ စီးကရက်ဘူးကို ကောက်ယူလိုက်၏။

'ဒီမှာ ထိုင်နေရတာ အသက်ရှူ ကျပ်လှပါတယ်ကွယ်၊ ကျွန်မ ရှင့်ကို မြစ်ပြင်ပေါ် ဆင်းပြီး ရေသောက်နေတဲ့ ဖိုးလမင်းကြီးရဲ့ အလှကို ပြချင်ပါ သေးတယ်'

အင်ဒရူးသည် ကျသင့်ငွေများကို ရှင်းပေးပြီး သူမ၏ နောက်မှ လိုက် ခဲ့သည်။ စားသောက်ခန်း အပြင် ရောက်သော် သူတို့အား မြစ်ကမ်းဘက်ဆီသို့ ဆင်းရာ လမ်းကျဉ်းကလေး တစ်ခုက ဆီးကြိုလျက် ရှိသည်ကို တွေ့ရလေ၏။ စားသောက်ခန်းဆီမှ တေးဂီတသံသည် ကျယ်ရာမှ တိုး၍ တိုးရာမှ တဖြည်း ဖြည်းချင်း ပျောက်သွားလေ၏။

ငွေလရောင်သည် ထင်းရှူးပင်များကြားမှ ဖြတ်ကာ မြစ်ပြင်ပေါ်သို့ ဖြာဆင်းလျက် ရှိ၏။ ဟို အဝေးတွင်မူ မြစ်ပြင်သည် ငွေရောင် သင်ဖြူး ခင်း လျက် ရှိပေသည်။

နှစ်ဦးသား မြစ်ဆီ အထိ ဆင်းလာခဲ့ကြပြီး ကမ်းနဖူးတွင် ရှိသည့် ခုံတန်းရှည် တစ်ခုပေါ်တွင် ထိုင်ကြသည်။ သူမသည် ဦးထုပ်ကို ချွတ်လိုက်ပြီး ညင်သာစွာ လှုပ်ရှားလျက် ရှိသော ရေပြင်ကို ငြိမ်သက်စွာ ငေးမောနေသည်။ ရေပြင်၏ ထူးခြားသော လှုပ်ရှား ညည်းတွားသံသည် တိုးတိုးညင်းညင်း ထွက်လျက် ရှိလေသည်။

'တိတ်ဆိတ်တဲ့ ညမှာ ကြားရတဲ့ အသံတွေဟာ ဘယ်လောက် ထူး ဆန်းသလဲနော်'



www.burmeseclassic.com

www.burmeseclassic.com

ဖရန့်၏ အသံမှာလည်း တိုးတိုးညင်းညင်းကလေးပင် ဖြစ်၏။

အင်ဒရူးသည် ဖရန့်၏ နှုတ်ခမ်းကို အသာအယာ ငုံ၍ နမ်းလိုက်သည်။ သူမ၏ နှုတ်ခမ်းများသည် ပူနွေး ခြောက်သွေ့လျက် ရှိ၏။ ထူးခြားသော တုံ့ပြန်မှု မပေးချေ။

'အနမ်းကတော့ ချိုမြပါရဲ့၊ နမ်းပုံက ကြမ်းတမ်းလှတယ်'

'ကိုယ် ဒီထက်ပိုပြီး ကောင်းအောင် နမ်းနိုင်ပါတယ်'

အင်ဒရူးသည် ရှေ့တည့်တည့်ကိုသာ စူးစိုက် ကြည့်၍ တီးတိုး ရေရွတ်လိုက်သော်လည်း လူကတော့ မလှုပ်မရှားဘဲ ကျောက်ရုပ်သဖွယ် ငြိမ်သက်နေသည်။

စိတ်လှုပ်ရှားလွန်းသဖြင့် သူ၏ လုပ်ပုံကိုင်ပုံများမှာ အဆင်မပြေ ဖြစ်ရချေသည်။ ရှက်လည်း ရှက်၏။ ရွံ့လည်း ရွံ့၏။ အမှန်တော့ အခုလို သာယာလှပလွန်းသည့် ညမျိုးတွင် ဖရန့်လို မိန်းမချော မိန်းမလှ တစ်ဦးနှင့် ယခုလို ကြည်နူးစဖွယ် ကောင်းသည့် နေရာမျိုးတွင် နှစ်ဦးတည်း ဆုံရခြင်းသည် အလွန့် အလွန် စိတ်ချမ်းမြေ့စဖွယ် ကောင်းလှသည်။ သို့ပါလျက် မိမိဘက်က အဆင်ပြေအောင် မပြုနိုင်။

သူသည် သူ့ကိုယ်သူ ဒေါသ ဖြစ်၍ မဆုံးနိုင်အောင် ဖြစ်လျက် ရှိလေ၏။ သူမ အနေဖြင့် သူ၏ ရင်ခွင် အတွင်းသို့ ဝင်၍ သူ၏ တယုတယ ပိုက်ထွေးမှုကို ရယူချင်စိတ် ပြင်းပြလာအောင် လုပ်သင့်၏။ သို့သော်လည်း သူ့မှာ ထိန်းချုပ်မှုတွေက များလွန်းနေပေသည်။

သူ့မျက်စိအောက်ရှိ ရေပြင်ထက်ဝယ် ခရစ္စတီ၏ မျက်နှာသည် ထင်ဟပ်လျက် ရှိသည်။ ခရစ္စတီ၏ မျက်နှာမှာ ပင်ပန်း နွမ်းနယ်နေသည့် မျက်နှာ။ သူမ၏ ပါးပြင်ပေါ်ဝယ် ဆေးစက်တွေ အလူးလူးနှင့်။ သူတို့ ချက်စဘောရိုးရပ် နေအိမ်သို့ ပြောင်းရွှေ့လာစ ခေါက်တံခါးတွေ ဆေးသုတ်နေစဉ်က မြင်တွေ့ခဲ့ရသည့် မျက်နှာအတိုင်းပင်။ ရေပြင်တွင် ထင်ဟပ်လာသော ခရစ္စတီ၏ မျက်နှာကြောင့် သူ့စိတ်သည် မသာမယာ ဖြစ်ရ၏။ ဒေါသလည်း ဖြစ်ရ၏။

သူနှင့် ဖရန့်တို့ နှစ်ယောက်တည်း ဤနေရာတွင် ရောက်နေရသော်လည်း သူ့မှာ လွတ်လပ်မှု မရှိ။ အကန့်အသတ်တွေ။ အဟန့်အတားတွေ။ အချုပ်အချယ်တွေ။ တာဝန်တွေ အများအပြားနှင့်။ သို့သော် သူသည် ယောကျ်ား တစ်ယောက်။





အင်ဒရူးသည် ဖရန့်၏ နှုတ်ခမ်းလွှာကို ညင်ညင်သာသာ ရှုရှုကလေး နမ်းပြန်လေသည်။

'သြော် ကျွန်မကို တစ်ကြိမ် နမ်းဖို့ အတွက် ရှင်မှာ ဆယ့်နှစ်လလောက် အချိန်ယူပြီး စဉ်းစားဖို့ လိုမယ် ထင်ပါရဲ့နော်'

ဖရန့်၏ မျက်လုံးအစုံသည် ဝင်းလက်နေပေသည်။

'ကျွန်မတို့ ပြန်သင့်ပြီ ထင်တယ် ဒေါက်တာ၊ ညပိုင်းတိုက်တဲ့ လေဟာ သန့်ရှင်း ဖြူစင်နေတဲ့ စိတ်ကို ညစ်ညမ်းစေတယ်လို့ ပြောကြတယ်'

အင်ဒရူးသည် ဖရန့်၏ လက်ကို အသာအယာ ဆွဲ၍ ထိုင်ရာမှ ထစေသည်။ ဖရန့်က ကားအနီး ရောက်သည်အထိ သူ့လက်ကို မလွှတ်တော့ဘဲ ရှုရှုကလေး ကိုင်၍ လိုက်လာလေသည်။

အပြန်လမ်းတွင် ဖရန့်သည် သိသိသာသာပင် ရွှင်လန်းလျက် ရှိလေ၏။

အင်ဒရူးကတော့ မပျော်လှပေ။ သူ့ကိုယ်သူ မုန်းတီး ရွံရှာ စက်ဆုပ်လျက် ရှိ၏။ သူ့ အပြုအမူများ အတွက် ဝမ်းနည်းသော စိတ်ကလည်း ပျောက်သေး။

သူ့စိတ်သည် သူ့အိမ်၊ သူ့အခန်းနှင့် သူ့အိပ်ရာဆီသို့ ရောက်နေသည်။ သူ့ဦးနှောက်သည် အတွေးပင်လယ်ဝေကာ ရစ်ပတ် ရှုပ်ထွေး နှောက်ကျိလျက် ရှိ၏။ ပထမဆုံး အကြိမ် ခရစ္စတီ အပေါ်တွင် ဖြစ်ပေါ်ခဲ့သည့် အချစ်စိတ်၊ ဒရင်းဖီးတွင် နေခဲ့ရစဉ်က သာယာ ပျော်ရွှင်မှုများ။

ဖရန့်၏ အိမ်ရှေ့သို့ ရောက်လာသည့် အချိန်ထိ သူ့စိတ်မှာ ပြတ်ပြတ်သားသား မရှိသေးချေ။ သူသည် ကားပေါ်မှ ဆင်းကာ သူမအတွက် ကားတံခါးကို ဖွင့်ပေးသည်။ သူမသည် လက်ကိုင်အိတ်ထဲမှ သော့ကို ထုတ်ယူလိုက်လေ၏။

'အိမ်ပေါ်ထိ လိုက်ဦးမယ် မဟုတ်လား၊ အိမ်စေတွေကတော့ ဒီအချိန်ဆိုရင် အိပ်လောက်ပါပြီ'

သူသည် ဘာပြန်ပြောရမှန်း မသိ။ ကြောင်အမ်းအမ်း တုံ့ဆိုင်းဆိုင်း ဖြစ်ကာ တွေဝေဆဲပင်။

'သိပ်ပြီး နောက်ကျနေမလားလို့'

ဖရန့်ကတော့ သူ ပြောလိုက်သည့် စကားကို ကြားဟန် မတူချေ။ သော့ကို ကိုင်၍ ရှေ့မှ တက်သွားလေသည်။ သူသည် ယောင်တီး ယောင်တောင်န



www.burmeseclassic.com

 www.burmeseclassic.com

ဖြင့် နောက်မှ ကပ်၍ လိုက်သွားလေ၏။ သူ့ မျက်လုံးများကမူ အိတ်ဟောင်းကလေးကို လက်မှ ဆွဲ၍ ဈေးတန်းများကြား၌ ပြုံးကာ ရယ်ကာဖြင့် လျှောက်သွားနေသော ခရစ္စတီ၏ သနားစဖွယ် မျက်နှာကို ဝိုးတဝါး မြင်ယောင်လျက်ရှိလေသည်။



[၁၄]

သုံးရက်လွန်မြောက်သော နေ့တစ်နေ့ဝယ် အင်ဒရူးသည် ဓဝလ်ဘတ်လမ်းဆေးခန်းတွင် ထိုင်လျက် ရှိသည်။

ထိုနေ့ မွန်းလွဲပိုင်းသည် ပူပြင်းလှချေသည်။

အဆက်မပြတ် သွားလာနေသော မော်တော်ကားသံများသည် ပြတင်းပေါက်မှ နေ၍ ဝင်လာလျက် ရှိပေသည်။

အင်ဒရူးသည် အလုပ်ဒဏ်ကြောင့် ပင်ပန်း နွမ်းနယ်လျက် ရှိ၏။ ယခုရက်သတ္တပတ် အကုန်တွင် ခရစ္စတီ ပြန်ရောက်လာမည့် အရေးကို တွေး၍ စိတ်တထင့်ထင့် ဖြစ်လျက် ရှိ၏။ တယ်လီဖုန်းကို နားစွင့်ကာ စိတ်မငြိမ်မသက်ဖြစ်လျက် ရှိ၏။ အရေးထဲ သုံးဂီနီတန် လူနာများအား တစ်ယောက်ပြီး တစ်ယောက် စမ်းသပ် စစ်ဆေးနေရသဖြင့် ချွေးပြန်လျက် ရှိရ၏။ ဒီကြားထဲ ဆေးခန်း အလုပ်ကို မြန်မြန် ပြီးစီးအောင် လုပ်ကိုင်ပြီး ဖရန့်အား ခေါ်၍ ညလယ်စာ သွားစားရန်လည်း စိတ်စောနေရသေး၏။

ယင်းကဲ့သို့ စိတ်ရော ကိုယ်ပါ အပူအပင် အကြောင့်အကြများနှင့် ဖြစ်နေခိုက်တွင် ရေးကြီး သုတ်ပျာနှင့် ဝင်လာသော သူနာပြု ဆရာမ ရှပ်ကို မြင်လိုက်ရသည့် အခါ စိတ်မရှည်သလို ဖြစ်သွားလေသည်။ ရှပ်၏ မျက်နှာကလည်း တစ်စုံတစ်ခု အပေါ်တွင် မကျေနပ်သလိုလို၊ စိတ်တိုင်းမကျ သလိုလို။

'ဒေါက်တာနှင့် တွေ့ချင်လို့တဲ့၊ လူတစ်ယောက် အပြင်မှာ စောင့်နေတယ်၊ လူကတော့ အလုပ်ကြမ်းသမား ဂိုက်ဆိုက်မျိုးနှင့် ကြောက်ရွံ့ရွံ့သူကြည့်ရတာ လူနာတော့ ဟုတ်ဟန်မတူပါဘူး၊ သူက ပြောတယ်၊ သူ့ဟာ ဆွေ



www.burmeseclassic.com

www.burmeseclassic.com

သည် မဟုတ်ပါဘူးတဲ့၊ သူ့မှာ လူနာ ကတ်ပြားလည်း မရှိဘူး၊ သူ့နာမည်က ဘိုလန်တဲ့'

'ဘိုလန်... ဟုတ်လား'

အင်ဒရူးက အမှတ်မထင် ရေရွတ်လိုက်သည်။ မျက်နှာကလည်း ဝင်းခနဲ ဖြစ်သွားသည်။

'ကွန် ဘိုလန် မဟုတ်လား၊ သွား သွား အခုချက်ချင်း လွှတ်လိုက်ပါ၊ အခုချက်ချင်း လွှတ်လိုက်'

'အခုချက်ချင်း သူ့ကို လွှတ်လို့ ဖြစ်ပါ့မလား ဒေါက်တာ၊ လူနာ တစ်ယောက် စောင့်နေတယ်၊ ဆယ်မိနစ် အတွင်းမှာ မစ္စက် ရောဘတ်ကလည်း...'

'ဟာဗျာ မစ္စက် ရောဘတ်ကို ခေါက်ထားလိုက်စမ်းပါ၊ အရေးမကြီးပါဘူး၊ ကျွန်တော် ခိုင်းတာကိုသာ လုပ်စမ်းပါ'

ဆရာမ ရှပ်၏ မျက်နှာမှာ ဒေါသဖြင့် နီရဲသွားသည်။ သူမကို ဘယ်သူကမှ ခုလို အထက်စီး လေသံဖြင့် မာမာဆာဆာ မပြောခဲ့ဖူးသဖြင့် မခံမရပ်နိုင် ဖြစ်သွားသည်။ အင်ဒရူးအား ပြန်၍ နှုတ်လှန်ထိုးရန် ကြံလိုက်ပြီးမှ မပြောတော့ဘဲ ခေါင်းကို ခပ်မော့မော့ ထောင်၍ ထွက်သွားပြီး ဘိုလန်ကို ခေါ်သွင်းလာခဲ့၏။

'ဟေး ကွန်'

အင်ဒရူးသည် ဝမ်းသာအားရဖြင့် ကုလားထိုင်မှ ခုန်၍ထလိုက်သည်။

'ဟဲလို... ဟဲလို... ဟဲလို'

ကွန် ဘိုလန်ကလည်း အားရပါးရ ပြုံး၍ အော်ကြီး ဟစ်ကျယ် နှုတ်ဆက်သည်။

ကွန် ဘိုလန်၊ ကွန် ဘိုလန်မှ အစစ် ရေမရော။ ဆံပင် နီကြောင်ကြောင်နှင့် သွားဆရာဝန် ကွန် ဘိုလန်။

သူ့အကျင့် သူ့ဝသီအတိုင်း သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် မဟုတ်။ ဝတ်စုံ အပြာကြီး ပွရောင်းရောင်း ဝတ်ကာ အညိုရောင် ဖိနပ်ကြီး စီး၍ ဟိုတုန်းက ပုံစံ အတိုင်းပင် ဖြစ်သည်။ နီကြောင်ကြောင် မုတ်ဆိတ်မွေးတွေက ရှည်လှပြီ။ ဘယ်တော့မှ ဖြီးလေ့ မရှိသော ဆီလိမ်းလေ့ မရှိသော ဆံပင်များကလည်း ခေါင်းပေါ်တွင် ဖရိုဖရဲ။

ကွန် ဘိုလန်သည် အင်ဒရူး လက်ကို တင်းကျပ်စွာ ဆွဲဆုပ်၍ ကျောကို ဝမ်းသာအားရ ပုတ်၍ ပုတ်၍ နှုတ်ဆက်လေ၏။





'ဟဲလို မေဆန်၊ ဒေါက်တာ မေဆန် တွေ့ရတာ ဝမ်းသာတယ်၊ သိပ် ဝမ်းသာတယ်၊ သိပ်ကို ဝမ်းသာတယ်၊ ချောလို့ လှလို့ ဝလို့ပါလား၊ သိပ် ကောင်း၊ သိပ်ကောင်း၊ အားလုံး ကောင်းတယ်၊ အလွန် အထက်တန်းကျတဲ့ နေရာမှာ ဆေးခန်း ဖွင့်ထားတယ် နော်'

ကွန် ဘိုလန်သည် အင်ဒရူးအား တရင်းတနှီးနှင့် လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်နေရင်းမှ သူ့အား စက်ဆုပ် ရွံရှာသလိုလို သရော်ချင်သလိုလို မျက်နှာပေးဖြင့် ရပ်ကြည့်နေသော ဆရာမ ရှပ်ဘက်သို့ လှည့်ကြည့်၏။

'ခင်ဗျား ဆရာမက မဝင်ရဘူး လုပ်နေလို့၊ ကျွန်တော်လည်း ဆရာဝန် တစ်ယောက်ပါလို့ ပြောပြရသေးတယ်၊ ကျွန်တော် လိမ်ပြောတာ မဟုတ်ပါဘူး ဆရာမရယ်၊ ဆရာဝန် အစစ်ပါ၊ အခု ခင်ဗျားရဲ့ ဆရာ ဖြစ်နေတဲ့ ဒေါက်တာ မေဆန်ရဲ့ လုပ်ဖော် ကိုင်ဖက် တစ်ယောက်ပါ၊ ခင်ဗျား အဘေရာလော ဘက် ရောက်ရင် ကျွန်တော့်အိမ် ဝင်ခဲ့ပါ၊ လက်ဖက်ရည် တစ်ခွက်တော့ တိုက်ပါ့မယ်၊ ကျွန်တော့် ရဲဘော် မေဆန်ရဲ့ မိတ်ဆွေဟာ ကျွန်တော့် မိတ်ဆွေ ပဲ'

ဆရာမ ရှပ်သည် ကွန် ဘိုလန်အား တစ်ချက်မျှသာ ကြည့်လိုက်ပြီး ရှာခနဲ လှည့်ကာ အခန်းထဲမှ ထွက်သွားသည်။ ရိုးသား ဖြူစင်သော နှလုံးသား ရှိသည့် ကွန်ကတော့ ရှပ်၏ ရိုင်းပျသော အမူအရာကြောင့် မျက်နှာ ပျက်မသွားချေ။ အင်ဒရူးဘက် လှည့်၍ ရယ်လေသည်။

'ဘယ်လိုလဲ သူငယ်ချင်းရယ်၊ ဆရာမရှပ်က ဆိုးလှချည်ကလား၊ သဘောကျေးပုံတော့ ရပါရဲ့၊ ဘယ့်နှယ်လဲ နေကောင်းတယ်နော်၊ နေကောင်း တယ် မဟုတ်လား'

ကွန်သည် အင်ဒရူး၏ လက်ကို မလွှတ်သေး။ ဆုပ်ထားဆဲပင် ဖြစ်၏။

ယခုလို အချိန်မျိုး၊ ယခုလို နေ့မျိုးတွင်မှ ကွန် ဘိုလန်နှင့် တွေ့ရခြင်းသည် ဘုရားသခင်၏ စောင်မမှုပေပဲဟု အင်ဒရူးက တွေးသည်။ ကွန် ဘိုလန်ကို မြင်လိုက်ကတည်းက သူ့စိတ်ကို အားသစ် လောင်းပေးလိုက်သလို ဖြစ်ခဲ့ရသည်မှာ အမှန်ပင်။

ကွန် ဘိုလန်က လက်ကို လွှတ်ပေးလိုက်ခါမှပင် အင်ဒရူးသည် သူ့ ကုလားထိုင်တွင် ပြန်ထိုင်ကာ စီးကရက် ထုတ်၍ တည်ရင်း မေးစရာ ရှိသည်များကို အေးအေးဆေးဆေး မေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်တုန်းက လန်ဒန်ကို ရောက်သလဲ၊ ဘာကိစ္စနှင့် လန်ဒန်ကို လာ သလဲ'

'ကျွန်တော့်မှာ ခွင့်ရက်ကလည်း နည်းနည်းပါးပါး ရှိနေတယ်၊ လုပ်စ ကိစ္စလေးတွေကလည်း ပေါ်လာတယ်၊ ပေါ်လာတဲ့ ကိစ္စကို အကြောင်းပြု မိန်းမကလည်း နားပူနားဆာ လုပ်လာတာနှင့် ဝင်လာတာ ဆိုပါတော့၊ ဆန် သိတဲ့ အတိုင်းပဲ၊ ကျွန်တော်ကတော့ ကျွန်တော့် ကားနှင့်ပဲ အချိန်ကုန် နေတဲ့ အကောင်ပါ'

ကွန် ဘိုလန်သည် စီးကရက် ပြာများကို ကော်ဖောပေါ်သို့ မကြာခဏ ခြွေချသည်။ သူ့မျက်နှာတွင် သောက၏ အရေးအကြောင်းများသည် ထင်ဟပ် လာလေသည်။

'ကိစ္စကတော့ တခြား ကိစ္စ မဟုတ်ဘူး မေဆန်၊ မေရီ့ ကိစ္စပဲ၊ ကို ခင်ဗျား မှတ်မိရဲ့လား၊ မေရီကတော့ ခင်ဗျားကို ကောင်းကောင်း မှတ် တယ်၊ ကျွန်တော့် သမီး အကြီးမလေ၊ မေရီက ကျန်းမာရေး သိပ် မကောင် ဘူး မေဆန်၊ အတော်ကြီး မမာမချာ ဖြစ်လာလို့ ဒေါက်တာ လီဝီလင်းနှ ပြရတယ်၊ လီဝီလင်း ပြောတာကတော့ မေရီ့မှာ အဆုတ်ရောဂါ ဖြစ်နေတယ် တဲ့၊ ကျွန်တော်တို့ ဘိုလန် မိသားစု မျိုးရိုးထဲမှာတော့ ဒီရောဂါ မရှိပါဘူး၊ လွ ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်တုန်းက မေရီရဲ့ ဦးလေးတော် ဒင်း တစ်ယောက် တော့ အဆုတ်ရောဂါကု ဆေးရုံ တက်ခဲ့ရဖူးတယ်၊ မေရီ့ ကိစ္စ အတွက် ကျွန် တော်ကတော့ စိတ်ပူမိတယ်၊ အခုအချိန်မှာ ခင်ဗျားက အရေးပါ အရာရော တဲ့ ပုဂ္ဂိုလ် ဖြစ်နေတော့ မေရီ့ အတွက် အကူအညီ ပေးနိုင်မှာပဲလို့ ယုံကြည် တယ်၊ သမီး မေရီကလည်း ခင်ဗျားကို အားကိုးရှာတယ်၊ ကျွန်တော့် မိန်းမက လည်း သိတဲ့အတိုင်းပဲ၊ ဒီရောဂါ ဖြစ်နေတယ် ဆိုတာ သိရတဲ့ အချိန်က စပြီး ရှင် ဒေါက်တာ မေဆန်ဆီကို သွားပါ၊ သူ မကူညီဘဲ မနေပါဘူး၊ ကျွန်မတို့ သမီးလေး ရောဂါပျောက်အောင် သူပဲ ကုပေးနိုင်မှာပါနှင့် တတွတ်တွတ် နားပူ တော့တာပဲ၊ ခင်ဗျားမှာ အလုပ်များတယ် ဆိုတာလည်း ကျွန်တော် နားလည် ထားပါတယ်၊ ဒါကြောင့်မို့ အပူကပ်ရတာ အားနာပါတယ်၊ အခြေအနေက လည်း ခင်ဗျားကို ပြောမှ ဖြစ်မယ့် အခြေအနေမို့ပါ၊ မေရီ့ကိုတော့ စမ်းသပ် ပေးပါဦး၊ ကျွန်တော် လာလိုက်တာ ခင်ဗျား ခေါင်းရှုပ်အောင် လုပ်သလိုများ ဖြစ်နေမလား မပြောတတ်ဘူး၊ တကယ်လို့များ ခင်ဗျားမှာ သိပ် အလုပ်များ နေရင်တော့ အားမနာပါနှင့်၊ ကျွန်တော် တခြားမှာ သွားပြပါ့မယ်'





အင်ဒရူးက ဘိုလန်အား ကြည့်၍ စိတ်မကောင်း ဖြစ်သွားလေသည်။

'ဒီလိုတော့ မပြောပါနှင့် ဘိုလန်ရာ၊ ခင်ဗျားနှင့် တွေ့ရတာ ကျွန်တော် ယ်လောက် ဝမ်းသာတယ် ထင်သလဲ၊ မေရီ့ကို ကျွန်တော် မှတ်မိပါတယ်၊ တိုင်းဆို မေရီ့ခမျာ သနားစရာပဲ၊ ကျွန်တော် ကူညီမှာပေါ့၊ မေရီ့ အတွက် လုံး အဆင်ပြေအောင် လုပ်ပေးပါ့မယ်၊ စိတ်သာချပါ'

အင်ဒရူးသည် ကွန် ဘိုလန်နှင့် စကား ပြောရာ၌ ပြောစရာ စကား န်နိုင်အောင် ဖြစ်လျက် ရှိရသည်။ သူ ကြည့်ပေးရမည့် လူနာများကိုပင် နေလေသည်။ ဆရာမ ရှပ်ကတော့ ပြီးနီး ပြီးနီးနှင့် စောင့်နေရာမှ စိတ် ည် ဖြစ်လာသဖြင့် အခန်းထဲသို့ ဝင်လာလေသည်။

'လူနာ ငါးယောက် စောင့်နေပါတယ် ဒေါက်တာ၊ ခုဆို သူတို့ စောင့် တာ တစ်နာရီ ကျော်သွားပါပြီ၊ အကြောင်း အမျိုးမျိုး ပြပြီး စောင့်ခိုင်း ရတယ်၊ နောက်ထပ် ဆက်ပြီး စောင့်ခိုင်းရမှာ ကျွန်မ အားနာလို့ လာ တာပါ'

အင်ဒရူးကတော့ ရှပ်၏ စကားကို ဂရုမစိုက်ချေ။ ကွန် ဘိုလန်နှင့် ာန်ကြာမျှ ဆက်၍ စကားပြောနေသေး၏။ ကွန် ဘိုလန် ပြန်တော့လည်း ါးဝ အထိ လိုက်ပို့သည်။

'စကား ပြောရတာ အားမရသေးဘူး၊ အေးအေးဆေးဆေး စကား ပြောနိုင်ဘဲ အခုလို ပြန်လွှတ်လိုက်ရတာ စိတ်မကောင်းဘူး ကွန်၊ လန်ဒန်မှာ ယ်နှရက် နေရမှာလဲ၊ သုံးလေးရက် ဟုတ်လား၊ ကောင်းသားပဲ၊ အခု ခင်ဗျား ယ်မှာ တည်းနေသလဲ၊ ဟာ ခင်ဗျား တည်းတဲ့ နေရာက ကျွန်တော်တို့ နှင့် မဝေးဘူး၊ မထူးပါဘူးဗျာ၊ အိမ်မှာပဲ လာတည်းပါတော့၊ အခန်းလွတ် လည်း အများကြီး ရှိတယ်၊ ခရစ္စတီလည်း သောကြာနေ့ဆို ပြန်ရောက် တော့မှာ၊ ခင်ဗျားကို တွေ့ရင် ခရစ္စတီ သိပ် ဝမ်းသာမှာပဲ၊ အိမ်မှာ လာ ည်းရင် စကားလည်း အေးအေးဆေးဆေး ပြောရတာပေါ့ မဟုတ်ဘူးလား'

နောက်နေ့တွင် ကွန် ဘိုလန်သည် သူ့အိတ်ကို ဆွဲ၍ အင်ဒရူးထံ ောက်လာသည်။ ညနေ ဆေးခန်းပိတ်သည့် အခါ ပလေဒီယံ ဂီတခန်းမ ောင်သို့ သွားကြသည်။

ကွန် ဘိုလန်ကား လန်ဒန်မြို့ကြီးသားများလို ဟန်လုပ်တတ်သူ မဟုတ် ယ်စရာ တွေ့လျှင် အားရပါးရ ကျယ်ကျယ်လောင်လောင် ထ၍ ရယ်တတ် ည်။ သူ့ ရယ်သံမှာ ကျယ်လောင်လွန်းလှသဖြင့် ရှေ့တန်းခုံများမှ ပရိသတ်



www.burmeseclassic.com

www.burmeseclassic.com

အချို့သည် ကွန် ဘိုလန် ရှိရာသို့ လှည့်ကြည့်ကာ ပြုံးကြလေသည်။

'ဟိုငနဲ မြင်လား မေဆန်၊ စက်ဘီးစီးနေတဲ့ ငနဲဟာလေ'

ကွန် ဘိုလန်သည် သဘောကျသည့် အရာ တွေ့လာလျှင်လည်း သော ဘီကို ဂရုမစိုက်၊ ခပ်ကျယ်ကျယ်ပင် အော်ဟစ် ပြောတတ်သည်။

အားလပ်ချိန်တွင် ဘားထဲသို့ ဝင်၍ သောက်ကြ စားကြသည်။ ကွန် ဘိုလန်သည် သူ့ခေါင်းမှ ဦးထုပ်ကို နောက်သို့ လှန်ထား၏။ စကားပြောရင်း စဉ်ထွက်လာသော တံတွေးတို့သည် သူ၏ မုတ်ဆိတ်မွှေးပေါ်တွင် ကပ်ငြိကာ တွဲလွဲခိုနေကြပေသည်။

'ကျွန်တော် သိပ် ကျေးဇူး တင်တာပဲ မေဆန်၊ အခုလို ကျွန်တော့်ကို ပြုစုတဲ့ အတွက် ကျေးဇူး သိပ်တင်တယ်၊ ဘယ်လို ပြောရမှန်းတောင် မသိဘူး ခင်ဗျား တကယ့်ကို တော်ပါပေတယ်'

ကွန် ဘိုလန်ကတော့ လူရိုး လူဖြောင့် ရိုးရိုးစင်းစင်းသမား ပီပီ အင်ဒရူးအား ကျေးဇူးတင်ကြောင်းကို နှုတ်ကသာမက အမူအရာနှင့်ပါ ဖော်ပြ၏။ ဟန်ဆောင် လောကထဲ ရောက်ကာ ဟန်ဆောင်မှု မျက်နှာဖုံး အမျိုးမျိုး တပ်နေခဲ့သော အင်ဒရူးကတော့ သူ့စိတ်သူ မလုံမလဲ ဖြစ်နေရလေ၏။

ဂီတ ခန်းမဆောင်မှ အပြန်တွင် ကေဒါရီးသို့ ဝင်၍ စားကြ သောက်ကြသည်။ အိမ်ပြန် ရောက်တော့လည်း နှစ်ယောက်သား အိမ်ရှေ့ခန်းတွင် ထိုင်ကာ စကားလက်ဆုံ ကျပြန်သည်။ ဘီယာ ငုံလိုက်၊ စီးကရက် ဖွာလိုက်၊ စကား ပြောလိုက်နှင့် အင်ဒရူးသည် အထင်အမြင် ကြီးနေသည့် လူ့ အထက်လွှာများ၏ ယဉ်ကျေးမှု ကမ္ဘာကိုပင် မေ့သွားလေသည်။

သူ့ဆေးခန်းမှ မနိုင်မနင်း ဖြစ်နေသော အလုပ်များ၊ လီရှိုင်း ပေးထားသည့် အလုပ်၏ ရှေ့အလားအလာနှင့် မျှော်လင့်ချက်များ၊ ဝိတိုရီးယား ဆေးရုံတွင် ရာထူး တစ်ဆင့် တက်ရမည့် အခွင့်အရေး၊ သူ၏ ငွေရေးကြေးရေး အခြေအနေ၊ နူးညံ့၍ မက်မောစဖွယ် ကောင်းလှသော စွဲမက်စဖွယ် ကောင်းသော ဖရန့် လောရင့်၏ အတွေ့၊ သူ့အား အမြဲတစေ ခြောက်လှန့်နေသည့် ခရစ္စတီ၏ မျက်လုံးများ... ဒါတွေ အားလုံးကိုလည်း အင်ဒရူး မေ့သွားသော၏။

'လီဝီလင်းကို ကျွန်တော်တို့ ဝိုင်းတွယ်ခဲ့ကြတာ မှတ်မိသေးလား၊ အာကွတ်နှင့် သူ့ အပေါင်းအသင်းတွေက ကျွန်တော်တို့ကို ပြန်ချတယ်လေ၊ အဲ အာကွတ် တစ်ယောက်ကတော့ အခုအချိန် အထိ ပန်းပန်လျက်ပဲ၊ သူကတော့ ခင်ဗျားကို သတိရကြောင်း ပြောလိုက်ပါလို့ မှာလိုက်သေးတယ်'

နောက်တစ်နေ့ ရောက်ခဲ့ပြီ။

ဒီကနေ့ ခရစ္စတီ ပြန်ရောက်တော့မည်။ အင်ဒရူးသည် သူတို့ နှစ်ဦး၏ အဖြစ်ကို မရိပ်မိသေးသော ကွန် ဘိုလန်အား ဘူတာရုံသို့ အပါ ခေါ်ခဲ့သည်။ ကွန် ဘိုလန်အား သူနှင့် ခရစ္စတီတို့ နှစ်ဦးကြားတွင် အောင်သွယ်တော်ကြီး အဖြစ် အသုံးပြုရပေတော့မည်။

မီးရထား ဝင်လာချိန်တွင် အင်ဒရူး၏ ရင်မှာ ခုန်လျက် ရှိပေသည်။ သူက စ၍ စကားပြောရလျှင် ကောင်းလေမလား။ ပြောရမည် ဆိုတော့ကော ဘာက စ၍ ဘယ်လို ပြောရပါ့။

လူများကြားမှ သူတို့ဆီသို့ လျှောက်လာနေသော ခရစ္စတီကို မြင်နေသည်။ ခရစ္စတီ အနီး ရောက်လာတော့လည်း သူ့နှုတ်မှ သူ့ဘာသာသူ အလိုလျောက်ပင် စကားလုံးတွေ ထွက်လာသည်။

'ဟဲလို ခရစ္စတီ၊ မင်း ပြန်မလာတော့ဘူး ထင်တာ၊ ပြန်လာသားပဲ၊ ငေးပြီး ကြည့်မနေပါနှင့်၊ အဲဒါဟာ ကွန် ဘိုလန်ပါ၊ ကွန်မှ ကွန်အစစ်၊ တခြားလူ မဟုတ်ဘူး၊ မျက်စိလည်း မမှားဘူး၊ စိတ်သာချ၊ သူ အခု အိမ်မှာပဲ တည်းနေတယ်၊ ကားပေါ်ကျမှပဲ အကြောင်းစုံ ပြောပြမယ်၊ ကား အပြင်မှာ ထားခဲ့တယ်၊ ဘယ့်နှယ်လဲ ဟိုမှာ နေခဲ့ရတာ တော်တော် ပျော်ခဲ့ရဲ့လား၊ အို... အို၊ မင်း လက်ထဲက သေတ္တာ ဒီကိုပေး၊ ကို ဆွဲခဲ့မယ်'

အင်ဒရူးက စပြီး အခုလို ပြောလာ ဆိုလာလိမ့်မည်ဟု မမျှော်လင့်ခဲ့သော ခရစ္စတီသည် အတော်ကြီး စိတ်သက်သာရာ ရသွားသည်။ စောစောက ဖျော့ရော်ရော် ဖြစ်နေသော မျက်နှာသည် သွေးရောင်လျှမ်းလာသည်။ သူမ အနေနှင့်လည်း အင်ဒရူးနှင့် ဆုံမိလျှင် ဘာက စ၍ ဘယ်လို ပြောရပါ့ဟု တွေးလာသူ ဖြစ်၏။ အစ ကောင်းချင်သော စိတ်ဖြင့် သတိထားပြီး ပြောဆို ဆက်ဆံဖို့ အလေးအနက် ထား၍ စဉ်းစားလာသူ ဖြစ်၏။ စိတ်သစ် လူသစ်ဖြင့် ဘဝသစ် တည်ဆောက်ရန် မျှော်လင့်လာသူ ဖြစ်ရာ အင်ဒရူး၏ အပြောအဆို အပြုအမူများကို တွေ့လိုက်ရသည့်အခါ မျှော်လင့်ချက် အသစ်ဖြင့် အားတက်လာပြန်သည်။

ခရစ္စတီသည် ကားနောက်ခန်းထဲတွင် ကွန်နှင့် အတူထိုင်ကာ စကားလက်ဆုံ ကျလာသည်။ တစ်ချက် တစ်ချက် အင်ဒရူး၏ မျက်နှာကို ခိုးကြည့်သည်။





www.burmeseclassic.com

www.burmeseclassic.com

'အို… လောကကြီးမှာ ကိုယ့်အိမ် ကိုယ့်ယာဟာ အကောင်းဆုံးသေ
နေရာ ဖြစ်တယ် ဆိုတဲ့ စကားဟာ သိပ်မှန်တာပဲ၊ အိမ်ပြန်ရောက်တော့ မျှော်
လိုက်တာ'

ခရစ္စတီသည် အိမ်ထဲ ရောက်လျှင် ရောက်ချင်း အားပါးတရ ပြော
သည်။ ထို့နောက် အင်ဒရူးကို လှမ်းမေးပြန်သည်။

'ရှင် ကျွန်မကို မလွမ်းဘူးလား အင်ဒရူး'

'လွမ်းတာပေါ့ကွာ၊ ကိုတို့ အားလုံးက လွမ်းနေကြတာပဲ၊ မစ္စ
ဘင်းနက်ကရော၊ ဖလော်ရီကရော အားလုံးက မင်းကိုပဲ သတိရနေကြတာပဲ
ဪ… ကွန်၊ အဲဒီ သေတ္တာကြီး ဆွဲပြီး ဘာလုပ်နေတာလဲ၊ ကျွန်တော့်ကို ပေး'

အင်ဒရူးသည် ပျာပျာသလဲနှင့် ကွန် ဘိုလန်၏ လက်ထဲမှ သေတ္တာ
ဆွဲယူသည်။ ထို့နောက် လူနာကြည့် သွားဖို့ အချိန် တော်ပြီဟု ဆိုသည်။ 
ပြန်ရောက်မှ လက်ဖက်ရည် သောက်ကြမည်ဟုလည်း မှာသည်။ ကား
ထွက်လာသည့် အခါတွင်မှ သူသည် သက်ပြင်းကို မသိမသာ ချလေသည်

'တော်ပါသေးရဲ့၊ ဘုရား ကယ်ပေလို့ အားလုံး အဆင်ပြေသွားတယ်
သူ ဟိုမှာ နေခဲ့ရတာ သိပ်ပြီး ပျော်ပုံမရဘူး၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ ငါ့
အဖြစ်ကိုတော့ သူ ရိပ်မိပုံတော့ မပေါ်ပါဘူး၊ အခု လောလောဆယ် အရေး
ကြီးတာက ဒီကိစ္စကို သူ မရိပ်မိဖို့ပဲ'

အိမ်အပြန် နောက်ကျသော်လည်း အင်ဒရူး၏ အမူအရာမှာ မနက်က
ထက် ရွှင်မြူးလျက် ရှိပေသည်။ သူ့ကို ကြည့်ကာ ဝမ်းသာ ကြည်နူးလျက်
ရှိသော ကွန် ဘိုလန်က 'ဘုရားရေ၊ ခင်ဗျားဟာ ဟိုတုန်းကထက် ပျော်ပျော်ရွှင်
ရွှင် နေတတ်တဲ့ အကျင့် ရနေပါကလား' ဟု တအံ့တသြ ရေရွတ်လေသည်

ခရစ္စတီက သူ့အား မကြာခဏ လှမ်း၍ လှမ်း၍ ကြည့်နေသည်ကို
အင်ဒရူး သတိပြုမိသည်။ သူမ၏ အကြည့်မှာ မသင်္ကာသော အကြည့်မျိုး
တော့ မဟုတ်ပေ။ သူ့ကို တောင်းပန် တိုးလျှိုးသည့် အကြည့်၊ သူ့အပေါ်တွင်
နားလည်မှု ရှိသည့် အကြည့်။

မေရီ၏ ရောဂါ အတွက်တော့ ခရစ္စတီမှာ သောက ရှိသည်။ သူ့
အနေဖြင့် မေရီ၏ ကိစ္စများကို ပေါ့ပေါ့တန်တန် သဘောမထားနိုင်ပေ။ မေရီ
အား လန်ဒန်သို့ အမြန်လိုက်လာရန် ကြေးနန်းရိုက်စေချင်သည်။ ဖြစ်နိုင်လျှင်
မနက်ဖြန် ကြေးနန်းရိုက်ဖို့ ကွန် ဘိုလန်အား ပြောပြပြီးပြီဟု သူမက ပြော
လေသည်။ မေရီ အတွက် လုပ်သင့်တာ မှန်သမျှကို အမြန်ဆုံး လုပ်ပေး





ချင်သည်မှာ သူမ၏ ပြင်းပြသော စေတနာနှင့် ဆန္ဒ ဖြစ်နေသည်။

အခြေအနေကတော့ အင်ဒရူး မျှော်လင့်ထားသည်ထက်ပင် ကောင်း
နေသေး၏။ မေရီထံမှ ပြန်လာသည့် ကြေးနန်းအရ နောက်တစ်နေ့ နေ့လယ်စာ
စားချိန် မတိုင်မီ မေရီ ရောက်လာမည် ဖြစ်ရာ ခရစ္စတီမှာ မေရီ အတွက် လို
အပ်သမျှ ပြင်ဆင်ခြင်းဖြင့် အလုပ်ရှုပ်လျက် ရှိလေသည်။

မေရီ ရောက်လာသည့် အခါတွင် အင်ဒရူး၏ မျက်နှာမှာ တည်ငြိမ်
လျက် ရှိသည်။ တစ်စုံတစ်ခုကို အလေးအနက် ထား၍ တွေးတော ဆင်ခြင်
နေပုံရ၏။ မေရီ၏ အသက်မှာ နှစ်ဆယ်မျှသာ ရှိသေးသည် ဖြစ်ရာ ဤ
အသက် အရွယ်သည် အဘက်ဘက်က ဖွံ့ဖြိုး တိုးတက်သည့် အရွယ် ဖြစ်၏။
သို့ပါလျက်နှင့် မေရီမှာ ပိန်ချုံး ချည့်နဲ့လှပေသည်။ အသားအရေမှာလည်း
ခြောက်ခန်း ဖျော့တော့လှပေသည်။ အင်ဒရူးသည် မေရီ၏ အသားအရေကို
ကြည့်ကာ စိတ်မအေး ဖြစ်လျက် ရှိလေသည်။

မေရီကတော့ ခရစ္စတီနှင့် ပြန်တွေ့ရသဖြင့် ရွှင်လန်းလျက် ရှိသည်။
ခရစ္စတီနှင့် ထိုင်၍ စကားပြော၍ အားမရနိုင်အောင် ဖြစ်လျက် ရှိသည်။
ခရစ္စတီကလည်း မေရီနှင့် အချိန်မည်မျှပင် ကြာကြာ မမောနိုင် မပန်းနိုင်
စကားပြောချင်ပါ၏။ သို့သော်လည်း ခရီးပန်းလာသဖြင့် နားနားနေနေ ရှိ
သင့်သည်ဟု ယူဆသဖြင့် ခြောက်နာရီ ထိုးလျှင် ထိုးချင်း ချော့မော့၍ အိပ်ရာ
ဝင်ခိုင်းရသည်။ အင်ဒရူးသည် မေရီ အိပ်ရာဝင်တော့မှပင် သူမ၏ အဆုတ်
အခြေအနေကို နားကျပ်နှင့် စမ်းသပ်ကြည့်လေ၏။

အင်ဒရူးသည် မေရီအား စမ်းသပ်ရာ၌ ဆယ့်ငါးမိနစ်ခန့် ကြာ၏။ သူ
အပေါ်ထပ်မှ ပြန်ဆင်းလာပြီး ကွန်နှင့် ခရစ္စတီတို့ ထိုင်နေရာ ဧည့်ခန်းထဲသို့
ပြန်ရောက်လာချိန်တွင် သူ့ မျက်နှာမှာ သာသာယာယာ မရှိလှပေ။

'သံသယ ဖြစ်စရာတော့ မရှိပါဘူး၊ မေရီ့ ရောဂါက အဆုတ်ရောဂါပဲ၊
အဆုတ် ဘယ်ဘက် အခြမ်းမှာ ဖြစ်နေတော့ လီဗီလင်း ပြောလိုက်တာ အမှန်
ပဲ ဒါပေမဲ့ သိပ်တော့ စိတ်ပူစရာ မရှိပါဘူး၊ ရောဂါက ဖြစ်စ အခြေအနေမှာ
ရှိပါသေးတယ်၊ ဂရုတစိုက် ကုလိုက်ရင် ပျောက်ကင်းသွားနိုင်တဲ့ အခြေအနေ
ရှိပါတယ်'

'ခင်ဗျား ဆိုလိုတာက လုံးဝ ပျောက်ကင်းသွားအောင် ကုသဆေးနိုင်တဲ့
အခြေအနေမျိုး ရှိတယ်လို့ ဆိုလိုတာလား'

'ဆိုပါတော့၊ သူ့ အခြေအနေကို မျက်ခြည်မပြတ် ဂရုစိုက်ပြီး ပြုစု



www.burmeseclassic.com

www.burmeseclassic.com

ကုသပေးသွားမယ် ဆိုရင် ရောဂါဟာ ရှင်းရှင်း ပျောက်သွားနိုင်တဲ့ အခြေအနေ ရှိပါတယ်၊ ဒါပေမဲ့...'

အင်ဒရူးသည် အတန်ကြာမျှ စဉ်းစားနေပြန်သည်။

'ဒါပေမဲ့ အေဘာရာလောကတော့ မေရီ့ အတွက် သင့်တော်တဲ့ နေရာ မဟုတ်ဘူး ကွန်၊ အဆုတ်ရောဂါ ဖြစ်စ လူနာဟာ အိမ်မှာ ထားပြီး ကုရ ပိုဆိုးတာက များတယ်၊ မေရီကို ဗိတိုရီးယား ဆေးရုံကြီးမှာ တင်ထားရ မကောင်းဘူးလား၊ ကျွန်တော့် သဘောကတော့ တင်ထားချင်တယ်၊ ဒေါက်တာ သားရေးဂွတ်ကလည်း ကျွန်တော်နှင့် အင်မတန် ခင်တဲ့ မိတ်ဆွေပဲ၊ မေ အတွက် သူ့ လူနာဆောင်မှာ ခုတင် ရဖို့ လွယ်ပါတယ်၊ ပြီးတော့လည်း ဆေ မှာ ဆိုတော့ ကျွန်တော် ကိုယ်တိုင် ကိုယ်ဖိ ရင်ဖိ ကြည့်ပေးလို့ ရတယ်'

'ကျေးဇူးကြီးလှပါတယ် မေဆန်၊ မိတ်ဆွေ ပီသပါတယ်ဗျာ၊ မေ ကိုယ်တိုင်ကလည်း ခင်ဗျား အပေါ်မှာ သိပ်ပြီး ယုံကြည် အားကိုးမှု ရှိနေ တယ်၊ ခင်ဗျား ကောင်းသလိုသာ စီစဉ်ပေးပါ'

ကွန်၏ အသံမှာ လှိုက်လှိုက်လှဲလှဲ ရှိလှပေသည်။

အင်ဒရူးသည် ချက်ချင်းပင် ထသွားပြီး ဒေါက်တာ သားရေးဂွတ် ဖုန်းဆက်သည်။ ငါးမိနစ်ခန့် အကြာတွင် ပြန်ရောက်လာပြီး ယခု တစ်ပတ် အကုန်တွင် မေရီအား ဆေးရုံတင်ခွင့် ရလိမ့်မည်ဟု ပြောလေ၏။

ကွန် ဘိုလန်သည် သူ့သမီး မေရီအား အဆုတ်ရောဂါကု ဆေးရုံကြီး တွင် တင်၍ ကုသခွင့်ရတော့မည်ဟု သိရသဖြင့် များစွာ ဝမ်းသာလျက် ရှိ ၏။ အထူးသဖြင့် အင်ဒရူးနှင့် သားရေးဂွတ်တို့၏ ကြည့်ရှု ကုသမှုကို ရမည် ဖြစ်၍ ပို၍ အားတက်လျက် ရှိလေသည်။ ဤ ဆရာဝန်ကြီးများ၏ လက် ၌သာ ဆိုလျှင် မေရီ စွဲကပ်နေသော အဆုတ်ရောဂါသည် အမြန်ဆုံး ပျော ကင်း သွားလိမ့်မည် ဟူသော ယုံကြည်ချက်လည်း အခိုင်အမာ ရှိလာလေ၏

နောက်နှစ်ရက်တွင်လည်း အင်ဒရူးရော ခရစ္စတီပါ အလုပ်များလျ ရှိကြသည်။ စနေနေ့ မွန်းလွဲပိုင်းတွင် မေရီအား ဗိတိုရီးယား ဆေးရုံသို့ တ လေသည်။ ကွန် ဘိုလန်သည် မေရီ အတွက် အစစ အရာရာ စိတ်ချရပြီ ဖြစ် မေရီအား ဆေးရုံတင်သည့် နေ့မှာပင် အေဘာရာလောသို့ ပြန်သည်။ အင်ဒ နှင့် ခရစ္စတီတို့သည် မေရီအား ဆေးရုံတင်ပြီးလျှင် ပြီးချင်း ကွန် ဘိုလန်အ ပက်ဒင်တန် ဘူတာသို့ လိုက်ပို့ကြလေသည်။ ကွန် ဘိုလန် ပြန်ခါမှပင် အ ဒရူးတို့မှာ စိတ်အေး နားအေး နေခွင့်ရလေတော့သည်။





အင်ဒရူးမှာ အခုမှပင် ခရစ္စတီ အနားသို့ ကပ်နိုင်တော့၏။ ဆေးခန်းသို့ သွားတော့မည့် ဆဲဆဲတွင် အင်ဒရူး၏ ပါးစပ်မှ 'အခုမှပဲ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေခွင့်ရတော့တယ်၊ အခုလို နှစ်ယောက်တည်း နေရတာ ယ်လောက် ပျော်စရာ ကောင်းသလဲ ခရစ္စတီ၊ အင်း ကိုတို့ ဒီတစ်ပတ်တော့ လုပ် သိပ်များခဲ့တာပဲနော်' ဟု ပြောသွားလေသည်။

အင်ဒရူး၏ အသံမှာ အဘက်ဘက်တွင် လိုလေသေး မရှိအောင် ပြည့် နေသဖြင့် အရာရာကို ကျေနပ်သူ တစ်ဦး၏ အသံမျိုး ဖြစ်ချေသည်။ သို့ သော်လည်း သူသည် ခရစ္စတီ၏ မျက်နှာပေါ်တွင် မည်ကဲ့သို့သော အရိပ်အယောင် များ ယှက်သန်းနေသည်ကို သတိမပြုမိချေ။

ခရစ္စတီသည် အခန်းထဲဝယ် တစ်ယောက်တည်း ငြိမ်သက်စွာ ထိုင်၍ ငေးမောလျက် ရှိသည်။ သူမသည် အိမ်ပြန်ရောက်ခါစက ဆိုလျှင် လင့်ချက်တွေ အများကြီး ထားကာ စိတ်၏ သာယာ ချမ်းမြေ့မှုကို ရရှိ ခဲ့ရ၏။ ယခုတော့လည်း သူမ၏ စိတ်မှာ မကြည်မလင် ဖြစ်ရပြန်သည်။ သူမ၏ အတွင်းစိတ်သည် စိတ်မချမ်းမြေ့ဖွယ်ရာ ကောင်းသော အဖြစ် တစ်ခုခု ရင်ဆိုင်ရလိမ့်မည် ဟူသော အသိမျိုး ဝင်ကာ သောက ရောက်လျက် ရှိရ ၏။

'အို... ဘုရားသခင်၊ ဒီအဖြစ်ဆိုးဟာ ဘယ်အချိန်မှာ ဘယ်လို ဖြစ် ပြီး ဘယ်လိုများ အဆုံးသတ်မှာပါလိမ့်'



www.burmeseclassic.com

www.burmeseclassic.com

[၁၅]

အင်ဒရူး၏ အောင်မြင် ကျော်ကြားမှုသည် ဒီရေ တက်နေသည့် အလား အရှိန်အဟုန် ကြီးစွာဖြင့် တဖြည်းဖြည်းချင်း တက်လာလျက် ရှိပေသည်။ သူသည် ဟင်မဆန်နှင့် လည်းကောင်း၊ အိုင်ဗိုရီနှင့် လည်းကောင်း ယခင်ကထက် ပို၍ ရင်းနှီးလာသည်။ သူတို့နှင့် တွဲပြီး ငွေရှာရာ၌လည်း မြိုးမြိုးမြက်မြက် ရနေသဖြင့် များစွာမှပင် ကျေနပ်အားရလျက် ရှိလေသည်။

တစ်ဖက်တွင်လည်း အင်ဒရူးသည် ဒေါက်တာ ဒီမန်းနှင့် အဆက်အသွယ် မပြတ် ရှိသည်။ ဒီမန်းက သူ လီတော်ကွက်သို့ ခုနစ်ရက်ကြာမျှ ခေါက်သီးရိုက် သွားမည် ဖြစ်၍ သူ့နေရာ၌ ခေတ္တမျှ အစားဝင်ပြီး ပလာဇာ ဟိုတယ်မှ ဧည့်သည် လူနာများအား ကုသပေးရန် စကား ကမ်းလှမ်းသည်။ ငွေကို နှစ်ဦး အညီအမျှ ခွဲယူမည် ဟူသော သဘောတူညီချက်ဖြင့် လူစား ဝင်ပေးရန် ဖြစ်ရာ အင်ဒရူးက ဝမ်းမြောက်ဝမ်းသာပင် လက်ခံ ယူလိုက်လေသည်။

ယခင်က ဆိုလျှင် ဒီမန်းသည် သူ အဝေးသွားတိုင်း ဖရက်ဒီ ဟင်မဆန်ကိုသာ လူစားထားနေကျ ဖြစ်သည်။ ယခုတစ်ခေါက်တွင်မူ သူ့ကို ထားခဲ့၏။ ဟင်မဆန်နှင့် ဒီမန်းတို့ အချင်းချင်း အဆင်မပြေ ဖြစ်ကာ ကွဲကြ ပြီကြပြီလော။

ယခုတလော အင်ဒရူးသည် ရုတ်တရက် ရှောင်တခင် မမာမကျန်း ဖြစ်သွားရသော နာမည်ကြီး ရုပ်ရှင်မင်းသမီး တစ်ဦး၏ အိပ်ခန်း အတွင်းသို့ တံခါးမရှိ ဓားမရှိ ဝင်ရောက်ကာ မင်းသမီး၏ ခုတင်ပေါ် တရင်းတနှီး တက် ထိုင်ပြီး စမ်းသပ် စစ်ဆေး ကြည့်ရှုရခြင်း အတွက် လည်းကောင်း၊ အချိန်



www.burmeseclassic.com

www.burmeseclassic.com

ရလျှင် မင်းသမီးနှင့် ထိုင်၍ စီးကရက်သောက်ရင်း စကားစမြည် ပြောရခြင်း အတွက် လည်းကောင်း များစွာ ဂုဏ်ယူလျက် ရှိသည်။ ဘဝင်မြင့်လျက် ရှိသည်။

ထိုထက်ပို၍ ဘဝင်မြင့်နေသည့် ကိစ္စမှာ တခြားမဟုတ်ပေ။ လီရှိုင်းက သူ့ကို ချီးမြှောက်လာသည့် အတွက်ပင် ဖြစ်သည်။ လွန်ခဲ့သော လအတွင်းက လီရှိုင်းသည် သူ့အား နှစ်ကြိမ်တိုင်တိုင် နေ့လယ်စာ ဖိတ်၍ ကျွေးခဲ့သည်။ လီရှိုင်း၏ ခေါင်းထဲ့တွင် အရေးပါ အရာရောက်သည့် အကြံဉာဏ်ကောင်းများ ရှိနေသည်ကို သူ သိထားရသဖြင့် လီရှိုင်းအပေါ် ယခင်ကထက် ပို၍ အထင် အမြင် ကြီးနေမိ၏။ ဒုတိယအကြိမ် နေ့လယ်စာ စားကြစဉ်က လီရှိုင်းက သူ့အား ပြောခဲ့သည့် စကားများကို သူ မမေ့သေးပေ။

‘ခင်ဗျား သိတဲ့အတိုင်းပဲ ဒေါက်တာ၊ ကျွန်တော်ကတော့ ဒေါက်တာနှင့် တွဲပြီး လုပ်ရ ကိုင်ရရင် ပိုပြီး အဆင်ပြေလိမ့်မယ်လို့ ယုံကြည်နေတာပဲ။ အခု ကျွန်တော် လုပ်ဖို့ ကြံထားတာက အကြံကြီး ဆိုတော့ အင်မတန် တော်တဲ့ ဆေးပညာရှင် တစ်ဦးရဲ့ အကြံကောင်း ဉာဏ်ကောင်းတွေ ရဖို့ လိုတယ်။ နှစ်ဖက် ခွတတ်တဲ့ လူမျိုးလည်း မလိုချင်ဘူး၊ ဟို အဘိုးကြီး ရမ်းဘိုးကလည်း သိပ်မစွံတော့ ဆက်သုံးဖို့ စိတ်မကူးတော့ဘူး၊ အမှန်အတိုင်း ပြောရရင် မိုးလား ကဲလား ပြောနေတတ်တဲ့ ပါရဂူ ဆိုတဲ့ လူမျိုးတွေလည်း ကျွန်တော် မလိုချင်ဘူး၊ ကျွန်တော့် လုပ်ငန်းကို တကယ် ထိထိရောက်ရောက် အကျိုးပြုနိုင်တဲ့ အကြံဉာဏ်မျိုး ပေးမယ့် ဆေးပညာရှင်မျိုးပဲ လိုချင်တယ်၊ ကျွန်တော့် စိတ်တိုင်းကျ ဖြစ်မယ့် လူစားမျိုးကတော့ ခင်ဗျား တစ်ယောက်ပဲ ရှိတယ်၊ ကျွန်တော့် လုပ်ငန်းကလည်း အလျင်ကထက် လူသိများဖို့ လိုလာနေပြီလို့ ထင်တယ်၊ ကျွန်တော်တို့ ထုတ်လုပ် ရောင်းချနေတဲ့ ပစ္စည်းတွေ အပေါ်မှာ လူတွေက ပိုပြီး ယုံကြည် ပိုပြီး စိတ်ဝင်စားလာရင် ပိုပြီး အကျိုးဖြစ်ထွန်းမှာ သေချာတယ် ဆိုတာ ဒေါက်တာလည်း သိမှာပါ၊ အရေးကြီးတာက နို့မှုန့်ထဲမှာ ဘယ်လို အာဟာရဓာတ်မျိုးတွေ ပါတယ် ဆိုတာ သိပ္ပံနည်းကျကျ သက်သေ ပြနိုင်ဖို့ပဲ၊ ကျွန်တော်တို့ အခု ထုတ်နေတဲ့ ကရီမီး နို့မှုန့်ထဲမှာ ဗီတာမင် ဓီ ပါတယ်၊ ကရီမီးဖက်ထဲမှာတော့ အာဟာရဓာတ် ချို့တဲ့ရင် ဖြစ်လာတတ်တဲ့ အရိုးပျော့ ရောဂါတို့ ဘာတို့ ပျောက်ကင်းစေနိုင်တဲ့ ဓာတ်မျိုးတွေ ပါတယ် စသည်ဖြင့်ပေါ့၊ ဒါတွေကို ကျကျနန ပြပြီး ဈေးကွက်ကို တိုးချဲ့နိုင်အောင် လုပ်ဖို့ပဲ၊ ကျွန်တော် ပြောနေတာကို ဒေါက်တာ သဘောပေါက်မှာပါ၊ နောက်ပြီး





တော့ကာ ဆရာဝန် အားလုံးလိုလိုက ကျွန်တော်တို့ ကုမ္ပဏီက ထုတ်လုပ်တဲ့ နို့မှုန့်တွေကို လူနာ အတွက် တကယ် လိုအပ်တဲ့ ပစ္စည်း အဖြစ် လက်ခံလာအောင် ကူညီလာအောင် ကြိုးစားဖို့၊ အပွင့်အလင်းဆုံး ထားပြီး ပြောရရင်တော့ ဆရာဝန်တွေကို ကျွန်တော်တို့ရဲ့ နို့မှုန့် အရောင်း ကိုယ်စားလှယ်တွေ အဖြစ် ကျွန်တော်တို့ အိတ်ထဲ ထည့်ထားပြီး အသုံးပြုနိုင်တဲ့ အခြေအနေမျိုး ရောက်လာတဲ့ အထိ လုပ်ချင်တယ်၊ ကျွန်တော် အခုပြောတဲ့ ပုံစံမျိုး ရအောင် လုပ်မယ် ဆိုရင် သိပ္ပံနည်းကျကျ ကြော်ငြာဖို့၊ အားလုံးကို သိပ္ပံနည်းကျကျ ဆက်ချက်ဖို့ လိုမှာပဲ၊ ဒီတော့ကာ ကျွန်တော်တို့ ဘုတ်အဖွဲ့ထဲမှာ အစစ အရာရာ သိပ္ပံနည်းကျကျ တွေးခေါ် တွက်ချက် လုပ်ကိုင်တတ်တဲ့ ဒေါက်တာကို ပင်တိုင် အဖြစ် ထားပြီး လုပ်ကိုင်သွားချင်တယ်’

အင်ဒရူး အနေဖြင့် လီရှိုင်း ပြောနေသမျှကို နားထောင်နေရသော်လည်း ဘက်ဆက်သော စားတော်ပဲစေ့ တစ်စေ့သည် ကရီမီးဖက် နို့မှုန့် သံဘူးပေါင်း များစွာထက် ဗီတာမင်ဓာတ် ပို၍ ပါဝင်ကြောင်းကို မစဉ်းစားဘဲ မနေနိုင်ချေ။

မည်သို့ပင် ဖြစ်စေ လီရှိုင်းကိုတော့ အံ့သြမိလေသည်။ အံ့သြမိခြင်းမှာလည်း ဘုတ်အဖွဲ့ဝင် အဖြစ် လုပ်ကိုင်ပေးရသည့် အတွက် သူ့အား ချီးမြှင့်ရန် သတ်မှတ်ထားသည့် လစာငွေကြောင့် မဟုတ်ပေ။ မိမိ အကျိုးအမြတ် များများ ရရှိရေး အတွက် လီရှိုင်း၏ ဦးခေါင်းထဲ၌ ပေါ်လာသည့် အတွေးအခေါ် အယူအဆနှင့် စိတ်ကူးများကြောင့်ပင် ဖြစ်လေသည်။

အသေအချာ စဉ်းစားလိုက်သည့် အခါ လီရှိုင်း၏ ဈေးကွက် တိုးချဲ့ရေး လုပ်ငန်းတွင် သူ့အနေဖြင့် တစ်ဖက်တစ်လမ်းမှ အကျိုးအမြတ် ရှိလာနိုင်သည် ဟူသော အချက်ကို ထောက်ပြသူမှာ ဖရန့် ဖြစ်ပေသည်။ ဒီလိုဆိုတော့လည်း သူမထဲ သွား၍ လက်ဖက်ရည် သောက်ခဲ့ရသည်မှာ အရှုံး မထွက်ပေ၊ ဖရန့်သည် လုသလောက်၊ ချောသလောက်၊ စွဲမက်စရာ ကောင်းသလောက် ဉာဏ်သွား၍ ဉာဏ်များသော အမျိုးသမီး တစ်ယောက် ဖြစ်ပေသည်ဟု စိတ်ထဲက ကျိတ်၍ တွေးမိ၏။

တကယ်တော့ ဖရန့်နှင့် ပေါင်းသင်းမိသည့် အချိန်မှ စ၍ သူကိုယ်တိုင်မှာလည်း အလွန် ဉာဏ်များ၍ အလွန် ဉာဏ်သွားလာပြီး အလည်အပတ် အကွေ့အကောက်များကိုပါ သုံးတတ်လာသည့် သူ၏ အဖြစ်ကိုမူ အင်ဒရူး သတိမထားမိချေ။

မသိမသာနှင့် ဖရန့်၏ သဘောတရားများ အဘိဓမ္မာများသည် အင်



www.burmeseclassic.com

www.burmeseclassic.com

ဒရူး၏ အသွေးအသားနှင့် ကိုယ်စိတ် နှစ်ပါး အတွင်းသို့ တဖြည်းဖြည်းချင်း စိမ့်ဝင် ပျံ့နှံ့လျက် ရှိ၏။ သူမ၏ လမ်းညွှန်မှုအရ အင်ဒရူးသည် အသေးအမွှား အပရိက ကိစ္စ ဟူသမျှကို ရှေ့တန်းတင်၍ အလေးအနက် ထား၍ စဉ်းစား မည့် အရာ မှန်သမျှကို သူနှင့် မဆိုင်သလို ဘေးဖယ်ထားတတ်သော အကျင့် ရနေပေပြီ။

ခရစ္စတီနှင့် မျက်နှာချင်းဆိုင်မိသည့် အခါတိုင်း ဖြစ်ပေါ်လာတတ်သော မလုံမလဲ စိတ်မှာလည်း ယခုအခါ လုံးဝ မရှိတော့ပေ။ ဖရန့်နှင့် လွတ်လွတ်လပ်လပ် တစ်နာရီလောက် အချိန်ဖြုန်းပြီး ပြန်ရောက်လာသည့် အခါမျိုး မှာပင် ဣန္ဒြေမပျက် နေနိုင်လာ၏။ အံ့သြဖွယ် ကောင်းလောက်သည့် သူ၏ စိတ်ပြောင်းလဲမှုကို သူကိုယ်တိုင်ပင် မအံ့သြဘဲ မနေနိုင်ချေ။

ဘာကြောင့် ထိုကဲ့သို့ ဖြစ်လာရလေသနည်း။

သူ ဖရန့်ကို တကယ့် မေတ္တာစစ် မေတ္တာမှန်နှင့် ချစ်နေခြင်း မဟုတ်၍ ဖြစ်ကောင်း ဖြစ်ပေမည်။ သို့တည်းမဟုတ် သူတို့၏ တိတ်တိတ်ပုန်း ကိစ္စကို ခရစ္စတီ မသိသေး၍သာ ယခုကဲ့သို့ သူ စိတ်အေးနှာအေး နေနိုင်ခြင်း ဖြစ် ကောင်း ဖြစ်ပေမည်။ သို့တည်းမဟုတ် ယခုလို ကိစ္စမျိုးမှာ ယောကျ်ား တစ် ယောက်၏ ဘဝတွင် တစ်ကြွေ့မဟုတ် တစ်ကြွေ့တွင် ကြုံရတတ်သည့် ကိစ္စမျိုး တစ်ခုမို့သာ ခပ်ပေါ့ပေါ့ နေနိုင်ခြင်း ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

အင်ဒရူးသည် သူ တိတ်တဆိတ် ဖောက်ပြန်နေခြင်း အတွက် စိတ်ထဲ က မလုံတိုင်း ခရစ္စတီ အပေါ်တွင် အစွမ်းကုန် လိုက်လျော၍ အစွမ်းကုန်ပင် သဘောကောင်းသည်။ သူမနှင့် စကားပြောလျှင် နူးညံ့ ချိုသာစွာ ပြောသည်။ သူ့ စိတ်ကူး သူ့ အစီအစဉ် အားလုံးကို သူမအား ဖွင့်ဟ ပြောပြသည်။ ဆွေး နွေး တိုင်ပင်သည်။ သို့ဖြစ်ရာ ယခုအခါတွင် ခရစ္စတီသည် ဝဲလ်ဘတ်လမ်းမှ အိမ်ကို လာမည့် နွေဦးပေါက်တွင် ဝယ်တော့မည် ဟူသော အစီအစဉ်ကို လည်း သိထားပြီး ဖြစ်သည်။ အိမ်သစ်ကို မွမ်းမံ ပြင်ဆင် ပြီးလျှင်ပြီးချင်း ချက်စဘောရီးရပ်မှ ရွှေ့ပြောင်းမည် ဟူသော အချက်ကိုလည်း သိထားပြီ ဖြစ် ၏။

ယခုအခါတွင် ခရစ္စတီသည် အင်ဒရူး ဘာပြောပြော အပြန်အလှန် ငြင်းခုံခြင်း မပြုတော့ပေ။ အပြစ်တင်ခြင်းလည်း မပြုတော့ပေ။ ငြိမ်ငြိမ်ဆိတ် ဆိတ်နှင့် ပြောသမျှကို နားထောင်၍ အင်ဒရူး တွေးသမျှ၊ စိတ်ကူးသမျှ၊ လုပ် သမျှ ကိုင်သမျှ အားလုံး ကောင်းပါသည် ဟူသော သဘောထား အမူအရာ





ကိုသာ ဖော်ပြတတ်၏။ သို့ဖြစ်ရာ ခရစ္စတီ၏ သဘောထား အမှန်ကို အင် ဒရူး သိနိုင်ဖို့ မလွယ်တော့ပေ။

တကယ်တော့လည်း အင်ဒရူး၏ ဘဝ အပြောင်းအလဲမှာ လျှင်မြန် လွန်း အားကြီးသဖြင့် သူ၏ အတိတ်က ဖြစ်ရပ်များကို ပြန်လှန် သတိရဖို့ပင် အချိန် မရှိတော့ပေ။ သူ့တွင် စိတ်ညစ်စရာဟူ မရှိတော့။ အချိန် ရှိသမျှ ပျော် စရာများနှင့်သာ တွေးလုံးရစ်ပတ် ဖြစ်လျက် ရှိ၏။ သို့သော်လည်း သူ့ စိတ် ထဲမှာ ယခင်ကလို အနှစ်သာရဟူ မရှိတော့ပြီ။ သူ့တွင် ယခင်ကလို သစ္စာ တရား ဆိုသည်မှာလည်း မရှိတော့ပြီ။ သူလိုလူ ဇမ္ဗူတွင် မရှိတော့ ဟူသော အတွေးအထင်မျိုးဖြင့် သွေးနားထင်ရောက်လျက် ရှိပြီ ဖြစ်ရာ သူ့ဘဝတွင် သူ သာလျှင် သူ့ဘဝ၏ အရှင်၊ သူသာလျှင် သူ့ဘဝ၏ သခင် ဟူသော မာန်မာန သာလျှင် အရှိန်တက်လျက် ရှိလေ၏။

ယင်းကဲ့သို့ မိုးမမြင် လေမမြင် ဖြစ်နေခိုက်မှာပင် ကောင်းကင်ထက် ဆီမှ မိုးကြိုး တစ်ချက် ပြင်းထန်စွာ ကျလာလေတော့၏။

နိုဝင်ဘာလ ငါးရက်နေ့ ညနေခင်းတွင် အိမ်နီးနားချင်း ဈေးသည် တစ်ဦး၏ မိန်းမသည် အင်ဒရူး၏ ဆေးခန်းသို့ ရောက်လာလေ၏။

သူမ၏ အမည်မှာ မစ္စက် ဗစ်ဒလား ဖြစ်၍ အသက် များစွာ မကြီး သေးပေ။ ပိန်ပိန်ပါးပါး၊ အရပ်ပုပု ဖြစ်သော်လည်း တောက်ပ ကြည်လင် သော မျက်လုံးအစုံနှင့် သွက်လက် ပေါ့ပါး၍ ထက်မြက်သော အမျိုးသမီးကြီး တစ်ဦး ဖြစ်ပေသည်။ ငယ်စဉ် ကတည်းက လန်ဒန်မြို့ပေါ်၌ ကြီးပြင်းလာရ သူ ဖြစ်သော်လည်း သူမသည် သူမ နေထိုင်ရာ ပတ်ဝန်းကျင်မှ လွဲ၍ တခြား ဘယ်ကိုမှ ရောက်ဖူးသူ မဟုတ်ပေ။

အင်ဒရူးသည် ဗစ်ဒလား မိသားစုကို ကောင်းစွာ သိ၏။ သူ ဤ နယ် မြေသို့ ရောက်စက ကလေးချင်း ကစားရင်း ထိခိုက်မိသဖြင့် ဗစ်ဒလား၏ သားငယ် တစ်ဦးကို ကြည့်ရှု ကုသပေးခဲ့ရဖူးသည်။ ထိုနောက်တွင်မှ သူ၏ ဖိနပ် အဟောင်းများကို ပြင်ရန် ဗစ်ဒလားတို့ ဆိုင်တွင် အပ်နှံခဲ့ဖူးလေသည်။

ဗစ်ဒလား မိသားစုသည် ရိုးသား၍ အလွန် အလုပ် ကြိုးစားသူများ ဖြစ် သဖြင့် အလွန် မိတ်များသည်။ ပက်ဒင်တန် လမ်းတွင် ခေတ်ဆန်း လီမိတက် ဟူသော အမည်ဖြင့် နှစ်ခန်းတွဲ ဆိုင်တစ်ဆိုင် ဖွင့်ထားရာ တစ်ဆိုင်မှာ ဖိနပ် ပြင်ဆိုင် ဖြစ်၍ တစ်ဆိုင်မှာ ပင်မင်းဆိုင် ဖြစ်ပေသည်။

အင်ဒရူးသည် ဟယ်ရီ ဗစ်ဒလားကို ကောင်းစွာ သိသည့်အလျောက်



www.burmeseclassic.com

www.burmeseclassic.com


မကြာခဏ တွေ့ဖူး ဆုံဖူးသဖြင့် ရင်းနှီးသလိုပင် ဖြစ်နေသည်။ ဟယ်ရီ ဗစ်ဒလားသည် တုတ်တုတ်ခိုင်ခိုင်နှင့် ကျန်းမာ သန်စွမ်းပုံ ရသော်လည်း မျက်နှာ အသွေးအရောင်ကတော့ ခပ်ဖျော့ဖျော့ ဖြစ်သည်။ ကော်လာ မပါသော အင်္ကျီကြီး အမြဲ ဝတ်လေ့ ရှိ၏။ သူ့ဆိုင်တွင် အလုပ်သမား အနည်းငယ်မျှ ငှားထားသော်လည်း ဆိုင်လုပ်ငန်းကို အလုပ်သမားများနှင့်ချည်း လွှဲမထားပေ။ ကိုယ်တိုင်လည်း အမြဲတစေ စိတ်ပါလက်ပါနှင့် ကိုယ်ဖိရင်ဖိ ဝင်လုပ်နေတတ်ပေသည်။ အင်ဒရူးနှင့် ဆုံမိသည့် အခါတိုင်း ဗစ်ဒလား တစ်ယောက် အလုပ်နှင့် လက် ပြတ်သည် ဟူ၍ မရှိပေ။

ယခု မစ္စက် ဗစ်ဒလား ဆေးခန်းသို့ ရောက်လာခြင်းမှာ သူ့ယောက်ျား ဟယ်ရီ ဗစ်ဒလား၏ ကျန်းမာရေး အတွက် အင်ဒရူးနှင့် လာရောက် တိုင်ပင်ခြင်း ဖြစ်လေသည်။

'ဒေါက်တာ့ဆီ လာတာ ကျွန်မ ယောကျာ်း နေမကောင်း ဖြစ်လို့ လာတာပါ၊ သူ ဖြစ်နေတာ တော်တော်တော့ ကြာပြီ၊ လူက ထူထူထောင်ထောင် နေနိုင်နေတော့ သူ့ကိုယ်သူ သိပ် ဂရုမစိုက်ဘူးပေါ့၊ ကျွန်မကတော့ နေ့ရှိသရွေ့ ပူနေရတာပဲ၊ နားတယ်လို့လည်း မရှိဘူး၊ အခုလည်း သူ မလာနိုင်လို့ ကျွန်မ လာခဲ့ရတာပါ၊ မနက်ဖြန် ဒေါက်တာ လာကြည့်ပေးနိုင်မယ် ဆိုရင် ကြည့်ပေးစေချင်ပါတယ်၊ ဒေါက်တာ လာမယ် ဆိုရင် ကျွန်မ သူ့ကို စောင့်ခိုင်းထားပါမယ်'

အင်ဒရူးကလည်း သူ ဆက်ဆက်လာ၍ ကြည့်ပေးပါမည်ဟု ကတိပေးလိုက်လေသည်။

နောက်တစ်နေ့ မနက် သူ ရောက်သွားသည့် အခါ ဟယ်ရီ ဗစ်ဒလားကို အိပ်ရာထဲတွင် တွေ့ရ၏။ ဗစ်ဒလားက သူ၏ ဖြစ်ပုံ အလုံးစုံကို ပြောပြသည်။

သူ ဖြစ်နေပုံမှာ ဗိုက်ထဲမှ အောင့်သည် နာသည်။ ဗိုက်ထဲမှ အောင့်ခြင်း နာခြင်းသည် လျော့သွားသည်ဟု မရှိဘဲ တစ်နေ့ထက် တစ်နေ့ တိုး၍ တိုး၍သာ လာသည်။ သူ၏ ဝမ်းဗိုက်ကြောများမှာလည်း လွန်ခဲ့သော လ အနည်းငယ်မှ စ၍ တင်းမာလာသည်။ ဆ၀ တစ်လျှောက်လုံး ရောဂါ အကြီးအကျယ် ထူးထူးထွေထွေ မဖြစ်ဘဲ တောက်လျှောက် ကျန်းမာလာသူတို့၏ ထုံးစံအတိုင်း အမှုမဲ့ အမှတ်မဲ့ပင် နေခဲ့သည်။ တစ်ခါတစ်ရံတော့လည်း ဘာကြောင့် အခုလို ဖြစ်ရပါလိမ့်ဟု တွေးမိသည်။ ဘီယာ အလွန်အကျွံ သောက်၍ များ ဖြစ်လေသလား။ သို့မဟုတ် သူ၏ အလုပ်မှာ ဖိနပ်ချုပ် အလုပ် ဖြစ်၍ အမြဲတမ်း ထိုင်၍ လုပ်ရသော အလုပ်ဖြစ်ပေရာ အထိုင် များလွန်း၍ပင် ဖြစ်သလား စသည်ဖြင့် ဖြစ်နိုင်လောက်သည့် အကြောင်းများကို သူ့ဘာသာသူ စဉ်းစား၍ ရှာကြည့်သည်။ အဖြေတော့ မရချေ။

အင်ဒရူးသည် ဗစ်ဒလား ပြောပြသမျှကို စိတ်ရှည်လက်ရှည် နားထောင်ပြီး ကျကျနန စမ်းသပ်ကြည့်ရာ ဗစ်ဒလား ထင်သလို ဘီယာကြောင့်လည်း မဟုတ်၊ အထိုင်များ၍လည်း မဟုတ်၊ တကယ် ဖြစ်နေသည်မှာ အတွင်းမှ အဆီအိတ် အခြေအနေကြောင့် ဖြစ်ကြောင်း တွေ့ရလေသည်။ ယင်းရောဂါမျိုးသည် လူကို အန္တရာယ် မပေးနိုင်သော်လည်း ခွဲစိတ် ကုသပေးမှသာလျှင် ပျောက်သာနိုင်သော ရောဂါမျိုး ဖြစ်ပေသည်။

အင်ဒရူးသည် ဗစ်ဒလားနှင့် သူ့ဇနီးအား အခြေအနေမှန်ကို ရှင်းလင်းပြောပြသည်။ လူ့ခန္ဓာကိုယ် အတွင်းရှိ အဆီအိတ်သည် ယခုကဲ့သို့ပင် ကြီးထွားလာတတ်ကြောင်း၊ ကြီးလာလျှင် ယခုလိုပင် အမြဲတစေ အောင့်တတ် နာတတ်ကြောင်း၊ ဝမ်းဗိုက်ကို ခွဲ၍ အထဲမှ အဆီအိတ်ကို ထုတ်ပစ်မှသာလျှင် အအောင့် အနာ သက်သာနိုင်ကြောင်း ပြောပြပြီး သူ့ သဘောအရ ဆိုလျှင် ဗစ်ဒလားကို အမြန်ဆုံး ဆေးရုံတင်ပြီး ခွဲစိတ် ကုသသင့်ကြောင်း အကြံပေးလေ၏။

အင်ဒရူး၏ စကားကို ကြားသောအခါ မစ္စက် ဗစ်ဒလားက အကျောက်အကန် ငြင်းလေသည်။

'ဆေးရုံတက်ဖို့ ဆိုတာကတော့ မဖြစ်နိုင်ဘူး ဒေါက်တာ၊ ကျွန်မ ယောကျာ်း ဟယ်ရီကို ဘယ်နည်းနှင့်မှ ဆေးရုံတော့ မတင်ချင်ဘူး၊ ဆေးရုံတွေက ဒေါက်တာ သိတဲ့အတိုင်းပဲ သိပ်ကောင်းတာ မဟုတ်ဘူး၊ ကျွန်မ အစကတည်းက ဒီလို ဖြစ်လာလိမ့်မယ်လို့တော့ အထင်သား၊ သူက အပင်ပန်းခံခဲ့တာပဲ၊ လုပ်သင့်တာထက် ပိုပြီး လုပ်နေတော့ တစ်နေ့ ရောဂါ ရတော့မှာပဲလို့ တွက်ထားတာ၊ အခုတော့ ကျွန်မ ထင်နေတဲ့ အတိုင်း မှန်နေတာပဲ၊ ဒေါက်တာ သိတဲ့ အတိုင်းပဲ ကျွန်မတို့ဟာ လူချမ်းသာတွေ မဟုတ်ပါဘူး၊ အနည်းအကျဉ်း စုဆောင်းထားတာလေးတော့ ရှိသပေါ့ရှင်၊ အခုလို အရေးအကြောင်း ရှိလာရင် သုံးဖို့ ဆိုပြီး စုထားတာလေးတော့ ရှိပါတယ်၊ အခုလို ကိစ္စမျိုး ဆိုရင်တော့ သုံးရတော့မှာပေါ့၊ ကျွန်မ ယောကျာ်းကို မျက်နှာကြီး မျက်နှာငယ် ရွေးပြီး ဆက်ဆံတဲ့ ဆေးရုံတွေမှာ တင်ထားပြီး မျက်နှာငယ်



www.burmeseclassic.com

 www.burmeseclassic.com 

မနေစေချင်ဘူး၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲလည်း မဖြစ်စေချင်ဘူး၊ ဆေး တင်ရင် ပိုက်ဆံတော့ သက်သာချင် သက်သာမှာပေါ့၊ ဒါပေမဲ့ မျက်နှာကြ မဟုတ်လို့ ဆရာဝန်တွေက ဂရုတစိုက် လုပ်မပေးဘူး ဆိုရင် ကျွန်မယောကျ်ား မှာ ဒုက္ခ ဖြစ်မယ်၊ အဲဒီတော့ ရှိသလောက်နှင့် အကုန်အကျခံပြီး ကုချင်တာ

'မဟုတ်သေးဘူး မစ္စက် ဗစ်ဒလာ၊ စိတ်ကူး မလွဲစေချင်ဘူး၊ ကျွန်တော် စီစဉ်ပေးနိုင်...'

'မဖြစ်ပါဘူး ဒေါက်တာရယ်၊ ကျွန်မ သူ့ကို အပြင် ဆေးတိုက်မှာ တင်ပြီး ကုပါရစေ၊ ဒီနားတစ်ဝိုက်မှာ ပိုက်ဆံ ယူပြီး လက်ခံကုတဲ့ ဆေးရုံ တွေ အများကြီး ရှိပါတယ်၊ ဒေါက်တာ အနေနှင့် သင့်တော့မယ့် ဆရာဝန် တစ်ယောက် ရှာပြီးတော့သာ ခွဲစိတ် ကုသပေးပါ၊ ကျသလောက်ငွေကို ကျွန်မ ကြိုးစားပြီး ပေးပါ့မယ်၊ ဆေးရုံတွေကိုတော့ ကျွန်မ စိတ်ပျက်လွန်းလို့ ဆင်းရဲရင် သိပ်ပြီး ဂရုစိုက်တာ မဟုတ်ဘူး၊ မျက်နှာ အလွန် ငယ်ရပါတယ် ဟယ်ရီကို ဆေးရုံတင်ဖို့ကတော့ ကျွန်မ လုံးဝ စိတ်မကူးပါဘူး'

အင်ဒရူးသည် မစ္စက် ဗစ်ဒလာအား ထပ်မံ၍ ဖျောင်းဖျနေလျှင် အချိန် သာ ကုန်တော့မည်၊ ပြော၍ ရတော့မည် မဟုတ်ကြောင်း နားလည်သည်။ မစ္စတာ ဗစ်ဒလာ ကိုယ်တိုင်ကလည်း သူ၏ ဇနီးနှင့် တစ်သဘောတည်း ဖြစ် နေသဖြင့် ဆေးရုံတက်ရန် ကိစ္စကို ထပ်၍ မပြောတော့ဘဲ သူတို့ စိတ်ဆန္ဒ ရှိ သည့် အတိုင်း ကျွမ်းကျင်သော ဆရာဝန် တစ်ယောက် ရှာပြီး အကောင်းဆုံး ခွဲစိတ် ကုသမှု ရအောင် ဆောင်ရွက်ပေးတော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။

ထိုနေ့ ညနေတွင် အင်ဒရူးသည် အိုင်ဗိုရီထံ ဖုန်းဆက်၍ သူ့အတွက် အကူအညီ ပေးရန် ပြောလေသည်။

'ကျွန်တော် ခင်ဗျားဆီက အကူအညီ တစ်ခု တောင်းချင်လို့ပါ အိုင်ဗို ရီ၊ ကျွန်တော့်မှာ ဗိုက်ခွဲရမယ့် လူနာ တစ်ဦး ရှိနေတယ်၊ လူနာက အဆင့် အတန်း သိပ်နိမ့်တဲ့ လူစားမျိုး မဟုတ်ပါဘူး၊ ဒါပေမဲ့ ငွေကြေး အနေနှင့် သိ ပြီး မချမ်းသာဘူး၊ ကျွန်တော် ပြောတာ သဘောပေါက်ရဲ့လား၊ ဒီထက် ရှင်း အောင် ပြောရရင် ဒီလူနာဆီက ခင်ဗျား အတွက် ငွေများများတော့ မရနိုင်ဘူး လို့ ပြောရမှာပဲ၊ အထိုက်အလျောက်တော့ ရမှာပါ၊ ဒါပေမဲ့ လူနာက ကျွန် တော် ကူညီ စောင့်ရှောက်ပေးရမယ့် လူနာ ဖြစ်နေပါတယ်၊ ဖြစ်နိုင်ရင် ခင်ဗျား ယူနေကျနှုန်းရဲ့ သုံးပုံ တစ်ပုံလောက် ယူပြီး လုပ်ပေးဖို့ မေတ္တာရပ်ခံချင်တာ ပဲ'



အိုင်ဗိုရီသည် အပြောကောင်းသူ တစ်ဦး ဖြစ်ရာ အင်ဒရူး အဆင်ပြေ လွန် ကိုယ်ချင်းစာနာမှု ထားသည့် သဘောမျိုးကို ရွှန်းရွှန်းဝေအောင် ပြော သည်။ သူ၏ အရင်းနှီးဆုံး ဖြစ်သော ဒေါက်တာ မေဆန် အတွက် ဆိုလျှင် ဘတ်အားသမျှ အစွမ်းကုန် လုပ်ပေးရမည့် တာဝန်သည် သူ့မှာ ရှိနေပါသည် ဆိုကာ ဟယ်ရီ ဗစ်ဒလာအား ခွဲစိတ် ကုသပေးရန် တာဝန် ယူလေသည်။ ယောက်သား တယ်လီဖုန်းများနှင့်ပင် လူနာ၏ အခြေအနေကို မိနစ် တန်ကြာမျှ ဆွေးနွေး တိုင်ပင်ကြလေသည်။

အင်ဒရူးသည် အိုင်ဗိုရီ တယ်လီဖုန်း ချသွားသည်နှင့် တစ်ပြိုင်နက် က် ဗစ်ဒလာထံ ဖုန်းဆက်လေ၏။

'ကျွန်တော် အခုပဲ မစ္စတာ အိုင်ဗိုရီဆီ ဖုန်းဆက် ပြီးပါပြီ၊ အိုင်ဗိုရီက ဒန် အနောက်ပိုင်းမှာ အင်မတန်မှ နာမည်ကြီးတဲ့ ခွဲစိတ်ကု ဆရာဝန်ကြီး ယောက်ပါ မစ္စက် ဗစ်ဒလာ၊ ကျွန်တော်နှင့်လည်း အလွန်ခင်တဲ့ မိတ်ဆွေ အစစ အရာရာ စိတ်ချရပါတယ်၊ မစ္စက် ဗစ်ဒလာ သဘောတူမယ် ဆိုရင် က်ဖြန် သူနှင့် ကျွန်တော် မစ္စတာ ဗစ်ဒလာကို လာကြည့်ပါ့မယ်၊ မနက် ဆယ့်တစ်နာရီမှာ လာခဲ့ပါ့မယ်၊ ဟုတ်ပါတယ်၊ ဆယ့်တစ်နာရီပါ၊ ခွဲစိတ် ား၊ ခွဲစိတ်ခကိုတော့ ဂီနီ သုံးဆယ် ယူပါလိမ့်မယ်၊ သူ ယူနေကျ ထုံးစံ ိုင်းသာ ယူမယ် ဆိုရင်တော့ ဂီနီ တစ်ရာ ဒါမှမဟုတ် ဂီနီ တစ်ရာကျော် က် ကျပါလိမ့်မယ်၊ အခုဟာကတော့ အထူးကိစ္စ တစ်ရပ် အနေနှင့် ဂီနီ ဆယ်ပဲ ယူပြီး လုပ်ပေးမှာပါ၊ ဒါဆိုရင် ဈေးမများလှဘူး ထင်ပါတယ်'

'ဟုတ်ကဲ့ပါ ဒေါက်တာ၊ ဟုတ်ကဲ့ပါ'

မစ္စက် ဗစ်ဒလာ၏ အသံတွင် စိုးရိမ် ကြောင့်ကြမှု မကင်းသည့် အရိပ် ္ဘာများ ရှိနေသော်လည်း အင်ဒရူး ပြောသည့် အစီအစဉ်ကိုတော့ လက် သသည်။

'ဒေါက်တာကို သိပ်ပြီး ကျေးဇူးတင်ပါတယ်၊ ခွဲစိတ်ခ ကျသလောက် ို့လည်း ကျွန်မ တာဝန်ယူပါတယ်'

နောက်တစ်နေ့ ဆယ့်တစ်နာရီတွင် အင်ဒရူးသည် အိုင်ဗိုရီနှင့် အတူ ၍ မစ္စတာ ဗစ်ဒလာအား စမ်းသပ် ကြည့်ရှုပြီးလျှင် ဘရန်းစလင်းလမ်းရှိ န်းစလင်း ဆေးတိုက်သို့ တင်လိုက်လေ၏။

ဘရန်းစလင်း ဆေးတိုက်သည် အပြင်အဆင် ခေတ်မမီသော်လည်း ်ရပ် သန့်ရှင်းပေသည်။ ချက်စဘောရီးရပ်နှင့်လည်း များစွာ မဝေးလှပေ။



www.burmeseclassic.com

www.burmeseclassic.com

အခန်းခ ဈေးမကြီးသော်လည်း ပစ္စည်း ကိရိယာကတော့ ပြည့်ပြည့်စုံစုံ ပေ။ ဂေဟာတွင် တက်နေသည့် လူနာ အများစုမှာ ဆေးဝါး ကုသရသည့် ရိုး လူနာများသာ ဖြစ်သည်။ ခွဲစိတ် ကုသပေးရသည့် လူနာ ဟူ၍ တစ်ဦး မရှိပေ။

အင်ဒရူး ရောက်ခဲ့ဖူးသည့် လန်ဒန်မြို့ပေါ်မှ အခြား ဆေးတိုက် ဆေးခန်းများလိုပင် ရိုးရိုးရောဂါသည် လူနာများကိုသာ လက်ခံရန် ရည်ရွ ၍ ဖွင့်ထားသော ဆေးတိုက်မျိုး ဖြစ်သဖြင့် ခွဲစိတ်ခန်းနှင့် စပ်ဆိုင်သည့် ပစ္စည်း ဟူ၍ မည်မည်ရရ ဘာတစ်ခုမှ မရှိပေ။ ဓာတ်လှေကားလည်း မရှိပေ။ ခွဲစိ ခန်း ဟူ၍လည်း သီးခြား မရှိပေ။ ယခု ဟယ်ရီ ဗစ်ဒလားအား ခွဲစိတ် ခွဲစိတ်ခန်း အဖြစ် သုံးရမည့် အခန်းမှာ တစ်ချိန်က ပစ္စည်း သိုလှောင်ရာ အ အဖြစ် သုံးခဲ့သည့် အခန်း ဖြစ်ပေသည်။

ပိုင်ရှင် မစ္စ ဘတ်စတန်သည် အရည်အချင်းပြည့် သူနာပြု ဆရာမ ဦး ဖြစ်၍ အလုပ်ကိုလည်း အလွန် ကြိုးစားသည်။ ဘရန်းစလင်း ဆေးတို ၏ ထူးခြားချက်မှာ အခြား ဆေးတိုက်များနှင့် မတူအောင် သန့်ရှင်း စင်ကြ ခြင်းပင် ဖြစ်ရာ ဆေးတိုက် အတွင်းပိုင်းရှိ လူသွား လူလာ နည်း၍ ချောင် သည့် နေရာမျိုးမှာပင် ကြမ်းပြင်များသည် ပြောင်လက် တောက်ပနေပေသ

ဟယ်ရီ ဗစ်ဒလားအား သောကြာနေ့တွင် ခွဲမည်ဟု သတ်မှတ်ကြ ခွဲမည့်နေ့တွင် အိုင်ဗိုရီ စောစော မလာနိုင်သဖြင့် ခွဲမည့် အချိန်ကို မွန်းလွဲ နှစ်နာရီဟု သတ်မှတ်လိုက်ကြလေ၏။

ခွဲမည့် နေ့တွင် အင်ဒရူးသည် ဘရန်းစလင်း ဆေးတိုက်သို့ အိုင် မရောက်သေးမီ စော၍ ရောက်သွားသည်။ အိုင်ဗိုရီကလည်း သူ ပြောထားသ အချိန်အတိုင်း အတိအကျ ရောက်လာသည်။ သူနှင့်အတူ မေ့ဆေး ဆရာဝန်ကို တစ်ပါတည်း ခေါ်လာလေ၏။ ခွဲစိတ် ကိရိယာများ ထည့်သည့် အိတ်ကို သ လာသော သူ့တပည့်အား စောင့်နေသည့် အိုင်ဗိုရီ၏ ဟန်အမူအရာသည် တ ငြိမ် အေးဆေးပြီး ခံ့ညား ထည့်ဝါလွန်းသဖြင့် ကြည့်၍ ကောင်းလှပါပေ အထင်အမြင် ကြီးလောက်ပါပေ၏။

အိုင်ဗိုရီ၏ ပြောဆို ဆက်ဆံပုံကလည်း ချိုသာ ပြေပြစ်လွန်းလှပေသ ဆယ်မိနစ်ခန့်မျှ အတွင်းတွင် ခွဲစိတ်ခန်းရှေ့၌ ထိုင်နေသော သူ့ လူနာ၏ သည် မစ္စက် ဗစ်ဒလားကို သူကိုယ်တိုင် အားပေးစကား ပြောဆိုပြီးနေပေ သူ၏ စကား အသုံးအနှုန်း၊ ပြောပုံဆိုပုံ၊ လေယူလေသိမ်း၊ ကိုယ် အမူအရာ





ကြည့်ပြီး ဆေးတိုက် ပိုင်ရှင် ဆရာမ မစ္စ ဘတ်စတန်နှင့် အခြား သူနာပြု ဆရာမများကပါ အိုင်ဗိုရီ၏ အပေါ်တွင် များစွာ အထင်အမြင်ကြီးလှ ကြလေသည်။ မစ္စက် ဗစ်ဒလားကို အားပေးစကား ပြောဆိုပြီးသည့်နောက် တွင် အိုင်ဗိုရီသည် ခွဲစိတ်ခန်း ဝတ်စုံများ ဝတ်သည်။ လက်အိတ်ကို ကျကျနန ဝင်သည်။ သူသည် တည်ငြိမ် အေးဆေးစွာဖြင့် သူ့လူနာကို ခွဲစိတ်ပေးဖို့ အဆင်သင့် ဖြစ်ပေပြီ။

အိုင်ဗိုရီ၏ အခွဲအစိတ်ကို ခံရမည့် လူနာ ဟယ်ရီ ဗစ်ဒလားသည် ခွဲ စိတ်ခန်း အတွင်းသို့ သူ့ဘာသာသူ လမ်းလျှောက် ဝင်လာလေသည်။ လူနာ ၏ အခြေအနေကတော့ အထူး ပြောစရာ မရှိ။ ကြည်ကြည်လင်လင် လန်း ဆန်းဆန်းဆန်းနှင့် ရွှင်ရွှင်ပျပျ ရှိလှပေသည်။

ဟယ်ရီ ဗစ်ဒလားသည် သူ့ကိုယ်ပေါ်မှ လူနာဝတ် အင်္ကျီကို ချွတ်၍ အနီးမှ သူနာပြုဆရာမ လက်သို့ လှမ်းပေးပြီးသော် ခွဲစိတ် ခုတင်ပေါ်သို့ မည် သူ့ အကူအညီမှ မယူဘဲ သူ့ဘာသာသူ တက်လေသည်။ ဟယ်ရီ ဗစ်ဒလား သည် သူ ရှောင်လွှဲ၍ မရနိုင်တော့သည့် ကိစ္စကို သတ္တိရှိရှိ သွေးအေးအေးဖြင့် ရင်ဆိုင်တော့မည် ဟူသော စိတ်မျိုး မွေးကာ သူ လုပ်ရန် ရှိသမျှကို တည် ငြိမ်စွာ လုပ်ကိုင်သွားခြင်းဖြစ်၏။ မေ့ဆေး ဆရာဝန်က သူ၏ မျက်နှာပေါ်သို့ မေ့ဆေး မျက်နှာဖုံး မအုပ်မီ အချိန် တစ်စက္ကန့် နှစ်စက္ကန့်မျှ အတွင်းမှာပင် အင်ဒရူးကို လှမ်းကြည့်ပြီး နှစ်နှစ်ခြိုက်ခြိုက် ပြုံးပြလေသေးသည်။ နှုတ်မှလည်း 'ခွဲစိတ်ပြီးသွားရင် ကျွန်တော် အများကြီး နေလို့ ထိုင်လို့ ကောင်းသွားမှာပါ ခေါက်တာ၊ မဟုတ်ဘူးလား' ဟု အင်ဒရူးကိုပင် လှမ်းပြောလိုက်လေသေး သည်။

နောက်တစ်ခဏတွင် ဟယ်ရီ ဗစ်ဒလားသည် ခွဲစိတ် ခုတင်ပေါ်တွင် လဲလျောင်းကာ မျက်လုံး နှစ်ဖက်ကို စုံမှိတ်၍ ပေးထားသည်။ မေ့ဆေးကို စိတ် ပါ လက်ပါ ရှူသည်။ ဆရာမ မစ္စ ဘတ်စတန်က ဟယ်ရီ ဗစ်ဒလား၏ ဝမ်း ဗိုက်မှ ပတ်တီးများကို ဖြေ၍ တင်ချာ သုတ်ထားသည့် နေရာကို ဖော်ပေးနိုင်က် သည်။ အိုင်ဗိုရီက ခွဲစိတ်ရန် ပြင်ဆင်လေ၏။

အိုင်ဗိုရီသည် ရှေးဦးစွာ ဟယ်ရီ ဗစ်ဒလား၏ ခါးကြောထဲသို့ ဆေး များ ထိုးပေးလိုက်သည်။

'ရှော့ခ် မဖြစ်အောင် ကြိုတင် ကာကွယ်ထားတာပဲ၊ ကျွန်တော် နေကျပေါ့'



www.burmeseclassic.com

www.burmeseclassic.com



အိုင်ဗိုရီက ရင့်ကျက် တည်ငြိမ်သော ဣန္ဒြေဖြင့် အင်ဒရူးကို လှမ်းပြော လိုက်သေးသည်။

ထိုနောက် တကယ့်အလုပ်သည် အစပြုလေ၏။

အိုင်ဗိုရီ ခွဲလိုက်သည့် ဓားချက်က ကြီးနေသဖြင့် ရှတ်တရက် ချက်ချင်းပင် ပြဿနာ ရှိလာသည်။ ခွဲထားသည့် အပေါက်မှ မြင်နေရသည့် အအိတ်သည် လေအပြည့် ထိုးထားသည့် ရေစိုနေသော ရာဘာ ဘောလုံး တစ်လုံး သဖွယ် တွဲလွဲခိုကာ ဟိုသည် ပြေးလွှား လှုပ်ရှားလျက် ရှိနေလေသည်။

အင်ဒရူးသည် ဟယ်ရီ ဗစ်ဒလား၏ ဝမ်းဗိုက် အပြင်မှ စမ်းသပ် စစ်ဆေးကြည့်ပြီး သူ ကောက်ချက်ချသည့် အတိုင်း မှန်ကန်နေသဖြင့် သူ့ကိုယ်သူ ကျေနပ်အားရခြင်း ဖြစ်နေမိသည်။ မကြာမတင်မှာပင် ဤဗေလုံးသည် အပြင်သို့ ထုတ်ပြီး ဖြစ်ပေတော့မည်။ ဤဗေလုံး အပြင်သို့ ရောက်သွားပြီ ဆိုပါက ဟယ်ရီ ဗစ်ဒလား၏ ဝမ်းဗိုက်သည် အောင့်ခြင်း နာခြင်း ဟူသော ဝေဒနာကို ခံစားရတော့မည် မဟုတ်ဟု တွေးကာ ဝမ်းသာလိုက်မိသေး၏။ သူသည် အိတ်ထဲ၌ ဖြုတ်၍ ထည့်ထားသော နာရီကို ထုတ်ယူပြီး တစ်ဖက်သော မျက်စိဖြင့် စောင်းငဲ့၍ ကြည့်လိုက်ကာ ခွဲစိတ်ပြီးလျှင် ပြီးချင်း သူ သွား၍ ကြည့်ရမည့် လူနာနှင့် ချိန်းဆိုထားသည့် အချိန် နီး မနီး ခန့်မှန်းကြည့်လိုက်မိသေး၏။

ထိုအခိုက်တွင် အိုင်ဗိုရီသည် အလွန် ကျွမ်းကျင် နိုင်နင်းသည့် ဟန်အမူအရာဖြင့် ဟယ်ရီ ဗစ်ဒလား၏ ဝမ်းဗိုက် အတွင်းမှ ဗေလုံးကို မိမိရရ ဆုပ်ကိုင်မိရန် ကြိုးစားလျက်ရှိ၏။ ဝမ်းဗိုက်နှင့် ဆက်နေသည့် ဗေလုံး၏ အညှာကို ဖမ်းမိရန် စမ်းသပ် ရှာဖွေလျက် ရှိ၏။ သို့သော်လည်း ဗေလုံး၏ အညှာကို မဆုပ်မိဘဲ ဖြစ်နေလေသည်။ အညှာကို မိမိရရ ကိုင်မိအောင် အားထုတ်လေလေ ဗေလုံးသည် သူ့လက်ထဲမှ ချော်၍ ချော်၍ ထွက်သွားလေ ဖြစ်နေလေ၏။

အိုင်ဗိုရီ လုပ်နေပုံကို ကြည့်၍ အင်ဒရူးမှာ စိတ်မရှည်နိုင်အောင် ဖြစ်လာသည်။ အတွေး တစ်ခုကလည်း ခေါင်းထဲသို့ ဖြတ်ခနဲ ဝင်လာသည်။

'ဒီလူ ဘာလုပ်နေတာပါလိမ့်'

ဝမ်းဗိုက်ထဲတွင် ဤမျှလောက်အထိ လက်နှင့် နှိုက်၍ ရှာဖွေရလောက်အောင် နေရာကျယ်ကျယ် ရှိသည် မဟုတ်ပေ။ ရှိသည့် နေရာမှာ ဗေလုံးကို ရှာဖွေ တွေ့ရှိနိုင်ရုံမျှသာ ကျယ်ဝန်းသော နေရာဖြစ်၏။ ရှာ၍လည်း လွယ်လင့်





တကူ တွေ့နိုင်၏။ သူသည် လိဝီလင်းတို့၊ ဒင်နီတို့ ဗိုက်ခွဲသည်များကို မြင်ခဲ့ဖူးသည်။ တခြား ဆရာဝန်များ ခွဲကြ စိတ်ကြသည်ကိုလည်း အကြိမ်ပေါင်းများစွာပင် ကြုံခဲ့ရဖူး၏။ သူတို့တစ်တွေ ဝမ်းဗိုက် ခွဲပုံ၊ စိတ်ပုံ၊ ကိုင်တွယ်ပုံများမှာ အလွန် လျင်မြန် သွက်လက်၍ ကျွမ်းကျင်လှ၏။ ကျွမ်းကျင်သော ခွဲစိတ်ကု ဆရာဝန် တစ်ဦးအနေဖြင့် ဝမ်းဗိုက် အတွင်း၌ ဘယ်နေရာမှာ ဘာရှိသည်ကို ကြိုတင်၍ အတိအကျ သိထားသူ ဖြစ်ပေရာ အသာအယာ နှိုက်လိုက်ရုံနှင့်ပင် လိုချင်သည့် အစိတ်အပိုင်းသည် ပါလာစမြဲ ဖြစ်၏။ သို့ပါလျက်နှင့် ယခုတိုင် အိုင်ဗိုရီ လုပ်ကိုင်နေပုံမှာကား...။

ဤမျှလောက် နှိုက်၍ ဤမျှလောက် အချိန်ကြာအောင် ရှာဖွေနေရခြင်းမှာ ဘာကြောင့်နည်း။

အင်ဒရူး၏ ခေါင်းထဲသို့ အသိ တစ်ခု ဖြတ်ခနဲ ဝင်လာလေသည်။ ထို အသိကား အခြားမဟုတ်ပေ။ အိုင်ဗိုရီသည် ယခင်က တစ်ကြိမ်တစ်ခါမျှ ဝမ်းဗိုက် မခွဲဖူးခဲ့သေး။ ဝမ်းဗိုက် ခွဲစိတ်ခြင်းနှင့် ပတ်သက်၍ လက်တွေ့ အတွေ့အကြုံ မရှိသေး။ ယခု ဝမ်းဗိုက်ခွဲခြင်းသည် သူ့အတွက် ပထမဆုံး အကြိမ် ဖြစ်သည် ဟူသော အသိပေတည်း။

စိုးရိမ်ခြင်းနှင့် ထိတ်လန့်ခြင်းတို့သည် အင်ဒရူး၏ စိတ်ကို လွှမ်းမိုးသွားလေ၏။ သူသည် သတိလက်လွတ်ဖြစ်ကာ လက်ထဲတွင် ဆုပ်ကိုင်ထားသည့် နာရီကို ဘောအိတ်ထဲသို့ လွှတ်ချလိုက်ပြီး ခွဲစိတ် ခုတင် အနီးသို့ တိုးကပ်သွားမိလေသည်။ သူ၏ တစ်ကိုယ်လုံးမှာ တောင့်တင်းလျက် ရှိလေပြီ။

အိုင်ဗိုရီကတော့ ယခုအချိန်ထိ ဗေလုံးကို ရှာဖွေနေဆဲပင်။ သူ၏ မျက်နှာထားကလည်း ဘာမှ မဖြစ်သည့်နှယ် ခပ်အေးအေးပင်။ ခွဲစိတ်မှုနှင့် ပတ်သက်၍ ဘာကိုမျှ မသိ၊ ဘာကိုမျှ နားမလည်ကြသော ဆရာမ မစ္စ ဘတ်စတန်နှင့် ခပ်ငယ်ငယ် ဆရာမတို့သာလျှင် ဘယ်လို အခြေအနေမျိုး ဖြစ်နေသည်ကို မသိကြသဖြင့် ဣန္ဒြေမပျက် ကြည့်နေနိုင်ကြလေ၏။

အသက်ကြီးလှပြီ ဖြစ်သော မေ့ဆေး ဆရာဝန်သည် သူ့လက်ထဲမှ မေ့ဆေးပုလင်း၏ ဖော့ကို သတ်မှတ်ထားသည့် အချိန်အဆ အတိုင်း မပြတ်အောင် သတိထား၍ လက်မနှင့် မှန်မှန် နှိပ်ပေးလျက် ရှိသည်။

မှန်အမိုးတပ်ထားသော ခွဲစိတ်ခန်းသည် သူ၏ အခန်းတွင်း၌ ထူးထူးခြားခြား ဖြစ်မှုပျက်မှုများ မရှိသည့်အလား ငြိမ်သက် တိတ်ဆိတ်လှပေ၏။

အိုင်ဗိုရီကတော့ သူ၏ လက်တစ်ဖက်ကို အပေါ်ကို မြှောက်၍ ဆန့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပြီး ကျန်သော လက်တစ်ဖက်ဖြင့် ဟယ်ရီ ဇစ်ဒလား၏ ဝမ်းဗိုက် အတွင်းမှ ဗေလုံးကို လိုက်လံ ရှာဖွေဆဲပင်။

ဘာကြောင့်ရယ် မသိ မမြင်နိုင် မသိနိုင်စွမ်းသော အကြောင်း တစ်ခုခုကြောင့် ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ နေရင်း ထိုင်ရင်းက အင်ဒရူး၏ စိတ်သည် တုန်လှုပ် ချောက်ချားလာကာ တစ်ကိုယ်လုံး အေးစက်လာလေ၏။

သူ ဘာကြောင့် ဤမျှလောက် တုန်လှုပ် ချောက်ချားနေရသနည်း။ ဤခွဲစိတ်မှုနှင့် ပတ်သက်၍ ကြောက်စရာ ဆို၍ ဘာမျှ မရှိ။ ဘာဆို ဘာမှ မရှိ။ ခွဲစိတ်မှုသည် အလွန် လွယ်ကူသော ခွဲစိတ်မှု ဖြစ်၏။ ခက်ခက်ခဲခဲ ဖြစ်စရာ ဘာမှ မရှိ။ လွယ်လွယ်ကလေး၊ ရှင်းရှင်းကလေး၊ ရိုးရိုးကလေး၊ မိနစ်ပိုင်းအတွင်း ပြီးသွားမည့် ခွဲစိတ်မှုမျိုး။ သို့ဆိုလျှင် ဘာကိုများ တွေး၍ ကြောက်စရာ ချောက်ချားစရာ ရှိပါသနည်း။

သူသည် အိုင်ဗိုရီအား စူးစူးစိုက်စိုက်နှင့် မျက်ခြည်မပြတ် ကြည့်နေမိလေ၏။

အိုင်ဗိုရီက တစ်ချက် ပြုံးလိုက်သည်။ သူ့အပြုံးမှာ အားရစရာတော့ မရှိ။ လျော့ပါးပါး နိုင်လှပေသည်။ မချိပြုံး။ သို့သော် သူ့အပြုံးတွင် ဘာမှ မဖြစ်သလို၊ စိုးရိမ်သောက မရှိသလို ဟန်ဆောင်မှုကတော့ ပါလေသည်။

အိုင်ဗိုရီသည် ဗေလုံး ရှာဖွေခြင်းကို ရုတ်တရက် ရပ်လိုက်ပြီး ဓားတစ်ချောင်း လှမ်းတောင်းသည်။ ဆရာမလေးက တရိုတသေ တလေးတစားပင် သူ့ လက်တွင်းသို့ ဓားကို ထည့်ပေးလိုက်၏။ အိုင်ဗိုရီက ဆရာမလေးထံမှ ဓားကို လက်ခံယူပုံမှာ ဖြည်းဖြည်း သာသာလေး ဖြစ်သည်။ မြင်ရသည်မှာ ဟန်ပါလွန်းလှပါပေ၏။ အိုင်ဗိုရီ လုပ်နေပုံမှာ စိတ်ကူးယဉ် ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲက ခွဲစိတ်ကု ဆရာဝန် ဇာတ်လိုက်နှင့် တူလှပါပေ၏။

အင်ဒရူးသည် မှင်တက်မိသည့်အလား ဓားကိုင်ထားသော အိုင်ဗိုရီကို ငေးမော၍ ကြည့်နေမိ၏။

'သူ ဘာများ လုပ်ဦးမလို့ပါလိမ့်'

အင်ဒရူး ခန့်မှန်းနေဆဲ ခဏမှာပင် အိုင်ဗိုရီသည် လက်ထဲမှ ဓားဖြင့် သွေးအိတ်၏ နံရံကို ထိုးခွဲလိုက်လေသည်။

ရုတ်တရက် ချက်ချင်း ဆက်တိုက် ဖြစ်ပေါ်လာသည့် အဖြစ်အပျက်များကား မြန်ဆန်လွန်းလှပေသည်။

အိုင်ဗိုရီ မှား၍ ခွဲလိုက်သော ဓားချက်ကြောင့် သွေးအိတ် ပေါက်ကွဲသွားကာ သွေးအိတ်ထဲမှ သွေးတုံး သွေးခဲများသည် ဒလဟော ပန်းထွက်လာပြီး ဝမ်းဗိုက်ခေါင်းထဲသို့ အန်ထွက်၍ ကျလာလေ၏။ တစ်စက္ကန့်လောက် အတွင်းမှာပင် အလွန် နူးညံ့ ပျော့ပျောင်းလှသော အသားမျှင်အိတ်သည် ပွက်ပွက်ဆူနေသော သွေးအိုင် အလယ်တွင် ပေါ်လော ပေါ်လောနှင့် မျောလျက် ရှိလေသည်။

မမျှော်လင့်သော အဖြစ်ကို မြင်လိုက်ရသော မစ္စ ဘတ်စတန်သည် အထိတ်ထိတ် အလန့်လန့် အယောင်ယောင် အမှားမှား ဖြစ်ကာ အဆမတန် ထွက်လာနေသော သွေးများကို လက်ထဲမှ ဂွမ်းများဖြင့် သုတ်ပေးရန် ဟန်ပြင်လိုက်သေးသည်။

မေ့ဆေး ဆရာဝန်သည် ထိုင်နေရာမှ ဖြုန်းခနဲ ရပ်လိုက်သည်။ ဆရာမလေးမှာမူ ကတုန်ကယင်နှင့် မူးမေ့လဲသွားတော့မည့် ပုံမျိုး ဖြစ်လျက် ရှိလေသည်။

အိုင်ဗိုရီ၏ နှုတ်မှ အရေးတကြီး အမောတကော ပြောလိုက်သော အသံထွက်လာပြန်၏။

'ညှပ်ပေးစမ်းပါ'

စိုးရိမ်မှု၊ ထိတ်လန့်မှု၊ ကြောက်ရွံ့မှုများသည် အင်ဒရူးအား ဖုံးလွှမ်းသွားလေသည်။

အမှန်သော် အိုင်ဗိုရီသည် ဗေလုံးကို ရအောင်ရှာပြီး ဆက်နေသည့် အညှာကို လှီးဖြတ် ထုတ်ယူရန် ကြိုးစားခဲ့ခြင်း ဖြစ်သည်။ ဗေလုံးကို ရုတ်တရက် ရှာ၍ မတွေ့သောအခါ အသေအချာ အတိအကျ မသိပါဘဲလျက်နှင့် သွေးအိတ်ကို ဗေလုံး ထင်မှတ်ပြီး စိတ်ကူးနှင့် မှန်း၍ လှီးဖြတ်လိုက်ခြင်း ဖြစ်၏။ ဤအဖြစ်ကို အစမှ အဆုံး အထိ အင်ဒရူး မြင်လိုက်ရ၏။ အိုင်ဗိုရီ လှီးဖြတ်သည့် အရာမှာ သွေးအိတ် ဖြစ်လေသည်။

'ဂွမ်းပေးစမ်းပါဦး'

အိုင်ဗိုရီ အသံကို ကြားရပြန်သည်။

အိုင်ဗိုရီသည် သွေးအထွက် ရပ်သွားစေရန် သွေးကြောကို ညှပ်နှင့်ညှပ်၍ ထိန်းရန် ကြိုးစားသည်။ တစ်ဖက်တွင်လည်း အယောင်ယောင် အမှားမှား ဖြစ်ကာ ကယောင်ကတမ်းနှင့် ဗိုက်ခေါင်းထဲ၌ ပြည့်လျှံနေသော သွေးများကို ဂွမ်းဖတ်နှင့် သုတ်ပစ်ဖို့ ကြိုးစားသည်။ အမှန်တော့ ဤမျှလောက် ဒလဟော ထိုးသွန်၍ ထွက်ကျလာနေပြီ ဖြစ်သော သွေးများကို အသယ်မှာ





www.burmeseclassic.com

www.burmeseclassic.com



လျှင် ရပ်သွားအောင် သုတ်လို့ ရနိုင်ပါတော့မည်နည်း။

အင်ဒရူးသည် အိုင်ဗိုရီ လုပ်နေသမျှကို ကြက်သေသေ၍ ကြည့်နေမိ၏။ အတွေး တစ်ခုကလည်း သူ့ ဦးနှောက် အတွင်းသို့ ဝင်လာလေသည်။

'ဘုရား ဘုရား၊ သူ မခွဲတတ်ဘူး၊ မခွဲတတ်ဘူး၊ လုံးလုံးကို မခွဲတတ်ပါလား'

မေ့ဆေး ဆရာဝန်သည် စိတ်မကောင်းသည့် မျက်နှာထားနှင့် အိုင်ဗိုရီအား ကြည့်နေရာမှ တိုးတိုးသာသာ လှမ်းပြောသည်။

'သွားလို့မှ်မယ် ထင်တယ် အိုင်ဗိုရီ'

အိုင်ဗိုရီသည် လက်ထဲမှ ညှပ်ကို ပြန်ပေးပြီး ဆေးပတ်တီးများနှင့် ပြည့်နေသော ဝမ်းဗိုက် ခေါင်းထဲသို့ ဂွမ်းစများ ထိုးသိပ်၍ သွင်းကာ သူ ခွဲထားသည့် နေရာကို ပြန်၍ ချုပ်လေသည်။ ဟယ်ရီ ဗစ်ဒလား၏ ဝမ်းဗိုက်သည် ဖောင်းဖောင်းပြည့်ပြည့် ဖြစ်မလာတော့ဘဲ ကလိုင်ခေါင်း တစ်ခုသဖွယ် ဖြစ်လျက် ရှိလေ၏။

ဟယ်ရီ ဗစ်ဒလား၏ ကိုယ်ခန္ဓာသည် တစ်ခဏ အတွင်းမှာပင် အသက် ဝိညာဉ် ကင်းမဲ့သွားခဲ့လေပြီ။

'ဟုတ်တယ်၊ သွားရှာပြီ'

မေ့ဆေး ဆရာဝန်သည် ထပ်၍ ပြောလိုက်လေ၏။

အိုင်ဗိုရီသည် နောက်ဆုံး ချုပ်ရိုး တစ်စကို ပြီးအောင် ချုပ်လိုက်သေးသည်။ ပြီးမှ သူ၏ လက်တွင်းမှ အပ်နှင့် ကတ်ကြေး စသော ကိရိယာ တန်ဆာပလာများကို ခွဲစိတ်ပစ္စည်း ထည့်သော ဗန်းထဲသို့ ထည့်လိုက်လေသည်။

အင်ဒရူးသည် သူ ရပ်နေသည့် နေရာမှ မရွေ့မရှားနိုင်တော့ဘဲ ကျောက်ရုပ်ကြီးသဖွယ် တောင့်တောင့်ကြီး ရပ်လျက် ရှိလေ၏။

မစ္စ ဘတ်စတန်၏ မျက်နှာသည် ထုံးဖြူ သုတ်ထားသည့် အလား ဖြူဖပ် ဖြူရော်ကြီး ဖြစ်လျက် ရှိ၏။ သူမသည် ကတုန်ကယင်နှင့်ပင် ရေနွေး ပုလင်းများကို သိမ်းဆည်းနေသည်။ သူ့ကိုယ်သူ မနည်းကြီး ကြိုးစား၍ ထိန်းသိမ်းနေရပုံ ပေါ်၏။ ခဏမျှ အကြာတွင် သူမသည် ခွဲစိတ်ခန်း အတွင်းမှ ထွက်သွားလေ၏။

အခန်းတွင်း ဖြစ်ပျက်နေသမျှကို မသိရှာသော ဆေးရုံ အလုပ်သမားသည် အေးအေးဆေးဆေးပင် လူနာတင် လှည်းကို တွန်း၍ ဝင်လာလေသည်။





ာက် မိနစ် အနည်းငယ်မျှ အတွင်းမှာပင် ဟယ်ရီ ဗစ်ဒလား၏ အလောင်းည် သူ့အခန်းဆီသို့ ပြန်ရောက်သွားလေ၏။

နောက်ဆုံးကျတော့ အိုင်ဗိုရီ၏ ပါးစပ်မှ စကား တစ်လုံး ထွက်လာသည်။

'ကဲ အတော်ဆိုးတာပဲ'

အိုင်ဗိုရီသည့် ခွဲစိတ်ခန်း ဝတ်စုံများကို ချွတ်နေရာမှ ရေရွတ်ပြန်သည်။

'အခု ဖြစ်သွားတာဟာ ရှော့ခ်ကြောင့် ဖြစ်တာပဲ၊ သွေးလန့်တဲ့ာပေါ့၊ ကျွန်တော်တော့ အဲသလိုပဲ ထင်တယ်၊ ဘယ်လို သဘောရသလဲရေး၊ ခင်ဗျားကော အဲသလိုပဲ ထင်တယ် မဟုတ်လား'

မေ့ဆေး ဆရာဝန် ဂရေးက အဖြေတော့ ပေးသည်။ သို့သော် မပီမသပ်ုံးဗထွေးနှင့် ပြောလိုက်ခြင်းမို့ ဘာပြောလိုက်မှန်း မသိ။ ဂရေးသည် သူ၏ေဆး ကိရိယာ တန်ဆာပလာများကို သိမ်းဆည်းခြင်းဖြင့် အလုပ်ရှုပ်လျက်လေသည်။

ထိုအချိန်ထိ အင်ဒရူးမှာ စကား တစ်လုံးမျှ မပြောနိုင်သေးချေ။ ထိတ်န့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ဝမ်းနည်းခြင်း၊ ယူကျုံးမရ ဖြစ်ခြင်း စသည့်ဒနာများကို တစ်ပြိုင်နက်တည်း ခံစားနေရင်းမှ အောက်ထပ်၌ ထိုင်၍ာင့်နေရှာသော မစ္စက် ဗစ်ဒလား၏ မျက်နှာကို ပြေး၍ မြင်လိုက်မိသည်။င်ဒရူး၏ မျက်နှာရိပ် မျက်နှာကဲကို ရိပ်မိလိုက်သော အိုင်ဗိုရီက 'စိတ်မပူနှင့် မေဆန်၊ မစ္စက် ဗစ်ဒလားကို ကျွန်တော် ပြောပြပေးပါ့မယ်၊ ကဲ လာ၊ အောက်ထပ်ကို ဆင်းကြရအောင်' ဟု ဆိုလေသည်။

အင်ဒရူးသည် ယောင်တိယောင်ကန်းဖြင့် အိုင်ဗိုရီ၏ နောက်မှ လိုက်ာခဲ့လေ၏။ အောက်ထပ် ဧည့်ခန်းထဲ ရောက်သွားသည့် အချိန် အထိ သူ့ယ်သူ ကောင်းစွာ မထိန်းနိုင်သေးချေ။ တစ်ကိုယ်လုံး တုန်တုန်ယင်ယင်စ်ကာ ခြေလက်များကို မသယ်နိုင်အောင် ဖြစ်ဆဲပင်။ ဦးခေါင်း တစ်ခုလုံးလည်း မူးဝေ နှောက်ကျိဆဲပင်။ မစ္စက် ဗစ်ဒလားကို သူ ဘာပြောရပါမည်ည်း။ ဘယ်လို ပြောရပါမည်နည်း။

အိုင်ဗိုရီသည် သူ၏ လက်တစ်ဖက်ကို မစ္စက် ဗစ်ဒလား၏ ပခုံးထက် ဖြည်းညင်းစွာ တင်လိုက်သည်။

'မစ္စက် ဗစ်ဒလား၊ ကျွန်တော်... ကျွန်တော် ပြောရမယ့် သတင်းဟာာ့ သတင်းကောင်း မဟုတ်ဘူး'

မစ္စက် ဗစ်ဒလားသည် လက်အိတ် အပြကလေးများ ခွပ်ထားသည်



www.burmeseclassic.com

www.burmeseclassic.com

သူမ၏ လက်နှစ်ဖက်ကို အသာအယာ ယုက်လိုက်ပြီး အိုင်ဗိုရီကို သနားစဖွယ် မော့ကြည့်သည်။ သူမ၏ မျက်လုံးများသည် ထိတ်လန့် တုန်လှုပ်ခြင်း၊ စိုးရိမ်သောကကြီးခြင်းနှင့် ထူးခြားသော ဝေဒနာ ခံစားရခြင်းတို့ကို ဖော်ပြလျက် ရှိပေသည်။

'သူ ဘာဖြစ်သွားသလဲ'

သူမ၏ အသံမှာ တိုးတိုးညင်းညင်းကလေး ဖြစ်၏။

'ခင်ဗျား၏ ယောကျာ်းဟာ ကျွန်တော်တို့ အစွမ်းကုန် ကြိုးစားနေခဲ့တဲ့ ကြားထဲကပဲ...'

မစ္စက် ဗစ်ဒလားသည် ခြေပစ် လက်ပစ် ဖြစ်သွားရာသည်။ သူမ၏ မျက်နှာတွင် သွေးရောင်ဟူ၍ မရှိတော့ချေ။

'ဟယ်ရီ'

အသည်းနှလုံးကြားမှ လှိုက်လှိုက်လှဲလှဲ ထွက်ပေါ်လာသည့် အသံ ဖြစ်၏။ အသံမှာ တိုးတိုးသာသာကလေး ဖြစ်သော်လည်း ဝမ်းနည်း ကြေကွဲခြင်းကို ဖော်ပြလျက် ရှိပေသည်။

'ဟယ်ရီ'

သူမ၏ နှုတ်ခမ်းဖျားမှ ရေရွတ်သံသည် နောက်တစ်ကြိမ် ထွက်ပေါ်လာပြန်လေ၏။

'ကျွန်တော် ပြောပါရစေ'

အိုင်ဗိုရီက ဝမ်းနည်းပက်လက်ဖြင့် ထပ်ပြောပြန်၏။

'ဒေါက်တာ မေဆန်၊ ဒေါက်တာ ဂရေး၊ မစ္စ ဘတ်စတန်နှင့် ကျွန်တော် ကိုယ်တိုင်လည်း အားလုံး သူ့အနားမှာ ရှိကြပါတယ်၊ အားလုံးကလည်း ဂရုတစိုက်နှင့် ကြိုးစားကြပါတယ်၊ ဒါပေမဲ့ ကံကိုက နည်းရှာတော့...'

အိုင်ဗိုရီက စကားကို မဆက်တော့ဘဲ သူ့ပခုံး နှစ်ဖက်ကို တွန့်ပြလိုက်လေသည်။

မစ္စက် ဗစ်ဒလားသည် အိုင်ဗိုရီအား ခပ်တွေတွေ ခပ်ငေးငေး ကြည့်နေရှာသည်။ ဤမျှလောက် ဝမ်းနည်း ကြေကွဲစရာ ကောင်းသည့် အဖြစ်မျိုးနှင့် ရင်ဆိုင်နေရသည့် ကြားမှပင် အိုင်ဗိုရီ၏ စကားကို အလေးအနက် ထားရှာသည်။

'ဒေါက်တာရဲ့ သနား ကြင်နာမှု အတွက် ဒေါက်တာ့ကို ကျွန်မ ကျေးဇူး တင်ပါတယ်'





တတွေတွေ စီးကျနေသော မျက်ရည်များကြားမှ ကျေးဇူးတင်စကား ပြောရှာလေ၏။

'ကျွန်တော် မစ္စက် ဗစ်ဒလားဆီကို ဆရာမ တစ်ယောက် လွှတ်ပေးလိုက်ပါ့မယ်၊ တရားနှင့်သာ ဖြေပါတော့ ခင်ဗျာ၊ ဖြစ်လာတဲ့ အခြေအနေကို သတ္တိရှိရှိနှင့် ရင်ဆိုင်နိုင်တဲ့ အတွက် ချီးကျူးပါတယ် မစ္စက် ဗစ်ဒလား၊ ကျေးဇူးလည်း တင်ပါတယ်'

အိုင်ဗိုရီသည် အခန်းထဲမှ ထွက်သွားသည်။ အင်ဒရူးမှာ ယခု အချိန်ထိ ယောင်တီး ယောင်န ဖြစ်ဆဲပင်။ သူသည် အိုင်ဗိုရီ၏ နောက်မှ လိုက်သွားပြန်လေ၏။

ခန်းမကြီး၏ ထိပ်ရှိ ရုံးခန်း တံခါးသည် ပွင့်လျက် ရှိသည်။ အထဲတွင် လူတစ်ယောက်မျှ မရှိ။ ပကတိ တိတ်ဆိတ် ငြိမ်သက်လျက် ရှိ၏။ အိုင်ဗိုရီသည် စီးကရက်ဘူးကို အိတ်ထဲမှ နှိုက်ယူရင်း ရုံးခန်း အတွင်းသို့ ဝင်သွားလေ၏။

ရုံးခန်းထဲ ရောက်သည့်အခါ အိုင်ဗိုရီသည် စီးကရက် တစ်လိပ်ကို ထုတ်၍ မီးညှိကာ အားရပါးရ ဖွာလိုက်သည်။ သူသည် နှုတ်ခမ်းများကို ခပ်တင်းတင်း စေ့ထားသော်လည်း သူ့မျက်နှာကတော့ အရောင်အဆင်း ကင်းကာ ဖျော့တော့လျက် ရှိသည်။ ယခု အချိန်ထိ တုန်ယင် လှုပ်ရှားခြင်း မရှိဘဲ တည်တည်ငြိမ်ငြိမ် ရှိလွန်းလှသော သူ့ လက်များကို ကြည့်ခြင်းအားဖြင့် စောစောက ဖြစ်ခဲ့သည့် ကိစ္စ အတွက် သူ့မှာ သိပ်ပြီး တုန်လှုပ်သည့် လက္ခဏာ မရှိချေ။

'ပြီးသွားပြီ၊ ဘယ်လိုမှ မတတ်နိုင်တော့ဘူး၊ ကျွန်တော် ဝမ်းနည်းပါတယ် မေဆန်၊ ကျွန်တော် ဖြတ်လိုက်မိတဲ့ဟာ သွေးအိတ်မှန်း လုံးဝ မသိတာ အမှန်ပါ၊ ဒါမျိုးဟာ ဖြစ်တတ်တဲ့ဟာမျိုးပါ၊ တကယ့် ပါရဂူ ဆရာဝန်ကြီးတွေ ဆီမှာတောင်မှ ဖြစ်တတ်ကြပါတယ်၊ မတော်တဆ ကိစ္စမျိုးပါ၊ ခင်ဗျားလည်း သိပါလေ'

ရုံးခန်းမှာ ခပ်ကျဉ်းကျဉ်း ဖြစ်၍ ကုလားထိုင်ကလည်း တစ်လုံးမျှသာ ရှိသဖြင့် အင်ဒရူးသည် သားရေ အုပ်ထားသော ဆောင်းမီးဖို အကာပေါ်၌ ခြေပစ် လက်ပစ် ထိုင်ချလိုက်သည်။ သူသည် အဓိပ္ပာယ် ကင်းမဲ့စွာဖြင့် ကျောက်မီးသွေး ထည့်သည့် အိုးကို စူးစိုက်၍ ကြည့်နေရင်းမှ ဆောက်တည်ရာ ခနိုင်သလောက်အောင် ဖြစ်လျက် ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com


သူ၏ မျက်စိထဲဝယ် ဟယ်ရီ ဗစ်ဒလား၏ ရုပ်ပုံလွှာသည် ထင်ဟပ်လျက် ရှိသည်။ မည်သူ၏ အကူအညီကိုမှ မယူဘဲ ခွဲစိတ် ခုတင်ဆီသို့ သွားနေသော ဟယ်ရီ ဗစ်ဒလား၏ သွားလာ လှုပ်ရှားဟန်သည် မျက်စိထဲမှ မထွက်သေးပေ။

'ခွဲစိတ်ပြီးသွားရင် ကျွန်တော် အများကြီး နေလို့ ထိုင်လို့ ကောင်းသွားမှာပါ ဒေါက်တာ၊ မဟုတ်ဘူးလား'

ဟယ်ရီ့ ဗစ်ဒလား၏ အသံမှာလည်း သူ့နားထဲမှ မထွက်ချေ။ ထိုစကားကို ပြောပြီး ဆယ်မိနစ်ခန့် အကြာတွင် ဝမ်းဗိုက် တစ်ခုလုံး မလှမပဖြစ်ကာ သတ်ပြီးစ နွားတစ်ကောင်ပမာ သွေးအလူးလူးဖြင့် လူနာတင် လှည်းပေါ်၌ အလောင်းကောင် အဖြစ် ပါသွားရရှာသော ဟယ်ရီ ဗစ်ဒလား။

အင်ဒရူးသည် အံကို တင်းတင်းပါအောင် ကြိတ်လိုက်ပြီး သူ၏ လက်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်ထားလိုက်သည်။ အိုင်ဗိုရီကတော့ သူ့ လက်ထဲမှ စီးကရက်တိုကို စူးစိုက်၍ ကြည့်နေလေသည်။

'သူ သေတာ ခွဲစိတ် ခုတင်ပေါ်မှာ မဟုတ်ပါဘူး၊ ကျွန်တော် အမှန်ပြောတာပါ၊ သူ အသက် မထွက်ခင် ကျွန်တော် လုပ်စရာ ရှိတာ အားလုံး ပြီးစီးအောင် လုပ်ပေးခဲ့ပါတယ်၊ ယုံပါ၊ ခွဲနေတုန်း တန်းလန်းမှာ သေတာ မဟုတ်ပါဘူး၊ အသေဆိုး သေရတယ်လို့တော့ မပြောနိုင်ပါဘူး'

အင်ဒရူးသည် ခေါင်းကို ဆတ်ခနဲ မော့လိုက်၏။ သူ၏ တစ်ကိုယ်လုံးသည် ဒေါသအရှိန်ဖြင့် တုန်ယင်လျက် ရှိသည်။ အိုင်ဗိုရီ သွေးအေးအေးဖြင့် လုပ်ခဲ့သော ဤမျှလောက် ကြောက်မက်ဖွယ် ကောင်းသည့် အလုပ်တွင် မိမိကိုယ်တိုင် ပါဝင်ပြီး အပြစ်မကင်း ဖြစ်ခဲ့ရသည်ကို တွေးမိကာ ဒေါသ အရှိန်အဟုန်သည် ကြီးမားလာလေ၏။

သူသည် သတိလက်လွတ် ဖြစ်သွားရလေ၏။

'ခင်ဗျား ဘာမှ မပြောနှင့်၊ မကြားချင်ဘူး၊ ခင်ဗျား သူ့ကို သတ်လိုက်တာပဲ၊ ခင်ဗျား သတ်လို့ သေတယ် ဆိုတာ ခင်ဗျား သိတယ်၊ ခင်ဗျားဟာ ခွဲစိတ်ကု ဆရာဝန်မှ မဟုတ်ဘဲ၊ ဘယ်တော့မှလည်း ခင်ဗျားဟာ ခွဲစိတ်ကု ဆရာဝန် ဖြစ်မှာ မဟုတ်ပါဘူး၊ ခင်ဗျားဟာ အဆိုးဆုံး အယုတ်မာဆုံး နွားသတ်သမား တစ်ယောက်ပဲ၊ ကျုပ် တစ်သက်မှာ တစ်ခါမှ မတွေ့ဖူး မမြင်ဖူးတဲ့ နွားသတ်သမား'

အခန်းထဲဝယ် ငြိမ်ဆိတ်သွားလေ၏။



အိုင်ဗိုရီသည် တင်းမာသော မျက်နှာထားဖြင့် အင်ဒရူးအား ကြည့်လိုက်သည်။

'ကျုပ်ကို ဒီလို မပြောဖို့ သတိပေးချင်တယ် မေဆန်'

'သြော် ခင်ဗျား နားမထောင်ချင်ဘူးပေါ့'

အင်ဒရူး၏ အသံတွင် ငိုသံပါလာသည်။

'ကျုပ် သိပါတယ်၊ ခင်ဗျား နားမထောင်ချင်ဘူး၊ ဒါပေမဲ့ ကျုပ် ပြောတာတွေဟာ အမှန်တွေချည်းပဲ၊ ကျုပ် အလျှင် ရှာပေးခဲ့တဲ့ လူနာတွေကို ခွဲရတာက ကလေး ကစားသလောက် ဟာမျိုးတွေကို၊ ခင်ဗျား လုပ်နိုင်တာပေါ့၊ အခုဟာက ပထမဆုံးအကြိမ် တကယ့် ပညာသားပါပါ ခွဲရတဲ့ လူနာမျိုးပဲ၊ ဒါမျိုးလည်း တွေ့ရော အို... ဘုရား... ဘုရား၊ ကျုပ် စောစောကတည်းက သိသင့်တယ်၊ ကျုပ် သိသင့်တယ်၊ ကျုပ် မသိခဲ့ဘူး၊ ကျုပ်လည်း ခင်ဗျားနှင့် တွဲပြီး အတူတူ လုပ်ခဲ့တာပဲ၊ ကျုပ်လည်း အလကား အကောင်ပဲ၊ ကျုပ်လည်း သောက်သုံးကျတဲ့ အကောင် မဟုတ်ပါဘူး'

'ခင်ဗျား စကားပြောတာ သတိထား ပြောရင် ကောင်းမယ်၊ ခင်ဗျား ပြောတာတွေ သိပ်လွန်လာပြီ၊ တကယ်တော့ ခင်ဗျားဟာ သောက်ရူးပဲ၊ ခင်ဗျား ကျုပ် အကြောင်း သိစေမယ်၊ နားလည်လား'

'ကျုပ် အရူး ဟုတ်လား'

အင်ဒရူး၏ ဒေါသ အရှိန်သည် ပြန်၍ တက်လာပြန်လေ၏။

'အခု ကျုပ် ပြောနေတဲ့ စကားတွေထဲမှာ တစ်လုံးမှ မမှန်တာ မပါဘူး ဆိုတာ ခင်ဗျား ကောင်းကောင်း သိပါတယ်၊ ဒီကိစ္စဟာ ခင်ဗျား သောက်သုံးမကျလို့ ဖြစ်ရတဲ့ ကိစ္စပါ၊ သေသေချာချာ စဉ်းစားကြည့်ရင် ဒါဟာ လူသတ်မှု တစ်ခုပဲ၊ ခင်ဗျားဟာ လူသတ်မှု ကျူးလွန်ခဲ့တဲ့ လူသတ်ကောင်ပဲ'

အိုင်ဗိုရီသည် ဒေါသကြောင့် ဆောက်တည်ရာမရ ဖြစ်သွားကာ အင်ဒရူးအား လက်သီးနှင့် ထိုးလှဲလိုက်တော့မည့် ဟန်မျိုး ပြင်လာသည်။ အကယ်၍ ထိုးလိုက်မည် ဆိုပါကလည်း အိုင်ဗိုရီ၏ ကိုယ်လုံး ကိုယ်ပေါက်နှင့် ဗလမှာ အင်ဒရူးထက် ကြီးမားပေရာ အင်ဒရူးသာလျှင် ခံရဖို့ ရှိ၏။ သို့သော်လည်း အိုင်ဗိုရီသည် သူ့ဒေါသ သူ ပြန်ထိန်းပြီး အခန်းထဲမှ ထွက်ခွာသွားလေသည်။ သူ့မျက်နှာထားကတော့ အင်ဒရူး အပေါ်တွင် ကမ္ဘာကြေသည့်တိုင် ဥဒါန်းကျေမည့်ပုံကို ဖော်ပြသွားလေ၏။

ရုံးခန်းထဲတွင် မည်မျှလောက် ကြာအောင် ထိုင်နေမိသည်ကို အင်ဒရူး



www.burmeseclassic.com

 www.burmeseclassic.com 

မသိချေ။ နောက်ဆုံးတွင် သူ့၌ လုပ်စရာ အလုပ်များ ရှိနေသေးသည်ကို သတိ ရလာသဖြင့် ထိုင်ရာမှ လေးကန်စွာ ထ၍ ထွက်လာခဲ့၏။ ဝမ်းနည်းခြင်း ယူကျုံးမရ ဖြစ်ခြင်းတို့သည် အင်ဒရူး၏ စိတ်ကို သိမ်းကျုံး၍ ချုပ်ကိုင်ထား ခြင်း ခံရလေ၏။

ခွဲစိတ် ခုတင်ပေါ်မှ ကြောက်စရာ ကောင်းလှသည့် အဖြစ်ကို မြေ လိုက်မိတိုင်း အင်ဒရူးမှာ ထိတ်လန့် တုန်လှုပ်ခြင်း ဖြစ်ရ၏။ စိတ်ချောက်ချား ခြင်း ဖြစ်ရ၏။ သို့စိတ်ကို ကြိုးစား၍ ပြုပြင်ပါသော်လည်း မရ။ လေး ထိုင်းမှိုင်းလျက် ရှိရလေ၏။ သူ သွားလာ လှုပ်ရှားနေပုံမှာ စစ်မြေပြင်မှ ဒဏ်ရာ အကြီးအကျယ် ရလာသဖြင့် ကြောက်အားတကြီးနှင့် သွေးအေး ချောက်ချားပြီး ထွက်ပြေးလာခဲ့သော စစ်သား တစ်ယောက်နှင့် တူနေပေသည်။ မည်သို့ပင် ဖြစ်စေကာမူ သူသည် သံပတ်ပေးထားသည့် စက်ရုပ် တစ်ခု သဖွယ် ထိုင်းမှိုင်း လေးကန်စွာနှင့်ပင် သူ့ အလုပ် ရှိရာသို့ သွားလျက် ရှိလေ ၏။

ဤပုံစံနှင့်ပင် သူသည် အိမ်တိုင်ရာရောက် သွား၍ ကြည့်ပေးရမည့် လူနာများထံ ရောက်သွားခဲ့ပြီး မရှင်မလန်းသော စိတ်နှလုံးဖြင့်ပင် အိမ်သို့ ပြန်ရောက် လာခဲ့လေသည်။ တစ်ခေါင်းလုံးမှာ နာကျင် ကိုက်ခဲလျက် ရှိ သဖြင့် မထူချင်လောက်အောင် ဖြစ်လျက် ရှိရ၏။ သူ အိမ်ပြန်ရောက်သော် ခြောက်နာရီ ထိုးလုနီးနေပေပြီ။ ညနေပိုင်း ဆေးခန်းပင် ဖွင့်ရပေတော့မည်။

အိမ်ရှေ့ ဧည့်ခန်းထဲဝယ် လူနာများဖြင့် ပြည့်လျက် ရှိသည်။ သူ့ထံ လာနေကျ မိတ်ဟောင်း ဆွေဟောင်း လူနာများ ဖြစ်၏။ အများစုမှာ အမျိုး သမီးများ ဖြစ်၍ လော်ရီးယား ဆိုင်မှ မိန်းကလေး အစုက ပိုများပေသည်။ သူ့ အပြုံး၊ သူ့ အပြုအမူ၊ သူ့ အပြောအဆိုများနှင့် အားတက်ခဲ့ရသော၊ သက်သာ ခဲ့ရသော ဤလူနာများကိုတော့ သူ လျစ်လျူရှု၍ မဖြစ်ပေ။ သူသည် သူ့စိတ် ကို တတ်နိုင်သမျှ ထိန်းချုပ်ကာ လုပ်စရာ ရှိသည်များကို ထိုင်းမှိုင်း တွေဝေ သော စိတ်ဖြင့် လုပ်လေသည်။

'ဘယ်လိုနေသေးလဲ၊ ကောင်းသွားမှာပါ၊ ကြည့်ရတာ မနေ့ကနှင့် စာရင် အများကြီး ကောင်းလာသလိုပဲ၊ သွေးတိုးပုံလည်း မှန်လာပြီ၊ စိတ်မပူ နှင့်၊ ပေးလိုက်တဲ့ ဆေးနှင့်လည်း တည့်ပုံ ပေါ်ပါတယ်'

ဆေးခန်း ကုလားထိုင်တွင် ထိုင်၍ တတ်နိုင်သမျှ ဟန်လုပ်ကာ ပြော နေကျ လုပ်နေကျ အတိုင်း အခြေမပျက်အောင် ပြောဆို လုပ်ကိုင်နေရသော်

လည်း စိတ်ကတော့ မပါပေ။ ခရစ္စတီကလည်း လုပ်နေကျ ထုံးစံအတိုင်း သူနှ င့် ရှေ့မှောက် ရောက်လာသည့် ဆေးပုလင်းလွတ်တွင် ဆေးဖြည့်ပေးလိုက်၊ လူနာ၏ လက်ထဲ ပြန်ပေးလိုက်နှင့် အလုပ်ရှုပ်လျက် ရှိပေသည်။

ထိုည ရာသီဥတုသည် ပူစပ် ပူလောင် နိုင်လွန်းလှပေ၏။

စိတ် မပါ့တပါ လုပ်ကိုင်နေရခြင်းမို့ အလုပ် လုပ်ရခြင်းမှာ ခါတိုင်း ထက်များထက် ပို၍ ကိုယ်စိတ်နှစ်ပါး ပင်ပန်းလှပေသည်။ နားချင်ပါလျက်နှင့် နား၍ မရသည့် အဖြစ်မို့ သူ့ကိုယ်သူ နှိပ်စက်သလို ဖြစ်နေလေသည်။ သူ သည် အလုပ် လုပ်ရင်းမှပင် စိတ်ထဲမှ ကျိတ်၍ သူ့ကိုယ်သူ မေးခွန်းထုတ် လျက် ရှိလေ၏။

'ငါ ဘယ်လမ်းကို သွားမှာလဲ၊ ငါ ဘယ်လမ်းကို သွားမှာလဲ'

ဆယ်နာရီထိုးဖို့ ဆယ့်ငါးမိနစ် အလိုတွင် ထုံးစံအတိုင်း လူနာ ပြတ် သွားလေသည်။ သူသည် ဆေးခန်း အပြင် တံခါးကို သော့ခတ်လိုက်ပြီးသော် ဆေးခန်းထဲမှ ဖြတ်၍ ရငွေစာရင်း တွက်ရန် စောင့်နေသည့် ခရစ္စတီထံသို့ လျှောက်လာခဲ့လေ၏။

ခရစ္စတီ၏ မျက်နှာကို စေ့စေ့စပ်စပ် မကြည့်ခဲ့မိသည်မှာ ကြာပေပြီ။ လက်ထဲမှ စာရင်းစာအုပ်ကို ကြည့်၍ စိတ်ဝင်တစား တွက်ချက်နေရှာသော ခရစ္စတီ၏ မျက်နှာကို ယခုမှပင် အသေအချာ ဂရုတစိုက် ကြည့်မိသည်။ ခရစ္စ တီ၏ မျက်နှာပေါ်မှ အပြောင်းအလဲများသည် သူ့အား ထိတ်လန့် တုန်လှုပ် ခြင်းကို ဖြစ်စေ၏။

ခရစ္စတီ၏ မျက်နှာသည် ယခင်ကလို ပြည့်ပြည့်ဖြိုးဖြိုး မရှိတော့ပေ။ နားထင် နားရင်းများ ကျကာ ပိန်ချုံးလျက် ရှိရှာသည်။ ခရစ္စတီက သူ့ကို မော့ ကြည့်၍ အသေအချာ မမြင်ရသော်လည်း သူမ၏ မျက်လုံးများထဲတွင် ရှိနေ သည့် ဝမ်းနည်းမှု အရိပ်အသွင်ကိုတော့ သူ သတိပြုပေသည်။

သူသည် စာရင်းစာအုပ်ကြီးကို ရှေ့တွင် ချကာ စိတ်မသက်မသာ ဖြစ် လျက် ရှိရှာသည်။ ခရစ္စတီကတော့ လုပ်နေကျ အတိုင်း သူမထံမှ စာရင်းကို ရ၍ ဖတ်လေ၏။

သူသည် ခရစ္စတီ ဖတ်သွားသည့် စာရင်းနှင့် ကိုက်မကိုက် မှန်မမှန်ကို စာအုပ်ကြီးထဲတွင် ကြည့်သည်။ အိမ်ပင့် လူနာကို ကြက်ခြေခတ်သည်။ ဆေး ခန်း လာသည့် လူနာကို စက်ဝိုင်း ဝိုင်းသည်။ ပြီးတော့မှ အားလုံးကို ပေါင်း ပေါင်းသည်။

www.burmeseclassic.com

www.burmeseclassic.com

'ကနေ့ကော ဘယ်လောက် ရသလဲ'

ခရစ္စတီက မေးလေသည်။

သူက မဖြေ။ ဖြေလည်း မဖြေနိုင်။ ဖြေလည်း မဖြေချင်။ ခရစ္စတီသည် ထိုင်နေရာမှ အသာအယာ ထ၍ အခန်းထဲမှ ထွက်သွားလေသည်။ အပေါ်ထပ် သို့ တက်သွားသော သူမ၏ ခြေသံများကို ကြားနေရ၏။ သူမ၏ အခန်းတံခါး ပိတ်သံကိုပါ ကြားလိုက်ရ၏။

သူ့မှာတော့ တစ်ယောက်တည်း။

အထီးကျန် ...။

သူ၏ ဘဝသည် ခြောက်သွေ့သော ဘဝ။ ပျော်စရာ ကင်းမဲ့သော ဘဝ။ အထီးနာပြီ ဖြစ်သော ဘဝ။

ငါ ဘယ်လမ်းကို သွားမှာလဲ။

ရုတ်တရက် သူ့မျက်လုံးများသည် ငွေတွေ ထည့်ထားသော ဆေးလိပ် ခွက်ပေါ်သို့ ရောက်သွားသည်။ ယနေ့ ရလိုက်သည့် ငွေတွေ။ ငွေတွေ။

ဒေါသလှိုင်းသည် သူ့စိတ်အား ရိုက်ပုတ်လိုက်လေသည်။

သူသည် ဆေးအိတ်ကို ကောက်ယူပြီး အခန်းထောင့်သို့ ပစ်ပေါက် လိုက်သည်။ ဆေးအိတ် အခွံသည် သမံတလင်းပေါ်သို့ ကျသွားလေ၏။

သူသည် ဒေါသတကြီးဖြင့် ထိုင်ရာမှ ထသည်။ အသက်ကို မှန်မှန် မရှူ နိုင်ချေ။ သူ့ရင်တစ်ခုလုံးမှာ တင်းကျပ်လျက် ရှိသည်။ ဆေးခန်းထဲမှ ထွက်က အိမ်နောက်ဖေးဘက်သို့ ခြေထောက်များကို တရွတ်ဆွဲ၍ ထွက်လာခဲ့လေ၏။

ကြယ်ရောင်များ အောက်မှ အမှောင်ထု။

သူသည် အုတ်နံရံကို မှီလိုက်သည်။ ထိုနောက် သူသည် ပြင်းထန်စွာ ပျို့အန်လျက် ရှိလေ၏။



[၁၆]

...င်ဒရူးသည် အိပ်ရာထက်တွင် တစ်ညလုံး အိပ်မပျော်ဘဲ တလူးလူး တလိမ့် ...မ့် ဖြစ်လျက် ရှိရာမှ နံနက် ခြောက်နာရီထိုးမှပင် အိပ်ပျော်သွားလေ၏။ ...မြင့်မှ နိုးသဖြင့် သူ အောက်ထပ်သို့ ဆင်းလာတော့ ကိုးနာရီပင် ထိုးပြီးပေ ...ပြီ၊ အိပ်ရေးပျက်ထားသဖြင့် နီရဲလျက် ရှိသော သူ့ မျက်လုံးများသည် ခရစ္စတီ ...အား ရှာဖွေလျက် ရှိ၏။ ခရစ္စတီသည် နံနက်စာ စားပြီးပြီ ဖြစ်၍ ဘယ်ဆီ ...ထွက်သွားမှန်း မသိ၊ မတွေ့ရတော့ပေ။ ခါတိုင်းနေ့များကတော့ ခရစ္စတီကို ...မြင်ရ၍ ဘယ်လိုမှ မဖြစ်ခဲ့သော်လည်း ယနေ့တော့ဖြင့် ဝမ်းနည်းသလို၊ အား ...ယ်သလို ဖြစ်မိလေသည်။

အနေနီးပါလျက်နှင့် စိတ်ချင်း ဝေးနေရသော သူတို့ နှစ်ဦး၏ အဖြစ် ...သည် ရင်နာစရာ ကောင်းလှပါဘိ၏။

မစ္စက် ဘားနက်သည် ကြက်ဥကြော်နှင့် ဝက်ပေါင်ခြောက်များ ယူ ...ာပြီး ချပေးသည်။ သူ မစားနိုင်။ သူ့လျှာက အရသာ မတွေ့။ သူ့ လည် ...ချောင်းကလည်း လက်မခံ။ ကော်ဖီ တစ်ခွက် သောက် ကြည့် ပြန် သည်၊ ...အရသာ မရှိ။ သူသည် ဝီစကီနှင့် ဆော်ဒါ ရောကာ တစ်ခွက် မော့လိုက်ပြီး ...ထိုနေ့ တစ်နေ့တာ အတွက် လုပ်စရာ ရှိသမျှကို လုပ်ရန် ပြင်ဆင်လေသည်။

သူ၏ လှုပ်ရှားမှုများမှာ ယခင်နေ့များကလို သွက်လက်ခြင်း ...ခြင်း အလျှင်း မရှိတော့ပေ။ အသက် ဝိညာဉ် ကင်းမဲ့သူ တစ်ဦးသဖွယ် ဖြစ် ...လျက် ရှိ၏။ စိတ်ရော ကိုယ်ပါ ချုံးချုံးကျပြီး နေးကွေး လေးလံ ထိုင်းမှိုင်း ...လျက် ရှိ၏။ အကယ်၍သာ သူသည် ယခု အချိန်တွင် အသုတစ်ခု ...က်လှစွာသော ချောက်အတွင်း ကျသွားမည် ဆိုပါက ပြန်၍ တက်လာနိုင်



www.burmeseclassic.com

www.burmeseclassic.com



မွယ်ရာ မရှိတော့ဟုပင် ထင်၏။

သူ ယနေ့ နံနက် မသွားလျှင် မဖြစ်သည့် နေရာမှာ ဝိတိုရီးယား ဆေးရုံ ဖြစ်ပေသည်။ မေရီ ဘိုလန်ကို စမ်းသပ် စစ်ဆေးရန် ဒေါက်တာ သားရားဂွတ်နှင့် ချိန်းဆိုထား၏။ ဤကိစ္စကိုတော့ ချိန်းထားသည့်အတိုင်း သွားရမည် ဖြစ်၏။ မည်သည့် နည်းနှင့်မှ ပျက်၍ မဖြစ်သော ကိစ္စ။

သူသည် ကားကို ခပ်ဖြည်းဖြည်းပင် မောင်းသည်။ လမ်းလျှောက်ခြင်းထက် ကားမောင်း သွားရခြင်းက သူ့အတွက် ပို၍ ကောင်း၏။ ကားမောင်းလိုက်မှပင် သူ့စိတ်သည် အနည်းငယ် ကြည်လင် လန်းဆန်းသလို ဖြစ်လာသည်။

သူ ဆေးရုံ ရောက်သွားသည့်အခါ ကားကို ထိုးထားခဲ့ပြီး မေရီ ရှိရာ လူနာဆောင်သို့ တက်ခဲ့သည်။ လမ်းတွင် ဆုံမိသည့် ဆရာမ တစ်ဦးအား ခေါင်းတစ်ချက် ဆတ်၍ နှုတ်ဆက်ပြီး မေရီ၏ ခုတင်ဆီသို့ လာခဲ့သည်။ သူသည် မေရီ၏ ရောဂါ အခြေပြ ဆေးမှတ်တမ်း ကတ်ပြားကို ယူ၍ မေရီ၏ ခုတင် အစွန်းတွင် တင်ပါးလွှဲ ဝင်ထိုင်လေသည်။

မေရီက သူ့အား အပြုံးနှင့် ဆီးကြိုသည်။ အင်ဒရူးသည် မေရီ၏ ဆောင်၌ ချထားသော နှင်းဆီပန်း တစ်စည်းကို သတိထားလိုက်မိ၏။ သူသည် လက်ထဲမှ မှတ်တမ်း ကတ်ပြားကို အသေအချာ လေ့လာကြည့်သည်။ မေရီ၏ အခြေအနေမှာ ကျေနပ်လောက်အောင် တိုးတက် ကောင်းမွန်လာခြင်း မရှိသေးပေ။

'ကောင်းသော နံနက်ပါ မေဆန်'

မေရီက နှုတ်ဆက်လေသည်။

'နှင်းဆီပန်းတွေ မလှဘူးလားဟင်၊ မနေ့က ခရစ္စတီ ဝယ်လာပြီး ပေး သွားတာ'

သူက မေရီကို တစ်ချက် ကြည့်၍ အကဲခတ်သည်။ မေရီသည် ဆေးရုံ တင်စကထက် အနည်းငယ် ပို၍ ပိန်သွားသည်။

'သိပ်လှတဲ့ ပန်းတွေပဲ မေရီ၊ မေရီကော ဘယ်လို နေလဲဟင်၊ နေ ကောင်းရဲ့လား'

'ကောင်းပါတယ်'

သူမသည် အင်ဒရူးကို မကြည့်ဘဲ ဖြေသည်။ ပြီးမှ 'ဘယ်လိုပဲ ဖြစ် ဖြစ်ပေါ့လေ၊ သိပ်ကြာကြာကြီး ခံစားရမှာမှ မဟုတ်ဘဲ၊ ရှင်တို့ ကျွန်မကို





အမြန်ဆုံး ပျောက်သွားအောင် ကုပေးကြမှာပဲ' ဟု ဆိုလေသည်။

မေရီ၏ စကားနှင့် မေရီ၏ အကြည့်များသည် အင်ဒရူး အပေါ်၌ များစွာ ယုံကြည် အားကိုးလျက် ရှိကြောင်း သိသာနေသည်။ အင်ဒရူး၏ ရင်ငယ်သို့ခြား ဆန်းပြားသော နာကျင်မှု ဝေဒနာသည် ဖျတ်ခနဲ ပေါ်လာပြန်လေသည်။ အကယ်၍များ ကံမကောင်း အကြောင်းမသင့်၍ မေရီ ကိစ္စတွင် တစ်နေရာရာ၌ လွဲချော်သွားခဲ့ပါမူ သူသည် ကြီးမားလှစွာသော ပျက်စီး ဆုံးရှုံးမှုကြီး တစ်ခုနှင့် နောက်ထပ် ရင်ဆိုင်ရပေတော့မည်။

ထိုအခိုက်မှာပင် အခန်းတွင်းသို့ ဒေါက်တာ သားရားဂွတ် ဝင်လာသည်။ အင်ဒရူးကို မြင်လျှင် မြင်ချင်း သူ့ဆီသို့ လျှောက်လာသည်။

'ကောင်းသော နံနက်ပါ မေဆန်'

သားရားဂွတ်သည် ချိုသာစွာ နှုတ်ဆက်လိုက်ရာမှ အင်ဒရူး၏ မျက်နှာကို အံ့အားသင့်သလို ငေး၍ ကြည့်နေသည်။

'ဘာများဖြစ်လို့လဲ မေဆန်၊ နေကောင်းရဲ့လား၊ ဖျားများနေသလား'

အင်ဒရူးက ထိုင်ရာမှ ထလိုက်သည်။

'နေကောင်းပါတယ် ဒေါက်တာ၊ ဘာမှ မဖြစ်ပါဘူး၊ ကျေးဇူးတင်ပါတယ်'

ဒေါက်တာ သားရားဂွတ်သည် အင်ဒရူးကို ထပ်၍ စူးစမ်းသလို ကြည့်နေပြန်ပြီးမှ မေရီဘက်သို့ လှည့်လေသည်။

'ဒီလူနာ ကျွန်တော့်ကို အပ်တဲ့ အတွက် ကျေးဇူးလည်း တင်တယ်၊ ဝမ်းလည်း သာတယ် မေဆန်၊ ဆရာမရေ ဒီဘက်က ခန်းဆီးလေး ဆွဲချပေးပါဦး'

နှစ်ယောက်သား ဆယ်မိနစ်ခန့်ကြာမျှ မေရီ၏ အခြေအနေကို စမ်းသပ် ကြည့်ပြီး ဒေါက်တာ သားရားဂွတ်က တစ်ဖက် ပြတင်းပေါက် အနီးရှိ တာဝန်ကျ ဆရာများ ထိုင်ရာ စားပွဲဆီသို့ ခေါ်သွားသည်။ နေရာမှာ လူနာဆောင် တစ်ခုလုံးကို ကောင်းစွာ မြင်တွေ့နေရသည့် နေရာ ဖြစ်သော်လည်း လူနာ ခုတင်များနှင့် အလှမ်းဝေးသဖြင့် သူတို့ ဆွေးနွေးသမျှကို မည်သူမျှ ကြားနိုင်ကြမည် မဟုတ်ပေ။

'ကဲ မေဆန်'

သားရားဂွတ်က စသည်။

'ခင်ဗျားကတော့ ဘယ်လို သဘောရမလဲ မသိဘူး ဒေါက်တာ သား



www.burmeseclassic.com

www.burmeseclassic.com

ရားဂွတ်၊ ကျွန်တော့် အထင် ပြောရရင်တော့ လူနာရဲ့ အခြေအနေက ကျေနပ်လောက်အောင် တိုးတက် မလာသေးဘူး ထင်တာပဲ'

'ရောဂါ လက္ခဏာကတော့ တစ်ခု၊ ဒါမှမဟုတ် နှစ်ခု ရှိနေတယ်'

သားရားဂွတ်က သူ၏ မုတ်ဆိတ်မွေးများကို အသာအယာ ဆွဲနေရင်းက ပြောသည်။

'ကျွန်တော့် အထင်ကတော့ အဆုတ်က ကျယ်လာသလိုလိုပဲ'

'ကျွန်တော်ကတော့ အဲဒီလို မထင်ဘူး မေဆန်'

'အပူချိန် တက်နေပုံ အခြေအနေကလည်း တက်လိုက် ကျလိုက်နှင့် ပုံမမှန်ဘူး ထင်တာပဲ'

'ကျွန်တော် အကြံ တစ်ခု ပြုပါရစေလား၊ စိတ်လည်း မရှိနှင့်နော်။ ကျွန်တော်တို့ နှစ်ဦး တွဲလုပ်နေတဲ့ အခြေအနေကို ကျွန်တော် အလေးအနက် ထားပါတယ်၊ လူနာရဲ့ ပြဿနာ မှန်သမျှ နှစ်ဦးစလုံးနှင့် သက်ဆိုင်တဲ့ သဘောကို ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ ဒီလူနာကတော့ ကျွန်တော့် အတွက် သေရေး ရှင်ရေး တမျှ အရေးကြီးနေပါတယ်၊ ဖြစ်နေတဲ့ အခြေအနေ အရပ်ရပ်ကို ကြည့်လိုက်ရင် မေရီရဲ့ လက္ခဏာတွေက အဆုတ်လေဝင်နာ ဖြစ်နေတယ်လို့များ မထင်မိဘူးလား ဒေါက်တာ သားရားဂွတ်၊ ဒေါက်တာ မှတ်မိဦးမလား မသိဘူး၊ မေရီ့ ရောဂါနှင့် ပတ်သက်လို့ ဆေးရုံ တင်စက တည်းက ဒီဟာကို သုံးသင့် မသုံးသင့် ကျွန်တော် အများကြီး တွေးပြီး ပူခဲ့မိတာလေ'

သားရားဂွတ်က အင်ဒရူးအား တစ်ချက် စောင်းကြည့်သည်။ သူ့ မျက်နှာသည် ချက်ချင်း ပြောင်းလဲသွားလေသည်။ အင်ဒရူး၏ စကားကို သူ မကြိုက်။ လက်မခံချင်။ အင်ဒရူးဘက်က မည်မျှပင် မှန်နေစေကာမူ သူ့ အကျင့် ဝသီ အတိုင်း သူ့ အယူအဆကိုသာ ရှေ့တန်းတင်ထားတော့မည် ဖြစ်သည်။

'မဟုတ်ဘူး မေဆန်၊ ကျွန်တော်တော့ ဒီလူနာကို လုပ်ဖို့ မလိုဘူး ထင်တယ်၊ ဆေးရုံ တင်စကလည်း မထင်ခဲ့ဘူး၊ အခုလည်း မထင်ဘူး'

ငြိမ်ဆိတ်သွားလေ၏။ အင်ဒရူးသည် စကား တစ်ခွန်းမှ ထပ်၍ မပြောဝံ့တော့ပေ။ သားရားဂွတ် အကြောင်းကို သူ ကောင်းကောင်း သိ၏။ သားရားဂွတ်သည် အများနှင့် မတူလောက်အောင်ပင် ခေါင်းမာတတ်သူ ဖြစ်ရာ သူ့ဘက်မှ တိုး၍ ပြောနေပါက အငြင်းအခုံ ဖြစ်ကြဖို့သာ ရှိ၏။ ငြင်းခုံနေမည်





ဆိုပါကလည်း အချိန်ကုန် လူပန်းသာ ဖြစ်ပေလိမ့်မည်။ အကျိုးကတော့ ထူးခြားစရာ မမြင်ပေ။

မေရီ၏ ရောဂါ အခြေအနေနှင့် ပတ်သက်၍ သူ၏ ထင်မြင် ယူဆချက်များကို ရှင်းလင်း ပြောပြနေသော သားရားဂွတ်၏ စကားများကို မတုန့်မလှုပ် ထိုင်၍ နားထောင်နေရသော်လည်း စိတ်ကတော့ မဝင်စားချေ။ သားရားဂွတ်က သူ့စကား ဆုံး၍ လူနာများ ကြည့်ရန် ထွက်သွားမှပင် အင်ဒရူးသည် မေရီ့ ခုတင်ဆီသို့ ပြန်လာခဲ့လေသည်။

မေရီအား သူ မနက်ဖြန် တစ်ခေါက် လာကြည့်ဦးမည်ဟု ပြောကာ နှုတ်ဆက်၍ ပြန်ထွက်လာခဲ့သည်။ သူသည် ဆေးရုံမှ မထွက်မီ အောက်ထပ် ဧည့်ခန်းစောင့်အား သူ့အိမ်သို့ ဖုန်းဆက်၍ သူ ယနေ့ နေ့လယ်စာ အိမ်ပြန်၍ မစားနိုင်တော့ကြောင်း ပြောပြလိုက်ရန် မှာထားလိုက်လေ၏။

ယခုဆိုလျှင် တစ်နာရီ ထိုးပေတော့မည်။

ဝမ်းနည်းသလို၊ အားငယ်သလို ဖြစ်နေသော စိတ်သည် ယခုအထိ ပျောက်မသွားသေးပေ။ နှောင်တ တရားသည် သူ၏ ရင်အား တသိမ့်သိမ့် ရိုက်ခတ်လျက် ရှိဆဲပင်။

သွားရင်း လာရင်းကပင် ဝမ်းဟာလာသဖြင့် ဘက်တားဆီး တံတားအနီးရှိ ဈေးပေါပေါ လက်ဖက်ရည်ဆိုင် တစ်ဆိုင် ရှေ့ အရောက်တွင် ကားကို ရပ်၍ ဆိုင်အတွင်းသို့ ဝင်ခဲ့လေသည်။

သူသည် ကော်ဖီ တစ်ခွက်နှင့် ပေါင်မုန့် ထောပတ်သုတ် တစ်ခု မှာသည်။ ရောက်လာပြန်တော့ ကော်ဖီကိုသာ သောက်နိုင်၏။ ပေါင်မုန့်ကို စားချင်စိတ် လုံးဝ မပေါ်လာသဖြင့် ကိုင်၍ပင် မကြည့်တော့ပေ။ တွေတွေ ငေးငေး ငိုင်တိ ငိုင်တိုင် ဖြစ်နေသော သူ့ အမူအရာကို ကြည့်၍ အကဲခတ်နေသော စားပွဲထိုး အမျိုးသမီးကို သတိ ပြုလိုက်မိသဖြင့် ပြန်၍ ကြည့်လိုက်မိ၏။

'ပေါင်မုန့် မကောင်းလို့လား၊ ရှင် တခြား စားချင်တာ ရှိရင် ပြောပါ၊ ကျွန်မ လဲပေးပါ့မယ်' ဟု အမျိုးသမီးက လှမ်းပြောသည်။

သူက ခေါင်းခါလိုက်ပြီး ကျသင့်ငွေကို ပေးသည်။ သူမ ပြေစာ ရေးချိန်တွင် သူမ အင်္ကျီ၌ တပ်ဆင်ထားသည့် ကြယ်သီး အနက် ဘယ်နှလုံးသည်ကို ရေတွက်ကြည့်နေမိသည်။

တစ်ချိန်သော အခါက...။

ကြာတော့ ကြာခဲ့ပေပြီ...။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဒရင်းဖီးမြို့ကလေး၏ ကျောင်းတစ်ကျောင်းမှ စာသင်ခန်း တစ်ခန်း အတွင်း၀ယ် ပုလဲရောင် ကြယ်သီး သုံးလုံးကို ယခုကဲ့သို့ပင် စူးစူး စိုက်စိုက်နှင့် စိတ်ဝင်တစား ကြည့်ခဲ့ဖူးပေသည်။

ဆိုင်အပြင်ဘက်တွင်ကား ပူပြင်းသော နေရောင်ခြည်သည် မြစ်ပြင် ဘက်သို့ အညှာအတာ ကင်းမဲ့စွာ ကျရောက်လျက် ရှိပေသည်။

ယနေ့ မွန်းလွဲပိုင်းတွင် ဝဲလ်ဘတ်လမ်း ဆေးခန်း၌ လူနာ နှစ်ယောက် နှင့် ချိန်းထားသည်ကို သတိရလာသည်။ မော်တော်ကားကို ဝဲလ်ဘတ်လမ်းသို့ ခပ်ဖြည်းဖြည်း မောင်းလာခဲ့လေ၏။

စနေနေ့ အလုပ် ဆင်းရသဖြင့် သူနာပြုဆရာမ ရုပ်သည် စိတ်လက် မကြည်လင် ဖြစ်လျက် ရှိသည်။ စနေနေ့ အလုပ်ဆင်းဖို့ အင်ဒရူးက ပြော တိုင်း ပေါ်လာတတ်သည့် ပြဿနာမို့ အထူးအဆန်းတော့ မဟုတ်ပေ။

စိတ် အခန့်မသင့် ဖြစ်နေသော မစ္စ ရုပ်သည်ပင်လျှင် အင်ဒရူး၏ မျက်နှာကို မြင်ရသောအခါ အံ့အားသင့်လျက် ရှိ၏။ အင်ဒရူးအား မမေးဘူး ‘နေမကောင်းဘူးလား’ ဟုပင် မေးသည်။ ထိုနောက် ချိုချိုသာသာနှင့်ပင် ဒေါက်တာ ဖရက်ဒီ ဟင်မဆန်ထံမှ နေ့လယ်စာ စားချိန်လောက်က နှစ်ကြိမ် ဖုန်းဆက်ကြောင်း ပြောလေသည်။

အခန်းထဲမှ မစ္စ ရုပ် ထွက်သွားသောအခါ အင်ဒရူးသည် ကုလားထိုင် တွင် ထိုင်ပြီး သူ့ ရှေ့တည့်တည့်သို့ တွေဝေ ငေးမောလျက် ရှိပြန်လေ၏။

သူနှင့် ချိန်းထားသည့် လူနာ နှစ်ယောက် အနက် ပထမ လူနာသည် နှစ်နာရီခွဲတွင် ရောက်လာသည်။ နှလုံးရောဂါသည် တစ်ဦး ဖြစ်၏။ လူနာမှာ သတ္တုတွင်းဌာနမှ လူငယ် စာရေး တစ်ဦး ဖြစ်၏။ ဂစ်လ်က လမ်းညွှန်လိုက် ၍ သူ့ထံ ရောက်လာသူ ဖြစ်ပေသည်။

လူနာ၏ ဆေးကုသမှု မှတ်တမ်းကို အသေအချာ ပြန်ကြည့်မိသည်။ ဤလူနာကို လက်ခံ ကုသလာခဲ့သည်မှာ အတော်ကြီး ကြာခဲ့ပေပြီ။ သူ့ ဆေး မှတ်တမ်း ပြန်ကြည့်နေစဉ် အတွင်း စောင့်နေရရှာသည့် လူနာကို အားနာသဖြင့် တောင်းပန်စကား ဆိုလိုက်မိသည်။ လူနာက စမ်းသပ် ကုသခငွေ ပေးမည် လုပ်သောအခါ သူက လက်မခံချေ။

‘အခု မပေးပါနှင့်ဦး၊ ကျွန်တော့်ဆီက ငွေတောင်းခံလွှာ ရောက်လာမှ ပေးပါ’

အမှန်တော့ ဤလူနာထံမှ ငွေယူလာခဲ့သည်မှာ ကြာပြီ။ ထပ်၍ ငွေ





တောင်းရန် သူ စိတ်မကူးတော့ပေ။ ငွေလိုချင်သော စိတ်သည် သူ့ နှလုံးသား တွင် မရှိတော့ချေ။ ယခင်ကလိုပင် ငွေကို ရှုံ့ရှာ စက်ဆုပ်သော စိတ်၊ မုန်း တီးသော စိတ်တို့သည် ပြန်၍ ပေါ်လာပြန်လေပြီ။

ထိုနောက် ဒုတိယ လူနာ ဝင်လာသည်။ သူ့အား အလွန် ကြည်ညို လေးစားနေသည့် အသက် လေးဆယ့်ငါးနှစ် အရွယ်ရှိ မစ္စ ဘေးစဒင်း ဆိုသူ အမျိုးသမီး ဖြစ်ပေသည်။

အင်ဒရူးသည် မစ္စ ဘေးစဒင်းကို မြင်ရသည့်အခါ စိတ်ပျက်လက်ပျက် ဖြစ်သွားမိလေ၏။ ဤ အမျိုးသမီးကား ချမ်းသာ ကြွယ်ဝသူ ဖြစ်သော်လည်း မိမိကိုယ်ကောင်းဆန်သည့် စိတ်ရောဂါ တစ်မျိုး စွဲကပ်နေသူ ဖြစ်၏။ တစ် ကြိမ်သော အခါက ဟင်မဆန်နှင့် အတူ သွား၍ ကြည့်ခဲ့ဖူးသည့် ရာရင်တန် ဆေးတိုက်မှ မစ္စက် ရေဘာန်းလို ရောဂါမျိုး ဖြစ်နေသူပေတည်း။

လွန်ခဲ့သော ရက်အနည်းငယ်ခန့်က သူ့ထံ လာရောက်ခဲ့ပြီးနောက် ယခု တစ်ခေါက် မလာမီ အချိန် အတွင်းက သူမ ဘာတွေ လုပ်ခဲ့သည်၊ ဘာ တွေ ဖြစ်ခဲ့သည်၊ ဘယ်လို ခံစားရသည် စသည် စသည်များကို မစ္စ ဘေးစဒင်း က စာရင်းချ၍ ပြောပြလျက် ရှိ၏။ သူသည် စိတ် မပါ့တပါဖြင့် နားထောင် နေရာမှ ရုတ်တရက် ကြားဖြတ်၍ မေးခွန်း တစ်ခု မေးလိုက်မိလေသည်။

‘နေစမ်းပါဦး၊ ခင်ဗျား ကျွန်တော့်ဆီကို ဘာ့ကြောင့် လာနေတာလဲ မစ္စ ဘေးစဒင်း’

မစ္စ ဘေးစဒင်းသည် စကားပြော၍ ကောင်းနေရာမှ ကြောင်အမ်းအမ်း ဖြစ်ကာ ရပ်သွားသည်။ သူမ အနေဖြင့် သူမ ပြောပြသမျှကို စိတ်ရှည် လက် ရှည် နားထောင်နေသဖြင့် ကျေနပ် နှစ်သိမ့် နေခဲ့ရာမှ အင်ဒရူး၏ ခွကျကျ မေးခွန်းကြောင့် ပါးစပ်ကြီး ဟကာ ငေးကြောင်ကြောင် ဖြစ်သွားလေ၏။

‘အင်းပေါ့လေ၊ ဒီမေးခွန်းကို ခင်ဗျား ဘယ်ဖြေတတ်ပါ့မလဲ၊ အပြစ် ရှိတဲ့ လူက ကျွန်တော်ပဲဟာ၊ ကျွန်တော် လာဖို့ ချိန်းချိန်းနေလို့သာ ခင်ဗျား လာနေရတာပဲ၊ မဟုတ်ဘူးလား၊ အမှန်အတိုင်း ပြောရရင်တော့ ခင်ဗျားမှာ ဘာရောဂါမှ မရှိဘူး၊ နောက်မလာနှင့်တော့၊ သိလား’

‘ဒေါက်တာ၊ ဒေါက်တာ မေဆန်’

မစ္စ ဘေးစဒင်းသည် သူ့နားသူ မယုံကြည်နိုင်အောင် ဖြစ်လျက် ရှိ သည်။

တကယ်တော့ အင်ဒရူးက အမှန်အတိုင်း ပြောပြခြင်း ဖြစ်၏။ အခြင်္ကို



www.burmeseclassic.com

www.burmeseclassic.com



အရှိအတိုင်း အားမနာ ပါးမနာ ပြောချလိုက်ခြင်း ဖြစ်၏။ မစ္စ ဘေးစဒင်း ဖြ နေသည့် လက္ခဏာများသည် ငွေကြောင့် ဖြစ်၏။ ဤ အမျိုးသမီးကြီးသည် ဘဝ တစ်လျှောက်လုံး ဘာအလုပ်ကိုမှ လက်ကြောတင်းအောင် လုပ်ခဲ့သူ မဟုတ်ပေ။ သူမ၏ တစ်ကိုယ်လုံးမှာ အလွန် နူးညံ့ ပျော့ပျောင်းလှ၏။ အ တမ်း ကောင်းကောင်း စား၍ ကောင်းကောင်း ဝတ်ကာ ကောင်းကောင်း နေ ခဲ့ရသူ ဖြစ်ကာ ဓိမ့်ရှိလွန်းအားကြီးပြီး ကြာတော့ ကောင်းကောင်း အိပ်မပျော် သည့် ရောဂါ စွဲကပ်လာလေတော့၏။

အဘယ်မှာလျှင် အိပ်ပျော်ပါတော့မည်နည်း။ သူမသည် နည်းနည်း ကလေးမှ အပင်ပန်းခံသူ မဟုတ်ပေ။ နည်းနည်းကလေးမှ လှုပ်လှုပ်ရှားရှား လုပ်သူ မဟုတ်ပေ။ ဘာမှ မလုပ်ဘဲ နေလွန်းတော့လည်း အကြောအခြင်ဆွေ က တင်းလာ တောင့်လာသည်။ တကယ်တော့ မစ္စ ဘေးစဒင်းသည် ဦးနှောက် ကိုပင် အလုပ်ပေးသူ မဟုတ်ပေ။

မစ္စ ဘေးစဒင်းတွင် လုပ်စရာ အလုပ် ဆို၍ လက်မှတ် ဖြတ်ပိုင်းများ ဖြတ်တောက်ရန်သာ ရှိသည်။ တွေးစရာ ဆို၍လည်း သူမတွင် အမြတ် မည် မျှ ရပြီ ဟူသော အချက်ကိုသာ တွေးရန် ရှိသည်။ ပြောစရာ ဆို၍ သူမ၏ အိမ်ဖော် အမျိုးသမီးအား ပြစ်တင် မောင်းမဲရန်သာ ရှိသည်။ စဉ်းစား တွေး တောစရာ ဆို၍လည်း သူ ယနေ့ ဘာစားလျှင် ကောင်းပါ့မလဲ ဟူသော အချက်ကိုသာ စဉ်းစားရန် ရှိလေသည်။

အကယ်၍သာ မစ္စ ဘေးစဒင်းသည် အပြင်ထွက်၍ အညောင်းအညာ ပြေအောင် လမ်းလျှောက်မည်၊ အလုပ် တစ်ခုခုကိုသာ မှန်မှန် လုပ်သွားမည် ဆိုပါမူ ယခု သူ စားသုံးနေရသည့် ဆေးပြားများ၊ ဆေးရည်များကို စား သောက်နေဖို့ လိုမည် မဟုတ်ပေ။ သူမ၏ ငွေတွေထဲမှ ဆင်းရဲသားများ အကျိုး ရှိရာ ရှိကြောင်း အတွက် သုံးသင့်သလောက်ကို သုံး၍ အချိန်ရှိသမျှ ကိုယ် အကြောင်း ကိုယ်ချည်း မတွေးဘဲ တခြားလူများ အကြောင်းကိုပါ တွေးပြီ တခြားလူများ၏ အခက်အခဲများကို ကူညီ ဖြေရှင်းပေးဖို့သာ စဉ်းစားနေမည် ဆိုပါမူ သူမ၏ ရောဂါသည် ချက်ချင်း ပျောက်ကင်းသွားမည် ဖြစ်သည်။

သို့သော်လည်း မစ္စ ဘေးစဒင်းသည် ကောင်းသည့် အရာများကို တွေး ချင်သူ လုပ်ချင်သူ မဟုတ်ပေ။ ဘယ်တော့မှလည်း လုပ်လိမ့်မည် မဟုတ်ပေ။ အများအတွက် စဉ်းစားဖို့၊ လုပ်ကိုင်ပေးဖို့ နေနေသာသာ သူမ အတွက် သူ တစ်ပါးထံမှ အကူအညီ ရလိုက်ချင်သေး၏။ အမှန်တော့ မစ္စ ဘေးစဒင်းသည်





တ်အားဖြင့် သေနေသူ ဖြစ်ရာ ဘုရားသခင်မှ တစ်ပါး သူမအား ကယ်ဆယ် င်မည့်သူသည် ဤကမ္ဘာ လောက အတွင်း ရှိနိုင်မည် မဟုတ်တော့ပေ။

'ကျွန်တော် အများကြီး ဝမ်းနည်းပါတယ် မစ္စ ဘေးစဒင်း၊ ရှေ့ ာက်ပြီး ခင်ဗျား အတွက် ကျွန်တော် ဘာမှ လုပ်မပေးနိုင်တော့ပါဘူး။ ျွန်တော် လန်ဒန်က နေရာ တစ်နေရာရာကို သွားချင် သွားတော့မှာပါ၊ ခင် ား အနေနှင့် သင့်တော်တဲ့ ဆရာဝန် ရှာပါ၊ ရနိုင်ပါတယ်၊ ဒီနား တစ်ဝိုက်မှာ င်ဗျားကို ကုသပေးချင်တဲ့ ဆရာဝန်တွေ အများကြီး ရှိပါတယ်'

မစ္စ ဘေးစဒင်းသည် အင်ဒရူး စကားများကို နားထောင်ရင်း ငါး တစ် ကောင် အသက်ရှူနေသည့်ပမာ ပါးစပ်ကို ဖွင့်ချည် ပိတ်ချည် ဟစိ ဟစိ လုပ် နေလေသည်။ ထိုနောက်တွင်မူကား အင်ဒရူးတို့ ရှုံးသွားပြီ ဟူသော အတွေး င်း လုံးဝ ခွန်းတုံ့ပြန်ခြင်း မပြုတော့ဘဲ သူမ၏ ပစ္စည်းကလေးများကို ကမျာ ယာ ကောက်ယူ၍ ထိုင်ရာမှ ကသုတ်ကရက် ထကာ အခန်းထဲမှ သုတ်သီး တ်ပျာပင် ထွက်သွားလေတော့၏။

အင်ဒရူးသည် တစ်စုံတစ်ခုကို ပိုင်နိုင်စွာ ဆုံးဖြတ်ပြီးသကဲ့သို့ စားပွဲ ဆွဲများကို ပိတ်လိုက်ပြီး အိမ်ပြန်ရန် ပြင်လေ၏။ သူ စားပွဲမှ မထသေးမီမှာ င် ဆရာမ ရှပ်သည် ပြုံး၍ ဝင်လာလေသည်။

'ဒေါက်တာ ဟင်မဆန်က ဒေါက်တာ့ကို တွေ့ချင်လို့တဲ့၊ တယ်လီ န်း မဆက်တော့ဘဲ သူ့ကိုယ်တိုင်ပဲ လာတွေ့မယ်လို့ ပြောပါတယ်'

ခဏအကြာတွင် ဖရက်ဒီ ဟင်မဆန်သည် စီးကရက် တစ်လိပ်ကို ဟန် ပါ ခဲ၍ ရောက်လာသည်။ သူသည် ကုလားထိုင် တစ်လုံးကို ဆွဲ၍ ဝင်ထိုင် ိုက်၏။ အင်ဒရူးသည် ဟင်မဆန်ထံမှ ယခု တစ်ကြိမ်လောက် ရင်းနှီး ခင်မင် ာဖြင့် ပြောဆိုသည့် လေသံမျိုးကို တစ်ကြိမ် တစ်ခါမျှ မကြားခဲ့ဖူးပေ။

'စနေနေ့ကြီးမှာ လာပြီး နှောင့်ယှက်သလို ဖြစ်ရတာ ဆောရီးပဲ သူ ယ်ချင်းရာ၊ ဒါပေမဲ့ ကိုယ် သိတယ် မင်း ဆေးခန်းမှာပဲ ရှိနေမယ် ဆိုတာ၊ ဒီမှာ မေဆန်၊ မနေ့က မင်းတို့ ခွဲစိတ်ရင်း ဖြစ်ခဲ့ရတဲ့ ကိစ္စအားလုံး ကိုယ် ြန်ကြားတယ်၊ အခုမှတော့ မထူးပါဘူးကွာ၊ ပွင့်ပွင့်လင်းလင်းပဲ ပြောရတော့ ာပဲ၊ မင်းတို့ အဲသလို ဖြစ်ကြတာ ငါတော့ သိပ် ဝမ်းသာတယ်၊ မင်းက အိုင်ဗိုရီကို တော်တော် အထင်ကြီးနေတာကိုးကွ၊ အခုတော့ ဒီအကောင် ဆောက်သုံးမကျတာကို မင်း သိပြီ မဟုတ်လား'

ဟင်မဆန်၏ လေသံတွင် မရိုးသားသည့်ဟန် အပြည့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


'မင်း သိသင့်ပြီ ထင်လို့ ငါ အခု လာပြောတာပဲ သူငယ်ချင်း၊ အိုင်ဗိုရီတို့ ဒီမန်းတို့နှင့် ကိုယ် အဆင်မပြေ ဖြစ်နေတာ ကြာပြီကွ၊ သူတို့က ကိုယ်နှင့် သိပ်မတွဲတော့ဘူး၊ စောစောပိုင်းက ကိုယ်နှင့်အတူ တွဲလုပ်ခဲ့တာကလေးတွေတော့ ရှိတာပေါ့ကွာ၊ အမြတ်လည်း ထွက်သင့်သလောက် ထွက်ခဲ့ပါတယ်၊ ဒါပေမဲ့ ဒီနှစ် ဒီကောင်က ကိုယ် ရသင့် ရထိုက်တဲ့ အစုကို မှန်မှန် ခွဲမပေးချင်ဘူး၊ ညစ်ချင်တယ် သိလား၊ ပြီးတော့လည်း တဖြည်းဖြည်းနှင့် အိုင်ဗိုရီ သောက်သုံးမကျတာတွေကို သိလာရတယ်၊ ဒီကောင်ဟာ ခွဲစိတ်က ဆရာဝန် မဟုတ်ဘူးကွ၊ မင်း ပြောပြခဲ့တာ မလွန်ဘူး၊ သိပ်မှန်တာ၊ ဒီအကောင်ဟာ ကလေး ဖျက်ချပေးတဲ့ အလုပ်က လွဲလို့ ဘာမှ ဟုတ်တိ ပတ်တိ လုပ်တတ်တဲ့ကောင် မဟုတ်ဘူး၊ မင်းက အဲဒါကို သိမှာ မသိသေးဘဲ၊ ကိုယ် အမှန်အတိုင်း ပြောပြနေတာ၊ ကိုယ် ပြောတာ ယုံပါ၊ အခု ဒီဆေးခန်းနှင့် မိုင် တစ်ရာတောင်မှ မဝေးတဲ့ နေရာမှာ သူနာပြုဂေဟာ နှစ်ခု သုံးခု ရှိတယ်၊ အိုင်ဗိုရီတို့ အုပ်စုဟာ အဲဒီမှာ ဒါပဲ လုပ်နေကြတာပဲ၊ အိုင်ဗိုရီကတော့ ခေါင်းဆောင်ပေါ့ကွာ၊ ဒီမန်း ဆိုတဲ့ ကောင်ကရော ဘာများ ထူးလို့လဲ၊ အိုင်ဗိုရီထက်တောင် ဆိုးသေးတယ်၊ အိုင်ဗိုရီလောက်တောင်မှ တတ်တာ မဟုတ်ဘူး၊ အခွင့်အရေးသမား သက်သက်၊ ဒီမှာ သူငယ်ချင်း အခု ကိုယ် လာပြောနေတာဟာ မင်းအတွက်ပဲ ပြောနေတာပါ၊ ဒီကောင်တွေ အကြောင်းကို အစ အဆုံး မင်း သိထားရအောင် တမင် လာပြောရတာ၊ အဲဒီတော့ မင်း ဒီကောင်တွေနှင့် ဆက်မတွဲနှင့်တော့ကွာ၊ ရှေ့လျှောက် ကိုယ်နှင့် တွဲကြရအောင်၊ သူတို့နှင့် မတွဲရတော့ ဘာဖြစ်လဲ၊ ဘာမှ ပူစရာ မလိုဘူး၊ မင်း ရသင့် ရထိုက်တာ မှန်မှန်ကန်ကန် ရဖို့ပဲ လိုတာပဲ၊ အလျှင်ကဆို မင်း ရသင့် ရထိုက်တာ မှန်မှန်ကန်ကန်မှ မရခဲ့တာ မင်း သိပ်နစ်နာတယ်၊ အိုင်ဗိုရီက လူနာ တစ်ယောက် ခွဲရင် ဂီနီ တစ်ရာ ယူတာ မင်း မသိဘူးလား၊ သူ ရတဲ့ အထဲက မင်းကိုများ ဘယ်လောက်ပေးသလဲ၊ အလွန်ဆုံး ပေးပါမှ ဆယ့်ငါးဂီနီ၊ ဂီနီ နှစ်ဆယ်ပေါ့၊ ဒါ တရားသလား၊ ဖနေ့က ဖြစ်ခဲ့တဲ့ ကိစ္စကို ကြည့်စမ်း၊ ဘယ်လောက် အရုပ်ဆိုးသလဲ၊ ကိုယ်တော့ နည်းနည်းမှ မခံနိုင်ဘူး၊ ကိုယ် သူတို့ကို အခုချိန်ထိတော့ ဘာမှ မပြောသေးပါဘူး၊ ကိုယ့် အစီအစဉ်က ဒီလိုကွာ၊ ကိုယ်တို့ နှစ်ယောက် အစုစပ် လုပ်မယ်၊ ဖက်စပ် သဘောပေါ့ကွာ၊ ကျောင်းမှာတုန်းကလည်း တို့နှစ်ယောက် ဘယ်လောက် ခင်ခဲ့ကြသလဲ၊ ကိုယ် မင်းကို သိပ်ခင်တယ် ဆိုတာ မင်း သိသားပဲ၊ အခုထိလည်း ခင်လျက်ပဲ၊ စိတ်သာချ၊ ရပေါက် ရလမ်း



စားပေါက် စားလမ်းတွေ အများကြီး ရှိပါတယ်ကွာ၊ ကိုယ် ပြပေးပါ့မယ်၊ ကိုယ်က ဒီဘက်မှာ ကျွမ်းကျင်ပြီးသားပါ၊ မဟုတ်ဘူးလား'

ဖရက်ဒီသည် စီးကရက် တစ်လိပ် ထုတ်၍ မီးညှိပြန်သည်။ အင်ဒရူးကလည်း ပြုံးပြုံးကြီး ကြည့်နေပါသည်။

'ကိုယ် တွင်ထားတဲ့ နည်းတွေ မင်း ကြားရင် ယုံမှာတောင် မဟုတ်ဘူး၊ နောက်ဆုံးပေါ် နည်းကလေး တစ်နည်း ပြောပြရဦးမယ်၊ ဆေး တစ်လုံး တစ်ခါ ထိုးရင် သုံးဂီနီ ယူတယ်၊ ဆေးရည် မပါဘူး၊ မိုးရေပဲ ထည့်ပြီး ထိုးပေးတယ်၊ တစ်နေ့က လူနာ အမျိုးသမီး တစ်ယောက် ဆေးထိုးဖို့ လာတာ၊ မိုးရေက ကုန်နေလို့ ခွက်ကို ကျကရောပဲ၊ ဆေးရည် ထည့်ပြီး ထိုးပေးလိုက်ရတာပေါ့ကွာ သိလား၊ အဲ နောက်တစ်ရက် ကြာတော့ အဲဒီ အမျိုးသမီးက မနေ့က ထိုးပေးလိုက်တဲ့ ဆေးက အလျင် ရက်တွေတုန်းက ထိုးပေးတဲ့ ဆေးတွေထက် ပိုပြီး ကောင်းတယ်၊ သိသိသာသာ သက်သာတယ်လို့ လာပြောနေလို့ ငါမှာ ရီရမလို ရယ်ရမလို ဖြစ်ရသေးတယ်ကွာ ဟား ဟား ဟား၊ အခု ဆိုရင် ကိုယ်တော့ ဒီနည်းနှင့် တွယ်နေတာပဲ၊ ဘာလို့ မလုပ်ရမှာလဲကွာ၊ ဆေးရည်နှင့် မိုးရေဟာ ဘာကွာတာလိုက်လို့၊ ဘယ်သူက သိမှာလဲ၊ ဒီမှာ သူငယ်ချင်း၊ ကိုယ်နှင့် မင်းနှင့်သာ တွဲလိုက်ရရင်လေ၊ ဘာမှ ပြောစရာ မရှိတော့ဘူး မဆန်၊ မင်း ရထားတဲ့ ဘွဲ့တွေနှင့် ကိုယ့်ရဲ့ လိမ္မာ ပါးနပ်မှုကို ပေါင်းလိုက်ရင် ဘာပြောကောင်းမလဲ ဟေ့၊ ကိုယ့်မှာ အင်မတန် တော်တဲ့ ခွဲစိတ်က ဆရာဝန် လူငယ် တစ်ယောက်လည်း တွေ့ထားပါတယ်၊ အိုင်ဗိုရီထက် အများကြီး တော်တယ်ကွ၊ သူ့ကို ကိုယ်တို့ သုံးလိုက်ရင် အများကြီးကို အလုပ် ဖြစ်မယ်၊ နောက်ဆုံးကွာ ကိုယ်တို့ ဖက်စပ် ဆေးတိုက်တောင်မှ ဖွင့်လာနိုင်မယ်'

အင်ဒရူးကတော့ မတုန်မလှုပ် ကျောက်ရုပ်သဖွယ် ဖြစ်နေသည်။ ဟင်မဆန် ပြောဆိုနေသမျှကို နားထောင်ရင်း ဟင်မဆန်ကို စိတ်ဆိုးရမည့် အစား မိမိကိုယ်သူ စက်ဆုပ် ရွံရှာခြင်း ဖြစ်လျက် ရှိလေသည်။ ဟင်မဆန် ဤစကားများတွေ လာပြောနေသည်ကို ကြားနေရခြင်းဖြင့် သူ ဘယ်လို ရပ်တည်ခဲ့သည်၊ သူ ဘာတွေ လုပ်ခဲ့မိသည်၊ သူ ဘယ်လမ်းကို လိုက်နေသည် စသော အချက်များကို အထင်အရှား မြင်နေရပေ၏။

မည်သို့ပင် ဖြစ်စေ သူ့အနေဖြင့် အဖြေကတော့ ပေးရမည် ဖြစ်ရာ သူ့သဘောထားကို အေးအေးဆေးဆေးပင် ဖွင့်ဟ ပြောပြလေသည်။

'ကိုယ် မင်းနှင့် မတွဲနိုင်တော့ဘူး ဖရက်ဒီ၊ ဘယ်လိုမှလည်း မအောင်


www.burmeseclassic.com

www.burmeseclassic.com


ပေးပါနှင့်၊ ကိုယ် အခုလို လုပ်နေရတာကို သိပ်စက်ဆုပ်သွားပြီ၊ ကိုယ် လုပ်တာဟာ မျက်စိလည် လမ်းမှားပြီး လုပ်မိတာပဲ ပြောရတော့မှာပဲ၊ ကိုယ်တို့နိုင်ငံမှာ ယုတ်ညံ့တဲ့ ဆရာဝန်တွေ အများကြီး ရှိနေသလို သန့်ရှင်း ဖြူစင်တဲ့ စေတနာနှင့် ကောင်းကောင်းမွန်မွန် လုပ်ကိုင် စားသောက်နေတဲ့ ဆရာဝန်ကောင်းတွေ အများကြီး ရှိနေပါသေးတယ်၊ ကျန်တာတွေကတော့ ရှိပါစေတော့လေ၊ ယုတ်ညံ့တဲ့ ဆရာဝန်တွေကတော့ ဆေးမထိုးသင့်ဘဲ ထိုးပေးတာတို့၊ အန္တရာယ် မပေးနိုင်တဲ့ အာသီးရောင်တာမျိုးလို အသေးအဖွဲ့ကလေးတွေကို ခွဲစိတ် ကုသပေးပြီး ကိုယ့်ကိုယ်ကိုယ် ခွဲစိတ်ကု ပါရဂူလို့ ကြော်ငြာပြီး လုတတ်လုပ်နေတာတို့၊ ကိုယ့်ဆီ လာတဲ့ လူနာတွေကို နှစ်ဖက် ငွေရအောင် အပေးအယူ လုပ်ပြီး အပြန်အလှန် လွှတ်ပေးတာတို့၊ ရသလောက် ငွေညှစ်ယူနေတာတို့၊ အချိန်ရှိသမျှ ငွေနောက် တကောက်ကောက် လိုက်နေတာတို့၊ ဒါမျိုးတွေကတော့ ဘယ်ခေတ် မဆို ရှိနေမှာပါပဲ'

ဟင်မဆန်၏ မျက်နှာသည် တဖြည်းဖြည်းချင်း နီရဲလာသည်။

'ဒီစကားတွေ ပြောနေတာ မင်းက ဘာသဘောလဲကွ၊ မင်းကကော ဘယ်လောက်များ ကောင်းနေလို့လဲ'

'ကိုယ် သိပါတယ် ဖရက်ဒီ၊ ကိုယ်လည်း မကောင်းခဲ့ပါဘူး၊ ဒီကိစ္စတွေနှင့် ပတ်သက်လို့ ကိုယ်တို့ နှစ်ဦးကြားမှာ အမုန်း မပွားစေချင်ဘူး၊ မင်းဟာ ကိုယ့်ရဲ့ အကောင်းဆုံး မိတ်ဆွေ၊ အချစ်ဆုံး သူငယ်ချင်း တစ်ယောက် အဖြစ်နှင့်ပဲ ရှိသွားစေချင်ပါတယ်'

ဟင်မဆန်က ဝုန်းခနဲ ထရပ်လိုက်သည်။

'မင်း ရူးနေသလားကွ'

'အေး ရူးချင်လည်း ရူးနေမှာပေါ့ကွာ၊ ဒါပေမဲ့ ငါတော့ ဒီကနေ့က စပြီး ငွေအကြောင်းလည်း မတွေးချင်ဘူး၊ ပစ္စည်းဥစ္စာ ချမ်းသာ ကြွယ်ဝလည်း မမျှော်ချင်တော့ဘူး၊ အောင်မြင် ကျော်ကြားဖို့ ဆိုတာတွေကိုလည်း မစဉ်းစားချင်တော့ဘူး၊ ငွေနှင့် ကျော်ကြားမှု ဆိုတဲ့ အရာ နှစ်ခုဟာ ဆရာဝန်ကောင်း တစ်ယောက်မှာ ရှိရမယ့် အရည်အသွေး မဟုတ်ပါဘူး၊ ရှင်းရှင်း ပြောရရင်တော့ ဆရာဝန် တစ်ယောက်ဟာ တစ်နှစ်မှာ ဝင်ငွေ ပေါင် ငါးထောင် ရတယ် ဆိုရင် အဲဒီ ဆရာဝန်ဟာ ဆရာဝန်ကောင်း မဖြစ်နိုင်တော့ဘူးလို့ပဲ ပြောရတော့မှာပဲ၊ လူတစ်ယောက်ဟာ ဆင်းရဲ တော်ပြတ်ပြီး လူမှု ဒုက္ခမျိုးစုံကို ခံစား နေကြရရှာတဲ့ လူသားတွေဆီက မတော်မတရားတဲ့ နည်းနှင့်



ငွေ ရအောင် ကြိုးစားသင့်သလား'

'ခွေးမသား အရူး'

ဟင်မဆန်၏ နှုတ်မှ ယုတ်ယုတ်မာမာ ဆဲရေးသံ ထွက်လာပြီး [illegible] ရဲနှင့် အခန်းထဲမှ ထွက်သွားလေတော့၏။

ဟင်မဆန် ပြန်ထွက်သွားပြီး ဖြစ်သော်လည်း အင်ဒရူးသည် ထိုင်ရာမှ မထသေးဘဲ တွေးမိတွေးရာ တွေး၍ ငေးမိငေးရာ ငေးနေသည်။ အချိန်အတော်ကြာကြာမှပင် ဖြည်းညင်း လေးကန်စွာ ထ၍ အိမ်ဘက်သို့ ပြန်ခဲ့လေ၏။

အိမ်နှင့် နီးလာလေလေ သူ၏ နှလုံးခုန်သံမှာ ပို၍ မြန်လာလေ ဖြစ်လျက် ရှိသည်ကို သူ သတိပြုမိ၏။ အချိန်ကလည်း ခြောက်နာရီပင် ထိုးနေလေပြီ။ ငြီးငွေ့ဖွယ် ကောင်းလှသော သူ၏ တစ်နေ့တာ လုပ်ငန်းသည် ပြီးဆုံးခဲ့ပြန်ပေပြီ။ အိမ်ရှေ့ တံခါး သော့တံကို ကိုင်၍ ဖွင့်နေသော အင်ဒရူး၏ လက်သည် ထူးထူးခြားခြား တုန်လျက် ရှိပေသည်။

ခရစ္စတီသည် အိမ်ရှေ့ခန်းထဲတွင် ထိုင်နေသည်။ သူမ၏ မျက်နှာမှာ အေးဆေး တည်ငြိမ်လျက် ရှိသော်လည်း အရောင်အဆင်းကတော့ ဖြူဖပ် ဖြူရော် ဖြစ်လျက် ရှိလေသည်။ ခရစ္စတီ၏ မျက်နှာကို မြင်လျှင် မြင်ချင်းပင် အင်ဒရူးသည် ဣန္ဒြေ ပျက်လောက်အောင်ပင် တုန်လှုပ်သွားလေ၏။

ခရစ္စတီက သူ့အား ဆီးကြို၍ 'နောက်ကျလှချည်လား ကိုရယ်၊ ဘယ်များ သွားနေတာလဲ၊ အလုပ် သိပ်များနေပြန်ပြီလား၊ ဘာတွေများ လုပ်နေတာလဲ ကိုရယ်' စသည်ဖြင့် မေးစေချင်လှပါ၏။ သို့သော်လည်း သူ ကြားလိုသည့် မေးခွန်းများသည် ခရစ္စတီ နှုတ်ဖျားမှ ပေါ်ထွက်မလာချေ။

'ရှင်လည်း တစ်နေကုန် တစ်နေခန်း သွားနေရတာပဲ နော်၊ အားဘယ်လိုကို မရှိတော့ဘူး၊ ဆေးခန်း မဖွင့်ခင် လက်ဖက်ရည် သောက်လိုက်ဦးလား'

ခရစ္စတီကတော့ သာမန် ပြောရိုး ပြောစဉ် စကားလောက်သာ ပြောလေသည်။

'ကနေ့ည ဆေးခန်း မဖွင့်ဘူး'

အင်ဒရူး၏ အဖြေကြောင့် ခရစ္စတီက မော့ကြည့်သည်။

'ဒီကနေ့ စနေနေ့လေ၊ ဆေးခန်းကို လူနာ အလာများတဲ့ နေ့ပဲ'

အင်ဒရူးသည် 'ယနေ့ည ဆေးပေးခန်း ပိတ်သည်' ဟူသော ကြော်ငြာကို ရေး၍ ဆေးခန်း တံခါးဝတွင် ကပ်သည်။ ကြော်ငြာ ကပ်နေစဉ် အတွင်း


www.burmeseclassic.com

www.burmeseclassic.com

သူ၏ နှလုံးသားမှာ ပြင်းထန်စွာ ခုန်လျက် ရှိသဖြင့် ပေါက်ကွဲ၍များ ထွက် လာလေမလားဟု တွေးထင်ကာ စိုးရိမ်မကင်း ဖြစ်နေမိလေ၏။

အင်ဒရူး ကြော်ငြာကပ်ပြီး ပြန်လာသည့် အခါတွင် ခရစ္စတီသည် ဆေးခန်းထဲ ရောက်နေသည်ကို တွေ့ရ၏။ သူမ၏ မျက်နှာမှာ စောစောကထက် ပြုံးရော်ရော် ဖြစ်နေပြီး သူမ၏ မျက်လုံးများကမူ စိတ်ရှုပ်ထွေးလျက် ရှိကြောင်း ကို ဖော်ပြနေပေသည်။

'ဘာဖြစ်လို့လဲ အင်ဒရူး'

ခရစ္စတီက ဆီး၍ မေးလေသည်။

အင်ဒရူးက အဖြေ မပေးချေ။ ခရစ္စတီ၏ မျက်နှာကိုသာ ငေး၍ ကြည့် နေသည်။ ပြင်းထန်လှသော စိတ်၏ ဆင်းရဲခြင်းနှင့် ကိုယ်၏ ဆင်းရဲခြင်း ဒဏ်များ၏ ဖိစီး နှိပ်စက်မှုကြောင့် သူ့ကိုယ်သူ ထိန်းသိမ်း နိုင်စွမ်း မရှိတော့ ပေ။

'ခရစ္စတီ'

သူ ခံစားနေရသမျှ အတွက် ဖြေသိမ့်နိုင်စွမ်း ရှိသည့် စကား တစ်လုံး သည် သူ့နှုတ်မှ ထွက်လာလေ၏။

ထိုနောက်တွင်မူ သူသည် ခရစ္စတီ၏ ရှေ့တွင် ဒူးထောက်၍ ထိုင်ချ လိုက်ကာ ယူကျုံးမရ ဝမ်းနည်း တသမှု အပြည့်ဖြင့် ရှိုက်ကြီးတငင် ငိုကြွေး လျက် ရှိရှာလေသည်။



၁၇]

[…]ဒရူးနှင့် ခရစ္စတီတို့သည် တစ်ဦး အပေါ် တစ်ဦး ချစ်ခြင်းမေတ္တာ စတင် […]က်ဖွားလာခဲ့သည့် အချိန်မှ စ၍ သူတို့ နှစ်ဦးကြားတွင် မပြေလည်မှု ဟူ၍ […]ခဲ့ပေ။ မပြေမလည် ဖြစ်လာပြန်တော့လည်း ယင်း မပြေလည်မှု၏ ပြင်း[…]သော ရိုက်ခတ်မှုကြောင့် လူချင်း အနေနီးပါလျက်နှင့် စိတ်ချင်းသည် မိုး[…] မြေကြီးပမာ ဝေးကွာခဲ့ရချေသည်။

ယခုလို ပြန်၍ အဆင်ပြေလာပြန်တော့လည်း ချစ်သူ နှစ်ဦးကြားတွင် […]လာသည့် နားလည်မှုသည် အလွန် အံ့သြစရာ ကောင်း၍ ကြည်နူးစဖွယ် […]သည့် အရာတစ်ခု ဖြစ်သည်ကို ကောင်းစွာပင် သဘောပေါက် နားလည် […]ခဲ့ကြရလေ၏။

နောက်တစ်နေ့ နံနက်။

ထိုနေ့သည် တနင်္ဂနွေနေ့။

အင်ဒရူးသည် ခရစ္စတီ၏ ဘေးတွင် လဲလျောင်းကာ အေဘာရာလော […]တွင် နေခဲ့ရစဉ်တုန်းကလိုပင် သူ့ စိတ်ကူး၊ သူ့ ယုံကြည်ချက်နှင့် သူ့ မျှော်[…]င့်ချက်များကို ခရစ္စတီအား ကရားရေလွှတ် တတွတ်တွတ် ပြောလျက် ရှိ[…]၏။ အင်ဒရူး အဖို့တော့ သူ့ အသည်းနှလုံးကြားတွင် သိုသိပ်ထားခဲ့ရသမျှ […]၍ အားမရနိုင်အောင် ဖြစ်လျက် ရှိပြန်လေသည်။

အပြင်ဘက်တွင်မူကား တနင်္ဂနွေနေ့၏ သာယာ တိတ်ဆိတ်မှုက စိုးမိုး […]က် ရှိသဖြင့် ငြိမ်ဆိတ်လွန်းလှပေ၏။ ရံဖန်ရံခါ ပေါ်လာတတ်သော ဘုရား […]ကျောင်းများဆီမှ ခေါင်းလောင်းသံများသည် အေးမြ သာယာမှုနှင့် ငြိမ်[…]မှု၏ အနှစ်သာရကို ဖော်ကျူးလျက် ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း အင်ဒရူး၏ စိတ်မှာ ယခုအချိန်ထိ ငြိမ်းချမ်းမှုကို မ သေးပေ။ သူ့စိတ်သည် ပြင်းပြစွာ ပူလောင်ဆဲပင် ရှိချေသေး၏။

'ကို ဘာကြောင့်များ ဒါမျိုးတွေ လုပ်ခဲ့မိပါလိမ့်၊ ကို ဘယ်လို ဖြ သွားတာပါလိမ့်'

အင်ဒရူးက ယူကျုံးမရ တသသဖြင့် ပြောလေ၏။

'ကိုဟာ ရူးများ သွားခဲ့လေသလား၊ ဒါတွေကို လုပ်ခဲ့မိတာဟာ ရူးလို့များ လုပ်ခဲ့မိတာလား၊ ရူးလို့သာ လုပ်ခဲ့မိတာ ဖြစ်မှာပေါ့၊ မရူးရင် ဘာ ကြောင့် လုပ်ရမှာလဲ၊ ကို မကြိုက်ခဲ့တာတွေကိုချည်း ကို လျှောက်လုပ်ခဲ့မိတာ မဟုတ်လား၊ ရှေးဟောင်းနှောင်းဖြစ်တွေကို ပြန်ပြီး တွေးလိုက်ရင် ကို့အပြ ဟာ မယုံနိုင်စရာပဲ၊ ဒင်နီလို ဟတ်ပ်လို လူမျိုးတွေနှင့် တရင်းတနီး တွဲမ ခဲ့ပြီးခါမှ အခုလို စိတ်နေ စိတ်ဓာတ် အောက်တန်းကျပြီး အလွန် ယုတ်ညံ့ လူတန်းစားတွေနှင့် ရောနှောပြီး ကို့ဘဝဟာ ဖြစ်ချင်တိုင်း ဖြစ်ခဲ့ရတယ်နော် ကိုဟာ သတ်ပစ်သင့်တဲ့ လူတစ်ယောက်လို့တောင်မှ ထင်မိတယ် ခရစ္စတီ'

ခရစ္စတီက နှစ်သိမ့်စကား ဆိုလေသည်။

'ဒီလို ဖြစ်တတ်တာဟာ လူ့သဘာဝပါ အချစ်ရယ်၊ လူတိုင်း ဖြ တတ်ကြတဲ့ ဟာမျိုးပါ၊ ဖြစ်လာပြန်ရင်တော့လည်း ကိုယ့်ရဲ့ မူလ ဘဝကို တတ်ကြတာဟာ လူတွေရဲ့ သဘာဝ တစ်ခုပါပဲ၊ ကို တစ်ဦးတည်း ဖြစ် မဟုတ်ပါဘူး'

'မဟုတ်သေးဘူး ခရစ္စတီ၊ ရိုးရိုးသားသား ပြောရရင် ကို အသုံးမ လို့ ဖြစ်ရတဲ့ ကိစ္စပါ၊ ကို့ အနေနှင့် ဒါတွေကို ပြန် မစဉ်းစားချင်ပါဘူး စဉ်းစားလိုက်ရင်လည်း ကို့ရဲ့ ခေါင်းဟာ ကွဲထွက်သွားတော့မလား အောင် မေ့ရတယ်၊ ကို ဘဝ မေ့ပြီး အောက်ခြေ လွတ်နေတဲ့ အချိန်မှာ မင်း ဘာ လောက်များ စိတ်ညစ်လိုက်မလဲ၊ ဘယ်လောက်များ စိတ်ထိခိုက်လိုက်မလဲ ဒါတွေကို တွေးကြည့်လိုက်ရင် ကို့အပြစ်ဟာ ခွင့်မလွှတ်နိုင်လောက်အောင် ကြီးလှပါကလားလို့ သဘောပေါက်မိတယ်'

ခရစ္စတီက ကျေနပ် နှစ်သိမ့်လှသည့် အမူအရာဖြင့် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလေသည်။

သူ မမြင်ခဲ့ရသည်မှာ ကြာပြီ ဖြစ်သော အပြုံး၊ ချစ်စရာ ကောင်းသော အပြုံး၊ သနား တွယ်တာစရာ ကောင်းလောက်အောင် နူးညံ့ သိမ်မွေ့၍ လှ လွန်းလှသည့် အပြုံး။





သူ့တို့ဘဝသည် ယနေ့မှ စ၍ ပြန်လည်၍ အသက်ဝင်လာခြင်း၊ ရှင် သန်စ ပြုလာပေပြီ။

'ကိုတို့ လုပ်ဖို့ တစ်ခုပဲ ရှိတော့တယ် ခရစ္စတီ၊ သိလား'

သူသည် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ထားပြီးပြီ ဖြစ်ရာ လုပ်စရာ ရှိသမျှကို မြန်မြန်ဆန်ဆန် လုပ်သွားဖို့ စိတ်စောလျက် ရှိလေသည်။

'ကိုတို့ ဒီနေရာက အမြန်ဆုံး ခွာနိုင်ဖို့ အလျင်ဆုံး လုပ်ရမယ်၊ ကို့ အနေနှင့် အတော့်ကို ခြေလွန် လက်လွန် ဖြစ်သွားခဲ့တာပဲ၊ ကို ပြုမိခဲ့တဲ့ အမှားတွေကို အချိန်မီ ပြင်နိုင်ဖို့ ကြိုးစားမှ ဖြစ်တော့မယ်၊ ကိုတို့ရဲ့ ဆေးခန်း ကတော့ လွယ်လွယ်နှင့် ရောင်းလို့ ရမှာပါ၊ ပြီးတော့လေ၊ အို ဒီမယ် ခရစ္စတီ၊ ကို အကြံ တစ်ခု ရထားတယ်၊ အလွန်ကောင်း အလွန် ထူးတဲ့ အကြံ၊ သိလား'

'ပြောစမ်းပါဦး အချစ်ရယ်၊ ဘာအကြံများပါလိမ့်'

အင်ဒရူးက ခရစ္စတီကို ကြည့်၍ ပြုံးသည်။

'ကို့ကို အဲသလို မခေါ်တာ ဘယ်လောက် ကြာခဲ့ပြီလဲ၊ အဲသလို ခေါ် လိုက်ရင် ကို သိပ်ကြိုက်တာပဲ၊ ကို သိပါတယ်၊ ကိုဟာ အဲသလို အခေါ် ခံ ထိုက်တဲ့ လူတစ်ယောက်ပါ၊ သြော် ဒါနှင့် စောစောက ကို ပြောနေတာ ဘာ ပါလိမ့်၊ သြော် သိပြီ၊ ကို့အကြံ၊ အစကနေ ပြန်ပြီး စဉ်းစားလိုက်ဦးမယ်၊ ဟုတ်ပြီ ဟုတ်ပြီ၊ ကို ကနေ့မနက် အိပ်ရာက နိုးနိုးချင်း ပေါ်လာတဲ့ စိတ်ကူး၊ ပေါ်လာတဲ့ အကြံပေါ့၊ ပထမ ဟင်မဆန်က သူနှင့် တွဲပြီး လုပ်ဖို့ ပြောခဲ့တဲ့ စကားတွေကို ပြန်တွေးပြီး စိတ်မကောင်း ဖြစ်မိတယ်၊ အဲဒီတုန်းမှာပဲ ကို့ ခေါင်းထဲကို အကြံ တစ်ခု ဝင်လာတယ် သိလား၊ ကိုတို့ အနေနှင့် စေတနာ အပြည့်အဝ ထားပြီး မှန်မှန်ကန်ကန် ကုသပေးမယ့် ဆေးကုဌာနမျိုးကော မဖွင့်နိုင်ဘူးတဲ့လား၊ ဘာကြောင့် မဖွင့်နိုင်ရမှာလဲ၊ ဖွင့်နိုင်ရမှာပေါ့၊ အဲဒီ အကြံ ပဲ၊ ကို အခု ပြောပြတဲ့ စိတ်ကူးမျိုးကို အမေရိကန် နိုင်ငံက ဆရာဝန်တွေ လုပ်နေကြတာပဲ၊ ဥပမာ စတီးမင်းရဲ့ လုပ်နည်းကို ကြည့်ပါလား၊ ဒါတောင်မှ သူကိုယ်တိုင်က ဆရာဝန် တစ်ယောက် မဟုတ်သေးဘူး၊ အဲ သူ့တို့ဆီမှာ လောက်တော့ ထိရောက်ချင်မှ ထိရောက်မှာပေါ့၊ ဒါပေမဲ့ ခရစ္စတီပဲ စိတ်ကူး ကြည့်စမ်းပါလား၊ မြို့ငယ်လေး တစ်မြို့မှာ ဆိုပါတော့၊ အဲဒီမြို့မှာ ဆေးကု ဌာန ဖွင့်နိုင်တယ်၊ ဆရာဝန်တွေ စုစည်းပြီး လုပ်နိုင်တယ်၊ ဆရာဝန်တွေက ကိုယ် ကျွမ်းကျင်ရာ ကိုယ်ကုပေါ့၊ ဒီမယ် ကို ပြောတာ မင်း နားထောင်နေ ရဲ့လား၊ နားထောင်စမ်းပါကွာ၊ ကို့ အနေနှင့် ဟင်မဆန်တို့၊ ဒီမန်းဘ်၊



www.burmeseclassic.com

www.burmeseclassic.com

တို့လို အသပြာ ဆရာဝန်တွေနှင့် တွဲလုပ်မယ့်အစား ဒင်နီတို့၊ ဟုတ်ပ်တို့လို ငွေကြေး အဓိက မထားတဲ့ ဆရာဝန်မျိုးတွေနှင့် တွဲလုပ်ရင်ကော ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ ဒင်နီက ခွဲစိတ် ကုသတဲ့ တာဝန်ကို လုပ်၊ ခွဲစိတ်တဲ့ နေရာမှာ သူ ဘယ်လောက် တော်တယ် ဆိုတာ ခရစ္စတီ အသိသားပဲ၊ ကိုကတော့ ဆေးပေး ဆေးကုလုပ်၊ ဟုတ်ပ်က ကိုတို့ ဆေးကု ဌာနရဲ့ ပိုးမွှား ရှာဖွေဆိုင်ရာ အလုပ်ကို လုပ်၊ ရလာနိုင်တဲ့ အကျိုးကျေးဇူးက ကိုတို့ တစ်ဦးချင်းစီ ဆေးကုရင်းနှင့် ရလာတဲ့ အတွေ့အကြုံ ဗဟုသုတတွေကို အချင်းချင်း ဖလှယ်နိုင်တာ ခရစ္စတီ မှတ်မိမှာပေါ့၊ အင်ဒီဟာ အငြင်းအခုံ လုပ်တဲ့ နေရာမှာ နှစ်ယောက် မရှိဘူး၊ ရိုးရိုးသာမန် ဆရာဝန် တစ်ဦးကို ရောဂါတိုင်း ကုသရမယ်လို့ တာဝန်ပေးသင့် မပေးသင့် ငြင်းခုံကြတုန်းက မှတ်မိသေးလား၊ အဲဒီတုန်းက အဖြေ ရှာခဲ့ကြတယ်လေ၊ စုပေါင်း ဆေးကု စနစ် ဆိုတဲ့ဟာ၊ အဲဒီ အကျိုးအမြတ်ကိုတော့ သေချာပေါက် ရနိုင်တယ်၊ နိုင်ငံတော် ဆေးကုစနစ်နှင့် ပုဂ္ဂလိက ဆေးကုစနစ် ဆိုတဲ့ ဆေးကုစနစ် နှစ်ခုရဲ့ ခြားနားမှုဟာလည်း အဲဒီအခါမှာ ပြတ်ပြတ်သားသား ပေါ်လာမှာပဲ၊ ကိုတို့ဆီမှာ စုပေါင်း ဆေးကုသမှုစနစ် မထွန်းကားသေးတာဟာ နာမည်ကြီး ဆရာဝန်ကြီးတွေ ကိုယ်တိုင်က စနစ်ကို သဘောမပေါက်ဘဲ အရာရာတိုင်းကို သူတို့ လက်ထဲမှာ ဆုပ်ကိုင်ထားပြီး လုပ်ချင်နေကြလို့ပါ၊ ကို့ရဲ့ စိတ်ကူး အတိုင်းသာ လုပ်နိုင်ရင် ဘယ်လောက် ကောင်းလိုက်မလဲ အချစ်ရယ်၊ စေတနာတူပြီး စိတ်သဘောထားချင်းတူတဲ့ ဆရာဝန်တွေသာ ပေါင်းမိလိုက်ရင် သိပ်အောင်မြင်မှာ၊ အဲဒီ စနစ်ကိုသာ အကောင်အထည် ဖော်နိုင်ရင် မျက်နှာလိုက်တာတွေ ငွေကိုသာ အဓိက ထားနေတဲ့ ပြဿနာတွေဟာ လျော့နည်း သွားမှာပဲ၊ လုပ်နိုင်မယ် ဆိုရင်တော့ ကိုတို့ရဲ့ ဆေးပညာ လောကမှာ တော်လှန်ရေး တစ်ရပ် အစပြုတယ်လို့ ပြောစမှတ် ပြုကြမှာ သေချာတယ်'

ခရစ္စတီသည် အင်ဒရူးအား ဝင်းလက် တောက်ပသော မျက်လုံးများဖြင့် ကြည့်နေသည်။

'အခု ကို ပြောနေပုံဟာ ဟိုတုန်းက အတိုင်းပဲ၊ ကျွန်မ သိပ်ဝမ်းသာတာပဲ၊ ကို့အနေနှင့် လူတွေ အပေါ်မှာရော ကို့အလုပ်ပေါ်မှာရော စေတနာထားပြီး စိတ်ရော ကိုယ်ပါ လုပ်ဖို့ ပြောတဲ့ စကားတွေကို ကြားရရင် ကျွန်မလေ ဂုဏ်လည်းယူမိတယ်၊ ချစ်လည်း သိပ်ချစ်တယ်၊ အို ခရစ္စတီတို့ ဘဝဟာ အသစ် ပြန်စလာပြီပေါ့နော်၊ ခရစ္စတီလေ သိပ်ပျော်တာပဲ'





'ကို့မှာ ပြောစရာတွေ အများကြီး ရှိသေးတယ်၊ ကိုဟာ လူမိုက်တစ်ယောက် ဖြစ်ခဲ့တယ်၊ အဆိုးရွားဆုံး လူမိုက်ပေါ့၊ ကို့အနေနှင့် ကို့ဘဝတစ်လျှောက်လုံး ဟယ်ရီ ဗစ်ဒလားကို မေ့လို့ရနိုင်မှာ မဟုတ်တော့ဘူး ထင်ပါတယ်၊ ဟယ်ရီ ဗစ်ဒလား ဖြစ်ရတဲ့ ကိစ္စ အတွက် ကို တစ်ခုမှ လုပ်မပေးခဲ့ရင် မဖြစ်ဘူး ထင်တယ်၊ အမှန်တော့ သူ သေရတာဟာ ကို့ရဲ့ အပြစ်ပေါ့၊ အင်ဒီဗိုရီမှာ အပြစ် ရှိသလောက် ကို့မှာလည်း အပြစ် ရှိတာပဲ၊ တကယ်တော့ ကိုဟာ အတော် အညာလွယ်ခဲ့တာပဲ၊ အဲဒီ ကိစ္စကတော့ ကို ဘယ်တော့မှ မေ့ပစ်လို့ မရနိုင်တဲ့ ကိစ္စပဲ၊ မေ့ပစ်လိုက်ရုံနှင့်လည်း ကျေနပ်သွားပြီလို့လည်း သဘော မထားနိုင်ပါဘူး၊ ဒီက ရှေ့လျှောက်ပြီး ကို အလုပ် ကြိုးစားလုပ်ရမယ်၊ ဒင်နီနှင့် ဟုတ်ပ်တို့ကလည်း ကို ပြောရင် ငြင်းမယ့် လူတွေ မဟုတ်ပါဘူး၊ ကိုနှင့် လက်တွဲကြမှာပါ၊ သူတို့ရဲ့ စိတ်ကူးတွေ သဘောထားတွေကိုလည်း ခရစ္စတီ အသိသားပဲ မဟုတ်လား၊ ဒင်နီ ဆိုရင် လွတ်လွတ်လပ်လပ် ဆေး ပြန်ကုချင်နေတယ်၊ ဟုတ်ပ်ကတော့ ဓာတ်ခွဲခန်း တစ်ခန်းသာ ရှိနေရင် ပျော်နေမယ့် လူစား တစ်ယောက်ပါ'

အင်ဒရူးသည် အိပ်ရာပေါ်မှ ဆင်းကာ အခန်းထဲဝယ် ခေါက်တုံ့ ခေါက်ပြန် လမ်းသလားနေသည်။ စိတ်အား ထက်သန်လာလျှင် လုပ်တတ်သည့် သူ၏ ငယ်မူ ငယ်ကျင့်သည် ပြန်၍ ပေါ်လာလေသည်။

သူသည် အနာဂတ် အတွက် မျှော်မှန်းချက် အပြည့်ဖြင့် စိတ်ဓာတ် တက်ကြွနေသကဲ့သို့ အတိတ်က ဖြစ်ခဲ့သည့် ဖြစ်ရပ်များ အတွက်လည်း နောင်တကြီးစွာ ရကာ သံဝေဂ ရလျက် ရှိ၏။ သူ၏ ဦးနှောက်ထဲဝယ် စိတ်ကူးပေါင်း မြောက်မြားစွာ ပေါ်လာလျက် ရှိသည့် အားလျော်စွာ သူ့ စိတ်ကူးများနှင့် ပူပင် သောက ရောက်ခြင်း၊ မျှော်လင့်ချက် ထားခြင်း၊ အစီအစဉ်များ ချမှတ်ခြင်းတို့ဖြင့် အလုပ် ရှုပ်လျက် ရှိလေသည်။

'ကို့မှာ မြန်မြန် ပြီးပြတ်သွားအောင် လုပ်ရမယ့် ကိစ္စတွေက အများကြီးပဲ ခရစ္စတီရယ်၊ ဪ ဒါနှင့်လေ၊ ကို ရေးစရာ ရှိတဲ့ စာတွေ ရေးပြီးရင် နေ့လယ်စာ စားမယ်နော်၊ နေ့လယ်စာ စားပြီးရင် တောပိုင်းဘက် သွားရရင် မကောင်းဘူးလား ဟင်'

'ကို့မှာ အလုပ်တွေ များနေတယ် မဟုတ်လား'

'ဟာ သိပ်မများပါဘူးကွာ၊ ကို့မှာ လောလောဆယ် စိတ်လေးနေတာ တစ်ခုပဲ ရှိတယ်၊ တခြား ကိစ္စတော့ မဟုတ်ဘူး မေရီ ဘိုလန် အတွက်ပဲ၊ မေရီ



www.burmeseclassic.com

www.burmeseclassic.com


ဟာ သိပ်မသက်သာသေးဘူး၊ ကိုကလည်း အချိန်များများ ယူပြီး မကြည့်နိုင်သေးဘူး၊ ဒေါက်တာ သားရားဂွတ်ကလည်း သိပ်ပြီး ခွကျတဲ့ လူပါပဲကွယ်၊ ကိုယ်ချင်းစာတရား ခေါင်းပါးတယ်လို့ပဲ ပြောချင်တာပဲ၊ မေရီရဲ့ ရောဂါ အခြေအနေကို သူ ကျကျနန နားလည်ပုံ မပေါ်ဘူး၊ သူ နားမလည်လို့ တိုင်တိုင်ပင်ပင် သဘောမျိုးနှင့် ဆွေးနွေး ပြောပြပြန်တော့လည်း သူ လက်မခံချင်ဘူး၊ ခေါင်းမာတယ်၊ အဲဒါကလည်း တစ်ခက်ပဲ၊ တကယ်လို့ မေရီသာ တစ်ခုခု ဖြစ်သွားရင် ကို့အနေနှင့် ကွန် ဘိုလန်ကို ဘယ်လို မျက်နှာပြရမလဲ၊ မေရီသာ တစ်ခုခု ဖြစ်သွားရင်တော့ ကို ဒုက္ခပဲ၊ ကို့ ဆေးရုံကို အပြစ် ပြောရမှာလည်း အခက်သား၊ ဒါပေမဲ့ ဝိတိုရီးယား ဆေးရုံမှာတော့ မေရီ ရောဂါ မသက်သာတာ အမှန်ပဲ၊ မေရီကို တောင်ပိုင်း ပို့ပြီး လေကောင်းလေသန့် ကောင်းကောင်း ရတဲ့ နေရာ၊ ပတ်ဝန်းကျင် သာယာ သန့်ရှင်းတဲ့ နေရာမျိုးမှာသာ ထားနိုင်ရင် ဝိတိုရီးယား ဆေးရုံမှာထက် သက်သာလာလိမ့်မယ်လို့ ကို ထင်မိတယ်'

'ဟုတ်လား၊ ဒီလို ဆိုရင်...'

'ကို့သဘောကတော့ မေရီကို စတီးမင်းရဲ့ ဆေးခန်းမှာ ထားချင်တာပဲ၊ ဆေးခန်း ဆောက်ထားတဲ့ နေရာက ဘဲလီးဗီး ဆိုတဲ့ နေရာ၊ သိပ်ကောင်းတဲ့ နေရာလေးပဲ ခရစ္စတီ၊ သားရားဂွတ်ကို ပြောလို့ ရရင်တော့ သိပ်ပြီး အဆင်ပြေမှာပဲ၊ သူ့ကို ပြောလို့ရရင် မေရီကို ဘဲလီးဗီး ပို့ချင်တယ်၊ ဘာပဲဖြစ်ဖြစ် ပေါ့လေ၊ လောလောဆယ် မေရီရဲ့ ရောဂါ သက်သာဖို့ အတွက် ကိုတို့ တစ်ခုခု လုပ်ပေးနိုင်ရင် သိပ်ကောင်းမှာပဲ'

ခရစ္စတီကတော့ စောစောက အင်ဒရူး ပြောထားသည့် အတိုင်း တောင်ပိုင်းဘက် သွားမည်ဟု ပိုင်းဖြတ်ထားပြီး ဖြစ်သဖြင့် 'ကို အဆင်သင့် ဖြစ်တဲ့ အချိန်မှာ တောင်ပိုင်းဘက် သွားကြမယ်' ဟု ပြောလိုက်လေ၏။

အင်ဒရူးသည် အဝတ်အစား လဲပြီးလျှင် ပြီးချင်း အောက်ထပ်သို့ ဆင်း၍ စာရှည်ကြီး နှစ်စောင် ရေးသည်။ ဒင်နီထံ တစ်စောင်၊ ဟုတ်ပ်ထံ တစ်စောင်။

သူ့တွင် အရေးကြီးသော လူနာ သုံးဦး ကြည့်ပေးရန် ရှိနေသေးသဖြင့် သွားရင်း လာရင်း ဝင်ကြည့်သွားမည်ဟု စိတ်ကူးသည်။ စာနှစ်စောင်ကိုလည်း ကြုံသည့် နေရာတွင် ဝင်၍ ထည့်သွားမည်ဟု စီစဉ်သည်။ နေ့လယ်စာ စားပြီးကြသော အခါ အင်ဒရူးနှင့် ခရစ္စတီတို့သည် စိတ်အေး နားအေးဖြင့် ဝိုင်ကွန်ဘီဘက်သို့ ထွက်ခဲ့ကြလေသည်။



အင်ဒရူးသည် စိတ်လက် မချမ်းမမြေ့ ဖြစ်စရာ အကြောင်းများ ရှိနေသော်လည်း ယခု အိမ်မှ ထွက်လာသည့် အခါတွင်မူ တဒင်္ဂသော်ဖြစ်စေ အားလုံးကို မေ့သွားသည်။ တကယ်တော့ ယခု ထွက်လာသည့် ခရီးသည် သာယာ ချမ်းမြေ့စရာ ကောင်းသည့် ခရီးပင် ဖြစ်ချေသည်။

အမှန်တော့ သာယာ ပျော်ရွှင်မှု ဆိုသည်မှာ စိတ်ပိုင်းနှင့် ဆိုင်သော အရာ တစ်ခုသာလျှင် ဖြစ်ချေသည်။ စိတ်ပိုင်းနှင့် ဆိုင်ခြင်းကြောင့်လည်း သာယာ ပျော်ရွှင်မှု တစ်ခုတွင် သူ့ အတိုင်းအတာနှင့် သူ လွတ်လပ်မှုလည်း ပြည့်အဝ ရှိနေခြင်း ဖြစ်ပေ၏။ မကောင်းမြင်သမားများကတော့ သာယာ ပျော်ရွှင်မှုကို မကောင်းမှု ဒုစရိုက် တစ်ခု သဖွယ် ထား၍ အပြစ်ဆိုလေ့ ရှိကြ၏၊ တကယ်တော့ သူတို့ ဘာတွေပဲ ပြောနေနေ သာယာ ပျော်ရွှင်မှု ဆိုသည် လောကီနှင့် ဆိုင်သော အရာ တစ်ခုမျှသာ ဖြစ်၍ ကမ္ဘာလောက အတွင်း လူသားတိုင်း ရရှိ ခံစားပိုင်ခွင့် ရှိသည့် အရာတစ်ခု ဖြစ်သည်ဟု အင်ဒရူး ယူဆလေသည်။

ကုန်လွန်ခဲ့ပြီးသော လများ အတွင်းက ဆိုလျှင် သူသည် သာယာ ပျော်ရွှင်မှု ရရှိရေးကို အကြောင်းပြု၍ ငွေနောက်သို့ တကောက်ကောက် လိုက်ခဲ့၏။ ငွေကြေး ပြည့်စုံလာသော အခါ သူ လိုချင်သည့် အရာမှန်သမျှကို လိုချင်သော အချိန်တွင် လွယ်လွယ်ကူကူနှင့် ရရှိခဲ့သဖြင့် သူ့ကိုယ်သူ ပျော်ရွှင်မှု ပြည့်အဝ ရှိသော လူတစ်ယောက်ဟု ထင်မှတ်နေခဲ့၏။ အသေအချာ ပြန်၍ ဆန်းစစ် ကြည့်လိုက်တော့မှ သူ့စိတ် သူ လှည့်စားနေခြင်းသာ ဖြစ်ကြောင်း နားလည်ခဲ့ရလေသည်။ အမှန်တော့ ထိုစဉ်က သူ၏ အခြေအနေမှာ သာယာ ပျော်ရွှင်မှု အလျှင်းမရှိခဲ့ဟုပင် ဆိုရမည် ဖြစ်ပေသည်။

ထိုစဉ်က သူ၏ စိတ် အခြေအနေမှာ သွေးလေ ချောက်ချားကာ စိတ်ဖောက်ပြန်နေသည့် အရူး တစ်ယောက်နှင့် ဘာမှ မခြားပေ။ သူ လိုချင်သော အရာ တစ်ခု လက်ထဲ ရောက်လာပြီးလျှင် နောက်တစ်ခု လိုချင်ပြန်သည်။ ထို နောက်တစ်ခု ရပြီး ပြန်တော့ နောက်တစ်ခုကို ထပ်၍ လိုချင်ပြန်သဖြင့် စိတ်ရော ကိုယ်ပါ အပင်ပန်းခံပြီး အားထုတ် လုံးပန်းရပြန်၏။ ဤသို့ဖြင့် သူ့ဘဝ မှာ စိတ်အေး နားအေးနှင့် နေခဲ့ရသည်ဟု မရှိတော့ပေ။

တကယ်တော့ သူ မနားမနေနှင့် တကောက်ကောက် လိုက်နေသည့် အရာမှာ ငွေ... ငွေ... ငွေ။

ပထမတွင် သူသည် တစ်နှစ်လျှင် ဝင်ငွေ ပေါင်တစ်ထောင် ရှာဖွေ

www.burmeseclassic.com

www.burmeseclassic.com

သူ့ဘဝ အတွက် လုံလောက်ပြီဟု သတ်မှတ်ခဲ့သည်။ တကယ်လည်း တစ်နှစ် တစ်ထောင် ရလာခဲ့၏။ ထိုအခါကျတော့ တစ်နှစ် နှစ်ထောင် ရလျှင် တော်ပြီ ဟု အခိုင်အမာ ဆုံးဖြတ်ခဲ့ပြန်လေသည်။ သို့သော်လည်း တကယ် နှစ်ထောင် ရလာတော့ သူ့စိတ်က နှစ်ထောင်ထက် ပို၍ လိုချင်လာပြန်သည်။ ဤသို့ဖြင့် သူ့လောဘကို သူ မသတ်နိုင်ဘဲ ဖြစ်လာခဲ့ရလေ၏။ ရလေ လိုလေ အိုတဏှာ စိတ်သည် သူ့အား အမြဲတစေ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်အောင် လုပ်ခဲ့လေ ၏ ၊

အင်ဒရူးသည် ရောက်တတ်ရာရာ တွေးနေရာမှ ခရစ္စတီအား မသိမသာ ခိုး၍ ကြည့်သည်။ ခရစ္စတီ ခမျာ သူ့ကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ခဲ့ ရရှာသည်။ ဤအကြောင်းကို တွေးလိုက်မိသည့် အခါတိုင်း သူ့မှာ ဝမ်းနည်း ပက်လက် ဖြစ်ရသည်။ ယူကျုံးမရ ဖြစ်ရသည်။ ယခု သူ့စိတ် ပြောင်းလာ ပြန်တော့လည်း ခရစ္စတီ မျက်နှာသည် စိတ်၏ ကြည်လင် ချမ်းမြေ့မှုကို ဖော်ပြ လျက် ရှိပေသည်။

ခရစ္စတီ၏ မျက်နှာသည် အသက်အရွယ် ငယ်စဉ်တုန်းကလို လှသည်ဟု ပြောနိုင်သည့် အခြေအနေမျိုး မရှိတော့ပေ။ ဘဝ၏ ရိုက်ပုတ်မှု ဒဏ်ကို ခံ လွန်းသဖြင့် ပေါ်လာခဲ့ရသော မျက်နှာပြင်ထက်မှ အရေးအကြောင်းများသည် လောကဓံ တရား၏ လှည့်စားမှုဒဏ်ကို ကြံ့ကြံ့ခံနိုင်ကြောင်း ဖော်ပြနေသည် ဟု ထင်မိ၏။

သူမ၏ မျက်လုံးများ အောက်ဝယ် လှိုင်းထသလို ဖြစ်နေသော အရေး အကြောင်းကလေးများသည် ကြည့်လို့ တစ်မျိုး ကောင်းနေပေသည်။ တစ်ချိန်က အမြဲတစေ သွေးရောင်လျှမ်းကာ နှင်းဆီပွင့်ပမာ လန်းဆန်းခဲ့သော ပါးနှစ်ဖက်ကတော့ ဖျော့တော့လျက် ရှိနေပေသည်။

မည်သို့ပင်ဖြစ်စေ ခရစ္စတီ၏ မျက်နှာတွင် ဘယ်သောအခါမှ ပြောင်း လဲမသွားမည့် အရာ တစ်ခုကတော့ ရှိသည်။ ထိုအရာကား အခြားမဟုတ်ပေ ရိုးသား ဖြူစင်၍ တည်ကြည် ဖြောင့်မတ်သည့် သဘောမနောကို ဖော်ပြနေသော အရိပ်လက္ခဏာများပင် ဖြစ်ပေသည်။

အင်ဒရူးသည် ခရစ္စတီကို ကြည့်ကာ သနားခြင်း၊ ကြင်နာခြင်း၊ ကိုယ် ချင်းစာခြင်း စသော စိတ်စေတနာများ ဖြစ်ပေါ်လျက် ရှိသည်။ ဤစိတ်စေတနာ မျိုးကို အကြောင်းပြု၍ သူသည် ဆုံးဖြတ်ချက် တစ်ခုကို အခိုင်အမာ ချ သည်။ ယင်း ဆုံးဖြတ်ချက်မှာ အခြားမဟုတ်ပေ။ သူသည် ယနေ့မှစ၍ ခရစ္စတီ အား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်အောင် ဘယ်တော့မှ မပြုလုပ်တော့ပါ ဟူသော ဆုံးဖြတ်ချက်ပေတည်း။

အင်ဒရူးတို့သည် သုံးနာရီ ထိုးလုခါမှပင် ဝိုင်ကွန်ဘီဆီသို့ ရောက် သွားကြလေသည်။ လမ်းမကြီးမှ ခွဲထွက်၍ သွားသော ဘေးဘက်လမ်းအတိုင်း လိုက်သွားသောအခါ လေစီဂရင်း အလွန်ရှိ တောင်ကြော အစွန်းသို့ ရောက် ကြ၏။ ထို တောင်ကြော အစွန်းမှ နေ၍ ကြည့်လိုက်လျှင် သိပ်ကြီး မမြင့်လှ သော တောင်ကလပ်လေး တစ်ခုပေါ်၌ လှပစွာ တည်နေသည့် စတီးမင်း၏ ဘဲလီးဗီး အဆုတ်ရောဂါ ဌာနကို လှမ်းမြင်ရလေ၏။

ဘဲလီးဗီး တည်ရာ တောင်ကလပ်သည် မြေ ပြန့်ပြန့်ပြူးပြူး ရှိသည်။ တောင်ကလပ်ပေါ်မှ ကြည့်လျှင် မြောက်ဘက် မျက်နှာကို မမြင် မတွေ့ရသော် လည်း တစ်ဖက်တစ်ချက်ရှိ တောင်ကြားများကိုမူ ကောင်းစွာ မြင်နေရ၏။ တကယ်တော့ ဘဲလီးဗီး၏ အလှသည် အံ့မခန်း ရှိလှပါပေသည်။

စတီးမင်းသည် အင်ဒရူးနှင့် ခရစ္စတီတို့အား လှိုက်လှဲ ပျူငှာစွာဖြင့် ဆီးကြို နှုတ်ဆက်သည်။ သူသည် တည်ငြိမ် အေးဆေးစွာ နေတတ်သူ ဖြစ် သည်။ ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်းကို အလွယ်တကူ သိသာ ထင်ရှားအောင် ဖော်ပြတတ်သည့် လူစားမျိုး မဟုတ်သော်လည်း အင်ဒရူးတို့ကို မြင်လိုက် သည့် အခါတွင်မူ သူ၏ ဝမ်းသာမှုကို ဖုံးကွယ်မထားနိုင်ချေ။ လှိုက်လှိုက်လှဲ လှဲ နှုတ်ဆက်ကာ သူ ဖန်တီးထားသည့် ဘဲလီးဗီး၏ အလှနှင့် ဘဲလီးဗီး၏ ခေတ်မီ ပြည့်စုံမှုများကို လိုက်လံ ပြသလေ၏။

စတီးမင်း၏ ဆေးကုဌာနသည် သိပ်တော့ မကြီးလှပေ။ ကြီးမား ကျယ်ဝန်းပြီး ထည်ဝါ ခမ်းနားသည့် အဆောက်အအုံများ မရှိသေးသော်လည်း တည်နေရာ၊ တည်ဆောက်ပုံနှင့် အပြင်အဆင် အမွမ်းအမံများကတော့ ပြောစရာ မရှိလောက်အောင်ပင် ခေတ်မီ၍ ပြည့်စုံလှပါပေ၏။

ဆေးကုဌာန တစ်ခုလုံး၏ စီမံ ခန့်ခွဲမှုရုံးသည် အဆောက်အအုံ တစ်ခု လုံး၏ အလယ်တွင် တည်ရှိ၍ ယင်းရုံး၏ ဘေးတစ်ဖက်တစ်ချက်တွင် လူနာ ဆောင် ထုတ်ထားသည်။ ဆေးကုဌာန၏ အဝင် ခန်းမကြီးနှင့် စီမံ ခန့်ခွဲရေး ရုံးတို့၏ အပေါ်ထပ်တွင် ခေတ်မီ ပစ္စည်း ကိရိယာများ တပ်ဆင်ထားသည့် ကုသခန်းကို ထားလေသည်။ ကုသခန်း၏ တောင်ဘက် နံရံကို မှန်အပြည့် ကာထားသည်။ အဆောက်အအုံ တစ်ခုလုံးရှိ ပြတင်းပေါက် အားလုံးမှာလည်း မှန်ပြတင်းပေါက်များ ဖြစ်၏။ အဆောက်အအုံ တစ်ခုလုံးကို လေဝင် လေထွက်




www.burmeseclassic.com

www.burmeseclassic.com


အပုအအေး မျှတမှု ရှိစေရန် စနစ်တကျ စီမံ ဆောက်လုပ်ထားခြင်းသည် ဤ ဆေးကုဌာန၏ ထူးခြားချက် တစ်ခုပင် ဖြစ်ပေသည်။

အင်ဒရူးသည် အဆောက်အအုံ တစ်ခုလုံးကို လှည့်ပတ် ကြည့်ရှုရင်း က လွန်ခဲ့သော နှစ်ပေါင်း တစ်ရာကျော်ခန့်က ဆောက်လုပ်ခဲ့သည့် အလွန် ရှေးကျလှသော လန်ဒန် ဆေးရုံများနှင့် ဤဆေးကုဌာနတို့၏ ကွာခြားမှုကို နှိုင်းယှဉ်ချက် ထုတ်နေမိပေ၏။

လန်ဒန် ဆေးရုံများသည် အဘက်ဘက်တွင် ဟောင်းနွမ်းလှပေပြီး ခေတ်မီသော ဖွမ်းမံ ပြင်ဆင်မှု ဆိုသည်မှာလည်း မရှိသလောက်ပင် ဖြစ်သည်။ ခေတ်မီ ကိရိယာ တန်ဆာပလာများ တပ်ဆင် အသုံးပြုဖို့ ဆိုသည်မှာလည်း စိတ်ကူးပင် မထည့်နိုင်သေးသည့် အခြေအနေမျိုးတွင် ရှိနေ၏။ ပေါ့ပေါ့တန် တန် မနေတတ်သော အင်ဒရူးသည် လန်ဒန် ဆေးရုံများ၏ အခြေအနေ အရုပ်ကို တွေးကာ စိတ်လေးလျက် ရှိလေ၏။

ဆေးကုဌာန တစ်ခုလုံးကို ပြသပြီးသည့် အခါ စတီးမင်းက သူ့ကို အား လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံသည်။ လက်ဖက်ရည် သောက်နေခိုက်မှာပင် အင်ဒရူးသည် သူ့ ပြဿနာကို ပြောပြလေသည်။

'ကျွန်တော် ပြောရမှာတော့ အားနာပါတယ်၊ မစ္စတာ စတီးမင်းဆီက အကူအညီ တစ်ခု တောင်းချင်လို့ပါ'

ခရစ္စတီက အင်ဒရူး၏ ပြောဟန် ဆိုဟန်ကို ကြည့်၍ ပြုံးသည်။

'ကျွန်တော်နှင့် အင်မတန် ရင်းနှီးတဲ့ လူနာ တစ်ယောက်ကို ကြည့်ပေး စေချင်ပါတယ်၊ အဆုတ်ရောဂါ ဖြစ်စ လူနာ တစ်ယောက်ပါ၊ ကျွန်တော်ကတော့ အဆုတ် လေဝင်နာ ဖြစ်လိမ့်မယ်လို့ ယူဆထားပါတယ်၊ မိန်းကလေးက ကျွန် တော့်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေ တစ်ယောက်ရဲ့ သမီးပါ၊ သူ့အဖေက ကျွန် တော်တို့လိုပဲ ဆရာဝန် တစ်ယောက်ပါ၊ သွားဘက်ဆိုင်ရာ ဆရာဝန် ဆိုပါ တော့၊ အခု ဖြစ်နေတာက သူ့ကို တင်ထားတဲ့ ဆေးရုံမှာ ရောဂါက သိပ်ပြီး မသက်သာလို့...'

စတီးမင်း၏ မျက်လုံးပြာကြီးများသည် တစ်စုံတစ်ခုကို သဘောကျ ပြီး ပြုံးရောင်သန်းလာပြန်လေသည်။

'ကျွန်တော့်ကို ဆရာဝန် တစ်ဦး အနေနှင့် လူနာ တစ်ဆင့် အပ်ပေး တာတော့ မဟုတ်ဘူး ထင်ပါရဲ့နော်၊ ဒီမှာတော့ ဆရာဝန်တွေက ကျွန်တော့်ဆီ လာပြီး လူနာ မအပ်ကြပါဘူး၊ အမေရိကမှာတော့ ဆရာဝန်တွေက ကျွန်တော့် ဆီ လာပြီး လူနာ အပ်ကြတယ်၊ ဒီနိုင်ငံမှာတော့ ကျွန်တော်ဟာ မနက်စာ မုန်လာဥပြုတ် မကျွေးခင် လူနာတွေကို ဖိနပ် မပါဘဲ နှင်းတောထဲ လမ်း လျှောက်ခိုင်းနေတဲ့ ဆေးခန်းကို ဖွင့်ပြီး ဆေးကု ပေးနေတဲ့ ဒေါက်တာ စမ်း က တစ်ယောက် ဘဝမှာ ရှိနေတယ် ဆိုတာ ခင်ဗျား မေ့နေပြီ ထင်ပါတယ်'

အင်ဒရူးကတော့ မရယ်နိုင် မပြုံးနိုင်ချေ။

'ကျွန်တော့်ကို မသရော်ပါနှင့် မစ္စတာ စတီးမင်း၊ ဒီမိန်းကလေး ကိစ္စ ဟာ ကျွန်တော့်အဖို့ သေရေး ရှင်ရေး တမျှ အရေးကြီးနေပါတယ်၊ ကျွန်တော့် မှာ သူ့အတွက် သိပ်ပြီး စိတ်ပူနေရပါတယ်'

'ဒါပေမဲ့ ကျွန်တော့်မှာလည်း လူက အပြည့် ဖြစ်နေလို့ပါ မိတ်ဆွေ ကြီးရယ်၊ ခင်ဗျားတို့ဆီက ဆေးပညာရှင်တွေက စည်းစည်းလုံးလုံး ညီညီ ညွတ်ညွတ်နှင့် စုပေါင်း တိုက်ခိုက်နေကြလို့လားတော့ မပြောတတ်ဘူး၊ ကျွန် တော့်ဆီမှာ တန်းစီ ဖယားနှင့် စောင့်နေရတဲ့ လူနာတွေက အများကြီး ဖြစ်နေ ပါတယ်၊ တန်းစီ ဖယား လုပ်ထားတဲ့ လူနာစာရင်း စာရွက်ဟာ ကျွန်တော့် လက်မောင်းလောက် ရှိလိမ့်မယ် ထင်ပါတယ်၊ ထူးတော့လည်း အထူးသား ပဲနော် မေဆန်'

စတီးမင်းက စကားကို ဖြတ်ထားလိုက်ပြီး ပြုံးပြန်လေသည်။

'ဆရာဝန်တွေက ဝိုင်းပြီး ဆန့်ကျင်နေကြလို့ ထင်ပါရဲ့ ခင်ဗျား၊ ပြည် သူ လူထုက ကျွန်တော့်ရဲ့ ကုသမှုကို တောင်းခံနေကြတယ်'

စတီးမင်း၏ ငြင်းဆန်မှုကြောင့် အင်ဒရူးမှာ စိတ်ပျက်လက်ပျက် ဖြစ် သွားသည်။

'ကျွန်တော့်မှာ ဒီလူနာ အတွက် တာဝန် ရှိနေပါတယ်၊ တကယ်လို့ မေရီကို ခင်ဗျားရဲ့ ဆေးကုဌာနမှာသာ တင်ခွင့်ရမယ် ဆိုရင် ကျွန်တော့်မှာ အများကြီး စိတ်အေးရမှာပါ၊ ဘာကြောင့်လဲ ဆိုတော့ ခင်ဗျားရဲ့ ဆေးကုဌာန ဟာ အင်္ဂလန်မှာ အကောင်းဆုံး ဆေးကုဌာန ဖြစ်လို့ပါ၊ ကျွန်တော် ခင်ဗျား ကို မြှောက်ပင့် ပြောနေတာ မဟုတ်ပါဘူး၊ ကျွန်တော် သိလို့ ပြောနေတာပါ၊ အခု မေရီ တက်နေတဲ့ ဝိတိုရီးယား ဆေးရုံကြီးက လူနာဆောင်ကို [illegible] လိုက်ရင် တကယ့်ကို စိတ်ပျက်စရာ ကောင်းပါတယ်'

စတီးမင်းသည် စားပွဲပေါ်မှ သခွားသီး ညှပ်ထားသည့် ပေါင်မုန့် တစ် ချပ်ကို လှမ်းယူသည်။ ပေါင်မုန့်ကို သူ ကိုင်တွယ်ပုံမှာ ထူးခြား နေသေးသည်။ သူ့ လက်များကို ပေကျံမည် စိုးလွန်း၍ အလွန် သတိကြီးစွာ ထား၍ ကိုင်တွယ်



www.burmeseclassic.com

www.burmeseclassic.com



နေပုံမျိုး ဖြစ်ပေရာ အလွန် ဇီဇာကြောင်သည့် လူတစ်ယောက်ဟုပင် အထင် မှားဖွယ်ရာ ရှိ၏။

'ခင်ဗျား စိတ်ပျက်သွားပုံကလည်း ကျွန်တော့်ကို ပြောင်ပြနေသလိုပဲ ပဲလားဗျာ၊ အို မဟုတ်ဘူး၊ မဟုတ်ဘူး၊ အခုလို အချိန်မျိုးမှာ ကျွန်တော် ခင်ဗျားကို အဲသလို မပြောသင့်ဘူး၊ ခင်ဗျားက သောကရောက်နေတဲ့ လူ တစ်ယောက်ပဲ မဟုတ်လား၊ ကဲလေ ကျွန်တော် ခင်ဗျားကို ကူညီပါ့မယ် ခင်ဗျားဟာ ဆရာဝန် တစ်ယောက် ဖြစ်နေပေမဲ့ ခင်ဗျားရဲ့ လူနာကိုတော့ ကျွန်တော် လက်ခံပါ့မယ်'

စတီးမင်းက အင်ဒရူး၏ မျက်နှာပေါ်မှ အပြောင်းအလဲကို တစ်ချက် ကြည့်လိုက်ပြီး ပြုံးသည်။

'ကဲ ခင်ဗျား မြင်တဲ့ အတိုင်းပဲ၊ ကျွန်တော်ဟာ ဘယ်လောက် သဘောထား ကြီးတဲ့ လူတစ်ယောက်လဲ၊ ကျွန်တော်ဟာ တာဝန် ရှိလာရင် ဘယ်တော့မှ ငြင်းတဲ့ လူစားမျိုး မဟုတ်ပါဘူးဗျာ၊ ခင်ဗျား ဘာပြုလို့ မရယ် တာလဲ၊ ပြုံးတောင်မှ ပြုံးဖော်မရပါလား၊ ကျွန်တော် အခု ပြောနေတာ ပြက်လုံး တစ်ခုပဲဗျ၊ ရယ်သင့်တာပေါ့၊ ကိစ္စ မရှိပါဘူးလေ၊ မရယ်ချင်လည်း နေပါ တော့၊ ရပါတယ်၊ ခင်ဗျားမှာ ရယ်စရာကို သိမြင်တဲ့ ဟာသဉာဏ် မရှိဘူး ဆိုတော့လည်း မတတ်နိုင်ဘူးပေါ့၊ တစ်ခုတော့ ရှိတယ်၊ ကျွန်တော့် ဆေးကု ဌာနမှာ နောက်တစ်ပတ် အထိ အခန်းအား မရှိသေးဘူး၊ ဒီတစ်ပတ် ကုန်ပြီး နောက်တစ်ပတ် ဗုဒ္ဓဟူးနေ့ ဆိုရင် အဆင်ပြေမယ်၊ ခင်ဗျား လူနာကို ဗုဒ္ဓဟူး နေ့မှာ ခေါ်ခဲ့ပေတော့၊ ကျွန်တော် အစွမ်း ရှိသရွေ့ ကူညီဖို့ ကတိပေးပါတယ်'

အင်ဒရူးမှာ ဝမ်းသာလုံးဆို့လျက် ရှိလေ၏။

'ကျွန်တော် အများကြီး ကျေးဇူးတင်ပါတယ် မစ္စတာ စတီးမင်း ကျေးဇူး တင်လွန်းလို့ ဘယ်လို ပြောရမှန်းတောင် မသိဘူး'

'အဲသလိုဆိုလည်း ကျေးဇူးတင်မနေပါနှင့်တော့ဗျာ၊ ဒီလောက် အထိ လည်း ယဉ်ကျေး သိမ်မွေ့ ပြမနေပါနှင့်လေ၊ မလိုပါဘူး၊ ခင်ဗျား မျက်နှာက ဒေါသ ကြီးနေတဲ့ အခါမျိုးမှာမှ ချစ်စရာ ကောင်းမှာပါ၊ ကျွန်တော်ကတော့ စိတ်တို စိတ်ဆိုးနေတဲ့ ခင်ဗျားရဲ့ မျက်နှာကို ပိုပြီး သဘောကျပါတယ်၊ ဘယ့် နှယ့်လဲ မစ္စက် မေဆန်၊ သူ စိတ်တိုတဲ့ အခါမှာ ခင်ဗျားကို နီးရာနှင့် ကောက် ပြီး မပေါက်တတ်ဘူးလား၊ အမေရိကမှာ ကျွန်တော့်ရဲ့ အခင်မင်ဆုံး မိတ်ဆွေ တစ်ယောက် ရှိတယ်၊ သူ စိတ်တိုရင် ငါးဆင့်တန် ပန်းကန်တွေကို ပေါက်ခွဲ





တာပဲ၊ တစ်နေ့ကျတော့ အဲသလိုပဲ သူ စိတ်တိုရော...'

စတီးမင်းသည် သူ့ သူငယ်ချင်း၏ အဖြစ်ကို မေဆန်တို့အား အစအဆုံး ပေါ်စပ် ပြောပြနေလေ၏။

သာယာ အေးမြသော ညနေခင်း၏ အပြန်ခရီးတွင် အင်ဒရူးသည် ကားမောင်းရင်းက ခရစ္စတီအား ပြီးခဲ့သမျှ ကိစ္စများကို ပြန်ပြောင်း၍ ပြောပြ နေပြန်သည်။

'အရေးကြီးတဲ့ ကိစ္စ တစ်ခုတော့ဖြင့် အဆင်ပြေသွားပြန်ပြီ၊ ကို အလွန် စိတ်ပူနေတဲ့ ကိစ္စ တစ်ခုပဲ၊ ဒီနေရာဟာ မေရီ အတွက် အကောင်းဆုံးနှင့် အသင့်တော်ဆုံး နေရာ တစ်ခု ဆိုတာ ကို ပြောရဲတယ် ခရစ္စတီ၊ စတီးမင်း ဟာ အင်မတန် တော်တဲ့ ပုဂ္ဂိုလ် တစ်ယောက်ပါ၊ ကိုတော့ သူ့ကို သိပ် သဘော ကျမိတယ်၊ သူ့ရုပ် သူ့ရည် သူ့ပုံပန်းကို ကြည့်လိုက်ရင် အထင်ကြီးစရာ တစ် ချက်မှ မရှိပေမဲ့ အတွင်းကျကျ ကြည့်လိုက်တော့မှ တကယ့် အဖိုးတန် လူ တစ်ယောက် ဆိုတာ သိရတယ်၊ အခု သူ ဖွင့်ထားတဲ့ ဆေးကု ဌာနမျိုးကို ခင်နီရယ်၊ ဟုတ်ပ်ရယ်၊ ကိုရယ် သုံးယောက် ပေါင်းပြီး ဖွင့်နိုင်ရင် ဘယ်လောက် များ ကောင်းလိုက်မလဲ၊ ကို အမြဲမက်ခဲ့တဲ့ အိပ်မက်ကလေး တစ်ခုပေါ့၊ တကယ်လို့သာ သူတို့ နှစ်ယောက်က ကိုနှင့် တွဲကြမယ် ဆိုရင် ကျောက်မိုး သွေးတွင်းတွေနှင့် မလှမ်းမကမ်းမှာ ရှိတဲ့ နယ်မျိုးမှာ ဆေးခန်းကို ဖွင့်ပြီးတော့ ကိုက အမှုန်နှင့် ဖုန် ရှူရှိုက်မိလို့ ဖြစ်လာရတဲ့ အဆုတ်ရောဂါတွေရဲ့ အကြောင်း သုတေသန ဆက်လုပ်၊ ဘယ်လောက် ဟန်ကျလိုက်မလဲ၊ ခရစ္စတီကော ဘယ် လို သဘောရသလဲ ဟင်'

ခရစ္စတီက စကားဖြင့် အဖြေ မပေးချေ။ ကားလမ်းမကြီးပေါ်၌ ကြုံရ တတ်သည့် ဘေးအန္တရာယ်ကိုပင် သတိမပြုမိတော့ဘဲ အင်ဒရူး၏ နှုတ်ခမ်းကို နမ်းလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

]

က်တစ်နေ့ မနက်တွင် အင်ဒရူးသည် အစောကြီး နိုးလာလေသည်။ ညက
င်းစွာ အိပ်ပျော်ခဲ့သဖြင့် စိတ်လက် ပေါ့ပါး ကြည်လင်လျက် ရှိ၏။ သူ
ရန် ရှိနေသည့် ကိစ္စ တစ်ခု အတွက် အပြန်ပြန် အလှန်လှန် ချိန်ဆလျက်
မှ တယ်လီဖုန်း ရှိရာသို့ ထသွားပြီး အေဒမ်လမ်းရှိ ဖူးလဂါးနှင့် တားနား
းခန်းများ ဝယ် ရောင်း ကိုယ်စားလှယ်များထံ ဆက်၍ သူ့ ဆေးခန်းကို
င်းချ၍ ပေးရန် အပ်လေ၏။

ဖူးလဂါးနှင့် တားနား ဆေးခန်းများ ဝယ် ရောင်း ကိုယ်စားလှယ် ဌာန
နာမည်တစ်လုံးနှင့် နေသော ဌာန ဖြစ်၏။ အင်ဒရူး ဖုန်းဆက်သည့် အခါ
ယ်စားလှယ် ဌာန၏ အကြီးအကဲ ဖြစ်သူ မစ္စတာ ဂါရဲ တားနား ကိုယ်တိုင်
အရေးတယူ လက်ခံစကား ပြောပြီး အင်ဒရူး၏ မေတ္တာ ရပ်ခံချက် အရ
ရဲ တားနား ကိုယ်တိုင်ပင် အင်ဒရူးတို့ အိမ်သို့ ချက်ချင်း ရောက်လာလေ၏။

မစ္စတာ ဂါရဲ တားနားသည် အင်ဒရူး၏ ဆေးခန်း ဝင်ငွေ စာရင်း စာ
ပ်များကို တစ်နေ့ခင်းလုံး စစ်ဆေး ကြည့်ရှုပြီးနောက် ဤဆေးခန်းကို
င်းချရာ၌ အခက်အခဲ တွေ့စရာ ရှိမည် မထင်ကြောင်း၊ အမြန်ဆုံးပင် ဝယ်
ပေါ်လာလိမ့်မည်မှာ သေချာကြောင်း ပြောလေသည်။

'တစ်ခု ရှိတာက ရောင်းတော့မယ် ဆိုရင် ကျွန်တော်တို့ ကြော်ငြာရ
မ့်မယ်၊ ကြော်ငြာတဲ့ အခါမှာ ဘာ့ကြောင့် ရောင်းချင်ရသလဲ ဆိုတဲ့ အချက်
ဖော်ပြရလိမ့်မယ် ဒေါက်တာ မေဆန်'

မစ္စတာ တားနားသည် သူ့သွားများကို လက်ထဲမှ ခဲတံဖြင့် အသာ
ယာ ခေါက်ရင်း အင်ဒရူးအား ရှင်းပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဒေါက်တာ သိတဲ့ အတိုင်းပဲ၊ ဝယ်သူကတော့ ရွှေတွင်း တစ်တွင်းလို ငင်ငွေ ကောင်းနေတဲ့ ဆေးခန်းကို ဘာကြောင့် ရောင်းချင်တာလဲ ဆိုတဲ့ မေးခွန်းကို မေးမှာ သေချာတယ်၊ တကယ်တော့ ဒေါက်တာ့ ဆေးခန်းက ရွှေတွင်းပဲ၊ ကျွန်တော် အခုလို ပြောတာကိုတော့ ခွင့်လွှတ်စေချင်တယ်၊ တစ်နေ့ တစ်နေ့မှာ ငွေသားချည်း ဒီလောက် များများ ရတဲ့ ဆေးခန်းမျိုး ကျွန်တော် မတွေ့ဖူးသေးတာ အမှန်ပဲ၊ အဲဒီတော့ ဒီနေရာမျိုး ရောင်းချင်တယ် ဆိုရင် ဝယ်မယ့် လူက ဘာကြောင့် ရောင်းချင်ရတာပါလိမ့်လို့ တွေးမှာ သေချာတယ်၊ ဒါ ကျွန်တော်တို့ အနေနှင့် ကျန်းမာရေး အခြေအနေ မကောင်း၍ ပြန်ရောင်းခြင်း ဖြစ်ပါသည်လို့ ကြော်ငြာရင် ကောင်းမလား၊ ဒါမှမဟုတ်'

'အဲသလိုတော့ မကြော်ငြာချင်ဘူး မစ္စတာ တားနား'

အင်ဒရူးက ခပ်ပြတ်ပြတ်ပင် ပြောသည်။

'မေးရင်လည်း အမှန်အတိုင်းပဲ ပြောပြပေါ့၊ ဆိုကြပါစို့'

အင်ဒရူးသည် ပြန်၍ စဉ်းစား ချိန်ဆသည်။

'ဆိုကြပါစို့၊ ကိုယ်ရေးကိုယ်တာ အကြောင်းများ ရှိ၍လို့ ဆိုရင် မကောင်းဘူးလား'

'အလွန် ကောင်းပါတယ် ဒေါက်တာ'

မစ္စတာ တားနားသည် သူ အကြမ်း ရေးထားသည့် ကြော်ငြာတွင် အင်ဒရူး ပြောသည့် အတိုင်း ချရေးလိုက်သည်။

ဆေးခန်းကို ပြန်ရောင်းခြင်းမှာ ကိုယ်ရေးကိုယ်တာ ကိစ္စကြောင့် ဖြစ်သည်။ ဆေးခန်း လုပ်ငန်းနှင့် လုံးဝ ပတ်သက်ခြင်း မရှိ။

အင်ဒရူးက သူ၏ ဆန္ဒကို ထပ်မံ၍ ပြောပြန်လေသည်။

'မစ္စတာ တားနား သိထားစေချင်တာက ဒီ ဆေးခန်းကို တန်ဖိုး အများကြီး ရမှ ရောင်းတာမျိုး ကျွန်တော် မလိုချင်ဘူး၊ တန်ရာ တန်ကြေး ဈေးရရင် တော်ပြီ၊ ဒီ အနီးအနား တစ်ဝိုက်မှာ လူသစ် မျက်နှာစိမ်းနောက်ကို မလိုက်ချင်တဲ့ ကြောင်လိမ္မာတွေက အများသား'

နေ့လယ်စာ စားချိန်တွင် ခရစ္စတီသည် အင်ဒရူး အတွက် ရောက်လာသော ကြေးနန်း နှစ်စောင်ကို ထုတ်ပေးသည်။ သူ ရေးခဲ့သည့် စာများကို ရဲရဲက ကြေးနန်းနှင့် အကြောင်းပြန်ပါဟု ရေးခဲ့သဖြင့် ရောက်လာသည့် ကြေးနန်းများ ဖြစ်ပေသည်။

ပထမ ကြေးနန်းသည် ဒင်နီထံမှ ဖြစ်၍ တိုတို ရှင်းရှင်းနှင့် ပြတ်ပြတ်သားသား ရှိသည်။





သဘောကျသည်။ မနက်ဖြန် ညနေလာမည်။

ဒုတိယ ကြေးနန်းကတော့ ခပ်သောသော ခပ်ရှုင်ရှုင်။

တစ်သက်လုံး ကျွန်တော် အရူးတွေနှင့်ပဲ နေရတော့မှာလား။ အင်္ဂလန် တောမြို့တွေမှာ အရက်ဆိုင်တွေ၊ အချုပ်ခန်းတွေ၊ ဘုရားရှိခိုး ကျောင်းတွေနှင့် ဝက်ဈေးပဲ ရှိတာ။ ခင်ဗျား ပြောတော့ ဓာတ်ခွဲခန်း ရှိမယ် ဆိုပါလား။

ပုံ – မခံနိုင်သော အခွန်ထမ်း

နေ့လယ်စာ စားအပြီးတွင် အင်ဒရူးသည် ဝိတိုရီးယား ဆေးရုံသို့ ပြေးသည်။ ယခုအချိန်သည် ဒေါက်တာ သားရားဂွတ်၏ လူနာကြည့်ချိန် မဟုတ်သဖြင့် ဆေးရုံတွင် သူ ရှိမည် မဟုတ်ပေ။ သူ လုပ်မည်ဟု စိတ်ကူးထားသည့် အစီအစဉ်ကို သားရားဂွတ် မရှိချိန် လုပ်ပါမှ ပို၍ အဆင်ပြေမည်ဟု အင်ဒရူးက တွက်မိလေသည်။

အမှန်တော့ အင်ဒရူးသည် ဤကိစ္စကို တိတ်တဆိတ် ကျိတ်၍ လုပ်လိုသော ဆန္ဒ မရှိပေ။ သူ့ကြောင့် တစ်ဖက်သား စိတ်လက် မကြည်မသာ ဖြစ်မည်ကိုလည်း စိုး၏။ အထူးသဖြင့် သူ့အထက်မှ လုပ်ဖော်ကိုင်ဖက် တစ်ဦးအား စိတ်အနှောင့်အယှက် ဖြစ်အောင် လုပ်လိုသော ဆန္ဒ မရှိပေ။ သားရားဂွတ်သည် တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်း လုပ်၍ မရနိုင်လောက်အောင် ခေါင်းမာတတ်သော်လည်း သူ့အပေါ်မှာတော့ ကောင်းရှာသူ ဖြစ်၏။ သို့သော်လည်း သားရားဂွတ်အား ဖွင့်ဟ ပြောပြပြီး ညှိနှိုင်းပါက ရနိုင်မည့် အခြေအနေ မရှိပေ။ ထို့ကြောင့်လည်း သားရားဂွတ် မရှိချိန်တွင် သူ့ အစီအစဉ်ကို အကောင်အထည် ဖော်ခြင်းသည် အကောင်းဆုံး ဖြစ်လိမ့်မည်ဟု တွက်မိခြင်း ဖြစ်လေသည်။

ဤသို့ဖြင့် အင်ဒရူးသည် မေရီ၏ ခုတင်ဘေးတွင် ဝင်ထိုင်ကာ သူ့အစီအစဉ်ကို မေရီအား တိုးတိုးတိတ်တိတ် ပြောပြလေ၏။

'အပြစ်ကတော့ တို့များရဲ့ အပြစ်ပဲ မေရီ၊ အစကတည်းက ဒီနေရာဟာ မေရီ အတွက် သင့် မသင့် စဉ်းစားရမှာ၊ ဒါကတော့ ပြီးပြီးသား ကိစ္စမို့ ထားလိုက်ပါတော့၊ မေရီကို ဘဲလီးဗီး ဆေးကုဌာန ပို့ချင်တယ်၊ ဘဲလီးဗီး ရောက်ရင် ဒီနေရာနှင့် အဆမတန် ကွာနေတာ မင်း တွေ့ရလိမ့်မယ်၊ အခြေအနေ မတူတာကတော့ အကြီးအကျယ် မတူတာပဲ မေရီ၊ ဒါပေမဲ့ ဒီဆေးရုံက



www.burmeseclassic.com

www.burmeseclassic.com

လူတွေကလည်း မင့်အပေါ်မှာ ကောင်းကြတယ် မဟုတ်လား၊ အဲဒီတော့ သူ
တို့ကို စိတ်မကောင်း ဖြစ်အောင် စိတ်ဆိုးအောင် လုပ်သလိုလည်း မဖြစ်စေချင်
ဘူး၊ မင်း လုပ်ရမှာက လာမယ့် ဗုဒ္ဓဟူးနေ့မှာ ကျွန်မ ဆေးရုံက ဆင်းချင်
တယ်လို့ ပြောဖို့ပဲ၊ ကိုယ့်သဘောနှင့်ကိုယ် ဆင်းတဲ့ ပုံမျိုးပေါ့၊ တကယ်လို့ အခု
ပြောသလို မင်းဘာသာမင်း မလုပ်ချင်ဘူး ဆိုရင်တော့ ကွန်ကို စာ ရေးခိုင်း
မယ်၊ သူ့ အနေနှင့် မေရီကို ဆေးရုံက ဆင်းခဲ့တော့လို့ အရေးခိုင်းလိုက်ရင် ဖြစ်
ပါတယ်၊ ဆေးရုံကို ဆင်းတာကတော့ လွယ်ပါတယ်၊ ဆေးရုံ တက်ချင်ကြို
စောင့်နေတဲ့ လူနာတွေ အများကြီးပဲ၊ ပြောလိုက်ရင် ချက်ချင်း ဆင်းခွင့်ရမှာပါ
မေရီ ဗုဒ္ဓဟူးနေ့ ဆေးရုံက ဆင်းလာတော့မှ မင့်ကို တို့များ ကိုယ်တိုင် ဆေး
တော်ကားနှင့် ဘဲလီးဗီးကို လိုက်ပို့ပေးမယ်၊ တို့နှင့် အတူ တခြား ဘယ်သူမှ
ပါမှာ မဟုတ်ဘူး၊ သူနာပြု ဆရာမ တစ်ယောက်တော့ ပါမယ်၊ လုပ်ရမှာက
ခက်ခက်ခဲခဲ မဟုတ်ပါဘူး၊ ဒီလို လုပ်ရတာကလည်း မေရီ အတွက် အကောင်း
ဆုံး ဖြစ်စေချင်လို့ လုပ်တယ် ဆိုတာ မင်း နားလည်ဖို့တော့ လိုမယ် မေရီ

သူသည် မေရီ နားလည် သဘောပေါက်အောင် ရှင်းလင်း ပြောပြပြီး
နောက် ပေါ့ပါး ကြည်လင်သော စိတ်ဖြင့် အိမ်ပြန်လေ၏။ မဝေးလှသော
အချိန်က သူ မျက်စိလည် လမ်းမှား၍ ရောက်သွားခဲ့ရသည့် ဘဝတွင် သူ ပြော
မှား ဆိုမှား လုပ်မှား ကိုင်မှားမှု ဖြစ်ခဲ့ရသမျှ အတွက် ကျေစေရန် အလို့ငှာ
တတ်အားသရွေ့ ကောင်းမှုများ လုပ်တော့မည်ဟု ပိုင်းဖြတ်ထားသည် ဖြစ်ရာ
ယခု မေရီ၏ ကိစ္စသည် ပထမဦးဆုံး သူ လုပ်လိုက်သည့် ကောင်းမှု တစ်ခု
ပင် ဖြစ်သည်ဟု သူ တွက်လေသည်။

ထိုနေ့ ညနေပိုင်း ဆေးခန်းဖွင့်ချိန်တွင်လည်း ရောက်လာသည့် လူနာ
များအား ယခင်ကလို မရိုးသားသော စိတ်ဖြင့် မဆက်ဆံတော့ဘဲ မှန်မှန်ကန်
ကန် ဆက်ဆံ ပြောဆိုခြင်း ပြုလေ၏။

'အခု အခေါက်ဟာ ခင်ဗျား အတွက် နောက်ဆုံး အခေါက်ပဲ၊ ခင်ဗျား
ဆေးခန်းကို လာနေရတာ ကြာလှပြီ၊ အခုဆို ခင်ဗျား နေကောင်းသွားပြီပဲ
ထပ်လာစရာ မလိုတော့ပါဘူး၊ ဆေးတွေလည်း သောက်စရာ မလိုတော့ဘူး'

ဆေးခန်းပိတ်ချိန်တွင် သူ၏ စိတ်မှာ ယခင်ကထက် တိုး၍ ပေါ့ပါး
လျက် ရှိသည်။ လူနာများနှင့် စကားပြောရ၍ လည်းကောင်း၊ ဆက်ဆံရ၍
လည်းကောင်း၊ ဆေးဝါး ကုသရ၍ လည်းကောင်း၊ သူ မရိုးမသား ပြုနေခဲ့
သည်မှာ ကြာပေပြီ။ ယနေ့ ရိုးသား ဖြောင့်မတ်စွာနှင့် မှန်မှန်ကန်ကန် ပြော





ဆို လုပ်ကိုင်လိုက်ရသည့် အတွက် သူ့ရင်မှာ အတိုင်းအဆ မသိလောက်
အောင်ပင် ပေါ့ပါးသွားရုံမျှမက စိတ်မှာလည်း ကြည်လင် သန့်ရှင်းသွားခဲ့ရ
လေ၏။

သူသည် လူငယ်လေး တစ်ယောက် သဖွယ် အလွန် သွက်လက်သော
ခြေလှမ်းများဖြင့် ခရစ္စတီ၏ အပါးသို့ ရောက်သွားလေ၏။

'ကိုလေ၊ ကနေ့ သိပ်ကို စိတ်ချမ်းသာတာပဲ၊ အခုလို ရိုးရိုးသား
သားနှင့် ပွင့်ပွင့်လင်းလင်း ပြောနိုင်ခဲ့တဲ့ အတွက် ကို ပြုတဲ့ အမှားတွေကို
အတော်ကြီး မေ့လို့ ရသွားတယ်၊ ကို မေ့လို့ မရနိုင်လောက်အောင် ဖြစ်နေရ
တဲ့ ဗစ်ဒလားရဲ့ ကိစ္စတောင်မှ မေ့သွားသလိုပဲ'

ထိုအခိုက်တွင် တယ်လီဖုန်း မြည်သံ စူးစူးရှရှ ပေါ်လာသဖြင့် ခရစ္စတီ
ထသွားသည်။ အတန်ကြာမှ ပြန်ရောက်လာလေ၏။ သူမ၏ မျက်နှာမှာ စော
စောကလို ကြည်လင်ခြင်း မရှိတော့ဘဲ မှုန်မှိုင်းလျက် ရှိလေသည်။

'ရှင့် မိတ်ဆွေ တစ်ယောက်က ရှင်နှင့် စကား ပြောချင်လို့တဲ့'

'ဘယ်သူလဲ'

အမှတ်တမဲ့ မေးလိုက်ပြီးမှ ချက်ချင်းပင် မည်သူ မည်ဝါ ဖြစ်မည်ကို
ခန့်မှန်းမိသည်။ ယခု တယ်လီဖုန်း ခေါ်သူသည် ဖရန့် လော့ရင့် ဖြစ်ပေလိမ့်
မည်။

အခန်းထဲဝယ် ငြိမ်ဆိတ်ခြင်းက မင်းမူသွားလေ၏။

အင်ဒရူးသည် ဘာလုပ်ရမှန်း မသိလောက်အောင် ကြောင်နေပြီးမှ
ကသောကမျောနှင့် ခရစ္စတီအား လှမ်းပြောသည်။

'ကို မရှိဘူးလို့ ပြောလိုက်ပါလား ခရစ္စတီ၊ ကို အပြင် သွားတယ်လို့
ပြောလိုက်ပေါ့၊ အို ဒီလိုလည်း မဖြစ်သေးပါဘူးကွယ်၊ နေဦးလေ'

သူသည် စိတ်ကို တင်းလိုက်ပြီး 'မထူးပါဘူးကွာ၊ ကိုယ်တိုင်ပဲ သွား
ပြောတော့မယ်' ဟု ဆိုကာ တယ်လီဖုန်းဆီသို့ သွားလေ၏။

ငါးမိနစ်ခန့် အတွင်းမှာပင် သူ ပြန်ရောက်လာသည်။ ခရစ္စတီကတော့
ထိုင်နေကျ နေရာတွင် ထိုင်နေလျက်ပင် ရှိသည်။ သူသည် ခရစ္စတီအား တစ်
ချက်မျှ လှမ်းကြည့်လိုက်ပြီး ပြတင်းပေါက်ဆီ သွား၍ ရပ်ကာ အပြင်ဘက်
လမ်းမဆီသို့ ငေးမောနေလေ၏။

ခရစ္စတီ၏ ဇာထိုးအပ်ချင်း ထိသံသည် တိတ်ဆိတ်ခြင်းကို ဖောက်
ထွင်း ထွက်ပေါ်လျက် ရှိသည်။ အင်ဒရူးသည် သူ့ကိုယ်သူ အပြင်မှ အသံ



www.burmeseclassic.com

www.burmeseclassic.com

နာခဲ့သဖြင့် အမြီးကုပ်၍ အိမ်ပြန်လာသည့် ခွေးမိုက် တစ်ကောင်နှင့် တူလှသည်ဟု တွေးမိသည်။ ခရစ္စတီဘက်သို့ လှည့်၍ မကြည့်ရဲချေ။

'ဒီပြဿနာလည်း ပြီးသွားပါပြီလေ၊ ဒါလည်းပဲ ကိုရဲ့ မိုက်မဲမှု တစ်ခုပါပဲ၊ တစ်ကိုယ်ကောင်း ဆန်လွန်းလို့ ဖြစ်လာရတဲ့ အဖြစ်ပါ၊ ကို တကယ်ခြတ်နီးတာ တကယ် ချစ်တာက မင်းပါ'

သူသည် စကားကို မဆက်သေးဘဲ အတန်ကြာမျှ ငြိမ်နေသည်။

'ဖြစ်ရပုံကတော့ ဆိုးလှပါတယ်ကွယ်၊ အားလုံးဟာ ကို့အပြစ်ပါ၊ ဒီလူစုဟာ အတော်ဆိုးတဲ့ လူစုပဲ၊ သူတို့ အသိုင်းအဝိုင်းထဲက အလွယ်တကူနှင့် အချိန်မီ လွတ်အောင် ရုန်းထွက်နိုင်တာပဲ တော်လှပြီ၊ တစ်ခါတည်းပဲ ပြောထားရဦးမယ် ခရစ္စတီ၊ ကို အခုနက လီရှိုင်းဆီ ဖုန်းဆက်ခဲ့တယ်၊ သူတို့ ဆီမှာ အလုပ် လုပ်ဖို့ ကိစ္စပေါ့၊ ကရီမီး နို့မှုန့် ထုတ်ရေး ကိစ္စမှာ ကို စိတ်မဝင်စားတော့ဘူးလို့ အပြတ် ပြောလိုက်တယ်၊ အခုလို ပြောလိုက်တော့ ရှင်းသွားတာပေါ့၊ မဟုတ်ဘူးလား'

ခရစ္စတီကတော့ စကားပြန်မပေးဘဲ ငြိမ်ငြိမ်ဆိတ်ဆိတ်နှင့်ပင် နားထောင်နေသည်။ သူမ၏ လက်ထဲမှ ဇာထိုးအပ်ချင်း ထိသံကတော့ အဆက်မပြတ် ထွက်ပေါ်ဆဲ။ အင်ဒရူးကတော့ ပြတင်းပေါက် အနီးမှ မန္တာသေးပေးလမ်းမပေါ်မှ လှုပ်ရှားမှုများကို ကြည့်လိုက်၊ မိုးကောင်းကင် အမှောင်ထုကြားမှ ဝင်းခနဲ လက်ခနဲ တောက်ပနေသော ကြယ်များကို ကြည့်လိုက်နှင့်ပင် အခိပ္ပာယ် ကင်းမဲ့စွာ ရပ်နေမိလေ၏။

မည်မျှကြာကြာ ရပ်နေမိသည်ကို သူ သတိမထားမိချေ။ သတိဝင်လာ၍ လှည့်ကြည့်လိုက်တော့ ခရစ္စတီမှာ စောစောက နေရာတွင် ထိုင်နေဆဲပင်။ ဇာကိုလည်း ထိုးမြဲပင်။

ထိုညတွင် သူသည် ကြောက်မက်ဖွယ် ကောင်းလှသော အိပ်မက်များကို ကယောင်ချောက်ချား မက်သည်။ ဤ အိပ်မက်များကြောင့် သူ့ တစ်ကိုယ်လုံး ချွေးတွေသံတွေ တရွှဲရွှဲနှင့် အိပ်ရာမှ လန့်နိုးလာလိုက် ပြန်၍ အိပ်ပျော်သွားလိုက် ဖြစ်နေရ၏။ နှုတ်မှလည်း ကယောင်ကတမ်း ပြောလျက် ရှိလေသည်။

'မင်း ဘယ်မှာလဲ ခရစ္စတီ၊ ကို ဝမ်းနည်းပါတယ် အချစ်ရယ်၊ ကို့ကို ခွင့်လွှတ်ပါ၊ ကို့ကြောင့် မင်းမှာ သိက္ခာမဲ့ ဖြစ်ခဲ့ရတယ်၊ နောင်ကို ဘယ်တော့မှ မဖြစ်စေရပါဘူးကွယ်၊ မင်း သိက္ခာတက်လာအောင် ကို အစွမ်းကုန် ပြန်





ပြီး ကြိုးစားပါ့မယ်'

ခဏမျှ ငြိမ်ဆိတ်သွားပြန်သည်။

ပြီးတော့ ကယောင်ကတမ်း ထ၍ ပြောပြန်သည်။

'ကိုတို့ ဆေးခန်း ရောင်းပြီးရင် စိတ်ပြေလက်ပျောက် ခရီး ထွက်ကြရအောင်နော်၊ ကိုလေ တစ်ချိန်တုန်းက မင်းကို အရူးမလို့ ခေါ်ခဲ့မိတယ်၊ ကိုဟာ ဘယ်လောက် ဆိုးဝါးတဲ့ သတ္တဝါလဲဟင်၊ ကိုတို့ ဘယ်မှာပဲ နေနေ ကိုတို့ နေတဲ့ နေရာမှာ ပန်းဥယျာဉ်လေး တစ်ခုတော့ လုပ်မယ်နော်၊ ကို သိပါတယ် ခရစ္စတီရယ်၊ မင်းဟာ ပန်းဥယျာဉ်ကို သိပ်ချစ် သိပ်မြတ်နိုး သိပ်ကြွယ်တာတယ် ဆိုတာ၊ အေဘာရာလောမှာ နေကြတုန်းက မင်း ပန်းတွေ စိုက်ခဲ့တာကို မမေ့သေးပါဘူး'

နောက်တစ်နေ့ နံနက် အပြင်မှ ပြန်လာသည့်အခါ အင်ဒရူး၏ လက်ထဲတွင် ဂန္ဓမာပန်းတွေ တစ်ပွေ့တစ်ပိုက်ကြီး ပါလာသည်။ ခရစ္စတီ ကြိုက်တတ်မှန်း သိ၍ ဝယ်လာခြင်း ဖြစ်၏။ သူသည် ခရစ္စတီ၏ အပေါ်၌ သူ မည်မျှချစ်မြတ်နိုးကြောင်းကို ပြလိုသော ဆန္ဒသည် စောလျက်ပင် ရှိချေသေး၏။ သို့သော်လည်း ယခင်တစ်ချိန် ပလာဇာ ဟိုတယ်၌ ဖြစ်ခဲ့ရသည့် အကြောင်းကို တွေးစားမိတိုင်းလည်း သူ စိတ်မကောင်း ဖြစ်ရလေသည်။

လက်ဖက်ရည် သောက်ချိန် အိမ်ပြန်ရောက်လာတော့လည်း အင်ဒရူးသည် ခရစ္စတီ ကြိုက်တတ်သော ကိတ်မုန့် ဝယ်လာပြန်လေသည်။ သူသည် ဟိုတုန်းက နေခဲ့ထိုင်ခဲ့သည့် အတိုင်း ခရစ္စတီအား နောက်လိုက်၊ ပြောင်လိုက်၊ လိုက် လုပ်လျက် ရှိ၏။

'တစ်ခါတစ်ရံ ကျတော့လည်း ကိုတို့အိမ်မှာ အားလုံးဟာ အလျှင်ကလိုပဲ ပြန်ဖြစ်သွားပြီနော် ခရစ္စတီ၊ အဲဒါကို မင်း သိပါတယ်နော်၊ ဒီအချိန်က စပြီး မင်း မကြိုက်တာ မှန်သမျှကို မလုပ်တော့ပါဘူးကွယ် ယုံပါ၊ အားလုံး မင်း စိတ်ကြိုက်ချည်း ဖြစ်ရပါစေ့မယ်' ဟု မျက်နှာ ငယ်ငယ်နှင့် ပြောတတ်လေသည်။

ခရစ္စတီကလည်း ပြုံးကာ ရယ်ကာဖြင့် 'သိပါတယ် ကိုရယ်၊ ခရစ္စတီ သိပါတယ်၊ ခရစ္စတီကတော့ ကိုနှင့် မခွဲမခွာ အတူတူ နေရဖို့ပဲ အရေးကြီးတယ်၊ အဲသလို နေရမယ် ဆိုရင် ကို ဘာတွေပဲ လုပ်နေ လုပ်နေ ခရစ္စတီအဖို့ အကြောင်း မဟုတ်ပါဘူး၊ ကို့အနေနှင့် ခရစ္စတီကို မျက်စိအောက်က အပျောက်ခံနိုင်လောက်အောင် ချစ်လှချည်ရဲ့ ဆိုတာမျိုးလည်း ဖြစ်ဖို့ မလိုပါဘူး



www.burmeseclassic.com

www.burmeseclassic.com

ခရစ္စတီ လိုချင်တာ တစ်ခုပဲ ရှိတယ်၊ ခရစ္စတီကို စွန့်ပြီး တခြားနောက် မလိုက်သွားဖို့၊ အဲဒါ တစ်ခုသာ မဖြစ်ပါစေနှင့်' ဟု ဆိုတတ်လေသည်။

ထိုနေ့ ညနေပိုင်းတွင် ကြေးနန်းရိုက်၍ ပေးထားသည့် ကတိအတိုင်း ဒင်နီ ရောက်လာလေသည်။ သူနှင့်အတူ ဟုတ်ပ်က ပါးလိုက်သည့် သတင်းစကား ပါလာသည်။ ကိန်းဘရစ်မှနေ၍ ဒင်နီ ဖုန်းဆက်ပြီး ပေးလိုက်သည့် သတင်း ဖြစ်ပေသည်။ ထိုနေ့ ညနေခင်းပိုင်းတွင် သူ လန်ဒန်သို့ မလာနိုင်သေးကြောင်း ပါးလိုက်သည့် သတင်း။

'သူ ကနေ့ ညနေပိုင်းမှာ အရေးကြီးတဲ့ ကိစ္စ တစ်ခု ရှိနေတယ်လို့ ပြောတာပဲဗျ'

ဒင်နီသည် သူ့ ဆေးတံကို ခါရင်းက ပြောသည်။

'ကျုပ်တို့ သူငယ်ချင်း ဟုတ်ပ် တစ်ယောက်တော့ မကြာခင်မှာ သင်္ချိုင်းသားလောင်း ဖြစ်မယ့် လက္ခဏာ ရှိနေပြီ အင်ဒရူးရေ၊ သူ မအားဘူး ဆိုတာ အင်မတန် စိတ်ကူးယဉ်ဖို့ ကောင်းတဲ့ အလုပ်ကြောင့် ဖြစ်မယ် ထင်တယ်၊ ရောဂါဝေဒနာ ရှာဖွေရေး ပါရဂူ တစ်ဦးရဲ့ မိတ်လိုက်ခြင်းပေါ့'

'ကျွန်တော့် စိတ်ကူးအပေါ်မှာ သူ ဘယ်လို မြင်သတဲ့လဲ၊ ခင်ဗျားကို ဘာမှ မပြောလိုက်ဘူးလား' ဟု အင်ဒရူးက စိုးရိမ် ကြောင့်ကြသော လေသံဖြင့် အရေးတကြီး မေးသည်။

'ပြောလိုက်ပါတယ်ဗျ၊ သူ သဘောကျပါတယ်၊ စိတ်မပူနေစမ်းပါနှင့်၊ သူ သဘောမကျဘူး ဆိုတော့ကော ဘာအရေးလဲ၊ ကျုပ်တို့ တကယ် လုပ်ကိုင်တဲ့ အခါကျတော့ သူ့ကို ကောက်ယူပြီး အိတ်ထဲ ထည့်သွားလိုက်တာပေါ့၊ မဟုတ်ဘူးလား၊ ခင်ဗျား စိတ်ကူးကိုတော့ ကျုပ်လည်း သဘောကျပါတယ်'

အင်ဒရူးသည် လက်သုတ်ပဝါကို ဖြန့်ခင်းလိုက်ပြီး ဆလတ်ရွက်ကို ယူ၍ တမြုံ့မြုံ့ ဝါးသည်။

'အရူး ပါးစပ်က နတ်စကား ထွက်တယ် ဆိုတာမျိုး ဖြစ်နေပြီ၊ ခင်ဗျားရဲ့ ခပ်ကြောင်ကြောင် ခေါင်းထဲက ဒီလောက်ကောင်းတဲ့ အစီအစဉ်မျိုး၊ စိတ်ကူးမျိုး ထွက်လာတာ ကျုပ်ဖြင့် အံ့သြလို့ မဆုံးပါဘူး၊ အထူးသဖြင့် လန်ဒန်မြို့တော်ကြီးရဲ့ အနောက်ပိုင်း ရပ်ကွက်ထဲက ဆပ်ပြာ ကုန်သည် တစ်ယောက်ဘဝမျိုး ရောက်နေတုန်းမှာ ဒီစိတ်ကူးမျိုး ထွက်လာတယ် ဆိုတော့ ပိုပြီး အံ့သြစရာ ဖြစ်နေတာပေါ့၊ ဆိုစမ်းပါဦး၊ ဘယ်လိုဖြစ်ပြီး ဒီစိတ်ကူး ပေါ်လာတာလဲ'





အင်ဒရူးက ဖြစ်ခဲ့သမျှ၊ ပျက်ခဲ့သမျှ အကြောင်းစုံကို ရှင်းပြသည်။ နှစ်ယောက်သား သူတို့၏ စိတ်ကူး၊ သူတို့၏ အစီအစဉ်များကို လက်တွေ့ အကောင်အထည် ဖော်နိုင်အောင် အသေးစိတ် စဉ်းစား ဆွေးနွေးကြသည်။ ယင်းကဲ့သို့ ဆွေးနွေးရင်းကပင် သူတို့၏ စိတ်ကူးသည် များစွာ ခေတ်ရှေ့ပြေးကြောင်း ရိပ်စားမိကြလေ၏။

ဒင်နီက...

'ကျွန်တော့် သဘောကတော့ နေရာ ရွေးရင် လူဦးရေ သိပ်များတဲ့ မြို့ကြီးကြီး မရွေးချင်ဘူး၊ လူဦးရေ နှစ်သောင်းလောက် ရှိတဲ့ မြို့ဆိုရင် သင့်လိမ့်မယ် ထင်တယ်၊ အဲသလောက် ဆိုရင် လုပ်လို့ကိုင်လို့ ကောင်းမယ်၊ နိုင်နိုင်နင်းနင်း ရှိမယ် ထင်တယ်၊ အဲသလို နေရာမျိုးဟာ ရှာရင်လည်း ခက်ခဲမယ် မထင်ဘူး၊ အနောက်ဘက် အလယ်ပိုင်းနယ် မြေပုံကို ကြည့်ပြီး ရှာလိုက်ရင် တွေ့နိုင်မယ် ထင်တယ်၊ အဲဒီဘက်မှာ စက်မှုလက်မှု မြို့တွေလည်း အများကြီးပဲ၊ တစ်ယောက် လည်ပင်း တစ်ယောက် မညှစ်တဲ့ ညင်ညင်သာသာနှင့် ကိုင်တွယ်မယ့် စိတ်တူ သဘောတူ ဆရာဝန် လေးငါးဦးလောက် စုပြီး လုပ်လိုက်ရင် အများကြီး အဆင်ပြေမှာပဲ၊ အဲဒီလို နေရာမျိုးမှာ စုပေါင်းစနစ်နှင့် စိတ်တူ သဘောတူ ဝိုင်းပြီး ကျွန်တော်တို့ စိတ်ကူးကို အကောင်အထည် ဖော်လိုက်ရင် အောင်မြင်ဖို့ များမယ် ထင်တာပဲ၊ ခင်ဗျား ပြောသလို ဗဟို ဆေးကုခန်းကြီး ထား၊ ပြီးတော့ ဟုတ်ပ်ရဲ့ ဓာတ်ခွဲခန်းကို တွဲလျက် တစ်ဆက်တည်း ထားမယ်၊ ဟုတ်လား၊ အဆောက်အအုံ အပေါ်ထပ်မှာ ခုတင် နှစ်လုံး သုံးလုံး တော့ ရှိရမယ်၊ ပထမ ဖွင့်စမှာတော့ သိပ်ပြီး ကြီးကျယ် ခမ်းနားဖို့ မလိုသေးပါဘူး၊ အဆောက်အအုံ ကောင်းဖို့ထက် အလုပ် ကောင်းဖို့ကို အဓိက ထားကြတာပေါ့'

ဒင်နီသည် သူ တွေးတော၍ ရသမျှကို ပြောပြနေရင်းက အနားတွင် ထိုင်၍ စိတ်ပါ လက်ပါ နားထောင်နေသော ခရစ္စတီကို သတိပြုလိုက်မိသဖြင့် ပြုံးလိုက်လေသည်။

'ဘယ်လို သဘော ရပါသလဲ ဂုဏ်သရေရှိ အမျိုးသမီးကြီး ခင်ဗျား၊ ကျွန်တော်တို့ရဲ့ စိတ်ကူးဟာ ရူးကြောင်ကြောင် မနိုင်လွန်းဘူးလား'

ခရစ္စတီက ဒင်နီ ပြောသမျှကို သဘောကျလွန်းသဖြင့် နှစ်နှစ်ခြိုက်ခြိုက် ရယ်သည်။

'ဟုတ်တယ်၊ ရှင်တို့ စိတ်ကူးဟာ ခပ်ကြောင်ကြောင်တော့ ခပ်ကြောင်



www.burmeseclassic.com

www.burmeseclassic.com

ကြောင်ပဲ၊ ဒါပေမဲ့ ခပ်ကြောင်ကြောင် စိတ်ကူးတွေဟာ လက်တွေ့ အလုပ်ဖြစ်တတ်တယ် ဆိုတာကိုလည်း သတိထားပေါ့'

'မှန်တယ်၊ ခရစ္စတို စကားဟာ သိပ်မှန်တယ်၊ အခု စိတ်ကူးလည်း အလုပ်ဖြစ်မှာ သေချာတယ်'

အင်ဒရူးက စားပွဲကို လက်သီးနှင့် တစ်ချက်ထုလိုက်ပြီး ပြောပြန်လေသည်။

'လုပ်ငန်း အစီအစဉ်တွေက သိပ်ကောင်းတယ်၊ အရေးကြီးတာက အစီအစဉ်ရဲ့ နောက်မှာ ချမှတ်ထားတဲ့ စံပြ ရည်မှန်းချက်ပဲ၊ အဲဒါကို မျက်ခြည်မပြတ်ဖို့ လိုတယ်၊ ဟစ်ပိုကရက်တက် ကျမ်းကျိန်လွှာကို စိတ်ကူးသစ်နှင့် တစ်မျိုးတစ်ဖုံ ပြုပြင် ရေးဆွဲထားတဲ့ ကျမ်းကျိန်လွှာ အသစ် တစ်ခုလည်း ရေးဆွဲထားရမယ်၊ ကျမ်းကျိန်လွှာ အသစ်ထဲမှာ သိပ္ပံနည်းကျသော အတွေ့အခေါ် အယူအဆများကို သစ္စာရှိစွာနှင့် လက်ခံပါမည်၊ ဆေးဝါးကုသရာ၌ တတ်ယောင်ကား မလုပ်ပါဘူး၊ ဆေးဝါးကုသတဲ့ အခါမှာ သိက္ခာမဲ့စေမည့် သိမ်ဖျင်း သေးနုပ်တဲ့ နည်းတွေကို မသုံးပါဘူး၊ ဆေးဝါးကုသတဲ့ အခါမှာ အသပြာကို အဓိက မထားပါဘူး၊ ပြီးတော့... ပြီးတော့... အိုကွာ ရေတစ်ခွက်လောက် ပေးစမ်းပါဦး ခရစ္စတီ၊ စကား ပြောရလွန်းလို့ အာတွေ ခြောက်လိုက်တာ'

သူတို့သည် မနက် တစ်နာရီထိုး အထိ စကားပြောကြသည်။ အင်ဒရူး၏ ပြင်းပြလွန်းသော စိတ်အား ထက်သန်မှုကြောင့် မည်သည့် ကိစ္စကိုမှ သိပြီး အလေးအနက် မပြုဘဲ ခပ်ပေါ့ပေါ့ နေတတ်သော ဒင်နီပင်လျှင် စိတ်ဓာတ်တက်ကြွလျက် ရှိလေသည်။ ဒင်နီသည် မူလက ညပိုင်း နောက်ဆုံး မီးရထားဖြင့် ပြန်ရန် စီစဉ်ထားခဲ့သော်လည်း ရထား မမီတော့သဖြင့် ညအိပ်ရလေတော့၏။

မနက်လင်းတော့လည်း ဒင်နီခမျာ နံနက်စာကို ကတိုက်ကရိုက် စားကာ ရထားမီရန် ဘူတာသို့ အပြေးအလွှား ဆင်းရသည်။ ဒင်နီက သောကြာနေ့တွင် တစ်ခေါက် ထပ်လာမည်၊ သောကြာနေ့ မတိုင်မီ ကြားရက်များအတွင်းတွင် ဟုတ်ပ်နှင့် ဆုံမိအောင် ကြိုးစားပြီး ဟုတ်ပ်၏ သဘောထားကို မေးခဲ့မည်၊ အနောက်ဘက် အလယ်ပိုင်းဒေသ မြေပုံ တစ်ခုကိုလည်း ရအောင် ရှာခဲ့မည် စသည်ဖြင့် မှာသွားလေ၏။

'အလုပ်တော့ ဖြစ်ပြီ ခရစ္စတီ၊ အလုပ်ဖြစ်မှာ သေချာသွားပြီ၊ ကျို





အစီအစဉ်ကို ဒင်နီ သိပ်သဘောကျသွားပြီ၊ သူ သိပ်ကို စိတ်အား ထက်သန်နေပြီ၊ ဒင်နီဟာ စကား များများ ပြောတတ်တဲ့ လူစား မဟုတ်ဘူး၊ သိလား၊ ကို သူ့စိတ်ကို ကောင်းကောင်း သိတယ်'

ထိုနေ့မှာပင် သူတို့ ဆေးခန်းကို ဝယ်သူ တစ်ဦး ရောက်လာပြီး စုံစမ်းသည်။ ထိုသူ လာပြီးသည့် နောက်တွင် လာရောက် စုံစမ်းသူ အတော်များများ ဆပ်ရောက်လာကြပြန်သည်။ ဆေးခန်း ဝယ်ရောင်း ကိုယ်စားလှယ် ဌာနမှ ဘာရဲ တားနား ကိုယ်တိုင်လည်း ဆေးခန်းကို ဝယ်ရန် စိတ်ဝင်စားနေသူ အချို့ကို ခေါ်လာသေးသည်။ တားနားသည် ဆေးခန်းကို ဝယ်ချင်လာအောင် စကားပြော ကောင်းသူ ဖြစ်ပေသည်။

တနင်္လာနေ့တွင်မူ ဒေါက်တာ နိုဝယ် လောရီး ဆိုသူ နှစ်ကြိမ် လာ၍ ကြည့်သည်။ မနက်ခင်းတွင် သူ တစ်ဦးတည်း လာ၍ ကြည့်ခြင်း ဖြစ်၍ နေ့ခင်း ဒုတိယအကြိမ် လာတော့ တားနားတို့ထံမှ ကိုယ်စားလှယ် တစ်ဦး ပါလာလေသည်။ ထိုနောက်တွင် တားနားက အင်ဒရူးထံ ဖုန်းဆက်၍ အခြေအနေကို တိုးတိုးတိတ်တိတ် ကျိတ်ပြောလေ၏။

'ဒေါက်တာ မဲဆန်၊ ခင်ဗျား ဆေးခန်းကို ဒေါက်တာ လောရီး သိပ်သဘောကျနေတယ်၊ အလွန့် အလွန်ကို သဘောကျနေတယ်လို့ ပြောရင် မှားမယ် မထင်ဘူး၊ သူ့မိန်းမကို မပြောရသေးခင် ကျွန်တော်တို့ဘက်က အခြားလူ တစ်ဦးနှင့် အရောင်းအဝယ် ဖြစ်သွားမှာကို သူ သိပ်စိုးရိမ်နေပုံ ရတယ်၊ သူ့မိန်းမကလည်း အခု လောလောဆယ် ပင်လယ်ကမ်းခြေဘက် အလည်သွားနေတယ်၊ ဗုဒ္ဓဟူးနေ့ကျမှ ပြန်ရောက်မယ်တဲ့'

ဗုဒ္ဓဟူးနေ့သည် အင်ဒရူး ကိုယ်တိုင် မေရီအား ဘဲလီးဗီးသို့ လိုက်ပို့ရမည့်နေ့ ဖြစ်၏။ ထိုနေ့တွင် သူ အိမ်၌ ရှိမည် မဟုတ်သဖြင့် အရောင်းအဝယ် ကိစ္စ ပေါ်လာလျှင် တားနားက သူ၏ ကိုယ်စား ဆောင်ရွက်ပေးရန် လွှဲလိုက်လေ၏။

မေရီ၏ ကိစ္စမှာလည်း သူ စီစဉ်ထားခဲ့သည့် အတိုင်း အစစ အရာရာ အဆင်ပြေသည်။ မေရီသည် မွန်းလွဲပိုင်း နှစ်နာရီတွင် ဆေးရုံမှ ဆင်းရမည်။ သူနှင့် မေရီတို့ ဘဲလီးဗီးသို့ သွားလျှင် အဖော်လိုက်ရန် အတွက်လည်း သူ၏ သူနာပြု ဆရာမ မစ္စ ရှပ်ကို မှာထားပြီးလေပြီ။

မီးသည် သဲသဲမဲမဲ ရွာနေသည်။

အင်ဒရူးသည် တစ်နာရီခွဲတွင် အိမ်မှ ထွက်၍ ဆရာမ ရှပ်ကို ခေါ်ရန်



www.burmeseclassic.com

www.burmeseclassic.com

ဝဲလ်ဘတ်လမ်းသို့ သွားသည်။ ဆရာမ ရှပ်သည် သူ မှာထားသည့် အတိုင်း စောင့်နေသော်လည်း စိတ်ပါ လက်ပါ ရှိပုံတော့ မရပေ။ ခပ်သုန်သုန်မှုန်မှုန် ဖြစ်နေသည်။ အမှန်တော့ သူ၏ ဆေးခန်းကို ဤလအကုန်တွင် ပိတ်တော့မည် ဖြစ်သဖြင့် ဆရာမ ရှပ် အတွက် အလုပ် ရှိတော့မည် မဟုတ်ကြောင်း ပြောပြပြီး ကတည်းက ရှပ်၏ ဆက်ဆံပုံမှာ ပြောင်းသွားခဲ့လေသည်။ ယခု လည်း အင်ဒရူးက နှုတ်ဆက်သည့်အခါ ဝတ်ကျေတမ်းကျေ သဘောလောက် သာ ပြန်နှုတ်ဆက်ပြီး ကားထဲသို့ ဝင်ထိုင်လေ၏။

ကံအားလျော်စွာပင် မေရီ၏ ကိစ္စမှာ အနှောင့်အယှက် မရှိဘဲ ပြီးစီး ခဲ့လေ၏။ မေရီ ဆင်းလာပြီး ကားနောက်ထဲ ဝင်၍ ဆရာမ ရှပ်၏ ဘေး၌ ထိုင်မိသည်နှင့် တစ်ပြိုင်နက် အင်ဒရူးသည် မော်တော်ကားကို မောင်းထွက်ခဲ့ လေ၏။

အင်ဒရူးသည် မကြည်မသာနှင့် သူ့အပေါ် သံသယ ဖြစ်နေပုံ ရသော ဆရာမ ရှပ်ကို ခေါ်မသွားဘဲ ထားပစ်ခဲ့ချင်သည့်စိတ် ဖြစ်လာမိသေး၏။ ရှပ်ကလည်း သူမကို နိုင်းထိုက်သည်ထက် ပို၍ နိုင်းလိမ့်မည် ဟူသော သံသယ မျိုး ရှိနေသဖြင့် မသာမယာ ဖြစ်နေသော စိတ်ကို မျက်နှာ အမူအရာအားဖြင့် ဖော်ပြလျက် ရှိပေသည်။ အင်ဒရူးသည် ကားကို ဂရုတစိုက် မောင်းလာရင်း ရှပ်ကဲ့သို့ စိတ်နေ စိတ်ထား ညံ့ဖျင်းသော ဆရာမမျိုးနှင့် ကြာကြာတွဲ၍ လုပ် နိုင်ခဲ့သည့် သူ၏ အဖြစ်ကို အံ့သြ၍ မဆုံးနိုင်အောင် ဖြစ်နေမိလေ၏။

သုံးနာရီခွဲသော် သူတို့ ဘဲလီးဗီးသို့ ရောက်သွားကြလေ၏။ မိုးတိတ် နေပေပြီ။

နေရောင်ခြည်သည် တိမ်ကြို တိမ်ကြားမှ ထိုးဖောက်ကာ လောက တစ်ခုလုံးကို ဖြန့်ပို့ ထားလေ၏။

မေရီသည် ကားထဲတွင် ထိုင်နေရာမှ ကိုယ်ကို ရှေ့သို့ ကိုင်းကာ ပတ်ဝန်းကျင်ကို အကဲခတ်လျက် ရှိသည်။ အင်ဒရူး ပြောခဲ့သည့် အတိုင်း ဤနေရာသည် တကယ် သာယာမှု ရှိ မရှိ၊ သူမနှင့် အဆင် ပြေ မပြေ သိလို စိတ်ဖြင့် စူးစမ်းလျက် ရှိလေသည်။

အင်ဒရူးသည် မစ္စတာ စတီးမင်းအား သူ၏ ရုံးခန်းထဲ၌ အဆင်သင့် တွေ့ရလေသည်။ သူသည် စတီးမင်းနှင့် အတူ မေရီအား စမ်းသပ်ကြည့်ရန် စိတ်ဆန္ဒ စောလျက် ရှိပေသည်။ သူသည် မေရီ ရောဂါကို အဆုတ်လေဝင်နာ ဖြစ်ရမည်ဟု အခိုင်အမာ တွက်ခဲ့သူ ဖြစ်ရာ သူ၏ ယူဆချက် မှန် မမှန်ကို သိလိုစိတ် ပြင်းပြလျက် ရှိ၏။ သူသည် စီးကရက် တစ်လိပ်ကို ဖွာရင်း စတီးမင်း တည်သည့် လက်ဖက်ရည် တစ်ခွက်ကို သောက်ရင်းကပင် သူ၏ စိတ်ဆန္ဒ စောမှုကို စတီးမင်းအား ပြောပြလျက် ရှိလေသည်။

'ကောင်းပါပြီလေ၊ ကျွန်တော်တို့ အခုပဲ သွားကြတာပေါ့'

စတီးမင်းကလည်း ကိုယ်ချင်းစာသည်။ အင်ဒရူး၏ စကား ဆုံးလျှင် ဆုံးချင်း အမြန်ဆုံး စမ်းသပ်ကြည့်ရန် သဘောတူသည်။

စတီးမင်းသည် အင်ဒရူးအား မေရီ့ အခန်းသို့ ခေါ်သွားသည်။ မေရီက တော့ ခုတင်ပေါ်တွင် လဲလျောင်းနေပေပြီ။ ခရီးပန်းလာသဖြင့် သူမ၏ မျက် နှာသည် သိပ်ပြီး မလန်းဆန်းသော်လည်း နေရာသစ်၏ သာယာမှုကို နှစ်သက် သဘောကျလျက် ရှိပုံရ၏။ သူတို့ ဝင်သွားချိန်တွင် မေရီသည် အခန်း တစ် ဖက်ထောင့်တွင် ရပ်၍ အဝတ်အစားများ ခေါက်နေသော ဆရာမ ရှပ်ကို ခပ် ငူငူတွေတွေငေးငေး စိုက်ကြည့်လျက် ရှိလေသည်။

စတီးမင်းသည် မေရီအား သေသေချာချာ စေ့စေ့စပ်စပ် စမ်းသပ် စစ် ဆေး ကြည့်သည်။ သူ၏ စမ်းသပ် စစ်ဆေးနေပုံကို ကြည့်၍ အင်ဒရူးမှာ ပညာ တစ်မျိုး ရလေသည်။ သူ စမ်းသပ်နေပုံမှာ ညင်သာသည်။ ပျော့ပျောင်း နူးညံ့ သည်။ အသာအယာ ရှိသည်။ သို့သော် အလွန် တိကျသည်။ ဟိတ်ဟန်များသော၊ ...ဝါလိုသော၊ ကြွားဝါလိုသော ဟန်အမူအရာ လုံးဝ ကင်းစင်သည်။ သူ၏ လုပ်ပုံကိုင်ပုံမှာ အထင်အမြင် ကြီးစရာတော့ မရှိ။ တကယ်တော့ သူ လုပ်ကိုင် နေပုံမှာ လူနာကို စမ်းသပ်နေသည့် သမားတော် တစ်ယောက်နှင့် မတူပေ။ မျက်စိ ယိုယွင်းနေသော စက်တစ်လုံး၏ ချွတ်ယွင်းချက်များကို မရမနေ ရှာ ဖွေနေသည့် စက်ဆရာ တစ်ဦးနှင့် တူလှလေသည်။ ရုံဖန်ရံခါ နားကျပ်ကို အသုံးပြုသော်လည်း အများအားဖြင့်တော့ သူ့လက်ကို သုံးသည်။ သူ့လက်၏ အထိအတွေ့ အာရုံကိုသာ အဓိကထား၍ စမ်းသပ်သွားသည်။ သူ၏ နူးညံ့ ပျော့ပျောင်းလှသော လက်ချောင်းများသည် အတွင်းနံရံပိုင်းကို စမ်းသပ်ရာ၌ ကိုယ်ခန္ဓာ အတွင်းပိုင်းရှိ အသက်ရှူလျက် ရှိသော အဆုတ် ကလပ်စည်းများ၏ လှုပ်ရှားမှု အခြေအနေကိုပင် ကောင်းစွာ ထိတွေ့ သိရှိနေသည့်ပုံမျိုး ရှိသော သည်။

စိတ်တိုင်းကျ စမ်းသပ်ပြီးသည့်အခါ သူသည် မေရီကိုတော့ ဘာမှ မပြောပေ။ အင်ဒရူးကိုသာ ခွဲ၍ အပြင်သို့ ခေါ်ထုတ်သွားသည်။

'ခင်ဗျား ထင်ထားတဲ့ အတိုင်း အဆုတ်လေဝင်နာပဲ၊ မလွဲပါဘူး။ ဘာမှ





www.burmeseclassic.com

www.burmeseclassic.com

သံသယ ဖြစ်ရာလည်း မလိုဘူး၊ လွှန်ခဲ့တဲ့ ရက် တော်တော်များများလော ကတည်းက အဆုတ်က ပျက်စီးသွားသင့်တယ်၊ အခု ပုံအတိုင်း ဆိုရင်တော ရက်ရွှေ့နေလို့ ဘယ်နည်းနှင့်မှ မဖြစ်တော့ဘူး ဒေါက်တာ မေဆန်၊ အခု ချ ချင်း တစ်ခါတည်း လုပ်မှ ဖြစ်တော့မယ်၊ ခင်ဗျားက မေရီကို နားလည်အောင် သွားပြီး ပြောပေတော့'

ကုသမှု ကိရိယာကို ကြိုတင် ပြင်ဆင်ထားနှင့်ရန် အတွက် စတီးမင် ထွက်သွားသည်။ အင်ဒရူးသည် မေရီထံ ပြန်လာပြီး သူတို့၏ ဆုံးဖြတ်ချ ကို မေရီ နားလည်အောင် ရှင်းလင်း ပြောပြလေ၏။ သူသည် မေရီ သ ပေါက် နားဝင်စေရန် တတ်နိုင်သမျှ သာသာယာယာ ပြောပြသည်။ ဤ လောက် ကြိုးစား၍ သဘောပေါက်အောင် ပြောပြသည့် တိုင်အောင် မေ သည် ချက်ချင်း ကုသမှု ပြုမှ ဖြစ်မည်ဟု သိရသောအခါ စိုးရိမ်မကင်း ဖြ လျက် ရှိကြောင်း သိသာနေပေသည်။

'ရှင် ကိုယ်တိုင် လုပ်မှာလား'

မေရီ၏ အသံမှာ စိတ်မသက်မသာ ဖြစ်ပေါ်ခြင်းကို ပြသနေပေသည် 'ရှင်သာ ဆိုရင်တော့ ပိုပြီး အဆင်ပြေလိမ့်မယ်လို့ ကျွန်မ ထင်တယ်' ဟု ၍ ပြောပြန်လေသည်။

'အခုလုပ်မယ့်ဟာ ဘာမှ ကြောက်စရာမလိုဘူး မေရီ၊ ဘာမှ မကြော နှင့်၊ နည်းနည်းကလေးတောင်မှ နာမှာ မဟုတ်ဘူး၊ ကိုယ်လည်း အနား ရှိမှာပဲ၊ ကိုယ်က အနားမှာ နေပြီး သူ့ကို ကူညီ လုပ်ကိုင်ပေးနေမှာ၊ ဘာ ပူစရာ မလိုဘူး၊ မင်း နေကောင်းသွားတာကို တို့ မြင်ရမှာပါ'

အမှန်တော့ ကုသမှု လုပ်ငန်း တာဝန်သည် စတီးမင်း၏ တာဝန် ဖြစ်သဖြင့် ကုသမှု ပြုနေချိန်တွင် အခန်းထဲ၌ သူ မနေဟု စောစော ကတည် ဆုံးဖြတ်ထားခဲ့၏။ သို့သော်လည်း မေရီ ကြောက်ရွံ့နေခြင်းကြောင့် ကြောင်း၊ မေရီ အနေဖြင့် သူ့ကို များစွာ ယုံကြည် ကိုးစားလျက် ရှိသည် ရာ ကုသမှု ပေးချိန်တွင် သူ အနီး၌ ရှိပါက ပို၍ ထိရောက်စရာသာ ရှိ ဟု ယူဆမိခြင်းကြောင့် တစ်ကြောင်းတို့ကြောင့် ကုသမှု ပြုနေချိန်တွင် အခ ထဲ၌ သူ နေလျှင် သင့်လိမ့်မည်ဟု တွေးမိလေသည်။ ထိုကြောင့်လည်း သည် စတီးမင်းထံ သွား၍ ဆေးကုခန်းထဲ ဝင်၍ ကူညီခွင့်ပြုရန် စတီးမင်းအ မေတ္တာရပ်ခံရာ စတီးမင်းကလည်း ကျေကျေနပ်နပ်ပင် လက်ခံခဲ့လေသည်

ဆယ်မိနစ်ခန့် ကြာသော် ကုသမှု ပြုရန် အတွက် ပြင်ဆင်မှု အား





ပြီးစီးသွားသည်။ မေရီ ဆေးကုခန်းထဲ ရောက်လာသည့်အခါတွင် အင်ဒရူးက ဆေးပေးသည်။ စတီးမင်းက အပ်ကို အဆုတ်နှင့် ဆက်သွယ်မိအောင် ကျွမ်း ကျင်စွာ စိုက်ပြီးသော် ရောဂါပိုး သတ်ထားပြီး ဖြစ်သော နိုက်ထရိုဂျင် အငွေ့ ကို သူ့ အတိုင်းအဆနှင့် သူ အဆုတ်ထဲသို့ ရောက်ရှိသွားစေရန် ပြုလုပ်ပေး သည်။ ထိုအချိန်တွင် အင်ဒရူးသည် ဓာတ်ငွေ့အား တိုင်းထွာသည့် ကိရိယာ မီတာ ဘေးတွင် ရပ်၍ စတီးမင်း လုပ်ကိုင်နေသမျှကို စိတ်ဝင်တစား ကြည့်နေမိလေသည်။ ကုသမှု ကိရိယာမှာ ထူးထူးခြားခြား နုလှသော ကိရိယာ တစ်ခု ဖြစ်သည်။ စတီးမင်းသည် ဤနုသော ကိရိယာကို ကိုင်တွယ်ရာ၌ ထူး ခြား ပြောင်မြောက်လှပါသည်ဟု စိတ်ထဲမှ ကျိတ်၍ မှတ်ချက် ချမိလေ၏။

ကုသမှု စချိန်တွင် မေရီသည် ကြောက်လန့်နေသေးသော်လည်း နောက် ပိုင်းကျတော့ တဖြည်းဖြည်းနှင့် အကြောက်ပြေသွားသည်။ သူမသည် ကုသမှု ကို ယုံကြည်မှု အပြည့်အဝဖြင့် ခံယူသွားလေသည်။ ကုသမှု ပြီးခါနီးသည့် အခါ မေရီသည် အင်ဒရူးအား ကြည့်၍ ပြုံးနေပေသည်။ အခန်းထဲ ပြန်ရောက် ချိန်တွင်မှ မေရီသည် စကားပင် ပြောလာလေ၏။

'ရှင် ပြောတာ မှန်သားပဲ၊ ဘာဆို ဘာမှ မဖြစ်ဘူး၊ နာဖို့ ဆိုတာတော့ ဆးရော၊ ဘာမှ မလုပ်သလိုပဲ၊ ဘာလုပ်နေတယ် ဆိုတာတောင်မှ ကျွန်မ မသိ လိုက်ဘူး'

အင်ဒရူးက ရယ်သည်။

'ဘာမှ မဖြစ်ပါဘူးလို့ မေရီကို ပြောခဲ့သားပဲ၊ အခု ကုတဲ့နည်းဟာ ဘာမှ ကြောက်စရာ လန့်စရာ မရှိပါဘူး၊ ခွဲတာ စိတ်တာ မှန်သမျှ အခုလို မှာမကျင်ဘူး ဆိုရင် ဘယ်လောက် ကောင်းမလဲ၊ မင်းရဲ့ အဆုတ်ကို အော် ရေးရှင်း လုပ်ထားပြီးပြီ၊ အဲဒီတော့ မင်းရဲ့ အဆုတ်ဟာ ခဏ နားနေလိမ့်မယ်၊ အဲဒီ အဆုတ်က အသက်ပြန်ရှူလာရင် မင်းရဲ့ အနာဟာ ပျောက်ပြီလို့သာ မှတ် ပေတော့'

မေရီသည် အင်ဒရူးအား ယုံကြည် အားကိုးမှု အပြည့်ဖြင့် ကြည့်နေရှာ လေသည်။ ပြီးတော့မှ သန့်ရှင်း သပ်ရပ်၍ အပြင်အဆင် လှပ လွန်းလှသည့် အခန်း တစ်ခန်းလုံးကို လှည့်ပတ်ပြီး မျက်စိ ကစားနေသည်။ ထိုနောက် ပြတင်းပေါက်မှ နေ၍ လှမ်းမြင်နေရသည့် တောင်ကြားလွင်ပြင်၏ အလှကို ငေးမောနေလေ၏။

'နောက်ဆုံးကျတော့ ကျွန်မ ဒီနေရာလေးကို သိပ် သဘောကျသွားပြီ၊



www.burmeseclassic.com

www.burmeseclassic.com

သူ ပြောပုံ ဆိုပုံ လုပ်ပုံ ကိုင်ပုံတွေ ကြည့်ရတာ သဘော မကောင်းသလို နော်၊ ကျွန်မ ပြောတာ စတီးမင်းကို ပြောတာပါ၊ ဒါပေမဲ့ ဘယ်လိုပဲ ဖြစ် လေ၊ ရှင်ကတော့ သူဟာ အင်မတန် သဘောကောင်းတယ်လို့ သိထားတာ မဟုတ်လားဟင်၊ ဩော် ဒါနှင့်လေ ကျွန်မ လက်ဖက်ရည် သောက်နိုင်ပြီလား ဟင်'



၂]

င်ဒရူး ဘဲလီးဗီးမှ ထွက်တော့ ခုနစ်နာရီ ထိုးလု နီးနေပေပြီ။

သူ ကြိုတင် စိတ်ကူးထားသည်မှာ ဘဲလီးဗီးတွင် ညှိမ့်လောက် ကြာ ကြာ နေဖို့ မဟုတ်ပေ။ မေရီအား ပို့၍ ခဏတစ်ဖြုတ်မျှသာ နေပြီး ပြန်ရန် ဖြစ်သည်။ ယခုတော့ သူ မှန်းထားသည်ထက် အချိန်ပို၍ ကြာသွားခဲ့၏။

သူသည် ဆေးကုဌာန၏ အောက်ထပ် ဝရန်တာတွင် စတီးမင်းနှင့် ရပ် ၍ အချိန် အတော်ကြာကြာမျှ စကား ပြောနေခဲ့သဖြင့် ညှိမ့်လောက် ကြာခဲ့ ခြင်း ဖြစ်၏။ သန့်ရှင်း လတ်ဆတ်၍ အေးမြသော လေကို ရှူရှိုက်ရင်း စတီး မင်းနှင့် အာလာပ သလ္လာပ ပြောရ ဆိုရသည်မှာ အရသာ ရှိလှပေရာ စကား ပြော၍ပင် အားမရနိုင်အောင် ဖြစ်ခဲ့ရ၏။ အချိန် နောက်ကျမည် စိုး၍သာ ပြော က်စ စကားကို အတင်း ဖြတ်၍ ပြန်လာခဲ့ရခြင်း ဖြစ်ပေသည်။

ဘဲလီးဗီးမှ ကားနှင့် ပြန်ထွက်လာချိန်တွင် သူ့စိတ်သည် ထူးထူးခြား ခြား တည်ငြိမ် အေးမြလျက် ရှိသည်။ မေရီ၏ ကိစ္စ အဆင်ပြေလာရခြင်းကို ၍ စဉ်းစား ဆင်ခြင်လိုက်သည့် အခါ သူ၏ ပြင်းထန် တက်ကြွလွန်းသော တ်နှင့် မရမနေ လုပ်ချင်တတ်သော သူ၏ အကျင့်ကြောင့်သာလျှင် ယခု ဲ့သို့ အဆင်ပြေလာရခြင်း ဖြစ်သည်ဟု တွေးမိလေ၏။

အမှန်တော့ စတီးမင်းသည် စိတ်အေး နားအေး နေတတ်သော သဘော ၍ သာမန် အသေးအဖွဲ ကိစ္စများကို သိပ်ပြီး ဂရုပြုတတ်သူ မဟုတ်ပေ။ ယခု မေရီ၏ ကိစ္စတွင် သူ့ဘက်ကသာ ခပ်အေးအေး ခပ်ပေါ့ပေါ့ လုပ်လိုက်မိပါက က်ခံ၍ ကုသပေးတော့မည် မဟုတ်ပေ။ သူ့အပေါ်တွင် လေးစား ခင်မင် ရှိနေခြင်းနှင့် သူက ဖွတ်အတင်း တိုး၍ ပြောနေသည်ကို အားနာခြင်း ကြောင့်


www.burmeseclassic.com

www.burmeseclassic.com

များကြောင့်သာ မေရီကို လက်ခံ ကုသပေးခဲ့ခြင်း ဖြစ်ပေ၏။

မည်သို့ပင် ဖြစ်စေ မေရီ့ ရောဂါ အတွက် များစွာ စိတ်အေး နားအေး ဖြစ်သွားရသဖြင့် သူသည် ဝမ်းမြောက် ဝမ်းသာ ဖြစ်လျက် ရှိလေသည်။

စောစောပိုင်းက သူ၏ အလျင်စလို နိုင်မှုကြောင့် မေရီခမျာ ခေတ်မမီ တော့သည့် ဆေးရုံပေါ်သို့ ရောက်သွားခဲ့ရ၏။ ထို့ကြောင့်လည်း အချိန်ကုန် လူပန်း ဖြစ်ခဲ့ရသလောက် မေရီ့ ရောဂါ ဝေဒနာကတော့ မသက်သာခဲ့ပေ။ သူ မှာလည်း စိတ်မချမ်းမမြေ့ ဖြစ်ခဲ့ရ၏။ ယခုတော့လည်း သူ့ အစီအစဉ်များမှာ များစွာ အဆင်ပြေခဲ့ရုံမျှမက မေရီ၏ ရောဂါ သက်သာ ပျောက်ကင်းဖို့ လည်း အလားအလာ များစွာ ကောင်းနေပေသည်။

မေရီအား ကုသပေးရသည့် ကုန်ကျစရိတ် ပေးရန် ကိစ္စကိုမူ စတီးဗင် နှင့် မဆွေးနွေးခဲ့ရသေးပေ။ မေရီ၏ ဖခင် ကွန် ဘိုလန်သည် ကျသင့်ငွေ ပေးနိုင်မည့် အခြေအနေ မရှိရာကြောင်း သူ ကောင်းစွာ သိ၏။ သို့ဖြစ်ရာ မေရီ အတွက် ကုန်ကျစရိတ် မှန်သမျှကို မိမိကသာ ပေးမှ ဖြစ်မည် ဟူသော အချက် ကို သူ ကောင်းစွာ နားလည်ထားလေသည်။

သူသည် မေရီ အတွက် ပေးရမည့် ဆေးဝါးကုသမှု ကုန်ကျစရိတ် ရေး ကိစ္စကို ကြီးလေးသော တာဝန်ကြီး တစ်ခုဟု မယူဆချေ။ သူ ပြုသင့် ပြုထိုက် ၍ ပြုခွင့်ရလာသည့် ကောင်းမှု တစ်ခုဟုသာ ယူဆထားလေသည်။

တကယ်ဆိုတော့ သူသည် တစ်ပါးသူ၏ အကျိုးစီးပွားကို လုံးဝ ဂရု မပြုဘဲ မိမိ တစ်ဦးတည်း ကောင်းစားရေးကိုသာ ရှေးရှု၍ ထင်ရာ မြင်ရာ လုပ် လာခဲ့သည်မှာ ကြာပေပြီ။ ယခုတစ်ကြိမ်သည် ပထမဦးဆုံး အကြိမ် သူတစ်ပါး ၏ ကောင်းကျိုးကို ထိရောက်စွာ ဆောင်ရွက်ခွင့် ရခြင်း ဖြစ်သဖြင့် သူ့အတွက် တန်ဖိုး မဖြတ်နိုင်သော အခွင့်အရေး တစ်ရပ်ဟုပင် ခံယူ ထားခဲ့ပေသည်။ ယခု ရလာသည့် အခွင့်အရေးသည် သူ ပြုမိခဲ့သမျှသော မကောင်းမှုများကို ချေဖျက် နိုင်ရန် အတွက် လမ်းစပွင့်လာခြင်း ဖြစ်သည်ဟုပင် အလေးအနက် ယုံကြည် ထားလေ၏။

သူသည် အေးငြိမ်း သာယာသော ညနေခင်း၏ အရသာကို ခံရင်း ကားကို ဖြည်းဖြည်းသာသာပင် မောင်းခဲ့သည်။ ဆရာမ ရုပ်ကတော့ ကားနောက် ထဲတွင် ထိုင်လျက် ပါလာသော်လည်း စကားလေး တစ်ခွန်းမျှပင် ပြောဆို မရချေ။ သူ ကိုယ်တိုင်ကလည်း သူ့အတွေးနှင့် သူမို့ ဆရာမ ရုပ် ပါလာသည် ဟုပင် သတိမရပေ။





လန်ဒန်မြို့တွင်းသို့ ဝင်လာသည့် အခါတွင်မှ ဘယ်နေရာတွင် ကား ရပ်ပေးရမည်ကို ရုပ်အား မေးမိလေတော့၏။ ရုပ်၏ ဆန္ဒအတိုင်း သူ့အား ဓာတ်တင်းဟစ်လ် ဘူတာ၌ ချပေးခဲ့လေ၏။

သူသည် ဆရာမ ရုပ်အား ကားပေါ်မှ မြန်မြန် ချပေးခဲ့ရသည့် အတွက် ဝမ်းမြောက် ဝမ်းသာ ဖြစ်လိုက်မိသေး၏။ တကယ်တော့ ရုပ်သည် သူနာပြု ဆရာမကောင်း တစ်ဦး ဖြစ်သော်လည်း အလွန် စိတ်နေ သဘောထား မမှန် သော အမျိုးသမီး တစ်ဦး ဖြစ်ပေသည်။ အခုတစ်မျိုး တော်ကြာ တစ်မျိုး လုပ် တတ်သော ဉာဉ် ရှိခြင်းကြောင့် ယုံကြည် ကိုးစား ထိုက်သူ တစ်ဦး မဟုတ်ပေ။ ပြီးတော့လည်း ဘာကြောင့်ရယ် မသိ၊ ရုပ်သည် သူ့အပေါ်တွင် ခင်ခင်မင်မင် ရှိလှပေ။ အလုပ်အတူ တွဲ၍ လုပ်ကိုင်လာခဲ့သည်မှာ ကြာပြီ ဖြစ်သော်လည်း ခင်မင် ရင်းနှီးသည့် လက္ခဏာ မပြချေ။ မည်သို့ပင် ဖြစ်စေ ရုပ်၏ ယခုလ အတွက် လစာ အကျန်ကို မနက်ဖြန် မနက်မှာပင် စာတိုက်မှ ပို့ပေးလိုက် တော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။

သူနှင့် ဆရာမ ရုပ်တို့ ထိုနေ့က တွေ့ရခြင်းသည် နောက်ဆုံး တွေ့ရခြင်းပင် ဖြစ်၏။ နောက်ပိုင်းတွင် သူနှင့် ဆရာမ ရုပ်တို့ မဆုံမိကြတော့ ပေ။

ပက်ဒင်တန် လမ်းအတိုင်း ကားကို မောင်း၍ ဝင်လာမိသည့် အချိန် တွင် သူ၏ စိတ်ထဲ၌ ထူးခြားသော ခံစားမှု တစ်ခု ဝင်လာလေ၏။ ထိုလမ်း အတွင်းရှိ ဗစ်ဒလား၏ ဆိုင်ရှေ့မှ ဖြတ်တိုင်း ပေါ်လာတတ်သည့် ခံစားမှုပင် ဖြစ်ချေသည်။

သူ၏ မျက်လုံးများသည် ‘ခေတ်သစ် လီမိတက်’ ဟူသော ဆိုင်းဘုတ် ကို မြင်နေရလေသည်။ ဆိုင်လက်ထောက် တစ်ဦးသည် ယင်းလိပ်များကို ဆွဲ ချလျက် ရှိ၏။ မြင်တွေ့လိုက်ရသည့် ရှုခင်းမှာ ဘာမှ မပြောပလောက်သော် လည်း သူ့ အနေဖြင့်မူ ဗစ်ဒလားကို သတိရစေသည့် အထိမ်းအမှတ် တစ်ခု သဖွယ် ဖြစ်နေသဖြင့် တစ်ကိုယ်လုံး အေးခနဲ ဖြစ်သွားရလေ၏။

သူသည် စိတ်ကို တင်း၍ ကားကို ဆက်မောင်းလာခဲ့၏။ မကြာခင်မှာ ပင် ချက်စဘောရီး ရပ်ထဲသို့ ဝင်လာခဲ့သည်။ သူသည် ကားကို ကားခုံထဲသို့ မောင်းသွင်းထားခဲ့ပြီး အိမ်ထဲသို့ ဝင်လာခဲ့သည့် အချိန်တွင် အလွန် ဆန်းကြယ် အလွန် ထူးဆန်းသော ဝမ်းနည်းစိတ်သည် သူ့အား စိုးမိုးလျက် ရှိသည်ကို သူ သဘောထားနေမိလေ၏။


www.burmeseclassic.com

www.burmeseclassic.com

ခရစ္စတီကတော့ ညှော့ခန်းထဲမှနေ၍ သူ့အား ဝမ်းမြောက်ဝမ်းသာ ဆီး ကြိုရှာလေသည်။ အင်ဒရူး၏ စိတ် ဘယ်လိုဖြစ်လာသည်ကိုလည်း သတိမပြု နိုင်ရှာပေ။ သူမတွင် ရှိနေသည့် ဝမ်းသာစရာ သတင်းများကို အင်ဒရူးအား ပြောပြဖို့သာ ဆန္ဒစောလျက် ရှိရှာ၏။ သူမ၏ ချစ်စရာ ကောင်းလှသော မျက် လုံး အစုံသည် ဝမ်းသာစရာ သတင်းများကြောင့် ဝင်းလက် တောက်ပလျက် ရှိလေ၏။

'ရောင်းပြီးပြီ'

သူမက ဝမ်းသာအားရနှင့် အဖျားဆွတ်၍ ပြောလိုက်သည်။

'အရောင်းအဝယ် ကိစ္စ ပြီးသွားပြီ၊ သူတို့လေ ကို ပြန်အလာကို စောင့် နေကြသေးတယ် သိလား၊ စောင့်ရင်း စောင့်ရင်းနှင့် သိပ်နောက်ကျလာလို့ ပြန်သွားကြတာ၊ ပြန်တာတောင် သိပ်မကြာသေးဘူး၊ အခုလေးတင် ပြန်သွား ကြတာ၊ သူတို့ ဆိုတာ ဒေါက်တာ လောရီးနှင့် သူ့မိန်းမကို ပြောတာ'

ပြောနေရင်းက သူမ၏ ရှေ့လောတကြီးနိုင်မှုနှင့် ဆန္ဒစောမှုကို သဘော ကျကာ တစ်ချက် ရယ်လိုက်လေသည်။

'ဒေါက်တာ လောရီးက သိပ် စိတ်ပူတတ်တာပဲ၊ ဆေးခန်းဖွင့်ချိန်မှာ ကို မရှိလို့ သူ စိတ်ပူနေသေးတယ်၊ နောက်တော့လည်း သူကိုယ်တိုင် ထိုင်ပြီး လုပ်သွားပါတယ်၊ ကျွန်မ သူတို့ကို ညလယ်စာ ကျွေးလွှတ်လိုက် သေးတယ်၊ ကျွန်မတို့ စကားထိုင်ပြောနေကြတာ အကြာကြီးပဲ၊ မစ္စစ် လောရီးက ဆိုရင် ကို လမ်းမှာ မော်တော်ကား တိုက်မှုတွေ ဘာတွေများ ဖြစ် နေလားလို့နှင့် စိတ်ပူနေသေးတယ်၊ ကြာတော့ ကျွန်မလည်း စိတ်ပူလာတယ် ဒါပေမဲ့ အခု ကို ပြန်ရောက်လာပြီ၊ ဘာမှ မဖြစ်ဘူး၊ တော်ပါသေးရဲ့၊ မနက်ဖြန် မနက် ဆယ့်တစ်နာရီမှာ မစ္စတာ တားနားရဲ့ ရုံးခန်းကို သွားပြီး စာချုပ် လက်မှတ် ထိုးရမယ်၊ အို ကျွန်မ မေ့နေလိုက်တာ၊ ဒေါက်တာ လောရီးက မစ္စတာ တားနားကို စရန်ငွေ ပေးသွားပြီတဲ့ သိလား'

အင်ဒရူးသည် စကား အမျှင် မပြတ်အောင် ပြောနေသော သူမ၏ နောက်မှ ကပ်၍ အိမ်ရှေ့ခန်းထဲသို့ လိုက်သွားသည်။ ဒေါက်တာ လောရီး၏ လင်မယား ညလယ်စာ စားသွားသည့် စားပွဲမှာ ရှင်းပြီးစပင် ရှိသေးသည်။

ခရစ္စတီထံမှ ကြားရသည့် သတင်း အတွက် သူ ဝမ်းသာမိသည်မှာ အမှန်ပင် ဖြစ်၏။ သူ့ ဆေးခန်းကို မြန်မြန် ရောင်းရလေ ကောင်းလေဟု သူ ယူဆသည်။ သို့သော် လောလောဆယ် စောစောက ဖြစ်ပေါ်လာခဲ့သည့်





စိတ်ကူး၏ ထူးခြားသော ခံစားမှုကတော့ ဝမ်းသာစရာ သတင်းကြောင့် ပျောက်ကွယ်၍ မသွားသေးချေ။

'အခုလို မြန်မြန် ရောင်းလိုက်ရတာ မကောင်းဘူးလားဟင်'

ခရစ္စတီသည် အင်ဒရူး၏ အဖြစ်ကို မရိပ်မိဘဲ မေးမြန်းလေသည်။

'မြန်မြန်ဆန်ဆန် ရောင်းလိုက်ရတော့ ကို လုပ်စရာ ရှိတာတွေ မြန် မြန် လုပ်နိုင်တာပေါ့၊ မဟုတ်ဘူးလား၊ ဒေါက်တာ လောရီးကိုလည်း အကြာ ကြီး စောင့်ပြီး ကူညီပေးနေဖို့လည်း လိုမယ် မထင်ပါဘူး၊ အို ကျွန်မလေ ကို မရောက်ခင် ထိုင်ပြီး စဉ်းစားနေလိုက်တာ အများကြီးပဲ၊ ကျွန်မတို့ စီစဉ်ထား တဲ့ အလုပ်တွေ မစခင် ဗေးအန်ဒရီးကို ဒုတိယအကြိမ် ထပ်သွားပြီး အပန်း ဖြေရင် ကောင်းမလား၊ အဲဒီ နေရာလေးဟာ သိပ် ချစ်စရာ ကောင်းတဲ့ နေရာ လေးပဲနော်၊ ပြီးတော့'

ခရစ္စတီသည် ကရားရေလွှတ် တတွတ်တွတ် ပြောနေရာမှ တွေတွေ ငေးငေး ဖြစ်နေသော အင်ဒရူး၏ မျက်နှာကို တအံ့တဩ ကြည့်နေသည်။

'ဟင် ဘာများ ဖြစ်လာလို့လဲ အချစ်ရယ်'

ထိုအခါမှပင် အင်ဒရူးသည် သတိပြန်၍ ဝင်လာကာ ပြုံးဖော် ရယ်ဖော် ရသည်။

'အို... အို၊ ဘာမှ မဖြစ်ပါဘူး၊ ဘာမှ မဖြစ်ပါဘူး၊ နည်းနည်း ပင် ပန်းလာလို့ပါ၊ ပြီးတော့ ကို ထင်တာ အခုထိ ညစာ မစားရသေးလို့'

'ဘာရယ်'

ခရစ္စတီက တအံ့တဩ ရေရွတ်သည်။

'ကို အခု အချိန်ထိ ညစာ မစားရသေးဘူး ဟုတ်လား၊ ဖြစ်မှ ဖြစ်ရ လေကွယ်၊ ခရစ္စတီက ဘလီးဗီးက မထွက်ခင် စားလာမယ် ထင်တာ'

သူမက အခန်းတွင်းသို့ တစ်ချက် ဝေ့ကြည့်လိုက်သည်။

'အားလုံး သိမ်းဆည်းပြီးနေပြီ၊ မစ္စက် ဘင်းနက်တို့ကိုလည်း ရုပ်ရှင် ကြည့် လွှတ်လိုက်ပါတယ်'

'ကိစ္စ မရှိပါဘူးကွယ်၊ ရပါတယ်'

'အို... ဘာကြောင့် ကိစ္စ မရှိရမှာလဲ၊ ကို ဆာလှရောပေါ့၊ ဒါကြောင့် မို့ ဆေးခန်း ရောင်းရပြီလို့ ကျွန်မ ပြောလိုက်တုန်းက ကို ဝမ်းသာအားရ ဖြစ်ပြီး ထမခုန်တာကိုး၊ ကဲ ကို၊ ဒီမှာ တစ်မိနစ်လောက်ပဲ ထိုင် စောင့်၊ ခရစ္စတီ ယူလာခဲ့မယ်၊ ကို စားချင်တာကော ဘာများ ရှိလဲ၊ ကျွန်မ ဟင်းချိုလေး



www.burmeseclassic.com

www.burmeseclassic.com

ခွက် လုပ်ပေးမယ်၊ ပြီးတော့ ကြက်ဥ ကြော်ပေးမယ်၊ နောက်ပြီး ကို ဘာများ စားချင်သလဲ'

အင်ဒရူးက စဉ်းစားသည်။

'ကြက်ဥကြော်... ကောင်းသားပဲ၊ တခြားတော့ ဒုက္ခရှာပြီး ဘာမှ လုပ် မနေနှင့်တော့၊ ပြီးတော့ကာ ဒိန်ခဲ နည်းနည်း ရရင် တော်ပြီ'

ခရစ္စတီသည် အင်ဒရူး အတွက် ညစာကို အပြေးအလွှား စီစဉ်သည်။ မကြာခင်မှာပင် ကြက်ဥကြော် ပန်းကန် တစ်ချပ်၊ ပေါင်မုန့်၊ ဘီစကွတ်၊ ထောပတ်နှင့် ဒိန်ခဲ ပန်းကန်များ တင်ထားသော လင်ဗန်း တစ်ချပ်နှင့် ပြန် ရောက်လာပြီး စားပွဲပေါ် ချသည်။ အင်ဒရူးက ကုလားထိုင် တစ်လုံးကို ဆွဲ ကာ ဝင်ထိုင်သည်။ ခရစ္စတီသည် အနီးရှိ ဗီရိုထဲမှ ဘီယာအေး တစ်လုံး ထုတ် ယူလိုက်လေသည်။

ခရစ္စတီသည် အင်ဒရူး ညစာ စားနေသည်ကို အချစ်ရည် လွှမ်းသော မျက်လုံးများဖြင့် ကြည့်နေလေသည်။

'ကို သိတဲ့ အတိုင်းပဲ၊ ခရစ္စတီ မကြာ မကြာ တွေးမိတယ် သိလား၊ ခရစ္စတီတို့ စီဖန်ရီးမှာသာ နေကြမယ် ဆိုရင် မီးဖိုချောင် တစ်ခုနှင့် အိပ်ခန်း တစ်ခန်းပဲ ရှိမယ်၊ ဒါဆိုရင် ခရစ္စတီတို့ နှစ်ယောက် အတွက် ပြည့်စုံ လုံ လောက် သွားတာပဲ၊ အထက်တန်းစား ဘဝဟာ ခရစ္စတီတို့ စိတ်နှင့် အံဝင် ခွင်ကျ မဖြစ်ပါဘူးကွယ်၊ ခရစ္စတီတော့လေ တကယ့် အလုပ်သမား တစ် ယောက်ရဲ့ ဇနီးသည် ဘဝ ပြန်ရောက်တော့မှာမို့ ပျော်မိတာ အမှန်ပဲ'

အင်ဒရူးသည် ကြက်ဥကြော်ကို တမြုံ့မြုံ့ ဝါးသည်။ အစာ စားလိုက်တော့ သူ့စိတ်သည် စောစောကနှင့် မတူတော့ပေ။ ကြည်လင် လန်းဆန်းလာသည်။

ခရစ္စတီကတော့ သူ့စိတ် ပျော်ရွှင်လာလျှင် လုပ်တတ်သည့် ဝါသနာ အတိုင်း စားပွဲပေါ် လက်တင်၍ မေးထောက်ထိုင်ကာ ပြောစရာတွေ မကုန် သေးသည့်အလား စကားဆက်ပြန်လေ၏။

'အချစ်ရယ်၊ ခရစ္စတီလေ အခုတလော ဖြစ်ခဲ့ပြီးတာတွေကို ပြန်ပြီး စဉ်းစားမိတယ်၊ တစ်ချိန်ကတော့ဖြင့် ခရစ္စတီရဲ့ စိတ်ဟာ အမြဲတမ်း တင်း ကျပ်နေတာပဲ၊ အကျဉ်းကျ နေသလိုပဲ၊ ဘာတစ်ခုမှ ပွင့်ပွင့်လင်းလင်း မရှိခဲ့ ဘူး၊ ကို အမြင်မှန်ရလာပြီး တစ်ယောက်နှင့် တစ်ယောက် နားလည်မှု ပြန် ရှိလာတာနှင့် အစ်ပြိုင်နက် မှောင်ကြီးကျသလို ဖြစ်နေသမျှတွေဟာ အကုန် ပျောက်သွားရော၊ ဒီ လူတန်းစားကလည်း တစ်ဆိတ်တော့ လွန်လွန်းပါတယ်၊





သူတို့အနေနှင့် ကိုရဲ့ ပေါင်ပေါ် တက်ထိုင် နေရတာတောင်မှ အားမရနိုင် ကြသေးဘူး၊ ခရစ္စတီတို့ အေဘာရာလောမှာ နေခဲ့ကြတာ မှတ်မိသေးတယ် မဟုတ်လား၊ ခရစ္စတီတော့ ဘယ်တော့မှ မမေ့ဘူး၊ ခရစ္စတီရဲ့ အသည်းနှလုံး ထဲမှာ အမြဲ ရှင်သန်လျက်ပဲ သိလား၊ အင်မတန် ခက်ခဲ ကြမ်းတမ်းတဲ့ ဘဝ ခရီးကို အတူတူ လက်တွဲပြီး လျှောက်ခဲ့ကြရတဲ့ အဖြစ်တွေတာ မေ့စရာ ကောင်းတာမှ မဟုတ်ဘဲ၊ ခရစ္စတီ ပြောတာ မဟုတ်ဘူးလားဟင်၊ ဟော အခု လည်း ခရစ္စတီတို့ အတွက် ဟိုတုန်းက ဘဝမျိုးနှင့် ရင်ဆိုင်ရတော့မယ်၊ ဒါ ဟာ ခရစ္စတီတို့ရဲ့ ဘဝပါ အချစ်ရယ်၊ ခရစ္စတီဖြင့်လေ အဲဒါကို တွေးလိုက် မိတိုင်း အို... သိပ်ပျော်တာပဲ'

အင်ဒရူးက သူမ၏ ချစ်စရာ၊ သနားစရာ မျက်နှာကို ကြင်နာစွာ ကြည့်သည်။

'ခရစ္စတီ တကယ်ပဲ ပျော်သလားဟင်'

ခရစ္စတီသည် သူ၏ နှုတ်ခမ်းကို တယုတယနှင့် အသာလေး ငုံလိုက် သည်။

'ခရစ္စတီရဲ့ ဘဝ တစ်သက်တာမှာ အခု တဒင်္ဂ အချိန်ကလေးလောက် ပျော်စရာ ကောင်းတာနှင့် မရှိခဲ့ပါဘူး ကိုရယ်၊ ယုံပါ'

ခဏမျှ ငြိမ်ဆိတ်သွားလေသည်။

အင်ဒရူးသည် ဘီစကွတ်မုန့်ကို ထောပတ်သုတ်ပြီး ဒိန်ခဲ ပန်းကန်ကို ငှဲ့လိုက်၏။ ပန်းကန်ထဲတွင် သူ အင်မတန် ကြိုက်သည့် လစ်ပတေးယား ဒိန်ခဲ ရှိလိမ့်မည် ဟူသော မျှော်လင့်ချက်ဖြင့် ဖွင့်လိုက်ခြင်း ဖြစ်၏။ ပန်းကန် ထဲတွင် မူကား ဒိန်ခဲ အစအနပင် မရှိတော့ပေ။ မစ္စက် ဘင်းနက် ဟင်းချက် ရာ၌ သုံးပစ်၍ ကုန်သွားဟန် တူ၏။ ခရစ္စတီသည် စိတ်မကောင်း ဖြစ်သွား လေ၏။

'ကနေ့ ဖရော ချမ်စ်ဒ်ဆိုင်ကို သွားမလို့ စိတ်ကူးသေးတယ်၊ မသွားဖြစ် ဖြစ်ခဲ့ဘူး'

'အို ကိစ္စ မရှိပါဘူး ခရစ္စတီရယ်၊ ဖြစ်ပါတယ်'

'ဘယ်ဖြစ်ရမလဲ ကိုရယ်၊ ကိုက အလုပ် ပင်ပန်းပြီး မောဟောနှင့် ပြန် ရောက်လာတယ်၊ ခရစ္စတီက ညစာလေးမှ အဆင်ပြေပြေ မကျွေးဘဲ ဘော်ဇွန် မလေး တစ်ယောက်လို စိတ်ကူးယဉ်ပြီး ထိုင်နေလို့ ဘယ်ဖြစ်ပါ့မလဲ၊ အလုပ် သမား တစ်ယောက်ရဲ့ မယားနှင့် တူအောင် လုပ်ရမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ခရစ္စတီသည် ထိုင်ရာမှ ထကာ နာရီကို တစ်ချက် ကြည့်လိုက်သည်။

'အချိန် ရှိသေးတယ်၊ ဆိုင် မပိတ်သေးခင် ပြေးဝယ်လိုက်မယ်'

'ဒုက္ခ မရှာနှင့်တော့ ခရစ္စတီ'

'ရပါတယ် အချစ်ရယ်၊ ခရစ္စတီက ကို ကြိုက်တာလေး ကျွေးချင်လို့ပါ။ ဖရော ချမစ်ဒ်ရဲ့ ဆိုင်က ဒိန်ခဲကို ကိုက ကြိုက်တယ်၊ ခရစ္စတီက ကို့ကို ချစ်တယ်'

အင်ဒရူး နောက်ထပ် မတားလိုက်နိုင်ခင်မှာပင် ခရစ္စတီသည် အခန်း အပြင်သို့ ရောက်သွားလေသည်။ ခန်းမကြီးထဲ ပြတ်လျှောက် သွားနေသည့် သူမ၏ ခြေသံ သွက်သွက်ကိုပင် ကြားနေရသည်။ အိမ်ရှေ့ တံခါးကို အသာ အယာ ပြန်၍ ပိတ်သွားသံကိုလည်း အတိုင်းသား ကြားလိုက်ရလေ၏။

အင်ဒရူး၏ မျက်လုံးအစုံဝယ် အပြုံးရိပ် သန်းနေပေသည်။ သူ့အတွက် ဆိုလျှင် မရမနေ၊ မဖြစ်မနေ လုပ်ကိုင်ပေးချင်တတ်သည်မှာ ခရစ္စတီ၏ အကျင့် ဖြစ်၏။ သူသည် ဘီစကွတ် တစ်ချပ်ကို ယူ၍ ထောပတ် သုတ်သည်။ ပြီးတော့ နာမည်ကြီး လစ်ပတေးယား ဒိန်ခဲနှင့် အတူ ပြန်ရောက်လာမည့် ခရစ္စတီကို စောင့်မျှော်လေ၏။

တစ်အိမ်လုံးမှာ တိတ်ဆိတ် ငြိမ်သက်လှပေသည်။ အောက်ထပ်တွင် ဖလော်ရီ တစ်ယောက်တည်း အိပ်မောကျနေ ပေလိမ့်မည်။ မစ္စက် ဘင်းနက် ကတော့ ရပ်ရှင်ရုံမှာ။ မစ္စက် ဘင်းနက်တို့ သားအမိက သူတို့ သွားရာသို့ လိုက်မည်ဟု ဆိုသည်။ ဝမ်းသာစရာပင်။ ယနေ့ မွန်းလွဲပိုင်းတွင် ကြုံခဲ့ရသည့် အတွေ့အကြုံအရ ဆိုလျှင် စတီးမင်းသည် အလွန် ထူးခြား၍ အလွန် တော်သည့် ပုဂ္ဂိုလ် တစ်ဦးဟု ဆိုရလိမ့်မည်။ မေရီ တစ်ယောက် မကြာခင် ရောဂါ ပျောက်ပေတော့မည်။ ယနေ့ ရှာသည့် မိုးသည် ထူးခြားလှပေ၏။ မွန်းလွဲပိုင်းတွင် တိတ်သွားပုံမှာလည်း အံ့ဩဖွယ် ကောင်းလှ၏။ အပြန်ခရီးတွင် သူ ဖြတ် သန်း လာခဲ့ရသည့် ကျေးလက်ဒေသ၏ မြင်ကွင်းသည် သာယာလှ၏။ ငြိမ် ဆိတ်လှ၏။ သန့်စင်လှ၏။ ချစ်စဖွယ် ကောင်းလှ၏။ ခရစ္စတီသည် မဝေးကွာ လှသော အချိန်တွင် သူမ မြတ်နိုးသည့် ပန်းဥယျာဉ်ကို ပိုင်ဆိုင်ခွင့် ရပေတော့ မည်။ သူရယ် ဒင်နီနှင့် ဟုတ်ပ်ရယ်... ပြီးတော့ တခြားသင့်ရာ ဆရာဝန် နှစ် ဦး၊ စုစုပေါင်း ဆရာဝန် ငါးဦး မတ်ဒဲလ်တောင်း မြို့တွင် ဆုံမိကြဦးတော့မည်။

သူသည် တွေးမိ တွေးရာ လျှောက်၍ တွေးနေရင်းက ထောပတ်သုတ် ထားသည့် ဘီစကွတ် တစ်ချပ်ကို အမှူမဲ့ အမှတ်မဲ့ ကောက်၍ ဝါးနေမိ၏။





ခရစ္စတီ မြန်မြန် ပြန်ရောက်မလာပါက အစာ ဆက်စားချင်စိတ် ပျောက်သွား မည်ကို စိုးရ၏။ နည်းနည်းတော့ စားထားမှ...။

အခုလို ကြာနေပုံထောက်တော့ ခရစ္စတီသည် ဖရော ချမစ်ဒ်နှင့်များ စကား ကောင်းနေကြလေသလား။ ဖရော ချမစ်ဒ်သည်လည်း အလွန် သဘော ကောင်းသော အမျိုးသမီးကြီး တစ်ဦးပင် ဖြစ်သည်။ သူ ဆေးခန်းဖွင့်စက ဆို လျှင် သူ့ ဆေးခန်းသို့ လူနာ များများ လာစေချင်သော စေတနာ ထားခဲ့ရှာ ၏။ သူမ၏ မိတ်ဆွေများကို သူ့ ဆေးခန်းသို့ လွှတ်ပေးခဲ့ရှာ၏။ အကယ်၍ သူကသာလျှင် ဆေးခန်း အလုပ်ကို လုပ်ရာ၌ ရိုးရိုးသားသား သိက္ခာရှိရှိနှင့် လုပ်သွားခဲ့ပါမူ...။

အို... ဒါတွေကို ထပ်၍ တွေးနေစရာ မလိုတော့။ အခုချိန် ရောက်မှ တော့ လွန်ခဲ့ပြီးသမျှများကို ပြန်၍ တွေးတောကာ နောင်တရနေဖို့ အကြောင်း မရှိတော့ပြီ။ သူနှင့် ခရစ္စတီတို့မှာလည်း ယခင်ကလိုပင် ကြင်ကြင်နာနာ ရှိနေ ကြပြီ။ ပျော်ပျော်ရွှင်ရွှင် ရှိနေကြပြီ။ လွန်ခဲ့သော တစ်မိနစ်ခန့် အချိန်က ခရစ္စတီ ပြောသွားသမျှကို နားထောင်ခဲ့ရသည်မှာ မည်မျှ စိတ်ချမ်းသာစရာ ကောင်းပါသနည်း။

သူသည် စီးကရက် တစ်လိပ်ကို မီးညှိလေ၏။

ထိုအခိုက်မှာပင် အိမ်ရှေ့ တံခါးဆီမှ ညှော်ကြို့ ခေါင်းလောင်းသံသည် ပြင်းထန်စွာ မြည်လာသည်။ သူသည် ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီး လက်ထဲ မှ စီးကရက်ကို ပြာခွက်ထဲသို့ ချထားခဲ့ကာ အိမ်ရှေ့ခန်းမဆီသို့ ထသွား လေ၏။ နောက်တစ်ကြိမ် ခေါင်းလောင်းသံ ထွက်မလာမီ သူသည် အိမ်ရှေ့ တံခါးကို ဖွင့်ပြီးသား ဖြစ်နေလေ၏။

တံခါး ပွင့်သွားသည်နှင့် တစ်ပြိုင်နက် အပြင်ဘက်တွင် ရှိနေသည့် ကုန်လှုပ် ချောက်ချားဖွယ်ရာ မြင်ကွင်းကို သူ သတိပြုလိုက်မိသည်။ ပလက် ဖောင်းပေါ်တွင် ရပ်နေသော လူစုလူဝေးမှာ နည်းနည်းနောနော မဟုတ်ပါ ကလား။

အမှောင်ထု အောက်ဝယ် မသဲမကွဲ လှုပ်ရှားနေသော ဦးခေါင်းများ မျက်နှာများသည် ရှုပ်ထွေး များပြားလှစွာ၏။

ဘာ့ကြောင့်များပါလိမ့်။

သူသည် 'ဘာဖြစ်လာကြလို့ပါလိမ့်' ဟူသော အတွေးဖြင့် ခေါင်း ခြင်းနိုက်မှာပင် ခေါင်းလောင်းကို ဆွဲခဲ့သော ရဲသားသည် ရှေ့သို့ တိုးရှေ့



www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိလာသည်။ ရဲသားမှာ မျက်နှာစိမ်း မဟုတ်ပေ။ ဖရော ချမစ်ဒ်၏ ဆိုင် အနီးရှိ မီးပွိုင့်တွင် တာဝန်ကျသည့် သူ၏ မိတ်ဆွေ ရဲသားကြီး စထရူးသား ပေတည်း။ အံ့ဩစရာ ကောင်းသည်ကား သူ့အား အလန့်တကြားနှင့် ကြည့် နေသော စထရူးသား၏ မျက်လုံးများပေတည်း။

'ဒေါက်တာ'

စထရူးသား၏ အသံမှာ အပြေးအလွှား အမောတကော လာခဲ့ရသဖြင့် အသက်ပင် မှန်မှန် မရှူနိုင်သည့် လူတစ်ယောက်၏ အသံမျိုး။ တုန်လှု ချောက်ချားမှုကလည်း အပြည့်။

'ဒေါက်တာ့ ဇနီး ဒဏ်ရာ ရလာတယ်၊ သူက ပြေးလာတာ အို ဘုရား ... ဘုရား၊ သူ ဆိုင်ထဲက ပြေးထွက်လာပြီး ဘတ်စကား ရှေ့က အဖြတ်မှာ'

အင်ဒရူး၏ တစ်ကိုယ်လုံးသည် ရေခဲတုံး သဖွယ် အေးစက်သွားလေ သည်။ ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်းနှင့် ချောက်ချားခြင်းတို့သည် သူ၏ လည်မျိုအား ဆွဲညှစ်ထားလေသည်။ ခဏချင်း အတွင်းမှာပင် ခန်းမကြီးထဲ လူတွေနှင့် အပြည့် ဖြစ်သွားလေ၏။

ဝမ်းနည်းပက်လက် ငိုကြွေးနေသော ဖရော ချမစ်ဒ်၊ ဘတ်စကား လက် မှတ်ရောင်း တစ်ဦး၊ မျက်နှာစိမ်း ရဲသား တစ်ယောက်။ သူတို့နောက်ဝယ် အားလုံး မျက်နှာစိမ်းများ။ သူတို့ အားလုံး တိုးဝှေ့ကာဖြင့် ရှေ့သို့ ရောက် လာကြလေလေ သူသည် နောက်သို့ ဆုတ်ပေးရလေသည်။

လူစု လူဝေးကြားမှ ဖြတ်၍ လူနှစ်ယောက်သည် တစ်ယောက်သော သူကို ပွေ့ချီ၍ သယ်ယူလာကြသည်။ သူတို့ လက်ထဲမှ လူမှာ တခြားသူ မဟုတ်။ ခရစ္စတီ... ခရစ္စတီ။

ခရစ္စတီ၏ ဦးခေါင်းသည် နောက်ဘက်သို့ လန်ကာ တွဲလောင်းကျ လျက် ရှိလေသည်။ ချစ်စဖွယ် ကောင်းသော လည်တိုင် ကြော့ကြော့ ဖြူ ဖွေးဖွေးသည် သူ့အလကို လှစ်၍ ပြနေပေသည်။ ခရစ္စတီ၏ ဘယ်ဘက်လက် သည် ဖရော ချမစ်ဒ်၏ ဆိုင်မှ ဝယ်လာခဲ့သည့် ဒိန်ခဲထုပ်ကလေးကို တင်းကျပ် စွာ ဆုပ်ထားဆဲ။

သူတို့သည် ခရစ္စတီ၏ ကိုယ်ခန္ဓာကို ဆေးခန်း အတွင်းရှိ လူနာ အိပ် စင်ပေါ်သို့ အသာအယာ တင်လိုက်ကြလေ၏။

ခရစ္စတီ၏ ကိုယ်ခန္ဓာဝယ် အသက်ဝိညာဉ် ကင်းမဲ့လျက် ရှိလေပြီ။



[၂၀]

ပျော်လင့်သော အဖြစ်ကြောင့် အင်ဒရူး၏ ဘဝသည် ဖရိုဖရဲ ဖြစ်ကာ ပြိုကွဲ ပျက်စီးသွားခဲ့လေ၏။ သူသည် အရူးတစ်ယောက် သဖွယ် စိတ်လွတ် ကိုယ် လွတ် ဖြစ်သွားရလေ၏။ သူသည် ဘာကိုမှလည်း မသိ၊ ဘာကိုမှလည်း မမြင်၊ ဘာကိုမှလည်း မကြား၊ ဘာကိုမှလည်း စိတ်မဝင်စား၊ အသိဉာဏ် တရား လုံးဝ ကင်းမဲ့နေသည့် လူတစ်ယောက် သဖွယ် ဖြစ်ချင်တိုင်း ဖြစ်လျက် ရှိရ သော၏။

တစ်ခါတစ်ရံ သတိ ပြန်ဝင်လာသည့် အချိန်များတွင် သူ့အနီး၌ မစ္စက် ဘင်းနက်နှင့် ဒင်နီတို့ ရှိနေသည်ကို လည်းကောင်း၊ တစ်ကြိမ် နှစ်ကြိမ်ခန့် ဟုတ်ပ် ရောက်လာသည်ကို လည်းကောင်း သတိထားမိပါ၏။ ကျန်အချိန်များ တွင် မူကား သူ ဘာကိုမှ မသိချေ။ လုပ်စရာ ရှိလာလျှင်၊ လုပ်စရာ ပေါ်လာ လျှင် လုပ်ပေးလိုက်သည်။ မလုပ်မဖြစ်၍သာ လုပ်စရာ ရှိသည်များကို ထ၍ လုပ်ကိုင်ပေးနေသော်လည်း သူ၏ လှုပ်ရှားမှုများမှာ သံပတ် ပေးထား၍ လှုပ် ရှားနေရသည့် စက်ရုပ် တစ်ရုပ်၏ လှုပ်ရှားမှုမျိုးသာလျှင် ဖြစ်ပေသည်။

သူသည် ထမင်းလုံး တစ်ဆွေ ခြောက်ခံရသူလို ဖြစ်လျက် ရှိ၏။ ပျက် စီးသွားသလို ဖြစ်ရသော သူ့ဘဝမှ တစ်ပါး အခြား ဘာကိုမှ နားမလည် သော အဖြစ်သို့ ဆိုက်ရောက်လျက် ရှိ၏။ သူ့အတွက် တန်ဖိုး မဖြတ်နိုင်သော ဆုံးရှုံးမှုကြောင့် ဖြစ်ပေါ်လာရသည့် ပူဆွေး သောကမီးသည် သူ့အား ငြင်း ငြင်းစွာ ဖိစီး နှိပ်စက် လောင်ကျွမ်းလျက် ရှိသည်ဖြစ်ရာ မအိပ်နိုင်၊ မစားနိုင် ဘာမှမတွေးရာ တွေး၍ ငေးမိငေးရာ ငေးနေခြင်းဖြင့်သာ အချိန်ကုန်လျက် ရှိ သော၏။ တစ်ခါတစ်ရံ စိတ်မော လူမော ဖြစ်ကာ အိပ်ပျော်သွားပြန်သော်လည်း


www.burmeseclassic.com

www.burmeseclassic.com



တုန့်လှုပ် ချောက်ချားဖွယ်ရာ ကောင်းလှသော အိပ်မက်များကြောင့် လန့်နိုး လာရသည်သာ ဖြစ်၏။ လန့်နိုးလာပြန်တော့လည်း ရိုးရိုးတန်းတန်း နိုးလာ ခြင်း မဟုတ်ပေ။ ခေါ်ရွေးများ ပြန်လျက်၊ ရှိုက်ကြီးတငင် ငိုယိုလျက်၊ ထိတ် လန့်တကြား အော်ဟစ်လျက် နိုးလာခြင်းမျိုးသာ ဖြစ်လေသည်။

ခရစ္စတီ မတော်တဆ သေဆုံးသွားမှု အတွက် တရားရုံးမှ စစ်ဆေး မေးမြန်းနေသည့် မြင်ကွင်းသည် သူ၏ စိတ်အာရုံဝယ် အမြဲတစေ ထင်ဟပ်လျက် ရှိနေသည်။ သက်သေများကို တစ်ယောက်ပြီး တစ်ယောက် ခေါ်၍ စစ်ဆေး မေးမြန်းနေပုံမှာ မလိုအပ်တော့သည့် အရာ တစ်ခုကို အလုပ်မရှိ အလုပ်ရှာ၍ ရေးကြီးခွင်ကျယ် လုပ်နေသည်ဟုပင် သူ့စိတ်က ထင်မိလေ၏။

မည်သို့ပင် ဖြစ်စေ တရားရုံး ရှေ့မှောက်တွင် အစစ်ခံနေရှာသော ဖရော ချမစ်ဒ်၏ ရုပ်ပုံလွှာကိုမူကား သူ မေ့၍ မရပေ။ သူ၏ အသည်းနှလုံးတွင် စွဲထင် ကျန်ရစ်ခဲ့၏။ ထိုနေ့က သူသည် ဖရော ချမစ်ဒ်ကိုသာ စူးစူးစိုက်စိုက် ကြည့်နေခဲ့မိသည်။ ဖရော ချမစ်ဒ်၏ ပါးပြင် နှစ်ဖက်ဝယ် မျက်ရည်များသည် အဆက်မပြတ် စီးဆင်းလျက် ရှိ၏။

‘သူ ဆိုင်ထဲ ဝင်လာကတည်းက ရယ်လို့ မောလို့၊ ပျော်လို့ မြူးလို့ ပဲ၊ တကယ့် ကလေးလေး တစ်ယောက်လိုပဲ မြန်မြန် လုပ်စမ်းပါ မြန်မြန် ကျွန်မ ယောကျ်ား စောင့်နေလိမ့်မယ်လို့လည်း ကျွန်မကို ပြောပါတယ်၊ ပြီး တော့… ပြီးတော့’

အဆုံးကျတော့လည်း ဒေါက်တာ မေဆန် အတွက် အလွန် ဝမ်းနည်း ပါသည် ဟူသော စကားသည် အမှုစစ် အရာရှိ၏ နှုတ်ဖျားမှ လှိုက်လှိုက်လှဲလှဲ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

ပြီးဆုံးသွားချေပြီ။

ဘယ်သူတွေ ဘာတွေပဲ ပြောပြော၊ ဘာတွေပဲ လုပ်နေ လုပ်နေ ချ ဘဝကတော့ ဆုံးခဲ့ရလေပြီ။

သူသည် စက်ရုပ် တစ်ရုပ်ပမာ ငူငူငေးငေး ထိုင်နေရာမှ မတ်တတ် ထ ရပ်သည်။ ခဏမျှကြာသော် သူသည် ဒင်နီနှင့် အတူ ပလက်ဖောင်းပေါ်၌ လျှောက်သွားနေသည်ကို သတိပြုမိလာလေ၏။

ခရစ္စတီ၏ အလောင်းအား မည်သူတွေက တာဝန်ယူ၍ မည်သို့ ရှေ့ ပုံ ပြင်ဆင်ကြသည်ကိုလည်း သူ မသိ။ မည်ကဲ့သို့ သင်္ဂြိုဟ်ကြသည်ကိုလည်း ကောင်းစွာ သူ မမှတ်မိ။ ကယ်ဆယ်ဂရင်း သုသာန်သို့ ဦးတည်၍ သွားသော





သည့် မော်တော်ကားပေါ်ဝယ် သူ့ အတွေးများသည် ဟိုရောက် သည်ရောက် နှင့် ထွေးလုံး ရစ်ပတ် ဖြစ်ကာ ဦးခေါင်း တစ်ခုလုံး ချာချာလည်နေသည်ကို တော့ သတိရ၏။ ကုန်လွန်သွားခဲ့ပြီ ဖြစ်သော အတိတ်မှ ဖြစ်ရပ်များသည် သူ့ စိတ်အာရုံဝယ် ကြိုးကြား ကြိုးကြား ပေါ်လာလျက် ရှိသည်ကိုလည်း သူ မှတ် မိ၏။

သူနှင့် ခရစ္စတီတို့ နေခဲ့ကြသည့် ဗေးလ်ဒရူး ရှခင်းသာ အိမ်၏ နောက် ဘက်ရှိ တောင်ကုန်းပေါ်ဝယ် သုသာန် တစ်ခု ရှိရာ ထိုသုသာန် အတွင်းမှ အရောင်ကင်းမဲ့နေပြီ ဖြစ်သော အုတ်ဂူများကို မြင်ယောင်မိသည်။ ထို တောင် ကုန်း ထိုသုသာန် တစ်ဝိုက်၌ အမြဲတစေ ကျက်စားနေကြသော မြင်းပုကလေး များကိုလည်း သတိရ အောက်မေ့ တသခြင်း ဖြစ်မိသည်။

ခရစ္စတီသည် ထိုသုသာန် တည်ရာ၊ ထိုမြင်းပုကလေးများ ကျက်စားရာ တောင်ကုန်းကလေး အပေါ်တွင် သံယောဇဉ် အမျှင်တွယ်ခဲ့ရှာလေသည်။ နေ့ စဉ် နေ့တိုင်း ထိုကောင်ကုန်းပေါ် တက်၍ လမ်းမလျှောက်ဘဲ မနေနိုင်။ ထို တောင်ကုန်းပေါ် တက်၍ အုတ်ဂူတွေ ကြားတွင် လမ်းသလားရင်း သန့်ရှင်း လတ်ဆတ်သည့် လေပြည် လေညင်း၏ တိုးဝှေ့ ထိပါးမှုကို ခရစ္စတီသည် အလွန် မက်မော တွယ်တာခဲ့ရှာ၏။

အခုတော့ ခရစ္စတီသည် အလွန် အညစ်အကြေး ထူပြော၍ သန့်ရှင်း ခြင်ကြယ် လတ်ဆတ်သောလေ ကင်းမဲ့ရာ မြို့ကြီး တစ်မြို့၏ သုသာန် အတွင်း ၌ မြေအောက်ဝယ် လဲလျောင်း အိပ်စက်ခဲ့ရပေပြီ။

သူသည် ခရစ္စတီ ကားတိုက်ခံရသည့် ညက ပြင်းထန်လွန်းလှသော စိတ်ဝေဒနာ၏ အရိုက်အပုတ် အထုအထောင်း ဒဏ်ကို မခံမရပ်နိုင်လွန်း၍ အရက်ကိုသာ ဖိ၍ သောက်ခဲ့၏။ ဘာကိုမှ သတိမရလေ ကောင်းလေဟု သဘောထားကာ အရက်ကို အလွန်အကျွံ သောက်ခဲ့သည်။ သို့သော်လည်း သူ သောက်လိုက်သည့် ဝီစကီများသည် သူ မေ့လိုသည့် အရာများကို မေ့ပျောက် သွားအောင် မစွမ်းဆောင်နိုင်ခဲ့ချေ။ သူ့ကိုယ်သူ ဒေါသ ဖြစ်သည်ထက် ကြမ်း ကြုတ်အောင်သာ ဖန်တီးနိုင်စွမ်း ရှိသည်ကို တွေ့ရ၏။ ထိုညက သူသည် တစ်ည လုံး အခန်းထဲ၌ ခေါက်တုံ့ ခေါက်ပြန် လျှောက်ရင်း၊ တစ်ယောက်တည်း စကား ပြောရင်း၊ အော်ရင်း ဟစ်ရင်း သူ့ကိုယ်သူ အပြစ်တင်ရင်းနှင့်ပင် မိုး စင်စင် လင်းခဲ့ရလေသည်။

‘အခု ဖြစ်ခဲ့ရတဲ့ အဖြစ်ဟာ မင်းကြောင့် ဖြစ်ရတာ၊ မင်းမှာ အပြစ်



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးလို့များ ထင်နေသလားဟင်၊ မင့်မှာ အပြစ် ရှိတာပေါ့ကွာ၊ သိပ်ရှိတာ ပေါ့၊ ဒီအပြစ်က မင်း လွတ်မယ် ထင်နေသလား၊ ဟား ဟား ဟား… ဝေးပါ သေးတယ်ကွာ၊ မင်း မလွတ်ပါဘူး၊ မင်း မလွတ်ဘူး၊ မင်း အပြစ် အတွက် ထိုက်သင့်တဲ့ ဒဏ်ခတ်မှုကို မင်း ကိုယ်တိုင် တစ်နေ့မှာ ခံရမှာပဲ၊ ခရစ္စတီးမှာ ဖြစ်ခဲ့သမျှတွေဟာ မင့် အပြစ်ချည်းပဲ၊ မင့် အပြစ် မင်း ခံပေတော့၊ တစ်သက် လုံး ခံပေတော့၊ ခံပေတော့’

သူသည် အိမ်မှ ထွက်ကာ ဆီးနှင်း တဖွဲဖွဲ အောက်ဝယ် ဦးထုပ်ပင် မဆောင်းဘဲ လမ်းထိပ် အထိ လျှောက်သွားသည်။ ဇစ်ဒလား၏ ဆိုင်ရှေ့ လမ်း ဘေး ပလက်ဖောင်းပေါ်ဝယ် တမေ့တမော ရပ်ကာ ဇစ်ဒလား၏ ဆိုင်ကို မျှော် ငေးနေမိသည်။ ပြီးတော့ ပြန်လှည့်လာခဲ့လေ၏။ သူ့ပါးပြင် နှစ်ဖက်ဝယ် မျက် ရည်စများသည် တလိမ့်လိမ့် ဆင်းလျက် ရှိသည်။ သူ့နှုတ်မှလည်း တတွတ် တွတ်။

‘ဘုရားသခင်ကို ပြက်ရယ်ပြုလို့ မရဘူးတဲ့၊ သိပ်မှန်တဲ့ စကား၊ တစ် ခါတုန်းက ခရစ္စတီ ပြောခဲ့တယ်၊ ဟုတ်တာပေါ့၊ သိပ်ဟုတ်တာပေါ့၊ ဘုရား သခင်ကို ပြက်ရယ်ပြုလို့တော့ မရဘူး သူငယ်ချင်းတို့’

သူသည် ဒယီးဒယိုင်ဖြင့် အိမ်ပေါ်ထပ်သို့ တက်ခဲ့သည်။ အပေါ်ထပ် ရောက်ပြန်တော့ ဘာလုပ်ရမှန်း မသိ။ ယောင်တီး ယောင်ကန်း ဖြစ်နေရပြန် သည်။ ပြီးမှ ခရစ္စတီး၏ အခန်းတွင်းသို့ ဝင်ခဲ့မိသည်။

အခန်းမှာ ငြိမ်ဆိတ်သည်။ အေးမြသည်။ အသက် ဝိညာဉ်ကတော့ ကင်းမဲ့လျက် ရှိပေသည်။

မှန်တင်ခုံပေါ်ဝယ် ခရစ္စတီး၏ လက်ကိုင်အိတ်ကလေး တစ်အိတ်။

သူသည် လက်ကိုင်အိတ်ကို တယုတယ ကောက်ယူလိုက်ပြီး ပါးပြင် နှင့် ကပ်ထားလိုက်သည်။ ပြီးတော့ ဖွင့်ကြည့်လိုက်၏။

အိတ်ထဲဝယ် ကြေးနီပြားကလေးများ။ ငွေပြားကလေးများ။ ပြီးတော့ လက်ကိုင်ပဝါလေး တစ်ထည်နှင့် ပြေစာ စာရွက်ဟောင်းကလေး တစ်ရွက်။ နောက်ပြီးတော့ စာရွက်စာတမ်း အချို့။

စာရွက်စာတမ်းများ ကြားဝယ် ဒရင်းဖီးမှာ နေစဉ်က ရိုက်ခဲ့သည့် သူ ၏ ဓာတ်ပုံ တစ်ပုံကို တွေ့ရသည်။ ပြီးတော့ အေဘာရာလောမြို့ရှိ သူ့ လူနာ များထံမှ ပေးပို့ခဲ့သည့် ခရစ္စမတ်ကတ်များ။

ခရစ္စတီသည် ဤလက်ဆောင် ကတ်ပြားများကို နှစ်ပေါင်း များစွာ





ပျောက်မပျက်အောင် တမြတ်တနိုး သိမ်းထားခဲ့ချေသည်။

သူ့ အသည်းနှလုံးသည် ပြင်းထန်သော နာကျင်မှု ဝေဒနာကို တသိမ့် သိမ့် ခံစားလာရသည်။ သူ့ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာသည်။ သူ့ ဒူးများသည် ကွေးညွတ်၍ ကျသွားသည်။ သူသည် ခရစ္စတီး၏ အိပ်ရာဘေး ဝယ် ဒူးထောက်ထိုင်ကာ ကလေးငယ် တစ်ဦးသဖွယ် ရှိုက်ကြီးတငင် ငို ကြွေးလျက် ရှိလေ၏။

ဒင်နီသည် အင်ဒရူး တစ်ယောက် နေ့ရှိသမျှ၊ အချိန်ရှိသမျှ အရက် တွေ မတန်တဆ ဖိ၍ သောက်နေသည်ကို တားမြစ်ခြင်း မပြုချေ။ ဒင်နီသည် သူ့အနားတွင် နေ့စဉ်လိုလို ရှိသည်။ သူ့အနီးမှ တစ်ဖဝါးမှ ခွာသွားသည်ဟု မရှိချေ။ ဒင်နီ လာရခြင်းမှာ ဆေးခန်း အလုပ်ကြောင့် မဟုတ်ပေ။ ယခုအခါ တွင် ဆေးခန်း အလုပ်ကို ဒေါက်တာ လောရီးက တာဝန်ယူ၍ လုပ်ကိုင်နေပြီ ဖြစ်သည်။ လောရီးသည် လူနေတော့ တစ်နေရာတွင် နေပြီး ဆေးခန်းဖွင့်ချိန် နှင့် လူနာကြည့်ချိန်များကျမှသာ ဆေးခန်းသို့ လာလေသည်။

သူကတော့ သူ့ ပတ်ဝန်းကျင်တွင် ဘာတွေ ဖြစ်နေမှန်းလည်း မသိ။ ဘယ်သူတွေ လာ၍ ဘာတွေ လုပ်နေမှန်းလည်း မသိ။ သိချင်စိတ်လည်း မရှိ၊ သိအောင်လည်း မကြိုးစား။ သူသည် ဒေါက်တာ လောရီးနှင့်လည်း အတွေ့မခံ။

အိမ်ရှေ့ တံခါးဆီမှ ခေါင်းလောင်းသံ ကြားလိုက်ရလျှင် သူ့ တစ် ကိုယ်လုံး အေးခနဲ ဖြစ်သွားတတ်၏။ သူ့ အသည်းနှလုံးများသည် ကြေမွ ပျက်ပြုန်းကုန်ပလားဟု ထင်မှတ်ရ၏။ သူသည် ဧည့်ကြို ခေါင်းလောင်းသံကို မကြားချင်။ မကြားရဲ။ နားထောင်နိုင်စွမ်း မရှိ။ ခေါင်းလောင်းသံ ကြားလိုက် လျှင် အရူး တစ်ယောက်လို ဖြစ်သွားတတ်လေသည်။ အိမ်ရှေ့တံခါးမှ ခြေသံ ကြားရလျှင်လည်း သူ့စိတ်မှာ ကယောင်ချောက်ချား ဖြစ်ချင်သည်။ လက်ဖျား ခြေဖျားတွေ အေးလာတတ်သည်။ လက်ဖဝါး နှစ်ဖက်တွင် လက်ဆီများနှင့် ရွှဲ စိုလာတတ်လေသည်။

သူသည် အချိန်ရှိသမျှ အပေါ်ထပ် အိပ်ခန်းထဲမှ ထွက်သည် မရှိပေ။ အခန်းထဲ၌ ထိုင်၍ တွေးတော ငေးမောနေတတ်သည်။ လက်ကိုင်ပဝါ တစ် ထည်ကို လုံးခြေ၍ ကိုင်ထားပြီး ထို လက်ကိုင်ပဝါနှင့် အဆီပြန်နေသော သူ့ လက်ဖဝါးများကို မပြတ် သုတ်ကာ သူ့ ရှေ့မှောက်ရှိ မီးဖိုကိုသာ စူးစိုက် ကြည့်နေတတ်၏။ ညပိုင်းရောက်လျှင် ရင်ဆိုင်ရဦးတော့မည့် အိပ်မပျော်သည့် ရောဂါတစ္ဆေကြီးသည် သူ့အား အပြင်းအထန် ခြောက်လှန့်လျက် ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သော နံနက်တွင် ဒင်နီ ရောက်လာသည်။ အင်ဒရူး၏ ပုံစံက တော့ အပြောင်းအလဲ မရှိပေ။ အရက် သောက်လိုက်။ လက်ကိုင်ပဝါနှင့် လက် ဖဝါးကို သုတ်လိုက်။ မီးဖိုကို တွေတွေငေးငေး စိုက်ကြည့်လိုက်။

ဒင်နီက သူ့ကို မသိမသာ အကဲခတ်သည်။

'ကဲ ကိုယ့်လူ၊ အခု ကျုပ် လွတ်လပ်သွားပြီ၊ အလုပ်က အခုမှပဲ ထွက်ခွင့် ရတော့တယ်၊ ကျုပ်တို့ သွားချင်တာ သွားလို့ရပြီ၊ သွားစရာလည်း ရှိနေပြီ၊ သွားကြစို့ရဲ့'

သူကတော့ မတုန်မလှုပ်နှင့် ဒင်နီ့ စကားကို နားထောင်နေ၏။ ငြင်း ပယ်ခြင်းလည်း မပြုပေ။ အမှန်တော့ သူ့တွင် ငြင်းနိုင်သည့် အင်အားလည်း မရှိတော့ပေ။ ဒင်နီအား ဘယ်သွားကြမှာလဲဟုပင် မေးဖော်မရချေ။ သူ့ အဝတ် အစားတွေကို ခေါက်ကာ သေတ္တာ တစ်လုံးတွင် ထည့်နေသော ဒင်နီကိုသာ ငြိမ်သက်စွာ ထိုင်၍ ကြည့်နေလေသည်။ တစ်နာရီခန့် ကြာတော့ သူသည် ဒင်နီနှင့် အတူ ပက်ဒင်တန် ဘူတာဆီသို့ သွားလျက် ရှိလေ၏။

သူတို့သည် တစ်နေ့လုံး အနောက်ပိုင်း နယ်မြေ အတွင်း၌ လှည့်လည် သွားကြသည်။ နယူးပို့သို့ ရောက်တော့ ရထား ပြောင်း၍ စီးကာ မွန် မောက်သ်ရှိုင်းယား နယ်ထဲသို့ ခရီးဆက်ကြသည်။ အေဗာဂေးဗင်နီး ရောက် မှပင် ရထားပေါ်မှ ဆင်းကြရတော့၏။

ဘူတာ အပြင် ရောက်သည့်အခါ ဒင်နီက အငှားကား တစ်စီး ငှား၍ ခရီးဆက်ကြပြန်သည်။ အငှားကားသည် မြို့ထဲမှ ထွက်၍ ယူ့စ်မြစ်ကို ကျော် ဖြတ်ကာ တောင်ပိုင်းဘက်သို့ ထွက်ခဲ့သည်။ ထိုအခါကျမှပင် ဒင်နီက စတင်၍ စကားပြောလေသည်။

'တစ်ချိန်က ကျွန်တော် မကြာ မကြာ လာပြီး ငါးမျှားတဲ့ နေရာလေး ပေါ့ဗျာ၊ အင်မတန် သာယာတယ်၊ အယ်လန်တွိုင် အက်ဘီး ဘုန်းတော်ကြီး ကျောင်းပေါ့၊ ကျွန်တော်တို့ အတွက် အသင့်တော်ဆုံး နေရာလို့ ထင်တာနဲ့ လာခဲ့တာပဲ'

အင်ဒရူးကတော့ မလှုပ်မယှက် နိုင်လှသည်။ ဒင်နီ ခေါ်ရာ နောက်သို့ တကောက်ကောက်သာ လိုက်နေသည်။ စကား တစ်ခွန်းတလေမှပင် ပြန်ပြော ဖော် မရချေ။

ခြောက်နာရီ ထိုးတော့မှပင် သူတို့၏ ခရီးလမ်းဆုံး ဖြစ်သော အယ်လန် တွိုင် အက်ဘီး ဘုန်းတော်ကြီးကျောင်းသို့ ရောက်ကြသည်။ လွန်လေပြီးသော





နှစ်ပေါင်း များစွာက တည်ထား ဆောက်လုပ်ခဲ့သော ကျောင်းကြီးမို့ ပေါက် သည့် နေရာတွေက ပေါက်၍ ပြိသည့် နေရာက ပြိကာ ပျက်သည့် နေရာက ပျက်နေပြီ ဖြစ်သော်လည်း ရှေးဟောင်း လက်ရာများ၏ ခံ့ညား ထည်ဝါမှုက တော့ မပျက်သေးပေ။

ကျောင်းကြီးနှင့် တွဲလျက် တစ်ဖက်တွင် ကျောင်းပျက်ကြီ့မှ ပြိုမှက် သည့် ကျောက်တုံး ကျောက်ခဲများနှင့် ဆောက်လုပ်ထားသည့် ဧည့်ရိပ်သာ ရှိနေသည်။ ထို ဧည့်ရိပ်သာနှင့် လက်တစ်ကမ်းတွင် စမ်းချောင်းငယ် တစ်ခု သည် စီးဆင်းလျက် ရှိ၏။ မနီးမဝေးရှိ တောအုပ်ဆီမှ မီးခိုးလုံးများသည် တိတ်ဆိတ် သာယာလှသော ညနေခင်း၏ လေပြည်လေညင်းနှင့် အတူ ကောင်းကင်ထက်ဆီသို့ ထိုးတက်လျက် ရှိပေသည်။

နောက်တစ်နေ့ မနက်တွင် ဒင်နီသည် အင်ဒရူးအား ဖွတ်အတင်း အိပ် ရာမှ နှိုးကာ လမ်းလျှောက်ထွက်သည်။ ညက တစ်ညလုံး နီးပါးမျှ မအိပ်ခဲ့ သော အင်ဒရူးမှာ လမ်းမလျှောက်နိုင်လောက်အောင်ပင် နုံးချည့် ခွေယိုင် လျက် ရှိသည်။ နေသာလျက် ရှိသော်လည်း ထိုနေ့အဖို့ ဝေးဝေးလံလံ လျှောက်တော့ဘဲ ပြန်လှည့်လာခဲ့ကြသည်။ သို့သော်လည်း ဒင်နီ၏ တွန်း အားထိုးထိုး လုပ်ခဲ့မှုကြောင့် ထိုနေ့က ရှစ်မိုင်တိတိ လျှောက်ခဲ့ရသည်။ နောက်တစ်နေ့ မနက်တွင်မူ ဆယ်မိုင်တိတိ လျှောက်နိုင်ခဲ့ကြသည်။ ရက် သတ္တပတ်မျှ အကုန်တွင် သူတို့ နှစ်ယောက်သည် တစ်နေ့လျှင် မိုင်နှစ်ဆယ်မျှ လျှောက်နေနိုင်ကြလေပြီ။ သို့ဖြစ်ရာ ညပိုင်းရောက်ပြီ ဆိုလျှင် အင်ဒရူးသည် အိပ်ရာပေါ်တွင် ခြေကုန် လက်ပန်းဖြစ်ကာ ကုလားသေ ကုလားမော အိပ် မောကျလျက် ရှိလေတော့၏။

ဒင်နီနှင့် အင်ဒရူးအဖို့တော့ ထိုနေရာကလေးသည် သာယာ ချမ်းမြေ့ လှသော ဗိမာန်ဘုံကလေးပင် ဖြစ်ချေသည်။ စိတ်အေးချမ်းခြင်းကို အပြည့် အဝပင် ရရှိကြ၏။ ပတ်ဝန်းကျင် တစ်ဝိုက်တွင် သူတို့အား နှောင့်ယှက်မည့် သူ ဟူ၍ မရှိသလောက်ပင်။ ငါးဖမ်းရာသီ ကုန်ဆုံးချိန်မို့ တံငါ လုပ်သားများ သည်း များများစားစား မရှိတော့။ အနည်းငယ်သာလျှင် ကျန်တော့သည်။

သူတို့ နေ့စဉ် စားသောက်နေရသည့် အစားအသောက်များမှာလည်း အဆန်းတကြယ် ဟူ၍ ဘာမှ မပါပေ။ ရိုးရိုးရှင်းရှင်းနှင့် တောထမင်း တော ဟင်းမျိုးသာ ဖြစ်သည်။ စားသည့်အခါတွင်လည်း တခမ်းတနား ပြင်ဆင်၍ စားသောက်ကြရသည် မဟုတ်ပေ။ အခန်းငယ်ကလေး တစ်ခု အတွင်း၌ ထိုင်


www.burmeseclassic.com

www.burmeseclassic.com

မီးဖိုကြီး တစ်ခု ရှေ့၌ ချထားသော ဝက်သစ်ချသား စားပွဲရှည်တွင် ထိုင်ကာ ဖြစ်သလို စားသောက်ကြရလေ၏။

ခင်နီနှင့် အင်ဒရူးတို့သည် လမ်းလျှောက်ချိန်တွင် စကားပြောခဲ့ကြသည်။ တစ်နေကုန် တစ်နေခန်း လမ်းလျှောက်ထွက်ကြသည့် နေ့များမှာပင် စကား တစ်လုံးစ နှစ်လုံးစသာ ပြောမိကြလေသည်။

ရောက်စတွင် အင်ဒရူးသည် သူ ရောက်နေသည့် နေရာကို လုံးဝ သတိမထားမိပေ။ ဘယ်နေရာ ဘယ်ဒေသသို့ ရောက်နေမှန်းပင် သူ မသိချေ။ ရက် အနည်းငယ် ကြာလာမှသာ ပတ်ဝန်းကျင်ရှိ တောတောင်ရေမြေ၏ အလှကို သူ မြင်လာ၊ သိလာခြင်း ဖြစ်ပေသည်။

သူ၏ ကျန်းမာရေး အခြေအနေမှာ မူလ အခြေအနေသို့ ပြန်မရောက်သေးသော်လည်း လကုန်ခါနီးသည့်အခါ သိသိသာသာပင် တိုးတက် ကောင်းမွန် လာသည်။ လမ်းလျှောက်ရာ၌လည်း မည်မျှပင် ဝေးဝေး ယခင်ကလို မမောမပန်းတော့ဘဲ လျှောက်နိုင်လာသည်။ လမ်းလျှောက်နိုင်လာသည်နှင့် အမျှ အစားအသောက်ကိုပါ စားနိုင် သောက်နိုင်လာသည်။ မှန်မှန်လည်း အိပ်နိုင်လာလေသည်။

မနက်တိုင်း ရေအေးနှင့် ရေချိုးခြင်းကိုလည်း မှန်မှန် လုပ်လာနိုင်သဖြင့် ယခင်ကလို ပေပေတေတေ ကုပ်ကုပ်ရုပ်ရုပ် မဟုတ်တော့ဘဲ ပြောင်ပြောင်ရောင်ရောင် ဖြစ်လာသည်။ သူ၏ ရုပ်အသွင်သည် လောကကို ရင်ဆိုင်ရဲသည့် အနေအထားမျိုးသို့ ပြန်၍ ရောက်လာလေ၏။ သူ၏ ကိုယ်ခန္ဓာ အတွင်းမှ ပျောက်ကွယ်လုခမန်း ဖြစ်ခဲ့ရသော အကြား၊ အမြင်၊ အသိ အာရုံများလည်း ပြန်လည် ရှင်သန် နိုးကြွလာခဲ့လေပြီ။

သူ၏ ကျန်းမာရေး ပြန်လည် ကောင်းမွန်လာဖို့ အတွက် ဆိုလျှင် ဤ နေရာထက် ကောင်းသော နေရာသည် မရှိဟုပင် ဆိုရချေတော့မည်။ လူသူ လေးပါးနှင့် ကင်းဝေးသဖြင့် လွတ်လပ်စွာ နေထိုင်ရုံမျှမက အပင်ပန်း ခံ၍ နေနိုင်မှ အဆင်ပြေသော နေရာ ဖြစ်ပေရာ သူ့အဖို့ အကောင်းဆုံးသော နေရာကလေး တစ်ခု ဖြစ်နေပေ၏။

သူသည် စကားလည်း စတင် ပြောစ ပြုလာသည်။ ပထမ ပြောစတွင်တော့ သူတို့ နှစ်ယောက် ပြောကြသည့် စကားများမှာ အပျင်းပြေ သဘောလောက် ထား၍ ပြောကြသည့် စကားများ ဖြစ်သော်လည်း ကြာလာတော့ အလေးအနက် ထားရမည့် ကိစ္စများကိုပါ ဆွေးနွေး ပြောဆိုလာမိကြသည်။





ဤသို့ဖြင့်ပင် သူ၏ အခြေအနေ အရပ်ရပ်ကို ခင်နီမှ တစ်ဆင့် ကြားသိလာခဲ့ရလေ၏။

သူ၏ ဆေးခန်းကို ဒေါက်တာ လောရီးထံ ရောင်းချခဲ့ပြီးပြီ ဖြစ်၏။ ဈေးကတော့ မူလ သတ်မှတ်ထားသည့် ဈေးမရချေ။ ဆေးခန်းဖွင့်စတွင် သူကိုယ်တိုင် ဒေါက်တာ လောရီးနှင့် တွဲထိုင်ကာ လူနာများနှင့် မိတ်ဆက်ပေးခြင်း၊ အဆင်ပြေပြေ လုပ်ကိုင်သွားနိုင်အောင် ကူညီခြင်း စသည်များကို ပြုလုပ်ပါမည် ဟူသော စည်းကမ်းချက် ရှိခဲ့ရာ ယင်း စည်းကမ်းချက်ကို သူဘက်မှ မလိုက်နာနိုင်တော့ဘဲ ပျက်ကွက်ခဲ့ရသဖြင့် မူလ သတ်မှတ်ထားသည့် ဈေးကို မရခြင်း ဖြစ်၏။ သို့သော်လည်း မူလ သတ်မှတ်ဈေးထက် များစွာ လျော့နည်းသွားခြင်း မဟုတ်သဖြင့် အကြောင်း မဟုတ်လှပေ။

ဟုတ်ပ် တစ်ယောက်လည်း ကိန်းဘရစ် တက္ကသိုလ်တွင် တက်နေရသော သင်တန်း ပြီးဆုံးသွားသဖြင့် ဘာမင်ဂန်ရှိ သူ့အိမ်သို့ ပြန်သွားပြီဟု သိရသည်။ ခင်နီကတော့ အလုပ်မှ အပြီးအပိုင် နုတ်ထွက်လိုက်ပြီ ဖြစ်၍ လုံးဝ အနှောင်အဖွဲ့ ကင်းမဲ့သူ တစ်ဦး ဘဝသို့ ရောက်ခဲ့ရပြန်ပြီဟု ဆိုလေသည်။ အင်ဒရူးအား ခေါ်၍ အယ်လန်တွိုင် အက်ဘီးသို့ လာရန် အလုပ်မှ အပြီးအပိုင်ပင် ထွက်လာခဲ့ခြင်း ဖြစ်သည်ဟု သိရ၏။ သူ့ကြောင့် အလုပ်က ထွက်လာရမှန်း သိသောအခါ အင်ဒရူးမှာ စိတ်မကောင်း ဖြစ်ရပြန်လေသည်။ သူသည် ခင်နီအား တွေတွေငေးငေး ကြည့်နေရာမှ 'စိတ်မကောင်းစရာပဲ၊ ဒီနှစ် နှစ်စမှာ အလုပ် ပြန်လုပ်နိုင်အောင် ကျွန်တော် ကြိုးစားမှ ဖြစ်တော့မယ်' ဟု ပြောလေသည်။

သူတို့ နှစ်ယောက်သည် ယခင်ကထက် ပို၍ စကား ပြောဖြစ်လာကြသည်။ အင်ဒရူး၏ မျက်နှာပေါ်တွင် အစဉ်အမြဲလိုလို ရှိနေခဲ့သော စိုးရိမ်သောကများနှင့် ထိတ်လန့် ချောက်ချားမှုများသည် ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်၏။

အမှန်တော့ သူ၏ အသည်းနှလုံးတွင် ရရှိခဲ့သည့် ဒဏ်ရာမှာ အလွန် ပြင်းထန်လှသော ဒဏ်ရာ တစ်ခု ဖြစ်ချေသည်။ ဤဒဏ်ရာသည် သူ့ ဘဝတစ်သက်တာတွင် ပြန်၍ နာလန်မထူနိုင်လောက်အောင် ပြင်းထန်လှသော်လည်း ယခုအခါတွင် ကံအားလျော်စွာပင် ပြန်၍ နာလန်ထူနိုင်သည့် အခြေအနေသို့ ရောက်စ ပြုလာပြီ ဖြစ်လေသည်။ သူသည် ထူးဆန်းလှသော လူသားတို့၏ စိတ်ကို ပြန်လှန်၍ ဆင်ခြင် သုံးသပ်ကာ အံ့ဩနေမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ယခုတော့လည်း သူသည် ထူထူထောင်ထောင်နှင့် သွားနိုင်လာနိုင် ခဲ့ပြီ။ သူ့ ပတ်ဝန်းကျင်ရှိ လေကောင်း လေသန့်ကိုလည်း စိတ်ရော ကိုယ် အားပါးတရ ရှူရှိုက်လာနိုင်ပြီ။ လမ်းလျှောက်ရင်းက လက်ကိုင်တုတ်ဖြင့် ခေါက် သည့်ရိုက် လုပ်ကာ စူးစမ်း ဆင်ခြင်မှုလည်း ပြုလာနိုင်ပြီ။ ဒင်နီ တစ်ဆင့် ရလာသည့် သူ့စာများကိုလည်း ဖတ်လာနိုင်ပြီ။ စာတိုက်မှ ပညာ ဂျာနယ် မှန်မှန် ရောက်မလာလျှင် ဆဲရေး ကြိမ်းမောင်းခြင်းကိုပင် လာနိုင်ပြီ။

ညပိုင်းတွင်လည်း ဒင်နီနှင့် အတူထိုင်၍ မြေပုံကြီး တစ်ချပ်ကို ဖြန့် ခင်းကာ စေ့စပ် သေချာစွာ လေ့လာကြသည်။ ဝေဖန် ဆွေးနွေးကြသည်။ ငယ်များ စာရင်းကို ပြုစုကြသည်။ ထိုစာရင်းထဲမှ နေ၍ သူတို့ လုပ်ငန်း အသင့်တော်ဆုံး ဖြစ်မည့် မြို့များကို ရွေးချယ်ကြရာ မြို့ပေါင်း ရှစ်မြို့ ရွေး ရလေသည်။

သူတို့ ရွေးလို့ရသည့် မြို့များမှာ စတက်ဖိုရှိုင်းယားနယ်ထဲမှ နှစ်မြို့ နောသင်ပတန်ရှိုင်းယားနယ်ထဲမှ သုံးမြို့နှင့် ဝါးဝစ်ရှိုင်းယားနယ်ထဲမှ သုံးမြို့ ဖြစ်လေသည်။

ထို အပတ် တနင်္လာနေ့တွင် ဒင်နီ ခရီး ထွက်သွားခဲ့ရာ တစ်ပတ် ကြာသည်။ ဒင်နီ မရှိသည့် ရက်များ အတွင်းတွင် သူသည် သူ စီစဉ် ရေး ထားသည့် အလုပ်ကို အမြန်ဆုံး အကောင်အထည် ဖော်ချင်စိတ် ပြင်းထ လျက် ရှိသည် ဖြစ်ရာ စနေနေ့ မွန်းလွဲပိုင်းတွင် သူတစ်ယောက်တည်း ဘာဂေး ဗင်းနီးသို့ ခြေကျင် ထွက်လာခဲ့သည်။ နောက်ဆုံး ရထားကို မီ မီညား ဟူသော စိတ်ဖြင့် မြန်နိုင်သမျှ မြန်အောင် လျှောက်သော်လည်း ရထား မမီတော့သဖြင့် စိတ်မော လူမော ဖြစ်ကာ ပြန်လာခဲ့ရလေ၏။

စိတ်လက် မအီမသာဖြင့် ပြန်လာခိုက် ဧည့်ရိပ်သာ ရှေ့၌ ရပ်ထား သော ဖို့ဒ် ကားနက်လေး တစ်စီးကို မြင်လိုက်ရသဖြင့် ဝမ်းသာအားရ ဖြစ် သွားသည်။ အခန်းတံခါးကို ကတိုက်ကရိုက် တွန်းဖွင့်၍ ဝင်သွားသောအခါ သူ မျှော်လင့်မိသည့် အတိုင်း ဒင်နီနှင့် ဟုတ်ပ်တို့သည် မှန်အိမ် မီးရောင် အောက်တွင် အကျအန ထိုင်ကာ ညစာ စားနေကြသည်ကို တွေ့ရလေ၏။

ထို ရက်သတ္တပတ် အတွင်းတွင် သူတို့ သုံးဦးသား ဘယ်ကိုမှ မထွက် ကြတော့ဘဲ သူတို့ လုပ်ငန်း အတွက် ဆွေးနွေး တိုင်ပင်ရင်းနှင့်ပင် အချိန်ကုန် ကြသည်။ ဗီးလစ် ဒင်နီ စုံစမ်း သိရှိခဲ့သမျှသော အချက်အလက်များသည်





အင်ဒရူးနှင့် ဟုတ်ပ်တို့ အဖို့ စိတ်ဝင်စားစရာ ဖြစ်နေလေသည်။

အပြင်ဘက်တွင် မိုးသည် သည်းထန်စွာ ရွာသွန်းလျက် ရှိ၏။ မိုး ခေါက်များသည် ပြတင်း တံခါးများကို ပြင်းထန်စွာ ရိုက်ခတ်လျက် ရှိလေ သည်။ ရာသီဥတုကား ဆိုးရွားလှပေသည်။ သို့သော်လည်း သူတို့ သုံးဦးက တော့ အပြင်လောက၌ ဘာတွေ ဖြစ်နေသည်ကို လုံးဝ ဂရုမပြုမိကြတော့ပေ။

ဒင်နီ ရောက်ခဲ့သော မြို့များ အနက် နှစ်မြို့မှာ ဖရင်တန်နှင့် စတန် ဘောရီး မြို့များ ဖြစ်၏။

ဟုတ်ပ် သုံးလေ့ ရှိသော စကားနှင့် ပြောရမည် ဆိုပါက ဆေးဝါး ကုသမှု လုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရန် မှည့်ဝင်းစ ပြုနေသော နေရာများ ဖြစ် သသည်။ ထိုမြို့ နှစ်မြို့စလုံးတွင် စိုက်ပျိုးရေး လုပ်ငန်းသည် အဓိက လုပ်ငန်း ဖြစ်သော်လည်း တစ်ဖက်တွင် စက်မှု လုပ်ငန်းများကလည်း တိုးတက်ရန် အား ယူလျက် ရှိသည်။ စတန်ဘောရီးမြို့တွင် မော်တော်ကား အင်ဂျင်များ ထုတ် လုပ်သည့် စက်ရုံ တစ်ရုံ ရှိ၍ ဖရင်တန်မြို့တွင်မူ သကြား စက်ရုံကြီး တစ်ရုံ ရှိသည်။ မြို့ ဆင်ခြေဖုံးများတွင် အိမ်သစ်များ တိုးလာနေသည်။ လူဦးရေက လည်း တဖြည်းဖြည်းချင်း တိုးလာနေသည်။ သို့သော်လည်း နှစ်မြို့စလုံးတွင် ဆေးကုလုပ်ငန်း ကောင်းကောင်း မရှိချေ။ ဖရင်တန်မြို့တွင် ဆေးရုံကလေး တစ်ခု ရှိသော်လည်း စတန်ဘောရီး မြို့မှာတော့ ဘာမှမရှိ။ အရေးကြီးသော လူနာများကို ဆယ့်ငါးမိုင် အကွာရှိ သာသနာပြု ဆေးရုံသို့ ပို့ရသည်။

ထိုမြို့ နှစ်မြို့နှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များကို ကြားသိရသော အခါ သုံးဦးစလုံးသည် အမဲနံ့ ရသော တောလိုက် ခွေးများ သဖွယ် ဖြစ်လာကြ၏။ သို့သော်လည်း ဒင်နီထံတွင် ယခုထက် ပို၍ အား တက်ဖွယ် ကောင်းသော သတင်းစကားများ ရှိနေသေးသည်။ ဒင်နီသည် သက် ထဲမှ စတန်ဘောရီးမြို့ မြေပုံကို ဖြန့်ခင်းလိုက်လေသည်။

'ဝမ်းနည်းစွာနှင့်ပဲ ပြောရဦးမယ်၊ ဒီမြေပုံကို ကျွန်တော် စတန်ဘော ရီးမြို့ ဟိုတယ်က ခိုးလာခဲ့တာ၊ ကျွန်တော်တို့ လုပ်ငန်းကို အဲဒီမှာ လုပ်ကြ မယ် ဆိုရင်တော့ လုပ်ငန်းရဲ့ အစဟာ ကောင်းတယ်လို့ ဆိုရမယ်၊ အတိတ်နိမိတ် ကောက်ရင်တော့ အင်မတန် ကောင်းတဲ့ အတိတ် နိမိတ် တစ်ခုပဲ'

'ကဲပါ ကိုယ့်လူရယ်၊ မြန်မြန် လုပ်စမ်းပါ' ဟု ဟုတ်ပ်က စိတ်မရှည် သဖြင့် ဝင်ပြောပြီး 'ဒီမှာ ပြထားတဲ့ ကြက်ခြေက ဘာလဲ' ဟု မေးလေသည်။

ဦးခေါင်း သုံးလုံးသည် မြေပုံပေါ်သို့ ညွတ်လျက် ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဒီဟာကို မေးတာလား၊ အဲဒီဟာက ဈေးနေရာ၊ ဒါပေမဲ့ သူတို့က အဝိုင်းကြီးလို့ ခေါ်နေကြတယ်၊ နေရာက မြို့လယ်မှာမို့ အင်မတန် အကွက်အကွင်း ကျတဲ့ နေရာပဲ၊ လူ အစည်ကားဆုံး နေရာ တစ်ခုပေါ့၊ ရုံးတွေ၊ ဆိုင်တွေ အိမ်တွေ အများစုဟာ ဒီနေရာ တစ်ဝိုက်မှာပဲ ရှိတယ်၊ ဒီနေရာမှာ ဆေးခန်း ဖွင့်ထားတဲ့ ဆရာဝန်ကိုလည်း ကျွန်တော် မြင်ခဲ့ရတယ်၊ လူပုံပန်းကတော့ ဝေလငါးနှင့် တူတယ်၊ သူက လက်ထောက် နှစ်ယောက် ခန့်ထားတယ်၊ သူ့ အိမ်ကလည်း အဲဒီ အဝိုင်းကြီးနားမှာပဲ၊ အဝိုင်းကြီး အလယ်မှာ ရှိတဲ့ ရေပန်း ကြီးရဲ့ တစ်ဖက်က မျက်နှာချင်းဆိုင် တည့်တည့်မှာ အိမ်လွတ် နှစ်လုံး ရှိတယ်၊ အိမ်တွေကလည်း အိမ်ကောင်းတွေပဲ၊ အခန်းကြီးတွေကလည်း အကျယ်ကြီးပဲ၊ ကြမ်းပြင်တွေကလည်း အခိုင်အမာ အတောင့်အတင်းပဲ၊ မျက်နှာစာကလည်း သိပ်ကောင်းတယ်၊ ရောင်းရန်တဲ့၊ အဲဒီ အိမ်နှစ်လုံးနှင့် ပတ်သက်လို့ ကျွန်တော် တွေးမိတာက...'

'ခင်ဗျား တွေးမိတာကို အသာ ခေါက်ထားလိုက်စမ်းပါဗျာ၊ အခု ကတည်းက ကျွန်တော် ပြောထားလိုက်မယ်၊ ဒီရေပန်းကြီးနှင့် တည့်တည့် လောက်မှာ ကျွန်တော့် ခွဲစိတ်ခန်း ထားရရင် သိပ်ကောင်းမယ်' ဟု ဟုတ်ပ် က ကြားဖြတ် ပြောလေသည်။

သူတို့သည် ဆက်၍ ဆွေးနွေးကြပြန်သည်။ ဒင်နီက ပို၍ စိတ်ဝင်စား စရာ ကောင်းသည့် အချက်အလက်များကို ထပ်မံ ပြောပြန်လေ၏။

'တကယ်ပါပဲဗျာ၊ ကျွန်တော်တို့ သုံးယောက်စလုံး ရှုးများ နေသလား မသိပါဘူး၊ ဒီ စိတ်ကူးမျိုးက အမေရိကန် မြို့တွေမှာတော့ အောင်မြင်တယ်ဗျ၊ ဒါပေမဲ့ ကျွန်တော်တို့ နိုင်ငံက စတန်ဘောရိုးမှာတော့ မပြောတတ်တော့ ပါဘူးလေ၊ ကျွန်တော်တို့ သုံးယောက်စလုံးရဲ့ လက်ထဲမှာ ငွေလည်း များများ စားစား ရှိတာ မဟုတ်၊ ကျွန်တော်တို့ချင်း ဆော်နေရတာနှင့်ပဲ အချိန် ကုန် လေမလား၊ အေးပေါ့လေ၊ ဘာပဲဖြစ်ဖြစ်'

နောက်တစ်နေ့ မနက်တွင် ဟုတ်ပ်သည် သူ၏ ဖို့ဒ်ကားနှင့် ပြန်သွား သည်။ တရကြမ်း မောင်းထွက်သွားသော သူ့ကား၏ နောက်ဝယ် ရွှံ့စက်များ သည် ပလူများ ပျံနေကြသည့်နှယ် ဝဲပျံလျက် ကျန်ခဲ့လေ၏။ အင်ဒရူးနှင့် ဒင် နီတို့ကတော့ လက်စ မသတ်သေးသည့် နံနက်စာကို အပြီးသတ် စားရင်း ကျန်ခဲ့ကြလေသည်။

မိုးကောင်းကင်သည် ယခုအထိ ကြည်ကြည်လင်လင် မရှိသေးပေ။ မိုး





ားများနှင့် အုံ့မှိုင်း ရီဝေဆဲ ဖြစ်သည်။ လေကလည်း ထန်ပြင်းဆဲပင် ဖြစ် သည်။

နံနက်စာ စားပြီးလျှင် စားပြီးချင်း အင်ဒရူးသည် တစ်ယောက်တည်း ပြင်သို့ ထွက်သည်။ သူသည် အလုပ် ပြန်လုပ်နိုင်ပြီ ဖြစ်၍ ဝမ်းသာ အား က်လျက် ရှိ၏။ သူ၏ စိတ်ကူးသစ်ဖြင့် အစပြုရမည့် လုပ်ငန်းသည် အောင် င်မှု ရလိုက်မည် ဆိုပါက သူ့အတွက် အကောင်းဆုံး ဖြစ်ပေလိမ့်မည်။ ယခု တိုင်းသာ ဆိုလျှင်တော့ သူ့စိတ်ကူးနှင့် သူ့အစီအစဉ်များသည် လက်တွေ့ ကောင်အထည် ပေါ်ဖို့တော့ နီးနေပေပြီ။

သူသည် အပြင်မှ ဆယ့်တစ်နာရီ ထိုးခန့်တွင် ပြန်ရောက်သည်။ ခန်မှ သူ့အတွက် ရောက်နေသည့် စာများမှာ တစ်ပုံကြီး ဖြစ်၏။ သူသည် ဲ့တွင် စိတ်အေး နားအေး ထိုင်ကာ စာများကို တစ်စောင်ပြီး တစ်စောင် က်၍ စိတ်ပါ လက်ပါ ဖတ်လေသည်။ ဒင်နီကတော့ မီးဖိုဘေး၌ ထိုင်ကာ င်းစာ တစ်စောင် ဖတ်နေလေ၏။

ပထမဦးဆုံး သူ ဖတ်ရသည့် စာမှာ မေရီ ဘိုလန်ထံမှ ဖြစ်သည်။ စာ ဂရုတစိုက် ဖတ်ရင်းမှပင် မေရီ၏ လက်ရေး သေးသေး စိပ်စိပ်ကလေး ကို ကြည့်ကာ ပြုံးမိလေ၏။

စာ၏ အစတွင် သူ့အတွက် ဝမ်းနည်း ကြေကွဲခြင်း ဖြစ်ရကြောင်းနှင့် အချိန်တွင် သူ ကျန်းမာလာပြီဟု မျှော်လင့်ကြောင်း ရေးထားပြီး နောက် တွင် သူမ၏ အကြောင်းကို ရေးထားသည်။ ယခုအခါတွင် သူမ၏ ကျန်း ရေး အခြေအနေမှာ များစွာ ကောင်းမွန်လာပြီ ဖြစ်ကြောင်း၊ မကြာခင် ၏ ရောဂါသည် လုံးဝ ပျောက်ကင်းသွားလိမ့်မည်ဟု ထင်ရကြောင်း၊ ခဲ့သော ရက်သတ္တပတ်မှ စ၍ ယနေ့ထိ သူမတွင် အဖျားမရှိတော့ဘဲ သာ လူတွေလိုပင် ဖြစ်ကြောင်း၊ ထူထူထောင်ထောင် ဖြစ်လာသဖြင့် ကျောင်းစာ ကိုပင် ပြန်၍ လုပ်နေပြီ ဖြစ်ကြောင်း၊ သူမမှာ အတော်ကလေး ဝလာ ဖြင့် ယခုအချိန် တွေ့လျှင် သူမကို မှတ်မိပါ့မလားဟု သံသယ ဖြစ်မိ ကြောင်း၊ လာ၍ တွေ့နိုင်သည့် အခြေအနေ ရှိပါက လာ၍ တွေ့စေချင် ကြောင်း၊ မစ္စတာ စတီးမင်း တစ်ယောက်မှာမူ အမေရိကသို့ ပြန်သွားသည်မှာ ပြီ ဖြစ်ကြောင်း၊ စတီးမင်း၏ နေရာတွင် သူ၏ လက်ထောက် မစ္စတာ ဒင်က တာဝန် ယူထားကြောင်း၊ သူမကို ဘဲလီးဗီးသို့ ပို့ပေးခဲ့သည့် က် ကျေးဇူးတင်စကား အားရအောင် မပြောနိုင်ခဲ့၍ စိတ်မကောင်းဖြင်



www.burmeseclassic.com

 www.burmeseclassic.com

မိကြောင်း စသည်ဖြင့် ရေးထားလေသည်။

အင်ဒရူးသည် မေရီ၏ စာကို စားပွဲပေါ်သို့ ချထားလိုက်သည်။ နေကောင်းလာပြီ ဟူသော သတင်းကြောင့် သူ့ရင်မှာ ပီတိလှိုင်း ထလ ရှိပေရာ သူ့ မျက်လုံးများသည် ကျေနပ် အားရမှု အရိပ်အယောင်များကို ကွယ်၊ မထားနိုင်ချေ။

ထို့နောက် သူသည် အရေးမကြီးသော စာများကို ရွေးထုတ်ကာ ၌ စုပုံထားလိုက်သည်။ နောက်တစ်စောင်ကို ကောက်ယူလိုက်လေ၏။ စာအိတ်သည် စာအိတ်ရှည်ကြီး ဖြစ်၏။ ရုံးသုံး စာအိတ်မျိုး ဖြစ်သဖြင့် ဆန်းလျက် ရှိပေသည်။ သူသည် စာအိတ်ကို ဖောက်၍ အတွင်းမှ ထုတ်ယူလိုက်လေသည်။

သူ့ မျက်နှာပေါ်မှ အပြုံးပန်းသည် ချက်ချင်းပင် ပျောက်ကွယ် လေ၏။ သူသည် မယုံကြည်နိုင်သော မျက်စိများဖြင့် စာကို စူးစိုက်၍ နေမိလေသည်။ သူ့ မျက်လုံးများသည် ပြူးကျယ်လာသည်။ သူ့ မျက်နှာ ဖြူရော်ရော် ဖြစ်လာလေသည်။ တစ်မိနစ်ခန့်မျှ မလှုပ်မရှားဘဲ စာကိုသာ ရဲရဲ ကြည့်ပြီး ကြက်သေ သေလျက် ရှိလေ၏။

'ဒင်နီ'

သူ့အသံမှာ တိုးတိုးညင်းညင်းကလေး ဖြစ်သည်။

'ဒီဟာကို လာကြည့်စမ်းပါဦး'



[၂၁]

အင်ဒရူး၏ လက်တွင်းသို့ ဤစာ မရောက်လာမီ လွန်ခဲ့သော ရက်သတ္တပတ် ရှစ်ပတ်ခန့်က အင်ဒရူးသည် မေရီ ဘိုလန်အား ဘဲလီးဗီးသို့ ပို့ထားခဲ့ပြီး အပြန်တွင် ဆရာမ ရှပ်အား နော့တင်းဟစ်လ် ဘူတာရုံ၌ ကားပေါ်မှ ချထား ပေးခဲ့သည်။ ထိုစဉ်က ဆရာမ ရှပ်သည် နော့တင်းဟစ်လ် ဘူတာမှ မြေ အောက် မီးရထားဖြင့် အောက်စဖို့ အဝိုင်းကြီးသို့ သွားပြီး ထိုမှ တစ်ဆင့် ဘုရင်မ အင်နာလမ်းသို့ ခြေကျင် လျှောက်လေ၏။

ဆရာမ ရှပ်သည် သူငယ်ချင်း ဖြစ်သူ သူနာပြု ဆရာမ ထရင့်နှင့် အတူ ဘုရင်မ ကဇာတ်ရုံသို့ သွား၍ ပြဇာတ် ကြည့်ရန် ချိန်းထားခဲ့သည်။ သူနာပြု ဆရာမ ထရင့်မှာ ဒေါက်တာ ဟင်မဆန်၏ ဆေးခန်းမှ ဆရာမ ဖြစ်၍ သူမ ၏ အရင်းနှီးဆုံးသော မိတ်ဆွေ ဖြစ်ပေသည်။ ထိုနေ့က သူတို့ နှစ်ဦး၏ အသည်းစွဲ မင်းသား လူဝီဆာဗိုရီး ပါဝင်သော 'မြို့စားကတော်၏ ကြေညာ ချက်' အမည်ရှိ ပြဇာတ် ကပြမည် ဖြစ်၍ အတူတူ သွားကြည့်ကြမည်ဟု ချိန်း ထားခဲ့ခြင်း ဖြစ်ပေသည်။

အချိန်မှာ ရှစ်နာရီ ထိုးပြီး ဆယ့်ငါးမိနစ်မျှသာ ရှိသေးသည်။ ပြဇာတ် စမည့် အချိန်က ရှစ်နာရီ လေးဆယ့်ငါး ဆိုတော့ အချိန် နည်းနည်း ရသေး၏။ သို့သော်လည်း ဤမျှလောက် အချိန်ကလေးနှင့် လမ်းဘေးဆိုင် တစ်ဆိုင် ဝင် ၍ အေးအေးလူလူ စားမည် သောက်မည် ဟူသော မူလ အစီအစဉ် အတိုင်း လုပ်ဖို့ကတော့ မလွယ်တော့ပေ။ အသားညှပ် ပေါင်မုန့် ဝယ်၍ သွားရင်း လာရင်း စားသွားလျှင် ပိုကောင်းမည်ဟု တွက်မိလေ၏။

ဆရာမ ရှပ်သည် ဘုရင်မ အင်နာလမ်း တစ်လျှောက် ခပ်သွက်သွက်



www.burmeseclassic.com

www.burmeseclassic.com

ဘွျောက်နေရင်းကပင် နေ့ခင်းက လုပ်ပေးခဲ့ရသည့် အလုပ် အတွက် အင်ဒရူး အသေါ် မကျေမနပ် ဖြစ်လျက် ရှိလေသည်။ အမှတ် ၁၇ (က) အခန်း ရှေ့သို့ ရောက်သော် တံခါး၀ရှိ ဘဲလ်ကို ရေးကြီးသုတ်ပျာနှင့် နှိပ်လိုက်လေ၏။

တံခါး ဖွင့်ပေးသူမှာ ဆရာမ ထရင့် ကိုယ်တိုင် ဖြစ်ပေသည်။ ထရင့်သည် ရှုပ်အား မြင်လျှင် မြင်ချင်း အပြစ် တင်တော့မည့်ဟန် ပြင်လိုက်သေးသော်လည်း ရှုပ်က သူမ၏ လက်မောင်းကို ဆွဲ၍ 'သူငယ်ချင်းရယ် ဆောရီးပဲကွာ၊ ကိုယ့်ကို ခွင့်လွှတ်တော့၊ ကနေ့ ကြုံခဲ့ရပုံများတော့ ပြောတောင် မပြောချင်တော့ဘူး၊ နောက်မှပဲ အေးအေးဆေးဆေး ပြောပြရဦးမယ်၊ ကိုယ့်ပစ္စည်းလေးတွေ မင့်ဆီမှာ ထားခဲ့ပါရစေဦးနော်၊ ကိုယ် နေ့ခင်းကသာ အချိန်ပို မလုပ်ခဲ့ရရင် ကိုယ်တို့ အချိန်ကောင်းကောင်း ရမှာ' ဟု စ၍ ပြောလိုက်သဖြင့် အပြစ်တင်စကား မပြောသာတော့ပေ။

ဆရာမ နှစ်ယောက် အခန်း၀တွင် ရုပ်၍ စကား ပြောနေခိုက်မှာပင် အပေါ်ထပ်မှ ဒေါက်တာ ဟင်မဆန် ဆင်းလာသည်။ ဟင်မဆန်သည် ထုံးစံအတိုင်း ကိုယ်ရောင် ကိုယ်ဝါ တောက်ပအောင် ဝတ်စား ဆင်ယင်ထားသည်။ ဆရာမ နှစ်ယောက်ကို မြင်သည့်အခါ ရပ်၍ နှုတ်ဆက်လေ၏။

ဤကား ဟင်မဆန်၏ အကျင့် ဖြစ်၏။ သူသည် ဘယ်သူနှင့် တွေ့တွေ့ တွေ့လိုက်လျှင် ရသမျှ အခွင့်အရေးကို ယူ၍ သူ့အပေါ် အထင်အမြင်ကြီးသွားအောင် လုပ်တတ်သည်။ ထိုနည်းသည် သူ၏ လက်စွဲ နည်းပရိယာယ်တစ်ခု ဖြစ်၏။ ဤနည်းကို သုံး၍ လူတွေက သူ့ကို သဘောကျလာအောင် လုပ်ပေးပြီး သဘောကျလာပြီ ဆိုခါမှ ထိုသူများထံမှ ရနိုင်သမျှ အမြတ်ထုတ်တတ်လေသည်။

'ဟဲလို ဆရာမ ရှုပ်'

ဟင်မဆန်သည် ရွှေစီးကရက်ဘူးထဲမှ စီးကရက် တစ်လိပ်ကို ဟန်ပါပါနှင့် ထုတ်ယူရင်းက လှမ်း၍ နှုတ်ဆက်သည်။

'ကြည့်ရတာ အတော် ပင်ပန်းလာပုံ ရတယ်၊ ခင်ဗျားတို့ နှစ်ယောက် နောက်ကျလှပါကလား၊ ဘာတွေများ အလုပ် များနေကြလို့လဲ၊ ဆရာမ ထရင့်ဆီက ကြားရတာတော့ ကနေ့ည ပြဇာတ် သွားကြည့်ကြမလို့ ဆို၊ အခုထိ မသွားကြသေးဘူးလား'

'ဟုတ်တယ် ဒေါက်တာ၊ ပြဇာတ် သွားမလို့၊ ဒါပေမဲ့ ကျွန်မမှာ ဒေါက်တာ မေဆန်ရဲ့ လူနာ တစ်ယောက် ကိစ္စ အလုပ်များနေလို့'





ဆရာမ ရှုပ်၏ စကားကို ကြားတော့ ဟင်မဆန်က 'အိုး' ဟု ရေရွတ်လိုက်သည်။ သူ၏ ရေရွတ်သံမှာ ရိုးရိုးသားသား အသံ မဟုတ်ပေ။ ရှုပ် ထံမှ နောက်ထပ် ဘာစကား ထွက်လာဦးမလဲဟု လမ်းခင်းပေးသော သဘောပါသည်။

ရှုပ် အဖို့တော့ ဤမျှလောက် ဆိုလျှင် ဆက်၍ ပြောဖို့ အကြောင်း လုံလောက်ပေပြီ။ သူမသည် အင်ဒရူးကို ချဉ်သလောက် ဟင်မဆန်ကို အထင်အမြင် ကြီးသူ ဖြစ်ပေရာ အင်ဒရူးနှင့် ပတ်သက်နေသော ကိစ္စကို အတင်းအဖွင်း သဘောထား၍ ပြောလေတော့၏။

'ကျွန်မ တစ်သက်တာမှာ ဒီနေ့လောက် အချိန် ကုန်တာမျိုး ပင်ပန်းတာမျိုး မကြုံဖူးပါဘူး ဒေါက်တာရယ်၊ တခြားလူ ဘယ်ဟုတ်ပါ့မလဲ၊ ဒေါက်တာ မေဆန်ပေါ့၊ ဘယ်လို လူစားလဲ မသိပါဘူး၊ ဝိတိုရီးယား ဆေးရုံက လူနာတစ်ယောက်ကို တိတ်တိတ်ကလေး ခိုးထုတ်ပြီး ဘဲလီးဗီး ဆေးကုဌာနကို ပို့တယ်၊ ဟိုရောက်တော့ ဆရာဝန် မဟုတ်တဲ့ တစ်ယောက်နှင့် လူနာကို စမ်းသပ်ကြ ကုကြနှင့် အလုပ်ကို ရှုပ်နေတာပဲ၊ ကျွန်မကတော့ သူတို့ကို ကိစ္စပြီးမချင်း စောင့်နေတာပေါ့'

ရှုပ်က တွေ့မြင်ခဲ့သမျှကို အပိုဆာဒါးများပါ ထည့်သွင်း၍ ပြောပြသည်။ တော်မတရား အနိုင်းခံရ၍ မကျေနပ်လေဟန် အမူအရာမျိုး လုပ်ပြကာ မျက်နှာသည် ကျတော့မည့် အရိပ်အယောင်ပင် ပြလိုက်သေး၏။ သူမ၏ ဇာတ်လမ်းဆုံးတော့ ဟင်မဆန် ငြိမ်ဆိတ်နေသည်။ သူ့ မျက်လုံးများကမူ တစ်စုံတစ်ခုကို အလေးအနက် ထား၍ စဉ်းစားနေသလိုလို...။

'ဒါမျိုး လုပ်တာတော့ ဘယ်ကောင်းမလဲ ဆရာမရယ်၊ သိပ်ဆိုးတာပေါ့၊ ကဲ ကဲ အဲဒါကို အသာထားဦး၊ ခင်ဗျားတို့ ပြဇာတ် မမီဘဲ ဖြစ်ကုန်မယ်၊ ဒီမှာ ဆရာမ ထရင့် အချိန် သိပ်နီးနေပြီ၊ တက္ကစီ ငှားသွား၊ ကျသင့်တဲ့ ငွေကို ကျွန်တော့်ဆီက ပြန်တောင်း၊ ကဲ ကျွန်တော့်ကို ခွင့်ပြုကြဦး၊ ကျွန်တော်လည်း သွားမှ'

'ကြည့်စမ်းပါဦး၊ ဘယ်လောက် သဘောကောင်းသလဲ၊ လူကြီး လူကောင်း မှန်ရင် ယဉ်ကျေးတာချည်းပဲနော်' ဟု ရှုပ်က ရေရွတ် ပြောကာ ဟင်မဆန်အား အံ့သြ ချီးမွမ်းသည့် မျက်လုံးများဖြင့် ကြည့်သည်။ ပြီးသော် ထရင့်ဘက်သို့ လှည့်၍ 'ကဲလာ သူငယ်ချင်း သွားကြစို့၊ တက္ကစီ ငှားပေတော့' ဟု ပြောလိုက်လေ၏။


www.burmeseclassic.com

www.burmeseclassic.com

ဖရက်ဒီ ဟင်မဆန်သည် မော်တော်ကားကို ကလပ်ဆီသို့ မောင်းရင်းမှ ရုပ်ထဲမှ ကြားခဲ့ရသည့် ကိစ္စကို စဉ်းစားလာလေသည်။ သူသည် အင်ဒရူးနှင့် အဆင်မပြေ ဖြစ်ပြီး ကတည်းက ဒီမန်းနှင့် အိုင်ဗိုရီတို့ထံ ပြန်၍ ကပ်ခဲ့သည်။ ယနေ့ ညနေတွင်လည်း သူတို့ သုံးဦး ကလပ်တွင် ဆုံ၍ ညစာ စားကြမည် ဖြစ်သည်။

ညစာ စားကြသည့်အခါ ဖရက်ဒီသည် ဒီမန်းနှင့် အိုင်ဗိုရီတို့အား သူ ရုပ်ထဲမှ ကြားသိခဲ့ရသည့် သတင်းကို ဖောက်သည် ချလေတော့၏။

'မေဆန် ဆိုတဲ့ အကောင်လည်း ကျွန်တော်တို့ကို ခြေကန်ပြီး ထွက်သွားလိုက်တာ အခု ဘာတွေ လုပ်နေတယ် ဆိုတာ သိကြရဲ့လား၊ ကျွန်တော် ကနေ့ သူ့သတင်း ကြားခဲ့တယ်၊ စတီးမင်း ဆိုတဲ့ အကောင် အတွက် လူနာတွေ ရှာပေးနေသတဲ့'

'ဘယ်လိုဗျ'

အိုင်ဗိုရီသည် လက်ထဲမှ ခက်ရင်းကို လွှတ်ချလိုက်သည်။

ဟင်မဆန်က 'ကျွန်တော် နားလည်တာကတော့ ပြောနေကျ ထုံးစံ အတိုင်း ပူးပေါင်း ဆောင်ရွက်တယ်ပေါ့ဗျာ၊ ဒါက လူကြားကောင်းအောင် ပြောတဲ့ စကားပါ၊ တကယ်တမ်းကျတော့ လူနာဆီက ရတဲ့ငွေ ခွဲယူကြမှာပေါ့၊ ဘာထူးလဲ' ဟု ဆိုကာ ရုပ်ထဲမှ ကြားခဲ့ရသည့် ဇာတ်လမ်းကို ပြန်၍ ဖောက်သည် ချလေ၏။

ဟင်မဆန် စကား ဆုံးသောအခါ အိုင်ဗိုရီက 'ဒါ အမှန်ပဲလား' ဟု မေးသည်။

'သူနာပြု ဆရာမဆီက လွန်ခဲ့တဲ့ နာရီဝက်လောက်ကမှ ကြားခဲ့ရတဲ့ သတင်းပဲ သူငယ်ချင်းရယ်၊ မှန် မမှန် စဉ်းစားသာ ကြည့်တော့'

အိုင်ဗိုရီသည် ဘာမှ ထပ်မမေးတော့ဘဲ ညစာကို တိတ်တိတ်ဆိတ်ဆိတ် ဆက်စားနေသည်။ သူ့စိတ်ကတော့ လှုပ်ရှားလျက် ရှိလေသည်။ ဗစ်ဒလားကို ခွဲစိတ်စဉ်က အင်ဒရူး သူ့အပေါ် ပြောဆိုခဲ့သည့် စကားများသည် ခွင့်လွှတ်စရာ ကောင်းသည့် စကားများ မဟုတ်ပေ။ ထိုစဉ်က အင်ဒရူး ပြောဆိုခဲ့သည့် စကားများသည် သူ၏ ဂုဏ်သိက္ခာနှင့် မာန်မာနကို များစွာပင် ထိခိုက် နာကြည်းစေခဲ့၏။ သူသည် အရေအခွံ ပါးသူ တစ်ဦး မဟုတ်သော်လည်း သူ့တွင် ရှိနေသည့် အားနည်းချက်များကို လူမသိအောင် ဖုံးကွယ်ကာ တိတ်တဆိတ် ကျိတ်၍ မာနတံခွန် ထူထားသူ ဖြစ်၏။ သူသည် အရည်အချင်းအား





ဖြင့် လုံးဝ မပြည့်ဝသော ခွဲစိတ်ကု ဆရာဝန် တစ်ဦး ဖြစ်သည်ကို သူ ကောင်းစွာ သိ၏။ သိပင် သိသော်ငြားလည်း သူ၏ ညံ့ဖျင်းမှုကို မည်သူကမှ ပြင်းပြင်းထန်ထန် ရှုတ်ချ ပြောဆိုခြင်း မပြုခဲ့ဖူးပေ။ အင်ဒရူး မေဆန်နှင့် ကျမှ အပြောခံခဲ့ရခြင်း ဖြစ်၏။ မေဆန်က အရှိကို အရှိအတိုင်း အမှန်ကို အမှန်အတိုင်း ထုတ်ဖော်၍ ပြောခဲ့ခြင်း ဖြစ်သဖြင့် အနာပေါ် တုတ်ကျသလို ဖြစ်ကာ မေဆန်အား သူ မုန်းတီးလျက် ရှိလေသည်။

သူ ခေါင်းထောင်၍ ကြည့်လိုက်ချိန်တွင် ဟင်မဆန်နှင့် ဒီမန်းတို့သည် စကား ပြောနေကြဆဲပင် ဖြစ်သည်။ သူကတော့ သူ သိချင်သည့် အချက်ကိုသာ ကောက်၍ မေးလိုက်လေသည်။

'ခင်ဗျား စောစောက ပြောခဲ့တဲ့ မေဆန်ရဲ့ သူနာပြု ဆရာမ လိပ်စာကို ရနိုင်မလား'

ဖရက်ဒီက သူ့ကို ပြုံးတုံး ပြုံးတဲ ကြည့်လိုက်ပြီး 'သိပ်ရတာပေါ့၊ ဘာ ပြုလို့ မရရမှာလဲ' ဟု ပြောလေ၏။

'ဒီကိစ္စနှင့် ပတ်သက်လို့ ကျွန်တော် စဉ်းစားမိတယ်'

အိုင်ဗိုရီ၏ အသံသည် အေးစက် မာကျောလှပေသည်။

'ဒီကိစ္စ အတွက် ကျွန်တော် တစ်ခုခုတော့ လုပ်သင့်တယ်လို့ ထင်တယ်၊ ကိစ္စကတော့ ခင်ဗျားနှင့် ကျွန်တော်နှင့် နှစ်ယောက်တွဲ လုပ်မှ ဖြစ်မယ့် ကိစ္စပဲ ဖရက်ဒီ၊ ခင်ဗျားရဲ့ သူငယ်ချင်း အင်ဒရူး မေဆန် အပေါ်မှာ မကောင်းကြံဖို့ ကျွန်တော့်မှာ အချိန်မပေးနိုင်ဘူး၊ တကယ်ပါ၊ ဒါပေမဲ့ ကျွန်တော် တွေးနေတာက တာဝန်ပိုင်း ဆိုတဲ့ ရှုထောင့်က ကြည့်ရင် ဒီကိစ္စက ကျွန်တော်တို့ အလေးအနက် ထားပြီး စဉ်းစားရမယ့် ကိစ္စ တစ်ခုလို့ ထင်တယ်၊ ကျွန်တော် မေ ဖလိုင်း ညစာ စားပွဲမှာ ဒေါက်တာ ဂက်စဘီးနှင့် ဆုံမိကြလို့ အဲဒီ စတီးမင်း ဆိုတဲ့ ငနဲ အကြောင်း စကားစပ်မိခဲ့ကြတယ်၊ အဲဒီအချိန်က စတီးမင်း အကြောင်းက သတင်းစာထဲမှာပါ ခဏ ခဏ ပါနေတယ်ဗျာ၊ ဖလီးလမ်းက နလပိန်းတုံးတွေကလည်း ဆရာဝန် အကျော်အမော်တွေ ကုမရလို့ လက်လျှော့လိုက်ရတဲ့ လူနာတွေကို စတီးမင်း ကုပေးလို့ ပျောက်ကင်းသွားတာ ဘယ်နှယောက် ရှိတယ် ဘာညာနှင့် စာရင်းဇယားတွေ ပြပြီး ပြောနေကြတဲ့ အချိန်ပေါ့၊ ဒီလို အလုံးမျိုးတွေက လုပ်နေကျ အလုံးတွေပါဗျာ၊ ခင်ဗျားလည်း သိသားပဲ၊ နည်းနည်းဆို များများ ချဲ့ထွင်ပြီး ပြောတတ်ကြတာပဲ၊ အကောင်း မဟုတ်ပါဘူး၊ ဂက်စဘီးကလည်း အဲဒါတွေကို သိပ်ဒေါပွနေတယ်၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

သိရသလောက် ဆိုရင် စတီးမင်းဆီ ရောက်သွားတဲ့ ကရင်စတန် ဆိုတဲ့ လူနာဟာ တစ်ချိန်က ဂက်စဘီးရဲ့ လူနာပေါ့၊ အခု စဉ်းစားရမှာက ကျွန်တော်တို့ ဆေးပညာရှင် လောကထဲမှာ ရှိနေတဲ့ ဆရာဝန်တွေက ကျွန်တော်တို့ လောကကို လာပြီး ပခုံးချင်း ယှဉ်နေတဲ့ ဘာမဟုတ် ညာမဟုတ် အကောင် တစ်ကောင်ကို အားပေး ကူညီမယ် ဆိုရင် ကျွန်တော်တို့ ခင်ဗျားတို့ အားလုံး ဘာဖြစ်သွားမလဲ၊ အဲဒီ အချက်ဟာ စဉ်းစားသင့် စဉ်းစားထိုက်တဲ့ အချက်ဗျ။ ဒီအချက်ကို အသေအချာ စဉ်းစားလေလေ ကျွန်တော်တော့ အင်ဒရူး လုပ်ပုံ မကြိုက်လေဘဲ၊ ကျွန်တော်တော့ ဒေါက်တာ ဂက်စဘီးနှင့် တွေ့ပြီး ဒီကိစ္စကို ဆွေးနွေးကြည့်ချင်တယ်၊ ဟော့... ဟော့... စားပွဲထိုး တစ်ယောက် ဒီကိုလာစမ်း ကလပ်ထဲမှာ ဒေါက်တာ မောရစ် ဂက်စဘီး ရှိသလား လိုက်ရှာစမ်းကွာ ကလပ်ထဲမှာ မတွေ့ရင် အစောင့်ကို ပြော၊ သူ့အိမ်ကို ဖုန်းဆက်ပြီး ဒေါက်တာ ဂက်စဘီး အိမ်မှာ ရှိ မရှိ မေးပေးစမ်းပါလို့'

ဟင်မဆန်သည် အိုင်ဗိုရီကို ကြည့်ကာ စိတ်မသက်မသာ ဖြစ်သွားသည်။ မျက်စိ မျက်နှာလည်း ပျက်လျက် ရှိ၏။ သူသည် အင်ဒရူးနှင့် သဘောချင်း မတိုက်ဆိုင်၍ ရန်ဖြစ်ခဲ့တုန်းက ဖြစ်ခဲ့သော်လည်း အင်ဒရူး အပေါ်၌ ရန်ငြိုးထားခြင်း မရှိခဲ့ပေ။ မလိုမုန်းထားသည့် စိတ်လည်း မမွေးခဲ့ပေ။ အပေါ်ယံအားဖြင့် အင်ဒရူးအား မနှစ်သက်သလိုလို ဖြစ်ခဲ့သော်လည်း သူ့အတွင်းစိတ်ကမူ အင်ဒရူးကို သဘောကျသည်။ ထို့ကြောင့်လည်း ဤကိစ္စတွင် သူ မပါလိုပေ။

'ဒီကိစ္စထဲမှာ ကျွန်တော်တော့ မပါချင်ဘူး၊ ကျွန်တော့်ကိုတော့ ဆွဲမထည့်ကြနှင့်ဗျာ'

'ဟာ... ခင်ဗျား အရူးလား ဖရက်ဒီ၊ ခင်ဗျားတို့ ကျုပ်တို့ကို ရွှံ့ဗွက်နှင့် ပက်နေတဲ့ အကောင်ကို ဒီအတိုင်း ကြည့်နေရမှာလား'

ထိုစဉ် အခိုက်မှာပင် အိုင်ဗိုရီ ခိုင်းလိုက်သော စားပွဲထိုး ပြန်ရောက်လာပြီး ဒေါက်တာ ဂက်စဘီး သူ့အိမ်တွင် ရှိနေကြောင်း ပြောလေ၏။

'ဒီလိုဆိုရင်တော့ ကျုပ်တို့ရဲ့ စစ်တုရင်ပွဲကို ရပ်ရလိမ့်မယ် ထင်တယ် ရဲဘော်တို့၊ ဂက်စဘီးနှင့် ချိန်းကြည့်ဦးမယ်၊ ချိန်းလို့ မရသေးရင်တော့ ဆက်ကစားကြတာပေါ့'

သို့သော်လည်း ဂက်စဘီးကို ချက်ချင်း ချိန်း၍ မရပေ။ ထိုနေ့ ညနေပိုင်း အချိန့် အတော် နောက်ကျမှသာ အိုင်ဗိုရီ အိမ်သို့ သွားတွေ့ရလေသည်။





အမှန်အားဖြင့်တော့ ဂက်စဘီးနှင့် အိုင်ဗိုရီတို့သည် သိပ်ပြီး ရင်းနှီးသူများ မဟုတ်ကြပေ။ တစ်ဦးနှင့် တစ်ဦး တွေ့ဖူး မြင်ဖူး၍ စကားပြောဖူးသည် ပြောဖူးရုံမျှသာ ရှိ၏။ မည်သို့ပင် ဖြစ်စေ ဂက်စဘီးသည် အိုင်ဗိုရီ အကြောင်းကို ကောင်းစွာ မသိသည့်တိုင်အောင် အိုင်ဗိုရီ၏ ခွဲစိတ်ကု ဆရာဝန် တစ်ဦး ဟူသော အလုပ်အကိုင်နှင့် အဆင့်အတန်းကိုတော့ အသိအမှတ် ပြုထား၏။ ဂက်စဘီး အဖို့ အိုင်ဗိုရီ တော်သည် ညံ့သည် ဟူသော အချက်သည် အရေးကြီးသည် မဟုတ်ပေ၊ သူ့ဟာသူ တတ်ချင်တတ် မတတ်ချင်နေ၊ တော်ချင်တော် မတော်ချင်နေ ခွဲစိတ်ကု ဆရာဝန် ဟူသော အမည်နာမသာလျှင် အရေးကြီးသည် ဖြစ်ရာ ခွဲစိတ်ကု ဆရာဝန် အိုင်ဗိုရီအား တန်းတူရည်တူ ထား၍ ပေါင်းသင်းမည်သာ ဖြစ်ပေသည်။

အိုင်ဗိုရီက သူ လာရခြင်း၏ ရည်ရွယ်ချက်ကို ပြောပြသည့် အခါ ဂက်စဘီး စိတ်ဝင်စားသည်။ အိုင်ဗိုရီ ပြောပြသော ဇာတ်လမ်းကို စိတ်ပါ လက်ပါ နားထောင်သည်။ ဇာတ်လမ်း ဆုံးသည်နှင့် တစ်ပြိုင်နက် ရှုံ့ရှုံ့ရဲ့ရဲ့ ဖြစ်လာလေ၏။

'ဒီ အင်ဒရူး မေဆန် ဆိုတဲ့ အကောင်ကို ကျွန်တော် သိတယ်၊ သူ ကျွန်တော်တို့ အင်မ်၊ အက်ဖ်၊ ဘီ အဖွဲ့မှာ ခဏလာပြီး လပိုင်းလောက် လုပ်သွားဖူးတယ်၊ ဒီကောင်က ခပ်စွာစွာပဲ၊ ဒီကောင်ကို ဆော်မှ ဖြစ်မယ်၊ ဒီကောင် ကျသွားတာကို မြင်ရစေမယ်ဗျာ၊ စိတ်ချနေ၊ ကျွန်တော် ကတိပေးတယ်၊ ဆရာဝန်တွေနှင့် လုံးဝ အဆင်မပြေ ဖြစ်နေတဲ့ အပြင်လူ တစ်ယောက်ကို ကူညီတယ် ဆိုတာ ဘယ်လောက် ဆိုးသလဲ၊ ဒီကောင် လုပ်ပုံက အခိုင်းအစေ တစ်ယောက် လုပ်ပုံနှင့် ဘာများ ထူးသေးလဲ၊ သူ ဗိတိုရီးယား ဆေးရုံက လူနာကို ထုတ်သွားတယ်လို့ ခင်ဗျား ပြောတဲ့ အထဲမှာ ပါတယ်၊ သူ ထုတ်သွားတဲ့ လူနာဟာ သားရေးဂွတ်ရဲ့ လူနာပဲ ဖြစ်ရမယ်၊ ဒီအကြောင်းကို သားရေးဂွတ်သာ သိရင် တစ်ခုခုတော့ လုပ်မှာ သေချာတယ်၊ သူ့ လူနာကို တိတ်တိတ်ကျိတ်ပြီး စတီးမင်း ဆိုတဲ့ အကောင်ရဲ့ လက်ထဲ လွှဲပေးတာသာ သိရင် ဘယ်လောက် ဒေါပွလိုက်မလဲ'

'ဟာ လူနာကို ထုတ်သွားရုံတင် ဘယ်ကမှာလဲ၊ ဒီထက် ဆိုးတာပေါ့၊ ဒီအကောင်က စတီးမင်း လုပ်တာ ကိုင်တာကို အစ အဆုံး ဝင်ပြီး ကူညီ လုပ်ကိုင်ပေးသေးတာပဲ'

'အဲသလို လုပ်တာသာ မှန်ရင်တော့ ဒီအမှုဟာ ဆေးပညာ ကောင်စီကို



www.burmeseclassic.com

www.burmeseclassic.com

တင်ရမယ့် အမှုကြီး တစ်ခုပဲဗျ'

အိုင်ဗိုရီသည် တစ်စုံတစ်ခုကို စဉ်းစားကာ ပြောရန် သင့် မသင့် စဉ်းစားနေသည်။

'ကျွန်တော် ဒီငနဲကို ကောင်းကောင်း သိတယ်၊ သူ့အကြောင်းကို ခင်ဗျားထက် ပိုပြီး သိတယ်၊ ဒါပေမဲ့ ကျွန်တော် ကိုယ်တိုင်ကတော့ ဒီအမှုကို မတင်ချင်ဘူး'

'အမှုတင်ဖို့က ကိစ္စ မရှိပါဘူး၊ မပူပါနှင့်၊ ကျွန်တော် တင်မှာပေါ့၊ အခု ခင်ဗျား ပြောပြတာတွေသာ မှန်တယ် ဆိုရင် ကျွန်တော် ကိုယ်တိုင် တင်မယ်၊ ကျွန်တော် ဒီအမှုကို မတင်ဘဲ ခေါင်းရှောင်လိုက်ရင် ကျွန်တော် တာဝန်မဲ့တဲ့လူ ဖြစ်သွားမှာပေါ့၊ ဥပဒေ မျက်စိနှင့် ကြည့်ရင် အချက်အလက်တွေကတော့ သိပ်ကောင်းတယ်၊ ဒီစတီးမင်း ဆိုတဲ့ အကောင်ဟာ သိပ် အနှောင့်အယှက် ပေးတဲ့ အကောင်ပဲ၊ ဒီကောင်ဟာ ပြည်သူလူထု အတွက်သာ မဟုတ်ဘူး၊ ကျွန်တော်တို့ ဆေးပညာရှင်တွေ အတွက်ပါ အနှောင့်အယှက် အတားအဆီး ဖြစ်နေတဲ့ အကောင်ပဲ၊ သူ့အကြောင်းကို ဟိုတစ်ညက ညစာ ထမင်းစားပွဲမှာ ကျွန်တော် ခင်ဗျားကို ပြောပြခဲ့ဖူးသေးတယ် ထင်တယ်၊ ဒီအကောင်ဟာ ကျွန်တော်တို့ရဲ့ အခန်းကဏ္ဍ၊ ကျွန်တော်တို့ရဲ့ လေ့ကျင့် သင်ကြားမှု၊ ကျွန်တော်တို့ရဲ့ အစဉ်အလာတွေကို လာပြီး ခြိမ်းခြောက်နေတဲ့ အကောင်ပဲ၊ ဟာဗျာ ဒီကောင်ဟာ ကျွန်တော်တို့နှင့် ဆက်စပ်နေတဲ့ အလုပ် ဟူသမျှကို ခြိမ်းခြောက်နေတဲ့ အကောင်ဗျ သိရဲ့လား၊ လျှော့ပြီး တွက်လို့ မရဘူး၊ ကျွန်တော်တို့ အနေနှင့် ဒီအကောင် ကျွန်တော်တို့ လောကထဲကို ဝင်မလာနိုင်အောင် နှင်ထုတ်မှ ဖြစ်မှာ၊ အဲသလို မလုပ်ရင် အနေးနှင့် အမြန် ဆိုသလို ဒီအကောင်က ကျွန်တော်တို့ကို တွယ်လိမ့်မယ်၊ အထူးသဖြင့် အောင်လက်မှတ် ရှိမှ အသိအမှတ် ပြုရတဲ့ ကိစ္စကို သေးသိမ်အောင် နိမ့်ကျအောင် လုပ်မှာ သေချာတယ်၊ ခင်ဗျား စဉ်းစားသာ ကြည့်ပေတော့၊ ကျွန်တော်တို့ရဲ့ အလုပ်ကို ကျွန်တော်တို့ ပညာရှင်တွေရဲ့ လက်ထဲမှာပဲ ထားရမှာပေါ့၊ သေစာရင်း လက်မှတ် ဆိုပါတော့၊ ကျွန်တော်တို့ပဲ လက်မှတ် ထိုးနိုင်တယ်၊ တခြား ဘယ်သူမှ မထိုးနိုင်ဘူး၊ တကယ် ဒီလိုကောင်မျိုးတွေသာ ဒါမျိုးတွေ လုပ်နိုင်တဲ့ အခွင့်အရေးများ ရသွားရင် ကျွန်တော်တို့ ခင်ဗျားတို့ ကြွပြီသာ မှတ်ပေတော့၊ ဒါပေမဲ့ တော်ပါသေးတယ်၊ အရင်တုန်းကတော့ ဒီလို အမှုမျိုးသာ ပေါ်လာရင် ဆေးပညာ ကောင်စီက ဘယ်တော့မှ ချမ်းသာ မပေးခဲ့ဘူး၊ မှတ်လောက်သားလောက် ဖြစ်အောင်ကို





ဆော်တာပဲ၊ ခင်ဗျား မှတ်မိမလားတော့ မသိဘူး၊ ဂျားဗစ်ရဲ့ အမှု လွန်ခဲ့တဲ့ နှစ် အတော်ကြာကြာက ဖြစ်ခဲ့တဲ့ အမှု တစ်မှုဟာလေဗျာ၊ ကလေးတစ်ယောက် တစ်ယောက် ကူညီတဲ့ အနေနှင့် ဂျားဗစ်ကို မေ့ဆေး ဝင်ပေးခဲ့တဲ့ အမှုပေါ့၊ ဆေးကောင်စီက သူ့ကို ဆရာဝန် မှတ်ပုံတင် စာရင်းက ပယ်ဖျက်လိုက်တယ်။ အခု စတီးမင်းဟာ ကျွန်တော်တို့ နယ်ထဲ ကျူးကျော်ပြီး ဝင်လာခဲ့တဲ့ အကောင်၊ စော်ကားလာတဲ့ အကောင်ပဲ၊ ပိုပြီး ဆော်ရမှာပေါ့၊ ကျွန်တော် သားရေးဌာနဆီ အခုပဲ ဖုန်းဆက်လိုက်မယ်၊ ခင်ဗျား ခဏ စောင့်ဦး၊ မကြာပါဘူး၊ တစ်မိနစ်လောက်ပါ၊ မနက်ဖြန်ကျရင်တော့ ခင်ဗျား ပြောတဲ့ ဆရာမနှင့် တွေ့ပြီး မေးစရာ ရှိတာ မေးချင်တယ်'

ဂက်စဘီးသည် ထိုင်ရာမှ ထသွားပြီး ဒေါက်တာ သားရေးဌာနထံ ဖုန်းဆက်သည်။ နောက်တစ်နေ့ မနက်တွင် ကိုယ်တိုင်ပင် ဒေါက်တာ သားရေးဌာန၏ ရှေ့မှောက်၌ သူနာပြု ဆရာမ ရှပ်၏ ထွက်ဆိုချက်များကို ယူ၍ ဆရာမ ရှပ် ကိုယ်တိုင် လက်မှတ် ရေးထိုးထားသည့် တရားဝင် ထွက်ဆိုလွှာ ပြုလုပ်လေသည်။ ဆရာမ ရှပ်၏ ထွက်ဆိုချက်များမှာ ကောင်းမွန် တိကျလွန်းသဖြင့် သူသည် ချက်ချင်းပင် သူ၏ လက်ဖွဲ့ ရှေ့နေများ ဖြစ်သော ဘလွန်းစဘူးရီး စကွဲရားရှိ မက်ဆားဘွန်းနှင့် အဲဘာတန်တို့နှင့် ဆက်သွယ်လေ၏။

အမှန်တော့ ဂက်စဘီးသည် စတီးမင်းကို တစ်ဖက်သတ် စက်ဆုပ် မုန်းတီး ရွံရှာနေသူ ဖြစ်သည့် အားလျော်စွာ စတီးမင်း ပျက်စီးမည် ဆိုလျှင် ဘာမဆို လုပ်မည့် လူစား ဖြစ်ပေသည်။ ယခု လောလောဆယ်တွင်လည်း ဆေးပညာ လောက၏ အကျိုးကို ကာကွယ်သည့် အနေဖြင့် အရေးကြီးသော အမှုတစ်မှုကို တင်ပြနိုင်သူ တစ်ဦး အဖြစ် သူ့ကိုယ်သူ ဂုဏ်ယူ၍ မဆုံးနိုင်အောင် ဖြစ်လျက် ရှိလေသည်။

ဒင်နီ၏ အစီအစဉ်အရ အင်ဒရူး တစ်ယောက် အယ်လန်တွိုင်သို့ ရောက်နေသည့် အချိန်တွင် သူ့အပေါ် စွဲဆိုမည့် အမှုသည် ဤသို့လျှင် တစ်ဆင့်ပြီး တစ်ဆင့် ဖြစ်လာခဲ့လေသည်။

ခရစ္စတီ ကွယ်လွန်သည့် သတင်းကို သတင်းစာထဲတွင် ဖတ်လိုက်ရသော အခါ ဖရက်ဒီ ဟင်မဆန်သည် စိတ်ထိခိုက်ခဲ့သည်မှာ အမှန်ပင် ဖြစ်၏။ သူသည် ချက်ချင်းပင် အိုင်ဗိုရီထံ ဖုန်းဆက်၍ အမှုကို မတင်တော့ဘဲ ရပ်ဆိုင်း လိုက်ရန် ပြောခဲ့သေးသည်။ သို့သော် နောက်ကျသွားခဲ့လေပြီ။ သူ ပြောသည့်အချိန် အင်ဒရူး၏ အမှုမှာ တင်ပြီးနေလေပြီ။


www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်းတွင် ဖြစ်မှုများဆိုင်ရာ ကော်မတီသည် အင်ဒရူး အပေါ် တရားစွဲဆိုရန် တင်ပြလာသည့် အမှုကို စိစစ်ပြီးလျှင် အင်ဒရူး ကိုယ်တိုင် ဆေးပညာ ကောင်စီ၏ နိုဝင်ဘာလ အစည်းအဝေးသို့ တက်ရောက်၍ သူ့ အပေါ်၌ စွဲဆိုထားသည့် အမှုအတွက် ချေပရန် ဆင့်ခေါ်သော စာတစ်စောင် ထုတ်လိုက်လေသည်။

ယခု အင်ဒရူး ကိုင်ထားသော စာသည် ထိုစာပင် ဖြစ်ပေသည်။ စာအရေးအသားမှာ ဥပဒေသံ အပြည့်နှင့် ဖြစ်လေသည်။

သင် အင်ဒရူး မေဆန်သည် သိလျက်နှင့်သော် လည်းကောင်း၊ စိတ်ရော ကိုယ်ပါသော် လည်းကောင်း ဩဂုတ်လ ၁၅ ရက်နေ့တွင် ဆေးပညာ ဘွဲ့လက်မှတ် မရှိသော၊ မှတ်ပုံတင် စာရင်းဝင် ဆရာဝန် တစ်ဦး မဟုတ်ပါဘဲနှင့် ဆေးကုသမှု ပြုနေသော ရစ်ချက် စတီးမင်း ဆိုသူ တစ်ဦးအား ကူညီခဲ့ခြင်း၊ ယင်း ပုဂ္ဂိုလ်၏ ဆေးကုသမှု လုပ်ငန်းတွင် မိမိ၏ ဆရာဝန် တစ်ယောက် ဂုဏ်သိက္ခာကိုမှ မထောက်ထားဘဲ ပါဝင် ကူညီ လုပ်ကိုင် အားပေးခြင်း ပြုခဲ့သည်။ သို့ဖြစ်၍ သင်သည် ဆေးပညာ လောက၏ ဂုဏ်သိက္ခာကို ညှိုးနွမ်း ပျက်ပြားအောင် လုပ်သည့် ဖြစ်မှုထိုက်ကြောင်း တွေ့ရှိရသည်။



[၂]

အမှုကို စစ်ဆေး ကြားနာသည့် နေ့သည် နိုဝင်ဘာလ ၁၀ ရက်နေ့ ဖြစ်၏။ အင်ဒရူးသည် ထိုနေ့ မတိုင်မီ တစ်ပတ် စော၍ လန်ဒန်သို့ လာခဲ့သည်။ သူသည် ဤအမှုကို တစ်ယောက်တည်း ရင်ဆိုင်မည်ဟု အနိုင်အမာ ဆုံးဖြတ်ထားလေသည်။ ဒင်နီနှင့် ဟုတ်ပ်တို့ကိုလည်း ဤ အမှုကိစ္စတွင် ကိုယ်ထိလက်ရောက် ဝင်၍ ကူညီခြင်း မပြုဘဲ မိမိ တစ်ဦးတည်း လွှတ်ထားပေးရန် ပြောထားပြီးပြီ ဖြစ်၏။ သူသည် စိတ်ညစ်ခြင်း၊ စိတ်နာခြင်းတို့ကို ရင်ဝယ်ပိုက်ကာ ပြတိုက် ဟိုတယ်၌ တည်းခို နေထိုင်လျက် ရှိလေ၏။

သူ့ကိုယ်သူ ထိန်းနေသဖြင့် အပေါ်ယံအားဖြင့် ကြည့်လျှင် တည်တည်ငြိမ်ငြိမ် ရှိလှသည်ဟု ထင်မှတ်ရသော်လည်း သူ၏ စိတ်မှာမူ ဆောက်တည်ရာ မရလောက်အောင်ပင် ဗလောင်ဆူလျက် ရှိ၏။

လက်ရှိ ဖြစ်ပေါ်လာသည့် အခြေအနေကို ကြည့်၍ ရှေ့ရေး အတွက် စိတ်မအေးခြင်း ဖြစ်မိသည်နှင့် အမျှ ကုန်လွန်ခဲ့ပြီးသော အချိန်များ အတွင်းက ဆရာဝန် တစ်ဦး ဘဝနှင့် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များ အတွက်လည်း စိတ်မကောင်း ဖြစ်လျက် ရှိရလေသည်။

လွန်ခဲ့သော ရက်သတ္တပတ် ခြောက်ပတ်ခန့်က ဆိုလျှင် ခရစ္စတီ သေဆုံးရခြင်းတည်း ဟူသော ဆုံးရှုံးမှုကြောင့် သူ့မှာ လူမှန်း သူမှန်း မသိလောက်အောင်ပင် အရူးတစ်ပိုင်း ဖြစ်ခဲ့ရသည်။ အသက် ဝိညာဉ် ကင်းမဲ့သူ တစ်ဦးပမာ ဆောက်တည်ရာ မရနိုင်အောင် ဖြစ်ခဲ့ရ၏။ သူ့ဘဝ တစ်ခုလုံးသည် အချည်းအနှီး ဖြစ်ကာ ရပ်တည်စရာပင် မရှိလောက်သည့် အခြေအနေမျိုးသို့ ဆိုက်ရောက်ခဲ့ရ၏။ ယခုမှသာ တစ်ဖန်ပြန်၍ နာလန် ထူလာပြီး သူ့စိတ်ဓာတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

သူ့အကြံဉာဏ်များကို အကောင်အထည် ဖော်ရန် စိတ်ရော ကိုယ်ပါ ကြိုးစား အားထုတ်စ ပြုလာခဲ့ခြင်း ဖြစ်သည်။ အကယ်၍များသော အသစ် တစ်ဖန် ပြန်လည် မွေးဖွားစ ပြုလာသော သူ၏ မျှော်လင့်ချက်များကို အကောင်အထည် မဖော်နိုင်သည့် ဘဝသို့ ရောက်သွားခဲ့ပါမူ သူ့ဘဝ တစ်သက်လုံး ရှင်သန် တော့မည် မဟုတ်ပေ။ အသက်နှင့် ကိုယ် တည်မြဲနေရသည့်တိုင်အောင် ရှင်လျက်နှင့် သေသူ တစ်ဦးပမာ ဖြစ်ရချေတော့မည်။

ယခု ရင်ဆိုင်နေသော အဖြစ်သည် သူ့အဖို့တော့ ရင်နာစရာ ကောင်းလှ၏။ သူ ယခု ရင်ဆိုင်နေရသော အမှုသည် ဆရာဝန်တိုင်း ကြောက်ကြသည့် အမှုကိစ္စမျိုး ဖြစ်ပေသည်။ သူ့အား ဘာကြောင့် ဆေးကောင်စီ ရှေ့မှောက်သို့ ခေါ်ရပါသနည်း။ ဘာကြောင့် သူ့နာမည်ကို ဆရာဝန် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ချင်နေကြပါသနည်း။ သူသည် ယနေ့ အထိ ဂုဏ်သိက္ခာ ကင်းမဲ့စေလောက်သည့် အပြုအမူမျိုးကို မလုပ်ခဲ့သည်မှာ အမှန်ပင် ဖြစ်၏။ ရာဇဝတ် ပြစ်မှုလည်း မကျူးလွန်ခဲ့။ အလွဲသုံးစားမှုမျိုးကိုလည်း မလုပ်ခဲ့။ သူ လုပ်ခဲ့သမျှမှာ မေရီ ဘိုလန်၏ ရောဂါ သက်သာ ပျောက်ကင်းရန် အတွက် ဆေးဝါး ကုသပေးခြင်းသာ ရှိပေသည်။

သူ့ဘက်မှ လိုက်ပါ ဆောင်ရွက်မည့် ရှေ့နေမှာ လင်ကွန် အင်းဖီးဘက်မှ ရှေ့နေများ အဖွဲ့ ဖြစ်သော ဟောပါးနှင့် ကုမ္ပဏီမှ သောမတ်စ် ဟောပါး ဆိုသူ ဖြစ်ပေသည်။ ဒင်နီက အင်မတန် တော်သည်ဟု တိုက်တွန်းခဲ့သဖြင့် ငှားခဲ့ခြင်း ဖြစ်၏။

နာမည်ကြီး ရှေ့နေ တစ်ဦး ဖြစ်သော သောမတ်စ် ဟောပါးကို မြင်တွေ့ရပါက သူ၏ ရုပ်ရည်ကို ကြည့်ပြီး မည်သူမျှ သူ့အား အထင်ကြီးကြလိမ့်မည် မဟုတ်ပေ။ သောမတ်စ် ဟောပါးသည် လူပုံက ခပ်သေးသေး၊ ခပ်ပိန်ပိန်၊ ခပ်ပုပု ဖြစ်သည်။ မျက်နှာ နီရဲရဲတွင် ရွှေကိုင်း မျက်မှန် တပ်ထားသည်။ လုပ်ပုံ ကိုင်ပုံ၊ ပြောပုံ ဆိုပုံများမှာ ဘယ်တော့မှ တည်ငြိမ် အေးဆေးသည် မရှိဘဲ မျက်စိ နောက်စရာ ကောင်းလောက်အောင်ပင် ပျာယီး ပျာယာ လုပ်တတ်သော အကျင့် ရှိလေသည်။

ဟောပါးနှင့် အင်ဒရူးတို့သည် တွေ့စ ကတည်းက အဆင်မပြေချင် ကြပေ။ ဟောပါးသည် အင်ဒရူးနှင့် တွေ့ဆုံပြီး အမှုသွား အမှုလာကို ဆွေးနွေးသည်။ အင်ဒရူးက သူ့ အမှုကိစ္စနှင့် ပတ်သက်၍ လန်ဒန်မြို့တွင် သူနှင့် အခင်မင်ဆုံးလည်း ဖြစ်၍ ဩဇာလည်း ရှိသော ဆာ ရောဘတ် အက်ဘီးထံ





သူ၏ ကိုယ်စား သွားရောက် တွေ့ဆုံ၍ ဆွေးနွေး တိုင်ပင်ကြည့်ရန် ပြောရာ ဟောပါးက စိတ်ပျက်သည့် အမူအရာမျိုးဖြင့် မျက်နှာကို ရှုံ့မဲ့တာ ခေါင်းခါခါ၊ လည်ခါခါ လုပ်၍ အက်ဘီးထံ သွားရန်မှာ လုံးဝ မဖြစ်နိုင်ကြောင်း အက်ဘီး ကိုယ်တိုင်မှာ ဆေးကောင်စီ အဖွဲ့ဝင် တစ်ဦး ဖြစ်နေကြောင်း ပြောလေသည်။

အင်ဒရူးက သူ့ အမှု အတွက် အရေးကြီးသော သက်သေ ဖြစ်လာနိုင်သည့် စတီးမင်းထံ ကြေးနန်း ရိုက်၍ အင်္ဂလန်သို့ အမြန် ပြန်လာဖို့ အကြောင်းကြားပေးရန် ပြောသည့် အခါတွင်လည်း သောမတ်စ် ဟောပါးက သဘောတူချေ။ သောမတ်စ် ဟောပါးက စတီးမင်း ပြောပြနိုင်မည့် အချက်အလက်ဟူသမျှကို သူ ရထားပြီ ဖြစ်၍ စတီးမင်းကို ခေါ်နေဖို့ မလိုတော့ကြောင်း၊ စတီးမင်းလို ဘွဲ့မရှိ ဘာမရှိနှင့် အရည်အချင်း မရှိသော ဆေးဆရာ တစ်ယောက်ကို ဆေးကောင်စီ ရှေ့မှောက်တွင် သက်သေ အဖြစ် တင်ပြခြင်းအားဖြင့် အဖွဲ့ဝင် လူကြီးများအား ပို၍ ဒေါမာန် ပွားအောင် လုပ်သလို ဖြစ်သွားစရာ ရှိကြောင်း၊ စတီးမင်း၏ လက်ထောက် မာလင်ကိုလည်း ဤအကြောင်းကြောင့်ပင် ဤအမှုတွင် သက်သေ အဖြစ် တင်ပြလိမ့်မည် မဟုတ်ကြောင်း ရှင်းပြလေ၏။

အမှုနှင့် ပတ်သက်၍ တရားဥပဒေ ရှုထောင့်မှ ဆင်ခြင် သုံးသပ်၍ ပြုစုထားသည့် အစီအစဉ် ဟူသမျှသည် သူ၏ ကိုယ်ပိုင် ရှုထောင့်မှ နေ၍ သူ စိတ်ကူးထားသည့် အစီအစဉ်များနှင့် များစွာမှပင် ကွဲပြား ခြားနားလျက် ရှိကြောင်းကို အင်ဒရူး သိလာရသောအခါ စိတ်မချမ်းမမြေ့ ဖြစ်လာရပြန်လေသည်။

အင်ဒရူး၏ စိတ်ဆန္ဒမှာ အဖြစ်မှန်ကို အမှန်အတိုင်း တင်ပြလိုသော ဆန္ဒ ရှိ၏။ ဟောပါးက လက်မခံနိုင်။ ဟောပါးက သူ့နည်း သူ့ဟန်နှင့် သွားလိုသည်။ အင်ဒရူးက မည်မျှပင် အကြောင်းပြ၍ ဆွေးနွေး ပြောပြစေကာမူ ဟောပါးက လက်မခံနိုင် ဖြစ်နေလေသည်။ ဟောပါး၏ ဆန္ဒမှာ သူ သင်ပေးထားသည့် အတိုင်းသာ ပြောစေလို၏။ ဤသို့ဖြင့် အင်ဒရူးနှင့် ဟောပါးတို့သည် တစ်ဖက်နှင့် တစ်ဖက် အဆင်မပြေ ဖြစ်လာသဖြင့် နောက်ဆုံးတွင် ဟောပါးက အမှုနှင့် ပတ်သက်၍ သူ၏ သဘောထားကို အတိအလင်းဖွင့် ထုတ်ဖော် ပြောကြားလေတော့သည်။

'ကျွန်တော် ခင်ဗျားကို ကြိုတင်ပြီး တောင်းပန်ထားပါရစေ ဆေးဆရာ



www.burmeseclassic.com

www.burmeseclassic.com

မေဆာန်၊ ဗုဒ္ဓဟူးနေ့ အမှုစစ်ဆေးတဲ့ အခါမှာ အခု ခင်ဗျား ကျွန်တော့်ကို ပြောပြနေတဲ့ စကားမျိုးတွေ လုံးဝ မပြောပါနှင့်၊ ခင်ဗျား အနေနှင့် ဘာဆို ဘာတစ်ခွန်းမှ မပြောဘဲ ရောင့် နှုတ်ပိတ်နေပေါ၊ ကျွန်တော် ပြောတာ နားမထောင်ဘဲ ခင်ဗျား ကောင်းမယ် ထင်တာတွေ ဝင်ပြောလိုက်မယ် ဆိုရင် ကိုယ့် လည်ပင်း ကိုယ် ကြိုးကွင်းစွပ်သလို ဖြစ်သွားလိမ့်မယ် ဆိုတာ ကျွန်တော် သတိပေးထားပါရစေ'

အင်ဒရူးသည် ဟောပါးအား မကျေမနပ်ဖြင့် ကြည့်သည်။

'ကျွန်တော်ကတော့ သူတို့ အားလုံးကို အမှန် သိစေချင်တယ်၊ ဒီအမျိုးသမီးလေးကို ရောဂါ ပျောက်ကင်းစေချင်တဲ့ ဆန္ဒနှင့် ကုသပေးခဲ့တဲ့ အလုပ်ဟာ အင်မတန် ကောင်းတဲ့ အလုပ်ပါ၊ တကယ်တော့ ကျွန်တော် လုပ်ခဲ့တဲ့ အလုပ်ဟာ အင်မတန် မှန်မြတ်တဲ့ အလုပ်တစ်ခုပါ ဆိုတာ သူတို့ သဘောပေါက် နားလည်သွားအောင် ပြောပြချင်တယ်၊ လပေါင်းများစွာ ဝီတိုရီးယား ဆေးရုံမှာ ကုသပေးနေပေမဲ့ မသက်သာလို့ မပျောက်လို့သာ အခုလို လုပ်ခဲ့ရတာပဲ ဆိုတာကို သူတို့ သိသွားစေချင်တယ်၊ အသေအချာ စဉ်းစားကြည့်လိုက်ရင် ကျွန်တော် အခုလို လုပ်ခဲ့မိတဲ့ အတွက်ကြောင့် သူတို့ လူစုက ကျွန်တော့်ကို အခုလို ဝိုင်းပြီး လုပ်ကြတာ မဟုတ်လား'

မျက်မှန် နောက်ကွယ်မှ ဟောပါး၏ မျက်လုံးများသည် စိုးရိမ်ကြောင့်ကြမှုကို ဖော်ပြနေပေသည်။

'ကျေးဇူးပြုပြီး အဲသလိုတော့ မလုပ်စေချင်ဘူး ဒေါက်တာ မေဆာန်၊ ခင်ဗျား အနေနှင့် ကျွန်တော်တို့ဘက်က အရေးကြီးတဲ့ အခြေအနေကို ခင်ဗျား နားမလည်ဘဲ ဖြစ်နေတာ သိပ်ခက်တာပဲ၊ ကျွန်တော် ခင်ဗျားကို ပွင့်ပွင့်လင်းလင်း ပြောရတော့မှာပဲ၊ ဒီအမှုမှာ ကျွန်တော်တို့ ဘက်က နိုင်ခြေ သိပ်နည်းနေတာကို ခင်ဗျား သတိပြုစေချင်တယ်၊ အလျင်တုန်းက ဖြစ်ပြီးသမျှ အမှုတွေကို ပြန်ကြည့်လိုက်ရင် ကျွန်တော်တို့ ဘက်က လုံးဝ မျှော်လင့်ချက် မရှိပါဘူး ၁၉၀၉ ခုနှစ်က ဖြစ်ခဲ့တဲ့ ကင့်ရဲ့ အမှု၊ ၁၉၁၂ ခုနှစ်က ဖြစ်ခဲ့တဲ့ လောက်ဒန်းရဲ့ အမှု၊ ၁၉၁၉ ခုနှစ်က ဖြစ်ခဲ့တဲ့ ဖောလဂျာရဲ့ အမှု၊ အဲဒီ အမှုတွေမှာ သူတို့ အားလုံး ဆရာဝန် မှတ်ပုံတင် အသိမ်းခံရတာချည်းပဲ၊ ပညာရှင် မဟုတ်သူတွေနှင့် ပေါင်းပြီး ကုသမှု ပြုခဲ့လို့ တရားစွဲ ခံရတဲ့ အမှုတွေချည်းပဲ ဆိုတာလည်း ခင်ဗျား သိမှာပါ၊ ပြီးတော့ ၁၉၂၁ ခုနှစ်တုန်းက ဖြစ်ခဲ့တဲ့ နာမည်ကြီး ဟက်ဇင်ရဲ့ အမှုကို ပြန်ကြည့်၊ ဟက်ဇင်ဟာ ဘာလဲဘ ဆရာ ဂျာရစ် အတွက်





ဆေး ပေးခဲ့မိတဲ့ အမှုပေါ့၊ အဲဒီ အမှုမှာ ဟက်ဇင်ကို ဆရာဝန် မှတ်ပုံတင် စာရင်းက ပယ်ဖျက်ပစ်တာ ခံခဲ့ရတယ်၊ အဲဒီတော့ကာ ကျွန်တော် ဖြစ်စေချင်တာက စစ်ဆေးတဲ့ အခါမှာ ဟုတ်တယ် မဟုတ်ဘူး ဆိုတာလောက်ပဲ ပြောဖို့ လိုတယ်၊ တတ်နိုင်သမျှ တိုတိုပဲ ပြောစေချင်တယ်၊ ကျွန်တော် သတိပေးချင်တာက စောစောက ခင်ဗျား ကျွန်တော့်ကို ပြောပြသလို ဟုတ်တာ မှန်တာတွေ လျှောက်ပြောမနေဖို့ပဲ၊ အဲသလိုသာ ပြောနေရင်တော့ ခင်ဗျား အမှုဟာ ရှုံးမှာ သေချာတယ်၊ ခင်ဗျားရဲ့ မှတ်ပုံတင်ဟာ အသိမ်းခံရမှာ သေချာတယ် ဆိုတာ ကျွန်တော် ရဲရဲ ပြောဝံ့တယ်'

ဟောပါး ပြောနေသည့် ပုံအတိုင်း ဆိုလျှင်တော့ အင်ဒရူးသည် သူ့ကိုယ်သူ အတော်ကြီး သတိထား၍ ထိန်းမှ ဖြစ်တော့မည် ဟူသော အချက်ကို မြင်လာသည်။ ရှင်းရှင်း ပြောရလျှင် လူနာတင် ခုတင်ပေါ် ရောက်နေသည့် လူနာ တစ်ယောက်လို ကျင့်သုံးမှ ဖြစ်ပေလိမ့်မည်။ ဆေးကောင်စီ ရှေ့မှောက်တွင် ဆေးကောင်စီ လူကြီးများ ပြောသမျှ ဆိုသမျှ လုပ်သမျှကို တုံ့ပြန်ခြင်း မပြုဘဲ ငြိမ်ကုပ်၍ ခံမှ ဖြစ်ပေလိမ့်မည်။

သို့သော်လည်း မှားမှား မှန်မှန် ပြန်မပြောဘဲ တစ်ဖက်က လုပ်သမျှအတိုင်း ငြိမ်ခံဖို့ ဆိုသည်မှာ အင်ဒရူးအဖို့ လိုက်နာရန် အခက်ဆုံးသော ကိစ္စတစ်ခု ဖြစ်ချေသည်။ မိမိ အပြစ်မှ လွတ်ကင်း ချမ်းသာစေရန် အလို့ငှာ မှားသည် မှန်သည် ဟူသော အချက်ကို ဘာမှ တွေးတော မနေတော့ဘဲ 'ဟုတ်တယ်၊ မဟုတ်ဘူး' လောက်သာ ပြောရမည် ဟူသော ကိစ္စမှာ အင်ဒရူးအတွက် အခက်ခဲဆုံးနှင့် စိတ်အပင်ပန်းဆုံးသော အလုပ် ဖြစ်ချေသည်။

အမှုစစ်ဆေးမည့်နေ့ မတိုင်မီ တစ်ရက် ဖြစ်သော နိုဝင်ဘာလ ၉ ရက် အင်္ဂါနေ့ ညနေတွင် အင်ဒရူးသည် အမှုမဲ့ အမှတ်မဲ့နှင့် ပက်ဒင်တန် လမ်းဘက်သို့ ရောက်သွားသည်။ ရည်ရွယ်ချက် မရှိပါဘဲနှင့်ပင် ဗစ်ဒလားတို့ ဆိုင်ဘက်သို့ လျှောက်သွားမိလေ၏။

ယခု နောက်ပိုင်း ဆက်တိုက်လိုလို ဖြစ်ပေါ်လာခဲ့သော အနိဋ္ဌာရုံများသည် ဟယ်ရီ ဗစ်ဒလား အပေါ်၌ ပြုမှားခဲ့မိသည့် ပြစ်မှုအတွက် ဝဋ်လည်ခြင်း ဖြစ်သည် ဟူသော အစွဲသည် သူ့စိတ်တွင် ကပ်ငြိလျက် ရှိ၏။ ထိုအစွဲကိန်းအောင်း လာခဲ့သည်မှာ ကြာပြီ ဖြစ်သော်လည်း ယခုတိုင် ပျောက်ကွယ်၍ မရသေးချေ။ တစ်ခါတစ်ရံ မှေးမှေးပျောက်ပျောက် ဖြစ်နေသော်လည်း တစ်ခါတစ်ရံတွင်မူ အပြင်းအထန် ပေါ်လာတတ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုလည်း စဉ်းစား တွေးတောခြင်း မပြုပါဘဲနှင့် ထိုအစွဲသည် ဖြတ်ခနဲ ပေါ်လာပြန်သည်။ သူ့စိတ်တွင် ယခင်က ဖြစ်ပေါ်ခဲ့ဖူးသည့် အရှိန်ကြောင့် ပြန်ပေါ်လာခြင်း ဖြစ်မည်ဟုပင် သူ တွေးမိလေ၏။

သူသည် ဗစ်ဒလား၏ ဆိုင်ပြတင်းမှ နေ၍ အထဲရှိ မစ္စက် ဗစ်ဒလားကို ကြည့်လို မြင်လိုစိတ် ပြင်းထန်စွာ ပေါ်လာသည်။ မစ္စက် ဗစ်ဒလား၏ မျက်နှာကို ခဏလောက် ဖြစ်ဖြစ် မြင်လိုက်ရလျှင် သူ ယခု ခံစားနေရသည့် စိတ်ဆင်းရဲမှု ဒုက္ခ အပေါင်းမှ လုံးဝ လွတ်မြောက် မသွားသည့် တိုင်အောင် သက်သာမှုတော့ ရတန်သရွေ့ ရလိမ့်မည်ဟု ယုံကြည်နေမိလေ၏။

ညသည် စိုစွတ် ထိုင်းမှိုင်းလှ၏။ အမှောင်ထုကလည်း ကြီးလှ၏။ လမ်းများပေါ်ဝယ် လူအသွားအလာကလည်း နည်းလှ၏။

သူသည် ထူးဆန်းလှသော ဇဝေဇဝါစိတ်၊ မရေမရာ စိတ်ဖြင့် လျှောက်သွားလျက် ရှိ၏။ သူ၏ အရိပ် မည်းမည်းသည် ရေးကြီးသုတ်ပျာနှင့် လှုပ်ရှားသွားလာလျက် ရှိကြသော အခြားလူများ၏ အရိပ်မည်းမည်းကြီးများနှင့် အတူ သဲသဲမဲမဲ ရွာနေသော မိုးရေ အောက်ဝယ် တလှုပ်လှုပ် ရွေ့လျားလျက် ရှိလေသည်။

သူသည် ဗစ်ဒလား၏ ဆိုင်သို့ ဆိုင်မပိတ်မီကလေးတွင် ရောက်သွားသည်။ ပထမတော့ ရုတ်တရက် မဝင်ရဲသလို ဖြစ်ကာ တုံ့ဆိုင်းဆိုင်း ဖြစ်နေသေးသည်။ ဈေးဝယ် တစ်ယောက် ဆိုင်ထဲမှ ထွက်လာသည်ကို မြင်လိုက်မှပင် စိတ်ကို တင်းကာ ဝင်ခဲ့လေ၏။

မစ္စက် ဗစ်ဒလားသည် ပင်းမင်းဆိုင် ကောင်တာ၏ နောက်ဝယ် တစ်ယောက်တည်း ရပ်၍ အမျိုးသမီး ကုတ်အင်္ကျီ တစ်ထည်ကို ခေါက်နေလေသည်။ သူမသည် အနက်ရောင် စကပ်နှင့် ဘလောက် အင်္ကျီဟောင်း ဝတ်ထားသည်။ သူမသည် ခြေသံ ကြား၍ မော့အကြည့်တွင် သူ့ကို မြင်သွားလေ၏။

'သြော် ဒေါက်တာ မေဆန်ပါလား'

သူမ၏ မျက်နှာသည် ဝမ်းသာမှု အရှိန်ဖြင့် ဝင်းလက်သွားသည်။

'နေကောင်းရဲ့နော် ဒေါက်တာ'

သူ့နှုတ်မှ ပြန်ဖြေသံသည် အထစ်ထစ် အငေါ့ငေါ့ နိုင်လွန်းလှ၏။ သူသည် မစ္စက် ဗစ်ဒလားကို စူးစူးစိုက်စိုက် ကြည့်၍ အကဲခတ်သည်။ မစ္စက် ဗစ်ဒလားသည် သူ လောလောဆယ် ရင်ဆိုင်နေရသည့် ဒုက္ခကို သိပုံ မပေါ်





သေးပေ။ သူသည် ဆိုင်အတွင်းသို့ ရောက်အောင် မဝင်သေးဘဲ တံခါးဝတွင် ရပ်နေမိလေသည်။ သူ့ ဦးထုပ်မှ မိုးရေစက်များသည် ကြမ်းပေါ်သို့ ဖြည်းဖြည်းချင်း ကျလျက် ရှိလေသည်။

'အထဲဝင်ပါ ဒေါက်တာ၊ တစ်ကိုယ်လုံးလည်း ရွှဲလို့ပါလား၊ တယ်ဆိုးတဲ့ ညပါလား'

သူမ၏ စကား မဆုံးမီ သူက ကြားဖြတ်၍ ပြောသည်။

'မစ္စက် ဗစ်ဒလား၊ ကျွန်တော် ခင်ဗျားဆီ လာပြီး တွေ့ချင်နေတာ ကြာပြီ၊ ခင်ဗျားရော နေရ ထိုင်ရ လုပ်ရ ကိုင်ရတာ အဆင်ပြေရဲ့လား'

'အဆင်ပြေတယ်တော့လည်း မဟုတ်ဘူးပေါ့ ဒေါက်တာရယ်၊ ဒီလိုပဲ ရုန်းကန် လှုပ်ရှားနေရတာပေါ့၊ သိပ်တော့လည်း မဆိုးပါဘူး၊ ဖိနပ်ဆိုင်မှာတော့ လူသစ် တစ်ယောက် ငှားထားရတယ်၊ လူသစ်က လူငယ် တစ်ယောက်ပေမဲ့ တော်ပါတယ်၊ အလုပ်တော့ လုပ်ပါတယ်၊ တစ်ဆိတ် ဝင်ထိုင်ပါဦး ဒေါက်တာ၊ မတွေ့ရတာ ကြာပြီ၊ ကျွန်မ လက်ဖက်ရည် တစ်ခွက်လောက် တိုက်လိုက်ပါရစေ'

သူ ခေါင်းကို အသာအယာ ယမ်း၍ ငြင်းသည်။

'ကျွန်တော် လမ်းကြုံလို့ ဝင်လာခဲ့တာပါ'

သူ့အသံတွင် ဝမ်းနည်းသံပါလျက် ရှိလေသည်။

'ခင်ဗျား ဟယ်ရီ ဗစ်ဒလားကို သိပ်ပြီး သတိရမှာပဲနော်'

'သတိရတာပေါ့ ဒေါက်တာရယ်၊ ဘယ်မှာ သတိမရဘဲ နေပါ့မလဲ၊ သူ သေစက ဆိုရင် ပိုပြီး သတိရ ပိုပြီး လွမ်းရတာပေါ့၊ ဒါပေမဲ့ လူ့ရဲ့ သဘာဝဟာ အတော့်ကို အံ့သြစရာ ကောင်းလှပါတယ် ဒေါက်တာ'

မစ္စက် ဗစ်ဒလားသည် စကားကို မဆက်သေးဘဲ သူ့ကို ပြုံး၍ ကြည့်နေသေးသည်။

'လူတွေဟာ ဖြစ်လာပြီးတဲ့ ကိစ္စ တစ်ခုကို ဘယ်လို ရင်ဆိုင်ကြသလဲ ဆိုတဲ့ အချက်ကို ကျွန်မ ပြောနေတာပါ ဒေါက်တာ'

သူသည် မစ္စက် ဗစ်ဒလား ပြောလိုက်သည့် စကား၏ လေးနက်သော အဓိပ္ပာယ်ကို ရုတ်တရက်သော် သဘော မပေါက်ချေ။

'ကျွန်တော့် အနေနှင့် ကျွန်တော့်ကိုယ် ကျွန်တော် အပြစ် တင်မိပါတယ်၊ အဲ ဖြစ်ပုံက ခင်ဗျား အတွက် သိပ်မြန်ဆန်လွန်းပါတယ်လေ၊ ခင်ဗျား အနေနှင့် ကျွန်တော့်ကို အပြစ် တင်ချင်မှာပဲလို့ ကျွန်တော် မကြာခဏ တွေးမိပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်မက ဒေါက်တာကို အပြစ်တင်ရမယ် ဟုတ်လား'

သူမက ခေါင်းခါသည်။

'ဘာပြုလို့ ဒီစကားကို ပြောရသလဲ ဒေါက်တာ၊ ဒေါက်တာ အနေနှင့် ဟယ်ရီ အတွက် အကောင်းဆုံး ဖြစ်အောင် ကူညီခဲ့တာပဲ၊ ကျွန်မတို့ ကြိုက်တဲ့ နေရာမှာ ထားနိုင်ဖို့လည်း စီစဉ်ပေးခဲ့တယ်၊ အကောင်းဆုံး ဆိုတဲ့ ခွဲစိတ်ဆရာဝန်လည်း ရှာပေးခဲ့တယ်'

'ဒါပေမဲ့ အဲ့က ဒီလို ရှိသေးတာကိုး'

သူက သူ၏ ထင်မြင်ချက်အတိုင်း ခွတ်တိုး၍ ပြောပြန်သည်။

'မစ္စက် ဗစ်ဒလား အနေနှင့် ကျွန်တော့်ဆီက အကူအညီ မတောင်းဘဲ တခြားနည်း လုပ်ခဲ့မယ် ဆိုရင်... ဆိုပါတော့ဗျာ၊ ဟယ်ရီကို ဆေးရုံ တင်လိုက်မယ် ဆိုရင်'

'ကျွန်မ အဖို့တော့ တခြားနည်း ဆိုတာ မရှိပါဘူး ဒေါက်တာ၊ ကျွန်မ ယောက်ျား ဟယ်ရီကို ဆေးရုံ မတင်ချင်ပါဘူး၊ သူ့မှာ ငွေရှိတာပဲ၊ သူ့ငွေနှင့် သူ ကြိုက်တဲ့ နေရာမှာ သူ ကြိုက်တဲ့ ဆရာဝန်နှင့် ကုသွားနိုင်တာပဲ၊ သူ့ကို သကြီးဟိုတော့ကော ဒေါက်တာ မြင်စေချင်ပါတယ်၊ တခမ်းတနား သဂြိုဟ်နိုင်ခဲ့တာပဲ၊ ရှင့်ကိုယ်ရှင် အပြစ်တင်တယ် ဆိုတဲ့ ကိစ္စဟာ မပေါ်သင့်ပါဘူး၊ ဟယ်ရီဟာ ရှင့်လို အင်မတန် တော်တဲ့ ဆရာဝန်၊ အင်မတန် သဘောကောင်းတဲ့ ဆရာဝန်မျိုး ရဖို့ မလွယ်ဘူး၊ အခုဆို ရခဲ့သားပဲ၊ ရခဲ့လျက်နှင့် အခုလို ဖြစ်သွားရတာဟာ သူ့ ကုသိုလ်ကံပဲလို့ ဒီဆိုင်ထဲမှာ ကျွန်မ ပြောခဲ့တဲ့ အကြိမ်ပေါင်းဟာ မရေမတွက်နိုင်တော့ပါဘူး၊ ကျွန်မတော့ဖြင့် ဒေါက်တာ အပေါ်မှာ အပြစ်တင်စရာ ရှာမတွေ့ခဲ့ပါဘူး'

သူမ စကား ပြောနေစဉ် အတွင်း အင်ဒရူးသည် ဂရုစိုက်၍ အကဲခတ်သည်။ သူ့အနေဖြင့် ဟယ်ရီ ဗစ်ဒလား၏ အဖြစ်မှန်ကို အမှန်အတိုင်း ဖွင့်ဟဝန်ခံသည့်တိုင်အောင် သူမဘက်မှ ယုံကြည် လက်ခံလိမ့်မည် မဟုတ်မှန်း သိသာနေပေသည်။

မစ္စက် ဗစ်ဒလား အနေဖြင့် ဟယ်ရီ၏ အဖြစ်သည် ကံ အကြောင်းတရားအရ မရှောင်မလွှဲသာ၍ ဖြစ်ရသည့် ကိစ္စ တစ်ခုဟု ယူဆထားသည်မှာ ထင်ရှားနေပေသည်။ သူမ၏ ယောက်ျား အတွက် ငွေကုန်ကြေးကျ ခံ၍ ဆရာဝန်ကောင်းများနှင့် စိတ်တိုင်းကျ ကုသပေးနိုင်ခဲ့သည် ဟူသော အသိဖြင့် ကျေနပ်မှုလည်း ရှိနေသည်။ သေဆုံးသွား၍ သဂြိုဟ်ပြန်တော့လည်း တတ်အား





သရွေ့ အကုန်အကျ ခံကာ တခမ်းတနား သဂြိုဟ်နိုင်ခဲ့သဖြင့် စိတ်ချမ်းမြေ့မှုလည်း ရှိနေသည်။ သို့ဖြစ်ရာ သူ့ယောက်ျား ဟယ်ရီ ဗစ်ဒလား သေဆုံးရခြင်းအတွက် မည်သူ့တွင်မှ အပြစ် မရှိဟု ရိုးသားစွာနှင့် အခိုင်အမာ ယုံကြည်ထားသည်မှာ ထင်ရှားနေပေသည်။

ဤကဲ့သို့သော ယုံကြည်ချက်ဖြင့် သူမ ဘာသာ သူမ စိတ်ငြိမ်း ချမ်းမြေ့သာယာမှု ရရှိနေသော မစ္စက် ဗစ်ဒလားအား ယခုအချိန်ကျမှ ဟယ်ရီ၏ သေဆုံးမှုနှင့် ပတ်သက်၍ အဖြစ်မှန်ကို ပြန်ပြောပြနေပါက သင့်တော်ပါမည်လော။

အကယ်၍ ပြောပြလိုက်ပါမူ သူမ၏ စိတ်ချမ်းမြေ့မှုကို ဖျက်ဆီးရာ ရောက်ချေတော့မည်။ သူမ အပေါ်တွင် ရက်စက်ရာ ကျပေတော့မည်။ သူသည် ခေတ္တမျှ ငြိမ်ဆိတ်ကာ စဉ်းစား တွေဝေလျက် ရှိလေ၏။

'အခုလို တွေ့ရတာ ဝမ်းသာပါတယ် မစ္စက် ဗစ်ဒလား၊ ကျွန်တော် စောစောက ပြောခဲ့တဲ့ အတိုင်းပါပဲ၊ ကျွန်တော် တွေ့ချင်လွန်းလို့ ဝင်လာခဲ့တာပါ'

သူသည် မစ္စက် ဗစ်ဒလား၏ လက်ကို ဆွဲ၍ နှုတ်ဆက်သည်။ နှုတ်မှလည်း 'မင်္ဂလာ ရှိသော ညပါ မစ္စက် ဗစ်ဒလား' ဟု ပြောသည်။ ပြီးတော့ ဆိုင်ထဲမှ ပြန်ထွက်ခဲ့လေ၏။

အင်ဒရူးသည် မစ္စက် ဗစ်ဒလားနှင့် လူချင်းတွေ့ပြီး စကားပြောလိုက်ရလျှင် စိတ်သက်သာရာ ရလိမ့်မည်ဟု မျှော်လင့်ခဲ့၏။ ယခု တွေ့ရပြန်တော့လည်း စိတ်ဆင်းရဲခြင်းသာလျှင် ပိုလာခဲ့ရလေသည်။ သူ ထားခဲ့သည့် သဘောထားနှင့် မစ္စက် ဗစ်ဒလား ထားနေသော သဘောထားမှာ ဆန့်ကျင်လျက် ရှိနေပေသည်။

မစ္စက် ဗစ်ဒလားထံမှ သူ ဘာမျှော်လင့်နေပါသနည်း။

ခွင့်လွှတ်ခြင်းကိုလား။

အပြစ်တင်ခြင်းကိုလား။

ယခု လူချင်းတွေ့၍ သူ သိခဲ့ရသလောက် ဆိုလျှင် မစ္စက် ဗစ်ဒလားသည် သူမ၏ ယောက်ျား သေဆုံးရခြင်းနှင့် ပတ်သက်၍ သူ့အပေါ်တွင် နည်းနည်းကလေးမျှ သံသယ ရှိပုံ မပေါ်ပေ။ သူ့အပေါ်တွင် ယခင်ကထက် ပို၍ ခင်မင်လာသည့် သဘော၊ အထင်အမြင် ကြီးလာသည့် သဘောကိုပင် ပြနေလျက် ရှိပေသည်။



www.burmeseclassic.com

 www.burmeseclassic.com 

မိုးရေ စိုစွတ်လျက် ရှိသော လမ်းမကြီးပေါ် လျှောက်သွားနေရင်း သူ့စိတ်အာရုံဝယ် ထူးဆန်းသော အာရုံ တစ်ခု ဝင်လာသည်။ မနက်ဖြန် ရင်ဆိုင်ရမည့် အမှုတွင် သူ ရှုံးလိမ့်မည် ဟူသော အာရုံ ဖြစ်၏။ သူသည် သူ့မရေမရာနိုင်လှသော ဘဝ အတွက် စိုးရိမ် သောက၏ ဖိစီးမှုဒဏ်ကို အပြင်းအထန်ပင် ခံရပြန်လေ၏။

သူ တည်းခိုရာ ဟိုတယ်နှင့် မနီးမဝေးတွင် လူသွားလူလာ နည်း၍ ဆိတ်ငြိမ်သော လမ်းကြားကလေး တစ်လမ်း ရှိသည်။ ထိုလမ်းကလေးထဲဝယ် ဘုရားရှိခိုးကျောင်း တစ်ကျောင်း ရှိလေသည်။ သူသည် ထိုလမ်းကြား အတွင်းသို့ ဝင်ကာ ဘုရားရှိခိုးကျောင်း ရှေ့မှ ဖြတ်၍ အလျှောက်တွင် ထူးဆန်းသော အာရုံ တစ်ခု ဝင်လာပြန်သည်။ ထိုအာရုံ၏ စေ့ဆော်မှုကြောင့် ခဏမျှ ရပ်နေလိုက်မိပြီးသော် ဘုရားရှိခိုးကျောင်းထဲသို့ ဝင်ခဲ့လေ၏။

ဘုရားရှိခိုးကျောင်းတွင်းဝယ် အမှောင်ထုက စိုးမိုးလျက် ရှိသည်။ လူသူ ကင်းမဲ့နေသဖြင့် ငြိမ်ဆိတ်လွန်းလှသော်လည်း နွေးနွေးထွေးထွေးတော့ ရှိလှပေသည်။ မကြာသေးခင်ကမှ ဝတ်တက်ပွဲ ပြီးသွားဟန်တူ၏။ ပရိုတက်စတင့် ဘုရားကျောင်းလား၊ ကက်သလစ် ဘုရားကျောင်းလား၊ ဘယ်ဘာသာဝင်များ၏ ဘုရားကျောင်းမှန်း သူ မသိပေ။ ခွဲခြား၍ သိလိုသော စိတ်လည်း မရှိပေ။

သူသည် နောက်ဆုံးတန်းရှိ ခုံတန်းရှည် တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ အမှောင် ဖုံးနေသော အမိုးဆီသို့ ငေးစိုက်နေမိ၏။ ခရစ္စတီသည် ဘုရားတရားကို အလွန် ကြည်ညိုသူ ဖြစ်သည့်အားလျော်စွာ ဘုရားရှိခိုးကျောင်းသို့ မှန်မှန် သွားတတ်သည်။ သူကတော့ ဘုရားရှိခိုးကျောင်းသို့ ဘယ်တော့မှ သွားလေ့သွားထ ရှိသူ မဟုတ်ပေ။ ယခုတော့လည်း သူသည် အမျိုးအမည် မသိသော ဘုရားရှိခိုးကျောင်း တစ်ကျောင်းထဲ ဝင်၍ ထိုင်နေမိလေ၏။

ဒုက္ခ ဆင်းရဲသည် လူတို့အား ဘုရားကျောင်းသို့ ပို့၏။ ဒုက္ခ ဆင်းရဲကပင်လျှင် လူတို့အား အကောင်းနှင့် အဆိုး၊ အမှားနှင့် အမှန်ကို ဝေဖန်ပိုင်းခြား၍ ခွဲခြား သိမြင်စေ၏။ ဒုက္ခ ဆင်းရဲကပင်လျှင် လူတို့အား ဘုရားတရားကို သတိရစေ၏။

သူသည် မိမိ လိုရာ ခရီးလမ်းဆုံးသို့ ရောက်၍ အနားယူနေသည့် လူတစ်ယောက်ပမာ ခေါင်းငိုက်စိုက်ချ၍ မလှုပ်မယှက် ငြိမ်သက်စွာ ထိုင်နေသည်။ သူ့အတွေးရေလျှဉ်သည် တစိမ့်စိမ့် စီးဆင်းလျက် ရှိလေ၏။



'အို… ဘုရားသခင်။

'ဘုရား တပည့်တော်အား ဆရာဝန် မှတ်ပုံတင် စာရင်းမှ ပယ်ဖျက်ခြင်း မခံရအောင် စောင့်ရှောက် ကယ်မတော်မူပါ ဘုရား။

'အို… ဘုရားသခင်။

'တပည့်တော်အား ဆရာဝန် မှတ်ပုံတင် စာရင်းမှ ပယ်ဖျက်ခြင်း မခံရအောင် သနား စောင်မတော်မူပါ ဘုရား။

'အို… ဘုရားသခင်၊ တပည့်တော်အား…'

သူသည် နာရီဝက်ခန့်ကြာမျှ ထူးဆန်းသော ဆုတောင်းခြင်း အမှုကို ပြုလေသည်။ ထိုနောက် ထိုင်ရာမှ ဖြည်းဖြည်းသာသာ ထကာ ဟိုတယ်သို့ ပြန်လေ၏။

ညပိုင်းက ကောင်းစွာ အိပ်မပျော်ခဲ့သော်လည်း နောက်တစ်နေ့ မနက် အိပ်ရာမှ နိုးတော့ ပူပန် သောက၏ ဒဏ်ကြောင့် စိတ်ရော ကိုယ်ပါ လေးလံထိုင်းမှိုင်းလျက် ရှိပေသည်။ အဝတ်အစား လဲနေသော သူ၏ လက်များသည် သိသိသာသာကြီးပင် တုန်ယင်လျက် ရှိ၏။

သူ စာမေးပွဲ လာ၍ ဖြေစဉ်က ဤဟိုတယ်၌ပင် တည်းခိုခဲ့ဖူးရာ ယခု အကြိမ် ပြန်၍ တည်းခိုမိသည့် အတွက် သူ့ကိုယ်သူ အပြစ်တင်နေမိ၏။ ယခု လောလောဆယ် ပေါ်လာနေသည့် သူ၏ စိတ်ခံစားမှုမှာ စာမေးပွဲ မဖြေမီ ရက်များ အတွင်းက ခံစားခဲ့ရသည့် အတိုင်းပင် ဖြစ်နေ၏။

ဟိုတယ် အောက်ထပ် စားသောက်ခန်းမတွင် နံနက်စာ စားပြန်တော့လည်း မစားနိုင်ချေ။ သူ့အမှုကို စတင် စစ်ဆေးသည့် အချိန်မှာ ဆယ့်တစ်နာရီ ဖြစ်သော်လည်း သူ့ရှေ့နေ ဟောပါးကတော့ သူ့အား စောစောစီးစီး ရောက်အောင် ကြိုတင် လာဖို့ မှာထားပေသည်။ ဟိုတယ်မှ ဟော်လန် လမ်းသို့ လျှောက်သွားပါက မိနစ် နှစ်ဆယ်ထက် ပိုကြာမည် မဟုတ်ဟု ခန့်မှန်း တွက်ချက်ကာ စိတ်ကို ငြိမ်နိုင်သမျှ ငြိမ်အောင် ကြိုးစား၍ ထားပြီး ဟိုတယ် ခန်းမထဲတွင် ထိုင်၍ ဆယ်နာရီခွဲသည် အထိ သတင်းစာ ဖတ်နေလေ၏။

သူ ဟိုတယ်မှ အငှားကားနှင့် ထွက်လာသည့်အခါ အောက်စဖို့လမ်း အရောက်တွင် ယာဉ်လမ်းကြောင်း ပိတ်နေသဖြင့် အချိန်များစွာ ကုန်ခဲ့ရသော၏။ သူ ဆေးကောင်စီ ရုံးသို့ ရောက်ချိန်တွင် ဆယ့်တစ်နာရီ ထိုးနေလေပြီ။

သူသည် ကောင်စီ အစည်းအဝေး ခန်းမကြီး အတွင်းသို့ အပြေးအလွှား ဝင်ခဲ့ရလေ၏။ စင်မြင့်ပေါ်ရှိ စားပွဲ အရှည်ကြီး၏ ထိပ်တွင် ခုံအမြင့်ဦးအုံခြ



www.burmeseclassic.com

 www.burmeseclassic.com 

ဆာကျင်းနား ဟာလီးဒေးက နေရာ ယူထားသည်။ တစ်ဖက်တွင်မူ သူ့ အမှု နှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်များ ထိုင်နေကြသည်။ ထိုလူစုထဲမှာပင် သူ့ ရှေ့နေ ဟောပါး ထိုင်နေပေသည်။ ပြီးတော့ သူမ၏ ဖခင်နှင့် တွဲ၍ ထိုင်နေသော မေရီ ဘိုလန်၊ သူနာပြု ဆရာမ ရုပ်၊ ဒေါက်တာ သားရားဂွတ်၊ အစိုးရ ရှေ့နေကြီး မစ္စတာ ဘွန်း၊ ဝိတိုရီးယား ဆေးရုံမှ လူနာဆောင် တာဝန်ကျ မိုင်းလက်...

သူသည် အစီအရီ တန်း၍ ထိုင်နေကြသူများအား တစ်ချက်မျှ ဝေ့၍ ကြည့်လိုက်ပြီးသော် မစ္စတာ ဟောပါး၏ ဘေးတွင် ဝင်ထိုင်လိုက်လေ၏။

'ကျွန်တော် ခင်ဗျားကို စောစော လာပါလို့ ပြောထားလျက်နှင့်ဗျာ' ဟောပါးက သူ့အား တီးတိုး အပြစ်တင်သည်။

'ရှေ့က အမှုတောင်မှ ပြီးတော့မယ်၊ ကောင်စီနှင့် လုပ်ရတဲ့ ကိစ္စမှာ နောက်ကျတာဟာ ကိုယ့်ဘက်က နစ်နာစရာ ဖြစ်လာနိုင်တယ်ဗျာ'

အင်ဒရူးကတော့ ဘာမှ ပြန်ပြော မနေတော့ဘဲ ငြိမ်နေလိုက်သည်။ ဟောပါး ပြောသည့် အတိုင်းပင် ဥက္ကဋ္ဌသည် သူ မရောက်မီက စစ်ဆေးပြီး သွားသည့် အမှု အဟွက် စီရင်ချက်ကိုပင် ဖတ်ကြားနေပြီ ဖြစ်၏။

ကြားရသည့် စီရင်ချက်မှာ အားရှိစရာ မကောင်းလှပေ။ ဆရာဝန် မှတ်ပုံတင် စာရင်းမှ ပယ်ဖျက်စေ ဟူသော စီရင်ချက် ဖြစ်၏။

အင်ဒရူးသည် အပြစ် ရသွားရှာသော ဆရာဝန်ကို မကြည့်ဘဲ မနေနိုင်ပေ။ ထို ဆရာဝန်ကို မြင်ရသည်မှာ စိတ်ချမ်းမြေ့ဖွယ်ရာ မရှိပါတကား။ ထိုဆရာဝန်သည် သူ့ဘဝ တည်တံ့ ခိုင်မြဲရေး အတွက် အတော်ကြီး ရုန်းကန် လှုပ်ရှားခဲ့ပုံ ပေါ်၏။ သူ၏ မျက်နှာသည် ညှိုးနွမ်းလျက် ရှိရှာ၏။ သူ၏ ဘဝ လုပ်ဖော် ကိုင်ဖက် ဆရာဝန်များက သူ့အား အပြစ်ပေးနေသည်ကို မတ်တတ် ရပ်၍ ခံယူနေရသည့် သူ၏ မျက်နှာသည် နာကြည်းခြင်းကို လည်းကောင်း၊ မျှော်လင့်ချက် ကင်းမဲ့ခြင်းကို လည်းကောင်း ဖော်ပြလျက် ရှိသေ သည်။ ဤ မြင်ကွင်းကို ကြည့်၍ အင်ဒရူး၏ တစ်ကိုယ်လုံးသည် အေးခနဲ ဖြစ် သွားလေ၏။

သို့သော်လည်း... သူ့အဖို့...။

သူသည် ဆက်တွေးနေဖို့ အချိန်မရတော့ပေ။ သူ့အမှုကို ခေါ်နေပြီ ဖြစ်သည်။ မိနစ်အပိုင်း အတွင်းမှာပင် သူ၏ အမှုကို စတင် ကြားနာလေ၏။

လုပ်ရိုးလုပ်စဉ်အတိုင်း စွဲချက်ကို ဖတ်ကြားသည်။ ထိုနောက် အစိုးရ ရှေ့နေကြီး မစ္စတာ ဂျော့ဘွန်းသည် အမှုကို အသေးစိတ် တင်ပြရန် မတ်တတ် ရပ်လိုက်သည်။ ဘွန်းသည် လူပုံ ကိုယ်နေဟန်ထားက ပိန်ပိန်ပါးပါး တီကျွ ပြတ်သားမည့် ပုံပန်း ရှိသည်။ မှတ်ဆိတ်မွေးကို စင်ကြယ်အောင် ရိတ်ထား သည်။ သူ့အသံသည် တည်ငြိမ် အေးဆေးစွာ မှန်မှန်ကြီး ထွက်ပေါ်လျက် ရှိ လေသည်။

'ဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင် လူကြီးမင်းများ ခင်ဗျာ...။

'ကျွန်တော် အခုတင်ပြမယ့် အမှု၊ မကြာခင် လူကြီးမင်းများ စဉ်းစား ဆဖန် သုံးသပ်ရတော့မယ့် အမှုမှာ ဆေးပညာ အကျင့်ဥပဒေ ပုဒ်မ နှစ်ဆယ့် ရှစ်မှာ ဖော်ပြခဲ့တဲ့ ဆေးပညာ သဘောတရားပိုင်းနှင့် လုံးဝ မပတ်သက်တဲ့ အမှု ဖြစ်ပါတယ်။

'ဒီအမှုမှာ အရည်အချင်း ပြည့်ဝတဲ့ ဆရာဝန် တစ်ဦးက ဆရာဝန် မှတ်ပုံတင် မရှိတဲ့ လူတစ်ယောက်၊ တနည်းအားဖြင့် ပြောရရင် မိမိလို အရည် အချင်း မရှိတဲ့ လူတစ်ယောက်နှင့် ပူးပေါင်းပြီး ဆေးကုခဲ့တဲ့ အမှု ဖြစ်ပါ တယ်၊ အမှုသွား အမှုလာကို ကြည့်ပြီး ပြောရမယ် ဆိုရင် လွန်ခဲ့တဲ့ နာရီ ပိုင်း အတွင်းက ဆေးကောင်စီ အနေနှင့် စိတ်မကောင်းခြင်း ကြီးစွာနှင့် ဆုံး ဖြတ်ချက် ချပေးလိုက်ရတဲ့ အမှုမျိုးနှင့် ဆင်ပါတယ်။

'အမှု ဖြစ်ပွားပုံကို ကျွန်တော် တင်ပြပါရစေ ခင်ဗျာ၊ အဆုတ်ရောဂါ ဖြစ်နေတဲ့ မေရီ ဘိုလန်ကို ဇူလိုင်လ ဆယ်ရက်နေ့မှာ ဝိတိုရီးယား အဆုတ် ရောဂါကု အထူး ဆေးရုံကြီးက ဆရာဝန်ကြီး သားရားဂွတ်ရဲ့ အဆောင်မှာ လက်ခံခဲ့ပါတယ်၊ မေရီ ဘိုလန်ဟာ ဆရာဝန်ကြီး ဒေါက်တာ သားရားဂွတ်ရဲ့ ကုသမှုကို စက်တင်ဘာလ ဆယ့်လေးရက်နေ့ အထိ ခံယူခဲ့ပါတယ်၊ ဒါပေမဲ့ အဲဒီနေ့မှာပဲ မေရီ ဘိုလန်ဟာ အိမ်ပြန်လိုတဲ့ ဆန္ဒ ရှိလို့ပါ ဆိုတဲ့ ဟန်ဆောင် အကြောင်းပြချက် တစ်ချက်ကို ပြပြီး သူမရဲ့ သဘောဆန္ဒ အလျောက် ကိုယ် တိုင် လက်မှတ် ရေးထိုးပြီး ဆေးရုံက ဆင်းသွားခဲ့ပါတယ်။

'ကျွန်တော့် အနေနှင့် ဟန်ဆောင် အကြောင်းပြချက် ဆိုတဲ့ စကားကို သုံးခဲ့ပါတယ်၊ ဒီစကားကို သုံးခဲ့တာဟာ လေးနက်သော အဓိပ္ပာယ်နှင့် သုံးခဲ့ ခြင်း ဖြစ်တယ် ဆိုတာကို သတိပြုကြစေချင်ပါတယ် ခင်ဗျာ၊ ဘာကြောင့်လဲ ဆိုတော့ မေရီ ဘိုလန်ဟာ ဆေးရုံက ဆင်းတဲ့ နေ့မှာ အိမ်ကို မပြန်ဘဲ ဆေးရုံ သည့်ခန်းမှာနေပြီး အသင့် စောင့်နေတဲ့ ဒေါက်တာ မေဆန်နှင့် တွေ့ဆုံကြပါ တယ်၊ ဒေါက်တာ မေဆန်ဟာ မေရီ ဘိုလန်ကို ကျွန်တော်တို့ ယုံကြည် ထား တဲ့ အတိုင်း ပြောရရင် အဆုတ်ရောဂါ ပျောက်ကင်းအောင် ကုသပေးမို့ ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com

ကြိုတင် ရည်ရွယ်ချက်နှင့် ဘဲလီးဗီး အမည်ရှိတဲ့ ဌာန တစ်ခုကို ခေါ်သွားခဲ့ပါတယ်။

'အဲဒီ ဌာနကို ရောက်သွားတဲ့ အခါမှာ လူနာကို ခုတင်ပေါ် တင်ပြီး ဒေါက်တာ မေဆန်ဟာ အဲဒီ ဆေးကု ဌာနရဲ့ ပိုင်ရှင်၊ တရားဝင် ဆေးကုသ ပိုင်ခွင့် မရှိသူ... ခွင့်လွှတ်ပါ ခင်ဗျား၊ ကျွန်တော် အရေးကြီးတဲ့ အချက် တစ်ချက်ကို ပြောဖို့ မေ့သွားတယ်၊ ကျွန်တော် သိထားရသလောက် တင်ပြရရင် အဲဒီ ဆေးကုသပိုင်ခွင့် မရှိတဲ့ ပုဂ္ဂိုလ်ဟာ နိုင်ငံခြားသား တစ်ဦး ဖြစ်ပါတယ်၊ အဲဒီ နိုင်ငံခြားသား တစ်ဦး ဖြစ်တဲ့ မစ္စတာ ရစ်ချတ် စတီးမင်း ဆိုသူနှင့်အတူ မေရီ ဘိုလန်ကို စမ်းသပ် စစ်ဆေးခြင်း ပြုခဲ့ကြပါတယ်။

'စမ်းသပ် စစ်ဆေးပြီးတဲ့အခါမှာ သူတို့ နှစ်ဦးဟာ ဆွေးနွေး ညှိနှိုင်း တိုင်ပင်ပြီး... ဒီနေရာမှာ ကောင်စီ အနေနှင့် ကျွန်တော် အသုံးပြုခဲ့တဲ့ ဆွေးနွေး ညှိနှိုင်း တိုင်ပင်ပြီး ဆိုတဲ့ အသုံးအနှုန်းကို အထူး ဂရုပြုပြီး မှတ်သားထားဖို့ အနူးအညွတ် တောင်းပန်ပါရစေ၊ သူတို့ နှစ်ဦး ဆွေးနွေး ညှိနှိုင်း တိုင်ပင်ပြီး ဒေါက်တာ မေဆန်နှင့် မစ္စတာ စတီးမင်းတို့ဟာ လူနာကို ရောဂါ သက်သာအောင် ဆိုပြီး ခွဲစိတ် ကုသပေးဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်၊ ဆုံးဖြတ်ပြီးတာနှင့် တစ်ပြိုင်နက် ဒေါက်တာ မေဆန်က မေ့ဆေး ပေးခြင်းကို ဆောင်ရွက်ပြီး ဒေါက်တာ မေဆန်ဟာ မစ္စတာ စတီးမင်းနှင့်အတူ ဆေးကုသခြင်းကို ပြုလုပ်ခဲ့ပါတယ်။

'အဖွဲ့ဝင် လူကြီးများ ခင်ဗျား၊ ကျွန်တော် ခု အကျဉ်းချုပ်ပြီး တင်ပြခဲ့တဲ့ အမှု အတွက် လူကြီးမင်းများရဲ့ ခွင့်ပြုချက်အရ သက်သေများ တင်ပြခွင့် ပြုစေလိုပါတယ် ခင်ဗျား။

'ဒေါက်တာ ယူစတေ့ သားရားဂွတ် ခင်ဗျား၊ တစ်ဆိတ် ကျေးဇူးပြုပြီး ကြွပါ'

ဒေါက်တာ သားရားဂွတ်သည် ထိုင်နေရာမှ ထရပ်ကာ ရှေ့သို့ ထွက်လာသည်။ သူသည် မျက်မှန်ကို ချွတ်လိုက်ပြီး လက်မှ ကိုင်ထားသည်။ မေးသမျှကို ဖြေရန် အသင့် ဖြစ်နေပြီ ဟူသော အနေအထားမျိုး ဖြစ်၏။

ဘွန်းက မေးခွန်းများ စမေးလေသည်။

'ဒေါက်တာ သားရားဂွတ် ခင်ဗျာ၊ ကျွန်တော့် အနေနှင့် ဒေါက်တာ့ကို အနှောင့်အယှက် ပေးချင်စိတ် မရှိပါဘူး၊ ဒေါက်တာရဲ့ ကျော်ကြားမှု... ကျွန်တော့် အနေနှင့် ပြောသင့်တာက အဆုတ်မှာ ဖြစ်ပွားတဲ့ ရောဂါတွေနှင့်





ပတ်သက်ပြီး အတိုင်ပင်ခံ ဆရာဝန်ကြီး တစ်ဦး အဖြစ်နှင့် ကျော်ကြားမှု... အဲဒီ ကျော်ကြားမှုမျိုး ရှိနေတဲ့ ဒေါက်တာရဲ့ ထင်ရှားမှုကို ကျွန်တော်တို့ အားလုံး ကောင်းကောင်း သိကြပါတယ်၊ ဒေါက်တာ့ အနေနှင့် ဒေါက်တာ့ ဆက် လုပ်သက်နေတဲ့ လုပ်ဖော်ကိုင်ဖက်များ အပေါ်မှာ ထောက်ထား စာနာတတ်တဲ့ သဘောထားကြောင့် လူသိများနေမှုကိုလည်း ကျွန်တော်တို့ သိနေကြပါတယ်၊ ဒါပေမဲ့ ဒေါက်တာ သားရားဂွတ် ခင်ဗျား၊ စက်တင်ဘာလ ဆယ့်ရက်၊ စနေနေ့ မနက်ခင်းမှာ ဒေါက်တာ မေဆန်ဟာ ဒေါက်တာ့ဆီ ရောက်လာပြီး လူနာ မေရီ ဘိုလန်ရဲ့ ရောဂါ အခြေအနေနှင့် ပတ်သက်လို့ ဆွေးနွေး ညှိနှိုင်း တိုင်ပင်ခြင်းပြုခဲ့တယ် မဟုတ်လား ခင်ဗျာ'

'မှန်ပါတယ်'

'အဲဒီလို ဆွေးနွေး ညှိနှိုင်း တိုင်ပင်ခြင်းပြုတဲ့ အခါမှာ ဒေါက်တာက မသင့်ဘူးလို့ ယူဆထားတဲ့ ကုသနည်း တစ်မျိုးကို လက်ခံ ကုသပေးဖို့ ဒေါက်တာ မေဆန်က ဖွတ်တိုက်တွန်းခဲ့တယ် မဟုတ်ပါလား ခင်ဗျာ'

'သူက ကျွန်တော့်ကို အေ၊ ပီ၊ တီ နည်းနှင့် ကုသပေးစေချင်တဲ့ ဆန္ဒရှိကြောင်း ပြောခဲ့ပါတယ်'

'အဲဒီတော့ ဒေါက်တာက လူနာရဲ့ အကျိုးကို ကြည့်ပြီး သူ တိုက်တွန်းတဲ့ နည်းကို မသုံးနိုင်ဘူးလို့ ငြင်းခဲ့တယ်နော်'

'ဟုတ်ပါတယ်၊ ကျွန်တော် ငြင်းခဲ့ပါတယ်'

'အဲဒီလို ငြင်းလိုက်တော့ ဒေါက်တာ မေဆန်ရဲ့ အမူအရာဟာ သိသိသာသာ ပြောင်းလဲတာများ ဒေါက်တာ သတိပြုမိပါသလား ခင်ဗျာ'

'အဲဒါတော့... '

သားရားဂွတ်သည် စဉ်းစား ချိန်ဆလျက် ရှိလေသည်။

'ကျေးဇူးပြုပါ ဒေါက်တာ သားရားဂွတ်၊ ဒီမေးခွန်းကို ဖြေဖို့ ဝန်လေးလိမ့်မယ် ဆိုတာ ကျွန်တော်တို့ နားလည်ထားပါတယ်၊ ဒေါက်တာ့ သဘောကိုလည်း လေးစားပါတယ်'

'အဲဒီနေ့ မနက်က အမူအရာဟာ နည်းနည်းတော့ ထူးသလိုပါပဲ၊ အလျင်ကနှင့်တော့ မတူပါဘူး၊ သူ့ ကြည့်ရတာ ကျွန်တော်နှင့် သဘောချင်း တိုက်ဆိုင်ပုံ မရဘူး'

'ကျေးဇူး တင်ပါတယ် ဒေါက်တာ သားရားဂွတ်၊ လူနာ မေရီ ဘိုလန် အနေနှင့်ကတော့ ဆေးရုံရဲ့ ကုသမှု အပေါ်မှာ မကျေမနပ် ဖြစ်လိမ့်မယ်လို့


www.burmeseclassic.com

www.burmeseclassic.com

တွေးစရာများကော ရှိပါသလား ဒေါက်တာ၊ ဆိုလိုတာက ဒေါက်တာနှင့် ဆေးရုံ ဝန်ထမ်းများအပေါ်မှာ မကျေနပ်စရာ ကိစ္စများ ရှိခဲ့ဖူးသလားလို့ ဆိုလို တာပါ'

'လုံးဝ မရှိပါဘူး၊ မေရီ ဘိုလန် ဆေးရုံမှာ နေသွားတာ ကျေကျေနပ်နပ်နဲ့ ပျော်ပျော်ရွှင်ရွှင်ပါ'

'ကျေးဇူးတင်ပါတယ် ဒေါက်တာ သားရားဂွတ်'

ဘွန်းသည် ဒုတိယ စာရွက် တစ်ရွက်ကို ကောက်ယူလိုက်သည်။

'လူနာဆောင် ဆရာမ မိုင်းလက် ကြွပါ'

ဒေါက်တာ သားရားဂွတ်သည် သူ့နေရာတွင် ပြန်ထိုင်သည်။ ဆရာမ မိုင်းလက်က ရှေ့ကို တိုးလာ၏။ ဘွန်းက သူ့ အလုပ်ကို ပြန်စလေသည်။

'ဆရာမ မိုင်းလက် ခင်ဗျာ၊ ဒေါက်တာ သားရားဂွတ်နှင့် ဒေါက်တာ မေဆန်တို့ မေရီ ဘိုလန်ရဲ့ ရောဂါ အခြေအနေကို ဆွေးနွေး ညှိနှိုင်း တိုင်ပင် တဲ့ နေ့ရဲ့ နောက်တစ်ရက်ကျော် စက်တင်ဘာလ ၁၂ ရက် တနင်္လာနေ့ နေ့ခင်း မှာ ဒေါက်တာ မေဆန်ဟာ လူနာ မေရီ ဘိုလန်ကို လာကြည့်တယ်နော်'

'ဟုတ်ကဲ့၊ ကြည့်ပါတယ်'

'သူ လာကြည့်တဲ့ အချိန်ဟာ တာဝန်အရ လာရတဲ့ လာရိုးလာစဉ် အချိန်မျိုးမှာ လာတာ ဟုတ်ရဲ့လား'

'မဟုတ်ပါဘူး'

'အဲဒီတုန်းက လူနာကို သူ စမ်းသပ်သေးသလား'

'မစမ်းသပ်ပါဘူး၊ အဲဒီနေ့က အခန်းထဲမှာ လူနာကွယ် လိုက်ကာတွေ လည်း မရှိပါဘူး၊ သူ လာတော့ မေရီရဲ့ ခုတင်ပေါ်မှာ ထိုင်ပြီး စကားပြောပါ တယ်၊ ပြီးတော့ ပြန်သွားတာပါပဲ'

'ဟုတ်ပါပြီ၊ ဒါက ထားပါဦး၊ ဆရာမ ကိုယ်တိုင် လက်မှတ် ထိုးထား တဲ့ ဆရာမရဲ့ ထွက်ဆိုချက်အထဲမှာ ဒေါက်တာ မေဆန်နှင့် မေရီတို့ အကြာ ကြီး စကားပြောနေကြတယ်လို့ ဆိုထားပါတယ်၊ ကဲ ဆရာမ၊ အခု ဆရာမ ရဲ့ နှုတ်က ပြောတာ ကြားပါရစေဦး၊ ဒေါက်တာ မေဆန် ပြန်သွားပြီးတဲ့ နောက် ဘာဖြစ်ပါသလဲ'

'ဒေါက်တာ မေဆန် ပြန်သွားပြီးလို့ နာရီဝက်လောက် ကြာတော့ ခုတင် နံပါတ် ဆယ့်ခုနစ် လူနာ မေရီ ဘိုလန်က ကျွန်မကို ပြောပါတယ်၊ ဆရာမ ကျွန်မ စဉ်းစားပြီးပြီ၊ အိမ်ပြန်ချင်တယ်၊ ဆရာမတို့ အားလုံး သဘော





ကောင်းကြပါတယ်၊ ဒါပေမဲ့ ကျွန်မ လာမယ့် ဗုဒ္ဓဟူးနေ့မှာ ဆေးရုံက ဆင်း ချင်တယ်၊ အဲဒါကို...'

ဆရာမ စကား မဆက်နိုင်မီ ဘွန်းက ကမန်းကတန်း ဝင်ထောက်သည်။

'လာမယ့် ဗုဒ္ဓဟူးနေ့၊ ဟုတ်လား၊ ကျေးဇူး တင်ပါတယ် ဆရာမ၊ အခု ဆရာမ ပြောတဲ့ အချက်ဟာ ကျွန်တော် လိုချင်တဲ့ အချက်ပါ၊ တော်ပါပြီ ခင်ဗျာ'

ဆရာမ မိုင်းလက်သည် သူ့နေရာ သူ ပြန်ရောက်သွားလေသည်။

အစိုးရ ရှေ့နေ ဘွန်း၏ မျက်နှာသည် ကျေနပ်မှု အပြည့်နှင့် ပြုံးဖြစ်၏။ သူသည် ယဉ်ကျေး သိမ်မွေ့လှသော ဟန်အမူအရာဖြင့် တစ်ဖက်သို့ စောင်းငဲ့ ၍ ကြည့်သည်။

'ဆရာမ ရှပ်'

တစ်ခဏမျှ ဆိတ်ငြိမ်သွားသည်။

'ဆရာမ ရှပ်၊ ခင်ဗျားဟာ စက်တင်ဘာလ ၁၄ ရက် ဗုဒ္ဓဟူးနေ့ မွန်း လွဲပိုင်းက ဒေါက်တာ မေဆန်ရဲ့ လှုပ်ရှားမှုတွေနှင့် ပတ်သက်လို့ တရားဝင် ထွက်ဆိုချက်ကို လက်မှတ် ထိုးပေးနိုင်လောက်အောင် အခြေအနေကို သိခဲ့သူ မဟုတ်လား'

'ဟုတ်ပါတယ် ကျွန်မကိုယ်တိုင် အဲဒီမှာ ရှိခဲ့ပါတယ်'

'ခင်ဗျားရဲ့ ထွက်ဆိုချက် အရ သိထားရတဲ့အတိုင်း ဆိုရင် ခင်ဗျားဟာ စိတ်မပါဘဲ အဲဒီ နေရာကို ရောက်သွားတာ မဟုတ်လား'

'ကျွန်မ အနေနှင့် ဘယ်ကို သွားနေရတယ် ဆိုတာရယ်၊ ဒီ စတီးမင်း ဆိုတဲ့ လူဟာ ဆရာဝန်လည်း မဟုတ်၊ ဘာမှ မဟုတ်တဲ့ လူ ဆိုတာရယ်လည်း သိလိုက်ရော ကျွန်မဟာ'

'တုန်လှုပ်သွားတယ် ဆိုပါတော့'

ဘွန်းက ရှေ့ကြောင်းပေးလိုက်သည်။

'မှန်ပါတယ်၊ ကျွန်မ တုန်လှုပ်သွားပါတယ်'

ရှပ်က ဘွန်း ရှေ့က ကြောင်းပေးထားသည့် နှုတ်ကြောင်း အတိုင်း နင်း၍ လိုက်လေသည်။

'ကျွန်မ ဘဝ တစ်လျှောက်လုံးမှာ ဆရာဝန်တွေ၊ အထူးကု ဆရာဝန် ကြီးတွေနှင့်ပဲ တွဲပြီး အလုပ် လုပ်ခဲ့ဖူးပါတယ်၊ ဘယ်တုန်းကမှ ဆရာဝန် မဟုတ်တဲ့ လူစားမျိုးတွေနှင့် တွဲပြီး အလုပ် မလုပ်ခဲ့ဖူးပါဘူး'


www.burmeseclassic.com

www.burmeseclassic.com



'ဆရာမ ရှပ်၊ ကျွန်တော့် အနေနှင့် ဆေးကောင်စီ လူကြီးများ အတွက် အချက် တစ်ချက် ရှင်းသွားအောင် မေးဖို့ ကျန်ပါသေးတယ်၊ ဒေါက်တာ ခမဆန်ဟာ စတီးမင်း လုပ်ခဲ့တဲ့ ခွဲစိတ် ကုသမှုမှာ သူကိုယ်တိုင် ပါဝင် ပူး ပေါင်းပြီး လုပ်ခဲ့ပါသလား'

'လုပ်ခဲ့ပါတယ်'

ရှပ်သည် ထိုမေးခွန်းကို အလွန် ကျေနပ် အားရသည့် အမူအရာဖြင့် ဝမ်းပန်းတသာ ဖြေလေသည်။

ထိုမေးခွန်းကို ရှပ် ဖြေအပြီးတွင် ဆေးကောင်စီ အဖွဲ့ဝင် တစ်ဦး ဖြစ် သော အက်ဘီးသည် ဥက္ကဋ္ဌထံ ခွင့်ပြုချက် တောင်းခံပြီး ကိုယ်ကို ရှေ့သို့ ညွတ် ကာ လေအေးကလေးနှင့် မေးခွန်း တစ်ခု ထုတ်လိုက်သည်။

'ဆရာမ ရှပ်၊ အခု ခင်ဗျား ပြောနေတဲ့ အဖြစ်အပျက်တွေ ဖြစ်ပွားနေ တုန်းက ခင်ဗျားဟာ ဒေါက်တာ မေဆန်ရဲ့ လက်အောက်မှာ တာဝန်ရှိ ဆရာမ အဖြစ်နှင့် တာဝန်ယူ လုပ်ကိုင်နေတဲ့ အချိန် မဟုတ်လား'

ရှပ်၏ မျက်နှာ ချက်ချင်းပင် ရဲခနဲ ဖြစ်သွားသည်။ ဒေါသ အရှိန် ကြောင့် အမူအရာ ပျက်သွားသည်။ သူမသည် ကတုန်ကယင် ဖြစ်လျက်ပင် ရှိလေ၏။

'ဟုတ်ပါတယ်၊ ကျွန်မ အဲသလိုပဲ နားလည်ထားပါတယ်'

ဆရာမ ရှပ်သည် သူ့နေရာတွင် ပြန်ထိုင်သည်။ ထိုခဏအတွင်းမှာပင် အင်ဒရူးသည် သူ့ဘက်မှ အားတက်စရာ ကောင်းသည့် အချက် တစ်ချက်ကို မှုန်ဝါးဝါးကလေး မြင်လာသည်။ တခြားတော့ မဟုတ်ပေ။ အက်ဘီးသည် ယခုအချိန်ထိ သူ့ အပေါ်၌ အခင်မင် မပျက်သေးသည့် မိတ်ဆွေ အဖြစ် ရပ်တည်နေဆဲပင် ဖြစ်သည် ဟူသော အချက်ပင် ဖြစ်သည်။

ဘွန်းသည် အက်ဘီး မေးလိုက်သည့် မေးခွန်းကြောင့် စိတ် အနှောင့် အယှက် ဖြစ်သွားပုံရသော်လည်း သူ့ကိုယ်သူ ဟန်ပျက်မသွားအောင် ထိန်း ကာ ကောင်စီ လူကြီးများဘက်သို့ မျက်နှာ မူလိုက်သည်။

'ဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင် လူကြီးမင်းများ ခင်ဗျား၊ ကျွန်တော် သက်သေ တွေ ခေါ်ဦးမယ် ဆိုရင် အများကြီး ရှိပါသေးတယ်၊ ဒါပေမဲ့ ကောင်စီ လူကြီး များရဲ့ တန်ဖိုး မဖြတ်နိုင်တဲ့ အချိန်တွေကို လေးစားသောအားဖြင့် မခေါ်တော့ ပါဘူး ခင်ဗျာ၊ အခု ကျွန်တော် တင်ပြတဲ့ အမှုဟာ ဒီလောက် ဆိုရင် လုံ လောက် ပြည့်စုံပြီလို့လည်း ကျွန်တော် ထင်ပါတယ်၊ ခု တင်ပြပြီးခဲ့တဲ့ အချက် အလက်များကို ကြည့်မယ် ဆိုရင် လူနာ မေရီ ဘိုလန်ဟာ လန်အန်မြှုပ်သော အကောင်းဆုံး ဆိုတဲ့ ဆေးရုံကြီး တစ်ခုပေါ်မှာ အကောင်းဆုံး၊ အကျော်ကြား ဆုံး၊ အထင်ရှားဆုံး ဆိုတဲ့ အထူးကု ဆရာဝန်ကြီး တစ်ဦးရဲ့ ကုသမှုကို ခံယူ နေရာကနေပြီး ဒေါက်တာ မေဆန်ရဲ့ လှည့်ပတ် ဖြားယောင်း သွေးဆောင်မှု ကြောင့် ရွှေ့ပြောင်းသွားခဲ့ပါတယ်၊ ဒီ အဖြစ်ဟာလည်းပဲ တကယ်တော့ ဆရာဝန် တစ်ဦး စောင့်ထိန်းရမယ့် အကျင့် သိက္ခာကို ချိုးဖောက်ခြင်း တစ်ခုပါပဲ၊ မေရီ ဘိုလန်ကို ရွှေ့ပြောင်းပြီးတဲ့ နောက်ပိုင်းမှာ ဒေါက်တာ မေဆန်ဟာ ဆရာဝန် မဟုတ်တဲ့ လူတစ်ဦးနှင့် ပေါင်းပြီး အထူးကု ဆရာဝန်ကြီး ဒေါက်တာ သားရားဂွတ် အနေနှင့် တာဝန်မကင်း ဖြစ်နေသေးတဲ့ လူနာ တစ်ယောက်ကို အထူးကု ဆရာဝန်ကြီး ဒေါက်တာ သားရားဂွတ် ကိုယ်တိုင်က မသင့်တော်ဘူး လို့ ထင်မြင် ယူဆထားတဲ့ ခွဲစိတ် ကုသမှုကို လုပ်ခဲ့ပါတယ်။

'ဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင် လူကြီးမင်းများ ခင်ဗျား။

'ကျွန်တော် တင်ပြခဲ့တဲ့ အမှုဟာ ကျွန်တော်တို့ အနေနှင့် မတော်တဆ ဖြစ်ပွား ပေါ်ပေါက်လာတဲ့ ဖြစ်ရပ်တွေ၊ အချက်အလက်တွေကို အပေါ်ယံ သမန်ကာ လျှံကာ ကြည့်ပြီး တင်ပြထားတာ မဟုတ်ပါဘူး၊ သေသေချာချာ ကျကျနန စနစ်တကျ စီစဉ်ပြီး အခြေအနေ အရပ်ရပ်ကို ကောင်းစွာ သိမြင် နားလည်ပြီးမှ လုပ်ခဲ့တဲ့ ဆေးပညာ ဥပဒေကို ချိုးဖောက်မှု တစ်ရပ် ဖြစ်ပါ တယ် ခင်ဗျား'

မစ္စတာ ဘွန်းသည် သူ့နေရာတွင် ဟန်ပါပါနှင့် ပြန်ထိုင်သည်။ အလွန် ကျေနပ် အားရသော အသွင်ကိုလည်း အထင်အရှား ဖော်ပြနေသည်။ သူသည် ခိုင်မိသည်နှင့် တစ်ပြိုင်နက် မျက်မှန်ကို ချွတ်ကာ အဝတ်နှင့် ပွတ်တိုက်နေ လေသည်။

ခန်းမထဲဝယ် အခိုက်အတန့်တော့ဖြင့် ငြိမ်ဆိတ်သွားလေသည်။

အင်ဒရူး၏ မျက်လုံး အစုံသည် ကြမ်းပြင်ထက်သို့ စူးစိုက်ထားသည်။ အမှုတင်ပြသွားပုံကတော့ တစ်ဖက်သတ်နိုင်လွန်းလှပေ၏။ သူ့ အသည်းနှလုံး သည် ထိခိုက် နာကျင်လျက် ရှိရလေသည်။ သူတို့ လူစုသည် သူ့ အပေါ်၌ အလွန် အောက်တန်းကျသည့် ရာဇဝတ်မှုမျိုးကို ကျူးလွန်သော ရာဇဝတ်ကောင် တစ်ယောက်သဖွယ် ဆက်ဆံနေကြသည်မှာ ဝမ်းနည်းစရာ ကောင်းလှသည်ဟု တစ်ကိုယ်တည်း ပြောနေမိလေ၏။

ထိုစဉ်မှာပင် သူ၏ ရှေ့နေ ဟောပါးသည် ရှေ့သို့ တိုးထွက်လာပြီး





www.burmeseclassic.com

www.burmeseclassic.com

သူ့ဘက်မှ လျှောက်လဲရန် ပြင်ဆင်နေလေသည်။ ဟောပါးသည် သူ့အကျင့် သူ့ဝသီ အတိုင်း ခပ်ကြောင်ကြောင်နိုင်လှ၏။ သူ့မျက်နှာမှာ နီရဲလျက် ရှိပြီး လက်ထဲမှ စာရွက်များကို ခက်ခက်ခဲခဲ ပြင်၍ စဉ်နေရသဖြင့် အလုပ်ရှုပ်လျက် ရှိသည်။ သူ လုပ်ကိုင်နေပုံမှာ ခပ်ဆန်းဆန်း ဖြစ်ပေရာ ဤ အမှုအကျင့်ကို ကြည့်၍ ကောင်စီ လူကြီးများက သဘောကျနေဟန် ရှိပေသည်။

ဥက္ကဋ္ဌက ဟောပါးအား ကြည့်ကာ လှမ်းပြောသည်။

'လုပ်တော့လေ မစ္စတာ ဟောပါး'

ထိုအခါကျမှပင် ဟောပါး၏ ချောင်းတစ်ချက် ဟန့်သံ ထွက်ပေါ်လာ လေသည်။

'ဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင် လူကြီးမင်းများ ခင်ဗျား၊ တစ်ဖက်က ရှေ့နေ ကြီး မစ္စတာ ဘွန်း တင်ပြသွားတဲ့ သက်သေပြချက်များနှင့် ပတ်သက်လို့ ကျွန်တော့်ဘက်က အငြင်းပွားစရာ မရှိပါဘူး၊ ကျွန်တော့် အနေနှင့် အမှု တရားကို ဖော်ညွှန်းတဲ့ အချက်များကိုလည်း ပစ်ပယ်လိုတဲ့ ဆန္ဒ မရှိတာ အမှန် ပါ၊ ဒါပေမဲ့ အချက်အလက်များ အပေါ်မှာ ကောက်ယူပုံ ကောက်ယူနည်း ကိုတော့ ကျွန်တော်တို့နှင့် သက်ဆိုင်နေတဲ့ အတွက် ရှင်းဖို့ တာဝန် ရှိနေ ပါတယ်၊ ပြီးတော့လည်း အချို့သော အချက်များဟာ ကျွန်တော့်ရဲ့ အမှုသည် အပေါ်မှာ တစ်မျိုးတစ်ဖုံ ဖြစ်လာစရာ ရှိနေတဲ့ အတွက် ရှင်းမှ ဖြစ်မယ်လို့ ထင်ပါတယ်။

'အခုအချိန်ထိ မစ္စ မေရီ ဘိုလန်ဟာ ပထမဦးစွာ ဒေါက်တာ မေဆန်ရဲ့ လူနာ ဖြစ်တယ် ဆိုတဲ့ အချက်ကို မဖော်ပြကြသေးပါဘူး၊ အမှန်က မစ္စ မေရီ ဘိုလန်ဟာ ဒေါက်တာ သားရေးဝွတ်ရဲ့ ကုသမှု အောက်မှာ မရောက်မီ ဇူလိုင် လ ၁၁ ရက်နေ့မှာ ဒေါက်တာ မေဆန်နှင့် ပထမဆုံး ပြပြီး ဒေါက်တာ မေဆန် နှင့် ဆွေးနွေး ညှိနှိုင်းခြင်း ပြုခဲ့ပါတယ်၊ ဒေါက်တာ မေဆန်ဟာ ဒီလူနာရဲ့ ရောဂါ အပေါ်မှာ အဲဒီအချိန်က စပြီး များစွာ စိတ်ဝင်စားခဲ့ပါတယ်၊ မစ္စ မေရီ ဘိုလန်ဟာ ဒေါက်တာ မေဆန်ရဲ့ အရင်းနှီးဆုံးသော မိတ်ဆွေ တစ်ဦးရဲ့ သမီး ဖြစ်ပါတယ်၊ ဒါကြောင့် သူဟာ မေရီ ဘိုလန်ရဲ့ ရောဂါကို သက်သာ ပျောက် ကင်းရေးမှာ တာဝန် အရှိဆုံးလို့ သူ့ကိုယ်သူ ယူဆထားခဲ့ပါတယ်၊ ကျွန်တော် တို့ အနေနှင့် အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း တင်ပြရမယ် ဆိုရင် အခု ဖြစ်ပွားလာရတဲ့ အဖြစ်ဟာ ဘယ်သူ့ကိုမှ ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် လုပ်ခြင်း မဟုတ်ပါဘူး၊ တစ်စုံတစ်ယောက်သော သူ အပေါ်မှာ မလိုမုန်းထား





တဲ့ စိတ်နှင့် လုပ်ခဲ့တာလည်း မဟုတ်ဘူး။

'ကျွန်တော်တို့ အားလုံး ဒီလူနာကို ကုသမှု နည်းလမ်းနှင့် ပတ်သက်လို့ ပြောပလောက်တဲ့ သဘောကွဲလွဲမှုလေး တစ်ခု ဒေါက်တာ သားရေးဝွတ်နှင့် ဒေါက်တာ မေဆန်တို့ ကြားမှာ ပေါ်ပေါက်လာခဲ့ရကြောင်း ကြားခဲ့ကြရပါ တယ်၊ ကျွန်တော်တို့ သတိပြုရမှာက ဒီလူနာရဲ့ အပေါ်မှာ အင်မတန် ကြီးမား တဲ့ စေတနာနှင့် စိတ်ဝင်စားမှု ရှိနေတဲ့ ဒေါက်တာ မေဆန်ဟာ ဒီလူနာကို သူ့လက်ထဲမှာ ပြန်ထားပြီး သူကိုယ်တိုင် ဖိဖိစီးစီး ကုချင်တဲ့ စိတ်ဟာ လူ့ သဘာဝ အရ ရှိမှာပဲ ဆိုတဲ့ အချက်ကိုပါပဲ၊ ဒါပေမဲ့ သူ့အနေနှင့် သူ့ရဲ့ အထက်က လုပ်ဖော်ကိုင်ဖက်ကို စိတ်ထိခိုက်အောင် လုပ်လိုတဲ့ စိတ်စေတနာ လုံးဝ မရှိခဲ့ပါဘူး၊ ဒါဟာလည်း လူ့သဘာဝ အတိုင်း ရှိလာတတ်တဲ့ စိတ်ထား ပါ၊ အဖြစ်က ဒီထက် မပိုပေမဲ့ ဒီအချက်ကိုပဲ အားနည်းချက် ပျော့ကွက် တစ်ခု အဖြစ် အခြေခံထားပြီး တစ်ဖက် ရှေ့နေကြီးက အလေးအနက်ထား ပြောသွား ပါတယ်'

ဤနေရာသို့ ရောက်သော် ဟောပါးသည် စကားကို ဖြတ်၍ ရပ်ထား သည်။ ပြီးတော့ အိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်ယူ၍ သူ့ပါးစပ်ကို ပိတ် ကာ ချောင်းဆိုးနေပြန်လေသည်။

'အခု ကျွန်တော်တို့ ပူးပေါင်း ဆောင်ရွက်ခြင်း ဆိုတဲ့ ကိစ္စကို ပြော ရပါတော့မယ်၊ ဘဲလီးဗီးက မစ္စတာ စတီးမင်းနှင့် ပူးပေါင်း ဆောင်ရွက်တယ် ဆိုတဲ့ ကိစ္စပါ၊ ကောင်စီဝင် လူကြီးများဟာ မစ္စတာ စတီးမင်း ဆိုတဲ့ အမည်ကို မသိသူ မကြားဖူးသူ ရှိမယ်လို့ ကျွန်တော် မထင်ပါဘူး၊ မစ္စတာ စတီးမင်းဟာ ဘွဲ့ရ ဆရာဝန် တစ်ဦး မဟုတ်သော်လည်းဘဲ ဆေးဝါး ကုသမှုနှင့် ပတ်သက် လို့ အတော်လေး နာမည်ကြီးနေတဲ့ ပုဂ္ဂိုလ် တစ်ယောက် ဖြစ်တဲ့ အပြင် အချို့ ကုမရဘူးလို့ ဆိုထားတဲ့ လူနာတွေကိုတောင်မှ ပြန်လည် ကျန်းမာလာအောင် ကုသပေးတာ ပျောက်ကင်းတယ်လို့ သတင်းထွက်နေတဲ့ ပုဂ္ဂိုလ် တစ်ယောက် ဖြစ်ပါတယ်'

ဥက္ကဋ္ဌသည် အလွန် ကျေနပ်ကြီးသော မျက်နှာထားဖြင့် မေးခွန်း တစ်ခု ဖြတ်၍ မေးသည်။

'မစ္စတာ ဟောပါး၊ ရိုးရိုး အရပ်သား တစ်ယောက် အနေနှင့် ဒီအချက် တွေကို ဘယ်လို လုပ်ပြီး ခင်ဗျား သိနေသလဲ'

'မှန်ပါတယ် ခင်ဗျာ၊ ဒီလိုပါ'



www.burmeseclassic.com

www.burmeseclassic.com


ဟောပါးသည် ဥက္ကဋ္ဌ၏ မေးခွန်းကြောင့် ကသောကမျော ပြောလိုက်သည်။ မေးခွန်းကို တိုက်ရိုက် မဖြေပေးဘဲ သူ့စကားကို ဆက်လေသည်။

'ကျွန်တော် ညွှန်ပြလိုတဲ့ အချက်က မစ္စတာ စတီးမင်းဟာ အကျင့်စာရိတ္တ ကောင်းမွန်တဲ့ ပုဂ္ဂိုလ် တစ်ဦး ဖြစ်ပါတယ် ဆိုတဲ့ အချက်ပါ၊ ဒေါက်တာ မေဆန် ပြုလုပ်ခဲ့တဲ့ အဆုတ်ရောဂါနှင့် ပတ်သက်တဲ့ သုတေသန လုပ်ငန်း တစ်ခု အပေါ်မှာ စိတ်ဝင်စားခဲ့တဲ့ အတွက် မစ္စတာ စတီးမင်းက ဒေါက်တာ မေဆန်ထံ စာရေးပြီး မိတ်ဆက်ခဲ့ရာမှ သူတို့ အချင်းချင်းဟာ ခင်မင် ရင်းနှီးတဲ့ မိတ်ဆွေ ဘဝ ရောက်လာကြသူတွေပါ၊ သူတို့ချင်း ခင်မင်လာခဲ့ကြတာဟာလည်း နှစ်ကာလ ကြာခဲ့ပါပြီ၊ မစ္စတာ စတီးမင်း ဆေးကုဌာန ဖွင့်ဖို့ ဒီနိုင်ငံကို ရောက်လာတဲ့ အခါမှာ ဒေါက်တာ မေဆန်နှင့် စတီးမင်းတို့ဟာ အလုပ်သဘောအရ မဟုတ်ဘဲ သာမန် ရိုးရိုး ခင်မင်တဲ့ မိတ်ဆွေများ အဖြစ် ပိုပြီး အဆက်အဆံ ရှိလာကြပါတယ်၊ မသင့်တော်ပါဘူးလို့ အချို့က ပြောချင် ပြောကြပေမဲ့ လူတို့မှာ ဖြစ်တတ်တဲ့ သဘာဝ အရ ဒေါက်တာ မေဆန်ဟာ သူ စိတ်ဝင်စားနေတဲ့ လူနာ မေရီ ဘိုလန်ကို သူကိုယ်တိုင် ကုသပေးနိုင်မယ့် နေရာ ရှာခဲ့ပါတယ်၊ သူ တွေ့ခဲ့တဲ့ နေရာကလည်း ဘဲလီးဗီးမှာ ဖြစ်ခဲ့ပါတယ်၊ ကျွန်တော်တို့ရဲ့ မိတ်ဆွေကြီး မစ္စတာ ဘွန်းက ဘဲလီးဗီးကို သံသယ ဖြစ်ဖွယ်ရာ ဌာန အဖြစ် ရည်ညွှန်း သွားခဲ့ပါတယ်၊ အဲဒီ ရည်ညွှန်းချက်နှင့် ပတ်သက်ပြီး ကောင်စီ လူကြီးများ စိတ်ဝင်စားကောင်း စိတ်ဝင်စားမယ့် သက်သေခံ တစ်ခု ပြပါရစေ၊ မစ္စ ဘိုလန်… တစ်ဆိတ်လောက် ကျေးဇူးပြုပါ'

မေရီ ဘိုလန်က ရပ်ပြသည်။ ကောင်စီ လူကြီးများ၏ မျက်လုံးများသည် မေရီ့ အပေါ်တွင် ကျရောက်လျက် ရှိသည်။ သူတို့အဖို့ မေရီသည် လူထူးလူဆန်း တစ်ယောက် ဖြစ်နေပုံ ရပေသည်။

မေရီ ဘိုလန်သည် အနည်းငယ် ကတုန်ကယင် ဖြစ်နေသော်လည်း မည်သူ့ကိုမျှ မကြည့်ဘဲ သူမ၏ အကြည့်ကို ဟောပါး အပေါ်၌သာ စုထားလေသည်။ အင်ဒရူးဘက်ကိုပင် တစ်ချက်ကလေးမှ လှည့်မကြည့်ပေ။ သူမကို ကြည့်ရသည်မှာ ရောဂါ ကင်းရှင်းသော ကျန်းမာရေး ကောင်းသည့် လူ တစ်ယောက်နှင့် လုံးဝ မခြားနားပေ။

'မစ္စ ဘိုလန်၊ ကျွန်တော်တို့ကို ပွင့်ပွင့်လင်းလင်း ပြောပြစေချင်တာ တစ်ခု ရှိပါတယ်၊ ဘဲလီးဗီးမှာ လူနာ တစ်ဦး အဖြစ် နေခဲ့ရစဉ်က မကျေနပ်စရာ စိတ်မသာယာစရာတွေများ ကြုံခဲ့ရဖူးပါသလား'

'လုံးဝ မကြုံခဲ့ရပါဘူး၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိခဲ့ပါတယ်'

အင်ဒရူးသည် မေရီ၏ အမူအရာကို ကြည့်ပြီး ဆောဆောကတည်းက ဟောပါးနှင့် တွေ့ဆုံပြီး ကြိုတင် သင်ထားသည့် အမေးနှင့် အဖြေ ဖြစ်ကြောင်း ချက်ချင်း ရိပ်မိလေ၏။

'ကျန်းမာရေး အခြေအနေကော ဆိုးဆိုးရွားရွား ဖြစ်ခဲ့ပါသေးသလား'

'လုံးဝ မရှိခဲ့ပါဘူး၊ ကျွန်မ အများကြီး နေကောင်းနေပါပြီ'

'ဘဲလီးဗီးမှာ ကုသပေးတဲ့ နည်းဟာ ဇူလိုင် ၁၁ ရက်နေ့က ဒေါက်တာ မေဆန် အကြံပြုခဲ့တဲ့ နည်းပဲ မဟုတ်လား'

'ဟုတ်ပါတယ်'

ဥက္ကဋ္ဌက ကြားဖြတ်၍ မေးပြန်သည်။

'ဒီမေးခွန်းဟာ အဆက်အစပ် ရှိလို့ လိုအပ်လို့ မေးတာလား မစ္စတာ ဟောပါး'

ဟောပါးက ဒရောသောပါး ပုံစံမျိုးဖြင့် ပြန်ဖြေသည်။

'ကျွန်တော် ဒီ သက်သေကို ထပ်ပြီး မေးစရာ မရှိတော့ပါဘူး ခင်ဗျာ'

မေရီ ပြန်ထိုင်သွားသည့်အခါ ဟောပါးသည် သူ၏ လက်နှစ်ဖက်ကို ကောင်စီ လူကြီးများ၏ စားပွဲဆီသို့ အသနားခံသည့် ဟန်ဖြင့် မြှောက်လိုက်လေသည်။

'အဖွဲ့ဝင် လူကြီးများ ရှေ့မှောက်မှာ ကျွန်တော် တင်ပြလိုတာက ဘဲလီးဗီးမှာ မေရီ ဘိုလန်ကို ကုသခဲ့တာဟာ ဒေါက်တာ မေဆန်ရဲ့ နည်းကို အသုံးပြုပြီး တခြားလူ တစ်ဦးရဲ့ အကူအညီနှင့် ကုသခြင်းသာ ဖြစ်ပါတယ် ဆိုတဲ့ အချက်ပါပဲ၊ စည်းကမ်း ဥပဒေနှင့်တော့ ညီညွတ်ချင်မှ ညီညွတ်ပါလိမ့်မယ်၊ သို့သော်လည်း စေတနာအရ သူ့နည်းနှင့်သူ ကုသခြင်းမျှသာ ဖြစ်ပါတယ်၊ ဥပဒေ ရှုထောင့်က ကြည့်ရင် စတီးမင်းနှင့် ဒေါက်တာ မေဆန်တို့ကြားမှာ အလုပ်သဘောနှင့် ပူးပေါင်း ဆောင်ရွက်မှုဟာ မရှိခဲ့ပါဘူး ခင်ဗျာ'

ဟောပါးက အင်ဒရူးဘက်သို့ လှည့်ကြည့်သည်။

'ကျွန်တော် ဒေါက်တာ မေဆန်ကို ခေါ်ချင်ပါတယ် ခင်ဗျာ'

အင်ဒရူးသည် ထိုင်ရာမှ ထသည်။ ခန်းမထဲရှိ မျက်လုံးများသည် သူ့အပေါ်သို့ စူးစိုက်လျက် ရှိကြကြောင်း သူ ကောင်းစွာ သိ၏။ သူ့မျက်နှာသည် ဖြူဖြူရော်ရော် ဖြစ်လျက် ရှိလေသည်။ တွန့်ဆုတ်ဆုတ် ဖြင်လျက်လည်း ရှိ



www.burmeseclassic.com

www.burmeseclassic.com

၏။ ဟောပါး၏ မေးသံသည် သူ့နားထဲသို့ ဝင်လာလေ၏။

'ဒေါက်တာ မေဆန်၊ အခု လူကြီးမင်းကို စွပ်စွဲထားတဲ့ စတီးမင်း... ပုံးပေါင်း ဆောင်ရွက်ပါတယ် ဆိုတဲ့ ကိစ္စမှာ ငွေကြေး အကျိုးအမြတ်များ ... ပါသလား'

'တစ်ပဲနီတောင် မရခဲ့ပါဘူး'

'ဒီကိစ္စကို ပြုလုပ်ခဲ့စဉ်က ခင်ဗျားမှာ မကောင်းတဲ့စိတ်၊ မကောင်း... ရည်ရွယ်ချက်တွေ မရှိခဲ့ဘူးနော်'

'လုံးဝ မရှိခဲ့ပါဘူး'

'ခင်ဗျားရဲ့ အထက်က လုပ်ဖော်ကိုင်ဖက် တစ်ဦး ဖြစ်တဲ့ ဒေါက်... သားရားဂွတ် အပေါ်မှာ ထိခိုက် နစ်နာစေလိုတဲ့ သဘောကော ရှိခဲ့ဖူးပါသလား'

'မရှိခဲ့ပါဘူး၊ ကျွန်တော်တို့ အခင်အမင်မပျက် နေကြတာပါပဲ၊ ... လူနာရဲ့ ရောဂါနှင့် ပတ်သက်လို့ အယူအဆချင်း မတူတာ၊ သဘောချင်း မတိုက်ဆိုင်တာလေး တစ်ခု ရှိခဲ့တာက လွဲလို့ တခြား ဘာမှ ဖြစ်ခဲ့တာ မ... ပါဘူး'

'ဟုတ်ပြီ၊ ဟုတ်ပါပြီ၊ ကျွန်တော် နားလည်ပါတယ်'

ဟောပါးသည် အင်ဒရူး စကား ဆက်ပြောသွားမည်ကို စိုးရိမ်သဖြင့် ကမန်းကတန်း ဝင်ပြောသည်။

'အဲဒီလို ဆိုရင် ခင်ဗျား အနေနှင့် ဆေးပညာဆိုင်ရာ ဥပဒေကို ချိုး... ဖောက် လိုသော စိတ်စေတနာ၊ ဆရာဝန်များရဲ့ ဂုဏ်သိက္ခာ ကင်းမဲ့စေလို... စိတ်စေတနာမျိုးနှင့် လုပ်ခဲ့ခြင်း မဟုတ်ပါဘူး ဆိုတဲ့ အချက်ကို ကော... လူကြီးများရဲ့ ရှေ့မှာ ရိုးသား ဖြူစင်စွာနှင့် ရဲရဲဝံ့ဝံ့ အာမခံနိုင်တယ်ပေါ့'

'ဒီအတိုင်းပါပဲ ခင်ဗျာ'

ဟောပါးသည် ယခုမှပင် စိတ်အေး နားအေး ဖြစ်သွားရသည့်နှ... သက်ပြင်းကြီး တစ်ချက် ချလိုက်ပြီး အင်ဒရူးအား ပြန်ထိုင် ခိုင်းလေသည်။

အမှန်တော့ ဟောပါးသည် တာဝန်အရ မဖြစ်နိုင်လွန်း၍သာ အင်... ဒရူးကို သက်သေအဖြစ် တင်၍ ပေးလိုက်ရခြင်း ဖြစ်သော်လည်း သူ့ သ... သေ၏ စိတ်ဓာတ် ပြင်းထန်မှုကို ကြောက်နေခဲ့မိသည်။ အထူးသဖြင့် သူ့ သက်သေ၏ မဟုတ်မခံ ဆတ်ဆတ်ကြဲ စိတ်ဓာတ်ကို ရှဲ့နေခဲ့မိ၏။ အက... ၍များ သူ့သက်သေက မခံချင်စိတ်ဖြင့် အမှန်တွေကိုချည်း လျှောက်ပြောနေ... ပါမူ သူ့ အစီအစဉ် အားလုံး ပျက်စီးပြီး သူ့မှာ ပက်လက်လန်ဖို့သာ ရှိနေသည်





...ဟုတ်ပါလား။

ယခုလို ဆိုတော့လည်း တော်ပါသေး၏။ အေးအေးဆေးဆေးနှင့် သူ ...ချင်သော ပုံစံအတိုင်း ပြီးသွားခဲ့သည်။ သူ၏ လျှောက်လဲချက်ကို ...ရင်း ရောက်အောင်၊ ထိထိမိမိ ဖြစ်အောင်သာ တင်ပြနိုင်ခဲ့ပါမူ သူတို့အောင် ... အောင်မြင်နိုင်သော အခြေအနေ ရှိသေးသည်ဟု သူ တွက်သည်။ သူသည် ...ချ ရို့ကျိုးသော အသံဖြင့် သူ၏ လျှောက်လဲချက်ကို တင်ပြလေ၏။

'ကျွန်တော့် အနေနှင့် ကောင်စီ လူကြီးများကို အချိန်တွေ ကုန်အောင် ...ဆွဲထားချင်တဲ့ စိတ်ဆန္ဒ မရှိပါဘူး ခင်ဗျာ၊ အခု ဆိုရင် ကျွန်တော့်ဘက်က ...ပ်ပြီး သက်သေ ခေါ်စရာလည်း မရှိတော့ပါဘူး၊ ဒေါက်တာ မေဆန်ဟာ အမှန်တော့ ပညာရှိ သတိဖြစ်ခဲ ဆိုတာလို စေတနာ ဆန္ဒ စောလွန်းအားကြီးပြီး ...သင့်တော်တဲ့ အမှား တစ်ခုကို ရိုးသားစွာနှင့် ပြုမိခဲ့ခြင်းမျှသာ ဖြစ်ကြောင်း ...ကျွန်တော် တင်ပြခဲ့ပြီးပါပြီ ခင်ဗျား၊ ကျွန်တော် ကောင်စီ လူကြီးများကို ...တောင်းပန်ချင်တာက ကျွန်တော်တို့ အနေနှင့် တရားမျှတမှု တစ်ခုတည်းသာ ...ဖို့ မဟုတ်ပါဘူး၊ ကောင်စီရဲ့ သနား ညှာတာမှုကိုပါ ရလိုကြောင်း တောင်း...ချင်တဲ့ သဘောပါပဲ၊ နောက်ဆုံး အချက် အနေနှင့် ကျွန်တော့်ဘက်က တင်...ပြချင်တာက ကျွန်တော့် အမှုသည်ရဲ့ ထူးခြားတဲ့ လုပ်ဆောင်ချက်များကို ...ဆောက်ထားဖို့ပါပဲ၊ ဒေါက်တာ မေဆန်ရဲ့ အတိတ်က လုပ်ရပ်တွေဟာ ဂုဏ်...ယူလောက်တဲ့ လုပ်ရပ်တွေ ဖြစ်ကြောင်း ကျွန်တော်တို့ တွေ့ရပါလိမ့်မယ်၊ ကျွန်တော်တို့ အနေနှင့် အင်မတန် တော်တဲ့ လူတွေဟာ တစ်ကြိမ်တစ်ခါ ...လောက် ရိုးသားစွာနှင့် အမှား ပြုမိတတ်ကြပြီး အဲဒီ ပြုမိတဲ့ အမှားနှင့် အဲဒီ အမှား အတွက် ပေးလိုက်တဲ့ အပြစ်ဒဏ်ကြောင့် သူတို့ဘဝတွေ ပျက်ပြားသွား...တဲ့ အမှုပေါင်း များစွာ ရှိခဲ့တာကို ကျွန်တော်တို့ တွေ့ခဲ့ မြင်ခဲ့ဖူးကြပါပြီ ...ကြောင့်မို့ ကျွန်တော် မျှော်လင့်တာက၊ ကျွန်တော့် အနေနှင့် မျှော်လင့်ရုံတင် ...ကပါဘူး၊ ဆုလည်း တောင်းပါတယ်၊ လူကြီးမင်းများ အနေနှင့် ... ...ဆုံးအဖြတ် ပေးရတော့မယ့် ဒီအမှုမှာ အထက်က ကျွန်တော် တင်ပြခဲ့... ...ဂိုလ်မျိုးတွေလို ဘဝ ပျက်မသွားအောင် သက်သက်ညှာညှာ ... ...ဆောက်ထားထား စဉ်းစား ဆုံးဖြတ်ပေးဖို့ပါပဲ ခင်ဗျာ'

ဟောပါး၏ လျှောက်လဲသံတွင် ကရုဏာ အပြည့်အဝ ပါသဖြင့် ...ကောင်စီ လူကြီးများကိုသာမက ဘေးမှ နားထောင်နေသူများ၏ စိတ်... ...ဆွဲဆောင်မှု အား ရှိပေသည်။ သို့သော်လည်း ရုတ်တရက် ...



www.burmeseclassic.com

www.burmeseclassic.com

သလိုပင် အစိုးရ ရှေ့နေ မစ္စတာ ဘွန်းက ထရပ်လိုက်ပြီး ဥက္ကဋ္ဌဘက်သို့ လှည့်၍ ခွင့်တောင်းသည်။

'ဥက္ကဋ္ဌကြီး ခင်ဗျား၊ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဒေါက်တာ မေဆန်ကို ကျွန်တော် မေးခွန်း တစ်ခု နှစ်ခုလောက် မေးချင်ပါတယ်'

မစ္စတာ ဘွန်းသည် ပြောပြောဆိုဆိုနှင့် အင်ဒရူးဘက်သို့ လှည့်လိုက်သည်။

'ဒေါက်တာ မေဆန်၊ ခင်ဗျားရဲ့ နောက်ဆုံး အဖြေဟာ ကျွန်တော့် အနို သိပ်ပြီး နားမရှင်းဘဲ ဖြစ်နေပါတယ်၊ ခင်ဗျားက ပြောတယ်၊ ခင်ဗျား လုပ်ခဲ့တာဟာ ဂုဏ်သိက္ခာ ညှိုးနွမ်းစေလိုတဲ့ စိတ်စေတနာ မရှိပါဘူးတဲ့၊ ဒီလို ဆိုရင် ခင်ဗျား အနေနှင့် မစ္စတာ စတီးမင်းဟာ ဘွဲ့ရ ဆရာဝန် တစ်ယောက် မဟုတ်ဘူး ဆိုတာ ခင်ဗျား အသေအချာ သိတယ် မဟုတ်လား'

အင်ဒရူးသည် ဘွန်း၏ မျက်နှာကို စေ့စေ့ပါအောင် ကြည့်ရင်းက အစိုးရ ရှေ့နေဟု ဆိုသော ဤပုဂ္ဂိုလ်သည် သူ့အား အသရေ ကင်းမဲ့သော အပြုအမူ တစ်ရပ်ကို ပြုလုပ်ပါသည် ဟူသော အထင်အမြင်မျိုး မရောက် ရောက်အောင် ပြုလုပ်နေပြီ ဖြစ်သည်ဟု စဉ်းစားမိသည်။ ထိုအခါ သူ့ ရင်ထဲ ဝယ် ခံပြင်းသော စိတ်နှင့် နာကြည်းသော စိတ်တို့သည် ပြင်းထန်စွာ ဖြစ်ပေါ် လာလေ၏။ သို့သော်လည်း ဤအချိန်၊ ဤနေရာမျိုးတွင် သူ့စိတ်ကို မထိန်း၍ မဖြစ်။ ထိန်းနိုင်ပါမှ...။

ဤအသိကလေး ဝင်လာသဖြင့် သူသည် စိတ်ကို အေးဆေးအောင် ထားကာ ခပ်မှန်မှန်ပင် ဖြေသည်။

'ဟုတ်ကဲ့၊ သူ ဆရာဝန် တစ်ယောက် မဟုတ်ဘူး ဆိုတာ ကျွန်တော် သိပါတယ်'

ဘွန်း၏ မျက်နှာပေါ်ဝယ် ကျေနပ်အားရသည့် အရိပ်ကလေး ထင်လာသည်။ သူသည် မလိုတမာ အသံဖြင့် ထပ်ပြောပြန်လေသည်။

'ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ဒီလိုဆိုတော့ကာ အဲသလို သိနေလျက်သားနှင့် အဲဒီ အသိကတောင်မှ ခင်ဗျားကို မတားနိုင်ခဲ့ဘူးပေါ့၊ ဟုတ်လား'

'အဲဒီ အသိကတောင်မှ မတားနိုင်ခဲ့ဘူး...'

အင်ဒရူးသည် ဘွန်း၏ စကားကို သံယောင်လိုက်၍ နှုတ်မှ ရေရွတ်လိုက်သည်။ သူသည် သူ့စိတ်ကို ကြိုးစား၍ ထိန်းခဲ့ပါ၏။ မည်မျှပင် ကြိုးစား၍ ထိန်းထားပါသော်လည်း လူလည် လုပ်လွန်းသော ဤရှေ့နေနှင့် စကား





ပြောနေရသဖြင့် ထိန်းနိုင်တော့မည် မဟုတ် ဟူသော အသိ ဝင်လာသည်။ သူသည် သက်ပြင်းရှည်ကြီး တစ်ချက် ချလိုက်လေ၏။

'မစ္စတာ ဘွန်း၊ ခင်ဗျား အနေနှင့် အလွန် ကြီးကျယ်တဲ့ အရေးအခင်း မြောက်မြားစွာ မေးနေတာကို ကျွန်တော် နားထောင်နေခဲ့ရပါတယ်၊ အခု ကျွန်တော်က ခင်ဗျားကို မေးခွန်း တစ်ခုလောက် ပြန်မေးပါရစေ၊ ခင်ဗျား လူဝီ ပတ်စတာ အကြောင်း ကြားဖူးပါသလား'

'ကြားဖူးပါတယ်'

ဘွန်း၏ ဖြေသံတွင် အံ့သြသံ အပြည့်ပါနေပေသည်။ သို့သော်လည်း ရှေ့နေပီပီ အတွန့်တက်လိုက်လေသည်။

'လူဝီ ပတ်စတာကို မကြားဖူးတဲ့လူ မရှိဘူး ဆိုတာ ဒေါက်တာ မေဆန် လည်း သိလိမ့်မယ် ထင်ပါတယ်'

'မှန်ပါတယ် ခင်ဗျာ၊ မကြားဖူးတဲ့လူ မရှိပါဘူး၊ ဒါပေမဲ့ ကျွန်တော် ဆိုလိုတဲ့ သဘောကို မစ္စတာ ဘွန်း သဘောပေါက်ပုံ မပေါ်သေးပါဘူး၊ ဒါကြောင့်မို့ ကျွန်တော် ရှင်းပြပါရစေ၊ ဆေးသိပ္ပံပညာရှင်များရဲ့ လောကမှာ ကနေ့အထိ အကြီးအကျယ် အထင်ရှားဆုံး ဖြစ်နေတဲ့ လူဝီ ပတ်စတာဟာ ဆရာဝန် တစ်ယောက် မဟုတ်ပါဘူး၊ ဒီအချက်ကို မစ္စတာ ဘွန်း သိထားစေ ချင်ပါတယ်၊ ဆေးပညာ သမိုင်း တစ်လျှောက်လုံးမှာ အကောင်းဆုံးနှင့် အထူး ခြားဆုံးလို့ သတ်မှတ်ထားတဲ့ ဆေးဝါးတွေ ထုတ်လုပ်ပေးခဲ့တဲ့ အားလင်ခ်ျ ဆိုတဲ့ ပုဂ္ဂိုလ်ဟာလည်း ဘွဲ့ရ ဆရာဝန် တစ်ဦး မဟုတ်ပါဘူး၊ နောက်ပြီး တော့ အိန္ဒိယ နိုင်ငံမှာ ပလိပ်ရောဂါကို တိုက်ဖျက်ခဲ့တဲ့ ဟတ်ဖကင်း ဆိုတဲ့ ပုဂ္ဂိုလ် အကြောင်း မစ္စတာ ဘွန်း သိမှာပါ၊ ဟတ်ဖကင်းရဲ့ ကြိုးပမ်းမှုကို လူတိုင်းက အံ့သြ ချီးကျူးခဲ့ကြရပါတယ်၊ ကျွန်တော်တို့ ခေတ်မှာ ကိုယ့်ကိုယ် ကိုယ် အလွန် အရည်အသွေး ပြည့်ဝပါတယ်လို့ ပြောနေကြတဲ့ ဘယ် ဆရာ ဝန်မှ ဟတ်ဖကင်းလောက် မလုပ်နိုင်ခဲ့ဘူး ဆိုတာ အများက ဝန်ခံကြရပါ တယ်၊ အဲဒီ ဟတ်ဖကင်းဟာလည်း ဘွဲ့ရ ဆရာဝန် တစ်ယောက် မဟုတ်ပါ ဘူး၊ ကြီးကျယ် ထင်ရှားတဲ့ နေရာမှာ လူဝီ ပတ်စတာက လွဲရင် သူတစ်ယောက် တည်းပဲ ရှိတော့တယ်လို့ အများက အသိအမှတ် ပြုထားရတဲ့ မက်ချနီကော့ဖ် ဆိုတဲ့ ပုဂ္ဂိုလ်ကော၊ သူလည်းပဲ ဘွဲ့ရ ဆရာဝန် တစ်ယောက် မဟုတ်ပါဘူး'

'အခုလို အသေးအဖွဲ့ အချက်အလက်တွေကို ပြောပြနေမိတဲ့ အတွက် ကျွန်တော့်ကို ခွင့်လွှတ်စေချင်ပါတယ် မစ္စတာ ဘွန်း၊ ဒီအချက်တွေကို


www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား မေ့နေရင် ပြန်ပြီး သတိရပါစေ ဆိုတဲ့ စေတနာနှင့် ကျွန်တော်က ပြောပြနေတာပါ၊ ကျွန်တော် အခုပြောခဲ့တဲ့ လူဝီ ပတ်စတာတို့၊ အာလစ်ချ်တို့၊ ဟတ်ဖကင်းတို့၊ မက်ချနီကောဖ်တို့ရဲ့ ဖြစ်စဉ်တွေကို ကြည့်လိုက်ရင် လူသားတွေရဲ့ အသက်ရှင်ရေးနှင့် ကျန်းမာရေး အတွက် ရောဂါ အမျိုးမျိုးကို လေ့လာ ရှာဖွေ ဖော်ထုတ်ခဲ့ကြတဲ့ လူတွေဟာ ဘွဲ့ရ ဆရာဝန်တွေ မဟုတ်ဘူး ဆိုတာ သိထားစေချင်ပါတယ်။

'ဒီ ပုဂ္ဂိုလ်ကြီးတွေဟာ ဆရာဝန် မှတ်ပုံတင် စာရင်းဝင် ဆရာဝန်ကြီးတွေ မဟုတ်ပါဘဲနှင့် ရောဂါတွေကို ရှာကြ ဖွေကြ တိုက်ဖျက်ခဲ့ကြတာတွေဟာ သူတို့ ရူးလို့ မိုက်လို့လား၊ ဆရာဝန်တွေ မဟုတ်ပါဘဲနှင့် ဒီအလုပ်တွေကို အပင်ပန်းခံပြီး လုပ်ကိုင်ခဲ့ကြတဲ့ သူတို့ကို ကျွန်တော်တို့က အရူးအမိုက်တွေလို့ ခေါ်ရမှာလား၊ လူ့အန္တ စာရင်းထဲ သွင်းရတော့မှာလား၊ လုံးဝ မဖြစ်နိုင်ပါဘူး၊ ဒီအချက် မှန် မမှန် အဲဒီ ပုဂ္ဂိုလ်ကြီးတွေရဲ့ အဖြစ်က သက်သေပြနေတယ် ဆိုတာ လူကြီးမင်း သိပါလိမ့်မယ်'

တရားရုံးထဲဝယ် ကြောက်မက်ဖွယ် ကောင်းလောက်အောင်ပင် ငြိမ်ဆိတ်လျက် ရှိလေသည်။

စောစောကတော့ ဤအမှုသည် သိပ်ပြီး ရေးကြီး ခွင်ကျယ် မလှပ်လောက်သည့် သာမန် အမှုကိစ္စလောက်ဟု ထင်မြင်ဖွယ်ရာ ရှိသော်လည်း ယခုတော့ အခြေအနေက ပြောင်းလာသည်။ ဆေးကောင်စီ အဖွဲ့ဝင် လူကြီးများသည် သူတို့ စားပွဲတွင် ထိုင်ကာ မတုန်မလှုပ် ကျောက်ရုပ်ကြီးများသဖွယ် မလှုပ်မရှား ဖြစ်နေကြသည်။ အထူးသဖြင့် အက်ဘီး၏ မျက်လုံးများသည် အလွန် ထူးထူးခြားခြား စိတ်ဝင်စားသည့် အရိပ်အသွင်ဖြင့် အင်ဒရူး၏ မျက်နှာကို စူးစူးရဲရဲ ကြည့်လျက် ရှိလေသည်။

အင်ဒရူး၏ ရှေ့နေ ဟောပါးသည် သူ့မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်လိုက်ကာ အလွန် စိတ်ပျက် စိတ်ရှုပ်သွားသော အသံဖြင့် တစ်ချက် ညည်းလိုက်သည်။

'သွားပြီ၊ အမှုတော့ သွားပြီ၊ နိုင်ခြေ မရှိတော့ဘူး'

အစိုးရ ရှေ့နေ မစ္စတာ ဘွန်းမှာမူ အံ့သြ ထိတ်လန့်ခြင်းဖြင့် ဣန္ဒြေပျက်လျက် ရှိသော်လည်း ဟန်ပျက် မသွားအောင် သူ့ကိုယ်သူ ကြိုးစား၍ ထိန်းထားလေသည်။

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ခင်ဗျား အခု ပြောခဲ့တဲ့ ပုဂ္ဂိုလ်တွေ





အားလုံးဟာ ဆေးပညာ သမိုင်းမှာ အင်မတန် ထင်ရှားပြီး ကျော်ကြားခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတွေပါ၊ ဒါပေမဲ့ ခင်ဗျား အနေနှင့် ခင်ဗျားရဲ့ မိတ်ဆွေ စတီးမင်းကိုတော့ အဲဒီ မိတ်ဆွေကြီးတွေနှင့် မနှိုင်းယှဉ်ဘူး မဟုတ်လား'

အင်ဒရူးအဖို့တော့ သူ့စိတ် သူ အစိုးမရတော့ပြီ။

'ဘာကြောင့် မနှိုင်းယှဉ်ရမှာလဲ မစ္စတာ ဘွန်း၊ နှိုင်းယှဉ်ရမှာပေါ့ ဒီပုဂ္ဂိုလ်တွေ ကြီးကျယ် ထင်ရှားပြီး ကျော်ကြားနေတာဟာ တခြားကြောင့်မဟုတ်ပါဘူး၊ သေကုန်ကြလို့ပါ၊ ဘာချောင်ဟာကိုး အသက်နှင့် ကိုယ် တည်မြဲနေချိန်မှာ ကိုးကို သရော်ခဲ့ကြတယ်၊ ဆဲခဲ့တယ်၊ ပြစ်တင် ရှုတ်ချခဲ့တယ်၊ ကျွန်တော်တို့ ခေတ်ကျတော့ ကိုးကို မဆဲကြတော့ဘူး၊ ကိုး အစား ဘယ်သူတွေကို ဆဲနေကြသလဲ၊ ကဲ့ရဲ့ ပြစ်တင်နေကြသလဲ သိလား၊ စဖားလင်းဂါးနှင့် စတီးမင်းတို့လို ပုဂ္ဂိုလ်တွေကိုပေါ့၊ ကျွန်တော် မစ္စတာ ဘွန်းကို ထပ် ပြောရဦးမယ်၊ အခု ကျွန်တော် ပြောခဲ့တဲ့ စဖားလင်းဂါး ဆိုပါတော့၊ သူဟာ ဆေးပညာ လောကမှာ အင်မတန် ထူးခြားပြီး အင်မတန်မှ ကြီးကျယ် ထင်ရှားခဲ့တဲ့ အတွေးအခေါ် သိပ္ပံပညာရှင် တစ်ယောက်ပါ၊ ဒါပေမဲ့ သူဟာ ဆရာဝန် တစ်ဦး မဟုတ်ပါဘူး၊ ဆေးပညာနှင့် ပတ်သက်လို့ ဘာဒီဂရီမှ မရှိဘူး၊ ဘာ ဘွဲ့ လက်မှတ်မှ မရှိဘူး၊ ဒါပေမဲ့ သူ့ခေတ်က ဘွဲ့တွေ လက်မှတ်တွေ ရထားတဲ့ ဆရာဝန် ထောင်ပေါင်း များစွာဟာ လူတွေဆီက ပိုက်ဆံ ရသလောက် ယူ၊ ကားတွေ ဝယ်စီးကြ၊ ကားကြီးတွေ တဝီဝီနှင့် ခိုမ်ခံကြ၊ စည်းစိမ် ယစ်မူးကြနှင့် ဖြစ်ချင်တိုင်း ဖြစ်နေကြတဲ့ အချိန်မှာ စဖားလင်းဂါးကတော့ အများရဲ့ ခွပ်ဒုံမှု ကဲ့ရဲ့မှု၊ ဆဲရေးမှု၊ အပြစ်တင်မှုတွေကို ရင်ဆိုင်ပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေခဲ့တယ်၊ သူ့မှာ ရှိတဲ့ စည်းစိမ်ဥစ္စာတွေကို ဆေးပညာလောကကို အကျိုးဖြစ်ထွန်းစေမယ့် သုတေသန လုပ်ငန်းနှင့် ကုသမှု လုပ်ငန်းတွေထဲမှာ မြှုပ်နှံထားပြီး သူကိုယ်တိုင်ကတော့ ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့နှင့် ဘဝကို ရုန်းကန်နေခဲ့ရပါတယ်'

မစ္စတာ ဘွန်းက နှာခေါင်း တစ်ချက် ရှုံ့၍ သရော်လိုက်သည်။

'ဩော်... ဩော်၊ ဒီလို ဆိုရင် ခင်ဗျားဟာ စဖားလင်းဂါး အပေါ်မှာ ကြည်ညို လေးစားသလို ရစ်ချတ် စတီးမင်း အပေါ်မှာလည်း ကြည်ညို လေးစားနေတယ် ဆိုပါတော့ ဟုတ်လား၊ ခင်ဗျားဟာ စတီးမင်းကို ကြည်ညို လေးစားတဲ့ လူတစ်ယောက်လို့ ကျွန်တော်တို့ ယူဆနိုင်တယ် ဆိုပါတော့'

'ဒါကတော့ ခင်ဗျား ယူဆချင်ရင် ယူဆနိုင်ပါတယ်၊ ယူဆ...



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ တကယ်တော့ စတီးမင်းဟာ ကြီးကျယ် မြင့်မြတ်တဲ့ ပုဂ္ဂိုလ် တစ်ဦး ပါပဲ၊ အင်မတန်မှ ထူးခြားတဲ့ လူတစ်ယောက်လို့ ဆိုရင်လည်း မမှားပါဘူး။ သူဟာ လူ့လောကထဲမှာ ရှိနေတဲ့ လူသားတွေကို အကျိုးပြုစေမယ့် လုပ်ငန်း တစ်ခု အတွက် သူ့ဘဝ တစ်ခုလုံးကို အရှုံးခံပြီး မြှုပ်နှံထားတဲ့ လူတစ်ယောက် ပါ၊ လူတွေရဲ့ မသိနားမလည်မှုတွေ၊ အာဃာတ တရားတွေ၊ မနာလို ဝန်တို မှုတွေကြောင့် ပေါ်ပေါက်လာရတဲ့ အတိုက်အခံ အဟန့်အတားတွေကို အနိုင် မခံ အရှုံးမပေးဘဲ တွန်းလှန် တိုက်ခိုက်နေရတဲ့ လူတစ်ယောက်ပါ၊ အမှန် အတိုင်း ပြောရရင် သူဟာ သူ့နိုင်ငံမှာတော့ အောင်မြင်နေပါပြီ၊ ဒီနိုင်ငံမှာ တော့ မအောင်မြင်သေးပါဘူး၊ ဒါဟာ အလွန် ထင်ရှား သိသာနေတဲ့ ကိစ္စ တစ်ခုပါ၊ အဆုတ်ရောဂါ တိုက်ဖျက်ရေးနှင့် ပတ်သက်လို့ ကျွန်တော်တို့ နိုင်ငံ မှာ ကနေ့ အသက်ထင်ရှား ရှိနေကြတဲ့ ပုဂ္ဂိုလ်တွေထဲက ဘယ်သူများ သူ့ လောက် စိတ်ဝင်စားတာ ရှိပါသလဲ၊ ဘယ်သူများ သူ့လောက် ထိထိရောက် ရောက် လုပ်နေတာ တွေ့ရပါသလဲ၊ ရှာကြည့်စမ်းပါ၊ မရှိပါဘူး၊ အမှန်တော့ စတီးမင်းဟာ ဆရာဝန် တစ်ယောက် မဟုတ်တဲ့ အတွက်၊ ဘွဲ့တွေ လက်မှတ် တွေ မရှိတဲ့ အတွက်၊ ပြီးတော့ ကျွန်တော်တို့ အသိုင်းအဝိုင်းထဲက လူတစ်ဦး မဟုတ်တဲ့ အတွက် သူ လုပ်ထားသမျှ အကျိုး ဖြစ်ထွန်းမှန်း ကောင်းမှန်း သိပါလျက်နှင့် မျက်စိမှိတ်ပြီး အသိအမှတ် မပြုဘဲ ဆန့်ကျင်နေကြတာပါ။ ကျွန်တော်တို့ ဆေးပညာရှင် အသိုင်းအဝိုင်းထဲမှာ အဆုတ်ရောဂါ တိုက်ဖျက် ဖို့ ကြိုးပမ်း အားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေ လုံးဝ မရှိဘူးလို့ ကျွန်တော် မဆိုလို ပါဘူး၊ ရှိသင့်သလောက် ရှိနေပါတယ်၊ ဒါပေမဲ့ သူတို့ လုပ်နေတာတွေဟာ စတီးမင်း လုပ်နေသလောက်မှ ထိရောက်မှု ရှိတာ မတွေ့ရသေးပါဘူး၊ ဒါကို တော့ ဝန်ခံကြရမှာပဲ’

ထူးထူးခြားခြား စိတ်ပါဝင်စားမှုသည် အခန်းထဲရှိ လူအားလုံး၏ စိတ် ကို သိမ်းကျုံး လွှမ်းမိုးထားသည်။ မေရီ ဘိုလန်၏ မျက်လုံးများသည် အင်ဒရူး အပေါ် ကြည်ညို လေးစားခြင်းနှင့် အင်ဒရူး အတွက် မှုပန် သောက ရှိခြင်း များ ပေါင်းစပ်ကာ ဝင်းလက်နေကြပေသည်။ ဟောပါး တစ်ယောက်ကတော့ စိတ်ပျက်ခြင်း၊ ဝမ်းနည်းခြင်းတို့ဖြင့် မျက်နှာကလေး ငယ်ကာ သူ၏ စာရွက် စာတမ်းများကို ခပ်ဖြည်းဖြည်းချင်း စုဆောင်း သိမ်းဆည်းပြီး သူ၏ သားရေ လက်ကိုင်အိတ်ကြီးထဲသို့ ထိုးထည့်လျက် ရှိလေ၏။

ဥက္ကဋ္ဌသည် ယခုမှပင် အသက် ဝင်လာသည့်နှယ် လှုပ်ရှားလာပြီး





အင်ဒရူးအား စူးစူးစိုက်စိုက် ကြည့်ကာ မေးခွန်း တစ်ခု ဖြတ်မေးလေသည်။

‘ဒေါက်တာ မေဆန်၊ ခင်ဗျား အခု ဘာတွေ ပြောနေတယ် ဆိုတာ ခင်ဗျားကိုယ် ခင်ဗျား သိရဲ့လား’

‘သိပါတယ် ခင်ဗျာ’

အင်ဒရူး၏ လက်နှစ်ဖက်သည် သူ့ ကုလားထိုင် လက်တန်းအို အစွန်း ကျပ်စွာ ဆုပ်ထားသည်။ သူသည် မခံချင်စိတ်ဖြင့် သတိ လက်လွှတ်သူ တစ်ဦး လို ဖြစ်နေသည်။ သူ့ ရင်ထဲ၌ ရှိနေသမျှကို မခံချင်စိတ်က တွန်းထုတ်နေ လျက် ရှိ၏။ သူ့အဖို့တော့ဖြင့် မထူးတော့ပြီ၊ ဖြစ်လိုရာ ဖြစ်ပါစေတော့၊ သူ့ ဘက်က လျှော့ဖို့ စိတ်မကူးတော့၊ သူ့ ယုံကြည်ချက်များ အပေါ်တွင် ခိုင်ခိုင် မာမာပင် ရပ်တည်သွားတော့မည်ဟု ဆုံးဖြတ်လိုက်ပြီ ဖြစ်၏။

စိတ်အား ထက်သန်မှုကြောင့် သူသည် အသက်ရှူ မြန်ဆန် ပြင်းထန် လျက် ရှိသည်။ အကယ်၍ သူတို့ အနေဖြင့် သူ့အား ဆရာဝန် မှတ်ပုံတင် စာရင်းမှ ပယ်ဖျက်လိုပါကလည်း ပယ်ဖျက်ကြပါစေတော့။ သူတို့ လုပ်ချင် သလိုသာ လုပ်ကြပါစေတော့။ မိမိ ဘဝ ဆုံးချင်လည်း ဆုံးပါစေတော့ ဟူသော စိတ်သည် သူ့အား ရစ်ပတ် ဖွဲ့နှောင်ထားလေပြီ။

‘ကျွန်တော်ရဲ့ ကိုယ်စား ကျွန်တော့် ရှေ့နေကြီး မစ္စတာ ဟောပါးက ခေါ်ခေါ်က ခုံအဖွဲ့ရှေ့မှာ တောင်းပန် အသနားခံနေတာ နားထောင်ရင်း ငါ ဟာ ဆရာဝန် တစ်ယောက် အနေနှင့် အလွန် ဆိုးရွား ယုတ်မာတဲ့ အလုပ်မျိုး ညစ်ညမ်းတဲ့ အလုပ်မျိုးကို လုပ်မိခဲ့လေသလား၊ သူတစ်ပါး အကျိုး ထိခိုက် နစ်နာစေမယ့် အလုပ်မျိုးတွေကို လုပ်မိခဲ့လေသလား စသည်ဖြင့် ကိုယ့်ကိုယ် ကိုယ် ပြန်ပြီး မေးနေမိပါတယ်၊ ကျွန်တော့် အနေနှင့် ပရိယာယ် မသုံးချင် ပါဘူး၊ အလှည့်အပတ် အညာအဖြန်းတွေလည်း ပြောမနေချင်ပါဘူး၊ ဖြစ်နိုင် ရင် ရိုးရိုးသားသားနှင့် ဖြောင့်ဖြောင့်မတ်မတ်ပဲ လုပ်ချင် ကိုင်ချင် ပြောချင် ဆိုချင်ပါတယ်၊ ဒါဟာ ကျွန်တော့်ရဲ့ စိတ်ရင်း အမှန်ပါ၊ ကျွန်တော်ဟာ ဆရာ ဝန် တစ်ယောက် အဖြစ်နှင့် လူတွေ အထင်အမြင် ကြီးလာအောင် မဟုတ် မတရားနည်းတွေနှင့် ကြော်ငြာပြီး မမှန်ကန်တဲ့နည်းတွေ သုံးပြီး ငွေရှာ ပြီးရော ဆိုတဲ့ သဘောမျိုးနှင့် ဆေးကုသတဲ့ အလုပ်မျိုးကို အလွန် ပေါ်ဆုပ် ရွံရှာခဲ့တဲ့ လူတစ်ယောက်ပါ၊ ကျွန်တော့်ဆီကို နေ့စဉ် နေ့တိုင်း မှန်မှန် ရောက်လာနေ တဲ့ ဆေးကြော်ငြာ စာရွက်တွေရဲ့ တစ်ဝက်လောက်ကို ယောင်လို့မှ ကြောင်တောင် မကြည့်ဘဲ အမှိုက်ခြင်းထဲ လွှင့်ပစ်နေတဲ့ ဆရာဝန် တစ်ယောက်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ကောင်းကောင်း သိပါတယ်၊ အခု ဆိုရင် ကျွန်တော်ဟာ မိမိ ပြောသင့် ပြောထိုက်တာထက် ပိုပြီး ပြောနေမိပြီ ဆိုတာ သိပါတယ်၊ ဒါပေမဲ့ ကျွန်တော် မတတ်နိုင်တော့ပါဘူး၊ ပြောသင့် ပြောထိုက်တာ မှန်သမျှ ပြောရတော့မှာပဲ။

'သေသေချာချာ စဉ်းစား ကြည့်ကြမယ် ဆိုရင် ကျွန်တော်တို့ တစ်တွေဟာ သဘောထား မကြီးကြဘူး၊ အမြင် ကျဉ်းလွန်းတယ်၊ မထောက်မထား ပြောရမယ် ဆိုရင် မဟုတ်တဲ့ နေရာတွေမှာ သိပ်ပြီး သေးသိမ်လွန်းပါတယ်၊ ဒါကြောင့်မို့လည်း မလိုလားအပ်တာတွေ၊ မဖြစ်သင့် မဖြစ်ထိုက်တာတွေ ဖြစ်လာနေရတာပါ၊ သဘောထား သေးလွန်း အမြင် ကျဉ်းလွန်းတော့ အသစ်အသစ် ပြောင်းလဲမှုတွေ၊ ဖြစ်ထွန်းမှုတွေ၊ တိုးတက်မှုတွေဟာ လုံးဝ ပေါ်မလာတော့ပါဘူး၊ ကျွန်တော်တို့ဟာ ကျွန်တော်တို့ ဆေးပညာ အသိုက်အဝန်းရဲ့ အပြင်လောကမှာ ဖြစ်ပေါ်လာတဲ့ တိုးတက် ဖြစ်ထွန်းမှု ဟူသမျှဟာ မှားတယ်၊ ကျွန်တော်တို့ အသိုက်အဝန်း လောကထဲမှာ ဖြစ်ပေါ်လာတဲ့ တိုးတက်ဖြစ်ထွန်းမှုများမှသာ မှန်တယ် ဆိုတဲ့ အယူအဆကြီးကို တရားသေ ဆုပ်ကိုင်ထားကြတုန်း ရှိပါသေးတယ်၊ ကျွန်တော့် အမြင်ကို ပြောရရင် ဒီ အယူအဆဟာ ကိုယ့်လည်ပင်း ကိုယ် ကြိုးကွင်းစွပ်သလို ဖြစ်လာတော့မယ်လို့ ထင်ပါတယ်၊ အမှန်တော့ ဒီ အယူအဆဟာ ဆေးပညာလောက တစ်ခုလုံး သိပ္ပံနည်းကျကျ တိုးတက် ဖြစ်ပေါ်အောင် လုပ်မယ် ဆိုတဲ့ မူတစ်ရပ်လုံးရဲ့ သေမင်း ပါပဲ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းဟာ တရားသေ ဝါဒကြားမှာ နစ်မြုပ်ပြီး ဆေးဝါး ထုတ်လုပ် ရောင်းချနေတဲ့ ကုန်သွယ်မှုကို အကာအကွယ် ပေးနေတဲ့ အဖွဲ့အစည်း တစ်ရပ် အဖြစ်နှင့် ရပ်တည်သွားပါလိမ့်မယ်၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ ဆေးပညာ လောက အခြေအနေကို မညှာမထောက် ဝေဖန်သုံးသပ် ကြည့်ကြဖို့ အချိန်တော်ပြီ ထင်ပါတယ်။

'ကျွန်တော်တို့ ဆရာဝန်တွေရဲ့ လေ့ကျင့် သင်ကြားမှုပိုင်းကို ကြည့်ပါဦး၊ ဘယ်လို လေ့ကျင့် သင်ကြားနေကြရပါသလဲ၊ ဒီကိစ္စဟာ အင်မတန်မှ အလေးအနက်ထားပြီး စဉ်းစားရမယ့် အချက် တစ်ချက်ပါ၊ ကျွန်တော် ဆေးတက္ကသိုလ်က ဘွဲ့ရပြီး ဆင်းလာတော့ လက်တွေ့ ဘာမှ မလုပ်တတ်ဘူး၊ လူ့အဖွဲ့အစည်းကို အထောက်အကူပြုတဲ့ လူတစ်ယောက် ဖြစ်ဖို့ ဆိုတာ မပြောနှင့်၊ လူ့အဖွဲ့အစည်းကိုတောင်မှ အနှောင့်အယှက် အဟန့်အတား ဖြစ်နေပါသေးတယ်၊ အမှန်အတိုင်း ဝန်ခံမယ် ဆိုရင် အဲဒီအချိန်က' ကျွန်တော်ဟာ





ရောဂါ နာမည်တွေကို သိတယ်၊ မှန်အောင် ခေါ်တတ်တယ်၊ ရောဂါ အဖို့ အတွက် ပေးရမယ့် ဆေးဝါး တချို့ရဲ့ အမည်ကို သိတယ်၊ ဆေးထိုးတတ်တယ်၊ အဲသလောက်ပဲ တတ်တယ်၊ ဒီထက်ပိုပြီး ဘာမှ ဟုတ္တိပတ္တိ မတတ်သေးဘူး၊ ကလေး မွေးရင် သုံးတဲ့ ညှပ်ကိုတောင်မှ ဖြောင့်ဖြောင့်တန်းတန်း မှန်မှန်ကန်ကန် မသုံးတတ် မကိုင်တတ်ဘူး။

'လက်တွေ့ အလုပ်ခွင် ဝင်မိလို့ လက်တွေ့ လုပ်မိ ကိုင်မိတော့မှပဲ လက်တွေ့ လုပ်ငန်းခွင်ထဲ မရောက်မီ ကတည်းက သိထားရမယ့် သိသင့် သိထိုက်တာ မှန်သမျှကို သိလာခဲ့ရပါတယ်၊ လက်တွေ့ လုပ်ငန်းခွင် မဝင်မီကတည်းက အထိုက်အလျောက် တတ်ကျွမ်း နားလည်နေတဲ့ ဆရာဝန် ဆိုတာ ဘယ်နှယောက်များ ရှိမလဲ ဆိုတာ ကျွန်တော် သိချင်လှပါတယ်၊ တကယ်တော့လည်း အဲသလို ကြိုတင်ပြီး တတ်ကျွမ်း နားလည်အောင် လေ့လာဖို့လည်း ကျွန်တော်တို့မှာ အချိန် မရှိကြဘူး။

'အပွင့်လင်းဆုံး စကား ပြောရရင် ကျွန်တော်တို့ရဲ့ စနစ်နှင့် ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံကိုက မမှန်ကန်ပါဘူး၊ ဒီ မမှန်ကန်မှုကြောင့်လည်း ဆေးပညာ အဖွဲ့အစည်း တစ်ရပ်လုံးဟာ အောက်ခြေက စပြီး အခြေပျက်နေခြင်း ဖြစ်ပါတယ်၊ စနစ်တကျ ပြန်လည် ဖွဲ့စည်းဖို့ သင့်တာ ကြာလှပါပြီ၊ ဒါပေမဲ့ ဒီနေ့အထိ မပြုပြင်ကြသေးပါဘူး၊ တကယ်ဆိုရင် ပညာရပ် အလိုက်၊ လုပ်ငန်းရပ် အလိုက် ဌာနစိတ်ကလေးတွေကို စနစ်တကျ ဖွဲ့စည်းပြီး လုပ်ကိုင်သွားဖို့ လိုပါတယ်၊ ဆရာဝန်တွေ အတွက် မတက်မနေရ၊ မသင်မနေရ ဆိုတဲ့ ဘွဲ့လွန် သင်တန်းတွေ ဖွင့်လှစ်ပြီး သင်ကြား ပို့ချပေးဖို့ လိုအပ်နေတာလည်း ကြာပါပြီ၊ ဒါပေမဲ့ အခုထိ မလုပ်ကြသေးပါဘူး၊ သိပ္ပံနည်းကျကျ ကုသနည်းတွေ ပေါ်ထွန်းလာအောင် အားပေးဖို့ သင့်နေတာလည်း ကြာပါပြီ၊ အခုထိ မဖြစ်သေးပါဘူး၊ ဆေးပုလင်းထဲ ဆေးရည် ထည့်ပေးတဲ့ ကုသမှုမျိုးလောက်နှင့် ကျေနပ်နေရတဲ့ အဆင့်မျိုးမှာပဲ ရှိနေပါသေးတယ်၊ ဆရာဝန်တိုင်းကို အမြဲတစေ လေ့လာချင်စိတ် ရှိနေအောင်၊ လေ့လာနိုင်အောင်၊ အချင်းချင်း စုပေါင်းပြီး သုတေသန လုပ်ချင်စိတ် ရှိလာအောင်၊ လုပ်နိုင်လာအောင် အားပေးဖို့ အခွင့်အလမ်းတွေ ပေါ်လာအောင် လုပ်ပေးဖို့လည်း သိပ်ပြီး လိုအပ်နေပါတယ်၊ ဒါပေမဲ့ ဒီလို အချက်တွေ လုပ်ပေးဖို့ ဘယ်သူမှ စိတ်မဝင်စားကြပါဘူး။

'ဆေးပညာရှင်တွေထဲမှာ ထွန်းကားနေတဲ့ ကုန်သည် ဝါဒကိုရော ကျွန်တော်တို့ ဘယ်လို တိုက်ဖျက်ကြမှာလဲ၊ ဆရာဝန် အများစု ဆင်းရောက်



www.burmeseclassic.com

www.burmeseclassic.com

တအောက်အောက် လိုက်နေတဲ့ ကိစ္စ၊ ငွေကိုသာ အဓိကထားလွန်း အားကြီးတဲ့ အတွက် ပျက်စီးလာရတဲ့ ကုသမှု နည်းစနစ်တွေ၊ ငွေ များများ ရချင်တာ အကြောင်းပြုပြီး မလိုအပ်ဘဲနှင့် လုပ်ပေးနေတဲ့ ခွဲစိတ် ကုသမှုတွေဟာ လူတွေ အတွက် ဘာမှ အကျိုးမရှိပါဘူး။

'ကျွန်တော်တို့ရဲ့ ဖွဲ့စည်းမှု ပုံသဏ္ဌာန်က အသေလိုပဲ၊ တရားသေ ဆုပ်ကိုင်ထားတော့ အသေလိုပဲ ဖြစ်မှာပေါ့၊ မဆန်းပါဘူး၊ လက်ရှိ စနစ်ကို တိုးတက်အောင် လုပ်ဖို့နှင့် လက်ရှိ စနစ်ရဲ့ ချွတ်ယွင်းချက်တွေကို ပြုပြင်ဖို့ ကျွတော့လည်း ကျွန်တော်တို့ လုံးဝ မစဉ်းစားကြတော့ဘူး၊ ပါးစပ်ကတော့ လုပ်ပါမယ်လို့ အော်နေကြပေမဲ့ လက်တွေ့ကျတော့ ဘာမှ မလုပ်ကြဘူး။

'ကျွန်တော်တို့ သူနာပြု ဆရာမတွေရဲ့ အဖြစ်ကို ကြည့်ဦးမလား။ အလုပ်ကျတော့ မနားမနေ လုပ်ရပါရဲ့၊ သူတို့ ရတာကျတော့ ဘယ်လောက်များ ရသလဲ၊ သဒ္ဓါကြေးလောက်ကလေး ပေးထားတာ မဟုတ်လား၊ အဲဒီတော့ မသေရုံစား မအားအောင်နေ ဆိုတဲ့ သဘော ဖြစ်မနေဘူးလား။

'ဝမ်းနည်းစရာ အကောင်းဆုံးက ကျွန်တော်တို့ လောကမှာ ရှေ့ဆောင်လမ်းပြ လုပ်ချင်တဲ့ လူတွေ၊ တီထွင် ကြံဆချင်တဲ့ လူတွေကို လုံးဝ အားမပေးချင်ကြဘူး၊ မှန်မှန်ကန်ကန် လုပ်ချင်တဲ့ လူတွေ၊ တော်တဲ့ လူတွေ၊ တီထွင်ချင်တဲ့ လူတွေ၊ တိုးတက်အောင် လုပ်ချင်တဲ့ လူတွေကို လုံးဝ နေရာမပေးချင်ကြဘူး၊ အထက်ကရော အောက်ကပါ မနာလို ဝန်တိုတဲ့ စိတ်တွေ၊ သေးသိမ်တဲ့ စိတ်တွေ ထားပြီး ဝိုင်းတွန်းကြ တိုက်ကြ ချိုးကြ နှိမ်ကြ ချကြတယ်၊ ဒါကြောင့်မို့လည်း တိုးတက် ထွန်းကားမှု ဆိုတာတွေဟာ ဆိတ်သုဉ်းလာရတာပဲ။

'ကျွန်တော်တို့ဟာ ရှေ့ဆောင် ရှေ့ရွက် ပြုပြီး တီထွင် ကြံဆချင်တဲ့ လူတွေကို ဘယ်တော့မှ အားမပေးချင်ပါဘူး၊ အနီးဆုံး ဥပမာ တစ်ခု ပြောရမယ် ဆိုရင် ဒေါက်တာ ဟက်ဆင်ကို ကြည့်ပါ၊ ဒေါက်တာ ဟက်ဆင်ဟာ ဂျားဗစ်ရဲ့ လုပ်ငန်းကို ပထမဦးဆုံး ရဲရဲဝံ့ဝံ့နှင့် ထောက်ခံ ကူညီခဲ့တဲ့ ပုဂ္ဂိုလ်ပါ၊ သူဟာ ဂျားဗစ်ရဲ့ လုပ်ငန်း အောင်မြင်ဖို့ အတွက် မေ့ဆေး ပေးတဲ့ အလုပ်ကို သတ္တိရှိရှိနှင့် ပါဝင် လုပ်ကိုင်ပေးတဲ့သူ တစ်ဦး ဖြစ်ပါတယ်၊ ဒါပေမဲ့ သူ့ခမျာ သူ့အလုပ်ကလေး စလုပ်မယ် ကြံကာရှိသေးတယ်၊ ဘွဲ့ရ ဆရာဝန် တစ်ဦး မဟုတ်တဲ့ ဂျားဗစ် အတွက် မေ့ဆေး ပေးခဲ့တယ် ဆိုတဲ့ စွဲချက်နှင့် ဆရာဝန် မှတ်ပုံတင် အသိမ်းခံခဲ့ရရှာတယ်၊ နောက် ဆယ်နှစ်လောက် ကြာ





တော့ လန်ဒန်မြို့ပေါ်က အကောင်းဆုံး၊ အတော်ဆုံး ဆိုတဲ့ ဆရာဝန်တွေ လက်လွှတ်ခဲ့ရတဲ့ လူနာပေါင်း များစွာကို ဂျားဗစ်က သူ့နည်း သူ့ဟန်နှင့် ကုသေးတာ ပျောက်ကင်းခဲ့တယ်၊ အဲဒီကျတော့ ဂျားဗစ်ကို သူ့ရဲ့ကောင်း မှိုင်း ဘွဲ့တွေ ပေး၊ လန်ဒန်မှာ အဆင့်အတန်း အမြင့်ဆုံး ဆိုတဲ့ လူတွေက ဂျားဗစ်ကို ပါရမီရှင်ကြီးလို့ အသိအမှတ်ပြု၊ သူ့ကို ဂုဏ်ထူးဆောင် အမ်ဒီ ဘွဲ့ကြီးပေး အစရှိတဲ့ ချီးကျူး ဂုဏ်ပြုတဲ့ လုပ်ရပ်တွေကို ဝိုင်းပြီး လုပ်ခဲ့ကြတယ်၊ အဲဒီလို ဂျားဗစ်ကို ဝိုင်းပြီး ချီးကျူး ဂုဏ်ပြုနေတဲ့ အချိန်မှာ တစ်ချိန်က ဂျားဗစ်ကို အသိအမှတ်ပြုပြီး အားပေးခဲ့မိလို့ ဆရာဝန် မှတ်ပုံတင် အသိမ်းခံခဲ့ရရှာတဲ့ ဒေါက်တာ ဟက်ဆင်ဟာ ဆေးပညာ လောကရဲ့ အပယ်ခံဘဝ ရောက်ရှိနေလုံး ကြေကွဲ ဝမ်းနည်းတဲ့ စိတ်နှင့် သေခဲ့ပါပြီ။

'ကျွန်တော် သိပါတယ်၊ ကျွန်တော်လည်း ဆေးကုရင်းနှင့် အမှားပေါင်း များစွာကို ပြုလုပ်ခဲ့မိတဲ့ လူတစ်ယောက်ပါ၊ အင်မတန် ဆိုးတဲ့ အမှားတွေကို တောင်မှ လုပ်ခဲ့မိတာ ရှိကောင်း ရှိပါလိမ့်မယ်၊ ဒီလို ပြုမိတဲ့ အမှားတွေ အတွက် ကျွန်တော် ဝမ်းနည်းပါတယ်။

'ဒါပေမဲ့ ကျွန်တော် ရစ်ချတ် စတီးမင်းနှင့် တွဲလုပ်ခဲ့ရတဲ့ အလုပ်ဟာ တော့ အမှား တစ်ခုကို ကျူးလွန်ခဲ့ခြင်း မဟုတ်ပါဘူး၊ ဒါကြောင့်မို့လည်း ရစ်ချတ် စတီးမင်းနှင့် တွဲလုပ်မိတဲ့ ကိစ္စ အတွက် ကျွန်တော် ဝမ်းနည်းပါတယ် ဆိုတဲ့ စကား ပြောဖို့ လိုမယ် မထင်ပါဘူး၊ ဒီကိစ္စ အတွက် ကျွန်တော့်ဘက်က ပြောစရာ တစ်ခုပဲ ရှိပါတယ်၊ လူကြီးမင်းများ ကိုယ်တိုင် စတီးမင်း ကုပေးခဲ့တဲ့ မေရီ ဘိုလန်ကို ကြည့်ကြဖို့ပါပဲ၊ မေရီ ဘိုလန်ဟာ စတီးမင်းဆီ ရောက်သွားတဲ့ အချိန်မှာ အဆုတ်လေဝင်နာ ဖြစ်နေပါတယ်၊ အခု ဆိုရင် သူ့ရောဂါဟာ လုံးဝ ပျောက်ကင်းသွားပါပြီ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်ဟာ ဆေးပညာလောကကို ဂုဏ်သိက္ခာ ကင်းမဲ့အောင် လုပ်ခဲ့ပါတယ် ဆိုတဲ့ စွပ်စွဲချက်နှင့် ပတ်သက်လို့ မဟုတ် မမှန်ပါဘူး ဆိုတဲ့ အထောက်အထားဟာ မေရီ ဘိုလန်ပါပဲ၊ မေရီဟာ လူကြီးမင်းတို့ ရှေ့မှောက်မှာ ထိုင်နေပါတယ်'

သူသည် စကားကို အဆုံးသတ်လိုက်ပြီး သူ့နေရာတွင် ပြန်၍ ထိုင်ချလိုက်သည်။ ကောင်စီဝင် လူကြီး အားလုံးသည် ငြိမ်နေကြလေသည်။ လူကြီး အားလုံးထဲတွင် ရောဘတ် အက်ဘီး၏ မျက်နှာသည် အထူးခြားဆုံး ဖြစ်၏။ သူ့မျက်နှာသည် ကျေနပ်ခြင်းနှင့် အားရခြင်းတို့ဖြင့် ကြည်လင် ဝင်းလက်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်အထိ ကြောင်၍ ရပ်နေမိသော အစိုးရ ရှေ့နေ မစ္စတာ ဘွန်းသည် မဝေခွဲနိုင်သော အမှုအရာဖြင့် အင်ဒရူးအား ငေးစိုက်ကြည့်နေသည်။ အစိုးရ ရှေ့နေ တစ်ဦး အနေဖြင့် စဉ်းစားလျှင် ဤ ဆရာဝန်အား သူလည်းပင်သူ ကြိုးတပ်နိုင်လောက်အောင် လုပ်နိုင်ခဲ့ပြီ ဖြစ်၍ သူ့တာဝန် ကျေပြီဟု ယူဆလေသည်။ ထို့ကြောင့်လည်း ဥက္ကဋ္ဌဘက်သို့ ဦးခေါင်း တစ်ချက် ညွှတ်၍ အရိုအသေ ပေးကာ သူ့ ကုလားထိုင်တွင် ခပ်အေးအေးပင် ပြန်ထိုင်သွားလေ၏။

အခန်းထဲဝယ် တစ်မိနစ်ခန့်မျှ တိတ်ဆိတ် ငြိမ်သက်လျက် ရှိသည်။ ထို့နောက် ဥက္ကဋ္ဌ၏ ကြေငြာသံ ပေါ်လာလေသည်။

'အားလုံး အပြင်ထွက်ပေးကြဖို့ မေတ္တာ ရပ်ခံပါတယ်'

အင်ဒရူးသည် အများနှင့် ရော၍ အပြင်သို့ ထွက်လာခဲ့လေ၏။

သူသည် သူ မှန်သည် ထင်သည့်အတိုင်း စိတ်လွတ် ကိုယ်လွတ် ပြောဆိုပြီးခဲ့ပေပြီ။ သူ့ခေါင်း တစ်ခေါင်းလုံးသည် အပြင်းအထန် နာကျင် ကိုက်ခဲလျက် ရှိ၏။ တစ်ကိုယ်လုံးမှာလည်း မလှုပ်ချင် မသယ်ချင်လောက်အောင် ပင်ပန်း နွမ်းနယ်လျက် ရှိရ၏။ ကောင်စီရုံး ခန်းမကြီးထဲ၌ ထိုင်နေရသည်မှာ အသက်ရှူ ကျပ်လွန်းလှပေသည်။

သူသည် မည်သူနှင့်မျှ တွေ့လို မြင်လိုစိတ်၊ စကားပြောလိုသည့် စိတ်မရှိ။ ဟောပါး၊ ဘိုလန်၊ မေရီနှင့် အခြားသော သက်သေများကိုလည်း တွေ့လို မြင်လို ရင်ဆိုင်လိုစိတ် ကင်းမဲ့လျက် ရှိသည်။ အထူးသဖြင့် မျက်နှာကြီး အိုကာ စိတ်ညစ် စိတ်ရှုပ်သလို ဖြစ်နေသော ရှေ့နေ ဟောပါး၏ မျက်နှာကို မကြည့်ဝံ့တော့ပေ။

သူသည် အရူးအမိုက် တစ်ကောင်သဖွယ် ပြုမိခဲ့သည်ကို ကောင်းစွာ သိပါ၏။ တကယ်တော့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ကာ ထင်ရာ မြင်ရာ လျှောက်ပြောနေသည့် အရူး တစ်ယောက်ပမာ ပြုမူ ပြောဆိုခဲ့မိခြင်း ဖြစ်ပါ၏။ ဤအမှုကိစ္စကို အကြောင်းပြု၍ ဤနေရာမျိုးတွင် သူ၏ ရိုးသား ဖြောင့်မတ်မှုကို ထုတ်ဖော် ပြသနေခြင်းသည် သက်သက် အရူးထနေခြင်းသာ ဖြစ်သည် မဟုတ်ပါလော။ ဆေးကောင်စီ လူကြီးများ၏ ရှေ့မှောက်တွင် ရပ်၍ တရားဟော ဆရာ တစ်ယောက်ပမာ အရူးထ၍ ပြောခဲ့မိခြင်းသည် သက်သက် ကြောင်ခြင်းသာ ဖြစ်၏။ သူသည် ဆရာဝန် လုပ်နေဖို့ မသင့်တော့။ ဟိုက်ဒပတ် ဥယျာဉ်ထဲသို့ သွား၍ စင်နိမ့် တရားဟော ဆရာ လုပ်ဖို့သာ ကောင်းတော့သည်ဟု တွေးနေမိလေသည်။





သူသည် အပေါ်အင်္ကျီများ ခေတ္တ သိမ်းဆည်းရာ အခန်းထဲသို့ ဝင်ခဲ့သည်။ ယခုလို အချိန်တွင် မည်သူနှင့်မှ မတွေ့ချင်၊ မည်သူ့ကိုမှ မကြည့်ချင်၊ မည်သူ့ကိုမှလည်း စကား မပြောချင်၊ တစ်ယောက်တည်းသာ နေချင်၏။ သူသည် အခန်းထဲဝယ် တစ်ဦးတည်း ထိုင်ကာ ရောက်တတ်ရာရာများကို စဉ်းစား တွေးတောနေရာမှ စီးကရက် သောက်ချင်စိတ် ပေါ်လာသည်။ တစ်ထည်သောက်တော့လည်း အရသာ မတွေ့ချေ။ ချက်ချင်းပင် လက်ထဲမှ စီးကရက်ကို ပစ်ချလိုက်ကာ ခြေနှင့် နင်းခြေပစ်လိုက်လေ၏။

မကြာသေးခင်ကပင် သူသည် ဖြစ်ချင်တိုင်း ဖြစ်နေသော ဆရာဝန်လောက၏ အခြေအနေ အရပ်ရပ်ကို အရှိအတိုင်း အမှန်အတိုင်း ထုတ်ဖော်ပြောပြခဲ့မိ၏။ သို့သော်လည်း သူသည် ဆရာဝန် လောကမှ အပြီးတိုင် ထွက်ရတော့မည့် လူတစ်ယောက် ဖြစ်၏။ ဤ အခြေအနေ နှစ်ရပ်ကို ခေါင်းထဲ စဉ်းစားလိုက်သောအခါ သူသည် သူ၏ ဘဝ ရှေ့ရေး အတွက် မစဉ်းစားဝံ့လောက်အောင်ပင် စိတ်ဆင်းရဲမိလေ၏။

မည်သို့ပင် ဖြစ်စေ သူသည် အလုပ် တစ်ခုတော့ မလုပ်၍ မဖြစ်တော့ လုပ်ရမည် ဖြစ်၏။ စတီးမင်းနှင့် တွဲ၍ လုပ်ရလျှင် ကောင်းလေမည်လား။

သို့ပါသော်လည်း သူ လုပ်ချင်သည့် အလုပ်မှာ ထိုအလုပ်မျိုး မဟုတ်ပေ။ သူ တကယ်တမ်း လုပ်ချင်နေသည့် အလုပ်မှာ သူ့ စိတ်ကူးနှင့် သူ စီစဉ်ထားခဲ့သည့် ဆေးကုဌာန အလုပ်သာ ဖြစ်ပေသည်။ သို့ဖြစ်ရာ သူသည် ဒင်နီတို့ ဟုတ်ပ်တို့နှင့်သာ တွဲ၍ လုပ်ကိုင်လို၏။

သို့သော် သူ့ စိတ်ကူးကို အကောင်အထည် ဖော်ဖို့မှာ သူ ဆရာဝန်လောကတွင် ဆရာဝန် ဘဝဖြင့် ဆက်လက် ရပ်တည် သွားနိုင်မှသာ ဖြစ်ပေလိမ့်မည်။ ဆရာဝန် မှတ်ပုံတင် အသိမ်းခံလိုက်ရသော လူတစ်ယောက် အဖြစ်ဖြင့် အပြင်မှ နေ၍ လုပ်ဖို့ ဆိုသည်မှာလည်း အင်္ဂလန်လို နိုင်ငံတွင် ဖြစ်သည့်နည်းနှင့်မျှ ဖြစ်နိုင်မည် မဟုတ်ပေ။

ယခု အခြေအနေ အတိုင်းသာ ဆိုလျှင် ဒင်နီနှင့် ဟုတ်ပ်တို့သည် သူမပါဘဲနှင့်ပင် 'ထရိုဂျန် မြင်းကြီး' ဆွဲကြရပေတော့မည်။ ပြင်းပြသော စားကြည်းစိတ်နှင့် ဝမ်းနည်းစိတ်တို့ကြောင့် သူ့ရင်သည် တင်းကျပ်လာလေသည်။ သူ၏ အနာဂတ် ဘဝသည် မရေမရာ ရှိလွန်းလှချေဆဲတကား။

သူ့အဖို့ အဆိုးဆုံးသော စိတ်ခံစားမှုမှာ အခြား မဟုတ်ပေ။ အသစ် ဘဝ ရောက်ပေတော့မည် ဟူသော အသိမှ ပေါ်လာသည့် ဝမ်းနည်းခြင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထို ဝမ်းနည်းစိတ်နှင့်အတူ သူ ဆည်းပူး လေ့လာထားခဲ့သည့် အရာများကို လုပ်ကိုင်ဖို့ အခွင့်အလမ်းသည် ပိတ်သွားပြီ ဟူသော ယူကျုံးမရစိတ်သည် သူ့ အသည်းနှလုံးကို ပြင်းထန်စွာ ရိုက်ခတ် နာကျင်စေလေ၏။

မည်မျှ ကြာအောင် အတွေး ရေလျှဉ်ကြောတွင် နစ်မျောနေမိသည် မသိ။ အပြင်ဘက် လူသွား စင်္ကြံပေါ်မှ သွားနေ လာနေကြသည့် လူများ၏ လှုပ်ရှားသံများကို ကြားမှပင် သူသည် ထိုင်ရာမှ ထမိလေတော့သည်။

လူအများသည် ခန်းမ အတွင်းသို့ ပြန်ဝင်နေကြပြီ။ သူသည် လူနှ လူဆေးနှင့် ရောၡ ခန်းမ အတွင်းသို့ ဝင်ခဲ့လေ၏။ ထိုအခါကျမှပင် သူ လက်ကိုင်ပြုမည့် အချက် တစ်ချက်ကို တွေးမိလာသည်။ ကိုယ့်အတွေးနှင့် ကိုယ် တုန်လှုပ် ချောက်ချားနေ၍တော့ မဖြစ်ပေ။ ဖြစ်လာမည့် ကိစ္စကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖို့သာ ရှိတော့သည်။ ဝမ်းနည်းသော စိတ်၊ အားငယ်သော စိတ်များကို အရိပ်အယောင်ပင် ပြရန် မသင့်တော့ပေ။

သူသည် မျက်လုံးအစုံကို ရှေ့တည့်တည့်၌သာ စူးစိုက်ထားသည်။ ရှေ့နောက် ဝဲယာ ဘယ်ကိုမှ မကြည့်။ မည်သူ့ကိုမှ စောင်း၍ ငဲ့၍ မကြည့်။ ကောင်စီ လူကြီးများဆီသို့ပင် မော့မကြည့်။ သူ့ ကုလားထိုင်၌သာ မတုန်မလှုပ် ထိုင်လျက် ရှိလေ၏။

အခန်းထဲတွင် ထွက်ပေါ်နေသည့် အသံများမှာ အမျိုးစုံလှ၏။ ကုလားထိုင် တွန်းသံ၊ ချွေသံ၊ ဆွဲသံများ၊ ချောင်းဆိုးသံများ၊ တီးတိုး စကားပြောသံများ၊ တစ်စုံတစ်ယောက်သော သူ၏ ခဲတံနှင့် စားပွဲပေါ် ခေါက်နေသည့် တခေါက်ခေါက် အသံများ။ ဤအသံများသည် အင်ဒရူး၏ ဦးခေါင်း တစ်ခေါင်းလုံးကို နောက်ကျိ ရှုပ်ထွေးအောင် ဖန်တီးလျက် ရှိလေ၏။

ရုတ်တရက် အခန်းထဲရှိ အသံများသည် တိတ်သွားသည်။ အင်ဒရူး၏ တစ်ကိုယ်လုံးသည် တောင့်တင်းသွားလေ၏။

လာချေပြီ။

ဥက္ကဋ္ဌ၏ အသံသည် ဖြည်းဖြည်းမှန်မှန် တည်တည်ငြိမ်ငြိမ် ထွက်ပေါ်လာလေသည်။

'အင်ဒရူး မေဆန်။

'ကျွန်ုပ်တို့ ဆေးကောင်စီသည် သင့်အပေါ်၌ စွဲဆိုထားသော အမှုနှင့် ပတ်သက်၍ နှစ်ဦးနှစ်ဖက်မှ တင်ပြလာသည့် သက်သေများ၏ ထွက်ဆိုချက် အားလုံးကို လက်ခံ ကြားနာပြီးလျှင် အလွန် အလေး





အနက် ထား၍ စဉ်းစား ဝေဖန် သုံးသပ်ခြင်း ပြုခဲ့ကြောင်း သင့်အား ပြောကြားလိုပါသည်၊ ကျွန်ုပ်တို့ ကောင်စီသည် ဤအမှု၏ ထူးခြားသော အခြေအနေများနှင့် ယခင်က ကျင့်သုံးနေကျ မဟုတ်သော သင် ကိုယ်တိုင်၏ တင်ပြ လျှောက်လဲချက်များကိုပါ အခြေခံ၍ စဉ်းစားပြီး သင်သည် ဤကိစ္စကို ပြုလုပ်ရာ၌ မှန်ကန်သော စေတနာဖြင့် ပြုလုပ်ခဲ့သည်ဟု လည်းကောင်း၊ သင်သည် ဆေးပညာ လောက၏ အဆင့် အတန်း မြင့်မားရေးကို ရှေးရှု၍ ပြဋ္ဌာန်းထားသော ဥပဒေ၏ အနှစ် သာရကို မဆန့်ကျင်ဘဲ ယင်း အနှစ်သာရကို ဖော်ထုတ်လိုသော ဆန္ဒ အရ ရိုးသား ဖြူစင်သော စိတ်ထားဖြင့် လုပ်ဆောင်ခဲ့သည်ဟု လည်း ကောင်း ဤကောင်စီမှ ယူဆပေသည်၊ သို့ဖြစ်သည့် အားလျော်စွာ ကောင်စီသည် သင်၏ အမည်အား ဆရာဝန် မှတ်ပုံတင် စာရင်းမှ ပယ်ဖျက်ရန် သင့်တော် လုံလောက်သည့် အချက်များ မတွေ့ရ ဆုံးဖြတ်လိုက်ကြောင်း ကျွန်ုပ် အကြောင်းကြားလိုက်သည်'

အင်ဒရူးသည် ချမှတ်လိုက်သော အမိန့်ကို နားမလည်သလို ဖြစ်ကာ တစ်စက္ကန့်မျှ ကြောင်ငေးလျက် ရှိသည်။ သူများ နားကြားလွဲလေသလား။

အတန်ကြာသော် သူ့တစ်ကိုယ်လုံးသည် တုန်တုန်ယင်ယင် ဖြစ်လာလေ၏။

ဆေးကောင်စီသည် သူ့အား ဆရာဝန် မှတ်ပုံတင် စာရင်းမှ မပယ်ဖျက်ဘဲ အမှုမှ ကွင်းလုံးကျွတ် လွှတ်လိုက်လေပြီ။ သူသည် အပြစ် မရှိသူ တစ်ဦးဘဝသို့ ရောက်ခဲ့ရပေပြီ။

သူသည် ကောင်စီ လူကြီးများဆီသို့ မော့ကြည့်သည်။ သူတို့ မျက်နှာများသည် မှုန်ဝါးဝါး ဖြစ်နေကြပေသည်။ မည်သူ့ကိုမှ သဲသဲကွဲကွဲ မမြင်သော သူ့ မျက်စိထဲတွင် ထင်ရှား ပြတ်သားစွာ မြင်နေရသည့် မျက်နှာမှာ ရောဘတ် အက်ဘီး၏ မျက်နှာ တစ်မျက်နှာသာ ဖြစ်၏။ သူ့အပေါ်တွင် နားလည်မှု အပြည့်အဝ ရှိနေကြောင်း ဖော်ပြလျက် ရှိသော ရောဘတ် အက်ဘီး၏ အကြည့်သည် သူ့စိတ်ကို များစွာ ထိခိုက်စေခဲ့လေ၏။

'ကျေးဇူးတင်ပါတယ် ခင်ဗျား'

ဥက္ကဋ္ဌက 'အမှု ပြီးသွားပြီ' ဟု ကြေညာသည်။

အင်ဒရူးသည် ကွန် ဘိုလန်၊ မေရီနှင့် ယခုအထိ အံ့အားသင့်လျက် ကြောင်ငေးနေဆဲ ဖြစ်သော မစ္စတာ ဟောပါး စသည့် မိတ်ဆွေများ အလယ်



www.burmeseclassic.com

www.burmeseclassic.com



တွင် ရပ်လျက် ရှိသည်။ သူ အလျင်က တစ်ကြိမ် တစ်ခါမျှ မမြင်ဖူး မတွေ့ဖူးခဲ့သည့် မျက်နှာစိမ်းများကလည်း သူ့လက်ကို ဆွဲ၍ နှုတ်ဆက်နေကြပေသည်။

သူသည် သူ့အား ဝိုင်းဝိုင်းလည်၍ နှုတ်ဆက်နေကြသည့် လူများကြားမှ တိုးကာ ဝှေ့ကာဖြင့် လမ်းမပေါ်သို့ ရောက်လာသည်။ ဝမ်းသာမဆုံးဖြစ်နေသော ကွန် ဘိုလန်သည် ယခုအချိန်အထိ သူ့ပခုံးကို ပုတ်နေဆဲဖြစ်၏။ သူ ကိုယ်တိုင်မှာလည်း ဝမ်းသာမှု အရှိန်ဖြင့် အပြေးအလွှား သွားနေကြသော လမ်းမကြီးပေါ်မှ ဘတ်စကားများကို ကြည့်ကာ ယောင်တီးယောင်နဖြစ်ဆဲပင်။

ယုံကြည်ရန် ခက်လှသော သူ၏ လွတ်မြောက်မှု အတွက် သူသည် ဝမ်းသာရသည်နှင့်အမျှ စိတ်အားပါ တက်လျက် ရှိသည်။ သူ့ မျက်လုံးများသည် သူ့အား မျက်ရည် အပြည့်ဖြင့် စူးစူးစိုက်စိုက် ကြည့်နေရှာသော မေရီ၏ မျက်နှာပေါ်သို့ မမျှော်လင့်ဘဲနှင့် ရောက်သွားလေ၏။

'မေရီ အတွက်ကြောင့် သူတို့က ရှင့်ကို တစ်ခုခု ဖြစ်အောင် လုပ်ရင်လေ၊ အို... ကျွန်မတော့ ဟို ဥက္ကဋ္ဌ ဆိုတဲ့ အဘိုးကြီးကို သတ်မိမှာပဲထင်တယ်'

ကွန် ဘိုလန်ကမူ 'မေရီက အလကားနေ မပူသင့်တာ ပူနေတာပဲ၊ ငါကတော့ မဆန် ကိုယ်တိုင် ထပြီး စကားပြော ကတည်းက သူတို့ကို သေချာပေါက် နိုင်ပြီလို့ တွက်ထားပြီးပြီ' ဟု ပြောဆိုလေသည်။

သူတို့ သုံးယောက် ပြတိုက် ဟိုတယ်သို့ ပြန်ရောက်တော့ တစ်နာရီပင်ထိုးပြီးနေပေပြီ။ ဟိုတယ် ဧည့်ခန်းထဲမှာ အေးအေးဆေးဆေး ထိုင်၍ စောင့်မျှော်နေသူကတော့ ဒင်နီ။

ဒင်နီသည် အပြုံးနှင့် ဆီးကြိုလျက် ရှိ၏။ ဟောပါးက ဖုန်းဆက်၍ပြောထားသဖြင့် ဝမ်းသာစရာ သတင်းကို သိထားနှင့်လေပြီ။ သို့သော်လည်း ဒင်နီသည် သူ သိထားရသည့် သတင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ဝေဖန်ခြင်းလည်း မပြု၊ ဆွေးနွေးခြင်းလည်း မပြု၊ မေးလည်း မမေးချေ။

'ကျွန်တော်တော့ ဆာလိုက်တာ အလွန်ပဲဗျာ၊ ဒါပေမဲ့ ဒီ ဟိုတယ်မှာတော့ ခင်ဗျားတို့ကို မကျွေးနိုင်ဘူး၊ ခင်ဗျားတို့ အားလုံး ကျွန်တော်နှင့်သာ လိုက်ခဲ့ကြပေတော့၊ ကျွန်တော် နေ့လယ်စာ ကျွေးမယ်'

သူတို့သည် ကန်နော့ စားသောက်ဆိုင်တွင် နေ့လယ်စာ စားကြသည်။ ဒင်နီ၏ မျက်နှာသည် ဝမ်းသာမှု အရိပ်အယောင်ကိုပင် မဖော်ပြချေ။ ကွန်





ဘိုလန်နှင့် စကားလက်ဆုံ ကျရာ၌လည်း မော်တော်ကားများ အကြောင်းသာ ပြောဆိုလျက် ရှိ၏။ သို့သော်လည်း ယနေ့ ဖြစ်ပေါ်လာသော ဝမ်းသာစရာ ဖြစ်ရပ် အတွက် အထိမ်းအမှတ် အဖြစ် ပျော်ရွှင် ကြည်နူးစရာ ကောင်းလှသည့် နေ့လယ်စာ စားပွဲကလေးကို ပြုလုပ်ပေးလေသည်။

ဒင်နီက အင်ဒရူးအား သူ့ အစီအစဉ်ကို ပြောပြလေ၏၊

'ကျွန်တော်တို့ မီးရထားက လေးနာရီ ထိုးမှာ ထွက်မယ်၊ ဟုတ်တင်ဆ စတန်းဘောရီးမှာ ရောက်နေပြီ၊ ဟိုတယ်ကနေပြီး ကျွန်တော်တို့ အရောက်ကို စောင့်လိမ့်မယ်၊ ကျွန်တော်တို့ အလျင် ပြောခဲ့ဖူးတဲ့ ဟိုနေရာက ဈေးပေါပေါနှင့် ရနိုင်မယ့် အခြေအနေ ရှိတယ်၊ ကျွန်တော်တော့ လိုတဲ့ ပစ္စည်းလေး ဘာလေး လျှောက်ဝယ်လိုက်ဦးမယ်၊ လေးနာရီ ထိုးဖို့ ဆယ်မိနစ် အလိုမှာ ခင်ဗျားနှင့် ကျွန်တော် ဟူစတန်မှာ ဆုံကြမယ်'

အင်ဒရူးသည် ဒင်နီအား ခင်မင် လေးစားသော အကြည့်ဖြင့် ကြည့်နေရင်းမှပင် သူတို့ နှစ်ဦး၏ မိတ်ဆွေဘဝကို သတိတရ ဖြစ်မိ၏။ ဒရင်းဒီးမြို့သို့ ရောက်စ ဆေးခန်းထဲ၌ လူချင်း ဆုံမိခဲ့ကြသည့် အချိန်မှ စ၍ ယနေ့အချိန်ထိ သူ့အား ကူညီ စောင့်ရှောက်ခဲ့ပုံများကို ပြန်လည် မြင်ယောင်လျက်ရှိလေသည်။ ဒင်နီသည် မိတ်ဆွေကောင်း ပီသလှပါပေ၏။ ဆိုးတူ ကောင်းဖက် သဘောထားနိုင်သော ဒင်နီလို မိတ်ဆွေမျိုးသည် ဤကမ္ဘာ လောကတွင် ရှာမှ ရှားသည့် မိတ်ဆွေမျိုး ဖြစ်ပေသည်။

BURMESE CLASSIC .com

သူသည် ကောက်ကာငင်ကာဖြင့် ဒင်နီအား မေးလိုက်မိသည်။

'တကယ်လို့ ကျွန်တော့်ရဲ့ ဆရာဝန် မှတ်ပုံတင် အသိမ်းခံရပြီ ဆိုပါတော့'

ဒင်နီက ခေါင်းယမ်းသည်။

'ခင်ဗျား မှတ်ပုံတင် အဖျက် မခံရပါဘူး၊ ဘယ်တော့မှ ခင်ဗျား အဲသလို အဖြစ်မျိုး မရောက်နိုင်ဘူး ဆိုတာ ကျွန်တော် အခိုင်အမာ ယုံကြည်ပြီးသားပါ'

ဒင်နီသည် သူတို့ သုံးယောက်ကို နှုတ်ဆက်၍ ဈေးဝယ်ထွက်သွားသည်။ ဒင်နီ ထွက်သွားသည့် အခါမှပင် အင်ဒရူးက ကွန် ဘိုလန်နှင့် ခရစ်တို့ သားအဖ နှစ်ယောက်အား သူတို့ မီးရထား စီးရမည့် ပက်ဒင်တန် ဘူတာသို့ လိုက်ပို့လေသည်။ ဘူတာ ပလက်ဖောင်းပေါ် ရပ်ကာ ရထား အလာ စောင့်နေခိုက်တွင် အင်ဒရူးက ကွန် ဘိုလန်တို့ သားအဖအား သူ့ထံ ဆက်ဆံ လာ



www.burmeseclassic.com

www.burmeseclassic.com

လည်ကြပါဟု ထပ်မံ ဖိတ်ကြားပြန်လေသည်။

'စတန်းဘောရီးကို လာပြီး ကျွန်တော်နှင့် တွေ့ရမယ်နော်'

ကွန် ဘိုလန်ကလည်း အာမခံသည်။

'စိတ်ချပါ၊ ဆက်ဆက် လာခဲ့ပါ့မယ်၊ နွေဦးပေါက်ရင် ရောက်လာမှာပါ'

မေရီတို့ ရထား ထွက်သွားသည့် အခါ သူ့တွင် အချိန်ပို တစ်နာရီခန့် ရှိနေသေးသည်ကို တွေ့ရလေ၏။ သူ့တွင် ဆန္ဒ ပြင်းပြစွာဖြင့် သွားချင်နေသည့် နေရာ တစ်ခု ရှိနေသဖြင့် ဘတ်စကား တစ်စီးပေါ် တက်၍ လိုက်ခဲ့၏။ မကြာခင်မှာပင် သူ ရောက်ချင်နေသည့် ကင်ဘယ်ဂရင်း သုသာန်သို့ ရောက်ခဲ့လေသည်။

သူသည် သုသာန် အတွင်းသို့ ဝင်ခဲ့ပြီး ခရစ္စတီ၏ အုတ်ဂူ အရှေ့တွင် တမေ့တမော ရပ်ကာ အတွေးသဲ့သရာ လည်လျက် ရှိလေ၏။

ဤနေ့သည် အခြားသော နေ့များနှင့် မတူ။ ထူးထူးခြားခြား ရာသီဥတု သာယာ ကြည်လင်သောနေ့ ဖြစ်ပေ၏။ ခရစ္စတီ အလွန်အမင်း နှစ်သက်သော လေနုအေးသည် သာသာယာယာကလေး ဝှေ့ယမ်း တိုက်ခတ်လျက် ရှိပေသည်။ သူ့ ခေါင်းအထက်ရှိ သစ်ကိုင်း တစ်ကိုင်း အပေါ်ဝယ် စာကလေး တစ်ကောင်သည် ပျော်ရွှင် မြူးထူးစွာ အော်မြည်လျက် ရှိလေ၏။

နောက်ဆုံးတွင် သူသည် ခရစ္စတီ၏ အုတ်ဂူဘေးမှ ခွာလာခဲ့သည်။ ရထား မမီမည်ကို စိုးရိမ် သောက စိတ်ဖြင့် သူသည် ခပ်သုတ်သုတ် လျှောက်လာခဲ့လေ၏။ သူ၏ ရှေ့တွင် လှမ်းမြင်နေရသည့် တောက်ပ ကြည်လင်လှသော ကောင်းကင်ပြင်ဝယ် တိမ်လွှာ တစ်ခုသည် သူ့ရဲခိုနှင့် မြို့ရိုးကြီးများ ပုံသဏ္ဍာန်ကို ပီပီပြင်ပြင် ဖော်ဆောင်လျက် ရှိနေလေသတည်း။

မောင်ထွန်းသူ